ပိဋကသုံးပုံ ကျင့်ခုံဋီကာ

အမှတ် (၁)

မုဒ္ဒါဓိစေဒ္ဒာ

မုဒ္ဒစေဒ္ဒာ

ဥပဒ္ဒေ့ာ ဟုတ္တာ

ဣမေ သဘာဝဓမ္မေ ပဏ္ဍိတာ တနုတ္တိ ပဿန္တိ ဒိဿန္တိ

ပကာသေန္တိ

'နိဗ္ဗာန်' သန္တိသုခ ထာဝရချမ်းသာ
ပရိနိဗ္ဗုတ္တ ရဟန္တာပုဂ္ဂိုလ်များ၊ ထာဝရ စံပျော်ကြကုန်၏။

၃၁ ဘုံ

၁။ အရူ ၄ ဘုံ တိပု၊ ဖ ၄ ဈေတုတ္ထဈာန် ၇ ဘုံ = ၂။ အသညသတ်ဘုံ သုပု ၃။ ဝေဟပ္ဖိုလ်ဘုံ တိပု၊ ဖ ၄ ၄။ သုဒ္ဓါဝါသ ၅ ဘုံ နာ၊ တာ ပုဂ္ဂိုလ်တို့
စံပျော်ကြကုန်၏။

၁။ ပဈာန် ၃ ဘုံ ၂။ ဒုဈာန် ၃ ဘုံ ၃။ တဈာန် ၃ ဘုံ တို့၌
တိပု၊ ဖ ၄ တို့ စံပျော်ကြကုန်၏။

နတ် ၆ ဘုံ၊ လူဘုံ
သု၊ ဒွိ၊ တိ၊ ဖ ၄ တို့ စံပျော်ကြကုန်၏။

အပါယ် ၄ ဘုံ
ဒု၊ ပု တို့ နေကြကုန်၏။

ဟိတေသီနေလ အရှင်နိပုဏ

သာသနာ ၂၅၅၀ ၊ ကောဇာ ၁၃၆၈ ခု၊ ခရစ် ၂၀၀၆ ခု ၊ နတ်တော်လ ၊ နိုဝင်ဘာလ

ပိဋကသုံးပုံ ကျင့်စုံဋီကာ
အမှတ် (၁)

ဟိတေသီနေလ အရှင်နိပုဏ

သာသနာ ၂၅၅၀ ၊ ကောဇာ ၁၃၆၈ ခု၊ ခရစ် ၂၀၀၆ ခု ၊ နတ်တော်လ ၊ နိုဝင်ဘာလ

သန်လျင်တောရ ယင်းတော်မင်းကျောင်း ပဓာနနာယကဆရာတော်

ဟိတောသိ နေလ အရှင်နိုဗုဏ

သက်တော် (၆၂) အရွယ်ပုံတော်

ပိဋကသုံးပုံ ကျင့်စုံဋီကာ အမှတ် (၁)



ဟိတဝါဒီနေလ အရှင်နိပုဏ

သာသနာ ၂၅၅၀ ခု ၊ ကောဇာ ၁၃၆၈ ခု ၊ ခရစ် ၂၀၀၆ ခု ၊ နတ်တော်လ ၊ နိုဝင်ဘာလ

ပိဋကသုံးပုံ ကျင့်စုံဋီကာ
အမှတ် (၁)

(ပုံနှိပ်မှတ်တမ်း)

စာမူခွင့်ပြုချက်အမှတ်	–	၃၂၀၉၀၈၀၆၁၂
မျက်နှာဖုံး	–	၃၂၀၈၀၈၀၆၁၂
အကြိမ်	–	ပထမအကြိမ် (၂၀၀၇ ခုနှစ်)
အုပ်ရေ	–	၁၀၀၀
ထုတ်ဝေသူ	–	ဒေါ်တင်ထွေးယဉ် (မြဲ-၀၃၇၉၉) ၁၁၃၊ ၂၄လမ်း၊ ရန်ကုန်မြို့။
ဖလင်	–	မျိုးညွန့်
ပုံနှိပ်သူ	–	ဣစ္ဆာသယစာပုံနှိပ်တိုက် (မြဲ-၀၂၈၉၃) ၁၁၃၊ ၂၄လမ်း၊ ရန်ကုန်မြို့။
တန်ဖိုး	–	၁၀၀၀၀ ကျပ်

ကွန်ပျူတာစာစီနှင့် မိတ္တူ ➤ **မတိက္ခဉာဏီ၊ မသိက္ခဝတီ**

ပြန်ချီရေး ➤ **ဒွေခ စာပေပြန့်ချီရေး**

ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးအဖွဲ့
သန်လျင်တောရ ယင်းတော်မင်းကျောင်း၊
ယင်းတော်မြို့မ၊ ပျော်ဘွယ်မြို့နယ်။
ဖုန်း ၀၆၄-၂၄၁၉၆

မာတိကာ

-	နိဒါန်း	က - ခ
-	ကိုးကားသောကျမ်းများ	ဂ
၁။	ဗြဟ္မဇာလသုတ္တန်စွမ်းရည်	၁
၂။	ဗြဟ္မဇာလသုတ္တန်တရားတော် ဖြစ်ပေါ်လာရခြင်း အကြောင်းနိဒါန်း	၁ - ၃
၃။	ဗြဟ္မဇာလသုတ် အဇ္ဈတ္တနိဒါန်း ပါဠိတော်	၃ - ၄
၄။	ပါဠိတော်ပုဒ်တိုင်း သိဖွယ်, မှတ်ဖွယ်, ကျင့်ဖွယ်များပါသည်	၄ - ၅
၅။	'ဝေ မေ သုတံ' အဋ္ဌကထာဖွင့်ဆိုချက်	၅
၆။	ဝေံ၏ ရနိုင်သောအနက်များ	၅
၇။	ဝေံ၏ ဥပမာအနက်က သိ, မှတ်, ကျင့်သုံးဖွယ်များကို ညွှန်းဆိုပုံ	၅ - ၉
၈။	ဝေံ- ဤအတူ၊ ထိုကဲ့သို့က ဆုံးမသြဝါဒပေးပုံ	၉
၉။	ဝေံ၏ ဥပဒေသအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ	၁၀ - ၁၁
၁၀။	ဝေံ၏ ဥပဒေသအနက်က ဆုံးမသြဝါဒပေးပုံ	၁၁ - ၁၂
၁၁။	ဝေံ၏ သမ္ပဟံသနအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ ဆုံးမသြဝါဒပေးပုံ	၁၂ - ၁၅
၁၂။	ဝေံ၏ ဂရဟဏာအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ သြဝါဒပေးပုံ	၁၅ - ၁၈
၁၃။	ဝေံ၏ ဝစနသမ္ပဋိဂ္ဂဟအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံသဘော	၁၈ - ၂၀
၁၄။	ဝေံ၏ အာကာရအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ ဆုံးမသြဝါဒပေးပုံ	၂၀ - ၂၅
၁၅။	ဝေံ၏ နိဒဿနအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၂၆ - ၂၇
၁၆။	ဝေံ၏ အဝဓာရဏအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၂၇ - ၃၁
၁၇။	မေ အနက်သုံးနက်	၃၁
၁၈။	မယာအနက်ဟော မေသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၃၁ - ၃၄
၁၉။	မယှံအနက်ဟော မေသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၃၄ - ၃၅
၂၀။	မမအနက်ဟော မေသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၃၅ - ၃၈
၂၁။	ဝေ မေ သုတံ၌ သုတသဒ္ဒါ ဟောနိုင်သောအနက်များ	၃၈
၂၂။	ဝိသုတအနက်ဟော သုတသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၃၉ - ၄၀
၂၃။	ဥပစိတအနက်ဟော သုတသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၄၀ - ၄၂
၂၄။	အနုယောဂအနက်ဟော သုတသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၄၂ - ၄၃
၂၅။	သောတဝိညေယျအနက်ဟော သုတသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၄၄ - ၄၅
၂၆။	သောတဒွါရာနုသာရဝိညာတအနက်ဟော သုတသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ	၄၅ - ၄၇
၂၇။	ဝေ မေ သုတံ၏ ဆိုလိုရင်း အဓိပ္ပါယ်	၄၇ - ၄၈
၂၈။	ဝေ မေ သုတံ၏ နိဂုံးအဓိပ္ပါယ်	၄၈ - ၄၉
၂၉။	ဝေ မေ သုတံ၏ အချုပ်နိဂုံး တရားဟောပုံ	၄၉ - ၅၀
၃၀။	ဧကံ သမယံ အဖွင့်	၅၀
၃၁။	သမယသဒ္ဒါ ဟောနိုင်သောအနက်များ	၅၀
၃၂။	သမဝါယအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၅၀ - ၅၁
၃၃။	ခဏအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၅၁ - ၅၅

၃၄။	ကာလအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၅၅ - ၅၆
၃၅။	သမူဟအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၅၆ - ၅၇
၃၆။	ဟေတုအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၅၈ - ၅၉
၃၇။	ဒိဋ္ဌိအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၅၉ - ၆၁
၃၈။	ပဋိလာဘအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၆၁ - ၆၃
၃၉။	ပဟာနအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၆၃ - ၆၄
၄၀။	ပဋိဝေဓအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၆၅
၄၁။	ကာလ – အခါ ဟူသောအနက်ကိုသာ ယူရခြင်းအဓိပ္ပါယ်	၆၆
၄၂။	ကာလအနက်ဟော သမယသဒ္ဒါဖြင့် ပြရခြင်းအကျိုးများ	၆၆
၄၃။	ကာလအနက်ဟော သမယသဒ္ဒါဖြင့် နောက်ထပ်သိစေအပ်သော အချက်များ	၆၆ - ၆၇
၄၄။	ဝေ မေ သုတံ ကေ သမယံ ဘဂဝါ ၌ ဘဂဝါဖြင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ	၆၇ - ၆၈
၄၅။	ဝေ မေ သုတံဖြင့် ပြအပ်သော သိ, မှတ်, ကျင့်သုံးဖွယ်	၆၉
၄၆။	ကေ သမယံ ဘဂဝါဖြင့် ပြအပ်သော သိ, မှတ်, ကျင့်သုံးဖွယ်	၆၉ - ၇၀
၄၇။	ဝေ မေ သုတံ ကေ သမယံ ဘဂဝါ တို့ဖြင့် ပြအပ်သော သိ, မှတ်, ကျင့်သုံးဖွယ်	၇၀ - ၇၁
၄၈။	အန္တရာစ ရာဇဂဟံ ၌ အန္တရသဒ္ဒါ ဟောနိုင်သောအနက်များ	၇၁
၄၉။	ကာရဏအနက်ဟော အန္တရသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၇၁ - ၇၄
၅၀။	ခဏအနက်ဟော အန္တရသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၇၅ - ၇၇
၅၁။	စိတ္တအနက်ဟော အန္တရသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၇၇ - ၈၀
၅၂။	ဝေမဇ္ဈအနက်ဟော အန္တရသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၈၀ - ၈၁
၅၃။	ဝိဝရအနက်ဟော အန္တရသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၈၁ - ၈၂
၅၄။	ဘိက္ခုသံဃေနပုဒ်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၈၃ - ၈၄
၅၅။	ခရီးရှည်သွားနေကြသော အဖွဲ့တစ်ခု	၈၄
၅၆။	မဟာဂဏသဒ္ဒါ ဟောနိုင်သောအနက်	၈၄
၅၇။	သင်္ချာအနက်ဟော မဟာဂဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၈၅ - ၈၇
၅၈။	စေရအနက်ဟော မဟာဂဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၈၇
၅၉။	တရုဏအနက်ဟော မဟာဂဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၈၈
၆၀။	ပရိယာယသဒ္ဒါ အနက်သုံးနက်	၈၉
၆၁။	ဝါရအနက်ဟော ပရိယာယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၈၉ - ၉၀
၆၂။	ဒေသနာအနက်ဟော ပရိယာယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၉၀ - ၉၂
၆၃။	ကာရဏအနက်ဟော ပရိယာယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၉၂ - ၉၄
၆၄။	သုပ္ပိယပရိဗိုဇ်၏ ဗုဒ္ဓ, ဓမ္မ, သံဃာတို့၌ ကဲ့ရဲ့ပုံများ	၉၄ - ၉၆
၆၅။	တပည့် ဗြဟ္မဒတ်လုလင်က ကောက်ချက်ချပုံ	၉၆ - ၉၈
၆၆။	တပည့်ဖြစ်သူက ဆရာနှင့်ပြောင်းပြန်	၉၈
၆၇။	ဝဏ္ဏသဒ္ဒါ ဟောနိုင်သောအနက်များ	၉၈
၆၈။	သဏ္ဌာနအနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၉၈ - ၉၉
၆၉။	ဇာတိ–အမျိုးဇာတ်အနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၁၀၀
၇၀။	ရူပါယတနအနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၁၀၁ - ၁၀၂
၇၁။	ကာရဏအနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၁၀၂ - ၁၀၄
၇၂။	ပမာဏအနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၁၀၄ - ၁၀၅

၇၃။	ဂုဏအနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၁၀၅ - ၁၀၆
၇၄။	ပသံသာအနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ	၁၀၇ - ၁၀၈
၇၅။	တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်က ဗုဒ္ဓ, ဓမ္မ, သံဃာတို့၏ ဂုဏ်ကို ချီးမွမ်းပုံများ	၁၀၈ - ၁၁၀
၇၆။	ဗုဒ္ဓ ခရီးရှည်ကြွတော်မူရခြင်းအကြောင်း	၁၁၀
၇၇။	သုပ္ပိယပရိဗိုဇ် သွားခြင်းအကြောင်း	၁၁၀
၇၈။	ဗုဒ္ဓ၏ ခန္ဓာကိုယ်ကို အာရုံပြုကြည့်လိုက်ပါ	၁၁၀ - ၁၁၁
၇၉။	သံဃာတော်များကို အာရုံပြုကြည့်လိုက်ပါ	၁၁၁
၈၀။	ခရီးလမ်းကို ကြွတော်မူနေသော ဗုဒ္ဓနှင့် သံဃာတော်များကို ကြည်ညိုကြည့်လိုက်ပါဦး	၁၁၁ - ၁၁၂
၈၁။	သုပ္ပိယပရိဗိုဇ်တို့၏ သွားနေကြပုံကို ကြည့်ကြပါဦး	၁၁၂
၈၂။	တည်းခိုရာ၌ အခြေအနေနှစ်မျိုး	၁၁၃
၈၃။	မိုးသောက်ချိန်၌ ဗုဒ္ဓနှင့် ရဟန်းသံဃာတော်တို့ အခြေအနေ	၁၁၃
၈၄။	အစ္ဆရိယံ, အဗ္ဘုတံ စသည် အဓိပ္ပါယ်များ	၁၁၄ - ၁၁၆
၈၅။	ဝိဒိတွာ- သိတော်မူပုံများ	၁၁၆ - ၁၁၇
၈၆။	ကိစ္စနှစ်မျိုး	၁၁၇
၈၇။	အကျိုးရှိသောကိစ္စငါးမျိုး	၁၁၈ - ၁၂၁
၈၈။	ဗုဒ္ဓ ဆင်ခြင်တော်မူပုံ	၁၂၁
၈၉။	ပညတ္တေ အာသနေ နိသီဒိ ရှင်းချက်	၁၂၁ - ၁၂၂
၉၀။	အမ္ဗလဋ္ဌိကဥယျာဉ်၌ ခင်းထားအပ်သောနေရာ	၁၂၂
၉၁။	နိဒါန်း တင့်တယ်ပုံကို ပြခြင်း	၁၂၂ - ၁၂၄
၉၂။	နိဒါန်း ဆိုရကျိုး	၁၂၄
၉၃။	သုတ္တနိက္ခေပ- သုတ်ကိုဟောရခြင်းကို စိစစ်ပြခြင်း	၁၂၄
၉၄။	သုတ္တနိက္ခေပ (၄)မျိုး	၁၂၄ - ၁၂၅
၉၅။	ဗြဟ္မဇာလသုတ်သည် အဋ္ဌုပ္ပတ္တိ နိက္ခေပသုတ်	၁၂၅
၉၆။	အပြစ်တင်ခြင်းနှင့်စပ်၍ ဗုဒ္ဓ ဟောကြားတော်မူအပ်သောတရား	၁၂၅ - ၁၂၆
၉၇။	ဂုဏ်ကိုပြောကြားခြင်းနှင့်စပ်၍ ဗုဒ္ဓ ဟောကြားတော်မူအပ်သောတရား	၁၂၆
၉၈။	အကုသိုလ်ပီတိနှင့် ကုသိုလ်ပီတိ	၁၂၆ - ၁၂၇
၉၉။	ဓမ္မနေတ္တိအတွက် ဟောတော်မူရသည်	၁၂၇ - ၁၂၈
၁၀၀။	ဗြဟ္မဇာလသုတ်ကို ဟောတော်မူရန် အခြေပျိုးပြီ	၁၂၈
၁၀၁။	အနုသန္ဓေစကား	၁၂၈ - ၁၂၉
၁၀၂။	ပုထုဇဉ်တို့ ပြောဆိုနိုင်သောဂုဏ်	၁၂၉
၁၀၃။	သီလနှင့်စပ်၍ ဟောကြားသောတရားများ	၁၂၉ - ၁၃၂
၁၀၄။	သီလကို အနည်းငယ်မျှသာဟူ၍ ဟောရကြောင်း	၁၃၂ - ၁၃၃
၁၀၅။	ဗုဒ္ဓ၏ သမာဓိက သာလွန်မြင့်မြတ်ပုံ	၁၃၃
၁၀၆။	သမာဓိထက် ပညာက သာလွန်ပုံ	၁၃၄
၁၀၇။	ပုထုဇဉ်နှစ်မျိုး၊ အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ် ခေါ်ပုံများ၊ ပုထုဇဉ်အဓိပ္ပါယ်များ	၁၃၄ - ၁၃၆
၁၀၈။	တထာဂတအဓိပ္ပါယ် အကျဉ်းနှင့်အကျယ်	၁၃၇ - ၁၄၁
၁၀၉။	ကတမံပဥ္စာ (၅)မျိုး၊ လိုအပ်သောပဥ္စာ, မလိုအပ်သောပဥ္စာ, ဗြဟ္မဇာလသုတ်၌ လိုအပ်သောပဥ္စာ	၁၄၁ - ၁၄၂
၁၁၀။	သမဏဂေါတမ အသုံးအနှုန်း၊ သီလသုံးမျိုး	၁၄၂
၁၁၁။	စူဠသီလခန်း၊ မဇ္ဈိမသီလခန်း၊ မဟာသီလခန်း	၁၄၂ - ၁၅၁

၁၁၂။ ရဟန်း ပြောဆိုချီးမွမ်းအပ်သောဂုဏ် ၁၅၁

၁၁၃။ ဓမ္မအနက် (၄)မျိုး ၁၅၁

၁၁၄။ ဂုဏအနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ ၁၅၁ - ၁၅၂

၁၁၅။ ဒေသနာအနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ ၁၅၃ - ၁၅၄

၁၁၆။ ပရိယတ္တိအနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ ၁၅၄ - ၁၅၆

၁၁၇။ ဒေသနာနှင့် ပရိယတ္တိအထူး ၁၅၇

၁၁၈။ နိဿတ္တအနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ ၁၅၇ - ၁၅၈

၁၁၉။ သစ္စာအနက်, သဘာဝအနက်, သမာဓိအနက်, ပညာအနက်, ပကတိအနက်, ပုညအနက်,
အာပတ္တိအနက်, ဉေယျအနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံများ ၁၅၈ - ၁၆၇

၁၂၀။ သဗ္ဗညုတဉာဏ်တော်ဂုဏ်ကို ပြဆိုခန်း ၁၆၇ - ၁၇၀

၁၂၁။ (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို ဖော်ထုတ်ရန်အတွက် ၁၇၀

၁၂၂။ ကတမေ စ တေ ဘိက္ခဝေ ဖြင့် ကြိုးဝါးခြင်းလေးမျိုး ၁၇၀ - ၁၇၁

၁၂၃။ ဝိနည်းပညတ်ခြင်း၌ ဒေသနာဉာဏ် ကြီးကျယ်ပုံ ၁၇၁ - ၁၇၂

၁၂၄။ ဘူမန္တရ၌ ဒေသနာဉာဏ် ကြီးကျယ်ပုံ ၁၇၂ - ၁၇၃

၁၂၅။ ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်တော်ကြီးကျယ်ပုံ ၁၇၃ - ၁၇၅

၁၂၆။ (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိအယူတို့၌ ဉာဏ်တော်ကြီးကျယ်ပုံ ၁၇၅ - ၁၇၆

၁၂၇။ မိစ္ဆာဒိဋ္ဌိကို သိခြင်းသည် သဗ္ဗညုတဉာဏ် ၁၇၆

၁၂၈။ သန္တိနှင့်စပ်၍ သိမှတ်ဖွယ် ဋီကာဆိုပုံ ၁၇၆

၁၂၉။ သမဏ, ဗြာဟ္မဏ အဓိပ္ပါယ် ၁၇၆ - ၁၇၇

၁၃၀။ ပုဗ္ဗန္တကပ္ပိကာအဖွင့် ၁၇၇

၁၃၁။ အန္တသဒ္ဒါက အစုသောအနက်များကို ဟောပုံနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံများ ၁၇၇ - ၁၉၉

၁၃၂။ ပုဗ္ဗန္တာနုဒိဋ္ဌိ (၁၈)မျိုး ၂၀၀

၁၃၃။ သဿတဒိဋ္ဌိဝါဒ (၄)မျိုး ၂၀၀ - ၂၁၀

၁၃၄။ သဗ္ဗညုတဉာဏ်တော် ဖြစ်ပေါ်ပုံကို ပြဆိုတော်မူခြင်း၊ သဗ္ဗညုတဉာဏ်တော်အစွမ်း ၂၁၀ - ၂၁၃

၁၃၅။ ဝေဒနာကမ္မဋ္ဌာန်းကို ဟောတော်မူခြင်း ၂၁၃ - ၂၁၅

၁၃၆။ စတုသစ္စကမ္မဋ္ဌာန်း ၂၁၅

၁၃၇။ သဿတဝါဒ နိဂုံးအုပ်ခြင်း ၂၁၆

၁၃၈။ ဗုဒ္ဓါနုဿတိ ပွါးများရန်နှင့် ပူဇနီယဂါထာ ၂၁၆ - ၂၁၈

၁၃၉။ ပုဗ္ဗန္တကပ္ပိက ဧကစ္စသဿတဝါဒ (၄)မျိုး ၂၁၉ - ၂၂၉

၁၄၀။ ဗုဒ္ဓါနုဿတိ ပွါးများရန်နှင့် ပူဇနီယဂါထာ ၂၂၉ - ၂၃၀

၁၄၁။ အန္တာနန္တဝါဒ မိစ္ဆာအယူ (၄)မျိုး ၂၃၀ - ၂၃၂

၁၄၂။ ဗုဒ္ဓါနုဿတိ ပွါးများရန်နှင့် ပူဇနီယဂါထာ ၂၃၂ - ၂၃၃

၁၄၃။ အမရာဝိက္ခေပဝါဒ (၄)မျိုး ၂၃၄ - ၂၃၆

၁၄၄။ ဗုဒ္ဓါနုဿတိ ပွါးများရန်နှင့် ပူဇနီယဂါထာ ၂၃၆ - ၂၃၇

၁၄၅။ အဓိစ္စသမုပ္ပန္နဝါဒ (၂)မျိုး ၂၃၈ - ၂၄၀

၁၄၆။ ဗုဒ္ဓါနုဿတိ ပွါးများရန်နှင့် ပူဇနီယဂါထာ ၂၄၀ - ၂၄၁

၁၄၇။ ပုဗ္ဗန္တကပ္ပိက (၁၈)မျိုးလုံး နိဂုံး ၂၄၁ - ၂၄၂

၁၄၈။ ဗုဒ္ဓါနုဿတိပွါးများရန်နှင့် ပူဇနီယဂါထာ ၂၄၂ - ၂၄၃

၁၄၉။ အပရန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ (၄၄)မျိုး ၂၄၃

၁၅၀။ ဥဒ္ဓမာဃာတနိက သညီဝါဒ (၁၆)မျိုး ၂၄၄ - ၂၄၇
၁၅၁။ ဗုဒ္ဓါနုဿတိပွါးများရန်နှင့် ပူဇနိယဂါထာ ၂၄၇ - ၂၄၉
၁၅၂။ ဥဒ္ဓမာဃာတနိက အသညီဝါဒ (၈)မျိုး ၂၄၉ - ၂၅၁
၁၅၃။ ဗုဒ္ဓါနုဿတိပွါးများရန်နှင့် ပူဇနိယဂါထာ ၂၅၁ - ၂၅၂
၁၅၄။ ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ (၈)မျိုး ၂၅၂ - ၂၅၃
၁၅၅။ ဗုဒ္ဓါနုဿတိပွါးများရန်နှင့် ပူဇနိယဂါထာ ၂၅၃ - ၂၅၅
၁၅၆။ ဥစ္ဆေဒဝါဒ (၇)မျိုး ၂၅၅ - ၂၅၇
၁၅၇။ ဗုဒ္ဓါနုဿတိပွါးများရန်နှင့် ပူဇနိယဂါထာ ၂၅၇ - ၂၅၈
၁၅၈။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကို ပြဆိုခန်း ၂၅၈
၁၅၉။ ဒိဋ္ဌဓမ္မနိဗ္ဗာနအဓိပ္ပါယ်, ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒအဓိပ္ပါယ် ၂၅၈
၁၆၀။ ပရမဒိဋ္ဌနိဗ္ဗာနဝါဒ (၅)မျိုး ၂၅၉ - ၂၆၃
၁၆၁။ ဗုဒ္ဓါနုဿတိပွါးများရန်နှင့် ပူဇနိယဂါထာ ၂၆၃ - ၂၆၄
၁၆၂။ အပရန္တကပ္ပိကဝါဒ (၄၄)မျိုး နိဂုံး၊ ဗုဒ္ဓါနုဿတိပွါးများရန်နှင့် ပူဇနိယဂါထာ ၂၆၅ - ၂၆၆
၁၆၃။ မိစ္ဆာဝါဒ (၆၂)မျိုးလုံး၏ နိဂုံးပိုင်း၊ ဗုဒ္ဓါနုဿတိပွါးများရန်နှင့် ပူဇနိယဂါထာ ၂၆၆ - ၂၆၈
၁၆၄။ ဝေဒနာကမ္မဋ္ဌာန်း ၂၆၈ - ၂၆၉
၁၆၅။ သဗ္ဗညုတဉာဏဂုဏနိဂုံးနှင့် တရားကဗျာ ၂၆၉ - ၂၇၀
၁၆၆။ အနုသန္ဓေ (၃)မျိုး ၂၇၀ - ၂၇၃
၁၆၇။ (၆၂)မျိုးကုန်သော မိစ္ဆာဒိဋ္ဌိအယူရှိသူတို့သည် တဏှာ, ဒိဋ္ဌိတို့ဖြင့် တုန်လှုပ်ပုံ ၂၇၃
၁၆၈။ မိစ္ဆာဉာဏ်အမြင်နှင့် သမ္မာဉာဏ်အမြင် ၂၇၃ - ၂၇၄
၁၆၉။ အဆက်ဆက်အကြောင်းကို ပြဆိုခြင်း ၂၇၄ - ၂၈၀
၁၇၀။ ဝဋ်မှထွက်မြောက်ကြောင်းကို ဟောတော်မူခြင်း ၂၈၀ - ၂၈၁
၁၇၁။ ဒေသနာမှလွတ်သော မိစ္ဆာဝါဒ မရှိပုံ ၂၈၁ - ၂၈၂
၁၇၂။ အလုံးစုံသော လောကမှ ဗုဒ္ဓလွန်မြောက်တော်မူပုံ ၂၈၂ - ၂၈၄
၁၇၃။ ဒေသနာတော်အမည်များ ၂၈၄ - ၂၈၆
၁၇၄။ မြေကြီးတုန်လှုပ်ခြင်း ၂၈၆ - ၂၈၇
၁၇၅။ ဗြဟ္မဇာလသုတ် တန်ခိုးကြီးပုံ ၂၈၇ - ၂၈၉
၁၇၆။ ဓမ္မာနုဿတိပွါးများရန်နှင့် ပူဇနိယဂါထာ ၂၈၉ - ၂၉၁
၁၇၇။ ပုဗ္ဗန္တကပ္ပိကာ၌ ကပ္ပသဒ္ဒါ ဟောနိုင်သောအနက်များ ၂၉၂
၁၇၈။ ကပ္ပသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံနှင့် တရားဟောပုံ ၂၉၂ - ၂၉၆
၁၇၉။ တဿနာလေးမျိုးနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ ၂၉၇ - ၂၉၉
၁၈၀။ အာယတနသဒ္ဒါ ဟောနက်များနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ ၂၉၉ - ၃၀၆
၁၈၁။ အဘိနန္ဒသဒ္ဒါ ဟောနက်များနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ ၃၀၇ - ၃၁၄

ဗြဟ္မဇာလသုတ် မာတိကာ ပြီးပြီ။

၂။ သာမညဖလသုတ် မာတိကာ

၁။ ရာဇဂဟ, ဝိဟာရတိ, ဇီဝက, ရာဇာ အဓိပ္ပါယ်များ ၃၁၅ - ၃၁၇
၂။ အဇာတသတ် အဓိပ္ပါယ်နှင့် အကြောင်းအရာ ၃၁၇ - ၃၂၁

၃။ တဒဟုပေါသထေ ရှင်းချက် ၃၂၁

၄။ ဥပေါသထသဒ္ဒါ ဟောနက်များနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံ ၃၂၁ - ၃၃၄

၅။ ကောမုဒီယာ စသည် ရှင်းချက် ၃၃၄ - ၃၃၅

၆။ ကြောက်မက်ဖွယ်ကောင်းသော စိတ်အပူအလောင် ၃၃၅ - ၃၃၆

၇။ အဘယ် သမဏ, ဗြာဟ္မဏကို ရည်စူးပါသနည်း ၃၃၆

၈။ ဆရာဇီဝက မရိပ်မိလေသလော ၃၃၇

၉။ တိတ္ထိဆရာကြီး ခြောက်ဦးအကြောင်း ၃၃၇ - ၃၃၉

၁၀။ အမတ်ကြီးများနှင့် ဆရာဇီဝကတို့ သံတော်ဦးတင်ကြပုံများ ၃၃၉ - ၃၄၀

၁၁။ အဇာတသတ်မင်း ဗုဒ္ဓထံ ချဉ်းကပ်ရန် သွားပုံများ ၃၄၁ - ၃၄၂

၁၂။ အဇာတသတ်မင်းကြီး ကြောက်လန့်ခြင်းနှင့် ဥဒါန်းကျူးရင့်ခြင်း ၃၄၃ - ၃၄၆

၁၃။ ဗုဒ္ဓစ၍ မိန့်တော်မူပြီ၊ အဇာတသတ်မင်း အံ့ဩချ၍ စကားပြောပြီ ၃၄၆ - ၃၄၈

၁၄။ အတူယှဉ်ထိုက်သော အဇာတသတ်မင်း၏ ပြုမူချက် ၃၄၈

၁၅။ သဗ္ဗညုပုဂ္ဂိုလ်တို့၏ ဖိတ်ကြားခြင်း၊ အဇာတသတ်မင်း မေးခြင်း ၃၄၈ - ၃၄၉

၁၆။ ရှင်ဘုရင်ကိုယ်တိုင်ကို ပြောဆိုစေခြင်းအကြောင်း ၃၄၉

၁၇။ အဇာတသတ်မင်း ပြန်လည်လျှောက်ထားပုံ ၃၅၀

၁၈။ တိတ္ထိဆရာကြီး ခြောက်ဦးတို့၏ အယူဝါဒများ ၃၅၀ - ၃၅၃

၁၉။ အဇာတသတ်မင်း အဆုံးသတ်လျှောက်ပုံ ၃၅၃ - ၃၅၄

၂၀။ ပဌမ, ဒုတိယ သန္ဒိဋ္ဌိက သာမညဖလ ၃၅၄ - ၃၅၆

၂၁။ သာဓုသဒ္ဒါ ဟောနက်များနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံများ၊ တရားဟောပုံများ ၃၅၆ - ၃၇၁

၂၂။ ဗုဒ္ဓပွင့်တော်မူလာပုံကို ပြဆိုတော်မူခြင်း ၃၇၁

၂၃။ ဣဓသဒ္ဒါ ဟောနက်များနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံများ၊ တရားဟောပုံများ ၃၇၁ - ၃၇၇

၂၄။ ဗုဒ္ဓ တရားဟောတော်မူပုံကို ပြဆိုတော်မူခြင်း ၃၇၇

၂၅။ သစ္ဆိကတွာ ပဝေဒေတိ အဓိပ္ပါယ် ၃၇၇ - ၃၇၈

၂၆။ ဗုဒ္ဓ တရားဟောတော်မူပုံသဘော ၃၇၈

၂၇။ ဗြဟ္မစရိယသဒ္ဒါ ဟောနက်များနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံများ၊ တရားဟောပုံများ ၃၇၈ - ၃၈၇

၂၈။ ဂဟပတိတို့ တရားနာရ၍ သဒ္ဓါတရားဖြစ်ပုံနှင့် ဂဟပတိကို ဟောရခြင်းအကြောင်း ၃၈၇ - ၃၈၈

၂၉။ နိဟတမာနတ္တာ, ဥဿန္နတ္တာနှင့်စပ်၍ သိမှတ်ဖွယ် ၃၈၈

၃၀။ ပတိဋ္ဌာနံ နသက္ကောန္တိ ဋီကာရှင်းချက် ၃၈၈ - ၃၈၉

၃၁။ ကုန်သွယ်လယ်လုပ် ဂဟပတိတို့ ရဟန်းပြုသူများခြင်းအကြောင်း ၃၈၉

၃၂။ ဂဟပတိဒါယကာ သဒ္ဓါတရားဖြစ်ပုံ၊ ကြံစည်ပုံ ၃၈၉ - ၃၉၀

၃၃။ ဃရာဝါသ သမ္ဗာဓဖြစ်ပုံ၊ ရဟန်းအဖြစ် လွင်တီးခေါင်နှင့်တူပုံ ၃၉၀ - ၃၉၁

၃၄။ ကေန္တပရိပုဏ္ဏံ စသည်အဓိပ္ပါယ်၊ ပါတိမောက္ခသံဝရသီလကို ဖြည့်ကျင့်ခြင်း၊ အာစရဂေါစရအဓိပ္ပါယ် ၃၉၁

၃၅။ အာဇီဝပါရိသုဒ္ဓိသီလ စသည်ဖြည့်ကျင့်ခြင်း ၃၉၁ - ၃၉၂

၃၆။ သန္ဒိဋ္ဌိကသာမညဖလချမ်းသာ၊ အနဝဇ္ဇသုခဟူသည် ၃၉၂

၃၇။ ဣန္ဒြိယသံဝရသီလကို စောင့်ထိန်းခြင်း၊ သန္ဒိဋ္ဌိကသာမညဖလ ဣန္ဒြိယသံဝရသီလချမ်းသာ ၃၉၂ - ၃၉၃

၃၈။ ဗျာသေကသုခ၊ အဗျာသေကသုခ ၃၉၃

၃၉။ စက္ခုသဒ္ဒါ ဟောနိုင်သောအနက်များနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ၊ တရားဟောပုံများ ၃၉၄ - ၄၀၂

၄၀။ သတိသမ္ပဇညအခန်း ၄၀၃

၄၁။ အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ နှင့်စပ်၍ ကျင့်သုံးရမည့်အချက်များ ၄၀၃ - ၄၀၄

၄၂။ သမ္ဗဇညလေးမျိုးနှင့် ကျင့်သုံးရပုံများ ၄၀၄ - ၄၀၈
၄၃။ သန္တောသအခန်း၊ ပဏ္ဍသကုဏာ၌ သိမှတ်ဖွယ်၊ ရောင့်ရဲခြင်းသုံးမျိုးရှိပုံ သိမှတ်ဖွယ် ၄၀၈ - ၄၁၀
၄၄။ တရားထိုင်ရာအရပ်များကို ပြခြင်း၊ တရားထိုင်ပုံကို ပြခြင်း ၄၁၀
၄၅။ နီဝရဏကင်းခြင်းကြောင့် ရရှိသောချမ်းသာများ ၄၁၁ - ၄၁၄
၄၆။ ပဌမဈာန်ချမ်းသာ၊ ပဌမဈာန် သန္ဒိဋ္ဌိကသာမညဖလချမ်းသာ ၄၁၄ - ၄၁၅
၄၇။ ဒုတိယဈာန်စသည် ချမ်းသာ၊ အသာလွန်ဆုံးသော လောကီသုခ၊ စတုတ္ထဈာန်ချမ်းသာ ၄၁၅ - ၄၁၈
၄၈။ ဉာဏဒဿန ဟောနိုင်သောအနက်များနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံများ ၄၁၉ - ၄၂၄
၄၉။ ဝိပဿနာ ရှုပွါးပုံ၊ စတုတ္ထဈာန်၏ အခြားမဲ့၌ ဝိပဿနာကို ပြရခြင်းအကြောင်း ၄၂၄ - ၄၂၅
၅၀။ သန္ဒိဋ္ဌိကသာမညဖလ ဝိပဿနာချမ်းသာ၊ ဝိဇ္ဇာရှစ်ပါး, အဘိညာဉ်ခြောက်ပါးရရန် အင်္ဂါရှစ်ပါး ၄၂၅ - ၄၂၇
၅၁။ သန္ဒိဋ္ဌိကသာမညဖလ အာသဝက္ခယဉာဏ်၊ အာသဝက္ခယဉာဏ်ဖြစ်ပုံ ၄၂၈
၅၂။ အာသဝါနံ ခယသဒ္ဒါ ဟောနက်များနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံများ ၄၂၉ - ၄၃၁
၅၃။ ခီဏာ ဇာတိ စသည် ရှင်းချက် ၄၃၁ - ၄၃၃
၅၄။ အသာလွန်ဆုံး သန္ဒိဋ္ဌိကသာမညဖလ အာသဝက္ခယဉာဏ်၊ အရဟတ္တဖိုလ် အထွတ်တပ် ဟောတော်မူခြင်း ၄၃၃
၅၅။ အဇာတသတ်မင်း တစ်ကိုယ်လုံး ပီတိပျံ့နှံ့သွားပုံ ၄၃၄
၅၆။ အဘိက္ကန္တသဒ္ဒါ ဟောနက်များနှင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ ၄၃၄ - ၄၄၀
၅၇။ သာမညဖလသုတ္တန် တရားအဆုံး၌ အဇာတသတ်မင်း လျှောက်ထားပုံ ၄၄၀
၅၈။ အဘိက္ကန္တံ အဓိပ္ပါယ် အဋ္ဌကထာအဖွင့် ၄၄၁ - ၄၄၂
၅၉။ အဂ္ဂသဒ္ဒါ ဟောနိုင်သောအနက်များနှင့် သိ, မှတ်. ကျင့်ဖွယ်များကို ညွှန်းဆိုပုံ ၄၄၂ - ၄၄၄
၆၀။။ အဇာတသတ်မင်း ဝန်ချတောင်းပန်ခြင်း၊ အဇာတသတ်မင်း အပြစ်ကို ဗုဒ္ဓလက်ခံခြင်း ၄၄၅
၆၁။ အဇာတသတ်မင်း ပြန်ပြီ၊ ဗုဒ္ဓ မိန့်ကြားတော်မူပုံ ၄၄၆
၆၂။ အဇာတသတ်မင်းကြီးသည် ကြီးကျယ်သော အကျိုးကို ရရှိသွားခြင်း ၄၄၆ - ၄၄၇

သာမညဖလသုတ် မာတိကာ ပြီး၏။

၃။ အမ္ဗဋ္ဌသုတ် မာတိကာ

၁။ အမ္ဗဋ္ဌသုတ်၊ ကောသလေသုအဖွင့်၊ ကောသလ အမည်ရခြင်းအကြောင်း ၄၄၈ - ၄၄၉
၂။ စာရိကံ စရမာန အဖွင့်၊ တုရိတစာရိက ကြွတော်မူပုံ၊ အတုရိတစာရိက ကြွတော်မူပုံ ၄၄၉ - ၄၅၁
၃။ ဒေသစာရီ ကြွတော်မူရခြင်း ရည်ရွယ်ချက်နှင့် အကြောင်းလေးပါး ၄၅၁
၄။ အတုရိတစာရိက ကြွတော်မူပုံ နှစ်မျိုး ၄၅၁
၅။ ပေါက္ခရသာတိပုဏ္ဏားကြီးအား သစ္စာလေးပါးကိုသိရန် ကြွတော်မူခြင်း ၄၅၁ - ၄၅၂
၆။ ပေါက္ခရသာတိပုဏ္ဏားအကြောင်း ၄၅၂ - ၄၅၄
၇။ အမ္ဗဋ္ဌလုလင်ကို လွှတ်ခြင်း ၄၅၄
၈။ ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်ပြီးနောက် ပျောက်ကွယ်ခြင်း၊ စကြာမင်းနှင့်စပ်၍ သိမှတ်ဖွယ် ၄၅၄ - ၄၅၅
၉။ အမ္ဗဋ္ဌလုလင်နှင့် အမ္ဗဋ္ဌ ဗုဒ္ဓအပေါ် အပြုအမူ ၄၅၅ - ၄၆၃
၁၀။ အမ္ဗဋ္ဌအမျိုးအနွယ်နှင့် ကျွန်ဖြစ်ကြောင်း ဗုဒ္ဓ မိန့်ကြားတော်မူခြင်း ၄၆၃ - ၄၆၄
၁၁။ ဩက္ကာကမင်းဆက်များ၊ သကျသာကီဝင်, ကောလိယသာကီဝင် ဖြစ်လာပုံများ ၄၆၄ - ၄၆၆
၁၂။ သာကီဝင်မင်းမျိုး အမည်တွင်ပုံ၊ အမ္ဗဋ္ဌကို ကျွန်ဖြစ်ကြောင်း မိန့်တော်မူခြင်း ၄၆၆ - ၄၆၇

၁၃။ အမ္ဗဋ္ဌ ကျွန်ဖြစ်ကြောင်း ဝန်ခံပြီ ၄၆၈ - ၄၇၀
၁၄။ အမ္ဗဋ္ဌသည် အမိဘက်မှ သာကီဝင်မင်းမျိုး တစ်ဖို့ဝင်ခြင်း ၄၇၁
၁၅။ မင်းမျိုးသည် အမြတ်ဆုံး၊ အတုမရှိသော ဝိဇ္ဇာစရဏသမ္ပန္န ၄၇၂ - ၄၇၅
၁၆။ ရသေ့တို့၏ အလုပ်အကျွေးမျှသာ ၄၇၅ - ၄၇၆
၁၇။ ရသေ့တို့ကြောင့် သာသနာကွယ်နိုင်ပုံ ၄၇၆
၁၈။ သဗ္ဗညုတဉာဏ်ရှင်ဖြစ်ကြောင်းကို သိစေခြင်း ၄၇၆ - ၄၇၇
၁၉။ ရသေ့ဖြစ်ရန်ကိုပင် ကျင့်သူများ မဟုတ်ကြပုံ ၄၇၇ - ၄၇၈
၂၀။ လက္ခဏာနှစ်ပါးကိုပြခြင်း၊ ဗုဒ္ဓ၏ ပုရိသနိမိတ် အဋ္ဌကထာ, ဋီကာ ဖွင့်ဆိုချက်များ ၄၇၉ - ၄၈၀
၂၁။ ဆရာပေါက္ခရသာတိနှင့် တပည့်အမ္ဗဋ္ဌလုလင်တို့ ပြန်ဆုံမိကြရာဝယ် ၄၈၀ - ၄၈၁
၂၂။ သတိပြုဖွယ် တရားတော် ၄၈၁ - ၄၈၂
၂၃။ ပေါက္ခရသာတိပုဏ္ဏား ဗုဒ္ဓထံ ချဉ်းကပ်ခြင်း၊ သောတာပန်ဖြစ်ခြင်း ၄၈၂ - ၄၈၃
၂၄။ ပေါက္ခရသာတိပုဏ္ဏား၏ လျှောက်ထားမှု ထူးခြားချက်၊ သတိပြုဖွယ် တရားတော် ၄၈၄ - ၄၈၅

အမ္ဗဋ္ဌသုတ် မာတိကာ ပြီးပြီ။

၄။ သောဏဒဏ္ဍသုတ် မာတိကာ

၁။ သောဏဒဏ္ဍသုတ်၊ အင်္ဂသုအဖွင့်၊ စာရိကံစရမာနအဖွင့် ၄၈၆
၂။ သောဏဒဏ္ဍပုဏ္ဏား၏ သရဏဂုံ တည်မည့်အကြောင်းကြောင့် ကြွတော်မူခြင်း ၄၈၆ - ၄၈၇
၃။ ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေအဖွင့်နှင့် စမ္ပာမြို့ အဓိပ္ပါယ်အဖွင့် ၄၈၇
၄။ ရေကန်၏ကမ်းနား စကားတော၊ ဗုဒ္ဓထံသို့ ချဉ်းကပ်ရန် အစုလိုက်ထွက်ကြခြင်း ၄၈၇ - ၄၈၈
၅။ သောဏဒဏ္ဍပုဏ္ဏားအား လိုက်လိုကြောင်းပြောခြင်း၊ ဝိုင်း၍ကန့်ကွက်ကြခြင်း ၄၈၈ - ၄၈၉
၆။ သတိပြုဖွယ် တရားတော်၊ သောဏဒဏ္ဍဂုဏ်၊ ဗုဒ္ဓဂုဏ်များ ၄၉၀ - ၄၉၅
၇။ သောဏဒဏ္ဍပုဏ္ဏား အကြံဖြစ်ပုံ၊ ဗုဒ္ဓထံ ချဉ်းကပ်ခြင်း၊ ပြဿနာမေးခြင်း ၄၉၅ - ၄၉၆
၈။ ဗုဒ္ဓမေး၍ သောဏဒဏ္ဍပုဏ္ဏား ဖြေကြားပုံ၊ ဝိုင်း၍ကန့်ကွက်ကြခြင်း၊ ဗုဒ္ဓ မိန့်တော်မူခြင်း ၄၉၇
၉။ သတိပြုဖွယ် တရားတော်၊ သီလနှင့် ပညာ အမြတ်ဆုံးဖြစ်ပုံများ ၄၉၈ - ၅၀၁
၁၀။ အတုမရှိသော သီလ, ပညာကို ဗုဒ္ဓ ဟောခြင်း၊ အရှိအသေပြုပုံအထူး ၅၀၁ - ၅၀၂
၁၁။ ရှေးတရား, နောက်တရား ဟောခြင်းအကြောင်း၊ သတိပြုဖွယ် တရားတော် ၅၀၃ - ၅၀၄

သောဏဒဏ္ဍသုတ် မာတိကာ ပြီး၏။

၅။ ကူဋဒန္တသုတ် မာတိကာ

၁။ ကူဋဒန္တသုတ်၊ မဂဓေသုအဖွင့်၊ ကူဋဒန္တပုဏ္ဏား ယဇ်ကြီးပူဇော်ရန် စီမံခြင်း၊ ဗုဒ္ဓထံ ချဉ်းကပ်ခြင်း ၅၀၅ - ၅၀၆
၂။ ပညာရှိနှင့် တိုင်ပင်ရခြင်းအကြောင်း၊ ပုရောဟိတ်ပုဏ္ဏား လျှောက်ထားပုံ၊ သတိပြုဖွယ် တရားတော် ၅၀၇ - ၅၀၈
၃။ တိုင်ပင်ခြင်းအကျိုးကျေးဇူး၊ ထိုပုဂ္ဂိုလ်လေးမျိုးကို လျှောက်ထားကြခြင်း ၅၀၉ - ၅၁၀
၄။ မဟာဝိဇိတမင်း၌ရှိသော ဂုဏ်အင်္ဂါရှစ်ပါးသည် ယဇ်၏အရံအတား၊ ပုရောဟိတ်၌ ဂုဏ်အင်္ဂါ (၄)ပါး ၅၁၁
၅။ သုံးပါးသောစိတ်ထား၊ ပေးလှူခြင်း၌ နှလုံးမသာမယာ ဖြစ်တတ်ခြင်းအကြောင်း ၅၁၁

၆။ ဆယ်ပါးသောအခြင်းအရာကို ညွှန်ကြားခြင်း၊ (၁၆)ပါးသော အကြောင်း ၅၁၁ - ၅၁၂
၇။ ကူဋဒန္တပုဏ္ဏားအား ဆက်၍ဟောတော်မူခြင်း၊ သတိပြုရန်၊ ပုဏ္ဏားတို့ ကောင်းချီးပေးပုံ ၅၁၂ - ၅၁၃
၈။ ဗုဒ္ဓအား မေးလျှောက်ပုံ၊ အဆင့်ဆင့်မေး၍ အဆင့်ဆင့်ဟောကြားတော်မူခြင်း၊ တရားနိဂုံး ၅၁၃ - ၅၁၄
၉။ ကူဋဒန္တပုဏ္ဏား သတ္တဝါတို့ကို ဘေးမဲ့ပေးခြင်း၊ သောတာပန်ဖြစ်ခြင်း၊ သတိပြုဖွယ် တရားတော် ၅၁၅ - ၅၁၆

ကူဋဒန္တသုတ် မာတိကာ ပြီးပြီ။

၆။ မဟာလိသုတ် မာတိကာ

၁။ မဟာလိသုတ်၊ ဝေသာလီ စသည်အဓိပ္ပါယ်၊ ပုဏ္ဏားတမန်တို့ ဗုဒ္ဓအကြောင်း ကြားလေပြီ ၅၁၇ - ၅၁၈
၂။ ပုဏ္ဏားတမန်တို့ ကပ်ရောက်ကြခြင်း၊ ဩဋ္ဌဒ္ဓလိစ္ဆဝီမင်း လျှောက်ထားခြင်း၊ ထင်ရှားရှိလျက် မကြားခြင်းအကြောင်း ၅၁၈ - ၅၁၉
၃။ ဗုဒ္ဓ မိန့်တော်မူပြီ၊ ဗုဒ္ဓထံ၌ အရိယဖိုလ်လေးပါးရရန် ကျင့်ကြခြင်း၊ အရိယဖိုလ်ရောက်ကြောင်းအကျင့် ၅၂၀ - ၅၂၁
၄။ ဩဋ္ဌဒ္ဓလိစ္ဆဝီမင်း၏အယူကို ပယ်ဖျောက်ရန် ဗုဒ္ဓ ဆက်၍ဟောခြင်း၊ သတိပြုဖွယ် တရားတော် ၅၂၁ - ၅၂၂

မဟာလိသုတ် မာတိကာ ပြီးပြီ။

၈။ မဟာသီဟနာဒသုတ် မာတိကာ

၁။ မဟာသီဟနာဒသုတ်၊ ကဏ္ဏကတ္ထလအဖွင့်၊ အစေလကဿပ လျှောက်ထားပုံ၊ ဗုဒ္ဓ မိန့်ကြားတော်မူပုံ ၅၂၃ - ၅၂၄
၂။ ဆရာ ဆရာချင်း, တပည့် တပည့်ချင်း ယှဉ်၍စုံစမ်းကြည့်ပါ၊ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ် ၅၂၄ - ၅၂၅
၃။ တပေါပက္ကမအကျင့်နှင့် အကျိုးမရှိပုံကို ပြဆိုခြင်း ၅၂၅ - ၅၂၉
၄။ အစေလကဿပ ပြန်လျှောက်ပုံ၊ ဗုဒ္ဓ မိန့်ပုံ၊ သီလ, သမာဓိ, ပညာကို မေးခြင်း ၅၂၉
၅။ ဗုဒ္ဓ ဖြေကြားတော်မူခြင်း၊ အတုမရှိ ရဲရင့်သောစကားကို မိန့်ကြားခြင်း ၅၂၉ - ၅၃၀
၆။ အစေလကဿပ ဝမ်းမြောက်ခြင်း၊ ရဟန္တာဖြစ်ခြင်း၊ သတိပြုဖွယ် တရားတော် ၅၃၀ - ၅၃၁

မဟာသီဟနာဒသုတ် မာတိကာ ပြီး၏။

၉။ ပေါဋ္ဌပါဒသုတ် မာတိကာ

၁။ ပေါဋ္ဌပါဒသုတ်၊ အာရာမအဓိပ္ပါယ်၊ ပေါဋ္ဌပါဒပရိဗိုဇ်အကြောင်း ၅၃၂
၂။ တိန္ဒုကာစီရခေါ်ပုံ၊ ကေသာလကခေါ်ပုံ၊ သမယပ္ပဝါဒက အဓိပ္ပါယ်၊ ဗုဒ္ဓ ကြံတင်သိမြင်ပုံ ၅၃၂ - ၅၃၃
၃။ မင်, ဖိုလ်မှ ဗိလာစကားများကို ပြောဆိုနေကြခြင်း၊ ပေါဋ္ဌပါဒပရိဗိုဇ် အကြံဖြစ်ပုံ ၅၃၄ - ၅၃၅
၄။ ပေါဋ္ဌပါဒပရိဗိုဇ် ဗုဒ္ဓကြွလာခြင်းကို တောင့်တနေခြင်းအကြောင်း၊ ပေါဋ္ဌပါဒ၏ လောကဝတ်စကား ၅၃၅ - ၅၃၆
၅။ ဗုဒ္ဓ မေးမြန်းတော်မူခြင်း၊ ပေါဋ္ဌပါဒ သညာချုပ်ခြင်းကို လျှောက်ခြင်း၊ ကောတူဟလသာလာယ အဓိပ္ပါယ် ၅၃၆
၆။ အဘိသညာနိရောဓကထာ၊ သညာနိရောဓ ဖြစ်ပေါ်လာခြင်း အကြောင်းများ ၅၃၆ - ၅၃၈
၇။ ပေါဋ္ဌပါဒပရိဗိုဇ်၏ တွေးခေါ်မြော်မြင်ချက်၊ ဗုဒ္ဓအား လျှောက်ထားပုံ၊ သညာချုပ်ပုံကို ဗုဒ္ဓဟောတော်မူခြင်း ၅၃၉

၈။ ပဌမဈာန်စသည်ကြောင့် သညာချုပ်ပုံ၊ ဖြစ်ပုံ၊ ပေါဋ္ဌပါဒမေး၍ ဗုဒ္ဓ ဖြေကြားတော်မူပုံ ၆၃၉ - ၆၄၀
၉။ သညာသည် အတ္တ ဟုတ်၊ မဟုတ် မေး၍ ဖြေကြားတော်မူခြင်း ၆၄၁
၁၀။ နာနတ္တံ အဇာနန္တော ဋီကာအဖွင့်၊ သဿတဒိဋ္ဌိအယူကို မေးခြင်း ၆၄၂
၁၁။ ဗုဒ္ဓ ဟောကြားတော်မူအပ်သော တရားများ၊ ပေါဋ္ဌပါဒ ထောက်ခံခြင်း ၆၄၂ - ၆၄၃
၁၂။ နှုတ်နှင့်တံထိုးကြခြင်း၊ ပေါဋ္ဌပါဒနှင့် ဆင်ဆရာသား စိတ္တ ဗုဒ္ဓထံ ချဉ်းကပ်ခြင်း ၆၄၃ - ၆၄၄
၁၃။ ဗုဒ္ဓ အမိန့်ရှိပုံ၊ ပေါဋ္ဌပါဒ သရဏဂုံတည်၍ ဆင်ဆရာသား စိတ္တ ရဟန္တာဖြစ်ပုံ ၆၄၄ - ၆၄၅
၁၄။ သတိပြုဖွယ် တရားတော် ၆၄၅

ပေါဋ္ဌပါဒသုတ် မာတိကာ ပြီးပြီ။

၁၀။ သုဘသုတ် မာတိကာ

၁။ သုဘသုတ်၊ တောဒေယျပုဏ္ဏားအကြောင်း၊ သုဘလုလင် ခွေးကလေးချစ်ပုံ၊ ဗုဒ္ဓ ကြွလာတော်မူခြင်း ၆၄၆ - ၆၄၇
၂။ သုဘလုလင် ဗုဒ္ဓအား စောဒကတက်ခြင်းအကြောင်း၊ ဥပါသကာအဖြစ် လျှောက်ထားခြင်း၊ ဆွမ်းစားပင့်ခိုင်းပုံ ၆၄၇ - ၆၄၈
၃။ အပ္ပါဗာဓံ, အပ္ပါတင်္ကံ အဓိပ္ပါယ်၊ သမ္မောဒနီယံ, သာရဏီယကထံ အဓိပ္ပါယ် ၆၄၈ - ၆၄၉
၄။ သုဘလုလင် လျှောက်ထားခြင်း၊ အရှင်အာနန္ဒာ သီလက္ခန္ဓ အကျယ်ဟောခြင်း၊ သုဘလုလင် ဝမ်းမြောက်ခြင်း ၆၄၉ - ၆၅၀
၅။ အရှင်အာနန္ဒာ သမာဓိက္ခန္ဓ, ပညာက္ခန္ဓ ဟောကြားခြင်း၊ ဥပါသကာအဖြစ် လျှောက်ထားခြင်း၊ သတိပြုဖွယ် တရားတော် ၆၅၀ - ၆၅၂

သုဘသုတ် မာတိကာ ပြီး၏။

၁၁။ ကေဝဋ္ဋသုတ် မာတိကာ

၁။ ကေဝဋ္ဋသုတ်၊ ကေဝဋ္ဋအကြံဖြစ်ပုံ၊ ဗုဒ္ဓ မိန့်ကြားပုံ၊ တန်ခိုးပြာဋိဟာသုံးပါး ၆၅၃ - ၆၅၄
၂။ မဟာဘုတ်လေးပါးကိုရှာသော ရဟန်းဝတ္ထု၊ ဗုဒ္ဓကို ပြဿနာမေးခြင်း၊ ဗုဒ္ဓ ဖြေကြားပုံ ၆၅၅ - ၆၅၇
၃။ ရဟန်းဝတ္ထုကို သက်သေပြရခြင်းအကြောင်း၊ ဗုဒ္ဓတစ်ဆူ၌ ဤကဲ့သို့ ရဟန်းတစ်ပါးပေါ်လာခြင်းသည်ထုံးစံ ၆၅၈
၄။ ပဉှာများသည်ကို ပြင်ပေးခြင်းသည် ဗုဒ္ဓ၏ အလေ့အကျင့်၊ သတိပြုဖွယ် တရားတော် ၆၅၈ - ၆၆၀

ကေဝဋ္ဋသုတ် မာတိကာ ပြီး၏။

၁၂။ လောဟိစ္စသုတ် မာတိကာ

၁။ လောဟိစ္စသုတ်၊ သာလဝတိကရွာခေါ်ပုံ၊ လောဟိစ္စပုဏ္ဏား၏ မိစ္ဆာဒိဋ္ဌိအယူ ၆၆၁
၂။ လောဟိစ္စပုဏ္ဏား ဗုဒ္ဓအား အပင့်ခိုင်းခြင်း၊ ရောသိကာ ဗုဒ္ဓအားလျှောက်ပုံ၊ ဗုဒ္ဓ မိန့်ကြားပုံ ၆၆၂
၃။ အပ္ပေဝနာမ ရောသိကေ အဓိပ္ပါယ်၊ ဗုဒ္ဓ တရားဟောပုံ၊ စောဒနာထိုက်သော ဆရာသုံးဦး ၆၆၂ - ၆၆၄

၄။ အပြစ်မတင်ထိုက်သော ဆရာသုံးဦး၊ လောဟိစ္စ ဥပါသကာအဖြစ် လျှောက်ထားခြင်း၊ သတိပြုဖွယ် တရားတော် ၅၆၄ - ၅၆၆

လောဟိစ္စသုတ် မာတိကာ ပြီး၏။

၁၃။ တေဝိဇ္ဇသုတ် မာတိကာ

၁။ တေဝိဇ္ဇသုတ်၊ အမ္ဗဝန အဥ္စကထာအဖွင့်၊ မနသာကဋရွာ၌ ထင်ရှားသော ပုဏ္ဏားများ နေထိုင်ကြခြင်း ၅၆၇
၂။ မနသာကဋရွာသို့ လာခြင်းအကြောင်း၊ ဝါသေဋ္ဌနှင့် ဘာရဒွါဇလုလင်နှစ်ဦး ၅၆၇ - ၅၆၈
၃။ ဗုဒ္ဓက မေးမြန်းစိစစ်၍ ပြဿနာကို ဖြေရှင်းတော်မူခြင်း၊ အခြေအမြစ်မရှိ စကားဖြစ်ပုံ၊ သူကန်းဥပမာ ၅၆၈ - ၅၆၉
၄။ ဇနပဒကလျာဏီဥပမာ၊ လှေကားဥပမာ၊ ပုဏ္ဏားတို့နှင့် ဗြဟ္မာ့ပြည် တစ်ခြားစီ၊ အပါယ်လေးဘုံ၌ ပျက်စီးရမည် ၅၆၉ - ၅၇၁
၅။ ဗြဟ္မာ့ပြည်သို့ရောက်ကြောင်းကိုမေးခြင်း၊ ဖြေကြားခြင်း၊ ၃-အကြိမ်ဥပါသကာအဖြစ်နှင့် ရဟန္တာဖြစ်ခြင်း ၅၇၁ - ၅၇၂

တေဝိဇ္ဇသုတ် မာတိကာ ပြီး၏။

၁။ ဒီဃနိကာယ်ခေါ်ပုံ၊ သီလက္ခန္ဓဝဂ်၌ သုတ် (၁၃)သုတ်၊ သုတ်သုံးကျမ်းတွင် ပဌမဆုံးကျမ်း ၅၇၃
၂။ ဗြဟ္မဇာလသုတ် အနှစ်ချုပ်တရားတော်နှင့် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ ပွါးများရန် ၅၇၃ - ၅၈၀
၃။ သာမညဖလသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၅၈၁ - ၅၈၅
၄။ အမ္ဗဋ္ဌသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၅၈၆ - ၅၈၇
၅။ သောဏဒဏ္ဍသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၅၈၈ - ၅၈၉
၆။ ကူဋဒန္တသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၅၉၀ - ၅၉၁
၇။ မဟာလိသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၅၉၂ - ၅၉၄
၈။ မဟာသီဟနာဒသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၅၉၅ - ၅၉၇
၉။ ပေါဋ္ဌပါဒသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၅၉၈ - ၆၀၀
၁၀။ သုဘသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၆၀၁ - ၆၀၂
၁၁။ ကေဝဋ္ဋသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၆၀၃ - ၆၀၄
၁၂။ လောဟိစ္စသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၆၀၅ - ၆၀၆
၁၃။ တေဝိဇ္ဇသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာပွါးများရန် ၆၀၇ - ၆၁၀

မာတိကာ ပြီး၏။

နိဒါန်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
ရတနတ္တယ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ

(၁) 'အလိမ္မာ စာမှာရှိ၏၊ စာအုပ်စာပေ လူ့မိတ်ဆွေ' ဟူသော ဆိုရိုးများသည် ဗုဒ္ဓစာပေအတွက် အမှန်ဆုံးဖြစ်သော ဆိုရိုးများ ဖြစ်ပေသည်။ အကြောင်းကား လောကဟိတ ခေါ် 'လူ, နတ်, ဗြဟ္မာ' ဟူသော သတ္တလောကသားများ၏ အကျိုးစီးပွား အတွက် ဗုဒ္ဓစာပေများသည် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် (၄၅)ဝါတိုင်တိုင် ဖော်ထုတ်ဟောကြားရာမှ ပေါ်ထွက်လာသော စာပေများ ဖြစ်သောကြောင့်တည်း။

(၂) ဤကျမ်းပြုစုသူသည် အသက် (၁၀)နှစ်မှ (၁၂)နှစ်သားအထိ ဘုန်းကြီးကျောင်းသားဘဝဖြင့်လည်းကောင်း, အသက် (၁၂)နှစ်မှ အသက် (၂၀)အထိ ရှင်သာမဏေဘဝဖြင့်လည်းကောင်း, အသက် (၂၀)မှ ရဟန်းဝါ (၁၃)ဝါ၊ (၃၃)နှစ်အထိ ရဟန်းဘဝဖြင့် လည်းကောင်း စုစုပေါင်း (၂၃)နှစ်တိုင်တိုင် ဗုဒ္ဓသာသနာတော်ကို သက်ဝင်ကြည်ညိုခဲ့ပေသည်။

(၃) ရဟန်းဝါ (၁၃)ဝါရပြီး မြန်မာသက္ကရာဇ် (၁၃၄၀)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့မှ (၁၃၄၁)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့အထိ ဒါယကာ, ဒါယိကာမများကို အတွေ့မခံဘဲ သန်လျင်မြို့ သန်လျင်တောရ၌ တစ်နှစ်တိတိ အဓိဋ္ဌာန်ဝင်ပြီး ပိဋကသုံးပုံများကို ဖတ်ရှုလေ့လာရသောအခါ၌ ဗုဒ္ဓသာသနာတော်နှင့် ရတနာသုံးပါးတို့အပေါ်၌ ရှေး (၂၃)နှစ်ကထက် ပို၍သက်ဝင် ကြည်ညိုရပြန်လေသည်။

(၄) ထိုမှနောက် တစ်နှစ်နှင့်ဆယ်လခန့်နားပြီး (၁၃၄၃)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့မှစ၍ (၁၃၄၆)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့အထိ ထိုသန်လျင်မြို့ သန်လျင်တောရ၌ပင် သုံးနှစ်တိုင် အဓိဋ္ဌာန်ဝင်ပြီး ပိဋကသုံးပုံ နိကာယ်ငါးရပ် တို့ကို ရှေးပဌမတစ်နှစ် အဓိဋ္ဌာန်ဝင်စဉ်ကထက် အသေးစိတ်၍ ဖတ်ရှုလေ့လာပြန်သောအခါ၌ကား 'ပြောဖွယ်ရာပင် မလိုတော့ပေ' ဟူ၍ ဆိုရလောက်အောင် ဗုဒ္ဓကိုလည်းကောင်း, ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်းကောင်း, ဓမ္မကိုလည်းကောင်း, ပရမတ္ထ သံဃာ, သမုတိသံဃာတို့ကိုလည်းကောင်း ရှေးပဌမတစ်နှစ် အဓိဋ္ဌာန်ဝင်စဉ်ကထက် ပို၍ပို၍ လေးလေးနက်နက် သက်ဝင်ကြည်ညိုမှု ဖြစ်ရပြန်လေသည်။

(၅) ဤကျမ်းပြုသူသည် ဗုဒ္ဓ၏ ပိဋကစာပေတို့ကို လေ့လာဖတ်ရှုပြီး 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာမြတ်သုံးပါးအပေါ်၌ အလေးအနက်ထား၍ သက်ဝင်ယုံကြည် ကြည်ညိုသဒ္ဓါစိတ်ဖြစ်သလို အခြားသူတို့လည်း ဤကျမ်းပြုသူကဲ့သို့ ဖတ်ရှုရလျှင် ဤကျမ်းပြု သူကဲ့သို့ပင် ရတနာမြတ်သုံးပါးအပေါ်၌ ပို၍နားလည်သဘောပေါက်ပြီး လေးလေးနက်နက် သက်ဝင်ယုံကြည် ကြည်ညိုသဒ္ဓါစိတ်များ ဖြစ်ကြပေလိမ့်မည်ဟု ဆင်ခြင်သုံးသပ်မိလေသည်။

(၆) သို့ရာတွင် ပိဋကသုံးပုံကို အသေးစိတ်လေ့လာ ဖတ်ရှုနိုင်ရန်မှာ အများအတွက် အခက်အခဲရှိသည်ကို စဉ်းစားမိလေ သည်။ အကြောင်းကား ပိဋကသုံးပုံ နိကာယ်ငါးရပ်တို့သည် ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနုဋီကာ, မဓုဋီကာ, မူလဋီကာ, မဟာဋီကာ, ဋီကာသစ်, အနု, မဓု, ဂဏ္ဌိ, ယောဇနာအားဖြင့် ပင်လယ်သမုဒ္ဒရာကြီးကဲ့သို့ အလွန်ကျယ်ပြန့် နက်ရှိုင်းစွာ ရှိနေသော ကြောင့် ဖြစ်လေသည်။

(၇) 'မည်သို့ပင် ကျယ်ပြန့် ခက်ခဲ နက်နဲပါစေ။ ဗုဒ္ဓ ဟောကြားတော်မူထားအပ်သော ပိဋကစာပေသည် အလွန်လေ့လာဖတ်ရှု မှတ်သားထိုက်သော စာပေဖြစ်သည်' ဟူသော အချက်ကိုကား မည်သူမျှ ငြင်းချက်ထုတ်နိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်သည့် အားလျော်စွာ ဤကျမ်းပြုသူသည် အလွှာပေါင်းစုံ, သုတေသီပေါင်းစုံတို့ အလွယ်တကူ ဖတ်ရှုနိုင်ကြအောင်, လေ့လာနိုင်ကြအောင်, မှတ်သားနိုင်ကြအောင်, ကြည်ညိုနိုင်ကြအောင် စာရေးဟန်အသွင်ဖြင့် ရေးသားပြုစုတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

(၈) ထိုသို့ ဆုံးဖြတ်ချက်ချသည့်အတိုင်း ဝါအားဖြင့် (၁၆)ဝါ၊ အသက်အားဖြင့် (၃၆)နှစ်မှစ၍ အမျိုးမျိုးသော ကျမ်းအမည်များ ကို တပ်၍လည်းကောင်း၊ အမျိုးမျိုးသော စာရေးဟန်အသွင်ဖြင့်လည်းကောင်း ပိဋကသုံးပုံကို ပြီးမိပိုမိအောင် လူအများ စိတ်ဝင်စားဖွယ်

လည်းဖြစ်အောင် ရေးသားပြုစုလာခဲ့ရာ ဝါအားဖြင့် (၄၁)ဝါ၊ အသက်အားဖြင့် (၆၁)နှစ်အထိ (၂၅)နှစ်တိုင်အောင်ပင် နှစ်ရှည်လများ ကြာညောင်းခဲ့သော်လည်း စာမျက်နှာတစ်ရာ, နှစ်ရာ, သုံးရာသို့ရောက်တိုင်း ကျမ်းစာအမည်ကိုလည်းကောင်း, စာရေးဟန်အသွင် ကိုလည်းကောင်း မကြိုက်နှစ်သက်သည်ဖြစ်၍ ဖျက်ပစ်ရသည်ချည်း ဖြစ်လေသည်။ ဖျက်ဆီးပစ်လိုက်သော စာများသည် စာမျက်နှာ ပေါင်း တစ်ထောင်ပင် ကျော်ပေလိမ့်မည်။ **'တစ်ခါတစ်ခါ ဒီဘဝ ဤကျမ်းစာ**ကို အောင်မြင်စွာ ရေးမှရေးနိုင်ပါ့မလား' ဟူ၍ အား မလိုအားမရ ဖြစ်ရလေသည်။

(၉) သို့ရာတွင် စိတ်ဓာတ်, ဇွဲကို မလျှော့သောကြောင့် အောင်မြင်စွာ ရေးသားနိုင်ရန် အခြေအနေက ဖန်တီးလာသည်။ ပျော်ဘွယ်မြို့နယ်၊ သန်လျင်တောရ ယင်းတော်မြို့မ မင်းကျောင်းတိုက်၌ (၁၂)နှစ်ကြာ ပဋိပတ္တိ သာသနာပြုနေရာမှ တစ်ဆင့်တက်၍ ပရိယတ္တိ စာသင်တိုက်ပါ တည်ထောင်ရာတွင် စာသင်တိုက်သက်တမ်း ငါးနှစ်အရောက်၌ စာသင်သားများသည် အောက်ယမိုက် ငါးကျမ်းကိုလည်းကောင်း, အထက်ယမိုက် ငါးကျမ်းကိုလည်းကောင်း, ပဋ္ဌာန်းကုသလတိက် အရကောက်ကျမ်းကိုလည်းကောင်း နားမလည်သောကြောင့် ကျွမ်းကျင်စွာ ပို့ချနိုင်သော စာချဘုန်းကြီးကို ရှာရာ၌လည်း အခက်တွေ့နေသဖြင့် နှစ်ပေါင်း (၃၅)နှစ်တိုင် ပစ်ထားခဲ့သော ထိုကျမ်းစာများကို ပြန်၍လေ့လာပြီး ချပို့ပေးလေရာ သုံးနှစ်မျှကြာသောအခါ၌ ထိုကျမ်းစာများကို စာအုပ်အဖြစ်ဖြင့်ပင် ထုတ်ဝေနိုင်ခဲ့ပေသည်။ ထိုအချိန်၌ ဤကျမ်းပြုသူ၏ အသက်သည် အသက် (၆၀)နှစ်သို့ ဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို အာရုံပြု၍ ထိုယမိုက်ကျမ်း, ပဋ္ဌာန်းကျမ်းတို့ကို ရေးသားနေရင်းမှ စာအုပ်၏အမည်ကိုလည်းကောင်း, စာရေးဟန်ကိုလည်းကောင်း ကောင်းစွာမိမိ နားလည်သိရှိလေတော့သည်။

(၁၀) အထက်ပါ ဖော်ပြချက်များကို သုံးသပ်လျှင် ဤ **'ပိဋကသုံးပုံ ကျင့်စိုင်ဋီကာ အမှတ် (၁)ကျမ်းစာ'** ထွက်ပေါ်လာနိုင် ရေးသည် လွယ်လွယ်ကူကူ ထွက်ပေါ်လာခဲ့ခြင်း မဟုတ်ဘဲ လွန်ခဲ့သောနှစ်ပေါင်း (၂၅)နှစ်တိုင်တိုင်ကို အခြေခံပြီးမှ ထွက်ပေါ်လာရခြင်း ဖြစ်ကြောင်း သိမြင်နိုင်ကြပေသည်။ အသက် (၆၀)ကျော်၍ (၆၁)နှစ်ပြည့်ရန် လပိုင်းအလို နယုန်လဆန်းမှ စတင်ရေးသားရာ နယုန်လကွယ်နေ့တွင် (၆၁)နှစ် ပြည့်သဖြင့် (၆၂)နှစ်သို့ ရောက်ပြီးနောက် နတ်တော်လဆန်း (၆)ရက်နေ့တွင် (၇)လအကြာ၌ ဤကျမ်းစာကို အောင်မြင်စွာ ရေးသားပြီးစီးလေသည်။

(၁၁) ဤကျမ်းပြုသူသည် ပိဋကသုံးပုံကို ကုန်အောင်ရေးရန် ရည်ရွယ်ထားသည် ဖြစ်သည့်အားလျော်စွာ ပဌမတွင် ဒီဃနိကာယ် သုံးကျမ်းဖြစ်သော သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျဟူသော သုတ်သုံးကျမ်းတို့ကို တစ်ပေါင်းတည်း ပြု၍ **'ပိဋကသုံးပုံ ကျင့်စိုင်ဋီကာ အမှတ် (၁) ကျမ်းစာ'** အဖြစ် ရည်ရွယ်သေးသော်လည်း ထိုသို့ရေးလျှင် ချုံးရေးရမည်ဖြစ်၍ **'ပိဋကသုံးပုံ ကျင့်စိုင်ဋီကာ'** ဟူသော ကျမ်းအမည်နှင့် လိုက်လျောမည် မဟုတ်သောကြောင့် အမည်နှင့် လိုက်လျောညီအောင် သုတ်သီလက္ခန် တစ်ကျမ်းတည်းကို မူတည်၍ သီလက္ခန်ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို မဏ္ဍိုင်ထားလျက် အခြားဆက်စပ်ရာ ဆက်စပ်ရာ ပါဠိတော်, အဋ္ဌကထာ, ဋီကာများကိုလည်း အကျဉ်းချုပ် ထည့်သွင်း၍ အကျင့်ကို ဦးစားပေးက **'ပိဋကသုံးပုံ ကျင့်စိုင်ဋီကာ အမှတ် (၁) ကျမ်းစာ'** ကို ရေးသားပြုစုလိုက်ရပေသည်။

(၁၂) ဤပိဋကသုံးပုံ ကျင့်စိုင်ဋီကာ အမှတ် (၁) ကျမ်းစာကို ဖတ်ရှုသူများ အပေါင်းတို့သည် စိတ်ဝင်တစား ဖတ်နိုင်ကြသည် ဆိုလျှင် ဗုဒ္ဓကိုလည်းကောင်း, ထေရဝါဒ ဗုဒ္ဓသာသနာတော်ကိုလည်းကောင်း, ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကိုလည်းကောင်း, 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာမြတ်သုံးပါးတို့ကိုလည်းကောင်း ပို၍နက်ရှိုင်းစွာ, လေးနက်စွာ နားလည်သဘောပေါက်ပြီး ကြည်ညိုသဒ္ဓါ စိတ်များ တိုးပွါးသည်ဆိုလျှင် ဤကျမ်းပြုသူ နှစ်ပေါင်းများစွာ အားထုတ်လာခဲ့ရမှုသည် အချည်းနှီး မဖြစ်ပါတကားဟူ၍ ပီတိဖုံး၍ ပြုံးခါကြည်နူးရမည် ဖြစ်ပေတော့သည်။

စာဖတ်သူများအားလုံး ကျန်းမာ, ချမ်းသာ, ဝမ်းသာစွာနှင့် ဗုဒ္ဓသာသနာတော်ကို ကျယ်ပြန့်စွာ ပြုနိုင်ကြသူများ ဖြစ်ကြပါစေ။

ဟိဃောသိနေလ အရှင်နိပုဏာ

သာသနာတော် သက္ကရာဇ် (၂၅၅၀)ခုနှစ်၊ ကောဇာ သက္ကရာဇ် (၁၃၆၈)ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်၊
ခရစ် သက္ကရာဇ် (၂၀၀၆)ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်၊ တနင်္ဂနွေနေ့၊ ည (၉)နာရီအချိန်။

ကိုးကားမှီငြမ်းသော ကျမ်းစာများ

(၁) သီလက္ခန္ဓဝဂ္ဂ ပါဠိတော်။

(၂) သီလက္ခန္ဓဝဂ္ဂ ပါဠိတော် မြန်မာပြန်။

(၃) ဆရာတော် အရိယာလင်္ကာရထေရ်ရေး သီလက္ခန် ပါဠိတော် နိဿယ။

(၄) အရှင်မဟာဗုဒ္ဓဃောသထေရ်ရေး သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ။

(၅) ဆရာတော် အရှင်ဇနကာဘိဝံသရေး သီလက္ခန်ဘာသာဋီကာ ပဌမအုပ်, ဒုတိယအုပ်, တတိယအုပ်, စတုတ္ထအုပ်။

(၆) ပခုက္ကူဆရာတော် အရှင်နန္ဒဝံသထေရ်ရေး သီလက္ခန် အဋ္ဌကထာ နိဿယသစ် ပဌမအုပ်။

(၇) နေရင်းဆရာတော် အရိယာလင်္ကာရထေရ်ရေး သီလက္ခန် အဋ္ဌကထာ နိဿယ ဒုတိယတွဲ။

(၈) အရှင်အာစရိယဓမ္မပါလထေရ်ရေး သီလက္ခန္ဓဝဂ္ဂ မဟာဋီကာ (ဋီကာဟောင်း)။

(၉) အရှင်ဉာဏာဘိဝံသ ဓမ္မသေနာပတိထေရ်ရေး သီလက္ခန္ဓဝဂ္ဂ အဘိနဝဋီကာ ပဌမအုပ်, ဒုတိယအုပ် (ဋီကာသစ်)။

(၁၀) တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသထေရ်ရေး နိုင်ငံတော် ဗုဒ္ဓသာသနာ့ မဟာဗုဒ္ဓဝင်ကျမ်းစာများ ရှစ်အုပ်။

(၁၁) ဝိနည်းငါးကျမ်း ပါဠိတော်များ, မြန်မာပြန်များ, နိဿယများ, အဋ္ဌကထာ, ဋီကာကျမ်းများ။

(၁၂) ဒီဃနိကာယ် သုတ်သုံးကျမ်း ပါဠိတော်များ, မြန်မာပြန်များ, နိဿယများ, အဋ္ဌကထာ, ဋီကာများ။

(၁၃) မဇ္ဈိမနိကာယ် သုံးကျမ်း ပါဠိတော်များ, မြန်မာပြန်များ, နိဿယများ, အဋ္ဌကထာ, ဋီကာများ။

(၁၄) သံယုတ္တနိကာယ် သုံးကျမ်း ပါဠိတော်များ, မြန်မာပြန်များ, နိဿယများ, အဋ္ဌကထာ, ဋီကာများ။

(၁၅) အင်္ဂုတ္တရနိကာယ် သုံးကျမ်း ပါဠိတော်များ, မြန်မာပြန်များ, နိဿယများ, အဋ္ဌကထာ, ဋီကာများ။

(၁၆) အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိတော်များ, မြန်မာပြန်များ, နိဿယများ, အဋ္ဌကထာ, ဋီကာများ။

(၁၇) မိလိန္ဒပဉှာ ပါဠိတော်နှင့် မြန်မာပြန်များ။

(၁၈) နေတ္တိ ပါဠိတော်နှင့် နိဿယကျမ်းများ။

(၁၉) ပေဋကောပဒေသ ပါဠိတော်နှင့် နိဿယကျမ်းများ။

(၂၀) ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့် အဋ္ဌကထာ, မြန်မာပြန်များ, နိဿယကျမ်းများ။

(၂၁) ဓမ္မပဒ ပါဠိတော်နှင့် မြန်မာပြန်များ, နိဿယများ၊ ဓမ္မပဒ အဋ္ဌကထာနှင့် မြန်မာပြန်များ။

(၂၂) ဥဒါန်း ပါဠိတော်, အဋ္ဌကထာ, မြန်မာပြန်နှင့် နိဿယများ။

(၂၃) ဣတိဝုတ် ပါဠိတော်, အဋ္ဌကထာ, မြန်မာပြန်နှင့် နိဿယများ။

(၂၄) သုတ္တနိပါတ် ပါဠိတော်, အဋ္ဌကထာ, မြန်မာပြန်များနှင့် နိဿယများ။

(၂၅) ခုဒ္ဒကပါဌ ပါဠိတော်, အဋ္ဌကထာ, မြန်မာပြန်နှင့် နိဿယများ။

(၂၆) ဇာတ်ပါဠိတော်, အဋ္ဌကထာများနှင့် မြန်မာပြန်များ။

(၂၇) (၅၅၀) နိပါတ်တော် ဇာတ်ဝတ္ထုများ၊ ဇာတ်ကြီးဆယ်ဘွဲ့ ဝတ္ထုများ။

(၂၈) စူဠနိဒ္ဒေသ ပါဠိတော်နှင့် နိဿယများ။

(၂၉) မဟာနိဒ္ဒေသ ပါဠိတော်နှင့် နိဿယများ။

(၃၀) ဝိမာနဝတ္ထု ပါဠိတော်နှင့် အဋ္ဌကထာ, နိဿယများ, မြန်မာပြန်များ။

(၃၁) ပေတဝတ္ထု ပါဠိတော်နှင့် အဋ္ဌကထာ, နိဿယများ, မြန်မာပြန်များ။

(၃၂) ထေရဂါထာ ပါဠိတော်, ထေရီဂါထာ ပါဠိတော်, အပဒါန် ပါဠိတော်များ, အဋ္ဌကထာများ, မြန်မာပြန်များ, နိဿယများ။

(၃၃) ပါဠိပဒ ပိဋကလမ်းညွှန် ကျမ်းကြီးများ။

(၃၄) တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများ။

(၃၅) ဦးဟုတ်စိန် ပါဠိ-မြန်မာ အဘိဓာန်ကျမ်း ပဌမအုပ်, ဒုတိယအုပ်။

(၃၆) ဗုဒ္ဓဝံသ ပါဠိတော်, စရိယာပိဋက ပါဠိတော်များ, အဋ္ဌကထာများ, မြန်မာပြန်များ, နိဿယများ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
ရတနတ္တယဂုဏံ အတံ ဝန္ဒာမိ

ပိဋကသုံးပုံ ကျင့်စဉ်ဋီကာ အမှတ်(၁)

ဤအမှတ်(၁)ကျမ်းစာတွင် ဒီဃနိကာယ် သုတ်သီလက္ခန် ဗြဟ္မဇာလသုတ္တန်ကို မူတည်၍ ထိုသုတ္တန်နှင့် ဆက်စပ်လျက်ပါရှိသော သိဖွယ်၊ မှတ်ဖွယ်၊ ကျင့်ဖွယ်များကို ပိဋကသုံးပုံမှ ထုတ်နုတ်ရေးသား စီရင်ထားပါသည်။ ထိုမှတပါး သီလက္ခန္ဓဝဂ္ဂပါဠိတော်ရှိ သုတ်အားလုံးကိုလည်း သိဖွယ်၊ မှတ်ဖွယ်၊ ကျင့်ဖွယ်များကို ထုတ်နုတ်ရေးသားထားပါသည်။

ဗြဟ္မဇာလသုတ္တန် စွမ်းရည်

သုတ် (၃)ကျမ်း၊ ဝိနည်း (၅)ကျမ်း၊ အဘိဓမ္မာ (၇)ကျမ်း ဟူ၍ ပိဋကသုံးပုံ ရှိရာတွင် ဗြဟ္မဇာလသုတ်သည် သုတ် (၃) ကျမ်းတွင် ပါဝင်သည်။ ထိုသုတ် (၃)ကျမ်းတွင်လည်း **သုတ်သီလက္ခန်၊ သုတ်မဟာဝါ၊** သုတ်ပါထေယျ ဟူ၍ရှိရာ၌ သုတ်သီလက္ခန်တွင် ပါဝင်သည်။ ထိုသုတ်သီလက္ခန်တွင်လည်း သုတ်ပေါင်း (၁၃)သုတ် ရှိသည့်အနက်က အစဦးဆုံးသုတ်ဖြစ်သည်။

'ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ သံယုတ္တနိကာယ်၊ ခုဒ္ဒကနိကာယ်' ဟူ၍ နိကာယ် (၅)ရပ်ရှိရာတွင် ဗြဟ္မဇာလသုတ်သည် ဒီဃနိကာယ်တွင် ပါဝင်သည်။ ထိုဒီဃနိကာယ်တွင်လည်း သုတ်သီလက္ခန်၊ သုတ်မဟာဝါ၊ သုတ်ပါထေယျ ဟူ၍ရှိရာ၌ သုတ်သီလက္ခန်တွင် ပါဝင်သည်။ ထိုသုတ်သီလက္ခန်တွင် သုတ်ပေါင်း (၁၃)သုတ်ရှိရာ အစဦးဆုံးသုတ် ဖြစ်သည်။

ဗြဟ္မဇာလသုတ်သည် ပါဠိတော်အားဖြင့် ဆဋ္ဌမူ ပါဠိတော်တွင် (၄၃)မျက်နှာ ရှိသည်။ ဆဋ္ဌမူ မြန်မာပြန်အားဖြင့် (၅၁) မျက်နှာ ရှိသည်။

ဗြဟ္မဇာလသုတ်ကို ဂါထာတစ်ဂါထာမျှ မပါသည့်အတွက် **'ဝေယျာကရဏ'** ဟု ခေါ်သည်။

ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည် ထိုဗြဟ္မဇာလသုတ်တော်ကို ကောင်းစွာဟောကြားတော်မူလျက်ရှိသည်။ အရှင်အာနန္ဒာနှင့်တကွ ရဟန်းသံဃာတော် (၅၀၀)တို့သည် ရိုသေစွာ နာကြားလျက်ရှိကြသည်။

ဤဗြဟ္မဇာလသုတ္တန် ဒေသနာတော်ကို ဟောတော်မူပြီးသည်၏အဆုံး၌ ထိုရဟန်းသံဃာတော် (၅၀၀)တို့သည် အလွန်နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်သည်။ တစ်သောင်းသော လောကဓာတ်အတွင်းရှိ ဤမဟာပထဝီမြေကြီးသည်လည်း သွက်သွက်ခါ တုန်လှုပ်သွားလေသည်။

မိစ္ဆာဒိဋ္ဌိအယူတို့သည် အမျိုးမျိုးပင် မြောက်များစွာရှိစေကာမူ သဘောတူရာ ပေါင်းလိုက်လျှင် (၆၂)မျိုးသာ ရှိလေသည်။ ထို (၆၂)မျိုးသာ ရှိကြောင်းကိုလည်း ဗုဒ္ဓတစ်ပါးတည်းသာ သိတော်မူနိုင်သော အရာဖြစ်သည်။ ဗုဒ္ဓမှတပါး ကျန်ပုဂ္ဂိုလ်တို့ သိနိုင်သောအရာ မဟုတ်ပေ။

ထို့ကြောင့် ဤဗြဟ္မဇာလသုတ္တန်တရားသည် (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိအယူဝါဒတို့ကို ဖော်ထုတ်ရှင်းလင်းရာ အလွန်နက်နဲသိမ်မွေ့သော သုတ္တန်တရားဖြစ်သည်။

ထို့ကြောင့် ဗြဟ္မဇာလသုတ် တစ်သုတ်လုံးဆုံးမှ မြေကြီးတုန်လှုပ်သည် မဟုတ်ပေ။ (၆၂)မျိုးသော မိစ္ဆာဒိဋ္ဌိအယူဝါဒ တစ်မျိုးစီ တစ်မျိုးစီကို ရှင်းလင်းဟောကြားပြီးတိုင်း ဤမဟာပထဝီမြေကြီးသည် သွက်သွက်ခါ တုန်လှုပ်သည်ချည်း ဖြစ်သည်။

သို့ဖြစ်၍ မဟာပထဝီမြေကြီးသည် (၆၃)ကြိမ်မျှ သွက်သွက်ခါ တုန်လှုပ်လေသည်။ ထို့ကြောင့် ဤဗြဟ္မဇာလသုတ်သည် အဘယ်မျှ တန်ခိုးအာနုဘော် ကြီးမားသည်ဆိုသည်ကို အထူးရှင်းပြနေဘွယ် မလိုတော့ပေ။

ဗြဟ္မဇာလသုတ္တန် တရားတော် ဖြစ်ပေါ်လာရခြင်း အကြောင်းနိဒါန်း

ထိုသို့ (၆၃)ကြိမ်မျှ သွက်သွက်ခါ မြေကြီးတုန်လှုပ်ရသော လွန်စွာ တန်ခိုးအာနုဘော် ကြီးမားလှသော ဤဖော်ပြလတ္တံ့သော ဗြဟ္မဇာလသုတ္တန်ဒေသနာ ဖြစ်ပေါ်လာရခြင်း အကြောင်းနိဒါန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

အရှင်မဟာကဿပ မထေရ်မြတ်ကြီး အမှူးပြုသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာသံဃာတော် (၅၀၀)တို့သည် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးသည်၏ သုံးလအလွန် ဝါဆိုလပြည့်ကျော် (၅)ရက်နေ့မှစ၍ ဝိနည်းပိဋကကို ရှေးဦးစွာ သံဂါယနာတင်တော်မူကြပါသည်။ (စုပေါင်းရွတ်ဆိုတော်မူကြပါသည်။)

ဝိနည်းပိဋကကို သံဂါယနာတင်ရာ၌ အရှင်မဟာကဿပက ဝိနည်းသိက္ခာပုဒ် ပညတ်ရခြင်းနှင့်စပ်၍ မေးထိုက်သောအချက်များကို မေးတော်မူပြီး ဝိနည်းအရာ၌ ဧတဒဂ်ရတော်မူသော အရှင်ဥပါလိမထေရ်က အမေးအားလျော်စွာ ဖြေကြားတော်မူပါသည်။

ထိုသို့ အချက်ကျကျ အကွက်ချပြီး အမေးအဖြေပြုလုပ်ပြီးမှ အရှင်မဟာကဿပ၊ အရှင်ဥပါလိတို့နှင့်တကွ ရဟန္တာအပါး (၅၀၀)တို့က စုပေါင်းရွတ်ဆိုတော်မူကြသောအားဖြင့် သံဂါယနာတင်မှုကို ပြုလုပ်တော်မူကြပါသည်။

ဝိနည်း (၅)ကျမ်းပိဋကကို သံဂါယနာတင်ပြီးနောက် သုတ္တန္တပိဋကနှင့် အဘိဓမ္မာပိဋကတို့ကို သံဂါယနာတင်တော်မူကြပါသည်။ ထိုသို့တင်ရာတွင်လည်း အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက မေးထိုက်သော အချက်များကို မေးတော်မူပြီး ဧတဒဂ်ငါးတန် ရထူးခံသည့် အရှင်အာနန္ဒာမထေရ်မြတ်က အမေးအားလျော်စွာ ဖြေဆိုတော်မူပါသည်။

သုတ္တန္တပိဋကနှင့် အဘိဓမ္မာပိဋက (၂)မျိုးတွင်လည်း သုတ္တန္တပိဋကကို ရှေးဦးစွာ တင်တော်မူကြပါသည်။ ထိုတွင် သုတ္တန္တပိဋက၌ 'ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်' ဟူ၍ နိကာယ် (၄)မျိုးရှိရာ ဒီဃနိကာယ်ကို အရင်တင်တော်မူကြပါသည်။

ထိုဒီဃနိကာယ်တွင် သုတ်ပေါင်း (၃၄)သုတ်၊ ဝဂ်အားဖြင့် သီလက္ခန္ဓဝဂ်၊ မဟာဝဂ်၊ ပါထိကဝဂ်အားဖြင့် (၃)ဝဂ်ရှိရာတွင် သုတ်သီလက္ခန် ခေါ် သီလက္ခန္ဓဝဂ်ကို ရှေးဦးစွာ တင်တော်မူကြပါသည်။ ထိုသီလက္ခန္ဓဝဂ်၌လည်း သုတ်ပေါင်း (၁၃)သုတ် ရှိရာတွင် ယခုဖော်ပြလတ္တံ့သော ဗြဟ္မဇာလသုတ်တော်ကို အရင်တင်တော်မူကြပါသည်။

ထိုသို့ ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ သံဂါယနာတင်တော်မူရာ၌ အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် အရှင်အာနန္ဒာမထေရ်အား ဤဗြဟ္မဇာလသုတ္တန် တရားတော်ကို

(၁) ကတ္ထ ဘာသိတံ? –အဘယ်အရပ်၌ ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူသနည်း? ဟု ဟောကြားရာအရပ်ကိုလည်း မေးတော်မူပါသည်။

(၂) ကံ အာရဗ္ဘာတိ? –အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူသနည်း? ဟု ပုဂ္ဂိုလ်ကိုလည်း မေးတော်မူပါသည်။

(၃) ကိသ္မိံ ဝတ္ထုသ္မိန္တိ? –အဘယ်အကြောင်းဝတ္ထုကြောင့် ဟောကြားတော်မူအပ်ပါသနည်း? ဟု ဝတ္ထုကိုလည်း မေးတော်မူပါသည်။

အရှင်အာနန္ဒာမထေရ်သည်လည်း မေးတော်မူသည့်အားလျော်စွာ ဗြဟ္မဇာလသုတ်တော်ကို ရာဇဂြိုဟ်မြို့နှင့် နာဠန္ဒမြို့၏ အကြားဖြစ်သော အမ္ဗလဋ္ဌိကဥယျာဉ်ရှိ ရာဇဂါရက ခေါ် မင်းကွန်းစံနန်းတော်၌ ဟောကြားတော်မူအပ်ပါသည်ဟု ဟောကြားတော်မူရာအရပ်ကိုလည်းကောင်း၊

ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်နှင့် တပည့်ဖြစ်သော ဗြဟ္မဒတ္တလုလင်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူပါသည်ဟု ပုဂ္ဂိုလ်ကိုလည်းကောင်း၊

ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကြောင့် ဟောကြားတော်မူပါသည်ဟု ဝတ္ထုကိုလည်းကောင်း ဖြေဆိုတော်မူပါသည်။

ဤသို့လျှင် အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် အရှင်အာနန္ဒာမထေရ်အား ဗြဟ္မဇာလသုတ်၏ နိဒါန်းကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ဝတ္ထုကိုလည်းကောင်း မေးတော်မူလေရာ အရှင်အာနန္ဒာလည်း မေးတော်မူသည့်အတိုင်း ဖြေကြားတော်မူသည်။

ဤသို့ အမေး, အဖြေ ပြုပြီးသောအခါ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာနှင့်တကွသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာသံဃာတော် (၅၀၀)တို့သည် စုပေါင်းရွတ်ဆိုတော်မူကြလေသည်။ ဤသို့ ဗြဟ္မဇာလသုတ်တော်ကို စုပေါင်းရွတ်ဆိုတော်မူပြီးချိန်၌ (သံဂါယနာတင်ပြီးချိန်၌) ဤမဟာပထဝီမြေကြီးသည် ဝမ်းမြောက်နမော် သာခုခေါ်ခြင်းကို ပြုသကဲ့သို့ တုန်လှုပ်လေတော့သတည်း။

ဤကား ဗြဟ္မဇာလသုတ်၏ အကြောင်းနိဒါန်းတည်း။

သာဓာရဏနိဒါန်းနှင့် အသာဓာရဏနိဒါန်း

ထိုဖော်ပြပါနိဒါန်းကို အခြားသောသုတ်တို့နှင့်လည်း ဆက်ဆံသောကြောင့် 'သာဓာရဏနိဒါန်း' ဟူ၍လည်းကောင်း၊ အပြင်ပိုင်းက ဖြစ်သောကြောင့် 'ဗာဟိရနိဒါန်း' ဟူ၍လည်းကောင်း ခေါ်ဆိုပါသည်။

ဗြဟ္မဇာလသုတ်၏ အစဖြစ်သော '**ဧဝံ မေ သုတံ**' မှစ၍ **။ပ။** '**အထ ဘဂဝါ အနုပ္ပတ္တောတိ**' တိုင်အောင်သော စကားရပ်များကို အခြားသောသုတ်တို့နှင့် မဆက်ဆံသောကြောင့် 'အသာဓာရဏနိဒါန်း' ဟူ၍လည်းကောင်း၊ အတွင်းပိုင်းဖြစ်သောကြောင့် 'အဇ္ဈတ္တိကနိဒါန်း' ဟူ၍လည်းကောင်း သီလက္ခန် မဟာဋီကာနှင့် ဋီကာသစ်တို့က မိန့်ဆိုကြပါသည်။

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ ဆက်စပ်ပုံများ

ဗုဒ္ဓဟောကြားတော်မူအပ်သော တရားစကားတော်များကို 'ပါဠိတော်' ဟူ၍ ခေါ်သည်။ ထိုပါဠိတော်ကို ပို၍ရှင်းလင်းအောင် ဖွင့်ဆိုပြချက်များကို 'အဋ္ဌကထာ' ဟူ၍ ခေါ်ဆိုသည်။ ထိုအဋ္ဌကထာကို ထပ်မံ၍ ဖွင့်ဆိုရှင်းလင်းချက်ကို 'ဋီကာ၊ မဟာဋီကာ၊ ဋီကာသစ်၊ ဋီကာဟောင်း' ဟူ၍ ခေါ်ဆိုသည်။

ထိုသို့ ပါဠိတော်ကို အဋ္ဌကထာ၊ ဋီကာတို့က ဖွင့်ဆိုကြရာ၌-

(၁) ဗာဟိရနိဒါန်းနှင့် အဇ္ဈတ္တိကနိဒါန်းကိုလည်းကောင်း၊ အဇ္ဈတ္တိကနိဒါန်းနှင့် ဗုဒ္ဓဟောပါဠိတော်တို့ကိုလည်းကောင်း ဆက်စပ်ပြဆိုခြင်း ဟူသော '**သမ္ဗန္ဓ**'၊

(၂) '**ဧဝံ မေ သုတံ**'၌ ဧဝံ တစ်ပုဒ်၊ မေ တစ်ပုဒ်၊ သုတံ တစ်ပုဒ်စသည်ဖြင့် ပုဒ်ကိုဖွင့်ဆိုပြခြင်းဟူသော '**ပဒ**'၊

(၃) ဧဝံကား နိပါတ်ပုဒ်၊ မေကား နာမ်ပုဒ် စသည်ဖြင့် ပုဒ်ကိုဝေဘန်ပြခြင်းဟူသော '**ပဒဝိဘာဂ**'၊

(၄) ပုဒ်၏အနက်ကို ဖွင့်ပြခြင်းဟူသော '**ပဒတ္ထ**'၊

(၅) ယုံမှားသံသယ ရှိလောက်ရာနေရာ၌ အမေးပြုလုပ်၍ ဖွင့်ဆိုပြခြင်းဟူသော '**အနုယောဂ**' (တစ်နည်း) '**စောဒနာ**'၊

(၆) အမေးအားလျော်စွာ ဖြေဆို၍ ဖွင့်ပြခြင်းဟူသော '**ပရိဟာရ**'

-ဟူ၍ သံဝဏ္ဏနာ ခေါ် ထိုဖွင့်ဆိုချက် (၆)မျိုးတို့ဖြင့် ဖွင့်ဆိုပြကြလေသည်။

ဗြဟ္မဇာလသုတ် အဇ္ဈတ္တိကနိဒါန်း ပါဠိတော်

ပါဠိတော်တွင် ဗြဟ္မဇာလသုတ်၏ အဇ္ဈတ္တိကနိဒါန်းပါဠိတော်ကို ဆဋ္ဌမူ၌ ဖော်ပြထားရာတွင် (၁။ ၂။ ၃။ ၄။) ဟူ၍ နံပါတ်စဉ်၍ ဖော်ပြထားလေသည်။ ထိုနံပါတ်စဉ်သည် သုတ်ဆုံးသည်အထိ (၁၄၉) အထိ ရှိလေသည်။ ထိုတွင် နံပါတ် (၁) ပါဠိတော်ကား အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ၊ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ သဒ္ဓိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန၊ တတြ သုဒံ သုပ္ပိယော ပရိဗ္ဗာဇကော အနေကပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ သုပ္ပိယဿ ပန ပရိဗ္ဗာဇကဿ အန္တေဝါသီ ဗြဟ္မဒတ္တော မာဏဝေါ အနေကပရိယာယေန ဗုဒ္ဓဿ ဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ ဝဏ္ဏံ ဘာသတိ၊ သံဃဿ ဝဏ္ဏံ ဘာသတိ၊ ဣတိဟ တေ ဥဘော အာစရိယန္တေဝါသီ အညမညဿ ဥဇုဝိပစ္စနီကဝါဒါ ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာ ဟောန္တိ ဘိက္ခုသံဃဉ္စ။ *(ဒီ- ၁- ၁)*

၁။ '**ဧဝံ မေ သုတံ**' အနက်။ ။**ဘန္တေ ကဿပ**- အရှင်မဟာကဿပ၊ **ဣဒံ သုတ္တံ**- ဤဗြဟ္မဇာလသုတ်တော်ကို၊ **မေ- မယာ အာနန္ဒေန**- တပည့်တော် အာနန္ဒာသည်၊ **ဧဝံ**- ဤတစ်မျိုးတည်းသော အခြင်းအရာအားဖြင့် *(ဧဝံ-အာကာရအနက်)*၊ **ဧဝံ**- ဤသို့ (ဝါ) ဤလျှောက်အပ်လတ္တံ့သည့်အတိုင်း *(ဧဝံ-နိဒဿနအနက်)*၊ **ဧဝံ**- ဤတစ်မျိုးတည်းသော အခြင်းအရာဖြင့်သာ (ဝါ) **ဧဝံ**- ဤသို့သာ (ဝါ) **ဧဝံ**- ဤလျှောက်အပ်လတ္တံ့သည့်အတိုင်းသာ *(ဧဝံ- အဝဓာရဏအနက်)*၊ **သုတံ**- နာယူမှတ်သား ဆောင်ထားအပ်ပါပြီ။

ကိ- အဘယ်သို့ နာယူမှတ်သား ဆောင်ထားအပ်သနည်း။ *(ဤအမေးကို ၁၄တ်အခုံးကျမှ ဖြေလိမ့်မည်။)*

ကျွန်ုပ်ငြိတော်အနက်။ ။တေ် သမယံ- အခါတစ်ပါး၌၊ ဘဂဝါ- ရှင်တော်ဗုဒ္ဓသည်၊ ရာဇဂဟံ- ရာဇဂြိုဟ်မြို့၏၊ **အန္တရာစ**- အကြား၌လည်းကောင်း၊ **နာဠန္ဒံ**- နာဠန္ဒမြို့၏၊ **အန္တရာစ**- အကြား၌လည်းကောင်း၊ **မဟာတာ**- အလိုနည်းခြင်း အစရှိသော ဂုဏ်တို့ဖြင့် မြတ်သော (ဝါ) အရေအတွက်အားဖြင့် များသော၊ **ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ**- ရဟန်းငါးရာတို့နှင့်၊ သဒ္ဓိံ- တကွ၊ **အဒ္ဓါနမဂ္ဂပ္ပဋိပန္နော**- အဝွန့်ရှည်သောခရီးကို ကြွတော်မူသည်၊ **ဟောတိ**- ဖြစ်၏၊ **သုပ္ပိယော ပရိဗ္ဗာဇကော**- သုပ္ပိယအမည်ရှိသော ပရိဗိုဇ်သည်လည်း၊ **ရာဇဂဟံ**- ရာဇဂြိုဟ်မြို့၏၊ **အန္တရာစ**- အကြား၌လည်းကောင်း၊ **နာဠန္ဒံ**- နာဠန္ဒမြို့၏၊ **အန္တရာစ**- အကြား၌လည်းကောင်း၊ **အန္တေဝါသိနာ**- တပည့်ဖြစ်သော၊ **ဗြဟ္မဒတ္တေန မာဏဝေန**- ဗြဟ္မဒတ်အမည်ရှိသော လုလင်နှင့်၊ သဒ္ဓိံ- တကွ၊ **အဒ္ဓါနမဂ္ဂပ္ပဋိပန္နော**- အဝွန့်ရှည်သောခရီးကို သွားသည်၊ **ဟောတိ**- ဖြစ်၏။

တတြ- ထိုသို့ အဝွန့်ရှည်သောခရီးကို သွားရာ၌၊ **သုပ္ပိယော ပရိဗ္ဗာဇကော**- သုပ္ပိယပရိဗိုဇ်သည်၊ **အနေကပရိယာယေန**- များစွာသော အကြောင်းဖြင့်၊ **ဗုဒ္ဓဿ**- ဗုဒ္ဓ၏ လည်းကောင်း၊ **ဓမ္မဿ**- တရားတော်၏ လည်းကောင်း၊ **သံဃဿ**- သံဃာတော်၏ လည်းကောင်း၊ **အဝဏ္ဏံ**- ဂုဏ်၏ ဆန့်ကျင်ဘက် အပြစ်ကို (ဝါ) ချီးမွမ်းခြင်း၏ ဆန့်ကျင်ဘက် ကဲ့ရဲ့ခြင်းကို၊ **ဘာသတိ**- ပြောဆိုပြီ။

သုပ္ပိယဿ ပရိဗ္ဗာဇကဿ- သုပ္ပိယပရိဗိုဇ်၏၊ **အန္တေဝါသီ**- အနီးနေတပည့်ဖြစ်သော၊ **ဗြဟ္မဒတ္တော မာဏဝေါ ပန**- ဗြဟ္မဒတ်လုလင်သည်ကား၊ **အနေကပရိယာယေန**- များစွာသော အကြောင်းဖြင့်၊ **ဗုဒ္ဓဿ**- ဗုဒ္ဓ၏ လည်းကောင်း၊ **ဓမ္မဿ**- တရားတော်၏ လည်းကောင်း၊ **သံဃဿ**- သံဃာတော်၏ လည်းကောင်း၊ **ဝဏ္ဏံ**- ဂုဏ်ကို (ဝါ) ချီးမွမ်းခြင်းကို၊ **ဘာသတိ**- ပြောဆိုပြီ။ **ဣတိ**- ဤသို့၊ **ဥဘော**- နှစ်ယောက်ကုန်သော၊ **တေ အာစရိယန္တေဝါသီ**- ထို ဆရာ, တပည့်တို့သည်၊ **အညမညဿ**- အချင်းချင်း၏၊ **ဥဇုဝိပစ္စနီကဝါဒါ**- ဖြောင့်ဖြောင့်ဆန့်ကျင်သော စကားရှိကြကုန်သည်၊ **ဟုတွာ**- ဖြစ်၍၊ **ဘဂဝန္တံ**- ဗုဒ္ဓသို့ လည်းကောင်း၊ **ဘိက္ခုသံဃဉ္စ**- ရဟန်းအပေါင်းသို့ လည်းကောင်း၊ **ပိဋ္ဌိတော ပိဋ္ဌိတော**- နောက်က နောက်က၊ **အနုဗဒ္ဓါ**- အစဉ်မပြတ် လိုက်ကြကုန်သည်၊ **ဟောန္တိ**- ဖြစ်ကုန်၏။ *(ဘာဋီ- ၁- ၂၉၅/ ၆/၇။ နေရင်း- ၅/၆/၇)*

၁။ မြန်မာပြန်သက်သက်

၁။ (အရှင်ဘုရား မဟာကဿပ) တပည့်တော် အာနန္ဒာသည် (ရှင်တော်ဗုဒ္ဓ၏ မျက်မှောက်တော်မှ) ဤသို့ ကြားနာခဲ့ရပါသည်။

အခါတစ်ပါး၌ ရှင်တော်ဗုဒ္ဓသည် များစွာသော ငါးရာခန့်မျှသော ရဟန်းသံဃာတော်နှင့်အတူ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏ အကြား၌ ခရီးရှည် ကြွတော်မူပါသည်။ သုပ္ပိယပရိဗိုဇ်သည်လည်း တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်နှင့်အတူ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏ အကြား၌ပင် ခရီးရှည်သွားကြပါသည်။

ထိုခရီး၌ သုပ္ပိယပရိဗိုဇ်သည် 'ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ'၏ အပြစ်ကို များစွာသော အကြောင်းဖြင့် ပြောဆိုပါသည်။ သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား 'ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ'၏ ဂုဏ်ကို များစွာသော အကြောင်းဖြင့် ပြောဆိုပါသည်။

ဤသို့လျှင် ထိုဆရာ၊တပည့် နှစ်ယောက်တို့သည် အချင်းချင်း တိုက်ရိုက်ဆန့်ကျင်သော စကားကို ပြောဆိုလျက် ဗုဒ္ဓနှင့် ရဟန်းသံဃာတော်များ၏ နောက်မှနောက်မှ အစဉ်လိုက်ပါလျက် ရှိကြပါသည်။ *(ဒီ- ၁- မြန်-၁)*

ပါဠိတော်ပုဒ်တိုင်း သိဖွယ်၊ မှတ်ဖွယ်၊ ကျင့်ဖွယ်များ ပါသည်။

ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါများ၏ အကျိုးစီးပွါးအလို့ငှာ (၄၅)နှစ်တာကာလ ပတ်လုံး မာဂဓဘာသာ ခေါ် ပါဠိဘာသာဖြင့် 'သုတ်၊ ဝိနည်း၊ အဘိဓမ္မာ' အမည်ရသော တရားတော်များကို ဟောကြားတော်မူခဲ့ပါသည်။

ဗုဒ္ဓဟောကြားတော်မူသော တရားစကားတော်သည် အနှစ်သာရရှိသော၊ အဓိပ္ပါယ်ရှိသော၊ အကျိုးစီးပွါးကို ဖြစ်ထွန်းစေသော တရားစကားတော်ချည်း ဖြစ်ပါသည်။ ပြည့်စုံမှုရှိသော၊ အလွန်သန့်ရှင်းဖြူစင်သော တရားစကားတော်ချည်း ဖြစ်ပါသည်။ အလွန်သိမ်မွေ့နူးညံ့သော တရားစကားတော်ချည်းလည်း ဖြစ်ပါသည်။

ဗုဒ္ဓဟောကြားတော်မူအပ်သော တရားစကားတော်သည် တစ်ဂါထာဆိုးမှ၊ တစ်ပါဒကျဆိုးမှ၊ စကားတစ်ရပ်ဆိုးမှ၊ တရား

တစ်ပုဒ်ဆုံးမှ၊ တစ်သုတ်ဆုံးမှ အထက်ဖော်ပြပါ ဂုဏ်ထူးဝိသေသများ ရှိသည်မဟုတ်ပါ။ တရားစကားတော် တစ်လုံးစိတိုင်း၊ တစ်လုံးစိတိုင်းတွင်လည်း အထက်ပါ ဂုဏ်ထူးဝိသေသများ ရှိသည်ချည်း ဖြစ်ပါသည်။

ထိုသို့ရှိပုံကို အလွန်နူးညံ့သိမ်မွေ့ ပြူစင်သန့်ရှင်းလှသည်ဖြစ်၍ ပါဠိတော်ချည်းသက်သက်ကို ကြည့်ရှုလေ့လာရုံမျှဖြင့် မသိမမြင်နိုင်ပါ။ အဋ္ဌကထာ၊ ဋီကာတို့နှင့် တွဲဖက်၍ ကြည့်ရှုမှတ်သားမှသာ ပေါ်လွင်ထင်ရှားစွာ သိမြင်နိုင်ပါသည်။

အရှင်မဟာကဿပ မထေရ်မြတ်ကြီးက မေးတော်မူ၍ အရှင်အာနန္ဒာက ဖြေကြားရန် အစပျိုးလိုက်သော 'ဧဝံ မေ သုတံ' ဟူသော စကားလုံး သုံးလုံး၌ပင်လျှင် သိဖွယ်၊ မှတ်ဖွယ်၊ ကျင့်ဖွယ်များတို့သည် မြောက်များစွာ ပါဝင်လျက် ရှိနေပေသည်။

'ဧဝံ မေ သုတံ' အဋ္ဌကထာ ဖွင့်ဆိုချက်

'ဧဝံ မေ သုတံ' ၌ ဧဝံ သည် နိပါတ်ပုဒ် ဖြစ်သည်။ 'မေ နှင့် သုတံ' သည် နာမ်ပုဒ် ဖြစ်သည် ဟူ၍ အရှင်မဟာဗုဒ္ဓဃောသ အမည်ရသော အဋ္ဌကထာဆရာသည် ပုဒ်ကို ဝေဘန်ပိုင်းခြားပြပါသည်။ *(ဒီ ဋ္ဌ- ၁- ၂၇)*

ဧဝံ၏ ရနိုင်သော အနက်များ

ထိုသို့ ပုဒ်ကို ဝေဘန်ပြီးနောက် 'ဧဝံ မေ သုတံ' သုံးပုဒ်တွင် 'ဧဝံ' ဟူသော နိပါတ်ပုဒ်၏ အနက်ကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြပါသည်။

ဧဝံသဒ္ဒါသည် (၁) ဥပမာ အနက်၊ (၂) ဥပဒေသ အနက်၊ (၃) သမ္ပဟံသန အနက်၊ (၄) ဂရဟဏ အနက်၊ (၅) ဝစန သမ္ပဋိဂ္ဂဟ အနက်၊ (၆) အာကာရ အနက်၊ (၇) နိဒဿန အနက်၊ (၈) အဝဓာရဏ အနက် ဟသည် (၈) နက် ရှိသည်။ *(ဒီ ဋ္ဌ- ၁- ၂၇)*

(၁) ဧဝံ၏ ဥပမာအနက်က သိ, မှတ်, ကျင့်သုံးဖွယ်ရာများကို ညွှန်းဆိုပုံ

'ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ' ဟူ၍ အဋ္ဌကထာ၌ ဧဝံ၏ ဥပမာအနက်၌ ဖြစ်ပုံ သာဓကကို ပြဆိုထားလေရာ ယင်းသာဓကသည် ဓမ္မပဒပါဠိတော် စာမျက်နှာ (၂၁)- ဝိသာခါဝတ္ထု- ပုပ္ဖဝဂ်- ဂါထာနံပါတ် (၅၃)တွင် နောက်နှစ်ပါဒကို ပြဆိုထားခြင်း ဖြစ်သည်။ ၎င်းဂါထာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

> **ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ၊**
> **ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။**

ပုပ္ဖရာသိမှာ- လှပသော ပန်းပုံအစုမှ၊ ဗဟူ- များစွာကုန်သော၊ မာလာဂုဏေ- အဆန်းတကြယ် တင့်တယ်သော ပန်းကုံးတို့ကို၊ ကယိရာယထာ- သီကုံးရာသကဲ့သို့၊ ဧဝံ- ဤအတူ၊ ဇာတေန- မွေးဖွားလာသော၊ မစ္စေန- သေရခြင်း သဘောရှိသော သတ္တဝါဟူ နတ်, လူ ဟူသမျှသည်၊ ဗဟုံ- များစွာသော၊ ကုသလံ- ဒါန, သီလ, ဘာဝနာ ဧသော ကုသိုလ်များကို၊ ကတ္တဗ္ဗံ- ကောင်းစွာမသွေ ပြုသင့်လှပါပေ၏။

အထက်ပါဂါထာ၌ '**ဧဝံ- ဤအတူ**' ဟူ၍ ဧဝံ၏ ဥပမာနအနက်က ပြဆိုထားသော အချက်သည် အလွန်ကျင့်သုံးဖွယ်ရာ ကောင်းသောအချက် ဖြစ်သည်။

မှန်ပါသည်။ ဗုဒ္ဓသည် အထက်ပါဂါထာကို ဝိသာခါကျောင်းအမကြီးကို အကြောင်းပြု၍ ဟောကြားတော်မူသော ဂါထာ ဖြစ်သည်။ ဓမ္မပဒ အဋ္ဌကထာ (ပ)အုပ်၌ ထိုအကြောင်းအရာကို စာမျက်နှာ (၂၄၂) မှ (၂၆၅) အထိ ကျယ်ဝန်းစွာ ပြဆိုထားလေသည်။ ထိုတွင် လိုရင်းအကျဉ်းချုပ်ကား-

ဝိသာခါကျောင်းအမကြီး ဥဒါန်းကျူးရင့်ခြင်း

ဝိသာခါကျောင်းအမကြီးသည် ဗုဒ္ဓအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား (၂၇)ကုဋေ အကုန်အကျခံ၍ ပုဗ္ဗာရုံ

ကျောင်းတိုက်ကြီးကို လှူဒါန်းပူဇော်ပြီးနောက် ဗုဒ္ဓအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ သက်နှံတို့ဖြင့် အားရပါးရ လှူဒါန်းပြီးသောအခါ မိမိပြုလုပ်သော ကုသိုလ်ကောင်းမှု၌ အလွန်အားရဝမ်းမြောက် ကျေနပ်ခြင်း ဖြစ်လေရကား–

"ငါသည် ဗုဒ္ဓအမှူးရှိသော သံဃာတော် အရှင်မြတ်တို့ကို အားရပါးရ ပြုစုလုပ်ကျွေး လှူဒါန်းခွင့်ရခဲ့လေပြီ။ ငါ၏ အလိုဆန္ဒသည် ပြည့်ဝခဲ့လေပြီ" စသည်ဖြင့် သီဆို၍ ကျောင်းကို လှည့်ပတ်ကြည့်ရှုရင်း မြူးတူးရွှင်လန်း ဥဒါန်းကျူးရင့်လေသည်။

မြူးတူးရွှင်လန်းလွန်း၍ အချို့သူတို့က "ဝိသာခါသည် ရူးကြောင်ကြောင် ဖြစ်သွားလေပြီ" ဟူ၍ပင် ထင်မှတ်ပြောဆိုကြလေသည်။ ထိုဖြစ်ရပ်ကို အကြောင်းပြု၍ ဗုဒ္ဓသည် အထက်ပါဂါထာကို ဟောကြားတော်မူခြင်း ဖြစ်လေသည်။

ဓမ္မပဒ အဋ္ဌကထာ ဖွင့်ဆိုချက်

အထက်ပါဂါထာနှင့်စပ်၍ ဓမ္မပဒ အဋ္ဌကထာ (ပ)အုပ်– စာမျက်နှာ (၂၆၄ / ၅)တို့၌ အလွန်မှတ်ဖွယ်ထိုက်သော အချက်ကို အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်။

ပန်းသီကုံးခြင်း အတတ်ပညာ၌ ကျွမ်းကျင်သော ပန်းကုံးသမားသည် အလွန်လှပဆန်းကြယ် တင့်တယ်ခြင်းရှိသော ပန်းကို သီကုံးလိုသည်။ သို့ရာတွင် ပန်းပုံအစုက နည်းနေမည်ဆိုလျှင် ဆန်းကြယ်လှပ တင့်တယ်သော ပန်းကုံးကို သီကုံးနိုင်မည် မဟုတ်ပေ။ တဖန် ပန်းပုံအစုက များနေသည်။ သို့ရာတွင် ပန်းကုံးသမားသည် ပန်းသီကုံးခြင်း အတတ်ပညာ၌ ကျွမ်းကျင်မှု မရှိပြန်လျှင်လည်း လှပဆန်းကြယ်သော ပန်းကုံးတစ်ကုံး ဖြစ်လာမည်မဟုတ်ပေ။

ပန်းပုံအစုကလည်း များသည်။ ပန်းကုံးသမားသည်လည်း ပန်းသီကုံးခြင်းအတတ်ပညာ၌ ကျွမ်းကျင်လိမ္မာသည်။ သို့မှသာလျှင် အလွန်ဆန်းကြယ်တင့်တယ်လှပသော ပန်းကုံးများကို ကောင်းစွာသီကုံးနိုင်မည် ဖြစ်ပေသည်။

ဤအတူပင် ဤလူ့လောက၌ ဒါနစသော ကုသိုလ်ကောင်းမှု ပုညအစုကို အလွန်ကောင်းမွန် လှပတင့်တယ်စွာ ပြုလုပ်လိုသည်ဟုဆိုလျှင်–

၁။ သဒ္ဓါတရား ထက်သန်အားကောင်းမှုလည်း ရှိရမည်၊

၂။ လှူဖွယ်ဝတ္ထု ပစ္စည်းအစုစုလည်း ရှိရပေမည်၊

ထိုတွင် သဒ္ဓါတရား ထက်သန်အားကောင်းမှုနှင့် ပန်းသီကုံးခြင်း အတတ်ပညာ၌ ကျွမ်းကျင်လိမ္မာသူနှင့် တူသည်။ လှူဖွယ်ဝတ္ထု ပစ္စည်းအစုစု ပြည့်စုံမှုနှင့် ပန်းပုံအစုများခြင်းနှင့် တူသည်။

သဒ္ဓါတရားပင် အားကောင်းသော်လည်း ဆင်းရဲနွမ်းပါး ပစ္စည်းဥစ္စာ ချို့တဲ့လျှင် လှပတင့်တယ်သော ကုသိုလ်ကောင်းမှု ပုညအစု ဖြစ်လာမည် မဟုတ်ပေ။

ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော်လည်း သဒ္ဓါတရား အားနည်းလျှင် လှပတင့်တယ်ဖို့ရန် မဆိုထားနှင့်၊ ကုသိုလ်ကောင်းမှု ပုညအစုပင် ဖြစ်လာမည် မဟုတ်ပေ။

ပန်းသီကုံးခြင်း အတတ်ပညာ၌ ကျွမ်းကျင်လိမ္မာခြင်းနှင့်တူသော သဒ္ဓါတရား အားကောင်းထက်သန်သူလည်း ဖြစ်ပါမှ၊ များစွာသော ပန်းပုံအစုနှင့်တူသော စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသူလည်း ဖြစ်ပါမှ လှပတင့်တယ် အဆန်းတကြယ်ရှိသော ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှု ပုညအစုကို ဆည်းပူးပြုလုပ်နိုင်ကြမည် ဖြစ်ပေသည်။

မဟာဋီကာနှင့် ဋီကာသစ်တို့ ဖွင့်ဆိုချက်

အထက်ဖော်ပြပါ ဂါထာနှင့်စပ်၍ သီလက္ခန် မဟာဋီကာနှင့် ဋီကာသစ်တို့ ဖွင့်ဆိုချက်တို့သည်လည်း အလွန်နှစ်သက်ကြည်နူးလိုက်နာ ကျင့်သုံးဖွယ်ရာ ကောင်းလှပေသည်။

သီလက္ခန် မဟာဋီကာ (၃၅)၌လည်းကောင်း၊ သီလက္ခန် ဋီကာသစ်– ပအုပ် (၁၄၂) ၌လည်းကောင်း ဤသို့ ပြဆိုထားလေသည်။

လူ့ဘဝကိုရခြင်းသည် လည်းကောင်း၊ သူတော်ကောင်းတို့ကို ဆည်းကပ်ရခြင်းသည် လည်းကောင်း၊ ယောနိသောမနသိကာရ ဓါး သင့်တင့်အောင် နှလုံးသွင်းတတ်ခြင်းသည် လည်းကောင်း၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းသည် လည်းကောင်း၊ ထိုအချက်များနှင့် ပြည့်စုံသော လူသားတို့သည် ရန့်သင်းထုံ ပန်းမျိုးစုံ စုပုံထားသော ပန်းပုံအစုကြီးနှင့် တူလေသည်။

ထိုပုဂ္ဂိုလ်သည် ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုများကို သဒ္ဓါရှင်မြိုး ကြည်နူးစွာ ပြုလုပ်သောအခါ ထိုကုသိုလ်ကောင်းမှုများကို ပြုလုပ်ခြင်းသည် ပန်းပုံအစုမှ အလွန်လှပသော ပန်းများကို ရွေးချယ်၍ စနစ်တကျ သီကုံးလိုက်သော အလွန်အဆန်းတကြယ် တင့်တယ်လှပသော ပန်းကုံးနှင့် တူလေတော့သည်။

သေခြင်းသဘောရှိသော လူသားသတ္တဝါသည် ဒါန၊ သီလစသော ကုသိုလ်ကောင်းမှု ပုညအစုကို ကောင်းစွာမသွေ ပြုလုပ်သင့်လှပေသည် ဟူ၍ စသည် ဖွင့်ဆိုထားလေသည်။

ဝေဝ၏ ဥပမာအနက်နှင့်စပ်၍ ကောက်နုတ်တင်ပြခြင်း

ဝေဝ၏ ဥပမာအနက်နှင့်စပ်၍ အထက်ပါ အဋ္ဌကထာ၊ ဋီကာတို့၏ ဖွင့်ဆိုချက်များကို ကောက်နုတ်၍ အနှစ်သာရအားဖြင့် တင်ပြရပါမူ-

ပန်းဥယျာဉ်ကြီးတစ်ခု၌ ပန်းပင်မျိုးစုံတို့ ရှိလေသည်။ ပန်းပင်တိုင်း ပန်းပင်တိုင်း၌လည်း ပန်းအပွးအငုံတို့သည် နေထိသော ကြာပဒုမ္မာပန်းကဲ့သို့ လှချင်တိုင်းလှ တင့်ချင်တိုင်းတင့်လျက် ဝေဝေဆာဆာ ပွင့်လန်းလျက်ရှိသည်။ အပွးအပွင့်မျိုးစုံတို့ဖြင့် အဆန်းတကြယ် သာယာလှပနေသော ပန်းဥယျာဉ်ကြီးကို ရှုမြင်ကြသူအပေါင်းတို့သည် ရှုမငြီးနိုင်လောက်အောင် မြင်ကွင်းက အလွန်နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ခင်ဖွယ်၊ ကြည်နူးဖွယ်၊ ပျော်မြူးဖွယ် ကောင်းလွန်းသောကြောင့် မျက်တောင်မခတ် ကြည့်ရှုငေးမောနေကြလေသည်။ လေပြေလေညှင်းများကလည်း ညင်းညင်းသာသာ တိုက်ခတ်နေသည်ဖြစ်၍ ငြိမ်သက်နေကြသော ပန်းပွင့်မျိုးစုံတို့သည် နတ်သမီးလေးများ ကပြနေသလို တလှုပ်လှုပ်ဖြင့် ယိမ်းနွဲ့လျက်ရှိနေသည်။ ပန်းပွင့်မျိုးတို့ကလည်း စုံလှဘိသကဲ့သို့ ထိုပန်းပွင့်တို့မှ ထွက်ပေါ်လာသော မွှေးရနံ့တို့သည်လည်း စုံလင်လှစွာ ထွက်ပေါ်လျက်ရှိနေသည်။ စုံလင်လှစွာ ထွက်ပေါ်နေသော မွှေးရနံ့တို့သည် ကြည့်ရှုငေးမောနေသော လူအပေါင်းတို့၏ နှာခေါင်းဝသို့ တသင်းသင်း တပျံ့ပျံ့ တကြိုင်ကြိုင် တလှိုင်လှိုင် လာရောက်ထိတွေ့လျက် ရှိနေလေသည်။ ထိုပန်းမျိုးစုံတို့ကို ရှုမြင်နေရသော လူအပေါင်းတို့သည် ထိုရူပါရုံ၊ ဂန္ဓာရုံတို့၏ ဆွဲဆောင်မှုအားက အားကောင်းလှသည် ဖြစ်၍ မိမိတို့တွင် ရှိနေကြသော 'ညောင်းညာခြင်း၊ ကိုက်ခဲခြင်း' အစရှိသော ရောဂါများကိုပင် အမှတ်မရ ဖြစ်နေကြရလေသည်။

သာသာယာယာ တိုက်ခတ်နေသော လေပြေလေညှင်းတို့သည် တစ်ချီတစ်ချီ ခပ်ကြမ်းကြမ်း ဗိုးကနဲ ဗိုးကနဲ ဆောင့်၍ ဆောင့်၍ တိုက်ခတ်လိုက်လေသည်။ ထိုအခါ အချို့ပန်းတို့သည် ဆူးပေါ်သို့ လည်းကောင်း၊ အချို့ပန်းတို့သည် ရွှံ့များထူထပ်ရာသို့ လည်းကောင်း၊ အချို့ပန်းတို့သည် အမှိုက်ပုံထဲသို့ လည်းကောင်း၊ အချို့သောပန်းတို့သည် သန့်ရှင်းသော မြေပြင်ထက်သို့ လည်းကောင်း အသီးသီး ကျရောက်သွားကြလေသည်။

ကျန်သောပန်းများကိုလည်း အချို့လူတို့သည် ပန်ဆင်ရန်၊ အချို့လူတို့သည် ကုသိုလ်ပြုရန်၊ အချို့လူတို့သည် အလှကြည့်ရန်၊ အချို့လူတို့သည် လက်ဆောင်ပေးရန် အသီးသီး ဆွတ်ခူးယူဆောင်သွားကြလေသည်။ အချို့လူရမ်းကားတို့သည် ချစ်စဖွယ်ပန်းလေးများကို ကြေပျက်အောင် ချေဖျက်၍ ဖျက်ဆီးပစ်လိုက်ကြလေသည်။

အချို့လိမ္မာသော ပုဂ္ဂိုလ်တို့သည် သန့်ရှင်းသော မြေပြင်တွင် စုပုံရောက်ရှိနေသော ပန်းမျိုးစုံတို့ကို အသာအယာ ကောက်ယူကာ အလွန်အဆန်းတကြယ် တင့်တယ်လှပသော ပန်းကုံးလေးများဖြစ်အောင် သီကုံးကြလေသည်။ ထိုပန်းကုံးများကို လူအပေါင်းတို့သည် အလွန်နှစ်သက်မြတ်နိုးစွာ တန်ဘိုးထားလျက် သိမ်းပိုက်ကြလေသည်။ (ဤသည်ကား ဥပမေယျ စကားတည်း။)

ဝေဝ- ဤအတူ၊ ဝေဝ- ထိုကဲ့သို့ စသောအနက်များသည် **ဝေဝ၏** ဥပမာန အနက်များတည်း။

လူ့ဘုံ လူ့လောကသို့ ရောက်လာသော လူသားတစ်ဦးသည် အလွန်ချစ်မြတ်နိုးစရာကောင်းသော ပန်းတစ်ပွင့်နှင့် တူလေသည်။ မြန်မာတစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးမှာ ရှိကြသော၊ အယူဝါဒမျိုးစုံ ရှိကြသော၊ ဘာသာမျိုးစုံ ရှိကြသော လူသားမျိုးနွယ်စုံတို့သည် ပန်းဥယျာဉ်ကြီး၌ ရှိနေသော ကြည်နူးဖွယ်ကောင်းလှသော ပန်းပင်မျိုးစုံ၌ နှစ်သက်ဖွယ် အလှမျိုးစုံ၊ အရောင်မျိုးစုံတို့ဖြင့် ဝေဝေဆာဆာ ဖူးပွင့်နေကြသော ပန်းမျိုးစုံတို့နှင့် တူကြလေသည်။

သာသာယာယာ တိုက်ခတ်နေသော လေပြေလေညှင်းတို့နှင့် လူသားအပေါင်းတို့သည် မေတ္တာတရား ရှေ့ထားလျက် ညီညီညွတ်ညွတ် လုပ်ကိုင်ကြသည်နှင့် တူလေသည်။ ကြမ်းတမ်းစွာ တိုက်ခတ်သောလေနှင့် ခွင့်လွှတ်တတ်ခြင်း၊ သည်းခံတတ်ခြင်း မရှိဘဲ 'ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ' တရားများကို ရှေ့တန်းတင်လျက် မညီမညွတ် ပြုလုပ်ကြသူတို့နှင့် တူလေသည်။

လေကြမ်းတိုက်ခတ်သောကြောင့် ရွှံ့ညွန်ထဲသို့၊ ဆူးပုံပေါ်သို့ အမှိုက်ပုံသို့ ရောက်သွားကြသော ပန်းလေးများနှင့် အချည်းနှီး

ပျက်စီးခြင်းသို့ ရောက်သွားကြသော လူတို့နှင့် တူလေသည်။

သန့်ရှင်းသော မြေအပြင်သို့ ကျရောက်သွားသော ပန်းလေးများနှင့် တိုးတက်ကြီးပွါးရန် အလားအလာရှိသော လူများနှင့် တူလေသည်။

ကျန်သော ပန်းလေးများကို ပန်ဆင်ရန်၊ ကုသိုလ်ပြုရန်၊ လက်ဆောင်ပေးရန်၊ အလှကြည့်ရန် ယူဆောင်သွားသူတို့နှင့် လူသားမျိုးနွယ်စုကို ကယ်တင်စောင့်ရှောက်ကြသော လူအပေါင်းနှင့် တူလေသည်။

ချစ်စဖွယ်ပန်းလေးများကို ကြေပျက်အောင် ခြေဖျက်၍ ဖျက်ဆီးပစ်ကြကုန်သော လူရမ်းကားတို့နှင့် လူသားမျိုးနွယ်စုကို အကြောင်းမဲ့ အဆင်ခြင်ကင်းမဲ့စွာ ဖျက်ဆီးသတ်ဖြတ်နေကြသူတို့နှင့် တူလေသည်။

အမှိုက်ဆူးပြောင့်ကင်း၍ သန့်ရှင်းသော မြေအပြင်၌ ကျရောက်နေသော ပန်းမျိုးစုံတို့ကို အသာအယာ ကောက်ယူလျက် အလွန်လှပ ဆန်းကြယ်သော ပန်းကုံးဖြစ်အောင် သီကုံးကြသော လူလိမ္မာတို့နှင့် ခန္တီ၊ မေတ္တာ၊ ကရုဏာ ရှေ့ထားလျက် 'အမျိုး, ဘာသာ, သာသနာကို၊ လူသားမျိုးနွယ်စုများကို၊ လူ့လောကကြီးကို' သာယာဝပြောအောင် စနစ်တကျ အားတက်သရော အကျိုးဆောင်ရွက်နေကြသော သူတော်ကောင်းများနှင့် တူကြလေသည်။

(ဤကား ဥပမာစကားနှင့် ဥပမေယျစကားများကို ဆက်စပ်ပြခြင်းတည်း။)

ပန်းကလေးများ လှသည်ထက်လှအောင် စောင့်ရှောက်ကြပါ

ဤလူ့လောကသို့ ရောက်လာသော လူသားတစ်ဦးသည် လှပသော ပန်းလေးတစ်ပွင့်အဖြစ်နှင့် ရောက်လာခြင်းဖြစ်သည်။ ထို့ကြောင့် လူသားတည်းဟူသော ပန်းလေးကို လှသည်ထက်လှအောင် ပြုစုပျိုးထောင် စောင့်ရှောက်ရန် အထူးလိုအပ်ပေသည်။

၁။ ပန်းလေးနှင့်တူသော လူသားသည် သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းပြုလျှင် ပို၍လှပပေမည်။

၂။ ထို့နောက် သူတော်ကောင်းတို့၏ ဆုံးမဩဝါဒ တရားများကို ရိုသေစွာ နာယူကျင့်သုံးမှုပြုလျှင် ပို၍နိုင်နိုင်မာမာ လှလှပပ ဖြစ်လာပေမည်။

၃။ ထို့နောက် ထိုလူသားပန်းအလှသည် သဒ္ဓါတရား ကောင်းမွန်ပါမူ စိတ်ကောင်း စေတနာကောင်း ထားနိုင်ပါမူ ပို၍ပို၍ နိုင်နိုင်မာမာ လှလှပပ ဖြစ်လာပေမည်။

၄။ ထို့နောက် မိမိ မိမိတို့၏ သဒ္ဓါတရားအားလျော်စွာ၊ စိတ်ကောင်း စေတနာကောင်း အားလျော်စွာ၊ စည်းစိမ်ဥစ္စာ အားလျော်စွာ ဒါန, သီလ အစရှိသော ကုသိုလ်ကောင်းမှု ပုညအစုကို ပြုလုပ်ကြပါမူ၊ အမျိုး, ဘာသာ, သာသနာအကျိုးကို ဆောင်ရွက်ကြပါမူ၊ နိုင်ငံအကျိုး, ကမ္ဘာအကျိုးကို ဆောင်ရွက်နိုင်ကြပါမူ အခိုင်မာဆုံး, အလှပဆုံး ပန်းပွင့်လူသားကနေ အလွန်အဆန်းတကြယ် တင့်တယ်စွာ သီကုံးထားသော ထိုပန်းပွင့်တို့ထက် ပို၍ပို၍ သာလွန်ကဲမောက် အံ့ချီးလောက်သော အခိုင်မာဆုံး၊ အလှပဆုံး ပန်းကုံးလူသားအဖြစ်နှင့် သေတစ်ပန် သက်တစ်ဆုံး ဘဝဆုံးသည်အထိ လူ့ဘဝခရီးကို လျှောက်လှမ်းနိုင်ကြမည် ဖြစ်သည်။

သေခြင်းတရားနှင့် လူသားပန်းအလှ အနှစ်သာရ

လှပသော ပန်းလေးအဖြစ်နှင့် ရောက်ရှိလာသော လူသားတစ်ဦးသည် ကေန်မုချ သေရမည့်သဘောကိုလည်း အလေးအနက် ထည့်တွက်စဉ်းစားသင့်လှသည်။ နောက်ဆုံးသေပွဲဝင်ရသောအခါ၌ မသေမီက ပြုလုပ်ခဲ့သော ပန်းကိုလှသည်ထက်လှအောင် ပြုပြင်သီကုံးခြင်းနှင့်တူသော ဒါန, သီလ, ဘာဝနာ စသောကုသိုလ်ကောင်းမှုများကို ပြုလုပ်ခြင်း၊ အမျိုး, ဘာသာ, သာသနာအကျိုး၊ ရပ်ကျိုး၊ ရွာကျိုး၊ အများအကျိုး၊ နိုင်ငံအကျိုး၊ ကမ္ဘာအကျိုးကို ဆောင်ရွက်ခြင်းစသော ကောင်းမြတ်သော အလုပ်တို့သည်သာလျှင် လူ့ဘဝ၏ တကယ်အနှစ်သာရ ဖြစ်ပေသည်။ ထိုအနှစ်သာရများသည် ယခုဘဝတွင်မကဘဲ နိဗ္ဗာန်ရောက်သည့်တိုင်အောင် မိမိနှင့်အတူ အနှစ်သာရအဖြစ်နှင့် လိုက်ပါတည်ရှိနေမည် ဖြစ်သည်။

ဝိသာခါကို စံထားကြည့်ပါ

အခိုင်မာဆုံး၊ အလှပဆုံး ပန်းကုံးအဖြစ်နှင့် တည်ရှိခဲ့သော ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ ကွယ်လွန်သွားသည်မှာ နှစ်ပေါင်း (၂၅၀၀) ကျော်လွန်ခဲ့သော်လည်း ဝိသာခါ၏ ကျောင်းဆောက်လှူဒါန်းခြင်း၊ ဗုဒ္ဓအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ သင်္ကန်းစသော ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် ပြပြုစု ယုယုယယ လှူဒါန်းခဲ့ခြင်း၊ ရပ်ကျိုး၊ ရွာကျိုး၊ အမျိုး, ဘာသာ, သာသနာ အကျိုးကို ဆောင်ရွက်ခဲ့ခြင်းစသော အနှစ်သာရများသည် ပန်းဘဝအလှများသည် ထိုစဉ်ကတွင်မက ယနေ့တိုင်အောင်ပင် ခိုင်မြဲစွာ ကျန်ရစ်တည်ရှိနေသည်ကို အထူးသတိပြုသင့်လှပေသည်။

သက်မဲ့ပန်းအလှနှင့် သက်ရှိပန်းအလှ နှိုင်းယှဉ်ကြည့်ပါ

အထူးထူးအဖုံဖုံသော အရောင်မျိုးစုံတို့ဖြင့် ရောပြွမ်းနေသော အမျိုးမျိုးသော ပန်းတို့ဖြင့် စုပုံနေသော သက်မဲ့ပန်းပုံ အစုတို့သည် အလွန်လှပါသည်။ သင်းရနံ့တလှိုင်လှိုင်ဖြင့် အလွန်မွှေးကြိုင်လှပါသည်။ သို့ရာတွင် ထိုအလှ ထိုအမွှေးအကြိုင်တို့သည် တစ်ခဏတာမျှသာ ဖြစ်ပါလိမ့်မည်။

သက်ရှိပန်းအလှဖြစ်သော လူသားတို့သည် သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း၊ သူတော်ကောင်းတရားကို ရိုသေစွာ လိုက်နာကျင့်သုံးခြင်း၊ စိတ်ကောင်း, စေတနာကောင်း, သဒ္ဓါကောင်း ထားရှိခြင်း၊ ရပ်ကျိုး, ရွာကျိုး, အများအကျိုး, အမျိုး ဘာသာ သာသနာအကျိုး, နိုင်ငံအကျိုး, ကမ္ဘာအကျိုးတို့ကို ဆောင်ရွက်နိုင်ခြင်း၊ ဒါန, သီလ, ဘာဝနာ စသော ကုသိုလ်ကောင်းမှု ပုညအစုကို ပြုလုပ်နိုင်ကြလျှင်ကား ထိုပြုလုပ်နိုင်ခြင်းတို့သည် ထိုသက်မဲ့ပန်းပုံအလှ, ပန်းကုံးအလှတို့ထက် လည်းကောင်း၊ ထိုသက်မဲ့ ပန်းပုံရနံ့, ပန်းကုံးရနံ့တို့ထက် လည်းကောင်း အဆပေါင်း မြောက်မြားစွာ သက်ရှိလူသား ပန်းအလှ, ပန်းရနံ့များက ပို၍ပို၍ လှပနေမည်ဖြစ်သလို ပို၍ပို၍ မွှေးရနံ့တို့ သင်းတပြန့်ပြန့် ကြိုင်၍လှိုင်၍ နေမည်သာ ဖြစ်ပေတော့သည်။

ဓဝ– ဤအတူ၊ ထိုကဲ့သို့က ဆုံးမဩဝါဒပေးပုံ

ပိဋကသုံးပုံ၌ 'ဓဝ– ဤအတူ၊ ထိုကဲ့သို့' ဟူသော ဥပမာနအနက်များသည် မြောက်များစွာ ရှိသကဲ့သို့ ထိုဥပမာနအနက် များဖြင့် တရားဟောကြားထားမှုသည်လည်း မြောက်များစွာ ရှိလေသည်။ အကယ်၍ ဤ၌ ဓဝ၏ ဥပမာနအနက်က တရားဟောမည်၊ ဆုံးမဩဝါဒပေးမည်ဟုဆိုလျှင် အောက်ပါအတိုင်း တရားဟောခြင်း၊ ဆုံးမဩဝါဒပေးခြင်းများကို ပြုလုပ်နိုင်ပေသည်။

၁။ ဤလူ့လောက၌ လူယုတ်မာ၊ လူရမ်းကားတို့သည် အမြောက်အများ ရှိကြလေသည်။ သင်တို့သည် ထိုကဲ့သို့ လူယုတ်မာ၊ လူရမ်းကား မဖြစ်ကြပါစေနှင့်။

၂။ ဤလူ့လောက၌ လူပျင်း၊ လူဖျင်း၊ လူ့ဘော်ကြောသမားတို့သည် အမြောက်အများ ရှိကြလေသည်။ သင်တို့သည် ထိုကဲ့သို့ လူပျင်း၊ လူဖျင်း၊ လူ့ဘော်ကြော မဖြစ်ကြပါစေနှင့်။

၃။ ဤလူ့လောက၌ လူ့ဘဝဟူသော အဖိုးအနဂ္ဃထိုက်တန်လှသော ပန်းအလှများကို နည်းမျိုးစုံတို့ဖြင့် ဖျက်ဆီး နေသူများ ရှိကြလေသည်။ သင်တို့သည် ထိုကဲ့သို့ လူ့ဘဝဟူသော အဖိုးအနဂ္ဃထိုက်တန်လှသော ပန်းအလှများကို ဖျက်ဆီးသူများ မဖြစ်ကြပါစေနှင့်။

၄။ ဤလူ့လောက၌ လူလိမ္မာများ၊ သူတော်ကောင်းများ၊ ထူးချွန်သော လူတော်လူကောင်းများ ရှိကြလေသည်။ သင်တို့သည် ထိုကဲ့သို့ လူလိမ္မာ၊ သူတော်ကောင်း၊ ထူးချွန်သော လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြပါလော့။

၅။ ဤလူ့လောက၌ လို့လဝိရိယရှိသူ၊ ဖွဲ့ရှိသူ၊ အသိအလိမ္မာ ဉာဏ်အမြော်အမြင်ရှိသူများ မြောက်များစွာ ရှိကြပါသည်။ သင်တို့သည် ထိုကဲ့သို့ လို့လဝိရိယရှိသူ၊ ဖွဲ့ရှိသူ၊ အသိအလိမ္မာ ဉာဏ်အမြော်အမြင်ရှိသူဖြစ်အောင် ကြိုးစားကြပါလော့။

၆။ ဤလူ့လောက၌ လူ့ဘဝဟူသော အဖိုးအနဂ္ဃထိုက်တန်လှသော ပန်းအလှများကို လှသည်ထက်လှအောင် နည်းမျိုးစုံတို့ဖြင့် ဆောင်ရွက်နေကြသူများ ရှိကြလေသည်။ သင်တို့သည် ထိုကဲ့သို့ လူ့ဘဝဟူသော အဖိုးအနဂ္ဃထိုက်တန် လှသော ပန်းအလှများကို လှသည်ထက်လှအောင် နည်းမျိုးစုံတို့ဖြင့် ဆောင်ရွက်သူ ဖြစ်ကြပါလော့။

(၂) ဓေဝ၏ ဥပဒေသအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဝေဓ၏ 'ဤအတူ- ထိုကဲ့သို့' ဟူသော ဝေဓ၏ ဥပမာနအနက်နှင့်စပ်၍ သိဖွယ်၊ မှတ်ဖွယ်၊ ကျင့်ဖွယ်များကို ဖွင့်ဆိုပြပြီးနောက် အဋ္ဌကထာဆရာသည် ဝေဓ၏ ဥပဒေသအနက်ကို ဆက်၍ဖွင့်ဆိုပြလေသည်။ ဖွင့်ဆိုပြပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဝေ တေ အဘိက္ကမိတဗ္ဗံ ဝေ တေ ပဋိက္ကမိတဗ္ဗံ။ *(အံ- ၁- ၄၇၉)*

'တေ- သင်ရဟန်းကြီးသည်၊ ဝေ- ဤပုံဤနည်း၊ အဘိက္ကမိတဗ္ဗံ- ရှေးသို့တက်ရမည်၊ တေ- သင်ရဟန်းကြီးသည်၊ ဝေ- ဤပုံဤနည်း၊ ပဋိက္ကမိတဗ္ဗံ- နောက်သို့ဆုတ်ရမည်' စသည်ဖြင့် ဗုဒ္ဓဟောကြားတော်မူထားအပ်သော ပါဠိတော်တို့၌ ဝေဟူသော သဒ္ဒါက 'စည်းကမ်း' ဟူသော 'ဥပဒေသ' အနက်ကို ညွှန်ပြလေသည်။

ဋီကာများ ဖွင့်ဆိုချက်

သီလက္ခန် မဟာဋီကာနှင့် ဋီကာသစ်တို့က အထက်ပါ ပါဠိတော်၌ ပါရှိသော ဝေဓ၏ ဥပဒေသအနက်သည် ပြုသစ်စဖြစ်သော ရဟန်းသစ်တစ်ပါးကို သမဏသာရုပ္ပဖြစ်အောင် ဒါယကာ၊ ဒါယိကာမများ ကြည်ညိုဖွယ်ဖြစ်အောင် သွားပုံ၊ လာပုံ၊ နေပုံ၊ ထိုင်ပုံ၊ ကြည့်ပုံ၊ ရှုပုံ၊ သင်္ကန်းရုံပုံ၊ သင်္ကန်းဝတ်ပုံ၊ သပိတ်ကိုင်ပုံ စသည်တို့ကို စနစ်တကျဖြစ်အောင် နည်းဥပဒေသကို သွန်သင်ညွှန်ပြခြင်း ဖြစ်သည်ဟူ၍ ဖွင့်ဆိုထားလေသည်။

ဓေဝ၏ ဥပဒေသအနက်နှင့်စပ်၍ ဗုဒ္ဓဟောကြားတော်မူပုံ

အထက်ပါ ပါဠိတော်ရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော်- ပဒုပ်- နှာ (၄၇၉)၌ ဗုဒ္ဓဟောကြားတော်မူထားအပ်သော ပါဠိတော် ဖြစ်သည်။ ထိုပါဠိတော်၏ ဆိုလိုချက်သဘောမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

အတော်အတန် အသက်အရွယ်ရလာသော လူဒါယကာတစ်ဦးသည် လူ့ဘဝ၌ သားရေး၊ သမီးရေး၊ လုပ်ငန်းရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး စသည်တို့နှင့်စပ်၍ မပြေမလည်ဖြစ်သောအခါတို့၌ စိုးရိမ်ခြင်း သောက၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ စိတ်ပင်ပန်းခြင်း ဥပါယာသတို့ကို ပူလောင်စပ်ခါးစွာ ခံစားကြရလေသည်။ ထိုဒါယကာသည် ထိုဒုက္ခမှ လွတ်မြောက်ရေးကို ရည်စူး၍ လူ့ဘောင်ကို စွန့်ခွါပြီးလျှင် ရဟန်းဘောင်သို့ ဝင်ရောက်လာလေသည်။

အသက်ကြီးမှ ရဟန်းဖြစ်လာသည့်အတွက် သပိတ်ကိုင်မှု၊ သင်္ကန်းရုံမှု၊ သင်းပိုင်ဝတ်မှု၊ စားမှု၊ သောက်မှု၊ သွားမှု၊ လာမှု၊ ကုဋိတက်မှု စသည်တို့၌ ဝိနည်းစည်းကမ်း နည်းဥပဒေသများနှင့် ညီညွတ်မှုမရှိသောကြောင့် ငါကြီးသော ငယ်ပြုရဟန်းငယ် များက-

'ကိုယ်တော်ကြီး ဤပုံဤနည်း သင်းပိုင်ကို ဝတ်ရမည်။ ဤပုံဤနည်း ကိုယ်ရုံကို ဝတ်ရမည်။ ဤပုံဤနည်း ရှေ့သို့ တက်ရမည်။ နောက်သို့ ဆုတ်ရမည်။ မျက်စိကို ဤပုံဤနည်း ရှေးတူရူကြည့်ရမည်။ ဤပုံဤနည်း စောင်းကြည့်ရမည်' စသည်ဖြင့် သွန်သင်ဆုံးမပေးကြလေသည်။

ထိုအခါ ထိုကိုယ်တော်ကြီးသည် ဤသို့ အကြံအစည် ဖြစ်လာလေသည်။

'ငါသည် လူ့ဘဝတုန်းက ငါ၏အိမ်၌ ငါလူကြီးဖြစ်သည်။ ငါကသာလျှင် ဆုံးမသွန်သင်ရလေသည်။ ဘယ်သူကမှ ငါ့အပေါ် ဆရာမလုပ်ရဲကြချေ။ ယခုတော့ ငါ့သားလောက်၊ ငါ့မြေးလောက် ရှိသူတို့က ငါ့ကို ဆရာလာလုပ်နေကြသည်။ ဆုံးမသွန်သင်မှု ပြုနေကြသည်' ဟူ၍ ကြံစည်ပြီးနောက် အမျက်ထွက်ခြင်း၊ စိတ်ဆင်းရဲခြင်း၊ မကျေနပ်ခြင်း၊ မခံမရပ်နိုင်ခြင်းများ ဖြစ်လာ၍ သိက္ခာချ လူထွက်သွားလေသည်။

ထိုသို့သောရဟန်းမျိုးကို 'လှိုင်းတံပိုးကိုကြောက်၍ လူထွက်သော ရဟန်းဖြစ်သည်ဟူ၍ လည်းကောင်း၊ လှိုင်းတံပိုးဟူသော အမည်သည် အမျက်ထွက်ခြင်း ကောဓ, ပြင်းစွာပင်ပန်းခြင်း ဥပါယာသ၏ အမည်ဖြစ်သည်ဟူ၍ လည်းကောင်း' ဗုဒ္ဓဟောကြားတော်မူ လေသည်။

တရားတော်၏ ဆိုလိုချက်

ဗုဒ္ဓဟောကြားတော်မူသော တရားတော်၏ ဆိုလိုချက်မှာ ဤသို့ဖြစ်လေသည်။

သမုဒ္ဒရာရေထဲ၌ ရတနာတို့သည် ပြောက်များစွာ ရှိလေသည်။ ထိုရတနာများသည် အလိုရှိ၍ သမုဒ္ဒရာရေထဲသို့ ဆင်းသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ လှိုင်းတံပိုးဘေးနှင့် တွေ့ကြုံရမည် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ရှေးက လှိုင်းတံပိုးဘေးနှင့် တစ်ကြိမ်မျှ တွေ့ကြုံဘူးခြင်း မရှိသောကြောင့် ကြောက်လန့်သည်ဖြစ်၍ ရတနာကို မရတော့ဘဲ ထိုအရပ်မှပင် နောက်ဆုတ်ပြန်လှည့် သွားလေသည်။ ထိုပုဂ္ဂိုလ်ကို လှိုင်းတံပိုးဘေးကြောင့် ရတနာမှ ဆုံးရှုံးသွားသော ပုဂ္ဂိုလ်ဟူ၍ ဆိုရလေသည်။

ထိုနည်းတူစွာပင် 'သီလ၊ သမာဓိ၊ ပညာ' ဟူသော လောကုတ္တရာ ရတနာများကို ရလိုသည်ဖြစ်၍ သာသနာ့ဘောင်သို့ ဝင်ရောက်လာသော ရဟန်းသည် ရှေးဦးစွာ မိမိထက် တတ်သိနားလည်သော ရဟန်းတို့၏ ဝိနည်းစည်းကမ်း နည်းဥပဒေသနှင့်အညီ နေထိုင်ပြောဆိုတတ်ရန်၊ ဒါယကာ, ဒါယိကာမများတို့၏ ကြည်ညိုဖွယ်ဖြစ်အောင် နေထိုင်တတ်ရန် ပြောဆိုဆုံးမမှုကို၊ သွန်သင်နည်းညွှန်ပြမှုကို ခံယူကြရမည် ဖြစ်သည်။ မခံယူဘဲ စိတ်ဆိုးစိတ်ကောက်၍ မကျေမနပ်ဖြစ်၍ သိက္ခာချလူထွက်သွားလျှင် ထိုရဟန်းသည် 'သီလ၊ သမာဓိ၊ ပညာ' ဟူသော လောကုတ္တရာ ရတနာများမှ ဆုံးရှုံးသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရလေသည်။

ဆုတ်ယုတ်ခြင်း၊ တိုးပွါးခြင်းဟူသည်

အထက်ပါ ဗုဒ္ဓ၏ ဟောကြားတော်မူအပ်သော ဒေသနာတော်ကို သတိပြုမိကြမည်ဆိုလျှင် 'လောကီရတနာဖြစ်စေ၊ လောကုတ္တရာရတနာဖြစ်စေ လူတိုင်းနှင့် ထိုက်တန်မှု မရှိနိုင်' ဟူသော အချက်သည် ပေါ်လွင်ထင်ရှားနေလေသည်။

လောကီရတနာ၊ လောကုတ္တရာရတနာများကို ရရှိရေးတွင်မက ဘယ်နေရာမျိုးမဆို အကျိုးစီးပွါးဖြစ်ထွန်းအောင် ပြုလုပ်သောနေရာတိုင်း၌ သူ့ဆိုင်ရာစည်းကမ်း နည်းဥပဒေတို့သည် ရှိသည်ချည်းဖြစ်သလို ထိုစည်းကမ်းနည်းဥပဒေအတိုင်း လိုက်နာအောင် ဆုံးမပေးမည့်၊ နည်းညွှန်ပေးမည့်၊ သင်ကြားပေးမည့်၊ ကြီးကြပ်ပေးမည့် ပုဂ္ဂိုလ်များလည်း ရှိကြသည်ချည်း ဖြစ်လေသည်။

ထို့ကြောင့် လောကီရတနာများ ရရှိရေးအတွက် လည်းကောင်း၊ လောကီအကျိုးစီးပွါး ဖြစ်ထွန်းရေးအတွက် လည်းကောင်း လောကုတ္တရာရတနာများ ရရှိရေးအတွက် လည်းကောင်း၊ လောကုတ္တရာအကျိုးစီးပွါး ဖြစ်ထွန်းရေးအတွက် လည်းကောင်း သက်ဆိုင်ရာ စည်းကမ်း နည်းလမ်းဥပဒေသကို သွန်သင်ဆုံးမပေးမည့် ပုဂ္ဂိုလ်တို့၏ စကားကို ရိုသေစွာ နာယူတတ်ရန်လည်း လိုအပ်သလို နာယူသည့်အတိုင်း ကောင်းစွာလိုက်နာကျင့်သုံးရန်လည်း လိုအပ်ပေသည်။ သို့မှသာ ထိုပုဂ္ဂိုလ်သည် မိမိလိုလားအပ်သော လောကီရတနာ၊ လောကီအကျိုးစီးပွါး၊ လောကုတ္တရာရတနာ၊ လောကုတ္တရာ အကျိုးစီးပွါးကို ကောင်းစွာ ရရှိနိုင်ကြပေမည်။ ထိုသို့မဟုတ်ပါမူ ဆုတ်ယုတ်ပျက်စီးခြင်းနှင့် ကြုံတွေ့ကြရမည် ဖြစ်သည်။

ဝေဝံ၏ ဥပဒေသအနက်က ဆုံးမဩဝါဒပေးပုံ

ရှင်တော်ဗုဒ္ဓသည် ဝေဝံ၏ 'ဤပုံဤနည်း' ဟူသော ဥပဒေသအနက်နှင့် ဆက်စပ်၍ ရဟန်း, ရှင်, လူ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွါး ချမ်းသာများကို ရရှိရေးအတွက် ဟောကြားတော်မူထားအပ်သော တရားဒေသနာတော်သည် ပြောက်များစွာ ရှိလေသည်။ ဤ၌ ဝေဝံ၏ ဥပဒေသအနက်က အောက်ပါအတိုင်း ဆုံးမဩဝါဒပေး၍ တရားဟောကြားပေးလိမ့်မည်။

၁။ လူသားတို့အတွက် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့ကိုလည်းကောင်း၊ ရှင်သာမဏေများအတွက် ဆယ်ပါးသီလနှင့် သေခိယသိက္ခာပုဒ်များကို လည်းကောင်း၊ ရဟန်းတော်များအတွက် (၂၂၇)သွယ်သော ဝိနည်းသိက္ခာပုဒ်တို့ကို လည်းကောင်း၊ ရှင်တော်ဗုဒ္ဓသည် ကောင်းစွာပညတ် တောကြားထားလေသည်။ တတ်သိနားလည်သူတို့က တတ်သိနားလည်ခြင်း မရှိသူတို့ကို ဤပုံဤနည်း လိုက်နာကျင့်သုံးရမည်ဟု ဆုံးမဩဝါဒပေးပေလိမ့်မည်။ ဆိုလိုသည်မှာ ငါးပါးသီလ လုံခြုံအောင်၊ ရှစ်ပါးသီလ, ကိုးပါးသီလ ဟူသော ဥပုသ်သီလ စောင့်ထိန်းအောင်၊ ကိုရင်ဆိုလျှင် ကိုရင်ဆိုင်ရာ ကျင့်ဝတ်များကို စောင့်ထိန်းအောင်၊ ရဟန်းဆိုလျှင် ရဟန်းဆိုင်ရာ ကျင့်ဝတ်သိက္ခာပုဒ်များကို စောင့်ထိန်းအောင် ဆုံးမဩဝါဒပေး၍ နည်းညွှန်ပြသမှု ပေးပေလိမ့်မည်။ ထိုအခါ ဆိုင်ရာရဟန်းရှင်လူတို့သည် ကျေနပ်စွာ လိုက်နာပါ၊

ကျင့်သုံးပါ၊ လိုက်နာကျင့်သုံးကြသည့်အတွက် ဆိုင်ရာလောကီ, လောကုတ္တရာ ရတနာများ အကျိုးစီးပွါး ချမ်းသာများကို ရရှိကြပေမည်။

၂။ ထို့အတူ ဒုစရိုက်ကိုရှောင်၍ သုစရိုက်ကို ကျင့်သုံးရန်ကို လည်းကောင်း၊ ပုညကိရိယာ ဆယ်ပါး၊ ပါရမီ ဆယ်ပါး ကုသိုလ်တရားတို့ကို ဖြည့်ကျင့်ရန်တို့ကို လည်းကောင်း နည်းညွှန်ပြသည့်အားလျော်စွာ လိုက်နာကျင့်သုံးလျှင် ထိုအတူ လောကီ, လောကုတ္တရာ အကျိုးစီးပွါး ချမ်းသာများ ရကြပေမည်။

၃။ ထို့အတူ ညွှန်ကြားထားသော နည်းဥပဒေသအတိုင်း ဒါန၊ သီလ၊ ဘာဝနာစသော ကောင်းမှုကုသိုလ်များကို လိုက်နာကျင့်သုံးပါလျှင်လည်း ထိုအတူ လောကီ, လောကုတ္တရာ အကျိုးစီးပွါးများ ရရှိကြမည် ဖြစ်ပေသည်။

(ဒါက– မကောင်းမှုကို ဤလိုမလုပ်ပါနှင့်၊ ကောင်းမှုကို ဤလိုလုပ်ပါ။)

(၃) ဝေ၏ သမ္ပဟံသန အနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဝေ၏ လိုက်နာကျင့်သုံးရမည့် နည်းဥပဒေသအနက်ကို ဖွင့်ဆိုပြပြီးနောက် အဋ္ဌကထာဆရာသည် ဝေ၏ 'သမ္ပဟံသန' အနက်ကို ဆက်၍ဖွင့်ဆိုလေသည်။

ဝေ မေတံ ဘဂဝါ၊ ဝေ မေတံ သုဂတ *(အံ– ၁– ၁၉၃)*

'ဘဂဝါ– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၊ ဧတံ– ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူအပ်သော ဤတရားဒေသနာ တော်သည်၊ ဝေ– ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူသည့်အတိုင်း မှန်လှပါသည် ဘုရား၊ သုဂတ– ကောင်းသောစကားကို မိန့်ဆိုတော်မူ တတ်သော ရှင်တော်ဗုဒ္ဓ၊ ဧတံ– ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူအပ်သော ဤတရားဒေသနာတော်သည်၊ ဝေ– ရှင်တော်ဗုဒ္ဓ ဟောကြား တော်မူသည့်အတိုင်း မှန်လှပါသည် ဘုရား' စသည်ဖြင့်လာသော ပါဠိရပ်တို့၌ ဝေသဒ္ဒါသည် စိတ်အားတက်ကြွခြင်း၊ အားရရွှင်လန်းခြင်း ဟူသော ရွှင်လန်းပုံအခြင်းအရာကို ပြဆိုသော 'သမ္ပဟံသန' အနက်ကို ညွှန်ပြလေသည်။

မဟာဋီကာနှင့် ဋီကာသစ်တို့ ဖွင့်ဆိုချက်

သီလက္ခန် မဟာဋီကာနှင့် ဋီကာသစ်တို့က ဗုဒ္ဓတရားတော်ကို နာကြားကြရကုန်သော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဟောကြားတော်မူ သော တရားတော်ရှင်းလင်းချက်ကို ကောင်းစွာသဘောပေါက် သိမြင်နားလည်သွားသောအခါ စိတ်အားတက်ကြွပြီး ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားခြင်းသဘောကိုပင် ဝေ၏ သမ္ပဟံသနအနက်၌ ဖြစ်ပုံသဘောတည်းဟု ဖွင့်ဆိုပြထားလေသည်။

ဗုဒ္ဓ၏ ရှင်းလင်းပြချက်များ

အထက်ပါဖော်ပြခဲ့သော 'ဝေ မေတံ ဘဂဝါ' အစရှိသော ပါဠိတော်သည် အင်္ဂုတ္တရပါဠိတော်– တိကနိပါတ်– ကေသမုတ္တိ သုတ်– နှာ (၁၉၃)၌ လာရှိသော ပါဠိတော်ဖြစ်သည်။ ထိုပါဠိတော်၏ ဆိုလိုချက်သဘောကား အောက်ပါအတိုင်း ဖြစ်လေသည်။

ကာလာမမင်းတို့သည် ကေသမုတ္တိနိဂုံးရွာကြီးကို အုပ်ချုပ်၍ နေကြလေသည်။ ထိုကေသမုတ္တိနိဂုံးရွာကြီးသို့ အယူဝါဒ အမျိုးမျိုးရှိကြကုန်သော သမဏ၊ ဗြာဟ္မဏ အမည်ခံ ဆရာကြီးတို့ ရောက်ရှိလာကြပြီး မိမိတို့၏ အယူဝါဒများကို အသီးသီး ဟောပြောပြကြလေသည်။ ထိုသို့ပြောဟောကြရာတွင် မိမိအယူဝါဒများကို ရှေ့တန်းတင်၍ ပြောဆိုကြပြီး သူတစ်ပါးတို့၏ အယူဝါဒများ ကို ကဲ့ရဲ့ပြစ်တင် ဖိနှိပ်ပြောဆိုကြလေသည်။

ကာလာမမင်းတို့သည် 'အဘယ်ဆရာ၏ အယူဝါဒများကို လိုက်နာသင့်သည်၊ လိုက်နာရမည်'ဟု ခွဲခြားဝေဖန်မှု မပြုနိုင် ကြပေ။ ထိုအယူဝါဒများအပေါ်၌ ယုံမှားသံသယ ဖြစ်ကြရသည်။ ဝေဝေဝါ ဖြစ်ကြရသည်။ ဝေခွဲမရ ဖြစ်ကြရသည်။

ထိုအချိန်၌ ဗုဒ္ဓသည် ရဟန်းသံဃာတော် များစွာတို့နှင့်အတူ ကေသမုတ္တိနိဂုံးရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ကြွရောက်တော်မူ လာခြင်းနှင့် ကြုံကြိုက်သည်ဖြစ်၍ ကာလာမမင်းတို့သည် ဗုဒ္ဓအား သူတို့၏ ယုံမှားသံသယ ဖြစ်မှုများကို၊ ဝေဝေဝါ ဖြစ်မှုများကို

လျှောက်ထားကြလေသည်။ ဗုဒ္ဓသည် ကာလာမမင်းတို့အား ''ဧဝေဇဝါဖြစ်မည်ဆိုက ဖြစ်ထိုက်ပါပေသည်''ဟူ၍ မိန့်ကြားတော်မူပြီး နောက် 'အယူဝါဒတစ်ခုကို လက်ခံသင့်၊ မခံသင့်' ဟူသော အရာမျိုး၌ သူတစ်ပါးတို့၏ စကားဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ပြောဆိုလာချက်၊ တင်ပြလာချက်များကို လက်ခံခြင်း၊ အတည်ပြုခြင်း မပြုကြသေးဘဲ မိမိကိုယ်တွေ့ ကိုယ်ပိုင်ဉာဏ်အမြင်ဖြင့်သာ လက်ခံသင့်ကြောင်း၊ အတည်ပြုသင့်ကြောင်း ဟောကြားတော်မူလေသည်။ ဗုဒ္ဓဟောကြားတော်မူသော အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ အကြင်ပုဂ္ဂိုလ်၏ ကိုယ်တွင်းသန္တာန်၌ လောဘ၊ ဒေါသ၊ မောဟတရားများ လွှမ်းမိုးလာသည်ဖြစ်၍ ထိုပုဂ္ဂိုလ်သည် ကိုယ်တိုင်ကလည်း သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးယူခြင်း၊ သူတစ်ပါး သားမယားကို ကျူးလွန်ခြင်း၊ သူတစ်ပါးတို့ကိုလည်း ထိုအတိုင်းဖြစ်အောင် ပြုလုပ်စေခြင်းဟူသော မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ကျူးလွန်မည်ဆိုပါက ထိုပုဂ္ဂိုလ်အတွက် အကျိုးစီးပွားမဲ့ခြင်းငှာ၊ ဆင်းရဲဒုက္ခရောက်ခြင်းငှာသာ ဖြစ်လေသည်။

၂။ အကြင်ပုဂ္ဂိုလ်၏ ကိုယ်တွင်းသန္တာန်၌ 'အလောဘ၊ အဒေါသ၊ အမောဟ' တရားတို့ တည်ရှိနေသည်ဖြစ်၍ ထိုပုဂ္ဂိုလ်သည် အပြစ်မကင်းသော ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင် ရှုတ်ချထိုက်သော အကုသိုလ်ဒုစရိုက်မှုတို့ကို ရှောင်ကြဉ်ပြီး အပြစ်ကင်းသော ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းထိုက်သော ဒါန၊ သီလ စသည်တို့ကို ကိုယ်တိုင်လည်း ပြုလုပ်ခြင်း၊ သူတစ်ပါးတို့ကိုလည်း ပြုလုပ်စေခြင်းဟူသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်မည်ဆိုပါက ထိုပုဂ္ဂိုလ်အတွက် အကျိုးစီးပွားဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်လေသည်။

၃။ ပုဂ္ဂိုလ်တစ်ဦးသည် 'လောဘ၊ ဒေါသ၊ မောဟ' တရားတို့ ကင်းစင်ပြီး သူတစ်ပါး အကျိုးစီးပွားကို လိုလားသော မေတ္တာစိတ်၊ သူတစ်ပါး ဒုက္ခရောက်နေသည်ကို သနားတတ်သော ကရုဏာစိတ်၊ သူတစ်ပါး ကြီးပွားချမ်းသာနေသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်သော မုဒိတာစိတ်၊ ထိုမှတစ်ပါး ဝမ်းနည်းခြင်း, ဝမ်းမြောက်ခြင်းမှကင်းပြီး တည်ကြည်စွာ, ငြိမ်သက်စွာ နေနိုင်သော ဥပေက္ခာစိတ်များနှင့် နေနိုင်မည်ဆိုလျှင် ထိုပုဂ္ဂိုလ်၏စိတ်သည် အလွန်သန့်ရှင်း ဖြူစင်နေသည့်အတွက် ထိုပုဂ္ဂိုလ်မှာ အောက်ပါထောက်တည်ရာ (၄)မျိုးကို ယခုဘဝ၌ပင် ရရှိနိုင်ပေသည်။

(က) မည်းညစ်သော အကုသိုလ်စိတ် ကင်းစင်ပြီး ဖြူစင်သော ကုသိုလ်စိတ် ဖြစ်နေသည့်အတွက် ဤကုသိုလ်ကံတရား၏ အကျိုးပေးမှုသဘော ရှိသည်ဆိုပါက နောက်ဘဝ၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရပေမည်။

(ခ) အကယ်၍ နောက်ဘဝဆိုတာလည်း မရှိဘူး၊ ကုသိုလ်ကံ, အကုသိုလ်ကံ၏ အကျိုးပေးမှု သဘောလည်း မရှိဘူး ဆိုလျှင်လည်း ထိုကုသိုလ်ကောင်းမှုကို ပြုလုပ်မှုကြောင့် ထိုပုဂ္ဂိုလ်မှာ လူ့လောကပတ်ဝန်းကျင်၌ ဂုဏ်သိက္ခာရှိရှိနှင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် နေရလေသည်။

(ဂ) မကောင်းမှု ဒုစရိုက်ကို ကျူးလွန်သောသူသည် မကောင်းမှု အကုသိုလ်ကံ၏ အကျိုးဆက်ဖြစ်သော ဆင်းရဲဒုက္ခကို ခံစားရမည်ဖြစ်သည်။ ထိုမကောင်းမှု ဒုစရိုက်များကို ငါ့မှာ ကျူးလွန်မှု မရှိသည်ဖြစ်၍ ဆင်းရဲဒုက္ခကို ခံစားရမည် မဟုတ်ပေ။

(ဃ) မကောင်းမှု ဒုစရိုက်ကို ကျူးလွန်ပြီး ထိုမကောင်းမှု ဒုစရိုက် အကုသိုလ်ကံ၏ အကျိုးပေးခြင်းသဘော မရှိဘူးဆိုပါကလည်း မိမိကိုယ်တိုင်မှာ ဖြူစင်မြင့်မြတ်သော ကုသိုလ်ကောင်းမှုမျိုးသာ ရှိနေသည်ဖြစ်၍ အပြစ်ကင်းသော ပုဂ္ဂိုလ်အဖြစ်၊ သန့်ရှင်းစင်ကြယ်သောပုဂ္ဂိုလ်အဖြစ်၊ မြင့်မြတ်သောပုဂ္ဂိုလ်အဖြစ် မိမိကိုယ်ကို ရှုမြင်နိုင်ပေသည်။

အလွန်သန့်ရှင်းဖြူစင်သော မေတ္တာစိတ်၊ ကရုဏာစိတ်၊ မုဒိတာစိတ်၊ ဥပေက္ခာစိတ်တို့ဖြင့် နေသောပုဂ္ဂိုလ်တို့သည် အထက်ဖော်ပြပါ ထောက်တည်ရာ (၄)မျိုးကို ယခုဘဝ၌ပင် ကောင်းစွာရရှိနိုင်ပေသည် ဟူ၍ ဗုဒ္ဓဟောကြားတော်မူလေသည်။

ကာလာမမင်းတို့ သမ္မာဟံသာ ဖြစ်ကြခြင်း

အထက်ပါ ဗုဒ္ဓ၏ဟောကြားတော်မူပြချက်ကို ကာလာမမင်းတို့သည် ကွက်ကွက်ကွင်းကွင်း အမြင်ကြည်လင် ရှင်းလင်းစွာ သဘောပေါက်သွားသည်ဖြစ်၍ စောစောက သံသယဖြစ်နေသမျှ၊ ဇဝေဇဝါ ဖြစ်နေသမျှ၊ နေအရောင်ရောက်၍ ဆီးနှင်းများ

ပျောက်ကွယ်သွားဘိသကဲ့သို့ ကင်းစင်လွင့်ပျောက်သွားကာ တက်ကြွသောစိတ်, အားတက်သောစိတ်, ရွှင်လန်းဝမ်းမြောက်သော စိတ်တို့ တဖွားဖွား ဖြစ်ပေါ်လာသည်ဖြစ်၍ အစကဖော်ပြခဲ့သည့်အတိုင်း-

''ဧဝ မေတံ ဘဂဝါ၊ ဧဝ မေတံ သုဂတ'' ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၊ ဧတံ- ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူအပ်သော ဤတရားတော်သည်၊ ဧဝံ- ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူသည့်အတိုင်း မှန်လှပါပေ၏ဟူ၍ ဓဝံ သဒ္ဒါ၏ 'သမ္ပဟံသန' အနက်၌ ဖြစ်ပုံသဘောကို အဋ္ဌကထာဆရာ သာဓကတင်ပြခြင်း ဖြစ်လေသည်။

ဧဝံ၏ သမ္ပဟံသနအနက်က ဆုံးမဩဝါဒပေးပုံ

ဧဝံ၏ သမ္ပဟံသနအနက်ဟူသည် မိမိသိမြင်လိုသော အချက်များကို ကျကျနန ရှင်းရှင်းလင်းလင်း သဘောပေါက် သိမြင်သွားသည်ဖြစ်၍ အလွန်စိတ်ကြည်လင် ရွှင်လန်းစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမှုသဘောပင် ဖြစ်သည်။ ဗုဒ္ဓဟောကြားတော်မူထားရစ်ခဲ့သော ပိဋကတော်သုံးပုံ၌ ထိုကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမှုတို့သည် အမြောက်အများပင်ရှိလေသည်။ ဗုဒ္ဓ၏ တရားကို နာကြားရသူကို မဆိုထားနှင့်၊ တစ်ခါတစ်ခါတွင် ဗုဒ္ဓကိုယ်တိုင်ပင် တရားဟောကြားမှု ပြီးဆုံးသွားသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်မှု လည်းရှိလေသည်။

အထင်အရှားဆုံး သာဓကပြရပါမူ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောကြားရာ၌ ဗုဒ္ဓ၏ လေးနက်လှသော သစ္စာလေးပါး တရားတော်ကို အရှင်ကောဏ္ဍညသည် အစဦးဆုံးသိမြင်ပြီး သောတာပန်အဆင့်သို့ တက်လှမ်းသွားနိုင်ခဲ့လေသည်။ အရပ်စကားနှင့်ပြောရပါမူ တရားချေးဦးပေါက်သွားသည်ဟု ဆိုနိုင်ပေသည်။ ဗုဒ္ဓသည် ထိုအခြေအနေကို အားရကျေနပ်လှသည် ဖြစ်၍ 'ကောဏ္ဍညသည် သိမြင်နိုင်ခဲ့သော သစ္စာလေးပါးတရားကို သိမြင်သွားလေပြီ' ဟူ၍ အားရရွှင်လန်း ဥဒါန်းကျူးလေသည်။

ဤ၌ ဧဝံ၏ သမ္ပဟံသနအနက်က အောက်ပါအတိုင်း တရားဟောခြင်း၊ ဆုံးမဩဝါဒပေးခြင်းများကို ပြုလုပ်နိုင်ပေသည်။

၁။ အချို့လူတို့သည် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို အားရပါးရ ပြုလုပ်ပြီးသောအခါ၌ အလွန်ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှု ဖြစ်ကြလေသည်။ သင်တို့သည်လည်း ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှုရသည် အထိ ပြုလုပ်အားထုတ်ကြပါကုန်လော့။

၂။ အချို့လူတို့သည် ဆိတ်ငြိမ်ရာအရပ်၌ စိတ်တည်ငြိမ်အေးချမ်းမှုကို ကောင်းစွာရရှိသောအခါ အလွန် ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှု ဖြစ်ကြလေသည်။ သင်တို့သည်လည်း ဆိတ်ငြိမ်ရာအရပ်၌ စိတ်တည်ငြိမ်အေးချမ်းမှုကို ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှုရသည်အထိ ပြုလုပ်ကြပါကုန်လော့။

၃။ အချို့လူတို့သည် သေခါနီးကာလ မိမိ၏အကျင့်သီလ စင်ကြယ်မှုကို အကြောင်းပြု၍ အလွန် ဝမ်းမြောက် ဝမ်းသာ ရွှင်လန်းမှု ဖြစ်ကြလေသည်။ သင်တို့သည်လည်း သေခါနီးကာလ မိမိ၏ အကျင့်သီလ စင်ကြယ်မှုကို ဝမ်းမြောက် ဝမ်းသာ ရွှင်လန်းမှုရသည်အထိ ပြုလုပ်ကြပါကုန်လော့။

၄။ အချို့လူတို့သည် ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ အများအကျိုးကို ရှေးရှုလျက် ပြုလုပ်ရာတွင် မိမိ၏ အကျိုး ဆောင်ရွက်ပေးမှုကြောင့် အများကောင်းကျိုးချမ်းသာ ရရှိသွားသည်ကို သိမြင်ပြီး အလွန်ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှု ဖြစ်ကြလေသည်။ သင်တို့သည်လည်း အများအကျိုးကို ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှု ရနိုင်သည်အထိ အားထုတ်ကြပါ ကုန်လော့။

၅။ အချို့လူတို့သည် မကျေနပ်စရာ အခြေအနေတွေကို အမျိုးမျိုးအဖုံဖုံ တွေ့ကြုံရစေကာမူ မိမိ၏ သူတစ်ပါး အပေါ် ခွင့်လွှတ်တတ်မှု၊ မေတ္တာထားတတ်မှု၊ သည်းခံတတ်မှု၊ ဒေါသကို ထိန်းသိမ်းနိုင်မှုတို့ကို အကြောင်းပြု၍ အလွန်ရွှင်လန်း ဝမ်းမြောက်မှု ဖြစ်ကြလေသည်။ သင်တို့သည်လည်း သူတစ်ပါးအပေါ် ခွင့်လွှတ်တတ်ခြင်း၊ မေတ္တာထားတတ်ခြင်း၊ သည်းခံတတ်ခြင်း၊ ဒေါသကို ထိန်းသိမ်းတတ်ခြင်းတို့ကို ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှု ရနိုင်သည်အထိ အားထုတ်ကြပါ ကုန်လော့။

၆။ အချို့လူတို့သည် မိမိ၏ ဇွဲလုံ့လဝီရိယ, ဉာဏ်ပညာ, ကျွမ်းကျင်လိမ္မာမှုတို့ကြောင့် ရနိုင်ခဲသော အောင်မြင်မှုကို ရရှိသွားသည်ဖြစ်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှု ဖြစ်ကြလေသည်။ သင်တို့သည်လည်း သင်တို့၏ ဇွဲလုံ့လဝီရိယ,

ဉာဏ်ပညာ, ကျွမ်းကျင်လိမ္မာမှုတို့ဖြင့် ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှု ရနိုင်သည်အထိ အားထုတ်ကြပါကုန်လော့။

ရ။ အချို့လူတို့သည် ဗုဒ္ဓတရားတော်ကို နာကြားရခြင်းဖြင့် ဗုဒ္ဓ၏တရားစာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် သဘောပေါက် နားလည်သိမြင်ခြင်းကို အကြောင်းပြု၍ အလွန် ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှု ဖြစ်ကြလေသည်၊ သင်တို့သည်လည်း ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှုရနိုင်သည်အထိ ဗုဒ္ဓ၏တရားတော်များကို နာကြားကြပါကုန်လော့၊ ဗုဒ္ဓ၏တရားစာပေများကို ဖတ်ရှုကြပါကုန်လော့။

(အချုပ်- ကောင်းသောအမှုကိစ္စတိုင်းမှာ ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းမှု ရသည်အထိ အားထုတ်ကြပါကုန်လော့။)

(၄) ဓမ္မ၏ ဂရုဟာဏအနက်က သိ, မှတ်, ကျင့်သုံးဖွယ်ရာများကို ညွှန်းဆိုပုံ

ဓမ္မ၏ သမ္ပဟံသနအနက်ကို ဖွင့်ဆိုပြီးနောက် အဋ္ဌကထာဆရာသည် ဓမ္မ၏ ဂရုဟာဏအနက်၌ ဖြစ်ပုံကို ဆက်၍ဖွင့်ဆိုပြ လေသည်။

ဝေမေဝ ပနာယံ ဝသလီ ယသ္မိံဝါ တသ္မိံဝါ တဿ မုဏ္ဍကဿ သမဏကဿ ဝဏ္ဏံ ဘာသတိ

(သံ- ၁- ၁၅)

ဝေမေဝ- ဤလိုချည်းသာ၊ **အယံ ဝသလီ-** ဤအယုတ်တမာမသည်၊ **ယသ္မိံဝါ တသ္မိံဝါ-** ဟိုနေရာ ဒီနေရာ တွေ့ရာမြင်ရာ နေရာတိုင်းမှာ၊ **မုဏ္ဍကဿ-** ဦးပြည်းကတုံးဖြစ်သော၊ **တဿ သမဏကဿ-** ထိုရဟန်းယုတ် ဂေါတမ၏၊ **ဝဏ္ဏံ-** ဂုဏ်ကျေးဇူးကို သာ၊ **ဘာသတိ-** ပြောဆိုချီးကျူး၍ နေလှဘိသည်။

ဤသို့လာသော ပါဠိရပ်တို့၌ ဓမ္မသဒ္ဒါသည် ကဲ့ရဲ့ခြင်း ဂရုဟာဏအနက်၌ ဖြစ်သည်ကို အဋ္ဌကထာ၊ ဋီကာတို့၌ ထုတ်ဆောင် ဖွင့်ဆိုကြလေသည်။

အထက်ပါ ပါဠိတော်သည် သံယုတ်ပါဠိတော် ပအုပ်- နှာ (၁၆၂)၊ ဗြာဟ္မဏသံယုတ်- ဓနဉ္စာနီသုတ်၌ လာရှိလေသည်။ ၎င်းသုတ်၏ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၏ ဖွင့်ဆိုချက် လိုရင်းအဓိပ္ပါယ် သဘောမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

တစ်နေ့သောအခါ၌ ရာဇဂြိုဟ်မြို့တွင် နေထိုင်ကြသော ဗြာဟ္မဏအယူရှိသော ဘာရဒွါဇပုဏ္ဏားကြီးနှင့် ဇနီးသည် ဓနဉ္စာနီ အမည်ရှိသော ပုဏ္ဏေးမတို့ အချင်းများကြလေသည်။ ထိုအချိန်၌ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ ခိုက် ဖြစ်သည်။

ဘာရဒွါဇပုဏ္ဏားကြီးက ဗြာဟ္မဏဘာသာ၊ ဇနီးသည် ဓနဉ္စာနီပုဏ္ဏေးမကြီးက ဗုဒ္ဓဘာသာဝင် သောတာပန် အရိယာ သူ တော်စင် ဖြစ်သည်။

ဇနီးသည် ဓနဉ္စာနီပုဏ္ဏေးမကြီးသည် ဗုဒ္ဓဘာသာ သောတာပန် သူတော်စင်တစ်ဦး ဖြစ်သည့်အားလျော်စွာ 'ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ'ဟူသော ရတနာမြတ်သုံးပါးတို့၌ အလွန်ကြည်ညိုသည်၊ အလွန်မြတ်နိုးလှသည်ဖြစ်၍ မကြာခဏ ဗုဒ္ဓအမှူးရှိသော ရဟန်း သံဃာတော်တို့အား အိမ်သို့ပင့်ဖိတ်လျက် ဆွမ်းကပ်လှူလေ့ရှိသည်။ ဆွမ်းကပ်လှူရုံတွင်မက ဗုဒ္ဓကို သတိရတိုင်းလည်း **'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'** ဟူ၍ နှုတ်မှရွတ်ဆို ဥဒါန်းကျူးကာ လက်အုပ်ချီ၍ ရှိခိုးပူဇော်လေ့ရှိသည်။

ဘာရဒွါဇပုဏ္ဏားကြီးလည်း မိမိကိုးကွယ်သော ဗြာဟ္မဏဆရာပုဏ္ဏားကြီးတို့အား မကြာခဏပင် ပင့်ဖိတ်၍ ထမင်းကျွေးလေ့ရှိ သည်။ ဘာရဒွါဇပုဏ္ဏားက ဗြာဟ္မဏဆရာကြီးတို့အား ထမင်းပင့်ဖိတ်ကျွေးမွေး ဒါနပြုသောအခါ ဓနဉ္စာနီပုဏ္ဏေးမကြီးသည် မိမိလင် ယောကျာ်း၏ အလိုဆန္ဒကို လိုက်လျောသောအားဖြင့် လည်းကောင်း၊ သောတာပန် အရိယာ သူတော်စင်ဖြစ်၍ မနာလို မရှုဆိတ်သော ဣဿာ၊ မစ္ဆရိယစိတ်ကို ပယ်ပြီးဖြစ်သောကြောင့် လည်းကောင်း အိမ်ရှင်မတို့ဝတ္တရားကို မချွတ်ယွင်းစေမူ၍ ပါဝင်ကူညီ ကြည်ဖြူ စွာ လုပ်ကိုင်ပေးလေ့ရှိသည်။

ဓနဉ္စာနီပုဏ္ဏေးမက ဗုဒ္ဓအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းသောအခါ ဘာရဒွါဇပုဏ္ဏား ကြီးသည် မနာလို မရှုဆိတ် ရှိသည့်အတိုင်း အိမ်မှာမနေဘဲ ရှောင်ထွက်သွားလေ့ရှိသည်။

တစ်နေ့သောအခါ၌ ဘာရဒွါဇပုဏ္ဏားကြီးသည် ဇနီးဖြစ်သူ ဓနဉ္စာနီပုဏ္ဏေးမကို မတိုင်ပင်ဘဲ ဗြာဟ္မဏဆရာပုဏ္ဏားကြီးတို့အား နက်ဖြန်အတွက် ထမင်းကျွေးဒါနပြုရန် ပင့်ဖိတ်ခဲ့လေသည်။ ထိုကိစ္စ၌ 'ဘာအကူအညီ လိုပါသလဲ' ဟု ဓနဉ္စာနီ ပုဏ္ဏေးမကမေးလျှင်

ဘာရဒွါဇပုဏ္ဏားကြီးက–

''ဘာအကူအညီမှ မလိုကြောင်း၊ ချက်ပြုတ်ရေးကိစ္စ၊ ဝေယျာဝစ္စကိစ္စ ဟူသမျှ အခြားလူများ လုပ်ကြမည်ဖြစ်ကြောင်း၊ ရှင်မဓနဉ္စာနီသည် နက်ဖြန်တစ်ရက်မျှ ဗြာဟ္မဏဆရာကြီးတို့အား ထမင်းကျွေးဒါနပြုနေစဉ်အခါလေးမျှ အချိန်ပိုင်း၌ ရဟန်းဂေါတမ၏ ဂုဏ်ကျေးဇူးဖြစ်သော နမောတဿကို မရွတ်ဆိုဘဲ ဆိတ်ဆိတ်နေပါရန်'' တောင်းပန်ပြောကြားလေသည်။

'ကျွန်မက ဗုဒ္ဓကို သတိရလျှင် မရွတ်ဆိုဘဲ နေနိုင်မည် မဟုတ်ကြောင်း' ပြန်လည်ဖြေကြားလျှင် ပုဏ္ဏားကြီးက 'ဒီမယ် ရှင်မ– အိမ်ခြေတစ်ရာရှိသော ရွာတံခါးပေါက်ကိုပင် လုံအောင်ပိတ်နိုင်သေးတာ၊ လက်နှစ်သစ်မျှရှိသော ဒီပါးစပ်ပေါက်လေးတစ်ပေါက်ကို တစ်ရက်တွင် ထမင်းကျွေးတုန်း အချိန်ပိုင်း တစ်ခဏမျှပင် မပိတ်နိုင်ဘူးလား'ဟူ၍ ပြောဆိုပြီး အခါခါတောင်းပန်သော်လည်း မရသည့်အတွက်–

ပုဏ္ဏားကြီးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ ဓါးကိုဆွဲကိုင်လျက် 'အပိုင်းပိုင်း အတစ်တစ်ဖြစ်အောင် နုတ်နုတ်စင်း၍ ခုတ်ဖြတ်ပစ်မည်ဖြစ်ကြောင်း' ဒေါကြီးမောကြီး ခြိမ်းခြောက်ပြောဆိုလေတော့သည်။

'ခုတ်လိုကခုတ်၊ ဖြတ်လိုကဖြတ်၊ သတ်လိုကသတ်။ ကျွန်မကတော့ ဗုဒ္ဓကို သတိရရင် မရွတ်ဆိုဘဲ နေနိုင်မည်မဟုတ်ကြောင်း' ရဲရဲတောက် ပြန်လည်ပြောကြားလိုက်လေသည်။ နောက်ဆုံးတွင် ပုဏ္ဏားကြီးသည် ဓါးကိုပစ်ချကာ လိုက်လျောလိုက်ရလေတော့သည်။

လိုက်လျောရခြင်း အကြောင်း (၂)မျိုး

လိုက်လျောရခြင်းအကြောင်း (၂)မျိုးရှိသည်။ ဘာရဒွါဇပုဏ္ဏားကြီးနှင့် ဓနဉ္စာနီပုဏ္ဏေးမကြီးတို့သည် အယူဝါဒချင်း မတူသော်လည်း ဇနီးသည် ဓနဉ္စာနီပုဏ္ဏေးမကြီးက သောတာပန်အရိယာသူတော်စင် ဖြစ်သည့်အားလျော်စွာ စိတ်သဘောထား ဖြူစင်သန့်ရှင်းသော တရားဓမ္မ၏ အရှိန်အဟုန်ကြောင့် လည်းကောင်း၊ ဘာရဒွါဇပုဏ္ဏားကြီးအမျိုးထက် ဓနဉ္စာနီပုဏ္ဏေးမကြီးအမျိုးက ပို၍မြင့်မြတ်သောကြောင့် လည်းကောင်း လိုက်လျောရခြင်း ဖြစ်လေသည်။

ဗြာဟ္မဏဆရာကြီးတို့အား ထမင်းဖိတ်ကျွေးသောနေ့တွင်

ဘာရဒွါဇပုဏ္ဏားကြီးသည်သူ့အစီအစဉ်အတိုင်း နောက်တစ်နေ့တွင် ဗြာဟ္မဏဆရာကြီးတို့အား ထမင်းပင့်ဖိတ်ကျွေးခြင်း ဟူသော ဒါနမှုကို ပြုလေသည်။ ဓနဉ္စာနီပုဏ္ဏေးမကြီးသည် မရွတ်ဆိုမိအောင် အတတ်နိုင်ဆုံး သတိထား၍နေသည်။ သို့ရာတွင် ပုဏ္ဏားကြီးအတွက် စားပွဲကို ယူဆောင်လာသောအခါ၌ သစ်သားစတစ်ခုကို တိုက်မိ၍ တိမ်းလည်းသွားလေသည်။ အတော်နာသွားသည်ဖြစ်၍ 'သဗ္ဗေသင်္ခါရာ ဒုက္ခာ' ဟူသော ဗုဒ္ဓဟောကြားတော်မူသော တရားတော်ကို သတိရလာသည့်အတွက် ဗုဒ္ဓရှိရာဘက်သို့ လက်အုပ်ချီကာ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ သုံးကြိမ်ရွတ်ဆို ပူဇော်၍ ရှိခိုးမှုပြုလေသည်။

ထိုအချိန်၌ အချို့ဗြာဟ္မဏဆရာကြီးတို့သည် ထမင်းဘောဇဉ်ကို စားပြီးကာစ၊ အချို့က စားဆဲ၊ အချို့က စားမည်ပြုတုန်း အချိန်အခါ ဖြစ်လေသည်။ ထိုအချိန်၌ ထိုအသံကိုကြားသောအခါ ထိုဗြာဟ္မဏဆရာကြီးတို့သည် နားရင်းကို သံတူနှင့် အထုခံရသကဲ့သို့ နားနှစ်ဘက်ကိုပိတ်ပြီး တပည့်ဖြစ်သော ဘာရဒွါဇပုဏ္ဏားကြီးအား ဆဲဆိုရေရွတ်ကာ ထိုအိမ်မှ ထွက်ခွါသွားကြလေတော့သည်။

ထို့ကြောင့် ဘာရဒွါဇပုဏ္ဏားကြီးသည် ပို၍မခံမရပ်နိုင် ဖြစ်လာ၍ ဓနဉ္စာနီပုဏ္ဏေးမကြီးအား အမျိုးမျိုးအဖုံဖုံ ဆဲဆိုကြိမ်းမောင်းမာန်မဲပြီးနောက် အစကတင်ပြခဲ့သည့်အတိုင်း ဝေဝါ၏ ဂရုဟာဏအနက်ရှိသော အောက်ပါစကားကို ပြောဆိုခြင်း ဖြစ်သည်။

ဝေမေဝံ ပနာယံ ဝသလီ ယသ္မိံ၀ါ တသ္မိံ၀ါ တဿ မုဏ္ဍကဿ သမဏကဿ ဝဏ္ဏံ ဘာသတိ

ဝေမေဝံ– ဤလိုချည်းသာ၊ အယံဝသလီ– ဤအယုတ်တမာမသည်၊ ယသ္မိံ၀ါ တသ္မိံ၀ါ– ဟိုနေရာဒီနေရာ တွေ့ရာမြင်ရာ နေရာတိုင်းမှာ၊ မုဏ္ဍကဿ– ဦးပြည်းကတုံးဖြစ်သော၊ တဿ သမဏကဿ– ထိုရဟန်းယုတ် ဂေါတမ၏၊ ဝဏ္ဏံ– ဂုဏ်ကျေးဇူးကိုသာ၊ ဘာသတိ– ပြောဆိုချီးကျူး၍ နေဘိလှသည်။

ဗုဒ္ဓအား ပြဿနာ မေးခြင်း

ဘာရဒွါဇပုဏ္ဏားကြီးသည် နံနက်ပိုင်းက ဖြစ်ပျက်ပုံများကိုတွေးပြီး အကြီးအကျယ် မကျေမနပ် ဖြစ်နေသောကြောင့် တလူးလူး တလိမ့်လိမ့်နှင့် တစ်ညလုံး အိပ်မရ ဖြစ်နေသည်။ နောက်ဆုံး နံနက်မိုးလင်းသောအခါ၌ 'ကြွက်မနိုင် ကျိမ်းရှိ' ဆိုသလို ဓနဉ္စာနီကို ပြောဆိုမနိုင်သည်နှင့် ဗုဒ္ဓထံသွား၍ ပြဿနာ မေးလေတော့သည်။

'ရဟန်းကြီး ဂေါတမ– အဘယ်အရာကို ဖြတ်လျှင် ချမ်းသာစွာ နေရသနည်း၊ မစိုးရိမ်ရသနည်း၊ အဘယ်အရာကို ဖြတ်တာကို သဘောကျသနည်း'

ပုဏ္ဏားကြီး၏ ရည်ရွယ်ချက်က ဤသို့ဖြစ်သည်။

'ရန်သူကိုသော်လည်းကောင်း၊ တစ်စုံတစ်ခုသော အရာကိုသော်လည်းကောင်း ဖြတ်တာကို သဘောကျသည်' ဟု ဖြေခဲ့သော် 'အို ရှင်ကြီး ဂေါတမ– အရှင်ဂေါတမသည် သတ္တဝါတွေကို သတ်ဖို့ရာအတွက် ဖြစ်ပေါ်လာတာပဲ' ဟူ၍ နှိပ်ကွပ်လိုက်မည်။ 'တစ်စုံတစ်ရာကို ဖြတ်ရန်အလိုမရှိ၊ သဘောမကျ' ဟု ဖြေလျှင်လည်း 'တဏှာရာဂကိုတောင် ဖြတ်ဖို့အလိုမရှိဘူးလား၊ သည်လိုဖြင့် ဘာလို့ ရဟန်းဘဝနှင့် လှည့်လည်နေဘိသနည်း' ဟု နှိပ်ကွပ်လိုက်မည်– ဤသို့ အစွန်းနှစ်ဘက်ထွက်သော ပြဿနာကို စီမံ၍ မေးခြင်း ဖြစ်လေသည်။

သို့ရာတွင် ဗုဒ္ဓသည် ထိုအစွန်းနှစ်ဘက်မှလွတ်အောင် ပြဿနာကို အောက်ပါအတိုင်း ဖြေကြားတော်မူလေသည်။

> ကောဓံ ဆေတွာ သုခံ သေတိ၊ ကောဓံ ဆေတွာ နသောစတိ၊
> ကောဓဿ ဝိသမူလဿ၊ မဓုရဂ္ဂဿ ဗြာဟ္မဏ၊
> ဝဓံ အရိယာ ပသံသန္တိ၊ တံ ဟိ ဆေတွာ နသောစတိ။

ဗြာဟ္မဏ– ဘာရဒွါဇပုဏ္ဏား၊ ကောဓံ– အမျက်ထွက်ခြင်း ကောဓကို၊ ဆေတွာ– ဖြတ်တောက်နိုင်သည်ရှိသော်၊ သုခံ– ချမ်းသာစွာ၊ သေတိ– နေရ၏၊ ကောဓံ– အမျက်ထွက်ခြင်း ကောဓကို၊ ဆေတွာ– ဖြတ်တောက်နိုင်သည်ရှိသော်၊ နသောစတိ– မစိုးရိမ်ရ၊ ဝိသမူလဿ– အဆိပ်ပမာ ကြီးစွာဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော၊ မဓုရဂ္ဂဿ– တုံ့ပြန်ရမှ ကျေနပ်ခြင်း အဆုံးရှိသော၊ ကောဓဿ– အမျက်ထွက်ခြင်း ကောဓကို၊ ဝဓံ– ပယ်သတ်ခြင်းကို၊ အရိယာ– ဖြူစင်သောစိတ်ထား ရှိကြကုန်သော သူတော်ကောင်းတို့သည်၊ ပသံသန္တိ– ချီးမွမ်းကြကုန်၏၊ ဟိ– မှန်လှပါပေ၏၊ တံ– ထိုအမျက်ဒေါသကို၊ ဆေတွာ– သတ်ဖြတ်နိုင်မှ သာလျှင်၊ နသောစတိ– ပူပန်ညှိုးမှိန် မစိုးရိမ်ရဘဲ တည်ငြိမ်အေးချမ်းမှု ရနိုင်ပေ၏။

ဗုဒ္ဓဟောကြားတော်မူသော တရားတော်ကို ဘာရဒွါဇပုဏ္ဏားကြီးသည် အလွန်သဘောကျ နှစ်မြို့က်သွားလေသည်။ အကြောင်းကား သူကိုယ်တိုင်က အမျက်ထွက်ခြင်းကောဓ ဖြစ်လာသည့်အတွက် အိပ်မပျော်ခြင်း၊ စားမဝင်ခြင်း၊ ခံပြင်းခြင်း စသော စိတ်ဒုက္ခအမျိုးမျိုးကို တွေ့ကြုံခံစားလာရသည်ဖြစ်၍ အမျက်ထွက်ခြင်း ကောဓ၊ ဒေါသမရှိမှ ချမ်းသာစွာ နေရသည်ဟူသော ဗုဒ္ဓ တရားတော်ကို လက်ပေါ်တွင် ပတ္တမြားတင်သကဲ့သို့ ထင်ရှားစွာ သဘောပေါက်သိမြင်သွားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘာရဒွါဇပုဏ္ဏားကြီးသည် ဗုဒ္ဓထံတွင် ရဟန်းပြုကာ ရဟန်းတရား ကြိုးစားအားထုတ်၍ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေသည်။

ဝေဝံ၏ ဂရဟာဏာအနက်က ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံသဘော

ဗုဒ္ဓဟောကြားတော်မူထားအပ်သော ပိဋကတော်သုံးပုံ၌ ထိုကဲ့သို့ ဗုဒ္ဓနှင့်ဆက်စပ်၍ ကဲ့ရဲ့ပြစ်တင်ခြင်းကို အကြောင်းပြု၍ နောက်ဆုံးတွင် ထိုကဲ့ရဲ့သူတို့သည်ပင်လျှင် ဗုဒ္ဓ၏ တပည့်သာဝကအဖြစ်သို့ ရောက်ရှိသွားသော သာဓကတို့သည် မြောက်များစွာရှိလေသည်။ ထို့ကြောင့် ဤ၌ ဝေဝံ၏ ဂရဟာဏာအနက်က ဤသို့ ဆုံးမဩဝါဒပေးခြင်း၊ တရားဟောခြင်းများ ပြုလုပ်နိုင်ပေသည်။

၁။ လူ့လောက၌ ကဲ့ရဲ့ပြစ်တင်ခြင်းမှ လွတ်သောသူဟူ၍ တစ်စုံတစ်ဦးမျှ မရှိချေ။ ပညာမဲ့သူတို့ကိုလည်း ကဲ့ရဲ့ကြသည်။ ပညာရှိသူတို့ကိုလည်း ကဲ့ရဲ့ကြသည်။ သူယုတ်မာတို့ကိုလည်း ကဲ့ရဲ့ကြသည်။ သူတော်ကောင်းတို့ကိုလည်း ကဲ့ရဲ့ကြသည်။ လူမိုက်တို့ကိုလည်း ကဲ့ရဲ့ကြသည်။ လူလိမ္မာတို့ကိုလည်း ကဲ့ရဲ့ကြသည်။ လူပျင်း၊ လူဖျင်း၊ လူနုံ၊ လူအ

တို့ကိုလည်း ကဲ့ရဲ့ကြသည်။ လုံလဝီရိယရှိသူ၊ ပါးနပ်ဖျတ်လတ်သူတို့ကိုလည်း ကဲ့ရဲ့ကြသည်။ လူမွဲ၊ လူဆင်းရဲတို့ကို လည်း ကဲ့ရဲ့ကြသည်။ လူသူဌေး၊ လူသူကြွယ်တို့ကိုလည်း ကဲ့ရဲ့ကြသည်။ ဘယ်လိုပုံစံမျိုးနှင့်နေနေ လုံးဝအကဲ့ရဲ့လွတ် မည်ကား မဟုတ်ပေ။ အနည်းနှင့်အများ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံကြရမည်ဖြစ်သည်။ ထို့ကြောင့် ကဲ့ရဲ့ပြစ်တင်ခြင်းသဘော သည် လူ့လောကကြီး၏ သဘောဓမ္မတာတစ်ခုဟူ၍ အလေးအနက် သိမြင်ထားကြရပေမည်။

အဓိကအရေးကြီးသည်မှာ စိတ်ထားဖြူစင်သန့်ရှင်းရန် အရေးကြီးသည်။ မှန်ကန်သော အယူဝါဒကို မတုန်မလှုပ် သက်ဝင်ယုံကြည်ရန် အရေးကြီးသည်။ ကိုယ်ကျင့်တရားကောင်းမွန်ရန် အရေးကြီးသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားများကို ရှေ့တန်းတင်ရန် အရေးကြီးသည်။ ခွင့်လွှတ်တတ်ရန်၊ သည်းခံတတ်ရန်၊ ဒေါသ ကို ထိန်းသိမ်းနိုင်ရန် အရေးကြီးသည်။ ထိုအရေးကြီးသော အချက်များကို လိုက်နာကျင့်သုံးနိုင်သည်နှင့်အမျှ ကဲ့ရဲ့ပြစ် တင်သူပင်လျှင် ထိုကဲ့ရဲ့ပြစ်တင်ခြင်းကို အကြောင်းပြုဆက်စပ်၍ မိမိ၏ တပည့်သာဝကလည်း ဖြစ်လာနိုင်သည်။ လူကောင်း တစ်ဦးလည်း ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် သင်တို့သည် အထက်ပါ အရေးကြီးသောကိစ္စများကို ပြုလုပ်ကြပါကုန် လော့။

ဝေဠ၏ ဝစန သမ္ဗန္ဓိဂ္ဂဟအနက်က သိ, မှတ်, ကျင့်သုံးဖွယ်ရာများကို ညွှန်းဆိုပုံ

ဝေဠ၏ ဂရုဟာဏအနက်ကို ဖွင့်ဆိုပြပြီးနောက် အဋ္ဌကထာဆရာသည် ဝေဠ၏ ဝစန သမ္ဗန္ဓိဂ္ဂဟအနက်ကို ဖွင့်ဆိုပြလေသည်။

ဝေဠဘန္တေတိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ *(မ- ၁- ၁)*

ဘန္တေ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား၊ ဝေ- ကောင်းပါပြီ၊ ဣတိခေါ်- ဤသို့လျှင်၊ တေဘိက္ခူ- ထို ရဟန်းတို့သည်၊ ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓအား၊ ပစ္စဿောသုံ- ပြန်ကြားလျှောက်ထားကြလေပြီ။

ဤသို့လာသော ပါဠိရပ်တို့၌ ဝေသဒ္ဒါသည် 'ဝစန သမ္ဗန္ဓိဂ္ဂဟ' အနက်၌ ဖြစ်သည်ဟု အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုပြထား ကြလေသည်။

အထက်ပါပါဠိရပ်သည် မူလပဏ္ဏာသပါဠိတော်၊ မူလပရိယာယသုတ် (နာ- ၁)၌ လာရှိသည်။ ၎င်းပါဠိရပ်နှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၏ ဖွင့်ဆိုချက်များအနက်မှ ဤ၌ဆိုလိုရင်း အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရဟန်းတို့ဟူ၍ ခေါ်ဆိုရခြင်းအကြောင်း

ဗုဒ္ဓသည် ရဟန်းတော်ငါးရာတို့အား ဤမူလပရိယာယသုတ္တန် တရားတော်ကို ဟောကြားတော်မူပါသည်။ ဟောတော်မမူမီ ရှေးဦးစွာ-

'ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ'။ ဘဂဝါ- တစ်လောကလုံးက အလေးဂရု ပြုတော်မူအပ်သော ရှင်တော်ဗုဒ္ဓ သည်၊ ဘိက္ခူ- ရဟန်းတို့ကို၊ ဘိက္ခဝေါတိ- ရဟန်းတို့ဟူ၍၊ အာမန္တေသိ- ခေါ်တော်မူလိုက်ပါပြီ။

ထိုရဟန်းတော်ငါးရာတို့သည် ဗုဒ္ဓထံပါး၌ ရှိနေသည်ဖြစ်၍ ဗုဒ္ဓသည် ဟောလိုသောတရားကို တန်း၍ ဟောတော်မူနိုင်သည်ဖြစ် ပါလျက် မဟောသေးဘဲ 'ရဟန်းတို့' ဟူ၍ ခေါ်တော်မူလိုက်ခြင်းသည် တရားကို ရိုသေစွာ နာနိုင်ရန်အတွက် သတိတရားကို ဖြစ် စေရန် ခေါ်တော်မူလိုက်ခြင်းဖြစ်သည်။

မှန်ပါသည်။ 'ရဟန်းတို့' ဟူ၍ ခေါ်တော်မမူဘဲ တရားကို တန်း၍ ဟောတော်မူမည်ဆိုလျှင် တရားနာရဟန်းတို့သည် အခြားအရာကို ကြံမူလည်း ကြံစည်နေတတ်သည်။ ဟိုဟိုဒီဒီ အာရုံများဆီသို့ စိတ်ပျံ့လွင့်မူလည်း ပျံ့လွင့်နေတတ်သည်။ ကမ္မဋ္ဌာန်း တစ်ခုခုကိုလည်း နှလုံးသွင်းမူလည်း နှလုံးသွင်းနေတတ်သည်။ ထိုသို့ဖြစ်လျှင် ဗုဒ္ဓဟောကြားတော်မူအပ်သော တရားတော်ကို ကောင်းစွာမမှတ်သားနိုင် ဖြစ်တတ်လေသည်။ ထိုသို့မဖြစ်ရအောင် တရားကို မဟောသေးဘဲ 'သတိဇနနတ္ထံ' သတိကို ဖြစ်စေခြင်း အကျိုးငှာ ဗုဒ္ဓသည် 'ဘိက္ခဝေါတိ- ရဟန်းတို့' ဟူ၍ ခေါ်တော်မူလိုက်ခြင်း ဖြစ်ပါသည်။

ရဟန်းတို့က ဝန်ခံပုံနှင့် ဗုဒ္ဓက ဆက်၍တရားဟောတော်မူခြင်း

'ဘိက္ခဝေါတိ– ရဟန်းတို့' ဟူ၍ ဗုဒ္ဓက ခေါ်တော်မူလိုက်သောအခါ ထိုရဟန်းငါးရာတို့သည် 'ဘဒ္ဒန္တေတိ– အရှင်ဘုရား' ဟူ၍ ဘဂဝတော– ရှင်တော်ဗုဒ္ဓအား၊ ပစ္စဿောသုံ– ပြန်ကြားလျှောက်ထားကြကုန်ပြီ။

ဘဂဝါ ဧတဒဝေါစ သဗ္ဗဓမ္မ မူလပရိယာယံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ တံ သုဏာထ သာဓုကံ မနသိကရောထ ဘာသိဿာမီတိ

ဘိက္ခဝေ– ရဟန်းတို့၊ သဗ္ဗဓမ္မ မူလပရိယာယံ– တရားအားလုံးတို့၏ အကြောင်းရင်းဒေသနာဖြစ်သော သဗ္ဗဓမ္မ မူလပရိယာယသုတ် တရားတော်ကို၊ ဝေါ– သင်တို့အား၊ အဟံ– ငါဗုဒ္ဓသည်၊ ဒေသေဿာမိ– ဟောကြားပေအံ့၊ တံ– ထိုတရားဒေသနာတော်ကို၊ သုဏာထ– နာကြကုန်လော့၊ သာဓုကံ– ကောင်းစွာ၊ မနသိကရောထ– နှလုံးသွင်းကြကုန်လော့၊ ဘဂဝါ– တစ်လောကလုံး၏ အလေးပြုအပ်သော ရှင်တော်ဗုဒ္ဓသည်၊ ဧတံ– ဤစကားကို၊ အဝေါစ– မိန့်တော်မူလိုက်ပြီ။

ဧဝံ ဘန္တေတိ ခေါ တေဘိက္ခူ ဘဂဝတော ပစ္စဿောသုံ

ဘန္တေ– အရှင်ဘုရား၊ ဧဝံ– ကောင်းပါပြီ၊ ဣတိခေါ– ဤသို့လျှင်၊ တေဘိက္ခူ– ထိုရဟန်းတို့သည်၊ ပစ္စဿောသုံ– ပြန်ကြားလျှောက်ထားကြကုန်ပြီ။

အထက်ပါပါဠိရပ်၌ လိုရင်းကား **'ဧဝံဘန္တေ'** ဟူသော ပါဠိစကားဖြစ်သည်။ ဗုဒ္ဓက 'ရဟန်းတို့ သင်တို့ကို ငါတရားဟောမယ်၊ ငါ့တရားကို ရိုသေစွာ နာကြားကြကုန်လော့'ဟု မိန့်တော်မူသောကြောင့် '**ဧဝံ ဘန္တေ**– အရှင်ဘုရား ကောင်းပါပြီ၊ တပည့်တော်တို့ ရိုသေစွာ နာကြားပါမည်' ဟူ၍ ဝန်ခံလိုက်ခြင်း ဖြစ်လေသည်။ ယင်းသည်ပင် ဧဝံ၏ ဝစန သမ္ပဋိဂ္ဂဟအနက် ဖြစ်လေသည်။

ဘုရားဟောကို ဝမ်းမြောက်ဝမ်းသာ မဖြစ်နိုင်ကြပုံ

ရဟန်းတော်ငါးရာတို့သည် ဗုဒ္ဓဟောကြားတော်မူအပ်သော မူလပရိယာယသုတ္တန်တရားတော်ကို **'ဧဝံ ဘန္တေတိ'**ဟူ၍ ကောင်းစွာဝန်ခံကြသည့်အတိုင်း အစအဆုံးတရားတော်ကို ရိုသေစွာ နာကြားပါသော်လည်း ဗုဒ္ဓဟောကြားတော်မူအပ်သော တရားတော်ကို သဘောမပေါက် နားမလည်ကြသည့်အတွက် ဝမ်းမြောက်ဝမ်းသာမဖြစ်ဘဲ ရှိကြလေသည်။

အခြားသော သုတ္တန်တရားတော်ကို နာကြားကြရကုန်သော ရဟန်းရှင်လူအားလုံးတို့သည် တရားအဆုံး၌ နားလည် သဘောပေါက်ကြသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်ချည်း ဖြစ်သည်။

ဤ၌ ဗုဒ္ဓကလည်း တရားတော်ကို ကောင်းစွာဟောကြားပါလျက်၊ ရဟန်းတော်ငါးရာတို့ကလည်း **'ဧဝံ ဘန္တေတိ'** ဟူသော ဝန်ခံချက်ရှိသည့်အတိုင်း ရိုသေစွာ နာကြားကြပါကုန်လျက် အဘယ်ကြောင့် ထိုရဟန်းတော်ငါးရာတို့သည် ဝမ်းမြောက်ဝမ်းသာ မဖြစ်ဘဲ ရှိကြရကုန်သနည်း။

အကြောင်းကား ဗုဒ္ဓသည် ထိုမူလပရိယာယသုတ္တန်တရားတော်ကို ထိုရဟန်းတော်ငါးရာတို့ကို သဘောပေါက်နားလည်ရန် ဟောကြားသည်မဟုတ်ပေ။ ထိုရဟန်းတော်ငါးရာတို့၏ မာန်မာနကို ချိုးဖျက်လိုသည့်အတွက်ကြောင့် ဟောကြားတော်မူရခြင်းဖြစ်လေသည်။

မူလပရိယာယသုတ္တန်တရားတော်ကို ဟောကြားတော်မူရခြင်း အကြောင်းအခြင်းအရာ

လူ့ဘဝတုန်းက ဗြာဟ္မဏအယူရှိကြပြီး ဗေဒင်သုံးပုံ၌ ပါရဂူရောက် တတ်မြောက်ကြသော ထိုရဟန်းတော်ငါးရာတို့သည် ဗုဒ္ဓတရားတော်ကို နာကြားရသောအခါ ကာမဂုဏ်စည်းစိမ်တို့၌ အပြစ်ကိုမြင်ပြီး သဒ္ဓါတရားဖြင့် ရဟန်းပြုကြသူများ ဖြစ်ကြသည်။ ကမ္မဋ္ဌာန်းတရားကို အားမထုတ်သေးဘဲ ပိဋကသုံးပုံတည်းဟူသော ပရိယတ်ကို သင်ကြားပြီးသောအခါ၌ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ကြသဖြင့် ဗုဒ္ဓတရားဟောတော်မူတိုင်း နားလည်သည်ချည်း ဖြစ်လေသည်။

'ဗုဒ္ဓလည်း ပိဋကသုံးပုံကို တတ်မြောက်သည်။ ငါတို့လည်း ပိဋကသုံးပုံကို တတ်မြောက်သည်။ ဤအရာ၌ ငါတို့နှင့် ဗုဒ္ဓ

သည် ပညာချင်းတူသည်' ဟူ၍ စိတ်ကြီးဝင်လျက် ထောင်လွှားတက်ကြွခြင်း မာန်မာနလွှမ်းမိုးလေသောကြောင့် ဗုဒ္ဓကိုလည်း ဆည်းကပ်ခြင်းမပြု။ တရားတော်ကိုလည်း နာကြားခြင်း မပြုကြတော့ပေ။

တစ်နေ့သောအခါ၌ ဥက္ကဋ္ဌမြို့၏အနီး သုဘဂတောအုပ်ရှိ တောစိုးသစ်ပင်ကြီးအနီး၌ ဗုဒ္ဓသီတင်းသုံးနေတော်မူစဉ် ထိုဗြာဟ္မဏမျိုး မာနကြီးရဟန်းတော် ငါးရာတို့သည် ဗုဒ္ဓထံသို့ ရောက်လာကြသည်ဖြစ်၍ အထက်ကဖော်ပြခဲ့သည့်အတိုင်း မူလပရိယာယသုတ္တန်တရားတော်ကို ဟောတော်မူရာ တရားအဆုံးတွင် နားမလည် သဘောမပေါက်ကြသည့်အတွက် ဝမ်းမြောက်ဝမ်းသာ မဖြစ်ကြခြင်း ဖြစ်သည်။

ရဟန်းတော်ငါးရာတို့ မာနကျသွားခြင်း

ထိုအချိန်မှစ၍ ထိုရဟန်းတော်ငါးရာတို့၏ ထောင်လွှားတက်ကြွ မာန်မာနတို့သည်လည်း ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ဖြစ်သွားလေတော့သည်။

'ဗုဒ္ဓ၏ ဘုန်းတန်ခိုးအာနုဘော်သည် ကြီးမားလှပါပေစွ။ အလွန်မာနကြီးကြသော ဗြာဟ္မဏမျိုး ရဟန်းငါးရာတို့သည် မာန်စွယ်ကျိုးသွားကြလေပြီ' ဟူသော သတင်းစကားသည် ရဟန်းလောကကို ရိုက်ခတ်သွားလေသည်။

ဗုဒ္ဓသည် ထိုရိုက်ခတ်မှုကို အကြောင်းပြု၍ ဤရဟန်းငါးရာတို့သည် ယခုမှမဟုတ်၊ ရှေးဘဝတစ်ခုတုန်းကလည်း မာန ထောင်လွှားကြ၍ မာန်စွယ်ကျိုးအောင် တရားပြဿနာကို မေးခဲ့ရကြောင်း၊ မဖြေကြားနိုင်သည့်အတွက် ယခုကဲ့သို့ပင် မာန်စွယ်ကျိုးခဲ့ကြောင်း ဇာတ်အဌကထာ ဒုကနိပါတ်လာ မူလပရိယာယဇာတ်တော်ကို ဟောကြားလေသည်။

ထိုရဟန်းတော်ငါးရာတို့သည် ထိုဇာတ်တော်ကို နာကြားရသဖြင့်လည်း အတိုင်းထက်အလွန် မာန်မာနကျိုး၍ ဗုဒ္ဓ၏ ဝေယျာဝစ္စအမှုကိုလည်း ရိုသေစွာ ပြုလုပ်ကြလေသည်။ ဗုဒ္ဓ၏တရားတော်ကိုလည်း ရိုသေစွာ နာကြားကြလေသည်။

ရဟန်းငါးရာတို့ ရဟန္တာဖြစ်ကြခြင်း

ထိုမှနောက်ကာလ၌ ထိုရဟန်းတော်ငါးရာတို့၏ ဉာဏ်ပညာသည် ရင့်ကျက်လာခဲ့ပြီဖြစ်၍ ဗုဒ္ဓသည် ဝေသာလီပြည် ဂေါတမကစေတီ၌ သီတင်းသုံးနေတော်မူစဉ် ထိုရဟန်းတော်ငါးရာတို့အား အင်္ဂုတ္တိုရ် တိကနိပါတ်လာ အောက်ပါ ဂေါတမကစေတီ သုတ်ကို ဟောကြားတော်မူလေသည်။

'ရဟန်းတို့ ထူးသောဉာဏ်ဖြင့် သိ၍သာ တရားကို ငါဟောကြားသည်။ မသိမူ၍ ငါဟောကြားသည် မဟုတ်ပေ။ အကြောင်းရှိသော တရားကိုသာ ငါဟောကြားသည်။ အကြောင်းမရှိသော တရားကို ငါမဟောကြားပေ။ ဆန့်ကျင်ဘက်ရာဂစသည်ကို ပယ်ခြင်း 'ပြာဋိဟာ'ရှိသော တရားကိုသာ ငါဟောကြားသည်။ ဆန့်ကျင်ဘက်ရာဂစသည်ကို ပယ်ခြင်းမရှိသော တရားကို ငါမဟောကြားပေ။ (ပ) ရဟန်းတို့ ဗုဒ္ဓသည် အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော ဗုဒ္ဓသာ ဖြစ်သည်။ တရားတော်သည် ကောင်းစွာဟောကြားထားအပ်သော တရားတော်သာ ဖြစ်သည်။ သံဃာတော်သည် ကောင်းစွာကျင့်တော်မူသော သံဃာတော်များ သာ ဖြစ်သည်'ဟု သင်တို့ နှစ်သက်ထိုက်လှပေသည်။ ဝမ်းမြောက်ထိုက်လှပေသည်။ ရွှင်လန်းထိုက်လှပေသည်။

ဗုဒ္ဓသည်လည်း ထိုတရားတော်ကို ကောင်းစွာဟောကြားတော်မူသည်။ ရဟန်းတော်ငါးရာတို့သည်လည်း ထိုတရားတော်ကို ကောင်းစွာနာကြားကြပေသည်။ ဤတရားအဆုံး၌ ထိုရဟန်းတော်ငါးရာတို့သည် ဝမ်းမြောက်ဝမ်းသာ လက်ခံကြပြီးနောက် ပဋိသမ္ဘိဒါပတ္တ ရဟန္တာငါးရာအဖြစ်သို့ ရောက်ရှိသွားကြလေသည်။ ဤကမ္ဘာမြေကြီးသည်လည်း သွက်သွက်ခါ တုန်လှုပ်သွားလေသ တည်း။

ဓဝ်၏ ဝစန သမ္ပဋိဂ္ဂဟအနက်က ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံ သဘော

ပိဋကသုံးပုံ၌ 'ဓဝ ဘန္တေတိ' ဟူသော ဝစန သမ္ပဋိဂ္ဂဟ အနက်တို့သည် မြောက်များစွာသော အကြောင်းအခြင်းအရာတို့၌ မြောက်များစွာ ရှိနေသည်။ ဤ၌ ဓဝ်၏ ဝစန သမ္ပဋိဂ္ဂဟအနက်က ဤသို့ တရားဟောခြင်း၊ ဆုံးမဩဝါဒပေးခြင်းများ ပြုလုပ်နိုင်ပေသည်။

'ဓဝ ဘန္တေတိ- အရှင်ဘုရား ကောင်းပါပြီ' ဟူ၍ ဝစန သမ္ပဋိဂ္ဂဟ – ဝန်ခံလိုက်သည့် စကားအတိုင်း တရားတော်ကို

ရှိသေစွာ နာကြားကြရမည်ဖြစ်သည်။ ကိုယ့်ကိုယ်ကို စိတ်ကြီးဝင်ပြီး မာနကြီးနေလျှင် တစ်စုံတစ်ရာ အကျိုးရှိမည် မဟုတ်ပေ။ 'ဤတရားတွေကို သိပြီးသားပဲ၊ နာပြီးသားပဲ' ဟူသော မာနမျိုး မရှိသင့်ပေ။ မာနကိုပယ်ခွါပြီး တရားဟောသော ပုဂ္ဂိုလ်အပေါ်၌လည်းကောင်း၊ တရားတော်အပေါ်၌ လည်းကောင်း မာနကို ခဝါချပြီး ရိုသေလေးစားမှု ရှိမှသာလျှင် တစ်စုံတစ်ခုသော အကျိုးရလာဒ်ကို ကောင်းစွာရရှိကြမည်ဖြစ်သည်။

ထို့ကြောင့် မိမိအတွက် အကျိုးတစ်စုံတစ်ရာ ရလိုသည်ဆိုပါက သင်တို့သည်-

ဆရာဝတ္တရားများကို ရိုသေစွာပြုကြကုန်လော့၊

ဆရာဟောသောတရားတော်ကိုလည်း ရိုသေစွာ နာကြကုန်လော့၊

တရားကိုလည်း ရိုသေစွာ ကျင့်သုံးကြကုန်လော့၊

မာနကိုလည်း ခဝါချကြကုန်လော့၊

ဝန်ခံစကား ကတိများကို မဖျက်ကြပါကုန်လင့်၊

သစ္စာတရား၌တည်သူ ဖြစ်ကြပါကုန်လော့၊

(၆) ဝေဇ၏ အာကာရအနက်က သိ၊ မှတ်၊ ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဝေဇ၏ ဝေန သမ္ဘင်္ဂဟအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီးနောက် အဋ္ဌကထာဆရာသည် ဝေဇ၏ အာကာရအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုလေသည်။

ဝေဗျာခေါ် အဟံ ဘန္တေ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ

ဘန္တေ- အရှင်ဘုရား၊ **အဟံ**- တပည့်တော်သည်၊ **ဘဂဝတာ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဒေသိတံ**- ဟောတော်မူအပ်သော၊ **ဓမ္မံ**- တရားတော်ကို၊ **ဝေဗျာခေါ်**- ဤအခြင်းအရာအတိုင်းသာလျှင်၊ **အာဇာနာမိ**- သိပါ၏။

(ဤ၌ ဝေဗျာခေါ် သည် ဝေဇ၏ အာကာရအနက်ကို ပြဆိုသောသာဓကဖြစ်သည်။)

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသပါဠိတော်၊ မဟာတဏှာသင်္ခယသုတ်- နှာ (၃၂၅)၌ လာရှိလေသည်။ ထိုပါဠိရပ်နှင့် ဆက်စပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့မှ ဆိုလိုချက်အဓိပ္ပါယ်ကို ကောက်နုတ်၍ အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တံငါသည်သား သာတိရဟန်းအား-

ဝေဇမှပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ 'တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ ယထာ တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ အနညံ'န္တိ၊

'ယထာ- အကြင်သို့သော အခြင်းအရာအားဖြင့်၊ **တဒေဝိဒံ ဝိညာဏံ**- ထိုဝိညာဏ်သည်ပင်လျှင်၊ **သန္ဓာဝတိ**- အဖန်တလဲလဲ ပြောင်းသွား၏၊ **သံသရတိ**- ကျင်လည်၏၊ **အနညံ**- ထိုဝိညာဏ်မှတစ်ပါး အခြားသောဝိညာဏ်မဟုတ်၊ **တထာ**- ထိုသို့သော အခြင်းအရာအားဖြင့်၊ **ဘဂဝတာ**- ရှင်တော်ဗုဒ္ဓသည်၊ **ဒေသိတံ**- ဟောတော်မူအပ်သော၊ **ဓမ္မံ**- တရားတော်ကို၊ **အဟံ**- ငါသည်၊ **အာဇာနာမိ**- သိ၏'၊ **ဣတိ**- ဤသို့၊ **ဝေဇမှ**- ဤသို့ သဘောရှိသော၊ **ပါပကံ**- ယုတ်ညံ့သော၊ **ဒိဋ္ဌိဂတံ**- မိစ္ဆာအယူသည်၊ **ဥပ္ပန္နံ ဟောတိ**- ဖြစ်ပေါ်လာလေ၏။

သာတိရဟန်းနှင့် အရိဋ္ဌရဟန်း

ဤသာသနာတော်၌ ဗုဒ္ဓမဟောသောဓမ္မကို ဗုဒ္ဓကဟောသယောင်ပြု၍ ပြောဆိုရာ၌ ထင်ရှားသော ရဟန်းနှစ်ပါး ရှိလေသည်။ တစ်ပါးမှာ အရိဋ္ဌရဟန်း ဖြစ်ပြီး တစ်ပါးမှာ ယခုဖော်ပြမည်ဖြစ်သော တံငါသည်သား သာတိရဟန်း ဖြစ်လေသည်။

အရိဋ္ဌရဟန်းသည် ဗဟုသုတရှိသော ရဟန်းဖြစ်ပြီး သာတိရဟန်းကား ဗဟုသုတနည်းပါးသော ရဟန်းဖြစ်လေသည်။ ဗုဒ္ဓက ဇာတ်တော်ကို ဟောတော်မူသောအခါ၌ 'ငါသည် ထိုအခါတုန်းက ဝေဿန္တရာမင်း ဖြစ်ခဲ့ဘူးလေပြီ၊ မဟောသဓာ သုခမိန် ဖြစ်ခဲ့ဘူးလေပြီ၊ မဟာဇနကမင်း ဖြစ်ခဲ့ဘူးလေပြီ၊' စသည်ဖြင့် ဇာတ်ပေါင်းတရားကို နာကြားပြီး-

တံငါသည်သားရဟန်း စဉ်းစားမိသည်မှာ 'ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်' ဟူသော ခန္ဓာငါးပါးရှိသည့်အနက် 'ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ' လေးပါးတို့သည် ဖြစ်ရာဘုံဘဝတို့၌ပင် ချုပ်ငြိမ်းခဲ့ကြပြီဖြစ်သည်။ ဤဝိညာဏ်မှုကား ချုပ်ငြိမ်းခြင်း မရှိဘဲ ဤဘဝမှ တစ်ပါးသောဘဝသို့ လည်းကောင်း၊ တစ်ပါးသောဘဝမှ ဤဘဝသို့ လည်းကောင်း အကြောင်းမရှိဘဲ မြဲသည်ဖြစ်၍ ပြောင်းလွဲကျင်လည်နေသည်ဟူ၍ စဉ်းစားပြီးနောက် ဝိညာဏ်နှင့်စပ်သော သဿတ မိစ္ဆာဒိဋ္ဌိအယူကို စွဲမြဲစွာယူကာ အထက်ပါအတိုင်း ပြောဆိုနေလေသည်။

ဗုဒ္ဓကို စွပ်စွဲရာရောက်ခြင်း

ဗုဒ္ဓက 'ဝိညာဏ်သည် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသောတရား ဖြစ်သည်။ အကြောင်းကင်း၍ ဖြစ်ပေါ်လာသော တရားမဟုတ်၊ မြဲသောတရားမဟုတ်' ဟူ၍ ဟောကြားတော်မူထားသည် ဖြစ်ရကား ထိုသာတိရဟန်း ယူဆပြောဆိုချက်သည် ဗုဒ္ဓ၏ ယူဆပြောဆိုချက်နှင့် ပြောင့်ပြောင့်ကြီး ဆန့်ကျင်လျက် ယူဆပြောဆိုခြင်း ဖြစ်လေသည်။

သို့ဖြစ်၍ သာတိရဟန်း၏ ယူဆပြောဆိုချက်သည် ဗုဒ္ဓကို စွပ်စွဲရာလည်း ရောက်သည်။ ဗုဒ္ဓ၏ ဓမ္မစက်ကို ပုတ်ခတ်ရာလည်း ရောက်သည်။ ဗုဒ္ဓ၏ ဝေသာရဇ္ဇဉာဏ်ကို တားမြစ်ရာလည်း ရောက်သည်။ ဝိပဿနာတရားကို နာလိုသောသူတို့အား အလွဲလွဲ အမှားမှားကိုလည်း ဖြစ်စေသည်။ အရိယာလမ်းခရီးကို ဗီလာကန့်လန့် ပိတ်ဆို့ထားရာလည်း ရောက်သည်။

မြို့ပြကျေးရွာများတွင် အလွန်အားကောင်းသော သူပုန်ထမှု ဖြစ်လာသောအခါ၌ ထိုသို့ဖြစ်လာခြင်းသည် လူအများ၏ အကျိုးစီးပွါးမဲ့ခြင်း အကျိုးငှာ၊ ဒုက္ခအကြီးအကျယ်ရောက်ခြင်း အကျိုးငှာ ဖြစ်လေဘိသကဲ့သို့ တံငါသည်သား သာတိရဟန်း၏ ထိုအယူဝါဒသည်လည်း ဗုဒ္ဓသာသနာတော်၌ သူခိုးအကြီးစားဖြစ်ကာ လူအများ၏ အကျိုးစီးပွါးမဲ့ခြင်းငှာ၊ လူအများ၏ ဒုက္ခရောက်ခြင်းငှာ ဖြစ်လေတော့သည်။

ရဟန်းကောင်းတို့ တာဝန်မဲ့ မနေကြခြင်း

ရဟန်းကောင်းတို့သည် သာတိရဟန်း၏ ထိုယုတ်မာသော အယူစကားကို ကြားကြလျှင်–

'ဤကဲ့သို့ ရဟန်းဆိုးများသည် အသင်းအပင်းကို ရခဲ့သည်ရှိသော် ဗုဒ္ဓသာသနာတော်ကို ကွယ်ပျောက်သွားစေနိုင်သည်။ ထိုကဲ့သို့ ရဟန်းဆိုးများ အသင်းအပင်း မစုမိမီ ထိုယုတ်မာသော မိစ္ဆာဒိဋ္ဌိအယူကို စွန့်လွှတ်စေအံ့။'ဟု နှလုံးပိုက်၍ တာဝန်မဲ့ ကြောင့်ကြမဲ့ မနေကြဘဲ ကြားရာကြားရာ အရပ်တို့မှ သာတိရဟန်းရှိရာသို့ ရောက်ရှိလာကြပြီး သာတိရဟန်း၏ အယူဝါဒကို စစ်ဆေးမေးမြန်းကြပြီးနောက် ကြားသိသည့်အတိုင်း မှန်ကန်သည်ဖြစ်၍ ထိုယုတ်မာသော မိစ္ဆာဒိဋ္ဌိအယူကို စွန့်လွှတ်စေလိုသည် ဖြစ်ရကား–

'ငါ့ရှင် သာတိ၊ ဗုဒ္ဓကို မစွပ်စွဲပါနှင့်။ ဗုဒ္ဓကို စွပ်စွဲခြင်းသည် မကောင်းပါ။ ဗုဒ္ဓသည် ထိုသို့ မဟောကြားပါ။ ဝိညာဏ်သည် အကြောင်းမရှိဘဲမဖြစ်။ အကြောင်းကိုစွဲ၍သာ ဖြစ်သည်ဟူ၍သာ ဗုဒ္ဓဟောကြားတော်မူထားပါကြောင်း' စသည်ဖြင့် ဝိုင်းဝန်း ပြောဆို ဆုံးမကြပါသော်လည်း တံငါသည်သား သာတိရဟန်းသည် ထိုယုတ်မာသော အယူကို စွဲမြဲစွာပင်ယူ၍ ပြောဆိုလျက်ပင် ရှိလေသည်။

ဗုဒ္ဓကိုယ်တိုင် ဆုံးမသော်လည်း မစွန့်လွှတ်

ရဟန်းတော်များသည် ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်ကြားပြီးနောက် သာတိရဟန်းသည် ဗုဒ္ဓထံမှောက်သို့ ရောက်သော အခါမှာလည်း ဗုဒ္ဓသည် 'ဝိညာဏ်သည် အကြောင်းတရားကိုစွဲ၍ ဖြစ်ကြောင်း' စသည်ဖြင့် မိန့်ကြားတော်မူသည်။ သို့ရာတွင် တံငါသည်သား သာတိရဟန်းသည် ထိုယုတ်မာသော သဿတမိစ္ဆာဒိဋ္ဌိအယူကိုပင် စွဲစွဲမြဲမြဲ ပြောဆိုယူနေသည်ဖြစ်၍ ဗုဒ္ဓသည် အောက်ပါအတိုင်း မိန့်ကြားတော်မူလိုက်လေတော့သည်။

အထေဝ ပန တွံ့ မောဃပုရိသ အတ္တနာ ဒုဂ္ဂဟိတေန အမှေစေဝ အဗ္ဘာစိက္ခသိ အတ္တာနဉ္စ ခဏသိ ဗဟုဉ္စ အပုညံ ပသဝသိ တံ ဟိ တေ မောဃပုရိသ ဘဝိဿတိ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယာတိ

'မောဃပုရိသ– မဂ်ဖိုလ်မှ အချိန်းနှီးဖြစ်သော ယောက်ျား၊ တွံ– သင်သည်၊ အထေဝ ပန– ထိုသို့ ဝိညာဏ်သည် အကြောင်းတရားကို စွဲ၍ဖြစ်သည်ဟု ငါဟောကြားထားသည်ဖြစ်ပါလျက်၊ တွံ– သင်သည်၊ အတ္တနာ– မိမိသည်၊ ဒုဂ္ဂဟိတေန– မကောင်းသဖြင့် ယူအပ်သော အယူဖြင့်၊ အမှေစေဝ– ငါဗုဒ္ဓတို့ကိုလည်း၊ အဗ္ဘာစိက္ခသိ– စွပ်စွဲဘိ၏၊ အတ္တာနဉ္စ– မိမိကိုလည်း၊ ခဏသိ– တူးဖြို ဖျက်ဆီးဘိ၏၊ ဗဟုံ– များစွာသော၊ အပုညံ– မကောင်းမှုကိုလည်း၊ ပသဝသိ– တိုးပွါးစေ၏၊ မောဃပုရိသ– မဂ်ဖိုလ်မှ အချိန်းနှီးဖြစ်သော ယောက်ျား၊ တံ– ထိုသို့ဖြစ်ခြင်းသည်၊ ဒီဃရတ္တံ– ရှည်မြင့်စွာသော နေ့ညပတ်လုံး၊ တေ– သင်၏၊ အဟိတာယ– အကျိုးစီးပွါးမဲ့ခြင်းငှာ၊ ဒုက္ခာယ– ဆင်းရဲခြင်းငှာ၊ ဘဝိဿတိ– ဖြစ်လတ္တံ့၊' ဣတိ– ဤသို့ မိန့်တော်မူပြီ။

သာတိရဟန်းသည် ဗုဒ္ဓက ထိုသို့မိန့်တော်မူသည့်တိုင်အောင်လည်း ထိုသဿတမိစ္ဆာဒိဋ္ဌိအယူကိုပင် ဆက်လက်စွဲမြဲစွာ ယူသည်ဖြစ်၍ ဤဘဝ၌ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို မရနိုင်သည့်အပြင် တမလွန်ဘဝ၌လည်း အပါယ်ငရဲမှာ ကျခံရတော့မည် ဖြစ်သည်။

အရိဋ္ဌရဟန်း မိစ္ဆာဒိဋ္ဌိအယူကို ယူပုံ

အရိဋ္ဌရဟန်းသည်လည်း တံငါသည်သား သာတိရဟန်းကဲ့သို့ 'ဝေဖျာခေါ်– ဤအခြင်းအရာတိုင်းသာလျှင်၊ အာဇာနာမိ– သိပါ၏' ဟူသော ယုတ်မာသော မိစ္ဆာဒိဋ္ဌိကိုယူသော ရဟန်းတစ်ပါး ဖြစ်လေသည်။ အရိဋ္ဌရဟန်း၏ မိစ္ဆာဒိဋ္ဌိယူပုံနှင့်စပ်၍ ဝိနည်း ပါစိတ္တိယပါဠိတော် အရိဋ္ဌသိက္ခာပုဒ် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ လည်းကောင်း၊ ဝိနည်းစူဠဝါပါဠိတော် ဥက္ခေပနီယကမ္မ အခန်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ လည်းကောင်း၊ မူလပဏ္ဏာသပါဠိတော် အလဂဒ္ဒူပမသုတ် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ လည်းကောင်း ပါရှိလေသည်။ ကျယ်ဝန်းစွာ ဖွင့်ဆိုထားကြသော ထိုပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့မှ ကောက်နုတ်၍ ဤ၌ လိုအပ်သော လိုရင်းအဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို မရနိုင်သော အန္တရာယ်ငါးမျိုး

အရိဋ္ဌရဟန်းသည် သုတ်၊ အဘိဓမ္မာတို့၌ ဗဟုသုတ ကြွယ်ဝသော်လည်း ဝိနည်းပညတ်တော်၌ မကျွမ်းကျင်သည့် အားလျော်စွာ ဗုဒ္ဓဟောကြားတော်မူထားအပ်သော နတ်ရွာနိဗ္ဗာန်၊ မဂ်၊ ဖိုလ်တို့ကို တားမြစ်စေတတ်သော–

(၁) ကမ္မန္တရာယ်၊ (၂) ကိလေသန္တရာယ်၊

(၃) ဝိပါကန္တရာယ်၊ (၄) အရိယူပဝါဒန္တရာယ်၊

(၅) သိက္ခာပုဒ်တော်ကိုသိလျက် ကျူးလွန်ခြင်းကြောင့် ဖြစ်သော ပညတ္တိအာဏာဝီတိက္ကမန္တရာယ်

ဟူ၍ အန္တရာယ်ငါးမျိုး ရှိသည့်အနက်က ရှေ့လေးမျိုးကို နားလည်ပြီး ငါးခုမြောက်အန္တရာယ်ကို နားမလည်ချေ။ နောက်ဆုံးဖြစ်သော ငါးခုမြောက်အန္တရာယ်သည် မေထုန်ကျူးလွန်မှုကြောင့် ပါရာဇိကအာပတ်သင့်သော ရဟန်းသည် လူမထွက်သမျှ လူ့ပြည်၊ နတ်ရွာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ မရောက်နိုင်သော အန္တရာယ်ဖြစ်ချေသည်။ ထိုအန္တရာယ်ကို နားမလည်သည့်အတွက် အရိဋ္ဌရဟန်းသည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ အောက်ပါအတိုင်း စဉ်းစားလေတော့သည်။

အရိဋ္ဌရဟန်း ကြံစည်ပုံ

လူတို့သည် ကာမဂုဏ်ကို ခံစားရင်းပင် 'သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်' ဖြစ်ကြသည်။ ယင်းသို့ဆိုလျှင် ရဟန်းတော်များသည်လည်း ကာမဂုဏ်ကို ခံစားရင်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်ပေသည်။ သို့ဖြစ်ပါလျက် ဗုဒ္ဓသည် မေထုန်မှီဝဲလျှင် ပါရာဇိကကျသည်ဟု အဘယ့်ကြောင့် သိက္ခာပုဒ်တော်ကို ပညတ်ရသနည်း။

ရဟန်းတော်များသည် ကောင်းမွန်လှပသော အဆင်း၊ အနံ့၊ အရသာရှိသော နူးညံ့လှသော ဖဲမွေ့ရာ ကမ္ဗလာအဝတ်တို့ကို သုံးဆောင်နိုင်ခွင့်ရှိသည် ဖြစ်ပါလျက် မိန်းမ၏ မေထုန်အတွေ့၌ အဘယ်ကြောင့် မအပ်ဘဲရှိရမည်နည်း။ အပ်ရမည်သာ။ သို့ဖြစ်၍

ရဟန်းတော်များသည် မေထုန်မှီဝဲသည့်အတွက် လူ့ရွာ၊ နတ်ပြည်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၏ အန္တရာယ်ကို မဖြစ်စေနိုင်ဟု သုံးဆောင်ကောင်းသော ဖဲမွေ့ရာ ကမ္ဗလာအတွေ့နှင့် မသုံးဆောင်ကောင်းသော မိန်းမတို့၏ မေထုန်အတွေ့ကို အတူထားလျက် စဉ်းစားပြီး ထိုယုတ်မာသော မိစ္ဆာဒိဋ္ဌိအယူကို စွဲမြဲစွာ ယူလေတော့သည်။ ထို့ကြောင့် အရိဋ္ဌရဟန်းသည် အောက်ပါစကားကို ပြောကြားလေတော့သည်။

ဝေရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ။ တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ။ ယထာ ယေ မေ အန္တရာယိကာဓမ္မာ ဝုတ္တာ ဘဂဝတာ တေ ပဋိသေဝတော နာလံ အန္တရာယာယာတိ။

ဘဂဝတာ– ရှင်တော်ဗုဒ္ဓသည်၊ **ယေ တ္တမေ ဓမ္မာ**– အကြင်တရားတို့ကို၊ **အန္တရာယိကာ**– နတ်ရွာ၊ နိဗ္ဗာန်၊ ရွာန်၊ မဂ်၊ ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်ကုန်၏ ဟူ၍၊ **ဝုတ္တာ**– ဟောတော်မူအပ်ကုန်၏၊ **တေ**– ထိုတရားတို့သည်၊ **ပဋိသေဝတော**– မှီဝဲသောသူအား၊ **အန္တရာယာယ**– နတ်ရွာ၊ နိဗ္ဗာန်၊ ရွာန်၊ မဂ်၊ ဖိုလ် အန္တရာယ်ကို ပြုခြင်းငှာ၊ **နာလံ**– မစွမ်းနိုင်ကုန်၊ **တထာ**– ထိုအခြင်းအရာအားဖြင့်၊ **ဘဂဝတာ**– ရှင်တော်ဗုဒ္ဓသည်၊ **ဒေသိတံ**– ဟောတော်မူအပ်သော၊ **ဓမ္မံ**– တရားကို၊ **အတံ**– ငါသည်၊ **အာဇာနာမိ**– သိ၏၊ **တ္တတိ**– ဤသို့၊ **ဝေရူပံ**– ဤသို့သဘောရှိသော၊ **ပါပကံ**– ယုတ်မာသော၊ **ဒိဋ္ဌိဂတံ**– မိစ္ဆာအယူသည်၊ **ဥပ္ပန္နံ ဟောတိ**– ဖြစ်လေပြီ။

ရဟန်းတော်များနှင့် ရှင်တော်ဗုဒ္ဓ ဆုံးမကြသော်လည်း မရ

ရဟန်းကောင်းတို့သည် ကြားရာအရပ်မှ အရိဋ္ဌရဟန်းရှိရာ အရပ်သို့ ရောက်ရှိလာကြပြီး 'ဗုဒ္ဓကို မစွပ်စွဲပါနှင့်။ ရှင်တော်ဗုဒ္ဓသည် များစွာသောအကြောင်းဖြင့် ကာမဂုဏ်တို့၏ အပြစ်တို့ကို ဟောကြားထားသည်' စသည်ဖြင့် ဝိုင်းဝန်းပြောဆိုဆုံးမကြသော်လည်း မရသည်ဖြစ်၍ နောက်ဆုံး ဗုဒ္ဓရှေ့တော်မှောက်သို့ အရိဋ္ဌရဟန်းရောက်ပြီး ဗုဒ္ဓကိုယ်တိုင် ဆိုဆုံးမပါလျက်လည်း အရိဋ္ဌရဟန်းသည် ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

ဝေံဗျာခေါ် အဟံ ဘန္တေ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ ယထာ ယေ မေ အန္တရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ တေ ပဋိသေဝတော နာလံ အန္တရာယာယာတိ

ဘန္တေ– ရှင်တော်ဘုရား၊ **ယေတ္တမေဓမ္မာ**– အကြင်တရားတို့ကို၊ **အန္တရာယိကာ**– နတ်ရွာ၊ နိဗ္ဗာန်၊ ရွာန်၊ မဂ်၊ ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်ကုန်၏ဟူ၍၊ **ဘဂဝတာ**– ရှင်တော်ဗုဒ္ဓသည်၊ **ဝုတ္တာ**– ဟောတော်မူအပ်ကုန်၏။ **တေ**– ထိုရဟန်းတို့သည်၊ **ပဋိသေဝတော**– မှီဝဲသောသူအား၊ **အန္တရာယာယ**– နတ်ရွာ၊ နိဗ္ဗာန်၊ ရွာန်၊ မဂ်၊ ဖိုလ်တို့၏ အန္တရာယ်ကို ပြုခြင်းငှာ၊ **နာလံ**– မစွမ်းနိုင်ကုန်၊ **ဝေံဗျာခေါ်**– ဤအခြင်းအရာအတိုင်းသာလျှင်၊ **အဟံ**– တပည့်တော်သည်၊ **ဘဂဝတာ**– ရှင်တော်ဗုဒ္ဓသည်၊ **ဒေသိတံ**– ဟောကြားတော်မူအပ်သော၊ **ဓမ္မံ**– တရားကို၊ **အာဇာနာမိ**– သိပါ၏၊ **တ္တတိ**– ဤသို့ အရိဋ္ဌရဟန်းသည် ဗုဒ္ဓအား မိမိ၏ ယုတ်မာသော မိစ္ဆာဒိဋ္ဌိအယူကို စွဲစွဲမြဲမြဲ လျှောက်ထားလေပြီ။

ဗုဒ္ဓမိန့်ကြားတော်မူပုံ

ထိုအခါ ဗုဒ္ဓသည် အောက်ပါအတိုင်း မိန့်ကြားတော်မူလိုက်လေသည်။

'မဂ်၊ ဖိုလ်မှ အချီးနှီးဖြစ်သော ယောက်ျား၊ ငါသည် အဘယ်သူအား ဤလိုတရားမျိုးကို ဟောကြားသည်ကို သင်သိဘိသနည်း။ ငါသည် များစွာသောအကြောင်းဖြင့် နတ်ရွာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တို့၏ အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို အန္တရာယ်ကိုပြုတတ်သော တရားတို့ဟူ၍ ဟောထားသည် မဟုတ်လော။ ငါသည် ကာမဂုဏ်တို့ကို သာယာဖွယ်နည်းကုန်၏။ ဆင်းရဲများကုန်၏။ ပြင်းစွာစိတ်ပင်ပန်းခြင်း များကုန်၏။ ဤကာမဂုဏ်တို့သည် အပြစ်များလှ၏ဟူ၍ ဟောထားသည်မဟုတ်လော' ဤသို့စသည် မိန့်ကြားတော်မူပြီးနောက် ဗုဒ္ဓသည် အရိဋ္ဌရဟန်းအား အောက်ပါအတိုင်း ဆက်၍မိန့်ကြားတော်မူပြန်သည်။

'အထဝပန တွံ မောဃပုရိသ အတ္တနာ ဒုဂ္ဂဟိတေန အမှေစေဝ အဗ္ဘာစိက္ခသိ၊ အတ္တာနဉ္စ ခဏသိ၊ ဗဟုဉ္စ အပုည် ပသဝသိ၊ တံ ဟိ တေ မောဃပုရိသ ဘဝိဿတိ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယာ'တိ

မောဃပုရိသ- မင်္ဂ, ဖိုလ်မှ အချိန်းနှီးဖြစ်သော ယောကျ်ား၊ အထဝပန- ထိုသို့ဖြစ်ပါလျက်၊ တွံ- သင်သည်၊ အတ္တနာ- မိမိသည်၊ ဒုဂ္ဂဟိတေန- မကောင်းသဖြင့် ယူအပ်သော အယူဖြင့်၊ အမှေစေဝ- ငါဘုရားတို့ကိုလည်း၊ အဗ္ဘာစိက္ခသိ- စွပ်စွဲဘိသည်၊ အတ္တာနဉ္စ- မိမိကိုယ်ကိုယ်လည်း၊ ခဏသိ- တူးဖြိုဘိသည်၊ ဗဟုဉ္စ- များစွာလည်း၊ အပုည်- မကောင်းမှုကို၊ ပသဝသိ- တိုးပွါးစေဘိသည်၊ မောဃပုရိသ- မင်္ဂ, ဖိုလ်မှ အချိန်းနှီးဖြစ်သော ယောကျ်ား၊ တံ- ထိုသို့ဖြစ်ခြင်းသည်၊ ဒီဃရတ္တံ- ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး၊ တေ- သင်၏၊ အဟိတာယ- အစီးအပွါးမဲ့ခြင်းငှာ၊ ဒုက္ခာယ- ဆင်းရဲခြင်းငှာ၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣတိ- ဤသို့၊ အဝေါစ- မိန့်တော်မူလေပြီ။

အပါယ်ငရဲသို့ ရောက်တော့မည်

အရိဋ္ဌရဟန်းသည် ထိုသို့ 'ဝေပုလ္လာဒေါ်'- ဤအခြင်းအရာအတိုင်းသာလျှင် ဟူသော ဝေသန္တရ၏ အာကာရအနက်ရှိသော စကားရပ်ဖြင့် သူ၏ယုတ်မာသော မိစ္ဆာဒိဋ္ဌိအယူကို စွဲစွဲမြဲမြဲ ယူသည့်အတွက် မင်္ဂမျိုးစေ့၊ ဖိုလ်မျိုးစေ့ အနည်းငယ်မျှ မရှိသည့်အပြင် ဗုဒ္ဓကိုလည်း စွပ်စွဲရာရောက်သောကြောင့် လည်းကောင်း၊ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်, ဝေသာရဇ္ဇဉာဏ်များကိုလည်း ပုတ်ခတ်ရာ ရောက်သောကြောင့် လည်းကောင်း၊ နတ်ရွာသုဂတိလမ်းနှင့် မင်္ဂ, ဖိုလ်, နိဗ္ဗာန်လမ်းတို့ကိုလည်း ပိတ်ဆို့ရာ ရောက်သောကြောင့် လည်းကောင်း အလွန်ကြီးလေးသော အပြစ်ကို ကျူးလွန်မိတော့သည်ဖြစ်၍ တမလွန်ဘဝတွင် အပါယ်ငရဲ၌ ကျခံရတော့မည် ဖြစ်သည်။

ဝေ၏ အာကာရအနက်က ဆုံးမသြဝါဒပေးပုံ

'အာကာရ' ဟူသော ပါဠိပုဒ်က အခြင်းအရာဟူသော အနက်ကို ပြဆိုသည်။ 'ဝေပုလ္လာဒေါ်' ဟူသော ပါဠိသည်လည်း ဝေ၏ အာကာရအနက်ကိုပင် ညွှန်းဆိုသောပါဠိဖြစ်သည်။ တံငါသည်သား သာတိရဟန်းနှင့် အရိဋ္ဌရဟန်းနှစ်ပါးတို့သည် 'ဝေပုလ္လာဒေါ်' ဤအခြင်းအရာအတိုင်းသာလျှင်ဟူသော အာကာရအနက်ဖြင့် ယုတ်မာသော မိစ္ဆာဒိဋ္ဌိအယူကိုယူပြီး အလွန်ကြီးလေးသော အပြစ်ကို ကျူးလွန်မိကြတော့သည်။ ထိုအယူကို စွဲစွဲမြဲမြဲ ယူသောကြောင့် တမလွန်ဘဝတွင် ငရဲဒုက္ခကြီးကို ခံကြရတော့မည်ဖြစ်သည်။

'ဝေပုလ္လာဒေါ်' ဤအခြင်းအရာအတိုင်းသာလျှင်ဟူသော ဝေ၏ အာကာရအနက်နှင့်စပ်၍ ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း မှန်မှန်ကန်ကန် ယူကြပါလျှင် ဤဘဝတွင်လည်း မင်္ဂ, ဖိုလ်, နိဗ္ဗာန်ကို ရရှိနိုင်ပေသည်။ ကွယ်လွန်သောအခါ၌လည်း ကောင်းရာ သုဂတိသို့ ရောက်ရှိနိုင်သည်။ ထို့ကြောင့် ဗုဒ္ဓဟောကြားတော်မူအပ်သော တရားတော်များကို နားလည်သယောင်၊ သိသယောင် မလုပ်ကြဘဲနှင့် တကယ်နားလည်အောင် ပြုလုပ်ကြပါကုန်။

တံငါသည်သား သာတိရဟန်းနှင့် အရိဋ္ဌရဟန်းတို့သည် ဗုဒ္ဓဟောကြားတော်မူသော တရားတော်ကို 'ဝေပုလ္လာဒေါ်'ဟူသော ဝေ၏ အာကာရအနက်ဖြင့် တကယ်နားမလည်ဘဲ နားလည်သယောင် ပြုမူပြောဆိုရုံတွင်မက ရဟန်းတော်များနှင့် ဗုဒ္ဓကိုယ်တော်တိုင်ပင် ဆုံးမ၍မရနိုင်လောက်အောင်ပင် ယုတ်မာသော မိစ္ဆာဒိဋ္ဌိကို စွဲစွဲမြဲမြဲ ယူမိလေသောကြောင့် အလွန်ကြီးလေးသောအပြစ်ကို လွန်ကျူးမိသည့်အားလျော်စွာ ဤဘဝတွင်ပင် လူဖြစ်ရကျိုး၊ ရဟန်းဖြစ်ရကျိုး၊ ဗုဒ္ဓနှင့်တွေ့ရကျိုး မနပ်ရုံမျှမက သေလွန်သည်၏ နောက်ကာလ၌လည်း အလွန်ကြောက်လန့်ဖွယ်ကောင်းသော ငရဲကြီး၌ ကျခံရဦးမည်ဖြစ်သည်။

ထို့ကြောင့် သင်တို့သည် ဗုဒ္ဓ၏ သာသနာတော်၌ တတ်ယောင်ကား မလုပ်ကြပါနှင့်၊ ဗုဒ္ဓသာသနာတော်ကို ပေါ့ပျက်ပျက် မလုပ်ကြပါနှင့်။ ဗုဒ္ဓသာသနာတော်ကို ဘမ်းပြ၍ စီးပွါးမရှာကြပါနှင့်၊ လာဘ်ပေါ်များအောင် မလုပ်ကြပါနှင့်၊ အလွန်ကြီးမားသော အပြစ်ရှိသည်ကို သတိပြုကြပါကုန်လော့။

ဝေ၏ နိဒဿနအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဝေ၏ အာကာရအနက်၏ သာဓကကို ပြဆိုပြီးနောက် အဋ္ဌကထာဆရာသည် ဝေ၏ နိဒဿနအနက်၏ သာဓကကို ပြဆိုလေသည်။

ဝေဠု ဝဒေတိ သာရုကိရ ဘဝံအာနန္ဒော ယေန သုဘဿ မာဏဝဿ တောဒေယျပုတ္တဿ နိဝေသနံ တေနုပသင်္ကမတု အနုကမ္ပံ ဥပါဒါယာတိ။ *(ဒီ- ၁- ၁၈၈)*

ဝေဠု- ဤသို့လည်း၊ **ဝဒေတိ**- လျှောက်လေဦးလော့၊ **သာရု**- တောင်းပန်ပါ၏၊ **ဘဝံအာနန္ဒော**- အရှင်အာနန္ဒာသည်၊ **ယေန**- အကြင်အရပ်၌၊ **တောဒေယျပုတ္တဿ**- တောဒေယျပုဏ္ဏား၏ သားဖြစ်သော၊ **သုဘဿ**- သုဘမည်သော၊ **မာဏဝဿ**- လုလင်၏၊ **နိဝေသနံ**- အိမ်သည်၊ **အတ္ထိ**- ရှိ၏၊ **တေန**- ထိုအရပ်သို့၊ **အနုကမ္ပံ**- အစဉ်သနားသည်ကို၊ **ဥပါဒါယ**- အကြောင်းပြု၍၊ **ဥပသင်္ကမတုကိရ**- ကြွတော်မူလာပါလော့တဲ့၊ **ဣတိ**- ဤသို့ လျှောက်လေဦးလော့။

(ဤ၌ အဋ္ဌကထာ၊ ဋီကာတို့က ဝေ၏ ဤသို့ဟူသောအနက်သည် သုဘလုလင်၏ အိမ်ရှိရာကို ညွှန်ပြခြင်းကြောင့် နိဒဿနအနက် ဟောဇ်ဟု ပြဆိုလေသည်။)

အထက်ပါပါဠိရပ်သည် ဒီဃနိကာယ်- သုတ်သီလက္ခန်- သုဘသုတ်၌ လာရှိသည်။ ထိုသုတ်နှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ လာရှိသော ဖွင့်ဆိုပြချက်များအနက် ဤ၌ဖော်ပြလိုသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် ဗုဒ္ဓသာသနာတော် ဘယ်လိုလဲ

ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး တစ်လခန့်ကာလ၌ အရှင်အာနန္ဒာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရောက်ရှိနေချိန်တွင် တောဒေယျပုဏ္ဏား၏သား သုဘလုလင်သည်လည်း သာဝတ္ထိပြည်သို့ ရောက်ရှိလာချိန်နှင့် ကြုံကြိုက်ရာတွင် သုဘလုလင်သည် အရှင်အာနန္ဒာအား တည်းခိုရာနေအိမ်သို့ပင့်၍ တရားနာလေသည်။

သုဘလုလင်၏ ရည်ရွယ်ချက်မှာ 'ဗုဒ္ဓသည် လူအများ၏ အကျိုးစီးပွါးအလို့ငှာ တရားတော်တွေကို ဟောကြားတော်မူခဲ့လေပြီ။ ယခုအခါ ဗုဒ္ဓပရိနိဗ္ဗာန်ပြုသွားပြီဖြစ်၍ ဗုဒ္ဓ၏တရားတော်များသည် အပြည့်အစုံရှိသေးရဲ့လား။ ချွတ်ယွင်းသွားပြီလား။ လုံးဝပျောက်ကွယ်သွားပြီလား' ဟူ၍ ယုံမှားမှုဖြစ်နေသည်။ ယင်းယုံမှားမှုကို ပယ်ဖျောက်ရန်အတွက် အရှင်အာနန္ဒာကိုပင့်၍ တရားနာခြင်းဖြစ်သည်။

ဤ၌ အခြားသောရဟန်းတော်များကို မပင့်ဘဲ အရှင်အာနန္ဒာကို ပင့်ရခြင်းသည် အရှင်အာနန္ဒာသည် ဗုဒ္ဓအား အမြဲပြုစု လုပ်ကျွေးသူ၊ ဗုဒ္ဓနှင့် အနီးကပ်ဆုံးနေရသူ၊ ဗုဒ္ဓ၏ တရားတော်များကို အပြည့်အစုံ ဆောင်ထားသူဟူ၍ သိမြင်သည့်အတွက် ပင့်ခြင်းဖြစ်လေသည်။

အရှင်အာနန္ဒာသည် သုဘလုလင်အား မြတ်သော သီလက္ခန္ဓ- သီလအစု၊ သမာဓိက္ခန္ဓ- သမာဓိအစု၊ ပညာက္ခန္ဓ- ပညာအစုတို့ကို (သီလ၊ သမာဓိ၊ ပညာ)တို့ကို အကျဉ်းနည်းဖြင့်လည်း ဟောကြားတော်မူသည်။ အကျယ်နည်းဖြင့်လည်း ဟောကြားတော်မူသည်။

ဟောကြားတော်မူတိုင်းလည်း သုဘလုလင်သည် အင်္ဂါကျေနပ်, အားရ, ဝမ်းမြောက်မှုရလေသည်။ သို့ဖြစ်၍ သုဘလုလင်သည် အရှင်အာနန္ဒာအား 'ဗုဒ္ဓသာသနာတော်၌ သီလက္ခန္ဓ- သီလအစု ပြည့်စုံမှုရှိသလို အခြားသောသာသနာတော်၌ မရှိပုံကိုလည်းကောင်း၊ ထို့အတူ ဗုဒ္ဓသာသနာတော်၌ သမာဓိက္ခန္ဓ- သမာဓိအစု၊ ပညာက္ခန္ဓ- ပညာအစုတို့ ပြည့်စုံမှုရှိသလို အခြားသော သာသနာတော်၌ မရှိနိုင်ပုံကိုလည်းကောင်း' လျှောက်ထားလေသည်။

ဝေ- ဤသို့ ဟူသော နိဒဿနအနက်က ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံ သဘော

ပိဋကသုံးပုံ၌ ဒီဃနိကာ၊ ဒီဃနိကာမအပေါင်းတို့သည် ဗုဒ္ဓကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ ရဟန်းတော်တစ်ပါးကိုလည်းကောင်း၊ ဗုဒ္ဓအမျိုးရှိသော သံဃာတော်မြတ်တို့ကို လည်းကောင်း မိမိတို့နေအိမ်သို့ ဆွမ်းစားပင့်ဖိတ်၍ တရားနာကြမှုတို့သည်

အပြောက်အများရှိလေသည်။ ထိုသို့ပင့်ဖိတ်ရာ၌ 'ဝေ- ဤသို့'ဟူသော အနက်သည် ကြွစေလိုသော အိမ်နေရာအရပ်ကို ညွှန်းဆိုပြသော အနက်ဖြစ်သည်။ ထို့ကြောင့် 'ဝေ- ဤသို့'ဟူသော အနက်သည် 'နိဒဿန' အနက်ဖြစ်သည်ဟု ဋီကာသစ်၊ ဋီကာဟောင်းတို့ ဖွင့်ဆိုလေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့သည် သုဘလုလင်နှင့် အရှင်အာနန္ဒာတို့၏ သာဓကထုံးကို နှလုံးပြု၍ ဗုဒ္ဓ၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတို့ကို (ဝါ) သီလ, သမာဓိ, ပညာတို့ကို ကျွမ်းကျွမ်းကျင်ကျင် သိရှိနားလည်ထားရန် အထူးလိုအပ်ပါသည်။ သုဘလုလင်ကဲ့သို့ ပုဂ္ဂိုလ်တစ်ဦးဦးက အိမ်သို့ ပင့်ဖိတ်၍ စုံစမ်းလိုသောသဘောဖြင့် တရားနာယူပါက တရားနာယူသူတို့အား ကျေနပ်မှုရလောက်အောင် တရားဟောပြောမှု မပြုနိုင်ဘူးဆိုပါက မိမိကိုရော၊ ဗုဒ္ဓသာသနာကိုရော အထင်သေးကြမည်ဖြစ်သည်။ ယင်းသို့ဖြစ်ဖန်များလျှင် ဗုဒ္ဓသာသနာတော်သည် လျင်မြန်စွာ ကွယ်ပျောက်မှုဖြစ်ရန်အကြောင်းဖြစ်သွားပေလိမ့်မည်။

ထို့ကြောင့် ထိုသို့မဖြစ်ရအောင် ဗုဒ္ဓသာသနာတော်၏ အဓိကပဓာနဖြစ်သော 'သီလ, သမာဓိ, ပညာ'ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် လေ့လာခြင်း၊ သင်ယူခြင်း၊ မှတ်သားခြင်း၊ ကျင့်သုံးခြင်းများကို ကြိုးစားအားထုတ် ပြုလုပ်ကြပါကုန်လော့။

(ဂ) ဝေ၏ အဝဓာရဏအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဝေ၏ နိဒဿနအနက်၏ သာဓကကို ပြဆိုပြီးနောက် အဌကထာဆရာသည် ဝေ၏ အဝဓာရဏအနက်၏ သာဓကကို ပြဆိုလေသည်။

တံ ကိံ မညထ ကာလာမာ ကုသလာဝါ အကုသလာဝါတိ၊ အကုသလာ ဘန္တေ (ပ) သမတ္တာ သမာဒိန္နာ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိနောဝါ ကထံ ဝေါ ဧတ္ထ ဟောတီတိ။ သမတ္တာ ဘန္တေ သမာဒိန္နာ အဟိကာယ ဒုက္ခာယ သံဝတ္တန္တိ ဧဝံ နော ဧတ္ထ ဟောတီ။ *(အံ- ၁- ၁၉၀)*

ကာလာမာ- ကာလာမအမျိုးသားတို့၊ တံ- ထိုငါဗုဒ္ဓ မိန့်ကြားမည့်စကားကို၊ **ကိံမညထ**- အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ **ဣမေဓမ္မာ**- ဤလောဘ, ဒေါသ, မောဟဟူသော ဤတရားတို့သည်၊ **ကုသလာဝါ**- ကုသိုလ်ဖြစ်ကုန်သလော၊ **အကုသလာဝါ**- အကုသိုလ်ဖြစ်ကုန်သလော၊ **ဣတိ**- ဤသို့ မေးတော်မူပြီ။

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **ဣမေဓမ္မာ**- ဤလောဘ, ဒေါသ, မောဟဟူသော ဤတရားတို့သည်၊ **အကုသလာ**- အကုသိုလ်တို့ပါတည်း၊ **ဣတိ**- ဤသို့လျှောက်ပြီ၊ (ပ) **ဣမေဓမ္မာ**- ဤအကုသိုလ်တရားတို့ကို၊ **သမတ္တာ**- ပြည့်စုံစွာ ကျူးလွန်သည်ရှိသော်၊ **ဣမေဓမ္မာ**- ဤအကုသိုလ်တရားတို့က၊ (ပြည့်စုံစွာ ကျူးလွန်သူတို့အတွက်) **အဟိတာယ**- အကျိုးစီးပွါးမဲ့ခြင်းငှာ၊ **ဒုက္ခာယ**- ဆင်းရဲခြင်းငှာ၊ **သံဝတ္တန္တိဝါ**- ဖြစ်ကုန်သလော၊ **နောသံဝတ္တန္တိဝါ**- မဖြစ်ကုန်သလော၊ **ဧတ္ထ**- ဤဖြစ်, မဖြစ် စကားနှစ်ရပ်၌၊ **ဝေါ**- သင်တို့၏၊ **မတိ**- အလိုသည်၊ **ကိံ ဟောတိ**- အဘယ်သို့ဖြစ်သနည်း၊ **ဣတိ**- ဤသို့မေးပြီ။

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **ဣမေဓမ္မာ**- ဤအကုသိုလ်တရားတို့ကို၊ **သမတ္တာ**- ပြည့်စုံစွာ ကျူးလွန်အပ်သည်ရှိသော်၊ **ဣမေဓမ္မာ**- ဤအကုသိုလ်တရားတို့က၊ (ပြည့်စုံစွာ ကျူးလွန်သူတို့အတွက်) **အဟိတာယ**- စီးပွါးမဲ့ခြင်းအလို့ငှာ၊ **ဒုက္ခာယ**- ဆင်းရဲခြင်းငှာ၊ **သံဝတ္တန္တိ**- ဖြစ်ပါကုန်၏။ **ဧတ္ထ**- ဤဖြစ်, မဖြစ် စကားနှစ်ရပ်၌၊ **ဝေံ**- ဤအတိုင်းသာ၊ **နော**- တပည့်တော်တို့၏၊ **မတိ**- အလိုသည်၊ **ဟောတိ**- ဖြစ်ပါ၏၊ **ဣတိ**- ဤသို့လျှောက်ပြီ။

အထက်ပါပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော်- တိကနိပါတ်- ကေသမုတ္တိသုတ်၌လာသော စကားရပ်တည်း။ ဤကေသမုတ္တိသုတ်နှင့်စပ်၍၊ ဝေ၏ သမ္ပဟံသနအနက်၌ ဖြစ်ပုံသဘောကို ရှေးကဖော်ပြခဲ့ပြီးဖြစ်သည်။ ဤ၌ 'ဝေ- ဤအတိုင်းသာ' ဟူသော အနက်သည် အဝဓာရဏအနက်၌ ဖြစ်ပုံကို ပြခြင်းဖြစ်သည်။ အဝဓာရဏအနက်ဟူသည် 'ဆုံးဖြတ်ချက်ချခြင်းသဘော' ကို ဆိုလိုသည်။ အဝဓာရဏအနက် ဖြစ်ပုံသဘောကား-

ကာလာမမင်းတို့သည် ဗုဒ္ဓ၏ အမေးအားလျော်စွာ 'အကုသိုလ်ဖြစ်ပါသည်။ ဤအကုသိုလ်တရားတို့ကို ကျင့်သုံးသူတို့အတွက် အကျိုးစီးပွါးမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်ပါသည်' ဟူ၍ လျှောက်ထားချက်သည် ကောင်းစွာသဘောပေါက်၍ ဆုံးဖြတ်

လျှောက်ထားခြင်းဖြစ်၍ ဝေ၏ အဝဓာရဏာအနက်၌ ဖြစ်ပုံသဘောကို အဋ္ဌကထာဆရာ သာဓကတင်၍ ပြဆိုခြင်းဖြစ်လေသည်။

ဝေ၏ အဝဓာရဏာအနက်က ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံ

ဤတရားသည် အကုသိုလ်ဖြစ်သည်။ အကုသိုလ်တရားကို အပြည့်အစုံ ပြုကျင့်ရင် အကျိုးစီးပွါးမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာဖြစ်သည်။ ဤတရားသည် ကုသိုလ်ဖြစ်ပါသည်။ ကုသိုလ်တရားကို အပြည့်အစုံ ကျင့်သုံးရင် အကျိုးစီးပွါးဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်ပါသည်ဟူ၍ ဆုံးဖြတ်ချက်ချနိုင်သော အချက်သည် အလွန်အရေးကြီးသော အချက်ဖြစ်သည်။ သုတော်ကောင်းစာတ်ခံရှိပြီး အသိဉာဏ်ပညာ ပြည့်စုံကြသူတို့ ဖြစ်ပါမှသာလျှင် ထိုသို့အရေးကြီးသောကိစ္စများ၌ မှန်ကန်စွာ ဆုံးဖြတ်ချက်ချပြီး ဆုံးဖြတ်ချက်ချသည့်အတိုင်း ပြတ်သားစွာ ပြုကျင့်နိုင်ကြမည် ဖြစ်သည်။ ထိုသို့ မှန်ကန်စွာ ဆုံးဖြတ်ချက်ချပြီး ပြတ်သားစွာ ကျင့်နိုင်ကြအောင် သုတော်ကောင်းစာတ်ခံ ရှိကြသူတို့သည် ဗုဒ္ဓ၏တရားတော်ကို လေ့လာလိုက်စား နာယူမှတ်သားကြပါကုန်လော့။ ဗုဒ္ဓ၏ တရားတော်၌ အသိဉာဏ်ကြွယ်ဝ ပြည့်စုံသူဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။ အရာရာတွင် အမှားကို အမှားအတိုင်းသိအောင်၊ အမှန်ကို အမှန်အတိုင်းသိအောင် ကြိုးစားအားထုတ်ကြပါကုန်လော့။

ဗြဟ္မဇာလသုတ်၌ လိုအပ်သော အနက် (၃)နက်

ဖော်ပြအပ်ခဲ့ပြီးသည့်အတိုင်း အဋ္ဌကထာတွင် ဝေအနက်ကို (၈)နက်အထိ ဖော်ပြထားပြီး ဋီကာသစ်၌ ထို(၈)နက်အပြင် ဝေအနက်သည် 'ဣဒံအနက်၊ ပုစ္ဆာအနက်၊ ပရိမာဏအနက်' ဟူသော (၃)နက်တို့၌လည်း ဖြစ်၏ဟူ၍ ဖော်ပြထားလေသည်။ ထိုသို့ ဝေအနက် (၁၁)နက်ထဲက ဤဗြဟ္မဇာလသုတ်၌ လိုအပ်သောအနက်သည် 'အခြင်းအရာဟူသော အာကာရအနက်၊ ညွှန်ပြခြင်းဟူသော နိဒဿနအနက်၊ ဆုံးဖြတ်ခြင်းဟူသော အဝဓာရဏာအနက်'ဟူ၍ ဤသုံးနက်ကိုသာ လိုအပ်သည်ဟူ၍ အဋ္ဌကထာဆရာက ဖော်ပြလေသည်။ *(ဒီ ဌ- ၁- ၂၀)*

အာကာရအနက်ရှိသော ဝေသဒ္ဒါက ပြဆိုသော သိမှတ်ဖွယ် အဓိပ္ပါယ်

အဋ္ဌကထာ၊ ဋီကာတို့၌ အာကာရအနက်ရှိသော ဝေသဒ္ဒါ၏ သိမှတ်ဖွယ် အဓိပ္ပါယ်ကို အောက်ပါအတိုင်း ပြဆိုထားကြပါသည်။

ဗြဟ္မဇာလသုတ်အပါအဝင် ဗုဒ္ဓဘုရားကြီးတော်မူထားအပ်သော တရားတော်များသည် **'ကေဝလနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဝေမပ္ပတာနည်း'** စသည်ဖြင့် အထူးထူးသော အနက်အဓိပ္ပါယ်အားဖြင့် သိမ်မွေ့သောသဘောလည်း ရှိသည်။ 'အချို့ ကိလေသာထူပြောသော အဇ္ဈာသယရှိသူ၊ အချို့ ကိလေသာနည်းသော အဇ္ဈာသယရှိသူ' ဤသို့စသည်ဖြင့် များစွာသော အဇ္ဈာသယ ဖြစ်ကြောင်းလည်းရှိသည်။ အနက်သဒ္ဒါတို့နှင့်လည်း ပြည့်စုံမှုရှိသည်။ အမျိုးမျိုး တန်ခိုးပြာဋိဟာလည်း ရှိသည်။ 'ဓမ္မ၊ အတ္ထ၊ ဒေသနာ၊ ပဋိဝေဓ' ဟူသော ဂမ္ဘီရလေးမျိုးတို့နှင့်လည်း ပြည့်စုံမှုရှိသည်။

ထိုကဲ့သို့ ဂုဏ်ထူးဝိသေသရှိကုန်သော ဗုဒ္ဓ၏တရားတော်ကို နာကြားရာ၌ လူမျိုး၊ နတ်မျိုး၊ ဗြဟ္မာမျိုး ပေါင်းစုံ၊ ဘာသာပေါင်းစုံတို့သည် မိမိတို့နားလည်ထားကြသော ဘာသာစကားဖြင့် နားလည်သွားကြလေသည်။

ရှင်တော်ဗုဒ္ဓက တရားတော်ကို သဘာဝနိရုတ္တိဖြစ်သော မာဂဓဘာသာ တစ်မျိုးတည်းဖြင့်သာ ဟောကြားတော်မူသော်လည်း တရားနာကြားကြသူတို့မှာ မိမိတို့ ဘာသာအလိုက် နားလည်သွားကြလေသည်။ တရုတ်က တရုတ်လို၊ အင်္ဂလိပ်က အင်္ဂလိပ်လို၊ ကုလားက ကုလားလို၊ မြန်မာက မြန်မာလို၊ နတ်တို့က နတ်တို့လို၊ ဗြဟ္မာတို့က ဗြဟ္မာတို့လို အသီးသီး နားလည်သွားကြလေသည်။

ထိုသို့ 'သဗ္ဗာကာရ' ခေါ် အခြင်းအရာမျိုးစုံရှိသော တရားတော်ကို ရှင်တော်ဗုဒ္ဓက ဟောကြားတော်မူသည်။ နာကြားသူတို့က ထိုအလုံးစုံသော အခြင်းအရာအတိုင်း မည်သူမျှ သိနိုင်စွမ်းမရှိကြပေ။ 'ကောကာရ' ခေါ် တစ်မျိုးတည်းသော အခြင်းအရာအားဖြင့်သာ သိနိုင်ကြလေသည်။

ထို့ကြောင့် အာကာရအနက်ရှိသော ဝေသဒ္ဒါက ဤသို့သော သိမှတ်ဖွယ်ကို သိစေလေသည်။

'အရှင်မဟာကဿပ မထေရ်မြတ်ကြီးဘုရား၊ တပည့်တော် အာနန္ဒာသည် ဗြဟ္မဇာလသုတ်စသော ဗုဒ္ဓဟောကြားတော်မူအပ်

သော တရားတော်များကို နာကြားရာ၌ 'သတိ၊ သမာဓိ၊ ပညာ' စသည်တို့ကို အားကုန်လွှတ်၍ (အစွမ်းရှိသမျှ အားထုတ်၍) နာကြားပါသည်။ ထိုသို့ နာကြားသည့်တိုင်အောင် ဗုဒ္ဓဟောကြားတော်မူတိုင်းသော အလုံးစုံသော အခြင်းအရာအားဖြင့် မသိနိုင်ပါ။ တစ်မျိုးတည်းသော အခြင်းအရာအားဖြင့်သာ ကြားနာမှတ်သား သိနိုင်ပါသည်ဘုရား' ဟူ၍ သိစေလေသည်။

အချုပ်အားဖြင့်။ ။ရှင်တော်ဗုဒ္ဓ၏ တရားဟောကြားမှုသည် 'သဗ္ဗာကာရ' ခေါ် အလုံးစုံသော အခြင်းအရာရှိသော (အတုမရှိသော) ဂုဏ်နှင့်ပြည့်စုံသည်။ နာကြားသူတို့က 'ဧကာကာရ' ခေါ် တစ်မျိုးတည်းသော အခြင်းအရာဖြင့်သာ နာယူမှတ်သား သိနိုင်ကြသည် ဟူလို။

ဤစကားရပ်ဖြင့် ဗုဒ္ဓဟောကြားတော်မူအပ်သော တရားတော်သည် အတုမရှိသော ဂုဏ်ထူးဝိသေသ ရှိနေသည်ဖြစ်၍ ထိုသို့သော တရားတော်များကို ပေါ့ပေါ့တန်တန် နာကြားခြင်း မပြုကြပါနှင့်။ မရိုမသေ နာကြားမှတ်သားခြင်း မပြုကြပါနှင့်။ အလေးအနက် ဂရုပြု၍ နာယူမှတ်သားကြပါကုန်လော့။ အလွန်ရိုသေ မြတ်နိုးစွာ နာယူမှတ်သားမှု ပြုကြပါကုန်လော့။

နိဒဿနအနက်ရှိသော ဧဝံသဒ္ဒါက ပြဆိုသော သိမှတ်ဖွယ် အဓိပ္ပါယ်

အဋ္ဌကထာနှင့် ဋီကာသစ်၊ ဋီကာဟောင်းတို့က 'ညွှန်ပြခြင်း' ဟူသော အနက်ရှိသော ဧဝံသဒ္ဒါက ပြဆိုသော သိမှတ်ဖွယ် အဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုပြကြလေသည်။

'တပည့်တော် အာနန္ဒာသည် ဤဗြဟ္မဇာလသုတ္တန်တရားတော်ကို ရှင်တော်ဗုဒ္ဓ၏ မျက်မှောက်တော်မှ ဤသို့ နာယူမှတ်သား ကြားနာလိုက်ရပါသည်။'

ဤစကားရပ်ဖြင့် ဤသို့သော သိမှတ်ဖွယ်အဓိပ္ပါယ်ကို သိစေလေသည်။

'အရှင်မဟာကဿပ မထေရ်မြတ်ကြီးဘုရား၊ တပည့်တော်အာနန္ဒာသည်၊ **နသယမ္ဘူ**- ကိုယ်တိုင်သိမြင်သော ဗုဒ္ဓမဟုတ်ပါ။ ထိုသို့ ဗုဒ္ဓမဟုတ်သည့်အတွက် ဤဗြဟ္မဇာလသုတ်တော်ကို၊ **နသစ္ဆိကတံ**- မိမိကိုယ်တိုင် မိမိဘာသာ မျက်မှောက်သိမြင်နိုင်သူ မဟုတ်ပါ' ဟူ၍ လျှောက်ထားရာရောက်လေသည်။

ဤသို့ အရှင်အာနန္ဒာသည် မိမိကိုယ်ကို တရားတော်ကို ခိုးယူသော '**ဓမ္မတ္ထေနက**' အပြစ်မှ လွတ်စေလိုသောကြောင့် အထက်ပါအတိုင်း လျှောက်ထားပြီး 'တပည့်တော် အာနန္ဒာသည် ယခုလျှောက်ထားအပ်လတ္တံ့အတိုင်းသာ အလုံးစုံသော ဗြဟ္မဇာလသုတ်တော်ကို ဗုဒ္ဓထံမှ နာခံမှတ်သား ကြားနာလိုက်ရပါသည်' ဟူ၍ လျှောက်ထားခြင်း ဖြစ်လေသည်။

ဆက်ပါဦးမည်။ စတုတ္ထပါရာဇိကပါဠိတော်၌ ဗုဒ္ဓသာသနာတော်ဝယ် အချို့သော ပါပဘိက္ခု- ယုတ်မာသော ရဟန်းများသည် ဗုဒ္ဓဟောကြားတော်မူအပ်သော ဓမ္မဝိနယကို သင်ယူပြီး၍ တတ်သိကျွမ်းကျင်သောအခါ သူတစ်ပါး အထင်ကြီးအောင် ဆရာမရှိဘဲ ကိုယ်တိုင်ပင် တတ်သိကျွမ်းကျင်သကဲ့သို့ ဝါကြွားပြောဆိုလေ့ရှိသည်။ ယင်းသို့ပြောဆိုသဖြင့် '**ဓမ္မတ္ထေနက- တရားသူခိုး**' အပြစ်သို့ ရောက်သွားလေသည်။ အရှင်အာနန္ဒာသည် ထို '**ဓမ္မတ္ထေနက- တရားသူခိုး**' အပြစ်မှ ကင်းလွတ်သူဖြစ်ကြောင်းကို အထက်က လျှောက်ထားသည့်အတိုင်း-

'တပည့်တော် အာနန္ဒာသည် ဤဗြဟ္မဇာလသုတ်တရားတော်ကို တတ်သိရာ၌ ကိုယ်တိုင်တတ်သိသော ဗုဒ္ဓမဟုတ်ပါ။ ဗုဒ္ဓထံမှ ကြားနာရခြင်းမရှိဘဲ ကိုယ်တိုင်မျက်မှောက် တတ်သိခြင်း မဟုတ်ပါ။ ဗုဒ္ဓထံမှ ကြားနာခဲ့ရသည့်အတိုင်းသာ ဤဗြဟ္မဇာလသုတ် တရားတော်ကို ဆောင်ယူမှတ်သားထားခြင်း ဖြစ်ပါသည်' ဟူ၍ လျှောက်ထားခြင်း ဖြစ်လေသည်။

နိဒဿနအနက်ရှိသော ဧဝံသဒ္ဒါက ထပ်မံ၍ သတိပေး ဟောပြောခြင်း

ဤလူ့လောက၌ ပစ္စည်းဥစ္စာကို ခိုးယူခြင်း 'အဒိန္နာဒါနကံ' သည်လည်း ပစ္စည်းတန်ဘိုးအလိုက် အပြစ်ကြီးသလို၊ ကိုယ်တိုင်တတ်သိခြင်း မဟုတ်သည်ကို ကိုယ်တိုင်တတ်သိသယောင် ပြောဆိုခြင်းဟူသော '**ဓမ္မတ္ထေနက- တရားကို ခိုးယူခြင်း**' အပြစ်သည်လည်း တရားဂုဏ်ကိုလိုက်၍ အပြစ်ကြီးလှပါသည်။

ထို့ကြောင့် အသိပညာ အတတ်ပညာကို ဆရာတစ်ဦးဦးထံတွင် သင်ကြားနာယူ တတ်မြောက်ပြီးနောက် ဆရာသမားများကို ပစ်ပယ်ပြီး သူတစ်ပါး အထင်ကြီးအောင် ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိသလို၊ ကိုယ်တိုင်သိသယောင် ဝါကြွားပလွှား ပြောဆို

ရေးသားခြင်းသည်လည်း 'ဓမ္မတ္တေနက၊ ပညာတ္တေနက' တရားသူခိုး၊ ပညာသူခိုးတွင် ပါဝင်နေသည်ဖြစ်၍ တရားဂုဏ်အားလျော့စွာ၊ ပညာဂုဏ်အားလျော့စွာ အပြစ်ကြီးမည်ဖြစ်ကြောင်းကို အထူးသတိပြုသင့်လှပေသည်။

ထို့ကြောင့် အရှင်အာနန္ဒာမထေရ်ကဲ့သို့ တရားသူခိုး၊ ပညာသူခိုး အပြစ်မှ ကင်းလွတ်အောင် အားထုတ်ကြိုးစားကြပါကုန်လော့။ အနန္တဂိုဏ်းဝင် ဆရာတို့၏ဂုဏ်ကို ဖော်ကျူးကြပါကုန်လော့။ ဆရာကျေးဇူးကို အထူးသိသူ ဖြစ်ကြပါကုန်လော့။

ဆုံးဖြတ်ခြင်း အဝဓာရဏာအနက်ရှိသော ဧဝံသဒ္ဒါက ဖော်ပြပုံ အခိပ္ပါယ်

အရှင်အာနန္ဒာသည် သာမညရဟန်း သံဃာတော်တစ်ပါး မဟုတ်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိမြင်ကြပါသည်။ အရှင်အာနန္ဒာသည် ရှင်တော်ဗုဒ္ဓ၏ ဧတဒဂ်ဘွဲ့ (၅)ဘွဲ့တို့ဖြင့် ချီးမြှောက်ခံထားရသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်ပါသည်။

(၁) ဗုဒ္ဓ၏ ပိဋကသုံးပုံနှင့်စပ်၍ အခြားသော ရဟန်းများလည်း ဗဟုသုတ ရှိကြပါသည်။ သို့ရာတွင် အရှင်အာနန္ဒာသည် သင်ယူခဲ့စဉ်ကပင် 'ဓမ္မဘဏ္ဍာဂါရိက' တရားဘဏ္ဍာစိုးအဖြစ်ဖြင့် သင်ယူခြင်းဖြစ်၍ ဗဟုသုတအရာတွင် အမြတ်ဆုံး၊ အသာဆုံး ဧတဒဂ်ဘွဲ့ ရရှိသူလည်း ဖြစ်ပါသည်။

(၂) အရှင်အာနန္ဒာသည် ပိဋကသုံးပုံကို သင်ယူမှတ်သားရာ၌ အခြားသောရဟန်းတို့ထက် သာလွန်၍ သင်ယူပြီး မပျောက်ပျက်အောင် မမေ့နိုင်သော 'ဓာရဏသတိ' ခေါ် များပြားအားကောင်းသော 'သတိကြီးသူ'ဖြစ်၍ 'သတိမန္တ' ဧတဒဂ်ဘွဲ့ ရရှိသူလည်း ဖြစ်သည်။

(၃) အရှင်အာနန္ဒာသည် တစ်နေရာတည်း၌ရပ်လျက် ဂါထာပုဒ်ပေါင်း (၆)သောင်းတို့ကို သင်ယူစွမ်းနိုင်သော 'ဉာဏဂတိ'၊ ရှင်တော်ဗုဒ္ဓ ဟောတော်မူတိုင်းသော နည်းအားဖြင့် သိစွမ်းနိုင်သော 'ဉာဏဂတိ' ရှိသူဖြစ်၍ 'ဉာဏဂတိ' ဉာဏ်အသွား အားကောင်းသော 'ဂတိမန္တ' ဧတဒဂ်ဘွဲ့ ရသူလည်းဖြစ်သည်။

(၄) အရှင်အာနန္ဒာသည် ပိဋကသုံးပုံကို သင်ယူခြင်း၊ သရဇ္ဈာယ်ခြင်း၊ အာဂုံဆောင်ထားနိုင်ခြင်းအားဖြင့် လုံ့လဝီရိယရှိသော နေရာတွင် အခြားသောရဟန်းတို့ထက် သာလွန်သည်ဖြစ်၍ လုံ့လဝီရိယအားကောင်းသော 'ဓိတိမန္တ' ဧတဒဂ်ဘွဲ့ ရရှိသူလည်း ဖြစ်ပါသည်။

(၅) အခြားသော ရဟန်းတို့လည်း ဗုဒ္ဓကို ပြုစုလုပ်ကျွေးကြလေသည်။ သို့ရာတွင် ဗုဒ္ဓကျေနပ်လောက်အောင် ပြုစုလုပ်ကျွေးခြင်း အမှုကို မပြုလုပ်နိုင်ကြပေ။ အရှင်အာနန္ဒာသည်ကား ဗုဒ္ဓကျေနပ်လောက်အောင် ပြုစုလုပ်ကျွေးနိုင်သည်ဖြစ်၍ 'ဥပဋ္ဌာက' ဧတဒဂ်ဘွဲ့ ရရှိသူလည်း ဖြစ်သည်။

အရှင်သာရိပုတြာ ချီးကျူးခြင်း

ဗုဒ္ဓပြီးလျှင် ပညာအရာ၌ တရားစစ်သူကြီး အရှင်သာရိပုတြာသည် ပညာဉာဏ် အကြီးမားဆုံး ဖြစ်သည်။ ထိုအရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးကလည်း အရှင်အာနန္ဒာသည်–

(၁) အတ္ထကုသလ – အနက်၌လည်းကောင်း၊ အကျိုး၌လည်းကောင်း ကျွမ်းကျင်သူလည်း ဖြစ်သည်။
(၂) ဓမ္မကုသလ – ပါဠိ၌လည်းကောင်း၊ အကြောင်း၌လည်းကောင်း ကျွမ်းကျင်သူလည်း ဖြစ်သည်။
(၃) ဗျဉ္ဇနကုသလ – အနက်ကို ပြတတ်သော အက္ခရာ၌လည်းကောင်း၊ ဝါကျ၌လည်းကောင်း ကျွမ်းကျင်သူလည်း ဖြစ်သည်။
(၄) နိရုတ္တိကုသလ – အနက်ကို ထုတ်ဖော်ကြောင်းဖြစ်သော ဝိဂြိုဟ်ဝါကျ၌ ကျွမ်းကျင်သူလည်း ဖြစ်သည်။
(၅) ပုဗ္ဗာပရကုသလ – ရှေးစကား၊ နောက်စကား အဆက်အစပ်၌ ကျွမ်းကျင်သူလည်း ဖြစ်သည်။

ဝေ၏ အဝစာရဏာ အနက်က ထပ်၍တရားဟောပုံ သဘော

ရှင်တော်ဗုဒ္ဓကရော အရှင်သာရိပုတြာကပါ ချီးကျူးရလောက်အောင် အရှင်အာနန္ဒာ၏ အရည်အချင်းကို သိကြရသော လူ၊ နတ်၊ ဗြဟ္မာတို့မှာ 'အရှင်အာနန္ဒာသည် ဗြဟ္မဇာလသုတ်အပါအဝင် ဗုဒ္ဓဟောကြားတော်မူထားအပ်သော **'ဓမ္မ၊ ဝိနယ'** ခေါ် ပိဋကသုံးပုံကို **'ဓာရဏာဗလ'** ခေါ် ဆောင်စွမ်းနိုင်သော အားရှိသူတစ်ဦးဖြစ်သူဟု သိမြင်ကြသည်ဖြစ်၍ ဤဗြဟ္မဇာလသုတ် တစ်သုတ်လုံးကို (ဆုံးဖြတ်ချက် အဝဓာရဏာအနက်ရှိသော ဝေသဒ္ဒါက ပြဆိုသော) 'ဗုဒ္ဓလက်ထက်က နာယူခဲ့သည့်အတိုင်းသာ' ယုတ်လျော့မှု လည်း မရှိ၊ ပိုလွန်မှုလည်း မရှိဘဲ ယခုအချိန်အထိအောင် အပြည့်အစုံ **'ဓာရဏာဗလ'** ဆောင်ရွက်စွမ်းအားရှိသော အရှင်မြတ်ဖြစ်သည် ဟူ၍ လက်ခံကြပြီး အားတက်သရော နာယူလိုသော ဆန္ဒများ ဖြစ်ကြရလေသည်။

ဤစကားရပ်ဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အပေါင်းတို့သည် အရှင်အာနန္ဒာကို အားကျအတုယူလျက် ရှင်တော် ဗုဒ္ဓ၏ ဓမ္မ၊ ဝိနယဟူသော ပိဋကသုံးပုံ သာသနာတော် အရှည်တည်တန့် ခိုင်မြဲအောင် **'သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအား'** တို့ဖြင့် အစွမ်းကုန်အားထုတ်၍ စွမ်းအားရှိသမျှ၊ စွမ်းနိုင်သမျှ ကြိုးစားအားထုတ်ကြပါကုန်လော့။

မေသဒ္ဒါအဖွင့်၊ မေအနက် သုံးနက်

အဋ္ဌကထာဆရာသည် **'ဝေ မေ သုတံ'**၌ ဝေသဒ္ဒါ၏ အနက်ကို ပြဆိုပြီးနောက် မေသဒ္ဒါ၏ အနက်ကို ဖွင့်ဆိုပြလေသည်။ **'မေ'**သဒ္ဒါသည် **'မယာအနက်၊ မယှံအနက်၊ မမအနက်'**ဟူ၍ အနက် (၃)နက်၌ ဖြစ်သည်။

မယာအနက်ဟောသော မေသဒ္ဒါက သိဖွယ်၊ မှတ်ဖွယ်၊ ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် မေသဒ္ဒါ၏ မယာအနက်ဟောပုံ သာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

'ဂါထာဘိ ဂီတံ မေ အဘောဇနေယျံ'

မေ- မယာ- ငါဗုဒ္ဓသည်၊ **ဂါထာဘိ ဂီတံ**- ဂါထာဖြင့် ရေးရွတ်ဆိုအပ်သော ဆွမ်းကို၊ **အဘောဇနေယျံ**- စားခြင်းငှာ မထိုက်တော့ပေ။

အထက်ပါစကားရပ်သည် သံယုတ္တနိကာယ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် အရဟန္တဝဂ်ဗြာဟ္မဏသံယုတ် အဂ္ဂိသုတ်၌ လည်းကောင်း၊ ဥပါသကာဝဂ် ကသိဘာရဒွါဇသုတ်၌ လည်းကောင်း၊ သုတ္တနိပါတ်ပါဠိတော် ဥရဂဝဂ် ကသိဘာရဒွါဇသုတ်၌ လည်း ကောင်း လာရှိလေသည်။

အဂ္ဂိသုတ်က ပြဆိုပုံ

ထိုတွင် အဂ္ဂိသုတ်နှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၏ ပြဆိုသော အဓိပ္ပါယ်လိုရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဖြစ်သည်။ အဂ္ဂိပုဏ္ဏားကြီးသည် နံနက်အခါ၌ ငှင်းတို့ကိုးကွယ်သော ဗြဟ္မာကြီးအား ရည်စူး၍ မီးကိုပူဇော်ခြင်းဖြင့် လုပ်ကျွေးခြင်းငှာ ထောပတ်နှင့် နို့ဃနာကို ရောစပ်၍ နို့ဃနာ ထမင်းကို စီရင်နေလေသည်။

(မီးတောက်ထဲသို့ ထိုနို့ဃနာထမင်းကို ထည့်လိုက်ခြင်းဖြင့် ဗြဟ္မာကြီးကို ပူဇော်သည်ဟု အယူရှိလေသည်။ ယင်းကိုပင် မီးကိုပူဇော်လုပ်ကျွေးသည်ဟု ခေါ်ခြင်းဖြစ်သည်။) ယင်းသို့ မီးကို ပူဇော်လုပ်ကျွေးခြင်းဖြင့် ဗြဟ္မာ့ပြည်သို့ ရောက်သည်ဟု အယူရှိလေ သည်။

ရှင်တော်ဗုဒ္ဓသည် ထိုအဂ္ဂိပုဏ္ဏားကြီးအား ထိုမိစ္ဆာဒိဋ္ဌိအယူမှ ကင်းလွတ်စေလိုတော်မူသည်ဖြစ်၍ လည်းကောင်း၊ အမြိုက်နိဗ္ဗာန်ကို ပေးလိုတော်မူသည်ဖြစ်၍ လည်းကောင်း အတုမရှိသော မဟာကရုဏာ မေတ္တာတော်ဖြင့် အဂ္ဂိပုဏ္ဏားကြီး၏ မီးလုပ်ကျွေးရာ အရပ်သို့ ကြွတော်မူ၍ ဆွမ်းခံရပ်တော်မူလေသည်။

ဗုဒ္ဓကို မြင်တွေ့လျှင် အဂ္ဂိပုဏ္ဏားကြီးသည်–

'အရှင်ဂေါတမ အမျိုးဇာတ်အားဖြင့်လည်း စင်ကြယ်မှု၊ ဗေဒင်သုံးပုံဟူသော ဝိဇ္ဇာစရဏနှင့်လည်း ပြည့်စုံမှု၊ ကျမ်းဂန်ပေါင်း မြောက်များစွာနှင့်စပ်၍ ဗဟုသုတလည်းရှိပါမှ ဤနို့ဃနာဆွမ်းကို စားထိုက်သည်' ဟူ၍ ဂါထာဖြင့် ရွတ်ဆိုလျှောက်လေသည်။

ထိုအခါ ဗုဒ္ဓသည် ဂါထာသုံးဂါထာဖြင့် အောက်ပါတရားစကားကို ဟောကြားတော်မူသည်။

'ပုဏ္ဏား အမျိုးဇာတ် စင်ကြယ်ရုံမျှဖြင့် လည်းကောင်း၊ ဗေဒင်သုံးပုံကို တစ်ဘက်ကမ်းရောက် တတ်မြောက်ရုံမျှဖြင့် လည်းကောင်း၊ ကျမ်းဂန်ပေါင်း မြောက်များစွာနှင့်စပ်၍ ဗဟုသုတရှိရုံမျှဖြင့် လည်းကောင်း လောဘ၊ ဒေါသ ကိလေသာများ ရှိနေလျှင် ၎င်းပုဂ္ဂိုလ်သည် ဗြာဟ္မဏ မဖြစ်နိုင်။

အရှင်ရဟန်းသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝဖြစ်စဉ်ကိုလည်း သိမြင်သည်။ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် နတ်ပြည်ကို လည်းကောင်း၊ ငြဟ္မာ့ပြည်ကို လည်းကောင်း၊ အပါယ်လေးဘုံတို့ကို လည်းကောင်း သိမြင်သည်။ ကိလေသာကင်းစင်သော အာသဝက္ခယဉာဏ်နှင့်လည်း ပြည့်စုံသည်။ ဤသို့သော ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူသည်သာ ဗြာဟ္မဏအစစ်ဖြစ်၍ နို့ဃနာဆွမ်းကို စားထိုက်ပေသည်' ဟူ၍ မိန့်တော်မူလေသည်။

ဗုဒ္ဓ၏ ထိုဟောပြောချက်ကို အဂ္ဂိပုဏ္ဏားကြီးသည် နားလည်သဘောပေါက်သွားသည်ဖြစ်၍ 'အရှင်ဂေါတမသည် နို့ဃနာဆွမ်းကို သုံးဆောင်ထိုက်သော ဗြာဟ္မဏအစစ် ဖြစ်ပါပေသည်' ဟူ၍ လျှောက်ကာ နို့ဃနာဆွမ်းအား ဗုဒ္ဓအား လောင်းလှူရန် အားထုတ်လေသည်။ ထိုအခါ ဗုဒ္ဓသည် အောက်ပါနှစ်ဂါထာဖြင့် ငြင်းပယ်တော်မူလိုက်လေသည်။

(၁) **ဂါထာဘိ ဂီတံ မေ အဘောဇနေယျံ၊**
သမ္ပဿတံ ဗြာဟ္မဏ နေသဓမ္မော၊
ဂါထာဘိ ဂီတံ ပနုဒန္တိ ဗုဒ္ဓါ၊
ဓမ္မေသတိ ဗြာဟ္မဏ ဝုတ္တိရေသာ။

(၂) **အညေနစ ကေဝလိနံ မဟေသိံ၊**
ခီဏာသဝံ ကုက္ကုစ္စ ဝူပသန္တံ၊
အန္နေန ပါနေန ဥပဋ္ဌဟဿု၊
ခေတ္တံ ဟိတံ ပုညပေက္ခဿ ဟောတိ။

(၁) ဗြာဟ္မဏ– ပုဏ္ဏား၊ ဂါထာဘိဂီတံ– ဂါထာတို့ဖြင့် သီဆိုရအပ်သော နို့ဃနာဆွမ်းကို၊ မေ– မယာ– ငါဗုဒ္ဓသည်၊ **အဘောဇနေယျံ**– မသုံးဆောင်ထိုက်၊ **ဧသော**– ဤဂါထာတို့ဖြင့် သီဆို၍ ရအပ်သောဆွမ်းကို သုံးဆောင်ခြင်းသည်၊ **သမ္ပဿတံ**– အကြောင်းအကျိုးကို သိမြင်သော သူတော်ကောင်းတို့၏၊ **နဓမ္မော**– အကျင့်သဘောမဟုတ်၊ **ဗုဒ္ဓါ**– ဗုဒ္ဓတို့သည်၊ **ဂါထာဘိဂီတံ**– ဂါထာဖြင့် သီဆို၍ ရအပ်သောဆွမ်းကို၊ **ပနုဒန္တိ**– ပယ်ကုန်၏၊ **ဓမ္မေသတိ**– အရိယာတို့၏ အကျင့်သဘော ရှိလတ်သော်၊ **ဧသာ**– ဤသူတော်ကောင်းတို့၏ အသက်မွေးခြင်းသည်၊ **ဝုတ္တိ**– စင်ကြယ်သော အသက်မွေးခြင်းတည်း။

(၂) **မဟေသိံ**– သီလက္ခန္ဓစသော ဂုဏ်ကျေးဇူးကို ရှာမှီးတတ်သော၊ **ကုက္ကုစ္စ ဝူပသန္တံ**– စက်ဆုပ်ဖွယ်ရာ ပူပန်မှုတွေမှ ငြိမ်းအေးပြီးသော၊ **ကေဝလိနံ**– အလုံးစုံကိစ္စပြီးပြီးသော၊ **ခီဏာသဝံ**– ရဟန္တာပုဂ္ဂိုလ်ကို၊ **အညေန**– ထိုကပ်လှူနေသော နို့ဃနာဆွမ်းမှတစ်ပါး အခြားသော၊ **အန္နေနစ**– ဆွမ်းဖြင့်လည်းကောင်း၊ **ပါနေနစ**– အဖျော်ဖြင့်လည်းကောင်း၊ ဥပဋ္ဌဟဿု– လုပ်ကျွေးလော့၊ **ဟိ**– မှန်၏၊ **တံ**– ထိုရဟန္တာပုဂ္ဂိုလ်သည်၊ **ပုညပေက္ခဿ**– ကောင်းမှုကို အလိုရှိသောသူ၏၊ **ခေတ္တံ**– လယ်မြေကောင်းသဖွယ်သည်၊ **ဟောတိ**– ဖြစ်၏၊ **ဣတိ**– ဤသို့ မိန့်တော်မူပြီ။

ထိုမှနောက်၌ အဂ္ဂိပုဏ္ဏားကြီးသည် ဗုဒ္ဓထံတွင် ရဟန်းပြုပြီး ရဟန်းတရား အားထုတ်လေရာ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေသည်။

ကသိဘာရဒွါဇသုတ်က ပြဆိုပုံ

ကသိဘာရဒွါဇသုတ်နှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၏ ပြဆိုသော အဓိပ္ပါယ်လိုရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ဗုဒ္ဓသည် မဂဓတိုင်း ဒက္ခိဏာဂိရိဇနပုဒ် ဧကနာဠကပုဏ္ဏားရွာ၌ သီတင်းသုံးတော်မူနေစဉ် အခါဖြစ်သည်။ တစ်နေ့သော နံနက်အခါ၌ ကသိဘာရဒွါဇပုဏ္ဏားကြီးသည် မျိုးကြဲရာလယ်ထွန်မင်္ဂလာ၌ လယ်လုပ်သမားတို့အား နို့ဃနာထမင်းတို့ဖြင့် ဝမ်းသာ ရွှင်မြူးကြည်နူးစွာဖြင့် ကျွေးမွေးခြင်းမင်္ဂလာကို အကြီးအကျယ်ပြုလုပ်လျက်နေလေသည်။

ရှင်တော်ဗုဒ္ဓသည် ထိုလယ်ထွန်မင်္ဂလာ ပြုရာအရပ်သို့ ကြွရောက်တော်မူပြီး ဆွမ်းခံရပ်တော်မူလေလျှင် ကသိဘာရဒွါဇ ပုဏ္ဏားကြီးက–

'သူ့လိုပဲ လယ်ယာလုပ်ကိုင်ပြီး စိုက်ပျိုးစားပါလား' ဟူ၍စသည် ပြောကြားလေသည်။

ထိုအခါ ရှင်တော်ဗုဒ္ဓကလည်း–

'ပုဏ္ဏားကြီး ငါသည်လည်း လယ်သမားပင်ဖြစ်ကြောင်း၊ ငါဗုဒ္ဓ၏ လယ်ယာမြေ၌ နိဗ္ဗာန်အသီးတို့သည် သီးလျက်ရှိကြောင်း၊ ထိုနိဗ္ဗာန်အသီးကို စားသောက်ရရှိမှုဝ၍ နောက်ထပ်လယ်ယာလုပ်ငန်းကို လုပ်စရာမလိုတော့ကြောင်း၊ သင်ပုဏ္ဏားမှာသာ တစ်နှစ်ပြီး တစ်နှစ် မပြီးနိုင် မဆုံးနိုင် လယ်လုပ်၍ စားသောက်နေရကြောင်း' စသည် မိန့်ကြားတော်မူလေသည်။

ရှင်တော်ဗုဒ္ဓ၏ ထိုတရားစကားကို ကြားနာရသောအခါ သဘောပေါက်နားလည်သွားသည်ဖြစ်၍ ကသိဘာရဒွါဇပုဏ္ဏားကြီး သည် အလွန်ကြည်ညိုဝမ်းမြောက်စွာ ဗုဒ္ဓအား နို့ဃနာဆွမ်းကို လောင်းလှူရန် အားထုတ်လေသည်။ ရှင်တော်ဗုဒ္ဓသည် အထက်ကတင်ပြ ပြီးခဲ့သော အဂ္ဂိပုဏ္ဏားအတိုင်းပင်–

'ဂါထာဖြင့် သီကုံးရွတ်ဆိုအပ်သော ဆွမ်းကို မစားကြောင်း' စသည် မိန့်ကြားတော်မူလေသည်။

(ဂါထာဖြင့် သီကုံးရွတ်ဆို၍ လှူသောဆွမ်းသည် လောကီ၌ အနုပညာ သဘင်သည်တို့ သီချင်းသီဆို၍ ရရှိသော အဖိုးအခနှင့် တူသောကြောင့် ဗုဒ္ဓသာသနာတော်၌ မအပ်စပ်ပေ။ ထို့ကြောင့် ဗုဒ္ဓသည် အလှူမခံခြင်း ဖြစ်သည်။)

ကသိဘာရဒွါဇပုဏ္ဏားကြီးလည်း အဂ္ဂိပုဏ္ဏားကြီးကဲ့သို့ပင် ရှင်တော်ဗုဒ္ဓထံတွင် ရဟန်းပြုပြီး ဝိပဿနာတရားများကို ကြိုးစားအားထုတ်လေရာ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေသည်။

မယာ အနက်ဟော မေသဒ္ဒါက ဆုံးမသြဝါဒပေးပုံ၊ တရားဟောပုံ သဘော

၁။ ငါဗုဒ္ဓသည် အဂ္ဂိပုဏ္ဏားကြီးနှင့် ကသိဘာရဒွါဇပုဏ္ဏားထံသို့ ကြွရောက်ခြင်းသည် ၎င်းတို့၏ ဆွမ်းကိုစားလို၍ အလှူခံလို၍ ကြွရောက်ခြင်းမဟုတ်၊ ၎င်းတို့အား မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာကို ပေးလို၍ ကြွရောက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ငါဗုဒ္ဓ၏ တပည့်အဖြစ်၊ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြကုန်သော ရဟန်းရှင်လူအပေါင်းတို့သည် ငါဗုဒ္ဓ၏ မဟာ ကရုဏာ၊ မဟာမေတ္တာကို နားလည်ကြကုန်၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာကိုရအောင် အားထုတ်ကြကုန်လော့။

၂။ ငါဗုဒ္ဓသည် ဂါထာဖြင့် သီကုံးရွတ်ဆို၍ လှူဒါန်းအပ်သောဆွမ်းကို အလှူမခံခြင်းသည် အဆိုကျော်များ သီချင်းဆို၍ ရအပ်သော အဖိုးအခနှင့် တူသောကြောင့် အသက်မွေးဝမ်းကျောင်း မစင်ကြယ်သည်ဖြစ်၍ အလှူမခံခြင်း ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့သည်လည်း မိမိဝမ်းရေး ဖြည့်တင်းရခြင်းကို အကြောင်းပြု၍ အသက်မွေးဝမ်းကျောင်း မစင်ကြယ်ဘဲနှင့် ရရှိသော ပစ္စည်းလာဘ်လာဘများကို ရှောင်ကြဉ်ကြကုန်လော့။ အသက် မွေးဝမ်းကျောင်း စင်ကြယ်၍ ရရှိသော ပစ္စည်းလာဘ်လာဘများကိုသာ သတိထား၍ သုံးဆောင်မှုပြုကြကုန်လော့။

(ပစ္စည်းလာဘ်လာဘများကို မစင်ကြယ်သောနည်းဖြင့် အလိုမရှိကြပါနှင့်။ စင်ကြယ်သောနည်းဖြင့်သာ အလိုရှိ ပါကုန်လော့။)

၃။ ငါဗုဒ္ဓသည် မိစ္ဆာဒိဋ္ဌိအယူရှိသူများကို သမ္မာဒိဋ္ဌိအယူသို့ရောက်အောင် ဆောင်ရွက်ဘိသကဲ့သို့ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့သည်လည်း ကိုယ်တိုင်လည်း မိစ္ဆာဒိဋ္ဌိအယူကို ရှောင်ကြဉ်၍ သမ္မာဒိဋ္ဌိအယူကို ယူသူဖြစ်ပြီး တစ်ပါးသူတို့ အားလည်း မိမိကဲ့သို့ မိစ္ဆာဒိဋ္ဌိအယူများကို ရှောင်ကြဉ်စေ၍ သမ္မာဒိဋ္ဌိအယူများ ယူစေအောင် ဆောင်ရွက်ကြကုန်လော့။

၄။ ငါဗုဒ္ဓသည် ငါ၏လယ်ယာ၌ နိဗ္ဗာန်အသီးကို သီးစေပြီး နိဗ္ဗာန်အသီးကို စားသုံးပြီး မဆုံးနိုင်သော လောကီ လုပ်ငန်း အခန်းခန်းတို့ကို ခန်းခြောက်စေလျက် အပြီးတိုင် ချုပ်ငြိမ်းစေဘိသကဲ့သို့ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများနှင့် လူသားအပေါင်းတို့သည်လည်း မိမိ၏ နှလုံးသားလယ်ယာ၌ နိဗ္ဗာန်အသီးကို သီးစေပြီး နိဗ္ဗာန်အသီးကို သုံးဆောင်နိုင်သူ ဖြစ်ကြ၍ မဆုံးနိုင်သော လောကီအလုပ်များကို ချုပ်ငြိမ်းသည်အထိ အားထုတ်ကြပါကုန်လော့။

၅။ လောကီလုပ်ငန်းတို့ဖြင့်သာ အချိန်မကုန်ပါစေနှင့်။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရရှိစေနိုင်သော လောကုတ္တရာ လုပ်ငန်းကိုလည်း ကြိုးပမ်းအားထုတ်ကြပါကုန်လော့။

မေသဒ္ဒါ၏ မယုံအနက်က သိမှတ်ကျင့်သုံးဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် မေသဒ္ဒါ၏ မယာ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီးနောက် မေသဒ္ဒါ၏ မယုံ အနက်၌ ဖြစ်ပုံသာဓက ကို ဆက်၍ ပြဆိုလေသည်။

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု။ *(သံ-၂- ၂၈၅)*

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **သာဓု**- တောင်းပန်ပါ၏၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **မေ**- မယုံ- တပည့်တော်အား၊ **သံခိတ္တေန**- အကျဉ်းအားဖြင့်၊ **ဓမ္မံ**- တရားတော်ကို၊ **ဒေသေတု**- ဟောတော်မူပါ။

အထက်ပါစကားရပ်သည် သဠာယတနသံယုတ် ပါဠိတော်- ဆန္နဝဂ်- ပုဏ္ဏသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့မှ ကောက်နှုတ်၍ လိုရင်းအဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

သုနာပရန္တတိုင်းမှ မဟာပုဏ္ဏသူကြွယ်သည် ကုန်ရောင်းရန်အလို့ငှာ သာဝတ္ထိပြည်သို့ ရောက်ရှိလာပြီးနောက် ဗုဒ္ဓ၏တရား တော်ကို ကြားနာရ၍ ရဟန်းပြုပြီးသောအခါ သုနာပရန္တတိုင်းသို့ပြန်၍ ဝိပဿနာတရား အားထုတ်လိုသဖြင့် ရှင်တော်ဗုဒ္ဓထံတွင် အထက်ကအတိုင်း 'တရားကို အကျဉ်းချုပ် ဟောတော်မူပါရန်' လျှောက်ထားလေသည်။

ဗုဒ္ဓသည် မဟာပုဏ္ဏမထေရ်အား 'သာယာဖွယ် အာရုံငါးပါးနှင့်စပ်၍ တဏှာလောဘဖြစ်လျှင် ဒုက္ခဖြစ်မည် ဖြစ်ကြောင်း၊ သာယာဖွယ် အာရုံငါးပါးတို့၌ တဏှာလောဘချုပ်လျှင် ဒုက္ခချုပ်မည်ဖြစ်ကြောင်း' စသည်ဖြင့် အကျဉ်းချုပ်တရား ဟောတော်မူလေ သည်။

ထို့နောက် ဗုဒ္ဓသည် မဟာပုဏ္ဏမထေရ်အား 'သုနာပရန္တတိုင်းသားတို့သည် အလွန်ကြမ်းတမ်းသည်ဖြစ်၍ ဆဲရေးတိုင်းထွာ ခြင်း၊ အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ခြင်းပြုလျှင် ဘယ်လိုသဘောထားမည်နည်း'ဟု မေးတော်မူရာ၌ အရှင်မဟာပုဏ္ဏက 'သည်းခံခွင့်လွှတ်ပါ မည့်အကြောင်း' လျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း ကောင်းချီးပေးလေသည်။

သာဓု သာဓု ပုဏ္ဏ သက္ခိဿသိ ခေါ် တွံ ပုဏ္ဏ ဣမိနာ ဒမူပသမေန သမန္နာဂတော သုနာပရန္တသ္မိံ ဇနပဒေ ဝတ္ထုံ *(သံ- ၂- ၂၈၇)*

ပုဏ္ဏ- ချစ်သားပုဏ္ဏ၊ **သာဓု သာဓု**- ကောင်းပေစွ၊ ကောင်းပေစွ၊ **ဣမိနာ ဒမူပသမေန**- ဤသည်းခံမှု အအေးဓာတ်နှင့်၊ **သမန္နာဂတော**- ပြည့်စုံသည်ရှိသော်၊ **သုနာပရန္တသ္မိံ**- သုနာပရန္တတိုင်း၌ရှိသော၊ **ဇနပဒေ**- ဇနပုဒ်၌၊ **ဝတ္ထုံ**- နေခြင်းငှာ၊ **တွံ**- သင်ချစ်သားသည်၊ **သက္ခိဿသိခေါ်**- စွမ်းနိုင်ပေလတ္တံ့။

ထိုမဟာပုဏ္ဏ ရဟန်းတော်သည် သုနာပရန္တတိုင်း ဇနပုဒ်၌ ထိုသည်းခံမှု အအေးဓာတ်ဖြင့် နေနိုင်သောကြောင့် ဗုဒ္ဓအမှူးပြု သော သံဃာတော်အရှင်မြတ်တို့လည်း အရှင်မဟာပုဏ္ဏ မထေရ်ရှိရာ သုနာပရန္တတိုင်း ဇနပုဒ်အရပ်သို့ ကြွရောက်ချီးမြှောက်တော် မူသည်။ သုနာပရန္တတိုင်း ဇနပုဒ်သား ဥပါသကာငါးရာ၊ ဥပါသိကာမ ငါးရာတို့လည်း သရဏဂုံတည် ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဖြစ်ကြလေသည်။ အရှင်မဟာပုဏ္ဏ မထေရ်လည်း တေဝိဇ္ဇာပတ္တ ရဟန္တာအဖြစ်သို့ရောက်ပြီး ပရိနိဗ္ဗာန်ပြုလေသည်။

မယုံ အနက်ဟော မေသဒ္ဒါက ဆုံးမခြင်းဝါဒပေးပုံ၊ တရားဟောပုံ သဘော

ပိဋကသုံးပုံ၌ မယုံ အနက်ဟော မေသဒ္ဒါတို့သည် အမြောက်အများ ရှိလေသည်။ ဤ၌ မယုံအနက်ဟော မေသဒ္ဒါက ဤသို့ တရားဟောမှု ပြုနိုင်လေသည်။

(၁) အကျိုးစီးပွါးကို လိုလားသူတို့သည် ဗုဒ္ဓထံ၌ဖြစ်စေ (ယခုအခါ၌ ဗုဒ္ဓအား ရည်စူး၍ဖြစ်စေ)၊ 'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်သုံးလျက်ရှိကြကုန်သော သံဃာတော် တစ်ပါးပါးထံ၌ဖြစ်စေ 'တပည့်တော်အား ပစ္စုပ္ပန်, သံသရာ နှစ်ဖြာသော အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သော တရားတော်ကို ဟောကြားတော်မူပါ၊ ကမ္မဋ္ဌာန်းတရားကို ပေးတော်မူပါ' ဟူ၍ တောင်းပန်လျှောက်ထားမှုကို ပြုကြကုန်လော့။

(၂) မည်ကဲ့သို့သော ဆန့်ကျင်ဘက်အာရုံ၌ဖြစ်စေ ၎င်းအာရုံများ၌၊ ၎င်းပုဂ္ဂိုလ်တို့အပေါ်၌ ခွင့်လွှတ်ကြကုန်လော့။ သည်းခံကြကုန်လော့။ ဥပေက္ခာပြုကြကုန်လော့။ မေတ္တာဓာတ် လွှတ်ကြကုန်လော့။ 'ဒမှုပသမ'တု ခေါ်သော သည်းခံမှု အအေးဓာတ်ဖြင့် နေနိုင်သူ ဖြစ်ကြကုန်လော့။

(၃) သူတစ်ပါးတို့က မိမိအပေါ်၌ ကဲ့ရဲ့ပြစ်တင်ရှုတ်ချ, နှိပ်စက်ခြင်းကို၊ ဗော်ကားမော်ကားပြုလုပ်လာခြင်းကို သည်းခံတတ်ကြကုန်လော့။

(၄) ခန္တီတတ်ဖြစ်သော ထိုသည်းခံမှုသည် အပူဓာတ်မဟုတ်၊ အအေးဓာတ်ဖြစ်သည်ကို ကောင်းစွာသဘောပေါက်နားလည်အောင် သုံးသပ်ကြကုန်လော့။

(၅) ရန်များခြင်းသည် အပူဓာတ်တည်း။ ရန်နည်းခြင်းသည် အအေးဓာတ်တည်း။ သည်းခံနိုင်မှု စွမ်းရည်ရှိသူတို့အား ရန်ပွါးမှုမရှိပေ။ သည်းမခံတတ်သူ၊ ပြန်လှန်၍ ကုံ့ပြန်တတ်သူတို့၌သာ ရန်ပွါးကြလေသည်။ ထို့ကြောင့် သည်းခံမှု အအေးဓာတ်ကို လွှတ်ကြကုန်လော့။

(၆) ထိုသို့ သည်းခံနိုင်ခြင်းဖြင့်၊ သည်းခံမှု အအေးဓာတ်ကို လွှတ်နိုင်ခြင်းဖြင့် မိမိ၏ အကျိုးစီးပွါးများကိုလည်း ဖြစ်ထွန်းအောင် ပြုကျင့်ရာရောက်သည်။ သူတစ်ပါးတို့၏ အကျိုးစီးပွါးကိုလည်း ပြုကျင့်ရာရောက်သည်။ 'ခန္တျာဘိယျော နတ္တိ' 'လောက၌ သည်းခံမှုထက် လွန်မြတ်သောအကျိုးစီးပွါးသည် မရှိတော့ပြီ' ဟူ၍ နားလည်သဘောပေါက်ပြီး မည်မျှပြင်းထန်သော ဆန့်ကျင်ဘက်များနှင့် တွေ့ကြုံရစေကာမူ သည်းခံမှု အအေးဓာတ်ဖြင့် နေနိုင်သူဖြစ်အောင် ကြိုးစားကြပါကုန်လော့။

မမ အနက်ဟော မေ သဒ္ဒါက သိ, မှတ်, ကျင့်သုံးဖွယ်ရာများကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် မေ သဒ္ဒါ၏ 'မယုံ' အနက်ဟောပုံ သာဓကကို ပြဆိုပြီးနောက် မေ သဒ္ဒါ၏ 'မမ' အနက်ဟောပုံ သာဓကကို အောက်ပါအတိုင်း ဆက်လက်ပြဆိုလေသည်။

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ။ *(မ- ၁- ၁၅)*

ဘိက္ခဝေ- ရဟန်းတို့၊ မေ- မမ- ငါဘုရား၏၊ ဓမ္မဒါယာဒါ- တရားတည်းဟူသော အမွေကို ခံယူတတ်သူတို့သည်၊ ဘဝထ- ဖြစ်ကြကုန်လော့။

အထက်ပါပါဠိရပ်သည် မူလပဏ္ဏာသ ပါဠိတော်- မူလပရိယာယဝဂ်- ဓမ္မဒါယာဒသုတ်၌ လာရှိလေသည်။ ၎င်းသုတ်နှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ လာရှိသော အဓိပ္ပါယ်များမှ ဤ၌လိုအပ်သော ဆိုလိုချက် အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

ဗုဒ္ဓပွင့်ပေါ်တော်မူလာချိန်၌ ဗုဒ္ဓအားလည်းကောင်း၊ သံဃာတော်တို့အားလည်းကောင်း မြစ်ရေအယဉ်သည် ကြီးမားသော အဟုန်ဖြင့် စီးဆင်းဘိသကဲ့သို့ မင်းစိုးရာဇာ၊ သူဌေးသူကြွယ်၊ ကုန်သွယ်၊ လယ်လုပ်၊ တောင်ယာခုတ်စသော တိုင်းသူပြည်သား

လူအများ အပေါင်းတို့သည် မိမိတို့၏ ပစ္စည်းများကို မနှမြောဘဲ ပုံအောရ်၍ လှူဒါန်းမှု ပြုကြလေသည်။

ဗုဒ္ဓအားလည်းကောင်း၊ သံဃာတော်အရှင်မြတ်တို့အားလည်းကောင်း မိမိတို့၏ ပစ္စည်းများကို ထိုသို့မနှမြောဘဲ ပုံအောရ်၍ လှူဒါန်းကြခြင်းသည် ဗုဒ္ဓက 'လှူဒါန်းကြပါ'ဟု မိန့်ကြားတော်မူ၍လည်း မဟုတ်ပေ။ သံဃာတော်အရှင်မြတ်များက 'လှူဒါန်းကြပါ' ဟု အလှူခံတော်မူကြ၍လည်း မဟုတ်ပေ။ ဒါယကာ၊ ဒါယိကာမများက သဒ္ဓါစိတ်ပေါက် စေတနာမြောက် လာရောက်၍ အလိုလို လှူဒါန်းကြခြင်း ဖြစ်လေသည်။

'အရာရာတွင် အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်'ဟု ဆိုသည့်အတိုင်း ယင်းသို့လှူဒါန်းကြခြင်းသည် အကြောင်းမရှိဘဲ လှူဒါန်းမှု ဖြစ်ပေါ်လာသည် မဟုတ်ပေ။ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းအကြောင်းတရားမှာ-

(၁) ရှင်တော်ဗုဒ္ဓသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိတိ ဉာဏ်အသိဖြင့် ထိမိစွာ ဒါနစသော ပါရမီဆယ်ပါး အပြား သုံးဆယ်တို့ကို ဖြည့်ခဲ့လေသည်။ ထိုသို့ ဖြည့်ကျင့်ခဲ့၊ ပြုလုပ်ခဲ့သော ပါရမီကုသိုလ်ကံတို့က အနန္တရှိနေသည်။ ဗုဒ္ဓသည်လည်း ယခုဘဝသာ နောက်ဆုံးဘဝအဖြစ်နှင့် တစ်ဘဝသာ နေတော်မူရတော့မည် ဖြစ်သည်။ ထို့ကြောင့် ထိုအနန္တသော ကုသိုလ်ကံ (အကြောင်းတရား)တို့က ဗုဒ္ဓအား နောက်ဆုံးအနေအားဖြင့် ဤတစ်ဘဝတည်းသာ အကျိုးပေးရန် ရှိတော့သည်ဖြစ်၍ ထိုအနန္တသော ကုသိုလ်ကံတို့က ဝိုင်းအုံ၍ အကျိုးပေးသောကြောင့် လည်းကောင်း၊

(၂) ဗုဒ္ဓ၏ အရဟံအစရှိသော ဂုဏ်တော်အပေါင်းတို့ကလည်း လူပြည်လူ့လောကကျော်၍ ဗြဟ္မာ့ပြည်အထိ ဘဝဂ်မဆန့် ပျံ့နှံ့တက်သောကြောင့် လည်းကောင်း ထိုသို့ အဟုန်စီးသော မြစ်ရေပမာ ပစ္စည်းလေးပါး ပေါများခြင်း ဖြစ်လေသည်။ လှူဒါန်းသူ ပေါများရခြင်း ဖြစ်လေသည်။

(၃) ထိုမှတစ်ပါး ရှင်တော်ဗုဒ္ဓ၏ တပည့်သား သံဃာတော်တို့မှာလည်း ဗုဒ္ဓ၏ သာသနာတော် အရှိန်အဝါကြောင့် လည်းကောင်း၊ ကမ္ဘာတစ်သိန်းတိတိ ဖြည့်ကျင့်ပြုလုပ်လာခဲ့ကြသော ပါရမီကုသိုလ် အရှိန်အဟုန်တို့ကြောင့် လည်းကောင်း၊ 'သုပ္ပဋိပန္နတာ' အစရှိသော သံဃာတော် အရှင်မြတ်တို့၏ ကောင်းမြတ်သော အကျင့်ဂုဏ်တို့ကြောင့် လည်းကောင်း ထိုသို့ အဟုန်စီးသော မြစ်ရေပမာ လှူဒါန်းသူပေါများခြင်း ဖြစ်လေသည်။ ပစ္စည်းလေးပါး ပေါများခြင်း ဖြစ်လေသည်။

ထိုသို့ ပစ္စည်းလေးပါး အလှူအတန်း အလွန့်အလွန် ပေါများခြင်းသည် အရိယာသံဃာတော်တို့အတွက် ပျက်စီးရန် အကြောင်းမဟုတ်သော်လည်း ပုထုဇဉ်သံဃာတော်တို့အတွက် ပျက်စီးရန် အကြောင်းဖြစ်နိုင်လေသည်။

မှန်ပါသည်။ ပုထုဇဉ်သံဃာများသည် ပစ္စည်းလေးပါး ပေါများသည့်အတွက် လောဘတက်ကာ ယောက်ယက်ခတ်ဖြစ်လျက် တရားဓမ္မကျင့်သုံးရန် လုံ့လမစိုက်ကြတော့ဘဲ ပစ္စည်းလေးပါး ပေါများရန်ကိုသာ လုံ့လစိုက်သွားနိုင်ပေသည်။ ယင်းသို့ လာဘ်ပေါများရေးအတွက်သာ လုံ့လစိုက်သွားပါက ကိုယ်ကျင့်တရား ချို့ယွင်းပျက်ပြားလာကာ အပါယ်ငရဲအထိပင် ကျရောက်သွားနိုင်ပေသည်။

ထို့ကြောင့်ဗုဒ္ဓက တပည့်သား သံဃာတော်တို့အား 'ဓမ္မအမွေ၊ ပစ္စည်းအမွေ' ဟူ၍ နှစ်ထွေနှစ်မျိုးရှိရာတွင် ပစ္စည်းအမွေကို မခံယူကြဘဲ ဓမ္မအမွေကို ခံယူကြရန် အလေးပေး မိန့်ကြားတော်မူခြင်း ဖြစ်သည်။

မှန်ပါသည်။ ရှင်တော်ဗုဒ္ဓသည် တပည့်သား သံဃာတော်တို့အား ဓမ္မအမွေကိုရော၊ ပစ္စည်းအမွေကိုရော အမွေနှစ်မျိုးလုံးကို ပေးထားလေသည်။ ပေးထားပုံသဘောမှာ ဤသို့ဖြစ်သည်။

(၁) ဤသာသနာတော်၌ 'မဂ်၊ ဖိုလ်၊ နိဗ္ဗာန်' ဟူသော လောကုတ္တရာဓမ္မအမွေသည် ရှင်တော်ဗုဒ္ဓက စတင်ရရှိခြင်းဖြစ်၍ ထို 'မဂ်၊ ဖိုလ်၊ နိဗ္ဗာန်' ဟူသော ဓမ္မအမွေသည် ရှင်တော်ဗုဒ္ဓ၏ ဓမ္မအမွေပင် ဖြစ်လေသည်။

(၂) မျှတလောက်သော ပစ္စည်းလေးပါးကို အမှီပြုရမှသာလျှင် 'မဂ်၊ ဖိုလ်၊ နိဗ္ဗာန်' ဟူသော လောကုတ္တရာဓမ္မအမွေကို ရရှိအောင် အားထုတ်နိုင်မည်ဖြစ်သောကြောင့် ရှင်တော်ဗုဒ္ဓသည် တပည့်သားသံဃာတော်တို့အား မျှတလောက်သော ပစ္စည်းလေးပါးကို အပ်စပ်သောနည်းဖြင့် အလှူခံခွင့်ပေးထားခြင်းဖြစ်၍ ပစ္စည်းအမွေသည်လည်း ဗုဒ္ဓကပေးထားသော ပစ္စည်းအမွေပင် ဖြစ်လေသည်။

ထို့ကြောင့် ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သံဃာတော်တို့သည် ဓမ္မအမွေကို မခံယူဘဲ ပစ္စည်းအမွေကိုသာ ခံယူနေကြမည် ဆိုပါက ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်နေသောကြောင့် ပစ္စည်းအမွေကို မခံယူဘဲ ဓမ္မအမွေကိုသာ ခံယူကြရန် သံဃာတော်တို့အား အောက်ပါတရားတော်ကို ဟောကြားတော်မူလေသည်။

'ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ မာအာမိသဒါယာဒါ။ အတ္ထိ မေ တုမှေသု အနုကမ္ပာ ကိန္တိမေ'တိ။ *(မ- ၁- ၁၅)*

ဘိက္ခဝေ- ချစ်သားရဟန်းတို့၊ တုမှေ- သင်ချစ်သား ရဟန်းတို့သည်၊ မေ- မမ- ငါဘုရား၏၊ ဓမ္မဒါယာဒါ- တရား၏ အမွေခံတို့သည်၊ ဘဝထ- ဖြစ်ကြပါကုန်လော့၊ အာမိသဒါယာဒါ- ပစ္စည်းလေးပါး၏ အမွေခံတို့သည်၊ မာဘဝထ- မဖြစ်ကြစေကုန်လင့်၊ ကိန္တိ- အဘယ့်ကြောင့်နည်း ဟူမူကား၊ မေ- မမ- ငါဘုရား၏၊ တုမှေသု- သင်ချစ်သားရဟန်းတို့အပေါ်၌၊ ယသ္မာ- အကြင့်ကြောင့်၊ အနုကမ္ပာ- အစဉ်သနားခြင်းသည်၊ အတ္ထိ- ရှိ၏၊ တသ္မာ- ထို့ကြောင့်တည်း။

ဓမ္မအမွေခံဖြစ်ရန် အရှင်သာရိပုတြာလည်း ဟောကြားခြင်း

'မဂ်၊ ဖိုလ်၊ နိဗ္ဗာန်' ဟူသော လောကုတ္တရာဓမ္မအမွေကို ခံယူနိုင်ရန်အတွက် မဇ္ဈိမပဋိပဒါ အကျင့်မြတ်ဖြစ်သော 'သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ' ဟူသော မဂ္ဂင်ရှစ်ပါး အကျင့်မြတ် တရားကို ကျင့်သုံးရန် လိုအပ်ပေသည်။ ထိုသို့လိုအပ်ကြောင်းကို တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာ မထေရ်မြတ်ကြီးသည် လည်း ရဟန်းတို့အား အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

အာဝုသော လောဘောစ ပါပကော, ဒေါသောစ ပါပကော (ပ) မဒေါစ ပါပကော, ပမာဒေါစ ပါပကော၊ လောဘဿစ ပဟာနာယ, ဒေါသဿစ ပဟာနာယ (ပ) မဒဿစ ပဟာနာယ, ပမာဒဿစ ပဟာနာယ၊ အတ္ထိ မဇ္ဈိမပဋိပဒါ၊ စက္ခုကရဏီ, ဉာဏကရဏီ၊ ဥပသမာယ, အဘိညာယ, သမ္ဗောဓာယ, နိဗ္ဗာနာယ သံဝတ္တတိ (ပ) အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ *(မ- ၁- ၁၉)*

အာဝုသော- ငါ့ရှင်တို့၊ လောဘောစ- လောဘသည်လည်း၊ ပါပကော- ယုတ်ညံ့၏၊ ဒေါသောစ- ဒေါသသည်လည်း၊ ပါပကော- ယုတ်ညံ့၏၊ (ပ) မဒေါစ- မာန်ယစ်ခြင်းသည်လည်း၊ ပါပကော- ယုတ်ညံ့၏၊ ပမာဒေါစ- သတိမေ့လျော့ခြင်းသည်လည်း၊ ပါပကော- ယုတ်ညံ့၏၊

လောဘဿစ- လောဘကိုလည်း၊ ပဟာနာယ- ပယ်ခြင်းငှာ၊ ဒေါသဿစ- ဒေါသကိုလည်း၊ ပဟာနာယ- ပယ်ခြင်းငှာ၊ မဒဿစ- မာန်ယစ်ခြင်းကိုလည်း၊ ပဟာနာယ- ပယ်ခြင်းငှာ၊ ပမာဒဿစ- သတိမေ့လျော့ခြင်းကိုလည်း၊ ပဟာနာယ- ပယ်ခြင်းငှာ၊ ဥပသမာယ- အေးချမ်းခြင်းငှာ၊ အဘိညာယ- အထူးသိခြင်းငှာ၊ သမ္ဗောဓာယ- အမှန်သိခြင်းငှာ၊ နိဗ္ဗာနာယ- ငြိမ်းခြင်းငှာ၊ စက္ခုကရဏီ- မြင်အောင်ပြုတတ်သော၊ ဉာဏကရဏီ- သိအောင်ပြုတတ်သော၊ မဇ္ဈိမပဋိပဒါ- အလယ်အလတ်ဖြစ်သော အကျင့်သည်၊ အတ္ထိ- ရှိ၏၊ သော- ထိုအလယ်အလတ်ဖြစ်သော အကျင့်ဟူသည်၊ အရိယော- ဖြူစင်သော၊ အယမေဝ အဋ္ဌင်္ဂိကော မဂ္ဂေါ- သမ္မာဒိဋ္ဌိ အစရှိသော အင်္ဂါရှစ်ပါးရှိသော ဤမဂ်ပင်တည်း။

မမ အနုက်ဟော မေသဒ္ဒါက ဆုံးမသြဝါဒပေးပုံ၊ တရားဟောပုံ သဘော

ပိဋကသုံးပုံ၌ မေ- မမ- ငါဘုရား၏ ဟူသော စကားတော်သည် အမြောက်အများ ရှိလေသည်။ ဤ၌ မမအနက်ဟောသော မေသဒ္ဒါက အောက်ပါအတိုင်း တရားဟောမှု ဆုံးမသြဝါဒပေးမှု ပြုနိုင်ပေသည်။

(၁) ငါဘုရားသည် စကြာဝတေးမင်းစည်းစိမ်နှင့်တူသော လောကီစည်းစိမ် ပစ္စည်းအမွေများကို လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာအမွေကို အစဦးဆုံးရအောင် ယူနိုင်ခဲ့ပေသည်။ သင်ချစ်သား ရဟန်းအပေါင်းတို့သည်လည်း လူ့ဘဝစည်းစိမ် ပစ္စည်းအမွေကို လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဟူသော လောကုတ္တရာအမွေကို ရအောင်ယူကြကုန်လော့။

(၂) ငါဘုရား၏ လူ့ဘဝတုန်းက သားတော်ဖြစ်သော ရာဟုလာသည် ခုနစ်နှစ်သားအရွယ်က ငါဘုရားထံ၌ ရွှေအိုးကြီး လေးလုံး တူသော လောကီစည်းစိမ် ပစ္စည်းအမွေကို တောင်းခံလေသည်။ ငါဘုရားသည် ထိုလောကီဖြစ်သော ပစ္စည်းအမွေတို့၌ ပြောက်များစွာသော အပြစ်ကို မြင်သည်ဖြစ်၍ ငါ့သားတော်ရာဟုလာအား မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာအမွေ

ကိုသာ ပေးလိုက်လေသည်။ သင်ချစ်သား ရဟန်းအပေါင်းတို့သည်လည်း မိမိတို့၏ သားသမီး ဆွေမျိုးသားချင်းတို့အား လောကီလူ့ဘောင် ပစ္စည်းအမွေကို စွန့်လွှတ်စေပြီး ရှင်သာမဏေအဖြစ်၊ ရဟန်းအဖြစ်သို့ရောက်အောင်၊ (သာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ရောက်အောင်) ပြုလုပ်ပေးကြပြီးလျှင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာအမွေကို ပေးကြကုန်လော့။

(၃) ငါဘုရား၏ သာသနာတော်၌ ငါဘုရား၏ ခွင့်ပြုချက်ဖြင့် သင်ချစ်သားတို့သည် သာမဏေအဖြစ်၊ ရဟန်းအဖြစ်သို့၊ (သာသနာ့နွယ်ဝင်သီလရှင်အဖြစ်သို့) ရောက်ရှိလာကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် သင်ရဟန်း၊ သာမဏေနှင့် (သာသနာ့နွယ်ဝင် သီလရှင်) တို့သည် လူ့ဘဝတုန်းက မိဘများသည် လည်းကောင်း၊ ထိုလောကီမိဘတို့ ပိုင်ဆိုင်သော ရွှေ၊ ငွေ၊ လယ်ယာစသော ပစ္စည်းဥစ္စာတို့သည် လည်းကောင်း သင်ချစ်သားတို့နှင့် သက်ဆိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် သက်ဆိုင်ခြင်း မရှိသည်ကို သက်ဆိုင်ခြင်း မရှိသည့်အတိုင်း လောကီကိစ္စတို့၌ ကင်းကင်းရှင်းရှင်း နေကြကုန်လော့။ ငါဘုရား၏ သာသနာတော်နှင့်သာ သက်ဆိုင်ခြင်း ရှိကြသည်ဖြစ်၍ ငါဘုရား၏ အမွေစင်စစ်ဖြစ်သော လောကုတ္တရာမဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုသာရအောင် အားထုတ်ကြကုန်လော့။

(၄) ထိုမှတဖန် ငါဘုရားသည် အပ်စပ်သောနည်းဖြင့် ပစ္စည်းလေးပါးကို ခွင့်ပြုထားသည်။ ၎င်းသည် ငါပေးထားသော ပစ္စည်းအမွေဖြစ်သည်။ ၎င်းပစ္စည်းအမွေကို ပေးခြင်းသည် စည်းစိမ်ယစ်ရန် ပေးခြင်းမဟုတ်ပေ။ အဓိကအမွေဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန် လောကုတ္တရာအမွေကို ရရှိအောင် အားထုတ်နိုင်ရေးအတွက်သာ ပေးထားခြင်းဖြစ်သည်။ ထို့ကြောင့် သင်ချစ်သားတို့သည် မျှတရုံလောက်သာ ပစ္စည်းလေးပါးကို တပ်မက်ခြင်းကင်းစွာ ခံယူပြီး 'မဂ်၊ ဖိုလ်၊ နိဗ္ဗာန်' ဟူသော လောကုတ္တရာ အမွေကိုသာ ရအောင်အားထုတ်ကြပါကုန်လော့။

(၅) ရဟန်းရှင်လူ အပေါင်းတို့သည် စီးပွါးဥစ္စာ ပစ္စည်းလေးပါး လာဘ်လာဘများနှင့်သာ အချိန်မကုန်ကြစေဘဲနှင့် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာကို ပယ်နိုင်ရန်၊ အေးရန်၊ ငြိမ်းရန်၊ အထူးသိရန်၊ အမှန်သိရန် သမ္ဗောဓိဋ္ဌ အစရှိသော မဂ္ဂင်ရှစ်ပါး ဓမ္မအမွေကိုလည်း အရေးတယူ ဂရုမူ၍ ခံယူနိုင်ကြသူများဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။

ဤ၌ မေသဒ္ဒါ လိုအပ်သော အနက်

အထက်ပါ မေသဒ္ဒါ၏ 'မယာ အနက်၊ မယှံ အနက်၊ မမ အနက်' ဟူ၍ သုံးနက်ရှိသည့်အနက်က ဤဖြဟ္မဇာလသုတ်၌ လိုအပ်သောအနက်သည် 'မယာ အနက်၊ မမ အနက်' ဟူသော နှစ်နက်ကိုသာ လိုအပ်လေသည်။ ထိုနှစ်နက်ဖြင့်-

(၁) *'မေ မယာ သုတံ'* မေ- မယာ- တပည့်တော် အာနန္ဒာသည်၊ ဧတံ- ဤဖြဟ္မဇာလသုတ်တော်ကို၊ သုတံ- နာယူမှတ်သား ဆောင်ထားအပ်ပါပြီဟူ၍ လည်းကောင်း၊

(၂) *'မေ မမ သုတံ'* မေ- မမ- *တပည့်တော် အာနန္ဒာ၏၊* ဧတံ- ဤဖြဟ္မဇာလသုတ်တော်ကို၊ သုတံ- နာယူမှတ်သား ဆောင်ထားခြင်းသည်၊ ဟောတိ- ဖြစ်၏ဟူ၍ လည်းကောင်း အဓိပ္ပါယ်ရလေသည်။ *(ဒီ ဋ- ၁- ၂၉။ ဆိုင်ရာ မဟာဋီကာ/ ဋီကာသစ်)*

ဧဝံ မေ သုတံ၌ သုတသဒ္ဒါ ဟောနိုင်သော အနက်များ

ဧဝံ မေ သုတံ၌ အဋ္ဌကထာဆရာသည် ဧဝံအနက်၊ မေအနက်များကို ပြဆိုပြီး၍ သုတသဒ္ဒါ၏ ဟောနိုင်သော အနက်များကို လည်း အောက်ပါအတိုင်း ပြဆိုလေသည်။

သုတသဒ္ဒါသည် 'ဂမန အနက်၊ ဝိဿုတ အနက်၊ ကိလိန္န အနက်၊ ဥပစိတ အနက်၊ အနုယောဂ အနက်၊ သောတဝိညေယျ အနက်၊ သောတဒွါရာနုသာရဝိညာတ အနက်' အစရှိသော အနက်များစွာတို့၌ ဖြစ်၏ဟူ၍ ပြဆိုထားလေသည်။ *(ဒီ ဋ- ၁- ၂၉)*

(၁) သုတသဒ္ဒါ၏ ဝိဿုတ ပဟာအနက်က သိ, မှတ်, ကျင့်သုံးဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သုတသဒ္ဒါ၏ ဝိဿုတအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုထားလေသည်။

'သုတဓမ္မဿ ပဿတော'တိ *(ခု- ၁- ၈၈)*

သုတဓမ္မဿ- ထင်ရှားပြီးသော သစ္စာတရားရှိသော၊ ပဿတော- ပညာမျက်စိဖြင့် ခပ်သိမ်းသော တရားတို့ကို မြင်ပြီးသော။

အထက်ပါပါဠိရပ်သည် ဥဒါန်းပါဠိတော် မုစလိန္ဒဝဂ်- မုစလိန္ဒသုတ်၌ လည်းကောင်း၊ ဝိနည်း မဟာဝါ ပါဠိတော် မုစလိန္ဒကထာ၌ လည်းကောင်း၊ မူလပဏ္ဏာသ အဋ္ဌကထာ ဒုအုပ်- နှာ (၉၀)၌ လည်းကောင်း လာရှိသည်။ ထိုပါဠိနှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့မှ လာရှိသော အဓိပ္ပါယ်များအနက် ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် ဥရုဝေလတောအုပ်၌ ဗုဒ္ဓအဖြစ်သို့ ရောက်ပြီးစ ခြောက်ခုမြောက် သတ္တာဟတွင် မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို တင်ပလ္လင်ခွေ တစ်ထိုင်တည်းဖြင့် ခုနစ်ရက်ပတ်လုံး ခံစားလျက် ရှိနေသည်။ ထိုအချိန်သည် နွေဥတု၏ နောက်ဆုံးလ မိုးကာလသို့ မရောက်မီအချိန် ဖြစ်သည်။ ထိုအချိန်၌ အခါမဲ့မိုးကြီးသည် ခွေမိုးအဖြစ် ခုနစ်ရက်ပတ်လုံး ရွာသွန်းလျက် ရှိနေသည်။ ထိုမိုးနှင့်အတူ အလွန်အေးသော လေတို့ကလည်း တဟူးဟူးတိုက်ခတ်လျက် ရှိနေပြန်သည်။

ထို့ကြောင့် မုစလိန္ဒာ နဂါးမင်းသည် ရှင်တော်ဗုဒ္ဓအား အချမ်း,အပူ, ခြင်, မှက်, ယင်ရဲ စသည်တို့ မနှိပ်စက်ရလေအောင် အခွေခုနစ်ထပ် ရစ်ပတ်လျက် ရှင်တော်ဗုဒ္ဓ၏ ဦးခေါင်းတော်ထက်၌ အလွန်ကျယ်ပြန့်စွာဖြန့်လျက် ပါးပျဉ်းပြားဖြင့် အုပ်မိုးကာကာကွယ်ပေးထားလေသည်။

ထို့ကြောင့် ဗုဒ္ဓသည် အလွန်လုံခြုံသော၊ ကြီးကျယ်သော ရတနာဂန္ဓကုဋိ တိုက်ခန်းကြီး၌ သီတင်းသုံးနေရဘိသကဲ့သို့ ရှိလေသည်။

ခုနစ်ရက်စေ့လျှင် ခွေမိုးကြီးလည်း တိကနဲ ရပ်စဲသွားလေပြီ။ ကောင်းကင်ပြင်သည်လည်း မိုးတိမ်တို့မှ ကင်းစင်သွားလေပြီ။ ထို့ကြောင့် ဗုဒ္ဓသီတင်းသုံးရာ ဥရုဝေဠတောအုပ်သည် အလွန်သာယာလျက် ရှိနေလေသည်။

မုစလိန္ဒနဂါးမင်းကြီးလည်း လုလင်အသွင်ဖြင့် ရှင်တော်ဗုဒ္ဓအား ဝမ်းမြောက်ကြည်နူးစွာ ရှိခိုးလျက် ရှိနေသည်။ ရှင်တော်ဗုဒ္ဓသည် အချမ်း, အပူ, ခြင်, မှက်, ယင်ရဲ နှိပ်စက်ခြင်းဘေးမှ လွတ်မြောက်သော ချမ်းသာထက် အရဟတ္တဖိုလ်ချမ်းသာက သာလွန်သည်ကို သိမြင်တော်မူသည်ဖြစ်၍ အောက်ပါအတိုင်း ဥဒါန်းကျူးရင့်တော်မူလေသည်။

(၁) **သုခေါ ဝိဝေကော တုဋ္ဌဿ၊ သုတဓမ္မဿ ပဿတော၊**
အဗျာပဇ္ဇံ သုခံ လောကေ၊ ပါဏဘူတေသု သံယမော။

(၂) **သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော၊**
အသ္မိမာနဿ ယော ဝိနယော၊ ဧတံ ဝေ ပရမံ သုခံ။ *(ခု- ၁- ၈၈)*

(၁) တုဋ္ဌဿ- မဂ်ဉာဏ်လေးပါးဖြင့် ရောင့်ရဲခြင်းရှိသော၊ **သုတဓမ္မဿ (ဝိဿုတဓမ္မဿ)**- ထင်ရှားသိပြီးသော သစ္စာတရားရှိသော၊ **ပဿတော**- ပညာမျက်စိဖြင့် ခပ်သိမ်းသော တရားတို့ကို မြင်ပြီးသော၊ **ခီဏာသဝဿ**- ရဟန္တာပုဂ္ဂိုလ်အား၊ **ဝိဝေကော**- ခန္ဓာငါးပါး ချုပ်ငြိမ်းရာ ဥပဓိဝိဝေကသည်၊ **သုခေါ**- ချမ်းသာလှပါပေ၏၊ **လောကေ**- လောက၌၊ **အဗျာပဇ္ဇံ**- အမျက်မထွက်ဘဲ မေတ္တာထားနိုင်ခြင်းသည်၊ **သုခံ**- ချမ်းသာလှပါပေ၏၊ **ပါဏဘူတေသု**- သတ္တဝါအပေါင်းတို့၌၊ **သံယမော**- ကရုဏာတရား ရှေ့ထား၍ မညှင်းဆဲမိအောင် စောင့်စည်းနိုင်ခြင်းသည်၊ **သုခေါ**- ချမ်းသာလှပါပေ၏။

(၂) **လောကေ**- လောက၌၊ **ကာမာနံ**- ကာမဂုဏ်တို့ကို၊ **သမတိက္ကမော**- အနာဂါမိမဂ်ဖြင့် လွန်မြောက်နိုင်ခြင်းဟု ဆိုအပ်သော၊ **ဝိရာဂတာ**- အနာဂါမိမဂ်ဖြင့် ရာဂကင်းခြင်းသည်၊ **သုခါ**- ချမ်းသာလှပါပေ၏၊ **အသ္မိမာနဿ**- ငါတလုလု မာန်မူခြင်း မာနကို၊ **ဝိနယော**- အရဟတ္တမဂ်ဖြင့် ပယ်ရှားဆုံးမနိုင်ခြင်းသည်၊ **ဝေ**- စင်စစ်၊ **ဧတံ**- ဤအရဟတ္တဖိုလ်ချမ်းသာသည်၊ **ပရမံ သုခံ**- အမြတ်ဆုံးချမ်းသာ ဖြစ်ပေတော့၏။

အထက်ပါ ဂါထာများ၏ ဖော်ပြလိုသော အဓိပ္ပါယ်လိုရင်းမှာ ရှင်တော်ဗုဒ္ဓသည် အရဟတ္တဖိုလ် ဖလသမာပတ်ကို ဝင်စားတော်မူ၍ နိဗ္ဗာန်ချမ်းသာကို ခံစားလေသည်။ ထိုသို့ ခံစားရာ၌ ချမ်းသာအဆင့်ဆင့်ရှိလေသည်။

(၁) သောတာပတ္တိဖိုလ်ချမ်းသာနှင့် မေတ္တာရေးရှသော ချမ်းသာ၊

(၂) သကဒါဂါမိဖိုလ်ချမ်းသာနှင့် ကရုဏာရေးရှသော ချမ်းသာ၊

(၃) အနာဂါမိဖိုလ်ချမ်းသာ၊

(၄) အရဟတ္တဖိုလ်ချမ်းသာ ဟူ၍ ချမ်းသာအဆင့်ဆင့် ရှိရာတွင် အရဟတ္တဖိုလ်ချမ်းသာသည် အမြတ်ဆုံးဖြစ်လေသည်။
(ဥဒါန်း ၄- ၉၀၊ ဝိနည်းမဟာဝဂ် ၄- ၂၄၀)

ဝိသုတ အနက်ရှိသော သုတသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံ သဘော

(၁) ရှင်တော်ဗုဒ္ဓသည် သစ္စာလေးပါး မြတ်တရားကို မဂ်လေးပါးဖြင့် ထင်ရှားသိမြင်ပြီး ဖြစ်သောကြောင့် ဖိုလ်လေးပါးတည်သော ချမ်းသာအဆင့်ဆင့်ကို ကောင်းစွာရရှိလေသည်။ ထိုတွင် အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်ချမ်းသာကို ခုနစ်ရက်ပတ်လုံး ခံစားလေသည်။ ထို့ကြောင့် သူတော်ကောင်းအပေါင်းတို့သည် မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို ထင်ရှားစွာ သိအောင် ကြိုးစားကြကုန်လော့။ ထို့နောက် ဖိုလ်ချမ်းသာဖြင့် နေနိုင်အောင် ကြိုးစားကြကုန်လော့။

(၂) အချမ်း၊ အပူ၊ ခြင်၊ မှက်၊ ယင်ရဲ အစရှိသော အနှိပ်စက်ခံရသော ဘေးမှလွတ်မြောက်ခြင်း ချမ်းသာထက် ဖိုလ်လေးပါးချမ်းသာက အဆင့်ဆင့် သာလွန်သည်ဖြစ်၍ သူတော်ကောင်းအပေါင်းတို့သည် အနည်းဆုံး သောတာပတ္တိဖိုလ်ချမ်းသာ၊ မေတ္တာရေးရှသော ချမ်းသာများကို ရရှိအောင် ကြိုးစားကြပါကုန်လော့။

(၂) သုတသဒ္ဒါ၏ ဥပစိတ ဟောအနက်က သိ, မှတ်, ကျင့်သုံးဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သုတသဒ္ဒါ၏ ဝိသုတ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သုတသဒ္ဒါ၏ ဥပစိတ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

'တုမှေဟိ ပုညံ ပသုတံ အနပ္ပကံ' *(ခု- ၁- ၉)*

တုမှေဟိ- သင်တို့သည်၊ အနပ္ပကံ- များစွာသော၊ ပုညံ- ကောင်းမှုကို၊ ပသုတံ- ဥပစိတံ- ဆည်းပူးအပ်လေပြီ။

အထက်ပါပါဠိရပ်သည် ခုဒ္ဒကပါဌ်တော်နှင့် ဝိမာနဝတ္ထုပါဠိတော် တိရောကုဋ္ဋသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာတို့မှ လာရှိသော အဓိပ္ပါယ်များအနက် ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။
လွန်ခဲ့သော (၉၂)ကမ္ဘာထက်က ဖုဿဘွဲ့တော် အမည်ရသော ဗုဒ္ဓလက်ထက်၌ ဘုရင်ဗိမ္ဗိသာရ အလောင်းဖြစ်သော အတွင်းဝန်အမတ်သည် ဗုဒ္ဓအမျူးပြုသော သံဃာတော် အရှင်မြတ်တို့အား ဝါတွင်းသုံးလပတ်လုံး ဆွမ်းအာဟာရ အစရှိသော ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ ပြုစုလုပ်ကျွေးခြင်းစသော ကုသိုလ်ကောင်းမှု ပုညအစုကို ပြုလုပ်ခဲ့ရာတွင် အချို့ဆွေမျိုးများက စိတ်သဘောတူ ဖြစ်သကဲ့သို့ အချို့ဆွေမျိုးများက မစ္ဆရိယစိတ်အားကြီးကာ သဘောမတူနိုင်ကြဘဲ ဗုဒ္ဓအမျူးရှိသော သံဃာတော်တို့အား မလှူဒါန်းမီ စားဦးစားဖျား စားကြရုံတွင်မက အလှူမဏ္ဍပ်ကိုပင် ဖျက်ဆီးကြလေသည်။
ထိုပုဂ္ဂိုလ်တို့ သေလွန်သောအခါ၌ ငရဲတစ်ပြည်မှ ငရဲတစ်ပြည်သို့ (၉၂)ကမ္ဘာတိုင်တိုင် ရောက်ရှိခံစားကြရပြီးနောက် တဖန် (၉၂)ကမ္ဘာ ကျော်လွန်လာသောအခါ၌လည်း ကဿပဗုဒ္ဓလက်ထက်တွင် ပြိတ္တာဘဝသို့ ရောက်ရှိကြရပြန်သည်။
အခြားသော အချို့ပြိတ္တာများသည် ဆွေမျိုးသားချင်းများက အလှူဒါနပြု၍ အမျှပေးဝေရာတွင် ဝမ်းမြောက်နမော် သာဓုခေါ်နိုင်ကြသည်ဖြစ်၍ ပြိတ္တာဘဝမှကျွတ်ပြီး နတ်စည်းစိမ်ကို ခံစားကြရလေသည်။
ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးပြိတ္တာများသည် ကဿပဗုဒ္ဓလက်ထက်တွင် အကုသိုလ်ကံ မကုန်သေးသည်ဖြစ်၍ အမျှမရနိုင်ကြသည့်အတွက် ဂေါတမဗုဒ္ဓလက်ထက်တိုင်အောင် ပြိတ္တာဘဝဖြင့် ကျင်လည်ခဲ့ရာ ဗိမ္ဗိသာရမင်းကြီးက အလှူဒါနပြု၍ ထိုဆွေမျိုးပြိတ္တာတို့အား ရည်စူး၍ အမျှပေးဝေသောအခါမှသာ ပြိတ္တာဘဝမှကျွတ်ပြီး နတ်စည်းစိမ်ကို ခံစားကြရလေသည်။

ယင်းကိုအကြောင်းပြု၍ ရှင်တော်ဗုဒ္ဓသည် အောက်ပါတရားတော်ကို ဟောကြားတော်မူလေသည်။

(၁) နတိ ရုဏ္ဏံ ဝါ သောကောဝါ၊ ယာစညာ ပရိဒေဝနာ၊
နတံ ပေတာ နမတ္ထာယ၊ ဝေံ တိဋ္ဌန္တိ ဉာတယော။

(၂) အယဉ္စ ခေါ ဒက္ခိဏာဒိန္နာ၊ သံဃမှိ သုပ္ပတိဋ္ဌိတာ၊
ဒီဃရတ္တံ ဟိတာယဿ၊ ဌာနသော ဥပကပ္ပတိ။

(၃) သော ဉာတိဓ ဓမ္မောစ၊ အယံ နိဒဿိတော၊
ပေတာန ပူဇာစ၊ ကတာ ဥဠာရာ၊
ဗလဉ္စ ဘိက္ခုနံ၊ မနုပ္ပဒိန္နံ၊
တုမှေဟိ ပုညံ ပသုတံ၊ အနပ္ပကန္တိ။ *(ခု- ၁- ၉)*

(၁) ရုဏ္ဏံဝါ- ငိုကြွေးခြင်းသည် လည်းကောင်း၊ သောကောဝါ- စိုးရိမ်ခြင်းသည် လည်းကောင်း၊ ယာစညာ- ထိုမှတစ်ပါး၊ ပရိဒေဝနာ- ပြောဆိုမြည်တမ်းခြင်းသည် လည်းကောင်း၊ ပေတာနံ- ပြိတ္တာတို့၏၊ အတ္ထာယ- အကျိုးငှာ၊ နဟောတိ- မဖြစ်ပေ၊ ပန- ထိုသို့ပင် မဖြစ်သော်လည်း၊ ဉာတယော- ဆွေမျိုးအပေါင်းတို့သည်၊ ဝေံ- ဤသို့ ငိုကြွေးပူဆွေးခြင်း၌သာလျှင်၊ တိဋ္ဌန္တိ- တည်နေကြကုန်၏။

(၂) ပေတာနံ- ပြိတ္တာတို့အား၊ ဥဒ္ဒိဿ- ရည်စူး၍၊ ဒိန္နာ- ပေးလှူအပ်သော၊ အယဉ္စ ခေါ ဒက္ခိဏာ- ဤအလှူသည်၊ သံဃမှိ- အရိယာသံဃာတော်၌၊ သုပ္ပတိဋ္ဌိတာ- ကောင်းစွာတည်သည်ဖြစ်၍၊ ဒီဃရတ္တံ- ရှည်မြင့်စွာသော နေ့ ညဉ့်ပတ်လုံး၊ ဟိတာယ- စီးပွါးချမ်းသာအကျိုးငှာ၊ အဿ- ထိုပြိတ္တာ၏၊ ဌာနသော- ထံမှောက်သို့ ဥပကပ္ပတိ- တစ်ခဏချင်း ကပ်ရောက်လေ၏။

(၃) ပေတာနံ- ပြိတ္တာတို့အား၊ ဥဒ္ဒိဿ- ရည်စူး၍၊ အနုပ္ပဒိန္နာ- ပေးလှူအပ်သော၊ သော အယံ- ဤအလှူကို၊ ဉာတိ- ဆွေမျိုးအပေါင်း၌၊ ဓမ္မော- ပြုအပ်သောဝတ္တရားဟူ၍၊ နိဒဿိတော- ညွှန်ပြအပ်ပေ၏၊ ပေတာနံ- ပြိတ္တာတို့အား၊ ပူဇာစ- ပူဇော်ခြင်းကိုလည်း၊ ကတာ- ပြုအပ်သည်မည်၏၊ ဘိက္ခုနံ- ရဟန်းသံဃာတို့အား၊ ဗလဉ္စ- ခွန်အားကိုလည်း၊ ဒေတိ- ပေးအပ်သည်မည်၏၊ တုမှေစ- သင်တို့သည်လည်း၊ အနပ္ပကံ- ကြီးကျယ်များပြားသော၊ ပုညံ- ကုသိုလ်ကောင်းမှု ပုညအစုကို၊ ပသုတဉ္စ- ဥပစိတဉ္စ- ဆည်းပူးအပ်သည်လည်း၊ ဟောတိ- ဖြစ်လေတော့၏၊ ဣတိ- ဤသို့ မိန့်တော်မူလေပြီ။

ဥပစိတ အနက်ဟော သုတသဒ္ဒါက ဆုံးမဩဝါဒပေးပုံ, တရားဟောပုံ သဘော

၁။ လွန်ခဲ့သော (၉၂)ကမ္ဘာထက်က ဗိမ္ဗိသာရမင်းကြီး၏ အချို့သော ဆွေမျိုးအပေါင်းတို့သည် ဗုဒ္ဓအမှူးပြုသော ရဟန်းသံဃာတော်တို့အတွက် ရည်စူး၍ ချက်ပြုတ်အပ်သော အာဟာရများကို မလှူမီ စားဦးစားဖျားကို စားကြရုံတွင်မက အလှူမဏ္ဍပ်ကိုပါ ဖျက်ဆီးကြသည့်အတွက် (၉၂)ကမ္ဘာတိုင်တိုင် ငရဲတစ်ပြည်မှ ငရဲတစ်ပြည်သို့ လှည့်လည်ကျခံရပြီး ဤဘဒ္ဒကမ္ဘာဖြစ်သော ကဿပဗုဒ္ဓ လက်ထက်တိုင်အောင်လည်း ပြိတ္တာဘဝဒုက္ခကို ခံစားကြရလေသည်။ ထို့ကြောင့် ရဟန်းသံဃာများအတွက် ရည်စူး၍ ချက်ပြုတ်အပ်သော အာဟာရများကို မလှူမီ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် စားဦးစားဖျားအနေဖြင့် မစားမိအောင်၊ မယူမိအောင် ရှောင်ရှားကြပါကုန်လော့။

၂။ ရှင်တော်ဂေါတမဗုဒ္ဓ လက်ထက်၌ ဗိမ္ဗိသာရမင်းကြီးသည် ဆွေမျိုးပြိတ္တာများအား ရည်စူးပြီး ဒါနကောင်းမှု ပုညအစုစုကို ပြုလုပ်၍ အမျှပေးဝေသော အခါကျမှသာ ထိုပြိတ္တာအပေါင်းတို့သည် အမျှရကြ၍ ပြိတ္တာဘဝမှကျွတ်ကာ နတ်သား, နတ်သမီး အဖြစ်သို့ ရောက်ရှိပြီးလျှင် နတ်စည်းစိမ်ကို ခံစားကြရလေသည်။ ထို့ကြောင့် ကွယ်လွန်သူ ဆွေမျိုးတို့အား ရည်စူး၍ ဒါနကောင်းမှု ပုညအစုကိုပြုကာ အမျှပေးဝေမှု ပြုကြပါကုန်လော့။

၃။ မိဘဘိုးဘွား ညီအစ်ကို မောင်နှမစသော ဆွေမျိုးသားချင်းများ ကွယ်လွန်သည့်အတွက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့သည် မိမိကိုယ်ကိုလည်း စောင့်ရှောက်ရာ မရောက်သည့်အပြင် ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့အတွက်လည်း အကျိုးတစ်စုံတစ်ရာ မရှိပေ။ ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့အား ရည်စူး၍ ဒါနကောင်းမှု, သီလကောင်းမှု,

ဘာဝနာကောင်းမှုတို့ကို ပြုလုပ်ပြီး အမျှပေးဝေခြင်းသည်သာလျှင် ဆွေမျိုးသားချင်းအတွက်ရော၊ မိမိအတွက်ရော အကျိုးရှိသည်ဖြစ်သောကြောင့် အလွန်ကြီးကျယ်သော ကုသိုလ်ကောင်းမှုများကို သိမ်းပိုက်ထားရာ၊ သိုမှီးထားရာ၊ ဆည်းပူးထားရာ ရောက်လေသည်။ သံဃာတော်တို့အားလည်း ခွန်အားကို ပေးရာလည်း ရောက်သည်။ ထို့ကြောင့် ထိုကြီးကျယ်သော၊ များပြားလှစွာသော ဒါနစသော ကုသိုလ်ကောင်းမှု ပုညအစုကို ကြည်ဖြူထက်သန်စွာ ပြုလုပ်သော အားဖြင့် သိမ်းပိုက်ကြပါကုန်လော့။ သိုမှီးကြပါကုန်လော့။ ဆည်းပူးကြပါကုန်လော့။

(၃) သုတသဒ္ဒါ၏ အနုယောဂ ဟောအနက်က သိ, မှတ်, ကျင့်သုံးဖွယ်ရာများကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သုတသဒ္ဒါ၏ ဥပစိတအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သုတသဒ္ဒါ၏ အနုယောဂအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ယေ ဈာနပ္ပသုတာ ဓီရာ *(ခု- ၁- ၄၀)*

ယေဓီရာ- အကြင်ပညာရှိတို့သည်၊ **ဈာနပ္ပသုတာ**- **ဈာနာနုယုတ္တာ**- ဈာန်ကို အဖန်ဖန် အားထုတ်တော်မူကြကုန်၏၊

(ဒီ ၄- ၁- ၂၉ တွင် ဈာနပ္ပသုတာကို ဈာနာနုယုတ္တာဟု ဖွင့်သည်။ ယင်းသည်ပင် သုတသဒ္ဒါ၏ အနုယောဂအနက်၌ ဖြစ်ပုံသာဓကပင် ဖြစ်သည်။)

အထက်ပါပါဠိရပ်နှင့်စပ်၍ ဓမ္မပဒ အဋ္ဌကထာ ဒေဝေါရောဟဏဝတ္ထု၌ ဖွင့်ဆိုပြထားချက်အနက်မှ ဤ၌လိုအပ်သော အချက်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် ခုနစ်ဝါမြောက်ဝါကို တာဝတိံသာနတ်ပြည် သိကြားမင်းနေရာ ပဏ္ဍုကမ္ဗလာ မြတ်ကျောက်ဖျာနေရာ၌ ဝါဆိုတော်မူလျက် မယ်တော်ဖြစ်ဘူးသော သန္တုသိတနတ်သားကို အမှူးပြု၍ စကြာဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားဒေသနာကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူပြီးနောက် လူ့ပြည်သို့ ပြန်သက်ဆင်းတော်မူရာတွင်-

သိကြားမင်းအမှူးပြုသော နတ်အပေါင်းတို့သည် လကျ်ာဘက် ရွှေစောင်းတန်းလှေကားမှ လည်းကောင်း၊ ဗြဟ္မာအပေါင်းတို့သည် လက်ဝဲဘက် ငွေစောင်းတန်းမှ လည်းကောင်း၊ ရှင်တော်ဗုဒ္ဓသည် အလယ်တည့်တည့် ပတ္တမြားစောင်းတန်းမှ လည်းကောင်း အသီးသီးသက်ဆင်းတော်မူကြလေသည်။

ထိုသို့သက်ဆင်းလာစဉ်တွင် ရှင်တော်ဗုဒ္ဓ၏ ခန္ဓာကိုယ်မှ ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးလျက် လည်းကောင်း၊ ပဉ္စသိခနတ်သားသည် ဗေဠုဝနတ်စောင်းကို တီးမှုတ်ပူဇော်လျက် လည်းကောင်း၊ မာတလိနတ်သားသည် နတ်၌ဖြစ်သော ပန်းတို့ကို ကိုင်စွဲ၍ ရှိခိုးပူဇော်လျက် လည်းကောင်း၊ မဟာဗြဟ္မာကြီးသည် ဗုဒ္ဓအား ထီးဖြူကို ဆောင်းမိုးပေးလျက် လည်းကောင်း၊ သုယာမ နတ်သားသည် သားမြီးယပ်ကို ခပ်ပေးလျက် လည်းကောင်း၊ ထိုသို့ နတ်, ဗြဟ္မာအပေါင်း ခြံရံလျက် ကြွရောက်တော်မူလာသော ထိုသို့ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံတော်မူသော ရှင်တော်ဗုဒ္ဓ၏ အသရေတော်ကို ဖူးမြင်ကြရကုန်သော သိန်းသန်းများစွာ ကုန်သော လူ, နတ်, ဗြဟ္မာအပေါင်းတို့သည် ဗုဒ္ဓအဖြစ်ကို တောင့်တလျက် ဗုဒ္ဓအပေါ်၌ အလွန်ချစ်ခင်မြတ်နိုး ကြည်ညိုမှုဖြစ်ကြလေသည်။

ထိုအကြောင်းကို အရှင်သာရိပုတြာက ဗုဒ္ဓအား လျှောက်ကြားသောအခါ ဗုဒ္ဓက အောက်ပါဂါထာဖြင့် ပြန်လည်မိန့်ကြားတော်မူ လေသည်။

ယေ ဈာနပ္ပသုတာ ဓီရာ၊ နေက္ခမ္မူပ သမေရတာ၊
ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။ *(ခု- ၁- ၄၀ - ဓမ္မပဒ)*

ယေဓီရာ- အကြင်ပညာရှိတို့သည်၊ **ဈာနပ္ပသုတာ**- **ဈာနာနုယုတ္တာ**- ဈာန်ကို အဖန်ဖန် အားထုတ်တော်မူကြကုန်၏၊ **နေက္ခမ္မူပသမေ**- ကာမဂုဏ်မှ ထွက်မြောက်ခြင်း, ကိလေသာ ငြိမ်းခြင်း၌၊ **ရတာ**- မွေ့လျော်တော်မူကြကုန်၏၊ **သမ္ဗုဒ္ဓါနံ**- သစ္စာတရားကို ကိုယ်တိုင်သိမြင်ကုန်သော၊ **သတီမတံ**- လွန်ကဲသော သတိရှိကုန်သော၊ **တေသံဓီရာနံ**- ထိုပညာရှိတို့အား၊ **ဒေဝါပိ**- လူတွေတွင်မက နတ်အပေါင်း, ဗြဟ္မာအပေါင်းတို့သည်လည်း၊ **ပိဟယန္တိ**- ချစ်ခင်မြတ်နိုး တန်ဘိုးထား၍ ကြည်ညိုမှု ရှိကြလေကုန်၏။

အနုယောဂ အနက်ဖော သုတသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံ သဘော

(၁) ရှာန်ကို အဝန်ဖန်အားထုတ်ခြင်းဟူသည် ဉာဏ်လမ်း, ဉာဏ်စခန်း မဟုတ်။ ရှာန်လမ်း, ရှာန်စခန်း ဖြစ်သည်။ ရှာန်လမ်း, ရှာန်စခန်းသည် အဓိကအားဖြင့် စိတ်တည်ကြည်မှု သမာဓိတရားပင် ဖြစ်လေသည်။ ဗုဒ္ဓသည် နတ်, ဗြဟ္မာများ ခြံရံလျက် နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်ရာ၌ ထိုစိတ်တည်ကြည်မှု သမာဓိတရားကို အဝန်ဖန် အားထုတ်တော်မူလာခြင်း ဖြစ်သည်။ ထိုအချိန် ထိုအခါ၌ နတ်, လူ, ဗြဟ္မာအပေါင်းတို့သည် ရှင်တော်ဗုဒ္ဓအပေါ်၌ လွန်လွန်ကဲကဲ ချစ်ခင်ကြည်ညို မြတ်နိုးမှု ဖြစ်ကြလေသည်။ ယင်းသည် ရှာန်ကို အဖန်ဖန် အားထုတ်ခြင်း ခေါ် စိတ်တည်ကြည်မှု သမာဓိတရားကို အဝန်ဖန် အားထုတ်မှု၏ အရှိန်အဝါ တန်ခိုးသတ္တိပင် ဖြစ်လေသည်။ ထို့ကြောင့် သူတော်စင်အပေါင်းတို့သည် စိတ်တည်ကြည်မှု သမာဓိတရားကို အဖန်ဖန် အားထုတ်မှု ပြုကြပါကုန်လော့။ မိမိစိတ်ကို တည်ငြိမ်အောင် ပြုလုပ်ကြပါကုန်လော့။

(၂) အလှူဒါနပြုလုပ်ခြင်း၊ ကိုယ်ကျင့်သီလ ကောင်းမွန်ခြင်းတို့သည် စိတ်တည်ကြည်မှု သမာဓိတရားကို ရရှိရန်အတွက် အခြေခံ အကြောင်းရင်း ဖြစ်လေသည်။ ထို့ကြောင့် အလှူဒါနကိုလည်း ပြုလုပ်ကြပါကုန်လော့။ ကိုယ်ကျင့်သီလ ကောင်းမွန်အောင်လည်း ပြုလုပ်ကြပါကုန်လော့။

(၃) လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော အကုသိုလ်တရား၊ ကိလေသာတရားများ ထူပြောသူတို့၌ စိတ်တည်ကြည်မှု သမာဓိတရားကို ရရှိနိုင်မည် မဟုတ်ပေ။ လောကီအာရုံ ကာမဂုဏ်တို့ကို လိုက်စားနေသူတို့၌လည်း စိတ်တည်ကြည်မှု သမာဓိတရား မရှိနိုင်ပေ။ အမှန်တရား ခေါ် သစ္စာတရားကို မသိမမြင်သူတို့၌လည်း စိတ်တည်ကြည်မှု သမာဓိတရားကို မရရှိနိုင်ပေ။ ကတိသစ္စာများကို ဖောက်ဖျက်သူတို့၌လည်း စိတ်တည်ကြည်မှု သမာဓိတရားကို မရရှိနိုင်ပေ။ စိတ်ချမ်းသာမှုကို မရကြသူတို့၌လည်း စိတ်တည်ကြည်မှု သမာဓိတရားကို ရရှိနိုင်ကြမည် မဟုတ်ပေ။

ထို့ကြောင့် သူကော်ကောင်းအပေါင်းတို့သည် လောဘ၊ ဒေါသ စသော အကုသိုလ်တရား၊ ကိလေသာတရားများကို လျော့နည်းပပျောက်သွားအောင် အားထုတ်ကြပါကုန်လော့။ လောကီအာရုံ ကာမဂုဏ်တရားတို့ကို လိုက်စားမှု လျော့နည်းပပျောက်အောင် အားထုတ်ကြပါကုန်လော့။ အမှန်တရား သစ္စာတရားများကို သိမြင်အောင် အားထုတ်ကြပါကုန်လော့။ ကတိသစ္စာတည်သူဖြစ်အောင် အားထုတ်ကြပါကုန်လော့။ စိတ်ညစ်ခြင်း, စိုးရိမ်ခြင်းတွေကို ပယ်ဖျောက်ပြီး စိတ်ချမ်းသာမှုရအောင် အားထုတ်ကြပါ ကုန်လော့။

(တရားကိုသူမှသာ စိတ်ချမ်းသာမှု ရနိုင်ပေမည်။)

(၄) စိတ်စေတနာကောင်းသူ, သဒ္ဓါတရားကောင်းသူ, မေတ္တာဓာတ်အားကောင်းသူ, သည်းခံတတ်သူ, စာနာတတ်သူ, သတိကြီးသူ, သမာဓိကြီးသူ, ဉာဏ်ပညာ အမြော်အမြင်ကြီးသူတို့ကို နတ်, လူတို့ ချစ်ခင်မြတ်နိုးကြလေသည်။ ထို့ကြောင့် သူတော်ကောင်း အပေါင်းတို့သည် စိတ်စေတနာကောင်းသူ ဖြစ်အောင်, သဒ္ဓါတရားကောင်းသူ ဖြစ်အောင်, မေတ္တာဓာတ် အားကောင်းသူ ဖြစ်အောင်, သည်းခံတတ်သူ ဖြစ်အောင်, စာနာတတ်သူ ဖြစ်အောင်, သတိကြီးသူ ဖြစ်အောင်, သမာဓိကြီးသူ ဖြစ်အောင်, ဉာဏ်ပညာ အမြော်အမြင်ကြီးသူ ဖြစ်အောင် အားထုတ်ကြပါကုန်လော့။

(၅) လူအများ၏ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်းသည် တန်ခိုးတစ်မျိုးကို ရရှိခြင်းပင် ဖြစ်လေသည်။ ထိုကဲ့သို့ တန်ခိုးတစ်မျိုး ရရှိနိုင်ရန်အတွက် စိတ်တည်ကြည်မှု သမာဓိတရားကို ပွါးသည်ထက်ပွါးလာအောင် အဖန်ဖန် အားထုတ်ရန် လိုအပ်ပေသည်။ ထို့ကြောင့် သူတော်ကောင်းအပေါင်းတို့သည် မဂ္ဂင်ရှစ်ပါးတွင် အပါအဝင်ဖြစ်သော သမ္မာသမာဓိ ခေါ် စိတ်တည်ကြည်မှု သမာဓိတရားကို ပွါးသည်ထက်ပွါးလာအောင် အဖန်ဖန် အားထုတ်မှု ပြုကြပါကုန်လော့။

(အချုပ်အားဖြင့် ဗုဒ္ဓ၏ဂုဏ်တော်များကို အဖန်ဖန်အောက်မေ့၍ ပွါးများခြင်း ပြုကြပါကုန်လော့။)

(၄) သုတသဒ္ဒါ၏ သောတဝိညေယျ ဟောအနက်က သိ, မှတ်, ကျင့်သုံးဖွယ်ရာများကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သုတသဒ္ဒါ၏ အနုယောဂ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သုတသဒ္ဒါ၏ သောတဝိညေယျ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဒိဋ္ဌံ, သုတံ, မုတံ *(မ- ၁- ၁၈၉)*

ဒိဋ္ဌံ- စက္ခုဝိညာဏ်သည် မြင်ထိုက်သော ရူပါရုံ၊ **သုတံ**- သောတဝိညာဏ်သည် ကြားအပ်သော သဒ္ဒါရုံ၊ **မုတံ**- ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်သည် ရောက်အပ်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ။

(ဤ၌ သုတသဒ္ဒါသည် သောတဝိညေယျအနက် ဟော၏။ ဒီ ဋ္ဌ- ၁- ၂၉)

အထက်ပါပါဠိရပ်သည် မူလပဏ္ဏာသပါဠိတော် အလဂဒ္ဒူပမသုတ် (နှာ- ၁၈၉)၌ လာရှိသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌ ဆိုလိုချက် အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

အသုတဝါ ပုထုဇ္ဇနော သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသ ဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော ပုထုဇ္ဇနော (ပ) ယမ္ပိ တံ ဒိဋ္ဌံ, သုတံ, မုတံ, ဝိညာတံ ပတ္တံ ပရိယေသိတံ အနုဝိစရိတံ မနသာ တံပိ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ သမနုပဿတိ။

သပ္ပုရိသာနံ- သူတော်ကောင်းတို့ကို၊ **အဒဿာဝီ**- ဖူးမြင်လေ့မရှိကုန်သော၊ **သပ္ပုရိသဓမ္မဿ**- သူတော်ကောင်းတရား၌၊ **အကောဝိဒေါ**- မလိမ္မာသော၊ **သပ္ပုရိသဓမ္မေ**- သူတော်ကောင်းတရား၌၊ **အဝိနီတော**- မယဉ်ကျေးသော၊ **အသုတဝါ**- အကြား အမြင်မရှိသော၊ **ပုထုဇ္ဇနော**- ပုထုဇဉ်ပုဂ္ဂိုလ်သည် (ပ) **ဒိဋ္ဌံ**- မြင်အပ်သော၊ **သုတံ**- ကြားအပ်သော၊ **မုတံ**- တွေ့အပ်သော၊ **ဝိညာတံ**- သိအပ်သော၊ **ပတ္တံ**- ရောက်အပ်သော၊ **ပရိယေသိတံ**- ရှာမှီးအပ်သော၊ **မနသာ**- စိတ်ဖြင့်၊ **အနုဝိစရိတံ**- အဖန် ဖန် သုံးသပ်အပ်သော၊ **ယမ္ပိ အာရမ္မဏံ**- အကြင် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟူသော အာရုံသည်လည်း၊ **အတ္ထိ**- ရှိ၏၊ **တမ္ပိ**- ထိုအာရုံများကိုလည်း၊ **ဧတံ**- ဤအာရုံသည်၊ **မမ**- ငါ၏ ဥစ္စာတည်း။ **ဧသော**- ဤအာရုံသည်၊ **အဟံ**- ငါ သည်၊ **အသ္မိ**- ဖြစ်၏၊ **ဧသော**- ဤအာရုံသည်၊ **မေ**- ငါ၏၊ **အတ္တာ**- အတ္တတည်း၊ **ဣတိ**- ဤသို့၊ **သမနုပဿတိ**- အဖန်ဖန်ရှု၏၊

ဤသို့ရှု၍ မိစ္ဆာဒိဋ္ဌိအယူသို့ ရောက်ပြီးလျှင် သံသရာမှ မလွတ်မြောက်နိုင်ဘဲ အပါယ်ငရဲသို့ပင် ကျရောက်နိုင်လေသည်။

သုတဝါ အရိယာ သာဝကော (ပ) သပ္ပုရိသာနံ ဒဿာဝီ သပ္ပုရိသ ဓမ္မဿ ကောဝိဒေါ သပ္ပုရိသ ဓမ္မေ သုဝိနီတော (ပ) ယမ္ပိ တံ ဒိဋ္ဌံ သုတံ မုတံ ဝိညာတံ ပတ္တံ ပရိယေသိတံ အနုဝိစရိတံ မနသာ တမ္ပိ နေတံ မမ နေသောဟ မသ္မိ နမေသော အတ္တာတိ သမနုပဿတိ

သပ္ပုရိသာနံ- သူတော်ကောင်းတို့ကို၊ **ဒဿာဝီ**- ဖူးမြင်လေ့ရှိသော၊ **သပ္ပုရိသ ဓမ္မဿ**- သူတော်ကောင်းတရား၌၊ **ကောဝိဒေါ**- ကျွမ်းကျင်သော၊ **သပ္ပုရိသ ဓမ္မေ**- သူတော်ကောင်းတရား၌၊ **သုဝိနီတော**- ယဉ်ကျေးသော၊ **သုတဝါ**- အကြား အမြင်ရှိသော၊ **အရိယာသာဝကော**- အရိယာပုဂ္ဂိုလ်၏ တပည့်သည် (ပ) **ဒိဋ္ဌံ**- မြင်အပ်သော၊ **သုတံ**- ကြားအပ်သော၊ **မုတံ**- တွေ့အပ်သော၊ **ဝိညာတံ**- သိအပ်သော၊ **ပတ္တံ**- ရောက်အပ်သော၊ **ပရိယေသိတံ**- ရှာမှီးအပ်သော၊ **မနသာ**- စိတ်ဖြင့်၊ **အနုဝိစရိတံ**- အဖန်ဖန် သုံးသပ်အပ်သော၊ **ယမ္ပိ အာရမ္မဏံ**- အကြင် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟူသော အာရုံသည်၊ **အတ္ထိ**- ရှိ၏။ **တမ္ပိ**- ထိုအာရုံများကိုလည်း၊ **ဧတံ**- ဤအာရုံသည်၊ **မမ**- ငါ၏၊ **နဣဒံ**- ဥစ္စာမဟုတ်၊ **ဧတံ**- ဤအာရုံ သည်၊ **အဟံ**- ငါသည်၊ **နအသ္မိ**- မဟုတ်၊ **ဧသော**- ဤအာရုံသည်၊ **မေ**- ငါ၏၊ **အတ္တာ**- အတ္တသည်၊ **န**- မဟုတ်၊ **ဣတိ**- ဤသို့၊ **သမနုပဿတိ**- အဖန်ဖန် ရှု၏။

ဤသို့ ဝိပဿနာ သမ္မာဒိဋ္ဌိဖြင့် ရှုသောသူသည် လူ့ရပ် နတ်ထံ ဗြဟ္မာ့ပြည်တွင်မက နိဗ္ဗာန်တိုင်အောင် ရောက်ရှိနိုင်ပေသည်။

သောတဝိညာဏ်ဝိညာဏ် အနက်ဖော ...

သောတဝိညေယျ အနက်ဖော သုတသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားဖောပုံ သဘော

(၁) သောတပသာဒနှင့် သဒ္ဒါရုံကို အကြောင်းပြု၍ ကြားသိစိတ် ခေါ် သောတဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်။ ယင်း သောတဝိညာဏ်စိတ်သည် ဤ၌ သုတသဒ္ဒါ၏ ဖောအပ်သော သောတဝိညေယျ အနက်ပင် ဖြစ်သည်။ ထို့ကြောင့် 'သုတံ-သောတဝိညာဏ်သည် ကြားထိုက်သော သဒ္ဒါရုံ'ဟု သောတဝိညေယျ၌ ဖြစ်ပုံအနက် ပေါ်လွင်အောင် အနက်ပေးရခြင်း ဖြစ်သည်။

(၂) သောတဝိညာဏ်ဖြင့် ကြားသိအပ်သော ထိုသဒ္ဒါရုံသည် ကြိုက်နှစ်သက်အပ်သော သဒ္ဒါရုံဖြစ်ပါက ထိုသဒ္ဒါရုံကို သာယာ နှစ်သက် စွဲလမ်းလေတော့သည်။ ထိုသို့ စွဲလမ်းရာမှ **'ဧတံ မမ-** ဤသဒ္ဒါရုံသည် ငါ၏ ဥစ္စာတည်း'ဟု တဏှာဖြင့် လည်းကောင်း၊ **'ဧသော ဟမသ္မိ-** ဤသဒ္ဒါရုံသည် ငါဖြစ်၏'ဟု မာနဖြင့် လည်းကောင်း၊ *(ဤမျှသာမဟုတ်ကောင်းသော သဒ္ဒါရုံကို ငါမို့သာ ကြားရသည် ဟူ၍ ထောင်လွှားမှုမာန ဖြစ်သည်ကို ဆိုလိုသည်။)* **'ဧသော မေ အတ္တာ-** ဤသဒ္ဒါရုံသည် ငါ၏ အတ္တတည်း'ဟု ဒိဋ္ဌိဖြင့် လည်းကောင်း စွဲယူလေတော့သည်။

ထိုသို့ အဖန်ဖန်စွဲယူသည်ရှိသော် အပြစ်ကြီးမားသော မိစ္ဆာဒိဋ္ဌိအယူသို့ သက်ရောက်ပြီးလျှင် သံသရာမှ မလွတ်မြောက်နိုင် တော့ဘဲ အပါယ်ငရဲသို့ ကျရောက်သွားနိုင်လေသည်။ ကျန်သော ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့၌လည်း ထိုသဘော အတိုင်းပင်။

(ဆိုလိုသည်မှာ အာရုံခြောက်ပါးကို 'နိစ္စ,သုခ,အတ္တ'ဟု မှတ်ထင်မှုသဘောဟု ဆိုလိုသည်။)

(၃) ထိုသို့ အာရုံခြောက်ပါးတို့၌ **'တဏှာ, မာန, ဒိဋ္ဌိ'** တို့ဖြင့် စွဲယူပြီး မိစ္ဆာဒိဋ္ဌိအဖြစ်သို့ ရောက်ရခြင်းသည် သစ္စာတရားကို သိမြင်တော်မူသော အရိယာသူတော်ကောင်းတို့ကို မဖူးမြင်ခြင်း၊ သူတော်ကောင်းတရားတို့ကို မနာကြားခြင်း၊ သူတော်ကောင်း တရားတို့၌ မလိမ္မာခြင်း၊ မယဉ်ကျေးခြင်း (အထုံမရှိခြင်း) တို့ကြောင့် ဖြစ်သည်။ ယင်းပုဂ္ဂိုလ်ကို **အသုတဝါ ပုထုဇ္ဇနော-** သစ္စာ လေးပါး ပရမတ္ထတရားနှင့်စပ်၍ အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်ဟူ၍ ခေါ်ရလေသည်။

(၄) ထိုအာရုံခြောက်ပါးကိုပင် **'နေတံ မမ-** ဤအာရုံတို့သည် ငါ၏ဥစ္စာမဟုတ်'ဟု တဏှာဖြင့် မစွဲယူခြင်း၊ **'နေသောဟ မသ္မိ-** ဤအာရုံတို့သည် ငါမဟုတ်'ဟု မာနဖြင့် မစွဲယူခြင်း၊ **'နမေသော အတ္တာ-** ဤအာရုံတို့သည် ငါ၏အတ္တမဟုတ်'ဟု အတ္တဖြင့် မစွဲယူခြင်း ဤသို့ အာရုံခြောက်ပါးတို့ကို **'တဏှာ, မာန, ဒိဋ္ဌိ'** တို့ဖြင့် မစွဲယူမိအောင် အဖန်ဖန်ရှုပွားသော ပုဂ္ဂိုလ်သည် အာရုံခြောက်ပါး ကို **'အနိစ္စ, ဒုက္ခ, အနတ္တ'** ဟု ဝိပဿနာတရား ပွားများနေသော သမ္မာဒိဋ္ဌိဖြင့် ရှုမြင်နေသောပုဂ္ဂိုလ်ဟု ဆိုရလေသည်။

(၅) ထိုသို့ အာရုံခြောက်ပါးတို့ကို တဏှာ, မာန, ဒိဋ္ဌိ တို့ဖြင့် မစွဲယူဘဲ အနိစ္စ, ဒုက္ခ, အနတ္တ ဟု သမ္မာဒိဋ္ဌိဉာဏ်အသိဖြင့် သိမြင်နေသော ပုဂ္ဂိုလ်သည် လူ့ရုပ် နတ်ထံ ဖြတ်သွားပြည်တွင်မက နိဗ္ဗာန်သို့တိုင် ရောက်နိုင်ပေသည်။

(၆) ထိုအာရုံခြောက်ပါးတို့သည် ပရမတ္ထသစ္စာတရားဖြစ်၍ တစ်စက္ကန့်မျှပင် ခိုင်ခန့်တည်တန့်သော တရားမဟုတ်ပေ၊ အနှစ်သာရရှိသော တရားမဟုတ်၊ အမြဲမပြတ် ဒလစပ် ဖြစ်လိုက်၊ ပျက်လိုက်ဖြစ်နေသော အနိစ္စတရားသာဖြစ်သည်။ ထိုမမြဲခြင်း အနိစ္စတရားသည် သုခမဟုတ်ပေ။ ဒုက္ခသာဖြစ်သည်။ ထိုမမြဲခြင်းတရားကို ငါပိုင်ငါဆိုင် လုပ်၍ရသော အတ္တမဟုတ်ပေ။ ပိုင်ဆိုင်၍ မရသော အနတ္တတရားသာဖြစ်သည်။

(၇) ထိုသို့ အာရုံခြောက်ပါး ပရမတ္ထတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟု သမ္မာဒိဋ္ဌိဉာဏ်အသိဖြင့် အဖန်ဖန်ရှုပွား နိုင်ခြင်းသည် အရိယာသူတော်ကောင်းတို့ကို ဖူးမြင်ရခြင်း၊ သူတော်ကောင်းတရားတို့ကို နာကြားရခြင်း၊ သူတော်ကောင်း တရားတို့၌ လိမ္မာခြင်း၊ ယဉ်ကျေးခြင်း (အထုံရခြင်း) တို့ကြောင့်ဖြစ်သည်။ ယင်းပုဂ္ဂိုလ်ကို 'သုတဝါ အရိယ သာဝကော' ပရမတ္ထသစ္စာတရားတို့၌ အကြားအမြင်များသော အရိယာ၏ တပည့်သာဝကဖြစ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရလေသည်။ ထို့ ကြောင့် ထိုသို့ဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။

(အချုပ်အားဖြင့် ဝိပဿနာတရားကို အဖန်ဖန်အားထုတ်မှုပြုကြပါကုန်လော။)

သုတသဒ္ဒါ၏ သောတဒ္ဒါရာနုဿာရ ဝိညာတ ပောအနက်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သုတသဒ္ဒါ၏ သောတဝိညေယျအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သုတသဒ္ဒါ၏ သောတဒ္ဒါရာ နုဿာရ ဝိညာတအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

သုတဓရော သုတသန္နိစယော *(မ- ၁- ၂၇၇)*

သုတဓရော- သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဏ်သည် နာယူမှတ်သားအပ်ပြီးသော တရားကို ဆောင်နိုင်သူ၊ **သုတသန္နိစယော**- သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဏ်သည် နာယူမှတ်သားအပ်ပြီးသော တရား၏ ကောင်းစွာစုဝေးရာ သေတ္တာသဖွယ်ဖြစ်သူ။

(ဤသို့အစရှိသော ပါဠိဂုဏ်တို့၌ သုတသဒ္ဒါသည် သောတဒ္ဒါရာနုဿာရ ဝိညာတ အနက်၌ ဖြစ်သည်။ ဒီ ဋ္ဌ- ၁- ၂၉)

အထက်ပါပါဠိရပ်သည် မူလပဏ္ဏာသပါဠိတော် မဟာဂေါသိင်္ဂသုတ်၌လာသော စကားရပ်ဖြစ်သည်။ ထိုသုတ်နှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာတို့မှ လာရှိသော အဓိပ္ပါယ်များအနက်မှ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဂေါသိင်္ဂအင်ကြင်းတောကို တင့်တယ်စေသူများ

ရှင်တော်ဗုဒ္ဓသည် ဂေါသိင်္ဂမည်သော အင်ကြင်းတော၌ အရှင်သာရိပုတြာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ကင်္ခါရေဝတ၊ အရှင်အာနန္ဒာတို့အပြင် အခြားသော ရဟန္တာမထေရ်ကြီး သုံးသောင်းတို့နှင့်အတူ သီတင်းသုံးတော်မူနေစဉ်ကာလဖြစ်သည်။

ဂေါသိင်္ဂအင်ကြင်းတောကလည်း ပင်လုံးကျွတ်ပန်းပွင့်တို့ဖြင့် အလွန်လှပတင့်တယ်နေသည်ဖြစ်၍ တရားစကားပြောကြား ဆွေးနွေးခြင်း၌ 'အဘယ်သူသည် ဤလှပတင့်တယ်သော အင်ကြင်းတောကို တင့်တယ်စေနိုင်သနည်း' ဟု အမေးပုစ္ဆာပြုလုပ်က အထက်ဖော်ပြပါ အရှင်သာရိပုတြာ အစရှိသော မထေရ်တို့သည် တရားစကားများ ဟောကြားကြလေသည်။ ထိုတွင်-

(၁) **အရှင်အာနန္ဒာမထေရ်က သုတဓရ = ဗုဒ္ဓ၏ တရားစကားကို နာယူမှတ်သား ဆောင်ထားနိုင်သူ၊ သုတသန္နိစယ = ဗုဒ္ဓ၏ တရားစကားကို နှလုံးသားဟူသော သေတ္တာထဲမှာ ပျောက်ပျက်မသွားအောင် သိမ်းဆည်းထားနိုင်သူသည်** ဤ ဂေါသိင်္ဂမည်သော အင်ကြင်းတောကို တင့်တယ်စေနိုင်သည်ဟူ၍ လည်းကောင်း၊

(၂) **အရှင်ကင်္ခါရေဝတက တစ်ပါးတည်းကိန်းအောင်း၍ ဈာန်ဝင်စားလေ့ရှိသူသည်** ဤ ဂေါသိင်္ဂဟူသော အင်ကြင်းတောကို တင့်တယ်စေနိုင်သည်ဟူ၍ လည်းကောင်း၊

(၃) **အရှင်အနုရုဒ္ဓါက ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် စကြာဝဠာ လောကဓာတ် တစ်ထောင်ကို ကြည့်မြင်နိုင်သူသည်** ဤ ဂေါသိင်္ဂမည်သော အင်ကြင်းတောကို တင့်တယ်စေနိုင်သည်ဟူ၍ လည်းကောင်း၊

(၄) **အရှင်မဟာကဿပက ဓုတင် (၁၃)ပါးလုံးကို ဆောင်နိုင်သူသည်** ဤ ဂေါသိင်္ဂမည်သော အင်ကြင်းတောကို တင့်တယ်စေနိုင်သည်ဟူ၍ လည်းကောင်း၊

(၅) **အရှင်မဟာမောဂ္ဂလာန်က အဘိဓမ္မာတရားကို ဖြေရှင်းဟောကြားနိုင်သူသည်** ဤ ဂေါသိင်္ဂမည်သော အင်ကြင်းတောကို တင့်တယ်စေနိုင်သည်ဟူ၍ လည်းကောင်း၊

(၆) **အရှင်သာရိပုတြာက အချိန်မရွေး ဝင်စားလိုရာ သမာပတ်ကို ဝင်စားနိုင်သူသည်** ဤ ဂေါသိင်္ဂမည်သော အင်ကြင်းတောကို တင့်တယ်စေနိုင်သည်ဟူ၍ လည်းကောင်း၊

(၇) **ရှင်တော်ဗုဒ္ဓက တစ်ထိုင်တည်းဖြင့် အရဟတ္တဖိုလ်ရောက်အောင် တရားအားထုတ်နိုင်သူသည်** ဤ ဂေါသိင်္ဂမည်သော အင်ကြင်းတောကို တင့်တယ်စေနိုင်သည်ဟူ၍ လည်းကောင်း အသီးသီး ဟောကြားတော်မူကြလေသည်။

သောတဒ္ဒါရာနုသာရ ဝိညာတ အနက်ဟော သုတသဒ္ဒါက တရားဟောပုံ၊ ဆုံးမဩဝါဒပေးပုံ သဘော

(၁) ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းပန်းတို့ဖြင့် အင်ကြင်းတောကြီးသည် အလွန်မှ သာယာလှပ တင့်တယ်လျက် ရှိနေသည်။ အလွန်လှပသော အရွယ်အဆင်းနှင့် ပြည့်စုံသော လုလင်ပျို လုံမပျိုတို့သည်လည်း ပျော်ရွှင်မြူးတူး ကြည်နူးလျက် ရှိနေကြသည်။ လောကီလူသား ပုထုဇဉ်အမြင်ဖြင့် ကြည့်မည်ဆိုလျှင် ထိုရှုခင်းသည် အလွန်ပျော်ရွှင်ကြည်နူး သာယာဖွယ်ကောင်းသော ရှုခင်းဟု မှတ်ယူကောင်း မှတ်ယူကြပေလိမ့်မည်။ သို့ရာတွင် ထိုသို့ ကာမဂုဏ်ဖြင့် ပျော်ရွှင်မြူးတူးကြခြင်းသည် ဒုက္ခငြိမ်းရန်၊ သစ္စာတရားကိုသိရန်၊ အထူးသိရန်၊ အမှန်သိရန်၊ စိတ်အေးငြိမ်းရန် မဖြစ်နိုင်သောကြောင့် အင်ကြင်းတောကို မတင့်တယ်စေဘဲ ညစ်ထေးအောင် ပြုလုပ်ရာ ရောက်သောကြောင့် ထိုသို့ ကာမဂုဏ်ဖြင့် ပျော်မြူးခြင်းကို ရှောင်ကြဉ်ကြကုန်လော့။

(၂) အကြင်ပုဂ္ဂိုလ်တစ်ဦးသည် ထိုအင်ကြင်းတော၌ 'သုတဓရ' ခေါ် ဗုဒ္ဓ၏ တရားစကားများဖြစ်သော ပရိယတ္တိစာပေကို နာယူမှတ်သား ဆောင်ထားနိုင်အောင် ကြိုးစားနေသူလည်း ဖြစ်သည်။ 'သုတသန္နိစယ' ခေါ် ဗုဒ္ဓ၏ တရားစကားများဖြစ်သော ပရိယတ္တိစာပေကို နှလုံးသားတည်းဟူသော သေတ္တာထဲမှာ ပျောက်ပျက်မသွားအောင်၊ သိမ်းဆည်းထားနိုင်အောင် ကြိုးစားအားထုတ်နေသူလည်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် သတ္တလောကကြီးကို အကျိုးရှိအောင် အလွန်သန့်စင် မွန်မြတ်သော ဗုဒ္ဓသာသနာတော်ကို မကွယ်ပအောင် ဆောင်ရွက်ရာ ရောက်သည့်အတွက်ကြောင့် အင်ကြင်းတောကို ပို၍တင့်တယ်လှပအောင် ပြုလုပ်ရာ ရောက်လေသည်။ ထိုသို့ဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။

(၃) အကြင်ပုဂ္ဂိုလ်တို့သည် ထိုအင်ကြင်းတော၌ ဒိဗ္ဗစက္ခုအဘိညာဏ်ရအောင် ကြိုးစားလျှင် လည်းကောင်း၊ ဓုတင်များကို ဆောင်နေလျှင် လည်းကောင်း၊ အဘိဓမ္မာတရားများကို ဖြေရှင်းဟောကြားနေလျှင် လည်းကောင်း၊ ဈာနသမာပတ်၊ ဖလသမာပတ်ကို ဝင်စားနိုင်အောင် ကြိုးစားနေလျှင် လည်းကောင်း သတ္တလောကကြီးကို ငြိမ်းချမ်းအောင်၊ ဗုဒ္ဓသာသနာတော်ကို ထွန်းပြောင်အောင် ပြုလုပ်ရာ ရောက်သောကြောင့် ထိုပုဂ္ဂိုလ်တို့သည် အမှန်တကယ်ပဲ အင်ကြင်းတောကို တင့်တယ်စေသော ပုဂ္ဂိုလ်တို့ ဖြစ်ကြလေသည်။ ထိုသို့ဖြစ်အောင် ကြိုးစားကြပါကုန်လော့။

(၄) အချုပ်အားဖြင့် ဗုဒ္ဓ၏ အလိုဆန္ဒအရ ပုထုဇဉ်ပုဂ္ဂိုလ်တစ်ဦးသည် ထိုအင်ကြင်းတော၌ တစ်ထိုင်တည်းဖြင့် သောတာပန်ဖြစ်အောင်၊ သကဒါဂါမ်ဖြစ်အောင်၊ အနာဂါမ်ဖြစ်အောင်၊ ရဟန္တာဖြစ်အောင် ကြိုးစားနိုင်လျှင် ထိုအင်ကြင်းတောကို ပို၍ပင် တင့်တယ်လှပစေလေသည်။ ထိုသို့ဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။

(အချုပ်အားဖြင့် 'လှပခြင်း၊ တင့်တယ်ခြင်း' ဟူသည် အနှစ်သာရအားဖြင့် ဘာကိုဆိုလိုသည်ကို ကောင်းစွာသိမြင်ပြီး အလှကို ညစ်ထေးအောင် မလုပ်ကြပါနှင့်။ အလှကို လှသည်ထက်လှအောင် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်ကောင်းမှုတို့ကို အားထုတ်ခြင်းဖြင့်သာ ပြုလုပ်အားထုတ်ကြပါကုန်လော့။)

ဤ၌ လိုအပ်သော သုတသဒ္ဒါ အနက်

အထက်ဖော်ပြပါ သုတသဒ္ဒါ၏ အနက်များစွာထဲက ဤဗြဟ္မဇာလသုတ်၌ လိုအပ်သော သုတသဒ္ဒါ၏ အနက်သည် 'သုတဓရ နှင့် သုတသန္နိစယ' ခေါ် သောတဒ္ဒါရာနုသာရ ဝိညာတ အနက်ကို လိုအပ်လေသည်။

ဆိုလိုသည်မှာ ဗုဒ္ဓ၏တရားတော်ကို ကြားနာရုံမျှတွင်မဟုတ်ဘဲ သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဏ်သည် သိအပ်သော တရားကို ပျောက်မသွားအောင် ဆောင်ထားနိုင်သော 'သုတဓရ' ပုဂ္ဂိုလ်နှင့် ဗုဒ္ဓ၏တရားတော်များကို နှလုံးသားတည်းဟူသော သေတ္တာထဲမှာ အမြဲသိမ်းဆည်းထားနိုင်သော 'သုတသန္နိစယ' ပုဂ္ဂိုလ်တို့ကို လိုအပ်လေသည်။

ဧဝံ မေ သုတံ၏ ဆိုလိုရင်း အဓိပ္ပါယ်

အဋ္ဌကထာဆရာသည် 'ဧဝံ၊ မေ၊ သုတံ' သုံးပုဒ်ကို တစ်ပုဒ်စီ အကျယ်တဝင့် ဖွင့်ဆိုပြလေသည်။ ထို့နောက် ဆိုလိုရင်း အဓိပ္ပါယ် အကျဉ်းချုပ်ကို အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

အယမွေတ္တ သခေ်ပေါ ''နာနာပ္ပကာရေန အာရမ္မဏေ ပဝတ္တာယ ဝိညာဏဝီထိယာ မယာ နအည် ကတံ တ္တဒံ ပန ကတံ အယံ ဓမ္မော သုတော''တိ။ *(ဒီ ၄- ၁- ၂၉)*

အယံ- ဤဆိုအပ်လတ္တံ့သည်ကား၊ တွေ- ဤ၌၊ **သခေ်ပေါ-** အကျဉ်းချုပ် အဓိပ္ပါယ်တည်း။

နာနာပ္ပကာရေန- သဒ္ဒါ, အနက်တို့ကိုယူခြင်းဟူသော အမျိုးမျိုးသော အပြားအားဖြင့်၊ **ပဝတ္တာယ-** ဖြစ်သော၊ **ဝိညာဏ ဝီထိယာ-** မနောဒွါရိကဝိညာဏဝီထိဖြင့်၊ **မယာ-** တပည့်တော် အာနန္ဒာသည်၊ **အညံ-** (ရှင်တော်ဗုဒ္ဓ မျက်မှောက်တော်၌) တရားနာခြင်းကိစ္စမှ တစ်ပါးသောကိစ္စကို၊ **နကတံ-** မပြုပါ။ **ပန-** စင်စစ်သော်ကား၊ **တ္တဒံ-** ဤတရားနာခြင်းကိစ္စကိုသာ၊ **ကတံ-** ပြုအပ်ခဲ့ပါပြီ၊ **အယံဓမ္မော-** ဤဖြဟ္မဇာလသုတ်တော်ဟူသော တရားကိုသာ၊ **သုတော-** (ရှင်တော်ဗုဒ္ဓ မျက်မှောက်တော်မှ) အာရုံ တစ်ပါး စိတ်မသွားစေဘဲ စူးစိုက်၍ ရှိသေစွာ နာယူမှတ်သား ဆောင်ထားခဲ့ပါပြီ။ **တ္တတိ-** ဤသည်ကား၊ **သခေ်ပေါ-** 'ဧဝံ မေ သုတံ' ပုဒ်ဖြင့်ပြအပ်သော အကျဉ်းချုပ် အဓိပ္ပါယ် ဆိုလိုချက်တည်း။

ဧဝံ မေ သုတံ နိဂုံး အဓိပ္ပါယ်

အဋ္ဌကထာဆရာသည် 'ဧဝံ, မေ, သုတံ' သုံးပုဒ်ကို နောက်ထပ် အမျိုးမျိုးအဖုံဖုံ သိမှတ်ဖွယ်ရာ ဖွင့်ဆိုပြီးနောက် နောက်ဆုံးအဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုပြထားလေသည်။

တပည့်တော် အာနန္ဒာသည် ဤဖြဟ္မဇာလသုတ် တရားတော်ကို ကိုယ်တိုင်ဖြစ်စေသူ မဟုတ်ပါ။ ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူခြင်းကိုသာ ဖွင့်ဆိုလျှောက်ထားခြင်း ဖြစ်ပါသည်။

တပည့်တော် အာနန္ဒာသည်-

(၁)	**စတုဝေသာရဇ္ဇ ဝိသာရဒဿ**	- လေးပါးသော ဝေသာရဇ္ဇဉာဏ်ဖြင့် ကြောက်ရွံ့ခြင်း ကင်းတော်မူသော၊
(၂)	**ဒသဗလဓရဿ**	- ဉာဏ်အားတော်ဆယ်ပါးကို ဆောင်တော်မူသော၊
(၃)	**အာသဘဌာန ဌာယိနော**	- သဗ္ဗညုတဉာဏ်အဖြစ်၌ မတုန်မလှုပ် တည်တော်မူသော၊
(၄)	**သီဟနာဒ နဒိနော**	- ခြင်္သေ့မင်း၏ ဟောက်ခြင်းပမာ ရဲရင့်စွာ မိန့်မြွက်တော်မူသော၊
(၅)	**သဗ္ဗသတ္တုတ္တမဿ**	- အလုံးစုံသော သတ္တဝါတို့ထက် အမြတ်ဆုံး ဖြစ်တော်မူသော၊
(၆)	**ဓမ္မိဿရဿ**	- တရားကြောင့် သတ္တလောက၏ အစိုးရဖြစ်တော်မူသော (ဝါ) တရား၏ အစိုးရဖြစ်တော်မူသော၊
(၇)	**ဓမ္မရာဇဿ**	- တရားကြောင့် သတ္တလောက၏ မင်းဖြစ်တော်မူသော (ဝါ) တရား၏ မင်းဖြစ်တော်မူသော၊
(၈)	**ဓမ္မာဓိပတိနော**	- တရားကြောင့် သတ္တလောက၏ အကြီးအကဲ ဖြစ်တော်မူသော (ဝါ) တရား၏ အကြီးအကဲ ဖြစ်တော်မူသော၊
(၉)	**ဓမ္မပ္ပဒီပဿ**	- တရားကြောင့် သတ္တလောက၏ မီးရှူးတန်ဆောင် ဖြစ်တော်မူသော (ဝါ) တရားတည်းဟူသော မီးရှူးတန်ဆောင် ရှိတော်မူသော၊
(၁၀)	**ဓမ္မပ္ပဋိသရဏဿ**	- တရားကြောင့် သတ္တလောက၏ လည်းလျောင်းရာ ဖြစ်တော်မူသော (ဝါ) တရားတည်းဟူသော လည်းလျောင်းရာ ရှိတော်မူသော၊
(၁၁)	**သဒ္ဓမ္မဝရ စက္ကဝတ္တိနော**	- သူတော်ကောင်းတရားတည်းဟူသော မြတ်သော စကြာရတနာကို လည်စေတော်မူနိုင်သော၊
(၁၂)	**သမ္မာသမ္ဗုဒ္ဓဿ**	- အလုံးစုံတရားတို့ကို ကိုယ်တော်တိုင် မဖောက်မပြန် အမှန်အတိုင်း သိမြင်တော်မူသော၊
(၁၃)	**တဿ ဘဂဝတော**	- ထိုသို့သော ဂုဏ်ထူးအပေါင်းနှင့် ပြည့်စုံတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ **တ္တဒံ ဝစနံ-** ဤ

ဖြဟ္မဇာလသုတ်ဟူသော တရားစကားတော်ကို၊ **မေ- မယာ-** တပည့်တော်အာနန္ဒာသည်၊ **သမ္မုခါ-** ရှင်တော်ဗုဒ္ဓ၏ မျက်မှောက်တော်၌၊ **ပဋိဂ္ဂဟိတံ-** ကောင်းစွာ နာခံမှတ်သား ဆောင်ထားအပ်ပါပြီ။

န တွေ အတ္တေဝါ ဓမ္မေဝါ ပဒေဝါ ဗျဉ္ဇနေဝါ ကင်္ခါဝါ ဝိမတိဝါ ကာတဗ္ဗာတိ။
သဗ္ဗေသံ ဒေဝမနုဿာနံ ဣဒမဿ ဓမ္မေ အသံသယံ ဝိနာသေတိ၊ သဒ္ဓါ သမ္ပဒံ ဥပ္ပါဒေတိ။ *(ဒီ ၄- ၁- ၃၂)*

တွေ- ဤဗြဟ္မဇာလသုတ် တရားတော်၌၊ **အတ္တေဝါ**- အနက်၌လည်းကောင်း (ဝါ) အကျိုး၌ လည်းကောင်း၊ **ဓမ္မေဝါ**- ပါဠိ၌ လည်းကောင်း (ဝါ) အကြောင်း၌ လည်းကောင်း၊ **ပဒေဝါ**- ပုဒ်၌ လည်းကောင်း၊ **ဗျဉ္ဇနေဝါ**- အနက်ကို ထင်ရှားပြတတ်သော ဝါကျ၌ လည်းကောင်း၊ **ကင်္ခါဝါ**- အကြီးအကျယ် ယုံမှားခြင်းကို လည်းကောင်း၊ **ဝိမတိဝါ**- အနည်းငယ် တွေးတောခြင်းကို လည်းကောင်း၊ **နကာတဗ္ဗာ**- မပြုထိုက်ပါ။

ဣတိ- ဤသို့၊ **သဗ္ဗေသံ**- ခပ်သိမ်းကုန်သော၊ **ဒေဝမနုဿာနံ**- လူ, နတ်, ဗြဟ္မာတို့၏၊ **ဣဒမဿ ဓမ္မေ**- ဤဗြဟ္မဇာလသုတ်တရားတော်၌၊ **အသံသယံ**- ယုံကြည်ခြင်း မရှိသည်၏ အဖြစ်ကို၊ **ဝိနာသေတိ**- ပျက်စီးစေ၏၊ **သဒ္ဓါသမ္ပဒံ**- ယုံကြည်ခြင်း သဒ္ဓါ၏ ပြည့်စုံခြင်းကို၊ **ဥပ္ပါဒေတိ**- ဖြစ်စေလေ၏။

အဋ္ဌကထာဆရာသည် ထိုသို့ စုဏ္ဏိယပါဠိဖြင့် ပြဆိုပြီးနောက် အောက်ပါဂါထာဖြင့်လည်း ပြဆိုပြန်လေသည်။

ဝိနာသယတိ အဿဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎေတိ သာသနေ၊
ဧဝံ မေ သုတ မိစ္စေဝံ၊ ဝဒံ ဂေါတမ သာဝကောတိ။ *(ဒီ ၄- ၁- ၃၂)*

ဧဝံ မေ သုတံ ဣတိ- 'ဧဝံ, မေ, သုတံ' ဟူ၍၊ **ဧဝံ**- ဤသို့၊ **ဝဒံ**- လျှောက်ထားသော၊ **ဂေါတမသာဝကော**- ရှင်တော် ဂေါတမဗုဒ္ဓ၏ သာဝကဖြစ်သော၊ အာယသ္မာ အာနန္ဒော- အရှင်အာနန္ဒာသည်၊ **သာသနေ**- ရှင်တော်ဗုဒ္ဓ ဟောကြားရာ ဓမ္မဝိနယ သာသနာတော်၌၊ **အဿဒ္ဓံ**- ယုံကြည်ခြင်း မရှိသည်၏ အဖြစ်ကို၊ **ဝိနာသေတိ**- ပျက်စီးစေ၏၊ **သဒ္ဓံ**- ယုံကြည်ခြင်း သဒ္ဓါတရားကို၊ **ဝဍ္ဎေတိ**- တိုးပွါးစေ၏။

ဧဝံ မေ သုတံ ၏ အချုပ်နိဂုံး တရားဟောပုံ

(၁) မိမိတို့ နာကြားကြရမည့် ဗြဟ္မဇာလသုတ် အစရှိသော တရားတော်သည် ဤလူ့လောက၌ ထူးချွန်ကြကုန်သော လူတော်လူမွန် ပုဂ္ဂိုလ်မျိုးတို့လောက် ရရှိထားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဟောကြားထားသော တရားတော်မျိုးလည်း မဟုတ်ပါ။ နတ်လောက၊ ဗြဟ္မာလောက၌လည်း ထူးချွန်ကြကုန်သော နတ်ထူး, နတ်မွန်၊ ဗြဟ္မာထူး, ဗြဟ္မာမွန် ပုဂ္ဂိုလ်မျိုးတို့လောက် ရရှိထားသော နတ်တစ်ဦးဦး၊ ဗြဟ္မာတစ်ဦးဦးက ဟောကြားထားသော တရားတော်မျိုးလည်း မဟုတ်ပါ။ ထို လူ, နတ်, ဗြဟ္မာ ဟူသော သတ္တလောက၌ ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာ တစ်စုံတစ်ဦးနှင့်မျှ နှိုင်းယှဉ်လို့မရသော၊ စတုဝေသာရဇ္ဇဉာဏ် အစရှိသော ဂုဏ်ထူးအပေါင်းနှင့် ပြည့်စုံတော်မူသော သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူသော တရားတော် ဖြစ်ပါသည်။

(၂) ထိုတရားတော်ကို နာကြားမှတ်သားသော ပုဂ္ဂိုလ်သည်လည်း သာမညပုဂ္ဂိုလ် မဟုတ်ပါ။ ရှင်တော်ဗုဒ္ဓ ကိုယ်တော်တိုင် တေဒဂ်ဘွဲ့ ငါးမျိုးဖြင့် ချီးမွမ်းခြင်း ခံယူရလောက်အောင် ထူးချွန်ပြောင်မြောက်သော အရှင်အာနန္ဒာ မထေရ်မြတ်ကြီး ဖြစ်ပါသည်။ အရှင်သာရိပုတြာကလည်း ဓမ္မ၌လည်းကောင်း၊ အတ္ထတို့၌လည်းကောင်း ကျွမ်းကျင်လှပါပေသည်ဟူ၍ ချီးမွမ်းယူရလောက်သော အရှင်အာနန္ဒာ မထေရ်မြတ်ကြီး ဖြစ်ပါသည်။

(၃) ထိုကဲ့သို့ ဂုဏ်ထူးဝိသေသရှိသော အရှင်အာနန္ဒာသည်လည်း တစ်ဆင့်ကြားဖြင့် နာကြားမှတ်သား ထားအပ်သော တရားတော်မျိုးလည်း မဟုတ်ပါ။ ရှင်တော်ဗုဒ္ဓ၏ မျက်မှောက်တော်မှ နာယူမှတ်သားအပ်သော တရားတော်ဖြစ်ပါသည်။

(၄) ထို့ကြောင့် ဗုဒ္ဓ၏ တရားကို နာယူမှတ်သား သင်ကြားကြကုန်သော ပုဂ္ဂိုလ်တို့သည် 'မှန်မှ မှန်ရဲ့လား၊ ဟုတ်မှ ဟုတ်ပါ့မလား' ဟူသော ယုံမှားသံသယများကို အနည်းငယ်မျှ မဖြစ်စေကြပဲနှင့် အလွန်ထက်သန်သော သဒ္ဓါတရားဖြင့် နာယူမှတ်သားခြင်း၊ ဆောင်ထားခြင်း ပြုကြပါကုန်လော့။

(၅) ပိဋကသုံးပုံ၌ ပါရှိသော ရှင်တော်ဗုဒ္ဓ ကိုယ်တော်တိုင် ဟောကြားတော်မူထားအပ်သော ဒါန, သီလ, သမထ, ဝိပဿနာ, သီလ, သမာဓိ, ပညာ ဟူသော ကျင့်ဖွယ်တရားများကို အလွန်ယုံကြည်စွာ၊ မြတ်နိုးစွာ၊ ရိုသေစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါကုန်လော့။

ဧဝံ မေ သုတံ အခန်း ပြီး၏။

ဧကံ သမယံ အဖွင့် ပြဆိုခန်း

အဋ္ဌကထာဆရာသည် 'ဧဝံ, မေ, သုတံ, ဧကံ, သမယံ' ဟူသောပါဌ်၌ 'ဧဝံ, မေ, သုတံ'ကို ပြဆိုပြီးနောက် 'ဧကံ, သမယံ' ပါဌ်၏အဖွင့်ကို ဆက်၍ပြဆိုလေသည်။ ထိုတွင် 'ဧကံ' သဒ္ဒါဖြင့် 'တစ်' ဟူသော ဂဏန်းအရေအတွက်ဖြင့် ပိုင်းခြားခြင်းကို ပြဆိုလေသည်။ 'သမယံ' သဒ္ဒါဖြင့် 'ဧကံ' ဟူသော သချာဖြင့် ပိုင်းခြားအပ်သော သမယကို ညွှန်ပြလေသည်။ 'ဧကံ, သမယံ' ဟူသော နှစ်ပုဒ်လုံးဖြင့် မည်သည့်သမယဟု မသတ်မှတ်သော သမယကို ပြဆိုလေသည်။ *(ဒီ ဋ္ဌ- ၁- ၃၂)*

သမယသဒ္ဒါ ဟောနိုင်သော အနက်များ

ထို့နောက် အဋ္ဌကထာဆရာသည် 'သမယ' သဒ္ဒါ၏ ဟောနိုင်သော အနက်များကို အောက်ပါအတိုင်း ပြဆိုလေသည်။

သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတု ဒိဋ္ဌိသု၊
ပဋိလာဘေ ပဟာနေစ၊ ပဋိဝေဓေစ ဒိဿတိ။

ထိုသမယသဒ္ဒါသည်-

(၁) သမဝါယေ - အကြောင်းညီညွတ်ခြင်း အနက်၌ လည်းကောင်း၊
(၂) ခဏေ - အခွင့်ဟူသော အနက်၌ လည်းကောင်း၊
(၃) ကာလေ - အခါဟူသော အနက်၌ လည်းကောင်း၊
(၄) သမူဟေ - အပေါင်းဟူသော အနက်၌ လည်းကောင်း၊
(၅) ဟေတု - အကြောင်းဟူသော အနက်၌ လည်းကောင်း၊
(၆) ဒိဋ္ဌိ - အယူဟူသော အနက်၌ လည်းကောင်း၊
(၇) ပဋိလာဘေ - ရခြင်းဟူသော အနက်၌ လည်းကောင်း၊
(၈) ပဟာနေ - ပယ်ခြင်းဟူသော အနက်၌ လည်းကောင်း၊
(၉) ပဋိဝေဓေ - ထိုးထွင်း၍ သိတတ်သော ဉာဏ်ဟူသော အနက်၌ လည်းကောင်း၊ ဒိဿတိ- ထင်၏။

သမဝါယ အနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်သုံးဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သမယသဒ္ဒါ ဟောနိုင်သော အထက်ဖော်ပြပါ (၉)နက်ထဲက သမဝါယအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အပ္ပဝနာမ သွေပိ ဥပသင်္ကမေယျာမ ကာလဥ္စ သမယဉ္စ ဥပါဒါယ

ကာလဥ္စ- လာသင့်ရာအခါကို လည်းကောင်း၊ သမယဉ္စ- အကြောင်း ညီညွတ်ခြင်းကို လည်းကောင်း၊ ဥပါဒါယ- စဉ်းစား နှိုင်းချိန်၍၊ သွေပိ- နက်ဖြန်၌လည်း၊ အပ္ပဝနာမ ဥပသင်္ကမေယျာမ- လာနိုင်ကုန်တန်ရာ၏ (ငါ) လာကောင်းလာနိုင်ပေလိမ့်မည်။ *(ကြွလာဘို့ရန် မသေချာသည်ကတွက် ထိုသို့ ဖြေဆိုခြင်း ဖြစ်သည်။)*

အထက်ပါပါဠိရပ်သည် သုတ်သီလက္ခန် ပါဠိတော်- သုဘသုတ် (နှာ- ၁၈၈)၌ လာရှိလေသည်။ ထိုပါဠိရပ်၏ ဆိုလိုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

တောဒေယျပုဏ္ဏား၏သား သုဘလုလင်သည် သာဝတ္ထိပြည် ကိစ္စတစ်ခုဖြင့် ရောက်နေခိုက် အရှင်အာနန္ဒာ၏ တရားကို နာလိုသဖြင့် နက်ဖြန် 'ဆွမ်းစားကြွရန် အကြောင်း' လူငယ်တစ်ယောက်အား ပင့်ခိုင်းရာတွင် ဝမ်းနုတ်ဆေး သောက်ထားသည့်အတွက် ကြွရောက်ရန် မသေချာသောကြောင့် 'ကြွပါမည်'ဟု သေချာပေါက် အဖြေမပေးဘဲ 'သမယ- အကြောင်းညီညွတ်ခဲ့လို့ရှိရင်၊ 'ကာလ- လာသင့်ရာ အချိန်အခါ၌'၊ 'အပ္ပဝနာမ ဥပသင်္ကမေယျာမ- ကြွနိုင်ကောင်း ကြွနိုင်ပါလိမ့်မည်' ဟူ၍ မသေမချာ အဖြေပေးတော်မူလိုက်ခြင်း ဖြစ်သည်။

ဆိုလိုချက်မှာ 'အကြောင်းညီညွတ်ခဲ့လို့ရှိရင် ကြွသင့်ရာ အချိန်အခါ၌ ကြွနိုင်ကောင်း ကြွနိုင်ပါလိမ့်မည်' ဟူ၍ ဆိုလိုပေသည်။

အရှင်အာနန္ဒာမထေရ်သည် နောက်နေ့နံနက်စောစောတွင် ဆွမ်းကပ်ချိန် မရောက်မီမှာပင် ဝမ်းသွားခြင်းကိစ္စ ပြီးပြောက်သွား၍ သုဘလုလင်အိမ်သို့ ကြွရောက်ရန် အကြောင်းညီညွတ်သွားသောကြောင့် ကြွသင့်သောအချိန်အခါ၌ ကြွရောက်၍ တရားဟောတော်မူလေသည်။

သမဝါယ အနက်ဟော သမယသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) သုဘလုလင်က အရှင်အာနန္ဒာ၏ တရားကို နာလိုသည့်အတွက် ဆွမ်းစားပင့်သည်။ အရှင်အာနန္ဒာက ဝမ်းနုတ်ဆေး သောက်ထားသည့်အတွက် 'အကြောင်းညီညွတ်ရင် ကြွသင့်သော အချိန်အခါ၌ ကြွခဲ့ပါမည်'ဟု အဖြေပေးသည်။ ထို့အတူ မိမိအား အခြားသူများက ဖိတ်ကြားသည့်အခါ သူ၏ဖိတ်ကြားချက်သည် အရေးကြီးသည်။ သို့ရာတွင် မိမိမှာလည်း အခြား အကြောင်းတစ်ခုနှင့် တိုက်ဆိုင်နေသည်။ **ပင့်ဖိတ်သူ၏ ကိစ္စက အကျိုးရှိမည်၊ ပို၍ အရေးကြီးသည် ဆိုပါက 'မကြွနိုင်ဘူး' ဟူ၍ တစ်ထစ်ချ ပယ်မြစ်စကားကို မပြောလိုက်ကြပါနှင့်။**

(၂) သုဘလုလင်၏ ပင့်ဖိတ်ချက်သည် တရားနာလိုသည့်အတွက် အလွန်အကျိုးရှိသောကိစ္စ၊ အလွန်အရေးကြီးကိစ္စ ဖြစ်နေသည်။ အကြောင်းကား ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုသွားသည့်အတွက် ရှင်တော်ဗုဒ္ဓ 'ဟောကြားတော်မူထားအပ်သော တရားတွေ အပြည့်အစုံ ရှိမှရှိသေးရဲ့လား' ဟု သုဘလုလင်၌ သံသယဝင်လျက် ရှိနေသည်။ ထိုသံသယကို ပယ်ဖျောက်နိုင်ရန်အတွက် သုဘလုလင်သည် စုံစမ်းလိုသော သဘောဖြင့် အရှင်အာနန္ဒာ၏ တရားကို အလေးအနက် နာလိုသောကြောင့် ဖြစ်လေသည်။

ထိုအချိန်၌ အရှင်အာနန္ဒာသည် ဝမ်းနုတ်ဆေးကို သောက်ပြီးဖြစ်နေသည်။ အကယ်၍ ဆွမ်းစားနေချိန်၊ တရားဟောနေချိန်တွင် ဝမ်းသွားမည်ဆိုပါက ကွန္ဒြေပျက်မည် ဖြစ်လေသည်။ သို့ရာတွင် 'မကြွနိုင်ဘူး'ဟု ပယ်မြစ်ခြင်းမပြုဘဲ 'အကြောင်းညီညွတ်ရင် ကြွသင့်သော အချိန်အခါ၌ ကြွခဲ့ပါမည်'ဟု ကြွရန်ကို အလေးပေး၍ အဖြေပေးလိုက်ခြင်း ဖြစ်သည်။

(၃) **ထို့ကြောင့် မိမိတို့တွင်လည်း ထိုကဲ့သို့ ကိစ္စများ ကြုံလာခဲ့သော် 'အတတ်နိုင်ဆုံး ကြိုးစား၍ ကြွခဲ့ပါမည်၊ လာခဲ့ပါမည်' ဟူ၍ အဖြေပေးမှသာ အကျိုးရှိသောကိစ္စ၊ တရားကိစ္စ၊ အမျိုး, ဘာသာ, သာသနာရေးကိစ္စ စသည်တို့ကို အရေးထား၍ အလေးပေးရာ ရောက်သောကြောင့် ထိုကဲ့သို့ အဖြေပေးကြပါကုန်လော့။**

ခဏ အနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်သုံးဖွယ်ရာများကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သမယသဒ္ဒါ၏ သမဝါယအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီးနောက် သမယသဒ္ဒါ၏ ခဏအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဧကော ဝေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယ *(အံ- ၃- ၆၁)*

ဘိက္ခဝေ- ရဟန်းတို့၊ **ယော ဩကာသော**- အကြင်အခွင့်ကို၊ **ဗြဟ္မစရိယဝါသာယ**- မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးခြင်းငှာ၊ **ခဏော စ**- အခွင့်ဟူ၍ လည်းကောင်း၊ **သမယော စ**- အခါဟူ၍ လည်းကောင်း၊ **ဝုစ္စတိ**- ဆိုအပ်၏၊ **သော ဩကာသော**- ထို အခွင့်ဟူသည်၊ **ဧကော**- တစ်ခုတည်းသော 'ဗုဒ္ဓ ပွင့်တော်မူလာခြင်း' စသော နဝမခဏတည်း (ဝါ) ကိုးခုမြောက် အခွင့်တည်း။

အထက်ပါပါဠိရပ်သည် အင်္ဂုတ္တရပါဠိတော် အက္ခဏသုတ်၌ လာရှိလေသည်။ ထိုလာချက်များအနက်မှ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ခဏကိစ္စော လောကောတိ ခဏကိစ္စော လောကောတိ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ဘာသတိ

ဘိက္ခဝေ- ရဟန်းတို့၊ **လောကော**- လောကသည်၊ **ခဏကိစ္စော**- အခွင့်သာတုန်း ပြုအပ်သော ကိစ္စသည်၊ **အတ္ထိ**- ရှိ၏၊ **လောကော**- လောကသည်၊ **ခဏကိစ္စော**- အခွင့်သာတုန်း ပြုအပ်သော ကိစ္စသည်၊ **အတ္ထိ**- ရှိ၏၊ **ဣတိ**- ဤသို့၊ **အဿုတဝါ**- သူတော်ကောင်းတရား၌ အကြားအမြင် မရှိသော၊ **ပုထုဇ္ဇနော**- ပုထုဇဉ်သည်၊ **ဘာသတိ**- အခွင့်ကြုံတုန်း ပြောဆိုလေ၏။

ပုထုဇဉ်လောက၌ မိမိတို့နှင့် သက်ဆိုင်သော အခွင့်အရေး ပေါ်ပေါက်လာလျှင် 'ဒါ တို့အတွက် အခွင့်ကောင်းကြီးတစ်ခု ပေါ်လာပြီ' ဟူ၍ လူအပေါင်းတို့ ပြောဆိုတတ်ကြလေသည်။

နောစ ဝေါ သော ဇာနာတိ ခဏံဝါ အက္ခဏံဝါ

စ- ထိုသို့ပင် ပြောဆိုပါသော်လည်း၊ **သော**- ထိုအဿုတ ပုထုဇဉ်သည်၊ **ခဏံဝါ**- အခွင့်ကောင်း ဟုတ်သည်ကို လည်းကောင်း၊ **အက္ခဏံဝါ**- အခွင့်ကောင်း မဟုတ်သည်ကို လည်းကောင်း၊ **နောဇာနာတိ**- မသိပေ။

အဋ္ဌိမေ ဘိက္ခဝေ အက္ခဏာ အသမယာ ဗြဟ္မစရိယဝါသာယ ကတမေ အဋ္ဌ

ဘိက္ခဝေ- ရဟန်းတို့၊ **ဗြဟ္မစရိယဝါသာယ**- မြင့်မြတ်သော အကျင့်ကို ကျင့်သုံးခြင်းငှာ၊ **အက္ခဏာ**- **အသမယာ**- အခွင့်အခါ မဟုတ်ခြင်းသည်၊ **ဣမေ အဋ္ဌ**- ဤရှစ်ပါးတို့တည်း။ **ကတမေ အဋ္ဌ**- အဘယ်ရှစ်ပါးတို့နည်း ဟူမူကား-

ဣဓ ဘိက္ခဝေ တထာဂတော စ လောကေ ဥပ္ပန္နော ဟောတိ (ပ) သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ

ဘိက္ခဝေ- ရဟန်းတို့၊ **ဒေဝမနုဿာနံ**- နတ်လူတို့၏၊ **သတ္ထာ**- ဆရာတစ်ဆူ ဖြစ်တော်မူသော၊ **ဗုဒ္ဓေါ**- သစ္စာတရားတို့ကို ကိုယ်တော်တိုင် သိမြင်တော်မူသော၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော၊ **တထာဂတော စ**- ရှင်တော်ဗုဒ္ဓသည် လည်းကောင်း၊ **ဣဓ**- ဤသတ္တလောက၌၊ **ဥပ္ပန္နော ဟောတိ**- ဖြစ်ထွန်းပွင့်ပေါ်တော်မူလာပါပေ၏။

ဓမ္မောစ ဒေသိယတိ (ပ) သုဂတပ္ပဝေဒိတော

သုဂတပ္ပဝေဒိတော- ဗုဒ္ဓတို့သာ ပိုင်းခြားထင်ထင် အမျိုးမျိုးသောနည်းဖြင့် သိမြင်တော်မူသော၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဓမ္မောစ**- သစ္စာလေးရပ် တရားမြတ်ကိုလည်း၊ **ဒေသယိ**- ဟောကြားတော်မူပြီ။

(၁) **အယဉ္စ ပုဂ္ဂလော နိရယော ဥပပန္နော ဟောတိ** - ဤပုဂ္ဂိုလ်သည်လည်း ငရဲဘုံ၌ ဖြစ်နေ၏။
(၂) **အယဉ္စ ပုဂ္ဂလော တိရစ္ဆာနယောနိံ ဥပပန္နော ဟောတိ** - ဤပုဂ္ဂိုလ်သည်လည်း တိရစ္ဆာန်ဘုံ၌ ဖြစ်နေ၏။
(၃) **အယဉ္စ ပုဂ္ဂလော ပေတ္တိဝိသယံ ဥပပန္နော ဟောတိ** - ဤပုဂ္ဂိုလ်သည်လည်း ပြိတ္တာဘုံ၌ ဖြစ်နေ၏။
(၄) **အယဉ္စ ပုဂ္ဂလော အညတရံ ဒီဃာယုကံ ဒေဝနိကာယံ ဥပပန္နော ဟောတိ**- ဤပုဂ္ဂိုလ်သည်လည်း တစ်ခုသော အသက်ရှည်သော အသညသတ် ဗြဟ္မာဘုံ၊ အရူပ ဗြဟ္မာဘုံ၌ ဖြစ်နေ၏။

(၅) အယဥ္စ ပုဂ္ဂလော ပစ္စန္တိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ၊ သောစ ဟောတိ အဝိညာတာရေသု မိလက္ခေသု ယတ္ထ နတ္ထိ ဂတိ ဘိက္ခုနံ ဘိက္ခုနီနံ ဥပသကာနံ ဥပသိကာနံ။

အယဥ္စ ပုဂ္ဂလော- ဤပုဂ္ဂိုလ်သည်လည်း၊ **ပစ္စန္တိမေသု-** အစွန်အဖျား၌ ဖြစ်ကုန်သော၊ **သော ဇနပဒေသု-** ထိုဇနပုဒ်တို့၌၊ **ပစ္စာဇာတော ဟောတိ-** ဖြစ်နေ၏၊ **စ-** ဤမျှသာမကသေး၊ **သော-** ထိုပုဂ္ဂိုလ်သည်၊ **အဝိညာတာရေသု-** အလွန်မသိ နားမလည်ကုန်သော၊ **မိလက္ခေသု-** မိလက္ခလူရိုင်းမျိုးတို့၌၊ **ဟောတိ-** ဖြစ်၏၊ **ယတ္ထ-** ယင်းဇနပုဒ်တို့၌၊ **ဘိက္ခုနံ-** ရဟန်းတို့၏ လည်းကောင်း၊ **ဘိက္ခုနီနံ-** ရဟန်းမတို့၏ လည်းကောင်း၊ **ဥပသကာနံ-** ရတနာသုံးရပ် ဆည်းကပ်သော သီတင်းသည် ဒါယကာတို့၏ လည်းကောင်း၊ **ဥပသိကာနံ-** ရတနာသုံးရပ် ဆည်းကပ်သော သီတင်းသည် ဒါယိကာမတို့၏ လည်းကောင်း၊ **ဂတိ-** ဖြစ်နိုင်ခြင်း, သွားနိုင်ခြင်းသည်၊ **နတ္ထိ-** မရှိပေ။

(၆) အယဥ္စ ပုဂ္ဂလော မဇ္ဈိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ၊ သော စ ဟောတိ မိစ္ဆာဒိဋ္ဌိကော ဝိပရီဒဿနော

အယဥ္စ ပုဂ္ဂလော- ဤပုဂ္ဂိုလ်သည်လည်း၊ **မဇ္ဈိမေသု-** မဇ္ဈိမဒေသ ဖြစ်ကုန်သော၊ **ဇနပဒေသု-** ဇနပုဒ်တို့၌၊ **ပစ္စာဇာတော ဟောတိ-** ဖြစ်၏၊ **စ-** ထိုသို့ပင် ဖြစ်ပါသော်လည်း၊ **သော-** ထိုပုဂ္ဂိုလ်သည်၊ **မိစ္ဆာဒိဋ္ဌိကော-** မိစ္ဆာဒိဋ္ဌိအယူရှိသည်၊ **ဝိပရီတဒဿနော-** ဖောက်ပြန်သော အမြင်ရှိသည်၊ **ဟောတိ-** ဖြစ်၏။

(၇) အယဥ္စ ပုဂ္ဂလော မဇ္ဈိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ၊ သော စ ဟောတိ ဒုပ္ပညော, ဇဠော, ဧဠမူဂေါ အပ္ပဋိဗလော သုဘာသိတ ဒုဗ္ဘာသိတဿ အတ္ထမညာတုံ

အယဥ္စ ပုဂ္ဂလော- ဤပုဂ္ဂိုလ်သည်လည်း၊ **မဇ္ဈိမေသု-** မဇ္ဈိမဒေသဖြစ်ကုန်သော၊ **ဇနပဒေသု-** ဇနပုဒ်တို့၌၊ **ပစ္စာဇာတော ဟောတိ-** ဖြစ်၏၊ **စ-** ထိုသို့ပင် ဖြစ်ပါသော်လည်း၊ **သော-** ထိုပုဂ္ဂိုလ်သည်၊ **ဒုပ္ပညော-** ပညာမရှိ၊ **ဇဠော-** ထုံထိုင်းဖျင်းအသည်၊ **ဧဠမူဂေါ-** ခံတွင်းမှ လျှောကျသော အရည်တံတွေး ရှိသည်၊ **သုဘာသိတ ဒုဗ္ဘာသိတဿ-** ကောင်းစွာ ပြောဆိုအပ်သော စကား, မကောင်းသဖြင့် ပြောဆိုအပ်သော စကား၏၊ **အတ္ထံ-** အနက်, အဓိပ္ပါယ်ကို၊ **အညာတုံ-** သိနားလည်ခြင်းငှာ၊ **အပ္ပဋိဗလော-** မစွမ်းနိုင်သည်၊ **ဟောတိ-** ဖြစ်၏။

(၈) တထာဂတော စ လောကေ ဥပ္ပန္နော ဟောတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ (ပ) သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။ ဓမ္မော စ ဒေသိယတိ၊ အယဥ္စ ပုဂ္ဂလော။ မဇ္ဈိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ သောစ ဟောတိ ပညဝါ အဇဠော, အနေဠမူဂေါ၊ ပဋိဗလော သုဘာသိတ ဒုဗ္ဘာသိတဿ အတ္ထမညာတုံ။

ဘိက္ခဝေ- ရဟန်းတို့၊ **သမ္မာသမ္ဗုဒ္ဓေါ-** အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော၊ **ဒေဝမနုဿာနံ-** နတ်လူတို့၏၊ **သတ္ထာ-** ဆရာတစ်ဆူဖြစ်တော်မူသော၊ **ဗုဒ္ဓေါ-** သစ္စာတရားတို့ကို ကိုယ်တိုင်သိမြင်တော်မူသော၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော၊ **တထာဂတော-** ရှင်တော်ဗုဒ္ဓသည်၊ **လောကေ-** ဤသတ္တလောက၌၊ **ဥပ္ပန္နော-** ပွင့်တော်မမူသည်၊ **ဟောတိ-** ဖြစ်၏၊ **ဓမ္မော စ-** တရားတော်ကိုလည်း၊ **ဒေသိယတိ-** ဟောကြားအပ်ခြင်း မရှိတော့ပေ။

အယဥ္စ ပုဂ္ဂလော- ဤပုဂ္ဂိုလ်သည်လည်း၊ **မဇ္ဈိမေသု-** မဇ္ဈိမဒေသဖြစ်ကုန်သော၊ **ဇနပဒေသု-** ဇနပုဒ်တို့၌၊ **ပစ္စာဇာတော ဟောတိ-** ဖြစ်နေ၏၊ **စ-** သည်သာမကသေး၊ **သော-** ထိုပုဂ္ဂိုလ်သည်၊ **ပညဝါ-** ပညာရှိသည်၊ **အဇဠော-** ထုံထိုင်း ဖျင်းအသူ မဟုတ်သည်၊ **အနေဠမူဂေါ-** ခံတွင်းမှ လျှောကျသော အရည်တံတွေးရှိသူ မဟုတ်သည်၊ **သုဘာသိတ ဒုဗ္ဘာသိတဿ-** ကောင်းစွာ ပြောဆိုအပ်သောစကား၊ မကောင်းသဖြင့် ပြောဆိုအပ်သောစကား၏၊ **အတ္ထံ-** အနက်အဓိပ္ပါယ်ကို၊ **အညာတုံ-** သိနားလည်ခြင်းငှာ၊ **ပဋိဗလော-** စွမ်းနိုင်သည်၊ **ဟောတိ-** ဖြစ်၏။

ဓမ္မေ ခေါ ဘိက္ခဝေ အဋ္ဌ အက္ခဏာ အသမယာ ဗြဟ္မစရိယဝါသာယ

ဘိက္ခဝေ- ရဟန်းတို့၊ **ဗြဟ္မစရိယဝါသာယ-** မြင့်မြတ်သော အကျင့်ကို ကျင့်သုံးခြင်းငှာ၊ **အက္ခဏာ-** အခွင့်မဟုတ်ခြင်းသည်၊ **အသမယာ-** အခါမဟုတ်ခြင်းသည်၊ **ဓမ္မေ အဋ္ဌ-** ဤရှစ်ပါးတို့တည်း။

(၉) **ဧကော ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယ ကတမော ဧကော?**

ဣဓ ဘိက္ခဝေ တထာဂတော စ လောကေ ဥပ္ပန္နော ဟောတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ (ပ) သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ ဓမ္မော စ ဒေသိယတိ သုဂတပ္ပဝေဒိတော။

အယဉ္စ ပုဂ္ဂလော မဇ္ဈိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ၊ သော စ ဟောတိ၊ ပညဝါ အဇဠော အနေဠမူဂေါ ပဋိဗလော သုဘာသိတ ဒုဗ္ဘာသိတဿ အတ္ထမညာတုံ။

အယံ ဘိက္ခဝေ ဧကော ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယ။

ဘိက္ခဝေ– ရဟန်းတို့၊ **ဗြဟ္မစရိယဝါသာယ**– မြင့်မြတ်သော အကျင့်ကို ကျင့်သုံးခြင်းငှာ၊ **ခဏော စ**– အခွင့်သည် လည်းကောင်း၊ **သမယော စ**– အခါသည် လည်းကောင်း၊ **ဧကော ဝ**– တစ်ခုတည်းသာတည်း၊ **ဧကော**– တစ်ခုတည်းသော ခဏ, သမယ ဟူသည်၊ **ကတမော**– အဘယ်နည်း။

ဘိက္ခဝေ– ရဟန်းတို့၊ **အရဟံ**– ပူဇော်အထူးကို ခံတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓေါ**– အလုံးစုံသော တရားတို့ကို မဖောက်မပြန် အမှန်အတိုင်း ကိုယ်တိုင် သိမြင်တော်မူသော၊ **ဒေဝမနုဿာနံ**– နတ်, လူတို့၏၊ **သတ္ထာ**– ဆရာတစ်ဆူ ဖြစ်တော်မူသော၊ **ဗုဒ္ဓေါ**– သစ္စာတရားကို ကိုယ်တိုင် သိမြင်တော်မူသော၊ **ဘဂဝါ**– ဘုန်းတော်ကြီးတော်မူသော၊ **တထာဂတော စ**– တထာဂတဖြစ်သော ဗုဒ္ဓသည်လည်း၊ **ဣဓလောကေ**– ဤသတ္တလောက၌၊ **ဥပ္ပန္နော**– ပွင့်ပေါ်တော်မူလာသည်၊ **ဟောတိ**– ဖြစ်၏၊ **သုဂတပ္ပဝေဒိတော**– ဗုဒ္ဓတို့သာ သိမြင်တော်မူသော၊ **ဓမ္မော စ**– သစ္စာလေးရပ် တရားမြတ်ကိုလည်း၊ **ဒေသိယတိ**– ဟောကြားတော်မူအပ်လေပြီ။

အယဉ္စ ပုဂ္ဂလော– ဤပုဂ္ဂိုလ်သည်လည်း၊ **မဇ္ဈိမေသု**– မဇ္ဈိမဒေသ ဖြစ်ကုန်သော၊ **ဇနပဒေသု**– ဇနပုဒ်တို့၌၊ **ပစ္စာဇာတော**– ဖြစ်လာသည်၊ **ဟောတိ**– ဖြစ်၏၊ **စ**– သည်သာမကသေး၊ **သော**– ထိုပုဂ္ဂိုလ်သည်၊ **ပညဝါ**– ပညာရှိသည်၊ **အဇဠော**– ထုံထိုင်းဖျင်းအသူ မဟုတ်သည်၊ **အနေဠမူဂေါ**– ခံတွင်းမှ လျှောကျသော အရည်တံတွေးရှိသူ မဟုတ်သည်၊ **သုဘာသိတ ဒုဗ္ဘာသိတဿ**– ကောင်းစွာ ပြောဆိုအပ်သော စကား၊ မကောင်းသဖြင့် ပြောဆိုအပ်သော စကား၏၊ **အတ္ထံ**– အနက်အဓိပ္ပါယ်ကို၊ **အညာတုံ**– သိနားလည်ခြင်းငှာ၊ **ပဋိဗလော**– စွမ်းနိုင်သည်၊ **ဟောတိ**– ဖြစ်၏။

ဘိက္ခဝေ– ရဟန်းတို့၊ **ဗြဟ္မစရိယဝါသာယ**– မြင့်မြတ်သောအကျင့်ကို ကျင့်သုံးခြင်းငှာ၊ **ခဏော စ**– အခွင့်သည် လည်းကောင်း၊ **သမယော စ**– အခါသည် လည်းကောင်း၊ **ဧကော ဝ**– တစ်ခုတည်းသာဟူသည်၊ **အယံ**– ဤသည်ပင်တည်း ဝါ ဗုဒ္ဓုပ္ပါဒ်ဒိက နဝမခဏပင်တည်း၊ **ဣတိ**– ဤသို့၊ **အဝေါစ**– မိန့်ကြားတော်မူလေပြီ။

ဗုဒ္ဓသည် ထိုသို့ စုဏ္ဏိယဖြင့် ဟောကြားတော်မူပြီး၍ အောက်ပါဂါထာတို့ဖြင့်လည်း ဟောကြားတော်မူလေသည်။

(၁) **မနုဿ လာဘံ လဒ္ဓါန၊ သဒ္ဓမ္မေ သုပ္ပဝေဒိတေ၊**
ယေ ခဏံ နာဓိဂစ္ဆန္တိ၊ အတိနာမေန္တိ တေ ခဏံ။

(၂) **ဗဟူဟိ အက္ခဏာ ဝုတ္တာ၊ မဂ္ဂဿ အန္တရာယိကာ၊**
ကဒါစိ ကရဟာစိ လောကေ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ။

(၃) **တယိဒံ သမ္မုခီဘူတံ၊ ယံ လောကသ္မိံ သုဒုလ္လဘံ၊**
မနုဿ ပဋိလာဘော စ၊ သဒ္ဓမ္မဿ စ ဒေသနာ၊
အလံ ဝါယမိတုံ တတ္ထ၊ အတ္ထကာမေန ဇန္တုနာ။ *(အံ– ၃– ၆၁)*

(၁) **ယေ**– အကြင်ပုဂ္ဂိုလ်တို့သည်၊ **မနုဿလာဘံ**– လူ့ဘဝရခြင်းကို ဝါ လူ့ဘဝဟူသောလာဘ်ကို၊ **လဒ္ဓါန**– ရကြပါလျက်၊ **သဒ္ဓမ္မေ**– သူတော်ကောင်းတရားကို၊ **သုပ္ပဝေဒိတေ**– ကောင်းစွာဟောကြား သိစေတော်မူအပ်ပါလျက်၊ **ခဏံ**– မြင့်မြတ်သော အကျင့်ကို ကျင့်သုံးရန် အခွင့်ကောင်းကို ဝါ ဗုဒ္ဓုပ္ပါဒ်ဒိက နဝမခဏကို၊ **နာဓိဂစ္ဆန္တိ**– မရကြကုန်၊ **တေ**– ထိုပုဂ္ဂိုလ်တို့သည်၊ **ခဏံ**– မြင့်မြတ်သော အကျင့်ကို ကျင့်သုံးရန် အခွင့်ကောင်းကို ဝါ ဗုဒ္ဓုပ္ပဒ်ဒိက နဝမခဏကို၊ **အတိနာမေန္တိ**– ကျော်လွန်သွားစေကြကုန်၏။

(၂) **ဟိ**– မကျော်လွန်စေသင့်ခြင်း၏ အကြောင်းကား၊ **မဂ္ဂဿ**– အရိယာမဂ်၏ ဝါ မြင့်မြတ်သော အကျင့်လမ်း၏၊ **အန္တရာယိကာ**– အန္တရာယ်ကို ပြုတတ်ကုန်သော၊ **ဗဟူ**– များစွာကုန်သော၊ **အကုသလာ**– အခွင့်အခါ မဟုတ်ကုန်သော တရားတို့ကို၊ **ဘဂဝတာ**– ရှင်တော်ဗုဒ္ဓသည်၊ **ဝုတ္တာ**– ဟောတော်မူအပ်ကုန်ပြီ။ **တထာဂတာ**– တထာဂတခေါ်တွင် ရှင်တော်ဗုဒ္ဓတို့သည်၊ **လောကေ**– သတ္တလောက၌၊ **ကဒါစိ**– **ကရဟစိ**– တစ်ရံတစ်ခါ တစ်ရံတစ်ခါ၌သာ၊ **ဥပ္ပဇ္ဇန္တိ**– ပွင့်ထွန်းတော်မူကြကုန်၏။

(၃) **လောကသ္မိံ**– သတ္တလောက၌၊ **ယံ**– အကြင်ရှင်တော်ဗုဒ္ဓ ထင်ရှားပွင့်တော်မူခြင်းကို၊ **သုဒုလ္လဘံ**– အလွန်ရခဲလှပေ၏၊ **တယိဒံ**– ထိုသို့ ရှင်တော်ဗုဒ္ဓ ပွင့်တော်မူခြင်းသည်၊ **သမ္ဘုတံ**– မျက်မှောက်သူငါ ထင်ရှားဖြစ်နေလေပြီ။ **တတ္ထ တသ္မိံ ခဏေ**– ထိုအလွန်ရခဲသော အခွင့်ကောင်း၌၊ **အတ္တကာမေန**– မိမိအကျိုးစီးပွါး ချမ်းသာကို လိုလားသော၊ **ဇန္တုနာ**– သတ္တဝါထိုထို ပုဂ္ဂိုလ်များသည်၊ **ဝါယမိတုံ**– မြင့်မြတ်သောအကျင့်ကို ကြိုးစားအားထုတ်ခြင်းငှာ၊ **အလံ**– သင့်လျော်လှပါပေ၏၊

ခဏအနက်ဟော သမယသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံ သဘော

(၁) ရပ်ပြစ်ရှစ်ပါးဟူသည် 'အပြစ်သင့်သော အရပ်ရှစ်ပါး' ဟု ဆိုလိုသည်။ 'မဂ်, ဖိုလ်, နိဗ္ဗာန်' ဟူသောတရားမျိုးကို မရနိုင်သော အရပ်ဒေသမျိုး၌ ဖြစ်ရခြင်းကို 'အပြစ်' ဟူ၍ သတ်မှတ်ပြီး ယင်းအပြစ်သည် ရှစ်ပါးရှိရကား ယင်းကို ရပ်ပြစ်ရှစ်ပါးဟု ခေါ်သည်။ ယင်းရှစ်ပါးမှာ–

ရှင်တော်ဗုဒ္ဓသည် ဤသတ္တလောက၌ ထင်ရှားပွင့်ပေါ်တော်မူနေပြီး မဂ်, ဖိုလ်, နိဗ္ဗာန်သို့ရောက်ကြောင်း သစ္စာလေးရပ် တရားမြတ်ကို အထပ်ထပ် ဟောကြားတော်မူလျက် ရှိနေသည်။

ထိုအခွင့်အခါမျိုး၌ (၁) ငရဲဘုံ၌ ရောက်နေသူ၊ (၂) တိရစ္ဆာန်ဘုံ၌ ရောက်နေသူ၊ (၃) ပြိတ္တာဘုံ၌ ရောက်နေသူ၊ (၄) အသညသတ်ပြဟ္မာဘုံ, အရူပပြဟ္မာဘုံ၌ ရောက်နေသူ၊ (၅) ဗုဒ္ဓသာသနာတော် မရောက်ရာဖြစ်သော အလွန်ရိုင်းစိုင်းသော အရပ်ဒေသ၌ လူဖြစ်နေသူ၊ (၆) မိစ္ဆာဒိဋ္ဌိအယူကို စွဲစွဲမြဲမြဲ ယူနေသူ၊ (၇) တရားသဘောကို နားမလည်နိုင်အောင် အလွန်ထုံထိုင်း ညံ့ဖျင်းသောလူ ဖြစ်နေသူ၊ (၈) မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို ရနိုင်လောက်သော၊ နားလည်နိုင်လောက်သော အသိဉာဏ်ပညာ ရှိပါသော်လည်း ဗုဒ္ဓပွင့်တော်မူသောအချိန်မျိုး မဟုတ်သောအခါ၊ ဗုဒ္ဓသာသနာ မရှိသောအခါ၌ လူဖြစ်နေသူ တို့ပင် ဖြစ်လေသည်။

ယခုအခါ၌ သူတော်ကောင်းအပေါင်းတို့သည် ထိုရပ်ပြစ်ရှစ်ပါးမှ လွတ်မြောက်နေသည်ကို အထူးသတိပြုကြပါကုန်လော့။

(၂) ယခုအခါ၌ ဗုဒ္ဓကိုယ်တော်တိုင်မရှိသော်လည်း ဗုဒ္ဓသာသနာတော်ကား မဂ်, ဖိုလ်, နိဗ္ဗာန် ရနိုင်သည်အထိ အပြည့်အစုံ ရှိနေသည်။ မိမိတို့သည်လည်း အလွန်ကောင်းမြတ်သော လူ့ဘဝကို ရရှိနေကြပါသည်။ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရရှိစေနိုင်သော မြင့်မြတ်သော တရားများကိုလည်း ဟောကြားနေကြပါသည်။ မိမိတို့မှာလည်း ထိုတရားများကို နားလည်နိုင်သော အသိဉာဏ်ပညာများနှင့်လည်း ပြည့်စုံကြပါသည်။ ဤကဲ့သို့သော အခွင့်အခါမျိုးကို ရပ်ပြစ်ရှစ်ပါးမှထောက်လျှင် (၉)ခုမြောက် အခွင့်အခါမျိုးဖြစ်၍ ဗုဒ္ဓုပ္ပါဒ်ဒိက နဝမခဏတု ခေါ်ဆိုပါသည်။ ဤကဲ့သို့သော အခွင့်အခါမျိုးကို နောက်တစ်ကြိမ် နောက်ဘဝများ၌ တွေ့ကြုံရန်ဆိုသည်မှာ မသေချာ မလွယ်ကူသောကြောင့် ဤမျှကောင်းမွန်သော အခွင့်အခါမျိုးကို လက်လွှတ်မခံကြပါနှင့်။ ဒါန, သီလ, သမထ, ဝိပဿနာ, ပရိယတ်, ပဋိပတ်တရားများကို ယုံကြည်မှုအပြည့်ဖြင့် အားတက်သရော ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။

(၂) ကာလအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သမယသဒ္ဒါ၏ ခဏအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သမယသဒ္ဒါ၏ ကာလအနက်၌ ဖြစ်ပုံ သာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

'ဥဏှသမယော ပရိဠာဟသမယော' *(ဝိ– ၂– ၁၅၅)*

ဥဏှသမယော– ပူသောအခါ၌ လည်းကောင်း၊ ပရိဠာဟသမယော– အိုက်သောအခါ၌ လည်းကောင်း ဤပါဠိရပ်သည် ဝိနည်းပါစိတ် ပါဠိတော် နှာနသိက္ခာပုဒ်၌ လာရှိလေသည်။

နာနသိက္ခာပုဒ်ဟူသည် ရဟန်းတော်များ ရေချိုးခြင်းနှင့်စပ်၍ ပညတ်သော သိက္ခာပုဒ် ဖြစ်လေသည်။ ရဟန်းတော်များသည် ရာဇဂြိုဟ်ပြည် တပေါဒမြစ်၌ အတိုင်းအရှည်မရှိ မိုးချုပ်သည့်တိုင်အောင် ရေချိုးကြသောကြောင့် ဗုဒ္ဓသည် ထိုရဟန်းတို့အား ကဲ့ရဲ့တော်မူပြီး (၁၅)ရက်တစ်ကြိမ်သာ ရေချိုးရမည်ဖြစ်ကြောင်း သိက္ခာပုဒ် ပညတ်လေသည်။

ထိုပညတ်ချက်ကြောင့် ပူသောအခါ၊ အိုက်သောအခါ၌လည်း ရေမချိုးဘဲ နေရသောကြောင့် ခန္ဓာကိုယ်မှ ချွေးများတစိုစိုယိုစီးကျ၍ သင်္ကန်းများလည်း ညစ်ပေပျက်စီးကြလေသည်။ အိပ်ရာနေရာများလည်း ပျက်စီးကြရလေသည်။ ထို့ကြောင့် ဗုဒ္ဓက ရဟန်းတော်များ 'ဥဏှသမယော- ပူသောအခါကာလ၌ လည်းကောင်း၊ ပရိဠာဟသမယော- အိုက်သောအခါကာလ၌ လည်းကောင်း အတိုင်းအရှည်ကိုသိ၍ ရေချိုးနိုင်သည်' ဟူ၍ ခွင့်ပြုချက် ထုတ်ပြန်တော်မူလေသည်။

ကာလအနက်ဟော သမယသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) ရဟန်းရှင်လူ မည်သည့်ပုဂ္ဂိုလ်အတွက်မဆို အချိန်ကာလသည် အရေးကြီးလေသည်။ အချိန်ကာလ အတိုင်းအတာ တစ်ခုအတွင်း၌ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် အဝတ်ဝတ်ရန်လည်း လိုအပ်သည်။ ဆွမ်း အစရှိသော အာဟာရကို သုံးဆောင်ရန်လည်း လိုအပ်သည်။ အိမ်၊ ကျောင်းအစရှိသော နေရာဌာနကိုလည်း လိုအပ်သည်။ မကျန်းမာသောအခါ၌ သုံးဆောင်ရန် အဖျားပျောက်ဆေး၊ ခေါင်းကိုက်ပျောက်ဆေး အစရှိသော ဆေးများကို မှီဝဲရန်လည်း လိုအပ်သည်။ ကိုယ်လက်သန့်စင်ရန်အတွက်၊ ခန္ဓာကိုယ်သန့်ရှင်းရန်အတွက် ရေချိုးခြင်းများကိုလည်း လိုအပ်သည်။ ထိုလိုအပ်ချက်များကို မိမိ၏ ကျန်းမာရေးအတွက်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက်၊ ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက်လောက်ကိုသာ အသုံးပြုသင့်ပေသည်။ ထို့ထက်ပို၍ လွန်လွန်ကဲကဲ အသုံးပြုမိလျှင် မိမိ၏ ကျန်းမာရေးကိုလည်း ထိခိုက်တတ်သလို ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက်ဖြစ်စေ၍ ထိခိုက်စေလေသည်။ ထို့ကြောင့် **'စားဝတ်နေရေး' စသည်တို့၌ လွန်လွန်ကဲကဲ မဖြစ်ကြစေဘဲနှင့် မိမိနှင့် မျှတရုံသာ သုံးဆောင်မှု ပြုတတ်ကြပါကုန်လော့။**

(၂) ရှင်တော်ဗုဒ္ဓသည် အတိုင်းအတာမသိ နှိုင်းချိန်စဉ်းစားခြင်းမရှိဘဲ လွန်လွန်ကဲကဲ ရေချိုးကြသော ရဟန်းတော်များကို အကြောင်းပြု၍ ယင်းသို့ရေချိုးခြင်းသည် လူများ အကြည်ညိုပျက်ရန်လည်း ဖြစ်စေသကဲ့သို့ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်။ ထို့ကြောင့် (၁၅)ရက်တစ်ကြိမ်ပဲ ရေချိုးကြရန် သိက္ခာပုဒ်တော်ကို ပညတ်ရလေသည်။ ထို့ကြောင့် **ရေချိုးခြင်းကို ကျန်းမာရေး ထိခိုက်နိုင်လောက်အောင်၊ လူအများ အနှောင့်အယှက် ဖြစ်လောက်အောင် ရေမချိုးကြပါနှင့်။**

(၃) (၁၅)ရက်တစ်ကြိမ်သာ ရေချိုးရသောအခါ၌ ရဟန်းတော်တို့သည် အလွန်ပူသောအခါ၊ အလွန်အိုက်သောအခါတို့၌ သိက္ခာပုဒ်တော်ကြောင့် ရေချိုးခြင်း မပြုရဲကြသဖြင့် ချွေးတစိုစိုထွက်မှုတို့ကြောင့် သင်္ကန်းများ၊ အိပ်ရာများ ညစ်ပေပျက်စီးကြရပြန်လေသည်။ ထို့ကြောင့် ရှင်တော်ဗုဒ္ဓသည် ပူသောအခါ၊ အိုက်သောအခါများ၌ ရေချိုးနိုင်ခွင့်ရှိသည်ဟူ၍ ထပ်၍တဖန် ခွင့်ပြုချက်ထုတ်ရပြန်လေသည်။ ပူတိုင်း၊ အိုက်တိုင်း မဆင်မခြင် ရေချိုးကြပြန်လျှင်လည်း ကျန်းမာရေးချို့ယွင်းကာ ဖျားနာခြင်း၊ အအေးမိခြင်း၊ ရုတ်တရက် လေဖြတ်ခြင်းစသော ရောဂါများ ရတတ်လေသည်။ ထို့ကြောင့် **မိမိ၏ ကျန်းမာရေးအခြေအနေအရ လည်းကောင်း၊ ပတ်ဝန်းကျင်အခြေအနေအရ လည်းကောင်း သုံးသပ်ပြီး ပတ်ဝန်းကျင်ကို အနှောင့်အယှက်ကင်းစေပြီး ကိုယ်ခန္ဓာ သန့်ရှင်းစေရုံမျှ ကျန်းမာရေး ညီညွတ်ရုံမျှ ရေချိုးမှုကို ပြုတတ်ကြပါကုန်လော့။**

(၃) သမူဟ အနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သမယသဒ္ဒါ၏ ကာလအနက်၌ ဖြစ်ပုံသာကေကို ပြဆိုပြီး၍ သမယသဒ္ဒါ၏ သမူဟအနက်၌ ဖြစ်ပုံသာကေကို အောက်ပါအတိုင်း ပြဆိုထားလေသည်။

မဟာသမယော ပဝနသ္မိံ *(ဒီ- ၂- ၂၀၁)*

ပဝနသ္မိံ- ကပိလဝတ်ပြည်၏အနီး တောအုပ်ကြီး၌၊ **မဟာသမယော-** ကြီးကျယ်သော နတ်ဗြဟ္မာအစည်းအဝေးသည်၊ **ဟောတိ-** ဖြစ်၏။

(ဤ၌ မဟာသမယော- ကြီးကျယ်သော နတ်, ဗြဟ္မာ အစည်းအဝေးသည်ဟု အနက်ပေးဂျခြင်းသည် သမယသဒ္ဒါ၏ သမူဟအနက်၌ ဖြစ်ပုံသာဓကပင် ဖြစ်သည်။)

အထက်ပါပါဠိရပ်သည် သုတ်မဟာဝါပါဠိတော် မဟာသမယသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ပြဆိုထားချက်များ အနက်မှ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗုဒ္ဓသည် ကပိလဝတ်ပြည်၏အနီး မဟာဝုန်တော၌ ဗုဒ္ဓ၏ ဆွေတော်မျိုးတော်များ ဖြစ်ကြသော သာကီဝင်မင်းမျိုးမှ ရဟန်းဖြစ်ကြသော ရဟန္တာငါးရာတို့နှင့်အတူ သီတင်းသုံးတော်မူလျက်ရှိနေသည်။ စကြာဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ဗုဒ္ဓကို ပူးမြှော်ရန်အတွက် လည်းကောင်း၊ ရဟန္တာသံဃာတော် ငါးရာတို့အား ပူးမြှော်ရန်အတွက် လည်းကောင်း၊ ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူအပ်သော တရားတော်ကို နာကြားရန်အတွက် လည်းကောင်း စုဝေးပေါင်းစု ရောက်ရှိလာကြလေသည်။ ထိုတွင် သုဒ္ဓါဝါသရဟန္တာ ဗြဟ္မာကြီးတစ်ဦးသည် အောက်ပါဂါထာကို လျှောက်ထားလေသည်။

မဟာသမယော ပဝနသ္မိံ၊ ဒေဝကာယာ သမာဂတာ၊
အာဂတမှ ဣမံ ဓမ္မသမယံ၊ ဒက္ခိတာယေ အပရာဇိတ သံဃံ။ *(ဒီ- ၂- ၂၀၃)*

ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား၊ ပဝနသ္မိံ- ကြီးစွာသော တောအုပ်၌၊ မဟာသမယော- များစွာသော နတ်, ဗြဟ္မာအပေါင်းတို့၏ အပေါင်းအစုသည်၊ သန္နိပတိတော- စည်းဝေးပါ၏၊ ဒေဝကာယာ- နတ်, ဗြဟ္မာအပေါင်းတို့သည်၊ သမာဂတာ- အညီအညွတ် ရောက်လာကုန်၏၊ မယမ္ပိ- သုဒ္ဓါဝါသဘုံမှ တပည့်တော်တို့သည်လည်း၊ သမာဂတာ- အညီအညွတ်လာကုန်သော နတ်, ဗြဟ္မာအပေါင်းတို့ကို၊ ဒိသွာ- မြင်၍၊ ဣမံ ဓမ္မသဘာယံ- ဤတရားနာရာ ဓမ္မသဘင် အဆင်အယင် အစည်းအဝေးသို့ အာဂတာ- လာရောက်ကြကုန်သည်၊ အမှ- ဖြစ်ကြပါကုန်၏။ ကိံ ကာရဏာ- အဘယ့်ကြောင့် လာရောက်ကြကုန်သနည်း ဟူမူကား၊ အပရာဇိတ သံဃံ- တစ်စုံတစ်ခုသော ကိလေသာတည်းဟူသော ရန်သူသည် မအောင်နိုင်သော သံဃာများကို၊ ဒက္ခိတာယေ- ပူးမြင်ခြင်းငှာ၊ အမှ- ဖြစ်ကြပါကုန်၏ ရှင်တော်ဗုဒ္ဓဘုရား။

သမူဟ အနက်ဟော သမယသဒ္ဒါက ဆုံးမသြဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) သမူဟအနက်ဟော သမယသဒ္ဒါက 'အစုအပေါင်း၊ အစုအဝေး' ဟူသော အနက်ကိုထွက်သည်။ ထိုအစုအဝေးသည် မကောင်းသူတို့၏ အစုအဝေး၊ ကောင်းသူတို့၏ အစုအဝေး၊ အကောင်းဆုံးဖြစ်သူတို့၏ အစုအဝေးဟူ၍ မြောက်များစွာ ရှိသည့် အနက်က ဤ၌ အကောင်းဆုံးဖြစ်သူတို့ အစုအဝေး ဖြစ်လေသည်။ မကောင်းသူတို့ အစုအဝေးသည် သတ္တလောကကို မကောင်းသော အကျိုးတွေဖြစ်ရန် အစုအဝေးဖြစ်သလို၊ ကောင်းသူတို့၏ အစုအဝေးသည် သတ္တလောကကို ကောင်းသောအကျိုးတွေဖြစ်ရန် စုဝေးသော အစုအဝေး ဖြစ်ပေသည်။ ထို့ထက် အကောင်းဆုံးဖြစ်သူတို့၏ အစုအဝေးသည် သတ္တလောကကြီးကို အကောင်းဆုံးသောအကျိုးတွေ ဖြစ်ထွန်းစေရန် စုဝေးသော အစုအဝေးသာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် မိမိတို့၏ အစုအဝေးသည် မကောင်းသော အစုအဝေးမျိုး မဖြစ်ကြစေဘဲနှင့် ကောင်းသောအစုအဝေးသာ ဖြစ်အောင် အားထုတ်ကြပါကုန်လော့။ အကောင်းဆုံးသော အစုအဝေးမျိုးဖြစ်အောင် စွမ်းအားရှိသမျှ ဉာဏ်အားရှိသမျှ ကြိုးစားအားထုတ်ကြပါကုန်လော့။

(၂) ကပိလဝတ်ပြည်၏အနီး မဟာဝုန်တော၌ ဗုဒ္ဓအမျိုးပြုသော သာကီဝင်မင်းမျိုးချည်းသာဖြစ်သော ရဟန်းသံဃာတော် ငါးရာတို့၏ အစုအဝေးသည် အားလုံးကိလေသာတွေ ကင်းစင်သော ရဟန္တာတွေချည်း ဖြစ်သောကြောင့် အမျိုးအားဖြင့် လည်းကောင်း၊ အကျင့်သိက္ခာအားဖြင့် လည်းကောင်း၊ နေရာဌာနအားဖြင့် လည်းကောင်း ချို့ယွင်းချက်ဟူ၍ အနည်းငယ်မျှ မရှိသောကြောင့် အကောင်းဆုံးသော အစုအဝေးကြီး ဖြစ်လေသည်။ ထိုကဲ့သို့သော အစုအဝေးမျိုးကို စကြာဝဠာတိုက်တစ်သောင်းမှ နတ်, ဗြဟ္မာအပေါင်းတို့သည် ကြည်ညိုရန်၊ မြတ်နိုးရန်၊ ပူဇော်ရန်၊ တရားနာရန် ရောက်ရှိလာကြလေသည်။ **'လောဘ, ဒေါသ, မောဟ' အစရှိသော အပြစ်မှ ကင်းစင်သော ထိုကဲ့သို့သော အစုအဝေးမျိုးကို တန်ခိုးကြီးမား နတ်, ဗြဟ္မာများသည် မည်မျှအထိ ရိုသေကြသည်၊ ချစ်ခင်ကြသည်၊ မြတ်နိုးကြသည်၊ လေးစားကြသည်၊ ကြည်ညိုကြသည် ဟူသောအချက်ကို အထူးသတိပြုမိကြပါကုန်လော့။**

(၃) ထို့ကြောင့် မိမိတို့၏ အစုအဝေးသည် ဂုဏ်ပကာသန အပျော်အပါး မပါသော၊ လောဘ, ဒေါသ, မောဟ စသော အကုသိုလ်အပြစ်မှ ကင်းစင်သော၊ ဒါနနှင့်စပ်သော၊ အကျင့်သီလနှင့်စပ်သော၊ စိတ်တည်ကြည်မှု သမာဓိနှင့်စပ်သော၊ မှန်ကန်သောအတွေးအခေါ် အသိဉာဏ်ပညာနှင့်စပ်သော၊ ညီညွတ်ခြင်းနှင့်စပ်သော၊ အများအကျိုး ဆောင်ရွက်ခြင်းနှင့်စပ်သော၊ ကုသိုလ်ကောင်းမှုနှင့်စပ်သော၊ အမျိုး, ဘာသာ, သာသနာအကျိုးကို အားတက်သရော ဆောင်ရွက်ခြင်းနှင့်စပ်သော အစုအဝေးမျိုးဖြစ်အောင် တနပ်ပန်မလုပ် အနှစ်ထုတ်၍ အားထုတ်ကြပါကုန်လော့။

(၄) ဟေတု အနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်သုံးဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သမယသဒ္ဒါ၏ သမူဟ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သမယသဒ္ဒါ၏ ဟေတု အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။ *(ဟေတုအနက်ဟူသည် အကြောင်းအနက်တည်း။)*

'သမယောပိ ခေါ တေ ဘဒ္ဒါလိ အပ္ပဋိဝိဒ္ဓေါ အဟောသိ၊ ဘဂဝါ ခေါ သာဝတ္ထိယံ ဝိဟရတိ၊ ဘဂဝါပိ မံ ဇာနိဿတိ ဘဒ္ဒါလိနာမ ဘိက္ခု သတ္ထုသာသနေ သိက္ခာယ အပရိပူရကာရီ'တိ၊ အယမ္ပိ ခေါ တေ ဘဒ္ဒါလိ သမယော အပ္ပဋိဝိဒ္ဓေါ အဟောသိ။ *(မ- ၂- ၁၀၂)*

ဘဒ္ဒါလိ- ဘဒ္ဒါလိ၊ တေ- သင်သည်၊ သမယောပိ- သိက္ခာပုဒ် ဖြည့်ကျင့်ခြင်း၏ အကြောင်းကိုလည်း၊ အပ္ပဋိဝိဒ္ဓေါ- ထိုးထွင်း၍ မသိအပ်သည်၊ အဟောသိ- ဖြစ်ပြီ၊ ဘဂဝါ- ရှင်တော်ဗုဒ္ဓသည်၊ သာဝတ္ထိယံ- သာဝတ္ထိပြည်၌၊ ဝိဟရတိ- နေတော်မူ၏၊ ဘဂဝါပိ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်လည်း၊ မံ- ငါ့ကို၊ ဇာနိဿတိ- သိတော်မူလတ္တံ့၊ ကိံ- အဘယ်သို့ သိတော်မူလတ္တံ့နည်း၊ ဘဒ္ဒါလိနာမ- ဘဒ္ဒါလိမည်သော၊ ဘိက္ခု- ရဟန်းသည်၊ သတ္ထု- ဆရာဖြစ်သော ဗုဒ္ဓ၏၊ သာသနေ- သာသနာတော်၌၊ သိက္ခာယ- သိက္ခာပုဒ်၌၊ အပရိပူရကာရီ- ဖြည့်ကျင့်မှုကို ပြုလေ့မရှိ၊ ဣတိ- ဤသို့၊ ဇာနိဿတိ- သိတော်မူလတ္တံ့၊ ဘဒ္ဒါလိ- ဘဒ္ဒါလိ၊ တေ- သင်သည်၊ အယမ္ပိ သမယော- ဤသိက္ခာပုဒ် ဖြည့်ကျင့်ခြင်း အကြောင်းကိုလည်း၊ အပ္ပဋိဝိဒ္ဓေါ- ထိုးထွင်း၍ မသိအပ်သည်၊ အဟောသိ- ဖြစ်ပြီ။

(ဤ၌ သမယောကို အကြောင်းဟူ၍ ပေးခြင်းသည် ဟေတုအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုခြင်းဖြစ်သည်။)

အထက်ပါ ပါဠိရပ်သည် မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဘဒ္ဒါလိသုတ်၌ လာရှိသော ပါဠိရပ်ဖြစ်သည်။ ထိုပါဠိတော်၌ ပြဆိုထားသည့် အနက်မှ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

'ထေ တုမှေပိ ဘိက္ခဝေ ကောသန ဘောဇနံ ဘုဥ္ဇထ၊ ကောသန ဘောဇနံ ခေါ ဘိက္ခဝေ တုမှေပိ ဘုဥ္ဇမာနာ အပ္ပာဗာဓတဉ္စ၊ သဥ္ဇာနိဿထ၊ အပ္ပါတင်္ကတဉ္စ၊ လဟုဋ္ဌာနဉ္စ၊ ဗလဉ္စ၊ ဖာသုဝိဟာရဉ္စာ'တိ။ *(မ- ၂- ၁၀၁)*

ဘိက္ခဝေ- ချစ်သားရဟန်းတို့၊ ထေ-လာကြကုန်၊ တုမှေပိ- သင်တို့သည်လည်း၊ ကောသန ဘောဇနံ- (ညစာစားခြင်းကို ရှောင်ကြဉ်၍) တစ်ချိန်တည်းသော နံနက်ကာလ၌ ဘောဇဉ်အာဟာရကို သုံးဆောင်ခြင်းကို၊ ဘုဥ္ဇထ- သုံးဆောင်ကြကုန်လော့၊ ဘိက္ခဝေ- ရဟန်းတို့၊ တုမှေပိ- သင်တို့သည်လည်း၊ ကောသန ဘောဇနံ- (ညစာစားခြင်းကို ရှောင်ကြဉ်၍) တစ်ချိန်တည်းသော နံနက်ကာလ၌ ဘောဇဉ်အာဟာရကို၊ ဘုဥ္ဇမာနာ- သုံးဆောင်ကြကုန်သည်ရှိသော်၊ အပ္ပာဗာဓတဉ္စ- အနာကင်းသည်၏ အဖြစ်ကိုလည်းကောင်း၊ အပ္ပါတင်္ကတဉ္စ- ဆင်းရဲကင်းသည်၏အဖြစ်ကို လည်းကောင်း၊ လဟုဋ္ဌာနဉ္စ- လျင်စွာထနိုင်သည်ကို လည်းကောင်း၊ ဗလဉ္စ- ခွန်အားရှိသည်ကို လည်းကောင်း၊ ဖာသုဝိဟာရဉ္စ- ချမ်းသာစွာ နေရခြင်းကို လည်းကောင်း၊ သဥ္ဇာနိဿထ- သိကြကုန်လတ္တံ့၊ ဣတိ- ဤသို့၊ တေ- ဤစကားကို၊ အဝေါစ- မိန့်တော်မူပြီ။

ညစာစားခြင်းကို ရှောင်ကြဉ်ပြီး တစ်ထပ်တည်း နံနက်စာကိုသာ စားသုံးခြင်းဖြင့်-

(၁)	အပ္ပါဗာဓ	- အနာကင်းခြင်းအကျိုး၊
(၂)	အပ္ပါတင်္က	- ဆင်းရဲကင်းခြင်းအကျိုး၊
(၃)	လဟုဋ္ဌာန	- လျင်မြန်စွာ ထနိုင်ခြင်းအကျိုး၊

(၄) ဗလံ - ကာယခွန်အားရှိခြင်းအကျိုး၊
(၅) ဖာသုဝိဟာရ - ချမ်းသာစွာနေရခြင်းအကျိုး - ဤသို့အကျိုးငါးမျိုး ရရှိနိုင်ကြောင်းကို ဗုဒ္ဓသည် ရဟန်းတို့အား ဟောကြားတော်မူလေသည်။

ထိုသို့ ဟောကြားသောအခါ ဘဒ္ဒါလိမည်သော ရဟန်းသည် လွန်ခဲ့သောဘဝက ကျီးကန်းဘဝက လာခဲ့သည့်အတွက် အလွန်ဆာလောင်တတ်သည်ဖြစ်၍ 'ညစာစားခြင်းကို ရှောင်ကြဉ်ခြင်းငှာ မစွမ်းနိုင်ပါကြောင်း' ဗုဒ္ဓအား လျှောက်ကြားလေသည်။

ထိုသို့ ဗုဒ္ဓအား ဗိဆန်၍ လျှောက်ကြားမိသည့်အတွက် ဘဒ္ဒါလိသည် ဗုဒ္ဓအား ဝါတွင်းသုံးလပတ်လုံး အတွေ့မခံဝံ့ဘဲ ရှိနေခဲ့လေသည်။ အခြားရဟန်းတို့က ဝိုင်းဝန်းတိုက်တွန်း ပြောဆိုကြသောကြောင့် ဘဒ္ဒါလိသည် ဗုဒ္ဓထံ မိမိအပြစ်ကို ဝန်ချတောင်းပန်လေသည်။ ထိုသို့ တောင်းပန်သောအခါတွင် ဗုဒ္ဓသည် ဘဒ္ဒါလိအား အစကဖော်ပြခဲ့သည့်အတိုင်း မိန့်ကြားတော်မူခြင်း ဖြစ်လေသည်။

ဟေတု အနက်ဟော သမယသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံ သဘော

(၁) တတ်သိနားလည်သော သူတော်ကောင်းတို့က ကောင်းကျိုးကို လိုလားသည်ဖြစ်၍ ဆုံးမဩဝါဒပေးသောအခါ အချို့ မသိမလိမ္မာသော ပုဂ္ဂိုလ်တို့သည် ဘဒ္ဒါလိရဟန်းကဲ့သို့ ပြောင်ပင် ဗီလာကန့်လန့်စကားကို ပြန်ပြောတတ်လေသည်။ ထိုသို့ ပြန်ပြောသည့်အတွက် အပြစ်ရောက်သည်ဖြစ်၍ အတွေ့မခံဝံ့ဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ နေရလေသည်။ ထို့ကြောင့် သူတော်ကောင်းတို့၏ **စကားကို ဗီလာကန့်လန့် ပြောဆိုခြင်းကို ဝါ ပြန်ပြောတတ်ခြင်းကို ရှောင်ရှားကြပါကုန်လော့။**

(၂) ဘဒ္ဒါလိအား အခြားရဟန်းတို့က တိုက်တွန်းလေသောကြောင့် ဘဒ္ဒါလိရဟန်းသည် ဗုဒ္ဓထံတွင် မိမိ၏ ပြန်ပြောမိခြင်း အပြစ်ကို ဝန်ချတောင်းပန်လေသည်။ ထိုသို့ ဝန်ချတောင်းပန်သည့်အတွက် ဗုဒ္ဓထံမှ တရားစကား ကြားနာရ၍ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေခွင့်ရသွားလေသည်။ ထို့ကြောင့် **လူကြီး, မိဘ, ဆရာသမား, သံဃာများနှင့် သူတော်ကောင်းတို့အား ပြန်ပြောမိသည်ရှိသော် ထိုအပြစ်ကို ဝန်ချတောင်းပန်ပြီး ဆုံးမစကားကို လိုက်နာတတ်သူအဖြစ်ဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေတတ်သူဖြစ်အောင် ကြိုးစားကြပါကုန်လော့။**

(၃) အချို့က ညစာစားခြင်းမှ ရှောင်ကြဉ်လျှင် ကျန်းမာရေးထိခိုက်မည် စိုးသောကြောင့် ဥပုသ်မစောင့်ဘဲလည်း နေတတ်ကြလေသည်။ သီလရှင်, ကိုရင်, ရဟန်းဖြစ်ပါလျက် ညစာစားခြင်း အပြစ်ကို ကျူးလွန်တတ်ကြလေသည်။ **ညစာစားခြင်းကို ရှောင်ကြဉ်ခြင်းဖြင့် (၁) အနာကင်းခြင်းအကျိုး၊ (၂) ဆင်းရဲကင်းခြင်းအကျိုး၊ (၃) လျင်မြန်စွာထနိုင်ခြင်းအကျိုး၊ (၄) ကာယခွန်အားရှိခြင်းအကျိုး၊ (၅) ချမ်းသာစွာနေရခြင်းအကျိုး - ဤအကျိုးငါးမျိုးကိုသိမြင်ပြီး ဥပုသ်စောင့်သုံးကြပါကုန်လော့။ ဥပုသ်စောင့်သူများနှင့် ရဟန်း, ကိုရင်, သီလရှင်များတို့သည် ညစာစားခြင်းကို ရှောင်ကြဉ်ကြပါကုန်လော့။ ရှောင်ကြဉ်ခြင်းဖြင့် ကုသိုလ်ပြုချိန် ပိုရသည်ဖြစ်၍ ပိုရသည့်အားလျော်စွာ ပရိယတ်တရား၊ ပဋိပတ်တရားများကို ပို၍ ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။**

(၅) ဒိဋ္ဌိအနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သမယသဒ္ဒါ၏ ဟေတုအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သမယသဒ္ဒါ၏ ဒိဋ္ဌိအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တေနခေါ်ပန သမယေန ဥဂ္ဂဟမာနော ပရိဗ္ဗာဇကော သမဏမုဏ္ဍိကာ ပုတ္တော သမယပ္ပဝါဒကေ တိန္ဒုကာစိရေ ကေသာလကေ မလ္လိကာယ အာရာမေ ပဋိဝသတိ။ *(မ- ၂- ၂၇၄)*

တေနခေါ်ပန သမယေန- ထိုအခါ၌၊ **ဥဂ္ဂဟမာနော**- ဥဂ္ဂဟမာနမည်သော၊ **သမဏမုဏ္ဍိကာ ပုတ္တော**- ရဟန်းဦးပြည်းမ၏ သားဖြစ်သော၊ **ပရိဗ္ဗာဇကော**- ပရိဗိုဇ်သည်၊ **သမယပ္ပဝါဒကေ**- အယူကို အပြားအားဖြင့် ပြောဆိုရာဖြစ်သော၊ *(ဤသည်ပင် သမယသဒ္ဒါ၏ ဒိဋ္ဌိအယူဟူသောအနက်၌ ဖြစ်ပုံတည်း)* **တိန္ဒုကာစိရေ**- တည်ပင်အစဉ်တို့ဖြင့် ကာရံအပ်သော၊ **ကေသာလကေ**- ကေ

သာလကမည်သော၊ **မလ္လိကာယ-** မလ္လိကာမိဖုရား၏၊ **အာရာမေ-** အာရာမ်၌၊ **ပဋိဝသတိ-** နေ၏။

အထက်ပါ ပါဠိရပ်သည် မဇ္ဈိမပဏ္ဏာသ ပါဠိတော် (အဋ္ဌကထာ) သမဏမုဏ္ဍိကာသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

ဗုဒ္ဓသည် အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူခိုက်ဖြစ်သည်။ အချိန်အားဖြင့် နေမွန်းတည့်အချိန်လောက်ဖြစ်သည်။ ထိုအချိန်၌ သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂဟမာနပရိဗိုဇ်သည် တည်ပင်အစဉ်ကာရံထားအပ်သော ဇရပ်တန်ဆောင်း၌ ငါးရာမျှသော ပရိသတ်နှင့် အတူနေလေသည်။

ထိုဇရပ်သည် မလ္လိကာမိဖုရား၏ ဥယျာဉ်၌ တည်ဆောက်ထားသည်ဖြစ်၍ မလ္လိကာမိဖုရား၏ အာရာမ်ဟူ၍ ခေါ်တွင်လေသည်။ ထိုဇရပ်သည် တည်းခိုရာဇရပ် ဖြစ်ရုံသာမက အယူဝါဒ အမျိုးမျိုးကို ပြိုင်ဆိုင်ပြောဆိုရာ ဇရပ်တန်ဆောင်းလည်း ဖြစ်လေသည်။

ထိုနေမွန်းတည့်အခါ၌ပင် ဗုဒ္ဓ၏သာဝကဖြစ်သော ပဉ္စကင်္ဂလက်သမားကြီးသည် ဗုဒ္ဓကို ဖူးမြင်ရန် သာဝတ္ထိပြည်မှ ထွက်လာခဲ့သည်။ ထိုလက်သမားကြီး ထွက်လာချိန်၌ ဥဂ္ဂဟမာန ပရိဗိုဇ်ဆရာကြီးသည် မိမိပရိသတ်ငါးရာနှင့်အတူ 'မဂ်, ဖိုလ်, နိဗ္ဗာန်' တရားနှင့် ဆက်သွယ်ခြင်းမရှိသော၊ ကာမဂုဏ်အာရုံတို့နှင့် ဆက်စပ်ခြင်းရှိသော မျိုးစုံသော လောကီစကားတို့ကို ပြင်းပြကျယ်လောင်စွာ ပြောဆိုလျက်ရှိနေကြလေသည်။

ဥဂ္ဂဟမာနပရိဗိုဇ်သည် ပဉ္စကင်္ဂလက်သမားကြီး လာနေသည်ကို မြင်သည်ရှိသော် မိမိပရိသတ်တို့အား စကားကို မပြောစေဘဲ ငြိမ်သက်စွာ နေခိုင်းလေသည်။ နေခိုင်းခြင်း၏ အကြောင်းမှာ ဗုဒ္ဓသည်လည်းကောင်း၊ ဗုဒ္ဓ၏ တပည့်သာဝက ရဟန်းသံဃာတော်တို့သည် လည်းကောင်း၊ ဥပါသကာတို့သည် လည်းကောင်း 'တိတ်ဆိတ်ငြိမ်သက်ခြင်းကို နှစ်သက်ကြသည်'ဟု သိထားသောကြောင့်ဖြစ်သည်။

ဤသို့ မိမိနှင့် မိမိပရိသတ်ငါးရာတို့သည် တိတ်ဆိတ်ငြိမ်သက်စွာ နေပြခြင်းဖြင့် 'ပဉ္စကင်္ဂလက်သမားကြီးသည် မိမိတို့ရှိရာသို့လာနိုင်ပေလိမ့်မည်'ဟု မျှော်လင့်သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ပဉ္စကင်္ဂလက်သမားကြီးသည် စဉ်းစားမိသည်မှာ 'ဤကဲ့သို့ နေမွန်းတည့်အချိန်အခါမျိုး၌ ဗုဒ္ဓသည်လည်းကောင်း၊ သံဃာတော်အရှင်မြတ်တို့သည် လည်းကောင်း တစ်ပါးတည်း ရှာန်သမာပတ်တို့ဖြင့် သီတင်းသုံးနေတတ်သဖြင့် ဗုဒ္ဓထံသို့ ချဉ်းကပ်ရန် အချိန်စောနေသည်'ဟု စဉ်းစားပြီး ဥဂ္ဂဟမာနပရိဗိုဇ်ထံသို့ ချဉ်းကပ်လေသည်။

ဥဂ္ဂဟမာနအစရှိသော ပရိဗိုဇ်တို့သည် 'ဗုဒ္ဓသော် လည်းကောင်း၊ ဗုဒ္ဓ၏တပည့်သား သံဃာတော်များသော် လည်းကောင်း၊ ဗုဒ္ဓကို ကိုးကွယ်သူ ဥပါသကာများသော် လည်းကောင်း မိမိတို့ထံသို့ ချဉ်းကပ်ကြခြင်းကို အလွန်အလိုရှိကြလေသည်။ အကြောင်းမှာ-

ဗုဒ္ဓသာသနာတော်အပြင်အပ ထိုပရိဗိုဇ် အစရှိသော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓပွင့်တော်မူလာချိန်ကစပြီး တစ်ဖြည်းဖြည်း လာဘ်လာဘ ဆုတ်ယုတ်လျက်ရှိရာ ထိုသို့ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကများ ချဉ်းကပ်လာခြင်းကို အကြောင်းပြု၍ 'ငါတို့ထံသို့ ဗုဒ္ဓတောင် လာရောက်ရသည်။ ဗုဒ္ဓသာဝကသံဃာတွေ၊ ဥပါသကာတွေ လာရောက်ရသည်'ဟု ဂုဏ်ယူမော်ကြွား ပြောကြားခြင်းအားဖြင့် လာဘ်လာဘ တိုးပွါးအောင် ပြုလုပ်လိုသောကြောင့် ဖြစ်လေသည်။

ဒိဋ္ဌိ အနက်ဟော သမယသဒ္ဒါက ဆုံးမသြဝါဒပေးပုံ၊ တရားဟောပုံ သဘော

(၁) ဗုဒ္ဓလက်ထက်တော်က ဗုဒ္ဓသာသနာတော်မှ အပဖြစ်ကုန်သောသူတို့သည် သူတော်ကောင်းအမည်ခံ တိတ္ထိ, တက္ကတွန်း, ပရိဗိုဇ်အစရှိသောပုဂ္ဂိုလ်တို့သည် ကိုးယိုးကားယား နေထိုင်ကြခြင်း၊ ကျယ်လောင်ကျယ်လောင် စကားပြောတတ်ကြခြင်း၊ ကာမဂုဏ်နှင့်စပ်သော, အနှစ်သာရမရှိသော လောကီစကားများကို ဟောင်ဖွာဟောင်ဖွာ ပြောဆိုတတ်ကြခြင်း၊ အယူလွဲမှားခြင်း, အကျင့်လွဲမှားခြင်းစသည်တို့ကြောင့် အသိဉာဏ်ပညာရှိကြသော ပုဂ္ဂိုလ်တို့ အကြည်ညိုမဲ့ကာ လာဘ်လာဘ ဆုတ်ယုတ်ကြသည်။ ထို့ကြောင့် အသိဉာဏ် **ရှိကြသူ ရဟန်းရှင်လူတို့သည် ထိုကဲ့သို့ အပြုအမူမျိုးကို ရှောင်ရှားခြင်း ပြုကြပါကုန်လော့။**

(၂) ဗုဒ္ဓ၏ တပည့်သား အရိယာသံဃာတော်များတို့သည်ကား အနေအထိုင် ကျစ်ကျစ်လစ်လစ် စနစ်တကျ နေထိုင်တတ်ခြင်း၊ စကားကို တိုးတိုးသာသာ ပြောဆိုတတ်ကြခြင်း၊ အနှစ်သာရရှိသော မဂ်, ဖိုလ်, နိဗ္ဗာန်နှင့်စပ်သော စကားများကိုသာ ပြောဆိုတတ်ကြခြင်း၊ အယူမှန်ခြင်း၊ အကျင့်မှန်ခြင်းတို့ကြောင့် အသိဉာဏ်ပညာရှိကြကုန်သော ပုဂ္ဂိုလ်တို့သည် အလွန်အားရစွာ ကြည်ညိုကြ

ပြီး မိမိတို့၏ ပစ္စည်းများကို အားတက်သရော လှူဒါန်းကြလေသည်။ ထို့ကြောင့် ယခုခေတ် မိမိတို့သည် ထိုခေတ်အရိယာ သံဃာတော်တို့ကဲ့သို့ ပြောဆိုနေထိုင်တတ်အောင် ကြိုးစားကြပါကုန်လော့။

(၃) ဗုဒ္ဓသည် အရာရာ၌ ကျယ်လောင်ခြင်း၊ ဆူညံခြင်း၊ စည်းကမ်းတကျ မနေထိုင်တတ်ခြင်းကို အနည်းငယ်မျှ သဘော မကျပေ။ ထိုအချက်ကို ဘာသာခြားများဖြစ်ကြသော ဥဂ္ဂဟမာန အစရှိသော ပရိဗိုဇ်တို့သည်ပင်လျှင် သိရှိကြသောကြောင့် အလွန် ထင်ရှားလှပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ အလိုဆန္ဒနှင့် လျော်ညီစွာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အပေါင်းတို့သည် တိတ်ဆိတ် ငြိမ်သက်စွာ၊ စည်းကမ်းတကျရှိစွာ နေထိုင်တတ်အောင် ကြိုးစားကြပါကုန်လော့။

(၆) ပဋိလာဘ အနက်ဖော သမယသဒ္ဒါက သိ, မှတ်, ကျင့်သုံးဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သမယသဒ္ဒါ၏ ဒိဋ္ဌိအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သမယသဒ္ဒါ၏ ပဋိလာဘ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဒိဋ္ဌေဓမ္မေစ ယော အတ္ထော၊ ယောစတ္ထော သမ္ပရာယိကော၊
အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။ *(သံ- ၁- ၉၀)*

ဒိဋ္ဌေဓမ္မေ- ယခုမျက်မှောက်ဘဝ၌၊ **ယော အတ္ထောစ**- အကြင်အကျိုးစီးပွါးသည် လည်းကောင်း၊ **သမ္ပရာယိကော**- တမလွန်ဘဝ၌ ဖြစ်သော၊ **ယော အတ္ထောစ**- အကြင်အကျိုးစီးပွါးသည် လည်းကောင်း၊ **အတ္ထိ**- ရှိ၏၊ **ဥဘော**- နှစ်မျိုးကုန်သော၊ **တေ အတ္ထေ**- ထိုအကျိုးစီးပွါးတို့ကို၊ **ယော ဓီရော**- အကြင်ပညာရှိသည်၊ **အဓိဂ္ဂဏှာတိ**- ယူနိုင်၏၊ **အတ္ထာဘိသမယာ**- အကျိုးစီးပွါးနှစ်မျိုးကို ရခြင်းကြောင့်၊ **သော ဓီရော**- ထိုပညာရှိကို၊ **ပဏ္ဍိတောတိ**- ပဏ္ဍိတမည်ဘိ ပညာရှိဟူ၍၊ **ပဝုစ္စတိ**- ဆိုအပ်ပေ၏။

(ဤ၌ အတ္ထာဘိသမယာ- အကျိုးစီးပွါး (၂)မျိုးကို ရခြင်းကြောင့်ဟု အနက်ပေးရခြင်းသည် သမယသဒ္ဒါ၏ 'ပဋိလာဘ- ရခြင်း' အနက်၌ ဖြစ်ပုံသာဓကပင် ဖြစ်သည်။)

အထက်ပါဂါထာသည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော် အပ္ပမာဒသုတ်၌ လည်းကောင်း၊ ကလျာဏမိတ္တသုတ်၌ လည်းကောင်း လာရှိသောဂါထာ ဖြစ်သည်။ ထိုသုတ်နှစ်သုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

အပ္ပမာဒသုတ်၌။ ။ကောသလမင်းကြီးက လျှောက်ထားသဖြင့် ''ယခုဘဝ၌လည်း အကျိုးရှိ၍ တမလွန်ဘဝ၌ လည်း အကျိုးစီးပွါးကို ဖြစ်ထွန်းစေနိုင်သော တစ်ခုတည်းသောတရားသည် 'ဒါန, သီလ, ဘာဝနာ' ဟူသော ပုညအစု ကုသိုလ်မှုတို့ကို အပ္ပမာဒ ခေါ် မမေ့မလျော့သော သတိတရားဖြင့် ပြုလုပ်ခြင်းဖြစ်သည်'' ဟု ဗုဒ္ဓသည် မိန့်ကြားတော်မူပြီး အောက်ပါဂါထာတို့ကိုလည်း မိန့်ကြားတော်မူလေသည်။

(၁) **အာယုံ အရောဂိယံ ဝဏ္ဏံ၊ သဂ္ဂံ ဥစ္စာကုလီနတံ၊**
ရတိယော ပတ္ထယန္တေန၊ ဥဠာရာ အပရာပရာ။

(၂) **အပ္ပမာဒံ ပသံသန္တိ၊ ပုညကြိယာသု ပဏ္ဍိတာ၊**
အပ္ပမတ္တော ဥဘော အတ္ထေ၊ အဓိဂ္ဂဏှာတိ ပဏ္ဍိတော။

(၃) **ဒိဋ္ဌေဓမ္မေစ ယော အတ္ထော၊ ယောစတ္ထော သမ္ပရာယိကော၊**
အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။ *(သံ- ၁- ၈၇)*

(၁) **အာယုံ**- အသက်ရှည်ခြင်းကိုလည်းကောင်း၊ **အရောဂိယံ**- အနာမရှိသည်၏ အဖြစ်ကို လည်းကောင်း၊ **ဝဏ္ဏံ**- အဆင်းလှခြင်းကို လည်းကောင်း၊ **သဂ္ဂံ**- နတ်ပြည်ကို လည်းကောင်း၊ **ဥစ္စာကုလီနတံ**- အမျိုးမြတ်သည်၏ အဖြစ်ကို လည်းကောင်း၊ **ဥဠာရာ**- မြတ်ကုန်သော၊ **အပရာပရာ**- အဆင့်ဆင့်ဖြစ်ကုန်သော၊ **ရတိယော**- မွေ့လျော်ခြင်းတို့ကို၊ **ပတ္ထယန္တေန**- တောင့်တသူသည်၊ **အပ္ပမာဒေ**- မမေ့မလျော့ခြင်းကို၊ **ကာတဗ္ဗော**- ပြုအပ်ပေ၏။

(၂ - ၃) **ပဏ္ဍိတာ**- ပညာရှိတို့သည်၊ **ပုညကြိယာသု**- (ဒါန, သီလ, ဘာဝနာ ဟူသော) သုံးပါးကုန်သော ပုညကြိယာဝတ္ထုတို့၌၊ **အပ္ပမာဒံ**- မမေ့မလျော့ခြင်းကို၊ **ပသံသန္တိ**- ချီးမွမ်းကုန်၏၊ **အပ္ပမတ္တော**- မမေ့မလျော့သော၊ **ပဏ္ဍိတော**- ပညာရှိသည်၊ **ဒိဋ္ဌေဓမ္မေ**- ပစ္စုပ္ပန်ဘဝ၌ဖြစ်သော၊ **ယော အတ္ထော စ**- အကြင်အကျိုးစီးပွါးသည် လည်းကောင်း၊ **သမ္ပရာယိကော**- တမလွန်ဘဝ၌ဖြစ်သော၊ **ယော အတ္ထော စ**- အကြင်အကျိုးစီးပွါးသည် လည်းကောင်း၊ **အတ္ထိ**- ရှိ၏၊ **ဥဘော**- နှစ်ပါးကုန်သော၊ **တေ အတ္ထေ**- ထိုအကျိုးစီးပွါးတို့ကို၊ **အဓိဂ္ဂဏှာတိ**- ရယူနိုင်၏၊ **အတ္ထာဘိသမယာ**- အကျိုးနှစ်ပါးကို ရခြင်းကြောင့်၊ **ဓီရော**- ပညာရှိကို၊ **ပဏ္ဍိတောတိ**- ပဏ္ဍိတမည်ဘိ ပညာရှိဟူ၍၊ **ပဝုစ္စတိ**- ဆိုအပ်၏၊ **ဣတိ**- ဤသို့၊ **အဝေါစ**- မိန့်တော်မူပြီ။

ကလျာဏသုတ်။ ။ဤသုတ်၌လည်း ကောသလမင်းကြီးက လျှောက်ထား၍ ဗုဒ္ဓက ပြန်လည်ဟောကြားတော်မူရာ၌ - မိတ်ဆွေကောင်းရှိသောသူသည် သူတော်ကောင်းတရားများကို နာယူကျင့်သုံးလာနိုင်ပေသည်။ ထိုသို့ သူတော်ကောင်းတရားကို နာယူကျင့်သုံးနိုင်သည့်အတွက် စိုးရိမ်မှု၊ စိတ်ဆင်းရဲမှုစသော ဒုက္ခများကိုလည်းကောင်း၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသော ဒုက္ခများကိုလည်းကောင်း လွန်မြောက်နိုင်ပေသည်။

ကလျာဏမိတ္တ ခေါ် သူတော်ကောင်းမိတ်ဆွေရှိသူသည် 'ဒါန, သီလ, ဘာဝနာ' ဟူသော ပုညအစု ကုသိုလ်မှုတို့ကို မမေ့မလျော့သော အပ္ပမာဒတရားဖြင့် ထက်ထက်သန်သန် ပြုလုပ်နိုင်ကြသည်။ တိုင်းပြည်တစ်ပြည်၌ ရှင်ဘုရင်ကိုယ်တိုင်ကစပြီး ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့သော အပ္ပမာဒတရားဖြင့် ပြုလုပ်အားထုတ်လျှင် သား, သမီး, မိဖုရား, မှူးကြီးမတ်ရာ, သေနာပတိတို့မှစ၍ တိုင်းသားပြည်သူ အားလုံးတို့သည် အတုလိုက်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်အား ထုတ်ကြပြီး လောကီ, လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွါးများကို အရယူနိုင်ကြသည် ဟူ၍ ဟောကြားတော်မူပြီးနောက် ဗုဒ္ဓသည် အောက်ပါဂါထာတို့ကိုလည်း ဟောကြားတော်မူလေသည်။

(၁) **ဘောဂေ ပတ္ထယမာနေန၊ ဥဠာရေ အပရာပရေ၊**
အပ္ပမာဒံ ပသံသန္တိ၊ ပုညကိရိယာသု ပဏ္ဍိတာ၊
အပ္ပမတ္တော ဥဘော အတ္ထေ၊ အဓိဂ္ဂဏှာတိ ပဏ္ဍိတော။

(၂) **ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော၊ ယော စတ္ထော သမ္ပရာယိကော၊**
အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။ *(သံ- ၁- ၉၀)*

(၁ - ၂) **ဥဠာရေ**- မွန်မြတ်ကုန်သော၊ **အပရာပရေ**- အဆင့်ဆင့်ဖြစ်ကုန်သော၊ **ဘောဂေ**- စည်းစိမ်တို့ကို၊ **ပတ္ထယမာနေန**- တောင့်တသူသည်၊ **အပ္ပမာဒေါ**- မမေ့မလျော့ခြင်းကို၊ **ကာတဗ္ဗော**- ပြုထိုက်ပေ၏။ **ပဏ္ဍိတာ**- ပညာရှိတို့သည်၊ **ပုညကိရိယာသု**- (ဒါန, သီလ, ဘာဝနာ) ဟူသော သုံးပါးကုန်သော ပုညကိရိယာဝတ္ထုတို့၌၊ **အပ္ပမာဒံ**-မမေ့မလျော့ခြင်းကို၊ **ပသံသန္တိ**- ချီးမွမ်းကုန်၏၊ **အပ္ပမတ္တော**- မမေ့မလျော့သော၊ **ပဏ္ဍိတော**- ပညာရှိသည်၊ **ဒိဋ္ဌေဓမ္မေ**- ပစ္စုပ္ပန်အတ္တဘော၌ ဖြစ်သော၊ **ယောအတ္ထော စ**- အကြင် အကျိုးစီးပွါးသည် လည်းကောင်း၊ **သမ္ပရာယိကော**- တမလွန်ဘဝ၌ဖြစ်သော၊ **ယောအတ္ထော စ**- အကြင်အကျိုးစီးပွါးသည် လည်းကောင်း၊ **အတ္ထိ**- ရှိ၏၊ **ဥဘော**- နှစ်ပါးကုန်သော၊ **တေအတ္ထေ**- ထိုအကျိုးစီးပွါးတို့ကို၊ **အဓိဂ္ဂဏှာတိ**- ရယူနိုင်၏၊ **အတ္ထာဘိသမယာ**- အကျိုးနှစ်ပါးကို ရယူနိုင်ခြင်းကြောင့်၊ **ဓီရော**- ပညာရှိကို၊ **ပဏ္ဍိတောတိ**- ပဏ္ဍိတတွင်ဘိ ပညာရှိဟူ၍၊ **ပဝုစ္စတိ**- ဆိုအပ်၏၊ **ဣတိ**- ဤသို့၊ **တံ**- ဤစကားကို၊ **အဝေါစ**- မိန့်တော်မူပြီ။

ပဒိုလာဘ အနက်ဟော သမယသဒ္ဒါက ဆုံးမသြဝါဒပေးပုံ၊ တရားဟောပုံ သဘော

(၁) ဤ၌ ပညာရှိဟူသည် ပစ္စုပ္ပန် အကျိုးစီးပွါး, တမလွန် အကျိုးစီးပွါး နှစ်မျိုးတို့ကို ရရှိအောင် ပြုလုပ်နိုင်သူပင် ဖြစ်လေသည်။ ထိုတွင် ပစ္စုပ္ပန် အကျိုးစီးပွါးဟူသည် လူ့လောက၌ လူသားတစ်ဦး ဖြစ်လာသူသည် အသက်ရှည်ခြင်းကိုလည်း အလိုရှိကြသည်။ ရောဂါကင်းခြင်းကိုလည်း အလိုရှိကြသည်။ အဆင်းလှခြင်းကိုလည်း အလိုရှိကြသည်။ နတ်ပြည်သို့ ရောက်ရှိခြင်းကိုလည်း အလိုရှိကြသည်။ မြတ်သောအမျိုး၌ ဖြစ်ရခြင်းကိုလည်း အလိုရှိကြသည်။ နောက်ဆုံးတွင် မအို, မနာ, မသေနိုင်သော ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကိုလည်း အလိုရှိကြသည်။ ဤဖော်ပြပါ အသက်ရှည်ခြင်း၊ ရောဂါကင်းခြင်း၊ အဆင်းလှခြင်း

စသော ထိုအဆင့်ဆင့်သော စည်းစိမ်ချမ်းသာဟူသော၊ အဆင့်ဆင့်သော မွေ့လျော်ဖွယ်ဟုဆိုအပ်သော အရာများကို ယခုဘဝတွင်သာ အလိုရှိကြသည် မဟုတ်၊ တမလွန်ဘဝဟု ဆိုအပ်သော ဘဝအဆက်ဆက်၌လည်း အလိုရှိကြသည်ချည်းဖြစ်လေသည်။

ထိုလိုလားအပ်သော အဆင့်ဆင့်သော စည်းစိမ်ချမ်းသာဟူသော၊ အဆင့်ဆင့် မွေ့လျော်ဖွယ်ဟုဆိုအပ်သော အရာတို့ကို ရရှိနိုင်ရန်အတွက် 'ဒါန, သီလ, ဘာဝနာ' ဟူသော ကုသိုလ်ကောင်းမှု ပုညအစုတို့ကို အပ္ပမာဒတရား ခေါ် မမေ့မလျော့သော သတိတရားဖြင့် ပြုလုပ်ပါမှ ရရှိနိုင်ပေသည်။ ထိုသို့ရအောင်လည်း 'ကလျာဏ မိတ္တ' ခေါ် မိတ်ဆွေကောင်းရှိရန်လည်း လိုအပ်ပေသည်။ **ထို့ကြောင့် မိတ်ဆွေကောင်းရှိအောင် အားထုတ်ကြပါကုန်လော့။ မမေ့မလျော့သော သတိတရားဖြင့် 'ဒါန, သီလ, ဘာဝနာ' ဟူသော ကုသိုလ်ကောင်းမှု ပုညအစုကို ကြိုးစားအားထုတ်ကြပါကုန်လော့။ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးကို ရရှိအောင် အားထုတ်နိုင်သော ပညာရှိသူဖြစ်အောင် အားထုတ်ကြပါကုန်လော့။**

(၂) လူတစ်ဦးတစ်ယောက်သည် သူတစ်ပါးတို့ထက် ပို၍အသက်ရှည်သည်။ ယင်းသည် တန်ခိုးတစ်မျိုးကိုရရှိခြင်း ဖြစ်သည်။ သူတစ်ပါးတို့ထက် ပို၍အဆင်းလှသည်။ ယင်းသည်လည်း တန်ခိုးတစ်မျိုးကို ရရှိခြင်းဖြစ်သည်။ သူတစ်ပါးတို့ထက် အနာရောဂါကင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံသည်။ ယင်းသည်လည်း တန်ခိုးတစ်မျိုးကို ရရှိခြင်းဖြစ်သည်။ အများတကာတို့၏ ဝိုင်းဝန်း၍ ချစ်ခင်မြတ်နိုးခြင်းကို ခံရသည်။ ယင်းသည်လည်း တန်ခိုးတစ်မျိုးကို ရရှိခြင်းဖြစ်သည်။ ထိုကဲ့သို့ အဆင့်ဆင့်သော စည်းစိမ်ချမ်းသာဟု ဆိုအပ်သော၊ အဆင့်ဆင့်သော မွေ့လျော်ဖွယ်ဟုဆိုအပ်သော တန်ခိုးမျိုးတွေကို ရရှိရန်အတွက်လည်း မိတ်ဆွေကောင်းရှိခြင်း၊ အပ္ပမာဒ ခေါ် မမေ့မလျော့သော သတိတရားဖြင့် ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ကောင်းမှု ပုညအစုတို့ကို ပြုလုပ်ခြင်းဖြင့်သာ ရရှိနိုင်လေသည်။ **ထို့ကြောင့် မိတ်ဆွေကောင်းရှိသူဖြစ်အောင် အားထုတ်ကြပါကုန်လော့။ ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ် ကောင်းမှု ပုညအစုကို မမေ့မလျော့သော သတိတရားဖြင့် ကြိုးစားအားထုတ်သူ ဖြစ်ကြပါကုန်လော့။**

(၈) ပဟာန – ပယ်ခြင်းအနက်ဖောာ သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သမယသဒ္ဒါ၏ ပဋိလာဘ– ရခြင်းအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သမယသဒ္ဒါ၏ ပဟာန– ပယ်ခြင်းအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

'သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿ' *(မ– ၁– ၁၅)*

သမ္မာ– ကောင်းစွာ ဝါ အကြွင်းမဲ့၊ **မာနာဘိသမယာ**– မာနကို အရဟတ္တမဂ်ဖြင့် ပယ်ခြင်းကြောင့်၊ ဒုက္ခဿ– အလုံးစုံ ဆင်းရဲ၏၊ **အန္တံ**– အဆုံးကို (ဝါ ဒုက္ခအားလုံး ချုပ်ငြိမ်းသည်ကို)၊ **အကာသိ**– ပြုပြီ။

(ဤမာနာဘိသမယာ၌ မာနကို ပယ်ခြင်းဟု အနက်ပေးရခြင်းသည် သမယသဒ္ဒါ၏ ပဟာန– ပယ်ခြင်းအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုခြင်းဖြစ်သည်)

အထက်ပါပါဠိရပ်ကား မူလပဏ္ဏာသပါဠိတော် သဗ္ဗာသဝသုတ်၌ လာရှိလေသည်။ ဤ၌ လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

(၁) **ဒဿန ပဟာတဗ္ဗ အာသဝ** – သောတာပတ္တိမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတို့ကို သိမြင်ခြင်းဖြင့်လည်း (လောဘ, ဒိဋ္ဌိ, မောဟ) ဟုဆိုအပ်သော အာသဝတရားတို့ကို ပယ်ရမည်။

(၂) **သံဝရ ပဟာတဗ္ဗ အာသဝ** – စက္ခုစသော ဣန္ဒြေခြောက်ပါးတို့ကို စောင့်စည်းခြင်းဖြင့်လည်း အာသဝတရားတို့ကို ပယ်ရမည်။

(၃) **ပဋိသေဝန ပဟာတဗ္ဗ အာသဝ**– ပစ္စည်းလေးပါးတို့ကို ဉာဏ်ပညာဖြင့် ဆင်ခြင်မှီဝဲလျက်လည်း အာသဝတရားတို့ကို ပယ်ရမည်။

(၄) **အဓိဝါသန ပဟာတဗ္ဗ အာသဝ**– အချမ်း, အပူ နှိပ်စက်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ ခြင်, မှက်စသည် ကိုက်ခဲခြင်း၊ အဆဲခံရခြင်း၊ အကဲ့ရဲ့ခံရခြင်း၊ ဖျားနာခြင်းစသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို သည်းခံခြင်းဖြင့်လည်း အာသဝတရားတို့ကို ပယ်ရမည်။

(၅) **ပရိဝဇ္ဇနာ ပဟာတဗ္ဗ အာသဝ** – မသွားသင့်သော နေရာတို့ကို ရှောင်ကြဉ်ခြင်းဖြင့်လည်း အာသဝတရားတို့ကို ပယ်ရမည်။
(၆) **ဝိနောဒနာ ပဟာတဗ္ဗ အာသဝ**– ဖြစ်ပေါ်လာသော ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တို့ကို ပယ်ဖျောက်ခြင်းဖြင့်လည်း အာသဝတို့ကို ပယ်ရမည်။
(၇) **ဘာဝနာတဗ္ဗ အာသဝ** – အထက်မဂ်သုံးပါးတို့ကို ရရှိအောင် ပွါးများလျက်လည်း အာသဝတို့ကို ပယ်ရမည်။

ထိုသို့ ပယ်နိုင်သောရဟန်းသည်–

'သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿာတိ'

သမ္မာ– ကောင်းစွာ ဝါ အကြွင်းမဲ့၊ **မာနာဘိသမယာ**– မာနကို အရဟတ္တမဂ်ဖြင့် ပယ်နိုင်ခြင်းကြောင့်၊ **ဒုက္ခဿ**– ဆင်းရဲ ဒုက္ခအားလုံး၏၊ **အန္တံ**– အဆုံးကို၊ **အကာသိ**– ပြုနိုင်လေသည်၊ **ဣတိ**– ဤသို့ ဘဂဝါ– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **တေံ ဝစနံ**– ထိုစကားကို၊ **အဝေါစ**– မိန့်တော်မူလေပြီ။

ပဟာန – ပယ်ခြင်းအနက်ဟော သမယသဒ္ဒါက ဆုံးမသြဝါဒပေးပုံ၊ တရားဟောပုံ သဘော

(၁) ဤ၌ အဓိကကျသော ပုဒ်သည် **'မာနာဘိသမယာ'** ပုဒ်ဖြစ်သည်။ **မာန**– မာနကို၊ **သမ္မာ**– အကြွင်းမဲ့၊ **အဘိသမယာ**– အရဟတ္တမဂ်ဖြင့်ပယ်နိုင်လျှင် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းမည်ဟု ဆိုလိုပေသည်။ ထို့ကြောင့် **မာနကို အကြွင်းမဲ့ ပယ်နိုင်အောင် ကြိုးစားကြပါကုန်လော့။**

(၂) ထိုသို့ မာနကို အကြွင်းမဲ့ပယ်နိုင်ရန် အာသဝေါတရား လေးပါးတို့ကို အဆင့်ဆင့်ပယ်သတ်ရန်ကိစ္စ ရှိနေလေသည်။ အာသဝေါတရား လေးပါးဟူသည် **'ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ'** လေးပါးတို့ဖြစ်သည်။ တရားကိုယ်အားဖြင့် **'လောဘ, ဒိဋ္ဌိ, မောဟ'** ဟူ၍ သုံးပါးဖြစ်သည်။ ထိုသုံးပါးတွင် ရှေးဦးစွာ ဒဿနပဟာတဗ္ဗ ခေါ် သောတာပတ္တိမဂ်ဉာဏ်ဖြင့် ဒိဋ္ဌိကို အကြွင်းမဲ့ ပယ်သတ်ရပေမည်။ ထို့ကြောင့် **သောတာပတ္တိမဂ်ဉာဏ်ရအောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၃) သောတာပတ္တိမဂ်ဉာဏ်ဖြင့် ဒိဋ္ဌိကို ပယ်သတ်လိုက်သောအခါ 'လောဘ, မောဟ' နှစ်ပါးကျန်နေလေသည်။ ထိုနှစ်ပါး ရှိနေသမျှ **မာန**လည်း ရှိနေမည်ဖြစ်သည်။ မာနရှိနေသမျှလည်း ဘယ်သောအခါမှ ဒုက္ခအားလုံး ငြိမ်းသွားမည် မဟုတ်ပေ။ ထို့ကြောင့် 'လောဘနှင့် မောဟ' တို့ကို ပယ်သတ်နိုင်ရန်အတွက်

သံဝရပဟာတဗ္ဗ – စင်္ကြေသော ဣန္ဒြေတို့ကို စောင့်စည်း၍ ပယ်ခြင်းဖြင့် လည်းကောင်း၊
ပဋိသေဝန ပဟာတဗ္ဗ – ပစ္စည်းလေးပါးတို့ကို ဉာဏ်ပညာဖြင့် မှီဝဲ၍ ပယ်ခြင်းဖြင့် လည်းကောင်း၊
အဓိဝါသန ပဟာတဗ္ဗ – အစ အရာရာသော ဆင်းရဲဒုက္ခတွေကို သည်းခံ၍ ပယ်ခြင်းဖြင့် လည်းကောင်း၊
ပရိဝဇ္ဇန ပဟာတဗ္ဗ – မသွားသင့်သော နေရာများကို မသွားဘဲနေ၍ ပယ်ခြင်းဖြင့် လည်းကောင်း၊
ဝိနောဒန ပဟာတဗ္ဗ – ဖြစ်ပေါ်လာသော ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်တို့ကို ပယ်ဖျောက်၍ ပယ်ခြင်းဖြင့် လည်းကောင်း၊
ဘာဝနာတဗ္ဗ ပဟာန – အထက်မဂ်သုံးပါးတို့ကို ရရှိအောင် ပွါးများ၍ ပယ်ခြင်းဖြင့် လည်းကောင်း

ထိုလောဘ, မောဟတို့ကို ပယ်သတ်ကြရမည် ဖြစ်သည်။

(၄) ထိုသို့ ပဟာတဗ္ဗ အဆင့်ဆင့်တို့ဖြင့် 'လောဘ, မောဟ'တို့ အားနည်းသွားသောအခါ မာနတရားလည်း အားနည်းသွားမည်။ မာနအားနည်းသလောက်လည်း ဒုက္ခတွေ ငြိမ်းအေးသွားမည်။ ထို့ကြောင့် **မာနမကြီးကြပါနှင့်။ မာနကို အားနည်းသည်ထက် အားနည်းအောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၅) အကြင်အခါ၌ 'လောဘ, မောဟ' တို့ကို အထက်မဂ်သုံးပါးတို့ဖြင့် အဆင့်ဆင့်ပယ်သတ်နိုင်သည်နှင့် တပြိုင်နက် မာနကိုလည်း အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ပယ်သတ်ပြီး ဖြစ်တော့သည်။ ထိုအခါ၌ ဒုက္ခမှန်သမျှ အလုံးစုံ ချုပ်ငြိမ်းသွားလေတော့သည်။ ထို့ကြောင့် **မာနကို၊ လောဘကို၊ မောဟကို အကြွင်းမဲ့ချုပ်ငြိမ်းအောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၉) ပဋိဝေဓ အနက်ဟော သမယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သမယသဒ္ဒါ၏ ပဟာနအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သမယသဒ္ဒါ၏ ပဋိဝေဓအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဒုက္ခဿ ပီဠနဋ္ဌော, သင်္ခတဋ္ဌော, သန္တာပဋ္ဌော,. ဝိပရိဏာမဋ္ဌော, အဘိသမယဋ္ဌော။ *(ခု- ၉- ၂၉၆)*

ဒုက္ခဿ- ဒုက္ခသစ္စာ၏၊ ပီဠနဋ္ဌော- မိမိကိန်းရာသတ္တဝါကို ညှင်းဆဲနှိပ်စက်ခြင်း အနက်သဘောသည်လည်းကောင်း၊ သင်္ခတဋ္ဌော- အပြုပြင်အစီမံခံရခြင်း အနက်သဘောသည်လည်းကောင်း၊ သန္တာပဋ္ဌော- ပြင်းစွာပူလောင်ခြင်း အနက်သဘောသည်လည်းကောင်း၊ ဝိပရိဏာမဋ္ဌော- ဇရာ, မရဏနှစ်ပါးသည် ဖောက်ပြန်စေအပ်သော အနက်သဘောသည်လည်းကောင်း၊ အဘိသမယဋ္ဌော- ထိုးထွင်း၍သိအပ်သော ဉာဏ်၏အာရုံ အနက်သဘောတည်း။

အထက်ပါပါဠိရပ်သည် ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ(၂၉၆)၌ လာရှိသော ဒေသနာတော် ဖြစ်လေသည်။

ပဋိဝေဓအနက်ဟော သမယသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) မိမိတို့ ရထားသော ခန္ဓာငါးပါးသည် 'သုခ' မဟုတ်၊ 'ဒုက္ခသစ္စာ' ဖြစ်သည်ဟူသောအချက်ကို ကောင်းစွာသဘော ပေါက်ထားကြရန် လိုအပ်ပေသည်။ အချို့သောပုဂ္ဂိုလ်တို့သည် မိမိတည်းဟူသော ခန္ဓာငါးပါး ဒုက္ခသစ္စာကို ယူဆောင်ပြီး ဟိုနေရာ ချမ်းသာနိုးနိုး၊ ဒီနေရာ ချမ်းသာနိုးနိုး စသည်ဖြင့် နေရာအမျိုးမျိုးသို့ ရွှေ့ပြောင်း၍ ချမ်းသာသုခကို ရှာတတ်ကြလေသည်။ ထိုပုဂ္ဂိုလ်တို့ သည် မိမိ၏ ခန္ဓာငါးပါးသည် ဒုက္ခသစ္စာဖြစ်သည် ဟူသောအချက်ကို သတိမပြုမိကြ၍သော်လည်းကောင်း၊ သို့မဟုတ် အရေးမစိုက် ဂရုမစိုက်ကြ၍သော်လည်းကောင်း ထိုသို့ ပြောင်းရွှေ့ကြခြင်းဖြစ်သည်။ သို့ရာတွင် မိမိတည်းဟူသော ခန္ဓာငါးပါး ဒုက္ခသစ္စာက ရောက်လေရာ နေလေရာအရပ်မှာ မိမိနှင့်တစ်ပါတည်း မခွဲဘဲ အမြဲတွဲလျက် ပါနေသောကြောင့် မိမိထင်သကဲ့သို့ သုခသဘောသို့ ရောက်မလာဘဲ ဒုက္ခသဘောအမျိုးမျိုးကိုသာ တစ်မျိုးပြီးတစ်မျိုး တွေ့ကြုံနေကြရလေသည်။ ထို့ကြောင့် ဘယ်နေရာရောက်ရောက်၊ **ဘယ်နေရာနေနေ၊ ဘယ်အဆင့်သို့ပဲတက်တက် ဒုက္ခသစ္စာသည် ဒုက္ခသစ္စာသာဖြစ်၍ ကိုယ်နှင့်စပ်သော ကာယိကဒုက္ခ အမျိုးမျိုး၊ စိတ်နှင့်စပ်သော စေတသိကဒုက္ခ အမျိုးမျိုးတို့ကို တွေ့ကြုံရမည် ဟူသော အချက်ကို အထူးသတိပြုမိကြပါ ကုန်လော့။**

(၂) ထိုဒုက္ခသစ္စာအမျိုးမျိုးကို တွေ့ကြုံနေရမှုမှ လွတ်မြောက်ရန်၊ သက်သာရာရရန်အတွက် နေရာပြောင်းရွှေ့ခြင်း၊ အဆင့်တက်ခြင်းစသော လုပ်ရပ်မျိုးနှင့် မရနိုင်သောကြောင့် '**ခန္တီ, မေတ္တာ, သစ္စာ**' တရားများကို ထားရန်လိုအပ်သည်။ '**ဒါန, သီလ, ဘာဝနာ**' အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရန် လိုအပ်သည်။ ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း အမှန်အတိုင်း ထိုး ထွင်း၍ သိရန်လိုအပ်သည်။ ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း ထိုးထွင်းသိမြင်နိုင်ရန်အတွက် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး ဝိပဿနာ တရားများကို ပွါးများရန် လိုအပ်သည်။ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိမြင်လာနိုင်သည်နှင့်အမျှ ဘယ်အရပ်၊ ဘယ်ဒေသရောက်ရောက် ခံစားတွေ့ကြုံနေရသော ဆင်းရဲဒုက္ခ အမျိုးမျိုးတို့မှ သက်သာခွင့်ရကြမည် ဖြစ်လေသည်။ ထို့ကြောင့် **ခန္တီ, မေတ္တာ, သစ္စာတရားများ ကို လက်ကိုင်ထားကြပါလော့။ ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြပါကုန်လော့။ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားများကို ပွါးများအားထုတ်ကြပါကုန်လော့။**

ဤဗြဟ္မဇာလသုတ်၌ သမယသဒ္ဒါ၏ လိုအပ်သော အနက်

အထက်ဖော်ပြပါ သမယသဒ္ဒါ၏ ဟောအပ်သောအနက် (၉)နက် အနက်က ဤဗြဟ္မဇာလသုတ်၌ လိုအပ်သော အနက်သည် 'ကာလ- အခါ' ဟူသောအနက်ကိုသာ လိုအပ်လေသည်။

ကာလ– အခါဟူသော အနက်ကိုသာ ယူရခြင်း အစိပ္ပါယ်

ဤသို့ 'ကာလ– အခါ' ဟူသောအနက်ကို ယူသဖြင့် 'နှစ်, လ, နေ့, ည, နံနက်, နေ့လယ်' စသည်ရှိရာတွင် တစ်ပါးပါးသော အချိန်ကာလသမယ၌ ဤပြဟ္မဇာလသုတ္တန်တရားတော်ကို ဟောတော်မူသည်ဟု အဓိပ္ပါယ်ရလေသည်။

အရှင်အာနန္ဒာသည် ပြဟ္မဇာလသုတ်တော်ကို ဗုဒ္ဓဟောတော်မူရာ၌ 'ဘယ်နှစ်, ဘယ်လ, ဘယ်ရက်, ဘယ်အချိန်' ဟူ၍ ရက်စွဲကို အတိအကျ မသိဘူးလား? ဟူမူ – သိပါပေသည်။ ထိုသို့ပင် သိပါသော်လည်း ထိုရက်စွဲအတိအကျကို မဖော်ပြခြင်းသည် ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူအပ်သော ဒေသနာတော်များကို ပို့ချသင်ယူရာ၌ လွယ်ကူစွာ ဆောင်ရွက်မှတ်သားနိုင်ရန် ခဲယဉ်းသောကြောင့် လည်းကောင်း၊ ပိဋကသုံးပုံသည် အလွန်ကျယ်ဝန်းလှသဖြင့် အလွန်များစွာသော ရက်စွဲတွေ၊ စကားတွေ ဖြစ်နေမည် ဖြစ်သောကြောင့် လည်းကောင်း **'လွယ်ကူစွာ မှတ်သားနိုင်စေခြင်းငှာ, စကားလုံး မရှုပ်ထွေးစေခြင်းငှာ' အရှင်အာနန္ဒာသည် 'ဧကံ သမယံ– အခါတစ်ပါး၌' ဟူ၍ ပေါင်းရုံးဆိုခြင်းဖြစ်လေသည်။**

ကာလ အနက်ဟော သမယသဒ္ဒါဖြင့် ပြရခြင်း အကျိုးများ

ထိုသို့ 'ကာလ– အခါ' ဟူသော အနက်ကို သမယသဒ္ဒါဖြင့် ပြလိုက်ခြင်းဖြင့်–

(၁)	တ္ထမေ ဂဗ္ဘောက္ကန္တိ သမယော	– ဤအချိန်အခါသည် ဗုဒ္ဓ၏ မယ်တော်ဝမ်းတွင်းသို့ သက်ဆင်းသော အချိန်အခါတည်း။
(၂)	တ္ထမေ ဇာတိ သမယော	– ဤအချိန်အခါသည် ဗုဒ္ဓ၏ ဖွားမြင်တော်မူရာ အချိန်အခါတည်း။
(၃)	တ္ထမေ သံဝေဂ သမယော	– ဤအချိန်အခါသည် ဗုဒ္ဓ၏ နိမိတ်ကြီးလေးပါးကိုမြင်၍ သံဝေဂရတော်မူရာ အချိန်အခါတည်း။
(၄)	တ္ထမေ အဘိနိက္ခမန သမယော	– ဤအချိန်အခါသည် ဗုဒ္ဓ၏ တောထွက်တော်မူရာ အချိန်အခါတည်း။
(၅)	တ္ထမေ ဒုက္ကရကာရိက သမယော	– ဤအချိန်အခါသည် ဗုဒ္ဓ၏ ဒုက္ကရစရိယအကျင့်ကို ကျင့်တော်မူသော အချိန်အခါတည်း။
(၆)	တ္ထမေ မာရဝိဇယ သမယော	– ဤအချိန်အခါသည် မာရ်နတ်မင်းကို အောင်မြင်တော်မူသော အချိန်အခါတည်း။
(၇)	တ္ထမေ အဘိသမ္ဗောဓိ သမယော	– ဤအချိန်အခါသည် ဗုဒ္ဓ၏ သစ္စာလေးပါးကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူပြီး ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူရာ အချိန်အခါတည်း။
(၈)	အယံ ဒိဋ္ဌဓမ္မ သုခဝိဟာရ သမယော	– ဤအချိန်အခါသည် ဗုဒ္ဓ၏ မျက်မှောက်ဘဝ၌ ဈာနသမာပတ်၊ ဖလသမာပတ်တို့ဖြင့် ချမ်းသာစွာ နေတော်မူရာ အချိန်အခါတည်း။
(၉)	အယံ ဒေသနာ သမယော	– ဤအချိန်အခါသည် ဗုဒ္ဓ၏ တရားဟောတော်မူရာ အချိန်အခါတည်း။
(၁၀)	အယံ ပရိနိဗ္ဗာန သမယော	– ဤအချိန်အခါသည် ဗုဒ္ဓ၏ ပရိနိဗ္ဗာန် ဝင်စံတော်မူရာ အချိန်အခါပေတည်း။

ဤသို့ ဗုဒ္ဓ၏ အလွန်ထင်ရှားကုန်သောအခါတို့တွင် ဤ၌ 'ဒေသနာသမယော' ပြဟ္မဇာလသုတ်တရားတော်ကို ဟောတော်မူရာ အချိန်ကာလဖြစ်ကြောင်း သိစေပါသည်။

ကာလ – အခါအနက်ဟော သမယသဒ္ဒါဖြင့် နောက်ထပ်သိစေအပ်သော အချက်များ

ထိုမျှတွင် မကသေးပါ။

(၁) ဉာဏ ကရုဏာကိစ္စ သမယေသု– ဉာဏ်၏ ကိစ္စကို ပြုတော်မူရာအခါ၊ ကရုဏာ ကိစ္စကို ပြုတော်မူရာအခါတို့တွင် တရားဟောတော်မူခြင်းသည် ကရုဏာကိစ္စကို ပြုတော်မူရာအခါ ဖြစ်သည်ကိုလည်း သိစေပါသည်။

(၂) အတ္တဟိတ, ပရဟိတ ပဋိပတ္တိ သမယေသု– ကိုယ်တော်၏ အကျိုးစီးပွားကို ကျင့်တော်မူသောအခါ, သူတစ်ပါးတို့၏ အကျိုးစီးပွားကို ကျင့်တော်မူရာအခါတို့တွင် သူတစ်ပါးတို့၏ အကျိုးစီးပွါးကို ကျင့်တော်မူရာအခါ ဖြစ်သည်ကိုလည်း သိစေပါသည်။

ထိုသို့သော အခါတစ်ပါးပါးကိုယူ၍ ဤ၌ 'ကော် သမယံ' ဟူ၍ အရင်အာနန္ဒာ လျှောက်ထားခြင်း ဖြစ်လေသည်။

(၃) ထိုမှတပါး အဘိဓမ္မာပိဋက၌ 'ယသ္မိံ သမယေ ကာမာဝစရန္တိ' ဟူ၍ သမယ သဒ္ဒါကို သတ္တမီ ဝိဘတ်ဖြင့် ထားခြင်းသည် ဖဿစသော ပရမတ္ထတရားတို့၏ 'တည်ရာ- အဓိကရဏအနက်'၌ ဖြစ်သင့်သည်ကို သိစေလိုသောကြောင့် လည်းကောင်း၊

ဝိနည်းပိဋက၌ 'တေန သမယေန ဗုဒ္ဓေါ ဘဂဝါ' ဟူ၍ တတိယာဝိဘတ် ကရိဏ်းဝိဘတ်ဖြင့် ပြထားခြင်းသည် ဟိတ် အနက်, ကရိဏ်းအနက်တို့ ဖြစ်သင့်သောကြောင့် ဖြစ်သည်။ မှန်၏။ သိက္ခာပုဒ်တော် ပညတ်ရာ အချိန်အခါကို အရှင်သာရိပုတြာစသော ပုဂ္ဂိုလ်မျိုးသည်ပင် မသိနိုင်သောကြောင့် သိက္ခာပုဒ် ပညတ်ရခြင်း အကြောင်းကို ရှုငဲ့လျက် တတိယာဝိဘတ်ကို ထားရခြင်းဖြစ်သည်။ ဝါ တတိယာဝိဘတ်အနက် ဖြစ်သင့်သောကြောင့် ထားရပေသည်။

ဗြဟ္မဇာလစသော သုတ္တန်ပိဋက၌ 'ကော် သမယံ' ဟူ၍ ဒုတိယာဝိဘတ်ဖြင့် ထားရခြင်းသည် **အစ္စန္တသံယောဂ** အနက် ဖြစ်သင့်သောကြောင့် ထားရခြင်းဖြစ်လေသည်။ ဤသို့ထားခြင်းဖြင့် 'အကြင်ကာလပတ်လုံး ဗုဒ္ဓသည် ဗြဟ္မဇာလသုတ္တန် တရားတော်ကို ဟောတော်မူပြီ။ ထိုကာလပတ်လုံး ကရုဏာဝိဟာရလျှင် အရင်းခံရှိသော ပရဟိတ ပဋိပတ်ဖြင့် သီတင်းသုံးတော်မူပြီ' ဤသို့သော အနက်အဓိပ္ပါယ်ကို သိစေလို၍ ဒုတိယာဝိဘတ်ဖြင့် ထားရခြင်းဖြစ်လေသည်။

အချို့ဆရာတို့ ဆိုကြပုံ

အချို့ဆရာတို့က 'ယသ္မိံ သမယေ, တေနသမယေန, ကော် သမယံ' ဟူသော သုံးပုဒ်သည် သဒ္ဒါပုဒ် အနေအားဖြင့်သာ ကွဲပြားသော်လည်း 'ထိုအခါ၌, အကြင်အခါ၌' ဟူသော အဓိကရဏ အနက်အားဖြင့် တူကြလေသည်ဟူ၍ ဆိုကြလေသည်။

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ

ပါဠိတော်၌ 'ဧဝံ မေ သုတံ, ဧကံ သမယံ, ဘဂဝါ' ဟူ၍ ရှိရာတွင် အဋ္ဌကထာဆရာသည် 'ဧဝံ မေ သုတံ, ဧကံ သမယံ' ပုဒ်တို့ကို ဖွင့်ပြပြီး၍ 'ဘဂဝါ' ပုဒ်ကို ဆက်၍ ဖွင့်ပြလေသည်။

ဘဂဝါပုဒ်ဖြင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဘဂဝါပုဒ်နှင့် စပ်၍ သိ, မှတ်, ကျင့်ဖွယ်များကို အောက်ပါအတိုင်း ဖွင့်ဆိုပြထားလေသည်။

ဘဂဝါတိ ဂရု။ ဂရုံ ဟိ လောကေ 'ဘဂဝါ' တိ ဝဒန္တိ အယဉ္စ သဗ္ဗဂုဏဝိသိဋ္ဌတာယ သဗ္ဗသတ္တာနံ ဂရု တသ္မာ ဘဂဝါတိ ဝေဒိတဗ္ဗော။ *(ဒီ-ဋ္ဌ-၁-၃၄)*

ဘဂဝါတိ- ဘဂဝါဟူသည်ကား၊ **ဂရု**- ကျောက်ထီးတမျှ အလေးပြုအပ်သော ဗုဒ္ဓတည်း။ **ဟိ**- မှန်၏။ **လောကေ**- လောက၌၊ **ဂရုံ**- အလေးပြုအပ်သောပုဂ္ဂိုလ်ကို၊ **ဘဂဝါတိ**- ဘဂဝါဟူ၍၊ **ဝဒန္တိ**- ခေါ်ဝေါ်ပြောဆိုကြကုန်၏။ **စ**- အထူးဆိုဖွယ်ကား၊ **အယံ**- ဤဗုဒ္ဓသည်၊ **သဗ္ဗဂုဏဝိသိဋ္ဌတာယ**- သီလ, သမာဓိ, ပညာ အစရှိသော အလုံးစုံသော ဂုဏ်တို့ဖြင့် ထူးကဲသည်၏အဖြစ်ကြောင့်၊ **သဗ္ဗသတ္တာနံ**- အလုံးစုံသော သတ္တလောက၏၊ **ဂရု**- အလေးပြုအပ်သော ပုဂ္ဂိုလ်တည်း။ **တသ္မာ**- ထို့ကြောင့်၊ **ဘဂဝါတိ**- ဘဂဝါဟူ၍၊ **ဝေဒိတဗ္ဗော**- သိထိုက်ပေ၏။

ရှေးအဋ္ဌကထာဆရာတို့ကလည်း အောက်ပါဂါထာတို့ဖြင့် ဘဂဝါပုဒ်ကို ဖွင့်ဆိုကြလေသည်။

(၁) **ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါတိ ဝစန မုတ္တမံ။**
ဂရုဂါရဝ ယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ။

(၂) **ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ။**
ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ တတော။

(၁) **ဘဂဝါတိ ဝစနံ**– ဘဂဝါဟူသော သဒ္ဒါသည်၊ **သေဋ္ဌံ**– အထူးသဖြင့် ချီးမွမ်းအပ်သော သဒ္ဒါတည်း။

ဘဂဝါတိ ဝစနံ– ဘဂဝါဟူသော သဒ္ဒါသည်၊ **ဥတ္တမံ**– မြတ်သောသဒ္ဒါတည်း။ **ဗုဒ္ဓေါ**– ဗုဒ္ဓသည်၊ **ဂါရဝယုတ္တော**– အလေးပြုအပ်သောဂုဏ်နှင့် ယှဉ်တော်မူ၏။ **တေန**– ထိုအကြောင်းသုံးပါးကြောင့်၊ **ဂရု**– ဂရုမည်တော်မူ၏။ **တေန**– ထို့ကြောင့်၊ **ဘဂဝါ**– ဘဂဝါဟူ၍၊ **ဝုစ္စတိ**– ဆိုအပ်၏။

(၂) **ဗုဒ္ဓေါ**– ဗုဒ္ဓသည်၊ **ယေန**– အကြင်ကြောင့်၊

(က) ဘာဂျဝါ – ဘုန်းကံ ပါရမီ ရှိတော်မူပါပေ၏။

(ခ) ဘဂ္ဂဝါ – ချိုးဖျက်အပ်သော ကိလေသာ ရှိတော်မူပါပေ၏။

(ဂ) ဘဂေဟိ – ဣဿရိယ စသည်အပြား ဘုန်းခြောက်ပါးတို့နှင့်၊ **ယုတ္တော**– ယှဉ်တော်မူ၏။

(ဃ) ဝိဘတ္တဝါ – ကုသိုလ်စသော တရားများကို ဝေဘန်ပိုင်းခြားတော်မူနိုင်ပါပေ၏။

(င) ဘတ္တဝါ – ဈာန်မဂ်ဖိုလ်တရားကို မှီဝဲတော်မူနိုင်ပါပေ၏။

(စ) ဘဝေသု – ဘဝတို့၌၊ **ဝန္တဂမနော**– သွားကြောင်းတဏှာကို ထွေးအန်တော်မူနိုင်ပါပေ၏။ **တေန**– ထို့ကြောင့်၊ **ဘဂဝါ**– ဘဂဝါ မည်တော်မူပါပေ၏။ *(အကျယ်ကို ဝိသုဒ္ဓိမဂ်ရှု)*

ဘဂဝါဟူသောပုဒ်က ဆုံးမသြဝါဒပေးပုံ၊ တရားဟောပုံသဘော

ဘဂဝါ ဟူသောပုဒ်နှင့်စပ်၍ အထက်ပါ အဋ္ဌကထာဆရာများ၏ ဖွင့်ဆိုချက်များအရ 'ဗုဒ္ဓါနုဿတိ' အနေအားဖြင့် ဗုဒ္ဓ၏ ဂုဏ်တော်များကို အောက်ပါအတိုင်း အဖန်အဖန် အထပ်ထပ် ပွားများခြင်းကို ပြုကြပါကုန်လော့။

(၁) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် ကျောက်ထီးတန္တကဲ့သို့ အလေးပြုအပ်သော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူပါပေ၏။

(၂) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် လူ, နတ်, ဗြဟ္မာ သတ္တဝါအနန္တတို့ အပေါ်၌ သီလ, သမာဓိ, ပညာ အစရှိသော အလုံးစုံသောဂုဏ်တို့ဖြင့် ထူးကဲသာလွန်သည်၏ အဖြစ်ကြောင့် အလုံးစုံသော သတ္တလောက၏ အလေးပြုထိုက်သော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူပါပေ၏။

(၃) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် သတ္တလောက အားလုံးတို့ထက် အထူးသဖြင့် ချီးမွမ်းထိုက်သော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူပါပေ၏။

(၄) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် သတ္တလောက အားလုံးတို့ထက် မြင့်မြတ်သော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူပါပေ၏။

(၅) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် သတ္တလောကကြီးတစ်ခုလုံးက အလေးပြုထိုက်သော ဂုဏ်နှင့်ယှဉ်သော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူပါပေ၏။

(၆) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် ဘုန်းကံပါရမီ ရှိတော်မူသော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူပါပေ၏။

(၇) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် ကိလေသာတို့ကို ချိုးဖျက်တော်မူနိုင်သော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူပါပေ၏။

(၈) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် ဣဿရိယ စသည်အပြား ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူပါပေ၏။

(၉) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် ကုသိုလ်စသော တရားများကို ဝေဘန်ပိုင်းခြားတော်မူနိုင်သော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူပါပေ၏။

(၁၀) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် ဈာန်, မဂ်, ဖိုလ်တရားများကို မှီဝဲတော်မူနိုင်သော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူနိုင်ပါပေ၏။

(၁၁) ဘဂဝါ – ရှင်တော်ဗုဒ္ဓသည် ဘဝအမျိုးမျိုးသို့ သွားကြောင်းတဏှာကို ထွေးအံတော်မူနိုင်သော ဗုဒ္ဓတစ်ဆူ ဖြစ်တော်မူနိုင်ပါပေ၏။

ဘဂဝါဂုဏ်တော်ကို ဗုဒ္ဓါနုဿတိ ဘာဝနာအနေအားဖြင့် ထိုသို့ အဖန်ဖန် အထပ်ထပ် ပွါးများနိုင်သည်ရှိသော် လူ, နတ်အများက မိမိအား အလေးဂရုပြုလာနိုင်သော အကျိုးများရရှိနိုင်သည်ကို အကြွင်းမဲ့ယုံကြည်ပါလေ။

ဓဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ

ဤ၌ အဋ္ဌကထာဆရာသည် ပါဠိတော်၌ လာရှိသော 'ဧဝံ မေ သုတံ, ဧကံ သမယံ, ဘဂဝါ' နှင့်စပ်၍ အသေးစိတ် ဖွင့်ဆိုချက်များ ပြီးခဲ့လေပြီ။ တစ်ဖန် ထိုပါဠိများ၏ အဓိပ္ပါယ်သဘောကို စုပေါင်းကာ အောက်ပါအတိုင်း ဖွင့်ဆိုပြပြန်လေသည်။

ဧဝံ မေ သုတံ ဖြင့် တစ်ဖန်ထပ်၍ ပြအပ်သော သိ, မှတ်, ကျင့်သုံးဖွယ်

ဘန္တေ– အရှင်မဟာကဿပ မထေရ်မြတ်ကြီးဘုရား၊ မေ– မယာ အာနန္ဒေန– တပည့်တော် အာနန္ဒာသည်၊ ဧဝံ– ဤသို့ သုတံ– နာခံမှတ်သား ကြားနာလိုက်ရပါသည် ဘုရား။

(၁) ထိုစကားရပ်ဖြင့် ဆိုလိုသော အဓိပ္ပါယ်မှာ ကြားနာအပ်ပြီးသော ထိုဗြဟ္မဇာလသုတ် တရားတော်သည် ထိုလျှောက်ထားချိန်၌ အရှင်အာနန္ဒာ၏ စိတ်တွင် ထင်မြင်လျက်ရှိနေသည်။ ထိုသို့ ထင်မြင်လာသောကြောင့် ဗုဒ္ဓ၏ 'ဓမ္မကာယ' ဟူသော တရားတည်းဟူသော ကိုယ်တော်ကို မျက်မှောက်ပြုသည် မည်လေတော့သည်။

ဆိုလိုသော အဓိပ္ပါယ်မှာ ထိုသို့ ဓမ္မကာယကို မျက်မှောက်ပြုနိုင်သဖြင့် ဗုဒ္ဓပရိနိဗ္ဗာန်ပြုသွားသော်လည်း 'ငါတို့မှာ ဆရာမရှိ' ဟူ၍ မယူဆရ။ ဗုဒ္ဓဟောကြား ပညတ်တော်မူထားခဲ့သော ဓမ္မ, ဝိနယသည် ဗုဒ္ဓကိုယ်စား ထားရစ်ခဲ့သော ဆရာဖြစ်လေသည်။ သို့ဖြစ်၍ 'ဓမ္မ, ဝိနယ' ဟူသော ဆရာသည် အထင်အရှားရှိမြဲ ရှိနေသည်သာဖြစ်သည်။

(၂) ထို့ကြောင့် ဗုဒ္ဓကို မဖူးမြင်ရခြင်းကြောင့် ပူဆွေးသောက ရောက်နေကြကုန်သော၊ မသက်မသာ ဖြစ်နေကြကုန်သော၊ ငြီးငွေ့စိတ်ပျက်နေကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တလောကသားတို့အား သက်သာရာရစေလေသည်။ 'ငါတို့မှာ ကိုးကွယ်ရာအဖြစ်၊ ဗုဒ္ဓကိုယ်စား ဆရာအဖြစ် ဓမ္မ, ဝိနယ ရှိနေသေးသည်' ဟူ၍ ဖြေသိမ့်နိုင်ကြပေသည်။

(၃) ထိုအချက်ကို သတိပြုမိကြသူတို့သည် ဗုဒ္ဓ (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူထားခဲ့သော ဓမ္မ, ဝိနယများကို လေးစားစွာ သင်ကြားနာယူ ကျင့်သုံးနေသမျှ ကာလပတ်လုံး ဆရာဗုဒ္ဓရှိနေသည်ဟူ၍ ကောင်းစွာသဘောပေါက်ကာ ထိုဓမ္မ, ဝိနယများကို ကောင်းစွာသင်ကြား နာယူမှတ်သား ကျင့်သုံးမှုပြုကြပါကုန်လော့။

ဧကံ သမယံ ဘဂဝါ ဖြင့် ပြအပ်သော သိ, မှတ်, ကျင့်သုံးဖွယ်များ

'ဧကံ သမယံ– အခါတစ်ပါး၌၊ ဘဂဝါ– သတ္တလောကကြီးတစ်ခုလုံးက အလေးဂရုပြုတော်မူအပ်သော ရှင်တော်ဗုဒ္ဓသည်'

ထိုစကားရပ်ဖြင့် 'ထိုဗြဟ္မဇာလသုတ်ကို ပဌမသံဂါယနာတင်ရာ ထိုအချိန်အခါ၌ ရှင်တော်ဗုဒ္ဓ၏ ရူပကာယတော်ကြီးသည် ပရိနိဗ္ဗာန်စံဝင်သွားလေပြီ' ဟူသော အဓိပ္ပါယ်ကို သိစေလေသည်။

ရရှိနိုင်သော အကျိုးတရားများ

ထိုသို့ ရှင်တော်ဗုဒ္ဓ ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်ကြောင်းကို သိစေသဖြင့် အောက်ပါအကျိုးတရားကို ရရှိနိုင်ကြောင်း အဋ္ဌကထာဆရာ ဖွင့်ဆိုပြလေသည်။

(၁) မြတ်သော အရိယာတရားကို ဟောကြားတော်မူနိုင်သော 'ဒသဗလဓရော' (၁၀)ပါးသော ကာယဗလ, ဉာဏဗလအားကို ဆောင်တော်မူနိုင်သော 'ဝဇိရ သံဃာတ သမာနကာယော' ဝဇိရစိန်တုံးကြီးနှင့်တူသော ကိုယ်ရှိတော်မူသော။

ဤ၌ ဝဇိရစိန်ဟူသည် ဝဇိရစိန်ကို အခြားသော ပတ္တမြားကျောက်အစရှိသော မည်သည့်အရာဝတ္ထုကမျှ မဖောက်ခွဲနိုင်။ ဝဇိရစိန်ကသာလျှင် အခြားသော ပတ္တမြားကျောက် အစရှိသော အရာဝတ္ထုမှန်သမျှကို ဖောက်ခွဲပစ်နိုင်သည်။

(၂) ထို့အတူ ရှင်တော်ဗုဒ္ဓ၏ ကိုယ်တော်အင်္ဂါအစိတ်အပိုင်းကိုလည်း မည်သူတစ်စုံတစ်ယောက်ကမျှ ပေါက်ပြဲသွားအောင် ဖောက်ခွဲခြင်း မပြုနိုင်ပေ။ ထို့ကြောင့်ပင် အရှင်ဒေဝဒတ်၏ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကြီးဖြင့် လှိမ့်ချစဉ် ကျောက်ချပ်ကလေး

တစ်ခုသည် ဗုဒ္ဓ၏ ခြေမတော်ပေါ်သို့ ပြင်းထန်စွာ ကျသော်လည်း သွေးစိမ်းတည်သည်မှအပ ခြေမတော် ပေါက်ကွဲခြင်း မရှိချေ။

(၃) ဤသို့လျှင် ရှင်တော်ဗုဒ္ဓ၏ လက်ခြေအင်္ဂါ အစရှိသော အစိတ်အပိုင်းသည် ဝဇိရစိန်နှင့်တူ၍ လက်ခြေအင်္ဂါအပေါင်းဖြစ်သော ကိုယ်တော်ကား ဝဇိရစိန်တုံးကြီးနှင့် တူတော်မူလေသည်။

(၄) ထိုသို့သော ရှင်တော်ဗုဒ္ဓသော်မှလည်း ပရိနိဗ္ဗာန်စံတော်မူရတုံသေး၏။ ရှင်တော်ဗုဒ္ဓမှတစ်ပါးသော အဘယ်ပုဂ္ဂိုလ်သည် အသက်ရှင်မှု၌ မျှော်လင့်တောင့်တမှုကို မဖြစ်စေထိုက်တော့သည်သာဟု '**ဇီဝိတမဒ**' ခေါ် အသက်ရှည်ခြင်း၌ မာန်ယစ်ခြင်းဖြင့် ယစ်မူးနေသော လူအပေါင်းကို သံဝေဂရစေရုံတွင်မက ထိုလူအပေါင်းအား သူတော်ကောင်းတရား အားထုတ်မှုကို ဖြစ်စေလေသည်။ **ထို့ကြောင့် 'ဒါန, သီလ, ဘာဝနာ' စသော သူတော်ကောင်းတရားကို အားထုတ်မှုကို ဖြစ်စေကြပါကုန်လော့။**

(၅) အထက်ဖော်ပြပါအချက်သည် အလွန်သတိပြုဖွယ်ကောင်းသော အချက်ဖြစ်လေသည်။ ငါ ဘာရောဂါမှ မဖြစ်ဘူး။ ငါ ကျန်းမာသည်။ ငါ အသက်ရှည်သည် စသည်ဖြင့် လောကီစည်းစိမ်ဖြင့် ယစ်မူးနေသူတို့သည် တစ်နေ့သေရမည်မှာ သေချာလှပေသည်။

(၆) မှန်၏။ မိမိတို့သည် 'မည်မျှပင် ကျန်းမာသည်, အသက်ရှည်သည်, စည်းစိမ်ဥစ္စာ ပေါကြွယ်ဝသည်' ဟုဆိုစေကာမူ မိမိတို့၏ ခန္ဓာကိုယ်သည် ဗုဒ္ဓ၏ ခန္ဓာကိုယ်ကဲ့သို့ '**ဒသဗလဓရ**' ဆဒ္ဒန်ဆင်မင်း ဆယ်ကောင်အားကို ဆောင်နိုင်ခြင်းရှိသော ခန္ဓာကိုယ်အားမျိုး မဟုတ်ပေ။ '**ဝဇိရသံဃာတ သမာနကာယ**' ဝဇိရစိန်တုံးကြီးနှင့်တူသော ခန္ဓာကိုယ်မျိုး မဟုတ်ပေ။

(၇) ထက်မြက်မာကျောသော ဘယ်လက်နက်နှင့်ထိထိ ပေါက်ကွဲသေကျေ ပျက်စီးကြမည်သာ ဖြစ်သည်။ သို့ဖြစ်၍ **ကျန်းမာခြင်း, အသက်ရှည်ခြင်း, စီးပွါးဥစ္စာနှင့် ပြည့်စုံခြင်းဖြင့်သာ အချိန်ကုန် ယစ်မူးမနေကြဘဲ ၄င်းတို့ကို အခြေခံ၍ 'ဒါန, သီလ, ဘာဝနာ' ဟူသော ကုသိုလ်ကောင်းမှုတို့ကိုသာ ကြိုးစားအားထုတ် ပြုလုပ်ကြပါကုန်လော့။**

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ တို့ဖြင့် ပြအပ်သော သိ, မှတ်, ကျင့်ဖွယ်များ

ဆက်လက်၍ အဋ္ဌကထာဆရာသည် '**ဧကံ သမယံ ဘဂဝါ**' ဖြင့် သိ, မှတ်, ကျင့်ဖွယ်များကို ပြဆိုပြီးနောက် '**ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ**' ပုဒ်တို့ဖြင့် သိ, မှတ်, ကျင့်ဖွယ်များကို အောက်ပါအတိုင်း ပြဆိုထားပြန်လေသည်။

(၁) '**ဧဝံ**' ဟူသောပါဠ်ဖြင့် '**ဒေသနာသမ္ပတ္တိ**' ဒေသနာတော်၏ ပြည့်စုံပုံကို ညွှန်ပြလေသည်။

(၂) '**မေ သုတံ**' ဟူသောပါဠ်ဖြင့် '**သာဝကသမ္ပတ္တိ**' ဗြဟ္မာဇာလသုတ်တော်တရားကို ကြားနာသောပုဂ္ဂိုလ်၏ ပြည့်စုံပုံကို ညွှန်ပြလေသည်။

(၃) '**ဧကံ သမယံ**' ဟူသောပါဠ်ဖြင့် '**ကာလသမ္ပတ္တိ**' ကာလ၏ ပြည့်စုံပုံကို ပြဆိုလေသည်။

(၄) '**ဘဂဝါတိ**' ဟူသောပါဠ်ဖြင့် '**ဒေသကသမ္ပတ္တိ**' ဟောပြောသော ပုဂ္ဂိုလ်၏ ပြည့်စုံပုံကို ညွှန်ပြလေသည်။

အဋ္ဌကထာဆရာသည် '**ဧဝံ မေ သုတံ, ဧကံ သမယံ, ဘဂဝါတိ**' ဟူသော ပုဒ်တို့၏ သိ, မှတ်, ကျင့်သုံးဖွယ်များကို အကျဉ်းပြဆိုပြီးနောက် ထိုပုဒ်တို့၏ အကျယ် သိ, မှတ်, ကျင့်သုံးဖွယ်များကို အောက်ပါအတိုင်း ဆက်၍ပြဆိုပြန်လေသည်။

(၁) '**ဒေသနာသမ္ပတ္တိ**' **ဧဝံ**- ဤသို့ ငါ ဤလျှောက်ထားအပ်လတ္တံ့အတိုင်းဟု ရွတ်ဆိုလိုက်သဖြင့် **ဒေသနာ**- ဒေသနာတော်၏ **သမ္ပတ္တိ**- ပြည့်စုံပုံကို ညွှန်ပြရာ ရောက်သည်။ မှန်၏။ အရာဝတ္ထုတစ်ခုသည် ကောင်းမွန်ပြည့်စုံသော အရာဝတ္ထုမဟုတ်လျှင် မည်သူမျှ လူသိရှင်ကြားပြကြမည် မဟုတ်သည့်အပြင် ဖုံးကွယ်၍ပင် ထားတတ်ကြပေသည်။ ယခု ဖုံးကွယ်၍မထားဘဲ **ဧဝံ**- ဤသို့ ဟု ပြဆိုလိုက်ခြင်းသည် အလွန်ကောင်းလွန်း၍ လူသိရှင်ကြား ပြဆိုလိုက်ခြင်း ဖြစ်လေသည်။

(၂) '**သာဝကသမ္ပတ္တိ**' '**မေသုတံ**' ဖြင့် '**သာဝကသမ္ပတ္တိ**' သာဝက၏ ပြည့်စုံပုံကို ညွှန်ပြရာ၌ ဤနေရာ၌ တပည့်သာဝက မှန်သမျှကို မဆိုလိုပေ။ ဗြဟ္မာဇာလသုတ်တော်ကို ရှင်တော်ဗုဒ္ဓ၏ မျက်မှောက်တော်မှ ကြားနာလိုက်ရသော အရှင်အာနန္ဒာ ပုဂ္ဂိုလ်ကို ဆိုလိုသည်။

'**မေ**- မယာ အာနန္ဒေန- တပည့်တော် အာနန္ဒာသည်၊ **သုတံ**- နာခံမှတ်သားကြားနာလိုက်ရပါသည်ဘုရား' ဟု '**မေ သုတံ**'

ပါဠိဖြင့် လျှောက်ထားသဖြင့် ထိုဗြဟ္မဇာလသုတ်တော်ကို ကြားနာသော အရှင်အာနန္ဒာသည် ဗုဒ္ဓကိုယ်တိုင်ကလည်း တေဒဂ်ဘွဲ့ ငါးဘွဲ့ဖြင့် ချီးမြှင့်သလို အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးကလည်း ငါးဌာနတို့၌ ချီးမွမ်းခြင်း ပြုလေသည်။ ထို့ကြောင့် အရှင်အာနန္ဒာသည် 'သာဝကသမ္ပတ္တိ' နှင့် ပြည့်စုံနေသည်မှာ အလွန်ထင်ရှားလေသည်။

ထိုသို့သော '**သာဝကသမ္ပတ္တိ**' နှင့် ပြည့်စုံသော အရှင်အာနန္ဒာသည် ထိုသို့ ဗြဟ္မဇာလသုတ်တော်ကို နာကြားရာ၌ တစ်ဆင့်ကြားလည်း မဟုတ်။ အဆက်ဆက် မှတ်သားထားခြင်းလည်း မဟုတ်ဘဲ ရှင်တော်ဗုဒ္ဓ မျက်မှောက်တော်မှ ကိုယ်တိုင်နာယူခဲ့ခြင်း ဖြစ်ကြောင်းကို '**မေ သုတံ**' ပါဠိဖြင့် ထင်ရှားစွာ ပြလိုက်လေသည်။

(၃) '**ကာလသမ္ပတ္တိ**' ဘဂဝါသဒ္ဒါ၏ အနီး၌ယှဉ်စပ်အပ်သော '**ဧကံ သမယံ**' အခါတစ်ပါး၌ဟု ဆိုသဖြင့် ထိုအခါသည် ဗုဒ္ဓပွင့်တော်မူခြင်းဖြင့် တန်ဆာဆင်အပ်သော အခါကောင်းဖြစ်သောကြောင့် '**ဧကံ သမယံ**' ဖြင့် '**ကာလသမ္ပတ္တိ**' ကာလ၏ ပြည့်စုံပုံကို ပြဆိုလေသည်။ မှန်၏။ 'ထိုကာလ, ဤကာလ, အကြင်ကာလ' စသည်ဖြင့် **ကာလတူသမျှတို့တွင် 'ဗုဒ္ဓပွင့်တော်မူချိန် – ဗုဒ္ဓုပ္ပါဒကာလ' သည် အသာဆုံး, အကောင်းဆုံး, အမွန်မြတ်ဆုံးကာလ ဖြစ်လေသည်။**

(၄) '**ဒေသကသမ္ပတ္တိ**' **ဧကံ သမယံ ဘဂဝါ** ၌ '**ဘဂဝါ**'ဟု ဒေသကပုဂ္ဂိုလ်ကို ညွှန်ပြသဖြင့် သတ္တလောကကြီး၌ **'တရားဟောပုဂ္ဂိုလ်တို့တွင် ဗုဒ္ဓသည်သာ သာလွန်အမြင့်မြတ်ဆုံးပုဂ္ဂိုလ်'** ဖြစ်သည်ဟု ညွှန်ပြလိုက်ခြင်း ဖြစ်သည်။ ထိုသို့ ညွှန်ပြလိုက်ခြင်းဖြင့် ဗြဟ္မဇာလ စသောတရားတော်ကို ဟောတော်မူသောပုဂ္ဂိုလ်သည် သာမညပုဂ္ဂိုလ်က ဟောကြားသောတရားမဟုတ်၊ ဗုဒ္ဓကိုယ်တိုင် ဟောကြားတော်မူအပ်သော တရားတော်ဖြစ်ကြောင်း သိစေလေသည်။

(၅) အထက်ပါ ဖော်ပြချက်များအရ ဗုဒ္ဓဟောကြားတော်မူအပ်သော 'ဓမ္မ, ဝိနယ'များသည် ယခုနှစ်ပေါင်း (၂၅၀၀)ကျော်သည့်တိုင်အောင် တည်ရှိနေခြင်းသည် အထောက်အထား အကြောင်းအရာ ခိုင်လုံမှုမရှိဘဲ တည်ရှိနေသည်မဟုတ်ဘဲ အဘက်ဘက်မှ လိုလေသေးမရှိအောင် အထောက်အထား ခိုင်လုံစွာဖြင့် ကျောက်တောင်ကြီးအလား တည်ရှိနေကြသည်မှာ ထင်ရှားလှပေသည်။

(၆) ထို့ကြောင့် ယခုလိုအခါသည် 'ကာလသမ္ပတ္တိ' ဗုဒ္ဓဟောတော်မူရာ ပိဋကသုံးပုံ အလုံးစုံ ပြည့်ပြည့်စုံစုံ ရှိနေသော အလွန်ကောင်းမွန်သော အခါကောင်းဖြစ်သည်။ ထိုအခါကောင်းသည် ပျော့ညံ့ညံ့အခါကောင်း မဟုတ်ဘဲ အရှိန်အဟုန်ကောင်းစွာဖြင့် ရှိနေသော အခါကောင်း ဖြစ်လေသည်။ ထို့ကြောင့် 'ဗုဒ္ဓုပ္ပါဒ်ဒီက နဝမခဏ' ခေါ် ထိုအကောင်းဆုံးသောအခါကို ကျော်လွန်မသွားစေဘဲ **အတုမရှိသော ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူအပ်သော တရားတော်များကို ရိုသေလေးစားစွာ သင်ယူမှတ်သား လိုက်နာကျင့်သုံးခြင်းကို ပြုသူများ ဖြစ်ကြပါကုန်လော့။**

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ အဒ္ဓါန မဂ္ဂပ္ပဋိပန္နော ဟောတိ။

အထက်ပါ ပါဠိတော်ပါဠ်၌ အဋ္ဌကထာဆရာသည် '**ဧဝံ မေ သုတံ ဧကံ သမယယံ ဘဂဝါ**' ပုဒ်များကို ဖွင့်ဆိုပြီး၍ '**အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ**' ၌ '**အန္တရာ**' ဟူသောပုဒ်ကို ဖွင့်ဆိုပြလေသည်။

အန္တရသဒ္ဒါသည် **ကာရဏအနက်၊ ခဏအနက်၊ စိတ္တအနက်၊ ဝေမဇ္ဈအနက်၊ ဝိဝရအနက်** စသည်တို့၌ ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၃၅)*

(၁) ကာရဏအနက်ဟော အန္တရသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ အန္တရသဒ္ဒါ၏ ကာရဏအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တဒန္တရံ ကောဇာနေယျ အညတြ တထာဂတာ *(အံ- ၂- ၃၀၈ / အံ- ၃- ၃၆၇)*

တထာဂတာ– ရှင်တော်ဗုဒ္ဓကို၊ အညတြ– ကြဉ်၍၊ ကော– အဘယ်သူသည်၊ တဒန္တရံ– တံ အန္တရံ– ထိုအကြောင်းကို၊ ဇာနေယျ– သိနိုင်ပါအံ့နည်း။

အထက်ပါပါဠိတော်သည် အင်္ဂုတ္တိုရ် ပါဠိတော်– ဒုအုပ်– ဓမ္မိကဝဂ်– မိဂ်သာလသုတ်၌ လည်းကောင်း၊ တအုပ်– အာကင်္ခဝဂ်– မိဂ်သာလသုတ်၌ လည်းကောင်း လာရှိလေသည်။ ထိုမိဂ်သာလသုတ်နှင့်စပ်၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာများ၏ ဖွင့်ဆိုချက်များ အနက်မှ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

မိဂ်သာလမည်သော အမျိုးသမီးတစ်ဦး၌ ပုရာဏမည်သော ဖခင်နှင့် ဣသိဒတ္တ အမည်ရှိသော အဖိုး နှစ်ဦးတို့ရှိလေသည်။

မိဂ်သာလာ၏ ဖခင်ဖြစ်သော ပုရာဏသည် မမြတ်သော မေထုန်အကျင့်ကို ရှောင်ကြဉ်ပြီး 'ဗြဟ္မစာရီ' မြတ်သောအကျင့်ကို ကျင့်သုံးနေလျက်ရှိသည်။ မိဂ်သာလာ၏ အဖိုးဖြစ်သူ ဣသိဒတ္တသည် မမြတ်သော မေထုန်အကျင့်ကို ရှောင်ကြဉ်မှုမရှိဘဲ မိမိမယား ဖြင့်သာ ပေါင်းသင်းဆက်ဆံလျက် ရှိနေသည်။ ထိုပုဂ္ဂိုလ်နှစ်ဦး ကွယ်လွန်သောအခါ၌ နှစ်ဦးလုံး 'သကဒါဂါမိဖိုလ်သို့ ရောက်ပြီး တုသိတာဘုံ၌ ဖြစ်လေသည်' ဟု ဗုဒ္ဓမိန့်ကြားတော်မူလေသည်။

ထို့ကြောင့် မိဂ်သာလာ အမျိုးသမီးသည် –

(၁) ဖခင်ဖြစ်သူ ပုရာဏက မေထုန်အကျင့်ကို ရှောင်ကြဉ်သည်။

(၂) အဖိုးဖြစ်သူ ဣသိဒတ္တက မေထုန်အကျင့်ကို မရှောင်ကြဉ်။

သို့ဖြစ်ပါလျက် ကွယ်လွန်သောအခါ၌ သကဒါဂါမိဖိုလ်သို့ ရောက်ပုံခြင်းလည်း တူသည်။ တုသိတာဘုံ၌ ဖြစ်ပုံခြင်းလည်း တူသည်။ ထိုအချက်ကို မိဂ်သာလာ မသိနားမလည် ဖြစ်သောကြောင့် အရှင်အာနန္ဒာအား လျှောက်ထားရာ အရှင်အာနန္ဒာလည်း မသိနားမလည်သည်ဖြစ်၍ 'ဗုဒ္ဓ ထိုသို့မိန့်ဆိုကြောင်းတော့ ဟုတ်သည်' ဟူ၍ ပြောဆိုပြီးနောက် ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်ထား လေသည်။ ထိုအခါ ဗုဒ္ဓက အရှင်အာနန္ဒာအား အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

'အာနန္ဒာ မိဂ်သာလာလို မိန်းမဉာဏ်ပညာမျိုးဖြင့် ယောကျာ်းပုဂ္ဂိုလ်နှစ်ဦးတို့၏ ဣန္ဒြေအနု, အရင့်ကို မသိနိုင်ကြောင်း ဤကဲ့သို့ အရာမျိုး၌ ဗုဒ္ဓမှတပါး အခြားသူမသိနိုင်ကြောင်း' မိန့်ကြားတော်မူလေသည်။

မိဂ်သာလာ၏ ဖခင်ဖြစ်သူ ပုရာဏသည် မိဂ်သာလာ၏ အဖိုးဖြစ်သူ ဣသိဒတ္တထက် သီလအရာ၌ သာလွန်သည်။ မိဂ်သာလာ၏ အဖိုးဖြစ်သူ ဣသိဒတ္တသည် မိဂ်သာလာ၏ အဖဖြစ်သူ ပုရာဏထက် ပညာအရာ၌ သာလွန်သည်။

သို့ဖြစ်၍ သီလသာလွန်ခြင်းကြောင့် ပုရာဏသည် သကဒါဂါမိဖိုလ်သို့ရောက်ပြီး တုသိတာဘုံ၌ ဖြစ်သည်။ ပညာသာလွန် ခြင်းကြောင့် ဣသိဒတ္တသည် သကဒါဂါမိဖိုလ်သို့ ရောက်ပြီး တုသိတာဘုံ၌ ဖြစ်ရသည်။

ဆိုလိုသည်မှာ ပုရာဏ၏ သီလသည် သီလသာလွန်ခြင်းကြောင့် ဣသိဒတ္တ၏ ပညာအရာ၌ တည်လေသည်။ ဣသိဒတ္တ၏ ပညာသည် ပညာသာလွန်ခြင်းကြောင့် ပုရာဏ၏ သီလအရာ၌ တည်လေသည်။ ထို့ကြောင့် သကဒါဂါမိဖိုလ်သို့ ရောက်ရခြင်းတူပြီး တုသိတာဘုံ၌ အဖြစ်ခြင်း တူရလေသည်။

ဤအရာမျိုး၌ ရှင်တော်ဗုဒ္ဓမှတပါး အခြားမည်သူမျှ မသိနိုင်ပေ။ ထို့ကြောင့် ပါဠိတော်၌–

တဒန္တရံ ကောဇာနေယျ အညတြ တထာဂတာ

တထာဂတာ– ရှင်တော်ဗုဒ္ဓကို၊ အညတြ– ကြဉ်ထား၍၊ ကော– အဘယ်သူသည်၊ တဒန္တရံ– တံ အန္တရံ– ထိုအကြောင်းကို သိနိုင်ပါအံ့နည်း။

ကာရဏာအနက်ဟော အန္တရသဒ္ဒါက ဆုံးမြဩဝါဒပေးပုံ၊ တရားဟောပုံသဘော (၁)

(၁) တရားထူးရပုံ သဘောများကိုလည်းကောင်း၊ တမလွန်ဘဝ၌ ဖြစ်ရပုံများကိုလည်းကောင်း ထိုဖြစ်ရပုံ အကြောင်းများကို ဗုဒ္ဓမှတပါး အရှင်သာရိပုတြာမှစ၍ အခြားမည်သည့် လူ, နတ်, ဗြဟ္မာ သတ္တဝါမှ တိတိကျကျ မိမိရရ မသိမမြင်နိုင်ကြပေ။

(၂) ထို့ကြောင့် ထိုကဲ့သို့ ကိစ္စများနှင့်စပ်၍ သိသယောင် ပြောဆို၊ ပြုမူကြမည်ဆိုလျှင် ကြောက်မက်ဖွယ်ကောင်းသော အပြစ်ကြီးတစ်ခုကို ကျူးလွန်သကဲ့သို့ ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် သိသယောင် ပြောဆိုခြင်းကို ရှောင်ရှားကြပါကုန်လော့။

(၃) ရှင်တော်ဗုဒ္ဓသည် သီလ, သမာဓိ, ပညာ စသည်တို့၌လည်းကောင်း၊ မေတ္တာ, ကရုဏာ စသည်တို့၌လည်းကောင်း အာသယာနုသယဉာဏ်, သဗ္ဗညုတဉာဏ်စသည်တို့၌လည်းကောင်း အတုမရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ အတုမရှိသော ရှင်တော်ဗုဒ္ဓက

တောကြားတော်မူထားအပ်သော တရားတော်များကို ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူသည့်အတိုင်းသာ လိုက်နာကြိုးကုတ်အားထုတ်ခြင်း ပြုကြပါကုန်လော့။

အဋ္ဌကထာဆရာသည် အန္တရာသဒ္ဒါ၏ ကာရဏအနက်၌ ဖြစ်ပုံသာဓကကို နောက်ထပ်တစ်ခု ထပ်မံ၍ ထုတ်ပြထားပြန်သည်။ ယင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဇနာ သင်္ဂမ္မ မန္တေန္တိ၊ မဉ္စ တဉ္စ ကိမန္တရံ *(သံ- ၁- ၂၀၇)*

ဇနာ- လူတို့သည်၊ သင်္ဂမ္မ- စုရုံး၍၊ မဉ္စ- တပည့်တော်မကို လည်းကောင်း၊ တဉ္စ- အရှင်ဘုရားကို လည်းကောင်း၊ မန္တေန္တိ- တိုးတိုးပြောဆိုကြကုန်၏။ အန္တရံ- အကြောင်းကား၊ ကိံ- အဘယ်နည်း။

အထက်ပါ ပါဠိရပ်သည် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်- ဝနသံယုတ်- ကုလဃရဏီသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့မှ ဖွင့်ဆိုချက်များအနက် ဤ၌ လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရဟန္တာကို အထင်မှား၍ လျှောက်ခြင်း

ရဟန်းတော် တစ်ပါးသည် ရှင်တော်ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းတောင်း၍ ကောသလတိုင်းရှိ တောအုပ်အတွင်း၌ ရဟန်းတရားအားထုတ်လျက်ရှိရာတွင် ဆွမ်းခံရွာ အိမ်တစ်အိမ်မှ လင်မယားနှစ်ယောက်သည် ထိုရဟန်း၏ ကြည်ညိုဖွယ်ရာ ဣရိယာပုတ်၌ အလွန်ကြည်ညိုကြသည်ဖြစ်၍ သူတို့၏ အိမ်၌သာလျှင် ဆွမ်းဖြင့် လုပ်ကျွေးသမှု ကောင်းစွာလျှော်နိုးဆပ်ကပ်ပြုစုလေသည်။

ထိုရဟန်းလည်း ထိုလင်မယားတို့၏ ဆွမ်းလုပ်ကျွေးမှုကို အကြောင်းပြု၍ ဆွမ်းဖြင့် မပင်မပန်းရှိလေသောကြောင့် ရဟန်းတရားကြိုးစားအားထုတ်လေရာ မကြာမီ ရဟန္တာ အဖြစ်သို့ ရောက်ရှိလေသည်။ ကျေးဇူးများသောကြောင့် လည်းကောင်း၊ ကောင်းမှုကုသိုလ်တိုးပွားစေခြင်း အကျိုးငှာလည်းကောင်း တခြားအိမ်သို့ ဆွမ်းခံမကြွတော့ဘဲ ထိုအိမ်၌ပင် အမြဲဆွမ်းခံကြွလေတော့သည်။

တောအုပ်အတွင်းမှ တောစိုးနတ်သားတစ်ဦးသည် သည်ထက်ကြာကြာ ဆွမ်းခံကြွနေလျှင် ထိုအိမ်ရှိ ဒါယိကာမနှင့် ဖောက်ဖောက်ပြန်ပြန်ဖြစ်မည်ကို စိုးရိမ်သောကြောင့် လည်းကောင်း၊ ထိုရဟန်းအပေါ်၌ ငဲ့ညှာသနားမှုကို ထောက်ရှုသဖြင့် လည်းကောင်း၊ ထိုရဟန်း၏ အကျိုးစီးပွါးကို လိုလားသဖြင့် လည်းကောင်း၊ ရဟန္တာဖြစ်မှန်းကို မသိသောကြောင့် လည်းကောင်း၊ ထိုရဟန်း၏ ရည်ရွယ်ချက် စေတနာကို နားမလည်သောကြောင့် လည်းကောင်း ထိုအိမ်က အမျိုးသမီးအသွင် ဖန်ဆင်းပြီး ထိုရဟန်းသည် ထိုအိမ်မှ ဆွမ်းခံအပြန် လမ်းခရီးအကြား၌ အောက်ပါဂါထာဖြင့် သတိပေးလျှောက်ကြားလေသည်။

နဒီတီရေသု သဏ္ဌာနေ၊ သဘာသု ရထိယာသု စ၊
ဇနာ သင်္ဂမ္မ မန္တေန္တိ၊ မဉ္စ တဉ္စ ကိမန္တရံ။ *(သံ- ၁- ၂၀၇)*

ဘိက္ခု- ရဟန်း၊ နဒီတီရေသု- မြစ်ကမ်းနားတို့၌ လည်းကောင်း၊ သဏ္ဌာနေ- အပန်းဖြေနားနေရာအရပ်၌ လည်းကောင်း၊ သဘာသု- လူစုဝေးရာ ဇရပ်တို့၌ လည်းကောင်း၊ ရထိယာသု စ- လမ်းမ လမ်းဆုံတို့၌ လည်းကောင်း၊ ဇနာ- လူအပေါင်းတို့သည်၊ သင်္ဂမ္မ- စုရုံးကြကုန်၍၊ မဉ္စ- တပည့်တော်မ၏ အကြောင်းကိုလည်းကောင်း၊ တဉ္စ- အရှင်ဘုရား၏ အကြောင်းကိုလည်းကောင်း၊ အန္တရံ- ဤဒါယိကာမနှင့် ဤရဟန်း၏ အကြောင်းကား၊ ကိံ- အဘယ်သို့ ဖြစ်နေသနည်း၊ ဣတိ- ဤသို့ မန္တေန္တိ- တိုးတိုးပြောဆိုနေကြကုန်၏။ ဣတိ- ဤသို့၊ ဂါထာယ- ဂါထာဖြင့်၊ အဇ္ဈဘာသိ- လျှောက်ကြားလေပြီ။

ရဟန္တာအရှင်မြတ်သည် တောစိုးနတ်သားအား အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူလေသည်။

ဗဟူဟိ သဒ္ဒါ ပစ္စူဟာ၊ ခမိတဗ္ဗာ တပဿိနာ၊
နတေန မင်္ကု ဟောတဗ္ဗံ၊ နဟိ တေန ကိလိဿတိ။

ကုလဃရဏီ- ကုလဃရဏီမည်သော အိမ်ရှင်မ၊ လောကေ- လောက၌၊ ပစ္စူဟာ- ဆန့်ကျင်ဘက်ဖြစ်ကုန်သော၊ သဒ္ဒါ- စကားသံတို့သည်၊ ဗဟူဟိ- များကုန်သည်သာလျှင်တည်း၊ တပဿိနာ- ခြိုးခြံစွာ ကျင့်လေ့ရှိသော ရဟန်းသည်၊ ခမိတဗ္ဗာ- သည်းခံအပ်၏၊ တေန- ထိုဆန့်ကျင်ဘက်စကားကြောင့်၊ မင်္ကု- မျက်နှာမသာမယာသည်၊ နဟောတဗ္ဗံ- မဖြစ်ရာ၊ တေန- ထို

ဆန့်ကျင်ဘက် စကားသံကြောင့်၊ **နကိလိဿတိ-** မညစ်နွမ်းနိုင်သည်သာတည်း၊ **ဣတိ-** ဤသို့ ရဟန်းက မိန့်ကြားတော်မူလိုက်လေပြီ။

ကာရဏာအနက်ဟော အန္တရသဒ္ဒါက တရားဟောပုံ၊ ဆုံးမဩဝါဒပေးပုံ သဘော (၂)

(၁) ဤ၌ ရဟန်းဟူသည် ပရိယတ်, ပဋိပတ် သာသနာကို အားထုတ်ရန်အတွက် မျှတသော ဆွမ်းအာဟာရကို သုံးဆောင်ခွင့်ရရန် လိုအပ်ကြောင်းမှာ ထင်ရှားလှပါသည်။ အထက်ပါရဟန်းတော်သည် မျှတသော ဆွမ်းအာဟာရကြောင့် ရဟန်းတရားကို အားထုတ်ပြီး ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။ ယင်းကို သာဓကထား၍ ဒါယကာ, ဒါယိကာမတို့သည် ဆွမ်းလောင်းလှူကြရာတွင် ပရိယတ်, ပဋိပတ် သာသနာနှစ်ရပ်ကို အားမထုတ်သောရဟန်းကို ဆွမ်းလောင်းလှူရခြင်းထက် ပရိယတ်, ပဋိပတ် သာသနာနှစ်ရပ်ကို တကယ်ကြိုးပမ်း အားထုတ်ကြကုန်သော ရဟန်းတို့အား ဆွမ်းကပ်လှူဒါန်းခြင်းက ပို၍အကျိုးကြီးကြောင်း အထူးသတိပြုကြရမည်ဖြစ်သည်။ ထို့ကြောင့် **ဗုဒ္ဓ၏ သာသနာကို ထွန်းပြောင်စေနိုင်သော ပရိယတ်, ပဋိပတ် သာသနာနှစ်ရပ်ကို ကြိုးစားအားထုတ်နေကြကုန်သော ရဟန်းတို့အား ဆွမ်းလှူဒါန်း ဆက်ကပ်ခြင်းတို့ကို ပြုတတ်ကြပါကုန်လော့။**

(၂) ထိုအိမ်ရှင် လင်မယားတို့၏ ဆွမ်းအာဟာရကြောင့် ရဟန္တာဖြစ်ရသည့်အတွက် ၎င်းတို့၏ ကျေးဇူးကို ထောက်ရှု၍လည်းကောင်း၊ ကောင်းမှုကုသိုလ် တိုးပွါးစေလို၍ လည်းကောင်း ထိုရဟန္တာအရှင်မြတ်သည် ထိုအိမ်ရှင်များ၏ ဆွမ်းအာဟာရကို အမြဲခံယူခြင်း ပြုလေသည်။ ထို့ကြောင့် **ရဟန်းသည် မိမိတို့၏ ပစ္စည်းလေးပါး ဒါယကာ, ဒါယိကာမတို့အား မေတ္တာ, ကရုဏာ, ခန္တီ တရားများကို ရှေးထား၍ စောင့်ရှောက်မှု ပြုကြပါကုန်လော့။**

(၃) သို့ရာတွင် ရဟန်းဟူသည် တစ်ဦးတစ်ယောက်၏ ကုသိုလ်ကောင်းမှု တိုးပွါးရန်အတွက် မဟုတ်ဘဲ အများဒါယကာ, ဒါယိကာမတို့၏ ကောင်းမှုကုသိုလ် တိုးပွါးရန်ကိုလည်း ငဲ့ရှုရဦးမည်ဖြစ်သည်။ ထိုရဟန္တာသည် အများကိုမငဲ့ဘဲ တစ်ဦးတစ်ယောက်၏ အကျိုးကို ငဲ့လွန်းသည့်အတွက် တောစိုးနတ်သား၏ စိုးရိမ်လွန်ကဲမှုကြောင့် ကဲ့ရဲ့ပြစ်တင်ခြင်း၊ သတိပေးခြင်းကို ခံရလေသည်။ ထို့ကြောင့် **ရဟန်းဟူသည် ကျေးဇူးများသူတို့အား ဦးစားပေး၍ ငဲ့ရှုပြီးနောက် အများဒါယကာ, ဒါယိကာမတို့အားလည်း ငဲ့ရှုမှုကို ပြုကြပါကုန်လော့။**

(၄)အရာရာ၌ အစိုးရိမ်လွန်ကဲခြင်း၊ မစူးမစမ်း ပြောဆိုပြုလုပ်ခြင်းတို့သည် မိမိထင်သည့်အတိုင်း အကျိုးမဖြစ်ဘဲ အပြစ်သာ ဖြစ်သွားတတ်သည်ကို သတိပြုကြရမည် ဖြစ်သည်။ တောစိုးနတ်သည် ရဟန္တာကို ရဟန္တာမှန်းမသိသည့်အတွက် ပြစ်တင်ကဲ့ရဲမိသော အပြစ်သို့ ရောက်ရှိသွားလေသည်။ ထို့ကြောင့် **စေတနာပင် ကောင်းစေဦးတော့၊ အစိုးရိမ်လွန်ကဲခြင်း၊ မစူးမစမ်း ပြောဆိုပြစ်တင် ဝေဘန်ခြင်းသည် အပြစ်ဖြစ်သောကြောင့် ထိုအပြစ်မျိုးမဖြစ်အောင် ရှောင်ရှားကြပါကုန်လော့။**

(၅) ရဟန္တာဖြစ်သော နတ်, ဗြဟ္မာများသည် ရဟန္တာကို ရဟန္တာဟု သိမြင်နိုင်ကြပေသည်။ ရဟန္တာမဟုတ်သော အချို့နတ်တို့သည် ရဟန္တာကို ရဟန္တာမှန်းသိရန် မလွယ်ကူလှပေ။ နတ်တို့တောင် ရဟန္တာမှန်းမသိလျှင် သာမန်ပုထုဇဉ်လူသားတို့သည် အဘယ်သို့လျှင် ရဟန္တာမှန်း သိနိုင်ကြပါမည်နည်း၊ ထို့ကြောင့် **လူသားအပေါင်းတို့သည် လည်းကောင်း၊ ရဟန်းအချင်းချင်းတို့သည် လည်းကောင်း၊ ရဟန်းတစ်ပါးကို လည်းကောင်း၊ ရဟန်းသံဃာကို လည်းကောင်း အထောက်အထားမခိုင်လုံဘဲ အခြေအမြစ်မရှိဘဲ စွပ်စွဲပြစ်တင် ကဲ့ရဲ့စကား ပြောမှားခြင်း မဖြစ်ရလေအောင် ထိန်းသိမ်းကြပါကုန်လော့။**

(၆) လူ့လောက၌ ပြစ်တင်ဝေဘန်တတ်ခြင်းသည် ဓမ္မတာတရားတစ်ခု ဖြစ်ချေသည်။ မည်သူမျှ ကဲ့ရဲ့ပြစ်တင် ဝေဘန်ပြောဆိုခြင်းမှ လွတ်မြောက်သောသူဟူ၍ မရှိပေ။ **မိမိဘက်က အကျိုးရှိသော လုပ်ရပ်ဖြစ်အောင်၊ မှန်ကန်သော လုပ်ရပ်ဖြစ်အောင်၊ အပြစ်ကင်းသော လုပ်ရပ်ဖြစ်အောင် ပြောဆိုလုပ်ကိုင်ရန် လိုအပ်ပါသည်။ ထိုသို့ ပြောဆိုလုပ်ကိုင်ပါလျက် အပြစ်တင်ခြင်း၊ ကဲ့ရဲ့ခြင်း၊ ဝေဘန်ခြင်းခံကြရပါလျှင် မိမိ၏ အကျိုးရှိသော၊ မှန်ကန်သော၊ အပြစ်ကင်းသော လုပ်ရပ်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထား၍ ကြောက်ရွံ့စိုးထိတ်ခြင်း အနည်းငယ်မျှမရှိဘဲ ဖြေရှင်းမှုကို ပြုတတ်ကြပါကုန်လော့။**

(၂) ခဏာ အနက်ဖော အန္တရာယဒွါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အန္တရာယ်၏ ကာရဏအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အန္တရာယ်၏ ခဏအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အဒ္ဒသ မံ ဘန္တေ အညတရာ ဣတ္ထီ ဝိဇ္ဇန္တရိကာယ ဘာဇနံ ဓောဝန္တီ *(မ- ၂- ၁၁၂)*

ဘန္တေ- ရှင်တော်ဘုရား၊ အညတရာ- တစ်ယောက်သော၊ ဣတ္ထီ- မိန်းမသည်၊ ဝိဇ္ဇန္တရိကာယ- ဝိဇ္ဇုအန္တရိကာယ- လျှပ်စစ်ပျက်ဆဲခဏ၌၊ ဘာဇနံ- အိုးခွက်ကို၊ ဓောဝန္တီ- ဆေးနေစဉ်၊ မံ- တပည့်တော်ကို၊ အဒ္ဒသ- မြင်လေပြီ။

အထက်ပါပါဠိရပ်သည် မဇ္ဈိမပဏ္ဏာသ ပါဠိတော်- ဘဒ္ဒါလိသုတ်- လဋုကိကောပမသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၏ ဖွင့်ဆိုချက်များမှ ဂျ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ညစာစားခြင်းအပြစ်များနှင့် ညစာကို ရှောင်ကြဉ်ခြင်း အကျိုးများ

နေ့လွဲညစာစားခြင်းဟူသော ဝိကာလဘောဇနာ သိက္ခာပုဒ်ကို ရှင်တော်ဗုဒ္ဓ မပညတ်မီ အချိန်ကာလက အချို့ရဟန်းများသည် နံနက်အချိန်အခါ၌လည်း ဆွမ်းခံ၍ စားကြသည်။ ညအချိန်အခါ၌လည်း ဆွမ်းခံ၍ စားကြသည်။ ရင်းနှီးသော ဒါယကာ, ဒါယိကာမတို့က ဆက်ကပ်လှူဒါန်းကြ၍လည်း ညစာကို စားသုံးလေ့ရှိကြလေသည်။

ထိုနောက်ကာလ၌ ရဟန်းကောင်းတို့က ဝိုင်းဝန်းကဲ့ရဲ့ကြသဖြင့် လည်းကောင်း၊ လူအပေါင်းတို့ ကြည်ညိုဖွယ် မဖြစ်နိုင်သော ကြောင့်လည်းကောင်း ရှင်တော်ဗုဒ္ဓသည် ‘ညစာ မစားရန်’ သိက္ခာပုဒ်ပညတ်၍ တားမြစ်တော်မူလေသည်။

ထိုတားမြစ်တော်မူချက်ကို အချို့ရဟန်းတို့သည် ‘ဗုဒ္ဓသည် အသေးအဖွဲကလေးတွေကစပြီး အရာရာလိုက်၍ ပိတ်ပင် တားမြစ်နေသည်’ ဟူသော အဓိပ္ပါယ်ဖြင့် စိတ်ထဲမှာ မကျေမနပ် ဖြစ်ကြလေသည်။

နောက်တစ်ချက်မှာလည်း နံနက်စာ, ညစာ နှစ်မျိုးရှိရာ၌ လူတို့သည် စားကောင်းသောက်ဖွယ်များကို ညအခါ၌သာ အများအားဖြင့် စားသောက်လေ့ရှိကြလေသည်။ ‘ညစာ မစားရ’ ဟူ၍ ဗုဒ္ဓက တားမြစ်သောအခါ ‘ငါတို့တော့ မွန်မြတ်သော အာဟာရတွေကို သုံးဆောင်ခွင့် မရတော့ဘူး’ ဟူသော သဘောဖြင့်လည်း မကျေမနပ် ဖြစ်လေသည်။ ထိုအထဲတွင် အရှင်ဥဒါယီ မထေရ်တစ်ပါးလည်း အပါအဝင် ဖြစ်လေသည်။

သို့ရာတွင် အရှင်ဥဒါယီသည် စိတ်ထဲက ဗုဒ္ဓအပေါ် မကျေမနပ် ဖြစ်နေသော်လည်း ဗုဒ္ဓကို လေးစားကြည်ညို မြတ်နိုးမှုရှိသော ကြောင့် ဗုဒ္ဓတားမြစ်ချက်ကို ကောင်းစွာလိုက်နာ ကျင့်သုံးသောအားဖြင့် ရဟန်းတရား ကြိုးစားအားထုတ်လေရာ ရဟန္တာအဖြစ်သို့ ရောက်သွားပြီးနောက် ဖလသမာပတ်ချမ်းသာဖြင့် ကောင်းစွာနေနိုင်သောကြောင့် ဗုဒ္ဓ၏ကျေးဇူးတွေကို အောက်ပါအတိုင်း သိမြင်လေ သည်။

ညစာစားခြင်းကို ဗုဒ္ဓက မတားမြစ် မပညတ်မီ ရှေးအခါက အချို့ရဟန်းတို့သည် နံနက်စာအတွက်လည်း ဆွမ်းခံထွက်ကြရ သည်။ ညဘက်မှာလည်း ဆွမ်းခံထွက်ကြရသည်။ ညအခါ ဆွမ်းခံလှည့်လည်ကြသော ရဟန်းတို့သည်-

(၁) အညစ်အကြေး စွန့်ရာသို့လည်း ဝင်မိကြသည်။

(၂) ရွံ့ညွန်ထဲသို့ ကျွံနစ်၍လည်း ကျလေသည်။

(၃) ဆူးခလုတ်များကိုလည်း တိုက်မိ, နင်းမိကြလေသည်။

(၄) အိပ်နေသော နွားမများကိုလည်း တက်နင်းမိကြသည်။

(၅) သူခိုးတို့နှင့်တွေ့၍ အသတ်ခံရသော ရဟန်းတို့လည်း ရှိကြလေသည်။

(၆) အချို့သော မာတုဂါမတို့သည် မေထုန်အကျင့်ဖြင့်လည်း ဖိတ်ခေါ်ကြလေသည်။

(၇) အရှင်ဥဒါယီကိုယ်တိုင် မှောင်မိုက်ထဲ ဆွမ်းခံကြွရာ လျှပ်စစ်လက်လိုက်သော ခဏလေးအချိန်တွင် ထမင်း, ဟင်းခွက်များကို ဆေးကြောနေသော မိန်းမတစ်ယောက်သည် အရှင်ဥဒါယီကို လက်ကနဲ မြင်လိုက်သည်ဖြစ်၍ ‘အမယ်လေး၊ ကိုယ်ကျိုးနည်းပါပြီ၊

ဘိလူးကြီး ဘိလူးကြီး’ ဟူ၍ လန့်အော်လိုက်လေသည်။ ထိုအခါ အရှင်ဥဒါယီက–

‘နမ ငါသည် ဘိလူးမဟုတ်၊ ဆွမ်းရပ်သော ရဟန်းတည်း’ဟု ပြန်လည်ပြောဆိုလိုက်သောအခါ ထိုမိန်းမက–

‘အရှင်ရဟန်း၊ မိဘမဲ့လေယောင်တကား။ အရှင်ရဟန်း၊ မိဘမဲ့လေယောင်တကား။ အရှင်ရဟန်း ထက်လှစွာသော ဓားငယ်ဖြင့် အရှင်ရဟန်း၏ ဝမ်းဗိုက်ကို ထိုးဖောက်ခြင်းက မြတ်ပါသေးသည်။ ညဉ့်မှောင်မိုက်၌ ဝမ်းဟူသော အကြောင်းကြောင့် ဆွမ်းခံလှည့်လည်ခြင်းသည် မမြတ်သည်သာတည်း’ဟု ပြောဆိုလေသည်။ ထိုကဲ့သို့ ပြောဆိုပြစ်တင် ကြိမ်းမောင်းခြင်းကိုလည်း ခံရလေသည်။

ထိုခေတ်က မိဘတို့သည် ညစာအတွက် ညဘက်တွင် အိမ်လည်ပတ်ခြင်း မပြုရဘဲ သားသမီးတို့အား ညစာကို ကောင်းမွန်စွာ ကျွေးပြီး အိပ်စေလေသည်။ ၎င်းကို ရည်ရွယ်၍ ထိုမိန်းမက ‘မိဘမဲ့လေယောင်တကား’ဟု ပြောဆိုမောင်းမဲ ပြစ်တင်လိုက်ခြင်း ဖြစ်သည်။

အရှင်ဥဒါယီသည် ယခုအခါ၌ ဗုဒ္ဓပညတ်တော်မူကတည်းက ညစာစားခြင်းကို ရှောင်ကြဉ်ချိန်မှစ၍ အထက်ပါအပြစ် (၇)မျိုးတို့မှ လွတ်မြောက်သည့်အပြင် ခန္ဓာကိုယ်လည်းပေါ့ပါး၊ ကျန်းမာခြင်းလည်း ပိုကောင်းလာ၊ တရားအားထုတ်ချိန်လည်း ပိုရလေသည်ဖြစ်သောကြောင့် တရားကို ကြိုးစားအားထုတ်လေရာ မကြာမီ ရဟန္တာအဖြစ်သို့ရောက်ပြီး ဖလသမာပတ်သုခဖြင့် နေနိုင်သော အဆင့်သို့ ရောက်ရှိသွားချိန်ကျမှ ညစာစားခြင်းဖြင့် တွေ့ကြုံရသော အထက်ပါ ဒုက္ခတွေကိုလည်းကောင်း၊ ညစာစားခြင်းကို ရှောင်ကြဉ်သည့်အတွက် တွေ့ကြုံရသော ချမ်းသာသုခ အဆင့်ဆင့်ကိုလည်းကောင်း ပိုင်းခြားထင်ထင် သိမြင်သည်ဖြစ်၍ ဗုဒ္ဓ၏ ကျေးဇူးတရားကို အောက်ပါအတိုင်း သိမြင်လေတော့သည်။

ဗဟူနံ ဝတ နော ဘဂဝါ ဒုက္ခဓမ္မာနံ အပဟတ္တာ၊ ဗဟူနံ ဝတ နော ဘဂဝါ သုခဓမ္မာနံ ဥပဟတ္တာ၊ ဗဟူနံ ဝတ နော ဘဂဝါ အကုသလာနံ ဓမ္မာနံ အပဟတ္တာ၊ ဗဟူနံ ဝတ နော ဘဂဝါ ကုသလာနံ ဓမ္မာနံ ဥပဟတ္တာ။ *(မ- ၂- ၁၁၂)*

(၁) နော– ငါတို့၏ ဘဂဝါ– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဗဟူနံ– များစွာကုန်သော၊ ဒုက္ခဓမ္မာနံ– ဆင်းရဲသဘောတို့ကို၊ ဝတ– စင်စစ်၊ အပဟတ္တာ– ပယ်ရှားတော်မူနိုင်ပါပေစွတကား။

(၂) နော– ငါတို့၏ ဘဂဝါ– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဗဟူနံ– များစွာကုန်သော၊ သုခဓမ္မာနံ– ချမ်းသာသဘောတို့ကို၊ ဝတ– စင်စစ်၊ ဥပဟတ္တာ– ဆောင်ရွက်တော်မူနိုင်ပါပေစွတကား။

(၃) နော– ငါတို့၏ ဘဂဝါ– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဗဟူနံ– များစွာကုန်သော၊ အကုသလာနံ– အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ– တရားတို့ကို၊ ဝတ– စင်စစ်၊ အပဟတ္တာ– ပယ်ရှားတော်မူနိုင်ပါပေစွတကား။

(၄) နော– ငါတို့၏ ဘဂဝါ– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဗဟူနံ– များစွာကုန်သော၊ ကုသလာနံ– ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ– တရားတို့ကို၊ ဝတ– စင်စစ်၊ ဥပဟတ္တာ– ဆောင်ရွက်ပေးတော်မူနိုင်ပါပေစွတကား။

ဣတိဝေ– ဤသို့ စေတောပရိဝိတက္ကော– စိတ်အကြံသည်၊ ဥဒပါဒိ– ထင်ရှားဖြစ်လေပြီ။

ခဏာ အနက်ပေဘာ အန္တရသဒ္ဒါက ဆုံးမညြဝါဒပေးပုံ၊ တရားပေဘာပုံသဘော

(၁) နံနက်ပိုင်း၊ ညနေပိုင်းဟူ၍ နှစ်ပိုင်းရှိသည့်အနက် လောကီလူသားအပေါင်းတို့သည် နံနက်ပိုင်းအချိန်အခါ၌လည်း နံနက်စာ စားကြသည်။ ညနေပိုင်းအချိန်အခါ၌လည်း ညနေစာ စားကြသည်။ ထိုသို့ စားနိုင်ရေးအတွက် မနေမနား အလုပ်တွေ လုပ်ကြရသည်။ အလုပ်လုပ်ရာ၌ အဆင်ပြေလျှင် ဝမ်းသာရပြီး အဆင်မပြေသောအခါ ဝမ်းနည်းကြရသည်။ စိတ်ဆင်းရဲကြရသည်။ ထို့ကြောင့် ညနေပိုင်း၌ ညစာစားခြင်းကို ရှောင်ကြဉ်နိုင်လျှင် အလုပ်လုပ်ရခြင်းဒုက္ခ၊ စိတ်ဆင်းရဲခြင်းဒုက္ခ တစ်ဝက်သက်သာသွားမည် ဖြစ်သည်။ **ထို့ကြောင့် ညစာစားခြင်းကို ရှောင်ကြဉ်ကြပါကုန်လော့။**

(၂) ညစာစားခြင်းကို ရှောင်ကြဉ်နိုင်သူတို့အတွက် ဆန်, ဆီ, ဆားစသော လှူဖွယ်ဝတ္ထုများ ပိုထွက်လာမည်။ ထိုလှူဖွယ်ဝတ္ထုများကို စုဆောင်းလှူဒါန်းခြင်းဖြင့် ကုသိုလ်ကောင်းမှုတို့ အဆင့်ဆင့်တိုးပွားလာနိုင်ပေသည်။ ထိုကုသိုလ်ကို ပြုလုပ်လိုသော **အားဖြင့်လည်း ညစာစားခြင်းကို ရှောင်ကြဉ်ကြပါကုန်လော့။**

(၃) ဥပုသ်စောင့်သောသူတို့သည် လည်းကောင်း၊ ရဟန်း, ကိုရင်, သီလရှင်တို့သည်လည်းကောင်း ညစာစားခြင်းကို ရှောင်ကြဉ်ရသော သိက္ခာပုဒ်တော်ကို ထိန်းသိမ်းရလေသည်။ ထိုသို့ထိန်းသိမ်းခြင်းဖြင့် ကိစ္စများခြင်း ဒုက္ခကိုလည်း ရှောင်ပြီးသား ဖြစ်သွားသည်။ ကိစ္စနည်းခြင်း သုခကိုလည်း ရပြီးသား ဖြစ်သွားသည်။ လေးလံထိုင်းမှိုင်းခြင်း ဒုက္ခကိုလည်း ရှောင်ပြီးသား ဖြစ်သွားသည်။ ပေါ့ပါးလျင်မြန်ခြင်း သုခကိုလည်း ရပြီးသား ဖြစ်သွားသည်။ သမထဘာဝနာ, ဝိပဿနာဘာဝနာကို အားထုတ်ချိန်လည်း ပိုမိုရရှိလေသည်။ အချိန်ပိုရသည့် အားလျော်စွာ သမထဘာဝနာကို ကြိုးစားအားထုတ်ခြင်းဖြင့် စိတ်ပျံ့လွင့်မှု ဒုက္ခမှလည်း ကင်းဝေးသလို စိတ်တည်ကြည် ချမ်းသာကိုလည်း ရရှိနိုင်လေသည်။ ဝိပဿနာတရားကို အားထုတ်ခြင်းဖြင့် အကြမ်းစား ပုထုဇဉ် အဖြစ်ဟူသော အပြစ်မှ ကင်းလွတ်ခွင့် ရသလို ရုပ်, နာမ်ကို သိမြင်၍ စူဠသောတာပန် ဖြစ်ရသောအကျိုး၊ ရုပ်, နာမ်တို့၏ အဖြစ်ကိုလည်းကောင်း, အပျက်ကိုလည်းကောင်း သိမြင်၍ အမှန်ကို အမှန်အတိုင်း သိမြင်သော သမ္မာဒိဋ္ဌိဉာဏ်အသိကို ရရှိနိုင်သောအကျိုး ထို့နောက် သောတာပန်စသော အရိယာအဖြစ်သို့ ရောက်ရှိနိုင်သော အကျိုးများကို ရရှိနိုင်ပေသည်။ ထို့ကြောင့် ဥပုသ်စောင့်သုံးကြပြီးလျှင် **ဥပုသ်စောင့်သူ လူပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ရဟန်း, ကိုရင်, သီလရှင်တို့သည် လည်းကောင်း ညစာစားခြင်းကို ရှောင်ကြဉ်ပြီး ပိုထွက်လာသော အချိန်ကို အချည်းနှီး မဖြစ်ကြစေဘဲနှင့် သမထဘာဝနာ, ဝိပဿနာဘာဝနာများကို အားတက်သရော ကြိုးစားအားထုတ်လိုက်ကြပါကုန်လော့။**

(၃) စိတ္တ အနက်ဖော အန္တရသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အန္တရသဒ္ဒါ၏ ခဏအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အန္တရသဒ္ဒါ၏ စိတ္တအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ယဿန္တရတော န သန္တိ ကောပါ *(ခု- ၁- ၁၀၀)*

ယဿ- အကြင်ပုဂ္ဂိုလ်၏၊ **အန္တရတော**- စိတ်၌၊ **ကောပါ**- စိတ်ကို ဖျက်ဆီးတတ်သော ရာဂအစရှိသော ကိလေသာတို့သည်၊ **န သန္တိ**- မရှိကုန်။

အထက်ပါ ပါဠိရပ်သည် ခုဒ္ဒက နိကာယ်- ဥဒါန်းပါဠိတော်- ဘဒ္ဒိယသုတ်၌ လာရှိသည်။ ထိုသုတ်နှင့် စပ်၍ ပါဠိတော်, အဋ္ဌကထာတို့၏ ပြဆိုချက်များ အနက်မှ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် အနုပိယမြို့ သရက်တော၌ သီတင်းသုံးနေတော်မူဆဲ အချိန်ဖြစ်သည်။ ကာဠိဂေါဓာ သာကီဝင်မင်းသမီး၏ သားဖြစ်သော အရှင်ဘဒ္ဒိယ မထေရ်သည်မြတ်သည် တော၌နေသည်ဖြစ်စေ၊ သစ်ပင်ရင်း၌ နေသည်ဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်၌ နေသည်ဖြစ်စေ ဖလသမာပတ်၊ နိရောဓသမာပတ်ကို ဝင်စား၍ နေလေ့ရှိသည်။ ထိုသို့ ဝင်စားပြီးနောက် ထိုသမာပတ်မှ ထတိုင်းထတိုင်း **'အဟောသုခံ- ဪ ချမ်းသာပေစွ၊ အဟောသုခံ- ဪ ချမ်းသာပေစွ'**ဟူ၍ မပြတ်ဥဒါန်းကျူးလေ့ရှိလေသည်။

အချို့ပုထုဇဉ် ရဟန်းတို့သည် အရှင်ဘဒ္ဒိယ မထေရ်၏ ဖလသမာပတ်သုခ၊ နိရောဓသမာပတ်သုခဖြင့် နေသည်ကို နားမလည်ကြသည် ဖြစ်၍ 'ဤဘဒ္ဒိယသည် ရဟန်းဘဝ၌ မပျော်ပိုက်သည့် အတွက် လူ့ဘဝက ရှင်ဘုရင် စည်းစိမ်တို့ကို အဖန်ဖန် အောက်မေ့ပြီး ထိုသို့ ဥဒါန်းကျူးခြင်းဖြစ်သည်' ဟု ထင်မှတ်သောကြောင့် မိမိတို့၏ ထင်မှတ်ချက်ကို ရှင်တော်ဗုဒ္ဓအား လျှောက်ကြားလေသည်။

ရှင်တော်ဗုဒ္ဓသည် ဘဒ္ဒိယရဟန်းအား ခေါ်စေတော်မူပြီး ထိုရဟန်းတို့၏ ရှေ့၌ပင် စစ်ဆေးမေးမြန်းတော်မူသောအခါ ဥဒါန်းကျူးရင့်ရခြင်း၏ အကြောင်းရင်းကို ရှင်ဘဒ္ဒိယမထေရ်သည် ရှင်တော်ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

'ရှင်တော်ဗုဒ္ဓဘုရား တပည့်တော် ဘဒ္ဒိယသည် လူဖြစ်စဉ်အခါက နန်းတွင်း၌ နေသည်ဖြစ်စေ၊ မြို့ရွာတွင်းသို့ လှည့်လည်သည် ဖြစ်စေ များစွာသော အစောင့်အရှောက်တို့ကို အတွင်းအပြင် လုံခြုံအောင် စောင့်ရှောက်ထားသည် ဖြစ်ပါလျက် တပည့်တော်မှာ ကြောက်ရွံ့ထိတ်လန့် စိုးရိမ်စိတ်တွေ ရှိနေရပါသည်။ ရန်သူမင်းတွေကို အကြောင်းပြု၍လည်း ကြောက်ရွံ့ထိတ်လန့် စိုးရိမ်စိတ်တွေ ဖြစ်ရပါသည်။ တပည့်တော်ကို စောင့်ရှောက်နေသော အစောင့်အရှောက်တွေကလည်း သစ္စာဖောက်ပြီး အတွင်းရန်သူ အဖြစ်နှင့် လုပ်ကြံနိုင်သည်ကို အကြောင်းပြု၍လည်း ကြောက်ရွံ့ထိတ်လန့် စိုးရိမ်စိတ်တွေ ဖြစ်ရပါသည်။

ယခုအခါ၌မူကား တောမှာနေသည်ဖြစ်စေ၊ သစ်ပင်ရင်း၌ နေသည်ဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်၌ နေသည်ဖြစ်စေ အစောင့်အရှောက် ဟူ၍လည်းကောင်း၊ အကာအကွယ် ဟူ၍လည်းကောင်း လုံးဝမရှိဘဲ တစ်ဦးတည်း နေရစေကာမူ ကြောက်ရွံ့ထိတ်လန့်စိုးရိမ်စိတ် အနည်းငယ်မျှ မရှိမူ၍ စိတ်ချမ်းသာမှု အပြည့်အဝဖြင့် နေရသည်ဖြစ်၍ ထိုနှစ်ခုတို့၏ အခြေအနေကို အမှန်အတိုင်း နှိုင်းယှဉ်သုံးသပ်လျက် ကောင်းစွာသိမြင်သည် ဖြစ်သောကြောင့် ထိုကဲ့သို့ '**အဟောသုခံ- ဩော် ချမ်းသာလေစွ၊ အဟောသုခံ- ဩော် ချမ်းသာလေစွ**' ဟု ဥဒါန်းကျူးရင့်ခြင်း ဖြစ်ပါကြောင်း လျှောက်ထားလေသည်။

ထိုအခါ ရှင်တော်ဗုဒ္ဓ ကိုယ်တိုင်ကလည်း ဘဒ္ဒိယမထေရ်၏ ဥဒါန်းကျူးရင့်ပုံ အခြင်းအရာကို သဘောကျပြီး ဘဒ္ဒိယမထေရ်အား ထောက်ခံချီးမြှောက်သောအားဖြင့် အောက်ပါဥဒါန်းဂါထာဖြင့် ထပ်ဆင့်၍ ဥဒါန်းကျူးရင့်တော်မူပြန်လေသည်။

ယဿန္တရတော နသန္တိ ကောပါ၊
ဣတိ ဘဝါ ဘဝတဉ္စ ဝီတိဝတ္တော၊
တံ ဝိဂတဘယံ၊ သုခိံ အသောကံ၊
ဒေဝါ နာနုဘဝန္တိ၊ ဒဿနာယ။ *(ခု- ၁- ၁၀၀)*

ယဿ- အကြင်ပုဂ္ဂိုလ်၏၊ **အန္တရတော**- အတွင်းစိတ်၌၊ **ကောပါ**- အမျက်ဒေါသတို့သည်၊ **နသန္တိ**- မရှိကုန်။ **ဣတိ**- ဤသို့၊ **ဘဝါ ဘဝတဉ္စ**- ပြည့်စုံခြင်း, ပျက်စီးခြင်းကိုလည်း၊ **ဝီတိဝတ္တော**- လွန်မြောက်၏။ **ဝိဂတဘယံ**- ဘေးကင်းသော၊ **သုခံ**- ချမ်းသာသော၊ **အသောကံ**- စိုးရိမ်ကြောင့်ကြမရှိသော၊ **တံ**- ထိုပုဂ္ဂိုလ်၏ အတွင်းစိတ်ကို၊ **ဒေဝါ**- နတ်တို့သည်ပင်၊ **ဒဿနာယ**- သိမြင်ခြင်းငှာ၊ **နာနုဘဝန္တိ**- မစွမ်းနိုင်ကြလေကုန်။

စိတ္တအနက်ပဟော အန္တရသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံ သဘော (၁)

(၁) ရဟန်းအဖြစ်၌ နေရသည်ဖြစ်စေ၊ မင်းအဖြစ်၌ နေရသည်ဖြစ်စေ၊ သူဌေးအဖြစ်၌ နေရသည်ဖြစ်စေ၊ သူဆင်းရဲဘဝ၌ နေရသည်ဖြစ်စေ၊ အထီးကျန်ဘဝ၌ နေရသည်ဖြစ်စေ လူ့လောကသို့ ရောက်လာသော မည်သည့်လူသားမဆို စိတ်သည် အလွန်အရေးကြီးလေသည်။ မိမိစိတ်ကပင် မိမိကို ဖျက်ဆီးနိုင်သကဲ့သို့ မိမိစိတ်ကပင် မိမိကို တိုးတက်ကြီးပွားစေလေသည်။ စိတ်ထားညံ့လျှင် ညံ့သလို၊ ကောက်လျှင် ကောက်သလို လူညံ့, လူပျက်, လူကောက်ဖြစ်မည်ဖြစ်ပြီး စိတ်ထားတော်လျှင် တော်သလို၊ စိတ်ထားကောင်းလျှင် ကောင်းသလို လူတော်, လူကောင်း, လူဖြောင့်ဖြစ်မည်ဖြစ်သည်။ ထို့ကြောင့် **စိတ်ဆိုး, စိတ်ညံ့, စိတ်ကောက်များကို ပယ်ဖျောက်ကြပြီး စိတ်ကောင်း, စိတ်တော်, စိတ်ဖြောင့်, စိတ်ဖြူဖြစ်အောင် ကြိုးစားအားထုတ်မှုကို ပြုကြပါကုန်လော့။**

(၂) မည်သည့် ရဟန်းရှင်လူပင် ဖြစ်စေကာမူ လောဘ, ဒေါသ, မောဟ, တဏှာ, မာန, ဒိဋ္ဌိစသော ကိလေသာ အကုသိုလ်တရားများ ထူပြောလျှင် ထူပြောသလောက် စိုးရိမ်ခြင်း, ထိတ်လန့်ခြင်း, ကြောက်ရွံ့ခြင်းများဖြင့် စိတ်သည် ဂဏာမငြိမ်ဘဲ တုန်လှုပ်ချောက်ခြားမှု ဖြစ်နေမည် ဖြစ်သကဲ့သို့ ထိုကိလေသာ အကုသိုလ်တရားများ ကင်းစင်လျှင် ကင်းစင်သလောက် စိုးရိမ်ခြင်း, ကြောက်ရွံ့ခြင်း, ထိတ်လန့်ခြင်းများ လျော့နည်းပြီး တုန်လှုပ်ချောက်ခြားမှုကင်းကာ စိတ်သည် ဂဏာငြိမ်လျက် တည်ကြည်မှုသုခသို့ သက်ရောက်နေမည်ဖြစ်သည်။ ထို့ကြောင့် **ထိုကိလေသာ အကုသိုလ်တရားများကို လျော့နည်းပပျောက်အောင် အစွမ်းကုန် ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။**

(၃) စိတ်ချမ်းသာမှု အပြည့်အဝရှိနေသော ရဟန္တာ၏စိတ်ကို နတ်တို့သည်ပင် သိမြင်ခြင်းငှာ မစွမ်းနိုင်ပေ။ သာမန်ပုထုဇဉ်လူသားတို့အဖို့မှာကား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ထို့ကြောင့် ရာထူးဂုဏ်ရှိန်စည်းစိမ်တို့သည် တကယ်တန်း စိတ်ချမ်းသာမှုကို မပေးနိုင်ပေ။ ဘာရာထူး, ဘာဂုဏ်ရှိန်, ဘာစည်းစိမ်မျှ မရှိစေကာမူ အရိယာသူတော်ကောင်းတရားနှင့် ပြည့်စုံနေပါလျှင် စိတ်ချမ်းသာမှုကို ကောင်းစွာရရှိနိုင်ကြပေသည်။ မိမိစိတ်ကိုပင် သတိထားမှုလည်း မရှိ၊ ကောင်းစွာလည်း မသိမြင်သော ပုဂ္ဂိုလ်သည် သူတစ်ပါးစိတ်ကို အဘယ်သို့လျှင် သိမြင်နိုင်ပါမည်နည်း။ ထိုပုဂ္ဂိုလ်သည် အဘယ်သို့လျှင် စိတ်တည်ကြည်ချမ်းသာမှုကို ရရှိနိုင်ပါမည်နည်း။ ထိတ်လန့်စိတ်, စိုးရိမ်စိတ်, တုန်လှုပ်စိတ်တို့ကသာ ထိုပုဂ္ဂိုလ်ကို လွှမ်းမိုးနေမည်ဖြစ်သည်။ မိမိစိတ်ကို ကောင်းစွာသိမြင်သော ပုဂ္ဂိုလ်သည် သူတစ်ပါးစိတ်ကိုလည်း ကောင်းစွာအကဲခတ် သိမြင်နိုင်ပေမည်။ မိမိစိတ်ကို ကောင်းစွာသိမြင်ပြီး 'ကောင်းစိတ်, ဖြူစိတ်, တော်စိတ်, ဖြောင့်စိတ်' ဖြစ်အောင် ကြိုးစားနေသူတို့၌ ထိတ်လန့်စိတ်များကို, စိုးရိမ်စိတ်များကို, တုန်လှုပ်စိတ်များကို တွန်းလှန်ပယ်ရှားနိုင်ပြီး တည်ငြိမ်ရင့်ကျက်

စိတ်, ချမ်းသာစိတ်တို့ကို ကောင်းစွာရရှိနေမည် ဖြစ်သည်။ ထို့ကြောင့် မိမိစိတ်ကို မိမိ သတိထား၍ ကောင်းစွာနားလည်သူဖြစ်အောင် သတိပဋ္ဌာန်တရားကို ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။

စိတ္တာအနက်ဟော အန္တရသဒ္ဒါဖြင့် စိတ်သဘောကို ထပ်၍ ဟောကြားခြင်း

ရှင်တော်ဗုဒ္ဓသည် စိတ္တအနက်ဟော အန္တရသဒ္ဒါဖြင့် အတွင်းစိတ်သဘောကို ဥဒါန်းပါဠိတော်၌ ဟောကြားတော်မူသည့်အား လျော်စွာ ဣတိဝုတ်ပါဠိတော်- အန္တရာမလသုတ် နှာ (၂၅၂)၌လည်း အန္တရသဒ္ဒါ၏ စိတ္တအနက်၌ ဖြစ်ပုံကို အောက်ပါအတိုင်း ဟော ကြားတော်မူထားလေသည်။

တယော မေ ဘိက္ခဝေ အန္တရာ မလာ, အန္တရာ အမိတ္တာ, အန္တရာ သပတ္တာ, အန္တရာ ဝဓကာ, အန္တရာ ပစ္စတ္ထိကာ။

ဘိက္ခဝေ- ရဟန်းတို့၊ တယော- သုံးမျိုးကုန်သော၊ ဣမေ- ဤလောဘ, ဒေါသ, မောဟတရားတို့သည်၊ အန္တရာ မလာ- စိတ်၏ အညစ်အကြေးတို့သည်၊ အန္တရာ အမိတ္တာ- စိတ်၏ မိတ်ဆွေပျက်တို့သည်၊ အန္တရာ သပတ္တာ- စိတ်၏ ရန်သူတို့သည်၊ အန္တရာ ဝဓကာ- စိတ်၏ သူသတ်သမားတို့သည်၊ အန္တရာ ပစ္စတ္ထိကာ- စိတ်၏ ဆန့်ကျင်ဘက်သားတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

ထို့နောက် ဗုဒ္ဓသည် အောက်ပါဂါထာတို့ကိုလည်း ဟောတော်မူလေသည်။

(၁) (အနတ္ထ ဇနနော လောဘော၊ လောဘော စိတ္တပ္ပကောပနော)

(၂) (အနတ္ထ ဇနနော ဒေါသော၊ ဒေါသော စိတ္တပ္ပကောပနော)

(၃) (အနတ္ထ ဇနနော မောဟော၊ မောဟော စိတ္တပ္ပကောပနော)

ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။ *(ဤဂါထာ သုံးခုလုံးသို့ ဆိုင်၏။)*

လောဘော- လောဘသည်၊ ဒေါသော- ဒေါသသည်၊ မောဟော- မောဟသည်၊ အနတ္ထ ဇနနော- အကျိုးမဲ့ကို ဖြစ်စေ တတ်၏။ လောဘော- လောဘသည်၊ ဒေါသော- ဒေါသသည်၊ မောဟော- မောဟသည်၊ စိတ္တပ္ပကောပနော- စိတ်ကို ချောက်ချားစေ တတ်၏။ အန္တရတော- အတွင်းစိတ်၌၊ ဇာတံ- ဖြစ်သော၊ တံ ဘယံ- ထိုလောဘ, ဒေါသ, မောဟ ဟူသော ဘေးကို၊ ဇနော- လူအပေါင်းသည်၊ နာဝဗုဇ္ဈတိ- မသိနိုင်ပေ။

စိတ္တာအနက်ဟော အန္တရသဒ္ဒါက ညွှန်ပြပေးပုံ၊ တရားဟောပုံ သဘော (၂)

(၁) လူတစ်ဦး၏ သဘာဝ ပင်ကိုယ်စိတ်သည် အပြင်ဘက် ဆန့်ကျင်ဘက်အာရုံနှင့် မတွေ့သေးသမျှ ဖြူစင်ကောင်းမြတ်သော စိတ်အဖြစ် တည်ရှိနေတတ်သည်။ အပြင်ဘက် ဆန့်ကျင်ဘက်အာရုံနှင့် တွေ့ထိသောအခါ အနယ်ထိုင်နေသောရေကို လှုပ်ခါလိုက်ဘိသကဲ့သို့ နောက်နောက်ကျိုကျိုအဖြစ်သို့ ပြောင်းလွဲသွားတတ်လေသည်။ 'ပဋ္ဌာန်းတရားတော်က အာရုံကြောင့် စိတ်ဖြစ်သည်'ဟု ဟောထားသည်။ သတိပဋ္ဌာန်တရားတော်က 'ဖြစ်ပေါ်လာသောစိတ်ကို ဖြစ်ပေါ်လာသည့်အတိုင်း သိရမည်'ဟု ဟောထားသည်။ ပဋ္ဌာန်းတရားတော်က သဘာဝဖြစ်စဉ်ကို ဖော်ပြထားသည်။ သတိပဋ္ဌာန်တရားတော်က သဘာဝဖြစ်စဉ်တရားကို သိရမည်ကို ဟောကြားထားသည်။မှန်၏။ အပြင်ဘက်က သာယာဖွယ်၊ တွယ်တာဖွယ် အာရုံနှင့် တွေ့သောအခါ လောဘ, တဏှာ, ရာဂတွေ ဖြစ်ကြသည်။ အပြင်ဘက်က မသာယာဖွယ်, မကျေနပ်ဖွယ် အာရုံတွေနှင့် တွေ့သောအခါ ဒေါသ, ဒေါမနဿ, သောက တရားတွေ ဖြစ်ကြသည်။ အပြင်ဘက်က တွေဝေဖွယ် အာရုံများကို တွေ့ရသောအခါ မောဟ, အဝိဇ္ဇာ, အညာဏ တရားများ ဖြစ်ကြသည်။ **ထိုတရားတို့သည် စိတ်ကို ပျက်စီးစေတတ်သည်။ ချောက်ချားစေတတ်သည်။ တုန်လှုပ်စေတတ်သည်။ ထို့ကြောင့် ထို တရားများကို သတိပဋ္ဌာန်တရားဖြင့် သိအောင် အားထုတ်ကြရမည် ဖြစ်သည်။ သိလျှင် ပယ်မည်။ ပယ်နိုင်လျှင် အကျိုးရှိမည်။ ထို့ကြောင့် ဖြစ်ပေါ်လာသော ထိုတရားများကို ဖြစ်ပေါ်လာသည့်အတိုင်း သိအောင် အားထုတ်ကြပါကုန်လော့။**

(၂) လောဘစိတ်, ဒေါသစိတ်, မောဟစိတ်တို့သည် မိမိစိတ်၏ အညစ်အကြေးဖြစ်သည်။ မိတ်ဆွေပျက်များ ဖြစ်သည်။ ရန်သူများ ဖြစ်သည်။ သူသတ်သမား ဖြစ်သည်။ ထိုအချက်ကို မိမိရရ သတိပြုကြရန် လိုအပ်ပေသည်။ ထိုစိတ်များကို သိအောင် မလုပ်နိုင်ကြသည့်အတွက် လောဘအလျောက်, ဒေါသအလျောက်, မောဟအလျောက် လူဆိုးလူမိုက်ကြီးအဖြစ်၊ ဒုစရိုက်သားကောင်

အပြစ်သို့ ရောက်ရှိပြီး နစ်နာဆုံးရှုံး မရှုမလှ ပျက်စီးခြင်းသို့ ရောက်သွားကြရသူတို့သည် အမြောက်အများ ရှိလေသည်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားဖြင့် လောဘစိတ်ကို လောဘစိတ်မှန်း သိလိုက်သောအခါ၊ ဒေါသစိတ်ကို ဒေါသစိတ်မှန်း သိလိုက်သောအခါ၊ မောဟစိတ်ကို မောဟစိတ်မှန်း သိလိုက်သောအခါ ထိုစိတ်များသည် အရှိန်လျော့သွားသည်။ လျော့ရာမှ တန့်သွားသည်။ တန့်ရာမှ ပျောက်သွားသည်။ ပျောက်ရာမှ စိတ်ကြည်လင်သွားသည်။ ထိုအခါ လူဆိုးလူမိုက်၊ ဒုစရိုက်သားကောင်အဖြစ်မှ လွတ်မြောက်ပြီး သူတော်ကောင်းအဖြစ်သို့ ရောက်ရှိသွားလေတော့သည်။ ထို့ကြောင့် သူတော်ကောင်းဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။

(၄) ဝေမဒ္ဒ အနက်ပေါ အန္တရာသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အန္တရာသဒ္ဒါ၏ စိတ္တအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အန္တရာသဒ္ဒါ၏ ဝေမဒ္ဒအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အန္တရာ ဝေါသာန မာပါဒိ *(အံ- ၃- ၃၀၂)*

အန္တရာ- အစအဆုံးတို့၏ အလယ်၌၊ **ဝေါသာနံ**- ပြီးဆုံးခြင်းသို့၊ **အာပါဒိ**- ရောက်ပြီ။

ဆိုလိုသည်မှာ တရားအားထုတ်ရာ၌ အစအားထုတ်ခြင်း၌ကောင်းပြီး ရဟန္တာအဖြစ်ဟူသော ပြီးဆုံးခြင်းသို့ မရောက်မီ အစလည်းမဟုတ် အဆုံးလည်းမဟုတ်သော အလယ်မှာ အပြီးသတ်ရှိနေတတ်သည်ဟူ၍ ဆိုလိုပေသည်။

အထက်ပါပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော်- တတိယအုပ်- ဗျာကရဏသုတ်၌ လာရှိသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌ ဖော်ပြလိုသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဤဗျာကရဏသုတ်တရားတော်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးက ရဟန်းတို့အား ဟောကြားတော်မူအပ်သော တရားတော်ဖြစ်သည်။

အချို့သော ရဟန်းတို့သည် တရားအားထုတ်ရာ၌ ဆယ်မျိုးသော တရားတို့ကို မပယ်နိုင်သည့်အတွက် အဆုံးဖြစ်သော အရဟတ္တဖိုလ်သို့ မရောက်ဘဲ အလယ်မှာ ရပ်တန့်နေပြီး ဆုတ်ယုတ်ခြင်းသို့ ရောက်နေတတ်ကြလေသည်။ ထိုတရားဆယ်မျိုးကား-

(၁) **ကောဓနော** - စိတ်ဆိုးလေ့ရှိသူ၊
(၂) **ဥပနာဟီ** - ရန်ငြိုးဖွဲ့လေ့ရှိသူ၊
(၃) **မက္ခီ** - သူတပါးဂုဏ်ကို ချေဖျက်တတ်သူ၊
(၄) **ပဠာသီ** - ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်တတ်သူ၊
(၅) **ဣဿုကီ** - ငြူစူတတ်သူ၊
(၆) **သဌော** - စဉ်းလဲကောက်ကျစ်တတ်သူ၊ *(မိမိမှာ မရှိသောဂုဏ်ကို ပြောဆိုတတ်သူ)*
(၇) **မစ္ဆရီ** - ဝန်တိုတတ်သူ၊
(၈) **မာယာဝီ** - လှည့်ပတ်တတ်သူ၊ *(မိမိအပြစ်ကို ဖုံးလွှမ်းတတ်သူ)*
(၉) **ပါပိစ္ဆော** - ယုတ်မာသော အလိုဆိုးရှိသူ၊
(၁၀) **အန္တရာ ဝေါသာန မာပါဒိ**- အစနှင့်အဆုံးတို့၏ အလယ်၌ ပြီးဆုံးခြင်းသို့ ရောက်နေသူ၊
(တရားထူး အနည်းငယ် ရကာမျှဖြင့် ဆက်၍ အားမထုတ်ဘဲ ကြားထဲမှာ အလယ်မှာ ရပ်နေသူ)

သော ဝတာဝုသော ဘိက္ခု ဣမေ ဒသဓမ္မေ အပ္ပဟာယ ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

အာဝုသော- ငါ့ရှင်တို့၊ **ဝတ**- အမှန်တကယ်ပင်၊ **သောဘိက္ခု**- ထိုရဟန်းသည်၊ **ဒသ**- ဆယ်မျိုးကုန်သော၊ **ဣမေဓမ္မေ**- ဤတရားတို့ကို၊ **အပ္ပဟာယ**- မပယ်မူ၍၊ **ဣမသ္မိံ ဓမ္မဝိနယေ**- ရှင်တော်ဗုဒ္ဓ၏ ဓမ္မ, ဝိနယ သာသနာတော်၌၊ **ဝုဍ္ဎိံ**- ကြီးပွားခြင်းသို့၊ **ဝိရူဠှိံ**- စည်ပင်ခြင်းသို့၊ **ဝေပုလ္လံ**- ပြန့်ပြောခြင်းသို့၊ **အာပဇ္ဇိဿတီတိ**- ရောက်လတ္တံ့ဟူသော၊ **ဧတံ ဌာနံ**- ဤအကြောင်းသည်၊ **နဝိဇ္ဇတိ**- မရှိ။

ဓေမဇ္ဈ အနက်ဟော အန္တရာယဒ္ဒါက ဆုံးမဩဝါဒပေးပုံ တရားဟောပုံသဘော

(၁) ရှင်တော်ဗုဒ္ဓ၏ သာသနာတော်၌ သံသရာဒုက္ခမှ လွတ်မြောက်ရန်၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရရန် ရည်ရွယ်ချက်ဖြင့် တရားအားထုတ်ကြသူတို့လည်း အမြောက်အများ ရှိကြသလို ရဟန်းပြုကြသူတို့လည်း အမြောက်အများ ရှိကြလေသည်။ ထိုပုဂ္ဂိုလ်တို့သည် တကယ်တမ်းကျတော့ ရည်ရွယ်သည့်အတိုင်း ဖြစ်မလာကြပေ။ ရည်ရွယ်ချက်ကတခြား အပြုအမူကတခြား ဖြစ်နေတတ်ကြလေသည်။ **ထိုသို့မဖြစ်အောင် ကြိုးစားကြပါကုန်လော့။**

(၂) ရည်ရွယ်ချက်တခြား၊ အပြုအမူတခြား ဖြစ်ရသည်မှာ ထိုပုဂ္ဂိုလ်တို့သည် ပုထုဇဉ်လောက၌ အဖြစ်များလေ့ရှိသော **ကောဓနော**– စိတ်ဆိုးတတ်ခြင်းကို လည်းကောင်း၊ **ဥပနာဟီ**– ရန်ငြိုးဖွဲ့တတ်ခြင်းကို လည်းကောင်း၊ **မက္ခီ**– သူတပါးဂုဏ်ကို ချေဖျက်တတ်ခြင်းကို လည်းကောင်း၊ **ပဠာသီ**– ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်တတ်ခြင်းကို လည်းကောင်း၊ **ဣဿုကီ**– ငြူစူတတ်ခြင်းကို လည်းကောင်း၊ **မစ္ဆရီ**– ဝန်တိုတတ်ခြင်းကို လည်းကောင်း၊ **သဌော**– မိမိမှာ မရှိသောဂုဏ်ကို ပြောဆိုခြင်းဖြင့် စဉ်းလဲကောက်ကျစ်တတ်ခြင်းကို လည်းကောင်း၊ **မာယာဝီ**– မိမိအပြစ်ကို ဖုံးလွှမ်းခြင်းဖြင့် လှည့်ပတ်တတ်ခြင်းကို လည်းကောင်း၊ **ပါပိစ္ဆော**– ယုတ်မာသော အလိုဆိုးရှိတတ်ခြင်းကို လည်းကောင်း မပယ်နိုင်သောကြောင့် ဖြစ်လေသည်။ ထိုတရား **(၉)မျိုးကို လည်းကောင်း၊ တစ်မျိုးမျိုးကို လည်းကောင်း ပြုကျင့်လျှင် သူတော်ကောင်းတူသော အစ, အလယ်, အဆုံး၌ အစကိုပင် မရောက်ဘဲ သူယုတ်မာစာရင်းထဲ ဝင်သူအဖြစ်နှင့် ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ထိုတရားများကို မိမိတို့၏ စိတ်သန္တာန်မှ ပယ်ရှားနိုင်အောင် အားကုန်ကြိုးစား အားထုတ်ကြပါကုန်လော့။**

(၃) သူတော်ကောင်းတရားကို အားထုတ်ရာ၌ သူတော်ကောင်းတရား၏ အဆုံးသည် အရဟတ္တဖိုလ်ဖြစ်သည်။ အချို့သော ရဟန်းတို့သည် သောတာပန်အဖြစ်ဟူသော အစ၊ သကဒါဂါမ်, အနာဂါမ် အဖြစ်ဟူသော အလယ်အဆင့်ထိ ရောက်လာကြအောင် အားထုတ်ကြလေသည်။ သို့ရာတွင် ထိုအလယ်တွင်သာ ရပ်နေပြီး အဆုံး အရဟတ္တဖိုလ်အဆင့်သို့ ရောက်မလာပေ။ ထိုသို့သော အဖြစ်မျိုးကိုပင် ရှင်တော်ဗုဒ္ဓနှင့် ရဟန္တာမထေရ်မြတ်ကြီးတို့သည် မလိုလားကြပေ။ ထို့ကြောင့် အလယ်လောက်တွင် ရပ်မနေဘဲနှင့် **အဆုံးထိအောင် အားထုတ်ရန်ကို တိုက်တွန်းဟောကြားကြလေသည်။ ဗုဒ္ဓ၏ အလိုဆန္ဒနှင့် ရဟန္တာကြီးများ၏ အလိုဆန္ဒ ဖြစ်သော ထိုအချက်ကို ကောင်းစွာသတိပြုမိကြပါကုန်လော့။**

(၄) သောတာပန်ဟူသော အစ၊ သကဒါဂါမ်, အနာဂါမ်ဟူသော အလယ် အဆင့်တွင် ရပ်နေသူကိုပင် ဗုဒ္ဓ၏ ဓမ္မ, ဝိနယ သာသနာ၌ ကြီးပွားစည်ပင်ခြင်းသို့ ရောက်သူမဟုတ်သေးဟူ၍ ဟောကြားထားသည့်အတွက်ကြောင့် သောတာပန်ဟူသော အစသို့ပင် ရောက်မလာဘဲ **ကောဓနော**– စိတ်ဆိုးလေ့ရှိသူ၊ **ဥပနာဟီ**– ရန်ငြိုးဖွဲ့လေ့ရှိသူ စသောတရားတို့၏ လွှမ်းမိုးခြင်းကို ခံနေရသူတို့ အတွက်မူကား ဗုဒ္ဓ၏ ဓမ္မ, ဝိနယ သာသနာတော်၌ ကြီးပွားစည်ပင်ခြင်းသို့ ရောက်မလာသူဟူ၍ပင် ဆိုဖွယ်မရှိတော့ဘဲ၊ ဗုဒ္ဓသာသနာတော်ကို ညစ်ထေးအောင်ပြုလုပ်နေသူ၊ ညစ်နွမ်းအောင်ပြုလုပ်နေသူ၊ ပျက်စီးအောင် ဖျက်ဆီးနေသူ၊ လူဆိုး၊ လူလိမ်၊ လူကောက်၊ ရဟန်းဆိုး၊ ရဟန်းလိမ်၊ ရဟန်းကောက်၊ ကိုရင်ဆိုး၊ ကိုရင်လိမ်၊ ကိုရင်ကောက်၊ သီလရှင်ဆိုး၊ သီလရှင်လိမ်၊ သီလရှင်ကောက် ဟူ၍သာ ခေါ်ဆိုရန်ရှိတော့သည်။ **ထို့ကြောင့် ထိုသို့ မဖြစ်ရလေအောင် ကောဓနော– စိတ်ဆိုးတတ်ခြင်း စသော တရားဆိုးများကို ပယ်နိုင်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၅) ဝိဝရ အကြားအနက်ဟော အန္တရာယဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အန္တရသဒ္ဒါ၏ ဓေမဇ္ဈအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အန္တရသဒ္ဒါ၏ ဝိဝရအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အပိစာယံ ဘိက္ခဝေ တပေါဒေါ ဒွိန္နံ မဟာနိရယာနံ အန္တရိကာယ အာဂစ္ဆတိ *(ဝိ– ၁– ၁၄၉)*

ဘိက္ခဝေ– ရဟန်းတို့၊ **အပိစ**– ဤသို့ပင် အစမွန်က ပြည့်စုံခဲ့ပါသော်လည်း၊ **အယံ တပေါဒေါ**– ဤတပေါဒမြစ်သည်၊ **ဒွိန္နံ မဟာနိရယာနံ**– လောဟကုမ္ဘီ ငရဲကြီးနှစ်လုံးတို့၏၊ **အန္တရိကာယ**– အကြားဖြင့်၊ **အာဂစ္ဆတိ**– စီးလာ၏။

အထက်ပါပါဠိရပ်သည် ဝိနည်း ပါရာဇိကဏ် ပါဠိတော်၌ လာရှိသည်။ ယင်းနှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၏

ပြဆိုချက်များအနက်မှ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဝိနည်း၌ စတုတ္ထပါရာဇိကအာပတ်ဟု ရှိသည်။ ထိုအာပတ်သည် မိမိ၌ ထင်ရှားမရှိသော ဈာန်, မဂ်, ဖိုလ်, တန်ခိုး, အဘိညာဉ်တို့ကို ဝါကြွား၍ ပြောဆိုခြင်းကြောင့် ပါရာဇိကကျသော အာပတ်ဖြစ်သည်။

ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေး၌ တပေါဒမြစ်ရေရှိလေရာ ထိုမြစ်ရေသည် ကြိုက်ကြိုက်ဆူလျက် ရေပူအဖြစ် စီးဆင်းနေသည်ကို အများသိကြသော်လည်း အစစီးဆင်းလာသော နေရာအရပ်ကိုကား မသိကြပေ။

ထိုတပေါဒမြစ်ရေ၏ အစစီးဆင်းလာသော နေရာအရပ်သည်ကား ဝေဘာရတောင်၏အောက်၌ ယူဇနာငါးရာရှိသော နဂါးပြည် ရှိသည်။ နတ်ပြည်ကဲ့သို့ မွေ့လျော်ဖွယ်ကောင်းသည်။ မြေအပြင်သည် ပတ္တမြားအတိပြီးသော မြေအပြင်ဖြစ်သည်။ ပတ္တမြားအတိပြီးသော နဂါးပြည်၌ ကြည်လင်သန့်ရှင်း အေးမြသော ရေအိုင်ကြီး ရှိလေသည်။ ထိုရေအိုင်ကြီး၌ နဂါးတို့ ပျော်မြူးကြလေသည်။

ရာဇဂြိုဟ်မြို့၏ အနီးဝန်းကျင်၌ အလွန်ကြီးကျယ်သောဒုက္ခကို ခံစားနေကြရသော ပြိတ္တာတို့နေရာ ပြိတ္တာလောက ရှိလေသည်။ ထိုပြိတ္တာတို့ နေရာအရပ်နှင့် တစ်ဆက်တည်း အလွန်ပူပြင်းစွာ ကြွက်ကြွက်ဆူနေသော လောဟကုမ္ဘီ အမည်တွင်သော ငရဲကြီးနှစ်ခု ရှိလေသည်။

တပေါဒမြစ်ရေသည် စစီးလာခဲ့ရာ၌ အလွန်အေးမြ ကြည်လင်သော ရေအဖြစ်နှင့် စီးဆင်းလာခဲ့သော်လည်း အထက်သို့ ရောက်လာသောအခါ၌ ထိုလောဟကုမ္ဘီ ငရဲကြီးနှစ်ခု၏ အကြားကို ဖြတ်သန်းစီးဆင်းလာခဲ့သည်ဖြစ်၍ ရာဇဂြိုဟ်ပြည်အနီးသို့ ရောက်သောအခါ ကြိုက်ကြိုက်ဆူ ပူလောင်သောရေအဖြစ် ပြောင်းလဲစီးဆင်းလေသည်။

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသည် နဂါးပြည်မှ စီးဆင်းလာသော ထိုတပေါဒမြစ်ရေကို ကောင်းစွာသိမြင်သည် ဖြစ်၍ 'တပေါဒမြစ်ရေသည် အလွန်အေးမြကြည်လင်သည်'ဟု ပြောဆိုသောအခါ၌ အချို့ပုထုဇဉ်ရဟန်းတို့က စတုတ္ထပါရာဇိကဖြင့် စွပ်စွဲလေတော့သည်။

ထိုပြဿနာ ဗုဒ္ဓထံသို့ ရောက်သောအခါ ဗုဒ္ဓသည် ဖြစ်ရပ်မှန်ကို ရှင်းလင်းမိန့်ကြားတော်မူပြီး အရှင်မဟာမောဂ္ဂလာန်သည် အမှန်ကိုသာ ပြောဆိုသောကြောင့် အာပတ်မသင့်ကြောင်း မိန့်ကြားတော်မူလေသည်။

ဝိဝရ အကြားအနက်ဟော အန္တရသဒ္ဒါက ဆုံးမသြဝါဒပေးပုံ၊ တရားဟောပုံသဘော

အထက်ပါဒေသနာတော်ကို ထောက်ဆသောအားဖြင့် အချို့ငရဲပြည်သည် လူ့ပြည်နှင့် သိပ်မဝေးကွာသော နေရာတွင်ရှိကြောင်း နှင့် ထိုငရဲပြည်တို့တွင် လောဟကုမ္ဘီငရဲလည်း ပါဝင်လေသည်။ ထိုလောဟကုမ္ဘီငရဲ၌ 'ကာမေသုမိစ္ဆာစာရကံ'ကို ကျူးလွန်ခြင်းကြောင့် ခံစားနေကြရသော အများသိနေကြသော 'ဒု, သ, န, သော'ဟု အော်မြည်တမ်းနေကြကုန်သော သူဌေးသားလေးယောက်တို့ ခံစားနေကြရလေသည်။

ဤကမ္ဘာလောကကြီးသည် အလွန်ဆန်းကြယ်လှသော ကမ္ဘာလောကကြီး ဖြစ်သည်။ ကောင်းမှုပြုသူတို့သာ ခံစားနေထိုင်ကြရ သော သုခဘုံတို့လည်း အမျိုးမျိုးအဖုံဖုံသော အခြင်းအရာအားဖြင့် တည်ရှိနေကြသလို မကောင်းမှုဒုစရိုက်တို့ကို ကျူးလွန်ကြကုန်သော သူတို့သာ ခံစားနေကြရသော ဒုက္ခဘုံတို့လည်း အမျိုးမျိုးအဖုံဖုံသော အခြင်းအရာအားဖြင့် တည်ရှိနေကြလေသည်။ ယင်းသို့တည်ရှိနေပုံကို လောကဝိဒူဂုဏ်ရှင် ဖြစ်တော်မူသော ရှင်တော်ဗုဒ္ဓမှတပါး အဘယ်ပုဂ္ဂိုလ်သည် အလုံးစုံသိခြင်းငှာ စွမ်းနိုင်ပါအံ့နည်း။။

ထို့ကြောင့် မကောင်းမှုဒုစရိုက်တို့ကို ရှောင်ကြဉ်ပြီး ကောင်းမှုသုစရိုက်တို့ကိုသာလျှင် ကြိုးစား၍ အားထုတ်မှု ပြုကြပါကုန်လော့။

ဤ၌ ဝိဝရ အကြား ဟူသော အနက်ကို လို၏။

ထိုသို့ အန္တရသဒ္ဒါသည် 'ကာရဏအနက်, ခဏအနက်, စိတ္တအနက်, ဝေမဇ္ဈအနက်, ဝိဝရအနက်' စသည်ဖြင့် အနက်များစွာ၌ ဖြစ်သည့်အနက်က ဤပြဟုဏ္ဏလသုတ်၌ 'ဝိဝရ အကြား' ဟူသောအနက်ကို လိုအပ်ပေသည်။ ထိုသို့ လိုအပ်သည်နှင့်အညီ

အန္တရာစ ရာဇဂဟံ, အန္တရာစ နာဠန္ဒံ

ရာဇဂဟံ– ရာဇဂဟဿ– ရာဇဂြိုဟ်မြို့၏၊ **အန္တရာစ**– အကြား၌လည်းကောင်း၊ **နာဠန္ဒံ**– နာဠန္ဒာယ– နာဠန္ဒာမြို့၏၊ **အန္တရာစ**– အကြား၌လည်းကောင်း ဟူ၍ အနက်ပေးရသည်။

အစမှပြန်၍ အနက်ပေးခြင်း

ဝေံ မေ သုတံ ဧကံ သမယံ ဘဂဝါ အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။

ဘန္တေ ကဿပ- အရှင်မဟာကဿပ၊ ဧတ္တနံ သုတ္တံ- ဤပြဟ္မဇာလသုတ်တော်ကို၊ မေ- မယာ- အာနန္ဒေန- တပည့်တော် အာနန္ဒာသည်၊ ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ သမ္မုခါ- မျက်မှောက်တော်မှ၊ ဝေံ- ဤတစ်ခုသော အခြင်းအရာအားဖြင့် *(ဝေံ- အာကာရအနက်)*၊ ဝေံ- ဤပြဆိုလတ္တံ့သောနည်းဖြင့် *(ဝေံ- နိဒဿနအနက်)*၊ ဝေံ- ဤလျှောက်ထားလတ္တံ့အတိုင်းသော *(ဝေံ- အဝဓာရဏအနက်)*၊ သုတံ- နာခံမှတ်သား ကြားနာလိုက်ရပါ၏။ ဧကသမယံ- အခါတစ်ပါး၌၊ ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ရာဇဂဟံ- ရာဇဂဟတဿ- ရာဇဂြိုဟ်ပြည်၏၊ အန္တရာစ- အကြား၌လည်း ကောင်း၊ နာဠန္ဒံ- နာဠန္ဒာယ- နာဠန္ဒမြို့၏၊ အန္တရာစ- အကြား၌လည်းကောင်း၊ မဟတာ- ဂုဏ်အားဖြင့် မြတ်သော (ဝါ) အရေအတွက်အားဖြင့် များသော၊ ဘိက္ခုသံဃေန- ရဟန်းအပေါင်းနှင့်၊ သဒ္ဓိံ- တကွ၊ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ- ရဟန်းငါးရာ တို့နှင့်၊ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော- အဓွန့်ရှည်သောခရီးကို သွားတော်မူသည်၊ ဟောတိ- ဖြစ်ပြီ။

(ဤမျှကထိ အဋ္ဌကထာဆရာသည် 'အန္တရာစ'ကထိ ဖွင့်ဆိုပြီးခဲ့လေပြီ။)

ခရီးရှည်ကြွခြင်း ဟူသည်

ထို့နောက် အဋ္ဌကထာဆရာသည် 'အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ' ဟူသောပုဒ်ကို ဖွင့်ဆိုပြရာတွင် ထိုပုဒ်အရ 'အဓွန့်ရှည်သော ခရီးကိုကြွတော်မူသည်' ဟူရာ၌ ရှင်တော်ဗုဒ္ဓသည် ရဟန်းငါးရာနှင့်အတူ အဘယ်မျှရှည်လျားသော ခရီးကို ကြွတော်မူသနည်းဟူမူ ရာဇဂြိုဟ်ပြည်မှ နာဠန္ဒမြို့အထိ တစ်ယူဇနာဝေးသော ခရီးကို ကြွတော်မူနေခြင်းဖြစ်သည်။

ရဟန်းသံဃာငါးရာနှင့်အတူ ကြွတော်မူခြင်း

ထို့နောက် အဋ္ဌကထာဆရာသည် 'မဟတာဘိက္ခု သံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ' ဟူသောပုဒ်ကို ဆက်၍ ဖွင့်ဆိုပြရာတွင် ရှင်တော်ဗုဒ္ဓသည် ထိုတစ်ယူဇနာရှိသော ခရီးရှည်ကို ကြွတော်မူရာ၌ တစ်ပါးတည်း ကြွတော်မူသည် မဟုတ်ပါ။ အလိုနည်းမှု စသောဂုဏ်အပေါင်းတို့နှင့်လည်း ပြည့်စုံသော အရေအတွက်အားဖြင့်လည်း ငါးရာအရေအတွက်ရှိသော 'ဘိက္ခုသံဃေန' ရဟန်းအပေါင်းနှင့်အတူ ကြွရောက်တော်မူခြင်း ဖြစ်လေသည်။

ဘိက္ခုသံဃေနပုဒ်က သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ထိုတွင် 'ဘိက္ခုသံဃေန' ဟူသည် 'ဘိက္ခု- ရဟန်း၊ သံဃေန- အပေါင်း' နှစ်ပုဒ်စပ်လိုက်လျှင် 'ရဟန်းအပေါင်း' ဟူ၍ အဓိပ္ပါယ်ရလေသည်။ အရေအတွက်အားဖြင့် ငါးရာရှိသော ရဟန်းအပေါင်းဟူသည် အဘယ်ကဲ့သို့ ရဟန်းအပေါင်း ဖြစ်ပုံသဘောကို အဋ္ဌကထာ, ဋီကာဟောင်း, ဋီကာသစ်တို့က အောက်ပါအတိုင်း ဖွင့်ဆိုပြကြလေသည်။

'ဘိက္ခုသံဃေန' ရဟန်းအပေါင်းဟူသည် 'ဒိဋ္ဌိ သီလ သာမညာ သင်္ဃာတ သင်္ခါတေန သမဏဂဏေန' ဟူ၍ ဖွင့်ဆိုပြလေသည်။ အဓိပ္ပါယ်မှာ '**အယူ, သီလ တူမျှသည်၏ အဖြစ်ဖြင့် ပေါင်းစုနေသော ရဟန်းအပေါင်း**' ဟူ၍ အဓိပ္ပါယ်ရလေသည်။

လူ့လောက၌ အခြားလူတွေကို မဆိုထားနှင့်၊ မိသားစုလေးယောက်, ငါးယောက်ရှိသော အိမ်တစ်အိမ်မှာပင် တစ်ဦးနှင့်တစ်ဦး အယူအဆချင်းလည်း မတူကြသလို၊ အကျင့်သီလချင်းလည်း တူညီမှုမရှိကြဘဲ ကွဲပြားလျက်ရှိနေကြလေသည်။

ထိုရဟန်းအပေါင်းငါးရာတို့သည်ကား မိစ္ဆာဒိဋ္ဌိ အမျိုးမျိုး, ဝိစိကိစ္ဆာ အဖုံဖုံတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်ကြသောကြောင့် အယူအဆအားဖြင့်လည်း တူညီကြသလို၊ ဝဋ်ဒုက္ခသံသရာဆင်းရဲမှ လွတ်မြောက်ရန် တစ်ခုတည်းသော ရည်မှန်းချက်အားဖြင့်လည်း အယူအဆတူမျှကြရုံတွင်မက မကျိုးမပေါက် မပြောက်မကျားသော အကျင့်သီလအားဖြင့်လည်း လောက်ကော်လို ပြည့်စုံလျက် တူညီကြလေသည်။ ထိုရဟန်းငါးရာနှင့်အတူ ရှင်တော်ဗုဒ္ဓသည် ခရီးရှည်ကြွတော်မူနေခြင်း ဖြစ်လေသည်။

ဘိက္ခုသံဃေနပုဒ်က ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) အထက်ပါ ဘိက္ခုသံဃေနပုဒ်၏ ဖွင့်ဆိုချက်များကို ထောက်၍ လူ့လောက၌ လူဝတ်ကြောင်လူသားတို့သည်လည်း **တစ်ဦးနှင့်တစ်ဦး အယူအဆအားဖြင့်လည်းကောင်း၊ အကျင့်သီလအားဖြင့်လည်းကောင်း တူမျှကြရန် အထူးဂရုပြုသင့်ကြပေသည်။ အထူးဂရုပြုကြပါကုန်လော့။**

(၂) ယခုခေတ်အခါ၌ တစ်ရွာ, တစ်ရပ်ကွက်, တစ်မြို့, တစ်နိုင်ငံ ဟူသော အပေါင်းအစုများကို ထားလိုက်ပါဦး။ လေးငါးယောက်မျှသာရှိကြသော မိသားစု တစ်စုအတွင်းမှာပင် အယူအဆအားဖြင့်လည်းကောင်း၊ အကျင့်သီလအားဖြင့်လည်းကောင်း မတူမျှကြသည့်အတွက် လောဘတွေဖက် ဒေါသတက်လျက် အမျက်မပြေနိုင်ကြဘဲ ငြင်းကြ, ခုံကြ, ပြဿနာဖြစ်ကြနှင့် ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲစသော ဒုက္ခဝေဒနာများကို ခါးခါးသီးသီး ခံစားလျက်ရှိနေကြသည်ကို အထင်အရှား တွေ့မြင်နေကြရလေသည်။ ထို့ထက် တစ်ဆင့်တက်၍ အမျက်ပြင်းထန်လာသောအခါ၌ တစ်ဦးနှင့်တစ်ဦး သတ်ကြဖြတ်ကြသည်အထိပင် တုန်လှုပ်ချောက်ခြားစရာတွေကို နေ့စဉ်နှင့်အမျှ ကြားသိနေကြရလေသည်။ ထို့ကြောင့် **အယူအဆ တူမျှအောင် ကြိုးစားကြပါကုန်လော့။**

(၃) ထိုသို့ဖြစ်ကြခြင်းသည် 'အရင်းစစ်တော့ အမြစ်မြေက' ဆိုသလို တစ်ဦးနှင့်တစ်ဦး အယူအဆမတူကြလို့ အကျင့်သီလ မတူကြလို့သာ ဖြစ်လေသည်။ ထို့ကြောင့် အယူသီလ တူမျှကြရန် မည်မျှအရေးတကြီး ရှိနေသည်ဆိုသည်မှာ အလွန်ထင်ရှားလှပေသည်။ **သို့ရာတွင် 'အယူသီလ တူမျှကြရန်' ဟူသောအချက်သည် လွယ်လွယ်ကူကူ ဖြစ်နိုင်သောအရာမျိုး မဟုတ်သည်ကိုလည်း အထူးသတိပြုကြရပေမည်။ အထူးလည်း သတိပြုကြပါကုန်လော့။**

(၄) မလွယ်ကူသော အရာကို မလွယ်ကူဘူး ဆိုပြီးတော့ မလွယ်ကူတဲ့အတိုင်း ထားနေကြမည်ဆိုပါက ဘယ်သောအခါမှ လွယ်ကူသော အခြေအနေသို့ ရောက်လာမည် မဟုတ်သည့်အပြင် ဆိုးသထက်ဆိုး၍သာ လာကြမည်ဖြစ်သည်။ ထို့ကြောင့် ထိုမလွယ်ကူသော အရာကို တဖြည်းဖြည်းလွယ်ကူသော အခြေအနေသို့ရောက်လာအောင် ဗုဒ္ဓဟောကြားတော်မူအပ်သော မဂ္ဂင်ရှစ်ပါးတရားများကို ကြိုးစားပွားများအားထုတ်ရန် အထူးလိုအပ်ပေသည်။ ထိုမဂ္ဂင်ရှစ်ပါး တရားဒေသနာတော်သည် 'အယူသီလ တူမျှရန်' **တစ်ခုတည်းသော အကြောင်းအရင်း ဖြစ်လေသည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး တရားဒေသနာတို့ကို ကိုယ်စီကိုယ်ငှ လေ့လာသင်ကြား မှတ်သား၍, နာယူ၍ ကျင့်ကြံကြိုးကုတ် အစွမ်းကုန် အားထုတ်မှုပြုကြပါကုန်လော့။**

ခရီးရှည် သွားနေကြသော အခြားအဖွဲ့တစ်ခု

ရှင်တော်ဗုဒ္ဓသည် ရဟန်းငါးရာနှင့်အတူ ခရီးရှည်ကြွတော်မူနေသကဲ့သို့ အခြားအဖွဲ့အစည်း တစ်ခုသည်လည်း ခရီးရှည်သွားနေကြသည်ကို ပါဠိတော်တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ သဒ္ဓိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန။

သုပ္ပိယအမည်ရှိသော ပရိဗိုဇ်သည်လည်း တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်နှင့်အတူ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏ အကြား၌ပင် ခရီးရှည်သွားနေပါသည်။

ဆိုလိုသည်မှာ တစ်ယူဇနာရှိသော ထိုတစ်ကြောင်းတည်းသော ခရီးရှည်ကို ဗုဒ္ဓနှင့် ရဟန်းသံဃာငါးရာတို့ကတစ်ဖွဲ့၊ သုပ္ပိယပရိဗိုဇ်နှင့် အနီးနေတပည့်ရင်းဖြစ်သော ဗြဟ္မဒတ်လုလင်နှင့်တကွ ပရိဗိုဇ်တို့ကတစ်ဖွဲ့ ဟူ၍ အဖွဲ့နှစ်ဖွဲ့ ခရီးရှည်သွားနေကြပါသည်။

ထိုတွင် သုပ္ပိယပရိဗိုဇ်သည် တစ်ချိန်က အရှင်သာရိပုတြာ၏ ဆရာဖြစ်ဘူးသော သဉ္စည်းဆရာကြီး၏ တပည့်ဖြစ်လေသည်။

မာဏဝသဒ္ဒါ အနက် သုံးနက်

အထက်ဖော်ပြပါ ပါဠိတော်တွင် 'ဗြဟ္မဒတ္တေန မာဏဝေန' ဗြဟ္မဒတ္တေန– ဗြဟ္မဒတ်အမည်ရှိသော၊ မာဏဝေန– လုလင်နှင့် ဟု ပါရှိလေရာ ထို 'မာဏဝ'သဒ္ဒါသည် 'သတ္တအနက်၊ စောရအနက်၊ တရုဏအနက်' ဟူ၍ အနက်သုံးနက်၌ ဖြစ်သည်ဟု အဋ္ဌကထာဆရာ ပြဆိုထားလေသည်။

(၁) သတ္တ– သတ္တဝါအနက်ဖော မာဏဝသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ရှေးဦးစွာ အဋ္ဌကထာဆရာသည် မာဏဝသဒ္ဒါ၏ သတ္တ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။
တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။ *(မ– ၃– ၂၂၅)*

ဒေဝဒူတေဟိ– သူအို, သူနာ, သူသေ, အကျဉ်းသမား, မွေးဖွားစ ကလေးအားဖြင့် ငါးပါးကုန်သော နတ်တမန်တို့သည်၊ **စောဒိတာ**– တိုက်တွန်းအပ်ကုန်သည်၊ သမာနာ– ဖြစ်ပါလျက်၊ **ယေ မာဏဝါ**– အကြင်သတ္တဝါတို့သည် *(ဤအနက်သည် မာဏဝသဒ္ဒါ သတ္တ အနက်၌ ဖြစ်ပုံတည်း။)* **ပမဇ္ဇန္တိ**– မေ့လျော့ကြကုန်၏။ **နရာ**– လူဟုဆိုအပ်ကုန်သော၊ **တေ မာဏဝါ**– ထိုသတ္တဝါတို့သည်၊ **ဒီဃရတ္တံ**– ရှည်စွာသော ညဉ့်ပတ်လုံး၊ **ဟီနကာယူပဂါ**– ယုတ်ညံ့သော အပါယ်သို့ ကပ်ရောက်ရကုန်သည်၊ ဟုတွာ– ဖြစ်၍၊ **သောစန္တိ**– စိုးရိမ်ပူဆွေး၍ နေကြရကုန်၏။

အထက်ပါဂါထာသည် ဥပရိပဏ္ဏာသပါဠိတော် ဒေဝဒူတသုတ်၌ လာရှိသောဂါထာ ဖြစ်သည်။ ထိုသုတ်နှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာတို့၏ ပြဆိုချက်များအနက်မှ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

(၁) **ပက်လက်အရွယ် မွေးကင်းစ ကလေး၊**
(၂) **လူအို၊**
(၃) **လူနာ၊**
(၄) **အကျဉ်းသား၊**
(၅) **သူသေ** ဤငါးမျိုးတို့ကို 'ဒေဝဒူတ' ဒေဝ– နတ်တွေ စေလွှတ်ထားသော၊ ဒူတ– တမန်။ နတ်တမန် ငါးမျိုးဟု ခေါ်သည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသား ကာမဂုဏ်အာရုံတို့ဖြင့် ပျော်မွေ့နေသည်ဖြစ်၍ ဝိသုဒ္ဓိနတ် ခေါ် ရဟန္တာဗြဟ္မာကြီးများက အလောင်းတော်အား နိမိတ်ကြီးလေးပါးကို ဖန်ဆင်းပြလျက် သံဝေဂရစေသောကြောင့်လည်း 'ဒေဝဒူတ' နတ်တမန် ဟူ၍ တင်စားခေါ်လေသည်။

ထို့ပြင် ပညာရှိသူတော်ကောင်းတို့က ကိုယ့်လက်၊ ကိုယ့်ခြေ ရှိလျက်နှင့် ဘာမျှလုပ်ကိုင် စားသောက်ခြင်း မရှိနိုင်သော မွေးကင်းစ ကလေးအရွယ်ကို ပြလျက်လည်း သံဝေဂရပြီး ကုသိုလ်ကောင်းမှု ပြုလုပ်အောင် ပြောပြလေ့ရှိတတ်ပါသည်။ ကျန်လေးမျိုးလည်း ထို့အတူပြလျက် သံဝေဂရပြီး ကုသိုလ်ကောင်းမှုပြုအောင် ပြောပြလေ့ရှိကြပါသည်။

နတ်တမန်များ စကားပြောကြခြင်း

အထက်ပါ နတ်တမန်ငါးမျိုးက စကားပြောကြမည်ဆိုလျှင် အောက်ပါအတိုင်း စကားပြောကြပေလိမ့်မည်။

(၁) **မွေးကင်းစကလေးက** အို လူသား ကျွန်ုပ်ကို ကြည့်ပါ။ ခြေထောက်ရှိသည်။ မသွားနိုင်ပါ။ လက်ရှိပါသည်။ ဘာမှ မလုပ်နိုင်ပါ။ ကျွန်ုပ်ဒုက္ခဟာ အင်မတန် ကြီးပါသည်။ အကျွန်ုပ်လို ဒုက္ခမရောက်အောင် ကိုယ့်လက်, ကိုယ့်ခြေနှင့် လုပ်ကိုင်နိုင်တုန်း ကုသိုလ်ကောင်းမှုကို ပြုလုပ်ပါလော့ဟူ၍ လည်းကောင်း၊

(၂) **ဆံဖြူ သွားကျိုး ခါးကုန်း လူအိုကလည်း** ငါ့မှာ လက်တွေ, ခြေတွေ ရှိသော်လည်း အလွန်အားနည်းနေသည့်အတွက် ဘာမှမလုပ်နိုင်တော့ပါ။ ငါ့လိုဒုက္ခမရောက်ခင် အသင်လူသားသည် လက်, ခြေ သန်မြန်တုန်း အားကောင်းတုန်းကို ကုသိုလ်ကောင်းမှုကို ပြုလုပ်ပါလားဟူ၍ လည်းကောင်း၊

(၃) **ကိုယ့်လက်, ကိုယ့်ခြေကို မသယ်နိုင်လောက်အောင် အိပ်ရာထဲလဲနေသော လူနာကလည်း** အို လူသား သတိပေးပါရစေ။ ကျွန်ုပ်မှာ လက်ခြေရှိပါသည်။ သို့ရာတွင် ရောဂါဖိစီး နှိပ်စက်ခံနေရသည့်အတွက် လက်, ခြေများ မလှုပ်ရှားနိုင်တော့ပါ။ ကျွန်ုပ်လို ဒုက္ခမရောက်ခင် အသင်လူသားသည် လက်ခြေသန်မြန်တုန်း ကုသိုလ်ကောင်းမှု ပြုလုပ်ပါလား ဟူ၍ လည်းကောင်း၊

(၄) **နိုးမှု, စားပြမှု စသည်တို့ကြောင့် မင်းပြစ်မင်းဒဏ်သင့်နေသော အကျဉ်းသားကလည်း အိုလူသား ကျွန်ုပ်၏** လက်ခြေတို့သည် သန်မြန်လျက်ပင် ရှိပါသည်။ သို့ရာတွင် မိမိသဘောအလျောက် ဘာမျှလုပ်ကိုင်ခွင့် မရတော့ပါ။ အမျိုးမျိုးအဖုံဖုံသော နည်းတို့ဖြင့် အနှိပ်စက်ခံနေရပါသည်။ အသင်လူသားတို့သည် မိမိသဘောအလျောက် လက်ခြေတို့ကို လှုပ်ရှားခွင့်ရတုန်းမှာ ကျွန်ုပ်လို မဖြစ်ရအောင် မကောင်းမှု ဒုစရိုက်တွေကို ရှောင်ကြဉ်ပြီး ကုသိုလ်ကောင်းမှုတို့ကိုသာ ပြုလုပ်ပါလား ဟူ၍ လည်းကောင်း၊

(၅) **လူသေကလည်း** အို လူသား အကျွန်ုပ်ကို ကြည့်ပါ။ အကျွန်ုပ်မှာ လက်ခြေတွေ ရှိပါသည်။ မွေးကင်းစကလေး, လူအို, လူနာ, အကျဉ်းသားတို့၏ လက်ခြေတို့ကမှ အနည်းငယ် လှုပ်လို့ရပါသေးသည်။ အကျွန်ုပ်မှာတော့ အနည်းငယ်မျှပင် လက်ခြေတို့ကို လှုပ်လို့မရတော့ပါ။ အကျွန်ုပ်လို သေခြင်းဘဝသို့ မရောက်ခင် လက်ခြေသန်မြန်ကောင်းမွန်တုန်း ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပါလား ဟူ၍ လည်းကောင်း စသည်ဖြင့် အသီးသီး ပြောဆိုကြပေလိမ့်မည်။

ထိုသို့ အထက်ဖော်ပြပါ ငါးမျိုးက နတ်တွေကိုယ်စား မပြောသော်လည်း ပြောကြားသကဲ့သို့ ရှိသောကြောင့် မတိုက်တွန်းတတ်သော်လည်း တိုက်တွန်းနေသကဲ့သို့ ဖြစ်သောကြောင့် ထိုငါးမျိုးကို **'ဒေဝဒူတ'** 'နတ်တမန်' ဟူ၍ ခေါ်ကြရလေသည်။

ယမမင်းထံ အစစ်ဆေးခံရသူနှင့် မခံရသူများ

လူ့ဘဝကို ရရှိပြီး သေလွန်သွားသောအခါ အချို့လူတို့သည် ငရဲ၌ ကျခံရလေသည်။ ထိုသို့ ငရဲ၌ ကျခံရပုံမှာ နှစ်မျိုးရှိလေသည်။ တစ်မျိုးမှာ အကုသိုလ်ကံ အားကြီးသူတို့မှာ ယမမင်းထံ အစစ်ဆေးပင် မခံရဘဲ လူ့ဘဝက သေလျှင်သေချင်း ငရဲပြည်သို့ ကျခံရခြင်း တစ်မျိုး။ နောက်တစ်မျိုးမှာ အကုသိုလ်ကံက အားမကြီးသည့်အတွက် မိမိ၏ ကုသိုလ်ကောင်းမှုကို သတိရလိုရငြား ငရဲပြည်သို့ ချက်ချင်းမကျသေးဘဲ ယမမင်းထံ ခေါ်သွားပြီး ထိုသူအား ယမမင်းကြီးက စစ်ဆေးမေးမြန်းလေသည်။

ယမမင်းကြီးက ထိုလူအား အထက်က ဖော်ပြခဲ့သော နတ်တမန်ငါးမျိုးကို ပြောပြလျက် 'သတိ သံဝေဂ'ရပြီး ကုသိုလ်ကောင်းမှုများကို မလုပ်ခဲ့ဘူးလား ဟူ၍ တစ်မျိုးချင်း တစ်ချက်ချင်း မေးမြန်းပါသည်။ မိမိ၏ ကုသိုလ်ကောင်းမှု ပြုခဲ့သည်ကို သတိရလျှင် ငရဲသို့ပို့ခြင်း မခံရဘဲ ထိုကုသိုလ်ကို အာရုံပြုပြီး နတ်ပြည်သို့ တက်သွားခွင့်ရလေသည်။

အကုသိုလ်ကံ အားကြီးသောကြောင့် ထိုနတ်တမန်ငါးမျိုးလုံးမှာပင် ကုသိုလ်ကောင်းမှုကို သတိမရလျှင် ယမမင်းကြီးလည်း အဘယ်သို့မျှ မတတ်နိုင်တော့ဘဲ ဆိတ်ဆိတ်သာနေလိုက်ရလေသည်။ ထိုအခါ ငရဲထိန်းတို့က ထိုလူအား ငရဲသို့ ပစ်ချလိုက်ကြလေတော့သည်။

အချို့သော လူတို့ကိုမူ ထိုလူကိုယ်တိုင် သတိမရသော်လည်း 'ဤပုဂ္ဂိုလ်သည် လူ့ဘဝတုန်းက ကုသိုလ်ကောင်းမှု ပြုလုပ်ပြီး ငါ့အား အမျှပေးဝေဖူးသလား' ဟူ၍ စဉ်းစားလေသည်။ ယမမင်းကြီးကိုယ်တိုင် စဉ်းစားလို့ရလျှင်လည်း 'အို လူသား သင်သည် လူ့ဘဝတုန်းက 'ဘယ်အချိန်မှာ ဘယ်လို ကုသိုလ်လုပ်ပြီး ငါ့အား အမျှပေးဝေဖူးလေသည်၊ ထိုကုသိုလ်ကောင်းမှုကို အောက်မေ့လော့' ဟူ၍ သတိပေးတတ်ပါသည်။ ထိုသို့ သတိပေး၍ မိမိကုသိုလ်ကောင်းမှုကို အောက်မေ့နိုင်လျှင် ထိုလူလည်း နတ်ပြည်သို့ အပို့ခံရပေသည်။

(၁) **ယမမင်းကြီး၏ နတ်တမန် ငါးမျိုးကိုပြလျက် စိစစ်ချက် ငါးချက်ဖြင့်လည်း ကုသိုလ်ကောင်းမှုကို သတိမရ၊**

(၂) **ယမမင်းကြီး ကိုယ်တိုင်ကလည်း ထိုသူ၏ ကုသိုလ်ကောင်းမှုကို ရှာမတွေ့သောအခါ၌မူကား ယမမင်းကြီးကလည်း ဘာမျှမတတ်နိုင်တော့ပါ။ ဆိတ်ဆိတ်သာ နေလိုက်ရပါတော့သည်။ ထိုအခါမှာတော့ ထိုလူသားသည် ငရဲထိန်းတို့၏ ငရဲသို့ပစ်ချခြင်းကို ခံလိုက်ရပါတော့သည်။**

ဤ၌ ယမမင်းဟူသည် ဝေမာနိက နတ်ပြိတ္တာ စာရင်းဝင် ဖြစ်သည်။ တစ်ခါတစ်ရံ နတ်စည်းစိမ်ကို ခံစား၍၊ တစ်ခါတစ်ရံ ငရဲပြည်အနီးမှာ ထိုသို့ စစ်ဆေးခြင်းအမှုကို ပြုလုပ်ရသည်ဖြစ်၍ 'ယမမင်း'ဟု ခေါ်ဆိုရလေသည်။

သတ္တ အနက်ယော မာဏာဝသဒ္ဒါက ဩဝါဒပေးပုံ၊ တရားယောပုံ သဘော

(၁) **'ယမ်းငွေ့သည် ပန်းမွှေ့ရှာ မဟုတ်ဘူး'** ဟူ၍ စစ်ဘေးစစ်ဒဏ်၏ ဒုက္ခကို ဖော်ကျူးထားသော သတိပေးစကားကဲ့သို့ **'ငရဲဟူသည် အကျဉ်းထောင် မဟုတ်ဘူး'** ဟူ၍ သတိပေးစကား ပြောကြားဖွယ် ရှိလေသည်။ အကျဉ်းသားတစ်ဦးကို တစ်နေ့လျှင် လှံဖြင့် အချက်ပေါင်း သုံးရာတိတိ ထိုးသတ်မည်ဆိုလျှင် တစ်ချက်တည်းဖြင့်ပင် သေလျှင်လည်း သေနိုင်သည်။ မသေတောင်မှ သေ

လောက်နီးပါး ဒုက္ခကို ခံရပေမည်။ အချက်ပေါင်းသုံးရာ အထိုးခံလျှင်မူကား ပြောဖွယ်ရာမလိုတော့ပေ။ ထိုလှံဖြင့် အချက်သုံးရာ အထိုးခံရသော အကျဉ်းသားဒုက္ခသည် ငရဲဒုက္ခနှင့်စာမူ ငရဲဒုက္ခက ဟိမဝန္တာတောင်ကြီးလောက်ရှိပြီး လှံဖြင့် အချက်သုံးရာ အထိုးခံရသော ဒုက္ခက နှမ်းစိမျှလောက်သာ ရှိလေသည်။ ထို့ကြောင့် ငရဲခံရမည်ကို အလွန်ကြောက်ကြသော လူသားသတ္တဝါတို့ ဖြစ်ကြပါကုန်လော့။

(၂) 'မွေးကင်းစ ကလေးအရွယ်၊ အလွန်အားနည်းနေသော လူအို၊ အိပ်ရာထဲမှာ လူးလိမ့်နေရသော လူနာ၊ အကျဉ်းသား၊ လူသေ' ထိုငါးမျိုးသော လူသားတို့သည် မိမိတို့ လက်ခြေ ခန္ဓာကိုယ်တို့ဖြင့် ဒါန, သီလ, ဘာဝနာ ဟူသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်နိုင်စွမ်း မရှိတော့ပေ။ လက်ခြေ သန်တုန်းမြန်တုန်းက ကုသိုလ်ကောင်းမှုကို ပြုလည်းမပြုခဲ့။ ပြုလုပ်ရန်လည်း သတိမရ။ ထိုသို့ လက်ခြေ ကိုယ်ခန္ဓာ မသန်မြန်သော အခြေဆိုက်မှ ကုသိုလ်ကောင်းမှု ပြုချင်ပါသည်ဟု သတိရစေဦးတော့။ အချိန်သည် လွန်သွားခဲ့လေပြီ။ **'အလာကောင်းသော်လည်း အခါနှောင်းခဲ့လေပြီ'** ဆိုသကဲ့သို့ ဒါန, သီလ, ဘာဝနာတို့ကို အားထုတ်ပြုလုပ်ခြင်းငှာ မစွမ်းနိုင်တော့ပေ။ ထို့ကြောင့် လက်ခြေ **ကိုယ်ခန္ဓာ သန်တုန်းမြန်တုန်း၊ ကျန်းမာရေးကောင်းတုန်း၊ အရွယ်ကောင်းတုန်း အကုသိုလ်ကို ရှောင်ကြဉ်ပြီး ကုသိုလ်ကောင်းမှုတို့ကို ကြိုးစား၍ ပြုလုပ်လိုက်ကြပါကုန်လော့။**

(၂) စောရ အနက်ဟော မာဏဝါသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် မာဏဝသဒ္ဒါ၏ သတ္တအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ မာဏဝသဒ္ဒါ၏ စောရအနက်၌ ဖြစ်ပုံ သာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

မာဏဝေဟိပိ သမာဂစ္ဆန္တိ ကတကမ္မေဟိပိ, အကတကမ္မေဟိပိ။ *(မ- ၂- ၁၁၂)*

ကတကမ္မေဟိပိ- ပြုအပ်ပြီးသောခိုးမှု ရှိသည်လည်း ဖြစ်ကုန်သော၊ **အကတကမ္မေဟိပိ-** မပြုအပ်သေးသောခိုးမှု ရှိသည်လည်း ဖြစ်ကုန်သော၊ **မာဏဝေဟိပိ-** ခိုးသူတို့နှင့်လည်း *(ဤအနက်သည် မာဏဝသဒ္ဒါ၏ စောရအနက်၌ ဖြစ်ပုံသာဓကအနက်တည်း)* **သမာဂစ္ဆန္တိ-** ပေါင်းဆုံမိကြကုန်၏။

အထက်ပါပါဠိရပ်သည် မဇ္ဈိမပဏ္ဏာသပါဠိတော်- ဘိက္ခုဝဂ်- လဋုကိကောပမသုတ်၌ လာရှိလေသည်။ ဤသုတ်နှင့်စပ်၍ အန္တရာယ်သဒ္ဒါ၏ ခဏအနက်၌ ဖြစ်ပုံသာဓကနှင့် ဆက်စပ်ပြီး ရှေးကဖော်ပြခဲ့ပြီးဖြစ်၍ ဤ၌သိသာရုံမျှ အောက်ပါအတိုင်း ထပ်၍တင်ပြပါသည်။

အထက်ပါ စကားရပ်သည် အရှင်ဥဒါယီက ဗုဒ္ဓအားလျှောက်ထားသော စကားများအနက်မှ တစ်ခုအပါအဝင် ဖြစ်လေသည်။ ဗုဒ္ဓက ညစာမစားရဟု မပညတ်မီက ရဟန်းတို့သည် ညစာစားလိုသည့်အတွက် အချိန်မတော် အကာလ ညဘက်တွင် ဆွမ်းခံထွက်ကြရသည်။ ထိုအခါ ခိုးပြီးသော သူခိုး၊ မခိုးရသေးသော သူခိုးတို့နှင့် ဆုံဆည်းမိကြပြီး အချို့ရဟန်းတို့ အသတ်ခံကြရလေသည်။

ဗုဒ္ဓက 'ညစာမစားရ'ဟု သိက္ခာပုဒ်တော်ကို ပညတ်သောအခါ အရှင်ဥဒါယီမထေရ်သည် စိတ်ထဲကပင် မကျေနပ်သော်လည်း ဗုဒ္ဓအပေါ်၌ ရိုသေမြတ်နိုးခြင်း သဘောရှိသောကြောင့် ညစာမစားဘဲ တရားအားထုတ်လေရာ ရဟန္တာအဖြစ်သို့ ရောက်လေသည်။ ထိုအခါမှ ဗုဒ္ဓ၏ ကျေးဇူးကို အောက်မေ့ပြီး ညစာစားခြင်းကို အကြောင်းပြု၍ ရဟန်းတွေ ဒုက္ခအမျိုးမျိုး ကြုံတွေ့ရပုံကို ဗုဒ္ဓအား လျှောက်ထားခြင်း ဖြစ်လေသည်။

စောရ အနက်ဟော မာဏဝသဒ္ဒါက ဆုံးမသြဝါဒပေးပုံ၊ တရားဟောပုံ သဘော

များသောအားဖြင့် သူခိုးဓားပြစသော ဒုစရိုက်သမားများသည် အချိန်မတော် အကာလ ညအခါ၌ သောင်းကျန်းလေ့ရှိကြသည်။ **'ကျားရဲရာလည်း ကြမ္မာအကြောင်း မယိုးကောင်း'** ဟူသော ဆိုရိုးစကားအတိုင်း ထိုအချိန်မျိုး၌ သွားလာမိကြသူတို့အတွက် အန္တရာယ် ကျရောက်တတ်လေသည်။ အန္တရာယ် ကျရောက်ကာမှ ကံကြမ္မာကို ယိုးမယ်ဖွဲ့၍ မရနိုင်တော့ပေ။ ထို့ကြောင့် **ရဟန်း, ကိုရင်, သီလရှင်, အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့သည် အကာလ ညအခါတွင် အပြင်မထွက်ကြဘဲ မိမိတို့၏ နေရာတွင်သာ နေထိုင်၍ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားဘာဝနာ ပွါးများခြင်းစသော ကုသိုလ်တရားတို့ဖြင့်သာ နေသင့်ကြပါသည်။ နေဖြစ်အောင်လည်း နေကြပါကုန်လော့။**

(၃) တရုဏာ အနက်ဖော မာဏဝသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် မာဏဝသဒ္ဒါ၏ စောရအနက်၌ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ မာဏဝသဒ္ဒါ၏ တရုဏ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုထားလေသည်။ *(တရုဏ- ပျိုရွယ်သူ လုလင်ပျိုဟူ၍ အနက်အဓိပ္ပါယ်ရသည်။)*

အမ္ဗဋ္ဌော မာဏဝေါ အင်္ဂကော မာဏဝေါ

အမ္ဗဋ္ဌော- အမ္ဗဋ္ဌမည်သော၊ **မာဏဝေါ**- လုလင်၊ **အင်္ဂကော**- အင်္ဂကမည်သော၊ **မာဏဝေါ**- လုလင်။

အထက်ပါပါဠိရပ်သည် သုတ်သီလက္ခန် ပါဠိတော် အမ္ဗဋ္ဌသုတ် နှာ (၈၄) ၌လည်းကောင်း၊ သောဏဒဏ္ဍသုတ် နှာ (၁၁၆)၌ လည်းကောင်း လာရှိလေသည်။

အထက်ပါ သုတ်များနှင့် စပ်၍ ဤ၌ လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

'အမ္ဗဋ္ဌသုတ်' တွင် ဆရာပေါက္ခရသာတိ ပုဏ္ဏားကြီးက တပည့်ဖြစ်သူ အမ္ဗဋ္ဌလုလင်အား ရှင်တော်ဗုဒ္ဓအား သဗ္ဗညုဗုဒ္ဓ အစစ် ဟုတ်, မဟုတ် စုံစမ်းခိုင်းလေရာ အမ္ဗဋ္ဌလုလင်သည် အလွန်မာနကြီးသူ လုလင်ပျိုတစ်ဦး ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓနှင့် စကားပြောရာ၌ မရိုမသေ မခြေမင် ကိုယ်အမူအရာ, နှုတ်အမူအရာတို့ဖြင့် ရိုင်းရိုင်းစိုင်းစိုင်း ပြုမိပြောမိလေသောကြောင့် ဆရာ ပေါက္ခရသာတိပုဏ္ဏားကြီး သိသောအခါ ရိုင်းစိုင်းလွန်းသည့်အတွက် ကြိမ်းမောင်းဇေါက်ငမ်းပြီး အမ္ဗဋ္ဌလုလင်အား ခြေထောက်ဖြင့် လိမ့်၍လိမ့်၍ ကန်ပြီးနောက် ရာထူးမှလည်း ချပစ်လိုက်လေသည်။

'သောဏဒဏ္ဍသုတ်' တွင် သောဏဒဏ္ဍပုဏ္ဏားက ဗုဒ္ဓမေးတော်မူသည့်အားလျော်စွာ အမျိုးဇာတ်နှင့် ဝေဒကျမ်း တတ်ကျွမ်းမှု ကိုဖယ်ပြီး အကျင့်သီလ ဉာဏ်ပညာနှင့် ပြည့်စုံလျှင်ပင် 'ပုဏ္ဏား'ဟု ပညတ်ကြောင်းလျှောက်ထားရာ၌ အခြားပုဏ္ဏားများက 'ဗုဒ္ဓ ဘက်သို့ ပါသွားပြီ' စသည်ဖြင့် ဝိုင်းဝန်းကဲ့ရဲ့ကြရာတွင် သောဏဒဏ္ဍပုဏ္ဏားကြီးက အနီးရှိ မိမိတူ အင်္ဂကလုလင်ပျိုအား သက်သေ အရာထားပြီး 'ဤအင်္ဂကလုလင်သည် အမျိုးဇာတ်နှင့်လည်း ပြည့်စုံကြောင်း၊ ဝေဒကျမ်းကိုလည်း တစ်ဘက်ကမ်းခတ် တတ်ကျွမ်း ကြောင်း၊ အလွန်အဆင်းလှသူလည်းဖြစ်ကြောင်း၊ သို့ရာတွင် အကျင့်စာရိတ္တ ယိုယွင်းပျက်စီးနေသူ ဖြစ်မည်ဆိုပါက ပုဏ္ဏားတို့သည် ပုဏ္ဏားဟု မပညတ်နိုင်ကြောင်း' ပြန်လည်ချေပ ပြောဆိုလေသည်။

တရုဏအနက်ဖော မာဏဝသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဖောပုံသဘော

(၁) အကြင်လုလင်ပျို လုံမပျိုတို့သည် အလွန်အဆင်းလှသူများဖြစ်ပါက လူအများ၏ ချစ်ခင်မြတ်နိုးနှစ်သက်မှုကို ခံတတ်ကြရ လေသည်။ သို့ရာတွင် အကျင့်စာရိတ္တ မကောင်းကြောင်း သိရသောအခါ၊ မာနထောင်လွှားမှု အားကြီးသည်ဟု သိရသောအခါ အစ က ချစ်ခင်မြတ်နိုး နှစ်သက်တတ်ကြသလောက် နောက်ပိုင်းတွင် ဝိုင်းဝန်းပြစ်တင် ကဲ့ရဲ့ခြင်း, မုန်းတီးခြင်း, သက်ဆိုင်ရာက အပြစ်ဒဏ်ပေး ခြင်းများကို ခံတတ်ကြရလေသည်။ ထို့ကြောင့် **အလွန်မာနကြီးသူ မဖြစ်ကြပါစေနှင့်၊ ထောင်ထတက်ကြွမှု မဖြစ်ကြပါစေနှင့်၊ မာနကို နှိမ့်ချသူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူ၊ ယဉ်ကျေးသူ ဖြစ်ကြပါစေကုန်လော့။**

(၂) ဤလူသည် အမျိုးဇာတ်နှင့် ပြည့်စုံသည် ဟူ၍လည်းကောင်း၊ ရုပ်အဆင်းလည်း အလွန်လှပသည် ဟူ၍လည်းကောင်း၊ အသက်မွေးဝမ်းကြောင်း အတတ်ပညာ၌လည်း အလွန်တတ်ကျွမ်းသည် ဟူ၍လည်းကောင်း၊ စီးပွားဥစ္စာနှင့်လည်း ပြည့်စုံသည် ဟူ၍လည်းကောင်း အစပဌမတွင် ထိုပုဂ္ဂိုလ်အား လူအပေါင်းတို့သည် ဝိုင်းအုံ၍ ချစ်ခင်မြတ်နိုး အားကိုးကြသည်။ အလေးထားကြသည်။ အရေးပေးကြသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်သည် စိတ်ထားညံ့ဖျင်းသည်။ ယုတ်မာကောက်ကျစ်သည်။ ဖောက်ဖောက်ပြန်ပြန် လုပ် တတ်သည်။ လိမ်လည်လှည့်ဖျားတတ်သည်။ သစ္စာမရှိ ကတိမတည် စသည်ဖြင့် ထိုပုဂ္ဂိုလ်၏ အကျင့်စာရိတ္တကို သိကြသောအခါ၌မူကား လူအများတို့သည် ရွံရှာမုန်းတီးခြင်းသို့ ပြောင်းလဲရောက်ရှိသွားကြလေသည်။ ထို့ကြောင့် **ဤလောက၌ အကျင့်စာရိတ္တ ကောင်းမွန်မှု၊ အသိဉာဏ်ပညာ အမြော်အမြင်ရှိမှုသည် အဓိကပဓာန ဖြစ်သည်၊ ထို့ကြောင့် အကျင့်သီလကောင်းသူ၊ အမြော်အမြင်ရှိသူ ဖြစ်ကြပါကုန်လော့။**

ဤ၌ လိုအပ်သောအနက်

အထက်က ပြဆိုခဲ့သည့်အတိုင်း မာဏဝသဒ္ဒါသည် 'သတ္တအနက်, စောရအနက်, တရုဏအနက်' ဟူ၍ သုံးနက်ဟောရာတွင် ဤဗြဟ္မဇာလသုတ်၌ **တရုဏအနက်**ကို လိုအပ်ပေသည်။ ထို့ကြောင့် သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည် အိုမင်းကြီးရင့်သောပုဂ္ဂိုလ်မဟုတ်။ အရွယ်အဆင်းနှင့် ပြည့်စုံသော၊ ပျိုနုသော လုလင်ပျိုတစ်ဦး ဖြစ်သည်ဟု သိစေလေသည်။

ဆရာနှင့် တပည့် အယူအဆ မတူကြခြင်း

ဆရာဖြစ်သော သုပ္ပိယပုရိဗိုဇ်သည် တပည့်ရင်းဖြစ်သော ဗြဟ္မဒတ်လုလင်ပျိုနှင့် ခရီးအတူ သွားနေလေသည်။ ထိုတွင် ဆရာဖြစ်သူ သုပ္ပိယပုရိဗိုဇ်က **'အနေက ပရိယာယေန'** များစွာသော အကြောင်းဖြင့် **'ဗုဒ္ဓ, ဓမ္မ, သံဃာ'**ဟူသော ရတနာသုံးပါး၏ **'အဝဏ္ဏ'** ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုလျက်, ပြောဆိုလျက်လည်းကောင်း၊ တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်ပျိုက **'ဗုဒ္ဓ, ဓမ္မ, သံဃာ'** ဟူသော ရတနာသုံးပါး၏ **'ဝဏ္ဏ'** ဂုဏ်ကျေးဇူးများကို ပြောဆိုလျက်, ပြောဆိုလျက်လည်းကောင်း ဗုဒ္ဓကြွတော်မူနေသော ခရီးစဉ်အတိုင်း နောက်မှ လိုက်၍လိုက်၍ နေကြလေသည်။

ပရိယာယသဒ္ဒါ အနက်သုံးနက်

ထိုတွင် **အနေကပရိယာယေန**၌ ပရိယာယသဒ္ဒါသည် **'ဝါရအနက်, ဒေသနာအနက်, ကာရဏအနက်'** သုံးနက်၌ ဖြစ်သည်ဟု အဋ္ဌကထာဆရာ ပြဆိုသည်။ *(ဒီ ဋ္ဌ- ၁- ၃၇)*

(၁) ဝါရအနက်ဟော ပရိယာယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ရှေးဦးစွာ အဋ္ဌကထာဆရာသည် ပရိယာယသဒ္ဒါ၏ ဝါရအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုထားလေသည်။

ကဿနုခေါ် အာနန္ဒ အဇ္ဇ ပရိယာယော ဘိက္ခုနိယော ဩဝဒိတုံ *(မ- ၃- ၃၁၅)*

အာနန္ဒ- အာနန္ဒာ၊ **ဘိက္ခုနိယော**-ဘိက္ခုနီတို့ကို ဝါ ရဟန်းမတို့ကို၊ **ဩဝဒိတုံ**- ဆုံးမခြင်းငှာ၊ **အဇ္ဇ**-ယနေ့၊ **ကဿ**- အဘယ်ရဟန်း၏၊ **ပရိယာနုခေါ်**- အလှည့်အကြိမ်နည်း။ *(ဤအနက်သည် ပရိယာယသဒ္ဒါ၏ ဝါရအနက်၌ ဖြစ်ပုံသာဓကတည်း။)*

အထက်ပါ ပါဠိရပ်သည် ဥပရိပဏ္ဏာသပါဠိတော် နန္ဒကောဝါဒသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာတို့မှ ဖော်ပြချက်များအနက် ဤ၌ လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

မိထွေးတော် ဂေါတမီ ဘိက္ခုနီမကြီးသည် ရှင်တော်ဗုဒ္ဓအား ဘိက္ခုနီမ ခေါ် ရဟန်းမငါးရာတို့အား ဆုံးမဩဝါဒပေးရန် လျှောက်ထားမူကြောင့် ရှင်တော်ဗုဒ္ဓသည် ထိုတာဝန်ကို ရဟန်းသံဃာ မထေရ်ကြီးတို့အား လွှဲအပ်လေသည်။ သံဃမထေရ်ကြီးတို့သည် အလှည့်အကြိမ်အားဖြင့် ဆုံးမဩဝါဒ ပေးတော်မူကြလေသည်။

အရှင်နန္ဒကမထေရ်၏ အလှည့်သို့ ရောက်သောအခါ၌ အရှင်နန္ဒကမထေရ်သည် ထိုရဟန်းမငါးရာတို့အား ဆုံးမရန်အလိုမရှိ ဖြစ်နေသည်။ အလိုမရှိဖြစ်ရသော အကြောင်းကလည်း ရှိနေသည်။ ယင်းမှာ လွန်ခဲ့သောဘဝတစ်ခု၌ အရှင်နန္ဒက ရှင်ဘုရင်ဖြစ်စဉ်က ထိုရဟန်းမငါးရာတို့သည် မိဖုရားငယ်ငါးရာတို့ ဖြစ်ခဲ့ကြလေသည်။

အရှင်နန္ဒကမထေရ်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ထိုအကြောင်းကို သိမြင်တော်မူသည်ဖြစ်၍ အခြားပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရသော မထေရ်တို့က 'ဩော် နန္ဒကမထေရ်သည် ယနေ့တိုင်အောင်လည်း သံယောဇဉ်မပြတ်သေးဘဲကို' ဟူ၍ အပြောအဆိုခံရမည်ကို ကြောက်သောကြောင့် ထိုကဲ့သို့ အလိုမရှိဖြစ်နေလေသည်။

သို့ရာတွင် ထိုရဟန်းမငါးရာတို့သည် နန္ဒကမထေရ်၏ ဩဝါဒတရားနှင့်သာ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရမည်ကို မြင်တော်မူသောကြောင့် ရှင်တော်ဗုဒ္ဓသည် နန္ဒကမထေရ်အား ထိုရဟန်းမငါးရာတို့ကို ဩဝါဒပေးစေလေသည်။

ဗုဒ္ဓ၏ အမိန့်တော်အရ မလွှဲသာ မရှောင်သာ ရဟန်းမတို့အား တရားဟောရသောအခါ ထိုရဟန်းမငါးရာတို့သည် အလွန်

သဘောကျ နှစ်ခြိုက်ကြည်ညိုမှု ဖြစ်ကြလေသည်။ နှစ်ရက်ဆက်တိုက် ဟောသောအခါ ထိုရဟန်းမင်းရာတို့သည် အချို့ သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ်၊ အချို့ ရဟန္တာမများ ဖြစ်သွားကြလေသည်။

ဝါရ အနက်ဟော ပရိယာယသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံ သဘော

(၁) 'ပုဂ္ဂိုလ်ခင်မှ တရားမင်' ဟူသော ဆိုရိုးစကားအတိုင်း ရှေးဘဝက မိဖုရားမင်းရာ ဖြစ်ခဲ့ဘူးသော သံယောဇဉ်ကြောင့် ရဟန်းမင်းရာတို့သည် အခြားသောမထေရ်တို့ထက် အရှင်နန္ဒက မထေရ်ကို ပို၍ကြည်ညိုမြတ်နိုးကြသည်။ အရှင်နန္ဒကမထေရ်၏ ဆုံးမဩဝါဒစကားကို ပို၍မြတ်နိုးလေးစားစွာ နာယူမှတ်သားကြသည်။ ထို့ကြောင့် ရဟန်းမင်းရာတို့သည် အရိယာအဖြစ်သို့ ရောက်ရှိကြလေသည်။ **ထို့ကြောင့် အကျင့်သီလသိက္ခာနှင့် ပြည့်စုံသော မိမိတို့ နှစ်သက်မြတ်နိုးကြကုန်သော ဓမ္မကထိကတို့၏ တရားစကားကို ရိုသေလေးစားစွာ နာယူမှတ်သားကြပြီး သူတော်စင်အဖြစ်သို့ရောက်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၂) အလုံးစုံသော 'လူ, နတ် ဗြဟ္မာ' သက်ရှိသတ္တဝါ အားလုံးတို့သည် အစမထင် သံသရာ၌ ကျင်လည်ခဲ့ကြသည်ဖြစ်ရာ 'တစ်ဦးနှင့်တစ်ဦး မိဘ, သားသမီး, ညီအစ်ကို မောင်နှမ, လင်မယား စသည်ဖြင့် မဖြစ်ဖူး' ဟူ၍ မရှိခဲ့ပေ။ ဖြစ်ဖူးခဲ့သည်သာချည်း ဖြစ်သည်။ သို့ရာတွင် အလွန်ဝေးကွာသောဘဝက တော်စပ်ခဲ့ဖူးသည်ဟုဆိုလျှင် ခပ်စိမ်းစိမ်းဖြစ်နေတတ်ကြသော်လည်း အလွန်မဝေးကွာလှသောဘဝက တော်စပ်ခဲ့ဖူးသည်ဟုဆိုလျှင် မြင်လျှင်မြင်ချင်းပင် စိတ်ထဲက တစ်ဦးနှင့်တစ်ဦး ချစ်ခင်စိတ် ဖြစ်တတ်ကြလေသည်။ **ထိုချစ်ခင်စိတ်ကို အခြေခံ၍ ဆက်ဆံပေါင်းသင်းကြရာ၌ မကောင်းသောမိတ်ဆွေအဖြစ်ဖြင့် ပေါင်းသင်းခြင်းကို ရှောင်ကြဉ်၍ ကောင်းသောမိတ်ဆွေအဖြစ်ဖြင့် ပေါင်းသင်းဆက်ဆံမှုကို ပြုတတ်ကြပါကုန်လော့။**

(၃) အလုံးစုံသော သက်ရှိသတ္တဝါတို့သည် သံသရာတစ်ခွင် ကျင်လည်ရာတွင် ဆွေမျိုးတော်စပ်ခဲ့ဖူးသည်ချည်းသာဖြစ်သည် ဆိုသည့်အတိုင်း မြန်မာတစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးမှာရှိသော လူသားအပေါင်းတို့သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုတွေ့လျှင် 'ယခုဘဝ မိသားစုကဲ့သို့ တစ်ချိန်သောဘဝတစ်ခုမှာ ဆွေမျိုးသားချင်း မိသားစု ဖြစ်ခဲ့မှာပဲ' ဟူသော သဘောကို ထောက်ရှုလျက် **တွေ့ကြုံနေရသော အလှည့်အကြိမ်အခိုက်မှာ မေတ္တာဓာတ်ပို့လွှတ်၍ သင့်တင့်စွာ နှလုံးသွင်း၍ တရားဓမ္မကို အဓိကထား၍ မိတ်ဆွေကောင်းအဖြစ်ဖြင့် အခြေအနေပေါ်မူတည်၍ စောင့်ရှောက်ကူညီမှုကို ပြုတတ်ကြပါကုန်လော့။**

(၂) ဒေသနာ အနက်ဟော ပရိယာယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဌကထာဆရာသည် ပရိယာယသဒ္ဒါ၏ ဝါရ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီးနောက် ပရိယာယသဒ္ဒါ၏ ဒေသနာ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တသ္မာတိဟ တွံ အာနန္ဒ မဓုပိဏ္ဍိက ပရိယာယောတွေဝ နံ ဓာရေဟိ *(မ- ၁- ၁၆၁)*

အာနန္ဒ- ချစ်သား အာနန္ဒာ၊ **တသ္မာ**- ထိုသို့ မုံ့ချိုနှင့်တူသည်၏ အဖြစ်ကြောင့်၊ **ဣဟ**- ဤသာသနာတော်၌၊ **ဣမံ ဓမ္မပရိယာယံ**- ဤတရားဒေသနာတော်ကို၊ **မဓုပိဏ္ဍိက ပရိယာယောတွေဝ**- မဓုပိဏ္ဍိက ဒေသနာဟူ၍သာ၊ **ဓာရေဟိ**- ဆောင်ရွက်မှတ်သားလော့။ *(ဤအနက်သည် ပရိယာယသဒ္ဒါ၏ ဒေသနာအနက်၌ ဖြစ်ပုံတည်း။)*

အထက်ပါ မဓုပိဏ္ဍိကသုတ္တန် ဒေသနာတော်နှင့်စပ်၍ ပါဠိတော်၊ အဌကထာ၊ ဋီကာတို့မှ ဖော်ပြဖွင့်ဆိုချက်တို့အနက် ဤ၌ လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗုဒ္ဓသည် သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဗုဒ္ဓသည် ဆွမ်းစားပြီးနောက် မဟာဝုန်တော ဉသျှစ်ပင်ပျိုရင်း၌ နေ့သန့်ထိုင်နေတော်မူသော အချိန်ကာလ ဖြစ်လေသည်။

ထိုအချိန်၌ ဒဏ္ဍပါဏိ သာကီဝင်မင်းသားသည် အညောင်းပြေ လမ်းလျှောက်လာရင်း ဗုဒ္ဓထံသို့ ချဉ်းကပ်ပြီး တုတ်ကိုထောက်ကာ ရပ်လျက် ဗုဒ္ဓကို '**ကိံဝါဒီ သမဏော ကိမက္ခာယီတိ**' **သမဏော**- အရှင်ရဟန်းသည်၊ **ကိံဝါဒီ**- အဘယ်အယူရှိသနည်း။ **ကိံအက္ခာယီ**- အဘယ်ကို ပြောကြားလေ့ရှိသနည်း။ **ဣတိ**- ဤသို့၊ **အဝေါစ**- လျှောက်လေပြီ။

ဒဏ္ဍပါဏိ သာကီဝင်မင်းသားသည် အထက်ပါစကားကို လျှောက်ရာ၌ ဗုဒ္ဓကို ရှိမခိုးဘဲ လျှောက်ထားခြင်းဖြစ်သည်။ ထိုသို့ လျှောက်ထားရာ၌ သိလို၍ လျှောက်ထားခြင်း မဟုတ်ဘဲ မရိုသေသောသဘောဖြင့် လျှောက်ထားခြင်း ဖြစ်သည်။

အဘယ်ကြောင့်နည်းဟူမူ ဒဏ္ဍပါဏိသည် ဒေဝဒတ်၏ အသင်းအပင်း ဖြစ်လေသည်။ ဒေဝဒတ်ထံသို့ ချဉ်းကပ်သောအခါ၌ ဒေဝဒတ်က "ဒဏ္ဍပါဏိ- ရဟန်းဂေါတမဟာ ငါတို့ သာကီဝင်မင်းမျိုးတို့ရဲ့ ရန်သူပဲ။ ငါတို့ သာကီဝင်မင်းတို့ရဲ့ ကြီးပွါးမှုကို မလိုလားဘူး။ တကယ်ဆို ငါ့နှမ ယသော်ဓရာဟာ စကြာဝတေးမင်းကြီးရဲ့ မိဖုရားဖြစ်ထိုက်တယ်။ အဲဒီ ငါ့နှမကိုစွန့်ပြီး တောထွက်ရဟန်းပြုတယ်။ ပြီးတော့ ငါ့တူ ရာဟုလာဆိုရင်လည်း စကြာဝတေးမင်း ဖြစ်မည့်သူပဲ။ အဲဒါလည်း မဖြစ်အောင် ခုနစ်နှစ်အရွယ်ကပဲ သာမဏေဝတ်ပေးလိုက်တယ်။ ငါလည်း ရဟန်းဂေါတမနှင့် မခွဲနိုင်တာနဲ့ ရဟန်းပြုခဲ့တယ်။ ဒါပေမယ့် ငါ့အပေါ်မှာ မကောင်းဘူး။ ငါ့ကို ကြီးစွာသော ပေါက်ဆိန်နှင့် ပေါက်သလို ပရိသတ်အလယ်မှာ 'ဒေဝဒတ်ဟာ အပါယ်ကျမည့် အကောင်ပဲ'လို့ ငါ့ကို ရက်ရက်စက်စက် ပြောတယ်"

ထိုဒေဝဒတ်၏စကားကြောင့် ဒဏ္ဍပါဏိသည် ဗုဒ္ဓအပေါ်၌ မကျေမနပ်ဖြစ်ကာ အထက်ပါအတိုင်း မရိုမသေစကားကို ပြောကြားလိုက်ခြင်းဖြစ်သည်။

ဗုဒ္ဓသည် ဒဏ္ဍပါဏိ၏ မကျေမနပ်မှုကို ရှေးရှုလျက် မရိုသေသော သဘောဖြင့် မေးသော်လည်း မဖြေကြားပဲနေလျှင် 'ငါ မေးတာကို မဖြေနိုင်ဘူး' ဟူ၍ ထင်မှတ်သွားမည် ဖြစ်သောကြောင့် ဒဏ္ဍပါဏိ နားလည်မည် မဟုတ်သော အောက်ပါစကားကို မိန့်ကြားတော်မူလေသည်။

'ဒါယကာ ဒဏ္ဍပါဏိ ငါသည် နတ်လောကတွင် လည်းကောင်း၊ ဗြဟ္မာလောကတွင် လည်းကောင်း၊ မာရ်နတ်လောကတွင် လည်းကောင်း၊ သမဏလောကတွင် လည်းကောင်း၊ ဗြာဟ္မဏလောကတွင် လည်းကောင်း၊ လူ့လောကတွင် လည်းကောင်း ဤသတ္တလောက တစ်ခုလုံး၌ မည်သူနှင့်မျှ ငြင်းခုံခြင်းမရှိပေ။

ဒဏ္ဍပါဏိ ငါသည် ကာမဂုဏ်တို့နှင့် စပ်ယှဉ်မှုမရှိ။ သို့လော သို့လောဟု တွေးတောယုံမှားမှု မရှိ။ ကုက္ကုစ္စလည်း မရှိ။ ဘဝငယ်၊ ဘဝကြီးတို့၌လည်း တပ်မက်မှုမရှိဘဲ ရဟန္တာဖြစ်ပြီးသော ငါ့မှာ ကိလေသာသညာတို့သည် မကိန်းဝပ်ကုန်။ ဒါယကာ ဒဏ္ဍပါဏိ ငါသည် ဤသို့အယူရှိ၏။ ဤသို့သော အကြောင်းကို ပြောကြားလေ့ရှိ၏။'ဟု မိန့်ကြားတော်မူသည်ရှိသော်-

ဒဏ္ဍပါဏိမည်သော သာကီဝင်မင်းသားသည် ဦးခေါင်းကိုညိတ်၍ လျှာကိုထုတ်ကာ နဖူးပြင်၌ နဖူးရေးသုံးခုကို ထစေလျက် တုတ်ကိုထောက်၍ ဖဲ့ခွါသွားလေသည်။

ဗုဒ္ဓသည် ထိုအကြောင်းကို ရဟန်းတို့အား ပြန်ပြောင်းပြောပြတော်မူသည်ရှိသော် ရဟန်းတစ်ပါးက မေးမြန်းလျှောက်ထားသည် ဖြစ်၍ အထက်ပါတရားစကားနှင့်စပ်၍ ဗုဒ္ဓသည် အောက်ပါအတိုင်း အကျဉ်းချုပ် ဟောကြားတော်မူသည်။

အကြင်သူ၏ စိတ်သန္တာန်၌ 'ကာမရာဂ, ပဋိဃ ခေါ် ဒေါသ, မိစ္ဆာဒိဋ္ဌိ, ဝိစိကိစ္ဆာ, မာန, ဘဝရာဂ, အဝိဇ္ဇာ' ဟူသော အနုသယ ခုနစ်ပါး ကိန်းဝပ်လျက်ရှိသည်။ ထိုပုဂ္ဂိုလ်တို့သည် ထိုအနုသယတရားများ ကိန်းဝပ်နေသောကြောင့် တုတ်ဓား လက်နက်ကိုင်ခြင်း၊ ရန်ဖြစ်ခြင်း၊ သဘောကွဲလွဲခြင်း၊ ငြင်းခုံခြင်း၊ နင်နင်ဟု ပြောဆိုခြင်း၊ ကုန်းချောခြင်း၊ မုသားပြောဆိုခြင်းများ ရှိကြလေသည်။

ဗုဒ္ဓ၌ ထိုအနုသယ ခုနစ်ပါး လုံးဝကင်းစင်သွားပြီ ဖြစ်သောကြောင့် တုတ်ဓား လက်နက်ကိုင်ခြင်း၊ ရန်ဖြစ်ခြင်း၊ သဘောကွဲလွဲခြင်း၊ ငြင်းခုံခြင်း၊ နင်နင်ဟု ပြောဆိုခြင်း၊ ကုန်းချောခြင်း၊ မုသားပြောဆိုခြင်း အလျဉ်းမရှိတော့ပေ။

ထို့ကြောင့် ဗုဒ္ဓက 'ငါသည် လောကကြီးနှင့် မငြင်းခုံ၊ လောကကြီးကသာ ငါနှင့် ငြင်းခုံခြင်း ဖြစ်လေသည်။ ငါက 'အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ'တို့ကို 'အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ' ဟူ၍သာ အမှန်အတိုင်း ပြောဆိုသည်။ သို့ရာတွင် လောကကြီးက အမှန်အတိုင်း မသိကြသောကြောင့် 'နိစ္စ, သုခ, အတ္တ, သုဘ'ဟူ၍ ငါနှင့် ဆန့်ကျင်ဘက်ပြု၍ ပြောဆိုကြသည်။

ဓမ္မဝါဒီ ခေါ် တရားသဘောအတိုင်း ယူဆပြောဆိုလေ့ရှိသူသည် မည်သူတစ်စုံတစ်ဦးနှင့်မျှ ငြင်းခုံစရာမလိုဘဲ အဓမ္မဝါဒီ ခေါ် တရားသဘော မဟုတ်သည်ကို ယူဆပြောဆိုလေ့ရှိသူတို့သာ ငြင်းခုံလေ့, ရန်ဖြစ်လေ့, အချင်းများလေ့, ပြဿနာဖြစ်လေ့ ရှိကြကြောင်း' ဗုဒ္ဓက ရဟန်းတို့အား မိန့်ကြားတော်မူလေသည်။

ဒေသနာ အနက်ဖော ပရိယာယသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဖော်ပုံ သဘော

(၁) ဤသတ္တလောကကြီး၌ ပုထုဇဉ် သတ္တလောကသားတို့သည် ငြင်းခုံလေ့ရှိကြသည်။ ရန်ဖြစ်လေ့ရှိကြသည်။ နင်နင်ဟု ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုလေ့ရှိကြသည်။ ပြဿနာဖြစ်လေ့ရှိကြသည်။ တုတ်ဓား လက်နက် အမျိုးမျိုးတို့ကို ဆွဲကိုင်လျက် ခုတ်ကြ ပစ်ကြ သတ်ကြ ဖြတ်ကြလေ့ရှိကြသည်။ ထိုသို့ ဖြစ်ကြခြင်းသည် ထိုပုဂ္ဂိုလ်တို့သည် **ကာမဂုဏ်နှင့် စပ်ယှဉ်မှုရှိကြသောကြောင့် လည်းကောင်း၊ ကာမရာဂစသော အနုသယခုနစ်ပါး ကိန်းဝပ်မှုရှိကြသောကြောင့် လည်းကောင်း၊ ပုပ်နံမှု ကုက္ကုစ္စ ရှိကြ သောကြောင့် လည်းကောင်း၊ အဓမ္မဝါဒီ ခေါ် တရားသဘောမဟုတ်သည်ကို ပြောဆိုလေ့ရှိကြသောကြောင့် လည်းကောင်း** ဖြစ်လေသည်။ ထို့ကြောင့် ထိုတရားများကို ရှောင်ကြဉ်ရန် အထူးလိုအပ်ပေသည်။

(၂) ပြဿနာ ကင်းကင်းရှင်းရှင်း အေးအေးချမ်းချမ်းနှင့် နေလိုကြသည်ဖြစ်ပါလျက် ဤသတ္တလောက၌ အထက်ပါ ပြဿနာ များ ဖြစ်နေကြခြင်းသည် ပြဿနာဖြစ်ခြင်း၏ အကြောင်းအရင်းကို မိမိတို့ကိုယ်တိုင်က လက်ခံကြလို့သာဖြစ်သည်။ **ကာမဂုဏ်နှင့် ယှဉ်စပ်မှု ရှိခြင်းသည်လည်းကောင်း၊ ကာမရာဂ အားကြီးကြခြင်းသည် လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိ ခေါ် ဖောက်ပြန်မှားယွင်းစွာ အယူအဆ ရှိကြခြင်းသည်လည်းကောင်း၊ သို့လောသို့လော ဝေခွဲမရ ဝိစိကိစ္ဆာ ရှိကြခြင်းသည်လည်းကောင်း၊ ထောင်လွှားမှု မာန ရှိကြခြင်းသည်လည်းကောင်း၊ ပဋိဃ ခေါ် ဒေါသ အာဃာတ ရှိကြခြင်းသည်လည်းကောင်း၊ ဘဝကို တပ်မက်သော တဏှာ ရှိကြခြင်းသည်လည်းကောင်း၊ တွေဝေမှု အဝိဇ္ဇာ ရှိကြခြင်းသည်လည်းကောင်း၊ ပုပ်နံမှု ကုက္ကုစ္စ ရှိကြခြင်းသည်လည်း ကောင်း၊ အဓမ္မဝါဒီ ခေါ် တရားသဘောမဟုတ်သည်ကို ယူဆပြောဆိုလေ့ရှိကြခြင်းသည်လည်းကောင်း ဤတရားများတို့သည် ပြဿနာဖြစ်ခြင်း၏ အကြောင်းရင်းပင် ဖြစ်လေသည်။ ထို့ကြောင့် ထိုတရားများကို နည်းနိုင်သမျှနည်းအောင် ကြိုးစားကြရ မည် ဖြစ်သည်။**

(၃) ထိုတရားများ အားကောင်းလျှင် အားကောင်းသလောက် ပြဿနာတွေ အားကောင်းစွာ ဖြစ်နေကြမည် ဖြစ်သလို နည်းလျှင်နည်းသလို ပြဿနာတွေ နည်းပါးကြမည်ဖြစ်သည်။ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်လေးပါး တရားများကို **သတိမထား မရှုပွါးကြသူတို့မှာ ထိုတရားများ အားကောင်းနေကြမည် ဖြစ်သကဲ့သို့ သတိထား၍ ရှုပွါးကြသူတို့မှာလည်း နည်းပါးကြမည်သာ ဖြစ်သည်။ ထို့ကြောင့် သတိပဋ္ဌာန်လေးပါး၊ သစ္စာတရား၊ မဂ္ဂင်ရှစ်ပါးတရားများကို သတိထား၍ ပွါး များအားထုတ်မှု ပြုကြပါကုန်လော့။**

(၃) ကာရဏာအနက်ဖော ပရိယာယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ပရိယာယသဒ္ဒါ၏ ဒေသနာအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ပရိယာယသဒ္ဒါ၏ ကာရဏာအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဣမိနာပိ ခေါ တေ ရာဇည ပရိယာယေန ဧဝံ ဟောတု *(ဒီ- ၂- ၂၉၇)*

ရာဇည- ပါယာသိမြို့စား၊ **ဣမိနာပိ ပရိယာယေန**- ဤအကြောင်းကြောင့်လည်း၊ **တေ**- သင်၏၊ **ဧဝံ**- ဤသို့ ပရလောကရှိ၏ ဟူသောအယူသည်၊ **ဟောတု**- ဖြစ်ပါစေ။

အထက်ပါပါဠိရပ်သည် သုတ်မဟာဝါ ပါဠိတော် ပါယာသိသုတ်၌ လာရှိသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

အရှင်ကုမာရကဿပမထေရ်မြတ်သည် ကောသလတိုင်းရှိ သေတဗျမြို့၏ မြောက်ဘက် ယင်းတိုက်တော၌ သီတင်းသုံးနေ တော်မူခိုက် ဖြစ်ပါသည်။ ထိုအခါ၌ ပါယာသိမြို့စားသည် သေတဗျမြို့နေ ပုဏ္ဏားများ၊ အခြားအမျိုးသားများနှင့်အတူ အရှင်ကုမာရ ကဿပထံသို့ ချဉ်းကပ်ပြီး သူ၏ အောက်ပါ ယုတ်မာသော မိစ္ဆာဒိဋ္ဌိအယူကို တင်လျှောက်ထားလေသည်။

အဟဉှိ ဘော ကဿပ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ ဣတိပိ နတ္ထိ ပရောလောကော၊ နတ္ထိ သတ္တာ ဩပပါတိကော၊ နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကောတိ။

ဘော ကဿပ- အရှင်ကဿပ၊ အတံ- အကျွန်ုပ်သည်၊ ဝေဝါဒိ- ဤသို့ဝါဒရှိ၏။ ဝေဒိဋ္ဌိ- ဤသို့အယူရှိ၏။ ဣတိပိ- ဤအကြောင်းကြောင့်လည်း၊ ပရောလောကော- ပရလောက ခေါ် နောက်ဘဝသည်၊ နတ္ထိ- မရှိ။ ဩပပါတိကော- ဥပပတ် ပဋိသန္ဓေနေခြင်း ရှိကုန်သော၊ သတ္တာ- နတ်, ပြဟ္မာ, ငရဲသားတို့သည်၊ နတ္ထိ- မရှိကုန်။ သုကတ ဒုက္ကဋ ကမ္မာနံ- ကောင်းမှုကံ မကောင်းမှုကံတို့၏၊ ဖလံ ဝိပါကော- အကျိုးဝိပါက်သည်၊ နတ္ထိ- မရှိ။ ဣတိ- ဤသို့ ယူလေ့ရှိပါသည် ဟူ၍ လျှောက်ထားလေသည်။

ပါယာသိမြို့စားသည် ထိုသို့ယူဆရခြင်းအကြောင်းကို အကြောင်းဆယ့်လေးမျိုးအထိပြ၍ လျှောက်သည်။ အရှင်ကုမာရကဿပ မထေရ်မြတ်ကြီးကလည်း ထိုမိစ္ဆာဒိဋ္ဌိအယူမှ ကျွတ်လွတ်ပါစေခြင်းအကျိုးငှာ အကြောင်းဥပမာ (၁၅)ချက်တိတိပြ၍ တရားဟောကြားလေ သည်။ ပါယာသိမြို့စားသည် ထို(၁၅)ချက်အဆုံးတွင် ထိုမိစ္ဆာဒိဋ္ဌိအယူမှ ကျွတ်လွတ်ပြီး သမ္မာဒိဋ္ဌိအယူသို့ပြောင်းကာ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးနောက် ဒါနကုသိုလ်ပြုလုပ်ရာတွင် အလှူဒါနကို ကိုယ်တိုင်မလှူခြင်းကြောင့်၊ အရိုအသေ အလေးအမြတ်ပြု၍ မလှူခြင်းကြောင့် သေလွန်သောအခါ စာတုမဟာရာဇ်နတ်ပြည်ဝယ် ပရိသတ်အခြံအရံ ကင်းမဲ့သော သေရိသကဗိမာန်၌ နတ်သားဖြစ်လေသည်။

ပါယာသိမြို့စား၏အလှူ၌ အုပ်ချုပ်စီမံသော ဥတ္တရလုလင်သည် မိမိကိုယ်ပိုင် လှူဖွယ်ပစ္စည်းဝတ္ထုပင် မဟုတ်ငြားသော်လည်း အလှူဒါနကို ကိုယ်တိုင်လှူခြင်းကြောင့်၊ အရိုအသေ အလေးအမြတ်ပြု၍ လှူခြင်းကြောင့် သေလွန်သောအခါ စာတုမဟာရာဇ်နတ်ပြည်ထက် သာလွန်ကောင်းမွန်သော တာဝတိံသာနတ်ပြည်၌ အခြံအရံ အသင်းအပင်း စုံလင်စွာဖြင့် နတ်သားဖြစ်လေသည်။

ကာရဏာ အနက်ဖော ပရိယာယသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) လူသားတို့၌ ကောင်းကျိုးကို ဖြစ်စေတတ်သော အကြောင်းအမျိုးမျိုး၊ ဆိုးကျိုးကို ဖြစ်စေတတ်သော အကြောင်းအမျိုးမျိုး ရှိလေသည်။ အချို့လူတို့မှာ ရှေးအတိတ်ဘဝတွေက ပါရမီဓာတ်ခံကောင်းမှုကြောင့် လူကောင်းသူကောင်း အဖြစ်သို့ ရောက်ရသကဲ့သို့ အချို့လူတို့မှာ ပါရမီဓာတ်ခံမကောင်းမှုကြောင့် လူဆိုးသူဆိုး အဖြစ်သို့ ရောက်ရှိကြရလေသည်။ ရှေးအတိတ်ဘဝက မည်သို့ပင်ရှိစေ ဦး၊ ယခုဘဝ၌ လူကောင်းသူကောင်းဖြစ်ရှိရန်သည် မိမိနှင့် နေ့စဉ်ထိတွေ့ဆက်ဆံနေရသော ပတ်ဝန်းကျင်သည် ကောင်းသော ပတ်ဝန်းကျင်ဖြစ်ရှိရန် အဓိကဖြစ်သည်။ ကောင်းသော ပတ်ဝန်းကျင်ကြောင့် လူကောင်းသူကောင်း ဖြစ်နိုင်သလို မကောင်းသော ပတ်ဝန်းကျင်ကြောင့် လူဆိုးသူဆိုး ဖြစ်သွားနိုင်ပေသည်။ မင်္ဂလာတရားတော်အရဆိုရပါမူ လူမိုက်ကို ပေါင်းသင်းခြင်းကြောင့် လူမိုက်ဖြစ် သွားနိုင်သလို ပညာရှိသူတော်ကောင်းကို ပေါင်းသင်းခြင်းကြောင့် လူကောင်းဖြစ်နိုင်ပေသည်။ ထို့ကြောင့် **မကောင်းသောပတ်ဝန်းကျင် နှင့် လူမိုက်တို့ကို ရှောင်ကြဉ်ပြီး ကောင်းသောပတ်ဝန်းကျင်နှင့် ပညာရှိ သူတော်ကောင်းတို့ကို ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်မှု ပြုတတ်ကြပါကုန်လော့။**

(၂) မိစ္ဆာဒိဋ္ဌိကို စွဲမြဲစွာ ယူကြသူတို့သည် မိမိအတွက်ရော ပတ်ဝန်းကျင်အတွက်ပါ အလွန်ဆိုးကျိုးကို ဖြစ်စေလေသည်။ သာမညပုဂ္ဂိုလ်တို့ ၎င်းတို့၏ မှားယွင်းသောအယူကို ကျွတ်အောင်ပြုလုပ်ခြင်းငှာ စွမ်းဆောင်နိုင်ကြမည် မဟုတ်ပေ။ ပါရမီ အလွန်ထူးသော ပညာရှိပုဂ္ဂိုလ်တို့သည်သာ ၎င်းတို့၏ မိစ္ဆာဒိဋ္ဌိအယူကို ကျွတ်အောင် ပြုလုပ်ကောင်း ပြုလုပ်နိုင်ကြပေလိမ့်မည်။ အကယ်၍ မိစ္ဆာဒိဋ္ဌိ အယူပြင်းထန်သော ပါယာသိမြို့စားသည် အရှင်ကုမာရကဿပဟူသော အလွန်ပါရမီထူးမြတ်သော ပုဂ္ဂိုလ်က ကျွတ်အောင်မလုပ်နိုင်ခဲ့ပါမူ ပါယာသိမြို့စားသည် ထိုမိစ္ဆာဒိဋ္ဌိအယူဖြင့် အပါယ်ငရဲသို့ ကျရောက်ဖွယ်ရှိနေလေသည်။ ကံကောင်းထောက်မ၍ အလွန်ပါရမီထူးသော အရှင်ကုမာရကဿပ၏ တရားဓမ္မဟောပြောမှုကြောင့် ထိုမိစ္ဆာဒိဋ္ဌိအယူမှ ကျွတ်ပြီး သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ်သို့ ရောက်ရှိ၍ ကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်ရလေသည်။ ထို့ကြောင့် **အလွန်ပါရမီထူးသော ပညာရှိသူတော်ကောင်းတို့ထံ ချဉ်းကပ်ပြီး မိစ္ဆာဒိဋ္ဌိအယူ, သမ္မာဒိဋ္ဌိအယူတို့ကို ကွဲပြားခြားနားစွာ နားလည်အောင် ပြုလုပ်လျက် သမ္မာဒိဋ္ဌိအယူသို့ သက်ဝင်နေအောင် ကြိုးစားကြရမည် ဖြစ်သည်။ ကြိုးစားမှုကိုလည်း ပြုကြပါကုန်လော့။**

(၃) ပါယာသိမြို့စားသည် အရှင်ကုမာရကဿပ၏ တရားတော်ကို နာကြားရမှုကြောင့် မိစ္ဆာဒိဋ္ဌိအယူကို စွန့်လွှတ်ပြီး သမ္မာဒိဋ္ဌိအယူကိုယူသူ ဗုဒ္ဓဘာသာဝင် တစ်ဦးအဖြစ်သို့ ရောက်ရှိလာပါသော်လည်း အလှူဒါနဟူသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ မိမိကိုယ်တိုင် မလှူခြင်းကြောင့်လည်းကောင်း၊ မရိုမသေ လှူခြင်းကြောင့်လည်းကောင်း၊ မိမိအလှူကို လေးလေးနက်နက် မထားသော ကြောင့်လည်းကောင်း၊ ပစ်ပစ်ခါခါသဘော ရှိသောကြောင့်လည်းကောင်း၊ နတ်ပြည်ခြောက်ထပ်တွင် အောက်ဆုံးနတ်ပြည်ဖြစ်သော စာတုမဟာရာဇ်နတ်ပြည်တွင် အခြံအရံကင်းမဲ့သော သေရိသကဗိမာန်၌ နတ်သားဖြစ်ရလေသည်။ ငွေကုန်ကြေးကျများသလောက်

အကျိုးရနည်းသော အလှူမျိုး ဖြစ်လေသည်။

ပါယာသိမြို့စား၏ အလှူဒါနရှိ စီမံအုပ်ချုပ်သူ ဥတ္တရလုလင်ကား မိမိကိုယ်တိုင်က အလှူရှင်မဟုတ်ဘဲ ဝေယျာဝစ္စ အလှူမျိုး တစ်ဦးသာဖြစ်သော်လည်း အလှူကို ကိုယ်တိုင်လှူခြင်းကြောင့်လည်းကောင်း၊ ရိုသေမြတ်နိုးစွာ လှူခြင်းကြောင့်လည်းကောင်း၊ လေးလေးစားစား လှူခြင်းကြောင့်လည်းကောင်း ကွယ်လွန်သောအခါ၌ ပါယာသိမြို့စား၏ ရောက်ရာဖြစ်သော စာတုမဟာရာဇ်ဘုံထက် သာလွန်သော တာဝတိံသာနတ်ပြည်၌ အခြံအရံပေါ်များသော နတ်သားတစ်ဦး ဖြစ်ရလေသည်။ ငွေကုန်ကြေးကျမများဘဲ အကျိုးရများသော ကုသိုလ်ဟု ဆိုနိုင်ပေသည်။ ထို့ကြောင့် သူတော်ကောင်းအပေါင်းတို့သည် ဒါနကုသိုလ်ကောင်းမှုကို ပေါ့ပေါ့ဆဆ သဘောမထားကြဘဲနှင့် မိမိကိုယ်တိုင် အလှူဒါနကို ပြုလုပ်ကြပါကုန်လော့။ ရိုသေမြတ်နိုးစွာ ပြုလုပ်တတ်ကြပါကုန်လော့။ လေးလေးစားစား ပြုလုပ်တတ်ကြပါကုန်လော့။ အခါခပ်သိမ်း မိစ္ဆာဒိဋ္ဌိအယူမှလည်း ကင်းလွတ်အောင် ပညာရှိသူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်၍လည်း တရားကို နာယူမှတ်သားမှု ပြုတတ်ကြပါကုန်လော့။

ဤ၌လိုအပ်သော အနက်

ဤသို့လျှင် အနေကပရိယာယေနဲ့ ပရိယာယသဒ္ဒါသည် 'ဝါရအနက်, ဒေသနာအနက်, ကာရဏအနက်' သုံးနက်ကို ဟောရာတွင် ဤပြဟ္ဓဇာလသုတ်၌ ကာရဏအနက်ကို လိုအပ်လေသည်။

ထို့ကြောင့် သုပ္ပိယပရိဗိုဇ်သည် ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးမဲ့ကို၊ ဓမ္မ၏ ဂုဏ်ကျေးဇူးမဲ့ကို၊ သံဃာတော်များ၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုရာ၌ တစ်မျိုးတည်းသော အကြောင်းဖြင့် ပြောဆိုခြင်းမဟုတ်ဘဲ အကြောင်းအမျိုးမျိုးဖြင့် ကဲ့ရဲ့ပြောဆိုခြင်း ဖြစ်ကြောင်းကို အဋ္ဌကထာဆရာ ညွှန်းဆိုလေသည်။

သုပ္ပိယပရိဗိုဇ်၏ ဗုဒ္ဓ, ဓမ္မ, သံဃာတို့၌ ကဲ့ရဲ့ပုံများ

ပညာရှိသူတော်ကောင်းတို့သည် လူအပေါင်းတို့ကို ကောင်းစေလိုသော စေတနာဖြင့် ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့ကြသည်။ ပြစ်တင်ထိုက်သူကို ပြစ်တင်ကြသည်။ ချီးမွမ်းထိုက်သူကို ချီးမွမ်းကြသည်။ မြတ်နိုးထိုက်သူကို မြတ်နိုးကြသည်။ ဤသည်ကား ပညာရှိသူတော်ကောင်းတို့၏ သဘောဓမ္မတာ ဖြစ်သည်။

သုပ္ပိယပရိဗိုဇ်သည်ကား ထိုပညာရှိသူတော်ကောင်းတို့၏ သဘောဓမ္မတာကို ဆန့်ကျင်ဘက်ပြု၍-

(က) **အပြစ်မှ ကင်းစင်တော်မူသော၊**

(ခ) **အတိုင်းမရှိ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော၊**

(ဂ) **အတုမရှိသောဂုဏ်နှင့် ပြည့်စုံတော်မူသော၊**

(ဃ) **အလုံးစုံတရားတို့ကို ကိုယ်တော်တိုင် မဖောက်မပြန် အမှန်အတိုင်း သိမြင်တော်မူသော၊ ပြစ်တင်ကဲ့ရဲ့ခြင်းငှာ အနည်းငယ်မျှ မထိုက်သော ရှင်တော်ဗုဒ္ဓကို အကြောင်းအမျိုးမျိုးဖြင့် ကဲ့ရဲ့ပုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။**

(၁) လူ့လောက၌ အသက်သိက္ခာ, ဂုဏ်, အမျိုးဇာတ်အားဖြင့် ကြီးမြတ်သူတို့ကို ငယ်ရွယ်သူတို့က အရိုအသေမြတ်နိုးမှု၊ ရှိခိုးမှုပြုခြင်းကို 'သာမဂ္ဂိရသ' 'ညီညွတ်သူတို့၏ ခံစားထိုက်သော အရသာ' ဟူ၍ ခေါ်ဆိုလေသည်။ ရဟန်းဂေါတမ၏ သန္တာန်၌ ထိုကဲ့သို့ သာမဂ္ဂိရသ မရှိပေ။

(၂) ထိုကဲ့သို့ ကြီးသူတို့ကို ငယ်သူတို့က ရှိခိုးခြင်း၊ အရိုအသေပြုခြင်း၊ မြတ်နိုးခြင်းကို 'သာမဂ္ဂိဘောဂ' 'ညီညွတ်သူတို့ ခံစားကြသော စည်းစိမ်' ဟူ၍ ခေါ်ဆိုလေသည်။ ရဟန်းဂေါတမ၏ သန္တာန်၌ ထိုကဲ့သို့ သာမဂ္ဂိဘောဂ မရှိပေ။

(မှတ်ချက် - ထိုစည်းစိမ်တို့ကို ခံစားတတ်သော သဘောမရှိပေ။)

(၃) ထိုကဲ့သို့ ကြီးသူတို့ကို ငယ်သူတို့က ရှိခိုးခြင်း၊ ရိုသေခြင်း၊ မြတ်နိုးခြင်းကို လူ့လောက၌ ကောင်းမြတ်ထိုက်သည်ဟု ယူဆရမည့် ကိရိယဝါဒ ဖြစ်သည်။ ရဟန်းဂေါတမသည် ထိုကဲ့သို့ အယူမရှိသော အကိရိယဝါဒသမား ဖြစ်သည်။

(၄) ထိုကဲ့သို့ ကြီးသူတို့ကို ငယ်သူတို့က ရှိခိုးခြင်း၊ ရိုသေခြင်း၊ မြတ်နိုးခြင်းကို ပြုလုပ်ရမည်ဟူသော ယူဆချက်သည် အလွန်

ကောင်းမြတ်သော ယူဆချက်ဖြစ်၍ စွဲမြဲစွာ လက်ခံရမည့် အယူအဆဖြစ်သည်။ ထိုအယူအဆကို ဥစ္ဆေဒဝါဒ ခေါ် ဘယ်သောအခါမှ ဖြတ်တောက်ပစ်ရမည့် အယူအဆမျိုး မဟုတ်ပေ။ ရဟန်းဂေါတမသည် ထိုအယူအဆကို ဖြတ်တောက်ပစ်သော ဥစ္ဆေဒဝါဒီသမားကြီး ဖြစ်လေသည်။

(၅) ထိုကဲ့သို့ ကြီးသူတို့ကို ငယ်သူတို့က ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ အရိုအသေပြုရခြင်း သဘောသည် စက်ဆုပ်ရမည့်သဘော မဟုတ်ပေ။ အလွန်နှစ်မြိုက်စွာ လက်ခံရမည့်သဘောဖြစ်သည်။ ရဟန်းဂေါတမသည် ထိုသဘောကိုစက်ဆုပ်သော ဇေဂုစ္ဆီဝါဒီသမားကြီးဖြစ်သည်။

(၆) ထိုကဲ့သို့ ကြီးသူတို့ကို ငယ်သူတို့က ရှိခိုးခြင်း, ရိုသေခြင်း, မြတ်နိုးခြင်း ပြုရမည်ကို မပြုတတ်သောပုဂ္ဂိုလ်၊ မပြုကြသော ပုဂ္ဂိုလ်တို့ကို အရိုအသေပြုလာအောင်၊ ရှိခိုးလာအောင်၊ မြတ်နိုးလာအောင် နှိပ်ကွပ်၍ ဆုံးမပြောဆိုရမည် ဖြစ်သည်။ ရဟန်းဂေါတမ သည် ကြီးသူတို့ကို အရိုအသေ မပြုခြင်းကြောင့် 'ဝေနယိကော' နှိပ်ကွပ်၍ ဆုံးမထိုက်သူ ဖြစ်သည်။

(၇) ထိုကဲ့သို့ ကြီးသူတို့ကို ငယ်သူတို့က အရိုအသေ မပြုတတ်ကြလျှင် ထိုအရိုအသေ မပြုခြင်းကြောင့် 'တပဿီ' ကြီးသူ တို့၏ စိတ်နှလုံးကို ပူပန်စေတတ်သူ ဖြစ်သလို မပြုသူသည်လည်း အနံ့အမွဲ ဆင်းရဲသူတစ်ဦး ဖြစ်လေသည်။ ရဟန်းဂေါတမသည် ထိုကဲ့သို့ 'တပဿီ' ပုဂ္ဂိုလ် ဖြစ်လေသည်။

(၈) ထိုကဲ့သို့ ကြီးသူတို့ကို ငယ်သူတို့က အရိုအသေပြုခြင်း စသည်သည် ပြုသူတို့မှာ ကုသိုလ်ကောင်းမှုဖြစ်ပြီး နတ်ပြည်၌ ပဋိသန္ဓေနေထိုက်သူ ဖြစ်သည်။ ရဟန်းဂေါတမသည် ထိုသို့မပြုခြင်းကြောင့် 'အပဂဗ္ဘော' နတ်ပြည်ပဋိသန္ဓေမှ ကင်းဝေးသူ ဖြစ်လေသည်။

(၉) ရဟန်းဂေါတမမှာ လူသာမန်တို့ထက် သာလွန်သော ဈာန်, မဂ်, ဖိုလ်တရား လုံးဝမရှိပေ။

(၁၀) လူအများကို တရားဟောရာ၌ သူကိုယ်ပိုင်သိတရားကို ဟောကြားခြင်းမဟုတ်ဘဲ ကြံစည်သုံးသပ်၍သာ သူ့ဉာဏ်ထဲ၌ ထင်လာသော တရားတွေကို ဟောကြားခြင်းဖြစ်သည်။

(၁၁) ရဟန်းဂေါတမသည် အလုံးစုံကို သိမြင်သော **သဗ္ဗညုပုဂ္ဂိုလ်** မဟုတ်ပေ။

(၁၂) **နလောကဝိဒူ** – လောကအလုံးစုံကို အကုန်သိသူ မဟုတ်ပေ။

(၁၃) **နအနုတ္တရော** – ရဟန်းဂေါတမထက် မြင့်မြတ်သူ မရှိဘူးဆိုသည်မှာ မဟုတ်ပေ။

(၁၄) **နအဂ္ဂပုဂ္ဂလော** – အမြတ်ဆုံးပုဂ္ဂိုလ် ဆိုသည်မှာ မဟုတ်ပေ။

(သူပြိယပရိဗိုဇ်သည် ထို(၁၄)ချက်အနက် '၉၊ ၁၀၊ ၁၁' တို့ကို ကဲ့ရဲ့ပြောကြားခြင်းအကြောင်းမှာ အပဒါန်၌ လည်းကောင်း၊ ဓမ္မပဒအဋ္ဌကထာ၌ လည်းကောင်း၊ သုန္ဒရီကာပရိဗိုဇ်မ၏ သေနေခြင်းကို မသိခြင်းကို လည်းကောင်း၊ 'သံသရာ၏ အစသည်မရှိ၊ မထင်ရှား' ဟူ၍ ဝန်ခံပြောကြားခြင်းကို လည်းကောင်း၊ အချို့ပြဿနာများကို မဖြေဘဲထားခြင်းကို လည်းကောင်း အကြောင်းပြု၍ 'သဗ္ဗညုမဟုတ်ခြင်းကြောင့် ဖြစ်သည်' ဟူ၍ ယူဆသောကြောင့် ထိုကဲ့သို့ ပြောဆိုကဲ့ရဲ့ခြင်း ဖြစ်လေသည်။)

အမှန်မှာ ရှင်တော်ဗုဒ္ဓသည် သုန္ဒရီကာ ပရိဗိုဇ်မ၏ သေခြင်းကို သိတော်မမူသည် မဟုတ်ပါ။ သိတော်မူလျက် အကြောင်းအခွင့် မသာ၍ မိန့်တော်မမူခြင်း ဖြစ်သည်။ သံသရာ၏ အစမှာလည်း အထင်အရှား မရှိသောကြောင့်ပင် မရှိသည်ကို မရှိဟု သိခြင်းသည်ပင် ပိုင်းခြားထင်ထင် သိမြင်ခြင်းပင် ဖြစ်သည်။ မဖြေထိုက်သော ပြဿနာကို ဖြေဆိုခြင်းကြောင့် အကျိုးမရှိသည့်အတွက် မဖြေဆိုထိုက်ဟု မိန့်တော်မူခြင်းသာဖြစ်သည်။

ဗုဒ္ဓသည် ဆရာမရှိဘဲ တရားအလုံးစုံကို အမှန်ကိုယ်တော်တိုင် သိမြင်တော်မူသည့်အတွက်ကြောင့်ပင် ဗုဒ္ဓအဖြစ်သို့ ရောက်တော် မူခြင်း ဖြစ်သည်။ ယင်းအချက်ကိုပင် ဆရာမရှိသည့်အတွက် ကိုယ်တိုင်သိမဟုတ်ဘဲ ကြံစည်၍ဟောခြင်း၊ တစ်ချို့ပြဿနာများကို မေးလာသူအား တစ်ဖန်ပြန်မေး၍ ဖြေဆိုစေခြင်း၊ အရှင်မောဂ္ဂလာန် စသောပုဂ္ဂိုလ်တို့ လျှောက်သည့်နည်းအတိုင်း ဖြေဆိုတော်မူခြင်း စသည်တို့ကို အကြောင်းအဖြစ်ဖြင့် ထုတ်ပြပြီး ဗုဒ္ဓသည် ကိုယ်တိုင်သိမဟုတ်၊ သဗ္ဗညုမဟုတ်ဟူ၍ ပြောဆိုကြခြင်း ဖြစ်လေသည်။

အမှန်မှာ ထိုသို့ မဟုတ်ပေ။ သဗ္ဗညုတဉာဏ်တော်ဖြင့် ကိုယ်တိုင်သိပြီးသော တရားတို့ကိုသာ ဟောတော်မူခြင်း ဖြစ်သည်။ သို့ရာတွင် အကျိုးမများသည့်အတွက် မဟောဘဲထားသောတရားတို့ကား အကျိုးများ၍ ဟောကြားသောတရားတို့ထက် မြောက်များစွာ ရှိလေသည်။

ဤသို့လျှင် သုပ္ပိယပရိဗိုဇ်သည် သင့်လျော်သော အကြောင်းယုတ္တိ အနည်းငယ်မျှ မရှိဘဲ ဗုဒ္ဓအပေါ်၌ အထက်ပါအတိုင်း ပြစ်တင်ကဲ့ရဲ့ခြင်း ပြစ်လေသည်။

ဓမ္မကို ကဲ့ရဲ့ ပြစ်တင်ခြင်း

ထို့တွင်မက သုပ္ပိယပရိဗိုဇ်သည် ဗုဒ္ဓဟောကြားတော်မူအပ်သော တရားတော်ကိုလည်း အကြောင်းယုတ္တိ မရှိဘဲ အောက်ပါ အတိုင်း ကဲ့ရဲ့ပြစ်တင်ပြန်လေသည်။

(၁) ရဟန်းဂေါတမ ဟောကြားအပ်သော တရားတော်သည် 'ဒုရက္ခာတော' မကောင်းသဖြင့် ဟောကြားအပ်သောတရား ဖြစ်သည်။

(၂) လူတို့အား 'ဒုပ္ပဋိဝိဒိတော' မကောင်းသဖြင့် သိစေအပ်သောတရား ဖြစ်သည်။

(၃) 'အနိယျာနိကော' ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်သော တရားမျိုး မဟုတ်ပေ။

(၄) 'အနုပသမ သံဝတ္တနိကော' သံသရာဝဋ်ဆင်းရဲ ဒုက္ခအပူများကို ငြိမ်းအေးစေနိုင်သော တရားမျိုးမဟုတ်။

ဤသို့စသည်ဖြင့် တရားတော်ကိုလည်း ပြစ်တင်ကဲ့ရဲ့လေသည်။

သံဃာတော်တို့အား ပြစ်တင်ကဲ့ရဲ့ပုံ

ထို့နောက် သုပ္ပိယပရိဗိုဇ်သည် သံဃာတော်တို့အားလည်း အောက်ပါအတိုင်း ပြစ်တင်ကဲ့ရဲ့လေသည်။

(၁) ရဟန်းဂေါတမ၏ တပည့်သားသံဃာတော်များသည် 'မိစ္ဆာပဋိပန္နော' မှားယွင်းစွာ ကျင့်နေသောသူတို့သာ ဖြစ်သည်။

(၂) 'ကုဋိလ ပဋိပန္နော' ကောက်ကျစ်သောအကျင့်ကို ကျင့်နေသူတို့သာ ဖြစ်သည်။

(၃) 'ပစ္စနီက ပဋိပဒံ ပဋိပန္နော' ကောင်းမြတ်သောအကျင့်၏ ဆန့်ကျင်ဘက်အကျင့်တို့ကိုသာ ကျင့်နေခြင်းဖြစ်သည်။

(၄) 'အနနုလောမ ပဋိပဒံ ပဋိပန္နော' သူတော်ကောင်းတရားအား မလျော်သောအကျင့်ကိုသာ ကျင့်နေသူတို့ဖြစ်သည်။

(၅) 'အဓမ္မာနုလောမ ပဋိပဒံ ပဋိပန္နော' လောကုတ္တရာတရားအား မလျော်သော အကျင့်ကိုသာ ကျင့်နေခြင်းဖြစ်သည်။

ဤသို့လျှင် သုပ္ပိယပရိဗိုဇ်သည် အကြောင်းယုတ္တိ မရှိဘဲသာလျှင် အမျိုးမျိုးသော အကြောင်းဖြင့် ဗုဒ္ဓ, ဓမ္မ, သံဃာတော်တို့အပေါ်၌ အထက်ပါအတိုင်း ပြစ်တင်ကဲ့ရဲ့လေသည်။

တပည့် ဗြဟ္မဒတ္တလုလင်က ကောက်ချက်ချပုံ

သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ္တလုလင်သည်ကား ဆရာ၏ အထက်ပါစကားများကို ထိတ်လန့်တုန်လှုပ်ကာ အောက်ပါအတိုင်း ကောက်ချက်ချလေသည်။

ငါတို့၏ ဆရာကြီးဖြစ်သော သုပ္ပိယပရိဗိုဇ်သည်-

(၁) မသုံးသပ်ထိုက်သော အရိယူပဝါဒကံကို သုံးသပ်လေသည်။

(၂) တက်နင်းခြင်းငှာ မထိုက်သော အရိယူပဝါဒကံကို တက်နင်းလေသည်။

(ဗုဒ္ဓ, ဓမ္မ, သံဃ, အရဟန္တ ပုဂ္ဂိုလ်များတို့သည် မြင့်မြတ်သော အရိယာပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထိုအရိယာပုဂ္ဂိုလ်များကို မဟုတ်မမှန်သောအားဖြင့် စွပ်စွဲပြောဆိုခြင်းကို အရိယူပဝါဒကံကို ကျူးလွန်သည်ဟု ခေါ်ဆိုသည်။)

ထိုသို့ အရိယူပဝါဒကံကို ကျူးလွန်သောဆရာကြီးသည်-

(၁) 'အဂ္ဂိ ဂိလန္တော ဝိယ' မီးကိုမျိုသော ယောကျ်ားကဲ့သို့ လည်းကောင်း၊

(၂) 'တတ္တေန အသိတာရံ ပရာမသန္တော ဝိယ' သန်လျက်သွားကို သုံးသပ်သော ယောကျ်ားကဲ့သို့ လည်းကောင်း၊

(၃) 'မုဋ္ဌိနာ သိနေရုံ ပဒါလေတုကာမော ဝိယ' လက်သီးဖြင့် မြင့်မိုရ်တောင်ကြီးကို ဖောက်ခွဲခြင်းငှာ လိုလားသော ယောကျ်ားကဲ့သို့ လည်းကောင်း၊

(၄) 'ကာကစဒ္ဓာ ပန္တိယံ ကီဠမာနောဝိယ' ကြမ်းတမ်းသော လှည်းသွားအစဉ်၌ ပုတ်ခတ်၍ ကစားသော ယောကျ်ားကဲ့သို့ လည်းကောင်း၊

(၅) 'ပဘိန္နမဒံ စဏ္ဍဟတ္ထိ ဟတ္ထေန ဂဏှန္တောဝိယ' သုံးပါးသောအပြားဖြင့် ပျက်စီးဖောက်ပြန်နေသော ဆင်ကြမ်းကြီးကို လက်ဖြင့်ကိုင်သော ယောကျ်ားကဲ့သို့ လည်းကောင်း၊

(မျက်စိမှလည်း မုန်ယိုခြင်း၊ နားမှလည်း မုန်ယိုခြင်း၊ သိုက်မြိမှလည်း မုန်ယိုခြင်း ဟူသော ထိုသုံးမျိုးသောအခါ၌ ဆင်သည် အလွန်ကြမ်းတမ်း ခက်ထန်နေသည်။)

(၆) 'ဝဏ္ဍာရတာဿေဝ' ချီးမွမ်းခြင်းငှာ ထိုက်သည်သာလျှင်ဖြစ်သော၊ 'ရတနတ္တယဿ အဝဏ္ဏံ' ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်းကြောင့်၊

(၇) 'အနယဗျသနံ ပါပုဏိဿတိ' အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ရှိပေလတ္တံ့။

(ဤအချက်သည် တပည့်က ဆရာအပေါ်၌ သံဝေဂဖြစ်ပုံကို လည်းကောင်း၊ ကရုဏာသက်ပုံကို လည်းကောင်း ပြဆိုလေသည်။)

ဆက်၍ ကောက်ချက်ချပြန်ခြင်း

တပည့်ဖြစ်သူ ဖြဟ္မဒတ္တလုလင်သည် ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်အပေါ်၌ ဆက်၍ အောက်ပါအတိုင်း ကောက်ချက်ချ ကြံစည်ပြန်လေသည်။

(၁) **အာစရိယေ ဂုထံ အက္ကမန္တော** – ဆရာသည် ကျင်ကြီးကို နင်းသော်လည်းကောင်း၊
(၂) **အဂ္ဂိံ အက္ကမန္တော** – မီးကို နင်းသော်လည်းကောင်း၊
(၃) **ကဏ္ဍကံ အက္ကမန္တော** – ဆူးကို နင်းသော်လည်းကောင်း၊
(၄) ကဏှသပ္ပံ အက္ကမန္တော – မြွေဟောက်ကို နင်းသော်လည်းကောင်း၊
(၅) သူလံ အဘိရူဟန္တော – တံကျင်ပေါ်သို့ တက်သော်လည်းကောင်း၊
(၆) ဟလာဟလံ ဝိသံ ခါဒန္တော – လတ်တလော သေစေတတ်သော အဆိပ်ကို ခဲစားသော်လည်းကောင်း၊
(၇) ခါရောဒကံ ပက္ခလန္တော – ငန်ခါးသောရေဖြင့် ဆေးကြောသော်လည်းကောင်း၊
(၈) **နရက ပပါတံ ပပတန္တော** – အလွန်နက်သော နရက်ချောက်သို့ ခုန်ချသော်လည်းကောင်း

တပည့်ဖြစ်သူသည် ဆရာလုပ်တိုင်း ထိုဆင်းရဲဒုက္ခ ရောက်မည့်ကိစ္စတွေကို၊ အနုကာတဗ္ဗံ- အတုလိုက်၍ ပြုလုပ်ရမည်လား။ **နအနုကာတဗ္ဗံ- ကေန်အတုလိုက်၍** မပြုထိုက်သည်သာ ဖြစ်လေသည်။

ဆက်၍ ကောက်ချက်ချ ကြံစည်ပြန်ပုံ

တပည့်ဖြစ်သူ ဖြဟ္မဒတ်လုလင်သည် ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်အပေါ်၌ ဆက်၍ အောက်ပါအတိုင်း ကောက်ချက်ချ ကြံစည်ပြန်လေသည်။

မှန်ပါသည်။ သတ္တဝါတို့သည်-

(၁) **ကမ္မဿကာ** – ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိလေသည်။
(၂) **အတ္တနော ကမ္မာနုရူပမေဝ ဂတိံ ဂစ္ဆန္တိ** – မိမိကံအားလျော်စွာသာလျှင် ရောက်ထိုက်သော ဘဝဂတိသို့ ရောက်ကြရလေသည်။
(၃) **နေဝပိတာ ပုတ္တဿ ကမ္မေန ဂစ္ဆတိ** – အဘသည် သား၏ ကံကြောင့် (ဂတိ) သို့ ရောက်ရသည်မဟုတ်။
(၄) **န ပုတ္တော ပိတုကမ္မေန ဂစ္ဆတိ** – သားသည် အဘ၏ ကံကြောင့် ရောက်ရသည် မဟုတ်။
(၅) **န မာတာ ပုတ္တဿ ကမ္မေန ဂစ္ဆတိ** – အမိသည် သား၏ ကံကြောင့် ရောက်ရသည် မဟုတ်။
(၆) **န ပုတ္တော မာတုယာ ကမ္မေန ဂစ္ဆတိ** – သားသည် အမိ၏ ကံကြောင့် ရောက်ရသည် မဟုတ်။
(၇) **န ဘဂိနိယာ ဘာတု ကမ္မေန ဂစ္ဆတိ** – နှမသည် အစ်ကို၏ ကံကြောင့် ရောက်ရသည် မဟုတ်။
(၈) **န ဘာတာ ဘဂိနိယာ ကမ္မေန ဂစ္ဆတိ** – အစ်ကိုသည် နှမ၏ ကံကြောင့် ရောက်ရသည် မဟုတ်။

(၉) န အာစရိယော အန္တေဝါသိနော ကမ္မေန ဝဍ္ဎတိ – ဆရာသည် တပည့်၏ ကံကြောင့် ရောက်ရသည် မဟုတ်။
(၁၀) န အန္တေဝါသီ အာစရိယဿ ကမ္မေန ဝဍ္ဎတိ – တပည့်သည် ဆရာ၏ ကံကြောင့် ရောက်ရသည် မဟုတ်။
(၁၁) ဝါတို့ဆရာကြီးသည် **'ဗုဒ္ဓ၊ ဓမ္မ၊ သံဃ'** ဟူသော ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးမဲ့ကို များစွာသော အကြောင်းတို့ဖြင့် ပြောဆိုလေသောကြောင့် အရိယာကို စွပ်စွဲသော အရိယူပဝါဒကံကြီး ထိုက်လေသည်ဖြစ်၍ **'မဟာသာဝဇ္ဇ'** ကြီးလေးသော အပြစ်ဖြစ်သွားလေပြီ။

တပည့်ဖြစ်သူက ဆရာနှင့်ပြောင်းပြန်

တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်သည် အထက်ပါအတိုင်း ကြံစည်ကောက်ချက်ချပြီးနောက် ဆရာနှင့်ပြောင်းပြန်ဖြစ်၍ ဟုတ်မှန်သော အကြောင်းအားဖြင့် ရတနာသုံးပါး၏ **'ဝဏ္ဏံ'** ဂုဏ်ကျေးဇူးတွေကို ညွှန်ပြလျက် များစွာသော အကြောင်းဖြင့်–

ဗုဒ္ဓဿ ဝဏ္ဏံ ဘာသတိ – ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတွေကို ပြောဆိုလေသည်။
ဓမ္မဿ ဝဏ္ဏံ ဘာသတိ – ဓမ္မ၏ ဂုဏ်ကျေးဇူးတွေကို ပြောဆိုလေသည်။
သံဃဿ ဝဏ္ဏံ ဘာသတိ – သံဃာတော်တို့၏ ဂုဏ်ကျေးဇူးတွေကို ပြောဆိုလေသည်။

ဤသို့ တပည့်ဖြစ်သူသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတွေကို ပြောဆိုခြင်းသည် 'ဤဂုဏ်များကို ကြားရလျှင် ဆရာသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်တန်ရာ၏' ဟူ၍ နှလုံးသွင်းမိခြင်းကြောင့် ဖြစ်သည်။ ဆရာကို မလေးစား၍ မဟုတ်ပေ။

မှန်ပါသည်။ **'ပဏ္ဍိတ ဇာတိကော ကုလပုတ္တော'** ပညာရှိသဘောရှိသော အမျိုးကောင်းသားသည် ချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်းသည် ထုံးတမ်းစဉ်လာ ဖြစ်လေသည်။ ဤ၌ ဗြဟ္မဒတ်လုလင်သည် ပညာရှိ အမျိုးကောင်းသား ဖြစ်လေသည်။
(ချီးမွမ်းပုံကို ရှေး၌ ပြပေပြီမြည်။)

ဝဏ္ဏသဒ္ဒါ ဟောနိုင်သော အနက်များ

'ဗုဒ္ဓဿ၊ ဓမ္မဿ၊ သံဃဿ ဝဏ္ဏံ ဘာသတိ' ၌ ဝဏ္ဏသဒ္ဒါ ဟောနိုင်သော အနက်များမှာ–
(၁) သဏ္ဌာနအနက်၊ (၂) ဇာတိအနက်၊ (၃) ရူပါယတန အနက်၊ (၄) ကာရဏ အနက်၊ (၅) ပမာဏ အနက်၊ (၆) ဂုဏ အနက်၊ (၇) ပသံသ အနက် စသော အနက်တို့ကို ဟောလေသည်။

(၁) သဏ္ဌာန– အသွင်သဏ္ဌာန် အနက်ဟော ဝဏ္ဏသဒ္ဒါက သိ၊ မှတ်၊ ကျင့်သုံးဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ ဝဏ္ဏသဒ္ဒါ၏ သဏ္ဌာန အသွင်သဏ္ဌာန် အနက်၌ ဖြစ်ပုံ သာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

မဟန္တံ သပ္ပရာဇဝဏ္ဏံ အဘိနိမ္မိနိတွာ *(သံ– ၁– ၁၀၇)*

မဟန္တံ– ကြီးစွာသော၊ သပ္ပရာဇဝဏ္ဏံ– မြွေမင်း၏ အသွင်သဏ္ဌာန်ကို၊ **အဘိနိမ္မိနိတွာ**– ဖန်ဆင်း၍။

အထက်ပါပါဠိရပ်သည် သံယုတ္တနိကာယ်– မာရသံယုတ်– သပ္ပသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သောအခါ အလွန်မှောင်မိုက်သော ညဉ့်အချိန် လွင်တီးခေါင်၌ တစ်ပါးတည်း ဖလသမာပတ်သုခဖြင့် ချမ်းသာစွာ သီတင်းသုံးတော်မူလျက်ရှိသည်။ ထိုအချိန်၌ မိုးပေါက်တို့လည်း တစ်ပေါက်ပေါက် ရွာသွန်းဖြိုးလျက် ရှိလေသည်။

ထိုအချိန်၌ ယုတ်မာသော မာရ်နတ်သည် ဗုဒ္ဓချမ်းသာစွာ တစ်ပါးတည်း နေခြင်းကို အနှောင့်အယှက် ဖြစ်စေခြင်းငှာလည်း

ကောင်း၊ ကြောက်လန့်တုန်လှုပ်စေခြင်းငှာလည်းကောင်း ရည်ရွယ်ချက်ဖြင့် အလွန်ကြီးမားသော မြွေမင်းသဏ္ဍာန်ကို ဖန်ဆင်း၍ ပြလေသည်။ ကြောက်မက်ဖွယ် အသံကိုလည်း ပြုလေသည်။

ဗုဒ္ဓသည် မာရ်နတ်မင်းကိုသိ၍ မိမိခန္ဓာကိုယ် အတ္တဘောကို တွယ်တာတပ်မက်သော တဏှာ လောဘရှိသူတို့သာ ကြောက်လန့်တုန်လှုပ်ကြမည် ဖြစ်သည်။ ဟိုပြေးဒီပြေး ခိုကိုးရာ ရှာကြမည် ဖြစ်သည်။ ဗုဒ္ဓတို့မည်သည်ကား ခန္ဓာကိုယ်ကို တပ်မက်မှု မရှိသောကြောင့် ခြင်္သေ့, ကျား, မြွေစသော ဘေးရန်တွေ ဘယ်လိုပေါ်များစေကာမူ အနည်းငယ်မျှ ကြောက်လန့်တုန်လှုပ်မှု မရှိကြောင်း မိန့်တော်မူပြီး အောက်ပါဂါထာဖြင့်လည်း မိန့်ကြားတော်မူလေသည်။

နဘံ ဖလေယျ၊ ပထဝီ စလေယျ၊
သဗ္ဗေပိ ပါဏာ၊ ဥဒ သန္တသေယျုံ၊
သလ္လမ္ပိ စေ ဥရသိ၊ ပကပ္ပယေယျုံ၊
ဥပဓီသု တာဏံ၊ နကရောန္တိ ဗုဒ္ဓါ။ *(သံ- ၁- ၁၀၇)*

မာရ- ဟယ်မာရ်နတ်၊ **နဘံ-** ကောင်းကင်ကြီးပင်၊ **ဖလေယျ-** အမွှာမွှာကွဲစေကာမူ၊ ပထဝီ- မြေကြီးသည်လည်း၊ **စလေယျ-** တုန်လှုပ်စေကာမူ၊ ဥဒ- ထိုတွင်မက၊ **သဗ္ဗေပါဏာပိ-** ရှိသမျှ အလုံးစုံကုန်သော သတ္တဝါတို့သည်လည်း၊ **သန္တသေယျုံ-** အမျိုးမျိုးအဖုံဖုံ ခြိမ်းခြောက်စေကာမူ၊ ဥရသိ- ရင်ဝ၌၊ သလ္လမ္ပိ- ထက်လှစွာသော လှံကိုမူလည်း၊ **စေ ပကပ္ပယေယျုံ-** အကယ်၍ ချိန်ရွယ်ထိုးစိုက်လာစေကာမူ၊ **ဗုဒ္ဓါ-** ဗုဒ္ဓတို့သည်၊ ဥပဓီသု- ကိုယ်ခန္ဓာတို့၌၊ **တာဏံ-** ဟိုပြေးဒီပြေး စသည်အားဖြင့် ပုန်းအောင်းကာကွယ်ရာကို၊ **နကရောန္တိ-** မပြုတော့ကုန်။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် 'ဗုဒ္ဓသည် ငါ့ကို သိမြင်သွားပြီ' ဟူ၍ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းဖြစ်ကာ ပျောက်ကွယ်သွားလေတော့သည်။

သဏ္ဍာန အနက်ဟော ဝဏ္ဏသဒ္ဒါက ညွှဝါဒပေးပုံ တရားဟောပုံသဘော

(၁) အရိယာအဖြစ်သို့ မရောက်ကြကုန်သေးသော ပုထုဇဉ်လူသားအပေါင်းတို့သည် မိမိနှင့်တကွ မိမိနှင့် ဆက်စပ်လျက်ရှိကြသော သက်ရှိသက်မဲ့တို့အပေါ်၌ အလွန်အားကြီးသော တဏှာလောဘတွေ ဖြစ်ကြသည်။ သာယာဖွယ်, တပ်မက်ဖွယ် အာရုံအမျိုးမျိုးတို့ကို တွေ့တိုင်းလည်း တဏှာလောဘတွေ ဖြစ်ကြသည်။ ထိုအာရုံတွေကို ရသောအခါလည်း ပို၍ တဏှာလောဘတွေ ဖြစ်ကြပြန်သည်။ မရသောအခါ ဒေါသ, ဒေါမနဿတွေ ဖြစ်ကြသည်။ ထိတ်လန့်ကြောက်ရွံ့မှုတွေ ဖြစ်ကြသည်။ စိုးရိမ်ပူဆွေးမှုတွေ ဖြစ်ကြသည်။ ခြောက်လှန့်မှုဘေး အမျိုးမျိုးကြောင့်လည်း တုန်လှုပ်ခြောက်ခြားမှု အမျိုးမျိုးတွေ ဖြစ်ကြရသည်။ ထိုသို့မဖြစ်ရအောင် **တွယ်တာမှုတဏှာလောဘနှင့် ထိုတဏှာလောဘကို အခြေခံ၍ ဖြစ်ပေါ်လာသော ဒေါသ, အာဃာတတို့ကို နည်းနိုင်သမျှ နည်းအောင် သတိထားရန် အထူးလိုအပ်ပေသည်။ ထိုသို့ နည်းနိုင်သမျှ နည်းအောင်လည်း သတိထား၍ ကြိုးစားအားထုတ်မှုကို ပြုလုပ်နိုင်ကြပါကုန်လော့။**

(၂) ယနေ့ကမ္ဘာလောကကြီး၌ ပြဿနာပေါင်းမျိုးစုံတို့သည် အမျိုးမျိုးအဖုံဖုံသော အခြင်းအရာတို့ဖြင့် ဖြစ်ပေါ်လျက်ရှိနေသည်။ လူအပေါင်းတို့ကို ကြက်ကလေး, ငှက်ကလေးပမာ နှိပ်စက်မှုမျိုးစုံ, ညှဉ်းပန်းမှုမျိုးစုံ, သတ်ဖြတ်မှုမျိုးစုံတို့ဖြင့် ယှက်လိမ်ပြွမ်းတီးလျက် နှိပ်စက်ခြင်း, ညှဉ်းပန်းခြင်း, သတ်ဖြတ်ခြင်း ပြုလျက်ရှိနေကြလေသည်။ ဤကဲ့သို့ အလွန်ကြောက်မက်ဖွယ်ကောင်းသော ဘေးအမျိုးမျိုးတို့သည် ပေါပေါက်လျက် ရှိနေလေသည်။ ထိုဘေးအပေါင်းတို့သည် လူဟူသော သတ္တလောကကြီးကို ခြိမ်းခြောက်နေသည် ဖြစ်သောကြောင့် သွေးပျက်အောင် တုန်လှုပ်ခြောက်ခြားနေကြရသော လူတို့လည်း အမြောက်အများ ရှိနေကြလေသည်။ 'အရင်းစစ်တော့ အမြစ်မြေက' ဆိုသလို ယင်းသို့ဖြစ်ရခြင်းသည် 'လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ' စသော တရားဆိုးများ ထူပြောလွန်းသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် ထိုတရားဆိုးများ လူသားအပေါင်းကို, ကမ္ဘာလောကကြီးကို **ဆိုးဆိုးဝါးဝါး လွှမ်းမိုးမနေရအောင် အဘက်ဘက်မှ အစွမ်းကုန် ကြိုးစားအားထုတ်ကြရန် အထူးလိုအပ်လျက် ရှိနေလေသည်။ လိုအပ်သည့်အတိုင်းလည်း အစွမ်းကုန် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၂) ဇာတိ– အမျိုးဇာတ် အနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဝဏ္ဏသဒ္ဒါ၏ သဏ္ဌာနအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဝဏ္ဏသဒ္ဒါ၏ ဇာတိအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဗြာဟ္မဏော ဝ သေဋ္ဌောဝဏ္ဏော ဟီနော အညော ဝဏ္ဏော *(မ– ၂– ၃၅၅)*

ဗြာဟ္မဏော ဝ– ပုဏ္ဏားအမျိုးဇာတ်သည်သာ၊ **သေဋ္ဌော**– မြတ်၏။ **အညော**– ပုဏ္ဏားအမျိုးဇာတ်မှတပါးသော၊ **ဝဏ္ဏော**– အမျိုးဇာတ်သည်၊ **ဟီနော**– ယုတ်ညံ့၏၊ *(ဝဏ္ဏသဒ္ဒါ ဇာတိအနက်၌ ဖြစ်ပုံတည်း။)*

အထက်ပါ ပါဠိရပ်သည် မဇ္ဈိမပဏ္ဏာသပါဠိတော် အဿလာယနသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌ လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် ‘**အမျိုးဇာတ်သည် အဓိကမဟုတ်၊ အကျင့်သီလ ကောင်းမွန်စင်ကြယ်ရန်သည်သာ အဓိကဖြစ်သည်**’ ဟု ဟောကြားတော်မူလေ့ရှိသည်။ ယင်းသို့ ဟောကြားချက်ကို အချို့ကုန်သော ဗြာဟ္မဏတို့ နှစ်သက်ခြင်း မရှိကြပေ။ ၎င်းဗြာဟ္မဏတို့ အယူအဆမှာ ‘လူ့လောကတစ်ခွင်လုံး၌ ၎င်းတို့ ဗြာဟ္မဏ(ပုဏ္ဏား)မျိုးသည်သာလျှင် အမြတ်ဆုံးဖြစ်သည်’ ဟူ၍ စွဲမြဲစွာ ယူဆလေသည်။

ထိုပြဿနာနှင့်စပ်၍ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်အခါ ဖြစ်သည်။ ဗြာဟ္မဏ လုလင်ပေါင်းများစွာတို့တွင် အဿလာယနလုလင်သည် အခြားဗြာဟ္မဏလုလင်တို့ထက် ပို၍ဉာဏ်ထက်မြက်သူဖြစ်သည်။ သို့ဖြစ်၍ အဿလာယနလုလင်အား အခြားသောဗြာဟ္မဏ(ပုဏ္ဏား)များက ဗြာဟ္မဏ(ပုဏ္ဏား)မျိုးသာလျှင် အမြတ်ဆုံးဖြစ်ပုံကို ဗုဒ္ဓနှင့် ပြိုင်ဆိုင်ပြောခိုင်းစေလေသည်။

ဗုဒ္ဓသည် ‘**အမျိုးဇာတ်သည် အဓိက မဟုတ်ကြောင်း။ မင်းမျိုးဖြစ်စေ, ဗြာဟ္မဏမျိုးဖြစ်စေ, သူကြွယ်မျိုးဖြစ်စေ, သူဆင်းရဲမျိုးဖြစ်စေ အကုသိုလ်ဒုစရိုက် ကျူးလွန်လျှင် ဤဘဝမှာလည်း အပြစ်ဒဏ်သင့်ကြောင်း၊ တမလွန်ဘဝမှာလည်း အပါယ်လေးပါးသို့ ရောက်နိုင်ကြောင်း၊ အဘယ်မျိုးပင်ဖြစ်စေ ကိုယ်ကျင့်သီလ စင်ကြယ်ကောင်းမွန်လျှင် ဤဘဝတွင်လည်း ချီးမွမ်းဖွယ်ဖြစ်ကြောင်း၊ နောင်ဘဝတွင်လည်း နတ်ရွာသုဂတိသို့ ရောက်နိုင်ကြောင်း**’ စသည် ဥပမာသာဓက မြောက်များစွာတို့ဖြင့် ဟောကြားတော်မူလေသည်။

နောက်ဆုံးတွင် အဿလာယနလုလင်သည် ဗုဒ္ဓဟောကြားတော်မူချက်ကို သဘောပေါက် သိမြင်လက်ခံသွားပြီး သရဏဂုံ ခံယူသည့် ဗုဒ္ဓဘာသာဝင် ဥပါသကာတစ်ဦး ဖြစ်သွားလေသည်။

ဇာတိ အနက်ဟော ဝဏ္ဏသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) ပုထုဇဉ်လောက၌ အမျိုးဇာတ်သည်လည်းကောင်း, ဂုဏ်ပကာသနသည်လည်းကောင်း လွှမ်းမိုးလျက်ရှိသည်။ ယင်းသို့ လွှမ်းမိုးမှုကြောင့် ပြဿနာပေါင်းစုံ ရှုပ်ထွေးလာကာ မခံမရပ်နိုင်ဖြစ်ကြ, မကျေနပ်မှုဖြစ်ကြ, နာကြည်းမှုဖြစ်ကြ, ငြင်းကြ, ခုံကြ, ခိုက်ရန်ဖြစ်ကြ, သတ်ကြ, ဖြတ်ကြ, လုပ်ကြံကြ စသည်ဖြင့် မရှုမလှ ပျက်စီးခြင်းဘဝသို့ ရောက်ကြရလေသည်။

ဗုဒ္ဓဝါဒ၌ကား အမျိုးဇာတ်သည် အဓိကမဟုတ်ပေ။ အကျင့်သီလသည် အဓိကဖြစ်သည်။ အကျင့်သီလကို အဓိက ထားသောကြောင့် ပြဿနာရှုပ်ထွေးမှု ကင်းရှင်းသည်။ မကျေနပ်မှု, နာကြည်းမှု ကင်းရှင်းသည်။ ထို့ကြောင့် ငြင်းခုံမှု, ခိုက်ရန်ဖြစ်မှု, သတ်ဖြတ်မှု, လုပ်ကြံမှု စသည်တို့ဖြင့် မရှုမလှ ပျက်စီးခြင်းဘဝသို့ ရောက်ခြင်းမှလည်း ကင်းရှင်းသွားလေသည်။

အချုပ်အားဖြင့် အကျင့်သီလ ကောင်းမွန်မှုကို အဓိကထားသောကြောင့် အထက်ပါ ပြဿနာများ ကင်းရှင်းပြီး အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ် ကိုယ်ကျန်းမာ, စိတ်ချမ်းသာဘဝနှင့်၊ စိုးရိမ်ကြောင့်ကြမှု ကင်းသောဘဝနှင့် ကောင်းမွန်စွာ နေထိုင်ခွင့်, လုပ်ကိုင်ခွင့် အကျိုးများကို ရရှိကြလေသည်။ ထို့ကြောင့် အကျင့်သီလကောင်းမွန်မှုကို အရေးကြီးဆုံးအဖြစ် ဦးစားပေးပြီး **လူသားတိုင်းသည် အကျင့်သီလ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကြိုးစားအားထုတ်မှုကို ပြုကြပါကုန်လော့။**

(၃) ရူပါယတန– ရူပါရုံ အနက်ဖော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဝဏ္ဏသဒ္ဒါ၏ ဇာတိအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဝဏ္ဏသဒ္ဒါ၏ ရူပါယတန – ရူပါရုံ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ပရမာယ ဝဏ္ဏပေါက္ခရတာယ သမန္နာဂတော *(ဒီ– ၁– ၁၀၆)*

ပရမာယ– လွန်မြတ်သော၊ ဝဏ္ဏပေါက္ခရတာယ– အဆင်း၏ ကောင်းသည်၏ အဖြစ်နှင့်၊ သမန္နာဂတော– ပြည့်စုံ၏။
(ဤ၌ ဝဏ္ဏသဒ္ဒါသည် အဆင်းရူပါရုံ အနက်၌ ဖြစ်ပုံတည်း။)

အထက်ပါ ပါဠိရပ်သည် သုတ်သီလက္ခန် ပါဠိတော် သောဏဒဏ္ဍသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့် စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် အင်္ဂတိုင်း စမ္ပါမြို့အနီး ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ ရဟန်းပရိသတ် ငါးရာနှင့်အတူ သီတင်းသုံးနေတော်မူခိုက် ဖြစ်သည်။

'သောဏဒဏ္ဍမည်သော ပြာဟ္မဏဆရာကြီးသည် ဗုဒ္ဓထံသို့ ချဉ်းကပ်မည်'ဟု သတင်းကို ကြားသောအခါ၌ အတိုင်းတိုင်း အနယ်နယ်မှ ရောက်ရှိလာကြကုန်သော များစွာကုန်သော ပြာဟ္မဏ(ပုဏ္ဏား)တို့သည် အလွန်အမင်း စိုးရိမ်တုန်လှုပ်သွားကြလေသည်။

အခြားသော ပြာဟ္မဏဆရာကြီးတို့သည် ဗုဒ္ဓအား ဆည်းကပ်ကိုးကွယ်ခြင်းသို့ ရောက်ခဲ့လေပြီ။ သောဏဒဏ္ဍဆရာကြီးမှကား အခြားသော ပြာဟ္မဏတို့ထက် မြင့်မြတ်သော ပြာဟ္မဏဆရာကြီး ဖြစ်သည်။ သို့ဖြစ်၍ 'တို့ဆရာကြီးသည် ဗုဒ္ဓ၏ တပည့်သာဝကတစ်ဦး ဖြစ်သွားခဲ့လျှင်' ဟူသော စိုးရိမ်စိတ်တို့ လွှမ်းမိုးသည်ဖြစ်၍ (၁၂)ပါးကုန်သော အခြင်းအရာတို့ဖြင့် ပြာဟ္မဏဆရာကြီး သောဏဒဏ္ဍဂုဏ်ကို ဖော်ထုတ်လျက် ဗုဒ္ဓထံသို့ ချဉ်းကပ်ရန် မသွားသင့်ကြောင်းကို ဝိုင်းဝန်းကန့်ကွက်ကြလေသည်။

သောဏဒဏ္ဍ ပြာဟ္မဏ ပဏ္ဍိတ်ဆရာကြီးကလည်း ဗုဒ္ဓ၏ဂုဏ်ကို (၂၉)ပါးသော အခြင်းအရာတို့ဖြင့် ဖော်ထုတ်ကာ ဗုဒ္ဓထံသို့ ချဉ်းကပ်သင့်ကြောင်း ပြန်လည်ချေပ ပြောဆိုလေသည်။

နောက်ဆုံးတွင် အားလုံးသဘောတူညီကြကာ ဗုဒ္ဓထံသို့ ချဉ်းကပ်ကြလေသည်။ ဗုဒ္ဓနှင့် သောဏဒဏ္ဍ ပဏ္ဍိတ်ကြီးတို့ **'ပြာဟ္မဏ'**ဟု ပညတ်ခြင်းနှင့်စပ်၍ ပြောဆိုဆွေးနွေးကြရာ၌–

(၁) အမျိုးဇာတ် စင်ကြယ်သူ ဖြစ်ရမည်၊
(၂) ဝေဒကျမ်း အတတ်ပညာကို တစ်ဘက်ကမ်းရောက် တတ်မြောက်ရမည်၊
(၃) ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ရမည်၊
(၄) အကျင့်သီလနှင့် ပြည့်စုံသူဖြစ်ရမည်၊
(၅) ထက်မြက်သော အသိဉာဏ်ပညာရှိသူ ဖြစ်ရမည်၊

ဤငါးချက်နှင့် ပြည့်စုံသောသူကို ပြာဟ္မဏတို့သည် 'ကောင်းမြတ်သော ပြာဟ္မဏ'ဟု သတ်မှတ်ကြကြောင်း သောဏဒဏ္ဍသည် ဗုဒ္ဓအား လျှောက်တင်လေသည်။

အထက်ပါ (၅)ချက်တွင် နံပါတ် (၄) အကျင့်သီလနှင့်ပြည့်စုံခြင်း၊ နံပါတ် (၅) အသိဉာဏ်ပညာနှင့် ပြည့်စုံခြင်း အင်္ဂါနှစ်ချက်သည် အဓိကပဓာန အကျဆုံးအချက် ဖြစ်လေသည်၊ (၁။ ၂။ ၃)အချက်များ ယုတ်လျော့စေကာမူ (၄။ ၅) အချက်နှစ်ချက်နှင့် ပြည့်စုံလျှင် ကောင်းမြတ်သော ပြာဟ္မဏဟု ပညတ်နိုင်ပေသည်။ (၄။ ၅)အချက်နှစ်ချက် ချွတ်ယွင်းပြီး (၁။ ၂။ ၃)အချက်များနှင့် ပြည့်စုံစေကာမူ အဓိကပဓာနနှစ်ချက် ပျက်စီးနေသောကြောင့် ကောင်းမြတ်သော ပြာဟ္မဏဟူ၍ မခေါ်ဆိုထိုက်တော့ပေ။

မှန်ပါသည်။ **ဤလူ့လောက၌ ဘယ်ဘက်လက်က အညစ်အကြေးကို ညာဘက်လက်ဖြင့် သန့်စင်ရသကဲ့သို့ လည်းကောင်း၊ ညာဘက်လက်က အညစ်အကြေးကို ဘယ်ဘက်လက်ဖြင့် သန့်စင်ရသကဲ့သို့ လည်းကောင်း သီလကို ပညာဖြင့် စင်ကြယ်အောင် ပြုလုပ်ရသည်၊ ပညာကိုလည်း သီလဖြင့် စင်ကြယ်အောင် ပြုလုပ်ရလေသည်၊**

သောဏဒဏ္ဍ ပြာဟ္မဏ ပဏ္ဍိတ်ကြီး တင်ပြသော ထိုအချက်ကို ရှင်တော်ဗုဒ္ဓလည်း ခွင့်ပြုတော်မူလေသည်။ သို့ရာတွင်

သောဏဒဏ္ဍ ပဏ္ဍိတ်ကြီး လျှောက်ထားသော 'သီလ, ပညာ' ဆိုသည်မှာ ငါးပါးသီလနှင့် ဝေဒကျမ်းနှင့် ဆက်စပ်သော အသိပညာ, အတတ်ပညာများသာ ဖြစ်လေသည်။ ထို့ထက် မြင့်မြတ်သော 'သီလ, ပညာ'များကို သောဏဒဏ္ဍ ပဏ္ဍိတ်ကြီး မသိရှာပေ။

သို့ဖြစ်၍ ဗုဒ္ဓသည် ငါးပါးသီလနှင့် ဝေဒပညာရပ်တို့ထက် မြင့်မြတ်သော စတုပါရိသုဒ္ဓိသီလနှင့် ဈာနပညာ, ဝိပဿနာပညာ, မဂ္ဂပညာ, ဖလပညာတို့ကို အကျယ်တဝင့် ဟောကြားရှင်းပြတော်မူလေသည်။ ထိုတရားဒေသနာတော်ကို နာကြားပြီးသောအခါ သောဏဒဏ္ဍ ဗြာဟ္မဏ ပဏ္ဍိတ်ကြီးသည်လည်း သရဏဂုံတည် ဗုဒ္ဓဘာသာဝင် ဥပါသကာတစ်ဦး ဖြစ်သွားလေသည်။

ရူပါယတနအနက်ဟော ဝဏ္ဏသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) 'ဤလူ့လောက၌ အဘယ်အချက်သည် အဓိကပဓာနကျသနည်း' ဟူသောအချက်ကို အလေးအနက် သတိပြု၍ သုံးသပ်ကြည့်မည်ဆိုပါက သီလနှင့် ပညာ ဟူသောအချက်သည် အဓိကပဓာန အကျဆုံးဖြစ်သည် ဟူသောအချက်ကို ထင်ရှားစွာတွေ့မြင် သိရှိနိုင်ကြပေသည်။

မှန်ပါသည်။ ဘွဲ့ ဒီဂရီ ဂုဏ်ထူးတွေ ဘယ်လိုပင် ရရှိနေကြပါစေ။ အမျိုးဇာတ်အားဖြင့် ဘယ်လောက်ပင် အထက်တန်းကျသော အဆင့်သို့ ရောက်နေပါစေ။ ပစ္စည်းဥစ္စာအားဖြင့် မည်မျှပင် ကြွယ်ဝချမ်းသာနေကြပါစေ။ ရူပါရုံ ရုပ်ရည်အဆင်းအားဖြင့် မည်မျှပင် လှပချောမောနေပါစေ- (၁) အကျင့်စာရိတ္တ ချွတ်ယွင်းနေပါမူ၊ (၂) အသိဉာဏ်ပညာ ချွတ်ယွင်းနေပါမူ ထိုပုဂ္ဂိုလ်သည် ဤလူ့လောက၌ တန်ဖိုးရှိသော လူသားတစ်ဦး ဘယ်နည်းနှင့်မျှ ဖြစ်လာနိုင်မည် မဟုတ်ပေ။ သို့ဖြစ်၍ တန်ဖိုးရှိသော၊ အနှစ်သာရရှိသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်အောင် 'သီလနှင့် ပညာ' ထိုနှစ်ပါးတို့ မိမိသန္တာန်၌ အမြဲတည်ရှိနေအောင် အထူးဂရုစိုက်၍ ထိန်းသိမ်းစောင့်ရှောက်ကြရန် အထူးလိုအပ်မည် ဖြစ်သည်။ **လိုအပ်သည့်အတိုင်းလည်း ထိန်းသိမ်းစောင့်ရှောက်မှု ပြုကြပါကုန်လော့။**

(၄) ကာရဏအနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဝဏ္ဏသဒ္ဒါ၏ ရူပါယတန ရူပါရုံ အဆင်းအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဝဏ္ဏသဒ္ဒါ၏ ကာရဏ အကြောင်းအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

နဟာရာမိ နဘဉ္ဇာမိ၊ အာရာ သိဃ်ာမိ ဝါရိဇံ၊
အထ ကေန နုဝဏ္ဏေန၊ ဂန္ဓတ္ထေနောတိ ဝုစ္စတိ။ *(သံ- ၁- ၂၀၆)*

ဒေဝတေ- နတ်သား၊ **အဟံ-** ငါသည်၊ **ဝါရိဇံ-** ကြာကို၊ **နဟာရာမိ-** ဆောင်လည်း မဆောင်ယူပါ။ **နဘဉ္ဇာမိ-** ချိုးလည်း မချိုးပါ။ **အာရာ-** အဝေးမှ၊ **သိဃ်ာမိ-** အနံ့ကိုသာ နမ်းမိပါ၏၊ **အထ-** ထိုသို့ ဖြစ်ပါလျက်၊ **ကေန ဝဏ္ဏေန-** အဘယ်အကြောင်းကြောင့် *(ဤအနက်သည် ဝဏ္ဏသဒ္ဒါ၏ ကာရဏအနက်၌ ဖြစ်ပုံတည်း။)* **ဂန္ဓတ္ထေနောတိ-** နံ့သာခိုးဟူ၍၊ **ဝုစ္စတိနု-** ဆိုအပ်လေသနည်း။

အထက်ပါပါဠိရပ်သည် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်- ဝနသံယုတ်- ဂန္ဓတ္ထေနကသုတ်၌ လာရှိလေသည်။
ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ကောသလတိုင်းရှိ တောအုပ်တစ်ခု၌နေသော ရဟန်းတစ်ပါးသည် တစ်နေ့သောအခါ ဆွမ်းစားပြီးနောက် ရေကန်သို့ သက်ဆင်း၍ မွှေးကြိုင်လျက်ရှိသော ပဒုမ္မာကြာပန်းအနံ့ကို ကြာရိုးကို လက်ဖြင့်ကိုင်၍ မိမိဘက်သို့ ညွှတ်စေ၍ အနံ့ကို နမ်းရှူလိုက်လေသည်။ ထိုအခြင်းအရာကိုမြင်သော တောစောင့်နတ်သည်-

'ဤရဟန်းသည် ရှင်တော်ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းကိုယူလျက် တောသို့ဝင်၍ တရားအားထုတ်နေသော ရဟန်းသူတော်စင် ဖြစ်လေသည်။ ဤသို့ဖြစ်ပါလျက် ကြာပန်းအနံ့ကို နမ်းရှူခြင်းသည် မသင့်လျော်။ ဤအနံ့၌ ဂန္ဓတဏှာဖြင့် သာယာသွားခဲ့သော် နောက်နေ့ နောက်နေ့တွေမှာလည်း ဤကဲ့သို့ ကြာပန်းအနံ့ကို နမ်းရှူနေမည်သာဖြစ်သည်။ ယင်းသို့ဆိုလျှင် ဂန္ဓတဏှာ တိုးပွါး၍ မျက်မှောက်ဘဝ, တမလွန်ဘဝ နှစ်မျိုးလုံး၌ ရရှိထိုက်သော အကျိုးစီးပွါးများ မရရှိဘဲ ပျက်စီးခြင်းသို့ ရောက်သွားပေလတ္တံ့။ ငါသည် တပ်အပ်ထင်ထင် မြင်သည်ဖြစ်ပါလျက် ဤရဟန်းပျက်စီးခြင်းငှာ မထိုက်ပေ' ဤသို့ နှလုံးသွင်း၍ ထိုရဟန်းအား သနားသောအားဖြင့်လည်းကောင်း၊ အကျိုးစီးပွားကို လိုလားသောအားဖြင့်လည်းကောင်း အောက်ပါအတိုင်း လျှောက်ထားလေသည်။

ယမေတံ ဝါရိဇံ ပုပ္ဖံ၊ အဒိန္နံ ဥပသိင်္ဃသိ၊
ဧကင်္ဂံ မေတံ ထေယျာနံ၊ ဂန္ဓတ္ထေနောတိ မာရိသ။

မာရိသ- အရှင်ရဟန်း၊ **အဒိန္နံ**- အရှင်သည် မပေးအပ်သော၊ **ဝါရိဇံ**- ရေ၌ဖြစ်သော၊ **ယံ တော် ပုပ္ဖံ**- အကြင် ပဒုမ္မာကြာပန်းကို၊ **ဥပသိင်္ဃသိ**- နမ်းရှုဘိ၏။ **တော်**- ဤပန်းသည်၊ **ထေယျာနံ**- ခိုးဖွယ်ဝါးမျိုးတို့တွင်၊ **ဧကင်္ဂံ**- တစ်ပါးသော အစုတည်း။ **တွံ**- အရှင်ရဟန်းသည်၊ **ဂန္ဓတ္ထေနော**- အနံ့သူခိုးသည်၊ **အသိ**- ဖြစ်လေတော့၏။

ထိုသို့ တောစောင့်နတ်က စကားပြောနေစဉ်မှာပင် ရသေ့တစ်ဦးသည် ရေကန်သို့သက်ဆင်း၍ ကြာပန်းကို နမ်းရှုရုံတွင် မကတော့ဘဲ ကြာစွယ်, ကြာပန်းနှင့်တကွ ကြာပင်များကို ဆွဲနှုတ်ကာ ယူဆောင်သွားလေသည်။ သို့ဖြစ်၍ ရဟန်းသည် အောက်ပါအတိုင်း ပြန်လည်ချေပ ပြောဆိုလေသည်။

(၁) **နဟရာမိ နဘဥ္ဇာမိ၊ အာရာ သိင်္ဃာမိ ဝါရိဇံ၊**
အထကေန နုဝဏ္ဏေန၊ ဂန္ဓတ္ထေနောတိ ဝုစ္စတိ။
(၂) **ယွာယံ ဘိသာနိ ခနတိ၊ ပုဏ္ဍရီကာနိ ဘဥ္ဇတိ၊**
ဧဝံ အာကိဏ္ဏကမ္မန္တော၊ ကသ္မာ သော န ဝုစ္စတိ။

(၁) ဒေဝတေ- နတ်သား၊ အဟံ- ငါသည်၊ **ဝါရိဇံ**- ပဒုမ္မာကြာပန်းကို၊ **နဟရာမိ**- ယူလည်းမယူ၊ **နဘဥ္ဇာမိ**- ချိုးလည်းမချိုး၊ **အာရာ**- အဝေးမှသာ၊ **သိင်္ဃာမိ**- နမ်းရှုမိပါ၏၊ **အထ**- ထိုသို့ဖြစ်ပါလျက်၊ **ကေန ဝဏ္ဏေန**- အဘယ်အကြောင်းကြောင့်၊ **မံ**- ငါ့ကို၊ **ဂန္ဓတ္ထေနောတိ**- အနံ့သူခိုးဟူ၍၊ **ဝုစ္စတိနု**- ဆိုအပ်လေသနည်း။

(၂) **ယွာအယံ**- အကြင် ရသေ့သည်၊ **ဘိသာနိ**- ကြာစွယ်တို့ကို၊ **ခနတိ**- တူးယူ၏၊ **ပုဏ္ဍရီကာနိ**- ကြာဖြူပန်းတို့ကို၊ **ဘဥ္ဇတိ**- ချိုးဖဲ့ဖျက်ဆီး၏။ **ဧဝံ**- ဤသို့ **အာကိဏ္ဏကမ္မန္တော**- မစင်ကြယ်သော အကျင့်ရှိသော၊ **သော**- ထိုရသေ့ကိုမူကား၊ **ကသ္မာ**- အဘယ့်ကြောင့်၊ **ဂန္ဓတ္ထေနောတိ**- အနံ့သူခိုးဟူ၍၊ **ပုပ္ဖစောရောတိ**- အပွင့်သူခိုးဟူ၍၊ **နဝုစ္စတိ**- မဆိုလေသနည်း။

အထက်ပါ ရဟန်း၏ စကားကို တောစောင့်နတ်က အောက်ပါအတိုင်း ပြန်လည်ဖြေရှင်း ပြောကြားလေသည်။

အို ရဟန်း ထိုရသေ့သည် မကောင်းမှုကို အထပ်ထပ်ကျူးလွန်နေသူ ဖြစ်သည်။ မကောင်းမှုများကို အခါခပ်သိမ်း ပြုလုပ်ပြော ဆိုလျက် ရှိလေသည်။ နို့ထိန်းမိန်းမ၏ ညစ်နွမ်းသော အဝတ်သည် ကျင်ကြီးကျင်ငယ် အညစ်အကြေး စသည်တို့ဖြင့် အထပ်ထပ် အထပ်ထပ် လိမ်းကျံကပ်ငြိနေဘိသကဲ့သို့ ထိုရသေ့၌ မကောင်းမှု အညစ်အကြေးများသည် အထပ်ထပ် အထပ်ထပ် လိမ်းကျံကပ်ငြိ လျက် ရှိနေလေသည်။ ထို့ကြောင့် ထိုရသေ့အပေါ်၌ အကျွန်ုပ်၏ ဆိုဖွယ်စကား မရှိပါပေ။

အရှင်ဘုရားသည်ကား မကောင်းမှု ကင်းစင်သူ ဖြစ်သည်။ သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါးနှင့် ပြည့်စုံသူ ဖြစ်သည်။ အရဟတ္တဖိုလ်အလို့ငှာ အားထုတ်နေသူ ဖြစ်သည်။ ထိုကဲ့သို့ သူတော်စင်မျိုး၌ သားမြီးဖျားလောက်မျှသော (နှမ်းစိလောက်မျှ သော) မကောင်းမှုမျိုးသည်ပင် တိမ်တိုက်ကဲ့သို့ ထင်ရှားလှပေသည်။ ထို့ကြောင့် အရှင်ဘုရားကိုသာ ပြောဆိုရခြင်း ဖြစ်ပါသည်။

ထိုသို့ ထိုတောစောင့်နတ်သား၏ သတိပေး စကားကို ကြားရသောအခါ ထိုရဟန်းသည် ထိုအနည်းငယ်မျှသော မကောင်းမှုကို ပြုမိသည်ကို ရှက်ကြောက်မှုလည်း ဖြစ်ပြီး အလွန်လည်း ထိတ်လန့်တုန်လှုပ် သွားလေသည်။

ကာရဏာ အနက်ဟော ဝဏ္ဏသဒ္ဒါက ဆုံးမဩဝါဒပေးပုံ တရားဟောပုံသဘော

(၁) ဤလူ့လောက၌ အရိယာ သူတော်ကောင်း အဖြစ်သို့ ရောက်ရှိနေသူ၊ အရိယာ သူတော်ကောင်းဖြစ်အောင် ကြိုးစားအား ထုတ်နေသူ၊ အရိယာ သူတော်ကောင်း ဟန်ဆောင်နေသောသူ၊ ပုထုဇဉ်အဖြစ်နှင့် ကျေနပ်နေသူ ဟူ၍ အကြမ်းဖျင်း လေးမျိုးခွဲနိုင်သည်။ ထိုတွင် အရိယာ သူတော်ကောင်း အဖြစ်သို့ ရောက်ရှိနေသူတို့ကိုကား ဖြူစင်သန့်ရှင်းသော ပုဂ္ဂိုလ်တို့သာ ဖြစ်သောကြောင့် အထူးဆိုဖွယ် မရှိပေ။ အရိယာ သူတော်ကောင်းဖြစ်အောင် ကြိုးစားအားထုတ်နေသူတို့ အတွက်မူကား အလွန်ဆွတ်ဆွတ် ဖြူနေသော အဝတ်စနှင့် တူလေသည်။ ထိုအဝတ်စ၌ အနည်းငယ်မျှသော အမည်းစက်တစ်စက် ကျရုံမျှပင် ထိုအမည်းစက်သည် အဝတ်ဖြူပေါ်၌ ထင်ရှားစွာ ပေါ်လွင်လျက် ရှိနေပေသည်။ ထို့အတူ အရိယာ သူတော်ကောင်း အဖြစ်သို့ ရောက်အောင် ကြိုးစားနေသူတို့၌ အနည်းငယ်မျှသော

မကောင်းမှုသည်ပင်လျှင် အရိယာ သူတော်ကောင်း အဖြစ်သို့ မရောက်အောင် နှောင့်ယှက်တားမြစ်ရာ ရောက်သည်ဖြစ်၍ အလွန်ထင်ရှားသော မကောင်းမှုကဲ့သို့ ဖြစ်ရလေသည်။ ထို့ကြောင့် **အရိယာ သူတော်ကောင်းအဆင့်သို့ မရောက်မချင်း အနည်းငယ်မျှသော မကောင်းမှုကိုပင် အထူးသတိထား၍ ဂရုစိုက်၍ ရှောင်ရှားရန် လိုအပ်လှပေသည်။ လိုအပ်သည့်အတိုင်းလည်း ရှောင်ရှားမှုကို ပြုနိုင်ကြပါကုန်လော့။**

(၂) အရိယာ သူတော်ကောင်း ဟန်ဆောင်နေကြသူတို့သည် လူ့လောက၌ လိမ်လည်လှည့်ဖျား ခိုးယူတိုက်ခိုက်နေကြသော သူခိုးအကြီးစား၊ လူမိုက်, လူဆိုး အကြီးစားနှင့် တူကြလေသည်။ ကောက်ကျစ်စဉ်းလဲ ယုတ်မာသူ အကြီးစားနှင့် တူလေသည်။ အရိယာ သူတော်ကောင်း ဖြစ်အောင်ပင် ကြိုးစားရမှန်း မသိကြသူ ပုထုဇဉ်တို့သည်လည်း တွေဝေမှု မောဟ အလွန်အားကြီးသူ လူဆိုး, လူမိုက်ကြီးနှင့် တူလှပေသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးလုံးပင် နို့ထိန်းသည်မိန်းမ၏ အဝတ်ကဲ့သို့လည်းကောင်း၊ ထမင်းချက်, ဟင်းချက်သမားတို့၏ လက်နီးစုတ်အဝတ်ကဲ့သို့လည်းကောင်း ၎င်းတို့၏ သန္တာန်၌ 'လောဘ, ဒေါသ, မောဟ' စသော ကိလေသာအပြစ်များသည်လည်းကောင်း၊ **ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ** စသော အကုသိုလ်ဒုစရိုက် အပြစ်များသည်လည်းကောင်း အထပ်ထပ် အထပ်ထပ် ကျရောက်နေသည်ဖြစ်၍ နို့ထိန်းသည်၏ အဝတ်နှင့် လက်နီးစုတ်တို့သည် ဖြူစင်ရန် မလွယ်ကူသကဲ့သို့ ထိုပုဂ္ဂိုလ်တို့သည်လည်း အရိယာ သူတော်ကောင်း အဖြစ်သို့ ရောက်ရန်မလွယ်ကူပေ။ ၎င်းပုဂ္ဂိုလ်တို့ကို ၎င်းတို့ပြုလုပ်သော အကုသိုလ်ကံ အထပ်ထပ်တို့က ဤဘဝတွင်ရော တမလွန်ဘဝတွေမှာပါ အလွန်ဆိုးဝါးသော ကြမ္မာဆိုး ဒုက္ခအမျိုးမျိုးကို ပေးပေတော့မည်။ **ထို့ကြောင့် ထိုပုဂ္ဂိုလ်နှစ်မျိုး အဖြစ်မှ လွတ်မြောက်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၃) 'ပျက်အစဉ်ပြင်ခဏ' ဆိုသည့်အတိုင်း မည်မျှပင် လူဆိုးကြီး, လူမိုက်ကြီး, လူယုတ်မာကြီး ဖြစ်စေကာမူ သတိရသော အချိန်မှစ၍ အရိယာ သူတော်ကောင်း ဖြစ်အောင် ကြိုးစားနိုင်ကြသည်ချည်း ဖြစ်သည်။ **ထို့ကြောင့် လူဆိုး, လူမိုက်, လူယုတ်မာဘဝကို စွန့်လွှတ်၍ အရိယာ သူတော်ကောင်း ဖြစ်အောင် ကြိုးစားနိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

(၅) ပမာဏ အနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဝဏ္ဏသဒ္ဒါ၏ ကာရဏ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဝဏ္ဏသဒ္ဒါ၏ ပမာဏ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တယော ပတ္တဿ ဝဏ္ဏာ *(ဝိ- ၁- ၃၅၃)*

ပတ္တဿ- သပိတ်၏၊ ဝဏ္ဏာ- အတိုင်းအရှည် ပမာဏတို့သည်၊ *(ဝဏ္ဏသဒ္ဒါ ပမာဏ အနက်၌ ဖြစ်ပုံအနက်တည်း။)* တယော- ဥက္ကဋ္ဌ, မဇ္ဈိမ, ဩမကအားဖြင့် သုံးမျိုးတို့တည်း။

အထက်ပါပါဠိရပ်သည် ဝိနည်း ပါရာဇိကဏ်ပါဠိတော်- ပတ္တဝဂ်- ပတ္တသိက္ခာပုဒ်၌ လာရှိလေသည်။ ထိုသိက္ခာပုဒ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရဟန်းတော်တို့၌ မိမိဆွမ်းခံထွက်သော သပိတ်မှတစ်ပါး အပိုသပိတ် ဖြစ်ပေါ်လာပါက ထိုသပိတ်ကို အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုဘဲ (၁၀)ရက်အထိ ဆောင်ထားနိုင်ခွင့်ရှိသည်။ (၁၀)ရက်ထက် ကျော်လွန်လျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်လေသည်။ ထိုအပိုသပိတ်သည် သံသပိတ်, မြေသပိတ်ဟူ၍ နှစ်မျိုးရှိသည်။ သပိတ်အရွယ်ပမာဏမှာ-

(၁) **အကြီးစား ဥက္ကဋ္ဌသပိတ်။** (၂) **အလတ်စား မဇ္ဈိမသပိတ်။** (၃) **အငယ်စား ဩမကသပိတ်** ဟူ၍ သုံးမျိုးရှိလေသည်။

(၁) ထိုတွင် **အကြီးစား** ဥက္ကဋ္ဌသပိတ်ဟူသည် ဆန်တစ်ခွက်ချက်ထမင်းနှင့် ၎င်း၏ လေးပုံတစ်ပုံ ခဲဖွယ်၊ ၎င်းအားလျော်သော ဟင်းလျာများကို ထည့်၍ရသော သပိတ်ဖြစ်သည်။

(၂) အလတ်စား မဇ္ဈိမသပိတ်ဟူသည် ဆန်တစ်စလယ်ချက်ထမင်းနှင့် ၎င်း၏ လေးပုံတစ်ပုံ ခဲဖွယ်၊ ၎င်းအားလျော်သော ဟင်းလျာများကို ထည့်၍ရသော သပိတ်ဖြစ်သည်။

(၃) အငယ်စား ဩမကသပိတ်ဟူသည် ဆန်တစ်လမယ်ချက်ထမင်းနှင့် ၎င်း၏ လေးပုံတစ်ပုံ ခဲဖွယ်၊ ၎င်းအားလျော်သော

ဟင်းလျာများကို ထည့်၍ရသော သပိတ်ဖြစ်သည်။

(ထိုသပိတ်တို့အား အဓိဋ္ဌာန် ဝိကပ္ပနာတင်၍ထားသော် (၁၀)ရက်ထက် အလွန်ထားသော်လည်း အာပတ်မသင့်ပေ။)

(အကျယ်ကို ပါရာဇိကဏ်ပါဠိတော် (၃၅၃)၊ မြန် (၃၇၃ / ၃၇၄)တို့၌ ရှုပါ။)

ပမာဏ အနက်ဟော ဝဏ္ဏသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံ သဘော

(၁) 'တန်ဆေး လွန်ဘေး'ဟူသောစကားသည်လည်း ပမာဏအတိုင်းအရှည်သဘောကို သိရမည်ဟူသော စကားတစ်ရပ်ဖြစ်လေသည်။ ဆိုးကျိုးဒုက္ခတွေနှင့် မကြုံရန်အတွက်၊ ကောင်းကျိုးသုခတွေနှင့် ကြုံဆုံရန်အတွက် အရာရာတွင် မိမိနှင့် သင့်လျော်သော အတိုင်းအရှည် ပမာဏကိုသိရန် အထူးအရေးကြီးပေသည်။ စား, ဝတ်, နေရေး စသည်တို့၌လည်း အတိုင်းအရှည် ပမာဏကို ကျော်လွန်သွားလျှင် ဆုတ်ယုတ်ပျက်စီးခြင်းသို့ ရောက်တတ်လေသည်။ မိမိနှင့် သင့်လျော်အောင် စားတတ်, ဝတ်တတ်, နေတတ်သူတို့သည် ကြီးပွါးချမ်းသာခြင်းသို့ ရောက်ရှိနိုင်ပေသည်။ သွားသင့်သောနေရာကိုသာ ရွေးချယ်၍ သွားရန်လိုအပ်သလို၊ နေသင့်သော အရပ်ဒေသမျိုး၌ နေရန်၊ သင်သင့်သော ပညာရပ်ကို သင်ရန်၊ ပေါင်းသင့်သော မိတ်ဆွေသင်္ဂဟများကို ပေါင်းသင်းတတ်ရန် လိုအပ်လေသည်။ **ထို့ကြောင့် အရာရာတွင် မိမိအကျိုးစီးပွါး ဖြစ်ထွန်းအောင်၊ ပတ်ဝန်းကျင် အကျိုးစီးပွါး ဖြစ်ထွန်းအောင် အတိုင်းအရှည် ပမာဏကို သိတတ်သူ ဖြစ်ကြပါကုန်လော့။**

(၆) ဂုဏ အနက်ဟော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဝဏ္ဏသဒ္ဒါ၏ ပမာဏအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီးနောက် ဝဏ္ဏသဒ္ဒါ၏ ဂုဏအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ကဒါ သညူဠှာပန တေ ဂဟပတိ ဣမေ သမဏဿ ဂေါတမဿ ဝဏ္ဏာ *(မ- ၂- ၄၉)*

ဂဟပတိ- သူကြွယ်၊ တေ- သင်သည်၊ **သမဏဿ ဂေါတမဿ-** ရဟန်းဂေါတမ၏၊ **ဣမေ ဝဏ္ဏာ-** ဤဂုဏ်ကျေးဇူးတို့ကို၊ **ကဒါ-** အဘယ်အခါတုန်းက၊ **သညူဠှာ-** သီကုံးထားလေသနည်း။

အထက်ပါပါဠိရပ်သည် မဇ္ဈိမပဏ္ဏာသပါဠိတော် ဥပါလိသုတ်၌ လာရှိလေသည်။ ထိုဥပါလိသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဥပါလိသုတ်ကို ဗုဒ္ဓသည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် ဟောကြားတော်မူလေသည်။

ဥပါလိမည်သော ဒါယကာသည် ချမ်းသာကြွယ်ဝသော သူဌေးတစ်ဦး ဖြစ်သည်။ ဗုဒ္ဓနှင့် မတွေ့မီက ဥပါလိဒါယကာသည် နိဂဏ္ဌနာဋပုတ္တ ဂိုဏ်းဆရာကြီး၏ အားကိုးရသော တပည့်ကြီး ဖြစ်လေသည်။

ဗုဒ္ဓဝါဒ၌ 'ကာယကံ, ဝစီကံ, မနောကံ' ဟူ၍ ခေါ်ဆိုသည်ကို နိဂဏ္ဌနာဋပုတ္တဝါဒ၌ 'ကာယဒဏ်, ဝစီဒဏ်, မနောဒဏ်' ဟူ၍ ခေါ်ဆိုလေသည်။

နိဂဏ္ဌနာဋပုတ္တ၏ တပည့်ကြီးဖြစ်သော ဒီဃတပဿီနှင့် ဗုဒ္ဓတို့တွေ့ကြရာဝယ် ဗုဒ္ဓက မကောင်းမှုပြုရာ၌ 'မနောကံ'သည် အပြစ်ကြီးဖြစ်သည်ဟု မိန့်ကြားလေသည်။ ဒီဃတပဿီက 'ကာယဒဏ်'သည် အပြစ်အကြီးဆုံးဖြစ်သည်ဟု ပြောကြားလေသည်။

ယင်းကို အကြောင်းပြု၍ နိဂဏ္ဌနာဋပုတ္တသည် ဒါယကာရင်းဖြစ်သော ဥပါလိသူကြွယ်အား ဗုဒ္ဓနှင့် စကားစစ်ထိုးမှုကို ပြုစေလေသည်။ ဒီဃတပဿီက သုံးကြိမ်တိုင်အောင် တားမြစ်ကန့်ကွက်ပါသော်လည်း နိဂဏ္ဌနာဋပုတ္တသည် ဥပါလိသူကြွယ်အား ဗုဒ္ဓနှင့် စကားစစ်ထိုးရန် လွှတ်ဖြစ်အောင် လွှတ်လိုက်လေသည်။

ဗုဒ္ဓနှင့် ဥပါလိသူကြွယ်တို့ စကားအခြေအတင် ပြောဆိုရင်းမှ ဥပါလိသူကြွယ်သည် သောတာပန်အရိယာအဖြစ်သို့ ရောက်ရှိသွားကာ ဗုဒ္ဓ၏ ခိုင်မြဲသော တပည့်သာဝက ဖြစ်သွားလေသည်။

'ဥပါလိသူကြွယ်သည် ဗုဒ္ဓ၏ တပည့်သာဝက ဖြစ်သွားပြီတဲ့' ဟူသော စကားကို အထပ်ထပ်အခါခါ ကြားရသည့်တိုင်အောင် မယုံကြည်နိုင်သေးဘဲ နိဂဏ္ဌနာဋပုတ္တ ဂိုဏ်းဆရာကြီးသည် ဥပါလိအိမ်သို့ ရောက်ရှိလာပြီး 'သူကြွယ် သင်သည် ဟိုတုန်းက ဗုဒ္ဓ

တပည့် ဖြစ်သည်။ ယခုအခါမှာ ဘယ်သူ၏ တပည့်ဟူ၍ မှတ်ရမည်နည်း’ ဟူ၍ မေးလိုက်သောအခါ ဥပါလိသူကြွယ်သည် ဗုဒ္ဓရှိရာဘက်သို့ လက်အုပ်ချီကာရှိခိုးလျက် (၁၀)ဂါထာတို့ဖြင့် ဗုဒ္ဓ၏ဂုဏ်ပုဒ်များကို ဖော်ထုတ်၍ ဗုဒ္ဓ၏တပည့်ဖြစ်ကြောင်းကို ပြောကြားလေသည်။ ထို(၁၀)ဂါထာတို့တွင် (၉)ခုမြောက်ဂါထာကို နမူနာအဖြစ် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

သန္တဿ ဘူရိပညဿ၊ မဟာပညဿ ဝီတလောဘဿ၊

တထာဂတဿ သုဂတဿ၊ အပ္ပဋိပုဂ္ဂလဿ အသမဿ၊

ဝိသာရဒဿ နိပုဏဿ၊ ဘဂဝတော တဿ သာဝကောဟမသ္မိ။ *(မ- ၂- ၄၉)*

အတံ- အကျွန်ုပ်သည်၊ **သန္တဿ**- ငြိမ်းအေးသော စိတ်နှလုံးရှိတော်မူသော၊ **ဘူရိပညဿ**- မြေထုပမာ ပညာကြီးတော်မူသော၊ **မဟာပညဿ**- ကြီးမြတ်သောပညာနှင့် ပြည့်စုံတော်မူသော၊ **ဝီတလောဘဿ**- လောဘကင်းဝေးတော်မူသော၊ **တထာဂတဿ**- ရှေးဗုဒ္ဓတို့ကဲ့သို့ ကောင်းသောလာခြင်း ရှိတော်မူသော၊ **သုဂတဿ**- ကောင်းသောစကားကို ဆိုတော်မူတတ်သော၊ **အပ္ပဋိပုဂ္ဂလဿ**- အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော၊ **အသမဿ**- အတူရှိတော်မမူသော၊ **ဝိသာရဒဿ**- ရဲရင့်တော်မူသော၊ **နိပုဏဿ**- သိမ်မွေ့သော ပညာရှိတော်မူသော၊ **တဿ ဘဂဝတော**- ထိုရှင်တော်ဗုဒ္ဓ၏၊ **သာဝကော**- တပည့်သည်၊ **အသ္မိ**- ဖြစ်ပါသည်။

(ဟူ၍ မှတ်ပါလေလော့။)

ဥပါလိသူကြွယ်၏ စကားများကို ကြားရသောအခါ နိဂဏ္ဌနာဋပုတ္တသည် အစကဖော်ပြခဲ့သည့်အတိုင်း-

ကဒါ သညုဋ္ဌာ ပန တေ ဂဟပတိ ဣမေ သမဏဿ ဂေါတမဿ ဝဏ္ဏာ။

ဂဟပတိ- သူကြွယ်၊ **တေ**- သင်သည်၊ **သမဏဿ ဂေါတမဿ**- ရဟန်းဂေါတမ၏၊ **ဣမေ ဝဏ္ဏာ**- ဤဂုဏ်ကျေးဇူးတို့ကို၊ **ကဒါ**- အဘယ်အခါတုန်းက၊ **သညုဋ္ဌာ**- သီကုံးထားဘိသနည်း။

နိဂဏ္ဌနာဋပုတ္တ၏ ထိုအမေးစကားကို ဥပါလိသူကြွယ်သည် အောက်ပါအတိုင်း ဖြေဆိုလေသည်။

‘ပန်းသီကုံးတတ်သူသည် ပန်းပုံကြီးထဲက မိမိနှစ်သက်ရာပန်းကိုယူ၍ ဆန်းကြယ်သောပန်းကုံးကို အသာလေး သီကုံးရသကဲ့သို့ ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးအစုအပုံကြီးက မြောက်များစွာရှိနေသည်ဖြစ်၍ မိမိနှစ်သက်ရာ သိမြင်ရာ ဂုဏ်ကျေးဇူးကို အဘယ်သူသည် မချီးကျူးဘဲ နေနိုင်ပါအံ့နည်း’ ဟူ၍ ဖြေကြားပြောဆိုလိုက်လေသည်။

နိဂဏ္ဌနာဋပုတ္တ ဂိုဏ်းဆရာကြီးသည် ‘ဟိုတုန်းက ငါ့တပည့်ဖြစ်သော ဥပါလိသူကြွယ်သည် ယခုတော့ ဂေါတမ၏တပည့်ဖြစ်သွားလေပြီ’ ဟူ၍ အလွန်စိတ်ပူလောင် ချောက်ချားကာ ခံတွင်းမှ သွေးပွက်ပွက် အံထွက်သွားလေတော့သည်။

ဂုဏအနက်ယော ဝဏ္ဏသဒ္ဒါက ဆုံးမဩဝါဒပေးပုံ၊ တရားယောပုံသဘော

(၁) အကြင်ပုဂ္ဂိုလ်၏ ကိုယ်တွင်းသန္တာန်၌ မဖောက်မပြန် မှန်ကန်သော သစ္စာတရား တည်ရှိလေသည်။ ယင်းသစ္စာတရား တည်ရှိနေခြင်းသည်ပင်၊ သစ္စာတရားကို သိမြင်နေခြင်းသည်ပင် ကြီးမားလှသော, အားကောင်းလှသော, တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသော ဂုဏ်ကျေးဇူးအထူးဝိသေသများ တည်ရှိနေခြင်းပင်ဖြစ်သည်။ မိမိသန္တာန်၌ ထိုကဲ့သို့ သစ္စာတရားကို သိမြင်ခြင်း, သစ္စာတရား တည်ရှိနေခြင်းဟူသော ဂုဏ်သတ္တိ ကျေးဇူးအထူးတို့ကြောင့် ဆန့်ကျင်ဘက်များကို လွယ်ကူစွာ အောင်မြင်နိုင်စွမ်းရှိသည်ဟူသော အချက်ကို အထူးသတိပြုရန် လိုအပ်လှပါသည်။ လိုအပ်သည့်အတိုင်းလည်း **မိမိသန္တာန်၌ သစ္စာတရား တည်ကိန်းအောင်, သစ္စာတရားကို သိမြင်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၂) မိမိသန္တာန်၌ သစ္စာတရား တည်ကိန်းမှု မရှိပေ။ သစ္စာတရားကို သိမြင်နိုင်စွမ်း မရှိပေ။ ထိုပုဂ္ဂိုလ်သည် အဘယ်မျှကြီးကျယ်သောပုဂ္ဂိုလ်အဆင့်သို့ ရောက်နေစေကာမူ ဂုဏ်ကျေးဇူးအထူးဝိသေသများ မရှိလေသည့်အတွက်ကြောင့် ဆန့်ကျင်ဘက်များကို မိမိကလွယ်ကူစွာ အောင်မြင်မည်ဟု ထင်ပါသော်လည်း မအောင်မြင်ဘဲ အကျဆုံးကြီး ကျဆုံးရမည်သာဖြစ်သည်။ လောကစံမှန်တိုင်းနှင့် တွေ့ကြုံရတိုင်း ဒိုင်းကနဲ ဘိုင်းကနဲ ပစ်လဲသွားမည်သာ ဖြစ်သည်။ ထို့ကြောင့် မိမိသန္တာန်၌ သစ္စာတရား တည်ကိန်းရန် အရေးသည်၊ သစ္စာတရားကို သိမြင်ရန်အရေးသည် ဂုဏ်ကျေးဇူးအထူးနှင့် ဆက်စပ်နေသည် ဖြစ်သောကြောင့် အလွန်ပဲ အရေးကြီးလှပေသည်။ သို့ဖြစ်၍ **မိမိသန္တာန်၌ သစ္စာတရား တည်ကိန်းအောင်၊ သစ္စာတရား သိမြင်အောင် အစွမ်းကုန် အားစိုက်၍ ကြိုးစားလိုက်ကြပါကုန်လော့။**

(၇) ပသံသာ အနက်ဖော ဝဏ္ဏသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဝဏ္ဏသဒ္ဒါ၏ ဂုဏအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဝဏ္ဏသဒ္ဒါ၏ ပသံသာအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုထားလေသည်။

ဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသတိ။ *(အံ- ၁- ၁၀၉)*

ဝဏ္ဏာရဟဿ- ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်အား။ **ဝဏ္ဏံ**- ချီးမွမ်းစကားကို၊ **ဘာသတိ**- ပြောဆို၏။

(ဤကား ဝဏ္ဏသဒ္ဒါ၏ ပသံသာနက်၌ ဖြစ်ပုံတည်း။)

အထက်ပါပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော် ပဌမ ခတသုတ်၌ လာရှိလေသည်၊ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

အကြင်သူသည် အနနုဝိစ္စ အပရိယောဂါဟေတွာ- ဉာဏ်ဖြင့် မစိစစ် မသက်ဝင်ဘဲ-

(၁) အဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသတိ - မချီးမွမ်းထိုက်သူအား ချီးမွမ်းလေသည်။

(၂) ဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသတိ - ချီးမွမ်းထိုက်သူအား ကဲ့ရဲ့စကား ပြောဆိုလေသည်။

(၃) အပ္ပသာဒနီယေဌာနေ ပသာဒံ ဥပဒံသေတိ - မကြည်ညိုသင့်သောအရာ၌ ကြည်ညိုမှုကို ဖြစ်စေလေသည်။

(၄) ပသာဒနီယေဌာနေ အပ္ပသာဒံ ဥပဒံသေတိ - ကြည်ညိုသင့်သောအရာ၌ မကြည်ညိုမှုကို ဖြစ်စေလေသည်။

ထိုလေးမျိုးနှင့် ပြည့်စုံသော လူမိုက်သည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသူလည်း ဖြစ်သည်။ အပြစ်ရှိသူလည်း ဖြစ်သည်။ ပညာရှိတို့ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်သည်။ များစွာသော မကောင်းမှုတို့ကို တိုးပွါးစေသူလည်း ဖြစ်သည်။

အကြင်သူသည် အနုဝိစ္စ ပရိယောဂါဟေတွာ - ဉာဏ်ဖြင့် စိစစ်သက်ဝင်၍-

(၁) အဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသတိ - ကဲ့ရဲ့ထိုက်သူအား ကဲ့ရဲ့လေသည်။

(၂) ဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသတိ - ချီးမွမ်းထိုက်သူအား ချီးမွမ်းစကား ပြောကြားလေသည်။

(၃) အပ္ပသာဒနီယေဌာနေ အပ္ပသာဒံ ဥပဒံသေတိ - မကြည်ညိုသင့်သောအရာ၌ မကြည်ညိုမှုကို ဖြစ်စေလေသည်။

(၄) ပသာဒနီယေဌာနေ ပသာဒံ ဥပဒံသေတိ - ကြည်ညိုသင့်သောအရာ၌ ကြည်ညိုမှုကို ဖြစ်စေသည်။

ထိုလေးမျိုးနှင့် ပြည့်စုံသောသူသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည်လည်း ဖြစ်သည်။ အပြစ်မရှိသည်လည်း ဖြစ်သည်။ ပညာရှိတို့ မကဲ့ရဲ့ထိုက်သူလည်း ဖြစ်သည်။ များစွာသောကောင်းမှုကို တိုးပွါးစေသူလည်း ဖြစ်သည်။

ဗုဒ္ဓသည် အထက်ပါတရားကို ဟောကြားတော်မူပြီးနောက် အောက်ပါဂါထာဖြင့်လည်း ဆုံးမတရား ဟောကြားတော်မူလေသည်။

(၁) **ယော နိန္ဒိယံ ပသံသတိ၊**
တံဝါ နိန္ဒတိ ယော ပသံသိယော၊
ဝိစိနာတိ မုခေန သောကလိံ၊
ကလိနာ တေန သုခံ နဝိန္ဒတိ။

(၂) **အပ္ပမတ္တော အယံ ကလိ၊**
ယော အက္ခေသု ဓနံ ပရာဇယော၊
သဗ္ဗဿာပိ သဟာပိ အတ္တနာ၊
အယမေဝ မဟန္တတရော ကလိ၊
ယော သုဂတေသု မနံ ပဒေါသယေ။ *(အံ- ၁- ၁၀၉)*

(၁) **ယော**- အကြင်လူမိုက်သည်၊ **နိန္ဒိယံ**- ကဲ့ရဲ့ထိုက်သူကို၊ **ပသံသတိ**- ချီးမွမ်း၏၊ **ယော**- အကြင်ပုဂ္ဂိုလ်သည်၊ **ပသံသိယော**- ချီးမွမ်းထိုက်သည်၊ ဟောတိ- ဖြစ်၏၊ **တံဝါ**- ထိုချီးမွမ်းထိုက်သူကိုလည်း၊ **နိန္ဒတိ**- ကဲ့ရဲ့၏၊ **သော**- ထိုလူမိုက်သည်၊

မုခေန– နှုတ်ဖြင့် ကလိ– အပြစ်ကို၊ ဝိဝိနာတိ– ဆည်းပူးစုဆောင်းနေ၏၊ တေနကလိနာ– ထိုအပြစ်ကြောင့်၊ သုခံ– ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းသာသည့် ချမ်းသာခြင်းကို၊ နဝိန္ဒတိ– မရနိုင်ပါပေ။

(၂) သဗ္ဗသာပိ မနံ– အလုံးစုံသော ကိုယ်ပိုင်ဥစ္စာနှင့်လည်းကောင်း၊ အတ္တနာပိ– မိမိကိုယ်တိုင်နှင့်လည်းကောင်း၊ သဟ– အတူတကွ၊ အက္ခေသု– ကြွေအံကစားခြင်းတို့ကြောင့်၊ ယောပရာဇယော– အကြင်ရှုံးခြင်းသည်၊ တောတိ– ဖြစ်၏၊ အယံ– ဤရှုံးခြင်းသည်၊ အပ္ပမတ္တော– အနည်းငယ်မျှသာဖြစ်သော၊ ကလိ– အပြစ်တည်း။

ယော– အကြင်လူမိုက်သည်၊ သုဂတော– ကောင်းစွာကျင့်သော သူတော်ကောင်းတို့၌၊ မနံ– မိမိစိတ်ကို၊ ပဒေါ်သယေ– ပြစ်မှားစေ၏၊ တဿ– ထိုလူမိုက်၏၊ အယမေဝ– ဤအပြစ်သည်သာလျှင်၊ မတန္တတရော– အလွန်ကြီးလေးသော၊ ကလိ– အပြစ်ပေ တည်း။

ပဿာ အနက်ဟော ဝဏ္ဏသဒ္ဒါက ဆုံးမဩဝါဒပေးပုံ, တရားဟောပုံသဘော

(၁) ဤလူ့လောက၌ ကဲ့ရဲ့ပြစ်တင်ခံရခြင်းမှ လွတ်မြောက်သူဟူ၍ တစ်စုံတစ်ဦးမျှ မရှိသလို အချီးမွမ်းမခံရသောသူလည်း တစ်စုံတစ်ဦးမျှ မရှိပေ။ အလုံးစုံသော လူသားတို့သည် ကဲ့ရဲ့ပြစ်တင်ခြင်း ခံရဖူးသည်ချည်း ဖြစ်ကြသကဲ့သို့ အချီးမွမ်းကို ခံရဖူးသူများလည်း ဖြစ်ကြပေသည်။ လူမိုက်တို့သည်လည်း ကဲ့ရဲ့ခြင်း၊ ပြစ်တင်ခြင်း၊ ချီးမွမ်းခြင်းကို ပြုကြဘိသကဲ့သို့ ပညာရှိတို့သည်လည်း ကဲ့ရဲ့ခြင်း၊ ပြစ်တင်ခြင်း၊ ချီးမွမ်းခြင်းကို ပြုကြပေသည်။ သို့ရာတွင် လူမိုက်တို့သည် ကဲ့ရဲ့ပြစ်တင်ခြင်းငှာ မထိုက်သော ပညာရှိသူတော်ကောင်းတို့ကို ကဲ့ရဲ့ပြစ်တင်မှု ပြုတတ်ကြပြီး ချီးမွမ်းခြင်းငှာ မထိုက်သော လူရမ်းကားလူမိုက်တို့ကိုမူ ချီးမွမ်းခြင်းကို ပြုကြလေသည်။ ပညာရှိသူတော်ကောင်းတို့သည်ကား ကဲ့ရဲ့ ပြစ်တင်ခြင်းငှာ ထိုက်သောသူတို့ကိုသာ ကဲ့ရဲ့ပြစ်တင်မှု ပြုကြပြီး ချီးမွမ်းထိုက်သူတို့ကို ချီးမွမ်းခြင်းကို ပြုကြပေသည်။ ထို့ကြောင့် လူမိုက်တို့၏ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းသည် ပမာနမဟုတ်ဘဲ ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းသည်သာလျှင် ပမာနဖြစ်လေသည်။ ထို့ကြောင့် လူမိုက်တို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းကိုလည်း အလေးထားစရာမလိုသကဲ့သို့ ချီးမွမ်းခြင်းကိုလည်း ဂရုပြုစရာမလိုပေ။ **ပညာရှိ သူတော်ကောင်းတို့၏ ကဲ့ရဲ့ပြစ်တင်ခြင်း၊ ချီးမွမ်းခြင်းကိုသာ အလေးထားပြီး ပညာရှိ သူတော်ကောင်းတို့၏ ကဲ့ရဲ့ပြစ်တင်သူအဖြစ်မှ လွတ်မြောက်အောင် အချီးမွမ်းခံရသူဖြစ်အောင် ပြောဆိုပြုမူနေထိုင် ကြပါကုန်လော့။**

(၂) လောင်းကစားရှုံးခြင်းကြောင့် ဘဝပျက်ရသောသူတို့သည် ဤလူ့လောက၌ မြောက်များစွာရှိလေသည်။ ယင်းဘဝပျက်မှုသည် ချီးမွမ်းခြင်းငှာထိုက်သော ပညာရှိသူတော်ကောင်းတို့ကို ကဲ့ရဲ့ပြစ်တင်ခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းငှာထိုက်သော လူမိုက်လူရမ်းကားတို့ကို ချီးမွမ်းအားပေးခြင်းအပြစ်နှင့် နှိုင်းစာပါမူ မပြောပလောက်ပေ။ ထို့ကြောင့် **ချီးမွမ်းခြင်းငှာထိုက်သော ပညာရှိသူတော်ကောင်းတို့ကို ချီးမွမ်းမှု၊ ပူဇော်မှု ပြုနိုင်ကြပါကုန်လော့။ ကဲ့ရဲ့ပြစ်တင်ခြင်းငှာထိုက်သော လူမိုက်လူရမ်းကားတို့ကို ကဲ့ရဲ့ပြစ်တင်ကြပါကုန်လော့။**

(၃) မကြည်ညိုသင့်သော ပုဂ္ဂိုလ်တို့၌ ကြည်ညိုမြတ်နိုးခြင်းသည်လည်း မကောင်းသကဲ့သို့ ကြည်ညိုသင့်သော ပုဂ္ဂိုလ်တို့၌ မကြည်ညို မမြတ်နိုးခြင်းသည်လည်း မကောင်းပေ။ **ထို့ကြောင့် မကြည်ညိုသင့်သော ပုဂ္ဂိုလ်တို့၌ ကြည်ညိုမြတ်နိုးခြင်းကို ရှောင်ကြဉ်ပြီး ကြည်ညိုသင့်သောပုဂ္ဂိုလ်တို့၌ ကြည်ညိုမြတ်နိုးမှုပြုသူ ဖြစ်ကြပါကုန်လော့။**

ဤဥဒ္ဒါန်လိုအပ်သောအနက်

အထက်ဖော်ပြပါ ဝဏ္ဏသဒ္ဒါ၏ ဟောနိုင်သော အနက်များစွာအနက်က ဤဥဒ္ဒါန်လိုအပ်သောအနက်သည် 'ဂုဏ'အနက်၊ 'ပဿာ' ဟူသော အနက်နှစ်မျိုးကို လိုအပ်လေသည်။

တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်က ဗုဒ္ဓ, ဓမ္မ, သံဃာတို့၏ ဂုဏ်ကို ချီးမွမ်းပုံများ

ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်သည် များစွာသောအကြောင်းဖြင့် ဗုဒ္ဓ, ဓမ္မ, သံဃာတို့၏ အပြစ်မျိုးစုံကို ပြောဆိုသလောက် တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်က ဗုဒ္ဓ, ဓမ္မ, သံဃာတို့၏ ဂုဏ်တို့ကို ချီးမွမ်းပြောဆိုလေသည်။ ပြောဆိုပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဗုဒ္ဓ၏ဂုဏ်ကို ချီးမွမ်းပြောဆိုပုံ

(၁) ဣတိပိ- ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း။ သောဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ထိုဗုဒ္ဓသည်၊ အရဟံ- အရဟံဟူသော ဂုဏ်တော်ကြီးကို ခံယူတော်မူထိုက်ပါပေ၏။

(၂) ဣတိပိ- အလုံးစုံတရားတို့ကို မဖောက်မပြန် မှန်ကန်စွာ ကိုယ်တော်တိုင် သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း၊ သောဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ထိုဗုဒ္ဓသည်၊ သမ္မာသမ္ဗုဒ္ဓေါ- သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။ ဤသို့အစရှိသော နည်းဖြင့်လည်းကောင်း၊

(၃) ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ ဗုဒ္ဓေ- ဗုဒ္ဓ၌၊ ပသန္နာ- ကြည်ညိုကြကုန်၏၊ တေ- ထိုပုဂ္ဂိုလ်တို့သည်၊ အဂ္ဂေ- အမြတ်ဆုံးသော ပုဂ္ဂိုလ်၌၊ ပသန္နာ- ကြည်ညိုသည် မည်ကုန်၏။ ဤသို့အစရှိသော နည်းဖြင့်လည်းကောင်း၊

(၄) ဧကပုဂ္ဂလော- နှစ်ဦးမရှိ၊ တစ်ဦးတည်းသာဖြစ်သော ပုဂ္ဂိုလ်သည်၊ လောကေ- လောက၌၊ ဥပ္ပဇ္ဇမာနော- ဖြစ်ထွန်းပေါ်ပေါက်လာသည်ရှိသော်၊ အသမသမော- အလုံးစုံသော သတ္တဝါတို့နှင့် တူတော်မမူသော, ရှေးဗုဒ္ဓတို့နှင့်သာ တူတော်မူသော ဗုဒ္ဓသည်၊ တုတွာ- ဖြစ်၍၊ ဥပ္ပဇ္ဇတိ- ဖြစ်ထွန်းပေါ်ပေါက်လာ၏။ ဤသို့အစရှိသော နည်းဖြင့်လည်းကောင်း များစွာသော အကြောင်းဖြင့် ဗုဒ္ဓ၏ ဂုဏ်ပုဒ်များကို ဖော်ထုတ်၍ ချီးမွမ်းပြောဆိုလေသည်။

ဓမ္မ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုပုံ

(၁) ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဓမ္မော- တရားတော်ကို၊ သွာက္ခာတော- ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် ကောင်းစွာဟောကြားတော်မူလေပြီ။ ဤသို့အစရှိသော နည်းဖြင့်လည်းကောင်း၊

(၂) ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ အရိယေ- မြတ်သော၊ အဋ္ဌင်္ဂိကေ- ရှစ်ပါးသော အင်္ဂါရှိသော၊ မဂ္ဂေ- မဂ်၌၊ ပသန္နာ- ကြည်ညိုကုန်၏၊ တေ- ထိုပုဂ္ဂိုလ်တို့သည်၊ အဂ္ဂေ- မြတ်သောတရား၌၊ ပသန္နာ- ကြည်ညိုကုန်၏၊ ဤသို့အစရှိသော နည်းဖြင့်လည်းကောင်း၊

(၃) ဓမ္မော- ဗုဒ္ဓဟောကြားတော်မူအပ်သော တရားတော်သည်၊ အာလယ သမုဂ္ဃာတော- ငြိကပ်တွယ်တာတတ်သော တဏှာကို အကြွင်းမဲ့ ဖြတ်တတ်၏၊ ဝဋ္ဋူပစ္ဆေဒေါ- ဝဋ်ဆင်းရဲကို ဖြတ်တောက်တတ်၏၊ ဤသို့အစရှိသော နည်းဖြင့်လည်းကောင်း။ များစွာသော အကြောင်းဖြင့် တရားတော်၏ဂုဏ်ကို ထုတ်ဖော်၍ ချီးမွမ်းပြောဆိုလေသည်။

သံဃဂုဏ်တော်ကို ချီးမွမ်းပြောဆိုပုံ

(၁) ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ သာဝကသံဃော- တပည့်သားသံဃာတော်များသည်၊ သုပ္ပဋိပန္နော- ကောင်းစွာကျင့်တော်မူတတ်ပါပေ၏။ ဤသို့အစရှိသော နည်းဖြင့်လည်းကောင်း၊

(၂) ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ သံဃေ- အရိယာသံဃာ၌၊ ပသန္နာ- ကြည်ညိုကြကုန်၏၊ တေ- ထိုပုဂ္ဂိုလ်တို့သည်၊ အဂ္ဂေ- မြတ်သောသံဃာ၌၊ ပသန္နာ- ကြည်ညိုသည် မည်ကုန်၏။ ဤသို့အစရှိသော နည်းဖြင့်လည်းကောင်း များစွာသော အကြောင်းဖြင့် သံဃာတော်များ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုလေသည်။

ဤ၌ ဗြဟ္မဒတ်လုလင်သည် ရတနာသုံးပါး၏ ဂုဏ်တော်များကို ချီးမွမ်းပြောဆိုရာ၌ ကိုယ်တိုင်သိမြင်၍ ပြောကြားခြင်းမဟုတ်တဲ့ တစ်ဆင့်ကြားဖြင့် မိမိဉာဏ်စွမ်းရှိသလောက် ပြောခြင်းဖြစ်လေသည်။

ဤသို့လျှင် ဆရာ, တပည့်နှစ်ဦးတို့သည် အချင်းချင်းပြောင့်ပြောင့် ဆန့်ကျင်ဘက်ဖြစ်၍ ပြောဆိုနေကြလေသည်။

ဤသို့ ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်သည် ကောင်းမွန်သောပျဉ်ချပ်၌ အဆိပ်ရှိသော သစ်သားစို့ကို စိုက်နှက်သကဲ့သို့ ရတနာသုံးပါး၏ အပြစ်များကို အဖန်ဖန် အထပ်ထပ် ပြောဆိုလေသည်။

တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည် ရွှေ၊ ငွေ၊ ပတ္တမြားဖြင့် ပြုအပ်သောစို့ဖြင့် ဆရာစိုက်ထားအပ်သောစို့ကို တားမြစ်၍ ရတနာသုံးပါး၏ဂုဏ်ကို အဖန်ဖန် အထပ်ထပ် ချီးမွမ်းပြောဆိုလေသည်။

ထိုသို့ ပြောဆိုကြပုံ အခြေအနေကို မှန်းမြော်ကြည့်လိုက်ပါ။ ဗုဒ္ဓအမှူးရှိသော သံဃာတော်ငါးရာတို့က ရှေးမှ လမ်းခရီးကို ကြွတော်မူနေကြပါသည်။ သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင် အစရှိသော ပရိဗိုဇ်ပရိသတ်အပေါင်းတို့ကလည်း ထိုလမ်းခရီးကို နောက်မှ အစဉ်လိုက်၍ သွားနေကြပါသည်။

ဗုဒ္ဓ ခရီးရှည်ကြွတော်မူရခြင်းအကြောင်း

ဤ၌ ရှင်တော်ဗုဒ္ဓသည် ထိုခရီးရှည်ကို အဘယ့်ကြောင့် ကြွတော်မူရသနည်း ဟူမူ–

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏ အကြား၌ ထိုအဝွန်ရှည်သောခရီးကို ကြွတော်မူခြင်းသည် နာဠန္ဒမြို့၌ ရှိကြကုန်သော ကျွတ်ထိုက်သော ဝေနေယျတို့၏ အကျိုးစီးပွါး ချမ်းသာများကို အလိုရှိတော်မူသောကြောင့်လည်းကောင်း၊ ဆရာဖြစ်သော သုပ္ပိယ ပရိဗိုဇ်နှင့် တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်တို့၏ အပြစ်ပြောခြင်း၊ ဂုဏ်ပြောခြင်းဟူသော အတ္ထုပ္ပတ္တိကြောင့် သုံးမျိုးသောသီလတို့ဖြင့် တန်ဆာဆင်အပ်သော (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူတို့ကို ဖြေရှင်းနိုင်သော တစ်သောင်းသော လောကဓာတ်ကို တုန်လှုပ်စေနိုင်သော 'ဗြဟ္မဇာလသုတ္တန် တရားတော်ကို ဟောတော်မူအံ့'ဟု နှလုံးသွင်းတော်မူသောကြောင့်လည်းကောင်း ကြွတော်မူခြင်းဖြစ်လေသည်။

သုပ္ပိယပရိဗိုဇ် သွားခြင်းအကြောင်း

သုပ္ပိယပရိဗိုဇ်သည်လည်း ထိုခရီးရှည်သို့သွားခြင်းသည် ဗုဒ္ဓကြွတော်မူသည်ကို မသိသောကြောင့် ဗုဒ္ဓနောက်က အစဉ်လိုက်ဘိ သကဲ့သို့ သွားခြင်းဖြစ်သည်။ အကယ်၍ ဗုဒ္ဓကြွသည်ကို ကြိုတင်သိမည်ဆိုပါက ထိုခရီးကို သွားမည်မဟုတ်ပေ။

ဗုဒ္ဓ၏ အသရေတော်ကို တွေ့မြင်ရခြင်း

သုပ္ပိယပရိဗိုဇ်သည် တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်နှင့်တကွ မိမိပရိဗိုဇ်ပရိသတ်ခြံရံလျက် ထိုခရီးသို့ သွားမိလျှင်ပင် နီမြန်းသော ကမ္ဗလာဖြင့် ကာရံအပ်သော တရွေ့ရွေ့သွားနေသော ရွှေတောင်ထွတ်ကဲ့သို့ ဗုဒ္ဓ၏ အသရေတော်ဖြင့် တင့်တယ်တော်မူသော ရှင်တော်ဗုဒ္ဓကို တွေ့မြင်လေပြီ။

ထိုအခါ၌ ဗုဒ္ဓ၏ကိုယ်တော်မှ ခြောက်ပါးသော ရောင်ခြည်တော်တို့သည် အတောင်ရှစ်ဆယ်ပမာဏဖြင့် အရပ်ဆယ်မျက်နှာသို့ ရှေးရှုပြေးသွားလေပြီ။ အထူးထူးအပြားပြား ထိုမှဤမှ ကွန့်မြူးလေပြီ။

ဗုဒ္ဓကြွတော်မူရာ တောအုပ်လမ်းခရီးတိုင်း၌–

(၁) ရတနာတို့ဖြင့် ပြုအပ်သော ဦးဆောက်ပန်း၊ ရတနာတို့ဖြင့် ပြုအပ်သော ပန်းကုံး၊ ရတနာမှုံတို့ဖြင့် အထူးထူးအပြားပြား ရောပွမ်းသကဲ့သို့ လည်းကောင်း၊

(၂) ဖြန့်ကြက်အပ်သော ရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေအဝတ်အထည်ကဲ့သို့ လည်းကောင်း၊

(၃) နီမြန်းသော ရွှေရည်တို့ဖြင့် သွန်းလောင်းအပ်သကဲ့သို့ လည်းကောင်း၊

(၄) ဥက္ကာအရာတို့၏ ကျရောက်ခြင်းဖြင့် ကောင်းစွာယှက်ထွေး ယှက်နွယ်သကဲ့သို့ လည်းကောင်း၊

(၅) အကြားမရှိအောင် ထက်ဝန်းကျင်ရောပွမ်းသော မဟာလှေခါးပန်းကဲ့သို့ လည်းကောင်း၊

(၆) လေအဟုန်သည် တိုက်ခတ်အပ်သော ဆုန်မှုန့် (ဟင်္သပဒါး) ကဲ့သို့ လည်းကောင်း၊

(၇) သက်တန့်ရေးအပေါင်း၊ လျှပ်စစ်နွယ်အပေါင်း၊ ကြယ်တာရာအပေါင်းတို့၏ အရောင်ဖြင့် အထူးထူးအပြားပြား ပြန့်နှံ့လျက် အထူးထူးအပြားပြား တောက်ပသကဲ့သို့ လည်းကောင်း အလွန်တင့်တယ် ကြည်နူးဖွယ် ဖြစ်လျက်ရှိနေလေသည်။

ဗုဒ္ဓ၏ ခန္ဓာကိုယ်ကို အာရုံပြုကြည့်လိုက်ပါ

ဗုဒ္ဓကြွတော်မူရာ အရပ်တွင်မကပါ။ ဗုဒ္ဓ၏ ခန္ဓာကိုယ်တော်ကိုလည်း ခေတ္တမျှ အာရုံပြုကြည့်လိုက်ပါဦး။

ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် အပန်ပန် တပ်စွဲအပ်သော ဗုဒ္ဓ၏ ခန္ဓာကိုယ်တော်သည်–

(၁) ပွင့်သောကြာပဒုမ္မာ၊ ကြာပုဏ္ဍရိက်၊ ကြာညို၊ ကြာဖြူ၊ ကြာနီရှိသော ရေအိုင်ကို ထိုရှစ်ဆယ်သော လက္ခဏာတော်၏

အသရေတော်ဖြင့် ပျက်ရယ်ပြုဘိသကဲ့သို့ လည်းကောင်း၊

(၂) ပင်လုံးကျွတ်ပွင့်သော ပင်လယ်ကသစ်ပင်ကို ဗုဒ္ဓ၏ အသရေတော်ဖြင့် ပျက်ရယ်ပြုဘိသကဲ့သို့ လည်းကောင်း၊

(၃) ကြယ်တာရာအပေါင်းတို့ဖြင့် ပွင့်လင်းသော ကောင်းကင်ပြင်ကို ရှစ်ဆယ်သော လက္ခဏာငယ်တို့၏ အသရေတော်ဖြင့် ပျက်ရယ်ပြုဘိသကဲ့သို့ လည်းကောင်း၊

ထိုမျှတွင် မကသေးပါ။ ထိုဗုဒ္ဓ၏ တစ်လံမျှလောက်သော ကိုယ်ရောင်တော်အဝန်းဖြင့် တင့်တယ်ခြင်းရှိသော (၃၂)ပါးသော မြတ်သော မဟာပုရိသလက္ခဏာတော်ကြီးအစဉ်သည်–

(၄) (၃၂)စင်းသော လအစဉ်၊ (၃၂)စင်းသော နေအစဉ်၊ (၃၂)ယောက်သော စကြာဝတေးမင်းအစဉ်၊ (၃၂)ယောက်သော သိကြားနတ်မင်းအစဉ်၊ (၃၂)ယောက်သော မဟာဗြဟ္မာမင်းအစဉ်တို့၏ အသရေတို့ကို ဗုဒ္ဓ၏ (၃၂)ပါးသော မဟာပုရိသလက္ခဏာတော်ကြီး ဖြင့် လွှမ်းမိုးဘိသကဲ့သို့ လည်းကောင်း ဖြစ်လျက်ရှိနေလေသည်။

သံဃာတော်များကိုလည်း အာရုံပြုကြည့်လိုက်ပါ

ဗုဒ္ဓနောက်တော်ပါးက လိုက်ပါနေသော သံဃာတော်ငါးရာတို့ကိုလည်း ကြည်ညိုကြည့်လိုက်ပါဦး။

ထိုဗုဒ္ဓကို ခြံရံ၍ နောက်တော်ပါးက လိုက်ပါနေကြသော သံဃာတော်ငါးရာတို့သည်–

(၁) ယုတ်မာသော အလိုဆိုးမရှိကြကုန်။

(၂) ရသမျှသော ပစ္စည်းလေးပါးတို့၌ တင်းတိမ်ရောင့်ရဲကြကုန်၏။

(၃) အပေါင်းအဖော်နှင့် ကိလေသာတို့မှ ကင်းဆိတ်ကြကုန်၏။

(၄) မင်း, အမတ်ကြီး အစရှိသော လူတို့နှင့် ရောနှောခြင်း မရှိကြကုန်။

(၅) မကောင်းမှုကျင့်သူတို့ကို စောဒနာတက်ကြကုန်၏။

(၆) မကောင်းမှုတို့ကို ကဲ့ရဲ့လေ့ရှိကြကုန်၏။

(၇) အကျိုးစီးပွားကို လိုလား၍ သူတပါးတို့အား စကားပြောကြကုန်၏။

(၈) သူတပါးတို့၏ ဆန့်ကျင်ဘက် ပြောဆိုခြင်းကို သည်းခံနိုင်ကြကုန်၏။

(၉) စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံကြကုန်၏။

(၁၀) ဈာန်သမာဓိနှင့် ပြည့်စုံကြကုန်၏။

(၁၁) ဝိပဿနာပညာ, မဂ်ပညာတို့နှင့် ပြည့်စုံကြကုန်၏။

(၁၂) အရဟတ္တဖိုလ်နှင့် ပြည့်စုံကြကုန်၏။

(၁၃) အရဟတ္တဖိုလ်ကို သိမြင်သော ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံကြကုန်၏။

ခရီးလမ်းကို ကြွတော်မူနေသော ဗုဒ္ဓနှင့် သံဃာတော်များကို ကြည်ညိုကြည့်လိုက်ပါဦး

ထိုဆိုအပ်ပြီးသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြကုန်သော ဗုဒ္ဓနှင့် သံဃာတော် အရှင်မြတ်တို့သည်–

(၁) ဗုဒ္ဓကိုယ်တိုင်က ရာဂကင်းတော်မူသည် ဖြစ်၍ ရာဂကင်းတော်မူသော သံဃာတော်များ ခြံရံသည် ဖြစ်၍လည်းကောင်း၊

(၂) ဗုဒ္ဓကိုယ်တိုင်က ဒေါသကင်းတော်မူသည် ဖြစ်၍ ဒေါသကင်းတော်မူသော သံဃာတော်များ ခြံရံသည် ဖြစ်၍လည်းကောင်း၊

(၃) ဗုဒ္ဓကိုယ်တိုင်က မောဟကင်းတော်မူသည် ဖြစ်၍ မောဟကင်းတော်မူသော သံဃာတော်များ ခြံရံသည် ဖြစ်၍လည်း ကောင်း၊

(၄) ဗုဒ္ဓကိုယ်တိုင်က တဏှာကင်းတော်မူသည် ဖြစ်၍ တဏှာကင်းပြီးသော သံဃာတော်များ ခြံရံသည် ဖြစ်၍လည်းကောင်း၊

(၅) ဗုဒ္ဓကိုယ်တိုင်က ကိလေသာကင်းစင်တော်မူသည် ဖြစ်၍ ကိလေသာကင်းစင်တော်မူသော သံဃာတော်များ ခြံရံသည် ဖြစ်၍လည်းကောင်း၊

(၆) ဗုဒ္ဓကိုယ်တိုင်က သစ္စာလေးပါးကို သိမြင်တော်မူပြီးသည် ဖြစ်၍ သစ္စာလေးပါးကို သိမြင်တော်မူပြီးသော သံဃာတော်များ ခြံရံသည် ဖြစ်၍လည်းကောင်း၊

ကြွနေတော်မူကြပုံတို့သည် ကျက်သရေအပေါင်း ခညောင်းလျက် အလွန်မှပင် တင့်တယ်လျက် ရှိနေလေတော့သည်။

တင့်တယ်ပုံသဘောကို ဥပမာဆောင်၍ ပြရပါမူကား–

(၁) ရွက်ချပ်တို့သည် ခြံရံအပ်သော ဝတ်မှုံဝတ်ဆံကဲ့သို့လည်းကောင်း၊

(၂) ဝတ်မှုံဝတ်ဆံတို့သည် ခြံရံအပ်သော ကြာချပ်ကဲ့သို့လည်းကောင်း၊

(၃) ရှစ်ထောင်သော ဆင်အပေါင်းတို့သည် ခြံရံအပ်သော ဆဒ္ဒန်ဆင်မင်းကဲ့သို့လည်းကောင်း၊

(၄) ကိုးသောင်းသော ဟင်္သာတို့သည် ခြံရံအပ်သော ဓတရဋ္ဌ ဟင်္သာမင်းကဲ့သို့လည်းကောင်း၊

(၅) စစ်အင်္ဂါလေးပါး ခြံရံအပ်သော စကြာဝတေးမင်းကဲ့သို့လည်းကောင်း၊

(၆) နတ်အပေါင်းသည် ခြံရံအပ်သော သိကြားနတ်မင်းကဲ့သို့လည်းကောင်း၊

(၇) ဗြဟ္မာအပေါင်းသည် ခြံရံအပ်သော မဟာဗြဟ္မာမင်းကဲ့သို့လည်းကောင်း၊

(၈) မရေတွက်နိုင်သော ကာလတို့၌ ကောင်းစွာဆည်းပူးအပ်သော ကောင်းမှုတော်၏ အစွမ်းကြောင့် ဖြစ်သော မကြံစည်အပ်၊ မကြံစည်နိုင်သော နှိုင်းယှဉ်ဘွယ်ရာ ဥပမာ မရှိသော ဗုဒ္ဓ၏ တင့်တယ်စံပယ်တော်မူခြင်းဖြင့် လမင်းကြီးသည် ကောင်းကင်အပြင်၌ သွားနေသကဲ့သို့လည်းကောင်း ဗုဒ္ဓသည် ထိုအခွန့်ရှည်သော ခရီးသို့ ကြွရောက်တော်မူလျက် ရှိနေလေသည်။

သုပ္ပိယပရိဗိုဇ်တို့၏ သွားနေကြပုံကို ကြည့်ကြပါဦး

အထက်က ဖော်ပြခဲ့သည့် အတိုင်း နှိုင်းယှဉ်၍ မရသော ဗုဒ္ဓ၏ တင့်တယ်ခြင်းဖြင့် နာဠန္ဒမြို့သို့ ဦးတည်၍ ကြွနေတော်မူသော ဗုဒ္ဓကိုလည်းကောင်း၊ မျက်လွှာချထားကြကုန်သော၊ ငြိမ်သက်သောဣန္ဒြေ ရှိကြကုန်သော၊ ငြိမ်သက်သောစိတ် ရှိကြကုန်သော၊ လပြည့်ဝန်းနှင့် တူတော်မူသော ဗုဒ္ဓကိုသာ ရှိုးနေကြကုန်သော ရဟန်းတို့ကိုလည်းကောင်း တွေ့မြင်လိုက်ရလျှင်ပင် သုပ္ပိယပရိဗိုဇ်သည် မိမိ၏ ပရိသတ်ကို စောင်းငဲ့၍ ကြည့်လိုက်လေပြီ။

(၁) ပရိဗိုဇ်ပရိသတ်သည် အင်းပျဉ်ငယ်, သုံးချောင်းထောက် ခွေးခြေ, ဥဒေါင်းမြီးစီး, မြေသပိတ်, အိတ်ငယ်, ရေကရား အစရှိသော များပြားလှသော ပရိဗိုဇ်ပရိက္ခရာများကို ထမ်းပိုး၍ ချိတ်ဆွဲထမ်းလျက် ကိုးရိုးကားရား သွားနေကြပုံကိုလည်းကောင်း၊

(၂) ဤအမည်ရှိသော သူတို့၏ လက်တို့သည် သိပ်လှပေစွ၊

(၃) ဤအမည်ရှိသော သူတို့၏ ခြေတို့သည် သိပ်လှပေစွ၊

(၄) ဤသို့အစရှိသည်ဖြင့် အကျိုးမရှိသော စကားတို့ဖြင့် ရောက်တတ်ရာရာ ပြောဆိုကြလျက်လည်းကောင်း၊

အမြင်မတော်သော ကြည်ညိုဖွယ်မရှိသော မိမိပရိသတ်ကို မြင်လိုက်ရသောအခါ သုပ္ပိယပရိဗိုဇ်သည် ဗုဒ္ဓပရိသတ်နှင့် နှိုင်းယှဉ်မိပြီး စိတ်မချမ်းမသာ ဖြစ်သွားရလေသည်။

ထိုသို့ဖြစ်လျှင် သုပ္ပိယပရိဗိုဇ်သည် ဗုဒ္ဓ၏ ဂုဏ်တော်များကို ပြောဆိုသင့်ပါလျက် မပြောဆိုဘဲ အပြစ်ကိုသာ ပြောဆိုခြင်းသည် လာဘ်လာဘ အခြံအရံ ဆုတ်ယုတ်ခြင်းကြောင့် လည်းကောင်း၊ အသင်းအပင်း၏ ဆုတ်ယုတ်ခြင်းကြောင့် လည်းကောင်း အခါခပ်သိမ်းပင် ဗုဒ္ဓအပေါ်၌ ငြူစူလျက်ရှိနေသောကြောင့် ဖြစ်လေသည်။

မှန်ပါသည်။ ဗုဒ္ဓမပေါ်မီ ထိုပရိဗိုဇ်အစရှိသော တိတ္ထိတို့သည် လာဘ်လာဘ ပေါ်များကြလေသည်။ အခြံအရံ အသင်းအပင်း ပေါ်များကြလေသည်။ ဗုဒ္ဓပွင့်ပေါ်လာချိန်မှစ၍ လာဘ်လာဘတွေ, အခြံအရံအသင်းအပင်းတွေမှ ဆုတ်ယုတ်ပြီး နေထွက်သောအခါ၌ ပိုးစုန်းကြူးကဲ့သို့ အသရေမရှိ ဖြစ်ကုန်ကြလေသည်။

အရှင်သာရိပုတြာအလောင်း ဥပတိဿ၊ အရှင်မောဂ္ဂလာန်အလောင်း ကောလိတတို့သည် သဥ္စည်းပရိဗိုဇ်ဆရာကြီးအထံ၌ ပရိဗိုဇ်ရဟန်းပြုကြသောအခါ လာဘ်လာဘနှင့် ပရိသတ်အခြံအရံ မြောက်များစွာ ဖြစ်ရှိလေသည်။ ထိုဥပတိဿ, ကောလိတတို့သည် ထိုပရိဗိုဇ်တို့ထံမှ ခွဲခွါပြီး ဗုဒ္ဓထံတွင် ရဟန်းပြုသောအခါမှစ၍ သဥ္စည်းဆရာကြီး၌ လာဘ်လာဘတို့သည် လည်းကောင်း၊ အခြံအရံ အသင်းအပင်းတို့သည် လည်းကောင်း ဆုတ်ယုတ်သွားလေသည်။ ဤသို့သော အကြောင်းများကြောင့် သုပ္ပိယပရိဗိုဇ်သည် များစွာသော အကြောင်းဖြင့် 'ဗုဒ္ဓ, ဓမ္မ, သံဃာ'ဟူသော ရတနာသုံးပါးတို့၏ အပြစ်တို့ကို ပြောဆိုခြင်းဖြစ်လေသည်။

ခရီးတစ်ထောက် နားတော်မူကြခြင်း, နားကြခြင်း

ဗုဒ္ဓသည် ထိုသို့ ဗုဒ္ဓ၏ တင့်တယ်ခြင်းမျိုးဖြင့် ကြွနေရာမှ အမ္ဗလဋ္ဌိကဉယျာဉ်၏ တံခါးပေါက်သို့ ရောက်သောအခါ နေဝင်ပြီ ဖြစ်သောကြောင့် ထိုဥယျာဉ်အတွင်းရှိ မင်းကွန်းစံနန်းတော်၌ တစ်ညဉ့်မျှ နားနေခြင်းငှာ ချဉ်းကပ်တော်မူလေပြီ။

သုပ္ပိယပရိဗိုဇ်သည်လည်း မိမိပရိသတ်နှင့်အတူ ထိုဥယျာဉ်အတွင်းရှိ မင်းကွန်းစံနန်းတော်၌ နားနေရန်ချဉ်းကပ်လေပြီ။

သုပ္ပိယပရိဗိုဇ် ချဉ်းကပ်ခြင်း အကြောင်းကား နေဝင်ပြီ ဖြစ်၍လည်းကောင်း၊ လမ်းခရီး၌ သူခိုးဓားပြ, ဘီလူး, သရဲစသော ဘေးရန်ရှိသောကြောင့်လည်းကောင်း၊ ခြင်္သေ့, သစ်, ကျားစသော သားကောင်များ ဘေးရန်ရှိသောကြောင့်လည်းကောင်း၊ ရဟန်းဂေါတမ နေထိုင်ရာ အရပ်သည် နတ်တို့ စောင့်ရှောက်သည်ဖြစ်၍ ဘေးရန်ကင်းသည်ဟု ယူဆသောကြောင့်လည်းကောင်း ချဉ်းကပ်ခြင်း ဖြစ်လေသည်။

တညဉ့်ခိုရာ၌ အခြေအနေနှစ်မျိုး

ထိုမင်းကွန်းနန်းတော်၌ တစ်ဘက်က ဗုဒ္ဓနှင့် သံဃာတော်များ နေထိုင်သီတင်းသုံးတော်မူလျက် ရှိနေကြသလို တစ်ဘက်က သုပ္ပိယပရိဗိုဇ်နှင့် ပရိဗိုဇ်ပရိသတ်တို့ တည်းခိုတည်းချလျက် ရှိနေကြလေပြီ။ နေလုံးပျောက်၍ ညဉ့်အမှောင်သို့ ရောက်ချိန်၌ သုပ္ပိယ ပရိဗိုဇ်သည် ဗုဒ္ဓရှိတော်မူရာသို့ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ –

ထိုအချိန်၌ ဗုဒ္ဓသီတင်းသုံးနေထိုင်ရာ တစ်ဝိုက်တွင် ကြယ်တာရာများ လင်းလက်တောက်ပနေဘိသကဲ့သို့ ဆီမီးတိုင်များ လင်းလက်တောက်ပလျက် ရှိနေလေသည်။ ရဟန်းသံဃာတော်များ၏ အလယ်တည့်တည့်တွင် ဗုဒ္ဓထိုင်တော်မူလျက်ရှိပြီး ရဟန်း သံဃာတော်များတို့သည် ဗုဒ္ဓကို ခြံရံလျက် ထိုင်နေတော်မူလျက် ရှိနေကြလေသည်။

ထိုရဟန်းသံဃာတော်ဒီးရာတို့တွင် တစ်ပါးတစ်လေသော ရဟန်း၏လည်း လက်လှုပ်ခြင်း, ခြေလှုပ်ခြင်းသည်လည်း မရှိသလို ချောင်းဟန့်သံ, ချေဆတ်သံတို့သည်လည်း မရှိပေ။

မှန်ပါသည်။ ဗုဒ္ဓ၏ တပည့်သား သံဃာတော်ဒီးရာတို့သည် ဗုဒ္ဓထံမှ နေနည်း, ထိုင်နည်းကို သင်အပ်ပြီးသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ဗုဒ္ဓအပေါ်၌ ရိုသေလေးစားခြင်း ရှိကြသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ လေမရှိသောအရပ်၌ ဆီမီးလျှံကဲ့သို့ လှုပ်ရှားခြင်း အနည်းငယ်မျှမရှိဘဲ ငြိမ်သက်စွာ ထိုင်လျက်ရှိနေကြပြီ။

သုပ္ပိယပရိဗိုဇ်သည် ဗုဒ္ဓနှင့် ဗုဒ္ဓ၏ပရိသတ် သံဃာတော်များကို တွေ့မြင်ပြီးနောက် မိမိပရိသတ်ကို ကြည့်ရှုလိုက်သောအခါမှာ

(၁) အချို့သော ပရိဗိုဇ်တို့သည် အိပ်ပျော်နေရင်းမှ လက်ကို ပစ်လွှတ်ကြသည်တို့ကို လည်းကောင်း၊

(၂) အချို့သော ပရိဗိုဇ်တို့သည် ခြေတို့ကို ပစ်လွှတ်ကြသည်တို့ကို လည်းကောင်း၊

(၃) အချို့သော ပရိဗိုဇ်တို့သည် အထူးထူးအပြားပြား ပြောဆိုယောင်ရမ်းကြသည်တို့ကို လည်းကောင်း၊

(၄) အချို့သော ပရိဗိုဇ်တို့သည် လျှာရည်, သွားရည်များ ယိုစီးကျနေကြသည်တို့ကို လည်းကောင်း၊

(၅) အချို့သော ပရိဗိုဇ်တို့သည် သွားကြိတ်ကြသည်တို့ကို လည်းကောင်း၊

(၆) အချို့သော ပရိဗိုဇ်တို့သည် ကျီးအာသံနှင့်တူစွာ 'အီး, အား' ဟူ၍ မြည်တမ်းကြသည်တို့ကို လည်းကောင်း၊

(၇) အချို့သော ပရိဗိုဇ်တို့သည် 'ဃရု ဃရု' ဟူ၍ ဟောက်နေကြသည်တို့ကို လည်းကောင်း တွေ့မြင်ရလေသည်။

ထိုသို့ဖြစ်ပါလျက်လည်း သုပ္ပိယပရိဗိုဇ်သည် ဣဿာစိတ်လွှမ်းမိုးသည်၏ အဖြစ်ကြောင့် တဖန်ထပ်မံ၍ **'ဗုဒ္ဓ, ဓမ္မ, သံဃာ'** ဟူသော ရတနာသုံးပါးတို့၏ အပြစ်များကို အကြောင်းအမျိုးမျိုးဖြင့် ပြောဆိုလျက် ရှိနေလေသည်။

တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်သည်လည်း တဖန်ထပ်မံ၍ **'ဗုဒ္ဓ, ဓမ္မ, သံဃာ'** ဟူသော ရတနာသုံးပါးတို့၏ ဂုဏ်များကို အကြောင်းမျိုးမျိုးဖြင့် ချီးမွမ်းစကား ပြောကြားလျက် ရှိနေလေသည်။

ဤသို့လျှင် ထိုဆရာတပည့် နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက်ဆန့်ကျင်သော စကားကို ပြောဆိုလျက်ရှိနေကြလေသည်။

မိုးသောက်ချိန်၌ ဗုဒ္ဓနှင့် ရဟန်းသံဃာတော်တို့ အခြေအနေ

အချိန်ကား မိုးသောက်ချိန်ဖြစ်သည်။ ဗုဒ္ဓ၏ တပည့်သား သံဃာတော်များသည် အိပ်ရာမှ ထတော်မူကြပြီး ထိုတန်ဆောင်းဝန်း မင်းကွန်းနန်းတစ်နေရာ၌ ပေါင်းဆုံစုဝေး ထိုင်နေကြပြီးနောက် အောက်ပါစကားကို ပြောဆိုကြလေသည်။

အစ္စရိယံ အာဝုသော အဗ္ဘုတံ အာဝုသော ယာဝဉ္စိဒံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန သတ္တာနံ နာနာဓိမုတ္တိကတာ သုပ္ပဋိဝိဒိတာ *(ဒီ- ၁- ၂)*

အာဝုသော- ငါ့ရှင်တို့ **အစ္စရိယံ**- အံ့ဖွယ်ရှိပါပေစွ၊ အာဝုသော-ငါ့ရှင်တို့ **အဗ္ဘုတံ**- မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ **ဇာနတာ**- သိတော်မူသော၊ **ပဿတာ**- မြင်တော်မူသော၊ **အရဟတာ**- ပူဇော်အထူးကို ခံတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓေန**- အလုံးစုံတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **သတ္တာနံ**- သတ္တဝါတို့၏ **နာနာဓိမုတ္တိကတာ**- အထူးထူးသော အလိုဆန္ဒကို၊ **သုပ္ပဋိဝိဒိတာ**- အတိုင်းမသိ ထိုးထွင်း၍ သိတော်မူနိုင်ပါပေသည်။

ငါ့ရှင်တို့ ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်သည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတို့၏အပြစ်ကို များစွာသောအကြောင်းဖြင့် ပြော၏။ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတို့၏ဂုဏ်ကို များစွာသော အကြောင်းဖြင့် ချီးမွမ်းပြောဆို၏။ ဤသို့လျှင် ဤဆရာတပည့် နှစ်ဦးတို့သည် အချင်းချင်း ဆန့်ကျင်သော စကားကို ပြောကြားကြကုန်လျက် ဗုဒ္ဓနှင့် ရဟန်းသံဃာတော်တို့၏ နောက်မှနောက်မှ အစဉ်လိုက်လျက်ရှိကြလေသည်။

အထက်ပါ ပါဠိတော်၌ အဋ္ဌကထာဆရာသည် '**အစ္စရိယံ အဗ္ဘုတံ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန သတ္တာနံ နာနာဓိမုတ္တိကတာ သုပ္ပဋိဝိဒိတာ**' ဟူသောပုဒ်များ၏ အဓိပ္ပါယ်ကို ပိုမို၍ သိနားလည်အောင် အောက်ပါအတိုင်း အစဉ်အတိုင်း ဖွင့်ဆိုပြထားလေသည်။

အစ္စရိယံ အဓိပ္ပါယ်

မျက်စိကန်းနေသူတစ်ဦးသည် တောင်ပေါ်သို့ တက်ခြင်းသည် အမြဲမဖြစ်သကဲ့သို့လည်းကောင်း၊ လက်ဖျစ်တီးယူရလောက်အောင် အံ့ဖွယ်ဖြစ်သောကြောင့်လည်းကောင်း '**အစ္စရိယံ**- အံ့ဖွယ်ရှိပါပေစွ' ဟူ၍ ဆိုရသည်။

အဗ္ဘုတံ အဓိပ္ပါယ်

ရှေး၌ မကြုံဘူး၊ မဖြစ်ဘူးသောအရာများကို ယခုမှ အထူးအဆန်း ကြုံရ၊ ဖြစ်ပေါ်လာရသည် ဖြစ်၍ '**အဗ္ဘုတံ**- မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ' ဟု ဆိုရလေသည်။

ဇာနတာ အဓိပ္ပါယ်

ဤနေရာ၌ သာမည သိပုံမျိုးကို '**ဇာနတာ**- သိတော်မူသော' ဟု ဆိုလိုသည် မဟုတ်ပေ။

(၁) ရှင်တော်ဗုဒ္ဓသည် ပါရမီဆယ်ပါး အပြားသုံးဆယ်ကုန်သော ပါရမီတို့ကို ဖြည့်ကျင့်တော်မူပြီး၍၊ အလုံးစုံသော ကိလေသာတို့ကို ဖျက်ဆီးတော်မူပြီး၍ အတူမရှိ မြတ်သော၊ မဖောက်မပြန် အမှန်ကိုယ်တိုင် သိစွမ်းနိုင်သော၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူသော၊

(၂) ထိုထိုသတ္တဝါတို့၏ အာသယ၊ အနုသယတို့ကို အာသယာနုသယဉာဏ်ဖြင့် သိတော်မူသော၊

(၃) ပုဗ္ဗေနိဝါသာနုဿတိ အစရှိသော အဘိညာဉ်တို့ဖြင့် သိတော်မူသော၊

(၄) အလုံးစုံတရားတို့ကို သိခြင်း၌ စွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူသော၊

(၅) ကိုယ်တော်၏ အစီးအပွားကို ပြီးစေတတ်သော သမာဓိဟူသော နီးစွာသော အကြောင်းရှိသော သစ္စာလေးပါးကို ထိုးထွင်း၍ မဂ်ပညာဖြင့် သိတော်မူသော၊

(၆) အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို သိတော်မူသော ဟု ဆိုလိုခြင်းဖြစ်သည်။

ပဿတာ အဓိပ္ပါယ်

ဤ၌ သာမည မြင်ပုံမျိုးကို '**ပဿတာ**- မြင်တော်မူသော' ဟု ဆိုလိုသည် မဟုတ်ပေ။

(၁) လက်ဝါးအပြင်၌ ထားအပ်သော ဇီးဖြူသီးကို မြင်သကဲ့သို့ အလုံးစုံသော သိဖွယ်တရားတို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့် မြင်တော်မူသော၊

(၂) အလုံးစုံသော ဉေယျတရားတို့၌ မပိတ်ပင် မတားဆီးအပ်သော သမန္တစက္ခုဖြင့် မြင်တော်မူသော၊

(၃) အလုံးစုံသော သတ္တဝါတို့၏ စက္ခုအရာကို လွန်၍ နံရံ၏တစ်ဘက် အစရှိသော အရပ်တို့၌ ရောက်ကုန်သော ရူပါရုံတို့ကို သော်မှလည်း အလွန်အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော မံသစက္ခုတော်ဖြင့် မြင်တော်မူသော၊

(၄) လူတို့၏ မျက်စိကို လွန်၍ နတ်တို့၏ မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူသော၊

(၅) သူတပါးတို့၏ အကျိုးစီးပွားကို ပြီးစေတတ်သော ကရုဏာ ဟူသော နီးစွာသော အကြောင်းရှိသော ဒေသနာပညာဖြင့် မြင်တော်မူသော၊

(၆) ရာဂ စသည်မှ ထွက်မြောက်တတ်သော တရားကို မြင်တော်မူသော ဟု ဆိုလိုခြင်း ဖြစ်သည်။

အရဟတာ အခိပ္ပါယ်

(၁) အရဟတာ– ကိလေသာဟူသော ရန်သူ, မာရ်ငါးပါးတည်းဟူသော ရန်သူ, သာသနာတော်၏ ဆန့်ကျင်ဘက် တိတ္ထိတို့၏ အယူဝါဒတည်းဟူသော ရန်သူတို့ကို သတ်ဖြတ်ပြီးတော်မူသော၊

(၂) အရဟတာ– ပစ္စည်းလေးပါး အစရှိသည်တို့ကို ခံယူခြင်းငှာ ထိုက်တော်မူသော၊

(၃) အရဟတာ– ကိလေသာတည်းဟူသော ရန်သူ, မာရ်ငါးပါးတည်းဟူသော ရန်သူ, သာသနာတော်၏ ဆန့်ကျင်ဘက် တိတ္ထိတည်းဟူသော ရန်သူတို့ကို အောင်မြင်တော်မူပြီးသော၊

(၄) အရဟတာ– လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အလျှုတော်အတန်တန် အပူဇော်မှန်သမျှကို ခံယူခြင်းငှာ ထိုက်တော်မူသော။

သမ္မာသမ္ဗုဒ္ဓေန အခိပ္ပါယ်

သဗ္ဗဓမ္မာနံ– အလုံးစုံသော တရားတို့ကို၊ သမ္မာ– မဖောက်မပြန် အမှန်အတိုင်း၊ သမ္ဗုဒ္ဓေန– ကိုယ်တော်တိုင် သိတော်မူသော ရှင်တော်ဗုဒ္ဓသည်။

သတ္တာနံ နာနာဓိမုတ္တိကတာ သုပ္ပဋိဝိဒိတာ အခိပ္ပါယ်

ဗုဒ္ဓသည် သတ္တဝါတို့၏ **နာနာဓိမုတ္တိကတာ**– အထူးထူးသော အလိုဆန္ဒရှိကြသည်၏ အဖြစ်ကို သံယုတ်ပါဠိတော် ပအုပ်နှာ (၃၆၈) ၌ အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

(၁) ဓာတုသော ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ ဟီနာဓိမုတ္တိကာ ဟီနာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ။ ကလျာဏာဓိမုတ္တိကာ ကလျာဏာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ အတီတမ္ပိ ခေါ် အဒ္ဓါနံ၊ အနာဂတမ္ပိ ခေါ် အဒ္ဓါနံ ဧတရဟိပိခေါ် ပစ္စုပ္ပန္နံ အဒ္ဓါနံ။

ဘိက္ခဝေ– ရဟန်းတို့ **သတ္တာ**– သတ္တဝါတို့သည်၊ **ဓာတုသော**– အဇ္ဈာသယဓာတ်အားဖြင့်၊ **သံသန္ဒန္တိ**– ရောနှောကြကုန်၏၊ **သမေန္တိ**– ညီညွတ်ကြကုန်၏။ **ဟီနာဓိမုတ္တိကာ**– ယုတ်ညံ့သော အလိုဆန္ဒရှိကုန်သော သတ္တဝါတို့သည်၊ **ဟီနာဓိမုတ္တိကေဟိ**– ယုတ်ညံ့သော အလိုဆန္ဒရှိကုန်သော သတ္တဝါတို့နှင့်၊ **သဒ္ဓိံ**– အတူတကွ၊ **သံသန္ဒန္တိ**– ရောနှောကြကုန်၏။ **သမေန္တိ**– ညီညွတ်ကြကုန်၏။ **ကလျာဏာဓိမုတ္တိကာ**– ကောင်းမြတ်သော အလိုဆန္ဒရှိကုန်သော သတ္တဝါတို့သည်၊ **ကလျာဏာဓိမုတ္တိကေဟိ**– ကောင်းမြတ်သော အလိုဆန္ဒရှိကုန်သော သတ္တဝါတို့နှင့်၊ **သဒ္ဓိံ**– အတူတကွ၊ **သံသန္ဒန္တိ**– ရောနှောကြကုန်၏၊ **သမေန္တိ**– ညီညွတ်ကြကုန်၏၊ **အတီတံ**– လွန်လေပြီးသော၊ **အဒ္ဓါနံပိ**– ကာလ၌လည်း၊ *(တထာ– ထို့အတူ ဖြစ်ကြကုန်ပြီ)* **အနာဂတံ**– အနာဂတ် ဖြစ်သော၊ **အဒ္ဓါနံပိ**– ကာလ၌လည်း *(တထာ– ထို့အတူ ဖြစ်ကြကုန်လတ္တံ့)* **ဧတရဟိ**–ယခုအခါ ဖြစ်ကုန်သော၊ **ပစ္စုပ္ပန္နံ**– ပစ္စုပ္ပန်ဖြစ်သော၊ **အဒ္ဓါနံပိ**– ကာလ၌လည်း *(တထာ– ထို့အတူ ဖြစ်နေကြကုန်၏)*

(၂) ဧဝံ သတ္တာနံ နာနာဓိမုတ္တိကတာ၊ နာနာဇ္ဈာသယတာ, နာနာဒိဋ္ဌိကတာ, နာနာခန္တိတာ, နာနာရုစိတာ, နာဉ္ဇယာ မိနန္တေနုဝိယ တုလာယ တုလယန္တေနဝိယစ နာနာဓိမုတ္တိကတဉာဏေန သဗ္ဗညုတဉာဏေန ဝိဒိတာ။

ဝေ- ဤသို့ **သတ္တာနံ-** သတ္တဝါတို့၏၊ **ယာအယံ နာနာဓိမုတ္တိကတာ-** အကြင်အမျိုးမျိုးသော နှလုံးသွင်းရှိကုန်သည်၏ အဖြစ်ကို၊ **ယာအယံ နာနာဇ္ဈာသယတာ-** အကြင်အမျိုးမျိုးသော အလိုဆန္ဒ ရှိကုန်သည်၏ အဖြစ်ကို၊ **ယာအယံ နာနာဒိဋ္ဌိကတာ-** အကြင်အမျိုးမျိုးသော အယူရှိကုန်သည်၏ အဖြစ်ကို၊ **ယာအယံ နာနာခန္တိတာ-** အကြင်အမျိုးမျိုးသော နှစ်သက်ခြင်းရှိကုန်သည်၏ အဖြစ်ကို၊ **ယာအယံ နာနာရုစိတာ-** အကြင်အမျိုးမျိုးသော အကြိုက်ရှိကုန်သည်၏ အဖြစ်ကို၊ **နာဠိယာ-** ကွမ်းစားခွက်ဖြင့်၊ **မိနန္တေနဝိယ-** ချင်သူကဲ့သို့လည်းကောင်း၊ **တုလာယ-** ချိန်ခွင်ဖြင့်၊ **တုလယန္တေနဝိယ-** ချိန်သူကဲ့သို့လည်းကောင်း၊ **နာနာဓိမုတ္တိကတာ ဉာဏေန-** နာနာဓိမုတ္တိကတဉာဏ်ဟု ဆိုအပ်သော၊ **သဗ္ဗညုတဉာဏေန-** သဗ္ဗညုတဉာဏ်တော်ဖြင့်၊ **ဝိဒိတာ-** သိတော်မူပြီ။ **ယာဝ-** အလွန်သာလျှင်၊ **သုပ္ပဋိဝိဒိတာ-** ကောင်းစွာထိုးထွင်း၍ သိတော်မူအပ်လေပြီ။

(၃) ဒွေပိ နာမသတ္တာ ကေဇ္ဈာသယာ ဒုလ္လဘာ လောကသ္မိံ၊ ကေသ္မိံ ဂန္တုကာမေ ကော ဌာတုကာမော ဟောတိ၊ ကေသ္မိံ ပိဝိတုကာမေ ကော ဘုဉ္ဇိတုကာမော၊

ဒွေပိ- နှစ်ယောက်လည်း ဖြစ်ကုန်သော၊ **ကေဇ္ဈာသယာ-** တူသောအဇ္ဈာသယရှိကုန်သော၊ **သတ္တာနာမ-** သတ္တဝါတို့မည်သည်ကို၊ **လောကသ္မိံ-** လောက၌၊ **ဒုလ္လဘာ-** ရနိုင်ခဲကုန်၏၊ **ကေသ္မိံ-** တစ်ယောက်သည်၊ **ဂန္တုကာမေ-** သွားခြင်းငှာ အလိုရှိလတ်သော်၊ **ကော-** တစ်ယောက်သည်၊ **ဌာတုကာမော-** ရပ်ခြင်းငှာ အလိုရှိသည်၊ **ဟောတိ-** ဖြစ်၏၊ **ကေသ္မိံ-** တစ်ယောက်သည်၊ **ပိဝိတုကာမေ-** သောက်ခြင်းငှာ အလိုရှိလတ်သော်၊ **ကော-** တစ်ယောက်သည်၊ **ဘုဉ္ဇိတုကောမော-** စားခြင်းငှာ အလိုရှိသည်၊ **ဟောတိ-** ဖြစ်၏။ *(ဒီ ဋ္ဌ- ၁- ၄၄ / ၄၅)*

ငါ့ရှင်တို့ ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်သည် 'ဗုဒ္ဓ, ဓမ္မ, သံဃာ'တို့၏ အပြစ်များကို များစွာသောအကြောင်းဖြင့် ပြောဆို၏။ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည် 'ဗုဒ္ဓ, ဓမ္မ, သံဃာ'တို့၏ ဂုဏ်တို့ကို များစွာသောအကြောင်းဖြင့် ပြောဆို၏။ ဤသို့လျှင် ဤဆရာတပည့်နှစ်ဦးတို့သည် အချင်းချင်း ဆန့်ကျင်သောစကားကို ပြောကြကုန်လျက် ဗုဒ္ဓနှင့် ရဟန်းသံဃာတော်များ၏ နောက်မှနောက်မှ အစဉ်လိုက်လျက် ရှိကြလေကုန်၏။

ရဟန်းသံဃာတော်များသည် ဤသို့သောစကားများကို ပြောဆိုလျက်ရှိနေကြလေသည်။

အထခေါ ဘဂဝါ တေသံ ဘိက္ခူနံ ဣမံ သံခိယဓမ္မံ ဝိဒိတွာ *(ဒီ- ၁- ၂)*

အထခေါ- ပြောဆိုကြရာ ထိုအခါ၌၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **တေသံ ဘိက္ခူနံ-** ထိုရဟန်းတို့၏၊ **ဣမံ သံခိယဓမ္မံ-** ဤကောင်းစွာပြောဆိုအပ်သော စကားသဘောကို၊ **ဝိဒိတွာ-** သိတော်မူ၍။

(ဤ၌ ဝိဒိတွာ- သိတော်မူ၍ ဟူသည် သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူခြင်း ဖြစ်သည်။ ဒီ ဋ္ဌ- ၁- ၄၅)

ဝိဒိတွာ သိတော်မူပုံများ

'ဝိဒိတွာ- သိတော်မူ၍' ဟူသော ပါဠိပုဒ်နှင့်စပ်၍ ရှင်တော်ဗုဒ္ဓ၏ သိတော်မူပုံများကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

ရှင်တော်ဗုဒ္ဓ သိတော်မူခြင်းသည်-

(၁) မံသစက္ခုဖြင့် မြင်၍ သိတော်မူခြင်း၊

(၂) ဒိဗ္ဗစက္ခုဖြင့် မြင်၍ သိတော်မူခြင်း၊

(၃) ပကတိနားဖြင့် ကြား၍ သိခြင်း၊

(၄) ဒိဗ္ဗသောတနားဖြင့် ကြား၍ သိခြင်း၊

(၅) သဗ္ဗညုတဉာဏ်တော်ဖြင့် သိခြင်းဟူ၍ ငါးမျိုး ရှိလေသည်။ *(ဒီ ဋ္ဌ- ၁- ၄၅)*

(၁) အဒ္ဒသာ ခေါ ဘဂဝါ မဟန္တံ ဒါရုက္ခန္ဓံ ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာနံ *(သံ- ၁- ၃၆၈)*

ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဂင်္ဂါယ- ဂင်္ဂါမည်သော၊ နဒိယာ- မြစ်၏၊ သောတေန- ရေအယဉ်

ဖြင့်၊ ဝုယှမာနံ- မျောလာသော၊ မဟန္တံ- ကြီးစွာသော၊ ဒါရုက္ခန္ဓံ- သစ်တုံးကို၊ အဒ္ဒသ- မြင်တော်မူလေပြီ။
ဤသို့အစရှိသောပါဠိရပ်၌ ဗုဒ္ဓသည် မံသစက္ခုဖြင့် မြင်၍ သိခြင်းဖြစ်သည်။

(၂) အဒ္ဒသာ ခေါ ဘဂဝါ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန တာ ဒေဝတာယော သဟဿေဝ ပါဋလိဂါမေ ဝတ္ထူနိ ပရိဂ္ဂဏှန္တိယော။ *(ဒီ - ၂- ၇၄)*

ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဝိသုဒ္ဓေန-** အထူးသဖြင့် စင်ကြယ်သော၊ **အတိက္ကန္တမာနုသကေန-** လူတို့၏ ဥစ္စာဖြစ်သော ပသာဒစက္ခုကို လွန်သော၊ **ဒိဗ္ဗေနစက္ခုနာ-** ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်၊ **တာ ဒေဝတာယော-** ထိုနတ်တို့ကို၊ **သဟဿေဝ-** တစ်ထောင်သာလျှင်ဖြစ်သော၊ **ပါဋလိဂါမေ-** ပါဋလိရွာ၌၊ **ဝတ္ထူနိ-** အိမ်ရာတို့ကို၊ **ပရိဂ္ဂဏှန္တိယော-** သိမ်းပိုက်နေသည်တို့ကို၊ **အဒ္ဒသ-** မြင်တော်မူလေပြီ။
ဤသို့အစရှိသော ပါဠိတော်တို့၌ ဗုဒ္ဓသည် ဒိဗ္ဗစက္ခုဖြင့် သိမြင်ခြင်းဖြစ်သည်။

(၃) အဿောသိ ခေါ ဘဂဝါ အာယသ္မတော အာနန္ဒဿ သုဘဒ္ဒေန ပရိဗ္ဗာဇကေန သဒ္ဓိံ ဣမံ ကထာသလ္လာပံ။ *(ဒီ- ၂- ၁၂၄)*

ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **အာယသ္မတော အာနန္ဒဿ-** အရှင်အာနန္ဒာ၏၊ **သုဘဒ္ဒေန-** သုဘဒ္ဒမည်သော၊ **ပရိဗ္ဗာဇကေန-** ပရိဗိုဇ်နှင့်၊ **သဒ္ဓိံ-** အတူတကွ၊ **ဣမံ ကထာသလ္လာပံ-** ဤစကားပြောသံကို၊ **အဿောသိ-** ကြားသိတော်မူလေပြီ။
ဤသို့လာသော ပါဠိတော်တို့၌ ဗုဒ္ဓသည် ပကတိနားဖြင့် ကြားသိတော်မူခြင်း ဖြစ်လေသည်။

(၄) အဿောသိ ခေါ ဘဂဝါ ဒိဗ္ဗာယ သောတဓာတုယာ ဝိသုဒ္ဓါယ **အတိက္ကန္တမာနုသိကာယ** သန္ဓာနဿ ဂဟပတိဿ နိဂြောဓေန ပရိဗ္ဗာဇကေန သဒ္ဓိံ ဣမံ ကထာသလ္လာပံ။ *(ဒီ- ၃- ၃၁)*

ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဝိသုဒ္ဓါယ-** အထူးသဖြင့် စင်ကြယ်သော၊ **အတိက္ကန္တမာနုသိကာယ-** လူတို့၏ဥစ္စာဖြစ်သော ပသာဒသောတကို လွန်သော၊ **ဒိဗ္ဗာယ သောတဓာတုယာ-** ဒိဗ္ဗသောတ အဘိညာဉ်ဓာတ်ဖြင့်၊ **သန္ဓာနဿ-** သန္ဓာနမည်သော၊ **ဂဟပတိဿ-** အိမ်ရှင်သူကြွယ်၏၊ **နိဂြောဓေန-** နိဂြောဓမည်သော၊ **ပရိဗ္ဗာဇကေန-** ပရိဗိုဇ်နှင့်၊ **သဒ္ဓိံ-** အတူတကွ၊ **ဣမံ ကထာသလ္လာပံ-** ဤစကားပြောသံကို၊ **အဿောသိ-** ကြားသိတော်မူပြီ။
ဤသို့လာသော ပါဠိတော်တို့၌ ဗုဒ္ဓသည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြားသိတော်မူခြင်း ဖြစ်လေသည်။

(၅) ဣဓ ပန သဗ္ဗညုတဉာဏေန အညာသိ *(ဒီ ဋ္ဌ- ၁- ၄၅)*

ဣဓ ပန- ဤဗြဟ္မဇာလသုတ်၌ကား *(စုဝေးနေထိုင်ကြသော အထက်က ဖော်ပြခဲ့သော ရဟန်းတို့၏ စကားများကိုကား ဗုဒ္ဓသည်)* **သဗ္ဗညုတဉာဏေန-** သဗ္ဗညုတဉာဏ်တော်ဖြင့်၊ **အညာသိ-** ကြားသိတော်မူခြင်း ဖြစ်လေသည်။
ဤသို့ ကြားသိတော်မူရာ၌ ဗုဒ္ဓသည် အဘယ်ကိစ္စကို ပြုနေရင်းမှ ကြားသိတော်မူသနည်းဟူမူ ပစ္ဆိမယာမ်၌ ပြုဘွယ်ကိစ္စကို ပြုတော်မူရင်းမှ ကြားသိတော်မူခြင်း ဖြစ်သည်။
ထိုပြုဘွယ်ကိစ္စနှင့်စပ်၍ အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြထားလေသည်။

ကိစ္စနှစ်မျိုး

ကိစ္စဟူသည် သာတ္ထက- အကျိုးရှိသောကိစ္စ၊ နိရတ္ထက- အကျိုးမရှိသောကိစ္စဟူ၍ နှစ်မျိုးရှိလေရာ ဗုဒ္ဓသည် အကျိုးမရှိသော ကိစ္စကို မဟာဗောဓိပလ္လင်တော်၌ပင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်ပြီး ဖြစ်လေပြီ။ သို့ဖြစ်၍ အကျိုးရှိသော ကိစ္စကိုသာ ပြုလုပ်တော်မူလေသည်။

အကျိုးရှိသော ကိစ္စငါးမျိုး

ထိုအကျိုးရှိသော ကိစ္စသည်-
(၁) ဆွမ်းမစားမီ ပြုလုပ်တော်မူသော **ပုရေဘတ္တကိစ္စ**၊
(၂) ဆွမ်းစားပြီး ပြုလုပ်တော်မူသော **ပစ္ဆာဘတ္တကိစ္စ**၊
(၃) ညဥ့်ဦးယာမ်၌ ပြုလုပ်တော်မူသော **ပုရိမယာမကိစ္စ**၊
(၄) ညဥ့်သန်းခေါင်ယာမ်၌ ပြုလုပ်တော်မူသော **မဇ္ဈိမယာမကိစ္စ**၊
(၅) သန်းခေါင်ယာမ် နောက်ပိုင်းပြုလုပ်တော်မူသော **ပစ္ဆိမယာမကိစ္စ** ဟူ၍ ငါးမျိုးရှိလေသည်။

(၁) ဗုဒ္ဓ၏ ပုရေဘတ္တကိစ္စ

(၁) ဆွမ်းမစားမီ ပြုလုပ်တော်မူသော ပုရေဘတ္တကိစ္စဟူသည်-

ဗုဒ္ဓသည် နံနက်စောစော ကျိန်းစက်ရာမှထတော်မူ၍ အလုပ်အကျွေးရဟန်းတို့ကို ချီးမြှောက်ခြင်း အလို့ငှာလည်းကောင်း၊ ကိုယ်တော်ကို ချမ်းသာစေခြင်း အလို့ငှာလည်းကောင်း အလုပ်အကျွေး ရဟန်းတို့ စီစဉ်ပြုလုပ်ထားအပ်သော မျက်နှာသစ်ရေတို့ဖြင့် မျက်နှာသစ်တော်မူခြင်း အစရှိသော ကိုယ်တော်၏ ပရိကမ်ကို ပြုလုပ်တော်မူလေသည်။ *(ကိုယ်တော်၏ ဧ္ဓးဦးကိစ္စကို ပြုလုပ်တော်မူသည်။)*

(၂) ထို့နောက် ဆိတ်ငြိမ်စွာ တစ်ပါးတည်း ငြိမ်သက်စွာ နေတော်မူသည်။ *(ဖလသမာပတ် ဝင်စားနေသည်။)*

(၃) ဆွမ်းခံချိန် ရောက်သောအခါ၌ သင်းပိုင်တို့ကို ပြင်ဝတ်တော်မူ၍ ခါးပန်းကြိုးကို ပန်းတော်မူ၍ ကိုယ်ရုံသင်္ကန်းကို ရုံတော်မူ၍ တစ်ခါတစ်ရံ တစ်ပါးတည်း ဆွမ်းခံကြွတော်မူသည်။ တစ်ခါတစ်ရံ ရဟန်းသံဃာတော်များ ခြံရံလျက် ကြွတော်မူသည်။

(၄) ထိုသို့ ဆွမ်းခံကြွတော်မူရာ၌ တန်ခိုးပြာဋိဟာ ပြတော်မမူဘဲ ရိုးရိုးကြွတော်မူခြင်း ရှိသလို တန်ခိုးပြာဋိဟာ ပြတော်မူ၍ ကြွတော်မူခြင်းလည်း ရှိလေသည်။

တန်ခိုးပြာဋိဟာပြ၍ ဆွမ်းခံကြွတော်မူပုံ

(၁) သတ္တလောက၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ရှင်တော်ဗုဒ္ဓသည် ဆွမ်းခံဝင်သည်ရှိသော် လေတို့သည် ဗုဒ္ဓ၏ ရှေ့တော်မှ သာယာပြည်းညှင်းစွာ တိုက်ခတ်လျက် မြေကြီးပေါ်ရှိ ဆူးငြောင့်ခလုတ် အမှိုက်သရိုက် စသည်များကို ဖယ်ရှားသုတ်သင်ပေးကြလေသည်။

(၂) မိုးရေမိုးပေါက်တို့သည် သာယာပြည်းညှင်းစွာ တစ်ဖြောက်ဖြောက်ကျလျက် ဖုန်တွေကို သိပ်ပေးကြလေသည်။

(၃) မိုးတိမ်တို့သည် ဗုဒ္ဓ၏ အထက်၌ မျက်နှာကျက်သဖွယ်ဖြစ်လျက် ရှိနေလေသည်။

(၄) မြေကြီးသန့်စင်သွားသောအခါ၌ လေတို့သည် ခပ်သွက်သွက်ကလေးတိုက်ကာ ပန်းမျိုးစုံမှ ပန်းပွင့်တို့ကို ဗုဒ္ဓကြွတော်မူမည့် လမ်းတစ်လျှောက် ကြဲဖြန့်ကြလေသည်။

(၅) ဗုဒ္ဓသည် မြေပေါ်သို့ ခြေတော်ချလျှင်ပင် မြင့်မောက်သောမြေသည် နိမ့်ပေးပြီး နိမ့်နေသောမြေတို့သည် မြင့်မောက်လာကြ၍ မြေကြီးသည် တညီတည်း ဖြစ်သွားလေသည်။

(၆) ပဒုမ္မာကြာပန်းတို့သည် ဗုဒ္ဓခြေတော်ချရာ၌ ခံပေးလျက် ရှိကြလေသည်။

(၇) ဆွမ်းခံနေသော မြို့ ရွာ တံခါးအတွင်းသို့ လက်ျာခြေတော်ကို ချလိုက်လျှင်ပင် ဗုဒ္ဓ၏ ကိုယ်တော်မှ ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ကွန့်မြူးကြွတော်မူလေသည်။

(၈) ထိုထို မြို့ ရွာရှိ အိမ်အထွတ် အစရှိသည်တို့သည် ဗုဒ္ဓ၏ ရောင်ခြည်တော်ဖြင့် ရွှေရည်အယဉ်ကို့ကဲ့သို့ လည်းကောင်း၊ ရွှေအဆင်းရှိကုန်သကဲ့သို့ လည်းကောင်း၊ ဆန်းကြယ်သော အဝတ်တို့ဖြင့် ကာရံအပ်သကဲ့သို့ လည်းကောင်း အလွန်မှ တင့်တယ်လျက် ရှိကြလေသည်။

(၉) ဆင်း, မြင်း, ငှက်အစရှိသော သတ္တဝါတို့သည် မိမိတို့၏ တည်ရာအရပ်တို့၌ တည်ကုန်လျက်သာ ချိုမြိန်သော အရသာနှင့်တူသော သာယာသော အသံများကို ပြုကြလေသည်။

(၁၀) စည်ကြီး, စောင်း အစရှိကုန်သော တူရိယာတို့သည်လည်းကောင်း၊ လူတို့ဝတ်ဆင်သော အဝတ်တို့သည်လည်းကောင်း အလိုအလျောက် သာယာသော အသံကို ပြုကြလေသည်။

(၁၁) ထိုအမှတ်သညာဖြင့် လူတို့သည် 'ဗုဒ္ဓ ဆွမ်းခံကြွတော်မူလာပြီ'ဟု သိရှိကြကုန်သည်ဖြစ်၍ မိမိတို့၏ ခန္ဓာကိုယ်များကို ကောင်းစွာဝတ်ဆင်ကြကုန်လျက် အိမ်မှထွက်၍ ပန်းနံ့သာတို့ဖြင့် ရှိခိုးပူဇော်ကာ–

(၁၂) အချို့အိမ် သံဃာ (၁၀)ပါး၊ အချို့အိမ် ၂၀, ၃၀, ၄၀, ၅၀ စသည်ဖြင့် ဗုဒ္ဓထံမှ ခွင့်ပန်တောင်းယူ၍ အိမ်သို့ပင့်ကာ ဗုဒ္ဓအမှူးရှိသော သံဃာတော် အရှင်မြတ်တို့ကို ဆွမ်းဖြင့် မြတ်နိုးကော်ရော် ပူဇော်ကြလေသည်။

(၁၃) ဗုဒ္ဓသည် ဆွမ်းဘုန်းပေးပြီးတော်မူသော အချိန်၌ ဆွမ်းဒါယကာ, ဒါယိကာမတို့၏ ရှေးဘဝက ဖြစ်ခဲ့သော စိတ်အစဉ်၊ ယခုဘဝ ဖြစ်နေသော စိတ်အစဉ်ကို ကြည့်တော်မူလျက် ဂုဏ်ပြေအနု,အရင့် အားလျော်စွာ တရားဟောတော်မူလေသည်။

(၁၄) တရားနာပြီးသော အချိန်၌ အချို့သည် သရဏဂုံ၊ အချို့သည် ငါးပါးသီလ, ရှစ်ပါးသီလ၊ အချို့သည် သောတာပတ္တိဖိုလ်၊ အချို့သည် သကဒါဂါမိဖိုလ်၊ အချို့သည် အနာဂါမိဖိုလ်တို့၌ အသီးသီး တည်သွားကြလေသည်။

(၁၅) အချို့သည် ရဟန်းအဖြစ်ကိုပြု၍ အရဟတ္တဖိုလ်၌ တည်သွားကြလေသည်။

(၁၆) ဤသို့များစွာ လူအများကို ချီးမြှောက်တော်မူပြီး ကျောင်းတော်သို့ ပြန်ကြွတော်မူကာ ဗုဒ္ဓနေရာ၌ သီတင်းသုံးထိုင်နေတော်မူလျက် ရဟန်းသံဃာများ ဆွမ်းဘုန်းပေးပြီးသည့်တိုင်အောင် စေတ္တမျှ ဆိုင်းငံ့စောင့်ဆိုင်းတော်မူသည်။

(၁၇) အလုပ်အကျွေး ရဟန်းက 'ရဟန်းသံဃာများ ဆွမ်းစားပြီးပါကြောင်း' လျှောက်ထားသောအခါ ဗုဒ္ဓသည် ဂန္ဓကုဋီသို့ ရှေးရှုကြွတော်မူသည်။

ဤကား ဗုဒ္ဓ၏ 'ပုရေဘတ္တကိစ္စ– ဆွမ်းခါရှေ့အဖို့၌ ပြုအပ်သော ကိစ္စ'တည်း။

(၂) ဗုဒ္ဓ၏ ပစ္ဆာဘတ္တကိစ္စ

(၁) ဗုဒ္ဓသည် ဂန္ဓကုဋီ အနီး၌ ထိုင်တော်မူကာ ခြေတော်တို့ကို ဆေးတော်မူပြီး ခြေဆေးအင်ပျဉ်၌ ရပ်တည်တော်မူရင်း အောက်ပါအတိုင်း ဆုံးမဩဝါဒ ပေးတော်မူလေသည်။

(၂) ချစ်သားရဟန်းတို့ အပ္ပမာဒေန သမ္ပာဒေထ– မမေ့သော သတိဖြင့် သီလ, သမာဓိ, ပညာ သုံးပြားသော သိက္ခာတို့ကို ပြီးစေကြကုန်လော့။

(က) လောကသ္မိံ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော – လောက၌ ဗုဒ္ဓပွင့်ရာ အချိန်အခါကို ရနိုင်ခဲလေသည်။

(ခ) မနုဿတ္တဘာဝေါ ဒုလ္လဘော – *(ဗုဒ္ဓပွင့်ရာ အချိန်အခါ၌)* လူအဖြစ်ကို ရနိုင်ခဲလေသည်။

(ဂ) ဒုလ္လဘာ သမ္ပတ္တိ – *(ဗုဒ္ဓပွင့်ရာ အချိန်အခါ၌ လူအဖြစ်ကို ရပါသော်လည်း)* ဗုဒ္ဓကို ဖူးမြော်နိုင်ခြင်း၊ ဗုဒ္ဓတရားကို နာနိုင်ခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း စသော သမ္ပတ္တိအမျိုးမျိုးကို ရနိုင်ခဲလေသည်။

(ဃ) ဒုလ္လဘာ ပဗ္ဗဇ္ဇာ – *(သမ္ပတ္တိအမျိုးမျိုးနှင့် ပြည့်စုံသော်လည်း)* ဗုဒ္ဓသာသနာတော်၌ ရဟန်းအဖြစ်ကို ရခဲလေသည်။

(င) ဒုလ္လဘံ သဒ္ဓမ္မဿဝနံ – *(ရဟန်းဖြစ်သော်လည်း)* ဗုဒ္ဓတရားကို နာကြားရခြင်းကို ရနိုင်ခဲလေသည်။

ထိုသို့ ဩဝါဒပေးတော်မူပြီးလျှင် အချို့ရဟန်းတော်တို့သည် ကမ္မဋ္ဌာန်းကို မေးလျှောက်ကြလေသည်။ ဗုဒ္ဓသည် ထိုရဟန်းတို့အား သူတို့၏ စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို အသီးသီး နည်းလမ်းညွှန်ကြား ပေးသနားတော်မူလေသည်။

ထိုရဟန်းတို့သည် ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းကိုယူ၍ ဗုဒ္ဓအား ရှိခိုးဝပ်ချကာ မိမိတို့နှင့် သင့်လျော်လျောက်ပတ်သော တောအရပ်, သစ်ပင်ရင်းအရပ်, တောင်အရပ်သို့ ကြွတော်မူကြလေသည်။ အချို့ရဟန်းတို့ကား စာတုမဟာရာဇ်စသော နတ်ဘုံသို့ ကြွရောက်ကြလေသည်။ *(နတ်ပြည်တွင် ဆိတ်ငြိမ်သော နေရာအရပ်၌ တရားအားထုတ်ကြလေသည်။)*

(၃) ဗုဒ္ဓသည် ရဟန်းတော်များ ကြွသွားကုန်သော် ဂန္ဓကုဋီသို့ ဝင်တော်မူ၍ ကျိန်းစက်တော်မူခြင်းငှာ အလိုရှိသည်ဖြစ်အံ့၊ လက်ျာနံပါးသို့ စောင်း၍ သတိ, သမ္ပဇဉ်ဖြင့် တစ်မုဟုတ်မျှ မြတ်သောကျိန်းစက်ခြင်းကို ပြုတော်မူသည်။

(၄) ကျိန်းစက်တော်မူပြီးသောအခါ တစ်မနက်လုံး ပင်ပန်းနေသော ခန္ဓာကိုယ်သည် သက်သာရာရသည်ဖြစ်၍ ထတော်မူပြီးလျှင် သတ္တလောကကို ကြည့်တော်မူလေသည်။

(၅) လူအပေါင်းတို့သည် တရားနာကြရန် ဗုဒ္ဓသီတင်းသုံးရာ ကျောင်းသို့ စုဝေးရောက်ရှိလာချိန်၌ ဗုဒ္ဓသည် ဗုဒ္ဓနေရာ၌ ထိုင်တော်မူပြီး အခါကာလနှင့် သင့်လျော်သော တရားတို့ကို ဟောကြားတော်မူ၍ အချိန်အခါကို သိတော်မူကာ တရားနာ ပရိသတ်များကို ညှဉ်းမှောင်သည့်တိုင်အောင် မနေစေဘဲ ပြန်သင့်ရာအချိန်၌ ပြန်လွှတ်တော်မူလေသည်။

ဤကား 'ပစ္ဆာဘတ္တကိစ္စ– ဆွမ်းစားပြီးရာ နောက်အဖို့၌ ပြုလုပ်အပ်သော ကိစ္စ'တည်း။

(၃) ဗုဒ္ဓ၏ ပုရိမယာမကိစ္စ

(၁) ဗုဒ္ဓသည် ပရိသတ်များ ပြန်သွားကြသောအခါ၌ ရေချိုးတော်မူလိုသည် ဖြစ်အံ့၊ ရေချိုးခန်းသို့ ဝင်၍ အလုပ်အကျွေး ရဟန်းတို့ စီစဉ်ထားအပ်သော ရေဖြင့် ကိုယ်ငွေ့ကို ယူတော်မူလေသည်။*(ဗုဒ္ဓ၏ ကိုယ်၌ အညစ်အကြေးရှိ၍ ရေချိုးခြင်း မဟုတ်ပါ။ ကိုယ်ကို ရေလောင်းချသောအခါ၌ ကိုယ်ငွေ့များ ထွက်လာသောကြောင့် ကိုယ်ငွေ့ယူသည်ဟု ဆိုရပါသည်။)*

(၂) ထို့နောက် အလုပ်အကျွေး ရဟန်းသည် ဂန္ဓကုဋိ ပရိဝုဏ်၌ ဗုဒ္ဓထိုင်နေ သီတင်းသုံးရန် အခင်းကို ခင်းထားလေသည်။ ဗုဒ္ဓသည် ကောင်းစွာဆိုးအပ်သော နှစ်ထပ်ရှိသော သင်းပိုင်ကို ဝတ်တော်မူ၍ ခါးပန်းကြိုးကို ပန်းတော်မူ၍ အပေါ်ကေသီကို လက်ဝဲ တစ်ဘက် ပခုံးထက်၌ ဝတ်ရုံခြင်းပြု၍ ခင်းထားသော ဗုဒ္ဓနေရာ၌ တစ်ပါးတည်း တစ်မုဟုတ်မျှ*(ဖလသမာပတ် ဝင်စားတော်မူသောအားဖြင့်)* ကိန်းအောင်းတော်မူသည်။

(၃) ထိုသို့ ကိန်းအောင်းနေစဉ် ထိုထိုဤဤ အလီလီသော အရပ်ဒေသတို့မှ ရဟန်းသံဃာတော်များ ဗုဒ္ဓထံပါး ရောက်ရှိလာကြပြီး အချို့ရဟန်းတို့သည် ပြဿနာ မေးခြင်းကိုလည်းကောင်း, အချို့ ရဟန်းတို့သည် ကမ္မဋ္ဌာန်းကို မေးခြင်းကိုလည်းကောင်း, အချို့ရဟန်းတို့သည် တရားနာရန် တောင်းပန်ခြင်းကိုလည်းကောင်း ပြုလုပ်ကြလေသည်။

(၄) ဗုဒ္ဓသည် ထိုရဟန်းတို့၏ အလိုဆန္ဒ အသီးသီးကို ပြီးစေတော်မူလျက် ပုရိမယာမ် ညဦးယာမ်ကို ကုန်လွန်စေလေသည်။

ဤကား ဗုဒ္ဓ၏ 'ပုရိမယာမ်၌ ပြုလုပ်အပ်သော ကိစ္စ'တည်း။

(၄) ဗုဒ္ဓ၏ မဇ္ဈိမယာမကိစ္စ

(၁) ပုရိမယာမ် အချိန်ကုန်သွားသောအခါ ညဉ့်သည် သန်းခေါင်ယာမ် အချိန်ဘက်သို့ ရောက်ခဲ့လေပြီ။ ထိုအချိန်၌ စကြာဝဠာ တိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် အသီးသီး ဗုဒ္ဓထံသို့ ချဉ်းကပ်ရောက်လာကြပြီ။

(၂) ဗုဒ္ဓထံ မလာမီက ကြိုတင်စီမံထားသော ပြဿနာများကို မေးမြန်းလျှောက်ထားကြလေသည်။ အယုတ်ဆုံးအားဖြင့် လေးလုံးသော အက္ခရာရှိသော ပြဿနာကို အသီးသီး မေးလျှောက်ကြလေသည်။

(၃) ဗုဒ္ဓသည် ထိုနတ်ဗြဟ္မာများ၏ အသီးသီး မေးမြန်းလျှောက်ထားကြသော ပြဿနာများကို ဖြေဆိုတော်မူ၍ မဇ္ဈိမယာမ် သန်းခေါင်ယာမ်အချိန်ကို ကုန်လွန်စေတော်မူသည်။

ဤကား ဗုဒ္ဓ၏ 'မဇ္ဈိမယာမ်၌ ပြုလုပ်အပ်သော ကိစ္စ'တည်း။

(၅) ဗုဒ္ဓ၏ ပစ္ဆိမယာမကိစ္စ

(၁) နတ်ဗြဟ္မာများ ပြန်သွားကြသောအခါ၌ သန်းခေါင်ယာမ်အချိန် ကျော်လွန်လာခဲ့ပြီဖြစ်သည်။ ဗုဒ္ဓသည် ကျန်ရှိနေသေးသော ပစ္ဆိမယာမ်ကို သုံးပိုင်းပိုင်း၍–

(၂) ပုရိမယာမ်– မိုးသောက်ယာမ်မှစ၍ ယခုအချိန်အထိ တစ်နေ့လုံး ညပိုင်းထက်ဝက်ကျော်အထိ ထိုင်တော်မူရသဖြင့် ညောင်းညာခြင်းကို ဖြေခြင်းငှာ စင်္ကြံကြွတော်မူခြင်းဖြင့် ပစ္ဆိမယာမ်တစ်ပိုင်းကို ကုန်လွန်စေတော်မူသည်။

(၃) ပစ္ဆိမယာမ်၏ ဒုတိယပိုင်းသို့ရောက်လျှင် ဗုဒ္ဓသည် ဂန္ဓကုဋိသို့ ဝင်တော်မူ၍ လက်ျာနံပါးဖြင့် သတိရှိတော်မူလျက်, ဆင်ခြင်ဉာဏ်ရှိတော်မူလျက် မြတ်သောကျိန်းစက်ခြင်းကို ပြုတော်မူသည်။

(၄) ဗုဒ္ဓသည် ပစ္ဆိမယာမ် သုံးခုမြောက်အပိုင်း၌ ထတော်မူကာ ရှေးဗုဒ္ဓတို့၏ အထံတို့၌ ဒါန, သီလအစရှိသည်တို့၏ အစွမ်းဖြင့် အလွန်အကဲ ပြုလုပ်ထားသော (အဓိကာရ) ကုသိုလ်ရှိသော ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို = သတ္တလောကကို

ဗုဒ္ဓစက္ခုဖြင့် *(အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဖြင့်)* ကြည့်တော်မူလေသည်။

ဤကား ဗုဒ္ဓ၏ 'ပစ္ဆိမယာမ်၌ ပြုလုပ်အပ်သော ကိစ္စ'တည်း။

ဗုဒ္ဓ ဆင်ခြင်တော်မူပုံ

ဗုဒ္ဓသည် လမ်းခရီးအကြား အမ္ဗလဋ္ဌိကဥယျာဉ် မင်းကွန်းနန်းတော်၌ တစ်ညဥ့်တည်းခိုရာ ထိုနေ့၌-

(၁) ပုရေဘတ္တကိစ္စကား ရာဇဂြိုဟ်မြို့၌ ပြီးစီးတော်မူခဲ့လေပြီ။

(၂) ပစ္ဆာဘတ္တကိစ္စကား လမ်းခရီးအကြား၌ပင် ပြီးစီးခဲ့လေပြီ။

(၃) ပုရိမယာမ်၌ ရဟန်းတို့အား ကမ္မဋ္ဌာန်းတရားဟောကြားခြင်းဖြင့် ပြီးစီးခဲ့လေပြီ။

(၄) မဇ္ဈိမယာမ်၌ နတ်ဗြဟ္မာတို့၏ ပြဿနာများကို ဖြေဆိုခြင်းဖြင့် ပြီးစီးခဲ့လေပြီ။

(၅) ပစ္ဆိမယာမ်၌ စင်္ကြံကြွရင်းပင် ထိုရဟန်းသံဃာငါးရာတို့၏ သဗ္ဗညုတဉာဏ်တော်ကို အကြောင်းပြု၍ ပြောဆိုကြသော စကားများကို သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူလေသည်။

ထိုသို့သိတော်မူခြင်းကြောင့် ဗုဒ္ဓအကြံတော်ဖြစ်ပုံကား-

(၁) ရဟန်းတို့သည် ငါ၏ သဗ္ဗညုတဉာဏ်တော်ကို အကြောင်းပြု၍ ဂုဏ်ကို ပြောဆိုလျက် နေကြလေပြီ။

(၂) ထိုသို့ ပြောဆိုကြသော်လည်း ထိုရဟန်းတို့အား သဗ္ဗညုတဉာဏ်တော်ကိစ္စသည် ထင်ရှားမည် မဟုတ်ပေ။ ငါ့အားသာလျှင် ထင်ရှားလေသည်။

(၃) ငါကြွသွားလျှင် ထိုအကြောင်းကို ငါ့အားလျှောက်ထားလတ္တံ့။

(၄) ငါသည် ဖြစ်ပေါ်လာသော ထိုအကြောင်းဝတ္ထုကို သုံးပါးအပြားရှိသော သီလတို့ဖြင့် ဝေဘန်လျက်-

(၅) (၆၂)ပါးသော အရာတို့၌ သူတပါးတို့ မဟောနိုင်သော တရားကို *(ဗြဟ္မဇာလသုတ်တရားတော်ကို)* မြတ်သော ဟောခြင်းဖြင့် ရဲတင်းစွာဟောတော်မူ၍-

(၆) အကြောင်းတရားတို့၏ ကျေးဇူးပြုပုံ အခြင်းအရာသတ္တိဖြစ်သော ပဋိစ္စသမုပ္ပါဒ်ကိုပေါင်း၍ ဗုဒ္ဓဂုဏ်တော်တို့ကို ထင်ရှားပြုရပေအံ့။

(၇) မြင့်မိုရ်တောင်ကို ချီမြှောက်ရသကဲ့သို့လည်းကောင်း၊ ကောင်းကင်ကို ရွှေတူဖြင့် ထုရသကဲ့သို့လည်းကောင်း အလွန်ခဲယဉ်းလှသော ဗြဟ္မဇာလသုတ်တရားတော်ကို အရဟတ္တပိုလ် အထွတ်တပ်၍ ဟောရပေအံ့။

(၈) ဗြဟ္မဇာလသုတ်ကို ဟောအပြီး၌ တစ်သောင်းသော လောကဓာတ်သည် *(ဤကမ္ဘာမြေကြီးသည်)* တုန်လှုပ်ပေလတ္တံ့။

(၉) ဤဗြဟ္မဇာလသုတ် တရားတော်သည် ငါပရိနိဗ္ဗာန်ပြုပြီးသော်လည်း အနှစ်ငါးထောင်တိုင်တိုင်လုံး သတ္တဝါတို့ကို အမြိုက်နိဗ္ဗာန်သို့ ကောင်းစွာရောက်ရှိစေနိုင်လတ္တံ့။ ဗုဒ္ဓသည် ဤသို့ အကြံတော် ဖြစ်တော်မူလေပြီ။

ထိုသို့ အကြံတော် ဖြစ်ပြီးနောက် ဗုဒ္ဓသည် ထိုရဟန်းတို့ စုဝေးရာနေရာသို့ ကြွရောက်တော်မူပြီး-

'ပဉ္စဝဏ္ဏ အာသနေ နိသီဒိ' ဗုဒ္ဓအတွက် ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူလေပြီ။ *(ဒီ ၃- ၁- ၄၅ မှ ၄၉ ထိ)*

ပညတ္တေ အာသနေ နိသီဒိ ရှင်းချက်

(၁) ဗုဒ္ဓလက်ထက်တော်အခါက ရဟန်းသံဃာအပေါင်းတို့သည် မိမိတို့ တရားအားထုတ်ရာ, နေထိုင်ရာတိုင်း၌ ဗုဒ္ဓအတွက် သီတင်းသုံးနေထိုင်တော်မူရန် အဆင်သင့် အသီးသီး ကြိုတင်ခင်းထားသော အလေ့အထ ရှိလေသည်။

(၂) အဘယ့်ကြောင့် ထိုသို့ခင်းထားကြသနည်းဟူမူ- ဗုဒ္ဓသည် အချိန်မရွေး ကြွလာတော်မူတတ်သောကြောင့် ဖြစ်သည်။

(၃) မှန်ပါသည်။ ဗုဒ္ဓသည် မိမိထံ ကမ္မဋ္ဌာန်းတောင်း၍ ထိုထိုဤဤ အလီလီသော အရပ်ဒေသသို့သွား၍ တရားအားထုတ်နေကြသော ရဟန်းတို့ကို ပစ်ပယ်မထားပေ။

(၄) 'ဤရဟန်းသည် ငါ၏အထံမှ ကမ္မဋ္ဌာန်းတောင်း၍ တရားထိုင် သွားလေပြီ။ တကယ်ပဲ ထိုရဟန်းသည် ဈာန်, မဂ်, ဖိုလ်တရားများကို ရအောင် အားထုတ်နိုင်စွမ်း ရှိလတ္တံ့လော' ဟူ၍ နှလုံးသွင်း ဆင်ခြင်တော်မူသည်။ ထိုအခါ၌ ထိုရဟန်းသည် ကမ္မဋ္ဌာန်းတရားကို အားမထုတ်ဘဲနေအံ့၊ အကုသိုလ်ဝိတက်တွေ ဖြစ်နေအံ့-

(၅) 'ဤရဟန်းသည် အဘယ့်ကြောင့် ငါကဲ့သို့ ဆရာထံမှ ကမ္မဋ္ဌာန်းကို ယူသည်ဖြစ်ပါလျက် မေ့မေ့လျော့လျော့ နေဘိသနည်း။ ဤအတိုင်းလွှတ်ထားက ဤရဟန်းသည် ဝဋ်ဆင်းရဲ သံသရာဝဲဩဃ၌ နစ်မြုပ်ပေလတ္တံ့။ ဤရဟန်းအား သတိပေးဦးမှပဲ'ဟု ကြံတော်မူပြီးလျှင် ထိုရဟန်းအား ချီးမြှောက်ခြင်းငှာ ထိုရဟန်းရှေ့၌ ကိုယ်တော်ကို ပြတော်မူ၍ ဆုံးမသြဝါဒ ပေးတော်မူခြင်း၊ တရားဟောကြားခြင်း ပြုတော်မူကာ ကောင်းကင်ခရီးဖြင့် မိမိနေရာအရပ်သို့ ပြန်ကြွတော်မူလေသည်။

(၆) ရဟန်းတို့သည် ဆရာဗုဒ္ဓသည် ငါတို့၏ စိတ်ကိုသိတော်မူ၍ ငါတို့၏ ရှေ့၌ရပ်တော်မူ၍သာလျှင် ကိုယ်တော်ကို ပြတော်မူသည်။ ထိုအခါ၌ ထိုရဟန်းတို့သည် 'ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား ဤနေရာ၌ ထိုင်တော်မူပါ။ ဤနေရာ၌ ထိုင်တော်မူပါ' ဟု ပြာပြာသလဲလဲ နေရာခင်းပေးရသော အမှုသည် ဝန်လေးလှဘိသည်။ 'ကြိုကြိုတင်တင် အဆင်သင့် ခင်းထားရမှု ကောင်းလေစွ' ဟု ကြံကြပြီးနောက် ထိုင်စရာအင်းပျဉ်ရှိသော ရဟန်းက အင်းပျဉ်ကို ခင်းထားသည်။ ညောင်စောင်းရှိသော ရဟန်းက ညောင်စောင်းကို ခင်းထားသည်။ ပျဉ်ချပ်ရှိသူက ပျဉ်ချပ်ကို ခင်းထားသည်။ ကျောက်ဖျာရှိသူက ကျောက်ဖျာကို ခင်းထားသည်။ ယုတ်စွအဆုံး ထို အင်းပျဉ်, ညောင်စောင်း အစရှိသည်တို့ မရှိလျှင် သဲတို့ကို စု၍လည်းကောင်း၊ သစ်ရွက်ဟောင်းတို့ကို စု၍လည်းကောင်း၊ အပေါ်က ပံ့သုကူသင်္ကန်းကို ဖြန့်၍ခင်းထားကြလေသည်။

အမ္ဗလဋ္ဌိက ဥယျာဉ်၌ ခင်းထားအပ်သောနေရာ

(၁) ထိုအမ္ဗလဋ္ဌိက ဥယျာဉ်၌ ရှင်ဘုရင်က အများအတွက် ခေတ္တသုံးစွဲရန်ထားသော နေရာရှိလေသည်။ ထိုရဟန်းတို့သည် ထိုနေရာကိုဒါ၍ သန့်ရှင်းစေပြီးလျှင် အခင်းကို ခင်းထားကြလေသည်။ ထိုဗုဒ္ဓနေရာကို ဝန်းရံ၍ ရဟန်းတို့သည် စုဝေးထိုင်ကာ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်အကြောင်းကို ပြောဆိုနေကြခြင်း ဖြစ်လေသည်။

(၂) ထိုသို့ ပြောဆိုနေကြစဉ်မှာပင် ဗုဒ္ဓသည် ထိုခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီး 'ချစ်သားရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စုဝေးထိုင်နေကြသနည်း' ဟုမေးတော်မူလေပြီ။

(၃) ထိုအခါ ထိုရဟန်းတို့သည် ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ထားကြလေသည်။

'ရှင်တော်ဗုဒ္ဓဘုရား တပည့်တော်တို့သည် မင်, ဖိုလ်မှ အချည်းနှီးဖြစ်သော စကားများကို ပြောဆိုနေကြသည် မဟုတ်ပါ။ တပည့်တော်တို့သည် ညဉ့်၏အဆုံး မိုးသောက်ချိန်၌ အိပ်ရာမှထကြ၍ ဤနေရာ၌ စုဝေးထိုင်မိကြရာတွင် ဤစကား ဖြစ်ပေါ်လာပါသည်။

'အံ့ဖွယ်ရှိပါပေစွ ငါ့ရှင်တို့၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ ငါ့ရှင်တို့ သိတော်မူ, မြင်တော်မူ၍ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ရှင်တော်ဗုဒ္ဓသည် သတ္တဝါတို့၏ အထူးထူးသော အလိုဆန္ဒကို အတိုင်းမသိ ထိုးထွင်း၍ သိတော်မူပါပေသည်။ ဤဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်သည် ဗုဒ္ဓ, ဓမ္မ, သံဃာတို့၏ အပြစ်များကို များစွာသောအကြောင်း ဖြင့် ပြောဆိုပါသည်။ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား ဗုဒ္ဓ, ဓမ္မ, သံဃဂုဏ်တို့ကို များစွာသောအကြောင်းဖြင့် ပြောဆိုချီးမွမ်း ပါသည်။ ဤသို့လျှင် ဤဆရာတပည့်နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက်ဆန့်ကျင်သော စကားကို ပြောဆိုလျက် ဗုဒ္ဓနှင့် သံဃာများ၏ နောက်မှနောက်မှ အစဉ်လိုက်ကုန်၏' ဟု စကားဖြစ်ပေါ်ပါသည်။

ဤသည်ကား တပည့်တော်တို့၏ ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်တော်နှင့်စပ်၍ ပြောဆိုအပ်သော မပြီးသေးသော စကားဖြစ်ပါသည်။ ဤအချိန်၌ပင် ရှင်တော်ဗုဒ္ဓသည် ကြွရောက်တော်မူလာပါသည်' ဟု လျှောက်ကြားကြလေသည်။ *(ဒီ ၄- ၁- ၅၀)*

(ဤအထိ ဗြဟ္မဇာလသုတ် တရားတော်ကို မရောက်သေးပါ။ ဗြဟ္မဇာလသုတ်တရားတော်ကိုဟောရန် နိဒါန်းပဲ ရှိပါသေးသည်။ ထိုနိဒါန်းသည် အရှင်အာနန္ဒာက အရှင်မဟာကဿပမထေရ်ကို လျှောက်ထားသောနိဒါန်း ဖြစ်လေသည်။) (ထိုနိဒါန်းစကားရပ် မပြီးသေးပါ။)

နိဒါန်း တင့်တယ်ပုံကို ပြဆိုခြင်း

ထိုနိဒါန်းထားခြင်း၏ တင့်တယ်ပုံသဘောကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုထားလေသည်။

ဤမျှအတိုင်းအရှည်ရှိသော 'တတ္ထ ဧဝမ္ပိ နိပါတပဒံ' အစရှိသော စကားအစဉ်ဖြင့် အရှင်အာနန္ဒာသည် နိဒါန်းကို အရှင် မဟာကဿပမထေရ်အား လျှောက်ထားလေပြီ။ အရှင်အာနန္ဒာ လျှောက်ထားသော ထိုနိဒါန်းသည်–

(၁) အလွန်တင့်တယ်သော ရေကန်တစ်ကန် ရှိလေသည်။ ထိုရေကန်ထဲ၌ ကြာပဒုမ္မာ, ကြာပုဏ္ဍရိက်, ကြာဖြူ, ကြာနီ,

ကြာညိုများ ပွင့်လန်းနေသည်ဖြစ်၍ ရေအပြင်သည် နေအရောင်၊ ကြာပန်းအရောင်တို့ဖြင့် တောက်ပလျက် ရှိနေလေသည်။

(၂) ထိုရေကန်ထဲ၌ ထိုကြာငါးမျိုးသာ ရှိသည်ဖြစ်၍ အညစ်အကြေးဟူ၍ လုံးဝမရှိသည် ဖြစ်သောကြောင့် ထိုရေသည် သာယာအပ်သော၊ အထူးစင်ကြယ်သော ရေကောင်းရေသန့် ဖြစ်လေသည်။

(၃) ထိုရေကန်သို့ လွယ်ကူစွာ သက်ဆင်းနိုင်ခြင်း အကျိုးငှာ စောင်းတန်းလှေကားတစ်ခု ရှိလေသည်။ ထိုစောင်းတန်းကို အလွန်သန့်စင်သော ကျောက်ပြားတို့ဖြင့် စီစီညီညီ လှပစွာ အတွန့်အလိပ်တို့ဖြင့် မှုမှုယာယာ စီထားလေသည်။

(၄) ရေကန်နားရှိ ဆိပ်ကမ်းသဲသောင်ပြင်သည် အထူးထူးအပြားပြား ရောပြွမ်းနေသော ပုလဲလုံးကလေးများ ချထားဘိသကဲ့သို့ ဖြူဖွေးသန့်စင်လျက် ရှိလေသည်။

(၅) ရေကန်သို့ သက်ဆင်းရာ စောင်းတန်းပြာသာဒ်နံရံ၌ အလွန်ဆန်းကြယ်သော ပွတ်လုံးတို့ဖြင့် သူနေရာနှင့်သူ လိုက်လျောညီအောင် ကာရံထားမှုလည်း ရှိနေလေသည်။

(၆) စောင်းတန်းအဆောက်အဦးသည် ခံ့ညားထည်ဝါလှသည်ဖြစ်၍ အထက်ကို ကားကားစွင့်စွင့် မြင့်တက်နေသကဲ့သို့ ရှိနေလေသည်။ ဥပမာအားဖြင့် နက္ခတ်တို့၏ လမ်းကြောင်းဖြစ်သော ကောင်းကင်ကို ထိလိုသူသည် မိမိဆန္ဒ အားလျော်စွာ လက်ကို အားရပါးရ မြှောက်နိုင်သမျှ မြှောက်ချီသကဲ့သို့ မြတ်သော စောင်းတန်းပြာသာဒ်သည်လည်း အထက်သို့ စွင့်စွင့်မြင့်တက်လျက် ရှိလေသည်။

(၇) ထိုမြတ်သော စောင်းတန်းပြာသာဒ်သို့ အလွယ်တကူ တက်နိုင်ခြင်းအကျိုးငှာ ဆင်စွယ်တို့ကို ပျဉ်ချပ်ကဲ့သို့ သိမ်မွေ့နူးညံ့စွာ ပြုလုပ်ထားပြီး ထိုဆင်စွယ်ပျဉ်ချပ်၌ ပတ္တမြားအပေါင်းတို့ကို တွဲကပ်၍ ထားလေသည်။ ထိုပတ္တမြား အရောင်အပေါင်းတို့ဖြင့် ထိုစောင်းတန်းလှေကားသည် မြင်ရသူအပေါင်းသည် ထိုစောင်းတန်းသို့ မသက်ဆင်းဘဲ မနေနိုင်အောင် အလွန်တင့်တယ် တောက်ပလျက် ရှိနေလေသည်။

(၈) ထိုသို့ တင့်တယ်လှသောကြောင့် ထိုစောင်းတန်းသည် လူသူကင်းမဲ့စွာ တိတ်ဆိတ်နေခြင်း မရှိဘဲ ယဉ်ကျေးသိမ်မွေ့ အထက်တန်းကျသော လူအပေါင်းတို့၏ ဝတ်ဆင်ထားသော ရွှေခြေကျင်းတို့၏ ထိခိုက်သံတို့ဖြင့် လည်းကောင်း၊ စကားပြောသံ၊ ရယ်မောသံ၊ ဝမ်းမြောက်သံတို့ဖြင့် လည်းကောင်း ကျက်သရေအပေါင်း ခညောင်းလျက် ရှိနေလေသည်။

(၉) ထိုမှတပါး မွန်မြတ်သောဂုဏ်၊ အစိုးရသူဟူသော ရာထူးဌာနန္တရဂုဏ်၊ စည်းစိမ်ဂုဏ်ဟူသော ထိုဂုဏ်သုံးမျိုးတို့ဖြင့် အလွန်တင့်တယ် ခမ်းနားသော အိမ်တစ်အိမ် ရှိလေသည်။

(၁၀) ထိုကြီးကျယ်ခမ်းနားသောအိမ်သို့ လွယ်ကူစွာ ဝင်နိုင်ခြင်း အကျိုးငှာ အလွန်ကြီးကျယ် ခမ်းနားသော၊ လှပခိုင်ခံ့ ကျယ်ပြန့်သော လှုဝင်ပေါက်တစ်ခုလည်း ရှိလေသည်။

(၁၁) ထိုလှုဝင်ပေါက်တံခါးကို ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာ အစရှိသည်တို့ဖြင့် စီခြယ်ထားသည်ဖြစ်၍ ထိုတံခါးပေါက်သည် ထိုရတနာအရောင်တို့ဖြင့် ဝန်းကျင်တပိုက် တဖိတ်ဖိတ် ပြိုးပြိုးပြက်ပြက် အရောင်ထွက်လျက် ရှိနေလေသည်။

(၁၂) ဤမြတ်ဗ္ဗဇာလသုတ်နိဒါန်းသည် ကြာငါးမျိုးနှင့် လှပတင့်တယ်နေသော ရေကန်နှင့်လည်းကောင်း၊ ထိုရေကန်သို့ သက်ဆင်းရာ အလွန်ဆန်းကြယ်လှပသော စောင်းတန်းပြာသာဒ် လှေခါးနှင့်လည်းကောင်း၊ ကြီးကျယ်ခမ်းနားသော အိမ်သို့ဝင်ဘို့ရာ အလွန်တင့်တယ်လှပ ကျက်သရေအပေါင်း ခညောင်းလျက်ရှိသော လှုဝင်ပေါက် အိမ်တံခါးနှင့်လည်းကောင်း တူသည်ဟူ၍ ဆိုလိုပေသည်။

(၁၃) မှန်ပါသည်။ ဤနိဒါန်းသည် အနက်သဒ္ဒါနှင့် ပြည့်စုံသော ဗုဒ္ဓဂုဏ်တော်၏ အာနုဘော်ကို ကောင်းစွာပြတတ်သော ဗြဟ္မဇာလသုတ်တော်သို့ လွယ်ကူစွာ သက်ဝင်နိုင်ခြင်း အကျိုးငှာ တရားဟောတော်မူရာ အခါကိုလည်းကောင်း *(ဗုဒ္ဓသည် နံနက်စောစော ကျိန်းစက်ရာမှ ထသောအချိန်ကို တရားဟောရာအချိန်ဟု ခေါ်သည်။)*

(၁၄) တရားဟောတော်မူရာ အရပ်ကိုလည်းကောင်း *(အမ္ဗလဋ္ဌိကာ ဥယျာဉ်၌ ရဟန်းတို့ နေထိုင်နေရာအရပ်ကို တရားဟောရာအရပ်ဟု ခေါ်သည်။)*

(၁၅) တရားဟောတော်မူသော ပုဂ္ဂိုလ်ကိုလည်းကောင်း *(ဗုဒ္ဓကို 'ဓမ္မဒေသက' တရားဟောတော်မူသောပုဂ္ဂိုလ်ဟု ခေါ်သည်။)*

(၁၆) တရားဟောကြောင်း ဝတ္ထုကိုလည်းကောင်း *(ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်က အပြစ်ပြောခြင်း၊ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်က ဂုဏ်ပြောခြင်းကို တရားဟောကြောင်းဝတ္ထုဟု ခေါ်သည်။)*

(၁၇) တရားနာယူသော ပရိသတ်တို့ကိုလည်းကောင်း (*ဗုဒ္ဓ၏ သမ္ဗုဒ္ဓပဋ်ဌာဂုဏ်တော်နှင့်စပ်၍ ပြောဆိုရသော အိုင်နေကြသော* *ငါးကျသော ဂုဏ်သင်္ဂဟာများကို တရားနာယူသော ပရိသတ်ဟူ၍ ခေါ်သည်။*)

ညွှန်ပြခြင်းဖြင့် တန်ဆာဆင်ထားအပ်သော ဤနိဒါန်းကို အရှင် အာနန္ဒာမထေရ်သည် အရှင်မဟာကဿပမထေရ်အား လျှောက်ထားလေပြီ။

နိဒါန်းဆိုရကျိုး

သီလက္ခန် မဟာဋီကာ နှာ (၅၅)၌လည်းကောင်း၊ သီလက္ခန် ဋီကာသစ် ပဒုပ် နှာ (၂၁၅)၌လည်းကောင်း နိဒါန်းဆိုရကျိုးကို အောက်ပါအတိုင်း ညွှန်းဆိုထားလေသည်။

(၁) အရှင်မဟာကဿပမထေရ် အမှူးပြုသော ပဥ္စသတိကသင်္ဂါယနာတင် သံဃာတော် အရှင်မြတ်တို့သည် သုတ်, အဘိဓမ္မာ, ဝိနည်းတို့ကို သင်္ဂါယနာတင်ရာ၌ တရားဆက်သက်ကိုသာ သင်္ဂါယနာမတင်ဘဲ နိဒါန်းကိုလည်း ထည့်သွင်း၍ သင်္ဂါယနာတင်ကြလေသည်။

(၂) ထိုသို့ နိဒါန်းကို သင်္ဂါယနာတင်သဖြင့် ဗုဒ္ဓဟောကြားတော်မူသော တရားဒေသနာတော်သည် ယုံကြည်ထိုက်ခြင်း, မပျောက်ပျက်ခြင်း, ကြာမြင့်စွာတည်ခြင်း အကျိုးရှိလေသည်။

(၃) မှန်ပါသည်။ တရားဟောရာကာလ, တရားဟောရာဒေသ, တရားဟောရာပုဂ္ဂိုလ်, တရားဟောရကြောင်းဝတ္ထု, တရားနာယူသူ ပရိသတ်တို့ဖြင့် မှမ်းမံထုံဖွဲ့၍ ထားအပ်သော ဒေသနာတော်သည် လုပ်ဇာတ်ဒဏ္ဍာရီမဟုတ်။ တကယ့်ဖြစ်ရပ် ဖြစ်ကြောင်းကို ဤနိဒါန်းက ပြသနေလေသည်။

(၄) ထိုသို့ ပြသောကြောင့် ဤဗြဟ္မဇာလသုတ်၏ ယုံကြည်ထိုက်သော ဒေသနာဖြစ်ကြောင်း ပညာရှိအများ လက်ခံကြလေသည်။

(၅) ထိုသို့ ယုံကြည်ကြသောကြောင့်ပင် ပါဠိအနက် မပျောက်ပျက်အောင် အဆက်ဆက် စောင့်ရှောက်ကြလေသည်။

(၆) ထိုသို့ အဆက်ဆက် စောင့်ရှောက်လာခဲ့ခြင်းကြောင့် ဤဗြဟ္မဇာလသုတ္တန်တရားတော်သည် ယခုတိုင်အောင် တည်တန့်နိုင်ခြင်းဖြစ်သလို နောက်အနာဂတ်မှာလည်း ဆက်လက်တည်တန့်နေဦးမည်သာ ဖြစ်လေသည်။

(၇) ဤသို့ ကြာမြင့်စွာ တည်တန့်နိုင်ခြင်း, ပါဠိအနက် မပျောက်ပျက်ခြင်း, ယုံကြည်ထိုက်ခြင်းသည် ဤနိဒါန်းကို ဆိုရခြင်း အကျိုးပင် ဖြစ်တော့သည်။

ဤတွင် ဗြဟ္မဇာလသုတ် နိဒါန်း ပြီးပြီ။

သုတ္တနိက္ခေပ– သုတ်ကိုဟောရခြင်းကို စိစစ်ပြခြင်း

(၁) အဋ္ဌကထာဆရာသည် အဗ္ဘန္တရနိဒါန်းကို ပြဆိုပြီး၍ ယခုအခါ၌ **'မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ'** အစရှိသောနည်းဖြင့် ဗုဒ္ဓဟောကြားတော်မူအပ်သော ဗြဟ္မဇာလသုတ်ဒေသနာတော်ကို ပြဆိုရန် အခါသင့်ခဲ့လေပြီ။

(၂) သို့ရာတွင် ထိုဗြဟ္မဇာလသုတ် အဖွင့်ကို ဆိုမပြသေးဘဲ တရားနာပရိသတ်အား သုတ္တန်ကို ဟောတော်မူရပုံကို စိစစ်ပြမှ ပို၍ထင်ရှားမည်ဖြစ်သောကြောင့် သုတ်ကို စိစစ်ပြရလေသည်။

သုတ္တနိက္ခေပ (၄)မျိုး

ကျွတ်ထိုက်သော ဝေနေယျသတ္တဝါများအတွက် ဗုဒ္ဓဟောကြားတော်မူထားအပ်သော သုတ်တို့သည်–

(၁) **အတ္တဇ္ဈာသယ နိက္ခေပ** – ဗုဒ္ဓ၏ အလိုအဇ္ဈာသယအားဖြင့် ဟောတော်မူအပ်သောသုတ်။

(*အာကင်္ခေယျသုတ်, မဟာသတိပဋ္ဌာနသုတ် စသည့်သုတ်မျိုး*)

(၂) **ပရဇ္ဈာသယ နိက္ခေပ** – တရားနာပရိသတ်၏ အလိုအဇ္ဈာသယအားလျော်စွာ ဟောသောသုတ်။

(*စူဠရာဟုလောဝါဒသုတ်, ဓမ္မစက္ကပ္ပဝတ္တနသုတ် စသည့်သုတ်မျိုး*)

(၃) ပုဏ္ဏာဝသိက နိဂ္ဂေပ – လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ မေးမြန်းလာသည့် အားလျော်စွာ ဟောသောသုတ်။ *(သက္ကပဉှာသုတ်, သာမညဖလသုတ် စသည်)*

(၄) အဋ္ဌုပ္ပတ္တိက နိဒ္ဒေသ – အကြောင်းဝတ္ထု ဖြစ်ပေါ်သည့် အားလျော်စွာ ဟောသောသုတ်။ (ဓမ္မဒါယာဒသုတ်, ဝေဏုပိဏ္ဍူပမသုတ် စသည်) ဟူ၍ လေးမျိုးရှိလေသည်။

ဗြဟ္မဇာလသုတ်သည် အဋ္ဌုပ္ပတ္တိ နိဓက္ခေပသုတ်

(၁) ထိုလေးမျိုးတို့တွင် ဤဗြဟ္မဇာလသုတ်သည် အဋ္ဌုပ္ပတ္တိ နိက္ခေပသုတ်မျိုး ဖြစ်လေသည်။

(၂) မှန်ပါသည်။ ဆရာသုပ္ပိယပရိဗိုဇ်သည် 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါးတို့၏ အပြစ်ကို ပြောဆိုခြင်း၊ တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်က 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါးတို့၏ ဂုဏ်ကို ပြောဆိုခြင်း။

(၃) ထိုသို့ ဆရာက အပြစ်၊ တပည့်က ဂုဏ်ကို ပြောဆိုခြင်း အကြောင်းဝတ္ထုကြောင့် တရားဒေသနာ ဟောတော်မူခြင်းသို့ ကျွမ်းကျင်တော်မူသော ဗုဒ္ဓသည် **'မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ'** စသည်ဖြင့် ဗြဟ္မဇာလသုတ်ကို ဟောတော်မူခြင်း ဖြစ်လေသည်။ *(ဒီ ၄– ၁– ၅၁)*

အပြစ်တင်ခြင်းနှင့်စပ်၍ ဗုဒ္ဓဟောကြားတော်မူအပ်သော တရား

ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်က ဗုဒ္ဓ, ဓမ္မ, သံဃာတို့၏ အပြစ်ကို ပြောဆိုခြင်းနှင့်စပ်၍ လိုက်နာကျင့်သုံးရမည့် ကျင့်စဉ်ကို ဗုဒ္ဓသည် ရဟန်းတို့အား အောက်ပါအတိုင်း ဟောကြားတော်မူသည်။

''မမံ ဝါ ဘိက္ခဝေ ပရေ 'ဓမ္မဿ ဝါ, သံဃဿ ဝါ' အဝဏ္ဏံ ဘာသေယျုံ'' *(ဒီ– ၁– ၃)*

ဘိက္ခဝေ– ချစ်သားရဟန်းတို့ ပရေ– သူတစ်ပါးတို့သည် **မမံ ဝါ**– ငါဗုဒ္ဓ၏သော်လည်းကောင်း၊ **ဓမ္မဿ ဝါ**– တရားတော်၏ သော်လည်းကောင်း၊ **သံဃဿ ဝါ**– သံဃာတော်၏သော်လည်းကောင်း၊ **အဝဏ္ဏံ**– အပြစ်ကို၊ **စေ ဘာသေယျုံ**– အကယ်၍ ပြောဆိုကုန်ငြားအံ့။

(၁) **တတြ တုမှေဟိ န အာဃာတော** – **တတြ**– ထိုသို့ အပြစ်ပြောဆိုရာ၌၊ **တုမှေဟိ**– သင်ချစ်သားတို့သည်၊ **န အာဃာတော**– ဒေါသအဆိုး ရန်ငြိုးဖွဲ့ခြင်းကို မပြုကြလေနှင့်။

(၂) **န အပ္ပစ္စယော** – စိတ်ဆင်းရဲမှု ဒေါမနဿ မဖြစ်ကြလေနှင့်။

(၃) **န အနဘိရဒ္ဓိ ကရဏီယာ** – စိတ်ပျက်ခြင်း ဒေါသ မဖြစ်ကြလေနှင့်။

(၄) သင်ရဟန်းတို့သည် အပြစ်ပြောသူအပေါ်၌ ရန်ငြိုးဖွဲ့ခြင်း, စိတ်ဆင်းရဲခြင်း, စိတ်ပျက်ခြင်း ဖြစ်နေကြလျှင် သင်ချစ်သားတို့မှာသာလျှင် ဈာန်, မဂ်, ဖိုလ်တရားများကို မရနိုင်သော အန္တရာယ် ဖြစ်နိုင်ရာ၏။

(၅) ထိုတွင်မက အရိယာသူတော်ကောင်းတို့၏ ကောင်းသောစကားကိုသော်လည်းကောင်း၊ ထိုအပြစ်ပြောသူ ရန်သူတို့၏ မကောင်းသောစကားတို့ကိုလည်းကောင်း ခွဲခြားဝေဘန် ထင်ရှားစွာ သိနိုင်ကြမည် မဟုတ်ပေ။

(၆) **အဘူတံ အဘူတတော နိဗ္ဗေဌေတဗ္ဗံ** – **အဘူတံ**– မဟုတ်သည်ကို၊ **အဘူတတော**– မဟုတ်သောအားဖြင့်၊ **နိဗ္ဗေဌေတဗ္ဗံ**– ဖြေရှင်းရမည်။ *(မဖြေရှင်းဘဲ ငုံခံနေလျှင် 'ဟုတ်လို့သာ ခံနေတာပေါ့' ဟု ယူဆဖွယ်ရှိ၍ စိတ်မဆိုးဘဲ ဖြေရှင်းကြရမည်။)*

ဥပမာ– သင်တို့၏ ဗုဒ္ဓသည် 'သဗ္ဗညုမဟုတ်'ဟု ပြောလာလျှင် သဗ္ဗညု ဟုတ်ကြောင်းကိုလည်းကာင်း၊ သင်တို့ ဗုဒ္ဓဟောသော တရားသည် 'ကောင်းသောတရားမဟုတ်'ဟု ပြောလာခဲ့လျှင် ကောင်းသောတရား ဟုတ်ကြောင်းကိုလည်းကောင်း၊ အရိယာ သံဃာတော်သည် 'ကောင်းစွာကျင့်နေသော သံဃာတော်များမဟုတ်'ဟု ဆိုလာခဲ့လျှင် ကောင်းမွန်စွာကျင့်နေသော သံဃာတော်များ ဟုတ်ကြောင်းကိုလည်းကောင်း ပြန်လည်ဖြေရှင်းရမည်။

(၇) စိတ်ဆိုးခြင်း, စိတ်ပျက်ခြင်း, ရန်ငြိုးထားခြင်းမျိုးကိုတော့ ဘယ်လိုနည်းနှင့်မျှ မပြုရပါ။ ပြုလည်း မပြုကြပါနှင့်။

(၈) အထက်ပါအတိုင်း အရာခပ်သိမ်းမှာ ဖြေရှင်းရမည်တော့ မဟုတ်ပါ။

ဥပမာ– သင်ဟာ ခွေးပဲ၊ နွားပဲ စသည် ဆဲရေးလာလျှင် ထိုဆဲသူကို ဂရုမပြု လျစ်လျူရှု၍ သည်းခံရမည်သာဖြစ်သည်။ ဘယ်နည်းနှင့်မျှ စိတ်ဆိုးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ စိတ်ပျက်ခြင်း မပြုသင့်ပါ။ ပြုလည်း မပြုကြပါနှင့်။ ရှင်တော်ဗုဒ္ဓသည် စိတ်ဆိုး၊ စိတ်ပျက်၊ အမျက်ထွက်နေလျှင် အနက်အဓိပ္ပါယ် မသိနိုင်ကြောင်းကို အောက်ပါဂါထာဖြင့်လည်း ဟောကြားတော်မူထားလေသည်။

(၁) **ကုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ၊**
အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ။

(၂) **အနတ္ထဇနနော ကောဓော၊ ကောဓော စိတ္တပ္ပကောပနော၊**
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။ *(အံ– ၂– ၄၇၁။ ခု– ၁– ၂၅၂။ ခု– ၇– ၁၂။ ခု– ၈– ၂၅၁)*

(၁) **ကုဒ္ဓေါ**– စိတ်ဆိုးအမျက်ထွက်သော ပုဂ္ဂိုလ်သည်၊ **အတ္ထံ**– အနက် အဓိပ္ပါယ်ကို၊ **န ဇာနာတိ**– မသိနိုင်၊ **ဓမ္မံ**– တရားကို၊ **န ပဿတိ**– မမြင်နိုင်၊ **ယံ**– အကြင်အခါ၌၊ **ကောဓော**– ဒေါသသည်၊ **နရံ**– လူကို၊ **သဟတေ**– လွှမ်းမိုး၏၊ **တဒါ**– ထိုအခါ၌၊ **အန္ဓတမံ**– ပညာစက္ခုကန်းအောင် ပြုတတ်သော မောဟတည်းဟူသော အမိုက်အမှောင်သည်၊ **ဟောတိ**– ဖြစ်လေတော့၏။

(၂) **ကောဓော**– ဒေါသသည်၊ **အနတ္ထဇနနော**– အကျိုးမဲ့ကို ဖြစ်စေတတ်၏။ **စိတ္တပ္ပကောပနော**– စိတ်ကိုချောက်ခြား ပျက်စီးစေတတ်၏။ **အန္တရတော**– အတွင်းစိတ်မှ၊ **ဘယံ**– ကြောက်ဖွယ်ဘေးသည်၊ **ဇာတံ**– ဖြစ်ပေါ်လာ၏။ **တံ**– ထိုဒေါသ၏ ဆိုးကျိုးများကို၊ **ဇနော**– သတိမထား လူအများသည်၊ **နာဝဗုဇ္ဈတိ**– ထိုးထွင်းမသိနိုင်ပေ။

ဂုဏ်ကိုပြောကြားခြင်းနှင့်စပ်၍ ဗုဒ္ဓဟောကြားတော်မူအပ်သောတရား

ဗုဒ္ဓသည် အပြစ်ပြောဆိုခြင်းနှင့်စပ်၍ လိုက်နာကျင့်သုံးရမည့် တရားကို ဟောကြားတော်မူပြီးနောက် ဂုဏ်ကို ပြောကြားခြင်းနှင့် စပ်၍ လိုက်နာကျင့်သုံးရမည့်တရားကို အောက်ပါအတိုင်းဟောကြားတော်မူသည်။

"မမံ ဝါ ဘိက္ခဝေ ပရေ 'ဓမ္မဿဝါ သံဃဿဝါ ' ဝဏ္ဏံ ဘာသေယျုံ" *(ဒီ– ၁– ၃)*

ဘိက္ခဝေ– ချစ်သား ရဟန်းတို့၊ **ပရေ**– သူတပါးတို့သည်၊ **မမံဝါ**– ငါဗုဒ္ဓ၏ သော်လည်းကောင်း၊ **ဓမ္မဿဝါ**– တရားတော်၏ သော်လည်းကောင်း၊ **သံဃဿဝါ**– သံဃာတော်၏ သော်လည်းကောင်း၊ **ဝဏ္ဏံ**– ဂုဏ်ကို၊ **စေ ဘာသေယျုံ**– အကယ်၍ ချီးမွမ်းစကား ပြောကြားငြားအံ့။ တုမှေဟိ– သင်ချစ်သား ရဟန်းတို့သည်၊

(၁) **န အာနန္ဒော** – ပီတိဖြင့် နှစ်သက်ရွှင်ပြသော အမူအရာကို မပြကြလေနှင့်။
(၂) **န သောမနဿ** – ဝမ်းသာအားရ သောမနဿကို မပြကြလေနှင့်။
(၃) **န စေတသော ဥပ္ပိလာဝိတတ္တံ** – ဖူးတောင်းအသွင် ပေါ်လွင်လျက် စိတ်တကြွကြွ မဖြစ်ကြစေနှင့်။

(၄) အကယ်၍ ထိုသို့ ဖူးတောင်းအသွင် ပေါ်လွင်လျက် စိတ်တကြွကြွ ဖြစ်နေလျှင် သင်ချစ်သား ရဟန်းတို့မှာသာလျှင် ဈာန်, မဂ်, ဖိုလ် စသော တရားထူးကို မရနိုင်သော အန္တရာယ် ဖြစ်လေရာ၏။

(အထက်ဖော်ပြပါ ပီတိ, သောမနဿများသည် လောဘမှ သောမနဿနှင့် ယှဉ်သောကြောင့် အကုသိုလ် မှုဖြစ်နေ၍ တရားအားမထုတ်နိုင်၊ ဈာန်, မဂ်, ဖိုလ် မရနိုင် ဟုဆိုလိုသည်။)

အကုသိုလ်ပီတိနှင့် ကုသိုလ်ပီတိ

အခြားသော သုတ္တန်တရားတို့၌ 'ဗုဒ္ဓ, ဓမ္မ, သံဃာ' နှင့်စပ်၍ ပီတိဖြစ်ခြင်းကို ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ကေရာဇ်မင်း ဖြစ်ရသည်ထက် မြတ်၏ဟု ပီတိဖြစ်ခြင်းကို ချီးမွမ်း၍ ဟောကြားထားသည် မဟုတ်လော? ဟု စောဒနာဖွယ်ရှိ၏။ မှန်ပါသည်။ ဟောကြားတော်မူထားမှု ရှိပါသည်။ သို့ရာတွင် ထိုပီတိမျိုးသည် အကုသိုလ်ပီတိမျိုး မဟုတ်ပေ။ မဟာကုသိုလ် သောမနဿနှင့် ယှဉ်သောပီတိ၊ ကာမဂုဏ်မှ ထွက်မြောက်နိုင်သော ပီတိမျိုးဖြစ်၍ ထိုသို့ ချီးမွမ်းဟောကြားခြင်း ဖြစ်သည်။

ဤ၌ ပီတိကား စိတ်တကြွကြွ ဖြစ်သော လောဘမူ သောမနဿနှင့် ယှဉ်သော အကုသိုလ်ပီတိမျိုးဖြစ်၍ ထိုပီတိမျိုး မဖြစ်ကြစေနှင့်ဟု ဟောကြားတော်မူခြင်း ဖြစ်သည်။

(၅) ဘူတံ ဘူတတော ပဋိဇာနိတဗ္ဗံ- သူတစ်ပါးတို့က ဗုဒ္ဓ, ဓမ္မ, သံဃာတို့၏ ဂုဏ်ကို ပြောလာလျှင် စိတ်တကြွကြွ အကုသိုလ်ပီတိမျိုး မဖြစ်ကြစေဘဲနှင့် ဟုတ်မှန်သည်ကို ဟုတ်မှန်သော အနေအားဖြင့် ဝန်ခံပြောဆိုရမည်။

ဥပမာ- သင်တို့၏ ဗုဒ္ဓသည် 'သဗ္ဗညုတည်း' ဟု ပြောလျှင် ဤအကြောင်း ဤအကြောင်းကြောင့် သဗ္ဗညု ဟုတ်ကြောင်းကိုလည်းကောင်း၊ ဗုဒ္ဓဟောကြားသောတရားသည် 'ကောင်းစွာ ဟောကြားသော တရားတည်း' ဟု ပြောလာလျှင် ဟုတ်ပါသည်။ ဤအကြောင်း ဤအကြောင်းကြောင့် ကောင်းစွာ ဟောကြားသော တရားဖြစ်သည် ဟူ၍လည်းကောင်း၊ အရိယာ သံဃာတော်များသည် 'ကောင်းစွာကျင့်သော သံဃာတော်များ ဖြစ်သည်' ဟု ပြောကြားလာလျှင် ဟုတ်ပါသည်။ ဤအကြောင်း ဤအကြောင်းကြောင့် ကောင်းစွာကျင့်သော သံဃာတော်များ ဖြစ်သည်ဟူ၍လည်းကောင်း ဝန်ခံပြောဆိုရမည်။

ဤသို့ ဟုတ်မှန်သော အကြောင်းယုတ္တိပြ၍ ပြောဆိုခြင်းဖြင့် အလိုဆိုးမရှိသည့်အပြင် ဗုဒ္ဓသာသနာတော်၌ တကယ်ကျင့်လျှင် တကယ်တရားရနိုင်သည်ကို သိစေပါသည်။

(အကုသိုလ်လောဘနှင့် ယှဉ်သော ပီတိမျိုးကိုကား ဘယ်နည်းနှင့်မျှ အမှန်မခံသင့်ပေ။)

(၆) မှန်ပါသည်။ ဗုဒ္ဓလက်ထက် ဆန္ဒမထေရ်သည် 'ငါ့ဗုဒ္ဓ, ငါ့ဓမ္မ, ငါ့သံဃာ' ဟု အကုသိုလ် လောဘမူ သောမနဿနှင့်တွဲ၍ ပီတိဖြစ်နေသည့်အတွက် ဗုဒ္ဓသက်တော်ထင်ရှားရှိနေသရွေ့ ရာဂ, မာန်, ဒိဋ္ဌိ တရားမရဘဲ ဖြစ်ရလေသည်။ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုသောအခါ၌ သံဃာတော်များက ဗြဟ္မဒဏ် ပေးသည့်အတွက် သံဝေဂရပြီး ပီတိကိုချိုး၍ တရားအားထုတ်လေမှ တရားထူးရလေသည်။

(၇) ထို့ကြောင့် အကုသိုလ် လောဘမူ သောမနဿနှင့်တွဲသော ပီတိမျိုး မဖြစ်ကြစေနှင့်ဟု ဗုဒ္ဓဟောတော်မူခြင်း ဖြစ်သည်။ မှန်ပါသည်။ ဒေါသသည် ရာဂ, မာန်, ဒိဋ္ဌိတရားများကို တားသလို လောဘသည်လည်း ရာဂ, မာန်, ဒိဋ္ဌိတရားများကို တားပါသည်။

လောဘဖြစ်နေလျှင် အနက်အဓိပ္ပါယ်ကို မသိနိုင်ကြောင်းကိုလည်း ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

(၁) **လုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ လုဒ္ဓေါ ဓမ္မံ န ပဿတိ၊**
အန္ဓတမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ။

(၂) **အနတ္ထဇနနော လောဘော၊ လောဘော စိတ္တပ္ပကောပနော၊**
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။ *(အံ- ၂- ၄၇၁။ ခု- ၁- ၂၅၂။ ခု- ၇- ၁၂။ ခု- ၈- ၂၅၁)*

(၁) လုဒ္ဓေါ- လောဘသည်၊ **အတ္ထံ**- အနက်အဓိပ္ပါယ်ကို *(အကျိုးကို)*၊ **န ဇာနာတိ**- မသိနိုင်။ **ဓမ္မံ**- ပါဠိကို *(တရားကို)*၊ **န ပဿတိ**- မမြင်နိုင်။ **ယံ**- အကြင်အခါ၌၊ **လောဘော**- လောဘသည်၊ **နရံ**- လူကို၊ **သဟတေ**- လွှမ်းမိုး၏၊ **တဒါ**- ထိုအခါ၌၊ **လောဘော**- လောဘသည်၊ **အန္ဓတမံ**- ပညာစက္ခုကန်းအောင် ပြုတတ်သော အမိုက်အမှောင်သည်၊ **ဟောတိ**- ဖြစ်၏။

(၂) **လောဘော**- လောဘသည်၊ **အနတ္ထဇနနော**- အကျိုးမဲ့ကို ဖြစ်စေတတ်၏၊ **စိတ္တပ္ပကောပနော**- စိတ်ကို ခြောက်ခြားပျက်စီးစေတတ်၏၊ **အန္တရတော**- အတွင်းစိတ်မှ၊ **ဘယံ**- ကြောက်ဖွယ်ဘေးသည်၊ **ဇာတံ**- ဖြစ်ပေါ်လာ၏၊ **တံ**- ထိုလောဘ၏ ဆိုးကျိုးများကို၊ **ဇနော**- သတိမထား လူအများသည်၊ **နာဝဗုဇ္ဈတိ**- ထိုးထွင်း၍ မသိနိုင်ပါပေ။

ဓမ္မနေတ္တိ အတွက် ဟောတော်မူရသည်။

(၁) ထိုပြဗြဟ္မဇာလသုတ်တရားကို နာကြားကြသော ရဟန်းသံဃာတော် ငါးရာတို့သည် ရဟန္တာများချည်း ဖြစ်ကြသောကြောင့် **'ဒေါသ, အာဃာတ, ဒေါမနဿ, လောဘ'**များ မရှိကြတော့ပါ။ ထိုသို့ပင် မရှိကြသော်လည်း နောင်အခါ၌ အမျိုးကောင်းသားတို့အတွက် ဤကဲ့သို့ ရတနာသုံးပါးကို ကဲ့ရဲ့ပြစ်တင်ရာ၌ လည်းကောင်း၊ ဂုဏ်ကို ချီးမွမ်းစကား ပြောကြားရာ၌ လည်းကောင်း အကုသိုလ်မဖြစ်စေရန် ဗုဒ္ဓသည် **'ဓမ္မနေတ္တိ- တရားတည်းဟူသော နည်းဥပဒေသ'**ကို ထားတော်မူခြင်း ဖြစ်လေသည်။ ရတနာသုံးပါးနှင့်စပ်၍ အကုသိုလ် မဖြစ်အောင် ညွှန်ပြခြင်းဖြင့် အောက်တန်းကျသော မိမိ၏ 'အပြစ်, ဂုဏ်'တို့ကို ပြောဆိုရာ၌ကား သာ၍ပင် အကုသိုလ် မဖြစ်စေလိုသော **'ဓမ္မနေတ္တိ'** သဘောသည်လည်း ထင်ရှားလျက်ရှိနေပေသည်။ *(သီလက္ခန် ဋီကာသစ် ပအုပ်- ၂၂၀)*

(၂) အထက်ပါ ဒေသနာတော်အရ မည်သည့်နည်းဖြင့်ဖြစ်စေ မိမိနှင့်တကွ မိမိနှင့် ဆက်နွယ်ရာ၊ ဆက်စပ်ရာတို့၌ အပြစ်နှင့် ဂုဏ်များကို ပြောကြားလာလျှင် အမျက်ထွက်ခြင်း ဒေါသကိုလည်းကောင်း၊ စိတ်တကြွကြွဖြစ်ခြင်း လောဘမှု သောမနဿနှင့်ယှဉ်သော ပီတိကိုလည်းကောင်း မဖြစ်အောင် အထူးရှောင်ကြဉ်ကြရမည် ဖြစ်သည်။ **ထိုဒေါသနှင့် လောဘ ပီတိကို အထူးရှောင်ကြဉ်မှုကိုလည်း ပြုကြပါကုန်လော့။**

ဗြဟ္မဇာလသုတ်ကို ဟောတော်မူရန် အခြေမြိုးပြီ

ရှင်တော်ဗုဒ္ဓသည် အပြစ်ပြောခြင်း၊ ဂုဏ်ပြောခြင်းတို့၌ ပြုကျင့်ရမည့် **'ဓမ္မနေတ္တိ'** သဘောကို ဟောကြားတော်မူပြီးနောက် ဗြဟ္မဇာလသုတ်ကို ဆက်၍ ဟောတော်မူလေသည်။ ဗြဟ္မဇာလသုတ်ကို ဟောတော်မူရာ၌-

(၁) **စူဠသီလကို** လည်းကောင်း၊

(၂) **မဇ္ဈိမသီလကို** လည်းကောင်း၊

(၃) **မဟာသီလကို** လည်းကောင်း

(၄) **(၆၂)ပါးသော ဒိဋ္ဌိတို့ကို** လည်းကောင်း အစဉ်အတိုင်း ဟောတော်မူလေသည်။

ထိုလေးမျိုးအနက် 'စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ'တို့ကိုကား ဗြဟ္မဒတ်လုလင်၏ ဂုဏ်ကိုပြောဆိုမှုနှင့်စပ်၍ ဟောတော်မူလေသည်။

(၆၂)ပါးသော ဒိဋ္ဌိတို့ကို သုညတဝါရဟူ၍လည်း ခေါ်သည်။ မှန်ပါသည်။ (၆၂)ပါးသော ဒိဋ္ဌိတို့သည် ဘာမျှမဟုတ်၊ ဘာမျှမရှိ၊ သုညချည်းဟု ပြသောကြောင့် **'သုညတ ပကာသန- သုညအဖြစ်ပြခန်း'** ဟု ခေါ်သည်။

ထိုသို့ (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိဓါတ်တို့သည် တကယ်မဟုတ်၊ တကယ်မရှိသည့်အတွက် သုညချည်း ဖြစ်နေကြောင်းကိုလည်း သဗ္ဗညုတဉာဏ်တော်ဖြင့်သာ သိရသောကြောင့် **သဗ္ဗညုတဉာဏ်ပြခန်း** ဟူ၍လည်းခေါ်သည်။ ထို (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို ဟောတော်မူခြင်းသည် ရဟန်းတော်တို့၏ သဗ္ဗညုတဂုဏ်တော် ပြောကြားခြင်းနှင့်စပ်၍ ဟောတော်မူခြင်း ဖြစ်လေသည်။

အပ္ပမတ္တကံ ခေါ ပနေတံ ဘိက္ခဝေ ဩရမတ္တကံ သီလမတ္တကံ ယေန ပုထုဇ္ဇနော တထာဂတဿ ဝဏ္ဏံ ဝဒမာနော ဝဒေယျ။ *(ဒီ- ၁- ၃)*

ဘိက္ခဝေ- ရဟန်းတို့ **ပုထုဇ္ဇနော-** ပုထုဇဉ်သည် **တထာဂတဿ-** တထာဂတ၏ *(ဗုဒ္ဓ၏)* **ဝဏ္ဏံ-** ဂုဏ်ကို၊ **ဝဒမာနော-** ပြောဆိုခဲ့လျှင်၊ **အပ္ပမတ္တကံ-** အနည်းငယ်သာဖြစ်သော *(နိမ့်ကျသော)* **သီလမတ္တကံ-** သီလမျှဖြင့်သာ၊ **ဝဒေယျ-** ပြောဆိုနိုင်ရာ၏။

အထက်ပါပါဠိတော်သည် ဗြဟ္မဇာလသုတ်တော်ကို စတင်ဟောဘို့ရာ အခြေမြိုးလိုက်ခြင်း ဖြစ်လေသည်။

အနုသန္ဓေစကား

အနုသန္ဓေဟူသည် ရှေးစကားနှင့် နောက်စကားကို ဆက်စပ်ပြသော စကားဖြစ်သည်။ အထက်ပါ **အပ္ပမတ္တကံ ခေါ** စသောစကားသည် ထိုကဲ့သို့ အနုသန္ဓေစကားမျိုး ဖြစ်သည်။

မှန်ပါသည်။ ဤဗြဟ္မဇာလသုတ်သည် **'ဝဏ္ဏ, အဝဏ္ဏ'** ဂုဏ်ပြောခြင်း, အပြစ်ပြောခြင်းနှင့်စပ်သော သုတ္တန်တရားဖြစ်သည်။ ထိုနှစ်ပါးတို့တွင် **'အဝဏ္ဏ'** အပြစ်ပြောရာ၌ ဤအကြောင်း ဤအကြောင်းကြောင့်လည်း သင်ပြောသော အပြစ်မျိုးသည် 'ဗုဒ္ဓ, ဓမ္မ, သံဃာ'တို့၌မရှိဟု ပြောဆိုနည်းကို ဟောတော်မူပြီးဖြစ်၍ တောက်နေသောမီးသည် နိုင်နင်းရေဖြင့် ငြိမ်းဆုံးသကဲ့သို့ အဝဏ္ဏ ခေါ် အပြစ်ပြောခြင်းသည်လည်း နောက်ထပ်အကျယ်ချဲ့၍ ပြောစရာမလိုတော့ပဲ ပြီးဆုံးခဲ့လေပြီ။

'ဝဏ္ဏ'ဂုဏ်ကို ပြောဆိုရာ၌ ဤအကြောင်း ဤအကြောင်းကြောင့်လည်း သင်ပြောသောဂုဏ်သည် 'ဗုဒ္ဓ, ဓမ္မ, သံဃာ'တို့၌ ရှိပေသည်ဟု ဝန်ခံပြောဆိုရာ၌ကား ပြီးဆုံးခြင်းမရှိ ဆက်ရန်ရှိနေလေသည်။

ထိုသို့ ဂုဏ်ကို ပြောဆိုရာ၌-

(၁) ပြဟ္မဒတ်လုလင်က ပြောဆိုသော ဗုဒ္ဓဂုဏ်၊

(၂) ရဟန်းသံဃာတော်များက ပြောဆိုသော ဗုဒ္ဓဂုဏ်ဟူ၍ နှစ်မျိုးရှိလေသည်။ ထိုနှစ်မျိုးလုံးနှင့်စပ်၍ ဗုဒ္ဓသည် ဆက်၍ ဟောကြားတော်မူလေသည်။ *(ရဟန်းသံဃာတော်များ ပြောဆိုသောဂုဏ်နှင့်စပ်၍ သုညတ ပကာသနခန်း၌ ပြပေလိမ့်မည်။)*

ရှေးဦးစွာ ပြဟ္မဒတ်လုလင်က ပြောဆိုသော ဗုဒ္ဓဂုဏ်နှင့်စပ်၍ ဟောကြားတော်မူလိုသောကြောင့် ဗုဒ္ဓသည် **'အပ္ပမတ္တကံ ခေါ်ပနေတံ ဘိက္ခဝေ'** စသည်ဖြင့် အနုသန္ဓေစကားကို စတင်မိန့်ကြားတော်မူခြင်းဖြစ်လေသည်။

ပုထုဇဉ်တို့ ပြောဆိုနိုင်သောဂုဏ်

(၁) ဤပြဟ္မဇာလသုတ္တန် ဒေသနာတော်တွင် ဗုဒ္ဓဂုဏ်ကို ဖော်ထုတ်ရာ၌ **'သီလ, သမာဓိ, ပညာ'** သုံးပါးသောဂုဏ်တို့ဖြင့် ဖော်ထုတ်ထားလေသည်။

(၂) ဗုဒ္ဓဂုဏ်ကို ချီးမွမ်းပြောဆိုသော ပြဟ္မဒတ်လုလင်သည် အရိယာမဟုတ်ပေ။ ပုထုဇဉ် ဖြစ်လေသည်။ သို့ဖြစ်၍ **'ပုထုဇ္ဇနော'** ဟု ပါဠိတော်တွင် မိန့်ဆိုထားလေသည်။

(၃) ဤ၌ ဗုဒ္ဓက **'ငါ၏ ဂုဏ်'** ဟု မသုံးဘဲနှင့် *(မမ ဂုဏေသာ ငါ၏ကိုယ်စား)* **'တထာဂတ'** ဟူ၍ အသုံးပြုလေသည်။ **'တထာဂတ'** ဟု ဆိုလျှင် **'ဗုဒ္ဓကို ပြောတာပဲ'** ဟူ၍ သိမှတ်ထားရမည် ဖြစ်သည်။

(၄) ဋီကာသစ်, ဋီကာဟောင်းတို့က သီလနှင့်စပ်၍ ရှင်းပြရာတွင် သီလသည် **'ပါတိမောက္ခသံဝရ သီလ, အာဇီဝပါရိသုဒ္ဓိ သီလ, ပစ္စယသန္နိဿိတ သီလ, ဣန္ဒြိယသံဝရ သီလ'** ဟူ၍ လေးမျိုးရှိလေသည်။

(၅) ထိုလေးမျိုးတို့တွင် ပြဟ္မဇာလသုတ်၌ **'ပါတိမောက္ခသံဝရ သီလ, အာဇီဝပါရိသုဒ္ဓိ သီလ'** ဟူ၍ နှစ်မျိုးသာ ပါရှိလေသည်။ ထိုနှစ်မျိုးသည် အာစာရသီလမျှသာ ဖြစ်သည်။ ကျန်နှစ်မျိုး မပါရှိပေ။

(၆) ပုထုဇဉ်သည် တထာဂတအား သီလဂုဏ်အားဖြင့် ချီးမွမ်းကြရာ၌ လေးမျိုးလုံးနှင့်ပင် မချီးမွမ်းနိုင်ဘဲ နှစ်မျိုးလောက်ဖြင့်သာ အစွမ်းကုန်အားထုတ်၍ ချီးမွမ်းနိုင်သောကြောင့် ထိုချီးမွမ်းခြင်းသည် အနည်းငယ်သော, သေးငယ်သော အာစာရသီလမျှဖြင့်သာ တထာဂတဂုဏ်ကို ပြောဆိုနိုင်ပေသည်ဟု ဗုဒ္ဓ မိန့်ကြားတော်မူခြင်း ဖြစ်သည်။

သီလနှင့်စပ်၍ ဟောကြားသော တရားများ

ဤ၌ စောဒနာဖွယ်ရှိသည်ကား များစွာသော သုတ္တန်တို့၌ သီလနှင့်စပ်၍ ချီးမွမ်းဟောကြားထားသည် မဟုတ်လော? ဟူ၍ စောဒနာဖွယ် ရှိလေသည်။ မှန်ပါသည်။ ဟောကြားတော်မူထားပါသည်။ ရှေးက ဆရာတော်များသည် အောက်ပါအတိုင်း ဟောကြားတော်မူထားပေသည်။

သီလံ ယောဂိဿ လင်္ကာရော၊ သီလံ ယောဂိဿ မဏ္ဍနံ၊

သီလေဟိ လင်္ကတော ယောဂီ၊ မဏ္ဍနေ အဂ္ဂတံ ဂတော။ *(ဒီ ဋ- ၁- ၅၅)*

သီလံ- သီလသည်၊ **ယောဂိဿ**- ယောဂီပုဂ္ဂိုလ်၏၊ **အလင်္ကာရော**- တန်ဆာသည်၊ **သီလံ**- သီလသည်၊ **ယောဂိဿ**- ယောဂီပုဂ္ဂိုလ်၏၊ **မဏ္ဍနံ**- နိမ့်ရာအရပ်ကို ဖို့သိပ်ကြောင်းဖြစ်သော နံ့သာတည်း။ **သီလေဟိ**- သီလတို့ဖြင့်၊ **အလင်္ကတော**- တန်ဆာဆင်အပ်သော၊ **ယောဂီ**- ယောဂီပုဂ္ဂိုလ်သည်၊ **မဏ္ဍနေ**- သီလရတနာ တန်ဆာဟူသော အကြောင်းကြောင့်၊ **အဂ္ဂတံ**- မြတ်သောပုဂ္ဂိုလ်၏ အဖြစ်သို့၊ **ဂတော**- ရောက်ရပြီ။

ဤဒေသနာတော်အရ လူတို့၌ ရွှေ, ငွေ, စိန်, ကျောက်, ပုလဲ, အဝတ်အထည်စသော တန်ဆာများသည် မြတ်နိုးအပ်သော တန်ဆာများ ဖြစ်သကဲ့သို့ သီလတည်းဟူသော တန်ဆာသည် ထို့ထက်မြတ်နိုးအပ်သော တန်ဆာဖြစ်သည်။ ထို့ကြောင့် **သီလတည်းဟူသော ရတနာကို ဆင်မြန်းကြပါကုန်လော့။**

ဗုဒ္ဓကိုယ်တော်တိုင်လည်း သီလနှင့်စပ်၍ များစွာသော သုတ်တို့၌ အောက်ပါအတိုင်း ချီးမွမ်းဟောကြားထားလေသည်။

(၁) **အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု သဗြဟ္မစာရီနံ ပိယောစဿံ မနာပေါစ ဂရုစ ဘာဝနီယောစာတိ သီလေသွေဝဿ ပရိပူရကာရီတိစ။** *(မ- ၁- ၃၉)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဘိက္ခု**- ရဟန်းသည်၊ **သဗြဟ္မစာရီနံ**- သီတင်းသုံးဖော်တို့၏၊ **ပိယောစ**- မေတ္တာစိတ်ဖြင့် ချစ်အပ်သောသူသည် လည်းကောင်း၊ **မနာပေါစ**- မြတ်နိုးအပ်သူသည် လည်းကောင်း၊ **ဂရုစ**- အလေးပြုအပ်သူသည် လည်းကောင်း၊ **ဘာဝနီယောစ**- ထင်စွာဖြစ်သော ချီးမွမ်းအပ်သူသည် လည်းကောင်း၊ **စအေဿံ**- အကယ်၍ ဖြစ်လိုအံ့၊ **သီလေသွေဝ**- သီလတို့၌သာလျှင်၊ **ပရိပူရကာရီ**- ပြည့်စုံအောင် ပြည့်ကျင့်လေ့ရှိသည်၊ **အဿ**- ဖြစ်ရာ၏၊ **ဣတိစ**- ဤသို့လည်းကောင်း။

ဤဒေသနာတော်အရ အကျင့်သီလနှင့် ပြည့်စုံသူကို သီတင်းသုံးဖော်တို့က ချစ်ခင်ကြသည်၊ မြတ်နိုးကြသည်၊ အလေးထားကြသည်၊ ချီးမွမ်းကြသည်၊ ထို့ကြောင့် **သီလသိက္ခာနှင့် ပြည့်စုံအောင် အားထုတ်ကြပါကုန်လော့။**

(၂) **ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ**
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ၊
တထေဝ သီလံ အနုရက္ခမာနာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါတိစ။ *(ဝိသုဒ္ဓိ- ၁- ၃၄)*

ကိကီ- ယစ်မသည်၊ **အဏ္ဍံ**- ဥကို၊ **ရက္ခတိဣဝ**- စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ **စမရီ**- စမရီမည်သော သားကောင်သည်၊ **ဝါလဓိံ**- မြီးဆံကို၊ **ရက္ခတိဣဝ**- စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ **ပိယံ**- ချစ်အပ်သောသားကို၊ **ရက္ခတိဣဝ**- စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ **ဧကကံ**- တစ်ဘက်သော၊ **နယနံ**- မျက်လုံးကို၊ **ရက္ခတိဣဝ**- စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ **တထေဝ**- ထို့အတူသာလျှင်၊ **သီလံ**- သီလကို၊ **အနုရက္ခမာနော**- အစဉ်စောင့်ရှောက်ကြကုန်လျက်၊ **သုပေသလာ**- သီလကို ချစ်တတ်သူတို့သည်၊ **သဒါ**- အခါခပ်သိမ်း၊ **သဂါရဝါ**- ရိုသေလေးစားခြင်း ရှိကြသူတို့သည်၊ **ဟောထ**- ဖြစ်ကြကုန်လော့၊ **ဣတိစ**- ဤသို့လည်းကောင်း။

ဤဒေသနာတော်အရ ယစ်မသည် အသက်ကို အသေခံ၍ မိမိ၏ဥကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ စမရီမည်သော သားကောင်သည် အသက်ကို အသေခံ၍ မိမိ၏ မြီးဆံကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ ရဟန်း, ရှင်, လူ, သီလရှင်အပေါင်းတို့သည် မိမိအသက်ပင် ဆုံးရှုံးစေဦးတော့။ အကျင့်သိက္ခာကို မဖျက်မူ၍ စောင့်ရှောက်မှု ပြုကြပါကုန်လော့။

မိဘတို့သည် မိမိတို့၏ သားသမီးရတနာလေးတွေကို ချစ်မြတ်နိုးသကဲ့သို့ ရဟန်း, ရှင်, လူ, သီလရှင်တို့သည် အကျင့်သီလကို ချစ်မြတ်နိုးကြပါကုန်လော့။

မျက်လုံးတစ်ဘက်သာ ရှိသောသူသည် ထိုမျက်လုံးကို အထူးဂရုတစိုက် စောင့်ရှောက်ကြသကဲ့သို့ ရဟန်း, ကိုရင်, သီလရှင်နှင့် လူအပေါင်းတို့သည် သီလကို အထူးဂရုစိုက်၍ စောင့်ရှောက်ကြပါကုန်လော့။

ရဟန်း, ကိုရင်, သီလရှင်, လူအပေါင်းတို့သည် သီလကို ချစ်မြတ်နိုးတတ်ကြကုန်သည်ဖြစ်၍ အခါခပ်သိမ်း သီလကို ရိုသေလေးစားစွာ စောင့်ရှောက်ကြပါကုန်လော့။

(၃) **နပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊**
နစန္ဒနံ တဂ္ဂရ မလ္လိကာဝါ၊
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊
သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ။ *(ခု- ၁- ၂၁။ အံ- ၁- ၂၂၇။ ခု- ၁၁- ၃၁၇)*

ပုပ္ဖဂန္ဓော- ပန်းတို့၏ အနံ့သည်၊ **ပဋိဝါတံ**- လေညာသို့၊ **နဧတိ**- မရောက်၊ **စန္ဒနံ**- စန္ဒကူးနံ့သည်လည်းကောင်း၊ **တဂ္ဂရ မလ္လိကာဝါ**- တောင်ဇလပ်ပန်းနံ့ , ကြက်ရုံးပန်းနံ့သည်လည်းကောင်း၊ **ပဋိဝါတံ**- လေညာသို့၊ **နဧတိ**- မရောက်။ **သတံ**- သူတော်ကောင်းတို့၏၊ **ဂန္ဓောစ**- သီလနှင့်စပ်၍ ချီးမွမ်းအပ်သော ကျော်စောနံ့သည်သာ၊ **ပဋိဝါတံ**- လေညာသို့ **ဧတိ**-ရောက်နိုင်၏။ **သပ္ပုရိသော**- သူတော်ကောင်းသည်၊ **သဗ္ဗာ**- အလုံးစုံကုန်သော၊ **ဒိသာ**- လေအောက်, လေညာ အရပ်မျက်နှာတို့သို့၊ **ပဝါယတိ**- သင်းပျံ့မွှေးကြိုင် ပျံ့နှံ့လိုင်၏။

ဤဒေသနာတော်အရ ဤလူ့လောက၌ လူတို့တန်ဖိုးထားအပ်သော, မြတ်နိုးအပ်သော, အလွန်မွှေးကြိုင်သော ပန်းမျိုးစုံတို့၏ မွှေးရနံ့မျိုးစုံတို့သည် အပြောက်အများ ရှိကြလေသည်။ ထိုပန်းအနံ့များသည် မည်မျှပင် မွှေးကြိုင်စေကာမူ လေအောက်အနီးအနား တပိုက်ကိုသာ အမွှေးနံ့ပေးနိုင်လေသည်။ အလှမ်းကွာဝေးသော အရပ်သို့ကား မရောက်နိုင်ပေ။ ထိုအမွှေးနံ့သည် လေညာကို ဆန်တက်၍ မွှေးနံ့ပေးရန်ကိုကား လုံးဝပေးနိုင်စွမ်း မရှိတော့ပေ။

သူတော်ကောင်းတို့၏ သီလသိက္ခာနှင့် ပြည့်စုံမှုတည်းဟူသော အမွှေးနံ့သည်ကား လေအောက်လေညာ အထက်အရပ် အစရှိသော အရပ်မျက်နှာ အသီးသီးသို့ အနီးရော, အဝေးရော, အလွန်အလှမ်းဝေးသော အရပ်သို့ရော ရောက်ရှိနိုင်သော စွမ်းရည်သတ္တိ ရှိလေသည်။ ထို့ကြောင့် ထိုသို့သော စွမ်းရည်သတ္တိနှင့် ပြည့်စုံသော သီလကို လုံခြုံအောင် စောင့်ထိန်းမှု ပြုကြပါကုန်လော့။

(၄) **စန္ဒနံ တဂရံဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ၊**
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။ *(ခု- ၁- ၂၁)*

စန္ဒနံ– စန္ဒကူးနံ့သည်လည်းကောင်း၊ **တဂရံဝါပိ**– တောင်ဇလပ်ပန်းနံ့သည်လည်းကောင်း၊ **ဥပ္ပလံ**– ကြာဖြူ, ကြာနီ, ကြာညို ပန်းနံ့သည်လည်းကောင်း၊ **ဝဿိကီ**– မြတ်လေးပန်းနံ့သည်လည်းကောင်း၊ **အတ္ထိ**– ရှိ၏။ **ဧတေသံ ဂန္ဓဇာတာနံ**– ဤအမျိုးမျိုးသော ပန်းနံ့တို့ထက်၊ **သီလဂန္ဓော**– သီလနှင့်စပ်၍ ချီးမွမ်းအပ်သော ကျော်စောနံ့သည်၊ **အနုတ္တရော**– အမြတ်ဆုံးတည်း။

ဤဒေသနာတော်အရ ပန်းသည်လည်းကောင်း၊ ပန်းအနံ့သည်လည်းကောင်း မည်မျှပင် အဖိုးတန်ခြင်း၊ မွှေးကြိုင်ခြင်း ရှိနေပါစေ၊ တစ်ခဏမျှသာတည်း။ သီလတည်းဟူသော အနံ့သည်ကား သက်ရှိထင်ရှား ရှိစဉ်မှာလည်းကောင်း၊ ကွယ်လွန်သွားသော်လည်းကောင်း ထင်ရှားကျော်စောလျက် ရှိနေလေသည်။ ပန်းနှင့် ပန်းအနံ့တို့သည် နတ်ရွာသုဂတိ နိဗ္ဗာန်သို့ မပို့နိုင်ပေ။ သီလအနံ့သည် နတ်ရွာသုဂတိ နိဗ္ဗာန်သို့တိုင် ပို့ပေးနိုင်လေသည်။ **ထို့ကြောင့် သီလအနံ့သည် အတုမရှိသော ကောင်းသောအနံ့ ဖြစ်သည်။ ထိုကဲ့သို့သော သီလအနံ့မျိုး ဖြစ်နေအောင် ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။**

(၅) **အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရ စန္ဒနံ၊**
ယောစ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

ယောအယံ– အကြင် တောင်ဇလပ်ပန်း, စန္ဒကူးပန်းအနံ့သည်၊ **အတ္ထိ**– ရှိ၏။ **အယံ ဂန္ဓော**– ဤပန်းအနံ့သည်၊ **အပ္ပမတ္တော**– အနည်းငယ်မျှသာတည်း။ **သီလဝတံ**– သီလရှိသော ပုဂ္ဂိုလ်၏၊ **ဂန္ဓောစ**– ချီးမွမ်းအပ်သော ကျော်စောနံ့သည်ကား၊ **ဒေဝေသု**– နတ်, လူတို့၌၊ **ဥတ္တမော**– သင်းပျံ့လှိုင်၍ မြင့်မြတ်ပေ၏။ **ဝါတိစ**– ဤသို့လည်းကောင်း။

ဤဒေသနာတော်အရ လူ့ပြည်က ပန်းအနံ့သည် နတ်ပြည်သို့ ရောက်အောင် မတက်နိုင်သကဲ့သို့ နတ်ပြည်က နတ်ပန်းအနံ့တို့သည်လည်း လူ့ပြည်သို့ ဆင်းမလာနိုင်ပေ။ သီလအနံ့သည်ကား လူ့ပြည်တွင်မက နတ်ပြည်, ဗြဟ္မာ့ပြည်တိုင်အောင်ပင် တက်၍ မွှေးကြိုင်နိုင်သောကြောင့် အလွန်ပင် မြင့်မြတ်လှပေသည်။ **ထို့ကြောင့် အကျင့်သီလသိက္ခာနှင့် အမြဲတမ်း ပြည့်စုံသူဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၆) **တေသံ သမ္ပန္နသီလာနံ၊ အပ္ပမာဒ ဝိဟာရိနံ၊**
သမ္မဒညာ ဝိမုတ္တာနံ၊ မာရော မဂ္ဂံ နဝိန္ဒတိ။ *(ခု- ၁- ၂၁)*

သမ္ပန္နသီလာနံ– ပြည့်စုံသော သီလရှိကုန်သော၊ **အပ္ပမာဒ ဝိဟာရိနံ**– မမေ့မလျော့ နေထိုင်လေ့ရှိကြကုန်သော၊ **သမ္မာ**– သင့်သောအကြောင်းအားဖြင့်၊ **အညာ**– သိပြီး၍၊ **ဝိမုတ္တာနံ**– ငါးပါးသော ဝိမုတ္တိတို့ဖြင့် ကိလေသာတို့မှ လွတ်ပြီးကြကုန်သော၊ **တေသံ**– ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏၊ **မဂ္ဂံ**– သွားအပ်သော လမ်းကြောင်းကို၊ **မာရော**– မာရ်နတ်သည်၊ **မဂ္ဂံ မဂ္ဂန္တောပိ**– အစွမ်းကုန် ရှာပါသော်လည်း၊ **နဝိန္ဒတိ**– မသိမမြင်နိုင်ပေ။

ဤဒေသနာတော်အရ သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မမေ့မလျော့ တရားအားထုတ်ပါက ရဟန္တာအထိ ဖြစ်နိုင်လေသည်။ ရဟန္တာအရှင်မြတ် ပရိနိဗ္ဗာန်ပြုသောအခါ မာရ်နတ်မင်းသည် (၃၁) ဘုံအတွင်း၌ ဘယ်လိုပင် ရှာဖွေပါသော်လည်း မသိမမြင်နိုင်ပေ။

ထို့ကြောင့် ရဟန္တာဖြစ်အောင် အထောက်အကူ ဖြစ်နိုင်သော သီလစွမ်းရည်ကို သဘောပေါက်ပြီး သီလနှင့်အမြဲတန်း ပြည့်စုံသူဖြစ်အောင် ကြိုးစားအားထုတ်သူ ဖြစ်ကြပါကုန်လော့။

(၇) **သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ၊**
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံန္တိ။ *(သံ- ၁- ၁၃)*

သပညော- တိဟိတ် ပဋိသန္ဓေ ကမ္မဇပညာလည်းရှိသော၊ **အာတာပီ**- ကိလေသာတို့ကို လွန်စွာလောင်မြိုက်တတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယလည်းရှိသော၊ **နိပကော**- ရင့်ကျက်သော ပါရိဟာရိယပညာလည်းရှိသော၊ **နရော**- လူဟုဆိုအပ်သော၊ **ဘိက္ခု**- ရဟန်းသည်၊ **သီလေ**- စတုပါရိသုဒ္ဓိသီလ၌၊ **ပတိဋ္ဌာယ**- တည်ပြီး၍၊ **စိတ္တဉ္စ**- သမာဓိစိတ်ကိုလည်းကောင်း၊ **ပညဉ္စ**- ဝိပဿနာ ပညာကိုလည်းကောင်း၊ **ဘာဝယန္တော**- အရဟတ္တဖိုလ်ရောက်အောင် ပွားများလတ်သည် ရှိသော်၊ **ဣမံ ဇဋံ**- ဤတွင်းပ ယှက်မြွေး တဏှာတည်းဟူသော အရှုပ်အထွေးကို၊ **ဝိဇဋယေ**- ဖြေရှင်းနိုင်ရာ၏။

ဤဒေသနာတော်အရ လူ့လောကကြီး၌ အတွင်း၌လည်းကောင်း၊ အပြင်၌လည်းကောင်း ဖြေရှင်းမရအောင် ပြဿနာများ ရှုပ်ထွေးလျက်ရှိသည်။ ထိုပြဿနာများကို သာမညပုဂ္ဂိုလ်တို့ ဖြေရှင်းနိုင်မည် မဟုတ်ပေ။ **သီလ၌ စွဲမြဲစွာတည်ပြီး သမာဓိကြီးသူ၊ ဉာဏ်ပညာကြီးသူတို့သာ ဖြေရှင်းနိုင်ပေလိမ့်မည်။ ထို့ကြောင့် သီလ၌တည်မြဲသူ ဖြစ်အောင် ကြိုးစားအားထုတ်မှု ပြုကြပါကုန် လော့။**

(၈) သေယျထာပိ ဘိက္ခဝေ ယေကေစိ ဗီဇဂါမ ဘူတဂါမာ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇန္တိ၊ သဗ္ဗေ တေ ပထဝိံ နိဿာယ ပထဝိယံ ပတိဋ္ဌာယ ဧဝမေဝ ခေါ ဘိက္ခဝေ သီလံ နိဿာယ သီလေ ပတိဋ္ဌာယ သတ္တဗောဇ္ဈင်္ဂေ ဘာဝေန္တော ဗဟုလီကရောန္တော ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ ပါပုဏာတိ ဓမ္မေသူတိ။ *(သံ- ၃- ၁၃၉)*

ဘိက္ခဝေ- ချစ်သားတို့၊ **သေယျထာပိ**- ဥပမာမည်သည်ကား၊ **ယေကေစိ**- အကြင်အမှတ်မရှိ ကြွင်းမဲ့ဉသုံ အလုံးစုံကုန်သော၊ **ဗီဇဂါမ ဘူတဂါမာ**- ဗီဇဂါမ် ဘူတဂါမ်တို့သည် *(သစ်ပင်မျိုးစေ့တို့သည်)*၊ **အတ္ထိ**- သန္တိ- ရှိကုန်၏၊ **သဗ္ဗေ**- အလုံးစုံကုန်သော၊ **တေ**- ထိုသစ်ပင်မျိုးစေ့တို့သည်၊ **ပထဝိံ**- မြေကြီးကို၊ **နိဿာယ**- မှီ၍၊ **ပထဝိယံ**- မြေကြီး၌၊ **ပတိဋ္ဌာယ**- တည်၍၊ **ဝုဍ္ဎိံ**- ကြီးပွါး ခြင်းသို့၊ **ဝိရူဠှိံ**- စည်ပင်ခြင်းသို့၊ **ဝေပုလ္လံ**- ပြန့်ပြောခြင်းသို့၊ **အာပဇ္ဇန္တိ**- ရောက်ကြကုန်၏။ **ဘိက္ခဝေ**- ရဟန်းတို့၊ **ဧဝမေဝ**- ဤ အတူသာလျှင်၊ **ဘိက္ခု**- ရဟန်းသည်၊ **သီလံ**- သီလကို၊ **နိဿာယ**- မှီ၍၊ **သီလေ**- သီလ၌၊ **ပတိဋ္ဌာယ**- တည်၍၊ **သတ္တဗောဇ္ဈင်္ဂေ**- ခုနစ်ပါးကုန်သော ဗောဇ္ဈင်တို့ကို၊ **ဘာဝေန္တော**- ပွါးစေလတ်သော်၊ **ဗဟုလီကရောန္တော**- အဖန်ဖန်ပွါးများလတ်သော်၊ **ဓမ္မေသု**- ဗောဓိပက္ခိယတရား (၃၇)ပါးတို့၌၊ **ဝုဍ္ဎိံ**- ကြီးပွါးခြင်းသို့၊ **ဝိရူဠှိံ**- စည်ပင်ခြင်းသို့၊ **ဝေပုလ္လံ**- ပြန့်ပြောခြင်းသို့၊ **ပါပုဏာတိ**- ရောက်၏၊ **ဣတိ စ**- ဤသို့လည်းကောင်း၊

ဤဒေသနာတော်အရ သစ်ပင်နှင့် မျိုးစေ့တို့သည် မြေကြီးကို အမှီပြု၍ ရှင်သန်, ကြီးပွါး, စည်ပင်ခြင်းသို့ ရောက်ရှိသကဲ့သို့ ဗုဒ္ဓသာသနာတော်၌ သီလကို အမှီပြု၍ ဗောဓိပက္ခိယတရားများကို ပွါးများ၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူသော အရိယာအဖြစ်သို့ ရှင်သန်, ကြီးပွါး, စည်ပင်ခြင်းသို့ ရောက်ရှိနိုင်ကြပေသည်။ **ထို့ကြောင့် ရဟန်း, ကိုရင်, သီလရှင်, လူအပေါင်းတို့ သည် မိမိဆိုင်ရာ သီလကို လုံခြုံအောင် စောင့်ထိန်းမှု ပြုကြပါကုန်လော့။**

သီလကို အနည်းငယ်မျှသာဟူ၍ ဟောရကြောင်း

ရှင်တော်ဗုဒ္ဓသည် အထက်ပါအတိုင်း များစွာသော သုတ်တို့၌ သီလကို ချီးမွမ်းထားပါလျက် ဤဗြဟ္မဇာလသုတ်၌ သီလကို '**အပ္ပမတ္တကံ**- အနည်းငယ်မျှသာတည်း' ဟူ၍ အဘယ့်ကြောင့် ဟောတော်မူရသနည်း? ဟူမူ-

(၁) သီလသည် လူ့လောက၌ ကိုယ်ကျင့်တရားဖြစ်၍ အလွန်ကောင်းမြတ်ပါသည်။ သို့ရာတွင် သမာဓိမှထောက်လျှင်ကား သီလသည် နိမ့်ကျသွားပါသည်။

(၂) သမာဓိသည် သီလထက် မြင့်မြတ်ပါသည်။ သို့ရာတွင် ပညာမှထောက်လျှင် သမာဓိသည် နိမ့်ကျသွားပါသည်။

(၃) ဆိုလိုသည်ကား ဗုဒ္ဓ၌ 'သီလ, သမာဓိ, ပညာ' ဟူ၍ ဂုဏ်သုံးမျိုးရှိရာတွင် သီလသည် အနိမ့်ကျဆုံးဖြစ်သည်။ သမာဓိသည် အလတ်စားဖြစ်သည်။ သဗ္ဗညုတာဉာဏ်ဟူသော ပညာသည် အမြတ်ဆုံးဖြစ်သည်။

ဗုဒ္ဓ၏ သမာဓိက သာလွန်မြင့်မြတ်ပုံ

အဋ္ဌကထာဆရာသည် ဗုဒ္ဓ၏ သီလထက် သမာဓိက ပို၍မြင့်မြတ်ပုံကို အောက်ပါအတိုင်း ဖွင့်ဆိုပြထားလေသည်။

(၁) ဗုဒ္ဓသည် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတာဉာဏ်တို့ကိုရပြီး ဗုဒ္ဓအဖြစ်သို့ ရောက်ရှိလေသည်။

(၂) ဗုဒ္ဓဖြစ်ပြီး (၇)နှစ်မြောက်ကာလတွင် တိတ္ထိတို့၏ ထောင်ထ, တက်ကြွ, ဝါကြွားပလွှားမှုကို အကြောင်းပြု၍ သာဝတ္ထိမြို့၏ တံခါး ကဏ္ဍသရက်ပင်အနီး (၁၂)ယူဇနာရှိသော ရတနာမဏ္ဍပ်တွင် တစ်ယူဇနာရှိသော ရတနာပလ္လင်တော်၌ ထိုင်တော်မူလျက် နတ်တို့က သုံးယူဇနာရှိသော နတ်ထီးဖြူကို ဆောင်းမိုးပေးထားစဉ် (၁၂)ယူဇနာရှိသော ပရိသတ်ကို 'ယမက ပါဋိဟာရိယ' အစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်။

(၃) ဗုဒ္ဓ၏ အထက်ပိုင်းကိုယ်တော်မှ မီးအစုဖြစ်ပေါ်လာသော် အောက်ပိုင်းကိုယ်တော်မှ ရေအယာဉ်ဖြစ်ပေါ်လာသည်။ (ပ)

(၄) တစ်ခုတစ်ခုသော မွေးတွင်းတော်မှ မီးအစုဖြစ်ပေါ်လာသော် တစ်ခုတစ်ခုသော မွေးတွင်းတော်မှ ရေအယဉ် ဖြစ်ပေါ်လာသည်။ *(ချုံ့ထားပါသည်။)*

(၅) ထိုနည်းတူစွာပင် ခြောက်ပါးကုန်သော 'နီလ, ပီတ' စသော ရောင်ခြည်တော်အဆင်းတို့တွင် အစုံအစုံဖြစ်ကုန်သော အဆင်းတို့သည် ဖြစ်ပေါ်လာကြလေသည်။

(၆) ဗုဒ္ဓ၏ ရွှေအဆင်းရှိသော ကိုယ်တော်မှ ရွှေအဆင်းရှိသော ရောင်ခြည်တော်တို့သည် အထက်သို့တက်၍ ဘဝဂ်တိုင်အောင် ကွန့်မြူးပျံ့တက်လေသည်။

(၇) အလုံးစုံကုန်သော တစ်သောင်းသော စကြာဝဠာတိုက်တို့ကို တန်ဆာဆင်ထားသကဲ့သို့ ဖြစ်နေလေသည်။

(၈) နှစ်သွယ်မြောက်, နှစ်သွယ်မြောက်ဖြစ်သော ရောင်ခြည်တော်တို့သည် ရှေးရှေးဖြစ်သော ရောင်ခြည်တော်၏ အစုံအစုံတို့ကဲ့သို့ တစ်ပြိုင်နက် ဖြစ်သကဲ့သို့ ထင်ရသည်။

(၉) ထိုသို့ တစ်ပြိုင်နက်ဖြစ်သည်ဟု ထင်ရသော်လည်း တစ်ခုသော စိတ်ခဏ၌ စိတ်နှစ်ခုဖြစ်ရိုးမည်သည် ထုံးစံမရှိပေ။

(၁၀) ထိုသို့ပင် မရှိသော်လည်း ဗုဒ္ဓ၏ ဘဝင်စိတ်တော်သည် လျှင်မြန်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ဝသီဘော် (၅)ပါးကို ကျွမ်းကျင်နိုင်နင်းတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း ထိုရောင်ခြည်တော်ခြောက်ပါးတို့သည် တစ်ပြိုင်နက်ခဏ၌ ဖြစ်သည်ဟု ထင်ရခြင်း ဖြစ်လေသည်။

(၁၁) ထိုသို့ပင် ထင်ရသော်လည်း ထိုထိုရောင်ခြည်တော် ဖြစ်ပေါ်လာရန်အတွက် ဆင်ခြင်ရခြင်း, ပရိကမ်ပြုရခြင်း, အဓိဋ္ဌာန်ပြုရခြင်းတို့သည် တစ်ခုစီ တစ်ခုစီသာလျှင် ဖြစ်ကြလေသည်။

(၁၂) မှန်ပါသည်။ ဗုဒ္ဓသည် ညိုသောရောင်ခြည်တော်အကျိုးငှာ နီလကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်သမာပတ်ကို လည်းကောင်း၊ ရွှေသောရောင်ခြည်တော်အကျိုးငှာ ပီတကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်သမာပတ်ကို လည်းကောင်း၊ ထို့အတူ ကျန်သော ရောင်ခြည်တော်အတွက်ကိုလည်း သူ့ဆိုင်ရာ စတုတ္ထဈာန်သမာပတ်ကို လည်းကောင်း အသီးသီးဝင်စားတော်မူရလေသည်။

(၁၃) မီးအစုအကျိုးငှာ တေဇောကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်သမာပတ်ကို လည်းကောင်း၊ ရေအယဉ်အကျိုးငှာ အာပေါကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်သမာပတ်ကို လည်းကောင်း ဝင်စားတော်မူရသည်။

(၁၄) ဗုဒ္ဓကိုယ်တော်တိုင်က စင်္ကြံကြွနေတော်မူသောအခါ ဖန်ဆင်းထားသော နိမ္မိတရုပ် ဗုဒ္ဓသည် ရပ်၍သော်လည်းကောင်း, ထိုင်၍သော်လည်းကောင်း, လျောင်း၍သော်လည်းကောင်း ရှိနေလေသည်။

(၁၅) အထက်ဖော်ပြပါ တန်ခိုးပြာဋိဟာကို ပြခြင်းကိစ္စ၌ တစ်ခုတစ်လေမျှပင် သီလကိစ္စ မပါပေ။ အားလုံးသည် 'ဈာန်,

အဘိညာဉ်' ဟူသော သမာဓိကိစ္စသာ ဖြစ်လေသည်။

(၁၆) ထို့ကြောင့် သမာဓိမှထောက်လျှင် သီလသည် သေးငယ်နိမ့်ကျသည်ဟု ဆိုရခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၅၇)*

သမာဓိထက် ပညာက ပို၍သာလွန်ပုံ

အဋ္ဌကထာဆရာသည် သမာဓိထက် သီလနိမ့်ကျပုံကို ပြဆိုပြီး၍ ပညာထက် သမာဓိက နိမ့်ကျပုံကို အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

(၁) ဗုဒ္ဓသည် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်နေ့ အရုဏ်မတက်မီ၌ အလုံးစုံသော ဗုဒ္ဓတို့၏ အလေ့အကျက် ဖြစ်တော်မူသော အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ကျေးဇူးပြုပုံ အခြင်းအရာဟူသော ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်တော်ကို သက်ဝင်စေပြီးလျှင်-

(၂) အာနာပါန စတုတ္ထဈာန်ဖြစ်စေလျက် ထိုစတုတ္ထဈာန်သမာဓိကို အခြေခံကာ ဝိပဿနာ ပွားလေသော် မဂ်လေးပါးအစဉ်ဖြင့် ရအပ်သော အရဟတ္တမဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ကုန်စေတော်မူ၍ သဗ္ဗညုတဉာဏ်စသော အလုံးစုံသော ဗုဒ္ဓဂုဏ်တို့ကို ထိုးထွင်း၍ သိတော်မူလေပြီ။

(၃) ဝိပဿနာပွားသည်မှစ၍ သမာဓိကိစ္စသည် ပြီးလေပြီဖြစ်၍ ဤသို့ ဝိပဿနာဉာဏ်ကို ရခြင်း၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ် စသောဉာဏ်တို့ကို ရတော်မူခြင်းသည် သမာဓိကိစ္စ တစ်ခုမျှမပါပေ။ အားလုံးသည် ပညာကိစ္စချည်းသာ ဖြစ်လေသည်။

(၄) ထို့ကြောင့် ပညာမှထောက်လျှင် သမာဓိသည် သေးငယ်နိမ့်ကျသည်ဟု ဆိုရခြင်းဖြစ်သည်။

(၅) အချုပ်အားဖြင့် အထက်ဖြစ်သော 'သမာဓိ, ပညာ' တို့မှထောက်လျှင် သီလသည် '**အပ္ပမတ္တကံ**- အနည်းငယ်မျှသာ တည်း' ဟု ရှင်တော်ဗုဒ္ဓ ဟောတော်မူခြင်း ဖြစ်လေသည်။

ပုထုဇဉ် နှစ်မျိုးရှိပုံ

ဤပြဟ္မဇာလသုတ္တန်၌ 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဂုဏ်များကို ချီးမွမ်းပြောဆိုနေသော ဗြဟ္မဒတ်လုလင်သည် ပုထုဇဉ် ဖြစ်လေသည်။ 'ပုထုဇဉ်ပုဂ္ဂိုလ်တစ်ဦးသည် ဗုဒ္ဓ၏ဂုဏ်ကို အစွမ်းရှိသမျှ ချီးမွမ်းလျှင် သီလလေးမျိုး ရှိသည့်အနက် ရှေ့နှစ်မျိုးဖြစ်သော, အနည်းငယ်မျှ ဖြစ်သော သီလဂုဏ်ဖြင့်သာ ချီးမွမ်းနိုင်ပေသည်' ဟု ဗုဒ္ဓဟောတော်မူခြင်း ဖြစ်လေသည်။

ထိုတွင် ပုထုဇဉ်နှစ်မျိုးရှိပုံကို အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စ ဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော။
(ဒီ ဋ္ဌ- ၁- ၅၈။ အံ ဋ္ဌ- ၁- ၄၇။ ပဋိသံ ဋ္ဌ- ၂- ၅၁။ အဘိ ဋ္ဌ- ၁- ၃၈၄။ ဣတိဝုတ္တက ဋ္ဌ- ၇၈။)

အာဒိစ္စ ဗန္ဓုနာ- နေမင်း၏အဆွေ ဖြစ်တော်မူသော၊ **ဗုဒ္ဓေန**- ရှင်တော်ဗုဒ္ဓသည်၊ **အန္ဓော**- ပညာမျက်စိအားဖြင့် ကန်းသော၊ **ဧကော**- တစ်ယောက်သော၊ **ပုထုဇ္ဇနော**- ပုထုဇဉ်လည်းကောင်း၊ **ကလျာဏော**- ပညာမျက်စိ ကောင်းစွာရှိသည်ဖြစ်၍ ကောင်းသော၊ **ဧကော**-တစ်ယောက်သော၊ **ပုထုဇ္ဇနော**- ပုထုဇဉ်လည်းကောင်း၊ **ဣတိ**- ဤသို့၊ **ဒုဝေ**- နှစ်ယောက်ကုန်သော၊ **ပုထုဇ္ဇနာ**- ပုထုဇဉ်တို့ကို၊ **ဝုတ္တာ**- ဟောတော်မူအပ်ကုန်ပြီ။

(အချုပ်အားဖြင့် ထိုဂါထာအရ 'အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ်' ဟူ၍ နှစ်မျိုးရှိသည်။)

အန္ဓပုထုဇဉ်ခေါ်ပုံ

ထိုတွင် ခန္ဓာ, အာယတန, ဓာတ် အစရှိသော ပရမတ်တရားတို့ကို သင်ယူခြင်း၊ အဖန်ဖန် မေးမြန်းခြင်း၊ ကြားနာခြင်း၊ ဆောင်ခြင်း၊ မှတ်သားခြင်း၊ ဆင်ခြင်စဉ်းစားခြင်း မရှိသော ပုထုဇဉ်ကို ပရမတ် ပညာမျက်စိကန်းနေသော 'အန္ဓပုထုဇဉ်' ဟုခေါ်သည်။

ကလျာဏပုထုဇဉ်ခေါ်ပုံ

ခန္ဓာ, အာယတန, ဓာတ် အစရှိသော ပရမတ်တရားတို့ကို သင်ယူခြင်း၊ အဖန်ဖန် မေးမြန်းခြင်း၊ ကြားနာခြင်း၊ ဆောင်ခြင်း၊ မှတ်သားခြင်း၊ ဆင်ခြင်စဉ်းစားခြင်းရှိသော ပုထုဇဉ်ကို ပရမတ် ပညာမျက်စိရှိသော 'ကလျာဏ ပုထုဇဉ်' ဟုခေါ်သည်။

ပုထုဇဉ် အဓိပ္ပါယ်များ

အဋ္ဌကထာဆရာသည် 'ပုထုဇ္ဇနော' ဟူသော ပါဠိပုဒ်အရ ပုထုဇဉ်နှစ်မျိုးရှိပုံကို ပြဆိုပြီးနောက် ပုထုဇဉ် အဓိပ္ပါယ်များကို အောက်ပါအတိုင်း ပြဆိုထားလေသည်။

ပုထူနံ ဇနနာဒီဟိ ကာရဏေဟိ ပုထုဇ္ဇနော၊
ပုထုဇ္ဇနန္တော ဂဓတ္တာ၊ ပုထုဝါယံ ဇနော ဣတိ။ *(ဒီ ၅- ၁- ၅၉)*

(၁) **ပုထူနံ ဇနနာဒီဟိ ကာရဏေဟိ ပုထုဇ္ဇနော** – များစွာသော ကိလေသာတို့ကို ဖြစ်စေခြင်း အကြောင်းတို့ကြောင့် ပုထုဇဉ်မည်၏။

(၂) **ပုထုဇ္ဇနန္တော ဂဓတ္တာ ပုထုဇ္ဇနော** – များစွာသော လူအပေါင်းတွင် ပါဝင်သည်၏ အဖြစ်ကြောင့် ပုထုဇဉ်မည်၏။

(၃) **ပုထု အယံဇနော ပုထုဇ္ဇနော** – ဤလူအပေါင်းသည် အရိယာတို့မှ အသီးအခြားဖြစ်သောကြောင့် ပုထုဇဉ်မည်၏။
(ဤကား ဂါထာ၌လာသော ပုထုဇဉ် အဓိပ္ပါယ် အကျဉ်းချုပ်တည်း။)

ထိုအကျဉ်းချုပ်အပြင် အကျယ်ကိုလည်း အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

(၁) **ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ**– များစွာသော ကိလေသာတို့ကို ဖြစ်စေတတ်သောကြောင့် ပုထုဇဉ်မည်၏။

(၂) **ပုထု အဝိဟတ သက္ကာယဒိဋ္ဌိကာတိ ပုထုဇ္ဇနာ**– များစွာသော သက္ကာယဒိဋ္ဌိတို့ကို မင်ဖြင့် မပယ်ရသေးသောကြောင့် ပုထုဇဉ် မည်၏။

(၃) **ပုထု သတ္ထာရာနံ မုခုလ္လောကိကာတိ ပုထုဇ္ဇနာ**– အမျိုးမျိုးသော ဆရာတို့၏ မျက်နှာကို မော်၍ကြည့်တတ်သောကြောင့် ပုထုဇဉ်မည်၏။ *(ဟိုဆရာကောင်းနိုးနိုး၊ ဒီဆရာကောင်းနိုးနိုးဖြင့် ဆရာအမျိုးမျိုး၏ တပည့်အဖြစ်ကို ခံယူခြင်းကို ဆိုလိုသည်။)*

(၄) **ပုထု သဗ္ဗဂတီဟိ အဝုဋ္ဌိတာတိ ပုထုဇ္ဇနာ**– များစွာကုန်သော အလုံးစုံသော ဂတိ, ဘဝတို့မှ မထနိုင်ကြသောကြောင့် ပုထုဇဉ်မည်၏။ *(အပါယ်လေးပါး အပါအဝင် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့၌ ကျင်လည်နေရ၍ ပုထုဇဉ်ဟု ဆိုလိုသည်။ သောတာပန် ဖြစ်လျှင်ကား အပါယ်လေးပါးမှ လွတ်လေပြီ။ ယင်းကို အပါယ်လေးပါးမှ ထသည်ဟုလည်း ခေါ်နိုင်သည်။ ပုထုဇဉ်ကား အပါယ်လေးပါးမှ မထနိုင်သေးပါ။)*

(၅) **ပုထု နာနာဘိသင်္ခါရေ အဘိသင်္ခရောန္တီတိ ပုထုဇ္ဇနာ**– များစွာကုန်သော အမျိုးမျိုးသော အဘိသင်္ခါရတို့ကို ပြုစီမံတတ်သောကြောင့် ပုထုဇဉ်မည်၏။ *(အမျိုးမျိုး အဖုံဖုံ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ပြုလုပ်တတ်သောကြောင့် ပုထုဇဉ်ဟု ဆိုလိုသည်။)*

(၆) **ပုထု နာနာ ဩဃေဟိ ဝုယှန္တီတိ ပုထုဇ္ဇနာ**– များစွာကုန်သော အမျိုးမျိုးသော ဩဃတို့သည် မျှောအပ်သောကြောင့် ပုထုဇဉ်မည်၏။

(၇) **ပုထု နာနာ သန္တာပေဟိ သန္တပ္ပန္တီတိ ပုထုဇ္ဇနာ**– များစွာကုန်သော အမျိုးမျိုးသော ရာဂမီးအစရှိသည်တို့သည် ပြင်းစွာပူလောင်စေအပ်သောကြောင့် ပုထုဇဉ်မည်၏။

(၈) **ပုထု ပရိဠာဟေဟိ ပရိဍယှန္တီတိ ပုထုဇ္ဇနာ**– များစွာကုန်သော အမျိုးမျိုးသော ကိလေသာအပူတို့သည် ထက်ဝန်းကျင် လောင်အပ်ကုန်သောကြောင့် ပုထုဇဉ်မည်၏။

(၉) **ပုထု ပဉ္စသု ကာမဂုဏေသု ရတ္တာ, ဂိဒ္ဓါ, ဂဓိတာ, မုစ္ဆိတာ, အဇ္ဈောသန္နာ, လဂ္ဂါ, လဂ္ဂိတာ, ပလိဗုဒ္ဓါတိ ပုထုဇ္ဇနာ**– များစွာကုန်သော ငါးပါးသော ကာမဂုဏ်တို့၌–

(က) ရတ္တာ – ဆိုးရည်စွဲသကဲ့သို့ တပ်စွဲနေကြကုန်သောကြောင့် လည်းကောင်း၊
(ခ) ဂိဒ္ဓါ – လွန်စွာ မက်မောကြသောကြောင့် လည်းကောင်း၊

(ဂ) **ဂဓိတာ** – ရာဂဖြင့် တောင့်တစွဲလမ်းတတ်သောကြောင့် လည်းကောင်း၊

(ဃ) **မုစ္ဆိတာ** – ကိလေသာဖြင့် မိန်းမောတွေဝေနေကြသောကြောင့် လည်းကောင်း၊

(င) **အဇ္ဈောသန္နာ** – ကာမတဏှာသည် လွှမ်းမိုးသက်ရောက်အပ်သောကြောင့် လည်းကောင်း၊

(စ) **လဂ္ဂါ** – ကာမဂုဏ်တို့၌ ကပ်ငြိနေသောကြောင့် လည်းကောင်း၊

(ဆ) **လဂ္ဂိတာ** – ကာမဂုဏ်တို့၌ အလွန့်အလွန် ကပ်ငြိနေသောကြောင့် လည်းကောင်း၊

(ဇ) **ပလိဗုဒ္ဓါ** – ကာမဂုဏ်တို့၌ ဆက်စပ်နေသောကြောင့် လည်းကောင်း ပုထုဇဉ်မည်၏။

(၁၀) **ပုထု ပဉ္စဟိ နီဝရဏေဟိ အာဝုတာ, နိဝုတာ, ဩဝုတာ, ပိဟိတာ, ပဋိစ္ဆန္နာ, ပဋိကုဇ္ဇိတာတိ ပုထုဇ္ဇနာ**–များစွာကုန်သော ငါးပါးကုန်သော နီဝရဏတရားတို့သည်–

(က) **ပိဝုတာ** – ပိတ်ဆို့အပ်ကုန်သောကြောင့် လည်းကောင်း၊

(ခ) **နိဝုတာ** – တားမြစ်အပ်ကုန်သောကြောင့် လည်းကောင်း၊

(ဂ) **ဩဝုတာ** – မြှေးယှက်အပ်ကုန်သောကြောင့် လည်းကောင်း၊

(ဃ) **ပိဟိတာ** – ပိတ်ထားအပ်ကုန်သောကြောင့် လည်းကောင်း၊

(င) **ပဋိစ္ဆန္နာ** – ဖုံးလွှမ်းထားအပ်ကုန်သောကြောင့် လည်းကောင်း၊

(စ) **ပဋိကုဇ္ဇိတာ** – မှောက်ထားအပ်ကုန်သောကြောင့် လည်းကောင်း ပုထုဇဉ်မည်၏။

(ဤကား ဂါထာလာ ရှေးဆက်ဝက်ပါဋ္ဌိကို ဖွင့်ဆိုချက်တည်း။)

ဂါထာလာ နောက်ထက်ဝက်ရှိ 'ပုထုဇ္ဇနန္တော ဂဓတ္တာ'၏ အကျယ်အဖွင့်ကား–

(၁) ပုထူနံ ဂဏနပထမတီတာနံ အရိယဓမ္မ ပရမ္မုခါနံ နီစဓမ္မ သမာစာရာနံ ဇနာနံ အန္တော ဂဓတ္တာတိ ပုထုဇ္ဇနော။

ပုထူနံ– များစွာကုန်သော၊ **ဂဏနပထံ**– တစ်, နှစ်ကစ အသချေ်ယတိုင်အောင်သော ဂဏန်းလမ်းကို၊ **အတီတာနံ**– လွန်ကုန်သော၊ **အရိယဓမ္မ ပရမ္မုခါနံ**– အရိယာတရားတို့မှ မျက်နှာလွှဲဖြစ်ကုန်သော၊ **နီစဓမ္မ သမာစာရာနံ**– နိမ့်ကျသောတရားဟူသော အကျင့်ရှိကုန်သော၊ **ဇနာနံ**– လူအပေါင်းတို့၏၊ **အန္တောဂဓတ္တာ**– အတွင်း၌ ဝင်ကုန်သည်၏ အဖြစ်ကြောင့်၊ **ပုထုဇ္ဇနော**– ပုထုဇဉ်မည်၏။

ဂါထာလာ နောက်ထက်ဝက်ရှိ 'ပုထုဝါယံ ဇနော ဣတိ'၏ အကျယ်အဖွင့်ကား–

ပုထုအယံ ဝိသုံယေဝ သင်္ချံဂတော ဝိသံ သဋ္ဌော သီလသုတာဒိ ဂုဏယုတ္တေဟိ အရိယေဟိ ဇနေတီတိ ပုထုဇ္ဇနော။

အယံ– ဤလူအပေါင်းသည်၊ **ပုထု**– အသီးအခြားသာတည်း၊ **သီလသုတာဒိ ဂုဏယုတ္တေဟိ**– သီလ, သုတအစရှိသော ဂုဏ်တို့နှင့် ယှဉ်ကုန်သော၊ **အရိယေဟိ**– အရိယာဖြစ်ကုန်သော၊ **ဇနေဟိ**– လူတို့နှင့်၊ **ဝိသုံယေဝ**– အသီးအခြားသာလျှင်၊ **သင်္ချံ**– ရေတွက်အပ်သည်၏ အဖြစ်သို့၊ **ဂတော**– ရောက်ပြီ၊ **ဝိသံသဋ္ဌော**– မရောနှော၊ **ဣတိ**– ထို့ကြောင့်၊ **ပုထုဇ္ဇနော**– ပုထုဇဉ်မည်၏။

အထက်ပါ ဒေသနာတော်များအရ ပုထုဇဉ်အဖြစ်သည် အလွန်ကြောက်လန့် တုန်လှုပ်ဖွယ်ကောင်းသည်မှာ ထင်ရှားလှပါသည်။ သို့ဖြစ်၍ ယခုလို ဗုဒ္ဓသာသနာတော်နှင့် ကြုံဆုံနေစဉ်မှာ ပုထုဇဉ်အဖြစ်မှ လွတ်အောင် အစွမ်းကုန် **ကြိုးစားသင့်လှပေသည်။ ကြိုးစားလည်း ကြိုးစားကြပါကုန်လော့။**

တထာဂတသည် ဗုဒ္ဓ

ပါဋ္ဌိတော်၌ 'ပုထုဇဉ်သည် ဗုဒ္ဓ၏ဂုဏ်ကို ပြောဆိုရာ၌ အနည်းငယ်မျှသာဖြစ်သော သီလဖြင့်သာ ပြောဆိုနိုင်ပေရာ၏' ဟု ဟောတော်မူထားရာ 'ဗုဒ္ဓ၏ဂုဏ်' ဟူသော ဝေါဟာရကို (အဟံ, မမံ) စသည် ငါ ဟူ၍မသုံးဘဲ 'တထာဂတဿ ဝဏ္ဏံ' တထာဂတ၏ ဂုဏ်ဟူ၍ အသုံးပြုထားလေသည်။ သို့ဖြစ်၍ တထာဂတဟူသော ဝေါဟာရသည် ဗုဒ္ဓကိုပင် ပြောဆိုကြောင်း သိထားရမည်ဖြစ်သည်။

တထာဂတ အခ်ပ္ပါယ်

အဋ္ဌကထာဆရာသည် ပုထုဇဉ်၏ အဓိပ္ပါယ်ကို ဖွင့်ဆိုပြီးနောက် တထာဂတ၏ အဓိပ္ပါယ်ကိုလည်း ဖွင့်ဆိုပြလေသည်။ ဖွင့်ဆိုပြရာ၌ အကျဉ်းရှစ်မျိုး၊ ထိုအကျဉ်းကို အကျယ်ချဲ့ပြသော အကျယ်ရှစ်မျိုးဟူ၍ ဖွင့်ဆိုချက် နှစ်မျိုးဖြင့် ပြဆိုလေသည်။ ထိုတွင် ရှေးဦးစွာ အကျဉ်းရှစ်မျိုးကို အောက်ပါအတိုင်း ပြဆိုထားလေသည်။

(၁) တထာ အာဂတောတိ တထာဂတော- ဗုဒ္ဓသည် ရှေးဗုဒ္ဓများအတူ ကြွလာတော်မူသောကြောင့် တထာဂတ မည်၏။

(၂) တထာ ဂတောတိ တထာဂတော- ဗုဒ္ဓသည် ရှေးဗုဒ္ဓများအတူ ကြွသွားတော်မူသောကြောင့် တထာဂတ မည်၏။

(၃) တထလက္ခဏံ အာဂတောတိ တထာဂတော- ဗုဒ္ဓသည် မှန်ကန်သော လက္ခဏာသို့ ရောက်တော်မူသောကြောင့် တထာဂတ မည်၏။

(၄) တထဓမ္မေ ယာထာဝတော အဘိသမ္ဗုဒ္ဓေါတိ တထာဂတော- ဗုဒ္ဓသည် မှန်ကန်သောတရားတို့ကို ဟုတ်မှန်သော အားဖြင့် ထိုးထွင်း၍ သိတော်မူသောကြောင့် တထာဂတ မည်၏။

(၅) တထ ဒဿိတာယ တထာဂတော- ဗုဒ္ဓသည် မှန်ကန်သည့်အတိုင်း မြင်တော်မူလေ့ရှိသည်၏ အဖြစ်ကြောင့် တထာဂတ မည်၏။

(၆) တထာဝါဒိတာယ တထာဂတော- ဗုဒ္ဓသည် ဟုတ်မှန်သောစကားကို မိန့်တော်မူလေ့ရှိသည်၏ အဖြစ်ကြောင့် တထာဂတ မည်၏။

(၇) တထာကာရိတာယ တထာဂတော- ဗုဒ္ဓသည် ထိုနှုတ်ဖြင့် ပြောတော်မူသည့်အတိုင်း ပြုလုပ်တော်မူလေ့ရှိသည်၏ အဖြစ်ကြောင့် တထာဂတ မည်၏။

(၈) အဘိဘဝနဋ္ဌေန တထာဂတော- ဗုဒ္ဓသည် လွှမ်းမိုးတော်မူသည်၏ အဖြစ်ကြောင့် တထာဂတ မည်၏။

တထာဂတ အခ်ပ္ပါယ် အကျယ် (၈)မျိုး

(၁) တထာ အာဂတောတိ တထာဂတော- 'ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန္ဓ, ကောဏာဂမန, ကဿပ' ဟူကုန်သော ရှေးဗုဒ္ဓတို့သည် *(ဤ၌ ဝိပဿီ အစရှိသော နောက်ဆုတ်ကုန်သော ဗုဒ္ဓတို့ကိုသာ ဥပမာနအနေဖြင့် ထုတ်ပြခြင်းသည် ထိုဗုဒ္ဓတို့ကိုသာ မဟာပဒါနသုတ်၌လာသော ပါဠိတော်၌ ညွှန်ပြထားသောကြောင့်လည်းကောင်း၊ နောက်ကျသော ဗုဒ္ဓများမှာကြ မိမိတို့ ဗုဒ္ဓနှင့် နီးကပ်သောကြောင့်လည်းကောင်း၊ ဝိပဿီအစရှိသော ထိုဗုဒ္ဓများ၏ သာဓကများလည်း ဖြစ်ပျက်မှုသိရှိရသောကြောင့်လည်းကောင်း ထုတ်ပြခြင်း ဖြစ်လေသည်။)*

သဗ္ဗလောကဟိတာယ- အလုံးစုံသော သတ္တလောက၏ အစီးအပွားအလို့ငှာအားထုတ်သူတို့၏ အစွမ်းဖြင့်၊ **ဂတောယထာ-** ကြွလာတော်မူသကဲ့သို့ **တထာ-** ထို့အတူ၊ **အယံ-** ဤ **ဘဂဝါပိ-** ဗုဒ္ဓသည်လည်း၊ **အာဂတော-** ကြွလာတော်မူပြီ။ **တသ္မာ-** ထို့ကြောင့်၊ **တထာဂတော-** တထာဂတမည်၏။

(၁) ဝိပဿီအစရှိသော ရှေးဗုဒ္ဓတို့သည် မိမိစိတ်ကို သဗ္ဗညုတဉာဏ်တော်ကြီးသို့ ရှေးရှုဆောင်ကြောင်း ဆုတောင်းခြင်းဖြင့် လည်းကောင်း၊

(၂) ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူပြီး၍လည်းကောင်း၊

(၃) အင်္ဂါကြီးငယ်ကို စွန့်လှူခြင်း, မျက်လုံးကို စွန့်လှူခြင်း, ဥစ္စာကို စွန့်လှူခြင်း, တိုင်းပြည်ကို စွန့်လှူခြင်း, သားမယားကို စွန့်လှူခြင်း ဟူသော စွန့်ခြင်းကြီးငါးပါးတို့ကို စွန့်လှူ၍လည်းကောင်း၊

(၄) ဗုဒ္ဓမဖြစ်မီ ရှေးအဖို့၌ ဘာဝနာကို အားထုတ်ခြင်း၊ ဒါနစသည်တို့ကို အလွန်အကဲ ပြုကျင့်ခြင်း၊ ဒါနစသော အကျိုးတရား တို့ကို ဟောပြောခြင်း၊ ဆွေမျိုးတို့၏ အစီးအပွားတို့ကို ကျင့်ခြင်း၊ သတ္တလောက၏ အကျိုးစီးပွားတို့ကိုကျင့်ခြင်း အစရှိသည်တို့ကို ဖြည့်ကျင့်တော်မူပြီး၍ လည်းကောင်း၊

သဗ္ဗညုတဉာဏ်ပညာ အလို့ငှာ ကျင့်တော်မူခြင်း၏ အထွတ်အထိပ် ရောက်တော်မူပြီး၍ ကြွလာတော်မူသကဲ့သို့ ငါတို့ ဗုဒ္ဓသည်လည်း ထို့အတူ ကြွလာတော်မူသောကြောင့် တထာဂတ မည်၏။

(၅) ဝိပဿီ အစရှိသော ရှေးဗုဒ္ဓတို့သည် သတိပဋ္ဌာန် အစရှိကုန်သော ဗောဓိပက္ခိယ (၃၇) ပါးတို့ကို ပွားများ၍ ကြွတော်မူသကဲ့သို့ ထို့အတူ ငါတို့ ဗုဒ္ဓသည်လည်း ကြွလာတော်မူသောကြောင့် တထာဂတ မည်၏။

အဋ္ဌကထာဆရာသည် စုဏ္ဏိယအားဖြင့် အထက်ပါအတိုင်း အကျယ်ပြဆိုပြီးနောက် အောက်ပါဂါထာဖြင့်လည်း တထာဂတ မည်ပုံကို ပြဆိုထားလေသည်။

ယထေဝ လောကမှိ ဝိပဿိ အာဒယော၊
သဗ္ဗညုဘာဝံ မုနယော ဣဓာဂတော၊
တထာ အယံ သကျမုနိပိ အာဂတော၊
တထာဂတော ဝုစ္စတိ တေန စက္ခုမာတိ။ *(ဒီ- ဋ္ဌ- ၁- ၆၀)*

ဣဓလောကမှိ- ဤသတ္တလောက၌၊ **ဝိပဿိအာဒယော**- ဝိပဿီ အစရှိကုန်သော၊ **မုနယော**- ဗုဒ္ဓတို့သည်၊ **ယထေဝ**- မိမိစိတ်ကို သဗ္ဗညုတဉာဏ်တော်သို့ ရှေးရှုဆောင်ကြောင်း ဆုတောင်းခြင်း၊ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခြင်း၊ စွန့်ခြင်းကြီးငါးပါးတို့ကို စွန့်တော်မူခြင်း၊ စရိယသုံးပါးတို့ကို ကျင့်ခြင်း ဟူသော အကြောင်းအရာဖြင့်သာလျှင်၊ **သဗ္ဗညုဘာဝံ**- သဗ္ဗညု အဖြစ်သို့၊ **အာဂတော**- ရောက်တော်မူပြီ။ **တေန**- ထို့ကြောင့်၊ **စက္ခုမာ**- 'ဗုဒ္ဓ, ဓမ္မ, သမန္တ နှင့် မံသ, ဒိဗ္ဗာ' ငါးပြားသော စက္ခုရှိတော်မူသော ဗုဒ္ဓကို၊ **တထာဂတော**- တထာဂတ ဟူ၍၊ **ဝုစ္စတိ**- ဆိုအပ်၏။

(ဤကား 'တထာ အာဂတောတိ တထာဂတော' ကို အကျယ် ဖွင့်ဆိုချက်တည်း။)

(၂) တထာ ဂတောတိ တထာဂတော- ဗုဒ္ဓသည် ရှေးဝိပဿီစသော ဗုဒ္ဓများအတူ ကြွသွားတော်မူသောကြောင့် တထာဂတ မည်၏။

ထိုအကျဉ်း၏ အကျယ်အဖွင့်ကား-

(၁) ဝိပဿီ စသော ရှေးဗုဒ္ဓတို့သည် မွေးဖွားကာစ၌ပင်လျှင် ညီညွတ်သော ခြေဖဝါးတော်ဖြင့် မြေ၌တည်တော်မူ၍ နတ်၌ဖြစ်သော ထီးဖြူသည် ဆောင်းမိုးထားစဉ် မြောက်အရပ်သို့ ရှေးရှုလျက် (၇)ဖဝါး လှမ်းခြင်းဖြင့် ကြွသွားတော်မူ၍ အလုံးစုံ အရပ်မျက်နှာတို့ကို ကြည့်ရှုလျက် '**အာသဘိံ ဝါစံ**' မကြောက်မရွံ့ ရဲရင့်သော စကားကို မိန့်မြွက်တော်မူလိုက်သည်ကား-

(က) **အဂ္ဂေါဟ မသ္မိ လောကဿ** - ငါသည် သတ္တလောကမှာ အမြတ်ဆုံးတည်း။
(ခ) **ဇေဋ္ဌောဟ မသ္မိ လောကဿ** - ငါသည် သတ္တလောကမှာ အကြီးဆုံးတည်း။
(ဂ) **သေဋ္ဌောဟ မသ္မိ လောကဿ** - ငါသည် သတ္တလောကမှာ အချီးမွမ်းထိုက်ဆုံးတည်း။
(ဃ) **အယံ အန္တိမာ ဇာတိ** - ဤပဋိသန္ဓေနေခြင်းသည် နောက်ဆုံးနေခြင်းတည်း။
(င) **နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ** - ယခုအခါ၌ နောက်ထပ်တဖန် ဘဝအသစ် ဖြစ်ရခြင်းမရှိတော့ပြီ။

ဤသို့ မိန့်မြွက်တော်မူပြီ။

ရှေးဗုဒ္ဓတို့သည် ဤသို့ ဖွားလျှင်ဖွားခြင်း ကြွတော်မူသကဲ့သို့ ငါတို့ ဗုဒ္ဓသည်လည်း ကြွတော်မူသောကြောင့် တထာဂတ မည်၏။

(၂) ရှေးဝိပဿီ အစရှိသော ဗုဒ္ဓတို့သည် ရာန်ရှစ်ပါးတို့ဖြင့် လည်းကောင်း၊ ဝိပဿနာ ဖြင့်လည်းကောင်း၊ မဂ်လေးရပ် အစဉ်ဖြင့်လည်းကောင်း ကိလေသာအားလုံးကို ဖြတ်တောက်တော်မူ၍ ကြွတော်မူသကဲ့သို့ ငါတို့ ဗုဒ္ဓသည်လည်း ကြွတော်မူသောကြောင့် တထာဂတမည်၏။

(ဤကား တထာဂတောတိ တထာဂတော ကို အကျယ်ဖွင့်ဆိုချက်တည်း။)

(၃) တထ လက္ခဏံ အာဂတောတိ တထာဂတော- ဗုဒ္ဓသည် ဝိပဿီ အစရှိသော ရှေးဗုဒ္ဓတို့ကဲ့သို့ မှန်ကန်သော လက္ခဏာသို့ ရောက်တော်မူသောကြောင့် တထာဂတ မည်၏။

ထိုအကျဉ်း၏ အကျယ်အဖွင့်ကား -

(၁) ပထဝီဓာတုယာ ကက္ခဠတ္တ လက္ခဏံ- ပထဝီဓာတ်၏ ခိုင်မာသည်၏ အဖြစ်ဟူသော လက္ခဏာသည် လည်းကောင်း၊

(၂) အာပေါဓာတုယာ ပဂ္ဃရဏ လက္ခဏံ- အာပေါဓာတ်၏ ယိုစီးခြင်း လက္ခဏာသည် လည်းကောင်း၊

(၃) ဝါယောဓာတုယာ ဝိတ္ထမ္ဘန လက္ခဏံ- ဝါယောဓာတ်၏ (တွန်းကန်မှုကြောင့်) တောင့်မာခြင်း လက္ခဏာသည် လည်းကောင်း၊

(၄) တေဇောဓာတုယာ ဥဏှတ္တ လက္ခဏာ- တေဇောဓာတ်၏ အပူငွေ့၏ အဖြစ်ဟူသော လက္ခဏာသည် လည်းကောင်း၊

(၅) အာကာသဓာတုယာ အသမ္ဖုဿ လက္ခဏံ- အာကာသဓာတ်၏ မထိတွေ့အပ်သည်၏ အဖြစ်ဟူသော လက္ခဏာသည် လည်းကောင်း *(ကောင်းကင်အာကာသကို လက်ဖြင့်ကိုင်တွယ်ထိတွေ့၍ မရဟု ဆိုလိုသည်။)*

(၆) ဝိညာဏဓာတုယာ ဝိဇာနန လက္ခဏံ- ဝိညာဏဓာတ်၏ သိခြင်းလက္ခဏာ၏ အဖြစ်သည် လည်းကောင်း၊ (ပ)

(၇) အမတောဂဓဿ နိဗ္ဗာနဿ ပရိယောသာန လက္ခဏံ- မြတ်သောအကျင့်၏ သက်ဝင်ရာ အမတဖြစ်သော နိဗ္ဗာန်၏ မြတ်သောအကျင့်၏ အဆုံးဟူသော လက္ခဏာသည် လည်းကောင်း၊ (ပ)

(၈) တထံ အဝိတထံ။ တထံ- မှန်သောသဘောရှိသည်၊ အဝိတထံ- မမှန်မဟုတ် အမှန်အဟုတ်သည်၊ ဟောတိ- ဖြစ်၏။

ဝေ တထလက္ခဏံ ဉာဏဂတိယာ အာဂတော အဝိရဇ္ဈိတွာ ပတ္တော အနုပ္ပတ္တောတိ တထာဂတော။

ဝေ- ဤသို့လျှင်၊ **တထလက္ခဏံ**- မှန်ကန်သော လက္ခဏာကို၊ **ဉာဏဂတိယာ**- ဉာဏ်၏သွားခြင်းဖြင့် *(ဉာဏ်ဖြင့် အမှန်အတိုင်း သိခြင်းဖြင့်)*၊ **အာဂတော**- ရောက်တော်မူပြီ၊ **အဝိရဇ္ဈိတွာ**- မချွတ်မယွင်းဘဲ၊ **ပတ္တော**- ရောက်တော်မူပြီ၊ **အနုပ္ပတ္တော**- အစဉ်ရောက်တော်မူပြီ၊ **ဣတိ**- ထို့ကြောင့်၊ **တထာဂတော**- တထာဂတ မည်၏။

(၉) ဤသို့လျှင် ဝိပဿီအစရှိသော ရှေးဗုဒ္ဓတို့သည် ပထဝီအစ နိဗ္ဗာန်အဆုံး အလုံးစုံသော တရားတို့၏ မှန်ကန်သော လက္ခဏာတို့ကို ဉာဏဂတိဖြင့် ရောက်တော်မူသကဲ့သို့ ငါတို့ဗုဒ္ဓသည်လည်း ရောက်တော်မူသောကြောင့် တထာဂတ မည်၏။

(၄) အကျယ်။ တထဓမ္မေ ယာထာဝတော အဘိသမ္ဗုဒ္ဓေါတိ တထာဂတော။

တထဓမ္မေ- မှန်ကန်သော သစ္စာလေးပါးတရား, ပဋိစ္စသမုပ္ပါဒ်တရား, ပဋိစ္စသမုပ္ပန္နတရားတို့ကို၊ **ယာထာဝတော**- ဟုတ်မှန်သောအားဖြင့်၊ **အဘိသမ္ဗုဒ္ဓေါ**- ထိုးထွင်း၍ သိတော်မူပြီ။ **ဣတိ**- ထို့ကြောင့်၊ **တထာဂတော**- တထာဂတ မည်၏။

(၅) အကျယ်။ တထ ဒဿိတာယ တထာဂတော။

(မှန်ကန်သည့်အတိုင်း မြင်တော်မူသည်၏ အဖြစ်ကြောင့်) ဗုဒ္ဓသည် စကြာဝဠာအနန္တရှိ လူ, နတ်, ဗြဟ္မာ သတ္တဝါအနန္တတို့၏ စက္ခုဒွါရအစရှိကုန်သော ဒွါရခြောက်ပါးတို့၌ ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့ ထင်လာပုံကို အလုံးစုံသော အခြင်းအရာအားဖြင့် သိတော်မူ မြင်တော်မူသောကြောင့် **တထာဂတ** မည်၏။

(၆) အကျယ်။ တထာဝါဒိတာယ တထာဂတော။

တထာဝါဒိတာယ- ဗုဒ္ဓသည် ဗုဒ္ဓဖြစ်ချိန်မှစ၍ ပရိနိဗ္ဗာန် ပြုသည်အထိ (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူအပ်သော တရားတော်သည်၊ **ဝါလဂ္ဂမတ္တမ္ပိ**- သားမြီးဖျားမျှလည်း၊ **အဝက္ခလိတံ**- ချွတ်ချော်သော တရားစကားတော်သည်၊ **နတ္ထိ**- မရှိပေ။ ထိုသို့ ဟုတ်မှန်သော စကားကိုသာ ဟောကြားတော်မူသောကြောင့်၊ **တထာဂတော**- တထာဂတ မည်၏။

(၇)အကျယ်။ တထာကာရိတာယ တထာဂတော။

တထာကာရိတာယ- **'ယထာဝါဒီ တထာကာရီ'** အကြင်စကားကို ပြောဆို၏၊ ထိုပြောသည့်အတိုင်း ပြုလုပ်တော်မူ၏၊ **'ယထာကာရီ တထာဝါဒီ'** အကြင်အလုပ်ကို ပြုလုပ်၏၊ ထိုပြုလုပ်သည့်အတိုင်းသာ ပြောဆို၏၊ ထိုသို့ ပြောသလိုလုပ်၍ လုပ်သလို ပြောဆိုခြင်းကြောင့်၊ **တထာဂတော**- တထာဂတ မည်၏။

(၈)အကျယ်။ အဘိဘဝနဋ္ဌေန တထာဂတော။

အဘိဘဝနဋ္ဌေန- ဗုဒ္ဓသည် စကြာဝဠာအနန္တရှိ သတ္တဝါအနန္တတို့ အပေါ်၌ သီလတော်အားဖြင့်လည်း လွှမ်းမိုး၏၊ သမာဓိတော်အားဖြင့်လည်း လွှမ်းမိုး၏၊ ပညာတော်အားဖြင့်လည်း လွှမ်းမိုး၏၊ အရဟတ္တဖိုလ်အားဖြင့်လည်း လွှမ်းမိုး၏၊ အရဟတ္တဖိုလ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်တော်ဖြင့်လည်း လွှမ်းမိုး၏။

(၁) **အတုလော** - သီလစသော ဂုဏ်အားဖြင့် အတုရှိတော်မမူ။

(၂) **အပ္ပမေယျော** - မနှိုင်းယှဉ်အပ်၊ မနှိုင်းယှဉ်နိုင်။

(၃) **အနုတ္တရော** - အမြတ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်၏။

(၄) **ရာဇာတိရာဇ** - လူမင်းတကာတို့ထက် လူမင်းဖြစ်၏။

(၅) **ဒေဝဒေဝေါ** - နတ်မင်းတကာတို့ထက် နတ်မင်းဖြစ်၏။

(၆) **သက္က နမတိ သက္ကော** - သိကြားမင်းတကာတို့ထက် သိကြားမင်းဖြစ်၏။

(၇) **ဗြဟ္မာ နမတိ ဗြဟ္မာ** - ဗြဟ္မာမင်းတကာတို့ထက် ဗြဟ္မာမင်းဖြစ်၏။

ဤသို့ အလုံးစုံသော သတ္တဝါတို့ကို လွှမ်းမိုးနိုင်သောကြောင့်၊ **တထာဂတော**- တထာဂတမည်၏။

အထက်ပါ '**အဘိဘဝနဋ္ဌေန တထာဂတော**'ကား သဒ္ဒါအားဖြင့် ရအပ်သော အနက်အဓိပ္ပါယ်မဟုတ်။ ဗုဒ္ဓ၏ ပင်ကိုယ်ဂုဏ်တော်အားဖြင့် ရအပ်သော သဘာဝအဓိပ္ပါယ်တည်း။

သဒ္ဒါအားဖြင့်မူကား **တထာဂတော**- **တထာ အဂဒေါ တထာဂတော**။ **အကို အာပြု**။ **ဒကို တပြု၍ တထာဂတော** ဖြစ်သည်။

(၉) **အဂဒေါဝိယ**- ရောဂါဟူသမျှကို ဖြတ်တတ်သော နတ်ဆေးနှင့်တူ၏။ **ဣတိ**- ထို့ကြောင့်၊ **အဂဒေါ**- အဂဒေါမည်၏။

နတ်ဆေးနှင့်တူပုံကား-

ဒေသနာဝိလာသ သမယောစေဝ- ဒေသနာတော်၏ တင့်တယ်စမ့်ယ်ကြောင်းဖြစ်သော သဗ္ဗညုတာဉာဏ်တော်သည်လည်းကောင်း၊ **ပုညုဿယေနစ**- လွန်ကဲများပြားသော ကောင်းမှုတော်သည်လည်းကောင်း နတ်ဆေးနှင့်တူလေသည်။

အာနုဘော်ကြီးမားသော ဆေးဆရာသည် နတ်ဆေးဖြင့် အဆိပ်ပြင်းသောမြွေကို လွှမ်းမိုးနိုင်သကဲ့သို့ **တထာ**- ထို့အတူ ဗုဒ္ဓသည် ကြီးသောအာနုဘော်ရှိတော်မူ၍ အလုံးစုံသော ဆန့်ကျင်ဘက် အယူရှိသူတို့ကိုလည်းကောင်း၊ လူ, နတ်, ဗြဟ္မာ သတ္တလောကကြီးတစ်ခုလုံးကိုလည်းကောင်း လွှမ်းမိုးနိုင်လေသည်။

ထိုသို့ နတ်ဆေးနှင့်တူသော သဗ္ဗညုတာဉာဏ်တော်ကြီးဖြင့်လည်းကောင်း၊ များပြားလှသော ကောင်းမှုတော်ဖြင့်လည်းကောင်း သတ္တလောကကြီးကို လွှမ်းမိုးနိုင်သောကြောင့်၊ **တထာဂတော**- တထာဂတမည်၏။

အပိစ- သည့်ပြင်သာ မကသေးပါ။

(၉) ကိုးခုမြောက် တထာဂတမည်ပုံ အကြောင်းရှိသေး၏။

(က) တထာယ ဂတောတိပိ တထာဂတော။

(ခ) တထံ ဂတောတိပိ တထာဂတော။

ဤဝစနတ္ထနှစ်မျိုးကြောင့်လည်း တထာဂတ မည်၏။

ထိုဝစနတ္ထတွင်-	ဂတော ကို **အဝဂတော**		- ထိုးထွင်း၍ သိတော်မူပြီ။
	ဂတော -	**အတီတော**	- လွန်တော်မူပြီ။
	ဂတော -	**ပတ္တော**	- ရောက်တော်မူပြီ။
	ဂတော -	**ပဋိပန္နော**	- သွားတော်မူပြီ ဟူ၍ အနက်ပေးရလေသည်။

(၁) ဗုဒ္ဓသည် **သကလ လောကံ**- အလုံးစုံသော ဒုက္ခသစ္စာလောကကို၊ **တထာယ**- မှန်ကန်သော ဂုဏ်ရှိသော၊ **တီရဏ ပရိညာယ**- တီရဏပရိညာဖြင့် *(ဤကား ဖသ, ဤကား ပထဝီ စသည်ဖြင့် ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်သော တီရဏပရိညာဖြင့်)*

ဂတော– အဝဂတော– ထိုးထွင်း၍ သိတော်မူပြီ။ တသ္မာတိ– ထို့ကြောင့်၊ တထာဂတော– တထာဂတမည်၏။

(၂) လောကသမုဒယံ– ဆိုင်ရာအကြောင်းနှင့် ပေါင်းမိလတ်သော် လောက၏ဖြစ်ကြောင်း သမုဒယသစ္စာကို၊ တထာယ– ဟုတ်မှန်သော ဂုဏ်ရှိသော၊ ပဟာနပရိညာယ– (ပယ်တတ်သော ပရိညာဖြင့်)၊ ဂတော– အတီတော– လွန်တော်မူပြီ၊ တသ္မာတိ– ထို့ကြောင့်၊ တထာဂတော– တထာဂတ မည်၏။

(၃) လောကနိရောဓံ– လောက၏ချုပ်ရာ နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို၊ တထာယ– ဟုတ်မှန်သော ဂုဏ်ရှိသော၊ သစ္ဆိကိရိယာယ– မျက်မှောက်ပြုခြင်းဖြင့်၊ ဂတော– ပတ္တော– ရောက်တော်မူပြီ၊ တသ္မာတိ– ထို့ကြောင့်၊ တထာဂတော– တထာဂတ မည်၏။

တထံ– မှန်သောဂုဏ်ရှိသော၊ လောကနိရောဓဂါမိနိံ– လောက၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော၊ ပဋိပဒံ– အကျင့်ဖြစ်သော မဂ္ဂသစ္စာကို၊ ဂတော– ပဋိပန္နော– သွားတော်မူပြီ။ *(ကျင့်တော်မူပြီ)* တသ္မာတိ– ထို့ကြောင့်၊ တထာဂတော– တထာဂတ မည်၏။

ဂုဏ် အမြွက်မျှသာ

ဤမျှကျယ်စွာ ဖွင့်ဆိုအပ်သော အကြောင်းအရာသည်လည်း–

တထာဂတဿ တထာဂတ ဘာဝဒီပနေ– တထာဂတ၏ တထာဂတအဖြစ်ကို ထင်ရှားပြဆိုခြင်းသည်၊ မုခမတ္တမေဝ– အမြွက်မျှသာတည်း၊ ပန– စင်စစ်သော်ကား၊ သဗ္ဗာကာရေန– အလုံးစုံသော အခြင်းအရာဖြင့်၊ တထာဂတဿ– တထာဂတ၏၊ တထာဂတဘာဝံ– တထာဂတ၏ အဖြစ်ကို၊ ဝဏ္ဏေယျ– ဖွင့်ပြတော်မူနိုင်ရာ၏၊

(ဗုဒ္ဓ၏ဂုဏ်ကို အခြားသူများက အနည်းငယ်မျှသာ ဖွင့်ဆိုနိုင်ပေသည်။ ဗုဒ္ဓ၏ဂုဏ်ကို ဗုဒ္ဓကသာလျှင် အလုံးစုံသော အခြင်းအရာမှ ဖွင့်ဆိုနိုင်သည်ဟု ဆိုလိုပေသည်။) (ဒီ ဋ္ဌ– ၁– ၆၇)

အပ္ပမတ္တကံ ခေါပနေတံ ဘိက္ခဝေ ဩရမတ္တကံ သီလမတ္တကံ ယေန ပုထုဇ္ဇနော တထာဂတဿ ဝဏ္ဏံ ဝဒမာနော ဝဒေယျ၊ ကတမဥ္စတံ ဘိက္ခဝေ အပ္ပမတ္တကံ ဩရမတ္တကံ သီလမတ္တကံ ယေနပုထုဇ္ဇနော တထာဂတဿ ဝဏ္ဏံ ဝဒမာနော ဝဒေယျ။ *(ဒီ– ၁– ၃)*

ရဟန်းတို့ ပုထုဇဉ်သည် ဗုဒ္ဓ၏ဂုဏ်ကို ပြောခဲ့လျှင် အနည်းငယ်မျှသာဖြစ်သော, နိမ့်ကျသော သီလမျှဖြင့်သာ ပြောနိုင်ရာ၏။ ပုထုဇဉ်သည် ဗုဒ္ဓ၏ဂုဏ်ကို ပြောခဲ့လျှင် ပြောနိုင်ရာသည့် အနည်းငယ်မျှသော, နိမ့်ကျသော၊ တံ– ထိုသီလမျှဟူသည်၊ ကတမံ– အဘယ်နည်း?။ *(ဤ၌ တထာဂတနှင့် ဗုဒ္ဓသည် အတူတူ၌ မှတ်ပါ။)*

အထက်ပါပါဠိတော်တွင် တံ– ထိုနိမ့်ကျသော သီလဟူသည်၊ ကတမံ– အဘယ်နည်း? မှတပါး ကျန်သော ဗုဒ္ဓဟော ပါဠိတော်များကို ဖွင့်ပြခဲ့ပြီး ဖြစ်လေသည်။ 'ကတမံ' အဘယ်နည်း ဟူသော ပုစ္ဆာနှင့်စပ်၍ ဖွင့်ပြရန်သာ ကျန်တော့သည်။ ယင်းကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြထားလေသည်။

ကတမံ ပုစ္ဆာ ငါးမျိုး

ကတမံ– အဘယ်နည်း? ဟူသည် မေးခွန်းပုစ္ဆာ ထုတ်လိုက်ခြင်း ဖြစ်သည်။ ထိုပုစ္ဆာသည်–

(၁) အဒိဋ္ဌဇောတနာ ပုစ္ဆာ – မသိမမြင်ရသေးသည်ကို သိမြင်ရန် ထွန်းပြကြောင်း ပုစ္ဆာ။

(၂) ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာ – သိမြင်အပ်ပြီးသော သဘောကို နှီးနှောကြောင်း ပုစ္ဆာ။ *(အခြားပညာရှိတစ်ဦးနှင့် နှီးနှောလို၍ မေးသော ပုစ္ဆာ)*

(၃) ဝိမတိစ္ဆေဒနာ ပုစ္ဆာ – ယုံမှားသံသယရှိသည်ဖြစ်၍ ယုံမှားခြင်းကို ပယ်ဖျောက်ရန် မေးသောပုစ္ဆာ။

(၄) အနုမတိ ပုစ္ဆာ – တရားနာသောပုဂ္ဂိုလ်၏ အလိုကို သိလိုသဖြင့် မေးသောပုစ္ဆာ။ *(ရုပ်သည် နိစ္စလော၊ အနိစ္စလောဟု မေးသောသဘောမျိုး)*

(၅) ကထေတု ကမျတာ ပုစ္ဆာ– ဗုဒ္ဓကိုယ်တော်တိုင် ဖြေကြားတော်မူလို၍ မေးသောပုစ္ဆာ။ *(သတိပဋ္ဌာန်လေးပါးတို့ဟူသည် အဘယ်နည်း ဆိုသည့်သဘောမျိုး)* ဟူ၍ ငါးမျိုးရှိလေသည်။

လိုအပ်သော ပုစ္ဆာနှင့် မလိုအပ်သော ပုစ္ဆာ

ထိုငါးမျိုးတို့တွင် ဗုဒ္ဓမှာ မသိမမြင်သေးသော တရားမျိုး မရှိခြင်းကြောင့် **'အဒိဋ္ဌဇောတနာ ပုစ္ဆာ'** မလိုအပ်ပေ။

ဗုဒ္ဓမှာ အခြားသော ပညာရှိတစ်ဦးနှင့် နှီးနှောတိုင်ပင်ရန်လည်း မရှိသောကြောင့် **'ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာ'**လည်း မလိုအပ်ပေ။

ဗုဒ္ဓမှာ ယုံမှားသံသယဖြစ်ဖွယ်လည်း ဘာမျှမရှိသောကြောင့် **'ဝိမတိစ္ဆေဒနာ ပုစ္ဆာ'**လည်း မလိုအပ်ပေ။

တရားနာပုဂ္ဂိုလ်၏ အလိုကို သိလို၍ မေးတော်မူသော **'အနုမတိ ပုစ္ဆာ'**နှင့် ဗုဒ္ဓကိုယ်တော်တိုင် ဖြေကြားလို၍ မေးတော်မူသော **'ကထေတုကမျတာ ပုစ္ဆာ'** ထိုနှစ်မျိုးသာ လိုအပ်ပေသည်။

ဗြဟ္မဇာလသုတ်၌ လိုအပ်သော ပုစ္ဆာ

ထိုနှစ်မျိုးတွင်လည်း ဤဗြဟ္မဇာလသုတ်၌ ဗုဒ္ဓသည် မိမိကိုယ်တိုင် ဖြေကြားတော်မူလိုသည်ဖြစ်၍ **'ကထေတုကမျတာ ပုစ္ဆာ'**ကို လိုအပ်ပေသည်။ *(ဒီ ဋ္ဌ- ၁- ၆၇/၆၈)*

သမဏ ဂေါတမ အသုံးအနှုန်း

ဗုဒ္ဓလက်ထက်တော်က ဗုဒ္ဓသာသနာတော်မှတပါးသော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓကို **'သမဏ ဂေါတမ'** 'ရဟန်းဂေါတမ' ဟူ၍ သုံးနှုန်းလေ့ရှိသည်။ ထိုအသုံးအနှုန်းအတိုင်းပင် ဤ၌ ဗုဒ္ဓသည် သုံးနှုန်း၍ ဖြေဆိုတော်မူလေသည်။

သီလသုံးမျိုး

ပုထုဇဉ်သည် ဗုဒ္ဓဂုဏ်ကို ပြောဆိုရာ၌ အနည်းငယ်မျှဖြစ်သော သေးငယ်သော သီလမျှဖြင့်သာ ပြောဆိုနိုင်ရာ၏ ဟူသော စကားရပ်၌ ထိုအနည်းငယ်ဖြစ်သော သေးငယ်သော သီလတို့သည် **'စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ'**ဟူ၍ သုံးမျိုးရှိလေသည်။ ဗုဒ္ဓသည် ထိုသီလသုံးမျိုးကို အစဉ်အတိုင်း ဖြေဆိုဟောကြားတော်မူသွားလေသည်။

စူဠသီလခန်း

ကတမဉ္စ တံ ဘိက္ခဝေ အပ္ပမတ္တကံ ဩရမတ္တကံ သီလမတ္တကံ ယေန ပုထုဇ္ဇနော တထာဂတဿ ဝဏ္ဏံ ဝဒမာနော ဝဒေယျ။ *(ဒီ- ၁- ၃)*

ရဟန်းတို့ ပုထုဇဉ်သည် တထာဂတ၏ဂုဏ်ကို ပြောခဲ့လျှင် ပြောနိုင်ရာသည့် အနည်းငယ်မျှသာဖြစ်သော နိမ့်ကျသော ထိုသီလမျှဟူသည်၊ ကတမံ- အဘယ်နည်း? *(ကထေတုကမျတာ ပုစ္ဆာ)*

(၁) ရဟန်းဂေါတမသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်နိုင်ပါပေသည်။ သနားတတ်ပါပေသည်။ အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွါးကို လိုလားလျက် နေတတ်ပါပေသည် ဟူ၍လည်းကောင်း၊

(၂) ရဟန်းဂေါတမသည် မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်နိုင်ပါပေသည်။ ပေးသည်ကိုသာ ယူလေ့ရှိတော်မူပါပေသည်။ ခိုးဝှက်ခြင်းမရှိဘဲ စင်ကြယ်သော ကိုယ်ခန္ဓာဖြင့် နေတော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(၃) ရဟန်းဂေါတမသည် ယုတ်ညံ့သော ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(၄) ရဟန်းဂေါတမသည် မမှန်စကား ပြောကြားခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်။ အမှန်ကိုသာ ပြောဆိုလေ့ရှိပါသည်။ *(အကြားအကြား၌ မှုသားမညှပ်ဘဲ)* မှန်သောစကားချင်း ဆက်စပ်တော်မူပါပေသည်။ တည်ကြည်သောစကား ရှိတော်မူပါပေသည်။ ယုံကြည်ထိုက်သောစကား ရှိတော်မူပါပေသည်။ လူအပေါင်းကို လှည့်စားတော်မမူ။ *(လမ်းမှားကို မညွှန်ကြား။)* ဟူ၍လည်းကောင်း။

(အချို့. လူကြီးလူကောင်းအမည်ခံ ပုဂ္ဂိုလ်တို့သည် လူအပေါင်းကို လှည့်စားတတ်ခြင်း၊ လမ်းမှားကို ညွှန်ကြားတတ်ခြင်း ရှိသည်ကို သတိမူပါ။)

(၅) ရဟန်းဂေါတမသည် ကုန်းစကားကို ရှောင်ကြဉ်တော်မူပါပေသည်။ ညီညွတ်နေသူကို ကွဲပြားအောင် ပြောကြားခြင်းကို ရှောင်ကြဉ်တော်မူနိုင်ပါပေသည်။ ကွဲပြားသူတို့ကိုသာ ညီညွတ်အောင် စေ့စပ်တော်မူတတ်ပါပေသည်။ ညီညွတ်သူတို့ကို အားပေးတော်မူတတ်ပါပေသည်။ ညီညွတ်ခြင်းကို ပြုသောစကားကို ပြောဆိုတော်မူတတ်ပါပေသည် ဟူ၍လည်းကောင်း၊

(၆) ရဟန်းဂေါတမသည် ကြမ်းသော စကားကို ရှောင်ကြဉ်တော်မူပါပေသည်။ အပြစ်ကင်း၍ နားချမ်းသာသော ယဉ်ကျေးသော စကားကိုသာ ပြောဆိုလေ့ရှိပါသည် ဟူ၍လည်းကောင်း၊

(၇) ရဟန်းဂေါတမသည် ပြိန်ဖျင်းသော စကားကို ရှောင်ကြဉ်တော်မူပါပေသည်။ သင့်သောအခါ၌သာ ပြောဆိုတတ်ပါပေသည်။ ဟုတ်မှန်၍ အကျိုးရှိသော စကားကိုသာ ပြောဆိုလေ့ရှိပါပေသည်။ တရားနှင့်စပ်သောစကား, အဆုံးအမနှင့်စပ်သောစကား, မှတ်သားလောက်သော စကားကိုသာ ပြောဆိုလေ့ရှိပါပေသည် ဟူ၍လည်းကောင်း၊

(၈) ရဟန်းဂေါတမသည် မျိုးစေ့အပေါင်း, သစ်ပင်အပေါင်းတို့ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(၉) ရဟန်းဂေါတမသည် နံနက်စာသာ စားသောက်လေ့ရှိပြီး ညစာစားခြင်းကို ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(၁၀) ရဟန်းဂေါတမသည် ကခြင်း, သီချင်းဆိုခြင်း, သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(၁၁) ရဟန်းဂေါတမသည် ပန်းပန်ခြင်း, အမွှေးနံ့သာလိမ်းခြင်း, ရွှေငွေကို ခံယူခြင်း, ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(၁၂) ရဟန်းဂေါတမသည် အသားစိမ်းကို ခံယူခြင်းမှ၊ မိန်းမအို, မိန်းပျိုကို ခံယူခြင်းမှ၊ ကျွန်မိန်းမ, ကျွန်ယောကျ်ားကို ခံယူခြင်းမှ၊ ဆိတ်, သိုး, ကြက်, ဝက်, ဆင်, နွား, မြင်း, မြည်း တို့ကို ခံယူခြင်းမှ၊ လယ်နှင့် ယာကို ခံယူခြင်းမှ၊ တမန်အမှုကို ဆောင်ရွက်ခြင်းမှ၊ ရောင်းဝယ်မှုကို ပြုခြင်းမှ၊ ချိန်ခွင်ဖြင့် လိမ်လည်လှည့်ဖျားခြင်းမှ၊ ရွှေခွက်ဖြင့် လိမ်လည်လှည့်စားခြင်းမှ၊ ခြင့်ခွက်, တင်းတောင်း, တိုင်းတာကြိုးတို့ဖြင့် လိမ်လည်လှည့်စားခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(၁၃) ရဟန်းဂေါတမသည် မတရားပြုလုပ်ရန် တံစိုးလက်ဆောင်ယူခြင်း *(လာဘ်စားခြင်း)*, နည်းပရိယာယ် အသွယ်သွယ်ဖြင့် လှည့်စားခြင်း, သတ်ဖြတ်ခြင်း, နှောင်ဖွဲ့ခြင်း, ခရီးသွားတို့ကို လုယူခြင်း, ရွာနိဂုံးတို့ကို ဖျက်ဆီးခြင်း, ဓားပြတိုက်ခြင်းတို့မှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် တထာဂတ၏ဂုဏ်ကို ပြောဆိုလျှင် ဤကဲ့သို့ သီလမျှလောက်ဖြင့်သာ ပြောဆိုနိုင်ကြမည်ဖြစ်သည်။ *(အကျယ်ပြောဆိုခြင်းမဟုတ် အကျဉ်းမျှသာ ပြောဆိုသည်အတွက် စူဠသီလ ခေါ်သည်။)*

စူဠသီလခန်းမှ လိုက်နာသင့်ရာ အချက်များ

(၁) ဤနံပါတ် (၁)၌ ရှင်တော်ဗုဒ္ဓသည် **ပါဏာတိပါတာ ပဋိဝိရတော**– သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်။ **လဇ္ဇီ**– မကောင်းမှုမှရှက်ခြင်း ရှိတော်မူသည်။ **ဒယာပန္နော**– မေတ္တာစိတ် ရှိတော်မူသည်။ **သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီ ဝိဟရတိ**– သတ္တဝါအားလုံးတို့ကို အစီးအပွားဖြင့် စောင့်ရှောက်လျက် နေနိုင်တော်မူပါပေသည် ဟူ၍ ပါရှိလေရာ–

(၁) ဤလူ့လောက၌ သားငါးစသော သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ခြင်းကို မဆိုထားနှင့်၊ လူလူချင်းပင် ကြက်ကလေး, ငှက်ကလေးပမာ သတ်ဖြတ်နေကြသည်မှာ အလွန်တုန်လှုပ် ခြောက်ခြားဖွယ် ကောင်းလှပေသည်။ ယင်းပုဂ္ဂိုလ်တို့သည် မကောင်းမှုမှ မရှက်သူ **'အလဇ္ဇီ'** ပုဂ္ဂိုလ်များ ဖြစ်သည်။ မေတ္တာစိတ်မရှိကြသော **'အဒယာပန္န'** ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ **'လောကဒေါသန'** လောကကို ဖျက်ဆီးနေကြသူများ ဖြစ်ကြသည်။

(၂) ထို့ကြောင့် အထက်ပါဒေသနာတော်ကိုထောက်၍ သတ္တဝါများ၏ အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကြပါကုန်လော့။ **အထူးအားဖြင့် လူလူချင်း တန်ဖိုးထား၍ လူလူချင်း သတ်ဖြတ်ခြင်းကို အထူးရှောင်ကြဉ်ကြပါကုန်လော့။ မကောင်းမှု**

ကို ရှက်ခြင်းရှိကြပါကုန်လော့။ တစ်ပါးသူတို့အပေါ်၌ မေတ္တာစိတ်ရောက်ကြပါကုန်လော့။ လူသားတို့၏ အကျိုးစီးပွားကို လိုလားစောင့်ရှောက်မှု ပြုကြပါကုန်လော့။ လောကကြီးကို ဖျက်ဆီးသူ မဖြစ်ကြပါနှင့်။

(၂) ဤနံပါတ် (၂)၌ ရှင်တော်ဗုဒ္ဓသည် 'အဒိန္နာဒါနာ ပဋိဝိရတော' သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်။ 'ဒိန္နာဒါယီ' ပေးသည်ကို ယူတော်မူတတ်သည်။ 'ဒိန္နပါဋိကင်္ခီ' ပေးသည်ကိုသာ စိတ်ဖြင့် လိုလားတော်မူသည်။ 'သုစိဘူတေန အတ္တနာ ဝိတရတိ' *(မခိုး မဝှက် မလုယူသည်၏ အမှန်ကြောင့်)* စင်ကြယ်သော ကိုယ်ဖြင့်သာ နေတော်မူလေ့ရှိသည်ဟု လာရှိလေရာ–

(၁) ဤလူ့လောက၌ လူသားအချင်းချင်း တစ်ဦး၏ ပစ္စည်းကို တစ်ဦးက အမျိုးမျိုးသောနည်းတို့ဖြင့် ခိုးဝှက်ယူရုံတွင်မက အနိုင့်အထက် ပြုလုပ်၍ယူခြင်း၊ အကြမ်းဖက်၍ ယူခြင်းတို့ဖြင့် ယူနေကြသည်မှာ ကြောက်ခမန်းလိလိ ဖြစ်လျက်ရှိနေပေသည်။ ထို့ကြောင့် ၎င်းတို့၏ ခန္ဓာကိုယ်များသည်လည်း 'အတိဝိယ အသုစိဘူတ ခန္ဓာ' အလွန်ပင် မစင်မကြယ် ညစ်ထေးနေသော ခန္ဓာကိုယ်ကြီးဖြစ်လျက် ရှိနေလေသည်။ ၎င်းတို့သည် ၎င်းတို့ ခန္ဓာကိုယ်ကြီးဖြင့်ပင် 'အသုစိဘူတ လောကာ' လူ့လောကကြီးကို မစင်မကြယ်ဖြစ်အောင်၊ ညစ်ပတ်ပေရေအောင်၊ အရုပ်ဆိုး အကျည်းတန်အောင် ပြုလုပ်နေသူများ ဖြစ်ကြလေသည်။

(၂) ထို့ကြောင့် အထက်ပါ ဒေသနာတော်ကို ထောက်၍ **သူတစ်ပါး ဥစ္စာကို ခိုးယူ၊ ဝှက်ယူ၊ မလိမ့်တပတ်လုပ်ယူခြင်းမှ ရှောင်ကြပါကုန်လော့။ ပေးသည်ကိုသာ ယူတတ်သူ ဖြစ်အောင် ပြုလုပ်ကြပါကုန်လော့။ ပေးသည်ကိုသာ စိတ်ဖြင့်လိုလားသူ ဖြစ်ကြပါကုန်လော့။ ထိုသို့ ရှောင်ရှားပြုလုပ်ခြင်းဖြင့် စင်ကြယ်သော ခန္ဓာကိုယ်ဖြင့်နေသူ ဖြစ်ကြပါကုန်လော့။ စင်ကြယ်သော မိမိခန္ဓာကိုယ်ဖြင့် လူ့လောကကြီးကို အလှဆင်တတ်သူ ဖြစ်အောင် ပြုလုပ်တတ်ကြပါကုန်လော့။**

(၃) ဤနံပါတ် (၃)၌ ရှင်တော်ဗုဒ္ဓသည် အာရာစာရီ– မေထုန်အကျင့်မှ ဝေးစွာရှောင်ကြဉ်လေ့ ရှိတော်မူသည်ဟု ဆိုထားလေရာ–

(၁) ဤလူ့လောက၌ လူသားတို့သည် ဗုဒ္ဓအစရှိသော အရိယာသူတော်ကောင်းတို့ကဲ့သို့ ယုတ်ညံ့သော ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ မရှောင်နိုင်ကြဘဲ မိမိတို့၏ မယား၊ လင်တို့ဖြင့် မေထုန်အကျင့်ကို ပြုကျင့်လျက်ရှိကြသည်။ ၎င်းအကျင့်သည် ရဟန်းတို့ ပြုကျင့်ခြင်းငှာ မထိုက်သော်လည်း တဏှာရာဂ မကင်းကြသော ပုထုဇဉ် လောကီလူသားတို့ နယ်ပယ်၌ကား ထုံးတမ်းစဉ်လာအားဖြင့် ခွင့်ပြုထားကြပေသည်။ သို့ရာတွင် မိမိမယား၊ လင်မှတပါး အခြားသူတို့ကို အနိုင်အထက်အားဖြင့် ပြုကျင့်မှိုဝဲခြင်းသည်ကား 'လောက ဒေ်သန' လောကကို ဖျက်ဆီးနေခြင်းပင် ဖြစ်သည်။

(၂) ထို့ကြောင့် အထက်ပါ ဒေသနာတော်အရ **ကာမဂုဏ်ကို လွန်လွန်ကဲကဲ ခံစားခြင်းသည်လည်းကောင်း၊ အနိုင်အထက်ပြု၍ ခံစားခြင်းသည်လည်းကောင်း လောကကို ဖျက်ဆီးရာရောက်သောကြောင့် အလွန့်အလွန် မမြတ်သော၊ မကောင်းသောအကျင့် ဖြစ်လေသည်။ ထို့ကြောင့် ထိုအကျင့်မျိုးတွေမှ ဝေးစွာရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။**

(၄) ဤနံပါတ် (၄)၌ ရှင်တော်ဗုဒ္ဓသည် 'မုသာဝါဒါ ပဋိဝိရတော' မမှန်စကား ပြောကြားခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်။ 'သစ္စဝါဒီ' အမှန်ကိုသာ ပြောဆိုလေ့ရှိတော်မူသည်။ 'သစ္စသန္ဓော' အကြားအကြား၌ မုသားမညှပ်ဘဲ မှန်သောစကားချင်း ဆက်စပ်တော်မူတတ်ပါပေသည်။ 'ထေတော' တည်ကြည်သောစကား ရှိတော်မူသည်။ 'ပစ္စယိကော' ယုံကြည်ထိုက်သော စကား ရှိသည်။ 'အဝိသံဝါဒကော လောကဿ' လူအပေါင်းကို လှည့်စားတော်မမူ *(လမ်းမှားကို မညွှန်ကြား)* ဟု လာရှိပေရာ–

(၁) ဤလူ့လောက၌ လူသားအပေါင်းတို့သည် တစ်ဦးနှင့်တစ်ဦး စကားပြောကြတိုင်း လိမ်လည်လှည့်ဖျား ပြောကြားခြင်း၊ ဇါကြွားပလွှား ပြောတတ်ခြင်းတို့သည် ထုံးတမ်းစဉ်လာလို ဖြစ်နေလေသည်။ ယင်းအချက်သည်လည်း အလွန်မကောင်းသောအချက် ဖြစ်လေသည်။ လူတစ်ဦးသည် 'အမှန်ကိုသာ ပြောဆိုလေ့ရှိသည်' ဟူ၍ဆိုလျှင် ယုံတမ်းစကားသဖွယ် ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။ လူတစ်ဦးတစ်ယောက်ကို ဤလူသည် 'တည်ကြည်သော စကားရှိသည်' ဟူ၍ ညွှန်ပြနိုင်ရန် ခဲယဉ်းပေလိမ့်မည်။ ဤလူတစ်ယောက်သည်လည်း 'ယုံကြည်ထိုက်သော စကားရှိသည်' ဆိုလျှင် ပုံပြင်ပမာ ဖြစ်နေပေလိမ့်မည်။ 'အကြားအကြား၌ မုသားစကား မညှပ်ဘဲ မှန်သောစကားချည်း ဆက်စပ်အောင် ပြောဆိုတတ်ပါပေသည်'ဟု ဆိုလျှင် သာ၍ပင် ယုံကြည်ရန် ခဲယဉ်းမည်ဖြစ်သည်။ လူအပေါင်းကို လှည့်စားခြင်းမရှိ *(လမ်းမှားကို မညွှန်ကြား)*ဟု ဆိုရာ၌ကား လူအတန်းစားအလွှာတိုင်းမှာ လူအပေါင်းကို လှည့်စားနေခြင်း၊ လမ်းမှားကို ညွှန်ကြားနေခြင်း စသည်တို့ကို ပြောဆိုညွှန်ကြားနေကြသော လူကြီးလူကောင်းအမည်ခံ အချို့လူတို့ပင် ပါဝင်ပတ်သက်ခြင်း ရှိနေကြသည်

တို့မှာ အလွန်တုန်လှုပ် ခြောက်ခြားဖွယ်ကောင်းသောအချက် ဖြစ်နေပေသည်။

(၂) ထို့ကြောင့် အထက်ပါ ဒေသနာတော်အရ မုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။ **အမှန်ကိုသာ ပြောဆိုလေ့ရှိသူ ဖြစ်ကြပါကုန်လော့။ တည်ကြည်သော စကားရှိသူ၊ ယုံကြည်ထိုက်သော စကားရှိသူ ဖြစ်ကြပါကုန်လော့။ အကြားအကြား၌ မုသားမညှပ်ဘဲ မှန်သောစကားချည်းသာ ဆက်စပ်အောင် ပြောဆိုတတ်သူ ဖြစ်ကြပါကုန်လော့။ လူအပေါင်းကို မလှည့်စားမိအောင်၊ လမ်းမှားကို မညွှန်ကြားမိအောင် ပြောဆိုတတ်သူ ဖြစ်ကြပါကုန်လော့။**

(၅) ဤနံပါတ် (၅)၌ ရှင်တော်ဗုဒ္ဓသည် 'ပိသုဏာယ ဝါစာယ ပဋိဝိရတော' ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်။ 'နအက္ခာတာ ဘေဒါယ' တစ်ဦးနှင့်တစ်ဦး ကွဲပြားခြင်းငှာ ပြောဆိုတော်မမူတတ်။ 'ဘိန္နာနံ သန္ဓာတာ' ကွဲပြားသူတို့ကိုသာ စေ့စပ်ပေးတော်မူတတ်လေသည်။ 'သဟိတာနံ အနုပ္ပဒါတာ' ညီညွတ်သူတို့ကို အားပေးတော်မူတတ်ပေသည်။ 'သမဂ္ဂါရာမော' ညီညွတ်ခြင်း၌ မွေ့လျော်တော်မူသည်။ 'သမဂ္ဂရတော' ညီညွတ်ခြင်း၌ ပျော်ပိုက်တော်မူသည်။ 'သမဂ္ဂနန္ဒီ' ညီညွတ်ခြင်းကို နှစ်သက်တော်မူသည်။ 'သမဂ္ဂ ကရဏိံ ဝါစံ ဘာသိတာ' ညီညွတ်ခြင်းကိုပြုသော စကားကိုသာ ပြောဆိုတော်မူတတ်ပါပေသည်ဟု လာရှိလေရာ-

(၁) ဤလူ့လောက၌ အချို့လူတို့သည် ကုန်းစကားကို တွင်တွင်ကြီး ပြောကြားခြင်း၊ ညီညွတ်နေသူတို့ကို ကွဲပြားအောင် ပြုလုပ်ခြင်းတို့သည် အလွန်ထိတ်လန့် တုန်လှုပ်ခြောက်ခြားဖွယ်ကောင်းသော အချက်ပင် ဖြစ်လေသည်။ 'လောက ဒေါသန' လောကကို ဖျက်ဆီးနေကြသူများပင် ဖြစ်လေသည်။ 'အလဇ္ဇီ' အရှက်မရှိသူများပင် ဖြစ်လေသည်။ 'အဒယာပန္န' မေတ္တာစိတ် မရှိသူများပင် ဖြစ်လေသည်။

(၂) ထို့ကြောင့် အထက်ပါ ဒေသနာတော်အရ ကုန်းစကားကို ပြောကြားခြင်းမှ ရှောင်ကြဉ်ကြပါကုန်လော့။ ညီညွတ်နေသူတို့ကို ကွဲပြားအောင် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကြပါကုန်လော့။ ညီညွတ်သူတို့ကို ညီညွတ်သည်ထက် ညီညွတ်အောင် ပြောဆိုပြုလုပ်တတ်သူ ဖြစ်ကြပါကုန်လော့။ ညီညွတ်ခြင်း၌ မွေ့လျော်သူ၊ ညီညွတ်ခြင်း၌ ပျော်ပိုက်သူ၊ ညီညွတ်ခြင်းကို နှစ်သက်သူ ဖြစ်ကြပါကုန်လော့။ ညီညွတ်ခြင်းကို ဖြစ်စေသော စကားကိုသာ ပြောဆိုပြုမူတတ်ကြပါကုန်လော့။

(၆) ဤနံပါတ် (၆)၌ ရှင်တော်ဗုဒ္ဓသည် 'ဖရုသာယ ဝါစာယ ပဋိဝိရတော' ကြမ်းသောစကားကို ပြောကြားခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်။ 'နေလာ' အပြစ်ကင်းသော စကားကိုသာ ပြောဆိုတတ်ပါပေသည်။ 'ကဏ္ဏသုခါ' နားချမ်းသာသော စကားကို ပြောဆိုတတ်ပါပေသည်။ 'ပေမနိယာ' နှစ်လိုဖွယ်ကောင်းသော စကားကို ပြောဆိုတတ်ပါပေသည်။ 'ဟဒယင်္ဂမာ' နှလုံးသို့ သက်ဝင်သော စကားကို ပြောဆိုတတ်ပါပေသည်။ 'ပေါရီ' မြို့ကြီးသူတို့ကဲ့သို့ ယဉ်ကျေးသောစကားကို ပြောဆိုတော်မူတတ်ပါပေသည်။ 'ဗဟုဇန ကန္တာ' လူအများ နှစ်သက်သော စကားကို ပြောဆိုတတ်ပါပေသည်။ 'ဗဟုဇန မနာပါ' လူအများ နှစ်မြို့ဖွယ် စကားကို ပြောဆိုတော်မူတတ်ပါပေသည်ဟု လာရှိလေရာ-

(၁) ဤလူ့လောက၌ အချို့လူတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အလွန်ကြမ်းတမ်း ရိုင်းစိုင်းသော စကားကို ပြောဆိုနေကြသည်။ ခြိမ်းခြောက်နေကြသည်။ ကြိမ်းမောင်းနေကြသည်။ ဇေါက်ငမ်းနေကြသည်။ အပြစ်မကင်းသော စကားကို ပြောဆိုနေတတ်ကြသည်။ တစ်ဘက်သားနားမှာ မချမ်းသာအောင် ခါးသီးသော စကားကို ပြောဆိုနေကြသည်။ နှစ်လိုဖွယ်မကောင်းသော စကားများကို ပြောဆိုနေတတ်ကြသည်။ နှလုံးသို့ မသက်ဝင်နိုင်သော *(လက်မခံနိုင်သော)* စကားများကို ပြောဆိုနေတတ်ကြသည်။ ရိုင်းစိုင်းသော စကားကို ပြောဆိုနေတတ်ကြသည်။ လူအများ မနှစ်မြို့သောစကား၊ လူအများ မနှစ်သက်သောစကားကို ပြောဆိုနေတတ်ကြသည်။ ယင်းသို့သော စကားများသည်လည်း အလွန်မကောင်းသော စကားဖြစ်သည်။ အရှက်မရှိသော စကားဖြစ်သည်။ မေတ္တာစိတ် မရှိသောသူတို့၏ စကားဖြစ်သည်။ 'လောက ဒေါသန' ထိုပုဂ္ဂိုလ်တို့သည် လောကကို ဖျက်ဆီးသူများပင် ဖြစ်ကြလေသည်။

(၂) ထို့ကြောင့် အထက်ပါဒေသနာတော်အရ **ကြမ်းတမ်းရိုင်းစိုင်းသောစကားကို ရှောင်ကြဉ်ကြပါကုန်လော့။ အပြစ်ကင်းသော စကားကို ပြောဆိုကြပါကုန်လော့။ သူတစ်ပါး နားချမ်းသာသော စကားကို ပြောဆိုတတ်ကြပါကုန်လော့။ နှစ်လိုဖွယ်ကောင်းသော စကားကို ပြောဆိုတတ်ကြပါကုန်လော့။ နှလုံးသို့ သက်ဝင်လက်ခံနိုင်သော စကားမျိုးကို ပြောတတ်ကြပါကုန်လော့။ ယဉ်ကျေးသော စကားကို ပြောဆိုတတ်ကြပါကုန်လော့။ လူအများ နှစ်သက်သော စကားကို၊ လူအများ နှစ်မြို့သော စကားကို ပြောဆိုတတ်ကြပါကုန်လော့။ အရှက်ရှိသူ ဖြစ်ကြပါကုန်လော့။ လောကကို မဖျက်ဆီးသူ ဖြစ်ကြပါကုန်လော့။**

(၇) ဤနံပါတ် (၇)၌ ရှင်တော်ဗုဒ္ဓသည် 'သမ္ဖပ္ပလာပါ ပဋိဝိရတော' ပြိန်ဖျင်းသော စကားကို ပြောကြားခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်။ **'ကာလဝါဒီ'** သင့်သောအခါ၌သာ ပြောဆိုတော်မူတတ်ပါပေသည်။ **'ဘူတဝါဒီ'** ဟုတ်သည်ကိုသာ ပြောဆိုတော်မူတတ်ပါပေသည်။ **'အတ္ထဝါဒီ'** အကျိုးနှင့် စပ်သည်ကိုသာ ပြောဆိုတော်မူတတ်ပါပေသည်။ **'ဓမ္မဝါဒီ'** တရားနှင့် စပ်သည်ကိုသာ ပြောဆိုတော်မူတတ်ပါပေသည်။ **'ဝိနယဝါဒီ'** အဆုံးအမနှင့် စပ်သော စကားကိုသာ ပြောဆိုတော်မူတတ်ပါပေသည်။ **'နိဓာနဝတိံ ဝါစံ ဘာသိတာ'** သို့မှီးသိမ်းဆည်းထားအပ်သော *(မှတ်သားလောက်သော)* စကားကိုသာ ပြောဆိုတော်မူတတ်ပါပေသည် ဟု လာရှိလေရာ–

(၁) ဤလူ့လောက၌ မိမိအတွက်ရော, သူတစ်ပါးအတွက်ရော, ပစ္စုပ္ပန်ဘဝအတွက်ရော, တမလွန်ဘဝအတွက်ရော ဘာမျှအကျိုးမရှိသော ပြိန်ဖျင်းသော စကားကို ပြောဆိုကြရင်းမှ ပျက်စီးခြင်းသို့ ရောက်သွားကြသော အချို့လူတို့လည်း ရှိကြသလို မိမိပြောသောစကားသည် ဟုတ်မှန်သောစကားပင် ဖြစ်ငြားသော်လည်း မပြောသင့်ရာ အချိန်ကာလ၌ ပြောမိသောကြောင့် ပျက်စီးခြင်းသို့ ရောက်ရသော အချို့လူတို့လည်း ရှိကြလေသည်။ ၎င်းပြင် မဟုတ်မဟတ်သော စကား, အကျိုးနှင့် မစပ်သော စကား, တရားနှင့် မစပ်သော စကား, အဆုံးအမနှင့် မစပ်သော စကား *(ခည်းပျက်ကမ်းပျက်စကား)*, မှတ်သားခြင်းငှာ, သိမ်းဆည်းခြင်းငှာ မထိုက်သော စကားများကို ပြောဆိုကြလေသောကြောင့် ပျက်စီးခြင်းဘဝသို့ ရောက်ကြရသော အချို့လူတို့လည်း ရှိကြလေသည်။

(၂) ထို့ကြောင့် အထက်ပါ ဒေသနာတော်အရ ပြိန်ဖျင်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကြပါကုန်လော့။ မသင့်သောအခါ၌ ပြောဆိုတတ်ခြင်းကို ရှောင်ကြဉ်ပါကုန်လော့။ မဟုတ်မဟတ်သော စကား, တရားနှင့် မစပ်သောစကား, အကျိုးစီးပွါးနှင့် မစပ်သောစကား, အဆုံးအမနှင့် မစပ်သောစကား, မှတ်သားသိမ်းဆည်းထားခြင်းငှာ မထိုက်သောစကားကို ပြောကြားခြင်းမှ ရှောင်ကြဉ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။

(၈) ဤနံပါတ် (၈)၌ ရှင်တော်ဗုဒ္ဓသည် 'ဗီဇဂါမ ဘူတဂါမ သမာရမ္ဘာ' မျိုးစေ့အပေါင်း, သစ်ပင်အပေါင်းတို့ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်ဟု လာရှိလေရာ–

(၁) ဤလူ့လောက၌ အချို့လူတို့သည် တန်ဖိုးရှိသော သစ်ပင်မျိုးစေ့များကိုလည်းကောင်း၊ ကျွန်း, ပျဉ်းကတိုး အစရှိသော သစ်ပင်တို့ကို လည်းကောင်း မသမာသောနည်းဖြင့်၊ ဥပဒေမှ မလွတ်ကင်းသောနည်းဖြင့် ရောင်းစားကြသောကြောင့် မင်းပြစ်, မင်းဒဏ်သင့်၍ ဘဝပျက်ကြရသော အခြေအနေမျိုးသို့ ရောက်သွားကြရလေသည်။

(၂) ထို့ကြောင့် အထက်ပါ ဒေသနာတော်အရ မျိုးစေ့အပေါင်း, သစ်ပင်အပေါင်းတို့ကို ဖျက်ဆီးခြင်းမှ၊ ခိုးရောင်းခြင်းမှ၊ မသမာသောနည်းတို့ဖြင့် ပြုလုပ်ခြင်းမှ၊ ဥပဒေမှ မလွတ်ကင်းသောနည်းဖြင့် ရောင်းစားခြင်းမှ ရှောင်ကြဉ်ကြပါကုန်လော့။

(၉) ဤနံပါတ် (၉)၌ ရဟန်းဂေါတမသည် **'ရတ္တူပရတော'** ညဉ့်အခါ စားခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်။ **'ဝိကာလဘောဇနာ ဝိရတော'** နေလွဲညစာစားခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်ဟု လာရှိလေရာ–

(၁) အချို့ကုန်သော ဥပုသ်စောင့်သူများနှင့် ရဟန်း, သာမဏေ, သီလရှင်တို့သည် ညဉ့်အခါ၌လည်း စားသောက်လေ့ရှိကြသည်။ နေလွဲညစာများကိုလည်း စားသောက်လေ့ရှိကြသည်။ ၎င်းအမှုသည် သူတော်ကောင်းတို့ ကဲ့ရဲ့ဖွယ်ဖြစ်သည်။ လူအများကို အကြည်ညို ပျက်စေလေသည်။

(၂) ထို့ကြောင့် အထက်ပါ ဒေသနာတော်အရ ရဟန်း, ကိုရင်, သီလရှင်များနှင့် ဥပုသ်စောင့်သူများတို့သည် ညဉ့်အခါ၌ **လည်းကောင်း၊ နေလွဲအခါ၌ လည်းကောင်း စားသောက်မှုမှ ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။**

(၁၀) ဤနံပါတ် (၁၀)၌ ရှင်တော်ဗုဒ္ဓသည် **'နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ပဋိဝိရတော'** ကခြင်း, သီချင်းဆိုခြင်း, သူတော်ကောင်းတရား၏ ဆူးငြောင့်သဖွယ်ဖြစ်သော ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်တော်မူပါပေသည်ဟု လာရှိလေရာ–

(၁) ဥပုသ်စောင့်သူများ၊ ရဟန်း, ကိုရင်, သီလရှင်များတို့သည် ကခြင်း, သီချင်းဆိုခြင်း, ပွဲကြည့်ခြင်းတို့ကို ပြုလုပ်ခြင်းဖြင့် သူတော်ကောင်းတရား၏ ဆန့်ကျင်ဘက်ဖြစ်သော ဆူးငြောင့်ကို တက်နင်းရရောက်လေတော့သည်။ တကယ် ဆူးငြောင့်ကို တက်နင်းမိကြသော ပုဂ္ဂိုလ်တို့သည် ထိုဒဏ်ရာဒဏ်ချက်ကြောင့် မိမိတို့၏ လုပ်ငန်းများကို လုပ်နိုင်ကြမည် မဟုတ်သကဲ့သို့ ထိုပုဂ္ဂိုလ်တို့သည်လည်း သူတော်ကောင်းတရားကိုလည်းကောင်း၊ ပရိယတ်, ပဋိပတ်ကိုလည်းကောင်း အဘယ်မှာ ကောင်းစွာအားထုတ်နိုင်ကြပါတော့မည်နည်း။

(၂) ထို့ကြောင့် အထက်ပါ ဒေသနာတော်အရ ဥပုသ်စောင့်သူများ၊ ရဟန်း, ကိုရင်, သီလရှင်များတို့သည် သူတော်ကောင်းတရား၊ ပရိယတ်, ပဋိပတ် သာသနာတော်၏ ဆုံးကြောင့်သဖွယ်ဖြစ်သော ကခြင်း, သီချင်းဆိုခြင်း, တီးမှုတ်ခြင်း, ပွဲကြည့်ခြင်းများကို အထူးရှောင်ကြဉ်မှု ပြုနိုင်သူ ဖြစ်ကြပါကုန်လော့။

(၁၁) ဤနံပါတ် (၁၁)၌ ရှင်တော်ဗုဒ္ဓသည် 'မာလာဂန္ဓ, ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသနဋ္ဌာနာ ပဋိဝိရတော' ပန်းပန်ခြင်း, အမွှေးနံ့သာလိမ်းခြင်း, ဆောင်ခြင်း, ခြယ်သခြင်း, အလှပြုပြင်ခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်ဟု လာရှိလေရာ-

(၁) အထက်ပါကိစ္စတို့သည် ဥပုသ်စောင့်သူများ၊ ရဟန်း, ကိုရင်, သီလရှင်များတို့အတွက် သီလပျက်စီးရာ ပျက်စီးကြောင်းဖြစ်သောကြောင့် ထိုကိစ္စတို့ကို ရှောင်ကြဉ်နိုင်သူများ ဖြစ်ကြပါကုန်လော့။

(၁၂) ဤနံပါတ် (၁၂)၌ ရှင်တော်ဗုဒ္ဓသည် 'တုလာကူဋ, ကံသကူဋ, မာနကူဋာ ပဋိဝိရတော' ချိန်ခွင်ဖြင့် လိမ်လည်လှည့်စားခြင်းမှ၊ ရွှေခွက်ဖြင့် လိမ်လည်လှည့်စားခြင်းမှ၊ တင်းတောင်း, ချင့်ခွက်, တိုင်းတာကြိုးတို့ဖြင့် လိမ်လည်လှည့်စားခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်ဟု လာရှိလေရာ-

(၁) ထိုကိစ္စသည်လည်း **'လောက ဒေါသန'** လောကကို ဖျက်ဆီးခြင်းတစ်မျိုးပင် ဖြစ်သောကြောင့် ထိုကိစ္စမျိုးတို့ကိုလည်း ရှောင်ကြဉ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။

(၁၃) ဤနံပါတ် (၁၃)၌ ရှင်တော်ဗုဒ္ဓသည် 'ဥက္ကောဋန ဝဉ္စန နိကတိသာစိယောဂါ ပဋိဝိရတော' မတရားပြုလုပ်ရန် တံစိုးလက်ဆောင်ယူခြင်း*(လာဘ်စားခြင်း)*၊ နည်းပရိယာယ်အသွယ်သွယ်ဖြင့် လှည့်စားခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းမှ ရှောင်ကြဉ်နိုင်ပါပေသည်။ **'ဆေဒန ဝဓ ဗန္ဓန ဝိပရာမောသ အာလောပ သဟသာကာရာ ပဋိဝိရတော'** သတ်ဖြတ်ခြင်း, ခရီးသွားတို့ကို လုယက်ခြင်း, ရွာနိဂုံးတို့ကို ဖျက်ဆီးခြင်း, ဓားပြတိုက်ခြင်းတို့မှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည်ဟု လာရှိလေရာ-

(၁) အထက်ပါ ကိစ္စတို့သည်လည်း **'လောက ဒေါသန'** လူ့လောကကြီးကို အရုပ်ဆိုး အကျည်းတန်အောင်, ရှုပ်ထွေးပွေလီအောင်, ပျက်စီးအောင် ဖျက်ဆီးခြင်းမျိုး ဖြစ်လေသည်။

(၂) ထို့ကြောင့် အထက်ပါ ဒေသနာတော်အရ ထိုကိစ္စတို့ကို အထူးအားဖြင့် ရှောင်ကြဉ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။

(အချုပ်အားဖြင့် လူ့လောကကြီးကို ဖျက်ဆီးသူ မဖြစ်ကြပါစေနှင့်။ လှပသာယာအောင် ပြုလုပ်သူ ဖြစ်ကြပါကုန်လော့။)

မဇ္ဈိမသီလခန်း

ပုထုဇဉ်သည် တထာဂတဂုဏ်ကို ပြောဆိုလျှင် ဤသို့လည်း ပြောဆိုနိုင်ပါသည်။

(၁) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတပါးတို့) သဒ္ဓါတရားဖြင့် လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ပြီးလျှင် များသောအသက်မွေးမှုဖြစ်သော မိစ္ဆာဇီဝဖြင့် အသက်မွေးလေ့ရှိကြလေသည်။ အမြစ်မျိုးစေ့, ပင်စည်မျိုးစေ့, အဆစ်မျိုးစေ့, အညွန့်မျိုးစေ့, အစေ့မျိုးစေ့ဟူသော မျိုးစေ့အပေါင်း, အပင်အပေါင်းတို့ကို ဖျက်ဆီးခြင်းကို ပြုလုပ်နေကြလေသည်။ ရဟန်းဂေါတမသည် ထိုမျိုးစေ့အပေါင်း, အပင်အပေါင်းတို့ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(သတိပေး။ ။အထက်ပါဒေသနာတော်အရ ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုသို့သော မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းမျိုးကို ရှောင်ကြဉ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။)

(၂) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းတို့ကို သုံးဆောင်ကြပြီးလျှင် ဆွမ်း, အဖျော်, အဝတ်, ယာဉ်, အိပ်ရာ, နေရာ, နံ့သာ, နှမ်း, ဆန်, ပဲ စသည်တို့နှင့် အခြားသုံးဆောင်ဖွယ်တို့ကို သိုလှောင်သိမ်းဆည်း၍ သုံးဆောင်မှု ပြုကြလေသည်။ ရဟန်းဂေါတမသည် ထိုသို့သိုလှောင်သိမ်းဆည်း၍ သုံးဆောင်ခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(သတိပေး။ ။အထက်ပါဒေသနာတော်အရ ရဟန်း, ကိုရင်တို့သည် ထိုသို့သော သုံးဆောင်ခြင်းမျိုးမှ ရှောင်ကြဉ်မှု ပြုနိုင်ကြသူ ဖြစ်ကြပါကုန်လော့။)

(၃) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတစ်ပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းတို့ကို သုံးဆောင်ကြပြီးလျှင် သူတော်ကောင်းတရား၏ ဆူးငြောင့်သဖွယ်ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, သဘင်ပွဲ, စာဟောပွဲ, လက်ဝါးတီးပွဲ, စည်တီးပွဲ, ပန်းချီပြပွဲ, သံလုံးကစားပွဲ, ဝါးထောင်၍ကစားပွဲ, အရိုးဆေးပွဲ, ဆင်တိုက်ပွဲ, မြင်း, ကျွဲ, နွား, သိုး, ငုံး, ကြက်တိုက်ပွဲ၊ တုတ်သိုင်းပွဲ, လက်ဝှေ့ထိုးပွဲ, လက်ပမ်းလုံးပွဲ, စစ်ထိုးပွဲ, စစ်သည်စစ်ဆေးပွဲ, စစ်ဆင်ပွဲ, စစ်အင်ကျင်းပွဲတို့ကို ကြည့်ရှုမှုပြုကြလေသည်။ ရဟန်းဂေါတမသည် ထိုအမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(သတိပေး။ ။အထက်ပါဒေသနာတော်အရ ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုပွဲအမျိုးမျိုးတို့ကို ကြည့်ရှုခြင်းမှ ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။)

(၄) အချို့သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတစ်ပါးတို့) သဒ္ဓါတရားဖြင့် လှူအပ်သောပစ္စည်းတို့ကို သုံးဆောင်ကြပြီးလျှင် ရှစ်ကွက်ကျားကစားခြင်း, ဆယ်ကွက်ကျားကစားခြင်း, ဂေါ်လီကစားခြင်း, ပိပိမှုတ်ကစားခြင်း, ကျွမ်းထိုးကစားခြင်း, အက္ခရာဝှက်ကစားခြင်း, ကျိုးယောင်ကန်းယောင်ပြု၍ ကစားခြင်း စသော လောင်းကစားများကို ပြုလုပ်နေကြလေသည်။ ရဟန်းဂေါတမသည် ထိုအမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(သတိပေး။ ။အထက်ပါဒေသနာတော်အရ ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုကစားခြင်း အမျိုးမျိုး၊ လောင်းကစားများကို ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။)

(၅) အချို့ကုန်သော သမဏ, ဗြာဟ္မဏတို့သည် (သူတစ်ပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းကို သုံးဆောင်ပြီးလျှင် မြင့်လွန်းသောနေရာပလ္လင်, မွေးရှည်ကော်ဇောကြီး, ဆန်းကြယ်သော သားမွေးအခင်းအမျိုးမျိုး, လဲသွတ်အခင်း, ရုပ်ပုံခြယ်ထားသောအခင်း, ရွှေခြည်ထိုးအခင်းစသည်တို့ကို သုံးစွဲမှုပြုကြလေသည်။ ရဟန်းဂေါတမသည် ထိုအမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါဒေသနာတော်အရ ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုနေရာ, ပလ္လင်မျိုးနှင့် အခင်းအမျိုးမျိုးကို အသုံးပြုခြင်းမှ ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။)

(၆) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတစ်ပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းများကို သုံးဆောင်ကြပြီးလျှင် နံ့သာဖြင့် ပွတ်သပ်ခြင်း, ဆီဖြင့်ဆုပ်နယ်ခြင်း, မှန်ကြည့်ခြင်း, မိမိခန္ဓာကိုယ်ကို လှအောင်ပြင်ခြင်း, ဆန်းကြယ်သောဖိနပ်တို့ကို စီးခြင်း, ဆန်းကြယ်သောထီးတို့ကို ဆောင်းခြင်း, အမြိတ်ရှည် အဝတ်ဖြူကို ဝတ်ခြင်း စသည်တို့ကို ပြုလုပ်ကြလေသည်။ ရဟန်းဂေါတမသည် ထိုအမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(သတိပေး။ ။အထက်ပါဒေသနာတော်အရ ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုကဲ့သို့သော ပြုလုပ်ခြင်းမျိုးတို့ကို ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။)

(၇) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတစ်ပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းများကို သုံးဆောင်ကြပြီးလျှင် မဂ်, ဖိုလ်, နိဗ္ဗာန်နှင့် ဆန့်ကျင်ဘက်ဖြစ်သော မင်းနှင့်စပ်သောစကား, မိန်းမနှင့် စပ်သောစကား, ဆွေမျိုးနှင့် စပ်သောစကား, သေလွန်သူနှင့် စပ်သောစကား, သမုဒ္ဒရာနှင့် စပ်သောစကား, စားဖွယ်သောက်ဖွယ်နှင့် စပ်သောစကား စသော လောကီစကား အမျိုးမျိုးကို ပြောဆိုနေကြလေသည်။ ရဟန်းဂေါတမသည် ထိုစကားများကို ပြောကြားတော်မူခြင်းမှ ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း၊

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ ရဟန်း, ကိုရင်, သီလရှင်တို့သည် အထက်ပါ လောကီစကား အမျိုးမျိုးတို့ကို ပြောကြားခြင်းမှ ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။)

(၈) အချို့ကုန်သော သမဏ, ဗြာဟ္မဏတို့သည် (သူတစ်ပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းများကို သုံးဆောင်ပြီးလျှင် တစ်ဦးနှင့်တစ်ဦး စကားနိုင်လုကာ ငြင်းခုံစကား ပြောကြား၍ နေကြလေသည်။ ရဟန်းဂေါတမသည် ထိုအမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ ရဟန်း, ကိုရင်, သီလရှင်များနှင့် လူပုဂ္ဂိုလ်အပေါင်းတို့သည် ထိုကဲ့သို့ စကားနိုင်လုရ၍ အငြင်းအခုံ ဖြစ်ကြခြင်းသည် အလွန်ကြီးမားသော ဘေးအန္တရာယ်ကြီးဟု သဘောပေါက် သိမြင်ကြလျက် ထိုကဲ့သို့ စကားနိုင်လုခြင်း၊ ငြင်းခုံခြင်းများကို ရှောင်ကြဉ်နိုင်သူများ ဖြစ်ကြပါကုန်လော့။)

(၉) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတပါးတို့) သဒ္ဓါတရားဖြင့်လှူသော ပစ္စည်းများကို သုံးဆောင်ပြီးလျှင် မင်း, အမတ်, ပုဏ္ဏား, သူကြွယ်တို့၏ တမန်အမှုကို ဆောင်ရွက်ပေးကြလေသည်။ ရဟန်းဂေါတမသည် ထိုအမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုကဲ့သို့ တမန်အမှုကို ဆောင်ရွက်ခြင်းသည် 'ရဟန်းတို့နှင့် မအပ်စပ်ဟူ၍ အလေးအနက် သဘောပေါက်က ထိုကဲ့သို့ တမန်အမှုကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။)

(၁၀) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတပါးတို့) သဒ္ဓါတရားဖြင့်လှူသော ပစ္စည်းများကို သုံးဆောင်ပြီးလျှင် လာဘ်အလို့ငှာ အံ့ဩွယ်ကိုလည်း ဖြစ်စေကြလေသည်။ မြှောက်ပင့်၍လည်း ပြောတတ်ကြလေသည်။ အရိပ်အခြည်ကိုလည်း ပြတတ်ကြလေသည်။ အတင်းအကြပ် မလှူလှူအောင်လည်း ပြုလုပ်တတ်ကြလေသည်။ လာဘ်ဖြင့်လာဘ်ကို လဲလှယ်ရှာမှီးခြင်းကိုလည်း ပြုတတ်ကြလေသည်။ ရဟန်းဂေါတမသည် ထိုအမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ အထက်ပါနည်းတို့ဖြင့် လာဘ်ရအောင်လုပ်ခြင်းသည် ရဟန်း, ကိုရင်, သီလရှင်တို့အတွက် မိစ္ဆာဇီဝဖြင့် လာဘ်ရအောင်လုပ်ခြင်း ဖြစ်လေသည်။ ထိုကဲ့သို့ မိစ္ဆာဇီဝဖြင့် လာဘ်ရအောင် လုပ်ခြင်းသည်လည်း အလွန်ကြီးလေးသော ဘေးအန္တရာယ်ကြီးတစ်ခုပင် ဖြစ်လေသည်။ ထို့ကြောင့် ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုကဲ့သို့သော လာဘ်ရအောင် လုပ်ခြင်းမျိုးမှ ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့)

ရဟန်းတို့ ပုထုဇဉ်သည် တထာဂတ၏ဂုဏ်ကို ပြောဆိုလျှင် ဤကဲ့သို့သော နိမ့်ကျသော သီလလောက်ဖြင့်သာ ပြောဆိုချီးမွမ်းနိုင်ကြမည်ဖြစ်သည်။

(မကျဉ်းလွန်း, မကျယ်လွန်း ဖြစ်သောကြောင့် မဇ္ဈိမသီလဟု ခေါ်ဆိုသည်။)

မဟာသီလခန်း

ဗုဒ္ဓသည် မဇ္ဈိမသီလတို့ကို ဟောကြားတော်မူပြီးနောက် မဟာသီလကို အောက်ပါအတိုင်းဟောကြားတော်မူလေသည်။ ရဟန်းတို့ ပုထုဇဉ်သည် တထာဂတ၏ဂုဏ်ကို ပြောဆိုလျှင် ဤသို့လည်း ပြောဆိုနိုင်ကြပေသည်။

(၁) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းတို့ကို သုံးဆောင်ပြီးလျှင် မှားသောအသက်မွေးမှုဖြစ်သော မိစ္ဆာဇီဝဖြင့် အသက်မွေးမှု ပြုကြလေသည်။ အင်္ဂကျမ်း, နိမိတ်ကျမ်း, ဥပ္ပါတကျမ်း, လက္ခဏာကျမ်း, ကြွက်ကိုက်ကျမ်း, မီးဖြင့်ပူဇော်ခြင်းအမျိုးမျိုးနှင့် အင်္ဂဝိဇ္ဇာအတတ်, မင်းမှုရေးရာအတတ်, ဘေးငြိမ်းခြင်းကို ပြုတတ်သောအတတ်, ဘုတ်တစ္ဆေအတတ်, မြေအိမ်၌ သင်ယူရသောအတတ်, မြွေအတတ်, အဆိပ်အတတ်, ကင်းမြီးကောက်အတတ်, ကြွက်ခဲနာကုအတတ်, ငှက်သံ ကျီးသံအတတ်, အသက်ဟောအတတ်, မြားလွှဲအတတ်, သားမြည်သံအတတ် ဤသို့သောအတတ်တို့ဖြင့် မှားယွင်းသော အသက်မွေးမှု ပြုကြလေသည်။ ရဟန်းဂေါတမသည် ထိုမိစ္ဆာဇီဝအမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ အထက်ပါ အတတ်ပညာတို့ဖြင့် လာဘ်ရအောင်, ပစ္စည်းလေးပါး ပေါများအောင် ပြုလုပ်ခြင်းသည် ရဟန်းတို့အတွက် မအပ်စပ်ပေ။ ၎င်းသည် မိစ္ဆာဇီဝဖြင့် အသက်မွေးမှုပြုခြင်း ဖြစ်လေသည်။ ထို့ကြောင့် ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုအတတ်တို့ဖြင့် လာဘ်ရအောင်, ပစ္စည်းလေးပါးရအောင် ပြုလုပ်ခြင်းကို ရှောင်ကြဉ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။)

(၂) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းတို့ကို သုံးဆောင်ပြီးလျှင် ကျောက်မျက်လက္ခဏာ, အဝတ်လက္ခဏာ, တောင်ဝှေးလက္ခဏာ, ဓား, သန်လျက်, မြား, လေးလက္ခဏာများနှင့် ကြွင်းသော လက်နက်လက္ခဏာ, မိန်းမ, ယောကျ်ား, သတို့သား, သတို့သမီး လက္ခဏာ, ဆင်, ကျွဲ, နွား, ဆိတ်, သိုး, ကြက်, ငုံး, ဖွတ်, လိပ်စသော သားကောင်တို့၏ လက္ခဏာအတတ်ဖြင့် မိစ္ဆာဇီဝ– မှားယွင်းသော အသက်မွေးမှု ပြုကြလေသည်။ ရဟန်းဂေါတမသည် ထိုကဲ့သို့သော မိစ္ဆာဇီဝ– မှားယွင်းသော အသက်မွေးမှုတို့ကို ရှောင်ကြဉ်တော်မူနိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ အထက်ဖော်ပြပါ အတတ်ပညာများကိုပြလျက် လာဘ်ရအောင်, ပစ္စည်းလေးပါး ဖြစ်ပေါ်လာအောင် ပြုလုပ်ခြင်းသည် မိစ္ဆာဇီဝ ခေါ် မှားယွင်းသော အသက်မွေးဝမ်းကျောင်းကို ပြုနေခြင်း ဖြစ်သည်။ ထို့ကြောင့် ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုကဲ့သို့သော မိစ္ဆာဇီဝဖြင့် အသက်မွေးမှု, လာဘ်ရအောင်, ပစ္စည်းလေးပါး ပေါများအောင် ပြုမှုခြင်းကို ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။

(၃) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းတို့ကို သုံးဆောင်ပြီးလျှင် မင်းတို့ စစ်ထွက်လတ္တံ့, စစ်ပြန်လတ္တံ့, ပြည်တွင်းမင်းတို့ စစ်တက်လတ္တံ့, ပြည်ပမင်းတို့ စစ်ဆုတ်လတ္တံ့, မင်းတို့ စစ်ရှုံးလတ္တံ့, စစ်အောင်လတ္တံ့, ဤသို့သော အတတ်ပညာများဖြင့် မိစ္ဆာဇီဝ– မှားယွင်းသော အသက်မွေးမှုကို ပြုလုပ်ကြလေသည်။ ရဟန်းဂေါတမသည် ထိုသို့သော အသက်မွေးမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ အထက်ပါ အတတ်ပညာတို့ဖြင့် လာဘ်ရအောင်, ပစ္စည်းလေးပါး ပေါများအောင် ပြုမူခြင်းသည်လည်း မိစ္ဆာဇီဝ– မှားယွင်းသော အသက်မွေးမှုဖြစ်၍ ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုသို့ အသက်မွေးမှုမျိုးကို ရှောင်ကြဉ်နိုင်ရန် ဖြစ်ကြပါကုန်လော့။)

(၄) အချို့ကုန်သော သမဏ, ဗြာဟ္မဏတို့သည် (သူတစ်ပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းတို့ကို သုံးဆောင်ပြီးလျှင် လကြတ်လတ္တံ့, နေကြတ်လတ္တံ့, နက္ခတ်ကြတ်လတ္တံ့, လ, နေတို့ လမ်းမှန်သွားလတ္တံ့, လမ်းလွဲသွားလတ္တံ့, ဥက္ကာကျလတ္တံ့, လျှော်လျှပ်လတ္တံ့, ထိုသို့ဖြစ်ခြင်းကြောင့် ဤကဲ့သို့ အကျိုးအပြစ်များ ဖြစ်လတ္တံ့, ဤသို့အစရှိသော အတတ်ပညာများဖြင့် မိစ္ဆာဇီဝ– မှားယွင်းသော အသက်မွေးမှုကို ပြုကြလေသည်။ ရဟန်းဂေါတမသည် ထိုသို့သော အသက်မွေးမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ အထက်ပါ အတတ်ပညာတို့ဖြင့် လာဘ်ရအောင်,ကျော်ကြားအောင်, ပစ္စည်းလေးပါး ပေါများအောင် ပြုလုပ်ခြင်းသည် မိစ္ဆာဇီဝ– မှားယွင်းသော အသက်မွေးမှုဖြစ်၍ ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုအမှုတို့ကို ရှောင်ကြဉ်နိုင်ရန် ဖြစ်ကြပါကုန်လော့။)

(၅) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတပါးတို့) သဒ္ဓါ၍လှူသောပစ္စည်းတို့ကို သုံးဆောင်ပြီးလျှင် မိုးကောင်းလတ္တံ့, မိုးခေါင်လတ္တံ့, ဝပြောလတ္တံ့, ခေါင်းပါးလတ္တံ့, ငြိမ်းချမ်းလတ္တံ့, ဘေးများလတ္တံ့, ရောဂါများလတ္တံ့, ရောဂါကင်းလတ္တံ့ ဟူသော အတတ်များနှင့် လက်ချိုးရေခြင်းအတတ်, ဂဏန်းအတတ်, သင်္ချာအတတ်, ကဗျာအတတ်, လောကာယတကျမ်းအတတ် *(ပညာမဲ့ဂုဏ်ရှိ ငြင်းခုံခြင်းအတတ်)* ဤသို့သော အတတ်ပညာများဖြင့် မိစ္ဆာဇီဝ– မှားယွင်းသော အသက်မွေးမှုတို့ကို ပြုကြလေသည်။ ရဟန်းဂေါတမသည် ထိုကဲ့သို့သော အသက်မွေးမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ အထက်ပါ အတတ်ပညာတို့ဖြင့် အသက်မွေးခြင်းသည်လည်း ဗုဒ္ဓသာသနာတော်၌ ရဟန်းများသည် မိစ္ဆာဇီဝ– မှားယွင်းသော အသက်မွေးမှုဖြစ်၍ မပြုလုပ်သင့်ပေ။ ထို့ကြောင့် ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုကဲ့သို့သော အတတ်ပညာများဖြင့် အသက်မွေးခြင်းတို့ကို ရှောင်ကြဉ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။)

(၆) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းများကို သုံးဆောင်ပြီးလျှင် သတို့သမီး, သတို့သားတို့ကို ထိမ်းမြားပေးခြင်း, စေ့စပ်ပေးခြင်း, ကွာရှင်းပေးခြင်း, ဥစ္စာသိမ်းဆည်းစေခြင်း, ဖြန့်ဖြူးစေခြင်း, ကျက်သရေ တိုးစေခြင်း, ယုတ်စေခြင်း, ကိုယ်ဝန်တည်အောင် ပြုလုပ်ပေးခြင်း, လျှာခိုင်စေခြင်း, မေးခိုင်စေခြင်း, လက်ဟန့်မန္တရားစုတ်ခြင်း, နတ်ပင်းမန္တန် စုတ်ခြင်း, မှန်၌ နတ်သွင်း၍မေးခြင်း, သတို့သမီး၌ နတ်သွင်း၍မေးခြင်း, နေကိုလုပ်ကျွေးခြင်း, ဗြဟ္မာကိုလုပ်ကျွေးခြင်း, ခံတွင်းမှ မီးတောက်စေခြင်း, သိရီနတ်သမီးကို ပင့်ခြင်း ဟူသော အတတ်ပညာများဖြင့် မိစ္ဆာဇီဝ– မှားယွင်းသော အသက်မွေးမှုကို ပြုကြ လေသည်။ ရဟန်းဂေါတမသည် ထိုသို့သော အသက်မွေးမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ အထက်ပါ အတတ်ပညာတို့သည်လည်း လောကီပုထုဇဉ်လူသားတို့ ပြုလုပ်နေကြသော အတတ်ပညာများသာ ဖြစ်လေသည်။ ရဟန်းတို့အတွက် ထိုအတတ်ပညာများသည် အပ်စပ်သော အတတ်ပညာမျိုး မဟုတ်ပေ။ မိစ္ဆာဇီဝ– မှားယွင်းသော အသက်မွေးဝမ်းကျောင်း ဖြစ်လေသည်။ ထို့ကြောင့် ရဟန်း, ကိုရင်, သီလရှင်တို့သည် ထိုအမှုတို့ကို ရှောင်ကြဉ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။)

(၇) အချို့ကုန်သော အရှင်သမဏ, ဗြာဟ္မဏတို့သည် (သူတပါးတို့) သဒ္ဓါတရားဖြင့် လှူသောပစ္စည်းကို သုံးဆောင်ပြီးလျှင် နတ်ကိုးခြင်း, တောင်းဆုပြည့်၍ နတ်ပူဇော်ခြင်း, ဘုတ်တစ္ဆေအတတ်ကို လေ့ကျင့်ခြင်း, မြေအိမ်၌နေ၍ သင်အပ်သော အတတ်ကို လေ့ကျင့်ခြင်း, ပဏ္ဍုတ်ကို ယောကျာ်းဖြစ်စေခြင်း, ယောကျာ်းကို ပဏ္ဍုတ်ဖြစ်စေခြင်း, မြေကြန်အတတ်ကို လေ့ကျင့်ခြင်း, ဆောက်လုပ် မည့်နေရာ၌ အစီအရင်ပြုခြင်း, ခံတွင်းဆေးခြင်း, ရေချိုးစေခြင်း, မီးပူဇော်ခြင်း, ပျို့အန်စေခြင်း, ဝမ်းသက်စေခြင်း, သလိပ်စသည့် ဒေါသတို့ကို ထွက်စေခြင်း, အောက်သို့လျှောစေခြင်း, ဦးခေါင်းမှ သွေးစသော ဒေါသတို့ကို ထွက်စေခြင်း, နားဆီချက်ခြင်း, မျက်စဉ်းဆီချက် ခြင်း, နှာနှတ်ခြင်း, ထက်သောမျက်စဉ်းဆေးဖော်ခြင်း, အေးသောမျက်စဉ်းဆေးဖော်ခြင်း, တိမ်သလာကို ဆေးကုခြင်း, ခွဲစိတ်ကုသခြင်း,

သူငယ်နာဆေးကုခြင်း, မူလဆေးတို့ကိုပေးခြင်း, အနာဆေးတို့ကိုကပ်ခြင်း, ၎ါခြင်းဟူသော ဤသို့သော အတတ်ပညာများဖြင့် မိစ္ဆာဇီဝ- များယွင်းသော အသက်မွေးမှုတို့ကို ပြုလုပ်ကြလေသည်။ ရဟန်းဂေါတမသည် ထိုသို့သော အသက်မွေးမှုတို့ကို ရှောင်ကြဉ်နိုင်ပါပေသည် ဟူ၍လည်းကောင်း။

(သတိပေး။ ။အထက်ပါ ဒေသနာတော်အရ အထက်ပါ ပြုလုပ်ချက်တို့သည် ဗုဒ္ဓသာသနာတော်၌ ရဟန်းအမှန်ကို ခံယူ၍ ပရိယတ်, ပဋိပတ် သာသနာနှစ်ရပ်ကို ထမ်းဆောင်နေကြသော သာသနာ့ဝန်ထမ်း ရဟန်း, ကိုရင်, သီလရှင်တို့အတွက် အနည်းငယ်မျှ အပ်စပ်ခြင်းမရှိပေ။ ထို့ကြောင့် မိစ္ဆာဇီဝ- များယွင်းသော အသက်မွေးမှုမှန်သော ထိုအမှုတို့ကို ရဟန်း, ကိုရင်, သီလရှင်တို့သည် အထူးသတိထား၍ ရှောင်ကြဉ်နိုင်ကြသူ မှန်ကြပါကုန်လော့။)

ရဟန်းတို့ ပုထုဇဉ်သည် တထာဂတဂုဏ်ကိုပြောလျှင် ထိုသို့သော အနည်းငယ်မျှသာဖြစ်သော နိမ့်ကျသော သီလမျှလောက်ဖြင့်သာ ပြောဆိုနိုင်ကြမည်ဖြစ်သည်။

ရဟန်းတို့ ပြောဆိုချီးမွမ်းအပ်သောဂုဏ်

ဗြဟ္မဇာလသုတ်၌ သီလနှင့်စပ်၍ ဗြဟ္မဒတ်လုလင်က ပြောဆိုသောဂုဏ်, သဗ္ဗညုတဉာဏ်တော်ကြီးနှင့်စပ်၍ ရဟန်းသံဃာတော်များက ပြောဆိုသောဂုဏ်ဟူ၍ နှစ်မျိုးရှိရာတွင် သီလနှင့်စပ်၍ ဗြဟ္မဒတ်လုလင်က ပြောကြားသောဂုဏ်ကို ဗုဒ္ဓသည် '**စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ**' အားဖြင့် သုံးပါးခွဲ၍ ရှင်းလင်းဟောကြားတော်မူပြီး ဖြစ်လေသည်။

သဗ္ဗညုတဉာဏ်တော်နှင့်စပ်၍ ရဟန်းသံဃာတော်များ၏ ပြောကြားအပ်သောဂုဏ်ကို ဟောကြားတော်မူလိုသည်ဖြစ်၍လည်းကောင်း၊ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် ဘာမျှမဟုတ်, ဘာမျှမရှိဟူသော သုည၏အဖြစ်ကို ထင်ရှားပြတော်မူလိုသည်ဖြစ်၍လည်းကောင်း ဗုဒ္ဓသည် အောက်ပါဒေသနာတော်ကို စတင်မိန့်ကြားတော်မူလေပြီ။

အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ (ပ) ပဏ္ဍိတ ဝေဒနီယာ။ *(ဒီ- ၁- ၁၁)*

ဘိက္ခဝေ- ရဟန်းတို့ **အညေဝ**- သီလမှတပါးသာလျှင် ဖြစ်ကုန်သော၊ **ဂမ္ဘီရာ**- နက်နဲကုန်သော၊ (ပ) **ပဏ္ဍိတ ဝေဒနီယာ**- ပညာရှိတို့သာ သိနိုင်ကုန်သော၊ **ဓမ္မာ**- သဗ္ဗညုတဉာဏ်တော်ဂုဏ်တို့သည်၊ **အတ္ထိ**- သန္တိ- ရှိကုန်သေး၏။

ဓမ္မအနက် လေးမျိုး

အထက်ပါ ဒေသနာတော်တွင် '**အညေဝ ဓမ္မာ**'၌ ဓမ္မသဒ္ဒါသည် ဂုဏအနက်, ဒေသနာအနက်, ပရိယတ္တိအနက်, နိဿတ္တအနက်စသော အနက်များစွာတို့၌ ဖြစ်ကြောင်းကို အဋ္ဌကထာဆရာ ပြဆိုလေသည်။ *(ဒီ ဋ္ဌ- ၁- ၉၂)*

ဂုဏအနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ ဓမ္မသဒ္ဒါ၏ ဂုဏအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

နဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော၊
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂတိံ။ *(ခု- ၂- ၂၇၂- ထေရဂါထာ)*

ဟိ- မှန်၏၊ **ဓမ္မော စ**- ဂုဏ်ထိုက်သော ကုသိုလ်တရားသည်လည်းကောင်း၊ **အဓမ္မော စ**- ဂုဏ်မထိုက်သော အကုသိုလ်တရားသည်လည်းကောင်း၊ **ဥဘော**- ဓမ္မ, အဓမ္မ နှစ်မျိုးတို့သည်၊ **သမဝိပါကိနော**- တူမျှသောအကျိုး ရှိကုန်သည်၊ **နဟောန္တိ**- မဖြစ်ကုန်၊ **အဓမ္မော**- ဂုဏ်မထိုက်သော အကုသိုလ်တရားသည်၊ **နိရယံ**- ငရဲသို့၊ **နေတိ**- ဆောင်ပို့တတ်လေသည်၊ **ဓမ္မော**- ဂုဏ်ထိုက်သော ကုသိုလ်တရားသည်၊ **သုဂတိံ**- ကောင်းသော နတ်ရွာနိဗ္ဗာန် သုဂတိသို့၊ **ပါပေတိ**- ရောက်စေနိုင်လေသည်။

အထက်ပါ ဒေသနာတော်သည် ထေရဂါထာပါဠိတော်၊ စတုက္ကနိပါတ်၊ ဓမ္မိကထေရဂါထာ၌ လာရှိလေသည်။ အထက်ပါဂါထာနှင့် စပ်၍ ပါဠိတော်, အဋ္ဌကထာတို့၏ ပြဆိုချက်များမှ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတော်ကို အလှူခံယူတော်မူစဉ်က ဓမ္မိက ဒါယကာသည် ကြည်ညို သဒ္ဓါ ဖြစ်ပေါ်လာသည်ဖြစ်၍ ရဟန်းပြုပြီး၍ ရွာငယ်တစ်ရွာကို အမှီပြု၍ ကျောင်းထိုင်ရဟန်းအဖြစ်နှင့်နေစဉ် ရောက်ရှိလာကြကုန်သော အာဂန္တုရဟန်းတို့အပေါ်၌ ငြူစူစောင်းမြောင်းခြင်း, သည်းမခံခြင်းတို့ကြောင့် အာဂန္တုရဟန်းတို့သည် ဓမ္မိကမထေရ်နေသော ကျောင်းကိုစွန့်၍ ဖဲခွါကြွသွားတော်မူကြလေသည်။ ထိုအကြောင်းကို ကျောင်းဒါယကာသည် ဗုဒ္ဓအား လျှောက်ထားရာ ရှင်တော်ဗုဒ္ဓသည် ညီညွတ်ခြင်း၏ အကျိုးကျေးဇူးဖြစ်သော ဧကနိပါတ်၊ ဝရုဏဝဂ်လာ ရက္ခဓမ္မဇာတ်တော်ကို ဟောကြားတော်မူပြီး ထေရဂါထာပါဠိတော်၊ စတုက္ကနိပါတ်လာ **'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ'** စသော ဂါထာလေးဂါထာတို့ကို ဟောကြားတော်မူလေရာ တရားဒေသနာတော်အဆုံး၌ ဓမ္မိက မထေရ်သည် ဝိပဿနာရှုပွါး၍ အရဟတ္တဖိုလ်သို့ ရောက်လေသည်။ *(ထေရ ၄၅- ၁၊ ၂၈)*

ဂါထာလေးဂါထာအနက် အထက်ဖော်ပြပါ **'နတိ ဓမ္မော'** ဟူသော ဂါထာကား နှစ်ခုမြောက်ဂါထာ ဖြစ်လေသည်။

ဝုဏအနက်ဟော ဓမ္မသဒ္ဒါက တရားဟောပုံသဘော

(၁) အချို့လူတို့သည် 'ငါက ဆတ်ဆတ်ထိမခံကွ' ဟူ၍ စိတ်တိုတတ်ခြင်း, ဒေါသကြီးခြင်းတို့ကို ဂုဏ်တစ်ခုအနေဖြင့် ပြောဆိုတတ်ကြသည်။ 'ဒီကောင်က လူပြောင်စိတ်တိုကွ' ဟူ၍လည်းကောင်း၊ 'ငါက မဟုတ်ရင် သည်းမခံနိုင်ဘူးကွ' ဟူ၍လည်းကောင်း၊ 'အမျိုးမထိနဲ့၊ ထိရင် မချိအောင်နာသည်' ဟူ၍လည်းကောင်း၊ 'ငါက လက်စားမချေရရင် မနေတတ်ဘူး' ဟူ၍လည်းကောင်း စသည်ဖြင့် စိတ်တိုတတ်ခြင်း, ဒေါသကြီးခြင်း, ရန်ငြိုးဖွဲ့တတ်ခြင်း, ဂုဏ်တုဂုဏ်ပြိုင်လုပ်ခြင်း, ခွင့်မလွှတ်တတ်ခြင်း, မကျေမနပ်ဖြစ်နေခြင်းတို့ကို ဂုဏ်လုပ်၍ ပြောဆိုနေခြင်းသည် မကောင်းသောအချက် ဖြစ်လေသည်။ ပျက်စီးရာပျက်စီးခြင်း အကြောင်းလည်း ဖြစ်လေသည်။ ယင်းတို့သည် ဂုဏ်မဟုတ်ပေ။ ဂုဏ်၏ဆန့်ကျင်ဘက် ဂုဏ်မထိုက်သော အကုသိုလ်တရားတို့သာ ဖြစ်လေသည်။ ယင်းကဲ့သို့ စိတ်တိုတတ်ခြင်း, ခွင့်မလွှတ်တတ်ခြင်း, သည်းမခံတတ်ခြင်း, မညီညွတ်ခြင်း, ဒေါသကြီးခြင်းတို့ကို မပယ်နိုင်ဘဲ သေသွားမည်ဆိုပါက ထိုအဓမ္မတရားက အပါယ်ငရဲသို့ ဆောင်သွားမည်ဖြစ်သည်။ ထို့ကြောင့် **ဂုဏ်မထိုက်သော အဓမ္မ ခေါ် လောဘ, ဒေါသ, မောဟ, မာန စသော အကုသိုလ်တရားများနှင့် နစ်ရိုက်လုပ်ငန်းများကို ရှောင်ကြဉ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

(၂) အချို့လူတို့သည် ငွေကြေးပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော်လည်း သဒ္ဓါတရား မရှိပေ။ အလှူအတန်း ကုသိုလ်ကောင်းမှု လုပ်ငန်း၌ အထုံဝါသနာ မပါပေ။ ထိုပုဂ္ဂိုလ်တို့သည် သဒ္ဓါတရား မရှိသောကြောင့် မိမိကိုယ်ကို ဘယ်လိုပင် အလှဆင်ပါသော်လည်း ကျက်သရေ မရှိပေ။ ပစ္စည်းဥစ္စာအားဖြင့် မည်မျှပင် ပြည့်စုံနေပါစေ။ သဒ္ဓါခြောက်ခန်းနေသော ပုဂ္ဂိုလ်တို့၏ ရုပ်ရည်သွင်ပြင် လက္ခဏာသည် စိုပြေမှု ကျက်သရေမရှိဘဲ ခြောက်ခန်းနေတတ်ပေသည်။

အချို့လူတို့သည် ပစ္စည်းဥစ္စာပင် နွမ်းပါးသော်လည်း သဒ္ဓါတရား အားကောင်းသူတို့ ဖြစ်လေသည်။ ထိုသို့ သဒ္ဓါတရား အားကောင်းမှုကြောင့် ထိုပုဂ္ဂိုလ်တို့၏ ရုပ်ရည်လက္ခဏာသွင်ပြင်တို့သည် စိုစိုပြေပြေ ကြည်ကြည်လင်လင်နှင့် ကျက်သရေရှိနေတတ်ပေသည်။ ဒါန, သီလ, ဘာဝနာ စသော ကုသိုလ်လုပ်ငန်းတို့၌ အထုံဝါသနာပါနေသောကြောင့် မိမိစွမ်းနိုင်သည့်အားလျော်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်သောကြောင့်လည်း ကျက်သရေ ရှိနေတတ်ပြန်သည်။

ထိုကဲ့သို့ သဒ္ဓါတရား အားကောင်းသူတို့၌ စိတ်တိုခြင်း, ဒေါသကြီးခြင်းတို့ကို ထိန်းကျောင်းတတ်သလို ရန်ငြိုးဖွဲ့ခြင်းကိုလည်း ရှောင်ကြဉ်တတ်လေသည်။ သည်းခံတတ်ခြင်း, ခွင့်လွှတ်တတ်ခြင်းများကို သိမ်းပိုက်ထားလေ့ရှိတတ်ပေသည်။ ဒါန, သီလ, ဘာဝနာ စသော ကုသိုလ်ဘက်ကိုသာ အလေးပေး၍ ပြောဆိုပြုမူ ကြံစည်လုပ်ကိုင်တတ်လေ့ရှိလေသည်။

(၃) ထို့ကြောင့် **ဂုဏ်မထိုက်သော စိတ်တိုခြင်း, လောဘကြီးခြင်း, မာနကြီးခြင်း, သည်းမခံတတ်ခြင်း, သဒ္ဓါတရား နည်းပါးခြင်း စသော အကုသိုလ်တရားများကို ရှောင်ကြဉ်ပြီး ဂုဏ်ထိုက်သော စိတ်ရှည်ရှည်ထားတတ်ခြင်း, ခွင့်လွှတ်တတ်ခြင်း, သည်းခံတတ်ခြင်း, ညီညွတ်အောင် နေတတ်ခြင်း, သဒ္ဓါတရား အားကောင်းခြင်း စသော ကုသိုလ်တရားတို့ကိုသာ လက်ခံကျင့်သုံးတတ်သူဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

ဒေသနာအနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဓမ္မသဒ္ဒါ၏ ဂုဏအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဓမ္မသဒ္ဒါ၏ ဒေသနာအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အာဒိကလျာဏံ၊ *(မ- ၃- ၃၂၇)*

ဘိက္ခဝေ- ရဟန်းတို့ **အာဒိကလျာဏံ**- အစ၌လည်း ကောင်းသော၊ **ဓမ္မံ**- တရားကို၊ **ဝေါ**- သင်တို့အား၊ **ဒေသေဿာမိ**- ဟောကြားတော်မူပေအံ့။

အထက်ပါဒေသနာတော်သည် ဥပရိပဏ္ဏာသပါဠိတော်၊ သဠာယတနဝဂ်၊ ဆဆက္ကသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အာဒိကလျာဏံ, မဇ္ဈေကလျာဏံ, ပရိယောသာနကလျာဏံ, သာတ္ထံ, သဗျဉ္ဇနံ, ကေဝလ ပရိပုဏ္ဏံ, ပရိသုဒ္ဓံ, ဗြဟ္မစရိယံ ပကာသေဿာမိ ယဒိဒံ ဆဆက္ကာနိ တံ သုဏာထ သာဓုကံ မနသိကရောထ ဘာသိဿာမိတိ၊ *(မ- ၃- ၃၂၇)*

ဘိက္ခဝေ- ရဟန်းတို့ **ဝေါ**- သင်တို့အား၊ **အာဒိကလျာဏံ**- အစ၌လည်း ကောင်းခြင်းရှိသော၊ **မဇ္ဈေကလျာဏံ**- အလယ်၌လည်း ကောင်းခြင်းရှိသော၊ **ပရိယောသာန ကလျာဏံ**- အဆုံး၌လည်း ကောင်းခြင်းရှိသော၊ **ဓမ္မံ**- တရားကို၊ **ဒေသေဿာမိ**- ဟောအံ့၊ **သာတ္ထံ**- အနက်နှင့် ပြည့်စုံသော၊ **သဗျဉ္ဇနံ**- သဒ္ဒါနှင့် ပြည့်စုံသော၊ **ကေဝလ ပရိပုဏ္ဏံ**- အလုံးစုံ ပြည့်စုံသော၊ **ပရိသုဒ္ဓံ**- ထက်ဝန်းကျင် စင်ကြယ်သော၊ **ဗြဟ္မစရိယံ**- မြတ်သောအကျင့်ကို **ပကာသေဿာမိ**- ထင်ရှားပြတော်မူအံ့၊ **ဆ**- ခြောက်ပါးကုန်သော၊ **ယဒိဒံ ဆက္ကာနိ**- အကြင်ဆက္ကတို့သည်၊ **သန္တိ**- ရှိကုန်၏၊ **တာနိ**- ထို ဆဆက္ကတရားတို့ကို၊ **ဒေသေဿာမိ**- ဟောပေအံ့၊ **တံ**- ထိုတရားဒေသနာတော်ကို၊ **သုဏာထ**- နာကြကုန်လော့၊ **သာဓုကံ**- ကောင်းမွန်စွာ၊ **မနသိကရောထ**- နှလုံးသွင်းကြကုန်လော့၊ **ဘာသေဿာမိတိ**- ဟောတော်မူအံ့ဟူသော၊ **တော်**- ဤစကားကို၊ **အဝေါစ**- မိန့်တော်မူလေပြီ။

ဆဆက္က ခြောက်ပါး ဆက္ကတရားများ

အထက်ပါ ဒေသနာတော်၌ ရှေးဦးစွာ ခြောက်ပါးသောတရားဟူသည် အဇ္ဈတ္တိကာယတန (အတွင်းအာယတန)၊ ဗာဟိရာယတန (အပြင်အာယတန) ဝိညာဉ်အပေါင်း, ဖဿအပေါင်း, ဝေဒနာအပေါင်း, တဏှာအပေါင်းအားဖြင့် ပေါင်းခြောက်ပါးတည်း။ ၎င်း ခြောက်ပါးတို့တွင် တစ်ပါးစီ တစ်ပါးစီတိုင်း၌ ခြောက်မျိုးစီ ခြောက်မျိုးစီရှိသောကြောင့် ဆဆက္ကဟူ၍ ခေါ်သည်။ ယင်းတို့ကား-

(၁) အဇ္ဈတ္တိကာယတန ခြောက်ပါး၊

(၂) ဗာဟိရာယတန ခြောက်ပါး၊

(၃) ဝိညာဏ် ခြောက်ပါး၊

(၄) ဖဿ ခြောက်ပါး၊

(၅) ဝေဒနာ ခြောက်ပါး၊

(၆) တဏှာ ခြောက်ပါး

၎င်းအားလုံးသော ဆဆက္ကတရားများကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် သိရမည်ဟူ၍ ဗုဒ္ဓသည် အကျယ်တဝင့် ဟောကြားတော်မူလေသည်။ ထိုတရားအဆုံး၌ ခြောက်ကျိပ်သော ရဟန်းအပေါင်းတို့သည် အာသဝေါကုန်ခန်း ရဟန္တာများအဖြစ်သို့ ရောက်ရှိသွားကြလေသည်။

(ထိုတွင် ဝိပဿနာဉာဏ်ဖြင့် သိရမည်ဟူသည် ၎င်းဆဆက္ကတရားများကို အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် သိရမည်ဟု ဆိုလိုသည်။ မဂ်ဉာဏ်ဖြင့် သိရမည်ဟူသည် ဝိပဿနာဉာဏ်အဆုံးတွင် မဂ်ဉာဏ်ဖြင့် မပျက်သော နိဗ္ဗာန်ကို မြင်သိရမည်ဟု ဆိုလိုပေသည်။)

ဒေသနာအနက်ဟော ဓမ္မသဒ္ဒါက ဩဝါဒပေးပုံ, တရားဟောပုံသဘော

(၁) ဗုဒ္ဓ၏ သာသနာတော်၌ 'သီလ, သမာဓိ, ပညာ'ဟူ၍ သိက္ခာသုံးပါး ရှိလေရာ ရှေးဦးစွာ သီလသိက္ခာကို စတင်ပြည့်ကျင့်ရလေသည်။ သီလနှင့် ပြည့်စုံခြင်းဖြင့် ကာယကံမြောက် လွန်ကျူးသော, ဝစီကံမြောက် လွန်ကျူးသော ကာယဒုစရိုက်, ဝစီဒုစရိုက်များ ချုပ်ငြိမ်းသွားလေသည်။ ယင်းကိုပင် သီလဖြင့် ဝီတိက္ကမကိလေသာကို ပယ်သည်ဟု ခေါ်ဆိုသည်။ ထိုဝီတိက္ကမကိလေသာများကို

ပယ်နိုင်လျှင် ဤလူ့လောကကြီးသည် တည်ငြိမ်အေးချမ်း သာယာသော လူ့လောကကြီး ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ တရားတော်သည် **အစ၌ ကောင်းခြင်းရှိသော 'အာဒိ ကလျာဏ' တရားဟု ဟောကြားတော်မူခြင်း ဖြစ်သည်။ အစကောင်းမှ အနှောင်းသေချာ ဆိုသည့်အတိုင်း ထိုသို့အစကောင်းအောင် သီလသိက္ခာနှင့် ပြည့်စုံသူဖြစ်အောင် ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။**

(၂) **အာဒိ ကလျာဏ–** အစ၏ကောင်းခြင်းကြောင့် လူ့လောကကြီး သာယာငြိမ်းချမ်းသော်လည်း မိမိတို့၏ စိတ်သန္တာန်အစဉ်တို့သည် ဂဏာမငြိမ် လှုပ်လှုက်ခတ် ပူလောင်လျက်ရှိသည်။ စိတ်မှာ **လောဘ, ဒေါသ, မောဟ,** မာနစသော ကိလေသာများ ထကြွသောင်းကျန်းလျက်ရှိသည်။ ဘာဝနာတရားကို အားထုတ်၍ စိတ်မှာ ထကြွသောင်းကျန်းနေသော ထိုကိလေသာများ ချုပ်ငြိမ်းသွားသည်ဟုဆိုလျှင် စိတ်ချမ်းသာမှု, စိတ်တည်ကြည်မှု, စိတ်အေးချမ်းမှု ရရှိသွားလေသည်။ ယင်းကိုပင် သမာဓိဖြင့် ပရိယုဋ္ဌာနကိလေသာကို ပယ်သည်ဟု ခေါ်ဆိုရလေသည်။ ထိုပရိယုဋ္ဌာနကိလေသာကို ပယ်နိုင်လျှင် ဝီတိက္ကမကိလေသာကိုလည်း ပယ်ပြီးဖြစ်သောကြောင့် မိမိကိုယ်တိုင်နှင့်တကွ လူ့လောကကြီးသည် အလွန်သာယာအေးချမ်းသော လူ့လောကကြီး ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏တရား**တော်သည် 'မဇ္ဈေ ကလျာဏံ' အလယ်၌လည်း ကောင်းခြင်းရှိသောတရားဟု ဟောကြားတော်မူခြင်း ဖြစ်သည်။ ထိုသို့ အလယ်၌လည်း ကောင်းအောင် ဗုဒ္ဓါနုဿတိဘာဝနာ, မေတ္တာဘာဝနာစသော ဘာဝနာတရားများကို အားထုတ်၍ သမာဓိသိက္ခာနှင့် ပြည့်စုံသူဖြစ်အောင် ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။**

(၃) **မဇ္ဈေ ကလျာဏံ–** အလယ်၏ကောင်းခြင်းကြောင့် မိမိနှင့်တကွ မိမိပတ်ဝန်းကျင် မိမိနေထိုင်သော လူ့လောကကြီးသည် အလွန်သာယာအေးမြသော လူ့လောကကြီး ဖြစ်နိုင်သော်လည်း ခဏတဖြုတ် သာယာအေးချမ်းမှုသာ ဖြစ်နိုင်ပေမည်။ အပြီးတိုင် သာယာအေးချမ်းသော လူ့လောကကြီး ဖြစ်မလာနိုင်ပေ။ ယင်းမှာ **'ပရိယောသာန ကလျာဏံ'** အဆုံး၏ ကောင်းခြင်းရှိသော ပညာသိက္ခာနှင့် မပြည့်စုံသေးသောကြောင့် ဖြစ်ပေသည်။ ပညာသိက္ခာနှင့် မပြည့်စုံသမျှ ကာလပတ်လုံး သမာဓိသိက္ခာ, သီလသိက္ခာတို့လည်း အချိန်မရွေး ကျိုးပေါက်ပျက်စီးသွားနိုင်ပေသည်။ ထိုအခါ မိမိနှင့်တကွ လူ့လောကကြီးသည်လည်း တည်ငြိမ်အေးချမ်းမှု ပျောက်ကွယ်သွားကြမည်ဖြစ်သည်။ သို့ဖြစ်၍ ပညာသိက္ခာနှင့် ပြည့်စုံရန်လည်း အထူးလိုအပ်လှပေသည်။ ပညာသိက္ခာနှင့် ပြည့်စုံရန်အတွက် ရုပ်, နာမ် သင်္ခါရ ပရမတ်တရားများကို ဝိပဿနာ ရှုပွါးရမည်ဖြစ်သည်။ ဝိပဿနာရှုပွါး၍ ဝိပဿနာဉာဏ်မှတဆင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ရရှိချိန်တွင် မိမိတို့သန္တာန်၌ အမြဲတမ်း ကိန်းဝပ်နေသော အနုသယကိလေသာများ အပြီးတိုင် ချုပ်ငြိမ်းကွယ်ပျောက်သွားလေတော့သည်။ သို့ဖြစ်၍ ပညာသိက္ခာနှင့် ပြည့်စုံလျှင် ပရိယုဋ္ဌာနကိလေသာ, ဝီတိက္ကမကိလေသာတို့လည်း အပြီးတိုင် ချုပ်ငြိမ်းသွားကြလေတော့သည်။ ထိုအခါ မိမိနှင့်တကွ လူ့လောကကြီးသည် အလွန့်အလွန် သာယာတည်ငြိမ်အေးချမ်းသော လူ့လောကကြီး ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏တရားတော်သည် **'ပရိယောသာန ကလျာဏံ'** အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသောတရား၊ **'သာတ္ထံ'** အနက်နှင့် ပြည့်စုံသောတရား၊ **'သဗျဉ္ဇနံ'** သဒ္ဒါနှင့် ပြည့်စုံသောတရား၊ **'ကေဝလ ပရိပုဏ္ဏံ'** အလုံးစုံ ပြည့်စုံသောတရား၊ **'ပရိသုဒ္ဓံ'** ထက်ဝန်းကျင် စင်ကြယ်သောတရား၊ **'ဗြဟ္မစရိယံ'** မြင့်မြတ်သော အကျင့်တရားဟူ၍ ဟောတော်မူခြင်း ဖြစ်လေသည်။ ဤ၌ သတိပြုရန် **အချက်ကား ပညာသိက္ခာနှင့် ပြည့်စုံမှု၏ အပြီးအဆုံးသည် အရဟတ္တဖိုလ်ကိုရခြင်း ဖြစ်လေသည်။ ရဟန္တာအဖြစ်သို့ ရောက်ခြင်းဖြစ်လေသည်။ အနည်းဆုံး သောတာပန်အဆင့်သို့ ရောက်ရှိနေရမည်ဖြစ်သည်။ ယုတ်စွအဆုံး ဝိပဿနာတရားကို အမြဲတမ်း ကြိုးစားအားထုတ်နေသော 'အာရဒ္ဓဝိပဿက ယောဂီ' ပုဂ္ဂိုလ်အခြေအနေသို့ ရောက်ရှိနေရမည်ဖြစ်သည်။ ထိုအခြေအနေမျိုးသို့ရောက်အောင် ကြိုးစားအားထုတ်သူ ဖြစ်ကြပါကုန်လော့။**

ပရိယတ္တိ အနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဓမ္မသဒ္ဒါ၏ ဒေသနာအနက် ဟောပုံသာဓကကို ပြဆိုပြီး၍ ဓမ္မသဒ္ဒါ၏ ပရိယတ္တိအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဣဓ ဘိက္ခု ဓမ္မံ ပရိယာပုဏာတိ သုတ္တံ, ဂေယျံ။ *(အံ- ၂- ၇၆)*

ဣဓ– ဤသာသနာတော်၌၊ ဘိက္ခု– ရဟန်းသည်၊ ဓမ္မံ– သင်ယူအပ်သော ပါဠိတရားကို၊ ပရိယာပုဏာတိ– သင်ယူ၏၊ သုတ္တံ– သုတ်ကို၊ ပရိယာပုဏာတိ– သင်ယူ၏၊ ဂေယျံ– ဂေယျကို၊ ပရိယာပုဏာတိ– သင်ယူ၏။

(ပရိယတ္တိဟူသည် သင်ယူအပ်သော ပါဠိဟူ၍ အဓိပ္ပါယ်ရသည်။)

အထက်ပါ ဒေသနာတော်သည် အင်္ဂုတ္တိုရ်ပါဠိတော် ဒုအုပ်– ပဌမ ဓမ္မဝိဟာရီသုတ်၊ ဒုတိယ ဓမ္မဝိဟာရီသုတ်တို့၌ လာရှိလေသည်။ ထိုသုတ်များနှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရဟန်းတစ်ပါးသည် ဗုဒ္ဓအား ရှိသေစွာ ရှိခိုးပြီးလျှင် အောက်ပါစကားကို မေးမြန်းလျှောက်ထားလေသည်။

ဘန္တေ– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား၊ **'ဓမ္မဝိဟာရီ, ဓမ္မဝိဟာရီတိ ဝုစ္စတိ'** တရားနှင့် နေလေ့ရှိသူ, တရားနှင့် နေလေ့ရှိသူဟု ဆိုအပ်ပါ၏။ **'ကိတ္တာဝတာနုခေါ် ဘန္တေ ဓမ္မဝိဟာရီ ဟောတိ'** ဘန္တေ– ရှင်တော်ဗုဒ္ဓဘုရား၊ ကိတ္တာဝတာ– အဘယ်မျှလောက် ပမာဏရှိသော နေခြင်းဖြင့်၊ ဘိက္ခု– ရဟန်းသည်၊ **ဓမ္မဝိဟာရီ**– တရားနှင့် နေလေ့ရှိသူသည်၊ **ဟောတိနုခေါ**– ဖြစ်ပါသနည်း။

ရှင်တော်ဗုဒ္ဓသည် အောက်ပါအတိုင်း ဖြေကြားတော်မူသည်။

(၁) ဤသာသနာတော်၌ ရဟန်းသည် သစ္စာလေးပါး စသော ပရိယတ်တရားကို သင်ယူ၏။ ထိုကဲ့သို့ သင်ယူခြင်းဖြင့်သာ နေ့ကို ကုန်လွန်စေ၏။ တစ်ယောက်တည်းနေမှုကို စွန့်လွှတ်၏။ မိမိ၏ စိတ်အစဉ်၌ ကိလေသာငြိမ်းအေးမှုကို မကြိုးစား။ ထို့ပြင် ထိုကဲ့သို့ ပရိယတ်ကို သင်ယူခြင်းထက် ပိုလွန်၍ ထိုတရားသဘောကို ဝိပဿနာပညာ, မဂ်ပညာတို့ဖြင့် မသိပေ။ ထိုသို့သော ရဟန်းမျိုးကို–

(၁) ပရိယတ္တိ ဗဟုလော နောဓမ္မဝိဟာရီ– ပရိယတ်သင်ကြားမှု များသူ ဟူ၍သာ ဆိုအပ်၏။ တရားနှင့် နေလေ့ရှိသောသူ ဟူ၍ကား မဆိုထိုက်ပေ။

(၂) နောက်တစ်မျိုးကား ရဟန်းသည် ကြားနာသင်ယူအပ်ပြီးတိုင်းသော တရားကို အကျယ်အားဖြင့် သူတစ်ပါးတို့အား ဟော၏။ ထိုသို့ သူတပါးတို့အား သိစေခြင်းဖြင့် နေ့ကိုကုန်လွန်စေ၏။ တစ်ယောက်တည်းနေမှုကို စွန့်လွှတ်၏။ မိမိ၏စိတ်အစဉ်၌ ကိလေသာငြိမ်းအေးမှုကို မကြိုးစား။ ထို့ပြင် ထိုကဲ့သို့ သူတပါးတို့အား သိစေခြင်းထက် ပိုလွန်၍ ထိုတရားသဘောကို ဝိပဿနာပညာ, မဂ်ပညာတို့ဖြင့် မသိပေ။ ထိုသို့သော ရဟန်းမျိုးကို–

(၂) ပညတ္တိ ဗဟုလော နောဓမ္မဝိဟာရီ– သိစေခြင်းများသူ ဟူ၍သာ ဆိုအပ်၏။ တရားနှင့် နေလေ့ရှိသူ ဟူ၍ကား မဆိုထိုက်ပေ။

(၃) နောက်တစ်မျိုးကား ရဟန်းသည် ကြားနာသင်ယူပြီးတိုင်းသော တရားကို အကျယ်အားဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပြုခြင်းဖြင့်သာ နေ့ကို ကုန်လွန်စေ၏။ တစ်ယောက်တည်းနေမှုကို စွန့်လွှတ်၏။ မိမိစိတ်အစဉ်၌ ကိလေသာငြိမ်းအေးမှုကို မကြိုးစား။ ထို့ပြင် ထိုသရဇ္ဈာယ်ခြင်းထက် ပိုလွန်၍ ထိုတရား၏ အနက်သဘောကို ဝိပဿနာပညာ, မဂ်ပညာဖြင့် မသိပေ။ ထိုသို့သော ရဟန်းမျိုးကို–

(၃) သဇ္ဈာယ ဗဟုလော နောဓမ္မဝိဟာရီ– သရဇ္ဈာယ်ခြင်းများသူဟူ၍သာ ဆိုအပ်၏။ တရားဖြင့် နေလေ့ရှိသူ ဟူ၍ကား မဆိုထိုက်။

(၄) နောက်တစ်မျိုးကား ရဟန်းသည် ကြားနာသင်ယူအပ်ပြီးတိုင်းသော တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်သုံးသပ်၏။ ထိုသို့ ကြံစည်သုံးသပ်ခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏။ တစ်ယောက်တည်းနေမှုကို စွန့်လွှတ်၏။ မိမိ၏ စိတ်အစဉ်၌ ကိလေသာငြိမ်းအေးမှုကို မကြိုးစား။ ထို့ပြင် ထိုသင်ယူအပ်သောတရားကို ကြံစည်ခြင်းထက် ပိုလွန်၍ ထိုတရား၏ အနက်သဘောကို ဝိပဿနာပညာ, မဂ်ပညာဖြင့် မသိပေ။ ထိုသို့သော ရဟန်းမျိုးကို–

(၄) ဝိတက္က ဗဟုလော နောဓမ္မဝိဟာရီ– ကြံစည်ခြင်း ဝိတက်များသူ ဟူ၍သာ ဆိုအပ်၏။ တရားဖြင့်နေလေ့ရှိသူ ဟူ၍ကား မဆိုထိုက်။

(၅) နောက်တစ်မျိုးကား ရဟန်းသည် သစ္စာလေးပါးစသော ပရိယတ်တရားကို သင်ယူ၏။ ထိုရဟန်းသည် ထိုသို့ သင်ယူခြင်းဖြင့်သာ နေ့ကို မကုန်လွန်စေဘဲ တစ်ယောက်တည်းနေပြီးလျှင် မိမိ၏ စိတ်အစဉ်၌ ကိလေသာ ငြိမ်းအေးအောင် ကြိုးစား၏။ ထို့ပြင် ထို့ထက်ပိုလွန်၍လည်း ထိုသင်ယူပြီးသော တရား၏ အနက်သဘောကို ဝိပဿနာပညာ, မဂ်ပညာဖြင့် သိရှိလေ၏။ ထိုသို့သော ရဟန်းမျိုးကိုသာ–

(၅) ဓမ္မဝိဟာရီ ဟောတိ– တရားနှင့် နေလေ့ရှိသူ ဖြစ်ပေ၏။

ရဟန်းတို့ ငါဘုရားသည်-

(၁) ပရိယတ္တိ ဗဟုလော ဒေသိတော - ပရိယတ်သင်ကြားမှုများသူကို ဟောပြီးပြီ။

(၂) ပညတ္တိ ဗဟုလော ဒေသိတော - သိစေခြင်းများသူကို ဟောပြီးပြီ။

(၃) သဇ္ဈာယ ဗဟုလော ဒေသိတော - သရဇ္ဈာယ်ခြင်းများသူကို ဟောပြီးပြီ။

(၄) ဝိတက္က ဗဟုလော ဒေသိတော - ကြံစည်ခြင်း ဝိတက်များသူကို ဟောပြီးပြီ။

(၅) ဓမ္မဝိဟာရီ ဒေသိတော - တရားနှင့် နေလေ့ရှိသူကို ဟောပြီးပြီ။

ဘိက္ခု- ရဟန်း၊ **ဟိတေသိနာ**- အစီးအပွါးကို ရှာလေ့ရှိ၍ **အနုကမ္ပကေန**- သနားစောင့်ရှောက်တတ်သော၊ **သတ္ထာရာ**- ဆရာဖြစ်သော၊ **မယာ**- ငါသည်၊ **သာဝကာနံ**- တပည့်တို့အား၊ **အနုကမ္ပံ ဥပါဒါယ**- သနားစောင့်ရှောက်မှုကို အကြောင်းပြု၍၊ **ဝေါ**- သင်တို့အတွက်၊ **ကရဏီယံ**- ပြုဖွယ်ကို၊ **ကတံ**- ပြုပြီးပြီ။

(က) **တောနိ ရုက္ခမူလာနိ** - ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း။

(ခ) **တောနိ သုညာဂါရာနိ** - ဤသည်တို့ကား ဆိတ်ငြိမ်ရာအရပ်တို့ပေတည်း။

(ဂ) **ဈာယထ** - ဈာန်ရအောင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရအောင် ရှုပွါးလိုက်ကြပါကုန်လော့။

(ဃ) **မာပမာဒတ္ထ** - မမေ့မလျော့ ဖြစ်ကြကုန်လော့။

(င) **မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။ ပစ္ဆာ**- နောင်အခါ၌၊ **ဝိပ္ပဋိသာရိနော**- အားထုတ်နိုင်သော အချိန်အခါက အားမထုတ်မိလေခြင်းဟု နှလုံးမသာမယာ နောင်တပူပန်ခြင်းသည်၊ **မာအဟုဝတ္ထ**- မဖြစ်ကြစေကုန်နှင့်။

(စ) **အယံ ဝေါ အမှာကံ အနုသာသနီ။ အယံ**- ဤသည်ကား၊ *(ဤအဆုံးအမသည်ကား)*၊ **ဝေါ**- သင်တို့အတွက်၊ **အမှာကံ**- ငါဘုရားတို့၏၊ **အနုသာသနီ**- အဆုံးအမ ဩဝါဒပေတည်း။

ပရိယတ္တိ အနက်ဟော ဓမ္မသဒ္ဒါက ဆုံးမဩဝါဒပေးပုံ, တရားဟောပုံ သဘော

(၁) ဗုဒ္ဓ (၄၅)ဝါကာလပတ်လုံး ဟောကြားတော်မူထားအပ်သော ပိဋကသုံးပုံသည် ပရိယတ္တိ သင်ယူအပ်သော တရားတော်များ ဖြစ်လေသည်။ အချို့ပုဂ္ဂိုလ်တို့သည် ပရိယတ္တိဘက်၌ ကျွမ်းကျင်ကြသော်လည်း သမထဘာဝနာ, ဝိပဿနာဘာဝနာ အားထုတ်မှု၌ အားနည်းလျက်ရှိသည်။ ပရိယတ်သည် 'သာသနာတော်၏ အမြစ်'မှန်သော်လည်း ပဋိပတ္တိဘက်သို့ ကူးမတက်နိုင်က ထိုပုဂ္ဂိုလ်အတွက် နစ်နာချက်တစ်ရပ် ဖြစ်လေသည်။ ဗုဒ္ဓ၏ သာသနာတော်၌ ပရိယတ် သာသနာပြုလုပ်ငန်း, ပဋိပတ် သာသနာပြုလုပ်ငန်းဟူ၍ နှစ်မျိုးရှိပေရာ အချို့ပုဂ္ဂိုလ်တို့သည် ထိုနှစ်မျိုးလုံးပင် မပြုလုပ်သော ပုဂ္ဂိုလ်တို့ ရှိကြလေသည်။ ထိုပုဂ္ဂိုလ်တို့အတွက် သာ၍ပင် နစ်နာလှပေသည်။ ဘာမျှမလုပ်တာနှင့်စာလျှင် ပရိယတ္တိ သာသနာပြုလုပ်ငန်းကို ပြုလုပ်တာက တော်သေးသည်ဟု ယူဆဖွယ်ရှိသော်လည်း ပဋိပတ္တိဘက်သို့ မတက်လှမ်းနိုင်သည့်အတွက် အားရစရာ အကြောင်းမရှိပေ။ ထို့ကြောင့် ပရိယတ္တိ သာသနာတော်ကိုလည်း **စွမ်းစွမ်းတမံ ပြုကြပါလော့။ ထိုတွင် ရပ်မနေဘဲနှင့် 'သမထဘာဝနာ, ဝိပဿနာဘာဝနာ'ကို ပွါးများခြင်းဟု ဆိုအပ်သော ပဋိပတ္တိ သာသနာတော်ကိုလည်း တက်လှမ်း၍ စွမ်းစွမ်းတမံ သာသနာစွယ်စုံ ပြုနိုင်သူ ဖြစ်ကြပါကုန်လော့။**

(၂) အချို့ပုဂ္ဂိုလ်တို့သည် ပရိယတ်ဘက်တွင် အားနည်းသော်လည်း သမထဘာဝနာ, ဝိပဿနာဘာဝနာကို အားထုတ်မှုဟုဆိုအပ်သော ပဋိပတ္တိဘက်တွင် အားကောင်းလျက် ရှိလေသည်။ ထိုပုဂ္ဂိုလ်သည် မိမိအတွက် ကောင်းသော်လည်း ပရိယတ် အားနည်းသည့်အတွက် အများအတွက်မူ မကောင်းလှပေ။ သို့ရာတွင် အများအတွက် အားမထုတ်နိုင်စေကာမူ မိမိအတွက် အားထုတ်နိုင်သည်ဖြစ်၍ ဗုဒ္ဓသာသနာတော်၌ ကျေနပ်ဖွယ်အချက် တစ်ချက်ပင် ဖြစ်လေသည်။ ထို့ထက်ပို၍ ပရိယတ္တိရော, ပဋိပတ္တိပါ အားကောင်းလျှင်မူ **ကား မိမိအတွက်ရော, အများအတွက်ပါ ထိထိရောက်ရောက် သာသနာပြုနိုင်သည် ဖြစ်သောကြောင့် ပရိယတ်, ပဋိပတ် သာသ နာနှစ်ရပ်လုံးကို ပြုနိုင်သော ပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ကြပါကုန်လော့။**

(၃) 'နောဓမ္မဝိဟာရီ' ဟူသော အဖြစ်ကိုကား ဘယ်လိုနည်းနှင့်မျှ အဖြစ်မခံသင့်ပေ။ အလွန်တွေ့ကြုံရန် ခဲယဉ်းလှသော ဗုဒ္ဓသာသနာတော်နှင့် ကြုံလာခိုက်မှာ 'ဓမ္မဝိဟာရီ' ပုဂ္ဂိုလ်ဖြစ်အောင် အစွမ်းကုန် ကြိုးစားအားထုတ်သင့်ကြပေသည်။ ကြိုးစားအားထုတ်မှုကိုလည်း ပြုကြပါကုန်လော့။

ဒေသနာနှင့် ပရိယတ္တိ အထူး

ဗုဒ္ဓ၏ စိတ်တော်ဖြင့် ရှေးဦးစွာ ပိုင်းခြားမှတ်သားအပ်ပြီးသော တရားတော်အစဉ် ဓမ္မကို ပရိယတ္တိ- သင်ယူအပ်သော ပါဠိ ဟုခေါ်သည်။ ထိုပရိယတ္တိဓမ္မကို နှုတ်တော်ဖြင့် ဟောရွတ်ကာ ထင်စွာဖြစ်ပေါ်လာခြင်းကို ဒေသနာ ဟုခေါ်သည်။
(ဋီသစ် ပအုပ်- နှာ- ၃၇၉။ မဟာဋီကာ- ၁၃၂)

နိဿတ္တ အနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဓမ္မသဒ္ဒါ၏ ပရိယတ္တိအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဓမ္မသဒ္ဒါ၏ နိဿတ္တ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တသ္မိံ ခေါပန သမယေ ဓမ္မာ ဟောန္တိ, ခန္ဓာ ဟောန္တိ။ *(အဘိ- ၁- ၃၅)*

တသ္မိံ ခေါပန သမယေ- ထိုအခါ၌၊ **ဓမ္မာ-** သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သော သဘောတရားတို့သည်၊ **ဟောန္တိ-** ဖြစ်ကုန်၏၊ **ခန္ဓာ-** ခန္ဓာတို့သည်၊ **ဟောန္တိ-** ဖြစ်ကုန်၏။

အထက်ပါ ပါဠိရပ်သည် အဘိဓမ္မာပိဋက၊ ဓမ္မသင်္ဂဏီ ပါဠိတော်၊ စိတ္တုပ္ပါဒကဏ္ဍ၊ ကာမာဝစရကုသလ သုညတဝါရ၌ လာရှိလေသည်။ အထက်ပါ ပါဠိတော်နှင့်စပ်၍ ဤ၌ လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

တသ္မိံ ခေါပန သမယေ ဓမ္မာ ဟောန္တိ၊ ခန္ဓာ ဟောန္တိ၊ အာယတနာနိ ဟောန္တိ၊ ဓာတုယော ဟောန္တိ၊ အာဟာရာ ဟောန္တိ (ပ) ယေဝါပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ ဣမေ ဓမ္မာ ကုသလာ။
(အဘိ- ၁- ၃၅/၃၆)

တသ္မိံ သမယေ- ထိုပဌမ ကာမာဝစရ မဟာကုသိုလ်စိတ် ဖြစ်သောအခါ၌ (ဝါ) ထိုကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဗုဒ္ဓုပ္ပါဒခဏ, စတုစက္ကသမ္ပတ္တိခဏဟု ဆိုအပ်သော ကုသိုလ်ဖြစ်ခြင်း၏ အခွင့်သည်၊ **သတိ-** ရှိသော်၊ **ဓမ္မာ-** သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သော သဘောတရားတို့သည်၊ **ဟောန္တိ-** ဖြစ်ကုန်၏။ **ခန္ဓာ-** ခန္ဓာတို့သည်၊ **ဟောန္တိ-** ဖြစ်ကုန်၏။ **အာယတနာနိ-** အာယတနတို့သည်၊ **ဟောန္တိ-** ဖြစ်ကုန်၏။ **ဓာတုယော-** ဓာတ်တို့သည်၊ **ဟောန္တိ-** ဖြစ်ကုန်၏။ **အာဟာရာ-** အာဟာရတို့သည်၊ **ဟောန္တိ-** ဖြစ်ကုန်၏။ (ပ) **တသ္မိံ သမယေ-** ထိုအခါ၌၊ **အညေပိ-** ဖဿစသည်မှ တစ်ပါးလည်း ဖြစ်ကုန်သော၊ **ပဋိစ္စသမုပ္ပန္နာ-** မိမိ မိမိအား လျော်ကပ်သော အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော၊ **အရူပိနော-** နာမ်ဖြစ်ကုန်သော၊ **ယေဝါပနဓမ္မာ-** အကြင်သဘော အားဖြင့် ရအပ်ကုန်သော ဆန္ဒ, အဓိမောက္ခစသော တရားတို့သည်၊ **အတ္ထိ-** သန္တိ- ရှိကုန်၏။ **သဗ္ဗေ-** အလုံးစုံကုန်သော၊ **ဣမေ ဓမ္မာ-** ဤသို့ သဘောရှိကုန်သော တရားတို့သည်၊ **ကုသလာ-** ကုသိုလ်မည်ကုန်၏။

အထက်ပါ ဒေသနာတော်ကား မဟာကုသိုလ် ပဌမစိတ်ဖြစ်သော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်သောအခါ ထိုစိတ်နှင့်အတူ ဖြစ်ခွင့်ရကြသော စိတ်, စေတသိက်ဟု ဆိုအပ်သော ကုသိုလ်နာမ်တရားအပေါင်းတို့ ဖြစ်ကြပုံသဘောကို ပြဆိုခြင်းဖြစ်သည်။ ထိုတွင် 'အာဟာရာ ဟောန္တိ' ၌ အာဟာရသည် ရုပ်အာဟာရမဟုတ်။ မဟာကုသိုလ် ပဌမစိတ်နှင့်အတူ ဖြစ်ခွင့်ရရှိကြသော **ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရ** သုံးမျိုးကို ဆိုလိုသည်။ ထိုနာမ်တရားအားလုံးသည် ကုသိုလ်မည်သောတရားတို့ ဖြစ်ကြသည်။ ထိုကုသိုလ်တရားတို့သည် မိမိတို့၏ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကြသော **အနိစ္စ, ဒုက္ခ, အနတ္တ** တရားများ ဖြစ်ကြလေသည်။ ယင်းသဘာဝတရားတွေကို ဗုဒ္ဓပွင့်ပေါ်လာချိန်မှ၊ ဗုဒ္ဓပွင့်ပေါ်လာချိန်၌လည်း **'ပုဗ္ဗေ ကတပုညတာစက်, ပဋိရူပဒေသဝါသစက်, သပ္ပုရိသူပနိဿယစက်, အတ္တသမ္မာပဏိဓိစက်'** ဟူသော သမ္ပတ္တိစက် (၄)မျိုးရချိန်မှ သိခွင့်ရနိုင်သော တရားမျိုး ဖြစ်လေသည်ဟု ဆိုလိုသည်။

နိဿတ္တ အနက်ဟော ဓမ္မသဒ္ဒါက တရားဟောပုံ သဘော

အဘိဓမ္မာတရားတော်သည် ပုဂ္ဂိုလ်သတ္တဝါတို့မှ ဆိတ်သုဉ်းလျက်ရှိသော *(သူ,သတ္တဝါမဖြစ်သော)* ရုပ်, နာမ်ဓမ္မ သဘာဝတရားတို့ကို ပြဆိုသော **အနတ္တတရားတော်** ဖြစ်လေသည်။ ထိုအနတ္တတရားကို သိမြင်ရန် ဝိပဿနာရှုပွါးရန် လိုအပ်ပါသည်။ ဝိပဿနာရှုပွါး၍ ဝိပဿနာဉာဏ် အတန်တန်ကို ရရှိချိန်၌ ပုဂ္ဂိုလ်သတ္တဝါ မရှိပုံ၊ ခေါင်း, ကိုယ်, လက်, ခြေ မရှိပုံ၊ ရုပ်, နာမ်တို့၏ အကြောင်းအားလျော်စွာ ဖြစ်ပေါ်နေကြသော ပရမတ္ထ သဘာဝမျှသာရှိပုံ၊ အနတ္တသဘောမျှသာ ဖြစ်ပုံကို ကောင်းစွာသိမြင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓုပ္ပါဒနဝမခဏ၌ ကြုံလာချိန်၊ သမ္မတ္တိစက်လေးချက်နှင့် ကြုံလာချိန်၌ ဝိပဿနာရှုပွါးမှု ပြုကြပါကုန်လော့။

ဋီကာတို့က ဖော်ပြသော ဓမ္မသဒ္ဒါ၏ ဟောနက်များ

သီလက္ခန် အဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ် စီရင်တော်မူသည်။ ထိုအဋ္ဌကထာ၏ အဖွင့်ဖြစ်သော သီလက္ခန် မဟာဋီကာကို အရှင်အာစရိယဓမ္မပါလ မထေရ်မြတ် စီရင်တော်မူသည်။ ဋီကာသစ်ကိုထောက်၍ ၎င်းမဟာဋီကာကို ဋီကာဟောင်းဟုလည်း ခေါ်ရိုးပြုကြသည်။ သီလက္ခန် ဋီကာသစ်ကို အရှင်ဉာဏာဘိဝံသ ဓမ္မသေနာပတိ မထေရ် စီရင်တော်မူသည်။ ဋီကာသစ်သည် ‘ပ, ဒု’ ဟူ၍ နှစ်အုပ်ရှိသည်။ ၎င်းဋီကာဟောင်း, ဋီကာသစ် နှစ်မျိုးလုံး၌ အဋ္ဌကထာ ပြဆိုအပ်သော ဓမ္မသဒ္ဒါ (၄)နက်အပြင် ဓမ္မသဒ္ဒါ ဟောနိုင်သော အနက်များကို အောက်ပါအတိုင်း ပြဆိုထားကြလေသည်။

အဋ္ဌကထာ၌လာသော အာဒိသဒ္ဒါဖြင့် ဓမ္မသဒ္ဒါသည် **‘သစ္စအနက်, သဘာဝအနက်, သမာဓိအနက်, ပညာအနက်, ပကတိအနက်, ပုညအနက်, အာပတ္တိအနက်, ဉေယျအနက်’** ရှစ်နက်တို့၌ ဖြစ်၏ဟု ပြဆိုထားလေသည်။

(မဟာဋီကာ- ၁၃၂။ ဋီသစ် ပအုပ်- ၃၇၉)

သစ္စ အနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာများသည် ရှေးဦးစွာ ဓမ္မသဒ္ဒါ၏ သစ္စအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုထားလေသည်။

စတုန္နံ ဘိက္ခဝေ ဓမ္မာနံ အနနုဗောဓာ။ *(ဒီ- ၂- ၁၀၂။ အံ- ၁- ၃၀၇)*

ဘိက္ခဝေ- ရဟန်းတို့၊ **စတုန္နံ**- လေးပါးကုန်သော၊ **ဓမ္မာနံ**- သစ္စာတရားတို့ကို *(ဓမ္မသဒ္ဒါ၏ သစ္စအနက်၌ ဖြစ်ပုံတည်း။)* **အနနုဗောဓာ**- အနုဗောဓဉာဏ်ဟု ဆိုအပ်သော ဝိပဿနာဉာဏ်ဖြင့် မသိခြင်းကြောင့်။

အထက်ပါ ပါဠိရပ်သည် သုတ်မဟာဝါ ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၌ လည်းကောင်း၊ အင်္ဂုတ္တိုရ် ပါဠိတော်၊ စတုက္ကနိပါတ်၊ အနုဗုဒ္ဓသုတ်၌လည်းကောင်း လာရှိလေသည်။ ထိုပါဠိတော်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် ဘဏ္ဍဂါမ၌ သီတင်းသုံးတော်မူစဉ် ရဟန်းသံဃာတော်တို့အား အောက်ပါတရားတော်ကို ဟောကြားတော်မူလေသည်။

စတုန္နံ ဘိက္ခဝေ ဓမ္မာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

ဘိက္ခဝေ- ရဟန်းတို့၊ **စတုန္နံ**- လေးပါးကုန်သော၊ **ဓမ္မာနံ**- သစ္စာတရားတို့ကို၊ **အနနုဗောဓာ**- အနုဗောဓဉာဏ်ဟု ဆိုအပ်သော ဝိပဿနာဉာဏ်ဖြင့် မသိခြင်းကြောင့် လည်းကောင်း၊ **အပ္ပဋိဝေဓာ**- ပဋိဝေဓဉာဏ်ဟု ဆိုအပ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မသိခြင်းကြောင့် လည်းကောင်း၊ **မမဉ္စေဝ**- ငါဗုဒ္ဓသည် လည်းကောင်း၊ **တုမှာကဉ္စ**- သင်ရဟန်းတို့သည် လည်းကောင်း၊ **ဧဝမိဒံ ဒီဃမဒ္ဓါနံ**- ဤမျှရှည်လျားလှစွာသော သံသရာအဓွန့်ကာလပတ်လုံး၊ **သန္ဓာဝိတံ**- တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားခဲ့ရလှလေပြီ။ **သံသရိတံ**- အဖန်ဖန် အထပ်ထပ် သွားခြင်း, လာခြင်းဖြင့် တပြောင်းပြန်ပြန် ကျင်လည်ခဲ့ရလှလေပြီ။

သစ္စ အနက်ဟော ဓမ္မသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံ သဘော

အထက်ပါ ဒေသနာတော်အရ ရှေးဦးစွာ သစ္စာလေးပါးကို ဝိပဿနာဉာဏ်ဖြင့် သိရမည်။ ထို့နောက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် သိရမည်။ ထိုကဲ့သို့ မသိခဲ့သည့်အတွက်ကြောင့် ရှင်တော်ဗုဒ္ဓသည် လည်းကောင်း၊ ရဟန်းသံဃာတော်များတို့သည် လည်းကောင်း မရေမတွက်နိုင်သော သံသရာဒုက္ခ၊ ရုပ်, နာမ်ဒုက္ခ၊ ဘဝဒုက္ခ၊ ခန္ဓဒုက္ခတို့ကို ခံခဲ့ကြရလေပြီ။ ယခုအခါ၌ သစ္စာလေးပါးကို ဝိပဿနာဉာဏ် အတန်တန်တို့ဖြင့် လည်းကောင်း၊ မဂ်ဉာဏ် (၄)ပါး, ဖိုလ်ဉာဏ် (၄)ပါးတို့ဖြင့် အရဟတ္တဖိုလ်ပေါက် သိမြင်ပြီးဖြစ်သောကြောင့် လည်းကောင်း ထိုဒုက္ခတွေ ချုပ်ငြိမ်းသွားလေပြီ။ **ထို့ကြောင့် သစ္စာလေးပါးတို့ကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် သိအောင် ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။**

(ဋီကာသစ်, ဋီကာဟောင်း ဆရာတော်တို့သည် 'စတုန္နံ ဘိက္ခဝေ ဓမ္မာနံ' ပါဌ- သစ္စာလေးပါးကို သာဓကထုတ်ပြသော်လည်း ပါဠိတော်၌မူကား 'စတုန္နံ ဘိက္ခဝေ ဓမ္မာနံ' ပါဌကို 'အရိယသီလ, အရိယသမာဓိ, အရိယပညာ, အရိယဝိမုတ္တိ' ဟူသော ဓမ္မလေးမျိုးကို ယူထားလေသည်။ ထိုတရားလေးမျိုးကို မှန်သောတရားမျိုးဟူ၍ ယူဆနိုင်ပေသည်။ မဟာပရိနိဗ္ဗာနသုတ်၌ပင် အရိယသစ္စကထာ နှာ(၇၇)၌ 'စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ' ဟူ၍ တိုက်ရိုက်ပင် ဟောကြားထားလေသည်။)

သဘာဝ အနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာတို့သည် ဓမ္မသဒ္ဒါ၏ သစ္စအနက်၌ ဖြစ်ပုံသာဓကကို ထုတ်ပြပြီး၍ ဓမ္မသဒ္ဒါ၏ သဘာဝအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ကုသလာဓမ္မာ, အကုသလာဓမ္မာ *(အဘိ- ၁- ၁)*

ကုသလာ- ကုသိုလ်မည်ကုန်သော၊ **ဓမ္မာ-** သဘောတရားတို့သည်၊ **သံဝိဇ္ဇန္တိ-** ရှိကုန်၏၊ **အကုသလာ-** အကုသိုလ်မည်ကုန်သော၊ **ဓမ္မာ-** သဘောတရားတို့သည်၊ **သံဝိဇ္ဇန္တိ-** ရှိကုန်၏။

အထက်ပါ ပါဠိရပ်သည် အဘိဓမ္မာပိဋက၊ ဓမ္မသင်္ဂဏီပါဠိတော်၌ လာရှိလေသည်။ ထိုအဘိဓမ္မာ ဒေသနာတော်အရ ကုသိုလ်ဓမ္မ ဖြစ်စေ၊ အကုသိုလ်ဓမ္မ ဖြစ်စေ၊ အဗျာကတဓမ္မ ဖြစ်စေ။ အလုံးစုံသော ရုပ်ဓမ္မ, နာမ်ဓမ္မတို့သည် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်။ ခေါင်း, ကိုယ်, လက်, ခြေ မဟုတ်။ အတုံးအခဲ ဒြပ်သဏ္ဌာန် မဟုတ်။ ကုသိုလ် သဘောမျှသာ ဖြစ်သည်။ အကုသိုလ် သဘောမျှသာ ဖြစ်သည်။ အဗျာကတ သဘောမျှသာ ဖြစ်သည်။ အချုပ်အားဖြင့် ရုပ်သဘော, နာမ်သဘောမျှသာ ဖြစ်သည်ဟု ဆိုလိုပေသည်။ **ရုပ်သဘောမျှသာ, နာမ်သဘောမျှသာ ရှိသည်၏အဖြစ်ကို ထင်ထင်ရှားရှားသိအောင် သတိပဋ္ဌာန်လေးပါး, မဂ္ဂင်ရှစ်ပါး, ဝိပဿနာတရားများကို ရှုမှတ်ပွါးများ အားထုတ်မှု ပြုကြပါကုန်လော့။**

သမာဓိ အနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာများသည် ဓမ္မသဒ္ဒါ၏ သဘာဝအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဓမ္မသဒ္ဒါ၏ သမာဓိအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဧဝံ ဓမ္မာ တေ ဘဂဝန္တော အဟေသုံ *(သံ- ၃- ၁၃၈)*

တေ ဘဂဝန္တော- ဘုန်းတော်ကြီးတော်မူသော ထိုဗုဒ္ဓတို့သည်၊ **ဧဝံ ဓမ္မာ-** ဤသို့ သမာဓိတရား ရှိကုန်သည်၊ **အဟေသုံ ဣတိ ဝါ-** ဖြစ်ကုန်ပြီဟူ၍ လည်းကောင်း။ *(ဤကား ဓမ္မသဒ္ဒါ၏ သမာဓိအနက်၌ ဖြစ်ပုံတည်း။)*

အထက်ပါ ပါဠိရပ်သည် မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ သတိပဋ္ဌာနသံယုတ်၊ နာလန္ဒဝဂ်၊ နာလန္ဒသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ရှင်တော်ဗုဒ္ဓသည် နာဠန္ဒမြို့ ပါဝါရိက သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတြာသည် ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

ဘန္တေ– အရှင်ဘုရား၊ **ယဒိဒံ သမ္မောဓိယံ**– သဗ္ဗညုတဉာဏ်တော်အရာ၌၊ **ဘဂဝတာ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓထက်၊ **ဘိယျော ဘိညတရော**– ပိုမိုလွန်ကဲစွာ သိသော၊ **အညော**– ရှင်တော်ဗုဒ္ဓမှ တပါးသော၊ **သမဏောဝါ**– သမဏသည် လည်းကောင်း၊ **ဗြာဟ္မဏောဝါ**– ဗြာဟ္မဏသည် လည်းကောင်း၊ **နစာဟု**– ရှေးကလည်း မဖြစ်ပေါ်ဘူးပါ။ **နစာဘဝိဿတိ**– နောင်လည်း ဖြစ်ပေါ်လိမ့်မည် မဟုတ်ပါ။ **နစ တေရဟိ ဝိဇ္ဇတိတိ**– ယခုလည်း မဖြစ်ပေါ်ပါဟူ၍၊ **ဘဂဝတိ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ အပေါ်၌၊ **အဟံ**– တပည့်တော်သည်၊ **ဧဝံ**– ဤသို့၊ **ပသန္နော**– ယုံကြည်ပါသည် ဘုရား။

ထိုအခါ ဗုဒ္ဓသည် အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူသည်။

ဥဠာရာ ခေါ် တျာယံ သာရိပုတ္တ အာသဘီဝါစာ ဘာသိတာ၊ ဧကံသော ဂဟိတော၊ သီဟနာဒေါ နဒိတော
(သံ– ၃– ၁၃၈)

သာရိပုတ္တ– သာရိပုတြာ၊ **တေ**– သင်သည်၊ **ဥဠာရာ**– မြတ်သော၊ **အယံ အာသဘီဝါစာ**– ဤနွားလားဥသဘသကဲ့သို့ ရဲရင့်သော စကားကို၊ **ဘာသိတာ**– ကြုံးဝါးပြောဆိုတိသည်။ **အယံ ဧကံသော ဂဟိတော**– ဤသို့ တစ်ဖက်သတ် ဆုံးဖြတ်ချက်ချသည်၊ **အယံ သီဟနာဒေါ**– ဤခြင်္သေ့ဟောက်သကဲ့သို့ ရဲရဲတောက် မကြောက်မရွံ့ မြတ်သောစကားကို၊ **နဒိတော**– ကြုံးဝါးမြွက်ဆိုတိသည်။

သာရိပုတြာ အတိတ်ကာလက ပွင့်တော်မူပြီးကြကုန်သော, အနာဂါတ်ကာလ၌ ပွင့်တော်မူလတ္တံ့ဖြစ်ကုန်သော ထိုအလုံးစုံကုန်သော ဗုဒ္ဓတို့၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ **'ဧဝံ သီလာ, ဧဝံ ဓမ္မာ, ဧဝံ ပညာ တေ ဘဂဝန္တော အဟေသုံ ဣတိပိ, ဘဝိဿန္တိ ဣတိပိ'** တေ ဘဂဝန္တော– ထိုဗုဒ္ဓတို့သည်၊ **ဧဝံ သီလာ**– ဤသို့ သီလရှိကုန်သည်၊ **ဧဝံ ဓမ္မာ**– ဤသို့ သမာဓိတရား ရှိကုန်သည်၊ **ဧဝံ ပညာ**– ဤသို့ ပညာရှိကုန်သည်၊ **အဟေသုံ ဣတိပိ**– ဖြစ်ကုန်ပြီဟူ၍ လည်းကောင်း၊ **ဘဝိဿန္တိ ဣတိပိ**– ဖြစ်လတ္တံ့ဟူ၍ လည်းကောင်း၊ **ဝိဒိတာနခေါ်**– သိကုန်သလော (ပ) သာရိပုတြာ ယခုအခါ၌ ငါဗုဒ္ဓ၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ **'ဧဝံ သီလော, ဧဝံ ဓမ္မော, ဧဝံ ပညော ဘဂဝါ ဣတိပိ'** ဘဂဝါ– ဗုဒ္ဓသည်၊ **ဧဝံ သီလော**– ဤသို့ သီလရှိသည်၊ **ဧဝံ ဓမ္မော**– ဤသို့ သမာဓိတရားရှိသည်၊ **ဧဝံ ပညော**– ဤသို့ ပညာရှိသည်၊ **ဘဝတိ ဣတိပိ**– ဖြစ်၏ဟူ၍ လည်းကောင်း (ပ) **ဝိဒိတောနခေါ်**– သိသလော၊ **ဣတိ**– ဤသို့ မေးတော်မူပြီ။

'နောဟေတံ ဘန္တေ' ဘန္တေ– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား၊ **တံ**– ဤအမေးစကားကို၊ **နောဟိ**– မသိပါဘုရားဟူ၍ ပြေဆိုပြီးနောက်။ သို့ရာတွင် **ဓမ္မန္ဝယဝိဒိတော**– တရားတော်သို့ အစဉ်လိုက်၍ အနုမာနဉာဏ်ဖြင့် မှန်းဆ၍ သိရပါကြောင်း လျှောက်ထားလေလျှင် ရှင်တော်ဗုဒ္ဓသည် အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူသည်။

သာဓု သာဓု သာရိပုတ္တ၊ တသ္မာတိဟ တွံ သာရိပုတ္တ ဣမံ ဓမ္မပရိယာယံ အဘိက္ခဏံ ဘာသေယျာသိ။ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ။ ယေသမ္ပိဟိ သာရိပုတ္တ မောဃပုရိသာနံ ဘဝိဿတိ တထာဂတေ ကင်္ခါဝါ ဝိမတိဝါ တေသမ္ပိ မံ ဓမ္မပရိယာယံ သုတွာ ယာ တထာဂတေ ကင်္ခါဝါ ဝိမတိဝါ သာ ပဟီယိဿတီတိ။ *(ဒီ– ၃– ၁၃၉)*

သာရိပုတ္တ– သာရိပုတြာ၊ **သာဓု သာဓု**– ကောင်းစွ၊ ကောင်းစွ၊ **သာရိပုတ္တ**– သာရိပုတြာ၊ **တသ္မာ**– ထို့ကြောင့်ပင်၊ **ဣဓ**– ဤသာသနာတော်၌၊ **တွံ**– သင်သည်၊ **ဣမံ ဓမ္မပရိယာယံ**– ဤတရားဒေသနာတော်ကို၊ **ဘိက္ခူနံ**– ရဟန်းတို့အား လည်းကောင်း၊ **ဘိက္ခုနီနံ**– ရဟန်းမတို့အား လည်းကောင်း၊ **ဥပါသကာနံ**– ဥပါသကာတို့အား လည်းကောင်း၊ **ဥပါသိကာနံ**– ဥပါသိကာမတို့အား လည်းကောင်း၊ **အဘိက္ခဏံ**– အမြဲမပြတ်၊ **ဘာသေယျာသိ**– ဟောကြားလေလော့၊ **သာရိပုတ္တ**– သာရိပုတြာ၊ **ဟိ**– တိုက်တွန်းခြင်း အကြောင်းကား၊ **ယေသမ္ပိ မောဃပုရိသာနံ**– အကြင် မဂ်, ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော ယောကျ်ားတို့၏၊ **တထာဂတေ**– ဗုဒ္ဓ အပေါ်၌၊ **ကင်္ခါဝါ**– ယုံမှားခြင်းသည် လည်းကောင်း၊ **ဝိမတိဝါ**– တွေးတောခြင်းသည် လည်းကောင်း၊ **ဘဝိဿတိ**– ဖြစ်လတ္တံ့၊ **တေသမ္ပိ**– ထိုမဂ်, ဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ားတို့သော်မှလည်း၊ **ဣမံ ဓမ္မပရိယာယံ**– ဤတရားဒေသနာတော်ကို၊ **သုတွာ**– ကြားနာရ၍၊ **တထာဂတေ**– ဗုဒ္ဓအပေါ်၌၊ **ယာ ကင်္ခါဝါ**– အကြင်ယုံမှားခြင်းသည် လည်းကောင်း၊ **ယာ ဝိမတိဝါ**– အကြင် တွေးတောခြင်းသည် လည်းကောင်း၊ **အတ္ထိ**– ရှိ၏၊ **သာ**– ထိုယုံမှားတွေးတောခြင်းသည်၊ **ပဟီယိဿတိ**– ပယ်ပျောက်နိုင်ပေလတ္တံ့၊ **ဣတိ**– ဤသို့ မိန့်တော်မူလေပြီ။

သမာဓိ အနက်ဟော ဓမ္မသဒ္ဒါက တရားဟောပုံသဘော

ရှင်တော်ဗုဒ္ဓသည် ဤသတ္တလောက၌ သဗ္ဗညုတပိုင်ရှင် ဗုဒ္ဓစင်စစ် ကေန်ဖြစ်သည်။ ဗုဒ္ဓသည် အတုမရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ မနှိုင်းယှဉ်နိုင်သော ပုဂ္ဂိုလ်ဖြစ်သည်။ ဗုဒ္ဓ၏ သီလ, သမာဓိ, ပညာကို မည်သူမျှ ပိုင်းခြား၍ မသိနိုင်ပေ စသည်ဖြင့် ဗုဒ္ဓအပေါ်၌ **အကြွင်းမဲ့ ယုံကြည်ပြီး ဗုဒ္ဓါနုဿတိဘာဝနာကို လေးနက်ရိုသေစွာ ပွါးများနိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

ပညာအနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာတို့သည် ဓမ္မသဒ္ဒါ၏ သမာဓိအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဓမ္မသဒ္ဒါ၏ ပညာအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ သစေ ပေစ္စ န သောစတိ။ *(ခု- ၁- ၃၀၇)*

ယဿ- အကြင်သူအား၊ **သစ္စံ-** မှန်ကန်စွာ ပြောဆိုမှု သစ္စာ လည်းကောင်း၊ **ဓမ္မော-** ပညာတရား လည်းကောင်း၊ *(ဤကား ဓမ္မသဒ္ဒါ၏ ပညာအနက်၌ ဖြစ်ပုံတည်း။)* **ဓိတိ-** လုံ့လဝီရိယ လည်းကောင်း၊ **စာဂေါ-** စွန့်ကြဲပေးကမ်းတတ်မှု လည်းကောင်း၊ (**စတုရော-** လေးပါးကုန်သော၊ **တေဓမ္မာ-** ဤတရားတို့သည်၊ **သန္တိ-** ရှိကုန်၏။) **သော-** ထိုသူသည်၊ **ဝေ-** စင်စစ်၊ **ပေစ္စ-** တမလွန်ဘဝ၌၊ **န သောစတိ-** မစိုးရိမ်ရတော့ပြီ။

အထက်ပါ ပါဠိရပ်သည် သုတ္တနိပါတ် ပါဠိတော် ဥရဂဝဂ်၊ အာဠဝကသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် အာဠဝိပြည် အာဠဝကဗိမာန်၌ သီတင်းသုံးတော်မူစဉ် အာဠဝကဘီလူးကို အကြောင်းပြု၍ ထိုသုတ္တန်ကို ဟောတော်မူသည်။

ထိုသုတ္တန်၌ ဂါထာ (၁၂)ဂါထာ ရှိရာတွင် အာဠဝက အမေး (၃)ဂါထာ၊ ဗုဒ္ဓဖြေတော်မူသော အဖြေ (၅)ဂါထာ၊ ဗုဒ္ဓတိုက်တွန်းချက် (၁)ဂါထာ၊ အာဠဝကဘီလူး ပြန်လျှောက်ထားချက် (၃)ဂါထာအားဖြင့် (၁၂)ဂါထာ ရှိလေသည်။

အထက်ပါ ပါဠိရပ်သည် အာဠဝကဘီလူးက သုံးခုမြောက်ဂါထာဖြင့် အမေး (၅)ချက် မေးထားရာ ရှင်တော်ဗုဒ္ဓက ထိုအမေး (၅)ချက်ကို ဂါထာ (၃)ဂါထာတို့ဖြင့် ဖြေဆိုတော်မူသည့်အနက် (၅)ခုမြောက် အဖြေကို (၃)ခုမြောက် ဂါထာ၏ နောက်ဆုံး (၂)ပါဒဖြင့် ဖြေဆိုတော်မူအပ်သော ပါဠိရပ် ဖြစ်လေသည်။ ထိုအမေး, အဖြေ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကထံသု လဘတေ ပညံ၊ ကထံသု ဝိန္ဒတေ ဓနံ၊
ကထံသု ကိတ္တိံ ပပ္ပေါတိ၊ ကထံ မိတ္တာနိ ဂန္ထတိ၊
အသ္မာ လောကာ ပရံ လောကံ၊ ကထံ ပေစ္စ န သောစတိ။

ကထံသု- အဘယ်အကြောင်းကြောင့်၊ **ပညံ-** ပညာကို၊ **လဘတေ-** ရနိုင်သနည်း၊ **ကထံသု-** အဘယ်အကြောင်းကြောင့်၊ **ဓနံ-** ဥစ္စာကို၊ **ဝိန္ဒတေ-** ရနိုင်သနည်း၊ **ကထံသု-** အဘယ်အကြောင်းကြောင့်၊ **ကိတ္တိံ-** ကျော်စောခြင်းသို့၊ **ပပ္ပေါတိ-** ရောက်ရသနည်း၊ **ကထံ-** အဘယ်အကြောင်းဖြင့်၊ **မိတ္တာနိ-** အဆွေခင်ပွန်းတို့ကို၊ **ဂန္ထတိ-** ဖွဲ့နိုင်သနည်း၊ **ကထံ-** အဘယ်ဖြင့်၊ **အသ္မာ လောကာ-** ဤလောကမှ၊ **ပရံလောကံ-** တပါးသောလောကသို့၊ **ဂတော-** ရောက်သည်ရှိသော်၊ **ပေစ္စ-** တမလွန်ဘဝ၌၊ **န သောစတိ-** မစိုးရိမ်ရသနည်း။ *(ပေါင်း အမေး (၅)ချက်။ အောက်တွင် အစဉ်အတိုင်း ဖြေတော်မူထားသည်။)*

(က) **သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာန ပတ္တိယာ၊**
သုဿူသံ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။

(ခ) **ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ၊**
သစ္စေန ကိတ္တိံ ပပ္ပေါတိ၊ ဒဒံ မိတ္တာနိ ဂန္ထတိ။

(ဂ) **ယသောတော စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရ မေသိနော၊**
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ သဝေ ပေစ္စ နသောစတိ။

(က) **သဒ္ဒဟာနော**– ယုံကြည်သော၊ **အပ္ပမတ္တော**– မမေ့မလျော့သော၊ **ဝိစက္ခဏော**– ဆင်ခြင်တတ်သော ပညာရှိသူသည်၊ **အရဟတံ**– ရဟန္တာပုဂ္ဂိုလ်၏၊ **နိဗ္ဗာန ပတ္တိယာ**– နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော၊ **ဓမ္မံ**– တရားကို၊ **သုဿူသံ**– ကောင်းစွာနာရသောကြောင့်၊ **ပညံ**– ပညာကို၊ **လဘတေ**– ရနိုင်ပေ၏။

(ခ) **ပတိရူပကာရီ**– လျောက်ပတ်သော အကြောင်းကို ပြုလုပ်သည်ဖြစ်၍၊ **ဓုရဝါ**– တာဝန်ကို ပစ်ချမထားသော၊ **ပုရိသော**– ယောကျ်ားသည်၊ **ဥဋ္ဌာတာ**– ထကြွလုံ့လ ဝီရိယကြောင့်၊ **ဓနံ**– ဥစ္စာကို၊ **ဝိန္ဒတေ**– ရနိုင်၏၊ **သစ္စေန**– မှန်ကန်စွာ ပြောဆိုသော ဝစီသစ္စာစကားကြောင့်၊ **ကိတ္တိံ**– ကျော်စောခြင်းသို့ **ပပ္ပေါတိ**– ရောက်၏၊ **ဒဒံ**– ပေးကမ်းတတ်သူသည်၊ **မိတ္တာနိ**– အဆွေခင်ပွန်းတို့ကို၊ **ဂန္ထတိ**– ဖွဲ့နိုင်၏။ *(အမေးလေးချက် ဖြေကြားပြီးပြီ။)*

(ဂ) **သဒ္ဓဿ**– ယုံကြည်မှုရှိသော၊ **ဃရမေသိနော**– အိမ်၏ အစီးအပွါးကို ရှာတတ်သော၊ **ယဿ**– အကြင်သူအား၊ **သစ္စံ**– မှန်ကန်စွာ ပြောဆိုသော သစ္စာစကား လည်းကောင်း၊ **ဓမ္မော**– ပညာတရား လည်းကောင်း၊ **ဓိတိ**– လုံ့လဝီရိယ လည်းကောင်း၊ **စာဂေါ**– ပေးကမ်းစွန့်ကြဲတတ်မှု လည်းကောင်း၊ **စတုရော**– လေးပါးကုန်သော၊ **ဧတေဓမ္မာ**– ဤတရားတို့သည်၊ **သန္တိ**– ရှိကုန်၏၊ **သော**– ထိုသူသည်၊ **ဝေ**– စင်စစ်၊ **ပေစ္စ**– တမလွန်ဘဝ၌၊ **နသောစတိ**– မစိုးရိမ်ရတော့ပြီ။ *(ဤကား ငါးခုမြောက်အမေး၏ အဖြေတည်း။ ဤ၌ ဓမ္မသဒ္ဒါက ပညာအနက်၌ ဖြစ်ပုံကို ပုလိင်ဖြစ်လျက် ဤဂါထာကို သာဓကအဖြစ် ထုတ်ဆောင်ပြခြင်း ဖြစ်သည်။)*

ပညာ အနက်ဟော ဓမ္မသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံ သဘော

(၁) ဗုဒ္ဓသာသနာတော်၌ အမှန်တကယ်ရှိသော ရုပ်, နာမ်ဟူသော ပရမတ္ထ သဘာဝတရားကို သိမြင်သော ပညာသည်သာလျှင် ပညာအစစ် ဖြစ်သည်။ ၎င်းပညာမျိုးကိုရရန် အရိယာသူတော်ကောင်းတို့၏ နိဗ္ဗာန်ရောက်ကြောင်းတရားကို ရိုသေလေးမြတ်စွာ နာယူခြင်းဖြင့် လည်းကောင်း၊ နာယူသည့်အတိုင်း ဝိပဿနာတရားများကို ကျင့်သုံးခြင်းဖြင့် လည်းကောင်း ၎င်းပညာကို ရနိုင်သည်။ **ထို့ကြောင့် ရနိုင်ခဲသော ထိုပညာမျိုးရအောင် ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။**

(၂) မိမိနှင့် သင့်လျော်သော အလုပ်အကိုင်လည်း ဖြစ်ရမည်။ ထိုအလုပ်အကိုင်၌ တာဝန်ကို ပစ်ချမထားဘဲ အမြဲကြောင့်ကြစိုက်သူ၊ ဇွဲရှိသူ ဖြစ်ရမည်။ ထကြွလုံ့လ ဝီရိယရှိသူ ဖြစ်ရမည်။ ထိုကဲ့သို့ ပုဂ္ဂိုလ်သည် မိမိအလိုရှိသော စည်းစိမ်ဥစ္စာကို ရနိုင်ပေသည်။ **ထို့ကြောင့် ထိုအင်္ဂါရပ်တွေနှင့် ပြည့်စုံသူဖြစ်အောင် အားထုတ်ကြပါကုန်လော့။**

(၃) လူ့လောက၌ သစ္စာမရှိ၊ ကတိမတည်သော ပုဂ္ဂိုလ်တို့ မြောက်များစွာ ရှိလေသည်။ သစ္စာရှိ၍ ကတိတည်သော ပုဂ္ဂိုလ်တို့ အနည်းအပါးသာ ရှိလေသည်။ သစ္စာရှိ၍ ကတိတည်ကြသော ပုဂ္ဂိုလ်တို့သည် သစ္စာမရှိ၊ ကတိမတည်သော ပုဂ္ဂိုလ် လူအများစုတို့အပေါ်၌ လွှမ်းမိုးနိုင်ပေသည်။ အများ၏ ယုံကြည်ကိုးစားမှုကို ခံယူရတတ်ပြီး ကောင်းသော ဂုဏ်သတင်းလည်း ကျော်ကြားနိုင်ပေသည်။ လူ့လောက၌ သစ္စာရှိခြင်း၊ ကတိတည်ခြင်းသည် စွမ်းရည်သတ္တိ တစ်မျိုးဖြစ်သည်။ ထူးခြားသော အစွမ်းရှိသော တန်ခိုးတစ်မျိုး ဖြစ်သည်။ **ထို့ကြောင့် သစ္စာရှိသူ, ကတိတည်သူ, အမှန်ကိုသာ ပြောဆိုတတ်သူ ဖြစ်အောင် ကြိုးစားကြပါကုန်လော့။**

(၄) ပုထုဇဉ်လူသားလောက၌ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်း လိုအပ်လှပေသည်။ မိမိက မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းများကို ချစ်မြတ်နိုးတတ်ရန် လိုအပ်သလို မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းတို့ကလည်း မိမိအပေါ်၌ ချစ်ခင်မြတ်နိုးမှုကို လိုအပ်ပေသည်။ လူအများ၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရခြင်းသည်လည်း စွမ်းရည်သတ္တိ တန်ခိုးတစ်မျိုးကို ရရှိခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ပေးကမ်းစွန့်ကြဲလှူဒါန်းတတ်ခြင်းဖြင့် **မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းကို ဖွဲ့တတ်ကြပါကုန်လော့။ လူအများ၏ ချစ်ခင်မြတ်နိုးမှုကို ခံရသူဖြစ်အောင် ပြောဆိုပြုလုပ်တတ်ကြပါကုန်လော့။**

(၅) အိမ်ရာတည်ထောင် လူ့ဘောင်၌ စီးပွါးဥစ္စာကို ရှာဖွေနေကြသူ လူအပေါင်းတို့သည် မိမိကိုယ်ကို ယုံကြည်ရန်လည်း လိုအပ်သလို ကံကိုလည်းကောင်း, ကံ၏အကျိုးကိုလည်းကောင်း ယုံကြည်တတ်ရန်လည်း လိုပေသည်။ ထိုပုဂ္ဂိုလ်သည် မှန်သော

'သစ္စာ' စကားကိုသာ ပြောဆိုတတ်လျှင် လည်းကောင်း၊ 'ဓမ္မ' ခေါ် ဝေဘန်ပိုင်းခြားတတ်သော အမြော်အမြင်ရှိသော 'ပညာ' တရားနှင့်ပြည့်စုံလျှင် လည်းကောင်း၊ ပေးကမ်းစွန့်ကြဲ လှူဒါန်းတတ်မှုဟု ဆိုအပ်သော 'စာဂ' တရားနှင့် ပြည့်စုံလျှင် လည်းကောင်း၊ မပျင်းမရိ လုံ့လဝီရိယရှိသူ 'ဓိတိ' ဖြစ်လျှင် လည်းကောင်း ထိုတရားလေးမျိုးနှင့် ပြည့်စုံလျှင် ဤဘဝမှာလည်း စိုးရိမ်မှု သောကဘေးမှ ကင်းဝေးနိုင်သလို၊ တမလွန်ဘဝမှာလည်း စိုးရိမ်မှု သောကဘေးမှ ကင်းဝေးနိုင်ပေသည်။ ထို့ကြောင့် **'သစ္စာ, ဓမ္မ, ဓိတိ, စာဂ' ဟူသော တရားလေးမျိုးနှင့် ပြည့်စုံသူဖြစ်အောင် ကြိုးစားကြပါကုန်လော့။**

ပကတိ အနက်ဖော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာတို့သည် ဓမ္မသဒ္ဒါ၏ ပညာအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဓမ္မသဒ္ဒါ၏ ပကတိ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဇာတိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ။ *(မ- ၃- ၂၉၃။ ခု- ၉- ၃၈)*

ဘိက္ခဝေ- ရဟန်းတို့၊ ဇာတိဓမ္မာနံ- ပဋိသန္ဓေ နေရခြင်း ဇာတိသဘော ရှိကုန်သော၊ *(ဤကား ဓမ္မသဒ္ဒါ၏ ပကတိအနက်၌ ဖြစ်ပုံတည်း။)* သတ္တာနံ- သတ္တဝါတို့အား၊ ဧဝံ- ဤသို့၊ ဣစ္ဆာ- အလိုသည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏။

(ဋီကာများတွင် 'ဇာတိဓမ္မာနံ ဘိက္ခဝေ' ဟု ဆိုထားသော်လည်း ပါဠိတော်တွင် ဗုဒ္ဓနှင့်မျက်မှောက် ဆုံနေသော ရဟန်းတို့အား ဟောကြားခြင်း ဖြစ်သောကြောင့် 'ဇာတိဓမ္မာနံ အာဝုသော' ဟု ရှိလေသည်။)

အထက်ပါ ပါဠိရပ်သည် ဥပရိပဏ္ဏာသ ပါဠိတော်၊ ဝိဘင်္ဂဝဂ်၊ သစ္စဝိဘင်္ဂသုတ်၌ လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ မဟာဝဂ်၊ ဉာဏကထာ၊ သုတမယ နိဒ္ဒေသ၌ လည်းကောင်း လာရှိလေသည်။ ထိုပါဠိတော်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ကတမဉ္စာဝုသော ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။ ဇာတိဓမ္မာနံ အာဝုသော သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ။ 'အဟော ဝတ မယံ န ဇာတိဓမ္မာ အဿာမ န စ ဝတ နော ဇာတိ အာဂစ္ဆေယျာ' တိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။

အာဝုသော- ငါ့ရှင်တို့၊ **ယမ္ပိ**- အကြင်မရနိုင်သောဝတ္ထု၌ တောင့်တခြင်းဖြင့်၊ **ဣစ္ဆံ**- အလိုရှိပါလျက်၊ **န လဘတိ**- မရ၊ **တမ္ပိ**- ထိုမရနိုင်သောဝတ္ထုကို တောင့်တခြင်းသည်လည်း၊ **ဒုက္ခံ**- ဆင်းရဲမည်၏ဟူသည်၊ **ကတမဉ္စ**- အဘယ်နည်း? **အာဝုသော**- ငါ့ရှင်တို့ **ဇာတိဓမ္မာနံ**- ပဋိသန္ဓေနေခြင်းသဘော ရှိကုန်သော၊ **သတ္တာနံ**- သတ္တဝါတို့အား၊ **မယံ**- ငါတို့သည်၊ **ဇာတိဓမ္မာ**- ပဋိသန္ဓေနေခြင်းသဘော ရှိကုန်သည်၊ **န အဿာမ**- မဖြစ်ကုန်မူကား၊ **အဟော ဝတ**- ဩော်ကောင်းလေစွ။ **ဇာတိ**- ပဋိသန္ဓေနေခြင်းသည်၊ **နော**- ငါတို့၏ အထံသို့၊ **ဝတ**- စင်စစ်၊ **န အာဂစ္ဆေယျ**- မလာမူကား၊ **အဟော ဝတာတိ**- ကောင်းလေစွဟူ၍၊ **ဧဝံ**- ဤသို့၊ **ဣစ္ဆာ**- အလိုသည်၊ **ဥပ္ပဇ္ဇတိ**- ဖြစ်၏၊ **ပန**- ထိုသို့ပင် တောင့်တသော်လည်း၊ **ဧတံ**- ဤပဋိသန္ဓေနေခြင်းသဘောကို၊ **ဣစ္ဆာယ**- တောင့်တခြင်းဖြင့်၊ **န ပတ္တဗ္ဗံ**- မရအပ်၊ **ဣဒမ္ပိ**- ဤမရခြင်းသည်လည်း **'ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ'** ဤသို့ မရနိုင်သော ဝတ္ထုကို တောင့်တ၍ မရခြင်းသည်လည်း ဆင်းရဲမည်၏။

ကျန်သော ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့လည်း ထိုဇာတိသဘောအတိုင်းပင်တည်း။

ပကတိ အနက်ဖော ဓမ္မသဒ္ဒါက ညွှဝါဒပေးပုံ၊ တရားဖောပုံ သဘော

(၁) ပဋိသန္ဓေနေမှု ဇာတိ, အိုမှု ဇရာ, သေရမှု မရဏ, စိုးရိမ်မှု သောက, ငိုကြွေးမှု ပရိဒေဝ, ကိုယ်ဆင်းရဲမှု ဒုက္ခ, စိတ်ဆင်းရဲမှု ဒေါမနဿ တရားတို့သည် အားလုံး ဆင်းရဲဒုက္ခချည်း ဖြစ်လေသည်။ ထိုဆင်းရဲဒုက္ခတွေကို မည်သူမျှ မလိုချင်ပေ။ မမျှော်လင့်ပေ။ မတောင့်တပေ။ သို့ရာတွင် ထိုဆင်းရဲဒုက္ခတွေနှင့် ကြုံတွေ့နေရသည်ချည်း ဖြစ်လေသည်။ ထိုဆင်းရဲဒုက္ခများသည် ပင်ကိုယ်သဘောအားဖြင့် (ပကတိ)အားဖြင့်ကိုက ဆင်းရဲဒုက္ခသာ ဖြစ်သည်။ ထိုပင်ကိုယ်သဘာဝ ဆင်းရဲဒုက္ခနှင့် မလွဲသာ မရှောင်သာ ကြုံနေရခြင်းသည်

ဒုက္ခအပေါ် ဒုက္ခဆင့်လာသည့်အတွက် ပို၍ပင် ဆင်းရဲဒုက္ခ ဖြစ်ကြရလေသည်။ 'တစ်ပူပေါ် နှစ်ပူဆင့်' ဆိုသော သဘောမျိုး ဖြစ်လေသည်။ အချုပ်အားဖြင့် ခန္ဓာငါးပါး ရုပ်, နာမ်တရားသည် ဒုက္ခသာ ဖြစ်လေသည်။

(၂) ခန္ဓာငါးပါး ရုပ်, နာမ်တရားတွေ ရှိနေသမျှ ကာလပတ်လုံး ထိုဒုက္ခတွေနှင့် ကြုံရမည်ချည်း ဖြစ်သည်။ ထိုဒုက္ခတွေနှင့် မကြုံလိုပါက သမုဒယသစ္စာ ခေါ် တဏှာလောဘကို ပယ်သတ်နိုင်ရမည် ဖြစ်သည်။ ထိုသမုဒယသစ္စာကို ပယ်သတ်နိုင်ရန်အတွက် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး, သတိပဋ္ဌာန်လေးပါး ဝိပဿနာတရားများကို ရှုမှတ်ပွါးများကြရမည် ဖြစ်လေသည်။

(၃) မဂ္ဂသစ္စာ ခေါ် မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားများကို အဖန်ဖန် အထပ်ထပ် ပွါးများ၍ အရဟတ္တမဂ်ဉာဏ်ရအောင် ပွါးများနိုင်မှသာလျှင် နိဗ္ဗာန် နိရောဓသစ္စာကို မျက်မှောက်ပြု၍ သမုဒယသစ္စာဖြစ်သော တဏှာလောဘ အပြီးတိုင် ချုပ်ငြိမ်းသွားမည် ဖြစ်သည်။ အနည်းဆုံး သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန် ခေါ် နိရောဓသစ္စာကို မျက်မှောက်ပြုရန် လိုအပ်ပေသည်။ ထို့ကြောင့် **မဂ္ဂသစ္စာ ဝိပဿနာတရားများကို အဖန်ဖန် အထပ်ထပ် ပွါးများအားထုတ်မှု ပြုကြပါကုန်လော့။**

ပုည အနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာများသည် ဓမ္မသဒ္ဒါ၏ ပကတိ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဓမ္မသဒ္ဒါ၏ ပုညအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။ *(ခု- ၁- ၃၀၆။ ခု- ၂- ၂၇၂။ ခု- ၅- ၂၁၅/၃၅၇)*

သုစိဏ္ဏော- ကောင်းစွာကျင့်အပ်သော၊ **ဓမ္မော**- ကုသိုလ် ပုညတရားသည်၊ *(ဤကား ဓမ္မသဒ္ဒါ ပုညအနက်၌ ဖြစ်ပုံတည်း)* **သုခံ**- လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို၊ **အာဝဟတိ**- ရွက်ဆောင်ပေးတတ်၏။

အထက်ပါ ပါဠိရပ်သည် သုတ္တနိပါတ် ပါဠိတော်၊ အာဠဝကသုတ်၌ လည်းကောင်း၊ ထေရဂါထာ ပါဠိတော်၊ စတုက္ကနိပါတ်၊ ဓမ္မိကထေရဂါထာ၌ လည်းကောင်း၊ ဇာတက ပါဠိတော် ပအုပ်၊ ဒသကနိပါတ်၊ မဟာဓမ္မပါလဇာတ်၌ လည်းကောင်း၊ ဝီသတိနိပါတ်၊ အယောဃရဇာတ်၌ လည်းကောင်း အသီးသီး လာရှိလေသည်။ ထိုတွင် ထေရဂါထာ ပါဠိတော်၊ ဇာတက ပါဠိတော် ပအုပ်တို့၌ အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ။
သောနိသံသော ဓမ္မေ သုစိဏ္ဏေ၊
နဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။

ဓမ္မော- သုစရိုက်ဆယ်ပါး ကုသိုလ်တရားသည်၊ **ဓမ္မစာရိံ**- သုစရိုက်ဆယ်ပါး ကုသိုလ်တရားကို ကျင့်သောသူကို၊ **ဟဝေ**- စင်စစ်၊ **ရက္ခတိ**- စောင့်တတ်၏၊ **သုစိဏ္ဏော**- ကောင်းစွာကျင့်အပ်သော၊ **ဓမ္မော**- သုစရိုက်ဆယ်ပါး ကုသိုလ်တရားသည်၊ **သုခံ**- လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို၊ **အာဝဟတိ**- ရွက်ဆောင်ပေးတတ်၏၊ **သေ သော**- ဤသို့ ချမ်းသာကို ဆောင်ရွက်ပေးခြင်းသည်၊ **သုစိဏ္ဏေ**- ကောင်းစွာကျင့်အပ်သော၊ **ဓမ္မေ ဓမ္မဿ**- သုစရိုက်ဆယ်ပါး ကုသိုလ်တရား၏၊ **အာနိသံသော**- အကျိုးတည်း၊ **ဓမ္မစာရီ**- ကုသိုလ်တရားကို ကျင့်သောသူသည်၊ **ဒုဂ္ဂတိံ**- အပါယ်လေးပါးသို့၊ **နဂစ္ဆတိ**- မသွားရောက်ရတော့ပေ။

ပုည အနက်ဟော ဓမ္မသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း, သူတပါးပိုင် ပစ္စည်းဥစ္စာကို ခိုးယူခြင်း, သူတပါး သားမယားတို့ကို ဖောက်ပြားကျူးလွန်ခြင်းတို့ကို ရှောင်ကြဉ်နိုင်ခြင်းကိုပင် ကာယသုစရိုက်သုံးပါး ခေါ်သည်။

မုသားပြောဆိုခြင်း, ကုန်းစကားပြောဆိုခြင်း, ကြမ်းသောစကားကို ပြောဆိုခြင်း, ပြိန်ဖျင်းသောစကားကို ပြောကြားခြင်းတို့ကို

ရှောင်ကြဉ်နိုင်ခြင်းကိုပင် ဝစီသုစရိုက်လေးပါး ခေါ်သည်။

သူတပါးပိုင် ပစ္စည်းဥစ္စာတို့ကို မတော်မတရား လိုချင်သောစိတ်ဖြစ်ခြင်း, မကျေမနပ် ထိခိုက်ပုတ်ခတ်လိုသော ဒေါသစိတ်ဖြစ်ခြင်း, မှားယွင်းဖောက်ပြန်သော မိစ္ဆာဒိဋ္ဌိအယူကို မိမိစိတ်မှာ လက်ခံထားခြင်းတို့ကို ရှောင်ကြဉ်နိုင်ခြင်းသည်ပင်လျှင် မနောသုစရိုက်သုံးပါးခေါ်သည်။ ဤသို့လျှင် ကာယသုစရိုက်သုံးပါး, ဝစီသုစရိုက်လေးပါး, မနောသုစရိုက်သုံးပါးအားဖြင့် သုစရိုက်ဆယ်ပါး ရှိလေသည်။

(၂) 'သုစရိတ' ဟူသော ပါဠိပုဒ်က သုစရိုက်ခေါ်ခြင်း ဖြစ်သည်။ သု- ကောင်းသော၊ စရိတ- အကျင့်။ 'သုစရိုက်' ဟူသည် 'ကောင်းသောအကျင့်' ဖြစ်သည်။ သုစရိုက်ဆယ်ပါး ခေါ် ထိုကောင်းသောအကျင့် ဆယ်မျိုးသည် ဒုစရိုက်ဆယ်ပါးဟူသော အပြစ်မှကင်းသောကြောင့် 'ကုသလ' ကုသိုလ်ဟူ၍လည်း ခေါ်သည်။ ဖြူစင်သန့်ရှင်းသောကြောင့် 'ပုည' ဟူ၍လည်း ခေါ်သည်။ ယင်း 'ပုည' ကိုပင် 'ကောင်းမှု' ဟူ၍လည်း ခေါ်ပြန်သည်။ သို့ဖြစ်၍ 'ကုသိုလ်, ကောင်းမှု' ဟူ၍ ပူးတွဲဝေါဟာရပြုခြင်းလည်း ဖြစ်လေသည်။ 'ဒါန, သီလ, ဘာဝနာ' စသော 'ပုည ကြိယာ' ဆယ်ပါးလည်း ရှိလေသည်။ 'ပုည- ဖြူစင်သော၊ ကြိယာ- အလုပ်' 'ပုည ကြိယာ- ဖြူစင်သော အလုပ်' ဟူ၍ ခေါ်သည်။ ဖြူစင်သောအလုပ် ဆယ်မျိုးသည်လည်း 'ကောင်းမှု' ပင် ဖြစ်လေသည်။ ယင်းအနေအားဖြင့် လည်း 'ကုသိုလ်, ကောင်းမှု' ဟူ၍ ခေါ်ဆိုရပြန်လေသည်။

(၃) သုစရိုက်ဆယ်ပါး, ပုညကြိယာဆယ်ပါး ဟူကုန်သော ကုသိုလ်ကောင်းမှုတို့ကို တကယ်ပြုလုပ်သောပုဂ္ဂိုလ်ကို ၎င်းကုသိုလ်ကောင်းမှုက 'လူ, နတ်, နိဗ္ဗာန်' သုံးတန်သော ချမ်းသာကို ရရှိအောင် ဆောင်ရွက်ပေးလေသည်။ လူ့လောက၌ လူ့ချမ်းသာကို ခံစားနေကြရခြင်း, နတ်လောက၌ နတ်ချမ်းသာကို ခံစားနေရခြင်း, ဗြဟ္မာလောက၌ ဗြဟ္မာချမ်းသာကို ခံစားနေရခြင်း, ထိုတွင်မက ထိုလူ, နတ်, ဗြဟ္မာတို့သည် ထိုချမ်းသာတို့ထက် ပိုလွန်သော ဝိပဿနာချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို ခံစားနိုင်ခြင်းတို့သည် ထိုကုသိုလ်ကောင်းမှုတို့၏ အကျိုးတရား ဖြစ်လေသည်။

(၄) ထိုသတ္တဝါတို့သည် ချမ်းသာသုခကို လိုလားကြသလောက် ဆင်းရဲဒုက္ခကို ကြောက်ကြလေသည်။ ထိုတွင် ကြောက်စရာအကောင်းဆုံး ဆင်းရဲဒုက္ခသည် အပါယ်လေးပါး ဆင်းရဲဒုက္ခ ဖြစ်လေသည်။ ထိုအပါယ်လေးပါးတွင်လည်း ငရဲဒုက္ခသည် ပိုလွန်၍ ကြောက်စရာအကောင်းဆုံး ဖြစ်သည်။ သို့ဖြစ်၍ ကြောက်စရာကောင်းသော လူ, နတ်လောကတွင် တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတွေမှ လည်းကောင်း၊ အပါယ်လေးပါး ဆင်းရဲဒုက္ခ အမျိုးမျိုးမှ လည်းကောင်း၊ ငရဲဒုက္ခ အမျိုးမျိုးမှ လည်းကောင်း လွတ်မြောက်အောင် ထိုကုသိုလ်ကောင်းမှုတို့ကသာလျှင် ပြုလုပ်ပေးမည် ဖြစ်လေသည်။

(၅) ထို့ကြောင့် လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ အမျိုးမျိုးတို့ကို ရရှိခံစားနိုင်ကြရန်အတွက် လည်းကောင်း၊ ဝိပဿနာချမ်းသာ, ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို ရရှိနိုင်ရန်အတွက် လည်းကောင်း၊ လူ, နတ်ဆင်းရဲ အမျိုးမျိုး၊ အပါယ်လေးပါးဆင်းရဲ အမျိုးမျိုး၊ ငရဲဆင်းရဲ အမျိုးမျိုးတို့မှ လွတ်မြောက်ရန်အတွက် လည်းကောင်း **'သုစရိုက်ဆယ်ပါး, ပုညကြိယာဆယ်ပါး' ဟူကုန်သော 'ကုသိုလ်ကောင်းမှု' တို့ကို အချိန်တွေ မဖြုန်းကြဘဲ ပြုံးပြုံးပျော်ပျော်ဖြင့် ကုန်းရုန်း၍ ကြိုးစားအားထုတ်မှု ပြုနိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

အာပတ္တိ အနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာတို့သည် ဓမ္မသဒ္ဒါ၏ ပုညအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဓမ္မသဒ္ဒါ၏ အာပတ္တိအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

စတ္တာရော ပါရာဇိကာ ဓမ္မာ။ *(ဝိ- ၁- ၁၅၀)*

ပါရာဇိကာ- ပါရာဇိက မည်ကုန်သော၊ စတ္တာရော- လေးပါးကုန်သော၊ ဓမ္မာ- အာပတ်တို့ကို။
(ဤကား ဓမ္မသဒ္ဒါ၏ အာပတ္တိ အနက်၌ ဖြစ်ပုံတည်း။)

အထက်ပါ ပါဠိရပ်သည် ဝိနည်း ပါရာဇိကဏ် ပါဠိတော်၊ စတုတ္ထပါရာဇိက၏ အဆုံး၌ လာရှိလေသည်။ ထိုပါဠိတော်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ဥဒ္ဒိဋ္ဌာ ခေါ် အာယသ္မန္တော စတ္တာရော ပါရာဇိကာဓမ္မာ ယေသံဘိက္ခု အညတရံ အညတရံ အာပဇ္ဇိတွာ နလဘတိ ဘိက္ခူဟိ သဒ္ဓိံ သံဝါသံ ယထာပုရေ တထာပစ္ဆာ ပါရာဇိကော ဟောတိ အသံဝါသော။ *(ဝိ- ၁- ၁၅၀)*

အာယသ္မန္တော- အရှင်တို့ **စတ္တာရော**- လေးပါးကုန်သော၊ **ပါရာဇိကာ**- ပါရာဇိက မည်ကုန်သော၊ **ဓမ္မာ**- အာပတ်တို့ကို၊ **ဥဒ္ဒိဋ္ဌာ**- သရုပ်အားဖြင့် ပြဆိုပြီးပါကုန်ပြီ၊ **ဘိက္ခု**- ရဟန်းသည်၊ **ယေသံ**- အကြင်ပါရာဇိက လေးပါးတို့တွင်၊ **အညတရံ အညတရံ**- တစ်ပါးပါးသော ပါရာဇိကသို့မူလည်း၊ **အာပဇ္ဇိတွာ**- ရောက်လတ်သော်၊ **ပုရေ**- ရှေးလူဖြစ်စဉ်, သာမဏေဖြစ်စဉ်အခါ၌၊ **ဘိက္ခူဟိ**- ရဟန်းကောင်းတို့နှင့်၊ **သဒ္ဓိံ**- အတူတကွ၊ **သံဝါသံ**- ပေါင်းသင်းဆက်ဆံမှုကို၊ **နလဘတိ ယထာ**- မရသကဲ့သို့၊ **တထာ**- ထို့အတူ၊ သောဘိက္ခု- ပါရာဇိကကျပြီးသော ထိုရဟန်းသည်၊ **ပစ္ဆာ**- ပါရာဇိက ကျပြီးနောက်၌၊ **ဘိက္ခူဟိ**- ရဟန်းကောင်းတို့နှင့်၊ **သဒ္ဓိံ**- အတူတကွ၊ **သံဝါသံ**- ပေါင်းသင်းဆက်ဆံခြင်းကို၊ **နလဘိ**- မရရှိတော့ပေ။ **ပါရာဇိကော**- သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်သည် ဖြစ်၍ ပါရာဇိကကျသည်၊ **အသံဝါသော**- ရဟန်းကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံခွင့် မရှိတော့သည်၊ **ဟောတိ**- ဖြစ်လေတော့၏။

အာပတ္တိ အနက်ဟော ဓမ္မသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

'ပါရာဇိက' ဟူသည် ဆုံးရှုံးခြင်းဟူ၍ အဓိပ္ပါယ်ရသည်။ ဤဗုဒ္ဓသာသနာတော်၌ ဤဘဝတစ်သက်တာ၌ ရဟန်းအဖြစ်နှင့် နေခွင့်မရခြင်း, ရဟန်းကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံခွင့်မရခြင်း ဖြစ်လေသည်။ ထိုပါရာဇိကသည် မေထုန်မှီဝဲခြင်းကြောင့်, ခိုးယူခြင်းကြောင့်, လူ့အသက်ကို သတ်ခြင်းကြောင့်, 'ဈာန်, မဂ်, ဖိုလ်' ဟူသော တရားထူးများကို ရသည်ဟူ၍ ဝါကြွားပြောဆိုမှုကြောင့် ပါရာဇိကအာပတ်သင့်ခြင်း ဖြစ်လေသည်။

လူ့လောက၌ အလွန်ဆိုးသွမ်းယုတ်မာ ကောက်ကျစ်သူကို လူကောင်းသူကောင်းတို့က အပေါင်းအသင်း မလုပ်ကြပေ။ ယင်းသည်လည်း လူ့ပါရာဇိကကျခြင်း တစ်မျိုးပင် ဖြစ်သည်။ ထို့ကြောင့် ရဟန်း, ရှင်, လူ, သီလရှင် မည်သူမဟူ ပါရာဇိကမကျ အောင် နေနိုင်သူ ဖြစ်ကြပါကုန်လော့။

ဉေယျ အနက်ဟော ဓမ္မသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာတို့သည် ဓမ္မသဒ္ဒါ၏ အာပတ္တိ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဓမ္မသဒ္ဒါ၏ ဉေယျ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

သဗ္ဗေဓမ္မာ သဗ္ဗာကာရေန ဗုဒ္ဓဿ ဘဂဝတော ဉာဏမုခေ အာပါထံ အာဂစ္ဆန္တိ။
(ခု- ၇- ၂၇၇။ ခု- ၈- ၁၇၅။ ခု- ၉- ၃၇၅)

သဗ္ဗေဓမ္မာ- အလုံးစုံကုန်သော သိအပ်သော (ဉေယျ)တရားတို့သည်၊ *(ဤကား ဓမ္မသဒ္ဒါ၏ ဉေယျအနက်၌ ဖြစ်ပုံတည်း။)* **ဘဂဝတော**- ဘုန်းတော်ကြီးတော်မူသော၊ **ဗုဒ္ဓဿ**- ရှင်တော်ဗုဒ္ဓ၏၊ **ဉာဏမုခေ**- ဉာဏ်ဝ၌၊ **သဗ္ဗာကာရေန**- အလုံးစုံသော အခြင်းအရာအားဖြင့်၊ **အာပါထံ**- ရှေးရှုထင်ခြင်းသို့၊ **အာဂစ္ဆန္တိ**- ရောက်ကုန်၏။

အထက်ပါ ပါဠိရပ်သည် မဟာနိဒ္ဒေသပါဠိတော် နှာ (၂၇၇)၌ လည်းကောင်း၊ စူဠနိဒ္ဒေသပါဠိတော် နှာ (၁၇၅)၌ လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် နှာ (၃၇၅)၌ လည်းကောင်း အသီးသီး လာရှိလေသည်။

ထိုပါဠိတော်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

သော တိ ဘဂဝါ ဇာနံ ဇာနာတိ။ ပဿံ ပဿတိ။ စက္ခုဘူတော ဉာဏဘူတော ဓမ္မဘူတော ဗြဟ္မဘူတော ဝတ္တာ ပဝတ္တာ အတ္ထဿ နိန္နေတာ အမတဿ ဒါတာ ဓမ္မဿာမိ တထာဂတော၊ နတ္ထိ တဿ ဘဂဝတော အညာတံ အဒိဋ္ဌံ အဝိဒိတံ အသစ္ဆိကတံ အဖဿိတံ ပညာယ။ အတီတံ အနာဂတံ ပစ္စုပ္ပန္နံ ဥပါဒါယ သဗ္ဗေဓမ္မာ သဗ္ဗာကာရေန ဗုဒ္ဓဿ ဘဂဝတော ဉာဏမုခေ အာပါထံ အာဂစ္ဆန္တိ (ပ) အနဝဇ္ဇေဝါ အတ္တော, နိက္ကိလေသောဝါ အတ္တော, ဝေါဒါနောဝါ အတ္တော, ပရမတ္ထောဝါ အတ္တော သဗ္ဗံ တံ အန္တော ဗုဒ္ဓဉာဏေ ပရိဝတ္တတိ။

တိ– မှန်၏၊ **သောဘဂဝါ–** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဇာနံ–** သိသင့်သည်ကို၊ **ဇာနာတိ–** သိတော်မူပါပေသည်၊ **ပဿံ–** မြင်သင့်သည်ကို၊ **ပဿတိ–** မြင်တော်မူပါပေသည်၊ **စက္ခုဘူတော–** သတ္တလောက၏ မျက်စိသဖွယ် ဖြစ်တော်မူပါပေသည်၊ **ဉာဏဘူတော–** ဉာဏ်သဖွယ် ဖြစ်တော်မူပါပေသည်၊ **ဓမ္မဘူတော–** တရားသဖွယ် ဖြစ်တော်မူပါပေသည်၊ **ဗြဟ္မဘူတော–** ဗြဟ္မာသဖွယ် ဖြစ်တော်မူပါပေသည်၊ **ဝတ္တာ–** တရားကို မိန့်ဆိုတော်မူတတ်ပါပေသည်။ **ပဝတ္တာ–** တရားကို အထူးထူးအပြားပြား မိန့်ဆိုတော်မူတတ်ပါပေသည်၊ **အတ္ထဿ နိန္နေတာ–** အနက်ကို ထုတ်ဆောင်တော်မူတတ်ပါပေသည်၊ **အမတဿ ဒါတာ–** အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်ပါပေသည်၊ **ဓမ္မဿာမိ–** တရားအရှင် ဖြစ်တော်မူပါပေသည်၊ **တထာဂတော–** ဝိပဿီ အစရှိသော ရှေးဗုဒ္ဓတို့ကဲ့သို့ ကြွလာတော်မူတတ်ပါပေသည်။

တဿ ဘဂဝတော– ဘုန်းတော်ကြီးတော်မူသော ထိုရှင်တော်ဗုဒ္ဓအား၊ **အညာတံ–** မသိအပ်သော၊ **အဒိဋ္ဌံ–** မမြင်အပ်သော၊ **အဝိဒိတံ–** မရောက်အပ်သော၊ **အသစ္ဆိကတံ–** မျက်မှောက်မပြုအပ်သော၊ **ပညာယ–** ပညာဖြင့်၊ **အဖဿိတံ–** မတွေ့ထိအပ်သော တရားသည်၊ **နတ္ထိ–** မရှိပေ။ **အတီတံ–** အတိတ်ဖြစ်သော၊ **အနာဂတံ–** အနာဂတ်ဖြစ်သော၊ **ပစ္စုပ္ပန္နံ–** ပစ္စုပ္ပန်ဖြစ်သော တရားကို၊ **ဥပါဒါယ–** ယူ၍ (အတွင်းပြု၍)၊ **သဗ္ဗေ–** အလုံးစုံကုန်သော၊ **ဓမ္မာ–** သိအပ်သောတရားတို့သည်၊ **သဗ္ဗာကာရေန–** အလုံးစုံသော အခြင်းအရာအားဖြင့်၊ **ဘဂဝတော–** ဘုန်းတော်ကြီးတော်မူသော၊ **ဗုဒ္ဓဿ–** ရှင်တော်ဗုဒ္ဓ၏၊ **ဉာဏမုခေ–** ဉာဏ်ဝ၌၊ **အာပါထံ–** ရှေးရှုထင်ခြင်းသို့၊ **အာဂစ္ဆန္တိ–** ရောက်ကုန်၏။ (ပ) **အနဝဇ္ဇော–** အပြစ်မရှိသော၊ **အတ္ထောဝါ–** အကျိုးသည်လည်းကောင်း၊ **နိက္ကိလေသော–** ကိလေသာမရှိသော၊ **အတ္ထောဝါ–** အကျိုးသည်လည်းကောင်း၊ **ဝေါဒါနော–** ဖြူစင်သော၊ **အတ္ထောဝါ–** အကျိုးသည်လည်းကောင်း၊ **ပရမတ္ထော–** မြတ်သောသဘောရှိသော၊ **အတ္ထောဝါ–** အကျိုးသည်လည်းကောင်း၊ **အတ္ထိ–** ရှိ၏၊ **တံသဗ္ဗံ–** ထိုအလုံးစုံသည်၊ **ဗုဒ္ဓဉာဏေ–** ဗုဒ္ဓဉာဏ်၏၊ **အန္တော–** အတွင်း၌၊ **ပရိဝတ္တတိ–** နှံ့၍ဖြစ်၏ ဝါ အချင်းခပ်သိမ်းဖြစ်၏။

ညေယျ အနက်ဟော ဓမ္မသဒ္ဒါက ညြဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) ရှင်တော်ဗုဒ္ဓသည် ညေယျဓမ္မ ခေါ် သိအပ်သော အလုံးစုံသော တရားတို့ကို အကုန်သိမြင်တော်မူသော ဗုဒ္ဓတစ်ဆူ ဖြစ်သည်။ ဗုဒ္ဓ (၄၅)နှစ်ကာလပတ်လုံး ဟောကြားတော်မူထားအပ်သော တရားတော်သည် ကိုယ်တိုင်ကျင့်၊ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်သိပြီးမှ ဟောကြားတော်မူထားအပ်သော တရားဒေသနာတော်များဖြစ်သည်။ ထိုတရားတော်တို့၌ အနှစ်ကင်းမဲ့သောတရား၊ အကျိုးမဲ့ကို ဖြစ်စေတတ်သောတရားဟူ၍ အနည်းငယ်မျှ မပါရှိသည်ကို အကြွင်းမဲ့ယုံကြည်သင့်လှပေသည်။

(၂) ရှင်တော်ဗုဒ္ဓသည် ထိုသို့ သိတော်မူ မြင်တော်မူသောကြောင့် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အား အပါယ်ဒုက္ခ၊ သံသရာဒုက္ခ၊ ရုပ်, နာမ်ဒုက္ခ စသောဒုက္ခအားလုံးမှ လွတ်မြောက်အောင် တရားတော်ကို ကောင်းစွာဟောကြားတော်မူခြင်း ဖြစ်လေသည်။ ဟောသည့်အတိုင်းလည်း စစ်မှန်သည်ဖြစ်၍ လည်းကောင်း၊ အကျိုးရသည်ဖြစ်၍ လည်းကောင်း **'ဧဟိပဿိကော'** လာလှည့်၊ ရှုလှည့်ဟု လူ, နတ်, ဗြဟ္မာ ပညာရှိအားလုံးတို့ကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဖိတ်ခေါ်ထိုက်သော တရားတော်လည်း ဖြစ်သည်။

(၃) ထို့ကြောင့် ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူထားသည့်အတိုင်း ရှောင်ကြဉ်ရမည့်တရားကို ရှောင်ကြဉ်၍လည်းကောင်း၊ လိုက်နာရမည့်တရားကို လိုက်နာ၍လည်းကောင်း၊ မှတ်သားရမည့်တရားကို မှတ်သား၍လည်းကောင်း၊ ဆောင်ရမည့်တရားကို ဆောင်၍လည်းကောင်း၊ ကျင့်သုံးရမည့်တရားကို ကျင့်သုံး၍လည်းကောင်း၊ **လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို ရအောင်ယူတတ်သူ ဖြစ်ကြပါကုန်လော့။**

သဗ္ဗညုတဉာဏ်တော်၏ဂုဏ်ကို ပြဆိုခန်း

သီလဂုဏ်မျှဖြင့် တထာဂတ၏ဂုဏ်ကို ပြောဆိုချီးမွမ်းခြင်းသည် အနည်းငယ်မျှသာဖြစ်၍ သဗ္ဗညုတဉာဏ်တော်ဂုဏ်ဖြင့် ချီးမွမ်းပြောဆိုမှသာလျှင် တထာဂတဂုဏ်ကို အမှန်အတိုင်း ပြောဆိုချီးမွမ်းရာရောက်ပုံကို ဟောကြားလိုသည်ဖြစ်၍ ဗုဒ္ဓသည် ပါဠိတော်၌ **'အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ'** စသည်ဖြင့် တရားတော်ကို ဟောကြားတော်မူလေသည်။ ထိုတွင် အဋ္ဌကထာဆရာ၏ **'အညေဝ ဓမ္မာ'**၌ ဓမ္မသဒ္ဒါ၏ ဖြစ်နိုင်သောအနက်များကို သာဓကနှင့်တကွ ဤ၌ဖော်ပြပြီးရုံတွင်မက ဋီကာဆရာများ၏ ဓမ္မသဒ္ဒါ၏ ဖြစ်နိုင်သော ဟောနိုင်သော အနက်များကိုပါ သာဓကနှင့်တကွ ထုတ်ဖော်၍ ပြခဲ့ပြီးလေပြီ။ ထိုအနက်တို့တွင် ဤ၌လိုအပ်သော

အနက်သည် ဂုဏအနက်ဟော ဓမ္မသဒ္ဒါကို လိုအပ်လေသည်။ ယခုအခါ၌ ဗုဒ္ဓဟောကြားတော်မူအပ်သော သဗ္ဗညုတဂုဏ်ကို ဆက်၍ ဖော်ပြရန် အခါသင့်ခဲ့လေပြီ။ ယင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

အတ္ထိ ဘိက္ခဝေ အညေဝဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ ဒုရနုဗောဓာ သန္တာ ပဏီတာ အတက္ကာဝစရာ နိပုဏာ ပဏ္ဍိတဝေဒနီယာ၊ ယေ တထာဂတော သယံ အဘိညာယ သစ္ဆိကတွာ ပဝေဒေတိ၊ ယေတိ တထာဂတဿ ယထာဘုစ္စံ ဝဏ္ဏံ သမ္မာဝဒမာနော ဝဒေယျုံ။ *(ဒီ- ၁- ၁၁)*

ဘိက္ခဝေ– ရဟန်းတို့၊ **အညေဝ**– သီလမှတပါးသာလျှင် ဖြစ်ကုန်သော၊ **(၁) ဂမ္ဘီရာ**– နက်နဲကုန်သော၊ **(၂) ဒုဒ္ဒသာ**– မြင်နိုင်ခဲကုန်သော၊ **(၃) ဒုရနုဗောဓာ**– သိနိုင်ခဲကုန်သော၊ **(၄) သန္တာ**– ငြိမ်သက်ကုန်သော၊ **(၅) ပဏီတာ**– မွန်မြတ်ကုန်သော၊ **(၆) အတက္ကာဝစရာ**– ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော၊ **(၇) နိပုဏာ**– သိမ်မွေ့ကုန်သော၊ **(၈) ပဏ္ဍိတဝေဒနီယာ**– ပညာရှိတို့သာ သိနိုင်ကုန်သော၊ **ဓမ္မာ**– သဗ္ဗညုတဉာဏ်တော်ဂုဏ်တို့သည်၊ **အတ္ထိ**– ရှိကုန်သေး၏။

အထက်ဖော်ပြပါ ပါဠိတော်တွင် (၁) ဂမ္ဘီရာ၊ (၂) ဒုဒ္ဒသာ၊ (၃) ဒုရနုဗောဓာ၊ (၄) သန္တာ၊ (၅) ပဏီတာ၊ (၆) အတက္ကာဝစရာ၊ (၇) နိပုဏာ၊ (၈) ပဏ္ဍိတဝေဒနီယာ တို့ကား သဗ္ဗညုတဉာဏ်တော်ဂုဏ်ကို ဖော်ထုတ်သော ဝိသေသနဂုဏ်ပုဒ်များ ဖြစ်လေသည်။

(၁) ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ် ဂမ္ဘီရာ ဖြစ်ပုံ

မဟာသမုဒ္ဒရာ၏ ရေကို အဘယ်မျှနက်သည်ကို သိလိုသည့်အတွက် ခြင်၏နှုတ်သီးဖြင့် ထောက်ကြည့်သော ပုဂ္ဂိုလ်သည် ဘယ်လိုမျှ သိနိုင်မည် မဟုတ်သကဲ့သို့ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ဂုဏ်ကြီးသည် အဘယ်မျှနက်သည်ကို ဗုဒ္ဓမှတပါး ကျန်သောပုဂ္ဂိုလ်တို့သည် မိမိတို့ဉာဏ်ဖြင့် ထောက်ကြည့်၍ မသိနိုင်အောင် နက်နဲလှပေသည်။ *(အလွန်ဉာဏ်ကြီးသော အရှင်သာရိပုတြာ ပုဂ္ဂိုလ်သော်မှ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီး ဘယ်လောက်နက်သည်ကို အတိအကျ မသိနိုင်ပေ။ အလွန်နက်သည်ဟူ၍သာ မှန်းဆ၍ ပြောနိုင်လေသည်။)*

(၂) ဒုဒ္ဒသာဖြစ်ပုံ

မိမိတို့ဉာဏ်ဖြင့် ထောက်ကြည့်၍ မသိနိုင်လောက်အောင် နက်ခြင်းကြောင့်ပင် သဗ္ဗညုတဉာဏ်တော်ကြီးကို အခြားသူတို့ မမြင်နိုင်ပေ။

(၃) ဒုရနုဗောဓာဖြစ်ပုံ

ထိုသဗ္ဗညုတဉာဏ်တော်ကြီးကို မြင်ရုံမျှပင် မမြင်နိုင်သည့်အတွက် သဗ္ဗညုတဉာဏ်တော်ကြီးနောက်သို့ အစဉ်လိုက်၍ သိနိုင်ရန်မှာ ပို၍ပင် မဖြစ်နိုင်ပေ။

(၄) သန္တာဖြစ်ပုံ

သဗ္ဗညုတဉာဏ်တော်ကြီးသည် မဂ်, ဖိုလ်, နိဗ္ဗာန်အာရုံများကို ကောင်းစွာပိုင်ပိုင် သိရှိနိုင်သော ဉာဏ်တော်ကြီး ဖြစ်လေသည်။ မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကား ကိလေသာအပူခပ်သိမ်း, သံသရာအပူခပ်သိမ်းမှ ငြိမ်းအေးလေသောကြောင့် ငြိမ်သက်သောသဘော ရှိလေသည်။ မဂ်, ဖိုလ်, နိဗ္ဗာန်ကို အာရုံပြုသိရှိသော သဗ္ဗညုတဉာဏ်တော်ကြီးလည်း ငြိမ်းအေးမှုသဘော, ငြိမ်သက်မှုသဘော ရှိလေသည်။

(၅) ပဏီတာဖြစ်ပုံ

ကောင်းသောအရသာရှိသော ဘောဇဉ်သည် စားရသူတို့၏ တင်းတိမ်အားရခြင်းကို မပြုတတ်သကဲ့သို့ သဗ္ဗညုတဉာဏ်တော်ကြီးသည်လည်း သိခြင်းအရသာကို ခံစားရသောကြောင့် ဉာဏ်တော်ရှင်ဗုဒ္ဓမှာ သိ၍မဝနိုင် ဖြစ်လေသည်။ လေးသမားသည် ပစ်မှတ်ကို မှန်အောင် ပစ်နိုင်သောအခါ လွန်စွာအရသာရှိသကဲ့သို့ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိထိုက်သော သဘာဝဓမ္မတရားတို့ကို ထိုးဖောက်သိရခြင်းသည်လည်း အလွန်ကောင်းသောအရသာ ဖြစ်လေသည်။

(၆) အတက္ကာဝစရဖြစ်ပုံ

သဗ္ဗညုတဉာဏ်တော်ကြီးကား သတ္တလောက တစ်လောကလုံး၌ အမြတ်ဆုံး ဉာဏ်တော်ကြီး ဖြစ်လေသောကြောင့် ဗုဒ္ဓ၏ ဉာဏ်ဖြင့်သာ အကြွင်းမရှိ အာရုံပြု သိရှိနိုင်လေသည်။ စိတ်ကူးဉာဏ်, ကြံဆဉာဏ်တို့ဖြင့် အာရုံပြု သိနိုင်သောအရာ မဟုတ်ပေ။

(၇) နိပုဏာဖြစ်ပုံ

သဗ္ဗညုတဉာဏ်တော်ကြီးသည် ခပ်သိမ်းဉဿုံ အလုံးစုံကို ကျွမ်းကျင်နိုင်နင်းစွာ သိရှိတော်မူသောကြောင့် အလွန်သိမ်မွေ့နူးညံ့သော ဉာဏ်တော်ကြီး ဖြစ်လေသည်။

(၈) ပဏ္ဍိတဝေဒနိယာဖြစ်ပုံ

သဗ္ဗညုတဉာဏ်တော်ကြီးဟူသည်ကား လူပြိန်းတို့၏အရာ မဟုတ်ပေ။ ပညာရှိတို့သာ သိနိုင်သောအရာ ဖြစ်လေသည်။
(ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ကို ဗုဒ္ဓလို ပညာရှိသော ပုဂ္ဂိုလ်တို့သာ သိရှိနိုင်လေသည်။) (ဒီ ၄- ၁- ၉၃)

သဗ္ဗညုတဉာဏ်တော်ကြီးကို မှန်းဆသိနိုင်ပုံ

ဗုဒ္ဓဂုဏ်ကိုပြောလျှင် သဗ္ဗညုတဉာဏ်ဂုဏ်ဖြင့် ပြောမှသာလျှင် ဗုဒ္ဓဂုဏ်ကို ပြောရာရောက်သည်ဟု ဆိုရာ၌ ဗုဒ္ဓမှတပါး အခြားသောပုဂ္ဂိုလ်တို့သည် သဗ္ဗညုတဉာဏ်တော်ကြီးအကြောင်းကို အဘယ်သို့သိပြီး အဘယ်သို့ ပြောနိုင်အံ့နည်းဟု စောဒနာဖွယ် ရှိလေသည်။

ဗုဒ္ဓသည် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် အရုဏ်မတက်မီ အရဟတ္တမဂ်ဉာဏ်ရသည်နှင့် တပြိုင်နက် သဗ္ဗညုတဉာဏ်တော်ကြီးကိုပါ ရရှိတော်မူလေသည်။ ထိုသို့ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိကြောင်းကို ဗုဒ္ဓကိုယ်တိုင်ပင် ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍ ကိုယ်တိုင်သိမြင်လေသည်။ ယင်းကို ပါဠိတော်၌ **'သယံ အဘိညာယ သစ္ဆိကတွာ'** သယံ- ကိုယ်တိုင်၊ **အဘိညာယ**- ထူးသောဉာဏ်ဖြင့်၊ **သစ္ဆိကတွာ**- မျက်မှောက်ပြု၍ဟု ဟောတော်မူထားခြင်း ဖြစ်လေသည်။

ဗုဒ္ဓသည် ကိုယ်တိုင်ပင် သဗ္ဗညုတဉာဏ်ရကြောင်းကို သူတပါးတို့အားလည်း သိစေလေသည်။ အဘယ်သို့ သိစေသနည်းဟူမူ သဗ္ဗညုတဉာဏ်တော်ကြီးကို လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ တိုက်ရိုက်သိရသည်တော့ မဟုတ်ပါ။

(၁) ဗုဒ္ဓက သစ္စာလေးပါး စသော လေးနက်သော တရားတို့ကို ဟောတော်မူသောအခါ ဤတရားမျိုးကို ထူးခြားသော ဉာဏ်ရှိလို့သာ ဟောတော်မူနိုင်သည်ဟု တရားနာကြသော ပုဂ္ဂိုလ်တို့က မှန်းမြော်နိုင်ကြလေသည်။

(၂) ဗုဒ္ဓကိုယ်တိုင်ကလည်း သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိကြောင်းကို ထုတ်ဖော်ဝန်ခံ ဟောတော်မူခြင်းကြောင့်လည်း မှန်းမြော်၍ သိရှိရပေသည်။

သဗ္ဗညုတဂုဏ်နှင့် ဓမ္မာပုဒ်

ပါဠိတော်၌ သဗ္ဗညုတဂုဏ်ကို ပြဆိုရာ၌ သဗ္ဗညုတဉာဏ်တော်ကြီးသည် တစ်ဉာဏ်တည်းသာ ဖြစ်သောကြောင့် **'ဓမ္မော'** ဟူ၍ ဧကဝုစ်ဖြင့်သာ ပြသင့်ပါလျက် **'ဓမ္မာ'**ဟု ဗဟုဝုစ်ဖြင့် ပြထားခြင်းသည် သဗ္ဗညုတဉာဏ်တော်ဖြင့် သိဖွယ်ရာအာရုံတို့ များသောကြောင့် လည်းကောင်း၊ သဗ္ဗညုတဉာဏ်နှင့် ယှဉ်ရာစိတ်တို့ကလည်း မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်လေးပါးနှင့်ယှဉ်၍ များသောကြောင့် လည်းကောင်း၊ များစွာသောအာရုံတို့ကို အာရုံပြုရာ၌ တစ်ကြိမ်တည်း ပြုရသည် မဟုတ်ဘဲ ထပ်ကာထပ်ကာ ပြုရသောကြောင့် လည်းကောင်း **'ဓမ္မာ'**ဟု ဗဟုဝုစ်နှင့် ဆိုရခြင်းဖြစ်သည်။ *(ဒီ ၄- ၁- ၉၃)*

သုညတာနှင့် သဗ္ဗညုတဂုဏ်

အဋ္ဌကထာဆရာသည် ဤဗြဟ္မဇာလသုတ်၏ အဓိကဖြစ်သော (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူကို ပြဆိုရာအခန်းကို 'သုညတာ ပကာသနံ– သုညအဖြစ်ပြခန်း'ဟု ဆိုထားလေသည်။ ဤသို့ ဆိုထားရခြင်းကား မိစ္ဆာအယူရှိသူတို့သည် 'အတ္တရှိ၏၊ မြဲ၏၊ ပြတ်စဲ၏' ဟု မှတ်ယူထားကြလေသည်။ သူတို့မှတ်ယူထားသည့်အတိုင်း အတ္တလည်းမရှိ၊ မြဲလည်းမမြဲ၊ ပြတ်စဲ၍လည်း မသွား။ အလုံးစုံသော ထိုတရားတို့သည် နိစ္စသာရမှ ကင်းသည်ချည်း ဖြစ်လေသည်။ အတ္တမှ ကင်းသည်ချည်း ဖြစ်လေသည်။

ထို့ကြောင့် ဋီကာဆရာက '**အယံ ဒေသနာ သုညတာ ဝိဘာဝနပ္ပဓာနာ**' ဤဗြဟ္မဇာလသုတ် ဒေသနာတော်သည် သုညအဖြစ်ကို ထင်ရှားပြခြင်းသာလျှင်, အတ္တမှ ကင်းဆိတ်ခြင်း, နိစ္စသာရမှ ကင်းဆိတ်ခြင်းကို ပြခြင်းသာလျှင် ပဓာနရှိသည် ဟူ၍ ဆိုထားလေသည်။

ထိုသို့ မိစ္ဆာအယူရှိသူတို့ ယူဆသည့်အတိုင်း မဟုတ်ဘဲ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော အတ္တမှ, နိစ္စမှ, ပြတ်စဲခြင်းမှ, ကင်းဆိတ်သော သုည၏အဖြစ်ကို အခြားသောပုဂ္ဂိုလ်တို့ ထိုးထွင်း၍ မသိနိုင်၊ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ ထိုးထွင်း၍ သိနိုင်လေသည်။

ထို့ကြောင့် (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ပြခြင်းသည်ပင် သဗ္ဗညုတဉာဏ်တော်ကြီးကို ထင်ရှားစွာ ထုတ်ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။ [*(၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိ မှန်ပေါ်လာပုံကို အခြားသူတို့ တစ်စုံတစ်ဦးမျှ မသိနိုင်။ ဗုဒ္ဓသာ သဗ္ဗညုတဉာဏ်တော်မှင့် သိသည်ဟူလို*]

(၆၂) ပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို ဖော်ထုတ်ရန်အတွက်

ဗုဒ္ဓသည် (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို ဖော်ထုတ်ဟောကြားတော်မူလိုသည်ဖြစ်၍ အောက်ပါဒေသနာတော်ကို မိန့်ကြားတော်မူလေပြီ။

ကတမေ စ တေ ဘိက္ခဝေ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ ဒုရနုဗောဓာ သန္တာ ပဏီတာ အတက္ကာဝစရာ နိပုဏာ ပဏ္ဍိတဝေဒနီယာ ယေ တထာဂတော သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ ယေဟိ တထာဂတဿ ယထာဘုစ္စံ ဝဏ္ဏံ သမ္မာဝဒမာနော ဝဒေယျုံ။ *(ဒီ– ၁– ၁၁)*

ဘိက္ခဝေ– ရဟန်းတို့၊ **တထာဂတော**– ဗုဒ္ဓသည်၊ **ယေ ဓမ္မေ**– အကြင်သဗ္ဗညုတဂုဏ်တို့ကို၊ **သယံ**– ကိုယ်တော်တိုင်၊ **အဘိညာယ**– ထူးသောဉာဏ်ဖြင့်၊ **သစ္ဆိကတွာ**– မျက်မှောက်ပြု၍၊ **ပဝေဒေတိ**– ဟောတော်မူ၏၊ **ယေဟိ ဓမ္မေဟိ**– အကြင်သဗ္ဗညုတဉာဏဂုဏ်တို့ဖြင့်၊ **တထာဂတဿ**– ဗုဒ္ဓ၏၊ **ဝဏ္ဏံ**– ဂုဏ်ကို၊ **ဝဒမာနော**– ပြောဆိုကုန်လတ်သော်၊ **ယထာဘုစ္စံ**– အကြင်အကြင် ထင်ရှားရှိသည့်အတိုင်း၊ **သမ္မာ**– မဖောက်မပြန် ဟုတ်မှန်စွာ၊ **ဝဒေယျုံ**– ပြောဆိုနိုင်ကုန်ရာ၏၊ **ဂမ္ဘီရာ**– နက်နဲကုန်သော၊ **ဒုဒ္ဒသာ**– မြင်နိုင်ခဲကုန်သော၊ **ဒုရနုဗောဓာ**– သိနိုင်ခဲကုန်သော၊ **သန္တာ**– ငြိမ်သက်ငြိမ်းအေးကုန်သော၊ **ပဏီတာ**– မွန်မြတ်ကုန်သော၊ **အတက္ကာဝစရာ**– ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော၊ **နိပုဏာ**– သိမ်မွေ့ကုန်သော၊ **ပဏ္ဍိတဝေဒနီယာ**– ပညာရှိတို့သာ သိနိုင်ကုန်သော၊ **တေ ဓမ္မာ**– ထိုသဗ္ဗညုတဉာဏ်တော် ဂုဏ်တော်တို့ဟူသည်၊ **ကတမေစ**– အဘယ်နည်း။

'ကတမေ စ တေ ဘိက္ခဝေ' ဖြင့် ကြုံးဝါးခြင်း လေးမျိုး

အဋ္ဌကထာ၌ '**ကတမေ စ တေ ဘိက္ခဝေ**' ဟူသော ပါဠိတော်သည် ကထေတုကမျတာပုစ္ဆာတည်းဟု ညွှန်းဆိုထားလေသည်။ ထိုကထေတုကမျတာပုစ္ဆာနှင့် ဆက်စပ်၍ အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်။

အထက်ပါ ပါဠိတော်၌ '**ကတမေ စ တေ ဘိက္ခဝေ**' အစရှိသော ဤစကားသည် ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ဂုဏ်တို့ကို **ကထေတုကမျတာပုစ္ဆာ**– ကိုယ်တော်တိုင် ဖြေကြားခြင်းငှာ အလိုရှိသည်၏ အဖြစ်ကြောင့် ဖြစ်သောပုစ္ဆာ ဖြစ်လေသည်။

ထိုပုစ္ဆာကို ဖြေကြားတော်မူခြင်းငှာ ဗုဒ္ဓသည်–

သန္တိ ဘိက္ခဝေ ဧကေ သမဏ ဗြာဟ္မဏာ ပုဗ္ဗန္တကပ္ပိကာ ပုဗ္ဗန္တာနုဒိဋ္ဌိနော ပုဗ္ဗန္တံ အာရဗ္ဘ အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ အဋ္ဌာရသဟိ ဝတ္ထူဟိ။ *(ဒီ– ၁– ၁၂)*

ဘိက္ခဝေ– ရဟန်းတို့၊ **ပုဗ္ဗန္တကပ္ပိကာ**– ရှေးအဖို့ကို ကြံဆကုန်သော၊ **ပုဗ္ဗန္တာနုဒိဋ္ဌိနော**– ရှေးအဖို့ကို စွဲယူကုန်သော၊ **ဧကေ**– အချို့ကုန်သော၊ **သမဏ ဗြာဟ္မဏာ**– သမဏ ဗြာဟ္မဏတို့သည်၊ **အတ္ထိ**– သန္တိ– ရှိကုန်၏။ **တေ**– ထိုသမဏ ဗြာဟ္မဏတို့သည်၊ **ပုဗ္ဗန္တံ**– ရှေးလွန်လေပြီးသောအဖို့ကို၊ **အာရဗ္ဘ**– အကြောင်းပြု၍၊ **အနေကဝိဟိတာနိ**– များစွာကုန်သော၊ **အဓိမုတ္တိပဒါနိ**– မိစ္ဆာအယူ စကားတို့ကို၊ **အဋ္ဌာရသဟိ**– (၁၈)မျိုးကုန်သော၊ **ဝတ္ထူဟိ**– အကြောင်းတို့ဖြင့်၊ **အဘိဝဒန္တိ**– ပြောဆိုကြကုန်၏။

အထက်ပါ ပါဠိတော်အရ ဗုဒ္ဓသည် အဘယ့်ကြောင့် ကိုယ်တော်တိုင်မေး၍ ကိုယ်တော်တိုင် ဖြေကြားတော်မူရသနည်းဟူမူ–

ဗုဒ္ဓတို့သည် လေးပါးကုန်သော အရာဌာနတို့၌ ဟောကြားတော်မူမှု ဒေသနာတည်းဟူသော **'ဂဇ္ဇိတံ'** ကြုံးဝါးသံသည်၊ **'မဟန္တံ'** ကြီးကျယ်လေသည်။ **'ဉာဏံ'** ဒေသနာဉာဏ်တော်သည်၊ **'အနုပဝိသတိ'** ဟောကြားအပ်သော တရားတော်သို့ အစဉ်အတိုင်း သက်ဝင်သကဲ့သို့ ဖြစ်လေသည်။ *(ဟောကြားအပ်သော တရားတော်အပေါ်မှာ ဉာဏ်တော် အလွန်နူးရှတော်မူသည်။)* **'ဗုဒ္ဓ ဉာဏဿ'** ဗုဒ္ဓ၏ ဒေသနာဉာဏ်, ပဋိဝေဓဉာဏ်တော်သည် **'မဟန္တဘာဝ ပညာယတိ'** အလွန်ကြီးကျယ်သည်၏အဖြစ်ဖြင့် ထင်ရှားလေသည်။ **'ဒေသနာ'** ဒေသနာဉာဏ်တော်သည် **'တိလက္ခဏာဟတာ'** လက္ခဏာသုံးရပ် အမှတ်တံဆိပ် ခတ်နှိပ်အပ်သည်။ **'သုညတာ ပဋိသံယုတ္တာ'** အတ္တ, အတ္တနိယမှ ကင်းဆိတ်သည်၏ အဖြစ်နှင့် စပ်ယှဉ်သည်၊ ဟောတိ– ဖြစ်၏။

အဘယ်လေးဌာနတို့၌ ဗုဒ္ဓဟောကြားတော်မူမှု ဒေသနာတည်းဟူသော ကြုံးဝါးသံသည် ကြီးကျယ်သနည်း။ ဉာဏ်တော် အလွန်စူးရှသနည်း။ အလွန်ကြီးကျယ်သည်၏ အဖြစ်ဖြင့် ထင်ရှားသနည်း။ လက္ခဏာသုံးရပ် အမှတ်တံဆိပ် ခတ်နှိပ်အပ်သနည်း။ အတ္တ, အတ္တနိယမှ ကင်းဆိတ်သည်၏ အဖြစ်နှင့် စပ်ယှဉ်သနည်းဟူမူ?–

(၁) **ဝိနယပညတ္တိံ** – ဝိနည်းပညတ်တော်လည်းကောင်း၊
(၂) **ဘူမန္တရံ** – ဘုံအထူးလည်းကောင်း၊
(၃) **ပစ္စယာကာရံ** – ပဋိစ္စသမုပ္ပါဒ်တရားလည်းကောင်း၊
(၄) **သမယန္တရံ** – ဗုဒ္ဓဝါဒမှတပါးသော ဤ (၆၂)ပါးကုန်သော မိစ္ဆာအယူ လည်းကောင်း၊
ဤလေးဌာနတည်း။

(၁) ဝိနည်းပညတ်ခြင်း၌ ဒေသနာဉာဏ်ကြီးကျယ်ပုံ

ဗုဒ္ဓသည် ဘိက္ခု၊ ဘိက္ခုနီမတို့အတွက် ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူရာ၌–

(၁) **ဣဒံ လဟုကံ** – ဤသိက္ခာပုဒ်သည် ပေါ့သော သိက္ခာပုဒ်တည်း။
(၂) **ဣဒံ ဂရုကံ** – ဤသိက္ခာပုဒ်သည် လေးသော သိက္ခာပုဒ်တည်း။
(၃) **ဣဒံ သတေကိစ္ဆံ** – ဤသိက္ခာပုဒ်သည် ကုစားခြင်းငှာ တတ်ကောင်းသော သိက္ခာပုဒ်တည်း။
(၄) **ဣဒံ အတေကိစ္ဆံ** – ဤသိက္ခာပုဒ်သည် ကုစားခြင်းငှာ မတတ်ကောင်းသော သိက္ခာပုဒ်တည်း။
(၅) **အယံ အာပတ္တိ** – ဤသည်ကား အာပတ်တည်း။ *(အာပတ်သင့်ခြင်းတည်း။)*
(၆) **အယံ အနာပတ္တိ** – ဤသည်ကား အနာပတ္တိတည်း။ *(အာပတ်မသင့်ခြင်းတည်း။)*
(၇) **အယံ ဆေဇ္ဇဂါမိနီ** – ဤသည်ကား သာသနာတော် အမြစ်အရင်း ပြတ်ခြင်းသို့ ရောက်စေတတ်သော ပါရာဇိက အာပတ်တည်း။
(၈) **အယံ ဝုဋ္ဌာန ဂါမိနီ** – ဤသည်ကား အာပတ်မှ ထမြောက်၍ ပရိဝတ်မာနတ်သို့ ရောက်စေတတ်သော အာပတ်တည်း။
(၉) **အယံ ဒေသနာ ဂါမိနီ** – ဤသည်ကား ဒေသနာကြားခြင်းသို့ ရောက်စေတတ်သော အာပတ်တည်း။
(၁၀) **အယံ လောကဝဇ္ဇာ** – ဤသည်ကား လောက၌ပင် အပြစ်ရှိသော အာပတ်တည်း။
(၁၁) **အယံ ပဏ္ဏတ္တိဝဇ္ဇာ** – ဤသည်ကား ပညတ်တော်ကြောင့် အပြစ်ရှိသော အာပတ်တည်း။
(၁၂) **ဣမသ္မိံ ဝတ္ထုသ္မိံ ဣဒံ ပညပေတဗ္ဗံ**– ဤအကြောင်းဝတ္ထုကြောင့် ဤသိက္ခာပုဒ်ကို ပညတ်ထိုက်၏။

(၁၃) **ဣတိ ဝေ ဩတိဏ္ဏေ ဝတ္ထုသ္မိံ သိက္ခာပဒ ပညာပနံ နာမ**– ဤသို့ အကြောင်းဝတ္ထုသည် သက်ရောက်လတ်သော် အကြင်သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း မည်သည်ရှိ၏။

(၁၄) **တတ္ထ အညေသံ**– ထိုသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း၌ ဗုဒ္ဓမှတပါး အခြားသော ပုဂ္ဂိုလ်တို့မှာ၊ **ထာမောဝါ**– ဉာဏ်စွမ်းသည်လည်းကောင်း၊ **ဗလံဝါ**– ကိုယ်စွမ်း, နှုတ်စွမ်းသည်လည်းကောင်း၊ **နတ္ထိ**– မရှိ။

(၁၅) **သော အညေသံ**– ဤသိက္ခာပုဒ်ကို ပညတ်ခြင်းဟူသော အရာသည် သူတပါးတို့၏၊ **အဝိသယော**– အရာမဟုတ်။

(၁၆) **တထာဂတဿေဝ**– ဗုဒ္ဓ၏သာလျှင်၊ **ဝိသယော**– အရာတည်း။

ဤသို့ စသည်ဖြင့် ဝိနည်းကို ပညတ်တော်မူခြင်းသို့ ရောက်သည်ရှိသော် **ဗုဒ္ဓါနံ**– ဗုဒ္ဓတို့၏၊ **ဂမ္ဘီရံ**– ကြုံးဝါးသံသည်၊ **မဟန္တံ**– ကြီးကျယ်သည်၊ **ဟောတိ**– ဖြစ်၏။ **ဉာဏံ**– ဉာဏ်တော်သည်၊ **အနုပဝိသတိ**– ဟောကြားအပ်သော တရားတော်သို့ အစဉ်အတိုင်း သက်ဝင်သကဲ့သို့ ဖြစ်လေ၏။ *(ဉာဏ်တော် အလွန်နူးရှ၏။)*

ဗုဒ္ဓဉာဏဿ– ဒေသနာဉာဏ်တော်, ပဋိဝေဓဉာဏ်တော်၏၊ **မဟန္တဘာဝေါ**– ကြီးကျယ်သည်၏ အဖြစ်သည်၊ **ပညာယတိ**– ထင်ရှား၏။ **ဂမ္ဘီရာ**– နက်နဲသည်၊ **ဟောတိ**– ဖြစ်၏။ **တိလက္ခဏာဟတာ**– လက္ခဏာသုံးရပ် အမှတ်တံဆိပ် ခတ်နှိပ်အပ်သည်၊ **ဟောတိ**– ဖြစ်၏။ **သုညတာ ပဋိသံယုတ္တာ**– အတ္တ, အတ္တနိယမှ ကင်းဆိတ်သည်၏ အဖြစ်နှင့် ယှဉ်သည်၊ **ဟောတိ**– ဖြစ်၏။

(ဤဝိနည်းပညတ်တော်မူသော အရာ၌လည်း 'ဓမ္မ ဂမ္ဘီရ ဂမ္ဘီရ' ဟုလာ၏။ ဝိနည်းတော်၌လည်း တရားဟောကြားမှု ပါလေသောကြောင့် 'တိလက္ခဏာဟတာ' အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာသုံးရပ် အမှတ်တံဆိပ် ခတ်နှိပ်မှုသည်လည်းကောင်း၊ 'သုညတာ ပဋိသံယုတ္တာ' နိဗ္ဗာန်နှင့်တကွ ဓမ္မမှန်သမျှ အနတ္တသာ ဖြစ်ရကား အတ္တ, အတ္တနိယမှ ကင်းဆိတ်သည်၏အဖြစ်နှင့် ယှဉ်သည်ချည်းတည်းဟု ဋီကာသစ်, ဋီကာဟောင်းတို့ ဖွင့်ဆိုထားလေသည်။)

(၂) ဘူမန္တရ၌ ဒေသနာဉာဏ် ကြီးကျယ်ပုံ

ဘူမန္တရ၌ ဘူမိ+အန္တရ ဟု ခွဲ၍ ဘူမိအရ 'အဝတ္ထာဘုံ, ဌာနဘုံ' ဟု နှစ်မျိုးရှိလေသည်။ သတိပဋ္ဌာန်တရား, ဣန္ဒြေတရား, ဗိုလ်တရား, ဗောဇ္ဈင်တရားများ, မဂ္ဂင်စသောတရားများ ဖြစ်ပေါ်ချိန် အခိုက်အတန့်ကို **အဝတ္ထာဘုံ** ဟု ခေါ်သည်။ သတ္တဝါတို့၏ နေထိုင်ရာဘုံကို *(၃၁ ဘုံကို)* **ဌာနဘုံ** ဟု ခေါ်သည်။ *(ဤ၌ အဝတ္ထာဘုံကို ဆိုလိုပေသည်။)*

ဘူမန္တရနှင့်စပ်၍ ဗုဒ္ဓ၏ ဉာဏ်တော်ကြီးကျယ်ပုံကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်။

(၁) **ဣမေ စတ္တာရော သတိပဋ္ဌာနာ နာမ** – ဤတရားတို့သည် လေးပါးကုန်သော သတိပဋ္ဌာန်တရားတို့ မည်၏။

(၂) **အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ နာမ** – ဤတရားတို့သည် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်မည်၏။

(၃) **ပဉ္စ ခန္ဓာ နာမ** – ဤတရားတို့သည် ခန္ဓာငါးပါး မည်၏။

(၄) **ဒွါဒသ အာယတနာနိ နာမ** – ဤတရားတို့သည် (၁၂)ပါးကုန်သော အာယတနတို့ မည်၏။

(၅) **အဋ္ဌာရသ ဓာတုယော နာမ** – ဤတရားတို့သည် (၁၈)ပါးကုန်သော ဓာတ်တို့ မည်၏။ (ပ)

(၆) **သတ္တ ဝိညာဏဋ္ဌိတိယော နာမ** – ဤတရားတို့သည် ခုနစ်ပါးကုန်သော ဝိညာဏဓာတ်တို့ မည်၏။

(ဝိညာဏဓာတ် ခုနစ်ပါးကိုပင် 'သတ္တ ဝိညာဏဋ္ဌိတိ' ဟု ဆိုထားခြင်းဖြစ်သည်။)

(၇) **တေဘူမက ကာမာဝစရာ ဓမ္မာ နာမ** – ဤတရားတို့တွင် ဤမျှအတိုင်းအရှည်ရှိသော တရားတို့သည် ကာမာဝစရတရားတို့ မည်၏။

(၈) **ရူပါဝစရ, အရူပါဝစရ ဓမ္မာ နာမ** – ဤမျှအတိုင်းအရှည်ရှိသော တရားတို့သည် ရူပါဝစရတရားတို့ မည်၏။ အရူပါဝစရတရားတို့ မည်၏။

(၉) **ပရိယာပန္နာ ဓမ္မာ နာမ** – ဤမျှအတိုင်းအရှည်ရှိသော တရားတို့သည် တဏှာသုံးပါးဖြင့် ပိုင်းခြား၍ ယူအပ်သော လောကီတရားတို့ မည်၏။ *(ကာမတဏှာ, ရူပတဏှာ, အရူပတဏှာကို တဏှာသုံးပါးဟု ဆိုသည်။)*

(၁၀) **ဧတ္တကာ လောကိယာ ဓမ္မာ နာမ** - ဤမျှအတိုင်းအရှည်ရှိသော တရားတို့သည် လောကီ၌ဖြစ်သော တရားတို့ မည်၏။

(၁၁) **ဧတ္တကာ လောကုတ္တရာ ဓမ္မာ နာမ** - ဤမျှအတိုင်းအရှည်ရှိသော တရားတို့သည် လောကုတ္တရာ ဖြစ်ကုန်သော တရားတို့ မည်၏။

(၁၂) ဤသို့ အစရှိသော **စတုဝီသတိ သမန္တပဋ္ဌာနံ**- (၂၄)ပါးသော သမန္တပဋ္ဌာန်းရှိသော၊ **အနန္တနယံ**- အဆုံးအပိုင်းအခြားမရှိသော နည်းရှိသော၊ **အဘိဓမ္မပိဋကံ**- အဘိဓမ္မပိဋကကို **ဝိဘဇိတွာ**- ဝေဘန်၍ **ကထေတုံ**- ဟောခြင်းငှာ၊ **အညေသံ**- သူတပါးတို့မှာ၊ **ထာမောဝါ**- ဉာဏ်အားသည်လည်းကောင်း၊ **ဗလံဝါ**- မတုန်မလှုပ်သော ဝီရိယအားသည်လည်းကောင်း *(ကိုယ်အား, နှုတ်အားသည်လည်းကောင်း)*၊ **နတ္ထိ**- မရှိပေ၊ **အညေသံ**- သူတပါးတို့၏၊ **အဝိသယော**- အရာမဟုတ်၊ **တထာဂတဿေဝ**- ဗုဒ္ဓ၏သာ၊ **ဝိသယော**- အရာတည်း။

ဤသို့စသည်ဖြင့် **ဘူမန္တရ**- ဘုံအထူး အပိုင်းအခြားသို့ ရောက်သည်ရှိသော်၊ **ဗုဒ္ဓါနံ**- ဗုဒ္ဓတို့၏၊ **ဂဇ္ဇိတံ**- ကြုံးဝါးသံသည်၊ **မဟန္တံ**- ကြီးကျယ်သည်၊ **ဟောတိ**- ဖြစ်၏၊ **ဉာဏံ**- ဉာဏ်တော်သည်၊ **အနုပဝိသတိ**- အလွန်စူးရှတော်မူ၏၊ **ဗုဒ္ဓဉာဏဿ**- ဒေသနာဉာဏ်, ပဋိဝေဓဉာဏ်တော်၏၊ **မဟန္တဘာဝေါ**- ကြီးကျယ်သည်၏ အဖြစ်သည်၊ **ပညာယတိ**- ထင်ရှား၏၊ **ဂမ္ဘီရာ ဟောတိ**- နက်နဲ၏၊ **တိလက္ခဏာဟတာ ဟောတိ**- လက္ခဏာသုံးရပ် အမှတ်တံဆိပ် ခတ်နှိပ်အပ်သည် ဖြစ်၏၊ **သုညတာ ပဋိသံယုတ္တာ ဟောတိ**- အတ္တ, အတ္တနိယမှ ကင်းဆိတ်သည်၏အဖြစ်နှင့် ယှဉ်သည် ဖြစ်၏။

(၃) ပစ္စယာကာရ- ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်တော်ကြီးကျယ်ပုံ

အဋ္ဌကထာဆရာသည် ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်တော်ကြီးကျယ်ပုံကို အောက်ပါအတိုင်း ပြဆိုထားလေသည်။

အဝိဇ္ဇာ သင်္ခါရာနံ နဝဟိ အာကာရေဟိ ပစ္စယော ဟောတိ- အဝိဇ္ဇာသည် သင်္ခါရတို့အား ကိုးပါးကုန်သော အခြင်းအရာတို့ဖြင့် ကျေးဇူးပြုခြင်းသည် ဖြစ်၏။ ကျေးဇူးပြုပုံကား-

(၁) **ဥပ္ပါဒေါ ဟုတွာ ပစ္စယော ဟောတိ** - အဝိဇ္ဇာသည် သင်္ခါရတို့၏ တစ်ဘဝ၌ အစဖြစ်ကြောင်းဖြစ်၍ ကျေးဇူးပြု၏။

(၂) **ပဝတ္တံ ဟုတွာ ပစ္စယော ဟောတိ** - အဝိဇ္ဇာသည် သင်္ခါရတို့၏ စ၍ဖြစ်ပြီးနောက် ဖြစ်တည်ကြောင်းဖြစ်၍ ကျေးဇူးပြု၏။

(၃) **နိမိတ္တံ ဟုတွာ ပစ္စယော ဟောတိ** - အဝိဇ္ဇာသည် သင်္ခါရတို့၏ ဘဝစသည်တို့၌ အကျိုးကို ပစ်ချကြောင်းဖြစ်၍ ကျေးဇူးပြု၏။

(၄) **အာယူဟနံ ဟုတွာ ပစ္စယော ဟောတိ** - အဝိဇ္ဇာသည် သင်္ခါရတို့၏ မိမိအကျိုး ဖြစ်ဖို့ရန် အားထုတ်ကြောင်းဖြစ်၍ ကျေးဇူးပြု၏။

(၅) **သံယောဂေါ ဟုတွာ ပစ္စယော ဟောတိ** - အဝိဇ္ဇာသည် သင်္ခါရတို့၏ မိမိအကျိုးနှင့် စပ်ယှဉ်ကြောင်းဖြစ်၍ ကျေးဇူးပြု၏။

(၆) **ပလိဗောဓော ဟုတွာ ပစ္စယော ဟောတိ** - အဝိဇ္ဇာသည် သင်္ခါရတို့၏ မိမိကိန်းရာ ခန္ဓာအစဉ်ကို နှောင့်ဖွဲ့ကြောင်းဖြစ်၍ ကျေးဇူးပြု၏။

(၇) **သမုဒယော ဟုတွာ ပစ္စယော ဟောတိ** - အဝိဇ္ဇာသည် အခြားအကြောင်းတို့နှင့် ပေါင်းမိလတ်သော် သင်္ခါရတို့၏ ဖြစ်ကြောင်းဖြစ်၍ ကျေးဇူးပြု၏။

(၈) **ဟေတု ဟုတွာ ပစ္စယော ဟောတိ** - အဝိဇ္ဇာသည် သင်္ခါရတို့၏ ဇနကအကြောင်းဖြစ်၍ ကျေးဇူးပြု၏။

(၉) **ပစ္စယော ဟုတွာ ပစ္စယော ဟောတိ** - အဝိဇ္ဇာသည် သင်္ခါရတို့၏ ဥပတ္ထမ္ဘကအကြောင်းဖြစ်၍ ကျေးဇူးပြု၏။

ကျန်သော သင်္ခါရပစ္စယာ ဝိညာဏံ (ပ) ဇာတိပစ္စယာ ဇရာ မရဏ စသည်တို့၌လည်း ထို့အတူတည်း။

အဝိဇ္ဇာသည် သင်္ခါရတို့အား (၉)ပါးကုန်သော အခြင်းအရာတို့ဖြင့် ကျေးဇူးပြုရာ၌ ဓမ္မဋ္ဌိတိဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံကို ပြဆိုပုံ

အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူအပ်သော ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် (နှာ- ၄၈)၌ အဝိဇ္ဇာသည် သင်္ခါရတို့အား (၉)ပါးကုန်သော အခြင်းအရာတို့ဖြင့် ဓမ္မဋ္ဌိတိဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံများကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

(၁) **ဥပ္ပါဒဋ္ဌိတိ** – အဝိဇ္ဇာသည် သင်္ခါရတို့၏ တစ်ဘဝ၌ အစစွာ ဖြစ်ကြောင်းဖြစ်၍ တည်ရာအကြောင်းသည် လည်းကောင်း၊

(၂) **ပဝတ္တဋ္ဌိတိ** – အဝိဇ္ဇာသည် သင်္ခါရတို့၏ စ၍ဖြစ်ပြီးနောက် ဖြစ်တည်ကြောင်းဖြစ်၍ တည်ရာအကြောင်းသည် လည်းကောင်း၊

(၃) **နိမိတ္တဋ္ဌိတိ** – အဝိဇ္ဇာသည် သင်္ခါရတို့၏ ဘဝစသည်တို့၌ အကျိုးကို ပစ်ချကြောင်းဖြစ်၍ တည်ရာအကြောင်းသည် လည်းကောင်း၊

(၄) **အာယူဟနဋ္ဌိတိ** – အဝိဇ္ဇာသည် သင်္ခါရတို့၏ မိမိအကျိုးဖြစ်ဖို့ရန် အားထုတ်ကြောင်းဖြစ်၍ တည်ရာအကြောင်းသည် လည်းကောင်း၊

(၅) **သံယောဂဋ္ဌိတိ** – အဝိဇ္ဇာသည် သင်္ခါရတို့၏ မိမိအကျိုးနှင့် စပ်ယှဉ်ကြောင်းဖြစ်၍ တည်ရာအကြောင်းသည် လည်းကောင်း၊

(၆) **ပလိဗောဓဋ္ဌိတိ** – အဝိဇ္ဇာသည် သင်္ခါရတို့၏ မိမိကိန်းရာ ခန္ဓာအစဉ်ကို နှောင်ဖွဲ့ကြောင်းဖြစ်၍ တည်ရာအကြောင်းသည် လည်းကောင်း၊

(၇) **သမုဒယဋ္ဌိတိ** – အဝိဇ္ဇာသည် အခြားအကြောင်းတို့နှင့် ပေါင်းမိလတ်သော် သင်္ခါရတို့၏ ဖြစ်ကြောင်းဖြစ်၍ တည်ရာအကြောင်းသည် လည်းကောင်း၊

(၈) **ဟေတုဋ္ဌိတိ** – အဝိဇ္ဇာသည် သင်္ခါရတို့၏ ဇနကအကြောင်းဖြစ်၍ တည်ရာအကြောင်းသည် လည်းကောင်း၊

(၉) **ပစ္စယဋ္ဌိတိ** – အဝိဇ္ဇာသည် သင်္ခါရတို့၏ ဥပတ္ထမ္ဘကအကြောင်းဖြစ်၍ တည်ရာအကြောင်းသည် လည်းကောင်း ဖြစ်၏။

ဤကိုးပါးသော အခြင်းအရာတို့ဖြင့် အဝိဇ္ဇာသည်၊ **ပစ္စယော**– အကြောင်းတည်း။ သင်္ခါရတို့သည် **ပဋိစ္စသမုပ္ပန္နာ**– အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့တည်း။

နှစ်ပါးလည်း ဖြစ်ကုန်သော ဤအဝိဇ္ဇာ, သင်္ခါရတို့သည် **ပစ္စယသမုပ္ပန္နာ**– အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့တည်း။
('အသဝါနံ သမုပ္ပဒါ အဝိဇ္ဇာ ပဝတ္တတိ' နှင့်အညီ အဝိဇ္ဇာလည်း အသဝဟူသော အကြောင်းရှိလေသည်။)

ဤသို့ **ပစ္စယပရိဂ္ဂဟေ**– အကြောင်းကို သိမ်းဆည်းခြင်း၌ဖြစ်သော၊ **ပညာ**– ပညာသည်၊ **ဓမ္မဋ္ဌိတိဉာဏံ**– ဓမ္မဋ္ဌိတိဉာဏ် မည်၏။ အတိတ်ကာလ၌လည်းကောင်း, အနာဂတ်ကာလ၌လည်းကောင်း ထို့အတူချည်းတည်း။

ကျန် 'သင်္ခါရပစ္စယာ ဝိညာဏံ (ပ) ဇာတိပစ္စယာ ဇရာ မရဏံ' တို့၌လည်း ထိုသို့ ကိုးပါးသော အခြင်းအရာအားဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံ, ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပုံကို သိပါလေ။

ဤသို့လျှင် ထိုထိုသင်္ခါရစသော အကျိုးတရားတို့၏ ထိုထိုဟေတုသတ္တိစသော အခြင်းအရာအားဖြင့် အကြောင်း၏အဖြစ်ဖြင့် ဖြစ်သော–

(က) **တိဝဋ္ဋံ** – သုံးပါးသော ဝဋ်ရှိသော၊

(ခ) **တိယဒ္ဓံ** – သုံးပါးသော အခွန့်ရှိသော၊

(ဂ) **တိသန္ဓိံ** – သုံးပါးသော အစပ်ရှိသော၊

(ဃ) **စတုသင်္ခေပံ** – လေးပါးသော အပိုင်းအစုရှိသော၊

(င) **ဝီသတာကာရံ** – နှစ်ဆယ်သော အပြားရှိသော၊

ဤပဋိစ္စသမုပ္ပါဒ်ကို ဝေဘန်၍ ပြောခြင်းငှာ သူတစ်ပါးတို့မှာ ထာမောဝါ– ဉာဏ်အားသည်လည်းကောင်း၊ ဗလံဝါ– မတုန်မလှုပ်သော ဝီရိယအားသည်လည်းကောင်း၊ *(ကိုယ်အား, နှုတ်အားသည်လည်းကောင်း)* နတ္ထိ– မရှိပေ။ သူတစ်ပါးတို့၏ အရာမဟုတ်၊ ဗုဒ္ဓတို့၏သာလျှင် အရာတည်း။ ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်သို့ ရောက်သည်ရှိသော် ဗုဒ္ဓတို့၏ ကြုံးဝါးသံသည် ကြီးကျယ်၏။ ဉာဏ်တော်သည် အလွန်စူးရှတော်မူ၏။ ဗုဒ္ဓ၏ ဒေသနာဉာဏ်, ပဋိဝေဓဉာဏ်တော်၏ ကြီးကျယ်သည်၏ အဖြစ်သည် ထင်ရှား၏။ နက်နဲ၏။ လက္ခဏာသုံးရပ် အမှတ်တံဆိပ် ခတ်နှိပ်အပ်၏။ အတ္တ, အတ္တနိယမှ ကင်းဆိတ်သည်၏အဖြစ်နှင့် ယှဉ်စပ်၏။

(၄) (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိအယူတို့၌ ဉာဏ်တော်ကြီးကျယ်ပုံ

အဋ္ဌကထာဆရာသည် (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိအယူဝါဒ၌ ဉာဏ်တော်ကြီးကျယ်ပုံကို အောက်ပါအတိုင်း ပြဆိုထားလေသည်။

(၁) **စတ္တာရော ဇနာ သဿတဝါဒါ နာမ**– လေးမျိုးကုန်သော သတ္တဝါအပေါင်းတို့သည် သဿတ အယူရှိသူတို့ မည်၏။
(သဿတဒိဋ္ဌိ အယူရှိသူ လေးမျိုး)

(၂) **စတ္တာရော ဧကစ္စသဿတဝါဒါ'နာမ**– လေးမျိုးကုန်သော သတ္တဝါအပေါင်းတို့သည် ဧကစ္စသဿတ အယူရှိသူတို့ မည်၏။
(ဧကစ္စသဿတဒိဋ္ဌိ အယူရှိသူ လေးမျိုး)

(၃) **စတ္တာရော အန္တာနန္တိကာ နာမ** – လေးမျိုးကုန်သော သတ္တဝါအပေါင်းတို့သည် အန္တာနန္တ အယူရှိသူတို့ မည်၏။
(အန္တာနန္တဒိဋ္ဌိ အယူရှိသူ လေးမျိုး)

(၄) **စတ္တာရော အမရာဝိက္ခေပိကာ နာမ**– လေးမျိုးကုန်သော သတ္တဝါအပေါင်းတို့သည် အမရာဝိက္ခေပ အယူရှိသူတို့မည်၏။
(အမရာဝိက္ခေပဒိဋ္ဌိ အယူရှိသူ လေးမျိုး)

(၅) **ဒွေ အဓိစ္စသမုပ္ပန္နိကာ နာမ** – နှစ်မျိုးကုန်သော သတ္တဝါအပေါင်းတို့သည် အဓိစ္စသမုပ္ပန္န အယူရှိသူတို့ မည်၏။
(အဓိစ္စသမုပ္ပန္နဒိဋ္ဌိ အယူရှိသူ နှစ်မျိုး)

(၆) **သောဠသ သညီဝါဒါ နာမ** – (၁၆)မျိုးကုန်သော သတ္တဝါအပေါင်းတို့သည် သညာရှိ၏ဟု အယူရှိသူတို့ မည်၏။
(သညာဒိဋ္ဌိ အယူရှိသူ (၁၆)မျိုး)

(၇) **အဋ္ဌ အသညီဝါဒါ နာမ** – ရှစ်မျိုးကုန်သော သတ္တဝါအပေါင်းတို့သည် သညာမရှိဟု အယူရှိသူတို့ မည်၏။
(အသညာဒိဋ္ဌိ အယူရှိသူ ရှစ်မျိုး)

(၈) **အဋ္ဌ နေဝသညီနာသညီဝါဒါ နာမ** – ရှစ်မျိုးကုန်သော သတ္တဝါအပေါင်းတို့သည် သညာရှိသည်လည်း မဟုတ်၊ သညာ မရှိသည်လည်းမဟုတ်ဟု အယူရှိသူတို့ မည်၏။ *(နေဝသညီနာသညီဒိဋ္ဌိ အယူရှိသူ ရှစ်မျိုး)*

(၉) **သတ္တ ဥစ္ဆေဒဝါဒါ နာမ** – (၇)မျိုးကုန်သော သတ္တဝါအပေါင်းတို့သည် ဥစ္ဆေဒ အယူရှိသူတို့ မည်၏။
(ဥစ္ဆေဒဒိဋ္ဌိ အယူရှိသူ ခုနစ်မျိုး)

(၁၀) **ပဉ္စ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒါ နာမ** – ငါးမျိုးကုန်သော သတ္တဝါအပေါင်းတို့သည် ဒိဋ္ဌဓမ္မ နိဗ္ဗာန အယူရှိသူတို့ မည်၏။
(ဒိဋ္ဌဓမ္မ နိဗ္ဗာန ဒိဋ္ဌိအယူရှိသူ ငါးမျိုး) **(ပေါင်း– မိစ္ဆာဒိဋ္ဌိ (၆၂)မျိုး ဖြစ်လေသည်။)**

ထိုတွင် '**စတ္တာရော ဇနာ သဿတဝါဒါ နာမ**' ၌ သဿတဒိဋ္ဌိ အယူရှိသူတို့သည် ခတ္တိယ, ဗြာဟ္မဏ စသော အပြားအားဖြင့် အများပင်ရှိနိုင်သော်လည်း အခြင်းအရာအားဖြင့် လေးမျိုးသာရှိသောကြောင့် '**စတ္တာရော ဇနာ**' ဟု ဆိုသည်။ '**လေးမျိုးထက် အပိုအလို မရှိ**'ဟု ဆိုလိုသည်။ ဤသို့ သဿတဒိဋ္ဌိလေးမျိုးကို ပိုင်းခြား၍ ပြနိုင်ခြင်းသည် သဗ္ဗညုတဉာဏ်တော်ကြီး၏ အစွမ်းပင်ဖြစ်သည်။ ထိုလေးမျိုးတွင် တစ်မျိုးတစ်မျိုး၌ အများအပြား ပါဝင်နိုင်သောကြောင့် '**ဇနာ**' ကို '**ဇနသမူဟာ– သတ္တဝါအပေါင်းတို့**' ဟူ၍ ဋီကာဟောင်း, ဋီကာသစ်တို့ ဖွင့်ဆိုကြလေသည်။ ကျန်သော ဒိဋ္ဌိများလည်း ထိုအတိုင်းပင်တည်း။

ထို (၆၂)မျိုးကုန်သော မိစ္ဆာဒိဋ္ဌိကို ယူကြသူတို့သည် အဘယ်ကြောင့် ထိုကဲ့သို့ အလွဲလွဲ အမှားမှား ယူကြသနည်းဟူမူ– ဗုဒ္ဓဟောကြားတော်မူထားအပ်သော ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မှန်ကန်စွာ မယူနိုင်ခြင်းကို, မသိနိုင်ခြင်းကို အမှီပြု၍ ထိုမိစ္ဆာဒိဋ္ဌိအယူတို့ကို ယူမိကြခြင်း ဖြစ်လေသည်။

ဤသို့လျှင် (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိအယူတို့ကို ခွဲခြားဝေဘန် ချေဖျက်၍ ဝါးရုံအရှုပ်ကဲ့သို့ ရှုပ်ထွေးခြင်းမရှိအောင်၊ ချုံပိတ်ပေါင်းကဲ့သို့ ပိတ်ဖုံးခြင်းမရှိအောင်ပြု၍ ဟောကြားခြင်းငှာ သူတပါးတို့မှာ ဉာဏ်အားသည်လည်းကောင်း၊ မတုန်မလှုပ်သော ဝီရိယအားသည်လည်းကောင်း *(ကိုယ်အား, နှုတ်အားသည်လည်းကောင်း)* မရှိပေ။ သူတပါးတို့၏ အရာမဟုတ်။ ဗုဒ္ဓ၏သာလျှင် အရာတည်း။

ဤသို့လျှင် သာသနာတော်မှ တပါးသော (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိသို့ ရောက်သည်ရှိသော် ဗုဒ္ဓတို့၏ ကြီးဝါးသံသည် ကြီးကျယ်၏၊ ဉာဏ်တော်သည် အလွန်စူးရှတော်မူသည်။ ဗုဒ္ဓ၏ ဒေသနာတော်ဉာဏ်, ပဋိဝေဓဉာဏ်တော်၏ ကြီးကျယ်သည်၏ အဖြစ်သည် ထင်ရှား၏။ နက်နဲသည် ဖြစ်၏။ အတ္တ, အတ္တနိယမှ ကင်းဆိတ်သည်၏အဖြစ်နှင့် ယှဉ်သည်ဖြစ်၏။

မိစ္ဆာဒိဋ္ဌိအယူများကို သိခြင်းသည် သဗ္ဗညုတဉာဏ်

ဤကဲ့သို့ ဗုဒ္ဓအယူမှတပါး မိစ္ဆာအယူများကို ခွဲခြား၍ ဟောတော်မူလိုက်လျှင်ပင် အလုံးစုံကို အကုန်သိသော သဗ္ဗညုတ ဉာဏ်တော်၏ အရှိဖြစ်သောကြောင့်သာ ဤကဲ့သို့ ခွဲခြား၍ ဟောတော်မူနိုင်ပါပေသည်ဟု တရားနာသူတို့၏စိတ်၌ သိမြင်လာနိုင်ပေသည်။ ထို့ကြောင့် ဖော်ပြလတ္တံ့သော မိစ္ဆာအယူကို ခွဲခြား၍ ဟောတော်မူခြင်းသည် သဗ္ဗညုတဉာဏ်တော်၏ ကြီးကျယ်ပုံကို ထင်ရှားပြရာလည်း ရောက်လေတော့သည်။

ထို့ကြောင့် တရားမင်း ဖြစ်တော်မူသော ရှင်တော်ဗုဒ္ဓသည် (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို ခွဲခြားဝေဘန် ပိုင်းခြား၍ ဟောတော်မူလိုသည် ဖြစ်ရကား-

'သန္တိ ဘိက္ခဝေ ဧကေ သမဏ ဗြာဟ္မဏာ' စသည်ဖြင့် ပုစ္ဆာကို ဖြေဆိုကြောင်း စကားရပ်ကို အားထုတ်တော်မူပြီ။ *(ဟောတော်မူပြီ ဟူလို။)*

သန္တိနှင့်စပ်၍ သိမှတ်ဖွယ် ဋီကာဆိုပုံ

'သန္တိ' ကို အဋ္ဌကထာ၌ **'အတ္ထိ, သံဝိဇ္ဇန္တိ, ဥပလဗ္ဘန္တိ'** ဟု ထပ်၍ထပ်၍ ဖွင့်ဆိုခြင်းသည် **'သန္တိ'** အရ ထင်ရှားရှိ၏ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည် မဟုတ်ပေ။ လောက၌ ပညတ်အပ်သော သင်္ကေတပညတ်အားဖြင့် ထင်ရှားရှိခြင်းကို ဆိုလိုသည်။

ဉာဏ်ဖြင့်ကြည့်သောအခါ ထိုမိစ္ဆာအယူရှိကုန်သော သမဏ, ဗြာဟ္မဏတို့ကို တွေ့ရလေသည်။ ထင်ရှားမရှိလျှင် မတွေ့နိုင်, မမြင်နိုင်ပေ။

မိစ္ဆာအယူရှိသူတို့ ထင်ရှားရှိသောကြောင့်သာ 'ဤသူကား မိစ္ဆာဒိဋ္ဌိအယူ ရှိသူတည်း' ဟု ဉာဏ်ဖြင့် ပိုင်းခြား၍ သိရလေသည်။

'သန္တိ' ဟု ဗုဒ္ဓက ပစ္စုပ္ပန်ကြိယာဖြင့် ဟောတော်မူသည့်အတွက် ထိုမိစ္ဆာဒိဋ္ဌိ အယူရှိသူတို့ ယနေ့တိုင်အောင် အဆက်မပြတ် ရှိနေကြောင်းကို ပြဆိုလေသည်။

ဤသို့ **'သန္တိ ဘိက္ခဝေ'** စသည်ဖြင့် မိစ္ဆာအယူရှိသူတို့ကို ထုတ်ဖော်ဟောတော်မူသည့်အတွက် ထိုမိစ္ဆာအယူရှိသူတို့၏ မိစ္ဆာအယူမှ လျော့သွားနိုင်ခြင်း၊ အချို့ လုံးဝကင်းရှင်းသွားနိုင်ခြင်း အကျိုးကိုလည်း **'သန္တိ'** ဖြင့် ထင်ရှားပြရာ ရောက်လေသည်။

ဤကဲ့သို့ **'သန္တိ'** ဟု ပစ္စုပ္ပန်ကြိယာဖြင့် ဟောတော်မူခြင်းသည် ဒေသနာတော်သည် ဒဏ္ဍာရီ မဟုတ်ဘဲ **'အဝိတထာ'** မချွတ်ကေန် အမှန်အဖြစ်ကိုလည်း ပြတော်မူကြောင်းကို ဋီကာဟောင်း, ဋီကာသစ်တို့၌ ပြဆိုထားလေသည်။

သမဏ, ဗြာဟ္မဏ အဓိပ္ပါယ်

(၁) ဗုဒ္ဓသာသနာတော်၌ သမဏ, ဗြာဟ္မဏ ဟူသည် ကိလေသာ, မကောင်းမှုတို့ကို ငြိမ်းစေတတ်မှ သမဏအစစ်၊ ကိလေသာ, မကောင်းမှုတို့ကို မျှောပြီးဖြစ်အောင် ပြုလုပ်ပြီးမှ ဗြာဟ္မဏအစစ်ဟု ခေါ်ဆိုသည်။

(၂) **'သန္တိ ဘိက္ခဝေ ဧကေ သမဏ ဗြာဟ္မဏာ'** ၌ မိစ္ဆာဒိဋ္ဌိအယူကို ယူကြမည့် သမဏ, ဗြာဟ္မဏများ ဖြစ်ခြင်းကြောင့် သမဏအစစ်, ဗြာဟ္မဏအစစ်များ မဟုတ်ကြဘဲ **'ပဗ္ဗဇ္ဇူပဂတ'** ဗုဒ္ဓသာသနာတော်နည်းမှ တပါးသောနည်းဖြင့် ရသေ့, ရဟန်းအဖြစ်သို့ ရောက်လာ၍ သမဏဟုလည်းကောင်း, ဗြာဟ္မဏမျိုး၌ မွေးဖွားသောကြောင့် ဗြာဟ္မဏဟုလည်းကောင်း အထင်ရှားဖြင့် ခေါ်ဆိုခြင်းဖြစ်သည်။

(၃) အချို့လည်း လူအများက 'သမဏ, ဗြာဟ္မဏ' ဟု အသိအမှတ်ပြုထားသောကြောင့် အတွင်ရှင်ပြုအားဖြင့် သမဏ, ဗြာဟ္မဏ ဖြစ်ကြလေသည်။

ပုဗ္ဗန္တကပ္ပိကာ အဖွင့်

ပါဠိတော်၌ **'သန္တိ ဘိက္ခဝေ ဧကေ သမဏ ဗြာဟ္မဏာ ပုဗ္ဗန္တကပ္ပိကာ'** စသည်ဖြင့် ဗုဒ္ဓဟောကြားတော်မူထားရာ၌ အဋ္ဌကထာဆရာသည် 'သန္တိ, သမဏ, ဗြာဟ္မဏ' ပုဒ်တို့ကို ဖွင့်ဆိုပြပြီး၍ 'ပုဗ္ဗန္တ ကပ္ပိကာ' ပုဒ်ကို အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

'ပုဗ္ဗန္တ ကပ္ပိကာ' ရှေးအဖို့ကို ကြံ၍ကြံ၍ ယူတတ်ကုန်သော ဝါ ရှေးအဖို့ကို ကြံခြင်းရှိကုန်သောဟု နေရင်းမူနိသျ နှာ (၄၉) ၌ အနက်ပေးလေသည်။ အဋ္ဌကထာအဖွင့်- နှာ (၉၅ / ၉၆) တို့နှင့်အညီ အနက်ပေးခြင်း ဖြစ်လေသည်။

ပုဗ္ဗန္တ ကပ္ပိကာ- အတိတ်ဖြစ်သော ခန္ဓာအဖို့ကို ဒိဋ္ဌိသဘော တဏှာနောင်၍ တွေးတောကြံစည်တတ်ကြကုန်သည် ဝါ တွေးတောကြံစည်ခြင်း ရှိကြကုန်သည်ဟု သိ ဘာဋီ- ဒုအုပ်- နှာ (၄၆၆) ၌ အနက်ပေးထားလေသည်။ ယင်းသည် အထက်ပါ အဋ္ဌကထာအဖွင့်အပြင် မဟာဋီကာ နှာ (၁၄၀)၊ ဋီကာသစ်- ပအုပ်- နှာ (၃၉၀) တို့နှင့်အညီ အနက်ပေးထားခြင်း ဖြစ်လေသည်။

အန္တသဒ္ဒါ ဟောနိုင်သော အနက်များ

ထို **'ပုဗ္ဗန္တ ကပ္ပိကာ'** ၌ **'ပုဗ္ဗ, အန္တ, ကပ္ပ'** ဟူ၍ သုံးပုဒ်ပါရှိလေရာ ထိုတွင် **'အန္တ'** သဒ္ဒါ၏ ဟောနိုင်သော အနက်များကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြထားလေသည်။

အန္တသဒ္ဒါသည် **အန္တ-** အဆုံး ဟူသောအနက်၊ **အဗ္ဘန္တရ-** အတွင်း ဟူသောအနက်၊ **မရိယာဒ-** အပိုင်းအခြား ဟူသောအနက်၊ **လာမက-** ယုတ်ညံ့ ဟူသောအနက်၊ **ပရဘာဂ-** ထိုမှာဘက်အဖို့ ဟူသောအနက်၊ **ကောဋ္ဌာသ-** အဖို့အစု ဟူသောအနက်တို့၌ ဖြစ်၏ဟု ပြဆိုထားလေသည်။ *(ပေါင်း- ခြောက်နက်)*

အန္တ အနက်ဟော အန္တသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ အန္တသဒ္ဒါ၏ **အန္တ-** အဆုံး ဟူသော အနက်၌ဖြစ်ပုံ သာဓကကို အောက်ပါအတိုင်း ပြဆိုထားလေသည်။

အန္တပူရော ဥဒရပူရော။ *(ခု- ၁- ၃၀၈)*

အန္တပူရော- အူဖြင့် ပြည့်၏၊ **ဥဒရပူရော-** ဝမ်း၌တည်သော အစာသစ်ဖြင့် ပြည့်၏။

အထက်ပါ ပါဠိရပ်သည် သုတ္တနိပါတ် ပါဠိတော် ဥရဂဝဂ် ဝိဇယသုတ္တန်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌ လို အပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ထိုဝိဇယသုတ္တန်၌ ဗုဒ္ဓဟောကြားတော်မူထားအပ်သော ဂါထာသည် (၁၄)ဂါထာ ရှိလေသည်။ ထိုအနက် **'အန္တပူရော ဥဒရပူရော'** စသောဂါထာကား သုံးခုမြောက်ဂါထာ ဖြစ်လေသည်။

ထိုဝိဇယသုတ္တန် ဒေသနာတော်ကို ရှင်တော်ဗုဒ္ဓသည် ခေမကသာကီဝင်မင်း၏ သမီးဖြစ်သော အဘိရူပနန္ဒာ မင်းသမီးကို လည်းကောင်း၊ နန္ဒမင်းသား၏ ဇနီးဖြစ်သော ဇနပဒကလျာဏီ နန္ဒာကိုလည်းကောင်း အကြောင်းပြု၍ ဟောတော်မူခြင်း ဖြစ်လေသည်။

၎င်းမင်းသမီးနှစ်ဦးလုံးပင် ရဟန်းအဖြစ်သို့ ရောက်ပါသော်လည်း မိမိတို့၏ လှပသောအဆင်းကို အလွန်တပ်မက် နှစ်သက်ကြသူများ ဖြစ်လေသည်။ ထို့ကြောင့် ရှင်တော်ဗုဒ္ဓသည် အဆင်း၌ တပ်မက်ခြင်း ကင်းခြင်းငှာ လည်းကောင်း၊ အရဟတ္တဖိုလ်သို့ ရောက်စေခြင်းငှာ လည်းကောင်း ရည်သန်တော်မူ၍ ဤဝိဇယသုတ္တန် ဒေသနာတော်ကို ဟောတော်မူခြင်း ဖြစ်လေသည်။ ဤတရား တော်အဆုံး၌ အဘိရူပနန္ဒာရဟန်းမရော, ဇနပဒကလျာဏီ ခေါ် နန္ဒာရဟန်းမပါ အရဟတ္တဖိုလ်သို့ ရောက်ရှိကြလေသည်။ထို့ပြင် ရှစ်သောင်းလေးထောင်ကုန်သော လူ၊ နတ်၊ ဗြဟ္မာတို့သည်လည်း တရားထူး ရရှိသွားကြလေသည်။ ဤ၌ (၁၄)ဂါထာရှိသည့်အနက် အောက်ပါ (၃)ဂါထာမျှကိုသာ နမူနာအဖြစ် တင်ပြပါသည်။

(က) **အန္တပုရော ဥဒရပူရော၊ ယကနပေဠဿ ဝတ္ထိနော။**
တဒယဿ ပပ္ဖါသဿ၊ ဝက္ကဿ ပိဟကဿစ။

(ခ) **ဒွိပါဒကောယံ အသုစိ၊ ဒုဂ္ဂန္ဓော ပရိဟီရတိ၊**
နာနာကုဏပ ပရိပူရော၊ ဝိဿဝန္တော တတော တတော။

(ဂ) **ဧတာဒိသေန ကာယေန၊ ယော မညေ ဥဏ္ဏမေတဝေ၊**
ပရံဝါ အဝဇာနေယျ၊ ကိမညတြ အဒဿနာတိ။ *(ခု- ၁- ၃၀၈)*

(က) **အယံကာယော-** ဤကိုယ်ကောင်သည်၊ **အန္တပူရော-** အူဖြင့်ပြည့်၏၊ **ဥဒရပူရော-** အစာသစ်ဖြင့်ပြည့်၏၊ **ယကနပေဠဿစ-** အသည်းဆိုင်ဖြင့်လည်းကောင်း၊ **ဝတ္ထိနောစ-** စည်ပေါင်းအိမ်ဖြင့်လည်းကောင်း ဝါ ကျင်ငယ်ဖြင့်လည်းကောင်း၊ **တဒယဿစ-** နှလုံးဖြင့်လည်းကောင်း၊ **ပပ္ဖါသဿစ-** အဆုတ်ဖြင့်လည်းကောင်း၊ **ဝက္ကဿစ-** အညှိုဖြင့်လည်းကောင်း၊ **ပိဟကဿစ-** အဖျဉ်းဖြင့်လည်းကောင်း၊ **ပူရော-** ပြည့်နှက်လျက်ရှိ၏။

(ခ) **ဒွိပါဒကောယံ-** အခြေနှစ်ချောင်းရှိသော ဤကိုယ်သည်၊ **အသုစိ-** မစင်ကြယ်သည်၊ **ဟုတွာ-** ဖြစ်၍၊ **ဒုဂ္ဂန္ဓော-** မကောင်းသောအနံ့ရှိသည်၊ **ဟောတိ-** ဖြစ်၏၊ **တသ္မာ-** ထို့ကြောင့် **ပရိဟီရတိ-** *(ပန်းနံ့သာစသည်တို့ဖြင့် မှုန်ကြိုင်၍)* ဆောင်ရွက်နေရ၏၊ **နာနာကုဏပ ပရိပူရော-** အထူးထူးသော အပုပ်တို့ဖြင့် ပြည့်သည်၊ **ဟုတွာ-** ဖြစ်၍၊ **တတော တတော-** ထိုထို အပေါက်ကြီးငယ်တို့မှ၊ **ဝိဿဝန္တော-** ယိုစီးနေသည်၊ **ဟောတိ-** ဖြစ်၏။

(ဂ) **ယော-** အကြင်သူသည်၊ **ဧတာဒိသေန ကာယေန-** ဤသို့သဘောရှိသော ကိုယ်ဖြင့်၊ **ဥဏ္ဏမေတဝေ-** မာနထောင်လွှားခြင်းငှာ၊ **မညေ-** အောက်မေ့မှတ်ထင်နေဘိ၏၊ **ပရံဝါ-** သူတစ်ပါးကိုလည်း၊ **အဝဇာနေယျ-** မထေမဲ့မြင်ပြုဘိ၏၊ **သော-** ထိုသူ၏ မာနထောင်လွှားမှု, မထေမဲ့မြင်ပြုမှုသည်၊ **အဒဿနာ-** အရိယသစ္စာကို မမြင်ခြင်းမှ၊ **အညတြ-** ကြဉ်ထား၍၊ **ကိံ-** အဘယ်အကြောင်းရှိနိုင်ပါအံ့နည်း၊ **ဣတိ-** ဤသို့မိန့်တော်မူပြီ။

အူ အနက်ပဟော အန္တသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) ပိုး, ဖဲ, ကတ္တီပါ စသော အဝတ်အထည်များသည် တင့်တယ်လှပသော အဝတ်အထည်များ ဖြစ်ကြလေသည်။ မည်သူမဆို ထိုအဝတ်အထည်များကို ဝတ်၍သော်လည်းကောင်း၊ ခင်း၍သော်လည်းကောင်း၊ ခြုံ၍သော်လည်းကောင်း အသုံးပြုကြမည် ဖြစ်သည်။ ဝတ်ဆင်ကြမည် ဖြစ်သည်။ ထွေးပိုက်ကြမည် ဖြစ်သည်။ နမ်းရှုကြမည်ဖြစ်သည်။ သို့ရာတွင် မစင်ကျင်ကြီးများကို ထိုအဝတ်အထည်များဖြင့် ထုပ်ပိုးထားလျှင်မူကား ထိုအဝတ်အထည်များကို အသုံးပြုခြင်း, ဝတ်ဆင်ခြင်း, ခြုံရုံခြင်း, ခင်းခြင်း, ထွေးပိုက်ခြင်း, နမ်းရှုခြင်းများကို ပြုလုပ်ကြမည် မဟုတ်ပေ။

(၂) ဤအတူ ယောကျာ်း, မိန်းမတို့၏ ခန္ဓာကိုယ်သည် အပေါ်က အရေထူ, အရေပါးတို့ဖြင့် ဖုံးလွှမ်းထား၍လည်းကောင်း၊ ထိုအသားအရေများကို ပန်း, နံ့သာ, အဝတ်အထည်တို့ဖြင့် ပြုပြင်ထား၍လည်းကောင်း တင့်တယ်လှပ ချောမောသည်ဟု ထင်မှတ်ကြလေသည်။ ထိုသို့ထင်မှတ်ကြ၍ပင် မိမိခန္ဓာကိုယ်ကိုရော၊ သူတစ်ပါးခန္ဓာကိုယ်ကိုပါ တပ်မက်ခြင်း, နှစ်သက်ခြင်း, ထွေးပိုက်ခြင်း, နမ်းရှုခြင်း, ပေါင်းသင်းဆက်ဆံခြင်းစသည် ပြုလုပ်ကြခြင်း ဖြစ်လေသည်။

(၃) ယောကျာ်း, မိန်းမဟူသော လူ့ခန္ဓာကိုယ်ကို အပြင်ပန်းလောက်ကိုသာ မကြည့်ဘဲနှင့် အတွင်းထိအောင် ကြည့်မည်ဆိုလျှင် လှပတာ, တင့်တယ်တာ, တပ်မက်စရာကောင်းတာတွေ၊ မြတ်နိုးဖွယ်, နှစ်သက်ဖွယ်ကောင်းတာတွေ တစ်ခုမျှ တွေ့မည်မဟုတ်ပေ။ 'အန္တပူရ' ခေါ် အူတို့ဖြင့် ပြည့်နှက်နေသည်ကို တွေ့မြင်ကြရမည် ဖြစ်သည်။ နှပ်, တံတွေး, ချွေး, သွေး, ကျင်ကြီး, ကျင်ငယ်တို့ဖြင့် ပြည့်နှက်နေသည်ကိုသာ တွေ့မြင်သိရှိကြမည် ဖြစ်လေသည်။

(၄) အဘိရူပနန္ဒာနှင့် ဇနပဒကလျာဏီ နန္ဒာတို့သည် ထိုကဲ့သို့ မသိမမြင်သောကြောင့် ငါချောသည်, လှသည်ဟူ၍ မာနဖြင့် ထောင်လွှားကြသည်။ မာနဖြင့် သူတစ်ပါးကို မထေမဲ့မြင် ပြုလုပ်ကြသည်။ ယင်းသို့ဖြစ်ခြင်းသည် မိမိခန္ဓာကိုယ်၏ အတွင်းပိုင်း

သဘာဝကို ကောင်းစွာထင်ထင် မသိမမြင်ကြသောကြောင့်လည်းကောင်း၊ အရိယသစ္စာတို့ကို မသိမမြင်ကြသောကြောင့်လည်းကောင်း ဖြစ်လေသည်။

(၅) အကြင်အခါ၌ ဗုဒ္ဓ၏ တရားဒေသနာတော်ကို နာကြားရ၍ မိမိ၏ အတွင်းသဘာဝ, ခန္ဓာကိုယ်သဘာဝတို့ကို ကောင်းစွာ ထင်ထင် သိမြင်ကြသောအခါ၊ အရိယသစ္စာလေးပါး မြတ်တရားကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် သိမြင်ကြသောအခါ အဘိရူပနန္ဒာနှင့် ဇနပဒကလျာဏီ နန္ဒာတို့သည် ရဟန္တာမအဖြစ်သို့ ရောက်ရှိကြလေသည်။

(၆) ထို့ကြောင့် မိမိတို့၏ ကိုယ်ခန္ဓာ အသုဘကို မြင်အောင်ကြည့်ကြလော့၊ အရိယသစ္စာတရား လေးပါးတို့ကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် မြင်အောင်ကြည့်ကြလော့၊ မာနထောင်လွှားမှု, သူတစ်ပါးတို့ကို မထေမဲ့မြင် ပြုမှုတို့ကို စွန့်လွှတ်နိုင်သူဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။

အဗ္ဘန္တရ– အတွင်းအနက်ဟော အန္တသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အန္တသဒ္ဒါ၏ အန္တ– အုံ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အန္တသဒ္ဒါ၏ အဗ္ဘန္တရ– အတွင်းအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

စရန္တိ လောကေ ပရိဝါရ ဆန္နာ၊ အန္တော အသုဒ္ဓါ ဗဟိ သောဘမာနာ။ *(သံ– ၁– ၇၉)*

လောကေ– လောက၌၊ **ပရိဝါရ ဆန္နာ**– အခြံအရံဖြင့် ဖုံးလွှမ်းအပ်ကုန်သည်၊ **အန္တော**– အတွင်း၌၊ **အသုဒ္ဓါ**– မစင်ကြယ်ကုန်သည်၊ **ဗဟိ**– အပ၌၊ **သောဘမာနာ**– တင့်တယ်ကုန်သည်၊ **ဟုတွာ**– ဖြစ်၍၊ **စရန္တိ**– လှည့်လည်ကြကုန်၏။

အထက်ပါ ပါဠိရပ်သည် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်– ကောသလသံယုတ် ဒုတိယဝဂ်– သတ္တဇဋိလသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည် ဝိသာခါကျောင်းအမကြီး ဆောက်လုပ်လှူဒါန်းထားအပ်သော ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ညချမ်းအခါ၌ ပသေနဒီကောသလမင်းကြီး ရောက်ရှိလာပြီး ဗုဒ္ဓအား ရှိသေစွာ ရှိခိုးလျက် ထိုင်နေစဉ် အချိန်၌ပင်–

ရှည်သော လက်ကတီးမွေး, ရှည်သော လက်သည်း, ခြေသည်း, ရှည်သော အမွေးရှိကုန်သော ဆံကျစ်ထုံး ရသေ့ခုနစ်ယောက်၊ နိဂဏ္ဌတက္ကတွန်း ခုနစ်ယောက်၊ အစေလကတက္ကတွန်း ခုနစ်ယောက်၊ တစ်ထည်တည်းသာဝတ်သော တိတ္ထိခုနစ်ယောက်၊ ပရိဗိုဇ်ခုနစ်ယောက်တို့သည် အထူးထူးအပြားပြားသော ရသေ့အသုံးအဆောင်တို့ကို ယူကုန်၍ ဗုဒ္ဓ၏ မနီးမဝေးမှ ဖြတ်သန်းကျော်လွန်၍ သွားကြလေသည်။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ထိုပုဂ္ဂိုလ်တို့ရှိရာသို့ လက်အုပ်ကိုညွှတ်၍ 'အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ပသေနဒီကောသလမင်းပါတည်း' ဟု သုံးကြိမ်တိုင်အောင် ပြောကြားလေသည်။

ထို့နောက် ပသေနဒီ ကောသလမင်းသည် လောက၌ ရဟန္တာပုဂ္ဂိုလ်များ, အရဟတ္တမဂ်ရသော ပုဂ္ဂိုလ်များ ရှိကြရာတွင် အထက်ပါပုဂ္ဂိုလ်များလည်း ပါဝင်ကြောင်း ဗုဒ္ဓအား လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓသည် ပသေနဒီကောသလမင်းကြီးအား အောက်ပါအတိုင်း ပြန်လည် မိန့်ကြားတော်မူလေသည်။

မင်းကြီး ကာမဂုဏ်ကို ခံစားလေ့ရှိသော လူဖြစ်သောသင်သည် ဤပုဂ္ဂိုလ်တို့သည် ရဟန္တာတို့တည်း။ ဤပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်သို့ ရောက်ကုန်သူတို့တည်းဟု သိနိုင်ခဲသည်သာတည်း။

(၁) သံဝါသေနခေါ မဟာရာဇ သီလံ ဝေဒိတဗ္ဗံ။

မဟာရာဇ– မင်းကြီး၊ **သီလံ**– ကိုယ်ကျင့်တရား သီလကို၊ **သံဝါသေနခေါ**– အတူတကွ နေခြင်းဖြင့်သာလျှင်၊ **ဝေဒိတဗ္ဗံ**– သိနိုင်၏၊ **တဉ္စခေါ ဒီဃေန အဒ္ဓုနာ**– ထိုသို့ သိနိုင်ခြင်းကိုလည်း ကာလကြာမြင့်မှသာလျှင် သိနိုင်၏၊ **နဣတ္တရံ**– တိုသောကာလဖြင့် မသိနိုင်၊ **မနသိကရောတာ**– နှလုံးသွင်းသောသူသည်သာ သိနိုင်၏။ **နော အမနသိကရောတာ**– နှလုံးမသွင်းသောသူသည် မသိနိုင်၊ **ပညဝတာ**– ပညာရှိသူသာ သိနိုင်၏။ **နော ဒုပ္ပညေန**– ပညာမဲ့သူသည် မသိနိုင်။

(၂) သံဝေါဟာရေနခေါ် မဟာရာဇ သောစေယျံ ဝေဒိတဗ္ဗံ။

မဟာရာဇ– မင်းကြီး၊ **သောစေယျံ**– စင်ကြယ်သော အဖြစ်ကို၊ **သံဝေါဟာရေနခေါ်**– နီးနှောပြောဆိုခြင်းဖြင့်သာလျှင်၊ **ဝေဒိတဗ္ဗံ**– သိနိုင်၏။ *(ကျန်တူ)*

(၃) အာပဒါသုခေါ် မဟာရာဇ ထာမော ဝေဒိတဗ္ဗော။

မဟာရာဇ– မင်းကြီး၊ **ထာမော**– ဉာဏ်စွမ်းကို၊ **အာပဒါသုခေါ်**– ဘေးရန်ရှိသော အခါတို့၌သာလျှင်၊ **ဝေဒိတဗ္ဗော**– သိနိုင်၏။ *(ကျန်တူ)*

(၄) သာကစ္ဆာယခေါ် မဟာရာဇ ပညာ ဝေဒိတဗ္ဗာ။

မဟာရာဇ– မင်းကြီး၊ **ပညာ**– ပညာကို၊ **သာကစ္ဆာယခေါ်**– ဆွေးနွေးခြင်းဖြင့်သာ၊ **ဝေဒိတဗ္ဗာ**– သိနိုင်၏။ *(ကျန်တူ)*

ထိုအခါ ပသေနဒိကောသလမင်းကြီးသည် ဗုဒ္ဓအား အောက်ပါစကားကို လျှောက်ကြားလေသည်။

'ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား၊ အံ့ဩဖွယ် ဖြစ်ပါပေစွ။ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ။ အထက်ပါ ရှင်တော်ဗုဒ္ဓ မိန့်ကြားတော်မူအပ်သော စကားသည်၊ **သုဘာသိတံ**– ကောင်းစွာ မိန့်ဆိုအပ်သောစကား ဖြစ်ပါပေ၏။

ရှင်တော်ဗုဒ္ဓဘုရား တပည့်တော်၏ မင်းချင်းယောက်ျား ဖြစ်ကုန်သော၊ **တေ ဩစရကာ**– ထိုသူလျှို (ထောက်လှမ်းရေး)တို့ သည်၊ **ဇနပဒံ**– ဇနပုဒ်ကို၊ **ဩစရိတ္ဝာ**– စူးစမ်းထောက်လှမ်း၍၊ **အာဂစ္ဆန္တိ**– လာကြကုန်၏။ **တေဟိ**– ထိုသူလျှို ထောက်လှမ်းရေးတို့ သည်၊ **ပဌမံ**– ရှေးဦးစွာ၊ **ဩစိဏ္ဏံ**– စုံစမ်းအပ်ပြီးသည်ကို၊ **အဟံ**– တပည့်တော်သည်၊ **ပစ္ဆာ**– နောက်မှ၊ **ဩသာပယိဿာမိ**– ဆုံးဖြတ်ပြီးစီးစေပါ၏။ ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား၊ ထိုသူလျှိုမင်းချင်းတို့သည် မကြာမီ ရေမိုးချိုးပြီး၍ ကာမဂုဏ် စည်းစိမ်တို့ကို ခံစားကြပေကုန်လတ္တံ့။'

အထခေါ် ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမာ ဂါထာယော အဘာသိ။

အထခေါ်– ထိုအခါ၌၊ **ဘဂဝါ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **တာယံ ဝေလာယံ**– ထိုအချိန်၌၊ **ဧတမတ္ထံ**– ထိုအကြောင်းကို၊ **ဝိဒိတွာ**– သိတော်မူ၍၊ **ဣမာ ဂါထာယော**– ဤအောက်ပါဂါထာတို့ကို၊ **အဘာသိ**– ရွတ်ဆိုတော်မူလေပြီ။

(က) န ဝဏ္ဏရူပေန နရော သုဇာနော၊
န ဝိဿသေ ဣတ္တရဒဿနေန၊
သုသညတာနံ ဟိ ဝိယဉ္ဇနေန၊
အသညတာ လောကမိမံ စရန္တိ။

(ခ) ပတိရူပကော မတ္တိကာ ကုဏ္ဍလောဝ၊
လောဟဍ္ဎမာသောဝ သုဝဏ္ဏဆန္နော၊
စရန္တိ လောကေ ပရိဝါရဆန္နာ၊
အန္တော အသုဒ္ဓါ ဗဟိ သောဘမာနာတိ။

(က) **ဝဏ္ဏရူပေန**– အဆင်းသဏ္ဌာန်မျှဖြင့်၊ **နရော**– လူကို၊ **သုဇာနော**– သိလွယ်သည်။ **နဟောတိ**– မဖြစ်။ **ဣတ္တရ ဒဿနေန**– ခဏခေတ္တ မြင်တွေ့ကာမျှဖြင့်၊ **နဝိဿသေ**– အကျွမ်းမဝင်ရာ၊ **ဟိ**– မှန်၏။ **အသညတာ**– ကိုယ်, နှုတ်, နှလုံး သုံး ပါးလုံးကို မစောင့်စည်းသောသူတို့သည်၊ **သုသညတာနံ**– ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးကို ကောင်းစွာစောင့်စည်းကုန်သော သူ တို့၏၊ **ဝိယဉ္ဇနေန**– အသုံးအဆောင်ဖြင့်၊ **ဣမံ လောကံ**– ဤလောကသို့၊ **စရန္တိ**– လှည့်လည်သွားလာကုန်၏။

(ခ) **လောကေ**– လောက၌၊ **ပရိဝါရဆန္နာ**– သူမြတ်တို့၏ အဝတ်အကာဖြင့် ဖုံးလွှမ်းအပ်ကုန်သော သူတို့သည်၊ **ပတိရူပကော**– ရွှေနားဒောင်းတုဖြစ်သော၊ **မတ္တိကာကုဏ္ဍလော ဣဝ**– မြေနားဒောင်းကဲ့သို့လည်းကောင်း၊ **သုဝဏ္ဏဆန္နော**– ရွှေဖြင့် ဖုံးလွှမ်းအပ်သော ဝါ ရွှေရည်စိမ်သော၊ **လောဟဍ္ဎမာသော ဝ**– ပဲဝက်မျှထိုက်သော ကြေးလက်ကောက်ကဲ့သို့လည်းကောင်း၊ **အန္တော**– အတွင်း၌၊ **အသုဒ္ဓါ**– မစင်ကြယ်ကုန်သည်ဖြစ်၍၊ **ဗဟိ**– အပ၌၊ **သောဘမာနာ**– တင့်တယ်ကုန်သည်ဖြစ်၍၊ **စရန္တိ**– လှည့်လည်သွားလာကုန်၏။ **ဣတိ**– ဤသို့ရွတ်ဆိုတော်မူပြီ။

အဇ္ဈတ္တရ– အတွင်းအနက်ဟော အန္တသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) သူယုတ်မာဖြစ်လျက် သူတော်ကောင်းဟန်ဆောင်တတ်သူများကို 'ကြောင်သူတော်' ဟူ၍ ပြောဆိုလေ့ရှိကြသည်။ ကြောင်သူတော်သည် ရှေးဦးစွာ ကြွက်ကို မခုတ်တတ်ဟန်ဆောင်၏။ ထို့နောက် ကြွက်ကို ခုတ်သတ်၍ စားလေသည်။ ထို့အတူ သူယုတ်မာ, လူလိမ်, လူကောက်, လူမိုက်တို့သည် သူတော်ကောင်း ဟန်ဆောင်လျက် လူ့လောကအတွင်းသို့ လှည့်လည်သွားလာကာ လိမ်ညာလှည့်ဖျား၍ စားသောက်လေ့ရှိကြလေသည်။ **အလိမ်အညာခံရပြီးမှ မရှုနိုင်မရှိက်နိုင် ဖြစ်တတ်သောကြောင့် လှည့်လည်၍ စားသောက်နေကြကုန်သော ကြောင်သူတော်များကို အထူးသတိပြု၍ ရှောင်ရှားကြပါကုန်လော့။**

(၂) အရာရာတွင် ရွှေတု, ငွေတု, ရဟန်းတု, သူတော်ကောင်းတု စသည်ဖြင့် အတုအယောင်တို့ မြောက်များစွာ ရှိကြလေသည်။ ၎င်းအတုအယောင်များသည် အပေါ်ယံက အစစ်နှင့်တူအောင် ဖုံးလွှမ်းထားတတ်ကြသော်လည်း အတွင်း၌ကား အလွန်မစင်ကြယ်သော ကောက်ကျစ်ယုတ်မာသော သဘောရှိလေသည်။ ၎င်းအတုအယောင်များသည် မိမိထံ ချဉ်းကပ်လာသူတို့အား အယုံသွင်းကာ အကြီးအကျယ် ဒုက္ခပေးတတ်ကြလေသည်။ **ထို့ကြောင့် အတုအယောင်အမျိုးမျိုးကို အထူးသတိထား၍ ရှောင်ရှားနိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

မရိယာဒ– အပိုင်းအခြား အနက်ဟော အန္တသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အန္တသဒ္ဒါ၏ အတွင်းအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အန္တသဒ္ဒါ၏ မရိယာဒ– အပိုင်းအခြား အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

သာ တရိတန္တံ ဝါ ပဋ္ဌန္တံ ဝါ သေလန္တံ ဝါ ဥဒကန္တံ ဝါ *(မ– ၁– ၂၄၆)*

သာ– ထိုတေဇောဓာတ်သည်၊ **တရိတန္တံ ဝါ**– စိမ်းစိုသော မြက်သစ်ပင် အပိုင်းအခြားသို့သော်လည်းကောင်း၊ **ပဋ္ဌန္တံ ဝါ**– လမ်းအပိုင်းအခြားသို့သော်လည်းကောင်း၊ **သေလန္တံ ဝါ**– ကျောက်တောင် အပိုင်းအခြားသို့သော်လည်းကောင်း၊ **ဥဒကန္တံ ဝါ**– ရေ အပိုင်းအခြားသို့သော်လည်းကောင်း။

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသပါဠိတော်– မဟာဟတ္ထိပဒေါပမသုတ္တန်၌ လာရှိလေသည်။ ထိုသုတ္တန်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးသည် ရဟန်းတို့အား ဟောကြားတော်မူသောတရား ဖြစ်လေသည်။

ကုန်းသတ္တဝါတို့၏ ခြေရာတို့တွင် ဆင်၏ခြေရာသည် အကြီးဆုံးဖြစ်သည်။ အားလုံးကုန်သော သတ္တဝါတို့၏ ခြေရာသည် ဆင်၏ခြေရာအတွင်းသို့ ဝင်ရောက်လေသကဲ့သို့ ထို့အတူ ကုသိုလ်တရားအားလုံးတို့သည် အရိယသစ္စာ လေးပါးအတွင်းသို့ ဝင်ရောက်လေသည်။ ထိုတွင် ဒုက္ခသစ္စာအရ၌ ဓာတ်ကြီးလေးပါးလည်း ပါဝင်သည်ဖြစ်ရာ ဓာတ်ကြီးလေးပါးကို တစ်ပါးစီတစ်ပါးစီ သရုပ်ထုတ်၍လည်းကောင်း၊ အဇ္ဈတ္တ, ဗဟိဒ္ဓ ခွဲခြား၍လည်းကောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ပုံသဘောကိုလည်းကောင်း ဟောကြားတော်မူလေသည်။ အထက်ပါ ပါဠိရပ်သည် ဗဟိဒ္ဓတေဇောဓာတ်၏ အနိစ္စဖြစ်ပုံသဘောကို ဟောကြားခြင်း ဖြစ်လေသည်။ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဟောတိ ခေါ သော အာဝုသော သမယော၊ ယံ ဗာဟိရာ တေဇောဓာတု ပကုပ္ပတိ။

အာဝုသော– ငါ့ရှင်တို့ **ယံ**– အကြင်အခါ၌၊ **ဗာဟိရာ**– အပ၌ဖြစ်သော၊ **တေဇောဓာတု**– တေဇောဓာတ်သည်၊ **ပကုပ္ပတိ**– ပျက်စီး၏၊ **သော သမယော**– ထိုအခါသည်၊ **ဟောတိခေါ**– ရှိသည်သာတည်း။

(၂) သာ ဂါမံပိ ဒဟတိ၊ နိဂမံပိ ဒဟတိ၊ နဂရံပိ ဒဟတိ၊ ဇနပဒံပိ ဒဟတိ၊ ဇနပဒပဒေသံပိ ဒဟတိ။

သာ– ထိုတေဇောဓာတ်သည်၊ **ဂါမမ္ပိ**– ရွာကိုလည်း၊ **ဒဟတိ**– လောင်၏၊ **နိဂမံပိ**– နိဂုံးကိုလည်း၊ **ဒဟတိ**– လောင်၏၊

နဂရံပိ- မြို့ကိုလည်း၊ ဒဟတိ- လောင်၏၊ ဇနပဒံပိ- ဇနပုဒ်ကိုလည်း၊ ဒဟတိ- လောင်၏၊ ဇနပဒပဒေသံပိ- ဇနပုဒ်ရပ်ကွက်ကိုလည်း၊ ဒဟတိ- လောင်၏။

(၃) သာ ဟရိတန္တံ ဝါ ပန္ထန္တံ ဝါ သေလန္တံ ဝါ ဥဒကန္တံ ဝါ ရမဏီယံ ဝါ ဘူမိဘာဂံ အာဂမ္မ အနာဟာရာ နိဗ္ဗာယတိ။

သာ- ထိုတေဇောဓာတ်သည်၊ တရိတန္တံ ဝါ- စိမ်းစိုသော မြက်သစ်ပင် အပိုင်းအခြားသို့သော်လည်းကောင်း၊ ပန္ထန္တံ ဝါ- လမ်းအပိုင်းအခြားသို့သော်လည်းကောင်း၊ သေလန္တံ ဝါ- ကျောက်တောင် အပိုင်းအခြားသို့သော်လည်းကောင်း၊ ဥဒကန္တံ ဝါ- ရေအပိုင်းအခြားသို့သော်လည်းကောင်း၊ ရမဏီယံ ဝါ- မွေ့လျော်ဖွယ်ကောင်းသော၊ ဘူမိဘာဂံ ဝါ- မြေအပြင်သို့သော်လည်းကောင်း၊ အာဂမ္မ- ရောက်လတ်သည်ရှိသော်၊ အနာဟာရာ- လောင်စာမရှိသည်၊ ဟုတွာ- ဖြစ်၍၊ နိဗ္ဗာယတိ- ငြိမ်း၏။

(၄) ဧဝံ ဧဝ ခေါ သော အာဝုသော သမယော ယံ ကုက္ကုဋ္ဋပတ္တေနပိ နှာရုဒဒ္ဒုလေနပိ အဂ္ဂိံ ဂဝေသန္တိ။

ယံ- အကြင်အခါ၌၊ ကုက္ကုဋ္ဋပတ္တေနပိ- ကြက်တောင်ဖြင့်လည်းကောင်း၊ နှာရုဒဒ္ဒုလေနပိ- အကြောအပိုင်းအစဖြင့်လည်းကောင်း ဝါ သားရေမျှဖြင့်လည်းကောင်း၊ အဂ္ဂိံ- မီးကို၊ ဂဝေသန္တိ- ရှာကုန်၏။ သော သမယော- ထိုမီးရှာရာအခါသည်၊ ဧဝံ ဧဝ ခေါ- ရှိသည်သာလျှင်တည်း။

(၅) တဿာ တိ နာမ အာဝုသော ဗာဟိရာယ တေဇောဓာတုယာ တာဝ မဟလ္လိကာယ အနိစ္စတာ ပညာယိဿတိ။ ခယ ဓမ္မတာ ပညာယိဿတိ၊ ဝယ ဓမ္မတာ ပညာယိဿတိ၊ ဝိပရိဏာမ ဓမ္မတာ ပညာယိဿတိ၊ ကိံ ပနိမဿ မတ္တဋ္ဌကဿ ကာယဿ တဏှုပါဒိန္နဿ 'အဟန္တိ ဝါ မမန္တိ ဝါ အသ္မီတိ ဝါ'။ အထခွါဿ နောတေဝေတ္ထ ဟောတိ။

အာဝုသော- ငါ့ရှင်တို့၊ တဿာတိ- ထိုသို့ ရှာမှီးရသောကြောင့်သာလျှင်၊ တာဝ မဟလ္လိကာယ- ထိုမျှလောက်ကြီးသော၊ ဗာဟိရာယ- အပဖြစ်သော၊ တေဇောဓာတုယာ- တေဇောဓာတ်၏၊ အနိစ္စတာ- မမြဲသည်၏ အဖြစ်သည်၊ ပညာယိဿတိ နာမ- ထင်ရှားတုံဘိ၏။ ခယ ဓမ္မတာ- ကုန်ခြင်းသဘောရှိသည်၏ အဖြစ်သည်၊ ပညာယိဿတိ နာမ- ထင်ရှားတုံဘိ၏။ ဝယ ဓမ္မတာ- ပျက်ခြင်းသဘောရှိသည်၏ အဖြစ်သည်၊ ပညာယိဿတိ နာမ- ထင်ရှားတုံဘိ၏။ ဝိပရိဏာမ ဓမ္မတာ- ဖောက်ပြန်ခြင်းသဘောရှိသည်၏ အဖြစ်သည်၊ ပညာယိဿတိ နာမ- ထင်ရှားတုံဘိ၏။ မတ္တဋ္ဌကဿ- အနည်းငယ်မျှ တည်ခြင်းရှိသော၊ တဏှုပါဒိန္နဿ- တဏှာသည် စွဲယူအပ်သော၊ ဣမဿ ကာယဿ- ဤခန္ဓာကိုယ်အား၊ အဟန္တိ ဝါ- ငါဟူ၍ လည်းကောင်း၊ မမန္တိ ဝါ- ငါ့ပိုင်ဥစ္စာဟူ၍ လည်းကောင်း၊ အသ္မီတိ ဝါ- ငါဖြစ်၏ဟူ၍ လည်းကောင်း၊ ကိံ ပန- အဘယ်မှာ စွဲယူသင့်ပါအံ့နည်း။ အထခေါ- ထိုအခါ၌၊ အဿ- ထိုပုဂ္ဂိုလ်၏၊ ဧတ္ထ- ဤအဇ္ဈတ္တိကတေဇောဓာတ်၌၊ ဂါဟော- စွဲလမ်းယူခြင်းသည်၊ နောတေဝ ဟောတိ- မဖြစ်တော့သည်သာတည်း။

(၆) ထိုသို့ တေဇောဓာတ်ကို 'အနိစ္စ, ဒုက္ခ, အနတ္တ' ဟူ၍ ဘာဝနာဉာဏ်ဖြင့် သိမြင်ရှုမြင်နေသော ပုဂ္ဂိုလ်တို့အား တစ်ပါးသူတို့က မည်မျှပင် ဆဲဆိုကြိမ်းမောင်း ရိုက်နှက်ခြင်းကို ပြုပါစေ။ ထိုသို့ပြုခြင်းကြောင့် အကယ်၍ ဥပေက္ခာကုသိုလ်စိတ်၌ မတည်အံ့၊ ဒေါသ, ဒေါမနဿဖြစ်အံ့-

(၇) အလာဘာ ဝတ မေ- ငါ့မှာ အရမတော်လေစွတကား၊ န ဝတ မေ လာဘာ- ငါ့မှာ အရတော်သည် မဟုတ်လေစွတကား၊ ဒုလ္လဒ္ဓံ ဝတ မေ- ငါသည် မကောင်းသဖြင့် ရလေစွတကား၊ န ဝတ မေ သုလဒ္ဓံ- ငါသည် ကောင်းစွာရသည် မဟုတ်လေစွတကား ဟု၊ သံဝေဂံ ဥပ္ပဇ္ဇတိ- ထိတ်လန့်ခြင်းသို့ ရောက်၏။

(၈) ထိုသို့ တေဇောဓာတ်ကို 'အနိစ္စ, ဒုက္ခ, အနတ္တ' ဟူ၍ ဘာဝနာဉာဏ်ဖြင့် သိမြင်ရှုမြင်နေသော ပုဂ္ဂိုလ်သည် မိမိအား သူတစ်ပါးတို့က မည်မျှပင် ဆဲဆိုကြိမ်းမောင်း ရိုက်နှက်ခြင်းကို ပြုပါစေ။ ထိုသို့ပြုခြင်းကြောင့် ဒေါသ, ဒေါမနဿစိတ်ကို မဖြစ်စေဘဲ ဥပေက္ခာကုသိုလ်စိတ်၌သာ တည်ကြည်သူဖြစ်အံ့-

(၉) သော တေန အတ္တမနော ဟောတိ- ထိုပုဂ္ဂိုလ်သည် ထိုသို့ ဥပေက္ခာကုသိုလ်စိတ်၌ တည်ခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေသည်။ **ဧတ္တာဝတာပိ ခေါ အာဝုသော ဘိက္ခုနော ဗဟုကတံ ဟောတိ။** အာဝုသော- ငါ့ရှင်တို့၊ ဧတ္တာဝတာပိ ခေါ- ဤမျှအတိုင်းအရှည်ဖြင့်လည်း၊ ဘိက္ခုနော- ရဟန်းသည်၊ ဗဟုကတံ- (ဗုဒ္ဓ၏ အဆုံးအမကို) များစွာလိုက်နာရခြင်းကို ပြုအပ်သည်၊ ဟောတိ- ဖြစ်လေတော့၏။

မရိယာဒ– အပိုင်းအခြား အနက်ဟော အန္တသဒ္ဒါက တရားဟောပုံသဘော

(၁) တေဇောဓာတ်သည် **အဇ္ဈတ္တိက တေဇောဓာတ်၊ ဗာဟိရ တေဇောဓာတ်** ဟူ၍ နှစ်မျိုးရှိသည်။ **အဇ္ဈတ္တိက တေဇောဓာတ်** ဟူသည် မိမိတို့၏ ခန္ဓာကိုယ်၌ရှိသော တေဇောဓာတ် ဖြစ်သည်။ **ဗာဟိရ တေဇောဓာတ်** ဟူသည် မိမိတို့၏ ခန္ဓာကိုယ် အပြင်ဘက်ရှိ အိုး, အိမ်, တိုက်တာ, သစ်ပင်, တော, တောင်, မြို့, ရွာ, ဇနပုဒ် စသည်တို့ ဖြစ်လေသည်။ တေဇောဓာတ်သည် အေးခြင်းသဘော, ပူခြင်းသဘော, လောင်မြိုက်ခြင်းသဘော ရှိသည်။ တေဇောဓာတ်– မီးဓာတ်၏ လောင်မြိုက်မှုကြောင့် ယနေ့ကမ္ဘာကြီး၌ အိုး, အိမ်, တိုက်တာပေါင်း မြောက်များစွာ၊ သစ်ပင်, တော, တောင်ပေါင်း မြောက်များစွာ၊ မြို့, ရွာ, တိုက်တာပေါင်း မြောက်များစွာ၊ လူ့အသက်ပေါင်း မြောက်များစွာ ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်ကြရလေသည်။

(၂) မြို့, ရွာ, ဇနပုဒ်, သစ်ပင်, တော, တောင်တို့ကို လောင်မြိုက်သော တေဇောဓာတ် ခေါ် မီးဓာတ်သည် အလွန်ကြီးကျယ်သော တေဇောဓာတ် ဖြစ်သည်။ မည်မျှပင် ကြီးကျယ်သော တေဇောဓာတ် ဖြစ်စေကာမူ လောင်စာရှိသရွေ့သာ လောင်မည်ဖြစ်သည်။ လောင်စာမရှိသောအခါ လောင်နေသော တေဇောဓာတ်သည် ချုပ်ငြိမ်းခြင်းသို့ ရောက်သွားရပေသည်။ ယင်းသည် ဗာဟိရ တေဇောဓာတ်၏ အများသိမြင်နိုင်သော အနိစ္စသဘော ဖြစ်သည်။

(၃) ထိုမျှ ကြီးကျယ်သော တေဇောဓာတ်သည်ပင် အနိစ္စသဘော ဖြစ်သည်ဟုဆိုလျှင် မိမိတို့၏ ခန္ဓာကိုယ်၌ရှိသော တေဇောဓာတ်သည် ပြောစရာ မလိုတော့ပေ။ စက္ကန့်တိုင်း စက္ကန့်တိုင်း တေဇောဓာတ်တို့၏ ဖြစ်လိုက်, ပျက်လိုက်ဖြင့် နှိပ်စက်ခြင်း အနိစ္စသဘော၊ လောင်မြိုက်ဆွေးမြေ့ခြင်း အနိစ္စသဘောသည် ထပ်ခါ ထပ်ခါ အထပ်ထပ် နှိပ်စက်လျက်ရှိနေသည်။ ယင်းသို့ ထပ်ခါ ထပ်ခါ အထပ်ထပ် ဖြစ်ခြင်း, ပျက်ခြင်း, လောင်မြိုက်ခြင်း, ဆွေးမြေ့ခြင်း, ရင့်ရော်ခြင်း, အိုမင်းခြင်းဟူသော အနိစ္စသဘောသည် သုခ မဟုတ်ပေ။ ဒုက္ခ ဖြစ်သည်။ အကြောင်းကို စွဲမှီ၍ ဖြစ်ပျက်နေသော ထိုတေဇောဓာတ်ကို ငါပိုင် ငါဆိုင် လုပ်၍မရပေ။ အနှစ်သာရ မရှိပေ။ ထို့ကြောင့် အနတ္တ ဖြစ်လေသည်။ ထို့ကြောင့် တေဇောဓာတ်သည် **'အနိစ္စ, ဒုက္ခ, အနတ္တ'** တရား ဖြစ်လေသည်။

(၄) ထိုတေဇောဓာတ်၏ **'အနိစ္စ, ဒုက္ခ, အနတ္တ'** သဘောကို **အာရဒ္ဓဝိပဿက**– ဝိပဿနာရှုပွားနေသောပုဂ္ဂိုလ်သည် ဘာဝနာဉာဏ်, ဝိပဿနာဉာဏ်ဖြင့်သာ သိမြင်နိုင်ပေသည်။ တေဇောဓာတ်နှင့်တကွ ဓာတ်ကြီးလေးပါးကို လည်းကောင်း၊ ဤခန္ဓာငါးပါးကိုလည်းကောင်း ရုပ်နာမ်မျှသာဟူ၍၊ အနိစ္စ, ဒုက္ခ, အနတ္တ တရားမျှသာဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်လာသော ပုဂ္ဂိုလ်သည် မိမိအား ဆဲဆိုခြင်း, ရိုက်ပုတ်ခြင်း စသည် မည်မျှပင် ပြုလုပ်စေကာမူ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်းများကို ရှောင်ကြဉ်နိုင်သည်။ ရန်ပြုလာသူတို့အား ဥပေက္ခာ ပြုလာနိုင်သည်။ မိမိ၏ ရှုမှတ်မှု ဝိပဿနာတရား၌သာ စိတ်တည်နေသည်။ ထိုပုဂ္ဂိုလ်သည်သာ ဗုဒ္ဓ၏ အဆုံးအမကို ကောင်းစွာလိုက်နာသူ ဖြစ်လေသည်။

(၅) လူတစ်ဦးတစ်ယောက်သည် မိမိပိုင်ဆိုင်သည်ဟု သတ်မှတ်ထားသော ပစ္စည်းဝတ္ထုကို ထိပါးပုတ်ခတ်လာလျှင်လည်းကောင်း၊ ဖျက်ဆီးမှုပြုလျှင်လည်းကောင်း ဒေါသ, ဒေါမနဿတို့ ဖြစ်ကြမည်ဖြစ်သည်။ မခံမရပ်နိုင် ဖြစ်ကြမည်ဖြစ်သည်။ စွမ်းနိုင်သလို ရန်တုံ့မှုကြမည်ဖြစ်သည်။ ထိုထက်ပို၍ မိမိခန္ဓာကိုယ်ကို တိုက်ရိုက်ဆဲဆို ထိပါးပုတ်ခတ်လာလျှင်မူကား ပြောဘွယ်ရာ မလိုတော့ပေ။ ယင်းမှာ ငါပိုင်သည်, ငါဆိုင်သည်ဟု သဘောထားသောကြောင့် ဖြစ်သည်။

(၆) လူတစ်ဦးတစ်ယောက်သည် မိမိပိုင်ဆိုင်သည်ဟု သတ်မှတ်မထားသော မြက်များကိုလည်းကောင်း, သစ်ရွက်များကိုလည်းကောင်း, အမှိုက်များကိုလည်းကောင်း ဘယ်လိုပင် ဖျက်ဆီးခြင်း ပြုနေပါစေ။ မိမိမှာ ဒေါသ, ဒေါမနဿစိတ်, မခံချင်စိတ် လုံးဝမဖြစ်ပေ။ စိတ်လှုပ်ရှားမှု လုံးဝမဖြစ်ပေ။ ယင်းမှာ ပိုင်ဆိုင်သည်ဟု သတ်မှတ်မထားသောကြောင့် ဖြစ်သည်။ အနှစ်သာရရှိသည်ဟု သတ်မှတ်မထားသောကြောင့် ဖြစ်သည်။ ဤအတူ မိမိ၏ အဇ္ဈတ္တခန္ဓာကိုယ်ကို ငါပိုင် ငါဆိုင် မဟုတ်။ အနိစ္စ, ဒုက္ခ, အနတ္တသာ ဖြစ်သည်ဟု ဝိပဿနာဉာဏ်အမြင်ဖြင့် ဟုတ်တိုင်းမှန်စွာ ရှုမြင်နေကြသူတို့မှာလည်း အခြားသူတို့၏ စော်ကားမော်ကား ပြုလာမှုမှန်သမျှကို ဥပေက္ခာ ပြုနိုင်မည် ဖြစ်သည်။ ဒေါသစိတ်, ဒေါမနဿစိတ်, မကျေနပ်စိတ်ကို ရှောင်ရှားနိုင်မည် ဖြစ်သည်။ စိတ်တည်ငြိမ်စွာ ထားရှိနိုင်မည် ဖြစ်သည်။ ထို့ကြောင့် **မိမိခန္ဓာကိုယ်ကို ငါပိုင် ငါဆိုင် မဟုတ်ဟု ထင်မြင်အောင်၊ အနိစ္စ, ဒုက္ခ, အနတ္တ ထင်မြင်အောင် ဝိပဿနာတရားကို ကြိုးစားအားထုတ်ကြပါကုန်လော့။**

လာဓက– ယုတ်ညံ့အနက်ဟော အန္တသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အန္တသဒ္ဒါ၏ **မရိယာဒ**– ပိုင်းခြားခြင်းအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အန္တသဒ္ဒါ၏ **လာဓက**– ယုတ်ညံ့ခြင်းအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အန္တမိဒံ ဘိက္ခဝေ ဇီဝိကာနံ ယဒိဒံ ပိဏ္ဍောလျံ *(သံ– ၂– ၇၆)*

ဘိက္ခဝေ– ရဟန်းတို့၊ **ယဒိဒံ ပိဏ္ဍောလျံ**– အကြင် ဆွမ်းကိုရှာမှီးရသူ၏ အဖြစ်သည် ဝါ ဆွမ်းခံ၍ စားရခြင်းသည်၊ **အတ္ထိ**– ရှိ၏၊ **ဣဒံ**– ဤဆွမ်းခံ၍ စားရခြင်းသည်၊ **ဇီဝိကာနံ**– အသက်မွေးခြင်းတို့တွင်၊ **အန္တံ**– အညံ့ဆုံးတည်း ဝါ အောက်တန်းအကျဆုံးတည်း၊ *(အယုတ်ဆုံးတည်း) (ဤကား အန္တသဒ္ဒါ၏ လာဓက– ယုတ်ညံ့ခြင်းအနက်၌ ဖြစ်ပုံတည်း။)*

အထက်ပါ ပါဠိရပ်သည် သံယုတ်ပါဠိတော်– **ခန္ဓဝဂ္ဂသံယုတ်– ခဇ္ဇနီယဝဂ်– ပိဏ္ဍောလျသုတ်**၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌ဖော်ပြလိုသော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ထိုသုတ်ကို ဟောတော်မူခြင်း ဖြစ်သည်။ ဗုဒ္ဓသည် ရဟန်းအပေါင်း ခြံရံလျက် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းသို့ ရောက်သွားတော်မူသော အချိန်သည် နေ့ဆွမ်းဘုန်းပေးပြီး မွန်းလွဲအချိန်၌ ရောက်သွားခြင်း ဖြစ်သည်။ သာကီဝင်မင်းအပေါင်းတို့သည် မွန်းလွဲအချိန်၌ သုံးဆောင်ရန် သင့်လျော်သော **'ဆီ, တင်လဲ, ပျားရည်, အချော်'** အစရှိသော မြောက်များစွာသော လျှဘွယ်တို့ကို ရဟန်းအပေါင်းအား လှူဒါန်းလေရာ ငယ်ရွယ်ကုန်သော အချို့ရဟန်းတို့သည် 'တပည့်တော်အတွက် ပေးပါ။ တပည့်တော်ဆရာအတွက်လည်း ပေးပါဦး။ တပည့်တော် ဥပဇ္ဈာယ်ဆရာအတွက်လည်း ပေးပါဦး။' စသည်ဖြင့် အလုအယက် ကျယ်လောင်သော အသံတို့ဖြင့် ဝိုင်းအုံတောင်းကြလေသည်။ ငါးစိမ်းသည်များ ငါးကိုအလုအယက် ရောင်းကြသည်ကဲ့သို့ ရဟန်းငယ်အပေါင်းတို့၏ အသံသည် ညံကြွက်လျက်ရှိလေသည်။

ဗုဒ္ဓသည် အသံဆူညံခြင်းကြောင့် ထိုရဟန်းအပေါင်းအား ကိုယ်တော်၏ အနီးအပါး၌ မနေကြရန် နှင်ထုတ်တော်မူလေသည်။ နောက်နေ့၌ ဗုဒ္ဓသည် နံနက်အချိန်အခါ၌ ဆွမ်းခံကြွတော်မူပြီးနောက် မဟာဝုန်တောသို့ ဝင်ရောက်၍ ဥသျှစ်ပင်ရင်း၌ နေ့သန့်စင်ရန် တစ်ပါးတည်း ဆိတ်ငြိမ်စွာ သီတင်းသုံးတော်မူနေရင်းမှ 'နုနယ်သော နွားကလေးသည် မိခင်နွားမကြီးကို မမြင်ရသော် ပျက်စီးရာသကဲ့သို့လည်းကောင်း၊ နုနယ်သော မျိုးစေ့တို့သည် ရေကို မရသည်ရှိသော် ပျက်စီးရာသကဲ့သို့လည်းကောင်း ဤသာသနာတော်သို့ ရောက်လာကာစ ရဟန်းငယ်အပေါင်းတို့သည် ငါဗုဒ္ဓကို မမြင်ရသည်ရှိသော် ပျက်စီးခြင်းသို့ ရောက်ရှိပေလိမ့်မည်။ (အခြားတိတ္ထိတို့ ဘာသာသို့မူလည်း ပြောင်းသွားနိုင်သည်။ သိက္ခာချ၍ လူမူလည်း ထွက်သွားနိုင်သည်။) ဟု ကြံစည်စဉ်းစားတော်မူ၍ ထိုနေရာမှ နိဂြောဓာရုံကျောင်းသို့ကြွကာ ထိုရဟန်းအပေါင်းတို့ကို ခေါ်ယူလျက် အောက်ပါတရားစကားကို မိန့်ကြားတော်မူလေသည်။

(၁) အန္တမိဒံ ဘိက္ခဝေ ဇီဝိကာနံ ယဒိဒံ ပိဏ္ဍောလျံ၊ 'အဘိသာပေါ ယံ ဘိက္ခဝေ လောကသ္မိံ ပိဏ္ဍောလော ဝိစရသိ ပတ္တပါဏီ'တိ။

ဘိက္ခဝေ– ရဟန်းတို့၊ **ဇီဝိကာနံ**– အသက်မွေးခြင်းတို့တွင်၊ **ယဒိဒံ ပိဏ္ဍောလျံ**– အကြင်ဆွမ်းခံလှည့်လည်၍ စားရသော အသက်မွေးမှုသည်၊ **အတ္ထိ**– ရှိ၏၊ **ဣဒံ**– ဤဆွမ်းခံ၍ စားရခြင်းသည်၊ **အန္တံ**– အယုတ်ဆုံးတည်း၊ *(အောက်တန်းအကျဆုံးတည်း။)* **'ဘိက္ခဝေ**– ရဟန်းတို့၊ **အယံ**– ဤဆွမ်းခံလှည့်လည်၍ စားရသော အသက်မွေးမှုသည်၊ **လောကသ္မိံ**– လူ့လောက၌၊ **ပိဏ္ဍောလော**– ဆွမ်းခံလှည့်လည်သော၊ **အယံ ပတ္တပါဏီ**– ဤသပိတ်ပိုက် ခွက်လက်စွဲသည် *(ဤသူတောင်းစားသည် ဟူ၍)*၊ **ဝိစရသိ**– *(တောင်းစားရန်)* လှည့်လည်လေပြီ။' **ဣတိ**– ဤသို့၊ **အဘိသာပေါ**– အဆဲခံရကြောင်းသည်၊ **ဟောတိ**– ဖြစ်၏။

(၂) တဥ္စ ခေါ တေ ဘိက္ခဝေ ကုလပုတ္တာ ဥပေန္တိ အတ္ထဝသိကာ အတ္ထဝသံ ပဋိစ္စ။

ဘိက္ခဝေ– ရဟန်းတို့၊ **တဉ္စခေါ**– ထိုသို့ လူတို့၏ အဆဲခံရခြင်းအကြောင်းပင် ဖြစ်ပါသော်လည်း၊ **တံ**– ဤဆွမ်းခံ၍ အသက်မွေးမှုသို့၊ **အတ္ထဝသိကာ**– မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော အကျိုးထူးကို လိုလားကုန်သော၊ **ကုလပုတ္တာ**– အမျိုးကောင်းသားတို့သည်၊ **အတ္ထဝသံ**– မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော အကျိုးထူးကို၊ **ပဋိစ္စ**– အစွဲပြု၍၊ **ဥပေန္တိ**– ချဉ်းကပ်ကုန်၏၊ *(ဆွမ်းခံ၍စားခြင်းသည် အောက်တန်းကျသော်လည်း မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော အကျိုးထူးကို ရှင့်လျက် ဆွမ်းခံ၍ စားရမည်ဟူ၍။)*

(၃) နေဝ ရာဇာဘိနီတာ၊ န စောရာဘိနီတာ၊ န ဣဏဋ္ဋာ၊ န ဘယဋ္ဋာ၊ န အာဇီဝိကာပကတာ။

ဝေဝ– ဤသို့ ဆွမ်းခံလှည့်လည်၍ စားရခြင်းသည်၊ **ရာဇာဘိနီတာ**– မင်းနှိပ်စက်၍လည်း၊ **နေဝ ဥပေန္တိ**– ဆွမ်းခံစားခြင်း မဟုတ်ကုန်၊ **စောရာဘိနီတာ**– ခိုးသူတို့ နှိပ်စက်၍လည်း၊ **န ဥပေန္တိ**– ဆွမ်းခံစားခြင်း မဟုတ်ကုန်၊ **ဣဏဋ္ဋာ**– ကြွေးမြီနှိပ်စက်၍လည်း၊ **န**– မဟုတ်ကုန်၊ **ဘယဋ္ဋာ**– ဘေးရန်နှိပ်စက်၍လည်း၊ **န**– မဟုတ်ကုန်၊ **အာဇီဝိကာပကတာ**– အသက်မွေးဝမ်းကျောင်း နှိပ်စက်၍လည်း၊ **န ဥပေန္တိ**– မဟုတ်ကုန်။

(၄) အပိစ ခေါ် ဩတိဏ္ဏာမှ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ ဒုက္ခောတိဏ္ဏာ ဒုက္ခပရေတာ၊ အပ္ပေဝနာမ ဣမဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ အန္တကိရိယာ ပညာယေထာတိ။ *(ဒီ– ၂– ၇၆)*

အပိစ ခေါ်– စင်စစ်သော်ကား၊ **ဇာတိယာ**– ပဋိသန္ဓေ နေရမှုသည်၊ **ဇရာယ**– အိုရမှုသည်၊ **မရဏေန**– သေရမှုသည်၊ **သောကေဟိ**– စိုးရိမ်ရမှုတို့သည်၊ **ပရိဒေဝေဟိ**– ငိုကြွေးရမှုတို့သည်၊ **ဒုက္ခေဟိ**– ကိုယ်ဆင်းရဲရမှုတို့သည်၊ **ဒေါမနဿေဟိ**– စိတ်ဆင်းရဲရမှုတို့သည်၊ **ဥပါယာသေဟိ**– ပြင်းစွာစိတ်ပင်ပန်းရမှုတို့သည်၊ **ဩတိဏ္ဏာ**– သက်ဝင်အပ်ကုန်သည်၊ **အမှ**– ဖြစ်ကုန်၏၊ **ဒုက္ခောတိဏ္ဏော**– အမျိုးမျိုးသော ဆင်းရဲဒုက္ခသည် သက်ဝင်အပ်ကုန်သည်၊ **ဒုက္ခပရေတာ**– အမျိုးမျိုးသော ဆင်းရဲသည် နှိပ်စက်အပ်ကုန်သည်၊ **အမှ**– ဖြစ်ကုန်၏၊ **ကေဝလဿ**– ချမ်းသာမပါက် သက်သက်သော၊ **ဣမဿ ဒုက္ခက္ခန္ဓဿ**– ဤဆင်းရဲတုံး ဆင်းရဲအစု၏၊ **အန္တကိရိယာ**– အဆုံးကို ပြုခြင်းသည်၊ **အပ္ပေဝနာမ ပညာယေထာတိ**– ထင်ရှားတန်ရာ၏ ဟူ၍၊ **မနသိကတွာ**– နှလုံးသွင်း၍၊ **ဥပေန္တိ**– ကပ်ရောက်ကုန်၏၊ *(ဝါ လှည့်လည်၍ ဆွမ်းခံစားခြင်းသာ ဖြစ်၏။)*

ထို့နောက် ရှင်တော်ဗုဒ္ဓသည် ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် လောဘ, ဒေါသစိတ်တွေ ဖြစ်နေကြလျှင်လည်းကောင်း၊ စိတ်မတည်မငြိမ် ဖြစ်နေကြလျှင်လည်းကောင်း၊ ဣန္ဒြေများ လော်မာနေလျှင်လည်းကောင်း၊ **ဥဘတော ပဒိတ္တံ**– နှစ်ဘက်လုံးမှ ရဲရဲလောင်နေသော၊ **မဇ္ဈေ**– အလယ်၌၊ **ဂူထဂတံ**– မစင်ပေကျံနေသော၊ **ဆဝါလာတံ**– သူကောင်ဖုတ်မီးစသည်၊ **ဂါမေပိ**– ရွာ၌လည်း၊ **ကဋ္ဌတ္ထံ**– ထင်းကိစ္စအကျိုးငှာ၊ **နေဝ ဖရတိ သေယျထာ**– မဖြစ်သကဲ့သို့၊ **တထာ**– ထို့အတူ၊ **ဣမံ ပုဂ္ဂလံ**– ဤ လောဘစိတ်တွေ, ဒေါသစိတ်တွေ ဖြစ်နေသော ပုဂ္ဂိုလ်ကို၊ ဤစိတ်မတည်မငြိမ် ဖြစ်နေသော ပုဂ္ဂိုလ်ကို၊ ဤဣန္ဒြေလော်မာနေသော ပုဂ္ဂိုလ်ကို၊ **ဂိဟိဘောဂါစ**– လူ့စည်းစိမ်မှလည်း၊ **ပရိဟီနော**– ဆုတ်ယုတ်သူဟူ၍၊ **သာမညတ္ထဥ္စ**– ရဟန်းပြုရခြင်း အကျိုးမှလည်း၊ **နပရိပူရေတိ**– မပြည့်စေတတ်, မပြီးစေတတ်ဟူ၍၊ **အတံ**– ငါဗုဒ္ဓသည်၊ **ဝဒါမိ**– ဟောတော်မူ၏။

ထို့နောက် ရှင်တော်ဗုဒ္ဓသည် ဝိပဿနာသမာဓိ ဖြစ်ပုံကိုလည်းကောင်း၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့မှ လွတ်မြောက်ရန်ကို လည်းကောင်း၊ ခန္ဓာငါးပါးတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ပုံတို့ကိုလည်းကောင်း ဟောကြားတော်မူလေသည်။ တရားအဆုံး၌ ထိုရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ရှိသွားကြလေသည်။

လာဘက– ယုတ်ညံ့ခြင်း အနက်ဟော အန္တသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) ရှင်တော်ဗုဒ္ဓသည် နိဗ္ဗာန်သို့ ဦးတည်ခြင်းကိုသာ နှစ်သက်တော်မူလေသည်။ နိဗ္ဗာန်သို့ ဦးတည်သော ပုဂ္ဂိုလ်မှန်သမျှ နိဗ္ဗာန်နှင့် လျော်ညီစွာ အရာရာတွင် တည်ကြည်မှု, ငြိမ်သက်မှု, တိတ်ဆိတ်မှု ရှိရပေသည်။ မတည်ကြည်ခြင်းသည် လည်းကောင်း၊ မငြိမ်သက်ခြင်းသည် လည်းကောင်း၊ မတိတ်ဆိတ်ခြင်းသည် လည်းကောင်း နိဗ္ဗာန်နှင့် အလှမ်းဝေးကွာလှလေသည်။ ထို့ကြောင့် **တည်ကြည်သူ, ငြိမ်သက်သူ, တိတ်ဆိတ်သူ ဖြစ်ကြပါကုန်လော့။**

(၂) မည်သည့်ပုဂ္ဂိုလ်မဆို အာမိသ ခေါ် ပစ္စည်းလာဘ်လာဘဘက်ကို ဦးတည်လာလျှင် ကြွက်စီကြွက်စီနှင့် ဆူဆူညံညံ ပြောဆိုကြရသည်သာဖြစ်သလို ဓမ္မ ခေါ် သမထ, ဝိပဿနာတရားဘက်သို့ ဦးတည်လျှင် တည်ကြည်ခြင်း, ငြိမ်သက်ခြင်း ဖြစ်တတ်လေသည်။ ဗုဒ္ဓသည် အာမိသကို အကြောင်းပြု၍ ဆူညံခြင်းကို လုံးဝမနှစ်မြို့သည့်အတွက် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူလေသည်။ ထို့ကြောင့် **ဆူဆူညံညံ ပြောဆိုငြင်းခုံခြင်းကို ရှောင်ရှားကြပါလော့။ ဓမ္မကိုဦးတည်သူ, တိတ်ဆိတ်ငြိမ်သက်သူ ဖြစ်ကြပါကုန်လော့။**

(၃) အသက်မွေးခြင်းတို့တွင် ဆွမ်းခံလှည့်လည်၍ စားရခြင်းသည် အယုတ်ညံ့ဆုံးဖြစ်သည်ဟု ဗုဒ္ဓဟောကြားတော်မူသည်။ ထိုအချက်ကို ရဟန်း, ကိုရင်, သီလရှင်များ, လူသူတော်စင်များ အထူးသတိပြုသင့်လှပေသည်။ ထိုသို့ ယုတ်ညံ့သော်လည်း ယင်းသို့ ဆွမ်းခံစားရခြင်းသည် မင်းဘေး, ခိုးသူဘေး, အသက်မွေးဝမ်းကျောင်းဘေး စသောဘေးတစ်ခုခုကြောင့် မဟုတ်ဘဲ 'မဂ်, ဖိုလ်, နိဗ္ဗာန်' တရားထူးရရန်ကိုသာ ရည်စူး၍ ပရိယတ်သာသနာ, ပဋိပတ်သာသနာ ထမ်းဆောင်နိုင်ရန်သာ ရည်စူး၍ ဝမ်းပြည့်ရုံမျှ ဆွမ်းခံစားခြင်း ဖြစ်လေသည်။ ထို့ကြောင့် **ဆွမ်းအာဟာရကို သုံးဆောင်ရခြင်းသည် ဝမ်းပြည့်ရုံမျှသာ သဘောထားပြီး ပရိယတ်, ပဋိပတ် သာသနာနှစ်ရပ်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်သူ ဖြစ်ကြပါကုန်လော့။**

(၄) ရဟန်းဖြစ်လျက်နှင့် ဓမ္မကို ပဓာနမထားဘဲ ပစ္စည်းလာဘ်လာဘ ပေါ်များရေးကို *(အာမိသကို)* ပဓာနထားကြသူတို့သည် အနားနှစ်ဘက်၌ ရဲရဲတောက်လောင်နေသော၊ အလယ်၌ မစင်ပေကျံနေသော သူကောင်ဖုတ်မီးစသည် ရဲရဲလောင်နေသည့်အတွက် တောမှာလည်း အသုံးမကျသကဲ့သို့လည်းကောင်း၊ အလယ်မှာ မစင်ပေကျံနေသည့်အတွက် ရွာမှာလည်း အသုံးမကျတော့သကဲ့သို့ လည်းကောင်း လူ့စည်းစိမ်မှလည်း ဆုတ်ယုတ်ပြီး ရဟန်းကိစ္စကို မပြီးမြောက်စေနိုင်သောကြောင့် **ပစ္စည်းလာဘ်ပေါ်များခြင်းဟူသော အာမိသကို ပဓာနမထားဘဲ သမထ, ဝိပဿနာဟူသော ဓမ္မကိုသာ ပဓာနထားသူ ဖြစ်ကြပါကုန်လော့။**

(၅) ရဟန်းရှင်လူ မည်သူမဆို ဗုဒ္ဓသာသနာတော်၌ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ အဖြစ်သို့ ရောက်ရေးသည် ဗုဒ္ဓအလိုလားဆုံးပင် ဖြစ်သည်။ ဗုဒ္ဓသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခြင်းသည် ပစ္စည်းလာဘ်လာဘ ပေါ်များရေးအတွက် မဟုတ်ဘဲ မဂ်, ဖိုလ်, နိဗ္ဗာန်ရရေးအတွက်သာ ဖြစ်လေသည်။ အပါယ်ဒုက္ခ, သံသရာဒုက္ခ, ရုပ်, နာမ်ဒုက္ခ အမျိုးမျိုးတို့မှ လွတ်မြောက်ရေးအတွက်သာ ဖြစ်လေသည်။ ထို့ကြောင့် **သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်အောင် ဝိပဿနာတရားကို ကြိုးစားအားထုတ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

ပရဘာဂ– ထိုမှာဘက်အဖို့ အနက်ဟော အန္တသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အန္တသဒ္ဒါ၏ လာမက– ယုတ်ညံ့ခြင်း အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အန္တသဒ္ဒါ၏ ပရဘာဂ– ထိုမှာဘက်အဖို့ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဧသေဝန္တော ဒုက္ခဿ။ *(သံ– ၁– ၃၁၁)*

ဧသေဝ– ဧသောဝ– ဤအလုံးစုံသော အကြောင်းတို့၏ ကုန်ရာနိဗ္ဗာန်သည်ပင်၊ **ဒုက္ခဿ–** ဒုက္ခ၏၊ **အန္တော–** ထိုမှာဘက်အဖို့တည်း။

အထက်ပါ ပါဠိရပ်သည် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်– ဒုက္ခဝဂ်– ပရိဝီမံသနသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ရဟန်းတို့အား အထက်ပါ ဝီမံသနသုတ်ကို ဟောတော်မူခြင်း ဖြစ်သည်။

(၁) ဣဓ ဘိက္ခဝေ ဘိက္ခု ပရိဝီမံသမာနော ပရိဝီမံသတိ 'ယံ ခေါ ဣဒံ အနေကဝိဓံ နာနပ္ပကာရကံ ဒုက္ခံ လောကေ ဥပ္ပဇ္ဇတိ ဇရာမရဏံ။ ဣဒံ နု ခေါ ဒုက္ခံ ကိံ နိဒါနံ (ပ) ကိသ္မိံ သတိ ဇရာမရဏံ ဟောတိ ကိသ္မိံ အသတိ ဇရာမရဏံ နဟောတိ' တိ။ သော ပရိဝီမံသမာနော ဧဝံ ပဇာနာတိ 'ဣဒံ ခေါ ဒုက္ခံ ဇာတိနိဒါနံ (ပ) ဇာတိယာ သတိ ဇရာမရဏံ ဟောတိ၊ ဇာတိယာ အသတိ ဇရာမရဏံ နဟောတီ'တိ။ *(သံ– ၁– ၃၀၀ / ၃၀၉)*

ဘိက္ခဝေ– ရဟန်းတို့၊ **ဣဓ–** ဤသာသနာတော်၌၊ **ဘိက္ခု–** ရဟန်းသည်၊ **ပရိဝီမံသမာနော–**စူးစမ်းဆင်ခြင်သည်ရှိသော်၊ **'လောကေ–** လောက၌၊ **အနေကဝိဓံ–** များသောအပြားရှိသော၊ **နာနပ္ပကာရကံ–** အထူးထူးအပြားပြားရှိသော၊ **ဇရာမရဏံ–** အိုခြင်း သေခြင်းဟူသော၊ **ယံ ခေါ ဣဒံ ဒုက္ခံ–** အကြင် ဆင်းရဲ ဒုက္ခသည်၊ **ဥပ္ပဇ္ဇတိ–** ဖြစ်၏။ **ဣဒံ ခေါ ဒုက္ခံ–** ဤဆင်းရဲ ဒုက္ခသည်၊ **ကိံ နိဒါနံ နုခေါ–** အဘယ်လျှင် အကြောင်းနိဒါန်းရှိသနည်း။ **ကိသ္မိံ–** အဘယ်အကြောင်းသည်၊ **သတိ–** ရှိသော်၊ **ဇရာမရဏံ–** ဇရာ မရဏသည်၊ **ဟောတိ–** ဖြစ်သနည်း။ **ကိသ္မိံ–** အဘယ်အကြောင်းသည်၊ **အသတိ–** မရှိသော်၊ **ဇရာမရဏံ–** ဇရာမရဏသည်၊ **နဟောတိ–** မဖြစ်သနည်း' **ဣတိ–** ဤသို့၊ **ဝီမံသတိ–** စူးစမ်းဆင်ခြင်၏။

သော- ထိုရဟန်းသည်၊ ပရိဝိမံသမာနော- စူးစမ်းဆင်ခြင်လတ်သော်၊ **ဝေံ**- ဤသို့၊ **ပဇာနာတိ**- သိ၏။ '**ဣဒံ ခေါ ဒုက္ခံ**- ဤဇရာ, မရဏဟူသော ဆင်းရဲဒုက္ခသည်၊ **ဇာတိနိဒါနံ**- ပဋိသန္ဓေနေခြင်းဟူသော ဇာတိလျှင် အကြောင်းနိဒါန်းရှိ၏။ **ဇာတိယာ**- ပဋိသန္ဓေနေမှု ဇာတိသည်၊ **သတိ**- ရှိသော်၊ **ဇရာမရဏံ**- ဇရာ, မရဏသည်၊ **ဟောတိ**- ဖြစ်၏။ **ဇာတိယာ**- ပဋိသန္ဓေနေမှု ဇာတိသည်၊ **အသတိ**- မရှိလတ်သော်၊ **ဇရာမရဏံ**- ဇရာ, မရဏသည်၊ **နဟောတိ**- မဖြစ်တော့ပြီ။ **ဝေံ**- ဤသို့၊ **ပဇာနာတိ**- သိ၏။

(၂) သော ဇရာမရဏဉ္စ ပဇာနာတိ၊ ဇရာမရဏ သမုဒယဉ္စ ပဇာနာတိ၊ ဇရာမရဏ နိရောဓဉ္စ ပဇာနာတိ၊ ယာ စ ဇရာမရဏ နိရောဓ သာရုပ္ပဂါမိနီ ပဋိပဒါ တဉ္စ ပဇာနာတိ၊ တထာ ပဋိပန္နော စ ဟောတိ၊ အနုဓမ္မစာရီ။ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု သဗ္ဗသော သမ္မာဒုက္ခက္ခယာယ ပဋိပန္နော ဇရာမရဏ နိရောဓာယ။ *(သံ- ၁- ၃၀၉)*

သော- ထိုရဟန်းသည်၊ **ဇရာမရဏဉ္စ**- ဇရာ, မရဏကိုလည်း၊ **ပဇာနာတိ**- သိ၏။ **ဇရာမရဏ သမုဒယဉ္စ**- ဇရာ, မရဏ ဖြစ်ကြောင်းကိုလည်း၊ **ပဇာနာတိ**- သိ၏။ **ဇရာမရဏ နိရောဓဉ္စ**- ဇရာ, မရဏ ချုပ်ငြိမ်းရာကိုလည်း၊ **ပဇာနာတိ**- သိ၏၊ **ဇရာမရဏ နိရောဓဂါမိနီ**- ဇရာ, မရဏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်သော၊ **ယာစပဋိပဒါ**- အကြင်မဂ္ဂင်ရှစ်ပါး အကျင့်သည်၊ **အတ္ထိ**- ရှိ၏၊ **တဉ္စ**- ထိုအကျင့်ကိုလည်း၊ **ပဇာနာတိ**- သိ၏၊ **တထာ ပဋိပန္နော စ**- ထိုသို့သိသည့်အတိုင်းကျင့်သော ရဟန်းသည်လည်း၊ **အနုဓမ္မစာရီ**- နိဗ္ဗာန်တရားသို့ အစဉ်လိုက်သောအကျင့်ကို ကျင့်လေ့ရှိသည်၊ **ဟောတိ**- ဖြစ်၏။

ဘိက္ခဝေ- ရဟန်းတို့၊ **အယံဘိက္ခု**- ဤရဟန်းကို၊ **သဗ္ဗသော**- အချင်းခပ်သိမ်း၊ **သမ္မာ**- ကောင်းစွာ၊ **ဒုက္ခက္ခယာယ**- ဆင်းရဲကုန်ခြင်းငှာ၊ **ဇရာမရဏ နိရောဓာယ**- ဇရာ, မရဏ ချုပ်ငြိမ်းခြင်းငှာ၊ **ပဋိပန္နော**- ကျင့်သောရဟန်းဟူ၍၊ **ဝုစ္စတိ**- ဆို အပ်၏။

ဤသို့လျှင် ရှင်တော်ဗုဒ္ဓသည် ဇရာ, မရဏ၏ ဖြစ်ကြောင်း၊ ချုပ်ကြောင်းကို ဟောတော်မူသည်။ ထို့အတူ ဇာတိ, ဘဝ, ဥပါဒါန, တဏှာ, ဝေဒနာ, ဖဿ, သဠာယတန, နာမရူပ, ဝိညာဏ, သင်္ခါရတို့၏ ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ကြောင်းကို လည်းကောင်း တစ်ပါးစီ တစ်ပါးစီ အထက်ကအတိုင်း ဟောတော်မူလေသည်။

ထိုသို့ ဟောတော်မူပြီးနောက် အဝိဇ္ဇာကို မပယ်နိုင်လျှင် ဝဋ်ဒုက္ခမှ မကျွတ်လွတ်နိုင်ဘဲ၊ အဝိဇ္ဇာကို အကြွင်းမဲ့ ပယ်နိုင်လျှင် ဝဋ်ဒုက္ခမှ အကြွင်းမဲ့ ချုပ်ငြိမ်းကြောင်း ဟောတော်မူလေသည်။ ထိုအခါ ခီဏာသဝ- အာသဝေါကင်းစင် ရဟန္တာအဖြစ်သို့ ရောက်လေသည်ဟူ၍ ဟောတော်မူလေသည်။

ရဟန္တာအဖြစ်သို့ ရောက်သောပုဂ္ဂိုလ်သည် သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ ဒုက္ခအားလုံး ချုပ်ငြိမ်းပြီဟူ၍ ဟောတော်မူပြီး အောက်ပါတရားစကားဖြင့် အဆုံးသတ်တော်မူလေသည်။
(အောက်ပါတရားကို ဟောရာတွင် ဗုဒ္ဓကမေးပြီး ရဟန်းများက ဖြေဆိုသောနည်းဖြင့် ဟောကြားတော်မူခြင်း ဖြစ်သည်။)

(၃) သာဓု သာဓု ဘိက္ခဝေ၊ ဝေမေတံ ဘိက္ခဝေ၊ နေတံ အညထာ၊ သဒ္ဒဟထ မေတံ ဘိက္ခဝေ အဓိမုစ္စထ၊ နိက္ကင်္ခါ တ္ထေ့ ဟောထ နိဗ္ဗိစိကိစ္ဆာ၊ ဧသေဝန္တော ဒုက္ခဿာတိ။ *(သံ- ၁- ၃၁၁)*

ဘိက္ခဝေ- ရဟန်းတို့၊ **သာဓု သာဓု**- ကောင်းပေစွ ကောင်းပေစွ၊ **တံ**- ဤအကြောင်းတရား မဖြစ်လျှင် အကျိုးတရား မဖြစ်ဟူသော စကားသည်၊ **ဝေံ**- ဤအခြင်းအရာအတိုင်းတည်း၊ **အညထာ**- တပါးသော အခြင်းအရာအားဖြင့်၊ **န**- မဖြစ်၊ **ဘိက္ခဝေ**- ရဟန်းတို့၊ **မေ**- ငါဗုဒ္ဓ၏၊ **တံ**- ထိုစကားကို၊ **သဒ္ဒဟထ**- ယုံကြည်ကြကုန်လော့၊ **အဓိမုစ္စထ**- သက်ဝင်ကြကုန်လော့၊ **တ္ထေ့**- ဤစကား၌၊ **နိက္ကင်္ခါ**- ယုံမှားမရှိကုန်သည်၊ **နိဗ္ဗိစိကိစ္ဆာ**- တွေးတောခြင်း မရှိကုန်သည်၊ **ဟောထ**- ဖြစ်ကုန်လော့၊ **ဧသေဝ**- ဤအကြောင်းတရား မရှိလျှင် အကျိုးတရား မဖြစ်ခြင်း နိဗ္ဗာန်သည်သာလျှင်၊ **ဒုက္ခဿ**- ဝဋ်ဆင်းရဲ၏၊ **အန္တော**- အဆုံး ဖြစ်သော ထိုမှာဘက်အဖို့တည်း၊ **ဣတိ**- ဤသို့၊ **တံ**- ဤတရားစကားကို၊ **ဗုဒ္ဓေါ**- ဗုဒ္ဓသည်၊ **အဝေါစ**- မိန့်တော်မူပြီ။

ပရာဘဂ- ထိုမှာဘက်အဖို့ဟော အန္တသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) 'သူ့ဘက်, ကိုယ့်ဘက်' နှစ်ဘက်မြင်အောင် ကြည့်တတ်ရမည်ဟု ဆိုရိုးစကားအတိုင်း ဗုဒ္ဓသာသနာတော်၌လည်း 'ထိုမှာဘက်အဖို့, ဤမှာဘက်အဖို့' ဟူ၍ နှစ်ဘက်ရှိလေသည်။ ဤမှာဘက်အဖို့သည် ခန္ဓာငါးပါး၊ ရုပ်, နာမ်တရားဟူသော ဒုက္ခ သက်သက်အဖို့သာ ဖြစ်သည်။ ထိုမှာဘက်အဖို့သည် ခန္ဓာငါးပါး၊ ရုပ်, နာမ်ဒုက္ခ ချုပ်ငြိမ်းသော နိဗ္ဗာန်ဟူသော သန္တိသုခ ချမ်းသာ

သက်သက်အဖို့ ဖြစ်လေသည်။ ထို့ကြောင့် **ဤမှာဘက်အဖို့ ဒုက္ခမှ ထိုမှာဘက်အဖို့ နိဗ္ဗာန်သို့ ရောက်အောင် ကြိုးစား အားထုတ်ကြပါကုန်လော့။**

(၂) ခန္ဓာငါးပါး၊ ရုပ်, နာမ်တရား ရှိသည့်အတွက် ဇရာ, မရဏဟူသော ဒုက္ခတို့ ရှိနေသည်။ ထိုဇရာ, မရဏဒုက္ခသည် အကြောင်းကင်းပြီး ပေါ်လာသောဒုက္ခ မဟုတ်ပေ။ အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဒုက္ခ ဖြစ်လေသည်။ ယင်းအကျိုးဒုက္ခသည် ဇာတိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာရသည်။ ယင်းဇာတိသည်လည်း ဘဝ(ကမ္မဘဝ)ကြောင့် ဖြစ်ရသည်။ ယင်းကမ္မဘဝသည်လည်း ဥပါဒါန်ကြောင့် ဖြစ်ရသည်။ ယင်းဥပါဒါန်သည်လည်း တဏှာကြောင့် ဖြစ်ရသည်။ ယင်းတဏှာသည်လည်း ဝေဒနာကြောင့် ဖြစ်ရသည်။ ယင်းဝေဒနာသည်လည်း ဖဿကြောင့် ဖြစ်ရသည်။ ယင်းဖဿသည်လည်း သဠာယတနကြောင့် ဖြစ်ရသည်။ ယင်းသဠာယတနသည်လည်း နာမ်, ရုပ်ကြောင့် ဖြစ်ရသည်။ ယင်းနာမ်, ရုပ်သည်လည်း ဝိညာဏ်ကြောင့် ဖြစ်ရသည်။ ယင်းဝိညာဏ်သည်လည်း သင်္ခါရကြောင့် ဖြစ်ရသည်။ ယင်းသင်္ခါရသည်လည်း အဝိဇ္ဇာကြောင့် ဖြစ်ရသည်။ ဤသို့လျှင် ဗုဒ္ဓသည် အကျိုးတရားကို မူတည်၍ အကြောင်းတရားကို ဟောလေသည်။ ဤသို့ အကျိုးတရားကို မူတည်၍ အကြောင်းတရားကို ဟောတော်မူခြင်းသည် '**ပဋိစ္စသမုပ္ပန္န**' တရားကို ဟောတော်မူခြင်း ဖြစ်သည်။

(၃) အကြင်ပုဂ္ဂိုလ်တစ်ဦးသည် အကြင်အခါ၌ အရဟတ္တမဂ်ဉာဏ်ဖြင့် အဝိဇ္ဇာကို အကြွင်းမဲ့ ပယ်သတ်နိုင်လေသည်။ ထိုအခါ၌ အဝိဇ္ဇာ ချုပ်ငြိမ်းခြင်းကြောင့် ပုညာဘိသင်္ခါရစသော သင်္ခါရလည်း ချုပ်ငြိမ်းလေသည်။ သင်္ခါရ ချုပ်ခြင်းကြောင့် ဝိညာဏ်လည်း ချုပ်လေသည်။ ဝိညာဏ် ချုပ်ခြင်းကြောင့် နာမ်, ရုပ်လည်း ချုပ်ငြိမ်းတော့သည်။ နာမ်, ရုပ် ချုပ်ခြင်းကြောင့် သဠာယတန ချုပ်ငြိမ်းလေသည်။ သဠာယတန ချုပ်ခြင်းကြောင့် ဖဿ ချုပ်ငြိမ်းသည်။ ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်ငြိမ်းသည်။ ဝေဒနာ ချုပ်ခြင်းကြောင့် တဏှာ ချုပ်ငြိမ်းသည်။ တဏှာ ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်ငြိမ်းသည်။ ဥပါဒါန် ချုပ်ခြင်းကြောင့် ကမ္မဘဝ ချုပ်ငြိမ်းသည်။ ကမ္မဘဝ ချုပ်ခြင်းကြောင့် ဇာတိ ချုပ်ငြိမ်းသည်။ ဇာတိ ချုပ်ခြင်းကြောင့် ဇရာ, မရဏတို့ ချုပ်ငြိမ်းသည်။ ဤသို့လျှင် ဗုဒ္ဓသည် အကြောင်းတရားပြတ်ပုံကို မူတည်၍ အကျိုးတရားပြတ်ပုံကို ဟောတော်မူလေသည်။ ဤသို့ အကြောင်းတရားကို မူတည်၍ အကျိုးတရားကို ဟောတော်မူခြင်းသည် '**ပဋိစ္စသမုပ္ပါဒ်**' တရားကို ဟောတော်မူခြင်း ဖြစ်လေသည်။

(၄) ထို့ကြောင့် ဤမှာဘက်အဖို့သည် ခန္ဓာငါးပါး၊ ရုပ်, နာမ်တရား ဆင်းရဲဒုက္ခ သက်သက်တည်း။ ထိုမှာဘက်အဖို့သည် ခန္ဓာငါးပါး၊ ရုပ်, နာမ်တရားများ ချုပ်ငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာန်တည်း။ ဟိုမှာဘက် နိဗ္ဗာန်ဟူသော ဒုက္ခအားလုံး ချုပ်ငြိမ်းရာသို့ ရောက်နိုင်ဘို့အတွက် အဓိကအကြောင်းအရင်းဖြစ်သော အဝိဇ္ဇာကို ပယ်သတ်ရန်လိုသည်။ ရုပ်, နာမ် ဒုက္ခသစ္စာကို မသိခြင်း အဝိဇ္ဇာသည် ဝါ သစ္စာလေးပါးကို မသိခြင်း အဝိဇ္ဇာသည် ခန္ဓာငါးပါး ရုပ်, နာမ် ဒုက္ခသစ္စာသက်သက်၊ ဆင်းရဲဒုက္ခသက်သက် ဖြစ်ပေါ်ရန် အကြောင်းရင်း ဖြစ်လေသည်။ ထိုအဝိဇ္ဇာကို ပယ်သတ်နိုင်ရန်အတွက် သောတာပတ္တိမဂ်ဉာဏ်, သကဒါဂါမိမဂ်ဉာဏ်, အနာဂါမိမဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ်ဟူသော မဂ်ဉာဏ်လေးပါးကို ရရှိရန် လိုအပ်ပေသည်။ ထိုမဂ်ဉာဏ်လေးပါးကို ရရှိရန်အတွက် သတိပဋ္ဌာန် လေးပါး၊ မဂ္ဂင် ရှစ်ပါး၊ ဝိပဿနာတရားများကို အားထုတ်ရန် လိုအပ်ပေသည်။ ထို့ကြောင့် **အကျိုးဖြစ်သော ဆင်းရဲဒုက္ခ၏ အကြောင်းရင်းဖြစ်သော အဝိဇ္ဇာကို ပယ်သတ်နိုင်သော ဝိပဿနာတရားကို ပွါးများခြင်းဖြင့် ဟိုမှာဘက်အဖို့ ဖြစ်သော သန္တိသုခ နိဗ္ဗာန်ချမ်းသာသို့ ရောက်အောင်သွားနိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

ကောဋ္ဌာသ– အဖို့အစုအနက်ဟော အန္တသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဌကထာဆရာသည် အန္တသဒ္ဒါ၏ ပရဘာဂ– ထိုမှာဘက်အဖို့ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ကောဋ္ဌာသ– အဖို့အစု အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

သက္ကာယော ခေါ အာဝုသော ဧကော အန္တော *(အံ– ၂– ၃၅၁)*

အာဝုသော– ငါ့ရှင်တို့၊ **သက္ကာယော**– ထင်ရှားရှိသော ရုပ်, နာမ်တရား သက္ကာယသည်၊ **ဧကော**– တစ်ခုသော၊ **အန္တော**– အဖို့အစုတည်း။

အထက်ပါ ပါဠိရပ်သည် **အင်္ဂုတ္တရ နိကာယ်– ဆက္ကနိပါတ်– ဒုတိယ ပဏ္ဏာသက မဟာဝဂ်– မဇ္ဈေသုတ်**၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူနေစဉ် မထေရ်ကြီး ရဟန်းတို့သည် နေ့ဆွမ်းစားပြီး တန်ဆောင်းဝန်း၌ စုဝေးနေထိုင်လျက် အောက်ပါအကြား တရားစကားကို ပြောဆိုကြလေသည်။

'ငါ့ရှင်တို့ ရှင်တော်ဗုဒ္ဓသည် ပါရာယနအစည်းအဝေး မေတ္တဃျုလုလင် ပြဿနာ၌ ဤဂါထာကို ဟောကြားတော်မူလေသည်။

ယော ဥဘောန္တေ ဝိဒိတွာန၊ မဇ္ဈေ မန္တာ နလိပ္ပတိ၊
တံ ဗြူမိ မဟာပုရိသောတိ၊ သောဓ သိဗ္ဗိနိ မစ္စဂါ'တိ။ *(အံ- ၂- ၃၄၉၊ ခု- ၁- ၄၃၅)*

ယော- အကြင်ပုဂ္ဂိုလ်သည်၊ ဥဘော- နှစ်ခုကုန်သော၊ အန္တေ- အဖို့အစုတို့ကို၊ မန္တာ- ပညာဖြင့်၊ ဝိဒိတွာန- သိပြီး၍၊ မဇ္ဈေ- အလယ်၌၊ နလိပ္ပတိ- တဏှာဖြင့် မလိမ်းကျံ မငြိကပ်၊ တံ- ထိုပုဂ္ဂိုလ်ကို၊ မဟာပုရိသောတိ- ယောကျ်ားမြတ်ဟူ၍၊ အဟံ- ငါဗုဒ္ဓသည်၊ ဗြူမိ- မိန့်ဆို၏၊ သော- ထိုယောကျ်ားမြတ်သည်၊ ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ သိဗ္ဗိနိံ- ထိုထိုဘဝဝယ် ချုပ်စပ်တတ်သော တရားကို၊ အစ္စဂါ- ကျော်လွန်ပြီ၊ ဣတိ- ဤသို့ မိန့်တော်မူပြီ။

(၁) 'ကတမော နခေါ် အာဝုသော ဧကော အန္တော၊ ကတမော ဒုတိယော အန္တော၊ ကိံ မဇ္ဈေ၊ ကာ သိဗ္ဗိနီ'တိ။
(အံ- ၂- ၃၄၉)

အာဝုသော- ငါ့ရှင်တို့၊ တတ္ထ- ထိုဂါထာ၌၊ (၁) **ဧကော**- တစ်ခုသော၊ **အန္တော**- အဖို့ဟူသည်၊ **ကတမော နခေါ်**- အဘယ်နည်း။ (၂) **ဒုတိယော**- နှစ်ခုမြောက်သော၊ **အန္တော**- အဖို့ဟူသည်၊ **ကတမော**- အဘယ်နည်း။ (၃) **မဇ္ဈေ**- အလယ်ဟူသည်၊ **ကိံ**- အဘယ်နည်း။ (၄) **သိဗ္ဗိနီ**- ချုပ်စပ်တတ်သော တရားဟူသည်၊ **ကာ**- အဘယ်နည်း။ **ဣတိ**- ဤသို့၊ **အယံ အန္တရကထာ**- ဤအကြားတရားစကားသည်၊ **ဥဒပါဒိ**- ဖြစ်ပေါ်လေပြီ။

ထိုအခါ ရဟန်းတစ်ပါးသည် မထေရ်ကြီး ရဟန်းတို့ကို အောက်ပါအတိုင်း လျှောက်ထားလေသည်။

(၁) ဖဿော အာဝုသော ဧကော အန္တော။

အာဝုသော- ငါ့ရှင်တို့ **ဖဿော**- ဖဿကြောင့်ဖြစ်သော ယခုဘဝ အတ္တဘောသည်၊ **ဧကော အန္တော**- အဖို့တစ်ခုပါတည်း။
(ဤပစ္စုပ္ပန် ခန္ဓာကိုယ် အတ္တဘောသည် မေထုန်ပေါင်းဖော်မှုဖြင့် အချင်းချင်း တွေ့ထိမှု ဖဿကြောင့်လည်းဖြစ်၏။ 'ဖဿပစ္စယာ တဏှာ, တဏှာပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ' ကြောင်းကျိုး ဖြစ်စဉ်အရ ဖဿကြောင့်လည်းဖြစ်၏။)
(အံ ဋ္ဌ- ၃- ၁၃၄)

(၂) ဖဿ သမုဒယော ဒုတိယော အန္တော။

ဖဿ သမုဒယော- ကမ္မဖဿကြောင့် ဖြစ်သော အနာဂတ်ဘဝ အတ္တဘောသည်၊ **ဒုတိယော**- နှစ်ခုမြောက်သော၊ **အန္တော**- အဖို့ပါတည်း။ *(ကုသိုလ်ကံ, အကုသိုလ်ကံ စေတနာနှင့် ယှဉ်သော ဖဿကို ကမ္မဖဿခေါ်သည်။) (အံ ဋ္ဌ- ၃- ၁၃၂)*

(၃) ဖဿော နိရောဓော မဇ္ဈေ။

ဖဿော နိရောဓော- ဖဿချုပ်ငြိမ်းရာ နိဗ္ဗာန်သည်၊ **မဇ္ဈေ**- အလယ်တည်း။ *(တဏှာကြိုးကို ဖြတ်တောက်၍ အဖို့နှစ်ခုကို ကွဲအောင်ပြုခြင်းကြောင့် နိဗ္ဗာန်ကို အလယ်ခေါ်သည်။) (အံ ဋ္ဌ- ၃- ၁၃၂)*

(၄) တဏှာ သိဗ္ဗိနီ၊ တဏှာဟိ နံ သိဗ္ဗတိ တဿ တဿေဝ ဘဝဿ အဘိနိဗ္ဗတ္တိယာ။

တဏှာ- တဏှာသည်၊ **သိဗ္ဗိနီ**- ချုပ်စပ်တတ်သော တရားတည်း။ **ဟိ**- မှန်၏။ **တဏှာ**- တဏှာသည်၊ **တဿ တဿေဝ ဘဝဿ**- ထိုထိုဘဝ၏ပင်လျှင်၊ **အဘိနိဗ္ဗတ္တိယာ**- ဖြစ်ခြင်းငှာ၊ **နံ**- ထိုဖဿဟူသော ယခုဘဝ အတ္တဘောနှင့် ဖဿ သမုဒယဟူသော နောင်အနာဂတ်ဘဝ အတ္တဘောကို၊ **သိဗ္ဗတိ**- ချုပ်စပ်တတ်၏။

(၅) ဧတ္တာဝတာ ခေါ် အာဝုသော ဘိက္ခု အဘိညေယျံ ပရိဇာနာတိ။ ပရိညေယျံ ပရိဇာနာတိ။

အာဝုသော- ငါ့ရှင်တို့ **ဧတ္တာဝတာ ခေါ်**- ဤမျှလောက် အဖို့နှစ်ခုကိုသိ၍ အလယ်၌ တဏှာဖြင့် မလိမ်းကျံ မကပ်ငြိခြင်းဖြင့်၊ **ဘိက္ခု**- ရဟန်းသည်၊ **အဘိညေယျံ**- ထူးခြားသော မဂ်ဉာဏ်ဖြင့် သိထိုက်သော သစ္စာလေးပါးတရားကို၊ **အဘိဇာနာတိ**-

ထူးခြားသော မဂ်ဉာဏ်ဖြင့် သိသည်မည်ပါ၏။ **ပရိညေယျံ**- တီရဏပရိညာ, ပဟာနပရိညာဖြင့် ပိုင်းခြား၍ သိထိုက်သော ဒုက္ခသစ္စာ, သမုဒယသစ္စာကို၊ **ပရိဇာနာတိ**- ပိုင်းခြား၍ သိသည်မည်ပါ၏။

(၆) အဘိညေယျံ အဘိဇာနန္တော ပရိညေယျံ ပရိဇာနန္တော ဒိဋ္ဌေဝဓမ္မေ ဒုက္ခဿန္တကရော ဟောတီတိ။

(အံ- ၂- ၃၅၀)

အဘိညေယျံ- ထူးခြားသော မဂ်ဉာဏ်ဖြင့် သိထိုက်သော သစ္စာလေးပါးတရားကို၊ **အဘိဇာနန္တော**- ထူးခြားသော မဂ်ဉာဏ်ဖြင့် သိလျက်၊ **ပရိညေယျံ**- တီရဏပရိညာ, ပဟာနပရိညာဖြင့် ပိုင်းခြား၍ သိထိုက်သော ဒုက္ခသစ္စာ, သမုဒယသစ္စာကို၊ **ပရိဇာနန္တော**- ပိုင်းခြားသိလျက်၊ **ဒိဋ္ဌေဝဓမ္မေ**- ယခုမျက်မှောက်ဘဝ၌ပင်လျှင်၊ **ဒုက္ခဿ**- ဆင်းရဲဒုက္ခ၏၊ **အန္တကရော**- အဆုံးကိုပြုသည်၊ **ဟောတိ**- ဖြစ်၏။ **ဣတိ**- ဤသို့ လျှောက်ထားလေပြီ။

ရဟန်းတစ်ပါးက ထိုသို့လျှောက်သည်ရှိသော် နောက်ရဟန်းတစ်ပါးသည် အောက်ပါအတိုင်း လျှောက်ထားလေသည်။

(၁) အတီတံ ခေါ အာဝုသော ဧကော အန္တော။

အာဝုသော- ငါ့ရှင်တို့၊ **အတီတံ**- အတိတ်ဖြစ်သော ခန္ဓာငါးပါးသည်၊ **ဧကော အန္တော**- အဖို့တစ်ခုတည်း။

(၂) အနာဂတံ ဒုတိယော အန္တော။

အနာဂတံ- အနာဂတ်ဖြစ်သော ခန္ဓာငါးပါးသည်၊ **ဒုတိယော အန္တော**- နှစ်ခုမြောက်သော အဖို့တည်း။

(၃) ပစ္စုပ္ပန္နံ မဇ္ဈေ။

ပစ္စုပ္ပန္နံ- ယခုပစ္စုပ္ပန် ခန္ဓာငါးပါးသည်၊ **မဇ္ဈေ**- အလယ်တည်း။ *(ကျန်တူ)*

(နံ- ထို အတိတ်, အနာဂတ်, ပစ္စုပ္ပန် ခန္ဓာငါးပါးကို၊ သိဗ္ဗနီ- အတိတ်ခန္ဓာနှင့် ပစ္စုပ္ပန်ခန္ဓာကို၊ ပစ္စုပ္ပန်ခန္ဓာနှင့် အနာဂတ်ခန္ဓာကို ချုပ်စပ်တတ်၏ဟု နှင့်(တဏှာချုပ်ငြိမ်းလျှင် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ခန္ဓာအားလုံး ချုပ်ငြိမ်းတော့သည်သာ။ အံ ၄- ၃- ၃၃၃) ဗျောဂတာခေါ်- ဤမျှလောက် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ခန္ဓာငါးပါးတို့ကိုသိ၍ တဏှာဖြင့် မလိမ်းကျံ မငြိကပ်ခြင်းဖြင့်သာ ထူးလေသည်။ ကျန်တူ)

ထိုရဟန်းတစ်ပါးက ထိုသို့လျှောက်သည်ရှိသော် နောက်ရဟန်းတစ်ပါးသည် အောက်ပါအတိုင်း လျှောက်ထားလေသည်။

(၁) သုခါ အာဝုသော ဝေဒနာ ဧကော အန္တော။

အာဝုသော- ငါ့ရှင်တို့၊ **သုခါဝေဒနာ**- သုခဝေဒနာသည်၊ **ဧကော အန္တော**- အဖို့တစ်ခုတည်း။

(၂) ဒုက္ခာဝေဒနာ ဒုတိယော အန္တော။

ဒုက္ခာဝေဒနာ- ဒုက္ခဝေဒနာသည်၊ **ဒုတိယော အန္တော**- နှစ်ခုမြောက်အဖို့တည်း။

(၃) အဒုက္ခမသုခါဝေဒနာ မဇ္ဈေ။

အဒုက္ခမသုခါဝေဒနာ- ဒုက္ခမဟုတ်၊ သုခမဟုတ်သော ဥပေက္ခာဝေဒနာသည်၊ **မဇ္ဈေ**- အလယ်တည်း၊ *(ကျန်တူ) (နံ- ထိုသုခ, ဒုက္ခ, ဥပေက္ခာဟူသော ဝေဒနာသုံးပါးကိုနှင့် ဗျောဂတာခေါ်- ဤမျှလောက် သုခ, ဒုက္ခ, ဥပေက္ခာဟူသော ဝေဒနာသုံးပါးကို သိ၍ တဏှာဖြင့် မလိမ်းကျံ မငြိကပ်ခြင်းဖြင့်သာ ထူးသည်။ ကျန်တူ)*

ထိုရဟန်းတစ်ပါးက ထိုသို့လျှောက်သည်ရှိသော် နောက်ရဟန်းတစ်ပါးက အောက်ပါအတိုင်း လျှောက်ထားလေသည်။

(၁) နာမံ ခေါ အာဝုသော ဧကော အန္တော။

အာဝုသော- ငါ့ရှင်တို့၊ **နာမံ**- နာမ်သည်၊ **ဧကော အန္တော**- အဖို့တစ်ခုတည်း။

(၂) ရူပံ ဒုတိယော အန္တော။

ရူပံ- ရုပ်သည်၊ **ဒုတိယော အန္တော**- နှစ်ခုမြောက် အဖို့တည်း။

(၃) ဝိညာဏံ မဇ္ဈေ။

ဝိညာဏံ- ဝိညာဏ်သည်၊ **မဇ္ဈေ**- အလယ်တည်း။ *(နံ- ထိုနာမ်, ရုပ်, ဝိညာဏ်ကိုနှင့် ဗျောဂတာခေါ်- ထိုနာမ်, ရုပ်, ဝိညာဏ်တို့ကိုသိ၍ တဏှာဖြင့် မလိမ်းကျံ မငြိကပ်ခြင်းဖြင့်သာ ထူးသည်။ ကျန်တူ)*

ထိုရဟန်းတစ်ပါးက ထိုသို့လျှောက်သည်ရှိသော် နောက်ရဟန်းတစ်ပါးက အောက်ပါအတိုင်း လျှောက်ထားပြန်သည်။

(၁) ဆဒေါ် အာဝုသော အဇ္ဈတ္တိကာနိ အာယတနာနိ ကော အန္တော။

အာဝုသော– ငါ့ရှင်တို့၊ **ဆ**– ခြောက်ပါးကုန်သော၊ **အဇ္ဈတ္တိကာနိ**– မိမိခန္ဓာအစဉ်၌ ဖြစ်ကုန်သော၊ **အာယတနာနိ**– အာယတနတို့သည်၊ **ကော အန္တော**– အဖို့တစ်ခုပါတည်း။

(၂) ဆ ဗာဟိရာနိ အာယတနာနိ ဒုတိယော အန္တော။

ဆ– ခြောက်ပါးကုန်သော၊ **ဗာဟိရာနိ**– မိမိခန္ဓာအစဉ်မှ အပြင်ပ၌ ဖြစ်ကုန်သော၊ **အာယတနာနိ**– အာယတနတို့သည်၊ **ဒုတိယော အန္တော**– နှစ်ခုမြောက် အဖို့ပါတည်း။

(၃) ဝိညာဏံ မဇ္ဈေ။

ဝိညာဏံ– ကမ္မဝိညာဏ်သည် ဝါ အလုံးစုံသော ဝိညာဏ်သည် ဝါ ဇောဝိညာဏ်သည် *(အံ ၄– ၃– ၃၃၃)*၊ **မဇ္ဈေ**– အလယ်တည်း။ *(နံ့– ထိုအဇ္ဈတ္တိက, ဗာဟိရ အာယတန ဝိညာဏ်ကို နှင့် ဧတ္တာဝတာခေါ်– ဤမျှလောက် အဇ္ဈတ္တိက, ဗာဟိရ ဝိညာဏ်တို့ကို သိ၍ တဏှာဖြင့် မလိမ်းကျံ မငြိကပ်ခြင်းဖြင့်သာ ထူးသည်။ ကျန်တူ)*

ထိုရဟန်းတစ်ပါးက ထိုသို့လျှောက်သည်ရှိသော် နောက်ရဟန်းတစ်ပါးက အောက်ပါအတိုင်း လျှောက်ထားလေသည်။

(၁) သက္ကာယော ခေါ် အာဝုသော ကော အန္တော။

အာဝုသော– ငါ့ရှင်တို့၊ **သက္ကာယော**– ထင်ရှားရှိသော ခန္ဓာငါးပါး ရုပ်, နာမ်တရားသည်၊ **ကော အန္တော**– အဖို့တစ်ခုပါတည်း။

(၂) သက္ကာယ သမုဒယော ဒုတိယော အန္တော။

သက္ကာယ သမုဒယော– သက္ကာယဖြစ်ကြောင်း တဏှာဟူသော သမုဒယသစ္စာသည်၊ **ဒုတိယော အန္တော**– နှစ်ခုမြောက် အဖို့တည်း။

(၃) သက္ကာယ နိရောဓော မဇ္ဈေ။

သက္ကာယ နိရောဓော– သက္ကာယချုပ်ရာ နိဗ္ဗာန် နိရောဓသစ္စာသည်၊ **မဇ္ဈေ**– အလယ်တည်း။

(၄) တဏှာ သိဗ္ဗိနီ တဏှာတိနံ သိဗ္ဗတိ တဿ တဿေဝ ဘဝဿ အဘိနိဗ္ဗတ္တိယာ။

တဏှာ– တဏှာသည်၊ **သိဗ္ဗိနီ**– ချုပ်စပ်တတ်သောတရားသည်၊ **တိ**– မှန်၏၊ **တဏှာ**– တဏှာသည်၊ **တဿ တဿေဝ ဘဝဿ**– ထိုထိုဘဝ၏ပင်လျှင်၊ **အဘိနိဗ္ဗတ္တိယာ**– ဖြစ်ခြင်းငှာ၊ **နံ**– ထိုသက္ကာယနှင့် သက္ကာယသမုဒယကို၊ **သိဗ္ဗတိ**– ချုပ်စပ်တတ်၏။

(၅) ဧတ္တာဝတာခေါ် အာဝုသော ဘိက္ခု အဘိညေယျံ အဘိဇာနာတိ၊ ပရိညေယျံ ပရိဇာနာတိ၊ အဘိညေယျံ အဘိဇာနန္တော၊ ပရိညေယျံ ပရိဇာနန္တော ဒိဋ္ဌေဝဓမ္မေ ဒုက္ခဿန္တကရော ဟောတီတိ။ *(အံ– ၂– ၃၅၁)*

အာဝုသော– ငါ့ရှင်တို့၊ **ဧတ္တာဝတာခေါ်**– ဤမျှလောက် သက္ကာယ, သက္ကာယ သမုဒယ, သက္ကာယ နိရောဓတို့ကိုသိ၍ တဏှာဖြင့် မလိမ်းကျံ မကပ်ငြိခြင်းဖြင့်၊ **ဘိက္ခု**– ရဟန်းသည်၊ **အဘိညေယျံ**– ထူးခြားသောမဂ်ဉာဏ်ဖြင့် သိထိုက်သော သစ္စာလေးပါး တရားကို၊ **အဘိဇာနာတိ**– ထူးခြားသောမဂ်ဉာဏ်ဖြင့် သိ၏၊ **ပရိညေယျံ**– တီရဏပရိညာ, ပဟာနပရိညာဖြင့် ပိုင်းခြား၍ သိထိုက်သော ဒုက္ခသစ္စာ, သမုဒယသစ္စာကို၊ **ပရိဇာနာတိ**– ပိုင်းခြား၍သိ၏၊ **အဘိညေယျံ**– ထူးခြားသောမဂ်ဉာဏ်ဖြင့် သိထိုက်သော သစ္စာလေးပါးကို၊ **အဘိဇာနန္တော**– ထူးခြားသောမဂ်ဉာဏ်ဖြင့်သိလျက်၊ **ပရိညေယျံ**– တီရဏပရိညာ, ပဟာနပရိညာဖြင့် ပိုင်းခြား၍ သိထိုက်သော ဒုက္ခသစ္စာ, သမုဒယသစ္စာကို၊ **ပရိဇာနန္တော**– ပိုင်းခြားသိလျက်၊ **ဒိဋ္ဌေဝဓမ္မေ**– ယခုမျက်မှောက်ဘဝ၌ပင်လျှင်၊ **ဒုက္ခဿ**– ဆင်းရဲဒုက္ခ၏၊ **အန္တကရော**– အဆုံးကိုပြုသည်၊ **ဟောတိ**– ဖြစ်၏၊ **ဣတိ**– ဤသို့လျှောက်၏။

ထိုမထေရ် ရဟန်းတို့သည် ထိုသို့ မိမိထင်မြင်ချက် အသီးသီးကို ပြောကြားပြီးလျှင် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ လျှောက်ကြားလေရာ ဗုဒ္ဓသည် ထိုပြောဆိုချက်အားလုံးပင် သူ့အကြောင်းနှင့်သူ မှန်သည်ချည်းဖြစ်၏ဟု မိန့်ကြားတော်မူပြီးနောက် ပဌမရဟန်း လျှောက်ကြားသည့်အတိုင်း ဗုဒ္ဓကထပ်မံ၍ ဟောကြားတော်မူပြီး တရားကို အဆုံးသတ်တော်မူလေသည်။

ကောဋ္ဌာသ– အဖို့အစု အနက်ဟော အန္တသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) ယခုဘဝ ပစ္စုပ္ပန်ဖဿအဖို့နှင့် ကမ္မဖဿကြောင့်ဖြစ်သော ဖဿ သမုဒယ ဟုဆိုအပ်သော အနာဂတ်ဘဝကို တဏှာသည် ပြုတ်မသွားအောင် ချုပ်စပ်ပေးတတ်၏။ ထိုချုပ်စပ်ပေးတတ်သော တဏှာကြိုးကို ဆက်စပ်၍မရအောင် ဖြုတ်ပစ်နိုင်လျှင် ဖဿ နိရောဓ ခေါ် ဖဿချုပ်ရာ နိဗ္ဗာန်သို့ ရောက်ရှိနိုင်ပေသည်။ ထိုတဏှာကြိုးကို ဖြတ်တောက်ပစ်နိုင်အောင် ဝိပဿနာတရားကို **အားထုတ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်များရအောင် အားထုတ်ကြပါကုန်လော့။**

(၂) ထို့အတူ တဏှာသည် အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝ၊ ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝတို့ကို ချုပ်စပ်ပေးတတ်၏။ သုခ, ဒုက္ခ, ဥပေက္ခာဟူသော ဝေဒနာသုံးပါးတို့ကိုလည်း ချုပ်စပ်ပေးတတ်၏။ နာမ်, ရုပ်, ဝိညာဏ်တို့ကိုလည်း ချုပ်စပ်ပေးတတ်၏။ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါး၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟူသော ဗာဟိရာယတန ခြောက်ပါး၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်ဟူသော ဝိညာဏ်ခြောက်ပါး ဤအဇ္ဈတ္တိကာယတန ခြောက်ပါး၊ ဗာဟိရာယတန ခြောက်ပါး၊ ဝိညာဏ်ခြောက်ပါးတို့ကို ချုပ်စပ်ပေးတတ်၏။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး ရုပ်, နာမ်တရားဟူသော သက္ကာယ (ဒုက္ခသစ္စာ) နှင့် သက္ကာယ သမုဒယဟုဆိုအပ်သော သက္ကာယဖြစ်ကြောင်းတဏှာ သမုဒယသစ္စာတို့ကို ချုပ်စပ်ပေးတတ်၏။ *(တဏှာသမုဒယသစ္စာသည် သက္ကာယ ခေါ် ခန္ဓာငါးပါး ဒုက္ခသစ္စာဖြစ်အောင် ချုပ်စပ်ပေးတတ်၏။)* ထိုချုပ်စပ်ပေးတတ်သော တဏှာကြိုးကို ဖြုတ်ပစ်နိုင်လျှင်၊ ဖြတ်ပစ်နိုင်လျှင် ဆက်စပ်နေသော အတိတ်ဘဝ, ပစ္စုပ္ပန်ဘဝ, အနာဂတ်ဘဝတို့သည်လည်းကောင်း၊ သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာတို့သည်လည်းကောင်း၊ အတွင်းအာယတန ခြောက်ပါး, အပြင်အာယတန ခြောက်ပါး, ဝိညာဏ်ခြောက်ပါးတို့သည်လည်းကောင်း၊ သက္ကာယနှင့် သက္ကာယ သမုဒယတို့သည်လည်းကောင်း ပြတ်တောက်သွားမည်ဖြစ်၏။

(၃) မဂ်ဉာဏ်လေးချက်ဖြင့် တဏှာကို အကြွင်းမဲ့ ဖြတ်တောက်ပစ်နိုင်သောအခါ **ဖဿ နိရောဓ**– ဖဿချုပ်ရာ နိဗ္ဗာန်သို့လည်းကောင်း၊ **ဘဝ နိရောဓ**– ဘဝဒုက္ခချုပ်ရာ နိဗ္ဗာန်သို့လည်းကောင်း၊ **ဝေဒနာ နိရောဓ**– ဝေဒနာချုပ်ရာ နိဗ္ဗာန်သို့လည်းကောင်း၊ **နာမရူပ နိရောဓ**– နာမ်, ရုပ်ချုပ်ရာ နိဗ္ဗာန်သို့လည်းကောင်း၊ **အာယတန နိရောဓ**– အာယတနချုပ်ရာ နိဗ္ဗာန်သို့လည်းကောင်း၊ **သက္ကာယ နိရောဓ**– သက္ကာယချုပ်ရာ နိဗ္ဗာန်သို့လည်းကောင်း ရောက်ရှိကြ၍ ဒုက္ခအားလုံး ချုပ်ငြိမ်းသွားကြမည် ဖြစ်လေသည်။ **ထို့ကြောင့် အမျိုးမျိုး အဖုံဖုံ ဒုက္ခအစုံစုံရောက်အောင် ချုပ်စပ်ပေးတတ်သော တဏှာကို မဂ်ဉာဏ်လေးချက်ဖြင့် အကြွင်းမဲ့ ပယ်ဖြတ်နိုင်အောင် သမထ, ဝိပဿနာတရားများကို ကြိုးစားအားထုတ်နိုင်ကြသည် ဖြစ်ကြပါကုန်လော့။**

(၄) အယုတ်ဆုံးအားဖြင့် အပါယ်လေးပါး ဘဝဒုက္ခကို အပြီးတိုင် ဖြတ်ပစ်နိုင်သော တဏှာကြိုးကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်ဖြတ်နိုင်အောင်၊ သောတာပန်ဖြစ်အောင် ဝိပဿနာတရားကို ကြိုးစားအားထုတ်ကြပါကုန်လော့။

ဋီကာဆရာတို့ ပြဆိုအပ်သော အန္တသဒ္ဒါ သုံးနက်

အဋ္ဌကထာဆရာသည် အန္တသဒ္ဒါ၏ ဟောနိုင်သော အနက်များကို **အန္တ**– အူ ဟူသောအနက်, **အဗ္ဘန္တရ**– အတွင်း ဟူသောအနက်, **မရိယာဒ**– အပိုင်းအခြား ဟူသောအနက်, **လာမက**– ယုတ်ညံ့ခြင်း ဟူသောအနက်, **ပရဘာဂ**– ထိုမှာဘက်အဖို့ ဟူသောအနက်, **ကောဋ္ဌာသ**– အဖို့အစု ဟူသောအနက်အားဖြင့် ခြောက်နက်၌ ဖြစ်ပုံကို သာဓကနှင့်တကွ ထုတ်ဆောင်ပြလေသည်။ ထို့နောက် ထိုခြောက်နက်အပြင် အန္တသဒ္ဒါသည် **ပဒပူရဏ**– ပုဒ်ပြည့်ရုံ ဟူသောအနက်၊ **သမီပ**– အနီး ဟူသောအနက်၊ **ဥမ္မင်္ဂ**– လမ်းလွဲ ဟူသောအနက် သုံးမျိုး၌ ဖြစ်သည်ဟူ၍ ဋီကာဟောင်း, ဋီကာသစ်တို့က ပြဆိုပြန်လေသည်။
(မဟာဋီကာ– ၁၄၀၊ ဋီကာသစ် ပအုပ်– ၃၉၁)

ပဒပူရဏ အနက်ဟော အန္တသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာတို့သည် ရှေးဦးစွာ အန္တသဒ္ဒါ၏ ပဒပူရဏ– ပုဒ်ပြည့်ရုံမျှ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တုဏှီ တွံ သုတ္တန္တေ ဂါထာယော စ အဘိဓမ္မံ စ ပရိယာပုဏာသု၊ *(ဝိ- ၂- ၁၈၉)*

တုဏှီ- တိုက်တွန်း၏၊ **တွံ-** သင်သည်၊ **သုတ္တန္တေ စ-** သုတ္တန်တို့ကိုလည်းကောင်း၊ **ဂါထာယော စ-** ဂါထာတို့ကိုလည်းကောင်း၊ **အဘိဓမ္မံ စ-** အဘိဓမ္မာကိုလည်းကောင်း၊ **ပရိယာပုဏာဿု-** သင်ဦးလော့၊ **ပစ္ဆာ-** နောက်မှ၊ **ဝိနယံ-** ဝိနည်းကို၊ **ပရိယာပုဏိဿသိ-** သင်ရလတ္တံ့၊ *(ကဲ့ရဲ့ခြင်းငှာ အလိုမရှိဘဲ ဤသို့ပြောဆိုသော်လည်း ပါစိတ်အာပတ်မသင့်။)*

အထက်ပါ ပါဠိရပ်သည် ပါစိတ်ပါဠိတော်- သဟဓမ္မိကဝဂ်- ဝိလေခန သိက္ခာပုဒ်၌ လာရှိလေသည်။

သုတ္တန္တေ ဩကာသံ ကာရာပေတွာ *(ဝိ- ၂- ၄၆၀)*

သုတ္တန္တေ- သုတ္တန်၌၊ **ဩကာသံ-** အခွင့်ကို၊ **ကာရာပေတွာ-** ပြုစေ၍၊ *(ဩကာသံ ကာရာပေတွာ- ခွင့်တောင်း၍)* **ဝိနယံ ဝါ-** ဝိနည်းကိုလည်းကောင်း၊ **အဘိဓမ္မံ ဝါ-** အဘိဓမ္မာကိုလည်းကောင်း၊ **ပုစ္ဆတိ-** မေး၏။ **တဿ-** ထိုဘိက္ခုနီမအား၊ **ပါစိတ္တိယံ-** ပါစိတ်အာပတ်သင့်၏။

အထက်ပါ ပါဠိရပ်သည် ဝိနည်း ပါစိတ်ပါဠိတော်- ဘိက္ခုနီဝိဘင်း- ပါစိတ္တိယကဏ္ဍ- ဒွါဒသမ သိက္ခာပုဒ်၌ လာရှိလေသည်။

အထက်ဖော်ပြပါ ပါဠိတော်နှစ်ရပ်တွင် ပဌမပါဠိတော်အရ ရဟန်းတို့သည် ဝိနည်းကို ရွတ်ဖတ်ခြင်းကိုလည်းကောင်း၊ သင်ကြားခြင်းကိုလည်းကောင်း ကဲ့ရဲ့လျှင် ပါစိတ်အာပတ်သင့်လေသည်။ ကဲ့ရဲ့ခြင်းငှာ အလိုမရှိဘဲ **'သုတ္တန်နှင့် အဘိဓမ္မာကို သင်ပြီးမှ ဝိနည်းကို နောက်မှသင်ယူလော့'** ဟု ပြောကြားလျှင် အာပတ်မသင့်ပေ။

ဒုတိယပါဠိတော်အရ ရဟန်းမများသည် ရဟန်းတို့အား ခွင့်တောင်းခြင်းမရှိဘဲ ပြဿနာကိုမေးအံ့၊ ပါစိတ်အာပတ်သင့်သည်။ သုတ္တန်ကို ခွင့်ပန်ပြီး ဝိနည်း, အဘိဓမ္မာတို့ကို မေးလျှင်လည်း ပါစိတ်အာပတ်သင့်သည်။ *(သုတ္တန်ကို ခွင့်ပန်ပြီး ခွင့်မပန်သော ဝိနည်း, အဘိဓမ္မာတို့ကိုမေး၍ အာပတ်သင့်ခြင်းဖြစ်သည်။ သုတ္တန်ကိုဖြစ်စေ၊ ဝိနည်းကိုဖြစ်စေ၊ အဘိဓမ္မာကိုဖြစ်စေ ခွင့်ပန်ပြီးမှမေးလျှင် အာပတ်မသင့်။)*

ပဒပူရဏ- ပုဒ်ပြည့်ရုံ အနက်မဟော အန္တသဒ္ဒါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) အထက်ပါ ပါဠိနှစ်ရပ်လုံး၌ပင် **'သုတ္တန္တေ'** ပါလေသည်။ ထိုပါဠိ၌ အန္တသဒ္ဒါသည် အနက်သီးခြားမရှိပေ။ ပဒပူရဏ- ပုဒ်ပြည့်ရုံမျှသာ ဖြစ်လေသည်။ **သုတ္တန္တေ-** သုတ္တန်၌ ဟူ၍သာ အနက်ပေးရသည်။ **သုတ္တေ-** သုတ်၌၊ **သုတ္တန္တေ-** သုတ္တန်၌ အဓိပ္ပါယ်အတူတူချည်း ဖြစ်သည်။ အန္တသဒ္ဒါ ပါသည့်အတွက် အနက်ထူးခြားမှု မရှိသောကြောင့် အန္တသဒ္ဒါသည် ပဒပူရဏ- ပုဒ်ပြည့်ရုံမျှသာဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။ လူ့လောက၌လည်း 'အရေအတွက်သာများသည်၊ အရည်အချင်းမရှိ' ဟူသောစကားသည်လည်း ထိုပဒပူရဏသဘောမျိုး ဖြစ်လေသည်။ 'အရေအတွက်မှ အရည်အချင်းသို့' ဟူရာ၌ အရေအတွက်များသလို အရည်အချင်းရှိအောင်လည်း ကြိုးစားအားထုတ်ကြရမည်ဟု ဆိုလိုပေသည်။ **ထို့ကြောင့် အရေအတွက်များရုံတွင် ရပ်တန့်မနေကြဘဲ အရည်အချင်းများအောင်လည်း ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၂) မပြောစလောက်ဖြစ်သော ဝိနည်းသိက္ခာပုဒ်တွေကို အလေးထားပြီး ပြောဆိုရွတ်ဖတ်နေရသလား။ သင်ကြားနေရသလား။ လိုက်နာနေရသလား စသည်ဖြင့် အချို့သောရဟန်းတို့ ဝိနည်းကို ကဲ့ရဲ့တတ်ကြလေသည်။ ဝိနည်းကို ကဲ့ရဲ့လျှင် အာပတ်သင့်သလို အပြစ်လည်းရှိလေသည်။ ထို့ကြောင့် **ရဟန်းရှင်လူ မည်သူမဆို ဗုဒ္ဓပညတ်ထားသော ဝိနည်းသိက္ခာပုဒ်တွေကို ကဲ့ရဲ့ခြင်းမှ ရှောင်ရှားကြပါကုန်လော့။ ရဟန်းဝိနည်း၊ သာမဏေဝိနည်း၊ လူ့ဝိနည်းအားလျော်စွာ ကျင့်သုံးလိုက်နာကြပါကုန်လော့။ ဝိနည်းတွင်မှမဟုတ် သုတ်, အဘိဓမ္မာ စသော ဗုဒ္ဓဟောကြားတော်မူထားသော တရားများကို ကဲ့ရဲ့လျှင် အပြစ်ကြီးလေးသည်သာ ဖြစ်သည်။ ထို့ကြောင့် သုတ်, ဝိနည်း, အဘိဓမ္မာ အားလုံးကို ကဲ့ရဲ့ခြင်းကို ရှောင်ကြဉ်ပြီး ချီးမွမ်းခြင်းကိုပြုကာ ဗုဒ္ဓဟောကြားတော်မူအပ်သော တရားတော်များကို လိုက်နာကျင့်သုံးမှု ပြုတတ်ကြပါကုန်လော့။**

(၃) ရဟန်းမတစ်ဦးသည် ရဟန်းတို့အား ခွင့်မပန်ဘဲ ပြဿနာမေးသည့်အတွက် ပါစိတ်အာပတ် သင့်ရလေသည်။ ထိုသို့ခွင့်မပန်ဘဲ ပြဿနာကို မေးခြင်းသည် ရိုင်းစိုင်းရာလည်း ရောက်သလို ပြဿနာကိုလည်း ဖြစ်ပွားစေတတ်လေသည်။ ထို့ကြောင့် **ပုစ္ဆာ ပြဿနာများကို ခွင့်မပန်ဘဲ မေးခြင်းကို ရှောင်ကြဉ်ပြီး ခွင့်ပန်ပြီးမှသာ မေးမြန်းတတ်ကြပါကုန်လော့။**

သမိပ– အနီးအနက်ဟော အန္တသဒ္ဒါက သိ, မှတ်, ကျင့်ပွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာတို့သည် အန္တသဒ္ဒါတို့၏ ပဒပူရဏ– ပုဒ်ပြည့်ရုံအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အန္တသဒ္ဒါ၏ သမိပ– အနီးအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဂါမန္တံ ဩသရေယျ။ *(ဝိ– ၁– ၂၆၃ / ၂၆၄။ ဝိ– ၄– ၃၅၉ / ၃၆၀)*

ဂါမန္တံ– ရွာနီးကျောင်းသို့ *(ဤ၌ကား အန္တသဒ္ဒါ၏ သမိပ အနက်၌ ဖြစ်ပုံတည်း။)* ဩသရေယျ– သက်ရောက်အံ့။

အထက်ပါ ပါဠိရပ်သည် ဝိနည်း ပါရာဇိကပါဠိတော်– သံဃဘေဒ သိက္ခာပဒ၌လည်းကောင်း၊ စူဠဝါပါဠိတော်– ပဥ္စဝတ္ထု ယာစနကထာ၌လည်းကောင်း လာရှိလေသည်။

အထက်ပါ ပါဠိရပ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗုဒ္ဓသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သံဃာကို ကွဲပြားစေခြင်းဟူသော သံဃဘေဒကကံကို ကျူးလွန်ခြင်းငှာလည်းကောင်း၊ ဗုဒ္ဓ၏ အာဏာစက် ပျက်ခြင်းငှာလည်းကောင်း ရည်စူးလျက် အရှင်ဒေဝဒတ်သည် အောက်ပါဝတ္ထု ငါးမျိုးကို တောင်းဆိုလေသည်။

(၁) ဘဂဝါ ဘန္တေ အနေကပရိယာယေန အပ္ပိစ္ဆဿ သန္တုဋ္ဌဿ သလ္လေခဿ ဓုတဿ ပါသာဒိကဿ အပစယဿ ဝီရိယာရမ္ဘဿ ဝဏ္ဏဝါဒီ။

ဘန္တေ– အရှင်ဘုရား၊ **ဘဂဝါ–** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **အနေကပရိယာယေန–** များစွာသော အကြောင်းဖြင့်၊ **အပ္ပိစ္ဆဿ–** အလိုနည်းခြင်း၏၊ **သန္တုဋ္ဌဿ–** ရောင့်ရဲလွယ်ခြင်း၏၊ **သလ္လေခဿ–** ခေါင်းပါးခြင်း၏၊ **ဓုတဿ–** ကိလေသာကို ခါထုတ်ခြင်း၏၊ **ပါသာဒိကဿ–** ကြည်ညိုဖွယ်ကို ဆောင်ခြင်း၏၊ **အပစယဿ–** ကိလေသာကို မပွားစီးစေခြင်း၏၊ **ဝီရိယာရမ္ဘဿ–** လုံ့လကြိုးကုတ်အားထုတ်ခြင်း၏၊ **ဝဏ္ဏဝါဒီ–** ဂုဏ်ကျေးဇူးကို ပြောလေ့ရှိ၏။

(၂) ဣမာနိ ဘန္တေ ပဉ္စဝတ္ထူနိ အနေကပရိယာယေန အပ္ပိစ္ဆတာယ သန္တုဋ္ဌိယာ သလ္လေခါယ ဓုတတာယ ပါသာဒိကတာယ အပစယာယ ဝီရိယာရမ္ဘာယ သံဝတ္တန္တိ။

ဘန္တေ– ရှင်တော်ဗုဒ္ဓဘုရား၊ **ပဉ္စ–** ငါးပါးကုန်သော၊ **ဣမာနိ ဝတ္ထူနိ–** ဤဝတ္ထုတို့သည်၊ **အနေကပရိယာယေန–** များစွာသော အကြောင်းဖြင့်၊ **အပ္ပိစ္ဆတာယ–** အလိုနည်းခြင်းငှာ၊ **သန္တုဋ္ဌိယာ–** ရောင့်ရဲလွယ်ခြင်းငှာ၊ **သလ္လေခါယ–** ခေါင်းပါးခြင်းငှာ၊ **ဓုတတာယ–** ကိလေသာကို ခါထုတ်ခြင်းငှာ၊ **ပါသာဒိကတာယ–** ကြည်ညိုဖွယ်ကို ဆောင်ခြင်းငှာ၊ **အပစယာယ–** ကိလေသာကို မပွားစီးစေခြင်းငှာ၊ **ဝီရိယာရမ္ဘာယ–** လုံ့လကြိုးကုတ်အားထုတ်ခြင်းငှာ၊ **သံဝတ္တန္တိ–** ဖြစ်ပါကုန်၏။

(၃) သာဓု ဘန္တေ ဘိက္ခူ။

ဘန္တေ– ရှင်တော်ဗုဒ္ဓဘုရား၊ **သာဓု–** တောင်းပန်ပါ၏၊ **ဘိက္ခူ–** ရဟန်းအားလုံးတို့သည်–

(က) ယာဝဇီဝံ အာရညိကာ အဿု ယော ဂါမန္တံ ဩသရေယျ ဝဇ္ဇံ နံ ဖုသေယျ။

ယာဝဇီဝံ– အသက်ထက်ဆုံး၊ **အာရညိကာ–**တောကျောင်း၌နေသူတို့သည်၊ **အဿု–** ဖြစ်ပါစေကုန်။ **ယော–** အကြင် ရဟန်းသည်၊ **ဂါမန္တံ–** ရွာနီးကျောင်းသို့၊ **ဩသရေယျ–** သက်ရောက်အံ့။ *(ဂါမန္တံ ဩသရေယျ– ရွာနီးကျောင်း၌ နေငြားအံ့။)* **တံ–** ထို ရဟန်းကို၊ **ဝဇ္ဇံ–** အပြစ်သည်၊ **ဖုသေယျ–** ထိရောက်ပါစေ။

(ခ) ယာဝဇီဝံ ပိဏ္ဍပါတိကာ အဿု ယော နိမန္တနံ သာဒိယေယျ ဝဇ္ဇံ နံ ဖုသေယျ။

ယာဝဇီဝံ– အသက်ထက်ဆုံး၊ **ပိဏ္ဍပါတိကာ–** ပိဏ္ဍပတ်ဓုတင်ဆောင်သူတို့သည် *(ဆွမ်းခံကြသူတို့သည်)*၊ **အဿု–** ဖြစ်ပါစေကုန်၊ **ယော–** အကြင်ရဟန်းသည်၊ **နိမန္တနံ–** ပင့်ဖိတ်၍ လှူဒါန်းအပ်သော ဆွမ်းကို၊ **သာဒိယေယျ–** လက်ခံငြားအံ့၊ **နံ–** ထိုရဟန်းကို၊ **ဝဇ္ဇံ–** အပြစ်သည်၊ **ဖုသေယျ–** ထိရောက်ပါစေ။

(ဂ) ယာဝဇီဝံ ပံသုကူလိကာ အဿု ယော ဂဟပတိ စီဝရံ သာဒိယေယျ၊ ဝဇ္ဇံ နံ ဖုသေယျ။

ယာဝဇီဝံ- အသက်ထက်ဆုံး၊ **ပံသုကူလိကာ**- ပံသုကူစုတင်ဆောင်သူတို့သည် *(ပံသုကူသင်္ကန်းကို ဆောင်သူတို့သည်)*၊ **အဿု**- ဖြစ်ပါစေကုန်။ **ယော**- အကြင်ရဟန်းသည်၊ **ဂဟပတိ စီဝရံ**- အိမ်ရှင်ဒါယကာတို့ လှူဒါန်းအပ်သော သင်္ကန်းကို၊ **သာဒိယေယျ**- လက်ခံငြားအံ့၊ **နံ**- ထိုရဟန်းကို၊ **ဝဇ္ဇံ**- အပြစ်သည်၊ **ဖုသေယျ**- ထိရောက်ပါစေ။

(ဃ) ယာဝဇီဝံ ရုက္ခမူလိကာ အဿု ယော ဆန္နံ ဥပဂစ္ဆေယျ၊ ဝဇ္ဇံ နံ ဖုသေယျ။

ယာဝဇီဝံ- အသက်ထက်ဆုံး၊ **ရုက္ခမူလိကာ**- ရုက္ခမူစုတင်ဆောင်သူတို့သည် *(သစ်ပင်ရင်း၌ နေသူတို့သည်)*၊ **အဿု**- ဖြစ်ပါစေကုန်။ **ယော**- အကြင်ရဟန်းသည်၊ **ဆန္နံ**- အမိုးရှိသောကျောင်းသို့၊ **ဥပဂစ္ဆေယျ**- ကပ်ရောက်အံ့ *(အမိုးရှိသောကျောင်း၌ နေငြားအံ့)*၊ **နံ**- ထိုရဟန်းကို၊ **ဝဇ္ဇံ**- အပြစ်သည်၊ **ဖုသေယျ**- ထိရောက်ပါစေ။

(င) ယာဝဇီဝံ မစ္ဆမံသံ နခါဒေယျုံ၊ ယော မစ္ဆမံသံ ခါဒေယျ၊ ဝဇ္ဇံ နံ ဖုသေယျာတိ။

ယာဝဇီဝံ- အသက်ထက်ဆုံး၊ **မစ္ဆမံသံ**- ငါးနှင့် အသားဟင်းကို၊ **နခါဒေယျုံ**- မစားပါစေကုန်လင့်၊ **ယော**- အကြင်ရဟန်းသည်၊ **မစ္ဆမံသံ**- ငါးဟင်းနှင့် အသားဟင်းကို၊ **ခါဒေယျ**- စားငြားအံ့၊ **နံ**- ထိုရဟန်းကို၊ **ဝဇ္ဇံ**- အပြစ်သည်၊ **ဖုသေယျ**- ထိရောက်ပါစေ၊ **ဣတိ**- ဤသို့လျှောက်လေ၏။

ထိုအခါ ရှင်တော်ဗုဒ္ဓသည် အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူသည်။

(၄) အလံ ဒေဝဒတ္တ၊

ဒေဝဒတ္တ- ဒေဝဒတ်၊ **အလံ**- မသင့်လျော်ပေ။

(က) ယော ဣစ္ဆတိ အာရညိကော ဟောတု၊ ယော ဣစ္ဆတိ ဂါမန္တေ ဝိဟရတု၊

ယော- အကြင်ရဟန်းသည်၊ **ဣစ္ဆတိ**- အလိုရှိအံ့၊ **သော**- ထိုရဟန်းသည်၊ **အာရညိကော**- တောကျောင်းနေရဟန်းသည်၊ **ဟောတု**- ဖြစ်ပါစေ၊ **ယော**- အကြင်ရဟန်းသည်၊ **ဣစ္ဆတိ**- အလိုရှိအံ့၊ **သော**- ထိုရဟန်းသည်၊ **ဂါမန္တေ**- ရွာနီးကျောင်း၌၊ **ဝိဟရတု**- နေပါစေ။

(ခ) ယော ဣစ္ဆတိ ပိဏ္ဍပါတိကော ဟောတု၊ ယော ဣစ္ဆတိ နိမန္တနံ သာဒိယတု၊

ယော- အကြင်ရဟန်းသည်၊ **ဣစ္ဆတိ**- အလိုရှိအံ့၊ **သော**- ထိုရဟန်းသည်၊ **ပိဏ္ဍပါတိကော**- ဆွမ်းခံရဟန်းသည်၊ **ဟောတု**- ဖြစ်ပါစေ၊ **ယော**- အကြင်ရဟန်းသည်၊ **ဣစ္ဆတိ**- အလိုရှိအံ့၊ **သော**- ထိုရဟန်းသည်၊ **နိမန္တနံ**- ပင့်ဖိတ်အပ်သောဆွမ်းကို၊ **သာဒိယတု**- လက်ခံပါစေ။

(ဂ) ယော ဣစ္ဆတိ ပံသုကူလိကော ဟောတု၊ ယော ဣစ္ဆတိ ဂဟပတိ စီဝရံ သာဒိယတု၊

ယော- အကြင်ရဟန်းသည်၊ **ဣစ္ဆတိ**- အလိုရှိအံ့၊ **သော**- ထိုရဟန်းသည်၊ **ပံသုကူလိကော**- ပံသုကူသင်္ကန်းဆောင်ရဟန်းသည်၊ **ဟောတု**- ဖြစ်ပါစေ၊ **ယော**- အကြင်ရဟန်းသည်၊ **ဣစ္ဆတိ**- အလိုရှိအံ့၊ **သော**- ထိုရဟန်းသည်၊ **ဂဟပတိ စီဝရံ**- အိမ်ရှင်ဒါယကာတို့ လှူသော သင်္ကန်းကို၊ **သာဒိယတု**- လက်ခံပါစေ။

(ဃ) အဋ္ဌမာသေ ခေါ မယာ ဒေဝဒတ္တ ရုက္ခမူလ သေနာသနာ အနုညာတံ၊

ဒေဝဒတ္တ- ဒေဝဒတ်၊ **မယာ**- ငါဘုရားသည်၊ **အဋ္ဌမာသေ**- ရှစ်လတို့ပတ်လုံး၊ **ရုက္ခမူလ သေနာသနံ**- သစ်ပင်ရင်းကျောင်းကို၊ **အနုညာတံ**- ခွင့်ပြုအပ်ပြီ။

(င) တိကောဋိပရိသုဒ္ဓံ မစ္ဆမံသံ အဒိဋ္ဌံ အသုတံ အပရိသင်္ကိတန္တိ၊

အဒိဋ္ဌံ- ကိုယ်တိုင်လည်း မမြင်အပ်သော၊ **အသုတံ**- ကိုယ်တိုင်လည်း မကြားအပ်သော၊ **အပရိသင်္ကိတံ**- ကိုယ်တိုင်လည်း မယုံမှားအပ်သော၊ **တိကောဋိ ပရိသုဒ္ဓံ**- ထိုအစွန်းသုံးပါးမှ စင်ကြယ်သော၊ **မစ္ဆမံသံ**- ငါးဟင်းနှင့် အသားဟင်းကို၊ **အနုညာတံ**- ခွင့်ပြုအပ်ပေပြီ၊ **ဣတိ**- ဤသို့ မိန့်တော်မူလိုက်လေပြီ။

ဒေဝဒတ်သည် တောင်းဆိုသော ဝတ္ထုငါးမျိုးလုံးကို ဗုဒ္ဓခွင့်မပြုသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်၍ နောက်ဆုံးတွင် **သံဃာဘေဒကကံ**ကို ကျူးလွန်၍ အဝီစိငရဲသို့ ရောက်ရှာလေသည်။

သမိုင်း– အနီး အနက်ယောဘ အဗ္ဗသဒ္ဓါက ဩဝါဒပေးပုံ၊ တရားဟောပုံသဘော

(၁) ရှင်တော်ဗုဒ္ဓ သာသနာတော်၌ မဂ်, ဖိုလ်, နိဗ္ဗာန်ရရေးကိစ္စသည် အဓိကတာဝန်ဖြစ်သည်။ ပရိယတ်, ပဋိပတ် သာသနာနှစ်ရပ်ကို တမ်းဆောင်ရန်ကိစ္စသည် အဓိကတာဝန်ဖြစ်သည်။ တောရကျောင်း၌နေမှ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရမည့် ရဟန်းကို တောရကျောင်း၌ နေထိုင်ခြင်းကို ဗုဒ္ဓသည် အားပေးလျက် ခွင့်ပြုတော်မူသည်။ တောရကျောင်း၌နေပြီး မဂ်, ဖိုလ်, နိဗ္ဗာန်မရဘဲ စိတ်မတည်မငြိမ် ဖြစ်နေလျှင် ထိုရဟန်းအတွက် ထိုတောရကျောင်းသည် အချည်းနှီးသာ ဖြစ်လေသည်။ အချို့ရဟန်းတို့သည် တောရကျောင်း၌ နေလောက်အောင် ကျန်းမာရေး မကောင်းပေ။ ရွာနီးကျောင်း၌နေပြီး တရားအားထုတ်မှသာ မဂ်, ဖိုလ်, နိဗ္ဗာန်ရနိုင်သည်။ ထိုရဟန်းအတွက် ဗုဒ္ဓသည် **'ဂါမန္တ'** ခေါ် ရွာနီးကျောင်း၌ နေထိုင်ခြင်းကို ခွင့်ပြုတော်မူလေသည်။ ဆိုလိုသည်မှာ တောရကျောင်းနေနေ၊ ရွာနီးကျောင်းနေနေ မဂ်, ဖိုလ်, နိဗ္ဗာန်ရရန်၊ ပရိယတ်, ပဋိပတ်သာသနာနှစ်ရပ်တာဝန်ကို ထမ်းဆောင်ရန် အဓိကဖြစ်လေသည်။ ထို့ကြောင့် **ရဟန်း, ကိုရင်, သီလရှင်, လူသူတော်စင် အပေါင်းတို့သည် တော၌ဖြစ်စေ၊ ရွာ၌ဖြစ်စေ သင့်လျော်ရာ အရပ်၌နေပြီး မဂ်, ဖိုလ်, နိဗ္ဗာန်ရရှိရေးကိုလည်းကောင်း၊ ပရိယတ်, ပဋိပတ် သာသနာနှစ်ရပ်ကိုလည်း ကောင်း ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၂) ရဟန်းဖြစ်လာသူ၌ ဆွမ်းခံစားရမည့် တာဝန်သည် အဓိကဖြစ်သည်။ သို့ရာတွင် ပင့်ဖိတ်၍ လှူဒါန်းအပ်သော ဆွမ်း ကိုလည်း ဗုဒ္ဓသည် ခွင့်ပြုတော်မူလေသည်။ ဆိုလိုသည်ကား ဆွမ်းအာဟာရအတွက် ဆွမ်းခံ၍ပဲစားစား၊ ဆွမ်းမခံဘဲ ပင့်ဖိတ်သည့် ဆွမ်းကိုပဲစားစား ရသတဏှာ မဖြစ်ရန်နှင့် ထိုဆွမ်းတို့ကိုစားပြီး မဂ်, ဖိုလ်, နိဗ္ဗာန်ရရန်၊ ပရိယတ်, ပဋိပတ်သာသနာနှစ်ရပ်ကို ထမ်းဆောင်ရန် လိုအပ်ပေသည်။ ထို့ကြောင့် **အဘယ်ဆွမ်းအာဟာရကို သုံးဆောင် သုံးဆောင် မဂ်, ဖိုလ်, နိဗ္ဗာန်ရအောင်လည်း ကြိုးစားအားထုတ်ကြပါကုန်လော့။ သာသနာပြုပုဂ္ဂိုလ်များလည်း ဖြစ်ကြပါကုန်လော့။**

(၃) ဗုဒ္ဓသည် ပံသုကူသင်္ကန်းကိုလည်း ခွင့်ပြုထားသလို ဒါယကာတို့ လှူဒါန်းအပ်သော သင်္ကန်းကိုလည်း ခွင့်ပြုထားပေသည်။ အဘယ်သို့သော သင်္ကန်းကို ဝတ်ရသည်ဖြစ်စေ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ရရေးနှင့် သာသနာ့တာဝန်ကို ထမ်းဆောင်ရန်သာ အဓိကဖြစ်သည်။ ထို့ကြောင့် **မဂ်, ဖိုလ်, နိဗ္ဗာန်ရအောင်လည်း ကြိုးစားပါလော့။ သာသနာ့တာဝန်ကိုလည်း ထမ်းဆောင်ပါလော့။**

(၄) ဗုဒ္ဓသည် သစ်ပင်ရင်းအရပ်ကိုလည်း ခွင့်ပြုတော်မူထားသည်။ ဒါယကာတို့ ဆောက်လုပ်လှူဒါန်းအပ်သော အမိုးအကာရှိ သော ကျောင်းကိုလည်း ခွင့်ပြုတော်မူထားလေသည်။ **သစ်ပင်ရင်းအရပ်မှာ နေသည်ဖြစ်စေ၊ အမိုးအကာရှိသောကျောင်းမှာ နေသည်ဖြစ်စေ မဂ်, ဖိုလ်, နိဗ္ဗာန်ရရန်နှင့် သာသနာ့တာဝန်ကို ထမ်းဆောင်ရန် အဓိကဖြစ်သောကြောင့် မဂ်, ဖိုလ်, နိဗ္ဗာန်ရအောင် ကြိုးစားကြပါကုန်လော့။ သာသနာ့တာဝန်ကိုလည်း ထမ်းဆောင်ကြပါကုန်လော့။**

(၅) မိမိကို အကြောင်းပြု၍ ငါး, ကြက်, ငှက်, ဝက်, နွား စသည်တို့ကို သတ်သည်ဟူ၍ ကိုယ်တိုင်လည်း မြင်အံ့၊ ကြား မူလည်း ကြားအံ့၊ ယုံမှားသံသယမူလည်း ရှိအံ့၊ ရဟန်းဖြစ်သူသည် ထိုငါးဟင်း, အသားဟင်းများကို မသုံးဆောင် မစားကောင်းပေ။ အလိုအလျောက်သေပြီးသော *(တစ်နည်း)* လှူဒါန်းသူ၏ ပယောဂကင်းသော ငါးဟင်း, အသားဟင်းတို့ကိုသာလျှင် ရဟန်းတို့အတွက် အပ်စပ်လေသည်။ အသားလွတ် *(သက်သက်လွတ်)* ဟင်းများ ဖြစ်လျှင်ကား ပြောစရာမလိုပေ။ ပို၍ပင် အပ်စပ်လေသည်။ သို့ရာတွင် ဆွမ်းခံစားရသော ရဟန်းတော်များအတွက် အသားလွတ် *(သက်သက်လွတ်)* ဟင်းချည်းရရန် မလွယ်ကူပေ။ ထို့ကြောင့် ဗုဒ္ဓသည် ငါးဟင်း, အသားဟင်းများကို အပြစ်ကင်းသော, စင်ကြယ်သော ငါးဟင်း, အသားဟင်း ဖြစ်စေရမည်ဟု မိန့်တော်မူခြင်း ဖြစ်လေသည်။ ရဟန်းတို့သည် အပြစ်ကင်းသော ငါးဟင်းနှင့် အသားဟင်းကိုပဲ သုံးဆောင် သုံးဆောင်၊ အသားလွတ်ဟင်း, သက်သက်လွတ်ဟင်းကိုပဲ သုံးဆောင် သုံးဆောင် မဂ်, ဖိုလ်, နိဗ္ဗာန်ရရေးနှင့် သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ရေးသည်သာ အဓိကဖြစ်လေသည်။ **ထို့ကြောင့် လူတို့ လှူဒါန်းဆက်ကပ်အပ်သော အာဟာရများကို သုံးဆောင်ပြီး မဂ်, ဖိုလ်, နိဗ္ဗာန်ရအောင် ကြိုးစားအားထုတ် ကြပါကုန်လော့။ သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ကြသော သာသနာပြုပုဂ္ဂိုလ်များ ဖြစ်ကြပါကုန်လော့။**

ဥပ္ပဂ္ဂ- လမ်းလွဲ အနက်ဖော အန္တသဒ္ဒါက သိ, မှတ်, ကျင့်ပွယ်များကို ညွှန်းဆိုပုံ

ဋီကာဆရာတို့သည် အန္တသဒ္ဒါ၏ သမီပ- အနီးအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဥပ္ပဂ္ဂ- လမ်းလွဲအနက်၌ ဖြစ်ပုံ သာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

'သဗ္ဗမတ္ထိ' တိ ခေါ ကစ္စာန အယမေကော အန္တော၊ 'သဗ္ဗံ နတ္ထိ' တိ အယံ ဒုတိယော အန္တော။
(သံ- ၁- ၂၅၈။ သံ- ၂- ၁၁၀)

ကစ္စာန- ကစ္စာန၊ **သဗ္ဗံ**- အလုံးစုံသည် *(ဝါ အလုံးစုံသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာငါးပါး ရုပ်, နာမ်တရားဟူသော သင်္ခါရလောကသည်)*၊ **အတ္ထိတိ**- ရှိ၏ဟူသော *(ဝါ မြဲ၏ဟူသော သဿတဒိဋ္ဌိ အယူဖြစ်သော)*၊ **ဧကော**- တစ်ခုသော၊ **အယံ အန္တော**- ဤအစွန်းတရား လမ်းမှားသည်လည်းကောင်း *(ဤကား အန္တသဒ္ဒါ ဥပ္ပဂ္ဂ- လမ်းလွဲ အနက်၌ ဖြစ်ပုံတည်း)*
သဗ္ဗံ- အလုံးစုံသည် *(ဝါ အလုံးစုံသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာငါးပါး ရုပ်, နာမ်တရား သင်္ခါရလောကသည်)*၊ **နတ္ထိတိ**- မရှိဟူသော *(ဝါ ပြတ်၏ဟူသော ဥစ္ဆေဒဒိဋ္ဌိ အယူဖြစ်သော)*၊ **ဧကော**- တစ်ခုသော၊ **အယံ အန္တော**- ဤအစွန်းတရား လမ်းမှားသည်လည်းကောင်း၊ **အတ္ထိ**- ရှိ၏။

အထက်ပါ ပါဠိရပ်သည် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်- အာဟာရဝဂ်- ကစ္စာနဂေါတ္တသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူနေစဉ် အရှင်ကစ္စာနဂေါတ္တသည် လူ, နတ်, ဗြဟ္မာ သတ္တလောကတွင် ပညာရှိသူတော်ကောင်းတို့သည် 'မှန်သောအမြင် သမ္မာဒိဋ္ဌိ, မှန်သောအမြင် သမ္မာဒိဋ္ဌိ' ဟူ၍ ပြောဆိုနေကြပါသည်။ အဘယ်သို့ သိမြင်လျှင် မှန်သောအမြင် သမ္မာဒိဋ္ဌိ ဖြစ်ပါသနည်းဟု ဗုဒ္ဓအား လျှောက်ထားရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူလေသည်။

(၁) ကစ္စာန- လူ, နတ်, ဗြဟ္မာ ဟူသော သတ္တလောကသည် အလုံးစုံသော ခန္ဓာငါးပါး ရုပ်, နာမ်တရားဟူသော သင်္ခါရ လောကကို အတ္တအနေအားဖြင့် အတ္တသည်ရှိ၏၊ မြဲ၏ဟူသော သဿတဒိဋ္ဌိ ကိုလည်းကောင်း၊ အတ္တသည်မရှိ၊ ပြတ်စဲ၏ဟူသော ဥစ္ဆေဒဒိဋ္ဌိ ကိုလည်းကောင်း ထိုအစွန်းနှစ်ပါး လမ်းမှားသို့ မှီလျက်နေကြသည်။ ရောက်လျက်နေကြသည်။

(၂) ကစ္စာန- ထိုအလုံးစုံသော သင်္ခါရလောကဖြစ်ရာ *(အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ဟူသော ဤသို့စသည်ဖြင့်)* အနုလောမ ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာပညာ, မဂ်ပညာဖြင့် ဟုတ်မှန်သောအတိုင်း သမ္မာဒိဋ္ဌိအားဖြင့် သိမြင်သူ၌ အလုံးစုံသော သင်္ခါရလောကကို အတ္တသည်မရှိ၊ ပြတ်စဲ၏ဟူသော ဥစ္ဆေဒဒိဋ္ဌိ အယူကို တဏှာဒိဋ္ဌိအားဖြင့် မစွဲယူတော့ပေ။

(၃) ကစ္စာန- ထိုအလုံးစုံသော သင်္ခါရလောကချုပ်ရာ *(အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည်။ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်သည်ဟူသော ဤသို့စသည်ဖြင့်)* ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာပညာ, မဂ်ပညာဖြင့် ဟုတ်မှန်သောအတိုင်း သိမြင်သူ၌ အလုံးစုံသော သင်္ခါရလောကကို အတ္တရှိ၏၊ မြဲ၏ဟူသော သဿတဒိဋ္ဌိအယူကို တဏှာဒိဋ္ဌိအားဖြင့် မစွဲယူတော့ပေ။

(၄) ကစ္စာန- **ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ။ ဥပ္ပဇ္ဇမာနံ**- ဖြစ်သည်ရှိသော်၊ **ဒုက္ခမေဝ**- ခန္ဓာငါးပါး ရုပ်, နာမ်တရား ဟူသော ဒုက္ခသည်သာလျှင်၊ **ဥပ္ပဇ္ဇတိ**- ဖြစ်၏။

(၅) **ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ။ နိရုဇ္ဈမာနံ**- ချုပ်သည်ရှိသော်၊ **ဒုက္ခံ ဝေ**- ခန္ဓာငါးပါး ရုပ်, နာမ်တရားဟူသော ဒုက္ခ သည်သာလျှင်၊ **နိရုဇ္ဈတိ**- ချုပ်၏။

(၆) **နကင်္ခတိ နဝိစိကိစ္ဆတိ အပရပစ္စယာ ဉာဏမေဝဿ ဧတ္ထ ဟောတိ။ ဧတ္တာဝတာခေါ ကစ္စာန သမ္မာဒိဋ္ဌိ ဟောတိ။** *(သံ- ၁- ၂၅၈။ သံ- ၂- ၁၁၀)*

တတ္ထတိ- ဤသို့၊ **နကင်္ခတိ**- မယုံမှား၊ **နဝိစိကိစ္ဆတိ**- မတွေးတော၊ **ဧတ္ထ**- ဤဆင်းရဲဒုက္ခဖြစ်ခြင်း, ချုပ်ခြင်း၌၊ **အဿ**- ထိုပုဂ္ဂိုလ်အား၊ **အပရပစ္စယာ**- သူတပါးကို အားထား၍ ယုံကြည်သည်မဟုတ်၊ **ဉာဏမေဝ**- ကိုယ်တိုင် ဝိပဿနာပညာ, မဂ်ပညာ ဖြင့် သိခြင်းသည်သာလျှင်၊ **ဟောတိ**- ဖြစ်၏။ **ကစ္စာန**- ကစ္စာန၊ **ဧတ္တာဝတာခေါ**- ဤမျှဖြင့်၊ **သမ္မာဒိဋ္ဌိ**- လောကီ, လောကုတ္တရာ ရောသော မိဿကသမ္မာဒိဋ္ဌိသည်၊ **ဟောတိ**- ဖြစ်၏။

(၇) 'သဗ္ဗမတ္ထီ' တိ ခေါ ကစ္စာန အယမေကော အန္တော၊ 'သဗ္ဗံ နတ္ထီ' တိ အယံ ဒုတိယော အန္တော၊ ဧတေ တေ ကစ္စာန ဥဘော အန္တေ အနုပဂမ္မ မဇ္ဈေန တထာဂတော ဓမ္မံ ဒေသေတိ– အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရာ ပစ္စယာ ဝိညာဏံ၊ (ပ) ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော (ပ) ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီတိ။ *(သံ– ၁– ၂၉၀။ သံ– ၂– ၁၁၀)*

ကစ္စာန– ကစ္စာန၊ **သဗ္ဗံ**– အလုံးစုံသည် *(ဝါ အလုံးစုံသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာငါးပါး ရုပ်, နာမ်တရားဟူသော သင်္ခါရလောကသည်)* **အတ္ထီတိ**– ရှိ၏ဟူသော *(ဝါ မြဲ၏ဟူသော သဿတဒိဋ္ဌိ အယူဖြစ်သော)* **ဧကော**– တစ်ခုသော၊ **အယံ အန္တော**– ဤအစွန်းတရား လမ်းမှားသည်လည်းကောင်း၊ **သဗ္ဗံ**– အလုံးစုံသည် *(ဝါ အလုံးစုံသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာငါးပါး ရုပ်, နာမ်တရား သင်္ခါရလောကသည်)* **နတ္ထီတိ**– မရှိဟူသော *(ဝါ ပြတ်၏ ဟူသော ဥစ္ဆေဒဒိဋ္ဌိ အယူဖြစ်သော)* **ဧကော**– တစ်ခုသော၊ **အယံ အန္တော**– ဤအစွန်းတရား လမ်းမှားသည်လည်းကောင်း၊ **အတ္ထိ**– ရှိ၏။

ကစ္စာန– ကစ္စာန၊ **ဥဘော**– နှစ်ခုကုန်သော၊ **ဧတေ တေ အန္တေ**– ထိုအစွန်းတရား လမ်းလွဲလမ်းမှားတို့သို့၊ **အနုပဂမ္မ**– မကပ်ရောက်မူ၍၊ **မဇ္ဈေန**– အလယ်ဖြစ်သော မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါ အကျင့်ဖြင့်၊ **တထာဂတော**– တထာဂတ အမည်ရသော ငါဘုရားသည်၊ **အဝိဇ္ဇာ ပစ္စယာ**– အဝိဇ္ဇာကြောင့်၊ **သင်္ခါရာ**– သင်္ခါရတို့ ဖြစ်ကုန်၏။ **သင်္ခါရ ပစ္စယာ**– သင်္ခါရကြောင့်၊ **ဝိညာဏံ**– ဝိညာဏ်ဖြစ်၏။ (ပ) **ဧဝမေတဿ ကေဝလဿ**– ဤသို့ အလုံးစုံသော၊ **ဒုက္ခက္ခန္ဓဿ**– ဆင်းရဲအစု၏၊ **သမုဒယော**– ဖြစ်ခြင်းသည်၊ **ဟောတိ**– ဖြစ်၏။

အဝိဇ္ဇာယ တွေဝ– အဝိဇ္ဇာ၏ သာလျှင်၊ **အသေသ ဝိရာဂ နိရောဓာ**– တပ်ခြင်းကင်းသော အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်၊ **သင်္ခါရ နိရောဓော**– သင်္ခါရတို့ ချုပ်၏။ **သင်္ခါရ နိရောဓာ**– သင်္ခါရတို့ ချုပ်ခြင်းကြောင့်၊ **ဝိညာဏ နိရောဓော**– ဝိညာဏ်ချုပ်၏။ (ပ) **ဧဝမေတဿ ကေဝလဿ**– ဤသို့အလုံးစုံသော၊ **ဒုက္ခက္ခန္ဓဿ**– ဆင်းရဲအစု၏၊ **နိရောဓော**– ချုပ်ခြင်းသည်၊ **ဟောတိ**– ဖြစ်၏။

ဥမ္မင်္ဂ– လမ်းလွဲအနက်ဟော အန္တသဒ္ဒါက ဩဝါဒပေးပုံ တရားဟောပုံသဘော

(၁) ပရမတ္ထအားဖြင့် သင်္ခါရလောကဟု ဆိုအပ်သော ခန္ဓာငါးပါး ရုပ်, နာမ်တရား ဒုက္ခသစ္စာသာ ရှိလေသည်။ ခေါင်း, ကိုယ်, လက်, ခြေ, ယောက်ျား, မိန်းမ, လူ, နတ်, ဗြဟ္မာ စသည်သတ္တဝါတို့ မရှိပေ။ အကြင်ပုဂ္ဂိုလ်တို့သည် ထင်ရှားရှိသော ခန္ဓာငါးပါး ရုပ်, နာမ်တရားကို ရုပ်, နာမ်တရားအတိုင်း ဟုတ်တိုင်းမှန်စွာ မသိမမြင်သောအခါ ပုဂ္ဂိုလ်, သတ္တဝါဟူ၍ 'တဏှာ, ဒိဋ္ဌိ' တို့ဖြင့် စွဲယူလေတော့သည်။ ထိုအခါ ပုဂ္ဂိုလ်, သတ္တဝါထဲ၌ အတ္တသည် ရှိ၏။ ထိုအတ္တသည် မြဲ၏။ မပျက်စီးဟူသော သဿတဒိဋ္ဌိ အယူကို ယူခြင်းဟူသော တစ်ဘက်စွန်း လမ်းလွဲလမ်းမှားသို့ ရောက်သွားလေသည်။ ထိုသဿတဒိဋ္ဌိအယူကို မစွန့်သမျှ ထိုပုဂ္ဂိုလ်သည် သံသရာဒုက္ခ, အပါယ်ဒုက္ခ, ဝဋ်ဒုက္ခတို့မှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။ **ထို့ကြောင့် သဿတဒိဋ္ဌိ အယူကို စွန့်လွှတ်နိုင်အောင် ထင်ရှားရှိသော ရုပ်, နာမ်တရားကို ထင်ရှားရှိသော ရုပ်, နာမ်တရားအတိုင်းသိအောင် အနုလောမ ပဋိစ္စသမုပ္ပါဒ်တရားကို သိမြင်အောင်နှင့် ဝိပဿနာဉာဏ်ရအောင် ကြိုးစားအားထုတ်ပါလော့။ မဂ်ဉာဏ်အထိရောက်အောင် ကြိုးစားအားထုတ်ပါလော့။**

(၂) ရုပ်, နာမ်ဟူသော သင်္ခါရလောကကို ဟုတ်တိုင်းမှန်စွာ မသိမမြင်သောအခါ ပုဂ္ဂိုလ်, သတ္တဝါဟူ၍ စသည် တဏှာ, ဒိဋ္ဌိဖြင့် စွဲယူရာမှ ပုဂ္ဂိုလ်, သတ္တဝါထဲ၌ အတ္တသည် ရှိသည်။ ထိုအတ္တသည် နောက်ဘဝသို့ မကူးမပြောင်း ဤဘဝတွင်သာ ပြတ်စဲသွားလေသည်ဟူ၍ ဥစ္ဆေဒဒိဋ္ဌိကို ယူခြင်းဟူသော တစ်ဘက်စွန်း လမ်းလွဲလမ်းမှားသို့ ရောက်သွားပြန်လေသည်။ ထိုဥစ္ဆေဒဒိဋ္ဌိအယူကို မစွန့်သမျှ ထိုပုဂ္ဂိုလ်သည် သံသရာဒုက္ခ, အပါယ်ဒုက္ခ, ဝဋ်ဒုက္ခတို့မှ လွတ်မြောက်နိုင်မည်မဟုတ်ပေ။ **ထို့ကြောင့် ဥစ္ဆေဒဒိဋ္ဌိအယူကို စွန့်လွှတ်နိုင်အောင် ထင်ရှားရှိသော ရုပ်, နာမ်တရားကို ထင်ရှားရှိသော ရုပ်, နာမ်တရားအတိုင်းသိအောင်၊ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်တရားကို သိမြင်အောင်၊ ဝိပဿနာဉာဏ်ရအောင်၊ မဂ်ဉာဏ်ရအောင် ကြိုးစားအားထုတ်ပါလော့။**

(၃) အမှန်စင်စစ် အလုံးစုံသော 'ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်' ဟူသော ခန္ဓာငါးပါး ရုပ်, နာမ်တရားသည်၊ သင်္ခါရလောကသည် အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော ဒုက္ခသစ္စာသက်သက်သာ ဖြစ်သည်။ ထိုသို့သိရန် ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ဟူ၍ စသည် အနုလောမ ပဋိစ္စသမုပ္ပါဒ်ကို သိမြင်ရန် လိုအပ်ပေသည်။ **အနုလောမ ပဋိစ္စသမုပ္ပါဒ် သဘောကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့်သိလျှင် သဿတဒိဋ္ဌိ အယူမဖြစ်တော့ပေ။ အပြီးတိုင် ပြုတ်ထွက်သွားလေသည်။**

အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည်။ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်သည် စသည်ဖြင့် ပဋိလောမ ပဋိစ္စသမုပ္ပါဒ် **သဘောကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် သိမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ အပြီးတိုင် ပြုတ်ထွက်သွားလေသည်။**

အနုလောမ ပဋိစ္စသမုပ္ပါဒ် သဘောအရ ဖြစ်ပေါ်လာခြင်းသည်လည်း ဆင်းရဲဒုက္ခသာ ဖြစ်သည်။ ပုဂ္ဂိုလ်, သတ္တဝါ ဖြစ်ပေါ်သည် မဟုတ်ပေ။ ပဋိလောမ ပဋိစ္စသမုပ္ပါဒ် သဘောအရ ချုပ်ငြိမ်းခြင်းသည်လည်း ဆင်းရဲဒုက္ခသာ ချုပ်ငြိမ်းသွားခြင်း ဖြစ်သည်။ ပုဂ္ဂိုလ်, သတ္တဝါ ချုပ်ငြိမ်းသွားခြင်း မဟုတ်ပေ။ ဤသို့ ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် အနုလောမ ပဋိစ္စသမုပ္ပါဒ်ကိုလည်းကောင်း၊ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကိုလည်းကောင်း သိမြင်ခြင်းသည်ပင် မဇ္ဈိမပဋိပဒါဖြစ်သော မှန်ကန်စွာ သိမြင်သော သမ္မာဒိဋ္ဌိ ဖြစ်လေသည်။ **ထိုသို့ မှန်စွာသိမြင်သော သမ္မာဒိဋ္ဌိဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြသည် ဖြစ်ကြပါကုန်လော့။**

ဤ၌လိုအပ်သော အနက်

ဗုဒ္ဓသည် ဗြဟ္မဇာလသုတ်၌ မိစ္ဆာဒိဋ္ဌိ (၆၂)ပါး ဖြစ်ပေါ်လာပုံကို ဟောကြားတော်မူလိုသည့်အတွက် '**သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ပုဗ္ဗန္တကပ္ပိကာ**' ပုဗ္ဗန္တကပ္ပိကာ- ရှေးအဖို့ကို ကြံဆကုန်သော၊ ပုဗ္ဗန္တာနုဒိဋ္ဌိနော- ရှေးအဖို့ကို စွဲယူကုန်သော၊ **ဧကေ**- အချို့ကုန်သော၊ **သမဏဗြာဟ္မဏာ**- သမဏ, ဗြာဟ္မဏတို့သည်၊ **သန္တိ**- ရှိကုန်၏ဟူ၍ အစပျိုးတော်မူရာ၌ အဋ္ဌကထာဆရာ၏ '**ပုဗ္ဗန္တကပ္ပိကာ**' ၌ ပါရှိသော အန္တသဒ္ဒါ၏ အနက်ခြောက်နက်၌ ဖြစ်ပုံသာဓကကိုလည်းကောင်း၊ ဋီကာဆရာများ၏ အနက်သုံးနက်၌ ဖြစ်ပုံသာဓကကိုလည်းကောင်း ပြဆိုပြီး၍ ထိုအန္တသဒ္ဒါ ဟောနိုင်သော ကိုးနက်ရှိရာတွင် ဤဗြဟ္မဇာလသုတ်၌ လိုအပ်သောအနက်သည် '**ကောဋ္ဌာသ- အဖို့**' ဟူသောအနက်ကို လိုအပ်ပေသည်။ *(ဒီ ဋ- ၁- ၉၆)*

ကပ္ပသဒ္ဒါ၏ ဟောနိုင်သော အနက်များ

ပုဗ္ဗန္တကပ္ပိကာ၌ ကပ္ပသဒ္ဒါ၏ ဟောနိုင်သော အနက်များမှာ **အာယုကပ္ပ**- အာယုကပ် ဟူသောအနက်၊ **လေသကပ္ပ**- အမြွက် ဟူသောအနက်၊ **ဝိနယကပ္ပ**- ဝိနည်း၌လာသော ကပ္ပိယ ဟူသောအနက် စသည်ဖြင့် များစွာသောအနက်တို့၌ ဖြစ်လေသည်။

ဤ၌လိုအပ်သော အနက်

'**တဏှာကပ္ပ**'- တဏှာဖြင့် ကြံဆအပ်သော ကပ္ပ၊ '**ဒိဋ္ဌိကပ္ပ**'- ဒိဋ္ဌိဖြင့် ကြံဆအပ်သော ကပ္ပကို လိုအပ်လေသည်။ ထို့ကြောင့် အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုလေသည်။

တသ္မာ တဏှာဒိဋ္ဌိဝသေန အတီတံ ခန္ဓကောဋ္ဌာသံ ကပ္ပေတွာ ပကပ္ပေတွာ ဌိတာတိ ပုဗ္ဗန္တကပ္ပိကာတိ ဝေဒိတဗ္ဗာ။ *(ဒီ ဋ- ၁- ၉၆)*

တသ္မာ- ထိုသို့ ကပ္ပသဒ္ဒါ၏ တဏှာကပ္ပ, ဒိဋ္ဌိကပ္ပ အနက်တို့၌ ဖြစ်သည်၏အဖြစ်ကြောင့်၊ **တဏှာဒိဋ္ဌိဝသေန**- တဏှာ, ဒိဋ္ဌိတို့၏ အစွမ်းဖြင့်၊ **အတီတံ**- အတိတ်ဖြစ်သော၊ **ခန္ဓကောဋ္ဌာသံ**- ခန္ဓာအဖို့ကို၊ **ကပ္ပေတွာ**- ကြံဆပြီး၍၊ **ပကပ္ပေတွာ**- အထူးသဖြင့် ကြံဆပြီး၍၊ **ဌိတာ**- တည်နေကုန်၏၊ **ဣတိ**- ထို့ကြောင့်၊ **ပုဗ္ဗန္တကပ္ပိကာ**- ပုဗ္ဗန္တကပ္ပိကာတို့ မည်၏၊ **ဣတိ ဧဝံ**- ဤသို့၊ **ဧတ္ထ**- ဤပုဗ္ဗန္တကပ္ပိကာဟူသော ပါဌ်၌၊ **အတ္ထော**- အနက်ကို၊ **ဝေဒိတဗ္ဗော**- သိထိုက်၏။

ပုဗ္ဗန္တာနုဒိဋ္ဌိ (၁၈)မျိုး

ပုဗ္ဗန္တာနုဒိဋ္ဌိနောသည် ပုဗ္ဗန္တကပ္ပိကာနှင့် ပုဒ်ချင်းဆက်လျက်ရှိသည်။ ထို့ကြောင့် ပုဗ္ဗန္တကပ္ပိကာ- ရှေးအဖို့ကို ကြံဆကုန်သော၊ ပုဗ္ဗန္တာနုဒိဋ္ဌိနော- ရှေးအဖို့ကို စွဲယူကုန်သောဟု ပါဠိတော်၌ အနက်ပေးသည်။ ထိုတွင် ပုဗ္ဗန္တာနုဒိဋ္ဌိ (၁၈)မျိုး ရှိလေရာ ၎င်းကို ပုဗ္ဗန္တကပ္ပိကဝါဒ (၁၈)မျိုး ဟူ၍လည်း ခေါ်လေသည်။

၎င်း (၁၈)မျိုးကား-

(၁) သဿတဝါဒ (၄)မျိုး၊

(၂) ဧကစ္စသဿတဝါဒ (၄)မျိုး၊

(၃) အန္တာနန္တဝါဒ (၄)မျိုး၊

(၄) အမရာဝိက္ခေပဝါဒ (၄)မျိုး၊

(၅) အဓိစ္စသမုပ္ပန္နဝါဒ (၂)မျိုးအားဖြင့် (၁၈)မျိုး ရှိလေသည်။

ဗုဒ္ဓသည် ထို (၁၈)မျိုးကုန်သော မိစ္ဆာဒိဋ္ဌိဝါဒတို့ကို အစဉ်အတိုင်း ဟောကြားတော်မူသွားလေသည်။ ဖတ်ရှုကြသော ပုဂ္ဂိုလ်များ ပို၍နားလည်လွယ်အောင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ မြန်မာပြန် စသောကျမ်းများနှင့်ညှိ၍ အောက်ပါအတိုင်း တင်ပြပါသည်။

သဿတဒိဋ္ဌိဝါဒ (၄)မျိုး

သဿတ- သတ္တဝါတို့သန္တာန်၌ 'အတ္တ' ရှိ၏။ ထိုအတ္တသည် ဘယ်အခါမှ မပျက်စီးဘဲ မြဲ၏ဟု ယူသောအယူကို 'သဿတဒိဋ္ဌိ'ဟု ခေါ်ဆိုသည်။ ထိုသဿတဒိဋ္ဌိဝါဒကို ယူကြပုံ (၄)မျိုး ဖြစ်ပေါ်လာခြင်းသည်-

(၁) ရှေးဘဝ သိန်းပေါင်းများစွာကို ပြန်၍အောက်မေ့ရာမှ သဿတဒိဋ္ဌိအယူကို ယူသွားပုံတစ်မျိုး၊

(၂) ရှေး (၁၀)ကမ္ဘာအထိ ပြန်၍အောက်မေ့ရာမှ သဿတဒိဋ္ဌိအယူကို ယူသွားပုံတစ်မျိုး၊

(၃) ရှေးကမ္ဘာ (၄၀)အထိ ပြန်၍အောက်မေ့ရာမှ သဿတဒိဋ္ဌိအယူကို ယူသွားပုံတစ်မျိုး၊

(၄) ကြံစည်စိတ်ကူးရာမှ သဿတဒိဋ္ဌိအယူကို ယူသွားပုံတစ်မျိုး-

ဤသို့ လေးမျိုးရှိလေသည်။

(၁) ရှေးဘဝ သိန်းပေါင်းများစွာကို ပြန်၍အောက်မေ့ရာမှ သဿတဒိဋ္ဌိအယူကို ယူသွားပုံ

ယခုခေတ် အချို့လူတို့သည် ရှေးဘဝ သိန်းပေါင်းများစွာကို ထားလိုက်ပါဦး။ 'ရှေးတစ်ဘဝလောက်က ဘာဖြစ်ခဲ့သည်' ဟူ၍ပင် မသိကြသူတွေ အများအပြား ရှိလေသည်။ *(အချို့လူငယ်များတို့ ရှေးတစ်ဘဝ၊ နှစ်ဘဝလောက်ကို သိသူအနည်းငယ် ရှိသည်။)* ရှေးတစ်ဘဝကို ထားဘိဦး။ လွန်ခဲ့သော (၁၀)နှစ်က ဖြစ်ခဲ့သော ဖြစ်စဉ်ကိုပင် စေ့စေ့စပ်စပ် မပြောနိုင်သူတွေ အမြောက်အများ ရှိလေသည်။
သို့ဖြစ်၍ အထက်ပါ ခေါင်းစီးအရ ရှေးဘဝ သိန်းပေါင်းများစွာကို ပြန်၍အောက်မေ့နိုင်သော ပုဂ္ဂိုလ်သည် သာမညပုဂ္ဂိုလ် မဟုတ်ကြောင်းမှာ ထင်ရှားပါသည်။ ထို့ကြောင့် ဗုဒ္ဓသည် အောက်ပါပါဠိတော်ကို စ၍ဟောတော်မူသည်။

သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ပုဗ္ဗန္တကပ္ပိကာ ပုဗ္ဗန္တာနုဒိဋ္ဌိနော ပုဗ္ဗန္တံ အာရဗ္ဘ အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ အဋ္ဌာရသဟိ ဝတ္ထူဟိ တေစ ဘောန္တော သမဏဗြာဟ္မဏာ ကိမာဂမ္မ ကိမာရဗ္ဘ (ပ) အဘိဝဒန္တိ။ *(ဒီ- ၁- ၁၂)*

ဘိက္ခဝေ- ရဟန်းတို့၊ **ပုဗ္ဗန္တကပ္ပိကာ-** ရှေးအဖို့ကို ကြံဆကုန်သော၊ **ပုဗ္ဗန္တာနုဒိဋ္ဌိနော-** ရှေးအဖို့ကို စွဲယူကုန်သော၊ **ဧကေ-** အချို့ကုန်သော၊ **ယေ သမဏဗြာဟ္မဏာ-** အကြင် သမဏ၊ ဗြာဟ္မဏတို့သည်၊ **သန္တိ-** ရှိကုန်၏၊ **တေ သမဏဗြာဟ္မဏာ-**

ထိုသမဏ, ဗြာဟ္မဏတို့သည်၊ **ပုဗ္ဗန္တံ**- ရှေးအဖို့ကို စွဲမှီ၍၊ **အနေကဝိဟိတာနိ**- များပြားကုန်သော၊ **အဓိမုတ္တိပဒါနိ**- မိစ္ဆာအယူစကားတို့ကို၊ **အဋ္ဌာရသဟိ**- (၁၈)မျိုးကုန်သော၊ **ဝတ္ထူဟိ**- အကြောင်းတို့ဖြင့်၊ **အဘိဝဒန္တိ**- ပြောဟောကုန်၏၊ **ကိံ**- အဘယ်သို့ **အာရဗ္ဘ**- အကြောင်းပြု၍၊ **ကိံ**- အဘယ်ကို၊ **အာဂမ္မ**- စွဲမှီ၍၊ **အဘိဝဒန္တိ**- ပြောဟောကုန်သနည်း။

ပုဗ္ဗန္တကပ္ပိက အဓိပ္ပါယ်

(၁) ထိုသမဏ, ဗြာဟ္မဏတို့သည် ရှေးအတိတ်ဖြစ်သော ခန္ဓာအဖို့ကို တဏှာ, ဒိဋ္ဌိတို့ဖြင့် အထူးတလည် ကြံဆခြင်းရှိသောကြောင့် 'ပုဗ္ဗန္တကပ္ပိက' မည်၏ဟု ဆိုရလေသည်။ ထိုပုဂ္ဂိုလ်တို့၏ တဏှာ, ဒိဋ္ဌိတို့လည်း ဥပါဒ်နိအဆင့်သို့ ရောက်သော တဏှာ, ဒိဋ္ဌိ ဖြစ်သည်ဟု ဋီကာဟောင်း, ဋီကာသစ်တို့၌ ပြဆိုထားလေသည်။*(ဤ၌ တဏှာဟူသည် ကာမတဏှာ မဟုတ်ပေ။ မိမိ၏ လွဲမှားသော အယူဝါဒကို စွဲစွဲမြဲမြဲ သာယာမှုကို တဏှာဟု ခေါ်သည်။)*

(၂) ထို့ကြောင့် အတိတ်ဖြစ်သော ခန္ဓာအဖို့အစုတို့ကို စွဲစွဲလမ်းလမ်း တဏှာ, ဒိဋ္ဌိတို့ဖြင့် ကြံဆကြသည်ကို 'ပုဗ္ဗန္တကပ္ပိကရှိကုန်သော သမဏ, ဗြာဟ္မဏတို့' ဟူ၍ အနက်အဓိပ္ပါယ်ရလေသည်။

ပုဗ္ဗန္တာနုဒိဋ္ဌိနော အဓိပ္ပါယ်

(၁) ထိုသမဏ, ဗြာဟ္မဏတို့သည် ရှေးဖြစ်သော ခန္ဓာအဖို့အစုတို့ကို တဏှာ, ဒိဋ္ဌိတို့ဖြင့် စွဲစွဲလမ်းလမ်း ကြံဆပြီး၍ ရှေးဖြစ်သော ခန္ဓာအဖို့အစု၌ တဏှာ, ဒိဋ္ဌိတို့ ထပ်ကာထပ်ကာ ဖြစ်ခြင်းကိုပင် **ပုဗ္ဗန္တာနုဒိဋ္ဌိ**- 'ရှေးအဖို့သို့ တဏှာ, ဒိဋ္ဌိဖြင့် အစဉ်လိုက်၍ ဖြစ်သော ဒိဋ္ဌိ' ဟု ခေါ်ဆိုရပြန်လေသည်။

(၂) ထို့ပြင် ထိုသမဏ, ဗြာဟ္မဏတို့သည် ထိုတဏှာ, ဒိဋ္ဌိတို့ဖြင့် စွဲစွဲလမ်းလမ်း ယူဆသော အယူကို မိမိတွင် ယူဆရုံတွင်မဟုတ်ဘဲ သူတစ်ပါးတို့အားလည်း မိမိတို့၏ မိစ္ဆာဒိဋ္ဌိဝါဒကို ဟောပြောကြကြောင်းကိုလည်း အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုလေသည်။

တေဝေ ဒိဋ္ဌိနော တံ ပုဗ္ဗန္တံ အာရဗ္ဘ အာဂမ္မ ပဋိစ္စ အညမ္ပိ ဇနံ ဒိဋ္ဌိဂတိကံ ကရောန္တာ အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ အဋ္ဌာရသဟိ ဝတ္ထူဟိ။ *(ဒီ ဋ္ဌ- ၁- ၉၆)*

တေ- ထိုသမဏ, ဗြာဟ္မဏတို့သည်၊ **တံ ပုဗ္ဗန္တံ**- ထိုရှေးအတိတ်ဖြစ်သော ခန္ဓာအဖို့ကို၊ **အာဂမ္မ**- ရောက်၍၊ **ပဋိစ္စ**- စွဲမှီ၍၊ **အညမ္ပိ ဇနံ**- မိမိမှတပါးသော လူအပေါင်းကို၊ **ဒိဋ္ဌိဂတံ**- မိစ္ဆာအယူရှိသည်ကို၊ **ကရောန္တာ**- ပြုကုန်လျက်၊ **အနေကဝိဟိတာနိ**- များသောအပြားရှိကုန်သော၊ **အဓိမုတ္တိပဒါနိ**- မိစ္ဆာအယူတို့ကို ပြတတ်သော ပုဒ်တို့ကို၊ **အဋ္ဌာရသဟိ**- (၁၈)ပါးကုန်သော၊ **ဝတ္ထူဟိ**- အကြောင်းတို့ဖြင့်၊ **အဘိဝဒန္တိ**-*(ငါတို့အယူသာ အမှန်၊ အခြားသူတို့၏ အယူတို့သည် အမှားချည်းသာဟု)* စွဲမြဲစွာ နှလုံးသွင်း၍ ငြင်းကြ, ခုံကြ, ပြောဟောကြကုန်၏။

အဓိမုတ္တိပဒါနိ အဓိပ္ပါယ်

(၁) ကျွန်အစရှိသည်တို့ကို 'သိရိဝမုက' ဟု နာမည်ပေးရာ၌ မိဘစသည်တို့သည် *(အမှန်တကယ် အသရေတိုးပွားစေ၍)* ပေးသည်မဟုတ်ဘဲ ခေါ်ဝေါ်လို့ကောင်းရန် ရည်ရွယ်၍ အမည်ပေးသကဲ့သို့ ထို့အတူ တိတ္ထိတို့သည်လည်း ရုပ်, နာမ်ခန္ဓာကို 'အတ္တဟုလည်းကောင်း, လောကဟုလည်းကောင်း ခေါ်ဝေါ်ပညတ်ခြင်းသည် အမည်မျှသာ ဖြစ်သည်။ အနက်သာရအားဖြင့် တကယ်မဟုတ်ပေ။ ရုပ်, နာမ်ခန္ဓာ၌ အတ္တဟုလည်းကောင်း, လောကဟုလည်းကောင်း ခေါ်ဝေါ်ပညတ်ရန် အတ္တမရှိချေ။ ထို့ကြောင့် '**အဓိမုတ္တိပဒါနိ**' ဟူသည် အနက်သာရမပါ၊ သဒ္ဒါမျှကိုသာ ရည်စူးရာရောက်သော သဒ္ဒပညတ်မျှသာ ဖြစ်လေသည်။

(၂) ထို့ပြင် သဿတ မြဲ၏။ အတ္တလောကသည် ရှိ၏၊ မြဲ၏ ဟူသော သဘောသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော 'ရုပ်, ဝေဒနာ' စသော အနက်တို့ကို ကျော်လွန်သော အနက်များတည်း။ 'ရုပ်, ဝေဒနာ' စသည်တို့ကို ပရမတ္ထသဘောအားဖြင့်

မသိမမြင်ကြသောကြောင့် ပရမတ်ကို ကျော်လွန်၍ မရှိသော 'အတ္တ'ကို ပညတ်တပ်၍ ပြောဆိုခြင်းသာဖြစ်ကြောင်း ဋီကာဟောင်း, ဋီကာသစ်တို့ ဖွင့်ဆိုကြလေသည်။

သဿတဝါဒ

သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ၊ တေစ ဘောန္တော သမဏဗြာဟ္မဏာ ကိမာဂမ္မ ကိမာရဗ္ဘ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ။ *(ဒီ- ၁- ၁၂)*

ဘိက္ခဝေ- ရဟန်းတို့ **ဧကေ**- အချို့ကုန်သော၊ **ယေ သမဏဗြာဟ္မဏာ**- အကြင်သမဏ, ဗြာဟ္မဏတို့သည်၊ **သဿတဝါဒါ**- မြဲသောအယူရှိကုန်သည်၊ **ဟုတွာ**- ဖြစ်၍၊ **စတူဟိ**- လေးပါးကုန်သော၊ **ဝတ္ထူဟိ**- အကြောင်းတို့ဖြင့်၊ **အတ္တာနဉ္စ**- အတ္တကိုလည်းကောင်း၊ **လောကဉ္စ**- လောကကိုလည်းကောင်း၊ **သဿတံ**- မြဲ၏ဟူ၍၊ **ပညပေန္တိ**- ပညတ်ကြကုန်၏။

ဘောန္တော- အရှင်ဖြစ်ကုန်သော၊ **တေစ သမဏဗြာဟ္မဏာ**- ထိုသမဏ, ဗြာဟ္မဏတို့သည်လည်း၊ **ကိံ**- အဘယ်အကြောင်းသို့၊ **အာဂမ္မ**- ရောက်၍၊ **ကိံ**- အဘယ်အကြောင်းကို၊ **အာရဗ္ဘ**- အာရုံပြု၍၊ **သဿတဝါဒါ**- မြဲသောအယူရှိကုန်သည်၊ **ဟုတွာ**- ဖြစ်၍၊ **စတူဟိ**- လေးပါးကုန်သော၊ **ဝတ္ထူဟိ**- အကြောင်းတို့ဖြင့်၊ **အတ္တာနဉ္စ**- အတ္တကိုလည်းကောင်း၊ **လောကဉ္စ**- လောကကိုလည်းကောင်း၊ **သဿတံ**- မြဲ၏ဟူ၍၊ **ပညပေန္တိ**- ပညတ်ကြကုန်သနည်း။

ကိုယ်တော်တိုင် မေး၍ ကိုယ်တော်တိုင် ဖြေဆိုလို၍

ဗုဒ္ဓသည် (၁၈)မျိုးကုန်သော မိစ္ဆာဒိဋ္ဌိဝါဒ ဖြစ်ပေါ်လာပုံကို ဟောကြားတော်မူလိုသည်ဖြစ်၍ **'ကထေတုကမျတာ ပုစ္ဆာ'** ဖြင့် ကိုယ်တော်တိုင် မေး၍ ကိုယ်တော်တိုင် ဖြေကြားတော်မူလိုရကား **'တေစ ဘောန္တော'** အစရှိသော အထက်ပါ ပါဠိတော်စကားကို မိန့်ကြားတော်မူလေပြီ။

သဿတဝါဒ အဓိပ္ပါယ်

ပါဠိတော်၌ **'သဿတဝါဒါ**- မြဲသောအယူရှိကုန်သည်' ဟူ၍ အနက်ပေးထားလေရာ ထိုသဿတဝါဒ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်။

အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း မြဲ၏ဟု ပြောဆိုကြောင်း အယူရှိသည်၏ အဖြစ်ကြောင့် ထိုသမဏ, ဗြာဟ္မဏတို့ကို သဿတဝါဒသမားတွေဟူ၍ ခေါ်ဆိုရလေသည်။ သဿတဝါဒသမားတွေဟူသည် **သဿတဒိဋ္ဌိနော**- သဿတဒိဋ္ဌိ သမားတွေပင် ဖြစ်ကြလေသည်။ *(ကျန်သော 'ဧကစ္စသဿတဝါဒါ' စသည်တို့၌လည်း ဤသဘောမျိုးပင် ဖြစ်လေသည်။)*

သဿတံ အတ္တာနဉ္စ လောကဉ္စ အဓိပ္ပါယ်

'အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း မြဲ၏' ဟု ယူဆခြင်းသည် အဘယ်အရာကို ယူဆသနည်းဟု သိရှိရန်လိုပေသည်။

(၁) အမှန်အားဖြင့် 'ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်' ဟူသော ခန္ဓာငါးပါးတရားသည် အမှန်တကယ် ထင်ရှားရှိသော ပရမတ္ထတရားများ ဖြစ်ကြလေသည်။ ထိုပရမတ္ထတရားသည် သစ်တပရမတ် ဖြစ်သောကြောင့် **'အနိစ္စ**- မြဲလည်းမမြဲပေ။ **ဒုက္ခ**- မမြဲသောကြောင့်ပင် ဆင်းရဲဒုက္ခဖြစ်သည်။ ထိုမမြဲဖောက်ပြန်တတ်သော သဘောကို ငါပိုင် ငါဆိုင် လုပ်၍မရ၊ အနှစ်သာရ မရှိသော ကြောင့် ထိုမမြဲဖောက်ပြန်တတ်သော သဘောသည် အတ္တမဟုတ်၊ အနတ္တသာ ဖြစ်လေသည်။'

(၂) တိတ္ထိတို့သည် ထိုသို့ ပရမတ္ထသဘာဝကို မသိမမြင်ကြသည်ဖြစ်၍ ထိုရုပ်, ဝေဒနာ စသော တစ်ပါးပါးကို အတ္တဟုလည်းကောင်း၊ လောကဟုလည်းကောင်း ယူဆကာ ထိုအတ္တသည် မြဲ၏၊ ထိုလောကသည် မြဲ၏ဟု စွဲစွဲမြဲမြဲ မှတ်ယူပညတ်ကြလေသည်။ အတ္တနှင့်လောကသည် နာမည်သာကွဲ၍ စွဲလမ်းပြောဆိုရာဌာနမှာ 'ရုပ်, ဝေဒနာ' စသည်တို့သာ ဖြစ်သောကြောင့် အတူတူဖြစ်သည်။ အချို့က 'ရုပ်, ဝေဒနာ' စသည်တို့သာ ဖြစ်သောကြောင့် အတူတူဖြစ်သည်။ အချို့က 'ရုပ်, ဝေဒနာ' စသည်ကို 'အတ္တ' ဟု ခေါ်သလို အချို့ကို 'လောက' ဟု ခေါ်လေသည်။

(၃) ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်- နှာ (၁၄၉) ၌ ဓမ္မသေနာပတိ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာမထေရ် မြတ်ကြီးသည် အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

ရူပံ အတ္တာစေဝ လောကောစ သဿတောစာတိ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ၊

ရူပံ- ရူပက္ခန္ဓာကို၊ **အတ္တာတိစေဝ**- အတ္တဟူ၍လည်းကောင်း၊ **လောကာတိစ**- လောကဟူ၍လည်းကောင်း၊ **သဿတောစ**- သဿတဟူ၍လည်းကောင်း၊ **ဂဟေတွာ**- ယူပြီး၍၊ **အတ္တာနဉ္စ**- အတ္တကိုလည်းကောင်း၊ **လောကဉ္စ**- လောကကိုလည်းကောင်း၊ **ပညပေန္တိ**- ပညတ်ကြကုန်၏။ *(ကျန်ခဲ့သောလေးပါးလည်း ဤသဘောတည်း။) 'အဋ္ဌကထာဆရာသည် ပဋိသမ္ဘိဒါမဂ် စကားကို အကျဉ်းချုံး၍ ပြထားခြင်းဖြစ်သည်။ အကျယ်ကို ပဋိသမ္ဘိဒါမဂ်၌ ရှုပါ။'*

သဿတဝါဒ ဖြစ်ပေါ်လာပုံ

အထက်က ဖော်ပြခဲ့သည့်အတိုင်း သဿတဝါဒ ဖြစ်ပေါ်လာပုံသဘောကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဆက်၍ဟောကြားတော်မူလေသည်။

ဣဓ ဘိက္ခဝေ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ အာတပ္ပမန္ဝာယ ပဓာနမန္ဝာယ အနုယောဂမန္ဝာယ အပ္ပမာဒမန္ဝာယ သမ္မာမနသိကာရမန္ဝာယ တထာရူပံ စေတောသမာဓိံ ဖုသတိ ယထာသမာဟိတေ စိတ္တေ ( ) အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ၊ *(ဒီ- ၁- ၁၂)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဧကစ္စော**- အချို့သော၊ **သမဏော ဝါ**- သမဏသည်လည်းကောင်း၊ **ဗြာဟ္မဏော ဝါ**- ဗြာဟ္မဏသည်လည်းကောင်း၊ **အာတပ္ပံ**- ပြင်းစွာအားထုတ်ခြင်းကို၊ **အန္ဝာယ**- စွဲ၍၊ **ပဓာနံ**- မြဲမြံစွာအားထုတ်ခြင်းကို၊ **အန္ဝာယ**- စွဲ၍၊ **အနုယောဂံ**- အဖန်ဖန် အားထုတ်ခြင်းကို၊ **အန္ဝာယ**- စွဲ၍၊ **အပ္ပမာဒံ**- မမေ့မလျော့ခြင်း သတိကို၊ **အန္ဝာယ**- စွဲ၍၊ **သမ္မာ**- ကောင်းစွာ၊ **မနသိကာရံ**- နှလုံးသွင်းခြင်းကို၊ **အန္ဝာယ**- စွဲ၍၊ **တထာရူပံ**- ထိုသို့သဘောရှိသော၊ **စေတောသမာဓိံ**- စိတ်၏ တည်ကြည်ခြင်းကို၊ **ဖုသတိ**- ရ၏၊ **စိတ္တေ**- စိတ်သည်၊ **ယထာသမာဟိတေ**- အလွန်တည်ကြည်ပြီးသော်၊ **အနေကဝိဟိတံ**- အထူးထူးအပြားပြားရှိသော၊ **ပုဗ္ဗေနိဝါသံ**- ရှေးဘဝ၌ ခံစားဘူးသော ခန္ဓာအစဉ်ကို၊ **အနုဿရတိ**- အဖန်တလဲလဲ အောက်မေ့နိုင်၏။

ဝီရိယသုံးမျိုးနှင့် အပ္ပမာဒ, သမ္မာမနသိကာရ အဓိပ္ပါယ်

အထက်ပါ ပါဠိတော်တွင် **'အာတပ္ပဝီရိယ, ပဓာနဝီရိယ, အနုယောဂဝီရိယ'** ဟူ၍ ဝီရိယသုံးမျိုး ရှိလေသည်။ ထိုသုံးမျိုးတွင်-

(၁) **အာတပ္ပဝီရိယ** ဟူသော ပဌမဝီရိယဖြင့် (သမထကမ္မဋ္ဌာန်း တစ်မျိုးမျိုးကို) မိမိစိတ်အစဉ်မှ ကိလေသာ အနှောက်အယှက် မရှိအောင် ပြင်းစွာကြိုးစားမှုကြောင့် **ချာန်အနီး** ဥပစာရသမာဓိမျိုးကို ရလေသည်။

(၂) **ပဓာနဝီရိယ** ဟူသော ဒုတိယဝီရိယဖြင့် မြဲမြံစွာ ဆက်လက်ကြိုးစားရာ **ပဌမဈာန်မှစ၍ စတုတ္ထဈာန်အထိ** ရလေသည်။

(၃) **အနုယောဂဝီရိယ** ဟူသော တတိယဝီရိယဖြင့် အဖန်ဖန် အထပ်ထပ် ဆက်ကြိုးစားရာ **'ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်'** ကိုရရှိပြီး ထိုအဘိညာဉ်ဖြင့် ရှေးဘဝ၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို ပိုင်းခြားထင်ထင် သိမြင်လေတော့သည်။

(၄) ထိုသို့ ဝီရိယသုံးမျိုးဖြင့် ကြိုးစားရာ၌ ကမ္မဋ္ဌာန်းအာရုံ ပျောက်မသွားအောင် အပ္ပမာဒ သတိလည်း ရှိရလေသည်။

(၅) ကမ္မဋ္ဌာန်း လမ်းမလွဲရအောင် သမ္မာမနသိကာရ ခေါ် နားလည်သော ဉာဏ်ပညာလည်း ရှိရလေသည်။

(၆) ဤသို့ အလွန်ကြီးမားသော **'ဝီရိယ, သတိ, ဉာဏ်, ရှာန်သမာဓိ'** တို့ကို အခြေခံပြီးမှ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရခြင်းဖြစ်လေသည်။

(၇) ဤသို့သော ပုဂ္ဂိုလ်သည် တစ်ထောင်တစ်ယောက် ဆိုရလောက်အောင် အလွန်ကြီးမားသော သတိ, ဝီရိယ, ဉာဏ်, သမာဓိရှိသော အထက်တန်းကျသော သမဏ, ဗြာဟ္မဏပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်းမှာ ထင်ရှားပေသည်။ သို့ရာတွင် ထို သမထမှတစ်ဆင့် ဝိပဿနာလမ်းမှန်ပေါ်သို့ ရောက်ရှိအောင် ဟောပြမည့် ဗုဒ္ဓသာသနာတော်နှင့် မတွေ့ရသည်ဖြစ်၍ ထိုပုဗ္ဗေနိဝါသာ-နုဿတိ အဘိညာဉ်ကို ရခြင်းသည် ထိုပုဂ္ဂိုလ်အတွက် **သဿတဒိဋ္ဌိ မိစ္ဆာအယူကို ယူဘို့ရန်အကြောင်း ဖြစ်သွားလေသည်။** (နစ်နာလေစွ။) **ထို့ကြောင့် ယခုဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံနေသူတို့သည် သမထတွင် ရပ်မနေကြဘဲ ဝိပဿနာလမ်းမှန် ပေါ်သို့ရောက်အောင် ကြိုးစားကြပါကုန်လော့။**

ဝီရိယသုံးမျိုးနှင့် အပ္ပမာဒ, သမ္မာမနသိကာရ အစီပွါယ်

(၁) လူတိုင်း လူတိုင်းပင် ကြီးပွါးလိုကြသော၊ ချမ်းသာလိုကြသော အလိုဆန္ဒများ ရှိကြလေသည်။ ရည်ရွယ်ချက်များ ရှိကြလေသည်။ အလိုဆန္ဒ ရှိသည့်အတိုင်း၊ ရည်ရွယ်ချက် ရှိသည့်အတိုင်း အစပဌမတွင် လုံ့လဝီရိယထား၍ ကြိုးစားအားထုတ်ကြသည်။ ထိုလုံ့လဝီရိယမျိုးသည် သာမညလုံ့လဝီရိယမျိုး ဖြစ်လေသည်။ အခက်အခဲနှင့် တွေ့သောအခါ ထိုအခက်အခဲကို ကျော်လွှားနိုင်ခြင်း မရှိပေ။ အောင်မြင်မှုမရဘဲ သာမညလုံ့လဝီရိယတွင်သာ ရပ်တန့်သွားလေသည်။ ဆက်လက်ကြိုးစားမှု မပြုတော့ပေ။ ဤသည်ကား လူအများတို့ ဖြစ်ရိုးဖြစ်စဉ် ဖြစ်လေသည်။ **ထို့ကြောင့် လူအများထဲက ထိုးထွက်နိုင်ရန်အတွက် သာမညလုံ့လဝီရိယထက် ကျော်လွန်သော လုံ့လဝီရိယရှိသူဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၂) သာမညလုံ့လဝီရိယထက် ကျော်လွန်သော လုံ့လဝီရိယသည် **အာတပ္ပလုံ့လဝီရိယ** ဖြစ်သည်။ အာတပ္ပလုံ့လဝီရိယ ဟူသည် အပြင်းအထန် အားထုတ်သော လုံ့လဝီရိယမျိုး ဖြစ်သည်။ ထိုအာတပ္ပလုံ့လဝီရိယဖြင့် အခက်အခဲမျိုးစုံကို ကျော်လွှား၍ ရည်ရွယ်သည့်အတိုင်း အပြည့်အဝ အောင်မြင်မှု ရလုနီးပါး အခြေအနေသို့ ရောက်ရှိလာခဲ့ပေသည်။ အချို့ပုဂ္ဂိုလ်တို့သည် အပြင်းအထန် ကြိုးစားပြီးမှ အောင်မြင်မှု ရလုနီးပါးဖြစ်ချိန်တွင် စိတ်တစ်မျိုးဖောက်ပြီး နောက်ဆုတ်သွားတတ်ကြသည်။ နှမြောစရာ ကောင်းလှပေသည်။ **ထို့ကြောင့် အပြည့်အဝ အောင်မြင်သူတစ်ဦးဖြစ်အောင် 'အာတပ္ပဝီရိယ' အပြင်းအထန် အားထုတ်ချက်ကို ရပ်မပစ်ဘဲနှင့် ဆက်၍ကြိုးစား အားထုတ်ကြပါကုန်လော့။**

(၃) အာတပ္ပလုံ့လဝီရိယထက် ကျော်လွန်သော ဝီရိယသည် **ပဓာနလုံ့လဝီရိယ** ဖြစ်သည်။ ပဓာနလုံ့လဝီရိယဟူသည် မြဲမြံစွာ စွဲစွဲမြဲမြဲ ဇွဲပါပါ အားထုတ်သော လုံ့လဝီရိယမျိုး ဖြစ်သည်။ ထိုပဓာနလုံ့လဝီရိယဖြင့် အပြည့်အဝ အောင်မြင်မှုရသော အဆင့်သို့တိုင် ကူးတက်လာနိုင်ပေသည်။ အပြည့်အဝ အောင်မြင်မှုရသော ပုဂ္ဂိုလ်ကို **ထူးချွန်သောပုဂ္ဂိုလ်, အလွန်ထူးချွန်သော ပုဂ္ဂိုလ်** ဟူ၍ ခေါ်ထိုက်ပေသည်။ သို့ရာတွင် အချို့ပုဂ္ဂိုလ်တို့သည် ထိုအပြည့်အဝ အောင်မြင်မှုရသော အခြေအနေကို ထိန်းမထားနိုင်ပေ။ အပြည့်အဝ အောင်မြင်မှုရကာမှ စိတ်တစ်မျိုး ဖောက်ပြန်လာပြီး ထိုအဆင့်မှ လျောကျသွားတတ်ပါပေသည်။ **ထို့ကြောင့် ထိုသို့ မဖြစ်ရလေအောင် အပြည့်အဝ အောင်မြင်မှုကို ဆက်၍ဆက်၍ ရနေအောင် ဆက်၍ဆက်၍ ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။**

(၄) ပဓာနလုံ့လဝီရိယက ကျော်လွန်သော လုံ့လဝီရိယသည် **အနုယောဂလုံ့လဝီရိယ** ဖြစ်သည်။ အနုယောဂလုံ့လ ဝီရိယဟူသည် ဇွဲနဘဲနှင့် စွဲစွဲမြဲမြဲ အားထုတ်နေမှုကို လျော့မသွားအောင်, အားနည်းမသွားအောင် အဖန်ဖန် အထပ်ထပ် အားထုတ်သော လုံ့လဝီရိယမျိုးဖြစ်သည်။ ထိုအနုယောဂလုံ့လဝီရိယမျိုးဖြင့် အပြည့်အဝ အောင်မြင်မှုကို ထိန်းထားနိုင်သည့်အပြင် ပို၍တစ်ဆင့်တက်ကာ အထွတ်အထိပ် အောင်မြင်မှုအဆင့်သို့ ကူးတက်လာနိုင်ပေသည်။ ထိုပုဂ္ဂိုလ်ကို အလွန့်အလွန် ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်ဟူ၍ ခေါ်ထိုက်ပေသည်။ သို့ရာတွင် အချို့သောပုဂ္ဂိုလ်တို့သည် အထွတ်အထိပ်သို့ ရောက်ပြီးကာမှ အောက်သို့ လျောကျသွားတတ်ပေသည်။ **ထိုသို့ လျောကျမသွားအောင် အဖန်ဖန် အထပ်ထပ် အားထုတ်မှုကို လျော့မသွားစေဘဲ ဆက်ကာဆက်ကာ ကြိုးစားအားထုတ်မှု ပြုကြပါကုန်လော့။**

(၅) အနုယောဂလုံ့လဝီရိယကြောင့် အထွတ်အထိပ်သို့ ရောက်လာသော ပုဂ္ဂိုလ်တို့သည် အပ္ပမာဒ ခေါ် သတိရှိရန် အထူးလိုအပ်ပေသည်။ သတိတစ်ချက်လွတ်၍ အမှားတစ်ချက်ဝင်လိုက်သည်နှင့် အထွတ်အထိပ်ရောက်နေမှုမှ လျှောကျသွားတတ်ပေသည်။ **ထို့ကြောင့် အထွတ်အထိပ် ရောက်နေမှုကို အပ္ပမာဒ ခေါ် သတိတရား အမြဲထား၍ ထိန်းထားနိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

(၆) တစ်ခါတစ်ခါတွင် အချို့လူတို့သည် အထွတ်အထိပ်သို့ ရောက်ပြီးကာမှ လမ်းချော်သွား၍, လမ်းလွဲသွား၍ အောက်သို့ လျှောကနဲ ကျသွားတတ်ပေသည်။ ထိုသို့မဖြစ်ရအောင် မိမိလုပ်ငန်း အောင်မြင်မှု၌ အစဉ်အရာရာ 'သမ္မာမနသိကာရ' ခေါ် တတ်ကျွမ်းနားလည်မှု အသိဉာဏ်ပညာ ဗဟုသုတ လိုအပ်ပေသည်။ အသိဉာဏ်ပညာ နည်းပါးလျှင် လမ်းလွဲသို့ရောက်ပြီး မရှုမလှ ဆုံးရှုံးမှုမျိုးနှင့် ကြုံရတတ်ပေသည်။ **ထို့ကြောင့် ထိုသို့မဖြစ်ရလေအောင် မိမိလုပ်ငန်း၌ အမြဲတစေ တတ်ကျွမ်းနားလည်သူ ပါရဂူတစ်ယောက်ဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၇) အချုပ်အားဖြင့် မိမိမျှော်မှန်းသော ပန်းတိုင်သို့ ရောက်လာရန်၊ အထွတ်အထိပ် အောင်မြင်မှုသို့ ရောက်လာရန် (၁) လုံ့လဝီရိယ ရှိရမည်။ (၂) ထိုမှတဖန် 'အာတပ္ပ ဝီရိယ' ခေါ် အပြင်းအထန် ကြိုးစားအားထုတ်သော လုံ့လဝီရိယ ရှိရမည်။ (၃) ထိုမှတဖန် 'ပဓာန ဝီရိယ' ခေါ် စွဲစွဲမြဲမြဲ ဇွဲနှင့်စောက်ချ၍ အားထုတ်သော လုံ့လဝီရိယ ရှိရမည်။ (၄) ထိုမှတဖန် ပဓာနဝီရိယကို အားကောင်းသည်ထက် အားကောင်းလာအောင် 'အနုယောဂ ဝီရိယ' ခေါ် အဖန်ဖန် အထပ်ထပ် အားထုတ်သော လုံ့လဝီရိယ ရှိရမည်။ (၅) ထိုမှတဖန် ထိုဝီရိယ ပျောက်ပျက်မသွားအောင် 'အပ္ပမာဒ' ခေါ် သတိတရား ရှိရမည်။ (၆) ထိုမှတဖန် လမ်းလွဲမသွားအောင် မိမိအလုပ်၌ တတ်ကျွမ်းနားလည်သော 'သမ္မာ မနသိကာရ' ခေါ် အသိဉာဏ်ပညာ ဗဟုသုတပြည့်ဝသူ ဖြစ်ရမည်။ ထိုသို့ 'ဝီရိယ, အာတပ္ပဝီရိယ, ပဓာနဝီရိယ, အနုယောဂဝီရိယ, အပ္ပမာဒ, သမ္မာမနသိကာရ' တို့နှင့် ပြည့်စုံသောအခါ 'သမာဟိတစိတ္တ' အလွန်တည်ကြည် ငြိမ်သက်သော စိတ်စွမ်းရည်ကို ရရှိပြီးဖြစ်သည်။ ထို့ကြောင့် 'သမာဟိတစိတ္တ' ဖြစ်အောင် **ကြိုးစားနိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

ရှေးအတိတ်ဘဝ ခန္ဓာအစဉ်ကို အောက်မေ့ပုံ

'အာတပ္ပဝီရိယ, ပဓာနဝီရိယ, အနုယောဂဝီရိယ, အပ္ပမာဒ, သမ္မာမနသိကာရ, သမာဟိတစိတ္တ' တရားတို့ကြောင့် 'ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်' ကို ရလာသော ထိုသမဏ, ဗြာဟ္မဏသည်-

(၁) **ဧကံပိဇာတိံ**- ရှေးအတိတ်ဘဝ တစ်ခုကိုလည်းကောင်း *(ပဋိသန္ဓေအစ စုတိအဆုံးရှိသော တစ်ဘဝလုံး၌ဖြစ်သော ခန္ဓာအစဉ်ကိုလည်းကောင်း)*၊

(၂) ထိုတွင်မက နှစ်ဘဝ, သုံးဘဝ, ဘဝတစ်ရာ, ဘဝတစ်ထောင်မှစ၍ **ဇာတိသတသဟဿံပိ**- ဘဝတစ်သိန်းကိုလည်းကောင်း *(ပဋိသန္ဓေအစ စုတိအဆုံး ဘဝတစ်သိန်းတို့၌ အကျုံးဝင်သော ခန္ဓာအစဉ်ကိုလည်းကောင်း)*၊ **အနုဿတိ**- အဖန်ဖန်သိမြင် အောက်မေ့နိုင်၏။

အောက်မေ့ပုံ အခြင်းအရာ

အမုတြ- ထိုမည်သော ဘဝ၌၊ အဟံ- ငါသည်၊

(၁) **ဧဝံ နာမော** - ဤသို့သော အမည်ရှိခဲ့သည်၊

(၂) **ဧဝံ ဂေါတ္တော** - ဤသို့သော အနွယ်ရှိခဲ့သည်၊

(၃) **ဧဝံ ဝဏ္ဏော** - ဤသို့သော အဆင်းရှိခဲ့သည်၊

(၄) **ဧဝံ အာဟာရော** - ဤသို့သော အစာအာဟာရရှိခဲ့သည်၊ *(စားခဲ့ရသည်၊)*

(၅) **ဧဝံ သုခဒုက္ခ ပဋိသံဝေဒီ**- ဤသို့ ချမ်းသာ, ဆင်းရဲကို ခံစားရခြင်းရှိခဲ့သည်၊

(၆) **ဧဝံ အာယုပရိယန္တော** - ဤသို့ အသက်အပိုင်းအခြားရှိခဲ့သည်၊ **အာသိံ**- ဖြစ်ခဲ့ပြီ၊ သော အဟံ- ထိုငါသည်၊ **တတော**- ထိုဘဝမှ၊ **စုတော**- စုတေခဲ့သည်ရှိသော်၊ **အမုတြ**- ထိုမည်သော နောက်တစ်ဘဝ၌၊ **ဥဒပါဒိ**- ထင်ရှားဖြစ်ပြီ၊ **တတြာပိ**- ထိုဘဝ၌လည်း၊ **အဟံ**- ငါသည်-

(၁) **ဝေ် နာမော** – ဤသို့သော အမည်ရှိခဲ့သည်၊
(၂) **ဝေ် ဂေါတ္တော** – ဤသို့သော အနွယ်ရှိခဲ့သည်၊
(၃) **ဝေ် ဝဏ္ဏော** – ဤသို့သော အဆင်းရှိခဲ့သည်၊
(၄) **ဝေ် အာဟာရော** – ဤသို့သော အစာအာဟာရရှိခဲ့သည်၊ *(ဤသို့ စားခဲ့ရသည်၊)*
(၅) **ဝေ် သုခဒုက္ခ ပဋိသံဝေဒီ**– ဤသို့ ချမ်းသာ, ဆင်းရဲကို ခံစားရခြင်းရှိခဲ့သည်၊
(၆) **ဝေ် အာယုပရိယန္တော** – ဤသို့ အသက်အပိုင်းအခြားရှိခဲ့သည်၊ **အာသိ**– ဖြစ်ခဲ့ပြီ။

နောက်ဆုံး လူ့ဘဝသို့ ရောက်သောအခါ

သော အတံ– ထိုငါသည်၊ **တတော**– ထိုဘဝမှ၊ **စုတော**– စုတေခဲ့သည်ရှိသော်၊ **တ္ထမ**– ဤယခုလူ့ဘဝ၌၊ **ဥပ္ပန္နော**– ဖြစ်ရပြီ၊ **တ္တတိ**– ဤသို့ သာကာရံ– အခြင်းအရာနှင့် တကွဖြစ်သော၊ **သဥဒ္ဒေသံ**– အမည်အမျိုး စသည်တို့ကို ညွှန်ပြနိုင်ခြင်းနှင့်တကွ ဖြစ်သော၊ **အနေကဝိတိတံ**– အထူးထူးအပြားပြားရှိသော၊ **ပုဗ္ဗေနိဝါသံ**– ရှေးဘဝ၌ ခံစားဖူးသော ခန္ဓာအစဉ်ကို၊ **အနုဿရတိ**– အဖန်ဖန် အောက်မေ့၏။

သဿတဒိဋ္ဌိ အယူကိုယူလေပြီ

(၁) အချို့ကုန်သော သမဏ, ဗြာဟ္မဏတို့သည် ထိုသို့သော ဘဝသိန်းပေါင်းများစွာကို ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် အဖန်ဖန် ရှုမြင်ပြီးနောက် 'ငါ' ဟူသော 'အတ္တ' ဝင်ရောက်လာလေသည်။ ဥပမာ– ဘဝများစွာ ဖြစ်ခဲ့ရာ၌ ရှင်ဘုရင်လည်း ဖြစ်ခဲ့ပေမည်။ သူဋ္ဌေးလည်း ဖြစ်ခဲ့ပေမည်။ ဆင်းရဲသားလည်း ဖြစ်ခဲ့ပေမည်။ ကျွဲနွားစသော တိရစ္ဆာန်လည်း ဖြစ်ခဲ့ပေမည်။ သူခိုးလည်း ဖြစ်ခဲ့ပေမည်။ ဓားပြလည်း ဖြစ်ခဲ့ပေမည်။ နတ်လည်း ဖြစ်ခဲ့ပေမည်။ ဗြဟ္မာလည်း ဖြစ်ခဲ့ပေမည် စသည်ဖြင့် ဘဝဇာတ်စုံ ဖြစ်ခဲ့ပုံ အဖုံဖုံကို မြင်ရလေသောအခါ–

(၂) နတ်ဆိုတာလည်း ခန္ဓာငါးပါး၊ ဗြဟ္မာဆိုတာလည်း ခန္ဓာငါးပါး၊ လူဆိုတာလည်း ခန္ဓာငါးပါး၊ ကျွဲနွားဆိုတာလည်း ခန္ဓာငါးပါး စသည်ဖြင့် ခန္ဓာငါးပါးကို မသိမမြင်လေသောကြောင့်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်သဘောကို မသိမမြင်လေသောကြောင့်လည်းကောင်း၊

(၃) ဗြဟ္မာဆိုတာလည်း ငါအတ္တပဲ၊ နတ်ဆိုတာလည်း ငါအတ္တပဲ၊ ရှင်ဘုရင်ဆိုတာလည်း ငါအတ္တပဲ၊ သူခိုး, ဓားပြ, သူဆင်းရဲသားဆိုတာလည်း ငါအတ္တပဲ ဟု စသည်ဖြင့် ငါ ဟူသော အတ္တကိုသာစွဲ၍ သိမြင်နေတော့သည်။

(၄) ထိုသို့ ဘဝပေါင်းများစွာ ဆက်ကာဆက်ကာ ဖြစ်ရာ၌ ခန္ဓာအိမ်သာ တစ်မျိုးပြီးတစ်မျိုး (ရှင်ဘုရင်ဘဝက သူဋ္ဌေး, သူဋ္ဌေးဘဝက နတ်ဘဝ စသည်ဖြင့် ဘဝသာ တစ်မျိုးပြီးတစ်မျိုး ပြောင်းလွဲသွားလေသည်။)

(၅) ငါ ဟူသော အတ္တကား မပြောင်းလွဲ ခန္ဓာအိမ်ဖြစ်နေသော ဘဝ၌ မပျက်မစဲ အမြဲတည်ရှိနေသည်သာ ဖြစ်သည်ဟု သဿတဒိဋ္ဌိအယူကို စွဲယူလေတော့သည်။

သဿတဒိဋ္ဌိ စွဲယူပုံ ခိုင်မြဲလှခြင်း

(၁) ထိုသို့ ဘဝတစ်သိန်းအထိ ကိုယ့်ဘဝ အတိတ်ဖြစ်ရပ်ကို ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် သိမြင်ပြီးနောက် ခန္ဓာအိမ်သာ ပြောင်းလွဲသွားသည်။ ဘဝအမျိုးမျိုးသာ တစ်ဘဝပြီး တစ်ဘဝ ဖြစ်လေသည်။ ဘဝတိုင်းမှာ, ခန္ဓာအိမ်မှာ– 'ငါဟူသော အတ္တကား မပြောင်းလွဲပါတကား' ဟု ကျကျနနကြီး စွဲယူသွားပုံကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

သော ဝေမာဟ 'သဿတော အတ္တာစ လောကောစ ဝဉ္ဈော ကူဋဋ္ဌော ဧသိကဋ္ဌာယိဋ္ဌိတော၊ တေစ သတ္တာ သန္ဓာဝန္တိ သံသရန္တိ စဝန္တိ ဥပပဇ္ဇန္တိ၊ အတ္ထိတွေဝ သဿတိမံ။ *(ဒီ– ၁– ၁၂)*

သော– ထိုအရှင်သမဏ, ဗြာဟ္မဏသည်၊ (ဒိဋ္ဌာဂတိကော– မိစ္ဆာအယူရှိသည်၊ ဟုတွာ– ဖြစ်၍)၊ အတ္တာစ– (ငါဟူသော)

အတ္တသည်လည်းကောင်း၊ **လောကော စ**– (ဇါဟူသော) လောကသည်လည်းကောင်း၊ **သဿတော**– မြဲ၏၊ **ဝဉ္ဈော**– အမြုံနှင့်တူ၏၊ *(အမြုံမသည် ဘာကိုမှ မမွေးမဖွားနိုင်သကဲ့သို့ အတ္တလည်း ဘာမှမမွေးမဖွားနိုင်၊ မြဲ၏ဟု ဆိုလိုသည်။)*၊ **ကူဋဋ္ဌော**– တောင်ထွတ်ကဲ့သို့ မယိမ်းမယိုင် ခိုင်မြဲစွာ တည်၏၊ **ဧသိကဋ္ဌာယိဋ္ဌိတော**– ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်၏၊ **တေ စ သတ္တာ**– ထိုသတ္တဝါတို့သည်သာ၊ **သန္ဓာဝန္တိ**– တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကြရကုန်၏၊ **သံသရန္တိ**– တပြောင်းပြန်ပြန် ကျင်လည်ကြရကုန်၏၊ **စဝန္တိ**– စုတေရွေ့လျောကြရကုန်၏၊ **ဥပပဇ္ဇန္တိ**– ပဋိသန္ဓေနေကြရကုန်၏။

အတ္တာ စ– (ဇါဟူသော) အတ္တသည်လည်းကောင်း၊ **လောကော စ**– (ဇါဟူသော) လောကသည်လည်းကောင်း၊ **သဿတိသမံ**– အခါခပ်သိမ်း ထင်ရှားရှိသော မြင့်မိုရ်တောင်, မဟာပထဝီမြေကြီး, လ, နေ, နက္ခတ်တို့နှင့်တူစွာ၊ **အတ္ထိတွေဝ**– အမြဲရှိနေသည်သာ တည်း။

(ထိုသို့ အဘယ်ကြောင့် သိရသနည်းဟူမူ– အထက်က မှုဆိုခဲ့သည့်အတိုင်း ဘဝတစ်သိန်းကို သိမြင်ခြင်းကြောင့်တည်း။)

သဿတဒိဋ္ဌိ အယူကိုယူသော ထိုသမဏ, ဗြာဟ္မဏသည် သူတစ်ပါးတို့အားလည်း ထိုကဲ့သို့ သိမြင်သည့်အတိုင်းပင် မိမိ၏ သဿတဒိဋ္ဌိ အယူကို ပြောဟောလေတော့သည်။

တေ စ သတ္တာ သန္ဓာဝန္တိ သံသရန္တိ အဓိပ္ပါယ်

ထိုသတ္တဝါတို့သည်ကား တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကျင်လည်ကြရသည်။ စုတေကြရသည်။ ပဋိသန္ဓေနေကြရသည်။

'ဤအတ္တသည်ကား မြေကြီး, မြင့်မိုရ်တောင်နှင့်တူစွာ အခါခပ်သိမ်း အမြဲထင်ရှားရှိနေသည်တည်း' ဟု ဆိုရာ၌ ဘဝ အပြောင်းအလွဲ ခန္ဓာအိမ်အပြောင်းအလွဲကိုကြည့်၍ ထိုသတ္တဝါတို့သည် တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကြရ, ကျင်လည်ကြရ, စုတေကြရသော်လည်း (ဇါဟူသော) အတ္တကား ခိုင်မြဲစွာ စိုက်ထားအပ်သော တံခါးတိုင်သည် လေမုန်တိုင်းတိုက်သော်လည်း မတုန်လှုပ်သကဲ့သို့ တစ်စုံတစ်ရာ ဆန့်ကျင်ဘက်ကြောင့် ပြောင်းလွဲခြင်းမရှိ၊ သတ်ချင်တိုင်းသတ်, ဖြတ်ချင်တိုင်းဖြတ်သော်လည်း အတ္တကား မပျက်စီးနိုင်သာတည်း။

အတ္တသည် အနှစ်အမတောကဲ့သို့ သေလည်းမသေ, ပဋိသန္ဓေလည်းမနေရဘဲ အမြဲတည်နေသည်ဟု အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုလေသည်။*(ဆိုလိုသည်ကား လူ, ခွေး, နွား, နတ်, ဗြဟ္မာ စသည်ဖြင့် သတ္တဝါတို့သာ သေလည်းသေကြရ, ပဋိသန္ဓေလည်းနေကြရသည်။ ထိုလူ, ခွေး, နွား, နတ်, ဗြဟ္မာ စသောသတ္တဝါတို့၏ ခန္ဓာအိမ်အတွင်း၌ ရှိနေသော အတ္တကား ဘဝလည်းမပြောင်း၊ သေလည်းမသေ၊ ပဋိသန္ဓေလည်းမနေရ၊ အမြဲတည်ရှိနေသည်ဟူလို။)*

ဤကား သဿတဝါဒ အယူရှိသူ လေးမျိုးအနက် ပဌမသဿတဝါဒ ဖြစ်ပေါ်လာပုံသဘောကို ဗုဒ္ဓဟောကြားတော်မူခြင်း တည်း။

ဒုတိယ, တတိယ သဿတဝါဒ ဖြစ်ပေါ်လာပုံ

(၁) ပဌမ သဿတဝါဒ အယူရှိကုန်သော သမဏ, ဗြာဟ္မဏတို့သည် စတုတ္ထဈာန်ကို ရပြီးနောက် ရှေးဘဝပေါင်း တစ်သိန်းအထိ သိမြင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရသည်။

(၂) ဒုတိယ သဿတဝါဒ အယူရှိကုန်သော သမဏ, ဗြာဟ္မဏတို့ကား ရှေးဘဝပေါင်း တစ်သိန်းမကဘဲ (၁၀)ကမ္ဘာအထိ သိမြင်လေသည်။ (၁၀)ကမ္ဘာအတွင်း၌ ဖြစ်ခဲ့သော ဘဝဖြစ်စဉ်, ခန္ဓာဖြစ်စဉ်ကို သိမြင်လေသည်။

(၃) တတိယ သဿတဝါဒ အယူရှိကုန်သော သမဏ, ဗြာဟ္မဏတို့ကား ကမ္ဘာ (၄၀)အထိ သိမြင်နိုင်ကြသော သမဏ, ဗြာဟ္မဏများ ဖြစ်ကြလေသည်။

ဤသို့လျှင် စတုတ္ထဈာန်ကို ရပြီးနောက် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကိုရပြီး ထိုအဘိညာဉ်ဖြင့် ဘဝတစ်သိန်း, ဆယ်ကမ္ဘာ, ကမ္ဘာလေးဆယ် သိမြင်ကြသည်သာ ထူးသည်။ သဿတဝါဒယူဆပုံကား ပဌမ သဿတဝါဒ အယူရှိကုန်သော သမဏ, ဗြာဟ္မဏတို့အတိုင်း အတူတူချည်း ဖြစ်သည်။

ဉာဏ်ကွာခြားကြ၍

သဿတဒိဋ္ဌိ အယူရှိကြကုန်သော သမဏ, ဗြာဟ္မဏတို့သည် စတုတ္ထဈာန်မှတစ်ဆင့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရကြရာ၌-

(၁) ဘဝတစ်သိန်းလောက်သာ သိမြင်ကြသော ပုဂ္ဂိုလ်တို့သည် ဉာဏ်အညံ့စား ပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။

(၂) ဆယ်ကမ္ဘာအထိ သိမြင်ကြသော ပုဂ္ဂိုလ်တို့သည် ဉာဏ်အလတ်စား ပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။

(၃) ကမ္ဘာလေးဆယ်အထိ သိမြင်ကြသော ပုဂ္ဂိုလ်တို့သည် ဉာဏ်အထက်ဆုံး ပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။

(၄) သာသနာပတိတ္ထိတို့သည် ထိုကမ္ဘာလေးဆယ်ထက်ပို၍ကား မသိမမြင်နိုင်ကြတော့ပေ။

(၅) ဗုဒ္ဓသာသနာတော်တွင်းမှာကား ကမ္ဘာလေးဆယ်ကိုကျော်၍ ကမ္ဘာပေါင်း ရာ, ထောင်, သိန်း, သန်းအထိ သိမြင်နိုင်ကြလေသည်။ အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလာန်တို့ကဲ့သို့ အဂ္ဂသာဝကကြီးတို့ကား ကမ္ဘာပေါင်း အသင်္ချေအထိပင် သိမြင်တော်မူကြလေသည်။

ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်တို့ သဿတဒိဋ္ဌိယူပုံ၌ သံဝေဂယူဖွယ်

သာမညလုံ့လဝီရိယ, သတိ, သမာဓိ, ပညာ, ဉာဏ်တို့ဖြင့် ဈာန်အဘိညာဉ်ကို မရနိုင်ပေ။ ဈာန်အဘိညာဉ်ကို ရသောလမ်းသည် သမထလမ်းဖြစ်သည်။ ဈာန်အဘိညာဉ် ရသည်အထိ သမထလမ်း အောင်မြင်ဘို့ရာသည် သမထအားထုတ်ကြသော ပုဂ္ဂိုလ်တို့တွင် တစ်ထောင်တစ်ယောက်, တစ်သောင်းတစ်ယောက်လောက်သာ အောင်မြင်နိုင်ကြပေသည်။ ဈာန်အဘိညာဉ် ရသည်အထိ သမထလမ်း အောင်မြင်ပေါက်မြောက်ရန်အတွက် အထက်ကဖော်ပြခဲ့သော '**အာတပ္ပဝီရိယ, ပဓာနဝီရိယ, အနုယောဂဝီရိယ, အပ္ပမာဒသတိ, သမ္မာမနသိကာရတူသော ဉာဏ်ပညာ, သမာဟိတစိတ္တ- ကောင်းစွာတည်ကြည်သောစိတ်**' ဤအချက်ခြောက်ချက်နှင့် ပြည့်စုံမှ ဈာန်အဘိညာဉ်ကို ရရှိနိုင်ပေသည်။

ထိုသို့ အလွန်ခဲယဉ်းစွာ ဈာန်အဘိညာဉ်တို့ကို ရပြီးကာမှ ဝိပဿနာလမ်းမှန်ပေါ်သို့ ရောက်မလာသည့်အတွက်ကြောင့် 'ကိုယ့်အတတ်နှင့်ကိုယ်စူး၊ နွားတ်လို့မရဘူး' ဆိုသည့်အတိုင်း ၎င်းပုဂ္ဂိုလ်တို့ ရရှိသော ဈာန်အဘိညာဉ်သည် 'သဿတဒိဋ္ဌိ' အယူကို အလွန်ခိုင်မြဲစွာယူဘို့ရာ အကြောင်းရင်း ဖြစ်သွားလေသည်။ ထိုအခြေအနေကို ကြည့်ခြင်းအားဖြင့် ယနေ့ခေတ်၌ အလွန်ကြီးကျယ်သော ပညာရှင်တို့သည်ပင် ထိုကဲ့သို့ 'သဿတဒိဋ္ဌိ' ဟူသော အယူများကို စွဲစွဲမြဲမြဲ ယူမှားနေကြသည်မှာ သိပ်မဆန်းလှဟု ဆိုရမည်ဖြစ်သည်။ ထိုသို့ သဿတဒိဋ္ဌိအယူမှားကြီးကို မပယ်စွန့်သမျှ ကာလပတ်လုံး အပါယ်ဒုက္ခ, သံသရာဒုက္ခမှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။ ဗုဒ္ဓပွင့်ပေါ်လာခြင်းသည် ထိုကဲ့သို့ အခြေအနေအမှန်ကို သိမြင်ရသောကြောင့် သတ္တလောကအတွက် အလွန်အကျိုးများလှပေသည်။

သူတော်စင်ပုဂ္ဂိုလ်အပေါင်းတို့သည် အထက်ပါအဖြစ်အပျက်ကို သတိသံဝေဂယူတတ်ကြပြီး သမထလမ်းစဉ်တွင် ရပ်တန့်မနေကြဘဲနှင့် ဗုဒ္ဓသာသနာတော်၌ အဓိကကျသော 'ယထာဘူတဉာဏ်' ခေါ် ဟုတ်တိုင်းမှန်စွာ သိမြင်သော ဝိပဿနာဉာဏ် လမ်းမှန်ပေါ်သို့ရောက်အောင် တက်လှမ်းနိုင်သူများ ဖြစ်ကြပါကုန်လော့။

စတုတ္ထ သဿတဝါဒ ဖြစ်ပေါ်လာပုံ

စတုတ္ထမြောက် ဖြစ်ပေါ်လာသော သဿတဝါဒ အယူရှိကြသူ သမဏ, ဗြာဟ္မဏတို့ကား တက္ကီပုဂ္ဂိုလ်တို့ ဖြစ်ကြလေသည်။ ထိုပုဂ္ဂိုလ်တို့ကား ရှေးပုဂ္ဂိုလ်သုံးမျိုးကဲ့သို့ ဈာန်အဘိညာဉ်ရကြသူများ မဟုတ်ကြဘဲ တက္ကီ ခေါ် ကြံစည်စဉ်းစားမှုကြောင့် သဿတဝါဒ ရှိကြသူများ ဖြစ်ကြလေသည်။

ထိုတက္ကီပုဂ္ဂိုလ်တို့ ယူဆပုံ လေးမျိုးရှိလေသည်။ ၎င်းလေးမျိုးမှာ-

(၁) အချို့ သမဏ, ဗြာဟ္မဏများသည် ဇာတ်တော်များကို ကြားနာကြရသောအခါ ထိုစဉ်က ဝေဿန္တရာမင်းကြီးသည် ယခုအခါ ဗုဒ္ဓဖြစ်လာ၏' စသော စကားများကို ကြံစည်သုံးသပ်၍ ဝေဿန္တရာမင်းကြီး၏ ခန္ဓာကိုယ်ကြီး ပျက်စီးသွားသော်လည်း အတ္တကား မပျက်စီးဘဲ ဗုဒ္ဓဖြစ်လာသည်ဟု ယူဆလေသည်။ ယင်းပုဂ္ဂိုလ်ကို '**အနုဿုတိက တက္ကီပုဂ္ဂိုလ်**' တစ်ဆင့်ကြားနှင့် ကြံဆပြီး သဿတဒိဋ္ဌိအယူကို ယူသောပုဂ္ဂိုလ်ဟု ခေါ်သည်။

(၂) ကံအားလျော်စွာ ဇာတိဿရဉာဏ်ဖြင့် နှစ်ဘဝ, သုံးဘဝလောက် သိမြင်ကြကုန်သော သူတို့လည်း 'ရှေးဘဝကလည်း ဇီပဲ၊ ယခုဘဝမှာလည်း ဇီပဲ' ဟူ၍ ကြံစည်ပြီး သဿတဒိဋ္ဌိအယူကို ယူလေသည်။ ယင်းပုဂ္ဂိုလ်ကို 'ဇာတိဿရ တက္ကီပုဂ္ဂိုလ်' နှစ်ဘဝ, သုံးဘဝကို ကြံစည်၍ သဿတဒိဋ္ဌိအယူကို ယူသောပုဂ္ဂိုလ်ဟု ခေါ်သည်။

(၃) ယခုဘဝ မိမိနှစ်သက်သော ရူပါရုံ, သဒ္ဒါရုံတို့ကို ရရှိပြီး ချမ်းသာများကို ခံစားရသူလည်း 'ယခုဘဝ ခံစားနေရတာလည်း ဇီပဲ၊ ရှေးဘဝကလည်း ဇီပဲ ခံစားမှာပဲ၊ နောင်ဘဝတွေမှာလည်း ဇီပဲ ခံစားရမှာပဲ' ဟူ၍ ကြံစည်ကာ သဿတဒိဋ္ဌိအယူကို ယူလေသည်။ ယင်းပုဂ္ဂိုလ်ကို 'လာဘီ တက္ကီပုဂ္ဂိုလ်' ယခုဘဝချမ်းသာ ခံစားရမှုကို ကြံစည်၍ သဿတဒိဋ္ဌိအယူကို ယူသောပုဂ္ဂိုလ်ဟု ခေါ်သည်။

(၄) 'အတ္တသည် မြဲသောကြောင့်သာ မိမိပြုသော ကံ၏အကျိုးကို ခံစားရသည်။ မမြဲလျှင် ကံပြုသူတခြား, ခံရသူတခြား ဖြစ်မှာပဲ' ဟု ကြံစည်၍ သဿတဒိဋ္ဌိအယူကို ယူလေသည်။ ဤပုဂ္ဂိုလ်ကား ရှေးပုဂ္ဂိုလ်များကဲ့သို့ တစ်ဆင့်ကြားစသည်ဖြင့် သဿတဒိဋ္ဌိအယူကို ယူခြင်းမျိုးမဟုတ်ဘဲ သက်သက်ကြံစည်ရုံဖြင့်သာ သဿတဒိဋ္ဌိအယူကို ယူခြင်းကြောင့် 'သုဒ္ဓ တက္ကီပုဂ္ဂိုလ်' ဟု ခေါ်လေသည်။ ကြံစည်ရုံသက်သက်မျှဖြင့် သဿတဒိဋ္ဌိအယူကို ယူသောပုဂ္ဂိုလ်ဟု ခေါ်သည်။

စတုတ္ထမြောက်အကြောင်းဖြစ်သော အထက်ပါ တက္ကီပုဂ္ဂိုလ်လေးမျိုးတို့၏ သဿတဒိဋ္ဌိယူဆပုံမှာလည်း အတ္တသည် မြဲ၏၊ လောကသည် မြဲ၏၊ တံခါးတိုင်နှင့် တူ၏၊ ဘယ်သောအခါမှ မပျက်စီးဟူ၍ ရှေးကဖော်ပြခဲ့ပြီးသည့်အတိုင်းပင် ဖြစ်လေသည်။

သဿတဝါဒ ဖြစ်ပေါ်လာပုံ လေးမျိုးသာရှိကြောင်း

သဿတဒိဋ္ဌိဝါဒ ဖြစ်ပေါ်ရန် အကြောင်းကို ဖော်ပြလျှင် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကိုရပြီး ထိုအဘိညာဉ်ဖြင့် (၁) **ရှေးအတိတ်ဘဝ တစ်သိန်းကိုမြင်၍** သဿတဒိဋ္ဌိအယူကို ယူခြင်း၊ (၂) **ဆယ်ကမ္ဘာအထိမြင်၍** သဿတဒိဋ္ဌိအယူကို ယူခြင်း၊ (၃) **ကမ္ဘာလေးဆယ်အထိမြင်၍** သဿတဒိဋ္ဌိအယူကို ယူခြင်း၊ (၄) **တက္ကီ**- ကြံစည်ခြင်းဖြင့် သဿတဒိဋ္ဌိအယူကို ယူခြင်း ဟူ၍ လေးမျိုးသာ ရှိလေသည်။ ထိုအကြောင်းလေးမျိုးအပြင် အခြားအကြောင်းတစ်မျိုး မရှိတော့ပေ။ ဤကဲ့သို့ ပိုင်ပိုင်နိုင်နိုင် အထင်အရှား ဖော်ပြမိန့်ကြားတော်မူခြင်းသည် သဗ္ဗညုတဉာဏ်ရှင်ဖြစ်သော ဗုဒ္ဓ၏ **'မဟာဂဇ္ဇိတ'** ကြီးကျယ်သော ကြုံးဝါးသံပင် ဖြစ်လေသည်။

ယခုခေတ်၌လည်း သဿတဒိဋ္ဌိအယူရှိသူတွေ များစွာပင် ရှိကြသည်။ ထိုပုဂ္ဂိုလ်တို့သည် ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်များ မဟုတ်ကြသောကြောင့် အထက်ပါလေးမျိုးသော ပုဂ္ဂိုလ်တို့တွင် စတုတ္ထမြောက် အကြောင်းဖြစ်သော တက္ကီပုဂ္ဂိုလ် အမျိုးအစားထဲ၌ အကျုံးဝင်သွားလေသည်။ *(သဿတဒိဋ္ဌိဝါဒကို နည်းမျိုးစုံဖြင့် ဘယ်လောက်ပင်ယူကြ, ပြောဆိုကြစေကာမူ ဈာန်အဘိညာဉ်မရလျှင် တက္ကီသဿတဒိဋ္ဌိ အယူရှိသူတွေချည်းသာ ဖြစ်လေသည်။)*

မှန်ပါသည်။ ရှင်တော်ဗုဒ္ဓသည် သဿတဝါဒ ဖြစ်ပေါ်လာပုံ လေးမျိုးသာရှိကြောင်းကို **'မဟာဂဇ္ဇိတ'** ကြီးကျယ်သော ကြုံးဝါးသံဖြင့် အောက်ပါအတိုင်း မိန့်မြွက်ဟောကြားတော်မူလေသည်။

ယေဟိ ကေစိ ဘိက္ခဝေ သမဏာဝါ ဗြာဟ္မဏာဝါ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ၊ သဗ္ဗေ တေ ဣမေဟေဝ စတူဟိ ဝတ္ထူဟိ ဧတေသံဝါ အညတရေန၊ နတ္ထိ ဣတော ဗဟိဒ္ဓါ။ *(ဒီ- ၁- ၁၅)*

ဘိက္ခဝေ- ရဟန်းတို့ **ယေကေစိ**- အကြွင်းအမှတ်မရှိ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ **သမဏာဝါ**- သမဏတို့သည်လည်း ကောင်း၊ **ဗြာဟ္မဏာဝါ**- ဗြာဟ္မဏတို့သည်လည်းကောင်း၊ **သဿတဝါဒါ**- တည်မြဲ၏ဟု အယူရှိကုန်သည်၊ ဟုတွာ- ဖြစ်၍၊ **အတ္တာနဉ္စ**- အတ္တကိုလည်းကောင်း၊ **လောကဉ္စ**- လောကကိုလည်းကောင်း၊ **သဿတံ**- မြဲ၏ဟူ၍၊ **ပညပေန္တိ**- ပြောဆိုပညတ်ကြ ကုန်၏၊ **သဗ္ဗေ**- အလုံးစုံကုန်သော၊ **တေ သမဏ ဗြာဟ္မဏာ**- ထိုသမဏ, ဗြာဟ္မဏတို့သည်၊ **စတူဟိ**- လေးပါးကုန်သော၊ **ဣမေဟေဝ ဝတ္ထူဟိ**- ဤအကြောင်းတို့ဖြင့်သာလျှင်သော်လည်းကောင်း၊ **ဧတေသံ**- ဤလေးပါးသော အကြောင်းတို့တွင်၊ **အညတရေနဝါ**- တစ်ပါးပါးသော အကြောင်းဖြင့်သော်လည်းကောင်း၊ **ပညပေန္တိ**- ပညတ်ပြောဆိုကြကုန်၏၊ **ဣတော**- ဤလေးပါး သောအကြောင်းမှ၊ **ဗဟိဒ္ဓါ**- အပဖြစ်သော၊ **အညံ**- အခြားသော၊ **ကေ ကာရဏမ္ပိ**- တစ်ပါးသောအကြောင်းသည်လည်း၊ **နတ္ထိ**- မရှိတော့ပေ။

ဣတိ- ဤသို့၊ **တထာဂတော**- တထာဂတခေါ်ရ ရှင်တော်ဗုဒ္ဓသည်၊ **အပ္ပဋိဝတ္တိယံ**- တစ်စုံတစ်ဦးသောပုဂ္ဂိုလ်မျှ ဆန့်ကျင်ဘက်ပြုလုပ်၍ မဝေဘန် မပြောဆိုနိုင်သော၊ **သီဟနာဒံ**- ခြင်္သေ့မင်း ဟောက်ခြင်းအလား ရွံ့ရှားခြင်းကင်း ရဲတင်းသော စကားတော်ကို၊ **နဒတိ**- မိန့်မြွက်တော်မူ၏။

သဗ္ဗညုတဉာဏ်ဖြစ်ပုံကို ပြဆိုတော်မူခြင်း

ဗုဒ္ဓသည် သဿတဝါဒ ဖြစ်ပေါ်လာပုံ လေးမျိုးကို ဟောကြားတော်မူပြီးနောက် ထိုသဿတအယူနှင့်စပ်၍ အထူးထူး အပြားပြားအားဖြင့် သိပုံအခြင်းအရာကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

တယိဒံ ဘိက္ခဝေ တထာဂတော ပဇာနာတိ ‘ဣမေ ဒိဋ္ဌိဋ္ဌာနာ ဧဝံ ဂဟိတာ ဧဝံ ပရာမဋ္ဌာ ဧဝံ ဂတိကာ ဘဝန္တိ ဧဝံ အဘိသမ္ပရာယာ’တိ။ *(ဒီ- ၁- ၁၆)*

ဘိက္ခဝေ- ရဟန်းတို့၊ **တယိဒံ**- ထိုမိစ္ဆာအယူကို၊ **တထာဂတော**- တထာဂတခေါ်ဆိုရ ရှင်တော်ဗုဒ္ဓသည်၊ **ပဇာနာတိ**- အပြားအားဖြင့်သိ၏၊ **ကိံ**- အဘယ်သို့သိသနည်း၊ **ဣမေ ဒိဋ္ဌိဋ္ဌာနာ**- အကျိုးမဲ့၏တည်ရာ အကြောင်းဖြစ်သော ဤမိစ္ဆာအယူတို့သည်၊ **ဧဝံ ဂဟိတာ**- ဤသို့ မိမိသန္တာန်၌ အဖန်ဖန် မှိုဝဲသောအားဖြင့် ယူအပ်ကုန်သည်၊ **ဧဝံ ပရာမဋ္ဌာ**- အပြစ်ကိုမမြင်ဘဲ အဖန်ဖန် သုံးသပ်အပ်ကုန်သည်၊ **သမာနာ**- ဖြစ်ကုန်လတ်သော်၊ **ဧဝံ ဂတိကာ**- ဤသို့ နိရယစသော ဂတိရှိကုန်သည်၊ **ဧဝံ အဘိသမ္ပရာယာ**- ဤသို့ တမလွန်ဘဝရှိကုန်သည်၊ **ဘဝန္တိ**- ဖြစ်ကုန်၏၊ **ဣတိ**- ဤသို့၊ **ပဇာနာတိ**- အပြားအားဖြင့် သိတော်မူ၏။

ဧဝံ ဒိဋ္ဌိဋ္ဌာနာ အဓိပ္ပါယ်

ပါဠိတော်၌ **ဣမေ ဒိဋ္ဌိဋ္ဌာနာ**- အကျိုးမဲ့၏တည်ရာ အကြောင်းဖြစ်သော ဤမိစ္ဆာအယူတို့သည်ဟု ဆိုထားရာ၌ ထိုမိစ္ဆာဒိဋ္ဌိကို အခြေခံ၍ များစွာသော မကောင်းမှု ဖြစ်ကြရသောကြောင့် မိစ္ဆာအယူသည် များစွာသော အကျိုးမဲ့၏ တည်ရာ အကြောင်းဖြစ်သည်ဟု ဆိုထားရခြင်း ဖြစ်သည်။

ဧဝံ ပရာမဋ္ဌာ အဓိပ္ပါယ်

မိစ္ဆာအယူရှိသူတို့သည် မိမိ၏မိစ္ဆာအယူကို ယူဘို့ရန် တွန့်ဆုတ်တွန့်ဆုတ် မဖြစ်ဘဲ ရဲတင်းသောစိတ် ရှိကြသောကြောင့် အဖန်ဖန် အထပ်ထပ် သုံးသပ်ကြသည်။ ‘ဒါတို့အယူသာ မှန်သည်။ အခြားသောအယူသည် အချည်းနှီးတည်း’ဟု အပြီးသတ်ယူခြင်းကို ဆိုလိုပေသည်။

ဧဝံ ဂတိကာ ဧဝံ အဘိသမ္ပရာယ အဓိပ္ပါယ်

မိစ္ဆာအယူကို သည်လိုယူလျှင် ငရဲကျမည်။ သည်လိုယူလျှင် တိရစ္ဆာန်ဖြစ်မည်။ သည်လိုယူလျှင် ပြိတ္တာဖြစ်မည်ဟု ယူပုံနှင့်စပ်၍ ရောက်ရမည့်ဘဝကို ဗုဒ္ဓသည် တင်ကြိုပိုင်းခြား၍ သိတော်မူသည်ဟု ဆိုလိုပေသည်။ *(ကံဟူသမျှ အကျိုးပေးမည့်ဘဝကို ဤအတိုင်းပင် တင်ကြိုသိတော်မူသည်။)* *(ဒီ ဋ- ၁- ၁၀၀)*

သဗ္ဗညုတဉာဏ်ဖြင့် သိပုံကို ဆက်၍ဟောတော်မူခြင်း

ထိုသို့ သဿတဝါဒ ဖြစ်ပေါ်လာပုံ လေးမျိုးနှင့် သဿတဒိဋ္ဌိ အယူရှိသူတို့၏ လားရာဂတိကို သိရုံတွင်မက ထိုထက်အလွန် လည်း သိတော်မူပုံကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

တဉ္စ တထာဂတော ပဇာနာတိ၊ တတော စ ဥတ္တရိတရံ ပဇာနာတိ။ *(ဒီ- ၁- ၁၆)*

တဉ္စ- ထိုအကြောင်းနှင့်တကွ, ဂတိနှင့်တကွဖြစ်သော မိစ္ဆာအယူကိုလည်း၊ **တထာဂတော**- တထာဂတခေါ်ရ ရှင်တော်

ဗုဒ္ဓသည်၊ **ပဇာနာတိ**- အပြားအားဖြင့် သိတော်မူ၏၊ **တတော**- ထိုအကြောင်းနှင့်တကွ၊ ဂတိနှင့်တကွဖြစ်သော မိစ္ဆာအယူထက်၊ **ဥတ္တရိတရံ**- သာလွန်မွန်မြတ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်တည်းဟူသော တရားထူးကိုလည်း၊ **ပဇာနာတိ**- အပြားအားဖြင့် သိတော်မူ၏။

မိစ္ဆာဒိဋ္ဌိအယူရှိသူတို့ တဏှာ, မာနာ, ဒိဋ္ဌိတို့ဖြင့် သုံးသပ်ကြခြင်း

မိစ္ဆာအယူရှိကြသူတို့သည် အလွန်သာယာ နှစ်သက်သောအားဖြင့် သုခဝေဒနာကို ခံစားကြလေသည်။ *(ယခုခေတ် လူတို့လည်း တစ်ခုတစ်ခုကို သဘောပေါက် သိမြင်လာသောအခါ၌ နှစ်သက်ဝမ်းမြောက်မှု ဖြစ်ကြသကဲ့သို့တည်း။)*

ထိုကဲ့သို့ ခံစားမှုဝေဒနာကို သာယာနှစ်သက် သဘောကျနေသောအခါ တဏှာဖြင့် သုံးသပ်သည်ဟု ခေါ်သည်။ ငါသည် ဤအယူကို သိနိုင်ပါပေသည်ဟု စိတ်ကြွမှုဖြစ်သည်ကို မာနဖြင့် သုံးသပ်သည်ဟု ခေါ်သည်။ ဤအသိသည်ပင် ငါ့အတ္တတည်းဟု အတ္တဟု ယူဆလိုက်ခြင်းသည် အတ္တကို စွဲလမ်းခြင်းဖြစ်၍ ဒိဋ္ဌိဖြင့် သုံးသပ်သည်ဟု ခေါ်သည်။ *(ထိုကဲ့သို့ 'တဏှာ, မာန, ဒိဋ္ဌိတွေ' ထပ်ကာထပ်ကာ ဖြစ်သည်ကိုပင် သုံးသပ်သည်ဟု ခေါ်သည်။)*

ဗုဒ္ဓသည် တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မသုံးသပ်ခြင်း

မိစ္ဆာအယူရှိသူတို့က မိမိတို့အယူကို ဟုတ်လှပြီထင်ပြီး 'တဏှာ, မာန, ဒိဋ္ဌိ' ဖြင့် သုံးသပ်သော်လည်း ဗုဒ္ဓကား အလုံးစုံကို သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အတုမရှိ သိတော်မူပါလျက် တဏှာ, ဒိဋ္ဌိ, မာနတို့ဖြင့် မသုံးသပ်ပုံကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

တဉ္စ ပဇာနနံ နပရာမသတိ အပရာမသတော စဿ ပစ္စတ္တညေဝ နိဗ္ဗုတိ ဝိဒိတာ။ *(ဒီ- ၁- ၁၆)*

တထာဂတော- တထာဂတခေါ်ရ ရှင်တော်ဗုဒ္ဓသည်၊ **တံ**- ထိုသီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကို၊ **ပဇာနန္တံ စ**- သိတော်မူပါသော်လည်း၊ **နပရာမသတိ**- 'တဏှာ, မာန,ဒိဋ္ဌိ' တို့ဖြင့် မှားမှားယွင်းယွင်း သုံးသပ်တော်မမူ၊ **အပရာမသတော စ**- မှားမှားယွင်းယွင်း မသုံးသပ်ခြင်းကြောင့်လည်း၊ **အဿ**- ထိုဗုဒ္ဓသည်၊ **ပစ္စတ္တညေဝ**- ကိုယ်တိုင်သာလျှင်၊ **နိဗ္ဗုတိ**- ပရာမာသ ကိလေသာတို့၏ ငြိမ်းအေးခြင်းကို၊ **ဝိဒိတာ**- ဉာဏ်၌ထင်ထင် သိမြင်တော်မူအပ်ပြီ။

နပရာမသတိ သိမှတ်ဖွယ်

ယခုကာလ၌ အတော်အတန် သီလ, သမာဓိ, ပညာရှိလာလျှင် တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် စိတ်ကြီးဝင်ကြ၏၊ စိတ်ကြီးဝင်ခြင်းဟူသည် မိမိ၏ 'သီလ, သမာဓိ, ပညာ' အပေါ်၌ သာယာနှစ်သက်နေခြင်း, စိတ်ကြွနေခြင်း, ငါ့မှငါဟု ဖြစ်နေခြင်းပင်တည်း။ ယင်းကို တဏှာ, မာန, ဒိဋ္ဌိဖြင့် သုံးသပ်သည်ဟု ခေါ်သည်။ တဏှာ, မာန, ဒိဋ္ဌိတို့သည် အပြစ်မကင်းသော အကုသိုလ်တရားဖြစ်သည်။ 'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးပါးနှင့် ပြည့်စုံလာသူ ဖြစ်ပါလျက် ထိုသို့ဖြစ်ခြင်းသည် သံသရာရေးအတွက် ရင်လေးဖွယ်ပင် ဖြစ်လေသည်။ ထို့ကြောင့် ထိုသို့ **'တဏှာ, မာန, ဒိဋ္ဌိ' တို့ဖြင့် မသုံးသပ်မိအောင် အထူးသတိထား၍ ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။**

ရှင်တော်ဗုဒ္ဓကား အတုမရှိသော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးများအပေါ်၌ 'တဏှာ, မာန, ဒိဋ္ဌိ' ဖြစ်တော်မမူပါ။ အဘယ်သို့ ဖြစ်ပါမည်နည်း။ ထို 'တဏှာ, မာန, ဒိဋ္ဌိ' တို့ကို ဗောဓိပလ္လင်၌ အရဟတ္တမဂ်ဉာဏ် ရစဉ်ကပင် အကြွင်းမဲ့ ပယ်ပြီးခဲ့လေပြီ။ *(မဟာဋီကာ- ၁၅၀၊ ဋီသစ် ပအုပ်- ၄၀၇)*

နိဗ္ဗုတိ အဓိပ္ပါယ်

(၁) နိဗ္ဗုတိနှင့် နိဗ္ဗာန်ဟူသော သဘောသည် ငြိမ်းအေးခြင်းသဘော ဖြစ်သည်။ ဤငြိမ်းအေးခြင်းသဘော၌ ကိလေသာတို့၏ ဘင်ခဏ၌ ချုပ်ခြင်းမျိုးလည်း မဟုတ်ပေ။

(၂) နောက်မဖြစ်ရုံ, မရှိရုံ ဘာမျှမရှိဟူသော အဘာဝပညတ်မျိုးလည်း မဟုတ်ပေ။

(၃) သခ်ၤတ ပရမတ်ဖြစ်သော ‘စိတ်, စေတသိက်, ရုပ်’များကဲ့သို့ အထည်ကိုယ်ရှိသော သဘောလည်းမဟုတ်ပေ။

(၄) မီးကျီးခဲအစုကို ရေဖြင့်ငြိမ်းရာ၌ ‘ငြိမ်းအေးခြင်းဟူသော’ အခေါ်အဝေါ်တစ်မျိုးကဲ့သို့ ကိလေသာတို့သည် မိဂ်နှင့်တွေ့ရကား မဂ်ရေစင်ဖြင့် ငြိမ်းလိုက်သောအခါ ထိုကိလေသာ အပူမီးတို့ မရှိတော့ရကား ငြိမ်းအေးခြင်းဟူသော ဓာတ်တစ်မျိုးသည် သဘာဝအတိုင်း ထင်ရှားပေါ်လာလေသည်။

(၅) ထိုငြိမ်းအေးသောဓာတ်ကို အကြောင်းတစ်စုံတစ်ခုမျှ မပြုအပ်, မပြုနိုင်သောကြောင့် ‘အသခ်ၤတဓာတ် ပရမတ်’ဟူ၍ ခေါ်ရလေသည်။

(၆) ထိုအသခ်ၤတဓာတ် ကိလေသပရိနိဗ္ဗာန်သည် ဗုဒ္ဓ၏စိတ်တော်မှာ အလွန်ထင်ရှားလျက် ရှိလေသည်။
(ဒီ ၄- ၁- ၁၀၀)

(၇) ထိုသို့ အထင်အရှား ရှိနေသောကြောင့်ပင် ဗုဒ္ဓနှင့် ရဟန္တာတို့သည် ထိုနိဗ္ဗာနအငြိမ်းဓာတ်ကို အာရုံပြုနိုင်သော ဖလ သမာပတ်ကို မကြာမကြာ ဝင်စားတော်မူလျက် မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူကြလေသည်။

(၈) ထိုဗုဒ္ဓနှင့် ရဟန္တာ အရှင်မြတ်တို့သည် ရာဂ, ဒေါသ, မောဟမီးတို့ ဖိစီးတောက်လောင်အောင်လည်းကောင်း၊ သောကမီး, ပရိဒေဝမီး စသည်ဖြစ်လောက်အောင်လည်းကောင်း ပူလောင်ဖွယ် အာရုံတွေနှင့် ကြုံရသော်လည်း မပူမပင် ဖြူစင်အေးမြတော်မူနိုင်ကြ ပေသည်။

တရားဟောပုံသဘော

ထိုသို့ ဗုဒ္ဓနှင့် ရဟန္တာ အရှင်မြတ်များတို့သည် အဘယ်ကဲ့သို့သော ပူလောင်ဖွယ်အာရုံတို့နှင့် တွေ့ကြုံရစေကာမူ မပူမပင် ဖြူစင်အေးမြစွာ နေနိုင်သည်ကို ထောက်ထားကြလျက် ရဟန်းရှင်လူ သူတော်စင်အပေါင်းတို့သည်လည်း မိမိ တို့ကိုယ်တိုင်က ကိလေသာ အပူမီးတွေကို အပြီးတိုင် မငြိမ်းသတ်နိုင်ကြသေးသော်လည်း ပူလောင်ဖွယ် အာရုံတွေနှင့် တွေ့ကြုံရသောအခါ တရားလက်လွတ် သတိလက်လွတ် မဖြစ်ကြစေဘဲ တရားသတိနှင့် အသိရှိကာ အပူမီးတို့ကို အစွမ်းကုန် အလွန်အကျွံ မဖြစ်အောင် ထိန်းသိမ်းနိုင်ကြသူ ဖြစ်ကြပါကုန်လော့။

နိဗ္ဗာန်သည် နိစ္စ, သုခ, အနတ္တ

(၁) ထိုအသခ်ၤတဓာတ်ဖြစ်သော ငြိမ်းအေးခြင်းသဘောကို *(နိဗ္ဗာနဓာတ်ကို)* နိစ္စဟုဆိုရာ၌ ဘဝဖန်ခါ သံသရာတစ်လျှောက်လုံး နိစ္စဟုဆိုလိုခြင်းမဟုတ်ဘဲ ပုဂ္ဂိုလ်တစ်ဦးသည် အရဟတ္တမဂ်ဉာဏ်ကို ရသည်မှစ၍ ကိလေသာအပူမီးတို့ အကြွင်းမဲ့ ချုပ်ငြိမ်းသွားကြ လေသည်။

(၂) ထိုသို့ ကိလေသာတို့ ချုပ်ငြိမ်းသည်မှစ၍ ထင်ရှားသော နိဗ္ဗာနဓာတ်သည် ဥပါဒ်ခြင်း *(ဖြစ်ခြင်း)* သဘောမရှိရကား ပျက်ရခြင်းသဘောလည်းမရှိဘဲ အငြိမ်းဓာတ်မြဲနေသည်ကို နိစ္စဟုဆိုရခြင်း ဖြစ်သည်။ **(နိဗ္ဗာနံ သန္တိသုခံ လက္ခဏံ အစ္စုတိရသံ)** ကို ဆိုလိုခြင်း ဖြစ်သည်။

(၃) ထိုအငြိမ်းဓာတ်သည် အဖြစ်အပျက်ဒဏ်ကို မခံရဘဲ အမြဲငြိမ်းအေးနေသောကြောင့် ဒုက္ခနှင့် ရောနှောခြင်း မရှိတော့ဘဲ **‘သန္တိသုခ’** ငြိမ်းအေးချမ်းသာဟု ခေါ်ဆိုလေသည်။

(၄) ထိုငြိမ်းအေးသော သဘောရှိသော အသခ်ၤတဓာတ် ပရမတ်ဖြစ်သော နိဗ္ဗာန်သည် သူပိုင်ငါပိုင် လုပ်၍မရသောကြောင့် **‘အတ္တ’** ဟုကားမဆိုရ၊ **‘အနိစ္စ, ဒုက္ခ’** မဟုတ်သော်လည်း **‘အနတ္တ’** တရားသာ ဖြစ်လေသည်။

(၅) ‘စိတ်, စေတသိက်, ရုပ်’ ဟူသော သခ်ၤတ ပရမတ်တရားတို့ကဲ့သို့ အနိစ္စ, ဒုက္ခတို့ အနှိပ်စက်ခံရသော အနတ္တမျိုး မဟုတ်ပေ။ ထာဝရငြိမ်းအေးနေသော နိဗ္ဗာန်ကို ဘယ်သူမှ ပိုင်ချင်ပါသည်ဟု ပြောဖွယ်ရာ မရှိသော အနတ္တသာ ဖြစ်လေသည်။

တရားဟောပုံသဘော

'စိတ်, စေတသိက်, ရုပ်' ဟူသော သင်္ခတ ပရမတ်တို့သည် အမြဲတစေ ဖြစ်ပျက်မှုတို့၏ နှိပ်စက်မှုဒဏ်ကို အပန်ပန်ခံရလျက် ရှိလေသည်။ ကိလေသာမီးတို့၏ ပူလောင်မှုဒဏ်ကို အပန်ပန်ခံရလျက် ရှိလေသည်။ 'ကံ, စိတ်, ဥတု, အာဟာရ' ဟူသော အကြောင်းတရား လေးပါးတို့၏ ပြုပြင်မှုဒဏ်ကိုလည်း အပန်ပန်ခံရလျက် ရှိလေသည်။

နိဗ္ဗာန်ကား ထို 'စိတ်, စေတသိက်, ရုပ်' ဟူသော ထိုသင်္ခတနယ်မှ လွတ်မြောက်သော အသင်္ခတနယ် ဖြစ်သောကြောင့် ဖြစ်ပျက်မှုတို့၏ နှိပ်စက်ခြင်းဒဏ်, ကိလေသာမီးတို့၏ ပူလောင်မှုဒဏ်, ကံ, စိတ်, ဥတု, အာဟာရတို့၏ ပြုပြင်မှုဒဏ် စသော ဒုက္ခ ဟူသမျှမှ လုံးဝလွတ်ငြိမ်းမှု ရနေသောကြောင့် ထာဝရအေးငြိမ်းချမ်းသာမှု သန္တိသုခချမ်းသာ အစစ်အမှန် ဖြစ်လေသည်။ ထို့ကြောင့် **လောကီချမ်းသာ အတုအယောင်တို့နှင့် ကျေနပ်မနေကြဘဲ လောကုတ္တရာချမ်းသာ အစစ်အမှန်ဖြစ်သော နိဗ္ဗာန်ချမ်းသာကို လည်း ရရှိအောင် ကြိုးစားကြပါကုန်လော့။**

သဗ္ဗညုတ ဉာဏ်တော်အစွမ်း

သဿတဝါဒ ဟူသော မိစ္ဆာအယူ ဖြစ်ဖို့ရန် အကြောင်းလေးမျိုးကို သိခြင်း, အကြောင်းလေးမျိုးမှတပါး နောက်တစ်ကြောင်း မရှိဟု သိခြင်း, ထိုမိစ္ဆာအယူရှိသူတို့၏ လားရာဂတိကို သိခြင်း, ထိုထက်အလွန်ဖြစ်သော 'သီလ, သမာဓိ, ပညာ' တို့ကို သိ တော်မူနိုင်ခြင်း, အငြိမ်းဓာတ်ဖြစ်သော နိဗ္ဗာန်ကို ထင်ရှားစွာ သိမြင်တော်မူခြင်းသည် သဗ္ဗညုတဉာဏ်တော်အစွမ်းချည်း ဖြစ်သည်။

ဝေဒနာကမ္မဋ္ဌာန်းကို ဟောတော်မူခြင်း

(၁) ဗုဒ္ဓသည်ကိုယ်တော်တိုင်က နိဗ္ဗာန်၏ အငြိမ်းဓာတ်ကို ထင်ရှားစွာ သိတော်မူသောကြောင့် ထိုအငြိမ်းဓာတ် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ကမ္မဋ္ဌာန်းတရားကို ဆက်လက်ဟောကြားတော်မူသည်။

(၂) ထိုသို့ ကမ္မဋ္ဌာန်းတရားကို ဟောတော်မူရာ၌ ခန္ဓာ, အာယတန, ဓာတ် စသည်တို့နှင့်စပ်၍ ဟောတော်မူရန် များစွာရှိ သော်လည်း ဤ၌ ဝေဒနာကမ္မဋ္ဌာန်းကို ဟောကြားတော်မူလေသည်။

(၃) အဘယ်ကြောင့် ဟောကြားရသနည်းဟူမူ မိစ္ဆာအယူရှိသူတို့သည် မိမိတို့၏ ယူဆချက်အပေါ်၌ အလွန်သာယာမှုရှိသ လောက် ထိုသာယာမှုဟူသော ခံစားမှုဝေဒနာကို အလွန်တပ်မက်ကြလေသည်။

(၄) ထိုသို့ ဝေဒနာတို့၌ တဏှာဖြင့် တပ်မက်ကြသည့်အတွက် **'ဣဓ သုခိနော ဘဝိဿာမ၊ ဧတ္တ သုခိနော ဘဝိဿာမာ' တိ ဒိဋ္ဌိဂတနံ ပဝိသန္တိ။** *(ဒီ ဋ- ၁- ၁၀၀)* **ဣဓ**– ဤအယူ၌၊ **မယံ**– ငါတို့သည်၊ **သုခိနော**– ချမ်းသာခြင်းရှိကုန်သည်၊ **ဘဝိဿာမ**– ဖြစ်ကြရတော့အံ့၊ **ဧတ္တ**– ဤအယူ၌၊ **မယံ**– ငါတို့သည်၊ **သုခိနော**– ချမ်းသာခြင်းရှိကုန်သည်၊ **ဘဝိဿာမ**– ဖြစ်ကြရပေတော့အံ့' ဟု (ထိုခံစားမှု ချမ်းသာရေးကို မျှော်တွေးကာ) **ဣတိ**– ဤသို့၊ **ဒိဋ္ဌိဂတနံ**– မိစ္ဆာအယူတောရှုပ်သို့၊ **ပဝိသန္တိ**– ဝင်မိကြလေတော့သည်။

(၅) ထို့ကြောင့် အခြားတရားနှင့်စပ်၍ ကမ္မဋ္ဌာန်းကို ဟောတော်မမူဘဲ ဤနေရာ၌ ဝေဒနာနှင့်စပ်၍ စတုသစ္စကမ္မဋ္ဌာန်းကို ဟောတော်မူသည်မှာ **'ဒေသနာဝိလာသ'** တရားဆင်ပြင်မှု၌ ကျွမ်းကျင်တော်မူသော သဗ္ဗညုတဉာဏ်တော် အစွမ်းပင်တည်း။ *(ဒီ ဋ- ၁- ၁၀၀၊ ဒီ မဟာဋီကာ- ၁၅၀၊ ဋီကာသစ် ပအုပ်- ၄၀၇)*

(၆) တရားဆင်ပြင် ဟောကြားမှု၌ ကျွမ်းကျင်တော်မူသော ဗုဒ္ဓသည် ဝေဒနာနှင့်စပ်သော စတုသစ္စကမ္မဋ္ဌာန်းကို အောက်ပါ အတိုင်း ဟောကြားတော်မူလေသည်။

ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ဝိဒိတွာ အနုပါဒါ ဝိမုတ္တော ဘိက္ခဝေ တထာဂတော။ *(ဒီ- ၁- ၁၆)*

ဘိက္ခဝေ– ရဟန်းတို့၊ **တထာဂတော**– တထာဂတသည် *(ဗုဒ္ဓသည်)*၊ **ဝေဒနာနံ**– ဝေဒနာတို့၏၊ **သမုဒယဉ္စ**– ဖြစ်ကြောင်း

ကိုလည်းကောင်း၊ **အတ္ထင်္ဂမဉ္စ**– ချုပ်ကြောင်းကိုလည်းကောင်း၊ **အဿာဒဉ္စ**– သာယာဖွယ်ကိုလည်းကောင်း၊ **နိဿရဏဉ္စ**– ဝေဒနာတို့မှ ထွက်မြောက်ရာကိုလည်းကောင်း၊ **ယထာဘူတံ**– ဟုတ်မှန်သောအတိုင်း၊ **ဝိဒိတွာ**– သိတော်မူသောကြောင့်၊ **အနုပါဒါ**– တစ်စုံတစ်ခုသော တရားကိုမျှ မစွဲလမ်းမူ၍၊ **ဝိမုတ္တော**–အသစ်ခန္ဓာ သံသရာမှ လွတ်တော်မူပြီ။

ဝေဒနာ သမုဒယ– ဝေဒနာဖြစ်ကြောင်း ငါးမျိုးကို သိပုံ

အဋ္ဌကထာဆရာသည် ဝေဒနာ သမုဒယ – ဝေဒနာဖြစ်ကြောင်း ငါးမျိုးရှိပုံကို အောက်ပါအတိုင်း ပြဆိုလေသည်။

(၁) အဝိဇ္ဇာ သမုဒယာ ဝေဒနာ သမုဒယော – အဝိဇ္ဇာဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်သည်။
(၂) တဏှာ သမုဒယာ ဝေဒနာ သမုဒယော – တဏှာဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်သည်။
(၃) ကမ္မ သမုဒယာ ဝေဒနာ သမုဒယော – ကံဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်သည်။
(၄) ဖဿ သမုဒယာ ဝေဒနာ သမုဒယော – ဖဿဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်သည်။
(၅) နိဗ္ဗတ္တိ လက္ခဏံ ပဿန္တောပိ ဝေဒနာ သမုဒယော – ဖြစ်ခြင်းလက္ခဏာကို ရှုသောကြောင့်လည်း ဝေဒနာဖြစ်သည်။
(ဒီ ဋ္ဌ- ၁- ၁၀၀၊ ပဋိသမ္ဘိဒါ- ၅၄)

ဗုဒ္ဓသည် ဤငါးပါးကုန်သော လက္ခဏာတို့၏ အစွမ်းဖြင့် ဝေဒနာတို့၏ ဖြစ်ခြင်းကို မဖောက်မပြန် ဟုတ်မှန်စွာ သိလေသည်။

ဤ၌ ဝေဒနာဖြစ်ကြောင်း လက္ခဏာငါးပါးဟူရာ၌ **'ဝေဒနာနံ သမုဒယံ'** ဟု ဆိုသောကြောင့် **'သမုဒယ'** ဖြစ်ခြင်းလက္ခဏာကိုသာဆိုသည်ဟု မှတ်ထင်စရာရှိသည်။ သို့သော် ထိုဖြစ်ခြင်းသမုဒယကိုယူလျှင် ငါးပါးမရနိုင်ပေ။ ထိုသမုဒယ– ဖြစ်ခြင်း၏ တည်ရာ **'အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ'** ဟူသော အကြောင်းပစ္စယ လေးမျိုးကိုလည်း သမုဒယလက္ခဏာ အဖြစ်ဖြင့် ယူရလေသည်။ ထို လေးမျိုးတွင် **'ဇာတိ' ဟူသော နိဗ္ဗတ္တိလက္ခဏာ** တစ်ပါးထည့်သော် သမုဒယလက္ခဏာငါးပါး ဖြစ်လေသည်။
(မဟာဋီ- ၁၅၀၊ ဋီသစ် ပအုပ်- ၄၀၈)

ဝေဒနာ အတ္ထင်္ဂမ– ဝေဒနာချုပ်ကြောင်း ငါးမျိုးကိုသိပုံ

(၁) အဝိဇ္ဇာ နိရောဓာ ဝေဒနာ နိရောဓော – အဝိဇ္ဇာချုပ်ခြင်းကြောင့် ဝေဒနာချုပ်သည်။
(၂) တဏှာ နိရောဓာ ဝေဒနာ နိရောဓော – တဏှာချုပ်ခြင်းကြောင့် ဝေဒနာချုပ်သည်။
(၃) ကမ္မ နိရောဓာ ဝေဒနာ နိရောဓော – ကံချုပ်ခြင်းကြောင့် ဝေဒနာချုပ်သည်။
(၄) ဖဿ နိရောဓာ ဝေဒနာ နိရောဓော – ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်သည်။
(၅) ဝိပရိဏာမ လက္ခဏံ ပဿန္တောပိ ဝေဒနာ နိရောဓော – ဖောက်ပြန်ခြင်းလက္ခဏာကို ရှုခြင်းကြောင့်လည်း ဝေဒနာချုပ်သည်။
(ဒီ ဋ္ဌ- ၁- ၁၀၀၊ ပဋိသမ္ဘိဒါ- ၅၄)

ဗုဒ္ဓသည် ဤငါးပါးကုန်သော လက္ခဏာတို့၏ အစွမ်းဖြင့် ဝေဒနာတို့၏ ချုပ်ခြင်းကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိတော်မူသည်။

ဝေဒနာ၏ အဿာဒ– ဝေဒနာ၏ သာယာဖွယ်ကို သိပုံ

ခံစားမှုဝေဒနာကို စွဲမှီ၍ စိတ်ချမ်းသာမှု, ဝမ်းမြောက်ဝမ်းသာဖြစ်မှုသည်လည်းကောင်း၊ ရှေးရှေးဝေဒနာကို စွဲမှီ၍ နောက်နောက်ဖြစ်သော သောမနဿဟု ဆိုအပ်သော စေတသိကသုခဝေဒနာသည်လည်းကောင်း သာယာအပ်သော အဿာဒတည်း။

(ဤဥစ္စာကို သာယာသောအားဖြင့် ခံစားရာ၌ ရှေးရှေးဝေဒနာသည် မထင်ရှားသေး၊ နောက်နောက်ဖြစ်လာသော ဝေဒနာခံစားမှုသည် ပို၍ ပို၍ ထင်ရှားလာ၏။ ထို့ကြောင့် ရှေးရှေးဝေဒနာကို စွဲမှီ၍ နောက်နောက်ဖြစ်သော သောမနဿဟု ဆိုအပ်သော စေတသိကသုခ ဝေဒနာသည် သာယာဖွယ် အဿာဒတည်းဟု ဆိုလိုခြင်းဖြစ်သည်။) (ဒီ ဋ္ဌ- ၁- ၁၀၁၊ မဟာဋီ- ၁၅၁၊ ဋီသစ် ပအုပ်- ၄၀၈ / ၄၀၉)

ဗုဒ္ဓသည် ဤသို့ဝေဒနာ၏ သာယာအပ်သော သဘောကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူလေသည်။

ဝေဒနာ နိဿရဏ– ဝေဒနာမှ ထွက်မြောက်ကြောင်းကို သိပုံ

ဖြစ်ပေါ်လာသော ဝေဒနာသည် မမြဲ၊ ဆင်းရဲ၏၊ ဇရာ, မရဏ နှစ်မျိုးဖြင့် ဖောက်ပြန်သောသဘော ရှိ၏။ ဤသို့ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ၏ အဖြစ်သည် ဝေဒနာ၏ **အာဒီနဝ**– အပြစ် ဖြစ်လေသည်။

ထိုအပြစ်ကို ဟုတ်တိုင်းမှန်စွာသိ၍ ဝေဒနာ၌ တပ်မက်နေသော ဆန္ဒရာဂကို ပယ်ခြင်း ဖြစ်လေသည်။ ဤဆန္ဒရာဂကို ပယ်နိုင်ခြင်းသည် ဝေဒနာမှ ထွက်မြောက်ကြောင်း ဖြစ်သည်။ *(ဒီ ၄– ၁– ၁၀၁၊ မဟာဋီ– ၁၅၁၊ ဋီသစ် ပအုပ်– ၄၀၉)*

ဗုဒ္ဓသည် ဤသို့လျှင် ဝေဒနာမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူလေသည်။

ဝေဒနာနှင့် ရုပ်, နာမ် ဆက်စပ်ခြင်း

အရှင်သာရိပုတြာထေရ် ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ အထက်က ပြခဲ့သည့်အတိုင်း– **'အဝိဇ္ဇာ သမုဒယာ, ဝေဒနာ သမုဒယော'** စသည်ဖြင့် ဝေဒနာကို ခေါင်းတပ်၍ ဟောလိုက်သဖြင့် ဝေဒနာနှင့် **သဟဇာတပစ္စည်း, နိဿယ ပစ္စည်း, အာရမ္မဏပစ္စည်း** ဖြစ်နိုင်သော အခြားသော ရုပ်, နာမ်တရားများကိုလည်း ယူပြီးဖြစ်လေသည်။

ထို့ပြင် အရှင်မဟာကစ္စည်းထေရ် ဟောတော်မူအပ်သော နေတ္တိပါဠိတော်လာ **'လက္ခဏာဟာရ'** နည်းအားဖြင့် ဝေဒနာနှင့် အဝိဇ္ဇာသမုဒယကြောင့်ဖြစ်ခြင်း စသောလက္ခဏာ၊ **အနိစ္စ, ဒုက္ခ, ဝိပရိဏာမ**အဖြစ် စသောလက္ခဏာအားဖြင့် တူမျှသော အခြားရုပ်, နာမ်တရားကိုလည်း ယူအပ်ပြီးဖြစ်တော့သည်။ *(ဝေဒနာကို ရှုပွားရင်း ရုပ်, နာမ်ကိုပါ သိမ်းကျုံး၍ ရှုပွားပြီး ဖြစ်တော့သည်။)* ဟု ဋီကာ ဟောင်း, ဋီကာသစ်တို့၌ ပြဆိုထားလေသည်။ *(မဟာဋီ– ၁၅၁၊ ဋီသစ် ပအုပ်– ၄၁၀)*

စတုသစ္စကမ္မဋ္ဌာန်း

(၁) အထက်က ဖော်ပြခဲ့သည့်အတိုင်း ပဓာနနည်းအားဖြင့် အဿာဒစသော ဝေဒနာကို ရှုပွားသဖြင့် အခြားသော ရုပ်, နာမ်ကိုလည်း ရှုပွားပြီး ဖြစ်သောကြောင့် ထိုရုပ်, နာမ်တို့သည် လောကီခန္ဓာငါးပါး ဖြစ်သည်။ ထိုလောကီခန္ဓာငါးပါးသည် **ဒုက္ခသစ္စာ** ဖြစ်လေသည်။

(၂) **'ဝေဒနာနံ သမုဒယဉ္စ'** ဖြင့် ယူအပ်သော ဝေဒနာဖြစ်ကြောင်းဖြစ်သော **'အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ'** တို့သည် **သမုဒယသစ္စာ** ဖြစ်လေသည်။

(၃) **'အတ္ထင်္ဂမဉ္စ နိဿရဏဉ္စ'** ဟူသောပုဒ်များဖြင့် ဝေဒနာနှင့်တကွ လောကီခန္ဓာငါးပါးတို့ ချုပ်ကြောင်း, ထွက်မြောက် ကြောင်းဖြစ်သော နိဗ္ဗာန်သည် **နိရောဓသစ္စာ** ဖြစ်လေသည်။

(၄) **'ယထာဘူတံ ဝိဒိတွာ'** ဖြင့် ဟုတ်တိုင်းမှန်စွာသိသောဟူသည် ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်လေးပါး ဖြစ်လေသည်။ ထိုဝိပဿနာဉာဏ်များနှင့် မဂ်ဉာဏ်လေးပါးတို့သည် **မဂ္ဂသစ္စာ** ဖြစ်လေသည်။

(၅) ဤသို့လျှင် ဝေဒနာကမ္မဋ္ဌာန်းသည် စတုသစ္စကမ္မဋ္ဌာန်းဖြစ်ပုံကို ဋီကာဟောင်း, ဋီကာသစ်တို့တွင် ပြဆိုထားကြလေသည်။ *(မဟာဋီ– ၁၅၁၊ ဋီသစ် ပအုပ်– ၄၀၈)*

အနုပါဒါ ဝိမုတ္တော အဓိပ္ပါယ်

ပါဠိတော်တွင် ဗုဒ္ဓသည် **'အနုပါဒါ'** တစ်စုံတစ်ခုသော တရားကိုမျှ မစွဲလမ်းမူ၍ **ဝိမုတ္တော**– အသစ်ခန္ဓာ သံသရာမှ လွတ်ပြီဟု ဟောတော်မူထားရာ၌ အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုထားလေသည်။

ရဟန်းတို့ ဗုဒ္ဓသည် ဝေဒနာနှင့် ခန္ဓာငါးပါးတို့၌ ဆန္ဒရာဂမှ ကင်းတော်မူသည်၏ အဖြစ်ကြောင့် တဏှာ, ဒိဋ္ဌိတို့ဖြင့် တစ်စုံ တစ်ခုသော တရားကိုမျှလည်း မစွဲလမ်းမူ၍ လွတ်တော်မူပြီ။ ရဟန်းတို့ ဗုဒ္ဓသည် အကြင်တဏှာ, ဒိဋ္ဌိဟူသော ဥပါဒါန်သည်ရှိသော် တစ်စုံတစ်ခုသော တရားကို စွဲလမ်းရာ၏။ ထိုသို့စွဲလမ်းသောကြောင့် ဘဝသစ်ခန္ဓာ ဖြစ်ရာ၏။

တထာဂတ၌ *(ဗုဒ္ဓ၌)* ဘဝသစ်ခန္ဓာ၏ မရှိတော့ခြင်းကြောင့် တစ်စုံတစ်ခုသော တရားကိုမျှ တဏှာ, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍သာ ဘဝသစ်ခန္ဓာမှ လွတ်တော်မူရပြီဟု ပြဆိုလေသည်။ *(ဒီ ၄- ၁- ၁၀၁)*

အထက်၌ ဗုဒ္ဓသည် ဝေဒနာနှင့် တကွသော ရုပ်, နာမ်နှစ်ဖြာ ခန္ဓာငါးပါးတို့၌ ဆန္ဒရာဂမှ ကင်းတော်မူသည်၏ အဖြစ်ကြောင့် တဏှာ, ဒိဋ္ဌိတို့ဖြင့် တစ်စုံတစ်ခုသော တရားကိုမျှလည်း မစွဲလမ်းမူ၍ ဘဝခန္ဓာ သံသရာမှ လွတ်ပြီဟု ဆိုထားရာ၌ **'ဆန္ဒရာဂ'** ဟူသည် **ကာမုပါဒါန်တည်း။** ကြွင်းကုန်သော **ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်** သုံးပါးသည် **ကာမုပါဒါန်ကို** အရင်းခံ၍ ဖြစ်ရသည်။

ထို့ကြောင့် ဆန္ဒရာဂဟူသော ကာမုပါဒါန်ကို ပယ်လိုက်လျှင် ကြွင်းသော ဥပါဒါန်များကိုလည်း ပယ်ပြီးဖြစ်သောကြောင့် **'အနုပါဒါဝိမုတ္တော'** ဥပါဒါန်အားလုံးမှ လွတ်ပြီ။ ယင်းကိုပင်လျှင် တဏှာ, ဒိဋ္ဌိတို့ဖြင့် တစ်စုံတစ်ခုသော တရားကိုမျှလည်း မစွဲလမ်းမူ၍ ဘဝခန္ဓာ သံသရာမှ လွတ်ပြီဟု ဆိုထားခြင်းဖြစ်သည်။ *(သီ မဟာဋီ- ၁၅၁၊ ငြိသစ် ပအုပ်- ၄၁၀)*

(ဥပါဒါန်လေးပါး၏ တရားကိုယ်မှာ 'တဏှာ, ဒိဋ္ဌိ' သာတည်း။ ကာမုပါဒါန်အရ တဏှာကိုရ၍ ကျန်ဒိဋ္ဌုပါဒါန်စသော သုံးပါးက ဒိဋ္ဌိကို ရသည်။ သို့ဖြစ်၍ တဏှာ, ဒိဋ္ဌိဖြင့် မစွဲလမ်းခြင်းသည် ဥပါဒါန်အားလုံးမှ လွတ်ခြင်းဖြစ်သည်။ ဥပါဒါန်အားလုံးမှ လွတ်မြောက်ခြင်းကြောင့် ဘဝ အသစ်ဖြစ်ရာမှု ခန္ဓာသံသရာမှ လွတ်ပြီဟု ဆိုရခြင်းဖြစ်လေသည်။)

သဿတဝါဒ နိဂုံးအုပ်ခြင်း

အစက ဖော်ပြခဲ့သည့်အတိုင်း တထာဂတဂုဏ်ကိုပြောလျှင် ပုထုဇဉ်သည် သီလမျှဖြင့်သာ ပြောဆိုနိုင်သောကြောင့် ပြောဆိုရာ မရောက်ပေ။ အလွန်နက်နဲသိမ်မွေ့သော သဗ္ဗညုတဉာဏ်တော်ဖြင့် ပြောမှသာ ပြောရာရောက်ကြောင်းကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုလေသည်။

ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် တထာဂတဂုဏ်ကို ဟုတ်တိုင်းမှန်စွာ ပြောဆိုခြင်းငှာ မစွမ်းနိုင်၊ **'သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ'** ဟူကုန်သော အရိယာပုဂ္ဂိုလ်တို့တွင်လည်း တစ်ပါးပါးသည် တထာဂတ၏ဂုဏ်ကို ဟုတ်တိုင်းမှန်စွာ ပြောဆိုခြင်းငှာ မစွမ်းနိုင်။

တထာဂတသည်သာလျှင် တထာဂတဂုဏ်ကို ပြောလိုသော် ဟုတ်တိုင်းမှန်စွာ ပြောနိုင်ရာ၏။ ရဟန်းတို့ 'တထာဂတသည် သဿတဝါဒအယူ ဖြစ်ပေါ်ပုံလေးမျိုးကိုလည်း အကြောင်းနှင့်တကွ ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိတော်မူ၏။ သဿတဝါဒ အယူရှိသူတို့၏ သွားရာဂတိကိုလည်း အပြားအားဖြင့် သိတော်မူ၏။ ထိုထက်အလွန်ဖြစ်သော သီလ, သမာဓိ, သဗ္ဗညုတဉာဏ်ကိုလည်း အပြားအားဖြင့် သိတော်မူ၏' ဟူ၍ ဤညွှန်ပြဟောကြားတော်မူအပ်ကုန်ပြီးသော သဗ္ဗညုတဉာဏ်တော်၏ ဂုဏ်တို့ကို နက်နဲကုန်၏ ဟူ၍လည်းကောင်း၊ မြင်နိုင်ခဲ၏ ဟူ၍လည်းကောင်း၊ ထိုးထွင်း၍ သိနိုင်ခဲ၏ ဟူ၍လည်းကောင်း၊ မွန်မြတ်၏ ဟူ၍လည်းကောင်း၊ ကြံစည်၍ မသိနိုင် ဟူ၍လည်းကောင်း၊ သိမ်မွေ့၏ ဟူ၍လည်းကောင်း၊ ပညာရှိဖြစ်သော ဗုဒ္ဓသာ သိအပ်, သိနိုင်၏ ဟူ၍လည်းကောင်း သိထိုက်ကုန်၏။

ဤသို့လျှင် မေးတော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဂုဏ်ကိုသာလျှင် မေးတော်မူခဲ့ပြီ။ ဖြေတော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဂုဏ်ကိုသာလျှင် ဖြေတော်မူခဲ့ပြီ။ ထိုပုစ္ဆာ, ဝိသဇ္ဇနာအကြား၌ သဿတဒိဋ္ဌိလေးမျိုးတို့ကို ဝေဘန်ဟောကြား တော်မူခဲ့လေပြီ။ *(ဒီ ၄- ၁- ၁၀၁)*

ဗုဒ္ဓါနုဿတိ ပွါးများရန်

(၁) ဧဝေ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏေန အနေကာနိပိ ဇာတိသဟဿာနိ ဇာတိယော အနုဿရိတွာ သဿတ ဒိဋ္ဌိံ ဂဏှာတီတိ အညူ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် များစွာလည်း ဖြစ်ကုန်သော ဘဝတစ်သိန်းတို့ကို အောက်မေ့၍ သဿတဒိဋ္ဌိအယူကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) ဧကေ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏေန အနေကာနိပိ ဒသပိ မဟာကပ္ပါနိ ဇာတိယော အနုဿရိတွာ သဿတဒိဋ္ဌိံ ဂဏှာတိတိ အညံ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် များစွာလည်း ဖြစ်ကုန်သော ဆယ်ကမ္ဘာအတွင်းရှိ ဘဝတို့ကို အောက်မေ့၍ သဿတဒိဋ္ဌိအယူကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၃) ဧကေ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏေန အနေကာနိပိ စတ္တာလီသပိ မဟာကပ္ပါနိ ဇာတိယော အနုဿရိတွာ သဿတဒိဋ္ဌိံ ဂဏှာတိတိ အညံ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် များစွာကုန်သော ကမ္ဘာလေးဆယ်အတွင်းရှိ ဘဝတို့ကို အောက်မေ့၍ သဿတဒိဋ္ဌိအယူကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၄) ဧကေ အနုတက္ကေန တက္ကီ ဟုတွာ သဿတဒိဋ္ဌိံ ဂဏှာတိတိ အညံ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် အဖန်ဖန် ကြံစည်ခြင်းဖြင့် ကြံစည်သည်ဖြစ်၍ သဿတဒိဋ္ဌိအယူကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၅) ဣမေဟေဝ စတူဟိ ဝတ္ထူဟိ သဿတဒိဋ္ဌိံ ဂဏှာတိတိ အညံ ဗုဒ္ဓေါ နတ္ထိ ဣတော ဗဟိဒ္ဓါ။

ရှင်တော်ဗုဒ္ဓသည် ဤအကြောင်းလေးမျိုးတို့ဖြင့်သာလျှင် သဿတဒိဋ္ဌိအယူကို ယူ၏။ ဤလေးမျိုးမှတပါး အခြားသဿတဒိဋ္ဌိ အယူကို ယူနိုင်သော အကြောင်းသည် မရှိတော့ပြီဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၆) တဿ သဿတဝါဒကဿ ပုဂ္ဂလဿ ဂတိဥ္စ အညံ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုသဿတဒိဋ္ဌိ အယူရှိသူတို့၏ လားရာဂတိကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၇) တတော စ ဥတ္တရိတရံ အညံ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၈) တထာဂတောဝ တထာဂတဿ ဂုဏံ ပဇာနာတီတိ နအညာ အညံ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူပါပေ၏။

(၉) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပူဇနီယ ဂါထာ

(၁) စတူဝတ္ထူဟိ သဿတိ၊ အညေန နတ္ထိ ကာရဏော၊
ဧဝံ ဇာနံ တထာဂတံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

သဿတိ– သဿတဒိဋ္ဌိ အယူရှိကြသူတို့သည်၊ **စတူဟိ ဝတ္ထူဟိ**– လေးပါးသော အကြောင်းတို့ဖြင့်သာလျှင်၊ **သဿတိံ**– သဿတဒိဋ္ဌိအယူကို၊ **ဂဏှန္တိ**– ယူကြလေကုန်၏၊ **အညေန**– ထိုအကြောင်းလေးပါးမှ တစ်ပါးသော၊ **ကာရဏေန**– အခြားအကြောင်းသည်၊ **နတ္ထိ**– မရှိတော့ပြီ၊ **ဧဝံ**– ဤသို့၊ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ ဘုရား။

(၂) **နိစ္စဒိဋ္ဌ ဂတိတာနံ၊ ဇာနာတိစ ဂတာဂတိ၊**
တထော ဥတ္တရိတရံစ၊ သမ္ဗုဒ္ဓေါဝ တထာဂတံ။

နိစ္စဒိဋ္ဌ– သဿတဒိဋ္ဌိကို၊ **ဂတိတာနံ**– ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ **ဂတံ**– လားရောက်ရာဖြစ်သော၊ **ဂတိဥ္စ**– နိရယအစရှိသော ဂတိကိုလည်း၊ **ဗုဒ္ဓေါ**– ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ **တထော**– ထို့ထက်၊ **ဥတ္တရိတရံစ**– အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်များကိုလည်း၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **သမ္ဗုဒ္ဓေါဝ**– ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ **တထာဂတံ**– ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်ကို၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **ဧဝံ**– ဤသို့ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပုဗ္ဗန္တကပ္ပိက သဿတဝါဒ ပြီးပြီ။



ပုဗ္ဗန္တကပ္ပိက ဧကစ္စသဿတဝါဒ

'ပုဗ္ဗန္တကပ္ပိက ဧကစ္စသဿတဝါဒ' ဟူ၍ ခေါင်းစဉ်တပ်ထားသော်လည်း အပြည့်အစုံမှာ 'ပုဗ္ဗန္တကပ္ပိက ဧကစ္စသဿတဝါဒ, ဧကစ္စအသဿတဝါဒ' ဟူ၍ ဖြစ်သည်။ ရှေးအတိတ်ဘဝကို တဏှာ, ဒိဋ္ဌိဖြင့် စွဲမိကြံဆ၍ 'အချို့အတ္တ, လောကသည် မြဲ၏၊ အချို့အတ္တ, လောကသည် မမြဲ' ဟုယူသော အယူဝါဒ ဖြစ်လေသည်။ ထိုအယူဝါဒ ဖြစ်လာပုံလည်း လေးမျိုးပင် ရှိလေသည်။ ၎င်းမှာ-

(၁) ဗြဟ္မာတစ်ဘဝကို မြင်၍ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် အောက်မေ့သိမြင်ရာမှ ဖြစ်ပေါ်လာခြင်း တစ်မျိုး၊

(၂) အပျော်လွန်၍ စုတေခဲ့ရသော မိမိ၏ ရှေးနတ်ဘဝကို ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် အောက်မေ့သိမြင်ရာမှ ဖြစ်ပေါ်လာပုံ တစ်မျိုး၊

(၃) ဒေါသကြီး၍ စုတေခဲ့ရသော မိမိ၏ နတ်တစ်ဘဝကို အောက်မေ့သိမြင်ရာမှ ဖြစ်ပေါ်လာပုံ တစ်မျိုး၊

(၄) အထက်သုံးမျိုးကဲ့သို့ ရှာန်အဘိညာဉ်မရဘဲ ကြံစည်ခြင်းဖြင့် ဖြစ်ပေါ်လာပုံ တစ်မျိုး ဟူ၍ အကြောင်းလေးမျိုး ရှိလေသည်။

ထို့ကြောင့် ဗုဒ္ဓသည် ထိုသို့ လေးမျိုးရှိပုံကို အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဧကစ္စသဿတိကာ ဧကစ္စအသဿတိကာ ဧကစ္စံ သဿတံ ဧကစ္စံ အသဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ။ *(ဒီ- ၁- ၁၆)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဧကေ**- အချို့ကုန်သော၊ **သမဏဗြာဟ္မဏာ**- သမဏ, ဗြာဟ္မဏတို့သည်၊ **ဧကစ္စသဿတိကာ**- အချို့မြဲသည်ဟု အယူရှိကုန်သည်၊ **ဧကစ္စအသဿတိကာ**- အချို့မမြဲဟု အယူရှိကုန်သည်၊ ဟုတ္တာ- ဖြစ်၍၊ **စတူဟိ ဝတ္ထူဟိ**- လေးပါးကုန်သော အကြောင်းတို့ဖြင့်၊ **အတ္တာနဉ္စ**- အတ္တကိုလည်းကောင်း၊ **လောကဉ္စ**- လောကကိုလည်းကောင်း၊ **ဧကစ္စံ**- အချို့ကို၊ **သဿတံ**- မြဲ၏ ဟုလည်းကောင်း၊ **ဧကစ္စံ**- အချို့ကို၊ **အသဿတံ**- မမြဲ ဟုလည်းကောင်း၊ **ပညပေန္တိ**- ပညတ်ကြကုန်၏။ (ပ) **ကိံ ပညပေန္တိ**- အဘယ်သို့ ပညတ်ကြကုန်သနည်း ဟူမူ-

ထိုဧကစ္စသဿတဝါဒသည် 'သတ္တေကစ္စ သဿတိကာ' သတ္တဝါတို့တွင် အချို့ကုန်သော သတ္တဝါတို့သည် မြဲ၏ဟု အယူရှိသူ၊ 'သင်္ခါရေကစ္စ သဿတိကာ' သင်္ခါရတို့တွင် အချို့သင်္ခါရသည် မြဲ၏ဟု အယူရှိသူ နှစ်မျိုးရှိကြောင်း အဋ္ဌကထာဆရာ ဖွင့်ဆိုလေသည်။ ဤ၌ ထိုနှစ်မျိုးလုံးပင် ပါဝင်ပေလိမ့်မည်။

ပဌမ ဧကစ္စသဿတဝါဒ ဖြစ်ပေါ်လာပုံအကြောင်း

ရှင်တော်ဗုဒ္ဓသည် ပဌမ ဧကစ္စသဿတဝါဒ ဖြစ်ပေါ်လာပုံကို အောက်ပါအတိုင်း စ၍ ဟောကြားတော်မူလေသည်။

ဟောတိ ခေါ သော ဘိက္ခဝေ သမယော၊ ယံ ကဒါစိ ကရဟစိ ဒီဃဿ အဒ္ဓုနော အစ္စယေန အယံလောကော သံဝဋ္ဋတိ သံဝဋ္ဋမာနေ လောကေ ယေဘုယျေန သတ္တာ အာဘဿရ သံဝတ္တနိကာ ဟောန္တိ။ *(ဒီ- ၁- ၁၆)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဒီဃဿ အဒ္ဓုနော**- ရှည်သောကာလ၏၊ **အစ္စယေန**- လွန်သောအခါ၌၊ **ကဒါစိ ကရဟစိ**- တစ်ရံတစ်ခါ၌၊ **အယံ လောကော**- ဩကာသလောကဟု ဆိုအပ်သော ဤကမ္ဘာလောကကြီးသည်၊ **သံဝဋ္ဋတိ**- ပျက်၏၊ **သော သမယော**- ထိုအခါသည်၊ **ဟောတိ ခေါ**- ရှိသည်သာတည်း။

လောကော- ကမ္ဘာလောကကြီးသည်၊ **သံဝဋ္ဋမာနေ**- ပျက်လတ်သော်၊ **ယေဘုယျေန**- များသောအားဖြင့်၊ **သတ္တာ**- သတ္တဝါတို့သည်၊ **အာဘဿရ သံဝတ္တနိကာ**- အာဘဿရဘုံ၌ ဖြစ်ကြရကုန်သည်၊ **ဟောန္တိ**- ဖြစ်ကုန်၏။

မီးလွတ်သောဘုံနှင့် မီးမလွတ်သောဘုံ

(၁) မီးကြောင့်, ရေကြောင့်, လေကြောင့် ကမ္ဘာပျက်ခြင်း သုံးမျိုးရှိရာတွင် မီးလောင်၍ ဤကမ္ဘာလောကကြီး ပျက်စီးရာ၌ (၃၁)ဘုံတွင် 'အပါယ် (၄)ဘုံ, လူ့ဘုံ, နတ် (၆)ဘုံ, ပဌမဈာန် (၃)ဘုံ' အားဖြင့် (၁၄)ဘုံအထိ လောင်ကျွမ်းပျက်စီးရသည်။

အရူပ (၄)ဘုံ, စတုတ္ထဈာန် (၇)ဘုံ, တတိယဈာန် (၃)ဘုံ, ဒုတိယဈာန် (၃)ဘုံ– ပေါင်း ဗြဟ္မာ့ဘုံ (၁၇)ဘုံကို မီးလောင်ခြင်းဘေး မှ လွတ်မြောက်ကြလေသည်။

(၂) ထိုတွင် မီးလောင်ရာတွင် ပါဝင်သော ပဌမဈာန် ရူပဘုံ သုံးဘုံဟူသည် **'ဗြဟ္မပါရိသဇ္ဇာဘုံ, ဗြဟ္မပုရောဟိတာဘုံ, မဟာဗြဟ္မာဘုံ'** ဟူ၍ သုံးဘုံ ရှိလေသည်။

(၃) မီးလောင်ခြင်းမှ စ၍လွတ်သော ဒုတိယဈာန် သုံးဘုံဟူသည် **'ပရိတ္တာဘုံ, အပ္ပမာဏာဘုံ, အာဘဿရာဘုံ'** ဟူ၍ သုံးဘုံ ရှိလေသည်။

(၄) အထက်ပါ ပါဠိတော်အရ များသောအားဖြင့် သတ္တဝါတို့သည် အာဘဿရာဘုံ၌ ဖြစ်ကြ၏ဟု ဆိုရာ၌ ဒုတိယဈာန် သုံးဘုံရှိ အာဘဿရာဘုံသို့ ရောက်ကြသည်ကို ဟောတော်မူခြင်း ဖြစ်သည်။

(၅) ကမ္ဘာမပျက်ခင် နှစ်ပေါင်းတစ်သိန်းလောက်ကပင် 'နောင်နှစ်ပေါင်းတစ်သိန်းကြာလျှင် ကမ္ဘာကြီး မီးလောင်၍ ပျက်လိမ့်မည်'ဟု လောကဗျူဟာနတ်တို့ သတိပေးနိုးဆော်ကြသောကြောင့် အပါယ်လေးဘုံသားတို့နှင့်တကွ လူ့ပြည်, နတ်ပြည်ရှိ သတ္တဝါအားလုံးတို့သည် ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ကြပြီး သံဝေဂကြီးစွာနှင့် တရားအားထုတ်ကြရာတွင် ဒုတိယဈာန်ကို ရကြပြီး မီးလွတ်ရာ အာဘဿရာဘုံသို့ ရောက်ရှိသွားကြလေသည်။

(၆) ပဌမဈာန်ဘုံရှိ ဗြဟ္မာကြီးတို့လည်း ဒုတိယဈာန်အထိ ဆက်လက်ပွါးများကာ အာဘဿရာဘုံသို့ ရောက်ရှိကြလေသည်။ ထိုသို့ ရောက်ရှိလာပုံကို ရည်ရွယ်၍ ကမ္ဘာပျက်သောအခါ၌ သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရာဘုံ၌ ဖြစ်ကြ၏ဟု ဗုဒ္ဓဟောကြားတော်မူခြင်း ဖြစ်သည်။

(ကမ္ဘာပျက်ပုံ၊ ပြန်တည်လာပုံ အကျယ်ကို ထိုထိုကျမ်းမှာ ရှုပါလေ။)

ကမ္ဘာကြီးပျက်ပုံ၊ တည်ပုံ

(၁) ကမ္ဘာကြီးကို မီးလောင်ပျက်စီးသွားပြီးနောက် ကမ္ဘာကြီးသည် အသစ်တဖန် ပြန်၍ဖြစ်ပေါ်တည်ရှိလာပြန်သည်။ ထိုသို့တည်ရှိလာသောအခါ ဈာန်အားလျော်စွာ, ကံအားလျော်စွာ ပဌမဈာန်သုံးဘုံသို့လည်းကောင်း၊ နတ်ခြောက်ဘုံသို့လည်းကောင်း၊ အပါယ်လေးဘုံသို့လည်းကောင်း ရောက်ရှိကြရပြန်သည်။

တရားတော်

ပုထုဇဉ်ဘဝနှင့် ရှိနေသမျှ ထိုအဖြစ်အပျက်များနှင့် အထပ်ထပ် အဖုံဖုံ ကြုံရမည်ချည်း ဖြစ်သောကြောင့် သတိသံဝေဂရကြလျက် ပုထုဇဉ်ဘဝကို ငြီးငွေ့ကာ ပုထုဇဉ်ဘဝမှလွတ်၍ သောတာပန်စသော အရိယာအဖြစ်သို့ရောက် အောင် ယခုပင် ကြိုးစားကြပါကုန်လော့။

(၂) ထိုသို့ ကမ္ဘာကြီး ပြန်တည်လာချိန်တွင် ပဌမဈာန်သုံးဘုံလည်း ပြန်တည်ရှိနေပြီ ဖြစ်လေသည်။ သို့ရာတွင် သတ္တဝါတစ်ဦး မျှ ရောက်မလာသေးချိန်အထိ ပဌမဈာန်သုံးဘုံသည် ဆိတ်သုဉ်းနေမည် ဖြစ်လေသည်။

ပဌမဈာန်သုံးဘုံ ပြန်တည်ရာ၌

ထိုသို့ ဖြစ်ပုံသဘောကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောတော်မူထားလေသည်။

ဟောတိ ခေါ သော ဘိက္ခဝေ သမယော ယံ ကဒါစိ ကရဟစိ ဒီဃဿ အဒ္ဓုနော အစ္စယေန အယံ လောကော ဝိဝဋ္ဋတိ ဝိဝဋ္ဋမာနေ လောကေ သုညံ ဗြဟ္မဝိမာနံ ပါတုဘဝတိ။ *(ဒီ– ၁– ၁၆)*

ဘိက္ခဝေ– ရဟန်းတို့၊ ***ဒီဃအဒ္ဓုနော–*** ရှည်သောကာလ၏၊ ***အစ္စယေန–*** လွန်သောအခါ၌၊ ***ကဒါစိ ကရဟစိ–*** တစ်ရံတစ်ခါ၌၊ ***အယံ လောကော–*** ဩကာသလောကဟု ဆိုအပ်သော ဤကမ္ဘာလောကကြီးသည်၊ ***ဝိဝဋ္ဋတိ–*** ပြန်၍ဖြစ်တည်လာ၏။

သော သမယော– ထိုအခါသည်၊ ဟောတိ ခေါ်– ရှိသည်သာတည်း။ လောကေ– ကမ္ဘာလောကကြီးသည်၊ ဝိဝဋ္ဋမာနေ– ပြန်၍ ဖြစ်တည်သည်ရှိသော်၊ သုညံ– ဗြဟ္မာတို့မှ ကင်းဆိတ်သော၊ ဗြဟ္မဝိမာနံ– ပဌမဈာန် ဗြဟ္မာဘုံ သုံးဘုံရှိ ဗိမာန်များသည်၊ ပါတုဘဝတိ– ထင်ရှားပြန်ဖြစ်လာ၏။

အထက်ပါ ပါဠိတော်အရ ပဌမဈာန်သုံးဘုံသည် အသီးသီး ဗိမာန်နှင့် ပြန်ဖြစ်ပေါ်လာချိန်တွင် ဗြဟ္မာတစ်ဦးတစ်ယောက်မျှ မရှိသည့်အတွက် ထိုဗိမာန်များသည် လူသူမရှိသော အိမ်ကြီးကဲ့သို့ ကင်းဆိတ်လျက်ရှိလေသည်။ *(ဘေးဂန်တစ်ခုခုကြောင့် အိုးအိမ်ကို စွန့်၍ တစ်ရွာလုံးကို လူအားလုံး ထွက်ပြေးသွားသောကြောင့် လူသူကင်းဆိတ်သော ရွာကြီးတစ်ရွာကဲ့သို့ မှတ်နေပေလိမ့်မည်။)*

ဗြဟ္မာကြီးတစ်ဦး ရောက်ရှိလာခြင်း

ထိုသို့ ဆိတ်သုဉ်းနေရာမှ ဒုတိယဈာန်သုံးဘုံတွင် အာဘဿရာဘုံမှ ဗြဟ္မာကြီးတစ်ဦးသည် သက်တမ်းကုန်၍လည်းကောင်း၊ ကောင်းမှုကံကုန်၍လည်းကောင်း ပဌမဈာန်ကိုပွားလျက် အာဘဿရာဘုံမှ စုတေပြီး ဆိတ်သုဉ်းနေသော ပဌမဈာန်ဘုံရှိ ဗိမာန်၌ လာရောက်ဖြစ်ပြန်လေသည်။ အဘယ်ကြောင့် ဖြစ်ရသနည်းဟူမူ သတ္တဝါတို့သည် ပင်ကိုယ်သဘောအားဖြင့် မိမိနေခဲ့ဖူးရာ ဘုံဌာနကို နှစ်သက်တွယ်တာမှု 'နိကန္တိတဏှာ' ရှိကြလေသည်။ ထိုနိကန္တိတဏှာ အစွမ်းကြောင့် ဒုတိယဈာန်ဘုံက ဗြဟ္မာတို့ ပဌမဈာန်ဘုံကို ပြန်ရောက်လာခြင်းဖြစ်သည်။ *(ဤလူလောက၌ မြို့ကြီးပြကြီးမှာ ကြီးပွားနေခောကမျှ မိမိမွေးဖွားရာ နေရာဒေသကို လွမ်းဆွတ်အမှတ်ရပြီး မကြာမကြာ လာတတ်သကဲ့သို့တည်း။)* ထိုသို့ ရောက်လာပုံသဘောကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

အထခေါ် အညတရော သတ္တော အာယုက္ခယာဝါ ပုညက္ခယာဝါ အာဘဿရကာယာ စဝိတွာ သုညံ ဗြဟ္မဝိမာနံ ဥပပဇ္ဇတိ၊ *(ဒီ– ၁– ၁၆)*

အထခေါ်– ပဌမဈာန် ဗြဟ္မာ့ဘုံဗိမာန်ဖြစ်ရာ ထိုအခါ၌၊ **အညတရော**– တစ်စုံတစ်ယောက်သော၊ **သတ္တော**– ဗြဟ္မာသည်၊ **အာယုက္ခယာဝါ**– အသက်တမ်း၏ ကုန်ခြင်းကြောင့်လည်းကောင်း၊ **ပုညက္ခယာဝါ**– ကောင်းမှုကံ၏ ကုန်ခြင်းကြောင့်လည်းကောင်း၊ **အာဘဿရကာယာ**– အာဘဿရ ဗြဟ္မာအပေါင်းမှ၊ **စဝိတွာ**– စုတေ၍၊ **သုညံ**– ကင်းဆိတ်နေသော၊ **ဗြဟ္မဝိမာနံ**– ပဌမဈာန် ဗြဟ္မာ့ဗိမာန်၌၊ **ဥပပဇ္ဇတိ**– ပြန်ဖြစ်လေ၏။

ထိုဗြဟ္မာကြီးသည် ထိုပဌမဈာန် ဗြဟ္မာ့ဘုံ၌ **'မနောမယော'**– ဈာန်စိတ်ကြောင့် ဖြစ်သည်။ **'ပီတိဘက္ခော'**– ပီတိဟူသော အစာရှိသည်။ **'သယံပဘော'**– မိမိ၏ ကိုယ်ရောင်ကိုယ်ဝါရှိသည်။ **'အန္တလိက္ခစရော'**– ကောင်းကင်၌ လှည့်လည်နိုင်သည်။ **'သုဘဋ္ဌာယီ'**– တင့်တယ်သော ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင်၌ တည်သည်။ **'ဟောတိ'**– ဖြစ်၏။ **'စိရံ'**– ကြာမြင့်စွာ၊ **'ဒီဃံ'**– ရှည်စွာသော၊ **'အဒ္ဓါနံ'**– ကာလပတ်လုံး၊ **'တိဋ္ဌတိ'**– မစုတေဘဲ တည်နေ၏။

ထိုဗြဟ္မာမှမဟုတ် ဗြဟ္မာ့ဘုံ (၂၀) ရှိသည့်အနက် အရူပလေးဘုံနှင့် အသညသတ်ဘုံမှတပါး ကျန်ရူပ (၁၅)ဘုံက ဗြဟ္မာအားလုံးတို့သည် **'မနောမယာ'**– ဈာန်စိတ်ဖြင့် နေကြကုန်သည်။ **'ပီတိဘက္ခာ'**– ပီတိတည်းဟူသော အာဟာရ ရှိကြကုန်သည်။ **'သုဘဋ္ဌာယီ'**– တင့်တယ်သော ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင် ရှိကြကုန်သည်ချည်း ဖြစ်ကြလေသည်။ *(သို့ရာတွင် 'အညံ့စား၊ အလတ်စား၊ အမြတ်စား' ဟူ၍ ကွာဟမှုတော့ ရှိကြလေသည်။)*

လူတွေကဲ့သို့ ဘောဇဉ်အာဟာရကို စားသုံးခြင်းမရှိကြဘဲ၊ နတ်တွေကဲ့သို့ နတ်သုဓါကို သုံးဆောင်ခြင်းမရှိကြဘဲ ဗြဟ္မာကြီးတို့သည် ဈာန်တရားတွင် ပါဝင်သော ပီတိဖြင့်သာ နေကြသည်။ ထိုဈာန်ပီတိသည် ဗြဟ္မာ၏ ခန္ဓာကိုယ်ကြီးကို ထောက်ပံ့ထားလေသည်။ ထို့ကြောင့် **'ပီတိဘက္ခာ'**– ပီတိတည်းဟူသော အစာအာဟာရ ရှိကြကုန်သည် ဟူ၍ ဟောတော်မူခြင်းဖြစ်သည်။

ဗြဟ္မာကြီး ငြီးငွေ့ခြင်း

ထိုရှေးဦးစွာဖြစ်သော ဗြဟ္မာကြီးသည် အလွန်ကြာမြင့်စွာ တစ်ဦးတည်း နေရသဖြင့်–

(၁) **အနဘိရတိ**– မမွေ့မလျော်ခြင်းသည်လည်းကောင်း၊

(၂) **ပရိတဿနာ**– တဏှာ၊ ဒိဋ္ဌိ၏ အစွမ်းဖြင့် စိတ်၏ အဖန်ဖန် တုန်လှုပ်ခြင်းသည်လည်းကောင်း၊ **ဥပ္ပဇ္ဇတိ**– ဖြစ်လေ၏။

လူ့လောက၌ လူတို့သည် 'အနဘိရတိ' မမွေ့လျော်ခြင်း, ပျင်းရိခြင်း ဖြစ်ကြခြင်းသည် ချစ်ခင်သူနှင့် ခွဲခွါရသောကြောင့်လည်းကောင်း၊ အလိုရှိအပ်သော အရာဝတ္ထုကို မရသောကြောင့်လည်းကောင်း ဖြစ်တတ်သည်။ လူတို့၌ဖြစ်သော ထိုပျင်းရိခြင်း၏ တရားကိုယ်မှာ စိတ်၏ပင်ပန်းခြင်း **ဒေါမနဿသာ** ဖြစ်လေသည်။

ဗြဟ္မာတို့ကား ဒေါသ, ဒေါမနဿတို့ကို ဈာန်၏အစွမ်းဖြင့် ပယ်ထားသောကြောင့် ဒေါမနဿစိတ်ဖြင့် မမွေ့လျော်ခြင်းမျိုး မဟုတ်ဘဲ တစ်ဦးတည်း နေရသည့်အတွက် အခြားအဖော်တစ်ဦး ရောက်လာဖို့ရန် တောင့်တသောဆန္ဒ ဖြစ်ပေါ်လာသည်ကို ထို ဗြဟ္မာကြီး၏ **'အနဘိရတိ'** မမွေ့လျော်ခြင်း ဖြစ်သည်ဟု ဆိုရသည်။

'ပရိတဿနာ' စိတ်၏ အဖန်ဖန် တုန်လှုပ်ခြင်းဟူသည် ဒေါသ, ဒေါမနဿဖြင့် တုန်လှုပ်ခြင်း မဟုတ်ဘဲ **'အနဘိရတိ'** ခေါ် မပျော်မွေ့မှုကြောင့် အခြားအဖော် ဗြဟ္မာများ ရောက်လာလျှင် ကောင်းမှာပဲဟု စိတ်မငြိမ်မသက် လှုပ်လှုက်သွားမှုသာ ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၁၀၂)*

မှန်ပါသည်။ ဗုဒ္ဓသည် ပါဠိတော်တွင် အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

အဟောဝတ အညေပိ သတ္တာ ဣတ္ထတ္တံ အာဂစ္ဆေယျုန္တိ *(ဒီ- ၁- ၁၇)*

အညေပိ- ငါမှတပါးလည်း ဖြစ်ကုန်သော၊ **သတ္တာ**- ဗြဟ္မာတို့သည်၊ **ဣတ္ထတ္တံ**- ဤဗြဟ္မာ့ဘုံသို့ **အာဂစ္ဆေယျုံ**- ရောက်လာပါမူကား၊ **အဟောဝတ**- ဩော် ကောင်းလေစွ၊ **ဣတိ**- ဤသို့တောင့်တခြင်းသည်၊ **ဥပ္ပဇ္ဇတိ**- ဖြစ်လေ၏။

ထိုသို့ တောင့်တနေခိုက်မှာပင် *(ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုသကဲ့)* အခြားဗြဟ္မာတို့သည် အသက်တမ်းကုန်သောကြောင့်လည်းကောင်း၊ ကောင်းမှုကံကုန်သောကြောင့်လည်းကောင်း ထိုဒုတိယဈာန် အာဘဿရာဘုံမှ စုတေ၍ ပဌမဈာန်၏ အစွမ်းဖြင့် ပဌမဈာန်ဘုံသို့ ပဌမရောက်နေသော ဗြဟ္မာကြီး၏ အပေါင်းအဖော်အဖြစ် ရောက်လာကြလေသည်။

ပဌမဗြဟ္မာကြီး စိတ်ကြီးဝင်ပြီ

ထိုသို့ အဖော်အပေါင်း ဗြဟ္မာများ ရောက်လာကြသောကြောင့် ငါသည်-

(၁) **မဟာဗြဟ္မာ** - မဟာဗြဟ္မာတည်း။
(၂) **အဘိဘူ** - သူတပါးကို လွှမ်းမိုးနိုင်သူတည်း။
(၃) **အနဘိဘူတော** - အခြားသူ၏ အလွှမ်းမိုးကို မခံရသူတည်း။
(၄) **အညဒတ္ထု** - စင်စစ်အားဖြင့်၊ ဒသော- အလုံးစုံကို မြင်နိုင်သူတည်း။
(၅) **ဝသဝတ္တီ** - သတ္တဝါအများကို မိမိအလိုသို့ လိုက်စေနိုင်သူတည်း။
(၆) **ဣဿရော** - အစိုးရသူတည်း။
(၇) **ကတ္တာ** - ကမ္ဘာလောကကြီးကို ပြုတတ်သူတည်း။
(၈) **နိမ္မာတာ** - ကမ္ဘာလောကကြီးကို ဖန်ဆင်းတတ်သူတည်း။
(၉) **သေဋ္ဌော** - ကမ္ဘာလောကထက် မြတ်သူတည်း။
(၁၀) **သဇိတာ** - *(သင်သည် ရှင်ဘုရင်ဖြစ်စေ။ သင်သည် ဗြာဟ္မဏဖြစ်စေ။ သင်သည် သူဌေးဖြစ်စေ။ သင်သည် သူဆင်းရဲဖြစ်စေ စသည်ဖြင့်)* စီမံနိုင်သူတည်း။
(၁၁) **ဝသီ** - စွမ်းရည်သတ္တိရှိသူတည်း။
(၁၂) **ဘူတဘဗျာနံ** - ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ သတ္တဝါတို့၏၊ **ပိတာ**- ဖခင်ကြီးဖြစ်သူတည်း။
(၁၃) **မယာ**- ငါသည်၊ **ဣမေ သတ္တာ**- ဤသတ္တဝါတို့ကို၊ **နိမ္မိတာ**- ဖန်ဆင်းအပ်ပြီတည်း။
(၁၄) **တံ ကိဿ ဟေတု**- ဘာကြောင့် ဤသို့ ဆိုနိုင်သနည်းဟူမူ- 'အခြားဗြဟ္မာတွေ ဤဗြဟ္မာ့ဘုံသို့ ရောက်လာပါမူကား ကောင်းလေစွ' ဟု ကြံစည်တောင့်တလိုက်သည်နှင့် ဤဗြဟ္မာတို့လည်း ရောက်လာခဲ့ကြလေပြီ။ ထို့ကြောင့် ငါသည် ဤသို့ဆိုနိုင်ခြင်း ဖြစ်သည်ဟု စိတ်ကြီးဝင်လေတော့သည်။

နောက်မှရောက်သော ဗြဟ္မာတို့လည်း ထင်ကြပုံ

နောက်မှရောက်လာကြကုန်သော ဗြဟ္မာအပေါင်းတို့သည်လည်း ရှေးဦးစွာရောက်နေသော ဗြဟ္မာကို ဤအရှင်ဗြဟ္မာသည်-

(၁) မဟာဗြဟ္မာ - မဟာဗြဟ္မာတည်း။

(၂) အဘိဘူ - ငါတို့ကို လွှမ်းမိုးနိုင်သူတည်း။

(၃) အနဘိဘူတော - အခြားသူတို့၏ လွှမ်းမိုးမှုကို မခံရသူတည်း။

(၄) နိမ္မိတာ - ငါတို့ကို ဤဗြဟ္မာကြီးက ဖန်ဆင်းထားတာတည်း။

စသည်ဖြင့် ပဌမရောက်သော ဗြဟ္မာကြီး ထင်သကဲ့သို့ ထိုပဌမရောက်သော ဗြဟ္မာကို နောက်ရောက်သော ဗြဟ္မာများကလည်း အထင်ကြီးသွားကြလေသည်။ *(ဒီ- ၁- ၁၇)*

ပဌမဗြဟ္မာကြီး အခြေအနေနှင့် နောက်ရောက်ဗြဟ္မာများ အခြေအနေ

ပဌမဗြဟ္မာကြီးသည် နောက်မှရောက်လာကြကုန်သော ဗြဟ္မာတို့ထက်-

(၁) အသက်လည်း ပို၍ရှည်သည်။

(၂) အဆင်းလည်း ပို၍လှသည်။

(၃) တန်ခိုးလည်း ပို၍ကြီးသည်။

နောက်မှရောက်လာကြကုန်သော ဗြဟ္မာတို့သည်-

(၁) အသက်လည်း တိုကြသည်။ *(ပဌမဗြဟ္မာကြီးလောက် အသက်မရှည်ကြ။)*

(၂) အဆင်းလည်း ပဌမဗြဟ္မာကြီးလောက် မလှကြပေ။

(၃) တန်ခိုးလည်း ပဌမဗြဟ္မာကြီးလောက် မကြီးကြပေ။ *(ဒီ- ၁- ၁၇)*

ထို့ကြောင့် ပဌမဗြဟ္မာကြီးကို အထင်ကြီးခြင်း ဖြစ်သွားလေသည်။

လူ့ပြည်သို့ရောက်၍ ရသေ့ရဟန်းပြုပြီး ဧကစ္စသဿတဝါဒ ယူပုံများ

ပဌမဗြဟ္မာကြီးလောက် အသက်မရှည်ကြသော အချို့ဗြဟ္မာတို့သည် ပဌမဗြဟ္မာကြီးအရင် စုတေပြီး လူ့ပြည်သို့ ရောက်လာပြီး ရသေ့ရဟန်း ပြုကြလေသည်။ ၎င်းရသေ့ရဟန်း ပြုလုပ်ကြသူတို့သည် ရှေးကပြဆိုခဲ့ပြီးသည့်အတိုင်း ဝီရိယသုံးမျိုးဖြင့်လည်းကောင်း, အပ္ပမာဒတရားဖြင့်လည်းကောင်း, သမ္မာမနသိကာရဖြင့်လည်းကောင်း, ကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်ရာတွင် စတုတ္ထဈာန်မှ တစ်ဆင့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရလေသည်။ ထိုအဘိညာဉ်ဖြင့် မိမိဖြစ်ခဲ့ဖူးသော ဗြဟ္မာတစ်ဘဝကို ကောင်းစွာသိမြင်လေသည်။ ထိုတစ်ဘဝထက် ပိုလွန်၍ မသိမမြင်ပေ။ ထိုသို့သိမြင်ရာမှ အောက်ပါ ဧကစ္စသဿတဝါဒကို ယူလေတော့သည်။

(၁) ငါတို့အရင် ဖြစ်နေသော မဟာဗြဟ္မာကြီးသည် မစုတေဘဲ နေနိုင်သည်။

(၂) ငါတို့သည်ကား သူ့နောက်မှဖြစ်ပြီး စုတေရလေသည်။

(၃) ထို့ကြောင့် ထိုဗြဟ္မာကြီးသည် မဟာဗြဟ္မာကြီး ဖြစ်သည်။

(၄) သူတပါးကို လွှမ်းမိုးနိုင်သူတည်း။

(၅) သူတပါး၏ အလွှမ်းမိုးကို မခံရသူတည်း။

(၆) စင်စစ်အားဖြင့် အရာအားလုံးကို သိမြင်နိုင်သူတည်း။

(၇) သတ္တဝါများကို မိမိအလိုသို့ လိုက်စေနိုင်သူတည်း။

(၈) အစိုးရသူတည်း။

(၉) ကမ္ဘာလောကကြီးကို ပြုလုပ်ဖန်ဆင်းနိုင်သူတည်း။

(၁၀) ကမ္ဘာလောကကြီးထက် မြတ်သူတည်း။

(၁၁) ကမ္ဘာလောကကြီးကို စိမ်နိုင်သူတည်း။
(၁၂) စွမ်းရည်သတ္တိရှိသူတည်း။
(၁၃) ဖြစ်ပြီး, ဖြစ်ဆဲ သတ္တဝါတို့၏ ဖခင်ကြီးလည်း ဖြစ်သူတည်း။
(၁၄) ထိုအရှင်မဟာဗြဟ္မာကြီးသည် ငါတို့ကို ဖန်ဆင်းထားသူတည်း။
(၁၅) ထိုမဟာဗြဟ္မာကြီးသည် '**နိစ္စော**' ပဋိသန္ဓေ မနေဘဲ မြဲသူတည်း။
(၁၆) ထိုမဟာဗြဟ္မာကြီးသည် '**ဓုဝေါ**' မသေမပျောက်ဘဲ တည်မြဲသူတည်း။
(၁၇) ထိုမဟာဗြဟ္မာကြီးသည် **အဝိပရိဏာမဓမ္မော**- ဇရာအားဖြင့်သော်မှုလည်း ဖောက်ပြန်ခြင်းမရှိ။ *(သေဘို့ကုဏာမော့စွ)*
(၁၈) ထိုမဟာဗြဟ္မာကြီးသည် '**သဿတိသမံ**' အခါခပ်သိမ်း ထင်ရှားရှိသော မြင့်မိုရ်တောင်, မဟာပထဝီမြေကြီး, လ, နေ, နက္ခတ်များနှင့်တူစွာ '**တထေဝ**' ထိုတည်မြဲတိုင်းသာလျှင် '**ဌဿတိ**' တည်မြဲနေလတ္တံ့။

ဤသို့လျှင် ရှေးဗြဟ္မာကြီးကို မြဲသောအားဖြင့် ကေစ္စသဿတဝါဒအယူ ဖြစ်ပေါ်လေသည်။

ထိုဗြဟ္မာကြီး ဖန်ဆင်းလိုက်သော ငါတို့သည်ကား-
(၁) **အနိစ္စာ** - ပဋိသန္ဓေ နေကြရသဖြင့် မမြဲကြကုန်သူတို့တည်း။
(၂) **အပ္ပါယုကာ** - တိုသောအသက် ရှိကုန်သူတို့တည်း။
(၃) **စဝနဓမ္မာ** - စုတေခြင်းသဘော ရှိကုန်သည်ဖြစ်၍ '**ဣတ္ထတ္တံ**' ဤလူ့အဖြစ်သို့ **အာဂတာ**- ရောက်လာကြကုန်ပြီ။

ဤသို့လျှင် မိမိတို့၏အဖြစ်ကို သုံးသပ်လျက် ကေစ္စသဿတဝါဒအယူ ယူလေတော့သည်။

အကျိုးချုပ်ကား။ ။'ပဌမဗြဟ္မာကြီးသည် ထာဝရမြဲသူတည်း။ ထိုဗြဟ္မာကြီး ဖန်ဆင်းလိုက်သည်ဖြစ်၍ နောက်ဗြဟ္မာများသည် မမြဲသူတို့တည်း'ဟု မိမိတို့ကိုယ်တိုင်လည်း စွဲစွဲမြဲမြဲယူသလို သူတပါးတို့အားလည်း ထိုအတိုင်းပင် ဟောပြောကြလေသည်။ *(ဒီ- ၁- ၁၈)*

ဤသည်ကား ကေစ္စသဿတဝါဒ ဖြစ်ပေါ်လာခြင်း၏ ပဌမအကြောင်းတည်း။

ကေစ္စသဿတဝါဒ ဖြစ်ပေါ်လာခြင်း၏ ဒုတိယအကြောင်း

(၁) နတ်ပြည်, နတ်လောက၌ နတ်ကာမဂုဏ်အာရုံတို့သည် အလွန်သာယာဖွယ်ကောင်းသောကြောင့် ပျော်ပါးစံစား၍ အားမရအောင် ရှိကြလေသည်။ သတိမထား ပေါ့ဆသော နတ်သားတို့သည် ဆားငံရေသောက်သလို သောက်လေ သောက်လေ တော်မပြေတည်းဟု ဆိုသကဲ့သို့ နတ်ကာမဂုဏ်တို့ဖြင့် အပျော်လွန်၍ သေပွဲဝင်ကြရလေသည်။ *(ဒီ- ၁- ၁၈)*

(၂) သေပွဲဝင်ကြရသည်ဆိုရာ၌ နတ်တို့၏ ခန္ဓာကိုယ်သည် လူတို့၏ ခန္ဓာကိုယ်ထက် အလွန်နူးညံ့သိမ်မွေ့လေသည်။ နတ်တို့၏ ပါစကဝမ်းမီးသည် လူတို့၏ ပါစကဝမ်းမီးထက် အလွန်အားကောင်းသည်။ ထိုသို့ နတ်ခန္ဓာကိုယ်က နူးညံ့လှသောကြောင့်လည်းကောင်း, ပါစကဝမ်းမီးက အားကောင်းလှသောကြောင့်လည်းကောင်း စားချိန်တန်၍ မစားရလျှင် အားအင်ကုန်ခမ်း နွမ်းနယ်ပြီး အချိန်လွန်မှ စားသော်လည်း အားမပြည့်တော့ဘဲ ပါစကဝမ်းမီးလောင်ကာ စုတေကြရလေသည်။ (ကေစိဆရာတို့က ထိုခိဍ္ဍာပဒေါသိက နတ်တို့ကို '**နိမ္မာနရတိနတ်, ပရနိမ္မိတဝသဝတ္တိနတ်**'ဟု ဆိုကြလေသည်။) လူတို့၏ ခန္ဓာကိုယ်ကား ကြမ်းလည်းကြမ်း၏။ ပါစကဝမ်းမီးစုလည်း ညံ့၏။ ထို့ကြောင့် ထမင်းတစ်နပ် မစားရရုံနှင့် မသေဘဲ ခံနိုင်ရည် ရှိကြလေသည်။ လူတို့မှာပင် ပါစကဝမ်းမီး 'ညံ့သူ, လတ်သူ, ကောင်းသူ' ဟူ၍ အမျိုးမျိုး ရှိလေသည်။ ထိုသို့ အပျော်လွန်၍ အစာစားချိန်တန်လျက် အစာမစားမိဘဲ ပျက်စီး သေဆုံးရသော နတ်များကို **ခိဍ္ဍာပဒေါသိကနတ်** ဟု ခေါ်သည်။ (**ခိဍ္ဍာ**- မြူးတူးပျော်ပါးမှုများသဖြင့် **ပဒေါသိက**- ပျက်စီးရသောနတ်) *(ဒီ ဋ- ၁- ၁၀၄ / ၁၀၅)*

တရားတော်

နတ်ပြည် နတ်လောက၌ နတ်တို့ အပျော်လွန်၍ ပျက်စီးသေဆုံးရသည်ကို အထက်ပါ ဒေသနာတော်အရ သိရှိကြရလေပြီ။ လူ့လောကမှာလည်း အပျော်လွန်၍ ဘေးအမျိုးမျိုးနှင့်ကြုံ၍ ဒုက္ခအမျိုးမျိုး ရောက်ရခြင်း, ရောဂါအမျိုးမျိုးရ၍ ပျက်စီးရခြင်းများ

အထင်အရှား ရှိကြလေသည်။ ထို့ကြောင့် ကြုံတောင်ကြုံခဲ ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်နေချိန်တွင် အပျော်အပါး လွန်ကဲမှုကို ရှောင်ကြဉ်ကြပြီး ဒါန, သီလ, ဘာဝနာဘက်သို့ ဦးလှည့်ကာ တန်ဖိုးရှိလှသော လူ့ဘဝကို တန်ဖိုးရှိစွာ အသုံးချနိုင်သော လူကောင်း လူမွန်များ ဖြစ်ကြပါကုန်လော့။ 'ပျက်အစဉ် ပြင်ခဏ' ဆိုသည့်အတိုင်း အချိန်မီ မိမိတို့ဘဝကို တန်ဖိုးရှိလာအောင် ပြုပြင်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။

တရားကဗျာ

အပျော်လွန်လျှင်၊ နတ်တွေပင်လည်း၊ မှန်ပင်သေပွဲ၊ ဝင်ရမြဲ၊ လူလည်းထို့တူ၊ အပျော်ထူက၊ အပူသောက၊ မျိုးစုံရ၍၊ မုချမလွဲ၊ ဒုက္ခကဲကာ၊ သေပွဲဝင်မှာ၊ ဓမ္မတာတည်း၊ ထို့ကြောင့်သာပ၊ လူ့ဘဝကို၊ ဗုဒ္ဓမြတ်စွာ၊ သာသနာနှင့်၊ ကြုံလာချိန်မှာ၊ အချိန်ခါကို၊ ပျော်ကာမြူးကြွ၊ မလွန်ကြဘဲ၊ လူ့ဘဝတွက်၊ တန်ဖိုးတက်အောင်၊ ထက်ထက်မိမိ၊ လုံ့လရှိ၍၊ သတိထားကာ၊ တရားဘာဝနာ၊ ကုသလာကို၊ သေချာမလွဲ၊ ဇွဲနဘဲဖြင့်၊ စွဲမြဲကြိုးကုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်လိုက်ကြပါကုန်လော့။

(၃) ထိုခိဍ္ဍာပဒေါသိကနတ်တို့သည် နတ်ပြည်က စုတေ၍ လူ့ပြည်သို့ ရောက်လာသောအခါ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကူး၍ ရသေ့, ရဟန်းပြု၍ ဝီရိယသုံးမျိုးဖြင့်လည်းကောင်း၊ အပ္ပမာဒတရားဖြင့်လည်းကောင်း၊ သမ္မာမနသိကာရတရားဖြင့်လည်းကောင်း ကမ္မဋ္ဌာန်းတရား အားထုတ်လေလျှင် စတုတ္ထဈာန်သမာဓိမှတဆင့် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရလေသည်။

(၄) ထိုပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဖြင့် ရှေးအတိတ်ဘဝကို ကြည့်လေသော် လွန်ခဲ့သော နတ်တစ်ဘဝမျှကိုသာ အောက်မေ့သိမြင်လေသည်။ ထိုထက်ပိုလွန်သော ဘဝတို့ကိုကား မသိမမြင်ပေ။

(၅) ထိုသို့ နတ်တစ်ဘဝမျှကိုသာ အောက်မေ့နိုင်၍ အောက်ပါ ဧကစ္စသဿတဝါဒအယူ ဖြစ်ပေါ်လာတော့သည်။

ခိဍ္ဍာပဒေါသိက မဟုတ်ကြကုန်သော နတ်တို့သည် နတ်ကာမဂုဏ်တို့ဖြင့် အပျော်မလွန်ကြသောကြောင့်လည်းကောင်း, အစာစားချိန်ကို မမေ့ကြသောကြောင့်လည်းကောင်း ထိုနတ်တို့သည် 'နိစ္စ' မြဲကုန်၏။ 'ဓုဝ' ခိုင်ခံ့ကုန်၏။ 'သဿတ' အခါခပ်သိမ်း ထင်ရှားရှိ၏။ 'အဝိပရိဏာမဓမ္မ' ဖောက်ပြန်မှု မရှိကုန်။ မြေကြီး, မြင့်မိုရ်တောင်, လ, နေ, နက္ခတ်တို့နှင့်တူစွာ တည်တန့်ကြပေလိမ့်မည်။

(၆) ငါတို့ကား အပျော်အပါးများ၍ လူ့ဘဝသို့ ရောက်ကြရကုန်၏။ ငါတို့သည် 'အနိစ္စ' မမြဲကုန်။ 'အဓုဝ' မခိုင်ခံ့ကုန်။ 'အသဿတ' အခါခပ်သိမ်း ထင်ရှားမဖြစ်ကုန်။ 'ဝိပရိဏာမဓမ္မ' ဖောက်ပြန်ခြင်းသို့ ရောက်ကြရကုန်၏။

(၇) အတိုချုပ်အားဖြင့် ခိဍ္ဍာပဒေါသိကနတ် မဟုတ်ကုန်သော နတ်တို့သည် 'နိစ္စ' မြဲ၏ဟူသော ဧကစ္စသဿတဝါဒ အယူကိုလည်းကောင်း, ခိဍ္ဍာပဒေါသိကနတ်တို့သည် 'အနိစ္စ' မမြဲဟူသော ဧကစ္စအသဿတဝါဒ အယူကိုလည်းကောင်း ကိုယ်တိုင်လည်း ယူသလို သူတပါးတို့အားလည်း ပြောဟောကြလေသည်။ *(ဒီ- ၁- ၁၈ / ၁၉)*

ဤကား ဧကစ္စသဿတဝါဒ အယူဖြစ်ခြင်း၏ ဒုတိယအကြောင်းတည်း။

ဧကစ္စသဿတဝါဒ ဖြစ်ပေါ်လာခြင်း၏ တတိယအကြောင်း

(၁) လူ့ပြည် လူ့လောက၌သာ ငြူစူစောင်းမြောင်းခြင်း ဣဿာသဘော, ဒေါသသဘောသည် ရှိသည်မဟုတ်။ နတ်ပြည် နတ်လောက၌လည်း ရှိလေသည်။ နတ်တို့သည် အချင်းချင်း ငြူစူစောင်းမြောင်း ဣဿာဖြစ်ရာမှ အပြန်အလှန် ဒေါသဖြစ်ကြလျှင် နတ်တို့၏ နုနယ်သော ခန္ဓာကိုယ်သည် ထိုဒေါသကြောင့်ပျက်ပြီး စုတေကြရလေသည်။ ထို့ကြောင့် ထိုနတ်တို့ကို 'မနောပဒေါသိက' နတ်တို့ဟူ၍ ခေါ်ဆိုလေသည်။ (**မနော**- ဒေါသစိတ်သည်၊ **ပဒေါသိက**- ဖျက်ဆီးခံရသောနတ်)

(၂) ထိုမနောပဒေါသိကနတ်တို့သည် စာတုမဟာရာဇ်ဘုံ၌ ဖြစ်ကြလေသည်။ နတ်သားတစ်ဦးသည် 'နက္ခတ် ကစားအံ့' ဟု မိမိအခြံအရံနှင့်တကွ ရထားဖြင့် ခရီးလမ်းမသို့ ထွက်လာလေသည်။ အခြားသော နတ်သားတစ်ဦးသည် ထို့အတူ ထွက်လာရာ၌ ရှေးကနတ်သား၏ စည်းစိမ်ကို 'ကိုယ့်ထက်သာ မနာလို' ဆိုဘိသကဲ့သို့ ဣဿာစိတ်ဖြစ်ကာ 'ဤအနံ့အမွဲသည် ဤမိမိစည်းစိမ်လေးကို ဟုတ်လှပြီ ထင်နေတာပဲ' ဟု ပြောလေသည်။

(၃) ထိုစကားသံကိုကြား၍ ရှေးကနတ်သားသည် ပြန်လှည့်၍ ကြည့်လိုက်သောအခါ ထိုနတ်သား၏ မိမိအပေါ် မကျေမနပ် ဒေါသဖြစ်နေသည်ကို သိမြင်လေတော့သည်။

(၄) မှန်ပါသည်။ **'ကုဒ္ဓါနာမ သုဝိဒိတာ' ကုဒ္ဓါနာမ**– အမျက်ထွက်သူတို့မည်သည်၊ **သုဝိဒိတာ**– သိလွယ်ကုန်၏။

(၅) 'သင်သည် ငါ့အပေါ်မှာ မကျေမနပ် အမျက်ထွက်နေသည်။ သင်ဘယ်လို လုပ်ချင်လို့လဲ။ ဤစည်းစိမ်ကို ငါသည် ဒါန, သီလ ကောင်းမှု၏ အစွမ်းဖြင့် ရခြင်းဖြစ်သည်။ သင်၏အစွမ်းကြောင့် ရသောစည်းစိမ် မဟုတ်ပေ။' ဟု ပြောဆိုကာ ပြန်၍ အမျက်ထွက်လေသည်။

(၆) **ကောသိယဥ္စ ကုဒ္ဓေ တ္တတရော အကုဒ္ဓေါ ရက္ခတိ။ ဟိ**– မှန်၏၊ **ကောသိ**– တစ်ယောက်သော နတ်သားသည်၊ **ကုဒ္ဓေ**– အမျက်ထွက်သည်လတ်သော်၊ **တ္တတရော**– ကျန်နတ်သားသည်၊ **အကုဒ္ဓေါ**– အမျက်မထွက်သည်ရှိသော်၊ **ရက္ခတိ**– စုတေပျက်စီးခြင်းမှ စောင့်ရှောက်ရာရောက်၏။ *(ဒီ ၄– ၁– ၁၀၅)*

(၇) ထိုသို့ စောင့်ရှောက်ရာရောက်ပုံကို ဋီကာတို့ ဖွင့်ဆိုကြသည်မှာ ရှေးဦးနတ် အမျက်ထွက်သော်လည်း ကျန်နတ်က အမျက်မထွက်ခဲ့လျှင် ရှေးဦးနတ်၏ ဒေါသသည် ရေ၏အစသို့ ရောက်သောအခါ လောင်စာမရသော မီးကဲ့သို့ တစ်ကြိမ်လောက်ဖြင့်သာ ငြိမ်းလေတော့သည်။ ထိုသို့ ငြိမ်းသည့်အတွက် အမျက်မထွက်သောနတ်က အမျက်ထွက်နေသောနတ်ကို စုတေခြင်းမှ စောင့်ရှောက်ရာ ရောက်၏။ **'အကုဒ္ဓေါ တံ စဝနတော ရက္ခတိ'** **အကုဒ္ဓေါ**– ပြန်၍အမျက်မထွက်သည်ရှိသော်၊ **တံ**– ထိုအမျက်ထွက်သော နတ်သားကို၊ **စဝနတော**– စုတေပျက်စီးခြင်းမှ၊ **ရက္ခတိ**– စောင့်ရှောက်ရာရောက်၏။ *(မဟာဋီ– ၁၅၉၊ ဋီသစ် ပအုပ်– ၄၂၅)*

တရားတော်

အထက်ပါ အဋ္ဌကထာ ဋီကာဆရာတို့ ပြဆိုချက်များသည် အလွန်မှတ်သားလိုက်နာ သတိထားဖွယ်ကောင်းသော အချက် ဖြစ်လေသည်။ လူ့လောက၌လည်း လူတို့သည် မကြာခဏ တစ်ဦးနှင့်တစ်ဦး အမျက်ထွက်ကြ၏။ တစ်ဦးက အမျက်ထွက်လျှင် တစ်ဦးက အမျက်မထွက်ဘဲ ခွင့်လွှတ်နိုင်ခဲ့သည်ရှိသော် အမျက်ထွက်သူကို စောင့်ရှောက်ရာ ရောက်သလို မိမိကိုလည်း စောင့်ရှောက်ရာရောက်၏။ သူတစ်ပြန် ကိုယ်တစ်ပြန် အမျက်ထွက်လျှင်ကား နှစ်ဦးလုံး ပျက်စီးကြရမည်သာ ဖြစ်လေသည်။

ပဌမအမျက်ထွက်သူသည် လူမိုက်သဘောသို့ ရောက်လေသည်။ **'အသေဝနာစ ဗာလာနံ'** ဟူသော မင်္ဂလာတရားတော် အရ လူမိုက်ကို ရှောင်ရမည့်အစား မရှောင်ဘဲ ကိုယ်ကပြန်၍ အမျက်ထွက်လျှင် ကိုယ်လည်း လူမိုက်သဘောသို့ သက်ရောက်လေ တော့သည်။ လူမိုက်အချင်းချင်း အပြန်အလှန် အချင်းများကြခြင်းဖြင့် နှစ်ဦးလုံး ပျက်စီးခြင်းမှတပါး အခြားအကြောင်း မရှိတော့ပြီ။ ထို့ကြောင့် **သူတပါးကိုလည်း စောင့်ရှောက်ရာရောက်အောင် မိမိကိုလည်း စောင့်ရှောက်ရာရောက်အောင် 'ဒေါသ, ကောဓ, အာဃာတ' များကို အထူးသတိထား၍ ရှောင်ရှားနိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

မစင်လူးသူနှင့်ဖက်၍ နပန်းလုံးလျှင် မိမိကိုလည်း မစင်ပေမည်သာ ဖြစ်သည်။ မစင်လူးသူကို ရေဖြင့်ပက်ဖြန်းပေးလျှင် နှစ်ဦးလုံးပင် စင်ကြယ်ကြမည် ဖြစ်သည်။ **မစင်လူးခြင်းနှင့်တူသော အမျက်ထွက်သူကို မေတ္တာရေစင်ဖြင့် ပက်ဖြန်းပေးခြင်းဖြင့် နှစ်ဦးလုံး စင်ကြယ်ကြမည် ဖြစ်သောကြောင့် ပြန်၍အမျက်မထွက်ဘဲ ခွင့်လွှတ်ခြင်း မေတ္တာရေစင်ဖြင့် ပက်ဖြန်းနိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

နတ်သားနှစ်ဦးတို့ ပျက်စီးကြခြင်း

အထက်ပါ နတ်သားနှစ်ဦးတို့သည် စောင့်စည်းမှု မရှိကြသည်ဖြစ်၍ တစ်ဦး၏ဒေါသသည် ကျန်တစ်ဦးအား ကျေးဇူးပြုလေ တော့သည်။ ထိုသို့ အပြန်ပြန် အလှန်လှန် ဒေါသထွက်ကြသောကြောင့် အလွန်ပင်ပန်းသော ကိုယ်စိတ်ရှိကြသည်ဖြစ်၍ လောင်စာရသော မီးကဲ့သို့ တဟုန်းဟုန်း တောက်လောင်ကာ ဒေါသ၏မှီရာ ဟဒယဝတ္ထုကို လောင်သည်မှစ၍ အလွန်နုနယ်သော နတ်တို့၏ ခန္ဓာကိုယ် သည် မီးထိသော ထောပတ်ခဲပမာ ပျောက်ကွယ်သွားရရှာလေတော့သည်။ ထိုနတ်သားနှစ်ဦးလုံး အခြွေအရံ မောင်းမမိဿံများ ငိုကြွေးစဉ် စုတေကြလေတော့သည်။ ဤသို့ စုတေပျက်စီးကြရခြင်းသည် နတ်တို့အတွက် အမျက်ထွက်ခြင်း၌ ဓမ္မတာတည်း။ *(ဒီ ၄– ၁– ၁၀၅)*

ဤလူ့လောကကြီး၌လည်း ဒေသအရှိန် ပြင်းလွန်းမှုကြောင့် သောကအရှိန် ပြင်းလွန်းမှုကြောင့် အချို့လူတို့ ဟဒယနှလုံးကွဲ၍ သေပွဲဝင်ကြရသော သာဓကများ ရှိနေသည်ကို အထူးသတိပြုသင့်လှပေသည်။

တရားကဗျာ

တစ်ဦးနတ်သား၊ ဒေသပွားလည်း၊ တစ်ပါးထိုနတ်၊ ခွင့်လွှတ်တတ်မူ၊ ရှေးဦးသူကို၊ ဖွေယူမနှောင့်၊ စောင့်ရာရောက်တည်း၊ နောက်ပြီးတစ်ချက်၊ မိမိတွက်လည်း၊ တစ်သက်တာထိ၊ စောင့်ရာရောက်၏၊ သူလည်းဒေါသ၊ ကိုယ်လည်းဒေါသ၊ ဖြစ်ပွါးကြသော်၊ ဒေဝနတ်သား၊ နတ်နှစ်ပါးလုံး၊ မျောက်မှားကုန်ကြ၊ ဖောက်ပြန်ကြ၍၊ ဒေသအရှိန်၊ နှလုံးအိမ်ကို၊ ရှိန်ရှိန်တပ်ပြီး၊ ထောပတ်မီးသို့၊ ပျက်စီးသည်မှာ၊ ဓမ္မတာတည်း။

ထိုနည်းတူစွာ၊ လူတို့မှာလည်း၊ ကြီးစွာဒေါသ၊ ပွါးကုန်ကြသော်၊ ဒုက္ခမီးကြီး၊ ရှိန်ရှိန်ဟီး၍၊ တောမီးပမာ၊ ပျက်စီးရာတည်း၊ ထို့ကြောင့်သာပ၊ ထိုဒေသကို၊ ဓမ္မတရား၊ လက်ကိုင်ထား၍၊ ရှောင်ရှားနိုင်သော်၊ သူတော်သဘော၊ ဖြူစင်နော၍၊ သူရောကိုယ်ပါ၊ ရေသီတာသို့၊ သာယာဝပြော၊ စိတ်မမောရ၊ လူ့လောကသည်၊ ဒုက္ခကပ်ဘေး၊ ဝေးလိမ့်တည်း။

(၈) ထိုသို့ မနောပဒေါသိကနတ်တို့သည် ဒေသကြောင့် နတ်ဘဝမှ စုတေပြီး လူ့ဘဝသို့ ရောက်လာကြရာတွင် အချို့ရသေ့ ရဟန်းပြုပြီး အထက်ကတင်ပြခဲ့သည့်အတိုင်း ဝီရိယသုံးမျိုး စသည်တို့ဖြင့် ကမ္မဋ္ဌာန်းတရား အားထုတ်လေလျှင် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် မိမိ၏ နတ်တစ်ဘဝဖြစ်စဉ်ကို သိမြင်လေသည်။

(၉) ထိုမှနောက် ဧကစ္စသဿတဝါဒ, ဧကစ္စအသဿတဝါဒ ဖြစ်ပုံကား ခိဍ္ဍာပဒေါသိကနတ်တို့ ဖြစ်ပုံအတိုင်းတည်း။

ဤကား ဧကစ္စသဿတဝါဒ တတိယ မှန်ပေါ်လာခြင်း အကြောင်းတည်း။ (ဒီ- ၁- ၁၉ / ၂၀)

ဧကစ္စသဿတဝါဒ စတုတ္ထ ဖြစ်ပေါ်လာခြင်းအကြောင်း

ဤစတုတ္ထ ဖြစ်ပေါ်လာခြင်း အကြောင်းကား ရှေးပုဂ္ဂိုလ်သုံးဦးကဲ့သို့ ဈာန်အဘိညာဉ်ရ၍ မဟုတ်ဘဲ သက်သက်ကြံစည်၍ ဧကစ္စသဿတဝါဒကို ယူကြသော တက္ကီပုဂ္ဂိုလ်တို့ ဖြစ်ကြလေသည်။ တက္ကီပုဂ္ဂိုလ်တို့ ယူဆပုံကား-

(၁) **'စက္ခာဒီနံ ဘေဒံ ပဿတိ'** - **'စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ'** ဟူသော ရုပ်တို့၏ ပျက်စီးခြင်းကို မြင်၏။

(၂) **'စိတ္တဿ ဘေဒံ နပဿတိ'**- စိတ်၏ ပျက်စီးခြင်းကိုကား မမြင်ပေ။

(၃) **'စက္ခာဒီနံ ဘေဒံ ပဿတိ'**- မျက်စိဟုခေါ်အပ်သော စက္ခုပသာဒ စသည်သည် ဆန့်ကျင်ဘက် အကြောင်းနှင့် ပေါင်းမိလျှင် ပျက်နိုင်လေသည်။

(၄) မျက်စိ၏ ဆန့်ကျင်ဘက် အကြောင်းဟူသည် မီးရောင်, နေရောင် စသည်တို့ကို အကြည့်များခြင်း, အတွင်းက သွေး, လေ စသည်တို့ ဖောက်ပြန်ခြင်း, တစ်စုံတစ်ခုနှင့် ထိခိုက်မိခြင်း စသည်တို့ ဖြစ်လေသည်။

(၅) **'သောတ, ဃာန, ဇိဝှာ, ကာယ'** စသည်တို့လည်း ထို့အတူ ဆန့်ကျင်ဘက် တစ်ခုခုနှင့် ပေါင်းမိလျှင် နားပင်းခြင်း, နှာခေါင်းပျက်စီးခြင်း, လျှာပျက်စီးခြင်း, ခန္ဓာကိုယ်ပျက်စီးခြင်းတို့သည် ထင်ရှားလေသည်။

(၆) သေလွန်သောအခါလည်း ရုပ်ခန္ဓာ၏ ပျက်စီးခြင်းသည် ထင်ရှားလေသည်။

(၇) ဤသို့လျှင် ရုပ်တို့၏ ပျက်စီးခြင်းကို အများမြင်သကဲ့သို့ တက္ကီပုဂ္ဂိုလ်တို့လည်း မြင်ကြလေသည်။

တက္ကီပုဂ္ဂိုလ်တို့ အယူမှားကြပုံ

(၁) ရုပ်တို့ တစ်ကြိမ်ပျက်လျှင် စိတ်သည် (၁၇)ကြိမ်ပျက်လေသည်။ ဤသို့ ရုပ်ထက်အပျက်မြန်၍ စိတ်၏ပျက်မှုသည် ပို၍ထင်ရှားသည်ဟု ထင်မှတ်ဖွယ်ရှိသည်။

(၂) သို့ရာတွင် ရှေးရှေးစိတ်သည် မိမိပျက်သောအခါ နောက်နောက်သောစိတ်အား အနန္တရ, သမနန္တရ ပစ္စယသတ္တိတို့ဖြင့် အကြားမရှိအောင် ကျေးဇူးပြုသွားလေသည်။

(၃) တစ်စိတ်ပြီးတစ်စိတ် ဖြစ်မှုသည် အကြားမထင်နိုင်လောက်အောင် အလွန်မြန်လှသည်ဖြစ်၍ မီးစကို လျှင်မြန်စွာ ဝိုင်းလိုက်လျှင် မီးစက်ဝိုင်းကို တစ်ဆက်တည်း မြင်ရသလို-

(၄) ရူပါရုံတစ်ခုကို မြင်ရာ၌ 'စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော (၇)ကြိမ်, တဒါရုံ (၂)ကြိမ်' ဟူသော အစဉ်အားဖြင့်ဖြစ်သော စိတ်အစဉ်ကိုလည်း တစ်ခုတည်းထင်ကာ စိတ်၏ပျက်ခြင်းကို သာမညဉာဏ်မျက်စိဖြင့် သိမြင်ရန် အလွန်ခဲယဉ်းလေသည်။

(၅) တက္ကိပုဂ္ဂိုလ်တို့သည် ထိုသို့ စိတ်အစဉ်သဘောကို နားမလည် သဘောမပေါက်သည့်အတွက် စိတ်၏ပျက်ခြင်းကို မသိမမြင် ဖြစ်ရလေသည်။

(၆) ထိုစိတ်၏ပျက်မှုသဘောကို ပဋိစ္စသမုပ္ပါဒ်သဘော, အဌကထာ၌လာသော ဧကတ္တနည်း, နာနတ္တနည်းများကို ကောင်းစွာနားမလည်သောကြောင့်-

(၇) စက္ခုစသောရုပ်သည် '**အနိစ္စ, အဓုဝ, အသဿတ**- မမြဲ, မခိုင်ခံ့, မတည်တံ့' ဟု ယူပြီး စိတ်ကိုမူကား '**နိစ္စ, ဓုဝ, သဿတ**- မြဲ၏, ခိုင်ခံ့၏, တည်တံ့၏' ဟု တက္ကိပုဂ္ဂိုလ်တို့ ယူမှားကြလေသည်။

နာနတ္တနည်း

ပဋိစ္စသမုပ္ပါဒ်သဘောအရ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ၌ အဝိဇ္ဇာ၏ သဘောလက္ခဏာနှင့် သင်္ခါရ၏ သဘောလက္ခဏာသည် မတူပေ။ ဤသို့မတူထူးခြား ကွဲပြားသည်၏အဖြစ်ကို နာနတ္တနည်းဟု ခေါ်သည်။

မြင်သိစိတ်ဖြစ်ရာ၌ စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုန်း စသည် အစဉ်အတိုင်း ဖြစ်ရာဝယ် စက္ခုဝိညာဉ်သည် ဒဿနကိစ္စရှိသည်။ သမ္ပဋိစ္ဆိုန်းသည် သမ္ပဋိစ္ဆိုန်းကိစ္စရှိသည်။ ဤသို့ကိစ္စစသည်ဖြင့် မတူခြင်းသည်လည်း နာနတ္တနည်းပင် ဖြစ်လေသည်။

ဧကတ္တနည်း

သစ်ပင်တစ်ပင် ဖြစ်ပေါ်ရာ၌ ဘွားကနဲ ပေါ်လာသည် မဟုတ်ပေ။ မျိုးစေ့မှတစ်ဆင့် အညှောင့် စသည်ဖြစ်၍ အစဉ်အတိုင်း သစ်ပင်ဖြစ်လာရာတွင် အစဉ်သန္တာန် အဆက်မပြတ်သည့်အတွက် *(အကြောင်းအကျိုး ဆက်နွယ်မှု အဆက်မပြတ်သည့်အတွက်)* တစ်ခုတည်းဟု ဆိုရသကဲ့သို့-

စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုန်း စသည်ဖြင့် စိတ္တနိယာမ သဘောအရ အနန္တရ, သမနန္တရ ပစ္စယသတ္တိဖြင့် စိတ်အစဉ်ကို အကြားမရှိအောင် ဆက်စပ်ပြနေခြင်းကို ဧကတ္တနည်းဟု ခေါ်သည်။

ထိုသို့ ပဋိစ္စသမုပ္ပါဒ်သဘော, ပဋ္ဌာန်းနည်းသဘော, ဝီထိသဘော, နာနတ္တနည်းသဘော, ဧကတ္တနည်းသဘော တို့ကို အမှန်အတိုင်း မသိမမြင်ကြ၍ တက္ကိပုဂ္ဂိုလ်တို့သည် ရုပ်သာပျက်စီး၍ စိတ်သည်မပျက်ဘဲ အမြဲရှိသည်ဟူ၍ ဧကစ္စသဿတဝါဒ အယူကို ယူမှားခြင်း ဖြစ်လေသည်။

မိစ္ဆာဒိဋ္ဌိဖြစ်ပုံ

ထိုသို့ စိတ်ဝိညာဏ်ပျက်မှုကို မမြင်သောကြောင့် 'စိတ်ဝိညာဏ် အတ္တဟူသော အသက်သည်' ရုပ်ခန္ဓာတစ်ခု ဆွေးမြေ့ဟောင်းနွမ်းလျှင်, သေလျှင် ရုပ်ခန္ဓာအိမ်အသစ်သို့ ပြောင်းရွှေ့သွားသည်။

ထိုစိတ်ဝိညာဏ် အတ္တကား ဘယ်အခါမှ မပျက်စီး၊ 'သဿတ' ခိုင်မြဲ၏။ ရုပ်ဟူသော အတ္တကား 'အသဿတ' မခိုင်မြဲ ပျက်စီးလေသည် ဟူ၍ '**ဧကစ္စသဿတ- အချို့မြဲ၏၊ ဧကစ္စအသဿတ- အချို့မမြဲ**' ဟူသော မိစ္ဆာအယူကို တက္ကိပုဂ္ဂိုလ်တို့ ယူကြလေသည်။

(ဒီ- ၁- ၂၀၊ ဒီ ဋ္ဌ- ၁- ၁၀၅၊ မဟာဋီ- ၁၆၀၊ ဋီသစ် ပအုပ်- ၄၂၆)

ဤလေးမျိုးထက်ပို၍ မရှိ။

ဤကား စတုတ္ထမြောက် ကေဝလသဿတဝါဒ ဖြစ်ပေါ်လာပုံ အကြောင်းတည်း။ ဤလေးမျိုးမှတပါး အခြားအကြောင်းတစ်မျိုး မရှိတော့ပေ။

(ဤမှနောက် သဗ္ဗညုတဉာဏ်ကို မှုသောဓမ္မား, ဝေဒနာကမ္မဋ္ဌာန်းနှင့်, တဏှာနိဂုံးချုပ်ပုံများမှာ သဿတဒိဋ္ဌိကပိုင်းက မှုဆိုခဲ့သည်အတိုင်းပင် တည်း။)

ဗုဒ္ဓါနုဿတိပွားများရန်

(၁) ဧကေ ပုဗ္ဗေနိဝါသာနုဿတိဉာဏေန ကေ ဖြတ္တဘဝံ အနုဿရိတွာ ကေဝလသဿတဒိဋ္ဌိံ ဂဏှာတိတိ အညူ ဗုဒ္ဓေါ။
ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ဖြတ္တာတစ်ဘဝမျှကို အောက်မေ့၍ ကေဝလသဿတဒိဋ္ဌိအယူကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) ဧကေ ပုဗ္ဗေနိဝါသာနုဿတိဉာဏေန ကေ ဒေဝဘဝံ အနုဿရိတွာ ကေဝလ သဿတဒိဋ္ဌိံ ဂဏှာတိတိ အညူ ဗုဒ္ဓေါ။
ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ခိဍ္ဍာပဒေါသိက နတ်တစ်ဘဝမျှကို အောက်မေ့၍ ကေဝလသဿတဒိဋ္ဌိအယူကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၃) ဧကေ ပုဗ္ဗေနိဝါသာနုဿတိဉာဏေန ကေ ဒေဝဘဝံ အနုဿရိတွာ ကေဝလသဿတဒိဋ္ဌိံ ဂဏှာတိတိ အညူ ဗုဒ္ဓေါ။
ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် မနောပဒေါသိက နတ်တစ်ဘဝမျှကို အောက်မေ့၍ ကေဝလသဿတဒိဋ္ဌိအယူကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၄) ဧကေ အနုတက္ကေန တက္ကီ ဟုတွာ ကေဝလသဿတဒိဋ္ဌိံ ဂဏှာတိတိ အညူ ဗုဒ္ဓေါ။
ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် အဖန်ဖန်ကြံစည်ခြင်းဖြင့် ကြံစည်သည်ဖြစ်၍ ကေဝလသဿတဒိဋ္ဌိအယူကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၅) ဣမေဟေဝ စတူဟိ ဝတ္ထူဟိ ကေဝလသဿတဒိဋ္ဌိံ ဂဏှာတိတိ အညူ ဗုဒ္ဓေါ နတ္ထိ ဣတော ဗဟိဒ္ဓါ။
ရှင်တော်ဗုဒ္ဓသည် ဤအကြောင်းလေးမျိုးတို့ဖြင့်သာလျှင် ကေဝလသဿတဒိဋ္ဌိအယူကို ယူ၏။ ဤလေးမျိုးမှတပါး အခြား ကေဝလသဿတဒိဋ္ဌိအယူကို ယူနိုင်သော အကြောင်းသည် မရှိတော့ပြီဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၆) တဿ ကေဝလသဿတဝါဒိကဿ ပုဂ္ဂလဿ ဂတိဥ္စ အညူ ဗုဒ္ဓေါ။
ရှင်တော်ဗုဒ္ဓသည် ထိုကေဝလသဿတဒိဋ္ဌိ အယူရှိသူတို့၏ လားရာဂတိကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၇) တတောစ ဥတ္တရိတရံ အညူ ဗုဒ္ဓေါ။
ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၈) တထာဂတောဝ တထာဂတဿ ဂုဏံ ပဇာနာတီတိ အညူ ဗုဒ္ဓေါ နအညာ။
ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူပါပေ၏။

(၉) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒါမိ သဗ္ဗဒါ။
ထိုသို့ သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပုဗ္ဗနိယ ဂါထာ

(၁) ကေစွသဿတိ ဒိဋ္ဌိ၊ စတုဝတ္ထုပတိ နအညေ၊
ဝေ် ဇာနံ တထာဂတံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ကေစွသဿတိ ဒိဋ္ဌိ– ကေစွသဿတဒိဋ္ဌိ အယူရှိကြသူတို့သည်၊ **စတုဝတ္ထုပတိ**– လေးပါးကုန်သော အကြောင်းတို့ဖြင့်သာလျှင်၊ **ကေစွသဿတိ**– ကေစွသဿတဒိဋ္ဌိအယူကို၊ **ဂဏှန္တိ**– ယူကြလေကုန်၏။ **အညေ**– အညေန– ထိုအကြောင်းလေးပါးမှတပါးသော၊ **ကာရဏေ**– အခြားအကြောင်းသည်၊ **န**– မရှိတော့ပြီ။ **ဝေ်**– ဤသို့ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) ကေနိစ္စံ ဂဟိတာနံ၊ ဇာနာတိစ ဂတံဂတိ၊
တတော ဥတ္တရိတရဥ္စ၊ သမ္ဗုဒ္ဓေါဝ တထာဂတံ။

ကေနိစ္စံ– ကေစွသဿတဒိဋ္ဌိကို၊ **ဂဟိတာနံ**– ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ **ဂတံ**– လားရောက်ရာဖြစ်သော၊ **ဂတိဥ္စ**– နိရယအစရှိသော ဂတိကိုလည်း၊ **ဗုဒ္ဓေါ**– ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ **တတော**– ထိုထက်၊ **ဥတ္တရိတရဥ္စ**– အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်များကိုလည်း၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **သမ္ဗုဒ္ဓေါဝ**– ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ **တထာဂတံ**– ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်ကို၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **ဝေ်**– ဤသို့ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

အန္တာနန္တဝါဒ မိစ္ဆာအယူလေးမျိုး ဖြစ်ပေါ်လာပုံအကြောင်း

ပါဠိတော်၌ အန္တာနန္တဝါဒ လေးမျိုးပြထားလေသည်။ ၎င်းလေးမျိုးကား–

(၁) **အန္တဝါ အယံ လောကော ပရိဝဋုမော။ အယံလောကော**– ဤအတ္တလောကသည်၊ **အန္တဝါ**– အဆုံးအပိုင်းအခြားရှိ၏၊ **ပရိဝဋုမော**– ထက်ဝန်းကျင်ဝိုင်း၏။

ဤပါဠိတော်အရ **'လောကသည် အဆုံးရှိ၏'** ဟူသော အယူတစ်မျိုး၊

(၂) **အနန္တော အယံလောကော အပရိယန္တော။ အယံလောကော**– ဤအတ္တလောကသည်၊ **အနန္တော**– အဆုံးမရှိ၊ **အပရိယန္တော**– အပိုင်းအခြားမရှိ။

ဤပါဠိတော်အရ **'လောကသည် အဆုံးမရှိ'** ဟူသော အယူတစ်မျိုး၊

(၃) **အန္တဝါစ အယံလောကော အနန္တောစ။ အယံလောကော**– ဤသတ္တလောကသည်၊ **အန္တဝါစ**– အထက်အောက်၌ အဆုံးလည်းရှိ၏၊ **အနန္တောစ**– ဘေးပတ်ဝန်းကျင်၌ အဆုံးလည်းမရှိ။

ဤပါဠိတော်အရ **'လောကသည် အထက်အောက်၌ အဆုံးရှိပြီး၊ ဘေးပတ်ဝန်းကျင်၌ အဆုံးမရှိ'** ဟူသော အယူတစ်မျိုး၊

(၄) **နေဝါယံလောကော အန္တဝါ နပနာ နန္တော။ အယံလောကော**– ဤအတ္တလောကသည်၊ **နေဝအန္တဝါ**– အဆုံးရှိသည်လည်းမဟုတ်၊ **နပန အနန္တော**– အဆုံးမရှိသည်လည်းမဟုတ်။

ဤပါဠိတော်အရ **'လောကသည် အဆုံးရှိသည်လည်းမဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်'** ဟူသော အယူတစ်မျိုး

ဤသို့အားဖြင့် အန္တာနန္တဝါဒလေးမျိုးရှိလေသည်။

လောကသည် အဆုံးရှိ၏ဟူသော ပဌမအကြောင်း

(၁) အချို့သမဏ, ဗြာဟ္မဏတို့သည် 'ဝိရိယသုံးမျိုး, အပ္ပမာဒ, သမ္မာမနသိကာရ' တရားတို့ကို အခြေခံ၍ ကမ္မဋ္ဌာန်းတရား အားထုတ်ရာ၌ အပ္ပနာသမာဓိ ခေါ် ဈာန်သမာဓိရပြီး ထိုသမာဓိ၏ အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို အဆုံးရှိအောင်ချဲ့၍ ထိုပဋိဘာဂနိမိတ်ကိုပင် အတ္တလောကထင်ပြီး 'လောကသည် အဆုံးရှိ၏၊ ထက်ဝန်းကျင်ဝိုင်း၏' ဟု ယူဆလေသည်။ *(ဒီ– ၁– ၂၁)*

(၂) ဤ၌ ပဋိဘာဂနိမိတ်ဟူသည် ပထဝီကသိုဏ်း ခေါ် မြေကသိုဏ်းဝန်းကို ကြည့်၍ 'ပထဝီ, ပထဝီ' ဟူ၍ အားထုတ်လေရာ သမာဓိအားကောင်းလာသောအခါ၌ ထိုမူလအရွယ်အာရုံနှင့်တူသော ကသိုဏ်းဝန်းမျိုး စိတ်ထဲမှာ ထင်ရှားလာလေသည်။ ထိုထင်လာသော ကသိုဏ်းဝန်းကို ပဋိဘာဂနိမိတ်ဟု ခေါ်သည်။ (ပဋိဘာဂ– မူလကသိုဏ်းဝန်းနှင့် တူသော၊ နိမိတ္တ– အာရုံ)

(၃) မူလကသိုဏ်းဝန်းနှင့်တူစွာ စိတ်ထဲမှာ ထင်လာသော ပဋိဘာဂနိမိတ်သည် အလွန်သန့်ရှင်း ကြည်လင်သည်။

(၄) ထိုထင်လာသော ပဋိဘာဂနိမိတ်ကို ပျောက်မသွားစေဘဲ ဆက်လက်အားထုတ်လျှင် ဈာန်မရမီဖြစ်သော *(ဈာန်၏အနီး၌ ဖြစ်သော)* ဥပစာရသမာဓိကို ရလေသည်။ ဆက်လက်အားထုတ်လျှင် အပ္ပနာသမာဓိ ခေါ် ဈာန်သမာဓိကို ရလေသည်။

(၅) ဥပစာရသမာဓိဖြင့်ဖြစ်စေ, ဈာန်သမာဓိဖြင့်ဖြစ်စေ ထိုသမာဓိများကို အခြေခံ၍ ထိုပဋိဘာဂနိမိတ်ကို စိတ်သမာဓိစွမ်းအားဖြင့် ချဲ့ကြလေသည်။ ထိုသို့ချဲ့ရာတွင်–

(က) ပတ်ဝန်းကျင်၌ အဆုံးမြင်ရသော ချဲ့နည်း။

(ခ) ပတ်ဝန်းကျင်၌ အဆုံးမမြင်ရသော ချဲ့နည်း။

(ဂ) အထက်အောက်၌ အဆုံးမြင်ရ၍ ဘေးပတ်ဝန်းကျင်၌ အဆုံးမမြင်ရသော ချဲ့နည်းဟူ၍ သုံးမျိုးရှိလေသည်။

(၆) ထိုချဲ့ထားသော ပဋိဘာဂနိမိတ်ကိုပင် ထိုဈာန်ရပုဂ္ဂိုလ်သည် 'လောက' ထင်မှတ်ပြီး မှားသော မိစ္ဆာအယူကို ယူကြခြင်း ဖြစ်လေသည်။ *(ဒီ ဌ– ၁– ၁၀၅ / ၁၀၆။ မဟာဋီ– ၁၆၀ / ၁၆၁။ ဋီကာသစ် ပအုပ်– ၄၂၆ / ၄၂၇)*

ထိုသုံးမျိုးတွင် ပဌမဈာန်ရပုဂ္ဂိုလ်သည် ပဋိဘာဂနိမိတ်ကို အဆုံးရအောင် ချဲ့ပြီးနောက် ဤအတ္တလောကသည် အဆုံးရှိ၏။ ထက်ဝန်းကျင် ဝန်းဝိုင်း၏ဟု ကိုယ်တိုင်လည်းယူပြီး သူတပါးတို့အားလည်း ဟောကြားလေသည်။

ဤကား ပဌမအန္တာနန္တိကဝါဒ ဖြစ်ပေါ်ခြင်း အကြောင်းတည်း။

ဒုတိယ အန္တာနန္တိကဝါဒ ဖြစ်ပေါ်လာပုံအကြောင်း

အထက်က ဖော်ပြခဲ့သည့်အတိုင်း ဈာန်သမာဓိစွမ်းအားဖြင့် ထင်လာသော ပဋိဘာဂနိမိတ်ကို အဆုံးအကန့်အသတ်မရှိ ချဲ့ပြီးနောက် ထို 'ပဋိဘာဂနိမိတ်ကိုပင် အတ္တလောက' ဟု မှတ်ယူပြီးနောက် 'လောကသည် အဆုံးမရှိ၊ အပိုင်းအခြား အကန့်အသတ်မရှိ' ဟု ကိုယ်တိုင်လည်းယူ, သူတပါးတို့အားလည်း ဟောပြောလေသည်။ *(ဒီ– ၁– ၂၁ / ၂၂)*

ဤကား ဒုတိယ အန္တာနန္တိကဝါဒ ဖြစ်လာပုံ အကြောင်းတည်း။

တတိယ အန္တာနန္တိကဝါဒ ဖြစ်ပေါ်လာပုံအကြောင်း

ဤတတိယပုဂ္ဂိုလ်ကား ရထားသော ဈာန်သမာဓိစွမ်းအားဖြင့် ထိုပဋိဘာဂနိမိတ်ကို အထက်နှင့်အောက်ကို အဆုံးအပိုင်းအခြားရှိအောင် ချဲ့၍လည်းကောင်း၊ ဘေးပတ်ဝန်းကျင်ကို အဆုံးအပိုင်းအခြားမရှိအောင် ချဲ့၍လည်းကောင်း 'အတ္တလောကသည် အဆုံးလည်းရှိ၏၊ အဆုံးလည်းမရှိ' ဟု ကိုယ်တိုင်လည်းယူပြီး သူတပါးတို့အားလည်း ဟောပြောလေသည်။ *(ဒီ– ၁– ၂၂)*

ထိုသို့ယူရုံတွင်မကဘဲ လောကသည် အဆုံးရှိ၏ဟု ပြောဆိုသော သမဏ, ဗြာဟ္မဏတို့၏ စကားသည် အမှားတည်း။ လောကသည် အဆုံးမရှိဟု ပြောဆိုသော သမဏ, ဗြာဟ္မဏတို့၏ စကားသည်လည်း အမှားတည်း။ ဤအတ္တလောကကား အမှန်ပင် အဆုံးလည်းရှိ၏။ အဆုံးလည်းမရှိဟု ပြောဆိုလေသည်။

ဤကား တတိယ အန္တာနန္တိကဝါဒ ဖြစ်ပေါ်ခြင်း အကြောင်းတည်း။

စတုတ္ထ အန္တာနန္တဝါဒ ဖြစ်ပေါ်ခြင်းအကြောင်း

ဤပုဂ္ဂိုလ်ကား ရှေးပုဂ္ဂိုလ်သုံးဦးကဲ့သို့ ဈာန်သမာဓိရ ပုဂ္ဂိုလ်မျိုးမဟုတ်။ မိမိကြံစည်ခြင်းမျှ ယူဆသော တက္ကီပုဂ္ဂိုလ် ဖြစ်လေသည်။ ထိုတက္ကီပုဂ္ဂိုလ်သည် တစ်ဆင့်ကြားဖြင့် စဉ်းစားကြံစည်ပြီး ဆုံးဖြတ်ယူဆသူ ဖြစ်လေသည်။ ဈာန်သမာဓိရသော ပုဂ္ဂိုလ်၏ 'လောကသည် အဆုံးမရှိ' ဟူသော စကားကို ကြားရာ၌ ထိုစကားကို အခြေခံပြီး 'လောကသည် အဆုံးရှိတယ်ဆိုတာ မှားတာပဲ' ဟူ၍ ယူဆလေသည်။

နောက်တစ်ဦးဖြစ်သော ဈာန်သမာဓိရ ပုဂ္ဂိုလ်၏ 'လောကသည် အဆုံးရှိ၏' ဟူသော စကားကို ကြားပြန်သောအခါ ထို စကားကို အခြေခံပြီး 'လောကသည် အဆုံးမရှိဆိုတာ မှားတာပဲ' ဟူ၍ ယူဆပြန်လေသည်။

ထို့ကြောင့် ထိုတက္ကီပုဂ္ဂိုလ်သည် 'ဤအတ္တလောကသည် အဆုံးရှိသည်လည်းမဟုတ်၊ အဆုံးမရှိသည်လည်းမဟုတ်' ဟု ဆုံးဖြတ်၍ ကိုယ်တိုင်လည်းယူ, သူတပါးတို့အားလည်း ဟောပြောလေသည်။

ထိုသို့ယူရုံတွင်မက 'လောကသည် အဆုံးရှိ၏' ဟူ၍ ပြောကြသော သမဏ, ဗြာဟ္မဏတို့၏ စကားသည် အမှားတည်း။ 'လောကသည် အဆုံးမရှိ' ဟု ပြောသော သမဏ, ဗြာဟ္မဏတို့၏ စကားသည်လည်း အမှားတည်း။ 'လောကသည် အဆုံးလည်း ရှိ၏၊ အဆုံးလည်း မရှိ' ဟူသော သမဏ, ဗြာဟ္မဏတို့၏ စကားသည်လည်း အမှားတည်း။

အမှန်အားဖြင့် 'ဤအတ္တလောကသည် အဆုံးရှိသည်လည်းမဟုတ်၊ အဆုံးမရှိသည်လည်းမဟုတ်' ဟု ပြောဆိုလေသည်။
(တစ်ဆင့်ကြားမဟုတ်ဘဲ ကိုယ်ဘာသာကိုယ် စဉ်းစားကြံစည် ပြောသူများလည်း ရှိနိုင်လေသည်။) (ဒီ- ၁- ၂၂ / ၂၃)

ဤကား စတုတ္ထ အန္တာနန္တဝါဒ ဖြစ်ပေါ်လာခြင်း၏ အကြောင်းတည်း။

ဤအန္တာနန္တဝါဒ လေးမျိုးလုံးပင် မိမိထင်မြင်ပြီးအရာကို စွဲလမ်းယူမှားကြသောကြောင့် ပုဗ္ဗန္တကပ္ပိက- ရှေးအဖို့ကို ကြံ စည်သူတို့၏ မိစ္ဆာဒိဋ္ဌိဝါဒတွင် ပါဝင်လေသည်။ *(ဒီ ၄- ၁- ၁၀၆)*

ဤလေးမျိုးသော အကြောင်းမှတပါး အခြားအန္တာနန္တဝါဒ ဖြစ်ပေါ်ပုံအကြောင်း မရှိတော့ချေ။ *(ဤမှနောက် သဗ္ဗညုတဉာဏ်မှအပ, ဝေဒနာကမ္မဋ္ဌာန်းနှင့် နိဂုံးချုပ်ပုံတို့သည် သဿတဝါဒ အတိုင်းပင်တည်း။)*

ဗုဒ္ဓါနုဿတိ ပွါးများရန်

(၁) ဧကေ ဈာနသမာဓိနာဝသေန အန္တာနန္တိဒိဋ္ဌိ ဂဏှာတီတိ အညာ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့သော ပုဂ္ဂိုလ်တို့သည် ဈာန်သမာဓိ၏ အစွမ်းဖြင့် 'အတ္တလောကသည် အဆုံးရှိ၏' ဟူသော အန္တာနန္တိဒိဋ္ဌိကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) ဧကေ ဈာနသမာဓိနာဝသေန အန္တာနန္တိဒိဋ္ဌိ ဂဏှာတီတိ အညာ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့သော ပုဂ္ဂိုလ်တို့သည် ဈာန်သမာဓိ၏ အစွမ်းဖြင့် 'အတ္တလောကသည် အဆုံးမရှိ' ဟူသော အန္တာနန္တိဒိဋ္ဌိကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၃) ဧကေ ဈာနသမာဓိနာဝသေန အန္တာနန္တိဒိဋ္ဌိ ဂဏှာတီတိ အညာ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့သော ပုဂ္ဂိုလ်တို့သည် ဈာန်သမာဓိ၏ အစွမ်းဖြင့် 'အတ္တလောကသည် အထက်အောက်၌ အဆုံးရှိပြီး ဘေးပတ်ဝန်းကျင်၌ အဆုံးမရှိ' ဟူသော အန္တာနန္တိဒိဋ္ဌိကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၄) ဧကေ အနုတက္ကေန တက္ကီ ဟုတွာ အန္တာနန္တိဒိဋ္ဌိ ဂဏှာတီတိ အညာ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့သော ပုဂ္ဂိုလ်တို့သည် အဖန်ဖန်ကြံစည်ခြင်းဖြင့် ကြံစည်သည်ဖြစ်၍ 'အတ္တလောကသည် အဆုံးရှိသည် လည်းမဟုတ်၊ အဆုံးမရှိသည်လည်းမဟုတ်' ဟူသော အန္တာနန္တိဒိဋ္ဌိကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၅) ဣမေဟေဝ စတူဟိ ဝတ္ထူဟိ အန္တာနန္တိဒိဋ္ဌိ ဂဏှာတီတိ အညာ ဗုဒ္ဓေါ နတ္ထိ ဣတော ဗဟိဒ္ဓါ။

ရှင်တော်ဗုဒ္ဓသည် 'ဤအကြောင်းလေးမျိုးတို့ဖြင့်သာလျှင် အန္တာနန္တိဒိဋ္ဌိအယူကို ယူ၏။ ဤလေးမျိုးမှတပါး အခြားအန္တာနန္တိဒိဋ္ဌိ

အယူကို ယူနိုင်သောအကြောင်းသည် မရှိတော့ပြီ' ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၆) တဿ အန္တာနန္တိကဿ ပုဂ္ဂလဿ ဂတိဉ္စ အညာ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုအန္တာနန္တဒိဋ္ဌိ အယူရှိသူတို့၏ လားရာဂတိကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၇) တတော စ ဥတ္တရိတရံ အညာ ဗုဒ္ဓေါ။

ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၈) တထာဂတောဝ တထာဂတဿ ဂုဏံ ပဇာနာတီတိ အညာ ဗုဒ္ဓေါ နအညာ။

ရှင်တော်ဗုဒ္ဓသည် 'ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့မသိနိုင်' ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၉) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပူဇနီယဂါထာ

(၁) **အန္တာနန္တဝေ ဒိဋ္ဌိ၊ စတု ဝတ္ထုဟိ နအညေ၊**
ဝေဝံ ဇာနံ တထာဂတံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အန္တာနန္တဝေဝဒိဋ္ဌိ– အန္တာနန္တဒိဋ္ဌိ အယူရှိကြသူတို့သည်၊ **စတု ဝတ္ထုဟိ**– လေးပါးကုန်သော အကြောင်းတို့ဖြင့်သာလျှင်၊ **အန္တာနန္တဒိဋ္ဌိ**– အန္တာနန္တဒိဋ္ဌိအယူကို၊ **ဂဏှန္တိ**– ယူကြလေကုန်၏၊ **အညေ အညေန**– ထိုအကြောင်းလေးပါးမှ တပါးသော၊ **ကာရဏော**– အခြားအကြောင်းသည်၊ **န**– မရှိတော့ပြီ၊ **ဝေ**– ဤသို့၊ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) **အန္တာနန္တံ ဂတိတာနံ၊ ဇာနာတိစ ဂတံ ဂတိ၊**
တတော ဥတ္တရိတရဉ္စ၊ သမ္ဗုဒ္ဓေါဝ တထာဂတံ။

အန္တာနန္တံ– အန္တာနန္တဒိဋ္ဌိကို၊ **ဂတိတာနံ**– ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ **ဂတံ**– လားရောက်ရာဖြစ်သော၊ **ဂတိဉ္စ**– နိရယ အစရှိသော ဂတိကိုလည်း၊ **ဗုဒ္ဓေါ**– ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ **တတော**– ထိုထက်၊ **ဥတ္တရိတရဉ္စ**– အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်များကိုလည်း၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **သမ္ဗုဒ္ဓေါဝ**– ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ **တထာဂတံ**– ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်ကို၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ။ **ဝေ**– ဤသို့၊ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတ ခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ ဘုရား။

အန္တာနန္တ ဒိဋ္ဌိဝါဒ ပြီး၏။

အမရာဝိက္ခေပဝါဒ လေးမျိုး

ပါဠိတော်၌ အမရာဝိက္ခေပဝါဒ လေးမျိုးကို ပြဆိုထားလေသည်။ ၎င်းလေးမျိုးကား–

(၁) **မုသာဝါဒဘယာ** – မုသားစကားပြောရမှာ ကြောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အမရာဝိက္ခေပဝါဒတစ်မျိုး၊

(၂) **ဥပါဒါနဘယာ** – ဥပါဒါန်ဖြစ်မှာကို ကြောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အမရာဝိက္ခေပဝါဒတစ်မျိုး၊

(၃) **အနုယောဂဘယာ** – ပညာရှိများ မေးစိစစ်မှာ ကြောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အမရာဝိက္ခေပဝါဒတစ်မျိုး၊

(၄) **မန္ဒတ္တာ, မောမူဟတ္တာ** – ပညာနုံ့သည်၏ အဖြစ်ကြောင့်, အလွန်တွေဝေသည်၏ အဖြစ်ကြောင့် ဖြစ်ပေါ်လာသော အမရာဝိက္ခေပဝါဒတစ်မျိုးဟူ၍ လေးမျိုးရှိလေသည်။

အမရာဝိက္ခေပ အဓိပ္ပါယ်

အဋ္ဌကထာ, ဋီကာတို့ ဖွင့်ဆိုချက်အရ အမရာဝိက္ခေပဟူသော အဓိပ္ပါယ်သည် မငြိမ်းနိုင်, မဆုံးနိုင်, မငြိမ်းပြတ်နိုင်သော မိစ္ဆာအယူစကားဖြင့် အထူးထူး အပြားပြား ပယ်ရှားခြင်းကို **အမရာဝိက္ခေပ** ခေါ်သည်။ (**အမရာ**– မငြိမ်းပြတ်နိုင်သော မိစ္ဆာအယူစကားဖြင့်၊ **ဝိက္ခေပ**– အထူးထူး အပြားပြား ပယ်ရှားခြင်း) *တန်နည်းအားဖြင့်* အမရာမည်သော (ငါးစင်း) ငါးတစ်မျိုးရှိသည်။ ထိုငါးသည် ဖော်ချိုင့်ချိ၏ အစွမ်းဖြင့် ဖမ်း၍မမိနိုင်လောက်အောင် အရှောင်အတိမ်းကောင်း၍ 'အမရာငါး' ဟု ခေါ်သည်။ ထိုအယူဝါဒရှိသူများကို '**အမရာဝိက္ခေပ**' ဟု ခေါ်ဆိုလေသည်။ *(ဒီ ဋ္ဌ– ၁– ၁၀၆၊ မဟာဋီ– ၁၆၂ / ၁၆၃၊ ဋီသစ်– ပအုပ်– ၄၁၀)*

မုသားကြောက်၍ အမရာဝိက္ခေပဝါဒ ဖြစ်ပေါ်လာပုံ

ဤလူ့လောက၌ အချို့သမဏ, ဗြာဟ္မဏတို့သည် ကုသိုလ်တရား, အကုသိုလ်တရားများကို ဟုတ်တိုင်းမှန်စွာ မသိခြင်းကြောင့် သူတစ်ပါး မေးလာလျှင် မသိဘဲနှင့် သိသယောင် ဖြေဆိုလိုက်ပါက 'ငါ့မှာ မုသားစကား ပြောကြားမိမည်' ဖြစ်သည်။ ထိုသို့ဖြစ်လျှင် 'ငါသည် မဟုတ်မမှန် မုသားစကား ပြောကြားမိချေ၏' ဟူ၍ စိတ်နှလုံး မသာမယာ ဖြစ်ခြင်းကြောင့် ငါ့မှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရချေ၏။ ထိုသို့ စိတ်ဆင်းရဲမှုကြောင့် 'ငါ့မှာ နတ်ပြည်, မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်ချေရာ၏' ဟု စဉ်းစားမိလေသည်။ ဤသို့လျှင် ထိုပုဂ္ဂိုလ်တို့သည် မုသားကို ကြောက်ခြင်းကြောင့် မုသားကို ရွံမုန်းခြင်းကြောင့် ကုသိုလ်ဟုလည်းကောင်း၊ အကုသိုလ်ဟုလည်းကောင်း ဖြေကြားခြင်းမပြုဘဲ အဆုံးမရှိ ပစ်လွှတ်သော အမရာဝိက္ခေပစကားဖြင့် ပယ်ရှားရှောင်လွှဲလေသည်။

ရှောင်လွှဲပုံကား–

(၁) ဤအလုပ်သည် ကုသိုလ်ဟု ဆိုပါသလား မေးလျှင် ကုသိုလ်လို့ ငါမဆိုလိုပါ။

(၂) ဒါဖြင့် အကုသိုလ်ဟု ဆိုလိုပါသလား။ အကုသိုလ်လို့လည်း ငါမဆိုလိုပါ။

(၃) ဒါဖြင့် ကုသိုလ်, အကုသိုလ်မှ တခြားလား။ ကုသိုလ်, အကုသိုလ် တခြားလို့လည်း ငါမဆိုလိုပါ။

(၄) ဒါဖြင့် ကုသိုလ်, အကုသိုလ်မှ တခြားမဟုတ်ဘူးပေါ့။ ကုသိုလ်, အကုသိုလ်မှ တခြားမဟုတ်ဘူးလို့လည်း ငါမဆိုလိုပါ။

(၅) ဒါဖြင့် ကုသိုလ်, အကုသိုလ်မှ တခြားမဟုတ်တာ မဟုတ်ဘူးပေါ့။ ကုသိုလ်, အကုသိုလ်မှ တခြားမဟုတ်တာ မဟုတ်ဘူးလို့လည်း ငါမဆိုလိုပါ။

ဤသို့ အဆုံးမရှိ ပစ်လွှတ်သောအားဖြင့် မငြိမ်းနိုင်, မပြတ်နိုင် ဖမ်း၍မမိနိုင်သော မိစ္ဆာအယူ စကားတို့ဖြင့် ပယ်ရှားရှောင်တိမ်းလေသည်။ *(ဒီ– ၁– ၂၃ / ၂၄)*

ဤကား မုသားကြောက်လေသောကြောင့် ပဌမ အမရာဝိက္ခေပဝါဒ ဖြစ်ပေါ်လာပုံတည်း။

ဥပါဒါန်ကြောက်၍ ဒုတိယ အမရာဝိက္ခေပဝါဒ ဖြစ်ပေါ်လာပုံ

ဤလူ့လောက၌ အချို့သမဏ, ဗြာဟ္မဏတို့သည် ကုသိုလ်တရား, အကုသိုလ်တရားများကို ဟုတ်တိုင်းမှန်စွာ မသိခြင်းကြောင့် သူတစ်ပါးမေးလာလျှင် အကယ်၍ အဖြေမှန်သွားပါက 'ငါ့မှာ အားနည်းသော နှစ်သက်မှု **ဆန္ဒ**, အားကြီးသော

နှစ်သက်မှု ရာဂ ဖြစ်လေရာ၏။' အကယ်၍ အဖြေမှားသွားပါက 'ဒါလောက်ကလေးကိုမျှ ငါမသိလေစွ' ငါ့မှာ အားနည်းသော ဒေါသ, အားကြီးသော ပဋိဃများ ဖြစ်လေရာ၏။ ထို 'ဆန္ဒ, ရာဂ, ဒေါသ, ပဋိဃ' တို့သည် ငါ့မှာ ဥပါဒါန် ခေါ် အစွဲလမ်းကြီး ဖြစ်နေရာ၏။ ထိုသို့ဖြစ်ချေသော် ငါ့မှာ စိတ်ပန်း, ကိုယ်ပန်း, စိတ်ဆင်းရဲ, ကိုယ်ဆင်းရဲ ဖြစ်ရာချေ၏။ ထိုသို့ စိတ်ဆင်းရဲ ဖြစ်နေလျှင် 'ငါ့မှာ နတ်ပြည်, ရှာန်မဂ်ဖိုလ် အန္တရာယ် ဖြစ်လေရာ၏' ဟု စဉ်းစားမိလေသည်။ ထိုပုဂ္ဂိုလ်သည် ဥပါဒါန်ဖြစ်မည်ကို ကြောက်ခြင်းကြောင့်, ရွံမုန်းခြင်းကြောင့် ထိုထိုအလုပ်၌ အမေးခံရလျှင် ကုသိုလ်ဟုလည်း မဖြေ၊ အကုသိုလ်ဟုလည်း မဖြေဘဲ *(အထက်က ပဌမဝါဒအတိုင်းပင် အမရာဝိက္ခေပစကားဖြင့်)* ဖယ်ရှားရှောင်တိမ်းလေတော့သည်။ *(ဒီ- ၁- ၂၄ / ၂၅)*

ဤသည်ကား ဥပါဒါန်ဖြစ်မည်ကို ကြောက်သောကြောင့် ဒုတိယ အမရာဝိက္ခေပဝါဒ ဖြစ်ပေါ်လာပုံတည်း။

ပညာရှိများ မေးစိစစ်မှာ ကြောက်၍ တတိယ အမရာဝိက္ခေပဝါဒဖြစ်ပေါ်လာပုံ

ဤလူ့လောက၌ အချို့သော သမဏ, ဗြာဟ္မဏတို့သည် ကုသိုလ်တရား, အကုသိုလ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ မသိပေ။ ထိုသို့မသိသည့်အတွက် ကုသိုလ်တရား, အကုသိုလ်တရားတို့၌ တတ်ကျွမ်းသိမြင်ကြကုန်သော ပညာရှိတို့က 'ကုသိုလ်ဆိုတာ ဘာလဲ, အကုသိုလ်ဆိုတာ ဘာလဲ' ဟု မေးမြန်းစိစစ်လာခဲ့သော် ငါသည် ဟုတ်တိုင်းမှန်စွာ မဖြေဆိုနိုင်ခဲ့သော် 'သင်ဟာ နားလည်သူမဟုတ်၊ ကုသိုလ်ဆိုတာ ဒီလို၊ အကုသိုလ်ဆိုတာ ဒီလို' စသည်ဖြင့် သွန်သင်ဆုံးမမှုကိုလည်း ခံရရာ၏။ ပြန်၍ချေပ မဖြေကြားနိုင်သည့်အတွက်ကြောင့်လည်း ငါ့မှာ စိတ်ဆင်းရဲ, ကိုယ်ဆင်းရဲ ဖြစ်ရာ၏။ စိတ်ဆင်းရဲမှု ဖြစ်ခဲ့လျှင် ငါ့အား' နတ်ပြည်, မဂ်ဖိုလ် အန္တရာယ် ဖြစ်လေရာ၏' ဟု စဉ်းစားမိလေသည်။ ထိုပုဂ္ဂိုလ်သည် ထိုသို့ ပညာရှိများ မေးစိစစ်မှာကို ကြောက်ခြင်း, ရွံမုန်းခြင်းကြောင့် ထိုထိုတရား၌ အမေးခံရလျှင် ကုသိုလ်ဟူ၍လည်းကောင်း၊ အကုသိုလ်ဟူ၍လည်းကောင်း မဖြေကြားဘဲ ပဌမဝါဒအတိုင်းပင် အမရာဝိက္ခေပစကားဖြင့် ဖယ်ရှားရှောင်လွှဲလေတော့သည်။ *(ဒီ- ၁- ၂၅)*

ဤသည်ကား ပညာရှိများ မေးစိစစ်မည်ကို ကြောက်သောကြောင့် တတိယ အမရာဝိက္ခေပဝါဒ ဖြစ်ပေါ်လာပုံတည်း။

ထုံအ, ညံ့ဖျင်း, တွေဝေသောကြောင့် စတုတ္ထ အမရာဝိက္ခေပဝါဒ ဖြစ်ပေါ်လာပုံအကြောင်း

ဤလူ့လောက၌ အချို့သော သမဏ, ဗြာဟ္မဏတို့သည် 'မန္ဒ' ပညာနုံ့၏။ 'မောမူဟ' အလွန်တွေဝေ ထုံအ၏။ ထိုသို့ ပညာနုံ့ တွေဝေ ထုံအသည်၏အဖြစ်ကြောင့်လည်း-

(၁) လူ့လောကမှ တစ်ပါးသောလောက ရှိသလောဟု မေးလျှင် ငါ့မှာ ဒီလိုလဲ အယူမရှိဘူး။

(၂) တပါးသောလောက မရှိဘူးဟုလည်း ငါ့မှာအယူမရှိဘူး။

(၃) ရှိ, မရှိ နှစ်မျိုးမှ တခြားလို့လဲ ငါ့မှာအယူမရှိဘူး။

(၄) ရှိ, မရှိ နှစ်မျိုးလုံးမှ တခြားမဟုတ်ဘူးလို့လဲ ငါ့မှာအယူမရှိဘူး။

(၅) ရှိ, မရှိ နှစ်မျိုးမှ တခြားမဟုတ်ဘူးဆိုတာ မဟုတ်ဘူးလို့လဲ ငါ့မှာအယူမရှိဘူး။

ဤသို့ ဖယ်ရှားရှောင်လွှဲလေတော့သည်။

(က) 'ဥပပတ် ပဋိသန္ဓေနေသော နတ်, ဗြဟ္မာ ရှိသလော' စသည်ဖြင့် အထက်ကအတိုင်း ငါးမျိုးမေးရာ၌ လည်းကောင်း၊

(ခ) 'ကောင်းမှုကံ, မကောင်းမှုကံ၏ အကျိုးရှိသလော' စသည်ဖြင့် အထက်ကအတိုင်း ငါးမျိုးမေးရာ၌ လည်းကောင်း၊

(ဂ) 'သတ္တဝါသည် သေပြီးသည်၏နောက် ရှိသလော' ဟု စသည်ဖြင့် အထက်ကအတိုင်း ငါးမျိုးမေးရာ၌ လည်းကောင်း အထက်ကအတိုင်း အမရာဝိက္ခေပ မိစ္ဆာစကားဖြင့် ဖယ်ရှားရှောင်လွှဲလေတော့သည်။ *(ဒီ- ၁- ၂၅ / ၂၆)*

ထုံအ ဖျင်းအ အလွန်တွေဝေသူဟု ဆိုရကြောင်း

ဤစတုတ္ထပုဂ္ဂိုလ်ကို အဘယ်ကြောင့် 'မန္ဒ' ဖျင်းအသူ၊ 'မောမူဟ' ထုံအ အလွန်တွေဝေသူဟု ဆိုရသနည်းဟူမူ ရှေးပုဂ္ဂိုလ်သုံးဦးကား မိမိကုသိုလ်စသည် မသိခြင်းကို မသိမှန်း သိကြသေး၏။ ဤစတုတ္ထပုဂ္ဂိုလ်ကား မသိမှန်းကိုပင် မသိသူ ဖြစ်လေသည်။

ထို့ကြောင့် ထိုသို့ဆိုရခြင်း ဖြစ်သည်။

ဤကား စတုတ္ထ အမရာဝိက္ခေပဝါဒ ဖြစ်ပေါ်လာပုံသဘောတည်း။

ဤလေးမျိုးအပြင် အမရာဝိက္ခေပဝါဒဖြစ်ရန် နောက်ထပ်အကြောင်းတစ်မျိုး မရှိတော့ချေ။

(ဤမှနောက် သဗ္ဗညုတဉာဏ်ဖြစ်ပုံ, ဝေဒနာကမ္မဋ္ဌာန်းဖြစ်ပုံ, နိဂုံးချုပ်ပုံတို့ကား ရှေးသဿတဝါဒက ပြခဲ့သည့်အတိုင်းတည်း။)

ဤလေးမျိုးလုံး သဿတဝါဒထဲ ပါဝင်ပုံ

အဋ္ဌကထာ, မဟာဋီကာ, ဋီကာသစ်တို့က ဤအမရာဝိက္ခေပဝါဒ လေးမျိုးလုံး သဿတဒိဋ္ဌိထဲ ပါဝင်ပုံကို အောက်ပါအတိုင်း ပြဆိုထားကြလေသည်။

(၁) အမရာဝိက္ခေပဝါဒ လေးမျိုးလုံး၌ သူတပါးက မေးသည်ကိုမသိ၍ ရှောင်လွှဲနေခြင်း ဖြစ်သည်။ ထိုသို့ ရှောင်လွှဲနေသဖြင့် အဘယ်သို့လျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်သနည်းဟု မေးဖွယ်ရှိသည်။

(၂) အပြောကား ရှောင်လွှဲနေရုံဖြင့် မိစ္ဆာဒိဋ္ဌိ မဖြစ်သေးပါ။

(၃) ထိုအမရာဝိက္ခေပဝါဒကို ယူကြသူတို့၌ ငါ့မှာမုသား ဖြစ်လိမ့်မည်။ ငါ့မှာ ဥပါဒါန် ဖြစ်လိမ့်မည်။ ငါ့ကို စစ်ဆေးကြလိမ့်မည်ဟု ငါဟူသော အတ္တစွဲ ရှိနေလေသည်။ ထိုအတ္တစွဲကို အရင်းခံ၍ ဖြစ်သောကြောင့် ရှေးပုဂ္ဂိုလ်သုံးမျိုးကို မိစ္ဆာအယူရှိသူဟု ဆိုရလေသည်။

(၄) ထိုအတ္တသည်လည်း ခိုင်မြဲသည်ဟု ယူဆသောကြောင့် 'သဿတဒိဋ္ဌိ' မျိုးတွင် ပါဝင်သွားသည်။

(၅) စတုတ္ထပုဂ္ဂိုလ်ကား မောဟအားကြီးသဖြင့် ကုသိုလ်, အကုသိုလ်မှန်း လုံးဝမသိသူ ဖြစ်သည်။ ရှေးပုဂ္ဂိုလ် သုံးမျိုးတို့ကား မသိမှန်းကို မသိမှန်း သိကြပါသေးသည်။ ဤစတုတ္ထပုဂ္ဂိုလ်ကား မသိတာကို မသိမှန်းပင် သိသူမဟုတ်ပေ။

(၆) ထိုသို့မသိသည်ကို မသိရိုးရိုးမနေဘဲ ဖယ်ရှားရှောင်လွှဲ၍ ပြေဆိုမှုကိုပင် 'အကောင်း' ဟု စွဲစွဲမြဲမြဲ သဘောကျသော အယူတစ်မျိုး ဖြစ်လျက်ရှိနေသည်။ ထိုအယူကိုပင် 'မိစ္ဆာဒိဋ္ဌိ' တစ်မျိုးဖြစ်သည်ဟု ဆိုရသည်။

(၇) ထိုမိစ္ဆာဒိဋ္ဌိအယူသည် 'သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ' နှစ်မျိုးတွင် အဆက်မပြတ် ထပ်ကာထပ်ကာဖြစ်သော ကုသိုလ်, အကုသိုလ် စသည်တို့ကို အာရုံပြု၍ဖြစ်သော အယူဝါဒ ဖြစ်သောကြောင့် အဆက်မပြတ် ယူနေသော အယူဖြစ်၍ 'သဿတဒိဋ္ဌိ' ဘက်သို့ ပါဝင်သွားလေတော့သည်။ *(ဒီ ဋ္ဌ- ၁- ၁၀၈၊ မဟာဋီ- ၁၆၅၊ ဋီသစ် ပဒုပ်- ၄၃၅)*

ဗုဒ္ဓါနုဿတိ ပွါးများရန်

(၁) ဧဝံ မုသာဝါဒဘယာ အမရာဝိက္ခေပဒိဋ္ဌိ ဂဏှာတီတိ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် မုသားစကား ပြောရမှာကို ကြောက်ခြင်းကြောင့် အမရာဝိက္ခေပဒိဋ္ဌိကို ယူ၏ဟု၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) ဧဝံ ဥပါဒါနဘယာ အမရာဝိက္ခေပဒိဋ္ဌိ ဂဏှာတီတိ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် ဥပါဒါန်ဖြစ်မှာကို ကြောက်ခြင်းကြောင့် အမရာဝိက္ခေပဒိဋ္ဌိကို ယူ၏ဟု၍ သိမြင်တော်မူနိုင်ပါပေ၏။

(၃) ဧဝံ အနုယောဂဘယာ အမရာဝိက္ခေပဒိဋ္ဌိ ဂဏှာတီတိ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် ပညာရှိများ မေးစိစစ်မှာကို ကြောက်ခြင်းကြောင့် အမရာဝိက္ခေပဒိဋ္ဌိကို ယူ၏ဟု၍ သိမြင်တော်မူနိုင်ပါပေ၏။

(၄) ဧဝံ မန္ဒတ္တာ မောမူဟတ္တာ အမရာဝိက္ခေပဒိဋ္ဌိ ဂဏှာတီတိ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် ပညာနုံ့သည်၏ အဖြစ်ကြောင့် အလွန်တွေဝေသည်၏ အဖြစ်ကြောင့် အမရာဝိက္ခေပဒိဋ္ဌိကို ယူ၏ဟု၍ သိမြင်တော်မူနိုင်ပါပေ၏။

(၅) ဣဓမေတော စတုဟိ ဝတ္ထူဟိ အမရာဝိက္ခေပဒိဋ္ဌိ ဂဏှာတိတိ အညျ ဇုဓ္ဓေါ နတ္ထိ ဣတော ဗဟိဒ္ဓါ။

ရှင်တော်ဗုဒ္ဓသည် ဤအကြောင်းလေးမျိုးတို့ဖြင့်သာလျှင် အမရာဝိက္ခေပဒိဋ္ဌိအယူကို ယူ၏။ ဤလေးမျိုးမှတပါး အခြား အမရာဝိက္ခေပဒိဋ္ဌိအယူကို ယူနိုင်သော အကြောင်းသည် မရှိတော့ပြီဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၆) တဿ အမရာဝိက္ခေပဝါဒကဿ ပုဂ္ဂလဿ ဂတိဉ္စ အညျ ဇုဓ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုအမရာဝိက္ခေပအယူရှိသူတို့၏ လားရာဂတိကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၇) တတောစ ဥတ္တရိတရံ အညျ ဇုဓ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၈) တထာဂတောဝ တထာဂတဿ ဂုဏံ ပဇာနာတိတိ နအညာ အညျ ဇုဓ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူပါပေ၏။

(၉) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပူဇနိယဂါထာ

(၁) အမရာဝိက္ခေပဒိဋ္ဌိ၊ စတုဝတ္ထူဟိ နအညေ၊
ဝေံ ဇာနံ တထာဂတံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အမရာဝိက္ခေပဒိဋ္ဌိ- အမရာဝိက္ခေပဒိဋ္ဌိ အယူရှိကြသူတို့သည်၊ **စတုဟိ ဝတ္ထူဟိ**- လေးပါးကုန်သော အကြောင်းတို့ဖြင့်သာလျှင်၊ **အမရာဝိက္ခေပဒိဋ္ဌိ**- အမရာဝိက္ခေပဒိဋ္ဌိအယူကို၊ **ဂဏှန္တိ**- ယူကြလေကုန်၏၊ **အညေ**- အညေန- ထိုအကြောင်းလေးပါးမှ တပါးသော၊ **ကာရဏေ**- အခြားအကြောင်းသည်၊ **န**- မရှိတော့ပြီ၊ **ဝေံ**- ဤသို့ **ဇာနံ**- သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိတော်မူသော၊ **တထာဂတံ**- တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**- တပည့်တော်သည်၊ **သဗ္ဗဒါ**- အခါခပ်သိမ်း၊ **ဝန္ဒာမိ**- ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) ဝိက္ခေပိကံ ဂတိတာနံ၊ ဇာနာတိစ ဂတံ ဂတိံ၊
တတော ဥတ္တရိတရဉ္စ၊ သမ္ဗုဒ္ဓေါဝ တထာဂတံ။

ဝိက္ခေပိကံ- အမရာဝိက္ခေပဒိဋ္ဌိကို၊ **ဂတိတာနံ**- ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ **ဂတံ**- လားရောက်ရာဖြစ်သော၊ **ဂတိဉ္စ**- နိရယအစရှိသော ဂတိကိုလည်း၊ **ဇုဓ္ဓေါ**- ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ**- ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ **တတော**- ထိုထက်၊ **ဥတ္တရိတရဉ္စ**- အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်များကိုလည်း၊ **ဇာနာတိ**- ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **ဝေံ**- ဤသို့ **ဇာနံ**- သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ **တထာဂတံ**- တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**- တပည့်တော်သည်၊ **သဗ္ဗဒါ**- အခါခပ်သိမ်း၊ **ဝန္ဒာမိ**- ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

အမရာဝိက္ခေပဒိဋ္ဌိဝါဒ ပြီး၏။

အဓိစ္စသမုပ္ပန္နဝါဒနှစ်မျိုး

(၁) အသညသတ်ဘုံမှ စုတေ၍ လူ့ပြည်သို့ရောက်ကာ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်ရရာမှ ဖြစ်ပေါ်လာသော အဓိစ္စသမုပ္ပန္န ဝါဒတစ်မျိုး၊

(၂) ဈာန်အဘိညာဉ်မရဘဲ ကြံစည်စဉ်းစားရာမှ ဖြစ်ပေါ်လာသော အဓိစ္စသမုပ္ပန္နဝါဒတစ်မျိုး ဟူ၍ နှစ်မျိုးရှိလေသည်။

အဓိစ္စသမုပ္ပန္နအဓိပ္ပါယ်

အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်းမရှိဘဲ အလိုအလျောက် ဖြစ်ပေါ်လာ၏ဟု ယူသော မိစ္ဆာအယူသည် **အဓိစ္စသမုပ္ပန္န** မည်၏ဟူ၍ အဋ္ဌကထာ, ဋီကာတို့ ပြဆိုကြလေသည်။
(ဌ- ၁- ၁၀၈၊ မဟာ ဋီ- ၁၆၆၊ ဋီသစ် ပအုပ်- ၄၃၅)

အသညသတ်ဘုံ၌ ဗြဟ္မာဖြစ်ရပုံ

(၁) **'ဝေဟပ္ဖလာ အသညသတ္တာ သုဒ္ဓါဝါသာစေတိ စတုတ္ထဈာနဘူမိ'** ဟူသော ဝိထိမုတ်ပိုင်းလာ သင်္ဂဟကျမ်းပါဠိအရ အသညသတ်ဘုံသည် စတုတ္ထဈာန်ဘုံတွင် ပါဝင်လေသည်။

(၂) **အသညသတ္တ၊ သည-** သညာသည်၊ **အ-** မရှိ၊ **သတ္တ-** ဗြဟ္မာကြီး။ သညာမရှိသော ဗြဟ္မာကြီးကို အသညသတ် ဗြဟ္မာကြီးဟု ခေါ်သည်။

(၃) သညာကို ခေါင်းတပ်ထားသော်လည်း သညာတွင်မက စိတ်, စေတသိက် နာမ်တရားမှန်သမျှ မရှိဘဲ ရုပ်မျှရှိသော ဗြဟ္မာကြီး ဖြစ်လေသည်။

(၄) ဗုဒ္ဓသာသနာတော်မှ အပဖြစ်သော အချို့တိတ္ထိတို့သည် ရသေ့ရဟန်းပြုပြီး ဝါယောကသိုဏ်းကို အားထုတ်၍ စတုတ္ထဈာန် အထိ ရလေသည်။

(၅) တိတ္ထိဟူသည် မိစ္ဆာအယူရှိသူတို့သည် မိမိတို့အယူ၌ ငုပ်ချည်ပေါ်ချည် ကူးနေကြသကဲ့သို့ ဖြစ်သောကြောင့် **တိတ္ထိ** ခေါ်သည်။ **'တိတ္ထ'** ဟူသည် ရေဆိပ်တည်း။ ရေဆိပ်၌ ရေကူးသူတို့သည် ငုပ်ချည်ပေါ်ချည် ကူးသလို မိစ္ဆာအယူရှိသူတို့လည်း မိမိတို့အယူဝါဒ၌ ငုပ်ချည်ပေါ်ချည် ကူးခတ်နေ၍ တိတ္ထိခေါ်ရလေသည်။

(၆) ထိုတိတ္ထိတို့သည် ဤ၌ အဘယ့်ကြောင့် ဝါယောကသိုဏ်းကို ရှုရသနည်း ဟူမူ **'ပထဝီ'** စသော အခြားကသိုဏ်းတို့သည် ရုပ်ထင်ရှားရှိနေသည်။ ဝါယောကသိုဏ်းကား ရုပ်ပင်ဖြစ်သော်လည်း အခြားကသိုဏ်းများကဲ့သို့ ရုပ်မထင်ရှားသောကြောင့် နာမ်နှင့် အလားတူနေသည်။ ထို့ကြောင့် ဝါယောကသိုဏ်းကို ပဌမဈာန်မှစ၍ စတုတ္ထဈာန်အထိရအောင် ရှုခြင်းဖြစ်သည်။

(၇) ထိုဝါယောကသိုဏ်းကို အာရုံပြု၍ စတုတ္ထဈာန် ရပြီးသော ပုဂ္ဂိုလ်သည် ဈာန်မှထသောအခါ စိတ်နှင့်တကွ နာမ်တရား အပေါ်၌ အပြစ်ရှုလေသည်။ ထိုသို့ နာမ်တရားကို အပြစ်ရှုဖန်များသောအခါ နာမ်တရားအစစ်ဖြစ်သော စတုတ္ထဈာန်သည် နာမ်တရားကို စက်ဆုပ်သော ဘာဝနာ ဖြစ်လာလေသည်။ ထိုသို့ဖြစ်လာ၍ ထိုဈာန်၏ အာရုံဖြစ်သော ဝါယောကသိုဏ်းလည်း နာမ်တရားနှင့် အလားတူရကား အစက်ဆုပ်ခံတွင် ပါဝင်သွားလေသည်။ ထို့ကြောင့် နာမ်တရားကို ရှုခြင်းဖြစ်သည်ဟု အဋ္ဌကထာ, ဋီကာတို့ ပြဆိုကြလေသည်။ *(ဒီ ဌ- ၁- ၁၀၈၊ မဟာဋီ- ၁၆၇၊ ဋီသစ် ပအုပ်- ၄၃၇)*

နာမ်တရားကို အပြစ်ရှုခြင်း အကြောင်း

(၁) ဗုဒ္ဓသာသနာတော်မှအပ ဈာန်ရတိတ္ထိတို့သည် စိတ် (သညာ) ရှိသောကြောင့်သာ **'ဟတ္ထစ္ဆေဒါဒိ ဒုက္ခဥ္စ'**- လက်ဖြတ်ခံရခြင်း အစရှိသော ဒုက္ခသည်လည်းကောင်း၊ **'သဗ္ဗဘယာနိစ'**- အလုံးစုံသော ဘေးတို့သည်လည်းကောင်း၊ ဖောက္ကိ- ဖြစ်ကုန်၏။ **တုမိနာ စိတ္တေန-** ဤစိတ်ဖြင့်၊ **'အလံ'**- အကျိုးမရှိ၊ **'အစိတ္တက ဘာဝေါဝ'**- စိတ်မရှိသူ၏ အဖြစ်သည်သာ၊

'သန္တော'- ငြိမ်းအေး၏။ **ပဏီတ**- ကျ်သို့ ပဿတိ- ရှုမြင်တတ်၏။

(၂) ထိုသို့လျှင် 'စိတ်ရှိလို့သာ ဒုက္ခရောက်ရသည်၊ စိတ်မရှိလျှင် ဒုက္ခအပေါင်း ငြိမ်းတော့သည်' ဟုယူဆလျက် ထိုအသညသမာပတ်ရျာန်ကိုရအောင် အားထုတ်ကြသောကြောင့် ထိုအသညရျာန်စိတ်ဖြင့် စုတေသောအခါ ရုပ်ပြစ်ရှစ်ပါးတွင် ပါဝင်သော အသညသတ်ဗြဟ္မာကြီး ဖြစ်ရလေသည်။

(ဗုဒ္ဓသာသနာတော်နှင့် ကြုံနေကြသော ပုဂ္ဂိုလ်တို့မှာကား 'ရုပ်လည်းမကောင်း၊ နာမ်လည်းမကောင်း၊ ရုပ်, နာမ် နှစ်မျိုးလုံး အနိစ္စ, ဒုက္ခ, အနတ္တချည်းသာ' ဟု အမှန်အတိုင်း သိမြင်ကြသောကြောင့် ရုပ်ပြစ်ရှစ်ပါးတွင် ပါဝင်သော အသညသတ်ဘုံ၊ အရူပဘုံသို့ ရောက်ရန် မကြိုးစားကြတော့ပေ)

(၃) အသညသတ်ဘုံ၌ဖြစ်သော ထိုအသညသတ်ဗြဟ္မာသည် နာမ်တရား လုံးဝမပါတော့ဘဲ ရုပ်အစုမျှသည်သာ ရုပ်ခန္ဓာမျှသာ ထင်ရှားဖြစ်ရလေသည်။ *(ဒီ ၄- ၁- ၁၀၉)*

(၄) ထိုသို့ ရုပ်ခန္ဓာမျှသာ ဖြစ်ရပုံကို ဋီကာဟောင်း, ဋီကာသစ်တို့တွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

သံသရာကြီးဝယ် အဝိဇ္ဇာ, တဏှာ အရင်းခံ၍ ရုပ်, နာမ်နှစ်ပါးဖြင့် အများသတ္တဝါတို့ ကျင်လည်ကြရာ၌ 'ရုပ်ကို စက်ဆုပ်သော ရူပဝိရာဂဘာဝနာ, နာမ်ကို စက်ဆုပ်သော အရူပဝိရာဂဘာဝနာ' ဟူ၍ အစွန်းဘာဝနာ နှစ်ပါးရှိရာ၌ ထိုအစွန်းဘာဝနာများ မရှိလျှင် ရုပ်, နာမ်အစုံအလင် ဖြစ်ရလေသည်။

(၅) အသညသတ်ဗြဟ္မာအဖြစ်ကို တောင့်တသော ယောဂီကား ဝါယောကသိုဏ်းဖြင့် စတုတ္ထရျာန်ကို ရပြီးစကပင် နာမ်ကိုစက်ဆုပ်သော အရူပဝိရာဂဘာဝနာဖြစ်အောင် စတုတ္ထရျာန်ကို ထုံမွမ်းခဲ့လေသည်။

(၆) ထို့ကြောင့် စုတေသောအခါ၌ စတုတ္ထရျာန် ကုသိုလ်က ဝိပါက်အားဖြင့် အကျိုးပေးသောအခါ နာမ်ခန္ဓာ မပါတော့ဘဲ ရုပ်ခန္ဓာမျှသာ ဖြစ်ရလေသည်။

(၇) ဋီကာသစ်, ဋီကာဟောင်းတို့ ဥပမာပေးပုံကား ဥတုအလိုက် သီးပွင့်ရိုးဖြစ်သော သစ်ပင်များကို မသီးမပွင့်အောင် သပ်လျှိုထိုးထားသောအခါ အချိန်ကျလျှင် မသီးမပွင့်ကြသကဲ့သို့ ထို့အတူ နာမ်တရားကို ရွံမုန်းသော အရူပဝိရာဂဘာဝနာတည်းဟူသော သပ်ချောင်းကို ထိုးထားလိုက်သည့်အတွက် ထိုစတုတ္ထရျာန်မှ နာမ်အသီး မသီးတော့ပေ။
(မဟာဋီ- ၁၆၈၊ ဋီသစ်-ပဒုပ်- ၄၃၈)

အသညသတ်ဗြဟ္မာကြီး စုတေပုံအကြောင်း

(၁) နာမ်တရား အထောက်အပံ့မပါဘဲ ရုပ်အစုချည်းသာ ဖြစ်ရသော ထိုအသညသတ်ဗြဟ္မာကြီးသည် ထိုအသညသတ်ဘုံ၌ အဘယ်မျှကြာအောင် တည်ရှိနေနိုင်သနည်းဟူမူ ညှို့အဟုန်ဖြင့် မြှင့်တင်အပ်သောမြားသည် ညှို့အဟုန် အားကောင်းသလောက် ကောင်းကင်၌ တည်နိုင်သကဲ့သို့ ထိုဘုံသို့ ရျာန်အဟုန်ဖြင့် မြှင့်တင်ထားသောကြောင့် ရျာန်အဟုန်ရှိသလောက် တည်နေနိုင်သည်။ ထိုရျာန်အဟုန်သည် အလွန်ဆုံး ကမ္ဘာငါးရာ ကာလပတ်လုံးတည်အောင် ထားနိုင်လေသည်။

(၂) ထိုရျာန်အဟုန် ကုန်သွားသောအခါ၌ မီးစာ, ဆီကုန်လျှင် မီးတောက်ငြိမ်းသကဲ့သို့ ရုပ်ခန္ဓာ အတ္တဘောလည်း ကွယ်ပျောက်သွားရလေတော့သည်။

(၃) အသညသတ်ဘုံမှ စုတေသူတို့သည် သုဂတိအဟိတ် ပုထုဇဉ်များသာဖြစ်၍ ထိုဘုံ၌ ရျာန်တစ်မျိုးမျိုးရအောင် မပွါးနိုင်သောကြောင့် အခြားဗြဟ္မာ့ဘုံ၌ ဖြစ်ရိုးထုံးစံမရှိဘဲ ကာမဘုံ၌သာ ဖြစ်ကြရလေသည်။

လူ့ပြည်၌ ဖြစ်သောအခါ

(၁) ထိုအသညသတ်ဗြဟ္မာကြီးသည် ထိုရျာန်အရှိန်, ကံအရှိန် ကုန်သွားသောအခါ၌ ရှေးကံစွမ်းကြောင့် ပဋိသန္ဓေစိတ်ဟူသော သညာပေါ်လာသည်။ ထိုသညာပေါ်လာသည်နှင့် ဗြဟ္မာ့ပြည်၌ ဖြစ်နေသော ရုပ်ခန္ဓာလည်း ကွယ်ပျောက်လေတော့သည်။ ယင်းကို စုတေသည်ဟု ခေါ်သည်။

(၂) ထိုပြဟ္မာကြီးသည် ထိုသို့စုတေပြီး လူ့ပြည်သို့ရောက်၍ ရသေ့ရဟန်းပြုလျက် 'ဝီရိယသုံးမျိုး, အပ္ပမာဒ, သမ္မာမနသိကာရ' တို့ဖြင့် ကမ္မဋ္ဌာန်းတရား အားထုတ်လေရာ ဈာန်အဘိညာဉ် ရလေသည်။

(၃) ထိုဈာန်အဘိညာဉ်ဖြင့် မိမိဘဝကို ကြည့်သောအခါ၌ ပဋိသန္ဓေသညာ စဖြစ်ပုံကိုသာ အောက်မေ့နိုင်၍ ထိုထက်အလွန် ဖြစ်သော ရုပ်ခန္ဓာသက်သက် အသညသတ် ပြဟ္မာကြီးဘဝဖြင့် အသညသတ်ဘုံ၌ ကမ္ဘာငါးရာ နေခဲ့ရသည်ကို မအောက်မေ့နိုင်ပေ။ မသိမမြင်တော့ပေ။ *(အကြောင်းဘဝဆက် ပျောက်ကွယ်လျက် ရှိနေလေသည်။)*

(၄) ထိုသို့ အသညသတ်ဘုံ၌ အသညသတ် ပြဟ္မာကြီးအဖြစ်နှင့် နေခဲ့ရသည်ကို မသိမမြင်သောကြောင့် ထိုသမဏ, ဗြာဟ္မဏသည် အောက်ပါအတိုင်း ယူဆပြောဆိုလေတော့သည်။

အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်းမရှိဘဲ အလိုအလျောက်ဖြစ်သည်။ ဘာကြောင့် သိရသနည်းဟူမူ ငါသည် ရှေးတုန်းက မဖြစ်ခဲ့ဘဲ ယခုဘဝမှစ၍ ဖြစ်ဖို့ရာ ညွတ်ကိုင်းခဲ့ရလေသည်။ ထို့ကြောင့် အတ္တလောကသည် အကြောင်းမရှိဘဲဖြစ်သည်ဟု ငါဆိုခြင်းဖြစ်သည်။

(၅) ထိုသို့အသညသတ်ဘုံမှလာ၍ ဤဘဝ၌ ပဋိသန္ဓေစိတ်ဖြစ်ပုံကိုသိခြင်း ထို့ထက်အလွန် အသညသတ် ပြဟ္မာကို မသိခြင်းသည် အဓိစ္စသမုပ္ပန္န အယူဖြစ်ခြင်း၏ ပဌမအကြောင်း ဖြစ်လေသည်။
(ဒီ- ၁- ၂၇၊ ဒီ ဋ- ၁- ၁၀၉၊ မဟာဋီ- ၁၆၈၊ ဋီသစ် ပအုပ်- ၄၃၈ / ၄၃၉)

အဓိစ္စသမုပ္ပန္နဖြစ်ပုံ ဒုတိယအကြောင်း

ဤဒုတိယပုဂ္ဂိုလ်ကား ရှေးပဌမပုဂ္ဂိုလ်ကဲ့သို့ ဈာန်အဘိညာဉ်ရ၍ ယူဆပြောဆိုခြင်းမဟုတ်ဘဲ မိမိ၏ စိတ်ကူးကြံစည်မှုဖြင့် အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း အကြောင်းမရှိဘဲ ယူဆပြောဆိုသော တက္ကီပုဂ္ဂိုလ် ဖြစ်လေသည်။
(ဒီ- ၁- ၂၇)

ဤကား အဓိစ္စသမုပ္ပန္န ဖြစ်ပေါ်ပုံ ဒုတိယအကြောင်းတည်း။

ဤနှစ်မျိုးသော အကြောင်းမှတပါး အခြားအဓိစ္စသမုပ္ပန္နဝါဒ ဖြစ်ပေါ်လာပုံအကြောင်း မရှိတော့ချေ။ ဤမှနောက် သဗ္ဗညုတဉာဏ်ဖြစ်ပုံ, ဝေဒနာကမ္မဋ္ဌာန်းနှင့် နိဂုံးအုပ်ပုံတို့သည် သဿတဝါဒ အတိုင်းပင်တည်း။

ဗုဒ္ဓါနုဿတိပွါးရန်

(၁) ဧဝေ သမာဟိတ စိတ္တေန သညုပ္ပါဒ် အနုဿရိတွာ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ဂဏှာတီတိ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် စတုတ္ထဈာန် သမာဓိဟူသော တည်ကြည်သောစိတ်ဖြင့် *(အသညသတ် ဗြဟ္မာဘဝကို မအောက်မေ့နိုင်ဘဲ)* လူ့ဘဝပဋိသန္ဓေသညာ ဖြစ်ခြင်းကို အောက်မေ့၍ အဓိစ္စသမုပ္ပန္နဒိဋ္ဌိကို ယူ၏ဟူ၍ ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၂) ဧဝေ အနုတက္ကေန တက္ကီ ဟုတွာ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ဂဏှာတီတိ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် အဖန်ဖန် ကြံစည်ခြင်းဖြင့် ကြံစည်သည်ဖြစ်၍ အဓိစ္စသမုပ္ပန္န ဒိဋ္ဌိအယူကို ယူ၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၃) ဣမေဟေဝ ဒွီဟိ ဝတ္ထူဟိ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ဂဏှာတီတိ အညု ဗုဒ္ဓေါ။ နတ္ထိ ဣတော ဗဟိဒ္ဓါ။

ရှင်တော်ဗုဒ္ဓသည် ဤအကြောင်းနှစ်မျိုးတို့ဖြင့်သာလျှင် အဓိစ္စသမုပ္ပန္န ဒိဋ္ဌိအယူကို ယူ၏။ ဤအကြောင်းနှစ်မျိုးမှတပါး အခြားအဓိစ္စသမုပ္ပန္န ဒိဋ္ဌိအယူကို ယူနိုင်သောအကြောင်းသည် မရှိတော့ပြီဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၄) တဿ အဓိစ္စသမုပ္ပန္နဝါဒကဿ ပုဂ္ဂလဿ ဂတိဉ္စ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုအဓိစ္စသမုပ္ပန္နဝါဒ ဒိဋ္ဌိအယူရှိသူတို့၏ လားရာဂတိကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၅) တတော စ ဥတ္တရိတရံ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၆) တထာဂတောဝ တထာဂတဿ ဂုဏံ ပဇာနာတီတိ နအညာ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၇) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပူဇနိယဂါထာ

(၁) အမိစ္စသမုပ္ပန္နဒိဋ္ဌိ၊ ဣတိ ဝတ္ထုပတိ နအညေ၊
ဝေံ ဇာနံ တထာဂတံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အမိစ္စသမုပ္ပန္နဒိဋ္ဌိ– အမိစ္စသမုပ္ပန္န အယူရှိကြသူတို့သည်၊ **ဣတိ ဝတ္ထုပတိ–** နှစ်ပါးကုန်သော အကြောင်းတို့ဖြင့်သာလျှင်၊ **အမိစ္စသမုပ္ပန္န ဒိဋ္ဌိ–** အမိစ္စသမုပ္ပန္နဒိဋ္ဌိအယူကို၊ **ဂဏှန္တိ–** ယူကြလေကုန်၏။ **အညေ–** ထိုအကြောင်းနှစ်ပါးမှ တပါးသော၊ **ကာရဏော–** အခြားအကြောင်းသည်၊ **န–** မရှိတော့ပြီ၊ **ဝေံ–** ဤသို့၊ **ဇာနံ–** သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ **တထာဂတံ–** တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ–** တပည့်တော်သည်၊ **သဗ္ဗဒါ–** အခါခပ်သိမ်း၊ **ဝန္ဒာမိ–** ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) အမိစ္စဋ္ဌ ဂဟိတာနံ၊ ဇာနာတိစ ဂတံ ဂတိံ၊
တတော ဥတ္တရိတရဋ္ဌ၊ သမ္ဗုဒ္ဓေါဝ တထာဂတံ။

အမိစ္စဋ္ဌ– အမိစ္စသမုပ္ပန္နဒိဋ္ဌိကို၊ **ဂဟိတာနံ–** ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ **ဂတံ–** လားရောက်ရာဖြစ်သော၊ **ဂတိဋ္ဌ–** နိရယအစရှိသော ဂတိကိုလည်း၊ **ဗုဒ္ဓေါ–** ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ–** ပိုင်းခြားထင်ထင် သိမြင်တော်မူလေသည်၊ **တတော–** ထို့ထက်၊ **ဥတ္တရိတရဋ္ဌ–** အလွန်ဖြစ်သော 'သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်' ဟူသော ဂုဏ်များကိုလည်း၊ **ဇာနာတိ–** ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **သမ္ဗုဒ္ဓေါဝ–** ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ **တထာဂတံ–** ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်ကို၊ **ဇာနာတိ–** ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **ဝေံ–** ဤသို့၊ **ဇာနံ–** သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတံ–** တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ–** တပည့်တော်သည်၊ **သဗ္ဗဒါ–** အခါခပ်သိမ်း၊ **ဝန္ဒာမိ–** ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပုဗ္ဗန္တကပ္ပိက (၁၈)မျိုးလုံး နိဂုံး

(၁) သဿတဝါဒ (၄)မျိုး။ (၂) ဧကစ္စသဿတဝါဒ (၄)မျိုး။ (၃) အန္တာနန္တဝါဒ (၄)မျိုး။
(၄) အမရာဝိက္ခေပဝါဒ (၄)မျိုး။ (၅) အမိစ္စသမုပ္ပန္နဝါဒ (၂)မျိုး– ပေါင်း (၁၈)မျိုး။

၎င်း (၁၈)မျိုးကို **ပုဗ္ဗန္တပ္ပိက မိစ္ဆာဒိဋ္ဌိ–** ရှေးအတိတ် အကြောင်းအရာစုကို ကြံစည်၍ ဖြစ်ပေါ်လာသော အယူမှား (၁၈)မျိုးဟု ခေါ်သည်။

၎င်းပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ (၁၈)မျိုးလုံးကို နိဂုံးအုပ်တော်မူလိုသော ရှင်တော်ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ရဟန်းတို့ ရှေးအတိတ်အကြောင်းအရာစုကို ကြံစည်တတ်ကုန်, ရှေးအတိတ်အကြောင်းအရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကြကုန်သော ထိုသမဏ, ဗြာဟ္မဏတို့သည် ရှေးအတိတ်အကြောင်းအရာစုကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ရန် အခြေခံစကားအမျိုးမျိုးတို့ကို ဤပြခဲ့သော အကြောင်း (၁၈)မျိုးတို့ဖြင့် စွဲမြဲစွာ ပြောဆိုကြလေသည်။ ဤ (၁၈)ပါးမှတပါး နောက်ထပ် အကြောင်း

တစ်မျိုး မရှိတော့ပေ။

(ဤမှနောက် သဗ္ဗညုတဉာဏ်နှင့် ဝေဒနာကမ္မဋ္ဌာန်း နိဂုံးများကို သဿတဝါဒက ဟောခဲ့သည့်အတိုင်းပင် ဖြစ်လေသည်။)

ဗုဒ္ဓါနုဿတိ ဘာဝနာ

(၁) ဣမေဟေဝ အဋ္ဌာရသဟိ ဝတ္ထူဟိ ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ ဂဏှာတီတိ အညာ ဗုဒ္ဓေါ၊ နတ္ထိ ဣတော ဗဟိဒ္ဓါ။

ရှင်တော်ဗုဒ္ဓသည် ဤအကြောင်း (၁၈)မျိုးတို့ဖြင့်သာလျှင် ပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိအယူကို ယူ၏။ ဤ (၁၈)မျိုးမှတပါး အခြားသော ပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိအယူကို ယူနိုင်သော အကြောင်းသည် မရှိတော့ပြီဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) နံ ပုဗ္ဗန္တကပ္ပိက ဝါဒကာနံ ပုဂ္ဂလာနံ ဂတိဥ္စ အညာ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့၏ လားရာဂတိကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၃) တတော စ ဥတ္တရိတရံ အညာ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၄) တထာဂတောဝ တထာဂတဿ ဂုဏံ ပဇာနာတီတိ နအညာ အညာ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၅) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပူဇနီယဂါထာ

(၁) ပုဗ္ဗန္တကပ္ပိကာစေဝ၊ ပုဗ္ဗန္တာစ အနုဒိဋ္ဌိ၊
ပုဗ္ဗန္တမာရဗ္ဘစေဝ၊ မိစ္ဆာဒိဋ္ဌိ ဂဏှန္တိစ။

ပုဗ္ဗန္တကပ္ပိကာစေဝ– ရှေးအဘို့ကို ကြံစည်တတ်ကြသည်လည်း ဖြစ်သော၊ ပုဗ္ဗန္တာစ အနုဒိဋ္ဌိ– ရှေးအဖို့သို့ အစဉ်လိုက်သော မိစ္ဆာအယူ ရှိကြကုန်သည်လည်းဖြစ်သော၊ ပုဂ္ဂလာ– ပုဂ္ဂိုလ်တို့သည်၊ ပုဗ္ဗန္တံ– ရှေးဖြစ်သော ခန္ဓာအဖို့ကို၊ အာရဗ္ဘ– အာရုံပြု၍၊ မိစ္ဆာဒိဋ္ဌိ– မိစ္ဆာဒိဋ္ဌိအယူကို၊ ဂဏှန္တိစ– ယူကြလေကုန်ပြီ။

(၂) ဣမေဝ အဋ္ဌာရသဟိ၊ နတ္ထိ ဣတောစ ဗဟိဒ္ဓါ၊
ဝေိ ဇာနံ တထာဂတံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

တေ– ထိုရှေးအဖို့ကိုစွဲ၍ မိစ္ဆာဒိဋ္ဌိအယူကို ယူကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ ဣမေဝ အဋ္ဌာရသဟိ– ဤ (၁၈)မျိုးသော အကြောင်းတို့ဖြင့်သာလျှင်၊ ဂဏှန္တိ– ယူကြကုန်၏၊ ဣတော– ဤ (၁၈)မျိုးမှ၊ ဗဟိဒ္ဓါစ– အပဖြစ်သော အခြားသော အကြောင်း တစ်ပါးမျှလည်း၊ နတ္ထိ– မရှိတော့ပြီ၊ ဝေိ– ဤသို့၊ ဇာနံ– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ တထာဂတံ– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ အဟံ– တပည့်တော်သည်၊ သဗ္ဗဒါ– အခါခပ်သိမ်း၊ ဝန္ဒာမိ– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ ဘုရား။

(၃) မိစ္ဆာဒိဋ္ဌိ ဂဟိတာနံ၊ ဇာနာတိစ ဂတိံ ဂတိ၊
တတော ဥတ္တရိတရဥ္စ၊ သမ္ဗုဒ္ဓေါဝ တထာဂတံ။

မိစ္ဆာဒိဋ္ဌိ– (၁၈)မျိုးသော အကြောင်းတို့ဖြင့် မိစ္ဆာဒိဋ္ဌိကို၊ ဂဟိတာနံ– ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ ဂတိံ– လားရောက်ရာဖြစ်

သော၊ ဂတိဉ္စ- နိရယအစရှိသော ဂတိကိုလည်း၊ ဗုဒ္ဓေါ- ရှင်တော်ဗုဒ္ဓသည်၊ ဇာနာတိ- ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ **တတော-** ထိုထက်၊ **ဥတ္တရိတရဉ္စ-** အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း၊ **ဇာနာတိ-** ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **သမ္မုဒ္ဓေါဝ-** ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ **တထာဂတံ-** ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်ကို၊ **ဇာနာတိ-** ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **စေ-** ဤသို့၊ **ဇာနံ-** သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတံ-** တထာဂတဟေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ-** တပည့်တော်သည်၊ **သဗ္ဗဒါ-** အခါခပ်သိမ်း၊ **ဝန္ဒာမိ-** ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ (၁၈)မျိုး ပြီး၏။

အပရန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ (၄၄)မျိုး

ဗုဒ္ဓသည် ရှေးအတိတ်အဖို့ အကြောင်းအရာစုကို ကြံစည်၍ဖြစ်သော ပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ (၁၈)မျိုးကို ဟောကြားတော်မူပြီး နောက်နောက်အဖို့ အကြောင်းအရာစုကို ကြံစည်၍ဖြစ်သော အပရန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ (၄၄)မျိုးတို့ကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ အပရန္တကပ္ပိကာ အပရန္တာနုဒိဋ္ဌိနော အပရန္တံ အာရဗ္ဘ အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ စတုစတ္တာရီသာယ ဝတ္ထူဟိ။ *(ဒီ- ၁- ၂၈)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဧကေ-** အချို့ကုန်သော၊ **ယေ သမဏဗြာဟ္မဏာ-** အကြင်သမဏ, ဗြာဟ္မဏ အမည်ရကုန်သော ပုဂ္ဂိုလ်တို့သည်၊ **အပရန္တကပ္ပိကာ-** နောက်နောက် အနာဂတ်ဖြစ်သော ခန္ဓာအဖို့ကို တွေးတောကြံစည်ခြင်း ရှိကြကုန်သည်၊ **အပရန္တာနုဒိဋ္ဌိနော-** နောက်နောက် အနာဂတ်ဖြစ်သော ခန္ဓာအဖို့သို့ အစဉ်လိုက်သော မိစ္ဆာအယူရှိကြကုန်သည်၊ **ဟုတွာ-** ဖြစ်၍၊ **အပရန္တံ-** နောက်နောက်ဖြစ်သော ခန္ဓာအဖို့ကို၊ **အာရဗ္ဘ-** အာရုံပြု၍၊ **အနေကဝိဟိတာနိ-** တစ်ပါးမက များသော အပြားရှိကုန်သော၊ **အဓိမုတ္တိပဒါနိ-** ဟုတ်မှန်သောသဘောကို ဖုံးလွှမ်း၍ဖြစ်သော မိစ္ဆာဒိဋ္ဌိအယူကို ပြတတ်သော ပုဒ်, ဝါကျတို့ကို **စတုစတ္တာရီသာယ-** (၄၄) ပါးသော၊ **ဝတ္ထူဟိ-** အကြောင်းတို့ဖြင့်၊ **အဘိဝဒန္တိ-** စွဲမြဲစွာ နှလုံးသွင်း၍ ငြင်းကြ ခုံကြ ပြောဟောကြကုန်၏။ **တေ သမဏဗြာဟ္မဏာ-** ထိုသမဏ, ဗြာဟ္မဏတို့သည်၊ **ကိံ-** အဘယ်အကြောင်းကို၊ **အာဂမ္မ-** စွဲ၍၊ **အာရဗ္ဘ-** အာရုံပြု၍၊ **အဘိဝဒန္တိ-** စွဲမြဲစွာ နှလုံးသွင်း၍ ငြင်းကြ ခုံကြ ပြောဟောကြကုန်သနည်း။

အပရန္တကပ္ပိက အဓိပ္ပါယ်

အပရန္တ- နောက်ဖြစ်သော အနာဂတ်ဖြစ်သော ခန္ဓာအဖို့အစုကို တဏှာ, ဒိဋ္ဌိတို့ဖြင့် ကြံစည်ခြင်းတည်း။ နောက်နောက်ဖြစ်သော အနာဂတ်ခန္ဓာအဖို့အစုကို တဏှာ, ဒိဋ္ဌိတို့ဖြင့် အများများ အယွင်းယွင်း ကြံစည်၍ စွဲစွဲမြဲမြဲယူသော အယူဝါဒများကို အပရန္တကပ္ပိက ဝါဒ ခေါ်လေသည်။ *(ဒီ ဋ- ၁- ၁၀၉)*

ထိုအပရန္တကပ္ပိကဝါဒသည် (၄၄)မျိုး ရှိလေသည်။ ၎င်း (၄၄)မျိုးတို့၏ ခေါင်းစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဥဒ္ဒမာဃာတနိက သညီဝါဒ (၁၆)မျိုး။

(၂) ဥဒ္ဒမာဃာတနိက အသညီဝါဒ (၈)မျိုး။

(၃) ဥဒ္ဒမာဃာတနိက နေဝသညီ နာသညီဝါဒ (၈)မျိုး။

(၄) ဥစ္ဆေဒဝါဒ (၇)မျိုး။

(၅) ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ (၅)မျိုး- ပေါင်း (၄၄)မျိုး ရှိလေသည်။

ဥဒ္ဓမာဃာတနိက သညီဝါဒ (၁၆)မျိုး

ထို (၄၄)မျိုးတို့တွင် ဥဒ္ဓမာဃာတနိက သညီဝါဒ (၁၆)မျိုးကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဥဒ္ဓမာဃာတနိကာ သညီဝါဒါ ဥဒ္ဓမာဃာတနံ သညိံ အတ္တာနံ ပညပေန္တိ သောဠသဟိ ဝတ္ထူဟိ။ *(ဒီ- ၁- ၂၈)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဧကေ**- အချို့ကုန်သော၊ **ယေ သမဏဗြာဟ္မဏာ**- အကြင် သမဏ, ဗြာဟ္မဏတို့သည်၊ **ဥဒ္ဓမာဃာတနိကာ**- သေပြီးသည်မှ အထက်ဖြစ်သော နောက်ကာလ၌ အတ္တကို ပြောဆိုကြောင်း အယူရှိကုန်သည်၊ **သညီဝါဒါ**- သညာရှိ၏ဟု ပြောဆိုကြောင်း အယူရှိကုန်သည်၊ **ဟုတွာ**- ဖြစ်၍၊ **သောဠသဟိ**- (၁၆)ပါးကုန်သော၊ **ဝတ္ထူဟိ**- အကြောင်းတို့ဖြင့်၊ **ဥဒ္ဓမာဃာတနံ**- သေပြီးသည်မှ အထက်ဖြစ်သော နောက်ကာလ၌၊ **အတ္တာနံ**- အတ္တကို၊ **သညိံ**- သညာရှိ၏ဟူ၍၊ **ပညပေန္တိ**- ပညတ်ကြကုန်၏၊ **တေ သမဏဗြာဟ္မဏာ**- ထို သမဏ, ဗြာဟ္မဏတို့သည်၊ **ကိံ**- အဘယ်အကြောင်းကို၊ **အာဂမ္မ**- စွဲ၍၊ **ကိံ**- အဘယ်အကြောင်းကို၊ **အာရဗ္ဘ**- အာရုံပြု၍၊ **ပညပေန္တိ**- ပညတ်ကြကုန်သတည်း။

ဥဒ္ဓမာဃာတနိက အဓိပ္ပါယ်

'ဥဒ္ဓမာဃာတနိက' ပုဒ်၌ **'ဥဒ္ဓံ, အာဃာတန, ဣက'** ဟူ၍ သုံးပုဒ်ရှိသည်။ **ဥဒ္ဓံ**- အထက် *(အထက်ဟူသည် နောက်ဖြစ်သော ကာလတည်း။)* **အာဃာတန**- သေခြင်း၊ **ဣက**- ရှိသည်၊ **ဥဒ္ဓမာဃာတနိက**- သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ အတ္တကို ပြောဆိုကြောင်း အယူရှိသူဟု အဓိပ္ပါယ်ရသည်။ *(ဒီ ဋ- ၁- ၁၀၉၊ မဟာဋီ- ၁၇၀၊ ဋီသစ် ပအုပ်- ၄၄၀)*

(ဆိုလိုသည်ကား သေပြီးနောက် အတ္တသည် မြဲ၏ဟု အယူရှိသူတို့ကို ဥဒ္ဓမာဃာတနိကဟု ခေါ်သည်။)

ဥဒ္ဓမာဃာတနိက သညီဝါဒ (၁၆)မျိုး

ဗုဒ္ဓ ဟောကြားတော်မူထားအပ်သော ပါဠိတော်တွင် သညီဝါဒ (၁၆)မျိုးရှိသည်။ ၎င်း (၁၆)မျိုးမှာ အောက်ပါအတိုင်း ဖြစ်သည်။ *(အဋ္ဌကထာ၊ ဋီကာအဖွင့်တို့နှင့် ညှိ၍ဖော်ပြပေအံ့။)*

(၁) ရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။ *(ဒီ- ၁- ၂၉)*

အတ္တာ- အတ္တသည်၊ **ရူပီ**- ဖောက်ပြန်ခြင်းရှိသည်၊ **ဟောတိ**- ဖြစ်၏၊ **မရဏာ**- သေရာအခါမှ၊ **ပရံ**- နောက်၌၊ **အရောဂေါ**- ပျက်စီးခြင်းမရှိ မြဲ၏၊ **သညီ**- သညာရှိ၏၊ **ဣတိ**- ဤသို့၊ **နံ**- ထိုအတ္တကို၊ **ပညပေန္တိ**- ပညတ်ကြကုန်၏။

ဤ၌ **'ရူပီ အတ္တာ ဟောတိ'** ဟူသည် ဈာန်ရပုဂ္ဂိုလ်သည် ဈာန်၏အာရုံဖြစ်သော ကသိုဏ်းရုပ် ပဋိဘာဂနိမိတ်ကို 'အတ္တ' ဟု ယူလေသည်။ ထိုပဋိဘာဂနိမိတ်သည် မချဲ့သောအခါ ကျဉ်း၍ ချဲ့သောအခါ ကျယ်သည်။ ထို့ကြောင့် **'ရူပီ**- အပြောင်းအလဲသဘော ရှိသောအားဖြင့် ဖောက်ပြန်ခြင်း သဘောရှိ၏' ဟုယူဆလေသည်။

ထိုပဋိဘာဂနိမိတ်ကို အာရုံပြုသော ဈာန်တရားကို 'သညာ' ဟု ယူ၍ 'အတ္တမှာ သညာရှိသည်' ဟု ယူလေသည်။ ဈာန်မရသော ပုဂ္ဂိုလ်ကလည်း သူ၏ ကြံစည်တွေးတောမှုဖြင့် အတ္တသည် **'ရူပီ**- ရုပ်သဘောရှိ၏။ **သညာ**- သညာရှိ၏' ဟု ယူလေသည်။ ထိုဈာန်ရ / မရ ပုဂ္ဂိုလ် နှစ်ဦးလုံးပင် ရုပ်သဘောရှိသော ထိုအတ္တသည်-

ဥဒ္ဓမာဃာတန- ဤဘဝမှ သေပြီးနောက်၊ **အရောဂေါ**- ပျက်စီးခြင်း ပြောင်းလွဲခြင်းမရှိ။ *(အနာရောဂါတောင် မရှိ၊ ပျက်စီးဂန်ကား ဝေးစွ။)* ထို့ကြောင့် အတ္တသည် အခါခပ်သိမ်း **'သဿတိ**- မြဲ၏' ဟု ယူလေသည်။ *(ဤ၌ အရောဂေါ ဟူသောပုဒ်သည် နိစ္စ၏ ပရိယာယ်ပုဒ် ဖြစ်လေသည်။) (ဒီ ဋ- ၁- ၁၀၉၊ မဟာဋီ- ၁၇၀ / ၁၇၁၊ သီဋီသစ် ပအုပ်- ၄၄၀ / ၄၄၁)*

(၂) အရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။ *(ဒီ- ၁- ၂၉)*

အတ္တာ- အတ္တသည်၊ **အရူပီ**- ဖောက်ပြန်ခြင်း ရုပ်သဘောမရှိသည်၊ **ဟောတိ**- ဖြစ်၏၊ **မရဏာ**- သေရာအခါမှ၊ **ပရံ**- နောက်၌၊ **အရောဂေါ**- ပျက်စီးခြင်းမရှိ မြဲ၏၊ **သညီ**- သညာရှိ၏၊ **ဣတိ**- ဤသို့၊ **နံ**- ထိုအတ္တကို၊ **ပညပေန္တိ**- ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်သည် အရူပဈာန်ရ ပုဂ္ဂိုလ်တည်း။ ကသိုဏ်းကိုးပါးတို့တွင် တစ်ပါးပါးကို ခွါခြင်းကြောင့် ရအပ်သော 'ကောင်းကင် ပညတ်, ပဌမာရုပ္ပဝိညာဉ်, နတ္ထိဘောပညတ်, တတိယာရုပ္ပဝိညာဉ်' ဟူ၍ အရူပဈာန်သမာပတ်အာရုံ (၄)မျိုးရှိရာ၌-

ကောင်းကင်ပညတ်သည် အာကာသာနဉ္စာယတန ဈာန်သမာပတ်၏ အာရုံဖြစ်သည်၊
ပဌမာရုပ္ပဝိညာဉ်သည် ဝိညာဏဉ္စာယတန ဈာန်သမာပတ်၏ အာရုံဖြစ်သည်၊
နတ္ထိဘောပညတ်သည် အာကိဉ္စညာယတန ဈာန်သမာပတ်၏ အာရုံဖြစ်သည်၊
တတိယာရုပ္ပဝိညာဉ်သည် နေဝသညာနာသညာယတန ဈာန်သမာပတ်၏ အာရုံဖြစ်သည်၊

ထိုကဲ့သို့ အရူပဈာန်သမာပတ်၏ အာရုံဖြစ်သော ကောင်းကင်ပညတ် စသည်တို့ကို 'အတ္တ' ဟု ယူဆပြီးနောက် ထို ကောင်းကင်ပညတ် စသည်ကား 'အရူပီ- ရုပ်သဘော မရှိ' ဟု ယူဆလေသည်။ ထိုကောင်းကင်ပညတ် စသောအာရုံကို အာရုံ ပြုသော အာကာသာနဉ္စာယတန ဈာန်သမာပတ်စသော ဈာန်တရားများကို 'သညီ- သညာရှိသည်' ဟု ယူဆလေသည်။

ထိုရုပ်သဘောမရှိသော ထိုအတ္တသညာသည် သေပြီးနောက် 'အရောဂေါ' ပျက်စီးပြောင်းလွဲခြင်းမရှိ။ ထို့ကြောင့် ထိုအတ္တ သည် အခါခပ်သိမ်းမြဲ၏ဟု ယူလေသည်။

(၃) ရူပီစ အရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ၊ *(ဒီ- ၁- ၂၉)*

အတ္တာ- အတ္တသည်၊ **ရူပီစ-** ဖောက်ပြန်ခြင်း ရှိသည်လည်း၊ **ဟောတိ-** ဖြစ်၏။ **အရူပီစ-** ဖောက်ပြန်ခြင်း မရှိသည်လည်း၊ **ဟောတိ-** ဖြစ်၏။ **မရဏာ-** သေရာအခါမှ၊ **ပရံ-** နောက်၌၊ **အရောဂေါ-** ပျက်စီးခြင်းမရှိ မြဲ၏။ **သညီ-** သညာရှိ၏။ **ဣတိ-** ဤသို့၊ **နံ-** ထိုအတ္တကို၊ **ပညပေန္တိ-** ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်ကား ရူပဈာန်လည်းရ၊ အရူပဈာန်လည်းရ၍ ရူပဈာန်၏ အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို 'ရူပီ' အရူပဈာန်၏ အာရုံဖြစ်သော ကောင်းကင်ပညတ် စသည်ကို 'အရူပီ' ဟု ယူဆလေသည်။

ပဋိဘာဂနိမိတ်ကို အာရုံပြုသော ဈာန်တရားကိုလည်း **သညီ-** သညာရှိသည် ဟူ၍လည်းကောင်း၊ ကောင်းကင်ပညတ် စသည်ကို အာရုံပြုသော အရူပဈာန်တရားများကိုလည်း 'သညီ'- သညာရှိသည် ဟူ၍လည်းကောင်း ယူပြီးလျှင် ထိုသညာနှစ်မျိုးလုံး ကို အတ္တဟူ၍ ယူပြန်လေသည်။

ထိုရုပ်သဘောရှိသော အတ္တသညာသည်လည်းကောင်း၊ ရုပ်သဘောမရှိသော အတ္တသညာသည်လည်းကောင်း ဤဘဝမှ သေပြီးနောက် **အရောဂေါ-** ပျက်စီးပြောင်းလွဲခြင်း မရှိဘဲ အခါခပ်သိမ်း မြဲ၏ဟူ၍ ယူလေသည်။

(၄) နေဝရူပီ နာရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ၊ *(ဒီ- ၁- ၂၉)*

အတ္တာ- အတ္တသည်၊ **ရူပီ-** ဖောက်ပြန်ခြင်းရှိသည်၊ **နေဝဟောတိ-** မဖြစ်၊ **အရူပီ-** ဖောက်ပြန်ခြင်း မရှိသည်၊ **နဟောတိ-** မဖြစ်၊ **မရဏာ-** သေရာအခါမှ၊ **ပရံ-** နောက်၌၊ **အရောဂေါ-** ပျက်စီးခြင်းမရှိ မြဲ၏၊ **သညီ-** သညာရှိ၏၊ **ဣတိ-** ဤသို့၊ **နံ-** ထို အတ္တကို၊ **ပညပေန္တိ-** ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်ကား ဈာန်ရပုဂ္ဂိုလ် မဟုတ်ဘဲ မိမိ၏ တွေးတောကြံစည်မှုဖြင့် အတ္တသည် အလွန်သိမ်မွေ့သောကြောင့် မိမိကိုယ်ကို မပြုစွမ်းနိုင်ရကား **နေဝရူပီ-** ရုပ်သဘောရှိသည်ဟုလည်း မဆိုရ။ ရုပ်သဘောကို မလွန်နိုင်သောကြောင့် **နာရူပီ-** ရုပ်မရှိဟုလည်း မဆိုရဟု ယူလေသည်။

ထိုရုပ်သဘော ရှိသည်ဟုလည်း မဆိုရ၊ ရုပ်မရှိဟူ၍လည်း မဆိုရသော အတ္တ၌ သညာရှိ၏။ ထိုအတ္တသညာသည် ဤ ဘဝမှ သေပြီးနောက် 'အရောဂေါ သဿတိ' အခါခပ်သိမ်း မြဲ၏ဟု ယူလေသည်။

(၅) အန္တဝါ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ၊ *(ဒီ- ၁- ၂၉)*

အတ္တာ- အတ္တသည်၊ **အန္တဝါ-** အဆုံးအပိုင်းအခြားရှိသည်၊ **ဟောတိ-** ဖြစ်၏။ **မရဏာ-** သေရာအခါမှ၊ **ပရံ-** နောက်၌၊ **အရောဂေါ-** ပျက်စီးခြင်းမရှိ မြဲ၏၊ **သညီ-** သညာရှိ၏၊ **ဣတိ-** ဤသို့၊ **နံ-** ထိုအတ္တကို၊ **ပညပေန္တိ-** ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်ကား အနန္တာနန္တဝါဒ၌ ပြခဲ့သည့်အတိုင်း ပဋိဘာဂနိမိတ်ကို အဆုံးအပိုင်းအခြားရှိအောင် ချဲ၍ ထိုနိမိတ်ကိုပင် အတ္တဟု စွဲလမ်းလေသည်။ အဆုံးအပိုင်းအခြားရှိသော ထိုအတ္တသညာသည် သေပြီးနောက် အခါခပ်သိမ်း မြဲ၏ဟု ယူလေသည်။

(၆) အနန္တဝါ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တာ– အတ္တသည်၊ **အနန္တဝါ–** အဆုံးအပိုင်းအခြား မရှိသည်၊ **ဟောတိ–** ဖြစ်၏၊ **မရဏာ–** သေရာအခါမှ၊ **အရောဂေါ–** ပျက်စီးခြင်းမရှိ မြဲ၏၊ **သညီ–** သညာရှိ၏၊ **ဣတိ–** ဤသို့ **နံ–** ထိုအတ္တကို၊ **ပညပေန္တိ–** ပညတ်ကြကုန်၏။

(၇) အန္တဝါစ အနန္တဝါစ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တသည် အဆုံးရှိလည်းဟုတ်၏၊ အဆုံးမရှိလည်းဟုတ်၏၊ သေပြီးနောက် ထိုအတ္တသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူလေသည်။

(၈) နေဝန္တဝါ နာနန္တဝါ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တသည် အဆုံးရှိသည်လည်းမဟုတ်၊ အဆုံးမရှိသည်လည်းမဟုတ်၊ သေပြီးသည်မှနောက်၌ ထိုအတ္တသညာသည် အခါခပ်သိမ်း မြဲလေ၏ဟု ယူလေသည်။

(ရှေးကပြခဲ့ပြီးသော အန္တာနန္တဝါဒက ပုဂ္ဂိုလ်များသည် ရှေးအတိတ် အကြောင်းခုကိုကြံ၍ ဤပုဂ္ဂိုလ်လေးမျိုးတို့ကား အနာဂတ်အကြောင်းကို 'သေပြီးနောက် မြဲ၏ဟူသော နောက်အဖို့ကို' ကြံခြင်းသာ ထူးလေသည်။)

(၉) ဧကတ္တသညီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တသည် တစ်မျိုးတည်းသာ ရှိ၏။ သေပြီးနောက် ထိုအတ္တသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူလေသည်။

ဤပုဂ္ဂိုလ်သည် ဈာန်သမာပတ် ဝင်စားနေခိုက် 'စိတ်အစဉ်ကို အတ္တ' ဟုယူ၍ ထိုအတ္တသည် ဈာန်၏အာရုံ တစ်ခုတည်းကို အာရုံပြုနေသောကြောင့် အမှတ်သညာ တစ်မျိုးသာ ရှိသည်ဟု ယူဆလေသည်။ ထိုအတ္တသညာသည် သေပြီးနောက် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

(၁၀) နာနတ္တသညီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တသည် အမျိုးမျိုး သညာရှိ၏။ သေပြီးနောက် ထိုအတ္တသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

ဤပုဂ္ဂိုလ်ကား ဈာန်မဝင်စားသောအခါ အာရုံအမျိုးမျိုး၌ သညာအမျိုးမျိုး ရှိသည်ဟု ယူဆပြီး သေပြီးသည်၏နောက် ထိုအတ္တသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။ *(ဈာန်ဝင်စားသောအခါ ဧကတ္တသညီ၊ ဈာန်မဝင်စားသောအခါ– နာနတ္တသညီ)*

(၁၁) ပရိတ္တသညီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တသည် သေးငယ်သော သဘောရှိ၏။ သေပြီးနောက် ထိုအတ္တသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။
(ဤပုဂ္ဂိုလ်သည် ဈာန်ရပုဂ္ဂိုလ်ဖြစ်ပြီး ပဋိဘာဂနိမိတ်ကို မချဲ့သည့်အတွက် အတ္တသည် သေးငယ်သော သညာရှိ၏ဟု ယူဆခြင်း ဖြစ်သည်။)

(၁၂) အပ္ပမာဏသညီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တသည် အတိုင်းအရှည် မရှိလောက်အောင် ကြီးကျယ်သော သညာရှိ၏။ သေပြီးနောက် ထိုအတ္တသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။ *(ပဋိဘာဂနိမိတ်ကို တိုးချဲ့ပြီး ထိုသို့ယူခြင်း ဖြစ်သည်။)*

တစ်နည်း အချို့ဆရာတို့သည် အတ္တသည် လက်မလောက်သာရှိ၏။ မုယောစပါးလောက်သာရှိ၏။ အဏုမြူလောက်သာ ရှိ၏။ ခန္ဓာကိုယ်သေးရင် သေးသလောက် အတ္တလည်းသေး၏။ ခန္ဓာကိုယ်ကြီးရင် ကြီးသလောက် အတ္တလည်းကြီး၏ဟု တိတ္ထိတို့ ကြံဆကြလေသည်။ ဤသို့ အမျိုးမျိုး ပမာဏ ရှိသောကြောင့် ပမာဏ မပြနိုင်လောက်အောင် များသောသညာရှိ၏ဟု ယူဆကြလေသည်။ *(မဟာဋီ– ၁၇၂၊ ဋီသစ် ပအုပ်– ၄၄၃)*

(၁၃) ကေန္တ သုခီ အတ္တာ ဟောတိ၊ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တသည် စင်စစ် သုခရှိ၏။ သေပြီးနောက် ထိုအတ္တသုခသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။ ဤပုဂ္ဂိုလ်ကား ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်ဖြစ်၍ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်သောအခါ ပဌမဈာန်သုံးဘုံ, ဒုတိယဈာန်သုံးဘုံ, တတိယဈာန်သုံးဘုံတို့က ဗြဟ္မာကြီးများသည် ဈာန်ဝင်စားလျက် ဈာန်ချမ်းသာခေါ် သုခဝေဒနာ ခံစားနေကြသည်ကိုမြင်၍ အတ္တသည် စင်စစ် သုခရှိ၏။ ထို အတ္တသုခသညာသည် သေပြီးနောက် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

(၁၄) ကေန္တ ဒုက္ခီ အတ္တာ ဟောတိ၊ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တသည် စင်စစ် ဒုက္ခရှိ၏။ သေပြီးနောက် ထိုအတ္တဒုက္ခသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။ ဤပုဂ္ဂိုလ်ကား ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ငရဲဘုံသားတို့ ဒုက္ခဝေဒနာ ခံစားနေကြရသည်ကိုမြင်၍ အတ္တသည် စင်စစ် ဒုက္ခရှိ၏။ ထိုအတ္တဒုက္ခသညာသည် သေပြီးနောက် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

(၁၅) သုခ ဒုက္ခီ အတ္တာ ဟောတိ၊ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တသည် သုခ, ဒုက္ခ နှစ်မျိုးလုံးရှိ၏။ သေပြီးနောက် ထိုအတ္တသုခ, ဒုက္ခသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။ ဤပုဂ္ဂိုလ်ကား လူ့လောကကြည့်၍ လူ့လောက၌ သုခ, ဒုက္ခဝေဒနာ နှစ်မျိုးလုံးကို ခံစားနေကြရသည်ကိုမြင်၍ အတ္တသည် သုခ, ဒုက္ခရှိ၏။ ထိုအတ္တသုခ, ဒုက္ခသညာသည် သေပြီးနောက် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

(၁၆) အဒုက္ခမသုခီ အတ္တာ ဟောတိ၊ အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ။

အတ္တသည် ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်သော ဥပေက္ခာဝေဒနာရှိ၏။ ထိုအတ္တဥပေက္ခာသညာသည် သေပြီး နောက် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။ ဤပုဂ္ဂိုလ်ကား ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စတုတ္ထဈာန်ဘုံက ဝေဟပ္ဖိုလ် ဗြဟ္မာကြီးများ ဥပေက္ခာဈာန် ဝင်စားပြီး ဥပေက္ခာဝေဒနာချမ်းသာဖြင့် နေသည်ကို မြင်၍ အတ္တသည် ဥပေက္ခာရှိ၏။ ထိုအတ္တဥပေက္ခာသညာသည် သေပြီးနောက် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။ *(ဒီ- ၁- ၂၉၊ ဒီ ဋ္ဌ- ၁- ၁၁၀)*

အချုပ်ဆိုလိုချက်

ဖော်ပြခဲ့ပြီး (၁၆)မျိုးလုံးပင် အတ္တာ- အတ္တသည်၊ မရဏာ- သေရာအခါမှ၊ ပရံ- နောက်ကာလ၌၊ အရောဂေါ- အနာရောဂါတောင်မရှိ၊ ပျက်စီးရန်ဝေးစွ၊ အခါခပ်သိမ်း မြဲလေသည်ဟု အပရန္တကပ္ပိက သဿတဒိဋ္ဌိအယူကို ယူသူချည်း ဖြစ်ကြလေသည်။

ထို့ကြောင့် ပါဠိတော်၌ 'ဥဒ္ဓမာဃာတနိကာ' သေပြီးနောက် အတ္တသည် မြဲ၏ဟု အယူရှိသူတို့ ဖြစ်ကြလေသည်ဟု ဗုဒ္ဓ မိန့်ကြားတော်မူခြင်း ဖြစ်သည်။

သညီသဿတဝါဒ (၁၆)မျိုး နိဂုံး

ရဟန်းတို့ ဥဒ္ဓမာဃာတန အယူရှိကုန်၍ သညီဝါဒ ရှိကုန်သော ထိုသမဏ, ဗြာဟ္မဏတို့သည် ဤ (၁၆)မျိုးသော အကြောင်းတို့ဖြင့် အတ္တကို သေပြီးနောက် သညာရှိ၏ (မြဲ၏) ဟု ပြောဆိုပညတ်ကြလေသည်။ ဥဒ္ဓမာဃာတနိက သညီဝါဒ ရှိကြသူဟူသမျှတို့သည် ဤ (၁၆)မျိုးသော အကြောင်းတို့ဖြင့်ဖြစ်စေ၊ ဤ (၁၆)မျိုးတွင် တစ်မျိုးမျိုးသော အကြောင်းတို့ဖြင့်ဖြစ်စေ သေပြီးနောက်၌ အတ္တကို သညာရှိ၏ (မြဲ၏) ဟု ပညတ်ကြလေသည်။ ဤ (၁၆)မျိုးမှတပါး အခြား ဥဒ္ဓမာဃာတနိက သညီဝါဒ ပညတ်ရန် အကြောင်းမရှိတော့ချေ။ *(ဤမှနောက် သဗ္ဗညုတဉာဏ်ပြခန်း၊ ဝေဒနာကမ္မဋ္ဌာန်း နိဂုံးအုပ်ပုံတို့ကား သဿတဝါဒတန်းက အတိုင်းပင်တည်း။)*

ဗုဒ္ဓါနုဿတိ ပွါးများရန်

(၁) ကေ ရူပီ အတ္တာ ဟောတျာဒိ ဥဒ္ဓမာဃာတနံ သညီ အတ္တဒိဋ္ဌိ သောဠသဟိ ဝတ္ထုဟိ ဂဏှန္တိတိ အညာ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ‘အချို့သောပုဂ္ဂိုလ်တို့သည် ရုပ်သဘောရှိသော အတ္တသညာသည် သေပြီးသည်၏ နောက်ကာလ၌ အခါခပ်သိမ်း မြဲ၏’ အစရှိသော ဥဒ္ဓမာဃာတန သညာရှိသော အတ္တဒိဋ္ဌိကို (၁၆)ပါးသော အကြောင်းတို့ဖြင့် ယူကုန်၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) တ္တုမေတေဝ သောဠသဟိ ဝတ္ထုုဟိ ဥဒ္ဓမာဃာတနံ သညီ အတ္တဒိဋ္ဌိ ဂဏှန္တိ အညု ဇုဒ္ဓေါ၊ နတ္ထိ တ္တုတော ဗဟိဒ္ဓါ။

ရှင်တော်ဗုဒ္ဓသည် ဤအကြောင်း (၁၆)မျိုးတို့ဖြင့်သာလျှင် ဥဒ္ဓမာဃာတန သညာရှိသော အတ္တဒိဋ္ဌိကို ယူကုန်၏။ ဤ (၁၆)မျိုးမှတပါး အခြားဥဒ္ဓမာဃာတန သညာရှိသော အတ္တဒိဋ္ဌိကို ယူနိုင်သော အကြောင်းသည် မရှိတော့ပြီဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၃) တေသံ ဥဒ္ဓမာဃာတနိကာနံ သညီနံ ပုဂ္ဂလာနံ ဂတိဉ္စ အညု ဇုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဥဒ္ဓမာဃာတန သညာရှိသော အတ္တဒိဋ္ဌိကို ယူကြကုန်သော ပုဂ္ဂိုလ်တို့၏ နိရယ အစရှိသော လားရာဂတိကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၄) တတောစ ဥတ္တရိတရံ အညု ဇုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၅) တထာဂတောဝ တထာဂတဿ ဂုဏံ ပဇာနာတိတိ န အညာ အညု ဇုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူပါပေ၏။

(၆) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၁) ဥဒ္ဓမာဃာတနံ ဒိဋ္ဌိ၊ သောဠသေဟိစ န အညေ၊
ဧဝံ ဇာနံ တထာဂတံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ဥဒ္ဓမာဃာတနံ ဒိဋ္ဌိ– သေပြီးသည်၏နောက် အတ္တသညာသည် မြဲ၏ဟူ၍ မိစ္ဆာဒိဋ္ဌိအယူရှိကြသူတို့သည်၊ **သောဠသေဟိစ**– (၁၆)ပါးကုန်သော အကြောင်းတို့ဖြင့်သာလျှင်၊ **ဥဒ္ဓမာဃာတန ဒိဋ္ဌိ**– ဥဒ္ဓမာဃာတန သညာဒိဋ္ဌိကို၊ **ဂဏှန္တိ**– ယူကြလေကုန်၏။ **အညေ အညေန**– ထို (၁၆)ပါးကုန်သော အကြောင်းတို့မှ တပါးကုန်သော၊ **ကာရဏေ**– အခြားအကြောင်းသည်၊ **န**– မရှိတော့ပြီ။ **ဧဝံ**– ဤသို့၊ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ** – တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) ပရံ နိစ္စံ ဂဟိတာနံ၊ ဇာနာတိစ ဂတံ ဂတိ၊
တတော ဥတ္တရိတရဥ္စ၊ သမ္ဗုဒ္ဓေါဝ တထာဂတံ။

ပရံ နိစ္စံ– သေပြီးနောက် အခါခပ်သိမ်း မြဲ၏ဟူသော ဥဒ္ဓမာဃာတန သညာဒိဋ္ဌိကို၊ **ဂဟိတာနံ**– ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ **ဂတံ**– လားရောက်ရာဖြစ်သော၊ **ဂတိဉ္စ**– နိရယအစရှိသော ဂတိကိုလည်း၊ **ဇုဒ္ဓေါ**– ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူ၏၊ **တတော**– ထိုထက်၊ **ဥတ္တရိတရဥ္စ**– အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ် ဟူသော ဂုဏ်များကိုလည်း၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **သမ္ဗုဒ္ဓေါဝ**– ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ **တထာဂတံ**– ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်ကို၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **ဧဝံ**– ဤသို့၊ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်

ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ ဘုရား။

ဥဒ္ဓမာဃာတနိက သညီဝါဒ (၁၆) မျိုးပြီး၏။

ဥဒ္ဓမာဃာတနိက အသညီဝါဒ (၈)မျိုး

ဥဒ္ဓမာဃာတနိက အသညီဝါဒ မိစ္ဆာဒိဋ္ဌိ (၈)မျိုးကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဥဒ္ဓမာဃာတနိကာ အသညီဝါဒါ ဥဒ္ဓမာဃာတနံ အသညီ အတ္တာနံ ပညပေန္တိ အဋ္ဌဟိ ဝတ္ထူဟိ။ *(ဒီ– ၁– ၂၉)*

ဘိက္ခဝေ– ရဟန်းတို့၊ **ဧကေ**– အချို့ကုန်သော၊ **ယေ သမဏဗြာဟ္မဏာ**– အကြင် သမဏ, ဗြာဟ္မဏတို့သည် **ဥဒ္ဓမာဃာတနိကာ**– သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ အတ္တကို ပြောဆိုကြောင်း အယူရှိကုန်သည်၊ **အသညီဝါဒါ**– သညာမရှိဟု ပြောဆိုကြောင်း အယူရှိကုန်သည်၊ **ဟုတွာ**– ဖြစ်၍၊ **အဋ္ဌဟိ**– (၈)မျိုးကုန်သော၊ **ဝတ္ထူဟိ**– အကြောင်းတို့ဖြင့်၊ **ဥဒ္ဓမာဃာတနံ**– သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌၊ **အတ္တာနံ**– အတ္တကို၊ **အသညီ**– သညာမရှိဟူ၍၊ **ပညပေန္တိ**– ပညတ်ကြကုန်၏၊ **တေ သမဏဗြာဟ္မဏာ**– ထို သမဏ, ဗြာဟ္မဏတို့သည်၊ **ကိံ**– အဘယ်အကြောင်းကို၊ **အာဂမ္မ**– စွဲ၍၊ **ကိံ**– အဘယ်အကြောင်းကို၊ **အာရဗ္ဘ**– အာရုံပြု၍၊ **ပညပေန္တိ**– ပညတ်ကြကုန်သနည်း။

ဥဒ္ဓမာဃာတနိက အသညီဝါဒ မိစ္ဆာဒိဋ္ဌိ (၈)မျိုးကို အောက်ပါအတိုင်း ပညတ်ကြလေသည်။

(၁) ရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ အသညီတိ နံ ပညပေန္တိ။ *(ဒီ– ၁– ၂၉)*

အတ္တာ– အတ္တသည်၊ **ရူပီ**– ဖောက်ပြန်ခြင်း ရုပ်သဘောရှိသည်၊ **ဟောတိ**– ဖြစ်၏၊ **မရဏာ**– သေရာအခါမှ၊ **ပရံ**– နောက်၌၊ **အရောဂေါ**– ပျက်စီးခြင်းမရှိ မြဲ၏၊ **အသညီ**– သညာမရှိ၊ **ဣတိ**– ဤသို့၊ **နံ** –ထိုအတ္တကို၊ **ပညပေန္တိ**– ပညတ်ကြကုန်၏။

ဤ၌ **'ရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ'** အဓိပ္ပါယ်ကား ရှေးသညီဝါဒက အတိုင်းပင်တည်း။ ဤ၌ **'အသညီ– သညာမရှိ'** ဟူ၍ ယူဆချက်သည် အထူးတည်း။

ဤပုဂ္ဂိုလ်သည် ဈာန်အဘိညာဉ်ဖြင့် အသညသတ်ဗြဟ္မာကို မြင်ရ၍ ရှေးဘဝက အတ္တသည် သေပြီးနောက် 'အသညီ– သညာမရှိ' ဟု ယူဆပြီး ထိုအတ္တအသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

(၂) အရူပီ အတ္တာ ဟောတိ၊ အရောဂေါ ပရံ မရဏာ၊ အသညီတိ နံ ပညပေန္တိ။

အတ္တာ– အတ္တသည်၊ **အရူပီ**– ဖောက်ပြန်ခြင်း ရုပ်သဘောမရှိသည်၊ **ဟောတိ**– ဖြစ်၏။ **မရဏာ**– သေရာအခါမှ၊ **ပရံ**– နောက်၌၊ **အရောဂေါ**– ပျက်စီးခြင်းမရှိ မြဲ၏။ **အသညီ**– သညာမရှိ။ **ဣတိ**– ဤသို့၊ **နံ**– ထိုအတ္တကို၊ **ပညပေန္တိ**– ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်ကား ခန္ဓာငါးပါးတွင် သညက္ခန္ဓာကို အတ္တဟုယူ၍ ထိုသညာမှ အခြားသညာတစ်မျိုး မရှိသောကြောင့် သေပြီးနောက် သညာမရှိယူပြီး ထိုအတ္တသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

(၃) ရူပီစ, အရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ အသညီတိ နံ ပညပေန္တိ။

အတ္တာ– အတ္တသည်၊ **ရူပီ**– ဖောက်ပြန်ခြင်း ရုပ်သဘောရှိသည်လည်း၊ **ဟောတိ**– ဖြစ်၏၊ **အရူပီစ**– ဖောက်ပြန်ခြင်း ရုပ်သဘော မရှိသည်လည်း၊ **ဟောတိ**– ဖြစ်၏၊ **မရဏာ**– သေရာအခါမှ၊ **ပရံ**– နောက်၌၊ **အရောဂေါ**– ပျက်စီးခြင်းမရှိ မြဲ၏၊ **အသညီ**– သညာမရှိ၊ **ဣတိ**– ဤသို့၊ **နံ**– ထိုအတ္တကို၊ **ပညပေန္တိ**– ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်ကား သညာနှင့်တကွ ရုပ်, နာမ်အားလုံးကို အတ္တဟုယူ၍ ထိုအတ္တမှာ အခြားအပို သညာတစ်ခု မရှိသောကြောင့် သေပြီးနောက် သညာမရှိဟု ယူဆပြီး ထိုအတ္တအသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

(၄) နေဝရူပီ နာရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ အသညီတိ နံ ပညပေန္တိ။

အတ္တာ– အတ္တသည်၊ **ရူပီ**– ရုပ်သဘောရှိသည်လည်း၊ **နေဝ ဟောတိ**– မဖြစ်ပေ။ **အရူပီ**– ရုပ်သဘောမရှိသည်လည်း၊ **နဟောတိ**– မဖြစ်ပေ။ **မရဏာ**– သေရာအခါမှ၊ **ပရံ**– နောက်၌၊ **အရောဂေါ**– ပျက်စီးခြင်းမရှိ မြဲ၏။ **အသညီ**– သညာမရှိ၊ **ဣတိ**– ဤသို့၊ **နံ**– ထိုအတ္တကို၊ **ပညပေန္တိ**– ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်ကား ရျာန်ရပုဂ္ဂိုလ် မဟုတ်ဘဲ မိမိ၏ တွေးတောကြံစည်မှုဖြင့် အတ္တသည် အလွန်သိမ်မွေ့သောကြောင့် မိမိကိုယ်ကို မပြစ်မှားနိုင်ရကား **နေဝရူပီ**– ရုပ်သဘောရှိသည်ဟုလည်း မဆိုရ။ **နာရူပီ**–*(ရုပ်သဘောကို မလွန်ဆန်နိုင်သောကြောင့်)* ရုပ်မရှိဟုလည်း မဆိုရ။ သညာကားမရှိ။ ထိုအတ္တအသညာသည် သေပြီးနောက် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

(၅) အန္တဝါ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ အသညီတိ နံ ပညပေန္တိ။

အတ္တာ– အတ္တသည်၊ **အန္တဝါ**– အဆုံးရှိသည်၊ **ဟောတိ**– ဖြစ်၏၊ **မရဏာ**– သေရာအခါမှ၊ **ပရံ**– နောက်၌၊ **အရောဂေါ**– ပျက်စီးခြင်းမရှိ မြဲ၏၊ **အသညီ**– သညာမရှိ၊ **ဣတိ**– ဤသို့၊ **နံ**– ထိုအတ္တကို၊ **ပညပေန္တိ**– ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်ကား အကျယ်မချဲ့အပ်သော ကသိုဏ်းရုပ်ကို အဆုံးရှိသော အတ္တဟုယူပြီး ထိုကသိုဏ်းရုပ်မှာ မှတ်သားတတ်သော သညာမရှိ၍ သညာမရှိဟုယူပြီး သေပြီးနောက် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

(၆) အနန္တဝါ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ အသညီတိ နံ ပညပေန္တိ။

အတ္တာ– အတ္တသည်၊ **အနန္တဝါ**– အဆုံးမရှိသည်၊ **ဟောတိ**– ဖြစ်၏။ **မရဏာ**– သေရာအခါမှ၊ **ပရံ**– နောက်၌၊ **အရောဂေါ**– ပျက်စီးခြင်းမရှိ မြဲ၏။ **အသညီ**– သညာမရှိ၊ **ဣတိ**– ဤသို့၊ **နံ**– ထိုအတ္တကို၊ **ပညပေန္တိ**– ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်ကား အကျယ်ချဲ့အပ်သော ကသိုဏ်းရုပ်ကို အဆုံးမရှိသော အတ္တဟုယူပြီး ထိုကသိုဏ်းရုပ် အတ္တမှာ မှတ်သားတတ်သော သညာမရှိ၍ သညာမရှိဟုယူပြီး သေပြီးနောက် ထိုအတ္တအသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

(၇) အန္တဝါ စ အနန္တဝါ စ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ အသညီတိ နံ ပညပေန္တိ။

အတ္တာ– အတ္တသည်၊ **အန္တဝါ စ**– အဆုံးရှိသည်လည်း၊ **ဟောတိ**– ဖြစ်၏။ **အနန္တဝါ စ**– အဆုံးမရှိသည်လည်း၊ **ဟောတိ**– ဖြစ်၏။ **မရဏာ**– သေရာအခါမှ၊ **ပရံ**– နောက်၌၊ **အရောဂေါ**– ပျက်စီးခြင်းမရှိ မြဲ၏။ **အသညီ**– သညာမရှိ။ **ဣတိ**– ဤသို့၊ **နံ**– ထိုအတ္တကို၊ **ပညပေန္တိ**– ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်ကား အကျယ်မချဲ့သော ကသိုဏ်းရုပ်ကို အဆုံးရှိသော အတ္တဟုလည်းကောင်း၊ အကျယ်ချဲ့သော ကသိုဏ်းရုပ်ကို အဆုံးမရှိသော အတ္တဟုလည်းကောင်း ယူပြီး ထိုကသိုဏ်းရုပ်အတ္တမှာ မှတ်သားတတ်သော သညာမရှိ၍ သညာမရှိဟုယူပြီး သေပြီးနောက် ထိုအတ္တအသညာသည် အခါခပ်သိမ်း မြဲ၏ဟု ယူလေသည်။

(၈) နေဝန္တဝါ နာနန္တဝါ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ အသညီတိ နံ ပညပေန္တိ။

အတ္တာ– အတ္တသည်၊ **အန္တဝါ**– အဆုံးရှိသည်လည်း၊ **နေဝဟောတိ**– မဖြစ်၊ **အနန္တဝါ**– အဆုံးမရှိသည်လည်း၊ **နာဟောတိ**– မဖြစ်၊ **မရဏာ**– သေရာအခါမှ၊ **ပရံ**– နောက်၌၊ **အရောဂေါ**– ပျက်စီးခြင်းမရှိ မြဲ၏၊ **အသညီ**– သညာမရှိ၊ **ဣတိ**– ဤသို့၊ **နံ**– ထိုအတ္တကို၊ **ပညပေန္တိ**– ပညတ်ကြကုန်၏။

ဤပုဂ္ဂိုလ်ကား ကြံစည်တွေးတောပြီး အတ္တသည် အဆုံးရှိသည်လည်းမဟုတ်၊ အဆုံးမရှိသည်လည်းမဟုတ်ဟု ယူပြီး ထိုအတ္တသည် သညာမရှိ၊ သေပြီးနောက် အခါခပ်သိမ်း မြဲ၏ဟု ယူဆလေသည်။

အသညီဝါဒ နိဂုံး

ရဟန်းတို့ ဥဒ္ဓမာဃာတနိက အသညီဝါဒ ရှိကုန်သော ထိုသမဏ, ဗြာဟ္မဏတို့သည် ဤရှစ်မျိုးသော အကြောင်းတို့ဖြင့် အတ္တကို သေပြီးနောက် သညာမရှိ, မြဲ၏ဟု ပြောဆိုပညတ်ကြလေသည်။ ဥဒ္ဓမာဃာတနိက အသညီဝါဒ ရှိသူမှန်သမျှတို့သည် ဤရှစ်မျိုးသော အကြောင်းတို့ဖြင့်ဖြစ်စေ၊ ဤရှစ်မျိုးတွင် တစ်မျိုးမျိုးသော အကြောင်းဖြင့်ဖြစ်စေ အတ္တကို သေပြီးနောက် သညာမရှိ, မြဲ၏ဟု ပြောဆိုပညတ်ကြလေသည်။ ဤရှစ်မျိုးမှတပါး အခြားအကြောင်းတစ်မျိုး ပညတ်ရန် မရှိတော့ပြီ။ *(ဒီ– ၁– ၃၀)*

(ဤမှနောက် သဗ္ဗညုတဉာဏ်ခန်း၊ ဝေဒနာကမ္မဋ္ဌာန်း နိဂုံးအုပ်ပုံတို့မှာ ရှေးသဿတဝါဒ အတိုင်းတည်း။)

ဗုဒ္ဓါနုဿတိ ပွါးများရန်

(၁) ဧကေ ရူပီ အတ္တာ ဟောတျာဒိ ဥဒ္ဓမာဃာတနံ အသညီ အတ္တဒိဋ္ဌိ အဋ္ဌဟိ ဝတ္ထူဟိ ဂဏှန္တီတိ အညျ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် 'အချို့သောပုဂ္ဂိုလ်တို့သည် ရုပ်သဘောရှိသော အတ္တအသညာသည် သေပြီးသည်၏ နောက်ကာလ၌ အခါခပ်သိမ်း မြဲ၏' အစရှိသော ဥဒ္ဓမာဃာတန 'အသညာ' သညာမရှိသော အတ္တဒိဋ္ဌိကို ရှစ်ပါးသော အကြောင်းတို့ဖြင့် ယူကုန်၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) တ္တမေတေဝ အဋ္ဌဟိ ဝတ္ထူဟိ ဥဒ္ဓမာဃာတနံ အသညီ အတ္တဒိဋ္ဌိ ဂဏှန္တီတိ အညျ ဗုဒ္ဓေါ။ နတ္ထိ တ္တတော ဗဟိဒ္ဓါ။

ရှင်တော်ဗုဒ္ဓသည် ဤအကြောင်းရှစ်မျိုးတို့ဖြင့်သာလျှင် ဥဒ္ဓမာဃာတန 'အသညာ' သညာမရှိသော အတ္တဒိဋ္ဌိကို ယူကုန်၏။ ဤရှစ်မျိုးမှတပါး အခြားဥဒ္ဓမာဃာတန 'အသညာ' သညာမရှိသော အတ္တဒိဋ္ဌိကို ယူနိုင်သော အကြောင်းသည် မရှိတော့ပြီဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၃) တေသံ ဥဒ္ဓမာဃာတနိကာနံ အသညီနံ ပုဂ္ဂလာနံ ဂတိဥ္စ အညျ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဥဒ္ဓမာဃာတန 'အသညာ' သညာမရှိသော အတ္တဒိဋ္ဌိကို ယူကြကုန်သော ပုဂ္ဂိုလ်တို့၏ နိရယအစရှိသော လားရာဂတိကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၄) တတော စ ဥတ္တရိတရံ အညျ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၅) တထာဂတောဝ တထာဂတဿ ဂုဏံ ပဇာနာတီတိ နအညာ အညျ ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူပါပေ၏။

(၆) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ။

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပူဇနီယဂါထာ

(၁) ဥဒ္ဓမာဃာတနံ ဒိဋ္ဌိ၊ အဋ္ဌဝတ္ထူဟိ နအညော၊
ဝေံ ဇာနံ တထာဂတံ၊ အတံ ဝန္ဒာမိ သဗ္ဗဒါ။

ဥဒ္ဓမာဃာတနံ ဒိဋ္ဌိ– သေပြီးနောက် သညာမရှိသော အတ္တသည် အခါခပ်သိမ်း မြဲ၏ဟူ၍ အယူရှိကြကုန်သော သူတို့သည်၊

အဋ္ဌဝတ္ထုဟိ– ရှစ်မျိုးကုန်သော အကြောင်းတို့ဖြင့်သာလျှင်၊ **ဥဒ္ဓမာဃာတန ဒိဋ္ဌိ**– ဥဒ္ဓမာဃာတန ဒိဋ္ဌိကို၊ **ဂဏှန္တိ**– ယူကြလေကုန်၏၊ **အညေ**– **အညေန**– ထိုအကြောင်းရှစ်မျိုးမှ တပါးသော၊ **ကာရဏေ**– အခြားအကြောင်းသည်၊ **န**– မရှိတော့ပြီ၊ **ဇေ**– ဤသို့၊ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ **တထာဂတော**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) **ပရံ နိစ္စံ ဂတိတာနံ၊ ဇာနာတိစ ဂတံ ဂတိံ၊**
တတော ဥတ္တရိတရဥ္စ၊ သမ္ဗုဒ္ဓေါဝ တထာဂတော။

ပရံ နိစ္စံ– သေပြီးနောက် သညာမရှိသော အတ္တသည် အခါခပ်သိမ်း မြဲ၏ဟူသော အတ္တအသညာဒိဋ္ဌိကို၊ **ဂတိတာနံ**– ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ **ဂတံ**– လားရောက်ရာဖြစ်သော၊ **ဂတိဉ္စ**– နိရယအစရှိသော ဂတိကိုလည်း၊ **ဗုဒ္ဓေါ**– ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ **တတော**– ထိုထက်၊ **ဥတ္တရိတရဥ္စ**– အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်များကိုလည်း၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **သမ္ဗုဒ္ဓေါဝ**– ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ **တထာဂတံ**– ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်ကို၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **ဇေ**– ဤသို့၊ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတော**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ဥဒ္ဓမာဃာတနိက အသညီဝါဒ (၈)မျိုး ပြီး၏။

ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ (၈)မျိုး

သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဥဒ္ဓမာဃာတနိကာ နေဝသညီ နာသညီဝါဒါ ဥဒ္ဓမာဃာတနံ နေဝသညီ နာသညိံ အတ္တာနံ ပညပေန္တိ အဋ္ဌဟိ ဝတ္ထူဟိ။ *(ဒီ– ၁– ၃၀)*

ဘိက္ခဝေ– ရဟန်းတို့၊ **ဧကေ**– အချို့ကုန်သော၊ **ယေ သမဏဗြာဟ္မဏာ**– အကြင်သမဏ, ဗြာဟ္မဏတို့သည်၊ **ဥဒ္ဓမာဃာတနိကာ**– သေသည်မှအထက်ဖြစ်သော နောက်ကာလ၌ အတ္တကို ပြောဆိုကြောင်း အယူရှိကုန်သည်၊ **နေဝသညီ နာသညီဝါဒါ**– သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်းမဟုတ်ဟု ပြောဆိုကြောင်း အယူရှိကုန်သည်၊ **ဟုတွာ**– ဖြစ်၍၊ **အဋ္ဌဟိ**– ရှစ်မျိုးကုန်သော၊ **ဝတ္ထူဟိ**– အကြောင်းတို့ဖြင့်၊ **ဥဒ္ဓမာဃာတနံ**– သေသည်မှအထက်ဖြစ်သော နောက်ကာလ၌၊ **အတ္တာနံ**– အတ္တကို၊ **နေဝသညီ နာသညိံ**– သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်းမဟုတ်ဟူ၍၊ **ပညပေန္တိ**– ပညတ်ကြကုန်၏။
တေ သမဏဗြာဟ္မဏာ– ထိုသမဏ, ဗြာဟ္မဏတို့သည်၊ **ကိံ**– အဘယ်အကြောင်းကို၊ **အာဂမ္မ**– စွဲ၍၊ **ကိံ**– အဘယ် အကြောင်းကို၊ **အာရဗ္ဘ**– အာရုံပြု၍၊ **ပညပေန္တိ**– ပညတ်ကြကုန်သနည်း။

အောက်ပါရှစ်မျိုးကို ပြဆိုကြလေသည်။

(၁) ရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊ နေဝသညီ နာသညီတိ နံ ပညပေန္တိ။

အတ္တာ– အတ္တသည်၊ **ရူပီ**– ဖောက်ပြန်ခြင်း ရုပ်သဘောရှိသည်၊ **ဟောတိ**– ဖြစ်၏၊ **မရဏာ**– သေရာအခါမှ၊ **ပရံ**– နောက်၌၊ **အရောဂေါ**– ပျက်စီးခြင်းမရှိ မြဲ၏၊ **နေဝသညီ နာသညီ**– သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်းမဟုတ်၊ **ဣတိ**– ဤသို့၊ **နံ**– ထိုအတ္တကို၊ **ပညပေန္တိ**– ပညတ်ကြကုန်၏။

ရှေးပိုင်း '**ရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ**' စသော ရှစ်မျိုးတို့ကား ရှေးကပြဆိုပြီးဖြစ်သော သညီဝါဒ အတိုင်းပင်တည်း။ နောက်ပိုင်းဖြစ်သော '**နေဝသညီ နာသညီ**' တို့ကိုကား အဋ္ဌကထာဆရာသည် မပြတော့ပေ။ ဋီကာဟောင်း, ဋီကာသစ်တို့၌ အနည်းငယ် ပြဆိုထားလေသည်။ ယင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

စုတိ ပဋိသန္ဓိသု သဗ္ဗတ္ထဝါ ပဉ္စသညာကိစ္စ ကာတုံ အသမတ္ထတာယ သုခုမာယ သညာယ အတ္ထိဘာဝ ပဋိဇာနန ဝသေန၊ *(မဟာဋီ- ၁၇၃၊ ဋီသစ် ပအုပ်- ၄၄၅)*

စုတိ ပဋိသန္ဓိသု- သေနေတုန်းအခါ, သေပြီးနောက် ပဋိသန္ဓေနေတုန်းအခါတို့၌၊ သဗ္ဗတ္ထဝါ- အလုံးစုံသောအခါ နှစ်မျိုးလုံး၌လည်း၊ သညာယ- မှတ်သားမှု သညာကိစ္စသည်၊ သုခုမာယ- သိမ်မွေ့အားသေးလှသောကြောင့်၊ ပဉ္စသညာကိစ္စံ- မှတ်သားမှု သညာကိစ္စကို၊ ကာတုံ- ပြုခြင်းငှာ၊ အသမတ္ထတာယ- မစွမ်းနိုင်သည်ဖြစ်၍၊ အတ္ထိဘာဝ ပဋိဇာနန ဝသေန- အတ္တမှာ သညာရှိသည်၏အဖြစ်ကိုပင် မဆိုလောက်သည်ဖြစ်၍၊ **နေဝသညီ**- သညာရှိလည်းမဟုတ်၊ သုခုမာယ သညာယ ဝသေန- သညာလုံးဝမရှိသည်ကားမဟုတ်, သိမ်သိမ်မွေ့မွေ့ကား ရှိနေသေးသည်၏ အစွမ်းဖြင့်၊ **နာသညီ**- သညာမရှိလည်းမဟုတ်ဟု ယူဆလေသည်။

(၂) အရူပီ အတ္တာ ဟောတိ၊ (၃) ရူပီစ အရူပီ အတ္တာ ဟောတိ၊ (၄) နေဝရူပီ နာရူပီ အတ္တာ ဟောတိ၊ (၅) အန္တဝါ အတ္တာ ဟောတိ၊ (၆) အနန္တဝါ အတ္တာ ဟောတိ၊ (၇) အန္တဝါစ အနန္တဝါစ အတ္တာ ဟောတိ၊ (၈) နေဝန္တဝါ နာနန္တဝါ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ နေဝသညီ နာသညီတိ နံ ပညပေန္တိ၊

ဤဂုဏ်မျိုးလုံးတွင် ရှေးပိုင်းဂုဏ်မျိုးလုံးသည် သညီဝါဒအတိုင်းပင်မှတ်၍ နောက်ပိုင်းမှတ်သော 'နေဝသညီ နာသညီ' ကား နံပါတ်(၁) အတိုင်းချည်းတည်း။

အဋ္ဌကထာဆရာ မှတ်ချက်ချပုံ

ထို့ကြောင့် အဋ္ဌကထာဆရာက အောက်ပါအတိုင်း မှတ်ချက်ချလေသည်။

(၁) ***တတ္ထ*** **နကေဝလ်** ***ကာရဏံ ပရိယေသိတဗ္ဗံ၊***

(၂) ***ဒိဋ္ဌိဂတိကဿတိ ဂါဟော ဥမ္မတ္တက ပစ္ဆိသဒိသော၊*** *(ဒီ ဋ္ဌ- ၁- ၁၁၀)*

(၁) တတ္ထ- ထိုမိစ္ဆာအယူအမျိုးမျိုး၌၊ **ကေဝလ်**- စင်စစ်အားဖြင့်၊ ကာရဏံ- ထူးသောအကြောင်းကို၊ နပရိယေသိတဗ္ဗံ- မရှာထိုက်။ *(အလေးဂရုမပြုထိုက်ဟူလို။)*

(၂) တိ- မှန်၏၊ ဒိဋ္ဌိဂတိကဿ- မိစ္ဆာအယူရှိသူ၏၊ ဂါဟော- အယူသည်၊ ဥမ္မတ္တက ပစ္ဆိသဒိသော- အရူး၏ တောင်းနှင့် တူ၏။ *(ထို့ကြောင့် အလေးမပြုထိုက်)* ဟု မှတ်ချက်ချပြလေသည်။

နေဝသညီ နာသညီဝါဒ နိဂုံး

ရဟန်းတို့ ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ ရှိကုန်သော ထိုသမဏ, ဗြာဟ္မဏတို့သည် ဤရှစ်မျိုးသော အကြောင်းတို့ဖြင့် အတ္တကို သေပြီးနောက် သညာရှိလည်းမဟုတ်, သညာမရှိလည်းမဟုတ် *(မွဲ၏)* ဟု ပြောဆိုပညတ်ကြလေသည်။

ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ ရှိသူဟူသမျှတို့သည် ဤအကြောင်းပြ ရှစ်မျိုးတို့ဖြင့်ဖြစ်စေ၊ ဤရှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့်ဖြစ်စေ အတ္တကို သေပြီးနောက်၌ သညာရှိလည်းမဟုတ်, သညာမရှိလည်းမဟုတ်ဟု ပြောဆိုပညတ်ကြလေသည်။ ဤရှစ်မျိုးမှတပါး အခြားအကြောင်းတစ်မျိုး မရှိတော့ပေ။

(ဤမှနောက် သဗ္ဗညုတဉာဏ်, ဝေဒနာကမ္မဋ္ဌာန်း နိဂုံးအုပ်ပုံတို့ကား ရှေးသဿတဝါဒ အတိုင်းပင်တည်း။)

ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများရန်

(၁) ဧကေ ရူပီ အတ္တာ ဟောတျာဒိ ဥဒ္ဓမာဃာတနံ နေဝသညီ နာသညီ အတ္တဒိဋ္ဌိ အဋ္ဌတိ ဝတ္ထူတိ ဂဏှန္တိတိ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့သော ပုဂ္ဂိုလ်တို့သည် 'ရုပ်သဘောရှိသော နေဝသညာ နာသညာသည် သေပြီးသည်၏ နောက်

ကာလ၌ အခါခပ်သိမ်း မြဲ၏ အစရှိသော ဥဒ္ဓမာဃာတန နေဝသညာ နာသညာ အတ္တဒိဋ္ဌိကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ယူကုန်၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) ဣမေဟေဝ အဋ္ဌဟိ ဝတ္ထူဟိ ဥဒ္ဓမာဃာတနံ နေဝသညီ နာသညီ အတ္တဒိဋ္ဌိ ဂဏှန္တိ အညု ဗုဒ္ဓေါ၊ နတ္ထိ ဣတော ဗဟိဒ္ဓါ။

ရှင်တော်ဗုဒ္ဓသည် ဤအကြောင်းရှစ်မျိုးတို့ဖြင့်သာလျှင် ဥဒ္ဓမာဃာတန နေဝသညာ နာသညာ အတ္တဒိဋ္ဌိကို ယူကုန်၏။ ဤရှစ်မျိုးမှတပါး အခြားဥဒ္ဓမာဃာတန နေဝသညာ နာသညာ အတ္တဒိဋ္ဌိကို ယူနိုင်သော အကြောင်းသည် မရှိတော့ပြီဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၃) တေသံ ဥဒ္ဓမာဃာတနိကာနံ နေဝသညီ နာသညီနံ ပုဂ္ဂလာနံ ဂတိဉ္စ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဥဒ္ဓမာဃာတန နေဝသညာ နာသညာ အတ္တဒိဋ္ဌိကို ယူကြကုန်သော ပုဂ္ဂိုလ်တို့၏ နိရယအစရှိသော လားရာဂတိကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၄) တတော စ ဥတ္တရိတရံ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၅) တထာဂတောဝ တထာဂတဿ ဂုဏံ ပဇာနာတိတိ နအညာ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူပါပေ၏။

(၆) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပူဇနိယဂါထာ

(၁) နေ, နာသညီ အတ္တဒိဋ္ဌိ၊ အဋ္ဌဝတ္ထူဟိ နအညေ၊
ဝေံ ဇာနံ တထာဂတံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

နေ, နာသညီ အတ္တဒိဋ္ဌိ– သေပြီးနောက် သညာရှိလည်းမဟုတ်, သညာမရှိလည်းမဟုတ်သော အတ္တသည် အခါခပ်သိမ်း မြဲ၏ဟူ၍ အယူရှိကြကုန်သောသူတို့သည်၊ **အဋ္ဌဝတ္ထူဟိ**– ရှစ်မျိုးကုန်သော အကြောင်းတို့ဖြင့်သာလျှင်၊ **နေ, နာသညီ အတ္တဒိဋ္ဌိ**– နေဝသညီ နာသညီ အတ္တဒိဋ္ဌိကို၊ **ဂဏှန္တိ**– ယူကြလေကုန်၏၊ **အညေ အညေန**– ထိုအကြောင်းရှစ်မျိုးမှ တပါးသော၊ ကာရဏေ– အခြားအကြောင်းသည်၊ **န**– မရှိတော့ပြီ၊ **ဝေံ**– ဤသို့၊ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) ပရံ နိစ္စံ ဂဟိတာနံ၊ ဇာနာတိ စ ဂတံ ဂတိ၊
တတော ဥတ္တရိတရဉ္စ၊ သမ္ဗုဒ္ဓေါဝ တထာဂတံ။

ပရံ နိစ္စံ– သေပြီးနောက် သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်းမဟုတ်သော အတ္တသည် အခါခပ်သိမ်း မြဲ၏ဟူသော နေဝသညီ နာသညီ အတ္တဒိဋ္ဌိကို၊ **ဂဟိတာနံ**– ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ **ဂတံ**– လားရောက်ရာဖြစ်သော၊ **ဂတိဉ္စ**– နိရယအစရှိသော ဂတိကိုလည်း၊ **ဗုဒ္ဓေါ**– ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **တတော**–

ထိုထက်၊ ဥတ္တရိတရဥ္စ- အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်များကိုလည်း၊ ဇာနာတိ- ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ သမ္ဗုဒ္ဓေါ- ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ တထာဂတံ- ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်ကို၊ ဇာနာတိ- ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ ဧဝံ- ဤသို့၊ ဇာနံ- သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ တထာဂတံ- တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ အဟံ- တပည့်တော်သည်၊ သဗ္ဗဒါ- အခါခပ်သိမ်း၊ ဝန္ဒာမိ- ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ဥဒ္ဒမာယာတနိက နေဝသညီ နာသညီဝါဒ (၈)မျိုး ပြီး၏။

ဥစ္ဆေဒဝါဒ (၇)မျိုး

ဗုဒ္ဓသည် ဥစ္ဆေဒဝါဒ (၇)မျိုး ရှိပုံကို အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဥစ္ဆေဒဝါဒါ သတော သတ္တဿ ဥစ္ဆေဒံ ဝိနာသံ ဝိဘဝံ ပညပေန္တိ သတ္တဟိ ဝတ္ထူဟိ၊ *(ဒီ- ၁- ၃၀)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဧကေ**-အချို့ကုန်သော၊ **ယေ သမဏဗြာဟ္မဏာ**- အကြင်သမဏ, ဗြာဟ္မဏတို့သည်၊ **ဥစ္ဆေဒဝါဒါ**- အတ္တသည် သေလျှင်ပြတ်၏ဟု ပြောဆိုကြောင်း အယူရှိကုန်သည်၊ ဟုတ္ဝာ- ဖြစ်၍၊ **သတ္တဟိ**- ခုနစ်ပါးကုန်သော၊ **ဝတ္ထူဟိ**- အကြောင်းတို့ဖြင့်၊ **သတော**- ထင်ရှားရှိသော၊ **သတ္တဿ**- သတ္တဝါ၏*(အတ္တ၏)*၊ **ဥစ္ဆေဒံ**- ပြတ်ခြင်းကို၊ **ဝိနာသံ**- ပျက်စီးခြင်းကို၊ **ဝိဘဝံ**- ပင်ကိုယ်သဘောမှ ကင်းခြင်းကို၊ **ပညပေန္တိ**- ပညတ်ကြကုန်၏။

တေ သမဏဗြာဟ္မဏာ- ထိုသမဏ, ဗြာဟ္မဏတို့သည်၊ **ကိံ**- အဘယ်အကြောင်းကို၊ **အာဂမ္မ**- စွဲ၍၊ **ကိံ**- အဘယ်အကြောင်းကို၊ **အာရဗ္ဘ**- အာရုံပြု၍၊ **ပညပေန္တိ**- ပညတ်ကြကုန်သနည်း။

အောက်ပါ (၇)မျိုးကို ပြဆိုကြလေသည်။ *(ထို (၇)မျိုးကို ပါဠိတော်, အဋ္ဌကထာ, ဋီကာများမှ ကောက်နုတ်၍ တင်ပြပါသည်။)*

(၁) **နံပါတ်တစ်ပုဂ္ဂိုလ်၏ ယူဆချက်။** ။ဤပုဂ္ဂိုလ်ကား လူ့ခန္ဓာတစ်ကိုယ်လုံးကို အတ္တဟု ယူသည်။ ထိုအတ္တသည်-

(က) **ရူပီ**	- ရုပ်ရှိ၏။
(ခ) ***စာတုမဟာဘူတိကော***	- မဟာဘုတ်လေးပါး အစုအဝေးသာတည်း။
(ဂ) ***မာတာပေတ္တိက သမ္ဘဝေါ***	- မိဘတို့ သုက်သွေးကြောင့် ဖြစ်ရ၏။
(ဃ) ***ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ*** **ဝိနဿတိ**	- ခန္ဓာကိုယ် ပျက်စီးလျှင် အတ္တလည်း ပျက်စီးတော့၏။
(င) **နဟောတိ ပရံ မရဏာ**	- သေပြီးနောက် ဘဝမျှမဖြစ်တော့ချေ။

အထက်ပါ ဥစ္ဆေဒဝါဒသည် ကံတရား မပါသည့်အတွက် လူ့ခန္ဓာကိုယ်သည် အဖ၏သုက်, အမိ၏သွေးကြောင့်သာ ဖြစ်သောကြောင့် လူသေလျှင် နောက်ထပ် ဘဝမျှမဖြစ်ဟု ယူဆလေသည်။

(ဗုဒ္ဓအလိုတော်အားဖြင့် ကံတရားသည် အဓိကတည်း။ မိဘသုက်သွေးကား အထောက်အပံ့သာတည်း။)

(၂) **နံပါတ်နှစ်ပုဂ္ဂိုလ်၏ ယူဆချက်။** ။ဤပုဂ္ဂိုလ်ကား လူသေရုံနှင့် မပြတ်စဲသေး။ နတ်ဘဝရောက်မှ အတ္တသည် နတ်သုဓာအာဟာရကိုစားပြီး ထိုနတ်ဘဝမှသေလျှင် ပြတ်စဲ၏ဟု ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေသည်။

(၃) **နံပါတ်သုံးပုဂ္ဂိုလ်၏ ယူဆချက်။** ။ဤပုဂ္ဂိုလ်ကား နတ်တစ်ဘဝနှင့် ဘဝမပြတ်သေး၊ ဗြဟ္မာ့ပြည်၌ ရှာန်စိတ်ကြောင့် ဖြစ်သော အတ္တရှိသေး၏။ ထိုဗြဟ္မာသေမှ ထိုအတ္တသည် ပြတ်စဲ၏ဟု ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေသည်။

(၄) **နံပါတ်လေးပုဂ္ဂိုလ်၏ ယူဆချက်။** ။ ဤပုဂ္ဂိုလ်ကား ရူပဗြဟ္မာဘဝနှင့် အတ္တသည် မပြတ်စဲသေး။ အရူပလေးဘုံတွင် ပဌမဘုံဖြစ်သော အာကာသာနဉ္စာယတနဘုံသို့ရောက်သော နာမ်အတ္တတစ်မျိုး ရှိသေး၏။ ထိုအာကာသာနဉ္စာယတန

အရူပဖြဟ္မာကြီးသေမှ အတ္တသည် ပြတ်စဲ၏ဟု ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေသည်။

(၅) နံပါတ်ငါးပုဂ္ဂိုလ်၏ ယူဆချက်။ ။ဤပုဂ္ဂိုလ်ကား ပဌမ အရူပဖြဟ္မာကြီးဟု ဆိုအပ်သော အာကာသာနဉ္စာယတန ဖြဟ္မာကြီး သေရုံနှင့် အတ္တသည် မပြတ်စဲသေး။ ဒုတိယ အရူပဖြဟ္မာကြီးဟု ဆိုအပ်သော ဝိညာဏဉ္စာယတနဟု ဆိုအပ်သော နာမ် အတ္တတစ်မျိုး ရှိသေး၏။ ထိုဒုတိယ ဝိညာဏဉ္စာယတန ဖြဟ္မာကြီးသေမှ အတ္တသည် ပြတ်စဲ၏ဟု ယူဆလေသည်။

(၆) နံပါတ်ခြောက်ပုဂ္ဂိုလ်၏ ယူဆချက်။ ။ဤပုဂ္ဂိုလ်ကား ဒုတိယ အရူပဖြဟ္မာကြီး သေရုံနှင့် အတ္တသည် မပြတ် စဲသေး။ တတိယ အာကိဉ္စညာယတနဟု ဆိုအပ်သော နာမ်အတ္တရှိသေး၏။ ထိုတတိယ အာကိဉ္စညာယတန ဖြဟ္မာကြီးသေမှ အတ္တသည် ပြတ်စဲ၏ဟု ယူဆလေသည်။

(၇) နံပါတ်ခုနစ်ပုဂ္ဂိုလ်၏ ယူဆချက်။ ။ဤပုဂ္ဂိုလ်ကား တတိယ အရူပဖြဟ္မာကြီး သေရုံနှင့် အတ္တသည် မပြတ်စဲ သေး။ စတုတ္ထ အရူပဖြဟ္မာကြီးဟု ဆိုအပ်သော နေဝသညာနာသညာယတန နာမ်အတ္တတစ်မျိုး ရှိသေး၏။ ထိုနေဝသညာနာသညာ ယတန ဖြဟ္မာကြီးသေမှ အတ္တသည် ပြတ်စဲ၏ဟု ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေသည်။

အချုပ်အားဖြင့်-

(၁) လူသေလျှင် ပြတ်စဲ၏ဟု ယူသော တစ်ဝါဒ၊

(၂) နတ်သေလျှင် ပြတ်စဲ၏ဟု ယူသော တစ်ဝါဒ၊

(၃) ရူပဖြဟ္မာကြီးများ သေလျှင် ပြတ်စဲ၏ဟု ယူသော တစ်ဝါဒ၊

(၄) အာကာသာနဉ္စာယတန အရူပဖြဟ္မာကြီး သေလျှင် ပြတ်စဲ၏ဟု ယူသော တစ်ဝါဒ၊

(၅) ဝိညာဏဉ္စာယတန အရူပဖြဟ္မာကြီး သေလျှင် ပြတ်စဲ၏ဟု ယူသော တစ်ဝါဒ၊

(၆) အာကိဉ္စညာယတန အရူပဖြဟ္မာကြီး သေလျှင် ပြတ်စဲ၏ဟု ယူသော တစ်ဝါဒ၊

(၇) နေဝသညာနာသညာယတန အရူပဖြဟ္မာကြီး သေလျှင် ပြတ်စဲ၏ဟု ယူသော တစ်ဝါဒ

ပေါင်း ဥစ္ဆေဒဒိဋ္ဌိဝါဒ (၇)မျိုး ရှိလေသည်။

ဥစ္ဆေဒဝါဒနှင့် စပ်၍ သိမှတ်ဖွယ်

(၁) ဒိဗ္ဗစက္ခု အဘိညာဉ်ရသော အချို့လာဘီပုဂ္ဂိုလ်သည် ရဟန္တာ၏ ပဋိသန္ဓေကို မမြင်သည့်အတွက် ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေသည်။

(၂) ဒိဗ္ဗစက္ခု အဘိညာဉ်ရသော အချို့လာဘီပုဂ္ဂိုလ်သည် 'စုတိ, ပဋိသန္ဓေ' နှစ်မျိုးရှိရာဝယ် စုတိကိုသာမြင်၍ ပဋိသန္ဓေကို မြင်နိုင်သော အစွမ်းမရှိသောကြောင့် သေလျှင်ပြတ်စဲ၏ဟူသော ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေသည်။

(၃) ဒိဗ္ဗစက္ခု အဘိညာဉ်ကိုမရသော အလာဘီပုဂ္ဂိုလ်သည် တမလွန်ဘဝမရှိဟူသော 'နတ္ထိကဝါဒ၏ အစွမ်းဖြင့်' လည်း ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေသည်။

(၄) မတာမူဠ ဘာဝေန- အလွန်တွေဝေသောကြောင့် ပရလောကရှိမှန်း မသိသည်ဖြစ်၍လည်း ဥစ္ဆေဒဒိဋ္ဌိအယူကို ယူ လေသည်။

(၅) 'ကာမသုခ ဂိဒ္ဓတာယ' ကာမဂုဏ်၌ အလွန်တပ်မက်သောကြောင့်လည်း ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေသည်။ မှန်၏။ ကံ, ကံ၏အကျိုးကို မယုံကြည်သူတို့သည် ကာမဂုဏ်ချမ်းသာကို ခံစားလိုသောစိတ်က ပြင်းပြသောကြောင့် ရဲရဲဝံ့ဝံ့ ခံစားနိုင်အောင် 'နောက်ဘဝမရှိ' ဟူသော ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေသည်။ သစ်ရွက်တွေ ကြွေပြီးသောအခါ တဖန်မစည်ပင်ကြသကဲ့သို့ သတ္တဝါတို့ လည်း ဤဘဝမှ စုတေပြီးသောအခါ တဖန်မဖြစ်ကြတော့ဟု ယူလေသည်။

(၆) ဤသို့လျှင် တဏှာဒိဋ္ဌိ၏ အစွမ်းဖြင့် တွေးတောကြံဆပြီး ဥစ္ဆေဒဒိဋ္ဌိဖြစ်ရန် အကြောင်းအမျိုးမျိုး ရှိသော်လည်း အချုပ်မှာ ပါဠိတော်၌လာသော ဗုဒ္ဓဟောကြားတော်မူထားအပ်သော (၇)မျိုးသာ ရှိလေသည်။ (၇)မျိုးအပြင် မရှိတော့ပေ။ ကြံဆပြီး ယူခြင်းအကြောင်းတွေ ဘယ်လောက်ပဲများများ (၇)မျိုးထဲသို့ ဝင်သွားလေသည်။ *(မဟာဋီ- ၁၇၃ မှ ၁၇၆ ထိ၊ ဋီသစ် ပအုပ်- ၄၄၆ မှ ၄၅၀ ထိ) (ဒီ ဋ္ဌ- ၁- ၁၁၀ / ၁၁၁)*

ဥစ္ဆေဒဝါဒ နိဂုံး

ရဟန်းတို့ ဥစ္ဆေဒအယူ ရှိကုန်သော သမဏ, ဗြာဟ္မဏတို့သည် ဤခုနစ်မျိုးသော အကြောင်းတို့ဖြင့် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲပျက်စီး ကင်းပျောက်ခြင်းကို ပြောဆိုပညတ်ကြလေသည်။ ဥစ္ဆေဒဝါဒ အယူရှိသူမှန်သမျှ ဤခုနစ်မျိုးဖြင့်သာ ပညတ်ကြကုန်၏။ ဤ (၇)မျိုးအပြင် ဥစ္ဆေဒဝါဒ ပညတ်ရန် အကြောင်းတစ်မျိုး မရှိတော့ချေ။

(ဤမှနောက် သဗ္ဗညုတဉာဏ်, ဝေဒနာကမ္မဋ္ဌာန်း နိဂုံးတို့မှာ သဿတဝါဒ အတိုင်းပင်တည်း။) (ဒီ- ၁- ၃၀ မှ ၃၃ ထိ)

ဗုဒ္ဓါနုဿတိ ပွါးများရန်

(၁) ဧဝေ ကာယဿ ဘေဒါ အတ္တာ ဥစ္ဆိဇ္ဇတိ ဝိနဿတိ န ဟောတိ ပရံ မရဏာတိ၊ ဣတ္ထေကေ သတော သတ္တဿ ဥစ္ဆေဒံ ဝိနာသံ ဝိဘဝံ ပညပေန္တီတိ

(၁) ဧဝ ကာယဿ ဘေဒါ အတ္တာ ဥစ္ဆိဇ္ဇတိတျာဒိ ဥစ္ဆေဒဒိဋ္ဌိ သတ္တတိ ဝတ္ထူဟိ ဂဏှန္တီတိ အညာ ဗုဒ္ဓေါ၊

ရှင်တော်ဗုဒ္ဓသည် အချို့ပုဂ္ဂိုလ်တို့သည် လူ့ခန္ဓာကိုယ် ပျက်စီး၍ သေပြီးနောက် အတ္တသည် ပျက်စီး၏ အစရှိသော ဥစ္ဆေဒ ဒိဋ္ဌိအယူကို (၇)မျိုးသော အကြောင်းတို့ဖြင့် ယူကုန်၏ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) ဣမေဟေဝ သတ္တဟိ ဝတ္ထူဟိ ဥစ္ဆေဒဒိဋ္ဌိ ဂဏှန္တီတိ အညာ ဗုဒ္ဓေါ၊ နတ္ထိ ဣတော ဗဟိဒ္ဓါ၊

ရှင်တော်ဗုဒ္ဓသည် ဤအကြောင်း (၇)မျိုးတို့ဖြင့်သာလျှင် ဥစ္ဆေဒဒိဋ္ဌိအယူကို ယူကုန်၏။ ဤ (၇)မျိုးမှတပါး အခြားဥစ္ဆေဒဒိဋ္ဌိကို ယူနိုင်သော အကြောင်းသည် မရှိတော့ပြီဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၃) တေသံ ဥစ္ဆေဒဝါဒီ ပုဂ္ဂလာနံ ဂတိဉ္စ အညာ ဗုဒ္ဓေါ၊

ရှင်တော်ဗုဒ္ဓသည် ထိုဥစ္ဆေဒဒိဋ္ဌိ အယူရှိသူတို့၏ နိရယအစရှိသော လားရောက်ရာဂတိကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါ ပေ၏။

(၄) တတော ဥတ္တရိတရဉ္စ အညာ ဗုဒ္ဓေါ၊

ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော် မူနိုင်ပါပေ၏။

(၅) တထာဂတောဝ တထာဂတဿ ဂုဏံ ပဇာနာတီတိ နအညာ အညာ ဗုဒ္ဓေါ၊

ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူပါပေ၏။

(၆) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ၊

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပူဇနိယဂါထာ

(၁) ဥစ္ဆေဒဒိဋ္ဌိံ ဂဏှန္တာ၊ သတ္တဝတ္ထူဟိ နအညေ၊
ဝေ ဇာနံ တထာဂတံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ၊

ဥစ္ဆေဒဒိဋ္ဌိံ- ဥစ္ဆေဒဒိဋ္ဌိ အယူကို၊ **ဂဏှန္တာ**- ယူကြကုန်သောသူတို့သည်၊ **သတ္တဝတ္ထူဟိ**- (၇)မျိုးကုန်သော အကြောင်းတို့ဖြင့် သာလျှင်၊ **ဥစ္ဆေဒဒိဋ္ဌိံ**- ဥစ္ဆေဒဒိဋ္ဌိ အယူကို၊ **ဂဏှန္တိ**- ယူကြလေကုန်၏။ **အညေ**- အညေန- ထို (၇)မျိုးသော အကြောင်းမှတပါးသော၊ **ကာရဏေ**- အခြားအကြောင်းသည်၊ **န**- မရှိတော့ပြီ၊ **ဝေ**- ဤသို့၊ **ဇာနံ**- သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ **တထာဂတံ**- တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ**- တပည့်တော်သည်၊ **သဗ္ဗဒါ**- အခါခပ်သိမ်း၊ **ဝန္ဒာမိ**- ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) ဥစ္စေဒနံ ဂတိတာနံ၊ ဇာနာတိစ ဂတံ ဂတိံ၊
တတော ဥတ္တရိတရဋ္ဌ၊ သမ္ဗုဒ္ဓေါ ဝ တထာဂတော။

ဥစ္စေဒနံ- ဥစ္ဆေဒဒိဋ္ဌိ အယူကို၊ **ဂတိတာနံ**- ယူကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ ဂတံ- လားရောက်ရာဖြစ်သော၊ **ဂတိဥ**- နိရယအစရှိသော ဂတိကိုလည်း၊ **ဗုဒ္ဓေါ**- ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ**- ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ **တတော**- ထိုထက်၊ **ဥတ္တရိတရဋ္ဌ**- အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတာဉာဏ်ဟူသော ဂုဏ်များကိုလည်း၊ **ဇာနာတိ**- ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **သမ္ဗုဒ္ဓေါ**- ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ **တထာဂတံ**- ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်ကို၊ **ဇာနာတိ**- ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **ဧဝံ**- ဤသို့ **ဇာနံ**- သဗ္ဗညုတာဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတံ**- တထာဂတ ခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အတံ**- တပည့်တော်သည်၊ **သဗ္ဗဒါ**- အခါခပ်သိမ်း၊ **ဝန္ဒာမိ**- ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ ဘုရား။

ဥစ္ဆေဒဝါဒ (၇)မျိုး ပြီး၏။

ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို ပြဆိုခန်း

ဒိဋ္ဌဓမ္မ နိဗ္ဗာန အဓိပ္ပါယ်

ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို မပြဆိုမီ ရှေးဦးစွာ '**ဒိဋ္ဌဓမ္မ နိဗ္ဗာန**' ၏ သဘောအဓိပ္ပါယ်ကို သိထားသင့်လေသည်။ '**ဒိဋ္ဌဓမ္မ နိဗ္ဗာန**' ၏ သဘောအဓိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဤ၌ '**ဒိဋ္ဌဓမ္မ**' ဟူသည် စက္ခုစသော ဣန္ဒြေခြောက်ပါးတို့၏ ရှေးရှုခြင်းသဘောဟု ဆိုအပ်သော ပစ္စက္ခဓမ္မသည် ဒိဋ္ဌဓမ္မသဘောတည်း။ ဤစကားဖြင့် ပစ္စက္ခအရ ယခုဘဝ၌ ဖြစ်သမျှအာရုံကို စက္ခုစသော ဣန္ဒြေတို့က အကုန်အာရုံမပြုနိုင်သော်လည်း ထိုအတ္တဘောကို ရရှိသောပုဂ္ဂိုလ်မှာ တစ်ကိုယ်လုံး ထင်ရှားပြီး ဖြစ်သောကြောင့် စက္ခုစသော ဣန္ဒြေကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ပစ္စုပ္ပန်အတ္တဘော တစ်ခုလုံးကို ပစ္စက္ခ *(ဤမှတ်ချက် ရေးဂ)* ဟု ဆိုနိုင်သည်။

(၂) ဉာဏ်ဖြင့်ထင်ထင် သိမြင်အပ်သော ထိုထိုဘဝ၌ ရအပ်သော ပစ္စုပ္ပန်အတ္တဘောကို '**ဒိဋ္ဌဓမ္မ**' ဟု ခေါ်သည်။ (**ဒိဋ္ဌ**- ဉာဏ်ဖြင့်ထင်ထင် သိမြင်အပ်သော၊ **ဓမ္မ**- ပစ္စုပ္ပန်အတ္တဘော)

(၃) ထိုတစ်ဘဝလုံးကို ပကတိမျက်စိချည်းပဲ မမြင်နိုင်။ အသိဉာဏ်ဖြင့်သာ မြင်နိုင်၏။ ထို့ကြောင့် '**ဒိဋ္ဌ**' ကို '**ဒဿနဟေတု ဘူတေန ဉာဏေန**' ဟု ဋီကာတို့ ဖွင့်ဆိုကြလေသည်။

(၄) '**ဒိဋ္ဌဓမ္မ နိဗ္ဗာန**' အရ ကိလေသာကို တဝန်ငြိမ်းစေတတ်သော အရဟတ္တဖိုလ်ကိုလည်းကောင်း၊ အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်ကိုလည်းကောင်း ထိုတိတ္ထိဆရာတို့ အာရုံမပြုနိုင်။ '**နိဗ္ဗာန**' အရ ထိုနိဗ္ဗာန်မျိုးကို အဋ္ဌကထာ, ဋီကာတို့ မဖွင့်ဘဲ '**ဒုက္ခဝူပသမေန- ဒုက္ခ၏ငြိမ်းအေးခြင်း**' ဟူ၍ ဖွင့်ဆိုသည်။

(၅) ကာမခံစားလိုစိတ် အပြင်းပြဖြစ်၍ ပူလောင်မှုဒုက္ခ ဖြစ်နေရသောအခါ ကာမချမ်းသာကို ခံစားလိုက်ရလျှင် ထိုဒုက္ခအပူ ငြိမ်း၏။ ထိုသို့ *(တဒင်္ဂ)* ငြိမ်းမှုကို **ဒိဋ္ဌဓမ္မ နိဗ္ဗာန** ဟု ဆိုလိုသည်။

ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ အဓိပ္ပါယ်

တိတ္ထိဆရာကြီးတို့သည် ဉာဏ်ဖြင့်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်အတ္တဘော၌ ဒုက္ခ၏ငြိမ်းအေးခြင်းကို '**ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာန**' ဟု ဆိုသည်။ ထိုအယူကို ယူဆပြောဆိုကြသူတို့ကို '**ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ**' ဟု ဆိုရလေသည်။ *(ဒီ ဋ- ၁- ၁၁၁၊ မဟာဋီ- ၁၇၆၊ ဋီသစ် ပအုပ်- ၄၅၀)*

ပဌမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ (၅)မျိုး

(၁) ကာမဂုဏ် ခံစားခြင်းကို ပဌမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဟူ၍လည်းကောင်း၊

(၂) ပဌမဈာန်ချမ်းသာ ခံစားနေရခြင်းကို ပဌမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဟူ၍လည်းကောင်း၊

(၃) ဒုတိယဈာန်ချမ်းသာ ခံစားနေရခြင်းကို ပဌမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဟူ၍လည်းကောင်း၊

(၄) တတိယဈာန်ချမ်းသာ ခံစားနေရခြင်းကို ပဌမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဟူ၍လည်းကောင်း၊

(၅) စတုတ္ထဈာန်ချမ်းသာ ခံစားနေရခြင်းကို ပဌမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဟူ၍လည်းကောင်း၊

တိတ္ထိဆရာကြီးတို့သည် အသီးသီး ယူဆပညတ်ကြလေသည်။

တိတ္ထိဆရာကြီးတို့ ကြံဆပြောဆိုအပ်သော 'ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ' (၅)မျိုးရှိကြောင်းကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒါ သတော သတ္တဿ ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ ပညပေန္တိ ပဉ္စဟိ ဝတ္ထူဟိ။ *(ဒီ- ၁- ၃၃)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဧယေ သမဏဗြာဟ္မဏာ**- အကြင်သမဏ, ဗြာဟ္မဏတို့သည်၊ **ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒါ**- ဒိဋ္ဌဓမ္မ နိဗ္ဗာန်ကို ပြောဆိုကြောင်း အယူရှိကုန်သည်၊ တုတ္တာ- ဖြစ်၍၊ **ပဉ္စဟိ**- ငါးမျိုးကုန်သော၊ **ဝတ္ထူဟိ**- အကြောင်းတို့ဖြင့်၊ **သတော**- ထင်ရှားရှိသော၊ **သတ္တဿ**- အတ္တ၏၊ **ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ**- လွန်မြတ်သော ဒိဋ္ဌဓမ္မ နိဗ္ဗာန်ကို၊ **ပညပေန္တိ**- ပညတ်ကြကုန်၏။ **တေ သမဏဗြာဟ္မဏာ**- ထိုသမဏ, ဗြာဟ္မဏတို့သည်၊ **ကိံ**- အဘယ်အကြောင်းကို၊ **အာဂမ္မ**- စွဲ၍၊ **ကိံ**- အဘယ်အကြောင်းကို၊ **အာရဗ္ဘ**- အာရုံပြု၍၊ **ပညပေန္တိ**- ပညတ်ကြကုန်သနည်း။

ပဌမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဖြစ်ပေါ်လာပုံ

ဗုဒ္ဓဟောကြားတော်မူအပ်သော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဖြစ်ပေါ်လာပုံကို ပါဠိတော်ကို မှီတည်၍ အဋ္ဌကထာ, ဋီကာတို့၏ ဖွင့်ဆိုချက်များနှင့်ညှိကာ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

အယံ အတ္တာ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေတိ၊ အယံ အတ္တာ ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ ပတ္တော ဟောတိ၊ *(ဒီ- ၁- ၃၃)*

အယံ အတ္တာ- ဤအတ္တသည်၊ **ပဉ္စဟိ ကာမဂုဏေဟိ**- ငါးပါးကုန်သော ကာမဂုဏ်တို့သည်၊ **သမပ္ပိတော**- ကောင်းစွာ ရောက်အပ်သူသည်၊ **သမင်္ဂီဘူတော**- ကောင်းစွာပြည့်စုံခြင်း ရှိသည်ဖြစ်၍၊ **ပရိစာရေတိ**- စက္ခုစသော ဣန္ဒြေတို့ကို ထိုထိုဤဤ လှည့်လည်စေ၏။ *(မွေ့လျော်ပျော်ပါး၏။)*

တ္တောဝတာ- ဤသို့ ကာမဂုဏ်ငါးပါးကို စိတ်တိုင်းကျ ခံစားနိုင်ခြင်းဖြင့်၊ **အယံ အတ္တာ**- ဤအတ္တသည်၊ ပရမ ဒိဋ္ဌဓမ္မ **နိဗ္ဗာနံ**- လွန်မြတ်သော ပစ္စုပ္ပန်အတ္တဘောကို ဒုက္ခခပ်သိမ်း အေးငြိမ်းခြင်းသို့၊ **ပတ္တော**- ရောက်သည်၊ **ဟောတိ**- ဖြစ်လေတော့၏။

(၁) အထက်ပါ ပါဠိတော်အရ ကာမဂုဏ်ကို ခံစားမှုသည် ဝေဒနာက ခံစားသည် မဟုတ်ဘဲ အတ္တက ခံစားသည်ဟု ဆိုထားလေသည်။ *(အစကတည်းကပင် လွဲမှားခဲ့လေပြီ။)*

(၂) 'သမပ္ပိတော' ကောင်းစွာရောက်အပ်သည်ဟု ဆိုထားရာ၌ ကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာခြင်း ဖြစ်သူတည်းဟု ဆိုလိုပေသည်။

(၃) 'ပရိစာရေတိ' စက္ခုစသော ဣန္ဒြေတို့ကို ထိုထိုဤဤ လှည့်လည်စေ၏ဟု ဆိုရာ၌ ရူပါရုံဆီသို့ စက္ခုန္ဒြေကို ပို့ဆောင်လိုက် *(ကြည့်ရှုလိုက်)*၊ သဒ္ဒါရုံဆီသို့ သောတိန္ဒြေကို ပို့ဆောင်လိုက် *(နားထောင်လိုက်)* စသည်ဖြင့် ခံစားအပ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကို 'စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ' တို့ဖြင့် အလှည့်အလည် ခံစားပျော်ပါး မွေ့လျော်ခြင်းကို ဆိုလိုသည်။

(၄) ဤသို့ ကာမဂုဏ်စည်းစိမ်တို့ကို မတောင့်မတ မကြောင့်မကြ ပြည့်ပြည့်စုံစုံ ခံစားနိုင်မှုကို 'ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာန်- လွန်မြတ်သော ပစ္စုပ္ပန်အတ္တဘော၌ ဒုက္ခငြိမ်းခြင်းသို့ ရောက်နေ၏' ဟု တိတ္ထိတို့ ယူဆပညတ်ကြလေသည်။ *(ဒီ ၅- ၁- ၁၁၁)*

(ဆိုလိုသည်ကား အတ္တသည် ကာမဂုဏ်ငါးပါးတို့ကို ပြည့်စုံစွာ ခံစားနိုင်၍ လက်တွေ့ကျသော နိဗ္ဗာန်ပဲ) ဟု ယူဆလေသည်။

ဤကား ပဌမ ဒိဋ္ဌဓမ္မ နိဗ္ဗာန် ဖြစ်ပေါ်လာပုံ အကြောင်းတည်း။

ဒုတိယပုဂ္ဂိုလ်က ကာမဂုဏ်ကို ခံစားသော အတ္တကို ဒိဋ္ဌဓမ္မ နိဗ္ဗာန် မဟုတ်ဟု ပယ်ပုံ

ဤဒုတိယပုဂ္ဂိုလ်သည် ပဌမဈာန်ရပုဂ္ဂိုလ်ဖြစ်၍ ဤပဌမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို အောက်ပါအတိုင်း ပယ်လေသည်။

(၁) ဤဒုတိယပုဂ္ဂိုလ်သည် ကာမဂုဏ်ခံစားသော အတ္တသည် မရှိမဟုတ်၊ ရှိပေသည်။ ထိုသို့ ကာမဂုဏ် ခံစားနိုင်ရုံမျှဖြင့် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ အတ္တသည်ရောက်၏ ဟူ၍ကား မဆိုနိုင်ပေ။

(၂) အကြောင်းကား ကာမဂုဏ်တို့သည် တစ်ဘဝ၌ ဖြစ်ပြီး၍ ပျက်စီးရခြင်းကြောင့် အနိစ္စတည်း။ *(တိတ္ထိဆရာကြီးတို့သည် တစ်ဘဝ၌ ဖြစ်ပြီး၍ ပျက်စီးသော အနိစ္စကိုသာ သိနိုင်ကြသည်။ အဘိဓမ္မာသဘောအရ 'ဥပါဒ်, ဌီ, ဘင်' ဟူသော ခဏတ္တယ အနေဖြင့် ပရမတ် ဖြစ်ပျက် အနိစ္စကို မသိမမြင်ကြပေ။)*

(၃) ကာမဂုဏ်တို့သည် 'ဒုက္ခ' ရေ, မီး, သူခိုး ရန်သူအမျိုးမျိုးတို့၏ အနှိပ်စက်ကို ခံရသောကြောင့် ဒုက္ခတည်း။ *(တိတ္ထိတို့သည် 'ဥဒယဗ္ဗယ ပဋိပီဠနဋ္ဌေန'- သင်္ခတပရမတ်၏ ဖြစ်ပျက်ဒဏ် အဖန်ဖန် နှိပ်စက်ခံရသော ဒုက္ခကိုကား မသိမမြင်ကြပေ။)*

(၄) ဝိပရိဏာမဓမ္မာ- ပကတိသဘောကိုစွန့်၍ ဖောက်ပြန်ခြင်း သဘောရှိ၏။ ရုပ်ရုံတို့၏ လှပခြင်းအဆင်းကိုစွန့်၍ အိုမင်းရခြင်းစသည်ကို ပကတိသဘောကိုစွန့်သော ဖောက်ပြန်ခြင်းဟု ဆိုလိုသည်။ *(တိတ္ထိတို့သည် ကာမတို့၏ သင်္ခတပရမတ် ဖြစ်ပျက် အနေအားဖြင့် ဖောက်ပြန်မှုကို မသိမမြင်ကြပေ။)*

ဗုဒ္ဓဝါဒအရ အနိစ္စ, ဒုက္ခပြီးလျှင် အနတ္တသဘောကို ပြမြဲဖြစ်သော်လည်း တိတ္ထိဝါဒ၌ 'အနတ္တ' ဟု မယူကြဘဲ ဝိပရိဏာမဓမ္မဟု ယူကြ၍ ထိုသို့ပြရခြင်း ဖြစ်လေသည်။

(၅) ထိုသို့ ဝိပရိဏာမဓမ္မ အဆင်းစသည် ဖောက်ပြန်သွားသောကြောင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ ဖြစ်ကြရသည်။ ထိုကြောင့် ကာမဂုဏ်ကို ခံစားသော 'အတ္တ' သည် ရှိသော်လည်း ယင်းကာမဂုဏ် ခံစားသော 'အတ္တ' သည် 'ဒိဋ္ဌဓမ္မ နိဗ္ဗာန် မဟုတ်' ဟု ဒုတိယပုဂ္ဂိုလ်က ပယ်လေသည်။

ဒုတိယ ဒိဋ္ဌဓမ္မ နိဗ္ဗာန် ဖြစ်ပေါ်လာပုံ

ဒုတိယပုဂ္ဂိုလ်၏ ယူဆသော ဒိဋ္ဌဓမ္မ နိဗ္ဗာန်သည် အောက်ပါအတိုင်း ဖြစ်လေသည်။

အယံ အတ္တာ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ဧတ္တာဝတာ အယံ အတ္တာ ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ ပတ္တော ဟောတိ။ *(ဒီ- ၁- ၃၃ / ၃၄)*

အယံ အတ္တာ- ဤအတ္တသည်၊ **ကာမေဟိ-** ဝတ္ထု, ကိလေသာ နှစ်ပြားသော ကာမတို့မှ၊ **ဝိဝိစ္စေဝ-** ကင်းဆိတ်၍သာလျှင်၊ **အကုသလေဟိ-** အကုသိုလ်ဖြစ်ကုန်သော၊ **ဓမ္မေဟိ-** နီဝရဏတရားတို့မှ၊ **ဝိဝိစ္စဝေ-** ကင်းဆိတ်၍သာလျှင်၊ **သဝိတက္ကံ-** ဝိတက်နှင့်လည်း တကွဖြစ်သော၊ **သဝိစာရံ-** ဝိစာရနှင့်လည်း တကွဖြစ်သော၊ **ဝိဝေကဇံ-** နီဝရဏတို့၏ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော၊ **ပီတိသုခံ-** ပီတိသုခရှိသော၊ **ပဌမံဈာနံ-** ပဌမဈာန်သို့၊ **ဥပသမ္ပဇ္ဇ-** ရောက်၍၊ **ဝိဟရတိ-** နေ၏၊ **ဧတ္တာဝတာ-** ဤသို့ ပဌမဈာန်သုခဖြင့် နေနိုင်ခြင်းဖြင့်၊ **အယံအတ္တာ-** ဤအတ္တသည်၊ **ပရမဒိဋ္ဌဓမ္မ နိဗ္ဗာနံ-** လွန်မြတ်သော ပစ္စုပ္ပန်အတ္တဘော၌ ဒုက္ခငြိမ်းခြင်းသို့၊ **ပတ္တော-** ရောက်သည်၊ **ဟောတိ-** ဖြစ်၏။

ဤ၌ ကိလေသာကာမ, ဝတ္ထုကာမတို့မှ ကင်းဆိတ်၍ ဝိတက်, ဝိစာရကြောင့်ဖြစ်သော ပီတိသုခဖြင့် ပဌမဈာန်ကို ဝင်စား၍ နေနိုင်ခြင်းသည် ဒုတိယ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဖြစ်ပေါ်လာခြင်းအကြောင်း ဖြစ်လေသည်။

တတိယပုဂ္ဂိုလ်က ဒုတိယပုဂ္ဂိုလ်၏ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို ပယ်ပုံ

ဤတတိယပုဂ္ဂိုလ်သည် ဒုတိယဈာန်အထိ ဝင်စားနိုင်သောပုဂ္ဂိုလ် ဖြစ်လေသည်။ ထို့ကြောင့် ဒုတိယ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို အောက်ပါအတိုင်း ပယ်လေသည်။

(၁) ပဌမဈာန်၌ ရှိသော 'ပီတိသုခ' သည် ဝတ္ထုကာမ, ကိလေသာကာမတို့မှ ကင်းဆိတ်သော ပဌမဈာန် အာရုံကိုသာ ကြံစည်သုံးသပ်သော ဝိတက်, ဝိစာရကြောင့် ဖြစ်ပေါ်လာသော ပီတိသုခ ဖြစ်လေသည်။

(၂) ဒုတိယဈာန်၌ရှိသော ပီတိသုခသည် ဝိတက်, ဝိစာရမှကင်းပြီး ဈာန်ကိုအာရုံပြုသော သမာဓိကြောင့် ဖြစ်ပေါ်လာသော ပီတိသုခ ဖြစ်လေသည်။

(၃) ထို့ကြောင့် ဝိတက်, ဝိစာရကြောင့် ဖြစ်သော ပီတိသုခထက် သမာဓိကြောင့် ဖြစ်ပေါ်လာသော ပီတိသုခက ပို၍မွန်မြတ်လေသည်။ သို့ဖြစ်၍ ဤဒုတိယဈာန်ရပုဂ္ဂိုလ်က ဤသို့ပယ်လေသည်။

(၄) ဤတတိယပုဂ္ဂိုလ်က ပြောသည်မှာ။ ။ပဌမဈာန်ကို ခံစားသော အတ္တသည် မရှိမဟုတ် ရှိသည်။ သို့ရာတွင် ထိုပဌမဈာန်သည် ဝိတက်, ဝိစာရကြောင့် ဖြစ်ပေါ်လာသော ချမ်းသာဖြစ်၍ 'ဒိဋ္ဌဓမ္မ နိဗ္ဗာန်' ဟု ပြော၍မဖြစ်ပေ။

(၅) အကြောင်းကား ဤဝိတက်, ဝိစာရသည် 'ဩဠာရိကဝိယ' ကြမ်းတမ်းသကဲ့သို့လည်းကောင်း၊ 'သကဏ္ဍကံဝိယ' ဆူးရှိသကဲ့သို့လည်းကောင်း၊ **ခါယတိ**- ထင်ရ၏။

(၆) ကြံစည်တတ်, သုံးသပ်တတ်သော ဝိတက်, ဝိစာရ နှစ်ပါးစုံတို့သည် စိတ်ကို မငြိမ်မသက် လှုပ်လှုပ်ချောက်ချားအောင် ပြုတတ်၏။ ထို့ကြောင့် ဝိတက်, ဝိစာရနှစ်ပါးနှင့်ယှဉ်သော ပဌမဈာန်စိတ်သည် အထက်ဈာန်များလောက် မနူးညံ့ ကြမ်းတမ်းသကဲ့သို့ ဖြစ်သည်။

(၇) လောက၌ ကြမ်းတမ်းသောအရာသည် ဆူးထ၍နေ၏။ ကြမ်းတမ်းမှုသဘောပေါ်အောင် သကဏ္ဍကံ ဟု အဋ္ဌကထာဆရာ ဆိုလေသည်။

(၈) ထိုသို့ ပဌမဈာန်စိတ်သည် ဝိတက်, ဝိစာရဟူသော ကြမ်းတမ်းခြင်းသဘော၊ ဆူးရှိသောသဘော ဖြစ်နေသောကြောင့် ပဌမဈာန်ချမ်းသာကို 'ဒိဋ္ဌဓမ္မ နိဗ္ဗာန်' မဟုတ်ဟူ၍ တတိယပုဂ္ဂိုလ်က ပယ်လေသည်။ *(ဒီ- ၁- ၃၄၊ ဒီ ဋ္ဌ- ၁- ၁၁၂)*

တတိယ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဖြစ်ပေါ်လာပုံ

တတိယပုဂ္ဂိုလ် ယူဆသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒသည် အောက်ပါအတိုင်း ဖြစ်လေသည်။

အယံ အတ္တာ ဝိတက္က ဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဧတ္တာဝတာ ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ ပတ္တော ဟောတိ။ *(ဒီ- ၁- ၃၄)*

အယံ အတ္တာ- ဤအတ္တသည်၊ **ဝိတက္က ဝိစာရာနံ**- ဝိတက်, ဝိစာရတို့၏၊ **ဝူပသမာ**- ငြိမ်းပျောက်ခြင်းကြောင့်၊ **အဇ္ဈတ္တံ**- မိမိသန္တာန်၌ဖြစ်သော၊ **သမ္ပသာဒနံ**- ကြည်လင်စေတတ်သော၊ **စေတသော**- စိတ်၏၊ **ဧကောဒိဘာဝံ**- ဝိတက်, ဝိစာရ အဖော်မပါသည်ဖြစ်၍ သမာဓိကို တိုးပွားစေတတ်သော၊ **အဝိတက္ကံ**- ဝိတက်လည်းမရှိသော၊ **အဝိစာရံ**- ဝိစာရလည်း မရှိသော၊ **သမာဓိဇံ**- ဒုတိယဈာန် သမာဓိကြောင့် ဖြစ်သော၊ **ဒုတိယဈာနံ**- ဒုတိယဈာန်သို့၊ **ဥပသမ္ပဇ္ဇ**- ရောက်၍၊ **ဝိဟရတိ**- နေ၏။ **ဧတ္တာဝတာ**- ဤသို့ ဒုတိယဈာန်သုခဖြင့် နေနိုင်ခြင်းဖြင့်၊ **အယံ အတ္တာ**- ဤအတ္တသည်၊ **ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ**- လွန်မြတ်သော ပစ္စုပ္ပန်အတ္တဘော၌ ဒုက္ခငြိမ်းခြင်းသို့၊ **ပတ္တော**- ရောက်သည်၊ **ဟောတိ**- ဖြစ်တော့၏။

ဤသို့ ဝိတက်, ဝိစာရကင်းပြီး ရှာန်သမာဓိကြောင့် ဖြစ်သော ပီတိသုခဖြင့် ဒုတိယဈာန်ကို ဝင်စား၍ နေနိုင်ခြင်းသည် တတိယ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဖြစ်ပေါ်လာပုံ အကြောင်းတည်း။

စတုတ္ထပုဂ္ဂိုလ်က တတိယပုဂ္ဂိုလ်၏ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို ပယ်ပုံ

ဤစတုတ္ထပုဂ္ဂိုလ်ကား တတိယဈာန်အထိ ဝင်စားနိုင်သောပုဂ္ဂိုလ် ဖြစ်သည်။ ထို့ကြောင့် တတိယပုဂ္ဂိုလ်၏ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို အောက်ပါအတိုင်း ပယ်လေသည်။

(၁) ဒုတိယဈာန် ချမ်းသာသည် ဒုတိယဈာန်တရားအပေါ်၌ နှစ်သက်နေသော သမာဓိကြောင့် ဖြစ်သော 'ပီတိသုခ' ချမ်းသာတည်း။

(၂) တတိယဈာန် ချမ်းသာကား ထိုပီတိသုခကိုပယ်၍ 'ဥပေက္ခာ' ဖြင့်နေသော ချမ်းသာတည်း။ ထို့ကြောင့် ဥပေက္ခာသုခနှင့် စာလျှင် ပီတိသုခသည် ကြမ်းတမ်း၏။ ပီတိကြောင့် ဖူးတောင်းအသွင် စိတ်တကြွကြွ တရှူရှူ ဖြစ်နေတတ်လေသည်။

(၃) ထိုသို့ တတိယဈာန်သုခဖြစ်သော ဥပေက္ခာသုခသည် ဒုတိယဈာန်ဖြစ်သော ပီတိသုခထက် သာလွန်၍ မွန်မြတ်ချမ်းသာသောကြောင့် ဒုတိယဈာန် ချမ်းသာကို 'ဒိဋ္ဌဓမ္မ နိဗ္ဗာန်' မဟုတ်ဟူ၍ စတုတ္ထပုဂ္ဂိုလ်က ပယ်လေသည်။

စတုတ္ထ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဖြစ်ပေါ်လာပုံ

စတုတ္ထပုဂ္ဂိုလ် ယူဆသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒသည် အောက်ပါအတိုင်း ဖြစ်လေသည်။

အယံ အတ္တာ ပီတိယာစ ဝိရာဂါ ဥပေက္ခကောစ ဝိဟရတိ သတောစ သမ္ပဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ တတိယံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ဧတ္တာဝတာ အယံ အတ္တာ ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ ပတ္တော ဟောတိ။ *(ဒီ– ၁– ၃၄)*

အယံ အတ္တာ– ဤအတ္တသည်၊ **ပီတိယာစ**– ပီတိကိုလည်း၊ **ဝိရာဂါ**– လွန်မြောက်ခြင်းကြောင့်၊ **ဥပေက္ခကောစ**– အသင့်အားဖြင့် ရှု၍လည်း *(ဥပေက္ခာပြု၍လည်း)*၊ **ဝိဟရတိ**– နေနိုင်၏၊ **သတောစ**– သုခ, ပီတိ မကပ်ငြိအောင် သတိရှိ၍လည်း၊ **ဝိဟရတိ**– နေနိုင်၏၊ **သုခဉ္စ**– ကာယိကသုခ, စေတသိကသုခကိုလည်း၊ **ကာယေန**– နာမကာယဖြင့်၊ **ပဋိသံဝေဒေတိ**– ခံစား၏၊ **ယံ**– အကြင်တတိယဈာန်ကြောင့်၊ **တံ**– ထိုတတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ **အရိယာ**– အရိယာသူတော်ကောင်းတို့သည်၊ **ဥပေက္ခကော**– တတိယဈာန်သုခကိုသော်မှ လျစ်လျူရှုတတ်ပါပေစွ၊ **သတိ**– သတိရှိပါပေစွ၊ **သုခဝိဟာရီ**– ချမ်းသာစွာ နေလေ့ရှိပါပေစွဟု၊ **အာစိက္ခန္တိ**– ပြောဆိုညွှန်ပြ ချီးမွမ်းကြကုန်၏၊ **တ္တတိ**– ဤသို့၊ **တတိယဈာနံ**– တတိယဈာန်သို့၊ **ဥပသမ္ပဇ္ဇ**– ရောက်၍၊ **ဝိဟရတိ**– နေ၏၊ **ဧတ္တာဝတာ**– ဤသို့ တတိယဈာန်သုခဖြင့် နေနိုင်ခြင်းအားဖြင့်၊ **အယံ အတ္တာ**– ဤအတ္တသည်၊ **ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ**– လွန်မြတ်သော ပစ္စုပ္ပန်အတ္တဘော၌ ဒုက္ခငြိမ်းအေးခြင်းသို့၊ **ပတ္တော**– ရောက်သည်၊ **ဟောတိ**– ဖြစ်၏။

ဤသို့ ပီတိကိုခွါ၍ ဥပေက္ခာသုခဖြင့် တတိယဈာန်ကို ဝင်စားနေနိုင်ခြင်းသည် စတုတ္ထ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဖြစ်ပေါ်လာပုံ အကြောင်းတည်း။

ပဉ္စမပုဂ္ဂိုလ်က စတုတ္ထပုဂ္ဂိုလ်၏ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို ပယ်ပုံ

ဤပဉ္စမပုဂ္ဂိုလ်ကား စတုတ္ထဈာန်အထိ ဝင်စားနိုင်သော ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် တတိယပုဂ္ဂိုလ်၏ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို အောက်ပါအတိုင်း ပယ်လေသည်။

(၁) တတိယဈာန်ရှိ ဥပေက္ခာသုခသည် နှသေးသည် ဖြစ်သောကြောင့်လည်းကောင်း၊ ဈာန်မှထသောအခါ ထိုဥပေက္ခာသုခကို ပင် ထပ်ကာထပ်ကာ နှလုံးသွင်းမှု မနသိကာရ ရှိသောကြောင့်လည်းကောင်း ကြမ်းတမ်း၏။ *(စတုတ္ထဈာန် ဥပေက္ခာသုခလောက် မသိမ်မွေ့ မရင့်ကျက်ပေ။)*

(၂) စတုတ္ထဈာန်၌ရှိသော ဥပေက္ခာသုခကား ထိုသုခကို နှလုံးသွင်းမှု မနသိကာရ မရှိသောကြောင့် ပို၍သိမ်မွေ့၏။ ထိုသိမ်မွေ့သော စတုတ္ထဈာန် ဥပေက္ခာသုခသည် ရှေးဦးကပင်လျှင် သုခ, ဒုက္ခကို ပယ်ပြီးဖြစ်သောကြောင့် သောမနဿ, ဒေါမနဿတို့လည်း ချုပ်ငြိမ်းပြီး ဖြစ်လေသည်။ 'သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ' တို့ မရှိသော စတုတ္ထဈာန် ချမ်းသာသည် တတိယဈာန် သုခထက် ချမ်းသာလေသည်။

(၃) သို့ဖြစ်၍ တတိယဈာန် ဥပေက္ခာချမ်းသာသည် ဈာန်မှထသောအခါ သုခကို ပြန်၍အဖန်ဖန် နှလုံးသွင်းသော မနသိကာရထက် ထိုသို့ နှလုံးသွင်းမှု မနသိကာရမရှိသော စတုတ္ထဈာန် ဥပေက္ခာချမ်းသာက သာလွန်သောကြောင့် တတိယဈာန်ချမ်းသာကို 'ဒိဋ္ဌဓမ္မ နိဗ္ဗာန်မဟုတ်' ဟု ပဉ္စမပုဂ္ဂိုလ်က ပယ်လေသည်။ *(ဒီ- ၁- ၃၄၊ ဒီ ဋ- ၁- ၁၁၂)*

ပဉ္စမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဖြစ်ပေါ်လာပုံ

ပဉ္စမပုဂ္ဂိုလ် ယူဆသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒသည် အောက်ပါအတိုင်း ဖြစ်လေသည်။

အယံ အတ္တာ သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ စတုတ္ထံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ဧတ္တာဝတာ အယံ အတ္တာ ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ ပတ္တော ဟောတိ။ *(ဒီ- ၁- ၃၄)*

အယံ အတ္တာ- ဤအတ္တသည်၊ **ပုဗ္ဗေဝ**- စတုတ္ထဈာန်ကိုမရမီ လေးပါးသောဈာန်တို့၏ ဥပစာရခဏ၌ပင်၊ **သုခဿ**- ကာယိကသုခကို၊ **ပဟာနာစ**- ပယ်ခြင်းကြောင့်လည်းကောင်း၊ **ဒုက္ခဿ**- ကာယိကဒုက္ခကို၊ **ပဟာနာစ**- ပယ်ခြင်းကြောင့်လည်းကောင်း၊ **သောမနဿ ဒေါမနဿာနံ**- သောမနဿ, ဒေါမနဿတို့၏၊ **အတ္ထင်္ဂမာစ**- ချုပ်ခြင်းကြောင့်လည်းကောင်း၊ **အဒုက္ခမသုခံ**- ဒုက္ခလည်းမရှိ, သုခလည်းမရှိသော၊ **ဥပေက္ခာသတိ ပါရိသုဒ္ဓိံ**- ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော *(တတိယဈာန်တုန်းကလို ဈာန်မှထသောအခါ အဖန်ဖန်ပြန်၍ နှလုံးသွင်းမှု မရှိသောကြောင့် အလွန်စင်ကြယ်သော သတိဟု ဆိုလိုသည်)*၊ **စတုတ္ထံဈာနံ**- စတုတ္ထဈာန်သို့၊ **ဥပသမ္ပဇ္ဇ**- ရောက်၍၊ **ဝိဟရတိ**- နေ၏။

ဧတ္တာဝတာ- ဤသို့ စတုတ္ထဈာန်သုခဖြင့် နေနိုင်ခြင်းဖြင့်၊ **အယံ အတ္တာ**- ဤအတ္တသည်၊ **ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ**- လွန်မြတ်သော ပစ္စုပ္ပန်အတ္တဘော၌ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခြင်းသို့၊ **ပတ္တော**- ရောက်သည်၊ **ဟောတိ**- ဖြစ်၏။

ဤ၌ ဈာန်မှထ၍ သုခကို အဖန်ဖန်ပြန်၍ နှလုံးမသွင်းသည့်အတွက် ဥပေက္ခာသည် ဖြစ်စေအပ်သော အလွန်စင်ကြယ်သော သတိဖြင့် စတုတ္ထဈာန်ကို ဝင်စား၍ နေနိုင်ခြင်းသည် ပဉ္စမ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဖြစ်ပေါ်လာပုံ အကြောင်းတည်း။

ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ နိဂုံး

ရဟန်းတို့ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ရှိကြသော ထိုသမဏ, ဗြာဟ္မဏတို့သည် ဤငါးမျိုးသော အကြောင်းတို့ဖြင့် ထင်ရှားရှိသော သတ္တဝါ၏ မွန်မြတ်သော ဒိဋ္ဌဓမ္မ နိဗ္ဗာန်ကို ပညတ်ကြလေသည်။ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒရှိသူ မှန်သမျှသည် ဤငါးမျိုးသော အကြောင်းတို့ဖြင့်ဖြစ်စေ၊ ဤငါးမျိုးတွင် တစ်မျိုးမျိုးသော အကြောင်းဖြင့်ဖြစ်စေ မွန်မြတ်သော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို ပညတ်ကြလေသည်။ ဤငါးမျိုးမှတပါး ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို ပညတ်ရန် အခြားအကြောင်းတစ်မျိုး မရှိတော့ပေ။ *(ဤမှနောက် သဗ္ဗညုတဉာဏ်ခန်း, ဝေဒနာကမ္မဋ္ဌာန်းနှင့် နိဂုံးအုပ်ပုံတို့မှာ ပဌမဆုံး သဿတဝါဒ အတိုင်းပင်တည်း။)*

ဗုဒ္ဓါနုဿတိ ပွါးများရန်

(၁) ဧကေ ကာမဘောဂေန ပရိပုဏ္ဏာဒိ ဒိဋ္ဌဓမ္မ နိဗ္ဗာနံ ပဉ္စတိ ဝတ္ထုဟိ ဇာနန္တိတိ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အချို့သော ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်စည်းစိမ်နှင့် ပြည့်စုံခြင်း အစရှိသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို ငါးမျိုးသော အကြောင်းတို့ဖြင့် ယူကုန်၏ဟု သိမြင်တော်မူနိုင်ပါပေ၏။

(၂) ဣဓမေတေ ပဉ္စဟိ ဝတ္ထူဟိ ဒိဋ္ဌဓမ္မ နိဗ္ဗာနဒိဋ္ဌိ ဂဏ္ဍန္တိတိ အညု ဗုဒ္ဓေါ၊ နတ္ထိ ဣတော ဗဟိဒ္ဓါ။

ရှင်တော်ဗုဒ္ဓသည် ဤအကြောင်းငါးမျိုးတို့ဖြင့်သာလျှင် ဒိဋ္ဌဓမ္မ နိဗ္ဗာနအယူကို ယူကုန်၏။ ဤငါးမျိုးမှတပါး အခြားဒိဋ္ဌဓမ္မ နိဗ္ဗာနအယူကို ယူနိုင်သော အကြောင်းသည် မရှိတော့ပြီဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၃) တေသံ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒိ ပုဂ္ဂလာနံ ဂတိဥ္စ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ အယူရှိကြကုန်သော ထိုပုဂ္ဂိုလ်တို့၏ နိရယအစရှိသော လားရောက်ရာ ဂတိကိုလည်း သိမြင်တော်မူနိုင်ပါပေ၏။

(၄) တတောစ ဥတ္တရိတရံ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၅) တထာဂတော တထာဂတဿ ဂုဏံ ပဇာနာတီတိ နအညာ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူပါပေ၏။

(၆) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပူဇနီယဂါထာ

(၁) ဒိဋ္ဌနိဗ္ဗာနဝါဒိနံ၊ ပဉ္စဝတ္ထူဟိ နအညော၊
ဝေံ ဇာနံ တထာဂတံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ဒိဋ္ဌနိဗ္ဗာနဝါဒိနံ– ကာမဂုဏ်စည်းစိမ်နှင့် ပြည့်စုံခြင်း အစရှိသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို ယူကြကုန်သော သူတို့သည်လည်း၊ ပဉ္စဟိ ဝတ္ထူဟိ– ငါးမျိုးကုန်သော အကြောင်းတို့ဖြင့်သာလျှင်၊ ဒိဋ္ဌဓမ္မ နိဗ္ဗာနဒိဋ္ဌိ– ဒိဋ္ဌဓမ္မ နိဗ္ဗာနအယူကို၊ ဂဏ္ဍန္တိ– ယူကြလေကုန်၏၊ အညော– အညေန– ထိုအကြောင်းငါးမျိုးမှတပါးသော၊ ကာရဏေ– အခြားအကြောင်းသည်၊ န– မရှိတော့ပြီ၊ ဝေံ– ဤသို့၊ ဇာနံ– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ တထာဂတံ– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ အဟံ– တပည့်တော်သည်၊ သဗ္ဗဒါ– အခါခပ်သိမ်း၊ ဝန္ဒာမိ– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) ဒိဋ္ဌနိဗ္ဗာနံ ဒိဋ္ဌိနံ၊ ဇာနာတိစ ဂတံ ဂတိံ၊
တတော ဥတ္တရိတရဥ္စ၊ သမ္ဗုဒ္ဓေါဝ တထာဂတံ။

ဒိဋ္ဌနိဗ္ဗာနံ– ဒိဋ္ဌဓမ္မ နိဗ္ဗာနအယူကို၊ ဒိဋ္ဌိနံ– ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ ဂတံ– လားရောက်ရာဖြစ်သော၊ ဂတိဥ္စ– နိရယအစရှိသော ဂတိကိုလည်း၊ ဗုဒ္ဓေါ– ရှင်တော်ဗုဒ္ဓသည်၊ ဇာနာတိ– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ တတော– ထိုထက်၊ ဥတ္တရိတရဥ္စ– အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်များကိုလည်း၊ ဇာနာတိ– ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ သမ္ဗုဒ္ဓေါဝ– ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ တထာဂတံ– ရှင်တော်ဗုဒ္ဓဂုဏ်တော်ကို၊ ဇာနာတိ– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ ဝေံ– ဤသို့၊ ဇာနံ– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ ဘထာဂတံ– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ အဟံ– တပည့်တော်သည်၊ သဗ္ဗဒါ– အခါခပ်သိမ်း၊ ဝန္ဒာမိ– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ (၅)မျိုး ပြီး၏။

အပရန္တကပ္ပိကဝါဒ (၄၄)မျိုး နိဂုံး

အပရန္တကပ္ပိကဝါဒ (၄၄)မျိုးကား–

(၁) ဥဒ္ဓမာဃာတန သညီဝါဒ (၁၆)မျိုး၊

(၂) ဥဒ္ဓမာဃာတန အသညီဝါဒ (၈)မျိုး၊

(၃) ဥဒ္ဓမာဃာတန နေဝသညီ နာသညီဝါဒ (၈)မျိုး၊

(၄) ဥစ္ဆေဒဝါဒ (၇)မျိုး၊

(၅) ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ (၅)မျိုး– စုစုပေါင်း (၄၄)မျိုးတည်း။

ရဟန်းတို့ နောက်အနာဂတ် အကြောင်းအရာစုကို ကြံစည်တတ်ကုန်, နောက်အနာဂတ် အကြောင်းအရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကြကုန်သော ထိုသမဏ, ဗြာဟ္မဏတို့သည် နောက်အနာဂတ် အကြောင်းအရာစုကို အာရုံပြု၍ မိစ္ဆာအယူ ဖြစ်ဖို့ရန် အခြေခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သောအကြောင်း (၄၄)မျိုးတို့ဖြင့် စွဲမြဲစွာ ပြောဆိုကြလေသည်။ ဤ (၄၄)မျိုးမှတပါး အခြားအကြောင်းတစ်မျိုး မရှိတော့ပေ။ *(ဤမှနောက် သဗ္ဗညုတဉာဏ်ခန်း, ဝေဒနာကမ္မဋ္ဌာန်း, ဒိဂုံးချုပ်ပုံတို့မှာ သဿတဝါဒ အတိုင်းတည်း)*

ဗုဒ္ဓါနုဿတိ ပွါးများရန်

(၁) တေ အပရန္တကပ္ပိကာ ဒိဋ္ဌိနော မိစ္ဆာဒိဋ္ဌိ ဣမေဟိ စတုစတ္တာရီသာယ ဝတ္ထူဟိ ဂဏှန္တိတိ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် နောက်အနာဂတ် အကြောင်းအရာစုကို ကြံစည်ကြ၍ မိစ္ဆာဒိဋ္ဌိအယူကို ယူကြကုန်သော ထိုပုဂ္ဂိုလ်တို့သည် ဤ (၄၄)မျိုးကုန်သော အကြောင်းတို့ဖြင့် မိစ္ဆာဒိဋ္ဌိအယူကို ယူကြကုန်၏ဟု ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၂) ဣမေဟေဝ စတုစတ္တာရီသာယ ဝတ္ထူဟိ အပရန္တကပ္ပိကာ မိစ္ဆာဒိဋ္ဌိ ဂဏှန္တိတိ အညု ဗုဒ္ဓေါ၊ နတ္ထိ ဣတော ဗဟိဒ္ဓါ။

ရှင်တော်ဗုဒ္ဓသည် ဤ (၄၄)မျိုးကုန်သော အကြောင်းတို့ဖြင့်သာလျှင် နောက်အနာဂတ် အကြောင်းအရာစုကို ကြံစည်ကြကုန်၍ မိစ္ဆာဒိဋ္ဌိအယူကို ယူကုန်၏။ ဤ (၄၄)မျိုးတို့မှတပါး အခြားအပရန္တကပ္ပိက မိစ္ဆာဒိဋ္ဌိအယူကို ယူနိုင်သော အကြောင်းသည် မရှိတော့ပြီဟု ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၃) တေသံ အပရန္တကပ္ပိကာ ပုဂ္ဂလာနံ ဂတိဉ္စ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် အပရန္တကပ္ပိက မိစ္ဆာဒိဋ္ဌိအယူရှိကြကုန်သော ထိုပုဂ္ဂိုလ်တို့၏ နိရယအစရှိသော လားရောက်ရာဂတိကိုလည်း သိမြင်တော်မူနိုင်ပါပေ၏။

(၄) တတော စ ဥတ္တရိတရံ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ထိုထက်သာလွန်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၅) တထာဂတော တထာဂတဿ ဂုဏံ ပဇာနာတိတိ န အညာ အညု ဗုဒ္ဓေါ။

ရှင်တော်ဗုဒ္ဓသည် ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်ကို ဗုဒ္ဓသည်သာလျှင် သိနိုင်၏။ အခြားသူတို့ မသိနိုင်ဟူ၍ သိမြင်တော်မူပါပေ၏။

(၆) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ထိုသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပုဗ္ဗေနိယာဂါထာ

(၁) အပရန္တကပ္ပိနိဋ္ဌိ၊ စတုစတ္တာရိသာယစ၊
ဝေ် ဇာနံ တထာဂတ်၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အပရန္တကပ္ပိနိဋ္ဌိ– နောက်အနာဂတ် အကြောင်းအရာစုကို ကြံစည်ကြကုန်၍ မိစ္ဆာဒိဋ္ဌိအယူကို ယူကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ **စတုစတ္တာရိသာယစ–** (၄၄)မျိုးကုန်သော အကြောင်းတို့ဖြင့်သာလျှင်၊ **အပရန္တကပ္ပိနိဋ္ဌိ–** အပရန္တကပ္ပိက မိစ္ဆာဒိဋ္ဌိအယူကို၊ **ဂဏှန္တိ–** ယူကြလေကုန်၏။ **အညေ–** အညေန– ထို (၄၄)မျိုးသော အကြောင်းမှတပါး၊ **ကာရဏေ–** အခြားအကြောင်းသည်၊ **န–** မရှိတော့ပြီ၊ **ဝေ်–** ဤသို့ **ဇာနံ–** သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ **တထာဂတံ–** တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ–** တပည့်တော်သည်၊ **သဗ္ဗဒါ–** အခါခပ်သိမ်း၊ **ဝန္ဒာမိ–** ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) အပရန္တံ ဂတိတာနံ၊ ဇာနာတိစ ဂတံ ဂတိံ၊
တတော ဥတ္တရိတရန္တ၊ သမ္ဗုဒ္ဓေါ တထာဂတံ။

အပရန္တံ– နောက်အနာဂတ် အကြောင်းအရာစုကို ကြံစည်ကြကုန်၍ မိစ္ဆာဒိဋ္ဌိအယူကို၊ **ဂတိတာနံ–** ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ **ဂတံ–** လားရောက်ရာဖြစ်သော၊ **ဂတိဥ္စ–** နိရယအစရှိသော ဂတိကိုလည်း၊ **ဗုဒ္ဓေါ–** ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ–** ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **တတော–** ထိုထက်၊ **ဥတ္တရိတရန္တ–** အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ် ဟူသော ဂုဏ်များကိုလည်း၊ **ဇာနာတိ–** ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **သမ္ဗုဒ္ဓေါ–** ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ **တထာဂတံ–** ရှင်တော်ဗုဒ္ဓ ဂုဏ်တော်ကို၊ **ဇာနာတိ–** ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **ဝေ်–** ဤသို့၊ **ဇာနံ–** သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတံ–** တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အဟံ–** တပည့်တော်သည်၊ **သဗ္ဗဒါ–** အခါခပ်သိမ်း၊ **ဝန္ဒာမိ–** ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

အပရန္တကပ္ပိကဝါဒ (၄၄)မျိုး ပြီး၏။

မိစ္ဆာဝါဒ (၆၂)မျိုးလုံး၏ နိဂုံးပိုင်း

မိစ္ဆာဒိဋ္ဌိအယူ (၆၂)မျိုးတို့ကို ပြဆိုမှု ပြီးဆုံးခဲ့လေပြီ။ ထို (၆၂)မျိုးတို့တွင် **ပုဗ္ဗန္တကပ္ပိက–** ရှေးအတိတ်အဖို့ကို ကြံစည်၍ မိစ္ဆာဒိဋ္ဌိအယူ (၁၈)မျိုး *(ပုဗ္ဗန္တကပ္ပိက– ၁၈ မျိုး)* **အပရန္တကပ္ပိက–** နောက်အနာဂတ်အဖို့ကို ကြံစည်၍ မိစ္ဆာဒိဋ္ဌိအယူ (၄၄)မျိုး *(အပရန္တကပ္ပိက– ၄၄ မျိုး)* ပေါင်း မိစ္ဆာဒိဋ္ဌိဝါဒ (၆၂)မျိုးတည်း။ ထိုတွင် ဥစ္ဆေဒဒိဋ္ဌိဝါဒ (၇)မျိုးရှိပြီး ကျန် (၅၅)မျိုးတို့သည် သဿတဒိဋ္ဌိ အယူထဲသို့ ပါဝင်သွားလေသည်။ ဤသို့လျှင် သဿတဒိဋ္ဌိ (၅၅)မျိုး၊ ဥစ္ဆေဒဒိဋ္ဌိ (၇)မျိုးအားဖြင့် မိစ္ဆာဒိဋ္ဌိ (၆၂)မျိုး ဖြစ်သတည်း။

မဟာဂဇ္ဇိတ– ကြီးကျယ်သော ကြုံးဝါးခြင်း

အထက်ဖော်ပြပြီးခဲ့သည့်အတိုင်း မိစ္ဆာဒိဋ္ဌိ (၆၂)ပါးရှိပုံကို ရှင်တော်ဗုဒ္ဓသည် **မဟာဂဇ္ဇိတ–** ကြီးကျယ်သော ကြုံးဝါးခြင်းဖြင့် အောက်ပါအတိုင်း ဉာဏ်တော်အလွန်စူးရှစွာဖြင့် ကြုံးဝါးတော်မူလေသည်။

(၁) ရဟန်းတို့ ရှေးအတိတ်အကြောင်းအရာကို ကြံစည်တတ်ကုန်, ရှေးအတိတ်အကြောင်းအရာသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော သမဏ, ဗြာဟ္မဏတို့သည်လည်းကောင်း၊

(၂) နောက်အနာဂတ် အကြောင်းအရာကို ကြံစည်တတ်ကုန်, နောက်အနာဂတ်အကြောင်းအရာသို့ အစဉ်လိုက်၍ မိစ္ဆာ အယူကို ယူတတ်ကုန်သော သမဏ, ဗြာဟ္မဏတို့သည်လည်းကောင်း၊

(၃) အတိတ်, အနာဂတ် အကြောင်းအရာ နှစ်မျိုးလုံးကို ကြံစည်တတ်ကုန်၊ အတိတ်, အနာဂတ် အကြောင်းအရာ နှစ်မျိုးလုံးသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော သမဏ, ဗြာဟ္မဏတို့သည်လည်းကောင်း။

(၄) အတိတ်အကြောင်း၊ အနာဂတ်အကြောင်း၊ အတိတ်, အနာဂတ်အကြောင်းကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ဖို့ရန် အခြေခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သောအကြောင်း (၆၂)မျိုးတို့ဖြင့် ခွဲခြားမြွက်ဆိုကြလေသည်။

(၅) မိစ္ဆာဒိဋ္ဌိအယူရှိသူ ဟူသမျှတို့သည် ဤ (၆၂)မျိုးသော အကြောင်းတို့ဖြင့်ဖြစ်စေ, ဤ (၆၂)မျိုးတွင် တစ်မျိုးမျိုးသော အကြောင်းဖြင့်ဖြစ်စေ ပြောဆိုကြလေသည်။

(၆) ဤ (၆၂)မျိုးမှတပါး မိစ္ဆာအယူဖြစ်ဖို့ရန် နောက်ထပ်အခြားအကြောင်းတစ်မျိုး မရှိတော့ပေ။

သဗ္ဗညုတဉာဏ်တော်ကို ပြဆိုခန်း

ဗုဒ္ဓသည် ဤ (၆၂)မျိုးကုန်သော မိစ္ဆာဒိဋ္ဌိဝါဒတို့ကို ပြပြီးရာအခါ၌လည်း သဿတဒိဋ္ဌိဝါဒ အဆုံးတုန်းကလိုပင် အောက်ပါ အတိုင်း သဗ္ဗညုတဉာဏ်ဂုဏ်တော်ကို ပြဆိုဟောကြားတော်မူလေသည်။

တယိဒံ ဘိက္ခဝေ တထာဂတော ပဇာနာတိ။ 'ဣမေ ဒိဋ္ဌိဋ္ဌာနာ ဧဝံ ဂဟိတာ ဧဝံ ပရာမဋ္ဌာ ဧဝံ ဂတိကာ ဘဝန္တိ ဧဝံ အဘိသမ္ပရာယာ' တိ၊ တဉ္စ တထာဂတော ပဇာနာတိ၊ တတောစ ဥတ္တရိတရံ ပဇာနာတိ၊ တဉ္စ ပဇာနနံ နပရာမသတိ၊ အပရာမသတော စဿ ပစ္စတ္တညေဝ နိဗ္ဗုတိ ဝိဒိတာ။ *(ဒီ- ၁- ၃၅)*

ဗုဒ္ဓါနုဿတိ ပွါးများရန်

(၁) တယိဒံ ဘိက္ခဝေ တထာဂတော ပဇာနာတိ။

ဘိက္ခဝေ- ရဟန်းတို့၊ တထာဂတော- တထာဂတသည်၊ တယိဒံ- ထို (၆၂)ပါးသော မိစ္ဆာအယူကို၊ ပဇာနာတိ- အပြားအားဖြင့် သိတော်မူ၏၊ ကိံ- အဘယ်သို့ အပြားအားဖြင့် သိတော်မူသနည်း။

(၂) ဣမေ ဒိဋ္ဌိဋ္ဌာနာ ဧဝံ ဂဟိတာ ဧဝံ ပရာမဋ္ဌာ။

ဣမေ ဒိဋ္ဌိဋ္ဌာနာ- အကျိုးမဲ့တို့၏ တည်ရာအကြောင်းဖြစ်သော ဤမိစ္ဆာအယူတို့သည်၊ **ဧဝံ ဂဟိတာ**- ဤသို့ သဿတဒိဋ္ဌိ (၅၅)မျိုး၊ ဥစ္ဆေဒဒိဋ္ဌိ (၇)မျိုးတို့ဖြင့် ယူအပ်ကုန်သည်ရှိသော်၊ **ဧဝံ ပရာမဋ္ဌာ**- ဤသို့ ရှုံ့ရှာခြင်းကင်း ရဲတင်းသော တဏှာ, ဒိဋ္ဌိစိတ်ဖြင့် အဖန်ဖန် သုံးသပ်အပ်ကုန်သည်ရှိသော်၊

(၃) ဧဝံ ဂတိကာ ဘဝန္တိ ဧဝံ အဘိသမ္ပရာယာတိ။

ဧဝံ ဂတိကာ- ဤသို့ နိရယအစရှိသော ဂတိရှိကုန်သည်၊ **ဧဝံ အဘိသမ္ပရာယ**- ဤသို့ နိရယအစရှိသော တမလွန်ဘဝ ရှိကုန်သည်၊ **ဘဝန္တိ**- ဖြစ်ကုန်၏၊ **ဣတိ**- ဤသို့၊ ပဇာနာတိ- အပြားအားဖြင့် သိတော်မူ၏။

(၄) တဉ္စ တထာဂတော ပဇာနာတိ။

တထာဂတော- တထာဂတသည်၊ **တဉ္စ**- အကြောင်းနှင့်တကွ, ဂတိနှင့်တကွဖြစ်သော ထို (၆၂)ပါးသော မိစ္ဆာအယူကို လည်း၊ **ပဇာနာတိ**- အပြားအားဖြင့် သိတော်မူ၏။

(၅) တတောစ ဥတ္တရိတရံ ပဇာနာတိ။

တတော- အကြောင်းနှင့်တကွ, ဂတိနှင့်တကွဖြစ်သော မိစ္ဆာအယူထက်၊ **ဥတ္တရိတရံစ**- သာ၍လွန်မြတ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း၊ **ပဇာနာတိ**- အပြားအားဖြင့် သိတော်မူပါပေ၏။

(၆) တဉ္စ ပဇာနန္တံ နပရာမသတိ။

တံ– သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်တော်ဟူသော တရားထူးကို၊ **ပဇာနန္တံစ**– အပြားအားဖြင့် သိတော်မူသော်လည်း၊ **နပရာမသတိ**– တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မှားမှားယွင်းယွင်း သုံးသပ်တော်မမူ။

(၇) အပရာမသတော စဿ ပစ္စတ္တညေဝ နိဗ္ဗုတိ ဝိဒိတာ။

အပရာမသတောစ– တဏှာ, မာန, ဒိဋ္ဌိအားဖြင့် မှားမှားယွင်းယွင်း သုံးသပ်တော်မမူခြင်းကြောင့်လည်း၊ **အဿ**– ထိုဗုဒ္ဓသည်၊ **ပစ္စတ္တညေဝ**– ကိုယ်တိုင်သာလျှင်၊ **နိဗ္ဗုတိ**– ပရာမာသ, ကိလေသာတို့၏ ငြိမ်းအေးခြင်းကို၊ **ဝိဒိတာ**– ဉာဏ်၌ထင်ထင် သိမြင်တော်မူအပ်ပြီ။ *(ဤအဓိပ္ပါယ်များကို သဿတဝါဒအခန်းက ဖော်ပြခဲ့ပြီး ဖြစ်သည်။)*

(၈) တထာရူပံ ဗုဒ္ဓဿ သဗ္ဗညုတဉာဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ။

တထာရူပံ– ထိုသို့သဘောရှိသော၊ **ဗုဒ္ဓဿ**– ရှင်တော်ဗုဒ္ဓ၏၊ **သဗ္ဗညုတဉာဏံ**– သဗ္ဗညုတဉာဏ်တော်ကြီးကို၊ **အတံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပုဗ္ဗန္တနိယဂါထာ

(၁) ပုဗ္ဗပရံ မိစ္ဆာဒိဋ္ဌိ၊ ဒွါသဋ္ဌိယာတိ နအညေ၊
ဝေံ ဇာနံ တထာဂတံ၊ အတံ ဝန္ဒာမိ သဗ္ဗဒါ။

ပုဗ္ဗပရံ– ရှေးအတိတ်အကြောင်းအရာကို ကြံစည်၍ နောက်အနာဂတ်အကြောင်းအရာကို ကြံစည်၍၊ **မိစ္ဆာဒိဋ္ဌိ**– မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့သည်၊ **ဒွါသဋ္ဌိယာတိ**– (၆၂)မျိုးကုန်သော အကြောင်းတို့ဖြင့်သာလျှင်၊ **မိစ္ဆာဒိဋ္ဌိယာ**– မိစ္ဆာဒိဋ္ဌိအယူတို့ကို၊ **ဂဏှန္တိ**– ယူကြလေကုန်၏၊ **အညေ**– အညေန– ထို (၆၂)မျိုးကုန်သော အကြောင်းမှတပါးသော၊ **ကာရဏေ**– အခြားအကြောင်းသည်၊ **န**– မရှိတော့ပြီ၊ **ဝေံ**– ဤသို့၊ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အတံ**– တပည့်တော်သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) ဒွါသဋ္ဌိနံ ဂဟိတာနံ၊ ဇာနာတိစ ဂတံ ဂတိံ၊
တတော ဥတ္တရိတရဉ္စ၊ သမ္ဗုဒ္ဓေါဝ တထာဂတံ။

ဒွါသဋ္ဌိနံ– (၆၂)မျိုးသော မိစ္ဆာဒိဋ္ဌိအယူတို့ကို၊ **ဂဟိတာနံ**– ယူကြကုန်သော ပုဂ္ဂိုလ်တို့၏၊ **ဂတံ**– လားရောက်ရာဖြစ်သော၊ **ဂတိဉ္စ**– နိရယအစရှိသော ဂတိကိုလည်း၊ **ဗုဒ္ဓေါ**– ရှင်တော်ဗုဒ္ဓသည်၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **တတော**– ထိုထက်၊ **ဥတ္တရိတရဉ္စ**– အလွန်ဖြစ်သော သီလ, သမာဓိ, ပညာ, သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်များကိုလည်း၊ **ဇာနာတိ**– ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ၊ **သမ္ဗုဒ္ဓေါဝ**– ရှင်တော်ဗုဒ္ဓသည်သာလျှင်၊ **တထာဂတံ**– ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်ကို၊ **ဇာနာတိ**– ပိုင်းခြားထင်ထင်သိမြင်တော်မူပြီ၊ **ဝေံ**– ဤသို့၊ **ဇာနံ**– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ **တထာဂတံ**– တထာဂတခေါ်ဆို ရှင်တော်ဗုဒ္ဓကို၊ **အတံ**– တပည့်တော်သည်၊ **ဝန္ဒာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ဝေဒနာကမ္မဋ္ဌာန်း

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်နှင့် ဆက်စပ်၍ ဝေဒနာကမ္မဋ္ဌာန်းကိုလည်း အောက်ပါအတိုင်း ဆက်လက်၍ ဟောကြားတော်မူလေသည်။

ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ဝိဒိတွာ အနုပါဒါ ဝိမုတ္တော ဘိက္ခဝေ တထာဂတော။ *(ဒီ– ၁– ၃၅)*

ဘိက္ခဝေ– ရဟန်းတို့ **တထာဂတော**– တထာဂတသည်၊ **ဝေဒနာနံ**– ဝေဒနာတို့၏၊ **သမုဒယဉ္စ**– အဝိဇ္ဇာဖြစ်ခြင်းစသော ဖြစ်ကြောင်းကိုလည်းကောင်း၊ **အတ္ထင်္ဂမဉ္စ**– အဝိဇ္ဇာချုပ်ခြင်းစသော ချုပ်ကြောင်းကိုလည်းကောင်း၊ **အဿာဒဉ္စ**– သာယာအပ်သော သုခ, သောမနဿကိုလည်းကောင်း၊ **အာဒီနဝဉ္စ**– အနိစ္စ, ဒုက္ခ ဝိပရိဏာမ ဟူသော အပြစ်ကိုလည်းကောင်း၊ **နိဿရဏဉ္စ**– ထွက်မြောက်ကြောင်းဖြစ်သော ဆန္ဒရာဂ ပဟာနကိုလည်းကောင်း၊ **ယထာဘူတံ**– ဟုတ်တိုင်းမှန်စွာ၊ **ဝိဒိတွာ**– သိတော်မူခြင်းကြောင့်၊ **အနုပါဒါ**– တဏှာ, ဒိဋ္ဌိတို့ဖြင့် တစုံတခုသော တရားကို 'ငါ, ငါ့ဥစ္စာ' ဟု မစွဲလမ်းမူ၍၊ **ဝိမုတ္တော**– အသစ်ခန္ဓာ သံသရာမှ လွတ်ပြီ။

(ဤအဓိပ္ပါယ်များကိုလည်း သဿတဝါဒ အခန်းက ပြခဲ့ပြီ။)

သဗ္ဗညုတဉာဏဂုဏ နိဂုံး

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်နှင့် ဆက်စပ်၍ ဝေဒနာကမ္မဋ္ဌာန်းကို ဟောကြားတော်မူပြီးနောက် သဗ္ဗညုတဉာဏ ဂုဏ်တော် ချီးမွမ်းရည်ကို အောက်ပါအတိုင်း ဆက်၍ဟောကြားကာ နိဂုံးအုပ်တော်မူလေသည်။

ဣမေ ခေါ ဘိက္ခဝေ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ ဒုရနုဗောဓာ သန္တာ ပဏီတာ အတက္ကာဝစရာ နိပုဏာ ပဏ္ဍိတဝေဒနီယာ ယေ တထာဂတော သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ ယေဟိ တထာဂတဿ ယထာဘုစ္စံ ဝဏ္ဏံ သမ္မာ ဝဒမာနာ ဝဒေယျုံ။ *(ဒီ– ၁– ၃၆)*

ဘိက္ခဝေ– ရဟန်းတို့ **ယေ ဓမ္မေ**– အကြင်ဂုဏ်တရားတို့ကို၊ **တထာဂတော**– တထာဂတသည်၊ **သယံ**– ကိုယ်တော်တိုင်၊ **အဘိညာ**– ထူးကဲလွန်မြတ်သော ပစ္စဝေက္ခဏာဉာဏ်ဖြင့်၊ **သစ္ဆိကတွာ**– မျက်မှောက်ပြုတော်မူ၍၊ **ပဝေဒေတိ**– ဟောပြတော်မူ၏၊ **ယေဟိ ဓမ္မေဟိ**– အကြင်ဂုဏ်တရားတို့ဖြင့်၊ **တထာဂတဿ**– တထာဂတ၏၊ **ဝဏ္ဏံ**– ဂုဏ်တော်တရားကို၊ **ဝဒမာနာ**– ပြောဆိုကုန်လတ်သော်၊ **ယထာဘုစ္စံ**– အကြင်အကြင် ထင်ရှားရှိသည့်အတိုင်း၊ **သမ္မာ**– မဖောက်မပြန်ဟုတ်မှန်စွာ၊ **ဝဒေယျုံ**– ပြောဆိုနိုင်ကုန်ရာ၏။

တေ ဓမ္မေ– ထိုဂုဏ်တော်တရားတို့ဟူသည်၊ **ကတမာ**– အဘယ်သည်တို့နည်း။

(၁) ဂမ္ဘီရာ	– မဟာသမုဒ္ဒရာဝယ် ခြင်ငယ်၏ နှုတ်သီးဖျားဖြင့် မထောက်နိုင်လောက်အောင် နက်သကဲ့သို့ အခြားပုဂ္ဂိုလ်တို့၏ဉာဏ်ဖြင့် မထောက်နိုင်လောက်အောင် နက်နဲကုန်သော။
(၂) ဒုဒ္ဒသာ	– အခြားပုဂ္ဂိုလ်တို့၏ဉာဏ်ဖြင့် မမြင်အပ်, မမြင်နိုင်သော။
(၃) ဒုရနုဗောဓာ	– အခြားပုဂ္ဂိုလ်တို့၏ဉာဏ်ဖြင့် အစဉ်လိုက်၍ မသိအပ်, မသိနိုင်သော။
(၄) သန္တာ	– ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်းငြိမ်သက်လှသော။
(၅) ပဏီတာ	– အရသာရှိ ဘောဇဉ်၏သို့ သိ၍မဝ မွန်မြတ်ကုန်သော။
(၆) အတက္ကာဝစရာ	– ထိုဂုံအကြံ စိတ်ကူးဉာဏ်ဖြင့် မသိနိုင်သော။
(၇) နိပုဏာ	– အရာရာတွင် လွန်ကျွမ်းကျင်သဖြင့် အစဉ်မရွေ့ သိမ်မွေ့နူးညံ့ကုန်သော။
(၈) ပဏ္ဍိတ ဝေဒနီယာ	– ပညာကြီးလတ် ပုဂ္ဂိုလ်မြတ်တို့သာ သိအပ်သိပိုင် သိနိုင်ကုန်သော။

တေ ဓမ္မာ– ထိုဂုဏ်တော်တရားတို့ဟူသည်၊ **ဣမေ ခေါ**– သိရန်မှန်က မကျန်ရအောင် ပြဆိုခဲ့သည့်အတိုင်း အကုန်သိမြင်တော်မူသော ဤသဗ္ဗညုတဉာဏ်တော် ဂုဏ်တော်တို့ပင်တည်း။

(သီလကလေးမျှဖြင့် ဗုဒ္ဓ၏ဂုဏ်ကိုပြောလျှင် ဟုတ်တိုင်းမှန်စွာ မပြောရာမရောက်။ ဤသဗ္ဗညုတဂုဏ်တော်ဖြင့် ပြောမှသာ ဟုတ်တိုင်းမှန်စွာ ပြောရာရောက်သည်ဟူလို။ ဤအဓိပ္ပါယ်များကိုလည်း ရှေးပိုင်းက ဖော်ပြခဲ့ပြီးဖြစ်သည်။)

သဗ္ဗညုတဉာဏ်တော်ကို မေး၍ သဗ္ဗညုတဉာဏ်တော်ကို ဖြေပုံ

(၁) ဗုဒ္ဓသည် အထက်ပါအတိုင်း နိဂုံးအုပ်တော်မူရာ၌ အပရန္တကပ္ပိက သမဏ, ဗြာဟ္မဏ (၄၄)မျိုးကို တပေါင်းတည်းပြု၍ နိဂုံးအုပ်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ကြီးကို ဖြေကြားတော်မူသည်။

(၂) ထို့နောက် ပုဗ္ဗန္တာပရန္တကပ္ပိက သမဏ, ဗြာဟ္မဏ (၆၂)မျိုးတို့ကို တပေါင်းတည်းပြု၍ နိဂုံးအုပ်တော်မူ၍ သဗ္ဗညုတဉာဏ် တော်ကိုပင် ဖြေကြားတော်မူသည်။

(၃) ဤသို့ **'ကတမေ တေ ဘိက္ခဝေ ဓမ္မာ'** အစရှိသောပါဠိ၌ မေးတော်မူတုန်းကလည်း သဗ္ဗညုတဉာဏ်တော်ကိုပင် မေးတော်မူ၍ ဖြေတော်မူပြန်သောအခါမှာလည်း 'သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ' ဟူသော (၆၂)မျိုးကုန်သော မိစ္ဆာဒိဋ္ဌိအယူအားလုံးကို သဗ္ဗညုတဉာဏ်တော်ဖြင့် သိမ်းကျုံးယူ၍ ဖြေကြားတော်မူလိုက်သည်မှာ 'တုလာယ' ချိန်ခွင်ဖြင့် 'တုလန္တောဝိယ' ချိန်ပြလိုက်သကဲ့သို့ အလွန်တိကျတော်မူလေသည်။

(၄) မြင့်မိုရ်တောင်ခြေမှသဲကို မည်သည့်ပုဂ္ဂိုလ်မှ မထုတ်ယူနိုင်သကဲ့သို့ (၆၂)မျိုးသော မိစ္ဆာဒိဋ္ဌိတို့ကိုလည်း မည်သည့်ပုဂ္ဂိုလ်မျှ ထုတ်၍မပြနိုင်လောက်အောင် ခဲယဉ်းလှပေသည်။

(၅) သို့သော် ဗုဒ္ဓကား **'သိနေရုပါဒတော'** မြင့်မိုရ်တောင်ခြေမှ၊ ဝါလုကံ– သဲကို၊ ဥဒ္ဓရန္တောဝိယ– ထုတ်ဆောင်ပြတော်မူသကဲ့သို့ ထို (၆၂)မျိုးကုန်သော မိစ္ဆာအယူတို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ထုတ်ဆောင်ပြတော်မူ၍ သဗ္ဗညုတဉာဏ်တော်ကိုပင် ဖြေကြားတော်မူပေသည်။

(၆) ဤသို့လျှင် ဤဗြဟ္မဇာလသုတ် ဒေသနာတော်သည် **'ယထာနုသန္ဓိဝသေန'** အကြင်အကြင် ဆက်စပ်အပ်သော ပါဠိတော်၏ အစွမ်းဖြင့် **'အာဂတော'** ဖြစ်ပေါ်လာပြီ။ ။ဤကား အစစကားရပ်နှင့် အဆုံးစကားရပ်ကို ဆက်စပ်ပြသော **'ယထာနုသန္ဓေ'** တည်း။

တရားကဗျာ

(၁) လူတို့ဌာန၊ လူ့လောက၌၊ သီလမျှသာ၊ စောင့်ကြသည်မှာ၊ ဓမ္မတာတည်း။ ကိုယ်ကျင့်သီလ၊ မရှိကြသော်၊ လောကအလယ်၊ မတင့်တယ်သည်၊ ဘယ်ဝယ်တန်ဘိုး ရှိလိမ့်တည်း။

(၂) တန်ဘိုးရှိလှ၊ လူ့ဘဝကို၊ သီလအင်အား၊ မိကထား၍၊ အများအားဖြင့်၊ ဆုံးဖြတ်လင့်၏၊ သီလ သီလ၊ ထိုသီလသည်၊ လူ့ဘဝတွက်၊ တန်ဘိုးတက်လည်း၊ လူထက်နတ်ထက်၊ ဗြဟ္မာထက်လည်း၊ မြင့်တက်ပေလှ၊ မြတ်ဗုဒ္ဓကို၊ သီလဖြင့်သာ၊ ချီးမွမ်းပါသော်၊ ဘယ်မှာမွမ်းရာ ရောက်လိမ့်တည်း။

(၃) မြင့်မိုရ်တောင်ကဲ၊ ထုဖြိုခွဲ၍၊ ထဲထဲဝင်ဝင်၊ သဲကိုငင်သော်၊ ရချင်ရလိမ့်၊ ခြောက်ဆယ့်နှစ်ဖြာ၊ ထိုမိစ္ဆာကို၊ မြတ်စွာဗုဒ္ဓ၊ ထုတ်မပြသော်၊ မုချထိုထို၊ ဘယ်ပုဂ္ဂိုလ်မျှ၊ ဘယ်လိုမျှကို၊ သိကြဘို့ရာ၊ ဝေးလှစွာတည်း၊ မြတ်စွာဗုဒ္ဓ၊ ထုတ်ဖော်ပြမှ၊ သိကြရရှင့်။

(၄) ထို့ကြောင့်သာပ၊ မြတ်ဗုဒ္ဓကို၊ မွမ်းကြလိုသော်၊ တုမရှိအင်၊ နှိုင်းမထင်သည်၊ သဗ္ဗညုဉာဏ်ဖြင့်၊ ဝေတန်ချင့်၍၊ မွမ်းလင့်ပါမှ၊ မွမ်းရာရောက်၏။

(၅) ရှင်တော်ဗုဒ္ဓ၊ ဉာဏ်ဖောကြွ၍၊ ထုတ်ပြ၍သာ၊ မိစ္ဆာဒိဋ္ဌိ၊ ဒွါသဋ္ဌိကို၊ သိကြရာကြောင့်၊ တထာဂတ၊ ခေါ်ဆိုရသည့်၊ ဗုဒ္ဓမည်တွင်၊ သုံးလူ့ရှင်၏၊ သဗ္ဗညုဉာဏ်ကို၊ လွန်ပင်ရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်ပါသည်၊ ဗုဒ္ဓါနုဿတိ ပွါးကြတည်း။

အနုသန္ဓေသုံးမျိုး

ဗုဒ္ဓဟောတော်မူအပ်သော သုတ္တန်ဒေသနာများ၌ အနုသန္ဓေတို့သည် 'ပုစ္ဆာနုသန္ဓိ' ပုစ္ဆာသည် ပြုအပ်သော အနုသန္ဓေလည်းကောင်း၊ *(ဤ၌မေးခြင်းသည် အကြောင်း၊ ဖြေခြင်းသည် အကျိုးတည်း။ ထိုအမေးနှင့်အဖြေ ဆက်သွယ်မှုကို အနုသန္ဓိ ခေါ်သည်။ ထိုအနုသန္ဓိကို အမေးသည် ပြုဂုဏ်ကောက်၏။ ထို့ကြောင့် ပုစ္ဆာနုသန္ဓေ ခေါ်သည်။)*

အဇ္ဈာသယာနုသန္ဓိ– အဇ္ဈာသယသည် ပြုအပ်သော ဆက်စပ်ခြင်းလည်းကောင်း၊ *(ဤ၌ ဗုဒ္ဓသည် သူတပါးတို့၏ အဇ္ဈာသယကို သိ၍ ဟောတော်မူအပ်သော သူတို့၏အစွမ်းဖြင့် ဆက်စပ်ခြင်းသည် အဇ္ဈာသယာနုသန္ဓေ မည်၏။)*

ယထာနုသန္ဓေ– အကြင်အကြင် ဆက်စပ်အပ်သော ပါဠိရပ်လည်းကောင်း၊ *(ဤ၌ အကြင်အကြင် ဆက်စပ်အပ်သော ရှေးဒေသနာတော်သည် နောက်ဒေသနာ ပါဠိရပ်နှင့် ဆက်စပ်ဖော်ပြခြင်းသည် ယထာနုသန္ဓေ မည်၏။)* (ဒီ ဋ္ဌ– ၁– ၁၁၂)

ပုဏ္ဏာနုသန္ဓေ သာဓက

ဝေဝုဇ္ဇော အညတရော ဘိက္ခု ဘဂဝန္တံ ဧတဒဝေါစ 'ကိံနုခေါ ဘန္တေ ပြရိမံတီရံ ကိံ ပါရိမံတီရံ၊ ကော မဇ္ဈေ သံသီဒေါ၊ ကော ထလေ ဥဿာဒေါ'။ *(ဒီ ၄- ၁- ၁၁၃၊ သံ- ၂- ၃၇၇)*

ဝေံ- ဤသို့၊ ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဝုတ္တေ- မိန့်တော်မူအပ်သည်ရှိသော်၊ အညတရော- မထင်မရှားတစ်ပါးသော၊ သော ဘိက္ခု- ထိုရဟန်းသည်၊ ဘဂဝန္တံ- ရှင်တော်ဗုဒ္ဓကို၊ ဧတံ- ဤစကားကို၊ အဝေါစ- လျှောက်ထားလေပြီ။

ဘန္တေ- ရှင်တော်ဘုရား၊ ပြရိမံတီရံ- ဤမှာဘက်ကမ်းဟူသည်၊ ကိံနုခေါ- အဘယ်ပါနည်း၊ ပါရိမံတီရံ- ထိုမှာဘက်ကမ်းဟူသည်၊ ကိံ- အဘယ်ပါနည်း၊ မဇ္ဈေ- ရေလယ်၌၊ သံသီဒေါ- နစ်မြုပ်ခြင်းဟူသည်၊ ကော- အဘယ်ပါနည်း၊ ထလေ- မြစ်လယ်ခေါင်တွင် သောင်ကုန်းပြင်၌၊ ဥဿာဒေါ- တင်နေခြင်းဟူသည်၊ ကော- အဘယ်ပါနည်း၊ ဣတိဝေံ- ဤသို့၊ ပုစ္ဆန္တာနံ- မေးလျှောက်ကုန်သော ပုဂ္ဂိုလ်တို့အား၊ ဘဂဝတာ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဝိဿဇ္ဇိတ သုတ္တဝသေန- ဖြေတော်မူအပ်သောသုတ်၏ အစွမ်းဖြင့်၊ ပုစ္ဆာနုသန္ဓိ- ပုစ္ဆာနုသန္ဓေကို၊ ဝေဒိတဗ္ဗော- သိထိုက်၏။

အဇ္ဈာသယာနုသန္ဓေ သာဓက

(၁) 'အထခေါ အညတရဿ ဘိက္ခုနော ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ ဣတိကိရ ဘော ရူပံ အနတ္တာ (ပ) ဝိညာဏံ အနတ္တာ အနတ္တကတာနိ ကမ္မာနိ ကမတ္တာနံ ဖုသိဿန္တိ' တိ။ *(ဒီ ၄- ၁- ၁၁၃၊ မ- ၃- ၆၉)*

အထခေါ- ထိုအခါ၌၊ အညတရဿ- မထင်မရှား တစ်ပါးသော၊ ဘိက္ခုနော- ရဟန်း၏၊ ဝေံ- ဤသို့၊ စေတသော- စိတ်၏၊ ပရိဝိတက္ကော- အကြံသည်၊ ဥဒပါဒိ- ထင်ရှားဖြစ်လေပြီ။

ဘော- အချင်းတို့၊ ဣတိ- ဤသို့၊ ရူပံ- ရုပ်သည်၊ အနတ္တာကိရ- အတ္တမဟုတ်ဘူးတဲ့ (ပ) ဝိညာဏံ- ဝိညာဏ်သည်၊ အနတ္တာကိရ- အတ္တမဟုတ်ဘူးတဲ့၊ ဝေံ- ဤသို့ဖြစ်လတ်သော်၊ အနတ္တကတာနိ- အနတ္တခန္ဓာငါးပါးသည် ပြုအပ်ကုန်သော *(အတ္တသည် မပြုအပ်ကုန်သော)*၊ ကမ္မာနိ- ကံတို့သည်၊ ကံ- အဘယ်မည်သော၊ အတ္တာနံ- အတ္တကို၊ ဖုသိဿန္တိ- တွေ့ထိကုန်အံ့နည်း၊ ဝေံ- ဤသို့၊ စေတသော- စိတ်၏၊ ပရိဝိတက္ကော- အကြံသည်၊ ဥဒပါဒိ- ထင်ရှားဖြစ်ပြီ။

ဗုဒ္ဓက ခန္ဓာငါးပါးသည် 'အနိစ္စ, ဒုက္ခ, အနတ္တ' ဟု ဟောတော်မူပြီးသောအခါ ထိုသို့ဟောကြားခြင်းကို မနှစ်သက်သော ရဟန်းတစ်ပါးသည် အထက်ပါအတိုင်း အကြံဖြစ်လေသည်။

ဆိုလိုသည်မှာ ခန္ဓာငါးပါးသည် အနတ္တဖြစ်လျှင် အတ္တကပြုအပ်သည်မဟုတ်သော *(အနတ္တခန္ဓာက ပြုအပ်သော)* ကံတို့သည် နောင်အခါ အဘယ်အတ္တက ခံစားရတော့မည်နည်း။ *(အတ္တမရှိလျှင် ကံ၏အကျိုးကို ခံစားမည့်သူလည်း ရှိတော့မည်မဟုတ်ဟု ဆိုလိုသည်)*

(၂) အထခေါ ဘဂဝါ တဿ ဘိက္ခုနော စေတသာ စေတော ပရိဝိတက္က မညာယ ဘိက္ခူ အာမန္တေသိ 'ဌာနံ ခေါ ပနေတံ ဘိက္ခဝေ ဝိဇ္ဇတိ ယံ ဣဓေကစ္စော မောဃပုရိသော အဝိဒ္ဒါ အဝိဇ္ဇာဂတော တဏှာဓိပတိယေန စေတသာ သတ္ထုသာသနံ အတိဓာဝိတဗ္ဗံ မညေယျ ဣတိ ကိရ ဘော ရူပံ အနတ္တာ (ပ) ဝိညာဏံ အနတ္တာ အနတ္တကတာနိ ကမ္မာနိ ကမတ္တာနံ ဖုသိဿန္တိ'တိ။

တံ ကိမညထ ဘိက္ခဝေ ရူပံ နိစ္စံဝါ အနိစ္စံဝါတိ ဝေံ ပရေသံ အဇ္ဈာသယ ဝိဒိတွာ ဘဂဝတာ ဝုတ္တသုတ္တဝသေန အဇ္ဈာသယာနုသန္ဓိ ဝေဒိတဗ္ဗော။ *(ဒီ ၄- ၁- ၁၁၃၊ မ- ၃- ၆၉)*

အထခေါ- ထိုအခါ၌၊ ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ တဿ ဘိက္ခုနော- ထိုရဟန်း၏၊ စေတော ပရိဝိတက္ကံ- စိတ်အကြံကို၊ စေတသာ- ကိုယ်တော်၏ စိတ်တော်ဖြင့်၊ အညာယ- သိတော်မူ၍၊ ဘိက္ခူ- ရဟန်းတို့ကို၊ အာမန္တေသိ- အမိန့်ရှိတော်မူပြီ။

ဘိက္ခဝေ- ရဟန်းတို့၊ **ယံ**- အကြင်အကြောင်းကြောင့်၊ **ဣဓ**- ဤသာသနာတော်၌၊ **ကေစ္စော**- အချို့သော၊ **မောဃပုရိသော**- မဂ်, ဖိုလ်မှ အချည်းနှီးသော ယောကျ်ားသည်၊ **အဝိဒ္ဒါ**- ပညာမရှိသည်၊ **အဝိဇ္ဇာဂတော**- အဝိဇ္ဇာသည် ကပ်ရောက်အပ်သည်၊ **ဟုတွာ**- ဖြစ်၍၊ **တဏှာဓိပတိယေန**- တဏှာလျှင် အကြီးအကဲရှိသော၊ **စေတသာ**- စိတ်ဖြင့်၊ **သတ္ထု**- ဆရာဖြစ်သော ဗုဒ္ဓ၏၊ **သာသနံ**- ဆုံးမကြောင်းတရားတော်ကို၊ **အတိဓာဝိတဗ္ဗံ**- ကျော်လွန်ပြေးသွားထိုက်၏ဟူ၍၊ **မညေယျ**- မှတ်ထင်ရာ၏၊ **ကိံ**- အဘယ်သို့ မှတ်ထင်သနည်း။

ဘော- အချင်းတို့၊ **ဣတိ**- ဤသို့ဆိုအပ်သည့်အတိုင်း၊ **ရူပံ**- ရုပ်သည်၊ **အနတ္တာကိရ**- အတ္တမဟုတ်ဘူးတဲ့ (ပ) **ဝိညာဏံ**- ဝိညာဏ်သည်၊ **အနတ္တာကိရ**- အတ္တမဟုတ်ဘူးတဲ့၊ **ဝေံ**- ဤသို့ဖြစ်လတ်သော်၊ **အနတ္တကတာနိ**- အနတ္တခန္ဓာငါးပါးသည် ပြုအပ်ကုန်သော *(အတ္တသည် မပြုအပ်ကုန်သော)*၊ **ကမ္မာနိ**- ကံတို့သည်၊ **ကံ**- အဘယ်မည်သော၊ **အတ္တာနံ**- အတ္တကို၊ **ဖုသိဿန္တိ**- တွေ့ထိကုန်အံ့နည်း၊ **ဣတိ**- ဤသို့၊ **မညေယျ**- မှတ်ထင်ရာ၏။

ဘိက္ခဝေ- ရဟန်းတို့၊ **တံ**- ထိုငါမေးတော်မူအပ်လတ္တံ့သော စကားကို၊ **ကိံ မညထ**- အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။ **ရူပံ**- ရုပ်သည်၊ **နိစ္စံ ဝါ**- နိစ္စလော၊ **အနိစ္စံ ဝါ**- အနိစ္စလော၊ **ဣတိ**- ဤသို့မေးတော်မူ၏။

ဝေံ- ဤသို့လျှင်၊ **ပရေသံ**- သူတစ်ပါးတို့၏၊ **အဇ္ဈာသယံ**- အလိုဆန္ဒကို၊ **ဝိဒိတွာ**- သိတော်မူ၍၊ **ဘဂဝတာ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဝုတ္တာသုတ္တဝသေန**- ဟောတော်မူအပ်သော သုတ်၏အစွမ်းဖြင့်၊ **အဇ္ဈာသယာနုသန္ဓိ**- အဇ္ဈာသယသည် ပြုအပ်သော ဆက်စပ်ခြင်းဟု ဆိုအပ်သော အဇ္ဈာသယ အနုသန္ဓေကို၊ **ဝေဒိတဗ္ဗော**- သိထိုက်၏။

တဏှာဓိပတိယေန အဓိပ္ပါယ်

အထက်ပါ ပါဠိတော်၌ လာရှိသော '**တဏှာဓိပတိယေန**- တဏှာလျှင် အကြီးအကဲရှိသော' ဟူသော အဓိပ္ပါယ်ကို သီလက္ခန် ဋီကာဟောင်း, ဋီကာသစ်တို့၌ အောက်ပါအတိုင်း ပြဆိုထားလေသည်။

'ငါဟူသော အတ္တမရှိလျှင် ငါပြုသောကံကို အဘယ်သူ ခံစားမည်နည်း။ အတ္တရှိမှ ငါပြုသော ကံ၏အကျိုးကို ခံစားနိုင်မှာဖြစ်သည်' ခံစားလိုသောတဏှာ ဦးဆောင်လာသော အတ္တဝါဒုပါဒါန်နှင့် တကွဖြစ်သော နောက်စိတ်ကို '**တဏှာဓိပတေယျ**' ခေါ်သည်။

အတိဓာဝိတဗ္ဗံ အဓိပ္ပါယ်

'**အတိဓာဝိတဗ္ဗံ**' ကျော်လွန်ပြေးသွားထိုက်၏ဟူ၍ မိန့်ဆိုတော်မူခြင်းသည် *(ဗုဒ္ဓက ဗုဒ္ဓဟောကြားတော်မူထားအပ်သော အနတ္တကို ကျော်လွန်၍ အတ္တဟုယူဆသည်ကို မိန့်ဆိုတော်မူခြင်းဖြစ်သည်။)* ဋီကာဟောင်း, ဋီကာသစ်တို့က ပြဆိုကြသည်မှာ-

သင်္ခါရတို့သည် ခဏတ္တယအနေအားဖြင့် ဖြစ်ပြီး၍ ပျက်စီးတတ်သောကြောင့် ခဏမျှသာ တည်နိုင်သော်လည်း '**ယသ္မိံ သန္တာနေ ကမ္မံ ကတံ**' အကြင်ခန္ဓာအစဉ်၌ ကံကိုပြုအပ်၏။ '**တတ္ထေဝ ဖလူပပတ္တိတော ဓမ္မပုဉ္စမတ္တသောဝ သိဒ္ဓေ ကမ္မဖလသမ္ဗန္ဓေ**' ထိုခန္ဓာအစဉ်၌သာ အကျိုးကိုဖြစ်စေတတ်သောကြောင့် ရုပ်, နာမ်ခန္ဓာအစု၏ အပေါ်၌ပင် ကံနှင့်ကံ၏အကျိုး ဆက်သွယ်မှုသည် ပြီးစီးနေ၏။

'**ကေတ္တနယံ**' ကေတ္တနည်းအားဖြင့် ကံဖြစ်ရာ ခန္ဓာအစုနှင့် ကံ၏အကျိုးဖြစ်ရာ ခန္ဓာအစုသည် နှစ်ခုမကွဲ တစ်ခုတည်းဖြစ်နေသည်။

ထိုကေတ္တနည်းကို နားမလည်သည့်အတွက် ကံပြုရာ ခန္ဓာအစဉ်ကတခြား၊ အကျိုးရရာ ခန္ဓာအစဉ်ကတခြားဟု အမှားမှားယူဆ၍-

အတ္တသည်သာ ကံကိုပြု၍ ထိုအတ္တသည်ပင် ကံ၏အကျိုးကို ခံစား၏ဟု မှတ်ထင်ပြီးလျှင် '**အတ္တ အတ္တနိယ သုညတပကာသနံ**- အတ္တမရှိ၊ အတ္တ၏ဥစ္စာ အတ္တနိယလည်းမရှိ' ဟူသော '**သတ္ထုသာသနံ**- ဗုဒ္ဓ၏ သုညတကိုပြသော ဆုံးမကြောင်းတရားတော်ကို' '**အတိက္ကမိတဗ္ဗံ မညေယျ**' လွှမ်းကျော်ထိုက်၏ဟု မှတ်ထင်ခြင်း ဖြစ်လေသည်။ *(မဟာဋီ- ၁၀၀၊ ဋီသစ် ပအုပ်- ၄၅၇)*

ယထာနုသန္ဓေ သာဓက

ယထာနုသန္ဓေ၏ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ရှင်းပြပါသည်။

(၁) ဗုဒ္ဓသည် တရားတော်ကို စ၍ဟောတော်မူ၏။ ထိုတရားကို ဆက်၍ဟောသောအခါ အဆုံးသတ်သောအခါ၌-

(က) အနုရူပဝသေန- ထိုတရားနှင့်လျော်သော အစွမ်းဖြင့်သော်လည်းကောင်း၊

(ခ) ပဋိပက္ခဝသေန- ထိုအစတရားနှင့် ဆန့်ကျင်ဘက်၏ အစွမ်းဖြင့်သော်လည်းကောင်း ဆက်၍ဟောတော်မူခြင်း, အဆုံးသတ်တော်မူခြင်းအားဖြင့် ယထာနုသန္ဓေ နှစ်မျိုးရှိသည်။

(၂) သာဓကအားဖြင့် မူလပဏ္ဏာသပါဠိတော် အာကင်္ခေယျသုတ်၌ အောက်၌*(အစ၌)* သီလကိုစ၍၊ အထက်၌*(ဆက်ဟောခြင်း, အဆုံးသတ်ခြင်း၌)* အစနှင့်လျော်သော သမာဓိ, ပညာ, အဘိညာဉ် ခြောက်ပါးတို့ကို ဟောသောကြောင့် ၎င်းကို '**အနုရူပ ယထာနုသန္ဓေ**' ဟု ခေါ်သည်။*(စဟောခြင်းဖြစ်သော ရှေးရှေးဟောသည်ကိုအောက်၊ ဆက်၍ဟောခြင်းဟုဆိုအပ်သော နောက်နောက်ဟောသည်ကို အထက်ဟု ဆိုလိုသည်။)*

(၃) ထိုမူလပဏ္ဏာသပါဠိတော် ဝတ္ထသုတ်၌ ကိလေသာ၏အစွမ်းဖြင့် ဒေသနာကိုစ၍ အထက်၌*(ဆက်၍ဟောခြင်း, အဆုံးသတ်ခြင်း၌)* ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာစသော ဗြဟ္မဝိဟာရတရားကို ဟောတော်မူသည်။ ၎င်းကို '**ပဋိပက္ခ ယထာနုသန္ဓေ**' ခေါ်သည်။

(၄) ဤဗြဟ္မဇာလသုတ်ကား အနုရူပ ယထာနုသန္ဓေ မဟုတ်ဘဲ ပဋိပက္ခ ယထာနုသန္ဓေဖြစ်သည်။ အကြောင်းကား အစ၌ '**နိစ္စသာရ, အတ္တ**' စသည်ကိုယူသော ဒိဋ္ဌိ၏အစွမ်းဖြင့် စတည်၍ အထက်၌ ဆန့်ကျင်ဘက်ဖြစ်သော နိစ္စသာရ, အတ္တမှကင်းသော '**သုညတ**' ကို ထင်ရှားပြတော်မူသောကြောင့်တည်း။ *(ဒီ ဋ္ဌ- ၁- ၁၁၃၊ မဟာဋီ- ၁၈၀၊ ဋီသစ် ပအုပ် ၄၅၇ / ၄၅၈)*

(၆၂)မျိုးကုန်သော မိစ္ဆာအယူရှိသူတို့သည် တဏှာ, ဒိဋ္ဌိတို့ဖြင့် တုန်လှုပ်ပုံ

ဗုဒ္ဓသည် ဖော်ပြပြီးခဲ့သော (၆၂)မျိုးကုန်သော မိစ္ဆာအယူရှိသူတို့သည် '**တဏှာ, ဒိဋ္ဌိ**' တို့ဖြင့် တုန်လှုပ်တတ်ပုံကို အောက်ပါအတိုင်း ဟောတော်မူလေသည်။

တတြ ဘိက္ခဝေ ယေ တေ သမဏဗြာဟ္မဏာ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ၊ တဒပိ တေသံ ဘဝတံ သမဏဗြာဟ္မဏာနံ အဇာနတံ အပဿတံ ဝေဒယိတံ တဏှာဂတာနံ ပရိတဿိတ ဝိပ္ဖန္ဒိတမေဝ။ *(ဒီ- ၁- ၃၆)*

ဘိက္ခဝေ- ရဟန်းတို့၊ **တတြ**- ထိုသမဏ, ဗြာဟ္မဏ အမည်ရသော ပုဂ္ဂိုလ်တို့တွင်၊ **သဿတဝါဒါ**- မြဲသောအယူရှိကုန်သော၊ **ယေ တေ သမဏဗြာဟ္မဏာ**- အကြင်သမဏ, ဗြာဟ္မဏအမည်ရသော ပုဂ္ဂိုလ်တို့သည်၊ **(ယေန ဝေဒယိတေန**- အကြင်ဝေဒနာဖြင့်၊ **သောမနဿဇာတာ**- ဝမ်းမြောက်ခြင်းရှိကြကုန်သည်၊ **ဟုတွာ**- ဖြစ်၍) **စတူဟိ ဝတ္ထူဟိ**- လေးပါးကုန်သော အကြောင်းတို့ဖြင့်၊ **အတ္တာနဉ္စ**- အတ္တကိုလည်းကောင်း၊ **လောကဉ္စ**- လောကကိုလည်းကောင်း၊ **သဿတံ**- မြဲ၏ဟူ၍၊ **ပညပေန္တိ**- ပညတ်ကြကုန်၏၊ **ဘဝတံ**- အရှင်ဖြစ်ကုန်သော၊ **အဇာနတံ**- ဓမ္မတို့၏ ဟုတ်မှန်သောသဘောကို မသိကြကုန်သော၊ **တေသံ သမဏဗြာဟ္မဏာနံ**- ထိုသမဏ, ဗြာဟ္မဏ အမည်ရသော ပုဂ္ဂိုလ်တို့၏၊ **တဒယိ ဝေဒယိတံ**- ထိုခံစားတတ်သော ဝေဒနာသည်လည်း၊ **တဏှာဂတာနံ**- တဏှာသည် ကပ်ရောက်အပ်ကုန်သော၊ **ဝေဒယိတံ**- ဝေဒနာတည်း၊ **တံ ဝေဒယိတံ**- ထိုဝေဒနာသည်၊ **ပရိတဿိတ ဝိပ္ဖန္ဒိတမေဝ**- ထက်ဝန်းကျင် တောင့်တတတ်သော တဏှာ, ဒိဋ္ဌိအားဖြင့် တုန်လှုပ်တတ်သည်သာ။

မိစ္ဆာဉာဏ်အမြင်နှင့် သမ္မာဉာဏ်အမြင်

(၁) အထက်ပါ ပါဠိတော်အရ မိစ္ဆာအယူရှိသူတို့သည် မိမိတို့၏ အယူဝါဒ၌ သောမနဿဝေဒနာဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသော်လည်း ထိုဝေဒနာသည် တဏှာ, ဒိဋ္ဌိတို့ဖြင့် တုန်လှုပ်လျက်ရှိလေသည်။

(၂) ၎င်းကို အဋ္ဌကထာဆရာက **မရိယာဒ ဝိဘာဂ ဒဿန**- မိစ္ဆာဉာဏ်၏ သမ္မာဉာဏ်နှင့် ရောယှက်ခြင်းမရှိသော ခွဲခြားဝေဘန်အပ်သော အပိုင်းအခြားအထူးကို ပြခြင်းဟု ဖွင့်ဆိုလေသည်။

(၃) ၎င်းအဋ္ဌကထာဆရာ၏ '**မရိယာဒ ဝိဘာဂ ဒဿန**' ကို ဋီကာဟောင်း, ဋီကာသစ်တို့က '**သဿတာဒိ ဒိဋ္ဌိ ဒဿန သမ္မာဒဿနေန သင်္ကရာဘာဝ ဝိဘာဝနတ္ထံ**' ဟူ၍ ဖွင့်ပြကြလေသည်။ အဓိပ္ပါယ်မှာ သဿတဒိဋ္ဌိစသော မိစ္ဆာအယူရှိသူတို့၏ မြင်ပုံသည် တုန်လှုပ်တတ်သော တဏှာ, ဒိဋ္ဌိအားဖြင့် မငြိမ်မသက် လှုပ်ရှားနေသည်။ ဗုဒ္ဓသာသနာတော်၌ အရိယာပုဂ္ဂိုလ်တို့၏ 'သမ္မာဒဿန' မြင်ပုံသည် ခိုင်မြဲလှ၏။ အောက်ထစ်ဆုံး သောတာပန်ပုဂ္ဂိုလ်၏ 'သမ္မာဒဿန' ဉာဏ်အမြင်သည်ပင် တုန်လှုပ်ခြင်းမရှိ၊ ငြိမ်သက်၏။ ဤသို့အားဖြင့် မိစ္ဆာဒဿန၏ သမ္မာဒဿနနှင့် ရောယှက်ခြင်းမရှိသော ခွဲခြားဝေဘန်အပ်သော အပိုင်းအခြားအထူးကို 'မရိယာဒဝိဘာဂ' ဟု ဆိုသည်။ *(ဒီ ဋ္ဌ- ၁- ၁၁၃၊ မဟာဋီ- ၁၈၀၊ ဋီသစ် ပအုပ်- ၄၅၈)*

(၄) ၎င်းအဋ္ဌကထာကဆက်၍ မိစ္ဆာအယူရှိသူတို့၏ သောမနဿဝေဒနာသည် 'တဏှာ, ဒိဋ္ဌိ' တို့ဖြင့် တုန်လှုပ်ရာ၌ '**ထုသရာသိမှိ**- ဖွဲ့အစုပုံ၌၊ **နိခါတ ခါဏုသဒိသံ**- စိုက်ထားအပ်သော သစ်ငုတ်နှင့်တူ၏၊ **သောတာပန္နဿ**- သောတာပန်ပုဂ္ဂိုလ်၏၊ **ဒဿနမိဝ**- အမြင်ကဲ့သို့၊ **နိစ္စလံ**- မတုန်လှုပ်သည်၊ **န**- မဟုတ်၊ တဏှာ, ဒိဋ္ဌိတို့ဖြင့်၊ **ပရိတဿိတေန**- တောင့်တတတ်သော သဘောဖြင့်၊ **ဝိပ္ဖန္ဒိတမေဝ**- လှုပ်ရှားတတ်သည်သာ၊ **စလိတမေဝ**- ရွေ့လျားတတ်သည်သာ၊ **ကမ္ပိတမေဝ**- တုန်လှုပ်တတ်သည်သာဟု ဖွင့်ဆိုပြလေသည်။

ကျန်သော ဓမ္မသဿတဝါဒစသော (၅၈)ပါးသော မိစ္ဆာဝါဒတို့လည်း ဤအတိုင်းချည်းပင်တည်း။

အဆက်ဆက်အကြောင်းကို ပြဆိုခြင်း

ဗုဒ္ဓသည် မိစ္ဆာအယူရှိသူတို့၏ 'တဏှာ, ဒိဋ္ဌိ' တို့ဖြင့် တုန်လှုပ်တတ်သော ဝေဒနာသည် ဖဿကြောင့် ဖြစ်ရပုံကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

တတြ ဘိက္ခဝေ ယေ တေ သမဏဗြာဟ္မဏာ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ တဒပိ ဖဿပစ္စယာ။ *(ဒီ- ၁- ၃၈)*

ဘိက္ခဝေ- ရဟန်းတို့၊ **တတြ**- ထို (၆၂)ပါးကုန်သော မိစ္ဆာအယူရှိသူတို့တွင်၊ **သဿတဝါဒါ**- သဿတအယူရှိကုန်သော၊ **ယေ တေ သမဏဗြာဟ္မဏာ**- အကြင်သမဏ, ဗြာဟ္မဏတို့သည်၊ (**ယေန ဝေဒယိတေန**- အကြင်ဝေဒနာဖြင့်၊ **သောမနဿဇာတာ**- ဝမ်းမြောက်ခြင်း ရှိကြကုန်သည်၊ **တုဋ္ဌာ**- ဖြစ်၍) **စတူဟိ**- လေးပါးကုန်သော၊ **ဝတ္ထူဟိ**- အကြောင်းတို့ဖြင့်၊ **အတ္တာနဉ္စ**- အတ္တကိုလည်းကောင်း၊ **လောကဉ္စ**- လောကကိုလည်းကောင်း၊ **သဿတံ**- မြဲ၏ဟူ၍၊ **ပညပေန္တိ**- ပညတ်ကြကုန်၏၊ **တေသံ**- ထိုသမဏ, ဗြာဟ္မဏတို့၏၊ **တဒပိ**- ထိုသောမနဿဝေဒနာသည်လည်း၊ **ဖဿပစ္စယာ**- ဖဿဟူသော အကြောင်းကြောင့်၊ **သမ္ဘဝတိ**- ကောင်းစွာဖြစ်၏။

ဖဿကြောင့် ဝေဒနာဖြစ်ပုံ

(၁) အထက်ပါ ပါဠိတော်အရ 'ဝေဒနာသည် ဖဿကြောင့်ဖြစ်၏' ဟု ဆိုရာ၌ အဘယ်နည်းဖြင့် ဖြစ်သနည်းဟူမူ- ပဌမဆုံး သဿတဒိဋ္ဌိဖြစ်သော ပုဂ္ဂိုလ်သည် ဘဝတစ်သိန်းကို ပြန်၍မြင်သောအခါ ထိုရှေးဖြစ်သောအာရုံတို့၌ ဓာတ်ထိထိသော ဖဿဖြစ်၏။ ထိုဖဿကြောင့်ပင် သောမနဿဝေဒနာ ဖြစ်ရလေသည်။

(၂) အဋ္ဌကထာဆရာ ဖွင့်ဆိုပြသည်မှာကား- 'ပရမ္ပရ ပစ္စယာ' အဆက်ဆက်သော အကြောင်းကိုပြခြင်းငှာ ဗုဒ္ဓသည် အထက်ပါဒေသနာကို ဟောတော်မူသည်ဟု ဖွင့်ဆိုလေသည်။

(၃) ထိုအဆက်ဆက် အကြောင်းဖြစ်ပုံကို ဋီကာဟောင်း, ဋီကာသစ်တို့က ဤသို့ဖွင့်ဆိုလေသည်။

(က) ဖဿသည် ရှေးဝါကျ၌ '**တဒပိ ဝေဒယိတံ**' ဟု ပြခဲ့သော ဝေဒနာ၏ အကြောင်းဖြစ်သည်။

(ခ) ထိုဝေဒနာသည်လည်း ရှေးဝါကျ၌ '**တဏှာဂတာနံ**' ဟု ပြခဲ့သော တဏှာ၏ အကြောင်းဖြစ်သည်။

(ဂ) ထိုတဏှာသည်လည်း ဒိဋ္ဌုပါဒါန်ခေါ် ဒိဋ္ဌိ၏ အကြောင်းဖြစ်သည်။

(မိစ္ဆာဒိဋ္ဌိမှန်သမျှ တဏှာလောဘကို အခြေခံ၍ ဖြစ်ရသည်။ မှန်၏။ ဒိဋ္ဌိသည် လောဘမူသမျှပယုတ်စိတ် လေးပါး၌သာ ယှဉ်သဖြင့် မိစ္ဆာဒိဋ္ဌိမှန်သမျှ တဏှာလောဘ အကြောင်းခံသည်ချည်း ဖြစ်လေသည်။) (မဟာဋီ- ၁၈၁၊ ဋီသစ် ပအုပ်- ၄၅၉ / ၄၆၀)

(၄) ဤသို့လျှင် ဖဿသည် မူလအကြောင်းရင်း ဖြစ်ရကား 'ပစ္စယပရမ္ပရ'- အကြောင်းအဆက်ဆက်ဟု အဋ္ဌကထာ ပြဆိုလေသည်။ *(ဒီ ဋ္ဌ- ၁- ၁၁၄)*

အကြောင်းအဆက်ဆက်ကို ပြရခြင်းအကျိုး

အကြောင်းအဆက်ဆက် ပြရခြင်းအကျိုးကို ဋီကာဟောင်း, ဋီကာသစ်တို့က အောက်ပါအတိုင်း ဖွင့်ဆိုကြလေသည်။

ဤသို့ အကြောင်းအဆက်ဆက် *(ပဋိစ္စသမုပ္ပန္န, ပဋိစ္စသမုပ္ပါဒ်)* ကို ပြဆိုခြင်းသည် မည်သည့်အကျိုးတရားမဆို အကြောင်းရှိသည်ချည်းဖြစ်သည်ဟု သိရခြင်းအကျိုးရှိသည်။

(၁) မှန်ပါသည်။ သဿတစသည်ဖြင့် ပညတ်သောတရားသည် ဒိဋ္ဌိတည်း။ *(မိစ္ဆာဒိဋ္ဌိတည်း။)* ထိုဒိဋ္ဌုပါဒါန်သည် တဏှာဟူသော အကြောင်းရှိ၏။

(၂) တဏှာသည် ဝေဒနာဟူသော အကြောင်းရှိ၏။

(၃) ထိုဝေဒနာသည် ဖဿဟူသော အကြောင်းရှိ၏။

(က) ဖဿကြောင့် ဝေဒနာဖြစ်၏။

(ခ) ဝေဒနာကြောင့် တဏှာဖြစ်၏။

(ဂ) တဏှာကြောင့် ဥပါဒါန် = ဒိဋ္ဌုပါဒါန် = ဒိဋ္ဌိ ဖြစ်၏။

(၄) ထိုဒိဋ္ဌိဖြင့် အတ္တဟူ၍လည်းကောင်း၊ လောကဟူ၍လည်းကောင်း ပညတ်အပ်သော တရားတို့ကား ခန္ဓာ (၅)ပါးသာ တည်း။

(၅) ဤကဲ့သို့ 'ပဋိစ္စသမုပ္ပန္န, ပဋိစ္စသမုပ္ပါဒ်' ကြောင်းကျိုးကိုသိလျှင် ခန္ဓာ၅ပါး ရုပ်, နာမ်တရားတို့၌ အတ္တလည်းမရှိ, လောကလည်းမရှိတော့ကြောင်းကို သမ္မာဒိဋ္ဌိဉာဏ်အသိဖြင့် ထိထိမိမိ သိရှိနိုင်ပေတော့သည်။

(၆) တိတ္ထိတို့ကား ထိုကဲ့သို့ ပဋိစ္စသမုပ္ပန္နသဘော, ပဋိစ္စသမုပ္ပါဒ်သဘောကို မသိလေသောကြောင့် သဿတစသော မိစ္ဆာဒိဋ္ဌိ (၆၂)မျိုးကို ယူမှားကြလေတော့သည်။

(ကျန်သော ဧကစ္စသဿတဝါဒအစသော (၅၈)မျိုးတို့လည်း ဝေဒနာသည် ဖဿကြောင့် ဖြစ်ရပုံသဘောမှာ အထက်က ပြဆိုခဲ့သည့်အတိုင်းချည်း တည်း။)

ဖဿအကြောင်း အားကောင်းပုံ

ဗုဒ္ဓသည် မိစ္ဆာအယူရှိသူတို့သည် မိမိတို့၏ မိစ္ဆာအယူနှင့်စပ်၍ သောမနဿဝေဒနာဖြစ်ရာ၌ ဖဿဟူသော အကြောင်းမှတပါး အခြားအကြောင်းမရှိပုံကို အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

တတြ ဘိက္ခဝေ ယေ တေ သမဏ ဗြာဟ္မဏာ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ တေ ဝတ အညတြ ဖဿာ ပဋိသံဝေဒိဿန္တီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ *(ဒီ- ၁- ၃၉)*

ဘိက္ခဝေ- ရဟန်းတို့၊ **တတြ**- ထို (၆၂)မျိုးကုန်သော ဒိဋ္ဌိတို့တွင်၊ **သဿတဝါဒါ**- သဿတအယူရှိကုန်သော၊ **ယေ တေ သမဏ ဗြာဟ္မဏာ**- အကြင် သမဏ, ဗြာဟ္မဏတို့သည်၊ (**ယေန ဝေဒယိတေန**- အကြင် ဝေဒနာဖြင့်၊ **သောမနဿဇာတာ**- ဝမ်းမြောက်ခြင်း ဖြစ်ကြကုန်သည်၊ **ဟုတွာ**- ဖြစ်၍)၊ **စတူဟိ ဝတ္ထူဟိ**- လေးပါးကုန်သော အကြောင်းတို့ဖြင့်၊ **အတ္တာနဉ္စ**- အတ္တကိုလည်းကောင်း၊ **လောကဉ္စ**- လောကကိုလည်းကောင်း၊ **သဿတံ**- မြဲ၏ဟူ၍၊ **ပညပေန္တိ**- ပညတ်ကြကုန်၏၊ **တေ**- ထို

သမဏာ, ဗြာဟ္မဏာ အမည်ရသော ပုဂ္ဂိုလ်တို့သည်၊ ဝတ– စင်စစ်၊ ဖဿာ– ဖဿကို၊ အညတြ– ကြဉ်ထား၍၊ (တံ ဝေဒယိတံ– ထိုဝေဒနာကို)၊ ပဋိသံဝေဒိဿန္တိ– ခံစားကြကုန်လတ္တံ့၊ ဌာတိ ဌော ဌာနံ– ဤအကြောင်းသည်၊ န ဝိဇ္ဇတိ– မရှိနိုင်။

အဋ္ဌကထာ, ဋီကာများ ဖွင့်ဆိုချက်များ

အထက်ပါ ပါဠိတော်အရ မိစ္ဆာအယူရှိသူတို့သည် မိမိတို့၏ အယူနှင့်စပ်၍ သောမနဿဝေဒနာ ဖြစ်ကြရာတွင် 'ဖဿကို ကြဉ်ထား၍ ဝေဒနာကို ခံစားနိုင်ကြခြင်း၏ အကြောင်းမရှိ' ဟု ဗုဒ္ဓဟောတော်မူထားအပ်သည်ကို အဋ္ဌကထာ, ဋီကာဆရာတို့က အောက်ပါအတိုင်း ဖွင့်ဆိုရှင်းပြကြလေသည်။

(၁) မိစ္ဆာအယူရှိသူတို့သည် မိမိတို့၏အယူနှင့်စပ်၍ သောမနဿဝေဒနာ ဖြစ်ကြသည်။ ထိုဝေဒနာ၏အကြောင်းသည် တဏှာကို အခြေခံ၍ စွဲစွဲမြဲမြဲယူသောဒိဋ္ဌိ ဖြစ်လေသည်။

(၂) သို့ဖြစ်၍ ဝေဒနာ၏ အကြောင်းသည် တပ်မက်စွာ စွဲလမ်းသော ဒိဋ္ဌိတည်း။

(၃) ဖဿသည် ဒိဋ္ဌိကြောင့် ဖြစ်ပေါ်လာသော ဝေဒနာ ဖြစ်လာရန် '**ဗလဝပစ္စယ**' အားကြီးသောအကြောင်း ဖြစ်လေသည်။

(၄) ဝေဒနာဖြစ်ဖို့ရန် '**စက္ခုပသာဒ, ရူပါရုံ**' အခြားအကြောင်းများ ရှိသေးစေကာမူ ထိုအကြောင်းများ မပါဘဲလည်း အချို့အချို့သော ဝေဒနာများ ဖြစ်နိုင်ကြသည်။

(၅) ဖဿမပါဘဲကား မည်သည့်ဝေဒနာမျှ မဖြစ်နိုင်ပေ။ ထို့ကြောင့် ဖဿသည် ဝေဒနာဖြစ်ရန် '**ဗလဝပစ္စယ**' အားကြီးသော အကြောင်း ဖြစ်လေသည်။

(၆) ပဋ္ဌမသဿတဝါဒ၌ ကမ္ဘာတစ်သိန်းကဘဝကို ပြန်၍အာရုံပြုရာ၌ ထိုအာရုံတို့၌ တတ်ခိုက်မှု ဖဿမဖြစ်လျှင် မည်သည့် နည်းနှင့်မျှ ဝေဒနာ မဖြစ်နိုင်ပေ။

(၇) ဝေဒနာ မဖြစ်လျှင်လည်း မိမိအယူအဆကို မသာယာလှတော့သဖြင့် စွဲစွဲလမ်းလမ်း ယူဆခြင်းဟူသော 'သဿတ' စသော မိစ္ဆာအယူများဖြစ်မည် မဟုတ်တော့ပေ။

(၈) ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌လည်း '**ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ**' ဟု ပြဆိုထားလေရကား ဒိဋ္ဌုပါဒါန် ဖြစ်ဘို့ရာသည် တဏှာကို အခြေခံလေသည်။ ထိုတဏှာသည် ဝေဒနာကို အခြေခံလေသည်။ ထိုဝေဒနာသည် ဖဿကို အခြေခံလေသည်။

(၉) ထို့ကြောင့် ဝေဒနာဖြစ်ရန် ဖဿသည် '**ဗလဝပစ္စယ**' အားကြီးသောအကြောင်း ဖြစ်ရလေတော့သည်။

အဋ္ဌကထာဆရာ ဥပမာပြပုံ

ပြိုလုပြိုခါနီးသောအိမ်ကို ပြိုမသွားအောင် ကျားကန်ထောက်ထားသော ဒေါက်တိုင်သည် အားကြီးသောအကြောင်း ဖြစ်သည်။ ကျားကန်မပေးသည်ရှိသော် ထိုအိမ်သည် တည်တန့်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ဤအတူ ဝေဒနာဖြစ်ဖို့ရန် ဖဿသည် အားကြီးသော အကြောင်း ဖြစ်လေသည်။ ဖဿမပါဘဲ ဘယ်နည်းနှင့်မျှ ဝေဒနာ ဖြစ်ပေါ်မလာနိုင်ပေ။

(ဒီ ဌ– ၁– ၁၁၄၊ မဟာဋီ– ၁၈၂၊ ဋီသစ် ပအုပ်– ၄၆၀)

(ကြွင်းကျန်ကုန်သော (၅၈)ပါးကုန်သော မိစ္ဆာအယူတို့၌လည်း ဤနည်းအတိုင်းချည်းတည်း။)

မိစ္ဆာအယူရှိသူတို့၏ တည်ရာဖြစ်သော ပဋိစ္စသမုပ္ပါဒ် ဝဋ်လည်ပုံကို ပြဆိုပုံ

ဗုဒ္ဓသည် ရှေးဦးစွာ ပြဆိုခဲ့ပြီးသော (၆၂)ပါးကုန်သော မိစ္ဆာအယူဝါဒတို့ကို ပြန်လည်ဟောကြားတော်မူပြီးနောက် ထို (၆၂)ပါးကုန်သော မိစ္ဆာအယူရှိသူတို့သည် ဖဿကြောင့် ဝေဒနာစသည်ဖြစ်ရပုံ ပဋိစ္စသမုပ္ပါဒ်သဘောကို အောက်ပါအတိုင်း ဟောတော်မူလေသည်။

ပုဗ္ဗန္တာပရန္တံ အာရဗ္ဘ အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ ဒွါသဋ္ဌိယာ ဝတ္ထူဟိ၊ သဗ္ဗေတေ ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ၊ တေသံ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ *(ဒီ- ၁- ၄၁)*

ပုဗ္ဗန္တာပရန္တံ- အတိတ်ဖြစ်သော ခန္ဓာအဖို့၊ အနာဂတ်ဖြစ်သော ခန္ဓာအဖို့၊ အတိတ် အနာဂတ်ဖြစ်သော ခန္ဓာအဖို့ကို၊ **အာရဗ္ဘ**- အာရုံပြု၍၊ **ဒွါသဋ္ဌိယာ**- (၆၂)မျိုးကုန်သော၊ **ဝတ္ထူဟိ**- အကြောင်းတို့ဖြင့်၊ **အနေကဝိဟိတာနိ**- တစ်ပါးမက များသော အပြားရှိကုန်သော၊ **အဓိမုတ္တိပဒါနိ**- ဟုတ်မှန်သော အနက်သဘောကို လွှမ်းမိုး၍ဖြစ်သော မိစ္ဆာအယူကို ပြတတ်သော ပုဒ်ဝါကျတို့ကို၊ **အဘိဝဒန္တိ**- စွဲမြဲစွာ နှလုံးသွင်း၍ ငြင်းကြခုံကြ ဟောပြောကြကုန်၏။

သဗ္ဗေ- အလုံးစုံကုန်သော၊ **တေ**- ထိုသမဏ, ဗြာဟ္မဏအမည်ရသော ပုဂ္ဂိုလ်တို့သည်၊ **ဆဟိ**- ခြောက်ပါးကုန်သော၊ **ဖဿာယတနေဟိ**- ဖဿာယတနတို့ဖြင့်၊ **ဖုဿ ဖုဿ**- ထိရောက်၍ ထိရောက်၍၊ **ပဋိသံဝေဒေန္တိ**- ခံစားကြကုန်၏။ *(ဖဿကြောင့် ဝေဒနာဖြစ်ပုံကို ပြသည်။)*

တေသံ- ထိုသမဏ, ဗြာဟ္မဏအမည်ရသော ပုဂ္ဂိုလ်တို့၏၊ **ဝေဒနာပစ္စယာ**- ဝေဒနာဟူသော အကြောင်းကြောင့်၊ **တဏှာ**- တဏှာသည်၊ **သမ္ဘဝတိ**- ဖြစ်၏၊ **တဏှာပစ္စယာ**- တဏှာဟူသော အကြောင်းကြောင့်၊ **ဥပါဒါနံ**- ဥပါဒါန်သည်၊ **သမ္ဘဝတိ**- ဖြစ်၏၊ **ဥပါဒါနပစ္စယာ**- ဥပါဒါန်ဟူသော အကြောင်းကြောင့်၊ **ဘဝေါ**- ကမ္မဘဝ, ဥပပတ္တိဘဝသည်၊ **သမ္ဘဝတိ**- ဖြစ်၏၊ **ဘဝပစ္စယာ**- ကမ္မဘဝဟူသော အကြောင်းကြောင့်၊ **ဇာတိ**- ဝိပါက်တရား ရုပ်, နာမ်နှစ်ပါးတို့၏ ဖြစ်ခြင်းသည်၊ **သမ္ဘဝတိ**- ဖြစ်၏၊ **ဇာတိပစ္စယာ**- ဇာတိဟူသော အကြောင်းကြောင့်၊ **ဇရာမရဏံ**- ဇရာ, မရဏသည်လည်းကောင်း၊ **သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ**- ဝမ်းနည်းခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာပင်ပန်းခြင်းတို့သည်လည်းကောင်း၊ **သမ္ဘဝန္တိ**- ဖြစ်ကုန်၏။

ဆဖဿာယတန ဖြစ်ပုံ

(၁) (၆၂)မျိုးကုန်သော မိစ္ဆာအယူရှိကုန်သော တိတ္ထိတို့သည် ခြောက်ပါးကုန်သော ဖဿာယတနဖြင့် ထိရောက်၍ ခံစားမှုဝေဒနာ ဖြစ်ကြကုန်၏ *(ခံစားကြကုန်၏)* ဟူရာ၌ ခြောက်ပါးကုန်သော ဖဿာယတနတို့ဟူသည်-

(က) စက္ခု ဟူသော ဖဿာယတန၊

(ခ) သောတ ဟူသော ဖဿာယတန၊

(ဂ) ဃာန ဟူသော ဖဿာယတန၊

(ဃ) ဇိဝှာ ဟူသော ဖဿာယတန၊

(င) ကာယ ဟူသော ဖဿာယတန၊

(စ) မန ဟူသော ဖဿာယတန ဟူ၍ ခြောက်ပါး ဖြစ်လေသည်။

(၂) ဖဿာယတန၌ အာယတနသဒ္ဒါသည် '**သဉ္ဇာတိ**- ကောင်းစွာပေါက်ဖွားရာ ဟူသောအနက်၊ **သမောသရဏ**- ပေါင်းဆုံရာအရပ် ဟူသောအနက်၊ **ကာရဏ**- အကြောင်း ဟူသောအနက်၊ **ပဏ္ဏတ္တိမတ္တ**- နာမပညတ်မျှဖြစ်သောအနက်တို့၌ ဖြစ်လေသည်။

(၃) ဤဆဖဿာယတန၌လာသော အာယတနသဒ္ဒါသည် ထိုဖော်ပြပါ (၄)နက်တို့တွင်- **သဉ္ဇာတိ**- ကောင်းစွာပေါက်ဖွားရာ ဟူသောအနက်၊ **သမောသရဏ**- ပေါင်းဆုံရာအရပ် ဟူသောအနက်၊ **ကာရဏ**- အကြောင်းဟူသောအနက် ဟူသော သုံးနက်၌ ဖြစ်လေသည်။

(က) သဉ္ဇာတိအနက်၌ ဖြစ်ပုံကား- စက္ခုစသော ဝတ္ထုတို့၌ '**ဖဿ ပဉ္စမက**' တရားတို့သည် ကောင်းစွာပေါက်ဖွားကုန်၏။ ဓမ္မသင်္ဂဏီပါဠိတော်၌ '**ဖဿော ဟောတိ, ဝေဒနာ, သညာ, စေတနာ, စိတ္တံ ဟောတိ**' ဟု အစဉ်ရှိ၏။ ထိုအစဉ်၌ စိတ္တမှ စ၍ ရေတွက်လျှင် ဖဿသည် ငါးခုမြောက်ဖြစ်သောကြောင့် '**ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်**' ဟူသော တရားငါးပါးကို '**ဖဿပဉ္စမကတရား**' ဟု ခေါ်သည်။ ထိုငါးပါးသောတရားတို့သည် '**စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဟဒယ**' ဟူသော ဝတ္ထုခြောက်ပါး၌ ကောင်းစွာပေါက်ဖွားကြလေသည်။ *(ဆိုလိုသည်မှာ- ခန္ဓာသဘာဝနှင့် ရုပ်ဂုဏ်တို့ တိုက်ဆိုင်ကြသောအခါ ဖဿပဉ္စမက*

တရားတို့သည် စက္ခုပသာဒ ခေါ် စက္ခုဝတ္ထုကိုမှီ၍ ဖြစ်ပေါ်ကြသည်ဟု ဆိုလိုပေသည်။ ကျန် ထိုနည်းတူ။)

(ခ) **သမောသရဏအနက်၌ ဖြစ်ပုံကား**– ထိုဖဿပဥ္စမကတရားတို့သည် စက္ခုဝတ္ထု ခေါ် စက္ခုပသာဒ၌ ပေါင်းဆုံကြလေသည်။

(ဂ) **ကာရဏ– အကြောင်းအနက်၌ ဖြစ်ပုံကား**– စက္ခုဝတ္ထု ခေါ် စက္ခုပသာဒတို့သည် ထိုဖဿပဥ္စမကတရားတို့၏ အကြောင်းတရားဖြစ်သည်။ *(ဒီ ဋ– ၁– ၁၁၅)*

ဖဿကို ခေါင်းတပ်၍ဆိုခြင်း

(၁) '**စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော**' ဟူသော ဒေသနာအရ စက္ခုပသာဒကိုလည်းကောင်း, ရူပါရုံတို့ကိုလည်းကောင်း စွဲမှီ၍ စက္ခုဝိညာဏ်ဖြစ်၏။ ထို '**စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်**' ဟူသော သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်လေသည်။

(၂) ဤသို့အစရှိသောနည်းဖြင့် ဖဿကို ခေါင်းတပ်၍ ဗုဒ္ဓသည် '**ဆဖဿာယတန**' ဟူ၍ ဟောတော်မူလေသည်။

ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ ရှင်းချက်

(၁) ဖဿာယတနတို့ဖြင့် ထိရောက်၍ ထိရောက်၍ ခံစားကုန်၏ဟူရာ၌ '**စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန**' ဟူသော အာယတနခြောက်ပါးတို့သည် '**ဖုသနကိစ္စဝိယ**' ထိခြင်းကိစ္စကဲ့သို့ ဟောတော်မူထားလေသည်။ သို့ရာတွင် အာယတနတို့သည် ထိခြင်းကိစ္စကို မပြုနိုင်ပေ။

(၂) ဖဿသည်သာ '**ဖုသနကိစ္စ**' ထိခြင်းကိစ္စကို ပြုလေသည်။ သို့ရာတွင် '**ဖဿနှင့် အာယတန**' သည် ကပ်နေသောကြောင့် ဖဿသို့သွင်းကာ ဖဿာယတနတို့ဖြင့် ထိရောက်၍ ထိရောက်၍ဟု ဟောတော်မူခြင်းဖြစ်သည်။

(၃) ထို (၆၂)မျိုးကုန်သော မိစ္ဆာအယူရှိသူတို့သည် '**ဆဖဿာယတန**' ခြောက်ပါးကုန်သော ဖဿာယတနကြောင့်ဖြစ်သော ဖဿဖြင့် ရူပါရုံ, သဒ္ဒါရုံ အစရှိသော အာရုံတို့ကို ထိ၍ ထိ၍ ခံစားကြကုန်၏ဟု ဗုဒ္ဓ ဟောတော်မူခြင်းဖြစ်သည်။ *(ဒီ ဋ– ၁– ၁၁၅)*

ဖဿကြောင့် ဝေဒနာဖြစ်ပုံ

တိတ္ထိတို့သည် ထိုထိုအာရုံကို ခံစားကြရာ၌ ထိုဝေဒနာသည် ခြောက်ပါးကုန်သော ဖဿာယတနကြောင့် ဖြစ်သောဝေဒနာ ဖြစ်လေသည်။ *(စက္ခုသမ္ဖဿကြောင့်ဖြစ်သောဝေဒနာ, သောတသမ္ဖဿကြောင့်ဖြစ်သောဝေဒနာစသည်ဖြင့် ဝေဒနာခြောက်မျိုးဖြစ်ပုံကို သိပါ။)*

ဝေဒနာကြောင့် တဏှာဖြစ်ပုံ

ထိုဝေဒနာသည် ရူပတဏှာ, သဒ္ဒတဏှာ အစရှိသော တဏှာခြောက်ပါးအား '**ဥပနိဿယ ကောဋိယာ– ဥပနိဿယပစ္စည်းဟူသော ဦးခေါင်းအားဖြင့်**' ကျေးဇူးပြုသည်။ ဤသို့ ဥပနိဿယကို ခေါင်းတပ်သဖြင့် အာရမ္မဏ, ပကတူပနိဿယတို့ကိုပါ ယူရလေသည်။ *(အချုပ်ကား ဝေဒနာကြောင့် တဏှာဖြစ်သည်တည်း။)*

တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ

ဝေဒနာကြောင့်ဖြစ်သော ထိုတဏှာသည် '**ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်**' ဟူသော ဥပါဒါန်လေးပါးတို့အား **ဥပနိဿယ ကောဋိယာစေဝ– ဥပနိဿယပစ္စည်းဟူသော ဦးခေါင်းဖြင့်လည်းကောင်း၊ သဟဇာတ ကောဋိယာစ– သဟဇာတပစ္စည်းဟူသော ဦးခေါင်းဖြင့်လည်းကောင်း** ကျေးဇူးပြုလေသည်။

အချုပ်မှာ တဏှာကြောင့် ဥပါဒါန်လေးပါးဖြစ်သည်ဟု ဆိုလိုသည်။ ထိုတွင် '**တဏှာ ပစ္စယာ**' ဟူသော အကြောင်းတဏှာသည် အားသေးသောတဏှာဖြစ်ပြီး '**ကာမုပါဒါန်**' ဟူသောတဏှာသည် အားကြီးသောတဏှာ ဖြစ်လေသည်။ *(အားသေးသော တဏှာကြောင့် အားကြီးသော တဏှာ, ဒိဋ္ဌိတို့ ဖြစ်ရလေသည်။)* ဥပါဒါန်လေးပါးတွင် ကာမုပါဒါန်အရ တဏှာကိုယူပြီး ကျန်ဥပါဒါန်သုံးပါးသည် ဒိဋ္ဌိသာဖြစ်သည်။ သို့ဖြစ်၍ အားသေးသောတဏှာကြောင့် အားကြီးသော '**တဏှာ, ဒိဋ္ဌိ**' ဖြစ်လာရသည်ဟု ဆိုခြင်းဖြစ်သည်။

ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ

တဏှာကြောင့်ဖြစ်သော အားကြီးသော တဏှာ, ဒိဋ္ဌိဟူသော ထိုဥပါဒါန်သည် ကမ္မဘဝ, ဥပပတ္တိဘဝအား ထိုဥပနိဿယကောင်း, သဟဇာတကောင်းအားဖြင့် ကျေးဇူးပြုလေသည်။ တဏှာ, ဒိဋ္ဌိဟူသော ဥပါဒါန်ကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝဖြစ်သည်ဟု ဆိုလိုပေသည်။

ကမ္မဘဝကြောင့် ဇာတိဖြစ်ပုံ

တဏှာ, ဒိဋ္ဌိဟူသော ဥပါဒါန်ကြောင့်ဖြစ်သော ကမ္မဘဝသည် ခန္ဓာငါးပါးဟူသော ဥပပတ္တိဇာတိအား ဥပနိဿယကောင်းဖြင့် ကျေးဇူးပြုသည်။ ကမ္မဘဝကြောင့် ခန္ဓာငါးပါးဟူသော ဇာတိဖြစ်လာသည်ဟု ဆိုလိုသည်။

ဇာတိကြောင့် ဇရာ, မရဏ စသည်ဖြစ်ပုံ

ခန္ဓာငါးပါးဟူသော ဥပပတ္တိဇာတိသည် ဇရာ, မရဏစသော တရားတို့အား ဥပနိဿယကောင်းဖြင့် ကျေးဇူးပြုသည်။ ခန္ဓာငါးပါးဟူသော ဇာတိကြောင့် အိုရခြင်း ဇရာ, သေရခြင်း မရဏ, စိုးရိမ်ရခြင်း သောက, ငိုကြွေးရခြင်း ပရိဒေဝ, ကိုယ်ဆင်းရဲရခြင်း ဒုက္ခ, စိတ်ဆင်းရဲရခြင်း ဒေါမနဿ, ပြင်းစွာစိတ်ပင်ပန်းရခြင်း ဥပါယာသတို့ ဖြစ်ကြရသည်ဟု ဆိုလိုပေသည်။ *(ဒီ ၌- ၁- ၁၁၅) 'အကျယ်ကို ဝိသုဒ္ဓိမဂ်၌ ရှုလေ။'*

အဝိဇ္ဇာ, ဘဝတဏှာ, ဘဝဒိဋ္ဌိ ခေါင်းတပ်ဟောပုံအကြောင်း

ဗုဒ္ဓသည် ဤဖြတ်ဗုဒ္ဓလသုတ်၌ ပဋိစ္စသမုပ္ပါဒ်ကို ဟောရာတွင် ဝေဒနာမှစ၍ တစ်ပိုင်းမျှသာ ဟောတော်မူခြင်းအကြောင်းကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

(၁) ဗုဒ္ဓသည် ဝဋ္ဋကထာ ခေါ် ဝဋ်ဘဝထဲ လည်ရပုံကို ဟောတော်မူသည်ရှိသော်-

ပုရိမာ ဘိက္ခဝေ ကောဋိ နပညာယတိ အဝိဇ္ဇာယ (ပ) ဝေ အဝိဇ္ဇာ သိယာတိ။ *(ဒီ ၌- ၁- ၁၁၅၊ အံ- ၃- ၃၄၆)*

ဘိက္ခဝေ- ရဟန်းတို့၊ **အဝိဇ္ဇာယ**- အဝိဇ္ဇာ၏၊ **ပုရိမာ**- ရှေး၌ဖြစ်သော၊ **ကောဋိ**- အစွန်းအစ အပိုင်းအခြားသည်၊ **နပညာယတိ**- မထင်ရှား၊ *(မထင်ရှားပုံကား)* **ဣတော**- ဤမည်သော ဗုဒ္ဓလက်ထက်မှ (ဝါ) ဤမည်သော စကြာမင်းလက်ထက်မှ၊ **အဝိဇ္ဇာ**- အဝိဇ္ဇာသည်၊ **နအဟောသိ**- မဖြစ်ဘူးသေး၊ **အထပစ္ဆာ**- ထိုမှနောက်၌၊ **သမဘာဝိ**- ကောင်းစွာဖြစ်ပြီ၊ **ဣတိ**- ဤသို့၊ **နပညာယတိ**- မထင်ရှား၊ *(အဝိဇ္ဇာသည် အာသဝကြောင့်ဖြစ်၏ဟူသော ဓမ္မနိယာမအားဖြင့်တော့ ထင်ရှား၏)*၊ **ဝေ**- ဤသို့၊ **အဝိဇ္ဇာ သိယာတိ**- အဝိဇ္ဇာကို ခေါင်းတပ်သဖြင့်လည်းကောင်း၊

ဤ၌သိမှတ်ဖွယ်ကား မည်သည့်အာရုံ၌မဆို အပိတ်အပင် အတားအဆီး မရှိသော သဗ္ဗညုတဉာဏ်တော်အားသော်မှလည်း အဝိဇ္ဇာ၏အစသည် မထင်ရှားဟုဆိုရာ၌ ဉာဏ်တော်က အစကိုမလိုက်နိုင်သောကြောင့် မထင်ရှားခြင်း မဟုတ်ပါ။ '**ကာလနိယာမ**' **အားဖြင့်**- အဝိဇ္ဇာ၏ ဖြစ်ရာကာလအစကိုက မရှိသောကြောင့် မထင်ရှားခြင်းဖြစ်သည်ဟု ဋီကာတို့ဖွင့်ဆိုကြလေသည်။ *(မဟာဋီ- ၁၈၅၊ ဋီသစ် ပအုပ်- ၄၆၇)*

(ကာလနိယာမအားဖြင့် မဂ္ဂိတာကိုမဂ္ဂိဟု သိခြင်းသည်ပင် သမ္မာသမ္ဗုဒ္ဓါဘုရားဟောတော်မူခြင်းပင်တည်း။ တဖန် အဝိဇ္ဇာသည် အာသဝကြောင့် ဖြစ်၏ဟု ဓမ္မနိယာမသဘောကို သိခြင်းသည်လည်း သမ္မာသမ္ဗုဒ္ဓါဘုရားဟောတော်မူခြင်းပင်တည်း။)

(၂) ပုရိမာ ဘိက္ခဝေ ကောဋိ နပညာယတိ ဘဝတဏှာယ (ပ) ဧဝံ တဏှာ သီသေနဝါ။ *(ဒီ ၄- ၁- ၁၁၆၊ အံ- ၃- ၃၄၈)*

ဘိက္ခဝေ- ရဟန်းတို့၊ ဘဝတဏှာယ- ဘဝကို တောင့်တတ်သော တဏှာ၏၊ ပုရိမာ- ရှေး၌ဖြစ်သော၊ ကောဋိ- အစွန်းအစ အပိုင်းအခြားသည်၊ နပညာယတိ- မထင်ရှား၊ *(တဏှာသည် အဝိဇ္ဇာကြောင့် ဖြစ်၏ဟူသော ဓမ္မနိယာမအားဖြင့်တော့ ထင်ရှား၏)* ဧဝံ- ဤသို့၊ တဏှာ သီသေနဝါ- တဏှာကို ခေါင်းတပ်သဖြင့်လည်းကောင်း၊

(၃) ပုရိမာ ဘိက္ခဝေ ကောဋိ နပညာယတိ ဘဝဒိဋ္ဌိယာ (ပ) ဧဝံ ဘဝဒိဋ္ဌိ သီသေနဝါ ကထေသိ။ *(ဒီ ၄- ၁- ၁၁၆)*

ဘိက္ခဝေ- ရဟန်းတို့၊ ဘဝဒိဋ္ဌိယာ- ဘဝဒိဋ္ဌိ၏ (ဝါ) သဿတဒိဋ္ဌိ၏၊ ပုရိမာ- ရှေး၌ဖြစ်သော၊ ကောဋိ- အစွန်းအစ အပိုင်းအခြားသည်၊ နပညာယတိ- မထင်ရှား၊ *(ဒိဋ္ဌိသည် ဝေဒနာကြောင့်ဖြစ်၏ဟူသော ဓမ္မနိယာမအားဖြင့်တော့ ထင်ရှား၏)* ဧဝံ- ဤသို့၊ ဒိဋ္ဌိ သီသေနဝါ- ဒိဋ္ဌိကိုခေါင်းတပ်သဖြင့်လည်းကောင်း၊ ကထေသိ- ဟောတော်မူပြီ။ *(ဤ၌ ဘဝဒိဋ္ဌိဟူသည် သဿတဒိဋ္ဌိပင်တည်းဟု ဋီကာတို့ ဖွင့်ဆိုကြလေသည်။) (မဟာဋီ- ၁၈၅၊ ဋီသစ် ပအုပ်- ၄၆၇)*

ဒိဋ္ဌိကို ခေါင်းတပ်ဟောခြင်း

ဤသို့ ဗုဒ္ဓသည် သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်သော သတ္တဝါတို့အတွက် သံသရာဝဋ်ကို ဟောတော်မူရာ၌ 'အဝိဇ္ဇာကို ခေါင်းတပ်၍ ဟောတော်မူခြင်း, တဏှာကို ခေါင်းတပ်၍ ဟောတော်မူခြင်း, ဒိဋ္ဌိကို ခေါင်းတပ်၍ ဟောတော်မူခြင်း' ဟူ၍ သုံးမျိုးရှိရာတွင် ဤဖြဟ္မဇာလသုတ်ကို ဟောတော်မူရာ၌ကား ဒိဋ္ဌိကို ခေါင်းတပ်၍ ဟောတော်မူခြင်းဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူခြင်းသည်

ဤသို့လျှင် ဗုဒ္ဓသည် ဒိဋ္ဌိကို ခေါင်းတပ်၍ ဝေဒနာ၌ တပ်မက်ခြင်းကြောင့် ဖြစ်ကုန်သော မိစ္ဆာအယူတို့ကို ဟောတော်မူပြီး၍ ဝေဒနာအရင်းခံရှိသော ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူခြင်းသည်ကား-

ဝဋ်လည်ပုံ, သံသရာလည်ပုံကို ပြဆိုသော ဤပဋိစ္စသမုပ္ပါဒ် ဒေသနာဖြင့် ဤမိစ္ဆာအယူရှိသူတို့သည် ဤမိစ္ဆာအယူကို မစွန့်သဖြင့် ဤဘဝမှ ထိုဘဝသို့လည်းကောင်း၊ ထိုဘဝမှ ဤဘဝသို့လည်းကောင်း ကာမဘုံ, ရူပဘုံ, အရူပဘုံတို့၌ တစ်ဘဝပြီး တစ်ဘဝ ပြေးသွားကျင်လည်နေရပြီး ဆီဆုံယန္တရား၌ လှည့်လည်နေရသော နွားကဲ့သို့လည်းကောင်း၊ တိုင်၌ ကြိုးဖြင့်ချည်တုပ်ထားသော ခွေးကဲ့သို့လည်းကောင်း ဝဋ်ဆင်းရဲ သံသရာ၌ နစ်မြုပ်နေကြရမည် ဖြစ်သည်ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုလေသည်။ *(ဒီ ၄- ၁- ၁၁၆)*

ဝဋ်မှ ထွက်မြောက်ကြောင်းကို ဟောတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသည် မိစ္ဆာအယူရှိသူတို့၏ တည်ရာဖြစ်သော သံသရာဝဋ်တရားကို ဟောတော်မူပြီး၍ ဝိပဿနာတရားကို အားထုတ်သောရဟန်း၏ *(ယောဂီ၏)* တည်ရာဖြစ်သော ဝဋ်မှထွက်မြောက်ကြောင်းတရားကို အောက်ပါအတိုင်း ဟောတော်မူလေသည်။

ယတော ခေါ ဘိက္ခဝေ ဘိက္ခု ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနာတိ အယံ ဣမေဟိ သဗ္ဗေဟေဝ ဥတ္တရိတရံ ပဇာနာတိ။ *(ဒီ- ၁- ၄၃)*

ဘိက္ခဝေ- ရဟန်းတို့၊ ယတော- အကြင်အခါ၌၊ ဘိက္ခု- ရဟန်းသည်၊ ဆန္နံ- ခြောက်ပါးကုန်သော၊ ဖဿာယတနာနံ- ဖဿာယတနတို့၏၊ သမုဒယဉ္စ- ဖြစ်ကြောင်းကိုလည်းကောင်း၊ အတ္ထင်္ဂမဉ္စ- ချုပ်ကြောင်းကိုလည်းကောင်း၊ အဿာဒဉ္စ- သာယာ

အပ်သောသဘောကိုလည်းကောင်း၊ **အာဒီနဝဥ္စ**- အပြစ်ကိုလည်းကောင်း၊ **နိဿရဏဉ္စ**- ထွက်မြောက်ကြောင်းကိုလည်းကောင်း၊ **ယထာဘူတံ**- ဟုတ်မှန်သည့်အတိုင်း၊ **ပဇာနာတိ**- အပြားအားဖြင့် သိ၏၊ **တဒါ**- ထိုအခါ၌၊ **အယံ**- ဤရဟန်းသည်၊ **သဗ္ဗေတေဝ**- အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ **တုမှေဟိ**- ဤမိစ္ဆာအယူရှိသူတို့ထက်၊ **ဥတ္တရိတရံ**- သာလွန်၍မြတ်သော သီလ, သမာဓိ, ပညာ, အရဟတ္တဖိုလ်တိုင်အောင်သောတရားကို၊ **ပဇာနာတိ**- အပြားအားဖြင့် သိ၏။

သဿတဝါဒ အဆုံး၌ဖြစ်သော ဝေဒနာကမ္မဋ္ဌာန်းအတိုင်းပင် ခြောက်ပါးကုန်သော ဖဿာယတနတို့၏ သမုဒယဖြစ်ပုံ, အတ္ထင်္ဂမဖြစ်ပုံ, အဿာဒဖြစ်ပုံ, အာဒီနဝဖြစ်ပုံ, နိဿရဏဖြစ်ပုံတို့ကို သိပါလေ။

ဤ၌ အနည်းငယ်ထူးပုံကား ဝေဒနာကမ္မဋ္ဌာန်း၌ ဖဿနေရာဝယ် ဤ၌စက္ခုစသော ရုပ်အာယတနတို့သည် အာဟာရကြောင့် ဖြစ်ရပုံကိုလည်းကောင်း၊ အာဟာရချုပ်လျှင် စက္ခုစသော အာယတနတို့ ချုပ်ရပုံကိုလည်းကောင်း၊ နာမ်, ရုပ်ကြောင့် မနာယတနဖြစ်ရပုံကိုလည်းကောင်း၊ နာမ်, ရုပ်ချုပ်လျှင် မနာယတနတို့ ချုပ်ရပုံကိုလည်းကောင်း သိပါလေ။ *(ဤမျှသာထူးကြောင်း အဋ္ဌကထာဆရာ မိန့်မှာလေသည်။) (ဒီ ဌ- ၁- ၁၁၆)*

ဤ၌ သတိပြုရန်ကား **'နာမရူပပစ္စယာ သဠာယတနံ'** ဟောတော်မူသောကြောင့် နာမ်, ရုပ်သည် သာမညအားဖြင့် စက္ခုစသော အာယတနခြောက်ပါးလုံးအား ကျေးဇူးပြုနိုင်၏။ သို့ရာတွင် အထူးအားဖြင့် စက္ခုစသော ရုပ်အာယတနတို့အား အာဟာရက ကျေးဇူးပြုနိုင်သောကြောင့် ထူးသောအကြောင်းအားဖြင့် အာဟာရကြောင့် စက္ခုစသော ရုပ်အာယတန ဖြစ်သည်ဟု ဋီကာသစ်၌ ဖွင့်ဆိုပြလေသည်။ *(ဋီသစ် ပအုပ်- ၄၆၈)*

ဥတ္တရိတရံ ပဇာနာတိ အဓိပ္ပါယ်

မိစ္ဆာအယူရှိကုန်သော ပုဂ္ဂိုလ်တို့သည် မိစ္ဆာအယူတို့ကိုသာ သိနိုင်၏။ ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်သော, ပဋိစ္စသမုပ္ပါဒ်တရားကို နားလည်သော ရဟန်းသည်ကား မိစ္ဆာအယူတို့ကိုလည်း သိမြင်သည်။ မိစ္ဆာအယူထက် လွန်မြတ်သော သီလ, သမာဓိ, ပညာနှင့် ဝိမုတ္တိ ခေါ် အရဟတ္တဖိုလ်တိုင်အောင်သော တရားတို့ကိုလည်း သိနိုင်သည်။ အဘယ်ပုဂ္ဂိုလ်တွေ သိနိုင်ကြသနည်းဟူမူကား-

ရဟန္တာပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, သောတာပန်ပုဂ္ဂိုလ်, ဗဟုသုတများသော ပိဋကကျမ်းကို ဆောင်သော ပုဂ္ဂိုလ်, **အာရဒ္ဓဝိပဿက**- ဝိပဿနာတရားကို အားထုတ်နေသော ပုဂ္ဂိုလ်တို့ အသီးသီး မိမိတို့ ပါရမီအလိုက် သိနိုင်ကြသည်။

ထိုသို့ အနာဂါမ်မှစ၍ **အာရဒ္ဓဝိပဿက**- ဝိပဿနာ အားထုတ်နေသော ပုထုဇဉ်တိုင်အောင် သိနိုင်ကြသော်လည်း အသာလွန်ဆုံး သိနိုင်သော ပုဂ္ဂိုလ်သည် ရဟန္တာသာ ဖြစ်လေသည်။

ထို့ကြောင့် ဤဒေသနာတော်သည် **'သုဝဏ္ဏ ဂေဟေဝိယ ရတနာမယ ကဏ္ဏိကာယ'** ဟူသော ဋီကာသစ်စကား အတိုင်း ရွှေအိမ်, ရွှေနန်းကို ကျောက်မျက်ရတနာ အထွတ်တပ်သကဲ့သို့ အရဟတ္တဖိုလ် အထွတ်တပ်၍ ပြီးဆုံးစေအပ်ပါသည်။ *(ဒီ ဌ- ၁- ၁၁၆၊ ဋီသစ် ပအုပ်- ၄၆၉)*

ဒေသနာမှလွတ်သော မိစ္ဆာဝါဒီ မရှိပုံ

ပြဆိုအပ်ပြီးကုန်သော မိစ္ဆာအယူ (၆၂)ပါးကုန်သော ဤဗြဟ္မဇာလသုတ် ဒေသနာတော်မှ မလွတ်နိုင်ကြပုံကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောတော်မူလေသည်။

သဗ္ဗေ တေ ဣမေဟေဝ ဒွါသဋ္ဌိယာ ဝတ္ထူဟိ အန္တောဇာလီကတာ၊ ဧတ္ထသိတာဝ ဥမ္မုဇ္ဇမာနာ ဥမ္မုဇ္ဇန္တိ၊ ဧတ္ထ အပရိယာပန္နာ အန္တောဇာလီကတာဝ ဥမ္မုဇ္ဇမာနာ ဥမ္မုဇ္ဇန္တိ။ *(ဒီ- ၁- ၄၂)*

ဘိက္ခဝေ- ရဟန်းတို့၊ **သဗ္ဗေ**- အလုံးစုံကုန်သော၊ **တေ**- ထိုသမဏ, ဗြာဟ္မဏအမည်ရ ပုဂ္ဂိုလ်တို့သည်၊ **ဒွါသဋ္ဌိယာ**- (၆၂)ပါးသော၊ **ဣမေဟေဝ ဝတ္ထူဟိ**- ဤအကြောင်းတို့ဖြင့်သာလျှင်၊ **အန္တောဇာလီကတာ**- ဒေသနာတော်တည်းဟူသော ပိုက်ကွန်၏အတွင်း၌ ပြုအပ်ကုန်ပြီ၊ **ဥမ္မုဇ္ဇမာနာ**- ငုပ်ကြ ဖော်ကြကုန်လတ်သော်၊ **ဧတ္ထ**- ဤဒေသနာတော်တည်းဟူသော ပိုက်ကွန်၌၊

ပရိယာပန္နာဝ- အကျုံးဝင်ကုန်သည်သာလျှင်၊ **အန္တောဇာလီကတာဝ**- ဒေသနာတော်တည်းဟူသော ပိုက်ကွန်၏အတွင်း၌ ပြုအပ်ကုန်သည်သာလျှင်၊ **တုတွာ**- ဖြစ်၍၊ **ဥမ္မုဇ္ဇန္တိ**- ငုပ်ကြ ဖော်ကြကုန်၏ ဝါ မြုပ်ကြ ပေါ်ကြကုန်၏။

ရဟန်းတို့ ဥပမာအားဖြင့် ကျွမ်းကျင်နားလည်သော တံငါသည် သို့မဟုတ် တံငါသည်ကြီး၏ တပည့်သည် ပိုက်ကွန်ဖြင့် ရေနည်းသော ရေအိုင်ကို ပစ်ဖုံးလိုက်ရာ၌ ထိုအိုင်အတွင်းရှိ ရေသတ္တဝါအားလုံးတို့သည် ပိုက်တွင်းမိကြ၍ ငုပ်လျှင်လည်း ဤပိုက်တွင်းမှာ ငုပ်ကြရ၊ ပေါ်လျှင်လည်း ဤပိုက်တွင်းမှာ ပေါ်ကြရသကဲ့သို့-

ထို့အတူ မိစ္ဆာဝါဒီအားလုံးကို ဤ (၆၂)ပါးသော အကြောင်းပြတို့ဖြင့် ပစ်ဖုံးလိုက်ရာ အားလုံးပင် ဒေသနာပိုက်ကွန်အတွင်း၌ မိကြသဖြင့် ငုပ်လျှင်လည်း ဤ (၆၂)ပါးသော မိစ္ဆာဝါဒ အတွင်းမှာပင် ငုပ်ကြရ၊ ပေါ်လျှင်လည်း ဤ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိ အတွင်းမှာပင် ပေါ်ကြရသည်။

ဤစကားဖြင့် ဤကမ္ဘာလောကကြီးနှင့်တကွ လောကဓာတ် စကြာဝဠာတစ်သောင်းတွင် ရှိရှိသမျှ မိစ္ဆာဝါဒ အားလုံးသည် တိုက်ရိုက်ဖြစ်စေ, သွယ်ဝိုက်၍ဖြစ်စေ ဤဖော်ပြခဲ့သော (၆၂)ပါးသော မိစ္ဆာဝါဒတွင် ပါဝင်ကြသည်။ *(ဒီ- ၁- ၄၂။ ဒီ ဋ္ဌ- ၁- ၁၁၆)*

(ငုပ်ကြ, ဖော်ကြဟူသည် အပါယ်လေးပါးသို့ ရောက်ခြင်းဖြင့် ငုပ်ခြင်း၊ မြုပ်ခြင်း၊ လူ့ဘုံ, နတ်ဘုံသို့ ရောက်ခြင်းဖြင့် ဖော်ခြင်း, ပေါ်ခြင်းဟူ၍ ဦးကာဓိ ဖွင့်ဆိုကြလေသည်။ မဟာဋီ- ၁၈၆၊ ဋီသစ် ပအုပ်- ၄၆၉)

အလုံးစုံသော လောကမှ ဗုဒ္ဓလွန်မြောက်တော်မူပုံ

ဗုဒ္ဓသည် ရှိသမျှ အလုံးစုံကုန်သော မိစ္ဆာအယူတို့ကို (၆၂)ပါးကုန်သော မိစ္ဆာအယူတို့၌သာ အကျုံးဝင်ပုံကို ဟောကြားတော်မူပြီးနောက် ဗုဒ္ဓကိုယ်တော်တိုင်မှာကား အလုံးစုံသောလောကမှ လွန်မြောက်တော်မူပုံကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ဥစ္ဆိန္နဘဝနေတ္တိကော ဘိက္ခဝေ တထာဂတဿ ကာယော တိဋ္ဌတိ ယာဝဿ ကာယော ဌဿတိ တာဝနံ ဒက္ခန္တိ ဒေဝမနုဿာ ကာယဿဘေဒါ ဥဒ္ဒံ ဇီဝိတ ပရိယာဒါနာ နနံ ဒက္ခန္တိ ဒေဝမနုဿာ။ *(ဒီ- ၁- ၄၂)*

ဘိက္ခဝေ- ရဟန်းတို့၊ **တထာဂတဿ**- တထာဂတ၏၊ **ကာယော**- ကိုယ်တော်သည်၊ **ဥစ္ဆိန္နဘဝနေတ္တိကော**- ဘဝတဏှာကြိုးကို ဖြတ်တော်မူပြီးသည်၊ **ဟုတွာ**- ဖြစ်၍၊ **တိဋ္ဌတိ**- တည်တော်မူ၏၊ **ယာဝ**- အကြင်မျှလောက်၊ **အဿ**- ထိုတထာဂတ၏၊ **ကာယော**- ကိုယ်တော်သည်၊ **ဌဿတိ**- တည်တော်မူလိမ့်မည်၊ **တာဝ**- ထိုတည်တော်မူသမျှ ကာလပတ်လုံးသာ၊ **ဒေဝမနုဿာ**- ဗြဟ္မာ, နတ်, လူတို့သည်၊ **နံ**- ထိုတထာဂတကို၊ **ဒက္ခန္တိ**- ဖူးမြင်ကြရကုန်လတ္တံ့၊ **ကာယဿ**- ကိုယ်တော်၏၊ **ဘေဒါ**- ပျက်စီးခြင်းကြောင့်၊ **ဥဒ္ဒံ**- အထက်ဖြစ်သော နောက်ကာလ၌၊ **ဒေဝမနုဿာ**- ဗြဟ္မာ, နတ်, လူတို့သည်၊ **နံ**- ထိုတထာဂတကို၊ **နဒက္ခန္တိ**- မဖူးမြင်ကြရကုန်လတ္တံ့။

ဘဝနေတ္တိ အဓိပ္ပါယ်

သတ္တဝါတစ်ဦးကို ဤနေရာအရပ်မှ အခြားနေရာအရပ်သို့ လည်ပင်းကို ကြိုးဖြင့်ဖွဲ့ချည်၍ ဆွဲငင်ယူဆောင်သကဲ့သို့ ထိုထိုဘဝသို့ ကံက သတ္တဝါတို့ကို ဆောင်ရာ၌ ဘဝတဏှာပါမှသာ ဆောင်နိုင်သောကြောင့် ဘဝတဏှာသည် ကြိုးနှင့်တူ၍ **'ဘဝနေတ္တိ'** ဟု ခေါ်ဆိုရသည်။ *(ဒီ ဋ္ဌ- ၁- ၁၁၇)*

(ဘဝနေတ္တိ- ထိုထိုဘုံဘဝသို့ ဆောင်ကြောင်းကြိုးအရမှာ- ကြိုးနှင့်တူသော ဘဝတဏှာရာ၏။)

ဘဝနေတ္တိကို ဖြတ်ပြီးပြီ

(၁) ဗုဒ္ဓကား ထိုထိုဘုံဘဝသို့ ပို့ဆောင်ပေးသော ဘဝတဏှာဟူသော ကြိုးကို အရဟတ္တမဂ် ဓားသန်လျက်ဖြင့် ဖြတ်အပ်ပြီးဖြစ်သောကြောင့် နောက်ထပ်တစ်ဖန် ပဋိသန္ဓေ မနေရတော့ပြီ။

(၂) ထို့ကြောင့် ဗုဒ္ဓ၏ ခန္ဓာကိုယ်ကို သက်တော်ထင်ရှားရှိနေစဉ်မှာသာလျှင် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် ဖူးမြော်ကြရ

မည်ဖြစ်သည်။

(၃) ဗိဝိတရုပ်, နာမ်အစဉ် အကုန်ပြတ်၍ ခန္ဓာပရိနိဗ္ဗာန်ပြုသောအခါ၌မူကား ဗုဒ္ဓ၏ ရုပ်, နာမ်နှစ်ပြား ခန္ဓာကိုယ်ကို လူ, နတ်, ဗြဟ္မာသတ္တဝါတို့ ဖူးမြင်ကြရမည် မဟုတ်ပေ။

ဥပမာပြပုံ

ဗုဒ္ဓသည် ကိုယ်တော်မြတ်၌ ဘဝနေတ္တိ ခေါ် ဘဝတဏှာကြိုးပြတ်ပုံကို အောက်ပါအတိုင်း ဥပမာပေးတော်မူလေသည်။

သေယျထာပိ ဘိက္ခဝေ အမ္ဗပိဏ္ဍိယာ ဝဏ္ဋစ္ဆိန္နာယ ယာနိ ကာနိစိ အမ္ဗာနိ ဝဏ္ဋုပနိဗန္ဓာနိ၊ သဗ္ဗာနိ တာနိ တဒန္ဝယာနိ ဘဝန္တိ၊ *(ဒီ- ၁- ၄၂)*

ဘိက္ခဝေ- ရဟန်းတို့ **သေယျထာပိ**- ဥပမာမည်သည်ကား၊ **ဝဏ္ဋစ္ဆိန္နာယ**- ပြတ်အပ်ပြီးသော အညှာရှိသော၊ **အမ္ဗပိဏ္ဍိယာ**- သရက်ခိုင်၏၊ **ယာနိ ကာနိစိ**- အကြင်အမှတ်မရှိ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ **အမ္ဗာနိ**- သရက်သီးတို့သည်၊ **ဝဏ္ဋုပနိဗန္ဓာနိ**- အညှာ၌ စပ်နေကုန်သည်၊ **ဟောန္တိ**- ဖြစ်ကုန်၏၊ **သဗ္ဗာနိ**- အလုံးစုံကုန်သော၊ **တာနိ**- ထိုသရက်သီးတို့သည်၊ **တဒန္ဝယာနိ**- ထိုအညှာသို့ အစဉ်လိုက်ကုန်သည်၊ **ဘဝန္တိ** သေယျထာပိ- ဖြစ်ကုန်သကဲ့သို့-

ရဟန်းတို့ ဤအတူသာလျှင် တထာဂတ၏ ကိုယ်တော်သည် ဘဝတဏှာကြိုးကို ဖြတ်တော်မူပြီးသည်ဖြစ်၍ တည်တော်မူ၏။ အကြင်မျှလောက် ထိုတထာဂတ၏ ကိုယ်တော်သည် တည်တော်မူလိမ့်မည်။ ထိုတည်တော်မူသမျှ ကာလပတ်လုံးသာ နတ်, လူ, ဗြဟ္မာသတ္တဝါတို့သည် ထိုတထာဂတကို ဖူးမြင်ကြရကုန်လတ္တံ့။ ကိုယ်တော်၏ ပျက်စီးခြင်းကြောင့်, ဇီဝိတိန္ဒြေ၏ အကြွင်းအကျန်မရှိ ကုန်ခန်းခြင်းကြောင့် နောက်ကာလ၌ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် ထိုတထာဂတကို မဖူးမြင်ကြရကုန်တော့လတ္တံ့။

အဋ္ဌကထာက ဥပမာ ဥပမေယျ စပ်ပြခြင်း

(၁) သရက်ပင်သည် ဗုဒ္ဓ၏ ခန္ဓာကိုယ်ကြီးနှင့် တူသည်။

(၂) ဗုဒ္ဓ၏ ခန္ဓာကိုယ်ကို မှီ၍ဖြစ်သော ရှေးဘဝတဏှာသည် သရက်ပင်ကို မှီ၍ဖြစ်သော အညှာနှင့်တူသည်။

(၃) သရက်ပင်အညှာ၌ သီးနေကြသော ငါးလုံးသော သရက်သီးမှည့်, ဆယ့်နှစ်လုံးသော သရက်သီးမှည့်, တစ်ဆယ့်ရှစ်လုံး သော သရက်သီးမှည့်တို့သည် ဗုဒ္ဓ၏ ကိုယ်ခန္ဓာတော်ကြီး၏ အစိတ်အပိုင်းများ ဖြစ်ကြသော ခန္ဓာ ငါးပါး, အာယတန ဆယ့်နှစ်ပါး, ဓာတ် တစ်ဆယ့်ရှစ်ပါးနှင့် တူလေသည်။

(၄) အညှာမပြတ်သေးသမျှ ထိုအညှာ၌ သီးနေကြကုန်သော (၅)လုံး, (၁၂)လုံး, (၁၈)လုံးသော သရက်သီးတို့သည် ရှိနေကြမည်သာ ဖြစ်သည်။

(၅) ထိုအညှာပြတ်သွားသည်ရှိသော် ထိုအညှာ၌ ကပ်ဖွဲ့၍သီးနေသော ထို (၅)လုံး, (၁၂)လုံး, (၁၈)လုံးသော သရက်သီးတို့ သည်လည်း ပြတ်သွားရာ အညှာနောက်သို့သာ လိုက်ပါသွားကြရလေသည်။

(၆) ထို့အတူ ဘဝတဏှာ မပြတ်သေးသမျှ ခန္ဓာ (၅)ပါး, အာယတန (၁၂)ပါး, ဓာတ် (၁၈)ပါးတို့သည် ထိုဘဝတဏှာတည်း ဟူသောအညှာ၌ ကပ်ဖွဲ့၍ တည်ရှိသီးနေကြမည်ဖြစ်သည်။

(၇) ဘဝတဏှာကြိုး ပြတ်သွားလျှင်ကား ထိုဘဝတဏှာကြိုးနှင့်အတူ ခန္ဓာ (၅)ပါး, အာယတန (၁၂)ပါး, ဓာတ် (၁၈)ပါးတို့ လည်း ဘဝတဏှာ အညှာနောက်သို့ အစဉ်လိုက်၍ ပြတ်သွားကြမည်ဖြစ်သည်။

(၈) ဗုဒ္ဓကား ထိုဘဝတဏှာကြိုးကို အရဟတ္တမဂ် သန်လျက်ဖြင့် ဖြတ်ပြီး၍ ထိုဘဝတဏှာ ကြိုးအညှာ၌ ကပ်ဖွဲ့နေကြကုန် သော ခန္ဓာ (၅)ပါး, အာယတန (၁၂)ပါး, ဓာတ် (၁၈)ပါးဟူသော ရုပ်, နာမ်တရားတို့လည်း ထိုဘဝတဏှာ ကြိုးအညှာနှင့် လိုက်ပါ၍ အပြီးပိုင် ပြတ်ပါသွားကြလေပြီ။ နောက်အသစ်ခန္ဓာ ဘဝသံသရာ မဆက်လေတော့ပြီ။

သရက်ပင်ဟူသော အမည်မျှသာ ကျန်သကဲ့သို့

(၁) အညှာပြတ်ပြီးသော ထိုသရက်ပင်သည် ဖားတစ်မျိုး၏ ဆူးအတွေ့ကြောင့်ဖြစ်စေ၊ အခြားအဆိပ်အတွေ့ကြောင့်ဖြစ်စေ အစဉ်ခြောက်၍ သေသည်ရှိသော် ထိုနောက် တဖြည်းဖြည်းနှင့် အမြစ်ပါမကျန် လုံးဝပျောက်ကွယ်သွားသည်ရှိသော် ထိုအခါ၌ တစ်ချိန်တုန်းက ဤနေရာ၌ 'သရက်ပင်တစ်ပင် ရှိခဲ့လေသည်' ဟု ခေါ်ဝေါ်ပြောဆိုသော အမည်ပညတ်မျှသာ ကျန်နေသကဲ့သို့ ထိုသရက်ပင်ကို တစ်စုံတစ်ယောက်သောသူသည် မမြင်ရနိုင်သကဲ့သို့-

(၂) ဤအတူသာလျှင် အရိယမဂ်တည်းဟူသော အတွေ့ကြောင့် တဏှာအစေး ခြောက်ကပ်ပြတ်ပြီးသော ဗုဒ္ဓ၏ ခန္ဓာကိုယ် ကြီးသည်လည်း အစဉ်အတိုင်း သေ့ခြောက်၍ ခန္ဓာကိုယ်ပျက်စီးသည်ရှိသော် ရုပ်, နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ ကုန်ခန်းသည်ရှိသော် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် ဗုဒ္ဓကို မဖူးမြင်ကြရကုန်လတ္တံ့။

(၃) ဤသာသနာတော်သည် ဗုဒ္ဓ၏သာသနာတော်တည်းဟု ခေါ်ဝေါ်ပြောဆိုအပ်သော အမည်ပညတ်မျှသာ ကျန်ရှိတော့လတ္တံ့။

(၄) ထိုသာသနာတော် ကွယ်ပျောက်သောအခါ၌လည်း နောက်နောက်ဗုဒ္ဓတို့ လက်ထက်တော်၌ ဟိုတစ်ချိန်တုန်းက 'ဂေါတမဗုဒ္ဓ ပွင့်တော်မူခဲ့ဖူးလေပြီ' ဟူသော နာမပညတ်တော်သာ ကျန်ရှိနေပေလတ္တံ့။

(ဗုဒ္ဓခန္ဓာကိုယ်ကြီး (၇၇)ဘုံအတွင်းက ကွယ်ပျောက်သွားသော်လည်း နာမည်ပညတ်တော်ကား မကွယ်မပျောက် ကျန်ရှိနေမည်ဟု ဆိုလိုပေသည်)

(၅) ယခု ဗုဒ္ဓသာသနာတော် ရှိနေသည်ဖြစ်၍ ဗုဒ္ဓသာသနာတော်ဟူသော နာမည်ပညတ်သည်လည်းကောင်း, လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်က ဂေါတမဗုဒ္ဓသည် မဇ္ဈိမဒေသ၌ ဖြစ်ထွန်းပွင့်ပေါ်တော်မူခဲ့သည်ဟူသော အမည်ပညတ်သည်လည်းကောင်း ကျန်နေသည်မှာ အထင်အရှားပင်ဖြစ်သည်။

(၆) နောင်နှစ်ပေါင်း (၅၀၀၀)ကျော်၍ ဂေါတမဗုဒ္ဓသာသနာ ကွယ်ပျောက်သွားသော်လည်း နောက်နောက်ပွင့်တော်မူကြမည့် အရိမေတ္တေယျဗုဒ္ဓ စသော ဗုဒ္ဓအဆူဆူတို့ လက်ထက်၌လည်း 'ဂေါတမဗုဒ္ဓ ပွင့်တော်မူခဲ့ဖူးလေပြီ' ဟူသော အမည်ပညတ်သည် ရှိနေဦးမည်သာ ဖြစ်လေသည်။

(၇) ဤသို့လျှင် ဗုဒ္ဓသည် အနုပါဒိသေသ ပရိနိဗ္ဗာန်ဖြင့် ဒေသနာတော်ကို အဆုံးသတ်တော်မူလေပြီ။ *(ဒီ ၄- ၁- ၁၁၀)*

ဒေသနာတော်အမည်ကို အရှင်အာနန္ဒာ မေးလျှောက်ပုံ

ဗုဒ္ဓသည် ဖော်ပြအပ်ပြီးသော နည်းတို့ဖြင့် ဒေသနာတော်ကို အဆုံးသတ်တော်မူသောအခါ၌ အရှင်အာနန္ဒာမထေရ်သည် အစမှစ၍ ဆုံးသည့်တိုင်အောင် နှလုံးသွင်းလျက် 'သို့ကလောက် ကြီးကျယ်လှသော ဗုဒ္ဓ၏ဉာဏ်တော်စွမ်းဖြင့် 'မဟာဂဇ္ဇိတ' ကြီးကျယ်သော ကြိုးဝါးသံဖြင့် ဟောတော်မူအပ်သော ဤသုတ်တော်၏နာမည်ကို ဗုဒ္ဓသည် အမည်တော်မပေးရသေး။ ဤသုတ်တော်၏ နာမည်ကို ပေးစေအံ့' ဟု ကြံ၍ အောက်ပါအတိုင်း မေးလျှောက်ထားလေသည်။

ဧဝံ ဝုတ္တေ အာယသ္မာ အာနန္ဒော ဘဂဝန္တံ ဧတဒဝေါစ 'အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ ကောနာမော အယံ ဘန္တေ ဓမ္မပရိယာယော' တိ။ *(ဒီ- ၁- ၄၃)*

ဧဝံ ဝုတ္တေ- ဤသို့ ဒေသနာတော်ကို အဆုံးသတ်သောအားဖြင့် ဟောကြားတော်မူအပ်ပြီးသော်၊ **အာယသ္မာ အာနန္ဒော-** အရှင်အာနန္ဒာသည်၊ **ဘဂဝန္တံ-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓကို၊ **ဧတံ-** ဤစကားကို၊ **အဝေါစ-** လျှောက်ထားပြီ။

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **အစ္ဆရိယံ-** အံ့ဖွယ်ကောင်းလှပေစွ၊ **အဗ္ဘုတံ-** မဖြစ်စဖူး ဖြစ်ပါပေစွ၊ **ဘန္တေ-** ရှင်တော်ဗုဒ္ဓဘုရား၊ **အယံ ဓမ္မပရိယာယော-** ဤတရားဒေသနာတော်သည်၊ **ကောနာမော-** အဘယ်အမည် ရှိပါသနည်း၊ **ဣတိ-** ဤသို့၊ **အဝေါစ-** မေးလျှောက်ထားပြီ။

ဒေသနာတော် နာမည်ပေးတော်မူခြင်း

ဗုဒ္ဓသည် အောက်ပါအတိုင်း ဒေသနာတော်နာမည်ကို ပေးတော်မူလေပြီ။

တသ္မာတိဟ တွံ အာနန္ဒ ဣမံ ဓမ္မပရိယာယံ အတ္ထဇာလန္တိပိ နံ ဓာရေဟိ၊ ဓမ္မဇာလန္တိပိ နံ ဓာရေဟိ၊ ဗြဟ္မဇာလန္တိပိ နံ ဓာရေဟိ၊ ဒိဋ္ဌိဇာလန္တိပိ နံ ဓာရေဟိ၊ အနုတ္တရောသင်္ဂါမဝိဇယောတိပိ နံ ဓာရေဟီတိ၊ ဣဒမဝေါစ ဘဂဝါ။ *(ဒီ- ၁- ၄၃)*

အာနန္ဒ- အာနန္ဒာ၊ **ယသ္မာ**- အကြင့်ကြောင့်၊ (**ဣမသ္မိံ ဓမ္မပရိယာယေ**- ဤတရားဒေသနာတော်၌၊ **ဣဓဝတ္ထောပိ**- ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သော အစီးအပွါးကိုလည်းကောင်း၊ **ပရတ္ထောပိ**- နောင်ဘဝ၌ဖြစ်သော အစီးအပွါးကိုလည်းကောင်း၊ **ဝိဘတ္တော**- အကျယ်ဝေဘန်တော်မူအပ်ပြီ။) **တသ္မာ**- ထို့ကြောင့်၊ **ဣဟ**- ဤသာသနာတော်၌၊ **တွံ**- သင်သည်၊ **ဣမံ ဓမ္မပရိယာယံ**- ဤတရားဒေသနာတော်ကို- (၁) **အတ္ထဇာလန္တိပိ**- အကျိုးစီးပွါးတည်းဟူသော ကွန်ယက်ရှိသော 'အတ္ထဇာလ' ဒေသနာတော်ဟူ၍လည်း၊ **ဓာရေဟိ**- မှတ်လေလော့။

ယသ္မာ- အကြင့်ကြောင့်၊ (**ဧတ္ထ**- ဤတရားဒေသနာတော်၌၊ **ဗဟူ**- များစွာကုန်သော၊ **တန္တိ ဓမ္မာ**- ပါဠိတော်တို့ကို၊ **ကထိတာ**- ဟောတော်မူအပ်ကုန်ပြီ။) **တသ္မာ**- ထို့ကြောင့်၊ **ဣမံ ဓမ္မပရိယာယံ**- ဤတရားဒေသနာတော်ကို- (၂) **ဓမ္မဇာလန္တိပိ**- ပါဠိတော်တရားတည်းဟူသော ကွန်ယက်ရှိသော 'ဓမ္မဇာလ' ဒေသနာတော်ဟူ၍လည်း၊ **ဓာရေဟိ**- မှတ်လေလော့။

ယသ္မာ- အကြင့်ကြောင့်၊ (**ဧတ္ထ**- ဤတရားဒေသနာတော်၌၊ **သေဋ္ဌဋ္ဌေန**- မြတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ **ဗြဟ္မံ**- မြတ်သော၊ **သဗ္ဗညုတဉာဏံ**- သဗ္ဗညုတဉာဏ်တော်ကို၊ **ဝိဘတ္တံ**- အကျယ်ဝေဘန်တော်မူအပ်ပြီ။) **တသ္မာ**- ထို့ကြောင့်၊ **ဣမံ ဓမ္မပရိယာယံ**- ဤတရားဒေသနာတော်ကို- (၃) **ဗြဟ္မဇာလန္တိပိ**- မြတ်သော သဗ္ဗညုတဉာဏ်တော်တည်းဟူသော ကွန်ယက်ရှိသော 'ဗြဟ္မဇာလ' ဒေသနာတော်ဟူ၍လည်း၊ **ဓာရေဟိ**- မှတ်လေလော့။

ယသ္မာ- အကြင့်ကြောင့်၊ (**ဧတ္ထ**- ဤတရားဒေသနာတော်၌၊ **ဒွါသဋ္ဌိ**- (၆၂)ပါးသော၊ **ဒိဋ္ဌိယော**- မိစ္ဆာအယူတို့ကို၊ **ဝိဘတ္တာ**- အကျယ်ဝေဘန်တော်မူအပ်ကုန်ပြီ။) **တသ္မာ**- ထို့ကြောင့်၊ **ဣမံ ဓမ္မပရိယာယံ**- ဤတရားဒေသနာတော်ကို- (၄) **ဒိဋ္ဌိဇာလန္တိပိ**- မိစ္ဆာအယူတည်းဟူသော ကွန်ယက်ရှိသော 'ဒိဋ္ဌိဇာလ' ဒေသနာတော်ဟူ၍လည်း၊ **ဓာရေဟိ**- မှတ်လေလော့။

ယသ္မာ- အကြင့်ကြောင့်၊ (**ဣမံ ဓမ္မပရိယာယံ**- ဤတရားဒေသနာတော်ကို၊ **သုတွာ**- ကြားနာရသည်ရှိသော်၊ **ဒေဝပုတ္တမာရမ္ပိ**- ဒေဝပုတ္တမာရ်ကိုလည်းကောင်း၊ **ခန္ဓမာရမ္ပိ**- ခန္ဓမာရ်ကိုလည်းကောင်း၊ **မစ္စုမာရမ္ပိ**- မစ္စုမာရ်ကိုလည်းကောင်း၊ **ကိလေသမာရမ္ပိ**- ကိလေသမာရ်ကိုလည်းကောင်း၊ **အဘိသင်္ခါရမာရမ္ပိ**- အဘိသင်္ခါရမာရ်ကိုလည်းကောင်း၊ **မဒ္ဒိတုံ**- နှိပ်နင်းခြင်းငှာ၊ **သက္ကာ**- စွမ်းနိုင်၏။) **တသ္မာ**- ထိုသို့ မာရ်ငါးပါးကို အောင်မြင်နိုင်သောကြောင့်၊ **ဣမံ ဓမ္မပရိယာယံ**- ဤတရားဒေသနာတော်ကို- (၅) **အနုတ္တရော သင်္ဂါမ ဝိဇယောတိပိ**- အတုမရှိမြတ်သော စစ်ပွဲကို အောင်နိုင်ကြောင်း 'အနုတ္တရ သင်္ဂါမ ဝိဇယ' ဒေသနာတော်ဟူ၍လည်း၊ **ဓာရေဟိ**- မှတ်လေလော့။

(ကွင်းအတွင်း ပါဠိအနက်များသည် အဋ္ဌကထာ- နှာ- ၁၁၈ / ၁၁၉ တို့မှ ဖွင့်ဆိုသောအနက်များ ဖြစ်သည်။)

ဤသို့လျှင် ဗုဒ္ဓသည် '**နိဒါန်းအဆုံးမှစ၍ အနုတ္တရော သင်္ဂါမ ဝိဇယောတိပိ နံ ဓာရေဟိ**' တိုင်အောင်သော ဤအလုံးစုံသော သုတ်တော်ကို '**ပရေသံ ပညာယ အလဗ္ဘနေယျ ပတိဋ္ဌံ**' အခြားပုဂ္ဂိုလ်တို့၏ ပညာဖြင့် ထောက်တည်ရာ မရနိုင်သော၊ '**ပရမ ဂမ္ဘီရံ**' အလွန်နက်နဲသော၊ '**သဗ္ဗညုတဉာဏံ**' သဗ္ဗညုတဉာဏ်တော်ကြီးကို၊ '**ပကာသေန္တော**' ထင်ရှားပြတော်မူလျက်၊ '**သူရိယော**' နေမင်းသည်၊ '**အန္ဓကာရံ**' အမိုက်မှောင်ကို၊ '**ဝိဓမန္တောဝိယ**' တိုက်လွှင့်ပယ်ဖျောက်သကဲ့သို့၊ '**ဒိဋ္ဌိဂတ မဟန္ဓကာရံ**' မိစ္ဆာအယူတည်းဟူသော ကြီးစွာသောအမှောင်ကို၊ '**ဝိဓမန္တော**' တိုက်လွှင့်ပယ်ဖျောက်တော်မူလျက်၊ '**အဝေါစ**' မိန့်တော်မူလေပြီ။

အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။ *(ဒီ- ၁- ၄၃)*

တေ ဘိက္ခူ- ထိုရဟန်းသံဃာတော်တို့သည်၊ **အတ္တမနာ**- မိမိစိတ်ရှိကြကုန်သည်၊ (**ဗုဒ္ဓဂတာယ ပီတိယာ ဥဒဂ္ဂစိတ္တာ ဟုတွာ**) ဗုဒ္ဓကို အာရုံပြု၍ဖြစ်သော ပီတိဖြင့် တက်ကြွသောစိတ် ရှိကြကုန်သည်ဖြစ်၍)

ဘာသိတံ– ဟောတော်မူအပ်သော (‘ကရဝီကရုတမဉ္စုနာ’ ကရဝိက်ငှက်မင်း၏ ကျူးရင့်သံနှင့်တူစွာ နာပျော်ဖွယ်ကောင်းသော၊ ‘ကဏ္ဏသုခေန’ နားဝင်ချိုသော၊ ‘ပဏ္ဍိတဇန ဟဒယာနံ’ ပညာရှိလူအပေါင်းတို့၏ စိတ်နှလုံးတို့ကို၊ ‘အမတာဘိကသဒိသေန’ အမြိုက်ရေစင်ဖြင့် သွန်းဖြန်းလိုက်ခြင်းနှင့်တူသော၊ ‘ဗြဟ္မဿရေန’ ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံတော်ဖြင့်၊ ‘ဘာသမာနဿ’ ဟောတော်မူသော) ‘ဘဂဝတော’ ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏ (‘ဝေံ’ ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ‘ဝိစိတြနယ ဒေသနာဝိလာသယုတ္တံ’ ထူးဆန်းသောနည်းနှင့်လည်းယှဉ်သော, တင့်တယ်စမ့်ယံခြင်းနှင့်လည်းယှဉ်သော၊ ‘ဣမံ သုတ္တံ’ ဤဗြဟ္မဇာလသုတ္တန် ဒေသနာတော်ကို) အဘိနန္ဒုန္တိ– ‘သာဓု, သာဓု, သာဓု’ ဟူ၍ အဖန်ဖန် ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ ဦးခေါင်းဖြင့် လက်ခံကြကုန်ပြီ၊ ဣတိ– ဤသို့ အာယသ္မာ အာနန္ဒေန– အရှင်အာနန္ဒာသည်၊ သုတံ– နာယူမှတ်သား ဆောင်ထားအပ်ပါပြီ။ *(ကွင်းအတွင်းရှိ ပါဠိများ, အနက်များသည် ဒီ ၄– ၁– ၁၁၉ ၌လာသော ပါဠိအနက်များ ဖြစ်သည်။)*

မြေကြီးတုန်လှုပ်ခြင်း

ဗုဒ္ဓဟောကြားတော်မူအပ်သော ဤဗြဟ္မဇာလသုတ္တန် တရားတော်အဆုံး၌ မဟာပထဝီမြေကြီး တုန်လှုပ်ကြောင်းကို အောက်ပါအတိုင်း မိန့်ကြားတော်မူထားလေသည်။

ဣမသ္မိံ စပန ဝေယျာကရဏသ္မိံ ဘညမာနေ ဒသသဟဿီ လောကဓာတု အကမ္ပိတ္ထာတိ။ *(ဒီ– ၁– ၄၃)*

စပန– ထပ်၍ဆက်ဦးအံ့၊ **ဣမသ္မိံ ဝေယျာကရဏသ္မိံ**– ဂါထာမဖက် သက်သက်သော ဤဗြဟ္မဇာလသုတ်တော်ကို၊ **ဘညမာနေ**– ဟောတော်မူအပ်ပြီးသည်ရှိသော်၊ **ဒသသဟဿီ လောကဓာတု**– တစ်သောင်းသော စကြာဝဠာ လောကဓာတ်သည်၊ **အကမ္ပိတ္ထ**– တုန်လှုပ်ပြီ။

မြေလျှင်လှုပ်ပုံ အဋ္ဌကထာ ဖွင့်ဆိုချက်များ

ဤဗြဟ္မဇာလသုတ် တစ်သုတ်လုံး၏ အဆုံးမှာမှ မြေတုန်လှုပ်သည် မဟုတ်ပါ။ (၆၂)ပါးသော မိစ္ဆာအယူတို့ကို ဖြေရှင်း၍ ဟောတော်မူသည်ရှိသော် တစ်ပါးတစ်ပါးသော မိစ္ဆာအယူတို့ကို ဖြေရှင်းဟောကြားပြီးတိုင်း (၆၂)ကြိမ် တုန်လှုပ်လေပြီ။

ထိုမြေတုန်လှုပ်ခြင်းသည်–

(၁) **ဓာတုဒေက္ခာဘ**	– မြေ၏အတွင်း၌ ဝါယောစသောဓာတ်တို့၏ ဖောက်ပြန်ခြင်းကြောင့် တုန်လှုပ်ခြင်း၊
(၂) **ဣဒ္ဓိမတော အာနုဘာဝ**	– တန်ခိုးရှိသော ပုဂ္ဂိုလ်၏ အာနုဘော်ကြောင့် တုန်လှုပ်ခြင်း၊
(၃) **ဗောဓိသတ္တဿ ဂဗ္ဘောက္ကန္တိယ**	– ဗုဒ္ဓအလောင်းတော်၏ မယ်တော်ဝမ်းသို့ သက်ရောက်တော်မူခြင်းကြောင့် တုန်လှုပ်ခြင်း၊
(၄) **မာတုကုစ္ဆိတော နိက္ခမန**	– ဗုဒ္ဓအလောင်းတော်၏ မယ်တော်ဝမ်းမှ ထွက်မြောက်တော်မူခြင်းကြောင့် တုန်လှုပ်ခြင်း၊
(၅) **သမ္ဗောဓိပတ္တိယ**	– အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူခြင်းကြောင့် တုန်လှုပ်ခြင်း၊
(၆) **ဓမ္မစက္ကပဝတ္တန**	– ဗုဒ္ဓ၏ ဓမ္မစကြာကို လည်စေတော်မူခြင်းကြောင့် တုန်လှုပ်ခြင်း၊
(၇) **အာယုသင်္ခါရောသဇ္ဇန**	– ဗုဒ္ဓ၏ အာယုသင်္ခါရကို လွှတ်တော်မူခြင်းကြောင့် တုန်လှုပ်ခြင်း၊
(၈) **ပရိနိဗ္ဗာန**	– ခန္ဓာပရိနိဗ္ဗာန် စံဝင်တော်မူခြင်းကြောင့် တုန်လှုပ်ခြင်း

–ဟူ၍ မြေလှုပ်ခြင်းအကြောင်း ရှစ်မျိုးရှိသည်။

အခြားမြေလှုပ်ပုံ ရှိသေးကြောင်းကို ပြဆိုခြင်း

(၁) ဗုဒ္ဓသည် ဗုဒ္ဓအလောင်း သုမေဓာဘဝ၌ ပါရမီတို့ကို အပြန်အလှန် စိစစ်ဆင်ခြင်တော်မူခြင်းကြောင့် တုန်လှုပ်ခြင်း၊

(၂) ဗုဒ္ဓသာသနာတော်၏ အမြစ်တွယ်ရာအခါ, ဗုဒ္ဓသာသနာတော် ကွယ်ရာအခါ၌လည်း မြေတုန်လှုပ်ခြင်း၊ *(ဤကား ဒီဃက မဆိုသော မြေလှုပ်ပုံအကြောင်းတည်း။ ဒီသဋ် ပဌမ– ၄၇၄)* ထိုတွင် ဗုဒ္ဓသာသနာတော် ရောက်နေသော်လည်း အမြဲသိတင်းသုံးရာမြေ

မရှိသေးလျှင် ထိုအရပ်၌ အမြစ်မတွယ်သေး။ မြေနေရာရှိမှ အမြစ်တွယ်သည်မည်၏။ ထို့ကြောင့် ဗုဒ္ဓ၏ ဝေဠုဝန်ကျောင်းတော်ကို လက်ခံတော်မူရာအခါ၊ အရှင်မဟိန္ဒ၏ သီဟိုဠ်ကျွန်း၌ မဟာမေဃဝန်ဥယျာဉ်ကို လက်ခံရာအခါ စသည်ကို သာသနာတော်၏ အမြစ်တွယ်ရာအခါဟု ဆိုသည်။

(၃) ဗုဒ္ဓအလောင်းတော် တောထွက်တော်မူရာအခါ၌ ဝီရိယတော်၏အစွမ်းကြောင့် တုန်လှုပ်ခြင်း၊ *(စကြာမင်းစည်းစိမ်ကို စွန့်နိုင်ခြင်းဟူသော 'ဓိတိ, ဥဿ, သတ္တိ ဟူသော ဝီရိယအစွမ်းကြောင့် လှုပ်ခြင်းဖြစ်သည်။)*

(၄) ဗုဒ္ဓအလောင်းတော် ဗောဓိပင်သို့ ချဉ်းကပ်တော်မူရာအခါ၌ ဝီရိယအစွမ်းကြောင့် တုန်လှုပ်ခြင်း၊ *(ခန္ဓာကိုယ်၌ 'အရေ, အကြော, အရိုး' မျှသာ ကြွင်းစေတော့၊ အသွေးအသားတွေ ခြောက်စေတော့ဟု အင်္ဂါလေးပါးရှိသော 'ဥဿ, သတ္တိ, ဝီရိယ' အစွမ်းကြောင့် တုန်လှုပ်ခြင်းဖြစ်သည်။)*

(၅) ဗုဒ္ဓသည် သေနေသော ပုဏ္ဏကကျွန်မ၏ အလောင်းစန္ဒာပေါ်၌ တစ်ပြည်သားလောက်ရှိသော လောက်တွေကို ဖယ်ရှား၍ ပံသုကူသင်္ကန်းကို ကောက်တော်မူရာအခါ၌ တုန်လှုပ်ခြင်း၊ *(စကြာမင်းစည်းစိမ်ကိုစွန့်၍ ဂုဏ်းမှု၍ သူသာနိသို့ ကြွတော်မူ၍ ထိုကဲ့သို့ ပံသုကူအဝတ်ကို ကောက်ခြင်းသည် အံ့ဖွယ်ကောင်းသော မှုချက်ဖြစ်သည်။ ထိုအံ့ဖွယ်အမှုအမူ၏ တန်ခိုးအကြိမ် အနဘောကြောင့် မြေကြီးကိုက်ခတ်သည် ဖြစ်၍ မြေတုန်လှုပ်ခြင်းဖြစ်သည်။)*

(၆) ထိုပံသုကူသင်္ကန်းကို လျှော်ဖွပ်ရာအခါ၌ တုန်လှုပ်ခြင်း၊

(၇) ဝေဿန္တရာဇာတ်တော်၌ အခါမဲ့တုန်လှုပ်ခြင်းအားဖြင့် မြေကြီးတုန်လှုပ်လေပြီ။ (ဤသို့လှုပ်ခြင်းသည် အမြဲမဟုတ်၊ တစ်ခါတစ်ရံ ဖြစ်တတ်သောကြောင့်လည်းကောင်း၊ ဝေဿန္တရာဇာတ်တော်၌ ပါရမီပြည့်ကြောင်း ကောင်းမှု၏အစွမ်းကြောင့် အကြိမ်ကြိမ် တုန်လှုပ်သော်လည်း အခါသတ်မှတ်ချက်မရှိသောကြောင့် 'အကာလကမ္ပန' အခါမဲ့တုန်လှုပ်ခြင်းဖြစ်ကြောင်း ဋီကာသစ်ဖွင့်လေသည်။ *(သီဋီ ပအုပ်- ၄၇၅)*

(၈) အင်္ဂုတ္တိုရ် စတုက္ကနိပါတ် ကာဠကာရာမသုတ်, အင်္ဂုတ္တိုရ် တိကနိပါတ် ဂေါတမစေတိယသုတ်, ဂေါတမကသုတ်တို့ကို ဗုဒ္ဓဟောတော်မူရာ၌ *(အဂ္ဂနိမ်မြေကြီးသည် 'သက္ခိ' သက်သေပါတည်း။)* ဤသို့မလျှောက်သော်လည်း လျှောက်သကဲ့သို့ 'သက္ခိဘာဝေန' သက်သေအဖြစ်ဖြင့် တုန်လှုပ်ခြင်း၊

(၉) ဤဗြဟ္မဇာလသုတ်၌ (၆၂)ပါးသော မိစ္ဆာအယူတို့ကို ဖြေရှင်းတော်မူရာ၌ ချုပ်ပိတ်ပေါင်းနှင့်တူသော အရှုပ်အထွေးများကို ရှင်းအောင် ဟောတော်မူလတ်သော် စကြာဝဠာ လောကဓာတ်တစ်သောင်းရှိ ဤမဟာပထဝီမြေကြီးသည် 'ကောင်းချီးနမော် သာဓုခေါ်ခြင်း၏ အစွမ်းဖြင့် တုန်လှုပ်ခြင်း' ဟူ၍ မြေတုန်လှုပ်ပုံအကြောင်းများ ရှိလေသည်။ *(ဒီ ဋ- ၁- ၁၂၀)*

ဗြဟ္မဇာလသုတ် တန်ခိုးကြီးပုံ

(၁) ထို့မှတပါး ပဌမသံဂါယနာ တင်ပြီးသောအခါ၌လည်းကောင်း၊ ဒုတိယသံဂါယနာ တင်ပြီးသောအခါ၌လည်းကောင်း၊ တတိယသံဂါယနာ တင်ရာအခါ၌လည်းကောင်း ဤမဟာပထဝီမြေကြီးသည် တုန်လှုပ်လေပြီ။

(၂) ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်းနှစ်ရာကျော် တတိယသံဂါယနာ တင်ပြီးသောအခါ၌ သီရိဓမ္မာသောကမင်းကြီး၏ သားတော်ဖြစ်သော အရှင်မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ သာသနာတော် ထွန်းပြောင်ရာ နန္ဒနဥယျာဉ်၌ ထိုင်တော်မူလျက် အနမတဂ္ဂသုတ် အစရှိသောတရားကို ဟောတော်မူရာ၌လည်း ဤမဟာပထဝီမြေကြီးသည် တုန်လှုပ်လေပြီ။

(၃) ထိုသီဟိုဠ်ကျွန်း၌ပင် ကလျာဏိယကျောင်းတိုက်၌ ပိဏ္ဍပါတိယထေရ်သည် စေတီရင်ပြင်တော်ကို တံမြက်လှည်း၍ ထိုစေတီရင်ပြင်တော်၌ပင်ထိုင်၍ ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုသော ပီတိကိုယူ၍ ဤဗြဟ္မဇာလသုတ္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူလတ်သော် သုတ်၏အဆုံး၌ ရေဆုံးသည့်တိုင်အောင် ဤမဟာပထဝီမြေကြီးသည် တုန်လှုပ်လေပြီ။

(၄) ထို့မှတပါး သီဟိုဠ်ကျွန်း ကြေးပြသာဒ်၏ အရှေ့အရပ်, နုပ္ပိုသော သရက်ပင်ရှိရာအရပ်၌ထိုင်၍ ဒီဃနိကာယ်ဆောင်ထေရ်တို့သည် ဤဗြဟ္မဇာလသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူလတ်သော် သုတ်၏အဆုံး၌ မဟာပထဝီမြေကြီးသည် ရေဆုံးသည့်တိုင်အောင် တုန်လှုပ်လေပြီ။ *(ဒီ ဋ- ၁- ၁၂၀)*

သုဝဏ္ဏဘူမိ၌ ဗြဟ္မဇာလသုတ်ကို ဟောတော်မူခြင်း

ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် နှစ်ပေါင်း (၂၃၅)နှစ် ကာလလောက်တွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာသံဃာတော် တစ်ထောင်တို့သည် (၉)လတိုင်တိုင် တတိယသံဂါယနာ တင်ပြီးသည့်တိုင်အောင်လည်း သာသနာနောင်ရေး စိတ်မအေးနိုင်ကြဘဲ နောင်အခါ၌ ဤမဇ္ဈိမဒေသ (*အိန္ဒိယနိုင်ငံ*) ၌ သာသနာ ကောင်းစွာမတည်နိုင်သည်ကို မြော်မြင်တော်မူမိကြ၍ ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တန့်နိုင်မြဲစေရန် သံဃာတော်တို့၏ အကြီးအမှူးဖြစ်သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးသည် မဇ္ဈိမဒေသမှ အပြင်ဘက်နိုင်ငံများဖြစ်သော ကိုးနိုင်ငံသို့ (*ကိုးတိုင်းကိုးဌာနသို့*) သာသနာတော်ကို ကောင်းစွာပြုနိုင်သော တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာသံဃာတော်တို့အားလွှတ်၍ သာသနာပြုစေလေသည်။ ထိုသို့စေလွှတ်ချက်အရ–

(၁) မဇ္ဈန္တိကမထေရ် အမှူးပြုသော သံဃာတော်ငါးပါးတို့သည် 'ကသ္မီရဂန္ဓာရတိုင်း' သို့ ကြွတော်မူ၍ နဂါးအပေါင်းတို့ကို နှိပ်နင်းယဉ်ကျေးစေတော်မူပြီး၍ သဥ္ဇာယတနဝဂ္ဂသံယုတ်၌လာရှိသော အာသိဝိသောပမသုတ်တော်ကို ဟောတော်မူရာ ရှစ်သောင်းသော သတ္တဝါအပေါင်းတို့ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်ကြလေသည်။ လူပေါင်းတစ်သိန်းတိတိ ရှင်ရဟန်းပြုကြလေသည်။

(၂) မဟာဒေဝထေရ် အမှူးပြုသော သံဃာတော်ငါးပါးတို့သည် 'မဟိံသက' တိုင်းနယ်သို့ ကြွရောက်၍ ဥပရိပဏ္ဏာသပါဠိတော်၌လာသော ဒေဝဒူတသုတ်တော်ကို ဟောတော်မူရာ လေးသောင်းသောသတ္တဝါတို့သည် အောက်မဂ်သုံးပါးကို ရကြလေသည်။

(၃) ရက္ခိတထေရ် အမှူးပြုသော သံဃာတော်ငါးပါးတို့သည် 'ဝနဝါသီ' တိုင်းသို့ ကြွတော်မူ၍ အနမတဂ္ဂတရားကို ဟောတော်မူရာ ခြောက်သောင်းသော သတ္တဝါတို့သည် သစ္စာတရားကို ထိုးထွင်းသိမြင်ကြလေသည်။ ခုနစ်သောင်းသော လူတို့သည် ရဟန်းပြုကြလေသည်။

(၄) ယောနကဓမ္မရက္ခိတထေရ် အမှူးပြုသော သံဃာတော်ငါးပါးတို့သည် အပရန္တတိုင်းသို့ ကြွတော်မူ၍ အဂ္ဂိခန္ဓောပမသုတ်တော်ကို ဟောတော်မူရာ ခုနစ်သောင်းသော သတ္တဝါတို့သည် တရားအမြိုက်ရေကို သောက်စို့ကြရ၍ မင်းမျိုးယောကျ်ားတစ်ထောင်တို့သည် ရဟန်းပြုကြလေသည်။ ခြောက်ထောင်ကျော်သော အမျိုးသမီးတို့သည် ရဟန်းမ ပြုကြလေသည်။

(၅) မဟာဓမ္မရက္ခိတထေရ်အမှူးပြုသော သံဃာတော်ငါးပါးတို့သည် 'မဟာရဋ္ဌတိုင်း' သို့ ကြွတော်မူ၍ ဇာတ်ကြီးဆယ်ဘွဲ့၌ပါသော မဟာနာရဒကဿပဇာတ်တော်တရားကို ဟောတော်မူရာ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ မဂ်, ဖိုလ်၌ တည်ကြလေသည်။ တစ်သောင်းသုံးထောင်သော လူတို့သည် ရဟန်းပြုကြလေသည်။

(၆) မဟာရက္ခိတထေရ် အမှူးပြုသော သံဃာတော်ငါးပါးတို့သည် 'ယောနကတိုင်း' သို့ ကြွတော်မူ၍ ကာဠကာရာမသုတ်တော်တရားကို ဟောတော်မူရာ တစ်သိန်းခုနစ်သောင်းသော သတ္တဝါတို့သည် မဂ်, ဖိုလ်ကို ရကြလေသည်။ လူပေါင်းတစ်သောင်း ရဟန်းပြုကြလေသည်။

(၇) 'မဇ္ဈိမထေရ်, ကဿပဂေါတ္တထေရ်, အဠကဒေဝထေရ်, ဒုန္ဒုဘိဿရထေရ်, မဟာဒေဝထေရ်' ဟူသော သံဃာတော်ငါးပါးတို့သည် ဟိမဝန္တာအရပ်သို့ ကြွတော်မူ၍ ဓမ္မစက္ကပဝတ္တနသုတ်တော်တရားကို ဟောတော်မူရာ ကုဋေရှစ်ဆယ်သတ္တဝါတို့ မဂ်, ဖိုလ်ရကြလေသည်။

(၈) သောဏထေရ်, ဥတ္တရထေရ် အမှူးပြုသော သံဃာတော်ငါးပါးတို့သည် 'သုဝဏ္ဏဘူမိ' သို့ ကြွတော်မူ၍ ဘီလူးမအပေါင်း, ဘီလူးအပေါင်းတို့ကို နှိပ်နင်းနှင်ထုတ်၍ ဗြဟ္မဇာလသုတ်တော်တရားကို ဟောတော်မူရာ ခြောက်သောင်းသော သတ္တဝါတို့သည် မဂ်, ဖိုလ်ရကြလေသည်။ အမျိုးသား သုံးထောင့်ငါးရာတို့ ရဟန်းပြုကြပြီး အမျိုးသမီး တစ်ထောင့်ငါးရာတို့ ရဟန်းမပြုကြလေသည်။

(၉) အရှင်မဟိန္ဒထေရ် အမှူးပြုသော သံဃာတော်ငါးပါးတို့သည် အထက်ကမထေရ်များထက် တစ်နှစ်နောက်ကျပြီးမှ သီဟိုဠ်ကျွန်းသို့ သာသနာပြုကြွတော်မူ၍ ဗုဒ္ဓသာသနာတော်ကို နေလိုလလို ထွန်းတောက်စေလေသည်။

(ဝိ ဋ္ဌ- ၁- ၄၈ မှ ၇၈ ထိ)

အထက်ပါ ကိုးတိုင်းကိုးဌာန သာသနာပြုပုံ အခြင်းအရာကို ကြည့်ရှုလျှင် မြန်မာနိုင်ငံသို့ ဗြဟ္မဇာလသုတ် တရားတော်သည် အစဦးဆုံး လူအပေါင်းတို့အား ကျေးဇူးပြုသည်ကို သိမြင်နိုင်ကြပေသည်။ ထို့ကြောင့် အဋ္ဌကထာဆရာသည် ထိုအကြောင်းကို အောက်ပါဂါထာဖြင့် ပြဆိုလေသည်။

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ၊
ပိသာစေ နိဒ္ဓမေတွာန၊ ဗြဟ္မဇာလမဒေသိသုံ။ *(ဝိ ဋ္ဌ- ၁- ၅၂)*

မဟိဒ္ဓိကာ- ကြီးသောတန်ခိုး ရှိကုန်သော၊ **သောဏုတ္တရာ**- သောဏထေရ်, ဥတ္တရထေရ်တို့သည်၊ **သုဝဏ္ဏဘူမိံ**- သုဝဏ္ဏဘူမိသို့ **ဂန္တွာန**- ကြွတော်မူ၍၊ **ပိသာစေ**- မြေဘုတ်ဘီလူး, ရက္ခိုသ်တို့ကို၊ **နိဒ္ဓမေတွာန**- နှိပ်နင်းနှင်ထုတ်ပြီး၍၊ **ဗြဟ္မဇာလံ**- ဗြဟ္မဇာလသုတ်တော် တရားတော်ကို၊ **အဒေသိသုံ**- ဟောကြားတော်မူကြကုန်ပြီ။

အဋ္ဌကထာဆရာ၏ တိုက်တွန်းချက်

ဗြဟ္မဇာလသုတ္တန် ဒေသနာတော်သည် တန်ခိုးကြီးကြောင်းနှင့် ရှိသေစွာ ကျင့်ကြံကြိုးကုတ် အားထုတ်သင့်ကြောင်းကို အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသသည် အောက်ပါအတိုင်း တိုက်တွန်းထားလေသည်။

(၁) **ဝေံ ယဿာနုဘာဝေန၊ အကမ္ပိတ္ထ အနေကသာ၊**
မေဒနီ သုတ္တသေဋ္ဌဿ၊ ဒေသိတဿ သယမ္ဘုနာ။

(၂) **ဗြဟ္မဇာလဿ တဿိဓ၊ ဓမ္မံ အတ္ထဉ္စ ပဏ္ဍိတာ၊**
သက္ကစ္စံ ဥဂ္ဂဟေတွာန၊ ပဋိပဇ္ဇန္တု ယောနိသော။ *(ဒီ ဋ္ဌ- ၁- ၁၂၁)*

(၁) **ဝေံ**- ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ **သယမ္ဘုနာ**- ဆရာမရှိ မိမိကိုယ်တိုင် မြင်စွမ်းတော်မူနိုင်သော ဗုဒ္ဓသည်၊ **ဒေသိတဿ**- ဟောတော်မူအပ်သော၊ **ယဿ သုတ္တသေဋ္ဌဿ**- အကြင်အမြတ်ရတနာ သုတ္တန်ဒေသနာတော်၏၊ **အာနုဘာဝေန**- တန်ခိုးရှိန်ဖော် အာနုဘော်တော်ကြောင့်၊ **မေဒနီ**- မြေကြီးသည်၊ **အနေကသာ**- တစ်ကြိမ်မက အကြိမ်များစွာ၊ **အကမ္ပိတ္ထ**- တုန်လှုပ်ရလေပြီ။

(၂) **ပဏ္ဍိတာ**- ပညာရှိအပေါင်း သူတော်ကောင်းတို့သည်၊ **ဣဓ**- ဤဗုဒ္ဓသာသနာတော်၌၊ **ဗြဟ္မဇာလဿ**- ဗြဟ္မဇာလ အမည်ရသော၊ **တဿ**- ထိုအမြတ်ရတနာ သုတ္တန်ဒေသနာတော်၏၊ **ဓမ္မံစ**- ပါဠိတော်ကိုလည်းကောင်း၊ **အတ္ထံစ**- အနက်ကိုလည်းကောင်း ဝါ အဋ္ဌကထာကိုလည်းကောင်း၊ **သက္ကစ္စံ**- ရိုသေလေးစားစွာ၊ **ဥဂ္ဂဟေတွာန**- သင်ယူပြီး၍၊ **ယောနိသော**- အယူမှိုက်ပယ်စွန့်၍လျက်၊ သမ္မာ- အယူကောင်းရနိုင်သော အကြောင်းအားဖြင့် **ပဋိပဇ္ဇန္တု**- ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြစေကုန်သတည်း။

ဣတိ- ဤကား အဋ္ဌကထာဆရာ၏ တိုက်တွန်းချက်တည်း။

စမ္မာနုဿတိ ပွါးများရန် တိုက်တွန်းခြင်း

ဤဗြဟ္မဇာလသုတ္တန် တရားတော်ကို ရွတ်ဖတ်ပူဇော် နာယူကျင့်သုံးသူတို့သည်-

(၁) ပစ္စုပ္ပန်အကျိုးစီးပွါး, သံသရာအကျိုးစီးပွါးကိုလည်း ရရှိနိုင်ပေသည်။

(၂) များစွာသော ပါဠိတော်တရားများကို ဟောကြားထားသောကြောင့် ပါဠိဘာသာကို တတ်ကျွမ်းသိမြင်နိုင်သော အကျိုးကိုလည်း ရရှိနိုင်ပေသည်။

(၃) အမြတ်ဆုံးသော သဗ္ဗညုတဉာဏ်တော်ဂုဏ်ကို အကျယ်ဝေဘန် ဟောကြားတော်မူထားသောကြောင့် စူးရှထက်မြက်ကြီးကျယ်သော ဉာဏ်ပညာကိုလည်း ရရှိနိုင်ပေသည်။

(၄) (၆၂)မျိုးကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို ဝေဘန်ပိုင်းခြား ဟောကြားတော်မူထားသောကြောင့် မိစ္ဆာဒိဋ္ဌိတို့ကို အခါခပ်သိမ်း စွန့်လွှတ်နိုင်ခြင်း၊ မိစ္ဆာဝါဒများကို ဖယ်ရှားနှိပ်နင်းနိုင်ခြင်း အကျိုးကိုလည်း ရရှိနိုင်ပေသည်။

(၅) 'ဒေဝပုတ္တမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်' ဟူသော မာရ်ငါးပါးတို့ကို အောင်နိုင်သောကြောင့် အတွင်းရန်အမျိုးမျိုး၊ အပြင်ရန်အမျိုးမျိုးတို့ကိုလည်းကောင်း ယှဉ်ပြိုင်တိုက်ခိုက်ရသော စစ်ပွဲအမျိုးမျိုးကိုလည်းကောင်း အောင်မြင်နိုင်သော အကျိုးကိုလည်း ရရှိနိုင်ပေသည်။

(၆) မိစ္ဆာအယူ (၆၂)မျိုးတို့ကို ဖော်ထုတ်ဟောကြားရာ၌ မိစ္ဆာအယူ တစ်မျိုးစီ တစ်မျိုးစီ ဟောပြီးတိုင်း၌လည်း မြေတုန်လှုပ်ခြင်း၊ မိစ္ဆာအယူ (၆၂)မျိုးလုံးကို စုပေါင်း၍ နိဂုံးအဆုံး၌လည်း မြေတုန်လှုပ်ခြင်း ဤသို့ (၆၃) ကြိမ်တိုင်တိုင် မြေတုန်လှုပ်ခြင်းကြောင့် ဆောင်ရွက်လိုသောကိစ္စများ ပြီးပြည့်စုံနိုင်သော စွမ်းရည်တန်ခိုးကိုလည်း ရရှိနိုင်ပေသည်။

(၇) ဤသို့ အကျိုးအလီလီ၊ စွမ်းရည်အမျိုးမျိုး၊ တန်ခိုးအဖုံဖုံများကို ရရှိအောင် အောက်ပါ ဓမ္မာနုဿတိဘာဝနာကို ရှိခိုးကော်ရော် ပူဇော်မြတ်နိုးစွာ ပွါးများကြပါကုန်လော့။

ဓမ္မာနုဿတိ ပူဇနီယဂါထာ

(၁) ဒွေစအတ္ထံ အတ္ထဇာလံ၊ လောကနာထေန ဒေသိတံ၊
တဥ္စဓမ္မံ မဟိဒ္ဓိယံ၊ အဘံ ဝန္ဒာမိ သဗ္ဗဒါ။

လောကနာထေန– လူ၊ နတ်၊ ဗြဟ္မာဟူသော သတ္တလောကသားအပေါင်း၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဒွေစ အတ္ထံ– ပစ္စုပ္ပန်၊ သံသရာ နှစ်ပြာသော အကျိုးစီးပွါးလည်း ရှိပေသော၊ အတ္ထဇာလံ– အတ္ထဇာလဟူ၍လည်း အမည်တွင်သော ဗြဟ္မဇာလသုတ္တန် တရားတော်ကို၊ ဒေသိတံ– ဟောကြားတော်မူထားအပ်လေပြီ၊ မဟိဒ္ဓိယံ– တန်ခိုးအာနုဘော် ကြီးမားသော၊ တဥ္စဓမ္မံ– ထိုဗြဟ္မဇာလသုတ္တန် တရားတော်ကိုလည်း၊ အဘံ– တပည့်တော်သည်၊ သဗ္ဗဒါ– အခါခပ်သိမ်း၊ ဝန္ဒာမိ– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၂) တန္တိဓမ္မံ ဓမ္မဇာလံ၊ လောကနာထေန ဒေသိတံ၊
တဥ္စဓမ္မံ မဟိဒ္ဓိယံ၊ အဘံ ဝန္ဒာမိ သဗ္ဗဒါ။

လောကနာထေန– လူ၊ နတ်၊ ဗြဟ္မာဟူသော သတ္တလောကသားအပေါင်း၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော ရှင်တော်ဗုဒ္ဓသည်၊ တန္တိဓမ္မံ– များစွာသော ပါဠိတော်တရားများလည်းရှိသော၊ ဓမ္မဇာလံ– ဓမ္မဇာလဟူ၍လည်း အမည်တွင်သော ဗြဟ္မဇာလသုတ္တန် တရားတော်ကို၊ ဒေသိတံ– ဟောကြားတော်မူထားအပ်ပေပြီ၊ မဟိဒ္ဓိယံ– တန်ခိုးအာနုဘော် ကြီးမားလှသော၊ တဥ္စဓမ္မံ– ထိုဗြဟ္မဇာလသုတ္တန် တရားတော်ကိုလည်း၊ အဘံ– တပည့်တော်သည်၊ သဗ္ဗဒါ– အခါခပ်သိမ်း၊ ဝန္ဒာမိ– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၃) သဗ္ဗညုဏံ ဗြဟ္မဇာလံ၊ လောကနာထေန ဒေသိတံ၊
တဥ္စဓမ္မံ မဟိဒ္ဓိယံ၊ အဘံ ဝန္ဒာမိ သဗ္ဗဒါ။

လောကနာထေန– လူ၊ နတ်၊ ဗြဟ္မာဟူသော သတ္တလောကသားအပေါင်း၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော ရှင်တော်ဗုဒ္ဓသည်၊ သဗ္ဗ– အလုံးစုံသော သိဖွယ်မှန်သမျှကို၊ ဉာဏံ– သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် တစ်စမကျန် အကုန်သိမြင်တော်မူအပ်သော၊ ဗြဟ္မဇာလံ– ဗြဟ္မဇာလဟူ၍လည်း အမည်တွင်သော ဗြဟ္မဇာလသုတ္တန် တရားတော်ကို၊ ဒေသိတံ– ဟောကြားတော်မူထားအပ်ပေပြီ၊ မဟိဒ္ဓိယံ– တန်ခိုးအာနုဘော် ကြီးမားသော၊ တဥ္စဓမ္မံ– ထိုဗြဟ္မဇာလသုတ္တန် တရားတော်ကိုလည်း၊ အဘံ– တပည့်တော်သည်၊ သဗ္ဗဒါ– အခါခပ်သိမ်း၊ ဝန္ဒာမိ– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၄) **ဒွါသဋ္ဌိယံ ဒိဋ္ဌိဇာလံ၊ လောကနာထေန ဒေသိတံ၊**
တဥ္စဝမ္ဗ မဟိဒ္ဓိယံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

လောကနာထေန- လူ, နတ်, ဗြဟ္မာဟူသော သတ္တလောကသားအပေါင်း၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဒွါသဋ္ဌိယံ**- (၆၂)မျိုးသော မိစ္ဆာအယူကို ကွက်ကွက်ကွင်းကွင်း အမြင်ရှင်းအောင် ထင်လင်းစွာ ဖော်ထုတ်ထားအပ်သော၊ **ဒိဋ္ဌိဇာလံ**- ဒိဋ္ဌိဇာလဟူ၍လည်း အမည်တွင်သော ဗြဟ္မဇာလသုတ္တန် တရားတော်ကို၊ **ဒေသိတံ**- ဟောကြားတော်မူထားအပ်ပေပြီ၊ **မဟိဒ္ဓိယံ**- တန်ခိုးအာနုဘော် ကြီးမားသော၊ **တဥ္စဝမ္ဗ**- ထိုဗြဟ္မဇာလသုတ္တန် တရားတော်ကိုလည်း၊ **အဟံ**- တပည့်တော်သည်၊ **သဗ္ဗဒါ**- အခါခပ်သိမ်း၊ **ဝန္ဒာမိ**- ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၅) **အနုတ္တရဥ္စ ဝိဇယံ၊ လောကနာထေန ဒေသိတံ၊**
တဥ္စဝမ္ဗ မဟိဒ္ဓိယံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

လောကနာထေန- လူ, နတ်, ဗြဟ္မာဟူသော သတ္တလောကသားအပေါင်း၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **အနုတ္တရဥ္စ ဝိဇယံ**- မာရ်ငါးပါးကို အောင်မြင်ခြင်းငှာ စွမ်းနိုင်၍ အတုမရှိမြတ်သော စစ်ပွဲကို အောင်နိုင်သော 'အနုတ္တရ သင်္ဂါမ ဝိဇယ' ဟုလည်း အမည်တွင်သော ဗြဟ္မဇာလသုတ္တန် တရားတော်ကို၊ **ဒေသိတံ**- ဟောကြားတော်မူထားအပ်ပေပြီ၊ **မဟိဒ္ဓိယံ**- တန်ခိုးအာနုဘော် ကြီးမားသော၊ **တဥ္စဝမ္ဗ**- ထိုဗြဟ္မဇာလသုတ္တန် တရားတော်ကိုလည်း၊ **အဟံ**- တပည့်တော်သည်၊ **သဗ္ဗဒါ**- အခါခပ်သိမ်း၊ **ဝန္ဒာမိ**- ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

(၆) **မေဒနီ အကမ္ပိတ္ထာစ၊ တထာရူပံ ဗြဟ္မဇာလံ၊**
မဟိဒ္ဓိယဉ္စ တံဝမ္ဗ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ဗြဟ္မဇာလံ- (၆၂)မျိုးသော မိစ္ဆာအယူတို့ကို ဖော်ထုတ်ရာဖြစ်သော ဗြဟ္မဇာလသုတ်တော်ကို ဟောပြီးရာအခါ၌၊ **မေဒနီ**- မြေကြီးသည်၊ **အကမ္ပိတ္ထာစ**- တစ်မျိုးစီ တစ်မျိုးစီတိုင်း၌လည်းကောင်း, (၆၂)မျိုးလုံးအပေါင်း၌လည်းကောင်း (၆၃)ကြိမ်တိုင်အောင် တုန်လှုပ်လေပြီ၊ **တထာရူပံ**- ထိုသို့သဘောရှိသော တန်ခိုးအာနုဘော် ကြီးမားတော်မူသော၊ **ဗြဟ္မဇာလံ**- ဗြဟ္မဇာလ အမည်တော်ရှိသော၊ **မဟိဒ္ဓိယဉ္စ**- အကျိုးအလီလီ စွမ်းရည်အမျိုးမျိုး တန်ခိုးအဖုံဖုံလည်း ရှိတော်မူသော၊ **တံဝမ္ဗ**- ထိုဗြဟ္မဇာလသုတ္တန် တရားတော်ကို၊ **အဟံ**- တပည့်တော်သည်၊ **သဗ္ဗဒါ**- အခါခပ်သိမ်း၊ **ဝန္ဒာမိ**- ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ဗြဟ္မဇာလသုတ်တော် ပြီးပြီ။

ဗြဟ္မဇာလသုတ်နှင့်စပ်၍ သိ, မှတ်, ကျင့်ဖွယ်များကို ဆက်၍ဖော်ပြခြင်း

အခြေအနေအရ ဗြဟ္မဇာလသုတ်နှင့် ဆက်စပ်၍ အချို့သော သိ, မှတ်, ကျင့်ဖွယ်များကို ချန်လှပ်ထားခဲ့ပေသည်။ ၎င်း ကျန်ရှိနေသေးသော သိ, မှတ်, ကျင့်ဖွယ်များကို ဤ၌ ဆက်၍တင်ပြပါသည်။

ပုဗ္ဗန္တကပ္ပိကာ၌ ကပ္ပသဒ္ဒါ ဖြစ်နိုင်သောအနက်

'ပုဗ္ဗန္တကပ္ပိကာ' ဟူသော ပါဠိပုဒ်သည် မိစ္ဆာအယူ (၆၂)မျိုးတို့တွင် ပဌမဆုံး မိစ္ဆာဒိဋ္ဌိဖြစ်သော သဿတဒိဋ္ဌိအယူကို ပြဆိုရာ၌ ရှေးဦးစွာ ပြဆိုသော ပါဠိပုဒ်ဖြစ်သည်။ ၎င်းပါဠိပုဒ်ကို 'ပုဗ္ဗန္တကပ္ပိကာ– အတိတ်ဖြစ်သော ခန္ဓာအဖို့ကို တဏှာ, ဒိဋ္ဌိတို့ဖြင့် တွေးတောကြံစည်တတ်ကြကုန်သည်' ဟူ၍ အနက်ပေးသည်။ *(ဒီ– ၁– ၁၂)*

ပုဗ္ဗန္တကပ္ပိကာ၌ ပုဗ္ဗ တစ်ပုဒ်, အန္တ တစ်ပုဒ်, ကပ္ပ တစ်ပုဒ်ဟူ၍ သုံးပုဒ်ရှိလေရာတွင် 'အန္တ' ပုဒ်နှင့်စပ်၍ သိ, မှတ်, ကျင့်ဖွယ်များကို ပြဆိုခဲ့ပြီးဖြစ်သည်။ 'ကပ္ပ' ပုဒ်နှင့်စပ်၍ သိ, မှတ်, ကျင့်ဖွယ်များကို ပြဆိုရန် ကျန်နေပေသည်။

ကပ္ပသဒ္ဒါသည် 'အာယုကပ္ပ, လေသကပ္ပ, ဝိနယကပ္ပ, ဒိဋ္ဌိကပ္ပ, တဏှာကပ္ပ' ဟူ၍ အနက်များစွာတို့၌ ဖြစ်လေသည်။

အာယုကပ္ပအနက်ဟော ကပ္ပသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

တိဋ္ဌတု ဘန္တေ ဘဂဝါ ကပ္ပံ။ *(ဒီ ဌ– ၁– ၉၆၊ ဒီ– ၂– ၈၆)*

ဘန္တေ– ရှင်တော်ဘုရား၊ ဘဂဝါ– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ကပ္ပံ– အာယုကပ်ပတ်လုံး၊ တိဋ္ဌတု– တည်နေတော်မူပါ။

အထက်ပါပါဠိရပ်သည် သုတ်မဟာဝါ ပါဠိတော်– မဟာပရိနိဗ္ဗာနသုတ်၌ လာရှိလေသည်။ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

သက်တော်ရှစ်ဆယ်၊ ဝါတော် (၄၅)ဝါ ရှိတော်မူသော ဗုဒ္ဓသည် ခန္ဓပရိနိဗ္ဗာန် ပြုတော်မူရန် သုံးလမျှလိုသော အချိန်ကာလ ဖြစ်သည်။ ထိုအချိန်၌ ဗုဒ္ဓသည် ဝေသာလီပြည် စာပါလစေတီ၌ သီတင်းသုံးနေတော်မူစဉ် အရှင်အာနန္ဒာအား ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်းကို တိုက်ရိုက်မိန့်ကြားတော်မမူဘဲ အောက်ပါအတိုင်း အရိပ်အမြွက် မိန့်ကြားတော်မူလေသည်။

'တထာဂတဿ ခေါ အာနန္ဒ စတ္တာရော ဣဒ္ဓိပါဒါ ဘာဝိတာ ဗဟုလီကတာ ယာနီကတာ ဝတ္ထုကတာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ သော အာကင်္ခမာနော အာနန္ဒ တထာဂတော ကပ္ပံဝါ တိဋ္ဌေယျ ကပ္ပါဝသေသံဝါ' တိ။ *(ဒီ– ၂– ၈၆)*

အာနန္ဒ– အာနန္ဒာ၊ **ခေါ**– စင်စစ်၊ **တထာဂတဿ**– တထာဂတသည်၊ **စတ္တာရော**– လေးပါးကုန်သော၊ **ဣဒ္ဓိပါဒါ**– ပြီးစီးခြင်း၏ အခြေခံဖြစ်သော ဣဒ္ဓိပါဒ်တို့ကို၊ **ဘာဝိတာ**– ပွါးများထားအပ်ပြီ၊ **ဗဟုလီကတာ**– အဖန်ဖန် လေ့ကျင့်ပြီးပြီ၊ **ယာနီကတာ**– ယာဉ်ကဲ့သို့ ပြုထားပြီးပြီ၊ **ဝတ္ထုကတာ**– တည်ရာကဲ့သို့ ပြုထားပြီးပြီ၊ **အနုဋ္ဌိတာ**– ဆောက်တည်ထားပြီးပြီ၊ **ပရိစိတာ**– ကောင်းစွာ ဆည်းပူးထားပြီးပြီ၊ **သုသမာရဒ္ဓါ**– ကောင်းစွာအားထုတ်ထားပြီးပြီ၊ **အာနန္ဒ**– အာနန္ဒာ၊ **သော တထာဂတော**– ထိုတထာဂတသည်၊ **အာကင်္ခမာနော**– အလိုရှိခဲ့သော်၊ **ကပ္ပံဝါ**– အာယုကပ်ပတ်လုံးဖြစ်စေ၊ **ကပ္ပါဝသေသံဝါ**– အာယုကပ်ထက်လွန်၍ဖြစ်စေ၊ **တိဋ္ဌေယျ**– တည်နေနိုင်ရာ၏၊ **ဣတိ**– ဤသို့မိန့်တော်မူ၏။

(*ဆိုလိုသည်မှာ*– ဗုဒ္ဓသည် ပြီးစီးခြင်း၏ အခြေခံဖြစ်သော ဣဒ္ဓိပါဒ်လေးပါးတို့ကို နိုင်နင်းစွာ ပွါးများထားပြီး ဖြစ်သောကြောင့် ထိုအချိန်က လူတို့၏ သက်တမ်းသည် အသက်တစ်ရာတမ်းဖြစ်၍ ဗုဒ္ဓသည် သက်တော် (၈၀) ရှိသော်လည်း နေလိုက အသက်တစ်ရာထိဖြစ်စေ၊ အသက်တစ်ရာထက် ကျော်လွန်၍ဖြစ်စေ နေနိုင်သည်ဟု ဆိုလိုပေသည်။) ဤသို့လျှင် ဗုဒ္ဓသည် အရှင်အာနန္ဒာအား အရိပ်အမြွက်စကားကို မိန့်ကြားတော်မူလေသည်။

ဤကဲ့သို့ ရှင်တော်ဗုဒ္ဓသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို မိန့်ကြားပါသော်လည်း အရှင်အာနန္ဒာသည် ပဋိဝိဇ္ဈိတုံ- သဘောပေါက်ခြင်းငှာ၊ နာသက္ခိ- မစွမ်းနိုင်ချေ။ ထို့ကြောင့်-

'န ဘဂဝန္တံ ယာစိ တိဋ္ဌတု ဘန္တေ ဘဂဝါ ကပ္ပံ၊ တိဋ္ဌတု သုဂတော ကပ္ပံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပါယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ' န္တိ ယထာတံ မာရေန ပရိယုဋ္ဌိတ စိတ္တော။ *(ဒီ- ၂- ၈၆)*

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **ဗဟုဇနဟိတာယ**- လူအများ၏ အကျိုးစီးပွါး အလို့ငှာ၊ **ဗဟုဇနသုခါယ**- လူအများ၏ ချမ်းသာအလို့ငှာ၊ **လောကာနုကမ္ပါယ**- လောကကို စောင့်ရှောက်ရန် အလို့ငှာ၊ **ဒေဝမနုဿာနံ**- ဗြဟ္မာ, နတ်, လူတို့၏၊ **အတ္ထာယ**- အကျိုးငှာ၊ **ဟိတာယ**- အစီးအပွါးအလို့ငှာ၊ **သုခါယ**- ချမ်းသာအလို့ငှာ၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ကပ္ပံ**- အာယုကပ်ပတ်လုံး၊ **တိဋ္ဌတု**- တည်နေတော်မူပါ။ **သုဂတော**- ကောင်းသောစကားကို ဆိုတော်မူတတ်သော ရှင်တော်ဗုဒ္ဓသည်၊ **ကပ္ပံ**- အာယုကပ်ပတ်လုံး၊ **တိဋ္ဌတု**- တည်နေတော်မူပါ။ **ဣတိ**- ဤသို့၊ **ဘဂဝန္တံ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓကို၊ **နယာစိ**- မတောင်းပန်မိချေ၊ **မာရေန**- မာရ်နတ်သည်၊ **ပရိယုဋ္ဌိတ စိတ္တောယထာ**- နှောင့်ယှက်ခံရသော စိတ်ရှိသူကဲ့သို့၊ **ဟောတိ**- ဖြစ်လျက်နေလေ၏။

အာယုကပ်အနက်ဟော ကပ္ပသဒ္ဒါက တရားဟောပုံသဘော

(၁) လူတို့၏ သက်တမ်းကို ငါးပုံပုံ၍ လေးပုံသာ နေခြင်းသည် ဗုဒ္ဓတို့၏ ဓမ္မတာတည်း။ ထိုအချိန်၌ ဗုဒ္ဓ၏သက်တော်သည် (၈၀)ရှိပြီဖြစ်၍ ခန္ဓပရိနိဗ္ဗာန်ပြုရန် သုံးလသာ လိုတော့သောအချိန် ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓသည် အရှင်အာနန္ဒာအား အထက်က အတိုင်း အရိပ်အမြွက်စကားကို မိန့်ကြားတော်မူခြင်းဖြစ်သည်။ သို့ရာတွင် အရှင်အာနန္ဒာသည် မာရ်နတ်မင်း၏ နှောင့်ယှက်ခြင်းကို ခံနေရသည်ဖြစ်၍ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွါးအလို့ငှာ, ချမ်းသာအလို့ငှာ အသက်တစ်ရာပြည့်အောင် နေတော်မူပါမည့် အကြောင်းကို မတောင်းပန်, မလျှောက်ထားမိချေ။ ဗုဒ္ဓက အကြိမ်ကြိမ် အရိပ်အမြွက်စကားကို ပြောပါသော်လည်း မာရ်နတ် နှောင့်ယှက်ထားသည်ဖြစ်၍ အရှင်အာနန္ဒာသည် မလျှောက်ထား မတောင်းပန်မိချေ။ ဤ၌ သတိပေးလိုသည်ကား **မည်မျှပင် ကောင်းသောအလုပ်ကို လုပ်နေစေကာမူ အနှောင့်အယှက်ပေးမည့် ပုဂ္ဂိုလ်တို့ကား 'အခွင့်ရတိုင်း အနှောင့်အယှက် ပြုနေမည်သာ ဖြစ်သည်' ဟူသောအချက်ကို အမြဲသတိရှိသူ ဖြစ်ကြပါကုန်လော့။**

(၂) ဗုဒ္ဓသည် လူ့လောက၌ တစ်ရက်နေလျှင် တစ်ရက်အလျှောက် လူ, နတ်, ဗြဟ္မာဟူသော သတ္တလောကအတွက် အကျိုးရှိသည်မှာ မှန်သော်လည်း မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ သက်တော် (၈၀)ပြည့်ချိန်၌ပင် ခန္ဓပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဒုက္ခ ဇာတ်သိမ်းတော်မူလေသည်။ ထိုသို့ ဒုက္ခဇာတ်သိမ်းတော်မူခြင်းသည် ဗုဒ္ဓတို့၏ သဘာဝဓမ္မတာသဘောကို မကျော်လွန်လိုသောကြောင့် လည်းကောင်း၊ ဗုဒ္ဓ (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူထားအပ်သော ဓမ္မဝိနယသာသနာကို အနှစ်ငါးထောင်ကြာအောင် တပည့်သံဃာတော်များက ဆက်လက်ထမ်းဆောင်ရန် စွမ်းနိုင်ပြီဖြစ်သောကြောင့်လည်းကောင်း၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့တွင် အတုမရှိသော ရှင်တော်ဗုဒ္ဓသော်မှလည်း ပရိနိဗ္ဗာန် စံဝင်တော်မူရချေသေး၏၊ ကျန်သောပုဂ္ဂိုလ်တို့ကား သေကြရမည်မှာ မလွဲတည်းဟု သံဝေဂယူပြီး မသေရာနိဗ္ဗာန်သို့ ရောက်နိုင်ရေးအတွက် ဝိပဿနာတရားကို နောင်းလူတို့ ကြိုးစားပမ်းစား အားထုတ်စေလိုသော ကြောင့်လည်းကောင်း လူတို့၏ သက်တမ်း ငါးပုံပုံ၍ လေးပုံအရောက် သက်တော် (၈၀)တွင် ပရိနိဗ္ဗာန် ပြုတော်မူခြင်း ဖြစ်လေသည်။ **ထို့ကြောင့် နောင်းလူတို့သည် ဗုဒ္ဓ၏အလိုဆန္ဒကို သဘောပေါက်နားလည်သိမြင်ကြ၍ မိမိတို့စွမ်းနိုင်သမျှ ဗုဒ္ဓသာသနာတော် အရှည်ခိုင်မြဲ တည်တန့်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။ သဘာဝဓမ္မဖြစ်စဉ်ကို ကျော်လွန်အောင်လုပ်၍ မရပါ တကားတူ၍ သဘောပေါက်ကြပါကုန်လော့။ အရွယ်ကောင်းတုန်း, ကျန်းမာတုန်း အချိန်အခါ၌ မဂ္ဂင်ရှစ်ပါး ဝိပဿနာ တရားများကို ကြိုးစားပမ်းစား အားထုတ်သူ ဖြစ်ကြပါကုန်လော့။**

လေသကပ္ပ အနက်ဟော ကပ္ပသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ကပ္ပသဒ္ဒါ၏ အာယုကပ္ပအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ကပ္ပသဒ္ဒါ၏ လေသကပ္ပအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အတ္ထိ ကပ္ပေါ နိပဇ္ဇိတုံ။ *(အံ- ၃- ၁၄၈)*

နိပဇ္ဇိတုံ- အိပ်ခြင်းငှာ၊ **ကပ္ပေါ**- အမြွက်သည် ဝါ အနည်းငယ်သော အကြောင်းသည်၊ **အတ္ထိ**- ရှိ၏။

အထက်ပါ ပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော် တတိယအုပ်- ကုသီတာရမ္ဘဝတ္ထုသုတ်၌ လာရှိလေသည်။ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗုဒ္ဓသည် ကုသီတာရမ္ဘဝတ္ထုသုတ်၌ ရဟန်းတို့အား ပျင်းရိခြင်းအကြောင်းရှစ်မျိုးကို ဟောကြားတော်မူရာတွင် ခုနစ်ခုမြောက်ဖြစ်သော ပျင်းရိခြင်းအကြောင်းကို အောက်ပါအတိုင်း ဟောကြားတော်မူသည်။

ပုနစပရံ ဘိက္ခဝေ ဘိက္ခုနော ဥပ္ပန္နော ဟောတိ အပ္ပမတ္တကော အာဗာဓော။ တဿ ဧဝံ ဟောတိ 'ဥပ္ပန္နော ခေါ် မေ အယံ အပ္ပမတ္တကော အာဗာဓော အတ္ထိကပ္ပေါ နိပဇ္ဇိတုံ၊ ဟန္ဒာဟံ နိပ္ပဇ္ဇာမိ' တိ၊ သော နိပဇ္ဇတိ နဝီရိယံ အာရဘတိ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယ။ ဣဒံ ဘိက္ခဝေ သတ္တမံ ကုသီတဝတ္ထု။ *(အံ- ၃- ၁၄၈)*

ဘိက္ခဝေ- ရဟန်းတို့ ပုနစပရံ- နောက်ထပ်ပျင်းရိခြင်း အကြောင်းတစ်မျိုးကား- ဘိက္ခုနော- ရဟန်း၏၊ အပ္ပမတ္တကော- မပြောလောက်ဖွယ် အနည်းငယ်မျှသော၊ **အာဗာဓော**- မကျန်းမာမှု ရောဂါတစ်ခုခုသည်၊ ဥပ္ပန္နော- ဖြစ်ပေါ်လာသည်၊ ဟောတိ- ဖြစ်၏၊ **တဿ**- ထိုရဟန်း၏၊ **ဧဝံ**- ဤသို့ အပျင်းထူပြော တွေးတောခြင်းသည်၊ **ဟောတိ**- ဖြစ်၏၊ ကိန္တိ ဟောတိ- အဘယ်သို့ ဖြစ်သနည်းဟူမူကား၊ **မေ**- ငါ၏၊ **အပ္ပမတ္တကော**- အနည်းငယ်မျှသော၊ **အယံ အာဗာဓော**- ဤအနာရောဂါသည်၊ ဥပ္ပန္နော- ဖြစ်ပေါ်ခဲ့လေပြီ၊ တသ္မာ- ထို့ကြောင့်၊ **ကပ္ပေါ**- အကြောင်းပြချက် အရိပ်အမြွက်သည်၊ **အတ္ထိ**- ရှိ၏၊ **အတံ**- ငါသည်၊ ဟန္ဒ- ယခု၊ **နိပဇ္ဇာမိ**- အိပ်လိုက်ဦးအံ့၊ ဣတိ- ဤသို့ အပျင်းထူပြော တွေးတောစဉ်းစားမိခြင်းသည်၊ ဟောတိ- ဖြစ်၏၊ ဣတိ- ဤသို့စဉ်းစား၍၊ **သော**- ထိုရဟန်းသည်၊ **နိပ္ပဇ္ဇတိ**- အိပ်၏။

သော- အပျင်းထူပြောအိပ်သော ထိုရဟန်းသည်၊ **အပ္ပတ္တဿ**- မရောက်အပ်, မရအပ်သေးသော ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်တရားကို၊ **ပတ္တိယာ**- ရောက်ခြင်း, ရခြင်းငှာ၊ **အနဓိဂတဿ**- မသိအပ်သေးသော ဈာန်, မဂ်, ဖိုလ်, ဝိပဿနာတရားကို၊ **အဓိဂမာယ**- သိခြင်းငှာ၊ **အသစ္ဆိကတဿ**- မျက်မှောက်မပြုအပ်သေးသော ဈာန်, မဂ်, ဖိုလ်, ဝိပဿနာတရားကို၊ **သစ္ဆိကိရိယာယ**- မျက်မှောက်ပြုခြင်းငှာ၊ **ဝီရိယံ**- ကာယိက, စေတသိက လုံ့လဝီရိယကို၊ **နအာရဘတိ**- အားမထုတ်၊ **ဘိက္ခဝေ**- ရဟန်းတို့၊ **ဣဒံ**- ဤအနည်းငယ်မျှသော အနာရောဂါကြောင့် ဘာဝနာတရား ကြိုးစားမထုတ် တွန့်ဆုတ်ခြင်းသည်၊ **သတ္တမံ**- ခုနစ်ခုမြောက်သော၊ **ကုသီတဝတ္ထု**- ပျင်းရိခြင်း၏ အကြောင်းတည်း။

လေသ- အနည်းငယ် အမြွက်မျှ အနက်ဟော ကပ္ပသဒ္ဒါက တရားဟောပုံသဘော

ဗုဒ္ဓသာသနာတော်၌ ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်တရားများကို ရရှိနိုင်ရေးအတွက် သမထဘာဝနာ, ဝိပဿနာဘာဝနာများကို ကြိုးစားအားထုတ်ရမည့် လုပ်ငန်းစဉ်သည် အဓိကလုပ်ငန်းစဉ် ဖြစ်သည်။ သို့ရာတွင် အချို့ပုဂ္ဂိုလ်တို့သည် ထိုအဓိကလုပ်ငန်းစဉ်ကို လုပ်ရမည်ကို ပျင်းရိတွန့်ဆုတ်သည်ဖြစ်၍ အကြောင်းအမျိုးမျိုးပြလျက် ရှောင်လွှဲလေတော့သည်။ အိပ်စက်လေတော့သည်။ ထိုသို့ ရှောင်လွှဲနေသမျှ ကာလပတ်လုံး၊ ပျင်းရိတွန့်ဆုတ်နေသမျှ ကာလပတ်လုံး ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံရကျိုးနပ်မည်မဟုတ်ဘဲ ဝဋ်ဒုက္ခအမျိုးမျိုးကို ခံကြရမည်ဖြစ်သည်။ ပျင်းရိသူတို့အဘို့ အနာရောဂါ အနည်းငယ်မျှ ရသည်ကိုပင်လျှင် အကြောင်းပြလျက် တရားအားထုတ်မှုကို ရှောင်လွှဲတတ်လျှင် ထိုထက်ကြီးကျယ်သော အနာရောဂါဖြစ်လျှင်ကား ဆိုဖွယ်ရာမလိုတော့ပေ။ ထိုသို့ အနာ

ရောဂါမဖြစ်ပြန်လျှင်လည်း အခြားအကြောင်းတစ်မျိုးပြ၍ ရှောင်လွှဲဦးမည်ဖြစ်သည်။ ထိုသို့သော ပျင်းရိသူတို့၌ အဘယ်မည်သော လောကီအကျိုးစီးပွါး, လောကုတ္တရာအကျိုးစီးပွါးများသည် ဘယ်သောအခါမှ ဖြစ်ပေါ်လာမည် မဟုတ်ပေ။ ထို့ကြောင့် ပျင်းရိတွန့်ဆုတ်ခြင်းကို ကြောက်မက်ဖွယ်ကောင်းသော ဘေးအန္တရာယ်ဆိုးကြီးဟုမြင်ပြီး မိမိတို့လိုလားအပ်သော လောကီအကျိုးစီးပွါး, လောကုတ္တရာအကျိုးစီးပွါးတွေ တိုးပွါးရရှိလာအောင် အဘယ်သို့သော အခက်အခဲ, အဘယ်သို့သော အခြေအနေမျိုးသို့ ရောက်နေပါစေ၊ (အကြောင်းပြရှောင်လွှဲခြင်း မပြုမူ၍) မပျင်းမရိ နောက်မဆုတ်ဘဲ လုံ့လကြိုးကုတ် အားထုတ်သူဖြစ်ကြပါကုန်လော့။

ကပ္ပဗိန္ဒု အနက်ယောဇနာ ကပ္ပသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ကပ္ပသဒ္ဒါ၏ လေသအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ကပ္ပသဒ္ဒါ၏ ကပ္ပဗိန္ဒုအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ကပ္ပကတေန အကပ္ပကတံ သံသိဗ္ဗိတံ ဟောတိ၊ *(ဝိ- ၂- ၁၅၉)*

ကပ္ပကတေန- ပြုအပ်ပြီးသော ကပ္ပဗိန္ဒုရှိသော အဝတ်ဖြင့်၊ **အကပ္ပကတံ**- ပြုအပ်ပြီးသော ကပ္ပဗိန္ဒုမရှိသော အဝတ်ကို၊ **သံသိဗ္ဗိတံ**- ရောစပ်၍ချုပ်အပ်သည်၊ **ဟောတိ**- ဖြစ်၏။

အထက်ပါ ပါဠိရပ်သည် ပါစိတ္တိယပါဠိတော်- သုရာပါနဝဂ်- ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်၌ လာရှိလေသည်။ ထိုသိက္ခာပုဒ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

အထက်ပါ သိက္ခာပုဒ်ကို ပညတ်ရခြင်းအကြောင်းမှာ- ပရိဗိုဇ်တို့နှင့် ရဟန်းတော်များ ခရီးသွားနေစဉ် ခိုးသူတို့ အလုအယက် ခံရသည်ဖြစ်၍ ရဟန်းတော်တို့မှာ သင်္ကန်းမရှိ ဖြစ်ကြရလေသည်။ ထိုခိုးသူတို့အား မင်းမှုထမ်းများက ဖမ်းဆီး၍ ရဟန်းတို့အား မိမိတို့၏ သင်္ကန်းများကို လာရောက်၍ ယူစေရာတွင် ရဟန်းတော်များသည် မိမိတို့၏ သင်္ကန်းများကို မမှတ်မိသည့်အတွက် လူတို့ကဲ့ရဲ့သည်ဖြစ်သောကြောင့် မိမိတို့၏ သင်္ကန်းကို မှတ်မိစေရန် 'ကပ္ပဗိန္ဒု ထိုးရမည်၊ မထိုးသောရဟန်းအား ပါစိတ်အာပတ်သင့်စေ' ဟု ဗုဒ္ဓက သိက္ခာပုဒ် ပညတ်လေသည်။ 'ကပ္ပဗိန္ဒု' ဟူသည် သင်္ကန်းပေါ်၌ အယုတ်ဆုံး သမန်းမြက်ဖျားမျှ ညိုသောအဆင်း, ညွှန်အဆင်း, မည်းနက်သောအဆင်း တစ်မျိုးမျိုးကို အဆင်းပျက်အောင် သင်္ကန်းဒေါင့်စွန်းတွင် အပြောက်အစက် ထိုးရခြင်းဖြစ်သည်။ အထက်ပါ ပြဆိုအပ်သော ပါဠိအရ ကပ္ပဗိန္ဒု ထိုးပြီးသော သင်္ကန်းနှင့် ကပ္ပဗိန္ဒု မထိုးရသေးသော သင်္ကန်းကို စပ်၍ချုပ်လျှင် အာပတ်မသင့်ပေ။

ကပ္ပဗိန္ဒု အနက်ယောဇနာ ကပ္ပသဒ္ဒါက ဩဝါဒပေးပုံသဘော

ဗုဒ္ဓသည် မိမိခန္ဓာကိုယ်ကို လှပအောင် ဝတ်စားဆင်ယင်မှုကို ရဟန်းတို့အား ခွင့်မပြုသော်လည်း တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် သက်ဆိုင်သော မိမိပစ္စည်းများကို ဂရုတစိုက်ရှိရမည်ကိုကား လိုလားကြောင်း အထက်ပါ ပြဆိုခဲ့သော သိက္ခာပုဒ်ဖြင့် ထင်ရှားပေသည်။ ထို့ကြောင့် မိမိပစ္စည်းကို ဂရုတစိုက် သိမ်းဆည်းထားရမည်။ မိမိပစ္စည်းမှန်း သိအောင်လည်း အမှတ်အသား ပြုလုပ်ရမည်။ မိမိတို့ပိုင် ပစ္စည်းများကို ပေါ့ပေါ့တန်တန် စည်းကမ်းမဲ့စွာ ထားခြင်းမျိုးကိုလည်းကောင်း၊ မိမိပစ္စည်းမှန်းပင် မသိအောင် ပေါ့ဆခြင်းကိုလည်းကောင်း ရှောင်ကြဉ်ကြပြီး မိမိပစ္စည်းကို ဂရုတစိုက်လည်း ရှိကြပါကုန်လော့။ မိမိပစ္စည်းမှန်း သိအောင်လည်း ပြုကြပါကုန်လော့။

တဏှာကပ္ပ, ဒိဋ္ဌိကပ္ပ အနက်ယောဇနာ ကပ္ပသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ကပ္ပသဒ္ဒါ၏ ကပ္ပဗိန္ဒုအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ကပ္ပသဒ္ဒါ၏ တဏှာကပ္ပ, ဒိဋ္ဌိကပ္ပ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ကပ္ပါတိ ဒွေကပ္ပါ တဏှာကပ္ပေါစ ဒိဋ္ဌိကပ္ပေါစာတိ။ *(ဒီ ၃- ၁- ၉၆၊ ခု- ၇- ၇၄)*

ကပ္ပါ- ကပ္ပတို့သည်၊ တဏှာကပ္ပေါစ- ကြံဆတတ်သော တဏှာလည်းကောင်း၊ ဒိဋ္ဌိကပ္ပေါစ- ကြံဆတတ်သော ဒိဋ္ဌိလည်းကောင်း၊ ဣတိ- ဤသို့၊ ဒွေ- နှစ်ပါးတို့တည်း။

အထက်ပါ ပါဠိရပ်သည် မဟာနိဒ္ဒေသပါဠိတော်- အဋ္ဌကဝဂ်- သုဒ္ဓဋ္ဌက သုတ္တနိဒ္ဒေသ၌ လာရှိသည်။

တဏှာကပ္ပ, ဒိဋ္ဌိကပ္ပအနက်ကို လိုအပ်ခြင်း

အထက်ပါ ပါဠိတော်အရ ဤဖြဟ္မဇာလသုတ်၌ အခြားသောကပ္ပတို့ကို မလိုအပ်ဘဲ တဏှာကပ္ပ, ဒိဋ္ဌိကပ္ပကို လိုအပ်ပုံကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုလေသည်။

တသ္မာ တဏှာဒိဋ္ဌိဝသေန အတီတံ ခန္ဓကောဋ္ဌာသံ ကပ္ပေတွာ ပကပ္ပေတွာ ဌိတာတိ ပုဗ္ဗန္တကပ္ပိကာတိ ဝေဒိတဗ္ဗာ အတ္ထော ဝေဒိတဗ္ဗော။ *(ဒီ ဋ္ဌ- ၁- ၉၆)*

တသ္မာ- ထိုသို့ ကပ္ပသဒ္ဒါ၏ တဏှာကပ္ပ, ဒိဋ္ဌိကပ္ပ အနက်တို့၌ ဖြစ်သည်၏ အဖြစ်ကြောင့်၊ တဏှာဒိဋ္ဌိဝသေန- တဏှာ, ဒိဋ္ဌိတို့၏ အစွမ်းဖြင့်၊ **အတီတံ**- အတိတ်ဖြစ်သော၊ **ခန္ဓကောဋ္ဌာသံ**- ခန္ဓာအဖို့ကို၊ **ကပ္ပေတွာ**- ကြံဆပြီး၍၊ **ပကပ္ပေတွာ**- အထူးသဖြင့် ကြံဆပြီး၍၊ **ဌိတာ**- တည်နေကုန်၏၊ **ဣတိ**- ထို့ကြောင့်၊ **ပုဗ္ဗန္တကပ္ပိကာ**- ပုဗ္ဗန္တကပ္ပိကတို့မည်၏၊ **ဣတိ**ဧဝံ- ဤသို့၊ **ဧတ္ထ**- ဤ'ပုဗ္ဗန္တကပ္ပိကာ'ဟူသောပါဠ်၌၊ **အတ္ထော**- အနက်ကို၊ **ဝေဒိတဗ္ဗော**- သိထိုက်၏။

တဏှာ, ဒိဋ္ဌိဖြင့် ကြံဆပုံသဘော

'**တဏှာပစ္စယာဟိ ဥပါဒါနံ**' ဟု ဋီကာဟောင်း, ဋီကာသစ်တို့ ဖွင့်ဆိုချက်အရ မိစ္ဆာအယူရှိသူတို့သည် မိမိတို့၏ သဿတဒိဋ္ဌိ အစရှိသော အယူကို ရှေးဦးစွာ တဏှာဖြင့် အားရကျေနပ်ကြပြီးနောက် ဒိဋ္ဌုပါဒါန်ဖြင့် *(ဒိဋ္ဌိဖြင့်)* ထိုအယူကို စွဲစွဲမြဲမြဲ ယူကြလေသည်။ *(တဏှာက ဒိဋ္ဌိအား ကျေးဇူးပြုပြီး စွဲစွဲမြဲမြဲ ယူတတ်သော ဒိဋ္ဌိ၏အစွမ်းဖြင့် ကြံဆကြသည်။ ၎င်းကို တဏှာကပ္ပ, ဒိဋ္ဌိကပ္ပဟု ဆိုလိုသည်။) (မဟာဋီ- ၁၄၀၊ ဋီသစ် ပအုပ်- ၃၉၀)*

တဏှာကပ္ပ, ဒိဋ္ဌိကပ္ပ အနက်ဟော ကပ္ပသဒ္ဒါက တရားဟောပုံသဘော

ဤ၌ ကပ္ပသဒ္ဒါသည် 'သက်ပ္ပ' ကြံစည်ခြင်းအနက်ကို ဟော၏။ တရားကိုယ်မှာ ဝိတက်စေတသိက်တည်း။ အာရုံတစ်ခုကို ဖဿစေတသိက်ဖြင့် ထိရောက်ပြီး ခံစားမှု ဝေဒနာစေတသိက် ဖြစ်၏။ ခံစားမှု ဝေဒနာဖြစ်ရာမှ ထိုဝေဒနာကို နှစ်သက်သော *အားသေးသောတဏှာ (လောဘစေတသိက်)* ဖြစ်၏။ ထိုအားသေးသောတဏှာ ဖြစ်ရာမှ ကာမုပါဒါန် ခေါ် အားကြီးသောတဏှာ ဖြစ်၏။ ထိုအားကြီးသောတဏှာနှင့်အတူ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် အားကြီးသောဒိဋ္ဌုပါဒါန် ခေါ် ဒိဋ္ဌိစေတသိက် ဖြစ်လေသည်။ ဤသို့လျှင် တဏှာနှင့်ဒိဋ္ဌိတို့သည် တဏှာကြောင့် ဒိဋ္ဌိအားကောင်းသလို ဒိဋ္ဌိကြောင့်လည်း တဏှာအားကောင်းခြင်းဟူသော အပြန်အလှန် ကျေးဇူးပြုမှုသဘော ရှိလေသည်။ အများအားဖြင့် ပုထုဇဉ်တို့သည် ထိုတဏှာကပ္ပ, ဒိဋ္ဌိကပ္ပတို့မှ လွတ်နိုင်ကြမည် မဟုတ်ပေ။ သောတာပန်အဖြစ်သို့ ရောက်လျှင်ကား ဒိဋ္ဌိကပ္ပမှ အပြီးတိုင် လွတ်မြောက်ပြီ ဖြစ်သည်။ ဒိဋ္ဌိကပ္ပမှ လွတ်မြောက်သည် ဖြစ်၍ တဏှာကပ္ပသည် ဒိဋ္ဌိဟူသော အဖော်ကင်းမဲ့သောကြောင့် အပါယ်ကျနိုင်လောက်အောင် အားကောင်းခြင်း မရှိတော့ပေ။ ထို့ကြောင့် ဒိဋ္ဌိပြုတ်ရန် အလွန်အရေးကြီးလှပေသည်။ ဗုဒ္ဓသာသနာတော်၌ သောတာပန်ဖြစ်ရေးသည် အောက်ထစ်ဆုံးလမ်းစဉ် ဖြစ်၍ ထိုသောတာပန်အဆင့်သို့ရောက်အောင် သတိပဋ္ဌာန်လေးပါး ဝိပဿနာတရားများကို ကြိုးစားအားထုတ်ပွါးများနိုင်ကြသူ ဖြစ်ကြပါကုန်လော့။

တဿနာ (၄)မျိုး

ပါဠိတော်တွင် ဧကစ္စသဿတဝါဒကို ပြဆိုရာ၌ ကမ္ဘာကြီး မီးလောင်ပျက်စီးရာမှ တစ်ဖန်ပြန်တည်လာသောအခါတွင် မီးထဲပါသွားသော ပဌမဈာန်သုံးဘုံသည် ပြန်၍ဖြစ်ပေါ်လာလေသည်။ ထိုအချိန်၌ မီးလွတ်ရာဖြစ်သော ဒုတိယဈာန်သုံးဘုံတွင် အာဘဿရဘုံမှ ဗြဟ္မာတစ်ဦးသည် အသက်တမ်းကုန်၍လည်းကောင်း, ကောင်းမှုကံကုန်၍လည်းကောင်း ပဌမဈာန်ဘုံသို့ ပြန်၍ ရောက်ရှိလာသည်။ ထိုဗြဟ္မာသည် အချိန်ကာလကြာမြင့်စွာ တစ်ဦးတည်းနေရသည်ဖြစ်၍ မမွေ့မလျော်စိတ်နှင့် အခြားအဖော်ဗြဟ္မာများကို တောင့်တစိတ်များ ဖြစ်ပေါ်လာသည်။ ယင်းတောင့်တစိတ်ကိုပင် 'ပရိတဿနာ' တဏှာ, ဒိဋ္ဌိ၏အစွမ်းဖြင့် အပန်ဖန် တုန်လှုပ်သည်ဟု ဆိုရသည်။ ၎င်းကို ပါဠိတော်တွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

'တဿ တတ္ထ ဧကကဿ ဒီဃရတ္တံ နိဝုသိတတ္တာ အနဘိရတိ ပရိတဿနာ ဥပ္ပဇ္ဇတိ၊ အဟောဝတ အညေပိ သတ္တာ ဣတ္ထတ္တံ အာဂစ္ဆေယျုံ' န္တိ။ *(ဒီ- ၁- ၁၇)*

တဿ- ထိုဗြဟ္မာသတ္တဝါ၏၊ **တတ္ထ**- ထိုပဌမဈာန် ဗြဟ္မာ့ဘုံ၌၊ **ဧကကဿ**- တစ်ယောက်တည်းဖြစ်၍၊ **ဒီဃရတ္တံ**- ရှည်စွာသော ကာလပတ်လုံး၊ **နိဝုသိတတ္တာ**- နေရသည်၏အဖြစ်ကြောင့်၊ **အနဘိရတိ**- မမွေ့မလျော်ခြင်းသည်၊ **ပရိတဿနာ**- တဏှာ, ဒိဋ္ဌိတို့၏အစွမ်းဖြင့် အပန်ဖန်တုန်လှုပ်ခြင်းသည် *(အခြားဗြဟ္မာတို့ လာမိုက်ရန် တောင့်တခြင်းသည်)*၊ **ဥပ္ပဇ္ဇတိ**- ဖြစ်၏၊ (ကိံ- အဘယ်သို့ ဖြစ်သနည်း။) **အညေပိ**- ငါမှအခြားလည်း ဖြစ်ကုန်သော၊ **သတ္တာ**- ဗြဟ္မာသတ္တဝါတို့သည်၊ **ဣတ္ထတ္တံ**- ငါနေရာ ဤ ပဌမဈာန်ဘုံသို့၊ **အာဂစ္ဆေယျုံ**- ရောက်လာပါကုန်မူကား၊ **အဟောဝတ**- ဪ ကောင်းလေစွ၊ **ဣတိ**- ဤသို့ တောင့်တခြင်းသည်၊ **ဥပ္ပဇ္ဇတိ**- ဖြစ်၏။

အထက်ပါ ပါဠိတော် 'ပရိတဿနာ' ၌ တဿနာသည် (၁) တာသတဿနာ၊ (၂) တဏှာတဿနာ၊ (၃) ဒိဋ္ဌိတဿနာ၊ (၄) ဉာဏတဿနာ ဟူ၍ တဿနာလေးမျိုးရှိကြောင်း အဋ္ဌကထာ ပြဆိုသည်။ *(ဒီ ဋ္ဌ- ၁- ၁၀၂)*

တာသတဿနာက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အထက်ပါ 'တဿနာ' လေးမျိုးရှိသည့်အနက် အဋ္ဌကထာဆရာသည် ရှေးဦးစွာ တာသတဿနာ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဇာတိံ ပဋိစ္စ ဘယံ ဘယာနကံ ဆမ္ဘိတတ္တံ လောမဟံသော စေတသော ဥတြာသော၊ ဇရံ, ဗျာဓိံ, မရဏံ ပဋိစ္စ ဘယံ ဘယာနကံ ဆမ္ဘိတတ္တံ လောမဟံသော စေတသော ဥတြာသောတိ။ *(အဘိ- ၂- ၃၈၁၊ ဒီ ဋ္ဌ- ၁- ၁၀၂)*

ဇာတိံ- ဇာတိကို၊ **ပဋိစ္စ**- စွဲမှီ၍၊ **ဘယံ**- ကြောက်ခြင်းသည်၊ **ဘယာနကံ**- အားကြီးသော ကြောက်ခြင်းသည်၊ **ဆမ္ဘိတတ္တံ**- ကိုယ်တုန်လှုပ်သည်၏ အဖြစ်သည်၊ **လောမဟံသော**- ကြက်သီးမွေးညင်းထခြင်းသည်၊ **စေတသော**- စိတ်၏၊ **ဥတြာသော**- ထိတ်လန့်ခြင်းသည်၊ **ဟောတိ**- ဖြစ်၏၊ **ဇရံ**- အိုခြင်းကို၊ **ပဋိစ္စ**- စွဲမှီ၍၊ **ဗျာဓိံ**- နာခြင်းကို၊ **ပဋိစ္စ**- စွဲမှီ၍၊ **မရဏံ**- သေခြင်းကို၊ **ပဋိစ္စ**- စွဲမှီ၍၊ **ဘယံ**- ကြောက်ခြင်းသည်၊ **ဘယာနကံ**- အားကြီးသော ကြောက်ခြင်းသည်၊ **ဆမ္ဘိတတ္တံ**- ကိုယ်တုန်လှုပ်သည်၏အဖြစ်သည်၊ **လောမဟံသော**- ကြက်သီးမွေးညင်းထခြင်းသည်၊ **စေတသော**- စိတ်၏၊ **ဥတြာသော**- ထိတ်လန့်ခြင်းသည်၊ **ဟောတိ**- ဖြစ်၏။

တာသ- ထိတ်လန့် အနက်ဟော တဿနာက တရားဟောပုံသဘော

အထက်ပါ ပါဠိရပ်သည် အဘိဓမ္မပိဋက ဝိဘင်းပါဠိတော် ခုဒ္ဒကဝတ္ထု- ဝိဘင်္ဂ တိကနိဒ္ဒေသ- နှာ (၃၈၁ / ၃၈၂) တို့၌ လာရှိလေသည်။ ထိုဒေသနာတော်အရ ပဋိသန္ဓေ နေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်းတရားတို့သည် အလွန်ထိတ်လန့်တုန်လှုပ်စွာ သံဝေဂယူဘွယ်တရားများ ဖြစ်လေသည်။ သို့ရာတွင် 'မောဟ' စသော တရားများ လွှမ်းမိုးခံကြရသော, ပါရမီဓာတ်ခံနည်းကြသော အချို့လူတို့သည် နေ့စဉ်နှင့်အမျှ လူအို, လူနာ, လူသေတို့ကို တွေ့မြင်နေရပါလျက် မိမိနှင့်မဆိုင်သကဲ့သို့ နေနိုင်ကြလေသည်။

ပါရမီဓာတ်ခံကောင်းကြသော အချို့သူတို့သည်ကား လူအို, လူနာ, လူသေတို့ကို တွေ့မြင်ပြီး ထိတ်လန့်တုန်လှုပ်သော သံဝေဂစိတ်များ ဖြစ်ခဲ့ 'မအို, မနာ, မသေခင်' ဘာဝနာတရားများကို ကြိုးစားအားထုတ်ကြသောကြောင့် သောတာပန်အစရှိသော အရိယာသူတော်ကောင်းများ ဖြစ်သွားကြလေသည်။ တရားဘာဝနာဘက်ကို စိတ်လက်မပါဘဲ အမှုမဲ့ အမှတ်မဲ့နေနိုင်ကြသူတို့သည် သံသရာဒုက္ခမှ လွတ်မြောက်ဘို့ဝေးစွ။ အပါယ်ဒုက္ခမှပင် လွတ်မြောက်လမ်း မမြင်ပေ။ အပါယ်လေးပါးသို့ ရောက်သွားပြန်လျှင်လည်း လူ့ဘဝရင်းစား ပြန်ရဘို့ရန် အလွန်အလှမ်းကွာဝေးသွားလေပြီ။ ထို့ကြောင့် **သတိသံဝေဂ ဉာဏ်တရားကို ရှေးထား၍ မအိုမီ, မနာမီ, မသေမီ တရားဘာဝနာကို လိုက်စားသူ, ကြိုးစားအားထုတ်သူများ ဖြစ်ကြပါကုန်လော့။**

ဉာဏတသာနာက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် တာသတသာနာ, တဏှာတသာနာ, ဒိဋ္ဌိတသာနာများကို ပြဆိုပြီးနောက် ဉာဏတသာနာကို အောက်ပါအတိုင်း ပြဆိုလေသည်။

တေပိ တထာဂတဿ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တီတိ။
(သံ- ၂- ၇၀၊ အံ- ၁- ၃၄၂)

တေပိ- ထိုအလွန်အသက်ရှည်သော နတ်တို့သော်မှလည်း၊ **တထာဂတဿ**- ရှင်တော်ဗုဒ္ဓ၏၊ **ဓမ္မဒေသနံ**- တရားဒေသနာတော်ကို၊ **သုတွာ**- နာရ၍၊ **ယေဘုယျေန**- များသောအားဖြင့်၊ **ဘယံ**- ကြောက်တတ်သော ဘယဉာဏ်သို့လည်းကောင်း၊ **သံဝေဂံ**- ထိတ်လန့်ကြောင်းနှင့် တကွဖြစ်သော ဩတ္တပ္ပဉာဏ်သို့လည်းကောင်း၊ **သန္တာသံ**- ပြင်းစွာထိတ်လန့်ကြောင်းဖြစ်သော အာဒီနဝါနုပဿနာဉာဏ်, နိဗ္ဗိဒါနုပဿနာဉာဏ်သို့လည်းကောင်း၊ **အာပဇ္ဇန္တိ**- ရောက်ကြကုန်၏။

အထက်ပါ ပါဠိရပ်သည် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်- ခဇ္ဇနီယဝဂ်- သီဟသုတ်၌လည်းကောင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် ပအုပ်- စက္ကဝဂ်- သီဟသုတ်၌လည်းကောင်း လာရှိလေသည်။ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ပဥ္စဝဂ္ဂီ အမျိုးပြုသော တစ်သောင်းသော စကြာဝဠာတိုက်မှ ရောက်ရှိလာကြကုန်သော နတ်, ဗြဟ္မာအပေါင်းတို့သည် ရှင်တော်ဗုဒ္ဓ၏ အစဦးဆုံး ဓမ္မစကြာတရားကို ကြားနာပြီးနောက် အောက်ပါအတိုင်း ဩတ္တပ္ပနှင့်တကွဖြစ်သောဉာဏ်, အာဒီနဝါနုပဿနာဉာဏ်, နိဗ္ဗိဒါနုပဿနာဉာဏ်များ ဖြစ်ကြလေသည်။

ယေပိ တေ ဘိက္ခဝေ ဒေဝါ ဒီဃာယုကာ ဝဏ္ဏဝန္တော သုခဗဟုလာ ဥစ္စေသု ဝိမာနေသု စိရဋ္ဌိတိကာ၊ တေပိ တထာဂတဿ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ၊ အနိစ္စာဝကိရ ဘော မယံ သမာနာ 'နိစ္စမှာ'တိ အမညိမှ၊ အဒ္ဓုဝါဝကိရ ဘော မယံ သမာနာ 'ဓုဝမှာ'တိ အမညိမှ၊ အသဿတာဝ ကိရ ဘော မယံ သမာနာ 'သဿတမှာ'တိ အမညိမှ၊ မယမ္ပိကိရ ဘော အနိစ္စာ အဒ္ဓုဝါ အသဿတာ သက္ကာယပရိယာပန္နာတိ၊ ဧဝံ မဟိဒ္ဓိကော ခေါ ဘိက္ခဝေ တထာဂတော သဒေဝကဿ လောကဿ ဧဝံ မဟေသက္ခော ဧဝံ မဟာနုဘာဝေါတိ။ *(သံ- ၂- ၇၀)*

ဘိက္ခဝေ- ရဟန်းတို့၊ **ယေပိ တေ ဒေဝါ**- အကြင်နတ်, ဗြဟ္မာတို့သည်လည်း၊ **ဒီဃာယုကာ**- ရှည်သောအသက်ရှိကုန်၏၊ **ဝဏ္ဏဝန္တော**- ကိုယ်အဆင်းရှိကုန်၏၊ **သုခဗဟုလာ**- ချမ်းသာများကုန်၏၊ **ဥစ္စေသု**- မြင့်မြတ်ကုန်သော၊ **ဝိမာနေသု**- ဗိမာန်တို့၌၊ **စိရဋ္ဌိတိကာ**- ကြာမြင့်စွာတည်ခြင်းရှိကုန်၏၊ **တေပိ**- ထိုနတ်တို့သည်လည်း၊ **တထာဂတဿ**- တထာဂတ၏၊ **ဓမ္မဒေသနံ**- ဓမ္မစကြာတရားဒေသနာတော်ကို၊ **သုတွာ**- နာကြားရသော်၊ **ယေဘုယျေန**- များသောအားဖြင့်၊ **ဘယံ**- ကြောက်ခြင်းသို့၊ **သံဝေဂံ**- တုန်လှုပ်ခြင်းသို့၊ **သန္တာသံ**- ထိတ်လန့်ခြင်းသို့၊ **အာပဇ္ဇန္တိ**- ရောက်ကုန်၏။

ဘော- အချင်းတို့၊ **မယံ**- ငါတို့သည်၊ **အနိစ္စာဝ**- မမြဲကုန်သည်သာ၊ **သမာနာ**- ဖြစ်ကုန်လျက်၊ **နိစ္စာ**- မြဲကုန်သည်၊ **အမှ**- ဖြစ်ကုန်ပြီ၊ **ဣတိ**- ဤသို့၊ **အမညိမှကိရ**- မှတ်ထင်မိကုန်ပြီ၊ **ဘော**- အချင်းတို့ **မယံ**- ငါတို့သည်၊ **အဒ္ဓုဝါဝ**- မခိုင်ခံ့ကုန်သည်သာ၊ **သမာနာ**- ဖြစ်ကုန်လျက်၊ **ဓုဝါ**- ခိုင်ခံ့ကုန်သည်၊ **အမှ**- ဖြစ်ကုန်ပြီ၊ **ဣတိ**- ဤသို့၊ **အမညိမှကိရ**- မှတ်ထင်မိကုန်ပြီ၊ **ဘော**- အချင်းတို့၊ **မယံ**- ငါတို့သည်၊ **အသဿတာဝ**- မတည်တံ့ကုန်သည်သာ၊ **သမာနာ**- ဖြစ်ကုန်လျက်၊ **သဿတာ**- တည်တံ့ကုန်သည်၊ **အမှ**- ဖြစ်ကုန်ပြီ၊ **ဣတိ**- ဤသို့၊ **အမညိမှကိရ**- မှတ်ထင်မိကုန်ပြီ။

ဘော– အချင်းတို့၊ **မယမ္ပိ**– ငါတို့သည်လည်း၊ **အနိစ္စာကိရ**– မမြဲကုန်သတတ်၊ **အဒ္ဓုဝါကိရ**– မခိုင်ခံ့ကုန်သတတ်၊ **အသဿတာကိရ**– မတည်တံ့ကုန်သတတ်၊ **သက္ကာယပရိယာပန္နာကိရ**– ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်, နာမ်တရား ခန္ဓာငါးပါး၌ အကျုံးဝင်သတတ်၊ **ဣတိ**– ဤသို့၊ **ဘယံ**– ကြောက်ခြင်းသို့၊ **သံဝေဂံ**– တုန်လှုပ်ခြင်းသို့၊ **သန္တာသံ**– ထိတ်လန့်ခြင်းသို့၊ **အာပဇ္ဇန္တိ**– ရောက်ကုန်၏။

ဘိက္ခဝေ– ရဟန်းတို့၊ **သဒေဝကဿ**– နတ်နှင့်တကွသော၊ **လောကဿ**– သတ္တလောကထက်၊ **တထာဂတော**– တထာဂတသည်၊ **ဝေံ မဟိဒ္ဓိကော**– ဤသို့ကြီးကျယ်သော တန်ခိုးရှိတော်မူ၏၊ **ဝေံ မဟေသက္ခော**– ဤသို့ကြီးကျယ်သော အစိုးရခြင်းရှိ၏၊ **ဝေံ မဟာနုဘာဝေါ**– ဤသို့ကြီးသော အာနုဘော်ရှိ၏၊ **ဣတိ**– ဤသို့မိန့်တော်မူပြီ။

ဉာဏာတသာနက တရားဟောပုံသဘော

အလွန်အသက်ရှည်ကြသော တန်ခိုးကြီးမား နတ်, ဗြဟ္မာများတို့သည် ဗုဒ္ဓ၏ ဓမ္မစကြာတရားများကို နာကြားရသောအခါမှ သာလျှင် ထိုနတ်, ဗြဟ္မာတို့၏ သဿတဒိဋ္ဌိအယူဝါဒသည် ပျောက်ကွယ်သွားရလေသည်။ ဓမ္မစကြာတရားတော်ကို မနာကြားရခင်က ၄င်းနတ်, ဗြဟ္မာတို့၏ အလွန်တန်ခိုးကြီးမားမှု, အလွန်အဆင်းလှမှု, အလွန်အသက်ရှည်မှုတို့ကို အခြေခံ၍ သဿတဒိဋ္ဌိအယူဝါဒကို ယူမှားမိကြလေသည်။ ဓမ္မစကြာတရားကို နာကြားရသောအခါ၌ အထက်ပါဒေသနာအတိုင်း မြောက်များစွာသော နတ်, ဗြဟ္မာတို့သည် သောတာပန်စသည် အရိယာအဖြစ်သို့ရောက်ကြပြီး သဿတဒိဋ္ဌိအယူဝါဒ အပြီးတိုင်ပြုတ်သွားလေတော့သည်။

ယခု အချို့လူတို့လည်း စီးပွါးဥစ္စာ, အဆင်းအရွယ်, ကျန်းမာမှုစသည်နှင့် ပြည့်စုံနေချိန်မှာ 'တဏှာ, မာန, ဒိဋ္ဌိ' တို့ လွှမ်းမိုးခံနေရသည်ဖြစ်၍ မိမိတို့ကိုယ်တိုင်က မအိုမည့်အတိုင်း, မနာမည့်အတိုင်း, မသေမည့်အတိုင်း တရားဘာဝနာ ကုသိုလ်ရေးဘက်ကို မေ့လျော့နေတတ်ကြလေသည်။ အကြောင်းတစ်မျိုးမျိုးကြောင့် စီးပွါးဥစ္စာပျက်ခြင်း, ကျန်းမာရေးညံ့ခြင်း, ဇရာထောင်းလာချိန်ကျမှ တရားဘာဝနာကို သတိရတတ်ကြလေသည်။ သို့ရာတွင် အချိန်ကား နှောင်းခဲ့လေပြီ။ ထို့ကြောင့် **စီးပွါးရေးတက်တုန်း, ကျန်းမာရေး ကောင်းတုန်း, အဆင်းအရွယ်နှင့် ပြည့်စုံတုန်း အချိန်အခါမှာလည်း တရားဘာဝနာ ကုသိုလ်ရေးဘက်သို့လည်း ဦးလှည့်၍ အစွမ်းရှိသမျှ အားထုတ်ကြသူ ဖြစ်ကြပါကုန်လော့။**

တဏှာတသာနာ, ဒိဋ္ဌိတသာနာက တရားဟောပုံသဘော

အဋ္ဌကထာဆရာသည် တဏှာတသာနာ, ဒိဋ္ဌိတသာနာ ဖြစ်ပုံသာဓကကို ဤဗြဟ္မဇာလသုတ် ကေဝဋ္ဋသဿတဝါဒ၌ ဒုတိယ ဈာန် အာဘဿရဘုံမှ ပဌမဈာန်ဘုံသို့ ရောက်လာသော ဗြဟ္မာကြီးသည် တစ်ဦးတည်း ကြာမြင့်စွာနေရခြင်းကို ငြီးငွေ့သည်ဖြစ်၍ အခြားအဖော်ဗြဟ္မာများကို မျှော်လင့်တောင့်တသောစိတ် ဖြစ်ပေါ်လာသည်ကိုပင် **တဏှာတသာနာ**– တဏှာဖြင့် တုန်လှုပ်ခြင်း၊ **ဒိဋ္ဌိတသာနာ**– ဒိဋ္ဌိဖြင့် တုန်လှုပ်ခြင်းဖြစ်သည် ပြဆိုလေသည်။

ဤအတူ ဗုဒ္ဓသာသနာတော်၌ ရဟန်းရှင်လူ အပေါင်းတို့မှာလည်း တရားဘာဝနာကို အားကိုးအားထား ပြုမထားပါလျှင် **'အတ္တာဟိ အတ္တနော နာထော'** ကိုယ့်ကိုယ်ကို အားထားရမည်ဟူသော သဘောကို မေ့နေပြီး ပစ္စည်းဥစ္စာကိုလည်းကောင်း, အဖော်အပေါင်းကိုလည်းကောင်း မျှော်လင့်တောင့်တနေတတ်ကြလေသည်။ ထို့ကြောင့် **မိမိကိုယ်ကို အားကိုးအားထား ဖြစ်နိုင် အောင် သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာတရားကို ကြိုးစားအားထုတ်သူ ဖြစ်ကြပါကုန်လော့။**

အာယတနသဒ္ဒါ ဟောနိုင်သောအနက်များ

သဗ္ဗေ တေ ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ။ *(ဒီ– ၁– ၄၁)*

သဗ္ဗေ– အလုံးစုံကုန်သော၊ **တေ**– ထိုမိစ္ဆာအယူရှိကြကုန်သော သမဏ, ဗြာဟ္မဏ အမည်ရသော ပုဂ္ဂိုလ်တို့သည်၊ **ဆဟိ**– ခြောက်ပါးကုန်သော၊ **ဖဿာယတနေဟိ**– ဖဿာယတနတို့ဖြင့်၊ **ဖုဿ ဖုဿ**– ထိရောက်၍ ထိရောက်၍၊ **ပဋိသံဝေဒေန္တိ**– ခံစားကြကုန်၏။

အထက်ပါ ပါဠိရပ်၌ ဝဿာယတနေတိ ဟူသောပုဒ်၌ အာယတနသဒ္ဒါသည်–

(၁) သဥ္ဇာတိ – ကောင်းစွာပေါက်ဖွားရာအရပ်ဟူသောအနက်၊

(၂) သမောသရဏ – ပေါင်းဆုံရာအရပ်ဟူသောအနက်၊

(၃) ကာရဏ – အကြောင်းဟူသောအနက်၊

(၄) ပဏ္ဏတ္တိမတ္တ – နာမည်ပညတ်မျှဖြစ်သောအနက် ဟူသော လေးနက်တို့၌ ဖြစ်သည်။ *(ဒီ ဋ္ဌ– ၁– ၁၁၄ / ၁၁၅)*

သဥ္ဇာတိ အနက်ဟော အာယတနသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ အာယတနသဒ္ဒါ၏ သဥ္ဇာတိ– ကောင်းစွာပေါက်ဖွားရာအရပ်ဟူသော အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ကမ္ဗောဇော အဿာနံ အာယတနံ၊ ဂုန္နံ ဒက္ခိဏာပထော။ *(ဒီ ဋ္ဌ– ၁– ၁၁၅)*

ကမ္ဗောဇော– ကမ္ဗောဇတိုင်းသည်၊ **အဿာနံ**– မြင်းတို့၏၊ **အာယတနံ**– ပေါက်ဖွားရာအရပ်တည်း၊ **ဒက္ခိဏာပထော**– ဒက္ခိဏာပထအရပ်သည်၊ **ဂုန္နံ**– နွားတို့၏၊ **အာယတနံ**– ပေါက်ဖွားရာအရပ်တည်း။

သဥ္ဇာတိ အနက်ဟော အာယတနသဒ္ဒါက တရားဟောပုံသဘော

ကမ္ဗောဇတိုင်းသည် မြင်းတို့၏ ပေါက်ဖွားရာအရပ် ဖြစ်သကဲ့သို့၊ ဒက္ခိဏာပထအရပ်သည် နွားတို့၏ ပေါက်ဖွားရာအရပ် ဖြစ်သကဲ့သို့ ဤမိမိတို့၏ ခန္ဓာကိုယ်ကြီးသည်လည်း ပိုးအမျိုးမျိုးတို့၏ ပေါက်ဖွားရာအရပ် ဖြစ်လေသည်။ မိမိတို့၏ ခန္ဓာကိုယ်ကြီး၌ ပိုးအမျိုးမျိုးတို့ ပေါက်ဖွားရာအရပ် ဖြစ်သလို သေဆုံးရာသင်္ချိုင်းအရပ်လည်း ဖြစ်လေသည်။ ထိုမှတပါး အန္တရာယ်အမျိုးမျိုး ကျရောက်ရာအရပ်လည်း ဖြစ်လေသည်။ ဒုက္ခအမျိုးမျိုး စုဝေးပေါင်းဆုံ ကျရောက်ရာအရပ်လည်း ဖြစ်လေသည်။ ထို့ကြောင့် **ဤခန္ဓာကိုယ်ကြီးဖြင့် အပျော်အပါးနှင့်သာ အချိန်မကုန်စေသင့်ဘဲ ဤခန္ဓာငါးပါးတည်းဟူသော ဘေးဒုက္ခမှ လွတ်မြောက်အောင် နိဗ္ဗာန်ကို ရည်မျှော်၍ 'ဒါန, သီလ, ဘာဝနာ' ဟူသော ကုသိုလ်တရားတို့၌ ပျော်မွေ့အားထုတ်သူလည်း ဖြစ်ကြပါကုန်လော့။**

သမောသရဏ အနက်ဟော အာယတနသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အာယတနသဒ္ဒါ၏ သဥ္ဇာတိ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အာယတနသဒ္ဒါ၏ သမောသရဏ ပေါင်းဆုံရာအရပ်ဟူသော အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

မနောရမေ အာယတနေ၊ သေဝန္တိ နံ ဝိဟင်္ဂမာ။ *(ဒီ ဋ္ဌ– ၁– ၁၁၅၊ အံ– ၂– ၃၆)*

မနောရမေ– စိတ်၏မွေ့လျော်ရာဖြစ်သော၊ **အာယတနေ**– လူနှင့်တကွ သတ္တဝါတို့၏ ပေါင်းဆုံရာ လမ်းလေးခွအရပ်၌၊ **ဌိတံ**– တည်သော၊ **နံ**– ထိုပညောင်ပင်ကြီးကို၊ **ဝိဟင်္ဂမာ**– ငှက်အပေါင်းတို့သည်၊ **သေဝန္တိ**– မှီဝဲကြကုန်၏။

အထက်ပါ ပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော် ဒုအုပ်– ပဥ္စကနိပါတ်– သဒ္ဓသုတ်၌ လာရှိသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

အသီး အရွက် အကိုင်း အခက် အလက်တို့ဖြင့် ပြည့်စုံသော ပညောင်ပင်ကြီးသည် ငှက်အပေါင်းတို့၏ မှီခိုရာဖြစ်သကဲ့သို့ သဒ္ဓါတရားရှိသော အမျိုးကောင်းသားသည် အရိယာသူတော်ကောင်း ဖြစ်ကုန်သော ရဟန်း, ရဟန်းမ, လူဥပါသကာ, ဥပါသိကာမ တို့၏ မှီခိုရာဖြစ်သည်ဟု ဗုဒ္ဓသည် ရဟန်းတို့အား ဟောကြားတော်မူပြီးနောက် အောက်ပါဂါထာတို့ဖြင့်လည်း ဟောကြားတော်မူလေသည်။

(၁) သာခါပတ္တ ဖလူပေတော၊ ခန္ဓိမာဝ မဟာဒုမော၊
မူလဝါ ဖလသမ္ပန္နော၊ ပတိဋ္ဌာ ဟောတိ ပက္ခိနံ။

(၂) မနောရမေ အာယတနေ၊ သေဝန္တိမံ ဝိဟင်္ဂမာ၊
ဆာယံ ဆာယတ္ထိကာယန္တိ၊ ဖလတ္ထာ ဖလ ဘောဇိနော။

(၃) တထေဝ သီလသမ္ပန္နံ၊ သဒ္ဓံ ပုရိသပုဂ္ဂလံ၊
နိဝါတဝုတ္တိံ အတ္ထဒ္ဓံ၊ သောရတံ သခိလံ မုဒုံ။

(၄) ဝီတရာဂါ ဝီတဒေါသာ၊ ဝီတမောဟာ အနာသဝါ၊
ပုညက္ခေတ္တာနိ လောကသ္မိံ၊ သေဝန္တိ တာဒိသံ နရံ။

(၅) တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ၊
ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။ *(အံ- ၂- ၃၆ / ၃၇)*

(၁) သာခါပတ္တ ဖလူပေတော- အကိုင်း၊ အခက်၊ အရွက်၊ အသီးတို့နှင့် ပြည့်စုံသော၊ **ခန္ဓိမာ**- ကြီးစွာသော ပင်စည်လုံးရှိသော၊ **မူလဝါ**- ခိုင်မြဲသောအမြစ်ရှိသော၊ **ဖလသမ္ပန္နော**- အသီးနှင့်ပြည့်စုံသော၊ **မဟာဒုမော**- ကြီးစွာသောသစ်ပင်သည်၊ **ပက္ခိနံ**- ငှက်အပေါင်း၏၊ **ပတိဋ္ဌာ**- မှီခိုအားထားရာသည်၊ **ဟောတိဣဝ**- ဖြစ်သကဲ့သို့၊

(၂) **မနောရမေ**- စိတ်ပျော်မွေ့ရာဖြစ်သော၊ **အာယတနေ**- ငှက်အပေါင်းတို့၏ ပေါင်းစုံစုဝေးရာဌာန၌၊ **ဝိဟင်္ဂမာ**- ငှက်အပေါင်းတို့သည်၊ **နံ**- ထိုသစ်ပင်ကြီးကို၊ **သေဝန္တိဣဝ**- မှီခိုနေကြကုန်သကဲ့သို့၊ **ဆာယတ္ထိကာ**- အရိပ်ဖြင့် အလိုရှိသော ငှက်တို့သည်၊ **ဆာယံ**- အရိပ်သို့၊ **ယန္တိဣဝ**- သွားရောက်ခိုကပ်ကြကုန်သကဲ့သို့၊ **ဖလတ္ထာ**- အသီးဖြင့် အလိုရှိသော ငှက်တို့သည်၊ **ဖလဘောဇိနောဣဝ**- အသီးကို စားကြကုန်သကဲ့သို့၊

(၃) **တထေဝ**- ထို့အတူပင်၊ **သီလသမ္ပန္နံ**- သီလနှင့်ပြည့်စုံသော၊ **သဒ္ဓံ**- သဒ္ဓါတရားရှိသော၊ **နိဝါတဝုတ္တိံ**- နှိမ့်ချသော အကျင့်ဝါသနာရှိသော၊ **အတ္ထဒ္ဓံ**- ဒေါသ, မာနတို့ဖြင့် မကြမ်းတမ်း မခက်ထန်သော၊ **သောရတံ**- တင့်တယ်သန့်ရှင်းသော ကောင်းသောအကျင့်၌ မွေ့လျော်သော၊ **သခိလံ**- ပြေပြစ်သော စကားရှိသော၊ **မုဒုံ**- နူးညံ့သော၊ **ပုရိသပုဂ္ဂလံ**- ယောကျ်ားမြတ်ပုဂ္ဂိုလ်ကို၊

(၄) **တာဒိသံ**- ထိုသို့သဘောရှိသော၊ **နရံ**- ပုဂ္ဂိုလ်ကို၊ **လောကသ္မိံ**- လောက၌၊ **ဝီတရာဂါ**- ကင်းသောရာဂရှိကုန်သော၊ **ဝီတဒေါသာ**- ကင်းသောဒေါသရှိကုန်သော၊ **ဝီတမောဟာ**- ကင်းသောမောဟရှိကုန်သော၊ **အနာသဝါ**- အာသဝမရှိကုန်သော၊ **ပုညက္ခေတ္တာနိ**- ကုသိုလ်ကောင်းမှု မျိုးစေ့စု၏ ကြီးထုမြင့်မား ဖွံ့ထွားပေါက်ရောက်ရာ လယ်ယာမြေကောင်းပမာဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့သည်၊ **သေဝန္တိ**- မှီခိုတော်မူကြကုန်၏။

(၅) **တေ**- ထိုအာသဝကင်းကွာ ရဟန္တာအရှင်မြတ်တို့သည်၊ **တဿ**- ထိုသဒ္ဓါတရားရှိသော ပုဂ္ဂိုလ်အား၊ **သဗ္ဗဒုက္ခာပနူဒနံ**- အားလုံးသော ဝဋ်ဒုက္ခကို ပယ်နှုတ်တတ်သော၊ **ဓမ္မံ**- တရားကို၊ **ဒေသေန္တိ**- ဟောတော်မူကြကုန်၏၊ **ဣဓ**- ဤလောက၌၊ **သော**- ထိုသဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည်၊ **ယံဓမ္မံ**- ယင်းရဟန္တာအရှင်မြတ်တို့ ဟောကြားတော်မူအပ်သော တရားကို၊ **အညာယ**- သိ၍၊ **အနာသဝါ**- အာသဝကင်းကွာ ရဟန္တာသည်၊ **ဟုတွာ**- ဖြစ်၍၊ **ပရိနိဗ္ဗာတိ**- ဒုက္ခခပ်သိမ်း ဝင်စံချုပ်ငြိမ်းရပေ၏၊ **ဣတိ**- ဤသို့၊ **အဝေါစ**- မိန့်ကြားတော်မူပြီ။

သမောသရဏာ အနက်ဟော အာယတနသဒ္ဒါက တရားဟောပုံသဘော

(၁) လူ့လောက၌ သဒ္ဓါတရားရှိသူ, သဒ္ဓါတရားမရှိသူ နှစ်မျိုးရှိရာတွင် သဒ္ဓါတရားရှိသူတို့သာလျှင် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း, အကျင့်သီလကို ထိန်းသိမ်းခြင်း, ဥပုသ်စောင့်ခြင်း, တရားနာခြင်း, တရားအားထုတ်ခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်လေ့ရှိကြလေသည်။ ထို့ကြောင့် အရိယာသူတော်ကောင်းတို့သည် သဒ္ဓါတရားရှိသူတို့ကိုသာလျှင် သနားချီးမြှောက်ခြင်း, ချဉ်းကပ်ခြင်း, အလှူခံခြင်း, တရားဟောခြင်းများ ပြုလုပ်ကြလေသည်။ အရိယာသူတော်ကောင်းတို့သည် သဒ္ဓါတရားမရှိသူတို့ကို ဝေးဝေးက ရှောင်ကြဉ်ကြလေသည်။ အရိယာသူတော်ကောင်းတို့၏ သနားခြင်း, ချီးမြှောက်ခြင်း, အလှူခံခြင်း, တရားဟောခြင်းတို့ကို ခံကြရကုန်သော သဒ္ဓါတရားရှိသူတို့သည် အလွန်ကောင်းမြတ်သော လာဘ်ကြီးကို ရရှိခြင်း ဖြစ်လေသည်။ ထိုအတွက် ပစ္စုပ္ပန်အကျိုး စီးပွား, သံသရာအကျိုးစီးပွား, နိဗ္ဗာန်အကျိုးစီးပွားများကို ရရှိကြမည်ဖြစ်သည်။ **ထို့ကြောင့် အရိယာသူတော်ကောင်းတို့ကို လမ်းဖွင့်ပေးသောအားဖြင့် သဒ္ဓါတရားရှိသူ ဖြစ်ကြပါကုန်လော့။**

(၂) အသီး, အကိုင်း, အခက်, အရွက်, အလက်နှင့် ပြည့်စုံသော ညောင်ပင်ကြီးသည် ငှက်အပေါင်း၏ ခိုကိုးမှီခိုရာ ဖြစ်ဘိသကဲ့သို့ သဒ္ဓါတရားရှိကုန်သော ပုဂ္ဂိုလ်တို့သည် ရဟန်းရှင်လူ အရိယာသူတော်ကောင်းတို့၏ *(ပစ္စည်းလေးပါးအတွက်)* မှီခိုအားထားရာ ဖြစ်လေသည်။ **ထို့ကြောင့် ပစ္စည်းလေးပါးဖြင့် ပင်ပန်းမှု မရှိရလေအောင် အရိယာသူတော်ကောင်းတို့၏ မှီခိုအားထားနိုင်လောက်ရာ သဒ္ဓါတရားရှိသူ ဖြစ်ကြပါကုန်လော့။**

(၃) အရိယာသူတော်ကောင်းတို့ကို ပစ္စည်းလေးပါးဖြင့် လှူဒါန်းခြင်းဖြင့် ညောင်စေ့လောက်လှူ ညောင်ပင်ကြီးလောက် ရနိုင်သလို အရိယာသူတော်ကောင်းတို့၏ တရားကို ရိုသေစွာ နာယူကျင့်သုံးခြင်းဖြင့် အကျင့်သီလ ကောင်းမွန်ခြင်း, မှန်သောအယူကို သာယူခြင်း, စိတ်တည်ကြည်ချမ်းသာခြင်း, သောတာပန်အစရှိသော အရိယာသူတော်ကောင်းများ ဖြစ်လာနိုင်ခြင်း စသော အကျိုးတရားများကို ရရှိနိုင်ပေသည်။ **ထို့ကြောင့် သဒ္ဓါတရားရှိသူ ဖြစ်ကြပါကုန်လော့။**

ကာရဏ– အကြောင်းအနက်ဟော အာယတနသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အာယတနသဒ္ဒါ၏ **သမောသရဏ** အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အာယတနသဒ္ဒါ၏ **ကာရဏ** အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

သတိ သတိ အာယတနေ။ *(အံ– ၁– ၂၅၆)*

အာယတနေ– ပုဗ္ဗဟေတု အကြောင်း အဘိညာ, အဘိညာပါဒကဈာန်စသော အကြောင်းသည်၊ **သတိ သတိ**– ရှိလတ်သော် ရှိလတ်သော်၊

အထက်ပါ ပါဠိရပ်သည် အင်္ဂုတ္တိုရ် ပါဠိတော်– တိကနိပါတ်– လောဏကပလ္လဝဂ်– ပံသုဓောဝကသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

တွန္တိဝိဓ အဘိညာဉ်စသည်ကို အလိုရှိသော ရဟန်းသည်–

(၁) အဓိစိတ္တံ အနုယောဂ – အဓိစိတ္တ ခေါ် ထူးကဲမွန်မြတ်သော သမထ, ဝိပဿနာစိတ်ကို အဖန်ဖန် အားထုတ်ရမည်။ ထို့နောက် ထိုရဟန်းသည်

(၂) ဩဠာရိကာ ဥပက္ကိလေသာ – ရှေးဦးစွာ အကြမ်းစားကိလေသာ ဖြစ်ကုန်သော ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တို့ကို ပြန်၍ဖြစ်ပေါ်မလာအောင် အပြီးသတ် ပယ်ရမည်။ ထို့နောက် ထိုရဟန်းသည်–

(၃) မဇ္ဈိမသဟဂတ ဥပက္ကိလေသာ – အလတ်စားကိလေသာ ဖြစ်ကုန်သော **ကာမဝိတက်**– ကာမနှင့်စပ်သော အကြံ၊ **ဗျာပါဒဝိတက်**– ပျက်စီးစေလိုခြင်းနှင့်စပ်သောအကြံ၊ **ဝိဟိံသဝိတက်**– ညှင်းဆဲခြင်းနှင့်စပ်သောအကြံတို့ကို အပြီးသတ် ပယ်ရမည်။ ထို့နောက် ထိုရဟန်းသည်

(၄) **သုခုမသဟဂတ ဥပက္ကိလေသာ**– အနုစားကိလေသာဖြစ်ကုန်သော **ဉာတိဝိတက်**– ဆွေမျိုးနှင့်စပ်သောအကြံ၊ **ဇနပဒဝိတက်**– ဇနပုဒ်နှင့်စပ်သောအကြံ၊ **အနဝညတ္တိ ပဋိသံယုတ္တဝိတက်**– သူတပါးတို့က မထေမဲ့မြင် မပြုစေလိုခြင်းနှင့် စပ်သောအကြံတို့ကို အပြီးသတ်ပယ်ရမည်။ ထိုနောက် ထိုရဟန်းသည်

(၅) **ဓမ္မဝိတက္က အဝသိဿန္တိ**– ဩဘာသစသော ဝိပဿနာ ညစ်ညူးကြောင်းတရားနှင့် စပ်သောအကြံသည် ကြွင်းကျန်ကုန်သေး၏။ ထိုဓမ္မဝိတက်ကိုလည်း အပြီးသတ်ပယ်ရမည်။

(၆) ဟောတိ သော ဓေါ် ဘိက္ခဝေ သမယော၊ ယံ တံ စိတ္တံ အဇ္ဈတ္တံယေဝ သန္တိဋ္ဌတိ၊ သန္နိသီဒတိ၊ ဧကောဒိ ဟောတိ သမာဓိယတိ၊ သော ဟောတိ သမာဓိ သန္တော ပဏီတော ပဋိပဿဒ္ဓိလဒ္ဓေါ ဧကောဒိဘာဝါဓိဂတော နသသင်္ခါရ နိဂ္ဂယှဝါရိတဂတော၊ ယဿ ယဿစ အဘိညာ သစ္ဆိကရဏီယဿ ဓမ္မဿ စိတ္တံ အဘိနိန္နာမေတိ အဘိညာ သစ္ဆိကိရိယာယ၊ တတြ တတြေဝ သက္ခိ ဘဗ္ဗတံ ပါပုဏာတိ သတိ သတိ အာယတနေ။ *(အံ– ၁– ၂၅၅ / ၂၅၆)*

ဘိက္ခဝေ– ရဟန်းတို့၊ **ယံ**– အကြင်အခါ၌၊ **တံ စိတ္တံ**– ထိုဝိပဿနာစိတ်သည်၊ **အဇ္ဈတ္တံ**– မိမိသန္တာန်၌သာလျှင် ဝါ ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသော မိမိအဇ္ဈတ္တသန္တာန်၌ ဖြစ်ပေါ်လာသော နိဗ္ဗာန်ဟူသော အာရုံ၌သာလျှင်၊ **သန္တိဋ္ဌတိ**– ကောင်းစွာတည်၏၊ **သန္နိသီဒတိ**– ကောင်းစွာနေ၏၊ **ဧကောဒိ**– တည်ကြည်ငြိမ်သက်သည်၊ **ဟောတိ**– ဖြစ်၏၊ **သမာဓိယတိ**– ကောင်းစွာတည့်မတ်ရပ်တည်နေ၏၊ **သော သမယော**– ထိုအခါသည်၊ **ဟောတိ**– ဖြစ်၏။

တသ္မိံ သမယေ– ထိုအခါ၌၊ **သော သမာဓိ**– ထိုသမာဓိသည်၊ **သန္တော**– ကိလေသာကင်းဝေး ငြိမ်းအေးငြိမ်သက်သည်၊ **ပဏီတော**– မွန်မြတ်သည်၊ **ပဋိပ္ပဿဒ္ဓိလဒ္ဓေါ**– ကိလေသာအပူငြိမ်းခြင်းကြောင့် ရအပ်သည်၊ **ဧကောဒိဘာဝါဓိဂတော**– တည်ကြည်သော စိတ်၏ဖြစ်ကြောင်း ဧကဂ္ဂတာအဆင့်သို့ ရောက်သည်၊ **နသသင်္ခါရနိဂ္ဂယှဝါရိတဂတော**– ကိလေသာတို့ကို လုံ့လစိုက်ထုတ် နှိပ်ကွပ်တားဆီးမှု မပြုရဘဲ ကိလေသာကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်း အရဟတ္တမဂ်အဆုံး၌ လွယ်ကူစွာ ဖြစ်ပေါ်လာရသော အရဟတ္တဖိုလ်သမာဓိသည်၊ **ဟောတိ**– ဖြစ်၏။

စ– ထိုမှတပါး၊ **အဘိညာ**– ဣဒ္ဓိဝိဓ စသော ထူးကဲသောဉာဏ်ဖြင့်၊ **သစ္ဆိကိရိယာယ**– မျက်မှောက်ပြုခြင်းငှာ၊ **အဘိညာ**– ဣဒ္ဓိဝိဓ အစရှိသော ထူးကဲသောဉာဏ်ဖြင့်၊ **သစ္ဆိကရဏီယဿ**– မျက်မှောက်ပြုထိုက်သော၊ **ယဿ ယဿ ဓမ္မဿ**– အကြင်အကြင် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းခြင်း အစရှိသော တရားသဘောသို့၊ **စိတ္တံ**– စိတ်ကို၊ **အဘိနိန္နာမေတိ**– ရှေးရှုညွှတ်စေ၏၊ **အာယတနေ**– ရှေးဘဝက အဘိညာဉ်ရခြင်းငှာ အလွန်အကဲ အားထုတ်ခဲ့ဖူးခြင်းဟူသော အကြောင်းတရားနှင့် ယခုဘဝ၌ ရရှိသင့်သော အဘိညာဉ်နှင့် အဘိညာဉ်၏ အခြေခံပါဒကဈာန် အစရှိသော အကြောင်းတရားသည်၊ **သတိ သတိ**– ရှိလတ်သော် ရှိလတ်သော် ဝါ ရှိတိုင်း ရှိတိုင်း၊ **တတြ တတြေဝ**– ထိုထိုမျက်မှောက်ပြုထိုက်သော တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းခြင်းစသော သဘော၌ပင်၊ **သက္ခိဘဗ္ဗတံ**– ကိုယ်တိုင် ကိုယ်တွေ့ တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်း စသည်သို့၊ **ပါပုဏာတိ**– ရောက်၏။

ကာရဏ– အကြောင်းအနက်ဟော အာယတနသဒ္ဒါက တရားဟောပုံသဘော

(၁) အထက်ပါ ဒေသနာတော်အရ ရဟန္တာတိုင်း ဣဒ္ဓိဝိဓ စသော အဘိညာဉ်တို့ကို ရကြသည် မဟုတ်ပေ။ သမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်မျိုးလုံးကို အောင်မြင်စွာ အားထုတ်နိုင်မှ ရရှိနိုင်ကြောင်းမှာ ထင်ရှားပေသည်။ ဝိပဿနာဘာဝနာကို အောင်မြင်စွာ အားထုတ်နိုင်သော ပုဂ္ဂိုလ်သည် တန်ခိုးအဘိညာဉ်ကို ရရှိမည်မဟုတ်ဘဲ အလွန်ဆုံး ရိုးရိုးရဟန္တာ အဖြစ်သို့သာ ရောက်ရှိနိုင်ပေသည်။ ဝိပဿနာသို့ မတက်ဘဲ သမထသက်သက်ကိုသာ အောင်မြင်စွာ အားထုတ်နိုင်သော ပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်မည်မဟုတ်ဘဲ အယုတ်သဖြင့် ရုပ်, နာမ်ကို သဲကွဲစွာသိသော စူဠသောတာပန်တောင် ဖြစ်မည်မဟုတ်ဘဲ လောကီတန်ခိုး အဘိညာဉ်ကိုသာ ရရှိမည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် သစ္စာလေးပါး ဝိပဿနာတရားများကို မနာကြားရသည်ရှိသော် မိစ္ဆာဒိဋ္ဌိဘက်သို့ ပြောင်းလွဲရောက်ရှိသွားနိုင်ပေသည်။ ထို့ကြောင့် **ဝိပဿနာတရားကို မဖြစ်မနေ အားထုတ်သူ ဖြစ်ကြပါကုန်လော့။ စွမ်းနိုင်လျှင် 'သမထ, ဝိပဿနာ' နှစ်မျိုးလုံးကို အားထုတ်နိုင်သူ ဖြစ်ကြပါကုန်လော့။**

(၂) သမထဘာဝနာ, ဝိပဿနာဘာဝနာကို အောင်မြင်စွာ အားထုတ်နိုင်ရန် အခက်အခဲ ၁၀မျိုးကို ကျော်လွှားနိုင်မှ အောင်မြင်အောင် အားထုတ်နိုင်မည်ဖြစ်သည်။ ပဌမအခက်အခဲကား အကြမ်းစားကိလေသာဖြစ်သော သူ့အသက်ကိုသတ်ခြင်း,

သူ့ဥစ္စာကိုခိုးခြင်း, သူ့သားအိမ်ယာကို ကျူးလွန်ခြင်း*(မေထုန်မှီဝဲခြင်း)* ဟူသော ကာယဒုစရိုက်သုံးမျိုးကို အပြီးအပြတ် ရှောင်ကြဉ်နိုင်သူ ဖြစ်ရမည်။ သာမညပုဂ္ဂိုလ်တို့ကား အကြမ်းဆုံးဖြစ်သော ထိုကာယဒုစရိုက်သုံးမျိုးကိုပင် မရှောင်ကြဉ်နိုင်ကြပေ။

ထို့နောက် လိမ်ပြောခြင်း, ကြမ်းတမ်းစွာပြောခြင်း, ကုံးစကားပြောခြင်း, ပိန်ဖျင်းစကားပြောခြင်းဟူသော ဝစီဒုစရိုက်လေးပါးကို အပြီးအပြတ် ရှောင်ကြဉ်နိုင်သူ ဖြစ်ရမည်။ လူ့လောက၌ ကြမ်းတမ်းသော ထိုဝစီဒုစရိုက်လေးပါးကို ဖောဖောသီသီ ကျူးလွန်နေကြသည်မှာ ထင်ရှားလျက်ရှိနေသည်။

ထို့နောက် သူတပါးပိုင် ပစ္စည်းဥစ္စာတို့၌ မတော်လောဘဖြစ်ခြင်း, စိတ်ဆိုးစိတ်ကောက်ဖြစ်ခြင်း, မှားယွင်းစွာယူဆတတ်ခြင်း ဟူသော မနောဒုစရိုက်သုံးပါးကို အပြီးအပြတ် ရှောင်ကြဉ်နိုင်သူ ဖြစ်ရမည်။ လူအများစုတို့သည် ထိုမနောဒုစရိုက်သုံးပါးကို သာ၍ပင် ဖောဖောသီသီ ကျူးလွန်နေကြလေသည်။ ထိုဒုစရိုက်တို့ကို ကျူးလွန်ကြသူတို့ကား စိတ်တန်ခိုးရရန် ဝေးစွ။ သေလျှင်အပါယ်လေးပါးသို့ ကျရောက်သွားနိုင်လေသည်။ **ထို့ကြောင့် ကြမ်းတမ်းသော ထိုဒုစရိုက်ဆယ်ပါးကို အထူးရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။**

(၃) အကြမ်းစား အခက်အခဲဖြစ်သော ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်နိုင်သော်လည်း အလတ်စား အခက်အခဲဖြစ်သော ကာမဂုဏ်နှင့်စပ်၍ ကြံစည်သော **ကာမဝိတက်**, သူတပါးတို့အား ပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်သော **ဗျာပါဒဝိတက်**, သူတပါးတို့အား ညှင်းဆဲရန် ကြံစည်သော **ဝိဟိံသဝိတက်**တို့ကို ပယ်ဖျောက်ရန် မလွယ်ကူပေ။ ထိုမိစ္ဆာဝိတက်များကို မပယ်ဖျောက်နိုင်လျှင် ထိုမှတစ်ဆင့် ဒုစရိုက်ဆယ်ပါးကို ကျူးလွန်သည်အထိ ပြန်လည်ရောက်ရှိသွားတတ်ပေသည်။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်တို့သည် **ထိုအလတ်စား ကိလေသာဖြစ်သော မိစ္ဆာဝိတက်သုံးမျိုးကို ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။**

(၄) အလတ်စား အခက်အခဲဖြစ်သော အလတ်စား ကိလေသာ မိစ္ဆာဝိတက် သုံးမျိုးကို ရှောင်ကြဉ်နိုင်သော်လည်း အနုစား ကိလေသာဖြစ်သော **ဉာတိဝိတက်**– မိဘဆွေမျိုးသားချင်းနှင့်စပ်သော ကြံစည်မှု၊ **ဇနပဒဝိတက်**– မိမိနေထိုင်ရာ အရပ်ဒေသ, ဆွေမျိုးသားချင်းတို့နေထိုင်ရာ အရပ်ဒေသတို့နှင့်စပ်၍ ကြံစည်မှု၊ **အနဝညတ္တိ ပဋိသံယုတ္တဝိတက်**– သူတပါးတို့က မိမိအား မထေမဲ့မြင် မပြုစေလိုခြင်းနှင့်စပ်၍ ကြံစည်မှုဟူသော အနုစား ကိလေသာ ဝိတက်သုံးမျိုးကို ပယ်ဖျောက်ရန် မလွယ်ကူပေ။ ထိုအနုစား ကိလေသာ ဝိတက်သုံးမျိုးကို မပယ်ဖျောက်နိုင်ပြန်လျှင် ထိုမှတစ်ဆင့် အလတ်စား ကိလေသာသို့လည်းကောင်း, ထိုမှတစ်ဆင့် အကြမ်းစား ကိလေသာသို့လည်းကောင်း ပြန်လည်ရောက်ရှိတတ်ပေသည်။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်တို့သည် **အနုစား ကိလေသာ သုံးမျိုးကိုလည်း ရှောင်ကြဉ်နိုင်သူ ဖြစ်ကြပါကုန်လော့။**

(၅) အနုစားဖြစ်သော ကိလေသာ ဝိတက်သုံးမျိုးကို ရှောင်ကြဉ်နိုင်သော်လည်း စတုတ္ထဈာန်သမာဓိမှတစ်ဆင့် ဝိပဿနာဉာဏ်နယ်ဘက်သို့ ကူးတက်လာနိုင်သော ယောဂီပုဂ္ဂိုလ်သည် သမာဓိအရှိန်ကြောင့် ရုပ်, နာမ်သဘာဝကို မြင်ရာမှ ဩဘာသ အလင်းရောင် အစရှိသော တရားများကို သာယာကြံစည်နေသော ဓမ္မဝိတက်ကို ပယ်ဖျောက်ရန် မလွယ်ကူပေ။ ထိုဓမ္မဝိတက်ကို မပယ်ဖျောက်နိုင်ပြန်လျှင်လည်း ထိုမှတစ်ဆင့် အနုစား ကိလေသာ, ထိုမှတစ်ဆင့် အလတ်စား ကိလေသာ, ထိုမှတစ်ဆင့် အကြမ်းစား ကိလေသာတို့သို့ ပြန်လည်ရောက်ရှိတတ်ပေသည်။ **ထို့ကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို အာရုံမပြုနိုင်မီ ကြားဖြတ်ဝင်လာသော အလင်းရောင်, ငြိမ်းအေးမှု စသောတရားများကို ကြံစည်သော 'ဓမ္မဝိတက်' ကိုလည်း ပယ်ဖျောက်နိုင်သူ ဖြစ်ကြပါကုန်လော့။**

(၆) ထိုအခက်အခဲ ငါးမျိုးကို ကျော်လွှားလာနိုင်သော ယောဂီပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်သမာဓိ, သကဒါဂါမိဖိုလ်သမာဓိ, အနာဂါမိဖိုလ်သမာဓိ, အရဟတ္တဖိုလ်သမာဓိတို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် ရှေးဘဝတွေကလည်း အဘိညာဉ်ရနိုင်သောအကြောင်းလည်း ရှိခဲ့ပါမူ၊ ယခုဘဝမှာလည်း ထိုအဘိညာဉ်၏ အခြေခံဖြစ်သော ဈာန်အစရှိသော အကြောင်းများကိုလည်း ရခဲ့ပါမူ ကိုယ်တိုင်ကိုယ်တွေ့ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓစသော အဘိညာဉ်တို့ကို ရရှိနိုင်ပေတော့သည်။ ယောဂီပုဂ္ဂိုလ်သည် **ထိုအဆင့်ထိရောက်အောင် ကြိုးစားအားထုတ်နိုင်သူ ဖြစ်ကြပါကုန်လော့။**

(၇) လောကီဖြစ်စေ, လောကုတ္တရာဖြစ်စေ မိမိလိုလားအပ်သော ပန်းတိုင်သို့ ရောက်ရန်အတွက် ကြားထဲတွင် အခက်အခဲများစွာရှိနေသည်ကို သတိပြုကြရမည်ဖြစ်သည်။ ထိုအခက်အခဲတွေကို မကျော်လွှားနိုင်ပါက, ကျော်လွှားအောင် မဆောင်ရွက်နိုင်ပါက မိမိမျှော်မှန်းထားသော ပန်းတိုင်သို့ မရောက်မီမှာပင် သေပွဲဝင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် **'သတိ, သမာဓိ, ဝီရိယ, ဉာဏ်ပညာ' တို့ဖြင့် ပန်းတိုင်သို့ရောက်အောင် အားထုတ်နိုင်သူ ဖြစ်ကြပါကုန်လော့။**

ပဏ္ဏတ္တိမတ္တ– နာမည်ပညတ်မျှ အနက်ဟော အာယတနသဒ္ဒါက သိ, မှတ်, ကျင့်, ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အာယတနသဒ္ဒါ၏ ကာရဏ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အာယတနသဒ္ဒါ၏ ပဏ္ဏတ္တိမတ္တ– နာမည်ပညတ်မျှအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အရညာယတနေ ပဏ္ဏကုဋီသု သမ္မန္တိ။ *(ဒီ ဋ္ဌ– ၁– ၁၁၅၊ သံ– ၁– ၂၂၈)*

ဝိဟာယော– ရသေ့တို့သည်၊ အရညာယတနေ– တောအုပ်၌၊ ပဏ္ဏကုဋီသု– သစ်ရွက်ကျောင်း ကုဋီတို့၌ *(သစ်ရွက်မိုး ကျောင်းတို့၌)*၊ သမ္မန္တိ– ငြိမ်းအေးစွာ နေကြကုန်၏၊ *(ဤ၌ အရည– တောအုပ်ဟူ၍ အဓိပ္ပါယ်ရသည်။ 'အာယတန' ပါသည့်အတွက် အနက် ထူးမရှိဘဲ ထိုတောအုပ်ဟူသော အမည်ပညတ်ကိုပင် ဟောသောကြောင့် 'အရညာယတနေ' ဟူ၍ အရညနှင့် အာယတနကို တွဲ၍ဟောခြင်းဖြစ်သည်)*

အထက်ပါ ပါဠိရပ်သည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်– သက္ကသံယုတ်– အရညာယတနဣသိသုတ်၌ လာရှိသည်။ ထို သုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဟိမဝန္တာတောအရပ်တစ်ခု၌ သီလရှိကုန်သော, ကောင်းသောသဘောရှိကုန်သော ရသေ့အပေါင်းတို့သည် အေးချမ်းငြိမ် သက်စွာ သီတင်းသုံးလျက် ရှိနေကြလေသည်။ ထိုအခါ၌ သိကြားမင်းနှင့် ဝေပစိတ္တိအသုရိန်တို့သည် ထိုရသေ့တို့ထံသို့ ချဉ်းကပ်ကြရာ တွင် ဝေပစိတ္တိအသုရိန်သည် *(ထိုရသေ့တို့၏ ကိုယ်နံ့ကို မခံနိုင်သည်မှန်၍)* ဆောင်းထားသော ထီးကိုလည်း မပိတ်, လွယ်ထားသော သန်လျက်ကိုလည်း မချ, စီးထားသော ဘိနပ်ကိုလည်း မချွတ်ဘဲ, ရှိခိုးဦးညွှတ်ခြင်းလည်း မရှိဘဲ ပြန်လှည့်သွားလေသည်။

နတ်တို့၏အရှင် သိကြားမင်းသည်ကား ဆောင်းထားသော ထီးကိုပိတ်လျက်, လွယ်ထားသော သန်လျက်ကိုချလျက်, ဘိနပ်ကိုချွတ်လျက်, ထိုရသေ့တို့၏ လေအောက်မှနေလျက်, ထိုရသေ့တို့ကို ဦးညွှတ်ရှိခိုးလျက် နေလေသည်။ သီလရှိကုန်သော, ကောင်းသောသဘောရှိကုန်သော ထိုရသေ့တို့သည် နတ်တို့၏အရှင် သိကြားမင်းအား အောက်ပါအတိုင်း မိန့်ကြားလေသည်။

'ဂန္ဓော ဣသီနံ စိရဒိက္ခိတာနံ၊
ကာယာ စုတော ဂစ္ဆတိ မာလုတေန၊
ဣတော ပဋိက္ကမ္မ သဟဿနေတ္တ၊
ဂန္ဓော ဣသီနံ အသုစိ ဒေဝရာဇာ'တိ။

သဟဿနေတ္တ– မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားမင်း၊ စိရဒိက္ခိတာနံ– ကြာမြင့်စွာ ရသေ့ပြုကုန်သော၊ ဣသီနံ– ရသေ့တို့၏၊ ဂန္ဓော– နံသောကိုယ်နံ့သည်၊ မာလုတေန– လေကြောင့်၊ ကာယာ– ကိုယ်မှ၊ စုတော– ရွေ့လျားသည်ဖြစ်၍၊ ဂစ္ဆတိ– သင်သိကြားမင်း၏ နှာခေါင်းဝသို့ရောက်၏၊ ဒေဝရာဇ– သိကြားမင်း၊ ဣတော– သင်ရှိခိုးနေရာဖြစ်သော လေအောက် ဖြစ်သော ဤအရပ်မှ၊ ပဋိက္ကမ– အမြန်ဖဲသွားလော့၊ ဣသီနံ– ရသေ့တို့၏၊ ဂန္ဓော– ကိုယ်အနံ့သည်၊ အသုစိ– မစင်ကြယ်သည်ဖြစ်၍ နံစော်၏၊ ဣတိ– ဤသို့မိန့်ကြားလေ၏။

ထိုအခါ နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းသည် ထိုရသေ့အပေါင်းတို့အား အောက်ပါအတိုင်း ပြန်လည်လျှောက်ကြား လေသည်။

ဂန္ဓော ဣသီနံ စိရဒိက္ခိတာနံ၊
ကာယာ စုတော ဂစ္ဆတု မာလုတေန၊
သုစိတြ ပုပ္ဖံ သိရသ္မိံ မာလံ၊
ဂန္ဓံ တေ ပဋိကင်္ခါမ ဘန္တေ၊
နဟေတ္ထ ဒေဝါ ပဋိကူလသညိနောတိ။ *(သံ– ၁– ၂၂၈)*

ဘန္တေ– အရှင်ဘုရားတို့၊ စိရဒိက္ခိတာနံ– ကြာမြင့်စွာ ရသေ့ပြုကုန်သော၊ ဣသီနံ– အရှင်ရသေ့တို့၏၊ ဂန္ဓော– နံစော်သော ကိုယ်အနံ့သည်၊ မာလုတေန– လေကြောင့်၊ ကာယာ– ကိုယ်မှ၊ စုတော– ရွေ့လျားသည်ဖြစ်၍၊ ဂစ္ဆတု– တပည့်တော်၏ နှာခေါင်းဝသို့

ရောက်ပါစေ၊ **ဘန္တေ**- အရှင်ဘုရားတို့၊ **သိရသ္မိ**- ဦးခေါင်း၌၊ **သုစိတြပုပ္ဖံ**- အလွန်ဆန်းကြယ်သော အပွင့်ရှိသော၊ **မာလံဝ**- အနံ့တလှိုင်လှိုင် မွှေးကြိုင်သော ပန်းကိုကဲ့သို့ **တေ၊ဂန္ဓံ**- သီလရှိသော, ကောင်းသောသဘောရှိသော ထိုအနံ့ကို၊ **မယံ**- တပည့်တော်တို့သည်၊ **ပဋိကင်္ခါမ**- အလိုရှိပါကုန်၏၊ **ဟိ**- မှန်၏၊ **တွေ**- အရှင်ရသေ့အပေါင်းတို့၏ သီလရှိသောအနံ့, ကောင်းသော သဘောရှိသော ဤအနံ့၌၊ **ဒေဝါ**- နတ်တို့သည်၊ **နပဋိကူလသညီနော**- စက်ဆုပ်ဖွယ်ဟု မထင်မှတ်ကြပါကုန်၊ **ဣတိ**- ဤသို့လျှောက်ထားလေသည်။

ပဏ္ဏတ္တိမဏ္ဍာအနက်ဖော အာယတနသဒ္ဒါက တရားဖော်ပုံသဘော

(၁) လူ့လောကရှိ အမွှေးအကြိုင်တို့ဖြင့် လူသားတို့၏ ခန္ဓာကိုယ် အပြင်အပကို ဘယ်သို့ပင် လိမ်းကျံ၍ ပြင်ဆင်ထားကြစေကာမူ လူတို့၏ ခန္ဓာကိုယ်အတွင်းပိုင်းသည် သွေး, ချွေး, ကျင်ငယ်, ကျင်ကြီးတို့ဖြင့် မစင်ကြယ်သည်ဖြစ်သောကြောင့် လူတို့၏ ကိုယ်အနံ့ကို နတ်တို့သည် ယူဇနာတစ်ရာလောက်ကပင် နံစော်သည်ဖြစ်၍ ရှောင်သွားကြလေသည်။

ရေမိုးချိုး၍ အမွှေးအကြိုင် အမျိုးမျိုးတို့ဖြင့် ပြင်ဆင်လိမ်းကျံထားအပ်သော, အဝတ်သစ် အစားသစ်တို့ဖြင့် ဝတ်ဆင်ထားအပ်သော လူတို့၏ ကိုယ်နံ့သည်ပင် နတ်တို့အတွက် နံစော်သည်ဆိုပါက ဟိမဝန္တာတောအရပ်၌ သစ်ရွက်မိုးသော ကျောင်းငယ်၌ ဖြစ်သလိုနေကြရသော, အမွှေးအကြိုင်တို့ဖြင့် လိမ်းကျံထားမှုလည်းမရှိသော, ဟောင်းနွမ်းနံစော်သော အဝတ်အထည်တို့ကိုလည်း ဝတ်ရုံထားကြသော ရသေ့အပေါင်းတို့၏ ကိုယ်နံ့သည် ပို၍နံစော်ဖွယ်ရှိလေသည်။ ထို့ကြောင့် ဝေပစိတ္တိအသုရိန်နတ်မင်းသည် ဆောင်းထားသော ထီးကိုလည်း မပိတ်မူ၍, လွယ်ထားသော သန်လျက်ကိုလည်း မချမူ၍, စီးထားသော ဘိနပ်ကိုလည်း မချွတ်မူ၍, ဦးညွှတ်ရှိခိုးခြင်းကိုမူလည်း မပြုဘဲ ပြန်လှည့်ထွက်ခွါသွားလေသည်။ ထိုအပြုအမူသည် တရားကိုမစောင့်ခြင်း, စိတ်ထားယုတ်ညံ့ခြင်း, ရိုင်းစိုင်းခြင်း, အကျင့်သီလကို တန်ဖိုးမထားတတ်ခြင်းတို့သာ ဖြစ်သောကြောင့် ထိုကဲ့သို့ ယုတ်ညံ့သော, ရိုင်းစိုင်းသော အပြုအမူမျိုးကို **ရှောင်ကြဉ်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

(၂) နတ်တို့၏ အရှင်ဖြစ်သော သိကြားနတ်မင်းသည်ကား ဝေပစိတ္တိအသုရိန်နတ်မင်းနှင့် လုံးလုံးလျားလျား ဆန့်ကျင်ဘက်ဖြစ်လေသည်။ သိကြားနတ်မင်းသည် နံစော်ပါသည်ဆိုသော ရသေ့တို့၏ထံသို့ ချဉ်းကပ်ရာ၌ ဆောင်းထားသော ထီးကိုလည်း ပိတ်သည်၊ လွယ်ထားသော သန်လျက်ကိုလည်း ချသည်၊ စီးထားသော ဘိနပ်ကိုလည်း ချွတ်သည်၊ ထို့နောက် ရသေ့တို့၏ လေညာကမနေဘဲ လေအောက်ကနေလျက် ရသေ့တို့အား ရိုသေစွာရှိခိုးလျက် နေလေသည်။ ထိုအပြုအမူသည် တရားကိုစောင့်ခြင်း, စိတ်ထားမြင့်မြတ်ခြင်း, ယဉ်ကျေးခြင်း, ကိုယ်ကျင့်သီလကို တန်ဖိုးထားတတ်ခြင်းသာ ဖြစ်သောကြောင့် ထိုကဲ့သို့ **တရားကိုစောင့်သော, စိတ်ထားမြင့်မြတ်သော, ယဉ်ကျေးသော, ကိုယ်ကျင့်တရားကို တန်ဖိုးထားတတ်သော ပုဂ္ဂိုလ်မျိုးများသာ ဖြစ်ကြပါကုန်လော့။**

(၃) ရသေ့အပေါင်းတို့က မိမိတို့သည် ကြာမြင့်စွာ ရသေ့ဘဝနှင့် နေရသည်ဖြစ်သောကြောင့် မိမိတို့၏ အပြင်ပကိုယ်နံ့သည် မစင်မကြယ် နံစော်သောအနံ့ရှိသည်။ ထို့ကြောင့် လေအောက်က မနေပါနှင့်ဟု တောင်းပန်ပြောကြားသော်လည်း နတ်တို့၏အရှင်သိကြားမင်းသည် အရှင်ရသေ့တို့၏ ကိုယ်နံ့နံစော်တာထက် တပည့်တော်တို့ နတ်အပေါင်းတို့သည် ကိုယ်ကျင့်သီလကိုသာ နှစ်သက်ကြပါသည်။ ထိုကိုယ်ကျင့်သီလဟူသော အမွှေးနံ့သည် လူ့လောက, နတ်လောကမှာရှိသော အမွှေးအကြိုင် အမျိုးမျိုးတို့ထက် သာလွန်မွှေးကြိုင်ပါသည်။ ထို့ကြောင့် အရှင်ရသေ့တို့၏ သီလအနံ့ကို ကြည်ညိုသည်ဖြစ်၍ တပည့်တော်တို့ နတ်အပေါင်းသည် အရှင်ရသေ့မြတ်တို့၏ ကိုယ်နံ့ကို စက်ဆုပ်ဖွယ်ကောင်းသည်ဟု မထင်မှတ်ကြပါဟု ပြန်၍လျှောက်ထားလေသည်။ ဤအချက်ဖြင့် တန်ခိုးကြီးမား နတ်အပေါင်းတို့သည် ရဟန်းရှင်လူအပေါင်းတို့၏ ကိုယ်ကျင့်သီလနှင့် ပြည့်စုံမှုကို မည်မျှကြည်ညိုသည်, မည်မျှမြတ်နိုးသည်, မည်မျှလေးစားသည်ဟူသောအချက်သည် ပေါ်လွင်လျက်ရှိသလို ကိုယ်ကျင့်သီလ ကောင်းမွန်သူတို့အား တန်ခိုးကြီးမား နတ်အများက စောင့်ရှောက်လျက်ရှိကြသည် ဟူသောအချက်သည်လည်း ပေါ်လွင်လျက် ရှိနေပေသည်။ ထို့ကြောင့် **လူအများ ကြည်ညိုမြတ်နိုးလောက်အောင်, နတ်အများ ကြည်ညိုမြတ်နိုးလောက်အောင် ကိုယ်ကျင့်သီလ ကောင်းမွန်သူများ ဖြစ်ကြပါကုန်လော့။**

အဘိနန္ဒ သဒ္ဒါ ဟောနိုင်သောအနက်များ

ဗုဒ္ဓ၏ ဗြဟ္မဇာလသုတ်တော်တရားကို ဟောကြားတော်မူပြီးသည်၏ အဆုံး၌ ရဟန်းအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ လက်ခံကြပုံကို ပါဠိတော်တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

ဣဒမဝေါစ ဘဂဝါ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။ *(ဒီ- ၁- ၄၃)*

ဣဒံ- ဤဗြဟ္မဇာလသုတ်တော်တရားကို၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **အဝေါစ**- မိန့်တော်မူပြီ၊ **တေ ဘိက္ခူ**- ဗြဟ္မဇာလသုတ်တော်တရားကို နာယူကြကုန်သော ထိုရဟန်းတို့သည်၊ **အတ္တမနာ**- ဝမ်းမြောက်ကြကုန်သည်၊ **ဟုတွာ**- ဖြစ်၍၊ **ဘဂဝတော**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ **ဘာသိတံ**- ဟောတော်မူအပ်သော ဗြဟ္မဇာလသုတ်တော်တရားကို၊ **အဘိနန္ဒုံ**- ဝမ်းမြောက်နှစ်သက် ရွှင်အားတက်လျက် လက်ခံကြကုန်ပြီ၊ **ဣတိ**- ဤသို့ (**သုတံ**- တပည့်တော် အာနန္ဒာသည် နာယူမှတ်သား ဆောင်ထားအပ်ပါပြီ။) '*ဧဝံ မေ သုတံ ဟူ၍ ကျေကျက်ထားခဲ့သော နိဒါန်းစကားကို နိဂုံးမှန်ချုပ်ခြင်း ဖြစ်သည်။*'

အထက်ပါ ပါဠိတော် '**အဘိနန္ဒုန္တိ**' ဟူသောပုဒ်၌ အဘိနန္ဒသဒ္ဒါသည် (၁) တဏှာဟူသော အနက်၊ (၂) ဥပဂမန- ချဉ်းကပ်ခြင်းဟူသောအနက်၊ (၃) **သမ္ပဋိစ္ဆန**- လက်ခံခြင်းဟူသောအနက်၊ (၄) **အနုမောဒနာ**- အဖန်ဖန် ဝမ်းမြောက်ခြင်းဟူသော အနက် စသည်တို့၌ ဖြစ်၏ဟု အဋ္ဌကထာဆရာ ပြဆိုလေသည်။ *(ဒီ ဋ္ဌ- ၁- ၁၁၉)*

တဏှာအနက်ဟော အဘိနန္ဒသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ အဘိနန္ဒသဒ္ဒါ၏ တဏှာအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အဘိနန္ဒတိ, အဘိဝဒတိ။ *(သံ- ၂- ၁၂)*

အဘိနန္ဒတိ- တဏှာဖြင့် လွန်စွာနှစ်သက်၏၊ **အဘိဝဒတိ**- ကောင်းလေစွဟု အားရနှစ်လို ပြောဆို၏။

အထက်ပါ ပါဠိရပ်သည် ခန္ဓဝဂ္ဂသံယုတ်- နကုလပိတုဝဂ်- သမာဓိသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

သမာဓိံ ဘိက္ခဝေ ဘာဝေထ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ *(သံ- ၂- ၁၂)*

ဘိက္ခဝေ- ရဟန်းတို့၊ **သမာဓိံ**- စိတ်တည်ကြည်မှု သမာဓိတရားကို၊ **ဘာဝေထ**- ပွါးများကြကုန်လော့၊ **ဘိက္ခဝေ**- ရဟန်းတို့၊ **သမာဟိတော**- စိတ်တည်ကြည်သော၊ **ဘိက္ခု**- ရဟန်းသည်၊ **ယထာဘူတံ**- ဟုတ်မှန်သည့်အတိုင်း၊ **ပဇာနာတိ**- သိ၏၊

ဗုဒ္ဓသည် ဟုတ်မှန်သည့်အတိုင်းသိပုံကို ဟောကြားတော်မူရာ၌ '**ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်**' ဟူသော ခန္ဓာငါးပါး ရုပ်, နာမ်တရားတို့၏ '**သမုဒယ**' ဖြစ်ပုံသဘောကိုလည်းကောင်း၊ '**အတ္ထင်္ဂမ**' ချုပ်ပျက်ပုံသဘောကိုလည်းကောင်း သိမြင်လေသည်။ ထိုတွင် ရုပ်၏ဖြစ်ပုံ သမုဒယသဘောကို အောက်ပါအတိုင်း သိမြင်လေသည်။

ရူပံ အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရူပံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ၊ ယာ ရူပေ နန္ဒီ၊ တဒုပါဒါနံ တဿုပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ *(သံ- ၂- ၁၂)*

ရူပံ- ရုပ်ကို၊ **အဘိနန္ဒတိ**- နှစ်သက်တောင့်တ၏၊ **အဘိဝဒတိ**- ကောင်းလေစွဟု မှားသောအားဖြင့် သက်ဝင်ပြောဆို၏၊ **အဇ္ဈောသာယ**- မျိုမတတ် စွဲလမ်း၍၊ **တိဋ္ဌတိ**- တည်၏၊ **ရူပံ**- ရုပ်ကို၊ **အဘိနန္ဒတော**- နှစ်သက်တောင့်တသော၊ **အဘိဝဒတော**- ကောင်းလေစွဟု သက်ဝင်ပြောဆိုသော၊ **အဇ္ဈောသာယ**- မျိုမတတ်စွဲလမ်း၍၊ **တိဋ္ဌတော**- တည်သော၊ **တဿ**- ထိုသူ၏ သန္တာန်၌၊

နန္ဒိ– နှစ်သက်ခြင်းတဏှာသည်၊ **ဥပ္ပဇ္ဇတိ**– ဖြစ်၏၊ **ရူပေ**– ရုပ်၌၊ **ယာ နန္ဒိ**– အကြင်နှစ်သက်ခြင်းတဏှာသည်၊ **အတ္ထိ**– ရှိ၏၊ **တံ**– ထိုနှစ်သက်ခြင်းတဏှာသည်၊ **ဥပါဒါနံ**– ဥပါဒါန်မည်၏၊ **တဿ**– ထိုသူ၏၊ **ဥပါဒါန ပစ္စယာ**– စွဲလမ်းမှုဥပါဒါန်ကြောင့်၊ **ဘဝေါ**– ကမ္မဘဝ, ဥပပတ္တိဘဝသည်၊ **သမ္ဘဝတိ**– ဖြစ်၏၊ **ဇာတိ ပစ္စယာ**– ပဋိသန္ဓေနေခြင်းကြောင့်၊ **ဇရာ မရဏံ**– အိုခြင်း, သေခြင်းသည်လည်းကောင်း၊ **သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ**– စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာပင်ပန်းခြင်းတို့သည်လည်းကောင်း၊ **သမ္ဘဝန္တိ**– ဖြစ်ကုန်၏၊ **ဧဝံ**– ဤသို့ **ကေဝလဿ**– သက်သက်သော၊ **ဧတဿ ဒုက္ခက္ခန္ဓဿ**– ဤဒုက္ခအစု၏၊ **သမုဒယော**– ဖြစ်ပေါ်ခြင်းသည်၊ **ဟောတိ**– ဖြစ်၏။

ကျန်သော 'ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်' တို့၌လည်း ဤနည်းအတိုင်းတည်း။

'အတ္ထင်္ဂမ' သဘောကို ဟုတ်တိုင်းမှန်စွာ သိပုံကား– ထို 'ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်' ဟူသော ခန္ဓာငါးပါးတို့၌ နှစ်သက်မှုတဏှာ ချုပ်ငြိမ်းလျှင် ကျန်သောဥပါဒါန် စသည်တို့လည်း ချုပ်ငြိမ်းတော့သည်သာ။ ဤသို့သက်သက်သော ဆင်းရဲအစု ချုပ်ငြိမ်းခြင်းသည် ဖြစ်လေတော့၏။

တဏှာအနက်ဟော အဘိနန္ဒသဒ္ဒါက တရားဟောပုံသဘော

'ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်' ဟူသော ခန္ဓာငါးပါး ရုပ်, နာမ်တရားကို ရုပ်, နာမ်တရား ပရမတ္ထသဘောအားဖြင့် မသိမြင်သောအခါ ထိုခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါဟူ၍ မှတ်ထင်ပြီး အလွန်စွဲလမ်းတပ်မက်သော တဏှာဖြစ်လေတော့သည်။ ထိုတဏှာဖြစ်နေသမျှ ကာလပတ်လုံး ဒုက္ခအမျိုးမျိုးလည်း တစ်ခုပြီးတစ်ခု ကျရောက်နေမည်သာ ဖြစ်သည်။

အကြင်အခါ၌ ဝိပဿနာဉာဏ် အားကောင်းမှုကြောင့် ခန္ဓာငါးပါး ရုပ်, နာမ်တရားများကို ရုပ်, နာမ်တရားအတိုင်း သိမြင်ပြီးနောက် မဂ်ဉာဏ်တို့ဖြင့် ထိုတဏှာကို အကြွင်းမဲ့ ဖြုတ်ပစ်နိုင်သောအခါ၌ ဒုက္ခအစုကြီးလည်း အပြီးတိုင် ချုပ်ငြိမ်းရတော့သည်သာ။ ဤသဘောအရ တဏှာလောဘ ကြီးလျှင်ကြီးသလို ဒုက္ခကြီးကြီးနှင့် တွေ့ကြုံကြရမည်ဖြစ်သလို တဏှာလောဘ နည်းလျှင်နည်းသလို ဒုက္ခနည်းကြမည် ဖြစ်သည်။ တဏှာ လုံးဝချုပ်ငြိမ်းလျှင် ဒုက္ခလည်း လုံးဝချုပ်ငြိမ်းသွားမည် ဖြစ်သည်။ ထို့ကြောင့် တဏှာလောဘကို နည်းနိုင်သမျှနည်းအောင် ကြိုးစားအားထုတ်သူ ဖြစ်ကြပါကုန်လော့။

ဥပဂမန– ချဉ်းကပ်ခြင်း အနက်ဟော အဘိနန္ဒသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အဘိနန္ဒသဒ္ဒါ၏ တဏှာ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အဘိနန္ဒသဒ္ဒါ၏ 'ဥပဂမန' ချဉ်းကပ်ခြင်း အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အန္နမေဝါ ဘိနန္ဒန္တိ၊ ဥဘယေ ဒေဝမာနုသာ။ *(ဒီ ဋ္ဌ– ၁– ၁၁၉၊ သံ– ၁– ၂၉)*

ဥဘယေ– နှစ်ပါးစုံကုန်သော၊ ဒေဝမာနုသာ– နတ်, လူတို့သည်၊ **အန္နမေဝ**– ထမင်းအာဟာရသို့သာ၊ **အဘိနန္ဒန္တိ**– ချဉ်းကပ်ကြကုန်၏။

အထက်ပါ ပါဠိရပ်သည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်– ဒေဝတာသံယုတ်– အာဒိတ္တဝဂ်– အန္နသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သန်းခေါင်ယံအခါ၌ နတ်သားတစ်ဦးသည် ရှင်တော်ဗုဒ္ဓအား အောက်ပါဂါထာဖြင့် မေးလျှောက်လေသည်။

အန္နမေဝါ ဘိနန္ဒန္တိ၊ ဥဘယေ ဒေဝမာနုသာ၊
အထ ကောနာမ သော ယက္ခော၊ ယံ အန္နံ နာဘိနန္ဒတိ။

ဥဘယေ– နှစ်ပါးစုံကုန်သော၊ **ဒေဝမာနုသာ**– နတ်, လူတို့သည်၊ **အန္နမေဝ**– ထမင်းအစာအာဟာရသို့သာ၊ **အဘိနန္ဒန္တိ**– မျှော်လင့်တောင့်တလျက် ချဉ်းကပ်ကြကုန်၏၊ **အထ**– ထိုသို့ဖြစ်ပါလျက်၊ **ယံ**– ယော ယက္ခော– အကြင်နတ်သည်၊ **အန္နံ**– ထမင်း

အစာအာဟာရသို့၊ နအဘိနန္ဒတိ- မမျှော်လင့် မတောင့်တ မချဉ်းကပ်၊ **သော ယက္ခောနာမ**- ထိုနတ်မည်သည်၊ **ကော**- **အဘာယ်မှာ ရှိနိုင်ပါအံ့နည်း၊ နတ္ထိဝေ**- မရှိသည်သာတည်း၊ **ဣတိ**- ဤသို့လျှောက်ထား၏။

ထိုအခါ ဗုဒ္ဓသည် အောက်ပါနှစ်ဂါထာတို့ဖြင့် ပြန်လည်မိန့်ကြားတော်မူလေသည်။

(က) ယေနံ ဒဒန္တိ သဒ္ဓါယ၊ ဝိပ္ပသန္နေန စေတသာ၊
တမေဝ အန္နံ ဘဇတိ၊ အသ္မိံ လောကေ ပရမှိစ။

(ခ) တသ္မာ ဝိနေယျ မစ္ဆေရံ၊ ဒဇ္ဇာ ဒါနံ မလာဘိဘူ၊
ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။ *(သံ- ၁- ၃၀)*

(က) **ယေ**- အကြင်သူတို့သည်၊ **နံ**- ထိုထမင်းအစာအာဟာရကို၊ **သဒ္ဓါယ**- သဒ္ဓါတရားဖြင့်၊ **ဝိပ္ပသန္နေန**- အထူးသဖြင့် ကြည်လင်သော၊ **စေတသာ**- စိတ်စေတနာဖြင့်၊ **ဒဒန္တိ**- ပေးလှူကြကုန်၏၊ **တမေဝ**- ထိုပေးလှူကြကုန်သောသူတို့သို့သာလျှင်၊ **အန္နံ**- ထမင်းအာဟာရသည်၊ **အသ္မိံလောကေစ**- ဤပစ္စုပ္ပန်လောက၌လည်းကောင်း၊ **ပရမှိစ**- တမလွန်လောက၌လည်းကောင်း၊ **ဘဇတိ**- ပြန်၍ချဉ်းကပ်ရောက်လာ၏၊ *(ထမင်းလှူသူသို့သာလျှင် ထမင်းသည် ပြန်ရောက်လာသည်ဟူလို။)*

(ခ) **တသ္မာ**- ထို့ကြောင့်၊ **မစ္ဆေရံ**- ဝန်တိုခြင်းကို၊ **ဝိနေယျ**- ပယ်ဖျောက်၍၊ **မလာဘိဘူ**- ဝန်တိုခြင်းအညစ်အကြေးကို နှိမ်နင်းလျက်၊ **ဒါနံ**- အလှူကို၊ **ဒဇ္ဇာ**- ပေးလှူရာ၏၊ **ပုညာနိ**- ကောင်းမှုတို့သည်၊ **ပရလောကသ္မိံ**- တမလွန်လောက၌၊ **ပါဏိနံ**- သတ္တဝါတို့၏၊ **ပတိဋ္ဌာ**- ထောက်တည်အားထားရာတို့သည်၊ **ဟောန္တိ**- ဖြစ်ကုန်၏၊ **ဣတိ**- ဤသို့မိန့်ကြားတော်မူပြီ။

ဥပဂမန- ချဉ်းကပ်ခြင်းအနက်ဟော အဘိနန္ဒသဒ္ဒါက တရားဟောပုံသဘော

(၁) 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ'- အလုံးစုံသော သတ္တဝါတို့သည် အာဟာရ၌ တည်မှီကြရကုန်၏ ဆိုသည့်အတိုင်း နတ်လူနှစ်ဖြာ သတ္တဝါတို့သည် အစာအာဟာရအတွက် အစာအာဟာရရနိုင်သော ထိုထိုဤဤ အလီလီသော အရပ်ဒေသသို့ ချဉ်းကပ်ကြရလေသည်။ အစာအာဟာရအတွက် မတောင့်တ မချဉ်းကပ်ရသော နတ်သည်ပင် မရှိလျှင် ထိုထက်အောက်တန်းကျသော လူအစရှိသော သတ္တဝါတို့အတွက် ပြောဖွယ်ရာ မလိုတော့ပေ။ အစာအာဟာရအတွက် ချဉ်းကပ်ကြရသည်သာ ဖြစ်၏။ **ထို့ကြောင့် မိမိတို့ တတ်စွမ်းသမျှ အစာအာဟာရကို ပေးလှူသူတို့ ဖြစ်ကြပါကုန်လော့။**

(၂) ဗုဒ္ဓလက်ထက်တော်က စိတ္တသူကြွယ်ထံသို့လည်းကောင်း, အရှင်သီဝလိမထေရ်ထံသို့လည်းကောင်း ရဟန်းရှင်လူ အပေါင်းတို့သည် နောက်မှနောက်မှ အစဉ်လိုက်၍ လိုက်၍ အစာအာဟာရအတွက် ချဉ်းကပ်ကာ အလှူခံယူကြကုန်၏ဟု အဋ္ဌကထာဆရာ ပြဆိုထားလေသည်။ *(သံ ဋ္ဌ- ၁- ၇၉)* (*အစာအာဟာရကို ခေါင်းတပ်ဆိုသော်လည်း 'ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး' ပစ္စည်းလေးပါးလုံး ပါဝင်သည်ဟု ဋီကာဖွင့်လေသည်။ သံ ဋီ- ၁- ၁၂၀*) ရဟန်းရှင်လူစသော အလှူခံပုဂ္ဂိုလ်တို့အား အလှူရှင်ဖြစ်သော ပုဂ္ဂိုလ်တို့သည် စေတနာသဒ္ဓါတရား ဖြူစင်သန့်ရှင်းစွာဖြင့် ဆွမ်းစသော ပစ္စည်းလေးပါးတို့ကို ပေးလှူကြကုန်၏။ ထိုအလှူရှင်ပုဂ္ဂိုလ်တို့ထံသို့ မိမိတို့လှူအပ်သော အလှူထက် အဆဆတိုး၍ ဆွမ်းစသော ပစ္စည်းလေးပါးတို့သည် ပြန်၍ရောက်ရှိလာကြလေသည်။ ထို့ကြောင့် **ဆွမ်းစသော ပစ္စည်းလေးပါးတို့ကို ရဟန်း, ကိုရင်, သီလရှင်တို့အား မိမိတို့ စွမ်းအားရှိသမျှ လှူဒါန်းမှု ပြုနိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

(၃) ဤလူ့လောက၌ ထောက်ရာတည်ရာ ခိုကိုးရာမဲ့ ဖြစ်နေကြကုန်သော ဒုက္ခသည်အပေါင်းတို့ မြောက်များစွာ ရှိနေကြလေသည်။ ထိုပုဂ္ဂိုလ်တို့သည် ဒါနအစရှိသော ကုသိုလ်ကောင်းမှုတို့ အားနည်းခဲ့သောကြောင့် ထိုသို့ဒုက္ခသည်ဘဝသို့ ရောက်နေကြရခြင်း ဖြစ်သည်။ ထို့ကြောင့် ဒါနအစရှိသော ကုသိုလ်ကောင်းမှုတို့သည်သာလျှင် တမလွန်လောကအတွက် တစ်ခုတည်းသော ထောက်တည်ရာ မှီခိုအားထားရာ ဖြစ်လေသည်။ **သို့ဖြစ်၍ ဒါနအစရှိသော ကုသိုလ်ကောင်းမှုတို့ကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ပြုလုပ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

သမ္ပဒိဋ္ဌနဲ- ခံယူခြင်းအနက်ဖော အဘိနန္ဒသဒ္ဒါက သိ, မှတ်, ကျင့်မွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အဘိနန္ဒသဒ္ဒါ၏ ဥပဂမန- ချဉ်းကပ်ခြင်းအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အဘိနန္ဒသဒ္ဒါ၏ **သမ္ပဋိစ္ဆန**- ခံယူခြင်းအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိ မာဂတံ၊
ဉာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။ *(ခု- ၁- ၄၅)*

စိရပ္ပဝါသိံ- ကြာရှည်စွာ ကွေကွင်း၍ နေရခြင်းရှိသော၊ **ဒူရတော**- တစ်ရွာတစ်ကျေး ရပ်အဝေးမှ၊ **သောတ္ထိ**- ချမ်းချမ်းသာသာ၊ **အာဂတံ**- ပြန်ရောက်လာသော၊ **ပုရိသံ**- ယောကျ်ားကို၊ **ဉာတိမိတ္တာ**- ဆွေမျိုးမိတ်ဆွေတို့သည် လည်းကောင်း၊ **သုဟဇ္ဇာစ**- ကောင်းသောစိတ်နှလုံးရှိကြသော ချစ်ကျွမ်းဝင်သူတို့သည်လည်းကောင်း၊ **အာဂတံ**- ပြန်လာပြီဟူ၍၊ **အဘိနန္ဒန္တိ**- လက်ခံကြကုန်၏။

အထက်ပါ ပါဠိရပ်သည် ဓမ္မပဒပါဠိတော်- ပိယဝဂ်- နန္ဒိယဝတ္ထု၌ လာရှိလေသည်။ ထိုဝတ္ထုနှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗာရာဏသီပြည်၌ရှိသော နန္ဒိယသူကြွယ်သည် သဒ္ဓါတရားနှင့် ပြည့်စုံသည့်အားလျော်စွာ ရတနာသုံးပါး၌ အထူးကြည်ညိုသူ ဖြစ်သည့်အလျောက် ဗုဒ္ဓအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းစသော အာဟာရဒါနတို့ဖြင့် အမြဲပြုစုလုပ်ကျွေးသူ ဖြစ်လေသည်။ ထိုတွင်မက အထီးကျန်ဖြစ်နေသူများ, ခရီးသွားဧည့်သည်များကိုလည်း ဝတ်တစ်စုံအနေအားဖြင့် နေ့စဉ်စွန့်ကြဲ ပေးကမ်းခြင်းစသော ကုသိုလ်အမှုကိုလည်း ပြုလေသည်။ ထို့နောက် ဗုဒ္ဓဟောကြားတော်မူအပ်သော တရားဒေသနာတော်တို့ကို နာကြားရသည် ဖြစ်၍ ကျောင်းလှူရခြင်းအကျိုးကို သိမြင်သည်ဖြစ်၍ ဣသိပတနတော၌ ကျောင်းတိုက်ကြီး ဆောက်လုပ်၍ ဗုဒ္ဓအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ရေစက်သွန်းချ ပေးလှူလေသည်။

ထိုသို့ ရေစက်သွန်းချလှူသည်နှင့် တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်၌ အကျယ် (၁၂) ယူဇနာ၊ အထက်, အောက် ယူဇနာတစ်ရာရှိသော, ရတနာခုနစ်ပါးဖြင့်ပြီးသော, နတ်သမီးအပေါင်းတို့နှင့် ပြည့်စုံသော နတ်ဗိမာန်ပြာသာဒ် ဖြစ်ပေါ်နှင့်လေသည်။ တစ်နေ့သောအခါ အရှင်မဟာမောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီ ကြွချီရာတွင် ထိုနန္ဒိယသူကြွယ်၏ ဗိမာန်ရှေ့သို့ ရောက်သောအခါ၌ နတ်သမီးအပေါင်းတို့သည် အရှင်မောဂ္ဂလာန်အား ရိုသေစွာ ရှိခိုးလျက် 'အရှင်ဘုရား တပည့်တော်မတို့သည် နန္ဒိယသူကြွယ် နတ်သားဖြစ်သောအချိန်တွင် အလုပ်အကျွေး ဖြစ်ကြရမည့် နတ်သမီးတို့ ဖြစ်ကြပါသည်။ ဗိမာန်ရှင်နတ်သား မရှိသေးသည့်အတွက် တပည့်တော်မတို့ ပျော်ပိုက်ခြင်း မရှိပါ။ မြေအိုးကိုခွဲ၍ ရွှေအိုးကို ယူသူကဲ့သို့ မြေအိုးနှင့်တူသော လူစည်းစိမ်ကိုစွန့်၍ ရွှေအိုးနှင့်တူသော နတ်စည်းစိမ်ကို ယူလည့်ပါဟူ၍ ပြောကြားပေးပါ' ဟု လျှောက်ထားတောင်းပန်ကြလေသည်။ လူ့ပြည်သို့ ပြန်ရောက်သောအခါ၌ ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်ထားသောအခါ ဗုဒ္ဓသည် အရှင်မောဂ္ဂလာန်အား အောက်ပါနှစ်ဂါထာတို့ဖြင့် မိန့်ကြားတော်မူလေသည်။

(က) စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိ မာဂတံ၊
ဉာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။

(ခ) တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံဂတံ၊
ပုညာနိ ပဋိဂဏှန္တိ၊ ပိယံ ဉာတိဝ အာဂတံ။ *(ခု- ၁- ၄၅၊ ဓမ္မပဒ ၄- ၁- ၁၈၉ / ၁၉၀)*

(က) **စိရပ္ပဝါသိံ**- ကြာမြင့်စွာကွေကွင်း၍ နေရခြင်းရှိသော၊ **ဒူရတော**- တစ်ရွာတစ်ကျေး ရပ်အဝေးမှ၊ **သောတ္ထိ**- ကြီးပွါးချမ်းသာစွာ၊ **အာဂတံ**- ပြန်ရောက်လာသော၊ **ပုရိသံ**- ချစ်ဖွယ် ကြည်ညိုဖွယ် မြတ်နိုးဖွယ်ကောင်းသော ယောကျ်ားကို၊ **ဉာတိမိတ္တာ**- ဆွေမျိုးမိတ်ဆွေတို့သည်လည်းကောင်း၊ **သုဟဇ္ဇာစ**- ကောင်းသော စိတ်နှလုံးရှိကြသော ချစ်ကျွမ်းဝင်သူတို့သည် လည်းကောင်း၊ **အာဂတံ**- ပြန်လာပြီဟူ၍၊ **အဘိနန္ဒန္တိ**- ချီးမြှောက်ဘို့ရန် သဘောမှန်ဖြင့် လက်ခံကြလေကုန်၏။

(ခ) တထေဝ– ထိုအတူသာလျှင်၊ **ကတပုညမ္ပိ–** ပြုအပ်ပြီးသော ကောင်းမှုရှိသောသူကိုလည်း၊ **အသ္မာလောကာ–** ဤပစ္စုပ္ပန်ဘဝမှ၊ **ပရံလောကံ–** တမလွန်ဘဝသို့ **ဂတံ–** ရောက်သွားသည်ရှိသော်၊ **အာဂတံ–** ပြန်ရောက်လာသော၊ **ပိယဉာတိံဝ–** ချစ်ခင်မြတ်နိုးအပ်သော ဆွေမျိုးကိုကဲ့သို့၊ **ပုညာနိ–** မိမိပြုထားသော ကုသိုလ်ကောင်းမှုတို့က၊ **ပဋိဂဏှန္တိ–** အသက်ရှည်ခြင်း, အဆင်းလှခြင်း အစရှိသော စည်းစိမ်အမျိုးမျိုးတို့ကို လက်ဆောင်ပေးသောအားဖြင့် ကြိုဆိုလက်ခံကြလေကုန်၏၊ **ဣတိ–** ဤသို့ မိန့်ကြားတော်မူပြီ။

သမ္ပဋိစ္ဆန– လက်ခံခြင်း အနက်ဟော အဘိနန္ဒသဒ္ဒါက တရားဟောပုံသဘော

(၁) မိမိ မိသားစု စားဝတ်နေရေး ပိုမိုပြည့်စုံအောင် ရည်ရွယ်၍ တစ်နယ်တစ်ကျေးသို့ ထွက်ခွါသွားသော သားယောက်ျား တစ်ဦးအား မိဘစသော အိမ်နေမိသားစုတို့သည် နေ့ရှိသရွေ့ မျှော်လင့်တောင့်တ လွမ်းဆွတ်နေကြမည် ဖြစ်သည်။ ပြန်လာမည့်ရက်ကို မျှော်နေကြမည် ဖြစ်သည်။ ချစ်ခင်မြတ်နိုးအပ်သော ထိုသားယောက်ျားသည် တစ်နယ်တစ်ကျေး၌ ကြာမြင့်စွာနေပြီး မိမိမျှော်မှန်းသည့်အတိုင်း စီးပွါးဥစ္စာနှင့် ပြည့်စုံပြီး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် မိမိအိမ်သို့ ပြန်လာသောအခါ အိမ်ကမိဘစသော အိမ်နေမိသားစုတို့သည် မည်မျှဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံကြမည် ဆိုသည်မှာ အထူးရှင်းပြနေဖွယ်ပင် မလိုတော့ပေ။ အလွန်ချစ်ခင်နှစ်လိုစွာ ကြိုဆိုလက်ခံကြမည် ဖြစ်သည်။ ထို့ကြောင့် တစ်နယ်တစ်ကျေးသို့ သွားရောက်၍ စီးပွါးရှာကြသူတို့သည် **စီးပွါးဥစ္စာနှင့်ပြည့်စုံပြီး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ပြန်လာနိုင်အောင် ဆောင်ရွက်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

(၂) နန္ဒိယသူကြွယ်သည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူ ဖြစ်သော်လည်း အပျော်အပါးကို မလိုက်စားဘဲ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း, ဗုဒ္ဓအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းစသော ဒါနဝတ္ထုအစုစုတို့ဖြင့် ပြုစုလုပ်ကျွေး လှူဒါန်းခြင်း, ဆင်းရဲနွမ်းပါးသူအပေါင်းတို့အား စွန့်ကြဲပေးကမ်း ထောက်ပံ့ခြင်း, ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခြင်း, ကိုယ်ကျင့်တရားနှင့် ပြည့်စုံခြင်းတို့ကြောင့် မသေမီ အသက်ရှင်စဉ်မှာပင် နန္ဒိယသူကြွယ် နတ်သားဘဝနှင့် နေဘို့ရာအတွက် နတ်ဗိမာန်ပြာသာဒ်များသည် ပေါ်ပေါက်လျက် ရှိနှင့်နေလေသည်။ အလုပ်အကျွေး နတ်သမီးများလည်း ထိုနန္ဒိယသူကြွယ်၏ နတ်ဗိမာန်၌ ရောက်နှင့်လျက် ရှိနေလေသည်။ ထိုနတ်သမီးများက အရှင်မဟာမောဂ္ဂလာန်ကို 'မြေအိုးကို ရိုက်ခွဲ၍ ရွှေအိုးကိုယူသော ယောကျာ်းကဲ့သို့ မြေအိုးနှင့်တူသော လူ့ဘဝကို စွန့်ခွါ၍ ရွှေအိုးနှင့်တူသော နတ်ပြည်သို့ ကြွရောက်လှည့်ပါတော့' ဟု မှာတမ်းစကား ပါးလိုက်သည်မှာလည်း 'ဒါန, သီလ, ဘာဝနာ' ဟူသော ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသူကို နတ်ပြည် နတ်လောကက နတ်သား, နတ်သမီး အပေါင်းတို့သည် အလွန်လေးနက် မြတ်နိုးစွာ ချစ်ခင်ကြည်ညို လေးစားမှုရှိကြသည် ဟူသောအချက်ကို မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် 'ဒါန, စာဂ, သီလ, ဘာဝနာ' ဟူသော ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသူဖြစ်**အောင် ကြိုးစားကြပါကုန်လော့။**

အနုမောဒန– ဝမ်းမြောက်ခြင်း အနက်ဟော အဘိနန္ဒသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အဘိနန္ဒသဒ္ဒါ၏ **သမ္ပဋိစ္ဆန** အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အဘိနန္ဒသဒ္ဒါ၏ **အနုမောဒနာ** အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အဘိနန္ဒိတွာ အနုမောဒိတွာ။ *(မ– ၁– ၁၆၀)*

အဘိနန္ဒိတွာ– လွန်စွာနှစ်သက်၍၊ **အနုမောဒိတွာ–** အဖန်ဖန်ဝမ်းမြောက်၍။

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသပါဠိတော်– သီဟနာဒဝဂ်– မဓုပိဏ္ဍိကသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ယတော နိဒါနံ ဘိက္ခု ပုရိသံ ပပဉ္စသညာသင်္ခါ သမုဒါစရန္တိ ဧတ္ထေ စေ နတ္ထိ အဘိနန္ဒိတဗ္ဗံ အဘိဝဒိတဗ္ဗံ အဇ္ဈောသိတဗ္ဗံ ဧသေဝန္တော (သတ္တာနုသယာနံ) ဧသေဝန္တော ဒဏ္ဍာဒါန သတ္ထာဒါန ကလဟ ဝိဂ္ဂဟ ဝိဝါဒ တုဝံ တုဝံ ပေသုည မုသာဝါဒါနံ။

ဓေတ္တေ တေ ပါပကာ အကုသလာ ဓမ္မာ အပရိသေသာ နိရုဇ္ဈန္တိတိ။ တ္တုဒမဝေါစ ဘဂဝါ တ္တုဒံ ဝတ္တာန သုဂတော ဥဋ္ဌာယာသနာ ဝိဟာရံ ပါဝိသိ။ *(မ– ၁– ၁၅၆)*

ဘိက္ခု– ရဟန်း၊ ယတောနိဒါနံ– အကြင်အကြောင်းကြောင့်၊ ပုရိသံ– သတ္တဝါကို၊ ပပဉ္စသညာသင်္ခါတာ– ချဲ့ထွင်မှုသညာ အစုတို့သည်၊ သမုဒါစရန္တိ– လွှမ်းမိုး၍ဖြစ်ကုန်၏၊ ဧတ္ထ– ဤအကြောင်းတို့၌၊ အဘိနန္ဒိတဗ္ဗံ– အလွန်နှစ်သက်ခြင်းသည်၊ အဘိ ဝဒိတဗ္ဗံ– အလွန်ပြောဆိုခြင်းသည်၊ အဇ္ဈောသိတဗ္ဗံ– မျိုမတတ်စွဲယူခြင်းသည်၊ စေနတ္ထိ– အကယ်၍မရှိအံ့၊ ဧသေဝ– ဤမရှိခြင်းသည် ပင်လျှင်၊ (သတ္တာနုသယာနံ– ရာဂအစရှိသော အနုသယခုနစ်ပါးတို့၏) အန္တော– အဆုံးတည်း၊ ဒဏ္ဍာဒါန သတ္ထာဒါန ကလဟ ဝိဂ္ဂဟဝါဒ တုဝံ တုဝံ ပေသုည မုသာဝါဒါနံ– တုတ်ကိုဆွဲကိုင်ခြင်း, ဓားကိုဆွဲကိုင်ခြင်း, ခိုက်ရန်ဖြစ်ခြင်း, ငြင်းခုံခြင်း, နင်နင်ဟု ဆိုခြင်း, ကုန်းတိုက်ခြင်း, မုသားပြောဆိုခြင်းတို့၏၊ အန္တော– အဆုံးတည်း၊ ဧတ္ထ– ဤအကြောင်းတို့၌၊ ပါပကာ– ယုတ်မာကုန်သော၊ အကုသလာ– အကုသိုလ်ဖြစ်ကုန်သော၊ ဓေတေဓမ္မာ– ဤတရားတို့သည်၊ အပရိသေသာ– အကြွင်းမရှိကုန်သည်ဖြစ်၍၊ နိရုဇ္ဈန္တိ– ချုပ်ကုန်၏၊ တ္တုတိ– ဤသို့၊ အဝေါစ– မိန့်တော်မူပြီ၊ တ္တုတိ– ဤသို့၊ တ္တုဒံဝစနံ– ဤတရားစကားကို၊ ဘဂဝါ– ဘုန်းတော်ကြီးတော်မူ သော ရှင်တော်ဗုဒ္ဓသည်၊ အဝေါစ– မိန့်ကြားတော်မူပြီ၊ တ္တုဒံ– ဤတရားစကားကို၊ ဝတ္တာန– မိန့်ကြားတော်မူပြီး၍၊ သုဂတော– ကောင်းသောစကားကို ဆိုတော်မူတတ်သော ရှင်တော်ဗုဒ္ဓသည်၊ အာသနာ– ထိုင်တော်မူနေရာမှ၊ ဥဋ္ဌာယ– ထတော်မူ၍၊ ဝိဟာရံ– ကျောင်းသို့၊ ပါဝိသိ– ဝင်တော်မူလေပြီ။

ရဟန်းအပေါင်းတို့သည် ဗုဒ္ဓ၏ အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော အထက်ပါ တရားစကားကို အကျယ်အားဖြင့် နာကြားလိုသည်ဖြစ်၍ အရှင်မဟာကစ္စည်းထေရ်အား ဟောတော်မူခိုင်းရာ အရှင်မဟာကစ္စည်းထေရ်သည် အောက်ပါအတိုင်း အကျယ်ဟောကြားတော်မူလေသည်။

စက္ခုဉ္စာဝုသော ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ယံ ဝေဒေတိ တံ သဉ္ဇာနာတိ၊ ယံ သဉ္ဇာနာတိ တံ ဝိတက္ကေတိ၊ ယံ ဝိတက္ကေတိ တံ ပပဉ္စေတိ၊ ယံ ပပဉ္စေတိ တတော နိဒါနံ ပုရိသံ ပပဉ္စသညာသင်္ခါ သမုဒါစရန္တိ အတီတာနာဂတပစ္စုပ္ပန္နေသု စက္ခုဝိညေယျေသု ရူပေသု။ *(မ– ၁– ၁၅၇)*

အာဝုသော– ငါ့ရှင်တို့၊ စက္ခုံစ– စက္ခုပသာဒကိုလည်းကောင်း၊ ရူပေစ– ရူပါရုံတို့ကိုလည်းကောင်း၊ ပဋိစ္စ– စွဲ၍၊ စက္ခုဝိညာဏံ– စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ– ဖြစ်၏၊ တိဏ္ဏံ– 'စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်' ဟူသော သုံးခုတို့၏၊ သင်္ဂတိ– ပေါင်းဆုံမိခြင်းကြောင့်၊ ဖဿော– ဖဿသည်၊ ဥပ္ပဇ္ဇတိ– ဖြစ်၏၊ ဖဿပစ္စယာ– ဖဿကြောင့်၊ ဝေဒနာ– ဝေဒနာသည်၊ ဥပ္ပဇ္ဇတိ– ဖြစ်၏၊ ယံ– အကြင်အာရုံကို၊ ဝေဒေတိ– ခံစား၏၊ တံ– ထိုအာရုံကို၊ သဉ္ဇာနာတိ– မှတ်သား၏၊ ယံ– အကြင်အာရုံကို၊ သဉ္ဇာနာတိ– မှတ်သား၏၊ တံ– ထိုအာရုံကို၊ ဝိတက္ကေတိ– ကြံစည်၏၊ ယံ– အကြင်အာရုံကို၊ ဝိတက္ကေတိ– ကြံစည်၏၊ တံ– ထိုအာရုံကို၊ ပပဉ္စေတိ– ချဲ့ထွင်၏၊ ယံ– အကြင်အာရုံကို၊ ပပဉ္စေတိ– ချဲ့ထွင်၏၊ တတောနိဒါနံ– ထိုအာရုံကို ချဲ့ထွင်ခြင်း ဟူသော အကြောင်းကြောင့်၊ ပုရိသံ– သတ္တဝါကို၊ အတီတာနာဂတပစ္စုပ္ပန္နေသု– အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်ကုန်သော၊ စက္ခုဝိညေယျေသု– စက္ခုဝိညာဏ်ဖြင့် မြင်သိအပ်ကုန်သော၊ ရူပေသု– ရူပါရုံတို့၌၊ ပပဉ္စသညာသင်္ခါ– ချဲ့ထွင်မှုသညာအစုတို့သည်၊ သမုဒါစရန္တိ– လွှမ်းမိုး၍ ဖြစ်ကုန်၏။

(ကျန်သော သောတ စသည်တို့၌လည်း ထိုနည်းအတိုင်းပင်။)

ထို့နောက် အရှင်မဟာကစ္စည်းက ဆက်၍ဟောကြားသည်မှာ–

သော ဝတာဝုသော စက္ခုသ္မိံ အသတိ ရူပေ အသတိ စက္ခုဝိညာဏေ အသတိ ဖဿပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဖဿပညတ္တိယာ အသတိ ဝေဒနာပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဝေဒနာပညတ္တိယာ အသတိ သညာပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ သညာပညတ္တိယာ အသတိ ဝိတက္ကပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဝိတက္ကပညတ္တိယာ အသတိ ပပဉ္စသညာသင်္ခါ သမုဒါစရဏပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ *(မ– ၁– ၁၅၉)*

အာဝုသော– ငါ့ရှင်တို့၊ ဝတ– စင်စစ်၊ သော– ထိုသတ္တဝါသည်၊ စက္ခုသ္မိံ– စက္ခုပသာဒသည်၊ အသတိ– မရှိသော်၊ ရူပေ– ရူပါရုံသည်၊ အသတိ– မရှိသော်၊ စက္ခုဝိညာဏေ– စက္ခုဝိညာဏ်သည်၊ အသတိ– မရှိသော်၊ ဖဿပညတ္တိံ– ဖဿဟူသော ပညတ်ခြင်းကို၊ ပညာပေဿတီတိ– ပညတ်လတ္တံ့ဟူသော၊ ဧတံဌာနံ– ဤအကြောင်းသည်၊ နဝိဇ္ဇတိ– မရှိ၊ ဖဿပညတ္တိယာ–

ဖဿဟူသော ပညတ်ခြင်းသည်၊ **အသတိ-** မရှိသော်၊ **ဝေဒနာပညတ္တိ-** ဝေဒနာဟူသော ပညတ်ခြင်းကို၊ **ပညာပေဿာမိတိ-** ပညတ်လတ္တံ့ဟူသော၊ **ဌာနံ-** ဤအကြောင်းသည်၊ **နဝိဇ္ဇတိ-** မရှိ၊ **ဝေဒနာပညတ္တိယာ-** ဝေဒနာဟူသော ပညတ်ခြင်းသည်၊ **အသတိ-** မရှိသော်၊ **သညာပညတ္တိ-** သညာဟူသော ပညတ်ခြင်းကို၊ **ပညာပေဿာမိတိ-** ပညတ်လတ္တံ့ဟူသော၊ **ဌာနံ-** ဤအကြောင်းသည်၊ **နဝိဇ္ဇတိ-** မရှိ၊ **သညာပညတ္တိယာ-** သညာဟူသော ပညတ်ခြင်းသည်၊ **အသတိ-** မရှိသော်၊ **ဝိတက္ကပညတ္တိ-** ဝိတက်ဟူသော ပညတ်ခြင်းကို၊ **ပညာပေဿာမိတိ-** ပညတ်လတ္တံ့ဟူသော၊ **ဌာနံ-** ဤအကြောင်းသည်၊ **နဝိဇ္ဇတိ-** မရှိ၊ **ဝိတက္ကပညတ္တိယာ-** ဝိတက်ဟူသော ပညတ်ခြင်းသည်၊ **အသတိ-** မရှိသော်၊ **ပပဉ္စသညာသင်္ခါ သမုဒါစရဏပညတ္တိ-** ချဲ့ထွင်မှု သညာအစုတို့၏ ဖြစ်၏ဟူသော ပညတ်ခြင်းကို၊ **ပညာပေဿာမိတိ-** ပညတ်လတ္တံ့ဟူသော၊ **ဌာနံ-** ဤအကြောင်းသည်၊ **နဝိဇ္ဇတိ-** မရှိ။

(ကျန် သောတာပသာဒ စသည်တို့၌လည်း ထိုသဘောအတိုင်းပင်။)

အထက်ကအတိုင်း ဗုဒ္ဓ အကျဉ်းဟောထားသည်ကို အရှင်မဟာကစ္စည်းက အကျယ်ဝေဘန်၍ ဟောကြားနိုင်သည့်အတွက် တရားနာကြသော ရဟန်းအပေါင်းတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကြောင်းကို ပါဠိတော်တွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

အထခေါ တေဘိက္ခူ အာယသ္မတော မဟာကစ္စာနဿ ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ ဥဋ္ဌာယာသနာ ယေန ဘဂဝါ တေနုပသင်္ကမိံသု။ *(မ- ၁- ၁၆၀)*

အထခေါ- ထိုအခါ၌၊ **တေဘိက္ခူ-** ထိုတရားနာရဟန်းတို့သည်၊ **အာယသ္မတော မဟာကစ္စာနဿ-** အရှင်မဟာကစ္စာန၏၊ **ဘာသိတံ-** ဟောကြားတော်မူအပ်သော တရားစကားကို၊ **အဘိနန္ဒိတွာ-** လွန်စွာနှစ်သက်၍၊ **အနုမောဒိတွာ-** အဖန်ဖန် ဝမ်းမြောက်၍၊ **အာသနာ-** နေရာမှ၊ **ဥဋ္ဌာယ-** ထ၍၊ **ယေန-** အကြင်အရပ်၌၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **အတ္ထိ-** ရှိတော်မူ၏၊ **တေန-** ထိုအရပ်သို့၊ **ဥပသင်္ကမိံသု-** ချဉ်းကပ်ကြကုန်ပြီ။

ထိုရဟန်းအပေါင်းတို့သည် ထိုသို့ ဗုဒ္ဓထံသို့ ချဉ်းကပ်ပြီး ဗုဒ္ဓအား ရိုသေစွာ ရှိခိုး၍ အရှင်မဟာကစ္စာန၏ အကျယ်ဟောကြားအပ်သော တရားစကားကို ပြန်လည်လျှောက်ကြားလေလျှင် ဗုဒ္ဓကလည်း အရှင်မဟာကစ္စာနကို ချီးကျူးပြီး ဗုဒ္ဓကိုယ်တိုင် အကျယ်ဟောလျှင်လည်း အရှင်မဟာကစ္စာန ဟောကြားသည့်အတိုင်းပင် ဟောကြားမည်ဖြစ်ကြောင်း ရဟန်းတို့အား ဗုဒ္ဓက ပြန်လည် မိန့်ကြားတော်မူလေသည်။

အနုမောဒန- ဝမ်းမြောက်ခြင်း အနက်ဟော အဘိနန္ဒသဒ္ဒါက တရားဟောပုံသဘော

(၁) အကြင်အကြောင်းကြောင့် သတ္တဝါကို ချဲ့ထွင်မှု သညာအစုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်၏။ ဤအကြောင်းတို့၌ အလွန်နှစ်သက်ခြင်းသည်, အလွန်ပြောဆိုခြင်းသည်, မျိုမတတ် စွဲယူခြင်းသည် အကယ်၍မရှိအံ့။ ဤမရှိခြင်းသည်ပင်လျှင် ရာဂါနုသယ အစရှိသော အနုသယ ခုနစ်ပါးတို့၏ အဆုံးတည်း။ တုတ်ကို ဆွဲကိုင်ခြင်း, ဓားကို ဆွဲကိုင်ခြင်း, ခိုက်ရန်ဖြစ်ခြင်း, ငြင်းခုံခြင်း, နင်နင် ဟုဆိုခြင်း, ကုန်းတိုက်ခြင်း, မုသားပြောဆိုခြင်းတို့၏ အဆုံးတည်း။ ဤအကြောင်းတို့၌ ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏ဟူသော ဗုဒ္ဓ၏ အကျဉ်းဟောတော်မူအပ်သော တရားတော်အရ မိမိသန္တာန်၌ အစဉ်ကိန်းဝပ်နေသော ရာဂအစရှိသော အနုသယ ခုနစ်ပါး ကိန်းဝပ်နေသမျှ ကာလပတ်လုံး တုတ်ဓားကိုင်ခြင်း, ခိုက်ရန်ဖြစ်ခြင်း, ငြင်းခုံခြင်း စသော မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်မည် ဖြစ်သောကြောင့် **ရာဂအစရှိသော အနုသယ ခုနစ်ပါးတို့ကို အကြွင်းမဲ့ချုပ်ငြိမ်းအောင် အားထုတ်နိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

(၂) ရှင်တော်ဗုဒ္ဓသည် အထက်ပါအတိုင်း တရားကို အကျဉ်းဟောတော်မူပြီး အကျယ်မဟောဘဲ နေရာမှထ၍ ကြွသွားတော်မူခြင်းသည် အကျယ်ဝေဘန်ပိုင်းခြား၍ ဟောခြင်းငှာ စွမ်းဆောင်နိုင်သော အရှင်မဟာကစ္စာနကို ချီးမြှောက်သောအားဖြင့် ဟောကြားစေလိုသောကြောင့် ကြွသွားတော်မူရခြင်း ဖြစ်ရကား ဗုဒ္ဓသည် စွမ်းဆောင်နိုင်လျှင် စွမ်းဆောင်နိုင်သလို တပည့်သံဃာတော်တို့အား ထိုက်ထိုက်တန်တန် အခွင့်အရေး ပေးတော်မူသည်ဟူသော အချက်သည် ပေါ်လွင်လျက်ရှိသည်။ ထို့ကြောင့် **ဆရာဖြစ်သူတို့သည် ဗုဒ္ဓကို အတုယူပြီး မိမိတို့၏ တပည့်များထဲ၌ စွမ်းရည်ရှိသော တပည့်များကို စွမ်းရည်ရှိသလို ချီးမြှောက်တတ်သူများ ဖြစ်ကြပါကုန်လော့။**

(၃) ဗုဒ္ဓ၏ အကျဉ်းဟောတော်မူချက်ကို အရှင်မဟာကစ္စာနက အကျယ်ဟောရာ၌-

(၁) မျက်စိကိုလည်းကောင်း, အဆင်းတို့ကိုလည်းကောင်း စွဲ၍ 'စက္ခုဝိညာဏ်' မြင်သိစိတ် ဖြစ်၏။
(၂) နားကိုလည်းကောင်း, အသံတို့ကိုလည်းကောင်း စွဲ၍ 'သောတဝိညာဏ်' ကြားသိစိတ် ဖြစ်၏။
(၃) နှာခေါင်းကိုလည်းကောင်း, အနံ့တို့ကိုလည်းကောင်း စွဲ၍ 'ဃာနဝိညာဏ်' နံသိစိတ် ဖြစ်၏။
(၄) လျှာကိုလည်းကောင်း, အရသာကိုလည်းကောင်း စွဲ၍ 'ဇိဝှာဝိညာဏ်' လျက်သိစိတ် ဖြစ်၏။
(၅) ကိုယ်ကိုလည်းကောင်း, အတွေ့အထိကိုလည်းကောင်း စွဲ၍ 'ကာယဝိညာဏ်' ထိသိစိတ် ဖြစ်၏။
(၆) ဘဝင်စိတ်ကိုလည်းကောင်း, လောကီဓမ္မာရုံတို့ကိုလည်းကောင်း စွဲ၍ 'မနောဝိညာဏ်' အထူးသိစိတ် ဖြစ်၏။

ထိုသို့ခြောက်ချက်ရှိသည့်အနက် အချက်တိုင်းတွင် သုံးမျိုးစီတိုင်း ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏။ ဖဿကြောင့် ဝေဒနာဖြစ်၏။ ဝေဒနာကြောင့် ထိုခံစားပြီးသော အာရုံကို မှတ်သားမှု သညာဖြစ်၏။ ထိုသညာဖြစ်၍ ထိုသညာဖြင့် မှတ်သားပြီးသော အာရုံကို ကြံစည်မှု ဝိတက်ဖြစ်၏။ ထိုသို့ဝိတက်ဖြစ်၍ ထိုကြံစည်ပြီးသော အာရုံကို ချဲ့ထွင်မှုဖြစ်၏။ ထိုအာရုံကို ချဲ့ထွင်မှုဟူသော အကြောင်းကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော 'ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ' ဟူသော အာရုံတို့၌ ချဲ့ထွင်မှု သညာအစုတို့သည် လွှမ်းမိုး၍ဖြစ်၏။

အထက်က ပြဆိုခဲ့သည့်အတိုင်း အတွင်းအာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး ဖြစ်ရာတို့၌ မျက်စိ, အဆင်း, စက္ခုဝိညာဏ် စသည်ဖြင့် အကြောင်းသုံးမျိုး မဖြစ်သည်ရှိသော် ဖဿ မဖြစ်တော့ပေ။ ဖဿ မဖြစ်လျှင် ဝေဒနာ မဖြစ်တော့ပေ။ ဝေဒနာ မဖြစ်လျှင် သညာလည်း မဖြစ်တော့ပေ။ သညာ မဖြစ်လျှင် ဝိတက်လည်း မဖြစ်တော့ပေ။ ဝိတက် မဖြစ်လျှင် ချဲ့ထွင်မှု သညာအစုတို့ လွှမ်းမိုးမှုလည်း မဖြစ်တော့ပေ။

(အချုပ်အားဖြင့် အဝိဇ္ဇာတဏှာ အကြွင်းမဲ့ချုပ်ငြိမ်း၍ ဂုဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုသွားသောအခါ၌ မျက်စိဟူ၍လည်းကောင်း, အဆင်းဟူ၍ လည်းကောင်း, ဖဿဟူ၍လည်းကောင်း ခေါ်ဝေါ်ပညတ်ရန် မရှိနိုင်တော့ပေဟူလို။)

ထိုသို့ အရှင်မဟာကစ္စာန၏ အကျယ်ဟောသည်ကို ကျန်တရားနာရဟန်းတို့သည် အလွန်နှစ်သက်၍ အဖန်ဖန်လည်း ဝမ်းမြောက်ကြလေသည်။ ထို့ကြောင့် အရှင်မဟာကစ္စည်းကဲ့သို့ ဗုဒ္ဓ၏ တရားတော်ကို အကျယ်ဟောနိုင်အောင်လည်း ကြိုးစားနိုင်ကြသူ ဖြစ်ကြပါကုန်လော့။ 'အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ' များ ကင်းစင်အောင်လည်း အားထုတ်နိုင်သူ ဖြစ်ကြပါကုန်လော့။ တစ်ပါးက တရားဟောသည်ကို ကျန်သောရဟန်းတို့က မနာလိုဝန်တိုခြင်းမရှိဘဲ အလွန်နှစ်သက်၍ အဖန်ဖန်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသလို မိမိအား သိနားလည်အောင် လေးနက်သောတရားကို ဟောပြောပေးကြသူတို့အပေါ်၌ ဣဿာ, မစ္ဆရိယစိတ်မဖြစ်ဘဲ အလွန်နှစ်သက်၍ အဖန်ဖန်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါကုန်လော့။

ဤ၌လိုအပ်သောအနက်

အထက်က ဖော်ပြခဲ့သည့်အတိုင်း အဘိနန္ဒသဒ္ဒါသည် 'တဏှာအနက်, ဥပဂမနအနက်, သမ္ပဋိစ္ဆနအနက်, အနုမောဒနအနက်' ဟူ၍ လေးနက်တို့တွင် ဤပြဟ္မဇာလသုတ်၌ 'သမ္ပဋိစ္ဆနအနက်, အနုမောဒနအနက်' ၌ ဖြစ်လေသည်။ ထိုအနက်နှစ်မျိုး၌ ဖြစ်ပုံကို အဋ္ဌကထာဆရာသည် အောက်ပါဂါထာဖြင့် ဖော်ပြလေသည်။

သုဘာသိတံ သုလပိတံ၊ 'သာဓု သာဓူ'တိ တာဒိနော၊
အနုမောဒမာနာ သိရသာ၊ သမ္ပဋိစ္ဆိံသု ဘိက္ခဝေါတိ။ *(ဒီ ဋ္ဌ- ၁- ၁၁၉)*

တာဒိနော- လောကဓံရှစ်ပါးကြောင့် ဖောက်ပြားမတုန် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ သုဘာသိတံ- သဒ္ဒါအားဖြင့် ကောင်းစွာဟောတော်မူအပ်သော၊ သုလပိတံ- အနက်အားဖြင့် ကောင်းစွာမိန့်တော်မူအပ်သော၊ ဣဒံ သုတ္တံ- ဤပြဟ္မဇာလသုတ်တော်ကို၊ ဘိက္ခဝေါ- ရဟန်းတို့သည်၊ သာဓု သာဓူတိ- သာဓု သာဓုဟူ၍၊ အနုမောဒမာနာ- အဖန်ဖန် ဝမ်းမြောက်ကြကုန်သည်၊ ဟုတွာ- ဖြစ်၍၊ သိရသာ- ဦးခေါင်းဖြင့်၊ သမ္ပဋိစ္ဆိံသု- လက်ခံကြကုန်ပြီ၊ ဣတိ- ဤတွင် ပြဟ္မဇာလသုတ်၏အဖွင့် အပြီးတည်း။

ပြဟ္မဇာလသုတ်နှင့်စပ်၍ သိ, မှတ်, ကျင့်ဖွယ်များ ဤတွင်ရပ်နားပါပြီ။

(၂) သာမညဖလသုတ်

ရာဇမစ္စကထာ

ဗုဒ္ဓသီတင်းသုံးတော်မူရာ နေရာအရပ်ကိုပြခြင်း

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေ မဟတာဘိက္ခု သံဃေန သဒ္ဓိံ အမုတေဠသေဟိ ဘိက္ခုသတေဟိ။ *(ဒီ- ၁- ၄၄)*

ဘန္တေ- အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးဘုရား၊ **မေ**- တပည့်တော်အာနန္ဒာသည်၊ **ဧဝံ**- ဤလျှောက်ထားအံ့လတ္တံ့ အတိုင်းသော၊ *(သာမညဖလံ- သာမညဖလသုတ်တော်ကို)* **သုတံ**- နာယူမှတ်သားဆောင်ထားအပ်ပါပြီ။ *(ဤအဓိပ္ပါယ်များကို ဗြဟ္မဇာလသုတ်က ပြခဲ့ပြီ။)*

ဧကံ သမယံ- အခါတစ်ပါး၌၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ရာဇဂဟေ**- ရာဇဂြိုဟ်မြို့၏ အနီးဖြစ်သော၊ **ကောမာရဘစ္စဿ**- အဘယမင်းသားသည် မွေးစားအပ်သော၊ **ဇီဝကဿ**- ဇီဝက၏၊ **အမ္ဗဝနေ**- သရက်ဥယျာဉ်၌၊ **မဟတာ**- ဂုဏ်အားဖြင့်လည်းမြတ်၍ အရေအတွက်အားဖြင့်လည်းများသော၊ **ဘိက္ခုသံဃေန**- ရဟန်းသံဃာနှင့်၊ **အမုတေဠသေဟိ ဘိက္ခုသတေဟိ**- ၁၂၅၀ သော ရဟန်းတို့နှင့်၊ **သဒ္ဓိံ**- တကွ၊ **ဝိဟရတိ**- မျှတရှင်ပြုံး သီတင်းသုံးနေတော်မူ၏။

ရာဇဂဟာ အဓိပ္ပါယ်

အဋ္ဌကထာဆရာသည် 'ရာဇဂဟ' အဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုလေသည်။

(၁) 'ရာဇဂဟ' ဟူသည် ရာဇဂြိုဟ်မြို့ ဖြစ်သည်။ ထိုရာဇဂြိုဟ်မြို့ကို မန္ဓာတုစကြာမင်း, မဟာဂေါဝိန္ဒပုရောဟိတ် အစ ရှိသော ပုဂ္ဂိုလ်အပေါင်းတို့သည် **'နေပြည်တော်'** အဖြစ်ဖြင့် သိမ်းပိုက်အပ်သောကြောင့် ရာဇဂြိုဟ်မြို့ဟု ခေါ်သည်။ *(ရာဇ- မန္ဓာတု စသောမင်းတို့သည်၊ ဂဟ- သိမ်းပိုက်ခြင်း)*

(၂) ဤရာဇဂြိုဟ်မြို့သည် ဗုဒ္ဓလက်ထက်တော်၌လည်းကောင်း, စကြာဝတေးမင်းပေါ်ရာအခါ၌လည်းကောင်း **'နေပြည်တော်'** မြို့ ဖြစ်လေသည်။

(၃) ကြွင်းသောအခါတို့၌ လူသူမှကင်းဆိတ်၍ နတ်ဘီလူးတို့သည် သေရည်သောက်ခါ ပျော်မြူးရာတော ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၁၂၂)*

ဝိဟရတိ အဓိပ္ပါယ်

(၁) သာမညအားဖြင့် 'ဣရိယာပထဝိဟာရ, ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယဝိဟာရ' ဟူ၍ လေးမျိုးရှိရာတွင် ဤ **'ရာဇဂဟေ ဝိဟရတိ'** ဟူသောပုဒ်၌ ရပ်ခြင်း, သွားခြင်း, ထိုင်ခြင်း, လျောင်းခြင်း အပြားရှိကုန်သော လေးပါးကုန်သော ဣရိယာပုထ်တို့တွင် တစ်ပါးပါးသော ဣရိယာပုထ်နှင့် နေတော်မူခြင်းကို ပြဆိုသည်။

(၂) ထို့ကြောင့် ရှင်တော်ဗုဒ္ဓသည် ရပ်တော်မူ၍လည်းကောင်း၊ သွားတော်မူ၍လည်းကောင်း၊ ထိုင်တော်မူ၍လည်းကောင်း၊ လျောင်းတော်မူ၍သော်လည်းကောင်း နေတော်မူခြင်းကို **'ဝိဟရတိ- နေတော်မူ၏'** ဟူ၍ ပြဆိုခြင်းဖြစ်သည်။

(၃) ကြာကြာရပ်၍ ညောင်းတော်မူသောအခါ ထိုရပ်သောဣရိယာပုထ်ကို တစ်ပါးသော သွားတော်မူသော ဣရိယာပုထ်ဖြင့် ဖြတ်တော်မူ၍ အတ္တဘောကို လဲကျမသွားအောင် ဆောင်ထားခြင်းကို **'ဝိဟရတိ- နေတော်မူ၏'** ဟူ၍ ခေါ်ခြင်းဖြစ်သည်။ (ဝိ- ဣရိယာပုထ်တစ်ပါးကို ဣရိယာပုထ်တစ်ပါးဖြင့် ဖြတ်၍၊ ဟရတိ- အတ္တဘောဟူသော ကိုယ်ခန္ဓာကို လဲမကျအောင် ဆောင်ထားခြင်း။ ဒီ ဋ္ဌ- ၁- ၁၂၂)

ဇီဝကသာ ကောမာရဘစ္စသာ အမ္ဗဝနေ အဓိပ္ပါယ်

ရှင်တော်ဗုဒ္ဓ၏ ဆွမ်းခံရွာဖြစ်သော ရာဇဂြိုဟ်မြို့၏အနီး*(မြို့ပင်မှန်သော်လည်း ဆွမ်းခံကြွတော်မူရာမှန်၍ ဆွမ်းခံရွာဟု သုံးနှုန်းခြင်းမှန်သည်။)* အဘယမင်းသားသည် မွေးစားအပ်သော ဇီဝက၏ သရက်ဥယျာဉ်၌ ဗုဒ္ဓသည် သီတင်းသုံးတော်မူလျက် ရှိပါသည်ဟူသော အဓိပ္ပါယ်ကို ပြလေသည်။ *(ဒီ ဋ္ဌ- ၁- ၁၂၂)*

ဇီဝက အဓိပ္ပါယ်

သာလာဝတီမည်သော ပြည့်တန်ဆာမသည် သားယောကျ်ားမွေးလာ၍ သချိုင်း၌ ပစ်ထားရာ၌ ကလေး၏ ဘုန်းကံကြောင့် ကျီးအပေါင်းတို့ ဝိုင်းအုံ၍ 'အာ'နေကြရာတွင် ထိုအခြင်းအရာကို ဗိမ္ဗိသာရမင်းကြီး၏သား အဘယမင်းသားသည် လမ်းသွားရင်း တွေ့မြင်၍ မွေးကာစ ယောကျ်ားလေးမှန်းသိ၍ 'ဇီဝတိ' အသက်ရှင်သေးရဲ့လားဟု မေးလေရာ မင်းချင်းယောကျ်ားများက 'ဇီဝတိ' အသက်ရှင်ပါသေး၏ဟု ပြေဆိုခြင်းကို အကြောင်းပြု၍ 'ဇီဝက' ဟူ၍ အမည်တွင်လေသည်။ အဘယမင်းသားက ကောက်ယူမွေးစားအပ်သည် ဖြစ်သောကြောင့် 'ကောမာရဘစ္စ' ဟု ထပ်ဆင့်အမည်တွင်ပြန်သည်။*(ကောမာရ- အဘယမင်းသားသည်၊ ဘစ္စ- ကောက်ယူမွေးစားခြင်း)*

ဤဇီဝကဝတ္ထုအကျယ်ကို ဝိနည်းအဋ္ဌကထာ၌ အကျယ်ရှုပါဟု အဋ္ဌကထာဆရာ မှာလေသည်။ ဤ၌ကား ဤမျှသာတည်း။ *(ဒီ ဋ္ဌ- ၁- ၁၂၂)*

'အမ္ဗဝန' သရက်ဥယျာဉ်ကျောင်း ဖြစ်ပေါ်လာပုံ

(၁) ဇီဝကသည် အလွန်အစွမ်းထက်သည့် ဆေးကုသမားကြီး ဖြစ်သည့်အလျောက် တစ်ခါသော် ဗုဒ္ဓမှာ လေ, သည်းခြေ စသော ရောဂါဖြစ်ပေါ်လာ၍ ထိုရောဂါကို ပျောက်ကင်းအောင် ကုပေးပြီးနောက် သိဝိတိုင်းဖြစ် အဝတ်အစုံကို ဗုဒ္ဓအားလှူရာတွင် ဗုဒ္ဓ၏ အနုမောဒနာတရားအဆုံး၌ သောတာပန်အဖြစ်သို့ ရောက်လေသည်။

(၂) ဆရာဇီဝကသည် နဂိုကပင် ဗုဒ္ဓအပေါ်၌ အလွန်ကြည်ညိုသူတစ်ဦး ဖြစ်ခဲ့လေရာ သောတာပန်ဖြစ်သောအခါ၌ကား ပို၍တိုး၍ ကြည်ညိုလာသည် ဖြစ်သောကြောင့် နီးနီးစပ်စပ် ပြုစုလုပ်ကျွေးလိုသည်ဖြစ်၍ မိမိပိုင် သရက်ဥယျာဉ်၌ ဗုဒ္ဓနှင့်သံဃာတော်တို့ သီတင်းသုံးရန် ကျောင်းများ အသီးသီးဆောက်၍ လှူဒါန်းလေသည်။

(၃) သာမညဖလသုတ်တော်ကို ဟောမည့်ထိုအချိန်၌ ဗုဒ္ဓသည် ၁၂၅၀ သော ရဟန်းသံဃာတို့နှင့်အတူ ထိုဆရာဇီဝက ဆောက်လုပ်လှူဒါန်းအပ်သော 'အမ္ဗဝန' ခေါ် သရက်တောကျောင်းတိုက်၌ သီတင်းသုံးနေတော်မူခိုက် ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၁၂၃)*

တန်ဆောင်မုန်းလပြည့်နေ့ည အဇာတသတ်မင်း ထိုင်နေပုံကို ပြဆိုခြင်း

တေန ခေါ ပန သမယေန ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော တဒဟုပေါသထေ ပန္နရသေ ကောမုဒိယာ စာတုမာသိနိယာ ပုဏ္ဏာယ ပုဏ္ဏမာယ ရတ္တိယာ ရာဇာမစ္စ ပရိဝုတော ဥပရိပါသာဒဝရဂတော နိသိန္နော ဟောတိ။ *(ဒီ- ၁- ၄၄)*

တေနခေါပန သမယေန- ဗုဒ္ဓ၏ ရာဇဂြိုဟ်မြို့၏အနီး ဇီဝက၏ သရက်ဥယျာဉ်ရှိ သရက်တောကျောင်းတိုက်၌ သီတင်းသုံးရာ ထိုအခါ၌၊ **မာဂဓော-** မာဂဓတိုင်း၏ အစိုးရဖြစ်သော၊ **အဇာတသတ္တု-** အဇာတသတ်မည်သော၊ **ဝေဒေဟိပုတ္တော-** ဝေဒေဟီ မိဖုရား၏ သားတော်ဖြစ်သော၊ **ရာဇာ-** မင်းသည်၊ **ပန္နရသေ-** တစ်ဆယ့်ငါးရက်တို့၏ ပြည့်ကြောင်းဖြစ်သော၊ **ဥပေါသထေ-** ဥပုသ်နေ့ဖြစ်သော၊ **တဒဟု-** ထိုနေ့၌၊ **ကောမုဒိယာ-** ကုမုဒြာကြာပွင့်တုန်းဖြစ်သော၊ **စာတုမာသိနိယာ-** မိုးလေးလတို့၏ ပြည့်ကြောင်းဖြစ်သော၊ **ပုဏ္ဏာယ-** လ, ဥတု, နှစ်အားဖြင့်ပြည့်သော၊ **ပုဏ္ဏမာယ-** တန်ဆောင်မုန်းလပြည့်ဖြစ်သော၊ **ရတ္တိယာ-**

ညှဥ်၍၊ **ရာဇာမစ္စပရိဂုတော**– လက်အောက်ခံ မင်း, အမတ်တို့သည် ခြံရံအပ်သည်ဖြစ်၍၊ **ဥပရိပါသာဒဝရဂတော**– မြတ်သော ပြာသာဒ်၏ အထက်ထပ်၌ ရောက်သည်၊ **ဟုတွာ**– ဖြစ်၍၊ **နိသိန္နော**– ထိုင်နေသည်၊ **တောတိ**– ဖြစ်၏။

ရာဇာ အဓိပ္ပါယ်

(၁) ရဇတိတိ အတ္တနော ဣဿရိယ သမ္ပတ္တိယာ ဒိဗ္ဗတိ သောဘတိတိ ရာဇာ။

မိမိ၏ ဣဿရိယ သမ္ပတ္တိဟူသော အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ ပြည့်စုံခြင်းဖြင့် တောက်ပတင့်တယ်တတ်သောကြောင့်၊ ရာဇာ– မင်းမည်၏။ *(အနိုးဂုံခြင်း ခည်းမိမိမှင့် တင့်တယ်တောက်ပသောကြောင့် ရာဇာခေါ်သည်ဟူလို။)*

(၂) စတူဟိ သင်္ဂဟဝတ္ထူဟိ မဟာဇနံ ရဉ္ဇေတိ ဝမ္မေတိတိ ရာဇာ။

လေးပါးကုန်သော သင်္ဂဟဝတ္ထုတို့ဖြင့် လူအများကို နှစ်သက်စေတတ်, ကြီးပွါးစေတတ်သောကြောင့်၊ ရာဇာ– မင်းမည်၏။ *(ဒီ ၄– ၁– ၁၂၃၊ မဟာဋီ– ၂၀၉၊ ငိုသစ် ဒုအုပ်– ၆)*

(၃) မိမိကို ချစ်ခင်လေးစားလာအောင် ချီးမြှောက်ကြောင်းဝတ္ထုကို သင်္ဂဟဝတ္ထု ခေါ်သည်။ ထိုသင်္ဂဟဝတ္ထု လေးမျိုးကား–

(က) ဒါန – ပေးကမ်းခြင်း, လှူဒါန်းခြင်း, စွန့်ကြဲခြင်း။

(ခ) ပေယျဝဇ္ဇ – ချစ်ခင်ဖွယ်စကားပြောဆိုခြင်း။

(ဂ) အတ္ထစရိယ – သူ၏အကျိုးအစီးအပွါးကို ပြုကျင့်ခြင်း။

(ဃ) သမာနတ္တတာ– မိမိနှင့်တန်းတူထား၍ ဆက်ဆံခြင်းတို့တည်း။ *(အံ– ၃– ၅၅)*

အဇာတသတ် အဓိပ္ပါယ်နှင့် အကြောင်းအရာ

အဇာတောယေဝ ရညော သတ္တု ဘဝိဿတိတိ နေမိတ္တကေဟိ နိဒ္ဒိဋ္ဌောတိ အဇာတသတ္တု။ *(ဒီ ၄– ၁– ၁၂၃)*

အဇာတောယေဝ– မဖွားသေးမီကပင်လျှင်၊ **ရညော**– ခမည်းတော်ဗိမ္ဗိသာရမင်းကြီး၏၊ **သတ္တု**– ရန်သူသည်၊ **ဘဝိဿတိ**– ဖြစ်လတ္တံ့၊ **ဣတိ**– ဤသို့၊ **နေမိတ္တကေဟိ**– နိမိတ်ကျမ်းကို ရွတ်ဖတ်သော ဆရာတို့သည်၊ **နိဒ္ဒိဋ္ဌော**– ညွှန်ပြအပ်ပြီ၊ **ဣတိ**– ထို့ကြောင့်၊ **အဇာတသတ္တု**– အဇာတသတ္တုမည်၏၊ *(အဇာတ– မဖွားမီကပင်၊ သတ္တု– ခမည်းတော်၏ရန်သူ၊ အဇာတသတ္တု– မဖွားမီကပင် ခမည်းတော်၏ရန်သူ။ အရပ်ခေါ် အဇာတသတ်ခေါ်သည်။)*

ထိုအဇာတသတ်မင်းနှင့်စပ်၍ အကြောင်းအရာကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ဖွင့်ပြထားလေသည်။

(၁) အဇာတသတ်မင်း ဖြစ်မည့်ပုဂ္ဂိုလ်သည် မယ်တော်ဝမ်း၌ ပဋိသန္ဓေတည်သည်ဟု ဆိုလျှင်ပင် မိခင်လောင်းမယ်တော်မှာ လင်ယောကျ်ားဖြစ်သော ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ လက်မောင်းသွေးကို သောက်လိုသော အလွန်အကဲ တောင့်တသော ချင်ခြင်း ဖြစ်လေသည်။

(၂) အလွန်တာဝန်လေးသော ကိစ္စဖြစ်၍ မည်သူ့ကိုမျှ ဖွင့်ဟမပြောဘဲ ကြိတ်မှိတ်၍ သည်းခံနေရာ ပိန်ကြုံလှီပြီး ရုပ်ဆင်းအင်္ဂါ ကျဆင်းနေသည့်အတွက် ဗိမ္ဗိသာရမင်းကြီးက အတန်တန်မေးမှ အမှန်အတိုင်း ဖွင့်ဟပြောဆိုလေသည်။

(၃) ဗိမ္ဗိသာရမင်းကြီးသည် သဘောထားလည်းကြီး, သောတာပန်အရိယာပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သောကြောင့် စိတ်အနှောင့်အယှက်မဖြစ်ဘဲ ဆေးသမားကိုခေါ်၍ ဓားဖြင့်လက်မောင်းသွေးကို ဖောက်စေ၍ ရေနှင့်ရော၍ ကြည်ဖြူစွာပင် မိဖုရားကြီး၏ ချင်ခြင်းကို ပြေပျောက်ပေးလေသည်။

(ဂေမဂျေဘဲ သွေးချည်းသောက်ခေပါက ကိုယ်ဝန်သည်မိခင်လောင်းမှာ အသက်ကြေခဲ၍ ရေနှင့်ရောတိုက်ခြင်းဖြစ်ကြောင်း ဋီကာတို ဖွင့်ဆိုလေသည်။ မဟာဋီ– ၂၀၉၊ ငိုသစ် ဒုအုပ်– ၆)

(၄) နိမိတ်ဖတ်ဆရာတို့သည် ထိုအကြောင်းကိုကြား၍ 'ဤကိုယ်ဝန်ကလေးသည် အဖဖြစ်သောမင်းကို သတ်လတ္တံ့,'

ဟု နိမိတ်ဖတ်ကြလေသည်။ ယင်းကိုအကြောင်းပြု၍ 'အဇာတသတ္တု- မဖွါးမီကပင် အဖ၏ရန်သူ' အဇာတသတ်ဟူ၍ အမည်တွင်ခြင်း ဖြစ်လေသည်။

(၅) ဝေဒေဟီမိဖုရားသည် 'မင်းကိုသတ်လတ္တံ့' ဟူသော သတင်းကိုကြား၍ ဥယျာဉ်သို့သွားရောက်၍ ကိုယ်ဝန်ကို နှိပ်နယ်၍ အကြိမ်ကြိမ်ဖျက်ချရန် ကြိုးစားသော်လည်း ကိုယ်ဝန်မပျက်ဘဲ ရှိလေသည်။

(၆) ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးကြား၍ မိဖုရားကို ဆုံးမစကား ပြောကြားပြီးလျှင် ကိုယ်ဝန်မဖျက်ချနိုင်အောင် ကိုယ်ဝန်အစောင့်အရှောက်ဖြင့် ထားလေသည်။ *(သင်္ဘောသား အလွန်ကြီးသော သောတာပန်မင်းကြီးပေတကား။)*

(၇) ဝေဒေဟီမိဖုရားလည်း 'မီးဖွားလျှင်ဖွားချင်း သတ်တော့အံ့' ဟု ကြံသော်လည်း မီးဖွားသောအခါ၌ အစောင့်အရှောက်တို့က မင်းသားလေးကို ယူဆောင်သွားကြလေသည်။ အတော်လေး အရွယ်ရောက်သောအခါမှ မိဖုရားကို ပြလေရာ သားတည်းဟူသော ချစ်ခြင်းသည် ဖြစ်ပေါ်လာ၍ သတ်လိုသောစိတ် ငြိမ်းသွားလေသည်။

(၈) အဇာတသတ်မင်းသား အရွယ်ရောက်လာသောအခါ၌ ဗိမ္ဗိသာရမင်းကြီးသည် သားတော်အဇာတသတ်မင်းသားအား အိမ်ရှေ့မင်းအဖြစ်ကို အပ်နှင်းတော်မူလေသည်။

အဇာတသတ် ဒေဝဒတ်၏ ဖြားယောင်းခြင်းကို ခံရခြင်း

(၁) အဇာတသတ်မင်းသား အိမ်ရှေ့မင်း ဖြစ်လာချိန်၌ ဒေဝဒတ်စဉ်းစားသည်မှာ 'သာရိပုတြာ, မောဂ္ဂလာန်, မဟာကဿပတို့၏ ပရိသတ်မှာကား များလှ၏။ ဗုဒ္ဓ၏ ဦးစားပေး အကြီးအမှူး ရာထူးကိုလည်း ရသူတွေ ဖြစ်ကြ၏။ ငါကား အထီးကျန်သူတစ်ဦး ဖြစ်နေပြီ။ ငါလည်း ပရိသတ်များအောင်လုပ်မှ ဖြစ်တော့မည်' ဟု အကြံဖြစ်လေပြီ။

(၂) ဒေဝဒတ်သည် ပရိသတ်များရန်မှာ လာဘ်လာဘနှင့်ကင်း၍ များအောင်လုပ်၍ မရနိုင်ကြောင်းကို သိမြင်ပြီး လာဘ်ပေါ်များအောင် ဘယ်နည်းရှိသနည်းဟု ကြံစည်သောအခါ 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါးမှန်းကို ကျကျနန နားမလည်သေးသော အိမ်ရှေ့မင်း အဇာတသတ်ကို ဖျားယောင်းခြင်းမှတပါး အခြားမရှိပြီဟု ကြံစည်မိ၍ တန်ခိုးဖြင့် အဇာတသတ်အား ဖျားယောင်းကာ မိမိအား ကြည်ညိုအောင် ပြုလုပ်နိုင်ခဲ့လေသည်။ *(အကျယ်ကို ဝိနည်းစူဠဝါ ပါဠိတော် သံဃဘေဒကအခန်း၌ ရှုပါ။)*

(၃) အဇာတသတ် အိမ်ရှေ့မင်းသည် ဒေဝဒတ်ကို အလွန်အမင်း အထင်ကြီးသည်ဖြစ်၍ နေ့စဉ်ဆွမ်းအုပ်ငါးရာ ပေးလှူပြီး နံနက်တစ်ကြိမ်, ညတစ်ကြိမ် တစ်နေ့နှစ်ကြိမ် ဒေဝဒတ်အား ဆည်းကပ်ကိုးကွယ်လေရာ ဒေဝဒတ်သည် အဇာတသတ်နှင့် အလွန်ရင်းနှီးသော အခြေအနေသို့ ရောက်သွားလေသည်။

(၄) ထိုအခါ၌ ဒေဝဒတ်သည် 'မင်းသား ရှေးကလူတွေ အသက်ရှည်ကြသည်။ ယခုခေတ်လူတွေ အသက်တိုကြသည်။ ခမည်းတော် နတ်ရွာစံအောင် စောင့်လျှင် ရှင်ဘုရင်ဖြစ်မှာမဟုတ်ဘူး။ သင်မင်းသားက ဘုရင်ကိုသတ်၍ ဘုရင်လုပ်။ ငါက ဗုဒ္ဓကိုသတ်၍ ဗုဒ္ဓလုပ်မည်' ဟု မသူတော်စကားဖြင့် တိုက်တွန်းလေပြီ။

(၅) အဇာတသတ်သည် 'အရှင်ဒေဝဒတ်သည် တန်ခိုးကြီး၏။ အရှင်ဒေဝဒတ် မသိသောအရာ မရှိ' ဟု အလွန်အကျွံ အထင်ကြီးသောစိတ်က လွှမ်းမိုးနေသောကြောင့် ခမည်းတော်ကိုသတ်ရန် သန်လျက်ဓားကို ပေါင်တွင်း၌ဖွက်၍ နေ့လယ်အချိန် နန်းတွင်းသို့ဝင်ရာ၌ အမူအရာပျက်နေသည်ကို သိကြသော မင်းချင်းယောကျ်ားတို့သည် အဇာတသတ်အား ဖမ်း၍စစ်ဆေးရာ အကြောင်းစုံကိုသိ၍ မင်းကြီးအား လျှောက်တင်ကြလေသည်။

(၆) ဗိမ္ဗိသာရမင်းကြီးသည် သောတာပန်အရိယာမင်းတစ်ဦး ဖြစ်သည့်အားလျော်စွာ မင်းအဖြစ်ကို သားတော် အဇာတသတ်အား အပ်နှင်းလိုက်လေပြီ။ *(အဘယ်မည်သော ပုထုဇဉ်မင်းသည် ဤမျှလောက် သင်္ဘောသားကြီးနိုင်ပါမည်နည်း။)*

(၇) အဇာတသတ်လည်း ဆရာဖြစ်သူ ဒေဝဒတ်အား 'မသတ်ရဘဲ မင်းအဖြစ်ကိုရကြောင်း' လျှောက်တင်ရာ ဒေဝဒတ်က 'မင်းသား သင်သည် မြေခွေးကို အတွင်းကထားပြီး စည်ကြက်သော ယောကျ်ားကဲ့သို့ ငါတော့ဟန်ပြီဟု အောက်မေ့မှတ်ထင်သလော။ *(သားရေမှင် ကြက်ရသည်အတွက် ခွေးက သားရေကို ကိုက်ဖောက်၍ ထွက်လိမ့်မည်ဟု ဆိုလိုသည်။)* တစ်ရက်နှစ်ရက်အတွင်း ပြန်သိမ်းယူလိမ့်မည်။ အမြစ်ပြတ်အောင် သတ်လော့' ဟူ၍ တိုက်တွန်းလေပြီ။ *(အလွန်ပက်ပက်စက်စက် ရက်ရက်စက်စက် အလွန်ယုတ်မာသော တိုက်တွန်းချက်တည်း။ ထို့ကြောင့် ထိုကဲ့သို့ ယုတ်မာသော ပုဂ္ဂိုလ်များကို ဆရာမတင်မိအောင် အရောတဝင် ပေါင်းသင်းခြင်း မပြုမိအောင် အထူး*

သတိပြုသင့်လှပေသည်။)

(၈) အဇာတသတ်သည် မင်းမျိုးမည်သူတို့ကို လက်နက်ဖြင့် သတ်ရိုးထုံးစံမရှိသည့်အတွက် 'ဘယ်ပုံဘယ်နည်း သတ်ရမည်နည်း' ဟု မေးရာ 'အစာဖြတ်၍ သတ်လော့' ဟု ဒေဝဒတ် အကြံပြုသည့်အတိုင်းပင် ခမည်းတော်အား ထောင်သွင်းအကျဉ်းချ၍ အစာမကျွေးဘဲထားသော အပြစ်ဒဏ်ကို ပေးလေပြီ။ မယ်တော်မှတပါး အခြားသူများ မသွားရဟုလည်း မင်းမိန့်ထုတ်လေပြီ။

(၉) မိဖုရားလည်း မင်းကြီးအား ရင်ခွင်ဖြင့် ထမင်းခွက်ကို ဖွက်ယူ၍လည်းကောင်း, ထိုအခွင့်ကို မရသောအခါ ဆံထုံး၌ ဖွက်ယူ၍လည်းကောင်း, ထိုအခွင့်ကို မရသောအခါ ခြေနင်း၌ ဖွက်ယူ၍လည်းကောင်း, ထိုအခွင့်ကို မရသောအခါ ခန္ဓာကိုယ်ကို နံ့သာရေဖြင့် သန့်စင်၍ စတုမဓုကို လိမ်း၍လည်းကောင်း မင်းကြီးအား အာဟာရဖြင့် ပြုစုလုပ်ကျွေးလေသည်။

(၁၀) မင်းကြီးသည် မိဖုရား၏ကိုယ်ကို လျှာဖြင့်လျက်၍ မျှတရလေပြီ။*(သောတာပန် ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို လည်းကောင်း, သူတပါးတို့ကိုလည်းကောင်း မိမိပယောဂဖြင့် သေအောင်ပြုလုပ်ကြီး မပြုကြပေ။ အစာကျွေးလျက် အစာမစားဘဲ နေခြင်းသည်လည်း မိမိကိုယ်ကို သေကြောင်းကြံစည်သည်နှင့်တူ၍ ထိုသို့ မိဖုရားကိုယ်ကိုလျက်၍ အာဟာရကို သုံးဆောင်ခြင်း ဖြစ်လေသည်။) (မဟာဋီ- ၂၁၀၊ ဋီသစ် ဒုအုပ်- ၈)*

(၁၁) ထိုအကြောင်းကိုလည်း အဇာတသတ်မင်း ကြားသိလေလျှင် မယ်တော်ကို မင်းကြီးထံသို့ လုံးဝမသွားရန် အမိန့်ထုတ်လေပြီ။ ဗိမ္ဗိသာရမင်းကြီးသည် အစာကို မစားရသောအခါ၌ လမ်းလျှောက်၍ သောတာပတ္တိဖိုလ်ချမ်းသာဖြင့် မျှတ၍နေလေသည်။ ထိုဖလချမ်းသာဖြင့် စိတ်အလွန်ချမ်းသာ အေးမြမှုရသည် ဖြစ်သောကြောင့် အသားအရေတို့သည် ရှေးကထက်ပင် စိုပြေ၍ ရှိလာလေသည်။

(၁၂) ထိုအကြောင်းကိုလည်း အဇာတသတ်မင်း သိပြန်သောကြောင့် မသွားနိုင်အောင် ခြေဖဝါးကို ဓားနှင့်ခွဲရန်ကို လည်းကောင်း, ဆားထည့်ထားသောဆီကို လောင်းထည့်၍လည်းကောင်း, ရဲရဲညီးသော ရှားမီးခဲဖြင့် ကင်ရန်ကိုလည်းကောင်း မင်းအာဏာပေးလေပြီ။

(၁၃) ဗိမ္ဗိသာရမင်းကြီးသည် ထိုအမှုများကို ပြုလုပ်ခံရရာ၌ အလွန်ပြင်းထန်သော ဒုက္ခဝေဒနာကို သည်းခံလျက် 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါးဂုဏ်တို့ကို အာရုံပြုရင်း အညာမှကြွေသောပန်းသည် တပြေးပြေးညှိုးနွမ်းသကဲ့သို့ နတ်ရွာစံ၍ စာတုမဟာရာဇ်နတ်ပြည်၌ 'ဇနဝသဘ' မည်သော နတ်သားဖြစ်လေပြီ။ *(ဒီ ၅- ၁- ၁၂၃ မှ ၁၂၆ ထိ)*

တရားသဘော

အထက်ပါ ဖြစ်ရပ်များကို သုံးသပ်လျှင် ပုထုဇဉ်တို့မည်သည် 'လောဘ, ဒေါသ, မောဟ' တို့ အရှိန်အားကောင်းသောအခါ မိဘကိုပင် သတ်ရဲသည်အထိ အကုသိုလ်အမှုကြီးကို ပြုလုပ်ကျူးလွန်ဝံ့ကြသည်ကိုထောက်၍ ပုထုဇဉ်အဖြစ်ကို ရွံမုန်းကြလျက် **သောတာပန်အရိယာတို့၏ နလုံးရည်သည်လည်း အဘယ်မျှ စွမ်းရည်သတ္တိရှိသည် တူသောအချက်ကို သတိပြုကြ၍ ပုထုဇဉ်အဖြစ်မှလွတ်အောင် အစွမ်းကုန် ကြိုးစားအားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

(၁၄) ဗိမ္ဗိသာရမင်းကြီးသည် ရှေးဘဝတစ်ခု၌ စေတီရင်ပြင်၌ မရိုသေ မလေးစားသောစိတ်ဖြင့် ဖိနပ်စီး၍သွားသောကြောင့် လည်းကောင်း၊ သံဃာတော်များအတွက် ခင်းထားသော အခင်းပေါ်ကို ခြေမဆေးဘဲ နင်းသောကြောင့်လည်းကောင်း ထိုသို့ ခြေဖဝါးကို ဓားခွဲခံရခြင်းဖြစ်ကြောင်း အဋ္ဌကထာဆရာ ဖွင့်ဆိုလေသည်။ *(ဒီ ၅- ၁- ၁၂၆)*

နောင်တရလေပြီ

(၁) အဇာတသတ်၏ ခမည်းတော် ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံသောနေ့၌ပင် အဇာတသတ်မင်း၏ မိဖုရား၌ သားတော် တစ်ပါး ဖွားမြင်လေသည်။ အမတ်တို့သည် သဝဏ်လွှာနှစ်စောင်ကို မင်းကြီးအား ဆက်ကပ်ရာ၌ အမင်္ဂလာကို နောက်ထား၍ မင်္ဂလာသဝဏ်လွှာကို ရှေးဦးစွာ ဆက်ကပ်ကြလေသည်။

(၂) အဇာတသတ်မင်းသည် သားတော်ဖွားမြင်ကြောင်း သဝဏ်လွှာကိုဖတ်၍ သား၌ဖြစ်သော ချစ်ခြင်းစိတ်သည် တစ်ကိုယ်လုံးကို ချောက်ချားစေ၍ အရေကိုဖောက် အသားကိုထွင်း၍ ရိုးတွင်းခြင်ဆီအထိ ထိခိုက်လေတော့သည်။

(၃) ထိုအခါ ကိုယ်ချင်းစာသောစိတ် ဖြစ်ပေါ်လာ၍ 'ငါ၏ခမည်းတော်လည်း ငါ့ကို ယခုကဲ့သို့ ဒီလိုချစ်မှာပဲ' ဟူသော အကြံဖြစ်ပြီး 'အမတ်ကြီးတို့ ငါကား လက်လွှန်သွားလေပြီ။ ယခုပင်လျှင် ငါ၏ခမည်းတော်အား အကျဉ်းထောင်မှ လွှတ်ကြလော့' ဟူ၍ အမိန့်ပေးလေရာ နောက်ထပ်ဆက်ကပ်လာသော အမင်္ဂလာသဝဏ်လွှာကိုဖတ်၍ 'ငါ့ကြောင့် ခမည်းတော် နတ်ရွာစံပါပေါ့' ဟူ၍ ချုံးပွဲချငိုကြွေးလေတော့သည်။

(၄) အဇာတသတ်မင်းသည် ပူဆွေးသောကပြင်းစွာနှင့် မယ်တော်ထံသွားပြီး 'ခမည်းတော်သည် သားတော်ကို ဖွားမြင်သော အခါ၌ သားတော်ကို ချစ်ရဲ့လား' ဟု မေးလေရာ 'ဘယ်လိုပြောလိုက်တာလဲ သားရယ်။ သားငယ်စဉ်က သား၏လက်ချောင်းမှာ သွေးစုနာပေါက်၍ ငိုနေသည်ကို အငိုတိတ်အောင် မယ်တော်ရော, နို့ထိန်းတို့ရော မည်သူမျှ မတတ်နိုင်ကြ၍ သားရဲ့ခမည်းတော်ဆီသို့ ပို့ပေးရာ ထိုအချိန်မှာ သားခမည်းတော်ဟာ တရားဆုံးဖြတ်ရာအရပ်မှာ တရားဆုံးဖြတ်နေတဲ့အချိန်။ သားငိုနေတာမြင်တော့ ချစ်လွန်းလို့ သွေးစုနာပေါက်တဲ့ သားလက်ကို ပါးစပ်နဲ့ ငုံထားပေးရာ ပါးစပ်ထဲမှာပဲ သွေးစုနာမှပြည်တွေ ပေါက်ကွဲထွက်ကျသည်ကို သားကိုချစ်တဲ့ စိတ်ကြောင့် ပြည်တွေကို ထွေးမပစ်ဘဲ မျိုချပြီး သားရဲ့သွေးစုနာလက်ကို ငုံမြဲငုံထားတယ်။'

(၅) အဇာတသတ်မင်းသည် ထိုစကားကိုကြားလျှင် ပြင်းထန်စွာ ယူကြုံးမရဖြစ်ပြီး ငိုကြွေးမြည်တမ်းပြီးနောက် ခမည်းတော် အား မီးသင်္ဂြိုဟ်မှုကိစ္စကို ပြုလေသည်။ *(ဒီ ၅- ၁- ၁၂၆)*

တရားသဘော

အမှန်စင်စစ် အဇာတသတ်မင်းသည် သောတာပန်အရိယာဖြစ်သော သူတော်ကောင်းဘုရင် ဗိမ္ဗိသာရမင်းကြီး၏ သားတော်အရင်းအချာ ဖြစ်လေသည်။ အသိဉာဏ်မကြွယ်ဝမိ ဒေဝဒတ်၏ လှည့်စားဖြားယောင်းခြင်းကို ခံလိုက်ရသည့်အတွက် ဒေဝဒတ်ကို ဆရာတင်မှားပြီး အဇာတသတ်မင်း၏ ဘဝတစ်သက်တာမှာ ဘယ်လိုမှပြုပြင်လို့မရနိုင်သော သေလျှင်ငရဲသို့ရောက်ရမည် ဖြစ်သော ပိတုဃာတကံဖြစ်သော ခမည်းတော်ကို သတ်မိသော အမှားကြီးတစ်ခုကို ကျူးလွန်မိခဲ့လေပြီ။ အလွန်သတိသံဝေဂယူဖွယ် ကောင်းလှပေသည်။ ထို့ကြောင့် လမ်းလွဲလမ်းမှားကို ပို့ဆောင်ပေးမည့် အပေါင်းအသင်း ပတ်ဝန်းကျင် ဆရာစသည်များကို **အထူးသတိပြု၍ ရှောင်ကြဉ်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

အဇာတသတ်ဆရာ ဒေဝဒတ်

(၁) အဇာတသတ်မင်း ကိုးကွယ်သော ဆရာဒေဝဒတ်သည် အဇာတသတ်မင်း၏ အကူအညီကိုယူ၍ လူသတ်သမားတို့အား စေလွှတ်၍လည်းကောင်း, မိမိကိုယ်တိုင်လည်း ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ ကျောက်တုံးကြီးကို လှိမ့်ချ၍လည်းကောင်း, နာဠာဂီရိဆင်ကို လွှတ်၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ ဗုဒ္ဓအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားသော်လည်း ဗုဒ္ဓအား သတ်ဖြတ်ခြင်းငှာ မစွမ်းနိုင်သည့် အပြင် အဇာတသတ်မင်းကြီးမှစ၍ လူအများ၏ အကြည်ညိုပျက်ခြင်းကို ခံရသည်ဖြစ်၍ ဒေဝဒတ်သာ လာဘ်လာဘ ဆုတ်ယုတ်သွား လေသည်။

(၂) နောက်ဆုံးတွင် လှည့်ကွက်တစ်မျိုးဖြင့် ဗုဒ္ဓထံမှ ဝတ္ထု ငါးမျိုး တောင်းရာ၌ *(မဂ္ဂမှန်းသိလျက် တောင်းခြင်းဖြစ်သည်။)* မရသည့်အတွက် သံဃာကိုသင်းခွဲမှု သံဃဘေဒကကံဟူသော ပြစ်မှုကြီးကိုပါ ကျူးလွန်ပြန်လေသည်။ *(ဒေဝဒတ်၏ 'လောဘ, ဒေါသ, မောဟ' တို့ကား အလွန်ပင် ကြောက်စရာကောင်းလှပေတကား။)*

(၃) ထိုပြစ်မှုကြီးများကို ကျူးလွန်ပြီး၍ ဒေဝဒတ်သည် အထီးကျန်ဘဝသို့ရောက်၍ အားကြီးသော သောကမီးကြောင့် ပါးစပ်မှ သွေးပွက်ပွက် အန်ထွက်၍ အိပ်ရာထက်၌ ကိုးလတိုင် လူမမာဘဝဖြင့် နေရရာမှ သတိသံဝေဂ ရလာသည်ဖြစ်၍ ဗုဒ္ဓအား မိမိ၏ အမှားကို တောင်းပန်ဝန်ချရန် အနီးကပ်ပြုစုနေသော မိမိ၏တပည့်တို့ကို ဗုဒ္ဓထံသို့ ပို့ဆောင်စေလေသည်။

(၄) ဒေဝဒတ်ကား ဗုဒ္ဓကို ဝန်ချတောင်းပန်ချင်စိတ် ဖြစ်ပေါ်လာသည်ကား နောက်ကျခဲ့လေပြီ။ ဒေဝဒတ်ကျူးလွန်သော ပြစ်မှုတို့သည် အလွန်ဝန်လေးသော ပြစ်မှုကြီးများဖြစ်၍ ဤဘဝမှာ ဤခန္ဓာကိုယ်ဖြင့် ဗုဒ္ဓအား ဖူးမြော်ခြင်းငှာ မထိုက်သော ခန္ဓာ ကိုယ်အဖြစ်သို့ ရောက်သွားခဲ့လေပြီ။

(၅) မှန်ပါသည်။ တပည့်တို့သည် ဆရာဒေဝဒတ်အား ထမ်းစင်ဖြင့်ထမ်း၍ ဗုဒ္ဓရှိရာ ဇေတဝန်ကျောင်းတော်သို့ ဆောင်လာခဲ့ကြ

ရာ ဇေတဝန်ကျောင်းတော်မုခ်ဦး၌ ရောက်တွေ့သည်ဖြစ်၍ ထမ်းစင်ကို ခဏချ၍ ရေချိုးကြရာတွင် ဒေဝဒတ်လည်း အိပ်ရာမှ မထနိုင်သည်မှာ ကိုးလတာကြာပြီဖြစ်သောကြောင့် အားယူ၍ အိပ်ရာမှထပြီးနောက် ထမ်းစင်ထက်မှ မြေကြီးသို့ ခဏအညောင်းဆန့်လို၍ ဆင်းရာတွင် မြေကြီးနှင့်ခြေထောက် ထိမိသည်ဟုဆိုလျှင်ပင် ခြေထောက်သည် မြေကြီးထဲသို့ ကျွံနစ်၍ ဝင်သွားလေသည်။ ရှိရှိသမျှ အားကုန်ရုန်းပါသော်လည်း ရုန်းလေဝင်လေနှင့် လည်ပင်းအထိ ရောက်သောအခါ၌ 'ဤကြွင်းကျန်နေသော လက်ချောင်းတို့ဖြင့်လည်းကောင်း, အရိုးတို့ဖြင့်လည်းကောင်း အတုမရှိသောဗုဒ္ဓအား ရှိခိုးပူဇော်ပါ၏' ဟူ၍ ရှိခိုးရင်းပင် မြေထဲသို့ စုံးစုံးမြုပ်ဝင်သွားကာ အဝီစိငရဲ၌ ကျခံရလေတော့သည်။ (*လူမိုက်တို့၏ သွားရာလမ်းအတိုင်း သွားရခြင်းပင်တည်း။ ။ဤသို့ကားအကျဉ်းသာတည်း။ အကျယ်ကို ဝိနည်းနှင့်ဝါဋ္ဌ၌ရှုပါ။ ဒီ ၅– ၁– ၁၂၇*)

အဇာတသတ်မင်းသည် ဝေဒေဟီမိဖုရားကြီး သားဖြစ်ပုံကိုရှင်းချက်

အဇာတသတ်မင်းသည် ဝိဒေဟမင်း၏ သမီးတော်၏ သားမဟုတ်ပါ။ မဟာကောသလမင်းကြီး၏ သမီးတော်ဖြစ်သော ဝေဒေဟီမိဖုရားကြီး၏ သားတော်ဖြစ်လေသည်။ 'ဝေဒေဟီ' ဟူသော အဓိပ္ပါယ်မှာ 'ဝေဒ' ဉာဏ်၊ 'ဤဟ' အားထုတ်ခြင်း၊ 'ဝေဒေဟီ– ဉာဏ်ဖြင့်အားထုတ်တတ်သော မိဖုရား' ဟု အဓိပ္ပါယ်ရလေသည်။ အဇာတသတ်မင်းသည် ထိုဝေဒေဟီမိဖုရား၏ သားတော်ဖြစ်သည်။ ထို့ကြောင့် ပါဠိတော်မှာ 'ဝေဒေဟိပုတ္တော' ဟူ၍ ဟောတော်မူခြင်းဖြစ်သည်။ ဝေဒေဟီမိဖုရားနှင့် ပသေနဒီကောသလမင်းကြီးတို့သည် မောင်နှမအရင်းတည်း။ ထို့ကြောင့် အဇာတသတ်မင်းသည် ပသေနဒီကောသလမင်းကြီး၏ တူအရင်းဖြစ်လေသည်။ (*ဒီ ၅– ၁– ၁၂၇*)

တဒဟုပေါသထေ ရှင်းချက်

'တဒဟုပေါသထေ' ၌ 'တဒဟု, ဥပေါသထ' ဟု ပုဒ်ခွဲပြီး တဒဟု– ထိုနေ့၌ဟု အဓိပ္ပါယ်ရသည်။ ဥပေါသထအရ– ထိုနေ့ဟူသည် တန်ဆောင်မုန်းလပြည့်နေ့ဉ ဥပုသ်နေ့ဟု ဆိုလိုသည်။ 'ဥပေါသထ' ဟူသည် ဥပ– ပြည့်စုံစွာ၊ ဝသထ– နေကြခြင်း။ ပြည့်စုံကုန်သည်ဖြစ်၍ နေကြရာ၏အဖြစ်ကြောင့် ဥပေါသထ– ဥပုသ်ဟုခေါ်သည်။ အဘယ်သို့ပြည့်စုံစွာနေသနည်းဟူမူ သီလနှင့်ပြည့်စုံကုန်သည်ဖြစ်၍လည်းကောင်း, အစာမစားခြင်းနှင့် ပြည့်စုံသည်ဖြစ်၍လည်းကောင်း နေကြခြင်းကို 'ဥပေါသထ– ဥပုသ်စောင့်သည်' ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ထိုတွင် သီလနှင့် ပြည့်စုံစွာနေခြင်းသည် ဗုဒ္ဓသာသနာတော်၌ ဗုဒ္ဓစသည်ကို အာရုံပြု၍စောင့်သော အရိယဉပုသ်မျိုးကို ဆိုလိုသည်။ အစာမစားခြင်းနှင့် ပြည့်စုံစွာနေခြင်းဟူသည် သာသနာပအခါ၌ စောင့်ကြသော ဥပုသ်မျိုးကို ဆိုလိုသည်။(*ညစာမစားခြင်းကို ဆိုလိုသည်မဟုတ်။ လုံးဝအစာမစားဘဲ နေခြင်းကို ဆိုလိုသည်။*) (*ငြိသစ် ဒုအုပ်– ၁၀*)

ဥပေါသထသဒ္ဒါ ဟောနိုင်သောအနက်များ

ပြည့်စုံစွာနေခြင်းဟု အဓိပ္ပါယ်ရသော ဥပေါသထသဒ္ဒါသည် (၁) ပါတိမောက္ခုဒ္ဒေသအနက်၊ (၂) သီလအနက်၊ (၃) ဥပဝါသအနက်၊ (၄) ပညတ္တိအနက်၊ (၅) ဥပဝသိတဗ္ဗဒိဝသအနက် စသည်ဖြင့် အနက်များစွာတို့၌ ဖြစ်၏။

ပါတိမောက္ခုဒ္ဒေသ အနက်ဟော ဥပေါသထသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အထက်ပါဝါးနက်ရှိရာတွင် အဋ္ဌကထာဆရာသည် ရှေးဦးစွာ ဥပေါသထသဒ္ဒါ၏ ပါတိမောက္ခုဒ္ဒေသ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အာယာမာဝုသော ကပ္ပိန ဥပေါသထံ ဂမိဿာမ။ (*ဒီ ၅– ၁– ၁၂၇*)

အာဝုသော ကပ္ပိန– ငါ့ရှင်ကပ္ပိန၊ အာယာမ– လာ သွားကြစို့၊ ဥပေါသထံ– ဥပုသ်ပြုရာအရပ်သို့၊ ဂမိဿာမ– သွားကုန်အံ့။

အထက်ပါ ပါဠိရပ်သည် အဋ္ဌကထာက ပြဆိုသော ပါဠိရပ်တည်း။ ထိုပါဠိရပ်အရ ပါတိမောက္ခုဒ္ဒေသ ဟူသည် ရဟန်းသံဃာတို့ ဥပုသ်ပြုကြရာ၌ တစ်ပါးက ပါတိမောက်ရွတ်ပြသည်ကို ကျန်သံဃာများက ထ၍မသွားရဘဲ နားထောင်အပ်သောကြောင့် ပါတိမောက် ရွတ်ပြခြင်းဟူသော သံဃာ့ဥပုသ်ပြုခြင်းကို 'ဥပေါသထ'– သံဃာ့ဥပုသ်ပြုသည်ဟု ခေါ်သည်။ *(ဥပ– သီလစင်ကြယ်သည်၏ အစွမ်းနှင့် မှည်ရုံကုန်သော သီညွှတ်ကုန်သော ရဟန်းတို့သည်၊ 'ဝသထ'– ထ၍မသွားဘဲ နေရသောကြောင့် ဥပေါသထဥပုသ် ခေါ်သည်။)*

ဥပုသ်ပြုခြင်းနှင့်စပ်၍ မဟာကပ္ပိနနှင့် ဗုဒ္ဓ

ဤ၌ လေးပါး လေးပါးထက်အလွန်ရှိကုန်သော ရဟန်းသံဃာတော်တို့သည် 'ပါတိမောက္ခုဒ္ဒေသ' ခေါ် ၂၂၇ သွယ်ကုန်သော ပါတိမောက်သိက္ခာပုဒ်တို့ကို လစဉ်လပြည့်လကွယ် ဥပုသ်နေ့တိုင်း ရွတ်ပြခြင်းဟူသော သံဃာ့ဥပုသ်ကို တစ်သိမ်တည်း၌ ဥပုသ်ပြုကြရလေသည်။ ထိုသို့ သံဃာ့ဥပုသ်ပြုခြင်းနှင့်စပ်၍ ရဟန္တာအရှင်မြတ်ကြီးဖြစ်သော အရှင်မဟာကပ္ပိနမထေရ်သည် အောက်ပါအတိုင်း အကြံဖြစ်လေသည်။

ရာဇဂြိုဟ်ပြည် မဒ္ဒကုစ္ဆိသမင်တော၌ တစ်ပါးတည်း သီတင်းသုံးနေသော အရှင်မဟာကပ္ပိနမထေရ်သည် ပါတိမောက်ကို ရွတ်ပြခြင်းဟု ဆိုအပ်သော သံဃာ့ဥပုသ်ပြုရာသိမ်သို့ သွားရအံ့လော။ မသွားဘဲနေရအံ့လော။ စင်စစ် ငါသည် 'ပရမဝိသုဒ္ဓိ' လွန်ကဲသော စင်ကြယ်သူတည်းဟု စိတ်အကြံဖြစ်ရာတွင် အရှင်မဟာကပ္ပိနမထေရ်၏ ထိုစိတ်အကြံကို ဗုဒ္ဓသိတော်မူ၍ ကြွရောက်တော်မူလာပြီး အရှင်မဟာကပ္ပိနထေရ်အား အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။

တုမှေစ ဗြာဟ္မဏာ ဥပေါသထံ နသက္ကရိဿထ နဂရုကရိဿထ နမာနေဿထ နပူဇေဿထ၊ အထကော စရဟိ ဥပေါသထံ သက္ကရိဿတိ ဂရုကရိဿတိ မာနေဿတိ ပူဇေဿတိ။ ဂစ္ဆ တွံ ဗြာဟ္မဏ ဥပေါသထံ မာနော အဂမာသိ။ ဂစ္ဆ တွံ သံဃကမ္မံ၊ မာနော အဂမာသီတိ။ 'ဧဝံ ဘန္တေ' တိ ခေါ အာယသ္မာ မဟာကပ္ပိနော ဘဂဝတော ပစ္စဿောသိ။ *(ဝိနည်း မဟာဝါ– ၁၄၃ / ၁၄၄)*

ဗြာဟ္မဏာ– မကောင်းမှုမှ အပပြုပြီးသောရဟန်း၊ **တုမှေ**– သင်တို့ကဲ့သို့သော ရဟန်းတို့သည်၊ **သစေ**– အကယ်၍၊ **ဥပေါသထံ**– ဥပုသ်ပြုခြင်းကို၊ **နသက္ကရိဿထ**– အရိုအသေ မပြုကုန်အံ့၊ **နဂရုကရိဿထ**– အလေးအမြတ် မပြုကုန်အံ့၊ **နမာနေဿထ**– မမြတ်နိုးကုန်အံ့၊ **နပူဇေဿထ**– မပူဇော်ကုန်အံ့၊ **အထ**– ထိုသို့ဖြစ်လျှင်၊ **ကော စရဟိ**– အဘယ်သူသည်၊ **ဥပေါသထံ**– ဥပုသ်ပြုခြင်းကို၊ **သက္ကရိဿတိ**– အရိုအသေပြုလတ္တံ့နည်း၊ **ဂရုကရိဿတိ**– အလေးအမြတ်ပြုလတ္တံ့နည်း၊ **မာနေဿတိ**– မြတ်နိုးလတ္တံ့နည်း၊ **ပူဇေဿတိ**– ပူဇော်လတ္တံ့နည်း၊ **ဗြာဟ္မဏ**– မကောင်းမှုမှ အပပြုပြီးသောရဟန်း၊ **တွံ**– သင်ရဟန်းသည်၊ **ဥပေါသထံ**– ဥပုသ်ပြုရာသိမ်သို့၊ **ဂစ္ဆ**– သွားလေလော့၊ **မာနောအဂမသိ**– မသွားဘဲ မနေလင့်၊ **သံဃကမ္မံ**– သံဃကံပြုရာသိမ်သို့၊ **ဂစ္ဆ**– သွားလေလော့၊ **မာနောအဂမသိ**– မသွားဘဲ မနေလင့်၊ **ဣတိ**– ဤသို့၊ **အဝေါစ**– မိန့်တော်မူပြီ။

ဘန္တေ– ရှင်တော်ဗုဒ္ဓဘုရား၊ **ဧဝံ**– ကောင်းပါပြီ၊ **ဣတိခေါ**– ဤသို့လျှင်၊ **အာယသ္မာ မဟာကပ္ပိနော**– အရှင်မဟာကပ္ပိနသည်၊ **ဘဂဝတော**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓအား၊ **ပစ္စဿောသိ**– ပြန်ကြားလျှောက်ထား ဝန်ခံလေပြီ။

ပါတိမောက္ခုဒ္ဒေသ အနက်ဟော ဥပေါသထသဒ္ဒါက တရားဟောပုံသဘော

(၁) လူ့လောက၌ ဆိုင်ရာဆိုင်ရာ အစည်းအဝေး ရှိကြသည်။ အချို့အစည်းအဝေးတို့သည် ညီညွတ်မှုရှိကြပြီး အချို့ အစည်းအဝေးတို့သည် ညီညွတ်မှု မရှိကြပေ။ ညီညွတ်ခြင်းဟူသည် အများ၏ ခွင့်ပြုချက်အရ တစ်ဦးက အစည်းအဝေးနှင့်စပ်၍ ရှင်းလင်းတင်ပြ ပြောဆိုချက်များကို ကျန်သောပုဂ္ဂိုလ်တို့က ငြိမ်သက်စွာ စိတ်ဝင်တစား နားထောင်ကြသည်ကို ညီညွတ်သော အစည်းအဝေးခေါ်၍၊ မညီညွတ်သော အစည်းအဝေးဟူသည် တစ်ဦးက ပြောဆိုတင်ပြနေသည်ကို ကျန်ပုဂ္ဂိုလ်များက ငြိမ်သက်စွာ စိတ်ဝင်တစား နားထောင်မှုမရှိဘဲ စကားပြောဆိုနေကြခြင်း, အစည်းအဝေးမပြီးမီ ထသွားခြင်းများကို မညီညွတ်သော အစည်းအဝေး ခေါ်သည်။ ဗုဒ္ဓ၏ သာသနာတော်၌ ဗုဒ္ဓ၏ ဝိနည်းစည်းကမ်းအရ 'ပါတိမောက္ခုဒ္ဒေသ'– 'ပါတိမောက္ခ– ပါတိမောက် ခေါ် ဝိနည်းသိက္ခာပုဒ်တော်များကို၊ ဥဒ္ဒေသ– ရွတ်ပြခြင်း' လေးပါး လေးပါးထက်အလွန်ရှိကုန်သော ရဟန်းသံဃာတော်တို့သည် လပြည့်လကွယ်နေ့တွင် တစ်သိမ်တည်း၌ စုဝေးကြပြီး တစ်ပါးက ပါတိမောက် ခေါ် ဝိနည်းသိက္ခာပုဒ်တော်များကို ရွတ်ပြခြင်းကို ကျန်သံဃာများက

ထ၍မသွားဘဲ ငြိမ်သက်စွာ နားထောင်ရခြင်း, ပြီးလျှင် ဝမ်းမြောက်နမော် သာဓုခေါ်ကြခြင်းကို ပါတိမောက်ပြခြင်း, သံဃာ့ဥပုသ်ပြုခြင်းဟု ခေါ်သည်။ အားလုံးသော သံဃာတော်တို့သည် သီလစင်ကြယ်မှု ရှိကြရပြီး ညီညွတ်ငြိမ်သက်စွာ နေထိုင်ရခြင်းဖြစ်သည်။ ထိုသို့ သံဃာ့ဥပုသ်ပြုသဖြင့် ပါရာဇိကကျသော, သီလပျက်စီးနေသော ရဟန်းများ ပါဝင်ခွင့်မရခြင်း၊ လပြည့်လကွယ်နေ့တွင် မိမိတို့၏ သီလစင်ကြယ်မှုကို တစ်ပါးနှင့်တစ်ပါး အလေးထားကြခြင်း၊ ညီညွတ်မှုကို ပြကြခြင်းဖြစ်သည်။ ထို့ကြောင့် ရဟန်းသံဃာတော်များ **ညီညွတ်စွာ စည်းဝေး၍ သံဃာ့ဥပုသ်ပြုကြသလို လူပုဂ္ဂိုလ်အပေါင်းတို့သည်လည်း ညီညီညွတ်ညွတ် ဝမ်းပမ်းတသာဖြစ်သော အစည်းအဝေးများကို ပြုလုပ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။ သီလစင်ကြယ်သူများလည်း ဖြစ်ကြပါကုန်လော့။**

(၂) အရှင်မဟာကပ္ပိနထေရ်သည် မိမိကိုယ်တိုင်က ရဟန္တာဖြစ်၍ ဗုဒ္ဓပညတ်ထားသော ဝိနည်းသိက္ခာပုဒ်များကို အသေး အမွှားကစ ဖောက်ဖျက်ခြင်း အလျဉ်းမရှိသောကြောင့် 'ပရမဝိသုဒ္ဓိ' အလွန်စင်ကြယ်သော သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်လေသည်။ ထို့ကြောင့် တစ်ပါးတည်းနေရင်းမှ သံဃာ့ဥပုသ်ပြုရာအရပ်သို့ 'သွားရမလား၊ မသွားဘဲနေရမလား' ဟူ၍ အကြံအစည် ဖြစ်နေရာတွင် ဗုဒ္ဓကြွတော်မူလာပြီး ထင်ရှားသော ရဟန္တာကြီးကိုယ်တိုင်က သံဃာ့ဥပုသ်ပြုခြင်းကို အလေးအမြတ်မထားလျှင် ကျန်သောပုထုဇဉ် သံဃာမြောက်များစွာတို့ အဘယ်သို့လျှင် အလေးအမြတ်ထားကြတော့မည်နည်းဟု မိန့်ကြားတော်မူပြီး ဥပုသ်ပြုခြင်းကို အလေးအမြတ် မထားလျှင် သာသနာဆုတ်ယုတ်ရန် ရှိသောကြောင့် ဗုဒ္ဓသည် အရှင်မဟာကပ္ပိန ရဟန္တာမထေရ်မြတ်ကြီးအား 'ဥပုသ်ပြုရာသို့ မသွားဘဲ မနေနှင့်၊ သွားလော့။ သံဃာ့ဥပုသ် မပြုဘဲ မနေနှင့်၊ ပြုလော့' ဟူ၍ တိုက်တွန်းသတိပေးစကား မိန့်ကြားတော်မူလေသည်။ ဤအချက်ကိုထောက်လျှင် အကြီးအကဲဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် ညီညီညွတ်ညွတ် စုပေါင်းလုပ်ကြရသော ကိစ္စအရပ်ရပ်တို့၌ ရှေ့ဆောင်ရှေ့ရွက်ပြုကာ အလေးအမြတ်ထား ပြုလုပ်ခြင်းဖြင့် ကျန်လက်အောက်ငယ်သားတို့လည်း အချောင်ခိုလိုစိတ်များ ပပျောက် ကာ ပေါ့ပေါ့ဆဆစိတ်များ ပပျောက်ကာ အလေးအမြတ်ပြုလုပ်ခြင်း, စိတ်ဝင်တစားပြုလုပ်ခြင်း, ညီညွတ်ခြင်း, အချိန်မှီအမှားကို ပြုပြင်နိုင်ခြင်း စသော အကျိုးတရားများကို ရရှိစေနိုင်သည်။ ထို့ကြောင့် **ညီညီညွတ်ညွတ် စုပေါင်းပြုလုပ်ရသော ကိစ္စအရပ်ရပ်၌ ရှေ့ဆောင်ပုဂ္ဂိုလ်မှစ၍ အောက်ထစ်ဆုံး ငယ်သားအထိ ညီညီညွတ်ညွတ် စိတ်ဝင်တစား အလေးအမြတ်ထား၍ ပြု လုပ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

သီလအနက်ဟော ဥပေါသထသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဥပေါသထသဒ္ဒါ၏ ပါတိမောက္ခုဒ္ဒေသ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဥပေါသထသဒ္ဒါ၏ သီလ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဧဝံ အဋ္ဌင်္ဂသမန္နာဂတော ခေါ ဝိသာခေ ဥပေါသထော ဥပဝုတ္ထော။ *(အံ- ၃- ၇၄)*

ဝိသာခေ- ဝိသာခါ၊ ဧဝံ- ဤသို့၊ အဋ္ဌင်္ဂသမန္နာဂတော- ရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံသော၊ ဥပေါသထော- ဥပုသ်ကို၊ ဥပဝုတ္ထော- စောင့်သုံးအပ်ပြီ။

သမာဒါနဝသေန, အဓိဋ္ဌာနဝသေနဝါ ဥပေစ္စ အရိယာဝါသာဒိအတ္ထံ ဝသိတဗ္ဗတော ဥပေါသထော။
(မဟာဋီ- ၂၁၁၊ သီဋီသစ် ဒုအုပ်- ၁၁)

သမာဒါနဝသေနဝါ- ဆောက်တည်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ **အဓိဋ္ဌာနဝသေနဝါ-** အဓိဋ္ဌာန်၏ အစွမ်းဖြင့်လည်း ကောင်း၊ ဥပေစ္စ- သီလသို့ကပ်ရောက်၍၊ အရိယဝါသာဒိအတ္ထံ- အရိယာတို့နေခြင်း အစရှိသောအကျိုးငှာ၊ ဝသိတဗ္ဗတော- ကျင့်သုံးထိုက်၏။ *(ဥပ- သီလသို့ကပ်ရောက်၍၊ ဝသထ- နေခြင်း၊ ထို့ကြောင့် ဤ၌ ရှစ်ပါးသီလ စောင့်ထိန်းခြင်းကို 'ဥပေါသထ' ဥပုသ် စောင့်သည်ဟု ခေါ်သည်။)*

အထက်ပါ ပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော်- အဋ္ဌကနိပါတ်- ဥပေါသထဝဂ်- ဝိသာခါသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့် စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည် ကျောင်းအမ ဝိသာခါ၏ ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရုံ

ကျောင်းတိုက်၌ သီတင်းသုံးတော်မူနေစဉ် ဝိသာခါအား အောက်ပါအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို စောင့်သုံးပါက အကျိုးကြီးကြောင်းကို အောက်ပါအတိုင်း ဟောကြားတော်မူသည်။

ဣဓ ဝိသာခေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ။

ဝိသာခေ- ဝိသာခါ၊ ဣဓ- ဤသာသနာတော်၌၊ အရိယသာဝကော- အရိယတပည့်သည်၊ ဣတိ- ဤသို့၊ ပဋိသဉ္စိက္ခတိ- ဆင်ခြင်၏။

(၁) ယာဝဇီဝံ အရဟန္တော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတာ။ အဟမ္ပဇ္ဇ ဣမဉ္စရတ္တိံ ဣမဉ္စ ဒိဝသံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဝိဟရာမိ။

အရဟန္တော- ရဟန္တာအရှင်မြတ်တို့သည်၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ ပါဏာတိပါတံ- အသက်သတ်ခြင်းကို၊ ပဟာယ- ပယ်၍၊ ပါဏာတိပါတာ- အသက်သတ်ခြင်းမှ၊ ပဋိဝိရတာ- ရှောင်ကြဉ်တော်မူကြကုန်၏၊ အဟမ္ပိ- ငါသည်လည်း၊ အဇ္ဇ- ယနေ့၊ ဣမဉ္စရတ္တိံ- ဤတစ်ညဉ့်ပတ်လုံးလည်းကောင်း၊ ဣမဉ္စဒိဝသံ- ဤတစ်နေ့ပတ်လုံးလည်းကောင်း၊ ပါဏာတိပါတံ- အသက်သတ်ခြင်းကို၊ ပဟာယ- ပယ်၍၊ ပါဏာတိပါတာ- အသက်သတ်ခြင်းမှ၊ ပဋိဝိရတော- ရှောင်ကြဉ်လျက်၊ ဝိဟရာမိ- နေပါအံ့။

ဣမိနာ ပင်္ဂေန အရဟတံ အနုကရောမိ**။** ဣမိနာပိ အင်္ဂေန- ဤအကြောင်းအင်္ဂါဖြင့်လည်း၊ အရဟတံ- ရဟန္တာတို့ကို၊ အနုကရောမိ- အတုလိုက်၍ ပြုပါအံ့။

ဥပေါသထောစ မေ ဥပဝုတ္ထော ဘဝိဿတိ- ငါ့အား ဥပုသ်စောင့်သုံးခြင်းသည်လည်း ဖြစ်ပေလတ္တံ့။

(၂) ယာဝဇီဝံ အရဟန္တော အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတာ။ အဟမ္ပဇ္ဇ ဣမဉ္စရတ္တိံ ဣမဉ္စဒိဝသံ အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော ဝိဟရာမိ။

အရဟန္တော- ရဟန္တာအရှင်မြတ်တို့သည်၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ အဒိန္နာဒါနံ- မပေးသည်ကို ခိုးယူခြင်းကို၊ ပဟာယ- ပယ်၍၊ အဒိန္နာဒါနာ- မပေးသည်ကို ခိုးယူခြင်းမှ၊ ပဋိဝိရတာ- ရှောင်ကြဉ်တော်မူကြကုန်၏၊ အဟမ္ပိ- ငါသည်လည်း၊ အဇ္ဇ- ယနေ့၊ ဣမဉ္စရတ္တိံ- ဤတစ်ညဉ့်ပတ်လုံးလည်းကောင်း၊ ဣမဉ္စဒိဝသံ- ဤတစ်နေ့ပတ်လုံးလည်းကောင်း၊ အဒိန္နာဒါနံ- မပေးသည်ကို ခိုးယူခြင်းကို၊ ပဟာယ- ပယ်၍၊ အဒိန္နာဒါနာ- မပေးသည်ကို ခိုးယူခြင်းမှ၊ ပဋိဝိရတော- ရှောင်ကြဉ်လျက်၊ ဝိဟရာမိ- နေပါအံ့။

ဣမိနာ ပင်္ဂေန အရဟတံ အနုကရောမိ**။** ဣမိနာပိ အင်္ဂေန- ဤအကြောင်းအင်္ဂါဖြင့်လည်း၊ အရဟတံ- ရဟန္တာအရှင်မြတ်တို့ကို၊ အနုကရောမိ- အတုလိုက်၍ ပြုပါအံ့။

ဥပေါသထောစ မေ ဥပဝုတ္ထော ဘဝိဿတိ။ ငါ့အား ဥပုသ်စောင့်သုံးခြင်းသည်လည်း ဖြစ်ပေလတ္တံ့။

(၃) ယာဝဇီဝံ အရဟန္တော အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရိနော အာရာစာရိနော ဝိရတာ မေထုနာ ဂါမဓမ္မာ။ အဟမ္ပဇ္ဇ ဣမဉ္စရတ္တိံ ဣမဉ္စဒိဝသံ အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ အာရာစာရီ ဝိရတော မေထုနာ ဂါမဓမ္မာ ဝိဟရာမိ။

အရဟန္တော- ရဟန္တာအရှင်မြတ်တို့သည်၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ အဗြဟ္မစရိယံ- မမြတ်သော မေထုန်အကျင့်ကို၊ ပဟာယ- ပယ်၍၊ ဗြဟ္မစာရိနော- မေထုန်မှရှောင်ကြဉ်ခြင်းဟူသော မြတ်သောအကျင့်ကို ကျင့်တော်မူကြကုန်၏၊ အာရာစာရိနော- မေထုန်မှ ဝေးစွာကျင့်တော်မူကြကုန်၏၊ ဂါမဓမ္မာ- ရွာသူရွာသားတို့၏ အကျင့်ဖြစ်သော၊ မေထုနာ- မေထုန်အကျင့်မှ၊ ဝိရတာ- ရှောင်ကြဉ်တော်မူကြကုန်၏၊ အဟမ္ပိ- ငါသည်လည်း၊ အဇ္ဇ- ယနေ့၊ ဣမဉ္စရတ္တိံ- ဤတစ်ညဉ့်ပတ်လုံးလည်းကောင်း၊ ဣမဉ္စဒိဝသံ- ဤတစ်နေ့ပတ်လုံးလည်းကောင်း၊ အဗြဟ္မစရိယံ- မမြတ်သော မေထုန်အကျင့်ကို၊ ပဟာယ- ပယ်၍၊ ဗြဟ္မစာရီ- မေထုန်ကို ရှောင်ကြဉ်ခြင်းဟူသော မြတ်သောအကျင့်ကို ကျင့်သည်ဖြစ်၍၊ အာရာစာရီ- မေထုန်မှဝေးစွာကျင့်သည်ဖြစ်၍၊ ဂါမဓမ္မာ- ရွာသူရွာသားတို့၏ အကျင့်ဖြစ်သော၊ မေထုနာ- မေထုန်အကျင့်မှ၊ ဝိရတော- ရှောင်ကြဉ်လျက်၊ ဝိဟရာမိ- နေပါအံ့။

တ္တမိနာ ပဂ္ဂေန အရဟတံ အနုကရောမိ။ တ္တမိနာပိ အင်္ဂေန– ဤအကြောင်းအင်္ဂါဖြင့်လည်း၊ **အရဟတံ**– ရဟန္တာ အရှင်မြတ်တို့ကို၊ **အနုကရောမိ**– အတုလိုက်၍ ပြုပါအံ့။

ဥပေါသထောစ မေ ဥပဝုတ္ထော ဘဝိဿတိ။ မေ– ငါ့အား၊ **ဥပေါသထောစ**– ဥပုသ်ကိုလည်း၊ **ဥပဝုတ္ထော**– စောင့်သုံးခြင်း သည်၊ **ဘဝိဿတိ**– ဖြစ်ပေလတ္တံ့။

(၄) ယာဝဇီဝံ အရဟန္တော မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတာ။ အဟမ္ပဇ္ဇ ဣမဉ္စရတ္တိံ ဣမဉ္စဒိဝသံ မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော ဝိဟရာမိ။

အရဟန္တော– ရဟန္တာအရှင်မြတ်တို့သည်၊ **ယာဝဇီဝံ**– အသက်ထက်ဆုံး၊ **မုသာဝါဒံ**– မဟုတ်မမှန် ပြောခြင်းကို၊ **ပဟာယ**– ပယ်၍၊ **မုသာဝါဒါ**– မဟုတ်မမှန် ပြောခြင်းမှ၊ **ပဋိဝိရတာ**– ရှောင်ကြဉ်တော်မူကြကုန်၏။ **အဟမ္ပိ**– ငါသည်လည်း၊ **အဇ္ဇ**– ယနေ့၊ **ဣမဉ္စရတ္တိံ**– ဤတစ်ညဉ့်ပတ်လုံးလည်းကောင်း၊ **ဣမဉ္စဒိဝသံ**– ဤတစ်နေ့ပတ်လုံးလည်းကောင်း၊ **မုသာဝါဒံ**– မဟုတ်မမှန်ပြောခြင်း ကို၊ **ပဟာယ**– ပယ်၍၊ **မုသာဝါဒါ**– မဟုတ်မမှန် ပြောဆိုခြင်းမှ၊ **ပဋိဝိရတော**– ရှောင်ကြဉ်လျက်၊ **ဝိဟရာမိ**– နေပါအံ့။

တ္တမိနာ ပဂ္ဂေန အရဟတံ အနုကရောမိ။ တ္တမိနာပိ အင်္ဂေန– ဤအကြောင်းအင်္ဂါဖြင့်လည်း၊ **အရဟတံ**– ရဟန္တာအရှင် မြတ်တို့ကို၊ **အနုကရောမိ**– အတုလိုက်၍ ပြုပါအံ့။

ဥပေါသထောစ မေ ဥပဝုတ္ထော ဘဝိဿတိ။ မေ– ငါ့အား၊ **ဥပေါသထောစ**– ဥပုသ်ကိုလည်း၊ **ဥပဝုတ္ထော**– စောင့်သုံးခြင်း သည်၊ **ဘဝိဿတိ**– ဖြစ်ပေလတ္တံ့။

(၅) ယာဝဇီဝံ အရဟန္တော သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ ပဟာယ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတာ။ အဟမ္ပဇ္ဇ ဣမဉ္စရတ္တိံ ဣမဉ္စဒိဝသံ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ ပဟာယ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဝိဟရာမိ။

အရဟန္တော– ရဟန္တာအရှင်မြတ်တို့သည်၊ **ယာဝဇီဝံ**– အသက်ထက်ဆုံး၊ **သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ**– ယစ်မူးမေ့လျော့ ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက်သောက်ခြင်းကို၊ **ပဟာယ**– ပယ်၍၊ **သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ**– ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက်ကိုသောက်ခြင်းမှ၊ **ပဋိဝိရတာ**– ရှောင်ကြဉ်တော်မူကြကုန်၏၊ **အဟမ္ပိ**– ငါသည်လည်း၊ **အဇ္ဇ**– ယနေ့၊ **ဣမဉ္စရတ္တိံ**– ဤတစ်ညဉ့်ပတ်လုံး၊ **ဣမဉ္စဒိဝသံ**– ဤတစ်နေ့ပတ်လုံး၊ **သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ**– ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက်ကို သောက်ခြင်းကို၊ **ပဟာယ**– ပယ်၍၊ **သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ**– ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက်ကို သောက်ခြင်းမှ၊ **ပဋိဝိရတော**– ရှောင်ကြဉ်လျက်၊ **ဝိဟရာမိ**– နေပါအံ့။

တ္တမိနာ ပဂ္ဂေန အရဟတံ အနုကရောမိ။ တ္တမိနာပိ အင်္ဂေန– ဤအကြောင်းအင်္ဂါဖြင့်လည်း၊ **အရဟတံ**– ရဟန္တာအရှင် မြတ်တို့ကို၊ **အနုကရောမိ**– အတုလိုက်၍ ပြုပါအံ့။

ဥပေါသထောစ မေ ဥပဝုတ္ထော ဘဝိဿတိ။ မေ– ငါ့အား၊ **ဥပေါသထောစ**– ဥပုသ်ကိုလည်း၊ **ဥပဝုတ္ထော**– စောင့်သုံးခြင်း သည်၊ **ဘဝိဿတိ**– ဖြစ်လတ္တံ့။

(၆) ယာဝဇီဝံ အရဟန္တော ဧကဘတ္တိကာ ရတ္တူပရတာ ဝိရတာ ဝိကာလဘောဇနာ။ အဟမ္ပဇ္ဇ ဣမဉ္စရတ္တိံ ဣမဉ္စ ဒိဝသံ ဧကဘတ္တိကော ရတ္တူပရတော ဝိရတော ဝိကာလဘောဇနာ။

အရဟန္တော– ရဟန္တာအရှင်မြတ်တို့သည်၊ **ယာဝဇီဝံ**– အသက်ထက်ဆုံး၊ **ဧကဘတ္တိကာ**– တစ်ထပ်သာ စားကုန်၏၊ **ရတ္တူပရတာ**– ညစာစားခြင်းမှ ရှောင်ကြဉ်ကုန်၏၊ **ဝိကာလဘောဇနာ**– နေလွဲသောအခါ၌ စားခြင်းမှ၊ **ဝိရတာ**– ရှောင်ကြဉ်ကုန်၏၊ **အဟမ္ပိ**– ငါသည်လည်း၊ **အဇ္ဇ**– ယနေ့၊ **ဣမဉ္စရတ္တိံ**– ဤတစ်ညဉ့်ပတ်လုံးလည်းကောင်း၊ **ဣမဉ္စဒိဝသံ**– ဤတစ်နေ့ပတ်လုံးလည်း ကောင်း၊ **ဧကဘတ္တိကော**– တစ်ထပ်သာစားပါအံ့၊ **ရတ္တူပရတော**– ညစာစားခြင်းမှ ရှောင်ကြဉ်ပါအံ့၊ **ဝိကာလဘောဇနာ**– နေလွဲသော အခါ၌ စားခြင်းမှ၊ **ဝိရတော**– ရှောင်ကြဉ်ပါအံ့။

တ္တမိနာ ပဂ္ဂေန အရဟတံ အနုကရောမိ။ တ္တမိနာပိ အင်္ဂေန– ဤအကြောင်းအင်္ဂါဖြင့်လည်း၊ **အရဟတံ**– ရဟန္တာအရှင် မြတ်တို့ကို၊ **အနုကရောမိ**– အတုလိုက်၍ ပြုပါအံ့။

ဥပေါသထောစ မေ ဥပဝုတ္ထော ဘဝိဿတိ။ မေ- ငါ့အား၊ ဥပေါသထောစ- ဥပုသ်ကိုလည်း၊ ဥပဝုတ္ထော- စောင့်သုံးခြင်းသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။

(၇) ယာဝဇီဝံ အရဟန္တော နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနံ ပဟာယ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ပဋိဝိရတာ။ အဟမ္ပဇ္ဇ ဣမဉ္စရတ္တိံ ဣမဉ္စဒိဝသံ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနံ ပဟာယ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ပဋိဝိရတော။

အရဟန္တော- ရဟန္တာအရှင်မြတ်တို့သည်၊ **ယာဝဇီဝံ**- အသက်ထက်ဆုံး၊ **နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနံ**- ကခြင်း၊ သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း၊ သူတော်ကောင်းတို့၏ ဆူးငြောင့်ဖြစ်သော ပွဲကိုကြည့်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာမှုန့်ခြယ်ခြင်း၊ ဆောင်ခြင်း၊ နံ့သာပျောင်းလိမ်းခြင်းကို၊ **ပဟာယ**- ပယ်၍၊ **နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ**- ကခြင်း၊ သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း၊ သူတော်ကောင်းတို့၏ ဆူးငြောင့်ဖြစ်သော ပွဲကိုကြည့်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာမှုန့်ခြယ်ခြင်း၊ ဆောင်ခြင်း၊ နံ့သာပျောင်းလိမ်းခြင်းမှ၊ **ပဋိဝိရတာ**- ရှောင်ကြဉ်တော်မူကြကုန်၏၊ **အဟမ္ပိ**- ငါသည်လည်း၊ **အဇ္ဇ**- ယနေ့၊ **ဣမဉ္စရတ္တိံ**- ဤတစ်ညဉ့်ပတ်လုံးလည်းကောင်း၊ **ဣမဉ္စဒိဝသံ**- ဤတစ်နေ့ပတ်လုံးလည်းကောင်း၊ **နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနံ**- ကခြင်း၊ သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း၊ သူတော်ကောင်းတို့၏ ဆူးငြောင့်ဖြစ်သော ပွဲကိုကြည့်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာမှုန့်ခြယ်ခြင်း၊ ဆောင်ခြင်း၊ နံ့သာပျောင်းလိမ်းခြင်းကို၊ **ပဟာယ**- ပယ်၍၊ **နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနံ**- ကခြင်း၊ သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း၊ သူတော်ကောင်းတို့၏ ဆူးငြောင့်ဖြစ်သော ပွဲကိုကြည့်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာမှုန့်ခြယ်ခြင်း၊ ဆောင်ခြင်း၊ နံ့သာပျောင်းလိမ်းခြင်းမှ၊ **ပဋိဝိရတော**- ရှောင်ကြဉ်ပါအံ့။

ဣမိနာ ပင်္ဂေန အရဟတံ အနုကရောမိ။ ဣမိနာပိ အင်္ဂေန- ဤအကြောင်းအင်္ဂါဖြင့်လည်း၊ **အရဟတံ**- ရဟန္တာအရှင်မြတ်တို့ကို၊ **အနုကရောမိ**- အတုလိုက်၍ ပြုပါအံ့။

ဥပေါသထောစ မေ ဥပဝုတ္ထော ဘဝိဿတိ။ မေ- ငါ့အား၊ ဥပေါသထောစ- ဥပုသ်ကိုလည်း၊ ဥပဝုတ္ထော- စောင့်သုံးခြင်းသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။

(၈) ယာဝဇီဝံ အရဟန္တော ဥစ္စာသယန မဟာသယနံ ပဟာယ ဥစ္စာသယန မဟာသယနာ ပဋိဝိရတာ။ နီစသေယျံ ကပ္ပေန္တိ၊ မဉ္စကေ ဝါ တိဏသန္ထရကေ ဝါ။ အဟမ္ပဇ္ဇ ဣမဉ္စရတ္တိံ ဣမဉ္စဒိဝသံ ဥစ္စာသယန မဟာသယနံ ပဟာယ ဥစ္စာသယန မဟာသယနာ ပဋိဝိရတော နီစသေယျံ ကပ္ပေမိ မဉ္စကေ ဝါ တိဏသန္ထရကေ ဝါ။

အရဟန္တော- ရဟန္တာအရှင်မြတ်တို့သည်၊ **ယာဝဇီဝံ**- အသက်ထက်ဆုံး၊ **ဥစ္စာသယန မဟာသယနံ**- မြင့်သောနေရာ ဆန်းကြယ်စွာ ခင်းထားအပ်သော မြတ်သောနေရာ၌ နေခြင်းကို၊ **ပဟာယ**- ပယ်၍၊ **ဥစ္စာသယန မဟာသယနာ**- မြင့်သောနေရာ ဆန်းကြယ်စွာ ခင်းထားအပ်သော မြတ်သောနေရာ၌ နေခြင်းမှ၊ **ပဋိဝိရတာ**- ရှောင်ကြဉ်ကုန်လျက်၊ **မဉ္စကေ ဝါ**- ညောင်စောင်းငယ် *(ဂူတင်ငယ်)* ပေါ်၌သော်လည်းကောင်း၊ **တိဏသန္ထရကေ ဝါ**- မြက်ခင်းအပေါ်၌သော်လည်းကောင်း၊ **နီစသေယျံ**- နိမ့်သောနေရာ၌ အိပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းစက်ခြင်းကို၊ **ကပ္ပေန္တိ**- ပြုတော်မူကြကုန်၏၊ **အဟမ္ပိ**- ငါသည်လည်း၊ **အဇ္ဇ**- ယနေ့၊ **ဣမဉ္စရတ္တိံ**- ဤတစ်ညဉ့်ပတ်လုံးလည်းကောင်း၊ **ဣမဉ္စဒိဝသံ**- ဤတစ်နေ့ပတ်လုံးလည်းကောင်း၊ **ဥစ္စာသယန မဟာသယနံ**- မြင့်သောနေရာ ဆန်းကြယ်စွာ ခင်းထားအပ်သော မြတ်သောနေရာ၌ နေခြင်းကို၊ **ပဟာယ**- ပယ်၍၊ **ဥစ္စာသယန မဟာသယနာ**- မြင့်သောနေရာ ဆန်းကြယ်စွာ ခင်းထားအပ်သော မြတ်သောနေရာ၌ နေခြင်းမှ၊ **ပဋိဝိရတော**- ရှောင်ကြဉ်လျက်၊ **မဉ္စကေ ဝါ**- ညောင်စောင်းငယ် *(ဂူတင်ငယ်)* ပေါ်၌သော်လည်းကောင်း၊ **တိဏသန္ထရကေ ဝါ**- မြက်အခင်းအပေါ်၌သော်လည်းကောင်း၊ **နီစသေယျံ**- နိမ့်သောနေရာ၌ အိပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းကို၊ **ကပ္ပေမိ**- ပြုပါအံ့။

ဣမိနာ ပင်္ဂေန အရဟတံ အနုကရောမိ။ ဣမိနာပိ အင်္ဂေန- ဤအကြောင်းအင်္ဂါဖြင့်လည်း၊ **အရဟတံ**- ရဟန္တာအရှင်မြတ်တို့ကို၊ **အနုကရောမိ**- အတုလိုက်၍ ပြုပါအံ့။

ဥပေါသထေဝစ မေ ဥပဝုတ္ထော ဘဝိဿတိ။ မေ- ငါ့အား၊ ဥပေါသထေဝစ- ဥပုသ်ကိုလည်း၊ ဥပဝုတ္ထော- စောင့်သုံးခြင်းသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။

ဝေ ဥပဝုတ္ထော ခေါ် ဝိသာခေ အဋ္ဌင်္ဂသမန္နာဂတော ဥပေါသထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော။ *(အံ- ၃- ၈၄ / ၈၅)*

ဝိသာခေ- ဝိသာခါ၊ **ခေါ်-** စင်စစ်၊ **ဝေ-** ဤသို့လျှင်၊ **ဥပဝုတ္ထော-** ကျင့်သုံးအပ်သော၊ **အဋ္ဌင်္ဂသမန္နာဂတော-** အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော၊ **ဥပေါသထော-** ဥပုသ်သည်၊ **မဟပ္ဖလော-** များသောအကျိုးရှိသည်လည်းကောင်း၊ **မဟာနိသံသော-** များသောဆင့်ပွါးအကျိုး အာနိသင်ရှိသည်လည်းကောင်း၊ **မဟာဇုတိကော-** များသောတောက်ပြောင်သော အကျိုးရှိသည်လည်းကောင်း၊ **မဟာဝိပ္ဖါရော-** များစွာကျယ်ပြန့်သော အကျိုးရှိသည်လည်းကောင်း၊ **ဟောတိ-** ဖြစ်၏။

အထက်ပါ ဥပုသ်မျိုးကို စောင့်သုံးခြင်းဖြင့် လူ့ပြည်က လူမင်းစည်းစိမ်ထက် သာလွန်သော နတ်ပြည်စည်းစိမ်ကို ရနိုင်၏။

ကပဏံ ဝိသာခေ မာနုသကံ ရဇ္ဇံ ဒိဗ္ဗံ သုခံ ဥပနိဓာယ။ **ဒိဗ္ဗံသုခံ-** နတ်၌ဖြစ်သော ချမ်းသာကို၊ **ဥပနိဓာယ-** ထောက်ဆ၍၊ **မာနုသကံ-** လူ၌ဖြစ်သော၊ **ရဇ္ဇံသုခံ-** မင်းစည်းစိမ်ချမ်းသာသည်၊ **ကပဏံသုခံ-** အထီးကျန်သောသူ၏ ချမ်းသာနှင့်တူသည်၊ **ဟောတိ-** ဖြစ်၏။

မှန်၏။ နတ်ပြည်ခြောက်ထပ်၌ နတ်သက်များကို လူတို့၏ အရေအတွက်ဖြင့် ရေတွက်သော်-

(၁) စာတုမဟာရာဇ်နတ်ပြည်၌ နတ်သက်တို့သည် နှစ်ပေါင်း ၉ သန်း ရှိသည်။

(၂) တာဝတိံသာနတ်ပြည်၌ နတ်သက်တို့သည် နှစ်ပေါင်း ၃ ကုဋေ ၆ သန်း ရှိသည်။

(၃) ယာမာနတ်ပြည်၌ နတ်သက်တို့သည် နှစ်ပေါင်း ၁၄ ကုဋေ ၄ သန်း ရှိသည်။

(၄) တုသိတာနတ်ပြည်၌ နတ်သက်တို့သည် နှစ်ပေါင်း ၅၇ ကုဋေ ၆ သန်း ရှိသည်။

(၅) နိမ္မာနရတိနတ်ပြည်၌ နတ်သက်တို့သည် နှစ်ပေါင်း ၂၃၀ ကုဋေ ၄ သန်း ရှိသည်။

(၆) ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ နတ်သက်တို့သည် နှစ်ပေါင်း ၉၂၁ ကုဋေနှင့် ၆ သန်း ရှိသည်။

ထို့ကြောင့် ဗုဒ္ဓသည် အောက်ပါ ဂါထာကိုလည်း ဟောကြားတော်မူသည်။

တသ္မာဟိ နာရီစ နရောစ သီလဝါ၊
အဋ္ဌင်္ဂုပေတံ ဥပဝဿုပေါသထံ။
ပုညာနိ ကတွာန သုခုဒြယာနိ၊
အနိန္ဒိတာ သဂ္ဂမုပေန္တိ ဌာနန္တိ။ *(အံ- ၃- ၈၇)*

(ဝိသာခေ-ဝိသာခါ) **တသ္မာဟိ-** ထို့ကြောင့်ပင်၊ **နာရီစ-** အမျိုးကောင်းသမီးသည်လည်းကောင်း၊ **နရောစ-** အမျိုးကောင်းသားသည်လည်းကောင်း၊ **သီလဝါ-** သီလရှိသူသည်၊ **တုတွာ-** ဖြစ်၍၊ **အဋ္ဌင်္ဂုပေတံ-** ရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံသော၊ **ဥပေါသထံ-** ဥပုသ်သီလကို၊ **ဥပဝဿ-** စောင့်ထိန်း၍၊ **သုခုဒြယာနိ-** သုခအကျိုး တိုးပွားကြောင်း ဖြစ်ကုန်သော၊ **ပုညာနိ-** ကုသိုလ်တို့ကို၊ **ကတွာန-** ပြုလုပ်ကြကုန်၍၊ **အနိန္ဒိတာ-** မကဲ့ရဲ့မှု၍ (ဝါ) ချီးမွမ်းကြကုန်လျက်၊ **သဂ္ဂံ-** နတ်ပြည်တည်းဟူသော၊ **ဌာနံ-** ဘုံဌာနသို့၊ **ဥပေန္တိ-** လားရောက်ကြရကုန်၏။

သီလအနက်ဟော ဥပေါသထသုတ္တန်က တရားဟောပုံသဘော

(၁) လူတို့၌ ခါးဝတ်ပုဆိုးကဲ့သို့ အမြဲတစေ စောင့်ထိန်းအပ်သော သီလသည် ငါးပါးသီလတည်း။ လူတို့၌ ခါးဝတ်ပုဆိုးမရှိလျှင် မတင့်တယ်သကဲ့သို့ ငါးပါးသီလ ချို့ယွင်းပျက်စီးလျှင်လည်း တင့်တယ်ခြင်း မရှိတော့ပေ။ ထိုငါးပါးသီလကား 'သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့သားအိမ်ယာကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မုသားပြောဆိုခြင်းမှ

ရှောင်ကြဉ်ခြင်း, သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း' တည်း။ လူသားတစ်ဦးအနေဖြင့် ငါးပါးသီလမြဲလျှင်ပင် အလွန်တင့်တယ်လျက် ရှိနေပေပြီ။ ထို့ကြောင့် **လူသားတို့၏ ကျင့်ဝတ်သိက္ခာပုဒ်ဖြစ်သော ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် စောင့်ထိန်းနိုင်ကြသူ ဖြစ်ကြပါကုန်လော့။**

(၂) လူသားတို့အနေဖြင့် ငါးပါးသီလထက် မြင့်မြတ်သော ရှစ်ပါးသော သိက္ခာပုဒ်ကို ဆောက်တည်ခြင်းဟု ဆိုအပ်သော ဥပုသ်သီလသည် ရှိလေသည်။ ထိုဥပုသ်သီလကို လူဝတ်ကြောင်တို့အနေဖြင့် နေ့စဉ်စောင့်သုံးရန် မလွယ်ကူသည့်အတွက် လဆန်းရှစ်ရက်, လဆုတ်ရှစ်ရက် ဥပုသ်နေ့တို့၌လည်းကောင်း၊ လပြည့်, လကွယ် ဥပုသ်နေ့တို့၌လည်းကောင်း စောင့်သုံးမှုပြုကြရလေသည်။ ဥပုသ်စောင့်သူတို့၌ မေထုန်အကျင့်ကို လုံးဝရှောင်ကြဉ်ရလေသည်။ ငါးပါးသီလ၌ မိမိဇနီး, ခင်ပွန်းတို့နှင့် မေထုန်အကျင့်ကို ပြုကျင့်ခွင့်ရှိလေသည်။ ထို့ပြင် ညစာစားခြင်းကို ရှောင်ကြဉ်ရခြင်း၊ ကခြင်း, သီချင်းဆိုခြင်း, ပွဲကြည့်ခြင်း စသည်တို့ကို ရှောင်ကြဉ်ရခြင်း၊ မြင့်သောနေရာ, မြတ်သောနေရာတို့၌ နေထိုင်လဲလျောင်းခြင်းကို ရှောင်ကြဉ်ရခြင်းတို့ ပါဝင်လာလေသည်။ ထို့ကြောင့် ငါးပါးသီလထက် ရှစ်ပါးသောဥပုသ်သီလသည် ပို၍မြင့်မြတ်သည်မှာ ထင်ရှားလှပေသည်။ ဥပုသ်စောင့်သူတို့၌ မေထုန်အမှုကို လုံးဝရှောင်ကြဉ်ရခြင်း, ညစာစားခြင်းစသည် ရှောင်ကြဉ်ရခြင်းတို့ကြောင့် ကုသိုလ်ပြုရန် အခွင့်အလမ်းသည် ပိုလွန်လျက်ရှိသည်။ ထို့ကြောင့် ဥပုသ်စောင့်ရင်း မေတ္တာဘာဝနာ ပွားများခြင်း၊ ဗုဒ္ဓစသောဂုဏ်တို့ကို ပွားများခြင်း၊ သမထဘာဝနာ, ဝိပဿနာဘာဝနာ တရားတို့ကို ပွားများခြင်းဟူသော ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုလုပ်ကြလေသည်။ ထိုသို့ ကုသိုလ်တရားတွေကို ပြုလုပ်ကြခြင်းသည်ပင် 'ဥပ– ကုသိုလ်တရားနှင့် ပြည့်စုံစွာ' 'ဝသထ– နေခြင်း' ကိုပင် 'ဥပေါသထ– ဥပုသ်စောင့်သည်' ဟု ခေါ်ဝေါ်ရခြင်း ဖြစ်လေသည်။ ထို့ကြောင့် **ငါးပါးသီလထက် တင့်တယ်မွန်မြတ်သော ရှစ်ပါး, ကိုးပါးသော ဥပုသ်သီလတို့ကို စောင့်သုံးခြင်းတို့ကို ပြုလုပ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

(၃) ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်ခြင်းသည် တင့်တယ်လှပပါပေသည်။ ထိုထက် ရှစ်ပါး, ကိုးပါးသော ဥပုသ်သီလတို့ကို စောင့်ထိန်းနိုင်ခြင်းသည် ပို၍တင့်တယ်မြင့်မြတ် လှပပါပေသည်။ 'အလှပေါ် အယဉ်ဆင့်' ဆိုသလို ထိုထက် ဗုဒ္ဓက ဝိသာခါ ကျောင်းအမကြီးအား ဟောကြားအပ်သော ရဟန္တာတို့ကို သက်သေအရာထား၍ ဥပုသ်စောင့်သုံးနိုင်ခြင်းသည် ဥပုသ်စောင့်သုံးမှု အခြေအနေကို ပို၍လေးနက်ပိပြင်စေသည် ဖြစ်သောကြောင့် ရိုးရိုးဥပုသ်စောင့်သုံးခြင်းထက် ပို၍ပို၍ တင့်တယ်မြင့်မြတ်လှပမှု ရှိပါပေသည်။ ထိုသို့ ရဟန္တာတို့ကို သက်သေထူလျက် ဥပုသ်စောင့်သုံးခြင်းသည် သံဃာနုဿတိဘာဝနာကို ပွားများရာလည်း ရောက်လေတော့သည်။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရာ၌ ရဟန္တာအရှင်မြတ်တို့သည် အသက်ထက်ဆုံး ရှောင်ကြဉ်သလို မိမိတို့က 'တစ်နေ့နှင့် တစ်ည' (၂၄) နာရီပတ်လုံး ရှောင်ကြဉ်ပါမည်ဟူ၍ ရဟန္တာတို့ကို သက်သေထူ၍ ရဟန္တာတို့၏ ဂုဏ်တော်ကို အာရုံပြု၍ စောင့်သုံးခြင်း ဖြစ်လေသည်။ ရှစ်ပါးသော သိက္ခာပုဒ်အားလုံးကို ထိုအတိုင်းစောင့်သုံးကြရမည် ဖြစ်သည်။ ထိုသို့ စောင့်သုံးနိုင်လျှင် ရိုးရိုးဥပုသ်စောင့်သူတို့ထက် သာလွန်သော အကျိုးကျေးဇူးရှိလေသည်။ ထို့ကြောင့် ဗုဒ္ဓက 'မဟပ္ဖလော– များသော အကျိုးရှိသည်' ဟူ၍လည်းကောင်း။ 'မဟာနိသံသော– များသော ဆင့်ပွားအကျိုး အာနိသင်ရှိသည်' ဟူ၍လည်းကောင်း၊ 'မဟာဇုတိကော– များသော တောက်ပြောင်သော အကျိုးရှိသည်' ဟူ၍လည်းကောင်း၊ 'မဟာဝိပ္ဖါရော– များစွာကျယ်ပြန့်သော အကျိုးရှိသည်' ဟူ၍လည်းကောင်း ဟောကြားတော်မူထားခြင်းလည်း ဖြစ်လေသည်။ ထို့ကြောင့် **ရိုးရိုးဥပုသ်စောင့်သုံးခြင်းထက် ပိုလွန်သော ရဟန္တာအရှင်မြတ်တို့ကို သက်သေသာဓက အရာ၌ထား၍ ဥပုသ်စောင့်သုံးနိုင်သူများ ဖြစ်ကြပါကုန်လော့။**

ဥပဝါသ အနက်ဟော ဥပေါသထ သဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဥပေါသထသဒ္ဒါ၏ သီလ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဥပေါသထသဒ္ဒါ၏ ဥပဝါသ– အမြဲဥပုသ်စောင့်သုံးခြင်းအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

သုဒ္ဓဿ ဝေ သဒါ ဖဂ္ဂု၊ သုဒ္ဓဿု ပေါသထော သဒါ။ *(ဒီ ဋ္ဌ– ၁– ၁၂၇၊ မ– ၁– ၄၈)*

သုဒ္ဓဿ– ကိလေသာ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အတွက်၊ ဝေ– ထင်ရှားသော ဝါတကယ့်ကို၊ သဒါ– အခါခပ်သိမ်း၊ ဖဂ္ဂု– ဖဂ္ဂုဏီနက္ခတ်သည်၊ ဟောတိ– ဖြစ်၏။ သုဒ္ဓဿ– ကိလေသာ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အတွက်၊ သဒါ– အခါခပ်သိမ်း၊ ဥပေါသထော– ဥပုသ်စောင့်သုံးခြင်းသည်၊ ဟောတိ– ဖြစ်၏။

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသ ပါဠိတော်- ဝတ္ထသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

ဗုဒ္ဓသည် ရဟန်းတို့အား အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်ပြီးသော ပုဂ္ဂိုလ်အား-

အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု သိနာတော အန္တရေန သိနာနေနာတိ။ *(မ- ၁- ၄၇)*

ဘိက္ခဝေ- ရဟန်းတို့၊ **အယံ ဘိက္ခု**- ဤကိလေသာ စင်ကြယ်သော ပုဂ္ဂိုလ်ကို၊ **အန္တရေန**- ကိုယ်တွင်း၌ဖြစ်သော၊ **သိနာနေန**- မဂ်တည်းဟူသော ရေချိုးခြင်းဖြင့်၊ **သိနာတော**- ရေချိုးပြီးသော ရဟန်းဟူ၍၊ **ဝုစ္စတိ**- ဆိုအပ်၏။ **ဣတိ**- ဤသို့၊ **အဝေါစ**- မိန့်တော်မူလေပြီ။

ထိုအခါ ဗုဒ္ဓ၏ အနီး၌ ထိုင်လျက်ရှိနေသော သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် ရေချိုးခြင်းဖြင့် မကောင်းမှု အကုသိုလ်များ စင်ကြယ်သည်ဟု မိစ္ဆာဒိဋ္ဌိအယူရှိသူ ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓအား အောက်ပါအတိုင်း မေးလျှောက်လေသည်။

ဂစ္ဆတိ ပန ဘဝံ ဂေါတမော ဗာဟုကံ နဒိံ သိနာယိတုန္တိ။

ဘဝံ ဂေါတမော- အရှင်ဂေါတမသည်၊ **ဗာဟုကံ နဒိံ**- ဗာဟုကာမြစ်သို့၊ **သိနာယိတုံ**- ရေချိုးခြင်းငှာ၊ **ဂစ္ဆတိ ပန**- သွားပါသလော၊ **ဣတိ**- ဤသို့ မေးလျှောက်ပြီ။

ကိံ ဗြာဟ္မဏ ဗာဟုကာယ နဒိယာ၊ ကိံ ဗာဟုကာ နဒီ ကရိဿတိ။

ဗြာဟ္မဏ- ပုဏ္ဏား၊ **ဗာဟုကာယ နဒိယာ**- ဗာဟုကာမြစ်ဖြင့်၊ **ကိံ**- အဘယ်အကျိုးရှိသနည်း၊ **ဗာဟုကာနဒီ**- ဗာဟုကာ မြစ်သည်၊ **ကိံ ကရိဿတိ**- အဘယ်အကျိုးကို ပြုလုပ်ပေးနိုင်သနည်း၊ **ဣတိ**- ဤသို့ ဗုဒ္ဓက မေးတော်မူပြီ။

လောကသမ္မတာဟိ ဘော ဂေါတမ ဗာဟုကာနဒီ ဗဟုဇနဿ ပုညသမ္မတာဟိ ဘော ဂေါတမ ဗာဟုကာနဒီ ဗဟုဇနဿ၊ ဗာဟုကာယ ပန နဒိယာ ဗဟုဇနော ပါပကမ္မံ ကတံ ပဝါဟေတီတိ။

ဘော ဂေါတမ- အရှင်ဂေါတမ၊ **ဗဟုဇနဿ**- များစွာလူအပေါင်းသည်၊ **ဗာဟုကာနဒီ**- ဗာဟုကာမြစ်ကို၊ **လောကသမ္မတာ**- ကိလေသာကို ခေါင်းပါးစေတတ်၏ဟု သမုတ်ကြပါ၏၊ **ဘော ဂေါတမ**- အရှင်ဂေါတမ၊ **ဗဟုဇနဿ**- များစွာသောလူ အပေါင်းသည်၊ **ဗာဟုကာနဒီ**- ဗာဟုကာမြစ်ကို၊ **ပုညသမ္မတာ**- ကိလေသာ စင်ကြယ်နိုင်သော ကောင်းမှုဟူ၍ သမုတ်ကြပါ၏၊ **ဗာဟုကာယ နဒိယာ**- ဗာဟုကာမြစ်၌၊ **ဗဟုဇနော**- လူအများသည်၊ **ကတံ**- ပြုအပ်ပြီးသော၊ **ပါပကမ္မံ**- မကောင်းမှုကို၊ **ပဝါဟေတိ**- မျှောကြပါ၏၊ **ဣတိ**- ဤသို့ ပုဏ္ဏားက လျှောက်လေပြီ။

ထိုအခါ ဗုဒ္ဓသည် သုန္ဒရိကဘာရဒွါဇပုဏ္ဏားကို အောက်ပါဂါထာတို့ဖြင့် တရားစကား ဟောကြားတော်မူလေသည်။

(၁) **ဗာဟုကံ အဓိကက္ကဉ္စ၊ ဂယံ သုန္ဒရိကံ မပိ၊**
သရဿတိံ ပယာဂဉ္စ၊ အထော ဗာဟုမတိံ နဒိံ၊
နိစ္စံပိ ဗာလော ပက္ခန္ဒော၊ ကဏှကမ္မော န သုဇ္ဈတိ။

(၂) **ကိံ သုန္ဒရိကာ ကရိဿတိ၊ ကိံ ပယာဂါ ကိံ ဗာဟုကာနဒီ၊**
ဝေရိံ ကတကိဗ္ဗိသံ နရံ၊ နဟိနံ သောဓယေ ပါပကမ္မိနံ။

(၃) **သုဒ္ဓဿ ဝေ သဒါ ဖဂ္ဂု၊ သုဒ္ဓဿုပေါသထော သဒါ၊**
သုဒ္ဓဿ သုစိကမ္မဿ၊ သဒါ သမ္ပဇ္ဇတေ ဝတံ၊
ဣဓေဝ သိနာဟိ ဗြာဟ္မဏ၊ သဗ္ဗဘူတေသု ကရောဟိ ခေမတံ။

(၄) သစေ မုသာ နဘဏာသိ၊ သစ ပါဏံ နတိပါသိ၊
သစေ အဒိန္နံ နာဒိယသိ၊ သဒ္ဓတာနော အမစ္ဆရီ၊
ကိံ ကာဟသိ ဂယံ ဂန္တွာ၊ ဥဒပါနောပိ တေ ဂယာတိ။ *(မ- ၁- ၄၇ / ၄၈)*

(၁) ဗြာဟ္မဏ- ပုဏ္ဏား၊ ကဏှကမ္မော- မည်းညစ်သော အကုသိုလ် မကောင်းမှုရှိသော၊ ဗာလော- လူမိုက်သည်၊ ဗာဟုကံ- ဗာဟုကာမြစ်သို့သော်လည်းကောင်း၊ **အဓိကက္ကဉ္စ-** အဓိကက္ကာရေချိုးဆိပ်သို့သော်လည်းကောင်း၊ **ဂယံ-** ဂယာရေချိုးဆိပ်သို့သော်လည်းကောင်း၊ **သုန္ဒရိကံအပိ-** သုန္ဒရိကာမြစ်သို့သော်လည်းကောင်း၊ **သရဿတိံ-** သရဿတိမြစ်သို့သော်လည်းကောင်း၊ **ပယာဂဉ္စ-** ပယာဂဆိပ်သို့သော်လည်းကောင်း၊ **အထော-** ထိုမှတပါး၊ **ဗာဟုမတိံနဒိံ-** ဗာဟုမတိမြစ်သို့သော်လည်းကောင်း၊ **နိစ္စံ-** အမြဲ၊ **ပက္ခန္ဒောပိ-** သက်ဆင်း၍ ရေချိုးသော်လည်း၊ **နသုဇ္ဈတိ-** ကိလေသာ အညစ်အကြေးမှ မစင်ကြယ်နိုင်။

(၂) သုန္ဒရိကာ- သုန္ဒရိကာမြစ်သည်၊ **ကိံ ကရိဿတိ-** အဘယ်သို့ စင်ကြယ်အောင် ပြုလုပ်နိုင်အံ့နည်း၊ **ပယာဂါ-** ပယာဂရေချိုးဆိပ်သည်၊ **ကိံ ကရိဿတိ-** အဘယ်သို့ စင်ကြယ်အောင် ပြုလုပ်နိုင်အံ့နည်း၊ **ဗာဟုကာနဒီ-** ဗာဟုကာမြစ်သည်၊ **ကိံ ကရိဿတိ-** အဘယ်သို့ စင်ကြယ်အောင် ပြုလုပ်နိုင်အံ့နည်း၊ **ဝေရိံ-** သူ့အသက်ကိုသတ်ခြင်းစသော မကောင်းမှုဟူသော ရန်သူရှိသော၊ **ကတကိဗ္ဗိသံ-** သူ့အသက်ကို သတ်ခြင်းရှိသော မကောင်းမှုကို ပြုအပ်ပြီးသော ကြမ်းကြုတ်မှုရှိသော၊ **ပါပကမ္မိနံ-** မကောင်းမှုတို့ကို ပြုလုပ်ခြင်းရှိသော၊ **နံ နရံ-** ထိုလူမိုက်ကို၊ **သာ-** ထိုမြစ်သည်၊ **နတိ သောဓယေ-** မကောင်းမှု အညစ်အကြေးတို့မှ မစင်ကြယ်နိုင်သည်သာတည်း။

(၃) ဗြာဟ္မဏ- ပုဏ္ဏား၊ **သုဒ္ဓဿ-** ကိလေသာ အညစ်အကြေးမှ စင်ကြယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား၊ **ဝေ-** စင်စစ်၊ **ဖဂ္ဂု-** ဖဂ္ဂုနီ နက္ခတ်သည်၊ **သဒါ-** အခါခပ်သိမ်း၊ **သမ္ပဇ္ဇတေ-** ပြည့်စုံ၏၊ **သုဒ္ဓဿ-** ကိလေသာ အညစ်အကြေးမှ စင်ကြယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား၊ **သဒါ-** အခါခပ်သိမ်း၊ **ဥပေါသထော-** ဥပုသ်စောင့်သုံးခြင်းသည်၊ **သမ္ပဇ္ဇတိ-** ပြည့်စုံ၏၊ **သုစိကမ္မဿ-** စင်ကြယ်သန့်ရှင်းသော အမှုရှိသော၊ **သုဒ္ဓဿ-** ကိလေသာ အညစ်အကြေးမှ စင်ကြယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား၊ **သဒါ-** အခါခပ်သိမ်း၊ **ဝတံ-** ကိလေသာ အညစ်အကြေးကို စင်ကြယ်အောင် ပြုလုပ်ရခြင်းဟူသော ကျင့်ဝတ်သည်၊ **သမ္ပဇ္ဇတေ-** ပြည့်စုံ၏၊ **ဗြာဟ္မဏ-** ပုဏ္ဏား၊ **တွံ-** သင်သည်၊ **ဣဓေဝ-** ဤဇါဗုဒ္ဓသာသနာတော်၌သာလျှင်၊ **သိနာတိ-** ရေချိုးလော့၊ **သဗ္ဗဘူတေသု-** အလုံးစုံသော သတ္တဝါတို့၌၊ **ခေမတံ-** ဘေးမရှိသည်၏အဖြစ်ကို၊ **ကရောတိ-** ပြုလော့။

(၄) ဗြာဟ္မဏ- ပုဏ္ဏား၊ **မုသာ-** မုသားစကားကို၊ **သစေ နဘဏာသိ-** အကယ်၍ မဆိုအံ့၊ **ပါဏံ-** သတ္တဝါကို၊ **သစေ နတိပါသိ-** အကယ်၍ မညှင်းဆဲအံ့၊ **အဒိန္နံ-** မပေးအပ်သော သူတပါးဥစ္စာကို၊ **သစေ နာဒိယသိ-** အကယ်၍ မခိုးယူအံ့၊ **သဒ္ဓတာနော-** ယုံကြည်သည်၊ **အမစ္ဆရီ-** ဝန်တိုခြင်းမရှိသည်၊ **သစေအသိ-** အကယ်၍ဖြစ်အံ့၊ **ဝေ-** ဤသို့ဖြစ်သည်ရှိသော်၊ **ဂယံ-** ဂယာရေချိုးဆိပ်သို့၊ **ဂန္တွာ-** သွား၍၊ **ကိံ ကာဟသိ-** အဘယ်ကို ပြုလုပ်ဖွယ် လိုပါတော့အံ့နည်း၊ **ဥဒပါနောပိ-** ရေတွင်းသည်လည်း၊ **တေ-** သင်၏၊ **ဂယာ-** ရေချိုးစရာ ဂယာဆိပ်တည်း၊ **ဣတိ-** ဤသို့မိန့်ကြားတော်မူပြီ၊ *(ရေချိုးရုံသက်သက်ဖြင့် ဂယာဆိပ်သို့ သွားဖွယ်မရှိ။ မိမိအိမ်တွင်းရှိသော ရေတွင်း၌လည်း ရေချိုးရသည်ဟုဆို။)*

သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် အထက်ပါ ဗုဒ္ဓ၏တရားစကားကို ကြားနာရ၍ အမှန်တရားကို သဘောပေါက်သိမြင်သည် ဖြစ်၍ ဗုဒ္ဓထံ၌ ရဟန်းပြုကာ ရဟန်းတရား *(ဝိပဿနာတရား)* အားထုတ်လေလျှင် မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေသည်။

ဥပဝါသအနက်ဟော ဥပေါသထ သဒ္ဒါက တရားဟောပုံသဘော

(၁) အရဟတ္တမဂ်ဉာဏ်ကိုရသော ရဟန်းသည် အတွင်း၌ဖြစ်သော ရေချိုးခြင်းဖြင့် ရေချိုးပြီးသော ရဟန်းဟူ၍ ခေါ်ကြောင်းကို ဗုဒ္ဓဟောကြားတော်မူလေသည်။ ထိုဟောကြားတော်မူချက်အရ ရေချိုးခြင်းသည် ‘အတွင်းရေချိုးခြင်း, အပြင်ရေချိုးခြင်း’ ဟူ၍ နှစ်မျိုးရှိလေသည်။ ထိုတွင် အတွင်းရေချိုးခြင်းဟူသည် မဂ်ဉာဏ်လေးပါးကို ရရှိသောအခါ မိမိတို့၏ အတွင်းသန္တာန်၌ ကိန်းဝပ်နေသော ကိလေသာအညစ်အကြေးများ တစ်စမကျန် စင်ကြယ်သွားသည်ဖြစ်သောကြောင့် မဂ်ဉာဏ်လေးပါးရအောင် ဝိပဿနာတရား

အားထုတ်ခြင်းကို အတွင်းရေချိုးခြင်းခေါ်သည်။ အပြင်ရေချိုးခြင်းဟူသည် မိမိခန္ဓာကိုယ် အပြင်ဘက်ရှိ အရေပြား၌ ကပ်ငြိနေသော အပုံ၊ အမှုံ၊ ချွေး၊ ချေး စသော အညစ်အကြေးများ ကင်းစင်ရန် ရေချိုးခြင်းကို အပြင်ရေချိုးခြင်းဟု ခေါ်သည်။ အပြင်ရေချိုးခြင်းဖြင့် အတွင်း၌ရှိနေသော ကိလေသာ အညစ်အကြေးများ မစင်ကြယ်နိုင်။ ကိလေသာ မစင်ကြယ်သရွေ့ အပါယ်စသော ဒုက္ခမှ မလွတ်မြောက်နိုင်။ **မဂ်ဉာဏ်လေးပါးရမှ အတွင်းကိလေသာ အညစ်အကြေးများ စင်ကြယ်၍ အပါယ်စသော ဒုက္ခမှ လွတ်မြောက်နိုင်သောကြောင့် မဂ်ဉာဏ်လေးပါးရအောင် ဝိပဿနာတရား အားထုတ်ခြင်းဟူသော အတွင်းရေချိုးခြင်းကို ရေချိုးနိုင်သူများ ဖြစ်ကြပါကုန်လော့။**

(၂) အချို့ မိစ္ဆာဒိဋ္ဌိအယူရှိကြသူတို့သည် ဗာဟုကာမြစ် အစရှိသော မြစ်များသို့ သွား၍ ရေချိုးလိုက်လျှင် မိမိတို့ ပြုလုပ်ထားသော မကောင်းမှု ဒုစရိုက် အကုသိုလ်ကံ အညစ်အကြေးများ စင်ကြယ်သည်ဟု အယူရှိကြလေသည်။ ထိုအထဲတွင် သုန္ဒရိကဘာရဒွါဇပုဏ္ဏားလည်း အပါအဝင် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓက အရဟတ္တမဂ်ဉာဏ်ကို ရရှိသော ပုဂ္ဂိုလ်အား အတွင်းရေချိုးမှု ကိစ္စပြီးပြီဟူသော တရားစကားကို ကြားနာရ၍ ဗုဒ္ဓနှင့် မိမိတို့ အယူအဆချင်းတူသည်ဟူသော အထင်ဖြင့် 'အရှင်ဂေါတမကော ဗာဟုကာမြစ်သို့ ရေချိုးရန် သွားပါသလော' ဟူ၍ သုန္ဒရိကဘာရဒွါဇပုဏ္ဏားက မေးမြန်းခြင်း ဖြစ်လေသည်။ သို့ရာတွင် 'ဗုဒ္ဓက သွားသည်၊ မသွားသည်' ကို ဖြေကြားတော်မမူဘဲ ပုဏ္ဏားကို အမြင်မှန်ရအောင် တရားဟောလိုသည့်အတွက် 'ပုဏ္ဏား ဗာဟုကာမြစ်က ဘာလုပ်ပေးနိုင်သလဲ' ဟူ၍ ပြန်၍မေးတော်မူခြင်း ဖြစ်သည်။ 'ဗာဟုကာမြစ်၌ ရေချိုးခြင်းဖြင့် မကောင်းမှု ပြုလုပ်ထားသော အကုသိုလ်များ စင်ကြယ်နိုင်သည်' ဟု လူအများက သမုတ်ထားကြောင်း' လျှောက်လေလျှင် အမျိုးမျိုးသော အကုသိုလ် ဒုစရိုက်တို့ကို ကျူးလွန်ကြသူ လူမိုက်တို့အတွက် ထိုဗာဟုကာမြစ်က စင်ကြယ်အောင် မပြုလုပ်နိုင်ကြောင်းကို ဗုဒ္ဓက ပွင့်ပွင့်လင်းလင်းပင် ပြန်လည်မိန့်ကြားတော်မူသည်။ ထို့ကြောင့် ကျူးလွန်ထားသော အကုသိုလ် ဒုစရိုက် အပြစ်များမှ လွတ်မြောက်ရန် တစ်ခုတည်းသော နည်းလမ်းသည် မဂ်ဉာဏ်ကိုရရှိအောင် အားထုတ်ရသော မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားသာ ရှိလေသည်။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားများကို မဂ်ဉာဏ်ရသည်အထိ ကြိုးစားအားထုတ်သူများ ဖြစ်ကြပါကုန်လော့။

(၃) တပေါင်းလသည် ဥတ္တရဖဂ္ဂုဏီနက္ခတ်နှင့် ယှဉ်သောလ ဖြစ်သည်။ ထိုဖဂ္ဂုဏီနက္ခတ်နှင့်ယှဉ်သော တပေါင်းလ၌ သုန္ဒရိကမြစ်သို့သွား၍ ရေချိုးလိုက်လျှင် တစ်နှစ်ပတ်လုံး ပြုလုပ်မိသော အကုသိုလ် အညစ်အကြေးများ ရေထဲမျောပါသွားသည်ဟု အယူရှိလေသည်။ ထိုသို့ အယူရှိသည့်အတိုင်း သုန္ဒရိကမြစ်သို့သွား၍ ရေချိုးလေ့ရှိသောကြောင့် သုန္ဒရိကဘာရဒွါဇပုဏ္ဏားဟု အမည်တွင်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓက သုန္ဒရိကဘာရဒွါဇပုဏ္ဏား၏ မိစ္ဆာဒိဋ္ဌိအယူကို ပယ်မြစ်ခြင်းငှာ မဂ်ဉာဏ်လေးချက်ဖြင့် ကိလေသာကို အကြွင်းမဲ့ ပယ်ဖြတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ဖဂ္ဂုဏီနက္ခတ်သည်လည်း အမြဲယှဉ်နေသလို ဥပုသ်စောင့်သုံးမှု ကိစ္စလည်း အခါခပ်သိမ်း ပြီးပြည့်စုံနေသည်ဟု ဟောကြားတော်မူလေသည်။ ဤတရားစကားအရဖြင့်လည်း **မဂ်ဉာဏ်ရရန်သည်သာ အဓိကဖြစ်နေသောကြောင့် မဂ်ဉာဏ်ရရှိအောင် ဝိပဿနာတရားများကို ကြိုးစားအားထုတ်သူ ဖြစ်ကြပါကုန်လော့။**

(၄) သူ့အသက်သတ်ခြင်းစသော ဒုစရိုက်မှုတို့ကို ရှောင်ကြဉ်ပြီး ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်အားထုတ်နေသူတို့အား ဂယာဆိပ်သို့သွား၍ ရေချိုးရန်မလိုကြောင်း၊ ဂယာဆိပ်က ရေကိုချိုးခြင်းဖြင့် အကုသိုလ် အညစ်အကြေး၊ ကိလေသာ အညစ်အကြေး မစင်ကြယ်ဘဲ ခန္ဓာကိုယ်ရှိ အပြင်အပ ချွေး၊ ချေး စသော အညစ်အကြေးများသာ စင်ကြယ်နိုင်ကြောင်း၊ ခန္ဓာကိုယ်၏ ချွေး၊ ချေး စသော အညစ်အကြေး စင်ကြယ်ရန် ဂယာဆိပ်သို့ပင် သွားစရာမလိုဘဲ မိမိအိမ်၌ရှိသော ရေတွင်းက ရေချိုးလျှင်လည်းရကြောင်း ဗုဒ္ဓက ရှင်းလင်းဟောကြားတော်မူလေသည်။ ဤဟောကြားချက်အရ တစ်ကမ္ဘာလုံးရှိ လူသားတို့ ရေချိုးကြခြင်းသည် ခန္ဓာကိုယ် အပြင်ပ သန့်ရှင်းစင်ကြယ်ရန်သာ ရေချိုးကြခြင်း ဖြစ်ကြောင်းမှာ ထင်ရှားပေသည်။ ဆိုလိုသည်ကား- 'မိုးရေ၊ တွင်းရေ၊ မြစ်ရေ' စသော မြေကြီးထဲကထွက်သော ရေအမျိုးမျိုးတို့သည် ခန္ဓာကိုယ်အပြင်ပ ချေးညှော်များကိုသာ စင်ကြယ်နိုင်ကြောင်း၊ ထိုရေတို့သည် မိမိကျူးလွန်ထားသော အကုသိုလ် ဒုစရိုက်များနှင့် ကိလေသာများကို မစင်ကြယ်နိုင်သည့်အတွက် အပါယ်ဒုက္ခစသော ဝဋ်ဒုက္ခအမျိုးမျိုးတို့မှ မလွတ်မြောက်နိုင်ကြောင်း၊ သို့ဖြစ်၍ အကုသိုလ်ကံ ဒုစရိုက် အညစ်အကြေး ကိလေသာ အညစ်အကြေးတွေ စင်ကြယ်အောင် 'ဒါန၊ သီလ၊ ဘာဝနာ' ဟူသော ကုသိုလ်တရားများ ပြုလုပ်ရန်လိုကြောင်း၊ ထိုကုသိုလ်တို့ကသာလျှင် အကုသိုလ်ဒုစရိုက် အညစ်အကြေးတွေ၊ ကိလေသာ အညစ်အကြေးတွေ စင်ကြယ်အောင် လုပ်ပေးနိုင်သည်သာ ဖြစ်ကြောင်း၊ ထိုအညစ်အကြေးများ စင်ကြယ်သည်နှင့်အမျှ အပါယ်စသော ဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်ကြောင်း၊

သို့ဖြစ်၍ 'မိုးရေ, မြစ်ရေ, တွင်းရေ, တန်ရေ' ဟူသော ရေအမျိုးမျိုး ချိုးရုံနှင့် ကိစ္စပြီးမနေကြဘဲနှင့် 'ဒါန, သီလ, ဘာဝနာ' ဟူသော ကုသိုလ်ရေများကိုလည်း မင်္ဂလာဆောင်မည့်အတိ ချိုးနိုင်ကြသူများ ဖြစ်ကြပါကုန်လော့။

ပညတ္တိအနက်ဟော ဥပေါသထသဒ္ဒါ၏ သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဥပေါသထသဒ္ဒါ၏ ဥပဝါသအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဥပေါသထသဒ္ဒါ၏ ပညတ္တိအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဥပေါသထောနာမ နာဂရာဇာ။ *(ဒီ- ၂- ၁၄၂)*

ဥပေါသထောနာမ- ဥပေါသထမည်သော၊ နာဂရာဇာ- ဆင်မင်း။

အထက်ပါ ပါဠိရပ်သည် သုတ်မဟာဝါပါဠိတော်- မဟာသုဒဿနသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးအချိန်၌ နေရာကား ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် အင်ကြင်းပင် အစုံကြား၌ ကုတင်ငယ်တစ်ခုပေါ်တွင် လျောင်းတော်မူလျက် သီတင်းသုံးတော်မူနေစဉ် ရှင်တော်ဗုဒ္ဓအား အရှင်အာနန္ဒာက ကျေးတော ကျ၍ မြို့ငယ်မျှသာဖြစ်သော ဤကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် မပြုသင့်ကြောင်း၊ မြို့ကြီးပြကြီးဖြစ်သော ရာဇဂြိုဟ်, သာဝတ္ထိတို့၌သာ ပရိနိဗ္ဗာန်ပြုသင့်ကြောင်း လျှောက်ထားရာ ရှင်တော်ဗုဒ္ဓက အရှင်အာနန္ဒာအား ဤကုသိနာရုံပြည်ကို မြို့သိမ်မြို့ငယ်ဟူ၍ မဆိုသင့်ကြောင်း၊ တစ်ချိန်သောအခါက ဤကုသိနာရုံပြည်သည် မဟာသုဒဿနမည်သော စကြာမင်းကြီး၏ နေပြည်တော် ကုသဝတီမြို့တော်ကြီး ဖြစ်ခဲ့ဘူးကြောင်း၊ ထိုကုသဝတီ နေပြည်တော်ကြီးသည် ရတနာခုနစ်ပါးတို့ဖြင့် ကာရံထားအပ် တံတိုင်းခုနစ်ထပ်ရှိကြောင်း၊ မင်းနန်းတော် ပြာသာဒ်တို့လည်း ရတနာခုနစ်ပါး အတိသာဖြစ်ကြောင်း၊ နတ်မြို့ကဲ့သို့ အလွန်စည်ကားသာယာကြောင်း၊ ထိုအခါ၌ မဟာသုဒဿနမင်း ဖြစ်ပေါ်ခဲ့ဘူးကြောင်း၊ ထိုမဟာသုဒဿနမင်းသည် စကြာမင်းဖြစ်ထိုက်သော ရှေးကကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသည့်အလျောက် ထိုစကြာမင်းဖြစ်မည့်ဘဝမှာလည်း တစ်ခုသော လပြည့်နေ့ဝယ် ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်၍ ကုသိုလ်ကောင်းမှုတို့ကို ဆင်ခြင်ရာ၌ စကြာရတနာ ဖြစ်ပေါ်လာ၍ မဟာသုဒဿနမင်းကြီးသည် စကြာမင်းဖြစ်ရကြောင်း၊ ထိုစကြာရတနာနှင့်အတူ ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, မိဖုရားရတနာ, သူဌေးရတနာ, သားကြီးရတနာများ ဖြစ်ပေါ်ကြောင်း၊ ထိုတွင် ဆင်ရတနာ ဖြစ်ပေါ်ပုံကား-

ထိုဆင်ရတနာသည် ဆင်ထဲတွင် အမြတ်ဆုံး, အကြီးဆုံးဖြစ်သော ဥပေါသထမည်သော ဆင်မင်းတည်း။ ထိုဥပေါသထ ဆင်မင်းသည် ကိုယ်လုံးဖြူသော ဆင်ဖြူရတနာဖြစ်သည်။ ကောင်းကင်သို့လည်း ငှက်ကဲ့သို့ ပျံနိုင်၍ အလွန်တန်ခိုးကြီးသော ဆင်ရတနာဖြစ်သည်။ အလွန်ယဉ်ကျေးသိမ်မွေ့သော ဆင်ရတနာဖြစ်သည်။ စကြာမင်းကြီး၏စိတ်ကို ကြည်နူးနှစ်သက်စေသော ဆင်ရတနာ ဖြစ်သည်။ မဟာသုဒဿနမင်းကြီးသည် ထိုဥပေါသထမည်သော ဆင်မင်းရတနာကိုစီး၍ ကောင်းကင်ခရီးဖြင့် နံနက်စောစော သမုဒ္ဒရာအဆုံးရှိသော မြေပြင်အလုံးကို လှည့်လည်ရာတွင် အလွန်လျင်မြန်သည်ဖြစ်၍ နံနက်ပွဲတော်စာအမီ ကုသဝတီနေပြည်တော်သို့ ပြန်ရောက်လေသည်။ ဥပေါသထမည်သောဆင်မင်းသည် ဤမျှတန်ခိုးကြီးမားသော ဆင်ရတနာဖြစ်ကြောင်း စသည်ဖြင့် ဗုဒ္ဓက အရှင်အာနန္ဒာအား မဟာသုဒဿနသုတ်တရားကို ဟောကြားတော်မူလေသည်။ *(ဒီ- ၂- ၁၄၂)*

ပညတ္တိအနက်ဟော ဥပေါသထ သဒ္ဒါက တရားဟောပုံသဘော

'ဥပေါသထမည်သော ဆင်မင်း' ဟူသော အမည်သည် ဓါတ်ရာ ပညတ္တိ အနက်၌ ဖြစ်သော်လည်း သာမညပညတ်ကား မဟုတ်ပေ။ မှန်ပါသည်။ ဥပေါသထဆင်မင်းသည် မြောက်များစွာသော ဆင်တို့အနက် အလွန်တန်ခိုးကြီးမားသော ဆင်မင်းဖြစ်၍ စကြာမင်းတို့သာလျှင် အသုံးပြုထိုက်သော ဆင်ရတနာ ဖြစ်လေသည်။ ရှေးကပြုခဲ့သော ကုသိုလ်ကံကြောင့် ယခုဘဝမှာ စကြာမင်းဖြစ်နိုင်လောက်သော အခြေအနေရှိသော်လည်း ထိုစကြာမင်းဖြစ်မည့်ပုဂ္ဂိုလ်သည် လပြည့်နေ့တွင် ခန္ဓာကိုယ်ကို အပြင်ပိုင်းက စင်ကြယ်အောင် ရေချိုးရသလို အတွင်းစိတ် စင်ကြယ်အောင်လည်း ရှစ်ပါးသော ဥပုသ်သီလတို့ကို ကောင်းစွာဆောက်တည်ရခြင်းဟူသော

ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုလုပ်ရလေသည်။ ထိုသို့ ပြုလုပ်ပါမှ ရှေးဘဝက စကြာမင်းဖြစ်ထိုက်သော ကုသိုလ်ကံနှင့် ယခုဘဝ ပြုလုပ်သော ကုသိုလ်ကံတို့ ဆက်သွယ်မိပြီး အတိတ်ရော ပစ္စုပ္ပန်ပါ အားကောင်းသော ကုသိုလ်တို့၏ အာနုဘော်တို့ကြောင့် စကြာရတနာ ဆိုက်ရောက်လာ၍ စကြာမင်း ဖြစ်ရလေသည်။ စကြာရတနာနှင့်အတူ အလွန်တန်ခိုးကြီးမား တန်ဖိုးအနဂ္ဃထိုက်လှသော ဆင်ရတနာစသော ရတနာများလည်း ဆိုက်ရောက်လာရလေသည်။ ထို့ကြောင့် **ဤဘဝအတွက်ရော တမလွန်ဘဝအတွက်ရော အားထားရာ မှီခိုရာဖြစ်သော 'ဒါန, သီလ, ဘာဝနာ' ဟူသော ကုသိုလ်ကောင်းမှုတို့ကို အားတက်သရော ပြုလုပ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

ဥပဝသိတဗ္ဗ ဒိဝသ အနက်ဟော ဥပေါသထ သဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဥပေါသထသဒ္ဒါ၏ ပညတ္တိ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဥပေါသထသဒ္ဒါ၏ 'ဥပဝသိတဗ္ဗ ဒိဝသ- စောင့်သုံးထိုက်သောနေ့' အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

န ဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ။ *(ဝိ- ၃- ၁၈၇)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဥပေါသထေ**- ဥပုသ်နေ့ဖြစ်သော၊ **တဒဟု**- ထိုနေ့၌၊ **သဘိက္ခုကာ**- ရဟန်းရှိသော၊ **အာဝါသာ**- နေရာအရပ်မှ၊ **အဘိက္ခုကော**- ရဟန်းမရှိသော၊ **အာဝါသော**- နေရာအရပ်သို့၊ **နဂန္တဗ္ဗော**- မသွားထိုက်။

အထက်ပါ ပါဠိရပ်သည် ဝိနည်းမဟာဝါပါဠိတော်- ဥပေါသထက္ခန္ဓက နဂန္တဗ္ဗဝါရ၌ လာရှိလေသည်။ ထိုပါဠိတော်နှင့် စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

န ဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အာဝါသော ဂန္တဗ္ဗော အညတြ သံဃေန အညတြ အန္တရာယာ။ *(ဝိ မဟာဝါ- ၁၈၇)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဥပေါသထေ**- ဥပုသ်နေ့ဖြစ်သော၊ **တဒဟု**- ထိုနေ့၌၊ **သဘိက္ခုကာ**- ဥပုသ်ပြုသော ရဟန်းရှိသော၊ **အာဝါသာ**- နေရာသိမ်အရပ်မှ၊ **အဘိက္ခုကော**- ဥပုသ်ပြုသော ရဟန်းမရှိသော၊ **အာဝါသော**- နေရာအရပ်သို့၊ **သံဃေန**- ဥပုသ်ပြုရန် သံဃာလောက်သည်ကိုလည်းကောင်း၊ **အန္တရာယာ**- အန္တရာယ်ဆယ်ပါး တစ်ပါးပါးရှိသည်ကိုလည်းကောင်း၊ **အညတြ**- ကြဉ်ထား၍၊ **နဂန္တဗ္ဗော**- မသွားထိုက်။

ဥပဝသိတဗ္ဗ ဒိဝသ အနက်ဟော ဥပေါသထသဒ္ဒါက တရားဟောပုံသဘော

အထက်ပါ ပါဠိတော်၏ ဆိုလိုချက်ကား- လေးပါး, လေးပါးထက် အလွန်ရှိကုန်သော သံဃာတော်တို့သည် လပြည့်, လကွယ်နေ့ဖြစ်သော ဥပုသ်နေ့တွင် ပါတိမောက်ကို ရွတ်ပြခြင်း ဟုဆိုအပ်သော သံဃာ့ဥပုသ်ကို မပြုဘဲ မနေရ။ မပြုဘဲနေလျှင် ဒုက္ကဋ်အာပတ်သင့်လေသည်။ ထို့ကြောင့် ဥပုသ်ပြုနိုင်လောက်သော သံဃာရှိရာအရပ်မှ ဥပုသ်မပြုနိုင်လောက်သော သံဃာမရှိရာ အရပ်သို့ မသွားအပ်ဟု ဗုဒ္ဓ ပညတ်တော်မူခြင်း ဖြစ်သည်။ ဥပုသ်ပြုနိုင်လောက်သော သံဃာရှိလျှင်လည်း ဥပုသ်ပြုရန်အတွက် သွားကောင်းပေသည်။ သို့မဟုတ် မိမိနေရာအရပ်တွင် 'မင်းအန္တရာယ်, ခိုးသူအန္တရာယ်, မီးအန္တရာယ်, ရေဘေးအန္တရာယ်, လူအန္တရာယ်, ဘီလူးအန္တရာယ်, သားရဲအန္တရာယ်, မြွေကင်းသန်းအန္တရာယ်, အသက်အန္တရာယ်, မြတ်သောအကျင့်၏အန္တရာယ်' ဟူသော အန္တရာယ်ဆယ်မျိုးတွင် တစ်မျိုးမျိုးရှိကလည်း သွားကောင်းလေသည်။ ဆိုလိုသည်ကား လပြည့်, လကွယ် ဥပုသ်နေ့တွင် ရဟန်းသံဃာတော်တို့သည် ဥပုသ်ပြုကိုပြုရမည်ဟု ဆိုလိုပေသည်။ အထက်ဖော်ပြပါ ပညတ်ချက်အရ ဥပုသ်မပြုဘဲ မနေအပ်သည်ကား ထင်ရှားလှပေသည်။ ထို့ကြောင့် **ရဟန်းသံဃာတော်များတို့သည် သီလစင်ကြယ်မှု, ညီညွတ်မှု, ဗုဒ္ဓ၏ ဝိနည်းသိက္ခာပုဒ် ပညတ်တော်ကို လေးစားမှုများကို ရှေးရှုလျက် ဥပုသ်ပြုကြပါကုန်လော့။ ထို့အတူ လူအပေါင်းတို့သည်လည်း ဥပုသ်နေ့တိုင်းတွင် အလွန်အကျိုးများသော ရှစ်ပါးသော, ကိုးပါးသော ဥပုသ်သီလတို့ကို စောင့်သုံးသူများ** *(ဥပုသ်စောင့်သူများ)* **ဖြစ်ကြပါကုန်လော့။**

ဤ၌ ဥပေါသထသဒ္ဒါ လိုအပ်သောအနက်

အထက်က ဖော်ပြခဲ့သော ဥပေါသထသဒ္ဒါ၏ (၁) ပါတိမောက္ခုဒ္ဒေသ အနက်၊ (၂) သီလ အနက်၊ (၃) ဥပဝါသ အနက်၊ (၄) ပညတ္တိ အနက်၊ (၅) ဥပဝသိတဗ္ဗ ဒိဝသ အနက် ဟူ၍ ဟောနိုင်သော အနက်ငါးနက်ရှိရာတွင် ဤသာမညဖလသုတ်တွင် လာရှိသော 'တေနခေါ်ပန သမယေန ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော တဒဟုပေါသထေ ပန္နရသေ' ဟူသော ပါဠိရပ်၌ တဒဟုပေါသထေ ၌ ဥပေါသထ အရ- 'ဥပဝသိတဗ္ဗ ဒိဝသ'- ဥပုသ်စောင့်သုံးထိုက်သော ဥပုသ်နေ့ကို လိုအပ်ပေသည်။ ထိုဥပုသ်နေ့သည် 'အဋ္ဌမီ- ရှစ်ရက်နေ့၌ စောင့်ရသော ဥပုသ်နေ့၊ စာတုဒ္ဒသီ- ၁၄ ရက်နေ့၌ စောင့်ရသော ဥပုသ်နေ့၊ ပန္နရသီ- ၁၅ ရက်နေ့၌ စောင့်ရသော ဥပုသ်နေ့' ဟူ၍ သုံးနေ့ရှိရာတွင် 'ပန္နရသေ' ဟု ပြဆိုထားသောကြောင့် လပြည့်နေ့- ၁၅ ရက်နေ့၌ စောင့်အပ်သော ဥပုသ်နေ့ကို လိုအပ်ပေသည်။ *(ဒီ ဌ- ၁- ၁၂၈)*

တေနခေါ်ပန သမယေန ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော တဒဟုပေါသထေ ပန္နရသေ ကောမုဒိယာ စာတုမာသိနိယာ ပုဏ္ဏာယ ပုဏ္ဏမာယ ရတ္တိယာ ရာဇာမစ္စ ပရိဝုတော ဥပရိပါသာဒဝရဂတော နိသိန္နော ဟောတိ ဟူသော ပါဠိတော်များကို အဋ္ဌကထာဆရာက တစ်ခုစီ ရှင်းပြရာတွင် 'ရာဇာ' ဟူသောပုဒ်၊ 'အဇာတသတ္တု' ဟူသောပုဒ်၊ 'ဝေဒေဟိပုတ္တော'ဟူသောပုဒ်၊ 'တဒဟုပေါသထေ' ဟူသောပုဒ်၊ 'ပန္နရသေ' ဟူသောပုဒ်များ၏ ဆိုလိုချက်များကို ပြဆိုခဲ့ပြီးဖြစ်သည်။ ကျန်သော 'ကောမုဒိယာ' ဟူသောပုဒ်၊ 'စာတုမာသိနိယာ, ပုဏ္ဏာယ, ပုဏ္ဏမာယ' ဟူသောပုဒ်၊ 'ရာဇာမစ္စပရိဝုတော' ဟူသောပုဒ်၊ 'ဥပရိပါသာဒဝရဂတော' ဟူသောပုဒ်၊ 'နိသိန္နော ဟောတိ' ဟူသောပုဒ်တို့၏ ဆိုလိုသော အဓိပ္ပါယ်များကို အောက်ပါအတိုင်း တစ်ခုစီ ရှင်းပြလေသည်။

ကောမုဒိယာ ရှင်းချက်

ကောမုဒိယာ ဟူသည် ကုမုဒြာကြာကို ဆိုလိုသည်။ နေ့အခါ၌ ပဒုမ္မာကြာတို့သည် နေရောင်နှင့် ထိတွေ့သောအခါ ကောင်းစွာ ပွင့်သကဲ့သို့ ညအခါ၌ ကုမုဒြာကြာတို့သည် လရောင်နှင့် ထိတွေ့သောအခါ ကောင်းစွာပွင့်လေသည်။ (ကုယံ- မြေ၌၊ မောဒတိ- လန်းလန်းဆန်းဆန်း ပွင့်၏၊ ဣတိ- ထို့ကြောင့်၊ ကောမုဒီ- ကုမုဒြာကြာမည်၏။)

စာတုမာသိနိယာ, ပုဏ္ဏာယ, ပုဏ္ဏမာယ ရှင်းချက်

'စာတုမာသိနိယာ' ဟူသည် မိုးလေးလတို့၏ အဆုံးဖြစ်သောလဟု ဆိုလိုသည်။ 'ပုဏ္ဏာယ' ဟူသည် တန်ဆောင်မုန်းလပြည့်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ မိုးဥတု၏ ပြည့်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ကတ္တိကာနက္ခတ်ဖြင့် သတ်မှတ်အပ်သောနစ်၏ ပြည့်သည်၏အဖြစ်ကြောင့်လည်းကောင်း 'ပုဏ္ဏာယ' ဟု ဆိုခြင်းဖြစ်သည်။ 'ပုဏ္ဏမာယ' ဟူသည် ဤ၌ လကို 'မာ' ဟူ၍ ဆိုလိုသည်။ နောက်၌ 'ရတ္တိယာ' ဟူသောပုဒ်ပါသောကြောင့် 'တန်ဆောင်မုန်းလပြည့်နေ့ည' ဟူ၍ အဓိပ္ပါယ်ရလေသည်။

ရာဇာမစ္စ ပရိဝုတော ရှင်းချက်

ဤ၌ တိမ်မြုပ်နေသော အဓိပ္ပါယ်ကို ပြဦးအံ့။ ထိုတန်ဆောင်မုန်းလပြည့်နေ့ညသည် အလွန်တင့်တယ်လျက်ရှိသည်။ နေရာတစ်ခုကို နံ့ရည်တို့ဖြင့် ဆေးကြောထားသကဲ့သို့လည်းကောင်း၊ သန့်ရှင်းစင်ကြယ်သော ပုလဲသွယ်, မြတ်လေးပန်းကုံး, ဘွဲ့ဖြူပုဆိုး, ကုမုဒြာကြာတို့ဖြင့်လည်းကောင်း ကောင်းစွာထက်ဝန်းကျင် ရောပြွမ်းလျက် 'ဆီးနှင်း, မြူ, တိမ်, သူရိန်, ရေခိုးရေငွေ့' ဟူသော ညစ်မျိုးငါးအင်မှုလည်း ကင်းစင်သော ငွေ့ဗိမာန်မှ ထွက်ပေါ်လာသော လပြည့်ဝန်း၏ အရောင်တို့ဖြင့်လည်းကောင်း တန်ဆောင်မုန်းလပြည့်နေ့ညသည် အလွန်တင့်တယ်လျက် ရှိနေလေသည်။ ထိုသာယာဖွယ်အကြောင်း တင့်တယ်ခြင်းအပေါင်းတို့နှင့် ပြည့်စုံနေသော ထိုည၌ လက်အောက်ခံ မင်းအမတ်တို့ဖြင့် ခြံရံလျက် အဇာတသတ်မင်း ထိုင်နေသည်ဟု ဆိုလိုသည်။

ဥပရိပါသာဒဝရဂတ အခိပ္ပါယ်ရှင်းချက်

'ပါသာဒ' ပြာသာဒ်ဟူသည် မျက်စိနှင့် စိတ်တို့၏ ကြည်နူးဖွယ်ရာ အဆောက်အဦးကို ပြာသာဒ်ဟုခေါ်သည်။ 'ဝရ' ပုဒ်က မြတ်သောအနက်ထွက်၍ 'ဝရပါသာဒ'– မြတ်သောပြာသာဒ်၊ 'ဥပရိ'– အပေါ်၌၊ 'ဂတ'– ရောက်နေခြင်း၊ မြတ်သောပြာသာဒ်ပေါ်သို့ ရောက်နေခြင်းကို 'ဥပရိပါသာဒဝရဂတ' ဟု ဆိုလိုသည်။

ထိုပြာသာဒ်မျိုးသည် အထက်တန်းကျသော ပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သောနေရာမျိုး ဖြစ်သည်။ ထိုပြာသာဒ်၌ ကောင်းစွာ စိုက်ထောင်ထားအပ်သော ထီးဖြူလည်း ရှိသည်။ သီဟာသနပလ္လင်သည် ရွှေအတိပြီးသောပလ္လင် ဖြစ်လေသည်။ မြတ်သောပြာသာဒ်ရှိ ထိုရွှေအတိပြီးသောပလ္လင်၌ အဇာတသတ်မင်း ထိုင်နေသည်ဟု ဆိုလိုသည်။

အဘယ်ကြောင့် ထိုင်နေသနည်း – နိသိန္နော ဟောတိ ရှင်းချက်

လိုရင်းအချုပ်ကား– အိပ်စက်ခြင်းငှာ အလိုမရှိသည့်အတွက် ထိုင်နေခြင်း ဖြစ်သည်။ အဘယ်ကြောင့်နည်းဟူမူ– ဤအဇာတသတ်မင်းသည် ခမည်းတော်ဗိမ္ဗိသာရကို သတ်မိသည့်အချိန်မှစ၍ အိပ်ရာထက်ဝယ်အိပ်ရန် မျက်စိကို မှိတ်လိုက်သည်ဟုဆိုလျှင်ပင် တစ်ကိုယ်လုံးကို အပ်ဖြင့်လည်းကောင်း, လှံဖြင့်လည်းကောင်း ထိုးဆွခံရသကဲ့သို့ဖြစ်ပြီး ခံစားရမှုဒုက္ခ ပြင်းထန်လှသည်ဖြစ်၍ ကယောင်ကတန်း မြည်တမ်း၍ ထရလေသည်။

ထိုသို့ဖြစ်နေရင်းမှ တန်ဆောင်မုန်းလပြည့်ည ရောက်လာသောအခါတွင် ညကလည်း ကုမုဒြာကြာတို့ဖြင့် သာယာ, တိုင်းသူပြည်သားတို့ကလည်း အမျိုးမျိုးတန်ဆာဆင်၍ ကတ္တိကာနက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပနေသည်လည်းတစ်ကြောင်း ယင်းအကြောင်းအကြောင်းတို့ ပေါင်းဆုံမိသည်ဖြစ်ရကား မိမိခံစားနေရသော စိတ်ဒုက္ခကို ဖုံးဖိလိုသည်ဖြစ်၍ မင်းအမတ်ပေါင်းခြံရံလျက် ထိုင်နေခြင်း ဖြစ်သည်။ *(ဒီ ဋ္ဌ– ၁– ၁၂၈) (အကျဉ်းချုပ်ကား ကြောက်ဖွယ်ကောင်းလေစွ။)*

ထိုသို့ထိုင်နေရင်းမှ အဇာတသတ်မင်းသည် အောက်ပါဥဒါန်းကို ကျူးရင့်လေသည်။

(၁) **ရမဏီယာဝတ ဘော ဒေါသိနာ ရတ္တိ** – အိုအချင်းတို့ ညဉ့်သည် ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး ဟူသော အပြစ်တို့မှ ကင်းစင်နေ၍ မွေ့လျော်ဖွယ်ကောင်းလေစွ။

(၂) **အဘိရူပါဝတ ဘော ဒေါသိနာ ရတ္တိ** – အိုအချင်းတို့ ညဉ့်သည် အပြစ်ကင်းစင်နေ၍ အလွန်အဆင်းလှပါပေစွ။

(၃) **ဒဿနီယာဝတ ဘော ဒေါသိနာ ရတ္တိ** – အချင်းတို့ ညဉ့်သည် အပြစ်ကင်းစင်နေ၍ ရှုချင်စဖွယ် ကောင်းလေစွ။

(၄) **ပါသာဒိကာဝတ ဘော ဒေါသိနာ ရတ္တိ** – အချင်းတို့ ညဉ့်သည် အပြစ်ကင်းစင်နေ၍ စိတ်ကြည်လင်ခြင်း ဖြစ်ပါပေစွ။

(၅) **လက္ခညာဝတ ဘော ဒေါသိနာ ရတ္တိ** – အချင်းတို့ ညဉ့်သည် အပြစ်ကင်းလှ၍ မှတ်သားဖွယ် ကောင်းလေစွ။

(ဒီဃဟာ သိပ်သာယာတဲ့ညပဲ ပြောစမှတ်ဖြစ်လောက်အောင် မှတ်သားဖွယ် ကောင်းလေစွ။)

(၆) **ကံနု ခွဇ္ဇ သမဏံဝါ ဗြာဟ္မဏံဝါ ပယိရုပါသေယျာမ။ (ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျာတိ။)**
(ဒီ– ၁– ၄၄)

ယံ သမဏံဝါ– အကြင်သမဏသို့လည်းကောင်း၊ **ယံ ဗြာဟ္မဏံဝါ**– အကြင်ဗြာဟ္မဏသို့လည်းကောင်း၊ **ပယိရုပါသတော**– ချဉ်းကပ်သော၊ **နော**– ငါတို့၏၊ **စိတ္တံ**– စိတ်သည်၊ **ပသီဒေယျ**– ကြည်လင်ရာ၏၊ **အဇ္ဇ**– ယနေ့လို သာယာလှသောညဉ့်၌၊ **ကံ**– အဘယ်မည်သော၊ **တံ သမဏံဝါ**– ထိုသမဏသို့လည်းကောင်း၊ **တံ ဗြာဟ္မဏံဝါ**– ထိုဗြာဟ္မဏသို့လည်းကောင်း၊ **ပယိရုပါသေယျာမ နုခေါ**– ချဉ်းကပ်ရပါကုန်အံ့နည်း၊ **ဣတိ**– ဤသို့၊ **ဥဒါနံ**– ဥဒါန်းကို၊ **ဥဒါနေသိ**– ကျူးရင့်လေ၏။

ကြောက်မက်ဖွယ်ကောင်းလှသော စိတ်အပူအလောင်

အထက်ပါ အဇာတသတ်မင်း၏ ဥဒါန်းကျူးပုံကို စဉ်းစားသုံးသပ်ကြည့်ပါက အဇာတသတ်မင်း၏ စိတ်နှလုံးသည် အပူလုံးကြွ၍ ယူကြုံးမရဖြစ်ကာ အလွန့်အလွန် ပူလောင်နေမည် ဖြစ်သည်။ စိတ်ပူလောင်ခြင်း အကြောင်းတွေလည်း အဇာတသတ်မင်းမှာ များစွာရှိနေပေသည်။

(၁) မိမိအပေါ်၌ အလွန်ကောင်းသော ခမည်းတော်ကို သတ်မိ၍ အကြီးအကျယ် နောင်တရကာ စိတ်ပူလောင်နေရမှုလည်း ရှိသည်။

(၂) ညအိပ်ရာဝင် မျက်စိမှိတ်တိုင်း လုံတွေ, အပ်တွေနှင့် ထိုးဆွခံရသလိုဖြစ်၍ မျက်စိမမှိတ်ရဲလောက်အောင်ပင် အလွန်ကြီးကျယ်သော ဒုက္ခကို ခံစားနေရသည့်အတွက် စိတ်ပူလောင်ရမှုလည်း ရှိနေပေသည်။

(၃) ဒေဝဒတ်ကို ဆရာတင်ကာ ကိုးကွယ်မှု မှားယွင်းသည်ကို တွေးမိတိုင်း နောင်တရ၍ စိတ်ပူပန်နေရမှုလည်း ရှိနေပေသည်။

(၄) ဗုဒ္ဓကို လုပ်ကြံသတ်ဖြတ်ရာ၌ ဒေဝဒတ်အား အကူအညီပေးမိသည်ကို နောင်တရသဖြင့် စိတ်ပူပန်ရမှုလည်း ရှိနေပေသည်။

(၅) 'ဒေဝဒတ်ကို မြေမျိုပြီတဲ့' ဟူသော သတင်းကိုကြား၍ 'ငါ့ကိုလည်း မျိုဦးမှာလား' ဟူသော စိုးရိမ်စိတ်ဖြင့် စိတ်ပူပန်ရမှုလည်း ရှိနေပေသည်။

(၆) မြောက်များစွာသော အလွန်ကြီးလေးသော ထိုပူလောင်မှုတို့က ပွက်ပွက်ဆူနေသော ဆီပူကဲ့သို့ အဇာတသတ်မင်း၏ စိတ်နှလုံးသည် အလွန်ပြင်းထန်စွာ ပူလောင်လျက်ရှိနေမည် ဖြစ်သည်။

(၇) အဇာတသတ်မင်း၏ မင်းစည်းစိမ်သည်လည်းကောင်း၊ ကာမဂုဏ်အာရုံ အဖုံဖုံတို့သည်လည်းကောင်း အလွန်ကြီးကျယ်စွာ ရှိနေပေသည်။

(၈) ထိုအချက်ကိုထောက်လျှင် အလွန်ကြီးကျယ်သော မင်းစည်းစိမ်နှင့် ပေါကြွယ်လှသော ကာမဂုဏ်အာရုံ အဖုံဖုံတို့က အလွန်ပြင်းထန်စွာ ပူလောင်နေသော အဇာတသတ်မင်း၏ စိတ်ဒုက္ခကို အေးအောင် မစွမ်းဆောင်နိုင်ကြောင်းမှာ အလွန်ထင်ရှားလျက် ရှိနေပေသည်။

(၉) အပြင်းအထန်ရောဂါစွဲနေသူအား အဘယ်မျှကောင်းမွန်သော အစာအာဟာရကို စားရစေကာမူ ရောဂါမပြေနိုင်သကဲ့သို့ မင်းစည်းစိမ်ကို လိုချင်လှ၍ ခမည်းတော်ကိုသတ်ကာ ရှင်ဘုရင်ဖြစ်လာသော အဇာတသတ်သည် ရှင်ဘုရင်စည်းစိမ်က မိမိ၏စိတ်အပူအလောင်ကို အေးအောင် အနည်းငယ်မျှ မတတ်နိုင်ကြောင်းကို အဇာတသတ်မင်း ကောင်းစွာသဘောပေါက်လေပြီ။

'ကိုယ့်စိတ်က ကိုယ့်ပြန်ခြောက်' ဆိုသည့်အတိုင်း အဇာတသတ်မင်း၏ အထက်ပါ အခြေအနေကို သံဝေဂယူပြီး အကုသိုလ် ဒုစရိုက်များကို မကျူးလွန်မိကြအောင် အထူးရှောင်ရှားနိုင်သူများ ဖြစ်ကြပါကုန်လော့။

(၁၀) အဇာတသတ်မင်း၏ စိတ်အပူအလောင် အေးမြရန်သည် တရားရေအေး အမြိုက်ဆေးကို သောက်ရန်မှတပါး အခြားအကြောင်း မရှိနိုင်ကြောင်းကို ကောင်းကောင်းကြီး သဘောပေါက်နားလည်သည်ဖြစ်၍ အဇာတသတ်မင်းသည် တရားနာလိုသည့်အတွက် အထက်ကပြဆိုခဲ့သည့်အတိုင်း ဥဒါန်းကျူးရင့်ခြင်း ဖြစ်လေသည်။ *(ဒီ ၄- ၁- ၁၂၉)*

(ဤအခြေအနေကပင် အဇာတသတ်မင်းမှာ သူတော်ကောင်းစိတ်ဓာတ်ခံ ရှိနေသည်မှာ ထင်ရှားပေသည်။)

အဘယ် သမဏ ဗြာဟ္မဏကို ရည်စူးပါသနည်း။

အဇာတသတ်မင်းသည် အထက်ပါ ဥဒါန်းအရိပ်နိမိတ်ကို အဘယ်ပုဂ္ဂိုလ်အား ရည်စူး၍ ဥဒါန်းကျူးသနည်းဟူမူ ဆရာဇီဝကကို ရည်စူး၍ ဥဒါန်းကျူးခြင်း ဖြစ်လေသည်။ အဇာတသတ်မင်း ကိုယ်တိုင်လည်း သိပါသည်။ မိမိ၏ စိတ်အပူအလောင်ကို ဗုဒ္ဓ၏ တရားကို နာကြားခြင်းမှတပါး အခြားမရှိဟူ၍ သိလေသည်။ သို့ဖြစ်လျှင် အဘယ်ကြောင့် ကိုယ်တိုင်မသွားသနည်းဟု မေးဖွယ်ရှိ၏။ အပြေကား ကျူးလွန်ထားသော အပြစ်ကြီးများ ရှိသောကြောင့် ဖြစ်သည်။

မှန်ပါသည်။ အဇာတသတ်မင်းသည် ဗုဒ္ဓ၏အလုပ်အကျွေး အရိယာဖြစ်သော ဖခမည်းတော်ကို သတ်မိခြင်း ပိတုဃာတက ကံကြီးကိုလည်း လွန်ကျူးထားသောကြောင့်လည်းကောင်း၊ ဗုဒ္ဓကို လုပ်ကြံသတ်ဖြတ်ရန်အတွက် ဒေဝဒတ်အား များစွာအကူအညီပေးခဲ့သောကြောင့်လည်းကောင်း ထိုသို့ ကြီးလေးသောအပြစ်တွေရှိနေ၍ ကိုယ်တိုင်မသွားဝံ့ခြင်း ဖြစ်လေသည်။

ဆရာဇီဝကကား ဗုဒ္ဓ၏ အလုပ်အကျွေးလည်းဖြစ်၊ ခမည်းတော် မိမ္ဗိသာရမင်းကြီး၏ သမားတော်ကြီးလည်းဖြစ်၊ မိမိကိုယ်တိုင်နှင့်လည်း အကျွမ်းဝင်သူတစ်ဦးလည်းဖြစ်၍ ဆရာဇီဝကကို အမှီပြု၍ ဗုဒ္ဓထံသို့ တရားနာသွားလိုသဖြင့် အထက်ပါအတိုင်း ဥဒါန်းကျူးရင့်ခြင်း ဖြစ်လေသည်။

ဆရာဇီဝက မရိပ်မိလေသလော

သို့ဖြစ်လျှင် ဆရာဇီဝကသည် မင်းကြီးသည် မိမိအားရည်စူး၍ ဥဒါန်းကျူးသည်ကို 'မရိပ်မိသလော' ဟု မေးလျှင် ဆရာဇီဝကသည် ဆေးကုသမားတော်လောက၌ နှစ်ယောက်မရှိအောင် ဉာဏ်စွမ်းရှိသူလည်းဖြစ်၊ အရိယာသောတာပန်တစ်ဦးလည်းဖြစ်၍ မင်းကြီး၏ အလိုဆန္ဒကို ကောင်းစွာပင် ရိပ်စားမိလေသည်။ သို့ဖြစ်လျက် ဆိတ်ဆိတ်နေခြင်းသည် ပညာရှိသူတစ်ဦး ဖြစ်သောကြောင့် ဆိတဆိတ်နေခြင်း ဖြစ်လေသည်။

မှန်ပါသည်။ အဇာတသတ်မင်းကြီးအား ခစားနေကြကုန်သော အမတ်ကြီးတို့တွင် ပူရဏကဿပ အစရှိကုန်သော တိတ္ထိဆရာကြီး ခြောက်ဦးတို့၏ အလုပ်အကျွေးဒါယကာ အမတ်ကြီးများလည်း ပါဝင်လျက်ရှိနေပေသည်။ ထိုအမတ်ကြီးတို့သည် အကျင့်သိက္ခာမရှိသော ဆရာများကို ချဉ်းကပ်ခြင်းကြောင့် မိမိတို့ကိုယ်တိုင်မှာလည်း သိက္ခာမရှိသူတွေ ဖြစ်ကြလေသည်။

ထို့ကြောင့် ဗုဒ္ဓဂုဏ်တော်ကို ပြောကြားပြီး ဗုဒ္ဓထံသို့ ချဉ်းကပ်သင့်ကြောင်း လျှောက်တင်မည်ဆိုပါက စကားမဆုံးမီ အကြားအကြား၌ ထ၍ထ၍ အပြိုင်အဆိုင် မိမိတို့၏ ဆရာကြီးများ၏ ဂုဏ်များကိုလည်း ပြောဆိုကြမည် ဖြစ်သည်။ ထိုသို့ဖြစ်ချေသော် သူတစ်ခွန်း, ငါတစ်ခွန်း အပြိုင်အဆိုင် အနိုင်လု၍ ပြောဆိုနေရမည်ဖြစ်၍ ဗုဒ္ဓ၏ဂုဏ်တော်ကို ပြောကြားမှုသည် အပြီးအဆုံးသို့ ရောက်တော့မည် မဟုတ်ပေ။ အဇာတသတ်မင်းကြီး ကိုယ်တိုင်က တိုက်တွန်း၍ ပြောဆိုမှသာလျှင် အပြီးဆုံးသို့ ရောက်မည်ကို သိသောကြောင့် ရိပ်စားမိသော်လည်း ဆိတ်ဆိတ်နေခြင်း ဖြစ်သည်။ *(ဒီ ဌ- ၁- ၁၂၉ / ၁၃၀)*

အမတ်ကြီးတို့ စဉ်းစားပုံ

တိတ္ထိဆရာကြီးတို့၏ တပည့်များဖြစ်ကြသော အမတ်ကြီးတို့ကလည်း အကယ်၍ မင်းကြီးသည် ငါတို့ကိုးကွယ်သော ဆရာထံသို့ ချဉ်းကပ်၍ တရားနာ၍ စိတ်ကြည်လင်ခဲ့သည်ရှိသော် ငါတို့၏ ဆရာအတွက်လည်း ကောင်းသလို ငါတို့အတွက်လည်း ကောင်း၏ဟု အသီးသီး ကြံစည်မိကြသောကြောင့် အသီးသီးပင် မိမိတို့ ကိုးကွယ်သော ဆရာများ၏ ဂုဏ်များကို ဖော်ထုတ်၍ ချဉ်းကပ်သင့်ကြောင်း လျှောက်တင်ကြလေသည်။ *(ဒီ ဌ- ၁- ၁၃၀)*

တိတ္ထိဆရာကြီး ခြောက်ဦး

ထိုအမတ်ကြီးတို့ ကိုးကွယ်ကြသော တိတ္ထိဆရာကြီး ခြောက်ဦးတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) ပူရဏကဿပ၊ (၂) မက္ခလိဂေါသာလ၊ (၃) အဇိတကေသကမ္ဗလ၊ (၄) ပကုဓကစ္စာယန၊ (၅) သဉ္စယဗေလဋ္ဌပုတ္တ၊ (၆) နိဂဏ္ဌနာဋပုတ္တ တို့ ဖြစ်ကြလေသည်။

(၁) ပူရဏကဿပ ဆရာကြီးအကြောင်း

ပူရဏကဿပသည် ဗုဒ္ဓမပွင့်မီကပင် ဘုရားလုပ်နေသော ဆရာကြီး ဖြစ်လေသည်။ ထိုအချိန်က 'ဗုဒ္ဓပွင့်လိမ့်မည်တဲ့၊ ဗုဒ္ဓပွင့်လိမ့်မည်တဲ့' ဟူသော ကောလာဟလစကားတို့ကြောင့် ဗုဒ္ဓကို လူတိုင်းက မျှော်လင့်နေသော အချိန်အခါ ဖြစ်လေသည်။

သူဌေးတစ်ဦး၏အိမ်၌ ကျွန် (၉၉)ယောက်ရှိနေရာမှ ကျွန်မတစ်ယောက်မှာ သားယောကျ်ားလေးတစ်ယောက်ကို မွေးဖွားလာသောအခါ၌ တစ်ရာပြည့်မြောက် ဖြစ်သောကြောင့် ထိုခေတ်က ထိုတစ်ရာပြည့်မြောက် မွေးဖွားလာသော ကလေးကို မင်္ဂလာရှိသည်ဟု သတ်မှတ်ကြလေသည်။ တစ်ရာပြည့်သည်ကို အကြောင်းပြု၍ အမည်ကို **'ပူရဏ'** ဟူ၍ မှည့်ခေါ်ကြလေသည်။ ကဿပ အနွယ် ဖြစ်သောကြောင့် **'ပူရဏကဿပ'** ဟူ၍ အမည်တွင်ခြင်း ဖြစ်သည်။

မင်္ဂလာကျွန်ဖြစ်သောကြောင့်လည်းကောင်း၊ အိမ်ရှင်သူဌေးကြီး၏ ဦးစားပေးမှုကြောင့်လည်းကောင်း ကောင်းသောအလုပ်ကို လုပ်သည်ဖြစ်စေ, မကောင်းသောအလုပ်ကို လုပ်သည်ဖြစ်စေ ဘာကိုပဲလုပ်လုပ် မည်သူကမျှ တစ်စုံတစ်ရာ ပြောဆိုခြင်း, ဆုံးမခြင်း မပြုလုပ်ကြချေ။ ပူရဏကဿပသည် ထိုသို့တစ်စုံတစ်ရာ ပြောဆိုမည့်သူ မရှိသည်ကို ပျင်းရိငြီးငွေ့ပြီး ထိုအိမ်မှ ထွက်ပြေးရာတွင် လမ်းခရီး၌ သူခိုးတပြများနှင့် တိုးမိပြီး အဝတ်အထည်အားလုံးကို အလုယူခံလိုက်ရလေသည်။

အရှက်ကို ဖုံးလွှမ်းရမှန်းပင် မသိနားမလည်သောကြောင့် မိမွေးတိုင်းပင် လျှောက်သွားရာမှ ရွာတစ်ရွာအရောက်တွင် ဘုရားကို မျှော်လင့်နေကြသူတို့က 'ရဟန္တာဆိုတာ ဒါဖြစ်မှာပဲ' ဟု မှတ်ယူပြီး ကိုးကွယ်ရင်းကနေ ပူရာဏကဿပသည် ဘုရားဖြစ်လာသူ ဖြစ်သည်။ ထိုလူတို့က အဝတ်မဝတ်ခြင်းကိုပင် ရဟန္တာမို့လို့သာ အဝတ်မဝတ်တာပဲဟု စသည်ဖြင့် အထင်ကြီး၍ ကိုးကွယ်ခြင်း ဖြစ်လေသည်။ *(ဒီ ၄- ၁- ၁၃၀)*

(၂) မက္ခလိဂေါသာလ ဆရာကြီးအကြောင်း

မက္ခလိဂေါသာလသည် ဂေါသာလရွာ နွားတင်းကုတ်၌ မွေးသောကြောင့် ဂေါသာလ အမည်တွင်လေသည်။ ထိုဂေါသာလသည် တစ်နေ့သောအခါ၌ အရှင်အတွက် ဆီအိုးကို ယူဆောင်လာရာတွင် ရွှံ့ဗွက်တွေရှိသောနေရာသို့ ရောက်သောအခါ အရှင်ဖြစ်သူက ဆီအိုးလွတ်ကျမှာစိုးရိမ်၍ 'မာခလိ- ချော်မလဲစေနှင့်၊ သတိထား ယူလာခဲ့' ဟု အသိပေးပြောကြားနေသည့်ကြားကပင် ချော်လဲ၍ ဆီအိုးကွဲသွားလေရာ အရှင်မှ ကြောက်သောကြောင့် ထွက်ပြေးရာတွင် အရှင်ဖြစ်သူက လိုက်ဖမ်း၍ ဆွဲလိုက်ရာ အဝတ်ကိုဆွဲမိသဖြင့် ဂေါသာလသည် အကြောက်လွန်၍ အတင်းရုန်းကန်ပြေးသောကြောင့် မိမွေးတိုင်းပင် ထွက်ပြေးလွတ်မြောက်သွားလေသည်။

မိမွေးတိုင်းပြေးလာသော ဂေါသာလသည် ရွာတစ်ရွာအရောက်တွင် လူတို့က အဝတ်မရှိသည်ကို အထင်ကြီးပြီး ရဟန္တာအဖြစ် သတ်မှတ်ကာ ကိုးကွယ်ရာမှ ဘုရားဖြစ်လာသူ ဖြစ်သည်။

အရှင်ဖြစ်သူက 'မာခလိ- မချော်စေနဲ့' ဟူသော အသိပေးစကားကို အကြောင်းပြု၍ 'မက္ခလိ' ဟုလည်းကောင်း၊ ဂေါသာလရွာ နွားတင်းကုတ်၌ မွေးသောကြောင့် 'ဂေါသာလ' ဟုလည်းကောင်း၊ နှစ်ခုတွဲ၍ 'မက္ခလိဂေါသာလ' ဟု အမည်တွင်ခြင်း ဖြစ်လေသည်။ *(ဒီ ၄- ၁- ၁၃၁)*

(၃) အဇိတကေသကမ္ဗလ ဆရာကြီးအကြောင်း

'အဇိတ' ဟူသည် ထိုဆရာကြီး၏ အမည်တည်း။ 'ကေသကမ္ဗလ' ဟူသည် လူ့ဆံပင်ဖြင့် ရက်အပ်သော ကမ္ဗလာအဝတ်ကို ဝတ်သောကြောင့် 'အဇိတကေသကမ္ဗလ' ဟု အမည်တွင်လေသည်။ အဝတ်ထဲတွင် လူ့ဆံပင်ဖြင့် ရက်လုပ်အပ်သော အဝတ်သည် အနံ့အသက်ရော, အတွေ့အထိရော မကောင်းသောကြောင့် အယုတ်ဆုံး ဖြစ်လေသည်။ *(အဇိတကေသကမ္ဗလလည်း ဗုဒ္ဓမပွင့်မီကပင် ဘုရားတစ်ဆူလုပ်နေသူ ဖြစ်သည်။ ဒီ ၄- ၁- ၁၃၁ / ၁၃၂)*

(၄) ပကုဓကစ္စာယန ဆရာကြီးအကြောင်း

'ပကုဓ' ဟူသောအမည်သည် ထိုဆရာကြီး၏ အမည်တည်း။ *(သမ္မာဒိဋ္ဌိအယူရှိသူတို့၌ ခိုက်ဆိုးတက်၍ 'ပကုဓ' ဟု အမည်ရကြောင်း ဋီကာသစ်၌ ဖွင့်ဆိုလေသည်။ ဋီသစ်- ဒုအုပ်- ၁၇)* ကစ္စာယနအနွယ်မှ လာသောကြောင့် 'ပကုဓကစ္စာယန' ဟု ခေါ်ဆိုခြင်း ဖြစ်လေသည်။

ပကုဓကစ္စာယနသည် ရေအေးကို ပယ်ထားသူ ဖြစ်သည်။ ကျင်ကြီးစွန့်ပြီး ရေနွေးကိုလည်းကောင်း, ပအုံးရည်ကိုလည်းကောင်း မရခဲ့သည်ရှိသော် ရေဆေးခြင်းကိစ္စကို မပြုပေ။ လမ်းခရီး၌ ရေကိုကျော်နင်းမိခဲ့သည်ရှိသော် 'ငါ၏ အကျင့်သီလသည် ပျက်စီးလေပြီ' ဟု နှလုံးသွင်း၍ သဲပုံစေတီ ပြုလုပ်ပြီးလျှင် ထိုအကျင့်သီလကို တစ်ဖန်ဆောက်တည်ပြီးမှ သွားလေ့ရှိသည်။ ဤသို့ အသရေမရှိသော အယူကိုယူသူ ဖြစ်လေသည်။ *(ထိုဆရာကြီးလည်း ဗုဒ္ဓမပွင့်မီက ဘုရားပြုလုပ်နေသူ ဖြစ်သည်။ ဒီ ၄- ၁- ၁၃၂)*

(၅) သဉ္စယဗေလဋ္ဌပုတ္တ ဆရာကြီးအကြောင်း

'သဉ္စယ' ဟူသောအမည်သည် ထိုဆရာကြီး၏ အမည်တည်း။ ဗေလဋ္ဌ၏သား ဖြစ်သောကြောင့် 'ဗေလဋ္ဌပုတ္တ'။ နှစ်ခုပေါင်း၍ 'သဉ္စယဗေလဋ္ဌပုတ္တ' ဟု အမည်တွင်ခြင်း ဖြစ်သည်။ *(အင်္ဂုတ္တိုရ်နှင့် အင်္ဂုတ္တရ မဟာဝဂ္ဂလာန်တို့ ဗုဒ္ဓထံ မရောက်မီ ထိုသဉ္စယဆရာကြီးထံတွင် ရဟန်းပြုခဲ့ဖူးလေသည်။ အချို့ သိဉ္စည်းဆရာကြီးဟု ခေါ်ဆိုကြလေသည်။ ထိုဆရာကြီးလည်း ဗုဒ္ဓမပွင့်မီကပင် ဘုရားလုပ်နေသူ ဖြစ်သည်။ ဒီ ၄- ၁- ၁၃၂)*

(၆) နိဂဏ္ဌနာဋပုတ္တ ဆရာကြီးအကြောင်း

'ငါတို့မှာ ကိလေသာ အထုံးအဖွဲ့မရှိ' ဟူ၍ ပြောဆိုလေ့ရှိသောကြောင့် 'နိဂဏ္ဌ' ဟု အမည်တွင်သည်။ နာဋ၏သား ဖြစ်သောကြောင့် 'နိဂဏ္ဌနာဋပုတ္တ' ဟု အမည်တွင်ခြင်း ဖြစ်သည်။ *(ဥပါလိသုတ္တန်လာသည့် မှုဒ်ထဲ မရောက်မီက ထိုဆရာကြီး၏တပည့်ဖြစ်ခဲ့လေသည်။ ထိုဆရာကြီးလည်း မှုဒ်မှမှင်မီကပင် ဘုရားမှုလုပ်နေသူ ဖြစ်သည်။ ဒီ ၄– ၁– ၁၃၂)*

အမတ်ကြီးတို့ သူတို့၏ ဆရာကြီးများ၏ဂုဏ်ကို ပြောဆိုကြပုံများ

ထိုတိတ္ထိဆရာကြီး ခြောက်ဦးတို့၏ တပည့်အရင်း ဖြစ်ကြကုန်သော အမတ်ကြီးတို့သည် မိမိတို့၏ ဆရာကြီး၏ ဂုဏ်များကို အောက်ပါအတိုင်း အသီးသီး ပြောဆို၍ အဇာတသတ်မင်းကို မိမိတို့ ကိုးကွယ်သော ဆရာကြီးထံသို့ ချဉ်းကပ်ရန် ဆွယ်ကြလေသည်။

မင်းကြီး ဤအရှင်ပူရဏကဿပသည်–

(၁) **သင်္ဃီစေဝ** – ရသေ့များစွာ နောက်လိုက်သံဃာလည်း ရှိ၏။

(၂) **ဂဏီစ** – ရသေ့များစွာ နောက်ပါဂိုဏ်းလည်း ရှိ၏။

(၃) **ဂဏာစရိယောစ** – ဂိုဏ်း၏ ဆရာကြီးလည်း ဖြစ်၏။

(၄) **ဉာတောစ** – တိုင်းလုံးကျော်ကြား ထင်ရှားသော ဆရာကြီးလည်း ဖြစ်၏။

(၅) **ယသဿီစ** – အလိုနည်းသောဂုဏ်ကြောင့် လွန်စွာကျော်ကြားသော ဆရာကြီးလည်း ဖြစ်၏။

(၆) **တိတ္ထကရောစ** – အယူဝါဒကို စ၍ပြုသော ဆရာကြီးလည်း ဖြစ်၏။

(၇) **ဗဟုဇနဿ** – လူအပေါင်းက၊ **သာဓုသမ္မတောစ**– သူတော်ကောင်းဟု သမုတ်အပ်သော ဆရာကြီးလည်း ဖြစ်၏။

(၈) **ရတ္တညူစ** – ရသေ့ရဟန်းဘဝနှင့် များစွာညဉ့်တို့ကိုသိသော ဆရာကြီးလည်း ဖြစ်၏။

(၉) **စိရပဗ္ဗဇိတောစ** – ရသေ့ရဟန်းပြုသောကာလ ကြာမြင့်ပြီးလည်း ဖြစ်၏။

(၁၀) **အဒ္ဓဂတောစ** – မင်းနှစ်ဆက်သုံးဆက်တိုင်အောင် ရှည်သောကာလလည်း ရှိ၏။

(၁၁) **ဝယောအနုပ္ပတ္တောစ** – နောက်ဆုံးပစ္ဆိမအရွယ်သို့ရောက်၍ သက်တော်ဝါတော် ကြီးရင့်ပြီဖြစ်သော ဆရာကြီးလည်း ဖြစ်၏။

ထိုပူရဏကဿပ ဆရာကြီးထံသို့ ချဉ်းကပ်လျှင် မင်းကြီး၏စိတ်သည် ကြည်လင်တန်ရာပါ၏ဟု အဇာတသတ်မင်းကြီးအား လက်အုပ်ချီလျက် သံတော်ဦးတင်လေသည်။

ကျန်ဆရာကြီးများ၏ တပည့်အမတ်ကြီးတို့လည်း ထို့အတူပင် အဇာတသတ်မင်းကြီးအား သံတော်ဦးတင်လေသည်။

ထိုသို့ တိတ္ထိဆရာကြီး ခြောက်ဦးတို့က သံတော်ဦး အသီးသီး တင်ကြသည်ကို အဇာတသတ်မင်းကြီးသည် ဆိတ်ဆိတ်သာ လျှင် နေလေသည်။ *(ဒီ – ၁– ၄၄ / ၄၅ / ၄၆)*

အဇာတသတ်မင်းကြီး အကြံဖြစ်ပုံ

အဇာတသတ်မင်းကြီးသည် ထိုတိတ္ထိဆရာကြီး ခြောက်ဦးတို့၏ တပည့်ဖြစ်ကုန်သော အမတ်ကြီးတို့၏ သံတော်ဦးတင်ခြင်း ကိစ္စ ပြီးဆုံးသွားသောအခါ၌ အောက်ပါအတိုင်း အကြံဖြစ်လေသည်။

'ငါသည် ထိုတိတ္ထိဆရာတို့၏ တပည့်ဖြစ်ကုန်သော အမတ်ကြီးတို့၏ စကားကို ကြားခြင်းငှာ အလိုမရှိ။ အလိုမရှိသော စကားကို ငါကြားရလေသည်။ ငါကား ဆရာဇီဝက၏ စကားကိုသာ ကြားလိုသည်။ သို့ရာတွင် ဆရာဇီဝကသည် '**နာဂဝသံ ဝိဝိတ္တွာ ဌိတော သုပဏ္ဏောဝိယ တုဏှီဘူတော အနတ္တမနော မေ**'– နဂါးဆီကို သောက်ရ၍ နဂါးဆီရစ်သော ဂဠုန်ကဲ့သို့ ဆိတ်ဆိတ်နေဘိသည်။ ငါ၏ရည်ရွယ်ချက်သည် အကျိုးမရှိလေစွတကား။ အထမမြောက်လေစွတကား။

ဆရာဇီဝကသည် ငြိမ်းအေးတော်မူသော ဗုဒ္ဓ၏ အလုပ်အကျွေး ဖြစ်သောကြောင့် သူကိုယ်တိုင်လည်း ငြိမ်းအေးလျက် ရှိလေသည်။ ဆိတ်ဆိတ်နေသော ဆရာဇီဝကကို ငါက၍ စကားမပြောသော် ငါ့အား စကားပြောလိမ့်မည်မဟုတ်။ ဆင်နင်းလျှင် ဆင်၏ခြေကို ကိုင်ထိုက်၏။ *(ဆင်နင်းလျှင် ဆင်၏ခြေကိုကိုင်မှ မြန်မြန်မြောက်သကဲ့သို့)* ဆိတ်ဆိတ်နေသော ဆရာဇီဝကကို စကားပြောအောင် ငါကပင်စ၍ ပြောတော့မည်' ဟု အကြံဖြစ်လေသည်။ *(ဒီ ၄– ၁– ၁၃၂)*

မဂဓတိုင်းရှင် ဘုရင်အဇာတသတ် စ၍စကားပြောပုံ

'တွံပန သမ္မဇီဝက ကိံ တုဏှီတိ'။ **သမ္မဇီဝက**- အချင်းဇီဝက၊ **တွံပန**- သင်သည်ကား၊ **ကိံ**- အဘယ်ကြောင့်၊ **တုဏှီ**- ဆိတ်ဆိတ်၊ **အသိ**- ဖြစ်သနည်း၊ **ဣတိ**- ဤသို့မေးပြီ။ *(ဤကား ပါဠိတော်လာ စကားတည်း။ ဒီ- ၁- ၄၆)*

အဋ္ဌကထာဆရာသည် အဇာတသတ်မင်းကြီး ပြောပုံကို အောက်ပါအတိုင်း ဖွင့်ဆိုလေသည်။

အချင်းဇီဝက ဤအမတ်တို့သည် မိမိမိမိ၏ ဆရာရဟန်းများ၏ဂုဏ်ကို ပြောကြသည်မှာ ပါးစပ်မဆန့်အောင် ဖြစ်ချေသည်။ သင့်မှာ ဆရာရဟန်း မရှိသလော။ အထီးကျန်သူ သူဆင်းရဲလော။ သင့်အား ငါ့ခမည်းတော်က ရာထူးဌာနကို မပေးသလော။ ဒါမှ မဟုတ် သင်သည် သဒ္ဓါတရား မရှိသူလော' ဟူ၍ မေးလေပြီ။

ဆရာဇီဝက သံတော်ဦးတင်ပြီ

အဇာတသတ်မင်းကြီးက ထိုသို့မေးလတ်သော် ဆရာဇီဝကသည် ယခုအခါ ငါသည် ဆိတ်ဆိတ်နေရန်အခါ မဟုတ်တော့ပြီ။ သို့ရာတွင် တိတ္ထိဆရာကြီးတို့၏ တပည့်အမတ်ကြီးတို့သည် အဇာတသတ်မင်းကြီးကို ရှိခိုးလျက် ထိုင်၍သာလျှင် မိမိမိမိတို့၏ ဆရာ့ဂုဏ်ကို ပြောဆိုသကဲ့သို့ ငါသည် ဆရာဖြစ်တော်မူသော ဗုဒ္ဓဂုဏ်တော်ကို ပြောဆိုခြင်းငှာ မထိုက်ပေ။ ဆရာဇီဝကသည် ထိုသို့ကြံပြီးနောက် နေရာမှထ၍ ဗုဒ္ဓရှိရာသို့ မျက်နှာမူလျက် လက်အုပ်ကို ဦးခေါင်းရောက်အောင် မြှောက်ချီပြီးလျှင် *(ထိုခေတ်က လက်အုပ်ကို ဦးခေါင်းရောက်အောင် မြှောက်ချီလေ့ရှိကြသည်။)*

''မင်းကြီး အကျွန်ုပ်ကို ဤဇီဝကသည် 'ယံဝါ တံဝါ- တော်စွာ လျော်စွာသော' ရဟန်းမျိုးကို ကိုးကွယ်ဆည်းကပ်နေသည် ဟု မထင်လိုက်ပါနှင့်။ မင်းကြီး အကျွန်ုပ်၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည်-

(၁) မယ်တော်ဝမ်းသို့ သက်ရောက်တော်မူသောအခါ၌လည်းကောင်း၊

(၂) မယ်တော်ဝမ်းမှ ထွက်မြောက်တော်မူသောအခါ၌လည်းကောင်း၊

(၃) မြတ်သောတောထွက်ခြင်းကို ပြုတော်မူရာအခါ၌လည်းကောင်း၊

(၄) ဗုဒ္ဓဖြစ်တော်မူရာ အခါ၌လည်းကောင်း၊

(၅) ဓမ္မစကြာတရားကို ဟောတော်မူရာ အခါ၌လည်းကောင်း

ဒသသဟဿိ လောကဓာတု ကမ္ပိတ္ထ - တစ်သောင်းသော လောကဓာတ်သည် တုန်လှုပ်ရလေပြီ။
ဧဝံ ယမကပါဋိဟာရိယံ အကာသိ - ဤပုံဤနည်း ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီ။
ဧဝံ ဒေဝေါ ရောဟဏံ - ဤပုံဤနည်း တာဝတိံသာနတ်ပြည်မှ သင်္ကာသမြို့သို့ သက်ဆင်းတော်မူပြီ။
အတံ သတ္တုနော ဂုဏေ ကထယိဿာမိ- အကျွန်ုပ်သည် ဆရာဖြစ်တော်မူသော ဗုဒ္ဓဂုဏ်တော်ကို သံတော်ဦးတင်ပါအံ့။
ကေဂ္ဂစိတ္တော သုဏ မဟာရာဇ - မင်းကြီး တည်ကြည်သောစိတ်ဖြင့် နားစိုက်တော်မူပါ။

အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓသည် **အရဟံဂုဏ်, သမ္မာသမ္ဗုဒ္ဓဂုဏ်, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်, သုဂတဂုဏ်, လောကဝိဒူဂုဏ်, အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်, သတ္ထာဒေဝမနုဿာနဂုဏ်, ဗုဒ္ဓဂုဏ်, ဘဂဝါဂုဏ်** တို့နှင့်ပြည့်စုံခြင်းဟူသော ကောင်းသောကျော်စောသံသည် နတ်ဗြဟ္မာနှင့်တကွသော လောကဉသုံ အလုံးစုံကို ပြန့်နှံ့လွှမ်းခြုံ တက်လေပြီ။ *(အဂုဟံစသော ဗုဒ္ဓဂုဏ်များကို ဝိသုဒ္ဓိမဂ်၌ အကျယ်ရှုပါ။)*

မင်းကြီး အကျွန်ုပ်၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် ၁၂၅၀ သော ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ သရက်ဥယျာဉ်ရှိ သရက်တောကျောင်းတိုက်၌ သီတင်းသုံးတော်မူလျက် ရှိပါသည်။ မင်းကြီး ထိုဗုဒ္ဓထံသို့ ချဉ်းကပ်တော်မူပါလော့။ အရှင်မင်းကြီးလို မင်းမျိုး တစ်ဦးမဟုတ်၊ ရာထောင်ချီရှိကုန်သော မင်းတို့၏ ပုစ္ဆာပြဿနာကိုလည်း ကောင်းစွာဖြေဆိုတော်မူနိုင်သော ဒေသနာဉာဏ်တော် စွမ်းအားသည်လည်းကောင်း၊ ဆယ်ပါးသောဉာဏ်တော်အားသည်လည်းကောင်း ရှိပါပေ၏။ မင်းကြီး ရှုံ့ရှားခြင်းကင်း ရဲတင်းစွာ ချဉ်းကပ်၍ ဗုဒ္ဓအား အမေးပုစ္ဆာ ပြဿနာကို မေးလျှောက်ပါလော့။ မင်းကြီး၏စိတ်သည် ကြည်လင်သွားပါလိမ့်မည်ဟူ၍ သံတော်ဦးတင်လေသည်။ *(ဒီ- ၁- ၄၆။ ဒီ ဋ္ဌ- ၁- ၁၃၂ / ၃ / ၄)*

အဇာတသတ်မင်းကြီး ဗုဒ္ဓထံ ချဉ်းကပ်ရန် အမိန့်ပေးပြီ

ထိုသို့ ဆရာဇီဝက လျှောက်ထားကာမှ အဇာတသတ်မင်းကြီးသည် သဘောကျကျေနပ်မှု ရသည်ဖြစ်၍- **တေနဟိ သမ္မဇီဝက ဟတ္ထိယာနာနိ ကပ္ပါပေဟီတိ။** *(ဒီ- ၁- ၄၆)*

သမ္မဇီဝက- အချင်းဇီဝက၊ **တေနဟိ**- ထိုသို့ဖြစ်လျှင်၊ **ဟတ္ထိယာနာနိ**- ဆင်ယာဉ်တို့ကို၊ **ကပ္ပါပေဟိ**- ပြင်ဆင်စေပါလော့။ *(ကကြိုးတန်ဆာ တင်စေပါလော့။)*

အထက်ပါ စကားရပ်ကား ပါဠိတော်လာ စကားရပ်တည်း။ အဋ္ဌကထာဆရာမူကား အောက်ပါအတိုင်း အကျယ်ပြလေသည်။

အဇာတသတ်မင်းသည် အထက်ပါ ဆရာဇီဝက၏ ဗုဒ္ဓဂုဏ်တော်များကို ကြားနာရစဉ်မှာပင် မင်းကြီး၏ တစ်ကိုယ်လုံးသည် '**ခုဒ္ဒိကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိ**' ဟူသော ပီတိငါးမျိုးတို့ဖြင့် မပြတ်ပျံ့နှံ့ ဖြစ်ပေါ်လျက်ရှိလေသည်။ *(ဤအချက်မှာပင် အဇာတသတ်မင်းသည် သဒ္ဓါတရားလွန်ကဲသူတစ်ဦး ဖြစ်ကြောင်းမှာ ထင်ရှားလေသည်။ ထို့ကြောင့် 'ပညာမပါဘဲ သဒ္ဓါလွန်ကဲက အလွဲကို ကြည်ညိုတတ်' ဆိုသည့်အတိုင်း အသိပညာ မပြည့်စုံခင်က ဒေဝဒတ်ကို အလွန်အမင်း ကြည်ညိုမှုအားမိခြင်း ဖြစ်လေသည်)*

အဇာတသတ်မင်းကြီးသည် ဗုဒ္ဓဂုဏ်တော်ကို ကြားရုံမျှဖြင့် အဘယ်ကြောင့် ထိုမျှလောက် ပီတိဖြစ်ရသနည်းဟူမူ- '**ကတာဓိကာရ ဘာဝတော**'- ရှေးဘဝတွေက အလွန်အကဲ ထူးထူးခြားခြား ပြုခဲ့သော ကောင်းမှုပါရမီ ရှိသောကြောင့် ဖြစ်လေသည်။ *(မဟာဋီ- ၂၁၆။ ဋီသစ် ဒုအုပ်- ၂၁)*

အဇာတသတ်မင်းကြီးသည် ထိုခဏမှာပင် ဗုဒ္ဓထံသို့ သွားလိုသောဆန္ဒ ဖြစ်ပေါ်လာ၍ အဘယ်သူကို တာဝန်ပေးရလျှင် ကောင်းမည်နည်းဟု စဉ်းစားသောအခါ တခြားသူကို တာဝန်ပေးလျှင် အဆင်ပြေဖွယ်ရာမရှိ။ ယခုအခါ ဆရာဇီဝကသည် အသင့်တော်ဆုံးဖြစ်သည်ဟု ယူဆပြီးလျှင် အထက်ပါ ပါဠိတော်အတိုင်း-

'**တေနဟိ သမ္မဇီဝက ဟတ္ထိယာနာနိ ကပ္ပါပေဟိ**- ထိုသို့ဖြစ်လျှင် အချင်းဇီဝက ဆင်ယာဉ်တို့ကို ပြင်ဆင်စေလော့' ဟူ၍ အမိန့်ပေးခြင်းဖြစ်လေသည်။

ဟတ္ထိယာနာနိ- ဆင်ယာဉ်တို့ကို ပြင်ဆင်စေခြင်း အကြောင်း

အခြားကုန်သော မြင်းယာဉ်, ရထားယာဉ်တို့ များစွာရှိပါလျက် ဤ၌ အဘယ်ကြောင့် ဆင်ယာဉ်ကို စီစဉ်ခိုင်းသနည်းဟူမူ ယာဉ်ထဲတွင် ဆင်ယာဉ်သည် ပို၍မြတ်သည်။ မြတ်သောဗုဒ္ဓထံသို့ မြတ်သောဆင်ယာဉ်ဖြင့် သွားသင့်သည်ဟု ယူဆသည်ကတစ်ကြောင်း၊ အခြားမြင်းယာဉ်, ရထားယာဉ်တို့သည် ဆူညံသောအသံရှိသည်။ အဝေးကပင် ကြားနိုင်လေသည်။ ဆင်ယာဉ်မူကား တိတ်ဆိတ်ခြင်းရှိသည်ဖြစ်၍ အနားကပ်၍ လိုက်ပါသူတို့ပင် အသံမကြားရအောင် တိတ်ဆိတ်ချေသည်။ ငြိမ်သက်ငြိမ်းအေးတော်မူသော ဗုဒ္ဓထံသို့ သွားရာ၌ ငြိမ်သက်သော ဆင်ယာဉ်ဖြင့်သာ သွားထိုက်သည်ဟု ယူဆသည်ကတစ်ကြောင်း ထိုအကြောင်းတို့ကြောင့် အဇာတသတ်မင်းသည် ဆင်ယာဉ်ကို စီစဉ်ခိုင်းခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၁၃၄)*

ဇီဝက ဗုဒ္ဓထံ သွားရန် စီစဉ်ပုံ

'**ဇေ၀ံ ဒေ၀။**' ဒေ၀- မင်းမြတ်၊ **ဇေ၀ံ**- ကောင်းပါပြီ ဟူ၍ ဝန်ခံစကားကို သံတော်ဦးတင်ပြီးနောက် ဆရာဇီဝကသည် အောက်ပါအတိုင်း စီစဉ်လေသည်။

(၁) ရှေးဦးစွာ ဆင်မငါးရာတို့ကို ကကြိုးတန်ဆာ အပြည့်အစုံဖြင့် ဆင်ယင်သည်။ ထို့နောက် မင်းစီးခြင်းငှာထိုက်သော မင်းစီးဆင်ကို ဆင်ယင်သည်။ ဤ၌ မေးဖွယ်ရှိသည်ကား ဆရာဇီဝကသည် အဇာတသတ်မင်းကြီးပြောတိုင်း စီရင်သလော။ မပြောဆိုသည်ကို စီရင်သလောဟု မေးဖွယ်ရှိ၏။ အဖြေကား အဇာတသတ်မင်းကြီး မပြောဆိုသည်ကို စီရင်လေသည်။ အဘယ်ကြောင့်နည်း။ '**ပဏ္ဍိတတာယ**- မြော်မြင်တတ်သော ပညာရှိသည်၏ အဖြစ်ကြောင့်တည်း။'

(၂) ထိုစကားကို ချဲ့ပါဦးမည်။ ဆရာဇီဝက ကြံစည်စဉ်းစားသည်မှာ ဗုဒ္ဓထံသို့ ချဉ်းကပ်ရန် သွားမည့်အချိန်အခါသည်

အကာလဖြစ်သော ညဥ့်ဘက်အချိန်အခါ ဖြစ်သည်။ မင်းတို့မည်သည် များသောရန်သူ ရှိသည်။ လမ်းခရီးအကြား၌ တစ်စုံတစ်ခုသော အန္တရာယ်ဖြစ်အံ့။ မသွားသင့်ရာ ညဥ့်အချိန်၌ မင်းကို ခေါ်ယူသွားသောကြောင့် ဤသို့ဖြစ်ရသည်ဟူ၍ လူအများတို့က ငါ့ကိုလည်း ကဲ့ရဲ့ပြစ်တင်လတ္တံ့။ ဗုဒ္ဓသည်လည်း 'အချိန်အခါ မဟုတ်ဘဲ' မင်းကို တရားဟောလိုသည်ဟူ၍ ဗုဒ္ဓကိုလည်း ကဲ့ရဲ့ပြစ်တင်လတ္တံ့။ မင်းကိုလည်း စောင့်ရှောက်ရာမရောက် ဖြစ်လတ္တံ့။ ထိုအကြောင်းသုံးချက်ကို စဉ်းစားမိ၍ မင်းကြီးအတွက် တစ်စုံတစ်ရာ အန္တရာယ် မဖြစ်အောင် စီစဉ်ခြင်း ဖြစ်လေသည်။

(၃) 'မိန်းမတို့ကိုမှီ၍ ယောကျ်ားတို့၏ ကြောက်ရွံ့ခြင်း ဘေးမည်သည် မရှိ။ မိန်းမအပေါင်း ခြံရံလျက် အန္တရာယ်ကင်းစွာ, ကြောက်ရွံ့ခြင်းကင်းစွာ သွားရတော့အံ့' ဟု ကြံပြီးလျှင် ငါးရာသော အရွယ်အဆင်းနှင့် ပြည့်စုံသော မိန်းမတို့ကို ယောကျ်ားအသွင် ဝတ်ဆင်စေ၍ သန်လျက်, လှံတို့ကို ကိုင်စေလျက် အဇာတသတ်မင်းကြီးကို ခြံရံလျက် လိုက်စေလေသည်။

(၄) ထို့နောက်တဖန် ကြံစည်မိသည်မှာ အဖသတ်ဖြစ်သော ဤမင်း၌ မဂ်ဖိုလ်ရနိုင်သော အကြောင်းတရား မရှိတော့ပေ။ ဗုဒ္ဓတို့မည်သည်လည်း မဂ်ဖိုလ်ရနိုင်သော အကြောင်းရှိမှသာ တရားတော်ကို ဟောတော်မူသည်။ မင်းပင် မဂ်ဖိုလ်ကိုမရနိုင်သော်လည်း တစ်စုံတစ်ဦးသည် မဂ်ဖိုလ်ကိုရနိုင်သော ဥပနိဿယအကြောင်း ရှိတန်ကောင်းရာ၏ဟု ကြံစည်မိလေသောကြောင့် နှုတ်မှာစကားဖြင့်လည်းကောင်း, စည်တီး၍လည်းကောင်း တိုင်းသူပြည်သား လူအများကို အသိပေးစေလေသည်။

(၅) ရာဇဂြိုဟ်မြို့နေ လူအပေါင်းတို့သည် မင်းသည် ဗုဒ္ဓကို ဖူးမြော်ရန် သွားမည်တဲ့၊ အံ့ဩဖွယ်ကောင်းသော တရားပွဲကို ငါတို့နာကြားရပေလတ္တံ့။ နက္ခတ်ပွဲသဘင် ဆင်ယင်ပျော်ရွှင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု နံ့သာ, ပန်း စသည်တို့ကို လက်စွဲကိုင်လျက် မင်းနောက်ကလိုက်ရန် စောင့်ဆိုင်းလျက် ရှိနေကြလေသည်။

(၆) အင်္ဂတိုင်း, မဂဓတိုင်း ဟူသော တိုင်းကြီးနှစ်တိုင်း၏အရှင် ဘုရင်အဇာတသတ်၏ 'ရာဇိဒ္ဓိ- မင်း၏တန်ခိုးအာနုဘော်သည်' ကြီးကျယ်ခြင်းသို့ ရောက်လေသည်။ ဗုဒ္ဓထံသို့ ချဉ်းကပ်ရန်သွားရာ ထိုအခါ၌ ယောကျ်ားအသွင် ယူကြကုန်သော အရွယ်အဆင်းနှင့် ပြည့်စုံကုန်သော မိန်းမငါးရာတို့သည် သန်လျက်, လှံတို့ကို ကိုင်စွဲလျက် ဆင်မငါးရာတို့ကိုစီး၍ မင်းကိုခြံရံ၍ လိုက်ကြကုန်ပြီ။

(၇) တစ်သောင်းခြောက်ထောင်သော ခတ္တိယဇာတ်ရှိသော ကချေသည်မိန်းမတို့သည် ခြံရံလျက် လိုက်ကြကုန်ပြီ။ ထိုကချေသည်မိန်းမတို့၏အစွန်၌ ပုကွသောအသွင်ရှိသော မိန်းမ, ကုန်းသောအသွင်ရှိသောမိန်းမ, ကိရာတအမျိုးဖြစ်သော မိန်းမတို့ ခြံရံ၍ လိုက်ပါကြလေပြီ။

(၈) ထိုမိန်းမတို့၏အစွန်၌ နန်းတွင်း၌ စောင့်ရှောက်ကြရသော ယောကျ်ားတို့သည် ဝန်းရံ၍ လိုက်ကြကုန်ပြီ။ ထိုနန်းတွင်းစောင့်တို့ကို ခြံရံ၍ အဝတ်သစ်တို့ဖြင့် တင့်တယ်ကြကုန်သော ခြောက်သောင်းသော အမတ်ကြီးတို့သည် ဝန်းရံ၍ လိုက်ကြကုန်ပြီ။

(၉) ထိုအမတ်ကြီးတို့ကို ခြံရံ၍ အထူးထူးသော လက်နက်တို့ကို ကိုင်စွဲထားသော ဝိဇ္ဇာမိုရ်လုလင်ပျိုတို့ကဲ့သို့ အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ကိုးသောင်းအရေအတွက်ရှိသော တိုင်းကြပ်မင်းတို့၏ သားတို့သည် လိုက်ကြကုန်ပြီ။

(၁၀) ထိုတိုင်းကြပ်မင်းတို့၏ သားတို့ကို ခြံရံ၍ အမျိုးမျိုးသော တန်ဆာတို့ဖြင့် တန်ဆာဆင်ထားသော တစ်သောင်းသော ပုဏ္ဏားတို့သည် 'ဇယတု မဟာရာဇာ- မင်းကြီးအောင်စေသတည်း, အောင်ပါစေသတည်း' ဟု ကြွေးကြော်ကုန်လျက် လိုက်ပါကြကုန်ပြီ။ ထိုပုဏ္ဏားတို့၏အစွန်၌ တူရိယာတီးမှုတ်သူတို့သည် တူရိယာတို့ကို တီးမှုတ်လျက် လိုက်ပါကြကုန်ပြီ။

(၁၁) ထိုတူရိယာတီးမှုတ်သူတို့၏ အစွန်၌ လေးတပ်, ဆင်တပ်, မြင်းတပ်တို့သည် လက်နက်ကိုယ်စီဖြင့် လိုက်ပါကြကုန်ပြီ။ ထိုစစ်တပ်တို့၏အစွန်၌ အဆင်တန်ဆာဝတ်ဆင်၍ လှပတင့်တယ်ကြကုန်သော နံ့သာကုန်သည်တို့ လိုက်ပါကြကုန်ပြီ။

(၁၂) ဤသို့လျှင် အစွန်က အစွန်က ပစ်လိုက်သောမြှားသည် မင်းထံသို့ မရောက်အောင် ဆရာဇီဝကသည် စီစဉ်လေသည်။ ဆရာဇီဝက ကိုယ်တိုင်မူကား မင်းကြီးမှာ အန္တရာယ်ကြုံလာသော် အသက်ပေး၍ ကာကွယ်အံ့ဟု မင်းနားမှကပ်၍ လိုက်ပါလေပြီ။

(ထိုခေတ်က လေးသည် အဝေးသို့အရောက်ဆုံး လက်နက်တည်း။ ထို့ကြောင့် အစွန်ကပစ်အပ်သောမြှား မရောက်နိုင်အောင် ပရိသတ်ကို အထပ်ထပ် စီစဉ်ခြင်းဖြစ်သည်။)

(၁၃) ရာထောင်သိန်းပေါင်းများစွာသော မီးရှူးမီးတိုင်တို့သည် တန်ဆောင်မုန်းလပြည့်နေ့ည၏ လအရောင်ကို ပြက်ရယ်ပြုသကဲ့သို့ တညီးညီး တပြောင်ပြောင် လင်းထိန်လျက် ရှိနေလေသည်။ ဤသို့လျှင် 'ရာဇိဒ္ဓိ' မင်း၏တန်ခိုးအာနုဘော်သည် ကြီးကျယ်လေသည်။ *(ဒီ ၄- ၁- ၁၃၆)*

အဇာတသတ်မင်းကြီး ကြောက်လန့်မှုဖြစ်ခြင်း

ထိုသို့ကြီးကျယ်သော မင်း၏တန်ခိုးအာနုဘော်ဖြင့် သွားရာ၌ ဇီဝက၏ သရက်ဥယျာဉ်ရှိ သရက်တောကျောင်းတိုက်နားသို့ ရောက်လာလျှင် အဇာတသတ်မင်းကြီး၏ ကြောက်လန့်တုန်လှုပ်မှုဖြစ်ပုံကို ပါဠိတော်တွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

ကစ္စိ မံ သမ္မဇီဝက နဝဉ္စေသိ၊ ကစ္စိ မံ သမ္မဇီဝက နပလမ္ဘေသိ၊ ကစ္စိ မံ သမ္မဇီဝက နပစ္စတ္ထိကာနံ ဒေသိ။ *(ဒီ- ၁- ၄၇)*

သမ္မဇီဝက- အချင်းဇီဝက၊ မံ- ငါ့ကို၊ နဝဉ္စေသိ- မလှည့်ပတ်ဘဲ ရှိ၏လော၊ သမ္မဇီဝက- အချင်းဇီဝက၊ မံ- ငါ့ကို၊ နပလမ္ဘေသိ- မဖြားယောင်းဘဲ ရှိ၏လော၊ သမ္မဇီဝက- အချင်းဇီဝက၊ မံ- ငါ့ကို၊ ပစ္စတ္ထိကာနံ- ရန်သူတို့၏ လက်ထဲသို့ နဒေသိ- မအပ်နှင်းဘဲ ရှိ၏လော။

အဇာတသတ်မင်းကြီးသည် အလွန်အမင်း ကြောက်လန့်တုန်လှုပ် ချောက်ချားလာ၍ အထက်ပါစကားကို မေးလေသည်။ အကြောင်းကား သရက်တောကျောင်းတိုက်၌ ရဟန်းသံဃာ ၁၂၅၀ ရှိသည်ဟုလည်း ဆိုသေးရဲ့၊ ယခု ချေဆပ်သံ, ချောင်းဆိုးသံ, စကားပြောသံတို့ မရှိလေသောကြောင့်တည်း။ *(ဤကား ပါဠိတော်လာ စကားရပ်တည်း။)*

အဇာတသတ်မင်းကြီး ကြောက်မည်ဆိုကလည်း ကြောက်လန့်ဖွယ်ကောင်းသော အခြေအနေက ရှိနေလေသည်။ ယင်းကို အဋ္ဌကထာဆရာက အောက်ပါအတိုင်း ဖော်ပြထားလေသည်။

(၁) အချို့ဆရာတို့က အမိုက်အမှောင်ကြောင့် ကြောက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ထိုစကားကို ချဲ့ပြောဦးအံ့။ ရာဇဂြိုဟ်မြို့၌ ၃၂ ပေါက်သော တံခါးမကြီးတို့သည်လည်းကောင်း၊ ၆၄ ပေါက်သော တံခါးငယ်တို့သည်လည်းကောင်း ရှိလေသည်။ *(တံခါးကြီး တစ်ပေါက်လျှင် တံခါးငယ်နှစ်ပေါက်စီရှိ၍ အကြီး ၃၂ ပေါက်, အငယ် ၆၄ ပေါက် ဖြစ်သည်။)*

(၂) ဆရာဇီဝက၏ သရက်ဥယျာဉ်သည် ရာဇဂြိုဟ်မြို့နှင့် ဂိဇ္ဈကုတ်တောင် နှစ်ခုတို့၏အကြား၌ တည်ရှိလေသည်။ အဇာတသတ်မင်းသည် အရှေ့တံခါးပေါက်ဖြင့်ထွက်၍ သရက်ဥယျာဉ်သို့ ဝင်သောအခါ၌ တောင်ရိပ်သည် လရောင်ကို ဖုံးကွယ်ထားလေသည်။ ထိုတောင်ရိပ်, သစ်ပင်ရိပ်တို့ကြောင့် အမိုက်အမှောင်ဖြစ်လျက် ရှိနေသည်။

(၃) သို့ရာတွင် ထိုအကြောင်းကြောင့် ကြောက်လန့်ခြင်း မဟုတ်ပါ။ အကြောင်းကား နန်းတော်မှ ထွက်လာခဲ့စဉ်ကပင် အသိန်းမကသော မီးရှူးမီးရောင်တို့သည် တပြောင်ပြောင် ထိန်လင်းလျက် ရှိသောကြောင့် ဖြစ်သည်။

(၄) ဤအဇာတသတ်မင်းကြီးသည် ဗုဒ္ဓနှင့်တကွ ၁၂၅၀ သော သံဃာတော်တို့၏ တစ်စုံတစ်ရာ အသံမရှိဘဲ တိတ်ဆိတ်နေ၍ ဆရာဇီဝကအပေါ်၌ ယုံမှားသံသယ ဖြစ်လာသောကြောင့် အထက်ပါ ပါဠိတော်လာ စကားအတိုင်း အထိတ်တလန့် ကြောက်လန့်တကြား မေးခြင်းဖြစ်သည်။

(၅) မှန်ပါသည်။ ဆရာဇီဝကသည် မင်းကြီးအား နန်းတော်မှာ လျှောက်ထားစဉ်ကပင် ဗုဒ္ဓသည် အသံတိတ်ဆိတ်မှုကို နှစ်သက်သည်ဟု ကြိုတင်လျှောက်ထားခဲ့လေသည်။ သို့ဖြစ်၍ သရက်တောကျောင်းတိုက်နားသို့ ရောက်သောအခါ တူရိယာသမားတို့သည်လည်း တီးမှုတ်ခြင်း မပြုတော့ဘဲ ကိုင်ရုံသာ ကိုင်ထားကြရလေသည်။ တစ်ဦးနှင့်တစ်ဦးလည်း စကားပြောဆိုခြင်း မပြုဘဲ လက်ဖျောက်တီးအမှတ်ဖြင့်သာ တိုးတိုးပြောဆိုကြရလေသည်။

(၆) မိမိနှင့်ပါလာသော ပရိသတ်တို့၏ အသံတိတ်ဆိတ်မှုသည် ဗုဒ္ဓနှင့်တကွ ၁၂၅၀ ကုန်သော ရဟန်းတို့၏ အသံတိတ်ဆိတ်မှုကို ပေါ်လွင်စေလေသည်။ မင်းတို့မည်သည်ကား 'သဒ္ဒါဘိရတ' အသံ၌ မွေ့လျော်မှုသဘော ရှိကြသည်။ ထိုသို့ အသံတိတ်ဆိတ်လွန်းသည်ကို အကြောင်းပြု၍ ဆရာဇီဝကအပေါ်၌ ယုံမှားသံသယဖြစ်၍ ကြောက်ရွံ့ခြင်း ဖြစ်လေသည်။

(၇) အဇာတသတ်မင်းကြီး ကြောက်မည်ဆိုကလည်း ကြောက်စရာအကြောင်းက ရှိနေသည်။ အနားမှာလည်း ဆရာဇီဝက ကလွဲရင် ကျန်သောပရိသတ်မှာ မိန်းမပရိသတ်ချည်း ဖြစ်နေသည်ကတစ်ကြောင်း၊ အသံတိတ်ဆိတ်လွန်း၍ ၁၂၅၀ သော သံဃာရှိသည်ဆိုသည်မှာ မဟုတ်နိုင်ဟု အတွေးပေါ်လာသည်ကတစ်ကြောင်း ထိုအကြောင်းအကြောင်းတို့ကြောင့် 'ဇီဝကသည် ငါ့ကိုလုပ်ကြံ၍ မင်းစည်းစိမ်ကို လုယူတော့မည်' ဟု အတွေးပေါ်လာသည်ဖြစ်၍ အထက်ကဖော်ပြခဲ့သည့်အတိုင်း ကြောက်လန့်စွာနှင့် အလန့်တကြား

'အချင်းဇီဝက ငါ့ကို မလှည့်ပတ်ဘဲ ရှိ၏လော။ မဖြားယောင်းဘဲ ရှိ၏လော။ ရန်သူထံ မအပ်ဘဲ ရှိ၏လော' ဟူ၍ မေးခြင်းဖြစ်လေသည်။ *(ဒီ ၄- ၁- ၁၃၇)*

ဆရာဇီဝက အားပေးစကား ပြောကြားပုံ

ထိတ်ထိတ်ပြာပြာ ကြောက်လန့်တကြား ဖြစ်နေသော အဇာတသတ်မင်းကြီးကို ဆရာဇီဝကသည် ကြောက်လန့်စရာ မရှိကြောင်းကို ဤသို့ သံတော်ဦးတင်လေသည်။

မာဘာယိ မဟာရာဇ၊ မာဘာယိ မဟာရာဇ၊ န တံ ဒေဝ ဝဉ္စေမိ၊ န တံ ဒေဝ ပလမ္ဘာမိ၊ န တံ ဒေဝ ပစ္စတ္ထိကာနံ ဒေမိ၊ အဘိက္ကမ မဟာရာဇ၊ အဘိက္ကမ မဟာရာဇ၊ ဧတေ မဏ္ဍလမာဠေ ဒီပါ ဈာယန္တီတိ။ *(ဒီ - ၁- ၄၇)*

မဟာရာဇ- မင်းကြီး၊ **မာဘာယိ**- မကြောက်ပါလင့်၊ **မဟာရာဇ**- မင်းကြီး၊ **မာဘာယိ**- မကြောက်ပါလင့်၊ **ဒေဝ**- မင်းမြတ်၊ **တံ**- အရှင်မင်းမြတ်ကို၊ **နဝဉ္စေမိ**- မလှည့်ပတ်ပါ။ **ဒေဝ**- မင်းမြတ်၊ **တံ**- အရှင်မင်းမြတ်ကို၊ **နပလမ္ဘာမိ**- မဖြားယောင်းပါ၊ **ဒေဝ**- မင်းမြတ်၊ **တံ**- အရှင်မင်းမြတ်ကို၊ **ပစ္စတ္ထိကာနံ**- ရန်သူလက်ထဲသို့ **နဒေမိ**- မအပ်နှင်းပါ၊ **မဟာရာဇ**- မင်းကြီး၊ **အဘိက္ကမ**- ရှေ့တိုးပါလော့၊ **မဟာရာဇ**- မင်းကြီး၊ **အဘိက္ကမ**- ရှေ့တိုးပါလော့၊ **မဏ္ဍလမာဠေ**- တန်ဆောင်းဝန်း၌၊ **ဧတေဒီပါ**- ဤဆီမီးတို့သည်၊ **ဈာယန္တိ**- တောက်ပနေပါ၏၊ **ဣတိ**- ဤသို့ သံတော်ဦးတင်လေပြီ။ *(ဤကား ပါဠိတော် စကားဂုပ်တည်း။)*

အဋ္ဌကထာတွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

အဇာတသတ်မင်းကြီးသည် 'ဤဇီဝကသည် သူ့အသက်ကို မသတ်တော့ဘူးဆိုတာ မသိရှာလေ။ *(သောတာပန်ဖြစ်၍ သူ့အသက်ကို မသတ်တော့ပါ။)* ထိုသို့ မသိသော်လည်း ငါသည် အဇာတသတ်မင်းကြီးအား သက်သာရာရစေအံ့၊ အကယ်၍ သက်သာရာ မရခဲ့သော် ဤအဇာတသတ်မင်းကြီးသည် အလွန်စိတ်ပင်ပန်းရာ၏' ဟု ကြံပြီးလျှင် အထက်ပါအတိုင်း 'မာဘာယိ မဟာရာဇ' စသည်ဖြင့် သက်သာရာရအောင် သံတော်ဦးတင်လေသည်။ ထို့နောက် ဆက်လက်၍ ဤသို့လည်း သံတော်ဦးတင်ပြန်လေသည်။

'မင်းကြီး ရန်သူ ခိုးသူတို့မည်သည် ဆီမီးတို့ကို ထိန်ထိန်လင်းလင်း ညှိထွန်းနေရိုး ထုံးစံမရှိပါ။ တန်ဆောင်းဝန်း၌ ဆီမီး ရောင်တို့သည် တပြောင်ပြောင် ထိန်လင်းလျက် ရှိပါသည်။ ထိုဆီမီးရောင်အမှတ်ဖြင့် ကြွချီတော်မူပါလော့။' *(ဒီ ၄- ၁- ၁၃၈)*

အဇာတသတ်မင်း ဗုဒ္ဓထံသို့ ချဉ်းကပ်ပြီ

အဇာတသတ်မင်းကြီးသည် ထိုအခါမှ ကြောက်စိတ်ပြေပြီးလျှင် ဆင်ဖြင့်သွားသင့်သောနေရာရောက်အောင် သွားပြီးနောက် ဆင်ပေါ်မှဆင်း၍ သွားရာတွင် တန်ဆောင်းဝန်းသို့ ရောက်သောအခါ၌-

'**ကဟံ ပန သမ္မဇီဝက ဘဂဝါ။ သမ္မဇီဝက**- အချင်းဇီဝက၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓသည်၊ **ကဟံပန**- အဘယ်မှာနည်း' ဟု မေးပြီ။ *(ဤကား ပါဠိတော်စကားဂုပ်တည်း။)*

အဋ္ဌကထာတွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

(၁) ခြေလျင်သွား၍ တန်ဆောင်းဝန်းနားသို့ ရောက်လျှင်ပင် ဗုဒ္ဓ၏ တန်ခိုးတေဇော် အာနုဘော် အရှိန်အဝါသည် အဇာတသတ် မင်းကြီးအား ဟပ်လေသောကြောင့် ထိုခဏ၌ပင် အဇာတသတ်မင်းကြီး၏ တစ်ကိုယ်လုံးမှ ချွေးတို့သည် ယိုစီးထွက်ကျခဲ့လေပြီ။ မိမိ၏အပြစ်ကို တွေးမိ၍ ကြီးစွာသောကြောက်ခြင်း ဖြစ်လေပြီ။ *(ချွေးထွက်ခြင်း၏ အကြောင်းကား ကြောက်ခြင်းကြောင့် ချွေးထွက်ခြင်း ဖြစ်သည်။ အပ်ခေါ် ကြောက်ချွေးပြန်ခြင်းတည်း။)*

(၂) ထိုသို့ မိမိမှာ အပြစ်ရှိသည် ဖြစ်သောကြောင့် စိတ်မလုံမလဲ ဖြစ်ရကား အဇာတသတ်မင်းကြီးသည် ဗုဒ္ဓထံသို့ သွားခြင်းငှာ မစွမ်းနိုင်ဘဲ ဇီဝက၏လက်ကို ကိုင်ဆွဲလျက် ကျောင်းစဉ်ကို လှည့်လည်ကြည့်ရှု၍ 'အချင်းဇီဝက ဆောက်ထားတဲ့ကျောင်းက တယ်ကောင်းပါလား။ တယ်တင့်တယ်ပါလား။ တယ်အသရေရှိပါလား' စသည်ဖြင့် ကျောင်းတိုက်၏ဂုဏ်ကို ပြောပြီးမှ အနည်းငယ် စိတ်သက်သာရာရပြီး တန်ဆောင်းဝန်း တံခါးပေါက်သို့ ချဉ်းကပ်နိုင်ခဲ့လေပြီ။ ထိုသို့ချဉ်းကပ်ပြီးမှ 'ကဟံပန သမ္မဇီဝက ဘဂဝါ-

အချင်းဇီဝက ဗုဒ္ဓသည် ဘယ်မှာလဲ' ဟူ၍ အထက်ကအတိုင်း မေးခြင်းဖြစ်လေသည်။

(၃) ဤ၌ အဇာတသတ်မင်းကြီးသည် ဗုဒ္ဓကို တကယ်ပဲမသိ၍ ထိုသို့မေးသလားဟု မေးမြန်းဖွယ်ရှိ၏။ အချို့ဆရာတို့က အောက်ပါအတိုင်း ဆိုကြလေသည်။

အဇာတသတ်မင်းကြီးသည် ငယ်ရွယ်စဉ်အခါက ခမည်းတော်မင်းကြီးနှင့် ဗုဒ္ဓထံ ရောက်ဖူးခဲ့လေသည်။ နောက်ပိုင်းတွင် ဒေဝဒတ်နှင့်ပေါင်းမိပြီး ခမည်းတော်ကိုသတ်ခြင်း၊ ဒေဝဒတ်က ဗုဒ္ဓအားလုပ်ကြံရာတွင် အကူအညီပေးခဲ့ခြင်းကြောင့် များသောအပြစ်ရှိသည်ဖြစ်၍ ဗုဒ္ဓကို မမှတ်မိ၍ မေးသည်ဟု ဆိုကြလေသည်။

(၄) အဋ္ဌကထာဆရာက ထိုစကားမသင့်ကြောင်း။ အဘယ်ကြောင့်နည်းဟူမူ ၃၂ ပါးသော လက္ခဏာတော်ကြီး၊ ၈၀ သော လက္ခဏာတော်ငယ် အသွယ်သွယ်တို့နှင့် အလွန်တင့်တယ်နေသည်ကတစ်ကြောင်း၊ ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးနေသော ကြောင့် ကျောင်းတိုက်တစ်ခုလုံး ထိန်လင်းနေသည်ကတစ်ကြောင်း၊ ကြယ်တာရာအပေါင်း ခြံရံနေသော လပြည့်ဝန်းကဲ့သို့ ရဟန်းသံဃာအပေါင်း ခြံရံလျက် တန်ဆောင်းဝန်းအလယ်၌ ထိုင်နေတော်မူသောကြောင့်လည်းကောင်း ထိုအကြောင်းတို့ကြောင့် ဗုဒ္ဓကို အဘယ်သူသည် မသိဘဲ ရှိနိုင်အံ့နည်း။ သိနိုင်ကြသည်သာ။

(၅) ထိုသို့ပင် သိနိုင်သော်လည်း အဇာတသတ်မင်းကြီးသည် မင်းတို့၏ အစိုးရခြင်း၏ တင့်တယ်စမွယ်ခြင်းဖြင့် 'အချင်းဇီဝက ဗုဒ္ဓ အဘယ်မှာနည်း' ဟု မေးခြင်းဖြစ်သည်။ **'ပကတိဟေသာ ရာဇကုလာနံ ယံ ဇာနန္တာပိ အဇာနန္တာဝိယ ပုစ္ဆန္တိ။'** *(ဒီ ဋ္ဌ- ၁- ၁၃၈)* **တိ-** မှန်၏၊ **ရာဇာနော-** မင်းတို့သည်၊ **ဇာနန္တာပိ-** သိပါကုန်သော်လည်း၊ **အဇာနန္တောဝိယ-** မသိကုန်သကဲ့သို့၊ **ယံ ပုစ္ဆန္တိ-** အကြင်မေးကြကုန်၏၊ **သော-** ဤသို့မေးခြင်းသည်၊ **ရာဇကုလာနံ-** မင်းမျိုးတို့၏၊ **ပကတိ-** ပင်ကိုယ်သဘောတည်း၊ ဓမ္မတာတည်း။

ဆရာဇီဝက သံတော်ဦးတင်ပြီ

ဆရာဇီဝကသည် ထိုသို့ မင်းကြီးကမေးလေလျှင် 'ဤအဇာတသတ်မင်းကြီးသည် **ပထဝိယံ ဌတွာ ကုဟိံ ပထဝီတိ ဝဒမာနောဝိယ-** မြေကြီးပေါ်မှာ ရပ်နေပြီး မြေကြီး ဘယ်မှာနည်းဟု မေးသူကဲ့သို့လည်းကောင်း၊ **နဘံ ဥလ္လောကေတွာ ကုဟိံ စန္ဒိမသူရိယာတိ ဝဒမာနောဝိယ-** ကောင်းကင်၌ ထင်ရှားသော လ, နေကို မော်ကြည့်ပြီး လ, နေ ဘယ်မှာနည်းဟု မေးသူကဲ့သို့ လည်းကောင်း၊ **သိနေရုမူလေ ဌတွာ ကုဟိံ သိနေရူတိ ဝဒမာနောဝိယ-** မြင့်မိုရ်တောင်ခြေရင်းနား၌ရပ်ပြီး မြင့်မိုရ်တောင် ဘယ်မှာနည်းဟု မေးသူကဲ့သို့လည်းကောင်း၊ **ဒသဗလဿ ပုရတော ဌတွာ ကုဟိံ ဘဂဝါတိ ပုစ္ဆတိ-** ဗုဒ္ဓ၏ရှေ့၌ ရပ်တည်၍ ဗုဒ္ဓ အဘယ်မှာနည်းဟု မေးဘိ၏ဟု စဉ်းစားမိပြီးနောက် ဗုဒ္ဓရှိရာသို့ လက်အုပ်ချီလျက် အောက်ပါအတိုင်း သံတော်ဦးတင်လေသည်။ *(ဒီ ဋ္ဌ- ၁- ၁၃၈ / ၉)*

ဧသော မဟာရာဇ ဘဂဝါ၊ ဧသော မဟာရာဇ ဘဂဝါ မဇ္ဈိမံ ထမ္ဘံ နိဿာယ ပုရတ္ထာဘိမုခေါ နိသိန္နော ပုရက္ခတော ဘိက္ခုသံဃဿာတိ။ *(ဒီ- ၁- ၄၇)*

မဟာရာဇ- မင်းကြီး၊ **ပုရတ္ထာဘိမုခေါ-** အရှေ့အရပ်သို့ မျက်နှာရှိတော်မူသည်၊ **ဟုတွာ-** ဖြစ်၍၊ **ဘိက္ခုသံဃဿ-** ရဟန်းသံဃာ၏၊ **ပုရတော-** ရှေ့၌၊ **မဇ္ဈိမထမ္ဘံ-** အလယ်တိုင်ကို၊ **နိဿာယ-** မှီ၍၊*(ကျောပေးတော်မူ၍)* **နိသိန္နော-** ထိုင်နေတော်မူသော၊ **ဧသော-** ဤပုဂ္ဂိုလ်မြတ်သည်၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓပါတည်း။ **မဟာရာဇ-** မင်းကြီး၊ **ဧသော-** ဤပုဂ္ဂိုလ်မြတ်သည်၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓပါတည်း၊ **ဣတိ-** ဤသို့သံတော်ဦးတင်လေပြီ။

အဇာတသတ်မင်းကြီး ဥဒါန်းကျူးရင့်ခြင်း

ထိုအခါ အဇာတသတ်မင်းသည် ဗုဒ္ဓရှိတော်မူရာအရပ်သို့သွား၍ မိမိနှင့်သင့်လျော်လျောက်ပတ်သောနေရာ၌ ဗုဒ္ဓကို ရှိခိုး၍ ရပ်တည်ပြီးလျှင်*(ဗုဒ္ဓနှင့်ခရီး စကားမပြောရဲ့သောကြောင့်)* ၁၂၅၀ သော ရဟန်းသံဃာများကို အစဉ်အတိုင်း ဖူးမြင်ရာတွင် အထူးသဖြင့် ကြည်လင်သော ရေအိုင်ကဲ့သို့ ငြိမ်သက်သော ဣန္ဒြေရှိသော ရဟန်းသံဃာတော်များကို အဖန်ဖန် ဖူးမြင်ပြီး အောက်ပါအတိုင်း ဥဒါန်းကျူးလေသည်။

တ္တမိနာ မေ ဥပသမေန ဥဒယဘဒ္ဒေါ် ကုမာရော သမန္နာဂတော တောတု၊ ယေန တရတိ ဥပသမေန ဘိက္ခုသံဃော သမန္နာဂတောတိ။ *(ဒီ- ၁- ၄၇)*

တေရတိ- ယခုအခါ၌၊ **ဘိက္ခုသံဃော-** ရဟန်းသံဃာတော်သည်၊ **ယေနဥပသမေန-** အကြင်ကိုယ်နှုတ်တို့ဖြင့် ငြိမ်သက်ခြင်းနှင့်၊ **သမန္နာဂတော-** ပြည့်စုံတော်မူ၏၊ **မေ-** ငါ၏၊ **ဥဒယဘဒ္ဒေါ်-** ဥဒယဘဒ္ဒမည်သော၊ **ကုမာရော-** သားတော်မင်းသားသည်၊ **တ္တမိနာ ဥပသမေန-** ဤကဲ့သို့ ငြိမ်သက်ခြင်းနှင့်၊ **သမန္နာဂတော-** ပြည့်စုံသည်၊ **တောတု-** ဖြစ်ပါစေသတည်း၊ **တ္တတိ-** ဤသို့ဥဒါန်း ကျူးလေသည်။ *(ဤကား ပါဠိတော်လာ စကားဂုပ်တည်း။)*

အဇာတသတ်မင်းကြီး ဥဒါန်းကျူးရင့်ပုံသဘောကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

အထက်ပါ ရဟန်းသံဃာတော် ၁၂၅၀ တို့သည် တရားထိုင်နေကြသည့်အတွက် ငြိမ်သက်နေသည်လည်း မဟုတ်ပါ။ မျက်စိကိုမှိတ်ထား၍ ငြိမ်သက်နေသည်လည်း မဟုတ်ပါ။ မျက်စိကိုဖွင့်လျက်ပင် တစ်စုံတစ်ဦးသော ရဟန်းသံဃာမှ လက်လှုပ်ခြင်း, ခြေလှုပ်ခြင်း, ချေဆတ်ခြင်း, ချောင်းဟန့်ခြင်း မရှိပါ။

ရဟန်းသံဃာတော်တို့၏ရှေ့၌ ချောမောလှပသော မင်းမျိုးမိန်းမတွေ မြောက်များစွာ ထိုင်လျက်ရှိကြပါသည်။ သို့ရာတွင် ဘယ်ရဟန်းသံဃာ တစ်ပါးတစ်လေမျှ မင်းကိုလည်းကောင်း, မင်းမျိုးမိန်းမတွေကိုလည်းကောင်း, ကျန်ပရိသတ်များကိုလည်းကောင်း မကြည့်ကြပါ။ ဗုဒ္ဓကိုသာ ကြည့်ရှုဖူးမြော်၍ ထိုင်နေကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အဇာတသတ်မင်းကြီးလည်း မကြုံစဖူး အထူးအဆန်း ကြုံနေရသည်ဖြစ်၍ မျိုသိပ်ထား၍ မရအောင် ဖြစ်လာပြီး ဥဒါန်းကျူးခြင်း ဖြစ်လေသည်။

ထိုသို့ ဥဒါန်းကျူးရာ၌ 'ငါ့သားသည် ဤရဟန်းသံဃာတော်တွေကဲ့သို့ ရဟန်းဖြစ်လျှင် ကောင်းပေစွ' ဟူသော သဘောဖြင့် ဥဒါန်းကျူးခြင်းမျိုး မဟုတ်မူ၍ အလွန်ကြည်ညိုထိုက်သော ရဟန်းသံဃာကို ဖူးမြော်ခွင့်ရ၍ ချစ်ခင်အပ်သောသားကို အမှတ်ရပြီး ဥဒါန်းကျူးခြင်း ဖြစ်လေသည်။

ဒုလ္လဘဥ္ဇိ လဒ္ဓါ, အစ္ဆရိယံဝါ ဒိသွာ ပိယာနံ ဉာတိမိတ္တာဒီနံ အနုဿရဏံနာမ လောကဿ ပကတိယေဝ။ *(ဒီ ဋ္ဌ- ၁- ၁၃၉)*

တိ- မှန်၏၊ **ဒုလ္လဘံ-** ရနိုင်ခဲသော အရာဝတ္ထုကို၊ **လဒ္ဓါဝါ-** ရခြင်းကြောင့်သော်လည်းကောင်း၊ **အစ္ဆရိယံ-** အံ့ဩဖွယ် အရာဝတ္ထုကို၊ **ဒိသွာဝါ-** မြင်ရခြင်းကြောင့်သော်လည်းကောင်း၊ **ပိယာနံ-** ချစ်ခင်အပ်ကုန်သော၊ **ဉာတိမိတ္တာဒီနံ-** ဆွေမျိုးမိတ်ဆွေ အစရှိသူတို့ကို၊ **အနုဿရဏံနာမ-** အမှတ်ရခြင်းမည်သည်၊ **လောကဿ-** လူအပေါင်း၏၊ **ပကတိယေဝ-** ပင်ကိုယ်သဘောပင် တည်း။ ထုံးစံပင်တည်း။

နောက်တစ်ချက်လည်း 'ငါသည် ငါ့ခမည်းတော်ကို သတ်သလို ငါ့သားလည်း တစ်နေ့နေ့ ငါ့ကိုလည်း သတ်မှာလား' ဟု ယုံမှားသံသယ ရှိသည့်အတွက် 'ငါ့သားသည် ဤရဟန်းသံဃာများကဲ့သို့ ငြိမ်သက်ပါစေ' ဟု မိမိအပေါ်၌ မသတ်ခြင်းကို အလိုရှိသော ကြောင့် ဤသို့ဥဒါန်းကျူးခြင်း ဖြစ်သည်။ *(ထိုသို့ပင် ယုံမှားသံသယ ရှိသော်လည်း နောင်သောအခါ၌ အဇာတသတ်သား ဥဒယဘဒ္ဒသည် အဇာတသတ်မင်းကြီးကိုသတ်၍ မင်းလုပ်သည်သာတည်း။)*

ဗုဒ္ဓကစ၍ မိန့်တော်မူပြီ

ဗုဒ္ဓသည် အဇာတသတ်မင်းကြီး ဥဒါန်းမကျူးမီကပင် သံဃာတော်ကို ဖူးမြင်ပြီး၍ သားတော်ကို အမှတ်ရနေသော အဇာတသတ်မင်းကြီး၏စိတ်ကို သိတော်မူ၍ 'ဤမင်းသည် ငါကစ၍ စကားမပြောသော် ပြောဆိုခြင်းငှာ စွမ်းနိုင်လိမ့်မည်မဟုတ်။ ငါကစပြောမှ ပြောရဲပေလိမ့်မည်' ဟု ကြံစည်ပြီးလျှင် မင်းကြီး ဥဒါန်းကျူးပြီးချိန်တွင် အောက်ပါစကားကို မိန့်တော်မူလေသည်။

'မင်းကြီး ဥပမာမည်သည်ကား မြင့်မောက်သောအရပ်၌ ရွာသောမိုးရေသည် ချိုင့်ဝှမ်းရာသို့ စီးသွားသကဲ့သို့ ငြိမ်သက်သော ရဟန်းသံဃာကို ဖူးမြင်ပြီး သင်မင်းကြီးသည် ချစ်ခင်ရာသို့ စိတ်ရောက်သွားလေပြီ။' *(ဒီ- ၁-၄၇၊ ဒီ ဋ္ဌ- ၁- ၁၄၀)*

အဇာတသတ်မင်း အံ့ဩချ၍ စကားပြောပြီ

ထိုသို့ ဗုဒ္ဓကစ၍ နှုတ်ဆက်စကား မိန့်ကြားသံကို ကြားရသောအခါ အဇာတသတ်မင်းကြီးသည် '**အဟော အစ္ဆရိယာ ဗုဒ္ဓဂုဏာ**– ဗုဒ္ဓ၏ ကျေးဇူးဂုဏ်တို့ကား ဩော်အံ့ဩဖွယ်ကောင်းလေစွ။ **မယာ သဒိသော ဘဂဝတော အပရာဓ ကာရကောနာမ နတ္ထိ။ မယာ**– ငါနှင့်၊ **သဒိသော**– တူသော၊ **ဘဂဝတော**– ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓအား၊ **အပရာဓ ကာရကောနာမ**– အပြစ်ကို ပြုတတ်သော ပုဂ္ဂိုလ်မည်သည်၊ **နတ္ထိ**– မရှိပေ။ *(ဤလောက၌ ငါ့လောက် ဗုဒ္ဓအပေါ်မှာ ပြစ်မှားတတ်သူ မရှိပေ။)* **မယာ ဟိဿ အဂ္ဂုပဋ္ဌာကော ဃာတိတော။ ဟိ**– မှန်၏၊ **မယာ**– ငါသည်၊ **အဿ**– ထိုဗုဒ္ဓ၏၊ **အဂ္ဂုပဋ္ဌာကော**– မြတ်သောအလုပ်အကျွေး ဖြစ်သော ခမည်းတော်ကို၊ **ဃာတိတော**– သတ်အပ်ပြီ။ **ဒေဝဒတ္တဿစ ကထံ ဂဟေတွာ အဘိမာရာ ပေသိတာ။ စ**– သည် သာမကသေး၊ **ဒေဝဒတ္တဿ**– ဒေဝဒတ်၏၊ **ကထံ**– စကားကို၊ **ဂဟေတွာ**– နာယူ၍၊ **အဘိမာရာ**–*(ဗုဒ္ဓကို သတ်ဂုန်)* လေးသမားတို့ကို၊ **ပေသိတာ**– စေလွှတ်အပ်လေပြီ။ **နာဠာဂိရိ မုတ္တော။ နာဠာဂိရိစ**– နာဠာဂိရိဆင်ကိုလည်း၊ **မုတ္တော**– လွှတ်ဖူးလေပြီ။ **မံ နိဿာယ ဒေဝဒတ္တေန သိလာ ပဝိဒ္ဓါ။ ဒေဝဒတ္တေန**– ဒေဝဒတ်သည်၊ **မံ**– ငါ့ကို၊ **နိဿာယ**– အမှီပြု၍၊ **သိလာ**– ကျောက်တုံးကြီးကို၊ **ပဝိဒ္ဓါ**– လိမ့်ချအပ်ဖူးလေပြီ။

ဧဝံ မဟာပရာဓိနာမ မံ အာလပတော ဒသဗလဿ မုခံ နပ္ပဟောတိ။ ဧဝံ– သို့ကလောက်၊ **မဟာပရာဓိနာမ**– များသောအပြစ်ရှိသည်မည်သော၊ **မံ**– ငါ့ကို၊ **အာလပတော**– စ၍ မိန့်တော်မူသော၊ **ဒသဗလဿ**– ရှင်တော်ဗုဒ္ဓ၏၊ **မုခံ**– ခံတွင်းတော်သည်၊ **နပ္ပဟောတိ**– မလောက်။ *(အပြစ်ရှိသူအား စ၍စကားပြောဂုန် ခဲယဉ်းသောကြောင့် ဗုဒ္ဓက အနည်းငယ်စ၍ စကားပြောသည်ကိုပင် အများကြီးပြောသည်အနေအားဖြင့် 'မုခံ နပ္ပဟောတိ' ဟူ၍ မှတ်ယူခြင်း ဖြစ်လေသည်။)* **အဟော ဘဂဝါ ပဉ္စဟာကာရေဟိ တာဒိလက္ခဏေ သုပ္ပတိဋ္ဌိတော။ ဘဂဝါ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ပဉ္စဟိ**– ငါးပါးကုန်သော၊ **အာကာရေဟိ**– အကြောင်းတို့ဖြင့်၊ **တာဒိလက္ခဏေ**– တာဒိလက္ခဏာ၌၊ **အဟော သုပ္ပတိဋ္ဌိတော**– ဩော် ကောင်းစွာတည်ပါပေစွ။ *(တာဒိလက္ခဏာ ငါးမျိုးဟူသည်–*
(၁) **ဣဋ္ဌာနိဋ္ဌေတာဒီ**– ဣဋ္ဌာရုံနှင့် တွေ့ကြုံရသည်ဖြစ်စေ၊ အနိဋ္ဌာရုံနှင့် တွေ့ကြုံရသည်ဖြစ်စေ ချစ်ခြင်း, မုန်းခြင်းမရှိ၊ သည်းခံခြင်း ခန္တီတရားဖြင့် တူညီစွာထားနိုင်ခြင်းဟူသော တာဒိဂုဏ်၊ (၂) **ဝန္တာဝီတိတာဒီ**– ရာဂအစရှိသော ကိလေသာတို့ကို ပယ်စွန့်အပ်ပြီးဖြစ်သောကြောင့် သည်းခံခြင်း ခန္တီတရားဖြင့် တူညီစွာထားနိုင်ခြင်းဟူသော တာဒိဂုဏ်၊ (၃) **တိဏ္ဏာဝီတိတာဒီ**– ဩဃလေးဖြာ သံသရာမှ လွန်မြောက်ပြီး ဖြစ်သောကြောင့် သည်းခံခြင်း ခန္တီတရားဖြင့် တူညီစွာထားနိုင်ခြင်းဟူသော တာဒိဂုဏ် (၄) **မုတ္တာဝီတိတာဒီ**– ရာဂစိတ်စသော အလုံးစုံသော ကိလေသာ, ဒုစရိုက် ကိလေသာ အပူအလောင်တို့မှ လွတ်မြောက်ပြီးဖြစ်သောကြောင့် သည်းခံခြင်း တရားဖြင့် တူညီစွာထားနိုင်ခြင်းဟူသော တာဒိဂုဏ်၊ (၅) **တံနိဒ္ဒေသာတာဒီ**– ထိုဗုဒ္ဓကို သီလ, သမာဓိ, ပညာ စသော ဂုဏ်တရားတို့ဖြင့် ပြည့်စုံသောပုဂ္ဂိုလ်ဟူ၍ ညွှန်ပြထိုက်သည်၏ အဖြစ်ကြောင့် သည်းခံခြင်းတရားဖြင့် တူညီစွာထားနိုင်ခြင်းဟူသော တာဒိဂုဏ် ဟူ၍ တာဒိလက္ခဏာ ငါးမျိုးရှိသည်။ အချုပ်အားဖြင့် 'တာဒိ ဟူသည် တူညီစွာထားနိုင်မှုဂုဏ်ကို တာဒိဂုဏ် ဟုခေါ်သည်။' ဣဋ္ဌာရုံနှင့် တွေ့လျှင် စိတ်တစ်မျိုး၊ အနိဋ္ဌာရုံနှင့်တွေ့လျှင် စိတ်တစ်မျိုး ထိုသို့ စိတ်အမျိုးမျိုး မဖြစ်ဘဲ ချစ်ခြင်း, မုန်းခြင်းကိုလွှတ်၍ သည်းခံခြင်း ခန္တီတရားဖြင့် တူညီစွာထားနိုင်မှု ဟူလို။ *မဟာနိဒ္ဒေသ ပါဠိတော်– ၈၈ / ၃၆၅)*

ဧဝရူပံနာမ သတ္ထာရံ ပဟာယ ဗဟိဒ္ဓါ နပရိယေသိဿာမာတိ။ ဧဝရူပံနာမ– ဤသို့သဘောရှိသည်မည်သော၊ **သတ္ထာရံ**– ဆရာကို၊ **ပဟာယ**– ပယ်စွန့်၍၊ **ဗဟိဒ္ဓါ**– ဗုဒ္ဓသာသနာ အပြင်ပ၌၊ **နပရိယေသိဿာမ**– ဆရာကို မရှာမှီးကုန်တော့အံ့၊ **ဣတိ**– ဤသို့ ကြံပြီး၍ အဇာတသတ်မင်းကြီးသည် ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

'ရှင်တော်ဗုဒ္ဓဘုရား ဥဒယဘဒ္ဒမင်းသားကို တပည့်တော် ချစ်ပါသည်။ ရှင်တော်ဗုဒ္ဓဘုရား ယခုလို ရဟန်းသံဃာတော်များ ငြိမ်သက်သလို တပည့်တော်၏သား ဥဒ္ဒယဘဒ္ဒမင်းသားသည် ငြိမ်သက်ခြင်း ရှိပါစေသတည်း။'

အထခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဘဂဝန္တံ အဘိဝါဒေတွာ ဘိက္ခုံ သံဃဿ အဉ္ဇလိံ ပဏာမေတွာ ဧကမန္တံ နိသီဒိ။ *(ဒီ– ၁– ၄၇)*

အထခေါ်– ထိုသို့ လျှောက်ထားပြီးသောအခါ၌၊ **ဝေဒေဟိပုတ္တော**– ဝေဒေဟီမိဖုရား၏ သားဖြစ်သော၊ **မာဂဓော**– မာဂဓတိုင်းရှင်ဖြစ်သော၊ **အဇာတသတ္တုရာဇာ**– ဘုရင်အဇာတသတ်သည်၊ **ဘဂဝန္တံ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓကို၊

အဘိဝါဒေတွာ– ရှိသေစွာ ရှိခိုးပြီး၍၊ **ဘိက္ခုသံဃဿ**– ရဟန်းသံဃာတော်များအား၊ **အဉ္ဇလိံ**– လက်အုပ်ကို၊ **ပဏာမေတွာ**– ညွတ်စေပြီး၍ (ဝါ) ချီ၍၊ **ဧကမန္တံ**– သင့်လျော်သော နေရာ၌၊ **နိသီဒိ**– ထိုင်နေပြီ။

အစဉ်ယူထိုက်သော အဇာတသတ်မင်းကြီး၏ ပြုမူချက်

အထက်ပါ ပါဠိတော်အရ အဇာတသတ်မင်းကြီးသည် ဗုဒ္ဓကိုသာ ရိုသေစွာ ရှိခိုးပြီး ရဟန်းသံဃာတော်များအား ဂါရဝပြုသောအနေအားဖြင့် လက်အုပ်ကို ချီရုံသာ ချီသည်ကို တွေ့မြင်နိုင်ပေသည်။ ထိုသို့ အဘယ်ကြောင့် ပြုမူရသည်ကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

အဇာတသတ်မင်းကြီး စဉ်းစားသည်မှာ ဗုဒ္ဓကို ရိုသေစွာ ရှိခိုးသလို ရဟန်းသံဃာတော်များရှိရာ ဟိုဟိုဒီဒီသို့သွား၍ ရှိခိုးဝပ်ချသော် ဗုဒ္ဓကို ကျောပေးရာ ရောက်သည့်အပြင် ဂါရဝကင်းမဲ့ရာလည်း ရောက်လာသည်။ ဥပမာအားဖြင့် မင်းနှင့် အိမ်ရှေ့မင်းတို့ မျက်နှာချင်းဆိုင်ရှိကြရာ၌ မင်းကိုရှိခိုးဝပ်ချပြီး အိမ်ရှေ့မင်းကိုလည်း ရှိခိုးဝပ်ချလျှင် မင်းကိုမလေးစားရာ ရောက်သည်ဟု အကြံဖြစ်၍ ဗုဒ္ဓကိုရှိခိုးဝပ်ချပြီး ရပ်ရာအရပ်ကပင် ရဟန်းသံဃာတော်များအား လက်အုပ်ချီ၍ သင့်တင့်လျှောက်ပတ်သောအရပ်၌ ထိုင်ခြင်းဖြစ်လေသည်။ *(ဒီ ဋ္ဌ– ၁– ၁၄၀)*

ပဉ္စာပြဿနာမေးရန် ခွင့်တောင်းခြင်း

အဇာတသတ်မင်းကြီးသည် ထိုသို့ထိုင်ပြီးနောက် ပဉ္စာပြဿနာကို မေးလိုသည်ဖြစ်၍ အောက်ပါအတိုင်း ခွင့်တောင်းလေသည်။

'ပုစ္ဆေယျာမဟံ ဘန္တေ ဘဂဝန္တံ ကိဉ္စိဒေဝ ဒေသံ သစေ မေ ဘဂဝါ ဩကာသံ ကရောတိ၊ ပဉှဿ ဝေယျာကရဏာယ' တိ။ *(ဒီ– ၁– ၄၈)*

ဘန္တေ– ရှင်တော်ဗုဒ္ဓဘုရား၊ **ဘဂဝါ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **မေ**– တပည့်တော်အား၊ **ပဉှဿ**– ပြဿနာကို၊ **ဝေယျာကရဏာယ**– ဖြေတော်မူခြင်းငှာ၊ **ဩကာသံ**– အခွင့်ကို၊ **သစေကရောတိ**– အကယ်၍ ပြုတော်မူအံ့၊ **ဘဂဝန္တံ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓကို၊ **အဟံ**– တပည့်တော်သည်၊ **ကိဉ္စိဒေဝ**– တစ်စုံတစ်ခုသာလျှင်ဖြစ်သော၊ **ဒေသံ**– ညွှန်ပြအပ်သောအကြောင်းအရာကို၊ **ပုစ္ဆေယျာမိ**– မေးလိုပါ၏၊ **ဣတိ**– ဤသို့လျှောက်ပြီ။

သဗ္ဗညုပုဂ္ဂိုလ်၏ ဖိတ်ကြားခြင်း

အဇာတသတ်မင်း ထိုသို့ခွင့်တောင်းလေလျှင် ဗုဒ္ဓသည် အောက်ပါအတိုင်း ခွင့်ပြုစကား မိန့်ကြားတော်မူလေသည်။

ပုစ္ဆ မဟာရာဇ ယဒါကင်္ခသီတိ။ *(ဒီ– ၁– ၄၈)*

'မဟာရာဇ– မင်းကြီး၊ **ယံ**– အကြင်ပြဿနာကို၊ **ပုစ္ဆိတုံ**– မေးခြင်းငှာ၊ **အာကင်္ခသိ**– အလိုရှိ၏၊ **တံ**– ထိုမေးလိုသော ပြဿနာကို၊ **ပုစ္ဆ**–မေးလော့။

အထက်ပါ ပါဠိတော်၏ ဆိုလိုချက်ကား 'မေးလိုရာကို မေးပါ။ မေးတာကို ငါဖြေမည်' ဟု ဖိတ်ကြားခြင်းမျိုးကို 'သဗ္ဗညုပဝါရဏာ' သဗ္ဗညုပုဂ္ဂိုလ်တို့၏ ဖိတ်ကြားခြင်း ခေါ်သည်။ ပစ္စေကဗုဒ္ဓါနှင့် အခြားသော အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကတို့ကား ထိုသို့မဟုတ်ပေ။ 'မေးလိုက မေးပါ။ သိလျှင် ဖြေပါမည်' ဟူ၍သာ ချွင်းချက်ထား၍ ဖိတ်ကြားသည်။ သဗ္ဗညုပုဂ္ဂိုလ်တို့၏ ဖိတ်ကြားချက်၌ ထိုသို့ချွင်းချက်မရှိပေ။ *(ဒီ ဋ္ဌ– ၁– ၁၄၁)*

အဇာတသတ်မင်းကြီး ပဉ္စာပြဿနာ မေးပြီ

'ရှင်တော်ဗုဒ္ဓဘုရား တပည့်တော်တို့ လူ့လောက၌ သားကျွေးမှု, မယားကျွေးမှုဟူသော အသက်မွေးဝမ်းကျောင်း အတတ်ပညာ များစွာရှိသည့်အနက် မိမိတတ်မြောက်သော အတတ်ပညာ တစ်ခုခုဖြင့် ရှာဖွေရရှိသော စီးပွါးဥစ္စာကို ဒိဋ္ဌေဝဓမ္မေ– ယခု

မျက်မှောက်ဘဝမှာပင်၊ **သန္ဒိဋ္ဌိကံ**– ကိုယ်တိုင်ကိုယ်ကျ၊ **အတ္တာနံ**– မိမိကိုယ်ကိုလည်းကောင်း၊ **မာတာပိတရော**– အမိအဖတို့ကိုလည်းကောင်း၊ **ပုတ္တဒါရံ**– သားမယားတို့ကိုလည်းကောင်း၊ **မိတ္တာမစ္စေ**– အဆွေခင်ပွန်း မိတ်ဆွေများကိုလည်းကောင်း၊ **သုခေန္တိ**– ချမ်းသာစေနိုင်ပါသည်၊ **ပီဏေန္တိ**– နှစ်သက်ပြည့်ဖြိုး အားတိုး၍ ဝဖြိုးစေနိုင်ပါသည်၊ **ဥဒဂ္ဂိကံ**– အထက်နတ်ပြည်သို့ ရောက်စေနိုင်သော၊ **ဒက္ခိဏံ**– မြတ်သောအလှူဒါနကိုလည်း၊ **ပတိဋ္ဌာပေန္တိ**– ပြုလုပ်တည်စေနိုင်ပါသည်။

သက္ကာနုခေါ ဘန္တေ ဧဝမေဝ ဒိဋ္ဌေဝဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ ပညာပေတုန္တိ။ *(ဒီ– ၁– ၄၇)*

ဘန္တေ– ရှင်တော်ဗုဒ္ဓဘုရား၊ **ဧဝမေဝ**– ဤကဲ့သို့ အတတ်ပညာများနှင့်တူစွာ၊ **ဒိဋ္ဌေဝဓမ္မေ**– ယခုမျက်မှောက်ဘဝမှာပင်၊ **သန္ဒိဋ္ဌိကံ**– ကိုယ်တိုင်ခံစားသိမြင်ရသော၊ **သာမညဖလံ**– ရဟန်းပြုရခြင်းအကျိုးကို၊ **ပညာပေတုံ**– ထင်ရှားအောင်ပြခြင်းငှာ၊ **သက္ကာနုခေါ**– တတ်နိုင်ပါသလားဘုရား၊ **ဣတိ**– ဤသို့ မေးလျှောက်လေပြီ။

ဤ၌ **'သာမညဖလ**– ရဟန်းပြုရခြင်းအကျိုး**'** ဟူသည် မဂ်လေးပါး, ဖိုလ်လေးပါးတို့ကို ရရှိခြင်းပင်တည်း။ သို့ရာတွင် အဇာတသတ်မင်းကြီးသည် ထိုမဂ်, ဖိုလ်များကို သိ၍မေးခြင်း မဟုတ်ဘဲ ဖော်ပြလတ္တံ့သော ကျွန်ဥပမာ, လယ်သမားဥပမာလောက်ကိုသာ ရည်ရွယ်၍ မေးခြင်းဖြစ်လေသည်။

ဗုဒ္ဓသည် အဇာတသတ်မင်းကြီး မေးလျှောက်သည်ကို ဖြေကြားတော်မူခြင်း မပြုသေးဘဲ အောက်ပါပုစ္ဆာကို ပြန်၍မေးတော်မူလေသည်။

အဘိဇာနာသိ နော တွံ မဟာရာဇ ဣမံ ပဉှံ အညေ သမဏဗြာဟ္မဏေ ပုစ္ဆိတာတိ။ *(ဒီ– ၁– ၄၇)*

မဟာရာဇ– မင်းကြီး၊ **တွံ**– သင်မင်းကြီးသည်၊ **ဣမံပဉှံ**– ဤအမေးပုစ္ဆာပြဿနာကို၊ **အညေ**– ငါဗုဒ္ဓမှတပါးကုန်သော၊ **သမဏဗြာဟ္မဏေ**– သမဏ, ဗြာဟ္မဏ အမည်ရသူတို့ကို၊ **ပုစ္ဆိတာနော**– မေးဖူးသလော၊ **နံ ပုဋ္ဌဘာဝံ**– ထိုမေးဖူးသည်၏ အဖြစ်ကို၊ **အဘိဇာနာသိစ**– မှတ်ကောမှတ်မိ၏လော။

အထက်ပါ စကားရပ်ကား ပါဠိတော်၌လာသော စကားရပ်တည်း။ ထိုပါဠိတော်နှင့်စပ်၍ အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

ရှင်ဘုရင်ကိုယ်တိုင်ကို ပြောဆိုစေခြင်းအကြောင်း

ဤ၌ ဗုဒ္ဓသည် အဇာတသတ်မေးသော ပုစ္ဆာပြဿနာကို မဖြေကြားဘဲ စဉ်းစားတော်မူသည်မှာ–

''များစွာကုန်သော တိတ္ထိဆရာကြီးများ၏ အမတ်တို့သည် ဤပရိသတ်ထဲ၌ ရှိလေသည်။ ထိုအမတ်တို့သည် မေးသောပြဿနာကို ဖြေဆိုရာ၌ ပါဝင်သင့်သော **'ကဏှပက္ခ**– မိစ္ဆာအယူနှင့်စပ်သော မည်းညစ်သောအဖို့လည်း ပါအံ့။ **သုက္ကပက္ခ**– သီလ, သမာဓိ, ပညာနှင့်စပ်သော ဖြူစင်သောအဖို့လည်း ပါအံ့။' ဤသို့ပါခဲ့သည်ရှိသော် ထိုအမတ်တို့သည် ငါတို့၏မင်းကြီးသည် ကြီးစွာသော အားထုတ်ခြင်းဖြင့် ရဟန်းဂေါတမရှိရာသို့ လာခဲ့ပြီ။ မင်းကြီးရောက်လာချိန်မှစ၍ ရဟန်းဂေါတမသည်–

'သမဏ ကောလာဟလံ ဝေ– ရဟန်းတို့၏ အုတ်အုတ်ကျက်ကျက်ဖြစ်သော အယူဝါဒကိုသာ *(သူတစ်ခွန်း, ငါတစ်ခွန်း ပြောအပ်သော မညီညွတ်မျှ သဲသဲကွဲကွဲ မကြားရလောက်အောင် အုတ်အုတ်ကျက်ကျက် ဆူပွက်နေသံကို ကောလာဟလ ခေါ်သည်။ ဤ၌ မိစ္ဆာအယူတို့သည် များပြားလှ၍ မညီညွတ်အယူကိုမျှ အတည်ယူမဖိုရန် မသဲကွဲသော အယူဝါဒကို 'သမဏ ကောလာဟလ' ခေါ်သည်။)*

'သမဏ ဘဏ္ဍနမေဝ– ရဟန်းတို့၏ ငြင်းခုံခြင်းကိုသာ *(ဤသို့ မိစ္ဆာအယူရှိသူတို့ အချင်းချင်း ဆန့်ကျင်ဘက် မှန်သောကြောင့် သူ့အယူသည်မှား၏၊ ငါ့အယူသာမှန်၏ဟု အပြန်အလှန် ပြောဆိုခြင်းကို 'သမဏ ဘဏ္ဍန' ခေါ်သည်။) (ဒီ ဋ္ဌ– ၁– ၁၄၃ / ၄၊ မဟာဋီ– ၂၂၀၊ ဋီသစ် ဒုအုပ်– ၃၅)* ပြောဆိုနေဘိသည်' ဟု ကဲ့ရဲ့ကြကုန်လတ္တံ့။ တရားတို့ကို ရိုသေစွာ မနာယူကြကုန်လတ္တံ့။

ရှင်ဘုရင်ကိုယ်တိုင် ဖြေဆိုလျှင်မူကား ကဲ့ရဲ့ခြင်းငှာ မစွမ်းနိုင်လတ္တံ့။ **ရာဇာနမေဝ အနုဝတ္တိဿန္တိ**– မင်းသို့သာလျှင် အစဉ်လိုက်ကြကုန်လတ္တံ့။ **ဣဿရာနုဝတ္တိကောဟိ လောကော။ ဟိ**– မှန်၏၊ **လောကော**– လူအပေါင်းသည်၊ **ဣဿရာနုဝတ္တကော**– အစိုးရသောပုဂ္ဂိုလ်သို့ အစဉ်လိုက်၏။ ယခု ဤအဇာတသတ်မင်းကြီးကိုပင် တာဝန်ဖြစ်စေတော့အံ့'' ဟု ကြံတော်မူ၍

ဗုဒ္ဓသည် အထက်ပါမေးခွန်းကို ပြန်မေးတော်မူခြင်း ဖြစ်လေသည်။ *(ဒီ ၄- ၁- ၁၄၄)*

အဇာတသတ်မင်းကြီး ပြန်လည်လျှောက်ထားပုံ

'ရှင်တော်ဘုရားဘုရား ဤပြဿနာကို ရှင်တော်ဗုဒ္ဓမှတပါး အခြားသမဏ၊ ဗြာဟ္မဏ အမည်ရသူတို့အားလည်း မေးဘူးပါ၏။ ထိုသမဏ၊ ဗြာဟ္မဏတို့ ဖြေကြားသည်တို့ကိုလည်း မှတ်မိပါ၏ဘုရား' ဟု လျှောက်ထားရာတွင်-

'မဟာရာဇ သစေ တေ အဂရု ဘာသဿု။ မဟာရာဇ- မင်းကြီး၊ တေ- သင်မင်းကြီးသည်၊ သစေ- အကယ်၍၊ အဂရု- ဝန်မလေးသည်ဖြစ်အံ့၊ ဘာသဿု- ထိုသမဏ၊ ဗြာဟ္မဏတို့ ဖြေပုံကို လျှောက်စမ်းပါလော့' ဟု ဗုဒ္ဓက ပြန်လည်အမိန့်ရှိလေသည်။

ထိုအခါ အဇာတသတ်မင်းကြီးသည် အောက်ပါစကားကို လျှောက်ထားလေသည်။

နခေါ် မေ ဘန္တေ ဂရု၊ ယတ္ထဿ ဘဂဝါ နိသိန္နော ဘဂဝန္တရူပေါဝါတိ။ *(ဒီ- ၁- ၄၈)*

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **ယတ္ထ-** အကြင်အရပ်၌၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်သော်လည်း ကောင်း၊ **ဘဂဝန္တရူပေါ-** ရှင်တော်ဗုဒ္ဓကဲ့သို့ သဘောရှိသော ပုဂ္ဂိုလ်မျိုးသည်သော်လည်းကောင်း၊ **နိသိန္နော-** ထိုင်တော်မူနေသည်၊ **အဿ-** ဖြစ်၏၊ **တတ္ထ-** ထိုအရပ်၌၊ **မေ-** တပည့်တော်သည်၊ **ဘာသိတုံ-** လျှောက်ထားခြင်းငှာ၊ **ဂရု-** ဝန်လေးသည်၊ **နခေါ်ဟောတိ-** မဖြစ်ပါဘုရား၊ **ဣတိ-** ဤသို့လျှောက်ထားလေပြီ။ *(ဤစကားသည် ပါဠိတော်၌လာသော စကားတည်း။)*

ထိုစကားကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ရှင်းလင်းဖွင့်ဆိုပြလေသည်။

ပဏ္ဍိတရူပကာနမ္ပိ သန္တိကေ ကထေတုံ ဒုက္ခံ ဟောတိ။ တေ ပဒေ ပဒေ အက္ခရေ အက္ခရေ ဒေါသမေဝ ဝဒန္တိ။ ကေန္တပဏ္ဍိတာပန ကထံ သုတွာ သုကထိတံ ပသံသန္တိ ဒုက္ကထိတေသု ပါဠိပဒ အတ္ထဗျဉ္ဇနေသု ယံယံ ဝိရုဇ္ဈတိ၊ တံတံ ဥဇုကံ ကတွာ ဒေန္တိ။ ဘဂဝတာစ သဒိသော ကေန္တပဏ္ဍိတောနာမ နတ္ထိ။ *(ဒီ ၄- ၁- ၁၄၄)*

'**ပဏ္ဍိတရူပကာနံ-** အတုအယောင်ဖြစ်သော ပညာရှိတို့၏၊ **သန္တိကံ-** အထံ၌၊ **ကထေတုံ-** ဖြေဆိုခြင်းငှာ၊ **ဒုက္ခံ-** ခဲယဉ်းသည်၊ **ဟောတိ-** ဖြစ်၏၊ **တေ-** ထိုအတုအယောင် ပညာရှိတို့သည်၊ **ပဒေ ပဒေ-** ပုဒ်တိုင်း ပုဒ်တိုင်း၌၊ **အက္ခရေ အက္ခရေ-** အက္ခရာတိုင်း အက္ခရာတိုင်း၌၊ **ဒေါသမေဝ-** အပြစ်ကိုသာလျှင်၊ **ဝဒန္တိ-** ပြောဆိုတတ်ကြကုန်၏။

ကေန္တပဏ္ဍိတာ- ကေန်ပညာရှိပုဂ္ဂိုလ်တို့သည်၊ **ကထံ-** အဖြေစကားကို၊ **သုတွာ-** ကြားရ၍၊ **သုကထိတံ-** ကောင်းစွာ ပြောဆိုအပ်သော စကားကို၊ **ပသံသန္တိ-** ချီးမွမ်းကြကုန်၏၊ **ဒုက္ကထိတေသု-** မကောင်းသဖြင့် ပြောဆိုအပ်ကုန်သော၊ **ပါဠိပဒ အတ္ထဗျဉ္ဇနေသု-** ပါဠိအနက်ဝါကျတို့တွင်၊ **ယံယံ ဝိရုဇ္ဈတိ-** အကြင်အကြင် ပါဠိအနက်ဝါကျသည် မှားနေ၏၊ **တံတံ-** ထိုထို ပါဠိအနက်ဝါကျတို့ကို၊ **ဥဇုကံ-** ဖြောင့်မှန်အောင်၊ **ကတွာ ဒေန္တိ-** ပြုလုပ်ပေးကြကုန်၏။

ဘဂဝတာစ သဒိသော- ဗုဒ္ဓနှင့်တူသော၊ **ကေန္တပဏ္ဍိတောနာမ-** ကေန်ပညာရှိမည်သည်၊ **နတ္ထိ-** မရှိတော့ပေ' ဤသို့ ကြံစည်ပြီးလျှင် အဇာတသတ်မင်းကြီးသည် အထက်ပါ ပါဠိတော်စကားအတိုင်း လျှောက်ထားခြင်း ဖြစ်လေသည်။

ပူရာဏကဿပဆရာကြီး ဖြေပုံကို လျှောက်ထားခြင်း

(၁) ပူရာဏကဿပဆရာကြီး၏ အဓိကဝါဒမှာ 'အကြိယဝါဒ' တည်း။ အကြိယဝါဒဟူသည် ပါဏာတိပါတစသော အကုသိုလ်ကံ ဒုစရိုက်တွေကို ဘယ်လောက်ပဲ ပြုလုပ်ပြုလုပ် ပြုလုပ်ရာမရောက်။ ဒါနစသော ကုသိုလ်ကောင်းမှုကိုလည်း ဘယ်လောက်ပဲ ပြုလုပ်ပြုလုပ် ပြုလုပ်ရာမရောက်။ ဤခန္ဓာကိုယ်ကြီးကား ထင်းတုံးကဲ့သို့ အကာသာဖြစ်သည်။ အတွင်းက အတ္တကား အနှစ်တည်း။ ပြုသမျှ အကုသိုလ်အမှု၊ ကုသိုလ်အမှုတို့သည် အကာနှင့်တူသော ခန္ဓာကိုယ်ကြီးကိုသာထိပြီး အတွင်းကအနှစ်ဖြစ်သော အတ္တကို မထိသောကြောင့် အကုသိုလ်ဘယ်လောက်ပဲလုပ်လုပ်၊ ကုသိုလ်ဘယ်လောက်ပဲလုပ်လုပ် 'လုပ်ရာမရောက်' ဟူသော 'အကြိယဝါဒ' ပင် ဖြစ်လေသည်။ ထိုအကြိယဝါဒကား ကုသိုလ်ကံ၊ အကုသိုလ်ကံကို ပယ်ခြင်းတည်း။ ထိုသို့ကံကိုပယ်သဖြင့်

'ကမ္မဖလ' ကံ၏အကျိုးကိုလည်း ပယ်ပြီးဖြစ်လေသည်။ *(ဒီ- ၁- ၄၉၊ ဒီ ဋ္ဌ- ၁- ၁၄၄ / ၅၊ မဟာဋီ- ၂၂၂၊ ငြိသစ် ဒုအုပ်- ၃၈)*

(၂) ရှင်တော်ဗုဒ္ဓဘုရား တပည့်တော်သည် 'သန္ဒိဋ္ဌိက သာမညဖလ' ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရခြင်းအကျိုးကို မေးပါလျက် ပူရာဏကဿပဆရာကြီးသည် သရက်ပင်ကို မေးသည်ကို ပိန္နဲပင်ကို ဖြေကြားသကဲ့သို့ တပည့်တော်မေးသည်ကို မဖြေကြားဘဲ 'ကံမဲ့ဝါဒ' ကိုသာ ဖြေကြားပါသည်။ တပည့်တော်သည် ထိုသို့ဖြေကြားရာ၌ **'ကထံဟိနာမ မာဒိသော သမဏံဝါ ဗြာဟ္မဏံဝါ ဝိဇိတေ ဝသန္တံ အပသာဒေတဗ္ဗံ မညေယျာ'** တိ။ **ကထံဟိ-** အဘယ်ကြောင့်လျှင်၊ **မာဒိသော-** ငါကဲ့သို့သောမင်းသည်၊ **ဝိဇိတေ-** နိုင်ငံတော်၌၊ **ဝသန္တံ-** နေသော၊ **သမဏံဝါ-** သမဏကိုလည်းကောင်း၊ **ဗြာဟ္မဏံဝါ-** ဗြာဟ္မဏကိုလည်းကောင်း၊ **အပသာဒေတဗ္ဗံ-** နှင်ထုတ်ထိုက်၏ဟူ၍ (ဝါ) ညှင်းဆဲမောင်းမဲထိုက်၏ဟူ၍၊ **မညေယျနာမ-** မှတ်ထင်ရာပါအံ့နည်း။ 'နှင်ထုတ်, မောင်းမဲ, ညှင်းဆဲခြင်းငှာ မသင့်တော်ဘူး'၊ **ဣတိ-** ဤသို့ကြံ၍-

တပည့်တော်သည် ထိုပူရာဏကဿပဆရာကြီး၏ စကားကို နှစ်လည်းမနှစ်သက်, ပယ်လည်းမပယ်မူ၍ စိတ်ထဲမှာ မကျေနပ်သော်လည်း မကျေနပ်သောစကားကို မပြောဆိုခဲ့ဘဲ ပူရာဏကဿပဆရာကြီး၏ စကားကို 'အနှစ်သာရ' ဟူ၍ မမှတ်မူ၍ သာ နေရာမှထ၍ ပြန်ခဲ့ပါသည်။ *(ဒီ- ၁- ၄၉ / ၅၀) (အဇာတသတ်မင်းကြီး၏ အတုယူသင့်ပြုမူပုံကောင်းသော အချက်တည်း။)*

မက္ခလိဂေါသာလ ဆရာကြီး၏ အဟေတုကဝါဒ

(၁) သတ္တဝါမှန်သမျှတို့သည် သုခဖြစ်ရန် အကြောင်းမှုမရှိ။ ဒုက္ခဖြစ်ရန် ဘာအကြောင်းမျှမရှိ။ သံသရာမှလွတ်မြောက်ရန် ဘာအကြောင်းမျှမရှိ။ သတ်မှတ်ထားသော **'နိယတိ'** အတိုင်းသာ ဖြစ်ကြရ၏။ ယင်းနိယတိကား **'စုလ္လာသီတိ မဟာကပ္ပိနော သတသဟဿာနိ-** မဟာကပ်ပေါင်း ရှစ်သန်းလေးသိန်းတို့တည်း။'

(၂) ယင်းမဟာကပ်ပေါင်း*(ကမ္ဘာပေါင်း)* ရှစ်သန်းလေးသိန်း မစေ့သမျှ ကာလပတ်လုံး ဒါန, သီလ စသည်တို့ကို ပြုကြကုန်သော လူလိမ္မာတို့သည်လည်း ထိုထက်စော၍ ကျွတ်တန်းမဝင်နိုင်ကြပေ။ အကုသိုလ်ဒုစရိုက်တွေ မည်မျှလောက်ပဲ ကျူးလွန်ထားသော လူမိုက်ဖြစ်စေကာမူ ထိုထက်နောက်ကျ၍လည်း သံသရာမလည်ရတော့ပေ။

(၃) လူလိမ္မာဖြစ်စေ, လူမိုက်ဖြစ်စေ နိယတိသဘောအရ သတ်မှတ်ထားသော မဟာကပ်ပေါင်း ရှစ်သန်းလေးသိန်း မစေ့သမျှ သံသရာကျင်လည်ရမည်ဖြစ်၏။ အတိုးအဆုတ် မရှိပေ။ 'ဤအချိန်မှာ လူဖြစ်ရမည်, ဤအချိန်မှာ တိရစ္ဆာန် ဖြစ်ရမည်' စသည်ဖြင့် သတ်မှတ်ချက် နိယတိသဘောအရ ဖြစ်နေကြခြင်း ဖြစ်သည်။

(၄) ဥပမာအားဖြင့် အပ်ချည်လုံးတစ်လုံးကိုဖြေ၍ တောင်ပေါ်မှ ချလိုက်လျှင် အပ်ချည်ရှိသမျှသာ ကျသွား၏။ အပ်ချည်ကုန်လျှင် ရပ်သွား၏။ ထိုအတူ သတ္တဝါတို့သည် မဟာကပ်ပေါင်း ရှစ်သန်းလေးသိန်းစေ့လျှင် သံသရာလည်နေရမှုသည် အလိုအလျောက် ဆုံးတော့သည်သာ။

(၅) ထိုအချိန်မစေ့သမျှ သုခဖြစ်အောင်လည်းကောင်း, ဒုက္ခဖြစ်အောင်လည်းကောင်း, သံသရာမှလွတ်မြောက်အောင်လည်းကောင်း ဘာအကြောင်းမှ မရှိပေ။ ဒါန, သီလ, ဘာဝနာတွေ ဘယ်လောက်ပဲလုပ်လုပ် အလကားသာတည်း။ သူ့အသက်သတ်ခြင်း စသည့် ဒုစရိုက်တွေ ဘယ်လောက်ကျူးလွန်ကျူးလွန် အလကားသာတည်း။

ဤသည်ကား မက္ခလိဂေါသာလဆရာကြီး၏ အကြောင်းအထောက်အပံ့မရှိဘဲ သတ္တဝါတွေ ဖြစ်ကြရပုံကို ပြဆိုသော အဟေတုကဝါဒတည်း။ *(အဇာတသတ်မင်းကြီးသည် အဟေတုကဝါဒအဆုံး၌ အထက်ကအတိုင်းပင် ဗုဒ္ဓအား လျှောက်သည်တည်း။)* *(ဒီ- ၁- ၅၀ / ၅၁၊ ဒီ ဋ္ဌ- ၁- ၄၆၊ မဟာဋီ- ၂၂၃၊ ငြိသစ် ဒုအုပ်- ၃၉)*

အဇိတကေသကမ္ဗလ ဆရာကြီး၏ နတ္ထိကဝါဒ

(၁) အဇိတဆရာကြီး၏ အဓိကဝါဒကား ဒါန, သီလ စသော ကုသိုလ်ကံ ဘယ်လောက်လုပ်လုပ် ကုသိုလ်ကံ၏ အကျိုးမရှိ။ ပါဏာတိပါတစသော အကုသိုလ်ဒုစရိုက်တွေ ဘယ်လောက်ပဲကျူးလွန်ကျူးလွန် အမိသတ်, အဖသတ် ဘာအကုသိုလ်လုပ်လုပ် ၎င်းအကုသိုလ်ကံ၏ အကျိုးပေးခြင်းမရှိဟူသော **'နတ္ထိကဝါဒ'** ဖြစ်လေသည်။

(၂) ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ရဟန္တာများ ဆိုတာလည်းမရှိ။ ဤဘဝသေလျှင် နောက်ထပ်ခန္ဓာကိုယ် မရှိတော့ဘဲ ပြတ်စဲ၏။ ထိုသို့ သေသောအခါ လူ၏ခန္ဓာကိုယ်၌ရှိသော 'ပထဝီ, အာပေါ်, တေဇော, ဝါယော' တို့သည် အပြင်ပတာတ်ကြီးလေးပါးနှင့် ပေါင်းသွား၏။ *(ပထဝီ ပထဝီချင်းပေါင်းသည်ဟု ဆိုလိုသည်။)*

(၃) မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်အားဖြင့် ဣန္ဒြေခြောက်ပါးတို့သည် ကောင်းကင်သို့ ပြောင်းရွှေ့သွား၏။ ထို့ကြောင့် ဒီဘဝသေလျှင် သင်္ချိုင်းတွင် နိဂုံးသတ်လေတော့သည်။ နောက်ထပ်ဘဝမဖြစ်, နောက်ထပ်ဘဝမရှိဟူသော 'နတ္ထိကဝါဒ' အယူကို ယူလေသည်။ *(အဇိတသတ်မင်းကြီးသည် အဇိတ၏ နတ္ထိကဝါဒအဆုံး၌ ပူရာဏကဿပဝါဒအဆုံးက မှခဲ့သည်အတိုင်းပင် ဗုဒ္ဓအား ကျောက်သည်တည်း။) (ဒီ- ၁- ၅၁ / ၅၂။ ဒီ ဋ္ဌ- ၁- ၁၄၉ / ၁၅၀။ မဟာဋီ- ၂၂၆။ ဋီသစ် ဒုအုပ်- ၄၆)*

ပူရာဏကဿပ, မက္ခလိဂေါသာလ, အဇိတဝါဒတို့ တူကြပုံသဘော

(၁) ပူရာဏကဿပဝါဒသည် ကောင်းမှုကိုပြုပြု, မကောင်းမှုကိုပြုပြု ပြုရာမရောက်ဟုဆိုသဖြင့် အကြောင်းကံကိုပယ်၏။ အကြောင်းကံကိုပယ်လျှင် ကံ၏အကျိုးကိုလည်း ပယ်ပြီးဖြစ်တော့သည်။

(၂) မက္ခလိဂေါသာလ၏ဝါဒသည် ကမ္ဘာပေါင်း ရှစ်သန်းလေးသိန်း အတိအကျ သတ္တဝါတိုင်း ကျင်လည်ကြရမည်ဟု သတ်မှတ်သဖြင့် ကံ၏အစွမ်းမရှိဟု ပယ်ရာရောက်၏။ ကံ၏အစွမ်းမရှိလျှင် ကံ၏အကျိုးကိုလည်း ပယ်ပြီးဖြစ်တော့သည်။

(၃) အဇိတဆရာကြီးကား ကုသိုလ်ကံလည်း အကျိုးပေးနိုင်စွမ်းမရှိ။ အကုသိုလ်ကံလည်း အကျိုးပေးနိုင်စွမ်းမရှိဟုဆိုသဖြင့် ကံ၏အကျိုးကိုပယ်၏။ ကံ၏အကျိုးကိုပယ်သဖြင့် ကုသိုလ်ကံ, အကုသိုလ်ကံဟူသော အကြောင်းကိုလည်း ပယ်ပြီးဖြစ်တော့၏။

(၄) ဤသို့လျှင် ထိုဆရာကြီးသုံးဦးလုံးသည် ကံနှင့်ကံ၏အကျိုး နှစ်မျိုးလုံးကို ပယ်ခြင်းအားဖြင့် တူမျှကြလေသည်။ ထို မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့သည် 'သုဂတိလမ်းကြောင်း, နိဗ္ဗာန်လမ်းကြောင်း' ပိတ်ဆို့နေသည်ဖြစ်၍ သေလျှင်ငရဲဒုက္ခမှ မကျွတ်နိုင်၊ သံသရာဝဋ်ဒုက္ခမှ မလွတ်နိုင်သည်ဖြစ်၍ 'ဝဋ္ဋခါဏုက' ဝဋ်ဒုက္ခ၏ သစ်ငုတ်သဖွယ် ဖြစ်လျက်ရှိနေလေသည်။ ထို့ကြောင့် အဋ္ဌကထာ ဆရာသည် အောက်ပါအတိုင်း သတိပေးထားလေသည်။

တသ္မာ အကလျာဏ ဇနံ၊ အာသီဝိသ မိဝေါရဂံ၊
အာရကာ ပရိဝဇ္ဇေယျ၊ ဘူတိကာမော ဝိစက္ခဏောတိ။ *(ဒီ ဋ္ဌ- ၁- ၁၅၀)*

တသ္မာ- ထိုသို့ မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့သည် ဝဋ်ဒုက္ခ၏ သစ်ငုတ်သဖွယ် အပြစ်ကြီးလှသောကြောင့်၊ ဘူတိကာမော- ပစ္စုပ္ပန်အကျိုး, သံသရာအကျိုး, နိဗ္ဗာန်အကျိုးတို့၏ ပွါးတိုးခြင်းကို လိုလားကုန်သော၊ ဝိစက္ခဏော- ဝေဘန်ပိုင်းသိ ပညာရှိသည်၊ အကလျာဏဇနံ- သူတော်မဟုတ် ယုတ်မာသော, မှားသောအယူရှိကြကုန်သော လူယုတ်အပေါင်းကို၊ အာသီဝိသံ- လျင်စွာတက် သောအဆိပ်ရှိသော၊ ဥရဂံ ဣဝ- မြွေဆိုးကိုကဲ့သို့၊ အာရကာ- ဝေးစွာ၊ ပရိဝဇ္ဇေယျ- ရှောင်ကြဉ်ရာ၏၊ ဣတိ- ဤကား သတိ ပေးခြင်းတည်း။

ပကုဓကစ္စာယန ဆရာကြီး၏ အကဋဝါဒ

(၁) ပကုဓကစ္စာယန ဆရာကြီး၏ အဓိကဝါဒကား သတ္တဝါတိုင်း၌ (၁) ပထဝီကာယ၊ (၂) အာပေါကာယ၊ (၃) တေဇော ကာယ၊ (၄) ဝါယောကာယ၊ (၅) သုခ၊ (၆) ဒုက္ခ၊ (၇) ဇီဝ ဟူ၍ ကာယ ၇ မျိုး ရှိလေသည်။ ထိုကာယ ၇ မျိုးသည် သူ့အလို အလျောက် ဖြစ်နေ၏။ တောင်ထိပ်၌ရှိသော တောင်ထွတ်သည် မည်သူပြုလုပ်လို့မျှ ဖြစ်ရသည်မဟုတ်ဘဲ သူ့အလိုလို ဖြစ်နေသကဲ့သို့ ထိုကာယ ၇ မျိုးသည်လည်း မည်သည့်တရား, မည်သည့်တန်ခိုးရှင်ကမှ ဖန်ဆင်းမှုကြောင့် ဖြစ်ရသည်မဟုတ်ဘဲ အလိုအလျောက် ဖြစ်နေသည်။

(၂) ထို ၇ မျိုးသည် သူ့သဘောအတိုင်း ခိုင်မြဲစွာတည်သောကြောင့် ဖောက်ပြန်ပြောင်းလွဲခြင်းမရှိ။ ချမ်းသာကိုလည်းကောင်း, ဆင်းရဲကိုလည်းကောင်းဖြစ်အောင် မတတ်နိုင်ကုန်။ ထို ၇ မျိုးသောကာယကို သတ်နိုင်သူလည်းမရှိ။ သိနိုင်သူလည်းမရှိ။

(၃) တစ်စုံတစ်ဦးက ထက်လှစွာသောဓားဖြင့် တစ်ဦးဦး၏ ဦးခေါင်းကို ဖြတ်အံ့။ ထိုကာယ ၇ မျိုးထဲသို့ ကျသွားခြင်းဖြစ်သည်။ *(လူသေအောင်သတ်၍ သေသည်ဟု သမုတ်နေခြင်းသာ ဖြစ်သည်။)*

(၄) ထိုကာယ ရ မျိုးကို မည်သူမျှ မသတ်ဖြတ်နိုင်, မဖျက်ဆီးနိုင်, မဖန်ဆင်းနိုင်ဟူ၍ ပကုဓကစ္စာယန ဆရာကြီးသည် **'အကရိယဝါဒ'** ကို ယူလေသည်။ *(ဝါဒအဆုံး၌ ဖျောက်ထားပုံကား ပူရဏကဿပဝါဒအဆုံးက အတိုင်းတည်း။) (ဒီ- ၁- ၅၂ / ၅၃၊ ဒီ ဋ- ၁- ၁၅၁)*

နိဂဏ္ဌနာဋပုတ္တ ဆရာကြီး၏ စာတုယာမသံဝရဝါဒ

နိဂဏ္ဌဆရာကြီး၏ အဓိကဝါဒကား စောင့်စည်းခြင်းလေးမျိုးကို စောင့်စည်းပြီး မိမိကိုယ်ကို (ဂတတ္တာ) ဟူ၍ ယူဆသော ဝါဒတည်း။ ထိုစောင့်စည်းခြင်းလေးမျိုးကား-

(၁) ရေအေး၌ အသက်ရှိသည်ဟု သတ်မှတ်ပြီး ရေအေးကို ရှောင်ကြဉ်ခြင်း။

(၂) မကောင်းမှုအားလုံးကို တားမြစ်ထားခြင်း။

(၃) မကောင်းမှုအားလုံးကို ခါချနိုင်အောင် ပြင်းထန်သောအကျင့်ကို ကျင့်ခြင်း။

(၄) မကောင်းမှုအားလုံးကို အပြည့်အစုံ တားမြစ်ပြီး၍ *(ဖုဋ္ဌဝါဒ၌ ဂဟေတ္တာကဲ့သို့)* ကိစ္စပြီးလေပြီ။ နောက်ထပ်စောင့်စည်းဖွယ် မလိုတော့ခြင်းဟု ယူဆသောဝါဒဖြစ်သည်။ *(ဒီ- ၁- ၅၄)*

ထိုဝါဒကို အဋ္ဌကထာဆရာက အောက်ပါအတိုင်း မှတ်ချက်ချလေသည်။

နိဂဏ္ဌဝါဒ၌ 'မကောင်းမှုကို ရှောင်ကြဉ်ရမည်' ဟူသော အနည်းငယ်သော အချက်သည် ဗုဒ္ဓဝါဒနှင့် လျော်သလိုရှိသည်။ ထိုသို့လျော်သော်လည်း **အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာဒိဋ္ဌိယောဝ ဇာတာ။** *(ဒီ ဋ- ၁- ၁၅၁)* **ပန**- ထိုသို့ပင်လျော်သော်လည်း၊ **အသုဒ္ဓလဒ္ဓိတာယ**- မစင်ကြယ်သော အယူရှိသောကြောင့် **'သဗ္ဗာဒိဋ္ဌိယောဝ ဇာတာ'**- ထိုနိဂဏ္ဌတို့၏ ထိုအလုံးစုံသော အယူတို့သည် မိစ္ဆာဒိဋ္ဌိအယူချည်းသာ ဖြစ်လေသည်။

နိဂဏ္ဌဝါဒကို ဋီကာဆရာများကလည်း အောက်ပါအတိုင်း မှတ်ချက်ချသည်။

မကောင်းမှုကို ပယ်ရှားတားမြစ်မှုသည် ဗုဒ္ဓသာသနာတော်အား လျော်၏။ သို့ရာတွင် မကောင်းမှုကိုပယ်ရာ၌ **'အတ္တိ ဇီဝေါ၊ သောစ သိယာ နိစ္စော၊ သိယာ အနိစ္စော'တိ။ အတ္တိ ဇီဝေါ**- အသက်ဇီဝအတ္တသည် ရှိ၏၊ *(ဆိုအတ္တက မကောင်းမှုကို ပယ်၏ ဟူလို)* **သောစ**- ထိုအတ္တသည်လည်း၊ **သိယာ နိစ္စော**- အချို့အတ္တသည် မြဲ၏၊ **သိယာ အနိစ္စော**- အချို့အတ္တသည် မမြဲ၊ **တိုတိအာဒိ**- ဤသို့အစရှိသည်ဖြင့် မစင်ကြယ်သော အယူရှိသောကြောင့် ထိုအယူအလုံးစုံသည် မိစ္ဆာဒိဋ္ဌိအယူချည်း ဖြစ်ကြရလေသည်။ *(မဟာဋီ- ၂၃၀၊ ဋီသစ် ဒုအုပ်- ၅၂)*

(ဝါဒအဆုံး၌ ဖျောက်ပုံကား ပူရဏကဿပဝါဒ၏ အဆုံးကအတိုင်းတည်း။)

သဉ္စယဗေလဋ္ဌပုတ္တ ဆရာကြီး၏ဝါဒ

ဤသိဉ္စိုးဆရာကြီးဟုလည်းခေါ်သော သဉ္စယဗေလဋ္ဌပုတ္တ ဆရာကြီး၏ဝါဒကား ဗြဟ္မဇာလသုတ်တွင် ပြဆိုခဲ့သော **အမရာဝိက္ခေပဝါဒ** အတိုင်းတည်း။ *(အဆုံး၌ဖျောက်ပုံကား ပူရဏကဿပဝါဒအဆုံးက အတိုင်းတည်း။)*

ဤတိတ္ထိဆရာကြီး ၆ ဦးတို့၏ဝါဒသည် ဗြဟ္မဇာလသုတ် ဒိဋ္ဌိ ၆၂ ပါးတွင် (၁) ပူရဏကဿပဝါဒ၊ (၂) မက္ခလိဂေါသာလဝါဒ၊ **(၃) အဇိတကေသကမ္ဗလဝါဒ (အဇိတဝါဒ)** ဤသုံးဝါဒတို့သည် တက္ကီပုဂ္ဂိုလ်တို့၏ ဥစ္ဆေဒဒိဋ္ဌိ အတွင်းသို့ ဝင်လေသည်။

(၄) ပကုဓကစ္စာယနဝါဒ၊ (၅) နိဂဏ္ဌနာဋပုတ္တဝါဒ၊ (၆) သဉ္စယဗေလဋ္ဌပုတ္တဝါဒ ဤသုံးဝါဒသည် သဿတမိစ္ဆာဒိဋ္ဌိ အတွင်းသို့ ဝင်လေသည်။

အဇာတသတ်မင်းကြီး၏ အဆုံးသတ်လျှောက်ပုံ

အဇာတသတ်မင်းကြီးသည် ဗုဒ္ဓအား အထက်ပါအတိုင်း တိတ္ထိဆရာကြီးတို့၏ အယူဝါဒများကို လျှောက်ထား၍လည်း ကောင်း, နှစ်သက်မှုမရှိပုံကို လျှောက်ထား၍လည်းကောင်း, သမဏ ဗြာဟ္မဏတို့အား နိုင်ငံတော်မှ နှင်ထုတ်ခြင်း, ကြိမ်းမောင်းခြင်း,

ညှင်းဆဲခြင်းတို့ကို ပြုလုပ်ရန် မသင့်တော်ကြောင်းကို လျှောက်ထား၍လည်းကောင်း လျှောက်ထားပြီး၍ နောက်ဆုံးအနေအားဖြင့် အောက်ပါအတိုင်း လျှောက်ထားလေသည်။

သောတံ ဘန္တေ ဝါလုကံ ပီဠေတွာ တေလံ အလဘမာနောဝိယ တိတ္ထိယဝါဒေသု သာရံ အလဘန္တော ဘဂဝန္တံ ပုစ္ဆာမိ။ *(ဒီ ၄- ၁- ၁၅၂)*

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ သောတံ- သောအတံ- ထိုတပည့်တော်သည်၊ ဝါလုကံ- သဲကို၊ ပီဠေတွာ- ဆုံ၌ထည့်ကာ ကြိတ်ညှစ်၍၊ တေလံ- ဆီကို၊ အလဘမာနောဝိယ- မရသူကဲ့သို့၊ တိတ္ထိယဝါဒေသု- တိတ္ထိတို့၏ ဝါဒတို့၌၊ သာရံ- အဆီအနှစ်ကို၊ အလဘန္တော- မရသည်၊ တုတွာ- ဖြစ်၍၊ ဘဂဝန္တံပိ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓကိုလည်း၊ ပုစ္ဆာမိ- မေးလျှောက်ပါ၏ ဘုရား။

၎င်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုဘဝ၌ ကိုယ်တိုင်လက်တွေ့ ခံစားသိရှိအပ်သော ရဟန်းပြုရခြင်းအကျိုးကို 'သန္ဒိဋ္ဌိက သာမညဖလ' ခေါ်သည်။ ၎င်းကို မေးခြင်းတည်း။ (သန္ဒိဋ္ဌိက- မျက်မှောက်ဘဝ၌ ကိုယ်တိုင်သိအပ် ခံစားအပ်သော၊ သာမညဖလ- ရဟန်းပြုရခြင်းအကျိုး)

ပဌမ သန္ဒိဋ္ဌိက သာမညဖလ

ဗုဒ္ဓသည် အဇာတသတ်မင်းကြီးအား ပဌမဆုံးဖြစ်သော မျက်မှောက်ဘဝ၌ ကိုယ်တိုင်သိမြင်ခံစားအပ်သော ရဟန်းပြုရခြင်း အကျိုးဖြစ်သော **ပဌမသန္ဒိဋ္ဌိက သာမညဖလ** ကို အောက်ပါအတိုင်း ဟောကြားတော်မူသည်။*(၎င်းကိုအောက်ပါအတိုင်း တင်ပြပါသည်)*

(၁) အဇာတသတ်မင်းကြီး၌ အဇာတသတ်မင်းကြီး၏ အလိုဆန္ဒအတိုင်း ချွတ်ယွင်းချက် အနည်းငယ်မျှမရှိအောင် ဝတ္တရား ကျေပြွန်သော ကျွန်တစ်ဦး ရှိလေသည်။ ထိုကျွန်ယောကျ်ားသည် တစ်နေ့သောအခါ၌ အရှင်ဖြစ်သော အဇာတသတ်မင်းကြီးနှင့် ကျွန်ဖြစ်နေရသော သူ့ဘဝကို နှိုင်းယှဉ်ပြီး-

(၂) အစ္ဆရိယံဝတ ဘော အဗ္ဘုတံဝတ ဘော ပုညာနံ ဂတိ ပုညာနံ ဝိပါကော။ *(ဒီ- ၁- ၁၆)*

ပုညာနံ- ကုသိုလ်ကောင်းမှုတို့၏၊ ဂတိ- ဖြစ်ပုံသည်၊ ပုညာနံ- ကုသိုလ်ကောင်းမှုတို့၏၊ ဝိပါကော- အကျိုးသည်၊ ဘော- အချင်းတို့၊ အစ္ဆရိယံဝတ- အံ့ဖွယ်ကောင်းပါပေစွတကား၊ ဘော- အချင်းတို့၊ အဗ္ဘုတံဝတ- ထူးဆန်းပါပေစွတကား၊ အယံပိ ရာဇာ အဇာတသတ္တု မနုဿော- ဤအဇာတသတ်မင်းသည်လည်း လူပဲ၊ အဟမ္ပိ မနုဿော-ငါသည်လည်း လူပဲ။

(၃) ထိုသို့ လူချင်းတူပါလျက် အဇာတသတ်မင်းကျတော့ ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံလျက် နတ်ကဲ့သို့ မွေ့လျော်ပျော်ပါး ခံစားနိုင်လေသည်။ ငါ့မှာတော့ ထိုအဇာတသတ်မင်း၏ ကျွန်သာ ဖြစ်နေရသည်။ ငါလည်းပဲ ကုသိုလ်ကောင်းမှု ပြုမည်ဆိုလျှင် ထို အဇာတသတ်မင်းလိုပဲ ဖြစ်နိုင်ရာ၏။

(၄) ကုသိုလ်ကောင်းမှု ပြုတာကတော့ ဟုတ်ပါပြီ။ ဘာကုသိုလ်ကို ပြုမှာလဲ။ အကယ်၍ ငါသည် အလှူဒါနကုသိုလ်ကို ပြုအံ့။ ငါ၏တစ်သက်လုံး ပြုလုပ်သော ဒါနကုသိုလ်သည်ပင်လျှင် အဇာတသတ်မင်း တစ်ကြိမ်ပြုလုပ်သော ကုသိုလ်ကို အပုံတစ်ရာပုံ၍ တစ်ပုံမျှရန်ပင် မလွယ်ကူပေ။

(၅) အဇာတသတ်မင်းကို ကျော်လွန်ရန်အတွက်ဆိုလျှင် ဤဘဝမှာတော့ ရဟန်းပြုခြင်းမှတပါး အခြားနည်းလမ်း မရှိတော့ပြီ။ ထိုသို့ကြံစည်ပြီး၍ အဇာတသတ်မင်းကြီး၏ ကျွန်သည် ရဟန်းပြုလေတော့သည်။

(၆) ရဟန်းအဖြစ်သို့ ရောက်လာသော ထိုကျွန်သည် ရဟန်းကျင့်ဝတ်, ရဟန်းသိက္ခာ ပြည့်စုံစွာဖြင့် ကောင်းမွန်စွာ နေ ထိုင်လျက် ရှိလေသည်။ အဇာတသတ်မင်း၏ မင်းချင်းယောကျ်ားတစ်ဦးသည် ရဟန်းဝတ်နှင့် ကောင်းမွန်စွာနေသည်ကို တွေ့မြင်သွား၍ အဇာတသတ်မင်းအား ထိုအကြောင်းကို သံတော်ဦးတင်လေသည်။

(၇) ထိုအခါ အဇာတသတ်မင်းသည် 'လူ့ဘဝက ငါ့ကျွန်သည် ငါ့ထံသို့ ပြန်လာစေ။ ကျွန်ဘဝ၌ ပြန်နေစေ' ဟူ၍ မင်း အာဏာမပြုတော့ဘဲ ရဟန်းဘဝ၌ ကောင်းမွန်စွာ နေခြင်းကြောင့် လူ့ဘဝက ကျွန်ဖြစ်ခဲ့ဖူးသော ထိုရဟန်းကို အဇာတသတ်မင်းသည် ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, နေရာဖြင့် ဖိတ်ကြားခြင်း, ပစ္စည်းလေးပါး ဒါယကာ ပြုလုပ်ခြင်းတို့ကို ပြုလုပ်လေသည်။

(၈) ထိုတွင်မက အချိန်မဟုတ် အခါမဟုတ်၌ ထင်းခွေမိန်းမများ, မြက်ရိတ်မိန်းမများ ကျောင်းတွင်းသို့ မဝင်နိုင်အောင်လည်းကောင်း, ကျောင်းတိုက်အတွင်း၌ဖြစ်စေ, ကျောင်းအနီး၌ဖြစ်စေ မုဆိုးတံငါတို့ သားငါးများကို မဖမ်းနိုင်အောင်လည်းကောင်း စသည်ဖြင့် တရားနှင့်အညီ စောင့်ရှောက်မှုကိုလည်း ပေးလေသည်။

(၉) ထိုအချက်များသည် ယခုဘဝတွင်ပင် မျက်မှောက်ကိုယ်တိုင် သိရှိရသော 'သာမညဖလ' 'ရဟန်းပြုရခြင်း၏ အကျိုးဟုတ်, မဟုတ်' ဗုဒ္ဓက အဇာတသတ်မင်းအား မေးတော်မူသောအခါ အဇာတသတ်မင်းက 'ဟုတ်မှန်ပါကြောင်း' လျှောက်တင်လေသည်။

'နောက်ထပ် သန္ဒိဋ္ဌိက သာမညဖလ ကို ဟောတော်မူပါဦး' ဟု အဇာတသတ်မင်းကြီးက လျှောက်ထားသည့်အတွက် ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောတော်မူပြန်လေသည်။

ဒုတိယ သန္ဒိဋ္ဌိက သာမညဖလ

(၁) ချွေးတဒီးဒီးကျ နွားနှင့်ဖက် ရုန်းကန်ပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော လယ်သမားတစ်ဦး ရှိလေသည်။ လယ်ကထွက်သမျှ သူချည်းသုံးဆောင်ခွင့် ရှိသည်မဟုတ်ပေ။ ဘုရင်အဇာတသတ်ကိုလည်း အခွန်အတုပ် ပေးရလေသည်။

(၂) တစ်နေ့သောအခါ၌ ထိုလယ်သမားသည် အဇာတသတ်မင်းဘဝနှင့် သူ၏လယ်သမားဘဝကို နှိုင်းယှဉ်ကြည့်၍ **အစ္ဆရိယံဝတ ဘော၊ အဗ္ဘုတံဝတ ဘော၊ ပုညာနံ ဂတိ ပုညာနံ ဝိပါကော။** *(ဒီ- ၁- ၅၇)* **ပုညာနံ**- ကုသိုလ်ကောင်းမှုတို့၏၊ **ဂတိ**- ဖြစ်ပုံသည်၊ **ပုညာနံ**- ကုသိုလ်ကောင်းမှုတို့၏၊ **ဝိပါကော**- အကျိုးသည်၊ **ဘော**- အချင်းတို့ **အစ္ဆရိယံဝတ**- အံ့ဩဖွယ်ကောင်းစွတကား၊ **ဘော**- အချင်းတို့ **အဗ္ဘုတံဝတ**- ထူးဆန်းပေစွတကား၊ **အယံပိ ရာဇာ အဇာတသတ္တု မနုဿော**- ဤအဇာတသတ်မင်းသည်လည်း လူတည်း၊ **အဟမ္ပိ မနုဿော**- ငါသည်လည်း လူတည်း။

(၃) ထိုသို့ လူချင်းတူပါလျက် အဇာတသတ်မင်းကျတော့ ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံလျက် နတ်ကဲ့သို့ မွေ့လျော်ပျော်ပါး ခံစားနိုင်လေသည်။ ငါ့မှာတော့ ချွေးတဒီးဒီးကျ နွားနှင့်ဖက်ရုန်းကန်ရပြီး အဇာတသတ်မင်းအား အခွန်ဆက်သနေရလေသည်။ ငါလည်းပဲ ကုသိုလ်ကောင်းမှု ပြုမည်ဆိုလျှင် အဇာတသတ်မင်းလိုပဲ ဖြစ်နိုင်ရာ၏။

(၄) ကုသိုလ်ကောင်းမှု ပြုတာတော့ ဟုတ်ပါပြီ။ ဘာကုသိုလ် ပြုမှာလဲ။ အကယ်၍ ငါသည် အလှူဒါနကုသိုလ်ကို ပြုအံ့။ ငါတစ်သက်လုံး ပြုလုပ်သော ဒါနသည်ပင် ဘုရင်အဇာတသတ် တစ်ကြိမ်လုပ်သော ကုသိုလ်ကို အပုံတစ်ရာပုံ၍ တစ်ပုံတောင်မှီရန် မလွယ်ကူပေ။ ဘုရင်အဇာတသတ်ကို ကျော်လွန်ရန်အတွက်ဆိုလျှင် ဤဘဝမှာတော့ ရဟန်းပြုခြင်းမှတပါး အခြားမရှိတော့ပြီ။

(၅) ထိုသို့ကြံစည်ပြီး၍ ထိုလယ်သမားသည် ရဟန်းပြု၍ ရဟန်းကျင့်ဝတ်သိက္ခာ ပြည့်စုံစွာဖြင့် ကောင်းမွန်စွာ နေထိုင်လျက်ရှိရာ အဇာတသတ်မင်းကြီး၏ မင်းချင်းယောက်ျားတစ်ဦးသည် တွေ့မြင်သိရှိသွား၍ အဇာတသတ်မင်းကြီးအား ထိုအကြောင်းကို သံတော်ဦးတင်လေသည်။

(၆) ထိုအခါ အဇာတသတ်မင်းကြီးသည် 'လူ့ဘဝက ငါ့ကို အခွန်ဆက်သနေရသော လယ်သမား ပြန်လာခဲ့။ လယ်ကို ပြန်လုပ်' ဟူ၍ မင်းအာဏာမပြတော့ဘဲ ရဟန်းဘဝနှင့် ကောင်းမွန်စွာ နေခြင်းကြောင့် လူ့ဘဝက အခွန်ဆက်သနေရသော လယ်သမား ဖြစ်ခဲ့ဘူးသော ရဟန်းကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, နေရာဖြင့်ဖိတ်ကြားခြင်း, ပစ္စည်းလေးပါး ဒါယကာ ပြုလုပ်ခြင်းများအပြင် အချိန်အခါမဟုတ်သည့်၌ ထင်းခွေမိန်းမများ, မြက်ရိတ်မိန်းမများ ကျောင်းတွင်းသို့ မဝင်နိုင်အောင်လည်းကောင်း, ကျောင်းတိုက်အတွင်း၌ဖြစ်စေ, ကျောင်းအနီး၌ဖြစ်စေ မုဆိုးတံငါတို့ သားငါးများကို မဖမ်းယူနိုင်အောင်လည်းကောင်း စသည်ဖြင့် တရားနှင့်အညီ စောင့်ရှောက်မှုကိုလည်း ပေးရလေသည်။

(၇) ထိုအချက်များသည် 'သန္ဒိဋ္ဌိက' ယခုဘဝတွင်ပင် မျက်မှောက်ကိုယ်တိုင် သိမြင်ရသော၊ 'သာမညဖလ' ရဟန်းပြုရကျိုး ဟုတ်, မဟုတ် ဗုဒ္ဓက အဇာတသတ်မင်းကြီးအား မေးတော်မူသောအခါ ဟုတ်မှန်ပါကြောင်း အဇာတသတ်မင်းကြီး ဝန်ခံလျှောက်ကြားလေသည်။

(၈) ဗုဒ္ဓသည် ကျွန်ဥပမာ, လယ်သမားဥပမာပြ၍ တရားဟောသည်ကို အဇာတသတ်မင်းကြီးသည် အလွန်သဘောကျ ကျေနပ်အားရသည်ဖြစ်၍ ''ထို့ထက်သာလွန်မွန်မြတ်သော 'သန္ဒိဋ္ဌိက သာမညဖလ' လည်း ရှိဦးမှာပဲ'' ဟု မှန်းဆသိမြင်သည်ဖြစ်၍ ''ဤထက်သာလွန်မွန်မြတ်သော 'သန္ဒိဋ္ဌိက သာမညဖလ' ကို ဟောတော်မူပါဦး'' ဟု လျှောက်ကြားသည်ဖြစ်၍ ဗုဒ္ဓသည် ရိုသေစွာ နာကြားစေလိုသည်ဖြစ်၍ အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

တေနဟိ မဟာရာဇ သုဏောဟိ သာဓုကံ မနသိကရောဟိ ဘာသိဿာမိ'တိ။ *(ဒီ- ၁- ၅၈)*

မဟာရာဇ- မင်းကြီး၊ တေနဟိ- သာလွန်မွန်မြတ်သော သန္ဒိဋ္ဌိက သာမညဖလကို နာကြားလိုလျှင်၊ သုဏောဟိ- နာကြားလော့၊ သာဓုကံ- ကောင်းစွာ၊ မနသိကရောဟိ- နှလုံးသွင်းလော့၊ ဘာသိဿာမိ- ဟောပေအံ့၊ ဣတိ- ဤသို့မိန့်ကြားတော်မူလိုက်လေပြီ။

ဧဝံ ဘန္တေတိ ခေါ ရာဇာ အဇာတသတ္တု ဘဂဝတော ပစ္စဿောသိ။ ဘန္တေ- ရှင်တော်ဗုဒ္ဓ၊ ဧဝံ- ကောင်းပါပြီ၊ ဣတိ ခေါ- ဤသို့လျှင်၊ ရာဇာ အဇာတသတ္တု- အဇာတသတ်မင်းသည်၊ ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓအား၊ ပစ္စဿောသိ- ဝန်ခံလျှောက်ကြားပြီ။

သာဓုသဒ္ဒါ ဟောနိုင်သောအနက်များ

အထက်ပါ ဗုဒ္ဓမိန့်ကြားတော်မူသော ပါဠိတော်တွင် 'သာဓုကံ' ဟူသော ပါဠိပုဒ်ပါရာ ထို 'သာဓု' သဒ္ဒါ၏ ဟောနိုင်သော အနက်များကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုထားလေသည်။

သာဓု သဒ္ဒါသည် (၁) အာယာစန- ရှေးရှုတောင်းခြင်းအနက်၊ (၂) သမ္ပဋိစ္ဆန- လက်ခံခြင်းအနက်၊ (၃) သမ္ပဟံသန- ရွှင်လန်းခြင်းအနက်၊ (၄) သုန္ဒရ- အကောင်းအနက်၊ (၅) ဒဠှီကမ္မ- ခိုင်မြဲအောင်ပြုခြင်းအနက် စသည်တို့၌ ဖြစ်၏။

(၁) အာယာစန အနက်ဟော သာဓုသဒ္ဒါက သိ, မှတ်, ကျင့်မွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ သာဓုသဒ္ဒါ၏ အာယာစန- ရှေးရှုတောင်းခြင်းအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု။ *(သံ- ၂- ၂၉၄၊ ဒီ ဠ- ၁- ၁၅၄)*

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ မေ- တပည့်တော်အား၊ သံခိတ္တေန- အကျဉ်းအားဖြင့်၊ ဓမ္မံ- တရားကို၊ ဒေသေတု- ဟောတော်မူပါ။

အထက်ပါ ပါဠိရပ်သည် သံယုတ်ပါဠိတော်- သဠာယတနသံယုတ်- သဠဝဂ်- မာလုကျပုတ္တသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗုဒ္ဓလက်ထက်တော်က အရှင်မာလုကျပုတ္တမထေရ်သည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ ဗုဒ္ဓကို ရိုသေစွာ ရှိခိုးပြီးနောက် အောက်ပါ အတိုင်း တရားတောင်းလေသည်။

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု၊ ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျန္တိ။ *(သံ- ၂- ၂၉၄)*

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ မေ- တပည့်တော်အား၊ သံခိတ္တေန- အကျဉ်းအားဖြင့်၊ ဓမ္မံ- တရားတော်ကို၊ ဒေသေတု- ဟောတော်မူပါ၊ အဟံ- တပည့်တော်သည်၊ ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ ယံ ဓမ္မံ- ယင်းတရားတော်ကို၊ သုတွာ- နာကြား၍၊ ဝူပကဋ္ဌော- အပေါင်းအဖော်မှ ကင်းဝေးသည်ဖြစ်၍

တစ်ယောက်တည်း၊ **အပ္ပမတ္တော-** မမေ့မလျော့သောသတိရှိသည်ဖြစ်၍၊ **အာတာပီ-** ကိလေသာတို့ကို ကုန်ခန်းစေနိုင်သော လုံ့လရှိသည်ဖြစ်၍၊ **ပဟိတတ္တော-** နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍၊ **ဝိဟရေယျံ-** နေလိုပါ၏၊ **ဣတိ-** ဤသို့ လျှောက်ထား၍ တရားတောင်းလေပြီ။

ထိုအခါ ဗုဒ္ဓသည် အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူလေသည်။

ဧတ္ထ ဒါနိ မာလုကျပုတ္တ ကိံ ဒဟရေ ဘိက္ခူ ဝက္ခာမ 'ယတြဟိ နာမ တွံ ဘိက္ခု ဇိဏ္ဏော ဝုဍ္ဎော မဟလ္လကော အဒ္ဓဂတော ဝယောအနုပ္ပတ္တော သံခိတ္တေန ဩဝါဒံ ယာစသီ'တိ။ *(သံ- ၂- ၂၉၅)*

ဘိက္ခု- ရဟန်း၊ **တွံ-** သင်သည်၊ **ဇိဏ္ဏော-** အိုမင်းသည်၊ **ဝုဍ္ဎော-** အသက်ကြီးသည်၊ **မဟလ္လကော-** ရင့်ရော်သည်၊ **အဒ္ဓဂတော-** အရွယ်လွန်သည်၊ **ဝယောအနုပ္ပတ္တော-** နောက်ဆုံးအရွယ်သို့ရောက်သည်၊ **ဟောတိ-** ဖြစ်၏၊ **အထ-** ထိုသို့ဖြစ်လျက်၊ **တွံ-** သင်သည်၊ **သံခိတ္တေန-** အကျဉ်းအားဖြင့်၊ **ဩဝါဒံ-** အဆုံးအမကို၊ **ယာစသိနာမ-** တောင်းဘိ၏၊ **မာလုကျပုတ္တ-** မာလုကျပုတ္တ၊ **ဧတ္ထ ဒါနိ-** သင်၏ ဤအကျဉ်းအားဖြင့် အဆုံးအမ ဩဝါဒကိုတောင်းရာ ယခုအခါ၌၊ **ဒဟရေ ဘိက္ခူ-** ငယ်ကုန်သော ရဟန်းတို့ကို *(ရဟန်းငယ်တို့ကို)*၊ **ကိံဝက္ခာမ-** အဘယ်သို့ ဟောရကုန်အံ့နည်း။ **ဣတိ-** ဤသို့မိန့်တော်မူပြီ။

အထက်ပါစကားကို ဗုဒ္ဓမိန့်တော်မူခြင်းသည် မာလုကျပုတ္တရဟန်းအား ခြိမ်းမောင်းသောအနေအားဖြင့်လည်း မိန့်ကြားတော်မူခြင်း ဖြစ်သည်။ ချီးမြှောက်သောအနေအားဖြင့်လည်း မိန့်ကြားတော်မူခြင်း ဖြစ်သည်။

ခြိမ်းမောင်းသောအနေအားဖြင့် မိန့်ကြားတော်မူပုံကား-

'ဤမာလုကျပုတ္တထေရ်သည် ပျိုရွယ်စဉ်ကာလ၌ ကာမဂုဏ်အာရုံတို့၌ ပျော်ပါးမေ့လျော့ပြီး၍ အိုသောအချိန်သို့ရောက်မှ တော၌နေခြင်းကို တောင့်တလျက် ကမ္မဋ္ဌာန်းတရားကို တောင်းသတဲ့၊ ငယ်ရွယ်သောရဟန်းတို့ကို သင်တို့သည်လည်း ပျိုရွယ်စဉ်အခါ၌ ကာမဂုဏ်အာရုံတို့၌ မေ့လျော့ပျော်ပါးပြီးမှ အိုသောကာလကျမှ မာလုကျပုတ္တထေရ်ကဲ့သို့ တောသို့ဝင်၍ ရဟန်းတရားကို အားထုတ်လော့' ဟူ၍ ဆုံးမရတော့မှာလား ဟူ၍ မိန့်တော်မူလိုခြင်း ဖြစ်သည်။

ချီးမြှောက်သောအားဖြင့် မိန့်ကြားတော်မူပုံကား-

'မာလုကျပုတ္တထေရ်သည် အိုမင်းရင့်ရော်သောကာလသို့ ရောက်သော်လည်း စိတ်မလျော့မူ၍ လုံ့လမလျော့မူ၍ တောသို့ဝင်၍ ရဟန်းတရားကို အားထုတ်ခြင်းငှာ အလိုရှိသေး၏။ ငယ်ရွယ်သောရဟန်းတို့ကို သင်တို့သည် ငယ်ရွယ်သူများ ဖြစ်ကြပါလျက် ရဟန်းတရား အားမထုတ်ဘဲ နေခြင်းငှာ မသင့်လျော်။ ရဟန်းတရားကို အားထုတ်ကြကုန်လော့။' *(အိုကြီးအိုမ မာလုကျပုတ္တ ရဟန်းတောင် တရားအားထုတ်နိုင်သေးတာ၊ ငယ်ရွယ်သူရဟန်းတွေ အဘယ့်ကြောင့် အားမထုတ်ဘဲ နေသင့်သနည်း ဟူလို။ သံ ဋ- ၃- ၂၈)*

ထိုအခါ မာလုကျပုတ္တထေရ်သည် အောက်ပါအတိုင်း ပြန်လည်လျှောက်ထားလေသည်။

ကိဉ္စာပါဟံ ဘန္တေ ဇိဏ္ဏော ဝုဍ္ဎော မဟလ္လကော အဒ္ဓဂတော ဝယောအနုပ္ပတ္တော ဒေသေတု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု သုဂတော သံခိတ္တေန ဓမ္မံ၊ အပ္ပေဝနာမာဟံ ဘဂဝတော ဘာသိတဿ အတ္ထံ အာဇာနေယျံ၊ အပ္ပေဝနာမာဟံ ဘဂဝတော ဘာသိတဿ ဒါယာဒေါ အဿန္တိ။ *(သံ- ၂- ၂၉၅)*

ဘန္တေ- ရှင်တော်ဘုရား၊ **အဟံ-** တပည့်တော်သည်၊ **ဇိဏ္ဏော-** အိုမင်းသည်၊ **ဝုဍ္ဎော-** အသက်ကြီးသည်၊ **မဟလ္လကော-** ရင့်ရော်သည်၊ **အဒ္ဓဂတော-** အရွယ်လွန်သည်၊ **ဝယောအနုပ္ပတ္တော-** နောက်ဆုံးအရွယ်သို့ရောက်သည်၊ **ကိဉ္စာပိ-** အကယ်၍ ဖြစ်ပါသော်လည်း၊ **ဘန္တေ-** ရှင်တော်ဘုရား၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **မေ-** တပည့်တော်အား၊ **သံခိတ္တေန-** အကျဉ်းအားဖြင့်၊ **ဓမ္မံ-** တရားတော်ကို၊ **ဒေသေတု-** ဟောတော်မူပါ။ **သုဂတော-** ကောင်းသောစကားကို ဆိုတော်မူတတ်သော ရှင်တော်ဗုဒ္ဓသည်၊ **သံခိတ္တေန-** အကျဉ်းအားဖြင့်၊ **ဓမ္မံ-** တရားတော်ကို၊ **ဒေသေတု-** ဟောတော်မူပါ။ **အဟံ-** တပည့်တော်သည်၊ **ဘဂဝတော-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ **ဘာသိတဿ-** ဟောတော်မူအပ်သော တရားတော်ကို၊ **အတ္ထံ-** အနက်အဓိပ္ပါယ်ကို၊ **အပ္ပေဝနာမ အာဇာနေယျံ-** သိနိုင်ကောင်းတန်ရာပါ၏၊ **အဟံ-** တပည့်တော်သည်၊ **ဘဂဝတော-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ **ဘာသိတဿ-** ဟောတော်မူအပ်သော တရားတော်၏၊ **ဒါယာဒေါ-** အမွေခံသည်၊ **အပ္ပေဝနာမ အဿံ-** ဖြစ်နိုင်ကောင်းတန်ရာပါ၏၊ **ဣတိ-** ဤသို့လျှောက်ထားပြီ။

ထိုအခါ ဗုဒ္ဓသည် အောက်ပါအတိုင်း တရားဟောတော်မူလေသည်။

တံ ကိံ မညသိ မာလုကျပုတ္တ၊ ယေ တေ စက္ခုဝိညေယျာ ရူပါ အဒိဋ္ဌာ အဒိဋ္ဌပုဗ္ဗာ၊ နစပဿသိ၊ နစ တေ ပဿေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒောဝါ ရာဂေါဝါ ပေမံဝါတိ။ *(သံ- ၂- ၂၉၅)*

မာလုကျပုတ္တ- မာလုကျပုတ္တ၊ တံ- ထိုငါဆိုအပ်လတ္တံ့သော စကားကို၊ တွံ- သင်သည်၊ ကိံ- အဘယ်သို့ မညသိ- အောက်မေ့မှတ်ထင်ဘိသနည်း၊ စက္ခုဝိညေယျာ- စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော၊ ယေ တေ ရူပါ- အကြင်ရူပါရုံတို့ကို၊ အဒိဋ္ဌာ- ဤဘဝ၌ မမြင်အပ်ဘူးကုန်၊ အဒိဋ္ဌပုဗ္ဗာ- ရှေးဘဝ၌လည်း မမြင်အပ်ဘူးကုန်၊ နစပဿသိ- ယခုလည်း မြင်ဆဲမဟုတ်၊ တေ- သင့်အား၊ ပဿေယျန္တိ- မြင်လို၏ဟူ၍၊ နစတောတိ- ဖြစ်လည်းမဖြစ်၊ တတ္ထ- ထိုရူပါရုံတို့၌၊ တေ- သင့်အား၊ ဆန္ဒောဝါ- လိုချင်သောဆန္ဒသည်လည်းကောင်း၊ ရာဂေါဝါ- တပ်မက်သောရာဂသည်လည်းကောင်း၊ ပေမံ- ချစ်သောပေမသည်လည်းကောင်း၊ အတ္ထိ- ရှိသလော၊ ဣတိ- ဤသို့မေးတော်မူပြီ။

နောဟေတံ ဘန္တေ။ ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ တံ- ဤလိုချင်မှုဆန္ဒ, တပ်မက်မှုရာဂ, ချစ်မှုပေမသည်၊ နောဟိ- မဖြစ်ပါဘုရား၊ ဣတိ- ဤသို့လျှောက်ပြီ။ *(ကျန်သော သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့၌လည်း နည်းသဘောအကိုင်းတည်း။)*

အချုပ်အားဖြင့် 'ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ' ဟူသော အာရုံခြောက်ပါးတို့ကို ရှေးကမကြုံဘူး။ ယခုဘဝမှာလည်း ကြုံနေဆဲမဟုတ်။ ထိုအာရုံကို ကြုံရန်လည်း အလိုမရှိသူ၌ ထိုအာရုံခြောက်ပါးတို့ကို လိုချင်သောဆန္ဒ, တပ်မက်သော ရာဂ, ချစ်ခင်သောပေမများ မဖြစ်နိုင်ဟု ဆိုလိုပေသည်။

ထို့နောက် ဗုဒ္ဓသည် အောက်ပါအတိုင်း ဆက်၍ဟောတော်မူပြန်သည်။

ယတော ခေါ တေ မာလုကျပုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။ ယတော တွံ မာလုကျပုတ္တ နတတ္ထ တတော တွံ မာလုကျပုတ္တ နေဝိဓ နဟုရံ နဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿာတိ။ *(သံ- ၂- ၂၉၅ / ၂၉၆)*

မာလုကျပုတ္တ- မာလုကျပုတ္တ၊ ယတော- အကြင်အခါ၌၊ တေ- သင်သည်၊ ဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗေသု- မြင်အပ်, ကြားအပ်, တွေ့ထိအပ်, သိအပ်ကုန်သော၊ ဓမ္မေသု- တရားတို့တွင်၊ ဒိဋ္ဌေ- စက္ခုဝိညာဏ်ဖြင့် ရူပါရုံကို မြင်အပ်သည်ရှိသော်၊ ဒိဋ္ဌမတ္တံ- မြင်အပ်ကာမျှသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ သုတေ- သောတဝိညာဏ်ဖြင့် သဒ္ဒါရုံကို ကြားအပ်သည်ရှိသော်၊ သုတမတ္တံ- ကြားအပ်ကာမျှသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ မုတေ- ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်ဖြင့် ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကို တွေ့ထိအပ်သည်ရှိသော်၊ မုတမတ္တံ- တွေ့ထိအပ်ကာမျှသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဝိညာတေ- မနောဝိညာဏ်ဖြင့် ဓမ္မာရုံကို သိအပ်သည်ရှိသော်၊ ဝိညာတမတ္တံ- သိအပ်ကာမျှသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။

မာလုကျပုတ္တ- မာလုကျပုတ္တ၊ ယတော- အကြင်အခါ၌၊ တွံ- သင်သည်၊ တတ္ထ- ထို ဒိဋ္ဌ, သုတ, မုတ, ဝိညာတ အာရုံ၌ *(ထိုအာရုံခြောက်ပါး၌)*၊ နဘဝိဿတိ- စွဲမက်ခြင်းရာဂ, အမျက်ထွက်ခြင်းဒေါသ, တွေဝေခြင်းမောဟသည် မဖြစ်လတ္တံ့၊ တတော- ထိုအခါ၌၊ တွံ- သင်သည်၊ ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ နဘဝိဿတိ- မဖြစ်လတ္တံ့၊ ဟုရံ- တမလွန်ဘဝ၌၊ နဘဝိဿတိ- မဖြစ်လတ္တံ့၊ ဥဘယမန္တရေန- ပစ္စုပ္ပန် တမလွန် နှစ်ပါးစုံသောဘဝ၌၊ နဘဝိဿတိ- မဖြစ်လတ္တံ့၊ ဧသော- ဤနှစ်ပါးစုံသောဘဝ၌ မဖြစ်ခြင်းသည်သာလျှင်၊ ဒုက္ခဿ- ဆင်းရဲအပေါင်း၏၊ အန္တော- အဆုံးနိဗ္ဗာန်တည်း၊ ဣတိ- ဤသို့ဟောတော်မူပြီ။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ အဋ္ဌကထာ ဖွင့်ဆိုချက်

'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ- စက္ခုဝိညာဏ်ဖြင့် ရူပါရုံကို မြင်အပ်သည်ရှိသော် မြင်ကာမျှ ဖြစ်လတ္တံ့' ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုလေသည်။

ဒိဋ္ဌေနာမ စက္ခုဝိညာဏေန ဒိဋ္ဌရူပံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံနာမ တတ္ထေဝ ဥပ္ပန္နံ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန သင်္ခါတံ စိတ္တတ္တယံ။ ယထာတံ နရဇ္ဇတိ နဒုဿတိ နမုယှတိ၊ ဧဝံ အာပါထဂတေ ရူပေ တေနေဝ သမ္ပဋိစ္ဆနာဒိပ္ပမာဏေန ဇဝနံ

ဥပ္ပါဒေဿာမိ၊ နာဟံ တံ ပမာဏံ အတိက္ကမိတ္ဝာ ရဇ္ဇနာဒိဝသေန ဥပ္ပဇ္ဇိတုံ ဒဿာမိတိ အယမေတ္ထ အတ္ထော၊ သေဝနယော သုတ မုတေသု။ *(သံ ၄- ၃- ၂၉)*

စက္ခုဝိညာဏေန- စက္ခုဝိညာဏ်သည်၊ ဒိဋ္ဌရူပံ- မြင်အပ်သောရူပါရုံသည်၊ ဒိဋ္ဌံနာမ- ဒိဋ္ဌမည်၏၊ တတ္ထဝ- ထိုစက္ခုဝိညာဏ်သည် မြင်အပ်ကာမျှသာလျှင်ဖြစ်သော ရူပါရုံ၌၊ ဥပ္ပန္နံ- ဖြစ်သော၊ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန သင်္ခါတံ- သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော ဟု ဆိုအပ်သော၊ စိတ္တတ္တယံ- စိတ်သုံးခုအပေါင်းသည်၊ ဒိဋ္ဌေ- ရူပါရုံ၌၊ ဒိဋ္ဌမတ္တံနာမ- စက္ခုဝိညာဏ်သည် မြင်အပ်သော ရူပါရုံလျှင် အတိုင်းအရှည်ရှိသော စိတ်မည်၏၊ တံ- ထိုစက္ခုဝိညာဏ်သည် မြင်အပ်သော ရူပါရုံလျှင် အတိုင်းအရှည်ရှိသော သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌောစိတ်သည်၊ နရဇ္ဇတိယထာ- ရာဂဖြင့် မတပ်မက်ချေသို့၊ နဒုဿတိယထာ- ဒေါသဖြင့် မပြစ်မှားချေသို့၊ နမုယှတိယထာ- မောဟဖြင့် မတွေဝေချေသို့၊ ဧဝံ- ဤအတူ၊ အာပါထဂတေ- ထင်ခြင်းသို့ရောက်သော၊ ရူပေ- ရူပါရုံ၌၊ တေနေဝ သမ္ပဋိစ္ဆနာဒိ ပမာဏေန- ထိုသို့ ရာဂဖြင့်တပ်ခြင်း, ဒေါသဖြင့်ပြစ်မှားခြင်း, မောဟဖြင့်တွေဝေခြင်း သဘောကင်းသော သမ္ပဋိစ္ဆိုန်းစသော ပမာဏဖြင့်၊ ဇဝနံ- ဇောကို၊ ဥပ္ပါဒေဿာမိ- ဖြစ်စေအံ့၊ အဟံ- ငါသည်၊ တံ ပမာဏံ- ထိုသမ္ပဋိစ္ဆိုန်းစသော ပမာဏကို၊ အတိက္ကမိတွာ- လွန်၍၊ ရဇ္ဇနာဒိဝသေန- ရာဂဖြင့်တပ်ခြင်း စသည်တို့၏ အစွမ်းအားဖြင့်၊ ဥပ္ပဇ္ဇိတုံ- စော်စော်ကားကား ဖြစ်ခြင်းငှာ၊ နဒဿာမိ- အခွင့်မပေးအံ့၊ ဣတိအယံ- ဤဆိုအပ်ပြီးသည်ကား၊ ဧတ္ထ- ဤ 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ' ဟူသော ဝါကျ၌၊ အတ္ထော- ဆိုလိုသောအနက်တည်း။

သုတမုတေသု- သုတဖြစ်သော သဒ္ဒါရုံ, မုတဖြစ်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ၌၊ သေနယော- ဤဒိဋ္ဌဖြစ်သော ရူပါရုံ၌ ဆိုအပ်ပြီးသော နည်းအတိုင်းကို၊ ဝေဒိတဗ္ဗော- သိထိုက်၏။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ အဋ္ဌကထာ ဆိုလိုချက်သဘော

'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ' ဟူသော ပါဠိတော်နှင့်စပ်၍ အဋ္ဌကထာ ဆိုလိုချက်သဘောကား-

(၁) စက္ခုဝိညာဏ်ဖြင့် ရူပါရုံကို မြင်ရာ၌ စိတ္တနိယာမ ခေါ် စိတ်အစဉ်ဖြစ်မှု ဝီထိစိတ်များ ဖြစ်လေသည်။ ယင်းဝီထိစိတ်ကား စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇ ကြိမ်, တဒါရုံ နှစ်ကြိမ်တို့ ဖြစ်ကြလေသည်။

(၂) ရူပါရုံကို မြင်ရာ၌ ထိုသို့ စိတ်အစဉ်ဖြစ်မှု ခေါ် ဝီထိစိတ်ဖြစ်ရာတွင် *(၁)* ရှေးဦးစွာ စက္ခုဝိညာဏ်စိတ်ဖြင့် ရူပါရုံကို မြင်သည်။ ထို့နောက် *(၂)* ထိုရူပါရုံကို လက်ခံသော သမ္ပဋိစ္ဆိုန်းစိတ် ဖြစ်သည်။ ထို့နောက် *(၃)* ထိုရူပါရုံကို စုံစမ်းသော သန္တီရဏစိတ် ဖြစ်သည်။ ထို့နောက် *(၄)* ထိုရူပါရုံကို မှတ်သားသော ဝုဋ္ဌောစိတ် ဖြစ်သည်။ ထို့နောက် *(၅)* ထိုရူပါရုံကို ကာမဇောတို့ဖြင့် ခံစားသော ဇော ၇ ကြိမ် ဖြစ်သည်။ ထို့နောက် *(၆)* ကာမဇောက ခံစားသော အာရုံကို ဆက်၍အာရုံပြုသော တဒါရုံ နှစ်ကြိမ် ဖြစ်လေသည်။

(၃) ထိုသို့ ရူပါရုံကို မြင်ရာ၌ စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇ ကြိမ်, တဒါရုံ နှစ်ကြိမ် အစဉ်အတိုင်း ဖြစ်ကြရာတွင် စက္ခုဝိညာဏ်သည် ဝိပါက်စိတ်မျှသာဖြစ်၍ ရူပါရုံကို မြင်ရုံမျှမြင်ပြီး ပျက်သွားလေသည်။ ကောင်းသည်, ဆိုးသည်, ချောသည်, လှသည်, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားစသည် မသိသေးပေ။ ထိုသို့ မသိသေးသောကြောင့်ပင် ထိုရူပါရုံနှင့်စပ်၍ 'ရာဂ, ဒေါသ, မောဟ' စသော ကိလေသာစိတ်များ မဖြစ်ပေ။

(၄) ထို့နောက် ထိုရူပါရုံကို ဆက်လက်လက်ခံသော သမ္ပဋိစ္ဆိုန်းစိတ်လည်း ဝိပါက်စိတ်ဖြစ်၍ စက္ခုဝိညာဏ်ဖြင့် မြင်သိသော ရူပါရုံကို ဆက်လက်လက်ခံရုံပဲရှိသည်။ လက်ခံပြီး ပျက်သွားလေသည်။ ကောင်းသည်, ဆိုးသည်, ချောသည်, လှသည်, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားစသည် မသိသေးပေ။ ထိုသို့ မသိသေးသောကြောင့်ပင် ထိုရူပါရုံနှင့်စပ်၍ 'ရာဂ, ဒေါသ, မောဟ' စသော ကိလေသာစိတ်များ မဖြစ်ပေ။

(၅) ထို့နောက် ထိုရူပါရုံကို စုံစမ်းသော သန္တီရဏစိတ်လည်း ဝိပါက်စိတ်ဖြစ်၍ သမ္ပဋိစ္ဆိုန်းစိတ်ဖြင့် လက်ခံသော ရူပါရုံကို စုံစမ်းပြီး ပျက်သွားလေသည်။ ကောင်းသည်, ဆိုးသည်, ချောသည်, လှသည်, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားစသည် မသိသေးပေ။ ထိုသို့ မသိသေးသောကြောင့်ပင် ထိုရူပါရုံနှင့်စပ်၍ 'ရာဂ, ဒေါသ, မောဟ' စသော ကိလေသာစိတ်များ မဖြစ်ပေ။

(၆) ထို့နောက် ထိုရူပါရုံကို ရူပါရုံပဲဟု ဆုံးဖြတ်ချက်ချသော ဝုဋ္ဌောစိတ်လည်း အဟိတ်ကြိယာစိတ်ဖြစ်၍ သန္တီရဏက ရူပါရုံကို 'ဘာရူပါရုံလဲ' ဟု စုံစမ်းသော ရူပါရုံကို 'ရူပါရုံပဲ' ဟု ဆုံးဖြတ်ချက်ချပြီး ပျက်သွားလေသည်။ ကောင်းသည်, ဆိုးသည်, ချောသည်, လှသည်, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားစသည် မသိသေးပေ။ ထိုသို့ မသိသေးသောကြောင့်ပင် ထိုရူပါရုံနှင့်စပ်၍ 'ရာဂ, ဒေါသ, မောဟ' စသော ကိလေသာစိတ်များ မဖြစ်ပေ။

(၇) ဇော ၇ ကြိမ်တို့၌ကား ကာမဇောများ ဝင်လာပြီဖြစ်၍ ကောင်းသည်, ဆိုးသည်, ချောသည်, လှသည်, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားစသည် အဆင့်အထိ သိမြင်သွားကာ 'ရာဂ, ဒေါသ, မောဟ' စသော ကိလေသာတို့သည် မိမိတို့၏ အတွင်းစိတ်ကို ဝင်ရောက်မွှေနှောက်ခံရလေတော့သည်။

(၈) ထို့ကြောင့် ဇောအခိုက်မှာလည်း ကောင်းသည်, ဆိုးသည်, ချောသည်, လှသည်, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားစသည်တို့ကို သိမြင်သည့်အဆင့်အထိ အရောက်မခံဘဲ 'စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌောစိတ်' တို့ကဲ့သို့ မြင်ကာမျှဖြစ်အောင် ကျင့်ပါဟု ဆိုလိုသည်။ *(ကျန်သော သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌လည်း နည်းသဘောအတိုင်းတည်း။)*

ဝိညာတေ ဝိညာတမတ္တံ ဖြစ်ပုံရှင်းချက်

အဋ္ဌကထာဆရာသည် ထိုသို့ 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ, မုတေ မုတမတ္တံ' တို့ကို ရှင်းပြပြီးနောက် 'ဝိညာတေ ဝိညာတမတ္တံ' ဖြစ်ပုံကိုလည်း အောက်ပါအတိုင်း ရှင်းပြလေသည်။

ဧတ္ထ ပန ဝိညာတံနာမ မနောဒွါရာဝဇ္ဇနေန ဝိညာတာရမ္မဏံ တသ္မိံ ဝိညာတေ ဝိညာတမတ္တန္တိ အာဝဇ္ဇနပမာဏံ။ ယထာ အာဝဇ္ဇနေန နရဇ္ဇတိ နဒုဿတိ နမုယှတိ၊ ဧဝံ ရဇ္ဇနာဒိဝသေန ဥပ္ပဇ္ဇိတုံ အဒတွာ အာဝဇ္ဇနပမာဏေနေဝ စိတ္တံ ဌပေဿာမိတိ အယမေတ္ထ အတ္ထော။ *(သံ ၄- ၃- ၂၉)*

ပန- ဝိညာတမတ္တဖြစ်ပုံကို ဆိုဦးအံ့၊ ဧတ္ထ- ဤ 'ဝိညာတေ ဝိညာတမတ္တံ' ဟူသောပါဌ်၌၊ မနောဒွါရာဝဇ္ဇနေန- မနောဒွါရာဝဇ္ဇန်းသည်၊ ဝိညာတာရမ္မဏံ- သိအပ်သောအာရုံသည်၊ ဝိညာတံနာမ- ဝိညာတမည်၏၊ တသ္မိံ ဝိညာတေ- ထို မနောဒွါရာဝဇ္ဇန်းသည် သိအပ်သော အာရုံ၌၊ ဝိညာတမတ္တန္တိ- ဝိညာတမတ္တံ ဟူသည်ကား၊ အာဝဇ္ဇနပမာဏံ- မနောဒွါရာဝဇ္ဇန်းလျှင် ပမာဏရှိသော၊ အာဝဇ္ဇနေန- ဆင်ခြင်ခြင်းသည်၊ နရဇ္ဇတိယထာ- ရာဂဖြင့်မတပ်မက်၏သို့၊ နဒုဿတိယထာ- ဒေါသဖြင့် မပြစ်မှား၏သို့၊ နမုယှတိယထာ- မောဟဖြင့်မတွေဝေ၏သို့၊ ဧဝံ- ဤအတူ၊ ရဇ္ဇနာဒိဝသေန- ရာဂဖြင့်တပ်ခြင်းအစရှိသည်တို့၏ အစွမ်းဖြင့်၊ ဥပ္ပဇ္ဇိတုံ- ဖြစ်ခြင်းငှာ၊ အဒတွာ- အခွင့်မပေးမူ၍၊ အာဝဇ္ဇနပ္ပမာဏေ- အာဝဇ္ဇန်းအတိုင်းအရှည်ဖြင့်သာလျှင်၊ စိတ္တံ- ဇောစိတ်ကို၊ ဌပေဿာမိ- ထားပေအံ့၊ ဣတိ အယမေဝ- ဤအနက်အဓိပ္ပါယ်ကိုသာလျှင်၊ ဧတ္ထ အတ္ထော- သိထိုက်၏။

အဋ္ဌကထာဆရာ၏ ဝိညာတမတ္တံ ဆိုလိုချက်သဘော

(၁) 'ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ' မှ တပါးကုန်သော ကျန် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်တို့သည် ဓမ္မာရုံချည်းတည်း။ ထိုဓမ္မာရုံကို မနောဒွါရာဝဇ္ဇန်းဖြင့် သိအပ်လေသည်။ ထိုဓမ္မာရုံတွင် 'လောကီ, လောကုတ္တရာ' တရားများ ပါဝင်နေရာ ဤ၌ မနောဒွါရာဝဇ္ဇန်းဖြင့် သိအပ်သော ဓမ္မာရုံသည် လောကီဓမ္မာရုံ ဖြစ်လေသည်။ ထိုလောကီဓမ္မာရုံကို မနောဒွါရာဝဇ္ဇန်းဖြင့် သိခိုက်၌ မနောဒွါရာဝဇ္ဇန်းစိတ်သည် အဟိတ်ကြိယာစိတ်မျှသာဖြစ်၍ သိကာမျှဖြစ်ပြီး ပျက်သွားလေသည်။ ကောင်းသည်, ဆိုးသည်, ချောသည်, လှသည်, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားစသည် မသိသေးပေ။ ထိုသို့ မသိသေးသောကြောင့် 'လောဘ, ဒေါသ, မောဟ' စသော ကိလေသာစိတ်များ မဖြစ်ပေ။

(၂) ထိုလောကီဓမ္မာရုံကို ဇော ၇ ကြိမ်တို့ဖြင့် သိရှိသောအခါ၌ ထိုဇောတို့သည် ကာမဇောများ ဖြစ်ကြသောကြောင့် သိကာမျှအဆင့်ကို ကျော်လွန်ကာ ကောင်းသည်, ဆိုးသည်, ချောသည်, လှသည်, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားစသည် သိမြင်၍ လောဘ, ဒေါသ, မောဟတို့ စိတ်အတွင်းကို ဝင်ရောက်မွှေနှောက်သွားလေသည်။ ထိုသို့ လောဘ, ဒေါသ, မောဟစသော ကိလေသာများ ဝင်ရောက်မွှေနှောက်ခွင့် မရလေအောင် ဇောအခိုက်မှာလည်း မနောဒွါရာဝဇ္ဇန်းကဲ့သို့ ထင်လာသော လောကီဓမ္မာရုံများကို 'ဝိညာတမတ္တ' သိကာမျှဖြစ်အောင်ကျင့်ပါဟု ဆိုလိုပေသည်။

မာလုကျပုတ္တ ပြန်လျှောက်ထားခြင်း

အရှင်မာလုကျပုတ္တထေရ်သည် အထက်ပါ ဗုဒ္ဓဟောတော်မူအပ်သော တရားအကျဉ်းကို အောက်ပါအတိုင်း အကျယ်အားဖြင့် နားလည်ကြောင်းကို ပြန်လျှောက်ထားလေသည်။

(၁) ရူပံ ဒိသွာ (သဒ္ဒံ သုတွာ, ဂန္ဓံ ဃတွာ, ရသံ ဘောတွာ, ဖဿံ ဖုဿ, ဓမ္မံ ဉတွာ) သတိမုဋ္ဌာ၊ ပိယနိမိတ္တံ မနသိကရောတော။

သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။

(၂) တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။ (သဒ္ဒသမ္ဘဝါ, ဂန္ဓသမ္ဘဝါ, ရသသမ္ဘဝါ, ဖဿသမ္ဘဝါ, ဓမ္မသမ္ဘဝါ) အဘိဇ္ဈာစ ဝိဟေသာစ၊ စိတ္တမဿူ ပဟညတိ။

ဧဝံ အာစိနတော ဒုက္ခံ အာရာ နိဗ္ဗာန ဝုစ္စတိ။ *(သံ- ၂- ၂၉၆ / ၇) (ကွင်းအတွင်းပါဋ္ဌိများ အောက်ကို အကျန်လိုက်။)*

(၁) ရူပံ- အဆင်းကို၊ ဒိသွာ- မြင်၍၊ (သဒ္ဒံ- အသံကို၊ သုတွာ- ကြား၍၊ ဂန္ဓံ- အနံ့ကို၊ ဃတွာ- နမ်း၍၊ ရသံ- အရသာကို၊ ဘောတွာ- သုံးဆောင်၍၊ ဖဿံ- အတွေ့အထိကို၊ ဖုဿ- တွေ့ထိ၍၊ ဓမ္မံ- ဓမ္မာရုံကို၊ ဉတွာ- သိ၍) *(ကွင်းအတွင်းပါဋ္ဌိ, အနက်များ အောက်ကို အကျန်လိုက်။)*

ပိယံ- ချစ်နှစ်သက်ဖွယ်သော၊ နိမိတ္တံ- ယောကျာ်း, မိန်းမစသော အမှတ်နိမိတ်ကို၊ မနသိကရောတော- နှလုံးသွင်းသော သူအား၊ သတိ- သတိသည်၊ မုဋ္ဌာ- ကင်းပျောက်၏၊ သာရတ္တစိတ္တော- ပြင်းစွာတပ်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍၊ ဝေဒေတိ- ခံစားရ၏၊ တဉ္စ- ထိုရူပါရုံကိုလည်း၊ (တဉ္စ- ထိုသဒ္ဒါရုံကိုလည်း, ဂန္ဓာရုံကိုလည်း, ရသာရုံကိုလည်း, ဖောဋ္ဌဗ္ဗာရုံကိုလည်း, ဓမ္မာရုံကို လည်း)၊ အဇ္ဈော- မျိုမတတ်စွဲလမ်း၍၊ တိဋ္ဌတိ- တည်၏။

(၂) တဿ- ထိုသူအား၊ **အနေကာ-** များစွာကုန်သော၊ **ရူပသမ္ဘဝါ-** ရူပါရုံကြောင့် ဖြစ်ကုန်သော၊ (သဒ္ဒသမ္ဘဝါ- သဒ္ဒါရုံကြောင့် ဖြစ်ကုန်သော, ဂန္ဓသမ္ဘဝါ- ဂန္ဓာရုံကြောင့် ဖြစ်ကုန်သော, ရသသမ္ဘဝါ- ရသာရုံကြောင့် ဖြစ်ကုန်သော, ဖဿသမ္ဘဝါ- ဖောဋ္ဌဗ္ဗာရုံကြောင့် ဖြစ်ကုန်သော, ဓမ္မသမ္ဘဝါ- ဓမ္မာရုံကြောင့် ဖြစ်ကုန်သော) ဝေဒနာ- ဝေဒနာတို့သည်၊ ဝဍ္ဎန္တိ- တိုးပွါးကုန်၏၊ **အဘိဇ္ဈာစ-** သူတစ်ပါး၏ စည်းစိမ်ကို ရှေးရှုကြံခြင်းဖြင့်လည်းကောင်း၊ **ဝိဟေသာစ-** ညှင်းဆဲလိုခြင်းဖြင့်လည်းကောင်း၊ အဿ- ထိုသူ၏၊ စိတ္တံ- စိတ်ကို၊ ဥပဟညတိ- ကပ်၍ညှင်းဆဲ၏၊ **ဧဝံ-** ဤသို့၊ ဒုက္ခံ- ဆင်းရဲကို၊ **အာစိနတော-** ဆည်းပူးသောသူအား၊ **နိဗ္ဗာနံ-** နိဗ္ဗာန်သည်၊ အာရာ- ဝေး၏ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

(၁) နသော ရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသွာ၊
(သဒ္ဒေသု သဒ္ဒံ သုတွာ၊ ဂန္ဓေသု ဂန္ဓံ ဃတွာ၊
ရသေသု ရသံ ဘောတွာ၊ ဖဿေသု ဖဿံ ဖုဿ၊
ဓမ္မေသု ဓမ္မံ ဉတွာ) ပဋိဿတော။ *(ကွင်းအတွင်းပါဋ္ဌိများ အောက်ကိုလိုက်။)*
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသ တိဋ္ဌတိ။

(၂) ယထာဿ ပဿတော ရူပံ
(သုဏတော သဒ္ဒံ, ဃာယတော ဂန္ဓံ, သာယတော ရသံ,
ဖုသတော ဖဿံ, ဇာနတော ဓမ္မံ) သေဝတောစာပိ ဝေဒနံ *(ကွင်းအတွင်းပါဋ္ဌိများ အောက်ကိုလိုက်။)*
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတိ သတော၊
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ။ *(သံ- ၂- ၂၉၇ / ၈)*

(၁) ယော ပုဂ္ဂလော- အကြင်ပုဂ္ဂိုလ်သည်၊ ရူပံ- ရူပါရုံကို၊ ဒိသွာ- မြင်၍၊ (သဒ္ဒံ- သဒ္ဒါရုံကို၊ သုတွာ- ကြား၍၊ ဂန္ဓံ- ဂန္ဓာရုံကို၊ ဃတွာ- နမ်း၍၊ ရသံ- ရသာရုံကို၊ ဘောတွာ- သုံးဆောင်၍၊ ဖဿံ- ဖောဋ္ဌဗ္ဗာရုံကို၊ ဖုဿ- တွေ့ထိ၍၊ ဓမ္မံ- ဓမ္မာရုံကို၊

ဥတ္တာ- သိ၍) ပဋိဿတော- ထင်သောသတိရှိသည်၊ သော- ထိုပုဂ္ဂိုလ်သည်၊ ရူပေသု- ရူပါရုံတို့၌၊ (သဒ္ဒေသု- သဒ္ဒါရုံတို့၌၊ ဂန္ဓေသု- ဂန္ဓာရုံတို့၌၊ ရသေသု- ရသာရုံတို့၌၊ ဖဿေသု- ဖောဋ္ဌဗ္ဗာရုံတို့၌၊ ဓမ္မေသု- ဓမ္မာရုံတို့၌)၊ နရဇ္ဇတိ- မတပ်မက်၊ တဉ္စ- ထိုရူပါရုံကိုလည်း၊ (တဉ္စ- ထိုသဒ္ဒါရုံကိုလည်း၊ တဉ္စ- ထိုဂန္ဓာရုံကိုလည်း၊ တဉ္စ- ထိုရသာရုံကိုလည်း၊ တဉ္စ- ထိုဖောဋ္ဌဗ္ဗာရုံကိုလည်း၊ တဉ္စ- ထိုဓမ္မာရုံကိုလည်း)၊ ဝိရတ္တစိတ္တော- တပ်နှစ်သက်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍၊ ဝေဒေတိ- ခံစား၏၊ အဇ္ဈောသ- မျိုမတတ်စွဲလမ်း၍၊ နတိဋ္ဌတိ- မတည်။

(၂) ယထာ- အကြင်သို့သော အခြင်းအရာအားဖြင့်၊ ရူပံ- ရူပါရုံကို၊ ပဿတော- မြင်သော၊ (သဒ္ဒံ- သဒ္ဒါရုံကို၊ သုဏတော- ကြားသော၊ ဂန္ဓံ- ဂန္ဓာရုံကို၊ ဃာယတော- နမ်းသော၊ ရသံ- ရသာရုံကို၊ သာယတော- လျက်သော၊ ဖဿံ- ဖောဋ္ဌဗ္ဗာရုံကို၊ ဖုသတော- တွေ့ထိသော၊ ဓမ္မံ- ဓမ္မာရုံကို၊ ဇာနတော- သိသော)၊ ဝေဒနံ- ဝေဒနာကို၊ သေဝတော- မှီဝဲသော၊ အဿ- ထိုပုဂ္ဂိုလ်အား၊ ခီယတိ-*(ဝဋ်ဆင်းရဲ, ကိလေသာဆင်းရဲသည်)* ကုန်ခြင်းသို့ရောက်၏၊ နောပစီယတိ- ပွါးစီးခြင်းသို့ မရောက်၊ ဧဝံ- ဤသို့သော အခြင်းအရာအားဖြင့်၊ သော- ထိုပုဂ္ဂိုလ်သည်၊ သတော- သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ စရတိ- ကျင့်၏၊ ဧဝံ- ဤသို့၊ ဒုက္ခံ- ဆင်းရဲကို၊ အပစိနတော- ဖျက်ဆီးသောသူအား၊ နိဗ္ဗာနံ- နိဗ္ဗာန်သည်၊ သန္တိကေ- နီး၏ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

ဗုဒ္ဓသည် အရှင်မာလုကျပုတ္တ၏ အကျယ်လျှောက်ထားချက်ကို လက်ခံအတည်ပြု၍ ထိုအတိုင်းပင် ကျင့်ခိုင်းလေရာ အရှင်မာလုကျပုတ္တသည် ထိုအတိုင်းပင် ကျင့်သောကြောင့် မကြာမီမှာပင် ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေသည်။

အာယာစနအနက်ဖော သာဓုသဒ္ဒါက တရားဖောပုံသဘော

(၁) လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လာသော ရဟန်းတို့အား ကြီးသည်ဖြစ်စေ, ငယ်သည်ဖြစ်စေ ဗုဒ္ဓသည် အရိယာရဟန္တာအဖြစ်သို့ ရောက်စေလိုသော ဆန္ဒရှိသည်။ ထိုဆန္ဒသည် မဟာကရုဏာနှင့် ယှဉ်သောဆန္ဒ ဖြစ်သည်။ ထို့ကြောင့် မာလုကျပုဏ္ဏေးမကြီး၏ သားဖြစ်သော အရှင်မာလုကျပုတ္တသည် အိုမင်းရင့်ရော်သော အရွယ်ရောက်လာမှ ဗုဒ္ဓထံ 'အကျဉ်းအားဖြင့် တရားဟောတော်မူပါ' ဟု တရားတောင်းလေရာ 'ဒီလိုဆိုရင် ရဟန်းငယ်တို့အား ဘယ်လိုဆုံးမရမည်လဲ' ဟု ပြန်လည်အမိန့်ရှိလေသည်။ ထိုသို့အမိန့်ရှိခြင်းကပင် ဗုဒ္ဓ၏ အလွန်ကြီးမားသော မဟာကရုဏာကို ဖော်ပြတော်မူလိုက်ခြင်းပင် ဖြစ်သည်။ အကြောင်းကား ရဟန်းငယ်တို့အား မာလုကျပုတ္တကဲ့သို့ ငယ်ရွယ်စဉ်အခါမှာ ကာမဂုဏ်အာရုံတို့နှင့် ပျော်ပါးပြီး ကြီးမှ တရားအားထုတ်ခြင်းအလုပ်ကို မလုပ်ကြနှင့်ဟူ၍ အမိန့်တော်ရှိရာ ရောက်သလို မာလုကျပုတ္တသည် အသက်ကြီးမှ ရဟန်းတရားကို အားထုတ်နိုင်သေးတာ ငယ်ရွယ်သော ရဟန်းတို့မူကား အဘယ်ကြောင့် အားမထုတ်နိုင်ဘဲ ရှိရာအံ့နည်း။ အားထုတ်ကြရမည်သာဟု အမိန့်တော်ရှိရာလည်း ရောက်လေသည်။ ထို့ကြောင့် ရဟန်းရှင်လူ မည်သူမဆို ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်နေတုန်းမှာ အသက်ကြီးပြီဟူ၍လည်းကောင်း, အသက်ငယ်သေးတယ်ဟူ၍လည်းကောင်း အချိန်တွေ ရွေးမနေကြဘဲနှင့် ကြီး, ငယ်, လယ်လတ်အားလုံး တရားအားထုတ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။

(၂) အာရုံခြောက်ပါးတို့ကို ရှေးဘဝကလည်း မကြုံခဲ့ဘူး၊ ယခုဘဝမှာလည်း ကြုံဆဲမဟုတ်၊ ကြုံရန်လည်း အလိုမရှိသူတို့၌ 'လောဘ, ဒေါသ, မောဟ' စသော ကိလေသာများ မဖြစ်နိုင်သောကြောင့် ထိုအာရုံများနှင့် မကြုံရအောင် သတိထား၍ ရှောင်ရှားနိုင်ကြသူများ ဖြစ်ကြပါကုန်လော့။

(၃) ပုထုဇဉ်လောက၌ မရသေးသော အာရုံကိုလည်း ရလိုကြသည်။ ရပြီးသော အာရုံတို့ကို ထပ်၍ထပ်၍ ရအောင် အားထုတ်နေကြသည်။ အာရုံတို့နှင့် လောဘ, ဒေါသ, မောဟ စသော ကိလေသာတို့သည် အတောမသတ်နိုင်အောင် လုံးချာလိုက်၍ နေသလို ဒုက္ခအပေါင်းတို့လည်း အတောမသတ်နိုင်အောင် ကြုံဆုံ၍ နေရလေသည်။ အရိယာတို့နယ်၌ကား မရသေးသော အာရုံတို့ကို လည်း ရအောင်မကြိုးစားသလို ရနေသောအာရုံတို့အပေါ်၌လည်း 'လောဘ, ဒေါသ, မောဟ' စသော ကိလေသာများ မဖြစ်အောင် သတိထား၍ တရားဖြင့် ရှောင်ရှားနိုင်ကြသည်။ ထို့ကြောင့် အရိယာနယ်တို့၌ ဒုက္ခတို့သည် ရှေ့သို့မတိုးဘဲ နောက်ကိုဆုတ်သွားလေသည်။ နောက်ဆုံးတွင် ဒုက္ခကိုဆုံးအောင် ပြုလုပ်နိုင်ကြလေသည်။ ထို့ကြောင့် ရဟန်းရှင်လူအပေါင်းတို့သည် အသစ်အဆန်းဟူသော အာရုံတွေပေါ်လာတိုင်း အာရုံနောက်ကို တကောက်ကောက် မလိုက်ကြဘဲ အာရုံနည်းလေ ကိလေသာနည်းလေ၊ ကိလေသာနည်းလေ ဒုက္ခနည်းလေကို သဘောပေါက်ပြီး အာရုံနည်းအောင် ကိလေသာနည်းအောင် အားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။

(၄) ရူပါရုံစသော အာရုံခြောက်ပါးနှင့် ကြုံကြရာ၌ 'စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ' တို့သည် အဟိတ်ဝိပါက်စိတ်များ ဖြစ်ကြ၍လည်းကောင်း၊ ဝုဋ္ဌောစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်တို့သည် အဟိတ်ကြိယာစိတ်များ ဖြစ်ကြ၍လည်းကောင်း အားမကောင်းသောကြောင့် ထိုစိတ်များဖြစ်ခိုက်၌ ကောင်းသည်, ဆိုးသည်, ပုဂ္ဂိုလ်သတ္တဝါများအထိ အာရုံမရောက်ကြဘဲ မြင်ကာမျှ, ကြားကာမျှ, နံကာမျှ, လျက်ကာမျှ, ထိကာမျှ, သိကာမျှဖြင့်သာ ကိစ္စပြီးလေသောကြောင့် လောဘ, ဒေါသ, မောဟ စသော ကိလေသာမဖြစ်ဘဲ ရှိကြလေသည်။ ထို့အတူ ဝိပဿနာတရား အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ဇောသို့ရောက်ခိုက်မှာ ကာမဇောများဖြစ်ခွင့်မရစေဘဲ 'ရုပ်, နာမ်၏ ဖြစ်ပျက်မျှကိုသာ, အပျက်မျှကိုသာ သိမြင်သော' ဝိပဿနာဉာဏသမ္ပယုတ် ကုသိုလ်ဇောများဖြစ်အောင် အားထုတ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။ ထိုမှတစ်ဆင့် မဂ်, ဖိုလ်ဉာဏ် ရသည်အထိ အားထုတ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။

သမ္ပဋိစ္ဆန အနက်ဖော သာစုသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သာဓုသဒ္ဒါ၏ အာယာစန အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သာဓုသဒ္ဒါ၏ သမ္ပဋိစ္ဆန အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

သာဓု ဘန္တေတိ ခေါ သောဘိက္ခု ဘဂဝတော ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ၊ *(မ- ၃- ၆၆)*

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **သာဓု**- ကောင်းလှပါပေ၏၊ **ဣတိခေါ**- ဤသို့လျှင်၊ **သောဘိက္ခု**- ထိုရဟန်းသည်၊ **ဘဂဝတော**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ **ဘာသိတံ**- ဟောတော်မူအပ်သော တရားတော်ကို၊ **အဘိနန္ဒိတွာ**- အလွန်နှစ်သက်လက်ခံ၍၊ **အနုမောဒိတွာ**- အဖန်ဖန်ဝမ်းမြောက်၍၊

အထက်ပါ ပါဠိရပ်သည် ဥပရိပဏ္ဏာသပါဠိတော်- ဒေဝဒဟဝဂ်- မဟာပုဏ္ဏမသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

အခါတစ်ပါး၌ ရှင်တော်ဗုဒ္ဓသည် လပြည့်နေ့တစ်နေ့၏ ညတစ်ညဝယ် ဝိသာခါကျောင်းအစ်မကြီး ဆောက်လုပ်လှူဒါန်းထားအပ်သော ပုဗ္ဗာရုံကျောင်း၏ ရှေ့ဟင်းလင်းပြင်အရပ်၌ ရဟန်းအပေါင်းခြံရံလျက် သီတင်းသုံးနေတော်မူလျက် ရှိနေလေသည်။ ထိုအချိန်၌ နေမင်းသည်ဝင်စ, လမင်းသည်ထွက်စ အချိန်အခါ ဖြစ်လေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် နေမင်း, လမင်းတို့၏အရောင်တို့ဖြင့် သာယာကြည်နူးဖွယ်ဖြစ်လျက် ရှိနေလေသည်။ တစ်ဖန် ထိုနေမင်း, လမင်းအရောင်တို့ကို ကျော်လွှန်ဖုံးလွှမ်းလျက် ဗုဒ္ဓ၏ ရောင်ခြည်တော်ခြောက်ပါးတို့ဖြင့် အလွန်သာယာကြည်နူးဖွယ်ဖြစ်လျက် ရှိနေလေသည်။

ထိုအချိန်၌ ရဟန်းတစ်ပါးသည် မတ်တတ်ရပ်လျက် ဗုဒ္ဓအား လက်အုပ်ချီလျက် ပြဿနာမေးလိုပါကြောင်း လျှောက်ထားလေလျှင် ဗုဒ္ဓက 'ရဟန်း မိမိနေရာ၌ထိုင်၍ မေးလိုရာကို မေးလော့' ဟု မိန့်တော်မူလိုက်လေသည်။

ဤ၌ ဗုဒ္ဓသည် ရပ်လျက်လျှောက်ထားသော ရဟန်းကို 'မိမိနေရာ၌ထိုင်၍ မေးလော့' ဟု အဘယ့်ကြောင့် မိန့်တော်မူသနည်းဟူမူ ထိုရဟန်းသည် (၆၀)သောရဟန်းတို့၏ အကြီးအကဲ မထေရ်တစ်ပါး ဖြစ်သည်။ အကယ်၍ ထိုမထေရ်သည် ရပ်လျက်မေးသည်ဖြစ်အံ့၊ ကျန်သော (၆၀)သောရဟန်းတို့သည် ရပ်ကြကုန်လတ္တံ့။ ထိုသို့ရပ်ကြသည်ရှိသော် ဗုဒ္ဓ၌ မရိုသေရာ ရောက်လေတော့သည်။ ရပ်နေသော ဆရာမထေရ်အား ထိုင်နေသော တပည့်ရဟန်းတို့က ထိုင်၍မေးသည်ရှိသော် ဆရာမထေရ်အား မရိုသေရာ ရောက်လေတော့သည်။ ထိုသို့ဖြစ်က ဗုဒ္ဓဟောတော်မူအပ်သော တရားတော်ကို ကောင်းစွာနားလည်နိုင်ကြမည် မဟုတ်ပေ။

ဆရာဖြစ်သောမထေရ်က ထိုင်လျက်မေးသည်ရှိသော် တပည့်ရဟန်း (၆၀)တို့သည်လည်း ထိုင်လျက်ပင် နေကြရမည်ဖြစ်သည်။ ထိုသို့ ဣန္ဒြေမပျက် ထိုင်လျက်နေခြင်းသည် ထိုရဟန်းတို့အတွက် စိတ်တည်ကြည်မှုရပြီး ဗုဒ္ဓဟောတော်မူအပ်သော တရားတော်ကို ကောင်းစွာနားလည်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသည် 'မိမိနေရာ၌ထိုင်၍ မေးလော့' ဟု မိန့်တော်မူခြင်း ဖြစ်သည်။

အဘယ်ကြောင့် ထိုမထေရ်ရဟန်းသည် ဗုဒ္ဓကို ပြဿနာ မေးလိုသနည်းဟူမူ တပည့်ရဟန်း (၆၀)တို့သည် ထိုမထေရ်ထံမှ ကမ္မဋ္ဌာန်းတရားကို နည်းခံ၍ အားထုတ်ရာတွင် ဝိပဿနာအခြေခံဉာဏ်လောက်သာရပြီး မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်သည့်အတွက် မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရရန် ရည်ရွယ်၍ ထိုရဟန်းတို့၏ကိုယ်စား ဗုဒ္ဓအားမေးလျှောက်ခြင်း ဖြစ်သည်။ ထိုရဟန်းသည် ရဟန္တာမထေရ်ကြီး ဖြစ်လေသည်။ *(မ ဠ- ၃- ၅၁)*

ထိုမထေရ်ရဟန်းက ဗုဒ္ဓအား ဥပါဒါနက္ခန္ဓာငါးပါးကို ဖော်ပြ၍ လျှောက်ထားမေးမြန်းသောအခါ ဗုဒ္ဓက ထိုရဟန်းလျှောက်ထားသည့်အတိုင်းမှန်ကြောင်း မြေကြားတော်မူလေလျှင် ထိုရဟန်းသည် မိမိ၏လျှောက်ထားချက်နှင့် ဗုဒ္ဓ၏ မြေကြားတော်မူချက် တစ်ထပ်တည်းကျသည်ကို အလွန်ဝမ်းမြောက်ကျေနပ်သည်ဖြစ်၍ အထက်ကဖော်ပြခဲ့သည့်အတိုင်း–

'သာဓု ဘန္တေ'တိ ခေါ သောဘိက္ခု ဘဂဝတော ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ ဘဂဝန္တံ ဥတ္တရိံ ပဥ္ဟံ ပုစ္ဆိ' ဟူသော စကားကို လျှောက်ထားလေသည်။

ဘန္တေ– ရှင်တော်ဗုဒ္ဓဘုရား၊ **သာဓု**– ကောင်းလှပါပေ၏၊ **ဣတိခေါ**– ဤသို့လျှင်၊ **သောဘိက္ခု**– ထိုမထေရ်ရဟန်းသည်၊ **ဘဂဝတော**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ **ဘာသိတံ**– ဟောတော်မူအပ်သော တရားစကားတော်ကို၊ **အဘိနန္ဒိတွာ**– အလွန်နှစ်သက်လက်ခံ၍၊ **အနုမောဒိတွာ**– အဖန်ဖန်ဝမ်းမြောက်၍၊ **ဘဂဝန္တံ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓကို၊ **ဥတ္တရိံ**– ထိုထက်အလွန်ဖြစ်သော၊ **ပဥ္ဟံ**– အမေးပုစ္ဆာပြဿနာကို၊ **ပုစ္ဆိ**– ဆက်၍မေးလေပြီ။

ထိုရဟန်းဆက်၍မေးသည်ကို ဗုဒ္ဓမြေကြားတော်မူအပ်သော တရားများကို အောက်ပါအတိုင်း ကောက်နုတ်၍ ဖော်ပြအပ်ပါသည်။

(၁) ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည် တဏှာလျှင် အကြောင်းရင်းရှိသည်။

(၂) ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် အတူတူလည်း မဟုတ်ပေ။ ကင်း၍ဖြစ်သည်လည်း မဟုတ်ပေ။

(၃) ထိုဥပါဒါနက္ခန္ဓာငါးပါးတို့၌ တပ်မက်မှု ဆန္ဒရာဂသည် တစ်ဦးနှင့်တစ်ဦး မတူကြပေ။ အချို့က ဖြူလိုသည်။ အချို့က ညိုလိုသည်။ အချို့က ဝါဝင်းလိုသည်။ အချို့က မင်းဖြစ်လိုသည်။ အချို့က ပုဏ္ဏားဖြစ်လိုသည်။ အချို့က သူဌေးဖြစ်လိုသည်။

(၄) ခန္ဓာဟူသော အမည်ရခြင်းသည် **အတီတာနာဂတပစ္စုပ္ပန္နံ**– အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်စေ၊ **အဇ္ဈတ္တံဝါ ဗဟိဒ္ဓံဝါ**– အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ဖြစ်စေ၊ **ဩဠာရိကံဝါ သုခုမံဝါ**– ကြမ်းတမ်းသည်, သိမ်မွေ့သည်ဖြစ်စေ၊ **ဟီနံဝါ ပဏီတံဝါ**– ယုတ်သည်, မြတ်သည်ဖြစ်စေ၊ **ဒူရေဝါ သန္တိကေဝါ**– ဝေးသည်, နီးသည်ဖြစ်စေ ဤ(၁၁)မျိုးသော အခြင်းအရာအားဖြင့် ခန္ဓာအမည် ရနိုင်ပေသည်။

(၅) ထိုတွင် ရူပက္ခန္ဓာဟူ၍ သိစေခြင်းအကြောင်းသည် မဟာဘုတ်လေးပါးတည်း။ ဝေဒနာက္ခန္ဓာကို, သညာက္ခန္ဓာကို, သင်္ခါရက္ခန္ဓာကို သိစေခြင်းအကြောင်းသည် ဖဿတည်း။ ဝိညာဏက္ခန္ဓာကို သိစေခြင်းအကြောင်းသည် နာမ်, ရုပ်တည်း။

(၆) အရိယာကို ဖူးမြင်လေ့မရှိ၊ အရိယာတရားကို နာကြားလေ့မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည်–

(က) **ရူပံ အတ္တတော သမနုပဿတိ** – ရုပ်ကို အတ္တဟု ရှုမြင်၏။

(ခ) **ရူပဝန္တံဝါ အတ္တာနံ** – အတ္တကို ရုပ်ရှိ၏ဟူ၍လည်း ရှု၏။

(ဂ) **အတ္တနိဝါ ရူပံ** – အတ္တ၌ ရုပ်ဟူ၍လည်း ရှု၏။

(ဃ) **ရူပသ္မိံ အတ္တာနံ** – ရုပ်၌ အတ္တဟူ၍လည်း ရှုမြင်၏။

(က) **ဝေဒနံ (သညံ, သင်္ခါရေ, ဝိညာဏံ) အတ္တတော သမနုပဿတိ** – ဝေဒနာကို (သညာကို, သင်္ခါရတို့ကို, ဝိညာဏ်ကို) အတ္တဟု ရှု၏။

(ခ) **ဝေဒနာဝန္တံဝါ (သညာဝန္တံဝါ, သင်္ခါရဝန္တံဝါ, ဝိညာဏဝန္တံဝါ) အတ္တာနံ** – အတ္တကို ဝေဒနာရှိ၏ဟူ၍လည်း (သညာရှိ၏ဟူ၍လည်း, သင်္ခါရရှိ၏ဟူ၍လည်း, ဝိညာဏ်ရှိ၏ဟူ၍လည်း) ရှုမြင်၏။

(ဂ) **အတ္တနိဝါ ဝေဒနံ (သညံ, သင်္ခါရေ, ဝိညာဏံ)** – အတ္တ၌ ဝေဒနာဟူ၍လည်း (သညာဟူ၍လည်း, သင်္ခါရတို့ဟူ၍လည်း, ဝိညာဏ်ဟူ၍လည်း) ရှုမြင်၏။

(ဃ) **ဝေဒနာယဝါ (သညာယဝါ, သင်္ခါရေသုဝါ, ဝိညာဏသ္မိံဝါ) အတ္တာနံ** – ဝေဒနာ၌ (သညာ၌, သင်္ခါရတို့၌, ဝိညာဏ်၌) အတ္တဟူ၍လည်း ရှုမြင်၏။ ဤသို့လျှင် ခန္ဓာငါးပါး၌ သက္ကာယဒိဋ္ဌိ ရှုမြင်ပုံ (၂၀) ဖြစ်လေသည်။*(ခန္ဓာတစ်ပါးလျှင် သက္ကာယဒိဋ္ဌိမြင်ပုံ (၄)မျိုးမြင်၍ ခန္ဓာငါးပါး၌ သက္ကာယဒိဋ္ဌိ (၂၀) မြင်ရလေသည်။)*

(၇) အရိယာကို ဖူးမြင်လေ့ရှိသော၊ အရိယာတရားကို နာကြားလေ့ရှိသော၊ ပရမတ္ထတရား ဝိပဿနာတရားတို့၌ အကြား

အမြင်များသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ဝိပဿနာတရားကို ရှုပွားနေစဉ် ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း ဟုတ်တိုင်းမှန်စွာ သိမြင်နေသောအခါ၌

(က) နရူပံ (နဝေဒနံ, နသညံ, နသင်္ခါရေ, နဝိညာဏံ) အတ္တတော သမနုပဿတိ – ရုပ်ကို (ဝေဒနာကို, သညာကို, သင်္ခါရတို့ကို, ဝိညာဏ်ကို) အတ္တဟူ၍ မရှုမြင်တော့ပြီ။

(ခ) နရူပဝန္တံ ဝါ (နဝေဒနာဝန္တံ ဝါ, နသညာဝန္တံ ဝါ, နသင်္ခါရဝန္တံ ဝါ, နဝိညာဏဝန္တံ ဝါ) အတ္တာနံ – အတ္တကို ရုပ်ရှိ၏ဟူ၍လည်း (ဝေဒနာရှိ၏ဟူ၍လည်း, သညာရှိ၏ဟူ၍လည်း, သင်္ခါရရှိ၏ဟူ၍လည်း, ဝိညာဏ်ရှိ၏ဟူ၍လည်း) မရှုမြင်တော့ပြီ။

(ဂ) နအတ္တနိ ဝါ ရူပံ (ဝေဒနံ, သညံ, သင်္ခါရေ, ဝိညာဏံ) – အတ္တ၌ ရုပ်ဟူ၍လည်း (ဝေဒနာဟူ၍လည်း, သညာဟူ၍လည်း, သင်္ခါရတို့ဟူ၍လည်း, ဝိညာဏ်ဟူ၍လည်း) မရှုမြင်တော့ပြီ။

(ဃ) နရူပသ္မိံ ဝါ (နဝေဒနာယ ဝါ, နသညာယ ဝါ, နသင်္ခါရေသု ဝါ, နဝိညာဏသ္မိံ ဝါ) အတ္တာနံ – ရုပ်၌ အတ္တဟူ၍လည်း (ဝေဒနာ၌, သညာ၌, သင်္ခါရတို့၌, ဝိညာဏ်၌) အတ္တဟူ၍လည်း မရှုမြင်တော့ပြီ။ ဤသည်ကား ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သက္ကာယဒိဋ္ဌိ မဖြစ်ပုံတည်း။

(၈) 'ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်' ဟူသော ခန္ဓာငါးပါးတို့၌ **'အဿာဒ'** ခေါ် သာယာဖွယ်သည် ၎င်းခန္ဓာငါးပါးကို စွဲ၍ဖြစ်သော ကိုယ်ချမ်းသာခြင်း သုခ, စိတ်ချမ်းသာခြင်း **သောမနဿ**တည်း။ ၎င်းခန္ဓာငါးပါးတို့၌ **'အာဒီနဝ'** ခေါ် အပြစ်သည် **'အနိစ္စ, ဒုက္ခ, ဝိပရိဏာမဓမ္မ'** ခေါ် မမြဲခြင်း, ဆင်းရဲခြင်း, ဖောက်ပြန်ပြောင်းလွဲခြင်း သဘောတည်း။ ၎င်းခန္ဓာငါးပါး၌ **'နိဿရဏ'** ခေါ် ထွက်မြောက်ရာသည် **'ဆန္ဒရာဂဝိနယ'** ထိုခန္ဓာငါးပါး၌ လိုချင်တပ်မက်မှုကို ဖျောက်ခြင်း **'ဆန္ဒရာဂပ္ပဟာန'** လိုချင်တပ်မက်မှုကို ပယ်ခြင်းတည်း။

(၉) ထိုခန္ဓာငါးပါးကို **'နေတံမမ'** ဤခန္ဓာငါးပါးသည် ငါ၏ဥစ္စာမဟုတ်။ **'နေသောဟမသ္မိ'** ဤခန္ဓာငါးပါးသည် ငါမဟုတ်။ **'နမေသောအတ္တာ'** ဤခန္ဓာငါးပါးသည် ငါ၏အတ္တမဟုတ်။ ဤသို့ရှုသောသူအား မာနာနုသယသည် မဖြစ်တော့ပေ။

(၁၀) ထို့နောက် ဗုဒ္ဓသည် ခန္ဓာငါးပါးတို့၏ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံတို့ကို ဟောတော်မူလေရာ ရဟန်းတော် (၆၀)တို့သည် တရားအဆုံး၌ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားကြလေသည်။ *(မ- ၃- ၇၀)*

သမ္ပဋိစ္ဆနအနက်ဟော သာခုသဒ္ဒါက တရားဟောပုံသဘော

(၁) ရဟန်း (၆၀)တို့၏ ဦးစီးခေါင်းဆောင်ဖြစ်သော မထေရ်သည် မိမိပေးသော ကမ္မဋ္ဌာန်းဖြင့် တရားထူးကို မရသောအခါ တပည့်ရဟန်းတို့အပေါ်၌ စိတ်ဆိုးခြင်း, အားမရခြင်း မဖြစ်ဘဲ အလွန်ကြီးမားသော မေတ္တာဖြင့် တပည့်ရဟန်းတို့အား ဗုဒ္ဓထံသို့ ခေါ်ဆောင်လာခဲ့သည်။ ထိုဆရာမထေရ်ရဟန်းသည် တပည့်တို့၏ကိုယ်စား ဗုဒ္ဓအား ပြဿနာကို မေးလျှောက်လေသည်။ ထိုမထေရ်သည် ရဟန္တာမထေရ်ကြီးတစ်ပါး ဖြစ်သည့်အတွက် မိမိမေးမည့် ပြဿနာ၏ အဖြေကို သိပြီးသော်လည်း တပည့်ရဟန်း (၆၀)တို့ကို ငဲ့ရှု၍ မသိယောင်ပြု၍ ပြဿနာကို မေးလျှောက်ခြင်း ဖြစ်သည်။ ထိုအချက်တို့ဖြင့် ထိုမထေရ်သည် တပည့်တို့အပေါ်၌ ထားရှိသော 'မေတ္တာ, ကရုဏာ, စေတနာ'တို့သည် ကြီးမားကြောင်း ထင်ရှားလေသည်။

လူ့လောက၌ အချို့ဆရာတို့သည် မိမိစိစဉ်ညွှန်ကြားသည့်အတိုင်း တပည့်များ ဖြစ်မလာသောအခါ စိတ်ဆိုးကြသည်။ မကျေမနပ် ဖြစ်ကြသည်။ အားမလိုအားမရ ဖြစ်ကြသည်။ ထိုအခါ တပည့်နှင့်ဆရာတို့ ပြဿနာဖြစ်ကြပြီး ဆရာရော တပည့်တို့ပါ အကျိုးမရှိ ဖြစ်ကြရလေသည်။ ထို့ကြောင့် အထက်ပါ မထေရ်ကြီးကဲ့သို့ မိမိစိစဉ်သည့်အတိုင်း မဖြစ်လျှင် မိမိထက်တတ်သိနားလည်သော ပုဂ္ဂိုလ်ထံသို့ ပို့ဆောင်ပေးရမည်ဖြစ်သည်။ ထိုသို့ **သဘောထားကြီးသော၊ အမြော်အမြင်ကြီးသော၊ မေတ္တာ, ကရုဏာ, စေတနာ ကြီးမားသော ဆရာများ ဖြစ်ကြပါကုန်လော့။**

(၂) ထိုဆရာမထေရ်သည် ဗုဒ္ဓအား ပြဿနာမေးသောအခါ မိမိအတွက် မေးခြင်းမဟုတ်ဘဲ တပည့်ရဟန်းတို့၏ အကျိုးကို မျှော်ကိုး၍ မေးခြင်းကြောင့် ပုစ္ဆာပြဿနာကိုမေးရန် အခွင့်တောင်းသောအခါ ထိုင်နေရာမှထ၍ ရပ်လျက် အခွင့်တောင်းလေသည်။ ဗုဒ္ဓလည်း ထိုရဟန်း၏ သဘောကို နားလည်သောကြောင့် ပြဿနာမေးရန် ခွင့်ပြုလေသည်။ သို့ရာတွင် ထ၍မေးခြင်းကို ခွင့်မပြုဘဲ 'မိမိနေရာ၌ထိုင်၍ မေးလော့' ဟု ထိုင်၍မေးခြင်းကို ခွင့်ပြုလေသည်။ ယင်းသို့ ခွင့်ပြုလိုက်ခြင်းဖြင့် အစွန်းနှစ်ဘက်မှ လွတ်မြောက်သွားလေသည်။ အကယ်၍ မထေရ်သည် ရပ်လျက် ပုစ္ဆာကိုမေးအံ့။ ကျန်တပည့် (၆၀)တို့သည်လည်း ထ၍ရပ်ကြကုန်လတ္တံ့။ ထိုသို့

ဆရာရော တပည့်တို့ပါ အားလုံးရပ်နေကြသည်ရှိသော် ထိုင်နေသော ဗုဒ္ဓကို မရိုသေရာရောက်လေတော့သည်။ အကယ်၍ တပည့်တို့သည် မထဘဲ ထိုင်နေရင်းက ဆရာဖြစ်သော မထေရ်ကို ပြဿနာမေးအံ့။ ဆရာမထေရ်ကို မရိုသေရာရောက်တော့သည်။ ထိုသို့ မရိုသေမှုသဘောဖြစ်နေလျှင် ထိုရဟန်း (၆၀)တို့အတွက် တရားထူး တရားမြတ် ရကြမည်မဟုတ်ပေ။ ထိုင်နေသော ဆရာအား ထိုင်၍မေးခြင်းသည်သာလျှင် ရိုသေရာရောက်လေသည်။ ထိုသို့ ရိုသေရာရောက်သဖြင့် စိတ်ကြည်လင်မှု, စိတ်တည်ကြည်မှုကို ရရှိနိုင်ပေသည်။ စိတ်ကြည်လင်, စိတ်တည်ကြည်သည်နှင့်အမျှ မိမိတို့ လိုလားတောင့်တအပ်သော တရားထူး တရားမြတ်ကိုလည်း ရရှိနိုင်ပေသည်။ ထို့ကြောင့် ထိုင်နေသောဆရာအား ရပ်လျက်မေးမြန်းခြင်းကို ရှောင်ကြဉ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။ 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာမြတ်သုံးပါးတို့အပေါ်၌ အမြဲထာဝစဉ် အရိုအသေ အလေးအမြတ်ထားသူများ ဖြစ်ကြပါကုန်လော့။

(၃) ဗုဒ္ဓ၏ ခွင့်ပြုချက်အရ ဆရာမထေရ်က ထိုင်လျက်ပင် တရားပုစ္ဆာပြဿနာကို မေးသည်။ ဗုဒ္ဓကလည်း မေးတိုင်းသော ပြဿနာကို ရှင်းလင်းအောင်, ကျေနပ်မှုရအောင်, နားလည်သဘောပေါက်အောင် ဖြေကြားတော်မူသည်။ ရဟန်း (၆၀)တို့ကလည်း ဗုဒ္ဓဖြေကြားတော်မူသော တရားဒေသနာတော်ကို ရိုသေလေးမြတ်သောစိတ်, ကြည်လင်အေးမြသောစိတ်, ယုံကြည်သောစိတ်, တည်ကြည်သောစိတ်တို့ဖြင့် နာကြားကြသည်။ သို့ဖြစ်၍ အမေးအဖြေ ထိုတရားဒေသနာ ဆုံးသောအခါ ထို (၆၀)သောရဟန်းတို့သည် တစ်ထိုင်တည်းနှင့်ပင် အာသဝေါကင်းစင် ရဟန္တာအရှင်မြတ်များ ဖြစ်သွားကြလေသည်။ ထို့ကြောင့် အရိုအသေပြုထိုက်သော ပုဂ္ဂိုလ်တို့အား အရိုအသေပြုတတ်ကြပါကုန်လော့။ မိမိအတွက် တကယ်အကျိုးရှိမည့် တရားဒေသနာများကို ရိုသေလေးမြတ်သောစိတ်, ယုံကြည်သောစိတ်, တည်ကြည်သောစိတ်တို့ဖြင့် နာကြားတတ်သူများ၊ မှတ်သားလိုက်နာတတ်သူများ၊ ကျင့်သုံးပွါးများတတ်သူများ ဖြစ်ကြပါကုန်လော့။

သမ္ပဟံသနအနက်ဟော သာဓုသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သာဓုသဒ္ဒါ၏ သမ္ပဋိစ္ဆန အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သာဓုသဒ္ဒါ၏ သမ္ပဟံသန အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

သာဓု သာဓု သာရိပုတ္တ *(ဒီ- ၃- ၂၂၆၊ ဒီ ဋ- ၁- ၁၅၄)*

သာရိပုတ္တ- သာရိပုတြာ၊ သာဓု သာဓု- ကောင်းပေစွ ကောင်းပေစွ။

အထက်ပါ ပါဠိရပ်သည် သုတ်ပါထိကဝဂ်ပါဠိတော်- သင်္ဂီတိသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။ ဗုဒ္ဓသည် ရဟန်းသံဃာငါးရာနှင့် ပါဝါပြည်သား မလ္လာမင်းတို့ ဆောက်လုပ်အပ်သော မင်းကွန်းသစ်၌ သီတင်းသုံးတော်မူစဉ် ပါဝါပြည်သား မလ္လာမင်းတို့အား ညဉ့်ဦးယံအထိ တရားဟောကြားတော်မူပြီးနောက် ပါဝါပြည်သား မလ္လာမင်းတို့အား ပြန်လွှတ်တော်မူလေသည်။ ဗုဒ္ဓသည် ထိန, မိဒ္ဓကင်းစင်သော ရဟန်းသံဃာငါးရာတို့အား သဘောကျ၍ အရှင်သာရိပုတြာအား တရားဟောစေတော်မူလေသည်။ ထိုအချိန်၌ ဗုဒ္ဓသည် ညောင်းတော်မူသည်ဖြစ်၍ နှစ်ထပ်သင်္ကန်းကို လေးထပ်ခေါက်ကာ ထိုသင်္ကန်းပေါ်၌ လဲလျောင်း၍ အနားယူလျက်'ရှိနေတော်မူသည်။

ရဟန်းသံဃာငါးရာတို့အား အရှင်သာရိပုတြာ တရားဟောချိန်၌ ပါဝါပြည်၌ နာမည်ကြီးသော နိဂဏ္ဌဆရာကြီးသည် ကွယ်လွန်ပြီးစဖြစ်၍ နိဂဏ္ဌတပည့်တို့သည် သင့်အယူက မှားနေသည်၊ ငါ့အယူက မှန်သည် စသည်ဖြင့် စကားများလျက် အချင်းချင်း နှုတ်လှံထိုးလျက် နှစ်ခြမ်းကွဲလေတော့သည်။ ထို့ကြောင့် လူအပေါင်းတို့သည် နိဂဏ္ဌတို့အပေါ်၌ ငြီးငွေ့သွားကြလေသည်။ ၎င်းကို အကြောင်းပြု၍ အရှင်သာရိပုတြာသည် ရဟန်းသံဃာငါးရာတို့အား ညီညွတ်ရေး, သာသနာအရှည်တည်တံ့ရေးကို ဦးတည်သောတရားကို ဟောတော်မူလေသည်။

အရှင်သာရိပုတြာသည် ရဟန်းသံဃာငါးရာတို့အား ဗုဒ္ဓဟောကြားတော်မူထားအပ်သော တစ်ပါးစုတရားမှသည် ဆယ်ပါးစုတရားအထိ အကျယ်တဝင့် ဟောကြားတော်မူလေသည်။ နောက်ဆုံးတွင် အရှင်သာရိပုတြာသည် အောက်ပါအတိုင်း တရားကို အဆုံးသတ်တော်မူလေသည်။

ဣဓမေ ခေါ် အာဝုသော တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒေသဓမ္မာ သမ္ဗုဒ္ဓကွတာ၊ တတ္ထ သဗ္ဗေဟေဝ သင်္ဂါယိတဗ္ဗံ နဝိဝဒိတဗ္ဗံ ယထယိဒံ ဗြဟ္မစရိယံ အဒ္ဓနိယံ အဿ စိရဋ္ဌိတိကံ တဒဿ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနန္တိ။ *(ဒီ- ၃- ၂၂၅ / ၆)*

အာဝုသော- ငါ့ရှင်တို့၊ ဇာနတာ- သိတော်မူသော၊ ပဿတာ- မြင်တော်မူသော၊ အရဟတာ- ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓေန- အလုံးစုံတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော၊ တေန ဘဂဝတာ- ဘုန်းတော်ကြီးတော်မူသော ထိုရှင်တော်ဗုဒ္ဓသည်၊ ဒေသ- ဆယ်ပါးကုန်သော၊ ဣဓမေဓမ္မာ- ဤတရားတို့ကို၊ သမ္ဗုဒ္ဓကွတာ- ကောင်းစွာဟောကြားတော်မူထားအပ်ကုန်ပြီ၊ တတ္ထ- ထိုတရား၌၊ သဗ္ဗေဟေဝ- အလုံးစုံသော ငါ့ရှင်ရဟန်းတို့သည်၊ သင်္ဂါယိတဗ္ဗံ- အညီအညွတ် ရွတ်ဆိုအပ်၏၊ နဝိဝဒိတဗ္ဗံ- ဆန့်ကျင်သောစကားကို မပြောဆိုအပ်၊ မငြင်းခုံအပ်၊ ယထာဝေ- ဤသို့အညီအညွတ် ကျင့်သည်ရှိသော်၊ ဣဒံ ဗြဟ္မစရိယံ- ဤဗုဒ္ဓသာသနာတော်သည်၊ အဒ္ဓနိယံ- အရှည်ခန့်သည်၊ စိရဋ္ဌိတိကံ- ကြာမြင့်စွာတည်သည်၊ အဿ- ဖြစ်ရာ၏၊ တံ- ထိုသို့ ဗုဒ္ဓသာသနာတော် ကြာမြင့်စွာတည်သည်၊ သတိ- ဖြစ်လတ်သော်၊ ဗဟုဇနဟိတာယ- လူအများ အစီးအပွားအလို့ငှာ၊ ဗဟုဇနသုခါယ- လူအများ ချမ်းသာခြင်းငှာ၊ လောကာနုကမ္ပာယ- လောကကို စောင့်ရှောက်ခြင်းငှာ၊ ဒေဝမနုဿာနံ- နတ်လူတို့၏၊ အတ္ထာယ- အကျိုးစီးပွားအလို့ငှာ၊ သုခါယ- ချမ်းသာအလို့ငှာ၊ အဿ- ဖြစ်ရာ၏၊ ဣတိ- ဤသို့မိန့်တော်မူပြီ။

ထိုအခါ ဗုဒ္ဓသည် လျောင်းတော်မူရာမှ ထတော်မူ၍ အရှင်သာရိပုတြာအား အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

သာဓု သာဓု သာရိပုတ္တ၊ သာဓု ခေါ် တွံ သာရိပုတ္တ ဘိက္ခူနံ သင်္ဂီတိပရိယာယံ အဘာသိတိ။ *(ဒီ- ၃- ၂၂၆)*

သာရိပုတ္တ- သာရိပုတြာ၊ သာဓု သာဓု- ကောင်းလေစွ ကောင်းလေစွ၊ သာရိပုတ္တ- သာရိပုတြာ၊ တွံ- သင်သည်၊ သာဓုခေါ်- ကောင်းစွာသာလျှင်၊ ဘိက္ခူနံ- ရဟန်းတို့အား၊ သင်္ဂီတိပရိယာယံ- သင်္ဂီတိသုတ်ကို၊ အဘာသိ- ဟောကြားလေပြီ။

ဗုဒ္ဓက အရှင်သာရိပုတြာအား ထိုသို့ ဝမ်းမြောက်စွာ မိန့်ကြားတော်မူပြီးသောအခါ သင်္ဂါယနာတင် သံဃာတော်အရှင်မြတ်တို့သည် အောက်ပါအတိုင်း မှတ်ချက်ချတော်မူကြလေသည်။

ဣဒမဝေါစာယသ္မာ သာရိပုတ္တော သမနုညာသတ္ထာ အဟောသိ။ အတ္တမနာစ တေဘိက္ခူ အာယသ္မတော သာရိပုတ္တဿ ဘာသိတံ အဘိနန္ဒုန္တိ။ *(ဒီ- ၃- ၂၂၆)*

အာယသ္မာ သာရိပုတ္တော- အရှင်သာရိပုတြာသည်၊ ဣဒံ- ဤသင်္ဂီတိသုတ်ကို၊ အဝေါစ- ဟောတော်မူ၏၊ သတ္ထာ- ဆရာဖြစ်သော ဗုဒ္ဓသည်လည်း၊ သမနုညော- ခွင့်ပြုတော်မူသည်၊ အဟောသိ- ဖြစ်ပြီ၊ တေဘိက္ခူ- ထိုရဟန်းတို့သည်လည်း၊ အာယသ္မတော သာရိပုတ္တဿ- အရှင်သာရိပုတြာ၏၊ ဘာသိတံ- ဟောတော်မူအပ်သော တရားတော်ကို၊ အတ္တမနာ- နှစ်လိုကုန်သည်ဖြစ်၍၊ အဘိနန္ဒုံ- ဝမ်းမြောက်စွာ ခံယူကြလေပြီ။

သမ္မာသမ္ဗုဒ္ဓ ဝမ်းမြောက်ခြင်း အနက်ဟော သာဓုသဒ္ဒါက တရားဟောပုံသဘော

(၁) ဗုဒ္ဓဟောကြားတော်မူအပ်သော တရားတော်တို့သည် လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်ကြသူ လူနတ်ဗြဟ္မာတို့အား ပစ္စုပ္ပန် အကျိုးစီးပွားချမ်းသာ, သံသရာ အကျိုးစီးပွားချမ်းသာ, နိဗ္ဗာန် အကျိုးစီးပွားချမ်းသာများကို ရရှိစေနိုင်သောကြောင့် 'သွာကွာတဓမ္မ' ကောင်းစွာ ဟောကြားတော်မူထားအပ်သော တရားတော် ဖြစ်လေသည်။ သို့ဖြစ်၍ ဗုဒ္ဓကိုယ်တိုင်ကလည်း ကိုယ်တော်မြတ် ဟောကြားတော်မူအပ်သော တရားတော်ကို အရှည်တည်တံ့ ခိုင်မြဲစေရန် အလိုတော်ရှိဘိသကဲ့သို့ အရှင်သာရိပုတြာ အစရှိသော တပည့်သာဝကကြီးတို့ကလည်း အလိုရှိကြလေသည်။ ဗုဒ္ဓ၏ တရားတော် အရှည်တည်တံ့ရန်အတွက် တပည့်သာဝက ရဟန်းသံဃာတို့သည် မကွဲပြားရန် လိုအပ်သည်။ ညီညွတ်ကြရန် လိုအပ်သည်။ တရားတော်ကို ဆောင်မှတ်ထားရန် လိုအပ်သည်။ အဆင့်ဆင့် လက်ဆင့်ကမ်းပို့ချရန် လိုအပ်သည်။ ထိုသို့ လိုအပ်သည့်အားလျော်စွာ ဗုဒ္ဓသည် အရှင်သာရိပုတြာအား ကိုယ်တော်မြတ် အနီး၌ပင် ရဟန်းသံဃာတော်ငါးရာတို့အား တရားဟောစေလေသည်။ ထို့ကြောင့် ဗုဒ္ဓအလိုတော်နှင့် အရှင်သာရိပုတြာ အစရှိသော တပည့်သာဝက သံဃာတော်ကြီးတို့၏ အလိုဆန္ဒနှင့် လျော်ညီစွာ ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားအားထုတ်သူများ ဖြစ်ကြပါကုန်လော့။

(၂) အရှင်သာရိပုတြာသည် ဗုဒ္ဓ၏ ခွင့်ပြုတော်မူချက်အရ ဗုဒ္ဓ၏ အနီး၌ပင် ရဟန်းသံဃာတော်ငါးရာတို့အား တရားတော်ကို ဟောလေသည်။ ဗုဒ္ဓ၏ တရားတော်သည် နတ်လူတို့၏ အကျိုးစီးပွားအလို့ငှာ, ချမ်းသာခြင်းအလို့ငှာ 'လူ, နတ်, ဗြဟ္မာ' ဟူသော သတ္တလောကကြီးကို စောင့်ရှောက်ရန်အလို့ငှာ ဖြစ်သည်။ သို့ဖြစ်၍ သံဃာတော်အပေါင်းတို့သည် ဗုဒ္ဓ၏ တရားတော်ကို စုပေါင်း၍ ရွတ်ဆိုကြရန်, တရားတော်နှင့်စပ်၍ ငြင်းခုံမှုမရှိကြရန်, ညီညွတ်မှုရှိကြရန် အလေးပေး ဟောကြားတော်မူလေသည်။ ထိုဟောကြားချက်ကိုထောက်လျှင် သံဃာတော်များ ညီညွတ်မှုမရှိကြလျှင်, ဗုဒ္ဓ၏ တရားတော်ကို စုပေါင်းမရွတ်ဆိုကြလျှင်, အဆင့်ဆင့်ပို့ချခြင်း မပြုကြလျှင် ဗုဒ္ဓ၏ သာသနာတော်သည် လျင်မြန်စွာ ကွယ်ပျောက်နိုင်ကြောင်းမှာ ထင်ရှားလျက်ရှိနေပေသည်။ ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားလျှင် သတ္တလောကကြီးတစ်ခုလုံးသည် အမှောင်ထုဖုံးလွှမ်းသွားမည် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော် **ကြီး အရှည်တည်တံ့ ခိုင်မြဲစေရန် သံဃာတော်အရှင်မြတ်များနှင့် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓသာသနာ တော် အရှည်တည်တံ့ခိုင်မြဲအောင် ညီညွတ်စွာနှင့် အစွမ်းကုန် ကြိုးစားအားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

(၃) အရှင်သာရိပုတြာ တရားဟောတော်မူပြီးသည်**၏အဆုံး၌** အရှင်သာရိပုတြာ ဟောကြားအပ်သော တရားတော်သည် ဗုဒ္ဓသာသနာတော် မကွယ်ပျောက်ရန်, ဗုဒ္ဓသာသနာတော် **အရှည်တည်**တံ့ခိုင်မြဲရန် တရားမျိုး ဖြစ်နေ၍ ဗုဒ္ဓသည် အရှင်သာရိပုတြာ အပေါ်၌ အလွန်အားရကျေနပ် ဝမ်းမြောက်စွာ **'သာဓု သာဓု' ဟူ၍** ကောင်းချီးပေးလေသည်။ ရဟန်းသံဃာတော် ငါးရာတို့ကလည်း အရှင်သာရိပုတြာ ဟောကြားတော်မူချက်ကို အလွန်နှစ်**သက်ဝမ်းမြောက်**စွာ ခံယူမှတ်သားကြလေသည်။ ထိုအချက်သည်ပင် အလွန်ကြည်နူး ဝမ်းမြောက်ဖွယ် ကောင်းသောအချက်၊ **အားရကျေနပ်ဖွယ်** ကောင်းသောအချက် ဖြစ်လေသည်။ အကြောင်းကား ဆရာဗုဒ္ဓသည်လည်းကောင်း၊ တပည့်ကြီးဖြစ်သော အရှင်သာ**ရိပုတြာ**သည်လည်းကောင်း၊ ရဟန်းသံဃာတော် ငါးရာတို့သည်လည်း ကောင်း စံတင်လောက်သော ညီညွတ်မှုကို ပြလိုက်နိုင်သော**ကြောင့် ဖြစ်**သည်။ ထို့ကြောင့် ထိုအခြေအနေကို အတုယူပြီး **ထို ကဲ့သို့ညီညွတ်မှုကို ပြနိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

သုန္ဒရအနက်ဟော သာဓုသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သာဓုသဒ္ဒါ၏ သမ္ပဟံသန- **ဝမ်းမြောက်**ခြင်းအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သာဓုသဒ္ဒါ၏ သုန္ဒရ- ကောင်းခြင်းအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါ**အတိုင်း ပြဆို**လေသည်။

သာဓု ဓမ္မရုစိ ရာဇာ၊ သာဓု ပညာဏဝါ နရော၊
သာဓု မိတ္တာန မဒ္ဒုဗ္ဘော၊ ပါပဿာကရဏံ သုခံ။ *(ခု- ၆- ၄၅၊ ဒီ ဋ- ၁- ၁၉၄)*

ဓမ္မရုစိ- အစဉ်အဆက်လာသော သုစရိုက်အကျင့်တို့ကို **နှစ်သက်တတ်**သော၊ ရာဇာ- မင်းသည်၊ သာဓု- ကောင်း၏၊ **ပညာဏဝါ**- ဉာဏ်ပညာရှိသော၊ **နရော**- လူသည်၊ သာဓု- ကောင်း**၏၊ မိတ္တာနံ**- အဆွေခင်ပွန်းမိတ်ဆွေတို့ကို၊ အဒ္ဒုဗ္ဘော- မပြစ်မှား မဖျက်ဆီးခြင်းသည်၊ သာဓု- ကောင်း၏၊ ပါပဿ- မကောင်းမှုကို၊ **အကရဏံ**- မပြုခြင်းသည်၊ သုခံ- ချမ်းသာကြောင်း တည်း။

အထက်ပါ ပါဠိရပ်သည် ဇာတကပါဠိတော်- ပဏ္ဏာသကနိပါတ်- ဥမ္မာဒန္တီ**ဇာတ်**၌ လာရှိလေသည်။ ဤ၌ လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းပျိုတစ်ပါးသည် ချောမောလှပသော မိန်းမပျိုတစ်ဦးကို စွဲလမ်းတပ်မက်ရာမှ လူထွက်လိုခြင်းကို အကြောင်းပြု၍ ထိုဥမ္မာဒန္တီဇာတ်တော်ကို ဟောတော်မူခြင်း ဖြစ်သည်။

ထိုဥမ္မာဒန္တီဇာတ်၌ ဗုဒ္ဓအလောင်းတော်သည် သိဝိမင်းကြီးအဖြစ်လည်းကောင်း၊ အရှင်သာရိပုတြာသည် အဘိပါရကစစ်သူကြီး အဖြစ်လည်းကောင်း၊ ဥပ္ပလဝဏ်သည် ဥမ္မာဒန္တီအဖြစ်လည်းကောင်း ပါဝင်ကြလေသည်။

ထိုဇာတ်တော်၌ ဥမ္မာဒန္တီသည် အဘိပါရကစစ်သူကြီးကတော်ဖြစ်သည်။ ဥမ္မာဒန္တီသည် လူမက နတ်တစ်မျှ ချောမောလှပသူ တစ်ဦးဖြစ်သည့်အားလျော်စွာ ဥမ္မာဒန္တီကို မြင်ကြရသော ယောကျ်ားသားအပေါင်းတို့သည် အရူးအမူး ဖြစ်ကြရလေသည်။ တန်ဆောင်မုန်းလပြည့်နေ့တစ်ညတွင် သိဝိမင်းကြီးသည် နက္ခတ်ပွဲသဘင်ကို ရှုစားရန်အတွက် မြို့တွင်းလှည့်လည်ရာတွင် သိဝိမင်းကြီးသည် ဥမ္မာဒန္တီကို မြင်တွေ့ရသည်ဖြစ်၍ အရူးအမူး ဖြစ်သွားလေသည်။

သိဝိမင်းကြီးနှင့် အဘိပါရကစစ်သူကြီးတို့သည် အလွန်ခင်မင်ရင်းနှီးသော သူငယ်ချင်းများဖြစ်ကြ၍ အဘိပါရကစစ်သူကြီး သည် သိဝိမင်းကြီး၏ အသက်ကို စောင့်ရှောက်လိုသောအားဖြင့် ဒီအတိုင်းပေးလျှင် ယူမည်မဟုတ်သောကြောင့် ဥပါယ်တံမျဉ်အားဖြင့် နတ်မင်းကြီးကို မေးသောအခါ နတ်မင်းကြီးက သိဝိမင်းကြီး၏ အသက်သည် ဥမ္မာဒန္တီကိုရမှ အသက်ရှင်မည်ဖြစ်ကြောင်း သိဝိမင်းကြီး အား သံတော်ဦးတင်၍ မိမိ၏ ဇနီးမယား ဥမ္မာဒန္တီကို သိမ်းပိုက်တော်မူပါမည့်အကြောင်း အပ်နှင်းစကား ပြောကြားလေသည်။

ထိုအခါ သိဝိမင်းကြီးသည် 'သူတစ်ပါးမယားကို လိုချင်တပ်မက်သောကိစ္စသည် လူတွင်မက နတ်တွေတောင် သိကုန်ကြပြီ' ဟူ၍ အကြီးအကျယ် သံဝေဂရပြီး အဘိပါရကစစ်သူကြီးက အတန်တန်ပေးငြားသော်လည်း အမျိုးမျိုးအဖုံဖုံ တရားဟော၍ ငြင်း ဆိုလေသည်။ အထက်ပါ ဂါထာသည် သိဝိမင်းကြီးက အဘိပါရကစစ်သူကြီးအား တရားဟောကြားသော ဂါထာများစွာအနက်က ဂါထာတစ်ဂါထာ ဖြစ်လေသည်။

သုန္ဒရအနက်ဟော သာဓုသဒ္ဒါက တရားဟောကြားပုံသဘော

(၁) သုစရိုက် (၁၀)ပါးကို ကောင်းစွာစောင့်သုံးလိုက်နာခြင်းသည် မင်းကောင်းမင်းမြတ်တို့၏ ထုံးတမ်းစဉ်လာဖြစ်သည်။ သိဝိမင်းကြီးသည် ဗုဒ္ဓအလောင်း ဖြစ်သည့်အားလျော်စွာ 'သတိ, သမာဓိ, ပညာ' အားကောင်းသော မင်းကြီးတစ်ပါး ဖြစ်သည်။ သို့ရာတွင် အစပိုင်း၌ ဥမ္မာဒန္တီ၏ အလှအာရုံကွန်ယက်၌ ငြွေ့ယှက်ခံရပြီး 'သတိ, သမာဓိ, ပညာ' များ ပျောက်ကွယ်ကာ အရူးအမူး ဖြစ်သွားရလေသည်။ ထိုနောက်မှ လူတွင်မက နတ်တွေတောင် ငါ့အကြောင်းတွေ သိသွားပါပြီကောဟူ၍ အကြီးအကျယ် သံဝေဂရပြီး 'သတိ, သမာဓိ, ပညာ' တို့ဖြင့် မိမိ၏ အရူးအမူး ကိလေသာစိတ်ကို ပယ်ဖျောက်နိုင်ခဲ့လေသည်။ သို့ဖြစ်၍ အဘိပါရကစစ်သူကြီးက မိမိ၏ ဇနီးမယားအား အတန်တန်ပေးအပ်သော်လည်း တရားပြ၍ ငြင်းဆန်နိုင်လေသည်။ မင်းတို့ကျင့်သုံးအပ်သော သုစရိုက်(၁၀)ပါး တွင် သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်သော ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်နိုင်မှုလည်း အပါအဝင် ဖြစ်လေသည်။ သို့ဖြစ်၍ 'သာဓု ဓမ္မရုစီ ရာဇာ' ဓမ္မရုစီ- အစဉ်အဆက်လာသော သုစရိုက် (၁၀)ပါးကို နှစ်သက်ကျင့်သုံးတတ်သော၊ ရာဇာ- မင်းသည်၊ သာဓု- ကောင်း၏ဟူ၍ သိဝိမင်းကြီးက တရားဟောကြားခြင်း ဖြစ်လေသည်။ ထို့ကြောင့် ထိုတရားသဘောအရ သူ တစ်ပါး သားမယားကို ပြစ်မှားကျူးလွန်ခြင်း ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်နိုင်ခြင်းအပါအဝင် သုစရိုက် (၁၀)ပါးကို ကောင်းစွာ လက်ခံကျင့်သုံးနိုင်သူများ ဖြစ်ကြပါကုန်လော့။

(၂) သိဝိမင်းကြီး ဟောကြားအပ်သော ဒုတိယအချက်၌ 'ပညာဏဝါ နရော' ပညာဏဝါ- ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံသော၊ နရော- လူသည်၊ သာဓု- ကောင်း၏ဟူ၍ လာရှိလေရာ ဉာဏ်ပညာအမြော်အမြင်မရှိသော ပုဂ္ဂိုလ်တို့သည် အရှည်ကို မကြည့်ဘဲ အတိုကိုကြည့်၍ ပြုလုပ်တတ်ကြလေသည်။ ထိုသို့ ပြုလုပ်တတ်ခြင်းသည် တိုသောအချိန်၌ ဟုတ်သလိုလို ပျော်ရွှင်ရသလို ရှိသော်လည်း အချိန်ကာလ ကြာသည်နှင့်အမျှ မိမိအတွက်ရော သူတစ်ပါးအတွက်ပါ မကောင်းဖြစ်တတ်လေသည်။ ပညာရှိသူတော် ကောင်းတို့၏ ကဲ့ရဲ့ပြစ်တင်ရှုတ်ချမှုကို ခံရနိုင်ဘိသကဲ့သို့ ပစ္စုပ္ပန်မှာရော သံသရာမှာပါ ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတတ်ကြရလေသည်။ ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံကြသူတို့ကား တိုသောအချိန်ကာလ၌ ခဏပန်း ပျော်ရမည့်ကိစ္စ၊ ရေရှည်အတွက် မကောင်းမည့် အပြုအမူ ကိစ္စအရပ်ရပ်တို့ကို ရှောင်ကြဉ်နိုင်ပြီး ရေရှည်တွင် မိမိအတွက်ရော သူတစ်ပါးအတွက်ရော အကျိုးရှိမည့်ကိစ္စ၊ ပစ္စုပ္ပန် အတွက်ရော သံသရာအတွက်ပါ အကျိုးရှိမည့်ကိစ္စတို့ကို ကောင်းစွာပြုလုပ်နိုင်ကြပေသည်။ သို့ဖြစ်၍ ထိုပုဂ္ဂိုလ်တို့သည် လူပင်သေသော် လည်း နာမည်မသေဘဲ လူလောကအလယ်၌ တင့်တင့်တယ်တယ် နာမည်ကောင်း ကျန်ရစ်ခဲ့တတ်လေသည်။ ထို့ကြောင့် ခဏပန်း အတိုကောင်းစားရေးကို မကြည့်ဘဲ အတိုဖြတ်လမ်းနည်းဖြင့် ကြီးပွါးမှုကို ရှောင်ကြဉ်ပြီး အရှည်ကို မြော်မြင်တတ်သော ဉာဏ်ပညာနှင့် ပြည့်စုံသူများ ဖြစ်ကြပါကုန်လော့။

(၃) သိဝိမင်းကြီးဟောကြားသော တတိယအချက်၌ 'သာဓုမိတ္တာန မဒ္ဒုဗ္ဘော' မိတ္တာနံ- အဆွေခင်ပွန်း မိတ်ဆွေတို့ကို၊ အဒ္ဒုဗ္ဘော- မပြစ်မှား မဖျက်ဆီးခြင်းသည်၊ သာဓု- ကောင်း၏ဟု ဆိုထားလေရာ အဆွေခင်ပွန်း မိတ်ဆွေအစစ်အမှန်ဖြစ်သော အဘိပါရကစစ်သူကြီး၏ ဇနီးမယားကို ယူမှုတော့ အဆွေခင်ပွန်းမိတ်ဆွေကို ပြစ်မှားဖျက်ဆီးရာ ရောက်သောကြောင့် အဘိပါရက စစ်သူကြီးက အတန်တန်အပ်နှင်းသော်လည်း သိဝိမင်းကြီးသည် လက်မခံဘဲ ပယ်ချနိုင်ခဲ့လေသည်။ မိမိ၏ ပစ္စုပ္ပန်အကျိုးစီးပွါး, သံသရာအကျိုးစီးပွါးကို လိုလားကြသူတို့သည် မိတ်ဆွေကောင်းပင်ဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့ မိတ်ဆွေကောင်းများအပေါ်၌ ပြစ်မှားခြင်းကို ရှောင်ကြဉ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။

(၄) သိဝိမင်းကြီးဟောကြားသော စတုတ္ထအချက်၌ 'ပါပသာကရဏံ သုခံ' ပါပဿ- မကောင်းမှုကို၊ အကရဏံ- မပြုခြင်းသည်၊ သုခံ- ချမ်းသာကြောင်းတည်းဟု ဆိုထားလေရာ ချမ်းသာသုခကို လိုလားကြသူတို့သည် မကောင်းမှု ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်နိုင်ကြရမည် ဖြစ်သည်။ ကုသိုလ်ကောင်းမှုကို၊ အပြစ်ကင်းသောကိစ္စအရပ်ရပ်တို့ကို စွဲစွဲမြဲမြဲ ပြုလုပ်ကြရမည်ဖြစ်သည်။ **ထို့ကြောင့် မကောင်းမှုဒုစရိုက်တို့ကို ရှောင်ကြဉ်ပြီး အပြစ်ကင်းသောကိစ္စအရပ်ရပ်ဖြစ်သော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်တတ်ကြများ ဖြစ်ကြပါကုန်လော့။**

ဒ္ဒိကမ္မအနက်, အာဏတ္တိယအနက်ဟော သာဓုသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် သာဓုသဒ္ဒါ၏ သုန္ဒရ- ကောင်းခြင်းအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ သာဓုသဒ္ဒါ၏ ဒဠှီကမ္မ- ခိုင်မြဲအောင်ပြုခြင်းအနက်၊ အာဏတ္တိယ- စေခိုင်းခြင်းအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တေနဟိ ဗြာဟ္မဏ သုဏောဟိ သာဓုကံ မနသိကရောဟိ *(အံ- ၂- ၁၉၇ / ၈)*

ဗြာဟ္မဏ- ပုဏ္ဏား၊ **တေနဟိ**- ထိုသို့ကြားနာလိုလျှင်၊ **သုဏာဟိ**- နာလော့၊ **သာဓုကံ**- ကောင်းစွာ ဝါ မြဲစွာ၊ **မနသိ**- စိတ်၌၊ **ကရောဟိ**- ပြုလော့၊ ဝါ **မနသိကရောဟိ**- နှလုံးသွင်းလော့။

အထက်ပါ ပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော်- ပဉ္စကနိပါတ်- စတုတ္ထပဏ္ဏာသက- ဗြာဟ္မဏဝဂ်- ဒေါဏဗြာဟ္မဏသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

ဗုဒ္ဓက ဒေါဏပုဏ္ဏားအား 'ပုဏ္ဏားငါးမျိုးတို့ကို သိသလား' ဟု မေးတော်မူသောအခါ ဒေါဏပုဏ္ဏားက 'မသိပါကြောင်း၊ ထိုပုဏ္ဏားငါးမျိုးတို့ကို သိနိုင်အောင် တရားဟောတော်မူပါ' ဟု တောင်းပန်လျှောက်ထားသည်ဖြစ်၍ ဗုဒ္ဓက ဒေါဏပုဏ္ဏားအား အထက်ပါအတိုင်း မိန့်တော်မူခြင်း ဖြစ်သည်။

ဒဠှီကမ္မအနက်, အာဏတ္တိယအနက်ဟော သာဓုသဒ္ဒါက တရားဟောပုံသဘော

လူ့လောက၌ တရားနာလိုသော ပုဂ္ဂိုလ်တို့သည် တရားဟောမည့်ပုဂ္ဂိုလ်အား တရားဟောတော်မူပါရန် လျှောက်ထား တောင်းပန်လေ့ရှိကြသည်။ ထိုအခါ တရားဟောမည့်ပုဂ္ဂိုလ်က ငါဟောမည့်တရားကို နာလော့။ ကောင်းစွာနှလုံးသွင်းလော့ဟု ပြန်မိန့်ကြားလေ့ရှိကြသည်။ ဤသဘောသည် အထက်ကဖော်ပြခဲ့သော ဗုဒ္ဓနှင့် ဒေါဏပုဏ္ဏားတို့နှင့် သဘောချင်းအတူပင် ဖြစ်လေသည်။ ဒေါဏပုဏ္ဏားသည် ပုဏ္ဏားငါးမျိုးအကြောင်းကို မသိသည့်အတွက် တရားဟောပါမည့်အကြောင်း လျှောက်ထားလေရာ ဗုဒ္ဓက ထိုသို့ နာကြားလိုပါက နာလော့။ ကောင်းစွာနှလုံးသွင်းလော့။ စွဲမြဲအောင်နှလုံးသွင်းလော့' ဟု မိန့်ကြားလေသည်။ ယင်းသို့ မိန့်ကြားတော်မူခြင်းသည် ဒေါဏပုဏ္ဏား၏ တရားနာလိုစိတ်ကို ပို၍ခိုင်မြဲအောင် ပြုလုပ်ပေးလိုက်ခြင်းလည်း ဖြစ်သည်။ မှတ်သားမိအောင် နာကြားဘို့ရာအတွက် စေခိုင်းခြင်းလည်း ဖြစ်သည်။ ထိုသို့ တရားကို ရိုသေစွာ စွဲမြဲစွာ နာကြားပါမှသာလျှင် ဟောအပ်သောတရား၏ အဓိပ္ပါယ်ကို ကောင်းစွာနားလည်ပြီး မိမိလိုလားအပ်သောအကျိုးကို ကောင်းစွာရရှိကြမည် ဖြစ်ပေသည်။ ထို့ကြောင့် တရားတော်ကို **ကောင်းစွာနာကြားသူများ ဖြစ်ကြပါကုန်လော့။ စိတ်ထဲမှာ မှတ်သားမိအောင် စွဲမြဲစွာ နာကြားသူများ ဖြစ်ကြပါကုန်လော့။**

ဤ၌လိုအပ်သောအနက်

သာဓုသဒ္ဒါသည် အထက်က တင်ပြခဲ့သည့်အတိုင်း အာယာစန- ရှေးရှုတောင်းခြင်းအနက်၊ သမ္ပဋိစ္ဆန- လက်ခံခြင်းအနက်၊ သမ္ပဟံသန- ရွှင်လန်းခြင်းအနက်၊ သုန္ဒရ- အကောင်းအနက်၊ ဒဠှီကမ္မ- ခိုင်မြဲအောင်ပြုခြင်းအနက်၊ အာဏတ္တိယ- စေခိုင်းခြင်း အနက်ဟူ၍ (၆)နက်ရှိသည့်အနက်က ဤသာမညဖလသုတ်၌ **ဒဠှီကမ္မအနက်, အာဏတ္တိယအနက်, သုန္ဒရအနက်** တို့ကို လိုအပ်ပေသည်။

ဤစကားအရ ဗုဒ္ဓနှင့် အဇာတသတ်မင်းကြီးတို့၏ စကားစပ်ကို ပြန်၍ဆက်ပြရသော် အဇာတသတ်မင်းကြီးက ဗုဒ္ဓအား 'သန္ဒိဋ္ဌိက' ယခုဘဝတွင်ပင် ကိုယ်တိုင်သိမြင်ရသော 'သာမညဖလ' ရဟန်းပြုခြင်းအကျိုးကို မေးလျှောက်သောအခါ ဗုဒ္ဓက

ကျွန်ဥပမာ, လယ်သမားဥပမာကိုပြ၍ တရားဟောသည်ကို အဇာတသတ်မင်းကြီးသည် အလွန်သဘောကျ အားရကျေနပ်သည် ဖြစ်၍ 'ပဏီတတရ' ထိုထက်သာလွန်မွန်မြတ်သော 'သန္ဒိဋ္ဌိက သာမညဖလ' ယခုဘဝတွင်ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရ ခြင်းအကျိုးကို ဟောတော်မူပါဦးဟူ၍ လျှောက်ကြားသောအခါ ဗုဒ္ဓသည် ရှိသေစွာ နာကြားစေလိုသည်ဖြစ်၍ အထက်က တင်ပြခဲ့ သည့်အတိုင်း-

တေနဟိ မဟာရာဇ သုဏောဟိ သာဓုကံ မနသိကရောဟိ ဘာသိဿာမိတိ။ *(ဒီ- ၁- ၅၇)*

မဟာရာဇ- မင်းကြီး၊ **တေနဟိ**- ထိုသာလွန်မွန်မြတ်သော သန္ဒိဋ္ဌိကသာမညဖလကို နာကြားလိုလျှင်၊ **သုဏောဟိ**- နာကြားလော့၊ **သာဓုကံ**- ကောင်းစွာ၊ **မနသိကရောဟိ**- နှလုံးသွင်းလော့၊ **ဘာသိဿာမိ**- ဟောကြားပေအံ့၊ **ဣတိ**- ဤသို့မိန့်ကြား တော်မူပြီ။

ထိုအခါ အဇာတသတ်မင်းကြီးသည် အားတက်သရောရှိသည်ဖြစ်၍ အောက်ပါအတိုင်း ပြန်လည်လျှောက်ကြားလေသည်။

ဧဝံ ဘန္တေတိ ခေါ ရာဇာ အဇာတသတ္တု ဘဂဝတော ပစ္စဿောသိ။

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **ဧဝံ**- ကောင်းပါပြီ၊ **ဣတိခေါ**- ဤသို့လျှင်၊ **ရာဇာ အဇာတသတ္တု**- အဇာတသတ်မင်းကြီး သည်၊ **ဘဂဝတော**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓအား၊ **ပစ္စဿောသိ**- ဝန်ခံလျှောက်ကြားပြီ။

ဗုဒ္ဓပွင့်တော်မူလာပုံကို ပြဆိုတော်မူခြင်း

ထိုအခါ ဗုဒ္ဓသည် ဆက်၍တရားဟောတော်မူရန် အောက်ပါတရားစကားကို အခြေပျိုးလိုက်တော်မူလေပြီ။

ဣဓ မဟာရာဇ တထာဂတော လောကေ ဥပ္ပဇ္ဇတိ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။ *(ဒီ- ၁- ၅၇)*

မဟာရာဇ- မင်းကြီး၊ **အရဟံ**- ပူဇော်အထူးကို ခံတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓေါ**- အလုံးစုံသောတရားတို့ကို ကိုယ်တိုင် မှန်စွာသိမြင်တော်မူသော၊ **ဝိဇ္ဇာစရဏသမ္ပန္နော**- အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏနှင့် ပြည့်စုံတော်မူသော၊ **သုဂတော**- ကောင်းသောစကားကို ဆိုတော်မူတတ်သော၊ **လောကဝိဒူ**- လောကသုံးပါးကို သိတော်မူတတ်သော၊ **အနုတ္တရောပုရိသ ဒမ္မသာရထိ**- ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော၊ **ဒေဝမနုဿာနံ**- နတ်လူတို့၏၊ **သတ္ထာ**- ဆရာဖြစ်တော်မူသော၊ **ဗုဒ္ဓေါ**- သစ္စာလေးပါးကို ကိုယ်တော်တိုင်လည်းသိ, သူတစ်ပါးတို့ကိုလည်း သိစေတော်မူသော၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော၊ **တထာဂတော**- တထာဂတသည်၊ **ဣဓလောကေ**- ဤလောက၌၊ **ဥပ္ပဇ္ဇတိ**- ဖြစ်ထွန်းပွင့်ပေါ်တော်မူ လာ၏။

ဣဓသဒ္ဒါ ဟောအပ်သော အနက်များ

အထက်ပါ ပါဠိတော်၌ ဣဓသဒ္ဒါ ပါရှိလေရာ ထိုဣဓသဒ္ဒါသည် လောကဟူသောအနက်၊ သာသနာဟူသောအနက်၊ ဩကာသအရပ်ဟူသောအနက်၊ ပဒပူရဏဟူသောအနက်တို့၌ ဖြစ်လေသည်။

လောကအနက်ဟော ဣဓသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ ဣဓသဒ္ဒါ၏ လောကအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဣဓ တထာဂတော လောကေ ဥပ္ပဇ္ဇတိ။ *(အံ- ၁- ၁၆၉)*

ဣဓလောကေ- ဤလူ့လောက၌၊ **တထာဂတော**- တထာဂတခေါ်ရ မြတ်ဗုဒ္ဓသည်၊ **ဥပ္ပဇ္ဇတိ**- ဖြစ်ထွန်းပွင့်ပေါ်တော်မူ လာပြီ။

အထက်ပါ ပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော်– တိကနိပါတ်– ဒုတိယပဏ္ဏာသက– သင်္ဂါရဝသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

သင်္ဂါရဝပုဏ္ဏားသည် ရှင်တော်ဗုဒ္ဓအား အောက်ပါစကားကို လျှောက်ထားလေသည်။

'အရှင်ဂေါတမ အကျွန်ုပ်တို့ ပုဏ္ဏားတို့သည် သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းဟူသော အလှူဒါနကို ကိုယ်တိုင်လည်း ပူဇော်ပါသည်။ သူတစ်ပါးတို့ကိုလည်း ပူဇော်စေပါသည်။ ထိုသို့ပူဇော်သည့်အတွက် **'အနေကသာရီရိက'** များစွာသော သတ္တဝါတို့၏ အကျိုးစီးပွါးအတွက်ဖြစ်သော၊ **'ပုညပ္ပဋိပဒ'** ကုသိုလ်အကျင့်ကို၊ **'ဥပ္ပန္နာ ဟောန္တိ'** ကျင့်ကြသည် မည်ပါကုန်၏။

'ယဿဝါ တဿဝါ ကုလာ' ထိုထိုဤဤအမျိုးမှ၊ **'ပဗ္ဗဇိတော'** ရဟန်းပြု၍ သော– ထိုရဟန်းသည်၊ **'ဧကံ အတ္တာနံ ဒမေတိ'** မိမိတစ်ကိုယ်တည်းကိုသာ ဆုံးမ၏။ **'ဧကံ အတ္တာနံ သမေတိ'** မိမိတစ်ကိုယ်တည်းကိုသာလျှင် ကိလေသာမှ ငြိမ်းစေ၏။ ဤသို့ကျင့်သော ထိုရဟန်းသည် **'ဧကသာရီရိက'** မိမိတစ်ကိုယ်ကောင်းအကျင့်ဖြစ်သော၊ **'ပုညပ္ပဋိပဒ'** ကုသိုလ်အကျင့်ကို၊ **'ပဋိပန္နော ဟောတိ'** ကျင့်ခြင်းဖြစ်၏ဟု လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓသည် သင်္ဂါရဝပုဏ္ဏားအား အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူသည်။

၁။ ဣဓ တထာဂတော လောကေ ဥပ္ပဇ္ဇတိ	– ဤလူ့လောက၌ ဗုဒ္ဓ ဖြစ်ထွန်းပွင့်ပေါ်တော်မူလာ၏။
၂။ သော ဧဝံ အာဟ	– ထိုဗုဒ္ဓသည် ဤသို့မိန့်ကြားတော်မူ၏။
၃။ ဧထ အယံမဂ္ဂေါ အယံပဋိပဒါ	– လာကြကုန်၊ ဤသည်ကား ဒုက္ခငြိမ်းရန် လမ်းစဉ်တည်း။ ဤသည်ကား ဒုက္ခငြိမ်းရန်အကျင့်တည်း။
၄။ ယထာ ပဋိပန္နော အဟံ အနုတ္တရိယံ	– ယင်းသို့သော အကျင့်လမ်းစဉ်ဖြင့် ကျင့်ပြီးသော ငါဗုဒ္ဓသည် အမြတ်ဆုံးဖြစ်သော
၅။ ဗြဟ္မစရိယဂေဓံ သယံ အဘိညာယ သစ္ဆိကတွာ ပဝေဒေမိ–	အရဟတ္တမဂ်ဟူသော မြတ်သောအကျင့်၏ တည်မှီရာနိဗ္ဗာန်ကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြု၍ ဟောကြားတော်မူပြီ။
၆။ ဧထ တုမှေပိ တထာ ပဋိပဇ္ဇထ	– လာကြကုန်၊ သင်တို့သည်လည်း ထိုအတူ ကျင့်ကြကုန်လော့။
၇။ ဣတိ အယံစေဝ သတ္ထာ ဓမ္မံ ဒေသေတိ	– ဤသို့ မိန့်တော်မူသည့်အတိုင်း ဤဆရာသခင် ရှင်တော်ဗုဒ္ဓသည်လည်း တရားဟောတော်မူ၏။
၈။ ပရေစ တထတ္တာယ ပဋိပဇ္ဇန္တိ	– သူတစ်ပါးတို့သည်လည်း ထိုဒုက္ခချုပ်ငြိမ်းခြင်းအကျိုးငှာ ကျင့်ကြကုန်၏။
၉။ တာနိခေါ် ပန	– ထိုဗုဒ္ဓလမ်းစဉ်အတိုင်း ဒုက္ခချုပ်ငြိမ်းအောင် ကျင့်ကြသူတို့သည်ကား
၁၀။ အနေကာနိပိ သတာနိ	– ရာပေါင်းများစွာသောသူတို့သည်လည်းကောင်း၊
၁၁။ အနေကာနိပိ သဟဿာနိ	– ထောင်ပေါင်းများစွာသောသူတို့သည်လည်းကောင်း၊
၁၂။ အနေကာနိပိ သတသဟဿာနိ	– သိန်းပေါင်းများစွာကုန်သောသူတို့သည်လည်းကောင်း၊ ဟောန္တိ– ဖြစ်ကုန်၏။

ထိုသို့ ဟောကြားတော်မူပြီးနောက် ဗုဒ္ဓသည် သင်္ဂါရဝပုဏ္ဏားအား အောက်ပါအတိုင်း ဆက်၍မေးတော်မူလေသည်။

ဣစ္စာယံ ဧဝံ သန္တေ ဧကသာရီရိကာဝါ ပုညပ္ပဋိပဒါ ဟောတိ။ အနေကသာရီရိကာဝါ၊ ယဒိဒံ ပဗ္ဗဇ္ဇာဓိကရဏန္တိ။

ဧဝံသန္တေ– ဤသို့ တထာဂတလမ်းစဉ်အတိုင်း ဒုက္ခချုပ်ငြိမ်းရန် သိန်းပေါင်းများစွာသော ပုဂ္ဂိုလ်တို့ ကျင့်ကြသည်ရှိသော်၊ **ပဗ္ဗဇ္ဇာဓိကရဏံ**– ရဟန်းပြုခြင်းဟူသော အကြောင်းကြောင့်၊ **ဣစ္စာယံ ပုညပ္ပဋိပဒါ**– ဤကုသိုလ်အကျင့်သည်၊ **ဧကသာရီရိကာ**– တစ်ကိုယ်ကောင်းဆန်သော၊ **ပုညပ္ပဋိပဒါဝါ**– ကုသိုလ်အကျင့်သော်လည်း၊ **ဟောတိ**– ဖြစ်လေသလော၊ **အနေကသာရီရိကာ**– အများအတွက်ဖြစ်သော၊ **ပုညပ္ပဋိပဒါဝါ**– ကုသိုလ်အကျင့်သော်လည်း၊ **ဟောတိ**– ဖြစ်လေသလော၊ **ဣတိ**– ဤသို့မေးတော်မူလေပြီ။

ထိုအခါ သင်္ဂါရဝပုဏ္ဏားသည် အောက်ပါအတိုင်း အဖြေပေးလေသည်။

ဣစ္စာယမ္ပိ ဘော ဂေါတမ ဧဝံ သန္တေ အနေကသာရီရိကာ ပုညပ္ပဋိပဒါ ဟောတိ ယဒိဒံ ပဗ္ဗဇ္ဇာဓိကရဏန္တိ။
(အံ– ၁– ၁၆၉)

ဘောဂေါ်တမ– အရှင်ဂေါတမ၊ **ဝေသန္တေ**– ဤသို့ တထာဂတလမ်းစဉ်အတိုင်း ဒုက္ခချုပ်ငြိမ်းရန် သိန်းပေါင်းများစွာသော ပုဂ္ဂိုလ်တို့ ကျင့်ကြသည်ရှိသော်၊ **ပဗ္ဗဇ္ဇာဓိကရဏံ**– ရဟန်းပြုခြင်းဟူသော အကြောင်းကြောင့်၊ **ယဒိဒံ ပုညပ္ပဋိပဒါ**– အကြင်ကုသိုလ် အကျင့်သည်၊ **ဟောတိ**– ဖြစ်၏၊ **ဣတ္ထဓမ္မာယမ္ပိ ပုညပ္ပဋိပဒါ**– ဤကုသိုလ်အကျင့်သည်လည်း၊ **အနေကသာရီရိကာ**– အများအတွက် ဖြစ်သော၊ **ပုညပ္ပဋိပဒါ**– ကုသိုလ်အကျင့်သည်၊ **ဟောတိ**– ဖြစ်ပါ၏၊ **ဣတိ**– ဤသို့လျှောက်ထားပြီ။

လောကအနက်ဟော ဣဓသဒ္ဒါက တရားဟောပုံသဘော

(၁) သင်္ဂါရဝပုဏ္ဏားၢ၏အယူ၌ အခြေနှစ်ချောင်း, အခြေလေးချောင်းရှိကုန်သော တိရစ္ဆာန်သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်၍ မိမိကိုယ်တိုင်လည်း ယဇ်ပူဇော်ခြင်း၊ သူတစ်ပါးတို့ကိုလည်း ယဇ်ပူဇော်စေခြင်းသည် အများအတွက် အကျိုးဆောင်ရွက်ရာ ရောက်သည်။ ဗုဒ္ဓသာသနာတော်၌ ရဟန်းပြုကြသူတို့ကား ဆိတ်ငြိမ်ရာအရပ်၌ တစ်ပါးတည်းနေ၍ အေးချမ်းစွာနေသည့်အတွက် တစ်ကိုယ်ကောင်း ဆန်စွာ တစ်ဦးတည်းကောင်းစားရေးသာ ကျင့်သည်ဟုယူဆပြီး ယူဆသည့်အတိုင်း ဗုဒ္ဓအား လျှောက်ထားလေသည်။ အမှန်စင်စစ် အားဖြင့် သင်္ဂါရဝပုဏ္ဏားတို့ သူတစ်ပါးအသက်ကို သတ်ဖြတ်ပြီး ယဇ်ပူဇော်ခြင်းသည် အကုသိုလ်အလုပ် ဖြစ်သည်။ ယင်းအကုသိုလ် အလုပ်ကို ကုသိုလ်အလုပ်ဟု ထင်မှတ်နေခြင်းကပင်လျှင် မှားယွင်းသောအယူအဆ ဖြစ်လေသည်။ ထို့ကြောင့် ထိုကဲ့သို့ မှားယွင်းသော **အယူကို မယူမိကြသူများ ဖြစ်ကြပါကုန်လော့။ မှားယွင်းသောအလုပ်ကို မလုပ်မိကြသူများ ဖြစ်ကြပါကုန်လော့။**

(၂) သို့ရာတွင် ဗုဒ္ဓသည် သင်္ဂါရဝပုဏ္ဏား၏ မှားယွင်းသောအယူအဆ အလုပ်အကိုင်တို့ကို ဝေဘန်ပြောဆိုခြင်း မပြုဘဲ ဤလူ့လောက၌ ဗုဒ္ဓပွင့်ပေါ်လာခြင်းသည် တစ်ဦးတစ်ယောက်တည်း ကုသိုလ်လုပ်ငန်းတွေကို လုပ်ကိုင်နိုင်ဘို့ရာအတွက် မဟုတ်ဘဲ လူနတ်ဗြဟ္မာသတ္တဝါအများတို့ ကုသိုလ်လုပ်ငန်းတွေကို လုပ်နိုင်ကြရေးအတွက် ပွင့်ပေါ်တော်မူလာခြင်းဖြစ်ကြောင်းကို သင်္ဂါရဝပုဏ္ဏား နားလည်အောင် ဟောကြားပြလိုက်သောအခါ သင်္ဂါရဝပုဏ္ဏားသည် ကောင်းစွာနားလည်သွားလေသည်။ နောက်ဆုံးတွင် သင်္ဂါရဝ ပုဏ္ဏားသည် ဗုဒ္ဓဘာသာဝင်အဖြစ်ကို ခံယူသွားလေသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာကိုပြုကြသော ပုဂ္ဂိုလ်တို့သည် ဘာသာခြားများ **နှင့် တရားစကားပြောကြားရာ၌ သူတစ်ပါးဘာသာကို ဝေဘန်ခြင်းမပြုဘဲ ဗုဒ္ဓ၏တရားတော်သဘောကိုသာ နားလည် သဘောပေါက်အောင် ပြောကြားတတ်သူများ၊ ဟောကြားတတ်သူများ ဖြစ်ကြပါကုန်လော့။**

(၃) 'ဣဓ လောကေ တထာဂတော ဥပ္ပဇ္ဇတိ' ဤလောက၌ ဗုဒ္ဓပွင့်တော်မူလာပြီဟူသော စကားအရ ယခုအချိန်ကာလ တွင် သက်တော်ထင်ရှား ဗုဒ္ဓမရှိသော်လည်း ဗုဒ္ဓသက်တော်ထင်ရှား ရှိတော်မူစဉ်က ဟောကြားထားခဲ့သော ပိဋကသုံးပုံဟူသောတရား များ အပြည့်အစုံရှိနေ၍ ယနေ့တိုင်အောင်လည်း ဗုဒ္ဓသာသနာတော်သည် ရှိနေဆဲ ဖြစ်လေသည်။ ယခုလို ဗုဒ္ဓသာသနာတော်နှင့် **ကြုံတွေ့နေခိုက်မှာ ဗုဒ္ဓ၏တရားတော်များကို ရိုသေလေးမြတ်စွာ လိုက်နာကျင့်သုံးတတ်သူများ ဖြစ်ကြပါကုန်လော့။**

သာသနအနက်ဟော ဣဓသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဣဓသဒ္ဒါ၏ လောကအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဣဓသဒ္ဒါ၏ သာသနာအနက်၌ ဖြစ်ပုံ သာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဣဓေဝ ဘိက္ခဝေ ပဌမော သမဏော ဣဓ ဒုတိယော သမဏော *(အံ– ၁– ၂၆၀)*

ဘိက္ခဝေ– ရဟန်းတို့၊ **ဣဓေဝ**– ဤဗုဒ္ဓသာသနာတော်၌သာ၊ **ပဌမော**– ပဌမဖြစ်သော၊ **သမဏော**– သောတာပန်ရဟန်း သည်၊ **အတ္ထိ**– ရှိ၏၊ **ဣဓဧဝ**– ဤဗုဒ္ဓသာသနာတော်၌သာလျှင်၊ **ဒုတိယော**– ဒုတိယဖြစ်သော၊ **သမဏော**– သကဒါဂါမ်ရဟန်းသည်၊ **အတ္ထိ**– ရှိ၏။

အထက်ပါ ပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော်– စတုက္ကနိပါတ်– ပဌမ ပဏ္ဏာသက– သမဏသုတ်၌ လာရှိလေသည်။ ထို သုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗုဒ္ဓသည် ရဟန်းတို့အား သမဏသုတ်တရားတော်ကို အောက်ပါအတိုင်း ဟောကြားတော်မူပါသည်။

‘ဣဓေဝ ဘိက္ခဝေ သမဏော၊ ဣဓ ဒုတိယော သမဏော၊ ဣဓ တတိယော သမဏော၊ ဣဓ စတုတ္ထော သမဏော၊ သုညာပရပ္ပဝါဒါ သမဏေဟိ အညေဟီ’တိ ဧဝမေတံ ဘိက္ခဝေ သမ္မာ သီဟနာဒံ နဒထ။ *(အံ- ၁- ၅၆၀)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဣဓေဝ**- ဤဗုဒ္ဓသာသနာတော်၌သာလျှင်၊ **သမဏော**- ပဌမဖြစ်သော သောတာပန်ရဟန်းသည်၊ **အတ္ထိ**- ရှိ၏၊ **ဣဓဝေ**- ဤဗုဒ္ဓသာသနာတော်၌သာလျှင်၊ **ဒုတိယော**- ဒုတိယဖြစ်သော၊ **သမဏော**- သကဒါဂါမ်ရဟန်းသည်၊ **အတ္ထိ**- ရှိ၏၊ **ဣဓဝေ**- ဤဗုဒ္ဓသာသနာတော်၌သာလျှင်၊ **တတိယော**- တတိယဖြစ်သော၊ **သမဏော**- အနာဂါမ်ရဟန်းသည်၊ **အတ္ထိ**- ရှိ၏၊ **ဣဓေဝ**- ဤဗုဒ္ဓသာသနာတော်၌သာလျှင်၊ **စတုတ္ထော**- စတုတ္ထဖြစ်သော၊ **သမဏော**- ရဟန္တာရဟန်းသည်၊ **အတ္ထိ**- ရှိ၏၊ **ပရပ္ပဝါဒါ**- ဤဗုဒ္ဓသာသနာတော်မှတပါး အခြားသောအယူဝါဒတို့သည်၊ **အညေဟိ**- သစ္စာလေးပါးကို သိကုန်သော၊ **သမဏေဟိ**- သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ’ ဟူသော ရဟန်းလေးမျိုးတို့မှ၊ **သုညာ**- ဆိတ်သုဉ်းကုန်၏။

ဘိက္ခဝေ- ရဟန်းတို့ **ဧဝမေတံ**- ဤအတိုင်းပင်၊ **သမ္မာ**- ဟုတ်မှန်စွာ၊ **တေ သီဟနာဒံ**- ဤမရှုံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက် ကြုံးဝါးမြွက်ဆိုခြင်းကို၊ **နဒထ**- ကြုံးဝါးမြွက်ဆိုကြကုန်လော့။

၁။ ပဌမ သောတာပန်ပုဂ္ဂိုလ်သည် အပါယ်လေးပါးသို့ မကျတော့ပြီ။
၂။ ဒုတိယ သကဒါဂါမ်ပုဂ္ဂိုလ်သည် နောက်ထပ်ဤလူ့ဘုံသို့ တစ်ကြိမ်သာ လာရောက်တော့မည်။
၃။ တတိယ အနာဂါမ်ပုဂ္ဂိုလ်သည် ဤကာမဘုံသို့ ပြန်မလာတော့ဘဲ ရူပဘုံ၌ပင် ပရိနိဗ္ဗာန်ပြုမည်။
၄။ စတုတ္ထ ရဟန္တာပုဂ္ဂိုလ်သည် ဤဘဝနောက်ဆုံးဘဝအဖြစ်နှင့် ပရိနိဗ္ဗာန်ပြုမည်။

သာသနအနက်ဟော ဣဓသဒ္ဒါက တရားဟောပုံသဘော

(၁) ဗုဒ္ဓသာသနာတော်၌ အဓိကလမ်းစဉ် လေးချက်ရှိသည်။ ပဌမအချက်သည် ပုထုဇဉ်ဘဝမှ သောတာပန်အဖြစ်သို့ ရောက်အောင် ကျင့်ရခြင်းဖြစ်သည်။ ဒုတိယအချက်သည် သောတာပန်အဖြစ်မှ သကဒါဂါမ်အဖြစ်သို့ရောက်အောင် ကျင့်ရခြင်းဖြစ်သည်။ တတိယအချက်သည် သကဒါဂါမ်အဖြစ်မှ အနာဂါမ်အဖြစ်သို့ရောက်အောင် ကျင့်ရခြင်းဖြစ်သည်။ စတုတ္ထအချက်သည် အနာဂါမ်အဖြစ်မှ ရဟန္တာအဖြစ်သို့ရောက်အောင် ကျင့်ရခြင်းဖြစ်သည်။ ရဟန္တာအဆင့်သို့ ရောက်သွားလျှင် ကျင့်သုံးမှုကိစ္စ ပြီးမြောက်သွားပြီ ဖြစ်သည်။ **ထို့ကြောင့် ထိုအဆင့်လေးဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့်ရောက်အောင် ကြိုးစားအားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

(၂) ပုထုဇဉ်လူသားတို့သည် (၃၁)ဘုံဟူသော လောက၌ ကျင်လည်ကြရမည် ဖြစ်သည်။ ထိုတွင် ကြောက်လန့်ထိတ်လန့်ဖွယ် အကောင်းဆုံးအဖြစ်နှင့် ကျင်လည်ရမည့်ဘုံသည် အပါယ်လေးဘုံဖြစ်သည်။ ထိုအပါယ်လေးဘုံတွင်လည်း တိရစ္ဆာန်ဘုံထက် ပြိတ္တာဘုံက ပို၍ကြောက်မက်ဖွယ်ကောင်းသည်။ ပြိတ္တာဘုံထက် အသုရကာယ်ဘုံက ပို၍ကြောက်မက်ဖွယ်ကောင်းသည်။ အသုရကာယ်ဘုံထက် ငရဲဘုံက ပို၍ကြောက်မက်ဖွယ်ကောင်းသည်။ **ပုထုဇဉ်အဖြစ်နှင့် ရှိနေသမျှ ကာလပတ်လုံး ထိုအပါယ်လေးဘုံမှ လွတ်မြောက်နိုင်မည် မဟုတ်သောကြောင့် အပါယ်လေးဘုံ၌ မကျင်လည်လိုကြသော ပုဂ္ဂိုလ်တို့သည် ပုထုဇဉ်ဘဝကို ရှုံမုန်းပြီး ဗုဒ္ဓလမ်းစဉ်အရ သောတာပန် တကယ်ဖြစ်အောင် ကြိုးစားနိုင်သူများ ဖြစ်ကြပါကုန်လော့။**

(၃) ဗုဒ္ဓသာသနာတော်၌ ‘ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ’ ဟူ၍ ပုဂ္ဂိုလ်ငါးမျိုးရှိသည်။ ဗုဒ္ဓသာသနာတော်မှတပါးသော အခြားသော အယူဝါဒလောက၌ ပုထုဇဉ်ပုဂ္ဂိုလ်သာ ရှိလေသည်။ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည်ပင်လျှင် သောတာပန်ဖြစ်အောင် ဝိပဿနာတရား အားထုတ်နေသော အာရဒ္ဓဝိပဿက ပုထုဇဉ်ပုဂ္ဂိုလ်, သောတာပန်ဖြစ်အောင် အားထုတ်ရမှန်းပင်မသိသော ပုထုဇဉ်ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးရှိလေသည်။ အခြားသောအယူဝါဒတို့၌ သောတာပန်ဖြစ်အောင် အားထုတ်နေသော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ပင် မရှိပေ။ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့ မရှိနိုင်ပုံမှာကား ပြောဘွယ်ရာပင် မလိုတော့ပေ။ သို့ဖြစ်၍ ဗုဒ္ဓက ဗုဒ္ဓသာသနာတော်၌သာလျှင် ‘သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ’ ပုဂ္ဂိုလ်များရှိကြောင်းကို ရဲတင်းစွာ ပြောဆိုကြကုန်လော့ဟု မိန့်ကြားတော်မူခြင်း ဖြစ်သည်။ **ဤအချက်သည်ပင် အခြားသော ဘာသာသာသနာနှင့် မတူသော ဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်သည်ကို လေးလေးနက်နက် သိမြင်ကြပြီး အနည်းဆုံး သောတာပန်အဆင့်သို့ရောက်အောင် အောက်ထစ်ဆုံး အာရဒ္ဓဝိပဿက ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်အောင် ဝိပဿနာတရားကို အစွမ်းကုန် ယုံကြည်မှုအပြည့်နှင့် ကြိုးစားအားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

ဩကာသအနက်ဖော ဣဓသေဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဣဓသဒ္ဒါ၏ သာသနအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဣဓသဒ္ဒါ၏ ဩကာသအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဣဓေဝ တိဋ္ဌမာနဿ၊ ဒေဝဘူတဿ မေ သတော၊

ပုနရာယုစ မေ လဒ္ဓေါ၊ ဧဝံ ဇာနာဟိ မာရိသ။ *(ဒီ- ၂- ၂၂၇)*

မာရိသ- ဒုက္ခကင်းကွာ စိတ်ချမ်းသာသည့် မြတ်စွာဗုဒ္ဓဘုရား၊ **မေ**- တပည့်တော်သည်၊ **ဣဓေဝ ဩကာသေ**- ဤ ဣန္ဒသာလလိုဏ်ဂူဝအရပ်၌ပင်၊ **တိဋ္ဌမာနဿ**- တည်သည်ဖြစ်၍၊ **ဒေဝဘူတဿ**- နတ်သိကြားအသစ်သည်၊ **သတော**- ဖြစ်၍၊ **မေ**- တပည့်တော်သည်၊ **ပုန**- တစ်ဖန်၊ **အာယုစ**- နတ်သက်အသစ်ကိုလည်း၊ **လဒ္ဓေါ**- ရအပ်ပြီ၊ **ဧဝံ**- ဤသို့ နတ်သက်အသစ်ကို ရအပ်ပြီဟူ၍၊ **ဇာနာဟိ**- သိတော်မူပါလော့။

အထက်ပါ ပါဠိရပ်သည် သုတ်မဟာဝါပါဠိတော်- သက္ကပဉှသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

နတ်တို့ကို အစိုးရသော သိကြားမင်းသည် လူ့ဘဝက အသက်ထက်ဆုံး ကြီးသူတို့အား ရိုသေခြင်း၊ အမျက်မထွက်ခြင်း၊ မှန်သောစကားကို ပြောဆိုခြင်း၊ ဇရပ်ဆောက်ခြင်း၊ တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ လမ်းပြင်ခြင်း၊ ရေတွင်းရေကန်တို့ကို တူးဖော်ခြင်းစသော ကုသိုလ်ကောင်းမှုကြောင့် သိကြားမင်းအဖြစ်သို့ ရောက်လာခဲ့ပေသည်။ ထိုသိကြားမင်းသည် တာဝတိံသာနတ်ပြည်၌ လူတို့၏ အရေအတွက်အားဖြင့် သုံးကုဋေ ခြောက်သန်း သိကြားမင်းစည်းစိမ်ကို ခံစားပြီး သက်တန်းစေ့၍ သေရမည့် အချိန်ကာလသို့ရောက်ခါနီး အချိန်ကာလ၌ သိကြားမင်းစည်းစိမ်ကို စွန့်ခွာရမည့်အရေးကိုတွေး၍ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်ရသည်။ အကြောင်းကား သိကြားမင်းသည် ပုထုဇဉ်မှုသာဖြစ်၍ ယခုဘဝ သေလွန်ပြီးနောက် နောက်ဘဝတွင် သိကြားမင်းဖြစ်ရန် အခြေအနေ မရှိသောကြောင့် ဖြစ်လေသည်။

သိကြားမင်းသည် ထိုစိတ်မချမ်းမသာဖြစ်မှုကို ပယ်ဖျောက်နိုင်ရန်အတွက် များစွာသော နတ်အပေါင်း ခြံရံလျက် ဗုဒ္ဓရှိနေရာ ဣန္ဒသာလဂူသို့ ချဉ်းကပ်၍ ဗုဒ္ဓဟောကြား ဖြေကြားတော်မူအပ်သော တရားဒေသနာတော်ကို နာကြားရာတွင် ဥပေက္ခာဝေဒနာ အဆုံး၌ သောတာပန်အဖြစ်သို့ ရောက်သွားလေသည်။ သောတာပန်ဖြစ်ပြီး၍ တစ်ခဏအတွင်းပင် နတ်သက်ကြွေ၍ (သေ၍) သိကြားမင်းအသစ်ဘဝကိုပင် ပြန်ရလေသည်။ ဤသို့ သောတာပန်ဘဝနှင့် သိကြားမင်း အသစ်ဘဝကို ပြန်ရသည့်အတွက် အလွန်ဝမ်းမြောက်ခြင်း ဖြစ်ရကြောင်းကို ဗုဒ္ဓအား အထက်ကဖော်ပြခဲ့သော ဂါထာဖြင့် လျှောက်ထားခြင်းဖြစ်သည်။

ဩကာသအနက်ဖော ဣဓသေဒ္ဒါက တရားဖောပုံသဘော

(၁) နတ်တို့ကို အစိုးရသော သိကြားမင်းသည် အဘယ့်ကြောင့် သိကြားမင်းအဖြစ်သို့ ရောက်ရသနည်းဟူမူ သိကြားမင်း ဖြစ်နိုင်လောက်သော စိတ်နေစိတ်ထား ကိုယ်ကျင့်သီလ ကုသိုလ်ကံတို့ကြောင့် သိကြားနတ်မင်းအဖြစ်ကိုရခြင်း ဖြစ်လေသည်။ သိကြားမင်းသည် လူ့ဘဝက သိတတ်သော အရွယ်မှစ၍ သက်ဆုံးတိုင်အောင် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူ ဖြစ်သည်။ မေတ္တာထားတတ်သူ ဖြစ်သည်။ သူတပါးတို့၏ လိုအပ်သော အကူအညီကို တက်တက်ကြွကြွ လုပ်ပေးတတ်သူ ဖြစ်သည်။ သူတပါးတို့အပေါ် သည်းခံခွင့်လွှတ်တတ်သူ ဖြစ်သည်။ မှန်သောစကားကို ပြောဆိုတတ်သူ ဖြစ်သည်။ ကြီးသူတို့ကို ရိုသေတတ်သူ ဖြစ်သည်။ အများကောင်းကျိုး, ရပ်ကျိုးရွာကျိုးကို ဆောင်ရွက်တတ်သူ ဖြစ်သည်။ စိတ်ရှည်သူ ဖြစ်သည်။ အမျက်မထွက်တတ်သူ ဖြစ်သည်။ စိတ်၌ထွက်ပေါ်လာသော အမျက်ဒေါသကို ကိုယ်, နှုတ်သို့ မရောက်အောင် ထိန်းသိမ်းနိုင်သူ ဖြစ်သည်။ အလှူခံ ပုဂ္ဂိုလ်တို့ကို စွန့်ကြဲပေးကမ်း လှူဒါန်းတတ်သူ ဖြစ်သည်။ ငါးပါးသီလကို လုံခြုံအောင် ထိန်းနိုင်သူဖြစ်သည်။ လမ်းပြင်ခြင်း, တံတားခင်းခြင်း, ဇရပ်ဆောက်ခြင်း, ရေတွင်းရေကန်တို့ကို တူးဖော်ခြင်း စသောကောင်းမှုလုပ်ငန်းတို့ကို လုပ်ကိုင်တတ်သူ ဖြစ်သည်။ ထိုသို့သော ကုသိုလ်ကံတို့ကြောင့်လည်း သေလွန်သောအခါ သိကြားနတ်မင်းဘဝကို ရရှိခြင်းဖြစ်သည်။ အချုပ်အားဖြင့် သိကြားနတ်မင်းသည်

လူ့ဘဝက သက်ဆုံးတိုင် 'ကိုယ်, နှုတ်, စိတ်' သုံးပါးလုံး ကောင်းခဲ့သည်။ ခေတ်စကားအရ 'လူမှန် နေရာမှန်' ဆိုသည့်အတိုင်း လူ့ဘဝက ကိုယ်, နှုတ်, စိတ် သုံးပါးလုံး ကောင်းခဲ့ခြင်း, မှန်ခဲ့ခြင်းကြောင့် ယင်းနှင့်ထိုက်တန်သော သိကြားနတ်မင်းအဖြစ်ကို ရရှိခြင်းဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါအတိုင်း ကိုယ်, နှုတ်, စိတ် သုံးပါးလုံး ကောင်းအောင်, မှန်အောင် အားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။

(၂) စည်းစိမ်ဥစ္စာချမ်းသာသူသည် ပစ္စည်းမဲ့လူတန်းစား ဆင်းရဲသားအဖြစ်သို့ ရောက်ရမည်ကို အလွန်ကြောက်ရွံ့ကြလေသည်။ အထက်တန်းကျသော ပုဂ္ဂိုလ်တို့သည် အောက်တန်းကျသော အဖြစ်သို့ ရောက်ရမည်ကို အလွန်ကြောက်ရွံ့ကြလေသည်။ အသက်ရှင်လိုသော ပုဂ္ဂိုလ်သည် သေရမည်ကို အလွန်ကြောက်ရွံ့ကြလေသည်။ ဤသည်ကား ပုထုဇဉ်လောက၏ သဘောတော်ထွာ ဓမ္မတာ ဖြစ်ချေသည်။ သိကြားနတ်မင်းသည်လည်း ပုထုဇဉ်ဖြစ်သည့်အားလျော်စွာ သေရမည့် နိမိတ်များကို တွေ့မြင်ရသောအခါ၌ သိကြားနတ်မင်း စည်းစိမ်ကို စွန့်ရမည်ကို အလွန်ကြောက်ရွံ့နေသလို အောက်တန်းကျသောဘဝသို့ ရောက်ရမည်ကိုလည်း အလွန်ကြောက်ရွံ့လေသည်။ အပေါ်ကို မြှောက်တင်လိုက်သောခဲသည် အရှိန်အားကောင်းသလောက်သာ အပေါ်ရောက်ပြီး အရှိန်အဟုန်ကုန်သွားသည်နှင့် အောက်သို့ပြန်ကျဘိသကဲ့သို့ ဤအတူ ပုထုဇဉ်တို့ နယ်ပယ်၌လည်း ကုသိုလ်ကံအရှိန်ရှိတုန်း အထက်တန်း ရောက်နေမည်ဖြစ်ပြီး ကုသိုလ်ကံ အရှိန်ကုန်သွားသောအခါ အောက်သို့ပြန်ကျမည် ဖြစ်သည်။ ထို့ကြောင့် ပုထုဇဉ်အဖြစ်နှင့် ပြုလုပ်သော ကုသိုလ်ကို အမြဲထာဝရ အားကိုး၍ရမည်မဟုတ်ဘဲ သောတာပန်ဖြစ်မှသာ စိတ်ချရမည် ဖြစ်သောကြောင့် သောတာပန်ဖြစ်အောင် အားထုတ်ကြပါကုန်လော့။

(၃) သိကြားနတ်မင်းသည် ထိုသို့ပုထုဇဉ်ဘဝနှင့် သေရမည့်အရေး၊ သေပြီးအောက်တန်းသို့ ဆင်းရမည့်အရေးကို ကြောက်သောကြောင့် ဗုဒ္ဓထံသို့ သွားရောက်၍ တရားနာယူလေသည်။ သိကြားမင်းသည် ဗုဒ္ဓထံသို့ သွားရောက်ပြီး တရားနာယူခြင်းသည် အချည်းနှီးမဖြစ်သော, အဖိုးမဖြတ်နိုင်သော အနှစ်သာရတန်ဖိုးကို ရရှိသွားလေသည်။ ယင်းကား ပုထုဇဉ်ဘဝမှ သောတာပန်အဆင့်သို့ ရောက်ရှိသွားခြင်းပင် ဖြစ်လေသည်။ သောတာပန်ဖြစ်ပြီး ခဏချင်းမှာပင် နတ်သက်လည်း ကြွေသွားလေသည်။ *(သိကြားမင်း သေသွားသည်ဟု ဆိုလိုသည်။)* သို့ရာတွင် တရားနာရသောကုသိုလ်နှင့် သောတာပတ္တိမဂ်ကုသိုလ်ကံ စေတနာတို့ကြောင့် သိကြားမင်းအသစ်ဘဝကို တဖန်ပြန်ရရှိသွားလေသည်။ သောတာပန်၏ ကုသိုလ်သည်, သောတာပတ္တိမဂ်၏ ကုသိုလ်သည် ပုထုဇဉ်ကုသိုလ်ကဲ့သို့ မခိုင်မြဲသောကုသိုလ် မဟုတ်ပေ။ အလွန်ခိုင်မြဲသော ကုသိုလ် ဖြစ်သည်။ အပါယ်လေးပါးကို ပြန်မရောက်နိုင်သော ကုသိုလ်မျိုးဖြစ်သည်။ ကာမသုဂတိ (၇)ဘုံ၌ ခုနစ်ဘဝသာ နေရတော့မည့် ကုသိုလ်မျိုး ဖြစ်သည်။ သို့ဖြစ်၍ အာမခံချက်ရှိသော ကုသိုလ်မျိုး ဖြစ်သည်။ အထက်မဂ်ဉာဏ်တို့ကိုလည်း အလိုအလျောက် ရရှိနိုင်သော ကုသိုလ်မျိုး ဖြစ်သည်။ ထို့ကြောင့် သိကြားမင်းသည် သောတာပန်လည်း ဖြစ်ပြန် သိကြားမင်းဘဝကို ပြန်ရသည် ဖြစ်သောကြောင့် အဘယ်မျှ ဝမ်းမြောက်ဝမ်းသာ ဖြစ်မည်ဆိုသည်ကို အထူးရှင်းပြနေဖွယ်ပင် မလိုတော့ပြီ။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်၌ သောတာပန်ဖြစ်အောင် ဝိပဿနာတရားကို အစွမ်းကုန် အားထုတ်သူများ ဖြစ်ကြပါကုန်လော့။

ပဒပူရဏ အနက်ဟော ဣဓသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဣဓသဒ္ဒါ၏ ဩကာသ- ဤအရပ်၌ ဟူသောအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဣဓသဒ္ဒါ၏ ပဒပူရဏ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဣဓာဟံ ဘိက္ခဝေ ဘုတ္တာဝီ အဿံ ပဝါရိတော။ *(မ- ၁- ၁၆၊ ဒီ ဋ္ဌ- ၁- ၁၅၆)*

ဘိက္ခဝေ- ရဟန်းတို့ ***အဟံ***- ငါဗုဒ္ဓသည်၊ ***ဘုတ္တာဝီ***- ဆွမ်းဘုဉ်းပေးတော်မူပြီးသည်၊ ***ပဝါရိတော***- ပယ်မြစ်စေအပ်ပြီးသည်၊ ***အဿံ***- ဖြစ်၏။

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသ ပါဠိတော်- ဓမ္မဒါယာဒသုတ်၌ လာရှိလေသည်။ ထိုပါဠိ၌ ဣဓသဒ္ဒါ ပါသည့်အတွက် အနက်သီးခြား ထွက်မလာပေ။ ပါဠိတော်ကို ဖွတ်ဆို၍ အဆင်ပြေရုံမျှ ပဒပူရဏ ပုဒ်ပြည့်ရုံသဘောမျှသာ ဖြစ်သည်။

ပဒပရမအနက်ဟော ဂုဏ်တော်ဒေသနာ တရားဟောပုံသဘော

လူ (၁၅)ယောက်ရှိသော အဖွဲ့တစ်ဖွဲ့၌ (၁၅)ယောက်စလုံး စုံစုံညီညီ ရှိသောအခါ ထိုအဖွဲ့သည် တင့်တယ်သည်။ တစ်ယောက်မရှိပါက ထိုတစ်ယောက်အတွက် ကွက်လပ်နေရာဖြစ်နေ၍ အပြည့်အစုံတင့်တယ်မှု မရှိနိုင်ပေ။ ထိုအပြည့်ခံတစ်ယောက် ပါနေသည့်အတွက် အမြင်ကောင်းရုံ တင့်တယ်မှုရှိရခြင်း ဖြစ်သည်။ သို့ရာတွင် ထိုတစ်ယောက်တွင် အရည်အချင်း မရှိသည်ဖြစ်၍ အနှစ်သာရအားဖြင့် တင့်တယ်မှုမရှိပေ။

ပါဠိဂါထာကျ၌လည်း ပုဒ်တစ်ပုဒ်သည် အနက်အဓိပ္ပါယ် မထွက်နိုင်သော်လည်း ပုဒ်အနေအထား အဆင်ပြေအောင် ပုဒ်တစ်ပုဒ်ကို ထည့်ပေးရလေသည်။ ထိုသို့ထည့်ပေးလိုက်သည့်အတွက် ထိုပုဒ်ပါသောဂါထာသည် အမြင်အားဖြင့် အဆင်ပြေသွားလေသည်။ အနက်ပေးကြည့်လျှင်ကား အနက်ပေး၍ ရနိုင်မည်မဟုတ်ပေ။ အကြောင်းကား ပုဒ်ပြည့်ရုံ ပဒပူရဏပုဒ် ဖြစ်နေသောကြောင့် ဖြစ်သည်။

အရာဝတ္ထုပစ္စည်းများကို ထားသိုရာ၌လည်း ထို့အတူ သူ့နေရာနှင့်သူ ကြည့်ရှု၍ကောင်းအောင် ထားတတ်ရန် လိုအပ်ပေသည်။ ပစ္စည်းတစ်ခု လိုနေသည့်အတွက် ကြည့်မကောင်းဘူးဆိုပါက အနှစ်သာရတန်ဘိုး မရှိသော်လည်း အပြင်အားဖြင့် အမြင်ကောင်းအောင် ထိုပစ္စည်းကို ထားပေးရမည် ဖြစ်သည်။ **သို့ဖြစ်၍ အရာရာတွင် အထားအသို အဆင်ပြေအောင် ထားတတ်ကြသူများ ဖြစ်ကြပါကုန်လော့။**

ဤ၌ လိုအပ်သောအနက်

ဤ၌ ဗုဒ္ဓသည် အဇာတသတ်မင်းကြီးအား ပဏီတ သန္ဒိဋ္ဌိက သာမညဖလ ကို ဟောကြားတော်မူလိုသည့်အတွက် **'ဣဓ မဟာရာဇ တထာဂတော လောကေ ဥပ္ပဇ္ဇတိ'**– မင်းကြီး ဤလောက၌ တထာဂတသည် ဖြစ်ထွန်းပွင့်ပေါ်တော်မူလာပြီ ဟူ၍ အစချီလိုက်သည့်အတွက် ဣဓသဒ္ဒါသည် လောကအနက်ကို လိုအပ်သည်မှာ ထင်ရှားလျက် ရှိနေပေသည်။

ဗုဒ္ဓတရားဟောတော်မူပုံကို ပြဆိုတော်မူခြင်း

ဗုဒ္ဓသည် အဇာတသတ်မင်းကြီးအား တထာဂတ ပွင့်တော်မူလာပုံကို ဟောကြားတော်မူပြီးနောက် တထာဂတ တရားဟောပုံကို အောက်ပါအတိုင်း ဆက်၍မိန့်ကြားတော်မူလေသည်။

သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ၊ သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ။ (ဒီ– ၁– ၅၉)

သော– ထိုတထာဂတသည်၊ **သဒေဝကံ**– အောက်နတ်ပြည်ငါးထပ်ရှိ နတ်တို့နှင့်လည်း တကွဖြစ်သော၊ **သမာရကံ**– မာရ်နတ်၏တည်နေရာ ဝသဝတ္တီနတ်ပြည်ရှိ နတ်အပေါင်းနှင့်လည်း တကွဖြစ်သော၊ **သဗြဟ္မကံ**– ဗြဟ္မာ့ဘုံနှစ်ဆယ်နှင့်လည်း တကွဖြစ်သော၊ **ဣမံလောကံ**– ဤဩကာသလောက, သတ္တလောကကိုလည်းကောင်း၊ **သဿမဏဗြာဟ္မဏိံ**– သမဏ ဗြာဟ္မဏတို့နှင့်လည်း တကွဖြစ်သော၊ **သဒေဝမနုဿံ**– သမ္မုတိနတ်ဟူသောမင်း, ကြွင်းသောလူတို့နှင့်လည်း တကွဖြစ်သော၊ **ပဇံ**– သတ္တဝါအပေါင်းကိုလည်းကောင်း၊ **သယံ**– ကိုယ်တော်တိုင်၊ **အဘိညာ**– ထူးကဲလွန်မြတ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူပြီး၍၊ **သစ္ဆိကတွာ**– မျက်မှောက်ပြုတော်မူပြီး၍၊ **ပဝေဒေတိ**– သိစေတော်မူပြီ၊ အသိပေးပြီ။

သစ္ဆိကတွာ ပဝေဒေတိ အဓိပ္ပါယ်

အထက်ပါ ပါဠိရပ်တွင် **သစ္ဆိကတွာ**– မျက်မှောက်ပြုတော်မူပြီး၍၊ **ပဝေဒေတိ**– သိစေတော်မူပြီ၊ အသိပေးပြီ ဟူသော ဆိုလိုချက် အဓိပ္ပါယ်မှာ–

တထာဂတခေါ်ရ မြတ်ဗုဒ္ဓသည် ဗြဟ္မာ, နတ်, လူ အပါယ်လောကသားတို့ကို ဗုဒ္ဓဖြစ်တော်မူရာ ဗောဓိပင်အောက်မှာပင်

ရှေးဦးစွာ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ဖြင့်လည်း ထပ်မံ၍ သိမြင်တော်မူလေသည်။ ဤသို့ သိတော်မူခြင်းကို မျက်စိအောက်ရောက်နေသော အရာကို မြင်ရသကဲ့သို့ မြင်ရခြင်းမျိုး ဖြစ်သောကြောင့် **'သစ္ဆိကတွာ'** မျက်မှောက်ပြု၍ဟု ဆိုရခြင်းဖြစ်သည်။

ထိုသို့ ကိုယ်တော်မြတ် ကိုယ်တော်တိုင် ပိုင်းခြားထင်ထင် မျက်မှောက်ပြုသောအားဖြင့် သိမြင်တော်မူပြီးမှသာ တရားနာသူတို့အား အထက်တန်းကျသော နတ်ပြဟ္မာများရှိကြောင်း၊ အောက်တန်းကျသော အပါယ်ဘုံဌာန၌ ငရဲသူ၊ ငရဲသားများနှင့် ပြိတ္တာများရှိကြောင်းကို ဟောပြတော်မူလေသည်။ ထိုသို့ (၃၁)ဘုံ၌ရှိကြသော သတ္တဝါအမျိုးမျိုး ရှိနေပုံသဘောကို ဟောပြတော်မူခြင်းကို **'ပဝေဒေတိ'** သိစေတော်မူခြင်း၊ အသိပေးခြင်း ဟု ခေါ်ဆိုရလေသည်။

သော– ထိုတထာဂတသည်၊ **အာဒိကလျာဏံ**– အစ၌လည်း ကောင်းသော၊ **မဇ္ဈေကလျာဏံ**– အလယ်၌လည်း ကောင်းသော၊ **ပရိယောသာန ကလျာဏံ**– အဆုံး၌လည်း ကောင်းသော၊ **သာတ္ထံ**– သတိပဋ္ဌာန် အစရှိသော အနက်အဓိပ္ပါယ်နှင့်လည်း ပြည့်စုံသော၊ **သဗျဉ္ဇနံ**– သိထိလ, ဓနိတ အစရှိသော သဒ္ဒါနှင့်လည်း ပြည့်စုံသော၊ **ပရိသုဒ္ဓံ**– ထက်ဝန်းကျင် စင်ကြယ်သော၊ **ဓမ္မံ**– တရားတော်ကို၊ **ဒေသေတိ**– ဟောတော်မူ၏၊ **ဗြဟ္မစရိယံ**– သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ်သော သာသနာတော်ကို၊ **ပကာသေတိ**– ထင်ရှားပြတော်မူပြီ။

ဗုဒ္ဓတရားဟောတော်မူပုံသဘော

အထက်က ဖော်ပြခဲ့သော ပါဠိတော်၏ ဆိုလိုချက်ကို အဋ္ဌကထာနှင့်ညှိ၍ အောက်ပါအတိုင်း တင်ပြပါသည်။

(၁) ထိုတထာဂတသည် နတ်လောက, မာရ်နတ်လောက, ဗြဟ္မာလောက, သမဏလောက, ဗြာဟ္မဏလောက, မင်းစိုးရာဇာလောက, လူလောက, အပါယ်လေးဘုံသားလောကဟု ဆိုအပ်သော သတ္တလောက အလုံးစုံကို ကိုယ်တိုင် သဗ္ဗညုတဉာဏ်တော်ဖြင့် မျက်မှောက်ထင်ထင် သိမြင်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလေပြီ။

(၂) ထိုတထာဂတသည် တရားဟောတော်မူရာ၌ သတ္တဝါတို့အပေါ်၌ သနားခြင်းရှိတော်မူခြင်းကြောင့် အတုမရှိသော မိမိ၏ ဖလသမာပတ်သုခကို စွန့်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလေပြီ။

(၃) ထိုတထာဂတသည် တရားဟောတော်မူရာ၌ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ **အာဒိကလျာဏ**– အစ၌လည်း ကောင်း၍ အပြစ်ကင်းသော၊ **မဇ္ဈေကလျာဏ**– အလယ်၌လည်း ကောင်း၍ အပြစ်ကင်းသော၊ **ပရိယောသာနကလျာဏ**– အဆုံး၌လည်း ကောင်း၍ အပြစ်ကင်းသော 'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်တရားကို ဟောကြားတော်မူပြီ။

(၄) ထိုတထာဂတသည် တရားဟောတော်မူရာ၌ **သာတ္ထံ**– အနက်နှင့်ပြည့်စုံသော သတိပဋ္ဌာန် အစရှိသော တရားတော်ကို ဟောကြားတော်မူပြီ။

(၅) ထိုတထာဂတသည် တရားဟောတော်မူရာ၌ **သဗျဉ္ဇနံ**– နာကြားသူတို့ နာလို့လည်းကောင်း၍ နားလည်လွယ်သော သိထိလ, ဓနိတ အစရှိသော သဒ္ဒါနှင့်လည်း ပြည့်စုံသော တရားတော်ကို ဟောကြားတော်မူလေပြီ။

(၆) ထိုတထာဂတသည် တရားဟောတော်မူရာ၌ **ကေဝလ ပရိပုဏ္ဏံ**– ပိုတယ်, လိုတယ်ဟူ၍ ပြောဖွယ်မလိုသော အလုံးစုံပြည့်စုံသော တရားတော်ကို ဟောကြားတော်မူပြီ။

(၇) ထိုတထာဂတသည် တရားဟောတော်မူရာ၌ **ပရိသုဒ္ဓံ**– လောကီပစ္စည်း, အကျော်အစော လာဘ်လာဘတို့ကို ငဲ့ကွက်ခြင်း အလျဉ်းမရှိဘဲ မေတ္တာဘာဝနာကြောင့် နူးညံ့သောစိတ်ရှိတော်မူ၍ သတ္တဝါတို့အား ဒုက္ခဘေးမှ ကင်းလွတ်စေနိုင်သော သဘော၌ စိတ်တော်ကိုထား၍ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော တရားတော်ကို ဟောကြားတော်မူလေပြီ။

(၈) ထိုတထာဂတသည် တရားဟောတော်မူရာ၌ ထိုသို့ဟောတော်မူရင်းကပင် **'ဗြဟ္မစရိယံ ပကာသေတိ'** သူမြတ်တို့၏ အကျင့်ဖြစ်သော 'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းယူအပ်သော အလုံးစုံသော သာသနာကို ထင်ရှားပြတော်မူ၍သာ တရားတော်ကို ဟောကြားတော်မူလေပြီ။ *(ဒီ ဋ္ဌ– ၁– ၁၅၈ မှ ၁၆၀ အထိ)*

ဗြဟ္မစရိယသဒ္ဒါ ဟောနိုင်သောအနက်များ

အထက်ပါ ပါဠိတော်၌ **'ဗြဟ္မစရိယံ ပကာသေတိ'** ဟု ပါရှိလေရာ ဗြဟ္မစရိယသဒ္ဒါဖြင့် ဟောနိုင်သော အနက်များကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုလေသည်။

ဖြဟ္မစရိယသဒ္ဒါသည် ဒါန အနက်, ဝေယျာဝစ္စ အနက်, ပဉ္စသိက္ခာပဒသီလ အနက်, အပ္ပမညာ အနက်, မေထုန ဝိရတိ အနက်, သဒါရ သန္တောသ အနက်, ဝီရိယ အနက်, ဥပေါသထင် အနက်, အရိယမဂ် အနက်, သာသနာတော် အနက်- ပေါင်း (၁၀)နက်တို့၌ ဖြစ်လေသည်။

ဒါနအနက်ဟော ဖြဟ္မစရိယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ ဖြဟ္မစရိယသဒ္ဒါ၏ ဒါန အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

(၁) ကိံ တေ ဝတံ ကိံပန ဖြဟ္မစရိယံ
ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော၊
ဣဒ္ဓီ ဇုတီ ဗလဝီရိယူပပတ္တိ၊
ဣဒဉ္စ တေ နာဂ မဟာဝိမာနံ။

(၂) အဟဉ္စ ဘရိယာစ မနုဿလောကေ၊
သဒ္ဓါ ဥဘော ဒါနပတီ အဟုမှာ၊
ဩပါနဘူတံ မေ ဃရံ တဒါသိ၊
သန္တပ္ပိတာ သမဏ ဗြာဟ္မဏာစ။

(၃) တံ မေ ဝတံ ပန ဖြဟ္မစရိယံ၊
တဿ သုစိဏ္ဏဿ အယံ ဝိပါကော၊
ဣဒ္ဓီ ဇုတီ ဗလဝီရိယူပပတ္တိ၊
ဣဒဉ္စ မေ ဓီရ မဟာဝိမာနန္တိ။ *(ခု- ၆- ၃၀၃ / ၄။ ဒီ ဋ- ၁- ၁၆၀)*

(၁) နာဂ- ဝရုဏနဂါးမင်း၊ တေ- သင်နဂါးမင်း၏၊ ဝတံ- အကျင့်သည်၊ ကိံ- အဘယ်ပါနည်း၊ ဖြဟ္မစရိယံ- မြတ်သော အကျင့်သည်၊ ကိံပန- အဘယ်ပါနည်း၊ ဣဒ္ဓီ- နတ်တန်ခိုးသည်လည်းကောင်း၊ ဇုတီ- အရောင်အဝါ အာနုဘော်သည်လည်းကောင်း၊ ဗလဝီရိယူပပတ္တိ- ခွန်အားဗလ, လုံ့လဝီရိယ၏ ပြည့်စုံခြင်းသည်လည်းကောင်း၊ တေ- သင်နဂါးမင်း၏၊ ဣဒဉ္စ မဟာဝိမာနံ- ဤကြီးကျယ်ခမ်းနားသော ဗိမာန်သည်လည်းကောင်း၊ အယံ ဝိပါကော- ဤအကျိုးသည်၊ သုစိဏ္ဏဿ- ကောင်းစွာပြုကျင့်အပ်ခဲ့သော၊ ကိဿ- အဘယ်ကောင်းမှု၏၊ ဝိပါကော- အကျိုးသည်၊ ဟောတိ- ဖြစ်သနည်း၊ ဣတိ- ဤသို့ ဝိဓုရပညာရှိ အမတ်ကြီးက ဝရုဏနဂါးမင်းကြီးအား မေးလိုက်လေပြီ။

(၂) ဓီရ- ဝိဓုရသုခမိန်၊ အဟဉ္စ- အကျွန်ုပ်သည်လည်းကောင်း၊ ဘရိယာစ- ဇနီးသည်လည်းကောင်း၊ မနုဿလောကေ- လူ့ပြည်၌၊ ဥဘော- နှစ်ယောက်လုံးတို့သည်၊ သဒ္ဓါ- တမလွန်, ပစ္စုပ္ပန် ကံနှင့် ကံ၏အကျိုးကို ယုံကြည်ခြင်းရှိကုန်သော၊ ဒါနပတီ- အလှူရှင်တို့သည်၊ အဟုမှာ- ဖြစ်ခဲ့ပါကုန်ပြီ၊ တဒါ- လူ့ပြည်ဖြစ်ရာ ထိုအခါ၌၊ မေ- အကျွန်ုပ်၏၊ ဃရံ- အိမ်သည်၊ ဩပါနဘူတံ- ရေဆိပ်ကဲ့သို့ ဖြစ်၍ဖြစ်သည်၊ အာသိ- ဖြစ်ပြီ၊ သမဏ ဗြာဟ္မဏာစ- သမဏ ဗြာဟ္မဏတို့သည်လည်း၊ သန္တပ္ပိတာ- ကောင်းစွာ နှစ်သက် ရောင့်ရဲကြပါကုန်ပြီ။

(၃) မေ- အကျွန်ုပ်၏၊ ဝတံ- အကျင့်သည်၊ တံ- ထိုဒါနသာတည်း၊ ဖြဟ္မစရိယံ- မြတ်သောအကျင့်သည်၊ တံပန- ထိုဒါနသာတည်း၊ ဣဒ္ဓီ- နတ်တန်ခိုးသည်လည်းကောင်း၊ ဇုတီ- အရောင်အဝါ အာနုဘော်သည်လည်းကောင်း၊ ဗလဝီရိယူပပတ္တိ- ခွန်အားဗလ လုံ့လဝီရိယ၏ ပြည့်စုံခြင်းသည်လည်းကောင်း၊ ဣဒဉ္စ မဟာဝိမာနံ- ဤကြီးကျယ်ခမ်းနားသော ဗိမာန်သည်လည်း ကောင်း၊ မေ- အကျွန်ုပ်၏၊ တဿ- မြတ်သောအကျင့်ဖြစ်သော ထိုဒါနကုသိုလ်ကောင်းမှု၏၊ ဝိပါကော- အကျိုးတည်း၊ ဣတိ- ဤသို့ ဖြေကြားလေပြီ။

ဒါနအနက်ဟော ဗြဟ္မစရိယသဒ္ဒါက တရားဟောပုံသဘော

(၁) ဝိဓုရဇာတ်တော်၌ ပုဏ္ဏကဘီလူး၏ ပင့်ဆောင်ပေးမှုကြောင့် နဂါးတို့ပြည် ဝရုဏနဂါးမင်းထံသို့ ရောက်ရှိလာသော ဝိဓုရသုခမိန်သည် ဝရုဏနဂါးမင်း၏ ကြီးကျယ်သော စည်းစိမ်ကို တွေ့ရှိရ၍ အထက်ပါအတိုင်း ဤကဲ့သို့ ကြီးကျယ်သောတန်ခိုး, ကြီးကျယ်သော ဗိမာန်တွေကို ရရှိခြင်းသည် လူဘဝက ဘယ်ကဲ့သို့ ကုသိုလ်ကို ပြုလုပ်ခဲ့သောကြောင့် ရပါသနည်းဟု မေးသည်ဖြစ်၍ ဝရုဏနဂါးမင်းက သူတို့ဇနီးမောင်နှံ နှစ်ဦးသားတို့သည် သဒ္ဓါတရား အားကောင်းသူတို့ ဖြစ်ခဲ့ကြသည်။ သူတို့၏အိမ်သည် အလှူခံပုဂ္ဂိုလ်တို့၏ ဝင်ထွက်သွားလာရာ ရေဆိပ်သဖွယ် ဖြစ်ခဲ့သည်။ တွန့်တိုမှုမရှိ ရက်ရက်ရောရော ပေးကမ်းစွန့်ကြ လှူဒါန်းခဲ့ကြသော ဒါနရှင်များ ဖြစ်ခဲ့ကြသည်။ သို့ဖြစ်၍ ဤကဲ့သို့ ကြီးကျယ်သော တန်ခိုးအာနုဘော် အရောင်အဝါ၊ ဤကဲ့သို့ ကြီးကျယ်သော နေရာဗိမာန်ကို ရရှိခြင်းဖြစ်ကြောင်း ဖြေကြားလေသည်။ ထို့ကြောင့် ဤစကားအရ 'ဗြဟ္မစရိယ' မြတ်သောအကျင့်တွင် ဒါနလည်း အပါအဝင် ဖြစ်သောကြောင့် ဗုဒ္ဓအလောင်း အစရှိသော သူတော်ကောင်းများ၏ လုပ်ငန်းမျိုးဖြစ်၍ ရှာဖွေရရှိသော ပစ္စည်းများကို သုံးဖြုန်းခြင်း မပြုကြဘဲနှင့် အလှူဒါန ရက်ရောသော 'ဒါနပတိ' ဒါနရှင်များ ဖြစ်ကြပါကုန်လော့။

ဝေယျာဝစ္စ အနက်ဟော ဗြဟ္မစရိယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဗြဟ္မစရိယသဒ္ဒါ၏ ဒါန အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဗြဟ္မစရိယသဒ္ဒါ၏ ဝေယျာဝစ္စ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

(၁) **ကေန ပါဏိ ကာမဒဒေါ၊ ကေန ပါဏိ မဓုဿဝေါ၊**
ကေန တေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမှိ ဣဇ္ဈတိ။

(၂) **တေန ပါဏိ ကာမဒဒေါ၊ တေန ပါဏိ မဓုဿဝေါ၊**
တေန မေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမှိ ဣဇ္ဈတိ။ *(ခု- ၂- ၁၅၆)*

(၁) ကေန- အဘယ်ကောင်းမှုကြောင့်၊ **တေ**- သင်ရက္ခစိုးနတ်မင်း၏၊ **ပါဏိ**- လက်သည်၊ **ကာမဒဒေါ**- အလိုရှိအပ်သော ဝတ္ထုကို ပေးနိုင်ပါသနည်း၊ **ကေန**- အဘယ်ကောင်းမှုကြောင့်၊ **တေ**- သင်ရက္ခစိုးနတ်မင်း၏၊ **ပါဏိ**- လက်သည်၊ **မဓုဿဝေါ**- ချိုမြိန်သောအရသာကို ယိုချနိုင်ပါသနည်း၊ **ကေန ဗြဟ္မစရိယေန**- အဘယ်မြတ်သော အကျင့်ကြောင့်၊ **တေ**- သင်ရက္ခစိုးနတ်မင်း၏၊ **ပါဏိမှိ**- လက်၌၊ **ပုညံ**- ကောင်းမှု၏အကျိုးသည်၊ **ဣဇ္ဈတိ**- ပြည့်စုံပါသနည်း၊ **ဣတိ**- ဤသို့မေးပြီ။

(၂) တေန- ထိုဝေယျာဝစ္စဟူသော ကောင်းမှုကြောင့်၊ **မေ**- အကျွန်ုပ် ရက္ခစိုးနတ်၏၊ **ပါဏိ**- လက်သည်၊ **ကာမဒဒေါ**- အလိုရှိအပ်သော ဝတ္ထုကို ပေးနိုင်ပါ၏၊ **တေန**- ထိုဝေယျာဝစ္စဟူသော ကောင်းမှုကြောင့်၊ **မေ**- အကျွန်ုပ်၏၊ **ပါဏိ**- လက်သည်၊ **မဓုဿဝေါ**- ချိုမြိန်သော အရသာကို ယိုချနိုင်ပါ၏၊ **တေန ဗြဟ္မစရိယေန**- ထိုဝေယျာဝစ္စဟူသော မြတ်သောအကျင့်ကြောင့်၊ **မေ**- အကျွန်ုပ်၏၊ **ပါဏိမှိ**- လက်၌၊ **ပုညံ**- ကောင်းမှု၏ အကျိုးသည်၊ **ဣဇ္ဈတိ**- ပြည့်စုံပါ၏၊ **ဣတိ**- ဤသို့ ဖြေဆိုပြီ။

အထက်ပါ ပါဠိရပ်သည် ပေတဝတ္ထု ပါဠိတော်- အင်္ကုရပေတဝတ္ထု၌ လာရှိလေသည်။ ထိုဝတ္ထုနှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

အင်္ကုရသူဌေးကြီးသည် လှည်းငါးရာနှင့် ကုန်အရောင်းအဝယ် ပြုလုပ်ရင်း မျက်စိလည်လမ်းမှား၍ သဲကန္တာရအတွင်း၌ အကြီးအကျယ် ဒုက္ခတွေ့လျက် ရှိနေသည်။ သဲကန္တာရအတွင်း အစာရေစာ ရိက္ခာပြတ်လပ်၍ သေရမည့်ဘေးနှင့် ကြုံနေချိန်တွင် လူ့ဘဝက အင်္ကုရသူဌေးကြီး၏ အလုပ်အကျွေး ဖြစ်ဖူးသော ပညောင်ပင်စောင့် ရက္ခစိုးနတ်မင်းကြီးသည် အင်္ကုရသူဌေးကြီး၏ ကျေးဇူးရှိဘူးသည်ကို ထောက်ထားပြီး ပညောင်ပင်ကြီးအောက်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးလိုက်သည်။ မိမိကိုယ်ကိုလည်း အင်္ကုရသူဌေးကြီးအား ပြလေသည်။ အင်္ကုရသူဌေးကြီးက ရေသောက်လိုကြောင်း၊ ရေချိုးလိုကြောင်း ပြောသောအခါ ရက္ခစိုးနတ်မင်းကြီးသည် ပညောင်ပင်ကိုင်း တစ်ကိုင်းကို လက်ညှိုးထိုး၍ ပြလိုက်သည်။ ရက္ခစိုးနတ်မင်း လက်ညှိုးထိုးပြရာ အကိုင်းအခက်မှ ရေများပန်းထွက်လာပြီး အင်္ကုရသူဌေးကြီး အစရှိသော ပရိသတ်တစ်ထောင်တို့သည် ရေကိုဝအောင် ချိုးလည်းချိုးကြရလေသည်။

သောက်လည်း သောက်ကြရလေသည်။ အကုံရက အဝတ်လိုသည်ဟု ပြောလျှင်လည်းကောင်း၊ ငွေလိုသည်ဟု ပြောလျှင်လည်း ကောင်း၊ ရွှေလိုသည်ဟု ပြောလျှင်လည်းကောင်း၊ ပတ္တမြားအစရှိသော ရတနာများလိုသည်ဟု ပြောလျှင်လည်းကောင်း၊ အစားအစာလို သည်ဟု ပြောလျှင်လည်းကောင်း စသည်ဖြင့် လိုအပ်တိုင်း လိုအပ်တိုင်းသော အရာဝတ္ထုများသည် ရက္ခစိုးနတ်မင်းကြီး လက်ညှိုးထိုးရာ ပဒေသာပင်အကိုင်းအခက်မှ ထွက်ပေါ်လာလေသည်။

ထို့ကြောင့် ရက္ခစိုးနတ်မင်းကြီး၏လက်က အလိုရှိသော အရာဝတ္ထုမှန်သမျှ ပေးနိုင်သော တန်ခိုးသည် လူ့ဘဝက အဘယ်သို့ သော ကုသိုလ်ကောင်းမှုမျိုးကို ပြုလုပ်ခဲ့ပါသနည်းဟု အကုံရသူဌေးကြီးက မေးလေရာ အသယှသူဌေးကြီး၏ အလှူပေးရာ မဏ္ဍပ်သို့ အလှူခံပုဂ္ဂိုလ်တို့အား ဝမ်းမြောက်ဝမ်းသာဖြင့် စေတနာဖြူစင်စွာ ထက်သန်စွာဖြင့် လက်ညှိုးထိုး၍ ညွှန်ပြခဲ့သော ဝေယျာဝစ္စကုသိုလ်ကံ စေတနာကြောင့် ဤကဲ့သို့ မိမိ၏လက်က လိုအပ်သော အရာဝတ္ထုများကို လက်ညှိုးထိုးညွှန်ပြ၍ ပေးနိုင်ခြင်းဖြစ်ကြောင်း ရက္ခစိုးနတ် မင်းက ပြောကြားလေသည်။

ဝေယျာဝစ္စ အနက်ဟော ဖြဟ္မစရိယသဒ္ဒါက တရားဟောပုံသဘော

ရက္ခစိုးနတ်မင်းသည် လူ့ဘဝတုန်းက သူဆင်းရဲ အပ်ချုပ်သမား ဖြစ်ခဲ့သည်။ အလှူခံပုဂ္ဂိုလ်တို့အား မပေးလှူနိုင်သည့်အပြင် မိမိနှင့်တကွ မိမိမိသားစု စားသောက်ရန်အတွက်ပင် အတော်ကြိုးစားလုပ်ကိုင်ခဲ့ရလေသည်။ သို့ရာတွင် သူ့မှာ သန့်စင်မွန်မြတ်သော ဝေယျာဝစ္စကုသိုလ်ကောင်းမှု ဝတ္တရားတစ်ခု ရှိသည်။ ယင်းသည် တစ်နေ့တစ်ရက် ပြုလုပ်သော ဝေယျာဝစ္စကုသိုလ်ကောင်းမှု မဟုတ်ပေ။ နေ့စဉ်နှင့်အမျှ ပြုလုပ်ခဲ့သော ဝေယျာဝစ္စကုသိုလ်ကောင်းမှု ဖြစ်လေသည်။ ယင်းဝေယျာဝစ္စကုသိုလ်သည် အသယှသူဌေး ကြီး၏ အလှူမဏ္ဍပ်ရှိရာသို့ ဝမ်းမြောက်ဝမ်းသာဖြင့် အလှူခံပုဂ္ဂိုလ်တို့အား လက်ညှိုးထိုး၍ ညွှန်ပြသော ဝေယျာဝစ္စကုသိုလ်ပင် ဖြစ်လေသည်။ ယင်းလက်ညှိုးထိုး ဝေယျာဝစ္စကုသိုလ်က ထိုဘဝမှ သေလွန်သောအခါ ရက္ခစိုးနတ်အဖြစ်ကို ရောက်စေပြီး ထိုရက္ခစိုး နတ်၏လက်ကို အလိုရှိရာကို ဖန်တီးပေးနိုင်သော ကပ္ပရုက္ခာသယလက်မျိုးဖြစ်အောင် ဖန်တီးပေးလိုက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် **ကုသိုလ်ဟူသည် နည်းသည်၊ များသည်ဟူ၍ ရေတွက်မနေဘဲ အခွင့်ကြုံရာ ကြုံသလို ကုသိုလ်ကောင်းမှုများကို ဝမ်း မြောက်ဝမ်းသာ ပြုလုပ်တတ်ကြသူများ ဖြစ်ကြပါကုန်လော့။**

ပဉ္စသိက္ခာပဒသီလအနက်ဟော ဗြဟ္မစရိယသဒ္ဒါက သိ၊ မှတ်၊ ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဗြဟ္မစရိယသဒ္ဒါ၏ ဝေယျာဝစ္စအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဗြဟ္မစရိယသဒ္ဒါ၏ ပဉ္စသိက္ခာပဒ သီလအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဧဝံ ခေါ တံ ဘိက္ခဝေ တိတ္တိရိယံနာမ ဗြဟ္မစရိယံ အဟောသိ။ *(ဝိ- ၄- ၃၁၁)*

ဘိက္ခဝေ- ရဟန်းတို့၊ **ဧဝံ ခေါ**- ဤသို့လျှင်၊ **တိတ္တိရိယံ နာမ**- ခါမင်းသည် ဟောအပ်သည်၏ အဖြစ်ကြောင့် တိတ္တိရိယ မည်သော၊ **တံ ဗြဟ္မစရိယံ**- ထိုမြတ်သောအကျင့်ဟူသော ငါးပါးသီလသည်၊ **အဟောသိ**- ဖြစ်ပြီ။

အထက်ပါ ပါဠိရပ်သည် ဝိနည်းစူဠဝါ ပါဠိတော်- သေနာသနက္ခန္ဓကဝဂ်၌ လာရှိလေသည်။ ယင်းနှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗုဒ္ဓသည် ဝါကြီးသောရဟန်းတို့ကို ရိုသေရမည်။ နေရာဖြင့် ဦးပေးရမည်။ ဝါကြီးသူတို့၏ ဆုံးမဩဝါဒကို လိုက်နာရမည် ဟူသော ဝိနည်းသိက္ခာပုဒ် ပညတ်လိုသည်ဖြစ်၍ ရှေးကဟိမဝန္တာအရပ်၌ 'ခါ၊ မျောက်၊ ဆင်' ဟူ၍ တိရစ္ဆာန်သတ္တဝါ သုံးဦးရှိရာ အသက်အကြီးဆုံးဖြစ်သူကို ရိုသေနိုင်ကြရန် စိစစ်ကြရာတွင် ခါသည် အသက်အကြီးဆုံးအဖြစ် သိရှိကြပြီး မျောက်နှင့်ဆင်တို့သည် ခါကို အရိုအသေပြုပြီး ခါ၏ ဩဝါဒစကားကို နားထောင်ကြလေသည်။ ခါမင်းသည် မိမိကိုယ်တိုင်လည်း ငါးပါးသီလထိန်းပြီး မျောက်နှင့်ဆင်တို့ကိုလည်း ငါးပါးသီလကို ထိန်းစေလေသည်။ ၎င်းတိရစ္ဆာန်သုံးဦးတို့သည် အချင်းချင်း ရိုသေခြင်းကြောင့်လည်းကောင်း၊ ငါးပါးသီလကို ထိန်းသောကြောင့်လည်းကောင်း တိရစ္ဆာန်ဘဝမှ သေလွန်သောအခါ နတ်ပြည်၌ နတ်သားများ ဖြစ်ကြရလေသည်။ ထို့ကြောင့် ဗုဒ္ဓက အောက်ပါတရားတော်ကို ဟောတော်မူလေသည်။

ဝေ ခေါ တံ ဘိက္ခဝေ တိတ္တိရိယံနာမ ဗြဟ္မစရိယံ အဟောသိ။
ယေ ဝုဍ္ဎမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ၊
ဒိဋ္ဌေဝဓမ္မေ ပါသံသာ၊ သမ္ပရာယေစ သုဂ္ဂတီတိ။ *(ဝိ- ၄- ၃၁၁)*

ဘိက္ခဝေ- ရဟန်းတို့၊ **ယေ**- အကြင်ပုဂ္ဂိုလ်တို့သည်၊ **ဝုဍ္ဎံ**- ကြီးသူကို၊ **အပစယန္တိ**- ရိုသေကြကုန်၏၊ **ဓမ္မဿ**- ငါးပါးသော သိက္ခာပုဒ် သီလတရား၌၊ **ကောဝိဒေါ**- လိမ္မာကြကုန်၏၊ **တေ**- ထိုပုဂ္ဂိုလ်တို့သည်၊ **ဒိဋ္ဌေဝဓမ္မေ**- မျက်မှောက်ဘဝမှာလည်း၊ **ပါသံသာ**- ချီးမွမ်းခံရကုန်၏၊ **သမ္ပရာယေစ**- တမလွန်ဘဝမှာလည်း၊ **သုဂ္ဂတိ**- ကောင်းသောလားရာ နတ်ရွာသုဂတိသို့ ရောက်ရာ ဂတိရှိ၏၊ **တ္တတိ**- ဤသို့၊ **ဝေခေါ**- ဤသို့လျှင်၊ **တိတ္တိရိယံနာမ**- ခါမင်းသည် ဟောအပ်သည်၏ အဖြစ်ကြောင့် တိတ္တိရိယမည်သော၊ **တံ ဗြဟ္မစရိယံ**- ထိုမြတ်သောအကျင့်ဟူသော ငါးပါးသီလသည်၊ **အဟောသိ**- ဖြစ်ပြီ။

ပဉ္စသိက္ခာပဒသီလအနက်ဟော ဗြဟ္မစရိယသဒ္ဒါက တရားဟောပုံသဘော

'ခါ, မျောက်, ဆင်' ဟူသော သုံးဦးသော တိရစ္ဆာန်သတ္တဝါတို့သည် အချင်းချင်းရိုသေမှုရှိကြခြင်း, ငါးပါးသီလတရား၌ လုံခြုံစွာ စောင့်ထိန်းနိုင်ခြင်းတို့ကြောင့် ပစ္စုပ္ပန်ဘဝမှာတွင် ပညာရှိတို့၏ စံတင်၍ ချီးမွမ်းခံရခြင်း, တမလွန်လောက၌ နတ်ပြည်သို့ရောက်ရခြင်းဟူသော အကျိုးတရားများကို ရရှိကြလေသည်။ လူ့လောက၌ ရိုသေထိုက်သူတို့ကို မရိုသေခြင်း, အချင်းချင်း မရိုသေခြင်း, မပြတ်နိုးကြခြင်းသည် အလွန်စိတ်မချမ်းမသာဖြစ်ဖွယ် ကောင်းသောအချက် ဖြစ်လေသည်။ မိသားစုအချင်းချင်း၌ပင် တစ်ဦးနှင့်တစ်ဦး အရိုအသေတန်ကြလျှင်, စိတ်ဝမ်းကွဲကြလျှင်, ငြင်းခုံကြလျှင် ထိုမိသားစုအတွင်း၌ အဘယ်သို့လျှင် သာယာမှု, စိတ်ချမ်းသာမှု ရရှိနိုင်ကြပါမည်နည်း။ ထို့နောက် ငါးပါးသီလကိုပင် လုံခြုံအောင် မစောင့်ထိန်းနိုင်ပါက ခါးဝတ်ပုဆိုး ကျွတ်ကျသူကဲ့သို့ ရှက်ကြောက်ဖွယ် လိလိ ဖြစ်ရုံမက မိမိအတွက်ကိုရော သူတစ်ပါးအတွက်ကိုပါ ပျက်စီးရာကိုလည်း ရောက်စေလေသည်။ သို့ဖြစ်၍ **ဤလူ့လောက၌ ရဟန်းရှင်လူ ယောကျ်ား မိန်းမ မည်သူမဆို ဤပစ္စုပ္ပန်လောက၌ စိတ်ချမ်းသာနိုင်ကြရန်, တစ်ဦးနှင့်တစ်ဦး ငဲ့ကွက်စောင့်ရှောက်နိုင်ကြရန် ကြီးသူကို ရိုသေကြကုန်လော့။ အချင်းချင်း ချစ်ခင်လေးစားသူများ ဖြစ်ကြပါကုန်လော့။ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်သူများ ဖြစ်ကြပါကုန်လော့။ ထိုသို့ကျင့်နိုင်သူတို့သည် သေလွန်သောအခါ၌လည်း နတ်ရွာသုဂတိသို့ ကောင်းစွာရောက်ရှိကြမည် ဖြစ်ပေသည်။**

အပ္ပမညအနက်ဟော ဗြဟ္မစရိယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဗြဟ္မစရိယသဒ္ဒါ၏ ပဉ္စသိက္ခာပဒသီလအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဗြဟ္မစရိယသဒ္ဒါ၏ အပ္ပမညအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တံ ခေါ ပန မေ ပဉ္စသိခ ဗြဟ္မစရိယံ နေဝနိဗ္ဗိဒါယ နဝိရာဂါယ နနိရောဓာယ (ပ) ယာဝဒေဝ ဗြဟ္မလောကူပပတ္တိယာ။ *(ဒီ- ၂- ၂၀၁၊ ဒီ ဋ္ဌ- ၁- ၁၆၁)*

ပဉ္စသိခ- ပဉ္စသိခ၊ **မေ**- ငါ၏၊ **တံ ဗြဟ္မစရိယံ**- ထိုမြတ်သောအကျင့်ဟူသော အပ္ပမညာ (၄)ပါးသည်၊ **နိဗ္ဗိဒါယ**- ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းအကျိုးငှာ၊ **နေဝသံဝတ္တတိ**- မဖြစ်၊ **ဝိရာဂါယ**- ဝဋ်ဆင်းရဲ၌ မတပ်မက်ခြင်းအကျိုးငှာ၊ **နသံဝတ္တတိ**- မဖြစ်၊ **နိရောဓာယ**- ဝဋ်ဆင်းရဲချုပ်ငြိမ်းခြင်း နိဗ္ဗာန်အကျိုးငှာ၊ **နသံဝတ္တတိ**- မဖြစ် (ပ) **ယာဝဒေဝ ဗြဟ္မလောကူပပတ္တိယာ**- ဗြဟ္မာ့ပြည်လောက၌ ဖြစ်ခြင်းတိုင်အောင်သော အကျိုးငှာသာ၊ **သံဝတ္တတိ**- ဖြစ်၏။

အထက်ပါ ပါဠိရပ်သည် သုတ်မဟာဝါ ပါဠိတော် မဟာဂေါဝိန္ဒသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

မဟာဂေါဝိန္ဒပုဏ္ဏားသည် လူ့စည်းစိမ်ကိုစွန့်၍ ရဟန်းပြုသောအခါ မင်းသူဌေး, ပုဏ္ဏား ပရိသတ် မြောက်များစွာတို့သည်လည်း အတုလိုက်၍ ရဟန်းပြုကြလေသည်။ မဟာဂေါဝိန္ဒပုဏ္ဏားသည် ရဟန်းအဖြစ်နှင့် အပ္ပမညာလေးပါးဖြစ်သော 'မေတ္တာ,

ကရုဏာ, မုဒိတာ, ဥပေက္ခာ’ ဟူသော အပ္ပမညာတရားလေးပါးကို ပွါးများ၍ ရှာန်အဘိညာဉ်များ ရလေသည်။ တပည့်အပေါင်းတို့ကိုလည်း ပွါးများစေလေသည်။ ကွယ်လွန်ကြသောအခါ၌ မဟာဂေါဝိန္ဒရဟန်းနှင့်တကွ အပ္ပမညာတရားကို ရှာန်ရသည်အထိ ပွါးများနိုင်ကြသော တပည့်ရဟန်းအပေါင်းတို့သည် ဗြဟ္မာ့ပြည်သို့ ရောက်ကြလေသည်။ ရှာန်ရအောင် မပွါးနိုင်ကြသူတို့ကား နတ်ပြည်ခြောက်ထပ်သို့ အသီးသီး ရောက်သွားကြလေသည်။ မဟာဂေါဝိန္ဒပုဏ္ဏားဟူသည် အခြားသူမဟုတ်။ ဗုဒ္ဓအလောင်းပင် ဖြစ်ခဲ့လေသည်။ သို့ရာတွင် ထိုအပ္ပမညာတရား လေးပါးတို့သည် သမထတရားတွင်ပါဝင်၍ နိဗ္ဗာန်မရောက်နိုင်ဘဲ အလွန်ဆုံး ဗြဟ္မာ့ပြည်သို့သာ ရောက်နိုင်သောကြောင့် အထက်ကဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓက ပဥ္စသိခနတ်သားအား မိန့်ကြားတော်မူခြင်း ဖြစ်သည်။

အပ္ပမညာအနက်ဟော ဗြဟ္မစရိယသဒ္ဒါက တရားဟောပုံသဘော

အပ္ပမညာအရ ‘မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ’ ဟူသော ဗြဟ္မဝိဟာရတရားလေးပါးကို ရလေသည်။ ထိုဗြဟ္မဝိဟာရတရားလေးပါးကို ပွါးများသူတို့သည် အတိုင်းမသိသော ပုဂ္ဂိုလ်သတ္တဝါပညတ်ကို အာရုံပြု၍ ပွါးများရသည် ဖြစ်သောကြောင့် **‘အပ္ပမညာ’** ဟု ခေါ်ခြင်းဖြစ်သည်။ ထိုအပ္ပမညာတရားလေးပါးကို ပွါးများခြင်းသည်လည်း **‘ဗြဟ္မစရိယ’** မြတ်သောအကျင့်ကို ကျင့်သုံးခြင်းပင် ဖြစ်လေသည်။ ထို ‘မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ’ ဟူသော တရားလေးပါးကို ရှာန်ရသည်အထိ ပွါးများနိုင်လျှင် ဗြဟ္မာ့ပြည်အထိ ရောက်နိုင်သည်။ ရှာန်ရသည်အထိ မပွါးနိုင်သူတို့သည် နတ်ပြည်ခြောက်ထပ် တစ်ထပ်ထပ်သို့ ရောက်ရှိနိုင်ကြပေသည်။ အပ္ပမညာတရားကို ပွါးများ၍ ရှာန်ရသောအခါ ထိုရှာန်ကို အခြေခံ၍ ဝိပဿနာ ပွါးများလျှင်လည်း ‘သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ’ များ ဖြစ်နိုင်ကြပေသည်။ ထို့ကြောင့် **ဒေါသ၏ ဆန့်ကျင်ဘက် မေတ္တာတရားကိုလည်းကောင်း၊ ဆင်းရဲသူတို့အပေါ်၌ ကရုဏာတရားကိုလည်းကောင်း၊ ချမ်းသာသူတို့အပေါ်၌ မုဒိတာတရားကိုလည်းကောင်း၊ ထိုထက်အဆင့်အတန်းမြင့်သော သတ္တဝါတို့အပေါ်၌ ချစ်ခြင်း, မုန်းခြင်းမှကင်းသော ဥပေက္ခာတရားကိုလည်းကောင်း ကောင်းစွာပွါးများနိုင်သူများ ဖြစ်ကြပါကုန်လော့။**

မေထုနဝိရတိ အနက်ဟော ဗြဟ္မစရိယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဗြဟ္မစရိယသဒ္ဒါ၏ အပ္ပမညအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဗြဟ္မစရိယသဒ္ဒါ၏ **မေထုနဝိရတိ**– မေထုန်မှ ရှောင်ကြဉ်ခြင်းအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ပရေ အဗြဟ္မစာရီ ဘဝိဿန္တိ မယမေတ္ထ ဗြဟ္မစာရီ ဘဝိဿာမ။ *(မ– ၁– ၅၁)*

ပရေ– အခြားသူတို့သည်၊ **အဗြဟ္မစာရီ**– မမြတ်သော မေထုန်အကျင့်ကို ကျင့်သူတို့သည်၊ **ဘဝိဿန္တိ**– ဖြစ်ကုန်လတ္တံ့၊ **မယံ**– ငါတို့သည်၊ **ဧတ္ထ**– ဤအရာ၌၊ **ဗြဟ္မစာရီ**– မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းဟူသော မေထုနဝိရတိအကျင့်ကို ကျင့်ကုန်သည်၊ **ဘဝိဿာမ**– ဖြစ်ကုန်အံ့။

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသပါဠိတော်– မူလပရိယာယဝဂ်– သလ္လေခသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗုဒ္ဓသည် အရှင်မဟာစုန္ဒအား ဤသာသနာတော်၌ ပဌမရှာန်, ဒုတိယရှာန်, တတိယရှာန်, စတုတ္ထရှာန်ဟူသော ရူပရှာန်လေးပါးတွင် တစ်ပါးကို ဝင်စား၍နေခြင်းသည် **‘ဒိဋ္ဌဓမ္မသုခဝိဟာရ’** မျက်မှောက်၌ ချမ်းသာစွာနေသော တရားဟု ခေါ်ဆိုရသည်။ **‘နသလ္လေခ’** ကိလေသာခေါင်းပါးရေးတရားဟု မဆိုထိုက်သေးကြောင်း၊ အာကာသာနဉ္စာယတနရှာန် အစရှိသော အရူပရှာန်လေးပါးကို ဝင်စား၍နေခြင်းသည် ‘သန္တဝိဟာရ’ ငြိမ်းချမ်းစွာနေရသောတရားဟု ခေါ်ဆိုရသည်၊ **‘နသလ္လေခ’** ကိလေသာခေါင်းပါးရေးတရားဟု မဆိုရကြောင်း၊ ထို့နောက် ဗုဒ္ဓသည် ကိလေသာခေါင်းပါးခြင်း အကျင့်တရားများကို ဟောကြားတော်မူလေရာ အထက်ကတင်ပြခဲ့သော မေထုနဝိရတိ ခေါ် မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းဟူသော အကျင့်လည်း ပါဝင်လေသည်။

မေထုနဝိရတိ အနက်ဟော ဖြဟ္မစရိယသဒ္ဒါက တရားဟောပုံသဘော

မေထုန်အကျင့်သည် မြတ်သောအကျင့် မဟုတ်ပေ။ မမြတ်သောအကျင့် ဖြစ်သည်။ မေထုန်အကျင့်ကို ရှောင်ကြဉ်နိုင်ခြင်းသည် ယုတ်ညံ့သောအကျင့် မဟုတ်ပေ၊ မြင့်မြတ်သူတို့သာ ကျင့်နိုင်သော 'ဖြဟ္မစရိယ' ခေါ် မြတ်သောအကျင့် ဖြစ်သည်။ မြတ်သောအကျင့် ဖြစ်ရုံတွင်မက၊ 'သလ္လေခ' ခေါ် ကိလေသာကို ခေါင်းပါးစေနိုင်သော အကျင့်လည်း ဖြစ်လေသည်။ လူ့လောက၌ မေထုန်အကျင့်ကို လွန်လွန်ကဲကဲ ကျင့်သုံးကြ၍ ယုတ်ညံ့သူတို့အထဲတွင် ပါဝင်ရုံတွင်မက ကြောက်ဖွယ်လိလိဖြစ်သော ရောဂါဘယတို့ကိုလည်း ရရှိနေကြလေသည်။ မေထုန်အကျင့်ကို ရှောင်ကြဉ်နိုင်ကြသည်နှင့်အမျှ မြင့်မြတ်သူတို့အထဲတွင် ပါဝင်ရုံမက ရောဂါဘယမှလည်း ကင်းဝေးပြီး မိမိ သူတစ်ပါး အကျိုးများကိုလည်း ဆောင်ရွက်နိုင်သည့်အပြင် မဂ်, ဖိုလ်, နိဗ္ဗာန်အထိလည်း တက်လှမ်းနိုင်ကြပေသည်။ ထို့ကြောင့် **ယုတ်ညံ့သော မေထုန်အကျင့်ကို ရှောင်ကြဉ်၍ မဂ်, ဖိုလ်, နိဗ္ဗာန်အထိ တက်လှမ်းနိုင်သူများ ဖြစ်ကြပါကုန်လော့။**

သဒါရသန္တောသ အနက်ဟော ဖြဟ္မစရိယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဖြဟ္မစရိယသဒ္ဒါ၏ **မေထုနဝိရတိ** အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဖြဟ္မစရိယသဒ္ဒါ၏ **သဒါရသန္တောသ** အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

မယဉ္စ ဘရိယာ နာတိက္ကမာမ၊
အမှေစ ဘရိယာ နာတိက္ကမန္တိ၊
အညတြတာဟိ ဖြဟ္မစရိယံ စရာမ၊
တသ္မာဟိ အမှံ ဒဟရာ နမိယရေ။ *(ဇာ- ၅- ၂၈၄)*

မယဉ္စ- အကျွန်ုပ်တို့သည်လည်း၊ **ဘရိယာ**- မယားတို့ကို၊ **နာတိက္ကမာမ**- လွန်၍မကျင့်ကြပါကုန်၊ **အမှေစ**- အကျွန်ုပ်တို့ကိုလည်း၊ **ဘရိယာ**- မယားတို့သည်၊ **နာတိက္ကမန္တိ**- လွန်၍မကျင့်ကြပါကုန်၊ **တာဟိ**- ထိုသူတပါး မယားတို့ကို၊ **အညတြ**- ရှောင်ကြဉ်၍၊ **ဖြဟ္မစရိယံ**- သဒါရသန္တောသ ခေါ် မိမိမယားဖြင့်သာ တင်းတိမ်ရောင့်ရဲခြင်းဖြစ်သော မြတ်သောအကျင့်ကို၊ **စရာမ**- ကျင့်ကြကုန်၏၊ **တသ္မာဟိ**- ထို့ကြောင့်ပင်၊ **အမှံ**- အကျွန်ုပ်တို့၏၊ ကုလေ- ဓမ္မပါလအမျိုး၌၊ **ဒဟရာ**- အသက် (၁၂၀)မပြည့်သေးသော လူငယ်တို့သည်၊ **နမိယရေ**- သေရိုးမရှိကြပါကုန်။

အထက်ပါ ပါဠိရပ်သည် ဇာတကပါဠိတော်- ဒသကနိပါတ်- မဟာဓမ္မပါလဇာတ်၌ လာရှိလေသည်။ ထိုပါဠိရပ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို **အောက်ပါအတိုင်း တင်ပြပါသည်။**

ဓမ္မပါလတို့အမျိုး၌ အသက် (၁၂၀)မပြည့်ဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် သေကြရိုးထုံးစံ မရှိသည်ကို ဓမ္မပါလ၏ ဆရာကြီးဖြစ်သော ဒိသာပါမောက္ခဆရာကြီးသည် **ဓမ္မပါလ၏ဖခင် မဟာဓမ္မပါလရှာသူကြီးအား** စုံစမ်းလေရာ ဓမ္မပါလတို့အမျိုး၌ ငယ်ငယ်ရွယ်ရွယ်နှင့် မသေခြင်းအကြောင်း များစွာရှိသည့်**အနက်က** အထက်ပါအကြောင်းသည်လည်း တစ်ကြောင်းအပါအဝင် ဖြစ်လေသည်။

သဒါရသန္တောသ အနက်ဟော ဖြဟ္မစရိယသဒ္ဒါက တရားဟောပုံသဘော

ဥပုသ်စောင့်သုံးသော ဥပုသ်သည်တို့လောက, ဗုဒ္ဓသာသနာဝန်ထမ်း ရှင်ရဟန်းလောက၌ မေထုန်မှီဝဲသော အကျင့်သည် **အဖြဟ္မစရိယ**- မမြတ်သောအကျင့်၊ **ဟီန**- ယုတ်ညံ့သောအကျင့် ဖြစ်သည်။ သို့ရာတွင် အိမ်ရာတည်ထောင် လူတို့ဘောင်၌ကား တဏှာရာဂ မကင်းကြသည့်အားလျော်စွာ မိမိတို့ ဇနီး, ခင်ပွန်း အချင်းချင်း မေထုန်မှီဝဲသောအကျင့်သည် အိမ်ရာတည်ထောင်သူတို့ ထုံးတမ်းစဉ်လာ ဓမ္မတာဖြစ်နေ၍ လူ့လောကကြီးတစ်ခုလုံးက နားလည်ခွင့်လွှတ်ထားတတ်ကြလေသည်။ လူ့လောကက ခွင့်မပြုသော သူတပါး ဇနီး, ခင်ပွန်းတို့နှင့် မေထုန်မှီဝဲသူတို့ကိုကား '**ကာမေသုမိစ္ဆာစာရ**' ကာမတို့၌ မှားယွင်းသောအကျင့်ကို ကျင့်သူဟူ၍, အကုသိုလ်ဒုစရိုက်ကို ကျူးလွန်သူဟူ၍ သတ်မှတ်ကြလေသည်။ သို့ဖြစ်၍ ထိုကာမေသုမိစ္ဆာစာရကံမှထောက်လျှင် မိမိတို့ ဇနီး,

ခင်ပွန်းအချင်းချင်းကျင့်ခြင်းသည် 'သဒါရသန္တောသ' မိမိဇနီး, ခင်ပွန်းတို့နှင့်သာ ရောင့်ရဲတင်းတိမ်ခြင်းဖြစ်၍ ဗြဟ္မစရိယ- မြတ်သော အကျင့် ဖြစ်ရပြန်သည်။ မြတ်သောအကျင့် ဖြစ်ရုံမျှမက မိမိဇနီး, ခင်ပွန်းမှတပါး အခြားသူတို့နှင့် မေထုန်မှီဝဲခြင်း မပြုသည့်အတွက် အသက်ရှည်ခြင်း အကြောင်းတစ်ကြောင်းလည်း ဖြစ်ရပြန်သည်။ ထို့ကြောင့် အိမ်ရာတည်ထောင်ကြသော ယောကျ်ား, မိန်းမ အပေါင်းတို့သည် အကုသိုလ် ဒုစရိုက်လုပ်ငန်းဖြစ်သော မိမိဇနီး, ခင်ပွန်းမှတပါး အခြားသူတို့နှင့် မေထုန်မှီဝဲခြင်းဟူသော **ကာမေသုမိစ္ဆာစာရကံကို ဝေးဝေးက ရှောင်ကြဉ်ပြီး 'သဒါရသန္တောသ' ခေါ် မိမိတို့ဇနီး, ခင်ပွန်းအချင်းချင်းသာ ရောင့်ရဲ တင်းတိမ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

ဝီရိယအနက်ဟော ဗြဟ္မစရိယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဗြဟ္မစရိယသဒ္ဒါ၏ မေထုနဝိရတိ အနက်၌ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဗြဟ္မစရိယသဒ္ဒါ၏ ဝီရိယ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အဘိဇာနာမိ ခေါ ပနာဟံ သာရိပုတ္တ စတုရင်္ဂသမန္နာဂတံ ဗြဟ္မစရိယံ စရိတာ တပဿီ သုဒံ ဟောမိ။ *(မ- ၁- ၁၁၀)*

သာရိပုတ္တ- သာရိပုတြာ၊ **အဟံ**- ငါသည်၊ **တပဿီ**- ကိလေသာတို့ကို လောင်မြိုက်စေတတ်သော အကျင့်ရှိသည်၊ **ဟောမိ**- ဖြစ်၏၊ **ဣတိ**- ဤသို့ **စတုရင်္ဂသမန္နာဂတံ**- လေးပါးသောအင်္ဂါနှင့် ပြည့်စုံသော၊ **ဗြဟ္မစရိယံ**- မြတ်သောအကျင့်ကို၊ **စရိတာ**- ကျင့်ခဲ့သည်၊ ဟုတ္ဝာ- ဖြစ်၍၊ **အဘိဇာနာမိ**- အမှတ်ရတော်မူ၏။

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသပါဠိတော်- သီဟနာဒဝဂ်- မဟာသီဟနာဒသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

အလွန်ပြင်းထန်သော လုံ့လဝီရိယသည် သာမညပုဂ္ဂိုလ်တို့၌ မဖြစ်တတ်ပေ။ အလွန်ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်တို့၌သာ ဖြစ်တတ်ပေသည်။ သို့ရာတွင် ထိုပြင်းထန်သော လုံ့လဝီရိယသည် မှန်ကန်ပါမှသာလျှင် အကျိုးသက်ရောက်မှုရှိပြီး မမှန်ကန်ပါက **'အတ္တကိလမထနုယောဂ'** မိမိခန္ဓာကိုယ်ကို ပင်ပန်းအောင် အဖန်ဖန်လုံ့လပြုခြင်း အားထုတ်ခြင်းမှလွဲ၍ ချမ်းသာသုခဟူသော အကျိုးတစ်စုံတစ်ရာ မရနိုင်ပေ။

ဗုဒ္ဓသည် အလောင်းတော်ဖြစ်စဉ် ဘဝတစ်ခု၌ 'သူတပါးတို့ထက် လွန်ကဲသော မြိုးမြံသော အကျင့်ကိုကျင့်ခြင်း, သူတပါးတို့ ထက် လွန်ကဲသော ခေါင်းပါးသော အကျင့်ကိုကျင့်ခြင်း, အခြားသူတို့ထက် လွန်ကဲသော စက်ဆုပ်တတ်သော အကျင့်ကိုကျင့်ခြင်း, အခြားသူတို့ထက် လွန်ကဲသော ဆိတ်ငြိမ်သော အကျင့်ကိုကျင့်ခြင်း' ဟူသော ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံသော လုံ့လဝီရိယအကျင့်ကို ကျင့်သုံးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။ ထိုလုံ့လဝီရိယမျိုးသည် သာမန်ပုဂ္ဂိုလ်တို့ မကျင့်နိုင်ကြသောကြောင့် ထိုလုံ့လဝီရိယကို **'ဗြဟ္မစရိယ'** မြတ်သောအကျင့်ဟု ခေါ်ဆိုထားခြင်း ဖြစ်သည်။ သို့ရာတွင် **'အတ္တကိလမထနုယောဂ'** အကျင့်ဘက်သို့ ရောက်နေ၍ အကျိုးတစ်စုံတစ်ရာ မရှိပေ။ *(အကျယ်ကို ကြည့်သုတ်၌ရှုပါ။)*

ဝီရိယအနက်ဟော ဗြဟ္မစရိယသဒ္ဒါက တရားဟောပုံသဘော

အထွတ်အထိပ်သို့ ရောက်လာသူ, ကြီးပွါးချမ်းသာသူတို့သည် လုံ့လဝီရိယရှိသူများ, ဇွဲကောင်းသူများ ဖြစ်ကြသည်။ ပျင်းရိသူများ, ဇွဲမရှိသူများသည် အထွတ်အထိပ်သို့ ရောက်လာနိုင်ရန် မလွယ်ကူပေ။ ကြီးပွါးချမ်းသာသူ ဖြစ်လာနိုင်ရန် မလွယ်ကူပေ။ အချို့သောပုဂ္ဂိုလ်တို့၏ လုံ့လဝီရိယဇွဲတို့သည် အလွန်ပြင်းထန်သော လုံ့လဝီရိယဇွဲများ ဖြစ်ကြသည်။ သို့ရာတွင် ထိုလုံ့လဝီရိယဇွဲတို့သည် မှန်ကန်မည်ဆိုပါက မိမိအတွက်ရော အများအတွက်ပါ အကျိုးရှိမည် ဖြစ်သည်။ မှားယွင်းပါက မိမိအတွက်ရော အများအတွက်ပါ ဆုံးရှုံးနစ်နာ ပျက်စီးမည် ဖြစ်သည်။ ထို့ကြောင့် **ပျင်းရိခြင်းကို ရှောင်ကြဉ်နိုင်ပြီး ပြင်းထန်သော လုံ့လဝီရိယဇွဲတို့ကိုလည်း မှန်ကန် အကျိုးရှိသောဘက်တွင် အသုံးပြုနိုင်သူများ ဖြစ်ကြပါကုန်လော့။**

အင်္ဂါကြီက ဥပေါသထ အနက်ဟော ဖြုတ္တစရိယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဖြုတ္တစရိယသဒ္ဒါ၏ ဝီရိယ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဖြုတ္တစရိယသဒ္ဒါ၏ အင်္ဂါကြီက ဥပေါသထ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တိနေန ဖြုတ္တစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ၊
မဇ္ဈိမေနစ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။ *(ခု- ၅- ၁၇၃၊ ခု- ၆- ၁၇၅)*

တိနေန- ဆန္ဒ, ဝီရိယစသည်အားဖြင့်ညံ့သော၊ **ဖြုတ္တစရိယေန**- မြတ်သောအကျင့်ဟူသော အင်္ဂါကြီကဥပုသ်ကြောင့်၊ **ခတ္တိယေ**- မင်းမျိုး၌၊ **ဥပပဇ္ဇတိ**- ဖြစ်ရ၏၊ **မဇ္ဈိမေန**- ဆန္ဒ, ဝီရိယစသည်အားဖြင့် အလယ်အလတ်ဖြစ်သော၊ **ဖြုတ္တစရိယေနစ**- မြတ်သောအကျင့်ဟူသော အင်္ဂါကြီကဥပုသ်ကြောင့်ကား၊ **ဒေဝတ္တံ**- နတ်၏အဖြစ်သို့၊ **ဥပပဇ္ဇတိ**- ကပ်ရောက်ရ၏၊ **ဥတ္တမေန**- ဆန္ဒ, ဝီရိယစသည်အားဖြင့် မြတ်သော၊ **ဖြုတ္တစရိယေန**- မြတ်သောအကျင့်ဟူသော အင်္ဂါကြီကဥပုသ်ကြောင့်၊ **ဝိသုဇ္ဈတိ**- ကိလေသာတို့မှ စင်ကြယ်ရ၏။

အထက်ပါ ဂါထာသည် ဇာတကပါဠိတော်- အဋ္ဌကနိပါတ်- အာဒိတ္တဇာတ်၌လည်းကောင်း၊ မဟာနိပါတ်- နိမိဇာတ်၌လည်းကောင်း လာရှိလေသည်။

အင်္ဂါကြီက ဥပေါသထ အနက်ဟော ဖြုတ္တစရိယသဒ္ဒါက တရားဟောပုံသဘော

အထက်ပါ ဂါထာအရ ဥပုသ်စောင့်သုံးခြင်းသည် အညံ့စား, အလတ်စား, အမြတ်စားဟူ၍ သုံးမျိုးရှိရာတွင် သိပ်တက်ကြွမှု မရှိဘဲ သဒ္ဓါ, ဆန္ဒ, ဝီရိယ ညံ့ဖျင်းစွာနှင့် စောင့်ကြသောဥပုသ်သည် မင်းမျိုးမင်းနွယ်၌ ဖြစ်စေနိုင်သည်။ အတော်အတန် တက်ကြွစွာနှင့် သဒ္ဓါ, ဆန္ဒ, ဝီရိယ စသည်တို့ အလတ်စားမျိုးဖြင့် ဥပုသ်စောင့်သုံးပါက နတ်ပြည်နတ်လောကသို့ ရောက်နိုင်သည်။ စိတ်ဓာတ်အလွန် တက်ကြွပြီး သဒ္ဓါ, ဆန္ဒ, ဝီရိယ စသည်တို့ အထက်တန်းစား အနေအားဖြင့် ဥပုသ်စောင့်၍ ဝိပဿနာ ရှုပွါးပါက သောတာပန် အစရှိသော အရိယာအဖြစ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ ဥပုသ်စောင့်သုံးခြင်းသည် အလွန်အကျိုးရှိကြောင်း ထင်ရှားလေသည်။ **ထို့ကြောင့် အကျိုးရှိသော အထက်တန်းကျသော ဥပုသ်မျိုးကို စောင့်သုံးနိုင်သူများ ဖြစ်ကြပါကုန်လော့။**

အင်္ဂါကြီက အရိယမဂ် အနက်ဟော ဖြုတ္တစရိယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဖြုတ္တစရိယသဒ္ဒါ၏ အင်္ဂါကြီက ဥပေါသထအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဖြုတ္တစရိယသဒ္ဒါ၏ အင်္ဂါကြီက အရိယမဂ္ဂအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဣဒံ ခေါ်ပန မေ ပဉ္စသိခ ဖြုတ္တစရိယံ ဧကန္တ နိဗ္ဗိဒါယ, ဝိရာဂါယ, နိရောဓာယ (ပ) အယမေဝ အရိယော အင်္ဂါကြီကော မဂ္ဂေါ။ *(ဒီ- ၂- ၂၀၁)*

ပဉ္စသိခ- ပဉ္စသိခ၊ **မေ**- ငါဘုရား၏၊ **ဣဒံ ဖြုတ္တစရိယံ**- ဤမြတ်သောအကျင့်ဟူသော အင်္ဂါကြီက အရိယမဂ်သည်၊ **ဧကန္တ နိဗ္ဗိဒါယ**- ဝဋ်ဆင်းရဲ၌ ကေန်ငြီးငွေ့ခြင်းအကျိုးငှာ၊ **သံဝတ္တတိ**- ဖြစ်၏၊ **ဝိရာဂါယ**- မတပ်မက်ခြင်းငှာ၊ **သံဝတ္တတိ**- ဖြစ်၏၊ **နိရောဓာယ**- ဒုက္ခချုပ်ငြိမ်းခြင်းငှာ၊ **သံဝတ္တတိ**- ဖြစ်၏ (ပ) **အရိယော**- မြတ်သော၊ **အင်္ဂါကြီကော**- သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသောအားဖြင့် ရှစ်ပါးသောအင်္ဂါရှိသော၊ **အယမေဝမဂ္ဂေါ**- ဤမဂ်ပင်တည်း။

အထက်ပါ ပါဠိရပ်သည် သုတ်မဟာဝါ ပါဠိတော်- မဟာဂေါဝိန္ဒသုတ်၌ လာရှိလေသည်။ မဟာဂေါဝိန္ဒပုဏ္ဏားဖြစ်စဉ်က ဟောကြားခဲ့သော 'မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ' ဟူသော အပ္ပမညာလေးပါး ဖြုတ္တဝိဟာရတရားသည် နိဗ္ဗာန်သို့တိုင် မရောက်ဘဲ ဖြုတ္တာ့ပြည်လောက်သာ ရောက်နိုင်ကြောင်း၊ ယခု ဗုဒ္ဓအဖြစ်နှင့် ဟောကြားတော်မူအပ်သော သမ္မာဒိဋ္ဌိ အစရှိသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်သာလျှင် မဂ္ဂင်ရှစ်ပါး အကျင့်လမ်းစဉ်သည်သာလျှင် နိဗ္ဗာန်သို့ ရောက်ရှိနိုင်ကြောင်း စသည်ဟော ကြားတော်မူခြင်း ဖြစ်သည်။ **ထို့ကြောင့် မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားကို အားထုတ်သူများ ဖြစ်ကြပါကုန်လော့။**

သာသနအနက်ဟော ဗြဟ္မစရိယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဗြဟ္မစရိယသဒ္ဒါ၏ အဋ္ဌင်္ဂိက အရိယမဂ္ဂ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဗြဟ္မစရိယသဒ္ဒါ၏ သာသန အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တယိဒံ ဗြဟ္မစရိယံ ဣဒ္ဓဉ္စေဝ, ဖီတဉ္စ ဝိတ္ထာရိကံ ဗာဟုဇညံ ပုထုဘူတံ ယာဝဒေဝ မနုဿေဟိ သုပ္ပကာသိတံ။ *(ဒီ- ၃- ၁၀၂)*

(**သိက္ခတ္တယ သင်္ဂဟိတံ**- 'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးပါးအပေါင်းဖြင့် သိမ်းယူအပ်သော၊ သကလ သာသနံ- ပရိယတ်, ပဋိပတ်, ပဋိဝေဓအားဖြင့် အလုံးစုံသော သာသနာတော်ကို၊ ဗြဟ္မစရိယန္တိ- ဗြဟ္မစရိယဟူ၍၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ။)

တယိဒံ ဗြဟ္မစရိယံ- ထိုမြတ်သောအကျင့်ဟူသော အလုံးစုံသော သာသနာတော်ကို၊ **ဣဒ္ဓဉ္စေဝ**- ပြည့်စုံသည်လည်း ကောင်း၊ **ဖီတဉ္စ**- စည်ပင်သည်လည်းကောင်း၊ **ဟောတိ**- ဖြစ်၏၊ **ဝိတ္ထာရိကံ**- ကျယ်ပြန့်၏၊ **ဗာဟုဇညံ**- များစွာသောလူတို့သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဟု အသိအမှတ်ပြု၏၊ **ပုထုဘူတံ**- များသည်ဖြစ်၍ ဖြစ်၏၊ **ယာဝ ဒေဝမနုဿေဟိ**- နတ်ပြည်မှ လူပြည်တိုင်အောင်, လူပြည်မှ နတ်ပြည်တိုင်အောင်၊ **သုပ္ပကာသိတံ**- ကောင်းစွာထင်ရှားပြတော်မူအပ်ပြီ။

ဤအလုံးစုံ သာသနအနက်ကိုဟောသော ဗြဟ္မစရိယကိုသာလျှင် ဗုဒ္ဓဝါဒ၌ အလိုလားအပ်ဆုံး, ဗုဒ္ဓအနှစ်သက်ဆုံး ဗြဟ္မစရိယ ဖြစ်လေသည်။ ထို့ကြောင့် **'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်သာသနာကို ကောင်းစွာကျင့်သူများ ဖြစ်ကြပါကုန်လော့။**

ဤ၌ လိုအပ်သောအနက်

အထက်ပါ ဗြဟ္မစရိယသဒ္ဒါ၏ ဟောနိုင်သောအနက် (၁၀)နက်ရှိရာတွင် ဤသာမညဖလသုတ် 'ဗြဟ္မစရိယံ ပကာသေတိ' ၌ **'သီလ, သမာဓိ, ပညာ'** ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းယူအပ်သော **'ပရိယတ်, ပဋိပတ်, ပဋိဝေဓ'** ဟူသော **'သကလ သာသနံ'** အလုံးစုံသော သာသနာအနက်ကိုသာ လိုအပ်လေသည်။

ဗုဒ္ဓသည် ဆက်၍တရားဟောပုံ

ဗုဒ္ဓသည် အဇာတသတ်မင်းကြီး၏ တောင်းပန်လျှောက်ထားချက်အရ **ပဏီတတရ သန္ဒိဋ္ဌိက** သာမညဖလ ကို ဆက်၍ ဟောတော်မူရာတွင် ရှေးဦးစွာ တထာဂတ ပွင့်ပေါ်လာပုံကို ဟောတော်မူသည်။ ထို့နောက် ထိုတထာဂတသည် ကျွတ်ထိုက်သသူ ဝေနေယျသတ္တဝါတို့အား **'ဗြဟ္မစရိယံ ပကာသေတိ' 'သီလ, သမာဓိ, ပညာ'** ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်နှင့် သိမ်းယူအပ် သော အလုံးစုံသော သာသနာကို ထင်ရှားပြတော်မူ၍သာ တရားဟောတော်မူလေပြီ။

ဂဟပတိတို့ တရားတော်ကို နာရ၍ သဒ္ဓါတရားဖြစ်ပုံ

ထိုသို့ ရှင်တော်ဗုဒ္ဓ၏ တရားတော်ကို နာကြားကြရသော ပုဂ္ဂိုလ်တို့တွင် အချို့သော ဂဟပတိတို့ သဒ္ဓါတရား ဖြစ်ပုံကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဆက်၍ဟောလေသည်။

တံ ဓမ္မံ သုဏာတိ ဂဟပတိ ဝါ ဂဟပတိပုတ္တော ဝါ အညတရသ္မိံ ဝါ ကုလေ ပစ္စာဇာတော သော တံ ဓမ္မံ သုတွာ တထာဂတေ သဒ္ဓံ ပဋိလဘတိ။ *(ဒီ- ၁- ၅၉)*

တံ ဓမ္မံ- ထိုတထာဂတ၏ တရားတော်ကို၊ **ဂဟပတိဝါ**- အိမ်ရှင်သူကြွယ်သည်လည်းကောင်း၊ **ဂဟပတိပုတ္တောဝါ**- အိမ်ရှင်သူကြွယ်၏သားသည်လည်းကောင်း၊ **အညတရသ္မိံ**- အမှတ်မထား တစ်ပါးပါးသော၊ **ကုလေ**- အမျိုး၌၊ **ပစ္စာဇာတောဝါ**-

စွဲ၍ဖြစ်သောသူသည်လည်း၊ **သုဏာတိ**- နာရ၏၊ **သော**- ထိုတထာဂတ၏ တရားတော်ကို နာရသောပုဂ္ဂိုလ်သည်၊ **တံဓမ္မံ**- ထို တထာဂတသည် ဟောကြားတော်မူအပ်သော တရားတော်ကို၊ **သုတွာန**- ကြားနာရခြင်းကြောင့်၊ **တထာဂတေ**- တထာဂတခေါ်ရ မြတ်ဗုဒ္ဓ၌၊ **သဒ္ဓံ**- သဒ္ဓါတရားကို၊ **ပဋိလဘတိ**- ရ၏။ *(သဒ္ဓါတရား မှန်ပေါ်လာပြီ။)*

အမျိုးလေးပါးတွင် ဂဟပတိကို ဦးစားပေး ဟောရခြင်းအကြောင်း

'**ခတ္တိယ**- မင်းမျိုး၊ **ဗြာဟ္မဏ**- ပုဏ္ဏားမျိုး၊ **ဝေဿ**- ဂဟပတိ ခေါ် ကုန်သွယ်လယ်လုပ် သူကြွယ်မျိုး၊ **သုဒ္ဒ**- သူဆင်းရဲမျိုး' ဟူ၍ အမျိုးကြီးလေးမျိုး ရှိရာတွင် '**ဝေဿ ခေါ် ဂဟပတိ**' သူကြွယ်မျိုးကို ပဌမဦးစားပေးအနေဖြင့် ဟောတော်မူရခြင်း အကြောင်းကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်။

နိဟတမာနတ္တာ ဥဿန္နတ္တာစ- ကုန်သွယ်လယ်လုပ် သူကြွယ်မျိုးတို့သည်၊ **နိဟတမာနတ္တာ**- မာနကို နှိမ်ချိုးအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ **ဥဿန္နတ္တာစ**- များသည်၏ အဖြစ်ကြောင့်လည်းကောင်း ရှေးဦးစွာ ညွှန်ပြတော်မူခြင်း ဖြစ်သည်။

နိဟတမာနတ္တာ, ဥဿန္နတ္တာနှင့်စပ်၍ သိမှတ်ဖွယ်

(၁) ဗုဒ္ဓ၏ သာသနာတော်၌ ကောင်းမွန်စွာ ကျင့်ခြင်းဟူသော သမ္မာပဋိပတ်သည် မာန်မာနမရှိမှသာ ကျင့်နိုင်သည်။ မှန်၏။ ရဟန်းပြုရခြင်းမည်သည် '**ပရပဋိဗဒ္ဓါ မေ ဇီဝိကာ**' ဟူသော ဒသဓမ္မသုတ်နှင့်အညီ ပစ္စည်းလေးပါးတို့ကို ဒါယကာ, ဒါယိကာမတို့ လှူမှရနိုင်သည်။ ဆရာဥပဇ္ဈာယ်တို့၏ ဩဝါဒကိုလည်း ကောင်းစွာလိုက်နာရသည်။ ထို့ကြောင့် မာနကြီးသူသည် ဗုဒ္ဓ သာသနာတော်၌ ကောင်းစွာကျင့်ရန် မလွယ်ကူချေ။

ဒူရ သမုဿာရိတ မာနသေ၀- ဝေးစွာကောင်းကောင်း ပယ်ရှားအပ်ပြီးသော မာနရှိသူ၏သာ '**သာသနေ သမ္မာပဋိပတ္တိ သမ္ဘဝတိ**' ဗုဒ္ဓသာသနာတော်၌ ကောင်းစွာကျင့်ခြင်းသည် ဖြစ်နိုင်၏။ *(ဋီသစ်- ဒုအုပ်- ၇၄)*

(၂) '**ယေဘုယျေန ဟိ ခတ္တိယကုလတော ပဗ္ဗဇိတာ ဇာတိံ နိဿာယ မာနံ ကရောန္တိ**' **ဟိ**- ချဲ့ဦးအံ့၊ **ယေဘုယျေန**- များသောအားဖြင့်၊ **ခတ္တိယကုလတော**- မင်းမျိုးမှ၊ **ပဗ္ဗဇိတာ**- ရှင်ရဟန်းပြုသူတို့သည်၊ **ဇာတိံ**- အမျိုးဇာတ်ကို၊ **နိဿာယ**- မှီ၍၊ **မာနံ**- မာနကို၊ **ကရောန္တိ**- ပြုတတ်ကုန်၏၊ *(ဒီ ဋ- ၁- ၁၆၂)* *(ဘဒ္ဒိယ စသော ခတ္တိယပုဂ္ဂိုလ်တို့ကား မင်းမျိုးမှန်သော်လည်း မာန်မာနမရှိ။ ထို့ကြောင့် ယေဘုယျေနဟု ဆိုရသည်။)*

(၃) လောက၌ စည်းစိမ်ကို အကြောင်းပြု၍ဖြစ်သော ဓနမာန်, အာရောဂျမာန် စသည်တို့မှာ ပယ်ရန်လွယ်သည်။ အကြောင်းကား မာန၏အကြောင်းခံဖြစ်သော စည်းစိမ်ဥစ္စာဘောဂတို့သည် ကြာကြာမတည်သောကြောင့်တည်း။ *(မဟာဋီ- ၂၃၉၊ ဋီသစ်- ဒုအုပ်- ၇၄)*

(၄) **ဗြာဟ္မဏကုလာ ပဗ္ဗဇိတာ မန္တေနိဿာယ မာနံ ကရောန္တိ**။ **ဗြာဟ္မဏကုလာ**- ပုဏ္ဏားမျိုးမှ၊ **ပဗ္ဗဇိတာ**- ရှင်ရဟန်းပြုသူတို့သည်၊ **မန္တေ**- မန္တာန်တို့ကို *(ဝေဒကျမ်းတို့ကို)*၊ **နိဿာယ**- မှီ၍၊ **မာနံ**- မာနကို၊ **ကရောန္တိ**- ပြုတတ်ကုန်၏၊ *(သူ၏တစ်သက်လုံး ဝေဒပညာရပ်သည် မြဲစွာတည်နေသောကြောင့် ပယ်ရန်မလွယ်ပေ။)*

(၅) **ဟီန ဇစ္စ ကုလာ ပဗ္ဗဇိတာ အတ္တနော အတ္တနော ဝိဇာတိတာယ ပတိဋ္ဌာတုံ နသက္ကောန္တိ**။ **ဟီနဇစ္စကုလာ**- ညံ့သောဇာတ်ရှိသော အမျိုးမှ၊ **ပဗ္ဗဇိတာ**- ရှင်ရဟန်းပြုသူတို့သည်၊ **အတ္တနော အတ္တနော**- မိမိ မိမိ၏၊ **ဝိဇာတိတာယ**- ဖောက်ပြန်သော ဇာတ်ရှိကုန်သည်၏ အဖြစ်ကြောင့်၊ **ပတိဋ္ဌာတုံ**- *(သီလမှင့်လည်းကောင်း, သစ္စပဋိဝေဓမှင့်လည်းကောင်း)* တည်တန့်ခြင်းငှာ၊ **နသက္ကောန္တိ**- မစွမ်းနိုင်ကုန်။

ပတိဋ္ဌာနံ နသက္ကောန္တိ ဋီကာရှင်းချက်

ဟီနဇစ္စကုလာ- ယုတ်ညံ့သော အမျိုးဇာတ်ရှိသူတို့သည်-

(၁) **သုဝိသုဒ္ဓံ ကတွာ သီလံ ရက္ခိတုံ နသက္ကောန္တိ**- သီလစင်ကြယ်အောင်ပြု၍ သီလကို စောင့်ရှောက်ခြင်းငှာ မတတ်နိုင်ကုန်။

(၂) **သီလဝသေန ဟိ သာသနေ ပတိဋ္ဌာ**- မှန်၏၊ သီလ၏ အစွမ်းဖြင့်သာ သာသနာတော်၌ တည်တန့်နိုင်ကြ၏။

(၃) တစ်နည်းအားဖြင့်- **သစ္စပဋိဝေဓေန လောကုတ္တရာယ ပတိဋ္ဌာယ ပတိဋ္ဌာတုံ**- လောကုတ္တရာဖြစ်သော သစ္စာလေးပါးကို သိခြင်း၏အစွမ်းဖြင့်သာ သာသနာတော်၌ တည်တန့်နိုင်ကြ၏။

(၄) **သာ ဟိ နိပ္ပရိယာယတော သာသနေ ပတိဋ္ဌာနာမ**- မှန်၏၊ လောကုတ္တရာဖြစ်သော သစ္စာလေးပါးကို သိခြင်း၏ အစွမ်းဖြင့်သာ ထိုသာသနာတော်၌ တည်တန့်နိုင်ခြင်းသည် မုချအားဖြင့် သာသနာတော်၌ တည်တန့်ခြင်းမည်၏။

(၅) **ယေဘုယျေနစ ဥပနိဿယ သမ္ပန္နာ သုဇာတာဝ ဇောတန္တိ နဒုဇ္ဇာတာ**- များသောအားဖြင့်လည်း မဂ်, ဖိုလ်ရရန် အကြောင်းဥပနိဿယနှင့် ပြည့်စုံသူတို့သည် ကောင်းသောအမျိုးဇာတ်ရှိသူတို့သာ ဖြစ်ကြလေသည်။ ယုတ်ညံ့သော အမျိုးဇာတ်ရှိသူတို့ မဖြစ်ကြပေ။ *(မဟာဋီ- ၂၃၉၊ ဋီသစ်- ဒုအုပ်- ၇၄)*

ကုန်သွယ်လယ်လုပ် ဂဟပတိတို့ ရဟန်းပြုသူများခြင်းအကြောင်း

(၁) ကုန်သွယ်လယ်လုပ်ဟု ဆိုအပ်သော **ဝေဿမျိုး** ဂဟပတိ သတို့သားတို့သည် ချွေးတဒီးဒီးကျ နေပူမိုးရွာမရှောင် လယ်ထွန်ခြင်း, ကုန်သွယ်ခြင်းအလုပ်ကို လုပ်ရသောကြောင့် ခတ္တိယမာန်မျိုး, ပုဏ္ဏားမာန်မျိုး မရှိကြပေ။ ထိုသို့ မာန်မာနနည်းခြင်းကြောင့် ဝေဿမျိုး ခေါ် ဂဟပတိ သူကြွယ်မျိုးတို့သည်သာ ရဟန်းပြု၍ မာနကိုလည်းကောင်း၊ ထောင်လွှားခြင်းကိုလည်းကောင်း မပြုမူ၍ အစွမ်းရှိသမျှ ဗုဒ္ဓသာသနာတော်၌ ပရိယတ္တိကို သင်ယူပြီး၍ ဝိပဿနာတရားကို ကြိုးစားအားထုတ်လေသော် အရဟတ္တဖိုလ်၌ တည်ခြင်းငှာ စွမ်းနိုင်လေသည်။

(၂) ခတ္တိယမျိုး, ဗြာဟ္မဏမျိုး, သုဒ္ဒမျိုးတို့မှ ရှင်ရဟန်းပြုကြသူတို့သည် နည်းပါးကြလေသည်။ ဝေဿမျိုးဖြစ်ကြသော ဂဟပတိတို့သာ ဗုဒ္ဓသာသနာတော်၌ ရှင်ရဟန်းပြုကြသူ များကြလေသည်။ ထို့ကြောင့် ဗုဒ္ဓသည် ရဟန်းပြုရာ၌ 'ဂဟပတိ'ကို ရှေးဦးစွာ ညွှန်ပြခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၁၆၂)*

ဂဟပတိ ဒါယကာ သဒ္ဓါတရားဖြစ်ပုံ

ထိုဂဟပတိ ဒါယကာသည် ဗုဒ္ဓ၏ တရားတော်ကို နာကြားရသည်ဖြစ်၍ တရား၏အရှင်ဖြစ်သော တထာဂတ၌ အကြင် ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည် **'သွာက္ခာတော ဓမ္မော'** တရားတော်ကို ကောင်းစွာဟောကြားတော်မူအပ်လေပြီ။ ထိုဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည် **'သမ္မာသမ္ဗုဒ္ဓေါ ဝတ'** သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်တော်မူပါပေစွ။ ဤသို့ တထာဂတ၌ ယုံကြည်မှု သဒ္ဓါတရား ဖြစ်လေပြီ။

ထိုသဒ္ဓါတရားဖြစ်ပုံနှင့်စပ်၍ ဋီကာတို့တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်။

သဒ္ဓန္တိ ပေါထုဇ္ဇနိက သဒ္ဓါဝသေန သဒ္ဓတနံ ဝိညုဇာတိကာနဉ္စ ဓမ္မသမ္ပတ္တိဂဟဏ ပုဗ္ဗိကာ သဒ္ဓါသိဒ္ဓိ စတုသု ပုဂ္ဂလေသု ဓမ္မပ္ပမာဏ ဓမ္မပ္ပသန္န ပုဂ္ဂလဘာဝတော။ *(ဋီသစ်- ဒုအုပ်- ၇၅၊ မဟာဋီ- ၂၄၀)*

ဗုဒ္ဓကို ကြည်ညိုရာ၌-

(၁) **ဓမ္မပ္ပမာဏ** - တရားကို အဓိကထား၍ ကြည်ညိုသောပုဂ္ဂိုလ်၊

(၂) **ရူပပ္ပမာဏ** - ရုပ်ကို အဓိကထား၍ ကြည်ညိုသောပုဂ္ဂိုလ်၊

(၃) **ဃောသပ္ပမာဏ**- အသံကို အဓိကထား၍ ကြည်ညိုသောပုဂ္ဂိုလ်၊

(၄) **လူခပ္ပမာဏ** - ခေါင်းပါးစွာကျင့်မှုကို အဓိကထား၍ ကြည်ညိုသောပုဂ္ဂိုလ် ဟူ၍ (၄)မျိုးရှိသည်။

ထိုပုဂ္ဂိုလ် (၄)မျိုးအနက် အထက်ကဖော်ပြသော ဂဟပတိ ဒါယကာ၏ သဒ္ဓါသည် ပုထုဇဉ်တို့၏ သဒ္ဓါတည်း။ ထိုသဒ္ဓါသည် **ဓမ္မပ္ပမာဏ သဒ္ဓါမျိုး** ဖြစ်သည်။ မှန်၏၊ **'ဓမ္မပ္ပမာဏ'** ပုဂ္ဂိုလ်တို့သည် ပုဂ္ဂိုလ်တစ်ပါးကို ကြည်ညိုရာ၌ ထိုပုဂ္ဂိုလ်မှာ တရားကောင်း တရားမှန် ရှိ, မရှိကို ရှေးဦးစွာ စဉ်းစား၍ တရားမှန်ရှိကြောင်းကိုသိမှ ကြည်ညိုကြလေသည်။

(၁) **ရူပပ္ပမာဏ** - ရုပ်ကို အဓိကထားသော ပုဂ္ဂိုလ်များကဲ့သို့ ရုပ်ချောရုံမျှဖြင့်လည်း မကြည်ညိုကြပေ။

(၂) **ဃောသပ္ပမာဏာ**– အသံကို အဓိကထားသော ပုဂ္ဂိုလ်များကဲ့သို့ အသံကောင်းရုံ, နာမည်ကျော်ကြားရုံမျှဖြင့်လည်း မကြည်ညိုကြပေ။

(၃) **လူခပ္ပမာဏာ** – ခေါင်းပါးသောအကျင့်ကို အဓိကထားသော ပုဂ္ဂိုလ်များကဲ့သို့ ခေါင်းပါးစွာကျင့်ရုံမျှဖြင့်လည်း မကြည်ညိုကြပေ။

(၄) **ဓမ္မပ္ပမာဏာ** – ထိုပုဂ္ဂိုလ်မှာ တရားမှန်ရှိကြောင်းကိုသိမှ ကြည်ညိုကြလေသည်။

ဂဟပတိ ဒါယကာ ကြံစည်ပုံ

ထိုဂဟပတိ ဒါယကာသည် ဗုဒ္ဓအပေါ်၌ ဓမ္မပ္ပမာဏ အနေအားဖြင့် ထိုသို့ယုံကြည်မှု သဒ္ဓါတရား ဖြစ်ပေါ်လာသောကြောင့် အောက်ပါအတိုင်း ကြံစည်မှု ဖြစ်ပေါ်လာလေသည်။

သမ္ဗာဓော ဃရာဝါသော ရဇောပထော၊ အဗ္ဘောကာသော ပဗ္ဗဇ္ဇာ၊ နယိဒံ သုကရံ အဂါရံ အဇ္ဈာဝသတာ ကေန္တပရိပုဏ္ဏံ ကေန္တပရိသုဒ္ဓံ သင်္ခလိခိတံ ဗြဟ္မစရိယံ စရိတုံ။ *(ဒီ– ၁– ၅၉)*

ဃရာဝါသော– အိမ်ရာတည်ထောင် လူ့ဘောင်သည်၊ **သမ္ဗာဓော**– ကျဉ်းမြောင်းကျပ်တည်းလှ၏၊ **ရဇောပထော**– ကိလေသာ မြူထရာ လမ်းကြောင်းတည်း၊ **ပဗ္ဗဇ္ဇာ**– ရှင်ရဟန်းအဖြစ်သည်၊ **အဗ္ဘောကာသော**– လွင်တီးခေါင်တည်း၊ *(အနှောင်အဖွဲ့မရှိ လွတ်လပ်သော သဘောကို ဆိုလိုသည်။)* **ဣဒံ ဗြဟ္မစရိယံ**– ဤသိက္ခာသုံးရပ် မြတ်သောအကျင့်ကို၊ **အဂါရံ**– အိမ်၌၊ **အဇ္ဈာဝသတာ**– နေသောပုဂ္ဂိုလ်သည်၊ **ကေန္တပရိပုဏ္ဏံ**– ကေန်ထက်ဝန်းကျင် ပြည့်စုံစွာ၊ **ကေန္တပရိသုဒ္ဓံ**– ကေန်ထက်ဝန်းကျင် စင်ကြယ်စွာ၊ **သင်္ခလိခိတံ**– ပွတ်သစ်စ ခရုသင်းနှင့်တူစွာ၊ **စရိတုံ**– ကျင့်ခြင်းငှာ၊ **နသုကရံ**– မလွယ်ကူ။ ငါသည် လူ့ဘောင်ကို စွန့်ခွါ၍ ရဟန်း ပြုရပါမူကား ကောင်းလေစွ။

(ဤကား ပါဠိတော်လာ စကားရပ်တည်း။)

ဃရာဝါသ သမ္ဗာဓ ဖြစ်ပုံ

ထိုပါဠိတော်နှင့်စပ်၍ အဋ္ဌကထာတွင် အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်။

(၁) လူ့ဘောင်သည် ကျဉ်းမြောင်းကျပ်တည်း၏ဟုဆိုရာ၌ လင်မယားနှစ်ယောက်တို့သည် အတောင်(၆၀) ကျယ်ဝန်းသော အိမ်၌ နေစေကာမူ, ယူဇနာတစ်ရာကျယ်သော အရပ်ဒေသ၌ နေစေကာမူ ကြောင့်ကြဖွယ်နှင့်တကွ ဖြစ်သည်၏အဖြစ်, အနှောင့်အယှက်နှင့်တကွ ဖြစ်သည်၏အဖြစ်ကြောင့် အိမ်ရာတည်ထောင် လူ့ဘောင်သည် ကျဉ်းမြောင်းကျပ်တည်းသည်သာတည်း။

(၂) ထိုတွင် 'ကြောင့်ကြ' ဟု ဆိုရာ၌ အိမ်၌နေသူသည် 'ရာဂ' စသည် ရှိနေသောကြောင့် သက်ရှိသက်မဲ့ ဥစ္စာများအတွက် တကြောင့်ကျကျနှင့် နေရသည်။ စိတ်ချလက်ချ မနေနိုင်ကြပေ။

(၃) 'အနှောင့်အယှက်' ဟူရာ၌ လယ်ယာစသည် ရှိနေသူသည် ထိုလယ်ယာကို စောင့်ရှောက်လုပ်ကိုင်နေရသောကြောင့် ကုသိုလ်တရားကို လွတ်လွတ်ကျွတ်ကျွတ် မလုပ်နိုင်။ ထိုလယ်ယာက ကောင်းမှုအလုပ်ကို နှောင့်ယှက်သကဲ့သို့ ဖြစ်နေသည်။

(၄) အထက်တွင် လင်မယားနှစ်ယောက်ဟု ဆိုထား၏။ အချို့ပုဂ္ဂိုလ်တို့ မယားအများ ရှိကြရာ၌ မယားတစ်ယောက်တည်းတောင် ထိုသို့ဖြစ်လျှင် မယားအများရှိသူမှာ ပြောဖွယ်မလို။

ရဟန်းအဖြစ် အဗ္ဘောကာသ လွင်တီးခေါင်နှင့်တူပုံ

ကောင်းကင်ဟူသော လွင်တီးခေါင်ကို လက်စသည်ဖြင့် ဖွေ့ရမ်းကြည့်ရာ၌ ငြိကပ်ခြင်း, တွယ်တာနေခြင်း မရှိသကဲ့သို့ ရဟန်းအဖြစ်သည်လည်း သက်ရှိသက်မဲ့တို့၌ ငြိကပ်တွယ်တာမှုမရှိ၍ လွင်တီးခေါင်နှင့်တူသည်ဟု ဆိုသည်။ ရဟန်းတို့မည်သည် စုလစ်မွန်းချွန် အထွတ်ရှိသောကျောင်း, ရတနာပြာသာဒ်, နတ်ဗိမာန်အစရှိသော အရပ်တို့၌ နေရသော်လည်း ငြိကပ်တွယ်တာခြင်း,

စပ်ဖွဲ့ခြင်းမရှိ။ ထို့ကြောင့် ရဟန်းအဖြစ်သည် လွင်တီးခေါင်နှင့် တူသည်။ လူ့ဘောင်သည် ကုသိုလ်ဖြစ်ရန် ကျဉ်းမြောင်းသလောက် ရဟန်းအဖြစ်ကား ကုသိုလ်ပြုရန် အလွန်ကျယ်ပြန့်သော အခြေအနေ ရှိလေသည်။ အချိန်ရှိသမျှ ကုသိုလ်တရား အားထုတ်နိုင်သော အခြေအနေ ရှိလေသည်။ ထို့ကြောင့်လည်း လွင်တီးခေါင်နှင့် တူလေသည်။ *(ဒီ ဋ- ၁- ၁၆၂)*

ကေဝလပရိပုဏ္ဏံ စသည်အဓိပ္ပါယ်

သီလသိက္ခာကို တစ်ပါးတစ်လေမျှ ပေါက်ကြားခြင်းမရှိဘဲ အလုံးစုံ ပြည့်စုံနေသည်ကို '**ကေဝလပရိပုဏ္ဏ**' ဟု ဆိုသည်။ '**ပြည့်စုံ**' ဟူရာ၌ ကိုယ်, နှုတ်သာစင်ကြယ်ပြီး စိတ်မှာကိလေသာဖြစ်နေမှု 'ပရိသုဒ္ဓ' စင်ကြယ်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ ကိုယ်, နှုတ်တွင်မက စိတ်မှာလည်း ကိလေသာ မဖြစ်အောင် ကျင့်သုံးခြင်းကို 'ပရိသုဒ္ဓ' ဟု ဆိုသည်။ ထိုပရိသုဒ္ဓ ခေါ် စင်ကြယ်မှုသည် သာမန်မျှ စင်ကြယ်မှု မဟုတ်ပေ။ ပွတ်သစ်စ ခရုသင်းကဲ့သို့ အလွန်ဖြူစင်သော ပရိသုဒ္ဓမျိုးဖြစ်အောင် ကျင့်သုံးရခြင်းကို '**သင်္ခလိခိတံ**' ဟု ဆိုသည်။ ထိုသို့ 'ပရိသုဒ္ဓ, ပရိပုဏ္ဏ' ဖြစ်ရာတွင် တစ်ခါတစ်ရံမှ မညစ်နွမ်းစေရ။ အခါခပ်သိမ်း ဖြူစင်သန့်ရှင်းအောင် ကျင့်သုံးရမည်ကို '**ကေဝလ**' ဟု ဆိုသည်။ *(ဒီ ဋ- ၁- ၁၆၂ / ၃)*

ပါတိမောက္ခသံဝရသီလကို ဖြည့်ကျင့်ခြင်း

ထိုအိမ်ရှင်သူကြွယ်သည် အထက်က ပြဆိုခဲ့သည့်အတိုင်း ဗုဒ္ဓအပေါ်၌ ကြည်ညိုစိတ်ဖြစ်ပြီး လူ့ဘောင်၌ နေရခြင်းအပြစ်၊ ရဟန်းပြုရခြင်း၌အကျိုးကို ကြံစည်မိပြီး လူ့ဘောင်ကို စွန့်ခွါ၍ ရဟန်းပြုပြီးလျှင် အောက်ပါအတိုင်း ပါတိမောက္ခသံဝရသီလ စသည်တို့ကို ဖြည့်ကျင့်လေသည်။

သော ဧဝံ ပဗ္ဗဇိတော သမာနော ပါတိမောက္ခသံဝရ သံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော၊ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု။ *(ဒီ- ၁- ၅၉)*

သော- ထိုအိမ်ရှင်သူကြွယ်သည်၊ **ဧဝံ**- ဤဆိုအပ်ပြီးသော အစီအစဉ်ဖြင့်၊ **ပဗ္ဗဇိတော**- ရဟန်းအဖြစ်သို့ ရောက်သည်၊ **သမာနော**- ဖြစ်လတ်သော်၊ **ပါတိမောက္ခသံဝရသံဝုတော**- ပါတိမောက္ခသံဝရသီလဖြင့် စောင့်စည်းအပ်သော ကာယဒွါရ, ဝစီဒွါရ ရှိသည်၊ **အာစာရဂေါစရသမ္ပန္နော**- အကျင့်အာစာရ, ကျက်စားရာအရပ်နှင့် ပြည့်စုံသည်၊ **အဏုမတ္တေသု**- အဏုမြူမျှ သေးငယ်လှသော၊ **ဝဇ္ဇေသု**- အာပတ်အပြစ်, အကုသိုလ်အပြစ်တို့၌၊ **ဘယဒဿာဝီ**- ဘေးဟုရှုလေ့ရှိသည်၊ ဟုတွာ- ဖြစ်၍၊ **သိက္ခာပဒေသု**- ရဟန်းကျင့်ရသော သိက္ခာပုဒ်တို့၌၊ **သမာဒါယ**- ဆောက်တည်၍၊ **သိက္ခတိ**- ကျင့်ကြံကြိုးကုတ် အားထုတ်၏။

အာစာရ ဂေါစရ အဓိပ္ပါယ်

ဝိသုဒ္ဓိမဂ်၌ ဒါယကာ, ဒါယိကာမတို့အား ဝါးပေးခြင်း, အိမ်မိုးမှုစသည် ပြုလုပ်နိုင်ရန် သစ်ရွက်ပေးခြင်းမျိုးသည် '**အနာစာရ**' ရဟန်းတို့ မပြုကျင့်အပ်ဟု ဆိုသည်။ ထိုအမှုမျိုးကိုမပြုဘဲ ဝိနည်းတော်နှင့်အညီ ပြုကျင့်ခြင်းကို '**အာစာရ**' ဟု ဆိုသည်။ မကျက်စားသင့်သော ပြည့်တန်ဆာမ စသည်တို့၌ ကျက်စားခြင်းမပြုဘဲ *(သွားလာခြင်းမပြုဘဲ)* သဒ္ဓါတရားရှိသော အိမ်တို့၌သာ ကျက်စားခြင်းကို *(သွားလာခြင်းကို)* '**ဂေါစရ**' ခေါ်သည်။ *(အကျယ်ကို ဝိသုဒ္ဓိမဂ်၌ ရှုလေ။)*

အာဇီဝပါရိသုဒ္ဓိသီလ စသည် ဖြည့်ကျင့်ခြင်း

ကာယကမ္မ ဝစီကမ္မ သမန္နာဂတော ကုသလေန ပရိသုဒ္ဓါဇီဝေါ သီလသမ္ပန္နော ဣန္ဒြိယေသု ဂုတ္တဒွါရော သတိ သမ္ပဇညေန သမန္နာဂတော သန္တုဋ္ဌော။ *(ဒီ- ၁- ၅၉)*

ကုသလေန- အပြစ်မရှိသော၊ **ကာယကမ္မ ဝစီကမ္မေန**- ကာယကံ, ဝစီကံနှင့်၊ **သမန္နာဂတော**- ပြည့်စုံသည်၏ အဖြစ်ကြောင့်၊ **ပရိသုဒ္ဓါဇီဝေါ**- စင်ကြယ်သော အသက်မွေးကြောင်းရှိသည်လည်းကောင်း ဝါ စင်ကြယ်သော အာဇီဝပါရိသုဒ္ဓိသီလရှိ

သည်လည်းကောင်း၊ သီလသမ္ပန္နော– 'စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ' ဟူသော သီလသုံးမျိုးနှင့် ပြည့်စုံသည်လည်းကောင်း၊ ဣန္ဒြိယေသု– စက္ခုဒွါရအစရှိသော ဣန္ဒြေခြောက်ပါးတို့၌၊ ဂုတ္တဒွါရော– စောင့်ရှောက်အပ်, ပိတ်ဆို့အပ်သော တံခါးပေါက်ရှိသည်လည်းကောင်း၊ သတိသမ္ပဇညေန– သတိသမ္ပဇညနှင့်၊ သမန္နာဂတော– ပြည့်စုံသည်လည်းကောင်း၊ သန္တုဋ္ဌော– ပစ္စည်းလေးပါးတို့၌ သန္တောသသုံးပါးဖြင့် တင်းတိမ်ရောင့်ရဲသည်လည်းကောင်း၊ ဟောတိ– ဖြစ်၏။

('သီလသမ္ပန္နော– စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ ဟူသော သီလနှင့် ပြည့်စုံသည်လည်းကောင်း' ဟု ဆိုရာ၌ ထို သီလသုံးမျိုးကို ဗြဟ္မဇာလသုတ်က ပြခဲ့ပြီးဖြစ်သည်။)

သန္ဒိဋ္ဌိက သာမညဖလ သီလချမ်းသာ

သ ခေါ် သော မဟာရာဇ ဘိက္ခု ဧဝံ သီလသမ္ပန္နော နကုတောစိ ဘယံ သမနုပဿတိ၊ ယဒိဒံ သီလသံဝရတော သော ဣမိနာ အရိယေန သီလက္ခန္ဓေန သမန္နာဂတော အဇ္ဈတ္တံ အနဝဇ္ဇသုခံ ပဋိသံဝေဒေတိ။ *(ဒီ– ၁– ၆၆)*

မဟာရာဇ– မင်းကြီး၊ **သ သော** ဘိက္ခု– ထိုရဟန်းသည်၊ **ဧဝံ**– ဤဆိုအပ်ပြီးသော အစီအစဉ်ဖြင့်၊ **သီလသမ္ပန္နော**– သီလနှင့်ပြည့်စုံသည်၊ ဟုတွာ– ဖြစ်ခြင်းကြောင့်၊ **ယဒိဒံ ဘယံ**– အကြင်အတ္တာနုဝါဒ စသောဘေးသည်၊ **သီလသံဝရတော**– သီလကို စောင့်စည်းခြင်းကြောင့်၊ ဘဝေယျ– ဖြစ်ရာ၏၊ **တံဘယံ**– ထိုအတ္တာနုဝါဒ စသောဘေးကို၊ **ကုတောစိ**– တစ်စုံတစ်ခုသော သီလသံဝရကြောင့်လည်း၊ **နသမနုပဿတိ**– မတွေ့မကြုံရတော့ပါ၊ **သော**– ထိုရဟန်းသည်၊ **အရိယေန**– မြတ်သော၊ **ဣမိနာ သီလက္ခန္ဓေန**– ဤသီလအစုနှင့်၊ **သမန္နာဂတော**– ပြည့်စုံခြင်းကြောင့်၊ **အဇ္ဈတ္တံ**– မိမိသန္တာန်၌၊ **အနဝဇ္ဇသုခံ**– အနဝဇ္ဇသုခကို၊ **ပဋိသံဝေဒေတိ**– ခံစား၏။

မင်းကြီး ဥပမာအားဖြင့် မင်းဇာတ်ရှိ၍ အဘိသိက်သွန်းပြီးသော မင်းသည် ရန်သူဟူသမျှကို နှိမ်နင်းပြီးလတ်သော် မည်သည့်ရန်သူကြောင့်မျှ ဘေးရန်အန္တရာယ်တို့ကို မတွေ့မြင်တော့သကဲ့သို့ ဤအတူ သီလနှင့်ပြည့်စုံခြင်းကြောင့် အတ္တာနုဝါဒဘေး စသော ဘေးအန္တရာယ် တစ်စုံတစ်ရာကို မတွေ့မမြင်ရတော့ဘဲ မိမိ၏ စိတ်သန္တာန်၌ အနဝဇ္ဇသုခကို ခံစားရလေသည်။

အနဝဇ္ဇသုခ ဟူသည်

အပြစ်မရှိသော ပညာရှိတို့ မကဲ့ရဲ့ထိုက်သော ကုသိုလ်ချမ်းသာတည်း။ ကာမသုခကား လောဘမူ သောမနဿဖြစ်၍ အကုသိုလ် အပြစ်ရှိသည်။ ပညာရှိတို့ ကဲ့ရဲ့ထိုက်သည်။ ဤမိမိ၏ စောင့်စည်းသော သီလသည် မဟာကုသိုလ် သောမနဿဖြစ်၍ အပြစ်မရှိ။ ပညာရှိတို့ မကဲ့ရဲ့ထိုက်။ ထိုသီလကုသိုလ်ကြောင့် စိတ်ချမ်းသာရသော နုသောပီတိ, ထိုထက်စိတ်ချမ်းသာရသော ဖလဝပီတိ, စိတ်အေးချမ်းရသော ပဿဒ္ဓိသုခတို့ ဝန်းရံအပ်သောကြောင့် စေတသိကသုခ စိတ်ချမ်းသာမှု ဖြစ်ရသလို ထိုစိတ်ကြောင့် စိတ္တဇရုပ်များလည်း တစ်ကိုယ်လုံး ပြန့်နှံ့၍ ကာယိကသုခ ကိုယ်ချမ်းသာမှုကိုလည်း ခံစားရလေသည်။

ဤသည်ကား ကာယကံ, ဝစီကံကို ထိန်းသိမ်းစောင့်စည်းခြင်းကြောင့် လက်တွေ့အကျိုးရသော သာလွန်မွန်မြတ်သော 'ပဏီတတရ သန္ဒိဋ္ဌိက သာမညဖလ သီလ' ချမ်းသာတည်း။

ထိုရဟန်းသည် ပါတိမောက္ခသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, စူဠသီလ, မဇ္ဈိမသီလ, မဟာသီလများကို စောင့်စည်းပြီးလျှင် အောက်ပါအတိုင်း ဣန္ဒြိယသံဝရသီလကို စောင့်စည်းရလေသည်။

ဣန္ဒြိယသံဝရသီလကို စောင့်ထိန်းခြင်း

ကထံ့ မဟာရာဇ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ နနိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာဓမ္မာ အန္ဝာဿဝေယျုံ တဿ သံဝရာ ပဋိပဇ္ဇတိ ရက္ခတိ စက္ခုန္ဒြိယံ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။ *(ဒီ– ၁– ၆၆)*

မဟာရာဇ– မင်းကြီး၊ ကထံ့– ဤဗုဒ္ဓသာသနာတော်၌၊ ဘိက္ခု– ရဟန်းသည်၊ စက္ခုနာ– မျက်စိဖြင့်၊ ရူပံ– ရူပါရုံကို၊

ဒိသွာ- မြင်ရခြင်းကြောင့်၊ **နိမိတ္တဂ္ဂါဟီ-** မိန်းမယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့ရှိသည်၊ **နဟောတိ-** မဖြစ်၊ **အနုဗျဉ္ဇနဂ္ဂါဟီ-** လက်ခြေစသောအင်္ဂါ, ပြုံးဟန်ရယ်ဟန်စသောအမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့ရှိသည်၊ **နဟောတိ-** မဖြစ်။

ယတွာဓိကရဏံ- အကြင်စက္ခုန္ဒြေကို မစောင့်စည်းဟူသော အကြောင်းကြောင့်၊ **စက္ခုန္ဒြိယံ-** စက္ခုန္ဒြေကို၊ **အသံဝုတံ-** မစောင့်စည်းသည်ဖြစ်၍၊ **ဝိဟရန္တံ-** နေသော၊ **တံ ဘိက္ခုံ-** ထိုရဟန်းကို၊ **အဘိဇ္ဈာ ဒေါမနဿံ-** မက်မောခြင်း အဘိဇ္ဈာ, နှလုံးမသာခြင်း ဒေါမနဿ ဟူကုန်သော၊ **ပါပကာ-** ယုတ်မာကုန်သော၊ **အကုသလာဓမ္မာ-** အကုသိုလ်တရားတို့သည်၊ **အန္ဝာဿဝေယျုံ-** အစဉ်တစိုက် လိုက်ကုန်ရာ၏၊ **တဿ-** ထို့ကြောင့်၊ **သော ဘိက္ခု-** ထိုရဟန်းသည်၊ **တဿ-** ထိုစက္ခုန္ဒြေကို၊ **သံဝရာယ-** စောင့်စည်းခြင်းငှာ၊ **ပဋိပဇ္ဇတိ-** ကျင့်၏၊ **စက္ခုန္ဒြိယံ-** စက္ခုန္ဒြေကို၊ **ရက္ခတိ-** စောင့်ရှောက်၍နေ၏၊ **စက္ခုန္ဒြိယေ-** စက္ခုန္ဒြေ၌၊ **သံဝရံ-** မပျက်မစီး စောင့်စည်းနိုင်ခြင်းသို့၊ **အာပဇ္ဇတိ-** ရောက်၏။

ထို့အတူ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေတို့ကိုလည်း စောင့်ရှောက်လျက်နေ၏။

သန္ဒိဋ္ဌိက သာမညဖလ ဣန္ဒြိယသံဝရသီလ ချမ်းသာ

သော ဣမိနာ အရိယေန ဣန္ဒြိယသံဝရေန သမန္နာဂတော အဇ္ဈတ္တံ အဗျာသေကသုခံ ပဋိသံဝေဒေတိ။ *(ဒီ- ၁- ၆၆)*

သော- ထိုရဟန်းသည်၊ **အရိယေန-** မြတ်သော၊ **ဣမိနာ ဣန္ဒြိယသံဝရေန-** ဤဣန္ဒြေခြောက်ပါးကို စောင့်စည်းသော အကျင့်နှင့်၊ **သမန္နာဂတော-** ပြည့်စုံခြင်းကြောင့်၊ **အဇ္ဈတ္တံ-** မိမိသန္တာန်၌၊ **အဗျာသေကသုခံ-** ကိလေသာအပေါင်း သွန်းလောင်းခံရခြင်း မရှိသော *(ကိလေသာနှင့် မရောသော)* ချမ်းသာကို၊ **ပဋိသံဝေဒေတိ-** ခံစားရ၏။

ဗျာသေကသုခ

ဋီကာတို့၌ ကိလေသာ သွန်းလောင်းခြင်းခံရသော သုခကို '**ဗျာသေကသုခ**' ဟု ဆိုသည်။*(ကိလေသာနှင့် ရောသောသုခဟု ဆိုလိုသည်။)*

ထိုဗျာသေကသုခ ဖြစ်ပေါ်လာပုံသည် မျက်စိဖြင့် ရူပါရုံကို မြင်ရာ၌ ရူပါရုံတည်ရာ မိန်းမယောကျ်ား အမှတ်ဖြင့်လည်းကောင်း, ပြုံးဟန်ရယ်ဟန် အမှတ်ဖြင့်လည်းကောင်းယူ၍ သုခဖြစ်လေသည်။ ထိုသုခသည် လောဘမူ သောမနဿနှင့်ယှဉ်သော သုခဖြစ်၍ ရာဂကိလေသာကို သွန်းလောင်းမှု အရသာရှိသော ကိလေသာနှင့်ရောသော သုခဖြစ်သည်။ ယင်းကို '**ဗျာသေကသုခ**' ဟုခေါ်သည်။

အဗျာသေကသုခ

'**အဗျာသေကသုခ**'ဟူသည် ကိုယ်နှုတ်တွင်မက မနိန္ဒြေ ခေါ် စိတ်ကိုပါ စောင့်စည်း၍ ရာဂစသော ကိလေသာတွေ သွန်းလောင်းမခံရသော ကိလေသာနှင့် မရောသော မဟာကုသိုလ် သောမနဿတွင် သမာဓိနှင့်ယှဉ်သောသုခ ဖြစ်လေသည်။ အထက်က ဖော်ပြခဲ့သော '**ပါတိမောက္ခသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ**' နှင့် အဘယ်သို့ ထူးသနည်းဟူမူ ထိုသီလနှစ်မျိုးသည် ကိုယ်, နှုတ်ကိုသာ စောင့်စည်းသောသီလ ဖြစ်သည်။

ဤဣန္ဒြိယသံဝရသီလကား ဣန္ဒြေခြောက်ပါးကို စောင့်စည်းရခြင်းဖြစ်၍ ထိုဣန္ဒြေခြောက်ပါးတွင် မနိန္ဒြေ ခေါ် စိတ်ကိုပါ ကိလေသာ မဝင်အောင် စောင့်စည်းရသော အချက်လည်း ပါဝင်လာသောကြောင့် '**ကိုယ်ရော, နှုတ်ရော, စိတ်ရော**' သုံးမျိုးလုံးကို စောင့်စည်းရသောသီလ ဖြစ်သည်။ ထို့ကြောင့် '**စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန**' ဟူသော တံခါးခြောက်ပေါက်မှ ဘယ်အကုသိုလ် ကိလေသာမှ မဝင်ရအောင် ပိတ်ဆို့စောင့်စည်းခြင်းဖြစ်၍ သမာဓိနှင့်ယှဉ်သော အဓိစိတ္တသုခမျိုးဟု ခေါ်ဆိုရသည်။ ယင်းကိုပင် '**အဗျာသေကသုခ**' ဟု ဗုဒ္ဓဟောတော်မူခြင်း ဖြစ်သည်။ ယင်းသို့ အဗျာသေကသုခကို ခံစား၍နေရခြင်းသည် ရှေးသုခတွေထက် သာလွန်မွန်မြတ်သော '**သန္ဒိဋ္ဌိက သာမညဖလ ဣန္ဒြိယသံဝရ သီလ**' ချမ်းသာ ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၁၆၅၊ မဟာဋီ- ၂၄၂၊ ဋီသစ် ဒုအုပ်- ၈၁)*

စက္ခုသဒ္ဒါ ဟောနိုင်သောအနက်များ

အထက်ပါ ဣန္ဒြိယသံဝရသီလ ပါဠိတော်၌ 'ဘိက္ခု စက္ခုနာ ရူပံ' ဟု ပါရှိလေရာ ထိုတွင် စက္ခုသဒ္ဒါ ဟောနိုင်သောအနက်များကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုလေသည်။

စက္ခုသဒ္ဒါသည် (၁) ဗုဒ္ဓစက္ခု၊ (၂) သမန္တစက္ခု၊ (၃) ဓမ္မစက္ခု၊ (၄) ပညာစက္ခု၊ (၅) ဒိဗ္ဗစက္ခု၊ (၆) ပသာဒစက္ခု ဟူ၍ စက္ခုခြောက်မျိုး ရှိလေသည်။

(၁) ဗုဒ္ဓစက္ခုဖြင့် သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

ရှေးဦးစွာ အဋ္ဌကထာဆရာသည် စက္ခုသဒ္ဒါ၏ ဗုဒ္ဓစက္ခု ၌ ဖြစ်ပုံသာကေကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေသိ။ *(ဝိ- ၃- ၉ / မ- ၁- ၂၂၅ / မ- ၂- ၂၉၃)*

ဗုဒ္ဓစက္ခုနာ- ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်ဟူသော ဗုဒ္ဓတို့၏ စက္ခုတော်ဖြင့်၊ **လောကံ-** သတ္တလောကကို၊ **ဝေါလောကေသိ-** ကြည့်တော်မူပြီ။

အထက်ပါ ပါဠိရပ်သည် ဝိနည်းမဟာဝါပါဠိတော်- ပြဟ္မယာစနကထာ၌လည်းကောင်း၊ မူလပဏ္ဏာသပါဠိတော်- ပါသရာသိသုတ်၌လည်းကောင်း၊ မဇ္ဈိမပဏ္ဏာသပါဠိတော်- ဗောဓိရာဇကုမာရသုတ်၌လည်းကောင်း လာရှိလေသည်။ ထိုပါဠိရပ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗုဒ္ဓသည် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ညသန်းခေါင်ကျော် အရုဏ်မတက်မီအချိန်တွင် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့ကိုရပြီး 'သမ္မာသမ္ဗုဒ္ဓ' အဖြစ်သို့ ကောင်းစွာရောက်ရှိတော်မူသည်။

(၁) ပလ္လင် သတ္တာဟ – ဗုဒ္ဓသည် ဤအပရာဇိတပလ္လင်သည် ဗုဒ္ဓအဖြစ်သို့ ရောက်စေသော ပလ္လင်တော်ဖြစ်၍ ကျေးဇူးများသောကြောင့် ကဆုန်လပြည့်ကျော် တစ်ရက်နေ့မှ လပြည့်ကျော် ခုနစ်ရက်နေ့အထိ ထိုင်တော်မူ၍သာလျှင် (၇)ရက်ပတ်လုံး အရဟတ္တဖိုလ် စတုတ္ထဈာန်သမာပတ်တို့ကို ဝင်စားလျက် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလောမ, ပဋိလောမအားဖြင့် ဆင်ခြင်တော်မူလေသည်။ ယင်းကို 'ပလ္လင် သတ္တာဟ' ဟု ခေါ်သည်။

(၂) အနိမိသ သတ္တာဟ – ထို့နောက် ကဆုန်လပြည့်ကျော် (၈)ရက်နေ့မှ ကဆုန်လပြည့်ကျော် (၁၄)ရက်နေ့အထိ ဗုဒ္ဓသည် အပရာဇိတပလ္လင်တော်မှ ဆင်းသက်တော်မူ၍ အရှေ့မြောက်ထောင့်အရပ်မှ နေတော်မူ၍ မတ်မတ်ကြံ့ခိုင် ရပ်တည်တော်မူပြီးလျှင် ကျေးဇူးများလှသော အပရာဇိတပလ္လင်တော်ကို မမှိတ်သော မျက်လုံးတော်အစုံဖြင့် ခုနစ်ရက်ပတ်လုံး ကြည့်ရှုတော်မူလေသည်။ ယင်းကို 'အနိမိသ သတ္တာဟ' ခေါ်သည်။

(၃) စင်္ကမ သတ္တာဟ – ထို့နောက် ကဆုန်လကွယ်နေ့မှ နယုန်လဆန်း (၆)ရက်နေ့အထိ ဗုဒ္ဓသည် အပရာဇိတပလ္လင်တော်နှင့် အနိမိသစေတီအကြား နတ်ဖြိုဟ္မာတို့ ဖန်ဆင်းအပ်သော ရတနာစင်္ကြံ၌ တရားတော်ကို ဆင်ခြင်ကာ ဖလသမာပတ် ဝင်စားကာဖြင့် လူးလာတို့ခေါက် စင်္ကြံလျှောက်လျက် ခုနစ်ရက်ကို ကုန်လွန်စေတော်မူသည်။ ယင်းကို 'စင်္ကမ သတ္တာဟ' ခေါ်သည်။

(၄) ရတနာဃရ သတ္တာဟ – နယုန်လဆန်း (၆)ရက်မှ နယုန်လဆန်း (၁၃)ရက်နေ့အထိ (၇)ရက်ပတ်လုံး မဟာဗောဓိပင်မှ အနောက်မြောက်ထောင့်အရပ်ဝယ် နတ်ဖြိုဟ္မာတို့ ဖန်ဆင်းအပ်သော 'ရတနာဃရ' ရွှေအိမ်၌ အဘိဓမ္မာတရားတော် ဆင်ခြင်တော်မူရာဝယ် အနန္တနယပဋ္ဌာန်းကျမ်းကြီးအရောက်တွင် ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးလျက် အရပ်ဆယ်မျက်နှာသို့ ယနေ့တိုင်အောင် အနန္တစကြာဝဠာ လောကဓာတ်တို့သို့ ဥတုဇရုပ် အဆက်ဆက် အနေအားဖြင့် ကွန့်မြူးကြွသွားတော်မူလျက် ရှိနေလေသည်။ ယင်းကို 'ရတနာဃရ သတ္တာဟ' ဟု ခေါ်သည်။

(၅) အဇပါလ သတ္တာဟ – ထို့နောက် ဗုဒ္ဓသည် နယုန်လဆန်း (၁၄)ရက်နေ့မှ နယုန်လပြည့်ကျော် (၅)ရက်နေ့အထိ ခုနစ်ရက်ပတ်လုံး မဟာဗောဓိပင်မှ အရှေ့အရပ်၌ တည်ရှိသော အဇပါလညောင်ပင်ရင်း၌ ဖလသမာပတ် ဝင်စားကာဖြင့် သီတင်းသုံးနေထိုင်တော်မူသည်။ *(ထိုညောင်ပင်ရိပ်သို့ ဆိတ်ကျောင်းသားများ လာရောက်နေထိုင်မှု များသောကြောင့် 'အဇပါလညောင်ပင်' ဟု တွင်လေသည်။*

အဇ- ဆိတ်၊ ပါလ- ကျောင်းခြင်း) ယင်းကို 'အဇပါလ သတ္တာဟ' ခေါ်သည်။

(၆) မုစလိန္ဒ သတ္တာဟ - ထို့နောက် ဗုဒ္ဓသည် နယုန်လပြည့်ကျော် (၆)ရက်မှ နယုန်လပြည့်ကျော် (၁၂)ရက်အထိ ခုနစ်ရက်ပတ်လုံး မဟာဗောဓိပင်မှ အရှေ့တောင်အရပ်ရှိ မုစလိန္ဒအိုင်အနီး ကျည်းပင်ရင်း၌ တင်ပလ္လင်ခွေ တစ်ထိုင်တည်းဖြင့် အရဟတ္တဖိုလ်ချမ်းသာကို ခံစားလျက်နေတော်မူသည်။ ထိုသို့နေတော်မူစဉ် အခါမဲ့မိုးကြီး ခုနစ်ရက်ပတ်လုံး ရွာသွန်းသည်ဖြစ်၍ မုစလိန္ဒာနဂါးမင်းသည် ကြီးမားလှစွာသော ခန္ဓာကိုယ်အတ္တဘောကို ဖန်ဆင်း၍ ဗုဒ္ဓအား အချမ်း၊ အပူ၊ မှက်၊ ခြင်၊ ယင်ရဲစသည်တို့ မထိပါး မနှိပ်စက်နိုင်စေရန် အခွေခုနစ်ထပ် ရစ်ပတ်ကာရံလျက် ဗုဒ္ဓ၏ဦးခေါင်းတော်ထက်၌ ပါးပျဉ်းဖြင့် ဖြန့်ကျက်အုပ်မိုး ဆောင်းမိုး၍ ထားပေးလေသည်။ ဗုဒ္ဓသည် မကျဉ်းမြောင်းသော ဂန္ဓကုဋိတိုက်အတွင်း၌ သီတင်းသုံးရသကဲ့သို့ ရှိတော်မူသည်။ ယင်းကို 'မုစလိန္ဒ သတ္တာဟ' ခေါ်သည်။

(၇) ရာဇာယတန သတ္တာဟ - ထို့နောက် ဗုဒ္ဓသည် နယုန်လပြည့်ကျော် (၁၃)ရက်မှ ဝါဆိုလဆန်း (၅)ရက်နေ့အထိ ခုနစ်ရက်ပတ်လုံး မဟာဗောဓိပင်၏ တောင်မျက်နှာအရပ်ရှိ ရာဇာယတန လင်းလွန်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူကာ သီတင်းသုံးထိုင်နေတော်မူသည်။

တပုဿ ဘလ္လိကတို့အား ဆံတော်ဓာတ် ချီးမြှင့်တော်မူခြင်း

ဗုဒ္ဓသည် ထိုသို့ သတ္တသတ္တာဟ- ခုနစ်ရက် ခုနစ်လီ (၄၉)ရက်ပြည့်မြောက်သော ဝါဆိုလဆန်း (၅)ရက်နေ့တွင် တပုဿနှင့် ဘလ္လိကညီနောင်တို့ ဆက်ကပ်သော မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကို ဘုန်းပေးသုံးဆောင်တော်မူပြီး ထိုကုန်သည်ညီနောင်တို့အား ဒွေဝါစိကသရဏဂုံ တည်စေပြီးနောက် ညာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍ ဆံတော်ဓာတ်တို့ကို ပေးသနားတော်မူလေသည်။ ထိုကုန်သည်ညီနောင်တို့သည် ထိုဆံတော်ဓာတ်တို့ကို ဥက္ကလာပဇနပုဒ်၌ ဆံတော်ဓာတ်ကို ဌာပနာ၍ စေတီတည်ထား ကိုးကွယ်ကြလေသည်။ *(ယခုအခါ ရွှေတိဂုံစေတီတော်မြတ်ကြီးဟူ၍ ထင်ရှားလျက်ရှိနေလေသည်။)*

ဗုဒ္ဓတရားတော်နှင့် သတ္တဝါတို့ကို ဆင်ခြင်တော်မူခြင်း

ထို့နောက် ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ရောက်သည့် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှ 'သတ္တသတ္တာဟ' ခုနစ်ရက် ခုနစ်လီ (၄၉)ရက် လွန်မြောက်၍ ရက်ပေါင်း (၅၀)သို့ရောက်သော ဝါဆိုလဆန်း (၆)ရက် ကြာသပတေးနေ့၌ နံနက်ပိုင်း၌ ထိုလင်းလွန်းပင်ရင်းမှ အဇပါလညောင်ပင်ရင်းသို့ ချဉ်းကပ်တော်မူ၍ တင်ပလ္လင်ခွေထိုင်နေတော်မူစဉ် အောက်ပါအတိုင်း ကြံစည်ဆင်ခြင်တော်မူလေသည်။

(၁) 'အဓိဂတော ခေါ် မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော။

(၂) အာလယရာမာ ခေါ်ပနာယံ ပဇာ အာလယရတာ အာလယသမ္မုဒိတာ အာလယရာမာယ ခေါ်ပန ပဇာယ အာလယရတာယ အာလယသမ္မုဒိတာယ ဒုဒ္ဒသံ ဣဒံဌာနံ ယဒိဒံ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒေါ ဣဒမ္ပိခေါ ဌာနံ သုဒုဒ္ဒသံ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိ ပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ

(၃) အဟဉ္စေဝ ခေါ်ပန ဓမ္မံ ဒေသေယျံ၊ ပရေစ မေ နအာဇာနေယျုံ သော မမဿ ကိလမထော၊ သာ မမဿ ဝိဟေသာ'တိ။ *(ဝိ- ၃- ၅)*

(၁) မေ- ငါဗုဒ္ဓသည်၊ **အဓိဂတော**- ထိုးထွင်း၍ သိအပ်ရအပ်ပြီးသော၊ **အယံ ဓမ္မော**- ဤသစ္စာလေးပါးတရားသည်၊ **ဂမ္ဘီရော**- နက်နဲလှ၏၊ **ဒုဒ္ဒသော**- မြင်နိုင်ခဲ၏၊ **ဒုရနုဗောဓော**- သိနိုင်ခဲ၏၊ **သန္တော**- အေးမြ၏၊ **ပဏီတော**- မွန်မြတ်လှ၏၊ **အတက္ကာဝစရော**- ကြံဆတတ်သောဉာဏ်ဖြင့် မသက်ရောက်နိုင်ပေ၊ *(မသိနိုင်ပေ)*၊ **နိပုဏော**- သိမ်မွေ့၏၊ **ပဏ္ဍိတဝေဒနီယော**- မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရရှိသော ပညာရှိတို့သာ သိနိုင်ပေ၏။

(၂) **အယံပဇာပန**- ဤသတ္တဝါအပေါင်းသည်ကား၊ **အာလယရာမာ**- ငြိကပ်မှီဝဲအပ်သော အာရုံကာမဂုဏ်တို့ဖြင့် မွေ့လျော်

တတ်၏၊ **အာလယရတာ**– ငြိကပ်မှီဝဲအပ်သော အာရုံကာမဂုဏ်တို့၌ အမြဲမွေ့လျော်တတ်၏၊ **အာလယသမ္မုဒိတာ**– ငြိကပ်မှီဝဲအပ်သော အာရုံကာမဂုဏ်တို့၌ လွန်စွာဝမ်းမြောက်တတ်၏၊ **ယဒိဒံ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒေါ**– ဤသင်္ခါရစသော အကျိုးတရားတို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာစသော တရားဟူသော အကြောင်းပဋိစ္စသမုပ္ပါဒ်သည်၊ **အတ္ထိ**– ရှိ၏၊ **အာလယရာမာယ**– ငြိကပ်မှီဝဲအပ်သော အာရုံကာမဂုဏ်တို့ဖြင့် မွေ့လျော်တတ်သော၊ **အာလယရတာယ**– ငြိကပ်မှီဝဲအပ်သော အာရုံကာမဂုဏ်တို့၌ အမြဲမွေ့လျော်တတ်သော၊ **အာလယသမ္မုဒိတာယ**– ငြိကပ်မှီဝဲအပ်သော အာရုံကာမဂုဏ်တို့၌ လွန်စွာဝမ်းမြောက်တတ်သော၊ **ပဇာယ**– သတ္တဝါသည်၊ **ဣဒံ ဌာနံ**– ဤပဋိစ္စသမုပ္ပါဒ်ဟူသော အရာဌာနကို၊ **ဒုဒ္ဒသံ**– မြင်နိုင်ခဲ၏။

သဗ္ဗသင်္ခါရသမထော– အလုံးစုံသော လှုပ်လှုပ်ရှားရှား သင်္ခါရတရားတို့၏ ငြိမ်သက်ရာ ဖြစ်ထသော၊ **သဗ္ဗူပဓိ ပဋိနိဿဂ္ဂေါ**– အလုံးစုံသော ဥပဓိတို့ကို စွန့်လွှတ်အပ်ရာ ဖြစ်ထသော၊ **တဏှာက္ခယော**– တဏှာတို့၏ ကုန်ရာဖြစ်ထသော၊ **ဝိရာဂေါ**– ရာဂအစရှိသော ကိလေသာတို့၏ မတပ်မက်ရာ ဖြစ်ထသော၊ **နိရောဓော**– အလုံးစုံသော ဒုက္ခတို့၏ ချုပ်ရာဖြစ်ထသော၊ **ယဒိဒံ နိဗ္ဗာနံ**– အကြောင်နိဗ္ဗာန်သည်၊ **အတ္ထိ**– ရှိ၏၊ **ဣဒမ္ပိ ဌာနံ**– ဤနိဗ္ဗာန်ဟူသော အရာကိုလည်း၊ **သုဒုဒ္ဒသံ**– အလွန်မြင်နိုင်ခဲ၏။

(၃) **အဟံ**– ငါဗုဒ္ဓသည်၊ **ဓမ္မံ**– တရားကို၊ **စေဝ ဒေသေယျံ**– အကယ်၍ ဟောအံ့၊ **စ**– ထိုသို့ ဟောလတ်သော်၊ **ပရေ**– သူတပါးတို့သည်၊ **မေ**– ငါဗုဒ္ဓ၏တရားကို၊ **နအာဇာနေယျုံ**– မသိနိုင်ရာ၊ **သော**– မသိသူတို့အား တရားဟောရခြင်းသည်၊ **မမ**– ငါဗုဒ္ဓအား၊ **ကိလမထော**– ကိုယ်ပင်ပန်းခြင်းသည်၊ **အဿ**– ဖြစ်ရာ၏၊ **မမ**– ငါဗုဒ္ဓအား၊ **ဝိဟေသာ**– ကိုယ်ကိုညှင်းဆဲရာရောက်သည်၊ **အဿ**– ဖြစ်ရာ၏၊ **ဣတိ**– ဤသို့ကြံစည်ဆင်ခြင်လေပြီ။

ဣတိဟ– ဤသို့လျှင်၊ **ပဋိသဉ္စိက္ခတော**– စဉ်းစားဆင်ခြင်တော်မူသော၊ **ဘဂဝတော**– ရှင်တော်ဗုဒ္ဓအား၊ **အပ္ပေါ်သုက္ကတာယ**– တရားဟောတော်မမူလိုသည်၏ အဖြစ်ဖြင့်၊ **စိတ္တံ**– စိတ်တော်သည်၊ **နမတိ**– ညွတ်၏၊ **ဓမ္မဒေသနာယ**– တရားဟောတော်မူခြင်းအားဖြင့်၊ **နောနမတိ**– မညွတ်။

သဟမ္ပတိဗြဟ္မာ ကြွေးကြော်ခြင်း

ထိုအခါ သဟမ္ပတိဗြဟ္မာသည် ထိုသို့ ဗုဒ္ဓ၏ သတ္တလောကအား တရားဟောတော်မမူလိုသော စိတ်အကြံကိုသိ၍ အောက်ပါအတိုင်း ကြွေးကြော်လေတော့သည်။

နဿတိဝတ ဘော လောကော၊ ဝိနဿတိဝတ ဘော လောကော၊ ယတြဟိနာမ တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ အပ္ပေါ်သုက္ကတာယ စိတ္တံ နမတိ နောဓမ္မဒေသနာယာတိ။ *(ဝိ– ၃– ၆)*

ဘော– အချင်းတို့၊ **ယတြ**– အကြင်လောက၌၊ **အရဟတော**– ပူဇော်အထူးကို ခံတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓဿ**– မဖောက်မပြန် အမှန်ကိုယ်တိုင် အလုံးစုံသော တရားတို့ကို သိတော်မူပြီးသော၊ **တထာဂတဿ**– တထာဂတခေါ်ရ မြတ်ဗုဒ္ဓ၏၊ **အပ္ပေါ်သုက္ကတာ**– တရားဟောတော်မမူလိုသည်၏အဖြစ်ဖြင့်၊ **စိတ္တံ**– စိတ်တော်သည်၊ **နမတိနာမ**– ညွတ်တော်မူရသေး၏၊ **ဓမ္မဒေသနာယ**– တရားဟောတော်မူခြင်းအားဖြင့်၊ **နောနမတိ**– ညွတ်တော်မမူ။

သော လောကော– ထိုသတ္တလောကကြီးသည်၊ **နဿတိဝတ**– ပျက်စီးပါပေ့တကား၊ **ဘော**– အချင်းတို့၊ **သော လောကော**– ထိုသတ္တလောကသည်၊ **ဝိနဿတိဝတ**– အထူးသဖြင့် ပျက်စီးပါပေ့တကား။

သဟမ္ပတိဗြဟ္မာ တရားဟောရန် တောင်းပန်လျှောက်ထားခြင်း

ထိုသို့ ကြွေးကြော်ပြီးနောက် သဟမ္ပတိဗြဟ္မာမင်း ဗုဒ္ဓထံသို့ ရှိသေစွာချဉ်းကပ် လက်အုပ်ချီပြီး အောက်ပါအတိုင်း တရားဟောတော်မူပါရန် တောင်းပန်လျှောက်ထားလေသည်။

ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မံ၊ သန္တိ သတ္တာ အပ္ပရဇက္ခဇာတိကာ၊ အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ၊ ဘဝိဿန္တိ ဓမ္မဿ အညာတာရော။

ဘန္တေ– ရှင်တော်ဗုဒ္ဓဘုရား၊ **ဘဂဝါ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဓမ္မံ**– တရားကို၊ **ဒေသေတု**–

ဟောတော်မူပါ။ သုဂတော– ကောင်းသောစကားကို ဆိုတော်မူတတ်သော ရှင်တော်ဗုဒ္ဓသည်၊ **ဓမ္မံ**– တရားကို၊ ဒေသေတု– ဟောတော်မူပါ။ အပ္ပရဇက္ခဇာတိကာ– ပညာမျက်စိ၌ ရာဂ, ဒေါသ, မောဟ မြူနည်းသော သဘောရှိကုန်သော၊ သတ္တာ– သတ္တဝါတို့သည်၊ **သန္တိ**– ရှိကြပါသေး၏၊ **ဓမ္မဿ**– တရားတော်ကို၊ **အဿဝနတာ**– မကြားနာရခြင်းကြောင့်၊ **ဓမ္မဿ**– တရားမှ၊ **ပရိဟာယန္တိ**– ဆုတ်ယုတ်ပါကုန်၏၊ **ဓမ္မဿ**– တရားကို၊ **အညာတာရော**– ထိုးထွင်း၍ သိနိုင်သူတို့သည်၊ **ဘဝိဿန္တိ**– ရှိပါကုန်လိမ့်မည်၊ **ဣတိ**– ဤသို့ တောင်းပန်လျှောက်ထားလေပြီ။

သဟမ္ပတိ ဗြဟ္မာကြီးသည် အထက်ပါ စုဏ္ဏိယစကားဖြင့် လျှောက်ထားပြီးနောက် အောက်ပါဂါထာဖြင့်လည်း ထပ်ဆင့်လျှောက်ထားပြန်လေသည်။

ဥဋ္ဌေဟိ ဝီရ ဝိဇိတ သင်္ဂါမ၊
သတ္ထဝါဟ အဏဏ ဝိစရလောကေ၊
ဒေသဿု ဘဂဝါ ဓမ္မံ၊
အညာတာရော ဘဝိဿန္တိတိ။ *(ဝိ– ၃– ၇)*

ဝီရ– သမ္မပ္ပဓာန ဝီရိယဖြင့် လုံ့လကြီးမြင့် ရဲရင့်တော်မူထသော၊ **ဝိဇိတသင်္ဂါမ**– ကိလေသာမာရ် စစ်မြေပြင်၌ အောင်ပွဲယင်တော်မူပြီးထသော၊ သတ္ထဝါဟ– ယာဉ်မှူးနှင့်တူတော်မူထသော၊ အဏဏ– ကိလေသာကြွေး ကင်းဝေးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား၊ တွံ– ရှင်တော်ဗုဒ္ဓသည်၊ ဥဋ္ဌေဟိ– ထတော်မူပါလော့၊ လောကေ– လောက၌၊ ဝိစရ– ဒေသစာရီ လှည့်လည်တော်မူပါလော့၊ ဘဂဝါ– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား၊ တွံ– ရှင်တော်ဗုဒ္ဓသည်၊ ဓမ္မံ– တရားကို၊ ဒေသဿု– ဟောတော်မူပါလော့၊ **အညာတာရော**– တရားကို ထိုးထွင်း၍ သိနိုင်သူတို့သည်၊ ဘဝိဿန္တိ– ရှိပါကုန်လတ္တံ့၊ ဣတိ– ဤသို့ လျှောက်ကြားလေပြီ။

ဗုဒ္ဓသည် နှစ်ကြိမ်တိုင်အောင် ငြင်းပယ်တော်မူပြီး သဟမ္ပတိ ဗြဟ္မာကြီးသည် သုံးကြိမ်မြောက်အထိ အထက်ကအတိုင်း လျှောက်ထားမှ ဗုဒ္ဓသည် တရားဟောရန်ကို အောက်ပါအတိုင်း ဝန်ခံစကား မိန့်ကြားတော်မူလေသည်။

ဗုဒ္ဓ တရားဟောရန် ဝန်ခံစကား မိန့်ကြားတော်မူခြင်း

(၁) အထခေါ ဘဂဝါ ဗြဟ္မုနော စ အဇ္ဈေသနံ ဝိဒိတွာ သတ္တေသု စ ကာရုညတံ ပဋိစ္စ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေသိ၊ အဒ္ဒသာခေါ ဘဂဝါ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေန္တော။

(၂) သတ္တေ အပ္ပရဇက္ခေ မဟာရဇက္ခေ တိက္ခိန္ဒြိယေ မုဒိန္ဒြိယေ သွာကာရေ ဒွါကာရေ သုဝိညာပယေ ဒုဝိညာပယေ အပ္ပေကစ္စေ ပရလောကဝဇ္ဇ ဘယဒဿာဝိနေ ဝိဟရန္တေ အပ္ပေကစ္စေ နပရလောကဝဇ္ဇ ဘယဒဿာဝိနေ ဝိဟရန္တေ၊ ဒိသွာန ဗြဟ္မာနံ သဟမ္ပတိံ ဂါထာယ ပစ္စဘာသိ–

(၃) အပါရုတာ တေသံ အမတဿ ဒွါရာ၊
ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ၊
ဝိဟိံသ သညီ ပဂုဏံ နဘာသိံ
ဓမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေတိ။ *(ဝိ– ၃– ၉ / ၁၀)*

(၁) အထခေါ်– ထိုအခါ၌၊ ဘဂဝါ–ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဗြဟ္မုနော– သဟမ္ပတိ ဗြဟ္မာ၏၊ **အဇ္ဈေသနံ**– တောင်းပန်ခြင်းကို၊ **ဝိဒိတွာစ**– အသိအမှတ်ပြုတော်မူ၍လည်းကောင်း၊ **သတ္တေသု**– သတ္တဝါတို့၌၊ **ကာရုညတံ**– သနားခြင်းရှိတော်မူသည်၏အဖြစ်ကို၊ **ပဋိစ္စ**– အစွဲပြု၍လည်းကောင်း၊ **ဗုဒ္ဓစက္ခုနာ**– ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်ဟူသော ဗုဒ္ဓစက္ခုတော်ဖြင့်၊ **လောကံ**– သတ္တလောကကို၊ **ဝေါလောကေသိ**– ကြည့်တော်မူပြီ၊ **ဘဂဝါ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဗုဒ္ဓစက္ခုနာ**– ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်ဟူသော ဗုဒ္ဓစက္ခုဖြင့်၊ **ဝေါလောကေန္တော**– ကြည့်တော်မူလတ်သော်။

(၂) အပ္ပရဇက္ခေ- ပညာမျက်စိ၌ ရာဂ, ဒေါသ, မောဟစသော ကိလေသာ မြူနည်းခြင်းသဘောရှိကုန်သော၊ သတ္တေ- သတ္တဝါတို့ကိုလည်းကောင်း၊ မဟာရဇက္ခေ- ရာဂ, ဒေါသ, မောဟစသော ကိလေသာ မြူများခြင်း သဘောရှိကုန်သော၊ သတ္တေ- သတ္တဝါတို့ကိုလည်းကောင်း၊ တိက္ခိန္ဒြိယေ- ထက်မြက်သော သဒ္ဓါစသော ဣန္ဒြေရှိကုန်သော၊ သတ္တေ- သတ္တဝါတို့ကိုလည်းကောင်း၊ မုဒိန္ဒြိယေ- နုံးညံ့သော သဒ္ဓါစသော ဣန္ဒြေရှိကုန်သော၊ သတ္တေ- သတ္တဝါတို့ကိုလည်းကောင်း၊ သွာကာရေ- ကောင်းသောသဒ္ဓါစသောအခြင်းအရာရှိကုန်သော၊ သတ္တေ- သတ္တဝါတို့ကိုလည်းကောင်း၊ ဒွါကာရေ- မကောင်းသောသဒ္ဓါ စသော အခြင်းအရာရှိကုန်သော၊ သတ္တေ- သတ္တဝါတို့ကိုလည်းကောင်း၊ သုဝိညာပယေ- လွယ်ကူစွာ သိစေနိုင်ကုန်သော၊ သတ္တေ- သတ္တဝါတို့ကိုလည်းကောင်း၊ ဒုဝိညာပယေ- ခဲယဉ်းစွာ သိစေနိုင်ကုန်သော၊ သတ္တေ- သတ္တဝါတို့ကိုလည်းကောင်း၊ ပရလောကလောကဝဇ္ဇ ဘယဒဿဝိနေ- တမလွန်လောက, အကုသိုလ်အပြစ်တို့ကို ဘေးအားဖြင့် ရှုတတ်ကုန်သည်ဖြစ်၍၊ ဝိဟရန္တေ- နေကုန်သော၊ အပ္ပေကစ္စေ- အချို့ကုန်သော၊ သတ္တေ- သတ္တဝါတို့ကိုလည်းကောင်း၊ အဒ္ဒသာ- မြင်တော်မူလေပြီ၊ ဒိသွာန- မြင်တော်မူခြင်းကြောင့်၊ သဟမ္ပတိံ- သဟမ္ပတိ အမည်ရှိသော၊ ဗြဟ္မာနံ- ဗြဟ္မာကို၊ ဂါထာယ- အောက်ပါဂါထာဖြင့်၊ ပစ္စဘာသိ- ရွတ်ဆိုမိန့်ကြားတော်မူလိုက်လေပြီ။

(၃) ဗြဟ္မေ- သဟမ္ပတိဗြဟ္မာ၊ ယေ- အကြင်သူတို့သည်၊ သောတဝန္တော- ပညာတည်းဟူသော နားရှိကြကုန်၏။ တေ- ထိုသူတို့သည်၊ သဒ္ဓံ- တရားတော်၌ ယုံကြည်ခြင်း သဒ္ဓါတရားကို၊ ပမုဉ္စန္တု- လွှတ်ကြကုန်လော့၊ တေသံ- ဤသူတို့အတွက်၊ အမတဿ- မသေရာ အမြိုက်နိဗ္ဗာန်၏၊ ဒွါရာ- အရိယမဂ်တည်းဟူသော တံခါးကို၊ အပါပုတာ- ဖွင့်အပ်ပြီ၊ အဟံ- ငါဗုဒ္ဓသည်၊ ဝိဟိံသ သညီ- ကိုယ်နှုတ်တို့၏ ပင်ပန်းရုံသာဟု အမှတ်ရှိတော်မူသည်၊ ဟုတွာ- ဖြစ်၍၊ ပဂုဏံ- အဝါးဝစွာ လေ့လာအပ်ပြီးသော၊ ပဏီတံ- မွန်မြတ်သော၊ ဓမ္မံ- သစ္စာလေးပါးတရားကို၊ မနုဇေသု- နတ်လူတို့၌၊ နဘာသိံ- မဟောအံ့ဟု ကြံတော်မူခဲ့ပြီး၊ ဣဒါနိ- ယခုအခါ၌၊ အဟံ- ငါဗုဒ္ဓသည်၊ အမတဿ- မသေရာ အမြိုက်နိဗ္ဗာန်၏၊ ဒွါရာ- အရိယာမဂ်တည်းဟူသော တံခါးကို၊ အပါပုတာ- ဖွင့်အပ်ပြီ၊ သောတဝန္တော- ပညာတည်းဟူသော နားရှိကြသူတို့သည်၊ သဒ္ဓံ- ယုံကြည်မှု သဒ္ဓါတရားကို၊ ပမုဉ္စန္တု- လွှတ်ကြကုန်လော့။

အထခေါ် ဗြဟ္မာ သဟမ္ပတိ 'ကတာဝကာသော ခေါ်မှိ ဘဂဝတာ ဓမ္မဒေသနာယာ'တိ ဘဂဝန္တံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ တတ္ထေဝန္တရဓာယိ။ *(ဝိ- ၃ -၁၀)*

အထခေါ်- ထိုအခါ၌၊ ဗြဟ္မာသဟမ္ပတိ- သဟမ္ပတိ ဗြဟ္မာသည်၊ 'ဘဂဝတာ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဓမ္မဒေသနာယ- တရားဟောခြင်းငှာ၊ ကတာဝကာသော- ခွင့်ပြုတော်မူအပ်ပြီးသည်၊ အမှိ- ဖြစ်၏၊' ဣတိ- ဤသို့သိ၍၊ ဘဂဝန္တံ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓကို၊ အဘိဝါဒေတွာ- အလွန်ရိုသေစွာ ရှိခိုး၍၊ ပဒက္ခိဏံ- အရိုအသေကို၊ ကတွာ- ပြု၍၊ တတ္ထေဝ- ထိုအရပ်၌ပင်၊ အန္တရဓာယိ- ကွယ်ပျောက်သွားလေပြီ။

ဗုဒ္ဓစက္ခု အနက်ဟော စက္ခုသဒ္ဒါက တရားဟောပုံသဘော

(၁) ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ရောက်ရန် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိတိ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ရသည်။ ယင်းသို့ ဖြည့်ကျင့်ခြင်းသည် လူနတ်ဗြဟ္မာ သတ္တဝါတို့အား တရားဟော၍ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပေးချင်လို့ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓအဖြစ်သို့ ရောက်သောအခါ၌ကား တရားမဟောသေးဘဲ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိသော အပရာဇိတပလ္လင်ပေါ်၌ (၇) ရက်တိတိထိုင်၍ အရဟတ္တဖိုလ်ချမ်းသာကို ခံစားလေသည်။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့်ကျင့်ပြီးမှ ရရှိအပ်သော အပရာဇိတပလ္လင်ကို တစ်နည်းအားဖြင့် ဗုဒ္ဓဖြစ်ရာအရပ်ကို အလေးထား၍ ဖြစ်သည်။ ထို့ကြောင့် အင်တိုက်အားတိုက် **အားထုတ်၍ တရားထူး တရားမြတ် တရားမှန် ရရာအရပ်ကို အလေးထားတတ်ကြသူများ ဖြစ်ကြပါကုန်လော့။**

(၂) ဗုဒ္ဓသည် ထိုသို့လျှင် တရားကို အလေးဂရုပြုသောအားဖြင့် သတ္တသတ္တာဟ (၄၉)ရက်တိုင်တိုင် (၇)ဌာနတို့၌ အရဟတ္တဖိုလ်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေပြီးနောက် ကိုယ်တော်မြတ်ရထားသော သစ္စာလေးပါး, ပဋိစ္စသမုပ္ပါဒ်, နိဗ္ဗာန်တရားများကို ဆင်ခြင်သုံးသပ်တော်မူသောအခါ လွယ်လွယ်ကူကူဖြင့် မသိမြင်နိုင်ကြောင်းကို ဗုဒ္ဓ ဆင်ခြင်တော်မူမိလေသည်။ တစ်ဖန် သတ္တလောကကို ဆင်ခြင်ကြည့်ပြန်သောအခါ သတ္တလောကကြီးသည် 'အဝိဇ္ဇာ, တဏှာ, ဒိဋ္ဌိ' စသော ကိလေသာတရားများ အလွန်ထူပြောသော သတ္တလောကကြီး ဖြစ်နေလေသည်။ တရားတော်ကလည်း ကိလေသာဟူသောအပြစ်မှ ကင်းစင်သောတရား ဖြစ်နေသည်။ သတ္တ

လောကကြီးကလည်း ကိလေသာဟူသော အပြစ်တွေ ထူပြောနေသည်။ ဤသို့ ကိုယ်တော်မြတ် ရထားသောတရားနှင့် သတ္တလောကကြီးတို့ ပြောင့်ပြောင့်ဆန့်ကျင်နေသည်ဖြစ်၍ ရှေးဦးစွာ တရားဟောရန် စိတ်တော်မညွတ်ဘဲ ဖြစ်ရလေသည်။ ဤအချက်ဖြင့်လည်း **ဗုဒ္ဓသည် သစ္စာလေးပါးတရား, ပဋိစ္စသမုပ္ပါဒ်တရား, နိဗ္ဗာန်တရားတို့၌ အဘယ်မျှ အလေးထားသည် ဆိုသည်မှာ ပေါ်လွင်ထင်ရှားလျက် ရှိနေပေသည်။ ထို့ကြောင့် ထိုတရားများကို ကျကျနန အလေးဂရုပြုသူများ ဖြစ်ကြပါကုန်လော့။**

(၃) သဟမ္ပတိဗြဟ္မာကြီး တောင်းပန်သောကြောင့် ဗုဒ္ဓသည် ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကြီးအား ကြည့်တော်မူသည်။ **ဣန္ဒြိယပရောပရိယတ္တိဉာဏ်**– သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိသောဉာဏ်, **အာသယာနုသယဉာဏ်**– သတ္တဝါတို့၏ အလိုအဇ္ဈာသယ အနုသယတို့ကို သိသောဉာဏ်တို့ကို **ဗုဒ္ဓစက္ခု** ဟုခေါ်သည်။ ထိုဗုဒ္ဓစက္ခုဖြင့် ကြည့်သောအခါ အချုပ်အားဖြင့် ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်, မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ် ဟူ၍ နှစ်မျိုးနှစ်စား တွေ့မြင်တော်မူသည်။ ထိုနှစ်မျိုးတွင် မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်ကို ကြည့်ရှုတော်မမူတော့ဘဲ ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်တို့ကိုသာ ဆက်၍ကြည့်ရှုတော်မူသည်။ ထိုကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်တို့ကိုမှ တစ်ဖန် အရင်ဟောကြားရမည့်ပုဂ္ဂိုလ်, နောက်မှဟောကြားရမည့်ပုဂ္ဂိုလ် စသည်ဖြင့် သတ္တဝါတို့၏ ကံပါရမီ, ဣန္ဒြေအနုအရင့်, စရိုက်, အကြိုက်ဝါသနာ, အထုံ, ဓလေ့, အလေ့အထတို့ကို ကြည့်တော်မူရပြန်သည်။ ထိုသို့ကြည့်ပြီးမှ တရားဟောမည်ဖြစ်ကြောင်း ဗုဒ္ဓသည် သဟမ္ပတိဗြဟ္မာအား ဝန်ခံတော်မူလိုက်ခြင်း ဖြစ်သည်။ ဤအချက်ဖြင့် ဗုဒ္ဓတို့မည်သည် ရမ်းသမ်း၍ မှန်းဆ၍ တရားဟောတော်မူသည် မဟုတ်။ ကျွတ်ထိုက်သော ကုသိုလ်ကံ ပါရမီရှိသော ပုဂ္ဂိုလ်တို့ကို ဦးစားပေး ရွေးချယ်တော်မူ၍ တရားဟောတော်မူကြောင်းမှာ ထင်ရှားပေသည်။ သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်၌ ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်ဖြစ်ရန် ကုသိုလ်ကံပါရမီတွေကို ပြုလုပ်ရန် အများကြီး လိုအပ်ပေသည်။ ထို့ကြောင့် ယခုလို ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံခိုက်မှာ ကျွတ်ထိုက်သော **ဘဗ္ဗပုဂ္ဂိုလ်ဖြစ်အောင် 'ဒါန, သီလ, ဘာဝနာ' စသော ကုသိုလ်ကောင်းမှုများကို ကြိုးစားအားထုတ်သူများ ဖြစ်ကြပါကုန်လော့။**

(၂) သမန္တစက္ခုအနက်ဟော စက္ခုသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် စက္ခုသဒ္ဒါ၏ ဗုဒ္ဓစက္ခုအနက်၌ဖြစ်ပုံသာဓကကို ပြဆိုတော်မူပြီး၍ စက္ခုသဒ္ဒါ၏ သမန္တစက္ခုအနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တထူပမံ ဓမ္မမယံ သုမေဓ၊ ပါသာဒ မာရုယှ သမန္တစက္ခု။ *(ဝိ– ၃– ၈၊ မ– ၁– ၂၂၅၊ မ– ၂– ၂၉၂)*

သုမေဓ– ကောင်းသောပညာရှိတော်မူသော၊ **သမန္တစက္ခု**– အလုံးစုံအားဖြင့် သိမြင်တော်မူသော ရှင်တော်ဗုဒ္ဓဘုရား၊ **တထူပမံ**– ထိုကျောက်တောင်ဥပမာရှိသော၊ **ဓမ္မမယံ**– ပညာအတိပြီးသော၊ **ပါသာဒံ**– ပြာသာဒ်ထက်သို့ **အာရုယှ**– တက်တော်မူ၍။

အထက်ပါ ပါဠိရပ်သည်လည်း အထက်က ဖော်ပြခဲ့သည့်အတိုင်း ဝိနည်းမဟာဝါ– မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်တို့၌ လာရှိသော သဟမ္ပတိဗြဟ္မာက ဗုဒ္ဓအား တရားဟောတော်မူရန် တောင်းပန်သော ဂါထာသုံးဂါထာအနက်က အလယ်ဂါထာ ဖြစ်လေသည်။ ယင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

သေလေ ယထာ ပဗ္ဗတမုဒ္ဓနိဋ္ဌိတော၊
ယထာပိ ပဿေ ဇနတံ သမန္တတော၊
တထူပမံ ဓမ္မမယံ သုမေဓ၊
ပါသာဒ မာရုယှ သမန္တစက္ခု၊
သောကာဝ တိဏ္ဏံ ဇနတမပေတ သောကော၊
အဝေက္ခဿု ဇာတိဇရာဘိဘူတံ။ *(ဝိ– ၃– ၈)*

စက္ခုမာ– မျက်စိအမြင်ကောင်းသော၊ ပုရိသော– ယောကျ်ားသည်၊ **သေလေ**– ကျောက်အတိပြီးသော၊ **ပဗ္ဗတမုဒ္ဓနိ**– တောင်ထိပ်၌၊ **ယထာဋ္ဌိတောဝေ**– ရပ်မြဲတိုင်းသာလျှင်၊ **သမန္တတော**– ပတ်ဝန်းကျင်၌၊ **ဇနတံ**– သတ္တဝါအပေါင်းကို၊ **ပဿေယထာ**– မြင်ရသကဲ့သို့၊ တထာ– ထို့အတူ၊ **သုမေဓ**– ကောင်းသောပညာရှိတော်မူသော၊ **သမန္တစက္ခု**– အလုံးစုံကို သိမြင်နိုင်သော ပညာစက္ခု

ရှိတော်မူသော ရှင်တော်ဗုဒ္ဓဘုရား၊ **တွံပိ**– ရှင်တော်ဗုဒ္ဓသည်လည်း၊ **တထူပမံ**– ထိုကျောက်တောင်ဟူသော ဥပမာရှိသော၊ **ဓမ္မမယံ**– ပညာအတိပြီးသော၊ **ပါသာဒံ**– ပြာသာဒ်သို့ **အာရုယှ**– တက်တော်မူ၍၊ **အပေတသောကော**– ကင်းသောသောက ရှိတော်မူသည်၊ ဟုတ္တာ– ဖြစ်၍၊ **သောကာဝတိဏ္ဏံ**– သောကရောက်နေသော၊ **ဇာတိဇရာဘိဘူတံ**– ဇာတိ, ဇရာ အလွှမ်းမိုးခံနေရသော၊ **ဇနတံ**– သတ္တဝါအပေါင်းကို၊ **အဝေက္ခသု**– ကြည့်ရှုတော်မူပါ။

သမန္တစက္ခုအနက်ဖော စက္ခုသဒ္ဒါက တရားဖောပုံသဘော

သမန္တစက္ခုဟူသည် သဗ္ဗညုတဉာဏ်ကို ဆိုလိုသည်။ မျက်စိအမြင်ကောင်းသော ယောကျ်ားသည် ကျောက်အတိပြီးသော တောင်ထိပ်ပေါ်သို့တက်၍ ကြည့်သောအခါ ပတ်ဝန်းကျင်တစ်ဝိုက်ကို ကောင်းစွာသိမြင်သကဲ့သို့ ရှင်တော်ဗုဒ္ဓသည်လည်း ပညာအတိပြီးသော သဗ္ဗညုတဉာဏ်ဟူသော တောင်ထိပ်သို့ တက်တော်မူပြီးလျှင် သောက, ဇာတိ, ဇရာ ဒုက္ခတို့ဖြင့် အနှိပ်စက်ခံနေရသော သတ္တဝါတို့ကို ကြည့်ရှုတော်မူပါလော့ဟု ဆိုလိုပေသည်။ ကျောက်အတိပြီးသော တောင်ကြီးသည် မပျက်စီးနိုင်သကဲ့သို့ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ဟူသော သမန္တစက္ခုသည်လည်း ဗုဒ္ဓသက်တော်ထင်ရှားရှိနေသမျှ ကာလပတ်လုံး မပျက်စီးနိုင်ပေ။ ထို့ကြောင့် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ရှုကြည့်၍ သတ္တဝါတို့ကို ကယ်တင်တော်မူပါလော့၊ တရားဟောတော်မူပါလော့ဟု သဟမ္ပတိ ဗြဟ္မာကြီးက တောင်းပန်လျှောက်ထားခြင်း ဖြစ်သည်။ သတ္တလောက၌ ဉာဏ်ပညာဟူသည် အသုံးချ၍ရသော ပုဂ္ဂိုလ်တို့အပေါ်၌သာ အသုံးချရ နိုင်ပေသည်။ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ကြည့်ရှုတော်မူ၍ ဤပုဂ္ဂိုလ်သည် ဗုဒ္ဓသာသနာတော်၌ အသုံးချ၍ ရမည်မဟုတ်ဟု သိမြင်လျှင် အသုံးချမည် မဟုတ်ပေ။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်၌ အသုံးချ၍ရအောင် အသုံးဝင်အောင် 'ဒါန, သီလ, ဘာဝနာ' ဟူသော ကုသိုလ်ကောင်းမှုများကို ကြိုးစားအားထုတ်သူများ ဖြစ်ကြပါကုန်လော့။

(၃) ဓမ္မစက္ခု အနက်ဖော စက္ခုသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် စက္ခုသဒ္ဒါ၏ သမန္တစက္ခု အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ စက္ခုသဒ္ဒါ၏ ဓမ္မစက္ခု အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ။ *(မ– ၂– ၃၄၆)*

ဝိရဇံ– ကိလေသာ မြူကင်းသော၊ **ဝီတမလံ**– ကိလေသာ အညစ်အကြေးကင်းသော၊ **ဓမ္မစက္ခုံ**– သောတာပတ္တိမဂ် ဉာဏ်မျက်စိသည်၊ **ဥဒပါဒိ**– ထင်ရှားဖြစ်လေပြီ။

အထက်ပါ ပါဠိရပ်သည် မဇ္ဈိမပဏ္ဏာသ ပါဠိတော်– ဗြဟ္မာယုသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ဗုဒ္ဓသည် ဗြဟ္မာယုပုဏ္ဏားအား ဒေသနက္ကမတရားကို ဟောကြားတော်မူခြင်း

အသက် (၁၂၀)ရှိပြီဖြစ်သော ဗြဟ္မာယုပုဏ္ဏားသည် ဗုဒ္ဓအား ဗုဒ္ဓအစစ်ဖြစ်ကြောင်း စုံစမ်းသိရှိပြီးနောက် ဗုဒ္ဓအား ပြဿနာ မေးလျှောက်ရာတွင် ဗုဒ္ဓ၏ ဖြေကြားတော်မူချက်ကို အလွန်နှစ်လိုဝမ်းမြောက်သည်ဖြစ်၍ ဗုဒ္ဓအပေါ်၌ အလွန်ရိုသေမှုကို ထင်ရှားပြလေသည်။ ဗုဒ္ဓသည် ဗြဟ္မာယုပုဏ္ဏားအား ဒေသနက္ကမ– ဒေသနာစဉ်ဖြေ အောက်ပါ အနုပုဗ္ဗိကထာ– အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူလေသည်။

(၁) ဒါနကထာ – ဒါနနှင့်စပ်သော စကားကို ရှေးဦးစွာ ဟောတော်မူသည်။ ထို့နောက်

(၂) သီလကထာ – သီလနှင့်စပ်သော တရားစကားကို ဟောကြားတော်မူသည်။ ထို့နောက်

(၃) သဂ္ဂကထာ – နတ်ရွာသုဂတိနှင့်စပ်သော တရားစကားကို ဟောကြားတော်မူသည်။ ထို့နောက်

(၄) ကာမာနံအာဒီနဝ– ကာမဂုဏ်တို့၏ အပြစ်နှင့်စပ်သော တရားစကားကို ဟောကြားတော်မူသည်။ ထို့နောက်

(၅) **နေက္ခမ္မေ အာနိသံသံ ပကာသေသိ**- ကာမဂုဏ်မှ ထွက်မြောက်နိုင်ခြင်း အကျိုးနှင့်စပ်သော တရားစကားကို ဟောကြားတော်မူသည်။ ထို့နောက်

(၆) **ဒုက္ခံ သမုဒယံ, နိရောဓံ, မဂ္ဂံ** ဟူသော သစ္စာ (၄)ပါးနှင့်စပ်သော တရားစကားကို ဟောကြားတော်မူသည်။

(၇) ထိုသစ္စာလေးပါး တရားအဆုံး၌ ဗြဟ္မာယုပုဏ္ဏားသည် သောတာပတ္တိမဂ်ဉာဏ်မျက်စိကို ရရှိလေသည်။ ထိုသို့ရရှိပုံကို ပါဠိတော်တွင် အောက်ပါအတိုင်း ပြဆိုတော်မူထားလေသည်။

(၁) သေယျထာပိနာမ သုဒ္ဓံ ဝတ္ထံ အပဂတကာလကံ သမ္မဒေဝ ရဇနံ ပဋိဂ္ဂဏှေယျ၊ ဝေမေဝ ဗြဟ္မာယုဿ ဗြာဟ္မဏဿ တသ္မိံယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ၊ ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မန္တိ။

(၂) အထခေါ ဗြဟ္မာယု ဗြာဟ္မဏော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ။ *(မ- ၂- ၃၄၆)*

(၁) **သေယျထာပိ နာမ**- ဥပမာမည်သည်ကား၊ **အပဂတကာလကံ**- မည်းညစ်ခြင်းကင်းသော၊ **သုဒ္ဓံ**- ဖြူစင်သော၊ **ဝတ္ထံ**- အဝတ်ကို၊ **ရဇနံ**- ဆိုးရည်သည်၊ **သမ္မဒေဝ**- ကောင်းစွာသာလျှင်၊ **ပဋိဂ္ဂဏှေယျယထာ**- ခံယူသကဲ့သို့ *(မြဲမြံစွာစွဲ၍ဆိုးဂုဏ်ရှိသကဲ့သို့)* **ဝေမေဝ**- ဤအတူသာလျှင်၊ **ဗြဟ္မာယုဿ**- ဗြဟ္မာယုအမည်ရှိသော၊ **ဗြာဟ္မဏဿ**- ပုဏ္ဏား၏၊ **တသ္မိံယေဝ အာသနေ**- ထိုထိုင်နေရာ၌ပင်လျှင်၊ **သမုဒယဓမ္မံ**- ဖြစ်ခြင်းသဘောရှိသော၊ **ယံကိဉ္စိ**- အကြင်အလုံးစုံသော တရားသည်၊ **အတ္ထိ**- ရှိ၏၊ **တံသဗ္ဗံ**- ထိုဖြစ်ခြင်းသဘောရှိသော အလုံးစုံသော တရားသည်၊ **နိရောဓဓမ္မံ**- ချုပ်ပျက်ခြင်းသဘောရှိ၏၊ **ဣတိ**- ဤသို့၊ **ဝိရဇံ**- အပါယ်သို့ ရောက်စေနိုင်သော ရာဂအစရှိသော ကိလေသာမြူကင်းသော၊ **ဝီတမလံ**- ဒိဋ္ဌိ, ဝိစိကိစ္ဆာဟူသော ကိလေသာ အညစ်အကြေးကင်းသော၊ **ဓမ္မစက္ခုံ**- သစ္စာလေးပါးကိုသိသော သောတာပတ္တိမဂ်ဉာဏ်မျက်စိသည်၊ **ဥဒပါဒိ**- ထင်ရှားဖြစ်ပေါ်လေပြီ။

(၂) **အထခေါ**- ထိုအခါ၌၊ **ဗြဟ္မာယု**- ဗြဟ္မာယုအမည်ရှိသော၊ **ဗြာဟ္မဏော**- ပုဏ္ဏားသည်၊ **ဒိဋ္ဌဓမ္မော**- သစ္စာလေးပါး တရားကို မြင်ပြီးသည်၊ **ပတ္တဓမ္မော**- သစ္စာလေးပါးတရားသို့ ရောက်ပြီးသည်၊ **ဝိဒိတဓမ္မော**- သစ္စာလေးပါးတရားကို သိပြီးသည်၊ **ပရိယောဂါဠ္ဟဓမ္မော**- သစ္စာလေးပါးတရားကို သက်ဝင်ပြီးသည်၊ **တိဏ္ဏဝိစိကိစ္ဆော**- ယုံမှားခြင်းကို လွန်မြောက်ပြီးသည်၊ **ဝိဂတကထံကထော**- သို့လောသို့လော ကင်းသည်၊ **သတ္ထုသာသနေ**- ဗုဒ္ဓ၏ သာသနာတော်၌၊ **ဝေသာရဇ္ဇပ္ပတ္တော**- ရဲရင့်ခြင်းသို့ ရောက်သည်၊ **အပရပ္ပစ္စယော**- မိမိမှတစ်ပါး အခြားသူကို အားထားဖွယ်မလိုသည်၊ **ဟောတိ**- ဖြစ်၏။

ဓမ္မစက္ခု အနက်ဟော စက္ခုသုတ္တက တရားဟောပုံသဘော

လူ့လောက၌ ဉာဏ်ပညာမျက်စိကောင်းရန် အထူးအရေးကြီးလှပေသည်။ ဉာဏ်ပညာမျက်စိ ကောင်းကြသော ပုထုဇဉ်လူသားအပေါင်းတို့သည် မိမိတို့၏ ဉာဏ်ပညာမျက်စိ ကောင်းကြသည့်အားလျော်စွာ စိန်, ရွှေ, ငွေ, ကျောက်သံပတ္တမြား, ရေနံ, တတ်ငွေ့ အစရှိသော လောကီရတနာ အသိုက်အမျိုးမျိုးကို ရအောင်ယူဆောင်နိုင်ကြလေသည်။ သို့ရာတွင် ပုထုဇဉ်တို့ ထိုလောကီဉာဏ်မျက်စိသည် ငရဲဘုံ, အပါယ်လေးဘုံတို့ကို မြင်စွမ်းနိုင်ခြင်း မရှိသည့်အတွက် ငရဲသို့, အပါယ်လေးဘုံသို့ မရောက်အောင် မစွမ်းနိုင်ဘဲ ဖြစ်ရလေသည်။ လောကီဉာဏ်မျက်စိမှုန်သမျှ ပုထုဇဉ်တို့ မရဘူးသော ဉာဏ်မျက်စိ မရှိခဲ့ပေ၊ အစမထင်သော သံသရာတစ်ခွင် ကျင်လည်ခဲ့ရာတွင် ရဘူးခဲ့သည်ချည်း ဖြစ်သည်။ ပုထုဇဉ်တို့ မရဘူးသေးသော ဉာဏ်မျက်စိကား သောတာပတ္တိမဂ်ဉာဏ်မျက်စိသော လောကုတ္တရာမဂ်ဉာဏ်လေးပါးမျက်စိပင် ဖြစ်လေသည်။ ယင်းကို **'ဓမ္မစက္ခု'** လောကုတ္တရာဉာဏ်မျက်စိဟု ခေါ်ရသည်။ အောက်ထစ်ဆုံးဖြစ်သော သောတာပတ္တိမဂ်ဉာဏ်မျက်စိကို ရလျှင်ပင် ပုထုဇဉ်အဖြစ်နှင့် ရှိကြသော ကမ္ဘာပေါ်မှာ အချမ်းသာဆုံး သူဌေးကြီးထက်လည်းကောင်း၊ ရှင်ဘုရင်, စကြာဝတေးမင်း, နတ်မင်း, ဗြဟ္မာမင်းတို့ထက်လည်းကောင်း သာလွန်သွားလေသည်။ သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံလာချိန်တွင် သောတာပတ္တိမဂ်ဉာဏ်မျက်စိရရန်သည် အရေးအကြီးဆုံး ဖြစ်သောကြောင့် ထိုသောတာပတ္တိမဂ်ဉာဏ်မျက်စိဟူသော **ဓမ္မစက္ခုကိုရအောင် အားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

ပညာစက္ခု အနက်ဟော စက္ခုသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် စက္ခုသဒ္ဒါ၏ ဓမ္မစက္ခု အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ စက္ခုသဒ္ဒါ၏ ပညာစက္ခု အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

စက္ခုံ ဥဒပါဒိ, ဉာဏံ ဥဒပါဒိ။ (ဝိ- ၃- ၁၅)

စက္ခုံ- ပညာစက္ခုသည်၊ **ဥဒပါဒိ**- ထင်ရှားဖြစ်ပြီ၊ **ဉာဏံ**- ဉာဏ်သည်၊ **ဥဒပါဒိ**- ထင်ရှားဖြစ်ပြီ။

အထက်ပါ ပါဠိရပ်သည် ဝိနည်းမဟာဝါ- ဓမ္မစက္ကပဝတ္တနသုတ်၌ လာရှိလေသည်။ ဤပညာစက္ခုသည်လည်း လောကီပညာ စက္ခု မဟုတ်ဘဲ လောကုတ္တရာ ပညာစက္ခု ဖြစ်လေသည်။ **ထို့ကြောင့် လောကုတ္တရာ ပညာစက္ခုကိုရအောင် အားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

ဒိဗ္ဗစက္ခု အနက်ဟော စက္ခုသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

မူလပဏ္ဏာသ ပါဠိတော်- ပါသရာသိသုတ်၌ ဗုဒ္ဓသည် တရားဟောလိုသည့်အတွက် အရှင်ကောဏ္ဍည အစရှိသော ပဥ္စဝဂ္ဂီငါးဦးတို့ကို ကြည့်ရှုတော်မူရာ ဣသိပတနမည်သော မိဂဒါဝုန်တော၌ နေလျက်ရှိကြသည်ကို ဒိဗ္ဗစက္ခုဖြင့် တွေ့မြင်လေသည်။ ဤ ဒိဗ္ဗစက္ခုဉာဏ်ကို ပုထုဇဉ် ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်ရော, အရိယာ ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်ရော နှစ်မျိုးလုံး ရရှိနိုင်သည်။ သာမည သမာဓိဖြင့် မရနိုင်ပေ။ စတုတ္ထဈာန်မှတစ်ဆင့် အဘိညာဉ်သို့ ကူးတက်နိုင်မှ ရရှိနိုင်ပေသည်။ ထိုတွင် **ပုထုဇဉ် ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်သည် အရိယာ ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်လောက် တန်ဖိုးမရှိသောကြောင့် အရိယာ ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားအားထုတ်ကြပါကုန်လော့။**

(၆) စက္ခုပသာဒ အနက်ဟော စက္ခုသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် စက္ခုသဒ္ဒါ၏ ဒိဗ္ဗစက္ခု အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ စက္ခုသဒ္ဒါ၏ စက္ခုပသာဒ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

စက္ခုဉ္စ ပဋိစ္စ ရူပေစ။ *(မ- ၁- ၃၂၆)*

စက္ခုံစ- စက္ခုပသာဒကိုလည်းကောင်း၊ **ရူပေစ**- ရူပါရုံတို့ကိုလည်းကောင်း၊ **ပဋိစ္စ**- စွဲ၍၊ **စက္ခုဝိညာဏံ**- စက္ခုဝိညာဏ် သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏။

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသ ပါဠိတော်- မဟာတဏှာသင်္ခယသုတ်၌ လာရှိလေသည်။ မျက်စိအမြင်ရှိသော လူသားတိုင်း၌ ရှိကြသော စက္ခုပသာဒ ဖြစ်သည်။

ဤ၌လိုအပ်သော အနက်

ဤသာမညဖလသုတ်၌ **'စက္ခုမန္တော ရူပံ ဒိက္ခန္တိ'** ၌ စက္ခုသဒ္ဒါဖြင့် လိုအပ်သော အနက်သည် အထက်က တင်ပြခဲ့သော စက္ခုသဒ္ဒါ ဟောနိုင်သော အနက်(၆)နက် ရှိသည့်အနက်က နောက်ဆုံးအနက်ဖြစ်သော ပသာဒစက္ခုဟူသော ဝေါဟာရဖြင့် ခေါ်ဝေါ် အပ်သော စက္ခုဝိညာဏ် ဟူသောအနက်ကို ယူရလေသည်။ စက္ခုဝိညာဏ်ကိုပင် ပသာဒစက္ခု ဟု ခေါ်ခြင်းဖြစ်လေသည်။

သတိသမ္ပဇညအခန်း

ဗုဒ္ဓသည် အဇာတသတ်မင်းကြီးအား ဣန္ဒြိယသံဝရသီလကို ဟောကြားတော်မူပြီးနောက် သတိသမ္ပဇညကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ဣဓ မဟာရာဇ ဘိက္ခု (၁) အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။ (၂) အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။ (၃) သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ။ (၄) သံဃာဋိ ပတ္တ စီဝရ ဓာရဏေ သမ္ပဇာနကာရီ ဟောတိ။ (၅) အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။ (၆) ဥစ္စာရ ပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ။ (၇) ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။
(ဒီ– ၁– ၆၇)

မဟာရာဇ– မင်းကြီး၊ **ဣဓ**– ဤဗုဒ္ဓသာသနာတော်၌၊ **ဘိက္ခု**– ရဟန်းသည်–

(၁) **အဘိက္ကန္တေ**– ရှေ့တိုးမှုကို ပြုသည်ရှိသော်လည်းကောင်း၊ **ပဋိက္ကန္တေ**– နောက်ဆုတ်မှုကို ပြုသည်ရှိသော်လည်းကောင်း၊ **သမ္ပဇာနကာရီ**– သတိ, ပညာဖြင့် သိအောင်ပြုလေ့ရှိသည်၊ **ဟောတိ**– ဖြစ်၏။

(၂) **အာလောကိတေ**– မျက်စိကို တည့်တည့်ထား၍ ကြည့်မှုကို ပြုသော်လည်းကောင်း၊ **ဝိလောကိတေ**– မျက်စိကို စောင်းစွေကြည့်မှုကို ပြုသော်လည်းကောင်း၊ **သမ္ပဇာနကာရီ**– သတိ, ပညာဖြင့် သိအောင်ပြုလေ့ရှိသည်၊ **ဟောတိ**– ဖြစ်၏။

(၃) **သမိဉ္ဇိတေ**– လက်ခြေကွေးမှုတို့ကို ပြုသောအခါမှာသော်လည်းကောင်း၊ **ပသာရိတေ**– လက်ခြေဆန့်မှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **သမ္ပဇာနကာရီ**– သတိ, ပညာဖြင့် သိအောင်ပြုလေ့ရှိသည်၊ **ဟောတိ**– ဖြစ်၏။

(၄) **သံဃာဋိ ပတ္တ စီဝရ ဓာရဏေ**– ဒုကုဋ်, သပိတ်, သင်္ကန်းတို့ကို ဆောင်သောအခါမှာသော်လည်းကောင်း၊ **သမ္ပဇာနကာရီ**– သတိ, ပညာဖြင့် သိအောင်ပြုလေ့ရှိသည်၊ **ဟောတိ**– ဖြစ်၏။

(၅) **အသိတေ**– စားမှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **ပီတေ**– သောက်မှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **ခါယိတေ**– ခဲမှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **သာယိတေ**– လျက်မှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **သမ္ပဇာနကာရီ**– သတိ, ပညာဖြင့် သိအောင်ပြုလေ့ရှိသည်၊ **ဟောတိ**– ဖြစ်၏။

(၆) **ဥစ္စာရ ပဿာဝ ကမ္မေ**– ကျင်ကြီးစွန့်မှု, ကျင်ငယ်စွန့်မှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **သမ္ပဇာနကာရီ**– သတိ, ပညာဖြင့် သိအောင်ပြုလေ့ရှိသည်၊ **ဟောတိ**– ဖြစ်၏။

(၇) **ဂတေ**– သွားမှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **ဌိတေ**– ရပ်မှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **နိသိန္နေ**– ထိုင်မှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **သုတ္တေ**– အိပ်မှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **ဇာဂရိတေ**– နိုးမှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **ဘာသိတေ**– ပြောဆိုမှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **တုဏှီဘာဝေ**– ဆိတ်ဆိတ်နေမှုကို ပြုသောအခါမှာသော်လည်းကောင်း၊ **သမ္ပဇာနကာရီ**– သတိ, ပညာဖြင့် သိအောင်ပြုလေ့ရှိသည်၊ **ဟောတိ**– ဖြစ်၏။

(၁) 'အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ' နှင့်စပ်၍ ကျင့်သုံးရမည့် အချက်များ

ထိုအချက်များနှင့်စပ်၍ အဋ္ဌကထာတွင် အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်။

(၁) **အဘိက္ကန္တံ ဝုစ္စတိ ဂမနံ**– သွားခြင်းကို **'အဘိက္ကန္တ'** ဟူ၍လည်းကောင်း၊ **ပဋိက္ကန္တံ နိဝတ္တနံ**– နောက်ဆုတ်ခြင်းကို **'ပဋိက္ကန္တ'** ဟူ၍လည်းကောင်း ခေါ်သည်။

ထိုသွားခြင်း, နောက်ဆုတ်ခြင်းသည် သွားမှု ဣရိယာပုထ်၌သာ ရသည်မဟုတ်။ ဣရိယာပုထ် လေးပါးလုံး၌ ရသည်။ (က) သွားမှု၌ ခန္ဓာကိုယ်ကို ရှေ့တိုးအောင်ပြုခြင်းသည် အဘိက္ကန္တ မည်၍၊ ခန္ဓာကိုယ်ကြီးကို နောက်ဆုတ်အောင် ပြုလုပ်ခြင်းသည်

ပဋိက္ကန္တ မည်၏။ **(ခ)** ရပ်ခြင်း၌ ရပ်လျက်သာလျှင် ခန္ဓာကိုယ်ကို ရှေ့သို့ညွတ်အောင် ပြုခြင်းသည် အဘိက္ကန္တ မည်၍၊ ခန္ဓာကိုယ်ကို နောက်ပြန်၍ လှန်ညွတ်ခြင်းသည် ပဋိက္ကန္တ မည်သည်။ (ဂ) ထိုင်ခြင်း၌ ထိုင်လျက်သာလျှင် အထက်ပိုင်း ကိုယ်အင်္ဂါကို ရှေ့သို့ညွတ်ခြင်းသည် အဘိက္ကန္တ မည်၍၊ နောက်ပြန်၍ညွတ်ခြင်းသည် ပဋိက္ကန္တ မည်သည်။ **(ဃ)** အိပ်ခြင်း၌ အိပ်လျက်သာလျှင် ခန္ဓာကိုယ်ကို ရှေးရှုရွေ့ခြင်းသည် အဘိက္ကန္တ မည်၍၊ နောက်ရွေ့ခြင်းသည် ပဋိက္ကန္တ မည်သည်။

'**သမ္ပဇညေန သဗ္ဗကိစ္စကာရီ**' ဟူ၍ အဋ္ဌကထာဆရာ ဆိုသောကြောင့် အလုံးစုံ ကိစ္စရပ်တို့ကို ပြုခြင်း၌ 'သတိ, ပညာ' ဖြင့် သိအောင်ပြုရမည်ဟု ဆိုလိုသည်။ ဤ၌ 'သမ္ပဇည' အရ 'ပညာ' ကို ရ၏။ ထို့ကြောင့် 'သတိမပါ' ဟု ထင်မှတ်ဖွယ် ရှိသော်လည်း အသိဉာဏ်ပညာဖြင့် ပြုလုပ်ရမည့် ကိစ္စတိုင်းမှာ သတိပါသည်ချည်း ဖြစ်သောကြောင့် သတိကို အထူးပြမနေတော့ဘဲ 'သမ္ပဇည' ဟု ဆိုခြင်းဖြစ်သည်။ *('သမ္ပဇည' ဟုဆိုလျှင် သတိပါ ပါသည်ချည်းဖြစ်သည်ဟု ဆိုလိုသည်။)*

သမ္ပဇည လေးမျိုး

(၁) သာတ္ထက သမ္ပဇည၊ (၂) သပ္ပါယ သမ္ပဇည၊ (၃) ဂေါစရ သမ္ပဇည၊ (၄) အသမ္မောဟ သမ္ပဇည ဟူ၍ သမ္ပဇည လေးမျိုး ရှိသည်။

(၁) သာတ္ထက သမ္ပဇဉ်ဖြင့် အဘိက္ကန္တ ပြုခြင်း

အဘိက္ကန္တ ဂမန စိတ္တေ ဥပ္ပန္နေ– သွားလိုသောစိတ် ဖြစ်ပေါ်လာသော်၊ **စိတ္တဝသေနေဝ**– စိတ်အလိုအားဖြင့်သာလျှင်၊ **အဂန္တွာ**– မသွားမူ၍၊ **အတ္ထံ**– အကျိုးရှိသည်ကိုလည်းကောင်း၊ **အနတ္ထံ**– အကျိုးမရှိသည်ကိုလည်းကောင်း၊ **ပရိဂ္ဂဟေတွာ**– ပိုင်းခြား သတ်မှတ်ဆုံးဖြတ်ပြီးမှ၊ **အတ္ထပရိဂ္ဂဟဏံ**– အကျိုးရှိသည်ကို ပိုင်းခြားယူ၍ သွားခြင်းကိစ္စ ပြုသည်ကို 'သာတ္ထက သမ္ပဇည' ဟု ခေါ်သည်။ *(အကျိုးရှိသည်ကိုသိပြီး တိုးပွါးအောင် ပြုလုပ်ရမည်ဟု ဆိုလိုပေသည်။)*

အကျိုးရှိသည်ကို တိုးပွါးစေခြင်းဟူသည်

စေတိယ ဒဿန, ဗောဓိ, သံဃ, ထေရ, အသုဘ ဒဿနာဒိဝသေန ဓမ္မတော ဝုဍ္ဍိ။ စေတီတော်ကို ဖူးမြော်ခြင်း, ဗောဓိပင်ကို ဖူးမြော်ခြင်း, သံဃာတော်ကို ဖူးမြော်ခြင်း, ထေရ်ကြီးကို ဖူးမြော်ခြင်း, အသုဘရှုခြင်း အစရှိသည်တို့၏ အပြားအားဖြင့် တရားဘက်၌ တိုးပွါးစေခြင်းတည်း။

စေတီတော် စသည် ဖူးမြော်ခြင်း၌

ချဲ့ပါဦးမည်။ စေတီတော်ကိုသော်လည်းကောင်း, ဗောဓိပင်ကိုသော်လည်းကောင်း ဖူးမြင်ရသောအခါမျိုး၌ ဗုဒ္ဓါရမ္မဏာပီတိ– ဗုဒ္ဓတည်းဟူသော အာရုံရှိသော ပီတိကို ဖြစ်စေ၍လည်းကောင်း၊ သံဃာတော်ကို ဖူးမြင်ခြင်း၌ **သံဃာရမ္မဏံ ပီတိံ**– သံဃာတော်ဟူသော အာရုံရှိသော ပီတိကို ဖြစ်စေ၍လည်းကောင်း၊ ထိုပီတိကိုပင် 'ခယ, ဝယတော' ကုန်ခြင်း, ပျက်ခြင်းအားဖြင့် ရှုပွါးသုံးသပ်လတ်သော် အရဟတ္တဖိုလ်သို့ ရောက်နိုင်လေသည်။

သံဃထေရ်ကြီးတို့ကို ဖူးမြင်ရသောအခါတို့၌ ထိုထေရ်ကြီးတို့၏ ဆုံးမဩဝါဒ၌တည်၍ ဝိပဿနာတရားကို ရှုပွါးလျှင် အရဟတ္တဖိုလ်သို့ ရောက်နိုင်လေသည်။

အသုဘကိုရှုရာ၌ အသုဘအာရုံ၌ ပဌမဈာန်ကို ဖြစ်စေ၍ ထိုပဌမဈာန်ကိုပင် 'ခယ, ဝယတော' ကုန်ခြင်း, ပျက်ခြင်းအားဖြင့် 'သမ္မသန္တော' သုံးသပ်လတ်သော် အရဟတ္တဖိုလ်သို့ ရောက်နိုင်လေသည်။ *(ဤသည်ကား တရားတော်၌ တိုးပွါးခြင်းတည်း။)*
(ဒီ ၅– ၁– ၁၆၆)

ဋီကာတို့၌ အဋ္ဌကထာတွင် အရဟတ္တဖိုလ်ကို ပြခြင်းသည် ဥက္ကဋ္ဌနည်းအားဖြင့် ပြခြင်းဖြစ်သည်။ သမထ, ဝိပဿနာ ဖြစ်စေခြင်းသည်လည်း တရားတော်၌ အကျိုးရှိသည်၌ တိုးပွါးခြင်းပင် ဖြစ်သည်။ *(မဟာဋီ– ၂၄၃၊ ဋီသစ် ဒုအုပ်– ၈၂)*
(ဤကား သပ္ပါယ သမ္ပဇဉ် ဖြစ်ပုံတည်း။)

သပ္ပါယ သမ္ပဇဉ် မဖြစ်လျှင် မသွားသင့်ပုံ

ထိုသို့ စေတီအစရှိသည်တို့ကို ဖူးမြင်ရာ၌ တရားအားဖြင့် တိုးပွါးလျှင် သွားကောင်းသည်။ ထိုသို့မဟုတ်လျှင် မသွားကောင်းပုံကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုလေသည်။

အကြင်အခါ၌ စေတီတော်ကို ပူဇော်ခြင်းဟူသော ပွဲလမ်းသဘင် ဖြစ်လေသည်။ ထိုပွဲလမ်းသဘင်သို့ ဆယ်ယူဇနာ, ယူဇနာနှစ်ဆယ်အတွင်းရှိ ပရိသတ်တို့သည် စုဝေးရောက်ရှိကြလေသည်။ ထိုပရိသတ်တို့သည် မိမိတို့၏ စည်းစိမ်အားလျော်စွာ မိန်းမတို့သည်လည်းကောင်း, ယောကျ်ားတို့သည်လည်းကောင်း တန်ဆာဆင်၍ လာကြကုန်သည်။

ဆန်းကြယ်စွာသော ပန်းချီရုပ်, ပန်းပုရုပ်ကဲ့သို့ လှည့်လည်လျက်ရှိကြသည်။ ရဟန်းသည် ထိုနေရာသို့ သွားအံ့။ မိမိနှစ်သက်သောအာရုံကိုတွေ့လျှင် လောဘဖြစ်မည်။ မနှစ်သက်သောအာရုံကိုတွေ့လျှင် ဒေါသဖြစ်မည်။ လောဘ, ဒေါသ မဖြစ်ဘဲ အိမ်သူအိမ်သားတို့၌ ဖြစ်နေကျမျိုးဖြစ်သော မောဟမျိုးလည်း ဖြစ်တတ်လေသည်။

ထိုသို့ဖြစ်သဖြင့် ထိုရဟန်းသည် ကာယသံသဂ္ဂ အာပတ်သို့သော်လည်း ရောက်တတ်သည်။ အသက်အန္တရာယ်, ဗြဟ္မစရိယ အန္တရာယ်သော်လည်း ဖြစ်တတ်သည်။ (မာတုဂါမကို ထိမိပွတ်မိခြင်းအားဖြင့် ကာယသံသဂ္ဂ အာပတ်သို့ ရောက်တတ်သည်။ ဆင်စသည်တို့ နင်းမိခြင်း, လူအချင်းချင်း တိုးဝှေ့နင်းမိခြင်းကြောင့် အသက်အန္တရာယ်လည်း ဖြစ်တတ်သည်။ မာတုဂါမကို မြင်ရခြင်းစသည်ကြောင့် လူထွက်ချင်စိတ်ပေါက်ကာ 'ဗြဟ္မစရိယ' မြတ်သောအကျင့်၏ အန္တရာယ်လည်း ဖြစ်တတ်သည်။)

တစ်ခါတစ်ရံ နာမည်ကြီးဆရာတော်အထံ၌ တရားနာကြရန် မိန်းမ, ယောကျ်ားအများပင် စုဝေးရောက်ရှိနေကြသည်။ ထိုအခါ၌ အထက်ကဖော်ပြခဲ့သော အာပတ်သို့လည်း ရောက်တတ်, အန္တရာယ်လည်း ဖြစ်တတ်လေသည်။ ထို့ကြောင့် ထိုသို့သောနေရာမျိုးသို့ သွားခြင်းကို ရဟန်းသည် ရှောင်ကြဉ်ကြရမည် ဖြစ်သည်။ *(လူယောဂီတို့လည်း ရှောင်ကြဉ်သင့်သည်။)*

အသုဘရှုရာ၌

တစ်ခါက သီဟိုဠ်ကျွန်းတွင် ကိုရင်နှင့် ရဟန်းငယ် နှစ်ပါးတို့သည် တောထဲသို့ ဒန်ပူအကိုးငှာ လာရာ၌ အသုဘအလောင်းတစ်လောင်းကိုတွေ့၍ အသုဘကမ္မဋ္ဌာန်းရှုရာမှ ပဌမဈာန်ကိုရပြီး ထိုပဌမဈာန်ကို အခြေခံကာ ဝိပဿနာရှုလေရာ အနာဂါမိမဂ်တိုင်အောင် ရကြလေသည်။ ထိုသို့တရားတိုးပွားသည်ဆိုက အသုဘရှုရန် သွားသင့်သည်။

အသုဘရှုရာ၌ မာတုဂါမ အသုဘသည် ယောကျ်ားအတွက် မလျော်ကပတ်၊ ယောကျ်ား အသုဘသည် မာတုဂါမအတွက် မလျော်ကပတ်။ ဤသို့သွားသင့်သောအရပ်, မသွားသင့်သောအရပ်ကို ပိုင်းခြားနားလည်၍ တရားအားဖြင့် တိုးပွားမည့် နေရာသို့သာလျှင် သွားခြင်းသည် အဘိက္ကန္တ၌ သပ္ပါယ သမ္ပဇဉ်– လျော်ကပတ်သော သမ္ပဇဉ် ဖြစ်လေသည်။

ဂေါစရ သမ္ပဇဉ်ဖြင့် အဘိက္ကန္တ ပြုခြင်း

ဂေါစရဟူသည် ကမ္မဋ္ဌာန်းအာရုံကို ခေါ်သည်။ ယောဂီပုဂ္ဂိုလ်သည် မိမိနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းကိုယူ၍ ကမ္မဋ္ဌာန်းအာရုံဖြင့် ဆွမ်းခံကြွခြင်း, ဆွမ်းခံမှပြန်ခြင်းကို ဂေါစရ သမ္ပဇဉ် ဟုခေါ်သည်။ ကမ္မဋ္ဌာန်းကိုလွှတ်၍ သွားလျှင်ကား ဂေါစရ သမ္ပဇဉ် မဖြစ်တော့ချေ။ *(ထိုဂေါစရ သမ္ပဇဉ်နှင့်စပ်၍ အဋ္ဌကထာတွင် ကျယ်ဝန်းစွာ ပြလေသည်။ အကျယ်သိလိုမူ အဋ္ဌကထာတွင် ရှုလေ။)*

အသမ္မောဟ သမ္ပဇဉ်ဖြင့် အဘိက္ကန္တ ပြုခြင်း

အဘိက္ကန္တအရ ရှေ့သို့သွားရာ၌ **အဘိက္ကမာမိတိ**– ရှေးသို့သွားအံ့ဟု၊ **စိတ္တေ**– စိတ်သည်၊ **ဥပ္ပဇ္ဇမာနေ**– ဖြစ်ပေါ်လာလတ်သော်၊ **တေနေဝ စိတ္တေန**– ထိုစိတ်နှင့်ပင်၊ **သဒ္ဓိံ**– တကွ၊ **စိတ္တသမုဋ္ဌာန ဝါယောဓာတု**– စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည်၊ **ဝိညတ္တိံ**– ကာယဝိညတ်ကို၊ **ဇနယမာနာ**– ဖြစ်စေလျက်၊ **ဥပ္ပဇ္ဇတိ**– ဖြစ်၏။

ဤ၌ 'ဝိညတ္တိံဇနယမာနာ' ဟူသည် သွားလိုသောစိတ်ကြောင့် ဝါယောဓာတ်ဖြစ်သောအခါ ထိုဝါယောဓာတ်၏ ထူးခြားသော အမူအရာကို 'ဝိညတ်' ဟု ခေါ်သည်။ ထိုဝိညတ်သည် ပရမတ်အစစ်မဟုတ်။ ဝါယောဓာတ်၏ ထူးခြားသော အမူအရာသာ ဖြစ်

သည်။ ဝါယောဓာတ်ကား ရုပ်ပရမတ် အစစ်တည်း။

တ္တတိ– ဤသို့ ဝါယောဓာတ်၏ ကာယဝိညတ်ကို ဖြစ်စေလျက် ဥပါဒ်သည်၏ အဖြစ်ကြောင့်*(ဝါယောဓာတ် မှန်သောကြောင့်)* **စိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖါရဝသေန**– စိတ်၏အမူအရာဖြစ်သော အလိုဆန္ဒကြောင့် ဝါယောဓာတ်၏ တွန်း၍, ရွေ့၍ လှုပ်ရှားခြင်း၏အစွမ်းဖြင့်–

'အယံ ကာယသမ္ဘာေတာ အဋ္ဌိသင်္ဃာတော အဘိက္ကမတိ' **ကာယသမ္ဘာေတာ**– ကိုယ်ဟု သမုတ်အပ်သော၊ **အယံ အဋ္ဌိသင်္ဃာတော**– ဤအရိုးစုသည်၊ **အဘိက္ကမတိ**– ရှေ့သို့သွား၏။

(ဤ၌ **'စိတ္တကိရိယ'** ဟူသည် သွားလိုသော အလိုဆန္ဒတည်း။ ထိုအလိုဆန္ဒကြောင့် စိတ္တဇဝါယောဓာတ်သည် တွန်း၍, ရွေ့၍ လှုပ်ရှားသည်။ ထိုတွန်း၍, ရွေ့၍ လှုပ်ရှားမှုကို **'စိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖါရ'** ဟု ဆိုသည်။

ဝိပ္ဖါရဝသေန။ ။**ဝိစလနာကာရ သဏ္ဌိတ ကာယဝိညတ္တိဝသေန'** *ဋီကာသစ် ဒုအုပ်– နှာ– ၉၀* အဖွင့်အရ– ဝိပ္ဖါရ၌ မရဓာတ်သည် **စလန** အနက်ကို ဟောသည်။ ထို့ကြောင့် လှုပ်ရှားခြင်းဟူသည် ကာယဝိညတ်ပင်တည်းဟု သိစေလို၍ **'သဏ္ဌိတ ကာယဝိညတ္တိ ဝသေန'** ဟု ဖွင့်သည်။ ဝိညတ်ရုပ်မပါဘဲ ဝါယောဓာတ်ချည်းဖြစ်ရာ၌ ရုပ်ကလာပ်သည် ရွေ့၍မဖြစ် မူလနေရာ၌သာ ဖြစ်၏။ ဝိညတ်ပါမှ နေရာရွေ့၍ ဖြစ်သည်။ တွန်း၍, ရွေ့၍ ဖြစ်ခြင်းကိုပင် လှုပ်ရှားသည်ဟု ဆိုသည်။)

အဘိက္ကန္တ၌ ဓာတ်ကြီးလေးပါး ပါဝင်ပုံ

'အဘိက္ကန္တ' အရ– ခြေကို ရှေ့ကိုတိုးရာ၌ ရှေးဦးစွာ ခြေကို ကြွလာအောင် မြှောက်ရသည်။ ထိုသို့ ခြေကိုမြှောက်ရာ၌ ပထဝီဓာတ်, အာပေါဓာတ် နှစ်ပါးသည် သတ္တိညံ့လျက် ပါဝင်သည်။ တေဇောဓာတ်နှင့် ဝါယောဓာတ်သည် အားကောင်းလျက် ပါဝင်သည်။ ခြေကိုမြှောက်ရာကနေ ရှေ့တိုးရာ၌လည်း ၎င်းအတိုင်းပင်တည်း။

ခြေထောက်ကို မြှောက်ရာ၌ ရုပ်ကလာပ်တို့၏ အထက်အထက်သို့ ရွေ့၍ရွေ့၍ ဖြစ်ခြင်းကို 'ခြေမြှောက်သည်' ဟု ခေါ်သည်။ ထိုသို့ခြေမြှောက်ရာတွင် မီးသည် အထက်သို့ လျှံတက်သကဲ့သို့ တေဇောဓာတ်၏အစွမ်းကြောင့် အထက်အထက်သို့ ရွေ့၍ ရွေ့၍ ဖြစ်ရကား ကြွမြှောက်ရာ၌ မြှောက်ရာသို့ အစဉ်လိုက်ပါသော တေဇောဓာတ်သည် **'အနုဂတ ပဓာန'** ဖြစ်သည်။ ဝါယောဓာတ်သည် မီးတောက်ကို လေက ကူညီ၍ပင့်ပေးသကဲ့သို့ **'အနုဂမက'** တေဇောဓာတ်နောက်က အကူအညီအဖြစ်ဖြင့် ပင့်ပေးလေသည်။ ထိုဓာတ်နှစ်ပါးကြောင့် ခြေထောက်မြှောက်ခြင်းဟူ၍ ခေါ်ဆိုလေသည်။

ခြေကိုမြှောက်ရာမှတဖန် ရှေ့တိုးရာ၌ ဝါယောဓာတ်သည် ခြေရှေ့တိုးရာသို့ **'အနုဂတ'** အားဖြင့် အစဉ်လိုက်၍ တွန်းတိုး ရွှေ့ပေးရသောကြောင့် ရှေ့ဆောင်ပဓာန ဖြစ်သည်။ ပကတိလေသည် လှုပ်ရှားစေသကဲ့သို့ ဝါယောဓာတ်သည် ရှေ့သို့တွန်းတိုး ရွှေ့စေသည်။ တေဇောဓာတ်ကား ဝါယောဓာတ် တွန်းတိုးရွှေ့မှုတွင် အားကောင်းအောင် ကူညီသောအားဖြင့် ပါဝင်လေသည်။

ခြေကိုအောက်ချရာအခါ၌ ဝါယောဓာတ်နှင့် တေဇောဓာတ် နှစ်ပါးသည် အားသေးပြီး, အာပေါဓာတ်နှင့် ပထဝီဓာတ် နှစ်ပါးသည် အားကောင်းလေသည်။

ထိုသို့ ခြေကိုအောက်သို့ ချနေရာအခါ၌ အာပေါဓာတ်သည် **'အနုဂတ'** ချရာသို့ အစဉ်လိုက်ပါသော ပဓာနဓာတ်အဖြစ် ပါဝင်လေသည်။ ရေသည် နိမ့်ရာသို့ စီးဆင်းသည့်အခါ အားကောင်းသကဲ့သို့ အာပေါဓာတ်သည် ခြေကိုချရာ၌ **'အနုဂတ ပဓာန'** ဖြစ်သည်။ ပထဝီဓာတ်ကား **'အနုဂမက အပဓာန'** အားဖြင့် ခြေကို အောက်ကိုချရာတွင် အာပေါဓာတ်၏ အကူအညီအဖြစ် ပါဝင်လေသည်။ မြေနိမ့်လေ ရေစီးအားကောင်းလေသကဲ့သို့ အာပေါဓာတ်ကို ပထဝီဓာတ်က အကူအညီအဖြစ် ပါဝင်ခြင်း ဖြစ်သည်။

ခြေကိုချ၍ မြေကြီး၌ ထိမိနင်းမိသောအခါ၌ကား ပထဝီဓာတ်သည် **'အနုဂတ ပဓာန'** အဖြစ်ဖြင့် ထိရာသို့ အစဉ်လိုက်သဖြင့် အားကောင်းသည်။ အာပေါဓာတ်သည် **'အနုဂမက'** နောက်လိုက် အပဓာနအားဖြင့် ပထဝီဓာတ်ကို ကူညီသောအားဖြင့် ပါဝင်လေသည်။ အကြောင်းကား ထိမှုသည် ဖောဋ္ဌဗ္ဗသဘောရှိသည်။ ထိုထိတွေ့မှုသဘောကို အာပေါဓာတ်က မဆောင်နိုင်ပေ။ ပထဝီဓာတ်ကသာ ဆောင်နိုင်သည်။

အာပေါဓာတ်က ပထဝီဓာတ်ကို အကူအညီအဖြစ် ပါဝင်ရာ၌ ထိတွေ့မှုသဘော ထင်ရှားခြင်းသည် အာပေါဓာတ်မပါဘဲ မထင်ရှားနိုင်ပေ။ အာပေါဓာတ်က ထိတွေ့နေသော ပထဝီဓာတ် ရုပ်ကလာပ်တွေကို ဖွဲ့စည်းပေးသော အနေအားဖြင့် အကူအညီ

ပါသောကြောင့်သာ ပထဝီဓာတ်၏ ထိတွေ့မှု ထင်ရှားခြင်း ဖြစ်လေသည်။

(ထိုအနုဂတ, အနုဂမကတို့၏ ဖွင့်ဆိုချက်ကား ဋီကာဟောင်း, ဋီကာသစ်တို့၏ ဖွင့်ဆိုချက်တည်း။ မဟာဋီကာ- ၂၄၇၊ ဋ္ဌသစ် ဒုအုပ်- ၉၀ / ၉၁)

ဓာတ်တို့သာလျှင် သွားခြင်း

'အဘိက္ကမတိ' အစရှိသည်ဖြင့် 'သွား, ရပ်, ထိုင်, လျောင်း' ရာ၌ အဘယ်သူသည် သွား, ရပ်, ထိုင်, လျောင်းသနည်းဟု မေးမြန်းဖွယ်ရှိ၏။ အဘယ်သူမှမသွား။ ဓာတ်တို့သာလျှင် 'သွား, ရပ်, ထိုင်, လျောင်း' ကြသည်ကို အဋ္ဌကထာဆရာသည် အောက်ပါ အတိုင်း ပြဆိုထားလေသည်။

ပရမတ္ထတော ဟိ ဓာတုယေဝ ဂစ္ဆန္တိ, ဓာတုယော တိဋ္ဌန္တိ, ဓာတုယော နိသီဒန္တိ, ဓာတုယော သယန္တိ။ *(ဒီ ဋ္ဌ- ၁- ၁၇၃)*

ဟိ- မှန်၏၊ **ပရမတ္ထတော**- ပရမတ္ထအားဖြင့်၊ **ဓာတုယေဝ**- ဓာတ်ကြီးလေးပါးတို့သာလျှင်၊ **ဂစ္ဆန္တိ**- သွားခြင်းသည်၊ **ဟောတိ**- ဖြစ်၏၊ **ဓာတုယော**- ဓာတ်တို့၏သာလျှင်၊ **ဌာနံ**- ရပ်ခြင်းသည်၊ **ဟောတိ**- ဖြစ်၏၊ **ဓာတုယော**- ဓာတ်တို့၏သာလျှင်၊ **နိသဇ္ဇနံ**- ထိုင်ခြင်းသည်၊ **ဟောတိ**- ဖြစ်၏၊ **ဓာတုယော**- ဓာတ်တို့၏သာလျှင်၊ **သယနံ**- အိပ်ခြင်းသည်၊ **ဟောတိ**- ဖြစ်၏။

ရုပ်, နာမ်တို့၏ ဖြစ်ပျက်ပုံ မြန်လှပုံ

ခြေကိုမြှောက်ရာ၌ ဖြစ်သောရုပ်တရား, ထိုရုပ်တရားကို ဖြစ်စေတတ်ကုန်သော နာမ်တရားတို့သည် ရှေ့တိုးရာသို့မရောက်၊ ရှေ့တိုးရာ၌ဖြစ်သော ရုပ်, နာမ်တရားတို့လည်း အောက်သို့ချရာသို့မရောက်။ အောက်သို့ချရာ၌ဖြစ်သော ရုပ်, နာမ်တရားတို့သည် မြေကိုတွေ့ထိရာသို့မရောက်။

ထိုသို့ မြှောက်ရာခဏ, ရှေ့တိုးရာခဏ, အောက်ချရာခဏ, တွေ့ထိရာခဏ၌သာလျှင် **'ပဗ္ဗံ ပဗ္ဗံ'**- တစ်ဆစ်စီ တစ်ဆစ်စီ၊ **'သန္ဓိ သန္ဓိ'**- တစ်စပ်စီ တစ်စပ်စီ၊ **'ဩဓိ ဩဓိ'**- တစ်ပိုင်းစီ တစ်ပိုင်းစီ၊ **ဟုတွာ**- ဖြစ်၍၊ **တတ္တကပါလေ**- ခြစ်ခြစ်ပူသော အိုးကင်း၌၊ **ပခိတ္တတိလာနိဝိယ**- ထည့်အပ်သော နှမ်းတို့ကဲ့သို့၊ **ပဋ ပဋ ယန္တာ**- ပဋ ပဋ- ဖျစ်ဖျစ်အသံပြုကုန်သကဲ့သို့ဖြစ်၍၊ **ဘိဇ္ဇန္တိ**- ပျက်ကုန်၏။

ပဋ ပဋ ယန္တာ ရှင်းချက်

'ပဋ ပဋ' ဟု အသံပြုသကဲ့သို့ဖြစ်၍ ဟူသောသဘောကို ဋီကာဆရာတို့သည် အောက်ပါအတိုင်း ရှင်းပြကြလေသည်။ ရုပ်တရား ဖြစ်ပျက်မှုထက် နာမ်တရား ဖြစ်ပျက်မှုက ပို၍မြန်သည်။ ထိုတွင် နာမ်တရား ဖြစ်ပျက်ရာခဏကို မဆိုထားဘိ။ ရုပ်တရား၏ ဖြစ်ရာခဏသည်ပင် အလွန်မြန်သည်။

အလွန်အပြေးမြန်သော နတ်သားတို့သည် ခြေ၌လည်းကောင်း၊ ဦးခေါင်း၌လည်းကောင်း သင်ဓုန်းတေးအသွားများ ဖွဲ့ချည်ထား ပြီးလျှင် အထက်အောက် ဂျွမ်းကစား၍ ပြေးကြလေသော် အထက်သင်ဓုန်းသွားနှင့် အောက်သင်ဓုန်းသွားတို့ အလွန်လျင်မြန်စွာ ပေါင်းဆုံမိကြလေသည်။

ထိုပေါင်းဆုံမိရာ ခဏထက်ပင် ရုပ်တရားတို့၏ ဖြစ်ရာခဏသည် သာ၍လျင်မြန်လေသည်။ ထို့ကြောင့် နှမ်းတို့၏ ကွဲပျက်ခြင်း ကို ဖျစ်ဖျစ်- **'ပဋ ပဋ'** ဟူသော အသံဖြင့်သာ မှန်းဆသိရသကဲ့သို့ ထို့အတူ သင်္ခတတရားတို့၏ လျင်မြန်လှစွာသော ပျက်ခြင်းကို လည်း ဖြစ်ခြင်းဖြင့်သာ မှန်းဆနိုင်သည်။ *(ဖြစ်လျှင်ပျက်ရမည်ဟုသာ မှန်းဆနိုင်သည်ကို မှတ်၍ 'ပဋ ပဋ ယန္တာ' ဟု အဋ္ဌကထာဆရာ မိန့်သည်။)* အသံတကယ်ပြုသည်မဟုတ်။ ထိုအသံကို ပြုသကဲ့သို့ဖြစ်၍ ပျက်သည်ဟု ဆိုလိုသည်။ *(မဟာဋီ- ၂၄၈၊ ဋ္ဌသစ် ဒုအုပ်- ၉၁ / ၉၂)*

နာမ်တရားတို့ ဖြစ်ပျက်ကြပုံ

နာမ်တရားတို့ ဖြစ်ပျက်မှု မြန်လှပုံကိုလည်း အဋ္ဌကထာဆရာသည် အောက်ပါဂါထာဖြင့် ပြဆိုလေသည်။

တသ္မိံ ကောဋ္ဌာသေ သန္တိံ ရူပေန
အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊ အညံ စိတ္တံ နိရုဇ္ဈတိ။
အဝိစိမနုသမ္ဗန္ဓော၊ နဒီသောတောဝ ဝတ္တတိ။ *(ဒီ ဋ္ဌ- ၁- ၁၇၃)*

တသ္မိံ ကောဋ္ဌာသေ- ထိုသို့ ခြေကိုမြှောက်ရာအဖို့, ရှေ့တိုးရာအဖို့, အောက်ချရာအဖို့, တွေ့ထိရာအဖို့၌၊ **ရူပေန**- ရုပ်နှင့်၊ **သန္တိံ**- တကွ၊ **အညံ**- တစ်ပါးသော၊ **စိတ္တံ**- စိတ်သည်၊ **ဥပ္ပဇ္ဇတေ**- ဖြစ်၏၊ **အညံ**- တစ်ပါးသော၊ **စိတ္တံ**- စိတ်သည်၊ **နိရုဇ္ဈတိ**- ချုပ်၏၊ **အဝိစိ**- အကြားမရှိဘဲ၊ **အနုသမ္ဗန္ဓော**- အဖန်ဖန်စပ်နေသော ရုပ်, နာမ်အစဉ်သည်၊ **နဒီသောတောဝ**- မြစ်ရေအယဉ်ကဲ့သို့၊ **ဝတ္တတိ**- ဖြစ်နေ၏၊ **ဣတိ**- ဤကား မတွေ့ဝေပုံတည်း၊ *အသမ္မောဟ သမ္ပဇဉ် ဖြစ်ပုံတည်း။*

သန္တိံ ရူပေန ရှင်းချက်

'ဥပါဒ်, ဌီ, ဘင်'- 'ဖြစ်, တည်, ပျက်' ဟု ခဏတ္တယရှိရာတွင် ရုပ်၏တည်ပုံသည် စိတ်၏တည်ပုံထက် ကြာသည်။ 'ဖြစ်, ပျက်' ၌ကား တူညီလေသည်။ '**အညံ နိရုဇ္ဈတိ**' အရ ချုပ်သောစိတ်သည် လွန်ခဲ့သောစိတ် (၁၇)ချက်မြောက်နှင့်အတူ ဖြစ်ခဲ့သော စိတ္တဇရုပ်များကို ရည်ရွယ်သောစကား ဖြစ်သည်။ စိတ်ဖြစ်တိုင်း ရုပ်ဖြစ်ပြီး စိတ်ချုပ်တိုင်း ရုပ်ချုပ်သည်ဟု ဆိုလိုပေသည်။ *(မဟာဋီ- ၂၄၈၊ ဋီသစ် ဒုအုပ်- ၉၂)*

အဝိစိမနုသမ္ဗန္ဓော ရှင်းချက်

စိတ်ဟူသမျှသည် နှစ်ပါးပြိုင်၍ ဖြစ်လေ့မရှိ။ ရှေးစိတ်တစ်ကြိမ် ချုပ်ပြီးမှ ထိုစိတ်၏ အနန္တရသတ္တိဖြင့် ကျေးဇူးပြုချက်အရ နောက်စိတ်တစ်စိတ် ဖြစ်ရသည်။ ထို့ကြောင့် '**အညံ စိတ္တံ နိရုဇ္ဈတိ**' ချုပ်တဲ့စိတ်ကတခြား၊ '**အညံ စိတ္တံ ဥပ္ပဇ္ဇတေ**' ဖြစ်တဲ့စိတ်က တခြားဟု ဆိုထားခြင်း ဖြစ်သည်။

ရှေးစိတ်ဖြစ်ပြီး နောက်စိတ်ဖြစ်မှုသည် အကြားမရှိ၊ တစ်သားတည်း ထင်ရလောက်အောင် မြန်ဆန်လှသည်။ မြစ်ရေအလျဉ်လည်း ရှေ့ရေစီးပြီးမှ နောက်ရေစီးသည်။ သို့ရာတွင် စီးဆင်းပုံ မြန်လှ၍ ရေသည် အကြားမရှိဟု ထင်ရသကဲ့သို့ စိတ်ကိုလည်း အကြားမရှိ၊ တစ်သားတည်းဟု ထင်မှတ်ကြလေသည်။ '**ပရမတ္ထ ဉာဏစက္ခု**' ဖြင့်ကြည့်မှ တစ်စိတ်ပြီးမှ တစ်စိတ်ဖြစ်ပုံကို သိမြင်ကြပေလိမ့်မည်။

အချုပ်သိမှတ်ဖွယ်

ကျန် '**ပဋိက္ကန္တ**' စသည်တို့ကိုလည်း အဘိက္ကန္တ၌ သမ္ပဇည(၄)ပါးဖြစ်ပုံကိုမှီ၍ သဘောပေါက်လေ။ အချုပ်ကား အဘယ်ကိစ္စကို ပြုလုပ်ပြုလုပ် '**အာပတ်, အကုသိုလ်, ကိလေသာ**' အန္တရာယ်တို့ကို မဖြစ်စေမူ၍ ကမ္မဋ္ဌာန်းတရား တိုးပွါးအောင်, ကုသိုလ်တရား တိုးပွါးအောင်သာ သတိထား၍ ဉာဏ်ပညာဖြင့် သိအောင်ပြုလုပ်ရမည်ချည်း ဖြစ်လေသည်။ *(အကျယ်ကို အဋ္ဌကထာ, ဋီကာတို့တွင် ဆက်ရှုလေ။)*

ဤသို့လျှင် ယောဂီရဟန်းသည် သတိသမ္ပဇညနှင့် ပြည့်စုံသဖြင့် သာလွန်မွန်မြတ်သော သန္တိဋ္ဌိကသာမညဖလ သမ္ပဇညသုခကို ရရှိလေသည်။

သန္တောသအခန်း

ဗုဒ္ဓသည် ထိုသို့ သီလကိုစောင့်မှု, ဣန္ဒြေတို့ကိုစောင့်စည်းမှု, သတိသမ္ပဇညတို့နှင့် ပြည့်စုံပြီးသော ရဟန်းသည် '**သန္တောသ**' ဟူသော တင်းတိမ်ရောင့်ရဲမှု ရှိရမည်ကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ဣဓ မဟာရာဇ ဘိက္ခု သန္တုဋ္ဌော ဟောတိ ကာယပရိဟာရိကေန စီဝရေန ကုစ္ဆိပရိဟာရိကေန ပိဏ္ဍပါတေန၊ သော ယေန ယေနေဝ ပက္ကမတိ သမာဒါယေဝ ပက္ကမတိ။ *(ဒီ- ၁- ၆၇)*

မဟာရာဇ- မင်းကြီး၊ **ဣဓ**- ဤဗုဒ္ဓသာသနာတော်၌၊ **ဘိက္ခု**- ယောဂီရဟန်းသည်၊ **ကာယပရိဟာရိကေန**- ကိုယ်ကို ဆောင်နိုင် မွေးမြူနိုင်ရုံ အကျိုးရှိသော၊ **စီဝရေန**- သင်္ကန်းဖြင့်လည်းကောင်း၊ **ကုစ္ဆိပရိဟာရိကေန**- ဝမ်းကိုဆောင်နိုင် မွေးမြူနိုင်ရုံ အကျိုးရှိသော၊ ပိဏ္ဍပါတေန- ဆွမ်းဖြင့်လည်းကောင်း၊ **သန္တုဋ္ဌော**- တင်းတိမ်ရောင့်ရဲသည်၊ **ဟောတိ**- ဖြစ်၏။

သော- ထိုတင်းတိမ်ရောင့်ရဲသော ရဟန်းသည်၊ **ယေန ယေနေဝ**- အကြင် အကြင်အရပ်သို့သာလျှင်၊ **ပက္ကမတိ**- ဖဲသွားလို၏၊ **တေန တေနေဝ**- ထိုထိုအရပ်သို့သာလျှင်၊ **သမာဒါယေဝ**- ပရိက္ခရာရှစ်ပါးကို ယူ၍သာလျှင်၊ **ပက္ကမတိ**- ချမ်းချမ်းသာသာ ဖဲသွားလေ၏။

(ပရိက္ခရာရှစ်ပါးကား (၁) နှစ်ထပ်သင်္ကန်းတစ်ထည်၊ (၂) သင်းပိုင်တစ်ထည်၊ (၃) ကိုယ်ရုံတစ်ထည်အားဖြင့် သင်္ကန်း သုံးထည်၊ *၎င်းကို တိစီဝရိက်ဟု ခေါ်ဝေါ်မှုညသည်။* (၄) သပိတ်တစ်လုံး၊ (၅) ဓားငယ်တစ်ခု၊ (၆) အပ်တစ်ချောင်း၊ (၇) ခါးပန်းကြိုးတစ်ခု၊ (၈) ရေစစ်တစ်ခု ပေါင်းရှစ်ပါးတည်း။)

ဥပမာအားဖြင့် အတောင်ရှိသောငှက်သည် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ပျံလိုလျှင် အတောင်ဟူသော ဝန်သာရှိ၍ ပျံသွားသကဲ့သို့ ရဟန်းသည်လည်း ပရိက္ခရာရှစ်ပါးဟူသော ဝန်သာရှိ၍ အရပ်တစ်ပါးမှ အရပ်တစ်ပါးသို့ ချမ်းသာလွယ်ကူစွာ ကြွသွားရမည်။

ပက္ခီသကုဏော ဥ္ပ သိမှတ်ဖွယ်

ပက္ခီ- ပျံသန်းနိုင်သောအတောင်၊ **သကုဏော**- ငှက်၊ အတောင်သာလျှင် ဝန်ရှိသောငှက်ကို ပါဠိလို '**ပက္ခီ သကုဏ**' ခေါ်သည်။ ထိုပက္ခီသကုဏနှင့်စပ်၍ သိမှတ်ဖွယ်ကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

ငှက်တို့မည်သည် အသီးမှည့်နှင့်ပြည့်စုံသော သစ်ပင်သို့ ဝိုင်းအုံလာတတ်ကြသည်။ ထိုငှက်တို့သည် ထိုသစ်ပင်ရှိ အသီးတို့ကို ခြေသည်းဖြင့် ထိုးဖောက်, အတောင်ဖြင့် ရိုက်ခတ်, နှုတ်သီးဖြင့် လှုပ်ခါ၍ ခဲစားကြလေသည်။

ဤအသီးသည် ယနေ့အတွက်လည်းကောင်း, ဤအသီးသည် နက်ဖြန်အတွက်လည်းကောင်း ဖြစ်လတ္တံ့ဟု အကြံမှုသော် လည်း မဖြစ်ကြပေ။ အသီးကုန်သွားသောအခါ၌ ထိုသစ်ပင်ကို စောင့်ရှောက်ခြင်းလည်း မပြုကြကုန်။ ထိုသစ်ပင်၌ အတောင်ကို သော်လည်းကောင်း, ခြေသည်းကိုသော်လည်းကောင်း, နှုတ်သီးကိုသော်လည်းကောင်း မထားခဲ့ကြကုန်။

ထိုသစ်ပင်၌ ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍ မိမိအတောင်သာလျှင် ဝန်ရှိ၍ လိုရာအရပ်သို့ ပျံသွားကြလေသည်။

ဤအတူ ရဟန်းသည်လည်း ကပ်ငြိခြင်းမရှိ, ငဲ့ကွက်ခြင်းမရှိဘဲ ပရိက္ခရာရှစ်ပါးဟူသော ဝန်သာရှိလျက် လိုရာအရပ်သို့ ကြွသွားလေသည်။ ဤသို့ ဝတ်လောက်ရုံ, စားလောက်ရုံမျှဖြင့် ရောင့်ရဲတင်းတိမ်ခြင်းသည်လည်း သာလွန်မွန်မြတ်သော **သန္တိဋ္ဌိက သာမညဖလ သန္တောသသုခ** ဖြစ်လေသည်။ *(ရောင့်ရဲတင်းတိမ်ခြင်းသည်လည်း ချမ်းသာသုခ တစ်မျိုးပင်တည်း။)*

ရောင့်ရဲခြင်းသုံးမျိုးရှိပုံ သိမှတ်ဖွယ်

(၁) **ယထာလာဘ သန္တောသ**- ကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ ရတာနှင့်ရောင့်ရဲခြင်း။

(နောက်ထပ်ရှာမည်ကိုလည်း မကြံလားခြင်း၊ အဆင်သင့်ရလျှင်လည်း ဝေငှလျှုဒါန်းခြင်း)

(၂) **ယထာဗလ သန္တောသ** - မိမိမှာ ရောဂါကြောင့်ဖြစ်စေ, အို၍ဖြစ်စေ အားနည်းနေသဖြင့် ထူသောအဝတ်သင်္ကန်းကို မဝတ်နိုင်သောအခါ ပါးသောသင်္ကန်းကို ဝတ်နိုင်သောကြောင့် အထူရလျှင် အပါးလဲ၍ သုံးစွဲခြင်း။

(၃) **ယထာသာရုပ္ပ သန္တောသ**- အကောင်းရလျှင် ထိုအကောင်းကို ထေရ်ကြီးများနှင့် ဂိလာနစသော ပုဂ္ဂိုလ်များအား လှူ၍ မိမိမှာ တော်ရုံလျော်ရုံဖြင့် ရောင့်ရဲခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ, ကျောင်း, ဆေးတို့ဖြင့် ရောင့်ရဲခြင်းအားဖြင့် ရောင့်ရဲခြင်းသုံးမျိုး ရှိသည်။ *(အဋ္ဌကထာတွင် အကျယ်ရှုပါလေ။)*

ဤသို့ ဝတ်လောက်ရုံ, စားလောက်ရုံမျှဖြင့် ရောင့်ရဲတင်းတိမ်ခြင်းသည်လည်း ချမ်းသာသုခ တစ်မျိုးဖြစ်၍ သာလွန်မွန်မြတ်သော 'သန္တိဋ္ဌိက သာမညဖလ သန္တောသသုခ' ဖြစ်လေသည်။

တရားထိုင်ရာ အရပ်များကို ပြဆိုခြင်း

ထိုရဟန်းသည် ညွှန်ပြအပ်ပြီးသောနည်းဖြင့် မြင့်မြတ်ဖြူစင်သော သီလဂုဏ်နှင့်လည်း ပြည့်စုံ၏။ မြင့်မြတ်ဖြူစင်သော ဣန္ဒြိယသံဝရသီလဂုဏ်နှင့်လည်း ပြည့်စုံ၏။ မြင့်မြတ်ဖြူစင်သော သတိသမ္ပဇညနှင့်လည်း ပြည့်စုံ၏။ မြင့်မြတ်ဖြူစင်သော တင်းတိမ်ရောင့်ရဲမှု သန္တုဋ္ဌိနှင့်လည်း ပြည့်စုံ၏။

ထိုအခြေခံလေးပါးနှင့် ပြည့်စုံပြီးဖြစ်သော ထိုရဟန်းသည် ကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်ရန်–

(၁) သေနာသနံ – ဆိတ်ငြိမ်သော ကျောင်းအိပ်ရာ နေရာအရပ်၊
(၂) အရညံ – တောအရပ်၊
(၃) ရုက္ခမူလံ – သစ်ပင်ရင်းအရပ်၊
(၄) ပဗ္ဗတံ – တောင်ပေါ်အရပ်၊
(၅) ကန္ဒရံ – ချောက်ကြားအရပ်၊
(၆) ဂိရိဂုဟံ – တောင်ခေါင်းအရပ်၊
(၇) သုသာနံ – သင်္ချိုင်းအရပ်၊
(၈) ဝနပတ္ထံ – တောအုပ်အရပ်၊
(၉) အဗ္ဘောကာသံ – လွင်တီးခေါင်အရပ်၊
(၁၀) ပလာလပုဉ္ဇံ – ကောက်ရိုးပုံအရပ်။

ထိုအရပ်တို့တွင် မိမိနှင့် သင့်လျော်သော အရပ်တစ်ခုခုသို့ ကပ်ဝင်၏။

တရားထိုင်ပုံကို ပြဆိုခြင်း

ထိုရဟန်းသည် ထိုသို့ မိမိနှင့် သင့်လျော်သော အရပ်တစ်ခုခုသို့ ကပ်ဝင်ပြီးလျှင် တရားထိုင်ရတော့မည်ဖြစ်၍ တရားထိုင်ပုံသဘောကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

သော ပစ္ဆာဘတ္တံ ပိဏ္ဍပါတ ပဋိက္ကန္တော နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ *(ဒီ– ၁– ၆၇)*

သော– ထိုရဟန်းသည်၊ ပစ္ဆာဘတ္တံ– ဆွမ်းစားပြီးရာအခါ၌၊ ပိဏ္ဍပါတ ပဋိက္ကန္တော– ဆွမ်းခံရွာမှ ဖဲခဲ့သည်၊ ဟုတွာ– ဖြစ်၍ *(ရှေးခေတ်က တောကျောင်းနေ ရဟန်းတော်များသည် ရွာတွင်းကို သင့်လျော်ရာ ဇရပ်တစ်ခုခု၌သော်လည်းကောင်း၊ ရွာအနီးကို ရေလျှယ်ကျရာ ဇရပ်၌လည်းကောင်း ဆွမ်းဘုဉ်းပေးလေ့ရှိသည်။ ထို့နောက်မှ ဆွမ်းမပါသော သပိတ်ကို ပေါ့ပေါ့ပါးပါးယူ၍ ပြန်ကြတော်မူကြသည်။ ယင်းကိုရည်ရွယ်၍ အထက်ကစကားကို ပြဆိုတော်မူခြင်း ဖြစ်သည်။)*

ပလ္လင်္ကံ– ထက်ဝယ်တင်ပလ္လင်ကို၊ အာဘုဇိတွာ– ဖွဲ့ခွေ၍၊ ကာယံ– အထက်ပိုင်းကိုယ်ကို၊ ဥဇုံ– ဖြောင့်ဖြောင့်၊ ပဏိဓာယ– ထား၍၊ ပရိမုခံ– ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုလျက်၊ သတိံ– သတိကို၊ ဥပဋ္ဌပေတွာ– ဖြစ်စေ၍၊ နိသီဒတိ– ထိုင်နေပြီ။ *(ကမ္မဋ္ဌာန်းတရား စ၍အားထုတ်လေပြီ။)*

ပဉ္စဘာဂဘာဝနာ ဥပစာရသမာဓိတို့ဖြင့် ကာမစ္ဆန္ဒနီဝရဏကိုပယ်ပုံ

သော အဘိဇ္ဈံ လောကေ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသော ဝိဟရတိ အဘိဇ္ဈာယ စိတ္တံ ပရိသောဓေတိ၊ *(ဒီ– ၁– ၆၇)*

သော– ထိုရဟန်းသည်၊ **လောကေ**– ဥပါဒါနက္ခန္ဓာဟူသော လောက၌ *(ဋီ၀ရဏာဂိလောသာမှန်ရှာ ခန္ဓာငါးပါးကို ဥပါဒါနက္ခန္ဓာ ကိလေသာမှင် ခွဲယှက္ခာခန္ဓာဟု ဆိုလိုသည်။)* **အဘိဇ္ဈံ**– မက်မောခြင်း အဘိဇ္ဈာဟူသော ရာဂကို၊ **ပဟာယ**– ပယ်စွန့်၍၊ **ဝိဂတာဘိဇ္ဈေန**– ကင်းသောအဘိဇ္ဈာရှိသော၊ **စေတသော**– စိတ်ဖြင့်၊ **ဝိဟရတိ**– နေ၏၊ **အဘိဇ္ဈာယ**– အဘိဇ္ဈာမှ၊ **ပရိသောဓေတိ**– သုဝ်သင်၏၊ စင်ကြယ်စေ၏။

အထက်ပါစကားအရ အာနာပါနကမ္မဋ္ဌာန်း အားထုတ်၍ဖြစ်စေ၊ မိမိနှင့်သင့်လျော်သော ကမ္မဋ္ဌာန်းတစ်မျိုးမျိုးကို အားထုတ်၍ ဖြစ်စေ အပ္ပနာသမာဓိ ခေါ် ဈာန်သမာဓိမရမီ အကြိမ်ကြိမ်အားထုတ်အပ်သော ပုဗ္ဗဘာဂဘာဝနာသမာဓိဖြင့်လည်းကောင်း၊ ဈာန်အနီး သို့ရောက်လာသော ဥပစာရသမာဓိဖြင့်လည်းကောင်း ကာမဂုဏ်အာရုံတို့၌ လိုလားသော ကာမစ္ဆန္ဒနီဝရဏကို ပယ်ခွါလိုက်လေပြီ။

ကာမစ္ဆန္ဒနီဝရဏ ကင်းခြင်းကြောင့် ရရှိသောချမ်းသာ

ထိုကာမစ္ဆန္ဒနီဝရဏ ရှိနေကြသော သတ္တဝါတို့သည် သူတစ်ပါးထံ ကြွေးယူသူနှင့်တူသည်။ ကြွေးယူသူသည် ကြွေးကိုမဆပ်နိုင်သမျှ မိမိဆန္ဒအတိုင်း နေ၍မရဘဲ ကြွေးရှင်အလိုကျ နေရသည်ဖြစ်၍ ကြွေးရှိနေခြင်းဟူသော စိတ်ဒုက္ခ၊ ကြွေးရှင်အလိုကျ နေရခြင်းဟူသော 'စိတ်ဒုက္ခ, ကိုယ်ဒုက္ခ' တို့ကို ခံစားရလေသည်။

တစ်နေ့သောအခါ အလုပ်ကို ကြိုးစားလုပ်၍ ကြီးပွါးတိုးတက်လာသည့်အတွက် အတိုးနှင့်တကွ အကြွေးကိုလည်း ဆပ်ပြီးလေပြီ။ သားမယားတို့ကိုလည်း ကျွေးမွေးရန် အပိုငွေလည်း ရှိသေးပုံကို စဉ်းစားမိသောအခါ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုကို ခံစားရလေသည်။

ထို့အတူပင် ယောကျ်ား, မိန်းမတို့ ကာမစ္ဆန္ဒနီဝရဏဖြင့် ချစ်ခင်မိကြလျှင် တစ်ယောက်အလိုကို တစ်ယောက်ကလိုက်၍ ပြုစုရ, စောင့်ရှောက်ရသောအားဖြင့် လုပ်ကိုင်ပေးရလေသည်။ ပို၍ချစ်သူက ပို၍ပြုစုလုပ်ကိုင်ပေးရလေသည်။ မိမိအလိုဆန္ဒရှိသလို နေထိုင်ပြောဆိုရခြင်း မရှိပေ။ သူ့အလိုကျ နေထိုင်ပြောဆို ပြုမူကြရလေသည်။ ယင်းသည် ကြွေးယူသူနှင့် တူလေသည်။

အဘိဇ္ဈာ ခေါ် ကာမစ္ဆန္ဒနီဝရဏကို ပယ်နိုင်သောအခါ၌ကား ကြွေးဆပ်ပြီး ယောကျ်ားကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသလို မိမိစိတ်ထဲ၌ သန့်ရှင်းစင်ကြယ်သောစိတ်ကို အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမှု ဖြစ်ရလေသည်။

ဗျာပါဒနီဝရဏကို ပယ်ပုံကို ပြဆိုခြင်း

ဗျာပါဒပဒေါသံ ပဟာယ အဗျာပန္နစိတ္တော ဝိဟရတိ သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီ ဗျာပါဒပဒေါသော စိတ္တံ ပရိသောဓေတိ။ *(ဒီ– ၁– ၆၇ / ၆၈)*

သော– ထိုရဟန်းသည်၊ **ဗျာပါဒပဒေါသံ**– စိတ်ကိုဖျက်ဆီးတတ်သော ဒေါသကို၊ **ပဟာယ**– ပယ်စွန့်၍၊ **အဗျာပန္နစိတ္တော**– စိတ်ကိုဖျက်ဆီးတတ်သော ဒေါသမရှိသည်၊ **ဟုတ္တာ**– ဖြစ်၍၊ **သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီ**– ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်၊ **ဝိဟရတိ**– နေ၏၊ **ဗျာပါဒပဒေါသော**– စိတ်ကိုဖျက်ဆီးတတ်သောဒေါသမှ၊ **စိတ္တံ**– စိတ်ကို၊ **ပရိသောဓေတိ**– စင်ကြယ်စေ၏။

ဗျာပါဒနီဝရဏ ကင်းခြင်းကြောင့် ရရှိသောချမ်းသာ

အနာရောဂါ ပြင်းထန်စွာ ဖြစ်နေသူတစ်ဦးသည် ထိုရောဂါကို ခံစားရသော ဒုက္ခကြောင့် မစားချင် မသောက်ချင်သော ဒုက္ခတစ်မျိုးလည်း ဖြစ်လျက်ရှိနေသည်။ စားကောင်းသောက်ဖွယ်ရာတို့ကို ဘယ်လိုပင်ကျွေးကျွေး ရောဂါရှိနေသည့်အတွက် အစားအစာကို မစားနိုင်ပေ။ အစားအစာကို မစားနိုင်သောအခါ အားနည်းသော ရောဂါပါ ထပ်တိုး၍ ခံစားရပြန်လေသည်။

တစ်နေ့သောအခါ ဆေးဆရာကောင်းကောင်းနှင့် ကုသလိုက်သည့်အတွက် ထိုရောဂါမှ ကင်းလွတ်သွားသောအခါ၌ စားကောင်းသောက်ဖွယ်တို့ကိုလည်း မြိန်ရည်ယှက်ရည် စားလို့ရလာလေသည်။ အားခွန်ဗလနှင့်လည်း ပြည့်စုံ၍လာလေသည်။

ထိုသို့ ကျန်းမာလာသောအခါ၌ ရောဂါခံစားနေရစဉ်က တွေ့ကြုံရသမျှ ဒုက္ခတွေ ယခုတော့ လွတ်မြောက်ပြီဟု တွေးမိပြီး အလွန်ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုကို ခံစားရလေသည်။

ထို့အတူ ဗျာပါဒဒေါသ ဖြစ်လာလျှင် စိတ်အစဉ်မှာ မခံသာအောင် ဆင်းရဲရသော စိတ်ရောဂါ ဖြစ်ပေါ်လာလေသည်။ ထို ဒေါသဖြစ်နေသူ စိတ်ရောဂါရှင်သည် တရားဓမ္မတည်းဟူသော စားကောင်းသောက်ဖွယ်တွေ ဘယ်လိုပင်ကျွေးကျွေး လက်မခံပေ။ *(သူတစ်ပါးက ဒေါသမဖြစ်အောင် ဘယ်လိုပြောပြော ဓမ္မတရားတွေပေးပေး ဘယ်လိုတရားတွေဟောဟောမရဟု ဆိုလိုသည်။)*

ထိုသို့ ဒေါသဟူသော စိတ်ရောဂါဖြစ်သည့်အတွက် စိတ်ဒုက္ခကို ခံစားရသည့်အပြင် အစားပျက် အအိပ်ပျက်သော ဒုက္ခ တွေပါ ထပ်တိုး၍ ခံစားရပြန်လေသည်။

'ငါသည် ဒီဒေါသစိတ်တွေ ဖြစ်နေသမျှ ဒီဒုက္ခတွေမှ လွတ်မည်မဟုတ်' ဟု စဉ်းစားမိ၍ တရားဓမ္မဆေးဖြင့် ကုစားလိုက်သော အခါ ထိုဒေါသ ခေါ် ဗျာပါဒနီဝရဏသည် စိတ်အစဉ်မှ ကင်းဝေးသွားလေသည်။

ထိုအခါ ရုပ်ရောဂါ ဖြစ်နေရာမှ ရောဂါပျောက်သူသည် ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမှုကို ခံစားရသကဲ့သို့ ဒေါသ ကင်းစင်သောအခါ၌လည်း စိတ်ကြည်လင်ချမ်းသာမှုနှင့် စိတ်ရောကိုယ်ပါ ချမ်းသာမှုတို့ကို ခံစားရလေသည်။

ထိန မိဒ္ဓ နီဝရဏကို ပယ်ခြင်း

ထိန မိဒ္ဓံ ပဟာယ ဝိဂတ ထိန မိဒ္ဓေါ ဝိဟရတိ အာလောကသညီ သတော သမ္ပဇာနော ထိန မိဒ္ဓါ စိတ္တံ ပရိသောဓေတိ။ *(ဒီ- ၁- ၆၈)*

သော- ထိုရဟန်းသည်၊ **ထိန မိဒ္ဓံ**- လေးလံထိုင်းမှိုင်းခြင်း ထိန, မိဒ္ဓကို၊ **ပဟာယ**- ပယ်၍၊ **ဝိဂတ ထိန မိဒ္ဓေါ**- ကင်း သော ထိန, မိဒ္ဓရှိသည်ဖြစ်၍၊ **သတော**- သတိရှိသည်ဖြစ်၍၊ **သမ္ပဇာနော**- ပညာအဆင်အခြင်ရှိသည်ဖြစ်၍၊ **အာလောကသညီ**- အလင်းရောင်ကို မှတ်သားခြင်းရှိသည်ဖြစ်၍၊ **ဝိဟရတိ**- နေ၏။ **စိတ္တံ**- စိတ်ကို၊ **ထိန မိဒ္ဓါ**- ထိန, မိဒ္ဓမှ၊ **ပရိသောဓေတိ**- စင် ကြယ်စေ၏။

ထိန မိဒ္ဓ နီဝရဏ ကင်းခြင်းကြောင့် ရရှိသောချမ်းသာ

သူတစ်ပါးတွေ နက္ခတ်ပွဲသဘင်ကို ပျော်ရွှင်စွာ ခံစားနေရချိန်၌ ယောကျ်ားတစ်ဦးသည် အချုပ်ထောင်၌ အချုပ်ခံနေရလေ သည်။ အချုပ်ထောင်မှ လွတ်သောအခါ သူတစ်ပါးနည်းတူ နက္ခတ်ပွဲသဘင်ကို ပျော်ရွှင်စွာ ခံစားရလေသည်။ စိုးရိမ်ပူပန်စရာ တစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးခြင်း မရှိသောကြောင့်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေသည်။

ထိုယောကျ်ားသည် အချုပ်ထောင်မှာ ခံစားနေရသောဒုက္ခနှင့် အချုပ်ထောင်မှ လွတ်လာသောအခါ ခံစားရမှုသုခတို့ကို နှိုင်းယှဉ်ကြည့်ပြီး လွန်စွာပင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရလေသည်။

ထို့အတူ ပျင်းရိထိုင်းမှိုင်းမှု ထိန, မိဒ္ဓတရား ဖြစ်ပေါ်လာသောအခါ စိတ်သည် အကျဉ်းထောင်မှာ နေရသကဲ့သို့ ရှိလေသည်။ ထိန, မိဒ္ဓ ကင်းစင်သူတို့သည် တရားဓမ္မအရသာကို ကောင်းစွာခံစားနိုင်ကြပေသည်။ ထိုယောကျ်ားသည် ထိန, မိဒ္ဓက စိတ်ကို အချုပ်ထောင်သို့ ပို့ထားသဖြင့် ဘာအရသာမှ မသိလိုက်ဖြစ်ရာမှ စိတ်ကိုမဲ့တင်းပြီး ကြိုးစားအားထုတ်လေရာ ထိန, မိဒ္ဓကင်းစင်သွား သည့်အတွက်ကြောင့် တရားဓမ္မအရသာကို ကောင်းစွာတွေ့ရှိခံစားရသည်ဖြစ်၍ အလွန်ပင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရလေ သည်။

ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏကို ပယ်ပုံ

ဥဒ္ဓစ္စ ကုက္ကုစ္စံ ပဟာယ အနုဒ္ဓတော ဝိဟရတိ အဇ္ဈတ္တံ ဝူပသန္တစိတ္တော၊ ဥဒ္ဓစ္စ ကုက္ကုစ္စာ စိတ္တံ ပရိသောဓေတိ။ *(ဒီ- ၁- ၆၈)*

သော- ထိုရဟန်းသည်၊ **ဥဒ္ဓစ္စ ကုက္ကုစ္စံ**- ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ, နောင်တတစ်ဖန်ပူပန်ခြင်း ကုက္ကုစ္စကို၊ **ပဟာယ**- ပယ်စွန့်၍၊ **အဇ္ဈတ္တံ**- မိမိသန္တာန်၌၊ **ဝူပသန္တစိတ္တော**- ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍၊ **အနုဒ္ဓတော**- မပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍၊ **ဝိဟရတိ**- နေ၏၊ **စိတ္တံ**- စိတ်ကို၊ **ဥဒ္ဓစ္စ ကုက္ကုစ္စာ**- ဥဒ္ဓစ္စ ကုက္ကုစ္စမှ၊ **ပရိသောဓေတိ**- စင်ကြယ်စေ၏။

ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏကို ပယ်ခြင်းကြောင့် ရရှိသောချမ်းသာ

ယောကျ်ားတစ်ယောက်သည် သူတစ်ပါးထံ ကျွန်ခံနေရသည့်အတွက် မိမိကိုယ်ကို မိမိမစိုးပိုင်သောဒုက္ခ, သူတစ်ပါးက ကိုယ့်ကိုလွှမ်းမိုး စိုးပိုင်ခံရသောဒုက္ခ, မိမိသဘောအားလျော်စွာ အလိုရှိရာသို့ မသွားနိုင်သော ဒုက္ခများကို ခံစားနေရလေသည်။

တစ်နေ့သောအခါ၌ ထိုကျွန်ဘဝမှ လွတ်မြောက်လာရာ၌ ကျွန်ခံနေရစဉ်က ခံရသောဒုက္ခနှင့် နှိုင်းယှဉ်ပြီး မိမိကိုယ်ကို စိုးပိုင်သောသုခ, သူတစ်ပါးက မိမိအပေါ်မှာ မလွှမ်းမိုး အစိုးပိုင်မခံရသောသုခ, မိမိသဘောအားလျော်စွာ အလိုရှိရာသို့ သွားနိုင်သော သုခများကို စဉ်းစားပြီး အလွန်စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရလေသည်။

ထို့အတူ ဥဒ္ဓစ္စ, ကုက္ကုစ္စ ဖြစ်နေသူ တစ်ဦးသည်လည်း မိမိစိတ်ကို မိမိမပိုင်သော ဒုက္ခ, မိမိစိတ်ကို ဥဒ္ဓစ္စ, ကုက္ကုစ္စတို့က လွှမ်းမိုးပိုင်ဆိုင်မှုဒုက္ခ, မိမိအလိုရှိရာ တရားဓမ္မအာရုံဆီသို့ စိတ်မသွားနိုင်သော ဒုက္ခများကို ခံစားရလေသည်။

ထိုရဟန်းသည် တရားအားထုတ်၍ ဥဒ္ဓစ္စ, ကုက္ကုစ္စများ ကင်းစင်သွားသောအခါ မိမိစိတ်ကို မိမိပိုင်သောသုခ, မိမိစိတ်ကို ဥဒ္ဓစ္စ, ကုက္ကုစ္စ လွှမ်းမိုးပိုင်စိုးခံရမှုမှ လွတ်မြောက်သောသုခ, မိမိအလိုရှိရာ တရားဓမ္မတို့၌ စိတ်တည်ငြိမ်မှု, အေးငြိမ်းမှု, ငြိမ်သက်မှု သုခများကို ခံစားရသည့်အတွက် အလွန်စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရလေသည်။

ဝိစိကိစ္ဆာ နီဝရဏကို ပယ်ပုံ

ဝိစိကိစ္ဆံ ပဟာယ တိဏ္ဏဝိစိကိစ္ဆော ဝိဟရတိ အကထံကထီ ကုသလေသု ဓမ္မေသု ဝိစိကိစ္ဆာယ စိတ္တံ ပရိသောဓေတိ။ *(ဒီ- ၁- ၆၈)*

သော- ထိုရဟန်းသည်၊ **ဝိစိကိစ္ဆံ**- ယုံမှားခြင်း ဝိစိကိစ္ဆာကို၊ **ပဟာယ**- ပယ်စွန့်၍၊ **တိဏ္ဏဝိစိကိစ္ဆော**- ယုံမှားခြင်း ဝိစိကိစ္ဆာကို လွန်မြောက်၍၊ **ကုသလေသု ဓမ္မေသု**- ကုသိုလ်တရားတို့၌၊ **အကထံ ကထီ**- သို့လော သို့လော မရှိသည်ဖြစ်၍၊ **ဝိဟရတိ**- နေ၏၊ **စိတ္တံ**- စိတ်ကို၊ **ဝိစိကိစ္ဆာယ**- ဝိစိကိစ္ဆာမှ၊ **ပရိသောဓေတိ**- စင်ကြယ်စေ၏။

ဝိစိကိစ္ဆာ နီဝရဏကို ပယ်နိုင်ခြင်းကြောင့် ရရှိသောချမ်းသာ

ယောကျ်ားတစ်ယောက်သည် ပစ္စည်းဥစ္စာအသုံးအဆောင်နှင့်တကွ ခရီးသွားရာတွင် အစာလည်းရှားပါး, သူခိုးဓားပြလည်း ရှိသော ဘေးရန်ရှိသော လမ်းခရီးသို့ ရောက်လေသည်။ ထိုယောကျ်ားသည် ထိုလူဆိုးတို့သည် ငါ့မှာပါလာသော ပစ္စည်းဥစ္စာကို လုယူမှာလားဟူသော ယုံမှားသံသယဒုက္ခ, အစာရေစာပြတ်သွားမှာလားဟူသော ယုံမှားသံသယဒုက္ခ, ထိုသို့ သံသယဖြစ်နေသည့် အတွက် ခရီးမတွင်သောဒုက္ခများကို ခံစားလျက်နေရလေသည်။

တစ်နေ့သောအခါ၌ ထိုယောကျ်ားသည် ထိုခရီးခဲကို ချမ်းသာစွာ လွန်မြောက်၍ ငြိမ်းချမ်းသော ဘေးရန်မရှိသော ရွာ တစ်ရွာသို့ရောက်ရာတွင် စောစောက ခရီးခဲတွင် တွေ့ကြုံခဲ့သော ဒုက္ခတို့မှ လွတ်မြောက်ခဲ့ပြီဖြစ်၍ အလွန်စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်လေသည်။

ထို့အတူ ဗုဒ္ဓအပေါ်၌ဖြစ်စေ, မိမိအားထုတ်နေသော တရားအပေါ်၌ဖြစ်စေ ယုံမှားသံသယ ဝိစိကိစ္ဆာ ဝင်လာသောအခါ၌ ယုံမှားသံသယ ဖြစ်နေသည့်အတွက် တရားမတက်ဘဲ တရားထူး တရားမြတ်ကို ရမှရပ့်မလားဟူသော သံသယဒုက္ခ, ကိလေသာ အဆိုးတရားများက ငါ့ရမည့်တရားများကို လုယူပြီလားဟူသော သံသယဒုက္ခ, တရားမတွင်သော ဒုက္ခများကို ခံစားနေရလေသည်။

ထိုရဟန်းသည် ဇွဲကောင်းကောင်းနှင့် တရားကို ကြိုးစားအားထုတ်၍ ဝိစိကိစ္ဆာနီဝရဏ ကင်းစင်သွားသောအခါ စောစောက ဒုက္ခများမှ လွတ်မြောက်ပြီး ငြိမ်းအေးရာ တရားဓမ္မနယ်ပယ်သို့ ရောက်လာနိုင်ခဲ့ပြီ ဖြစ်သောကြောင့် အလွန်စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရလေသည်။

သန္ဒိဋ္ဌိက သာမညဖလ နီဝရဏ ပဟာန ချမ်းသာ

ဗုဒ္ဓသည် ထိုနီဝရဏတရားငါးပါး ကင်းစင်ခြင်းကြောင့် ရရှိလာသော ချမ်းသာကို အောက်ပါအတိုင်း ဟောကြားတော်မူလေ သည်။

တဿိမေ ပဥ္စ နီဝရဏေ ပဟီနေ အတ္တနိ သမနုပဿတော ပါမောဇ္ဇံ ဇာယတိ ပမုဒိတဿ ပီတိ ဇာယတိ၊ ပီတိမနဿ ကာယော ပဿမ္ဘတိ၊ ပဿဒ္ဓကာယော သုခံ ဝေဒေတိ၊ သုခိနော စိတ္တံ သမာဓိယတိ။ *(ဒီ– ၁– ၆၉)*

မဟာရာဇ– မင်းကြီး၊ **ဝေမေဝ–** ဤအတူသာလျှင်၊ **ဘိက္ခု–** ယောဂီရဟန်းသည်၊ **ပဥ္စ–** ငါးပါးကုန်သော၊ **ဣမေ နီဝရဏေ–** ဤနီဝရဏ ကိလေသာတို့ကို၊ **အတ္တနိ–** မိမိ၌၊ **ပဟီနေ–** ပယ်အပ်ပြီးဖြစ်သည်ကို၊ **သမနုပဿတော–** ကောင်းစွာ သိမြင်သော၊ **တဿ–** ထိုရဟန်းအား၊ **ပါမောဇ္ဇံ–** ဝမ်းမြောက်ခြင်းသည်၊ **ဇာယတိ–** ဖြစ်၏၊ **ပမုဒိတဿ–** ဝမ်းမြောက်သောရဟန်းအား၊ **ပီတိ–** နှစ်သိမ့်ခြင်းပီတိသည်၊ **ဇာယတိ–** ဖြစ်၏၊ **ပီတိမနဿ–** နှစ်သိမ့်သောစိတ်ရှိသော ရဟန်းအား၊ **ကာယော–** ကိုယ်သည်၊ **ပဿမ္ဘတိ–** ငြိမ်း၏၊ **ပဿဒ္ဓကာယော–** ငြိမ်းအေးသောကိုယ်ရှိသော ရဟန်းသည်၊ **သုခံ–** စိတ်ရောကိုယ်ပါ ချမ်းသာမှုကို၊ **ပဋိဝေဒေတိ–** ခံစားရ၏၊ **သုခိနော–** စိတ်ရောကိုယ်ပါ ချမ်းသာခြင်းရှိသော၊ **တဿ–** ထိုရဟန်း၏၊ **စိတ္တံ–** စိတ်သည်၊ **သမာဓိယတိ–** ဥပစာရသမာဓိ, အပ္ပနာသမာဓိ၏ အစွမ်းဖြင့် တည်ကြည်လေ၏။

ပဌမဈာန်ချမ်းသာကို ရရှိခြင်း

ဗုဒ္ဓသည် ဆက်လက်၍ ပဌမဈာန်ရပုံကို အဇာတသတ်မင်းကြီးအား အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

သော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ပီတိသုခံ ပဌမံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သော ဣမမေဝကာယံ ဝိဝေကဇေန ပီတိသုခေန အဘိသန္ဒေတိ ပရိသန္ဒေတိ ပရိပူရေတိ ပရိပ္ဖရတိ နာဿ ကိဉ္စိ သဗ္ဗာဝတော ကာယဿ ဝိဝေကဇေန ပီတိသုခေန အပ္ဖုဋံ ဟောတိ။ *(ဒီ– ၁– ၆၉ / ၇၀)*

သော– ထိုရဟန်းသည်၊ **ကာမေဟိ–** ကာမဂုဏ်တို့မှ၊ **ဝိဝိစ္စေဝ–** ကင်းဆိတ်၍သာလျှင်၊ **အကုသလဓမ္မေဟိ–** အကုသိုလ်တရားတို့မှ၊ **ဝိဝိစ္စ–** ကင်းဆိတ်၍သာလျှင်၊ **သဝိတက္ကံ သဝိစာရံ–** ကြံစည်ခြင်း ဝိတက်, သုံးသပ်ဆင်ခြင်ခြင်း ဝိစာရနှင့်တကွဖြစ်သော၊ **ပီတိသုခံ–** နှစ်သိမ့်ခြင်း ပီတိသုခရှိသော၊ **ပဌမဈာနံ–** ပဌမဈာန်သို့၊ **ဥပသမ္ပဇ္ဇ–** ရောက်၍၊ **ဝိဟရတိ–** နေ၏။
သော– ထိုရဟန်းသည်၊ **ဣမမေဝကာယံ–** ဤခန္ဓာကိုယ်ကိုပင်လျှင်၊ **ဝိဝေကဇေန–** နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ **ပီတိသုခေန–** နှစ်သိမ့်ခြင်းပီတိ စိတ်ချမ်းသာခြင်းသုခဖြင့်၊ **အဘိသန္ဒေတိ–** စိမ့်စေ၏၊ **ပရိသန္ဒေတိ–** ထက်ဝန်းကျင် စိမ့်စေ၏၊ **ပရိပူရေတိ–** ထက်ဝန်းကျင် ပြည့်စေ၏၊ **ပရိပ္ဖရတိ–** ထက်ဝန်းကျင် ပျံ့နှံ့စေ၏။
အဿ– ထိုရဟန်း၏၊ **သဗ္ဗာဝတော–** အလုံးစုံသော၊ **ကာယဿ–** ကိုယ်၏ *(တစ်ကိုယ်လုံး၌)*၊ **ဝိဝေကဇေန–** နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ **ပီတိသုခေ–** နှစ်သိမ့်ခြင်းပီတိ, စိတ်ချမ်းသာခြင်းသုခဖြင့်၊ **အပ္ဖုဋံ–** မပျံ့နှံ့သောနေရာသည်၊ **ကိဉ္စိ–** အနည်းငယ်မျှ၊ **နဟောတိ–** မရှိတော့ပေ။

မင်းကြီး ဥပမာအားဖြင့် ကြေးလင်ပန်းထဲသို့ ဆပ်ပြာမှုန့်တို့ကိုထည့်၍ ရေကိုဖျန်းကာ ဆပ်ပြာခဲ ပြုလုပ်ရာ၏။ ထိုဆပ်ပြာခဲသည် အစေးဖြင့် စိမ့်ဝင်လျက်, အစေးဖြင့် ဖွဲ့စည်းလျက်, အတွင်းအပြင် အစေးဖြင့် ပျံ့နှံ့လျက်ရှိ၏။ ရေယိုကျမှုလည်း မရှိ။
ထို့အတူပင် ထိုရဟန်း၏ တစ်ကိုယ်လုံးမှာ နှစ်သိမ့်ခြင်းပီတိ, ချမ်းသာခြင်းသုခဖြင့် ပျံ့နှံ့၍နေ၏။ စိမ့်စို၍နေ၏။ 'ပီတိ, သုခ' မပျံ့နှံ့သောနေရာဟူ၍ အနည်းငယ်မျှ မရှိတော့ပေ။

ပဌမဈာန်ချမ်းသာ သိမှတ်ဖွယ်

ပဌမဈာန်ချမ်းသာ၌ 'ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ' ဟူ၍ ဈာန်အင်္ဂါငါးပါး ရှိလေသည်။ ဈာန– ဈာန်ဟူသည် မိမိအာရုံကို အလွန်စူးစိုက်သော သမာဓိတည်း။ ထိုသို့ စူးစိုက်ရာ၌ ဝိတက်က စိတ်ကို ဈာန်အာရုံသို့ တင်ပေး၏။ ဝိစာရက အာရုံပေါ်၌ ရှိနေသော ဈာန်စိတ်ကို ထပ်တလဲလဲ စွဲမြဲစွာ သုံးသပ်နေသည်။ ပီတိက ထိုအာရုံကို အလွန်နှစ်သိမ့်လျက် ရှိသည်။ သုခကလည်း ထိုအာရုံပေါ်မှာ အလွန်ချမ်းသာလျက် ရှိသည်။ ထို့ကြောင့် အလွန်ချမ်းသာနေသောစိတ်သည် ထိုအာရုံပေါ်က မခွါတော့ဘဲ တည်ကြည်နေ၏။ ယင်းတည်ကြည်မှုကို 'သမာဓိ' ဟု ခေါ်သည်။

ထိုသို့ ပဌမဈာန်ရှိ ဈာန်အင်္ဂါငါးပါးက ကိုယ်စီကိုယ်စီ ဈာန်အာရုံပေါ်၌ အသီးသီး အလုပ်လုပ်ကြရာတွင် ဤပဌမဈာန်၌ **'ပီတိ, သုခ'** သည် ပဓာနကျသော ပဌမဈာန်ချမ်းသာ ဖြစ်လေသည်။ **'ပီတိ, သုခ'** ဟု ဆိုအပ်သော ထိုပဌမဈာန်ချမ်းသာသည် **'ဝိတက်, ဝိစာရ'** နှင့်တကွဖြစ်သော **'ပီတိ, သုခ'** ဖြစ်လေသည်။ စိတ်ကို နီဝရဏ ကိလေသာတွေမှ ကင်းစင်စေပြီး ဈာန်အာရုံပေါ်မှာ ပျော်မွေ့နေနိုင်အောင် ဝိုင်း၍ပြုလုပ်ပေးသကဲ့သို့ ရှိနေသည်။

ထိုဈာန်စိတ်ဖြစ်သော စိတ္တဇရုပ်တို့သည်လည်း ဆပ်ပြာခဲလုပ်ရာ၌ ရေစိမ့်နေသလို ခန္ဓာကိုယ် တစ်ကိုယ်လုံး ပျံ့နှံ့စိမ့်ဝင်သွားလေသည်။ ခန္ဓာကိုယ် တစ်ကိုယ်လုံး **'ပီတိ, သုခ'** မပျံ့နှံ့သောနေရာဟူ၍ အဏုမြူမျှပင် မရှိတော့ပေ။ ယင်းကို 'ပဌမဈာန်ချမ်းသာ' ဟု ခေါ်ရလေသည်။

သန္ဒိဋ္ဌိက သာမညဖလ ပဌမဈာန်ချမ်းသာ

ဗုဒ္ဓသည် ထိုပဌမဈာန်ချမ်းသာကို သာလွန်မွန်မြတ်သော သန္ဒိဋ္ဌိက သာမညဖလချမ်းသာဖြစ်ကြောင်း အဇာတသတ်မင်းကြီးအား အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ဣဒမ္ပိ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။ *(ဒီ- ၁- ၇၀)*

မဟာရာဇ- မင်းကြီး၊ **ခေါ**- စင်စစ်၊ **ဣဒမ္ပိ**- ဤပဌမဈာန်ချမ်းသာသည်လည်း၊ **ပုရိမေဟိ**- ရှေး၌ဖြစ်ကုန်သော၊ **သန္ဒိဋ္ဌိကေဟိ**- ကိုယ်တိုင်သိမြင်ရကုန်သော၊ **သာမညဖလေဟိ**- ရဟန်းပြုရခြင်း အကျိုးတို့ထက်၊ **အဘိက္ကန္တတရဉ္စ**- သာ၍နှစ်သက်ဖွယ်လည်းဖြစ်သော၊ **ပဏီတတရဉ္စ**- သာ၍မွန်မြတ်သည်လည်းဖြစ်သော၊ **သန္ဒိဋ္ဌိကံ**- ကိုယ်တိုင်သိမြင်ရသော၊ **သာမညဖလံ**- ရဟန်းပြုရခြင်း အကျိုးပေတည်း။

ဒုတိယဈာန်ရပုံကို ပြဆိုခြင်း

ထို့နောက် ဗုဒ္ဓသည် ပဌမဈာန်ချမ်းသာထက် ဒုတိယဈာန်ချမ်းသာက ပို၍သာလွန်မွန်မြတ်ပုံကို အဇာတသတ်မင်းကြီးအား အောက်ပါအတိုင်း ဆက်၍ဟောကြားတော်မူလေသည်။

ပုနစပရံ မဟာရာဇ ဘိက္ခု ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကအဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

သော ဣမမေဝကာယံ သမာဓိဇေန ပီတိသုခေန အဘိသန္နေတိ ပရိသန္နေတိ ပရိပူရေတိ ပရိပ္ဖရတိ နာဿကိဉ္စိ သဗ္ဗာဝတော ကာယဿ သမာဓိဇေန ပီတိသုခေန အပ္ဖုဋံ ဟောတိ။ *(ဒီ- ၁- ၇၀)*

မဟာရာဇ- မင်းကြီး၊ **ပုနစပရံ**- တစ်ဖန်ထို့ပြင်လည်း၊ **ဘိက္ခု**- ရဟန်းသည်၊ **ဝိတက္ကဝိစာရာနံ**- ဝိတက်, ဝိစာရတို့၏၊ **ဝူပသမာ**- ငြိမ်းခြင်းကြောင့်၊ **အဇ္ဈတ္တံ**- မိမိသန္တာန်၌၊ **စေတသော**- စိတ်ကို၊ **သမ္ပသာဒနံ**- ကြည်လင်စေတတ်သော၊ **ဧကောဒိဘာဝံ**- စိတ်တည်ကြည်ခြင်း သမာဓိကို ပွါးစေတတ်သော၊ **အဝိတက္က အဝိစာရံ**- ဝိတက်, ဝိစာရ မရှိသော၊ **သမာဓိဇံ**- သမာဓိကြောင့်ဖြစ်သော၊ **ပီတိသုခံ**- ပီတိသုခရှိသော၊ **ဒုတိယဈာနံ**- ဒုတိယဈာန်သို့၊ **ဥပသမ္ပဇ္ဇ**- ရောက်၍၊ **ဝိဟရတိ**- နေ၏။

သော- ထိုရဟန်းသည်၊ **ဣမမေဝကာယံ**- ဤခန္ဓာကိုယ်ကိုပင်လျှင်၊ **သမာဓိဇေန**- သမာဓိကြောင့်ဖြစ်သော၊ **ပီတိသုခေန**- ပီတိသုခဖြင့်၊ **အဘိသန္နေတိ**- စိုစွတ်စေ၏၊ **ပရိသန္နေတိ**- အလုံးစုံ စိုစွတ်စေ၏။ **ပရိပူရေတိ**- ပြည့်စေ၏၊ **ပရိပ္ဖရတိ**- ပျံ့နှံ့စေ၏၊ **သမာဓိဇေန**- သမာဓိကြောင့်ဖြစ်သော၊ **ပီတိသုခေန**- ပီတိသုခဖြင့်၊ **အဿ**- ထိုရဟန်း၏၊ **သဗ္ဗာဝတော**- အလုံးစုံအားဖြင့်၊ **ကာယဿ**- ကိုယ်၏ *(တစ်ကိုယ်လုံး၌)*၊ **အပ္ဖုဋံ**- မပျံ့နှံ့သောနေရာသည်၊ **ကိဉ္စိ**- အနည်းငယ်မျှ၊ **နဟောတိ**- မရှိပေ။

ဒုတိယဈာန်ချမ်းသာ သိမှတ်ဖွယ်

ဒုတိယဈာန်၌ 'ပီတိ, သုခ, ဧကဂ္ဂတာ' ဟူ၍ ဈာန်အင်္ဂါသုံးပါး ရှိလေသည်။ ဝိတက်, ဝိစာရသည် ကြံစည်သုံးသပ်တတ်သောတရားများ ဖြစ်သောကြောင့် ကြံစည်သုံးသပ်မှု လွန်ကဲလျှင် ကာမဂုဏ်အာရုံဘက်ကိုလည်း ရောက်ရှိသွားနိုင်ပေသည်။ ထိုရဟန်းသည် ထိုသို့ 'ဝိတက်, ဝိစာရ' တို့၏ အပြစ်ကိုမြင်၍ တရားကို ကြိုးစားအားထုတ်လေရာ 'ဝိတက်, ဝိစာရ' တို့ ချုပ်ငြိမ်းသောအဆင့်သို့ ရောက်လေသည်။

ဝိတက်, ဝိစာရတို့ ချုပ်ငြိမ်းသွားသောကြောင့် 'ပီတိ, သုခ, ဧကဂ္ဂတာ' ဟူသော ဈာန်အင်္ဂါသုံးပါးသာ ကျန်တော့သည်။ ထိုတွင် ပီတိ, သုခသည် ပဌမဈာန်တုန်းကကဲ့သို့ 'ဝိတက်, ဝိစာရ' ကြောင့်ဖြစ်သော 'ပီတိ, သုခ' မဟုတ်ဘဲ 'သမာဓိ' ကြောင့်ဖြစ်သော 'ပီတိ, သုခ' ဖြစ်လေသည်။

ဝိတက်, ဝိစာရ ရှိစဉ်က စိတ်၏ငြိမ်သက်မှုအားသည် အားနည်းလျက်ရှိသည်။ ဝိတက်, ဝိစာရ ချုပ်ငြိမ်းသွားသောအခါ၌ စိတ်၏ငြိမ်သက်မှုအားသည် အလွန်အားကောင်းလာ၍ ပီတိ, သုခလည်း သမာဓိကြောင့်ဖြစ်သော ပီတိ, သုခ ဖြစ်ရလေသည်။ ထိုသမာဓိကြောင့်ဖြစ်သော ပီတိ, သုခဟုဆိုအပ်သော ဒုတိယဈာန်ချမ်းသာသည် ဝိတက်, ဝိစာရကြောင့်ဖြစ်သော ပီတိ, သုခဟုဆိုအပ်သော ပဌမဈာန်ချမ်းသာထက် သာလွန်၍ ချမ်းသာမည်ဆိုသည်မှာ အထူးရှင်းပြဖွယ် မလိုတော့ပေ။

သန္ဒိဋ္ဌိက သာမညဖလ ဒုတိယဈာန်ချမ်းသာ

ထို့ကြောင့် ဤဒုတိယဈာန်ချမ်းသာသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရခြင်းအကျိုးတို့ထက် သာ၍နှစ်သက်ဖွယ်လည်းဖြစ်သော, သာ၍မွန်မြတ်သည်လည်းဖြစ်သော, ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရခြင်း အကျိုးတည်းဟု ဗုဒ္ဓသည် အဇာတသတ်မင်းအား ဟောကြားတော်မူလေသည်။

တတိယဈာန်ရပုံကို ပြဆိုခြင်း

ဗုဒ္ဓသည် အဇာတသတ်မင်းအား ဒုတိယဈာန်ကို ပြဆိုပြီးနောက် ဒုတိယဈာန်ချမ်းသာထက် သာလွန်မွန်မြတ်သော တတိယဈာန်ချမ်းသာကို အောက်ပါအတိုင်း ပြဆိုလေသည်။

ပုနစပရံ မဟာရာဇ ဘိက္ခု ပီတိယာစ ဝိရာဂါ ဥပေက္ခကော ဝိဟရတိ သတော စ သမ္ပဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ 'ဥပေက္ခကော သတိမာ သုခဝိဟာရီ' တိ၊ တတိယံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သော ဣမမေဝကာယံ နိပ္ပီတိကေန သုခေန အဘိသန္ဒေတိ ပရိသန္ဒေတိ ပရိပူရေတိ ပရိပ္ဖရတိ နာဿ ကိဉ္စိ သဗ္ဗာဝတော ကာယဿ နိပ္ပီတိကေန သုခေန အပ္ဖုဋံ ဟောတိ။ *(ဒီ- ၁- ၇၁)*

မဟာရာဇ- မင်းကြီး၊ **ပုနစပရံ**- တစ်ဖန်ထို့ပြင်လည်း၊ **ဘိက္ခု**- ယောဂီရဟန်းသည်၊ **ပီတိယာစ**- ပီတိကိုလည်း၊ **ဝိရာဂါ**- လွန်မြောက်ခြင်းကြောင့်၊ **ဥပေက္ခကောစ**- လျစ်လျူရှု၍လည်း၊ **ဝိဟရတိ**- နေနိုင်၏၊ **သတော**- သတိရှိသည်ဖြစ်၍၊ **သမ္ပဇာနော**- ဉာဏ်ပညာရှိသည်ဖြစ်၍၊ **သုခဉ္စ**- ကာယိကသုခ, စေတသိကသုခကိုလည်း၊ **ကာယေန**- နာမကာယဖြင့်၊ **ပဋိသံဝေဒေတိ**- ခံစား၏၊ **ယံ**- အကြင်တတိယဈာန်ကြောင့်၊ **တံ**- ထိုတတိယဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို၊ **အရိယာ**- အရိယာသူတော်ကောင်းတို့သည်၊ **ဥပေက္ခကော**- တတိယဈာန်သုခကိုသော်မှ လျစ်လျူရှုတတ်ပါပေစွဟု၊ **အာစိက္ခန္တိ**- ပြောဆိုညွှန်ပြချီးမွမ်းကြကုန်၏၊ **ဣတိ**- ဤသို့၊ **တတိယံဈာနံ**- တတိယဈာန်သို့၊ **ဥပသမ္ပဇ္ဇ**- ရောက်၍၊ **ဝိဟရတိ**- နေ၏။

သော- ထိုရဟန်းသည်၊ **ဣမမေဝကာယံ**- ဤကိုယ်ကိုပင်လျှင်၊ **နိပ္ပီတိကေန**- ပီတိကင်းသော၊ **သုခေန**- ချမ်းသာဖြင့်၊ **အဘိသန္ဒေတိ**- စိုစွတ်စေ၏၊ **ပရိသန္ဒေတိ**- အလုံးစုံ စိုစွတ်စေ၏၊ **ပရိပူရေတိ**- ပြည့်စေ၏၊ **ပရိပ္ဖရတိ**- ပျံ့နှံ့စေ၏၊ **နိပ္ပီတိကေန**- နှစ်သိမ့်ခြင်း ပီတိကင်းသော၊ **သုခေန**- ချမ်းသာသုခဖြင့်၊ **အဿ**- ထိုရဟန်း၏၊ **သဗ္ဗာဝတော**- အလုံးစုံအားဖြင့်၊ **ကာယဿ**- ကိုယ်၏ *(တစ်ကိုယ်လုံး၌)*၊ **အပ္ဖုဋံ**- မပျံ့နှံ့သောနေရာသည်၊ **ကိဉ္စိ**- အနည်းငယ်မျှ၊ **နဟောတိ**- မရှိတော့ပေ။

အသာလွန်ဆုံးသော လောကီသုခ

တတိယဈာန်၌ 'သုခ, ဧကဂ္ဂတာ' ဟူသော ဈာန်အင်္ဂါနှစ်ပါးသာ ကျန်လေသည်။ '**ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ**' ဟူ၍ ပဌမဈာန်၌ အင်္ဂါငါးပါးရှိရာတွင် ဒုတိယဈာန်ဖြင့် '**ဝိတက်, ဝိစာရ**' ကိုပယ်ရှားလိုက်သောအခါ ဒုတိယဈာန်တွင် '**ပီတိ, သုခ, ဧကဂ္ဂတာ**' ဟူ၍ ဈာန်အင်္ဂါသုံးပါးသာ ကျန်လေသည်။

ထိုဈာန်အင်္ဂါသုံးပါးတွင် ပီတိသည် နှစ်သိမ့်ခြင်းသဘောရှိရကား ထိုနှစ်သိမ့်ခြင်းသည် လွန်ကဲလာလျှင် တက်ကြွသော သဘောသို့ ရောက်လာ၍ ထိုပီတိကြောင့် ဒုတိယဈာန်သည် ငြိမ်သက်မှု အားမကောင်းဘဲ ဖြစ်နေလေသည်။

ဆက်လက်၍ တရားကို အားထုတ်လေရာ ထိုပီတိကို ပယ်ခွါနိုင်သောကြောင့် ထိုပီတိသည် တတိယဈာန်၌ ပါဝင်ခြင်း မရှိတော့ပေ။ '**သုခ, ဧကဂ္ဂတာ**' ဟူသော ဈာန်အင်္ဂါနှစ်ပါးသာ တတိယဈာန်၌ ကျန်လေသည်။

လောကီသုခတွင် ဤသုခသည် '**ဝိတက်, ဝိစာရ, ပီတိ**' တို့မှ လွန်မြောက်ခြင်းကြောင့် ထိပ်တန်းအကျဆုံးသုခ ဖြစ်လေသည်။ ထိပ်တန်းအကျဆုံးဟူသော လူမင်း, နတ်မင်းတို့ ခံစားနေကြရသော ကာမသုခထက်လည်းကောင်း၊ ပဌမဈာန်သုခ, ဒုတိယဈာန်သုခတို့ထက်လည်းကောင်း အပြစ်ကင်းစင် သန့်ရှင်းတည်ငြိမ်လှ၍ လောကီသုခတွင် ထိပ်တန်းအကျဆုံးသုခဟု ဆိုရလေသည်။ သို့ဖြစ်၍ ဤတတိယဈာန်သုခထက် သာလွန်သော အခြားလောကီသုခ မရှိတော့ပေ။

တတိယဈာန်ရပုဂ္ဂိုလ်သည် ထိုသုခကြောင့် စိတ္တဇရုပ်တွေ တစ်ကိုယ်လုံး ပျံ့နှံ့နေရာ မခံစားသော်လည်း ခံစားရသကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် အရိယာပုဂ္ဂိုလ်တို့က တတိယဈာန်ပုဂ္ဂိုလ်ကို မိမိရထားသော တတိယဈာန်သုခကိုပင် '**လျစ်လျူရှု၍ နေနိုင်ပါပေသည်၊ ပီတိမဖြစ်အောင် သတိရှိလှပါပေသည်၊ ချမ်းသာစွာ နေလေ့ရှိနိုင်ပါပေသည်**' ဟူ၍ ချီးမွမ်းကြခြင်း ဖြစ်လေသည်။

သန္ဒိဋ္ဌိက သာမညဖလ တတိယဈာန်ချမ်းသာ

ထို့ကြောင့် ဤတတိယဈာန် ချမ်းသာသည်လည်း ရှေး၌ဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရခြင်း အကျိုးတို့ထက် သာလွန်၍ နှစ်သက်ဖွယ်လည်းဖြစ်သော, သာလွန်၍ မွန်မြတ်သည်လည်းဖြစ်သော, ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရခြင်း အကျိုးတည်းဟု ဗုဒ္ဓသည် အဇာတသတ်မင်းအား ဟောကြားတော်မူလေသည်။

စတုတ္ထဈာန်ကို ရပုံကို ပြဆိုခြင်း

ဗုဒ္ဓသည် အဇာတသတ်မင်းကြီးအား ဒုတိယဈာန်ချမ်းသာထက် သာလွန်၍ မွန်မြတ်သော တတိယဈာန်ချမ်းသာကို ဟောတော်မူပြီး၍ တတိယဈာန်ချမ်းသာထက် လွန်မြတ်သော စတုတ္ထဈာန်ချမ်းသာကို ဆက်လက်၍ အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ပုနစပရံ မဟာရာဇ ဘိက္ခု သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ သော ဣမမေဝကာယံ ပရိသုဒ္ဓေန စေတသာ ပရိယောဒါတေန ဖရိတွာ နိသိန္နော ဟောတိ နာဿ ကိဉ္စိ သဗ္ဗာဝတော ကာယဿ ပရိသုဒ္ဓေန စေတသာ ပရိယောဒါတေန အပ္ဖုဋံ ဟောတိ၊ *(ဒီ- ၁- ၇၁)*

မဟာရာဇ- မင်းကြီး၊ **ပုနစပရံ**- တစ်ဖန်ထို့ပြင်လည်း၊ **ဘိက္ခု**- ယောဂီရဟန်းသည်၊ **ပုဗ္ဗေဝ**- စတုတ္ထဈာန်ကို မရမီ လေးပါးသောဈာန်တို့၏ ဥပစာရဇောဉ်ပင်၊ **သုခဿ**- ကာယိကသုခကို၊ **ဒုက္ခဿ**- ကာယိကဒုက္ခကို၊ **ပဟာနာစ**- ပယ်ခြင်းကြောင့်လည်းကောင်း၊ **သောမနဿ ဒေါမနဿာနံ**- သောမနဿ ဒေါမနဿတို့၏၊ **အတ္ထင်္ဂမာစ**- ချုပ်ခြင်းကြောင့်လည်းကောင်း၊ **အဒုက္ခမသုခံ**- ဒုက္ခလည်းမရှိ, သုခလည်းမရှိသော၊ **ဥပေက္ခာသတိပါရိသုဒ္ဓိံ**- ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော *(တတိယဈာန်တုန်းကပို ချမ်းမြေ့သောအခါ အပြစ်ပြန်၍ နှလုံးသွင်းမှု မရှိသောကြောင့် အလွန်စင်ကြယ်သော သတိဟု ဆိုလိုသည်။)* **စတုတ္ထံဈာနံ**- စတုတ္ထဈာန်သို့၊ **ဥပသမ္ပဇ္ဇ**- ရောက်၍၊ **ဝိဟရတိ**- နေ၏။

သော- ထိုရဟန်းသည်၊ **ဗ္ဗမေဝကာယံ**- ဤခန္ဓာကိုယ်ကိုပင်၊ **ပရိသုဒ္ဓေန**- ထက်ဝန်းကျင်စင်ကြယ်သော၊ **ပရိယောဒါတေန**- ထက်ဝန်းကျင်ဖြူစင်သော၊ **စေတသာ**- စိတ်ဖြင့်၊ **ဖရိတွာ**- ပျံ့နှံ့စေ၍၊ **ဝိဟရတိ**- နေ၏၊ **အဿ**- ထိုရဟန်း၏၊ **သဗ္ဗာဝတော**- အလုံးစုံအားဖြင့်၊ **ကာယဿ**- ကိုယ်၏ *(တစ်ကိုယ်လုံး၌)*၊ **ပရိသုဒ္ဓေန**- ထက်ဝန်းကျင်စင်ကြယ်သော၊ **ပရိယောဒါတေန**- ထက်ဝန်းကျင်ဖြူစင်သော၊ **စေတသာ**- စိတ်ဖြင့်၊ **အပ္ဖုဋံ**- မပျံ့နှံ့သောနေရာသည်၊ **နဟောတိ**- မရှိတော့ပေ။

စတုတ္ထဈာန်ချမ်းသာ၌ သိမှတ်ဖွယ်

ဤစတုတ္ထဈာန်၌ 'ဥပေက္ခာ, ဧကဂ္ဂတာ' ဟူ၍ ဈာန်အင်္ဂါနှစ်ပါး ရှိသည်။ တတိယဈာန်က သုခကို ဤစတုတ္ထဈာန်၌ ခွါနိုင်သောကြောင့် ဤစတုတ္ထဈာန်စိတ်သည် ဥပက္ကိလေသာတို့ မရှိသည်၏အဖြစ်ကြောင့် 'ပရိသုဒ္ဓ' အလွန်စင်ကြယ်နေသည်။ 'ပရိယောဒါတ' ဖြူးဖြူးဖြက်ဖြက် အရောင်ထွက်နေသောကြောင့် ထက်ဝန်းကျင် ဖြူစင်သည်။ သို့ဖြစ်၍ တတိယဈာန်၌ရှိသော သုခကွာသွားသောအခါ ဥပေက္ခာကျန်နေသည်။ ထိုဥပေက္ခာသည် သုခချမ်းသာထက် ငြိမ်သက်သောသဘော ရှိသောကြောင့် ပို၍ချမ်းသာလျက်ရှိသည်။

ထိုတတိယဈာန်သုခထက် ငြိမ်သက်နေသော ဥပေက္ခာကိုပင် ဤစတုတ္ထဈာန်၌ 'စတုတ္ထဇ္ဈာန သုခ' စတုတ္ထဈာန်ချမ်းသာဟု ခေါ်ရလေသည်။ လောကဥပမာအားဖြင့် ပျော်ပျော်ပါးပါး နေတတ်သူနှင့် အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် နေတတ်သူ နှစ်ဦးတို့တွင် အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် နေတတ်သူက ပို၍အထက်တန်းကျစွာ ချမ်းသာသကဲ့သို့ တတိယဈာန်သုခ ချမ်းသာထက် စတုတ္ထဈာန် ဥပေက္ခာချမ်းသာသည် ပို၍အထက်တန်းကျသောချမ်းသာ ဖြစ်လေသည်။

သန္ဒိဋ္ဌိက သာမညဖလ စတုတ္ထဈာန်ချမ်းသာ

ထို့ကြောင့် ဤစတုတ္ထဈာန်ချမ်းသာသည်လည်း ရှေး၌ဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရခြင်း အကျိုးတို့ထက် သာလွန်၍ နှစ်သက်ဖွယ်လည်းဖြစ်သော, သာလွန်၍ မွန်မြတ်သည်လည်းဖြစ်သော, ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရခြင်းအကျိုး တည်းဟု ဗုဒ္ဓသည် အဇာတသတ်မင်းအား ဟောကြားတော်မူလေသည်။

ဝိပဿနာ ရှုပွါးပုံ

စတုတ္ထဈာန်သို့ ရောက်ရှိနေသော ထိုရဟန်းသည် စတုတ္ထဈာန်စိတ်သည် မတုန်မလှုပ် အလွန်သန့်ရှင်းစင်ကြယ်လှသည် ဖြစ်၍ ဝိပဿနာဉာဏ်ရရန်အလို့ငှာ စိတ်ကို ဝိပဿနာသို့ ရှေးရှု၍ ဝိပဿနာပွါးများရလေသည်။ ဗုဒ္ဓသည် အဇာတသတ်မင်းအား စတုတ္ထဈာန်မှတစ်ဆင့် ဝိပဿနာပွါးများပုံကို အောက်ပါအတိုင်း ဆက်လက်ဟောကြားတော်မူသည်။

သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဉာဏဒဿနာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။

သော ဧဝံ ပဇာနာတိ 'အယံ ခေါ မေ ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ ဩဒနကုမ္မာသုပစယော အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မော၊ ဣဒဉ္စပန မေ ဝိညာဏံ ဧတ္ထ သိတံ ဧတ္ထ ပဋိဗဒ္ဓ' န္တိ။
(ဒီ- ၁- ၇၂)

သော- ထိုရဟန်းသည်၊ **ဧဝံ**- ဤသို့ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ရပြီး၍၊ **စိတ္တေ**- စတုတ္ထဈာန်စိတ်သည်၊ **သမာဟိတေ**- တည်ကြည်လတ်သော်၊ **ပရိသုဒ္ဓေ**- ထက်ဝန်းကျင် စင်ကြယ်လတ်သော်၊ **ပရိယောဒါတေ**- ထက်ဝန်းကျင် ဖြူစင်လတ်သော်၊ **အနင်္ဂဏေ**- ကိလေသာ အညစ်အကြေး မရှိလတ်သော်၊ **ဝိဂတူပက္ကိလေသေ**- ကိလေသာဟူသောညစ်ညူးခြင်း ကင်းလတ်သော်၊ **မုဒုဘူတေ**- နူးညံ့သည်ဖြစ်၍ ဖြစ်လတ်သော်၊ **ကမ္မနိယေ**- ဝိပဿနာဉာဏ်အမှု၌ ခန့်ငြားလတ်သော်၊ **ဌိတေ**- တည်တန့်လတ်သော်၊ **အာနေဉ္ဇပ္ပတ္တေ**- မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်၊ **ဉာဏဒဿနာယ**- ဝိပဿနာဉာဏ် အလို့ငှာ၊ **စိတ္တံ**- စိတ်ကို၊ **အဘိနီဟရတိ**- ဝိပဿနာသို့ ရှေးရှုဆောင်၏၊ **အဘိနိန္နာမေတိ**- ဝိပဿနာဉာဏ်သို့ ရှေးရှုညွတ်စေ၏။

သော– ဝိပဿနာဉာဏ်သို့ စိတ်ကိုရှေးရှုဆောင်ပြီးသော ထိုရဟန်းသည်၊ **ဝံ**– ဤသို့၊ **ပဇာနာတိ**– ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြား၍ သဲကွဲစွာသိ၏၊ **ကိံ**– အဘယ်သို့ သိသနည်း။

မေ– ငါ၏၊ **အယံကာယော**– ဤခန္ဓာကိုယ်သည်၊ **ရူပီ**– ရုပ်ရှိ၏၊ **စာတုမဟာဘူတိကော**– မဟာဘုတ်လေးပါး အစုအဝေး ဖြစ်၏၊ **မာတာပေတ္တိက သမ္ဘဝေါ**– မိဘတို့၏ သုတ်သွေးကြောင့်ဖြစ်၏၊ **ဩဒနကုမ္မာသူပစယော**– ထမင်း, မုယောမုန့်တို့သည် တိုးပွါးစေအပ်၏၊ **အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မော**– မမြဲသောသဘော, နံ့သာရေကျဲတို့ဖြင့် လိမ်းကျံပေးရခြင်းသဘော, သာသာယာယာ ဆုပ်နယ်ရခြင်း, နှိပ်နယ်ရခြင်းသဘော *(ဤသို့ ဆောင်ရွက်ပေးပါသော်လည်း)* ပျက်စီးခြင်းသဘော, ဖရိုဖရဲ ပြန့်ကြဲခြင်း သဘောရှိ၏၊ **မေ**– ငါ၏၊ **ဣဒဉ္စပန ဝိညာဏံ**– ဤစိတ်ဝိညာဏ်သည်လည်း၊ **ဧတ္ထ**– ဤမဟာဘုတ်လေးဖြာ အထည်ကိုယ်ပါသော ဤခန္ဓာကိုယ်၌၊ **သိတံ**– မှီနေ၏၊ **ဧတ္ထ**– ဤမဟာဘုတ်လေးဖြာ အထည်ကိုယ်ပါသော ဤခန္ဓာကိုယ်၌၊ **ပဋိဗဒ္ဓံ**– ဆက်စပ်နေ၏၊ **ဣတိ**– ဤသို့၊ **ပဇာနာတိ**– သဲကွဲစွာသိ၏။ *(ဤရုပ်ခန္ဓာကိုယ်ကြီးသည် မမြဲ၊ ပျက်စီးခြင်းသဘောရှိ၏၊ ထိုမမြဲသော, ပျက်စီးခြင်းသဘောရှိသော ဤရုပ်ခန္ဓာကိုယ်ကြီးကို မှီ၍ဖြစ်ရသော စိတ်ဝိညာဏ် နာမ်တရားမှာ မှော်ဘွယ်ရာမရှိပါ ဟု ဆိုလိုသည်။)*

ဉာဏဒဿန ဟောနိုင်သောအနက်များ

အထက်ပါ ပါဠိတော်တွင် 'ဉာဏဒဿနာယ စိတ္တံ အဘိနီဟရတိ' ဟူ၍ 'ဉာဏဒဿန' ဟူသော ပါဠိပုဒ် ပါလာရာ ထိုဉာဏဒဿန ပါဠိပုဒ်၏ ဟောနိုင်သောအနက်များကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုလေသည်။

(၁) မဂ်ဉာဏ်အနက်၊ (၂) ဖိုလ်ဉာဏ်အနက်၊ (၃) သဗ္ဗညုတဉာဏ်အနက်၊ (၄) ပစ္စဝေက္ခဏာဉာဏ်အနက်၊ (၅) ဝိပဿနာဉာဏ်အနက် ဟူ၍ ငါးနက်ကို ဟောလေသည်။

မဂ်ဉာဏ်အနက်ဟော ဉာဏဒဿနက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ ဉာဏဒဿန အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ကိံနုခေါ အာဝုသော ဉာဏဒဿန ဝိသုဒ္ဓတ္ထံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ။ *(ဒီ ၄– ၁– ၁၉၇၊ မ– ၁– ၂၀၁)*

အာဝုသော– ငါ့ရှင်၊ **ကိံနုခေါ**– အသို့နည်း၊ **ဉာဏဒဿနဝိသုဒ္ဓတ္ထံ**– စင်ကြယ်သော မဂ်ဉာဏ်အမြင်အကျိုးငှာ၊ **ဘဂဝတိ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ အထံတော်၌၊ **ဗြဟ္မစရိယံ**– မြတ်သောအကျင့်ကို၊ **ဝုဿတိ**– ကျင့်သုံးပါသလော။

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသ ပါဠိတော်– ရထဝိနီတသုတ်၌ လာရှိလေသည်။ ထိုသုတ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

အရှင်သာရိပုတြာ မထေရ်မြတ်ကြီးနှင့် မန္တာဏီ၏သား အရှင်ပုဏ္ဏတို့ တွေ့ကြုံရာတွင် အရှင်သာရိပုတြာကမေး၍ အရှင်ပုဏ္ဏ ထေရ်က ဖြေကြားခြင်းဖြစ်သည်။ အဓိကအားဖြင့် ဝိသုဒ္ဓိခုနစ်ပါးကို အမေးအဖြေ ပြုလုပ်ကြခြင်း ဖြစ်သည်။ နှစ်ပါးလုံး ရဟန္တာမထေရ်မြတ်ကြီးများ ဖြစ်ကြပါသည်။

ဗုဒ္ဓသာသနာတော်၌ မြတ်သောအကျင့်ကို ကျင့်ရာ၌–

(၁) သီလဝိသုဒ္ဓိ	– (သီလစင်ကြယ်အောင် ကျင့်ရသည်။) ထို့နောက်
(၂) စိတ္တဝိသုဒ္ဓိ	– (စိတ်စင်ကြယ်အောင် ကျင့်ရသည်။ သမာဓိရမှုကို ဆိုလိုသည်။)
(၃) ဒိဋ္ဌိဝိသုဒ္ဓိ	– (ဉာဏ်အမြင် စင်ကြယ်အောင် ကျင့်ရသည်။)
(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ	– (ယုံမှားမှု ဝိစိကိစ္ဆာ စင်ကြယ်အောင် ကျင့်ရသည်။)
(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ	– (မဂ်ဟုတ်သည်, မဟုတ်သည်၌ ဉာဏ်အမြင် စင်ကြယ်အောင် ကျင့်ရသည်။)
(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ	– (အကျင့်ဉာဏ်အမြင် စင်ကြယ်အောင် ကျင့်ရသည်။ ဘင်ဉာဏ်ကနေ အနုလောမဉာဏ် အထိရအောင် ကျင့်ရသည်။)

(ဂ) ဉာဏဒဿနဝိသုဒ္ဓိ – (မဂ်ဉာဏ်အမြင် စင်ကြယ်အောင် ကျင့်ရသည်။ ဆိုလိုသည်ကား မဂ်ဉာဏ်လေးပါးကိုပင် နိဗ္ဗာန်ကိုမြင်၍ ကိလေသာကို ပယ်သတ်နိုင်ခြင်းကြောင့် ဉာဏဒဿနဝိသုဒ္ဓိ ဟုခေါ်ဆိုခြင်းဖြစ်သည်။)

ထိုသို့ ဝိသုဒ္ဓိခုနစ်ပါးကို အစဉ်အတိုင်း ကျင့်ခြင်းငှာ ဗုဒ္ဓသာသနာတော်၌ ဖြတ္တစရိယံ– မြတ်သောအကျင့်ကို၊ ဝုသတိ– ကျင့်သုံးဖါတ္တူ၍ အရှင်ပုဏ္ဏမထေရ် ဖြေကြားလေသည်။

မဂ်ဉာဏ်အနက်ဖော ဉာဏဒဿနသဒ္ဒါက တရားဖောပုံသဘော

ဗုဒ္ဓသာသနာတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးရာ၌ မဂ်ဉာဏ်လေးပါးကိုရရေးသည် အဓိကပဓာန ဖြစ်သည်။ သို့ရာတွင် စစချင်း မဂ်ဉာဏ်ကို ရရှိနိုင်မည် မဟုတ်ပေ။ ဉာဏဒဿနဝိသုဒ္ဓိ ခေါ် မဂ်ဉာဏ်ရရန်အတွက် ရှေးကဝိသုဒ္ဓိခြောက်ပါးကို ကျင့်သုံးရန် လိုအပ်ပေသည်။ ဆိုလိုသည်ကား ဝိသုဒ္ဓိခုနစ်ပါးကို အစဉ်အတိုင်း ကျင့်ရမည် ဖြစ်သည်။ ဝိသုဒ္ဓိခုနစ်ပါးကို သိက္ခာသုံးပါးနှင့်ပိုင်းလျှင် သီလဝိသုဒ္ဓိသည် သီလသိက္ခာ, စိတ္တဝိသုဒ္ဓိသည် သမာဓိသိက္ခာ, ကျန်ဝိသုဒ္ဓိငါးမျိုးသည် ပညာသိက္ခာ ဖြစ်သည်။ ပညာသိက္ခာတွင် ပါဝင်သော ဝိသုဒ္ဓိငါးမျိုးတွင် ဒိဋ္ဌိဝိသုဒ္ဓိမှ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအထိ လေးပါးသည် လောကီဝိပဿနာ ပညာသိက္ခာ ဖြစ်သည်။ မဂ်ဉာဏ်လေးပါးကိုရသော ဉာဏဒဿနဝိသုဒ္ဓိသည် လောကုတ္တရာ ပညာသိက္ခာ ဖြစ်သည်။ **ထို့ကြောင့် ထိုဝိသုဒ္ဓိခုနစ်ပါး သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို အစဉ်အတိုင်းရရှိအောင် ကြိုးစားအားထုတ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

ဖိုလ်ဉာဏ်အနက်ဖော ဉာဏဒဿနသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဉာဏဒဿနသဒ္ဒါ၏ မဂ်ဉာဏ် အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဉာဏဒဿနသဒ္ဒါ၏ ဖိုလ်ဉာဏ် အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အယမညော ဥတ္တရိမနုဿဓမ္မော အလမရိယ ဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရော။
(ဒီ ၅– ၁– ၁၉၇၊ မ– ၁– ၂၆၈)

အညော– အခြားသော၊ အလမရိယ ဉာဏဒဿနဝိသေသော– ကိလေသာကို ဖျက်ဆီးခြင်း၌ စွမ်းနိုင်သော စင်ကြယ်သော ဉာဏ်အမြင်အထူးရှိသော၊ **အဓိဂတော**– သိအပ်ရအပ်သော၊ **ဖာသုဝိဟာရော**– ချမ်းသာစွာနေရကြောင်းဖြစ်သော၊ **ဥတ္တရိမနုဿဓမ္မော**– လူတို့ကျင့်သုံးအပ်သောတရားထက် လွန်မြတ်သောတရားသည်၊ **အယံ**– ဤဖိုလ်တရားပါတည်း။

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသ ပါဠိတော်– စူဠဂေါသိင်္ဂသုတ်၌ လာရှိလေသည်။ အထက်ပါ ပါဠိတော်သည် ဗုဒ္ဓက အရှင်အနုရုဒ္ဓါအား ချမ်းသာစွာနေရခြင်း ရှိ၏လောဟု မေးတော်မူသောကြောင့် အရိယာတို့ သိမြင်အပ်သော အရိယာဖိုလ်ဉာဏ် လေးပါးကို ရရှိထားသည်ဖြစ်၍ ချမ်းသာစွာနေခြင်းဖြစ်ကြောင်းကို အရှင်အနုရုဒ္ဓါက ဗုဒ္ဓအား ချမ်းသာစွာနေရခြင်းဖြစ်ကြောင်းကို ဖြေကြားသော ပါဠိရပ် ဖြစ်လေသည်။ **ထို့ကြောင့် တကယ့်ကို ချမ်းချမ်းသာသာ နေလိုပါက အရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ရအောင် အားထုတ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

သဗ္ဗညုတဉာဏ် အနက်ဖော ဉာဏဒဿနသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဉာဏဒဿနသဒ္ဒါ၏ ဖိုလ်ဉာဏ် အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဉာဏဒဿနသဒ္ဒါ၏ သဗ္ဗညုတဉာဏ် အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဘဂဝတောပိ ခေါ ဉာဏဒဿနံ ဥဒပါဒိ သတ္တာဟ ကာလင်္ကတော အာဠာရော ကာလာမောတိ။ *(ဒီ ၅– ၁– ၁၉၇၊ ဝိ– ၃– ၁၀)*

ကာဠာမော– ကာဠာမအနွယ်ဖြစ်သော၊ **အာဠာရော**– အာဠာရရသေ့သည်၊ **သတ္တာဟ ကာလင်္ကတော**– ကွယ်လွန်ပြီး၍

ခုနစ်ရက်ရှိပြီ၊ **ဣတိ**- ဤသို့ **ဘဂဝတောပိ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓအားလည်း၊ **ဉာဏဒဿနံ**- သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူသော ဉာဏ်အမြင်သည်၊ ဥဒပါဒိ- ထင်ရှားဖြစ်တော်မူပြီ။

အထက်ပါ ပါဠိရပ်သည် ဝိနည်းမဟာဝါ ပါဠိတော်- မဟာခန္ဓကဝဂ်- ပဉ္စဝဂ္ဂိယကထာ၌ လာရှိလေသည်။ ထိုပါဠိရပ်နှင့်စပ်၍ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

သဟမ္ပတိဗြဟ္မာ တောင်းပန်ခြင်းကြောင့်လည်းကောင်း၊ ကိုယ်တော်မြတ်၏ သတ္တဝါတို့အပေါ်၌ ကြီးမားသော မေတ္တာ၊ ကရုဏာတော်ကြောင့်လည်းကောင်း သတ္တဝါတို့အား နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောတော်မူရန် ဆုံးဖြတ်ပြီးသောအခါ ဗုဒ္ဓသည် အဘယ်သူအား တရားအရင်ဟောရပါမည်နည်းဟု ဆင်ခြင်တော်မူရာတွင်-

(၁) 'အယံ ခေါ အာဠာရော ကာလာမော ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဒီဃရတ္တံ အပ္ပရဇက္ခဇာတိကော ယန္နူနာဟံ အာဠာရဿ ကာလာမဿ ပဌမံ ဓမ္မံ ဒေသေယျံ၊ သော ဣမံဓမ္မံ ခိပ္ပမေဝ အာဇာနိဿတီ'တိ။

(၂) အထခေါ အန္တရဟိတာ ဒေဝတာ ဘဂဝတော အာရောစေသိ သတ္တာဟ ကာလင်္ကတော ဘန္တေ အာဠာရော ကာလာမော' တိ။

(၃) ဘဂဝတောပိ ခေါ ဉာဏံ ဥဒပါဒိ 'သတ္တာဟ ကာလင်္ကတော အာဠာရော ကာလာမော' တိ၊ အထခေါ ဘဂဝတော ဧတဒဟောသိ 'မဟာဇာနိယော ခေါ အာဠာရော ကာလာမော၊ သစေ ဟိ သော ဣမံဓမ္မံ သုဏေယျ ခိပ္ပမေဝ အာဇာနေယျာ' တိ။ *(ဝိ- ၃- ၉ / ၁၀)*

ကာလာမော- ကာလာမအနွယ်ဖြစ်သော၊ **အယံ အာဠာရော**- ဤအာဠာရရသေ့သည်၊ **ပဏ္ဍိတော**- ကြောင်းကျိုးမြင်သိပင်ကိုဉာဏ်ရှိ၏၊ **ဗျတ္တော**- ထက်မြက်၏၊ **မေဓာဝီ**- အကြောင်းအားလျော်စွာ တစ်ခဏချင်း ဖြစ်ပေါ်လာသော ပညာရှိ၏၊ **ဒီဃရတ္တံ**- ရှည်မြင့်စွာကာလကပင်၊ **အပ္ပရဇက္ခဇာတိကော**- ပညာမျက်စိ၌ ကိလေသာမြူနည်းပါးသော သဘောရှိ၏၊ **အဟံ**- ငါဗုဒ္ဓသည်၊ **ကာလာမဿ**- ကာလာမအနွယ်ဖြစ်သော၊ **အာဠာရဿ**- အာဠာရအား၊ **ပဌမံ**- ရှေးဦးစွာ၊ **ဓမ္မံ**- သစ္စာတရားကို၊ **ယန္နူန ဒေသေယျံ**- အကယ်၍ ဟောရပါမူကား ကောင်းလေစွ၊ **သော**- ထိုအာဠာရရသေ့သည်၊ **ဣမံဓမ္မံ**- ဤသစ္စာတရားကို၊ **ခိပ္ပမေဝ**- လျင်စွာသာလျှင်၊ **အာဇာနိဿတိ**- သိလတ္တံ့၊ **ဣတိ**- ဤသို့ အကြံတော်ဖြစ်ပြီ။

(ဤ၌ ဗုဒ္ဓသည် အာဠာရရသေ့အား ရှေးဦးစွာ စဉ်းစားတော်မူခြင်းသည် အလောင်းတော်ဘဝနှင့် တောထွက်စဉ်အခါက အာဠာရရသေ့ဂိုဏ်းဆရာကြီးထံ တပည့်ခံ၍ ရူပဈာန်လေးပါး၊ အရူပဈာန်လေးပါး ပေါင်းဈာန်ရှစ်ပါးရှိရာတွင် အာဠာရရသေ့သည် ရူပဈာန်လေးပါးနှင့် အာကိဉ္စညာယတနဈာန်တိုင်အောင်သော အရူပဈာန်သုံးပါးအထိ ရရှိထားသူဖြစ်သည်။ အလောင်းတော်သည် ထိုဈာန်ခုနစ်ပါးအထိ အာဠာရထံတွင် ရအောင်ကျင့်သုံးဘူးလေသည်။ အာဠာရရသေ့က နှစ်ပေါင်းများစွာကျင့်ရသော ထိုဈာန်ခုနစ်ပါးကို အလောင်းတော်က နှစ်ရက်၊ သုံးရက်အတွင်းရအောင် အားထုတ်နိုင်သောကြောင့် လွန်စွာအားရကျေနပ်နှစ်သက်ပြီး ဣဿာ၊ မစ္ဆရိယစိတ် ကင်းစင်စွာ ဂိုဏ်းကြီးတစ်ခုလုံးကို ထက်ဝက်လွှဲအပ်၍ တန်းတူထားကာ အရေးတယူ အလေးမူ၍ ဆက်ဆံလေသည်။ အစစအရာရာ အလောင်းတော်ကိုသာ ဦးစားပေးသည်။ သို့ရာတွင် အလောင်းတော်သည် မိမိလိုလားအပ်သော နိဗ္ဗာန်ရောက်ကြောင်း တရားမဟုတ်၍ အာဠာရထံမှ ဖဲခွါလာခဲ့ကာ ရာမ၏သား ဥဒကထံ၌ နည်းခံရာတွင်လည်း နေဝသညာနာသညာယတနဈာန်အထိ ဈာန်ရှစ်ပါးလုံး ရလေသည်။ ထိုဥဒက၏ တရားသည်လည်း ကိုယ်တော်မြတ် လိုလားသော နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်၍ ဥဒကထံမှ စွန့်ခွါပြီးနောက် မိမိအလိုလိုသာလျှင် ဆရာမရှိဘဲ သစ္စာလေးရပ် တရားမြတ်ကို သိမြင်ကာ သဗ္ဗညုတဉာဏ်ကို ရရှိပြီး ဗုဒ္ဓအဖြစ်သို့ ရောက်ရလေသည်။ ထို့ကြောင့် တရားဟောရန် စဉ်းစားတော်မူသောအခါ သူ့ကျေးဇူးရှိဘူးသော သူတော်စင်ကြီးများဖြစ်ကြသော အာဠာရရသေ့နှင့် ဥဒကရသေ့တို့ကို ဦးစားပေး စဉ်းစားတော်မူခြင်း ဖြစ်လေသည်။)

(၂) အထခေါ- ထိုအခါ၌၊ **အန္တရဟိတာ**- ကိုယ်ထင်ရှားမပြသော၊ **ဒေဝတာ**- နတ်သားသည်၊ **ဘဂဝတော**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓအား၊ **ဘန္တေ**- ရှင်တော်ဗုဒ္ဓဘုရား၊ **ကာလာမော**- ကာလာမအနွယ်ဖြစ်သော၊ **အာဠာရော**- အာဠာရရသေ့သည်၊ **သတ္တာဟ ကာလင်္ကတော**- ကွယ်လွန်သွားသည်မှာ ခုနစ်ရက်ရှိပါပြီ၊ **ဣတိ**- ဤသို့၊ **အာရောစေသိ**- လျှောက်ကြားလေပြီ။

(၃) **ဘဂဝတောပိ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓအားလည်း၊ **ကာလာမော**– ကာလာမအနွယ်ဖြစ်သော၊ **အာဠာရော**– အာဠာရရသေ့သည်၊ **သတ္တာဟ ကာလင်္ကတော**– ကွယ်လွန်ပြီး၍ ခုနစ်ရက်ရှိပြီ၊ **ဣတိ**– ဤသို့ **ဉာဏံ**– သိမြင်သော သဗ္ဗညုတဉာဏ်တော်သည်၊ **ဥဒပါဒိ**– ထင်ရှားဖြစ်တော်မူပြီ။

အထခေါ်– ထိုအခါ၌၊ **ဘဂဝတော**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓအား၊ **ကာလာမော**– ကာလာမအနွယ်ဖြစ်သော၊ **အာဠာရော**– အာဠာရရသေ့သည်၊ **မဟာဇာနိယော**– ဆုံးရှုံးကြီး ဆုံးရှုံးသွားလေပြီ၊ **ဟိ**– မှန်၏၊ **သော**– ထိုအာဠာရရသေ့သည်၊ **သစေ**– အကယ်၍၊ **ဣမံဓမ္မံ**– ဤသစ္စာတရားကို၊ **သုဏေယျ**– နာရပါမူကား၊ **ခိပ္ပမေဝ**– လျင်မြန်စွာပင်လျှင်၊ **အာဇာနေယျ**– သိနိုင်ရာ၏၊ **ဣတိ**– ဤသို့ **တေ**– ဤသို့အကြံတော်သည်၊ **အဟောသိ**– ဖြစ်တော်မူပြီ။

သဗ္ဗညုတဉာဏ်အနက်ပေါ ဉာဏသဒ္ဒါက တရားဟောပုံသဘော

(၁) ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ မရောက်မီ စ၍တောထွက်စဉ်အခါက ရှေးဦးစွာ ကာလာမအနွယ်ဖြစ်သော အာဠာရဂိုဏ်းဆရာကြီးနှင့် အရင်တွေ့ပြီး အာဠာရထံတွင် နည်းခံ၍ တရားအားထုတ်လေရာ တစ်ရက်, နှစ်ရက်အတွင်း၌ပင် အာဠာရဂိုဏ်းဆရာကြီး ရသော ဈာန်တရားအားလုံးကို ရသည်ဖြစ်၍ အာဠာရဂိုဏ်းဆရာကြီးသည် ဝမ်းမြောက်ကျေနပ်အားရသည်ဖြစ်၍ ဣဿာ, မစ္ဆရိယစိတ် အနည်းငယ်မျှမရှိဘဲ ဂိုဏ်းကြီးထက်ဝက်ကို အလောင်းတော်အား အပ်နှင်းလေသည်။ ဗုဒ္ဓအလောင်းတော်သည် နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်၍ လက်မခံဘဲ ဖဲ့ခွါထွက်ခဲ့လေသည်။ လူ့လောက၌ ကိုယ့်ထက်သာ မနာလိုဟူသော ဣဿာ, မစ္ဆရိယစိတ်ရှိကြသူများ အမြောက်အများ ရှိလေသည်။ အာဠာရရသေ့ သူတော်စင်ကဲ့သို့ စိတ်ထားနိုင်ရန် မလွယ်ကူပေ။ နောက်တစ်ချက်မှာလည်း လူ့လောက၌ အများအားဖြင့် လူတို့သည် လာဘ်သပ်ပကာ အကျော်အစော အခွင့်အရေးနှင့် ကြုံလာသောအခါ ပဋမရည်မှန်းချက်များ ပျောက်ကွယ်ပြီး, အပျောက်ခံပြီး ထိုလာဘ်သပ်ပကာ အကျော်အစောနောက်သို့ လိုက်တတ်သူများသာ များကြလေသည်။ အလောင်းတော်ကား ထိုသို့မဟုတ်ပေ။ မိမိရည်ရွယ်ချက်ကို အပျောက်မခံဘဲ ဖြစ်ပေါ်လာသော လာဘ်သပ်ပကာ အကျော်အစောကို လွယ်ကူစွာပင် ပယ်ရှောင်နိုင်လိုက်ပေသည်။ ထိုစိတ်ဓာတ်မျိုးကြောင့်လည်း ဗုဒ္ဓအဖြစ်သို့ ရောက်ခြင်းလည်း ဖြစ်ပေသည်။ ထို့ကြောင့် **ဣဿာ, မစ္ဆရိယစိတ်ကို ပယ်ဖျောက်နိုင်သူများ ဖြစ်ကြပါကုန်လော့။ မိမိရည်မှန်းချက် မပြည့်ဝခင်မှာ လာဘ်သပ်ပကာ အကျော်အစောများကို ရှောင်ကွင်းနိုင်သူများ ဖြစ်ကြပါကုန်လော့။**

(၂) ဗုဒ္ဓသည် တရားဟောရန် သူတော်ကောင်းစိတ်လည်းရှိသော, သမာဓိအားလည်းကောင်းလှသော အာဠာရရသေ့ ဂိုဏ်းဆရာကြီးကို စဉ်းစားသောအခါ နတ်သားတစ်ဦးက အာဠာရဂိုဏ်းဆရာကြီး ကွယ်လွန်သွားသည်မှာ ခုနစ်ရက်ရှိပြီဖြစ်ကြောင်း လျှောက်သော်လည်း ဗုဒ္ဓသည် ထိုမျှနှင့် မကျေနပ်ဘဲ ကိုယ်တော်မြတ် ကိုယ်တိုင်လည်း ဆင်ခြင်တော်မူသောအခါ နတ်သားလျှောက်သည့်အတိုင်း မှန်ကန်ကြောင်း သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမြင်တော်မူလေသည်။ လူ့လောက၌ ပညာနည်းပါးသူတို့သည် သူတစ်ပါး ပြောစကားကို အလွယ်တကူ လက်ခံတတ်လေ့ရှိသည်။ ပညာရှိသူတို့ကား အလွယ်တကူ လက်မခံတတ်ကြပေ။ မိမိကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင်သိပြီးမှ လက်ခံတတ်ကြလေသည်။ ပညာရှိထဲတွင် ဗုဒ္ဓသည် ပညာအရှိဆုံးပုဂ္ဂိုလ်ဖြစ်၍ ယုံကြည်လောက်သော နတ်သားက လျှောက်သည်ကိုပင် လက်ခံခြင်း မပြုသေးဘဲ ကိုယ်တော်မြတ် ကိုယ်တော်တိုင် ပိုင်နိုင်စွာ သိရှိတော်မူပြီးမှ လက်ခံတော်မူလေသည်။ **ထို့ကြောင့် ပညာမဲ့သူတို့၏ လမ်းစဉ်သို့မလိုက်ဘဲ ပညာရှိသူတို့၏ လမ်းစဉ်သို့လိုက်ကာ သူတပါးပြောစကားကို အလွယ်တကူ လက်မခံဘဲနှင့် ကျကျနန ပိုင်ပိုင်နိုင်နိုင် သိအောင်လုပ်ပြီးမှ လက်ခံတတ်ကြသူများ ဖြစ်ကြပါကုန်လော့။**

(၃) အကယ်၍ အာဠာရဂိုဏ်းဆရာကြီးသည် မကွယ်လွန်ပါက ဗုဒ္ဓသိမြင်သော သစ္စာတရားကို လျင်မြန်စွာပင် သိမြင်နိုင်ပေသည်။ သို့တည်းမဟုတ် ကွယ်လွန်သွားသော်လည်း ရူပဗြဟ္မာ့ဘုံသို့ ရောက်လျှင်လည်း ဓမ္မစကြာတရား ဟောတော်မူသောအခါ၌ သစ္စာသိမြင် ကျွတ်တန်းဝင်နိုင်ကြပေသည်။ ယခုတော့ အာဠာရဂိုဏ်းဆရာကြီးသည် အရူပဘုံ– နာမ်သက်သက်ဘုံဖြစ်သောဘုံ လေးဘုံရှိသည့်အနက် တတိယမြောက် အာကိဉ္စညာယတနဘုံတွင် ကမ္ဘာပေါင်း ခြောက်သောင်းတိတိ နေရချေဦးတော့မည်။ ဥဒကဂိုဏ်းဆရာကြီးကား အရူပလေးဘုံတွင် အမြင့်ဆုံး စတုတ္ထဘုံဖြစ်သော နေဝသညာနာသညာယတနဘုံ၌ ဖြစ်နေသောကြောင့် ထိုဘုံတွင် ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်အထိ နေရချေဦးတော့မည်။ ထိုဘုံများသည် နာမ်သက်သက်ဘုံများဖြစ်၍ ဗုဒ္ဓကို ဖူးမြင်ရခြင်း, ဗုဒ္ဓတရားတော်ကို နာကြားရခြင်း – မျက်စိ, နားတို့ မရှိကြသောကြောင့် ဘယ်လိုနည်းနှင့်မျှ တရားထူး, တရားမြတ်ကို မရနိုင်ကြတော့ပေ။ ထို့ကြောင့် ဗုဒ္ဓက အရှုံးကြီးရှုံး ဆုံးလေစွဟု မိန့်တော်မူခြင်းဖြစ်သည်။ ဤအချက်ကို ကြည့်ခြင်းဖြင့် 'အာဠာရ,

ဥဒက'တို့သည် သူတော်စင်များဖြစ်ကြပါလျက် ထိုကဲ့သို့ ဆုံးရှုံးမှုကြီးနှင့် ကြုံရခြင်းသည် ဗုဒ္ဓသာသနာတော်အတွင်း၌ ရှာန်ရသော ပုဂ္ဂိုလ်များ မဟုတ်ကြသောကြောင့် ဖြစ်သည်။ ဗုဒ္ဓသာသနာတော်အတွင်း၌ ရှာန်ရပါမူ ဝိပဿနာကိုလည်းရှု၍ အရိယာဖြစ်နိုင်သည်။ အကယ်၍ ကွယ်လွန်မည်ဆိုပါကလည်း အရူပရှာန်အထိ မပွါးများဘဲ ရူပရှာန်အထိ ပွါးများပြီး ကွယ်လွန်လျှင် ရူပဗြဟ္မာအဖြစ်နှင့် ဗုဒ္ဓ၏တရားတော်ကို နာရပြီး မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရရှိနိုင်ပေသည်။ ထို့ကြောင့် **'အသိဉာဏ်ပညာနှင့် ပြည့်စုံကြသော လူ, နတ်, ဗြဟ္မာတို့အတွက် ဗုဒ္ဓသာသနာတော်သည် အရေးအကြီးဆုံးဖြစ်သည်' ဟူသောအချက်ကို နားလည်သဘောပေါက်ပြီး** ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံရိုက် ဗုဒ္ဓသာသနာတော်၌သာရှိသော ဝိပဿနာ သတိပဋ္ဌာန်တရားကို ကြိုးစားအားထုတ်သူ **များ ဖြစ်ကြပါကုန်လော့။**

ပစ္စဝေက္ခဏာဉာဏ်အနက်ဟော ဉာဏဒဿနသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ဉာဏဒဿနသဒ္ဒါ၏ သဗ္ဗညုတဉာဏ် အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ ဉာဏဒဿနသဒ္ဒါ၏ **ပစ္စဝေက္ခဏာဉာဏ်** အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ အကုပ္ပါ မေ စေတောဝိမုတ္တိ အယမန္တိမာ ဇာတိ။ *(ဝိ- ၃- ၁၆)*

အထက်ပါ ပါဠိရပ်သည် ဝိနည်းမဟာဝါပါဠိတော်- ပဉ္စဝဂ္ဂိယကထာ- ဓမ္မစက္ကပ္ပဝတ္တနသုတ်အဆုံး၌ လာရှိလေသည်။ ထိုပါဠိတော်၏ အပြည့်အစုံကို အောက်ပါအတိုင်း ဖော်ပြပါသည်။

'အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ' တိ ပစ္စညာသိံ၊ ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။ *(ဝိ- ၃- ၁၆)*

(ဘိက္ခဝေ- ရဟန်းတို့ အဟံ- ငါဗုဒ္ဓသည်၊ လောကေ- သတ္တလောကကြီးတစ်ခုလုံး၌)၊ **အနုတ္တရံ-** အမြတ်ဆုံးဖြစ်သော၊ **သမ္မာသမ္ဗောဓိံ-** မဖောက်မပြန် အမှန်ကိုယ်တိုင် သိစွမ်းနိုင်သော အရဟတ္တမဂ်ဉာဏ်ကို၊ **အဘိသမ္ဗုဒ္ဓေါ-** ထိုးထွင်း၍သိပြီ၊ **ဣတိ-** ဤသို့ **ပစ္စညာသိံ-** ဝန်ခံတော်မူခဲ့ပြီ၊ **မေ-** ငါဗုဒ္ဓ၏၊ **ဝိမုတ္တိ-** အရဟတ္တဖိုလ်ကို၊ **အကုပ္ပါ-** ဆန့်ကျင်ဘက်တရားတို့သည် မဖျက်ဆီးအပ်, မဖျက်ဆီးနိုင်၊ **အယံ-** ဤပဋိသန္ဓေတည်နေရခြင်းသည်၊ **အန္တိမာ-** နောက်ဆုံးဖြစ်သော၊ **ဇာတိ-** ပဋိသန္ဓေတည်နေရခြင်းတည်း၊ **ဒါနိ-** ယခုအခါ၌၊ **ပုန-** တဖန်ဘဝသည်၊ **နတ္ထိ-** မရှိတော့ပြီ၊ **ဣတိ-** ဤသို့ **ဒဿနံ-** သိမြင်တတ်သော၊ **ဉာဏဉ္စ-** ပစ္စဝေက္ခဏာဉာဏ်သည်လည်း၊ **ဥဒပါဒိ-** ထင်ရှားဖြစ်ပြီ။

ပစ္စဝေက္ခဏာဉာဏ်အနက်ဟော ဉာဏဒဿနသဒ္ဒါက တရားဟောပုံသဘော

အထက်ပါ ပါဠိတော်သည် ဗုဒ္ဓက ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်တရားတော်ကို ဟောတော်မူရာ၌ နောက်ဆုံး စကားရပ်ဖြစ်သော ဗုဒ္ဓအဖြစ်ကို ဝန်ခံကြောင်းဖြစ်သော အဆုံးသတ်ပါဠိတော်စကားရပ် ဖြစ်လေသည်။ ထိုတရားအဆုံး၌ ပဉ္စဝဂ္ဂီငါးဦးတွင် အရှင်ကောဏ္ဍညသည် သောတာပတ္တိမဂ်ဉာဏ်ကို ရရှိလေသည်။ မရေတွက်နိုင်သော နတ်တို့နှင့် (၁၈)ကုဋေသော ဗြဟ္မာတို့သည်လည်း သစ္စာသိမြင် ကျွတ်တန်းဝင်ကြလေသည်။ နတ်, ဗြဟ္မာတို့သည် 'ဗုဒ္ဓသည် သတ္တလောကကြီး၌ ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာ တစ်စုံတစ်ဦးမျှ မဟောနိုင်သော သစ္စာလေးပါးတည်းဟူသော တရားစကြာကို လည်စေနိုင်ပြီး ဟောကြား နိုင်ခဲ့လေပြီ' ဟူ၍ ကြွေးကြော်ကြလေပြီ။ တစ်သောင်းသော စကြာဝဠာလောကဓာတ်သည်လည်း, 'ဤမဟာပထဝီ' မြေကြီးသည် လည်း ပြင်းစွာတုန်လှုပ်လေပြီ။ အတိုင်းအရှည်မရှိသော အလင်းရောင်တို့သည်လည်း နတ်, ဗြဟ္မာတို့၏အရောင်ကို ကျော်လွန်၍ ထင်ရှားဖြစ်လေပြီ။ ဤဖော်ပြပါအချက်အရ ဗုဒ္ဓသည် စစ်မှန်သော ဗုဒ္ဓတစ်ဆူဖြစ်ကြောင်းမှာ အလွန်ထင်ရှားပေသည်။ သတ္တလောက ကြီးကို စတင်ဟောသော တရားဒေသနာတော်ဖြစ်၍ အလွန်တန်ခိုးအာနုဘော်ကြီးကြောင်းမှာလည်း ထင်ရှားလေသည်။ ဤ ဓမ္မစက္ကပ္ပဝတ္တနသုတ်၏ အဓိကတရားတော်သည် မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြစ်သော သစ္စာလေးပါး တရားတော်တည်း။ **ဤတရားအဆုံး** **၌ အရှင်ကောဏ္ဍညနှင့်တကွ နတ်, ဗြဟ္မာအပေါင်းတို့ သစ္စာသိမြင်၍ ပုထုဇဉ်ဘဝမှ ကျွတ်လွတ်ကြသကဲ့သို့ ဤမဇ္ဈိမပဋိပဒါ** **အကျင့်လမ်းစဉ်ဖြစ်သော သစ္စာလေးရပ် တရားမြတ်ဖြင့် ပုထုဇဉ်ဘဝမှ ကျွတ်လွတ်အောင် ကြိုးစားအားထုတ်နိုင်ကြသူ** **များ ဖြစ်ကြပါကုန်လော့။**

ဤ၌လိုအပ်သောအနက်

အထက်က ဖော်ပြခဲ့သည့်အတိုင်း ဉာဏဒဿနသဒ္ဒါ၏ 'မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, ဝိပဿနာဉာဏ်' ဟူ၍ ဟောနိုင်သောအနက်များမှ ဤသာမညဖလသုတ်၌ လိုအပ်သောအနက်သည် ဝိပဿနာဉာဏ်ခန်းကို ဟောနေသောကြောင့် ဝိပဿနာဉာဏ်ကိုသာ လိုအပ်ပေသည်။

ဝိပဿနာရှုပွါးပုံ

အထက်က ဝိပဿနာရှုပွါးပုံ ပါဠိတော်နှင့် အနက်ကို ဖော်ပြပြီးခဲ့လေပြီ။ ဤ၌ဆက်လက်၍ အဋ္ဌကထာဆရာ၏ ဝိပဿနာရှုပွါးပုံကို ပြဆိုချက်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

(၁) အနိစ္စမေဝ - အထက်ပါ ပါဠိတော်စကား၌ 'အနိစ္စမေဝ' ဟု ပါရှိလေရာ စတုတ္ထဈာန် သမာဓိကို အခြေခံ၍ ဝိပဿနာ ရှုပွါးရာတွင် အမာခံဓာတ်ကြီးလေးပါးရှိသော ရုပ်ခန္ဓာကိုယ်ကြီး၏ အဖြစ်အပျက် မမြဲခြင်းသဘောကို သိမြင်လေသည်။

(၂) ဥစ္ဆာဒနမေဝ - ထိုသို့ ဤခန္ဓာကိုယ်ကြီးသည် မမြဲသောကြောင့်ပင် မကောင်းသောအနံ့ကို ပယ်ဖျောက်ခြင်းအကျိုးငှာ နံ့သာရေကဲ့ဖြင့် အပေါ်အရေပြားကို လိမ်းကျံပေးခြင်းဖြင့် ဖုံးအုပ်ပေးရလေသည်။

(၃) ပရိမဒ္ဒနမေဝ - ထိုသို့ မမြဲသောကြောင့်ပင် ညောင်းညာခြင်းသဘောဖြင့် နှိပ်စက်တတ်သည်ဖြစ်၍ အညောင်းအညာ ပြေအောင် ကိုယ်လက်အင်္ဂါကြီး, ငယ်တို့ကို နှိပ်နယ်ပေးရခြင်း သဘောရှိသည်။

(၄) ထိုတွင်မက မွေးဖွားကာစ ငယ်ရွယ်စဉ်ကပင် ကိုယ်လက်စသော ပုံသဏ္ဌာန်တို့သည် အမိဝမ်း၌ ကိန်းအောင်းခဲ့ရသောကြောင့် မလှမပ အချိုးမကျ ဖြစ်နေတတ်ကြသည်။

(၅) ထို့ကြောင့် တတ်သိနားလည်သော မိဘတို့သည် ကလေးအား မိမိ၏ပေါင်ပေါ်၌ သိပ်ထား၍ နှာခေါင်းပုနေလျှင် နှာခေါင်းကို ဆွဲပေးခြင်း၊ မဖြောင့်လျှင်ဖြောင့်အောင်, နှာတန်ပေါ်အောင် ပြုလုပ်ပေးခြင်း၊ လက်, ခြေတို့ကိုဖြောင့်အောင် ပြုလုပ်ပေးခြင်း၊

(၆) 'နပူး, နှာရောင်, နောက်စေ့' တို့ မောက်နေ, ကောက်နေလျှင် ပြေပြစ်သွားအောင် ပြုလုပ်ပေးခြင်း စသည်ပြုပြင်ပေးရလေသည်။

(၇) သို့ကလောက် ပြုပြင်ပေးရသောရုပ်သည် 'မမြဲလေစွတကား, ဆင်းရဲလေစွတကား, အစိုးမရ အနတ္တပါတကား'။ ထိုရုပ်ကိုမှီ၍ဖြစ်သော စိတ်ဝိညာဏ်နှင့်တကွ နာမ်တရားတို့သည်လည်း 'မမြဲလေစွတကား, ဆင်းရဲလေစွတကား, အစိုးမရ အနတ္တပါတကား' ဟု ခွဲခြားသိမြင်လေသည်။

(၈) ဝိပဿနာဉာဏ်ဟူသည် ပရမတ္ထဖြစ်သော ရုပ်, နာမ်တရားတို့၏ ခဏတိုင်း, ခဏတိုင်း ဖြစ်ပျက်နေမှုသဘောကို ဥဒယဗ္ဗယဉာဏ်ဖြင့် သိမြင်မှုဖြစ်သည်။

(၉) ဤ၌ အဘယ်နည်းဖြင့် ထိုသို့သိမြင်သနည်းဟူမူ စတုတ္ထဈာန်သမာဓိက အလွန်အားကောင်းသောကြောင့် 'ရူပီ' ဟူသော ရုပ်သဘောကိုလည်းကောင်း, 'စာတုမဟာဘူတိကာ' ဟူသော ဓာတ်ကြီးလေးပါးတို့ကိုလည်းကောင်း, 'ဣဒဉ္စ ပန မေ ဝိညာဏံ' ဟူသော ထိုရုပ်တို့ကိုမှီပြီးမှ ဖြစ်ပေါ်လာရသော ဝိညာဏ်နှင့်တကွသော ဖဿပဉ္စမကတရားတို့ကိုလည်းကောင်း, ထိုနှင့်ဆက်သွယ်၍ဖြစ်ရသော 'စိတ်, စေတသိက်' အားလုံးတို့ကိုလည်းကောင်း ရုပ်, နာမ်တို့၏ ပရမတ္ထသဘောအတိုင်း 'ဖြစ်, ပျက်' နေမှုကို ကောင်းစွာသိမြင်လေသည်။ *(ဒီ ဋ္ဌ- ၁- ၁၉၇ / ၁၉၈)*

စတုတ္ထဈာန်၏ အခြားမဲ့၌ ဝိပဿနာကို ပြရခြင်းအကြောင်း

(၁) ဝိပဿနာဉာဏ်သည် 'သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်' ဟူသော မဂ်လေးပါးတို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုလေသည်။

(၂) ထိုတွင် အရဟတ္တမဂ်ဉာဏ်သည် အာသဝက္ခယဉာဏ်တည်း။ ထိုအာသဝက္ခယဉာဏ်သည် အဘိညာဉ်ခြောက်ပါးတွင် ပါဝင်ရကား စတုတ္ထဈာန်မှတဆင့် အဘိညာဉ်ရအောင် အားထုတ်သောအခါ၌ ရှေးအဘိညာဉ်ငါးပါးသည် လောကီအဘိညာဉ် ဖြစ်သည်။ အရဟတ္တမဂ်ဉာဏ်ကား လောကုတ္တရာအဘိညာဉ် ဖြစ်သည်။

(၃) ထို့ကြောင့် လောကီအဘိညာဉ်တို့ကို ရှေးဦးစွာ ပြရမည်ဖြစ်ရာ ဤဝိပဿနာသည် အဘိညာဉ်၏ လက္ခဏာမရှိသောကြောင့် လောကီအဘိညာဉ်ငါးပါးအပြီး၌ ဝိပဿနာဝင်ဘို့ရန် အခွင့်မသင့်သည်ဖြစ်၍ စတုတ္ထဈာန်၏ အခြားမဲ့၌ ဤဝိပဿနာကို ရှေးဦးစွာ ဟောတော်မူခြင်းဖြစ်ကြောင်း အဋ္ဌကထာဆရာ ပြဆိုလေသည်။

(၄) ထိုမှတပါး ဝိပဿနာ မရှုပွါးသော ပုဂ္ဂိုလ်အား ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြောက်မက်ဖွယ်အသံကို ကြားရသော်လည်းကောင်း, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဖြင့် ကြောက်မက်ဖွယ် ခန္ဓာဘဝတို့ကို မြင်ရသော်လည်းကောင်း, ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြောက်မက်ဖွယ်အဆင်းကို မြင်ရသော်လည်းကောင်း ကြောက်စိတ်ဖြစ်ပေါ်တတ်လေသည်။ ရုပ်, နာမ်တို့၏ ဖြစ်ပျက်မှုကို ရှုမြင်သော ပုဂ္ဂိုလ်အား ထိုကြောက်စိတ်တို့ကို ပယ်ဖျောက်နိုင်လေသည်။ ထို့ကြောင့် ထိုကြောက်စိတ်တို့ကိုလည်း ပယ်ဖျောက်နိုင်ခြင်း အကျိုးငှာ စတုတ္ထဈာန်၏ အခြားမဲ့၌ ဤဝိပဿနာကို ရှေးဦးစွာ ဟောတော်မူရခြင်း ဖြစ်လေသည်။

(၅) ထိုမှတပါး စတုတ္ထဈာန် သမာဓိကနေ ရုပ်, နာမ် ပရမတ် ဖြစ်ပျက်ကို ရှုသောအခါ၌ အားကောင်းသော သမာဓိကြောင့် ဉဒယဗ္ဗယဉာဏ်လည်း အားကောင်းစွာ ရုပ်, နာမ်တို့၏ ခဏမစဲ ဖြစ်ပျက်မှုသဘောကို ကွဲကွဲပြားပြား သိမြင်လေသည်။

(၆) ထိုသို့သိမြင်သောအခါ ရှေးကတစ်ကြိမ်တစ်ခါမျှ ဤအသိဉာဏ်မျိုး မဖြစ်ဘူးသေးသောကြောင့် ဝိပဿနာဉာဏ်ကြောင့်ဖြစ်သော **'ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ'** တရားတို့ အစဉ်အတိုင်း ဖြစ်ပေါ်လာလေသည်။ ယင်း **'ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ'** တရားတို့သည် ဝိပဿနာသုခ ဖြစ်လေသည်။

(၇) ယင်းဝိပဿနာသုခသည် မဂ္ဂဖလသုခကို ဖြစ်စေနိုင်သောကြောင့် သန္ဒိဋ္ဌိကသာမညဖလ ဖြစ်လေသည်။ ထို့ကြောင့် ဤဝိပဿနာဉာဏ်သည်လည်း သီးခြား **'သာမညဖလ'** ဖြစ်သည်ဟု သိစေလိုသောကြောင့် အဘိညာဉ်တို့၏ ရှေးဦးစွာ ဤဝိပဿနာကို ဗုဒ္ဓဟောတော်မူခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၁၉၇)*

သန္ဒိဋ္ဌိကသာမညဖလ ဝိပဿနာချမ်းသာ

ထို့ကြောင့် စတုတ္ထဈာန်သမာဓိကို အခြေခံ၍ ဝိပဿနာပွါးများသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာဉာဏ် ဖြစ်ပေါ်လာသော ဤဝိပဿနာချမ်းသာသည်လည်း ရှေး၌ဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရခြင်း အကျိုးတို့ထက် သာလွန်၍ နှစ်သက်ဖွယ်လည်းဖြစ်သော, သာလွန်၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရခြင်း အကျိုးတည်းဟု ဗုဒ္ဓသည် အဇာတသတ်မင်းအား ဟောကြားတော်မူလေသည်။

ဝိဇ္ဇာရှစ်ပါး အဘိညာဉ်ခြောက်ပါးရရန် အင်္ဂါရှစ်ပါး

ဝိဇ္ဇာရှစ်ပါးဟူသည် **(၁) ဝိပဿနာဉာဏ်၊ (၂) မနောမယိဒ္ဓိဉာဏ်၊ (၃) ဣဒ္ဓိဝိဓဉာဏ်၊ (၄) ဒိဗ္ဗသောတဉာဏ်၊ (၅) စေတောပရိယဉာဏ်၊ (၆) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ (၇) စုတူပပါတဉာဏ်** *(ဒိဗ္ဗစက္ခုဉာဏ်ဟုလည်း ခေါ်သည်)*၊ **(၈) အာသဝက္ခယဉာဏ်** ဟူ၍ ရှစ်ပါးရှိလေသည်။

အဘိညာဉ်ခြောက်ပါးကား **(၁) ဣဒ္ဓိဝိဓအဘိညာဉ်၊ (၂) ဒိဗ္ဗသောတအဘိညာဉ်၊ (၃) စေတောပရိယအဘိညာဉ်၊ (၄) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊ (၅) ဒိဗ္ဗစက္ခုအဘိညာဉ်၊ (၆) အာသဝက္ခယအဘိညာဉ်** ဟူ၍ အဘိညာဉ်ခြောက်ပါး ရှိလေသည်။

အထက်ပါ ဝိဇ္ဇာရှစ်ပါးတွင် မနောမယိဒ္ဓိကို ဣဒ္ဓိဝိဓအဘိညာဉ်သို့ သွင်းယူသည်။ စုတူပပါတဉာဏ်ကို ဒိဗ္ဗစက္ခုအဘိညာဉ်ထဲ သွင်းယူသည်။

ဝိဇ္ဇာရှစ်ပါးဖြစ်စေ, အဘိညာဉ်ခြောက်ပါးဖြစ်စေ ရရန်မှာ အောက်ပါအင်္ဂါရှစ်ပါးနှင့် ပြည့်စုံရမည်။

စတုတ္ထဈာန်ကိုရသော ယောဂီရဟန်းသည်-

(၁) သမာဟိတ - စိတ်သည် တည်ကြည်နေသည်။

(၂) ပရိသုဒ္ဓ - စိတ်သည် စင်ကြယ်နေသည်။

(၃) ပရိယောဒါတ - စိတ်သည် အလွန်ဖြူစင်နေသည်။

(၄) အနင်္ဂဏ – စိတ်သည် ကိလေသာ အညစ်အကြေးမှ အလွန်ကင်းစင်နေသည်။
(၅) ဝိဂတူပက္ကိလေသ – စိတ်သည် ညစ်နွမ်းမှု လုံးဝမရှိပေ။
(၆) မုဒုဘူတ – စိတ်သည် အလွန်နူးညံ့နေသည်။
(၇) ကမ္မနိယဋ္ဌိတ – စိတ်သည် အလိုရှိအပ်သော ဝိဇ္ဇာဉာဏ်နှင့် အဘိညာဉ်တို့ကိုရရန် အဆင်သင့် ဖြစ်နေသည်။
(၈) အာနေဉ္ဇပတ္တ – စိတ်သည် တုန်လှုပ်မှု မရှိတော့ပေ။

သန္ဒိဋ္ဌိကသာမညဖလ မနောမယိဒ္ဓိဉာဏ်

အထက်ပါ အင်္ဂါရှစ်ချက်နှင့် ပြည့်စုံသော ရဟန်းသည် 'မနောမယ' ခေါ် အဘိညာဉ်စိတ်ကြောင့် ဖြစ်ပေါ်လာသော ဝါ အဓိဋ္ဌာန်စိတ်ကြောင့် ဖြစ်ပေါ်လာသော မိမိခန္ဓာကိုယ်အတွင်း၌ မိမိရုပ်နှင့်တူသော ရုပ်ခန္ဓာကိုယ်ကို ဖန်ဆင်းလေသည်။ ထိုဖန်ဆင်းသော ရုပ်ကို လူအများမြင်အောင် ထုတ်ပြလေသည်။

ဤသည်လည်း ရှေးကထက် သာ၍လွန်မြတ်သော သန္ဒိဋ္ဌိကသာမညဖလ ဖြစ်လေသည်။

သန္ဒိဋ္ဌိကသာမညဖလ ဣဒ္ဓိဝိဓဉာဏ်

ဖော်ပြခဲ့ပြီးသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် 'ဣဒ္ဓိဝိဓိဉာဏ်' အလို့ငှာ စိတ်ကိုညွတ်လိုက်သောအခါ တစ်ပါးမက များစွာသော တန်ခိုးဖန်ဆင်းမှုကို ပြီးစေလေသည်။ တစ်ပါးတည်းကနေ အများကြီးဖြစ်အောင်လည်း ဖန်ဆင်းနိုင်သည်။ မိမိခန္ဓာကိုယ်ကိုလည်း ထင်ရှားလည်းပြနိုင်, ပျောက်ကွယ်အောင်လည်း ပြုလုပ်နိုင်လေသည်။ မြေ၌လည်း ရေ၌ကဲ့သို့ ငုပ်ခြင်း, ပေါ်ခြင်းကို ပြုလုပ်နိုင်လေသည်။ ရေ၌လည်း မြေ၌ကဲ့သို့ သွားလာနိုင်သည်။ ကောင်းကင်သို့လည်း ကြွသွားနိုင်သည်။ 'လ, နေ' တို့ကိုလည်း သုံးသပ်ဆုပ်ကိုင်နိုင်သည်။ နတ်ပြည်, ဗြဟ္မာ့ပြည်သို့လည်း ကြွနိုင်လေသည်။ တောင်နံရံခြားစေကာမူ ကောင်းကင်ကဲ့သို့ သွားလာနိုင်သည်။

ဤသည်လည်း ရှေးကထက် သာလွန်မွန်မြတ်သော သန္ဒိဋ္ဌိကသာမညဖလ ဖြစ်လေသည်။

သန္ဒိဋ္ဌိကသာမညဖလ ဒိဗ္ဗသောတဉာဏ်

ဖော်ပြခဲ့ပြီးသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ယောဂီရဟန်းသည် ဒိဗ္ဗသောတဉာဏ်အလို့ငှာ စိတ်ကိုညွတ်လိုက်သောအခါ နတ်နားကဲ့သို့သော ဒိဗ္ဗသောတဉာဏ်ကို ရလေသည်။ နတ်၌ဖြစ်သောအသံ, လူ၌ဖြစ်သောအသံ, အဝေးကြီးကအသံ, အနီးကအသံ, တိုးသံ, ကျယ်သံ, ဗြဟ္မာတို့၏အသံတို့ကို ကြားစွမ်းနိုင်လေသည်။

ဤသည်လည်း ရှေးကထက် သာလွန်မွန်မြတ်သော သန္ဒိဋ္ဌိကသာမညဖလ ဖြစ်လေသည်။

သန္ဒိဋ္ဌိကသာမညဖလ စေတောပရိယဉာဏ်

ဖော်ပြပါ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် စေတောပရိယဉာဏ်အလို့ငှာ စိတ်ကိုညွတ်လိုက်သောအခါ သူတပါးတို့၏ စိတ်အမျိုးမျိုး ဖြစ်နေပုံကို မိမိစိတ်ဖြင့် ပိုင်းခြားကွဲပြားစွာ သိလေသည်။

ဤသည်လည်း ရှေးကထက် သာလွန်မွန်မြတ်သော သန္ဒိဋ္ဌိကသာမညဖလ ဖြစ်လေသည်။

သန္ဒိဋ္ဌိကသာမညဖလ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်

ဖော်ပြခဲ့ပြီးသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အလို့ငှာ စိတ်ကိုညွတ်လိုက်သောအခါ မိမိ၏ ရှေးဖြစ်ဟောင်းဘဝ တစ်ဘဝကနေ ဘဝပေါင်း သိန်းပေါင်းများစွာအထိ ပိုင်းခြားထင်ထင် သိမြင်လေသည်။

ဤသည်လည်း ရှေးကထက် သာလွန်မွန်မြတ်သော သန္ဒိဋ္ဌိကသာမညဖလ ဖြစ်လေသည်။

သန္တိဋ္ဌိကသာမညဖလ စုတူပပါတဉာဏ်

အထက်ဖော်ပြပါ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ယောဂီရဟန်းသည် စုတူပပါတဉာဏ်အလို့ငှာ စိတ်ကိုညွတ်လိုက်သောအခါ အထူးသဖြင့် စင်ကြယ်သော, လူတို့၏ မျက်စိထက် သာလွန်သော, နတ်တို့၏ မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ကို ရလေသည်။ ထိုဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲ သတ္တဝါ, ပဋိသန္ဓေနေဆဲ သတ္တဝါများနှင့် အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌ ရှိကုန်သော သတ္တဝါတို့ကို ကောင်းစွာတွေ့မြင်ရလေသည်။ ကုသိုလ်ကံအားလျော်စွာ, အကုသိုလ်ကံအားလျော်စွာ ဖြစ်နေကြကုန်သော သတ္တဝါတို့ကို ကောင်းစွာသိမြင်လေသည်။ *('စုတူပပါတ, ဉာဏ်' ဟူသည် စုတိ+ဥပပါတ ဟူသော နှစ်ပုဒ်ကို ပုဒ်ခပ်ထားခြင်း ဖြစ်သည်။ စုတိပုဒ်က စုတေခြင်း အဓိပ္ပါယ်ကိုရပြီး၊ ဥပပါတပုဒ်က ပဋိသန္ဓေနေခြင်း အဓိပ္ပါယ်ကို ရလေသည်။ ဉာဏ်က သိမြင်ခြင်းပင် ဖြစ်လေသည်။)*

ဤသည်လည်း ရှေးကထက် သာလွန်မွန်မြတ်သော သန္တိဋ္ဌိကသာမညဖလ ဖြစ်လေသည်။

သန္တိဋ္ဌိကသာမညဖလ အာသဝက္ခယဉာဏ်

ပါဠိတော်၌ အာသဝက္ခယဉာဏ်ကို **'အာသဝါနံ ခယဉာဏာယ'** ဟု ပါဠိပုဒ်ဖြင့် ပြလေသည်။ အဓိပ္ပါယ်မှာ 'အာသဝတရား လေးပါးတို့၏ ကုန်ခြင်းကို သိသောဉာဏ်' ဟု အဓိပ္ပါယ်ရလေသည်။ အထက်ဖော်ပြပါ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ယောဂီရဟန်းသည် အာသဝက္ခယဉာဏ်အလို့ငှာ စိတ်ကိုညွတ်လိုက်သောအခါ အာသဝက္ခယဉာဏ်ကို ရလေသည်။ ရပုံကား ဤသို့ဖြစ်လေသည်။

(၁) ဤ၌ **'အာသဝက္ခယဉာဏ်'** ဟူသည် အရဟတ္တမဂ်ဉာဏ်ကို ဆိုလိုပေသည်။ ဤအရဟတ္တမဂ်ဉာဏ်ကိုရရန် ဝိပဿနာကို ရှေးဦးစွာ ပွါးရလေသည်။ သို့ဖြစ်၍ စတုတ္ထဈာန်စိတ်သည် ဝိပဿနာပွါးခြင်း၏ အခြေခံစိတ် ဖြစ်ရလေသည်။ ထိုသို့ဖြစ်ကြောင်းကို အဋ္ဌကထာ နှာ(၂၀၀)တွင် **'တတ္ထ ဝိပဿနာ ပါဒကံ စတုတ္ထဇ္ဈာနစိတ္တံ ဝေဒိတဗ္ဗံ'** ဟု ပြဆိုထားလေသည်။

(၂) ရုပ်, နာမ် ပရမတ်သဘောကို ဝိပဿနာ ရှုပွါးရာတွင် ပရမတ်တို့၏ ရုပ်, နာမ်သဘောမျှကိုလည်းကောင်း၊ ထိုရုပ်, နာမ် ပရမတ်တို့၏ ဖြစ်မှုကိုလည်းကောင်း၊ ပျက်မှုကိုလည်းကောင်း၊ ဖြစ်မှု, ပျက်မှုကိုလည်းကောင်း သိသည်မှစ၍ ဝိပဿနာဉာဏ်စဉ်တွေ အဆင့်ဆင့်တက်ပြီး ဝိပဿနာဉာဏ်၏အဆုံး ဂေါတြဘူဉာဏ် ပေါ်ပြီးနောက် သောတာပတ္တိမဂ်ဉာဏ် ပေါ်လေသည်။ ထိုသောတာပတ္တိမဂ်ဉာဏ်ဖြင့် ကိလေသာ (၁၀)ပါးတွင် **'ဒိဋ္ဌိ, ဝိစိကိစ္ဆာ'** ဟူသော ကိလေသာ (၂)ပါးကို အကြွင်းမဲ့ ပယ်သတ်လေသည်။ ထို့နောက် သောတာပတ္တိဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်များ ပေါ်လေသည်။

(၃) ထိုယောဂီရဟန်းသည် ဆက်လက်၍ ဝိပဿနာ ရှုပွါးရာတွင် ပရမတ်ရုပ်, နာမ်တို့၏ ဖြစ်ပျက်မှုကိုမြင်ပြီး အစဉ်အတိုင်း ဝိပဿနာဉာဏ်စဉ် ဖြစ်လေရာ ဝိပဿနာဉာဏ်၏ အဆုံးဖြစ်သော ဂေါတြဘူဉာဏ်နေရာတွင် ဝေါဒါန်ပေါ်လာပြီး သကဒါဂါမိမဂ်ဉာဏ် ရလေသည်။ ထိုမဂ်ဉာဏ်ဖြင့် ရာဂ, ဒေါသ, မောဟတို့ကို အားနည်းစေလေသည်။ ထို့နောက် သကဒါဂါမိဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ပေါ်လေသည်။

(၄) ထိုယောဂီရဟန်းသည် ဆက်လက်၍ ဝိပဿနာ ရှုပွါးရာတွင် ပရမတ်ရုပ်, နာမ်တို့၏ ဖြစ်, ပျက်မှုကိုမြင်ပြီး ဝိပဿနာဉာဏ်စဉ်များ အစဉ်အတိုင်း ဖြစ်ပေါ်လာပြီးနောက် ဝေါဒါန်အဆုံးတွင် အနာဂါမိမဂ်ဉာဏ် ပေါ်လေသည်။ ထိုမဂ်ဉာဏ်ဖြင့် ကာမရာဂနှင့် ဗျာပါဒဒေါသတို့ကို အကြွင်းမဲ့ ပယ်သတ်လေသည်။ ထို့နောက် အနာဂါမိဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်များ ပေါ်လေသည်။

(၅) ထိုယောဂီရဟန်းသည် ဆက်လက်၍ ဝိပဿနာ ရှုပွါးရာတွင် ပရမတ်ရုပ်, နာမ်တို့၏ ဖြစ်, ပျက်ကိုမြင်ပြီး ဝိပဿနာဉာဏ်စဉ်များ အစဉ်အတိုင်း ဖြစ်ပေါ်ပြီးနောက် ဝေါဒါန်အဆုံးတွင် အရဟတ္တမဂ်ဉာဏ် ပေါ်လေသည်။ ထိုအရဟတ္တမဂ်ဉာဏ်ဖြင့် ကြွင်းကျန်နေသော **'ဘဝရာဂ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ'** ဟူသော ကိလေသာမုန်သမျှကို အကြွင်းမဲ့ ပယ်ဖြတ်လေသည်။ အရဟတ္တမဂ်ဉာဏ်ဖြင့် မပယ်ရသေးသော ကိလေသာ, နီဝရဏ, အကုသိုလ်တရားများ အနည်းငယ်မျှ မရှိတော့ဘဲ ကိလေသာခပ်သိမ်း ချုပ်ငြိမ်း၍ ရဟန္တာအဖြစ်သို့ ရောက်လေသည်။ အရဟတ္တမဂ်ဉာဏ်ကိုရပြီး အရဟတ္တဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်များ ရသည်ကို လောက၌ **'အဂ္ဂဒက္ခိဏေယျ'** ဒေါ် မြတ်သောအလှူခံပုဂ္ဂိုလ်ဖြစ်သော **'ခီဏာသဝေါ'** အာသဝေါ ကုန်ပြီးသော **'အရဟာနာမ'** ရဟန္တာပုဂ္ဂိုလ်မည်သည်၊ တောတိ- ဖြစ်လေတော့၏။

အာသဝက္ခယဉာဏ်ဖြစ်ပုံ

ဗုဒ္ဓသည် အာသဝက္ခယဉာဏ်ဖြစ်ပုံကို အောက်ပါအတိုင်း ဟောကြားတော်မူထားလေသည်။

(၁) သော ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။

(၂) အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ။

(၃) အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ။

(၄) အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။

(၅) တဿ ဧဝံ ဇာနတော ဧဝံ ပဿတော ကာမာသဝါပိ စိတ္တံ ဝိမုစ္စတိ၊ ဘဝါသဝါပိ စိတ္တံ ဝိမုစ္စတိ၊ အဝိဇ္ဇာသဝါပိ စိတ္တံ ဝိမုစ္စတိ။

(၆) ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊

(၇) ခီဏာဇာတိ၊

(၈) ဝုသိတံ ဗြဟ္မစရိယံ၊

(၉) နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။ *(ဒီ- ၁- ၇၉)*

(၁) ဣဒံ- ဤတဏှာကြဉ်ထား တေဘူမကတရားသည် *(ရုပ်, နာမ်သင်္ခါရတရားတို့သည်)* ဒုက္ခံ- ဒုက္ခသစ္စာတည်း၊ ဣတိ- ဤသို့ ယထာဘူတံ- ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ- ကွဲပြားစွာသိ၏။

(၂) အယံ- ဤတဏှာသည်၊ ဒုက္ခသမုဒယော- ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာတည်း၊ ဣတိ- ဤသို့ ယထာဘူတံ- ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ- ကွဲပြားစွာသိ၏။

(၃) အယံ- ဤနိဗ္ဗာန်သည်၊ ဒုက္ခနိရောဓော- ဒုက္ခချုပ်ကြောင်း နိရောဓသစ္စာတည်း၊ ဣတိ- ဤသို့ ယထာဘူတံ- ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ- ကွဲပြားစွာသိ၏။

(၄) အယံ- ဤမဂ္ဂင်ရှစ်ပါးသည်၊ ဒုက္ခနိရောဓဂါမိနီ- ဒုက္ခချုပ်ကြောင်း နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော၊ ပဋိပဒါ- အကျင့်ဖြစ်သော မဂ္ဂသစ္စာတည်း၊ ဣတိ- ဤသို့ ယထာဘူတံ- ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ- ကွဲပြားစွာသိ၏။

(၅) တဿ- ထိုရဟန်း၏၊ ဧဝံ- ဤသို့ ဇာနတော- သိလတ်သော်၊ ဧဝံ- ဤသို့ ပဿတော- မြင်လတ်သော်၊ ကာမာသဝါပိ- ကာမာသဝမှလည်း၊ စိတ္တံ- စိတ်သည်၊ ဝိမုစ္စတိ- လွတ်၏၊ ဘဝါသဝါပိ- ဘဝါသဝမှလည်း၊ စိတ္တံ- စိတ်သည်၊ ဝိမုစ္စတိ- လွတ်၏၊ အဝိဇ္ဇာသဝါပိ- အဝိဇ္ဇာသဝမှလည်း၊ စိတ္တံ- စိတ်သည်၊ ဝိမုစ္စတိ- လွတ်၏၊ *(ဤပါဠိဖြင့် မဂ်ဉာဏ်အခိုက်ကို ပြခြင်းတည်း။)*

(၆) စိတ္တံ- စိတ်သည်၊ ဝိမုတ္တသ္မိံ- အာသဝေါတို့မှ လွတ်ပြီးလတ်သော်၊ *(ဤအခိုက်ဖြင့် ဖိုလ်ဉာဏ်ကို ပြခြင်းတည်း။)* မေ- ငါ၏၊ စိတ္တံ- စိတ်သည်၊ ဝိမုတ္တံ- အာသဝေါတို့မှလွတ်ပြီ၊ ဣတိ- ဤသို့ ဉာဏံ- ပစ္စဝေက္ခဏာဉာဏ်သည်၊ ဟောတိ- ဖြစ်၏။

(၇) ဇာတိ- ပဋိသန္ဓေနေရခြင်းသည်၊ ခီဏာ- ကုန်ပြီ။

(၈) ဗြဟ္မစရိယံ- မဂ်ဟူသော မြတ်သောအကျင့်ကို၊ ဝုသိတံ- ကျင့်သုံးပြီးပြီ။

(၉) ကရဏီယံ- ပြုသင့်ပြုထိုက်သော (၁၆)ပါးသော မဂ်ကိစ္စကို၊ ကတံ- ပြုပြီးပြီ။

(၁၀) ဣတ္ထတ္တာယ- နောက်ထပ်မဂ်ဉာဏ်ပေါ်ခြင်းကိစ္စအလို့ငှာ၊ အပရံ- တစ်ပါးသော မဂ်ဉာဏ်ကို ဖြစ်စေဘွယ်ကိစ္စသည်၊ န- မရှိတော့ပြီ၊ ဝါ ဣတ္ထတ္တာယ- ဤဘဝခန္ဓာမှ၊ အပရံ- တစ်ပါးသော အနာဂါတ်ခန္ဓာအစဉ်သည်၊ န- မရှိတော့ပြီ၊ ဣတိ- ဤသို့ ပဇာနာတိ- ကွဲပြားစွာသိ၏။

အာသဝါနံ ခယ အရ ယူပုံ

အဋ္ဌကထာဆရာသည် အာသဝါနံ ခယ အရကို 'မဂ်, ဖိုလ်, နိဗ္ဗာန်, ဘင်္ဂခဏ' လေးမျိုးကို ယူအပ်၏ဟု ပြဆိုလေသည်။ *(ဒီ ဋ္ဌ- ၁- ၂၀၀)*

မဂ္ဂအနက်ဟော အာသဝါနံ ခယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ အာသဝါနံ ခယသဒ္ဒါ၏ မဂ္ဂ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ခယေ ဉာဏံ အနုပ္ပါဒေ ဉာဏံ။ *(ဒီ ဋ္ဌ- ၁- ၂၀၀၊ အဘိ- ၁- ၂၀၀)*

အာသဝါနံ- အာသဝေါတရားတို့၏၊ **ခယေ**- ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်၌၊ **ဉာဏံ**- ဉာဏ်သည်၊ **အတ္ထိ**- ရှိ၏၊ *(ဤကား မဂ္ဂအနက်၌ ဖြစ်ပုံသာဓကတည်း။)* **အနုပ္ပါဒေ**- အာသဝေါတရားတို့၏ မဖြစ်ကြောင်း အရဟတ္တဖိုလ်၌၊ **ဉာဏံ**- ဉာဏ်သည်၊ **အတ္ထိ**- ရှိ၏။

အထက်ပါ ဒေသနာတော်၌ မဂ်ဉာဏ်ရမှ ကိလေသာ အာသဝေါတရားတွေ ကုန်ခန်းမည်ဟု ဆိုထားလေသည်။ ထိုဆိုထားချက်အရ မဂ်ဉာဏ်သည် ဗုဒ္ဓသာသနာတော်၌ အဓိကကျသော တရားတော်ဖြစ်သည်။ သတ္တဝါတို့အား ဒုက္ခအမျိုးမျိုး ပေးနေကြသည်မှာ ကိလေသာအာသဝေါတရားတို့တည်း။ ထိုကိလေသာအာသဝေါတရားတို့ကို အရိယမဂ်ဉာဏ်ကသာလျှင် အကြွင်းမဲ့ မျိုးပြုတ်အောင် ပယ်သတ်နိုင်သည် ဖြစ်သောကြောင့် **အရိယမဂ်ဉာဏ်ရအောင် အားထုတ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

ဖိုလ်အနက်ဟော အာသဝါနံ ခယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အာသဝါနံ ခယသဒ္ဒါ၏ မဂ္ဂ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အာသဝါနံ ခယသဒ္ဒါ၏ ဖိုလ် အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အာသဝါနံ ခယာ သမဏော ဟောတိ။ *(ဒီ ဋ္ဌ- ၁- ၂၀၀၊ မ- ၁- ၃၅၃)*

အာသဝါနံ- အာသဝေါတရားတို့၏၊ **ခယာ**- ကုန်ပြီးခြင်းကြောင့်၊ **သမဏော**- သမဏသည်၊ **ဟောတိ**- ဖြစ်၏။

အထက်ပါ ပါဠိရပ်သည် မူလပဏ္ဏာသပါဠိတော်- မဟာယမကဝဂ်- စူဠအဿပုရသုတ်၌ လာရှိလေသည်။ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ခတ္တိယကုလာစေပိ အဂါရသ္မာ အနာဂါရိယံ ပဗ္ဗဇိတော ဟောတိ၊ သောစ အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အာသဝါနံ ခယာ သမဏော ဟောတိ။ *(မ- ၁- ၃၅၃)*

ခတ္တိယကုလာစေပိ- မင်းမျိုးမှသော်လည်းကောင်း၊ (ဗြာဟ္မဏကုလာစေပိ- ပုဏ္ဏားမျိုးမှသော်လည်းကောင်း၊ **ဝေဿကုလာစေပိ**- ကုန်သည်မျိုးမှသော်လည်းကောင်း၊ သုဒ္ဒကုလာစေပိ- သူဆင်းရဲမျိုးမှသော်လည်းကောင်း)၊ **အဂါရသ္မာ**- လူ့ဘောင်မှ၊ **နိက္ခမိတွာ**- ထွက်၍၊ **အနာဂါရိယံ**- ရဟန်းဘောင်၌၊ **ပဗ္ဗဇိတော**- ရဟန်းပြုသည်၊ **ဟောတိ**- ဖြစ်၏၊ **သောစ**- ထိုရဟန်းသည်လည်း၊ **အာသဝါနံ**- အာသဝေါတရားတို့၏၊ **ခယာ**- ကုန်ခြင်းကြောင့်၊ **အနာသဝံ**- အာသဝေါကင်းသော၊ **စေတောဝိမုတ္တိံ**- အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သော ရာဂမှလွတ်သော သမာဓိကို၊ **ပညာဝိမုတ္တိံ**- အရဟတ္တဖိုလ်ပညာနှင့်ယှဉ်သော အဝိဇ္ဇာမှလွတ်သော ပညာဝိမုတ္တိကို၊ **ဒိဋ္ဌေဝဓမ္မေ**- မျက်မှောက်ဘဝ၌ပင်လျှင်၊ **သယံ အဘိညာ**- ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်၊ **သစ္ဆိကတွာ**- မျက်မှောက်ပြု၍၊ **ဥပသမ္ပဇ္ဇ**- ရောက်၍၊ **ဝိဟရတိ**- နေ၏၊ **အာသဝါနံ**- အာသဝေါတရားတို့၏၊ **ခယာ**- အကြွင်းမဲ့ကုန်ခြင်းကြောင့်၊ **သမဏော**- ကိလေသာအလုံးစုံ ငြိမ်းအေးပြီးသော သမဏမည်သည်၊ **ဟောတိ**- ဖြစ်၏။

ဖိုလ်ဉာဏ်အနက်ဟော အာသဝါနံ ခယသဒ္ဒါက တရားဟောပုံသဘော

'ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ' ဟူ၍ အာသဝေါတရား လေးပါးရှိသည်။ ထိုတွင် သောတာပတ္တိမဂ်ဉာဏ်ဖြင့် ဒိဋ္ဌာသဝကို အပြီးတိုင်ပယ်သည်။ သကဒါဂါမိမဂ်ဉာဏ်ဖြင့် ကာမာသဝကို အားနည်းစေသည်။ အနာဂါမိမဂ်ဉာဏ်ဖြင့် ကာမာသဝကို အပြီးတိုင်ပယ်သည်။ အရဟတ္တမဂ်ဉာဏ်ဖြင့် ဘဝါသဝ, အဝိဇ္ဇာသဝတို့ကို အပြီးတိုင်ပယ်သည်။ အာသဝေါတရားလေးပါး ကုန်ခန်းသောအခါ ကိလေသာ နိဝရဏတရားများနှင့် အကုသိုလ်တရားအားလုံးတို့ကိုလည်း ပယ်ပြီးဖြစ်တော့သည်။ ထို့ကြောင့် အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်သည်ဟူ၍ ခေါ်ဆိုရလေသည်။

'မင်းမျိုး, ပုဏ္ဏားမျိုး, ကုန်သည်မျိုး (သူဌေးမျိုး, သူကြွယ်မျိုး) သူဆင်းရဲမျိုး' ဟူ၍ အမျိုးကြီး လေးမျိုးရှိရာ အာသဝေါတရား လေးပါးတို့တွင် အဘယ်အာသဝေါတရားကိုမျှ မပယ်ရသေးသော ပုထုဇဉ်ဘဝနှင့် ရှိနေကြမည်ဆိုပါက မပယ်နိုင်ကြသော ပုဂ္ဂိုလ်တို့၏ စိတ်သန္တာန်၌ ရာဂမီး, ဒေါသမီး, မောဟမီး, မာနမီးစသော ကိလေသာမီးများ တငွေ့ငွေ့ လောင်မြိုက်နေမည် ဖြစ်သည်။

အထက်ပါ အမျိုးကြီးလေးမျိုးတွင် အဘယ်အမျိုးမဆို လူ့ဘောင်ကိုစွန့်၍ ရဟန်းဘောင်သို့ ဝင်ရောက်ပြီးလျှင် ဝိပဿနာတရားတို့ကို အားထုတ်၍ မဂ်လေးရပ်အစဉ်ဖြင့် အာသဝေါတရားအားလုံးကို ပယ်သတ်နိုင်သောအခါ အရဟတ္တဖိုလ်ဉာဏ်ကို ရရှိသည်ဖြစ်သောကြောင့် ကိလေသာ အပူအလောင်တို့မှ လွတ်ကင်းသော အရဟတ္တဖိုလ်ချမ်းသာကို ကောင်းစွာခံစားနိုင်သည်ဖြစ်၍ 'အရဟန္တ' ရဟန္တာပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရလေသည်။ ယင်းရဟန္တာပုဂ္ဂိုလ်ကို အလုံးစုံကုန်သော အပူအလောင် ကိလေသာတို့မှ လွတ်မြောက်ငြိမ်းအေးမှုကို အစဉ်ထာဝရ ရရှိသွားပြီဖြစ်၍ 'သမဏ' ရဟန်းဟူ၍ ခေါ်ဆိုရလေသည်။ 'သမဏ'ဟူသော ပါဠိပုဒ်သည် မြန်မာလို 'ကိလေသာမှ ငြိမ်းအေးသူ' ဟူ၍ အဓိပ္ပါယ်ရလေသည်။

အထက်ပါ ဒေသနာတော်အရ ဗုဒ္ဓသာသနာတော်၌ 'မင်းမျိုး, ပုဏ္ဏားမျိုး, သူဌေးမျိုး, သူဆင်းရဲမျိုး' ဟူ၍ ခွဲခြားမှုမရှိဘဲ ဘယ်အမျိုးမဆို အရဟတ္တဖိုလ်ချမ်းသာကို ရနိုင်သည်သာ ဖြစ်သောကြောင့် အရဟတ္တဖိုလ်ချမ်းသာကို ရအောင် ကြိုးစားအားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။

နိဗ္ဗာန်အနက်ဟော အာသဝါနံ ခယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အာသဝါနံ ခယသဒ္ဒါ၏ ဖိုလ်ဉာဏ် အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အာသဝါနံ ခယသဒ္ဒါ၏ **နိဗ္ဗာန်** အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

> ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော၊
> *အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။ (ခု- ၁- ၅၀)*

ပရဝဇ္ဇာနုပဿိဿ- သူတစ်ပါးတို့၏ အပြစ်ကို အဖန်ဖန်ရှုလေ့ရှိသော၊ **နိစ္စံ**- အမြဲ၊ **ဥဇ္ဈာနသညိနော**- ကဲ့ရဲ့ခြင်း၌ အမှတ်သညာရှိသော၊ **တဿ**- ထိုပုဂ္ဂိုလ်၏သန္တာန်၌၊ **အာသဝါ**- အာသဝေါတရားတို့သည်၊ **ဝဍ္ဎန္တိ**- တိုးပွါးကုန်၏၊ **သော**- ထိုပုဂ္ဂိုလ်သည်၊ **အာသဝက္ခယာ**- အာသဝေါတရားတို့၏ ကုန်ရာနိဗ္ဗာန်မှ၊ **အာရာ**- အဝေးကြီးတည်း။

အထက်ပါ ပါဠိရပ်သည် ဓမ္မပဒပါဠိတော်- ဥဇ္ဈာနသညိဝတ္ထု၌ လာရှိလေသည်။ ထိုမထေရ်သည် သူတစ်ပါးတို့၏ အပြစ်တို့ကို ကြည့်ပြီး ကဲ့ရဲ့ပြစ်တင် ရှုတ်ချသောအလေ့ ရှိသောကြောင့် ဥဇ္ဈာနသညီမထေရ်ဟူ၍ အမည်တွင်လေသည်။ ထိုအကြောင်းကို ဗုဒ္ဓသိတော်မူသောအခါ သူတစ်ပါးအပြစ်ကိုသာကြည့်ပြီး မကဲ့ရဲ့သင့်ကြောင်း၊ သူတစ်ပါးအပြစ်ကိုရှု၍ ကဲ့ရဲ့ပြစ်တင်တတ်သူမှာ နိဗ္ဗာန်နှင့် အဝေးကြီးဖြစ်ကြောင်း ဗုဒ္ဓဟောတော်မူလေသည်။

ထိုစကားအရ ဗုဒ္ဓသည် သူတစ်ပါးအပြစ်ကို လိုက်၍မကြည့်ဘဲ မိမိ၏ ချွတ်ယွင်းချက် အပြစ်များကိုသာကြည့်ပြီး ပြုပြင်သင့်သည်ကို ပြုပြင်ပြီး တရားအားထုတ်မှသာလျှင် မိမိတို့လိုလားတောင့်တအပ်သော 'နိဗ္ဗာန်, မဂ်, ဖိုလ်' ကို ရမည်ဖြစ်ကြောင်းမှာ ထင်ရှားနေပေသည်။ **ထို့ကြောင့် သူတစ်ပါးအပြစ်တွေကို လိုက်၍ကြည့်မနေဘဲနှင့် မိမိ၏ချွတ်ယွင်းချက် အပြစ်များကိုသာ ကြည့်ပြီး ထိုအပြစ်များကို ပြုပြင်ကာ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရအောင် အားထုတ်တတ်ကြသူများ ဖြစ်ကြပါကုန်လော့။**

ဘင်္ဂခဏ အနက်ဖော ဆာသဝါနံ ခယသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အာသဝါနံ ခယသဒ္ဒါ၏ နိဗ္ဗာန် အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အာသဝါနံ ခယသဒ္ဒါ၏ ဘင်္ဂခဏ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အာသဝါနံ ခယော ဝယော ဘေဒေါ အနိစ္စတာ အန္တရဓာနံ၊ *(အဘိ- ၂- ၁၉၉)*

အာသဝါနံ- အာသဝေါတရားတို့၏၊ **ခယော**- ကုန်ခြင်းသည်၊ **ဝယော**- ကင်း၍ပြစ်ခြင်းသည်၊ **ဘေဒေါ**- ပျက်စီးခြင်းသည်၊ **အနိစ္စတာ**- မမြဲကုန်သည်၏ အဖြစ်သည်၊ **အန္တရဓာနံ**- ကွယ်ပျောက်ခြင်းသည်၊ **အတ္ထိ**- ရှိ၏။

အထက်ပါ ပါဠိအရ အဝိဇ္ဇာ၏ အကြောင်းသည် အာသဝေါတရားတည်း။ ထိုအာသဝေါတရား၌လည်း '**ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ**' ဟူ၍ လေးမျိုးရှိရာတွင် အရကား တဏှာ, ဒိဋ္ဌိ, အဝိဇ္ဇာ သုံးမျိုးရ၏။ ထိုတရားသုံးမျိုးလုံးပင် ကြောင်းကျိုးဆက် ပဋိစ္စသမုပ္ပါဒ်သာဖြစ်၍ ဒုက္ခတရားအစုသာ ဖြစ်လေသည်။ ထို့ကြောင့် မဂ်ဉာဏ်လေးချက်တို့ဖြင့် အာသဝတရားတို့ကို အပြီးတိုင် ချုပ်ငြိမ်းအောင်၊ ဒိဋ္ဌိ အပြီးတိုင် ချုပ်ငြိမ်းအောင်၊ အဝိဇ္ဇာ အပြီးတိုင် ချုပ်ငြိမ်းအောင်၊ တဏှာ အပြီးတိုင် ချုပ်ငြိမ်းအောင် ပြုလုပ်ပေးလေသည်။ ထို့ကြောင့် အနည်းဆုံး သောတာပတ္တိမဂ်ဉာဏ်ပေါ်အောင် ဝိပဿနာတရားကို ကြိုးစားအားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။

ဤ၌လိုအပ်သောအနက်

ဤသာမညဖလသုတ်- အာသဝါနံ ခယ၌ လိုအပ်သောအနက်သည် **နိဗ္ဗာန်နှင့် အရဟတ္တမဂ်ဉာဏ်** ကို လိုအပ်ပေသည်။

အဋ္ဌကထာ ဖွင့်ဆိုချက်များ

အထက်ပါ ဗုဒ္ဓဟောကြားတော်မူအပ်သော ပါဠိတော်များတွင်-

(၁) **ဝိမုစ္စတိ** ဟူသောပါဌ်ဖြင့် မဂ်ခဏကို ပြတော်မူသည်။

(၂) **ဝိမုတ္တသ္မိံ** ပါဌ်ဖြင့် ဖိုလ်ဉာဏ်ခဏကို ပြတော်မူသည်။

(၃) **ဝိမုတ္တမိတိ ဉာဏံ ဟောတိ** ပါဌ်ဖြင့် ပစ္စဝေက္ခဏာဉာဏ်ကို ပြတော်မူသည်။

(၄) **ခီဏာဇာတိ** အစရှိသောပါဌ်ဖြင့် ပစ္စဝေက္ခဏာဉာဏ်၏ အာရုံကို ပြတော်မူသည်။

(၅) မှန်၏။ ထိုပစ္စဝေက္ခဏာဉာဏ်ဖြင့် ရဟန္တာပုဂ္ဂိုလ်သည် ဆင်ခြင်လတ်သော် '**ခီဏာဇာတိ**' ပဋိသန္ဓေနေရမှုကုန်ပြီ ဟူသော အကြောင်းအရာတို့ကို ကွဲပြားစွာ သိလေသည်။

ခီဏာဇာတိအရ အဘယ်ဇာတိ ကုန်သနည်း။

(၁) ရဟန္တာပုဂ္ဂိုလ်၏ အတိတ်ဖြစ်သော ဇာတိသည် ကုန်သည်မဟုတ်။ အဘယ်ကြောင့်နည်း။ အတိတ်ဇာတိသည် ရှေးကပင် ကုန်ခဲ့ပြီးသောကြောင့်တည်း။

(၂) ရဟန္တာပုဂ္ဂိုလ်၏ အနာဂါတ်ဖြစ်သော ဇာတိသည် ကုန်သည်မဟုတ်။ အဘယ်ကြောင့်နည်း။ အနာဂါတ်တရား၌ အားထုတ်မှု မရှိသောကြောင့်တည်း။

(၃) ရဟန္တာပုဂ္ဂိုလ်၏ ပစ္စုပ္ပန်ဖြစ်သော ဇာတိသည် ကုန်သည်မဟုတ်။ အဘယ်ကြောင့်နည်း။ ရဟန္တာပုဂ္ဂိုလ်၏ ပစ္စုပ္ပန်ဇာတိသည် ထင်ရှားရှိနေသောကြောင့်တည်း။

(၄) အကယ်၍ ရဟန္တာပုဂ္ဂိုလ်သည် မိမိ၏ စိတ်သန္တာန်၌ မဂ်လေးပါးကို မဖြစ်စေနိုင်ခဲ့လျှင် (၃၁)ဘုံ၌ ခန္ဓာတစ်ပါးဟူသော ဇာတိ၊ ခန္ဓာလေးပါးဟူသော ဇာတိ၊ ခန္ဓာငါးပါးဟူသော ဇာတိသည် ဖြစ်ရချေဦးမည်။ *(အသညသတ်ဘုံ၌ ခန္ဓာတစ်ပါး၊ အရူပလေးဘုံ၌ ခန္ဓာလေးပါး၊ ကျန်သောဘုံများ၌ ခန္ဓာငါးပါးကို ရည်ရွယ်သည်။)*

(၅) ရဟန္တာပုဂ္ဂိုလ်သည် မိမိစိတ်သန္တာန်မှ မဂ်ဉာဏ်လေးပါးကို ဖြစ်စေအပ်သည်၏အဖြစ်ကြောင့် နောင်အခါ၌ ဖြစ်ခြင်းသဘောမရှိသည်၏အဖြစ်သို့ ရောက်ခြင်းအားဖြင့် ဇာတိသည်ကုန်ပြီ။ *(အနာဂတ်ဇာတိကို ကုန်စေရာရောက်သည်ဟူလို။)*

ဇာတိကုန်သည်၏အဖြစ်ကို အဘယ်သို့သိသနည်း။

ရဟန္တာပုဂ္ဂိုလ်သည် ထိုကုန်ပြီးသောဇာတိကို မိမိသန္တာန်၌ မဂ်ဉာဏ်လေးပါးကို ဖြစ်စေသောအားဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်၍ ကိလေသာတို့၏ မရှိခြင်းသည် ထင်ရှားသည်ဖြစ်၍ ကံသည် နောင်အခါ၌ ပဋိသန္ဓေကို မဖြစ်စေနိုင်သည်သာ ဖြစ်၏။ ဤသို့ ကွဲပြားစွာသိ၏။ ဆိုလိုသည်ကား ကိလေသာမရှိသောကြောင့် ကံသည် အကျိုးမပေးနိုင်တော့ရကား ဇာတိမရှိတော့ကြောင်းကို ဉာဏ်၌ထင်ရှားစွာသိသည်ဟု ဆိုလိုပေသည်။

ဝုသိတံ ဗြဟ္မစရိယံ အဖွင့်

ဗြဟ္မစရိယံ- မဂ်ဉာဏ်လေးပါးဟူသော မြတ်သောအကျင့်ကို၊ **ဝုသိတံ**- ကျင့်သုံးပြီးပြီ။

မှန်၏။ 'ကလျာဏပုထုဇဉ်နှင့် မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေးယောက်' ဟူ၍ ပုဂ္ဂိုလ်ကိုးယောက်ရှိရာတွင် အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်နှင့် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့မှတပါး ကျန်ပုဂ္ဂိုလ် (၇)ယောက်တို့သည် 'မဂ်ဟူသော ဗြဟ္မစရိယ'ကို ကျင့်သုံးဆဲပင်ရှိကြသေးသည်။

မဂ်ဉာဏ်သည် လေးပါးသာရှိ၍ ငါးပါးမရှိရကား ရဟန္တာပုဂ္ဂိုလ်သည် မဂ်ဉာဏ်လေးပါးလုံးကို ရပြီးဖြစ်သောကြောင့် မဂ်ဉာဏ်ဟူသော ဗြဟ္မစရိယကို ကျင့်သုံးပြီးလေပြီ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် မိမိ၏ မဂ္ဂဗြဟ္မစရိယကို ဆင်ခြင်သောအခါ၌ မဂ်ဟူသော ဗြဟ္မစရိယအတွက် ကျင့်သုံးပြီးဖြစ်ကြောင်းကို ကွဲပြားစွာ သိမြင်လေသည်။

ကတံ ကရဏီယံ အဖွင့်

ကရဏီယံ- ပြုသင့်ပြုထိုက်သော (၁၆)ပါးသော မဂ်ကိစ္စကို၊ **ကတံ**- ပြုပြီးပြီဟူရာ၌-

(၁) သစ္စာလေးပါးတို့၌ မဂ်ဉာဏ်လေးပါးတို့ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း ပရိညာကိစ္စ, သမုဒယသစ္စာကိုပယ်ခြင်း ပဟာနကိစ္စ, နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း သစ္ဆိကိရိယကိစ္စ, မဂ္ဂသစ္စာကို ပွါးများခြင်း ဘာဝနာကိစ္စများကို မိမိသန္တာန်၌ ဖြစ်စေသောအားဖြင့် (၁၆)ပါး အပြားရှိသောကိစ္စကို ပြီးဆုံးစေပြီ။

(၂) မဂ္ဂဗြဟ္မစရိယ ခေါ် မဂ်ဟူသော မြတ်သောအကျင့်ကို ကျင့်သုံးရာ၌ မဂ်ဉာဏ်တစ်ပါးလျှင် ဘဝခန္ဓာဖြစ်ရခြင်း ဇာတိ စသည်တို့သည် ဒုက္ခတည်းဟု ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း ပရိညာကိစ္စ, တဏှာတည်းဟူသော သမုဒယသစ္စာကိုပယ်ခြင်း ပဟာနကိစ္စ, နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း သစ္ဆိကိရိယကိစ္စ, မဂ္ဂသစ္စာကို ဖြစ်စေခြင်း ဘာဝနာကိစ္စဟူ၍ လေးချက်စီရှိရာ မဂ်ဉာဏ်လေးပါးအတွက် မဂ်ကိစ္စ (၁၆)ချက်သည် ကေန်ပြုထိုက်သော ကရဏီယတည်း။ ရဟန္တာပုဂ္ဂိုလ်သည် ထိုမဂ်ဉာဏ်လေးပါးကို ရပြီးဖြစ်၍ ပြုထိုက်သော ထို (၁၆)ချက်သော မဂ်ကိစ္စကို ပြုပြီးဖြစ်လေတော့သည်။

(၃) ထိုသို့ မဂ်ဉာဏ်လေးပါးဖြင့် 'ဒုက္ခ, နိရောဓ, မဂ္ဂ' တို့၌ ပရိညာကိစ္စ, သစ္ဆိကိရိယကိစ္စ, ဘာဝနာကိစ္စတို့သည် သမုဒယကိလေသာတို့ကို ပဟာနကိစ္စ- ပယ်ခြင်းအကျိုးငှာသာ လိုရင်းတည်း။

(၄) ထို့ကြောင့် ထိုမဂ်ဉာဏ်လေးပါးဖြင့် ဒုက္ခ၏ အမြစ်အရင်းဖြစ်သော ကိလေသာတဏှာဟူသော သမုဒယသစ္စာကို အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီး ဖြစ်တော့သည်။

(၅) မှန်၏။ ကလျာဏပုထုဇဉ် အစရှိသော သေက္ခပုထုဇဉ်စသော ခုနစ်ယောက်တို့သည် ထိုမဂ်ကိစ္စကို ပြုဆဲပုဂ္ဂိုလ်တို့သာတည်း။

(၆) ရဟန္တာပုဂ္ဂိုလ်ကား မဂ်ကိစ္စအလို့ငှာ ပြုအပ်ပြီးသော ပုဂ္ဂိုလ်တည်း။

(၇) ထိုရဟန္တာပုဂ္ဂိုလ်သည် မိမိ၏ မဂ်ကိစ္စကို ဆင်ခြင်သည်ရှိသော် ပြုပြီးဖြစ်ကြောင်းကို ကောင်းစွာသိမြင်လေသည်။

နာပရံ ကတ္တတ္တာယာတိ ပဇာနာတိ အဖွင့်

ကတ္တတ္တာယ– နောက်ထပ်မဂ်ဉာဏ်ပေါ်ခြင်းကိစ္စအလို့ငှာ၊ **အပရံ**– တစ်ပါးသော ပြုဖွယ်ကိစ္စသည်၊ **န**– မရှိတော့ပေ ဟူရာ၌–

(၁) ရဟန္တာပုဂ္ဂိုလ်သည် ယခုအခါ၌ တဖန် (၁၆)ပါးသော မဂ်ကိစ္စတို့၏ ဖြစ်ကြောင်းဖြစ်ရာ မဂ်ကိစ္စအလို့ငှာလည်းကောင်း၊ ကိလေသာကို ကုန်စေတတ်သော ပဟာနကိစ္စအလို့ငှာလည်းကောင်း ပြုထိုက်သော နောက်ထပ်မဂ်ဉာဏ်ကို ဖြစ်စေဖွယ်ကိစ္စသည် မရှိတော့ပြီဟု ကွဲပြားစွာသိလေသည်။

(၂) ထိုမှတပါး ရဟန္တာပုဂ္ဂိုလ်သည် ဤဖြစ်ဆဲ လူ့ဘဝခန္ဓာအစဉ်မှ တစ်ပါးသော ခန္ဓာအစဉ်သည် ဤ့အတွက် မရှိတော့ပြီ။ ဤခန္ဓာငါးပါးသည် နောက်ဆုံးဖြစ်သော ခန္ဓာငါးပါးတည်း။

(၃) အမြစ်အရင်းနှင့်တကွ ဖြတ်ပြီးသော သစ်ပင်ကဲ့သို့ ဤခန္ဓာငါးပါးသည်လည်း နောက်ဆုံးစိတ်၏ ချုပ်ခြင်းကြောင့် လောင်စာမရှိသောမီးကဲ့သို့ ငြိမ်းကုန်လတ္တံ့။

(၄) နာမည်ပညတ်မျှ မရှိတော့ကုန်သည်၏ အဖြစ်သို့လည်း ရောက်ကုန်လတ္တံ့။ *(ထိုခန္ဓာငါးပါးတို့သည် နောက်ဆုံးစိတ် ချုပ်သောအခါ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ စသည်၊ ပသာ၊ ဝေဒနာ စသည်ဖြင့် ခေါ်ဆိုရန် နာမည်မျှပင် မကျန်တော့လတ္တံ့။)* ဟု ကွဲပြားစွာ သိလေ သည်။ *(ဒီ ၅– ၁– ၂၀၀ / ၂၀၂)*

အသာလွန်ဆုံး သန္ဒိဋ္ဌိကသာမညဖလ အာသဝက္ခယဉာဏ်

ဗုဒ္ဓသည် ဤအာသဝက္ခယဉာဏ်ကို အသာလွန်ဆုံး၊ အမွန်မြတ်ဆုံးသော သန္ဒိဋ္ဌိကသာမညဖလဖြစ်ပုံကို အဇာတသတ် မင်းကြီးအား နိဂုံးကမ္ပတ် အပြီးသတ်အနေအားဖြင့် အောက်ပါအတိုင်း ဟောကြားတော်မူသည်။

'ဣဒံ ခေါ် မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။ *(ဒီ– ၁– ၈၀)*

မဟာရာဇ– မင်းကြီး၊ **ဣဒံ ခေါ်**– ဤအာသဝက္ခယဉာဏ်သည်လည်း၊ **ပုရိမေဟိ**– ရှေး၌ဖြစ်ကုန်သော၊ **သန္ဒိဋ္ဌိကေဟိ**– ကိုယ်တိုင်သိမြင်ရကုန်သော၊ **သာမညဖလေဟိ**– ရဟန်းပြုရခြင်း အကျိုးတို့ထက်၊ **အဘိက္ကန္တတရဉ္စ**– သာလွန်၍ နှစ်သက်ဖွယ်လည်း ဖြစ်သော၊ **ပဏီတတရဉ္စ**– သာလွန်၍ မွန်မြတ်သည်လည်းဖြစ်သော၊ **သန္ဒိဋ္ဌိကံ**– ကိုယ်တိုင်သိမြင်ရသော၊ **သာမညဖလံ**– ရဟန်းပြုရ ခြင်း အကျိုးပေတည်း။

အရဟတ္တဖိုလ် အထွတ်တပ် ဟောတော်မူခြင်း

အထက်ပါ အဇာတသတ်မင်းကြီးအား ဗုဒ္ဓ ဟောကြားတော်မူအပ်သော သာမညဖလသုတ္တန် ဒေသနာတော်သည် အရဟတ္တ ဖိုလ်ကို အထွတ်တပ်၍ ဟောတော်မူကြောင်းကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုထားလေသည်။

ယေန ကေနစိ ပရိယာယေန ဣတော သေဋ္ဌတရံ သာမညဖလံနာမ နတ္ထီတိ ဘဂဝါ အရဟတ္တနိကူဋေန ဒေသနံ နိဋ္ဌာပေသိ။ *(ဒီ ဌ– ၁– ၂၀၃)*

မဟာရာဇ– မင်းကြီး၊ **ယေန ကေနစိ ပရိယာယေန**– တစ်စုံတစ်ခုသော အကြောင်းနည်းပရိယာယ်နှင့်မျှ၊ **ဣတော**– အရဟတ္တမဂ်ဉာဏ်ဟူသော ဤအာသဝက္ခယဉာဏ်ထက်၊ **သေဋ္ဌတရံ**– သာလွန်မွန်မြတ်သော၊ **သာမညဖလံနာမ**– ရဟန်းပြုရခြင်း အကျိုးမည်သည်၊ **နတ္ထိ**– မရှိတော့ပေ၊ **ဣတိ**– ဤသို့၊ **ဘဂဝါ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **အရဟတ္တနိကူဋေန**– အရဟတ္တဖိုလ်တည်းဟူသော အထွတ်ဖြင့်၊ **ဒေသနံ**– သာမညဖလသုတ္တန် ဒေသနာတော်ကို၊ **နိဋ္ဌာပေသိ**– ပြီးဆုံးစေတော်မူပြီ။

အဇာတသတ်မင်း တစ်ကိုယ်လုံး ပီတိပျံ့နှံ့သွားပုံ

ဗုဒ္ဓ ဟောကြားတော်မူအပ်သော အထက်ပါ သာမညဖလဒေသနာတော်ကို ကြားနာပြီးသည်၏အဆုံး၌ အဇာတသတ်မင်းကြီး တစ်ကိုယ်လုံး ပီတိဖြင့် ပျံ့နှံ့သွားပုံကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုလေသည်။

(၁) ဝေဒေဟီမိဖုရား၏ သားဖြစ်သော မဂဓတိုင်းရှင် ဘုရင်အဇာတသတ်သည် ထိုသို့ သာမညဖလ တစ်ခုစီတိုင်း တစ်ခုစီတိုင်း၏ အဆုံး၌ သာဓုခေါ်ခြင်းကို ပြုလေသည်။

(၂) ဗုဒ္ဓ ဟောကြားတော်မူအပ်သော ဤသာမညဖလသုတ္တန် ဒေသနာတော်ကို 'အစ, အလယ်, အဆုံး' သုံးပါးလုံး၌ ရိုရိုသေသေ နာကြား၍ အကြံဖြစ်ပေါ်လာသည်မှာ-

(၃) ငါသည် ဤမျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရခြင်း အကျိုးဖြစ်သော 'သန္ဒိဋ္ဌိကသာမညဖလ' ကို များစွာကုန်သော သမဏ, ဗြာဟ္မဏ အမည်ရသူတို့ကို မေးသည်ဖြစ်၍ အချိန်ဖြုန်းမိလေစွတကား။

(၄) ထိုသမဏ, ဗြာဟ္မဏတို့ကို မေးခဲ့ခြင်းဖြင့် 'ထုသေ ကောဋ္ဋေန္တော ဝိယ ကိဉ္စိသာရံ နာလတ္ထံ' ဖွဲတို့ကို ထောင်းထုသူကဲ့သို့ တစ်စုံတစ်ခုသော အနှစ်အဆံကို မရခဲ့ပေ။

(၅) ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည် ငါ့အား ဆီမီးတစ်ထောင်ကို ထွန်းပြတော်မူသကဲ့သို့ ကြီးစွာသော အလင်းရောင်ကိုပြု၍ ဤသာမညဖလ- ရဟန်းပြုရခြင်းအကျိုးကို ဖြေကြားတော်မူခဲ့လေပြီ။

(၆) ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်၏ ပြည့်စုံခြင်းသည် အံ့ဩဖွယ်ကောင်းပါပေစွ။

(၇) အားတော် (၁၀)ပါးနှင့် ပြည့်စုံတော်မူသော ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်အာနုဘော်ကို မသိလေသောကြောင့် တွေဝေသော မောဟ၏ လှည့်ပတ်ခြင်းကို အလွန်ကြာမြင့်စွာ ခံခဲ့ရလေပြီ။

(၈) ထိုသို့ကြံစည်၍ ဗုဒ္ဓ၏ ဂုဏ်တော်တို့ကို အဖန်ဖန် အောက်မေ့ခြင်းကြောင့် ငါးမျိုးသော ပီတိတို့သည် တစ်ကိုယ်လုံး၌ ပျံ့နှံ့လျက် ဗုဒ္ဓအား မိမိ၏ကြည်ညိုခြင်းကို အဇာတသတ်မင်းသည် အောက်ပါအတိုင်း လျှောက်ထားလေသည်။

(၁) **အဘိက္ကန္တံ ဘန္တေ အဘိက္ကန္တံ ဘန္တေ။** *(ဒီ- ၁- ၈၀)*

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **ဓမ္မော**- ဗုဒ္ဓ ဟောကြား သာမညဖလ ဒေသနာတရားတော်သည်၊ **အဘိက္ကန္တံ**- အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ **ဘန္တေ**- ရှင်တော်ဗုဒ္ဓဘုရား၊ **ဓမ္မော**- ဗုဒ္ဓဟောကြား သာမညဖလ ဒေသနာတရားတော်သည်၊ **အဘိက္ကန္တံ**- အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။

အဘိက္ကန္တသဒ္ဒါ ဟောနိုင်သောအနက်များ

အထက်ပါ ပါဠိတော်၌ ပါရှိသော အဘိက္ကန္တသဒ္ဒါသည် **ခယအနက်, သုန္ဒရအနက်, အဘိရူပအနက်, အဗ္ဘာနုမောဒနအနက်** တို့၌ ဖြစ်ရလေသည်။ *(ဒီ ဋ- ၁- ၂၀၃)*

ခယအနက်ဟော အဘိက္ကန္တသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် ရှေးဦးစွာ အဘိက္ကန္တသဒ္ဒါ၏ ခယ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ နိက္ခန္တော ပဌမောယာမော၊ စိရနိသိန္နော ဘိက္ခုသံဃော။ *(အံ- ၃- ၄၄၊ ဝိ- ၄- ၄၁၈၊ ခု- ၁- ၁၃၈)*

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **ရတ္တိ**- ညဉ့်သည်၊ **အဘိက္ကန္တာ**- ကုန်လွန်ပါပြီ၊ **ပဌမောယာမော**- ပဌမယာမ်သည်၊ **နိက္ခန္တော**- ထွက်သွားပါပြီ၊ **ဘိက္ခုသံဃော**- ရဟန်းသံဃာသည်၊ **စိရနိသိန္နော**- ထိုင်နေသည်မှာ ကြာမြင့်ပါပြီ။

အထက်ပါ ပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော် တတိယအုပ်– အဋ္ဌကနိပါတ်– ဥပေါသထသုတ်၌လည်းကောင်း၊ ဝိနည်းစူဠဝါ ပါဠိတော်– ပါတိမောက္ခဋ္ဌပနက္ခန္ဓက၌လည်းကောင်း၊ ဥဒါနပါဠိတော်– ဥပေါသထသုတ်၌လည်းကောင်း လာရှိလေသည်။ ထိုသို့ လာရှိသည့်အနက်က ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

ဗုဒ္ဓသည် သာဝတ္ထိပြည် ဝိသာခါကျောင်းအစ်မ ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥပုသ်နေ့၌ ဩဝါဒပါတိမောက်ကို ပြတော်မူရန်အတွက် ရဟန်းသံဃာတော်များ ခြံရံလျက် သီတင်းသုံးနေထိုင်လျက်ရှိသည်။ သို့ရာတွင် ဗုဒ္ဓသည် ဩဝါဒပါတိမောက်ကို မပြဘဲနေတော်မူသည့်အတွက် အရှင်အာနန္ဒာသည် ဗုဒ္ဓအား ရှိသေစွာ ရှိခိုးပြီးနောက် အောက်ပါအတိုင်း လျှောက်ထားလေသည်။

'အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ နိက္ခန္တော ပဌမော ယာမော၊ စိရနိသိန္နော ဘိက္ခုသံဃော၊ ဥဒ္ဒိသတု ဘန္တေ ဘဂဝါ ဘိက္ခူနံ ပါတိမောက္ခံ' န္တိ။

ဘန္တေ– ရှင်တော်ဗုဒ္ဓဘုရား၊ **ရတ္တိ**– ညဉ့်သည်၊ **အဘိက္ကန္တာ**– ညဉ့်ဦးယာမ်ကို ကျော်လွန်ပါပြီ၊ **ပဌမော**– ပဌမဖြစ်သော၊ **ယာမော**– ယာမ်သည်၊ **နိက္ခန္တော**– လွန်ထွက်သွားပါပြီ၊ **ဘိက္ခုသံဃော**– ရဟန်းအပေါင်းသည်၊ **စိရနိသိန္နော**– ထိုင်နေသည်မှာ ကြာပါပြီ၊ **ဘန္တေ**– ရှင်တော်ဗုဒ္ဓဘုရား၊ **ဘဂဝါ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဘိက္ခူနံ**– ရဟန်းတို့အား၊ **ပါတိမောက္ခံ**– ဩဝါဒပါတိမောက်ကို၊ **ဥဒ္ဒိသတု**– ရွတ်ပြတော်မူပါ၊ **ဣတိ**– ဤသို့ လျှောက်ထားလေပြီ။

ထိုသို့ပင်လျှောက်ထားသော်လည်း ဗုဒ္ဓသည် ဆိတ်ဆိတ်သာလျှင် နေတော်မူသည် ဖြစ်သောကြောင့် မဇ္ဈိမယာမ်လွန်သောအခါ၌လည်း မဇ္ဈိမယာမ်လွန်သည်ဖြစ်၍ ရဟန်းအပေါင်းအား ဩဝါဒပါတိမောက် ရွတ်ပြတော်မူပါရန် ဒုတိယအကြိမ် အရှင်အာနန္ဒာသည် လျှောက်ထားပါသော်လည်း ဗုဒ္ဓသည် ဆိတ်ဆိတ်သာလျှင် နေတော်မူလေသည်။

ထိုသို့ ဗုဒ္ဓသည် ဆိတ်ဆိတ်သာလျှင် နေတော်မူသည် ဖြစ်သောကြောင့် အရှင်အာနန္ဒာသည် ညဉ့်သည် ပစ္ဆိမယာမ်ကိုလွန်၍ အရုဏ်တက်သောအချိန်သို့ ရောက်ပြီဖြစ်၍ ဩဝါဒပါတိမောက်ပြရန် ဗုဒ္ဓအား တတိယအကြိမ်မြောက် လျှောက်ထားလေသည်။ *(ဤအချက်ဖြင့် ဗုဒ္ဓနှင့် ရဟန်းသံဃာတော်တို့သည် တစ်ညလုံးထိုင်လျက် ရှိနေကြသည်မှာ ထင်ရှားနေသည်။)*

ထိုသို့ တတိယအကြိမ်မြောက် အရှင်အာနန္ဒာက လျှောက်ထားသောအခါ ဗုဒ္ဓသည် အရှင်အာနန္ဒာအား အောက်ပါအတိုင်း မိန့်ကြားတော်မူလိုက်လေသည်။

အပရိသုဒ္ဓါ အာနန္ဒ ပရိသာတိ။

အာနန္ဒ– အာနန္ဒာ၊ **ပရိသာ**– ဥပုသ်ပြုရန် ထိုင်နေကြသော ရဟန်းပရိသတ်သည်၊ **အပရိသုဒ္ဓါ**– မသန့်ရှင်း မစင်ကြယ်၊ **ဣတိ**– ဤသို့ မိန့်ကြားတော်မူလေပြီ။

'အာနန္ဒာ ပရိသတ် မစင်ကြယ်' ဟူ၍ ဗုဒ္ဓက ထိုသို့မိန့်ကြားတော်မူလေလျှင် အရှင်မောဂ္ဂလာန်မထေရ်သည် အဘယ်သူအား ရည်စူး၍ မိန့်တော်မူသနည်းဟု ဆင်ခြင်ကြည့်သောအခါ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်တစ်ဦးကို အောက်ပါအတိုင်း တွေ့မြင်လေသည်။

အဒ္ဒသာခေါ အာယသ္မာ မောဂ္ဂလာနော တံပုဂ္ဂလံ ဒုဿီလံ ပါပဓမ္မံ အသုစိံ သင်္ကဿရသမာစာရံ ပဋိစ္ဆန္နကမ္မန္တံ အဿမဏံ သမဏပဋိညံ အဗြဟ္မစာရိံ ဗြဟ္မစာရိပဋိညံ အန္တောပူတိံ အဝဿုတံ ကသမ္ဗုဇာတံ မဇ္ဈေ ဘိက္ခုသံဃဿ နိသိန္နံ။

အာယသ္မာ မောဂ္ဂလာနော– အရှင်မောဂ္ဂလာန်သည်၊ **ဒုဿီလံ**– သီလမရှိသော၊ **ပါပဓမ္မံ**– ယုတ်ညံ့သောအကျင့်ရှိသော၊ **အသုစိံ**– မစင်ကြယ်သော၊ **သင်္ကဿရသမာစာရံ**– ယုံမှားတွေးတောဖွယ်အကျင့်ရှိသော၊ **ပဋိစ္ဆန္နကမ္မန္တံ**– မကောင်းမှုကို ဖုံးလွှမ်းထားသော၊ **အဿမဏံ**– ရဟန်းမဟုတ်ဘဲ၊ **သမဏပဋိညံ**– ရဟန်းဟု ဝန်ခံသော၊ **အဗြဟ္မစာရိံ**– မမြတ်သောအကျင့်ကို ကျင့်သူဖြစ်လျက်၊ **ဗြဟ္မစာရိပဋိညံ**– မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံသော၊ **အန္တောပူတိံ**– အတွင်းပုပ်သော၊ **အဝဿုတံ**– ကိလေသာမိုး စိုစွတ်နေသော၊ **ကသမ္ဗုဇာတံ**– အမှိုက်ကဲ့သို့ဖြစ်သော၊ **ဘိက္ခုသံဃဿ**– ရဟန်းအပေါင်း၏၊ **မဇ္ဈေ**– အလယ်၌၊ **နိသိန္နံ**– ထိုင်နေသော၊ **တံပုဂ္ဂလံ**– ထိုသီလမရှိသော ဒုဿီလပုဂ္ဂိုလ်ကို၊ **အဒ္ဒသခေါ**– မြင်သည်သာတည်း။

အရှင်မောဂ္ဂလာန် မထေရ်မြတ်သည် ထိုသို့မြင်သောကြောင့် ထိုဒုဿီလပုဂ္ဂိုလ်ထံသို့ ချဉ်းကပ်၍ အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

ဥဋ္ဌေဟာဝုသော၊ ဒိဋ္ဌောသိ ဘဂဝတာ၊ နတ္ထိ တေ ဘိက္ခူဟိ သဒ္ဓိံ သံဝါသောတိ။

အာဝုသော– ငါ့ရှင်၊ **ဥဋ္ဌေဟိ**– ဤနေရာမှထသွားလော့၊ **ဘဂဝတာ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **တံ**– သင့်ကို၊ **ဒိဋ္ဌော**– မြင်အပ်သည်၊ **အသိ**– ဖြစ်ပြီ၊ **တေ**– သင်သည်၊ **ဘိက္ခူဟိ**– သီလရှိသောရဟန်းတို့နှင့်၊ **သဒ္ဓိံ**– အတူတကွ၊ **သံဝါသော**– ဥပုသ်ပြုခြင်းစသည်ဖြင့် ပေါင်းသင်းဆက်ဆံခြင်းအခွင့်သည်၊ **နတ္ထိ**– မရှိတော့ပြီ၊ **ဣတိ**– ဤသို့မိန့်ဆိုလေပြီ။

ထိုသို့ပင် ပြောဆိုသော်လည်း ထိုဒုဿီလပုဂ္ဂိုလ်သည် ဆိတ်ဆိတ်သာနေလျက် ရှိနေသည်။ သုံးကြိမ်တိုင်အောင် ပြောပါသော်လည်း ထိုသို့ပင် ဆိတ်ဆိတ်နေသောကြောင့် အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသည် ထိုဒုဿီလရဟန်း၏ လက်မောင်းကိုကိုင်၍ အပြင်သို့ဆွဲထုတ်တွန်းလွှတ်ခါ ပြန်၍ဝင်မလာနိုင်အောင် အထဲမှ တံခါးကို ချက်ထိုး၍ ပိတ်ထားလိုက်လေသည်။ ထို့နောက် ဗုဒ္ဓအား ပရိသတ် စင်ကြယ်ပြီဖြစ်၍ သြဝါဒပါတိမောက်ကို ပြတော်မူပါရန် လျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓသည် အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

အစ္ဆရိယံ မောဂ္ဂလာန အဗ္ဘုတံ မောဂ္ဂလာန၊ ယာဝဗာဟာဂဟဏာပိနာမ သော မောဃပုရိသော အာဂမိဿတီတိ။
(အံ– ၃– ၄၅၊ ဝိ– ၄– ၄၃၉၊ ခု– ၁– ၁၃၉)

မောဂ္ဂလာန– မောဂ္ဂလာန်၊ **အစ္ဆရိယံ**– အံ့ဖွယ်တည်း၊ **မောဂ္ဂလာန**– မောဂ္ဂလာန်၊ **အဗ္ဘုတံ**– မဖြစ်ဖူးမြဲဖြစ်၏၊ **သော မောဃပုရိသော**– ထိုမင်္ဂဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားသည်၊ **ယာဝဗာဟာဂဟဏာပိ**– လက်မောင်းကို ဆွဲကိုင်၍ နှင်ထုတ်ရသည့်တိုင်အောင်ပင်၊ **အာဂမိဿတိနာမ**– စောင့်ဆိုင်းနေတံဘိ၏၊ **ဣတိ**– ဤသို့ မိန့်ကြားတော်မူလေပြီ။

ထို့နောက် ဗုဒ္ဓသည် ရဟန်းတို့အား ယခုအချိန်မှစ၍ ဗုဒ္ဓသည် ဥပုသ်မပြုတော့ကြောင်း၊ ပါတိမောက် မပြတော့ကြောင်း၊ ရဟန်းတို့သာလျှင် ဥပုသ်ပြုလော့၊ ပါတိမောက်ပြလော့၊ မစင်ကြယ်သော ပရိသတ်၌ ဗုဒ္ဓတို့မည်သည် ပါတိမောက်ပြရိုး ထုံးစံမရှိကြောင်း မိန့်ကြားတော်မူပြီးလျှင် သမုဒ္ဒရာ၌ အံ့ဖွယ်ရှစ်ဖြာရှိသလို ဗုဒ္ဓသာသနာတော်၌လည်း အံ့ဖွယ်ရှစ်ဖြာရှိကြောင်း မိန့်ကြားတော်မူလေသည်။

ခယအနက်ဟော အဘိက္ကန္တသဒ္ဒါက တရားဟောပုံသဘော

အရှင်အာနန္ဒာသည် ဗုဒ္ဓအား ပါတိမောက်ပြရန် သုံးကြိမ်တိတိ လျှောက်သော်လည်း ဗုဒ္ဓသည် ညဉ့်ဦးယာမ်မှသည် မဇ္ဈိမယာမ်၊ ပစ္ဆိမယာမ်ကိုလွန်ပြီး အရုဏ်တက်သည့်တိုင်အောင် တစ်ညဉ့်လုံး ပရိသတ် မစင်ကြယ်သည့်အတွက် ပါတိမောက်မပြဘဲ နေလေသည်။ သုံးကြိမ်မြောက် လျှောက်ပြီးသောအခါမှ 'အာနန္ဒာ ပရိသတ်မစင်ကြယ်' ဟူ၍ ဗုဒ္ဓ မိန့်တော်မူလေသည်။ ထိုအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးက ဆင်ခြင်သုံးသပ်သောအခါ ပါရာဇိကကျနေသော ရဟန်းတစ်ပါးကို သွား၍တွေ့မြင်လေသည်။ ရှေးဦးစွာ အရှင်မောဂ္ဂလာန်မထေရ်သည် 'သင့်ကို ဗုဒ္ဓ သိမြင်သည်။ သင်သည် ဒုဿီလပုဂ္ဂိုလ် ဖြစ်သည်။ သင်သည် ဤနေရာမှ ထွက်ခွါသွားလော့' ဟု သုံးကြိမ်တိတိ ပြောသည်ကိုပင် မထွက်ခွါသည့်အတွက် လက်မောင်းကို ကိုင်ဆွဲ၍ နှင်ထုတ်ယူရသည်အထိ အရှက်မဲ့စွာ ထိုဒုဿီလရဟန်းသည် နေနိုင်လေဘိသည်။ ဗုဒ္ဓက ဆက်၍အမိန့်ရှိသည်မှာ မစင်ကြယ်သော ပရိသတ်၌ ဗုဒ္ဓတို့မည်သည် ပါတိမောက်ပြရိုးထုံးစံမရှိဟု မိန့်ဆိုတော်မူပြီး အံ့ဘွယ်ရှစ်ဖြာ သာသနာအကြောင်းကို ဆက်၍မိန့်ကြားတော်မူသည်။ ထို့ကြောင့် **မဟာသမုဒ္ဒရာသည် ခွေးသေကောင်စသော အကောင်ပုပ်တို့ကို ကမ်းပေါ်သို့ ပုတ်ထုတ်ဘိသကဲ့သို့ ဗုဒ္ဓသာသနာတော်၌လည်း ရဟန်းကောင်းတို့သည် ဒုဿီလရဟန်းတို့ကို ပယ်ထုတ်ကြလေသည်။ ပယ်ထုတ်မှုကိုလည်း ပြုကြပါကုန်လော့။**

သုန္ဒရအနက်ဟော အဘိက္ကန္တသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အဘိက္ကန္တသဒ္ဒါ၏ ခယ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အဘိက္ကန္တသဒ္ဒါ၏ သုန္ဒရ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အယံ မေ ပုဂ္ဂလော ခမတိ၊ ဣမေသံ စတုန္နံ ပုဂ္ဂလာနံ အဘိက္ကန္တတရော စ ပဏီတတရော စ။ *(ဒီ ၅– ၁– ၂၀၃၊ အံ– ၁– ၄၁၄)*

အယံပုဂ္ဂလော– ဤပုဂ္ဂိုလ်သည်၊ **မေ**– တပည့်တော်အား၊ **ခမတိ**– နှစ်သက်ပါ၏၊ **စတုန္နံ**– လေးယောက်ကုန်သော၊ **ဣမေသံ ပုဂ္ဂလာနံ**– ဤပုဂ္ဂိုလ်တို့ထက်၊ **အဘိက္ကန္တတရော စ**– အလွန်နှစ်သက်အပ်သည်လည်းကောင်း ဝါ အလွန်ကောင်းသည်လည်းကောင်း၊ **ပဏီတတရော စ**– အလွန်သာလွန်မွန်မြတ်သည်လည်းကောင်း၊ **ဟောတိ**– ဖြစ်၏။

အထက်ပါ ပါဠိရပ်သည် အင်္ဂုတ္တိုရ်ပါဠိတော် ပအုပ်– စတုက္ကနိပါတ်– ပေါတလိယသုတ်၌ လာရှိလေသည်။ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

ရှင်တော်ဗုဒ္ဓသည် ပုဂ္ဂိုလ်လေးမျိုးအကြောင်းကို ပေါတလိယ ပရိဗိုဇ်အား အောက်ပါအတိုင်း ဟောကြားတော်မူသည်။

(၁) အကြင်ပုဂ္ဂိုလ်တစ်ဦးသည် ကဲ့ရဲ့ပြစ်တင်ထိုက်သူကို အခါအားလျော်စွာ ဟုတ်မှန်သည့်အတိုင်း ကဲ့ရဲ့ပြစ်တင်၏။

(၂) အကြင်ပုဂ္ဂိုလ်သည် ချီးမွမ်းထိုက်သူ၏ဂုဏ်ကို အခါအားလျော်စွာ ဟုတ်မှန်သည့်အတိုင်း ပြောဆိုလေ့မရှိ။

(၃) အကြင်ပုဂ္ဂိုလ်သည် ချီးမွမ်းထိုက်သူ၏ဂုဏ်ကို အခါအားလျော်စွာ ဟုတ်မှန်သည့်အတိုင်း ချီးမွမ်းပြောဆိုလေ့ရှိ၏။

(၄) အကြင်ပုဂ္ဂိုလ်သည် ကဲ့ရဲ့ပြစ်တင်ထိုက်သူကို အခါအားလျော်စွာ ဟုတ်မှန်သည့်အတိုင်း ကဲ့ရဲ့ပြစ်တင်လေ့မရှိ။

ပေါတလိယ ထိုပုဂ္ဂိုလ်လေးမျိုးတွင် သင်သည် အဘယ်ပုဂ္ဂိုလ်ကို သာလွန်၍ နှစ်သက်သနည်း။ အဘယ်ပုဂ္ဂိုလ်သည် သာလွန်၍ ကောင်းမွန်သနည်းဟု မေးတော်မူလေသည်။ ထိုအခါ ပေါတလိယ ပရိဗိုဇ်က ဗုဒ္ဓအား အောက်ပါအတိုင်း ဖြေကြားလေသည်။

'အကြင်ပုဂ္ဂိုလ်သည် ကဲ့ရဲ့ပြစ်တင်ထိုက်သူကိုလည်း အခါအားလျော်စွာ ဟုတ်မှန်သည့်အတိုင်း ကဲ့ရဲ့ပြစ်တင်လေ့မရှိ။ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကိုလည်း အခါအားလျော်စွာ ဟုတ်မှန်သည့်အတိုင်း ချီးမွမ်းပြောဆိုလေ့မရှိ။ တပည့်တော်သည် ထိုပုဂ္ဂိုလ်ကို နှစ်သက်ပါ၏။

ထိုပုဂ္ဂိုလ်သည် အခြားပုဂ္ဂိုလ်တို့ထက် သာလွန်၍လည်း မွန်မြတ်လှပါပေ၏။ ကောင်းမွန်လှပါပေ၏။ အကြောင်းမူကား လျစ်လျူရှုမှု ဥပေက္ခာဖြစ်သောကြောင့်တည်း' ဟု လျှောက်ထားဖြေကြားလေသည်။

ထိုအခါ ဗုဒ္ဓသည် ပေါတလိယ ပရိဗိုဇ်၏ စကားကိုပယ်၍ အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူလေသည်။

ဣမေသံ ခေါ ပေါတလိယ စတုန္နံ ပုဂ္ဂလာနံ

(၁) ယွာယံ ပုဂ္ဂလော အဝဏ္ဏာရဟဿ စ အဝဏ္ဏံ ဘာသိတာ ဟောတိ ဘူတံ တစ္ဆံ ကာလေန

(၂) ဝဏ္ဏာရဟဿ စ ဝဏ္ဏံ ဘာသိတာ ဟောတိ ဘူတံ တစ္ဆံ ကာလေန၊ အယံ ဣမေသံ စတုန္နံ ပုဂ္ဂလာနံ အဘိက္ကန္တတရော စ ပဏီတတရော စ။

(၃) တံ ကိဿ ဟေတု။ အဘိက္ကန္တာ ဟေသာ ပေါတလိယ ယဒိဒံ တတ္ထ တတ္ထ ကာလညုတာတိ။ *(အံ– ၁– ၄၁၄)*

ပေါတလိယ– ပေါတလိယ၊ **ခေါ**– စင်စစ်၊ **စတုန္နံ**– လေးယောက်ကုန်သော၊ **ဣမေသံ ပုဂ္ဂလာနံ**– ဤပုဂ္ဂိုလ်တို့တွင်၊

(၁) **ယောအယံ ပုဂ္ဂလော**– အကြင်ပုဂ္ဂိုလ်သည်၊ **အဝဏ္ဏာရဟဿ စ**– ကဲ့ရဲ့ပြစ်တင်ထိုက်သူ၏လည်း၊ **အဝဏ္ဏံ**– ကဲ့ရဲ့ဖွယ်အပြစ်ကို၊ **ဘူတံ**– ဟုတ်သည့်အတိုင်း၊ **တစ္ဆံ**– မှန်သည့်အတိုင်း၊ **ကာလေန**– ပြောဆိုသင့်ရာအခါ၌၊ **ဘာသိတာ**– ပြောဆိုတတ်သည်၊ **ဟောတိ**– ဖြစ်၏။

(၂) **ဝဏ္ဏာရဟဿ စ**– ချီးမွမ်းထိုက်သော ဂုဏ်ရှိသူ၏လည်း၊ **ဝဏ္ဏံ**– ချီးမွမ်းထိုက်သောဂုဏ်ကို၊ **ဘူတံ**– ဟုတ်သည့်အတိုင်း၊ **တစ္ဆံ**– မှန်သည့်အတိုင်း၊ **ကာလေန**– ပြောဆိုသင့်ရာအခါ၌၊ **ဘာသိတာ**– ပြောဆိုတတ်သည်၊ **ဟောတိ**– ဖြစ်၏။

စတုန္နံ– လေးယောက်ကုန်သော၊ **ဣမေသံ ပုဂ္ဂလာနံ**– ဤပုဂ္ဂိုလ်တို့တွင်၊ **အယံ ပုဂ္ဂလော**– ကဲ့ရဲ့ပြစ်တင်ထိုက်သူကိုလည်း ကဲ့ရဲ့ပြစ်တင်၍, ချီးမွမ်းထိုက်သူကိုလည်း ချီးမွမ်း၍ ပြောဆိုသော ဤပုဂ္ဂိုလ်သည်၊ **အဘိက္ကန္တတရော စ**– သာလွန်၍ ကောင်းမွန်၏၊ **ပဏီတတရော စ**– သာလွန်၍လည်း မွန်မြတ်၏။

(၃) **တံ**– ထိုသို့သာလွန်မြင့်မြတ် ကောင်းမွန်ခြင်းသည်၊ **ကိဿ ဟေတု**– အဘယ်အကြောင်းကြောင့်နည်းဟူမူကား၊

ပေါတလိယ– ပေါတလိယ၊ **ဟိ ယသ္မာ**– အကြင်ကြောင့်၊ **တတ္ထ တတ္ထ**– ထိုထိုချီးမွမ်းရာ, ကဲ့ရဲ့ရာဌာနၥ်၌၊ **ယဒိဒံ ကာလညုတာ**– အကြင်အချိန်အခါကိုသိ၍ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့ခြင်း, ချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်းသည်၊ **အတ္ထိ**– ရှိ၏၊ **သော ကာလညုတာ**– ထိုသို့ အချိန်အခါကိုသိ၍ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့ခြင်း, ချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်းသည်၊ **အဘိက္ကန္တာ**– အလွန်နှစ်သက်အပ် ကောင်းမြတ်လှသော ပညာရှိတို့၏ ထုံးတမ်းစဉ်လာပေတည်း၊ **ဣတိ**– ဤသို့ မိန့်ကြားတော်မူလေပြီ။

ပေါတလိယ ပရိဗိုဇ်လည်း ဗုဒ္ဓ၏ စကားတော်ကို အလွန်နှစ်သက်သဘောကျ လက်ခံလျက် သရဏဂုံသုံးပါးကို ခံယူသော ဥပါသကာအဖြစ် လျှောက်ထားလေသည်။

သုန္ဒရအနက်ဟော အဘိက္ကန္တသဒ္ဒါက တရားဟောပုံသဘော

လောက၌ အချို့ပုဂ္ဂိုလ်တို့သည် ကဲ့ရဲ့ထိုက်သူကိုလည်း အချိန်အခါအားလျော်စွာ မကဲ့ရဲ့၊ ချီးမွမ်းထိုက်သူကိုလည်း အချိန်အခါအားလျော်စွာ မချီးမွမ်းဘဲ နေကြပေသည်။ ထိုအချက်သည် ဥပေက္ခာသဘောသို့ သက်ရောက်၍ သင့်မြတ်သလို ရှိသော်လည်း အမှန်စင်စစ် မသင့်မြတ်ပေ။ အကြောင်းကား လူမိုက်တို့သည် ထောင်ထတက်ကြွ အားကောင်းလာနိုင်သောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓက အချိန်အခါကိုသိ၍ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့ခြင်း၊ ချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်းသည်သာ ပညာရှိတို့၏ ထုံးတမ်းစဉ်လာဖြစ်သည်ဟု မိန့်ဆိုတော်မူလေသည်။ ထို့ကြောင့် **အချိန်အခါအားလျော်စွာ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့ခြင်း၊ ချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်းဟူသော ပညာရှိတို့၏ ထုံးတမ်းစဉ်လာကို လိုက်နာကြသူများ ဖြစ်ကြပါကုန်လော့။**

အဘိရူပအနက်ဟော အဘိက္ကန္တသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အဘိက္ကန္တသဒ္ဒါ၏ သုန္ဒရ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အဘိက္ကန္တသဒ္ဒါ၏ အဘိရူပ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။ *(ခု- ၂- ၇၃)*

ဣဒ္ဓိယာ– နတ်တို့၏ တန်ခိုးဖြင့်လည်းကောင်း၊ **ယသသာ**– နတ်တို့၏ အခြံအရံဖြင့်လည်းကောင်း၊ **ဇလံ**– တောက်ပလျက်၊ **အဘိက္ကန္တေန**– အလွန်နှစ်သက်အပ်သော ပုံသဏ္ဍာန်ဖြင့်လည်းကောင်း၊ **ဝဏ္ဏေန**– ကိုယ်အဆင်း အရောင်အဝါဖြင့်လည်းကောင်း၊ **သဗ္ဗာ**– အလုံးစုံကုန်သော၊ **ဒိသာ**– အရပ်မျက်နှာတို့ကို၊ **ဩဘာသယံ**– ထွန်းလင်းစေလျက်၊ **မေ**– ငါဗုဒ္ဓ၏၊ **ပါဒါနိ**– ခြေတို့ကို၊ **ဝန္ဒတိ**– ရှိခိုးလာသူကား၊ **ကော**– အဘယ်သူနည်း။

အထက်ပါ ပါဠိဂါထာသည် ဝိမာနပါဠိတော်နှင့် အဋ္ဌကထာ ပုရိသဝိမာနအခန်း– မဏ္ဍူကဒေဝပုတ္တ ဝိမာနဝတ္ထု၌ လာရှိလေသည်။ ဤ၌လိုအပ်သော အဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

ဗုဒ္ဓသည် စမ္ပါမြို့ ဂဂ္ဂရာရေကန်အနီး၌ တရားဟောတော်မူနေစဉ် ဖားကလေးတစ်ကောင်သည် ရေကန်ပေါ်သို့ တက်လာ၍ ဗုဒ္ဓ၏ တရားဟောသံကို ကြားသောအခါ ဘာမျှမသိနားမလည်သော်လည်း ဗုဒ္ဓ၏ အာနုဘော်ကြောင့်လည်းကောင်း၊ ရှေးကပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်၏ အာနုဘော်ကြောင့်လည်းကောင်း 'တရားဟောနေတာပဲ' ဟူသော အမှတ်သညာဖြင့် တရားတော်ကို နာယူလျက်ရှိလေသည်။ နွားကျောင်းသားတစ်ယောက်လည်း နွားကျောင်းရင်း ဖားကလေး တရားနာယူနေသောအရပ်၌နေလျက် မတ်တပ်ရပ်ခါ နွားရိုက်တုတ်ချောင်းဖြင့်ထောက်၍ တရားနာယူလေသည်။ တုတ်သည် ဖားကလေး၏ ဦးခေါင်းကို ထောက်မိ၍ ကွယ်လွန်ရာတွင် တရားဟူသော အမှတ်သညာကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးအပေါင်းခြံရံလျက် နတ်သားဖြစ်လေသည်။ ဖားကို ပါဠိလို 'မဏ္ဍူက' ဟု ခေါ်သည်။ ထို့ကြောင့် ဖားဘဝမှဖြစ်လာသော နတ်သားကို **'မဏ္ဍူကဒေဝပုတ္တ'** 'ဖားနတ်သား' ဟူ၍ အမည်တွင်လေသည်။ ဖားဘဝက 'ဓမ္မသညာ' တရားဟူသော အမှတ်သညာကုသိုလ်ကြောင့် ယခုကဲ့သို့ နတ်သားဖြစ်ရသည်ကို ပရိသတ်အခြံအရံနှင့်တကွ ဗုဒ္ဓထံ ချဉ်းကပ်ပြီး ဗုဒ္ဓ၏ ခြေတော်တို့ကို ရိုသေစွာ ရှိခိုးလေသည်။ အများပရိသတ် သိစေလိုသောကြောင့် ဗုဒ္ဓက အထက်ပါ ဂါထာအတိုင်း မေးမြန်းတော်မူခြင်း ဖြစ်လေသည်။

ဟားနတ်သားသည် မိမိ၏ဘဝဖြစ်စဉ်ကို ဗုဒ္ဓအား လျှောက်ထားလေသည်။ ဗုဒ္ဓသည် ဟားနတ်သားနှင့်တကွ ပရိသတ်အပေါင်းတို့အား တရားဟောတော်မူရာ တရားအဆုံး၌ ဟားနတ်သားသည် သောတာပန်အဖြစ်သို့ရောက်၍ ရှစ်သောင်းလေးထောင်ကုန်သော နတ်လူအပေါင်းတို့သည်လည်း တရားထူးရ၍ ကျွတ်တန်းဝင်ကြလေသည်။ *(ဓိမာန ဋ္ဌ- ၂၀၁ / ၃)*

အဘိရူပ အနက်ဟော အဘိက္ကန္တသဒ္ဒါက တရားဟောပုံသဘော

လူသေလျှင် လူ, နတ်အဖြစ်သို့ရောက်ရန် ခဲယဉ်းလှဘိသကဲ့သို့ တိရစ္ဆာန်ဘဝကသေလျှင် လူ, နတ်အဖြစ်သို့ ရောက်ရန်ကား သာ၍ပင် ခဲယဉ်းလေသည်။ သို့ရာတွင် လူဖြစ်စေ, နတ်ဖြစ်စေ ဗုဒ္ဓသာသနာတော်နှင့်လည်း တွေ့ကြုံရ၊ ရှေးဘဝကလည်း ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုကလည်း အကျိုးပေးခွင့်ရပါက လူကိုထားဘိဦး။ ဟားကလေးသည်ပင်လျှင် 'ဓမ္မသညာ' ဟူသောကုသိုလ်ကြောင့် နတ်စည်းစိမ်ကို ခံစားရလေသည်။ ထို့နောက် ဗုဒ္ဓထံ ဆက်၍တရားနာယူပြန်ရာ သောတာပန်အဖြစ်သို့ ရောက်ရပြန်သည်။ ဤသာဓကကိုထောက်၍ ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံခိုက်တွင် အနည်းဆုံး သောတာပန်အဖြစ်ကို ရည်မှန်း၍ ကုသိုလ်ကောင်းမှုကို ကြိုးစားအားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။

ဤ၌လိုအပ်သောအနက်

ပါဠိတော် အတော်များများ၌ 'အဘိက္ကန္တံ ဘန္တေ, အဘိက္ကန္တံ ဘန္တေ' ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ ဓမ္မော- တရားတော်သည်၊ အဘိက္ကန္တံ- အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ ဓမ္မော- တရားတော်သည်၊ အဘိက္ကန္တံ- အလွန်နှစ်သက်ဖွယ် ရှိပါပေစွဟု အားရကျေနပ်ဝမ်းမြောက်စွာ လျှောက်ထားလေ့ရှိကြလေသည်။ ဤ၌လည်း ထို့အတူ လျှောက်ထားခြင်း ဖြစ်၍ အဘိက္ကန္တသဒ္ဒါ၏ 'ခယအနက်, သုန္ဒရအနက်, အဘိရူပအနက်, အဗ္ဘနုမောဒနအနက်' ဟူ၍ လေးနက်ရှိရာတွင် ဤ၌ 'အဗ္ဘနုမောဒန- ဝမ်းမြောက်ခြင်းအနက်' ကိုသာ လိုအပ်လေသည်။ ဝမ်းမြောက်ခြင်း 'အဗ္ဘနုမောဒန' ဟူသည် 'သာဓု သာဓု ဘန္တေ' ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ သာဓု သာဓု- ကောင်းလှပေ၏, ကောင်းလှပေ၏ဟူ၍ အာမေဍိတ်သံဖြင့် နှစ်ဆင့်ထပ်၍ လျှောက်ထားခြင်းကို ဆိုလိုပေသည်။

အာမေဍိတ်ဆိုရာ အခါများနှင့် အဘိက္ကန္တသဒ္ဒါ၏ ဆိုလိုချက်အနက်များ

အထက်ပါအတိုင်း အာမေဍိတ်ဆိုရာအခါများကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုထားလေသည်။

(၁) **ဘယေ ကောဓေ ပသံသာယံ၊ တုရိတေ ကောတူဟလစ္ဆရေ၊**
ဟာသေ သောကေ ပသာဒေစ၊ ကရေ အာမေဍိတံ ဗုဓော။
တ္ထမိနာစ လက္ခဏေန ဣဓ ပသာဒ ဝသေန, ပသံသာ ဝသေန စာယံ ဒွိက္ခတ္တုံ ဝုတ္တောတိ ဝေဒိတဗ္ဗော။

(၂) အထဝါ အဘိက္ကန္တန္တိ အဘိက္ကန္တံ အတိက္ကဋ္ဌံ အတိမနာပံ အတိသုန္ဒရန္တိ ဝုတ္တံ ဟောတိ။ *(ဒီ ဋ္ဌ- ၁- ၂၀၃ / ၂၀၄)*

(၁) ဘယေ - ကြောက်ရာအခါ၌လည်းကောင်း၊
(၂) ကောဓေ - အမျက်ထွက်ရာအခါ၌လည်းကောင်း၊
(၃) ပသံသာယံ - ချီးမွမ်းရာအခါ၌လည်းကောင်း၊
(၄) တုရိတေ - အဆောတလျင်ပြုရာအခါ၌လည်းကောင်း၊
(၅) ကောတူဟလေ - အသစ်အဆန်းကိုမြင်ရာအခါ၌လည်းကောင်း၊
(၆) အစ္ဆရေ - အံ့ဩရာအခါ၌လည်းကောင်း၊
(၇) ဟာသေ - ရွှင်လန်းရာအခါ၌လည်းကောင်း၊
(၈) သောကေ - ဝမ်းနည်းရာအခါ၌လည်းကောင်း၊
(၉) ပသာဒေ - ကြည်ညိုရာအခါ၌လည်းကောင်း။

ဗုဓော- ပညာရှိသည်၊ အာမေဍိတံ- အာမေဍိတ်ကို၊ ကရေ- ပြုရာ၏၊ ဣတိ ဣမိနာ လက္ခဏေန- ဤသင်္ဂြိုလ်လက္ခဏာအားဖြင့်၊ ဣဓ- ဤ 'အဘိက္ကန္တံ ဘန္တေ' ဟူသောပါဌ်၌၊ ပသာဒ ဝသေန- ကြည်ညိုခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ပသံသာဝသေနစ- ချီးမွမ်းခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ အယံ- ဤအဘိက္ကန္တသဒ္ဒါကို၊ ဒွိက္ခတ္တုံ- နှစ်ကြိမ်၊ ဝုတ္တော- လျှောက်ထားအပ်ပြီ ဣတိ- ဤသို့၊ ဝေဒိတဗ္ဗော- သိထိုက်၏။ *(အဇာတသတ်မင်းက ဗုဒ္ဓကို ကြည်ညိုသောအားဖြင့်လည်းကောင်း၊ ချီးမွမ်းသောအားဖြင့်လည်းကောင်း 'အဘိက္ကန္တံ ဘန္တေ၊ အဘိက္ကန္တံ ဘန္တေ' ဟူ၍ နှစ်ကြိမ်ဆင့်၍ လျှောက်ကြားသည်ဟု ဆိုလိုသည်။)*

(၂) အထဝါ- တစ်နည်းကား၊ အဘိက္ကန္တန္တိ- အဘိက္ကန္တံ ဟူသည်ကား၊ အဘိက္ကန္တံ- အလွန်နှစ်သက်အပ်ပါပေစွ၊ အတိဣဋ္ဌံ- အလွန်အလိုရှိအပ်ပါပေစွ၊ အတိမနာပံ- အလွန်မြတ်နိုးအပ်ပါပေစွ၊ အတိသုန္ဒရံ- အလွန်ကောင်းပါပေစွ၊ ဣတိ- ဤသို့၊ ဝုတ္တံ- ဆိုလိုသည်၊ ဟောတိ- ဖြစ်၏။ *(ဗုဒ္ဓဟောကြားတော်မူအပ်သော သာမညဖလသုတ္တန်တရားတော်သည် အလွန်နှစ်သက်အပ်ပါပေစွ၊ အလွန်အလိုရှိအပ်ပါပေစွ၊ အလွန်မြတ်နိုးအပ်ပါပေစွ၊ အလွန်ကောင်းပါပေစွဟု ဆိုလိုခြင်းဖြစ်သည်။)*

သာမညဖလသုတ္တန်တရားအဆုံး၌ အဇာတသတ်မင်း လျှောက်ထားပုံ

အဇာတသတ်မင်းသည် ဗုဒ္ဓ ဟောကြားတော်မူအပ်သော သာမညဖလသုတ္တန် ဒေသနာတော်ကို အလွန်သဘောကျမြတ်နိုးနှစ်ခြိုက်သည်ဖြစ်၍ ကြည်ညိုသည်ဖြစ်၍ အောက်ပါအတိုင်း လျှောက်ထားလေသည်။

(၁) အဘိက္ကန္တံ ဘန္တေ အဘိက္ကန္တံ ဘန္တေ။

(၂) သေယျထာပိ ဘန္တေ နိက္ကုဇ္ဇိတံဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံဝါ ဝိဝရေယျ၊ မူဠှဿဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေဝါ တေလပဇ္ဇောတံ ဓာရေယျ စက္ခုမန္တော ရူပါနိ ဒက္ခန္တီတိ။

(၃) ဝေမေဝ ဘန္တေ ဘဂဝတာ အနေကပရိယာယေန ဓမ္မော ပကာသိတော။

(၄) သောဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ ဥပါသကံ မံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံဂတံ။ *(ဒီ- ၁- ၈၀)*

(၁) ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ ဓမ္မော- ဗုဒ္ဓဟောကြား သာမညဖလ ဒေသနာတရားတော်သည်၊ အဘိက္ကန္တံ- အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ ဓမ္မော- ဗုဒ္ဓဟောကြား သာမညဖလ ဒေသနာတရားတော်သည်၊ အဘိက္ကန္တံ- အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။

(၂) ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ သေယျထာပိ- ဥပမာမည်သည်ကား၊ နိက္ကုဇ္ဇိတံဝါ- မှောက်ထားသောအိုးခွက်ကို၊ ဥက္ကုဇ္ဇေယျဝါ- လှန်ပြန်လိုက်ဘိသကဲ့သို့လည်းကောင်း၊ ပဋိစ္ဆန္နံ- ဖုံးလွှမ်းထားသော အရာဝတ္ထုကို၊ ဝိဝရေယျဝါ- ဖွင့်ပြလိုက်ဘိသကဲ့သို့လည်းကောင်း၊ မူဠှဿ- လမ်းခရီး၌ မျက်စိလည်လမ်းမှားနေသူအား၊ မဂ္ဂံ- လမ်းဖြောင့်လမ်းမှန်ကို၊ အာစိက္ခေယျဝါ- ပြောကြားလိုက်ဘိသကဲ့သို့လည်းကောင်း၊ စက္ခုမန္တော- မျက်စိအမြင်ရှိသူတို့သည်၊ ရူပါနိ- ရူပါရုံတို့ကို၊ ဒက္ခန္တိ- မြင်ကြကုန်လတ္တံ့၊ ဣတိ- ဤသို့၊ အန္ဓကာရေ- အမိုက်အမှောင်၌၊ တေလပဇ္ဇောတံ- ဆီမီးတန်ဆောင်ကို၊ ဓာရေယျဝါ- ဆောင်ပြလိုက်ဘိသကဲ့သို့လည်းကောင်း၊

(၃) ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ ဝေမေဝ- ဤအတူပင်လျှင်၊ ဘဂဝတာ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ အနေကပရိယာယေန- များစွာသောအကြောင်းဖြင့်၊ ဓမ္မော- တရားတော်ကို၊ ပကာသိတော- ထင်ရှားပြတော်မူအပ်ပါပြီ။

(၄) ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ သောဟံ- ထိုတပည့်တော်သည်၊ ဘဂဝန္တံ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓကိုလည်းကောင်း၊ ဓမ္မဉ္စ- တရားတော်ကိုလည်းကောင်း၊ ဘိက္ခုသံဃဉ္စ- ရဟန်းသံဃာတော်ကိုလည်းကောင်း၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်သိမှတ်ပါ၏၊ ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ မံ- တပည့်တော်ကို၊ အဇ္ဇတဂ္ဂေ- ယနေ့ကို အစပြု၍၊ ပါဏုပေတံ- အသက်ထက်ဆုံး၊ သရဏံ- ကိုးကွယ်ခြင်းသို့၊ ဂတံ- ရောက်သော၊ ဥပါသကံ- ဥပါသကာဟူ၍၊ ဓာရေတု- မှတ်တော်မူပါ။

အဘိက္ကန္တံ အဓိပ္ပါယ် အဋ္ဌကထာအဖွင့်

(၁) ပါဠိတော်၌ 'အဘိက္ကန္တံ ဘန္တေ, အဘိက္ကန္တံ ဘန္တေ' ဟူ၍ အဘိက္ကန္တသဒ္ဒါ နှစ်ခါပါရာ၌ ပဌမ 'အဘိက္ကန္တံ' ဖြင့် အဇ္ဈတ္တသတ်မင်းသည် ဗုဒ္ဓ၏ တရားဒေသနာတော်ကို ချီးမွမ်းခြင်းကို ပြသည်။ ဒုတိယ 'အဘိက္ကန္တံ' ဖြင့် မိမိ၏ ဗုဒ္ဓအပေါ်၌ ကြည်ညိုခြင်းကို ပြသည်။

(၂) ထင်ရှားအောင်ပြဦးအံ့။ ဗုဒ္ဓ၏ တရားဒေသနာတော်သည် 'ဒေါသနာသနတော' ရာဂအစရှိသော အပြစ်တို့ကို ဖျက်ဆီးတတ်သောကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၃) ဗုဒ္ဓ၏ တရားဒေသနာတော်သည် 'ဂုဏာဓိဂမနတော' သီလစသော ဂုဏ်တို့ကို ရကြောင်း၏အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၄) ဗုဒ္ဓ၏ တရားတော်သည် 'သဒ္ဓါဇနနတော' ယုံကြည်မှု သဒ္ဓါတရားကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၅) ဗုဒ္ဓ၏ တရားတော်သည် 'ပညာဇနနတော' အသိအလိမ္မာ ဉာဏ်ပညာကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၆) ဗုဒ္ဓ၏ တရားတော်သည် 'သာတ္ထတော' အနက်အဓိပ္ပါယ်နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၇) ဗုဒ္ဓ၏ တရားတော်သည် 'သဗျဉ္ဇနတော' သဒ္ဒါနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၈) ဗုဒ္ဓ၏ တရားတော်သည် 'ဥတ္တာနပဒတော' ပေါ်လွင်သောပုဒ် ရှိသည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၉) ဗုဒ္ဓ၏ တရားတော်သည် 'ဂမ္ဘီရတ္ထတော' နက်နဲသော အနက်အဓိပ္ပါယ် ရှိသည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၁၀) ဗုဒ္ဓ၏ တရားတော်သည် 'ကဏ္ဏသုခတော' နား၌ချမ်းသာသည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၁၁) ဗုဒ္ဓ၏ တရားတော်သည် 'ဟဒယင်္ဂမတော' နှလုံးအသဲစွဲလောက်သောကြောင့် *(နှလုံးသို့ သက်ဝင်သောကြောင့်)* 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၁၂) ဗုဒ္ဓ၏ တရားတော်သည် 'အနတ္တုက္ကံသနတော' မိမိကို မမြှောက်ပင့်ခြင်းကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၁၃) ဗုဒ္ဓ၏ တရားတော်သည် 'အပရဝမ္ဘနတော' သူတစ်ပါးကို မရှုတ်ချခြင်းကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၁၄) ဗုဒ္ဓ၏ တရားတော်သည် 'ကရုဏာသီတလတော' ကရုဏာတော်ဖြင့် အေးမြသည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၁၅) ဗုဒ္ဓ၏ တရားတော်သည် 'ပညာဝဒါတတော' ပညာတော်ဖြင့် ဖြူစင်သည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၁၆) ဗုဒ္ဓ၏ တရားတော်သည် 'အာပထရမဏီယတော' သောတဒွါရသို့ ရေးရှုရောက်လတ်သော် မွေ့လျော်ဘွယ်ကောင်းသည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၁၇) ဗုဒ္ဓ၏ တရားတော်သည် 'ဝိမဒ္ဒက္ခမတော' နှိပ်နယ်ခြင်းကို ခံနိုင်သည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၁၈) ဗုဒ္ဓ၏ တရားတော်သည် 'သုယျမာနသုခတော' ကြားနာအပ်သည်ရှိသော် နားကိုချမ်းသာစေတတ်သည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ။

(၁၉) ဗုဒ္ဓ၏ တရားတော်သည် 'ဝိမံသိယမာနဂုဏ်တော' စူးစမ်းအပ်သည်ရှိသော် စီးပွါးရှိသည်၏ အဖြစ်ကြောင့် 'အဘိက္ကန္တံ' အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ စသည်ဖြင့် ချီးမွမ်းထောမနာ၍ မကုန်နိုင် ဖြစ်ရလေသည်။ *(ဒီ ၄- ၁- ၂၀၄)*

အဂ္ဂသဒ္ဒါ ဟောနိုင်သောအနက်များ

သာမညဖလသုတ္တန် တရားတော်အဆုံး၌ အဇာတသတ်မင်းကြီးသည် ဗုဒ္ဓအား 'အဘိက္ကန္တံ ဘန္တေ' ရှင်တော်ဗုဒ္ဓဘုရား ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူအပ်သော သာမညဖလ ဒေသနာတရားတော်သည် အလွန်နှစ်သက်ဖွယ် ကောင်းပါပေစွ စသည်ဖြင့် လျှောက်ထားပြီးနောက် 'အဇ္ဇတဂ္ဂေ' ယနေ့ကို အစပြု၍ 'ပါဏုပေတံ' အသက်ထက်ဆုံး တပည့်တော်ကို သရဏဂုံသုံးပါးကို ခံယူသူ ဥပါသကာဟူ၍ မှတ်တော်မူပါဟု လျှောက်ထားလေသည်။ ထိုတွင် 'အဇ္ဇတဂ္ဂေ' ကို **အဇ္ဇတံ အဂ္ဂေ** ဟူ၍ ပုဒ်ခွဲပြီး **အဇ္ဇတံ**- ယနေ့ကို၊ **အဂ္ဂေ**- အစပြု၍ ဟူ၍ အဓိပ္ပါယ်ရလေသည်။ ထိုအဂ္ဂေ၌ အဂ္ဂသဒ္ဒါနှင့်စပ်၍ အဂ္ဂသဒ္ဒါ၏ ဟောနိုင်သောအနက်များကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ပြဆိုထားလေသည်။

(၁) အာဒိ- အစ ဟူသောအနက်၊ (၂) ကောဋိ- အစွန်အဖျားဟူသောအနက်၊ (၃) ကောဋ္ဌာသ- အဖို့အစု ဟူသောအနက်၊ (၄) သေဋ္ဌ- အမြတ်ဟူသောအနက်တို့၌ ဖြစ်လေသည်။

ထိုတွင် အထက်တွင် ဖော်ပြသော **အဇ္ဇတဂ္ဂေ** ၌ အဂ္ဂသဒ္ဒါသည် 'အာဒိ' အစဟူသောအနက်ကို ဟောသည်မှာ ထင်ရှားပေသည်။ ထို့ကြောင့် **အဇ္ဇတဂ္ဂေ- ယနေ့ကို အစပြု၍၊ ပါဏုပေတံ- အသက်ထက်ဆုံး 'ဗုဒ္ဓ, ဓမ္မ, သံဃ' ဟူသော သရဏဂုံသုံးပါးကို ကိုးကွယ်ဆည်းကပ်သူများ ဖြစ်ကြပါကုန်လော့။**

သရဏဂုံကို ကိုးကွယ်ဆည်းကပ်ထိုက်ကြောင်း

အဋ္ဌကထာဆရာသည် သရဏဂုံသုံးပါးကို ကိုးကွယ်ထိုက်ခြင်းအကြောင်းကို အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်။

(၁) ဟိတေ ပဝတ္တနေန အဟိတာစ နိဝတ္တနေန သတ္တာနံ ဘယံ ဟိံသတိ ဗုဒ္ဓေါ။

(၁) **ဗုဒ္ဓေါ**- ဗုဒ္ဓသည်၊ **ဟိတေ**- အကျိုးစီးပွါး၌၊ **ပဝတ္တနေန**- သတ္တဝါတို့အား ဖြစ်စေသောအားဖြင့်လည်းကောင်း၊ **အဟိတာ**- အကျိုးစီးပွါးမဲ့မှ၊ **နိဝတ္တနေန**- သတ္တဝါတို့အား ဆုတ်နစ်စေခြင်းအားဖြင့်လည်းကောင်း၊ **သတ္တာနံ**- သတ္တဝါတို့၏၊ **ဘယံ**- ဘေးရန်အပေါင်းကို၊ **ဟိံသတိ**- ပယ်ဖျောက်ဖျက်ဆီးပေးတော်မူတတ်၏။

အထက်ပါ စကားအရ ဗုဒ္ဓကို ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်သူအား ဗုဒ္ဓသည် အကျိုးစီးပွါး တိုးပွါးအောင်, အကျိုးမဲ့များကို ဆုတ်ယုတ်ပပျောက်သွားအောင် ပြုလုပ်ပေးတော်မူတတ်၏။ ထို့ပြင် သတ္တဝါတို့၏ ဘေးရန်အပေါင်းကိုလည်း ကာကွယ်ဖျက်ဆီးပေးတတ်၏။ ထို့ကြောင့် ဗုဒ္ဓအား ယုံကြည်စွာ ကိုးကွယ်ထိုက်ပေသည်။

(၂) ဘဝကန္တာရေ ဥတ္တာရဏေန အဿာသ ဒါနေနစ ဓမ္မော။

ဓမ္မော- ဗုဒ္ဓဟောကြား တရားတော်များသည်၊ **ဘဝကန္တာရေ**- ဘဝတည်းဟူသော ခရီးခဲမှ၊ **ဥတ္တာရဏေန**- ကယ်တင်ခြင်းအားဖြင့်လည်းကောင်း၊ **အဿာသ ဒါနေနစ**- သက်သာရာကို ပေးတတ်သောအားဖြင့်လည်းကောင်း ဤအကြောင်းကြောင့် ကိုးကွယ်ထိုက်သည်။

အထက်ပါ စကားအရ ဗုဒ္ဓ ဟောကြားတော်မူအပ်သော တရားတော်သည် ဗုဒ္ဓ ဟောကြားတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးကြသော သတ္တဝါတို့အား ဘဝဒုက္ခအမျိုးမျိုးမှ လွတ်မြောက်အောင်လည်း ထုတ်ဆောင်ကယ်တင် ပေးတော်မူတတ်၏။ အကြောင်းအမျိုးမျိုးကြောင့် စိတ်မသက်မသာ ဖြစ်နေကြကုန်သော သတ္တဝါတို့ကို စိတ်သက်သာရာရအောင်လည်း ပြုလုပ်ပေးတတ်၏။ ထို့ကြောင့် ဓမ္မ- တရားတော်ကို ကိုးကွယ်ဆည်းကပ် သိမှတ်ထိုက်ပေသည်။

(၃) အပ္ပကာနမ္ပိ ကာရာနံ ဝိပုလဖလ ပဋိလာဘ ကရဏေန သံဃော။ *(ဒီ ၄- ၁- ၂၀၆)*

သံဃော– ဗုဒ္ဓ၏ တပည့်သား သံဃာတော်များသည်၊ **အပ္ပကာနမ္ပိ–** အနည်းငယ်လည်း ဖြစ်ကုန်သော၊ **ကာရာနံ–** ပြု အပ်သောကောင်းမှုတို့၏၊ **ဝိပုလဖလ ပဋိလာဘ ကရဏေန–** ပြန့်ပြောသောအကျိုးကို ရခြင်းကို ပြုခြင်းအားဖြင့် ဤအကြောင်းကြောင့် လည်း ကိုးကွယ်ထိုက်သည်။

အထက်ပါစကားအရ လူ့လောက၌ ကုန်ရောင်းကုန်ဝယ် ပြုလုပ်ကြသူတို့သည် ဉာောင်စေ့လောက် အရင်းအနှီး ပြုလုပ်ပြီး ညောင်ပင်ကြီးလောက်ရဘို့ရန် အလွန်ခဲယဉ်းလှပေသည်။ 'သုပ္ပဋိပန္နတာ' အစရှိသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သံဃာတော် အရှင်မြတ်တို့အား သဒ္ဓါထက်သန်စွာဖြင့် စေတနာသုံးတန် ပြည့်စုံစွာဖြင့် လှူဒါန်းတတ်ပါလျှင် ညောင်စေ့လောက်လှူသော အလှူညည်ပင် ညောင်ပင်ကြီးလောက် ပြန်၍အကျိုးရတတ်လေသည်။ ဤအကြောင်းကြောင့်လည်း သံဃာတော် အရှင်မြတ်တို့ကို ကိုးကွယ်ထိုက်လှ ပေသည်။

သရဏဂုံဟူသည်

'သရဏဂုံ' ဟူသည် 'သရဏဂမန' ဟူသော ပါဠိပုဒ်မှ သက်ဆင်းလာခြင်း ဖြစ်သည်။ သရဏ– ကိုးကွယ်ရာအနေအားဖြင့် ဂမန– ဆည်းကပ်ခြင်းကို 'သရဏဂုံ' ဟု ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာဆရာသည် သရဏဂုံ၏ အဓိပ္ပါယ်ကို အောက်ပါ အတိုင်း ဖွင့်ဆိုလေသည်။

(၁) သရဏတ္ထတော ဟိံသတီတိ သရဏံ။

(၂) သရဏဂတာနံ တေနေဝ သရဏဂမနေန ဘယံ သန္တာသံ ဒုက္ခံ ဒုဂ္ဂတိ ပရိကိလေသံ ဟနတိ ဝိနာသေတီတိ အတ္ထော။ *(ဒီ ၄- ၁- ၂၀၅)*

(၁) သရဏတ္ထတော– သရဏသဒ္ဒါ၏ အနက်အားဖြင့်၊ **ဟိံသတိ–** ပယ်ဖျောက်ဖျက်ဆီးတတ်၏၊ **ဣတိ–** ထို့ကြောင့်၊ **သရဏံ–** သရဏမည်၏။ ဤစကားအရ သရဏသဒ္ဒါသည် ကိုးကွယ်ထိုက်ခြင်း အနက်ကိုဟော၏။ ထို့ကြောင့် ကိုးကွယ်သူတို့၏ ဘေးရန်အပေါင်းကို ပယ်ဖျောက်ဖျက်ဆီးတတ်သောကြောင့် 'သရဏ' ဟူ၍ ဆိုရလေသည်။

(၂) သရဏဂတာနံ– ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူတို့၏၊ **တေနေဝ သရဏဂမနေန–** ထိုသို့ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းဖြင့်ပင်၊ **ဘယံ–** ဘေးအမျိုးမျိုးကိုလည်းကောင်း၊ **သန္တာသံ–** ထိတ်လန့်ဘွယ်အမျိုးမျိုးကိုလည်းကောင်း၊ **ဒုက္ခံ–** ကိုယ်ဆင်းရဲအမျိုးမျိုးကိုလည်းကောင်း၊ **ဒုဂ္ဂတိ ပရိကိလေသံ–** အပါယ်ဒုဂ္ဂတိဘဝတို့၌ ထက်ဝန်းကျင် အနှိပ်စက်ခံရခြင်းအမျိုးမျိုး ပူလောင်ခြင်းအမျိုးမျိုးကိုလည်းကောင်း၊ **ဟနတိ ဝိနာသေတိ–** ပယ်ဖျောက်ဖျက်ဆီးတတ်၏၊ **ဣတိ–** ဤသည်ကား၊ **အတ္ထော–** သရဏဂုံ၏ လိုအပ်သော အဓိပ္ပါယ်တည်း။

သရဏဂုံအရ **'ဗုဒ္ဓ, ဓမ္မ, သံဃာ'** ကိုရ၏။ ထို့ကြောင့် **'ဗုဒ္ဓ, ဓမ္မ, သံဃာ'** တို့ကို ဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ် မြောက်အောင် သိမှတ်ဆည်းကပ် ကိုးကွယ်တတ်သူများ ဖြစ်ကြပါကုန်လော့။ အဇ္ဇတဂ္ဂေအရ ယနေ့ကို အစပြု၍ **ပါဏုပေတံ– အသက်ထက်ဆုံး 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော သရဏဂုံသုံးပါးကို ကိုးကွယ်မှု ပြုကြပါကုန်လော့။**

ကောဋ္ဌအနက်ဟော အဂ္ဂသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အဂ္ဂသဒ္ဒါ၏ အာဒိ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အဂ္ဂသဒ္ဒါ၏ ကောဋ္ဌ အနက်၌ ဖြစ်ပုံ သာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

တေနေဝ အင်္ဂုလဂ္ဂေန တံ အင်္ဂုလဂ္ဂံ ပရာမသေယျ (ပရာမသတိ)။ *(အဘိ- ၄- ၂၃၇)*

တေနေဝ အင်္ဂုလဂ္ဂေန– ထိုလက်ချောင်းဖျားဖြင့်သာလျှင်၊ **တံ အင်္ဂုလဂ္ဂံ–** ထိုလက်ချောင်းဖျားကို၊ **ပရာမသတိ–** သုံး သပ်ပါသလော။ *(ပါဠိတော်၌ ပရာမသေယျ ဟူ၍၊ ပရာမသတီသာ ရှိသည်။)*

အထက်ပါ ပါဠိရပ်သည် အဘိဓမ္မာ ကထာဝတ္ထု ပါဠိတော် ပဏ္ဏာသကထာ၌ လာရှိလေသည်။ အဘိဓမ္မာသဘောအရ ရှေ့စိတ်ကို နောက်စိတ်ဖြင့် သိလို့ရသည်။ ရှေ့စိတ်ကို ထိုရှေ့စိတ်ဖြင့် သိလို့မရ။ ဥပမာအားဖြင့် လက်ချောင်းဖျားတစ်ခုကို အခြားလက်ချောင်းဖျားတစ်ခုဖြင့် သုံးသပ်၍ရသည်။ သို့ရာတွင် ထိုလက်ချောင်းဖျားကို ထိုလက်ချောင်းဖျားဖြင့်ကား သုံးသပ်၍ မရနိုင်ပုံကို ပြဆိုသောသဘော ဖြစ်သည်။ *(အဘိဓမ္မာသဘောအရ တစ်သိပြီးမှ တစ်သိသိသည်။ ထိုသဘောကို နားမလည်လျှင် ရှေးအသိ နောက်အသိမကွဲဘဲ တစ်ဆက်တည်း ခဲ့တိုက်ကြီး သိနေသည်ဟု မှတ်ထင်တတ်လေသည်။)*

ကောဋ္ဌာသ အနက်ဟော အင်္ဂသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အင်္ဂသဒ္ဒါ၏ ကောဋ္ဌာသ အနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အင်္ဂသဒ္ဒါ၏ ကောဋ္ဌာသ အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

အမ္ဗိလဂ္ဂံ ဝါ မဓုရဂ္ဂံ ဝါ တိတ္တကဂ္ဂံ ဝါ။ *(သံ- ၃- ၁၃၀)*

ဘိက္ခဝေ- ရဟန်းတို့ **အမ္ဗိလဂ္ဂံ ဝါ**- ချဉ်သောသစ်သီး အဘို့အစုကိုလည်းကောင်း၊ **မဓုရဂ္ဂံ ဝါ**- ချိုသောသစ်သီး အဘို့အစုကိုလည်းကောင်း၊ **တိတ္တကဂ္ဂံ ဝါ**- ခါးသောသစ်သီး အဘို့အစုကိုလည်းကောင်း။

အထက်ပါ ပါဠိရပ်သည် သံယုတ်ပါဠိတော် တတိယအုပ်- သတိပဋ္ဌာနသံယုတ်- သူဒသုတ်၌ လာရှိလေသည်။ ဤ၌ လိုအပ်သောအဓိပ္ပါယ်ကို အောက်ပါအတိုင်း တင်ပြပါသည်။

မလိမ္မာသော စားတော်ကဲသည် မင်းကြီးအား အချို, အချဉ်, အစပ်, အခါးစသော ထမင်း, ဟင်းတို့ကို ဆက်သရာ၌ မင်းကြီး၏ အကြိုက်ကို မသိလေသောကြောင့် ရသင့်ရထိုက်သော ဆုလာဘ်ကိုလည်းကောင်း, လစာကိုလည်းကောင်း မရရှိပေ။ ထို့အတူ ဗုဒ္ဓသာသနာတော်၌ ရဟန်းပြုပြီး ဝိပဿနာ သတိပဋ္ဌာန်လေးပါးကို အားထုတ်ရာ၌ မိမိရှုမှတ်ပွားများသော သတိပဋ္ဌာန်အာရုံ, ဝိပဿနာအာရုံ၌ မကျွမ်းကျင် မလိမ္မာသောကြောင့် ရဟန်းဘဝနှင့် ရသင့်ရထိုက်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းကိုလည်းကောင်း, သတိသမ္ပဇဉ်ကိုလည်းကောင်း မရရှိပေ။ **ထို့ကြောင့် လောကီဖြစ်စေ, လောကုတ္တရာဖြစ်စေ ကျွမ်းကျင်လိမ္မာသူဖြစ်အောင် ကြိုးစားအားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

သေဋ္ဌအနက်ဟော အင်္ဂသဒ္ဒါက သိ, မှတ်, ကျင့်ဖွယ်များကို ညွှန်းဆိုပုံ

အဋ္ဌကထာဆရာသည် အင်္ဂသဒ္ဒါ၏ **ကောဋ္ဌာသ**- အဘို့အစုအနက်၌ ဖြစ်ပုံသာဓကကို ပြဆိုပြီး၍ အင်္ဂသဒ္ဒါ၏ **သေဋ္ဌ**- အမြတ်အနက်၌ ဖြစ်ပုံသာဓကကို အောက်ပါအတိုင်း ပြဆိုလေသည်။

ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါ ဝါ ဒွိပဒါ ဝါ စတုပ္ပဒါ ဝါ ဗဟုပ္ပဒါ ဝါ (ပ) တထာဂတော တေသံ အဂ္ဂမက္ခာယတိ *(အံ- ၁- ၃၄၃)*

ဘိက္ခဝေ- ရဟန်းတို့ **ယာဝတာ**- အကြင်မျှ အတိုင်းရှည်ရှိကုန်သော၊ **အပဒါ ဝါ**- အခြေမရှိသည်လည်း ဖြစ်ကုန်သော၊ **ဒွိပဒါ ဝါ**- အခြေနှစ်ချောင်း ရှိသည်မူလည်း ဖြစ်ကုန်သော၊ **စတုပ္ပဒါ ဝါ**- အခြေလေးချောင်း ရှိသည်မူလည်း ဖြစ်ကုန်သော၊ **ဗဟုပ္ပဒါ ဝါ**- အခြေများစွာ ရှိသည်မူလည်း ဖြစ်ကုန်သော၊ **သတ္တာ**- သတ္တဝါတို့သည်၊ **သန္တိ**- ရှိကုန်၏။ **တေသံ**- ထိုသတ္တဝါတို့တွင်၊ **တထာဂတော**- တထာဂတခေါ်ရ မြတ်ဗုဒ္ဓကို၊ **အဂ္ဂံ**- အမြတ်ဆုံးဟူ၍၊ **အက္ခာယတိ**- ဆိုအပ်၏။

အချုပ်အားဖြင့် သက်ရှိ 'လူ, နတ်, ဗြဟ္မာ' ဟူသော သတ္တလောကကြီး၌ ဗုဒ္ဓသည် အမြတ်ဆုံးဖြစ်သည်။ ဗုဒ္ဓထက် သာလွန်မြင့်မြတ်ပုဂ္ဂိုလ်ကို မဆိုထားဘိ ဗုဒ္ဓနှင့် တန်းတူပုဂ္ဂိုလ်သည်လည်း တစ်စုံတစ်ဦးမျှ မရှိပေ။ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သော မြတ်ဗုဒ္ဓ၌ ကြည်ညိုလျှင် အမြတ်ဆုံးအကျိုးကို ရရှိကြမည်ဖြစ်သည်။ **ထို့ကြောင့် အမြတ်ဆုံးဖြစ်သော မြတ်ဗုဒ္ဓအား ကြည်ညိုနိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

ဤ၌ လိုအပ်သောအနက်

အထက်ပါ အစ္စတဂ္ဂေ ၌ အဂ္ဂသဒ္ဒါ၏ ဟောနိုင်သော အနက်လေးနက်တွင် ဤ၌ အာဒိ- အစဟူသော အနက်ကို လိုအပ်ပေသည်။ ထို့ကြောင့် အဇာတသတ်မင်းကြီးက ဗုဒ္ဓအား 'အစ္စတဂ္ဂေ' ယနေ့ကို အစပြု၍ 'ပါဏုပေတံ' အသက်ဆုံးသည့်တိုင်အောင် '**ဗုဒ္ဓ, ဓမ္မ, သံဃာ**' ဟူသော ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်သော 'ဥပါသကာ' အဖြစ် မှတ်ယူတော်မူပါဟု လျှောက်ထားခြင်း ဖြစ်လေသည်။

အဇာတသတ်မင်း ဝန်ချတောင်းပန်ခြင်း

အဇာတသတ်မင်းသည် ဗုဒ္ဓအား ထိုသို့ဥပါသကာအဖြစ် လျှောက်ထားပြီးနောက် အောက်ပါအတိုင်း မိမိအပြစ်ကို ဝန်ချတောင်းပန်လေသည်။

အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ ယောဟံ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဣဿရိယကာရဏာ ဇီဝိတာဝေါရောပေသိံ တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယာတိ။ *(ဒီ- ၁- ၈၀)*

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **ယောဟံ**- အကြင်တပည့်တော်သည်၊ **ဓမ္မိကံ**- တရားစောင့်သော၊ **ဓမ္မရာဇာနံ**- တရားသဖြင့် မင်းပြုသော၊ **ပိတရံ**- ခမည်းတော်ကို၊ **ဣဿရိယကာရဏာ**- အစိုးရခြင်း မင်းစည်းစိမ်ဟူသော အကြောင်းကြောင့်၊ **ဇီဝိတာ**- ဇီဝိတိန္ဒြေမှ၊ **ဝေါရောပေသိံ**- ခွင်းခဲ့မိပါပြီ၊ သတ်မိခဲ့ပါပြီ။ **တံမံ**- ထိုတပည့်တော်ကို၊ **ယထာဗာလံ**- မိုက်သည့်အလျောက်၊ **ယထာမူဠှံ**- တွေဝေသည့်အလျောက်၊ **ယထာအကုသလံ**- မလိမ္မာသည့်အလျောက်၊ **အစ္စယော**- အပြစ်သည်။ **အစ္စဂမာ**- လွှမ်းမိုးသွားခဲ့ပါပြီ။

ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **တဿမေ**- ထိုတပည့်တော်၏၊ **အစ္စယံ**- အပြစ်ကို၊ **အာယတိံ**- နောင်အခါ၌၊ **သံဝရာယ**- စောင့်စည်းခြင်းအကျိုးငှာ၊ **အစ္စယတော**- အပြစ်အားဖြင့်၊ **ပဋိဂ္ဂဏှာတု**- လက်ခံတော်မူပါ၊ သည်းခံတော်မူပါ။ **ဣတိ**- ဤသို့လျှောက်ထားပြီ။

အဇာတသတ်မင်း၏ အပြစ်ကို ဗုဒ္ဓလက်ခံတော်မူခြင်း

ဗုဒ္ဓသည် အဇာတသတ်မင်း၏ အပြစ်ကို ဝန်ချတောင်းပန်ခြင်းကို အောက်ပါအတိုင်း လက်ခံသည်းခံတော်မူသည်။

'မင်းကြီး သင်သည် တရားစောင့်သော, တရားသဖြင့် မင်းပြုသော ခမည်းတော်ကို အစိုးရခြင်း မင်းစည်းစိမ်ဟူသော အကြောင်းကြောင့် သတ်မိခဲ့လေပြီ။ သင်မင်းကြီးကို မိုက်သည့်အလျောက်, တွေဝေသည့်အလျောက်, မလိမ္မာသည့်အလျောက် အပြစ်သည် လွှမ်းမိုးခဲ့ပြီ။ ထိုသို့လွှမ်းမိုးသော်လည်း သင်မင်းကြီးသည် အပြစ်ကို အပြစ်အားဖြင့်မြင်၍ တရားအားလျော်စွာ ကုစား၏။ ထို့ကြောင့် '**တံ တေ မယာ ပဋိဂ္ဂဏှာမ**' **တေ**-သင်မင်းကြီး၏၊ **တံ**- ထိုအပြစ်ကို၊ **မယံ**- ငါတို့သည်၊ **ပဋိဂ္ဂဏှာမ**- လက်ခံကုန်၏၊ သည်းခံကုန်၏။

ဝုဍ္ဎိဟေသာ မဟာရာဇ အရိယဿ ဝိနယေ ယော အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောတိ အာယတိံ သံဝရံ အာပဇ္ဇတိ' တိ။ *(ဒီ- ၁- ၈၀)*

မဟာရာဇ- မင်းကြီး၊ **ယော**- အကြင်ပုဂ္ဂိုလ်သည်၊ **အစ္စယံ**- အပြစ်ကို၊ **အစ္စယတော**- အပြစ်အားဖြင့်၊ **ဒိသွာ**- မြင်၍၊ **ယထာဓမ္မံ**- တရားအားလျော်စွာ၊ **ပဋိကရောတိ**- ကုစား၏၊ **အာယတိံ**- နောင်အခါ၌၊ **သံဝရံ**- စောင့်စည်းခြင်းသို့၊ **အာပဇ္ဇတိ**- ရောက်၏၊ **တဿ**- ထိုပုဂ္ဂိုလ်၏၊ **သော**- ဤအပြစ်ကို အပြစ်ဟုမြင်၍ ကုစားခြင်း, စောင့်စည်းခြင်းသို့ ရောက်ခြင်းသည်၊ **အရိယဿ**- အရိယာဖြစ်တော်မူသော ဗုဒ္ဓ၏၊ **ဝိနယေ**- အဆုံးအမ သာသနာတော်၌၊ **ဝုဍ္ဎိ**- လောကီ, လောကုတ္တရာအတွက် ကြီးပွားကြောင်း တည်း၊ **ဣတိ**- ဤသို့ မိန့်တော်မူပြီ။

အဇာတသတ်မင်း ပြန်လေပြီ

ဗုဒ္ဓက အထက်ပါအတိုင်း မိန့်ကြားတော်မူသောအခါ အဇာတသတ်မင်းသည် အလွန်စိတ်သက်သာရာ ရသွား၍ ဘန္တေ- ရှင်တော်ဗုဒ္ဓဘုရား၊ **မယံ**- တပည့်တော်တို့သည်၊ **ဂစ္ဆာမ**- ပြန်သွားလိုကြပါကုန်၏၊ **မယံ**- တပည့်တော်တို့သည်၊ **ဗဟုကိစ္စ**- များသောကိစ္စ ရှိကြပါကုန်၏၊ **ဗဟုကရဏီယာ**- များသောပြုဘွယ် ရှိကြပါကုန်၏ဟု လျှောက်ထားပြီးလျှင် ဗုဒ္ဓလည်း ခွင့်ပြုတော်မူသောကြောင့် ဗုဒ္ဓ၏ စကားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်စွာဖြင့် လက်အုပ်ချီကာ နောက်ဆုတ် နောက်ဆုတ် ထွက်လာခဲ့၍ ဗုဒ္ဓ မြင်တော်မူလောက်သော အရပ်ရောက်မှ ရိုသေစွာ ရှိခိုးဝပ်ချပြီးလျှင် ပြန်လမ်းဖက်သို့ မျက်နှာလှည့်ကာ ပြန်သွားလေတော့သည်။

ဗုဒ္ဓ မိန့်ကြားတော်မူပုံ

ဝေဒေဟီ မိဖုရား၏ သားဖြစ်သော မဂဓတိုင်းရှင် ဘုရင်အဇာတသတ် ပြန်သွား၍ မကြာမီမှာပင်လျှင် ဗုဒ္ဓသည် (၁၂၅၀) ကုန်သော ရဟန်းသံဃာတော်တို့အား အောက်ပါစကားကို မိန့်ကြားတော်မူပြီ။

အထခေါ ဘဂဝါ အစိရပက္ကန္တေ ရညော မာဂဓေ အဇာတသတ္တုမှိ ဝေဒေဟိပုတ္တေ ဘိက္ခူ အာမန္တေသိ 'ခတာယံ ဘိက္ခဝေ ရာဇာ၊ ဥပဟတာယံ ဘိက္ခဝေ ရာဇာ၊ သစာယံ ဘိက္ခဝေ ရာဇာ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ နဝေါရောပေဿထ၊ ဣမသ္မိံယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇိဿထာ' တိ။

ဣဒမဝေါစ ဘဂဝါ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။ *(ဒီ- ၁- ၈၁)*

အထခေါ- အဇာတသတ်မင်း ပြန်သွားပြီးရာ ထိုအခါ၌၊ ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **မာဂဓေ**- မဂဓတိုင်းကို အစိုးရသော၊ **အဇာတသတ္တုမှိ**- အဇာတသတ်အမည်ရှိသော၊ **ဝေဒေဟိပုတ္တေ**- ဝေဒေဟီမိဖုရား၏ သားဖြစ်သော၊ **ရညော**- မင်းသည်၊ **အစိရပက္ကန္တေ**- ပြန်သွားပြီး၍ မကြာမြင့်သေးမီ၊ **ဘိက္ခူ**- ရဟန်းတို့ကို၊ **အာမန္တေသိ**- အောက်ပါအတိုင်း မိန့်တော်မူလေပြီ။

ဘိက္ခဝေ- ရဟန်းတို့၊ **အယံ ရာဇာ**- ဤအဇာတသတ်မင်းသည်၊ **ခတော**- မိမိ၏ ကုသိုလ်အမြစ်ကို မိမိကိုယ်တိုင်ပင် တူး၍ပစ်ခဲ့ပြီ၊ **ဘိက္ခဝေ**- ရဟန်းတို့ **အယံ ရာဇာ**- ဤအဇာတသတ်မင်းသည်၊ **ဥပဟတော**- မိမိ၏ ကုသိုလ်အမြစ်ကို မိမိကိုယ်တိုင်ပင် ဖျက်ဆီးခဲ့ပြီ၊ **ဘိက္ခဝေ**- ရဟန်းတို့ **အယံ ရာဇာ**- ဤအဇာတသတ်မင်းသည်၊ **ဓမ္မိကံ**- တရားစောင့်သော၊ **ဓမ္မရာဇာနံ**- တရားသဖြင့် မင်းပြုသော၊ **ပိတရံ**- ခမည်းတော်ကို၊ **ဇီဝိတာ**- အသက်မှ၊ **သစေ နဝေါရောပေဿထ**-အကယ်၍ မချွင်းခဲ့အံ့၊ မသတ်ခဲ့အံ့၊ **ဝေ သတိ**- ဤသို့ အဖကို မသတ်မိသည်ရှိသော်၊ **ဣမသ္မိံယေဝ အာသနေ**- ဤသာမညဖလသုတ္တန် ဒေသနာ တော်ကို နာကြားရာနေရာ၌ပင်၊ **ဝိရဇံ**- ရာဂအစရှိသော မြူမှကင်းသော၊ **ဝီတမလံ**- ရာဂအစရှိသော အညစ်အကြေးမှကင်းသော၊ **ဓမ္မစက္ခုံ**- သောတာပတ္တိမဂ်ဉာဏ်မျက်စိသည်၊ **ဥပ္ပဇ္ဇိဿထ**- ဖြစ်နိုင်ရာ၏၊ **ဣတိ**- ဤသို့၊ **အာမန္တေသိ**- မိန့်တော်မူပြီ။

ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဣဒံ**- ဤသာမညဖလသုတ်တော်ကို၊ **အဝေါစ**- ဟောတော်မူပြီ၊ **တေ ဘိက္ခူ**- ထို (၁၂၅၀)သောရဟန်းတို့သည်၊ **အတ္တမနာ**- ဝမ်းမြောက်ကြကုန်သည်၊ ဟုတ္တာ- ဖြစ်၍၊ **ဘဂဝတော**- ဘုန်းတော်ကြီး တော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဘာသိတံ**- ဟောတော်မူအပ်သော သာမညဖလသုတ်တော်ကို၊ **အဘိနန္ဒုံ**- ဝမ်းမြောက်ဝမ်းသာ ကျေနပ်စွာဖြင့် လက်ခံကြကုန်ပြီ။

အဇာတသတ်မင်းကြီးသည် ကြီးကျယ်သောအကျိုးကို ရရှိသွားခြင်း

(၁) အဇာတသတ်မင်းသည် ထိုသို့ သောတာပန် မဖြစ်သည့်အတွက် သာမညဖလသုတ်တော် တရားတော်ကို နာကြားရခြင်း အကျိုးသည် တစ်စုံတစ်ရာ မရှိသလောဟု မေးဖွယ်ရှိ၏။

(၂) အခြေကား အလွန်ကြီးကျယ်သော အကျိုးကို ရလေသည်။ ဗုဒ္ဓထံ တရားမနာခင်က နေ့ရောညပါ အိပ်စက်မရသော ဒုက္ခမှ လွတ်မြောက်သွားပြီး ဤသာမညဖလသုတ်တော် တရားတော်ကို နာကြားပြီးချိန်မှစ၍ ကောင်းစွာအိပ်စက်၍ ရသွားလေသည်။

(၃) 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါးကို အလွန်ကြည်ညိုပြီး အလွန်ပူဇော်မှု ပြုလေသည်။ ရတနာသုံးပါးကို

ပုထုဇဉ်အဖြစ်ဖြင့် ကြည်ညိုရာ၌ ထိုခေတ်ထိုအခါက အဇာတသတ်မင်းကို မှီသူမရှိဟုပင် မှတ်တမ်းတင်ရလေသည်။

(၄) အဖကိုသတ်သူတို့၏ ထုံးစံအရ မဟာအဝီစိငရဲမှာ ကျခံရမည်ဖြစ်၏။ သို့ရာတွင် ရတနာသုံးပါးကို အလွန်ကြည်ညိုပူဇော်သော ကုသိုလ်တို့ကြောင့် အဝီစိငရဲ၏ အခြံအရံဖြစ်သော လောဟကုမ္ဘီငရဲ၌ အနစ်ခြောက်သောင်းမျှသာ ခံရမည်ဖြစ်သည်။

(၅) ငရဲမှလွတ်လာ၍ နောင်အခါ၌ 'ဝိဇိတာဝီ'မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုရပေလတ္တံ့။

(၆) ဤသို့လျှင် အဇာတသတ်မင်းသည် အလွန်ကြီးကျယ်သောအကျိုးကို ရရှိသွားလေသည်။ *(ဒီ ၄- ၁- ၂၁၂)*

သာမညဖလသုတ် ပြီးပြီ။

၃။ အမ္ဗဋ္ဌသုတ်

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ကောသလေသု စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ ယေန ဣစ္ဆာနင်္ဂလံ နာမ ကောသလာနံ ဗြာဟ္မဏဂါမော တဒဝသရိ တတြသုဒံ ဘဂဝါ ဣစ္ဆာနင်္ဂလေ ဝိဟရတိ ဣစ္ဆာနင်္ဂလ ဝနသဏ္ဍေ။ *(ဒီ- ၁- ၈၂)*

ဘန္တေ ကဿပ- အရှင်မဟာကဿပဘုရား၊ **မေ မယာ အာနန္ဒေန**- တပည့်တော် အာနန္ဒာသည်၊ **ဣဒံ သုတ္တံ**- ဤ အမ္ဗဋ္ဌသုတ္တန် တရားတော်ကို၊ **ဘဂဝတော**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ **သမ္မုခါ**- မျက်မှောက်တော်မှ၊ **ဧဝံ**- ဤလျှောက်အံ့လတ္တံ့အတိုင်းသော၊ **သုတံ**- နာခံမှတ်သား ကြားနာဆောင်ထားအပ်ပါပြီ။

ဧကံ သမယံ- အခါတစ်ပါး၌၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ကောသလေသု**- ကောသလာဟု ဗဟုဝုစ်အမည်ရသော ဇနပုဒ်၌ *(ကောသလတိုင်း၌)*၊ **မဟတာ**- ဂုဏ်အားဖြင့်လည်း မြတ်, အရေအတွက်အားဖြင့်လည်း များသော၊ **ပဉ္စမတ္တဘိက္ခုသတေဟိ**- ရဟန်းငါးရာတို့နှင့်၊ **သဒ္ဓိံ**- အတူတကွ၊ **စာရိကံ**- ဒေသစာရီကို၊ **စရမာနော**- လှည့်လည်တော်မူလတ် သော်၊ **ယေန**- အကြင်အရပ်၌၊ **ဣစ္ဆာနင်္ဂလံနာမ**- ဣစ္ဆာနင်္ဂလမည်သော၊ **ကောသလာနံ**- ကောသလာဟု ဗဟုဝုစ်အမည်ရသော ဇနပုဒ်၏ *(ကောသလတိုင်း၏)*၊ **ဗြာဟ္မဏဂါမော**- ပုဏ္ဏားရွာသည်၊ **အတ္ထိ**- ရှိ၏၊ **တံ**- ဣစ္ဆာနင်္ဂလမည်သော ပုဏ္ဏားရွာရှိရာ ထို အရပ်သို့ **အဝသရိ**- ရောက်တော်မူပြီ၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **တတြ ဣစ္ဆာနင်္ဂလေ**- ထိုဣစ္ဆာနင်္ဂလ ပုဏ္ဏားရွာ၏ အနီးဖြစ်သော၊ **ဣစ္ဆာနင်္ဂလ ဝနသဏ္ဍေ**- ဣစ္ဆာနင်္ဂလတောအုပ်၌၊ **ဝိဟရတိ**- ဣရိယာပထ မျှတ၍ပြီး သီတင်းသုံးနေ တော်မူ၏။

ကောသလေသုအဖွင့်

အထက်ပါ ပါဠိတွင် 'ကောသလေသု' ဟူသော ပါဠိပုဒ်တစ်ခုပါသည်။ ထို 'ကောသလေသု' ဟူသော ပါဠိပုဒ်နှင့်စပ်၍ အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုလေသည်။

ကောသလတို့မည်သည် ကောသလဇနပုဒ်ကို အစိုးရကုန်သော မင်းသားတို့တည်း။ ဇနပုဒ်တစ်ခုတည်းဖြစ်လျက် 'ကောသလာ' ဟု ဗဟုဝုစ်နှင့်ဆိုခြင်းသည် မင်းသားတို့၏ ဗဟုဝုစ်နာမည်ကို ဇနပုဒ်တစ်ခုတည်း၌ တင်စားသောကြောင့် အတင်ရုဠ္ဌိ တည်း။ ဥပစာအားဖြင့် 'ဌာနီ' မင်းသားတို့၏ ဗဟုဝုစ်အမည်ကို 'ဌာန' ဇနပုဒ်တစ်ခု၌ တင်စားသောကြောင့် ဌာနူပစာတည်း။ မူလအနက်၏ လိင်, ဝုစ်အတိုင်း ရှိသောကြောင့် ဇနပုဒ်တစ်ခုတည်းကိုပင် 'ကောသလာ, ကောသလေသု' ဟု ဗဟုဝုစ်ဆိုခြင်း ဖြစ်သည်။ *(ဒီ ဋ- ၁- ၂၃၃)*

ကောသလ အမည်ရခြင်းအကြောင်း

ကောသလဇနပုဒ်, ကောသလတိုင်းဟူ၍ အမည်ရခြင်းသည် ရှေးက မဟာပနာဒမည်သော မင်းသားကို ကချေသည်တို့ သည် အမျိုးမျိုးအဖုံဖုံ ပြုံးရယ်အောင် ပြုလုပ်သော်လည်း မပြုံးရယ်သောကြောင့် ခမည်းတော် သုရုစိမင်းက ပြုံးရယ်အောင် ပြု လုပ်နိုင်လျှင် ဆုတော်လာဘ်တော် ချီးမြှင့်မည်ဟုဆို၍ တိုင်းသူပြည်သား လူအများတို့သည် ခုနစ်နှစ်ပတ်လုံး အမျိုးမျိုးသော ပျော်ပြုံး ရယ်ရွှင်ဖွယ်တို့ကို ပြကြသော်လည်း ပြုံးရယ်အောင် မပြုလုပ်နိုင်ကြပေ။

ထိုမဟာပနာဒမင်းသားသည် သုရုစိမည်သော ဝိဒေဟမင်း၏ သားတော်တည်း။ နတ်ပြည်မှ စုတေခဲ့သူဖြစ်၍ နတ် ကချေသည်များ၌ ကြည့်ရှုဖူး များသောကြောင့် လူကချေသည်တို့၏ ကပုံ, သီဆိုပုံ, ပြက်လုံးထုတ်ပုံ အားလုံးကိုပင် သဘောမကျနိုင် ဖြစ်သည်။ ထို့ကြောင့် ပြုံးရုံမျှ မပြုံးဘဲ နေလေသည်။

ထိုသို့ လူတို့က ပြုံးရယ်ခြင်းငှာ မတတ်နိုင်၍ သိကြားမင်းသည် နတ်ကချေသည်တို့ကိုလွှတ်၍ ကပြစေမှသာလျှင် အားရပါးရ ပြုံးရွှင်ရယ်မောလေတော့သည်။ ထိုသို့ ပြုံးရယ်သောအခါ လူတို့သည် မိမိတို့အိမ်သို့ အသီးသီးပြန်ကြရာတွင် ပွဲပြီးမှန်းမသိ၍ ပွဲကြည့်ရန် လာကြကုန်သော မိတ်ဆွေတို့နှင့် လမ်းခရီးမှာ ဆုံကြရာ၌ 'ကစ္စိ ဘော ကုသလံ, ကစ္စိ ဘော ကုသလံ' ဘော-

အမောင်၊ ကစ္စိ– ဘယ်လိုလဲ၊ ကုသလံ– ကျန်းမာပါ၏လော၊ ဘော– အမောင်၊ ကစ္စိ– ဘယ်လိုလဲ၊ ကုသလံ– ကျန်းမာပါ၏လော ဟူ၍ မေးမြန်းပြောဆိုခြင်းကို အကြောင်းပြု၍ ထိုအရပ်ကို 'ကုသလ' မှ 'ကောသလ' ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်လေသည်။ *(ဒီ ဋ–၁– ၂၁၇)*

စာရိကံ, စရမာန အဖွင့်

အထက်ပါ ပါဠိတွင် '**စာရိကံ စရမာနော**' ဟု ပါရှိလေရာ '**စာရိကံ**– ဒေသစာရီကို၊ **စရမာနော**– လှည့်လည်တော်မူလတ်သော်' ဟူ၍ အနက်ပေးရာ၌ အဋ္ဌကထာဆရာသည် '**စာရိကံ, စရမာန**' ပါဠိပုဒ်ကို အောက်ပါအတိုင်း ဖွင့်ပြလေသည်။

'**စာရိကံ**' ဟူသည် ဗုဒ္ဓသည် အခွန့်ရှည်သောခရီးကို ကြွတော်မူခြင်းဟု အဓိပ္ပါယ်ရလေသည်။ ထိုသို့ ခရီးရှည်ကြွတော်မူရာ၌ ဗုဒ္ဓသည် (၁) တုရိတ စာရိက– လျင်မြန်စွာ ကြွတော်မူခြင်း၊ (၂) အတုရိတ စာရိက– နှေးနှေးကြွတော်မူခြင်း ဟူ၍ နှစ်မျိုးရှိလေသည်။

တုရိတ စာရိက ကြွတော်မူပုံ

ဗုဒ္ဓသည် တုရိတ စာရိက– လျင်မြန်စွာ ကြွတော်မူခြင်း အကြောင်းကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

ဗုဒ္ဓသည် ဝေးသောအရပ်၌ သစ္စာလေးပါးတရားကို သိမြင်ထိုက်သောပုဂ္ဂိုလ်ကို မြင်တော်မူသည်ရှိသော် ဆိုင်းငံ့နေတော်မမူဘဲ ကိုယ်တော်တိုင် လျင်မြန်စွာ ကြွတော်မူ၍ ထိုပုဂ္ဂိုလ်အား သစ္စာလေးပါးတရားကို သိစေတော်မူလေသည်။ ထိုစကားကို ချဲ့ပါဦးမည်။ ဗုဒ္ဓသည် အရှင်မဟာကဿပကို သုံးဂါဝုတ်ရှိသော ခရီးသို့ ကြွတော်မူ၍လည်းကောင်း၊ အာဠဝကဘီလူး၏ အကျိုးငှာ ယူဇနာ (၃၀) ရှိသောခရီးသို့ ကြွတော်မူ၍လည်းကောင်း၊ ပက္ကုသာတိမင်း၏ အကျိုးငှာ (၄၅) ယူဇနာရှိသော ခရီးကို ကြွတော်မူ၍လည်းကောင်း သစ္စာလေးပါးတရားကို သိစေတော်မူလေသည်။ ဤသို့ ဗုဒ္ဓသည် တမုဟုတ်ခြင်း ဝေးကွာသောအရပ်သို့ ကြွတော်မူ၍ ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့အား ချေချွတ်တော်မူခြင်းကို 'တုရိတ စာရိက' ဟု ခေါ်သည်။ *(ဒီ ဋ– ၁– ၂၁၇)*

ဤစကားအရ ဗုဒ္ဓသည် သစ္စာသိမြင်၍ ကျွတ်တန်းဝင်ထိုက်သော, သောတာပန်စသည် ဖြစ်ထိုက်သော ရှေးကပြုခဲ့သော ကောင်းမှုကံရှိသော ပုဂ္ဂိုလ်ကို ရွေးချယ်၍ သစ္စာလေးပါး စသောတရားကို ဟောတော်မူကြောင်းမှာ ထင်ရှားပေသည်။ ထို့ကြောင့် ယခုလို ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်ချိန်ဝယ် သစ္စာလေးပါးတရားကို သိမြင်အောင် ဝိပဿနာ သတိပဋ္ဌာန်တရားများကို ဒါန, သီလ, ဘာဝနာ တရားများကို အားတက်သရော ပြုလုပ်ကြသူများ ဖြစ်ကြပါကုန်လော့။

အတုရိတ စာရိက ကြွတော်မူပုံ

'**အတုရိတ စာရိက**' ဟူသည် ဗုဒ္ဓသည် အခွန့်ရှည်သောခရီးကို, ရှည်သောခရီးကို ကြွတော်မူရာ၌ လျင်မြန်စွာ ကြွတော်မူခြင်းမဟုတ်ဘဲ နှေးနှေးကြွတော်မူခြင်းကို 'အတုရိတ စာရိက' ဟု ခေါ်သည်။ ထိုသို့ကြွတော်မူပုံကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

ဗုဒ္ဓသည် ရွာနိဂုံးအစဉ်အားဖြင့် နေ့တိုင်းပင် တစ်ယူဇနာ, နှစ်ယူဇနာခရီးကို ဆွမ်းခံလှည့်လည်တော်မူခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် သတ္တဝါအပေါင်းကို ချီးမြှောက်တော်မူလိုသောအားဖြင့် ကြွတော်မူခြင်းသည် အတုရိတ စာရိက– ဖြေးဖြေးနှေးနှေး ကြွတော်မူခြင်းဖြစ်သည်။ ဤသို့ ဗုဒ္ဓသည် အတုရိတ စာရိက– ဖြေးဖြေးနှေးနှေး ကြွတော်မူရာ၌–

(က) မဟာမဏ္ဍလ – ကျယ်ဝန်းသောအဝန်းဖြင့် ကြွတော်မူခြင်း၊

(ခ) မဇ္ဈိမမဏ္ဍလ – မကျဉ်းမကျယ်သောအဝန်းဖြင့် ကြွတော်မူခြင်း၊

(ဂ) အန္တောမဏ္ဍလ– မဟာမဏ္ဍလ, မဇ္ဈိမမဏ္ဍလ အဝန်းလောက် မကျယ်သောအဝန်းဖြင့် ကြွတော်မူခြင်းဟူ၍သုံးမျိုး ရှိလေသည်။

(က) မဟာမင်္ဂလအခန်းဖြင့် ကြွတော်မူပုံ

ဗုဒ္ဓသည် အကြင်အခါ၌ မဟာမင်္ဂလအခန်းဖြင့် ကြွတော်မူလိုသည်ရှိသော် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ပဝါရဏာကို ပြုစေတော်မူပြီး၍ *(ဗုဒ္ဓကိုယ်တော်တိုင် မပြုသည်မဟုတ်၊ သံဃာတော်များကို ပဝါရဏာ ပြုစေတော်မူသည်။)* သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့၌ ဗုဒ္ဓသည် ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ခရီးဒေသစာရီ ကြွချီတော်မူသည်။

ထိုသို့ ဗုဒ္ဓ ကြွချီတော်မူသည်ရှိသော် ယူဇနာတစ်ရာအတွင်းရှိ လူအပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် ဖြစ်ကြပြီး သူ့ထက်ငါ အလုအယက် ဗုဒ္ဓ အမှူးရှိသော သံဃာတော်တို့ကို ပင့်ဖိတ်တော်မူကြလေသည်။ ထိုသို့ ဗုဒ္ဓသည် ထိုထိုရွာနိဂုံးတို့၌ တစ်ရက်လုံးသော်လည်းကောင်း၊ နှစ်ရက်လုံးသော်လည်းကောင်း သီတင်းသုံးတော်မူလျက် လူအပေါင်းတို့၏ ဆွမ်းစသော လှူဖွယ်ဝတ္ထုတို့ကို ခံယူတော်မူခြင်းဖြင့် လူအပေါင်းတို့ကို ချီးမြှောက်တော်မူ၍လည်းကောင်း၊ ဝဋ်ဒုက္ခမှကင်းသော နိဗ္ဗာန်ကိုမှီသော ကုသိုလ်ကို တိုးပွါးစေတော်မူလျက်လည်းကောင်း (၉)လတို့ဖြင့် ခရီးဒေသစာရီ ကြွချီတော်မူခြင်းကို ပြီးဆုံးစေသည်။

(ခ) မဇ္ဈိမမင်္ဂလအခန်းဖြင့် ကြွတော်မူပုံ

ဗုဒ္ဓသည် ဝါတွင်းသုံးလ၌ ရဟန်းသံဃာတော်တို့၏ 'သမထ, ဝိပဿနာ' တရားနုသေးသည်ရှိသော် ရဟန်းသံဃာတော်ကို 'သမထ, ဝိပဿနာ' တရားများ ရင့်ကျက်အောင် တစ်လတိုင် ဆိုဆုံးမတော်မူသောအားဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာ မပြုစေဘဲ တန်ဆောင်မုန်းလပြည့်နေ့ကျမှ ပဝါရဏာ ပြုစေတော်မူသည်။ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှစ၍ ရဟန်းသံဃာတော်များ ခြံရံကာ မဟာမင်္ဂလက ဆိုခဲ့ပြီးသည့်အတိုင်း လူအပေါင်းတို့ကို ရှစ်လတို့ပတ်လုံး ချီးမြှောက်တော်မူ၍ ထိုရှစ်လတို့ဖြင့် ပြီးဆုံးစေလေသည်။

(ဂ) အန္တောမင်္ဂလအခန်းဖြင့် ကြွတော်မူပုံ

ဗုဒ္ဓသည် လူအပေါင်းသည် သစ္စာလေးပါးကိုသိရန် ဣန္ဒြေမရင့်ကျက်သေးသည်ရှိသော် ဣန္ဒြေရင့်ကျက်သည်အထိ ဆိုင်းငံ့ပြီးမှ မဟာမင်္ဂလက ဆိုခဲ့ပြီးသည့်အတိုင်း တစ်လမှစ၍ အများဆုံး ခုနစ်လတို့ပတ်လုံး လူအပေါင်းတို့ကို ချီးမြှောက်တော်မူ၍ ခရီးဒေသစာရီ ကြွချီတော်မူခြင်းကို ပြီးမြောက်စေတော်မူသည်။

ဒေသစာရီ ကြွချီတော်မူခြင်း ရည်ရွယ်ချက်

ဗုဒ္ဓသည် ထိုသို့ခရီးဒေသစာရီ ကြွချီတော်မူရာ၌ သက်န်းစသော လာဘ်အကျိုးငှာ ကြွတော်မူသလောဟု မေးမြန်းဖွယ်ရှိ၏။ အဖြေကား မဟုတ်ပါ။ အဟုတ်သော်ကား အကြင်ပုဂ္ဂိုလ်တို့သည် ဆင်းရဲကုန်၏။ အိုမင်းကုန်၏။ အနာရောဂါ နှိပ်စက်လျက်ရှိ၏။ ထိုပုဂ္ဂိုလ်တို့သည် ဗုဒ္ဓထံသို့ လာရောက်၍ ဗုဒ္ဓကို ဖူးမြင်ခြင်းငှာ ရရှိကြတော့မည် မဟုတ်ပေ။ ဗုဒ္ဓ ကြွတော်မူမှသာလျှင် ဖူးမြော်ခွင့်ကို ရရှိကြပြီး အချို့လူတို့သည် စိတ်ကိုကြည်ညိုမှုကို ဖြစ်စေကုန်လတ္တံ့။ အချို့လူတို့သည် ပန်းအစရှိသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ကြကုန်လတ္တံ့။ အချို့လူတို့သည် တစ်ဇွန်းမျှလောက်သော ဆွမ်းကိုလည်း လှူကြလတ္တံ့။ အချို့လူတို့သည် မိစ္ဆာဒိဋ္ဌိအယူကိုစွန့်၍ သမ္မာဒိဋ္ဌိအယူကို ယူလတ္တံ့။ ထိုသို့ဖြစ်ခြင်းသည် ထိုလူတို့အတွက် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းအလို့ငှာ၊ ချမ်းသာခြင်းအလို့ငှာ ဖြစ်လတ္တံ့ဟု ဤသို့ 'လောကာနုကမ္ပါယမေဝ' သတ္တလောကကို သနားစောင့်ရှောက်ခြင်း အလို့ငှာသာ ကြွတော်မူခြင်း ဖြစ်သည်။
(ဒီ ၄- ၁- ၂၇၅ / ၂၇၆)

ဤစကားဖြင့် ဗုဒ္ဓသည် လူသားတို့အပေါ်၌၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အပေါ်၌ မေတ္တာ, ကရုဏာ ကြီးမားတော်မူသည်မှာ အလွန်ထင်ရှားလျက် ရှိလေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ 'မေတ္တာ, ကရုဏာ' ကို အလေးဂရုပြုသောအားဖြင့် **'ဒါန, သီလ, ဘာဝနာ' စသော သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ကြ၍ မေတ္တာကြီးသူ, ကရုဏာကြီးသူများ ဖြစ်ကြပါကုန်လော့။**

ဒေသစာရီ ကြွတော်မူခြင်း အကြောင်းလေးပါး

အထက်က ဖော်ပြအပ်သော 'လောကာနုကမ္ပက' လောကကို စောင့်ရှောက်ခြင်းအကျိုးငှာ ကြွတော်မူခြင်း အကြောင်း မှတပါး နောက်ထပ်အကြောင်းလေးပါးလည်း ရှိသေးသည်။ ယင်းမှာ–

(၁) သရီရဖာသုကတ္ထာယ – ကိုယ်တော်၏ ကျန်းမာခြင်း အကျိုးငှာလည်းကောင်း *(အရပ်တစ်နေရာတည်း၌ အထိုင်များသော် 'သလိပ်, သည်းခြေ, လေ' စသောဓာတ်တို့သည် များသောကြောင့် ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းပြီး မကျန်းမမာ ဖြစ်တတ်လေသည်။ ခရီးဒေသစာရီ ကြွတော်မူသောအခါ၌ ထိုဓာတ်တို့သည် ကျေညက်နည်းပါးပြီး ခန္ဓာကိုယ် ကျန်းမာလေသည်။)*

(၂) အဋ္ဌုပ္ပတ္တိကာလာဘိ ကင်္ခနတ္ထာယ– အဋ္ဌုပ္ပတ္တိကာလကို အလိုရှိတော်မူခြင်း အကျိုးငှာလည်းကောင်း၊ *(ဗုဒ္ဓသည် အကြိခန္ဓောပမသုတ်ကို ဟောတော်မူရာ၌ ဒေသစာရီ လှည့်လည်တော်မူစဉ် မီးလောင်နေသော သစ်ပင်ကြီးကို တွေ့မြင်ရ၍ တရားဟောရန် အကြောင်းအဋ္ဌုပ္ပတ္တိ ဖြစ်ပေါ်သွားလေသည်။ ဒေသစာရီ မကြွလျှင် ဖြစ်ပေါ်မည် မဟုတ်ပေ။)*

(၃) ဘိက္ခူနံ သိက္ခာပဒ ပညာပနတ္ထာယ– ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်ခြင်း အကျိုးငှာလည်းကောင်း၊ *(သျှာပါန အရက်သောက်ခြင်း သိက္ခာပုဒ်ကို အရှင်သာဂတ၏ ဝတ္ထုကြောင်းပေါ်လာ၍ ပညတ်တော်မူရလေသည်။)*

(၄) တတ္ထ တတ္ထ ပရိပါက ဂတိန္ဒြိယေန ဗောဓနေယျသတ္တေ ဗောဓနတ္ထာယ– ထိုထိုအရပ်တို့၌ ဣန္ဒြေရင့်ကျက်ကုန်သော၊ သစ္စာလေးပါးတရားတို့ကို သိထိုက်ကုန်သော သတ္တဝါတို့ကို သစ္စာလေးပါးကို သိစေခြင်းငှာလည်းကောင်း *(အင်္ဂုလိမာလ ဂိုဏ်းအရပ်သို့ ကြွတော်မူ၍ သစ္စာလေးပါးကို သိစေတော်မူသည်။)* ထိုလေးပါးသော အကြောင်းတို့ကြောင့် ဗုဒ္ဓသည် ခရီးဒေသစာရီ ကြွချီတော်မူခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ– ၁– ၂၁၆၊ မဟာဋီ– ၂၀၇၊ သီဋီသစ် ဒုအုပ်– ၂၀၆)*

အတုရိတ စာရိက ကြွတော်မူပုံနှစ်မျိုး

ဗုဒ္ဓသည် ထိုသို့ အတုရိတ စာရိက ခေါ် ဖြေးဖြေးနှေးနှေး ခရီးဒေသစာရီ ကြွတော်မူခြင်းသည်–

(၁) အနိဗဒ္ဓစာရိက– တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်နှင့် ဆက်စပ်ခြင်းမရှိသော ကြွတော်မူခြင်း *(ရွာနိဂုံးမြို့အစဉ်၏ အစွမ်းဖြင့် ကြွတော်မူခြင်း)*

(၂) နိဗဒ္ဓစာရိက – တစ်စုံတစ်ယောက်နှင့် ဆက်စပ်ခြင်းရှိသော ကြွတော်မူခြင်း *(ပုဂ္ဂိုလ်တစ်ဦး သစ္စာလေးပါးကို သိစေရန် ကြွတော်မူခြင်း)* ဟူ၍ နှစ်မျိုးရှိလေသည်။

ဤအမ္ဗဋ္ဌသုတ်၌ ဗုဒ္ဓသည် ဒုတိယအမျိုးအစားတွင် ပါဝင်သော **နိဗဒ္ဓစာရိက**– ပေါက္ခရသာတိပုဏ္ဏားဟူသော ပုဂ္ဂိုလ်တစ်ဦးနှင့် ဆက်စပ်၍ ကြွတော်မူခြင်း ဖြစ်သည်။

ပေါက္ခရသာတိပုဏ္ဏားကြီးအား သစ္စာလေးပါးကိုသိစေရန် ကြွတော်မူခြင်း

(၁) ဗုဒ္ဓသည် အစက ဖော်ပြခဲ့သည့်အတိုင်း ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ကောသလတိုင်းရှိ ပုဏ္ဏားရွာအနီး ဣစ္ဆာနင်္ဂလတောသို့ ကြွတော်မူရာတွင် ရှေးဦးစွာ ထိုရွာသို့ ဒေသစာရီ မလှည့်လည်မီ နံနက်စောစော၌ ပစ္ဆိမယာမ်ကိစ္စအဆုံး၌ တစ်သောင်းသော လောကဓာတ်ကို သဗ္ဗညုတဉာဏ်ဖြင့် ကြည့်တော်မူလေလျှင် ပေါက္ခရသာတိပုဏ္ဏားသည် သဗ္ဗညုတဉာဏ်တည်း ဟူသော ကွန်ယက်အတွင်းသို့ ဝင်လာလေသည်။

(၂) ထိုသို့ဝင်လာသောကြောင့် ထိုပေါက္ခရသာတိပုဏ္ဏားသည် သောတာပတ္တိမဂ်ဉာဏ်ရရန် ရှေးကောင်းမှုနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍ 'ဤပေါက္ခရသာတိပုဏ္ဏားသည် ငါဗုဒ္ဓသည် ကောသလတိုင်း ပုဏ္ဏားရွာအနီး ဣစ္ဆာနင်္ဂလတောသို့ ကြွတော်မူသော် ငါဗုဒ္ဓ၏ လက္ခဏာတော်ကြီး (၃၂)ပါးကို ရှာခြင်းအကျိုးငှာ တပည့်ကြီးဖြစ်သော အမ္ဗဋ္ဌလုလင်ကို စေလွှတ်လတ္တံ့။

(၃) ထိုအမ္ဗဋ္ဌလုလင်သည် ငါဗုဒ္ဓထံသို့ ရောက်လာပြီး အထူးထူးသော မသူတော်စကားကို သူယုတ်မာတို့ ပြောဆိုသော စကားကို ပြောဆိုလတ္တံ့။ ငါဗုဒ္ဓသည် ထိုအမ္ဗဋ္ဌလုလင်ကို မာန်မရှိအောင်ဆုံးမ၍ ယဉ်ကျေးအောင် ပြုတော်မူရအံ့။ ထိုမှနောက် အမ္ဗဋ္ဌလုလင်သည် ဆရာပေါက္ခရသာတိပုဏ္ဏားအား ပြန်၍ပြောလတ္တံ့။

(၄) ပေါက္ခရသာတိပုဏ္ဏားသည် ငါ့ဗုဒ္ဓထံသို့ ရောက်လာပြီး ငါဗုဒ္ဓ၏ (၃၂)ပါးသော လက္ခဏာတော်ကြီးကို ရှာဖွေပြီးနောက် ငါဗုဒ္ဓသည် တရားဟောရကုတ္တံ့။ တရားအဆုံးတွင် ပေါက္ခရသာတိပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လတ္တံ့။

(၅) တရားဒေသနာတော်သည် လူအပေါင်းတို့အား အကျိုးရှိသည် ဖြစ်လတ္တံ့' ဤသို့မြင်တော်မူ၍ ဗုဒ္ဓသည် ရဟန်းသံဃာ (၅၀၀)နှင့်အတူ ကောသလတိုင်းဇနပုဒ်ရှိ ပုဏ္ဏားရွာအနီး ဣစ္ဆာနင်္ဂလတောအရပ်သို့ ကြွတော်မူ၍ သီတင်းသုံးနေထိုင်တော်မူခြင်း ဖြစ်လေသည်။ *(ဒီ ၄- ၁- ၂၁၆ / ၂၁၇)*

ဤစကားများအရ ဗုဒ္ဓတို့မည်သည် သောတာပန်စသော တရားထူးများကို ရထိုက်သော ရှေးကောင်းမှုနှင့် ပြည့်စုံ, မပြည့်စုံ ကြည့်တော်မူပြီးမှ ပြည့်စုံသည်ဟု သိမြင်တော်မူပြီးမှသာလျှင် ကြွတော်မူကြောင်းမှာ ထင်ရှားလေသည်။ ထို့ကြောင့် ဤကဲ့သို့ **ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံခိုက်မှာ ဗုဒ္ဓ အလွန်လိုလားအပ်တော်မူသော သောတာပန်အစရှိသော အရိယာအဖြစ်သို့ ရောက်အောင် 'ဒါန, သီလ, ဘာဝနာ' စသော ကုသိုလ်ကောင်းမှုများကို ကြိုးစားမယုတ် အားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

ပေါက္ခရသာတိပုဏ္ဏားအကြောင်း

(၁) ရှင်တော်ဗုဒ္ဓသည် ထိုသို့ ဣစ္ဆာနင်္ဂလတောအုပ်၌ ရဟန်းငါးရာနှင့်အတူ သီတင်းသုံးတော်မူနေစဉ်အခါ၌ ပေါက္ခရသာတိပုဏ္ဏားသည် လူစည်ကား၍ ကျွဲ, နွားစသည် ပေါများသော၊ မြက်, ထင်း, ရေတို့နှင့် ပြည့်စုံသော၊ ဆန်စပါးနှင့် ပြည့်စုံသော၊ မင်းမှ ရသည့် စည်းစိမ်ဖြစ်သော၊ ပသေနဒီကောသလမင်းကြီးသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော ဥက္ကဋ္ဌမြို့ကို အုပ်ချုပ်၍ နေလေသည်။

(၂) ထိုပေါက္ခရသာတိပုဏ္ဏား၏ ခန္ဓာကိုယ်သည် ပဒုမ္မာကြာဖြူနှင့် တူသောကြောင့် 'ပေါက္ခရသာတိ' ဟူ၍ ခေါ်ဆိုခြင်း ဖြစ်လေသည်။ ရုပ်ဆင်းအင်္ဂါ ကြွန်အင်လက္ခဏာ အလွန်တင့်တယ်လှပသောကြောင့် မင်းမရှိသောအရပ်၌ မင်းပြုခြင်းငှာထိုက်လောက်အောင်ပင် ကြက်သရေရှိသောပုဏ္ဏား ဖြစ်လေသည်။

(၃) 'ပေါက္ခရသာတိ' အမည်ရခြင်း နောက်အကြောင်းတစ်မျိုးလည်း ရှိသေး၏။ ဤပုဏ္ဏားသည် ကဿပဗုဒ္ဓရှင်တော် လက်ထက်တော်အခါ၌ ဖေဒင်သုံးပုံတို့ကို တစ်ဘက်ကမ်းရောက် တတ်မြောက်ပြီး ကဿပဗုဒ္ဓအား အလှူဒါနတို့ဖြင့် လှူဒါန်းပူဇော်ခြင်း, တရားတော်ကို နာကြားခြင်းဟူသော ကုသိုလ်ကောင်းမှုကြောင့် ကွယ်လွန်သောအခါ၌ နတ်ပြည်၌ ဖြစ်လေသည်။

(၄) နတ်သက်တန်းကုန်၍ လူ့ပြည်သို့ သက်ဆင်းချိန်တွင် အမိဝမ်း၌ နေရခြင်းကို စက်ဆုပ်၍ ဟိမဝန္တာအရပ်၌ ရေအိုင်ကြီး တစ်ခု၌ ပဒုမ္မာကြာတိုက်၌ ဖြစ်လေသည်။ ထိုပဒုမ္မာကြာဖူးသည် အခြားသော ကြာဖူးတို့ထက် သိသိသာသာ ကြီးမားလျက် ရှိလေသည်။

(၅) ထိုကြာအိုင်ကြီးအနီး၌နေသော ရသေ့တစ်ပါးသည် ထိုကြာဖူး၏ ထူးခြားစွာ ကြီးမားသည်ကို တွေ့ရှိပြီး ကြွင်းသော ပဒုမ္မာကြာများ ပွင့်သော်လည်း ထိုပဒုမ္မာကြာဖူးသည် (၇)ရက်ကြာသည့်တိုင်အောင် မပွင့်သည်နှင့် ထိုကြာဖူးကို ယူရန်အကျိုးငှာ အရိုးတန်ကို ဖြတ်လိုက်သည်ရှိသော် ကြာဖူးလည်း ပွင့်ခြင်းသို့ ရောက်လေသည်။

(၆) ရွှေအဆင်းနှင့်တူသော ပဒုမ္မာကြာဝတ်မှုန်အတွင်း၌ ငွေအဆင်းနှင့်တူသော ဖြူဖွေးသောအဆင်းရှိသော ကလေးကို တွေ့မြင်လေတော့သည်။ 'ဤကလေးကား ဘုန်းကြီးသူ ဖြစ်လတ္တံ့' ဟု စဉ်းစား၍ ယူဆောင်ကျွေးမွေးထားရာတွင် (၇)နှစ်အရွယ်သို့ ရောက်ချိန်မှစ၍ ဗေဒင်သုံးပုံတို့ကို သင်ပေးလေသည်။ ကလေးသည် ဗေဒင်သုံးပုံတို့ကို တစ်ဘက်ကမ်းရောက် တတ်မြောက်လေသည်။

(၇) ထိုသို့ ဗေဒင်သုံးပုံတို့ကို ပါရဂူရောက် တတ်မြောက်ခြင်းကြောင့် ဇမ္ဗူဒိပ်၌ မြတ်သောပုဏ္ဏားတစ်ဦးအဖြစ် ထင်ရှားလေသည်။ တစ်နေ့သောအခါ၌ ပသေနဒီကောသလမင်းကြီးအား ဗေဒင်အတတ်ပညာအစွမ်းကို ပြလေလျှင် မင်းသည် ကြည်ညိုအားရသည် ဖြစ်၍ ဥက္ကဋ္ဌမြို့ကို အုပ်စိုးရန် ဆုလာဘ်အဖြစ် ပေးလေသည်။

(၈) ပဒုမ္မာကြာ၌ ကိန်းအောင်းရခြင်းကို အကြောင်းပြု၍ 'ပေါက္ခရသာတိ' ပုဏ္ဏားကြီးဟူ၍ ဇမ္ဗူဒိပ်၌ ထင်ရှားကျော်ကြားလေတော့သည်။ *(ဒီ ၄- ၁- ၂၁၇ / ၂၁၈)*

ဤအကြောင်းအရာများဖြင့်လည်း ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံသောအခါ၌ ဒါနစသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်းသည် 'ကြီးကျယ်သောအကျိုးကို ရသည်' ဟူသောအချက်သည် ထင်ရှားပေါ်လွင်လျက် ရှိနေပေသည်။ ထို့ကြောင့် ဒါနအစရှိသော

ကုသိုလ်ကောင်းမှုများကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အားတက်သရော ပြုလုပ်သူများ ဖြစ်ကြပါကုန်လော့။

ဥက္ကဋ္ဌမြို့မည်ခြင်းအကြောင်း

(၁) ဥက္ကဋ္ဌမြို့ဟု ဖြစ်လတ္တံ့သော တည်နေရာမြေ၌ မီးရှူးမီးတိုင်များကို ထွန်းညှိထား၍ မြို့တည်သည်၏ အဖြစ်ကြောင့် ဥက္ကဋ္ဌမြို့ဟု တွင်လေသည်။

(၂) ထိုမြို့ကို စတည်သောအခါ၌ ညဉ့်ကာလသည် ကောင်းသောနက္ခတ်နှင့် ကြုံကြိုက်နေသော အချိန်အခါ ဖြစ်နေသည်။ ထိုကောင်းသောခဏကာလကို လွန်မသွားစေရန် မီးရှူးမီးတိုင်များကိုထွန်းလျက် မြို့နေရာကို ယူသောကြောင့် ဥက္ကဋ္ဌမြို့ဟု တွင်ခြင်း ဖြစ်လေသည်။

ပေါက္ခရသာတိပုဏ္ဏားကြီး ကြားသိလေပြီ

ဗုဒ္ဓသည် ထိုသို့ ရဟန်းငါးရာနှင့်အတူ ကောသလတိုင်း ပုဏ္ဏားရွာအနီး ဣစ္ဆာနင်္ဂလတောအုပ်အရပ်၌ သီတင်းသုံးတော်မူနေသည်ကို ပေါက္ခရသာတိပုဏ္ဏား ကြားသိပုံကို ပါဠိတော်တွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

အဿောသိခေါ ဗြာဟ္မဏော ပေါက္ခရသာတိ သမဏော ခလု ဘော ဂေါတမော သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော။ *(ဒီ- ၁- ၈၂)*

ပေါက္ခရသာတိ- ပေါက္ခရသာတိမည်သော၊ **ဗြာဟ္မဏော**- ပုဏ္ဏားသည်၊ **အဿောသိ**- ကြားသိပြီ၊ **ကိံ**- အဘယ်သို့ ကြားသနည်း၊ **ဘော**- အရှင်၊ **သကျပုတ္တော**- သာကီဝင်မင်းတို့၏ သားဖြစ်သော၊ **သကျကုလာ**- သာကီဝင်မင်းမျိုးမှ၊ **နိက္ခမိတွာ**- ထွက်၍၊ **ပဗ္ဗဇိတော**- ရဟန်းပြုသော၊ **သမဏော ဂေါတမော**- ရဟန်းဂေါတမသည်- ငါးရာမျှသော ရဟန်းသံဃာတို့နှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ ဣစ္ဆာနင်္ဂလရွာသို့ ရောက်တော်မူ၍ ထိုရွာ၏အနီး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေတော်မူ၏။ *(မပြီးသေးပါ။ ဆက်ရန်ရှိပါသေးသည်။)*

သကျပုတ္တ, သကျကုလာ, ပဗ္ဗဇိတောပုဒ်များ၏ အဓိပ္ပါယ်

အထက်ပါ ပါဠိရပ်တွင် '**သကျပုတ္တ, သကျကုလာ, ပဗ္ဗဇိတော**' ဟူသော ပါဠိပုဒ်များ ပါရှိလေရာ ထိုပါဠိပုဒ်များ၏ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုပြလေသည်။

(၁) '**သကျပုတ္တ**' ဟူသောသဒ္ဒါသည် မြင့်မြတ်သောအမျိုးကို ပြသောသဒ္ဒါ ဖြစ်သည်။

(၂) '**သကျကုလာ, ပဗ္ဗဇိတော**' ဟူသောသဒ္ဒါသည် ဗုဒ္ဓ၏ မြင့်မြတ်သောအမျိုးမှ သဒ္ဓါတရားဖြင့် ရဟန်းပြုခြင်းကို ပြသောသဒ္ဒါ ဖြစ်သည်။ တစ်စုံတစ်ခု ပျက်စီးဆုတ်ယုတ်မှု အနည်းငယ်မျှ မရှိမူ၍ မကုန်ခန်းနိုင်သော စည်းစိမ်ဥစ္စာ အမျိုးတို့ကို ပယ်စွန့်၍ ရဟန်းပြုသည်ဟု အဓိပ္ပါယ်ရလေသည်။ *(ဒီ ဋ္ဌ- ၁- ၂၁၉ / ၂၂၀)*

ပေါက္ခရသာတိ ပုဏ္ဏားကြီး ကြားသိပုံ

'**ဇံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော**' ထိုအရှင်ဂေါတမ၏ ကောင်းသောကျော်စောသတင်းသည် ဤသို့ပြန့်နှံ့၍ ထွက်လေသည်။

(၁) ထိုဗုဒ္ဓသည် အရဟံဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ရှင်, သုဂတဂုဏ်ရှင်, လောကဝိဒူဂုဏ်ရှင်, အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်ရှင်, သတ္ထာဒေဝမနုဿာနံဂုဏ်ရှင်, ဗုဒ္ဓဂုဏ်ရှင်, ဘဂဝါဂုဏ်ရှင်ဖြစ်၏ဟု ပြန့်နှံ့၍ထွက်၏။

(၂) ထိုဗုဒ္ဓသည် နတ်လောက, မာရ်နတ်လောက, ဗြဟ္မာလောက, သမဏ, ဗြာဟ္မဏလောက, မင်းလောက, လူ့လောက ဟူသော သတ္တလောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။

(၃) ထိုဗုဒ္ဓသည် အစ၌ကောင်းခြင်း, အလယ်၌ကောင်းခြင်း, အဆုံး၌ကောင်းခြင်းရှိသော၊ အနက်နှင့်ပြည့်စုံ, သဒ္ဒါနှင့်ပြည့်စုံသောတရားကို ဟောတော်မူ၏။

(၄) အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။

(၅) သာဓု ခေါပန တထာရူပံ အရဟတံ ဒဿနံ ဟောတီတိ။ *(ဒီ- ၁- ၈၂)*

တထာရူပံ- ထိုသို့သဘောရှိသော၊ **အရဟတံ**- ရဟန္တာပုဂ္ဂိုလ်ကို၊ **ဒဿနံ**- ဖူးမြော်ရခြင်းသည်၊ **သာဓုခေါပန**- ကောင်းသည်သာတည်း၊ **ဣတိ**- ဤသို့၊ **အဿောသိ**- ကြားသိလေပြီ။

အမ္ဗဋ္ဌလုလင်ကို လွှတ်ခြင်း

ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် တပည့်ကြီးဖြစ်သော အမ္ဗဋ္ဌလုလင်အား အထက်က ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓနှင့်စပ်၍ ဗုဒ္ဓဂုဏ်တော်များကို ပြောပြပြီးလျှင်–

'ချစ်သား အမ္ဗဋ္ဌ သင်သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်သလော။ အမှန်အတိုင်းမဟုတ်ဘဲ ပြန့်နှံ့၍ ထွက်သလော။ ငါတို့သိနိုင်ရန်အလို့ငှာ ရဟန်းဂေါတမကို စုံစမ်းချေ' ဟု စေလွှတ်စကား ပြောကြားလေသည်။

အမ္ဗဋ္ဌလုလင်သည် ဝေဒကျမ်း, မဟာပုရိသလက္ခဏာကျမ်း စသောကျမ်းတို့ကို ဆရာပေါက္ခရသာတိပုဏ္ဏားကြီး တတ်မြောက်သည့်အတိုင်းပင် ပါရဂူရောက် တတ်မြောက်လေသည်။ ထိုသို့ပင် တတ်မြောက်သော်လည်း 'အဘယ်သို့ သိနိုင်အံ့နည်း' ဟု အမ္ဗဋ္ဌလုလင်သည် ဆရာပေါက္ခရသာတိအား ပြန်၍မေးသောကြောင့်–

'ဝေဒကျမ်း, မဟာပုရိသလက္ခဏာကျမ်းတို့၌ (၃၂)ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာကို ဖော်ပြထားမှု ရှိလေသည်။ ထိုလက္ခဏာမျိုးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် လူ့ဘောင်၌နေလျှင် 'စကြာမင်း' ရဟန်းဘောင်သို့ တက်ရောက်လျှင် ဗုဒ္ဓ ထိုနှစ်မျိုးသာ ဖြစ်နိုင်လေသည်။ သို့ဖြစ်၍ ထို (၃၂)ပါးသော လက္ခဏာနှင့် ပြည့်စုံ, မပြည့်စုံကို စုံစမ်းလော' ဟု ထပ်မံတိုက်တွန်း၍ စေလွှတ်လေသည်။ *(ဒီ- ၁- ၈၃ / ၈၄)*

ဤစကားအရ ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် ပညာရှိသူတစ်ဦး ဖြစ်သည့်အားလျော်စွာ အချို့ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓ မဟုတ်ပါဘဲလျက် ဗုဒ္ဓဟု ဝန်ခံနေကြသူများ ရှိလေသည်။ အကယ်၍ မစုံစမ်းဘဲ သွားခဲ့ချေသော် ဗုဒ္ဓမဟုတ်ခဲ့သော် ဖဲ့ခွါရန် ဝန်လေးသည်ကတစ်ကြောင်း၊ အကျိုးမရှိသည်ကတစ်ကြောင်း ထိုအကြောင်းများကြောင့် သေချာအောင် တပည့်ကြီး အမ္ဗဋ္ဌလုလင်အား စုံစမ်းခိုင်းခြင်း ဖြစ်လေသည်။ ထို့ကြောင့် အရာရာတွင် သူတစ်ပါးအပြောနှင့် ပုံ၍မယုံကြဘဲ အစစ်အမှန် ဟုတ်, မဟုတ်ကို စုံစမ်း၍ပြုလုပ်သင့်ကြောင်းမှာ နမူနာတစ်ရပ်ပင် ဖြစ်လေသည်။ *(ဒီ ဋ- ၁- ၂၂၁)*

ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်ပြီးနောက် ပျောက်ကွယ်ခြင်း

ဗုဒ္ဓမပွင့်မီကပင် ဗြဟ္မာကြီးများသည် ပုဏ္ဏားအသွင်ဖန်ဆောင်၍ ဝေဒကျမ်းတို့၌ ယောက်ျားမြတ်ဟုသိကြောင်း မဟာပုရိသလက္ခဏာတို့ကို ထည့်သွင်းလျက် ပို့ချသင်ကြားပေးခဲ့လေသည်။ ထိုမဟာပုရိသလက္ခဏာတို့သည် ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသောအခါ၌ တစ်စတစ်စ ကွယ်ပျောက်လေတော့သည်။ အလိုလိုကွယ်ပျောက်ခြင်းမဟုတ်။ ပုဏ္ဏားတွေက ဆောင်နိုင်သောဉာဏ် မရှိသောကြောင့် ကွယ်ပျောက်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ယခုခေတ်အခါ၌ ထိုမဟာပုရိသလက္ခဏာကျမ်းတို့သည် မရှိကြတော့ပေ။ *(ဒီ ဋ- ၁- ၂၂၁ / ၂၂၂)*

စကြာမင်းနှင့်စပ်၍ သိမှတ်ဖွယ်

အထက်ပါ မဟာပုရိသလက္ခဏာတော်ကြီး (၃၂)ပါးနှင့် ပြည့်စုံသူသည် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်ရာ၏ဟုဆိုရာ၌ စကြာမင်းဟူသည် ဘယ်လိုမင်းမျိုးနည်းဟု သိမှတ်ဖွယ် ရှိနေသည်။

ထိုစကြာမင်း၌ 'စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, မိန်းမရတနာ, သူဌေးရတနာ, သားကြီးရတနာ' ဟူ၍ ရတနာခုနစ်ပါး ရှိလေသည်။

(၁) စကြာရတနာကို လည်စေနိုင်သောကြောင့် 'စကြာမင်း' ဟူ၍ခေါ်သည်။ စကြာမင်းလောင်းက 'အရှင်စကြာရတနာ လည်ပါလော့' ဟု ပြောဆိုသောစကားအဆုံး၌ စကြာရတနာသည် စကြာမင်း၏ကံလျှင် အရင်းခံရှိသော 'ကမ္မပစ္စယ ဥတုဇဝါယော ဓာတ်ကြောင့် လည်သည်။ လဗိမာန်, နေဗိမာန်တို့ကဲ့သို့အပြင် ဝါယောဓာတ်ကြောင့် လည်သည်မဟုတ်။

(၂) ထိုစကြာသည် မွေ့လျော်ခြင်းကို ဖြစ်စေတတ်သောကြောင့် ရတနာလည်းမည်သည်။ ထိုစကြာမင်းသည် ထိုစကြာ ရတနာဖြင့် မအောင်အပ်သောရန်ကို အောင်နိုင်၏။ ဆင်ရတနာ, မြင်းရတနာ၏ အစွမ်းကြောင့် နံနက်ပိုင်းအတွင်းမှာပင် လေးကျွန်းလုံးကို လှည့်လည်ကာ နေပြည်တော်သို့ ပြန်လာနိုင်လေသည်။

(၃) သားတော်ကြီးရတနာဖြင့် တိုင်းပြည်ကို စောင့်ရှောက်ခြင်းကိစ္စ ပြီးစီးလေသည်။ ကြွင်းသော ပတ္တမြားရတနာ, မိန်းမရတနာ, သူဌေးရတနာတို့ဖြင့် စည်းစိမ်ကို ကောင်းစွာခံစားရလေသည်။ ထိုတွင် ပတ္တမြားရတနာသည် မှောင်သောအခါဝယ် တစ်ယူဇနာအတွင်း၌ *(တစ်ယူဇနာကို (၁၂)မိုင်ဟူ၍လည်းကောင်း, ၅မိုင်ဟူ၍လည်းကောင်း သတ်မှတ်ကြသည်။)* အလင်းရောင်ကို ပြုနိုင်သောကြောင့် ချမ်းသာကို ခံစားနိုင်လေသည်။

(၄) မိန်းမရတနာသည် လူ၏အဆင်းကို လွန်၍လှသောကြောင့် ကြည့်ရှုနေရခြင်းသည်ပင် စိတ်ကြည်နူးရလေပြီ။ ပြောသံ, ဆိုသံ, အနံ့, အတွေ့အထိအာရုံတို့မှာ ပြောဘွယ်ရာ မလိုတော့ပေ။

(၅) သူဌေးရတနာကြောင့် အလိုရှိတိုင်းသော ရွှေ, ငွေစသော ရတနာများကို လိုတိုင်းရလေသည်။

စကြာရတနာ, ဆင်ရတနာ, မြင်းရတနာတို့ကို ရခြင်းအကြောင်း

ထိုစကြာမင်းသည် ရှေးဘဝက **'အဒေါသ ကုသလမူလ ဇနိတ ကမ္မာနုဘာဝေန သမ္ဘဋ္ဌတ္တိ'** အဒေါသ ခေါ် မေတ္တာဟူသော ကုသိုလ်အကြောင်းအရင်းသည် ဖြစ်စေအပ်သော ကံ၏အာနုဘော်ကြောင့် အဒေါသ ခေါ် မေတ္တာသည် အေးမြခြင်းသဘောရှိ၍ ယင်းကံနှင့်တူစွာ တိုင်းပြည်၌ အေးချမ်းသာယာစေနိုင်သော 'စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ' တို့ကို ရလေသည်။

ပတ္တမြားရတနာ, မိန်းမရတနာ, သူဌေးရတနာတို့ကို ရခြင်းအကြောင်း

ထိုစကြာမင်းကြီးသည် ရှေးဘဝက **'အလောဘ ကုသလမူလ ဇနိတ ကမ္မာနုဘာဝေန'** အလောဘဟူသော အရင်းခံဖြစ်သော ကုသိုလ်သည် ဖြစ်စေအပ်သော ကံ၏အာနုဘော်ကြောင့် ပတ္တမြားရတနာ, မိန်းမရတနာ, သူဌေးရတနာတို့ကို ရခြင်းဖြစ်လေသည်။ လောဘနည်း၍ စွန့်ကြဲပေးကမ်းခြင်းကြောင့် ထိုရတနာများကို မလိုချင်အောင် ပေါပေါများများရခြင်း ဖြစ်လေသည်။

သားကြီးရတနာကို ရခြင်းအကြောင်း

ထိုစကြာမင်းသည် ရှေးဘဝက **'အမောဟ ကုသလမူလ ဇနိတ ကမ္မာနုဘာဝေန'** အမောဟဟူသော ကုသိုလ်အရင်းခံသည် ဖြစ်စေအပ်သော ကံ၏အာနုဘော်ကြောင့် သားကြီးရတနာကို ရလေသည်။ အမောဟ ခေါ် ဉာဏ်ပညာနှင့်ယှဉ်၍ ကုသိုလ်ကို ပြုလုပ်ခဲ့ခြင်းကြောင့် တိုင်းပြည်အတွက် အစစလိုလေသေးမရှိအောင် အုပ်ချုပ်နိုင်စွမ်းသော အလွန်ဉာဏ်ထက်မြက်သော သားကြီး ရတနာကိုရခြင်း ဖြစ်လေသည်။ *(ဒီ ၃- ၁- ၂၂၂ / ၂၂၃၊ မဟာဋီ- ၂၉၄၊ ဋီသစ် ဒုအုပ်- ၂၃၉)*

ဖော်ပြပါစကားအရ ဒါနအစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြသူတို့သည် မိမိသူတစ်ပါး အကျိုးများအောင် 'အလောဘ, အဒေါသ, အမောဟ' ဟူသော ကုသိုလ်မူလတို့ကို အခြေခံ၍ ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ် တတ်ကြသူများ ဖြစ်ကြပါကုန်လော့။

အမ္ဗဋ္ဌလုလင် ဗုဒ္ဓထံသို့ သွားပြီ

(၁) ဆရာပေါက္ခရသာတိက အထက်ပါအတိုင်း ပြောဆိုခိုင်းစေသောအခါ အမ္ဗဋ္ဌလုလင်သည် 'ကောင်းပါပြီ အရှင်'ဟူ၍ ဝန်ခံပြီး ဆရာပေါက္ခရသာတိပုဏ္ဏားကြီးအား ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် မြင်းရထားဖြင့် များစွာသော လုလင်တို့နှင့်တကွ ဗုဒ္ဓရှိရာ

ဂ္ဂဏ္ဍာနဂ်လတောအုပ်သို့ ထွက်ခွါလာခဲ့လေသည်။

(၂) ထိုတောအုပ်သို့ရောက်လျှင် မြင်းရထားမှ သက်ဆင်းပြီးနောက် ခြေကျင်သာလျှင် ကျောင်းတိုက်ထဲသို့ ဝင်လေသည်။

'တေန ခေါ် ပန သမယေန သမ္ဗဟုလာ ဘိက္ခူ အဗ္ဘောကာသေ စင်္ကမန္တိ' *(ဒီ- ၁- ၈၄)*

တေန ခေါ ပန သမယေန- ထိုအမ္ဗဋ္ဌလုလင်တို့ ကျောင်းတိုက်တွင်းသို့ ဝင်ရောက်သွားရာ ထိုအချိန်၌၊ **သမ္ဗဟုလာ**- များစွာကုန်သော၊ **ဘိက္ခူ**- ရဟန်းတို့သည်၊ **အဗ္ဘောကာသေ**- လွင်ပြင်၌၊ **စင်္ကမန္တိ**- စင်္ကြံကြွလျက် ရှိနေကြကုန်၏။

ရဟန်းတော်များ စင်္ကြံကြွခြင်းအကြောင်း

အမ္ဗဋ္ဌလုလင်တို့ ကျောင်းတိုက်အတွင်းသို့ ဝင်သွားသောအချိန်သည် နေမွန်းတည့်အချိန် ဖြစ်သည်။ အဘယ်ကြောင့် ထိုရဟန်းတို့သည် စင်္ကြံကြွနေကြသနည်းဟူမူ မွန်မြတ်သောဘောဇဉ်ကို စားရခြင်းကြောင့်ဖြစ်သော ထိန, မိဒ္ဓကို ပယ်ဖျောက်ခြင်းအကျိုးငှာ စင်္ကြံကြွနေကြခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် ထိုရဟန်းတို့သည် 'ဒိဝါပဓာနိက' နေ့အခါ၌ ကမ္မဋ္ဌာန်းအားထုတ်ကုန်သော ရဟန်းတို့တည်း။ ထိုရဟန်းတို့သည် နေ့ဆွမ်းစားပြီးချိန်၌ စင်္ကြံကြွပြီးနောက် ရေချိုး၍ ကိုယ်ငွေ့ရသောအခါ၌ ကမ္မဋ္ဌာန်းတရား အားထုတ်သော် စိတ်တည်ကြည်မှု သမာဓိကို ရလေသည်။ ထို့ကြောင့် စင်္ကြံကြွနေကြခြင်း ဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၂၂၄)*

အမ္ဗဋ္ဌလုလင် ဗုဒ္ဓထံသို့ ချဉ်းကပ်ခြင်း

အမ္ဗဋ္ဌလုလင်သည် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်၍ 'အရှင်တို့ အရှင်ဂေါတမသည် ယခုအခါ အဘယ်မှာ နေပါသနည်း။ အကျွန်ုပ်တို့သည် ထိုအရှင်ဂေါတမကို ဖူးမြော်ရန် ဤအရပ်သို့ ရောက်လာကြခြင်း ဖြစ်ပါသည်' ဟု မေးလေသည်။ ထိုအခါ ထိုရဟန်းတို့ အကြံဖြစ်ကြသည်မှာ-

'ဤအမ္ဗဋ္ဌလုလင်သည် ထင်ရှားသော အမျိုး၌လည်း ဖြစ်သည်။ *(ထိုအချိန်၌ အမ္ဗဋ္ဌအမျိုးသည် ထင်ရှားသောအမျိုး ဖြစ်နေသည်)* ထင်ရှားသော ပေါက္ခရသာတိပုဏ္ဏားကြီး၏ တပည့်ကြီးလည်း ဖြစ်သည်။ ဤကဲ့သို့သော အမျိုးကောင်းသားတို့နှင့်အတူ စကားပြောဆိုမှုသည် ဗုဒ္ဓအား အဂရု- ဝန်လေးလိမ့်မည်မဟုတ်' ဟု အကြံဖြစ်လေသည်။ *(ဒီ- ၁- ၈၄)*

ဝန်လေး, မလေး အဋ္ဌကထာအဖွင့်

ဤ၌ 'ဝန်လေး, ဝန်မလေး' ဟူသည် အကြင်ပုဂ္ဂိုလ်သည် အမ္ဗဋ္ဌကို သိစေခြင်းငှာ, နားလည်စေခြင်းငှာ မစွမ်းနိုင်ကုန်။ ထိုပုဂ္ဂိုလ်သည် အမ္ဗဋ္ဌနှင့် စကားပြောရန် ဝန်လေးသူမည်၏။ ဗုဒ္ဓမူကား အမ္ဗဋ္ဌ တစ်ယောက်ကို မဆိုထားဘိ။ အမ္ဗဋ္ဌလို အယောက်တစ်ထောင်မကလာ၍ ပုစ္ဆာပြဿနာကို မေးငြားသော်လည်း ထိုပုစ္ဆာပြဿနာကို ဖြေဆိုခြင်း၌ ဝန်လေးခြင်းရှိမည် မဟုတ်ပေ' ဟု သိကြ၍ ဗုဒ္ဓအတွက် ဝန်လေးမည်မဟုတ်ဟု ရဟန်းတို့ ကြံမိခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၂၂၄ / ၂၂၅)*

ထိုသို့ကြံပြီး၍ ထိုရဟန်းတို့သည် အမ္ဗဋ္ဌလုလင်အား 'အမ္ဗဋ္ဌ တံခါးပိတ်ထားသော ဗုဒ္ဓရှိရာကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီး အာဠိန္ဒံ- မုခ်ဦးစမုခ်သို့ ပဝိသိတွာ- ဝင်ပြီး၍၊ ဥက္ကာသိတွာ- ချောင်းဟန့်၍၊ အဂ္ဂဠံ- တံခါးရွက်ကို၊ အာကောဋေတိ- ခေါက်လေလော့၊ ဗုဒ္ဓသည် ဒွါရံ- တံခါးကို၊ ဝိဝရိဿတိ- ဖွင့်ပေးတော်မူပါလိမ့်မည်ဟု ပြောဆိုကြလေသည်။

တံခါးခေါက်ရာ၌ ကျင့်ဝတ်

တံခါးရွက်ခေါက်ရသော ကျင့်ဝတ်ကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ပြဆိုထားသည်။

(၁) တံခါးရွက်ကို လက်ဖဝါးဖြင့်သော်လည်းကောင်း၊ လက်သီးဖြင့်သော်လည်းကောင်း မခေါက်ရ။ လက်သည်းများဖြင့် ဖြည်းဖြည်းသာ သံကောက်ပေါက်နားကို ခေါက်ရလေသည်။

(၂) သံကောက်ပေါက်၏ အထက်ကျသော အရပ်၌ နတ်ဘီလူးတို့သည် ခေါက်ကြလေသည်။ သံကောက်ပေါက်၏

အောက်၌ မြွေနဂါးတို့ ခေါက်ကြကုန်သည်။ အထက်မကျ အောက်မကျ သံကောက်ပေါက်အနီး အလယ်အရပ်၌ လူတို့ခေါက်ရသည်။ ဤကား တံခါးခေါက်ခြင်း၏ ကျင့်ဝတ်တည်း။ *(ဒီ ဋ္ဌ- ၁- ၂၂၅)* *(ဤသံကောက်ပေါက်ဟူသည် တံခါးရွက်၏အလယ် သော့ခတ်ရာ နေရာ အရပ်ကို ဆိုလိုသည်။)*

ဗုဒ္ဓတံခါးကို ဖွင့်ပေးတော်မူခြင်း

အမ္ဗဋ္ဌလုလင်လည်း ရဟန်းတော်များ ညွှန်ကြားသည့်အတိုင်းပင် ခြေသံမကြားအောင်သွား၍ ချောင်းဟန့်ပြီးလျှင် တံခါးရွက်ကို လက်သည်းဖြင့် ဖြေးညင်းစွာ ခေါက်သောအခါ၌ ‘ဝိဝရိ ဘဂဝါ ဒွါရံ’ ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ ဒွါရံ- တံခါးကို၊ ဝိဝရိ- ဖွင့်ပေးတော်မူလေသည်။ *(ဒီ- ၁- ၈၄)* *(ဤကား ပါဠိတော် စကားရပ်တည်း။)*

ဗုဒ္ဓတံခါးဖွင့်ပေးတော်မူပုံ အခြင်းအရာကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။ ပါဠိတော်၌ ‘ဝိဝရိ ဘဂဝါ ဒွါရံ’ ဗုဒ္ဓသည် တံခါးကို ဖွင့်ပေးတော်မူသည်ဟု ဆိုရာ၌ ဗုဒ္ဓကိုယ်တိုင်က ထ၍ဖွင့်ပေးသည် မဟုတ်ပေ။ ‘တံခါးပွင့်စေသတည်း’ ဟု လက်တော်ကို ဆန့်ရုံမျှဖြင့်ပင် ‘ရှင်တော်ဗုဒ္ဓဘုရား ရှင်တော်ဗုဒ္ဓတို့သည် များစွာကုန်သော ကမ္ဘာကုဋေတို့၌ မိမိကိုယ်တိုင်ထ၍ မိမိလက်ဖြင့် တံခါးဖွင့်ပေးရကြောင်း ‘ကံ’ကို မပြုခဲ့ပါ’ ဤသို့ မလျှောက်သော်လည်း လျှောက်သကဲ့သို့ အလိုလိုသာလျှင် တံခါးသည် ပွင့်လေပြီ။ ထိုသို့ အလိုလိုပွင့်သော်လည်း ဗုဒ္ဓ၏ စိတ်တော်ကြောင့် ပွင့်ခြင်းဖြစ်၍ ‘ဗုဒ္ဓသည် တံခါးကို ဖွင့်ပေးတော်မူပြီ’ ဟု ပါဠိတော်၌ ဆိုထားခြင်း ဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၂၂၅)*

ဗုဒ္ဓအပေါ်၌ အမ္ဗဋ္ဌ အပြုအမူ

အမ္ဗဋ္ဌလုလင်သည်လည်းကောင်း, ကျန်လုလင်တို့သည်လည်းကောင်း ပွင့်သောတံခါးမှ ဝင်ကြပြီးလျှင် ကျန်လုလင်များတို့သည် ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာစကား နှုတ်ဆက်စကား ပြောကြားပြီးနောက် သင့်လျော်ရာနေရာ၌ အသီးသီး ထိုင်နေကြလေသည်။

အမ္ဗဋ္ဌလုလင်မူကား ဗုဒ္ဓ၏ ရုပ်အဆင်း၏ ပြည့်စုံခြင်း၌ စိတ်ဖြင့် ကြည်ညိုခြင်းမျှကိုလည်း မပြုမူ၍ မထိုင်ဘဲနှင့် ‘ဗုဒ္ဓကို စော်ကားအံ့’ ဟု ကြံ၍-

ရင်၌ ဖွဲ့ချည်ထားသော အဝတ်ကိုဖြေ၍ ပုခုံးနှစ်ဘက်သို့ တွဲရရွဲကျစေပြီးလျှင် ပုဆိုးတောင်ရှည်၏ အောက်အဖျားကို လက်ဖြင့်ဆွဲကိုင်မ၍ လမ်းလျှောက်ရင်းက ထိုင်တော်မူနေသော ဗုဒ္ဓအား ရပ်လျက်လည်း စကားပြောသည်။ လမ်းလျှောက်၍လည်း စကားပြောသည်။

ထိုသို့ စကားပြောရာတွင် တစ်ခါတစ်ရံ လက်ရုံးကို ပြလျက်လည်းကောင်း, တစ်ခါတစ်ရံ ရင်ကိုပြလျက်လည်းကောင်း, တစ်ခါတစ်ရံ လက်၏ ဖောက်ပြန်ခြင်းကို ပြလျက်လည်းကောင်း, တစ်ခါတစ်ရံ မျက်ခုံး၏ ဖောက်ပြန်ခြင်းကို ပြလျက်လည်းကောင်း-

‘အရှင်ဂေါတမ ဘယ်လိုလဲ။ ရသဓာတ်, အသားဓာတ်, သလိပ်, သည်းခြေ, လေ, သုက် ဟူသော ဓာတ်တို့သည် ညီမျှပါရဲ့လား။ ဆွမ်းဖြင့် မပင်ပန်းဘဲ ရှိပါရဲ့လား။ မေးသာမေးရတယ်။ အရှင်ဂေါတမ ကြည့်ရသည်မှာ မပင်ပန်းပုံပါဘဲ။ မှန်ပါလိမ့်မည်။ အရှင်ဂေါတမ၏ ကိုယ်လက်အင်္ဂါကြီးငယ်တို့သည် ဆူဖြိုးလျက် ရှိနေလေသည်။ အကြည်ညိုခံရန် သွားလေရာရာအရပ်၌ လူအများတို့သည်-

‘ဤသူကား မင်းမျိုးမှ ရဟန်းပြုသူတည်း ဟူ၍လည်းကောင်း, ဤပုဂ္ဂိုလ်သည် ဗုဒ္ဓတည်း ဟူ၍လည်းကောင်း များစွာမြတ်နိုးကြကုန်လျက် ကောင်းပါပေ့၊ သြဇာရှိပေ့ဟု ဆိုအပ်သော အာဟာရတွေကို ဆက်ကပ်လှူဒါန်းကြလေသည်။

အမောင်တို့ *(သူ့လူကျွေကို ခေါ်ခြင်းဖြစ်သည်။)* ကြည့်ကြကုန်လော့။ အရှင်ဂေါတမ၏ ကျောင်းသည် အလွန်ဆန်းကြယ်လှသည်။ နတ်ဗိမာန် ပြာသာဒ်ကဲ့သို့ ဖြစ်သည်။ အရှင်ဂေါတမ၏ အိပ်ရာ ညောင်စောင်းကုတင်ကိုလည်း ကြည့်ပါဦးလော့။ ခေါင်းအုံးကိုလည်း ကြည့်ပါဦးလော့။ ဤသို့သဘောရှိသော အရပ်၌နေသော ပုဂ္ဂိုလ်မည်သည် ရဟန်းတရားအားထုတ်ခြင်းမည်သည် အဘယ်မှာခဲယဉ်းလိမ့်မည်နည်း။

ဤသို့လျှင် အမ္ဗဋ္ဌသည် သာမန်လူတို့အတွက် ဆိုပါမူ တစ်သက်လုံး နာကျည်းဖွယ်ကောင်းသော မသူတော်တို့ စကားမျိုးကို၊ သူယုတ်မာတို့ စကားမျိုးကို ဗုဒ္ဓအား ပြက်ရယ်ပြောင်လှောင် ပြောဆိုလေပြီ။ (ဒီ- ၁- ၈၄ / ၈၅၊ ဒီ ဋ္ဌ- ၂၂၆)

ဗုဒ္ဓအကြံ ဖြစ်တော်မူပုံ၊ မေးတော်မူပုံ

ထိုအခါ ဗုဒ္ဓသည် ဤအမ္ဗဋ္ဌလုလင်သည် လက်ကိုဆန့်၍ ဘဝဂ်ကို ကိုင်လိုသူကဲ့သို့လည်းကောင်း, ခြေကိုဆန့်၍ အဝီစိသို့ လှည့်လည်လိုသူကဲ့သို့လည်းကောင်း, မြင့်မိုရ်တောင်သို့ တက်လိုသူကဲ့သို့လည်းကောင်း, မဟာသမုဒ္ဒရာကို လက်ပစ်ကူးခတ်လိုသူကဲ့သို့လည်းကောင်း၊ **အဋ္ဌာနေဝါယမတိ-** အရာမဟုတ်သည်၌ အားထုတ်ဘိ၏ဟု ကြံတော်မူပြီးလျှင် အမ္ဗဋ္ဌလုလင်အား ဗုဒ္ဓသည် အောက်ပါအတိုင်း မေးတော်မူလေသည်။

'အမ္ဗဋ္ဌ သင်သည် စင်္ကြံသွားလျက်လည်းကောင်း, ရပ်လျက်လည်းကောင်း ထိုင်နေသော ငါဗုဒ္ဓနှင့် စကားပြောသည့်နည်းတူ သင်ရဲ့ဆရာနှင့်လည်းကောင်း, သင်ရဲ့ဆရာ့ဆရာတို့နှင့်လည်းကောင်း ပြက်ရယ်ပြောင်လှောင်၍ စကားပြောဆိုလေသလော' ဟု မေးတော်မူလေပြီ။

အမ္ဗဋ္ဌ ပြန်လည် ဖြေကြားပုံ

'နောဟိဒံ ဘော ဂေါတမ'။ **ဘော ဂေါတမ-** အရှင်ဂေါတမ၊ **ဣဒံ-** ဤအရှင်ဂေါတမနှင့် စကားပြောဆိုသကဲ့သို့၊ **နောဟိ-** မပြောဆိုပါ။

(၁) အရှင်ဂေါတမ သွားနေသော တပည့်ပုဏ္ဏားသည် သွားနေသော ဆရာပုဏ္ဏားနှင့် စကားပြောအပ်ပါ၏။

(၂) အရှင်ဂေါတမ ရပ်နေသော တပည့်ပုဏ္ဏားသည် ရပ်နေသော ဆရာပုဏ္ဏားနှင့် စကားပြောအပ်ပါ၏။

(၃) အရှင်ဂေါတမ ထိုင်နေသော တပည့်ပုဏ္ဏားသည် ထိုင်နေသော ဆရာပုဏ္ဏားနှင့် စကားပြောဆိုအပ်ပါ၏။

(၄) အရှင်ဂေါတမ အိပ်နေသော တပည့်ပုဏ္ဏားသည် အိပ်နေသော ဆရာပုဏ္ဏားနှင့် စကားပြောဆိုအပ်ပါ၏။

မုဏ္ဍကာ- စက်ဆုပ်စွာ စုတ်ချာသော ဦးပြည်းကတုံး ဖြစ်ကုန်သော၊ **ဣဗ္ဘာ-** ဇာတ်နိမ့်ဖြစ်ကုန်သော *(ကာယဗလကို အားကိုး၍ အလုပ်လုပ်ရသော အိမ်ပိုင်ရှင်ကလေးများကို ဇာတ်နိမ့်ဟု ဆိုလိုသည်။)* **ကဏှာ-** အမျိုးအားဖြင့် မည်းညစ်ကုန်သော၊ **ဗန္ဓုပါဒါပစ္စာ-** ဆွေတော်, မျိုးတော်, ဘိုးတော် ဗြဟ္မာမင်း၏ ခြေဖမိုးမှ ပေါက်ဖွားကြကုန်သော၊ **ယေတေ သမဏာ-** အကြင်စက်ဆုပ်အပ်စွာ စုတ်ချာသော ရဟန်းတို့သည်၊ **သန္တိ-** ရှိကုန်၏။ **တေန သမဏေန-** ထိုစုတ်ချာသော ရဟန်းတို့နှင့်ကား အရှင်ဂေါတမနှင့် ပြောဆိုသကဲ့သို့ အကျွန်ုပ်၏ စကားပြောဆိုခြင်းသည် ဖြစ်ပါ၏။ *(ဒီ- ၁- ၈၅)*

ဆရာနှင့် တပည့်တို့ စကားပြောဆိုရသော ကျင့်ဝတ်

အဋ္ဌကထာ, ဋီကာတို့၌ ဆရာနှင့် တပည့်တို့ စကားပြောဆိုကြသော ဝတ္တရားကို အောက်ပါအတိုင်း ပြဆိုကြလေသည်။

'သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း' အားဖြင့် ဣရိယာပုတ်သုံးပါးတို့၌ တပည့်ပုဏ္ဏားသည် ဆရာပုဏ္ဏားနှင့် စကားပြောခြင်းငှာ ရထိုက်၏။ ဤအမ္ဗဋ္ဌလုလင်သည်ကား **'မာနထဒ္ဓတာယ'** မာနဖြင့် ခက်ထန်သည်၏ အဖြစ်ကြောင့် စကားအဖြစ်ဖြင့် အတူပြုခြင်းကို ပြုလျက် အိပ်သောဣရိယာပုတ်ကိုထည့်လျက် အပိုပြောဆိုလေသည်။

အမှန်အားဖြင့် အိပ်သောတပည့်သည် အိပ်သောဆရာနှင့် စကားမပြောဆိုထိုက်ပါ။ ဤသည်ကား စကားပြောဆိုခြင်း၌ အလုံးစုံသော ဆရာတပည့်တို့၏ ကျင့်ဝတ်တည်း။ *(ဒီ ဋ- ၁- ၂၂၇)*

ဋီကာသစ်အဖွင့်

သီလက္ခန် ဋီကာသစ် ဒုတိယအုပ်- နှာ (၂၀၉)၌ **'နတု သယနေ ဂရုကရဏီယာနံ သယနမ္ပိ သမ္ပုဒါ ဂရုကာရေဟိ သယနဿ အကတ္တဗ္ဗဘာဝတော'** ဆရာသည် အိပ်နေစေကာမူ အလေးပြုလောက်သော ဆရာတို့၏ မျက်မှောက်၌ အလေးပြု တတ်သော တပည့်တို့သည် အိပ်နေသော ဆရာ၏အနီး၌ တပည့်က အိပ်မှုကိုပင် မပြုထိုက်။ စကားပြောရန်ကိုကား ဗိုဖို၍မပြုထိုက်သည် သာတည်းဟု ဖွင့်ဆိုလေသည်။

ဗုဒ္ဓက ပြန်လည်မိန့်ကြားတော်မူပုံ

အမ္ဗဋ္ဌလုလင်က အထက်ပါအတိုင်း 'သွား, ရပ်, ထိုင်, အိပ်' ဟူသော ဣရိယာပုထ် လေးပါးလုံး၌ ဆရာနှင့် တပည့်တို့ စကားပြောထိုက်ခြင်းကို ဗုဒ္ဓအား ပြောဆိုလိုက်သည်ဖြစ်ရာ ဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်အား အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူလိုက်လေသည်။

အမ္ဗဋ္ဌ သွားသောတပည့်သည် သွားသောဆရာနှင့် စကားပြောဆိုခြင်းကိုလည်းကောင်း၊ ရပ်သောတပည့်သည် ရပ်သောဆရာနှင့် စကားပြောဆိုခြင်းကိုလည်းကောင်း၊ ထိုင်သောတပည့်သည် ထိုင်သောဆရာနှင့် စကားပြောဆိုခြင်းကိုလည်းကောင်း **သဗ္ဗာစရိယေယသု လဗ္ဘတိ- အလုံးစုံသော ဆရာတို့၌ ရထိုက်၏။ တွံပန- သင်မူကား၊ သယာနော- အိပ်နေလျက်၊ သယနေန- အိပ်နေသော၊ အာစရိယေန- ဆရာနှင့်၊ သဒ္ဓိံ ကထေသိ- အတူတကွ စကားပြောဆိုဘိ၏၊ အမ္ဗဋ္ဌ- အမ္ဗဋ္ဌ၊ တေ- သင်၏၊ အာစရိယော- ဆရာသည်၊ ကိံ- ဘယ်လိုလဲ၊ ဂေါရူပံ- နွားလိုလူလော၊ ဥဒါဟု- ထိုသို့မဟုတ်၊ တွံ- သင်သည်ပင်၊ ဂေါရူပံ- နွားလိုလူလော။** *(နွားကဲ့သို့ ကပျင်းကတင်လော၊ ကသိုက်ကမိုက်နိုင်သူလော ဟုဆိုလိုသည်။)* ဟု ဤသို့ မိန့်ကြားတော်မူလိုက်လေသည်။ *(ဒီ ၄- ၁- ၂၂၇)*

ဗုဒ္ဓအား ဇာတ်နိမ့်ဟူသောစကားဖြင့် ပြောဆိုခြင်း

အမ္ဗဋ္ဌလုလင်သည် သင်၏ဆရာသည်လည်းကောင်း၊ သင်သည်လည်းကောင်း ဂေါရူပံ- နွားလိုလူလောဟု အပြောခံရသည် ဖြစ်၍ အောက်ပါစကားကို ပြောဆိုလေတော့သည်။

ဘော ဂေါတမ- အရှင်ဂေါတမ၊ မုဏ္ဍကာ- စက်ဆုပ်အပ်စွာ ဦးပြည်းကတုံး ဖြစ်ကုန်သော၊ ဣဗ္ဘာ- ဇာတ်နိမ့်ဖြစ်ကုန်သော၊ ကဏှာ- အမျိုးအားဖြင့် မည်းညစ်ကုန်သော၊ ဗန္ဓုပါဒါပစ္စာ- ဆွေတော်, မျိုးတော်, ဘိုးတော် ဗြဟ္မာမင်း၏ ခြေဖမိုးမှ ပေါက်ဖွားကြကုန်သော၊ ယေတေ သမဏကာ- အကြင်စက်ဆုပ်အပ်စွာ ဝတ်ချာသော ရဟန်းတို့သည်၊ သန္တိ- ရှိကုန်၏၊ တေဟိ- ထိုဝတ်ချာသော ရဟန်းတို့နှင့်ကျတော့၊ ဘော ဂေါတမေန- အရှင်ဂေါတမနှင့်၊ ကထာဝိယ- ပြောဆိုသကဲ့သို့ မေ- အကျွန်ုပ်၏၊ ကထာသလ္လာပေါ- စကားပြောဆိုခြင်းသည်၊ တောတိ- ဖြစ်ပါ၏။ *(ဒီ- ၁- ၈၅)*

အမ္ဗဋ္ဌစသော ပုဏ္ဏားတို့၏အယူ

အမ္ဗဋ္ဌစသော ပုဏ္ဏားတို့သည် ဤသို့အယူရှိကြလေသည်။

(၁) ဗြာဟ္မဏာ ဗြဟ္မုနော မုခတော နိက္ခန္တာ- ပုဏ္ဏားတို့သည် ဗြဟ္မာ၏ ခံတွင်းမှ မွေးဖွားကြသည်ဟူ၍လည်းကောင်း၊
(၂) ခတ္တိယာ ဥရတော – မင်းတို့သည် ဗြဟ္မာ၏ ရင်မှ မွေးဖွားကြသည်ဟူ၍လည်းကောင်း၊
(၃) ဝေဿာ နာဘိတော – ကုန်သည် လယ်လုပ် သူကြွယ်တို့သည် ဗြဟ္မာ၏ ချက်မှ မွေးဖွားကြသည်ဟူ၍လည်းကောင်း၊
(၄) သုဒ္ဒါ ဇဏုတော – သူဆင်းရဲမျိုးတို့သည် ဗြဟ္မာ၏ ပုဆစ်ဒူးဝန်းမှ မွေးဖွားကြသည်ဟူ၍လည်းကောင်း၊
(၅) သမဏာ ပိဋ္ဌိပါဒတော – ရဟန်းတို့သည် ဗြဟ္မာ၏ ခြေဖမိုးမှ မွေးဖွားကြသည်ဟူ၍လည်းကောင်း အယူရှိကြလေသည်။
(ဒီ ၄- ၁- ၂၂၇) (ရဟန်းတို့ကို အောက်တန်းကျဆုံးဟု ယူဆထားလေသည်။)

သတိပြုဘွယ်အချက်

ဗြာဟ္မဏ ခေါ် ပုဏ္ဏားတို့၏ 'ပုဗ္ဗပုရိသ' ခေါ် ကမ္ဘာဦးလူတို့သည် ဗြဟ္မာ၏ ခံတွင်းမှ ထွက်လာကြသည်ဟု ယူဆကြသည်။ အထက်ဖော်ပြပါ အယူအားလုံးသည် ကမ္ဘာဦးလူတို့ကိုပင် ရည်ရွယ်သည်။ ကမ္ဘာဦးလူတို့သည် 'ခတ္တိယမျိုး, ဗြာဟ္မဏမျိုး, ဝေဿမျိုး, သုဒ္ဒမျိုး' ဟူ၍ မကွဲပြားမိ ဥပပ ပဋိသန္ဓေ နေကြသည်။ *(ဥပပ ပဋိသန္ဓေ ဟူသည် အမိဝမ်း၌ မအောင်းရဘဲ ဘွားကနဲ ကိုယ်ထင်ရှား မှစ် ပေါ်လာသည်ကို ဆိုလိုသည်။)*

ခတ္တိယမျိုးစသည်ဖြင့် အမျိုးလေးပါး ကွဲပြားလာသောအခါ၌ ကမ္ဘာဦးလူတို့သည် အမိ၏ ပဿာဝမဂ်မှ ထွက်လာကြရသည် ဖြစ်သော်လည်း ပုဏ္ဏားတို့သည် သူတို့ကို အထင်ကြီးအောင် အမြတ်ဆုံးအနေအားဖြင့် 'ဗြဟ္မာမင်း၏ ခံတွင်းမှ မွေးဖွားလာကြသူများ ဖြစ်သည်' ဟူ၍ ယူဆပြောဆိုခြင်းသာ ဖြစ်လေသည်။ ထိုသို့ယူဆပြောဆိုခြင်းဖြင့် ပုဏ္ဏေးမတို့၏ ပဿာဝမဂ်ကို ဗြဟ္မာ၏ခံတွင်းဖြစ်အောင် ပြောဆိုရာရောက်လေတော့သည်။

ဤ၌ အမ္ဗဋ္ဌသည် ရဟန်းတို့သည် ဗြဟ္မာ၏ ခြေဖမိုးမှ မွေးဖွားလာသည်ဟု ဆိုရာ၌ မည်သူမည်ဝါဟု မသတ်မှတ်မူ၍ ပြောဆိုသော်လည်း ဗုဒ္ဓကိုသာ ရည်စူး၍ ပြောဆိုခြင်း ဖြစ်လေသည်။ *(ဒီ ဌ- ၁- ၂၂၇)*

သမဏာ ပိဋ္ဋိပါဒတော ဋီကာအဖွင့်

သမဏာ ပိဋ္ဋိပါဒတော- ရဟန်းတို့သည် ဗြဟ္မာ၏ ခြေဖမိုးမှ မွေးဖွားလာကြသည်ဟု ဆိုရာ၌ ကမ္ဘာဦးကပင် 'သမဏမျိုး' ဟူ၍ သီးခြားမရှိပေ။ 'ခတ္တိယမျိုး, ဗြာဟ္မဏမျိုး, ဝေဿမျိုး, သုဒ္ဒမျိုး' ဟူသော အမျိုးလေးပါးမှထွက်၍ တရားကျင့်သူတို့ကိုသာ 'သမဏ' ဟူ၍ ခေါ်ဆိုရသည်။ ထို့ကြောင့် **'သမဏာ ပိဋ္ဋိပါဒတော'** ရဟန်းတို့သည် ဗြဟ္မာ၏ ခြေဖမိုးမှ မွေးဖွားလာကြသည်ဟူသော စကားသည် ဗုဒ္ဓ၏ သမဏအဖြစ်ကို နှိမ်ချလို၍ ပြောဆိုအပ်သောစကား ဖြစ်သော်လည်း **'မုခတော, ဥရတော'** စသော ရှေးစကားနှင့် ဆန့်ကျင်သည်ဖြစ်၍ **'အတိဝိယ အသမ ဝေက္ခိတဝစနံ'** အလွန်ပင် မဆင်ခြင် မစဉ်းစားဘဲ ပြောဆိုအပ်သောစကား ဖြစ်လေသည်။ *(မဟာဋီ- ၂၉၈၊ ဋီသစ် ဒုအုပ်- ၂၅၀)*

အထက်ဋီကာစကားသည် စကားကို မဆင်မခြင် ပြောတတ်သူတို့အတွက် အထူးသတိပြုထိုက်သောစကား ဖြစ်လေသည်။ **အရာဌာန, ပုဂ္ဂိုလ်အားလျော်စွာ စကားကို ဆင်ဆင်ခြင်ခြင် ဉာဏ်အမြင်ရှိစွာနှင့် ပြောဆိုတတ်သူများ ဖြစ်ကြပါကုန်လော့။**

ဗုဒ္ဓအကြံဖြစ်တော်မူပုံနှင့် မိန့်တော်မူပုံ

ထိုအခါ ဗုဒ္ဓသည် 'ဤအမ္ဗဋ္ဌသည် ရောက်လာသည်မှစ၍ ငါဗုဒ္ဓနှင့် စကားပြောဆိုလတ်သော် **'မာနမေဝ နိဿာယ ကထေသိ'** မာနကိုမှီ၍သာလျှင် ပြောဆိုနေသည်။ **'အာသီဝိသံ ဂီဝါယံ ဂဏှန္တောဝိယ'** လျှင်စွာတက်သော အဆိပ်ရှိသောမြွေကို လည်၌ကိုင်သူကဲ့သို့လည်းကောင်း၊ **'အဂ္ဂိက္ခန္ဓံ အာလိင်္ဂန္တောဝိယ'** မီးပုံကြီးကို ပွေ့ဖက်သူကဲ့သို့လည်းကောင်း၊ **'မတ္တဝါရဏံ သောဏ္ဍာယ ပရာမသန္တောဝိယ'** အမှန်ယစ်သောဆင်ကို နှာမောင်း၌ သုံးသပ်သူကဲ့သို့လည်းကောင်း၊ **'အတ္တနော ပမာဏံ နဇာနာတိ'** မိမိ၏အနွယ် ပမာဏကို မသိရှာပေ။ **'ဟန္ဒ နံ ဇာနာပေဿာမ'** ယခု အမ္ဗဋ္ဌကို မိမိ၏ အမျိုးအနွယ်ကို သိစေရတော့အံ့' ဟု ကြံတော်မူပြီးလျှင် အောက်ပါစကားကို မိန့်တော်မူသည်။ *(ဒီ ဌ- ၁- ၂၂၇)*

'အမ္ဗဋ္ဌ သင်သည် သင်၏ဆရာဖြစ်သော ပေါက္ခရသာတိပုဏ္ဏားသည် မိမိ၏ ပြုဘွယ်ကိစ္စကြောင့် သင့်ကိုစေလွှတ်ခြင်း ဖြစ်သည်။ ငါတို့ကို လှောင်မိုးဖိနှိပ် ပြောဆိုခြင်းငှာ စေလွှတ်သည် မဟုတ်ပေ။ ထို့ကြောင့် သင်သည် လာရင်းကိစ္စကိုသာ ပြောဆိုလော့'

ဤစကားရပ်ဖြင့် ဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်အား အလေးပြုထိုက်သော ပုဂ္ဂိုလ်တို့၏အထံသို့ လာကုန်သော လူကောင်းသူကောင်းတို့၏ ပြုကျင့်ရမည့် ဝတ္တရားကို ပြတော်မူလေသည်။

ထိုမှတပါး အမ္ဗဋ္ဌလုလင်အား ထောင်ထနေသော မာနကို နှိပ်ခြင်းအကျိုးငှာ ဗုဒ္ဓသည် အောက်ပါစကားကိုလည်း မိန့်တော်မူလေသည်။

'အို လုလင်တို့ *(လိုက်ပါလာကြကုန်သော လုလင်တို့ကို ခေါ်တော်မူခြင်း ဖြစ်သည်။)* ကြည့်ကြကုန်လော့။ ဤအမ္ဗဋ္ဌလုလင်သည် ဆရာ၏အိမ်၌ ကျင့်သုံးပြီးသူ မဟုတ်သည်၊ ကျင့်ဝတ်အာစာရကို သင်ယူပြီးသူ မဟုတ်သည်၊ နည်းသောသုတရှိသူ ဖြစ်ပါလျက် ငါသည် ကျင့်သုံးပြီးပြီ။ ငါသည် ကျင့်ဝတ်အာစာရကို သင်ပြီးပြီ။ ငါသည် များသောသုတရှိသူ ဖြစ်ပြီဟု မိမိကိုယ်ကိုမိမိ မှတ်ထင်နေဘိသည်။

ဤသို့ အမ္ဗဋ္ဌလုလင်၏ ကြမ်းတမ်းရိုင်းစိုင်းစွာ ပြောဆိုခြင်း၌ ကျင့်သုံးပြီးသူ မဟုတ်သည်၏အဖြစ်ကို = မလိမ္မာသေးသည်၏ အဖြစ်ကိုကြည့်၍ အခြားမည်သည့်အကြောင်းမျှ မရှိချေ။ ဆရာအိမ်၌ မကြီးပွါးရသူတို့သည်သာလျှင်၊ ကျင့်ဝတ်အာစာရကို မသင်ခဲ့ရသူ

တို့သာလျှင်၊ ဗဟုသုတနည်းပါးသူတို့သာလျှင် ဤသို့ကြမ်းတမ်းရိုင်းစိုင်းသော စကားကို ပြောဆိုကြလေသည်။ *(ဒီ- ၁- ၈၅၊ ဒီ ဋ္ဌ- ၁- ၂၂၇ / ၂၂၈)*

ဗုဒ္ဓကို ဇာတ်နိမ့်ဟူသော စကားဖြင့် ပဌမအကြိမ် ရှုတ်ချခြင်း

ထိုအခါ အမ္ဗဋ္ဌသည် ဗုဒ္ဓက သူ့အား 'ဆရာအထံ၌ ကျင့်သုံးပြီးသူ မဟုတ် = မလိမ္မာသေး။ ဆရာအထံ၌ ကျင့်ဝတ်ကို မသင်ခဲ့ရသူ၊ ဗဟုသုတနည်းသူ' ဟူ၍ အပြောခံရသည် ဖြစ်သောကြောင့် အမျက်ထွက်သည်၊ နှလုံးမသာယာသည်၊ စိတ်ဆိုးသည်ဖြစ်၍ ဗုဒ္ဓကိုပင် ပုတ်ခတ်လို၊ ရှုတ်ချလို၊ စွပ်စွဲလိုရကား 'ငါသည် ရဟန်းဂေါတမအား ထိပါးရတော့အံ့' ဟု အကြံဖြစ်လျက် အမ္ဗဋ္ဌသည် ဗုဒ္ဓအား အောက်ပါစကားကို ပြောဆိုလေသည်။

'အရှင်ဂေါတမ သကျဇာတိ- သာကီမျိုးသည်၊ စဏ္ဍာ- ကြမ်းတမ်း၏၊ ဖရုသာ- ခက်ထန်၏၊ လဟုသာ- စိတ်သဘောထားနု၏ = ကလေးကလားနိုင်၏၊ ဘဿာ- စကားများ၏။ အရှင်ဂေါတမ သာကီမျိုးသည် ဣဗ္ဘာသမာနာ- ဇာတ်နိမ့်များ ဖြစ်ကြကုန်လျက်၊ **ဗြာဟ္မဏေ**- ဇာတ်မြင့်ဖြစ်သော ဝေဒကျမ်းတတ် ပုဏ္ဏားမြတ်တို့ကို၊ **နသက္ကရောန္တိ**- ကောင်းစွာမပြုကြကုန်၊ **နဂရုကရောန္တိ**- အလေးဂရု မပြုကြကုန်၊ **နမာနေန္တိ**- မမြတ်နိုးကြကုန်၊ **နပူဇေန္တိ**- မပူဇော်ကြကုန်၊ **နအပစာယန္တိ**- အရိုအသေ မပြုကြကုန်၊ **တံဣဒံ**- ထိုသို့ပြုမူခြင်းသည်၊ **နပ္ပတိရူပံ**- မလျောက်ပတ်သည်သာတည်း။ *(ဒီ- ၁- ၈၅ / ၈၆)*

အမ္ဗဋ္ဌ၏ မာနကို နှိမ်ချိုးလို၍

ဤ၌ ဗုဒ္ဓသည် အမ္ဗဋ္ဌ၏ ကုဇ္ဈနာကာရံ- စိတ်ဆိုးမည်၏အဖြစ်ကို၊ အဉတွာ- မသိမူ၍ ကျင့်သုံးပြီးသူ မဟုတ်။ မလိမ္မာသေး၊ ဗဟုသုတနည်းသူ စသည်ဖြင့် မိန့်တော်မူသလောဟု မေးဖွယ်ရှိ၏။ အဖြေကား မသိမဟုတ်၊ သိပါသည်။ ထိုအမ္ဗဋ္ဌ၏ ထောင်ထနေသော မာနကို နှိမ်ချိုးလိုသောကြောင့် = မာနကင်းစေလိုသောကြောင့် ထိုသို့မိန့်တော်မူခြင်း ဖြစ်သည်။

ချဲ့ပါဦးမည်။ ဗုဒ္ဓသည် ကြိုတင်၍ သိတော်မူပုံကား ဤအမ္ဗဋ္ဌလုလင်သည် 'ကျင့်သုံးပြီးသူမဟုတ်၊ မလိမ္မာသေး၊ ကျင့်ဝတ်မသိသူ၊ သုတနည်းသူ' စသည်ဖြင့် ပြောဆိုသော် စိတ်ဆိုးအမျက်ထွက်၍ ငါဗုဒ္ဓ၏ ဆွေတော်မျိုးတော်တို့ကို ဆဲရေးလတ္တံ့။ ထိုအခါ၌ ငါဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်အား မာန်ကင်းအောင် ပြုရပေလတ္တံ့။

ဉပမာကား- 'ကုသလော ဘိသက္ကော' ကျွမ်းကျင်သော ဆေးသမားသည် သလိပ်သည်းခြေဟူသော အပြစ်ကို ထွေးအန်စေ၍ ထုတ်ဆောင်ဘိသကဲ့သို့ အပြစ်ရှိသော အမ္ဗဋ္ဌ၏ ရှေးအနွယ်ဖြင့် အပြစ်ကင်း၏ဟု သမုတ်အပ်သော သာကီဝင်မျိုးတို့၏ ယခုအနွယ်ကို ထင်ရှားစေလျက်လည်းကောင်း၊ အပြစ်ရှိ၏ဟု ညွှန်ပြကြောင်းဖြစ်သော အမ္ဗဋ္ဌ၏ ရှေးအမျိုးဖြင့် အပြစ်ကင်း၏ဟု သမုတ်အပ်သော သာကီဝင်တို့၏ ယခုအမျိုးကို ထင်ရှားစေလျက်လည်းကောင်း အမ္ဗဋ္ဌ၏ မာန်မာနကို ပြတ်တောက်စေရတော့အံ့' ဟု နှလုံးသွင်းလျက် ထိုသို့ မိန့်တော်မူခြင်း ဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၂၂၈)*

အမ္ဗဋ္ဌလုလင်အား ဗုဒ္ဓ မေးတော်မူပြီ

ကိံ ပနေတေ အမ္ဗဋ္ဌ သကျာ အပရဒ္ဓုန္တိ။ *(ဒီ- ၁- ၈၆)*

အမ္ဗဋ္ဌ- အမ္ဗဋ္ဌ၊ တေ- သင့်အား၊ သကျာ- သာကီဝင်မင်းတို့သည်၊ ကိံပန- အဘယ်သို့လျှင်၊ အပရဒ္ဓုံ- ပြစ်မှားကြကုန်သနည်း၊ ဣတိ- ဤသို့မေးတော်မူပြီ။

ဇာတ်နိမ့်ဟူသော စကားဖြင့် ဒုတိယအကြိမ် ရှုတ်ချခြင်း

'အရှင်ဂေါတမ အခါတစ်ပါး၌ ဆရာကြီး ပေါက္ခရသာတိ၏ ကိစ္စတစ်ခုဖြင့် ကပိလဝတ်ပြည်သို့ သွားခဲ့ပါသည်။ သာကီဝင်မင်းတို့၏ စည်းဝေးဆောင်ခန်းမသို့ ရောက်ခဲ့ပါသည်။ ထိုစဉ်အခါ များစွာသော အဘိသိက်သွန်းပြီးသော သာကီဝင်မင်းတို့သည်လည်း

ကောင်း၊ အဘိသိက် မသွန်းရသေးသော သာကီဝင်မင်းသားတို့သည်လည်းကောင်း **အညမညံ**– အချင်းချင်း၊ **အင်္ဂုလိပတောဒကေဟိ**– လက်ချောင်းတို့ဖြင့်ထိုးလျက် = ကလိထိုးလျက်၊ **သဉ္ဇဂ္ဃန္တာ**– ပြုံးစွာရယ်ကြလျက်၊ **သံကီဠန္တာ**– ပြုံးစွာကစားကြလျက်၊ သန္ဓာဂါရ ခေါ် စည်းဝေးဆောင်ခန်းမ၌၊ **ဥစ္စေသု အာသနေသု**– မြင့်သောနေရာတို့၌၊ **နိသိန္နာ တောန္တိ**– ထိုင်နေကြကုန်၏၊ **အညဒတ္ထု**– စင်စစ်တမူကား၊ **မမညေဝ**– အကျွန်ုပ်ကိုသာ၊ **အနုဇဂ္ဃန္တာ မညေ**– ရည်စူး၍ ရယ်မောကြသည်ဟု ထင်ပါ၏၊ မည်သူတစ်ဦးတစ်ယောက်မျှ နေရာလည်း မပေးပါ = နေရာဖြင့်လည်း မဖိတ်ပါ။

အရှင်ဂေါတမ ဤသာကီဝင်မင်းတို့သည် '**ဣဗ္ဘာသမာနာ**' ဇာတ်နိမ့်သူများ ဖြစ်ကြကုန်လျက် ပုဏ္ဏားတို့ကို မရိုသေခြင်း, အလေးမပြုခြင်း, မမြတ်နိုးခြင်း, မပူဇော်ခြင်း, မတုပ်ဝပ်ခြင်းသည် အလျှဉ်းပင် မသင့်လျော်၊ မလျောက်ပတ်ပေ။'

ဤသို့လျှင် အမ္ဗဋ္ဌလုလင်သည် သာကီဝင်မင်းတို့ကို '**ဣဒံ ဣဗ္ဘဝါဒံ**' ဤဇာတ်နိမ့်ဟူသောစကားကို '**ဒုတိယံ နိပါတေသိ**' ဒုတိယအကြိမ် ရှုတ်ချပြောဆိုလေပြီ။ *(ဒီ– ၁– ၈၆)*

သာကီဝင်မင်းတို့ ပြက်ရယ်ပြုကြခြင်းအကြောင်း

အဘယ်ကြောင့် သာကီဝင်မင်းတို့သည် အမ္ဗဋ္ဌအား ပြက်ရယ်ပြောင်လှောင်မှု ပြုကြသနည်းဟူမူ ထိုသာကီဝင်မင်းတို့သည် အမ္ဗဋ္ဌ၏ အမျိုးအနွယ်ကို သိသူများ ဖြစ်ကြလေသည်။

ထိုအချိန်၌ အမ္ဗဋ္ဌလုလင်သည် ခြေဖျားတိုင်အောင် ဝတ်ထားသော ပုဆိုးစကို လက်တစ်ဘက်ကကိုင်၍ ပုခုံးရိုးကို အထက်သို့ မော့စေလျက် မာန်မာနဖြင့် ထောင်လွှားယစ်သကဲ့သို့ လာနေလေသည်။

ထိုအခါ သာကီဝင်မင်းတို့သည် အမ္ဗဋ္ဌ၏ အမျိုးအနွယ်ကို သိထားသည်ကတစ်ကြောင်း၊ မာနထောင်လွှား၍ လာနေသည်က တစ်ကြောင်း ထိုအကြောင်းနှစ်မျိုးကြောင့်–

'အမောင်တို့ ကျွန်ဖြစ်သူ ကဏှာယနအနွယ်ဖြစ်သော အမ္ဗဋ္ဌ၏ လာနေပုံကို ကြည့်စမ်းကြပါလော့' ဟု ပြောဆိုကြကုန်လျက် ဤသို့ ပြုံးစွာရယ်မောခြင်း၊ လွန်စွာမြူးတူးခြင်းကို ပြုကြလေသည်။

အမ္ဗဋ္ဌသည်လည်း သာကီဝင်မင်းမျိုးတို့၏ ကျွန်ဖြစ်သော မိမိ၏ ကဏှာယန အမျိုးအနွယ်ဖြစ်ကြောင်းကို သိသူဖြစ်လေသည်။ ထို့ကြောင့် 'ဤသာကီဝင်မင်းတို့သည် ငါ့ကိုသာလျှင် ပြက်ရယ်ပြောင်လှောင်နေကြသည်' ဟု ကြံစည်စဉ်းစားမိလေသည်။ *(ဒီ ဋ– ၁– ၂၂၉)*

ဗုဒ္ဓ ပြန်လည်မိန့်ကြားခြင်း

ထိုကဲ့သို့ အမ္ဗဋ္ဌလုလင်အပေါ် သာကီဝင်မင်းတို့က ပြက်ရယ်ပြောင်လှောင် ပျော်မြူးနေမှုနှင့်စပ်၍ ဗုဒ္ဓသည် အမ္ဗဋ္ဌအား အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူလေသည်။

'**အမ္ဗဋ္ဌ**– အမ္ဗဋ္ဌ၊ **လဋုကိကာပိ**– ဘီလုံးငှက်မယ်ပင်သော်လည်း၊ **သကေ ကုလာဝကေ**– မိမိအသိုက်၌၊ **ကာမလာပိနီ ဟောတိ**– အလိုရှိတိုင်း မြည်နိုင်သေး၏၊ **တံ**– ထိုဘီလုံးငှက်မယ်ကို၊ **ကောစိ**– တစ်ကောင်တစ်လေသော၊ **ဟံသောဝါ**– ဟသ်ာသည်လည်းကောင်း၊ **ကောဉ္စောဝါ**– ကြိုးကြာသည်လည်းကောင်း၊ **မောရောဝါ**– ဥဒေါင်းသည်လည်းကောင်း၊ **အာဂန္တွာ**– လာ၍၊ **တွံ**– သင်ဘီလုံးငှက်ယ်မသည်၊ **ကိံ လပသိ**– အဘယ်ကို ပြောဘိသနည်း = မြည်ဘိသနည်း၊ **ဣတိ**– ဤသို့၊ **နနိသေဓေတိ**– မတားမြစ်ပါ။

အမ္ဗဋ္ဌ– အမ္ဗဋ္ဌ၊ ကပိလဝတ္ထုံ ပန– ကပိလဝတ်ပြည်သည်ကား၊ **သကျာနံ**– သာကီဝင်မင်းတို့၏၊ **သကံ**– ကိုယ်ပိုင်နေပြည်တော်တည်း၊ **အာယသ္မာ အမ္ဗဋ္ဌော**– အမောင်အမ္ဗဋ္ဌသည်၊ **ဣမာယ အပ္ပမတ္တာယ**– ဤအသေးအဖွဲ့အမှုကလေးမျှဖြင့်၊ **အဘိသဇ္ဇိတုံ**– အခဲမကြေခြင်းငှာ၊ **နအရဟတိ**– မဖြစ်ထိုက်ပါ = အခဲမကြေ မဖြစ်ထိုက်ပါ။ *(ဒီ– ၁– ၈၆၊ ဒီ ဋ– ၁– ၂၂၉)*

ဇာတ်နိမ့်ဟူသောစကားဖြင့် တတိယအကြိမ် ရှုတ်ချခြင်း

ထိုသို့ ဗုဒ္ဓက မိန့်တော်မူလေလျှင် 'ဤရဟန်းဂေါတမသည် စောစောပိုင်းကတော့ မာနဖြင့် ပြောခဲ့လေသည်။ ယခုအခါ၌ကား မိမိ၏ ဆွေမျိုးများကို ဘိလုံးငှက်မယေ်ဖြင့် ဥပမာထား၍ ငါတို့ကို ဟသ်ာငှက်, ကြိုးကြာငှက်, ဥဒေါင်းငှက်တို့နှင့် တူသည်ကို ပြောဆိုဘိလေသည်။ ထို့ကြောင့် ရဟန်းဂေါတမသည် မာန်မာနကင်းလေပြီ' ဟု မှတ်ထင်ပြီးလျှင် အောက်ပါ 'ဇာတ်နိမ့်' ဟူသောစကားကို တတိယအကြိမ် ပြောကြားပြန်လေသည်။

'အရှင်ဂေါတမ 'မင်း, ပုဏ္ဏား, ကုန်သည်, သူဆင်းရဲ' ဟူသော အမျိုးလေးပါးတို့ ရှိကြပါသည်။ ထိုအမျိုးလေးပါးတို့တွင် 'မင်း, ကုန်သည်, သူဆင်းရဲ' ဟူသော အမျိုးသုံးပါးတို့သည် **အညဒတ္ထု**– စင်စစ်အားဖြင့်၊ **ဗြာဟ္မဏဿေဝ**– ပုဏ္ဏားတို့၏သာလျှင်၊ **ပရိစာရိကော**– အလုပ်အကျွေးတို့သည်၊ **သမ္ပဇ္ဇန္တိ**– ဖြစ်ကြကုန်၏။

ဘော ဂေါတမ– အရှင်ဂေါတမ၊ **တတြမေ သကျာ**– ဤသာကီဝင်မင်းတို့သည်၊ **ဣဗ္ဘာ သမာနာ**– ဇာတ်နိမ့်သူများ ဖြစ်ကြကုန်လျက် ပုဏ္ဏားတို့ကို မရိုသေခြင်း, အလေးမပြုခြင်း, မမြတ်နိုးခြင်း, မပူဇော်ခြင်း, မတုပ်ဝပ်ခြင်းသည်၊ **နယိဒံ ယုတ္တံ ပတိရူပံ**– အလျှင်းပင် မသင့်လျော် မလျောက်ပတ်ပေ။

ဣတိ– ဤသို့လျှင်၊ **အမ္ဗဋ္ဌော မာဏဝေါ**– အမ္ဗဋ္ဌလုလင်သည်၊ **သကျေသု**– သာကီဝင်မင်းတို့ကို၊ **ဣဒံ ဣဗ္ဘဝါဒံ**– ဤ ဇာတ်နိမ့်ဟူသောစကားကို၊ **တတိယံ နိပါတေသိ**– သုံးကြိမ်မြောက် ရှုတ်ချပြောဆိုလေပြီ။ *(ဒီ– ၁– ၈၆)*

ဗုဒ္ဓသည် အမ္ဗဋ္ဌ၏ အမျိုးအနွယ်ကို မေးတော်မူပြီ

အထခေါ– ထိုအခါ၌၊ **ဘဂဝတော**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓအား၊ **ဧတံ**– ဤသို့သောအကြံသည်၊ **အဟောသိ**– ဖြစ်ပြီ၊ **အယံ အမ္ဗဋ္ဌော မာဏဝေါ**– ဤအမ္ဗဋ္ဌလုလင်သည်၊ **သကျေသု**– သာကီဝင်မင်းတို့ကို၊ **ဣဗ္ဘဝါဒေန**– ဇာတ်နိမ့်သူဟူသောစကားဖြင့်၊ **ခေါ**– စင်စစ်၊ **အတိဗာဠှံ**– ပြင်းပြင်းထန်ထန်၊ **နိမ္မာဒေတိ**– ဖိနှိပ်၍သာ နေဘိ၏၊ **အဟံ**– ငါဗုဒ္ဓသည်၊ **ဂေါတ္တံ**– အမ္ဗဋ္ဌ၏ အမျိုးအနွယ်ကို၊ **ပုစ္ဆေယျံ**– မေးရပါမူကား၊ **ယံနူန**– ကောင်းလေစွ၊ **ဣတိ**– ဤသို့ အကြံတော်ဖြစ်ပြီ။

အထခေါ– ထိုအခါ၌၊ **ဘဂဝါ**– ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **အမ္ဗဋ္ဌံ မာဏဝံ**– အမ္ဗဋ္ဌလုလင်ကို၊ **အမ္ဗဋ္ဌ**– အမ္ဗဋ္ဌ၊ **တေ**– သင်သည်၊ **ကထံ ဂေါတ္တော**– အဘယ်အနွယ်သည်၊ **အသိ**– ဖြစ်လေသနည်း၊ **ဣတိ**– ဤသို့၊ **ဧတံ**– ဤ အမေးကို၊ **အဝေါစ**– မေးတော်မူလိုက်လေပြီ။

ထိုအခါ အမ္ဗဋ္ဌလုလင်သည် **ဘော ဂေါတမဟော**– အရှင်ဂေါတမ၊ **အဟံ**– အကျွန်ုပ်သည်၊ **ကဏှာယနော**– ကဏှာယန အနွယ်သည်၊ **အသ္မိ**– ဖြစ်၏၊ **ဣတိ**– ဤသို့၊ **အမ္ဗဋ္ဌော**– အမ္ဗဋ္ဌသည်၊ **တိက္ခတ္တုံ**– သုံးကြိမ်တိုင်အောင်၊ **မဟာသဒ္ဒေန**– ဟစ်အော်၍၊ **အဝေါစ**– ပြောကြားလေပြီ။

ထိုသို့ အဘယ့်ကြောင့် အော်ဟစ်ပြောကြားသနည်းဟူမူ အမ္ဗဋ္ဌသည် မိမိ၏ ကဏှအမျိုးအနွယ်သည် 'အသုဒ္ဓဘာဝံ' မစင်ကြယ်သည်၏အဖြစ်ကို သိသူတစ်ဦး ဖြစ်သော်လည်း ထိုမစင်ကြယ်ပုံကို ဘဝများစွာ ဖုံးလွှမ်းလာပြီ ဖြစ်သောကြောင့် ကောင်းစွာ မသိတော့ပေ။ ထို့ကြောင့် ထိုအကြောင်းအရင်းကို ရဟန်းဂေါတမသည်လည်း သိမြင်မည်မဟုတ်ပေ။ မသိမမြင်နိုင်သော် ရဟန်းဂေါတမသည် **ကိံ ဝက္ခတိ**– အဘယ်ကို ပြောဆိုနိုင်လိမ့်မည်နည်းဟု၊ **မာနထဒ္ဓတာယ**– မာနခက်ထန်လှသည်၏ အဖြစ်ကြောင့် အမ္ဗဋ္ဌသည် ထိုသို့အော်ကြီးဟစ်ကျယ် သုံးကြိမ်တိုင်အောင် ပြေဆိုခြင်း ဖြစ်လေသည်။ *(ဒီ– ၁– ၈၇၊ ဒီ ဋ္ဌ– ၁– ၂၃၀)*

ဗုဒ္ဓသည် အမ္ဗဋ္ဌကို ကျွန်ဖြစ်ကြောင်းကို မိန့်တော်မူပြီ

အမ္ဗဋ္ဌ သင်၏ မိဖဆိုင်ရာ 'ပေါရာဏနာမ ဂေါတ္တံ' ရှေးအမည်အနွယ်ကို၊ **အနုဿရတော**– အစဉ်လိုက်၍ အောက်မေ့စိစစ်သော်၊ **သကျာ**– သာကီဝင်မင်းတို့သည်၊ **အယျပုတ္တာ**– အရှင်သခင်၏ သားတို့သည်၊ **ဘဝန္တိ**– ဖြစ်ကုန်၏၊ **တွံ**– သင်အမ္ဗဋ္ဌသည်၊ **သကျာနံ**– သာကီဝင်မင်းတို့၏၊ **ဒါသိပုတ္တော**– ကျွန်မသားသည်၊ **အသိ**– ဖြစ်လေပြီ၊ **အမ္ဗဋ္ဌ**– အမ္ဗဋ္ဌ၊ **ခေါပန**– စင်စစ်သော်ကား၊ **သကျာ**– သာကီဝင်မင်းတို့သည်၊ **ဩက္ကာကံ**– ဩက္ကာကမင်းကို၊ **ပိတာမဟံ**– အဘိုးအရာ၌၊ **ဒဟန္တိ**– ထားကြကုန်၏။
(ဒီ– ၁– ၈၇)

ဩက္ကာကမင်း စကားပြောသောအခါ၌ မီးရှူးရောင်ကဲ့သို့ ခံတွင်းမှ အရောင်သည် ထွက်ပေါ်သတတ်။ ထို့ကြောင့် ထိုမင်းကို ဩက္ကာကမင်းဟု ခေါ်ဆိုသည်။ *(ဒီ ဋ္ဌ- ၁- ၂၃၀)*

ဩက္ကာကမင်းဆက်များ

(၁) ကမ္ဘာဦးကာလ၌ ပဌမဆုံးမင်းသည် (၁) မဟာသမ္မတမင်း၊ (၂) ၎င်း၏သား ရောဇမင်း၊ (၃) ၎င်း၏သား ဝရရောဇမင်း၊ (၄) ၎င်း၏သား ကလျာဏမင်း၊ (၅) ၎င်း၏သား ဝရကလျာဏမင်း၊ (၆) ၎င်း၏သား မန္ဓာတုမင်း၊ (၇) ၎င်း၏သား ဝရမန္ဓာတုမင်း၊ (၈) ၎င်း၏သား ဥပေါသထမင်း၊ (၉) ၎င်း၏သား ဝရမင်း၊ (၁၀) ၎င်း၏သား ဥပဝရမင်း၊ (၁၁) ၎င်း၏သား မဃဒေဝမင်း ထို မဃဒေဝမင်း၏ မင်းအဆက်ဆက်အားဖြင့် ရှစ်သောင်းလေးထောင်သောမင်းတို့ ဖြစ်ကြကုန်ပြီ။

(၂) ထိုမင်းတို့၏နောက်၌ သုံးဆက်ကုန်သော မင်းတို့သည် ဩက္ကာကမင်း၏အနွယ် ဖြစ်ကုန်ပြီ။ ထိုမင်းသုံးဆက်တွင် တတိယမြောက် ဩက္ကာကမင်း၌ **'ဟတ္ထာ, စိတ္တာ, ဇန္တု, ဇာလိနီ, ဝိသာခါ'** ဟူကုန်သော မိဖုရားငါးဦး ရှိလေသည်။ မိဖုရားတစ်ဦး တစ်ဦး၌ ငါးရာငါးရာစီသော မောင်းမအခြံအရံ ရှိလေသည်။

(၃) မိဖုရားငါးဦးတို့တွင် အလုံးစုံကုန်သော မိဖုရားကြီးတို့၏ အကြီးအကဲဖြစ်သော မိဖုရားခေါင်ကြီးသည် **'ဩက္ကာမုခ, ကရကဏ္ဍု, ဟတ္ထိနိက, သိနိသူရ'** ဟူကုန်သော သားတော် (၄)ယောက်နှင့် **'ပိယာ, သုပ္ပိယာ, အာနန္ဒာ, ဝိဇိတာ, ဝိဇိတာ သေနာ'** ဟူကုန်သော သမီးတော် (၅)ယောက်– ပေါင်း (၉)ယောက်ကုန်သော သားတော်, သမီးတော်တို့ကို ဖွားမြင်ပြီး၍ ကွယ် လွန်သွား လေပြီ။

(၄) မိဖုရားခေါင်ကြီး ကွယ်လွန်လျှင် ဩက္ကာကမင်းသည် အသက်အရွယ်လည်းငယ်, အဆင်းအားဖြင့်လည်း အလွန်လှသော မိဖုရားငယ်တစ်ဦးကို မိဖုရားခေါင်ကြီးအရာ၌ ထားလေသည်။ ထိုမိဖုရားသည် **'ဇန္တု'** မည်သော သားတော်ကို ဖွားမြင်ပြီး၍ ငါး ရက်မြောက်တွင် မင်းကြီးအား ပြတော်မူရာ မင်းကြီးသည် ဝမ်းမြောက်သဘောကျသည်ဖြစ်၍ ဆုကိုပေးရာ၌ 'သားငယ်အား မင်းအဖြစ်ကိုပေးပါ' ဟု တောင်းလေတော့သည်။

(၅) မင်းကြီးသည် ချိန်းမောင်းသော်လည်း မိဖုရားသည် အကြိမ်ကြိမ် ပြောလာသည်ဖြစ်၍ သားတော်ကြီးတို့၏ အန္တရာယ်ကို စိုးရိမ်လေသောကြောင့် 'မင်္ဂလာဆင်, မင်္ဂလာမြင်း, မင်္ဂလာရထားတို့ကို ချန်ထား၍ ကြွင်းကုန်သော ဆင်, မြင်း, ရထား' တို့ကို အလိုရှိတိုင်း ယူသွားကြပြီးနောက် ငါကွယ်လွန်မှ မင်းအဖြစ်ကို ယူလှည့်တော့ဟု သားတော်ကြီး လေးယောက်တို့အား တိုင်းပြည်မှ ထွက်ခိုင်းရလေသည်။

(၆) အစ်မတော်, နှမတော် ငါးယောက်တို့လည်း **'ဩက္ကာမုခ'** စသော မောင်တော်လေးယောက်တို့နှင့် အတူလိုက်ပါလာခဲ့ကြ ရာ၌ အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးသည်လည်း ဝန်းရံလိုက်ပါခဲ့လေသည်။ ထို့ပြင်မက 'ခမည်းတော်မင်းကြီး ကွယ်လွန်လျှင် ဤမင်းသားတို့သည် မင်းဖြစ်ကြမှာတဲ့' ဟု ကြားကြကုန်၍ တိုင်းသူပြည်သား လူအများတို့သည်လည်း မင်းသားလေးယောက်တို့၏ နောက်သို့ လိုက်သွားကြလေပြီ။ စစ်သည်ဗိုလ်ပါ ပရိသတ်သည် သုံးယူဇနာမျှ ရှိလေသည်။

(၇) ဩက္ကာမုခ မင်းသားကြီးတို့ စဉ်းစားကြသည်မှာ 'ဤမျှ အင်အားကောင်းလှသော စစ်တပ်ကြီးဖြင့် အခြားမင်းတစ်ပါး အုပ်ချုပ်သောနိုင်ငံကို တိုက်ယူလျှင် ရနိုင်သော်လည်း သူတစ်ပါးကို အနိုင်အထက်ပြု၍ ပြုလုပ်ခြင်းသည် မသင့်လျော်။ ဤဇမ္ဗူဒိပ်ကျွန်း သည် ကျယ်ဝန်းလှ၏။ လွတ်လပ်သော တောနေရာ တစ်နေရာ၌ မြို့ကိုပြုလုပ်ကြစို့' ဟု ကြံစည်ပြီး ဟိမဝန္တာတောအရပ်သို့ ရှေးရှု၍ ထွက်လာခဲ့ကြလေသည်။

(၈) ထိုအချိန်၌ ငါတို့၏ ဂေါတမဗုဒ္ဓ အလောင်းတော်သည် များသောဥစ္စာရှိသော ပုဏ္ဏားမျိုး၌ဖြစ်၍ 'ကပိလ' ဟုအမည် တွင်လေသည်။ အလောင်းတော်ကပိလသည် အိုးအိမ်စည်းစိမ်တို့ကို စွန့်၍ ရသေ့ရဟန်းပြုပြီးလျှင် ဟိမဝန္တာ အနီးတွင်ရှိ ရေကန်နား၌ သစ်ရွက်မိုးသောကျောင်းကို ပြုလုပ်၍ သီတင်းသုံးတော်မူလျက် ရှိနေသည်။

(၉) ထိုအလောင်းတော် ကပိလရသေ့သည် 'ဘူမိဇာလ' အတတ်ကို တတ်သိလေသည်။ အတောင်ရှစ်ဆယ်ရှိသော ကောင်းကင်အရပ်၌လည်းကောင်း, မြေအရပ်၌လည်းကောင်း 'ဤမြေအရပ်သည် ဘယ်လိုဂုဏ်ရှိသည်၊ ဘယ်လိုအပြစ်ရှိသည်' ဟူ၍ သိမြင်သတတ်။

ကပိလရသေ့ နေရာအရပ်သည် အောင်မြေဖြစ်ပုံ

(၁) ထိုအခါ အလောင်းတော်ကပိလနေသော နေရာအရပ်၌ မြက်ချုံနွယ်တို့သည် လက်ျာရစ်လျက် အရှေ့အရပ်သို့ ရှေးရှုပေါက်နေသည်။ ခြသေ့်အစရှိကုန်သော သားရဲတိရစ္ဆာန်တို့သည် 'သမင်, ဝက်' တို့ကို အစဉ်လိုက်ကုန်သည်ရှိသော် မြွေ, ကြောင်တို့သည် 'ဖား, ကြွက်' တို့ကို အစဉ်လိုက်ကုန်သည်ရှိသော် ထိုကပိလရသေ့ နေရာအရပ်သို့ရောက်လျှင် ဆက်လက်၍ လိုက်ခြင်းငှာ မစွမ်းနိုင် ဖြစ်ကြရလေသည်။ ထိုသမင်, ဝက်, ဖား, ကြွက်တို့ကပင် ပြန်၍ခြိမ်းခြောက်သည်ဖြစ်၍ ပြန်လည်ထွက်ပြေးကြရလေသည်။

(၂) အလောင်းတော် ကပိလရသေ့သည် ထိုအဖြစ်အပျက်ကိုမြင်၍ ဤအရပ်ကား မြေ၏ 'အဂ္ဂပဒေသာ' အမြတ်ဆုံးအရပ်တည်းဟုသိ၍ ထိုအရပ်၌ သစ်ရွက်ကျောင်းကို ဖန်ဆင်းပြုလုပ်၍ နေခြင်းဖြစ်လေသည်။

(၃) ထိုအခါ၌ ဩက္ကာမုခစသော မင်းသားတို့လည်း အစဉ်သဖြင့် ထွက်လာခဲ့ကြရာ အလောင်းတော် ကပိလရသေ့နှင့်ဆုံမိကြပြီးလျှင် ထိုမင်းသားတို့၏ မြို့တည်လိုသည်၏အဖြစ်ကို သိရှိရကား အလောင်းတော် ကပိလရသေ့သည် ဩက္ကာမုခ စသော ထိုမင်းသားတို့အား မြို့တည်လိုပါက 'ဤအရပ်၌ မြို့ကိုတည်ဆောက်လော့။ ဤမြို့သည် ဇမ္ဗူဒိပ်၌ အမြတ်ဆုံး ဖြစ်လတ္တံ့။ ဤမြို့၌ ဖွားမြင်သော ယောက်ျားတို့တွင် တစ်ယောက်သော ယောက်ျားကိုပင် အခြားသော ယောက်ျားရာထောင်တို့သည် လွှမ်းမိုးခြင်းငှာ မစွမ်းနိုင်လတ္တံ့။ ငါရသေ့နေသော သစ်ရွက်မိုးကျောင်းနေရာကို နန်းတော်အိမ် တည်ဆောက်ကြလော့' ဟု တိုက်တွန်းစကား ပြောကြားလေပြီ။

(ထိုအရပ်၌ ဒုန်းစဏ္ဍားသားသော်မှလည်း ခြင်္သေ့မင်း အားအစွမ်း ရှိနိုင်လေသည်။ ထိုသို့ 'အဂ္ဂပဒေသာ' အမြတ်ဆုံးမြေအရပ် ဖြစ်သောကြောင့် ကပိလရသေ့က ဩက္ကာမုခ စသောမင်းသားတို့အား တိုက်တွန်းခြင်း ဖြစ်လေသည်။)

(၄) ဩက္ကာမုခ စသော မင်းသားတို့လည်း အလောင်းတော် ကပိလရသေ့ တိုက်တွန်းသည့်အတိုင်း မြို့တည်ကြပြီးလျှင် အလောင်းတော် ကပိလရသေ့အတွက် မြို့၏အနီး သင့်လျော်သော တစ်နေရာတွင် သစ်ရွက်မိုးသောကျောင်းကို ဆောက်လုပ်ပေးကြလေသည်။ ကပိလရသေ့၏ နေရာအရပ်၌ မြို့တည်သည်၏ အဖြစ်ကြောင့် မြို့နာမည်ကို 'ကပိလဝတ္ထု နေပြည်တော်' ဟူ၍ ခေါ်တွင်စေလေသည်။

(၅) ဩက္ကာမုခ စသော မင်းသားလေးယောက်တို့လည်း မင်းမျိုးပျက်မည်ကို စိုးရိမ်သောကြောင့် အကြီးဆုံးအစ်မတော်ကို အမိအရာ၌ ထားပြီးလျှင် ကျန်သောနှမတော်လေးယောက်နှင့် ထိမ်းမြားကြပြီး သားတော်, သမီးတော်တို့ဖြင့် တိုးပွါးကြလေပြီ။

(ဤကား ကပိလသာကီဝင် ဖြစ်လာပုံတည်း။)

ကောလိယသာကီဝင် ဖြစ်လာပုံ

(၁) တစ်နေ့သောအခါ၌ ပိယာအမည်ရှိသော အမိအရာ၌ထားသော အကြီးဆုံးအစ်မတော်တွင် နူနာရောဂါ ဖြစ်လေရာတွင် ရောဂါကူးစက်မည်ကို စိုးရိမ်ကြသောကြောင့် မင်းသားတို့သည် အစ်မကြီးအား မြို့နှင့်လွတ်ရာသို့ ခေါ်ဆောင်ပြီး မြေကိုကျယ်စွာတူး၍ စားနပ်ရိက္ခာ အပြည့်အစုံထားခဲ့ကာ အစ်မတော်ကြီးအား တွင်းထဲ၌ နေစေပြီးလျှင် အပေါ်က ပျဉ်ချပ်တို့နှင့်ဖုံး၍ ဖဲခွါခဲ့ကြလေသည်။

(၂) ထိုစဉ်အခါ ဗာရာဏသီမင်းသည်လည်း နူနာရောဂါ ဖြစ်လာသည်နှင့် တိုင်းပြည်ကိုစွန့်၍ ထွက်ခဲ့ရာတွင် တောထဲ၌ သစ်ဖု, သစ်ဥ, သစ်မြစ်တွေကို စားရာမှ နူနာရောဂါပျောက်ပြီး ရွှေအဆင်းရှိသော အသားအရေ ဖြစ်လေသည်။

(၃) တစ်နေ့သောအခါ၌ နူနာရောဂါရှိသော ပိယာမင်းသမီးနှင့် ဆုံမိကြရာတွင် တစ်ဦးနှင့်တစ်ဦး 'ရာဇမာယာ' တို့ဖြင့် မင်းမျိုးအစစ် ဖြစ်ကြောင်းကို သိစေကြပြီးနောက် ဆေးကုပေးရာတွင် ထိုမင်းသမီးလည်း နူနာရောဂါပျောက်၍ ရွှေအဆင်းနှင့်တူသော အဆင်းဖြစ်လေသည်။ ဗာရာဏသီမင်းနှင့် ပိယာမင်းသမီးတို့သည်လည်း ထိမ်းမြားလက်ဆက်ကြလေသည်။

(၄) ဗာရာဏသီမင်းကြီးသည် တောထွက်လာခဲ့စဉ်က အလွန်ကြီးမားသော 'ကလောပင်'ကြီး၌ ကြီးမားသော သစ်ခေါင်းပေါက်ကို တွေ့မြင်၍ (၁၆)တောင်အမြင့်ရှိသော သစ်ပင်ခေါင်းကို ပြုပြင်၍ တံခါး, လေ့ခါးစသည် ပြုလုပ်၍ နေခဲ့လေသည်။ ထိုအရပ်သို့ မိဖုရားကို ဆောင်ယူ၍ သံဝါသပြုကြရာမှ ပိယာမိဖုရား၌ တစ်ကြိမ်သားဖွားလျှင် နှစ်ယောက်စီ နှစ်ယောက်စီ အမွှာပူးဖွားမြင်သည်ဖြစ်၍ (၁၆)ကြိမ်ဖွားမြင်သောကြောင့် သားတော် (၃၂)ယောက် ရရှိလေသည်။

(၅) မုဆိုးကြီးမှတစ်ဆင့် ဗာရာဏသီမင်းကြီး၏ သားတော်ကြီးသည် ခမည်းတော်ကို အကြောင်းပြု၍ အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးနှင့် ချီတက်လာပြီး ခမည်းတော်မင်းကြီးကို ဗာရာဏသီပြည်သို့ ပြန်ပင့်ရာတွင် ခမည်းတော်မင်းကြီးလည်း ပြန်မလိုက်တော့ဘဲ ကလောပင်ကြီးကို ဖယ်ရှား၍ ကလောပင်နေရာကို နန်းတော်အိမ်တည်ဆောက်ပြီး မြို့ဖြစ်အောင် ပြုလုပ်စေလေသည်။

(၆) ကလောပင်ကို ပါဠိလို 'ကောလရုက္ခ' ဟူ၍ ခေါ်လေသည်။ ထို့ကြောင့် ထိုမြို့သည် ကလောပင်ကိုဖယ်၍ မြို့တည်သောကြောင့် ကောလိယမြို့ဟူ၍လည်းကောင်း, ကျားတို့၏သွားရာလမ်းဖြစ်သောကြောင့် 'ဗျဂ္ဃပထ' မြို့ဟူ၍လည်းကောင်း အမည်နှစ်မျိုး တွင်လေသည်။

(၇) ဗာရာဏသီမင်းနှင့် ပိယာမင်းသမီးတို့မှ ပေါက်ဖွားကြသော (၃၂)ယောက်သော သားတော်တို့သည် အရွယ်ရောက်လာသောအခါ၌ ပိယာမည်သော မယ်တော်မိဖုရားကြီးသည် 'ကပိလဝတ်နေပြည်တော်က မင်းသမီးတွေ ဘယ်လိုရေချိုးကြသည်၊ ဘယ်လိုဝတ်စားဆင်ယင်ကြသည်တို့ကို သားတော်တို့အား သိစေပြီး မိမိတို့ နှစ်သက်ရာ မင်းသမီးကို ယူချေကြလော့' ဟု ခိုင်းစေလေသည်။

(၈) ထိုမင်းသား (၃၂)ယောက်တို့လည်း မယ်တော်ကြီး ခိုင်းစေသည့်အတိုင်းပင် ကပိလဝတ်နေပြည်တော်က မင်းသမီးများ ရေချိုးနေကြစဉ် နှစ်သက်ရာ နှစ်သက်ရာ မင်းသမီးများကို ယူဆောင်၍ ကောလိယမြို့တော်တွင် မိဖုရားအဖြစ် မြှောက်စားကြလေသည်။

(၉) ကပိလဝတ်နေပြည်တော်က သာကီဝင်မင်းတို့လည်း ထိုအကြောင်းကို ကြားသိကြ၍ အချင်းတို့ ရှိစေတော့။ ထိုမင်းသားတို့သည် ငါတို့၏ အစ်မတော် အကြီးဆုံး၏ သားတော်များ ဖြစ်ကြ၍ ငါတို့၏ ဆွေမျိုးတို့တည်းဟု ဆိတ်ဆိတ်သာ နေကြလေတော့သည်။
(ကျွဲသည်ကား ကောလိယသာကီဝင်မင်းမျိုး မှန်ပေါ်လာပုံတည်း။)

သာကီဝင်မင်းမျိုးဟူ၍ အမည်တွင်ခြင်းအကြောင်း

(၁) ထိုဩက္ကာမုခ စသော မင်းသားလေးယောက်တို့သည် အမျိုးပျက်မည်မှ ကြောက်သောကြောင့် ပိယာမည်သော အစ်မတော် အကြီးဆုံးကို အမိအရာ၌ ထားကြပြီး ကျန်သောနှမတော်လေးယောက်နှင့် အသီးသီး ထိမ်းမြားလက်ဆက်ကြသည်ကို ခမည်းတော် ဩက္ကာကမင်းကြီး ကြားသိလေလျှင် အောက်ပါအတိုင်း ဥဒါန်းကျူးလေတော့သည်။

သက္ယာဝတ ဘော ကုမာရာ ပရမ သက္ယာဝတ ဘော ကုမာရာတိ။

'**ဘော**- အချင်းတို့၊ **ကုမာရာ**- သားတော်မင်းသားတို့သည်၊ **သက္ယာဝတ**- စွမ်းနိုင်ကုန်စွတကား၊ **ဘော**- အချင်းတို့၊ **ကုမာရာ**- သားတော်မင်းသားတို့သည်၊ **ပရမ သက္ယာဝတ**- အလွန်စွမ်းနိုင်ကုန်စွတကား။'

(ဤ၌ မင်းမျိုးအစဉ်ကို မပျက်အောင် စွမ်းနိုင်သည်ကို ရည်ရွယ်၍ ထိုသို့ ဥဒါန်းကျူးခြင်း မှန်သည်။)

ဩက္ကာကမင်းကြီး၏ ထိုဥဒါန်းကို အကြောင်းပြု၍ 'သကျ' သာကီဝင်မင်းတို့ဟူ၍ ထင်ရှားလေသည်။ 'သကျ' ဟူသော ပါဠိပုဒ်သည် 'စွမ်းနိုင်ခြင်း' ဟူသော အနက်ကို ဟောသည်။ သာကီဝင်မင်းကို ပါဠိလို 'သကျဝံသရာဇာ' ဟု ခေါ်သည်။ 'သကျ' စွမ်းနိုင်ခြင်း၊ ယင်းသကျမှ 'သာကီ' ဖြစ်လာပြီး 'ဝံသ' ဟူသည် 'အနွယ်' ဟူ၍ အဓိပ္ပါယ်ရလေသည်။ 'သကျဝံသ' 'စွမ်းနိုင်သော အနွယ်'၊ 'ရာဇာ' မင်းဟု အဓိပ္ပါယ်ရပြီး 'သကျဝံသရာဇာ' 'စွမ်းနိုင်သောအနွယ်မင်း' ဟူ၍ အဓိပ္ပါယ်ရလေသည်။ ထိုမှတစ်ခါ သကျကို 'သာကီ'၊ 'ဝံသ'ကို 'ဝင်'၊ 'ရာဇာ'ကို 'မင်း' ဟူ၍ သုံးနှုန်းပြီး 'ကုလ' ကို 'အမျိုး' ဟူ၍ အသုံးပြုသည်။ 'သကျဝံသရာဇကုလ' 'သာကီဝင်မင်းမျိုး' ဟူ၍ ခေါ်ဝေါ်အသုံးပြုလေသည်။

ထိုဩက္ကာကမင်းသည် သာကီဝင်မင်းတို့၏ ရှေးဦးစွာသောမင်း ဖြစ်လေသည်။ ထိုဆိုအပ်ပြီးသောနည်းဖြင့် သာကီဝင်မင်း, ကောလိယမင်းတို့သည် အချင်းချင်း ထိမ်းမြားလက်ဆက်ကြရာတွင် မရောမယှက်သော သာကီဝင်မင်းဇာတ်အဖြစ် ရှင်တော်ဗုဒ္ဓ ပွင့်တော်မူလာသည့်တိုင်အောင် ဖြစ်လေသည်။ *(ဒီ ၅- ၁- ၂၀ မှ ၂၃ အထိ)*

အမ္ဗဋ္ဌ၏အနွယ် ဖြစ်ပေါ်လာပုံ

ဩက္ကာကမင်း၌ ဒိသာမည်သော ကျွန်မတစ်ဦးရှိရာ ထိုကျွန်မမှ 'ကဏှ' မည်သော သားကိုဖွားမြင်ရာတွင် ထိုကဏှသည် အသားကလည်းမည်းနက်၊ မုတ်ဆိတ်ကျင်စွယ်လည်း ပါလာသည့်အပြင် မွေးဖွားကာစမှာပင် ဟိုအရပ် ဒီအရပ်သို့ လှည့်လည်၍ အောက်ပါစကားကိုလည်း ပြောဆိုလေသည်။

'မိခင် အကျွန်ုပ်ကို ဆေးကြောကြပါ။ မိခင် အကျွန်ုပ်ကို ရေချိုးပေးကြပါ။ အကျွန်ုပ်ကို ဤအညစ်အကြေးမှ လွတ်စေကြပါ။ အကျွန်ုပ်သည် မိခင်တို့၏ အကျိုးကို ဆောင်နိုင်သူ ဖြစ်ပါလိမ့်မည်' ဟု ပြောဆိုလေသည်။ စကားသံသည် စူးရှကျယ်လောင်လှသည် ဖြစ်၍ အိမ်နေသူ လူအပေါင်းတို့သည် 'ယက္ခော ဇာတော' ဘီလူးကလေး မွေးဖွားလာပြီ၊ 'ပိသာစော ဇာတော' မြေဘုတ်ဘီလူးလေး မွေးဖွားလာပြီဟူ၍ ပြောဆိုကာ ကြောက်သောကြောင့် ထွက်ပြေးကြပြီး အိမ်တံခါးကို ပိတ်ကြလေသည်။

ထိုစကားကို အစွဲပြု၍ ကဏှအနွယ်ဝင်တို့သည် 'ကဏှာယန' ဟု ထင်ရှားကြလေသည်။ ထိုကဏှလည်း ကဏှအနွယ်ဝင်တို့၏ ရှေးဦးအစပုဂ္ဂိုလ် ဖြစ်လေသည်။ *(ဒီ- ၁- ၈၇၊ ဒီ ဋ္ဌ- ၁- ၂၃၄)*

ဗုဒ္ဓသည် အမ္ဗဋ္ဌကို ကျွန်မျိုးဖြစ်ပုံကို မိန့်တော်မူခြင်း

ဗုဒ္ဓသည် အထက်ဖော်ပြအပ်ခဲ့ပြီးသည့်အတိုင်း ဩက္ကာကမင်းမှစ၍ ယနေ့တိုင်အောင် သာကီဝင်မင်းမျိုး ဖြစ်ပေါ်လာပုံ၊ ကဏှာယန ဖြစ်ပေါ်လာပုံကို မိန့်ကြားတော်မူပြီးနောက် ထိုသာကီဝင်မင်းမျိုးတို့သည် အရှင်သခင်၏ သားများဖြစ်ပြီး အမ္ဗဋ္ဌ၏အနွယ် ဖြစ်သော 'ကဏှာယန' အနွယ်သည် သာကီဝင်မင်းတို့၏ 'ဒိသာ' မည်သောကျွန်မမှ မွေးဖွားသောကြောင့် သာကီဝင်မင်းမျိုးတို့၏ ကျွန်မသားဖြစ်ပုံကို အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

'အမ္ဗဋ္ဌ ဤသို့လျှင် သင်၏ မိဖဆိုင်ရာ ရှေးအမည်အနွယ်ကို အောက်မေ့စိစစ်သော် သာကီဝင်မင်းတို့သည် အရှင်သခင်၏ သားများဖြစ်ကြ၍ သင်အမ္ဗဋ္ဌသည် သာကီဝင်မင်းတို့၏ ကျွန်မသား ဖြစ်လေသည်။

လုလင်အပေါင်းတို့သည် အမ္ဗဋ္ဌဘက်က ကူညီပြောဆိုခြင်း

ဗုဒ္ဓ၏ ထိုစကားကို ကြားကြရကုန်သော အမ္ဗဋ္ဌနှင့်အတူ လိုက်ပါလာကြကုန်သော လုလင်အပေါင်းတို့သည် ဗုဒ္ဓကို အောက်ပါ အတိုင်း ကျယ်ကျယ်လောင်လောင် ဝိုင်းဝန်းကာ ပြောဆိုကြလေသည်။

'အရှင်ဂေါတမသည် အမ္ဗဋ္ဌကို 'ဒါသိပုတ္တဝါဒေန' ကျွန်မသားဟူသော စကားဖြင့် အပြင်းအထန် မနှိပ်ပါလင့်၊ အရှင်ဂေါတမ အမ္ဗဋ္ဌလုလင်သည် ကောင်းသောဇာတ်ရှိသူလည်း ဖြစ်ပါသည်။ အမျိုးကောင်းသားလည်း ဖြစ်ပါသည်။ အမ္ဗဋ္ဌလုလင်သည် ဤကျွန်မ သားဟူသောစကား၌ အရှင်ဂေါတမနှင့် အတူဖက်ပြိုင်၍ တုံ့ပြန်ပြောဆိုရန် စွမ်းနိုင်သူလည်း ဖြစ်ပါသည်။'

ဤ၌ ထိုလုလင်အပေါင်းတို့သည် ဗုဒ္ဓအား ထိုသို့ပြောဆိုကြခြင်းမှာ ဆရာကြီးပေါက္ခရသာတိထံမှောက် ရောက်လတ်လျှင် အပြစ်တင်ခြင်းမှ လွတ်ရန်သာဖြစ်သည်။ ထိုလုလင်တို့၏ စိတ်သန္တာန်ဝယ် 'အမ္ဗဋ္ဌသည် ငါတို့ဆရာကြီး၏ တပည့်အကြီးဆုံး ဖြစ်လေ သည်။ အကယ်၍ ငါတို့သည် ဤကဲ့သို့ စကားအချေအတင် ပြောဆိုရာ၌ အမ္ဗဋ္ဌဘက်က ကူညီ၍ တစ်ခွန်း, နှစ်ခွန်းမျှ မပြောဆိုကြလျှင် အမ္ဗဋ္ဌသည် ဆရာကြီးထံ၌ ငါတို့ကို စိတ်ဝမ်းကွဲအောင် ပြောဆိုလိမ့်မည်' ဟု ကြံစည်စဉ်းစားမိကြကာ အပြစ်တင်ခြင်းမှ ကင်းလွတ်ရန် အတွက်သာ ထိုကဲ့သို့ ပြောဆိုကြခြင်း ဖြစ်လေသည်။

စိတ်အလိုအားဖြင့်မူကား ထိုအမ္ဗဋ္ဌ၏ အဖိနှိပ်ခံရခြင်းကိုသာ အလိုရှိကြလေသည်။ အကြောင်းမူကား အမ္ဗဋ္ဌသည် အလွန်မာန ကြီးသူဖြစ်၍ အမ္ဗဋ္ဌကို ထိုလုလင်များကလည်း ပင်ကိုယ်ကပင် မုန်းတီးနေကြသောကြောင့် ဖြစ်လေသည်။
(ဒီ- ၁- ၈၈၊ ဒီ ဋ္ဌ- ၁- ၂၃၅)

လုလင်တို့အား ဗုဒ္ဓ ပြန်လည်မိန့်ကြားတော်မူပုံ

ထိုအခါ ဗုဒ္ဓသည် 'ဤလုလင်များသည် ဤကဲ့သို့ အမ္ဗဋ္ဌကို ကူညီ၍ ကျယ်လောင်စွာ ပြောဆိုနေကြလျှင် စကားပြောဆိုခြင်းသည် ပြီးဆုံးခြင်းသို့ ရောက်မည်မဟုတ်ပေ။ ယခုအခါ ထိုလုလင်တို့ကို အသံတိတ်အောင်ပြုပြီးမှ အမ္ဗဋ္ဌနှင့်သာ စကားပြောဆိုပေအံ့' ဟု ကြံစည်တော်မူပြီး ထိုလုလင်တို့အား အောက်ပါစကားကို မိန့်ကြားတော်မူလေသည်။

'လုလင်တို့ အကယ်၍ အမ္ဗဋ္ဌသည် ဇာတ်နိမ့်သူ, အမျိုးကောင်းသား မဟုတ်သူ, အကြားအမြင်နည်းပါးသူ, စကားမချေငံသူ, ပညာမဲ့သူဖြစ်၍ 'ဤကျွန်မသား' ဟူသောစကား၌ ရဟန်းဂေါတမနှင့်အတူ တုံ့ပြန်ပြောဆိုရန် မစွမ်းနိုင်သူဟု ယူဆကြလျှင် အမ္ဗဋ္ဌသည် အသာနေပါစေ။ သင်လုလင်တို့သည်သာ 'ဤကျွန်မသား ဟူသောစကား၌' ငါဗုဒ္ဓနှင့်အတူ ဖက်ပြိုင်ပြောဆိုကြလော့။

အကယ်၍ အမ္ဗဋ္ဌသည် ကောင်းသောဇာတ်ရှိသူ, အမျိုးကောင်းသားဖြစ်သူ, အကြားအမြင်များသူ, စကားချေငံသူ, ပညာရှိသူဖြစ်၍ '**တေသမ္ဗိ ဒါသိပုတ္တဝစနေ**- ဤကျွန်မသား ဟူသောစကား၌' ရဟန်းဂေါတမနှင့်အတူ တုံ့ပြန်ပြောဆိုရန် စွမ်းနိုင်သူဟု သင်လုလင်တို့က ထင်မြင်ယူဆကြလျှင် သင်လုလင်တို့သည် အသာနေကြကုန်လော့။ အမ္ဗဋ္ဌလုလင်သည်သာ ငါဗုဒ္ဓနှင့်အတူ တုံ့ပြန်ပြောဆိုပါစေ။'

လုလင်အပေါင်းတို့က ပြန်လျှောက်ထားကြခြင်း

ထိုအခါ ထိုလုလင်ငယ်တို့သည် 'အမ္ဗဋ္ဌသည် ဒါသိပုတ္တော- ကျွန်မသားတည်း' ဟု ဗုဒ္ဓက မိန့်ဆိုလျှင်ပင် အမ္ဗဋ္ဌသည် နောက်တစ်ဖန် ဦးခေါင်းထောင်နိုင်လိမ့်မည် မဟုတ်ပေ။ ဤဇာတ်မည်သည်ကို သိနိုင်ခဲ၏။ အကယ်၍ ရဟန်းဂေါတမက တခြားတစ်ဦးတစ်ယောက်ကို '**တွံ ဒါသောတိ**- သင်သည် ကျွန်တည်း' ဟု ပြောဆိုလိုက်လျှင် အဘယ်သူသည် ထိုရဟန်းဂေါတမနှင့် ဖက်ပြိုင်၍ တရားတွေ့နိုင်အံ့နည်း။ အမ္ဗဋ္ဌသည် မိမိချည်ထားသော အထုပ်ကြီးကို မိမိပင် ဖြည်ပါစေတော့' ဟု ကြံစည်ကြကာ မိမိကိုယ်ကို အလွတ်ရုန်း၍ အမ္ဗဋ္ဌအပေါ်မှာသာ တာဝန်ကို ပစ်ချလိုသည် ဖြစ်ကြကုန်သောကြောင့် အောက်ပါစကားကို ပြန်၍ ဗုဒ္ဓအား လျှောက်ထားကြလေသည်။

'အရှင်ဂေါတမ အမ္ဗဋ္ဌလုလင်သည် ကောင်းသောဇာတ်လည်းရှိသူ, အမျိုးကောင်းသားလည်းဖြစ်သူ, အကြားအမြင်လည်းများသူ, စကားလည်းချေငံသူ, ပညာရှိလည်းဖြစ်သူဖြစ်၍ အမ္ဗဋ္ဌသည် အရှင်ဂေါတမနှင့် ဖက်ပြိုင်၍ 'ဤကျွန်မသားဟူသောစကား၌' တုံ့ပြန်ပြောဆိုရန် စွမ်းနိုင်သူလည်း ဖြစ်ပါသည်။ အကျွန်ုပ်တို့သည် ဆိတ်ဆိတ်သာ နေပါကုန်အံ့။ အမ္ဗဋ္ဌလုလင်သည်သာ ဤစကား၌ အရှင်ဂေါတမနှင့်အတူ ဖက်ပြိုင်တုံ့ပြန် ပြောဆိုပါစေ။ *(ဒီ- ၁- ၈၈၊ ဒီ ဋ္ဌ- ၁- ၂၃၅)*

ဗုဒ္ဓသည် အမ္ဗဋ္ဌအား ကျွန် ဟုတ်, မဟုတ် မေးတော်မူလေပြီ

ထိုအခါ ဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်ကို အောက်ပါစကားကို မေးတော်မူလေသည်။

'အမ္ဗဋ္ဌ **သဟဓမ္မိကော**- အကြောင်းလုံလောက်သော၊ အယံ **ပဉှော**- ဤမေးခွန်းသည်၊ **တေ အာဂစ္ဆတိ**- သင့်ထံသို့ ရောက်လာ၏၊ အမ္ဗဋ္ဌ သင်သည် **အကာမာ**- အလိုမရှိသော်လည်း၊ **ဗျာကာတဗ္ဗော**- ဖြေကြားရပေလိမ့်မည်၊ **သစေ**- အကယ်၍၊ **တွံ**- သင်သည်၊ **နဗျာကရိဿသိ**- မဖြေကြားဘဲ နေသော်လည်းကောင်း၊ **အညေနဝါ အညံ ပဋိစရိဿသိ**- တခြားတပါးကို လှိုးလွှဲပြောဆိုနေသော်လည်းကောင်း၊ **တုဏှီဝါ ဘဝိဿသိ**- ဆိတ်ဆိတ်နေသော်လည်းကောင်း၊ **ပက္ကမိဿသိဝါ**- အရပ်တစ်ပါးသို့ ဖဲခွါသွားသော်လည်းကောင်း၊ **ဧတ္ထေဝ**- ဤနေရာ၌ပင်၊ **တေ**- သင်၏၊ **မုဒ္ဓါ**- ဦးခေါင်းသည်၊ **သတ္တဓာ**- ခုနစ်စိတ်၊ **ဖလိဿတိ**- ကွဲလတ္တံ့။

အမ္ဗဋ္ဌ ယခု ငါဗုဒ္ဓမေးမည့်စကားကို သင်အမ္ဗဋ္ဌသည် အဘယ်သို့ မှတ်ထင်သဘောကျသနည်း။ **ဝုဍ္ဍါနံ**- အသက်ကြီးကုန်သော၊ **မဟလ္လကာနံ**- အရွယ်ရင့်ကုန်သော၊ **အာစရိယ ပါစရိယာနံ**- ဆရာပုဏ္ဏား, ဆရာ့ဆရာပုဏ္ဏား ဖြစ်ကုန်သော၊ **ဗြာဟ္မဏာနံ**- ပုဏ္ဏားတို့၏၊ **ဘာသမာနာနံ**- ပြောဆိုကြသည်ကို၊ **တေ**- သင်အမ္ဗဋ္ဌသည်၊ **ကိန္တိ**- အဘယ်သို့လျှင်၊ **သုတံ**- ကြားဘူးသနည်း၊ **ကဏှာယနာ**- ကဏှအနွယ်ဝင်တို့သည်၊ **ကုတော**- အဘယ်မှ၊ **ပဘုတိ**- စ၍ဖြစ်သနည်း၊ **ကဏှာယနာနံ**- ကဏှအနွယ်ဝင်တို့၏၊

ပုစ္ဆပုရိသောစ– ရှေးဦးအစပုဂ္ဂိုလ်ကား၊ **ကော–** အဘယ်သူဖြစ်လေသနည်း။

ဤသို့ ဗုဒ္ဓက မေးတော်မူလေလျှင် အမ္ဗဋ္ဌသည် 'တုဏှီ အဟောသိ' မဖြေဆိုဘဲ ဆိတ်ဆိတ်သာ နေလေသည်။

အမ္ဗဋ္ဌ၏ အကြံ

ဤ၌ အမ္ဗဋ္ဌ၏အကြံမှာ ရဟန်းဂေါတမသည် ငါ့ကို ကိုယ်တိုင်ပင်'ဒါသိပုတ္တ ဘာဝံ' ကျွန်မသားအဖြစ်ကို နှုတ်မြွက်ပြောဆို ဝန်ခံစေလို၏။ ကိုယ်တိုင်ပြောဆိုဝန်ခံမှတော့ 'ဒါသောနာမ ဇာတောယေဝ' ကေန်ပင် ကျွန်ဖြစ်တော့သည်သာတည်း။ ဤရဟန်း ဂေါတမသည် နှစ်ကြိမ်, သုံးကြိမ် မေးမြန်း၍ ငါက အဖြေမပေးလျှင် ရဟန်းဂေါတမသည် ဆိတ်ဆိတ်ပင် နေပေလိမ့်မည်။ ထိုအခါ ငါသည် လှည့်၍ ပြန်သွားပေအံ့' ဟု ကြံစည်၍ အမ္ဗဋ္ဌသည် ဗုဒ္ဓအမေးကို မဖြေဆိုဘဲ ဆိတ်ဆိတ်သာ နေလေသည်။

(ဒီ ဋ္ဌ– ၁– ၂၃၆)

ဗုဒ္ဓက အမ္ဗဋ္ဌအား သတိပေးစကား ပြောကြားခြင်း

နှစ်ကြိမ်မြောက်လည်း ဗုဒ္ဓသည် အထက်ကအတိုင်း 'အမ္ဗဋ္ဌ အကြောင်းလုံလောက်သော ဤမေးခွန်းသည် သင့်ထံသို့ ရောက်လာ၏။ သင်အလိုမရှိသော်လည်း ဖြေကြားရပေလိမ့်မည်။ အကယ်၍ သင်သည် အတိအကျ မဖြေဘဲ နေသော်လည်းကောင်း၊ တခြားတပါးကို လှီးလွှဲပြောဆိုနေသော်လည်းကောင်း၊ ဆိတ်ဆိတ်နေသော်လည်းကောင်း၊ အရပ်တပါး ဖဲခွါသွားသော်လည်းကောင်း ဤနေရာ၌ပင် သင့်ဦးခေါင်းသည် ခုနစ်စိတ်ကွဲပေလိမ့်မည်။

အမ္ဗဋ္ဌ ယခု ငါဗုဒ္ဓမေးမည့်စကားကို သင် မည်သို့မှတ်ထင်သနည်း။ သဘောကျသနည်း။ အသက်ကြီးကုန်သော, အရွယ်ရင့် ကုန်သော, ဆရာဖြစ်ကုန်သော, ဆရာ့ဆရာဖြစ်ကုန်သော ပုဏ္ဏားတို့၏ ပြောဆိုကြသည်ကို သင် အဘယ်သို့ ကြားဘူးသနည်း။ ကဏှာအနွယ်ဝင်တို့သည် အဘယ်မှစ၍ ဖြစ်ကုန်သနည်း။ ကဏှာအနွယ်ဝင်တို့၏ ရှေးဦးအစ ပုဂ္ဂိုလ်ကား အဘယ်သူနည်း။'

ဗုဒ္ဓသည် အမ္ဗဋ္ဌအား ဤသို့ နှစ်ကြိမ်မြောက် မေးသော်လည်း အမ္ဗဋ္ဌလည်း နှစ်ကြိမ်မြောက် ဆိတ်ဆိတ်သာလျှင် ဗုဒ္ဓ၏ အမေးတော်ကို မဖြေကြားဘဲ နေလေသည်။ ထိုအခါ ဗုဒ္ဓသည် အမ္ဗဋ္ဌအား အောက်ပါ သတိပေးစကားကို မိန့်ကြားတော်မူလေသည်။

ဗျာကရောဟိ ဒါနိ အမ္ဗဋ္ဌ နဒါနိ တေ တုဏှီဘာဝဿ ကာလော၊ ယော ခေါ အမ္ဗဋ္ဌ တထာဂတေန ယာဝ တတိယကံ သဟဓမ္မိကံ ပဉှံ ပုဋ္ဌော နဗျာကရောတိ ဧတ္ထေဝဿ သတ္တဓာ မုဒ္ဓါ ဖလိဿတီတိ။ *(ဒီ– ၁– ၈၉)*

အမ္ဗဋ္ဌ– အမ္ဗဋ္ဌ၊ **ဒါနိ–** ယခုအခါ၌၊ **ဗျာကရောဟိ–** ဖြေကြားလော့၊ **ဒါနိ–** ယခုအခါ၌၊ **တေ–** သင့်အား၊ **တုဏှီဘာဝဿ–** ဆိတ်ဆိတ်နေရန်သည်၊ **နကာလော–** အခါမဟုတ်တော့ပြီ၊ **အမ္ဗဋ္ဌ–** အမ္ဗဋ္ဌ၊ **ယော–** အကြင်သူသည်၊ **တထာဂတေန–** တထာဂတ သည်၊ **ယာဝ တတိယကံ–** သုံးကြိမ်တိုင်အောင်၊ **သဟဓမ္မိကံ–** အကြောင်းလုံလောက်သော၊ **ပဉှံ–** အမေးကို၊ **ပုဋ္ဌော–** မေးပါလျက်၊ **နဗျာကရောတိ–** မဖြေဆို၊ **အဿ–** ထိုသူအား၊ **ဧတ္ထေဝ–** ဤနေရာ၌ပင်၊ **မုဒ္ဓါ–** ဦးခေါင်းသည်၊ **သတ္တဓာ–** ခုနစ်စိတ်၊ **ဖလိဿတိ–** ကွဲပေလတ္တံ့၊ **ဣတိ–** ဤသို့ မိန့်တော်မူပြီ။

ဘီလူးကြီးကို အမ္ဗဋ္ဌ မြင်လေပြီ

ထိုအခါ ဝဇိရစိန်လက်နက်ရှိသော သိကြားမင်းသည် ရဲရဲပြောင်ပြောင် တောက်လောင်စွဲငြိ၍ မီးအလျှံရှိသော သံတူကြီးကို စွဲကိုင်လျက် ကြီးသောဦးခေါင်းဖြင့်လည်းကောင်း၊ ပဒိုင်း, ခတ္တာငုံနှင့်တူသော အစွယ်တို့ဖြင့်လည်းကောင်း၊ ကြောက်မက်ဖွယ်ကောင်း ကုန်သော မျက်လုံး, နှာခေါင်းတို့ဖြင့်လည်းကောင်း၊ ဆိတ်ဦးခေါင်းကဲ့သို့ ဖရိုဖရဲ ဆံပင်တို့ဖြင့်လည်းကောင်း ဖောက်ပြန်သောအဆင်း ရှိသောရုပ်ကို ဖန်ဆင်း၍ ဘီလူးအသွင်ဖြင့် 'ဤအမ္ဗဋ္ဌလုလင်သည် သုံးကြိမ်တိုင်တိုင် အကြောင်းလုံလောက်သော မေးခွန်းကို ဗုဒ္ဓ ကမေးပါလျက် အကယ်၍ မဖြေဘဲနေခဲ့လျှင် ထိုအမ္ဗဋ္ဌလုလင်၏ ဦးခေါင်းကို ဤနေရာ၌ပင် ခုနစ်စိတ်ခွဲပေအံ့' ဟု ကြံရွယ်၍ အမ္ဗဋ္ဌ လုလင်၏ အထက်ကောင်းကင်၌ ရပ်တည်လာ၏။ ထိုဘီလူးအသွင်ရှိ သိကြားမင်းကို ဗုဒ္ဓနှင့် အမ္ဗဋ္ဌလုလင်တို့သာ မြင်ကြရလေသည်။

(ဒီ– ၁– ၈၉)

ဤ၌ သိကြားမင်းသည် အဘယ်ကြောင့် လာသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား 'ဒိဋ္ဌိ ဝိဿဇ္ဇာပနတ္တံ' မိစ္ဆာအယူကို စွန့်စေခြင်းငှာ လာရောက်ခြင်းဖြစ်သည်။ ထိုမှတပါး ဗုဒ္ဓဖြစ်စအချိန် 'သတ္တ သတ္တာဟ' တို့၌ ဖလသမာပတ်ချမ်းသာဖြင့် နေတော်မူပြီး နောက် 'အဋ္ဌမ သတ္တာဟ' သို့ ရောက်လတ်သော် တရားဟောတော်မူခြင်း၌ ကြောင့်ကြမဲ့နေလိုသော 'အပ္ပေါ်သုက္က' အဖြစ်သို့ ရောက်တော်မူလတ်သော် သိကြားမင်းသည် သဟမ္ပတိ ဗြဟ္မာမင်းကြီးနှင့် အတူတကွ လိုက်ပါလာရောက်၍ 'ဘဂဝါ ဓမ္မံ ဒေသေတု' ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည် တရားဟောတော်မူကြပါ။ 'တုမှာကံ အာဏာယ အဝတ္တမာနေ' ရှင်တော်ဗုဒ္ဓတို့၏ အာဏာ၌ မလိုက်ပါ ဖီဆန်နေသော လူများကို 'မယံ ဝတ္တာပေဿာမ' တပည့်တော်တို့သည် လိုက်ပါစေကုန်အံ့။ 'တုမှာကံ ဓမ္မစက္ကံ ဟောတု' ရှင်တော်ဗုဒ္ဓတို့၏ဘက်က ဓမ္မစက် ဖြစ်ပါစေ။ 'အမှာကံ အာဏာစက္ကန္တိ' တပည့်တော်တို့ဘက်က အာဏာစက် ဖြစ်ပါစေမည်ဟု 'ပဋိညံ အဒါသိ' ဝန်ခံမှုပေးခဲ့လေသည်။ ထို့ကြောင့် ထိုဝန်ခံချက်အတိုင်း 'ယနေ့ အမ္ဗဋ္ဌကို ထိတ်လန့်စေ၍ ပြဿနာကို ဖြေဆိုစေမည်' ဟူသော ရည်ရွယ်ခြင်းဖြင့် လာရောက်ခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၂၃၆)*

ဘီလူးအသွင်ရှိသော သိကြားမင်းကို ဗုဒ္ဓနှင့် အမ္ဗဋ္ဌလုလင်တို့သာ မြင်ကြရသည်ဟူသော စကားရပ်၌ ဘီလူးအသွင်ရှိသော သိကြားမင်းကို အခြားသူများလည်း အကယ်၍ မြင်နေကြရလျှင် ထိုအကြောင်းသည် မလေးစားအပ်သော အကြောင်းသာ ဖြစ်လေရာ သည်။ 'ဤရဟန်းဂေါတမသည် အမ္ဗဋ္ဌလုလင်ကို မိမိဝါဒ၌ မသက်ဝင်သည်ကိုသိ၍ ဘီလူးကို မန္တန်ဖြင့် ခေါ်ဆောင်၍ ပြလေသည်။ ထို့ကြောင့် အမ္ဗဋ္ဌသည် ကြောက်သဖြင့်သာ မဖြေဆိုလိုဘဲ ဖြေရှာရလေသည်' ဟု ကဲ့ရဲ့စကား ပြောကြားကြမည် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓနှင့် အမ္ဗဋ္ဌ နှစ်ဦးသာမြင်အောင် သိကြားမင်းက ဖန်ဆင်းပြခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၂၃၆)*

အမ္ဗဋ္ဌ အမှန်အတိုင်း ဝန်ခံပြောဆိုပြီ

ထိုဘီလူးအသွင်ကို မြင်ရလျှင်ပင် အမ္ဗဋ္ဌ၏ တစ်ကိုယ်လုံးမှ ချွေးများဖြိုင်ဖြိုင်ယိုစီး၍ ကျလာလေသည်။ ဝမ်းတွင်းတစ်ခုလုံး သည် အထက်အောက်လှည့်လည်ကာ တဂျုံးဂျုံးမြည်လျက် ရှိလေသည်။ 'အမ္ဗဋ္ဌလုလင်သည် အခြားလူများလည်း 'ငါလိုပင် ဘီလူးကို မြင်ကြရသလော' ဟု အကဲခတ် ကြည့်ရှုလတ်သော် တစ်စုံတစ်ဦး၏ ကြက်သီးမွေးညှင်း ထခြင်းကိုမျှ မမြင်ရသည်ဖြစ်၍ 'ဤဘေးသည် ငါ့အားသာလျှင် ဖြစ်လျက်နေသည်။ အကယ်၍ ငါသည် 'ဘီလူးကြီး' ဟု ပြောဆိုလျှင် 'သင့်မှာသာ မျက်စိများ ရှိသလား။ သင်တစ်ဦးတည်းသာ ဘီလူးကို မြင်သလော။ အစတုန်းက မမြင်မူ၍ ရဟန်းဂေါတမက စကားတည်းဟူသော ပေါင်းချောင် အတွင်း၌ ထည့်သွင်းပစ်ချအပ်မှသာလျှင် ဘီလူးကို မြင်ဘိသည်' ဟု အပြစ်တင်စကား ပြောကြားကြမည် ဖြစ်သည်။ ဤသို့ကြံစည်၍-

ယခုအခါ၌ ငါ့အတွက် ရဟန်းဂေါတမကိုထား၍ 'အညံ သရဏံ နတ္ထိ' အခြားကိုးကွယ်ရာ မရှိတော့ပြီ။ ဤသို့ အောက်မေ့ ကာ အမ္ဗဋ္ဌလုလင်သည် ကြောက်ရွံ့ထိတ်လန့် ကြက်သီးမွေးညင်းထလျက် 'ဘဂဝန္တံယေဝ သရဏံ ဂဝေသီ' ဘုန်းတော်ကြီးတော်မူ သော ဗုဒ္ဓကိုသာလျှင် ကိုးကွယ်အားထားရာဟု ရှာမှီးလျက် ဗုဒ္ဓ၏အနီးသို့ကပ်၍ နိမ့်သောနေရာ၌ ထိုင်ပြီးလျှင်*(နဂိုကမတ်တတ်ရပ်၍ ဗုဒ္ဓအား စကားပြောနေသော အမ္ဗဋ္ဌသည် ဘီလူးကိုမြင်မှပဲ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အားကိုးတကြီး ဗုဒ္ဓအနီး၌ ကပ်၍ထိုင်လေတော့သည်။)* ဗုဒ္ဓကို အောက်ပါအတိုင်း လျှောက်ထားလေသည်။

'**ဘဝံ ဂေါတမော**- အရှင်ဂေါတမသည်၊ **တော်**- ထိုစကားကို၊ **ကိံ အာဟ**- အဘယ်သို့ ဆိုလိုက်ပါသနည်း၊ **ပုန**- တဖန်၊ **ဘဝံ ဂေါတမော**- အရှင်ဂေါတမသည်၊ **ဗြဝိတု**- ဆိုတော်မူပါဦးလော့။'

အမ္ဗဋ္ဌ- အမ္ဗဋ္ဌ၊ **တံ**- ယခုငါမေးမည့် ထိုစကားကို၊ **ကိံ** မညသိ- အဘယ်သို့ မှတ်ထင်သဘောကျသနည်း။ အသက်ကြီးကုန် သော၊ အရွယ်ရင့်ကုန်သော၊ ဆရာပုဏ္ဏား၊ ဆရာ့ဆရာပုဏ္ဏားတို့ ပြောဆိုကြသည်ကို သင် အဘယ်သို့ ကြားဘိသနည်း။ ကဏှာအနွယ် ဝင်တို့သည် အဘယ်မှစ၍ ဖြစ်ကုန်သနည်း။ ကဏှာအနွယ်ဝင်တို့၏ ရှေးဦးအစ ပုဂ္ဂိုလ်ကား အဘယ်သူနည်း' ဟု သုံးကြိမ်မြောက် မေးတော်မူလေသည်။ *(ဒီ- ၁- ၈၉၊ ဒီ ဋ္ဌ- ၁- ၂၃၆ / ၇)*

'အရှင်ဂေါတမ အရှင်ဂေါတမ မိန့်တော်မူသည့်အတိုင်းပင် အကျွန်ုပ် ကြားဖူးပါ၏။ ကဏှာအနွယ်ဝင်တို့သည် ထိုသာကီဝင်မင်း ကျွန်မ၏သား ကဏှာမှစ၍ ဖြစ်ကြပါသည်။ ထိုသာကီဝင်မင်း ကျွန်မသား ကဏှာသည်ပင် ကဏှာအနွယ်ဝင်တို့၏ ရှေးဦးအစပုဂ္ဂိုလ် ဖြစ်ပါသည်' ဟု အမှန်ကို ဝန်ခံလျှောက်ထားလေသည်။ *(ဒီ- ၁- ၈၉)*

လုလင်အပေါင်းတို့ ပြင်းပြကျယ်လောင်စွာ အမ္ဗဋ္ဌကို အပြစ်တင်ကြခြင်း

ထိုသို့ အမ္ဗဋ္ဌလုလင်က မိမိ၏ ကျွန်အမျိုးအနွယ် ဖြစ်ကြောင်းကို ဗုဒ္ဓအား ဝန်ခံပြောကြား လျှောက်ထားလတ်သောအခါ၌ ထိုလုလင်တို့သည် ပြင်းပြကျယ်လောင်သော အသံတို့ဖြင့် ပွဲတင်ထပ်မျှ အောက်ပါစကားကို ပြောဆိုကြလေသည်။

'ဘော- အချင်းတို့၊ အမ္ဗဋ္ဌော မာဏဝေါ- အမ္ဗဋ္ဌလုလင်သည်၊ ဒုဇ္ဇာတောကိရ- ဇာတ်ယုတ်ညံ့သူ ဖြစ်သတဲ့၊ အကုလ ပုတ္တောကိရ- အမျိုးကောင်းသား မဟုတ်ဘူးတဲ့၊ သကျာနံ- သာကီဝင်မင်းတို့၏၊ ဒါသိပုတ္တောကိရ- ကျွန်မသားဖြစ်သတဲ့၊ သကျာ- သာကီဝင်မင်းတို့သည်၊ အယျပုတ္တာ- အရှင်သခင်သားတို့သည်၊ ဘဝန္တိကိရ- ဖြစ်ကုန်သတဲ့၊ မယံ- ငါတို့သည်၊ ဓမ္မဝါဒိံ- အမှန်အတိုင်း ပြောဆိုသော, တရားသဖြင့် ပြောဆိုသော၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ အပသာဒေတဗ္ဗံ- အပြစ်တင်ထိုက်သူဟူ၍၊ အမညိမှ- ထင်မှတ်မှားခဲ့လေပြီ။ *(ဒီ- ၁- ၉၀)*

အမ္ဗဋ္ဌသည် အမိဖက်မှ သာကီဝင်မျိုး တစ်ဖို့ဝင်ခြင်း

ထိုအခါ ဗုဒ္ဓသည် 'ဤလုလင်တို့သည် အမ္ဗဋ္ဌကို 'ဒါသိပုတ္တ ဝါဒေန' ကျွန်မသားဟူသော စကားဖြင့် အပြင်းအထန် ဖိနှိပ်ကြလေပြီ။ ငါဗုဒ္ဓသည် ထိုအမ္ဗဋ္ဌကို ထိုသို့ အပြင်းအထန် ဖိနှိပ်ခံနေရခြင်းမှ လွတ်မြောက်စေရမူကား ကောင်းလေစွ' ဟု အကြံတော်ဖြစ်ပြီးလျှင် အောက်ပါစကားကို မိန့်ကြားတော်မူလေသည်။

'လုလင်တို့ သင်တို့သည် အမ္ဗဋ္ဌလုလင်ကို ကျွန်မသားဟူသော စကားဖြင့် အပြင်းအထန် မနှိပ်ကြကုန်လင့်။ ထိုကဏှသည် တန်ခိုးကြီးသောရသေ့ ဖြစ်သည်။ ထိုကဏှသည် ဒက္ခိဏဇနပုဒ် = ဂင်္ဂါမြစ်၏ တောင်ဘက်နယ်ပယ်သို့သွား၍ မြတ်သောမန္တန်ကို သင်ယူပြီးလျှင် ရသေ့ဝတ်နှင့် ဩက္ကာကမင်းထံသို့ ချဉ်းကပ်၍ ဩက္ကာကမင်း၏ 'မဒ္ဒရူပီ' မည်သော သမီးတော်ကို တောင်းလေသည်။ ထိုအခါ ဩက္ကာကမင်းသည် 'အချင်းတို့ ဤကဏှရသေ့သည် ငါ၏ကျွန်မသားဖြစ်လျက် သမီးတော် မဒ္ဒရူပီကို တောင်းဘိသည်။ ဤကဏှကား ဘယ်လိုလူစားနည်း' ဟု အမျက်ဒေါသ ခြောင်းခြောင်းထ၍ ပစ်သတ်ရန် မြှားကိုတင်လေရာတွင် 'ပစ်လွှတ်ခြင်းငှာလည်း မတတ်နိုင်၊ ပြန်လည်ရုပ်သိမ်းခြင်းငှာလည်း မတတ်နိုင်' ဖြစ်နေလေသည်။

ထိုအခါ မှူးမတ်ပရိသတ်တို့သည် ကဏှရသေ့ထံ ချဉ်းကပ်ကြ၍ 'အရှင်ရသေ့ မင်းအား ချမ်းသာခြင်း ဖြစ်ပါစေလော့' ဟု တောင်းပန်စကား ပြောကြားကြလေသည်။

ဤ၌ ကဏှရသေ့သည် လူဝတ်ဖြင့်ပင် ဒက္ခိဏဇနပုဒ်သို့သွား၍ ပုဏ္ဏားရသေ့တစ်ဦးကို ဝတ်ကြီးဝတ်ငယ်ပြုရာမှ ထိုမြှားဟန့် မန္တန်အတတ်ကို သင်ယူတတ်မြောက်ခဲ့လေသည်။ သို့ဖြစ်၍ မြှားကို မိမိထံသို့ မရောက်အောင် ဟန့်ရုံသာ ဟန့်နိုင်သည်။ ထိုထက်ပို၍ ဘာအစွမ်းသတ္တိမှ မရှိပေ။ သို့ရာတွင် 'ကြောက်မှန်းသိလေ, ချောက်လေ' ဟူသော စကားအတိုင်း အောက်ပါခြိမ်းခြောက်စကားကို ပြောကြားလေသည်။

'အမတ်ကြီး မင်းအား ချမ်းသာခြင်း ဖြစ်မည်။ သို့ရာတွင် ထိုမြှားကို အောက်သို့လွှတ်အံ့။ နိုင်ငံတော် တစ်ဝန်းလုံး၌ မြေကြီးသည် ကြေမွပျက်စီးလတ္တံ့။ အထက်သို့လွှတ်အံ့။ မင်း၏ နိုင်ငံတော်၌ ခုနစ်နှစ်တိုင်တိုင် မိုးမရွာလတ္တံ့' ဟု မုသားစကားပြော၍ ခြိမ်းခြောက်သောကြောင့် အမတ်တို့လည်း ထပ်မံတောင်းပန်ခြင်းပြုရာတွင် ကဏှရသေ့သည် အဖန်ဖန် မန်းမှုတ်လျက် မြှားကို သားကြီး၏ချက်၌ တည်စေလေသည်။ သားကြီးနှင့်တကွ အားလုံးချမ်းသာရရလေသည်။

ဩက္ကာကမင်းသည် မန္တန်လက်နက်ဖြင့် ခြိမ်းခြောက်ခံရသောကြောင့် ကြောက်လန့်သည်ဖြစ်၍ ကဏှရသေ့အား ခေါင်းလျှော် ရေချိုးစေပြီးနောက် ကျွန်အဖြစ်မှ ကင်းလွတ်စေပြီးလျှင် သမီးတော် မဒ္ဒရူပီကို ပေးလေသည့်အပြင် မြင့်မြတ်သောရာထူး တစ်နေရာကိုလည်း ပေးလေသည်။

'လုလင်တို့ သင်တို့သည် အမ္ဗဋ္ဌလုလင်ကို ကျွန်မသားဟူသော စကားဖြင့် အပြင်းအထန် မဖိနှိပ်ကုန်လင့်။ ထိုကဏှသည် တန်ခိုးကြီးသောရသေ့ ဖြစ်လေသည်။'

ဤစကားရပ်ကို ဗုဒ္ဓသည် 'အမ္ဗဋ္ဌကား အမိဘက်မှ တစ်ဖို့အားဖြင့် သာကီဝင်မင်းတို့၏ ဆွေမျိုးဖြစ်သည်' ဟု ဖော်ပြလျက် အမ္ဗဋ္ဌလုလင်အား သက်သာရာရစေရန် မိန့်ဆိုတော်မူခြင်း ဖြစ်လေသည်။ *(ဒီ- ၁- ၉၀ / ၁၊ ဒီ ဋ- ၁- ၂၃၇ / ၈)*

အမ္ဗဋ္ဌ စိတ်ကြီးဝင်လာပြန်ပုံ

ထိုသို့ အထက်ပါ ဗုဒ္ဓ၏ စကားတော်ကြောင့် အမ္ဗဋ္ဌလုလင်သည် ရေအိုးတစ်ရာဖြင့် အသွန်းလောင်းခံရသောသူကဲ့သို့ *(ကျွန်မသားဟု အပြောခံရစဉ်က ပူပန်ရသလောက် အမိဘက်က ခတ္တိယနွယ်ဝင် ဖြစ်သည်ကို ကြားသိရသောအခါ)* ပူပန်ခြင်း ငြိမ်းအေးလျက် အလွန်သက်သာရာ ရသွားလေသည်။ ထို့ကြောင့် အမ္ဗဋ္ဌသည် 'ငါသည် ခတ္တိယစာရင်းဝင် မင်းဖြစ်သူတဲ့' ဟု ကြံစည်စဉ်းစားကာ မိမိကိုယ်ကို အထင်ကြီး၍ လာပြန်လေသည်။ *(ဒီ ၄- ၁- ၂၃၈)*

လောက၌ မင်းမျိုးသည် အမြတ်ဆုံးဖြစ်ကြောင်း

ထိုအခါ ဗုဒ္ဓသည် ဤအမ္ဗဋ္ဌသည် မင်းမျိုးဖြစ်သည်ဟု အထင်ကြီးလျက် ရှိနေလေပြီ။ ယခုအခါ အမ္ဗဋ္ဌသည် မင်းမျိုးမဟုတ်သည်ကိုလည်းကောင်း, မင်းမျိုးစင်စစ်သာလျှင် အမြတ်ဆုံးဖြစ်သည်ကိုလည်းကောင်း သိစေလိုသည်ဖြစ်၍ အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

'အမ္ဗဋ္ဌ အဖက မင်းမျိုး, အမိက ပုဏ္ဏားမျိုး' ထိုမိဖနှစ်ဦးမှ မွေးဖွားလာသော သားယောကျ်ားကို ပုဏ္ဏားတို့သည် နေရာဦး, ရေဦးကိုရခြင်း, မင်္ဂလာဟူ၍ သတ်မှတ်အပ်သော ထမင်းများကို ကျွေးခြင်း, ဝေဒကျမ်းကို သင်ပေးခြင်း, ပုဏ္ဏေးမတို့နှင့် လက်ထပ်ခွင့်ပေးခြင်းများကို ရနိုင်, မရနိုင်' မေးတော်မူလေရာ-

အမ္ဗဋ္ဌက 'ရနိုင်ပါကြောင်း' လျှောက်တင်လေသည်။

'အမ္ဗဋ္ဌ ထိုသတို့သားကို မင်းမျိုးတို့သည် မင်းတို့၏ အဘိသိက်မင်္ဂလာ ပြုရာသလော' ဟု မေးတော်မူပြန်ရာ အမ္ဗဋ္ဌက 'အရှင်ဂေါတမ မပြုရာပါ။ အကြောင်းကား အမိဘက်မှ မင်းမျိုးမဝင်သောကြောင့်' ဟု ဖြေဆိုလေသည်။

ထို့အတူ အဖက ပုဏ္ဏားမျိုး, အမိက မင်းမျိုးဖြစ်ရာ၌ ထိုမိဘနှစ်ဦးမှ ပေါက်ဖွားလာသောသားသည် ပုဏ္ဏားမျိုးတို့၏ ရသင့်ရထိုက်သော အခွင့်အရေးတို့ကို အကုန်ရသော်လည်း မင်းမျိုးတို့သည် အဖဘက်က မင်းမျိုးမဝင်သောကြောင့် မင်းအဘိသိက် အပြုမခံရကြောင်းကို လျှောက်တင်လေသည်။

'အမ္ဗဋ္ဌ ဤသို့လျှင် မိန်းမအချင်းချင်း နှိုင်းယှဉ်သော်လည်းကောင်း, ယောကျ်ားအချင်းချင်း နှိုင်းယှဉ်သော်လည်းကောင်း ပုဏ္ဏားမျိုးတို့သည် ယုတ်ကုန်သည်' ဟူ၍ ဗုဒ္ဓ မိန့်ကြားတော်မူသည်။

နောက်တစ်မျိုးအားဖြင့်လည်း ဗုဒ္ဓသည် အမ္ဗဋ္ဌအား မင်းမျိုးသာ မြတ်ကြောင်းကို အောက်ပါစကားတို့ဖြင့်လည်း သိစေပြန်လေသည်။

'အမ္ဗဋ္ဌ အပြစ်ရှိ၍ ပြည်နှင်ဒဏ်ပေးခံရသော ပုဏ္ဏားတစ်ယောက်ကို ပုဏ္ဏားတို့သည် နေရာဦး, ရေဦးပေးခြင်း, မင်္ဂလာထမင်းကိုကျွေးခြင်း, ဝေဒကျမ်းကို သင်ပေးခြင်း, ပုဏ္ဏေးမတို့နှင့် လက်ထပ်ခွင့်ပေးခြင်းများကို ရနိုင်, မရနိုင်' မေးတော်မူလျှင် 'မရနိုင်ပါကြောင်း' အမ္ဗဋ္ဌ ဖြေဆိုလေသည်။

'အမ္ဗဋ္ဌ အပြစ်ရှိ၍ ပြည်နှင်ဒဏ်ပေးခံရသော မင်းမျိုးဖြစ်သူတစ်ယောက်ကို အထက်ဖော်ပြပါ အခွင့်အရေးတွေ ပုဏ္ဏားတို့ထံ၌ ရနိုင်, မရနိုင်' မေးတော်မူလျှင် 'ရနိုင်ပါကြောင်း' အမ္ဗဋ္ဌ ဖြေဆိုလေသည်။

မင်းမျိုးမြတ်ကြောင်းကို ဗုဒ္ဓ၏ နိဂုံးစကား

'အမ္ဗဋ္ဌ အပြစ်ရှိ၍ ပြည်နှင်ဒဏ်ပေးခံရသော မင်းမျိုးဖြစ်သော ထိုသူသည် ဤမျှဖြင့် အလွန်ယုတ်သောအဖြစ်သို့ ရောက်လေသည်။ မင်းမျိုးဖြစ်သူသည် ထိုသို့ပင် အလွန်ယုတ်သောအဖြစ်သို့ ရောက်သောအခါ၌သော်မှလည်း မင်းမျိုးသာလျှင် မြတ်၍ ပုဏ္ဏားမျိုးတို့သည် ယုတ်ညံ့သည်သာတည်း။ အမ္ဗဋ္ဌ သနင်္ကုမာရ ဗြဟ္မာသည် ဤဂါထာကို ရွတ်ဆိုလေသည်။

ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊
ယေ ဂေါတ္တ ပဋိသာရိနော။
ဝိဇ္ဇာစရဏသမ္ပန္နော၊
သော သေဋ္ဌော ဒေဝမာနုသေ။

ဇနေတသ္မိံ- လူအပေါင်း၌၊ ယေ- အကြင်သူတို့သည်၊ ဂေါတ္တပဋိသာရိနော- အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏၊ တေသု- ထိုသူတို့တွင်၊ ခတ္တိယော- မင်းမျိုးသည်၊ သေဋ္ဌော- မြတ်လှပေ၏။

ဒေဝမာနုသေ- နတ်လူအပေါင်း၌၊ ဝိဇ္ဇာစရဏသမ္ပန္နော- အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏနှင့် ပြည့်စုံသော၊ ယော- အကြင်သူသည်၊ အတ္ထိ- ရှိ၏။ သော- ထိုသူသည်။ သေဋ္ဌော-မြတ်လှပါပေ၏။

'အမ္ဗဋ္ဌ- သနင်္ကုမာရ ဗြဟ္မာသည် ထိုဂါထာကို ကောင်းစွာသီဆိုအပ် ရွပ်အပ်ပေသည်။ အကျိုးနှင့်စပ်သည်။ ငါဗုဒ္ဓသည်လည်း သဘောတူသည်' ဟု မိန့်တော်မူပြီးလျှင် ဗုဒ္ဓသည်လည်း ထိုဂါထာကို ထပ်၍ရွတ်ဆိုတော်မူလေသည်။ *(ဒီ- ၁- ၉၂ / ၃၊ ဒီ ဋ္ဌ- ၁- ၂၃၀ / ၉)*

ဗြဟ္မာရွတ်ဆိုသော ဂါထာကို ထုတ်ဆောင်ရခြင်းအကြောင်း

ဗုဒ္ဓသည် 'ခတ္တိယော သေဋ္ဌော' စသော သနင်္ကုမာရဗြဟ္မာ ရွတ်ဆိုသော ဂါထာကို ထုတ်ဆောင်ရခြင်းသည် ဗြဟ္မာကို အလေးပြုသူတို့ ယုံကြည်ကြလိမ့်မည်။ အမ္ဗဋ္ဌလည်း ဂါထာ၌ပါသော 'ဝိဇ္ဇာစရဏ သမ္ပန္န' ပုဒ်ကို ကြား၍ 'ဝိဇ္ဇာ, စရဏ' ကို မေးလိမ့်မည်။ ဤနည်းဖြင့် 'ဝိဇ္ဇာ စရဏ' ကို ပြသော ဤဂါထာဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးများလိမ့်မည်ဟု မြော်မြင်တော်မူသောကြောင့် ထုတ်ဆောင်ပြခြင်း ဖြစ်လေသည်။ *(သီ ဋီသစ်- ဒုအုပ်- ၂၆၅)*

အမ္ဗဋ္ဌလုလင် မာနတစ်ပန်ဖြစ်ပြီး ဝိဇ္ဇာစရဏကို မေးပုံ

ဗုဒ္ဓ ရွတ်ဆိုတော်မူအပ်သော 'ခတ္တိယော သေဋ္ဌော' အစရှိသော ဂါထာ၌ 'ဝိဇ္ဇာ, စရဏသမ္ပန္န' ပုဒ်ကို ကြားသိရလျှင် အမ္ဗဋ္ဌလုလင် စဉ်းစားပုံကား- 'ဝိဇ္ဇာမည်သည် ဗေဒင်သုံးပုံ ဖြစ်သည်။ စရဏဟူသည် ငါးပါးသီလပင် ဖြစ်သည်။ ထိုဗေဒင်သုံးပုံဟူသော ဝိဇ္ဇာ, ငါးပါးသီလဟူသော စရဏတရားအစုသည် ငါတို့၏ ပုဏ္ဏားမျိုးအယူ၌သာ ရှိလေသည်။ အကယ်၍ 'ဝိဇ္ဇာ, စရဏ' နှင့် ပြည့်စုံသူသည် အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်အံ့။ ငါတို့ပုဏ္ဏားမျိုးသည်သာလျှင် အမြတ်ဆုံးသူတို့တည်း' ဟု ကြံစည်ဆုံးဖြတ်ပြီးလျှင် အောက်ပါအတိုင်း မေးလျှောက်လေသည်။ *(ဒီ ဋ္ဌ- ၁- ၂၃၉)*

'အရှင်ဂေါတမ **ကတမံ စရဏံ**- ထိုအကျင့် စရဏတရားဟူသည် အဘယ်ပါနည်း။ **ကတမာ ဝိဇ္ဇာ**- ထိုဝိဇ္ဇာဟူသည် အဘယ်ပါနည်း။' *(ဒီ- ၁- ၉၃)*

ဗုဒ္ဓသည် အတုမရှိသော ဝိဇ္ဇာစရဏသမ္ပန္နကို အကျဉ်းဟောတော်မူပုံ

ထိုအခါ ဗုဒ္ဓသည် အမ္ဗဋ္ဌအား ပုဏ္ဏားတို့၏ အယူ၌ ထင်ရှားသော 'ဇာတိဝါဒ' အစရှိသည်တို့နှင့် စပ်ယှဉ်ရောယှက်နေသော 'ဗေဒင်သုံးပုံ, ငါးပါးသီလ' ဟူသော 'ဝိဇ္ဇာ, စရဏ' တို့ကို ပယ်ရှား၍ 'အနုတ္တရ ဝိဇ္ဇာစရဏ' အတုမရှိ လွန်မြတ်သော ဝိဇ္ဇာ စရဏကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

'အမ္ဗဋ္ဌ အတုမရှိ လွန်မြတ်သော ဝိဇ္ဇာစရဏတရားနှင့် ပြည့်စုံမှု၌ 'သင်သည် ငါနှင့် ထိုက်တန်၏။ သင်သည် ငါနှင့် မထိုက်တန်' ဟု 'ဇာတ်, အနွယ်, မာန်' တို့ကို စွဲ၍ဖြစ်သော စကားများကို လုံးဝမပြောဆိုသင့်။ အမ္ဗဋ္ဌ သတို့သမီး, သတို့သား အာဝါဟ ဝိဝါဟ ပြုကြသော လူတို့ဘောင်၌သာ သင်သည် ငါနှင့် ထိုက်တန်၏။ သင်သည် ငါနှင့် မထိုက်တန်ဟု 'ဇာတ်, အနွယ်, မာန်' တို့ကို စွဲ၍ဖြစ်သော စကားများကို ပြောဆိုသင့်၏။

အမ္ဗဋ္ဌ ဇာတ်, အနွယ်, မာန်တို့ကို စွဲလမ်းမှု၊ သတို့သမီး သတို့သားတို့ကို အာဝါဟ ဝိဝါဟ ပြုခြင်း၌ စွဲလမ်းမှု ဤအမှုများကို ပယ်နိုင်မှသာလျှင် အတုမရှိ လွန်မြတ်သော ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်ပေ၏။' *(ဒီ- ၁- ၉၃)*

အမ္ဗဋ္ဌ၏ ဇာတိဝါဒ ဝိဇ္ဇာစရဏသမ္ပန္န ယူဆချက် ပျက်ပြယ်သွားခြင်း

ဗုဒ္ဓက ထိုသို့မိန့်ကြားတော်မူလေလျှင် အမ္ဗဋ္ဌသည် 'ငါတို့သည် ဝိဇ္ဇာတရား, စရဏတရားတို့၌ ချိတ်မိကြကုန်၏ဟု ကြံစည်မိခဲ့လေပြီ။ ယခုအခါ၌ ရဟန်းဂေါတမသည် လေပြင်းမုန်တိုင်း၌ ဖွဲကိုခါချလိုက်သည့်အလား ငါတို့ကို 'ဝိဇ္ဇာစရဏ' တရားအစုမှ အဝေးသို့ ပစ်လွှင့်လိုက်လေပြီ။ ငါတို့ မချိတ်မိနိုင်သော, ငါတို့ကို အတုမရှိ လွန်မြတ်သော ဝိဇ္ဇာစရဏ တရားအစု၌သာ တိုက်တွန်း ချီးမွမ်းပေ၏။ ထိုတရားကို ငါတို့သည် သိသင့်ပေ၏' ဟု ကြံစည်ပြီးလျှင်- *(ဒီ ဋ- ၁- ၂၃၉)*

'အရှင်ဂေါတမ ထိုအတုမရှိ လွန်မြတ်သော စရဏတရားကား အဘယ်ပါနည်း။ ဝိဇ္ဇာတရားကား အဘယ်ပါနည်း' ဟု မေးလျှောက်လေသည်။

အတုမရှိသော ဝိဇ္ဇာစရဏသမ္ပန္နကို အကျယ်ဟောတော်မူပုံ

ထိုအခါ ဗုဒ္ဓသည် အမ္ဗဋ္ဌအား 'ဣဓ အမ္ဗဋ္ဌ တထာဂတော လောကေ ဥပ္ပဇ္ဇတိ' အစရှိသည်ဖြင့် သာမညဖလသုတ်ကကဲ့သို့ ဗုဒ္ဓ ပွင့်တော်မူလာပုံ၊ တရားနာရ၍ ရဟန်းပြုပုံ၊ ရဟန်းကျင့်ဝတ်နှင့် ပြည့်စုံပုံ၊ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့နှင့် ပြည့်စုံပုံ၊ 'ဣန္ဒြိယသံဝရသီလ, သတိသမ္ပဇဉ, သန္တောသ'တို့နှင့် ပြည့်စုံပုံ၊ နီဝရဏတို့ကိုပယ်ပုံ၊ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန် စတုတ္ထဈာန်တို့ကိုရပုံ၊ ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် ဟူကုန်သော ဝိဇ္ဇာရှစ်ပါးတို့ကိုရပုံတို့ကို ဟောတော်မူလေသည်။

(၁) အမ္ဗဋ္ဌ ထိုအတုမရှိ လွန်မြတ်သော စရဏဟူသည် ဤသီလမှစ၍ ဈာန်လေးပါးတိုင်အောင်သော အကျင့်တည်း။ *(စရဏ ၁၅ ပါးတည်း။)*

(၂) အမ္ဗဋ္ဌ ထိုအတုမရှိ လွန်မြတ်သော ဝိဇ္ဇာဟူသည် ဤဝိပဿနာမှစ၍ အာသဝက္ခယဉာဏ်တိုင်အောင်သော ဝိဇ္ဇာရှစ်ပါးတည်း။ *(ဒီ- ၁- ၉၃ / ၉၄)*

စရဏတရားတို့ကို နိဂုံးအုပ်ပုံ

ထိုတွင် ဗုဒ္ဓသည် စရဏတရားကို ဟောတော်မူရာ၌ **'စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ'** ဟူကုန်သော သီလတို့သည် စရဏတရား၌ ပါဝင်သော်လည်း နိဂုံးအုပ်ရာတွင် စရဏအဖြစ်ဖြင့် မအုပ်ဘဲ **'ဣဒမ္ပိဿ ဟောတိ သီလသ္မိံ'**- ဤသည်လည်း သာလွန်မွန်မြတ်သော သီလတည်းဟု နိဂုံးအုပ်လေသည်။ အကယ်၍ သီလအဖြစ်ဖြင့် နိဂုံးမအုပ်ဘဲ စရဏအဖြစ်ဖြင့် နိဂုံးအုပ်ပါက အမ္ဗဋ္ဌသည် 'ငါတို့လည်း **'အတ္ထိ ဘော, ပါဏာတိပါတာ ဝိရတိ'** စသော စရဏနှင့် ပြည့်စုံကြ၏ဟု သီလ၌ပင် စရဏအဖြစ်ဖြင့် ငြိကပ်ပြီး အထင်ကြီးနေလိမ့်မည်။ ထိုသို့ ငြိကပ်အထင်ကြီးနိုင်သောကြောင့် သီလကို စရဏအဖြစ်ဖြင့် နိဂုံးမအုပ်ဘဲ သီလပိုင်းကို သီလအဖြစ်ဖြင့်သာ နိဂုံးအုပ်တော်မူခြင်း ဖြစ်သည်။

ဈာန်လေးပါးကို ဟောရာ၌ကား **'ဣဒမ္ပိဿ ဟောတိ စရဏသ္မိံ'**- ဤပဌမဈာန်သည်လည်း, ဒုတိယဈာန်သည်လည်း, တတိယဈာန်သည်လည်း, စတုတ္ထဈာန်သည်လည်း သာလွန်မွန်မြတ်သော စရဏတရားပေတည်းဟု စရဏအနေဖြင့် နိဂုံးအုပ်တော်မူသည်။ *(ရူပဈာန်လေးပါးကို ဟောရာ၌ စတုတ္ထဈာန်ဖြင့် ဈာန်အင်္ဂါတူသော အရူပဈာန်လေးပါးတို့ကိုလည်း ယူပြီးဖြစ်လေသည်။)*

ဤပဌမဈာန်စသော သမာပတ်ရှစ်ပါးကိုကား ကာမဂုဏ်၌နေကြသော အမ္ဗဋ္ဌတို့သည် အိပ်မက်၌မျှ မရဘူးကြချေ။ ထို့ကြောင့် ဈာန်သမာပတ် အခန်းကျမှ စရဏအဖြစ်ဖြင့် နိဂုံးအုပ်တော်မူခြင်း ဖြစ်သည်။ *(ဒီ ဋ- ၁- ၂၄၀၊ မဟာဋီ- ၃၀၅၊ ဋီသစ် ဒုအုပ်- ၂၆၇)*

ဝိဇ္ဇာစရဏသမ္ပန္နကို နိဂုံးအုပ် ဟောတော်မူခြင်း

အယံ ဝုစ္စတိ အမ္ဗဋ္ဌ ဘိက္ခု ဝိဇ္ဇာသမ္ပန္နော ဣတိပိ၊ စရဏသမ္ပန္နော ဣတိပိ၊ ဝိဇ္ဇာစရဏသမ္ပန္နော ဣတိပိ၊ ဣမာယစ အမ္ဗဋ္ဌ ဝိဇ္ဇာသမ္ပဒါယ စရဏသမ္ပဒါယစ အညာဝိဇ္ဇာသမ္ပဒါစ၊ စရဏသမ္ပဒါစ ဥတ္တရိတရာဝါ ပဏီတတရာဝါ နတ္ထိ။ *(ဒီ- ၁- ၉၄)*

အမ္ဗဋ္ဌ- အမ္ဗဋ္ဌ၊ **အယံ ဘိက္ခု**- ဤရဟန်းကို၊ **ဝိဇ္ဇာသမ္ပန္နော ဣတိပိ**- ဝိဇ္ဇာနှင့်ပြည့်စုံသော ရဟန်းဟူ၍လည်း၊ **ဝုစ္စတိ**- ဆိုအပ်၏။ **စရဏသမ္ပန္နော ဣတိပိ**- စရဏနှင့်ပြည့်စုံသော ရဟန်းဟူ၍လည်း၊ **ဝုစ္စတိ**- ဆိုအပ်၏၊ **ဝိဇ္ဇာစရဏသမ္ပန္နော ဣတိပိ**- ဝိဇ္ဇာစရဏနှင့်ပြည့်စုံသော ရဟန်းဟူ၍လည်း၊ **ဝုစ္စတိ**- ဆိုအပ်၏။

အမ္ဗဋ္ဌ- အမ္ဗဋ္ဌ၊ **ဣမာယ ဝိဇ္ဇာသမ္ပဒါယ**- ဤဝိဇ္ဇာ၏ ပြည့်စုံခြင်းထက်လည်းကောင်း၊ **ဣမာယ စရဏသမ္ပဒါယ**- ဤစရဏ၏ ပြည့်စုံခြင်းထက်လည်းကောင်း၊ **ဥတ္တရိတရာဝါ**- သာ၍လွန်ကဲသည်မူလည်းဖြစ်သော၊ **ပဏီတတရာဝါ**- သာ၍မွန်မြတ်သည်မူလည်းဖြစ်သော၊ **အညာ**- အခြားသော၊ **ဝိဇ္ဇာသမ္ပဒါ**- ဝိဇ္ဇာ၏ ပြည့်စုံခြင်းသည်လည်းကောင်း၊ **စရဏသမ္ပဒါစ**- စရဏ၏ ပြည့်စုံခြင်းသည်လည်းကောင်း၊ **နတ္ထိ**- မရှိတော့ပေ။

ဝိဇ္ဇာစရဏသမ္ပန္န ပျက်စီးကြောင်း လေးပါးကို ဟောတော်မူခြင်း

ဗုဒ္ဓသာသနာတော်၌ ထိုဖော်ပြအပ်သော အတုမရှိသော ဝိဇ္ဇာစရဏတရားနှင့် ပြည့်စုံအောင် ကျင့်ရလေသည်။ ထိုသို့ ကျင့်ရပုံကို ဆုံးမဟောကြားတော်မူခြင်းကို 'ဗုဒ္ဓသာသနာ' ဟုလည်း ခေါ်လေသည်။ ဗုဒ္ဓသည် ထိုဗုဒ္ဓသာသနာခေါ် ဝိဇ္ဇာစရဏတရားများ၏ ပျက်စီးကြောင်း(၄)ပါးကို အောက်ပါအတိုင်း ဟောကြားတော်မူသည်။ *(ယင်းကို ကကျဉ်းချုံး၍ ဖော်ပြပေအံ့။)*

အထက်ဖော်ပြပါ ဝိဇ္ဇာစရဏနှင့် ပြည့်စုံအောင် မကျင့်နိုင်ခြင်းကြောင့် အချို့သမဏ ဗြာဟ္မဏတို့သည်-

(၁) တောသို့ဝင်၍ အလိုလို ကြွေကျသော သစ်သီးကိုသာ စားလေ့ရှိသောအဖြစ်ဖြင့် ရသေ့ရဟန်း ပြုလုပ်ခြင်းသည်လည်းကောင်း၊

(၂) ထိုမျှလောက်ပင် မကျင့်နိုင်၍ တောသို့ဝင်၍ သစ်မြစ်, သစ်ဖု, သစ်သီးတို့ကိုသာ စားလေ့ရှိသောအဖြစ်ဖြင့် ရသေ့ရဟန်း ပြုလုပ်ခြင်းသည်လည်းကောင်း၊

(၃) ထိုမျှလောက်ပင် မကျင့်နိုင်၍ မြို့ရွာအနီး မီးတင်းကုပ် ဆောက်လုပ်၍ မီးကိုပြုစုလုပ်ကျွေးခြင်း ရှိသည်၏အဖြစ်ဖြင့် ရသေ့ရဟန်း ပြုခြင်းသည်လည်းကောင်း၊

(၄) ထိုမျှလောက်ပင် မကျင့်နိုင်၍ လမ်းလေးခွဆုံရာ၌ မဏ္ဍပ်ဆောက်၍ လာလာသမျှသော လူတို့အား ရေချမ်းတိုက်ခြင်း စသော စီးပွားရှာသောအဖြစ်ဖြင့် ရသေ့ရဟန်း ပြုလုပ်ခြင်းသည်လည်းကောင်း၊

ထို (၄)မျိုးတို့သည် ဗုဒ္ဓသာသနာတော်၌ **'ဝိဇ္ဇာစရဏသမ္ပန္န'** ပျက်စီးကြောင်း(၄)မျိုး ဖြစ်လေသည်။ (ဒီ- ၁- ၉၄ / ၉၅)

ရသေ့တို့သည် အလုပ်အကျွေးမျှသာ

(၁) ဗုဒ္ဓသည် အထက်ဖော်ပြပါ ရသေ့လေးယောက်လုံးကို ဗုဒ္ဓသာသနာတော်၌ ဝိဇ္ဇာစရဏသမ္ပန္နရဟန်းတို့၏ **'ပရိစာရိက'** အလုပ်အကျွေးမျှသာဖြစ်ကြောင်း ဟောတော်မူလေသည်။

(၂) ဤ၌ မေးဖွယ်ရှိသည်ကား ဂုဏ်အားဖြင့် လွန်ကဲသော ရဟန္တာသာမဏေသည်ပင် ဝါကြီးသော ပုထုဇဉ်ရဟန်း၏ ဝတ်ကြီးဝတ်ငယ်ကို ပြုစုရသောကြောင့် **'ပရိစာရိက'** အလုပ်အကျွေး အမည်ရသည် မဟုတ်လော။ အဘယ့်ကြောင့် ရသေ့ကိုမှ **'ပရိစာရိက'** အလုပ်အကျွေးဟု ဆိုရသနည်းဟု မေးမြန်းဖွယ်ရှိ၏။

(၃) ရဟန်းကျင့်ဝတ်၌ ကုဋေ(၉)ထောင်ကျော်သော သိက္ခာပုဒ်တို့ ရှိလေသည်။ သိမ်ထဲမှာ ရဟန်းခံရာတွင် ကမ္မဝါစာ ဆုံးသည်နှင့် ထိုသိက္ခာပုဒ်တို့ကို ဆောက်တည်ပြီး ဖြစ်လေသည်။ ယင်းအချက်သည် ရဟန္တာသာမဏေထက် ထူးခြားလေသည်။

(၄) ထို့ကြောင့် ရဟန္တာသာမဏေသည် ပုထုဇဉ်ရဟန်း၏ **'ပရိစာရိက'**အလုပ်အကျွးသာ ဖြစ်ရလေသည်။

(၅) ထိုသို့ပင် ရဟန္တာသာမဏေသည် ပုထုဇဉ်ရဟန်း၏ အလုပ်အကျွေးရဟန်း ဖြစ်ရသော်လည်း ဂုဏ်အားဖြင့်ကား ရဟန္တာဖြစ်သောကြောင့် အောက်တန်းမကျပါ။

(၆) ထိုရသေ့ဆိုသူတို့ကား သီလဂုဏ်အားဖြင့်လည်းကောင်း, ဝေယျာဝစ္စ ပြုရခြင်းအားဖြင့်လည်းကောင်း အောက်တန်းကျ၍ **'လာမက ပရိစာရိက'** အောက်တန်းကျသော အလုပ်အကျွေး ဖြစ်ရလေသည်။ *(ဒီ ၅- ၁- ၂၄၀)*

ရသေ့တို့ကြောင့် သာသနာ ကွယ်နိုင်ပုံ

ရသေ့တို့ကြောင့် ဗုဒ္ဓသာသနာ ကွယ်နိုင်ပုံကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

(၁) ရှည်သောကာလသို့ ရောက်တိုင်းရောက်တိုင်း ရသေ့တို့၏အစွမ်းဖြင့် ဗုဒ္ဓသာသနာ ဆုတ်ယုတ်နိုင်လေသည်။

(၂) သိက္ခာသုံးပါးကို ပြည့်စုံအောင် မပြည့်ကျင့်နိုင်သော အလဇ္ဇီခေါ် အရှက်မရှိသော ရဟန်းတို့ကို လဇ္ဇီခေါ် အရှက်ရှိသော ရဟန်းတို့သည် ဥပုသ်ပြုခြင်း, ပဝါရဏာပြုခြင်း, သံဃကံပြုခြင်းတို့ကို ရှောင်ကြဉ်ကြလေသည်။

(၃) ထို့ကြောင့် ထိုအလဇ္ဇီရဟန်းတို့သည် ရဟန်းဘဝကထွက်ပြီး အကျင့်သိက္ခာနည်းပါးသော, ဝိနည်းမရှိသော ရသေ့ဘဝသို့ ကူးပြောင်းကြလေသည်။ လူအများကလည်း 'ရသေ့လည်း ငါတို့ထက်တော့ မြတ်တာပဲ' ဟူ၍ ကိုးကွယ်ကြလေသည်။

(၄) 'တစ်ယောက်ကစ တစ်ရာ' ဆိုသကဲ့သို့ ကျန်အလဇ္ဇီရဟန်းတို့လည်း ထိုအကျင့်လွယ်ကူသော ရသေ့အဖြစ်ကို ခံယူကြလေသည်။

(၅) နောက်ဆုံးတွင် ဗုဒ္ဓသာသနာတော်သည် ကွယ်ပျောက်ပြီး 'ဟိုတုန်းက ဗုဒ္ဓသာသနာ ရှိခဲ့ဘူးလေသည်' ဟူသော စကားမျှသာ ဖြစ်တော့လတ္တံ့။ ထို့ကြောင့် သာသနာကွယ်ကြောင်းဟု ဗုဒ္ဓ ဟောကြားတော်မူခြင်း ဖြစ်သည်။
(ဒီ ၅- ၁- ၂၄၀ / ၂၄၁)

အမ္ဗဋ္ဌတို့ ဆရာတပည့်တို့သည် ဝိဇ္ဇာစရဏမှ အလွန်ဝေးကြောင်း

ဗုဒ္ဓသည် ထိုသို့ အတုမရှိသော သာလွန်မွန်မြတ်သော ဝိဇ္ဇာစရဏသမ္ပန္န တရားတော်ကိုလည်းကောင်း၊ ထိုဝိဇ္ဇာစရဏသမ္ပန္န တရား၏ ပျက်စီးကြောင်း လေးမျိုးကိုလည်းကောင်း ဟောကြားတော်မူပြီးလျှင် အမ္ဗဋ္ဌတို့ ဆရာတပည့်တို့သည် ဝိဇ္ဇာစရဏနှင့် ပြည့်စုံရန်ကို မဆိုထားဘိ။ ဝိဇ္ဇာစရဏပျက်စီးကြောင်းတရား လေးပါးနှင့်တောင် မပြည့်စုံပုံကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

'အမ္ဗဋ္ဌ ဤသို့လျှင် ဆရာနှင့်တကွသော သင်သည် အတုမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှုမှလည်း ယုတ်လျော့၏။ ထို ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှု၏ ပျက်စီးကြောင်းတရား လေးပါးမှလည်း ယုတ်လျော့၏။

အမ္ဗဋ္ဌ သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏားသည် ပျက်စီးကြောင်းတရားကိုတောင်မှ ကိုယ်တိုင်မပြည့်စွမ်းနိုင်ပါဘဲလျက် ဇာတ်နိမ့်၍ မည်းညစ်ကုန်သော ဗြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားကုန်သော ဦးပြည်းရဟန်းညံ့တို့သည် အဘယ်သို့သောသူများ ဖြစ်ကြပါသနည်း။ ထိုသူတို့နှင့် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆွေးနွေးမှုသည် အဘယ်မှာ ဖြစ်နိုင်အံ့နည်းဟူသော စကားကို ရိုင်းပြစွာဆိုခဲ့ဘိ၏။ အမ္ဗဋ္ဌ သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏား၏ ဤမျှလောက် ချွတ်ယွင်းချက်ကိုလည်း ရှုလော့' ဟု ပဌမအကြိမ် အပြစ်တင်၍ မိန့်ကြားတော်မူသည်။ *(ဒီ- ၁- ၉၆)*

သဗ္ဗညုတဉာဏ်ရှင် ဖြစ်ကြောင်းကို သိစေခြင်း

'အမ္ဗဋ္ဌ သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏားသည် ပသေနဒီကောသလမင်း ပေးသောစည်းစိမ်ကို ခံစား၏။ သို့ပါလျက် ထို ပေါက္ခရသာတိပုဏ္ဏားအား ပသေနဒီကောသလမင်းသည် မျက်နှာချင်းဆိုင်ခွင့်ကိုလည်းမပေး။ ထိုပေါက္ခရသာတိပုဏ္ဏားနှင့် တိုင်ပင် သောအခါ၌လည်း ကန့်လန့်ကာခြားလျက် တိုင်ပင်၏။ အမ္ဗဋ္ဌ တရားနှင့်အညီ ပေးထားသော ရိက္ခာတော်ကို ခံယူရသူအား ပသေနဒီ ကောသလမင်းက အဘယ့်ကြောင့် မျက်နှာချင်းဆိုင်ခွင့် မပေးသနည်း။ ထိုအကြောင်းကို သင်စဉ်းစားလော့။ အမ္ဗဋ္ဌ

သင့်ဆရာ ပေါက္ခရသာတိ ပုဏ္ဏားအား၏ ဤမျှလောက်သော ချွတ်ယွင်းချက် အပြစ်ကိုလည်း သင်ရှုလော့' ဟု ဒုတိယအကြိမ် အပြစ်တင်ပြ မိန့်ကြားတော်မူလေသည်။ *(ဒီ- ၁- ၉၇)*

မျက်နှာချင်းဆိုင်ခွင့် မပေးခြင်းအကြောင်း

ပသေနဒီကောသလမင်းကြီးက မျက်နှာချင်းဆိုင်ခွင့် မပေးခြင်းအကြောင်းကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ပြဆိုထား လေသည်။

(၁) ဤ၌ ပေါက္ခရသာတိ ပုဏ္ဏားသည် 'သမ္ဗုဒ္ဓါ အာဝဋ္ဋနီ' မျက်မှောက်လှည့်ဖျားတတ်သော မန္တန်ကို တတ်သိသူဖြစ်၏။ မင်းကြီးသည် အလွန်အဖိုးထိုက်တန်သော အဝတ်တန်ဆာကို ဝတ်ဆင်သောအခါ မင်းကြီး၏ အနီး၌ ရပ်တည်၍ ထိုအဆင်တန်ဆာ၏ အမည်ကို ထုတ်ဖော်ကာ မန္တန်ကို ရွတ်ဆိုလိုက်လျှင် မင်းကြီးသည် ထိုအဝတ်တန်ဆာကို ငါမပေးဟု မဆိုနိုင်တော့ဘဲ ပေးလိုက်တော့ သည်သာ ဖြစ်သည်။

(၂) ပေးပြီးနောက် ပွဲသဘင်ရှိသောနေ့၌ 'မဟာရတ' အဆင်တန်ဆာကို ယူခဲ့ကြဟု ပြောဆိုသောအခါ 'မရှိတော့ပါ။ အရှင်မင်းကြီးတို့သည် ပေါက္ခရသာတိပုဏ္ဏားအား ပေးအပ်ပါပြီ' ဟု မင်းချင်းတို့က လျှောက်ထားကြလေရာ 'ငါက ဘာကြောင့် ပေးအပ်သနည်း' ဟု မင်းကြီးက မေးလေလျှင် မှူးမတ်တို့က 'အရှင်မင်းကြီး ပေါက္ခရသာတိပုဏ္ဏားသည် သမ္ဗုဒ္ဓါ အာဝဋ္ဋနီ မန္တန်ကို တတ်သိသူ ဖြစ်သည်။ ထိုမန္တန်ဖြင့် အရှင်မင်းကြီးတို့ကို လှည့်ဖျား၍ မဟာရဟတန်ဆာကို ယူဆောင်သွားလေသည်' ဟု လျှောက်ထားကြလေသည်။

(၃) နောက်တစ်ကြောင်းမှာလည်း ပသေနဒီကောသလမင်းကြီးနှင့် ပေါက္ခရသာတိပုဏ္ဏားကြီးတို့သည် အလွန်အမင်း ချစ်ကျွမ်းဝင်ကြသည်ကို မနာလို မရှုစိမ့်ကြသော အခြားအမတ်များကလည်း 'အရှင်မင်းကြီး ပေါက္ခရသာတိပုဏ္ဏားကိုယ်မှာ ခရသင်းခေါ် နူနာတစ်မျိုးရှိပါသည်။ အရှင်မင်းကြီးတို့သည် ထိုပုဏ္ဏားကို တွေ့မြင်လျှင်ပင် ဖက်ရမ်းသုံးသပ်လေ့ဘိသည်။ ဤနူနာမည် သည် ကိုယ်လက်နှီးနှောခြင်းကြောင့် ကူးစက်နိုင်ပါသည်။ ဤသို့ ပြုတော်မမူကြပါလင့်' ဟု ပြောဆိုကြလေသည်။

(၄) ထိုအချိန်မှစ၍ ပသေနဒီကောသလမင်းသည် ပေါက္ခရသာတိပုဏ္ဏားကြီးအား မျက်နှာချင်းဆိုင်ခွင့်ကို မပေးတော့ချေ။ ထိုသို့ပင် မျက်နှာချင်းဆိုင်ခွင့် မပေးသော်လည်း ပေါက္ခရသာတိပုဏ္ဏားကား နီတိကျမ်းတတ် ပဏ္ဍိတ်တစ်ယောက် ဖြစ်သည်။ သူနှင့်တိုင်ပင်၍ပြုသော အမှုကိစ္စမှန်သမျှ ချွတ်ယွင်းသောမည်သည် မရှိပေ။ ထို့ကြောင့် မင်းကြီးသည် ကန့်လန့်ကာအတွင်း၌ တည်နေ၍ ကန့်လန့်ကာ အပြင်ဘက်မှာ တည်ရှိသော ပေါက္ခရသာတိပုဏ္ဏားနှင့် တိုင်ပင်လေသည်။

(၅) ဤအကြောင်းကို မင်းနှင့်ပုဏ္ဏားကိုထား၍ အခြားသူတစ်ဦးတစ်ယောက်မျှ မသိချေ။ 'သို့စဉ် ဖုံးလွှမ်း၍ လျှို့ဝှက်အပ် သော အကြောင်းကို ထုတ်ဖော်ပြောလိုက်ခြင်းဖြင့် ရဟန်းဂေါတမသည် ကေနပင် သဗ္ဗညုတဉာဏ်ရှင် ဖြစ်ပေသည်' ဟု သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်ချလိမ့်မည်' ဟု သိမြင်တော်မူကာ ရှင်တော်ဗုဒ္ဓ ထုတ်ဖော်မိန့်ကြားတော်မူခြင်း ဖြစ်လေသည်။

(၆) သက်သက် ပေါက္ခရသာတိပုဏ္ဏားအား အရှက်ရစေလို၍ မိန့်ကြားတော်မူသည် မဟုတ်ပေ။ *(ဒီ ဋ- ၁- ၂၄၃)*

ရသေ့ဖြစ်ရန်ကိုပင် ကျင့်သူများ မဟုတ်ကြပုံ

ထို့နောက် ဗုဒ္ဓသည် ဆက်လက်၍ ဆရာပေါက္ခရသာတိပုဏ္ဏားနှင့် တပည့်အမ္ဗဋ္ဌလုလင်တို့သည် ရသေ့ဖြစ်ရန်ကိုပင် ကျင့်သူများ မဟုတ်ကြပုံကို အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

'အမ္ဗဋ္ဌ ပသေနဒီကောသလမင်းသည် ရထားအခင်း၌နေလျက် အမတ်တို့နှင့်လည်းကောင်း, မင်းညီမင်းသားတို့နှင့် လည်း ကောင်း တစ်စုံတစ်ခုသော တိုင်ပင်ဖွယ်ရာကို တိုင်ပင်ရာ၏။ ထိုမင်းနှင့် အမတ်, မင်းညီမင်းသားတို့ တိုင်ပင်ရာ အရပ်၌ပင် သူ ဆင်းရဲဖြစ်စေ, ကျွန်ဖြစ်စေ လာ၍ 'ပသေနဒီကောသလမင်းသည် ဤသို့ဆို၏၊ ဤသို့ဆို၏' ဟု ထိုသို့ မင်းပြောသည့်အတိုင်း ပြောဆိုနိုင်ရုံဖြင့် ထိုသူဆင်းရဲ, ကျွန်တို့သည် မင်းဖြစ်နိုင်သလော။ မင်း၏အမတ် ဖြစ်နိုင်သလော' ဟု မေးတော်မူလျှင်-

'မဖြစ်နိုင်ပါကြောင်း' အမ္ဗဋ္ဌ လျှောက်ထားလေသည်။

'အမ္ဗဋ္ဌ ရှေးရှေးက ပုဏ္ဏားတို့၏ ဆရာကြီးများ ဖြစ်ကြကုန်သော 'အဋ္ဌက, ဝါမက, ဝါမဒေဝ, ဝေဿမိတ္တ, ယမဒဂ္ဂိ, အင်္ဂီရသ, ဘာရဒွါဇ, ဝါသေဋ္ဌ, ကဿပ, ဘဂု' ဟူသော ရသေ့ဆယ်ဦးတို့ ရှိကြလေသည်။ ထိုရသေ့ဆရာကြီးတို့သည် ဝေဒကျမ်းကို စတင်စီရင်သူတို့လည်း ဖြစ်ကြလေသည်။ လက်ဦးဆရာများလည်း ဖြစ်ကြလေသည်။

ထိုဝေဒကျမ်းကို စီရင်ကုန်သော လက်ဦးဆရာကြီးများ ဖြစ်ကုန်သော ထိုရသေ့တို့သည် ယခုအခါ ဆရာနှင့်တကွသော သင်တို့ကဲ့သို့ပင် ရေချိုးကုန်လျက် နံ့သာများလိမ်းကျံကုန်လျက် ဆံမုတ်ဆိတ်တို့ကို ပြုပြင်ကုန်လျက် ပတ္တမြားနားဒောင်းတန်ဆာများကို ဝတ်ဆင်ကုန်လျက် ဖြူသောအဝတ်တို့ကို ဝတ်ဆင်ကုန်လျက် ကာမဂုဏ်ငါးပါးတို့ဖြင့် ပျော်ရွှင်ခံစားကြကုန်သည်ဟု သင်ကြားဖူးသလော။'

'အရှင်ဂေါတမ မကြားဖူးပါ။'

'အမ္ဗဋ္ဌ ထိုရသေ့တို့သည် ယခုအခါ ဆရာနှင့်တကွသော သင်တို့ကဲ့သို့ပင် မွေးမှင်သထားသော မြည်းကသော ရထားတို့ကို စီးကုန်လျက် ရှည်သောနှင်တံတို့ဖြင့် မြည်းတို့ကို ထိုးဆွကုန်လျက် လှည့်လည်သွားလာနေကြသည်ဟူ၍ သင်ကြားဖူးသလော။'

'အရှင် ဂေါတမ မကြားဖူးပါ။'

'အမ္ဗဋ္ဌ ထိုရသေ့တို့သည် ယခုအခါ ဆရာနှင့်တကွသော သင်တို့ကဲ့သို့ပင် တူးထားသော ကျုံးရှိကုန်သော, မင်းတုတ်လျှိုထားသော တံခါးရှိကုန်သော, တံတိုင်း အခြေခံလုံသော မြို့တို့၌ သန်လျက်ရှည် လက်နက်ကိုင် ယောကျ်ားတို့ကို စောင့်ရှောက်စေကုန်၏ ဟု သင်ကြားဖူးသလော။'

'အရှင်ဂေါတမ မကြားဖူးပါ။' *(ဒီ- ၁- ၉၈)*

အဋ္ဌကစသော အထက်ဖော်ပြပါ ရသေ့တို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှု၍ သူတပါးကို နှိပ်စက်မှုကို မပြုမူ၍ ကဿပဗုဒ္ဓ၏ လောကကြီးပွားကြောင်းနှင့်တကွ နီးနှောတိုက်ဆိုင်၍ ဝေဒကျမ်းတို့ကို သီကုံးကြလေသည်။ နောက်နောက်ပုဏ္ဏားတို့သည် ပါဏာတိပါတစသော အမှုတို့ကို ထည့်သွင်း၍ ဗေဒင်သုံးပုံတို့ကို ဖျက်ဆီး၍ ဗုဒ္ဓစကားတော်နှင့် ဆန့်ကျင်ဘက် ပြုကြလေသည်။

အဋ္ဌကစသော ထိုရသေ့တို့သည် တောထဲ၌သာနေပြီး သစ်ဥသစ်ဖုကိုသာစားလျက် မေတ္တာစသော ဗြဟ္မဝိဟာရဖြင့်သာ နေလေသည်။ သွားလိုသောခရီးကို တန်ခိုးကိုအသုံးပြု၍ ကောင်းကင်ခရီးဖြင့်သာ သွားလေသည်။ သို့ဖြစ်၍ ထိုရသေ့တို့မှာ ညှိစိုစိုကိလေသာ အနံ့လည်းမရှိ။ မိန်းမအနံ့လည်း မရှိကုန်။ ထိုအကြောင်းကို ကြားသိထား၍ အမ္ဗဋ္ဌသည် 'သူတို့မှာ ထိုအကျင့်မျိုးမရှိပါ' ဟု ဖြေဆိုခြင်း ဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၂၄၄ / ၂၄၅)*

'အမ္ဗဋ္ဌ ဤသို့လျှင် ဆရာနှင့်တကွသော သင်သည် ရသေ့လည်းမဟုတ်၊ ရသေ့ဖြစ်ရန် ကျင့်သူလည်းမဟုတ်' *(ဤစကားဖြင့် ဆရာပေါက္ခရသာတိပုဏ္ဏားနှင့် အမ္ဗဋ္ဌလုလင်တို့၏ အလွန်ထောင်လွှားနေသော မာနကို ပယ်ဖျောက်လေသည်။)*

'အမ္ဗဋ္ဌ ငါဗုဒ္ဓ၌ ယုံမှားတွေးတောခြင်းရှိသူသည် ငါဗုဒ္ဓကို မေးမြန်းခြင်းဖြင့် ထိုယုံမှားတွေးတောခြင်းကို သုတ်သင်ရာ၏။ ငါဗုဒ္ဓသည် ဖြေကြားခြင်းဖြင့် ထိုယုံမှားတွေးတောခြင်းကို သုတ်သင်အံ့' ဟု မိန့်တော်မူလေသည်။ *(ဒီ- ၁- ၉၈)*

ဤစကားကို ဗုဒ္ဓသည် 'အမ္ဗဋ္ဌလုလင် အဖို့အရာ ဤဘဝ၌ မဂ်ဖိုလ်ရခွင့် လုံးဝမရှိပေ။ စင်စစ်သော်ကား နွေသာကုန်လွန်၍ သွားချိမ့်မည်။ ဤအမ္ဗဋ္ဌလုလင်သည်ကား ငါဗုဒ္ဓ၏ (၃၂) ပါးသော လက္ခဏာတော်ကြီးများကို စုံစမ်းရန် လာရောက်သူ ဖြစ်သည်။ ထိုကိစ္စကိုလည်း အမ္ဗဋ္ဌသည် မေ့လျော့နေလေသည်။ ယခုအခါ ငါဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်အား နည်းပေးအံ့ဟု ကြံစည်ဆင်ခြင်တော်မူ၍ မိန့်တော်မူခြင်းဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၂၄၅)*

ဗုဒ္ဓ လမ်းလျှောက်ပြခြင်း

ဤသို့မိန့်တော်မူပြီးလျှင် ထိုင်၍, လျောင်း၍ နေတော်မူကြသော ဗုဒ္ဓတို့၏ လက္ခဏာတော်ကို တစ်စုံတစ်ယောက်မျှ စုံစမ်းကြည့်ရှုရန် မစွမ်းနိုင်။ ရပ်တော်မူ, စင်္ကြံကြွတော်မူကုန်သော ဗုဒ္ဓတို့၏ လက္ခဏာတော်ကို စုံစမ်းရန် စွမ်းနိုင်သောကြောင့်လည်းကောင်း, လက္ခဏာတော်ကို စုံစမ်းရန် လာရောက်ကြောင်းကိုသိလျှင် နေရာမှထ၍ စင်္ကြံကြွတော်မူခြင်းသည် ဗုဒ္ဓတို့၏ အလေ့အကျင့် ဓမ္မတာ ဖြစ်သောကြောင့်လည်းကောင်း ဗုဒ္ဓသည် ကျောင်းတော်မှ ထွက်တော်မူ၍ စင်္ကြံသို့ရှေးရှု ကြွတော်မူလေသည်။ အမ္ဗဋ္ဌလုလင်လည်း ဗုဒ္ဓနောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားလေသည်။ *(ဒီ- ၁- ၉၈၊ ဒီ ဋ္ဌ- ၁- ၂၄၅)*

လက္ခဏာတော် (၂) ပါးကို မြင်ခြင်း

အမ္ဗဋ္ဌသည် ဗုဒ္ဓ၏ ကိုယ်တော်၌ 'မဟာပုရိသ လက္ခဏာ' ယောကျ်ားမြတ်ဟူ၍ သိကြောင်းဖြစ်သော (၃၂)ပါးသော လက္ခဏာတော်ကြီးတို့ကို ရှာဖွေသည်ရှိသော် (၁) အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားနိမိတ်နှင့် (၂) ပါးလျှရှည်ပြန့်သော လျှာတော် ဤလက္ခဏာကြီး (၂)ပါးကိုချန်၍ ကျန်သော လက္ခဏာတော်ကြီး (၃၀)ကို မျက်မှောက်ထင်ထင် တွေ့မြင်ရလေသည်။

ထိုလက္ခဏာတော်ကြီး (၂)ပါးကို မမြင်ရသောကြောင့် သဗ္ဗညုတဉာဏ်ရှင် ဟုတ်သလော၊ မဟုတ်သလောဟု တွေးတောယုံမှားမှု ဖြစ်လေသည်။ ဗုဒ္ဓသည် အမ္ဗဋ္ဌ၏ တွေးတောယုံမှားမှု ကင်းပျောက်စေခြင်းအကျိုးငှာ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားနိမိတ်ကို အမ္ဗဋ္ဌလုလင် မြင်နိုင်ရန် တန်ခိုးဖန်ဆင်း ပြတော်မူလေသည်။

ထို့နောက် ဗုဒ္ဓသည် လျှာတော်ကိုထုတ်၍ နားတွင်းတော်နှစ်ဘက်ကို အပြန်အလှန် သုံးသပ်ပြတော်မူသည်။ *(ဤမှင့် လျှာတော် ရှည်မှုကို သိစေတော်မူသည်။)* နှာခေါင်းတွင်းတော် နှစ်ဘက်ကိုလည်း ဘယ်ပြန်, ညာပြန် အပြန်ပြန်အလှန်လှန် သုံးသပ်ပြတော်မူသည်။ *(ဤမှင့် လျှာတော် နူးညံ့မှုကို သိစေတော်မူသည်။)* အလုံးစုံသော နဖူးပြင်တစ်ခုလုံးကို လျှာဖြင့် ဖုံးအုပ်ပြတော်မူသည်။ *(ဤမှင့် လျှာတော် မှန့်ကျယ်သည်ကို သိစေတော်မူသည်။) (ဒီ- ၁- ၉၉၊ ဒီ ဋ- ၁- ၂၄၆)*

အမ္ဗဋ္ဌ ပြန်သွားပြီ

ထိုအခါ အမ္ဗဋ္ဌလုလင်သည် 'ရဟန်းဂေါတမကား တကယ်ပင် (၃၂)ပါးသော ယောကျ်ားမြတ် လက္ခဏာတို့နှင့် တင်းတင်းကိုလုံ ပြည့်စုံသူ ဖြစ်လေသည်' ဟု ယုံမှားသံသယ ကင်းရှင်းစွာဖြင့်-

'အရှင်ဂေါတမ ယခုအခါ အကျွန်ုပ်တို့ သွားကြပါဦးမည်။ အကျွန်ုပ်တို့သည် ကိစ္စများသူများ, ပြုဖွယ်များသူများတို့ ဖြစ်ကြပါသည်' ဟု ခွင့်ပန်စကား လျှောက်ထားလေရာ-

'အမ္ဗဋ္ဌ ယခုအခါ သင်သွားရန်အချိန်ကို သင်သိ၏။ သွားရန်မှာ သင့်သဘောအတိုင်းပင် ဖြစ်သည်' ဗုဒ္ဓသည် အမ္ဗဋ္ဌအား ခွင့်ပြုစကား မိန့်ကြားတော်မူလေသည်။

အမ္ဗဋ္ဌလည်း မြည်းလားကသော ရထားကို တက်စီး၍ ပြန်သွားလေသည်။ *(ဒီ- ၁ -၉၉)*

ဗုဒ္ဓ၏ ပုရိသနိမိတ် အဋ္ဌကထာ ရှင်းချက်

ပါဠိတော်၌ ဗုဒ္ဓ၏ ထိုပုရိသနိမိတ်ကို '**ကောသောဟိတ ဝတ္ထဂုယှ**' ဟူ၍ ပြဆိုထားလေသည်။ **ကောသောဟိတ**- အအိမ်၏အတွင်း၌ ထားအပ်သော- အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော၊ **ဝတ္ထဂုယှ**- ပုရိသနိမိတ်ခေါ် အင်္ဂါဇာတ်တော်ဟု အနက်ပေးလေသည်။

ယင်းပါဠိတော်ကို အဋ္ဌကထာ ရှင်းပြရာ၌ **ကောသောဟိတေတိ**- ကောသောဟိတဟူသည်ကား၊ **ဝတ္ထိကောသေန**- ဆီးပုံးအရပ်၌ ဖြစ်သောအိမ်သည်၊ **ပဋိစ္ဆန္နေ**- ဖုံးလွှမ်းအပ်သော ဟု ဖွင့်ဆိုသည်။ **ဝတ္ထဂုယှေတိ**- ဝတ္ထဂုယှဟူသည်ကား **အင်္ဂဇာတေ**- အင်္ဂါဇာတ်တော်တည်း ဟု ဖွင့်ပြသည်။

အဓိပ္ပါယ်ကား- ဆီးပုံးအရပ်၌ ဖြစ်သောအိမ်သည် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်တော်- ပုရိသနိမိတ် ဟု ရလေသည်။ ယင်းကို 'အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်' ဟု ဘာသာပြန်ဆိုကြလေသည်။

အဋ္ဌကထာတွင် ထပ်၍ဖွင့်ပြသည်မှာ ဂန္ဓဟတ္ထိဆင်မင်း၏ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်ကဲ့သို့ ဗုဒ္ဓ၏ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိလေသည်။ *(ဒီ ဋ- ၁- ၂၄၆)*

ဋီကာတို့ ဖွင့်ဆိုချက်

နွားလားဥသဘ၊ ဂန္ဓဆင်မင်းတို့၌ ချက်၏ အောက်နားဝယ် အင်္ဂါဇာတ်ကို ဖုံးထားသော အိတ်တစ်မျိုး ရှိသည်။ ထိုအိတ်ကိုပင် '**ဝတ္ထိကောသ**' ဟုခေါ်သည်။ ထိုအိတ်ဖြင့် ဖုံးထားအပ်သော ဗုဒ္ဓ၏ အင်္ဂါဇာတ်တော်ကို '**ကောသောဟိတ**' ခေါ်သည်။

ထိုအင်္ဂါဇာတ်သည် ဖွားမြင်တော်မူသည်မှစ၍ အိတ်နှင့်တကွ ပါလာသည်။ သာမန်လူတို့ကဲ့သို့ 'တွဲလောင်းတန်းလန်း' မဟုတ်ပေ။ ကိုယ်စရိုမှ အပြင်ဘက်သို့ ထွက်ပေါ်လာသည်။

ထိုပုရိသနိမိတ်သည် ဗုဒ္ဓတို့၏ သီးခြားဖြစ်သော အလွန်စင်ကြယ်သော ရွှေအဝန်းနှင့် တူသည်ဖြစ်၍ မိမိပုံသဏ္ဌာန် စုဝေးပုံ၏ ကောင်းသောကြောင့်-

(၁) ဂန္ဓဆင်မျိုးဖြစ်သော အာဇာနည်ဆင်၏ အင်္ဂါဇာတ်၏ အလွန်မြတ်သော တင့်တယ်သည်၏ အဖြစ်ကိုလည်းကောင်း၊

(၂) ပွင့်သော ရွှေရောင်ရှိသော ပဒုမ္မာကြာ၏ တောက်ပသော ပတ်ပတ်လည် ဝတ်မှုံဝတ်ဆံတို့ဖြင့် တင့်တယ်ခြင်းကို လည်းကောင်း၊

(၃) ဆည်းဆာရောင်တို့ဖြင့် တပ်စွဲဖွယ်ကောင်းသော ရေအတွင်း တောအကြားတို့ဖြင့် မှတ်သားအပ်သော လပြည့်ဝန်း၏ တင့်တယ်ခြင်းကိုလည်းကောင်း၊

(၄) မိမိဟူသော အင်္ဂါဇာတ်တော်၏ အသရေဖြင့် ဖုံးလွှမ်းမိုး၍ တင့်တယ်၏။ ထိုအားလုံး၏ အသရေထက်ပင် သာလွန်သည် ဟု ဆိုလိုသည်။

(၅) ထိုဗုဒ္ဓ၏ အင်္ဂါဇာတ်တော် ခေါ် ပုရိသနိမိတ်တော်သည် အတွင်းအပြင် အညစ်အကြေးတို့ဖြင့် မညစ်ပေသည်၏ အဖြစ် ကြောင့်လည်းကောင်း၊ ကြာမြင့်စွာသောကာလ၌ ဆည်းပူးအပ်ခဲ့သော ဗြဟ္မစရိယဟူသော ကောင်းမှုထူးရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ကောင်းစွာတည်သော ပုံသဏ္ဌာန် လှပပြည့်စုံခြင်းကြောင့်လည်းကောင်း အရှက်ကို ဖျက်ဆီးတတ်သည့်အတွက် လျှို့ဝှက်ထားစရာ ဖြစ်စေကာမူ အရှက်ကို မဖျက်ဆီးတတ်သော လျှို့ဝှက်စရာမဟုတ်သော အင်္ဂါဇာတ် ဖြစ်ရလေသည်။
(မဟာဋီ- ၃၀၉ / ၃၁၀။ ဋီသစ် ဒုအုပ်- ၂၇၆။ ဘာဋီ တအုပ်- ၄၄၆)

အဋ္ဌကထာက ဆက်၍ဖွင့်ပြခြင်း

ဗုဒ္ဓသည် မိမိ၏ ပုရိသနိမိတ်ကို အမ္ဗဋ္ဌလုလင်အား ထုတ်ပြခြင်းနှင့်စပ်၍ အဋ္ဌကထာတွင် ဆက်၍ဖွင့်ပြပုံမှာ မိလိန္ဒပဉှာ ပါဠိတော် နှာ *(၁၆၉)* တွင် လာရှိသည်ကို ဖွင့်ဆိုပြလေသည်။

'အရှင်ဘုရား နာဂသေန ဗုဒ္ဓသည် ခဲယဉ်းသောအမှုကို ပြုတော်မူအပ်ပါပြီ။ အရှင်ဘုရား နာဂသေန ဗုဒ္ဓသည် အရှက်ကိုပြုရာ အရပ်ဖြစ်သော အင်္ဂါဇာတ်တော်ကို ဗြဟ္မာယုပုဏ္ဏားစသည်တို့အား ထုတ်ပြတော်မူပြီ' ဟူ၍ မိလိန္ဒမင်းကြီး လျှောက်လေသည်။

'မင်းကြီး ဗုဒ္ဓသည် လျှို့ဝှက်အပ်သော အင်္ဂါဇာတ်တော်ကို ပြတော်မူသည်မဟုတ်။ ဗုဒ္ဓသည် သင်းပိုင်ကိုလည်း ဝတ်တော်မူ ထားသည်။ ခါးပန်းကြိုးကိုလည်း ဖွဲ့ထားသည်။ ကေစွိသင်္ကန်းကိုလည်း ရုံထားသည်။ တန်ခိုးဖြင့် ပြုစီမံတော်မူ၍ အတုဖြစ်သော ရုပ်ပုံကလေးမျှကို ပြတော်မူခြင်း ဖြစ်သည်' ဟု အရှင်နာဂသေန ဖြေကြားတော်မူသည်။

'အရှင်ဘုရား နာဂသေန အတုကိုမြင်အပ်သည်ရှိသော် မြင်အပ်ပြီးပင် မဟုတ်ပါလော' ဟု မိလိန္ဒမင်းကြီး လျှောက်လေပြီ။

'မင်းကြီး ဤအတုကို ပြတော်မူခြင်းကို ထားလိုက်ပါဦး။ နှလုံးပုံသဏ္ဌာန်မြင်ရမှ သစ္စာလေးပါးကို သိလတ္တံ့သော သတ္တဝါ သည်ရှိအံ့။ ဗုဒ္ဓသည် နှလုံးသားကို ထုတ်ဆောင်၍ ပြတော်မူရာ၏' ဟု ဖြေကြားတော်မူပြီ။

'အရှင်ဘုရား နာဂသေန ပြဿနာ ဖြေဆိုမှု၌ ကျွမ်းကျင်ပါပေ၏' ဟူ၍ လျှောက်ထားလေသည်။

ထပ်၍သိမှတ်ဖွယ်ကား ထိုသို့အတုကိုပြရာ၌ ဗုဒ္ဓသည် စင်္ကြံကြွတော်မူနေသည်။ သင်းပိုင်ကိုလည်း ဝတ်တော်မူထားသည်။ ကေစွိကိုလည်း ရုံထားတော်မူသည်။ သင်းပိုင် ကေစွိ အတွင်း၌ရှိသော အင်္ဂါဇာတ်တော် အတုရုပ်ကိုသာ ခန္ဓာကိုယ်မှအလွတ် ဖန်ဆင်းပြတော်မူခြင်း ဖြစ်သည်။ ထို့ကြောင့် အမ္ဗဋ္ဌသည်လည်း ဓာတ်ပုံကို မြင်ရဘိသကဲ့သို့ ရှင်းလင်းစွာ မြင်ရတွေ့ရလေသည်။ ထို့ကြောင့် သဗ္ဗညုတဉာဏ်ရှင် ဖြစ်ကြောင်းကို ယုံမှားမရှိ ယုံကြည်သွားလေသည်။ *(ဒီ ဋ- ၁ - ၂၇၆)*

ဆရာပေါက္ခရသာတိနှင့် တပည့်အမ္ဗဋ္ဌလုလင်တို့ ပြန်ဆုံမိကြရာဝယ်

ဗုဒ္ဓထံမှ အမ္ဗဋ္ဌလုလင် ပြန်လာချိန်တွင် ဆရာပေါက္ခရသာတိပုဏ္ဏားသည် ဥက္ကဋ္ဌမြို့မှ ထွက်၍ ပုဏ္ဏားပေါင်းများစွာတို့နှင့် တကွ တပည့်ဖြစ်သော အမ္ဗဋ္ဌလုလင်ကိုသာ စောင့်မျှော်လျက် မိမိပိုင် ဥယျာဉ်၌ နေလျက်ရှိနေသည်။ အမ္ဗဋ္ဌလုလင်သည် ဥယျာဉ်

အနီးသို့ ရောက်လျှင် ယာဥ်မှသက်ဆင်းကာ ခြေလျင်သာလျှင် ဆရာကြီးပေါက္ခရသာတိထံသို့ သွားရောက်ရှိခိုးလျက် ထိုင်နေလေသည်။ ထိုစဉ်အခါဝယ် ဆရာတပည့် နှစ်ယောက်တို့သည် အောက်ပါစကားတို့ကို ပြောဆိုကြလေသည်။

'ချစ်သား အမ္ဗဋ္ဌ ထိုအရှင်ဂေါတမကို သင်တွေ့မြင်ခဲ့ရသလော။'

'အရှင် အကျွန်ုပ်တို့သည် ထိုအရှင်ဂေါတမကို တွေ့မြင်ခဲ့ကြရပါသည်။'

'ချစ်သား အမ္ဗဋ္ဌ ထိုအရှင်ဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်သလော။ အမှန်အတိုင်းမဟုတ်ဘဲ ပြန့်နှံ့၍ ထွက်သလော။'

'အရှင် ထိုအရှင်ဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်ပါသည်။ မမှန်ဘဲ ပြန့်နှံ့၍ ထွက်သည်မဟုတ်ပါ။ ထိုအရှင်ဂေါတမသည် ကျော်စောသည့်အတိုင်း မှန်ပါသည်။ ထိုအရှင်ဂေါတမသည် တကယ်ပင် (၃၂)ပါးသော ယောကျ်ားမြတ်လက္ခဏာတို့နှင့် တင်းတင်းကုံလုံ ပြည့်စုံသူ ဖြစ်ပါသည်။'

'ချစ်သား အမ္ဗဋ္ဌ သင်သည် ရဟန်းဂေါတမနှင့် အတူတကွ စကားတစ်စုံတစ်ရာ ပြောဆိုခဲ့ရပါ၏လော။'

'အရှင် အကျွန်ုပ်သည် ရဟန်းဂေါတမနှင့် အတူတကွ စကားတစ်စုံတစ်ရာ ပြောဆိုခဲ့ရပါသည်။'

'ချစ်သား အမ္ဗဋ္ဌ သင်သည် ရဟန်းဂေါတမနှင့် အတူတကွ စကားတစ်စုံတစ်ရာ အဘယ်ကဲ့သို့ ပြောဆိုခဲ့ရသနည်း။'

ထိုသို့ ဆရာကြီးက မေးသောအခါ အမ္ဗဋ္ဌလုလင်သည် ဗုဒ္ဓနှင့်အတူ မိမိပြောဆိုခဲ့သမျှ စကားအလုံးစုံကို ဆရာကြီး ပေါက္ခရသာတိပုဏ္ဏားအား ပြန်၍ပြောဆိုပြလေသည်။

ထိုအခါ ဆရာကြီး ပေါက္ခရသာတိပုဏ္ဏားကြီးသည် အမ္ဗဋ္ဌလုလင်အား အောက်ပါအတိုင်း ကဲ့ရဲ့ပြစ်တင် မြည်တွန်ဇေါက်ငန်းလေတော့သည်။

'ဟယ် ငါတို့၏ ပညာရှိကလေးတို့ အံ့ဘွယ်ကောင်းပါဘိ။ ဟယ် ငါတို့၏ ဗဟုသုတရှင်ကလေးတို့ အံ့ဘွယ်ကောင်းပါဘိ။ ဟယ် ငါတို့၏ ဗေဒင်သုံးပုံတတ်ကလေးတို့ အံ့ဘွယ်ကောင်းပါဘိ။ အချင်းတို့ ဤသို့သော အကျိုးဆောင်ပုဂ္ဂိုလ်နှင့်ဆိုလျှင် ယောကျ်ားသည် ကိုယ်ခန္ဓာပျက်ကြွေ စုတေသည်မှ နောက်ကာလ၌ အပါယ်လေးဘုံသို့ ကျရောက်ရန် သေချာလှပေသည်။

ဟယ် အမ္ဗဋ္ဌ သင်သည် ထိုအရှင်ဂေါတမကို ဤသို့ ထိပါးကာ ထိပါးကာ အကြင်စကားကို ဆို၏။ ထိုစကားကြောင့်ပင် ထိုအရှင်ဂေါတမသည် ငါတို့၏ အပြစ်ကိုလည်း ဤသို့ ထုတ်ဖော်ကာ ထုတ်ဖော်ကာ ဆိုတော်မူ၏။

ဟယ် ငါတို့၏ ပညာရှိကလေးတို့ အံ့ဘွယ်ကောင်းပါဘိ။ ဟယ် ငါတို့၏ ဗဟုသုတရှင်ကလေးတို့ အံ့ဘွယ်ကောင်းပါဘိ။ ဟယ် ငါတို့၏ ဗေဒင်သုံးပုံတတ်ကလေးတို့ အံ့ဘွယ်ကောင်းပါဘိ။ အချင်းတို့ ဤအမ္ဗဋ္ဌလုလင်ကဲ့သို့သော အကျိုးဆောင်ပုဂ္ဂိုလ်နှင့်သာဆိုလျှင် ယောကျ်ားသည် ကိုယ်ခန္ဓာပျက်ကြွေ စုတေသည်မှ နောက်ကာလ၌ အပါယ်လေးဘုံသို့ ကျရောက်ရန် သေချာလှပေသည်'

ပေါက္ခရသာတိပုဏ္ဏားကြီးသည် ထိုသို့ဇေါက်ငန်းပြောဆိုရင်း ပို၍ပို၍ နှလုံးမသာယာ အမျက်ဒေါသထွက်ကာ အမ္ဗဋ္ဌလုလင်ကို ခြေဖြင့်ကန်ကျောက်၍ မြေ၌လဲစေလေသည်။

ထိုတွင်မကသေး ထိုအမ္ဗဋ္ဌသည် ရှေးအခါက ဆရာကြီးပေါက္ခရသာတိနှင့်အတူ ရထားစီး၍ ရထားထိန်းအဖြစ် လိုက်ပါရသည်။ ထိုအခွင့်အရေးကိုလည်း ရုပ်သိမ်းခံရပြီး ရထား၏ရှေ့က ခြေလျင်သာ သွားရလေသည်။

ပေါက္ခရသာတိပုဏ္ဏားသည် ဗုဒ္ဓထံ ချဉ်းကပ်ရန် သွားလိုစိတ် ပြင်းထန်နေသောကြောင့် အခြားပုဏ္ဏားတို့သည် အောက်ပါစကားကို ပြောကြားလေသည်။

'အရှင် ယနေ့ ရဟန်းဂေါတမကို ဖူးမြော်ခြင်းငှာ သွားရောက်ရန် အချိန်မဲ့ပါပြီ။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ထိုက်သော စကားများကို ပြောကြားရန်လည်း အချိန်မရှိတော့ပါ။ အရှင်ပေါက္ခရသာတိသည် နက်ဖြန်၌ ရဟန်းဂေါတမကို ဖူးမြော်ခြင်းငှာ သွားရောက်နိုင်ပါလိမ့်မည်။' *(ဒီ- ၁- ၁၀၀၊ ဒီ ဋ္ဌ- ၁- ၂၄၇)*

သတိပြုဘွယ် တရားတော်

ဗုဒ္ဓလက်ထက်တော်က ဗုဒ္ဓကို သဗ္ဗညုတပိုင်ရှင် ဗုဒ္ဓစင်စစ်ဖြစ်ကြောင်းကို အမ္ဗဋ္ဌကဲ့သို့ မသိကြသော ပုဂ္ဂိုလ်များ ရှိကြလေသည်။ ဗုဒ္ဓနှင့် စကားပြောကြည့်တော့မှ ဗုဒ္ဓမှန်း ရိပ်မိသိရှိကြလေသည်။ ထိုအခါမှ ဗုဒ္ဓကို ရိုသေလေးစားရမှန်း သိရှိသွားကြလေသည်။

ဗုဒ္ဓအစစ်အမှန်ဖြစ်ကြောင်း လက်ခံသွားကြလေသည်။ ဗုဒ္ဓအစစ်မဟုတ်ခဲ့ပါသော် အမ္ဗဋ္ဌလို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြုမူတတ်ပုံနှင့် ဆိုပါက အလွန်အမင်း သိက္ခာကျစရာ ဖြစ်လေသည်။ ဗုဒ္ဓအစစ်ဖြစ်သောကြောင့်သာ ဗုဒ္ဓသည် အလွန်ရိုင်းစိုင်းသော အမ္ဗဋ္ဌကို ဗုဒ္ဓ မှန်းလက်ခံသွားအောင် ဟောကြားတော်မူနိုင်ပေသည်။ ထို့ကြောင့် ယခုလို ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံခိုက်မှာ ရိုင်းစိုင်းသူ **မဖြစ်ကြစေဘဲ ယဉ်ကျေးသူ သောတာပန်ဖြစ်အောင် အားထုတ်သူများ ဖြစ်ကြပါကုန်လော့။**

ပေါက္ခရသာတိပုဏ္ဏားကြီး ဗုဒ္ဓထံ ချဉ်းကပ်ခြင်း

ထို့နောက် ပေါက္ခရသာတိပုဏ္ဏားကြီးသည် မိမိအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံချက်ပြုတ်စေပြီးလျှင် ယာဉ်၌တင်၍ မီးရှူးတိုင်တို့ကို စိုက်ထောင်ဆောင်အပ်ကုန်လျက် ဥက္ကဋ္ဌမြို့မှထွက်၍ ဣစ္ဆာနင်္ဂလတောအုပ်သို့ သွားလေသည်။

သွားသင့်သော အရပ်တိုင်အောင် ယာဉ်ဖြင့်သွား၍ ယာဉ်မှဆင်းပြီးသော် ခြေလျင်သာလျှင် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ ဗုဒ္ဓနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်စကား, အမှတ်ရဖွယ်စကားများကို ပြောဆိုပြီးဆုံးစေ၍ သင့်လျော်သောနေရာ၌ ထိုင်ပြီးလျှင် အောက်ပါအတိုင်း ဗုဒ္ဓနှင့် စကားပြောဆိုလေသည်။

'အရှင်ဂေါတမ အကျွန်ုပ်တို့၏တပည့် အမ္ဗဋ္ဌလုလင်သည် ဤအရပ်သို့ လာပါသလော။'

'ပုဏ္ဏား သင့်တပည့် အမ္ဗဋ္ဌလုလင်သည် လာပေ၏။'

'အရှင်ဂေါတမ အရှင်သည် အမ္ဗဋ္ဌလုလင်နှင့် စကားတစ်စုံတစ်ရာ ပြောဆိုရပါသလော။'

'ပုဏ္ဏား ငါဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်နှင့် အတူပြောဆိုရပေ၏။'

'အရှင်ဂေါတမ အရှင်သည် အမ္ဗဋ္ဌလုလင်နှင့်အတူ အဘယ်သို့ စကားပြောဆိုကြပါသနည်း။'

ထိုအခါ ဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်နှင့်အတူ ပြောဆိုခဲ့သမျှ စကားအလုံးစုံကို ပေါက္ခရသာတိပုဏ္ဏားအား မိန့်ကြားတော်မူလေသည်။

ဗာလော ဘော ဂေါတမ အမ္ဗဋ္ဌော မာဏဝေါ ခမတု ဘဝံဂေါတမော အမ္ဗဋ္ဌဿ မာဏဝဿာတိ။

ဘောဂေါတမ– အရှင်ဂေါတမ၊ **အမ္ဗဋ္ဌော မာဏဝေါ**– အမ္ဗဋ္ဌလုလင်သည်၊ **ဗာလော**– မိုက်မဲသူ ဖြစ်ပါသည်၊ **ဘဝံ ဂေါတမော**– အရှင်ဂေါတမသည်၊ **အမ္ဗဋ္ဌဿ မာဏဝဿ**– အမ္ဗဋ္ဌလုလင်အား၊ **ခမတု**– သည်းခံတော်မူပါ။ **ဣတိ**– ဤသို့ တောင်းပန်စကား လျှောက်ထားလေပြီ။

သုခီ ဟောတု ဗြာဟ္မဏ အမ္ဗဋ္ဌော မာဏဝေါတိ။ *(ဒီ– ၁– ၁၀၁)*

ဗြာဟ္မဏ– ပုဏ္ဏား၊ **အမ္ဗဋ္ဌော မာဏဝေါ**– အမ္ဗဋ္ဌလုလင်သည်၊ **သုခီ**– ချမ်းသာခြင်းရှိသည်၊ **ဟောတု**– ဖြစ်ပါစေသတည်း။ **ဣတိ**– ဤသို့ မိန့်တော်မူလေပြီ။

ထို့နောက် ပေါက္ခရသာတိပုဏ္ဏားသည် ဗုဒ္ဓအား (၃၂)ပါးသော မဟာပုရိသလက္ခဏာတော်ကို စူးစမ်းရာတွင် အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်နှင့် လျှာတော်ကို မတွေ့မြင်သဖြင့် သံသယ ဖြစ်နေရာမှ ဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်ကို ထုတ်ပြတော်မူသည့် အတိုင်း ထုတ်ပြတော်မူကာမှ သံသယ ကင်းပျောက်သွားလေသည်။

ဗုဒ္ဓ တရားဟောတော်မူပြီ

ပေါက္ခရသာတိပုဏ္ဏားသည် ဗုဒ္ဓနှင့်တကွ သံဃာတော်ငါးရာတို့အား အိမ်သို့ပင့်၍ ဆွမ်းကပ်လေသည်။ ဗုဒ္ဓဆွမ်းဘုန်းပေးတော် မူပြီးသောအခါ၌ သင့်လျော်သောနေရာ၌ ထိုင်နေသော ပေါက္ခရသာတိပုဏ္ဏားကြီးအား အောက်ပါ 'အနုပုဗ္ဗိကထာ'– အစဉ်အတိုင်း ဟောကြားအပ်သော တရားစကားကို ဟောကြားတော်မူလေသည်။

(၁) ဒါနကထာ – ဒါနနှင့်စပ်သော တရားစကား၊

(၂) သီလကထာ – သီလနှင့်စပ်သော တရားစကား၊

(၃) သဂ္ဂကထာ - နတ်ရွာသုဂတိနှင့်စပ်သော တရားစကား၊

(၄) မဂ္ဂကထာ - မဂ်, ဖိုလ်, နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်နှင့်စပ်သော တရားစကားတို့ကို အစဉ်အတိုင်း ဟောကြားတော်မူ၍ ထိုပေါက္ခရသာတိပုဏ္ဏားအ၏ စိတ်အစဉ်သည် သစ္စာလေးပါးကိုသိရန်-

(၁) ကလ္လစိတ္တံ - သဒ္ဓါတရားဖြစ်နေ၍ ခံ့သောစိတ်ရှိသည်ကိုလည်းကောင်း၊

(၂) မုဒုစိတ္တံ - ဒိဋ္ဌိ, မာန စသည်ကင်းနေ၍ နူးညံ့သောစိတ်ရှိသည်ကိုလည်းကောင်း၊

(၃) ဝိနီဝရဏစိတ္တံ- ကာမစ္ဆန္ဒအစရှိသော အပိတ်အပင် နီဝရဏတရားမှ ကင်းသောစိတ်ရှိသည်ကိုလည်းကောင်း၊

(၄) ဥဒဂ္ဂစိတ္တံ - မွန်မြတ်သော 'ပီတိ, ပါမောဇ္ဇ' နှင့်ယှဉ်နေ၍ တက်ကြွသောစိတ်ရှိနေသည်ကိုလည်းကောင်း၊

(၅) ပသန္နစိတ္တံ - သဒ္ဓါစည်ပင်သဖြင့် ကြည်လင်သောစိတ်ရှိသည်ကိုလည်းကောင်း၊ အညာသိ- သိတော်မူလေပြီ။

ပေါက္ခရသာတိပုဏ္ဏားကြီး သောတာပန်ဖြစ်ခြင်း

သိတော်မူရာထိုအခါ၌ ဗုဒ္ဓသည် ဗုဒ္ဓတို့၏ 'သာမုက္ကံသိက' ကိုယ်တော်တိုင် ထုတ်ပြတော်မူအပ်သော '**ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ**' ဟုဆိုအပ်သော သစ္စာလေးပါး တရားတော်ကို ထင်ရှားပြတော်မူလေပြီ။

မည်းညစ်ခြင်းကင်းသော ဖြူစင်သောအဝတ်သည် ဆိုးရည်ကို ကောင်းစွာခံယူသကဲ့သို့ ပေါက္ခရသာတိပုဏ္ဏားအား ထိုနေရာ၌ပင်လျှင် '**ယံကိဉ္စိ သမုဒယဓမ္မံ**' ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည်ရှိ၏။ '**သဗ္ဗံ တံ နိရောဓဓမ္မန္တိ**' ထိုအလုံးစုံသောဖြစ်ခြင်းရှိသော တရားသည် ချုပ်ခြင်းသဘောရှိ၏' ဟု '**ဝိရဇံ**' အပါယ်သို့ ရောက်စေနိုင်သော ရာဂစသော ကိလေသာမြူမှလည်းကင်းသော၊ '**ဝီတမလံ**'- ဒိဋ္ဌိ, ဝိစိကိစ္ဆာဟူသော အညစ်အကြေးမှလည်းကင်းသော၊ '**ဓမ္မစက္ခုံ**' သောတာပတ္တိမဂ်ဉာဏ် မျက်စိသည်၊ ဥဒပါဒိ- ထင်ရှားဖြစ်ပေါ်လေပြီ။ *(အကျဉ်းကား- သောတာပန် အရိယာ ဖြစ်သွားလေပြီ။)*

သောတာပန် ဖြစ်ပြီးရာ ထိုအခါ၌ ပေါက္ခရသာတိပုဏ္ဏားသည်-

(၁) ဒိဋ္ဌဓမ္မော - သစ္စာလေးပါးတရားကို မြင်အပ်ပြီးသည်ဖြစ်၍၊

(၂) ပတ္တဓမ္မော - သစ္စာလေးပါးတရားသို့ ရောက်ပြီးသည်ဖြစ်၍၊

(၃) ဝိဒိတဓမ္မော - သစ္စာလေးပါးတရားကို သိပြီးသည်ဖြစ်၍၊

(၄) ပရိယောဂါဠ္ဓဓမ္မော - သစ္စာလေးပါးတရားသို့ ထက်ဝန်းကျင် သက်ဆင်းအပ်ပြီးသည်ဖြစ်၍၊

(၅) တိဏ္ဏ ဝိစိကိစ္ဆော - ဝိစိကိစ္ဆာကို လွန်မြောက်ပြီးသည်ဖြစ်၍၊

(၆) ဝိဂတကထံကထော - သို့လောသို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာမှ ကင်းသည်ဖြစ်၍၊

(၇) သတ္ထုသာသနေ - ဗုဒ္ဓ ဆုံးမကြောင်းဖြစ်သော သာသနာတော်၌၊ ဝေသာရဇ္ဇပတ္တော- ရွံ့ရှားခြင်းကင်းရဲတင်းခြင်းသို့ ရောက်သည်ဖြစ်၍၊

(၈) အပရပ္ပစ္စယော - သူတစ်ပါးပြော၍ ယုံကြည်ခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် သိမြင်သောအားဖြင့် ယုံကြည်သည်ဖြစ်၍၊ *(ဒီ- ၁- ၁၀၂၊ ဒီ ဋ္ဌ- ၁- ၂၄၇)*

ပေါက္ခရသာတိပုဏ္ဏား ဥပါသကာအဖြစ် လျှောက်ထားပြီ

ထိုသို့ သောတာပန် ဖြစ်ပြီးရာ ထိုအခါ၌ ပေါက္ခရသာတိပုဏ္ဏားကြီးသည် ဗုဒ္ဓအား ဥပါသကာအဖြစ်ကို အောက်ပါအတိုင်း လျှောက်ထားလေသည်။

အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ။

ဘော ဂေါတမ- အရှင်ဂေါတမ၊ **ဓမ္မံ**- တရားတော်သည်၊ **အဘိက္ကန္တံ**- အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ ဘော ဂေါတမ- အရှင်ဂေါတမ၊ **ဓမ္မံ**-တရားတော်သည်၊ **အဘိက္ကန္တံ**- အလွန်နှစ်သက်ဖွယ်ရှိပါပေစွ။

အရှင်ဂေါတမ လောကဥပမာအားဖြင့် မှောက်၍ထားအပ်သော ဝတ္ထုကို လှန်ပြလိုက်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးအုပ်

ထားသော အရာဝတ္ထုကို ဖွင့်လှစ်ပြလိုက်ဘိသကဲ့သို့လည်းကောင်း၊ လမ်းမှားသောသူအား လမ်းမှန်ကို ပြောကြားလိုက်ဘိသကဲ့သို့ လည်းကောင်း မျက်စိအမြင်ရှိသူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်' ဟု အမိုက်အမှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိဘိသကဲ့သို့လည်းကောင်း–

ထို့အတူပင် အရှင်ဂေါတမသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ထင်ရှားစွာ ဟောတော်မူအပ်ပါလေပြီ။ အရှင်ဂေါတမ အကျွန်ုပ်သည်–

(၁) သပုတ္တော – သားသမီးနှင့်တကွဖြစ်သော၊

(၂) သဘရိယော – ဇနီးမယားနှင့်တကွဖြစ်သော၊

(၃) သပရိသော – ပရိသတ်နှင့်တကွဖြစ်သော၊

(၄) သမစ္စော – အမတ်တို့နှင့်တကွဖြစ်သော တပည့်တော်ကို–

အရှင်ဂေါတမကိုလည်းကောင်း, တရားတော်ကိုလည်းကောင်း, ရဟန်းသံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်ဂေါတမသည် တပည့်တော်ကို ယနေ့ကိုအစပြု၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာဟူ၍ မှတ်တော်မူပါလော။

အရှင်ဂေါတမသည် ဥက္ကဋ္ဌမြို့၌ အခြားတပါးသော ဒါယကာ, ဒါယိကာမအိမ်တို့သို့ ကြွရောက်တော်မူသကဲ့သို့ ထို့အတူပင် တပည့်တော်အိမ်သို့လည်း ကြွရောက်တော်မူပါ။

တပည့်တော် ပေါက္ခရသာတိအိမ်၌ အကြင်လုလင်ပျို, လုံမပျိုတို့သည် အရှင်ဂေါတမကို ရှိသေမြတ်နိုး ရှိခိုးမူလည်း ရှိခိုးကြပါလိမ့်မည်။ အနည်းဆုံး မိမိတို့၏စိတ်ကို သဒ္ဓါရွှန်းစို ကြည်ညိုမှုလည်း ကြည်ညိုစေပါလိမ့်မည်။ နေရာကိုဖြစ်စေ, ရေကိုဖြစ်စေ ပေးလှူသော်မှုလည်း ပေးလှူကြပါလိမ့်မည်။ အနည်းဆုံး မိမိတို့၏စိတ်ကို သဒ္ဓါရွှန်းစို ကြည်ညိုမှုလည်း ကြည်ညိုစေပါလိမ့်မည်။

ထိုလုလင်ပျို, လုံမပျိုတို့၏ ထိုသို့ပြုမူခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ တိုးတက်ခြင်းငှာ ဖြစ်ပါလိမ့်မည်' ဟု လျှောက်ထားလေပြီ။ *(ဒီ– ၁– ၁၀၃)*

ဗုဒ္ဓ ပြန်လည်မိန့်ကြားတော်မူပုံ

ပေါက္ခရသာတိပုဏ္ဏားကြီးက ထိုသို့လျှောက်ထားသောအခါ ဗုဒ္ဓသည် 'ကလျာဏံ ဝုစ္စတိ ဗြာဟ္မဏ။ ဗြာဟ္မဏ– ပုဏ္ဏား၊ ကလျာဏံ– ကောင်းသောစကားကို၊ ဝုစ္စတိ– လျှောက်ထားအပ်ပေသည်' ဟု မိန့်တော်မူလေသည်။ *(ဒီ– ၁– ၁၀၃)*

ပေါက္ခရသာတိပုဏ္ဏားကြီး၏ လျှောက်ထားမှု ထူးခြားချက်

အထက်ပါ ပေါက္ခရသာတိပုဏ္ဏားကြီး၏ လျှောက်ထားချက်ကို သုံးသပ်လျှင် သရဏဂုံ ခံယူစန်း၌–

(၁) သား, သမီး, မယား, ပရိသတ်, အမတ်တို့ကိုပါ ထည့်သွင်း၍ သရဏဂုံ ခံယူခြင်း၊

(၂) မိမိအိမ်သို့ ဖိတ်ရာ၌ အကျိုးအကြောင်း ဖော်ပြ၍ ဖိတ်ကြားခြင်းတို့သည် အခြားသူတို့၏ သရဏဂုံ ခံယူခြင်းတို့ထက် ထူးခြားလေသည်။

ထို့ကြောင့် ဗုဒ္ဓက 'ကလျာဏံ ဝုစ္စတိ ဗြာဟ္မဏ' ပုဏ္ဏား သင်သည် ကောင်းသောစကားကို လျှောက်ဆိုအပ်ပေသည် ဟု မိန့်တော်မူခြင်း ဖြစ်လေသည်။

အခြားသူတို့ကား မိမိအတွက်သာ ဥပါသကာအဖြစ် လျှောက်ထားခြင်းဖြစ်၍ ဗုဒ္ဓသည် ဆိတ်ဆိတ်နေခြင်းဖြင့်သာ လက်ခံတော်မူလေသည်။

သတိပြုဖွယ် တရားတော်

ဤအမ္ဗဋ္ဌသုတ်၌ တပည့်အမ္ဗဋ္ဌလုလင်နှင့် ဆရာပေါက္ခရသာတိပုဏ္ဏားကြီးတို့သည် အဓိကဖြစ်လေသည်။ ထိုနှစ်ဦးတွင် ဗုဒ္ဓအပေါ်၌ တပည့်အမ္ဗဋ္ဌလုလင်က မိုက်ရိုင်းသလောက် ဆရာပေါက္ခရသာတိပုဏ္ဏားကြီးသည် ယဉ်ကျေးသိမ်မွေ့လေသည်။ ရှေးက

ပါရမီဓာတ်ခံအရဆိုလျှင်လည်း အမ္ဗဋ္ဌလုလင်၌ သောတာပတ္တိမဂ်ဉာဏ်ရရန် ပါရမီ ပါမလာခဲ့ပေ။ အယုတ်ဆုံးအားဖြင့် သရဏဂုံ ခံယူရန်မျှပင် ပါရမီမပါခဲ့သူ ဖြစ်လေသည်။ အမ္ဗဋ္ဌလုလင်သည် ဗုဒ္ဓနှင့် တွေ့ရခြင်းဖြင့် အလွန်ရိုင်းစိုင်းသူ, မာန်မာနခက်ထန်သူတစ်ဦးကနေ အတော်အတန် ယဉ်ကျေးသွားသူနှင့် အတော်အတန် မာန်မာနကျသွားသူ အဆင့်မျှလောက်သာ ရရှိသွားလေသည်။ အထူးအားဖြင့် ဗုဒ္ဓကို ဗုဒ္ဓမှန်းသိသွားသည်ကပင် သူ့အတွက် တန်ဖိုးရှိသွားခြင်း ဖြစ်လေသည်။

ဆရာပေါက္ခရသာတိပုဏ္ဏားမူကား ပညာကြီးသူ, ပါရမီဓာတ်ခံရှိသူ, သောတာပတ္တိမဂ်ဉာဏ်ကို ရရှိလောက်အောင် ရှေးကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသူ ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓအစစ်ကိုသာ ဖူးမြော်လိုသည်ဖြစ်၍ အစစ်ဟုတ်, မဟုတ် ရှေးဦးစွာ စုံစမ်းပြီးမှ မိမိကိုယ်တိုင်လည်း စုံစမ်းပြီးမှ ဗုဒ္ဓအစစ်ဖြစ်ကြောင်း သိရှိပြီးမှ မိမိအိမ်သို့ သံဃာတော်ပါးရာနှင့်တကွ ဗုဒ္ဓအား ပင့်ဖိတ်ပြီး ဆွမ်းကပ်တရားနာလေရာတွင် သောတာပန်အရိယာ သူတော်ကောင်းအဆင့်သို့ ရောက်သွားလေသည်။ သရဏဂုံ ခံယူရာ၌လည်း မိမိသားသမီး တပည့်ပရိသတ်နှင့်တကွ ခံယူလေသည်။

ဤစကားရပ်တို့ဖြင့် ဗုဒ္ဓနှင့်တွေ့တိုင်း ကျွတ်တန်းမဝင်နိုင်ကြသည်မှာ ထင်ရှားလှပေသည်။ ဗုဒ္ဓနှင့်လည်းကောင်း, ဗုဒ္ဓသာသနာ တော်နှင့်လည်းကောင်း တွေ့ကြုံရန်ဆိုသည်မှာလည်း အလွန်ခဲယဉ်းလှပေသည်။ ဗုဒ္ဓခေတ်က ဗုဒ္ဓစာပေတရားတော်များ အပြည့်အစုံ မရှိကြသေး၍ ‘ဗုဒ္ဓ, ဓမ္မ, သံဃာ’ အစစ်ဟုတ်, မဟုတ် စုံစမ်းရသေးသည်။ ယခုခေတ်အခါမှာတော့ ဗုဒ္ဓ (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူထားအပ်သော တရားတော်များ အပြည့်အစုံရှိနေသည်ဖြစ်၍ ဗုဒ္ဓသည် ဗုဒ္ဓစင်စစ် ကေန်ဖြစ်ကြောင်းကို ဗုဒ္ဓဘာသာဝင် တိုင်းလောက် လက်ခံယုံကြည်ကြသည်ဖြစ်၍ ဗုဒ္ဓကိုယ်စား စေတီအမျိုးမျိုး, ဆင်းတုတော်အဖုံဖုံ ပြုလုပ်ပူဇော်နေကြခြင်း၊ ပရိယတ်, ပဋိပတ် သာသနာနှစ်ရပ်ကို ကြိုးစားအားထုတ်နေကြခြင်းကပင် သက်သေပြလျက် ရှိနေလေသည်။ ဗုဒ္ဓဟောကြားတော်မူအပ်သော ပိဋကသုံးပုံ တရားဒေသနာတော်များကို စာအုပ်ဖြင့်တစ်မျိုး, ကျောက်ထက်ဖြင့်တစ်ဖုံ, ကြေးထက်ပေါ် ဖြင့်တစ်သွယ် နည်းမျိုးစုံ ရှိနေသည်ဖြစ်၍ ယခုခေတ်လူတို့သည် ကံမဆိုးပါ။ ကံကောင်းလျက်ပင် ရှိကြပါသည်။ ထို့ကြောင့် ယခုလို ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံခိုက် ‘လူ, ရဟန်း, သာမဏေ, သီလရှင်’ အလွှာပေါင်းစုံတို့သည် မယုတ်လျော့သော လုံ့လဝီရိယဖြင့် ‘သီလ, သမာဓိ, ပညာ’ ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ကို ကြိုးစားအားထုတ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။

အမ္ဗဋ္ဌသုတ် ပြီး၏။

(၄) သောဏဒဏ္ဍသုတ်

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ အင်္ဂေသု စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ ယေန စမ္ပါ တဒဝသရိ တတြ သုဒံ ဘဂဝါ စမ္ပါယံ ဝိဟရတိ ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ။
(ဒီ- ၁- ၁၀၄)

ဘန္တေ ကဿပ- အရှင်မဟာကဿပဘုရား၊ **မေ ဧဝံ** **မယာ** **အာနန္ဒေန**- တပည့်တော် အာနန္ဒာသည်၊ **ဣဒံ သုတ္တံ**- ဤ သောဏဒဏ္ဍသုတ္တန် တရားတော်ကို၊ **ဘဂဝတော**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ **သမ္မုခါ**- မျက်မှောက်တော်မှ၊ **ဧဝံ**- ဤလျှောက်ဆိုအပ်လတ္တံ့အတိုင်းသာ၊ **သုတံ**- နာခံမှတ်သား ဆောင်ထားအပ်ပါပြီ။

ဧကံ သမယံ- အခါတစ်ပါး၌၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **အင်္ဂေသု**- အင်္ဂါဟု ဗဟုဝုစ် အမည်ရသော ဇနပုဒ်၌ (အင်္ဂတိုင်း၌)၊ **မဟတာ**- ဂုဏ်အားဖြင့်လည်းမြတ်, အရေအတွက်အားဖြင့်လည်းများသော၊ **ပဉ္စမတ္တ ဘိက္ခုသတေဟိ**- ရဟန်းငါးရာတို့နှင့်၊ **သဒ္ဓိံ**- အတူတကွ၊ **စာရိကံ**- ဒေသစာရီကို၊ **စရမာနော**- လှည့်လည်တော်မူလတ်သော်၊ **ယေန**- အကြင်အရပ်၌၊ **စမ္ပါ**- စမ္ပါမြို့သည်၊ **အတ္ထိ**- ရှိ၏၊ **တံ**- ထိုစမ္ပါမြို့ရှိရာအရပ်သို့၊ **အဝသရိ**- ရောက်တော်မူပြီ၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **တတြ**- ထိုစမ္ပါမြို့၏ အနီးဖြစ်သော၊ **ဂဂ္ဂရာယ**- ဂဂ္ဂရာမည်သော၊ **ပေါက္ခရဏိယာ**- ရေကန်၏၊ **တီရေ**- ကမ်းနား၌၊ **ဝိဟရတိ**- ဣရိယာပထ မျှတရှင်ပြုံး သီတင်းသုံးတော်မူ၏။

အင်္ဂေသုအဖွင့်

အထက်ပါ ပါဠိတော်တွင် 'အင်္ဂေသု' ဟူသော ပါဠိပုဒ် ပါသည်။ အင်္ဂတိုင်းသည် တစ်တိုင်းတည်းဖြစ်လျက် 'အင်္ဂေ- အင်္ဂတိုင်း၌' ဟု မဆိုဘဲ 'အင်္ဂေသု- အင်္ဂတိုင်းတို့၌' ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်းအကြောင်းကို အဋ္ဌကထာဆရာသည် အောက်ပါအတိုင်း ဖွင့်ဆိုထားလေသည်။

(၁) အင်္ဂါ ဟူသောအမည်သည် လက်ခြေစသော အင်္ဂါတို့ ထူးထူးခြားခြား လှနေ၍ 'ပါသာဒိက' ခေါ် စိတ်ကြည်လင်ခြင်းကို ဖြစ်စေတတ်သော မင်းသားတို့၏အမည် ဖြစ်လေသည်။ ထို့ကြောင့် ထိုမင်းသားတို့ကို 'အင်္ဂါ' ဟု ခေါ်သည်။

(၂) အင်္ဂါအမည်ရသော ထိုမင်းသားတို့၏ နေရာဇနပုဒ်ကိုလည်း တစ်ခုတည်း ဖြစ်စေကာမူ မင်းသားတို့၏ အင်္ဂါဟူသော ဗဟုဝုစ်နာမည်ကို တင်စားသော အတင်ရုဠီအားဖြင့် 'အင်္ဂါ' ဟု ဗဟုဝုစ်နာမည်ဖြင့် ခေါ်သည်။

(၃) ဥပစာရအားဖြင့် ဌာနီမင်းသားတို့၏ အမည်ကို 'ဌာန' ဇနပုဒ်၌ တင်စားအပ်သော ဌာနျူပစာရတည်း။

စာရိကံ စရမာနအဖွင့်

အထက်ပါ ပါဠိတော်တွင် ပါရှိသော 'စာရိကံ စရမာန' ပါဠိပုဒ်နှင့်စပ်၍ အဋ္ဌကထာတွင် ဖွင့်ဆိုပြရာ၌ စာရိကံ- ဒေသစာရီကို၊ စရမာန- လှည့်လည်ကြွတော်မူခြင်း' ဟု အနက်ပေးသည် ဖြစ်သောကြောင့် **စာရိကံ** အရ- **တုရိတစာရိက**- အလျင်အမြန်ကြွခြင်း၊ **အတုရိတစာရိက**- ဖြေးဖြေးနှေးနှေးကြွခြင်းဟူ၍ နှစ်မျိုးရှိကြောင်းကိုလည်းကောင်း၊ **အတုရိတစာရိက**- ဖြေးဖြေးနှေးနှေးကြွခြင်း၌လည်း **အနိဗဒ္ဓစာရိက**- တစ်စုံတစ်ဦးသောပုဂ္ဂိုလ်နှင့် ဆက်စပ်ခြင်းမရှိသောအားဖြင့် ကြွတော်မူခြင်း၊ **နိဗဒ္ဓစာရိက**- တစ်စုံတစ်ဦးသောပုဂ္ဂိုလ်နှင့် ဆက်စပ်ခြင်းရှိသောအားဖြင့် ကြွတော်မူခြင်းဟူ၍ နှစ်မျိုးရှိကြောင်းကိုလည်းကောင်း အမ္ဗဋ္ဌသုတ်က ပြဆိုခဲ့ပြီးဖြစ်သည်။ ဤ၌ ဗုဒ္ဓသည် အတုရိတစာရိက ကြွခြင်းမျိုးနှင့် နိဗဒ္ဓစာရိက ကြွခြင်းမျိုးဖြင့် ကြွတော်မူခြင်း ဖြစ်လေသည်။

သောဏဒဏ္ဍပုဏ္ဏား၏ သရဏဂုံတည်မည့်အကြောင်းကြောင့် ကြွတော်မူခြင်း

(၁) ထိုအခါ၌ ဗုဒ္ဓသည် တစ်သောင်းသော လောကဓာတ်ကို ကြည့်တော်မူလတ်သော် သောဏဒဏ္ဍပုဏ္ဏားသည် သဗ္ဗညုတ ဉာဏ်တော် ကွန်ယက်အတွင်း၌ ထင်ရှားပေါ်လာလေသည်။

(၂) ဗုဒ္ဓသည် ထိုပုဏ္ဏားတို့၏ အားကြီးသော ကုသိုလ်ကောင်းမှု၏ မိုရာအကြောင်းသည် ရှိလေသလောဟု စူးစမ်းတော်မူလျှင် အောက်ပါအတိုင်း သိမြင်တော်မူလေသည်။

(၃) ငါဗုဒ္ဓသည် ထိုအင်္ဂတိုင်းရှိ စမ္ပါမြို့အရပ်သို့ ကြွတော်မူလတ်သည်ရှိသော် ထိုသောဏဒဏ္ဍပုဏ္ဏား၏ အနီးနေတပည့်တို့သည် (၁၂)ပါးသော အကြောင်းအရာတို့ဖြင့် သောဏဒဏ္ဍပုဏ္ဏား၏ ဂုဏ်တို့ကို ပြောဆို၍ ငါဗုဒ္ဓ၏အထံသို့ လာခွင့်ကို မပေးမူ၍ တားမြစ်ကြကုန်လတ္တံ့။

(၄) ထိုသို့ တားမြစ်သော်လည်း ထိုသောဏဒဏ္ဍပုဏ္ဏားသည် ငါဗုဒ္ဓ၏ ဂုဏ်တို့ကို (၂၉) မျိုးသော အကြောင်းအရာတို့ဖြင့် ပြောဆို၍ ငါ့ထံသို့ ချဉ်းကပ်လတ္တံ့။

(၅) ထိုသောဏဒဏ္ဍပုဏ္ဏားသည် ငါဗုဒ္ဓအား ပဥှာပြဿနာကို မေးလတ္တံ့။ ငါ၏ ပဥှာပြဿနာကို ဖြေဆိုခြင်းအဆုံး၌ သရဏဂုံတည်သူ ဖြစ်လတ္တံ့ဟု ဤသို့မြင်တော်မူပြီ။

(၆) ထို့ကြောင့် ဗုဒ္ဓသည် ငါးရာသော ရဟန်းသံဃာတော်တို့နှင့်အတူ ထိုအင်္ဂတိုင်း စမ္ပါမြို့၏ အနီးဖြစ်သော ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနားအရပ်သို့ ကြွတော်မူခြင်း ဖြစ်လေသည်။ *(ဒီ ၄- ၁- ၂၄၉)*

ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ အဖွင့်နှင့် စမ္ပါမြို့ အမည်ပွါယ်အဖွင့်

ဂဂ္ဂရာယ- ဂဂ္ဂရာမည်သော၊ ပေါက္ခရဏိယာ- ရေကန်၏၊ တီရေ- ကမ်းနား၌ဟူသည် ဂဂ္ဂရာမည်သောမင်း၏ မိဖုရားခေါင်ကြီးသည် တူးစေအပ်သည်၏ အဖြစ်ကြောင့် ဂဂ္ဂရာရေကန်ဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။

စမ္ပါမြို့ ဟူသည်ကား ထိုမြို့ကိုတည်စဉ်က စကားဝါပန်းဟု ဆိုအပ်သော စမ္ပကပန်းပင်တွေ များစွာရှိသောကြောင့် စမ္ပါမြို့ဟု ခေါ်ကြသည်။ စမ္ပကပန်းကို စကားပန်းဟုလည်း ခေါ်သည်။ ထိုစကားပန်းသည် 'စကားညို၊ စကားစိမ်း၊ စကားနီ၊ စကားဖြူ၊ စကားဝါ' ဟူ၍ ငါးမျိုးရှိကြောင်းကို ဋီကာဟောင်း၊ ဋီကာသစ်တို့၌ ဆိုထားကြလေသည်။

ထို့ကြောင့် ပါဠိတော်၌ စမ္ပါမြို့၏ အနီးဖြစ်သော ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ ဗုဒ္ဓသီတင်းသုံးတော်မူသည်ဟု အရှင်အာနန္ဒာ ပြဆိုတော်မူသည်။ *(ဒီ ၄- ၁- ၂၄၉)*

ရေကန်၏ ကမ်းနားက စကားတော

(၁) ထိုဂဂ္ဂရာမည်သော ကမ်းနား၌ အညိုအစရှိသော ငါးမျိုးသောပန်းတို့ဖြင့် တန်ဆာဆင်ထားအပ်သော ကြီးသောစကားတော ရှိလေသည်။ ဗုဒ္ဓသည် ပန်းရနံ့တို့ဖြင့် ကောင်းသောအနံ့ရှိသော ထိုစကားတော၌ ငါးရာသော ရဟန်းသံဃာနှင့်အတူ သီတင်းသုံးတော်မူလျက်ရှိကြောင်းကို အဋ္ဌကထာတွင် ဖွင့်ဆိုပြလေသည်။

(၂) အဋ္ဌကထာ၌ အညိုအစရှိသော ငါးမျိုးသောပန်းဟုဆိုရာ၌ ထိုငါးမျိုးသောပန်းသည် (၁) **နီလာသောက**-အာသောက အညိုပန်း၊ (၂) **ကဏိကာရ**- မဟာလှေကားပန်း၊ (၃) **ကောဝိဠာရ**- ပင်လယ်ကသစ်ပန်း၊ (၄) **ကုန္ဒ**- သင်းခွေပန်း၊ (၅) **ရာဇရုက္ခ**- ငုပန်း ဟူသော ငါးမျိုးသောပန်းတို့ဖြင့် ရောယှက်နေသော 'စကားတော' ဟု မဟာဋီကာ၊ ဋီကာသစ်တို့၌ ဖွင့်ဆိုထားလေသည်။

(၃) ထိုဋီကာတို့၌ ထိုငါးမျိုးအပြင် စကားညိုပန်း၊ စကားစိမ်းပန်း၊ စကားနီပန်း၊ စကားဖြူပန်း၊ စကားဝါပန်း ဟူ၍လည်း ဖွင့်ဆိုလေသည်။

(၄) ထိုမြို့တည်စဉ်က များစွာပေါက်လျက်ရှိသော ရွှေအဆင်းရှိသော စကားဝါပန်းပင်တို့သည် ဗုဒ္ဓကြွတော်မူချိန်တိုင်အောင် မျိုးအဆက်ဆက်အားဖြင့် ဆက်လက်တည်ရှိနေသောကြောင့် ဗုဒ္ဓသည် စမ္ပါမြို့၏အနီး၌ ဂဂ္ဂရာရေကန်နား စကားတောအရပ်၌ ရဟန်းငါးရာနှင့်အတူ သီတင်းသုံးနေတော်မူသည်ဟု ပါဠိတော်၌ အရှင်အာနန္ဒာ မိန့်ဆိုခြင်းဖြစ်သည်။ *(ဒီ ၄- ၁- ၂၄၉)*

သောဏဒဏ္ဍပုဏ္ဏား စမ္ပါမြို့ကို စိုးအုပ်နေခြင်း

တေနခေါ ပန သမယေန သောဏဒဏ္ဍော ဗြာဟ္မဏော စမ္ပံ အဇ္ဈာဝသတိ သတ္တုဿဒံ သတိဏကဋ္ဌောဒကံ သဓညံ ရာဇဘောဂ္ဂံ ရညာမာဂဓေန သေနိယေန ဗိမ္ဗိသာရေန ဒိန္နံ ရာဇဒါယံ ဗြဟ္မဒေယျံ။ *(ဒီ- ၁- ၁၀၄)*

တေနခေါ ပန သမယေန- စမ္ပါမြို့၏အနီး ဂဂ္ဂရာမည်သော ရေကန်၏ကမ်းနား စကားတော၌ ရဟန်းသံဃာ ငါးရာနှင့်အတူ ဗုဒ္ဓသိတင်းသုံးတော်မူရာ ထိုအခါ၌၊ **သောဏဒဏ္ဍော**- သောဏဒဏ္ဍမည်သော၊ **ဗြာဟ္မဏော**- ပုဏ္ဏားသည်၊ **သတ္တုဿဒံ**- တိရစ္ဆာန်သတ္တဝါ လူသတ္တဝါတို့ဖြင့် ပေါများသော၊ **သတိဏကဋ္ဌောဒကံ**- မြက်, ထင်း, သစ်သား, ရေတို့နှင့်တကွဖြစ်သော၊ **သဓညံ**- စားသုံးဘို့ရန် ကောက်ပဲသီးနှံ စပါးနှင့်တကွဖြစ်သော၊ **ရာဇဘောဂ္ဂံ**- မင်းအထံမှ ရအပ်သော စည်းစိမ်ဖြစ်သော၊ **သေနိယေန**- သေနိယမည်သော (များသောစစ်တပ်ရှိသော)၊ **မာဂဓေန**- မာဂဓတိုင်းရှင်ဖြစ်သော၊ **ဗိမ္ဗိသာရေန**- ဗိမ္ဗိသာရမင်းသည်၊ **ဒိန္နံ**- ပေးအပ်သော၊ **ရာဇဒါယံ**- မင်း၏အမွေဖြစ်သော၊ **ဗြဟ္မဒေယျံ**- မြတ်သည်၏အဖြစ်ဖြင့် ပေးအပ်သော (ဆုလာဘ်အဖြစ်ဖြင့် ပေးအပ်သော)၊ **စမ္ပံ**- စမ္ပါမြို့ကို၊ **အဇ္ဈာဝသတိ**- အုပ်ချုပ်၍နေ၏။

သေနိယေန ဗိမ္ဗိသာရေနအဖွင့်

(၁) သေနိယ ဟူသည် များသောစစ်တပ်ရှိသောကြောင့် ဗိမ္ဗိသာရမင်းကို သေနိယဟုလည်း ခေါ်သည်။

(၂) ဗိမ္ဗိသာရ ဟူသည် ဗိမ္ဗိ- ရွှေ၊ သာရ- မြတ်ခြင်း၊ ကောင်းမြတ်သော ရွှေအဆင်းရှိသောကြောင့် ဗိမ္ဗိသာရမင်းဟူ၍ ခေါ်သည်။ ဗိမ္ဗိသာရမင်း၏ ခန္ဓာကိုယ်သည် ကောင်းမြတ်သော ရွှေအဆင်းကဲ့သို့ ဝါဝင်းလှပလျက် ရှိလေသည်။ *(ဒီ ဋ- ၁-၂၇၉)*

စမ္ပါမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ ကြားသိကြပုံ

ဗုဒ္ဓသည် ထိုသို့ စမ္ပါမြို့အနီး၌ ဂဂ္ဂရာမည်သော ရေကန်၏ကမ်းနား၌ စကားတောအရပ်၌ ရဟန်းငါးရာနှင့်တကွ သိတင်းသုံးတော်မူစဉ် စမ္ပါမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် အောက်ပါအတိုင်း ကြားသိကြလေသည်။

'အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသော ရဟန်းသံဃာနှင့်အတူ အင်္ဂတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ စမ္ပာမြို့သို့ ရောက်တော်မူ၍ ဂဂ္ဂရာမည်သော ရေကန်၏ကမ်းနား (စကားတော)၌ သိတင်းသုံးနေတော်မူ၏။ ထိုအရှင်ဂေါတမ၏ ကောင်းသောကျော်စောသတင်းသည် ဤသို့ပြန့်နှံ့၍ထွက်၏။

ထိုဗုဒ္ဓသည် အရဟံဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ရှင်, သုဂတဂုဏ်ရှင်, လောကဝိဒူဂုဏ်ရှင်, အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်ရှင်, သတ္ထာဒေဝမနုဿာနံဂုဏ်ရှင်, ဗုဒ္ဓဂုဏ်ရှင်, ဘဂဝါဂုဏ်ရှင် ဖြစ်တော်မူ၏ဟု ပြန့်နှံ့၍ထွက်၏။

ထိုအရှင်ဂေါတမသည် နတ်လောက, မာရ်နတ်လောက, ဗြဟ္မာလောက, သမဏ, ဗြာဟ္မဏလောက, မင်းလောက, လူ့လောကဟူသော သတ္တလောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။

ဗုဒ္ဓထံသို့ ချဉ်းကပ်ရန် အစုလိုက် ထွက်ကြခြင်း

ထိုစဉ်အခါ၌ စမ္ပာမြို့နေ ပုဏ္ဏားနှင့် အိမ်ရှင်အမျိုးသားတို့သည် မိမိတို့အိမ်မှ အသီးသီး အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် မြို့ပြင်အရောက်၌ '**ဂဏီဘူတာ**' တပေါင်းတည်း ဖြစ်ကြပြီးလျှင် ဗုဒ္ဓရှိရာ ဂဂ္ဂရာမည်သော ရေကန်အနီးသို့ ရှေးရှုသွားကြလေပြီ။

သောဏဒဏ္ဍပုဏ္ဏားကြီး လိုက်လိုကြောင်း ပြောပြီ

ဗုဒ္ဓထံသို့ ရှေးရှုသွားနေကြသော ထိုလူအုပ်ကြီးကို သောဏဒဏ္ဍပုဏ္ဏားကြီး မြင်လေလျှင် အမတ်တို့အားမေးရာ ဗုဒ္ဓထံသို့ ချဉ်းကပ်ရန်သွားကြောင်း ကြားသိသဖြင့် အမတ်ကြီးအား ပြောခိုင်းသည်ဖြစ်၍ အမတ်ကြီးသည် ထိုလူအုပ်ကြီးအား အောက်ပါအတိုင်း ပြောကြားလေပြီ။

'အရှင်တို့ အာဂမန္တု- ဆိုင်းငံ့ကြပါဦး၊ သောဏဒဏ္ဍောပိ ဗြာဟ္မဏော- သောဏဒဏ္ဍပုဏ္ဏားသည်လည်း၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ **ဒဿနာယ-** ဖူးမြော်ခြင်းငှာ၊ **ဥပသင်္ကမိဿတိ-** ချဉ်းကပ်ပါလိမ့်မည်။ *(ဒီ- ၁- ၁၀၅)*

အတိုင်းတိုင်း အပြည်ပြည်မှ ပုဏ္ဏားတို့ကြံကြပုံ

ထိုစဉ်အခါ၌ အတိုင်းတိုင်း အပြည်ပြည်မှ လာကုန်သော ငါးရာမျှသော ပုဏ္ဏားတို့သည် သောဏဒဏ္ဍပုဏ္ဏားကြီးအထံ၌ ယဇ်ကိုခံစားခြင်း အကျိုးငှာလည်းကောင်း, မန္တန်ရွတ်ခြင်း အကျိုးငှာလည်းကောင်း စမ္ပါမြို့၌ တည်းခိုလျက် ရှိနေကြလေသည်။ ထိုပုဏ္ဏားတို့သည် 'သောဏဒဏ္ဍပုဏ္ဏားသည် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လတ္တံ့' ဟု ကြားကြသောကြောင့် အောက်ပါအတိုင်း ကြံစည်ကြကုန်ပြီ။

(၁) **အယံ သောဏဒဏ္ဍော ဥတ္တမ ဗြာဟ္မဏော-** ဤသောဏဒဏ္ဍပုဏ္ဏားသည် မြတ်သောပုဏ္ဏားတည်း။

(၂) များသောအားဖြင့် သောဏဒဏ္ဍပုဏ္ဏားမှတပါး အခြားသောပုဏ္ဏားတို့သည် 'ရဟန်းဂေါတမကို ကိုးကွယ်ရာ' ဟူ၍ ဆည်းကပ်ကြကုန်ပြီ။

(၃) ဤသောဏဒဏ္ဍပုဏ္ဏားကြီးသာ မဆည်းကပ်ရသေး။ ထိုသောဏဒဏ္ဍပုဏ္ဏားသည် အကယ်၍ သွားသည်ရှိသော် မချွတ်ကေန် ရဟန်းဂေါတမ၏ အာဝဋ္ဋနီမာယာဖြင့်*(လှည့်ပတ်ကြောင်းမှန်သောမာယာဖြင့်)* လှည့်ပတ်အပ်သည်ဖြစ်၍ ရဟန်းဂေါတမအား ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ပေလတ္တံ့။

(၄) သောဏဒဏ္ဍပုဏ္ဏားသာ ရဟန်းဂေါတမကို ကိုးကွယ်ဆည်းကပ်လျှင် သောဏဒဏ္ဍပုဏ္ဏား၏ အိမ်တံခါးပေါက်အနီး၌ ပုဏ္ဏားတို့၏ စည်းဝေးခြင်း မဖြစ်လတ္တံ့။*(ဗုဒ္ဓအား လျှဒါန်း၍ သူတို့အား မပေးကမ်းခြင်းကြောင့် မှန်သောလာဘ်၌ ဝန်တိုမှု မစ္ဆရိယစိတ်အားကြီးသောကြောင့် အစည်းအဝေးမဖြစ်ဘဲ ဖြစ်လိမ့်မည်။)*

(၅) ထိုသို့ ကြံစည်မိကြ၍ '**ဂမနန္တရာယံ ကရောမ**'- သွားခြင်းအန္တရာယ်ကို ပြုကြကုန်စို့' ဟု သဘောတူတိုင်ပင်ကြပြီးလျှင် ထိုပုဏ္ဏားငါးရာတို့သည် သောဏဒဏ္ဍပုဏ္ဏားကြီးထံသို့ ချဉ်းကပ်ကြကုန်ပြီ။ *(ဒီ- ၁- ၁၀၅၊ ဒီ ဌ- ၁- ၂၅၀)*

သောဏဒဏ္ဍ ပုဏ္ဏားကြီး၏ ဂုဏ်ကိုပြဆို၍ တားမြစ်ကြခြင်း

ထိုပုဏ္ဏားငါးရာတို့သည် သောဏဒဏ္ဍပုဏ္ဏားကြီးအား 'ရဟန်းဂေါတမထံသို့ ဖူးမြော်ရန် ချဉ်းကပ်လတ္တံ့ဟူသည် မှန်သလော' ဟု မေးကြရာ သောဏဒဏ္ဍပုဏ္ဏားလည်း 'မှန်ကန်ကြောင်း' ဝန်ခံလေသည်။

ထိုအခါ ထိုပုဏ္ဏားတို့သည် '**အတ္တနော ဝဏ္ဏေ ဘညမာနေ အတုဿနက သတ္တောနာမ နတ္ထိ ဟန္ဒဿ ဝဏ္ဏံ ဘဏေန ဂမနံ နိဝါရေဿာမ။' အတ္တနော-** မိမိ၏။ **ဝဏ္ဏော-** ဂုဏ်ကို၊ **ဘညမာနေ-** ပြောဆိုအပ်သော်၊ **အတုဿနက သတ္တောနာမ-** မနှစ်သက်အပ်သော သတ္တဝါမည်သည်၊ **နတ္ထိ-** မရှိပေ၊ **ဟန္ဒ-** ယခု၊ **အဿ-** ထိုသောဏဒဏ္ဍပုဏ္ဏား၏။ **ဝဏ္ဏံ-** ဂုဏ်ကို၊ **ဘဏေန-** ဖော်ထုတ်ပြောဆို၍၊ **ဂမနံ-** သွားခြင်းကို၊ **နိဝါရေဿာမ-** တားမြစ်ကုန်အံ့' ဟု ကြံစည်ကြပြီးလျှင် အောက်ပါအတိုင်း တားမြစ်စကား ပြောကြားကြလေသည်။

(၁) 'အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ပါလင့်၊ အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ။ အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်ငြားအံ့၊ အရှင်သောဏဒဏ္ဍ၏ ကျော်စောသတင်းသည် ဆုတ်ယုတ်ပါလတ္တံ့။ ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် တိုးပွားပါလတ္တံ့။ ထို့ကြောင့်လည်း အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ။ ရဟန်းဂေါတမသည်သာ အရှင်သောဏဒဏ္ဍကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏။

(၂) အရှင်သောဏဒဏ္ဍသည် အမိဘက်, အဖဘက် နှစ်ဘက်စလုံးတို့မှ မျိုးရိုးခုနစ်ဆက်တိုင်အောင် သန့်စင်သောမျိုးရိုး ရှိသောကြောင့်လည်းကောင်း၊

(၃) အရှင်သောဏဒဏ္ဍသည် သူတစ်ပါးကို လွှမ်းမိုးနိုင်လောက်အောင် များသောဥစ္စာရှိသောကြောင့်လည်းကောင်း၊
(ရဟန်းဂေါတမကား ဥစ္စာမရှိ။ ထမင်းတောင်း၍ ဝမ်းကိုဖြည့်နေရသောကြောင့်လည်းကောင်း)

(၄) အရှင်သောဏဒဏ္ဍသည် ဝေဒကျမ်း, မဟာပုရိသလက္ခဏာကျမ်းစသော ကျမ်းတို့ကို အကြွင်းမဲ့တတ်မြောက်သော ကြောင့်လည်းကောင်း၊

(၅) အရှင်သောဏဒဏ္ဍသည် အခြားသူတို့ထက် ပို၍အဆင်းလှ၏။ တစ်နေ့ပတ်လုံး ထိုင်ကြည့်လျှင်တောင်မှ မရောင့်ရဲနိုင်လောက်အောင် ရှုချင်ဖွယ်ရှိ၏။ ကြည်ညိုဖွယ်ရှိ၏။ မြတ်သောအဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏။ ဗြဟ္မာနှင့်တူသော ရွှေအဆင်းရှိ၏။ မဟာဗြဟ္မာနှင့်တူသော ကိုယ်ရောင်ရှိ၏။ ခံ့ငြားသော ကိုယ်ခန္ဓာရှိ၏။ ဤသို့ သူတစ်ပါးတို့ထက် လွန်ကဲသော အဆင်းဂုဏ်ရှိသောကြောင့်လည်းကောင်း၊

(၆) အရှင်သောဏဒဏ္ဍသည် သီလရှိ၏။ ကြီးပွားသောသီလနှင့် ပြည့်စုံ၏။ *(ငါးပါးသီလကိုသာ ဂုဏ်ရှယ်မြောဆိုခြင်းဖြစ်သည်)* ထိုသို့ သီလဂုဏ်နှင့် ပြည့်စုံသောကြောင့်လည်းကောင်း၊

(၇) အရှင်သောဏဒဏ္ဍသည် **'ကလျာဏဝါစော'** ကောင်းသောစကားရှိ၏။ ချိုမြိန်သော စကားသံရှိ၏။ ယဉ်ကျေးသော စကားရှိ၏။ သန့်ရှင်းသော အပြစ်ကင်းသော အနက်အဓိပ္ပါယ်ကို သိလွယ်သော စကားရှိ၏။ ထို့ကြောင့်လည်းကောင်း၊

(၈) အရှင်သောဏဒဏ္ဍသည် **ဗဟူနံ အာစရိယော**– များစွာသောသူတို့၏ ဆရာဖြစ်၏။ **ပါစရိယော**– ဆရာ့ဆရာဖြစ်၏။ လုလင်သုံးရာတို့အား ဝေဒကျမ်းကို ပို့ချပေး၏။ အထူးထူးသောအရပ်, အထူးထူးသောဇနပုဒ်တို့မှ များစွာသောလုလင်တို့သည် အရှင်သောဏဒဏ္ဍ၏အထံ၌ ဝေဒကျမ်းတို့ကို သင်လိုသည်ဖြစ်၍ လာကြကုန်၏။ ထို့ကြောင့်လည်းကောင်း၊

(၉) အရှင်သောဏဒဏ္ဍသည် အိုမင်း၏၊ အသက်ကြီး၏၊ အရွယ်ရင့်၏၊ ရှေးမှီ၏၊ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏။ အရှင်ဂေါတမသည် အသက်ငယ်သူလည်း ဖြစ်၏။ ရဟန်းငယ်လည်း ဖြစ်၏။ ထို့ကြောင့်လည်းကောင်း၊

(၁၀) အရှင်သောဏဒဏ္ဍကို သေနိယမည်သော မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်းသည် အရိုအသေပြု၏။ အလေးပြု၏။ မြတ်နိုး၏။ ပူဇော်၏။ တုပ်ဝပ်၏။ ထို့ကြောင့်လည်းကောင်း–

(၁၁) အရှင်သောဏဒဏ္ဍကို ပေါက္ခရသာတိပုဏ္ဏားသည် အရိုအသေပြု၏။ အလေးပြု၏။ မြတ်နိုး၏။ ပူဇော်၏။ တုပ်ဝပ်၏။ ထို့ကြောင့်လည်းကောင်း–

(၁၂) အရှင်သောဏဒဏ္ဍသည် လူစည်ကား၍ ကျွဲ, နွား, မြင်း, ထင်း, ရေ, ဆန်စပါး ပေါများပြည့်စုံသော စမ္ပါမြို့ကို အုပ်စိုးသူဖြစ်၏။ ထို့ကြောင့်လည်းကောင်း–

အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ။ ရဟန်းဂေါတမသည်သာ အရှင်သောဏဒဏ္ဍကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏ဟု ဝိုင်းဝန်း၍ ကန့်ကွက်စကား ပြောကြားကြလေသည်။

သတိပြုဖွယ် တရားတော်

အထက်ပါ စကားရပ်တို့ဖြင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းသည် လူတစ်ဦးတစ်ယောက်၏ဘဝကို ဆိုးအောင်လည်း ပြုလုပ်တတ်သည်။ ကောင်းအောင်လည်း ပြုလုပ်တတ်သည် ဟူသောအချက်သည် ပေါ်လွင်ထင်ရှားလျက် ရှိနေလေသည်။ လူ့လောက၌ လူတစ်ဦးတစ်ယောက်သည် မိမိ၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ တစ်ဆင့်တက်၍ ပြောင်းလဲသွားတော့မည့် အခြေအနေ ကြုံတိုင်း ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ဝိုင်းဝန်း၍ ကန့်ကွက်တတ်သည်မှာ လူ့လောက၏ ဓမ္မတာတစ်ခုလို ဖြစ်နေလေသည်။ အဆိုးဘက်သို့ ပြောင်းလဲမည့်ကိစ္စကို ကန့်ကွက်ခြင်းကို နားထောင်သင့်သော်လည်း တစ်ဆင့်တက်၍ အမြင့်ဘက်သို့လည်းကောင်း, အကောင်းဘက်သို့လည်းကောင်း ပြောင်းလဲမည့်ကိစ္စကို ကန့်ကွက်ခြင်းကိုကား နားထောင်ဖွယ်မလိုပေ။

သို့ရာတွင် လူအများတို့သည် မိမိ၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ ရုန်းထွက်နိုင်ရန် ခဲယဉ်းလှပေသည်။ သာမညစိတ်ဓာတ်, ကံ, ဉာဏ်, ဝီရိယတို့ဖြင့် ရုန်းထွက်ရန် မလွယ်ကူပေ။ ရှေးကလည်း ပြုလုပ်ခဲ့ဖူးသော ကုသိုလ်ပါရမီလည်း ရှိပါမှ ထူးခြားထက်မြက်သော စိတ်ဓာတ်, ကံ, ဝီရိယလည်းရှိပါမှ ရုန်းထွက်နိုင်ကြမည် ဖြစ်ပေသည်။ ထိုသို့ရုန်းထွက်နိုင်သူ ဖြစ်ပါမှလည်း မိမိအတွက် ဤဘဝရော နောင်ဘဝတွေမှာပါ အကျိုးစီးပွားချမ်းသာများ တိုးပွားရရှိကြမည် ဖြစ်သည်။ ထို့ကြောင့် **မိမိပြောင်းလဲမည့်ကိစ္စသည် အကောင်းဖြစ်သည်ဆိုပါက ရုန်းထွက်ဖြစ်အောင် ရုန်းထွက်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

ယခု အရှင်သောဏဒဏ္ဍကိုလည်း ၎င်းတို့၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ကန့်ကွက်လျက် ရှိနေချေပြီ။ သောဏဒဏ္ဍပုဏ္ဏားကြီးသည် 'ရုန်းထွက်နိုင်, မရုန်းထွက်နိုင်' ကို ဆက်လက်ရှုစားကြပါကုန်လော့။

သောဏဒဏ္ဍပုဏ္ဏား ဗုဒ္ဓဂုဏ်ကို ပြောဆို၍ ချေပခြင်း

ထိုသို့ ပုဏ္ဏားငါးရာတို့က ဝိုင်းဝန်းကန့်ကွက်ကြလေလျှင် သောဏဒဏ္ဍပုဏ္ဏားသည် 'ဤပုဏ္ဏားတို့သည် ဇာတ်အစရှိသည်တို့ဖြင့် ငါ၏ဂုဏ်ကို ပြောဆိုကြကုန်၏။ ထိုသို့ပင် ပြောဆိုကြသော်လည်း–

ယခုငါသည် မိမိဂုဏ်၌ တပ်မက်ခြင်းငှာမသင့်။ ယခုငါသည် ထိုပုဏ္ဏားတို့၏ စကားကို ချေဖျက်၍ ရဟန်းဂေါတမ၏ ဂုဏ်ကသာလျှင် သာလွန်ကြီးကျယ်ကြောင်းကို သိစေပြီးမှ ရဟန်းဂေါတမထံသို့ ဖူးမြော်ခြင်းငှာ သွားတော့အံ့' ဟု ကြံပြီးလျှင် အောက်ပါစကားကို ပြောလေသည်။ *(ဒီ ဌ– ၁– ၂၅၂)*

တေနဟိ ဘော မမပိ သုဏာထ ယထာမယမေဝ အရဟာမ တံ ဘဂဝန္တံ ဂေါတမံ ဒဿနာယ ဥပသင်္ကမိတုံ၊ နတွေဝ အရဟတိ၊ သော ဘဝံ ဂေါတမော အမှာကံ ဒဿနာယ ဥပသင်္ကမိတုံ။ *(ဒီ– ၁– ၁၀၇)*

ဘော– အမောင်တို့၊ တေနဟိ– ထိုသို့ဖြစ်လျှင်၊ *(ဂုဏ်ကြီးထံသို့ ဂုဏ်ငယ်သူက သွားရမည်မှန်လျှင်)*၊ ယထာ– အကြင်အကြောင်းကြောင့်၊ မယမေဝ– ငါတို့ကသာလျှင်၊ တံ ဘဂဝန္တံ ဂေါတမံ– ထိုအရှင်ဂေါတမကို၊ ဒဿနာယ– ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ– ချဉ်းကပ်ခြင်းငှာ၊ အရဟာမ– ထိုက်ကုန်၏။

သော ဘဝံ ဂေါတမော– ထိုအရှင်ဂေါတမသည်၊ အမှာကံ– ငါတို့ကို၊ ဒဿနာယ– ကြည့်ရှုခြင်းငှာ၊ ဥပသင်္ကမိတုံ– ချဉ်းကပ်ခြင်းငှာ၊ နတွေဝ အရဟတိ– မထိုက်သည်သာ၊ မမပိ– ငါ၏လည်း၊ တထာ– ထိုအကြောင်းကို၊ သုဏာထ– နားထောင်ကြကုန်ဦးလော့။

အချို့ဂုဏ်တူသည်ဟု ဆိုရာ၌

အောက်တွင်ဖော်ပြလတ္တံ့သော အရှင်ဂေါတမသည်လည်း အမိဘက် အဖဘက် နှစ်ဘက်လုံး၌ မျိုးရိုးခုနစ်ဆက်တိုင်အောင် မျိုးသန့်စင်သည်ဟုဆိုရာ၌ သာမညအားဖြင့်သာ တူလေသည်။ ထပ်တူထပ်မျှ မတူညီနိုင်ပေ။

ထိုသို့တူပါသည်ဟု ဆိုအပ်သော ဂုဏ်တို့ကိုသော်မှလည်း မိမိ၏ဂုဏ်တို့ထက် သာလွန်၏။ အခြားဂုဏ်တို့ကား ပြောဘွယ်ရာ မလိုပေ။ ဂုဏ်ငယ်သူက ဂုဏ်ကြီးသူထံသို့ ချဉ်းကပ်ထိုက်သည်ဆိုပါက ငါတို့ကသာ အရှင်ဂေါတမကို ချဉ်းကပ်ထိုက်သည်။

ထိုအကြောင်းကို ထင်ရှားအောင်ဆိုရသော် မြင့်မိုရ်တောင်ကိုထောက်၍ မုန်ညင်းစေ့သည် သေးငယ်သကဲ့သို့၊ ယုတ်ညံ့သကဲ့သို့ မဟာသမုဒ္ဒရာကိုထောက်၍ နွားခြေရာခွက်၌ တည်သောရေသည် သေးငယ်သကဲ့သို့၊ ယုတ်ညံ့သကဲ့သို့ အိုင်ကြီးခုနစ်အိုင်က ရေကိုထောက်၍ ဆီးနှင်းပေါက်သည် သေးငယ်သကဲ့သို့၊ ယုတ်ညံ့သကဲ့သို့ ဤအတူ ရဟန်းဂေါတမ၏ 'ဇာတိသမ္ပတ္တိ' ဇာတ်နှင့်ပြည့်စုံပုံ အစရှိကုန်သော ဂုဏ်တို့ကိုထောက်၍ ငါတို့၏ဂုဏ်တို့သည် သေးငယ်ကုန်၏၊ ယုတ်ညံ့ကုန်၏။ *(ဒီ ဌ– ၁– ၂၅၂ / ၂၅၃)*

ဗုဒ္ဓ၏ ဂုဏ်တော်များကို ဖော်ထုတ်ခြင်း

(၁) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အမိဘက် အဖဘက် နှစ်ဘက်စလုံးတို့မှ မျိုးရိုးခုနစ်ဆက်တိုင်အောင် သန့်စင်သောမျိုးရိုး ရှိသောကြောင့်လည်းကောင်း၊

(၂) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် **'မဟန္တံ ဉာတိသံဃံ ဩဟာယ ပဗ္ဗဇိတော'** **မဟန္တံ**– များစွာသော၊ **ဉာတိသံဃံ**– ဆွေမျိုးအပေါင်းကို၊ **ဩဟာယ**– ပယ်စွန့်၍၊ **ပဗ္ဗဇိတော**– ရဟန်းပြု၏၊ ထို့ကြောင့်လည်းကောင်း *(မယ်တော်ဘက်မှ ဆွေမျိုးရှစ်သောင်း၊ ခမည်းတော်ဘက်မှ ဆွေမျိုးရှစ်သောင်း ဤသို့ တစ်သိန်းခြောက်သောင်းသော ဆွေမျိုးအပေါင်းကို ပယ်စွန့်၍ ရဟန်းပြုသောကြောင့်လည်းကောင်း)*

(၃) ဘော– အချင်းတို့၊ **ခလု**– စင်စစ်သော်ကား၊ **သမဏော ဂေါတမော**– ရဟန်းဂေါတမသည်၊ **'ပဟူတံ ဟိရညသုဝဏ္ဏံ ဩဟာယ ပဗ္ဗဇိတော ဘူမိဂတဉ္စ ဝေဟာသဋ္ဌဉ္စ'** **ပဟူတံ**– များစွာသော၊ **ဘူမိဂတဉ္စ**– မြေသို့ရောက်သည်လည်းဖြစ်သော၊ **ဝေဟာသဋ္ဌဉ္စ**– ကောင်းကင်၌တည်သည်လည်းဖြစ်သော၊ **ဟိရညသုဝဏ္ဏံ**– ငွေ, ရွှေကို၊ **ဩဟာယ**– ပယ်စွန့်၍၊ **ပဗ္ဗဇိတော**– ရဟန်းပြုပြီ၊ ထို့ကြောင့်လည်းကောင်း၊

(**ဘူမိဂတ**– မြေသို့ရောက်သော ရွှေ, ငွေဟူသည် မင်းရင်ပြင်၌လည်းကောင်း, ဥယျာဉ်၌လည်းကောင်း အင်္ဂတေဖြင့် အပြေအပြစ်ပြုအပ်သော ရေကန်တို့ကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေ၍ ထားအပ်သော ဥစ္စာများတည်း။ ထိုမှတပါး ဗုဒ္ဓ ဖွားတော်မူစဉ်တုန်းက ရွှေအိုးကြီးလေးလုံးလည်း ရှိလေသေးသည်။ **ဝေဟာသဋ္ဌ**– ကောင်းကင်၌တည်သော ရွှေ, ငွေတို့ဟူသည် အထက်ပြာသာဒ်၌ ထုတ်လျောက်စွန်း အစရှိသည်တို့ကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေ၍ ထားအပ်သော ဥစ္စာများတည်း။ *ဒီ ၅– ၁– ၂၅၃*)

(၄) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် **ဒတရော၀**– ငယ်ရွယ်ပျိုမြစ်သည်ဖြစ်လျက်, ကောင်းစွာမည်းနက်သော ဆံပင်ရှိသည်ဖြစ်လျက်, ပဌမအရွယ်ဟူသော ကောင်းသောအရွယ်နှင့် ပြည့်စုံသည်ဖြစ်လျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်နိုင်သောကြောင့်လည်းကောင်း၊

(၅) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် **'အကာမကာနံ မာတာပိတူနံ'** အမိအဖတို့ မလိုလားကုန်၍ မျက်ရည်ရွဲစို ငိုယိုကုန်စဉ် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်နိုင်သောကြောင့်လည်းကောင်း၊

(၆) အချင်းတို့ ရဟန်းဂေါတမသည် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သောအဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့်တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိ၏၊ **'အခုဒ္ဒါဝကာသော ဒဿနာယ'** ဖူးမြင်ခြင်းငှာ ခံ့ညားသော ကိုယ်ခန္ဓာရှိ၏။

အခုဒ္ဒါဝကာသော ဒဿနာယ အဖွင့်

ဤ၌ ဗုဒ္ဓ၏ ခန္ဓာကိုယ်သည် မသေးငယ်သည့်အပြင် ခံ့ညားသော ကိုယ်ခန္ဓာရှိရာ၌ အတိုင်းအရှည် မရှိပုံကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

(၁) ရာဇဂြိုဟ်မြို့၌ ပုဏ္ဏားတစ်ဦးသည် 'ရဟန်းဂေါတမ၏ အတိုင်းအရှည်ကို ယူခြင်းငှာ မစွမ်းနိုင်' ဟု ကြား၍ ဗုဒ္ဓ ဆွမ်းခံကြွတော်မူလာစဉ် အတောင် (၆၀)ရှိသောဝါးကိုယူ၍ ဗုဒ္ဓ၏ အရပ်တော်ကို တိုင်းကြည့်ရာ ထိုအတောင် (၆၀)ဝါးသည် ဗုဒ္ဓ၏ ဒူးအထိသာ ရောက်လေသည်။

(၂) နောက်တစ်နေ့ အတောင် (၁၂၀) ဝါးလုံးနှင့် တိုင်းပြန်ရာ ခါးလောက်မျှသာ ရောက်လေသည်။ ဗုဒ္ဓက 'ပုဏ္ဏား သင်သည် အဘယ်ကို ပြုသနည်း' ဟု မေးတော်မူရာ 'အရှင်ဂေါတမ၏ အတိုင်းအရှည်ကို ယူကြည့်ပါသည်' ဟု ပုဏ္ဏားက လျှောက်ထားလေသည်။ ဗုဒ္ဓက 'ပုဏ္ဏား သင်သည် ဝါးလုံးတို့ကို အလုံးစုံသော စကြာဝဠာတိုက်တို့ကို ပြည့်စေ၍ တိုင်းသော်လည်း ငါဗုဒ္ဓ၏ အတိုင်းအရှည်ကို ယူနိုင်လိမ့်မည်မဟုတ်။ မှန်၏။ ပုဏ္ဏား ငါဗုဒ္ဓသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီကုသိုလ်ကို ပြုလုပ်ရာ၌ အတိုင်းအရှည်မရှိ ငါပြုလုပ်ခဲ့ပြီ။ ပုဏ္ဏား တထာဂတကို မနှိုင်းယှဉ်အပ်၊ မနှိုင်းယှဉ်နိုင်' ဟု မိန့်တော်မူလေသည်။ *(ဒီ ၅– ၁– ၂၅၄)*

(၃) ထိုမှတပါးလည်း ရာဟုအသူရိန်နတ်မင်း၏ ခန္ဓာကိုယ်သည် ယူဇနာ (၄၈၀၀) မြင့်လေသည်။ လက်မောင်းနှစ်ခုတို့၏ အကြားသည် (၁၁၂) ယူဇနာ ကွာဝေးသည်။ ကိုယ်လုံးအလယ်သည် ယူဇနာ (၆၀၀) ရှိသည်။ လက်ဖဝါး ခြေဖဝါးအပြင်သည် ယူဇနာ (၃၀၀) ရှိသည်။ လက်ဆစ် ခြေဆစ်တို့သည် ယူဇနာ (၅၀) ရှိသည်။ မျက်ခုံးနှစ်ခုတို့၏ အကြားသည် ယူဇနာ (၅၀) ရှိသည်။ ပါးစပ်သည် အကျယ်အားဖြင့် ယူဇနာ (၂၀၀) ရှိသည်။ အစောက်အားဖြင့် ယူဇနာ (၃၀၀) ရှိသည်။ အဝန်းအဝိုင်းအားဖြင့် ယူဇနာ (၃၀၀) ရှိသည်။ လည်ပင်းသည်လည်းကောင်း, နဖူးပြင်သည်လည်းကောင်း ယူဇနာ (၃၀၀) စီရှိသည်။ ဦးခေါင်းသည် ယူဇနာ (၉၀၀) ရှိသည်။

(၄) ထိုရာဟုအသူရိန်နတ်မင်းသည် ထိုသို့ခန္ဓာကိုယ် အလွန်မြင့်သောကြောင့် 'နိမ့်သောဗုဒ္ဓကို ငုံ့၍ဖူးခြင်းငှာ စွမ်းနိုင်မည်မဟုတ်' ဟု ကြံ၍ ဗုဒ္ဓကို မဖူးမြော်ဘဲ နေလေသည်။ ဗုဒ္ဓဂုဏ်တော်ကို ကြားရဖန်များသောအခါ 'ဖြစ်တဲ့နည်းဖြင့် ဖူးရတော့အံ့' ဟု ကြံပြီးလျှင် ဗုဒ္ဓကို လာ၍ဖူးလေသည်။ ထိုအခါ၌ ဗုဒ္ဓသည် လျောင်းလျက် အဖူးခံလေသည်။

(၅) ယူဇနာ (၄၈၀၀) အရပ်မြင့်သော ရာဟုအသူရိန်နတ်မင်းသည် ရပ်လျက်ကနေ လျောင်း၍နေသော ဗုဒ္ဓကို အထက်ကို မော်၍ ဖူးရလေသည်။ လပြည့်ဝန်းကို လူတို့မော်ကြည့်သကဲ့သို့ မော်ဖူးရလေသည်။ ထိုအခါမှ ရာဟုအသူရိန်နတ်မင်းသည် 'သူသည် အကြံများခဲ့ပုံ' ကို ဗုဒ္ဓအား တောင်းပန်လျှောက်ထားလေရာ ဗုဒ္ဓက 'အသူရိန် ငါသည် ပါရမီတို့ကို ဖြည့်ကျင့်ခဲ့ရာ၌ 'အဓောမုခ' အောက်၌မျက်နှာရှိသောအားဖြင့် ဖြည့်ကျင့်ခဲ့သည်မဟုတ်။ 'ဥဒ္ဓဂ္ဂမေဝ' အထက်၌ အဖျားရှိသည်ကိုသာလျှင် ပါရမီတို့ကို ဖြည့်ကျင့်ခဲ့

သည်' ဟု မိန့်ကြားတော်မူလေသည်။ ရဟာအသုရိန္ဒနတ်မင်းသည် သရဏကို ခံယူသည်။ (ပါဠိတော်ကို ပြည့်ကျင့်ရာ၌ ဝီရိယလျော့ခြင်းကို 'အဓောမုခ'၊ ဝီရိယမလျော့ခြင်းကို 'ဥဒ္ဓဂ္ဂ' ဟု တင်စား၍ ဆိုခြင်းဖြစ်သည်။) ဤသို့လျှင် ဗုဒ္ဓ၏ ခန္ဓာကိုယ်သည် ဖူးမြင်ခြင်းငှာ ခဲ့ငြားသော ခန္ဓာကိုယ် ဖြစ်လေသည်။ *(ဒီ ၄- ၁- ၂၅၅)*

(၇) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် **သီလဝါ- သီလရှိ၏။ အရိယသီလီ-** မြတ်သောသီလရှိ၏။ **ကုသလသီလီ-** ကောင်းသောသီလရှိ၏။ **ကုသလသီလေန သမန္နာဂတော-** ကောင်းသောသီလနှင့် ပြည့်စုံ၏။ ထို့ကြောင့်လည်းကောင်း၊ (သီလဝါ ဟူသည် စတုပါရိသုဒ္ဓိသီလတည်း။ အရိယသီလီ ဟူသည် ထိုသီလသည် ကိလေသာတို့မှ ဝေးကွာသောကြောင့် မြတ်သောသီလ ဖြစ်သည်။ ကုသလသီလီ ဟူသည် ဗုဒ္ဓ၌ရှိသော သီလသည် ကုသိုလ်မဟုတ် ကြိယာစိတ္တုပ္ပါဒ်သာတည်း။ ထို့ကြောင့် **အနဝဇ္ဇ-** အပြစ်ကင်းသောအနက်ကိုယူရန် အဋ္ဌကထာဖွင့်သည်။ အပြစ်ကင်းသော ကြိယာသီလတည်း။ *ဒီ ၄- ၁- ၂၅၅)*

(၈) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ကောင်းသောစကားရှိ၏။ ကောင်းသော မြွက်ဆိုသံရှိ၏။ ယဉ်ကျေးသောစကားနှင့် ပြည့်စုံ၏။ ထို့ကြောင့်လည်းကောင်း၊

(၉) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် **ဗဟူနံ အာစရိယော-** များစွာသောသူတို့၏ ဆရာဖြစ်၏။ **ပါစရိယော-** ဆရာ့ဆရာဖြစ်၏။ ထို့ကြောင့်လည်းကောင်း၊ (ဤ၌ **'ဗဟူနံ အာစရိယ'** ဟူသည် တစ်ကြိမ်တစ်ကြိမ် တရားဟောလျှင် (၈၄၀၀၀) ကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ အတိုင်းအရှည်မရှိကုန်သော နတ်လူတို့သည်လည်းကောင်း မင်္ဂဖိုလ်ကို ရကြကုန်၏။ ထို့ကြောင့် များစွာကုန်သော နတ်လူတို့၏ ဆရာဖြစ်လေသည်။ ဆုံးမထိုက်သော သတ္တဝါတို့၏ ပဓာနဆရာ ဖြစ်သောကြောင့် **'ပါစရိယ'** လည်း ဖြစ်လေသည်။)

(၁၀) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် **'ခီဏ ကာမရာဂေါ'** ကာမဂုဏ်၌ တပ်မက်ခြင်း ကုန်ခန်းပြီးဖြစ်၏။ **'ဝိဂတ စာပလ္လော'** လျှပ်ပေါ်လော်လီခြင်းကင်း၏။ ထို့ကြောင့်လည်းကောင်း၊ (ဤ၌ **'ခီဏ ကာမရာဂေါ'** ဟု ဆိုရာ၌ ဗုဒ္ဓသည် အလုံးစုံသော ကိလေသာတို့မှ ကင်းစင်ပြီးဖြစ်၏။ သို့ရာတွင် ထိုသောဏဒဏ္ဍပုဏ္ဏားသည် ကာမရာဂကိလေသာကိုသာ သိ၏။ အခြားသော ကိလေသာကို မသိ။ ထို့ကြောင့် ကာမဂုဏ်၌ တပ်မက်ခြင်း ကာမရာဂကိလေသာ ကုန်ခန်းပြီးဖြစ်၏ဟု ဆိုခြင်းဖြစ်သည်)

(၁၁) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် **ကမ္မဝါဒီ-** ကံကိုယုံကြည်သောဝါဒ ရှိ၏။ **ကိရိယဝါဒီ-** အကြောင်းကို ယုံကြည်သောဝါဒ ရှိ၏။ **အပါပ ပုရက္ခာရော ဗြဟ္မညာယ ပဇာယ-** ပုဏ္ဏား ပရိသတ်၏ ကောင်းကျိုးကိုသာလျှင် ရှေးရှု၏။ ထို့ကြောင့်လည်းကောင်း၊ (အရှင်သာရိပုတြာ, အရှင်မောဂ္ဂလာန်, အရှင်မဟာကဿပတို့သည် ပုဏ္ဏားမျိုးတို့တည်း။ ထို့ကြောင့် ထိုစကားကိုဆိုသည်။)

(၁၂) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် မင်းမျိုးစဉ်ဆက်မပျက်သော မြင့်မြတ်သော ခတ္တိယမျိုးမှ ရဟန်းပြု၏။ ထို့ကြောင့်လည်းကောင်း၊

(၁၃) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် များသောဥစ္စာရှိသော, များသောစည်းစိမ်ရှိသော, ကြွယ်ဝသော အမျိုးမှ ရဟန်းပြု၏။ ထို့ကြောင့်လည်းကောင်း၊

(၁၄) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် တစ်ပါးသော တိုင်းနိုင်ငံ, တစ်ပါးသော ဇနပုဒ်တို့မှ လူတို့သည် ပြဿနာမေးအံ့သောငှာ ရဟန်းဂေါတမထံသို့ လာကုန်၏။ ထို့ကြောင့်လည်းကောင်း၊

(၁၅) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ထောင်ပေါင်းများစွာသော နတ်တို့သည် အသက်နှင်း၍ ကိုးကွယ်ကုန်၏။ ထို့ကြောင့်လည်းကောင်း၊

(၁၆) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ထွက်၏။ ထိုဗုဒ္ဓသည် အရဟံဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ရှင်, သုဂတဂုဏ်ရှင်, လောကဝိဒူဂုဏ်ရှင်, အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်ရှင်, သတ္ထာဒေဝမနုဿနံဂုဏ်ရှင်, ဗုဒ္ဓဂုဏ်ရှင်, ဘဂဝါဂုဏ်ရှင်ဟူ၍ ပျံ့နှံ့၍ ထွက်၏။ ထို့ကြောင့်လည်းကောင်း၊

(၁၇) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် (၃၂)ပါးသော ယောကျ်ားမြတ် လက္ခဏာတို့နှင့် ပြည့်စုံ၏။ ထို့ကြောင့်လည်းကောင်း၊

(၁၈) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် **ဧဟိ သွာဂတော ဝါဒီ**– လာလော့၊ ကောင်းသောလာခြင်းတည်းဟု ဆိုလေ့ရှိ၏။ **သခိလော**– နူးညံ့ပြေပြစ်သော စကားရှိ၏။ **သမ္မောဒကော**– ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်တတ်၏။ **အဗ္ဘာကုဋိကော**– မျက်မှောင်မကြုတ်တတ်။ (အချို့ပုဂ္ဂိုလ်တို့သည် ပရိသတ်ရောက်လာသော် **ထဒ္ဓမုခါ**– ခက်ထန်သောမျက်နှာ ရှိကုန်၏။ **သင်္ကုဋိတမုခါ**– ရှုံ့တွသောမျက်နှာ ရှိကုန်၏။ ဗုဒ္ဓကား ထိုသို့မဟုတ်ပေ။ ပရိသတ်ကို မြင်ရခြင်းကြောင့် နေအရှဏ်၏ အတွေ့ကြောင့် ပဒုမ္မာကြာပန်း ပွင့်သကဲ့သို့ ထိုရဟန်းဂေါတမ၏ မျက်နှာတော်သည် ပွင့်လန်း၏။ လပြည့်ဝန်းနှင့် တူသော အသရေရှိ၏။)

ဥတ္တာနမုခေါ– ပေါ့ပါးသောနှုတ်ရှိ၏။ (အချို့သော ပုဂ္ဂိုလ်တို့သည် မှောက်အပ်သော မျက်နှာရှိသကဲ့သို့ ရောက်လာသော ပရိသတ်အား စကားပြောခဲလေသည်။ ရဟန်းဂေါတမကား ထိုသို့မဟုတ်ပေ။ လွယ်ကူစွာပင် စကားပြော၏။ ရောက်လာ ရောက်လာကုန်သော ပရိသတ်တို့သည် စကားမပြောသော ရဟန်းဂေါတမထံသို့ လာမိခြင်းသည် မှားလေစွဟု နှလုံးမသာခြင်း မဖြစ်။ ဗုဒ္ဓ၏ တရားစကားကို နာရ၍ ဝမ်းသာအားရကြသည်သာ ဖြစ်၏။)

ပုဗ္ဗဘာသီ– ရှေးဦးစွာ ဆိုလေ့ရှိ၏။ (စကားပြောသောအခါ၌ ရှေးဦးစွာ ပြောဆိုတတ်၏။ ထိုစကားကိုလည်း အချိန်ကာလနှင့် သင့်လျော်သော အတိုင်းအရှည်နှင့်ယှဉ်သော အစီးအပွားကိုသာမှီသော စကားကိုသာ ပြောဆိုတတ်၏။) ထို့ကြောင့်လည်းကောင်း၊

(၁၉) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပရိသတ်လေးပါးတို့သည် အရိုအသေပြုကုန်၏။ အလေးပြုကုန်၏။ မြတ်နိုးကုန်၏။ ပူဇော်ကုန်၏။ တုပ်ဝပ်ကုန်၏။ ထို့ကြောင့်လည်းကောင်း၊

(၂၀) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို များစွာသော နတ်လူတို့သည် အလွန်ကြည်ညိုကုန်၏။ ထို့ကြောင့်လည်းကောင်း၊

(၂၁) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အကြင်ရွာနိဂုံး၌ နေတော်မူ၏၊ ထိုရွာနိဂုံး၌ လူတို့ကို ဘီလူးတို့သည် မညှင်းဆဲကုန်။ (ဗုဒ္ဓရှိရာသို့ တန်ခိုးကြီးကုန်သော နတ်များလာကြ၍ ဘီလူးတို့ မလာဝံ့ကြပေ။ ထိုမှတပါး ဗုဒ္ဓ၏ မေတ္တာတော်ကြောင့်လည်း ဘီလူးတို့ မညှင်းဆဲကြ။) ထို့ကြောင့်လည်းကောင်း၊

(၂၂) အချင်းတို့ စင်စစ်သော်ကား သံဃာနှင့်ပြည့်စုံသော, ဂိုဏ်းနှင့်လည်းပြည့်စုံသော, ဂိုဏ်းဆရာလည်းဖြစ်သော ရဟန်းဂေါတမကို အယူဝါဒ တည်ထောင်သူတို့တွင် အမြတ်ဆုံးဟု ဆိုအပ်၏။ အချင်းတို့ အကြောင်းမူကား ရဟန်းဂေါတမ၏ ကျော်စောခြင်းသည် ထိုအယူဝါဒ တည်ထောင်သူ သမဏ, ဗြာဟ္မဏတို့၏ ကျော်စောခြင်းကဲ့သို့ ထိုထိုဤဤ အကြောင်းဖြင့် ဖြစ်ပေါ်သည်မဟုတ်။ အတုမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းကြောင့်သာလျှင် ဖြစ်ပေါ်၏။ ထို့ကြောင့်လည်းကောင်း၊

(၂၃) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို သေနိယမည်သော မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်းသည် သားမယား ပရိသတ် အမတ်တို့နှင့်တကွ အသက်နှင်း၍ ကိုးကွယ်၏။ ထို့ကြောင့်လည်းကောင်း၊

(၂၄) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပသေနဒီကောသလမင်းသည် သားမယား ပရိသတ် အမတ်တို့နှင့်တကွ အသက်နှင်း၍ ကိုးကွယ်၏။ ထို့ကြောင့်လည်းကောင်း၊

(၂၅) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပေါက္ခရသာတိပုဏ္ဏားသည် သားမယား ပရိသတ် အမတ်တို့နှင့်တကွ အသက်နှင်း၍ ကိုးကွယ်၏။ ထို့ကြောင့်လည်းကောင်း၊

(၂၆) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို သေနိယမည်သော မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရသည် အရိုအသေပြု၏။ အလေးပြု၏။ မြတ်နိုး၏။ ပူဇော်၏။ တုပ်ဝပ်၏။ ထို့ကြောင့်လည်းကောင်း၊

(၂၇) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပသေနဒီကောသလမင်းသည် အရိုအသေပြု၏။ အလေးပြု၏။ မြတ်နိုး၏။ ပူဇော်၏။ တုပ်ဝပ်၏။ ထို့ကြောင့်လည်းကောင်း၊

(၂၈) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပေါက္ခရသာတိပုဏ္ဏားသည် အရိုအသေပြု၏။ အလေးပြု၏။ မြတ်နိုး၏။ ပူဇော်၏။ တုပ်ဝပ်၏။ ထို့ကြောင့်လည်းကောင်း၊

(၂၉) အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် စမ္ပါမြို့သို့ ရောက်လာတော်မူ၍ ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ သီတင်းသုံးနေတော်မူ၏။ အချင်းတို့ အကြင်သမဏ, ဗြာဟ္မဏတို့သည် ဧည့်သည်များ ဖြစ်ကုန်၏။ အသစ်ဖြစ်ကုန်၏။ အသစ်ဖြစ်သော ဧည့်သည်တို့ကို ငါတို့သည် အရိုအသေပြုသင့်ကုန်၏။ အလေးပြုသင့်ကုန်၏။ မြတ်နိုးသင့်ကုန်၏။ ပူဇော်သင့်ကုန်၏။

တုပ်ဝပ်သင့်ကုန်၏။ ဩည့်သည်အလို့ငှာ စိမံအပ်သောအလှူကို ခံယူထိုက်သူတို့ ဖြစ်ကုန်၏။ အချင်းတို့ ရဟန်းဂေါတမသည် ထိုသို့သဘောရှိသော ငါတို့၏ ဧည့်သည်တော် ဖြစ်နေသောကြောင့် ရဟန်းဂေါတမသည် ငါတို့ကို တွေ့မြင်ရန် မချဉ်းကပ်ထိုက်ပါ။ အမှန်အားဖြင့်ဆိုလျှင် ငါတို့သည်သာ ထိုအရှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏။

အချင်းတို့ ငါသည် ထိုအရှင်ဂေါတမ၏ ဤမျှလောက်သော ဂုဏ်တို့ကိုသာ သိ၏။ ထိုအရှင်ဂေါတမသည်ကား ဤမျှလောက်သော ဂုဏ်တို့နှင့်သာ ပြည့်စုံသည် မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား ထိုအရှင်ဂေါတမသည် 'အပရိမာဏ ဝဏ္ဏော' အတိုင်းမသိသောဂုဏ်တို့နှင့် ပြည့်စုံတော်မူပါပေ၏။ *(ဒီ- ၁- ၁၀၅ မှ ၁၁၀ ထိ)*

မှန်၏။ ရှေးအဋ္ဌကထာဆရာတို့သည် အောက်ပါဂါထာဖြင့် ဗုဒ္ဓ၏ဂုဏ်ကို ပြောဆိုကြလေပြီ။

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပမ္ပိ စေ အညမ ဘာသမာနော။
ခီယေထ ကပ္ပေါ စိရဒီဃ မန္တရေ၊
ဝဏ္ဏော နခီယေထ တထာဂတဿာတိ။ *(ဒီ ဋ္ဌ- ၁- ၂၅၇)*

ဗုဒ္ဓေါပိ- ဗုဒ္ဓတစ်ဆူသော်မှလည်း၊ ဗုဒ္ဓဿ- ဗုဒ္ဓတစ်ဆူ၏၊ ဝဏ္ဏံ- ဂုဏ်တော်ကို၊ ကပ္ပမ္ပိ- အသက်တန်းကုန်အောင်လည်း၊ အညံ- အခြားသောတရားစကားကို၊ အဘာသမာနော- ပြောဟောတော်မမူဘဲ၊ စေ ဘာသေယျ- အကယ်၍ မိန့်တော်မူအံ့၊ စိရံကပ္ပေါ- ကြာမြင့်စွာသော အာယုကပ်သည်၊ ခီယေထ- ကုန်ခန်းရာ၏၊ ဒီဃံ အန္တရေ- ရှည်စွာသောကာလအတွင်း၌၊ တထာဂတဿ- တထာဂတခေါ်ဆိုရ မြတ်ဗုဒ္ဓ၏၊ ဝဏ္ဏော- ဂုဏ်တော်သည်၊ **နခီယေထ**- မကုန်ခန်းနိုင်ရာ။

ပုဏ္ဏားတို့က သောဏဒဏ္ဍပုဏ္ဏားအား ပြန်လည်ပြောကြားခြင်း

သောဏဒဏ္ဍပုဏ္ဏားကြီး၏ အထက်ပါ ချီးမွမ်းပြောဆိုသော ဗုဒ္ဓ၏ ဂုဏ်တော်တို့ကို ပြောကြားကြကုန်သော ပုဏ္ဏားတို့သည်-

'သောဏဒဏ္ဍပုဏ္ဏားကြီးသည် သို့ကလောက် ဗုဒ္ဓ၏ ဂုဏ်တော်ကို သိထားသူဖြစ်ပါလျက် ဆရာသောဏဒဏ္ဍပုဏ္ဏားကြီးသည် အလွန်ကြာမြင့်စွာ မသွားဘဲ အောင့်၍နေရရှာလေပြီ။ ငါတို့ကလည်း ဆရာသောဏဒဏ္ဍပုဏ္ဏားကြီးနှင့် အတူလိုက်၍ ရဟန်းဂေါတမကို ဖူးမြော်ကုန်စို့' ဟု ကြံစည်ကြပြီးလျှင် ထိုပုဏ္ဏားတို့သည် သောဏဒဏ္ဍပုဏ္ဏားကြီးအား အောက်ပါစကားကို ပြောကြားကြလေသည်။ *(ဒီ ဋ္ဌ- ၁- ၂၅၇)*

'ရဟန်းဂေါတမ၏ ဂုဏ်တို့ကို ချီးကျူးသော အရှင်သောဏဒဏ္ဍ၏ စကားအတိုင်းဆိုလျှင် ထိုအရှင်ဂေါတမသည် ဤမှယူဇနာတစ်ရာအရပ်၌ နေစေကာမူ သဒ္ဓါတရားရှိသော အမျိုးသားသည် ရိက္ခာထုပ်ကို ဆောင်၍သော်လည်း ဖူးမြော်ကြရန် ချဉ်းကပ်သင့်သည်သာတည်း။ အရှင်သောဏဒဏ္ဍ သို့ဖြစ်၍ အကျွန်ုပ်တို့အားလုံးပင် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါကုန်အံ့။'
(ဒီ- ၁- ၁၁၀)

သောဏဒဏ္ဍပုဏ္ဏား အကြံဖြစ်ပုံ

သောဏဒဏ္ဍပုဏ္ဏားသည် ပုဏ္ဏားအပေါင်းနှင့်အတူ ဂဂ္ဂရာရေကန်၏ကမ်းနား တောအုပ်အလွန် ဗုဒ္ဓရှိရာ ကျောင်းတိုက်အတွင်းသို့ရောက်လျှင် အောက်ပါအကြံအစည်ကို ကြံစည်မိလေသည်။

ရဟန်းဂေါတမကို ငါပြဿနာမေးခဲ့သော်လည်းကောင်း, ရဟန်းဂေါတမက ငါ့ကိုပြဿနာမေးခဲ့သော်လည်းကောင်း, ငါမေးပုံ၌လည်းကောင်း, ငါဖြေပုံ၌လည်းကောင်း ချွတ်ယွင်းခဲ့သော် ငါ့အား ဤပရိသတ်၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရရာ၏။ 'ယသော လဒ္ဓါ **ခေါပန အမှာကံ ဘောဂါ'တိ။ ခေါပန**- စင်စစ်၊ **အမှာကံ**- ငါတို့သည်၊ **ဘောဂါ**- စည်းစိမ်တို့ကို၊ ယသော- ကျော်စောခြင်းကြောင့်၊ **လဒ္ဓါ**- ရအပ်ကုန်၏။

ယခုလို အနီးသို့ရောက်မှ ပြန်သွားလျှင်လည်း အပြစ်တင် ကဲ့ရဲ့ခံရမည် ဖြစ်ပြန်၏။ ငါတို့သည် စည်းစိမ်တို့ကို ကျော်စောခြင်း

ကြောင့် ရအပ်ကုန်၏။ 'အကယ်၍ ရဟန်းဂေါတမသည် ငါ့ဆရာ၏ အတတ်ဖြစ်သော ဗေဒင်သုံးပုံ၌ ပြဿနာမေးမူ ကောင်းလေစွ။ ငါသည် ကောင်းစွာ ဖြေဆိုနိုင်ရာ၏' ဟု ကြံလျက်ထိုင်နေလေသည်။ *(ဒီ- ၁- ၁၁၃)*

သောဏဒဏ္ဍပုဏ္ဏားနှင့် ပရိသတ်တို့ ဗုဒ္ဓထံချဉ်းကပ်ကြပုံ

ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာစကားကို ပြောဆိုပြီးဆုံးသောအခါ၌ သင့်လျော်ရာ တစ်ခုသောနေရာ၌ ထိုင်နေလေသည်။ ထိုအခါ အချို့ပုဏ္ဏားတို့သည် ဗုဒ္ဓကို ရှိခိုး၍လည်းကောင်း, အချို့ပုဏ္ဏားတို့သည် **အဥ္ဇလိံ ပဏာမေတွာ**- လက်အုပ်ချီ၍လည်းကောင်း၊ အချို့ပုဏ္ဏားတို့သည် **နာမဂေါတ္တံ** သာဝေတွာ- အမည်အနွယ်ကို ပြောကြား၍လည်းကောင်း၊ အချို့ပုဏ္ဏားတို့သည် **တုဏှီဘူတာ**- စကားမပြောဘဲ တိတ်ဆိတ်စွာ သင့်လျော်သောနေရာ၌ အသီးသီး ထိုင်နေကြလေသည်။

(၁) **အဥ္ဇလိံ ပဏာမေတွာ**- ထိုပုဏ္ဏားတို့တွင် လက်အုပ်ချီ၍ ထိုင်နေကြသူတို့သည် 'သမ္မာဒိဋ္ဌိဘက်, မိစ္ဆာဒိဋ္ဌိဘက်' ဟူသော နှစ်ဘက်၌ ပါဝင်ကြသူများ ဖြစ်ကြလေသည်။ မိစ္ဆာအယူရှိသူတို့က သင်သည် 'ရဟန်းဂေါတမကို အဘယ်ကြောင့် ရှိခိုးသနည်း' ဟုမေးလျှင် 'လက်အုပ်ချီရုံမျှဖြင့် ရှိခိုးရာရောက်သလော' ဟု ပြောဆိုမည်။ သမ္မာဒိဋ္ဌိအယူရှိသူတို့က 'သင်သည် ဗုဒ္ဓကို အဘယ်ကြောင့် ရှိမခိုးသနည်း' ဟုမေးလျှင် 'ဦးခေါင်းနှင့် မြေကြီးထိမှ ရှိခိုးသည် မည်သလော။ လက်အုပ်ချီခြင်းသည်လည်း ရှိခိုးခြင်းပင်တည်း' ဟု ဖြေဆိုမည်။ ဤသို့ ရည်ရွယ်ချက်ဖြင့် လက်အုပ်ချီခြင်း ဖြစ်လေသည်။

(၂) **နာမဂေါတ္တံ**- အချို့ပုဏ္ဏားတို့သည် အရှင်ဂေါတမ အကျွန်ုပ်သည် အမည်အားဖြင့် မည်သူ၏သား ဒတ္တဖြစ်ပါသည်။ အနွယ်အားဖြင့် ဝါသေဋ္ဌအနွယ် ဖြစ်ပါသည် စသည်ဖြင့် မိမိ၏ အမည်အနွယ်ကို ပြောဆိုကြခြင်းသည် ရှေးမိဘလက်ထက်က ချမ်းသာခဲ့ကြပြီး ယခုအခါ ဆင်းရဲပျက်စီး ဆုတ်ယုတ်ခြင်းသို့ ရောက်သည်ဖြစ်၍ မိမိတို့၏ အမည်အနွယ်ကို ထင်ရှားအောင် ပြုလို၍ ထိုသို့အမည်အနွယ်ကို ပြောကြားခြင်း ဖြစ်လေသည်။

(၃) **တုဏှီဘူတာ**- အချို့ပုဏ္ဏားတို့သည် စကားတစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ ထိုင်နေကြခြင်းသည် **ကေရာဋိက**- ကောက်ကျစ်စဉ်းလဲသူတို့သည်လည်းကောင်း၊ **အန္ဓဗာလာ**- ပညာမျက်စိ ကန်းမိုက်သူတို့သည်လည်းကောင်း ဖြစ်ကြလေသည်။

ထိုတွင် **ကေရာဋိက**- ကောက်ကျစ်စဉ်းလဲသူတို့သည် 'တစ်စုံတစ်ရာသော စကားကို ပြောဆိုအံ့။ အကျွမ်းဝင်ခြင်း ဖြစ်ရာ၏။ ဤသို့ဖြစ်သော် ဆွမ်းတစ်ဇွန်း, နှစ်ဇွန်းမျှကိုသော်လည်းကောင်း ပေးလှူရတော့အံ့' ဟုကြံ၍ ဤသို့ တစ်ခုခုကို မပေးလှူလိုသောကြောင့် ဆိတ်ဆိတ်နေခြင်း ဖြစ်လေသည်။

အန္ဓဗာလ- ပညာမျက်စိကန်းမိုက်ကြသူတို့သည်ကား မသိတတ်သည်၏ အဖြစ်ကြောင့် မြေညက်စိုင်တုံးကို အောက်သို့ ပစ်ချလိုက်သလို ဆိတ်ဆိတ်နေကြခြင်း ဖြစ်လေသည်။ (မြေညက်စိုင်တုံးကို အောက်ပစ်ချလိုက်လျှင် ဘာမျှအသံမမြည်သကဲ့သို့ ဘာမျှစကားမပြောတတ်ကြ၍ ဆိတ်ဆိတ်နေခြင်းဖြစ်သည်ဟု ဆိုလိုသည်။) *(ဒီ ဋ- ၁- ၂၅၇ / ၂၅၈)*

သောဏဒဏ္ဍပုဏ္ဏားကို ပြဿနာမေးပြီ

ဗုဒ္ဓသည် ခက်ထန်သောကိုယ်ဖြင့် အောက်သို့မျက်နှာချထိုင်နေသော သောဏဒဏ္ဍပုဏ္ဏား၏ စိတ်အကြံကို သိမြင်တော်မူသောကြောင့် 'သူ့ဆရာ၏ အတတ်ပညာဖြစ်သော ဗေဒင်သုံးပုံ၌ ပြဿနာမေးရမူ ကောင်းလေစွ' ဟု အကြံတော်ဖြစ်ပြီးလျှင် အောက်ပါအတိုင်း သောဏဒဏ္ဍပုဏ္ဏားအား မေးတော်မူလေသည်။ *(ဒီ ဋ- ၁- ၂၅၈)* (ခက်ထန်သောကိုယ်ဖြင့် ထိုင်နေခြင်းဟူသည် သောဏဒဏ္ဍပုဏ္ဏားသည် အကယ်၍ ရဟန်းဂေါတမသည် ငါမဖြေနိုင်သော ပုစ္ဆာပြဿနာကို မေးငြားအံ့။ ငါသည် အရှက်ကွဲရာ၏ဟု အလွန်စိုးရိမ်ပင်ပန်းစိတ်ဖြင့် ထိုင်နေခြင်းဖြစ်၍ စိတ်ကြောင့်ဖြစ်သော ခန္ဓာကိုယ်သည် ခက်ထန်သော အမူအရာကို ပြလျက်ရှိနေသည်ကို ဆိုလိုပေသည်။)

'ပုဏ္ဏား အဘယ်မျှလောက်သော အင်္ဂါနှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏားဟု ပညတ်ကုန်သနည်း။ အဘယ်မျှလောက်သော အင်္ဂါနှင့် ပြည့်စုံသောသူသည်မူလည်း 'ငါပုဏ္ဏား' ဟုဆိုသော် မှန်စွာဆိုသည် မည်ရာသနည်း။' *(ဒီ- ၁- ၁၁၃)*

ဗုဒ္ဓ မေးတော်မူ၍ သောဏဒဏ္ဍပုဏ္ဏားက ဖြေကြားပုံ

သောဏဒဏ္ဍပုဏ္ဏားသည် သူကြံစည်ထားသည့်အတိုင်းပင် ဗုဒ္ဓက ပြဿနာကိုမေး၍ ရေထဲ၌ နစ်မြုပ်၍ သေတော့မည့် ပုဂ္ဂိုလ်ကို ကုန်းပေါ်သို့ဆယ်၍ အကယ်တင်ခံရသူကဲ့သို့ 'သမပဿဒ္ဓ ကာယစိတ္တော' ကိုယ်ရောစိတ်ပါ အညီအမျှ သက်သာရာရသည်ဖြစ်၍ 'အရှင်ပုဏ္ဏားတို့သည် ငါဖြေဆိုမည့် ပြဿနာကို ကောင်းစွာနာယူ မှတ်သားကြကုန်လော့' ဟု မပြောသော်လည်း ပြောဘိသကဲ့သို့ ကာယံ- မိမိခန္ဓာကိုယ်ကို၊ အဗ္ဘုန္နာမေတွာ- အထက်သို့ဆန့်၍ *(ကိုယ်ကိုမတ်ခေ၍)*၊ ပရိသံ- ပရိသတ်ကို၊ အနုဝိလောကေတွာ- မော်ကြွားသောမျက်လုံးဖြင့် ဝေ့ဝိုက်ကြည့်ရှုပြီး၍ ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ထားလေသည်။
(ဒီ- ၁- ၁၁၃၊ ဒီ ဋ္ဌ- ၁- ၂၅၈)

'အရှင်ဂေါတမ ဤလောက၌-

(၁) အမိဘက် အဖဘက် နှစ်ဘက်စလုံးတို့မှ အမျိုးခုနစ်ဆက်တိုင်အောင် ကောင်းသောဇာတ်ရှိ၏။

(၂) ဝေဒကျမ်းစသည်တို့ကို ပါရဂူရောက် တတ်မြောက်၏။

(၃) ရုပ်အဆင်းအင်္ဂါ လှပ၏။

(၄) ငါးပါးသီလဟူသော အကျင့်သီလနှင့် ပြည့်စုံ၏။

(၅) ထက်မြက်သော ဉာဏ်ပညာနှင့် ပြည့်စုံ၏။

အရှင်ဂေါတမ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် 'ပုဏ္ဏား' ဟု ပညတ်ကြကုန်၏။ 'ငါပုဏ္ဏား' ဟူ၍လည်း မှန်စွာဆိုသည် မည်ပါ၏။'

ထို့နောက် ဗုဒ္ဓသည် သောဏဒဏ္ဍပုဏ္ဏားအား ထိုအင်္ဂါငါးပါးတို့တွင် တစ်ပါးစီ ပယ်ခိုင်း၍လည်းကောင်း၊ နှစ်ပါးစီ ပယ်ခိုင်း၍လည်းကောင်း၊ သုံးပါးစီအထိ ပယ်ခိုင်း၍လည်းကောင်း *(အင်္ဂါငါးပါးတွင် သုံးပါးအထိ ပယ်လိုက်သောအခါ 'သီလနှင့် ပညာ' အင်္ဂါနှစ်ပါးသာ ကျန်တော့သည်။)* အင်္ဂါနှစ်ပါးနှင့် ပြည့်စုံလျှင် ပုဏ္ဏားတို့သည် 'ပုဏ္ဏား' ဟု ပညတ်နိုင်, မပညတ်နိုင် မေးတော်မူလေသည်။

သောဏဒဏ္ဍပုဏ္ဏားသည် (၁) အဆင်းကိုပယ်၍ ကျန်အင်္ဂါလေးပါးဖြင့်လည်းကောင်း၊ (၂) အဆင်းနှင့် အမျိုးဇာတ်ကိုပယ်၍ ကျန်အင်္ဂါသုံးပါးတို့ဖြင့်လည်းကောင်း၊ (၃) 'အဆင်း, အမျိုးဇာတ်, ဝေဒကျမ်း' တို့ကိုပယ်၍ 'သီလ, ပညာ' ဟူသော အင်္ဂါနှစ်ပါးဖြင့်လည်းကောင်း ပြည့်စုံလျှင် ပုဏ္ဏားတို့သည် 'ပုဏ္ဏား' ဟု ပညတ်နိုင်ကြပါကုန်၏' ဟူ၍ ဗုဒ္ဓအား လျှောက်ထားလေသည်။
(ဒီ- ၁- ၁၁၄ / ၁၁၅)

ကျန်ပုဏ္ဏားတို့က ဝိုင်းဝန်းကန့်ကွက်ကြခြင်း

သောဏဒဏ္ဍပုဏ္ဏား၏ ထိုစကားကို ကြားကြလျှင် ကျန်ပုဏ္ဏားတို့သည် 'ဇာတ်, အဆင်း, ဝေဒကျမ်း' ဤသုံးမျိုးနှင့် ပြည့်စုံသူကို ပယ်မှတော့ ပုဏ္ဏားမဖြစ်လျှင် အဘယ်အင်္ဂါနှင့် ပြည့်စုံသူသည် လောက၌ 'ပုဏ္ဏား ဖြစ်တော့လတ္တံ့နည်း။ ဤသောဏဒဏ္ဍပုဏ္ဏားသည် ငါတို့ကို ဖျက်ဆီးဘိ၏။ ယခု ထိုစကားကို ကန့်ကွက်ကြလတ္တံ့' ဟု ကြံကြပြီးလျှင် အောက်ပါစကားကို ပြောဆိုကန့်ကွက်ကြလေသည်။

အရှင်သောဏဒဏ္ဍ **'မာဝေ ံ အဝစ'**- ဤသို့မဆိုပါလင့်။ **'မာဝေ ံ အဝစ'**- ဤသို့မဆိုပါလင့်။ အရှင်သောဏဒဏ္ဍသည် အဆင်းကို ပစ်ပယ်၏။ ဝေဒကျမ်းတို့ကို ပစ်ပယ်၏။ ဇာတ်ကို ပစ်ပယ်၏။ အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမ၏ ဝါဒသို့ လိုက်ပါသွား၏။ အရှင်သောဏဒဏ္ဍသည် အကယ်၍ ရဟန်းဂေါတမကို ကြည်ညိုသည်ဖြစ်၍ ကိုးကွယ်လိုက ကိုးကွယ်ပါ။ ပုဏ္ဏားတို့၏ အယူကိုတော့ မဖျက်ဆီးပါနှင့်။ *(ဒီ- ၁- ၁၁၅၊ ဒီ ဋ္ဌ- ၁- ၂၅၉)*

ဗုဒ္ဓ မိန့်ကြားတော်မူခြင်း

ဗုဒ္ဓသည် 'ဤပုဏ္ဏားတို့သည် ဤသို့တစ်ပြိုင်နက်တည်းအားဖြင့်သာ မြည်တွန်နေကြသည်ရှိသော် သောဏဒဏ္ဍပုဏ္ဏားနှင့် ပြောဆိုနေသော ဤစကားသည် ပြီးဆုံးတော့မည် မဟုတ်ပေ။ ထိုပုဏ္ဏားတို့ကို အသံတိတ်အောင် ပြုလုပ်ပြီးမှ သောဏဒဏ္ဍနှင့်

ဆက်၍ စကားပြောတော့အံ့’ ဟု ကြံစည်တော်မူပြီးလျှင် အောက်ပါစကားကို မိန့်ကြားတော်မူလေသည်။ *(ဒီ ၅- ၁- ၂၉၉)*

‘ပုဏ္ဏားတို့ သောဏဒဏ္ဍပုဏ္ဏားသည် ချောင်သောစကားမရှိ၊ ပညာမရှိဟု မှတ်ထင်ကြပါမူ သင်ပုဏ္ဏားတို့သည် ငါနှင့်အတူ ပြောဆိုကြကုန်လော့။ သောဏဒဏ္ဍပုဏ္ဏားသည် ချောင်သောစကားရှိ၏။ ပညာရှိ၏ဟု မှတ်ထင်ကြပါမူ သင်ပုဏ္ဏားတို့ တိတ်ဆိတ်ကြလော့။ သောဏဒဏ္ဍပုဏ္ဏားသာ ငါနှင့်အတူ စကားပြောကြပါစေ။’

သောဏဒဏ္ဍပုဏ္ဏား ကြားဝင်ဟန့်တားခြင်း

ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် ‘အရှင်ဂေါတမ ဆိတ်ဆိတ်နေတော်မူပါ။ အကျွန်ုပ်သည်ပင် ထိုပုဏ္ဏားတို့အား ပြောကြားပါအံ့’ ဟု ဗုဒ္ဓအား လျှောက်ထားပြီးနောက် အောက်ပါစကားကို ပြောဆိုလေသည်။

‘အရှင်ပုဏ္ဏားတို့ ဤသို့ မဆိုကြကုန်လင့်၊ အရှင်ပုဏ္ဏားတို့ ဤသို့ မဆိုကြကုန်လင့်၊ ငါသည် အဆင်း၊ ဇာတ်၊ ဝေဒကျမ်းတို့ကို ပစ်ပယ်သည် မဟုတ်ပါ။’

ထိုစဉ်အခါ၌ သောဏဒဏ္ဍပုဏ္ဏား၏ တူဖြစ်သော အင်္ဂကမည်သောလုလင်သည် ထိုပရိသတ်၌ ထိုင်လျက်ရှိ၏။ သောဏဒဏ္ဍပုဏ္ဏားသည် တူဖြစ်သော အင်္ဂကလုလင်ကို ညွှန်ပြ၍ အောက်ပါစကားကို ပြောဆိုပြန်လေသည်။

‘အချင်းတို့ ငါ၏တူဖြစ်သော အင်္ဂကလုလင်ကို ရှုကြကုန်လော့။ ဤပရိသတ်၌ ရဟန်းဂေါတမကိုထား၍ အင်္ဂကလုလင်သည် အဆင်းအားဖြင့် အသာလွန်ဆုံးဖြစ်သည်။ ဝေဒကျမ်းစသော ပညာရပ်တို့၌လည်း ပါရဂူရောက် တတ်မြောက်၏။ မျိုးရိုးဇာတိအားဖြင့်လည်း စင်ကြယ်သူဖြစ်၏။ အင်္ဂကလုလင်သည် သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ သူ့သားအိမ်ယာကို ကျူးလွန်ခြင်း၊ အကျိုးစီးပွါးကို ဖျက်ဆီးတတ်သော မုသားစကားကို ပြောဆိုခြင်း၊ အရက်သောက်ခြင်းဟူသော ငါးပါးသီလ ပျက်စီးသူဖြစ်အံ့။ ‘အဆင်း၊ ဇာတ်၊ ဝေဒကျမ်း’ တို့သည် အင်္ဂကလုလင်အား ပုဏ္ဏား၏အဖြစ်ကို စောင့်ရှောက်ခြင်းငှာ အဘယ်မှာ စွမ်းနိုင်ပါအံ့နည်း။ သီလပျက်စီးပြီးနောက် တစ်ဖန် သီလနှင့် ပြည့်စုံသူဖြစ်အံ့။ ပုဏ္ဏား၏အဖြစ်ကို စောင့်ရှောက်နိုင်သည်သာ။

အချင်းတို့ အကျင့်သီလသည်သာ ပုဏ္ဏားအဖြစ်ကို ပြီးစေနိုင်၏။ အကျင့်သီလမရှိသော် ပုဏ္ဏားအဖြစ်သည် မရှိတော့ပြီ။ အချင်းတို့ အဆင်း၊ ဇာတ်၊ ဝေဒကျမ်းတို့ကို ပုဏ္ဏားအဖြစ်ဟု မှတ်ထင်ခြင်းသည် ‘သမ္မောဟမတ္တံ’ ပြင်းစွာတွေဝေခြင်းသာတည်း။ အကျင့်သီလသည်သာ ပုဏ္ဏားအဖြစ်ကို ပြီးစေနိုင်လတ္တံ့။ အချင်းတို့ ‘အကျင့်သီလ၊ ဉာဏ်ပညာ’ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏားဟု ပညတ်ကုန်၏။

သတိပြုဘွယ် တရားတော်

အထက်ပါစကားအရ ပုဏ္ဏားဖြစ်ကြောင်းအင်္ဂါကို ရွေးချယ်ရာတွင် ‘အဆင်း၊ ဝေဒကျမ်း၊ အမျိုးဇာတ်တို့သည် စစ်မှန်သော အကြောင်းမဟုတ်သည်မှာ ပေါ်လွင်လျက်ရှိသည်။ ယင်းတို့ကို ပုဏ္ဏားဖြစ်ကြောင်းဟု ထင်မှတ်နေခြင်းသည် ‘သမ္မောဟမတ္တ’ ပြင်းစွာတွေဝေခြင်းမျှသာတည်း။ အကျင့်သီလနှင့် အသိဉာဏ်ပညာသည်သာ ဗြာဟ္မဏ ခေါ် ပုဏ္ဏားဖြစ်ကြောင်း အစစ်အမှန် ဖြစ်လေသည်။ ဤအယူအဆသည် သောဏဒဏ္ဍပုဏ္ဏားနှင့် ဗုဒ္ဓ၏ အယူအဆ ဖြစ်လေသည်။

ထိုအချက်ကိုထောက်၍ ဗုဒ္ဓသာသနာတော်၌လည်း ရဟန်းကောင်းစသည်ဖြင့် သူတော်ကောင်းဟူ၍ ရွေးချယ်ရာ၌လည်း ဘွဲ့ထူးဂုဏ်ထူးရခြင်း၊ အဆင်းလှခြင်း၊ အမျိုးဇာတ်ကောင်းခြင်းသည် ပဓာနမဟုတ်ကြောင်းကိုလည်းကောင်း၊ အကျင့်သီလ သိက္ခာရှိခြင်းနှင့် အသိဉာဏ်ပညာ အမြော်အမြင်ရှိခြင်း၊ ဝိပဿနာ ဉာဏ်ပညာရှိခြင်းတို့သည်သာ ပဓာနဖြစ်ကြောင်းကိုလည်းကောင်း အလေးဂရု သတိပြု၍ အကျင့်သီလနှင့် ပြည့်စုံသူဖြစ်အောင်၊ ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသူဖြစ်အောင်၊ ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်အောင် ကြိုးစားအားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။

ပုဏ္ဏားတို့ သဘောပေါက်ကြခြင်း

ထိုသို့ သောဏဒဏ္ဍပုဏ္ဏားက ကျိုးကြောင်းညွှန်ပြပြောကြားလျှင် ပုဏ္ဏားတို့သည် 'ဆရာသောဏဒဏ္ဍပုဏ္ဏားသည် ထင်ရှား ရှိသော သဘောအစစ်အမှန်ကို ပြောဆိုလေပြီ။ ငါတို့သည် အကြောင်းယုတ္တိ မခိုင်လုံဘဲ ကဲ့ရဲ့ပြစ်တင်မိကြကုန်၏' ဟု ကြံစည်ကြ၍ ဆိတ်ဆိတ်သာ နေကြလေတော့သည်။ *(ဒီ ဋ္ဌ- ၁- ၂၉၉)*

ဗုဒ္ဓ စုံစမ်းတော်မူခြင်း

ဗုဒ္ဓသည် ထိုသို့ ပုဏ္ဏားတို့ ဆိတ်ဆိတ်နေခြင်းအဖြစ်သို့ ရောက်သောအခါ၌ သောဏဒဏ္ဍပုဏ္ဏားသည် ပြဿနာကို ဖြေ ဆိုအပ်ပြီးဖြစ်သော်လည်း 'ဤ သီလ, ပညာ ဟူသောဂုဏ်နှစ်မျိုး၌ စွမ်းနိုင်လတ္တံ့လော။ မစွမ်းနိုင်လတ္တံ့လော' ဟု စုံစမ်းလိုသည် ဖြစ်ရကား အောက်ပါစကားကို မိန့်တော်မူပြီ။

'ပုဏ္ဏား ဤသီလ, ပညာဟူသော ဂုဏ်နှစ်ပါးတွင် တစ်ပါးပါးကို ကြဉ်ထား၍ အင်္ဂါတစ်မျိုးတည်းဖြင့် ပုဏ္ဏားတို့သည် ပုဏ္ဏားဟု ပညတ်ခြင်းငှာ တတ်နိုင်ပါသလော။'

သီလနှင့် ပညာကို အမြတ်ဆုံးဟုဆိုခြင်း

အရှင်ဂေါတမ မတတ်နိုင်ပါ။ အရှင်ဂေါတမ **'သီလ ပရိဓောတာ ပညာ'** ပညာကို သီလဖြင့် ဆေးကြောရပါ၏။ အရှင်ဂေါတမ **'ပညာ ပရိဓောတံ သီလံ'** သီလကို ပညာဖြင့် ဆေးကြောရပါ၏။ **'ယတ္ထ သီလံ တတ္ထ ပညာ'** အကြင်ပုဂ္ဂိုလ်၌ သီလရှိ၏။ ထို ပုဂ္ဂိုလ်၌ ပညာရှိပါ၏။ **'ယတ္ထ ပညာ တတ္ထ သီလံ'** အကြင်ပုဂ္ဂိုလ်၌ ပညာရှိ၏။ ထိုပုဂ္ဂိုလ်၌ သီလရှိပါ၏။

'သီလဝတော ပညာ' သီလရှိသူအား ပညာရှိပါ၏။ **'ပညာဝတော သီလံ'** ပညာရှိသူအား သီလရှိပါ၏။ **'သီလပညာဏဉ္စ ပန လောကသ္မိံ အဂ္ဂမက္ခာယတိ'** သီလနှင့်ပညာကို လောက၌ အမြတ်ဆုံးဟု ဆိုအပ်ပေ၏။

အရှင်ဂေါတမ ဥပမာသော်ကား **'ဟတ္ထေနဝါ ဟတ္ထံ ဓောဝေယျ'** လက်တစ်ဘက်ဖြင့် လက်တစ်ဘက်ကို ဆေးကြောရာ သကဲ့သို့လည်းကောင်း၊ **'ပါဒေန ပါဒံ ဓောဝေယျ'** ခြေတစ်ဘက်ဖြင့် ခြေတစ်ဘက်ကို ဆေးကြောရာသကဲ့သို့လည်းကောင်း ဤ အတူ ပညာကို သီလဖြင့် ဆေးကြောရပါ၏။ သီလကို ပညာဖြင့် ဆေးကြောရပါ၏။ လောက၌ သီလနှင့် ပညာကို အမြတ်ဆုံးဟု ဆိုအပ်ပါပေ၏။'

ဗုဒ္ဓ ခွင့်ပြုတော်မူခြင်း

'ဝေမေတံ ဗြာဟ္မဏ ဝေမေတံ ဗြာဟ္မဏ၊ ဗြာဟ္မဏ- ပုဏ္ဏား၊ **တံ-** ဤစကားသည်၊ **ဝေံ-** ဤအတိုင်း မှန်ပါပေ၏။ **ဗြာဟ္မဏ-** ပုဏ္ဏား၊ **တံ-** ဤစကားသည်၊ **ဝေံ-** ဤအတိုင်း မှန်ပါပေ၏။' ဤသို့လျှင် ဗုဒ္ဓသည် ပုဏ္ဏား၏စကားကို ခွင့်ပြုပြီးလျှင် အထက်ပါ သောဏဒဏ္ဍ စကားအတိုင်းပင် ထပ်၍မိန့်တော်မူလေသည်။ *(ဒီ- ၁- ၁၁၇)*

ယတ္ထ သီလံ တတ္ထ ပညာ အဖွင့်

ယတ္ထ- အကြင်ပုဂ္ဂိုလ်၌၊ **သီလံ-** သီလသည်၊ **အတ္ထိ-** ရှိ၏၊ **တတ္ထ-** ထိုပုဂ္ဂိုလ်၌၊ **ပညာ-** ပညာသည်၊ **အတ္ထိ-** ရှိ၏၊ ဟူသောစကားကို အဋ္ဌကထာတွင် **'ကုတော ဒုဿီလေ ပညာ'** **ဒုဿီလေ-** သီလမရှိသောပုဂ္ဂိုလ်၌၊ **ပညာ-** ဝိပဿနာ စသော ပညာသည်၊ **ကုတော-** အဘယ်မှာ ရှိအံ့နည်း ဟူ၍ ဖွင့်ဆိုလေသည်။

'သမာဟိတော ယထာဘူတံ ပဇာနာတိ' **သမာဟိတော-** သမာဓိရှိသော်၊ **ယထာဘူတံ-** ဟုတ်တိုင်းမှန်စွာ၊ **ပဇာနာတိ-** ကွဲပြားစွာသိ၏ ဟူသော ဒေသနာတော်အရ ဒုဿီလပုဂ္ဂိုလ်၌ စိတ်တည်ကြည်မှု သမာဓိ မရှိနိုင်ပေ။ စိတ်တည်ကြည်မှု မရှိသော် ဒုဿီလပုဂ္ဂိုလ်၏သန္တာန်၌ အဘယ်မှာ ဝိပဿနာ စသောပညာ ဖြစ်နိုင်အံ့နည်း။ ထို့ကြောင့် **'ကုတော ဒုဿီလေ ပညာ အသမာဟိတဿ'** ဒုဿီလပုဂ္ဂိုလ်၌ စိတ်တည်ကြည်မှု မရှိသောကြောင့် ဝိပဿနာ စသောပညာသည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း

ဟူ၍ ဋီကာဟောင်း၊ ဋီကာသစ်တို့၌ ဖွင့်ဆိုကြလေသည်။ *(ဤစကားအရ ပညာဟူသည် ကျက်မှတ်ကောင်းခြင်း၊ မှတ်မိကောင်းခြင်း ဟူသော သညာမဟုတ်သည်ကို သတိပြုသင့်သည်။)*

ယတ္ထ ပညာ တတ္ထ သီလ အဖွင့်

'ယတ္ထ- အကြင်ပုဂ္ဂိုလ်၌၊ ပညာ- ပညာသည်၊ အတ္ထိ- ရှိ၏၊ တတ္ထ- ထိုပုဂ္ဂိုလ်၌၊ သီလံ- သီလသည်၊ အတ္ထိ- ရှိ၏' ဟူသောစကားကို အဋ္ဌကထာတွင် 'ပညာ ရဟိတေ ဇဠေ ဠေမူဂေ ကုတော သီလံ' ပညာရဟိတေ- ဝိပဿနာပညာမှ ကင်းသော၊ ဇဠေ- ထိုင်းမှိုင်းသော၊ ဠေမူဂေ- အရိတွေ ယိုယွင်းသော အဖျင်းအအ၌၊ သီလံ- သီလသည်၊ ကုတော- အဘယ်မှာ ရှိနိုင်ပါအံ့နည်း' ဟု ဖွင့်ဆိုလေသည်။ ဤ၌ 'ဇဠေ' ဟူသည် ခွဲခြမ်းစိတ်ဖြာ၍ နားမလည်တတ် မသိတတ်သော ထိုင်းမှိုင်းသူတည်း။ 'ဠေမူဂေ' ဟူသည် နားကလည်းထိုင်း၊ စကားပင် ပြီသအောင် မပြောနိုင်သောသူတည်း။ ထိုဇဠ၊ ဠေမူဂ ပုဂ္ဂိုလ်တို့သည် အသိဉာဏ် ပညာ မရှိသည်ဖြစ်၍ သီလ၏အပြားကိုလည်း မသိနိုင်။ သီလစင်ကြယ်ခြင်းကိုလည်း မသိနိုင်။ သီလညစ်နွမ်းခြင်းကိုလည်း မသိနိုင်။ ထိုပုဂ္ဂိုလ်မှာ အဘယ်သို့လျှင် ပြည့်စုံသောသီလ တည်နိုင်ပါအံ့နည်းဟူ၍ ဋီကာဟောင်း၊ ဋီကာသစ်တို့ ဖွင့်ဆိုကြလေသည်။
(ဒီ ၅- ၁- ၂၅၉၊ မဟာဋီ- ၁၁၉၊ ဋီသစ် ဒုအုပ်- ၂၉၆)

သီလ ပရိဓောတာ ပညာ အဖွင့်

'ပညာ- ပညာကို၊ သီလ ပရိဓောတာ- သီလဖြင့် ဆေးကြောရ၏' ဟူသော ပါဠိတော် စကားရပ်ကို အဋ္ဌကထာတွင် အောက်ပါအတိုင်း ဖွင့်ဆိုတော်မူထားလေသည်။

ထိုသီလဟူသည် ဖြူစင်သော စတုပါရိသုဒ္ဓိသီလတည်း။ ထိုသီလဖြင့် ပညာကို ဆေးကြောနိုင်ပုံကား-

(၁) ပုထုဇဉ် ရဟန်းတော်တစ်ပါး၏ စောင့်ထိန်းမှု သီလသိက္ခာသည် အနှစ် (၆၀)တိုင်အောင်ပင် မကျိုးမပေါက် မပျောက် မကြား သန့်ရှင်းစင်ကြယ်လျက်ရှိသည်။ ထိုသီလဖြင့် အရဟတ္တဖိုလ်ပညာကို ရအောင်ယူနိုင်လေသည်။ အဘယ်မထေရ်ကဲ့သို့နည်းဟူမူ- သီဟိုဠ်ကျွန်း ကန္ဒရသာလ ပရိဝုဏ်၌ သီတင်းသုံးလျက်ရှိသော ဝါ (၆၀)ရပြီးသော မထေရ်ကြီးကဲ့သို့တည်း။

(၂) ထိုမထေရ်သည် သေရာညောင်စောင်း၌လျောင်း၍ ပြင်းထန်သော ရောဂါဝေဒနာကြောင့် ညည်းတွားနေစဉ် သဒ္ဓါတရား အားကောင်းသော တိဿမင်းကြီးသည် 'မထေရ်ကို ဖူးအံ့' ဟုကြံ၍ ကျောင်းပရိဝုဏ်တံခါး၌ ရပ်တည်လာသည်။

(၃) တိဿမင်းကြီးသည် မထေရ်၏ ညည်းတွားသံကို ကြားရ၍ 'ဤအသံသည် အဘယ်သူ၏ အသံနည်း' ဟုမေးလျှင် အလုပ်အကျွေး တပည့်ရဟန်းတို့က မထေရ်၏ အသံဖြစ်ကြောင်း ပြောကြားလေသည်တွင် တိဿမင်းကြီးသည် ဝါ (၆၀)ရ မထေရ်ကြီးတစ်ပါးဖြစ်လျက် ရောဂါဒုက္ခဝေဒနာကိုမှ သိမ်းဆည်းကြောင်း ကမ္မဋ္ဌာန်းကို မရှုပွားနိုင်။ ထိုမထေရ်ကို ရှိမခိုးတော့ဘူး' ဟူ၍ ပြောဆိုကာ မဟာဗောဓိရှိရာသို့ ထွက်သွားလေသည်။

(၄) အလုပ်အကျွေး တပည့်ရဟန်းငယ်တို့သည် 'အရှင်ဘုရား တပည့်တော်တို့ကို အဘယ့်ကြောင့် အရှက်ရအောင် ပြုလုပ်ပါသနည်း။ သဒ္ဓါတရားအားကောင်းသော တိဿမင်းကြီးသည် အရှင်ဘုရားတို့၏ ညည်းတွားသံကိုကြား၍ ရှိတောင်မခိုးဘဲ မဟာဗောဓိဘက်သို့ ထွက်ခွါသွားပြီ' ဟူ၍ လျှောက်ထားကြရာတွင်-

(၅) မထေရ်က 'ဒီလိုဆိုလျှင် ငါ့အား တရားကို နှလုံးသွင်းခွင့်ပြုလော့' ဟု မိန့်တော်မူပြီး ဝေဒနာကိုခွါ၍ ဖြစ်မြဲတိုင်းသော ဒုက္ခဝေဒနာကို သတိဖြင့် အစဉ်လိုက်၍ ဝိပဿနာ ကမ္မဋ္ဌာန်းလမ်းသို့ သွားနေသော 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' ဟု သုံးသပ်သော ဝိပဿနာဖြင့် ထိုဝေဒနာကို ခွါပြီး၍ မဂ်လေးပါးအစဉ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေသည်။

(၆) 'ငါ့ရှင်တို့ မင်းကြီးထံ လိုက်သွားလော့။ ငါတို့ကို ရှိခိုးစေလော့' ဟု အမှတ်သညာကို ပေးလေပြီး *(ထိုသို့ ပြောဆိုခြင်းသည်ပင် ရဟန္တာဖြစ်ကြောင်း အမှတ်အသားကို ပေးသည် မည်လေသည်။)*

(၇) ရဟန်းငယ်တို့လည်း လိုက်သွား၍ ပြောကြားရာ တိဿမင်းကြီးလည်း ပြန်လှည့်လာပြီ။ မိကျောင်းဝပ်ခြင်းနှင့် တူသော ပျပ်ဝပ်ခြင်းဖြင့် *(ဝမ်းလျားမှောက်ခြင်းဖြင့်)* အလွန်ရိုသေစွာ ရှိခိုးရင်းပင် 'တပည့်တော် တိဿမင်းသည် အရှင်ဘုရားတို့၏ ရဟန္တာ

အဖြစ်ကို ရှိခိုးသည် မဟုတ်ပါ။ အရှင်ဘုရားတို့၏ ပုထုဇဉ်ဘဝက အနှစ် (၆၀)ပတ်လုံး ခိုင်ခိုင်မြဲမြဲ တည်တန့်သော သီလဂုဏ်ကိုသာ ရှိခိုးပါသည်' ဟူ၍ လျှောက်ထားလေသည်။ ဤသည်ကား ပညာကို သီလဖြင့် ဆေးကြောခြင်းတည်း။ *(ဒီ ၄– ၁– ၂၆၀)*

ပညာ မရှိစေတ သီလံအပွင့်

(၁) သီလကို ပညာဖြင့် ဆေးကြော၏ ဟူသော ပါဠိတော်လာ စကားကို အဋ္ဌကထာ ဖွင့်ဆိုရာတွင် ကြိုကြိုတင်တင စောင့်စည်းမထားသော 'ဥဂ္ဃဋိတညူ' ပုဂ္ဂိုလ်မျိုး ဖြစ်လေသည်။*(ဗုဒ္ဓက အကျဉ်းဟောရုံနှင့် မဂ်, ဖိုလ်ကို ရနိုင်သောပုဂ္ဂိုလ်ကို 'ဥဂ္ဃဋိတညူ' ပုဂ္ဂိုလ်ဟု ခေါ်သည်။)*

(၂) လေးပါဒရှိသော ဂါထာတစ်ဂါထာ အဆုံးတွင် ဝိပဿနာပညာဖြင့် သီလကို ဆေးကြော၍ ပဋိသမ္ဘိဒါပတ္တနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်နိုင်လေသည်။

(၃) အဘယ်ပုဂ္ဂိုလ်ကဲ့သို့နည်းဟူမူ သန္တတိအမတ်ကြီးကဲ့သို့တည်း။ သန္တတိအမတ်ကြီးသည် သူပုန်ရန်ကို နှိမ်နင်းရာ၌ အောင်မြင်မှုရသောကြောင့် ပသေနဒီကောသလမင်းကြီးက ခုနစ်ရက်တိတိ မင်းစည်းစိမ်ကဲ့သို့ စည်းစိမ်မျိုးကို ခံစားခွင့် ဆုလာဘ်ပေးလေသည်။

(၄) ခုနစ်ရက်ပတ်လုံး ကချေသည်မလေး အချောအလှနှင့် အရက်မူးရူးကာ ကာမဂုဏ်ကြူးနေရာမှ ခုနစ်ရက်မြောက်တွင် အလွန်ချော၍ အလွန်ချစ်ရှာသော သန္တတိအမတ်ကြီး၏ အချစ်တော် ကချေသည်မလေးသည် ကခုန်ဖျော်ဖြေရင်း ကွယ်လွန်သွားရှာလေသည်။

(၅) သန္တတိအမတ်ကြီးသည် အချစ်တော်မလေး ကချေသည် ကွယ်လွန်သွားသောကြောင့် ရင်ဝကိုလှံစူးသကဲ့သို့ သောကမီးလောင်လေတော့သည်။ ဤမီးကို ဗုဒ္ဓမှတစ်ပါး အခြားသူ မငြိမ်းသတ်နိုင်ဟု သိမြင်၍ ဗုဒ္ဓထံသို့ ချဉ်းကပ်ရာ ဗုဒ္ဓက 'ယံ ပုဗ္ဗေ တံ ဝိသောဓေဟိ' စသော လေးပါဒရှိသော ဂါထာကို ဟောတော်မူရာ ထိုတစ်ဂါထာအဆုံး၌ မဂ်လေးပါးအစဉ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေသည်။ ဤသည်ကား သီလကို ပညာဖြင့် ဆေးကြောခြင်းတည်း။ *(ဒီ ၄– ၁– ၂၆၀)*

ဗုဒ္ဓက သီလ ပညာကို ထပ်၍ မေးတော်မူခြင်း

ဗုဒ္ဓသည် ပုဏ္ဏားတို့သည် ပုဏ္ဏားတို့အယူ၌ ငါးပါးသီလတို့ကို 'သီလ' ဟူ၍လည်းကောင်း၊ ဝေဒကျမ်းတတ်မြောက်ခြင်းကို 'ပညာ' ဟူ၍လည်းကောင်း ပညတ်ကြကုန်၏။ ထိုထက်အဆင့်မြင့်သော 'သီလ, သမာဓိ, ပညာ' ဟူသော တရားအထူးကို မသိကြကုန်။

'ငါသည် ပုဏ္ဏားအား အထက်ဖြစ်သော မဂ်သီလ, ဖိုလ်သီလ, မဂ်ပညာ, ဖိုလ်ပညာတို့ကို ပြတော်မူ၍ 'အရဟတ္တကူဋနေ' အရဟတ္တဖိုလ်အထွတ်ဖြင့် ဒေသနာတော်ကို ပြီးဆုံးစေရမူ ကောင်းလေစွ' ဟု ကြံတော်မူ၍ အောက်ပါအတိုင်း မေးတော်မူလေသည်။ *(ပုဏ္ဏား မဖြေနိုင်မှန်း သိတော်မူသည်မှန်၍ ကထေတု ကမျတာ ပုစ္ဆာအနေဖြင့် ကိုယ်တော်တိုင်မေး၍ ကိုယ်တော်တိုင် ဖြေကြားတော်မူလိုသောကြောင့် မေးတော်မူခြင်း ဖြစ်သည်။)*

ကတမံ ပန တံ ဗြာဟ္မဏသီလံ ကတမာ သာပညာတိ။ *(ဒီ– ၁– ၁၁၇)*

ဗြာဟ္မဏ– ပုဏ္ဏား၊ တံ သီလံ– ထိုသီလဟူသည်၊ ကတမံ ပန– အဘယ်နည်း၊ ဗြာဟ္မဏ– ပုဏ္ဏား၊ သာပညာ– ထိုပညာဟူသည်၊ ကတမာ– အဘယ်နည်း။

သောဏဒဏ္ဍပုဏ္ဏား မဖြေကြားဘဲ ဗုဒ္ဓကိုပင် ဖြေကြားတော်မူစေခြင်း

ဗုဒ္ဓက ထိုသို့မေးတော်မူလျှင် သောဏဒဏ္ဍပုဏ္ဏားသည် 'ငါသည် မိမိတို့၏ အယူ၏အစွမ်းဖြင့် ပြဿနာကို ဖြေကြားပြီးဖြစ်၏။ အရှင်ဂေါတမသည်ကား ပြဿနာကို အစကစ၍ ပြန်၍မေးတော်မူပြန်ပြီ။ ဤအမေး၌ ပြဿနာကို စွမ်းနိုင်မူလည်း စွမ်းနိုင်ရာ၏။ မစွမ်းနိုင်မူလည်း ဖြစ်ရာ၏။ အကယ်၍ မစွမ်းနိုင်သည် ဖြစ်အံ့။ အရှက်ကွဲလတ္တံ့။*(ဈေး-ဦး ပြဿနာကို ဖြေကြားနိုင်သည်မှန်၍ ပရိသတ်၏*

အထင်ကြီးခြင်းကို ခံခဲ့ရပြီ။ ယခုအခါ မဖြေနိုင်လျှင် အရှက်ကွဲရတော့အံ့။) 'မစွမ်းနိုင်သည်ကို မစွမ်းနိုင်' ဟု ဖြေဆိုခြင်းနှင့် အပြစ်မရှိပေ' ဤသို့ကြံ၍ 'ဤပြဿနာကို ဖြေကြားမှု၌ ရဟန်းဂေါတမ၏သာလျှင် တာဝန်ဖြစ်စေတော့' ဟုကြံပြီးလျှင် အောက်ပါစကားကို လျှောက်ထားလေသည်။

'အရှင်ဂေါတမ ဤအရာ၌ အကျွန်ုပ်တို့သည် ဤမျှလောက်ကိုသာ သိပါကုန်၏။ ထို့ကြောင့် တောင်းပန်ပါ၏။ ထို 'သီလ, ပညာ' ဟူသောစကား၏ အနက်သဘောကို အရှင်ဂေါတမသည်ပင်လျှင် ဟောတော်မူပါလော့။'

ဗုဒ္ဓသည် အဆင့်မြင့် သီလ ပညာတို့ကို ဟောတော်မူခြင်း

ဗုဒ္ဓသည် လောက၌ ပွင့်တော်မူလာပုံ၊ ဗုဒ္ဓ၏ တရားတော်ကိုနာရ၍ ရဟန်းပြုပုံ၊ ရဟန်းတရားကျင့်ပုံ၊ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကိုကျင့်ပုံ၊ ဣန္ဒြိယသံဝရတို့ကိုကျင့်ပုံ၊ သန္တောသတို့ကိုကျင့်ပုံ၊ ဈာန်လေးပါးတို့ကိုရပုံ၊ ဝိပဿနာပညာမှစ၍ အရဟတ္တဖိုလ်အထိ ဝိဇ္ဇာရှစ်ပါးတို့ကိုရပုံတို့ကို သာမညဖလသုတ်မှာကဲ့သို့ အကျယ်ဟောတော်မူလေသည်။

ထိုတွင် သီလသုံးမျိုးတို့ကို 'သီလ' အားဖြင့်လည်းကောင်း၊ ဈာန်လေးပါးတို့ကို ပညာ၏ အခြေခံအားဖြင့်လည်းကောင်း၊ ဝိပဿနာပညာမှစ၍ အရဟတ္တဖိုလ်ပညာအထိ ပညာတို့ကိုလည်းကောင်း၊ ဝိဇ္ဇာရှစ်မျိုးတို့ကိုလည်းကောင်း၊ 'ပညာ' ဟူ၍လည်းကောင်း အရဟတ္တဖိုလ် အထွတ်တပ်၍ ဟောတော်မူလေသည်။ *(ဒီ- ၁- ၁၁၆ / ၁၁၇၊ ဒီ ဋ္ဌ- ၁- ၂၆၀ / ၂၆၁)*

သောဏဒဏ္ဍပုဏ္ဏား ဥပါသကာအဖြစ် လျှောက်ထားခြင်း

ထိုသို့ ဗုဒ္ဓသည် အတုမရှိသော သီလ, သမာဓိ, ပညာတို့ကို ဟောတော်မူလေလျှင် သောဏဒဏ္ဍပုဏ္ဏားသည် အလွန်သဘောကျ နှစ်ခြိုက်ကြည်ညိုသည်ဖြစ်၍ အောက်ပါအတိုင်း ဥပါသကာအဖြစ်ကို လျှောက်ထားလေသည်။

'အရှင်ဂေါတမ တရားတော်သည် **အဘိက္ကန္တံ**- အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အရှင်ဂေါတမ တရားတော်သည် **အဘိက္ကန္တံ**- အလွန်နှစ်သက်ဖွယ် ရှိပါပေစွ' စသည် သရဏဂုံတည် ဥပါသကာအဖြစ်ကို လျှောက်ထားပြီးလျှင် နက်ဖြန်အတွက် သံဃာငါးရာနှင့်တကွ ဆွမ်းစားကြွရန် ပင့်ဖိတ်၍ ပြန်သွားလေသည်။

သောဏဒဏ္ဍပုဏ္ဏား အရှိအသေပြုပုံအထူးကို လျှောက်ထားခြင်း

ရဟန်းသံဃာတော် ငါးရာနှင့်တကွ ဗုဒ္ဓအား အိမ်သို့ပင့်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းပြီးနောက် သောဏဒဏ္ဍပုဏ္ဏားသည် တစ်ခုသောနေရာ၌ ထိုင်ပြီးလျှင် ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

(၁) 'အရှင်ဂေါတမ အကျွန်ုပ်တို့သည် ပရိသတ်ထဲ၌ ရောက်နေသောအခါ နေရာမှထ၍ အရှင်ဂေါတမကို ရှိခိုးငြားအံ့။ ထိုသို့ ရှိခိုးခြင်းကြောင့် ထိုပရိသတ်သည် အကျွန်ုပ်ကို ကဲ့ရဲ့ရာ၏။ *(ဤသောဏဒဏ္ဍသည် အသက်ကြီးရင့်၍ အမျိုးကြီး ဖြစ်နေပြီ။ မိမိ၏ မြေးမျှလောက်သော မရှိသေးသော ရဟန်းဂေါတမအား ရှိကြီးခိုးမကျမှ နေရာမှထ၍ ရှိခိုးရတံ့ ရှိသေး၏ ကဲ့ရဲ့ရာ၏။)* အကဲ့ရဲ့ခံရသူအား ကျော်စောခြင်း ဆုတ်ယုတ်ရာ၏။ ကျော်စောခြင်း ဆုတ်ယုတ်သူအား စည်းစိမ်တို့သည် ဆုတ်ယုတ်ရာ၏။ အရှင်ဂေါတမ အကျွန်ုပ်တို့သည် 'ယသော လဒ္ဓါ ဘောဂါ' စည်းစိမ်တို့ကို ကျော်စောခြင်းကြောင့် ရပါကုန်၏။

(၂) အရှင်ဂေါတမ အကျွန်ုပ်သည် ပရိသတ်ထဲ၌ ရောက်နေသောအခါ '**အဉ္ဇလိံ ပဂ္ဂဏှေယျံ**' လက်အုပ်ချီငြားအံ့။ ထိုလက်အုပ်ချီခြင်းကို ထိုင်ရာမှထ၍ ခရီးဦးကြိုဆိုခြင်းဟု မှတ်တော်မူပါ။ *(ဤသောဏဒဏ္ဍပုဏ္ဏားသည် မရိုသေ့ခြင်းကြောင့် နေရာမှ မထခြင်း မဟုတ်။ စည်းစိမ်ပျက်စီးခြင်းမှ ကြောက်သောကြောင့် မထခြင်း ဖြစ်သည်။ ဤသည်လည်း အံ့ဩဖွယ်တစ်မျိုးဖြစ်သည်။ မှန်၏။ 'ဤသောဏဒဏ္ဍပုဏ္ဏားနှင့် တူသော အံ့ဩဖွယ်ကို ဖြစ်စေတတ်သောသူကို ရနိုင်ခဲသတတ်။' ၎င်းကို ပါဠိလို 'ဣမိနာ ကိရ သဒိသော ကုဟကော ဒုလ္လဘော' ဖြစ်သည်)*

(၃) အရှင်ဂေါတမ အကျွန်ုပ်သည် 'ပရိသဂတော'- ပရိသတ်ထဲ၌ ရောက်နေသောအခါ ဦးရစ်ပေါင်းကို ချွတ်ငြားအံ့။ ယင်းကို ရှိခိုးခြင်းဟု မှတ်တော်မူပါ။

(၄) အရှင်ဂေါတမ အကျွန်ုပ်သည် 'ယာနဂတော' ယာဉ်ထက်၌ ရောက်နေသောအခါ နှင်တံကို မြှောက်ငြားအံ့။ ယင်းကို

ယာဉ်ထက်မှ ဆင်းသက်ခြင်းဟု မှတ်တော်မူပါ။

(၅) အရှင်ဂေါတမ အကျွန်ုပ်သည် ယာဉ်ထက်၌ ရောက်နေသောအခါ ထီးကိုပယ်ငြားအံ့၊ ယင်းကို ရှိခိုးခြင်းဟု မှတ်တော်မူပါ။ *(ဒီ- ၁- ၁၁၈ / ၁၁၉၊ ဒီ ဋ- ၁- ၂၆၁)*

သောဏဒဏ္ဍပုဏ္ဏားသည် ထိုသို့ပြုမူခြင်းသည် လူအများ၏ အထင်ကြီးမှုကို ဖြစ်စေပြီးလျှင် ကြွားဝါသောအားဖြင့် အံ့ဩစေလို၍။ ထိုသို့ တအံ့တဩဖြစ်မှ လာဘ်ရမည်ဟု မျှော်လင့်နေသူ ဖြစ်သောကြောင့်တည်း။

ဗုဒ္ဓ တရားဟောတော်မူ၍ ပြန်ကြွတော်မူခြင်း

အထခေါ ဘဂဝါ သောဏဒဏ္ဍံ ဗြာဟ္မဏံ ဓမ္မိယာကထာယ သန္ဒဿေတွာ သမာဒပေတွာ သမုတ္တေဇေတွာ သမ္ပဟံသေတွာ ဥဋ္ဌာယာသနာ ပက္ကမိတိ။ *(ဒီ- ၁- ၁၁၉)*

အထခေါ- ထိုအခါ၌၊ **သောဏဒဏ္ဍံ ဗြာဟ္မဏံ-** သောဏဒဏ္ဍပုဏ္ဏားကို၊ **ဓမ္မိယာကထာယ-** တရားစကားဖြင့်၊ **သန္ဒဿေတွာ-** အကျိုးစီးပွါးကို သိမြင်စေလျက်၊ **သမာဒပေတွာ-** တရားကို ဆောက်တည်စေကာ၊ **သမုတ္တေဇေတွာ-** တရားကျင့်သုံးရန် ထက်သန်စေ၍၊ **သမ္ပဟံသေတွာ-** ရွှင်လန်းစေပြီးလျှင်၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **အာသနာ-** နေရာမှ၊ **ဥဋ္ဌာယ-** ထတော်မူ၍၊ **ပက္ကာမိ-** ဖဲကြွတော်မူလေပြီ၊ **ဣတိ-** ဤတွင် သောဏဒဏ္ဍသုတ် ပြီးလေပြီ။

ရှေးတရား, နောက်တရား ဟောခြင်းအကြောင်း

သောဏဒဏ္ဍပုဏ္ဏားသည် မိမိ၏ အံ့ဘွယ်၏အဖြစ်ဖြင့် ဝါကြွားတတ်သည်၏ အဖြစ်ကြောင့် ဤသို့လျှင် ဗုဒ္ဓသည် ရှေးပိုင်း၌ တရားမိုးကို ရွာသွန်းစေတော်မူလတ်သော် တရားထူးကို ရရှိခြင်းမဖြစ်ဘဲ ရှေးပိုင်း၌ သရဏဂုံတည်သူ ဥပါသကာ ဒါယကာတစ်ဦး အဖြစ်သို့သာ ရောက်လေသည်။ နောက်ပိုင်း၌ ဗုဒ္ဓသည် သောဏဒဏ္ဍပုဏ္ဏားအား တရားဟောကြားတော်မူခြင်းဖြင့် *(နောက်ပိုင်းတရားဖြင့်)* နောင်အခါ၌ နိဗ္ဗာန်အကျိုးငှာလည်းကောင်း, တရားဝါသနာအထုံ ဖြစ်စေခြင်းငှာလည်းကောင်း အဖြစ်သို့ ရောက်စေလေသည်။ *(ဒီ ဋ- ၁- ၂၆၁ / ၂၆၂)*

သတိပြုဘွယ် တရားတော်

(၁) ဗုဒ္ဓသည် သောဏဒဏ္ဍပုဏ္ဏားထံသို့ ကြွရောက်တော်မူခြင်း၏ အဓိကအကြောင်းအရင်းသည် ဤဘဝ၌ သရဏဂုံ ဥပါသကာအဖြစ်ဟူသော ကုသိုလ်ကိုပေးခြင်းငှာလည်းကောင်း၊ နောင်ဘဝ၌ အရိယမဂ်ဖိုလ်ကို ရနိုင်ခြင်းငှာအတွက် အထုံအဖြစ်ပါသွားနိုင်သော ကုသိုလ်ကို ပေးခြင်းငှာလည်းကောင်း ကြွရောက်တော်မူခြင်း ဖြစ်သည်။ ဤအချက်သည် ဗုဒ္ဓ၏ မနှိုင်းယှဉ်နိုင်သော 'မေတ္တာ, ကရုဏာ' ရှိတော်မူပုံကို ညွှန်ပြလျက် ရှိနေပေသည်။ ထို့ကြောင့် **ဗုဒ္ဓ၏ မေတ္တာတော်, ကရုဏာတော်ကို အာရုံပြု၍ ဗုဒ္ဓ ဟောကြားတော်မူအပ်သော တရားတော်များကို လေးလေးစားစား ယုံယုံကြည်ကြည် လေ့လာလိုက်စား ကျင့်ကြံကြိုးကုတ် အားထုတ်သူများ ဖြစ်ကြပါကုန်လော့။**

(၂) သောဏဒဏ္ဍပုဏ္ဏားသည် ဗုဒ္ဓထံသို့ ချဉ်းကပ်ရာ၌ လွယ်ကူစွာ ချဉ်းကပ်နိုင်ခဲ့သည် မဟုတ်ပါ။ တပည့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းတို့၏ ဝိုင်းဝန်းကန့်ကွက်ချက်ကို ကျော်လွှားအောင် ပြုလုပ်နိုင်ပြီးမှ ချဉ်းကပ်နိုင်ခဲ့လေသည်။ ဤအချက်ဖြင့် သောဏဒဏ္ဍပုဏ္ဏားကြီးသည် ဉာဏ်ပညာကြီးမားကြောင်းမှာ ထင်ရှားလျက်ရှိနေပေသည်။ သို့ရာတွင် အကျော်အစော လာဘ်သပ်ပကာတို့၌ အလွန်တပ်မက်သူတစ်ဦးဖြစ်၍ သရဏဂုံ ခံယူခြင်း, ဥပါသကာအဖြစ် နောင်ဘဝများအတွက် အထုံဖြစ်ခြင်းလောက်သာ အကျိုးရရှိပေသည်။ အမှန်စင်စစ် ဗုဒ္ဓနှင့်တွေ့လျှင် တရားထူး တရားမြတ်ကို ရထိုက်ပေသည်။ ထိုအခွင့်အရေးကို လက်လွှတ်လိုက်ရလေသည်။ ထို့ကြောင့် **တရားထူး တရားမြတ်ကို ရရှိရန် အခွင့်အရေးနှင့် ကြုံလာလျှင် လာဘ်သပ်ပကာ အကျော်အစောကို အလေးထားသူ, ဦးစားပေးသူ မဖြစ်ကြစေဘဲနှင့် တရားထူး တရားမြတ်ကိုသာ အလေးထားသူ ဦးစားပေးသူများ ဖြစ်ကြပါကုန်လော့။**

(၃) လူ့လောက၌ အဆင်းလှခြင်းသည်လည်း ကောင်းပါပေသည်။ တတ်သင့်တတ်ထိုက်သော အတတ်ပညာရပ်များကို

တတ်မြောက်ခြင်းသည်လည်း ကောင်းပါပေသည်။ မြင့်မြတ်သော အမျိုးဇာတ်၌ ဖြစ်ရခြင်းသည်လည်း ကောင်းပါပေသည်။ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံစေကာမူ ကိုယ်ကျင့်တရားနှင့် ဟုတ်တိုင်းမှန်စွာ တွေးခေါ်မြော်မြင်တတ်သော ကိုယ်ပိုင်အသိဉာဏ်ပညာ အားနည်းချွတ်ယွင်းပါက အထက်တန်းသို့ တက်လှမ်းနိုင်ရန် အလှမ်းဝေးလျက် ရှိနေလေသည်။ အချုပ်အားဖြင့် သတ္တလောက၌ ကိုယ်ကျင့်တရားသီလနှင့် ဟုတ်တိုင်းမှန်စွာ တွေးခေါ်မြော်မြင်တတ်သောပညာ၊ ထို 'သီလ, ပညာ' နှစ်ပါးရှိသူတို့သာလျှင် အထက်တန်းသို့ တက်လှမ်းရန် အလှမ်းမဝေးသောကြောင့် သေတစ်ပန် သက်တစ်ဆုံး 'သီလ, ပညာ' နှစ်ပါးနှင့် ပြည့်စုံအောင် အားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။

(၄) မှန်၏။ သီလနှင့် ပညာသည် တစ်ခုနှင့်တစ်ခု ကျေးဇူးပြုလျက် ရှိနေလေသည်။ ဘယ်ဘက်လက်၌ အညစ်အကြေး ပေနေလျှင် ညာလက်ဘက်ဖြင့် ဆေးကြောသုတ်သင်ရသကဲ့သို့လည်းကောင်း၊ ညာဘက်လက်၌ အညစ်အကြေး ပေနေလျှင် ဘယ်ဘက်လက်ဖြင့် ဆေးကြောသုတ်သင်ရသကဲ့သို့လည်းကောင်း ကိုယ်ကျင့်တရား အကျင့်သီလနှင့် ပြည့်စုံသူသည် အသိဉာဏ်ပညာ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသကဲ့သို့ အသိဉာဏ်ပညာနှင့် ပြည့်စုံသူသည်လည်း ကိုယ်ကျင့်တရား အကျင့်သီလကို ကျေးဇူးပြုလေသည်။ 'သီလ, ပညာ' တစ်မျိုးမျိုး ချွတ်ယွင်းနေလျှင် မိမိအကျိုးစီးပွါးနှင့် သူတစ်ပါးအကျိုးစီးပွါးတို့ကို ကောင်းစွာဆောင်ရွက်နိုင်မည် မဟုတ်ပေ။ 'သီလ, ပညာ' နှစ်မျိုးလုံးနှင့် ပြည့်စုံမှသာလျှင် မိမိအကျိုးစီးပွါးကိုရော သူတစ်ပါးအကျိုးစီးပွါးတို့ကိုပါ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပေသည်။ ထို့ကြောင့် 'သီလ, ပညာ' နှစ်ပါးဖြင့် ပြည့်စုံပြီး မိမိအကျိုးစီးပွါးအတွက်ရော သူတစ်ပါးအကျိုးစီးပွါးအတွက်ရော ဆောင်ရွက်နိုင်သူများ ဖြစ်ကြပါကုန်လော့။

သောဏဒဏ္ဍသုတ် ပြီး၏။



(၅) ကူဋဒန္တသုတ်

ဝေံ မေ သုတံ ဧကံသမယံ ဘဂဝါ မဂဓေသု စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ ယေန ခါဏုမတံ နာမ မဂဓာနံ ဗြာဟ္မဏဂါမော တဒဝသရိ တတြ သုဒံ ဘဂဝါ၊ ခါဏုမတေ ဝိဟရတိ အမ္ဗလဋ္ဌိကာယံ။ *(ဒီ- ၁- ၁၂၀)*

ဘန္တေ ကဿပ- အရှင်မဟာကဿပဘုရား၊ **မေ** မယာ အာနန္ဒေန- တပည့်တော် အာနန္ဒာသည်၊ ဣဒံ သုတ္တံ- ဤ ကူဋဒန္တသုတ္တန်တရားတော်ကို၊ ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ သမ္မုခါ- မျက်မှောက်တော်မှ၊ **ဝေံ-** ဤဆိုအပ်လတ္တံ့အတိုင်း၊ **သုတံ-** နာခံမှတ်သား ကြားနာအပ်ပါပြီ။

ဧကံ သမယံ- အခါတစ်ပါး၌၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **မဂဓေသု-** မဂဓါဟု ဗဟုဝုစ် အမည်ရသော ဇနပုဒ်၌ *(မဂဓတိုင်း၌)*၊ **မဟတာ-** ဂုဏ်အားဖြင့်လည်းမြတ်, အရေအတွက်အားဖြင့်လည်းများသော၊ **ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ-** ရဟန်းငါးရာတို့နှင့်၊ **သဒ္ဓိံ-** အတူတကွ၊ **စာရိကံ-** ဒေသစာရီကို၊ **စရမာနော-** လှည့်လည်တော်မူလတ်သော်၊ **ယေန-** အကြင်အရပ်၌၊ **ခါဏုမတံ နာမ-** ခါဏုမတ အမည်ရှိသော၊ **ဗြာဟ္မဏဂါမော-** ပုဏ္ဏားရွာသည်၊ **အတ္ထိ-** ရှိ၏၊ **တေန-** ထိုအရပ်သို့၊ **အဝသရိ-** ရောက်တော်မူပြီ၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **တတြ ခါဏုမတေ-** ထိုခါဏုမတ အမည်ရှိသော ပုဏ္ဏားရွာ၏အနီး၌၊ **အမ္ဗလဋ္ဌိကာယံ-** အမ္ဗလဋ္ဌိကဥယျာဉ်၌၊ **ဝိဟရတိ-** ဣရိယာပထ မျှတစွာ်ပြုံး သီတင်းသုံးနေတော်မူ၏။

မဂဓေသု အဖွင့်

(၁) သီလက္ခန် ဋီကာသစ် ဖွင့်ဆိုချက်အရ သားကောင်တို့ကို လိုက်ရာဝယ် သားကောင်တို့ ပြေးသလောက် ပြေးနိုင်သောကြောင့် မင်းသားတို့သည် **'မဂဓာ'** မည်၏။ တစ်နည်း အသားစားခြင်းတို့၌ လွန်စွာမက်မောသောကြောင့် မင်းသားတို့သည် **'မဂဓာ'** မည်၏။ *(ဋီသစ်- ဒုအုပ်- ၃၀၀)*

(၂) ထိုမဂဓာ အမည်ရသော မင်းသားတို့၏ နေရာဇနပုဒ်ကိုလည်း တစ်ခုတည်း ဖြစ်စေကာမူ မင်းသားတို့၏ **'မဂဓာ'** ဟူသော ဗဟုဝုစ်နာမည်ကို တင်စားသော အတင်ရုဠီအားဖြင့် မဂဓာဟု ဗဟုဝုစ်နာမည်ဖြင့် ခေါ်သည်။ ဥပစာရအားဖြင့် **'ဌာနီ'** မင်းသားတို့၏ နာမည်ကို **'ဌာန'** ဇနပုဒ်၌ တင်စားသောကြောင့် ဌာနျူပစာရတည်း။

ကူဋဒန္တပုဏ္ဏား ယဇ်ကြီးပူဇော်ရန် စီမံခြင်း

ထိုစဉ်အခါ၌ ကူဋဒန္တပုဏ္ဏားသည် ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော ခါဏုမတရွာကို အုပ်ချုပ်၍နေသည်။ ဗုဒ္ဓသည် ထိုခါဏုမတရွာအနီး အမ္ဗလဋ္ဌိကာဥယျာဉ်၌ *(အမ္ဗလဋ္ဌိကာဥယျာဉ်အကြောင်းကို ဗြဟ္မဇာလသုတ်က ပြဆိုခဲ့ပြီး ဖြစ်သည်။)* ရဟန်းသံဃာတော် ငါးရာနှင့်အတူ သီတင်းသုံးတော်မူနေစဉ်မှာပင် ကူဋဒန္တပုဏ္ဏားသည် ယဇ်ကြီးကို ပူဇော်ရန် အတွက်-

(၁) သတ္တ စ ဥသဘာနိ - နွားလား (၇၀၀)တို့ကိုလည်းကောင်း၊
(၂) သတ္တ စ ဝစ္ဆတရသတာနိ - နွားထီးငယ် (၇၀၀)တို့ကိုလည်းကောင်း၊
(၃) သတ္တ စ ဝစ္ဆတရီသတာနိ - နွားမငယ် (၇၀၀)တို့ကိုလည်းကောင်း၊
(၄) သတ္တ စ အဇသတာနိ - ဆိတ် (၇၀၀)တို့ကိုလည်းကောင်း၊
(၅) သတ္တ စ ဥရဗ္ဘသတာနိ - သိုး (၇၀၀)တို့ကိုလည်းကောင်း၊

ယညတ္ထာယ- ယဇ်ပူဇော်ခြင်း အကျိုးငှာ၊ **ထူဏူပနီတာနိ-** ယဇ်တိုင်သို့ ကပ်ဆောင်အပ်ပြီးကုန်သည်၊ **ဟောန္တိ-** ဖြစ်ကုန်၏။ *(အခြားသော ခုနစ်ရာ ခုနစ်ရာစီသော သားကောင်ငှက်တို့ကိုလည်း ထိုအတူ ယဇ်တိုင်သို့ ကပ်ဆောင်ထားလေသည်။)* *(ဒီ- ၁- ၁၂၀၊ ဒီ ဋ- ၁- ၂၆၃)*

ကူဋဒန္တပုဏ္ဏား ဗုဒ္ဓထံသို့ ချဉ်းကပ်ခြင်း

(၁) ထိုအခါ၌ ခါဏုမတပုဏ္ဏားရွာနေ ပုဏ္ဏားများနှင့် အမျိုးသားတို့သည် ဗုဒ္ဓ ကြွရောက်တော်မူသည်ကို ကြားသိပုံသည်လည်းကောင်း၊ ဗုဒ္ဓထံသို့ ချဉ်းကပ်ရန် အစုလိုက် အအုပ်လိုက် ထွက်ကြပုံသည်လည်းကောင်း၊ ကူဋဒန္တပုဏ္ဏားလည်း ထိုပုဏ္ဏားများနှင့် အမျိုးသားများနှင့်အတူ လိုက်ပါလိုကြောင်း ပြောကြားပုံသည်လည်းကောင်း၊ ကူဋဒန္တပုဏ္ဏား၏ ယဇ်ကြီးကို ပူဇော်ခြင်း၌ ခံစားရန် ရောက်နေကြသော ရာပေါင်းများစွာသော ပုဏ္ဏားတို့သည် ကူဋဒန္တပုဏ္ဏား၏ (၁၂)မျိုးသောဂုဏ်တို့ကို ပြောကြား၍ တားမြစ်ကြပုံသည်လည်းကောင်း၊ ကူဋဒန္တပုဏ္ဏားက ဗုဒ္ဓ၏ဂုဏ်တော် (၂၉)မျိုးတို့ကို ဖော်ပြ၍ ချဉ်းကပ်သင့်ကြောင်းကို ပြောဆိုခြင်းတို့သည်လည်းကောင်း သောဏဒဏ္ဍသုတ်က အတိုင်းပင်တည်း။

(၂) သို့ဖြစ်၍ ကူဋဒန္တပုဏ္ဏားနှင့် ရာပေါင်းများစွာသော ပုဏ္ဏားတို့သည် ခါဏုမတရွာ၏အနီး အမ္ဗလဋ္ဌိကာဥယျာဉ်၌ သီတင်းသုံးတော်မူလျက်ရှိသော ဗုဒ္ဓထံသို့ ချဉ်းကပ်ကြလေသည်။

ကူဋဒန္တပုဏ္ဏား၏ ကြံရွယ်ချက်

'ရဟန်းဂေါတမသည် **တိဝိဓံ**– သုံးပါးသော စိတ်ထားရှိသော၊ **သောဠသ ပရိက္ခာရံ**– (၁၆)ပါးသော အရံအတားရှိသော၊ **ယညသမ္ပဒံ**– ပြည့်စုံသော ယဇ်ပူဇော်ခြင်းကို၊ **ဇာနာတိ**– သိ၏၊ ဝါကားမသိပေ။ သို့ဖြစ်၍ ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ပြည့်စုံသော ယဇ်ပူဇော်ခြင်း၏ အကြောင်းဖြစ်သော သုံးပါးသော စိတ်ထားနှင့် (၁၆)ပါးသော အရံအတားကို မေးရမူ ကောင်းလေစွ' ဟု ကြံစည်၍ ဗုဒ္ဓထံသို့ ချဉ်းကပ်ခြင်း ဖြစ်လေသည်။

ကူဋဒန္တပုဏ္ဏား မေးလျှောက်ပြီ

ဗုဒ္ဓထံသို့ ချဉ်းကပ်၍ တစ်ခုသောနေရာ၌ ထိုင်နေသော ကူဋဒန္တပုဏ္ဏားသည် ဗုဒ္ဓအား အောက်ပါအတိုင်း မေးမြန်းလျှောက်ထားလေသည်။

'အရှင်ဂေါတမ ရဟန်းဂေါတမသည် သုံးပါးသော စိတ်ထားနှင့် တစ်ဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယဇ်ကို သိတော်မူ၏ဟု အကျွန်ုပ် ကြားဖူးပါသည်။ အကျွန်ုပ်ကား မသိပါ။ အရှင်ဂေါတမ အကျွန်ုပ်သည် ယဇ်ကြီးပူဇော်ရန်လည်း အလိုရှိပါ၏။ **'သာဓု မေ ဘဝံ ဂေါတမော'** သာဓု– တောင်းပန်ပါ၏၊ ဘဝံ ဂေါတမော– အရှင်ဂေါတမသည်၊ မေ– အကျွန်ုပ်အား၊ **'တိဝိဓ ယညသမ္ပဒံ, သောဠသ ပရိက္ခာရံ ဒေသေတု'** သုံးပါးသော စိတ်ထားနှင့် (၁၆)ပါးသော အရံအတားရှိသော ပြည့်စုံသော ယဇ်ပူဇော်နည်းကို ဟောတော်မူပါ။'

ဗုဒ္ဓ ယဇ်ကြီးပူဇော်ပုံကို ဟောတော်မူခြင်း

'တေနဟိ ဗြာဟ္မဏ သုဏာဟိ သာဓုကံ မနသိကရောဟိ ဘာသိဿာမိ' တိ။ **ဗြာဟ္မဏ**– ပုဏ္ဏား၊ **တေနဟိ**– ထိုသို့ဖြစ်လျှင်၊ **သာဓုကံ**– ကောင်းစွာ၊ **သုဏာဟိ**– နာကြားလော့၊ **မနသိကရောဟိ**– နှလုံးသွင်းလော့၊ **ဘာသိဿာမိ**– ဟောပေအံ့၊ **ဣတိ**– ဤသို့ မိန့်ကြားတော်မူလေပြီ။ *(ဒီ– ၁– ၁၂၇)*

'ပုဏ္ဏား ဘူတပုဗ္ဗံ– ရှေး၌ဖြစ်ဖူးသည်ကား မဟာဝိဇိတမည်သော မင်းသည်ရှိ၏။ ထိုမင်းသည် **အဍ္ဍော**– ကြွယ်ဝ၏၊ **မဟဒ္ဓနော**– များသောဥစ္စာရှိ၏၊ **မဟာဘောဂေါ**– များသောစည်းစိမ်ရှိ၏၊ **ပဟူတ ဇာတရူပ ရဇတော**– များသော ရွှေ, ငွေရှိ၏၊ **ပဟူတ ဝိတ္တူပကရဏော**– နှစ်သက်ဖွယ်ရာ များသောအသုံးအဆောင်ရှိ၏၊ **ပဟူတ ဓနဓညော**– များသော ဥစ္စာစပါးရှိ၏၊ **ပရိပုဏ္ဏကောသ ကောဋ္ဌာဂါရော**– ပြည့်သောဘဏ္ဍာတိုက် ကျီကျရှိ၏။

ထိုမင်းသည် ဆိတ်ငြိမ်ရာသို့ကပ်၍ တစ်ယောက်တည်း ကြံစည်မိသည်မှာ ငါသည် ပြန့်ပြောသော လူ့စည်းစိမ်ကို ရလျက်ရှိ၏။ ကျယ်ပြန့်သော မြေအဝန်းကို အုပ်စိုး၍နေ၏။ ငါသည် ယဇ်ကြီးကို ပူဇော်ရမူ ကောင်းလေစွ။ ယင်းသို့ပူဇော်ခြင်းသည်

ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏စီးပွါးချမ်းသာအလို့ငှာ ဖြစ်ရာ၏။' ထိုအကြံဖြစ်ပြီးနောက် ပုရောဟိတ် ပုဏ္ဏားကိုခေါ်၍ သူ၏ အကြံအစည်ကို ပြောဆို၍ တိုင်ပင်လေပြီ။

ပညာရှိနှင့် တိုင်ပင်ရခြင်းအကြောင်း

ယဇ်ပူဇော်ခြင်းဟူသော အလှူဒါန ကုသိုလ်ကောင်းမှု လုပ်ရာ၌ မဟာဝိဇိတမင်း ကြံစည်ပုံမှာ–

ဒါနံ ဒေဿနုနာမ ဧကေန ပဏ္ဍိတေန သဒ္ဓိံ မန္တေတွာ ဒါတုံ ဝဋ္ဋတိ၊ အနာမန္တေတွာ ကတကမ္မဥ္ဟိ ပစ္ဆာနုတာပံ ကရောတီတိ၊ တသ္မာ အာမန္တေသိ။ *(ဒီ ဋ္ဌ– ၁– ၂၆၄)*

ဒါနံ– အလှူကို၊ **ဒေဿနုနာမ**– ပေးလှူသူမည်သည်၊ **ဧကေန ပဏ္ဍိတေန**– တစ်ယောက်သော ပညာရှိနှင့်၊ **သဒ္ဓိံ**– အတူတကွ၊ **မန္တေတွာ**– တိုင်ပင်၍၊ **ဒါတုံ**– ပေးလှူခြင်းငှာ၊ **ဝဋ္ဋတိ**– သင့်၏၊ **ဟိ**– မှန်၏၊ **အနာမန္တေတွာ**– မတိုင်ပင်မူ၍၊ **ကတကမ္မံ**– ပြုအပ်သောအမှုသည်၊ **ပစ္ဆာနုတာပံ**– နောင်တတစ်ဖန် ပူပန်ခြင်းကို၊ **ကရောတိ**– ပြုတတ်၏၊ **ဣတိ**– ဤသို့ကြံပြီ၊ **တသ္မာ**– ထို့ကြောင့်၊ **အာမန္တေသိ**– ဆရာပုရောဟိတ် ပညာရှိပုဏ္ဏားအား ခေါ်ပြီ။ ထိုသို့ ခေါ်ပြီး၍ အောက်ပါစကားကို အမိန့်ရှိလေ သည်။

'ပုဏ္ဏား ငါသည် ယဇ်ကြီးကို ပူဇော်ရန် အလိုရှိ၏။ ယဇ်ပူဇော်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွား ချမ်းသာအလို့ငှာ ဖြစ်ရာ၏။ အရှင်သည် ငါ့ကို ဆုံးမညွှန်ကြားပါလော့' ဟု မိန့်ဆို၏။

ပုရောဟိတ် ပုဏ္ဏား အကြံပြုပုံ

(၁) 'ဤမင်းသည် ကြီးစွာသောအလှူကို ပေးလှူလို၏။ ထိုသို့ ပေးလှူသောအခါ၌ ဆူပူသောင်းကျန်းနေသော သူပုန်များကို မနှိမ်နင်းဘဲ ပေးလှူလျှင် တောရွာနေ ယောကျ်ားတို့သည် မင်းကြီးထံ အလှူ၏ အဆောက်အဦးဖြစ်သော နို့ရည်, နို့ဓမ်း, ဆန် အစရှိကုန်သော လှူဖွယ်ပစ္စည်းတို့ကို ပို့ဆောင်ကြကုန်သည်ရှိသော် အိမ်၌ မိန်းမသားချည်းတို့သာ ကျန်တော့၍ ယောကျ်ားမရှိကုန် သောအိမ်တို့ကို လုယူကုန်လတ္တံ့။

(၂) တောရွာဇနပုဒ်သည် သူပုန်ဘေးကြောင့် မငြိမ်မသက် ဆူပွက်လတ္တံ့။ မင်းကြီး၏ အလှူဒါနသည်လည်း ကြာရှည် မတည်လတ္တံ့။ မင်းသည်လည်း စိတ်ကြည်ခြင်း မဖြစ်လတ္တံ့–

(၃) သို့ဖြစ်၍ မင်းကြီးအား တောရွာဇနပုဒ်တို့၌ ခိုးသားဓားပြ သူပုန်ဘေးတို့မှ ကင်းဝေးခြင်း အကျိုးငှာ, ယဇ်ဒါန၏ ကြာ ရှည်စွာ တည်တန့်ခြင်း အကျိုးငှာ, မင်းကြီး၏ စိတ်တည်ငြိမ်စွာ ပေးလှူနိုင်ခြင်း အကျိုးငှာ ဖြစ်စေရတော့အံ့' ဟု ကြံစည်ပြီးလျှင် အောက်ပါအတိုင်း မဟာဝိဇိတမင်းအား လျှောက်ထားလေသည်။ *(ဒီ ဋ္ဌ– ၁– ၂၆၄)*

ပုရောဟိတ် ပုဏ္ဏား လျှောက်ထားပုံ

(၁) 'အရှင်မင်းကြီး အရှင်မင်းကြီး နိုင်ငံတော်တွင် ခလုတ်ဆူးငြောင့်တည်းဟူသော ခိုးသားသူပုန်တို့ ထကြွပြီး ရွာနိဂုံးတို့ကို လုယက်ဖျက်ဆီးခြင်း, ခရီးသွားတို့ကို လုယက်ဖျက်ဆီးခြင်းများကို ပြုရာ၌ သူပုန်တို့ ဖျက်ဆီးခံရသော ထိုရွာနိဂုံးတို့ကို အခွန်အတုပ်ကို ကောက်ခံငြားအံ့။ အရှင်မင်းကြီးသည် **အကိစ္စကာရီ အသ**– မပြုသင့်သည်ကို ပြုသည်မည်၏။ **အဓမ္မကာရီ ဘဝေယျ**–တရားမှ ကင်းသောအမှုကို ပြုလေ့ရှိသည် ဖြစ်ရာ၏။

(၂) အရှင်မင်းကြီးအား 'ထိုခိုးသားသူပုန် ဆူးငြောင့်တို့ကို သတ်ဖြတ်နှိပ်စက်ခြင်း၊ တိုင်းပြည်မှ နှင်ထုတ်ခြင်း စသော ဒဏ်တို့ကို ပေးခြင်းဖြင့် အကြွင်းမဲ့ပယ်ရှားအံ့' ဟု ကြံငြားအံ့။ ဤနည်းဖြင့်လည်း အကြွင်းမဲ့ ပယ်ရှားခြင်း မဖြစ်နိုင်ပါ။ သတ်ဖြတ် ညှင်းဆဲခြင်းမှ ကြွင်းကျန်သော ခိုးသားသူပုန်တို့သည် နောင်အခါ၌ တဖန်ထပ်၍ သောင်းကျန်းပြန်လတ္တံ့။

(၃) အရှင်မင်းကြီး ဤဆိုလတ္တံ့သောနည်းဖြင့်သာ ခိုးသားဆူးငြောင့်တို့ကို အကြွင်းမဲ့ ပယ်ရှားခြင်း ဖြစ်နိုင်ရာပါ၏။

အရှင်မင်းကြီး နိုင်ငံတော်၌ လယ်ယာလုပ်မှု, နွားမွေးမှုတို့ကို အားထုတ်ကုန်သောသူတို့အား အရှင်မင်းကြီးသည် 'ဗီဇဘတ္တံ အနုပ္ပဒေတု' မျိုးရိက္ခာကို ထောက်ပံ့ပေးကမ်းပါလော့။ *(မလောက်လျှင် ထပ်၍တဖန် ပေးကမ်းပါလော့။ လယ်လုပ်ခြင်းအကြောင်းဖြစ်သော ထယ်သွား, နှင်တံတို့ကို ပေးကမ်းချီးမြှောက်ပါလော့။)*

အရှင်မင်းကြီး နိုင်ငံတော်၌ ကုန်သွယ်မှုကို အားထုတ်ကုန်သောသူတို့အား အရှင်မင်းကြီးသည် 'ပါဘတံ အနုပ္ပဒေတု' အရင်းအနှီးကို ထောက်ပံ့ပေးကမ်းပါလော့။ *(သက်သေမပြုမူ၍ လည်းကောင်း၊ စာမချုပ်မူ၍ လည်းကောင်း မှန်၍မကောင်းတော့ဘဲ အရင်းအနှီးကို ထောက်ပံ့ပေးကမ်းပါလော့။)*

အရှင်မင်းကြီး နိုင်ငံတော်၌ မင်းမှုထမ်းအလုပ်တို့ကို လုပ်ကိုင်သောသူတို့အား အရှင်မင်းကြီးသည် 'ဘတ္တဝေတနံ ပကပ္ပေတု' လခရိက္ခာကို စီမံပေးပါလော့။

(၄) ထိုသို့ ပြုလုပ်သည်ရှိသော် ထိုနိုင်ငံသူ နိုင်ငံသားတို့သည် မိမိတို့ အလုပ်အကိုင် အသီးသီး၌ အားထုတ်နေကြကုန်သည် ဖြစ်၍ အရှင်မင်းကြီး နိုင်ငံအား မညှင်းဆဲကုန်လတ္တံ့။ အရှင်မင်းကြီးအား များပြားသော ဥစ္စာစပါးအစုသည်လည်း ဖြစ်လတ္တံ့။

(၅) အရှင်မင်းကြီး နိုင်ငံတော်၌ ငြိမ်းချမ်းခြင်းရှိသည်ဖြစ်၍ ခိုးသူဆူးပြောင့် မရှိသည်ဖြစ်၍, ခိုးသူနှိပ်စက်ခြင်း မရှိသည်ဖြစ်၍ နိုင်ငံသူ နိုင်ငံသားတို့သည်လည်း **'မုဒါ မောဒမာနာ'** အချင်းချင်း အပြန်အလှန် ဝမ်းမြောက်ကြကုန်သည်ဖြစ်၍၊ **'ပုတ္တေ နစ္စေန္တာ'** သားသမီးတို့ကို ရင်ခွင်၌ ကစေကုန်လျက်၊ **'အပါရုတဃရာ'** အိမ်တို့ကို မပိတ်ကုန်ဘဲလျက် နေကြရသကဲ့သို့ ဖြစ်ကုန်လတ္တံ့' ဟု လျှောက်လေ၏။ *(ဒီ- ၁- ၁၂၈ / ၁၂၉။ ဒီ ဌ- ၁- ၂၆၄ / ၂၆၅)*

တိုင်းပြည်အေးချမ်းခြင်း

မဟာဝိဇိတမင်းကြီးသည် ထိုပုရောဟိတ်ပုဏ္ဏား လျှောက်သည့်အတိုင်း ပြုလုပ်သည်ဖြစ်၍ နိုင်ငံတော်သည် အေးချမ်းသာယာ ဝပြောစည်ပင်ခြင်းသို့ ရောက်လေ၏။

သတိပြုဘွယ် တရားတော်

မဟာဝိဇိတမင်းကြီးသည် ယဇ်ကြီးအလှူကို ပေးလှူပူဇော်လိုသည့်အတွက် လုပ်ငန်းက ကြီးကျယ်သည့်အတွက်ကြောင့် မိမိသဘောဆန္ဒအတိုင်း မပြုလုပ်ဘဲ တတ်သိနားလည် ကျွမ်းကျင်သော ပညာရှိသူတော်ကောင်းတို့၏ အကြံအစည်ကို ယူ၏။ ထို ပညာရှိသူတော်ကောင်းတို့၏ အကြံပြုသည့်အတိုင်း ပြုလုပ်၏။ ထိုအခါ တိုင်းပြည်သည် အေးချမ်းသာယာ စည်ပင်ဝပြောသော အခြေအနေသို့ ရောက်လေ၏။ ထို့ကြောင့် အလုပ်တစ်ခုကို ပြုလုပ်တော့မည်ဆိုလျှင် တတ်သိနားလည် ကျွမ်းကျင်သော **ပညာရှိသူတော်ကောင်းတို့၏ အကြံအစည်ကိုယူ၍ ခေတ်ကာလ အခြေအနေအားလျော်စွာ ပြုလုပ်တတ်ကြသူများ ဖြစ်ကြပါကုန်လော့။**

ဒုတိယအကြိမ် အကြံဉာဏ်တောင်းခံခြင်း

ထို့နောက် မဟာဝိဇိတမင်းကြီးသည် ပုရောဟိတ် ပညာရှိပုဏ္ဏားအားခေါ်၍ 'နောက်ထပ်လည်း စီးပွါးချမ်းသာအလို့ငှာ ဆုံးမညွှန်ကြားပါဦးလော့' ဟု မိန့်ဆိုပြန်၏။

ပုရောဟိတ် ပညာရှိပုဏ္ဏား အကြံပြုပုံ

ထိုသို့ မဟာဝိဇိတမင်းက နှစ်ကြိမ်မြောက် တောင်းခံလာသောအခါ ပုရောဟိတ် ပညာရှိပုဏ္ဏားသည် အယံ ရာဇာ- ဤမင်းသည်၊ မဟာဒါနံ- ကြီးစွာသောအလှူကို၊ ဒါတုံ- ပေးလှူခြင်းငှာ၊ အတိဝိယ- အလွန်ပင်၊ ဥဿာဟဇာတော- ဖြစ်သော အားထုတ်ခြင်းရှိ၏။ ဤကဲ့သို့ မဟာဒါန အလှူကြီးမျိုးကို ပေးရာ၌ ဤမဟာဝိဇိတမင်း၏ နိဂုံး၌ နေကြကုန်သော, ဇနပုဒ်၌ နေကြကုန်သော-

(၁) ခတ္တိယ ခေါ် အရှံမင်းတို့ကိုလည်းကောင်း၊

(၂) **အမစ္စာ ပါရိသဇ္ဇာ**– အမိန့်ကို လိုက်နာတတ်ကုန်သော အမတ်တို့ကိုလည်းကောင်း၊

(၃) **ဗြာဟ္မဏ မဟာသာလာ**– ပုဏ္ဏားသူဌေးတို့ကိုလည်းကောင်း၊

(၄) **ဂဟပတိ နေစယိကာ**– ဥစ္စာအစုအပုံရှိသော သူကြွယ်တို့ကိုလည်းကောင်း

အသိမပေးဘဲ အကယ်၍ ပေးလှူအံ့၊ ထိုပုဂ္ဂိုလ်တို့သည် နှလုံးမသာမယာ ရှိကြကုန်လတ္တံ့။ တိုင်ပင်အသိပေး၍ ပေးလှူသည် ဖြစ်အံ့။ ထိုပုဂ္ဂိုလ်တို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါကုန်လတ္တံ့ဟု အကြံဖြစ်လေသည်။ *(ဒီ– ၁– ၁၂၉၊ ဒီ ဌ– ၁– ၂၆၅)*

ပုရောဟိတ်ပုဏ္ဏား ဒုတိယအကြံမ် လျှောက်ထားခြင်း

ထိုသို့ အကြံဖြစ်ပြီးနောက် ပုရောဟိတ်ပုဏ္ဏားသည် မဟာဝိဇိတမင်းအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

''အရှင်မင်းကြီး အရှင်မင်းကြီး၏ နိုင်ငံတော်၌ နိဂုံးဇနပုဒ်တို့၌ နေကြကုန်သော–

(၁) အရှံမင်းတို့ကိုလည်းကောင်း၊

(၂) အမိန့်ကို နာခံတတ်ကုန်သော အမတ်တို့ကိုလည်းကောင်း၊

(၃) ပုဏ္ဏားသူဌေးတို့ကိုလည်းကောင်း၊

(၄) ဥစ္စာအစုအပုံရှိသော သူကြွယ်တို့ကိုလည်းကောင်း ခေါ်ယူ၍–

'အချင်းတို့ ငါသည် ယဇ်ပူဇော်ရန် အလိုရှိ၏။ ယင်းယဇ်ပူဇော်ခြင်းသည် ကြာမြင့်စွာ ကာလပတ်လုံး ငါ၏စီးပွါးချမ်းသာ အလို့ငှာ ဖြစ်ရာ၏။ အချင်းတို့သည် ငါ့အား ယဇ်ပူဇော်ရန် သဘောတူပါကုန်လော့' ဟု တိုင်ပင်တော်မူပါ'' ဟု အကြံပေးလျှောက်ထား လေသည်။

မဟာဝိဇိတမင်းကြီးလည်း ပုရောဟိတ်ပုဏ္ဏား အကြံပေးသည့်အတိုင်း ထိုပုဂ္ဂိုလ်လေးမျိုးတို့ကို အသိပေးတိုင်ပင်လေပြီ။ ထိုသို့ အသိပေးတိုင်ပင်ခြင်းကြောင့် ထိုပုဂ္ဂိုလ်လေးမျိုးတို့သည် ခွင့်ပြုကျေနပ်ကြလေကုန်၏။ *(ဒီ– ၁– ၂၉၀ / ၁၃၀)*

တိုင်ပင်ခြင်း အကျိုးကျေးဇူး

အကယ်၍ မဟာဝိဇိတမင်းကြီးသည် ထိုပုဂ္ဂိုလ်လေးမျိုးတို့ကို အသိမပေး မတိုင်ပင်ခဲ့သော် '**အဟံ ဣဿရောတိ**' ငါသည် အစိုးရမင်းတည်းဟူ၍ လွှမ်းမိုးရာရောက်လေသည်။ ထိုသို့ အသိပေးတိုင်ပင်သည့်အတွက် 'ဤမင်းသည် ငါသည် အစိုးရ သူတည်း' ဟု မလွှမ်းမိုးမူ၍ ငါတို့ကို အသိပေးတိုင်ပင်သည်ကား '**အဟော**' သြော် အံ့ဖွယ်ရှိပေစွ။ ဤမင်းသည် '**သုဋ္ဌုကတံ**' ကောင်းစွာပြုအပ်ပြီဟူ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။ အကယ်၍ အသိပေး မတိုင်ပင်သည်ရှိသော် ယဇ်ပူဇော်ရန် အလှူကြီးပေးရာ အရပ်သို့ ကြည့်ရှုခြင်းငှာပင် လာရောက်ကြမည် မဟုတ်ပေ။ *(ဒီ ဌ– ၁– ၂၆၆)*

ထိုပုဂ္ဂိုလ်လေးမျိုးတို့ လျှောက်ထားကြခြင်း

မဟာဝိဇိတမင်းကြီးက ထိုသို့အသိပေးတိုင်ပင်သည့်အတွက် ထိုပုဂ္ဂိုလ်လေးမျိုးတို့သည် မဟာဝိဇိတမင်းကြီးအား အောက်ပါ အတိုင်း လျှောက်ထားကြလေသည်။

(၁) အရှင်မင်းကြီး လျှာဘွယ်ဝတ္ထု မရှိလတ်သော်လည်းကောင်း၊ အိုမင်းကြီးရင့်သောအခါ၌သော်လည်းကောင်း ဤသို့ သဘောရှိသော, ကြီးကျယ်သော ဒါနမျိုးကို ပြုလုပ်ခြင်းငှာ စွမ်းနိုင်မည် မဟုတ်ပါ။

(၂) အရှင်မင်းကြီးသည်ကား များသောဥစ္စာလည်း ရှိပါ၏။ အရွယ်လည်း နုပျိုပါ၏။ ထိုအကြောင်းနှစ်ပါးကြောင့် ဤအချိန်အခါ ကာလသည် အလှူကြီးပေးလှူရန် *(ယဇ်ကြီးပူဇော်ရန်)* သင့်သောအချိန်ကာလ ဖြစ်ပါသည်ဟု လျှောက်ထားကြလေသည်။

(၃) ဤသို့ ခွင့်ပြုစကား လျှောက်ကြားခြင်းဖြင့် ထိုပုဂ္ဂိုလ်တို့သည် '**အနုမတိပက္ခာ**' မိမိဘက်တော်သားများ ဖြစ်သွားလေ တော့သည်။

(၄) ဤသို့လျှင် ထိုလေးမျိုးသော သဘောတူ အသင်းအပင်းတို့သည် ထိုယဖ်ကြီးပူဇော်ခြင်း၏ အရံအတားများ ဖြစ်ကြလေသည်။ *(ဒီ- ၁- ၁၃၀၊ ဒီ ဋ္ဌ- ၁- ၂၆၆)*

မဟာဝိဇိတမင်း၌ရှိသော ရှစ်ပါးသော ဂုဏ်အင်္ဂါတို့သည်လည်း ယဖ်၏အရံအတား

အထက်ပါ လေးမျိုးတို့သည်သာ ယဖ်ပူဇော်ခြင်း၏ အရံအတားများ ဖြစ်သည်မဟုတ်သေး။ မဟာဝိဇိတမင်း၌ရှိသော ရှစ်မျိုးသော ဂုဏ်အင်္ဂါတို့သည်လည်း ယဖ်ပူဇော်ခြင်း၏ အရံအတားဖြစ်ပုံကို ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူသည်။

(၁) အမိဘက်, အဖဘက် နှစ်ဘက်လုံးမှ အမျိုးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်စင်သည်။

(၂) အဆင်းလှပ ရှုချင်ဖွယ်ရှိ၍ ခံ့ငြားသောကိုယ်ခန္ဓာရှိသည်။

(၃) အလွန်များပြားသော စည်းစိမ်ဥစ္စာ, ရွှေ, ငွေ, နှစ်သက်ဖွယ် အသုံးအဆောင်, ဥစ္စာစပါး ရှိသည်။ ပြည့်သော ဘဏ္ဍာကျီကျရှိသည်။

(၄) ဗိုလ်ပါအင်အားရှိသည်။ သစ္စာရှိသော, အမိန့်ကို ရိုသေစွာ လိုက်နာသော, အင်္ဂါလေးပါးရှိသော စစ်တပ်နှင့် ပြည့်စုံသည်။ စစ်သည်ဗိုလ်ပါ အခြံအရံဖြင့် ရန်သူတို့ကို ဖိနှိပ်လွှမ်းမိုးနေသကဲ့သို့ ဖြစ်သည်။

(၅) သဒ္ဓေါ- သဒ္ဓါတရားရှိသည်။ ဒါယကော- ပေးကမ်းစွန့်ကြဲတတ်သည်။ ဒါနပတိ- အမြတ်ကိုသာ ပေးတတ်သော အလှူရှင်ဖြစ်သည်။ *(မိမိသုံးဆောင်သည်ထက် ယုတ်ညံ့သည်ကိုလှူလျှင် ဒါနဒါသ- ဒါနကျွန်ဖြစ်သည်။ မိမိသုံးဆောင်သကဲ့သို့ ပေးလှူခြင်းသည် ဒါနသဟာယ- ဒါနမိတ်ဆွေဖြစ်သည်။ မိမိသုံးဆောင်သည်ထက် မွန်မြတ်သည်ကိုလှူလျှင် ဒါနပတိ- ဒါနအရှင် ဖြစ်သည်။)*

ရဟန်း, ပုဏ္ဏား, အထီးကျန်, ခရီးသွား, ဖုန်းတောင်းယာစကာတို့အတွက် မပိတ်သောတံခါးရှိသည်။ ရေတွင်းသဖွယ် ဖြစ်၍ ကောင်းမှုကို ပြုသည်။

(၆) အထူးထူး အပြားပြားသော များသောအကြားအမြင်နှင့် ပြည့်စုံသည်။

(၇) ဤသည်ကား ဤစကား၏ အနက်အဓိပ္ပါယ်တည်း။ ဤသည်ကား ဤစကား၏ အနက်အဓိပ္ပါယ်တည်းဟု ထိုထိုစကား၏ ဆိုလိုသော အနက်အဓိပ္ပါယ်ကို သိသည်။

(၈) ပဏ္ဍိတော- ပညာရှိသည်၊ ဝိယတ္တော- လိမ္မာသည်၊ မေဓာဝီ- ထက်မြက်သောဉာဏ်ရှိသည်၊ ပဋိဗလော အတီတာနာဂတ ပစ္စုပ္ပန္နေ အတ္ထေ စိန္တေတုံ- ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ အကျိုးတို့ကို ကြံဆခြင်းငှာ စွမ်းနိုင်သည်။

မဟာဝိဇိတမင်း၌ရှိသော ထိုအင်္ဂါရှစ်ပါးတို့သည်လည်း ယဖ်၏အရံအတားများ ဖြစ်ကြလေကုန်၏။ *(ဒီ- ၁- ၁၃၀၊ ဒီ ဋ္ဌ- ၁- ၂၆၆ / ၇)*

ပုရောဟိတ်ပုဏ္ဏား၌ ဂုဏ်အင်္ဂါလေးပါးရှိခြင်း

ထိုမှတပါး ပုရောဟိတ်ပုဏ္ဏားသည်လည်း အောက်ပါဂုဏ်အင်္ဂါလေးပါးနှင့် ပြည့်စုံလေသည်။

(၁) အမိဘက်, အဖဘက် နှစ်ဘက်လုံး၌ အမျိုးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်စင်၏။

(၂) ဝေဒကျမ်းစသော ကျမ်းတို့ကို အကြွင်းမဲ့တတ်မြောက်၏။

(၃) သီလရှိ၏။ ကြီးပွါးသောသီလရှိ၏။ ကြီးပွါးသောသီလနှင့် ပြည့်စုံ၏။

(၄) ပဏ္ဍိတော- ပညာရှိ၏၊ ဝိယတ္တော- လိမ္မာ၏၊ မေဓာဝီ- ထက်မြက်သောဉာဏ်ရှိ၏။

ပုရောဟိတ်ပုဏ္ဏား၌ရှိသော ထိုအင်္ဂါလေးပါးသည်လည်း ယဖ်၏အရံအတားတည်း။ *(ဒီ- ၁- ၁၃၀ / ၁)*

ပေါင်းလျှင် ယဖ်၏အရံအတား (၁၆)ပါး ဖြစ်သည်။

သုံးပါးသောစိတ်ထား

ပုရောဟိတ်ပုဏ္ဏားသည် မဟာဝိဇိတမင်းအား ယဇ်မပူဇော်မီ ရှေးဦးစွာ သုံးပါးသော စိတ်ထားကို ညွှန်ကြားလေသည်။

(၁) ယဇ်ကြီးပူဇော်ရန် ကြံစည်တောင့်တနေသောကာလ၌ *(မလှူမီ ရှေးအဖို့၌)* အရှင်မင်းကြီးအား 'များစွာသော ငါ၏ စည်းစိမ်အစုသည် ကုန်ခန်းလိမ့်တကား' ဟု တစ်စုံတစ်ခုသော နှလုံးမသာမယာ မဖြစ်ပါနှင့်။ *(ပုဗ္ဗစေတနာ၌ စိတ်မတုန်လှုပ်ပါနှင့်)*

(၂) ယဇ်ပူဇော်ဆဲကာလ၌ *(လှူနေဆဲကာလ၌)* 'များစွာသော ငါ၏စည်းစိမ်အစုသည် ကုန်ခန်း၏တကား' ဟု တစ်စုံတစ်ခုသော နှလုံးမသာမယာ မဖြစ်ပါနှင့်။ *(မုဥ္စစေတနာ မတုန်လှုပ်ပါနှင့်။)*

(၃) ယဇ်ပူဇော်ပြီးသောကာလ၌ *(လှူပြီးသောကာလ၌)* အရှင်မင်းကြီးအား 'များစွာသော ငါ၏စည်းစိမ်အစုသည် ကုန်ခန်းခဲ့လေပြီတကား' ဟု တစ်စုံတစ်ခုသော နှလုံးမသာမယာ မဖြစ်ပါနှင့်။ *(အပရစေတနာ မတုန်လှုပ်ပါနှင့်။) (ဒီ- ၁- ၁၃၁)*

ပေးလှူခြင်း၌ နှလုံးမသာယာခြင်း ဖြစ်တတ်ပုံအကြောင်း

(၁) ဝိပ္ပဋိသာရောစမာန ဒါယကာနံ ပဋိဂ္ဂါဟကတော ဥပ္ပဇ္ဇတိ။

ဒါယကာနံ- ပေးလှူသောသူတို့၏၊ **ဝိပ္ပဋိသာရောနာမ-** နှလုံးမသာယာခြင်းမည်သည်၊ **ပဋိဂ္ဂါဟကတော-** ဒုဿီလ အလှူခံပုဂ္ဂိုလ်ကြောင့်သာလျှင်၊ **ဥပ္ပဇ္ဇတိ-** ဖြစ်တတ်၏။ *(ဤစကားအရ သီလရှိသူကို ရွေးချယ်၍ လှူတတ်ရန် အရေးကြီးလေသည်။) (ဒီ ဋ- ၁- ၂၆၈)*

(၂) အလှူဝတ္ထု မပြည့်စုံလျှင်လည်း နှလုံးမသာမယာ ဖြစ်တတ်လေသည်။

(၃) အလှူ၌ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးသူတို့၏ ညံ့ဖျင်းမှုကြောင့်လည်း နှလုံးမသာမယာ ဖြစ်တတ်လေသည်။ *(မဟာဋီ- ၃၂၈၊ ဋီသစ် ဒုအုပ်- ၁၃၃)* ဤစကားအရ လှူဒါန်းကြမည့် ပုဂ္ဂိုလ်တို့သည် အလှူဝတ္ထုကို ပြည့်စုံအောင် ကြိုကြိုတင်တင် ပြုလုပ်ထားရန်လည်း လိုအပ်လေသည်။ ကျွမ်းကျင်လိမ္မာ၍ စေတနာထက်သန် ကောင်းမွန်သော ဝေယျာဝစ္စသမားများကိုလည်း ရွေးချယ်တတ်ရန် လိုအပ်ပေသည်။

ဆယ်ပါးသော အခြင်းအရာကို ညွှန်ကြားခြင်း

ပုရောဟိတ်ပုဏ္ဏားကြီးသည် မဟာဝိဇိတမင်းအား ထိုသို့ နှလုံးမသာမယာ မဖြစ်ရအောင် အောက်ပါဆယ်ပါးသော အခြင်းအရာတို့ကို ညွှန်ကြားကြောင်းကို ဗုဒ္ဓသည် ကူဋဒန္တပုဏ္ဏားအား မိန့်ကြားတော်မူလေသည်။

(၁) အရှင်မင်းကြီး ယဇ်ပူဇော်ပွဲသို့ အသက်သတ်လေ့ရှိသူလည်း လာလတ္တံ့။ အသက်သတ်ခြင်းမှ ရှောင်ကြဉ်လေ့ရှိသူလည်း လာလတ္တံ့။ ထိုနှစ်မျိုးတွင် အသက်သတ်ခြင်းမှ ရှောင်ကြဉ်လေ့ရှိသူကို အာရုံပြု၍ အရှင်မင်းကြီးသည် ပေးလှူတတ်ပါလော့။ စွန့်ကြဲပါလော့။ ဝမ်းမြောက်ပါလော့။ '**စိတ္တမေဝ ပသာဒေတု**' စိတ်ကိုသာ ကြည်လင်ပါစေလော့။

(၂) ကျန်ဒုစရိုက်ကိုးမျိုးကို လွန်ကျူးသူနှင့် ရှောင်ကြဉ်သူတို့၌လည်း ထိုအတိုင်းပင် ညွှန်ကြားလေသည်။ *(ဒီ- ၁- ၁၃၁ / ၂)*

(၃) အချုပ်အားဖြင့် မိမိအလှူ၌ သီလမရှိသူလည်း လာရာ၏။ သီလရှိသူလည်း လာရာ၏။ ထိုတွင် စိတ်နှလုံး မသာမယာ မဖြစ်ရအောင် သီလမရှိသူ ဒုဿီလကို အာရုံမပြုဘဲ သီလရှိသူ သီလဝန္တပုဂ္ဂိုလ်တို့ကိုသာ အာရုံပြု၍ အလှူကို ပေးလှူရမည်ဖြစ်သည်။

(၁၆)ပါးသော အကြောင်း

ဤသို့လျှင် ပုရောဟိတ်ပုဏ္ဏားသည် ယဇ်ပူဇော်ဆဲဖြစ်သော မဟာဝိဇိတမင်းအား ဤပြဆိုလတ္တံ့သော (၁၆)ပါးသော အကြောင်းတို့ဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြ၏။ စိတ်ကို ကောင်းစွာဆောက်တည်စေ၏။ ကောင်းစွာထက်သန်စေ၏။

(၁) နိဂုံးဇနပုဒ်၌နေကုန်သော အရံမင်းများကိုလည်းကောင်း၊
(၂) အမိန့်ကိုနာခံတတ်သော အမတ်များကိုလည်းကောင်း၊
(၃) ပုဏ္ဏားသူဌေးများကိုလည်းကောင်း၊
(၄) ဥစ္စာအစုအပုံရှိသော သူကြွယ်တို့ကိုလည်းကောင်း
မတိုင်ပင်လျှင် ကဲ့ရဲ့သူရှိရာ၏။ သို့ရာတွင် ယခုတိုင်ပင်ပြီး ဖြစ်သောကြောင့် ကဲ့ရဲ့သူမရှိရာ။

ထို့နောက် မဟာဝိဇိတမင်း၌ အင်္ဂါ (၈)ပါးနှင့် ပြည့်စုံသောဂုဏ်မရှိလျှင် ကဲ့ရဲ့သူရှိရာ၏။ သို့ရာတွင် ထိုဂုဏ် (၈)ပါးနှင့် ပြည့်စုံသောကြောင့် ကဲ့ရဲ့သူမရှိရာ။

ထို့နောက် မဟာဝိဇိတမင်း၏ ပုရောဟိတ်ပုဏ္ဏား၌ ဂုဏ်အင်္ဂါ (၄)ပါး မရှိသော် ကဲ့ရဲ့သူရှိရာ၏။ သို့ရာတွင် ပုရောဟိတ်ပုဏ္ဏား၌ ဂုဏ်အင်္ဂါ (၄)ပါးရှိသောကြောင့် ကဲ့ရဲ့သူမရှိရာ။

ဤအကြောင်းကြောင့်လည်း ဤယဇ်ကြီး ပူဇော်သင့်သည်၏အဖြစ်ကို အရှင်မင်းကြီးသည် သိပါလော့။ အရှင်မင်းကြီးသည် ပေးလှူပူဇော်ပါလော့။ အရှင်မင်းကြီးသည် စွန့်ကြဲပါလော့။ အရှင်မင်းကြီးသည် ဝမ်းမြောက်ပါလော့။ အရှင်မင်းကြီးသည် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေပါလော့။

ဤသို့လျှင် ပုရောဟိတ်ပုဏ္ဏားသည် ယဇ်ကြီးပူဇော်ဆဲဖြစ်သော မဟာဝိဇိတမင်းအား (၁၆)ပါးသော အကြောင်းတို့ဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြ၏။ စိတ်ကို ကောင်းစွာဆောက်တည်စေ၏။ ကောင်းစွာထက်သန်စေ၏။ ရွှင်လန်းစေ၏။
(ဒီ- ၁- ၁၃၂ မှ ၁၃၄ အထိ)

ကူဋဒန္တပုဏ္ဏားအား ဆက်လက်ဟောကြားတော်မူခြင်း

ဗုဒ္ဓသည် ယဇ်ပူဇော်ခြင်းနှင့်စပ်၍ ကူဋဒန္တပုဏ္ဏားအား အထက်ပါအတိုင်း ဟောကြားတော်မူပြီးနောက် ဆက်လက်၍ အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ပုဏ္ဏား ထိုမဟာဝိဇိတမင်းကြီး၏ ထိုအလှူယဇ်ပူဇော်ပွဲ၌မူကား နွားတို့ကို မသတ်ရကုန်။ ဆိတ်နှင့်သိုးတို့ကို မသတ်ရကုန်။ အမျိုးမျိုးသော အခြားသော သက်ရှိသတ္တဝါတို့ကိုလည်း မသတ်ရကုန်။ ယဇ်တိုင်အလို့ငှာ သစ်ပင်တို့ကိုလည်း မခုတ်ဖြတ်ရကုန်။ ယဇ်ခင်းအလို့ငှာ သမန်းမြက်တို့ကိုလည်း မရိတ်ရကုန်။

(အချို့ကုန်သော မိစ္ဆာအယူရှိသူတို့သည် သစ်ပင်၌ အသက်ဇီဝရှိသည်ဟု ယူဆကြ၍ မိန့်တော်မူခြင်းဖြစ်သည်။ သစ်ပင်တောင်မရိတ်ရ, မခုတ်ဖြတ်ရလျှင် သက်ရှိသတ္တဝါကို သတ်ရန်ကား ပြောစရာမလိုဟု ဆိုလိုသည်။)

သတိပြုရန်

(ဤစကားအရ အလှူတစ်ခု ပြုလုပ်လှူဒါန်းရာ၌ အသားလွတ်ခေါ် သက်သက်လွတ်အလှူကို ပြုလုပ်ခြင်းက ပို၍သင့်လျော်ကြောင်းမှာ ထင်ရှားလှပေသည်။)

ထိုမဟာဝိဇိတမင်း၏ ကျွန်အစေအပါး အမှုလုပ်တို့သည်လည်း တုတ်ဖြင့် ခြိမ်းခြောက်သောကြောင့်, ဘေးဖြင့်ခြိမ်းခြောက်သောကြောင့် မျက်ရည်ရွှဲစို ငိုကုန်လျက် အမှုတို့ကို ပြုလုပ်ကြသည် မဟုတ်ကုန်။

စင်စစ်သော်ကား အလိုရှိသူတို့သာ ပြုလုပ်ကြရကုန်၏။ အလိုမရှိသူတို့ မပြုလုပ်ကြရကုန်။ အလိုရှိသောအမှုကိုသာ ပြုလုပ်ကြရကုန်၏။ အလိုမရှိသောအမှုကို မပြုလုပ်ကြရကုန်။ ထိုအလှူယဇ်ပွဲသည် 'ထောပတ်, ဆီဦး, နို့ဓမ်း, ပျား, တင်လဲ' တို့ဖြင့်သာလျှင် ပြီးဆုံးခြင်းသို့ရောက်၏။

ထိုမဟာဝိဇိတမင်းကို အတုလိုက်၍ နိဂုံးဇနပုဒ်၌ နေကြကုန်သော အရံမင်းများ, အမိန့်ကို နာခံတတ်ကုန်သော အမတ်များ, ပုဏ္ဏားသူဌေးများ, ဥစ္စာအစုအပုံရှိကြသော သူကြွယ်များတို့သည်လည်း မဟာဝိဇိတမင်းအတိုင်းပင် မြို့၏အရပ်လေးမျက်နှာတို့၌ ယဇ်ပွဲအလှူကို ပြုလုပ်ကြကုန်၏။

ပုဏ္ဏား ဤသို့လျှင် လေးမျိုးသော သဘောတူ အသင်းအပင်းတို့သည်လည်းကောင်း, မဟာဝိဇိတမင်း၌ ပြည့်စုံသော ရှစ်ပါးသော အင်္ဂါတို့သည်လည်းကောင်း, ပုရောဟိတ်ပုဏ္ဏား၌ ပြည့်စုံသော လေးပါးသော အင်္ဂါတို့သည်လည်းကောင်း, သုံးပါးသော စိတ်ထားတို့သည်လည်းကောင်း–

ပုဏ္ဏား ဤအလုံးစုံပါဝင်သောယဇ်ကို သုံးပါးသော စိတ်ထားနှင့် (၁၆)ပါးသော အရံအတားရှိသော ယဇ်ပူဇော်ခြင်း၏ ပြည့်စုံခြင်းဟု ဆိုအပ်၏' ဟု ဟောကြားတော်မူလေ၏။

ပုဏ္ဏားတို့ ကောင်းချီးပေးကြပုံ

ဗုဒ္ဓက ထိုသို့ဟောကြားတော်မူသော် သူ့အသက်ကိုသတ်ခြင်း, သားငါးစသည် မပါဘဲလျှက် ထောပတ်အစရှိသည်တို့ဖြင့် ပြီးဆုံးခြင်းသို့ရောက်ပုံကို ကြားရ၍ ပုဏ္ဏားတို့သည် 'လောက၌ ရဟန်းဂေါတမသည် ချီးမြှင့်ကောင်းမြတ်သော အစကိုသာ ဟောကြားတော်မူ၏။ ယခု ချီးမွမ်းကြကုန်စို့' ဟုကြံ၍ ပြင်းပြကျယ်လောင်သော အသံဖြင့် ပဲ့တင်ထပ်မျှ ဤသို့ပြောဆိုကြကုန်၏။

'အဟော ယညော– သြော် အံ့ဖွယ်ကောင်းသော ယဇ်ပွဲပါတကား။ အဟော ယညသမ္ပဒါ– သြော် အံ့ဖွယ်ကောင်းသော ပြည့်စုံသော ယဇ်ပွဲပါတကား။' *(ဒီ– ၁– ၁၃၆၊ ဒီ ဋ– ၁– ၂၇၀)*

ကူဋဒန္တပုဏ္ဏား ဆိတ်ဆိတ်နေခြင်း အကြောင်း

ထိုအခါ၌ ကူဋဒန္တပုဏ္ဏားသည်ကား ဆိတ်ဆိတ်သာလျှင် ထိုင်နေ၏။ ထိုအခါ ပုဏ္ဏားတို့သည် ကူဋဒန္တပုဏ္ဏားကို ' အရှင် ကူဋဒန္တပုဏ္ဏားသည် ရဟန်းဂေါတမ၏ ကောင်းသောစကားကို ကောင်းသောစကားအနေဖြင့် အဘယ့်ကြောင့် ကောင်းချီးမခေါ်သနည်း' ဟု ဆိုကြကုန်၏။

'အရှင်တို့ ငါသည် ရဟန်းဂေါတမ၏ ကောင်းသောစကားကို ကောင်းသောစကားအနေဖြင့် ကောင်းချီးမခေါ်သည် မဟုတ်ပါ။ အကြင်သူသည် ရဟန်းဂေါတမ၏ ကောင်းသောစကားကို ကောင်းသောစကားအနေဖြင့် ကောင်းချီးမခေါ်ငြားအံ့။ ထိုသူ၏ ဦးခေါင်းသည်လည်း ပြတ်ကျလေရာ၏။ အရှင်တို့ ငါသည် ဤသို့စဉ်းစားနေပါ၏။

ရဟန်းဂေါတမသည် ဤသို့ ငါကြားဖူး၏ ဟူ၍လည်းကောင်း, ဤသို့ ဖြစ်ထိုက်၏ ဟူ၍သော်လည်းကောင်း မဆိုမူ၍ ထို အခါ၌ ဤသို့ ဖြစ်ဖူး၏။ ဤသို့သောအခြင်းအရာအားဖြင့် ဖြစ်ဖူး၏ ဟူ၍သာလျှင် ဆိုချေ၏။

အချင်း ထို့ကြောင့် ငါသည် ဤသို့ တွေးထင်မိ၏။ ရဟန်းဂေါတမသည် ထိုစဉ်အခါ၌ ယဇ်၏အရှင်ဖြစ်သော မဟာဝိဇိတမင်း သော်လည်းကောင်း, ထိုယဇ်ကို ပူဇော်ရာ၌ ညွှန်ကြားသော ပုရောဟိတ်ပုဏ္ဏားသော်လည်းကောင်း မချွတ်ကေန် ဖြစ်တန်ရာ၏ ဟူ၍ ငါထင်မိ၏' ဟု ပြောဆိုလေသည်။

ဤ၌ ဗုဒ္ဓကို တိုက်ရိုက်မေးခဲ့သော် မလေးစားရာကဲ့သို့ ဖြစ်သောကြောင့် တိုက်ရိုက်မမေးဘဲ ပုဏ္ဏားတို့အား ပြောဆိုခြင်း ဖြစ်လေသည်။ *(ဒီ– ၁– ၁၃၆၊ ဒီ ဋ– ၁– ၂၇၀)*

ဗုဒ္ဓအား မေးလျှောက်ပုံ

ကူဋဒန္တပုဏ္ဏားသည် ထိုသို့ ပုဏ္ဏားတို့အား ပြောကြားပြီးလျှင် ဗုဒ္ဓအား–

'အရှင်ဂေါတမသည် ဤသို့သောယဇ်ကို ပူဇော်၍သော်လည်းကောင်း, ပူဇော်ရာ၌ ညွှန်ကြား၍သော်လည်းကောင်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ နတ်ပြည်သို့ ကပ်ရောက်စေခဲ့သည်ကို အမှတ်ရပါ၏လော' ဟု မေးလျှောက်လေသည်။

'ပုဏ္ဏား ငါဗုဒ္ဓသည် ဤသို့သော ယဇ်ပူဇော်ရာ၌သော်လည်းကောင်း, ပူဇော်ရာ၌ ညွှန်ကြား၍သော်လည်းကောင်း ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ နတ်ပြည်သို့ ကပ်ရောက်ခဲ့သည်ကို အမှတ်ရပါ၏။ ထိုစဉ်အခါ၌ ငါသည် ယဇ်ကိုပူဇော်ရာ၌ ညွှန်ကြားသော ပုရောဟိတ်ပုဏ္ဏား ဖြစ်ခဲ့ဖူးလေပြီ' ဟု မိန့်တော်မူလေပြီ။ *(ဒီ– ၁– ၁၃၆)*

သာလွန်သော ယဇ်အလှူဒါနကို မေးခြင်း

ကူဋဒန္တပုဏ္ဏားကြီးသည် 'ဤသို့ မဟာဒါနခေါ် ကြီးကျယ်သော ယဇ်အလှူသည် ဝန်လေးဘိ၏။ အလှူသို့လာကြသူတို့လည်း အလုပ်ပျက် အကိုင်ပျက် လာကြရ၏။ ဤယဇ်အလှူထက် ကိစ္စနည်းပြီး ပို၍အကျိုးများသော ယဇ်အလှူကို မေးအံ့' ဟုကြံ၍ အောက်ပါအတိုင်း မေးလျှောက်လေသည်။

'အရှင်ဂေါတမ ဤဖော်ပြခဲ့သော ယဇ်အလှူထက် ကိစ္စမများဘဲ ပို၍အကျိုးရှိသော အခြားသော ယဇ်အလှူ ရှိပါသလား'

'ပုဏ္ဏား ရှိ၏။ ပုဏ္ဏား ထိုဖော်ပြပါ ကြီးကျယ်သော အလှူယဇ်ပွဲသည် ပရိသတ်အလွန်များသောကြောင့် တုတ်ကိုင်ရခြင်း, အချင်းများခြင်းတို့ ဖြစ်တတ်ကြကုန်၏။ ထို့ကြောင့် ထိုယဇ်ပွဲအလှူသို့ ရဟန္တာတို့သည်လည်းကောင်း, ရဟန္တာဖြစ်ရန် ကျင့်နေသူတို့သည် လည်းကောင်း မချဉ်းကပ်ကြကုန်။

ပုဏ္ဏား သီလရှိသောရဟန်းကို ရည်ညွှန်း၍ အမြဲတန်းလှူနေသော မျိုးရိုးစဉ်ဆက် **'အနုကူလ နိစ္စဒါန'** အလှူတို့သည် ရှိကုန်၏။ ထိုယဇ်အလှူ၌ တုတ်ကိုင်ခြင်း, အချင်းများခြင်း, ပြဿနာဖြစ်ခြင်း မရှိသောကြောင့် ရဟန္တာတို့သည်လည်းကောင်း, ရဟန္တာဖြစ်ရန် အားထုတ်နေသူတို့သည်လည်းကောင်း ချဉ်းကပ်ကုန်၏။ ထိုအလှူသည် ထိုကြီးကျယ်သော ယဇ်ပွဲအလှူထက် ကိစ္စနည်း၏။ အကျိုးပေးကား ပို၍ကြီးကျယ်လေ၏' ဟု မိန့်တော်မူသည်။ *(ဒီ- ၁- ၁၃၇)*

ထိုနိစ္စဒါနနှင့် မျိုးရိုးစဉ်ဆက် အနုကုလ နိစ္စဒါန အကျိုးပေးကြီးကျယ်ပုံ သာဓကကား-

အနာထပိဏ်သူဌေးအိမ်၌ အမြဲတန်း ဆွမ်းအလှူပေးလှူခြင်း, ဆင်စွယ်ဖြင့် ပြုလုပ်သော စာရေးတံမဲဇါးရာတို့ကိုလည်း ပေးလှူခြင်း ပြုလုပ်နေရာမှ ထိုအမျိုးသည် ဆင်းရဲခြင်းသို့ ရောက်သောကာလ၌ ထိုအိမ်မှ အမျိုးသမီးတစ်ဦးသည် စာရေးတံမဲတစ်ခုကိုသာ လှူနိုင်သည်ဖြစ်၍ ထိုသတို့သမီးသည် သေတဝါဟနတိုင်းပြည်သို့သွား၍ ကောက်နယ်တလင်း၌ ကျန်နေသော စပါးတို့ကို ကောက်ယူ၍ ထိုစပါးဖြင့် စာရေးတံမဲကို ပေးလှူရာလေသည်။*(ဝတ်မပျက်အောင် အလှန်အားထုတ်လှူခြင်း မှတ်သည်။)* ထိုအကြောင်းကို သေတဝါဟနမင်းကြီး ကြား၍ မိဖုရားအရာ၌ထားပြီးလျှင် အခါတိုင်းကဲ့သို့ စာရေးတံမဲဇါးရာကို ပေးလှူစေလေသည်။
(ဒီ- ဋ- ၁- ၂၇၀ / ၁)

အဆင့်ဆင့်မေး၍ အဆင့်ဆင့်ဟောကြားတော်မူခြင်း

ထိုထက်ထိုထက်ပို၍ ကိစ္စနည်းပြီး အကျိုးပေး ပို၍ကောင်းသော ယဇ်၏အလှူများကို ကူဋဒန္တပုဏ္ဏားက အဆင့်ဆင့်မေးသည် ဖြစ်၍ ဗုဒ္ဓသည် အဆင့်ဆင့် အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

(၁) သံဃိကကျောင်းအလှူသည် ထိုထက်ကိစ္စနည်း၍ ပို၍အကျိုးပေးကြီးကျယ်သည်။

(၂) ထိုသံဃိကကျောင်းအလှူထက် အသက်ကိုစွန့်၍ သရဏဂုံ ဆောက်တည်ခြင်းသည် ကိစ္စနည်းပြီး သာ၍အကျိုးပေး ကြီးကျယ်လေသည်။

(၃) ထိုအသက်ကိုစွန့်၍ ဆောက်တည်သော သရဏဂုံထက် အသက်ကိုစွန့်၍ ငါးပါးသီလကို စောင့်ထိန်းခြင်းသည် ကိစ္စနည်းပြီး ပို၍အကျိုးပေးကြီးကျယ်လေသည်။

(၄) ထိုထက်ကိစ္စနည်းပြီး ပို၍အကျိုးပေးကြီးကျယ်သော အလုပ်ကား- လောက၌ ဗုဒ္ဓပွင့်တော်မူလာပုံ, တရားဟောပုံ, တရားနာရ၍ ရဟန်းပြုပုံ, ရဟန်းကျင့်ဝတ်နှင့်နေပုံ, စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့နှင့် ပြည့်စုံပုံ စသည်ဖြင့် သာမညဖလသုတ်ကကဲ့သို့ အာသဝက္ခယဉာဏ်အထိရပုံတို့ကို ဗုဒ္ဓဟောတော်မူသည်။

တရားနိဂုံး

'ပုဏ္ဏား ဤပြည့်စုံသောယဇ် *(အာသဝက္ခယဉာဏ်)*ထက် သာ၍လွန်ကဲသည်လည်းဖြစ်သော, သာ၍မွန်မြတ်သည်လည်း ဖြစ်သော အခြားတပါးသော ပြည့်စုံသောယဇ်သည် မရှိတော့ပြီ' ဟု ဟောတော်မူလေသည်။ *(ဒီ- ၁- ၁၃၇ မှ ၁၄၀ အထိ၊ ဒီ ဋ- ၁- ၂၇၁ မှ ၂၇၄ အထိ)*

ကူဋဒန္တပုဏ္ဏား သတ္တဝါတို့ကို ဘေးမဲ့ပေးခြင်း

ကူဋဒန္တပုဏ္ဏားသည် ရှေးက သောဏဒဏ္ဍပုဏ္ဏားတို့နည်းတူ ဥပါသကာအဖြစ်ကို လျှောက်ထားပြီးလျှင် သတ်ဖြတ်၍ ယဇ်ပူဇော်ရန်အလို့ငှာ ယဇ်တိုင်သို့ ပို့ဆောင်ထားသော သတ္တဝါတို့ကို ဘေးမရှိသည်ကိုပြုပြီး ကူဋဒန္တပုဏ္ဏားသည် ဗုဒ္ဓအား အောက်ပါစကားကို လျှောက်ထားလေသည်။

'အရှင်ဂေါတမ ထိုအကျွန်ုပ်သည် ယဇ်ပူဇော်ရန်အလို့ငှာ ယဇ်တိုင်သို့ ပို့ဆောင်ထားသော နွားလား, နွားထီးငယ်, နွားမငယ်, ဆိတ်, သိုး ခုနစ်ရာစီတို့အား လွှတ်ပါ၏။ ထိုသတ္တဝါတို့အား အသက်ချမ်းသာခွင့်ကို ပေးပါ၏။ ထိုသတ္တဝါတို့သည် စိမ်းစိုသော မြက်တို့ကိုလည်း စားကြပါစေ။ အေးမြသော ရေတို့ကိုလည်း သောက်ကြပါစေ။ ထိုသတ္တဝါတို့အား အေးမြသော လေသည်လည်း တိုက်ခတ်ပါစေ' ဟု လျှောက်ထားလေသည်။ *(ဒီ- ၁- ၁၄၁)*

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း

ဗုဒ္ဓသည် ကူဋဒန္တပုဏ္ဏားအား 'ဒါနကထာ, သီလကထာ, သဂ္ဂကထာ, မဂ္ဂကထာ' ဟူသော ပဋိပတ္တိက္ကမ- အစဉ်အတိုင်း သောတရားတို့ကို ဟောတော်မူလေသည်။ ထိုသို့ဟောတော်မူပြီးလျှင် ကူဋဒန္တပုဏ္ဏား၌ သင့်လျော်သောစိတ်, နူးညံ့သောစိတ်, အပိတ်အပင် နီဝရဏမှ ကင်းသောစိတ်, တက်ကြွသောစိတ်, ယုံကြည်သောစိတ်ရှိသည်ကို သိတော်မူသောအခါ ဗုဒ္ဓတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ကို ဟောကြားတော်မူလျက် သစ္စာလေးပါးတရားတို့ကို ပြတော်မူလေပြီ။

မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာခံယူသကဲ့သို့ ကူဋဒန္တပုဏ္ဏားအား ထိုနေရာ၌ပင်လျှင် ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏ဟု ကိလေသာမြူအညစ်အကြေးမှကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ်၏။

ဗုဒ္ဓ ပဲကြွတော်မူခြင်း

ဗုဒ္ဓသည် နောက်နေ့နံနက်ပိုင်းတွင် ကူဋဒန္တ ပင့်ဖိတ်လှူဒါန်းအပ်သော ဆွမ်းကို သံဃာတော်ငါးရာနှင့်အတူ ဘုန်းပေးသုံးဆောင်တော်မူပြီးနောက် ကူဋဒန္တပုဏ္ဏားအား တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေပြီးလျှင် နေရာမှထကာ ဖဲ၍ကြွသွားတော်မူလေသည်။ *(ဒီ- ၁- ၁၄၂၊ ဒီ ဋ- ၁- ၂၇၅)*

သတိပြုဖွယ် တရားတော်

ဗုဒ္ဓ၏ တရားအဆုံး၌ ကူဋဒန္တပုဏ္ဏားသည် သောတာပန် အရိယာအဖြစ်သို့ ရောက်သည်ကို ထောက်ခြင်းဖြင့် ရှေးကကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသော ပုဏ္ဏားတစ်ဦးဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ကန့်ကွက်နေသည့်ကြားက ဗုဒ္ဓထံမှောက်သို့ရောက်အောင် ချဉ်းကပ်နိုင်ခြင်းကို ထောက်ခြင်းဖြင့်လည်း စိတ်ဓာတ်ရေးရာအရရော, ဉာဏ်ပညာအရရော ထက်မြက်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်းမှာလည်း ထင်ရှားပေသည်။

သို့ရာတွင် ဗုဒ္ဓနှင့်မတွေ့မီ ထိုသို့ရှေးကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသူ, စိတ်ဓာတ်, ဉာဏ်ပညာထက်မြက်သူ ဖြစ်လင့်ကစား 'နွား, သိုး, ဆိတ်' စသော သတ္တဝါတို့ကို သတ်ဖြတ်၍ ယဇ်ကြီးပူဇော်ရန် ပြုလုပ်သောအချက်သည်ကား မျိုးရိုးစဉ်လာအရ စွဲစွဲမြဲမြဲ ယူဆထားသော အစွဲတစ်ခုဟူ၍ ယူဆနိုင်ပေသည်။ ၎င်းတို့၏အယူ၌ ထိုသို့သတ္တဝါတို့၏ အသက်ပေါင်းများစွာကို သတ်ဖြတ်၍ ယဇ်ကြီးပူဇော်လျှင် အလွန်ကုသိုလ်ရပြီး သေလျှင် နတ်ပြည်ရောက်နိုင်သည်ဟု လွဲမှားသောအယူကို ယူဆထားလေသည်။

'ကံကြီးထောက်မ၍' ဆိုသကဲ့သို့ ကုဋမ္ဗဒန္တပုဏ္ဏားသည် ဗုဒ္ဓနှင့် တွေ့ကြုံခွင့်ရပြီး ဗုဒ္ဓ၏ တရားတော်ကို နာကြားရသောအခါမှ သာလျှင် ထိုမှားယွင်းသော အယူအဆမှ ကွင်းလုံးကျွတ် လွတ်မြောက်သွားသည်မှာ ကုဋမ္ဗဒန္တပုဏ္ဏားအတွက် အဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးကို ရလိုက်ခြင်းဖြစ်သည်။ အကယ်၍ ဗုဒ္ဓနှင့်သာ တွေ့ကြုံခွင့် မရခဲ့သော် ကုဋမ္ဗဒန္တပုဏ္ဏား၏ အခြေအနေသည် အလွန်ကြီးများပြားသော ပါဏာတိပါတကံ အကုသိုလ် ဒုစရိုက်တွေကို လွန်ကျူးတော့မည်ဖြစ်၍ တွေးဝံ့စရာတောင် မရှိပေ။ ထို့ကြောင့် ယခုလို ဗုဒ္ဓသာသနာတော်၌ တွေ့ကြုံရိုက်မှာ အရာရာမှာ မှားယွင်းသော အယူအဆများကို ရှောင်ကွင်းနိုင်ကြပြီး မှန်ကန်သော အယူအဆကို ယူဆမိအောင် ကြိုးစားအားထုတ်သူများ ဖြစ်ကြပါကုန်လော့။

ကုဋမ္ဗဒန္တသုတ် ပြီး၏။

၆။ မဟာလိသုတ်

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ဝေသာလိယံ ဝိဟရတိ မဟာဝနေ ကူဋာဂါရသာလာယံ၊ တေန ခေါ ပန သမယေန သမ္ဗဟုလာ ကောသလကာစ ဗြာဟ္မဏဒူတာ မာဂဓကာစ ဗြာဟ္မဏဒူတာ ဝေသာလိယံ ပဋိဝသန္တိ ကေနစိဒေဝ ကရဏီယေန၊ *(ဒီ- ၁- ၁၄၃)*

ဘန္တေ ကဿပ- အရှင်မဟာကဿပဘုရား၊ **မေ မယာ အာနန္ဒေန**- တပည့်တော် အာနန္ဒာသည်၊ ဧတ္တံ သုတ္တံ- ဤ မဟာလိသုတ် တရားတော်ကို၊ ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ သမ္မုခါ- မျက်မှောက်တော်မှ၊ **ဧဝံ**- ဤလျှောက်ဆိုလတ္တံ့အတိုင်းသာ၊ **သုတံ**- နာခံမှတ်သား ကြားနာအပ်ပါပြီ၊ **ဧကံ သမယံ**- အခါတစ်ပါး၌၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဝေသာလိယံ**- ဝေသာလီပြည်၏ အနီးဖြစ်သော၊ **မဟာဝနေ**- မဟာဝုန်တော၌၊ **ကူဋာဂါရသာလာယံ**- ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌၊ **ဝိဟရတိ**- မွေ့လျော်ပျော်ရွှင်ပြုံး သီတင်းသုံးနေတော်မူ၏။

တေန ခေါ ပန သမယေန- ထိုအခါ၌၊ **သမ္ဗဟုလာ**- များစွာသော၊ **ကောသလကာ**- ကောသလတိုင်းသားဖြစ်သော၊ **ဗြာဟ္မဏဒူတာစ**- ပုဏ္ဏားတမန်တို့သည်လည်းကောင်း၊ **မာဂဓကာ**- မာဂဓတိုင်းသားဖြစ်သော၊ **ဗြာဟ္မဏဒူတာစ**- ပုဏ္ဏားတမန်တို့သည်လည်းကောင်း၊ **ကေနစိဒေဝ**- တစ်စုံတစ်ခုသောလျှင်ဖြစ်သော၊ **ကရဏီယေန**- ပြုဖွယ်ကိစ္စဖြင့်၊ **ဝေသာလိယံ**- ဝေသာလီပြည်၌၊ **ပဋိဝသန္တိ**- တည်းခိုနေကြကုန်၏။

ဝေသာလီ အဓိပ္ပါယ်

ထိုမြို့ကို အထပ်ထပ်ချဲ့၍ ကျယ်ပြန့်ခြင်း ရှိသောကြောင့် ဝေသာလီ ခေါ်သည်။

မဟာဝနေ- မဟာဝုန်တော အဓိပ္ပါယ်

ဝေသာလီမြို့၏ အပြင်၌ ဟိမဝန္တာတောင်၌ တစ်စပ်တည်း အလိုလိုပေါက်သော သစ်ပင်များစွာတို့ဖြင့် ကြီးကျယ်သောတော။ **မဟာ**- ကြီးကျယ်သော၊ **ဝန**- တော၊ **မဟာဝန**- မဟာဝုန်တော၊ ကြီးကျယ်သောတောဟု အဓိပ္ပါယ်ရသည်။

ကူဋာဂါရသာလာယံ အဓိပ္ပါယ်

ထိုတောအုပ်၌ အထွတ်တပ်၍ တိုင်၏အထက်၌ စုလစ်မွန်းချွန် အထွတ်ရှိသော ကျောင်းဇရပ်အသွင်ဖြင့် နတ်ဗိမာန်နှင့်တူသော ပြာသာဒ်ရှိသောကျောင်းဟု အဓိပ္ပါယ်ရသည်။

ဗုဒ္ဓတစ်ပါးတည်း ကိန်းအောင်းတော်မူခြင်း

ထိုအထွတ် ပြာသာဒ်ကျောင်း၌ ဗုဒ္ဓသည် ဈာန်ဝင်စားလျက် တစ်ပါးတည်း ကိန်းအောင်းတော်မူကာ သီတင်းသုံးတော်မူလျက်ရှိသည်။ ထိုကျောင်းပြာသာဒ်၌ ရဟန်းများစွာရှိသော်လည်း တစ်ပါးတည်း ဈာန်ဝင်စားနေသောကြောင့် တစ်ပါးတည်းနေသကဲ့သို့ ဖြစ်၍ ဗုဒ္ဓတစ်ပါးတည်းကို ပါဠိတော်၌ ဖော်ပြထားခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၂၇၆)*

ပုဏ္ဏားတမန်တို့ ဗုဒ္ဓအကြောင်းကို ကြားလေပြီ

ထိုသို့ ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည် ဝေသာလီပြည်အနီး မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးနေတော်မူစဉ်အခါ၌ များစွာသော ကောသလတိုင်းသား ပုဏ္ဏားတမန်တို့နှင့် မဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် ပြုဖွယ်ကိစ္စတစ်ခုဖြင့် ဝေသာလီပြည်၌ တည်းခိုနေလျက် ရှိကြသည်။ ထိုပုဏ္ဏားတမန်တို့သည် ဤသို့ ကြားသိကြလေကုန်၏။

'အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ဝေသာလီပြည်အနီး မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးနေတော်မူ၏။ ထိုအရှင်ဂေါတမ၏ ကောင်းသောကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ထွက်၏။

ထိုဗုဒ္ဓသည် အရဟံဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ရှင်, သုဂတဂုဏ်ရှင်, လောကဝိဒူဂုဏ်ရှင်, အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်ရှင်, သတ္ထာဒေဝမနုဿာနံဂုဏ်ရှင်, ဗုဒ္ဓဂုဏ်ရှင်, ဘဂဝါဂုဏ်ရှင် ဖြစ်တော်မူ၏ဟု ပြန့်နှံ့၍ထွက်၏။

ထိုဗုဒ္ဓသည် နတ်လောက, မာရ်နတ်လောက, ဗြဟ္မာလောက, သမဏ ဗြာဟ္မဏလောက, မင်းလောက, လူ့လောကဟူသော သတ္တလောကကို ထူးသောဉာဏ်ဖြင့်သိ၍ ကိုယ်တိုင်မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။ ထိုဗုဒ္ဓသည် အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသော, အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကြားတော်မူ၏။ အလုံးစုံ ပြည့်စုံသော, စင်ကြယ်သော, မြတ်သောအကျင့်ကို ပြတော်မူ၏။ ထိုသို့သဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြင်ရခြင်းသည် ကောင်းသည်သာ တည်း' ဟု ကြားသိလေကုန်၏။

ပုဏ္ဏားတမန်တို့ ကပ်ရောက်ကြခြင်း

ထိုအခါ ကောသလတိုင်း, မဂဓတိုင်းမှ ပုဏ္ဏားတမန်တို့သည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီးသို့ ကပ်ရောက်ကြကုန်၏။ ထိုအခါ၌ အရှင်နာဂိတသည် ဗုဒ္ဓအား ပြုစုလုပ်ကျွေးလျက် ရှိ၏။ ထိုပုဏ္ဏားတမန်တို့သည် အရှင်နာဂိတထံသို့ ချဉ်းကပ်၍ ဗုဒ္ဓနှင့်တွေ့ခွင့်ရရန် လျှောက်ကြသောအခါ အရှင်နာဂိတက ဗုဒ္ဓသည် တစ်ပါးတည်း ကိန်းအောင်းတော်မူနေခြင်းဖြစ်၍ ယခုအခါတွေ့ရန် အချိန်မဟုတ်သေးပုံကို ပြန်ကြားပြောဆို၏။

ထိုပုဏ္ဏားတမန်တို့သည် ဗုဒ္ဓကို ဖူးမြင်ပြီးမှ သွားတော့မည်ဟု ထိုထိုသစ်ပင်ရိပ်တို့၌ ထိုင်၍စောင့်ဆိုင်းနေကြလေသည်။ *(ဒီ- ၁- ၁၄၃၊ ဒီ ဋ- ၁- ၂၇၆)*

ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းလည်း ချဉ်းကပ်လာခြင်း

ဩဋ္ဌဒ္ဓမည်သော လိစ္ဆဝီမင်းလည်း များစွာသော လိစ္ဆဝီပရိသတ်နှင့်အတူ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ အရှင်နာဂိတထံသို့ ချဉ်းကပ်၍ ဗုဒ္ဓနှင့် တွေ့ခွင့်တောင်းလေရာ 'မဟာလိ အခါမဟုတ်သေးကြောင်း' ဟု အရှင်နာဂိတ မိန့်ကြားသဖြင့် ပုဏ္ဏားတမန်တို့နည်းအတူ သစ်ပင်ရင်း၌ ထိုင်လျက်စောင့်ဆိုင်းလျက် ရှိနေကြလေသည်။ *(ဒီ- ၁- ၁၄၄)*

ထိုလိစ္ဆဝီမင်း၏ အထက်နှုတ်ခမ်းသည် အဖျားဘက်က အလျားလိုက် ဖြတ်ထားအပ်သကဲ့သို့ တစ်ဝက်သာရှိ၍ အလယ်သွားလေးချောင်းနှင့် ဘေးသွားနှစ်ချောင်းတို့ကို မဖုံးနိုင်။ ထိုသို့ အထက်နှုတ်ခမ်းအတွက် တစ်ဝက်သာရှိသောကြောင့် ဩဋ္ဌဒ္ဓ ခေါ်သည်။ ထိုလိစ္ဆဝီမင်းမျိုးတို့၏ အစဆုံးကလေးနှစ်ယောက်ကို မွေးစားအပဖြစ်သော ရသေ့က နို့ရည်တိုက်ရာတွင် ဝင်သွားသော နို့ရည်ကို အပြင်ကမြင်ရလောက်အောင် အရေပါးသောကြောင့် အရေမရှိသကဲ့သို့ ဖြစ်ရကား 'နိစ္ဆဝိ' အရေမရှိသူဟု ခေါ်ရာမှ န အက္ခရာကနေ လ အက္ခရာသို့ပြောင်း၍ 'လိစ္ဆဝိ' ဟု ခေါ်ဆိုလေသည်။ ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသားကို အရှင်နာဂိတက 'မဟာလိ' ခေါ်ခြင်းသည် မူလနာမည်ဖြစ်သောကြောင့် ခေါ်သည်။ *(ဒီ ဋ- ၁- ၂၇၆ / ၇၊ မဟာဋီ- ၃၃၇၊ ဋီသစ် ဒုအုပ်- ၃၃၀)*

သီဟသာမဏေက အရှင်နာဂိတထံ ခွင့်ပန်ပုံ

ထိုအခါ သီဟသာမဏေသည် အရှင်နာဂိတထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် 'အရှင်ကဿပ ပုဏ္ဏားတမန်တို့သည်လည်း ကောင်း, ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသည်လည်း လိစ္ဆဝီပရိသတ်နှင့်လည်းကောင်း ဗုဒ္ဓကို ဖူးမျှော်ရန် ရောက်လာကြပါသည်။ အရှင်ကဿပ ထိုပရိသတ်တို့သည် ဗုဒ္ဓကို ဖူးမြင်ခွင့်ရစေချင်ပါသည်' ဟု လျှောက်ထားလေသည်။ *('ကဿပ' ဟု ခေါ်ခြင်းသည် အရှင်နာဂိတ၏ အနွယ်အမည်ဖြစ်၍ ခေါ်ခြင်းဖြစ်သည်။)*

'သီဟ သို့ဖြစ်လျှင် သင်သည်ပင် ဗုဒ္ဓကို လျှောက်ချေလော့' ဟု တာဝန်ပေးလေသည်။ သီဟသာမဏေသည် အရှင်နာဂိတ၏ တူ ဖြစ်သည်။ အသက်ခုနစ်နှစ်ရှိသောအခါ၌ ဘာဝနာကို လွန်စွာအားထုတ်သောကြောင့် 'သီဟ' ဟူ၍ အမည်တွင်လေသည်။

ထိုသီဟာသာမဏေသည် များပြားလှသော ပရိသတ်ကိုမြင်၍ 'ဗုဒ္ဓသည် ဤပရိသတ်ကို ပရိသတ်၏ အဇ္ဈာသယ အလို အားဖြင့် ကြီးစွာသော အားထုတ်ခြင်းဖြင့် တရားဟောပေလိမ့်မည်' ဟု ကြံစည်၍ အရှင်နာဂိတအား လျှောက်ထားခြင်း ဖြစ်သည်။

အရှင်နာဂိတကား ဝလွန်းအားကြီး၍ ထိုင်ရထရခက်သော ပုဂ္ဂိုလ်ဖြစ်သည်။

သီဟာသာမဏေလည်း ဗုဒ္ဓနှင့် အကျွမ်းဝင်သူတစ်ဦး ဖြစ်လေသည်။ ထို့ကြောင့် သီဟာသာမဏေကို တာဝန်ပေးခြင်း ဖြစ်လေသည်။ *(ဒီ- ၁- ၁၄၄၊ ဒီ ဋ္ဌ- ၁- ၂၇၇)*

ဗုဒ္ဓကို ပရိသတ်တို့ ဖူးမြင်ခွင့်ရပြီ

သီဟာသာမဏေက ဗုဒ္ဓအား လျှောက်ထားလေလျှင် ဗုဒ္ဓ၏ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးထွက်ပေါ်လာလေသည်။ ထိုအခြင်းအရာဖြင့် ပရိသတ်တို့သည် ဗုဒ္ဓသည် တစ်ပါးတည်း ကိန်းအောင်းရာမှ ထွက်တော်မူလာပြီကို သိရှိကြပြီး ကျောင်း၏ အပြင်ဘက် ဗုဒ္ဓသီတင်းသုံးတော်မူရာနေရာသို့ ပရိသတ်များ ရောက်ရှိလာပြီး ဗုဒ္ဓကို ရှိခိုးဝပ်တွား ဦးချပြီးနောက် အသီးသီးနေရာယူ ထိုင်နေကြလေသည်။ *(ဒီ ဋ္ဌ- ၁- ၂၇၇)*

ဩဋ္ဌဒ္ဓလိစ္ဆဝီမင်း လျှောက်ထားခြင်း

တစ်ခုသောနေရာ၌ ထိုင်နေသော ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသည် ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

''ရှင်တော်ဗုဒ္ဓဘုရား ယခင့်ယခင်နေ့တို့၌ လိစ္ဆဝီမင်းသား သုနက္ခတ္တသည် တပည့်တော်ထံသို့ ချဉ်းကပ်၍ တပည့်တော်အား ဤစကားကို ပြောဆိုပါသည်။

'မဟာလိ ငါသည် ဗုဒ္ဓကို အမှီပြု၍ နေခဲ့သည်မှာ သုံးနှစ်ရှိပြီ။ ထိုကာလအတွင်း၌ နှစ်သက်တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်းရူပါရုံတို့ကို မြင်ရပါ၏။ သို့ရာတွင် အသံသဒ္ဒါရုံကိုကား မကြားရပါ' ဟု ပြောပါ၏။

ရှင်တော်ဗုဒ္ဓဘုရား လိစ္ဆဝီမင်းသား သုနက္ခတ္တသည် ထိုသို့ အဆင်းကိုသာမြင်၍ အသံကို မကြားရခြင်းသည် နတ်လောက၌ အသံသဒ္ဒါရုံ ထင်ရှားရှိလျက်နှင့် မကြားရဖြစ်လေသလော။ ထင်ရှားမရှိလျက်ပင် မကြားရလေသလော'' ဟု လျှောက်လေသည်။ *(ဒီ- ၁- ၁၄၅)*

ထင်ရှားရှိလျက် မကြားခြင်းအကြောင်း

'မဟာလိ လိစ္ဆဝီမင်းသား သုနက္ခတ္တသည် နတ်လောက၌ အသံသဒ္ဒါရုံတို့သည် အထင်အရှား ရှိနေသည်။ ထင်ရှားရှိလျက်နှင့် မကြားရခြင်း ဖြစ်သည်' ဟု ဗုဒ္ဓ မိန့်တော်မူလေသည်။ *(ဒီ- ၁- ၁၄၅)*

သုနက္ခတ္တသည် ထိုသို့ နတ်လောက၌ အဆင်းကိုသာမြင်၍ အသံကို မကြားရခြင်းသည် သုနက္ခတ္တသည် ဗုဒ္ဓထံ၌ ဒိဗ္ဗစက္ခုရနိုင်သော ကမ္မဋ္ဌာန်းကို တောင်းလေရာ ဗုဒ္ဓပေးသော နည်းစနစ်ဖြင့် ဒိဗ္ဗစက္ခုအဘိညာဉ်တို့ကိုရ၍ အလွန်သာယာတပ်မက်ဖွယ် ကောင်းသော နတ်တို့၏အဆင်းကို မြင်ရလေပြီ။ 'အဆင်းကို မြင်ရခြင်းကြောင့် အသံလည်း အလွန်ကောင်းမှာပဲ' ဟူ၍ အသံကို ကြားနိုင်သော ဒိဗ္ဗသောတအဘိညာဉ်ကို ရနိုင်သော ကမ္မဋ္ဌာန်းနည်းကို ဗုဒ္ဓထံ၌ တောင်းခံရာတွင် အတိတ်ဘဝတစ်ခုတွင် သုနက္ခတ္တသည် သီလရှိသော ရဟန်းတစ်ပါး၏ နားရွက်ကို ပုတ်ခတ်ခြင်းဖြင့် နားပင်းအောင် ပြုလုပ်ခဲ့လေသည်။ ထိုအကုသိုလ်ကံကြောင့် ဒိဗ္ဗသောတအဘိညာဉ်ကို မရနိုင်သည်ဖြစ်၍ ဗုဒ္ဓသည် သုနက္ခတ္တအား ဒိဗ္ဗသောတအဘိညာဉ်ကို ရနိုင်သော ကမ္မဋ္ဌာန်းနည်းကို မပေးပေ။

ထို့ကြောင့် သုနက္ခတ္တသည် ဗုဒ္ဓအပေါ်၌ ရန်ငြိုးဖွဲ့လေတော့သည်။ 'ရဟန်းဂေါတမသည် ခတ္တိယမျိုးဖြစ်သလို ငါသုနက္ခတ္တသည်လည်း ခတ္တိယမျိုးဖြစ်သည်။ အကယ်၍ ငါသုနက္ခတ္တသည် ဒိဗ္ဗသောတအဘိညာဉ်ကို ရအံ့။ သဗ္ဗညုတဉာဏ်ကို ရသွားပေလိမ့်မည်' ဟု ရဟန်းဂေါတမသည် ငါ့အပေါ်၌ ငြူစူခြင်းကြောင့် ဒိဗ္ဗသောတအဘိညာဉ်ကို မပေးခြင်း ဖြစ်ပေလိမ့်မည်' ဟု ကြံပြီးလျှင် သုနက္ခတ္တသည် ဗုဒ္ဓအပေါ်၌ မကျေမနပ်ဖြစ်ကာ လူထွက်သွားလေသည်။ ထိုအကြောင်းကို မဟာလိလိစ္ဆဝီမင်းအား ပြောကြားခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၂၇၈)*

ဗုဒ္ဓ မိန့်တော်မူပြီ

'မဟာလိ သုနက္ခတ္တသည် နတ်တို့၏ အဆင်းကိုသာမြင်ပြီး အသံကို မကြားရခြင်းသည် နတ်လောက၌ဖြစ်သော သဒ္ဒါရုံသည် ထင်ရှားရှိလျက် မကြားရခြင်းဖြစ်ကြောင်း' မိန့်တော်မူလျှင် မဟာလိလိစ္ဆဝီမင်းက 'အဘယ်ကြောင့် မကြားရသနည်း' ဟု မေးလျှောက် ပြန်သောကြောင့် ဗုဒ္ဓက မကြားရပုံအကြောင်းကို အောက်ပါအတိုင်း မိန့်တော်မူလေသည်။

'မဟာလိ နတ်တို့၏ အဆင်းရူပါရုံကို မြင်ရအောင် ပွါးများရသော သမာဓိတစ်မျိုး၊ နတ်တို့၏ သဒ္ဒါရုံကို ကြားရအောင် ပွါးများရသော သမာဓိတစ်မျိုးဟု နှစ်မျိုးရှိရာ အကြင်သူသည် အဆင်းရူပါရုံကို မြင်ရသော ရူပါရုံသမာဓိကိုသာ ပွါးများ၏။ သဒ္ဒါရုံကို ကြားနိုင်သော သမာဓိကို မပွါးများ။ ထိုသို့ မပွါးများသောကြောင့် မကြားရ။ *(ဤစကားဖြင့် သုနက္ခတ္တ၏ သဒ္ဒါရုံကို မကြားရခြင်းကို ဖြေ ကြားပြီး ဖြစ်သည်။)*

အကြင်ပုဂ္ဂိုလ်သည် သဒ္ဒါရုံကို ကြားနိုင်သော သမာဓိကိုသာ ပွါးများပြီး ရူပါရုံကို မြင်နိုင်သော သမာဓိကို မပွါးများပေ။ ထိုပုဂ္ဂိုလ်သည် အသံကိုသာ ကြားရပြီး အဆင်းရူပါရုံကို မမြင်နိုင်ပေ။

အကြင်ပုဂ္ဂိုလ်သည် အဆင်းရူပါရုံကို မြင်ရသော သမာဓိကိုလည်း ပွါးများ၏။ အသံသဒ္ဒါရုံကို ကြားရသော သမာဓိကိုလည်း ပွါးများ၏။ ထိုပုဂ္ဂိုလ်သည် ရူပါရုံကိုလည်း မြင်နိုင်သည်။ သဒ္ဒါရုံကိုလည်း ကြားရနိုင်သည်' ဟု ဗုဒ္ဓ မိန့်တော်မူလေသည်။
(ဒီ- ၁- ၁၄၅ မှ ၁၄၈ အထိ)

ဗုဒ္ဓထံ၌ အရိယဖိုလ်လေးပါးကိုရရန် ကျင့်ကြခြင်း

ထိုအခါ ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသည် 'ဗုဒ္ဓထံ၌ ရဟန်းတို့သည် ထိုတိုးတက်ပွါးများအပ်သော သမာဓိကို မျက်မှောက်ပြုလိုသော ကြောင့် ရဟန်းပြုကြပါသလား' ဟု လျှောက်ထားပြန်ရာ ဗုဒ္ဓက 'မဟုတ်ကြောင်းနှင့် ထိုသမာဓိထက် သာလွန်မွန်မြတ်သော အရိယဖိုလ်လေးပါးကို မျက်မှောက်ပြုလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်ကြခြင်းဖြစ်ကြောင်း' မိန့်တော်မူလေသည်။

'ရှင်တော်ဗုဒ္ဓဘုရား ရဟန်းတို့သည် သမာဓိထက် သာလွန်မွန်မြတ်သော အရိယဖိုလ်လေးပါးကို မျက်မှောက်ပြုလိုသော ကြောင့် မြတ်သောအကျင့်ကို ကျင့်၏။ ထိုအကျင့်ကား အဘယ်ပါနည်း' ဟု ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းက မေးလျှောက်ပြန်သောကြောင့် ဗုဒ္ဓ သည် အောက်ပါအတိုင်း ဆက်၍ဟောကြားတော်မူသည်။

ဣဓ မဟာလိ ဘိက္ခု တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော။ *(ဒီ- ၁- ၁၄၈)*

မဟာလိ- မဟာလိ၊ **ဣဓ**- ဤသာသနာတော်၌၊ **ဘိက္ခု**- ရဟန်းသည်၊ **တိဏ္ဏံ သံယောဇနာနံ**- 'ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ' ဟူသော သုံးပါးသော သံယောဇဉ်အနှောင်အဖွဲ့တို့၏၊ **ပရိက္ခယာ**- အကြွင်းမဲ့ကုန်ခြင်းကြောင့်၊ **အဝိနိပါတဓမ္မော**- အပါယ်သို့ ကျခြင်းသဘောမရှိသော၊ **နိယတော**- သုဂတိ၌သာ ကိန်းသေမြဲသော၊ **သမ္ဗောဓိပရာယဏော**- အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော၊ **သောတာပန္နော**- သောတာပန်သည်၊ *(ဆန္ဒကျင်ဘက်တရားတို့ကို ပယ်ရှားတတ်သော အရိယမဂ်သို့ ရောက်ပြီးသည်)* **ဟောတိ**- ဖြစ်၏။

မဟာလိ ဤသောတာပန်အဖြစ်သည်လည်း သမာဓိတရားထက် သာလွန်၍ လွန်ကဲသည်လည်းဖြစ်သော, သာလွန်၍ မွန်မြတ်သည်လည်းဖြစ်သော တရားပေတည်း။ ထိုအတွက် ရဟန်းတို့သည် ငါဗုဒ္ဓထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးခြင်း ဖြစ်ပေသည်။

ပုန စ ပရံ မဟာလိ ဘိက္ခု တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂ ဒေါသ မောဟာနံ တနုတ္တာ သကဒါဂါမီ ဟောတိ သကိဒေဝ ဣမံလောကံ အာဂန္တွာ ဒုက္ခဿန္တံ ကရောတိ။ *(ဒီ- ၁- ၁၄၈)*

မဟာလိ- မဟာလိ၊ **ပုန စ ပရံ**- တစ်ဖန်ထို့ပြင်လည်း၊ **ဘိက္ခု**- ရဟန်းသည်၊ **တိဏ္ဏံ သံယောဇနာနံ**- 'ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ' ဟူသော သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏၊ **ပရိက္ခယာ**- အကြွင်းမဲ့ကုန်ခြင်းကြောင့်လည်းကောင်း၊ **ရာဂ, ဒေါသ, မောဟာနံ**- ရာဂ, ဒေါသ, မောဟတို့၏၊ **တနုတ္တာ**- ခေါင်းပါးခြင်းကြောင့်လည်းကောင်း၊ **ဣမံလောကံ**- ဤလူ့ပြည်သို့

သကိဒေဝ– တစ်ကြိမ်သာလျှင်၊ **အာဂန္တွာ**– လာ၍၊ **ဒုက္ခဿန္တံ**– ဆင်းရဲအဆုံးကိုပြုသော၊ **သကဒါဂါမိ**– သကဒါဂါမ်သည်၊ **ဟောတိ**– ဖြစ်၏။

မဟာလိ ဤသကဒါဂါမ် အဖြစ်သည်လည်း သမာဓိတရားထက် သာလွန်၍ လွန်ကဲသည်လည်းဖြစ်သော, သာလွန်၍ မွန်မြတ်သည်လည်းဖြစ်သော တရားပေတည်း။ ထိုအတွက် ရဟန်းတို့သည် ငါဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးခြင်း ဖြစ်လေသည်။

ပုနစ ပရံ မဟာလိ ဘိက္ခု ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဩပပါတိကော ဟောတိ တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိဓမ္မော တသ္မာ လောကာ။ *(ဒီ– ၁– ၁၄၈)*

မဟာလိ– မဟာလိ၊ **ပုနစ ပရံ**– တစ်ဖန်ထို့ပြင်လည်း၊ **ဘိက္ခု**– ရဟန်းသည်၊ **ဩရမ္ဘာဂိယာနံ**– အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်းရှိကုန်သော၊ **ပဉ္စန္နံ**– 'ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ပဋိဃ' ဟူသော ငါးပါးကုန်သော၊ **သံယောဇနာနံ**– သံယောဇဉ်အနှောင်အဖွဲ့တို့၏၊ **ပရိက္ခယာ**– အကြွင်းမဲ့ကုန်ခြင်းကြောင့်၊ **ဩပပါတိကော**– ဗြဟ္မာ့ဘုံ၌ ဥပပတ် ပဋိသန္ဓေနေသည်၊ **ဟောတိ**– ဖြစ်၏၊ **တတ္ထ**– ထိုဗြဟ္မာ့ဘုံ၌သာလျှင်၊ **ပရိနိဗ္ဗာယီ**– ပရိနိဗ္ဗာန်ပြုသော၊ **တသ္မာလောကာ**– ထိုဗြဟ္မာ့ဘုံမှ၊ **အနဝတ္တိဓမ္မော**– ပြန်လာခြင်းသဘောမရှိသော အနာဂါမ်သည်၊ **ဟောတိ**– ဖြစ်၏။

မဟာလိ ဤအနာဂါမ်၏ အဖြစ်သည်လည်း သမာဓိတရားထက် သာလွန်၍ လွန်ကဲသည်လည်းဖြစ်သော, သာလွန်၍ မွန်မြတ်သည်လည်းဖြစ်သော တရားပေတည်း။ ထိုအတွက် ရဟန်းတို့သည် ငါဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးခြင်း ဖြစ်လေသည်။

ပုနစပရံ မဟာလိ အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ။ *(ဒီ– ၁– ၁၄၉)*

မဟာလိ– မဟာလိ၊ **ပုနစပရံ**– တစ်ဖန်ထို့ပြင်လည်း၊ **ဘိက္ခု**– ရဟန်းသည်၊ **အာသဝါနံ**– အာသဝေါတရားတို့၏၊ **ခယာ**– အကြွင်းမဲ့ကုန်ခြင်းကြောင့်၊ **အနာသဝံ**– အာသဝေါကင်းသော၊ **စေတောဝိမုတ္တိံ**– ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ် သမာဓိကိုလည်းကောင်း၊ **ပညာဝိမုတ္တိံ**– ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကိုလည်းကောင်း၊ **ဒိဋ္ဌေဝဓမ္မေ**– မျက်မှောက်ဘဝ၌ပင်၊ **သယံ**– ကိုယ်တိုင်၊ **အဘိညာယ**– ထူးသောဉာဏ်ဖြင့်သိ၍၊ **သစ္ဆိကတွာ**– မျက်မှောက်ပြု၍၊ **ဥပသမ္ပဇ္ဇ**– ပြီးစေ၍၊ **ဝိဟရတိ**– ရဟန္တာဖြစ်၍နေ၏။

မဟာလိ ဤရဟန္တာအဖြစ်သည်လည်း သမာဓိတရားထက် သာလွန်၍ လွန်ကဲသည်လည်းဖြစ်သော, သာလွန်၍ မွန်မြတ်သည်လည်းဖြစ်သော တရားပေတည်း။ ထိုတရားကို မျက်မှောက်ပြုလိုသောကြောင့် ရဟန်းတို့သည် ငါဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးကုန်၏။

အရိယာဖိုလ်လေးပါးသို့ ရောက်ကြောင်းအကျင့်

'ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းက ထိုဖိုလ်လေးပါးသို့ရောက်ရန် အကျင့်လမ်းစဉ် ရှိသလား' ဟု မေးလျှောက်သောကြောင့် ဗုဒ္ဓသည် **'သမ္မာဒိဋ္ဌိ'** စသော မဂ္ဂင်ရှစ်ပါးသည် ထိုအရိယာဖိုလ်လေးပါးသို့ရောက်ရန် အကျင့်လမ်းစဉ်ဖြစ်သည်' ဟူ၍ မိန့်ကြားတော်မူလေသည်။ *(ဒီ– ၁– ၁၄၉)*

ဩဋ္ဌဒ္ဓလိစ္ဆဝီမင်း၏အယူကို ပယ်ဖျောက်ခြင်းငှာ ဗုဒ္ဓ ဆက်၍ဟောခြင်း

ဤမဟာလိခေါ် ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသည် 'ရုပ်သည်အတ္တတည်း' ဟု အယူရှိသည်၏အဖြစ်ကြောင့် ဗုဒ္ဓ၏ ထိုအထက်ပါတရားများကို စိတ်မဝင်စားနိုင်, မယုံကြည်နိုင်ဖြစ်နေ၍ ထိုလိစ္ဆဝီမင်း၏အယူကို ထင်စွာပြခြင်းငှာ 'တန္တိ ဓမ္မနာမ' ပါဠိတော်အစဉ်ဖြစ်သော တရားတော်ကို ဟောတော်မူလေသည်။ ဤသို့ဟောခြင်းဖြင့် တရားနာသောပုဂ္ဂိုလ်၌ မဂ်, ဖိုလ်တရားကို မရသော်လည်း ပါဠိတော်ဝယ် အစဉ်အလာအားဖြင့် ကျန်ရစ်ရန် ဟောတော်မူခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ– ၁– ၂၈၂)*

ရဟန်းနှစ်ပါးဝတ္ထု

‘မဟာလိ အခါတစ်ပါး၌ ငါဘုရားသည် ကောသမ္ဗီပြည်အနီး ဃောသိတာရုံကျောင်း၌ နေ၏။ ထိုအခါ မုဏ္ဍိယပရိဗိုဇ်နှင့် ဒါရုပတ္တိကတပည့် ဇာလိယပရိဗိုဇ်ဟူသော ရဟန်းနှစ်ဦးတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ဝမ်းမြောက်ဝမ်းသာ ပြောကြားပြီးနောက် တစ်ခုသောနေရာ၌ ရပ်ကြပြီးသော် ငါဘုရားအား ဤပြဿနာကို မေးလျှောက်ကုန်၏။

‘ငါ့ရှင်ဂေါတမ အသို့နည်း။ ထိုကိုယ်သည်ပင် အသက်, ထိုအသက်သည်ပင် ကိုယ်လော။ သို့မဟုတ် အသက်တခြား ကိုယ်တခြားလော’ ဟု မေးလျှောက်ကုန်၏။

ဘုရားသည် ထိုပြဿနာကို ဖြေဆိုတော်မူရာ၌ ‘လောက၌ ဘုရား ပွင့်တော်မူလာပုံ၊ တရားနာရ၍ ရဟန်းပြုပုံ၊ ‘စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ’ တို့ကိုထိန်းပုံ၊ ဣန္ဒြေတို့ကို စောင့်ရှောက်ပုံ၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံပုံ၊ သန္တောသနှင့် ပြည့်စုံပုံ၊ ဈာန်လေးပါးရပုံ၊ ဝိပဿနာအားထုတ်ပုံ၊ မဂ်လေးပါးအစဉ်ဖြင့် အရဟတ္တဖိုလ်ရပုံတို့ကို သာမညဖလသုတ်မှာကဲ့သို့ ဟောတော်မူလေသည်။

ထိုသို့ ဟောတော်မူရာ၌ သီလနှင့်ပြည့်စုံသည်မှ ဈာန်လေးပါးနှင့် ဝိပဿနာဉာဏ်ရသည်အထိပင် ထိုရဟန်းနှစ်ပါးတို့သည် ‘ထိုကိုယ်သည်ပင်အသက်, ထိုအသက်သည်ပင်ကိုယ်’ ဟူ၍ ယူဆပြောဆိုနေကြလေသေးသည်။ ဘုရားက ဤကဲ့သို့ မယူဆကြောင်းကို ပြန်လည်မိန့်ကြားတော်မူသည်။

မဂ်လေးပါးအစဉ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌ကား ‘ထိုကိုယ်သည်ပင် အသက်, ထိုအသက်သည်ပင် ကိုယ်’ ဟူ၍လည်းကောင်း၊ ‘အသက်တခြား, ကိုယ်တခြား’ ဟူ၍လည်းကောင်း မယူဆကြတော့ဘဲ ဘုရားဟောတော်မူအပ်သော တရားတော်ကို ဝမ်းမြောက်ဝမ်းသာ ခံယူကြလေသည်။

ဤတရားအဆုံး၌ ထိုရဟန်းနှစ်ပါးနည်းတူ ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသည်လည်း ဘုရားဟောတော်မူအပ်သော ထိုတရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။ *(ဒီ- ၁- ၁၅၀၊ ဒီ ဋ- ၁- ၂၈၂)*

သတိပြုဖွယ် တရားတော်

ဤမဟာလိသုတ်၌ ဘုရား၏ တရားတော်ကို နာကြားရသဖြင့် ဩဋ္ဌဒ္ဓလိစ္ဆဝီမင်း ခေါ် မဟာလိသည် သောတာပန် မဖြစ်သည့် အပြင် သရဏဂုံတည် ဥပါသကာအဖြစ်သို့ပင်လည်း မရောက်ရှိခဲ့ပေ။ သို့ဖြစ်၍ ဩဋ္ဌဒ္ဓလိစ္ဆဝီမင်း ခေါ် မဟာလိသည် သူ၏ယူဆထားသော ‘အသက်သည်ပင် ကိုယ်၊ ကိုယ်သည်ပင် အသက်’ ဟူသော အတ္တဒိဋ္ဌိ အယူအဆ ကင်းပျောက်သွားသည်ဟူ၍ မဆိုနိုင်သော်လည်း လိစ္ဆဝီမင်းသား သုနက္ခတ္တနှင့်စပ်၍ နတ်တို့၏ ရူပါရုံအဆင်းကိုသာ မြင်ရ၍ သဒ္ဒါရုံအသံကို မကြားရခြင်းအကြောင်းကိုလည်း နားလည်သွားသည်။ ထို့ပြင် အရဟတ္တဖိုလ်အထွတ်တပ်၍ ဟောတော်မူအပ်သော ဘုရား၏ တရားဒေသနာတော်ကိုလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။ ယင်းသည်ပင် ဩဋ္ဌဒ္ဓလိစ္ဆဝီမင်း ခေါ် မဟာလိအတွက် တန်ဖိုးကြီးမားသော အကျိုးကျေးဇူးကို ရရှိသွားခြင်းပင် ဖြစ်လေသည်။

ဤအချက်ဖြင့်လည်း ဘုရား၏ မဟာကရုဏာနှင့် မဟာမေတ္တာတို့သည် သတ္တလောကကြီးအပေါ်၌ အလွန်အင်အားကြီးမားစွာ ထင်ရှားရှိနေကြောင်းကို ဖော်ပြလျက် ရှိနေပေသည်။ ထို့ကြောင့် အလွန်ကြီးမားသော ဘုရား၏ မဟာကရုဏာ, မဟာမေတ္တာတော်တို့ကို နားလည်သဘောပေါက်ကြ၍ ဘုရား၏ တရားဒေသနာတော်များကို စေတနာသဒ္ဓါတရား ထက်သန်စွာတို့ဖြင့် နာယူမှတ်သား လေ့လာဖတ်ရှု၍ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်သူများ ဖြစ်ကြပါကုန်လော့။

မဟာလိသုတ် ပြီးပြီ။

(ခုနစ်ခုမြောက် ဇာလိယသုတ်ကား မဟာလိသုတ် ရဟန်းနှစ်ပါးဝတ္ထုနှင့် တူပြီ။)

၈။ မဟာသီဟနာဒသုတ်

ဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ဥရုညာယံ ဝိဟရတိ ကဏ္ဍကတ္ထလေ မိဂဒါယေ။ အထခေါ အစေလောကဿပေါ ယေန ဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဘဂဝတာ သဒ္ဓိံ သမ္မောဒိ၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတော ခေါ အစေလော ကဿပေါ ဘဂဝန္တံ ဧတဒဝေါစ။ *(ဒီ- ၁- ၁၅၃)*

ဘန္တေ ကဿပ- အရှင်မဟာကဿပဘုရား၊ မေ မယာ အာနန္ဒေန- တပည့်တော်အာနန္ဒာသည်၊ ဣဒံ သုတ္တံ- ဤမဟာသီဟနာဒသုတ်ကို၊ ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ သမ္မုခါ- မျက်မှောက်တော်မှ၊ ဧဝံ- ဤလျှောက်ထားအပ်လတ္တံ့အတိုင်းသာ၊ သုတံ- နာခံမှတ်သား ဆောင်ထားအပ်ပါပြီ။

ဧကံ သမယံ- အခါတစ်ပါး၌၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ဥရုညာယံ**- ဥရုညမြို့၏အနီး၌၊ **ကဏ္ဍကတ္ထလေ**- ကဏ္ဍကတ္ထလမည်သော၊ **မိဂဒါယေ**- သားတို့ကို ဘေးမဲ့ပေးရာဖြစ်သော တော၌၊ **ဝိဟရတိ**- ဣရိယာပထ မျှတစ္ဆင်ပြိုး သီတင်းသုံးနေတော်မူ၏။

အထခေါ- ဥရုညမြို့၏အနီး ကဏ္ဍကတ္ထလမည်သောတောဝယ် သီတင်းသုံးတော်မူရာ ထိုအခါ၌၊ **အစေလော**- အဝတ်မဆည်း အချီးနှီးသော၊ **ကဿပေါ**- ကဿပသည်၊ **ယေန**- အကြင်အရပ်၌၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ အတ္ထိ- ရှိ၏၊ **တေန**- ထိုဗုဒ္ဓရှိတော်မူရာအရပ်သို့၊ **ဥပသင်္ကမိ**- ချဉ်းကပ်ပြီ၊ **ဥပသင်္ကမိတွာ**- ချဉ်းကပ်ပြီး၍၊ **ဘဂဝတာ**- ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓနှင့်၊ **သဒ္ဓိံ**- တကွ၊ **သမ္မောဒိ**- ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ **သမ္မောဒနီယံ**- ဝမ်းမြောက်ဖွယ်ကောင်းသော၊ **သာရဏီယံ**- အမှတ်ရဖွယ်ကောင်းသော၊ **ကထံ**- စကားကို၊ **ဝီတိသာရေတွာ**- ပြီးဆုံးစေ၍၊ **ဧကမန္တံ**- သင့်လျော်သောအရပ်၌၊ **အဋ္ဌာသိ**- ရပ်တည်ပြီ၊ **ဧကမန္တံ**- သင့်လျော်သောအရပ်၌၊ **ဌိတောခေါ**- ရပ်တည်ပြီးသော၊ **အစေလော**- အဝတ်မဆည်း အချီးနှီးသော၊ **ကဿပေါ**- ကဿပသည်၊ **ဘဂဝန္တံ**- ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓကို၊ **ဧတံ**- ဤစကားကို၊ **အဝေါစ**- လျှောက်ထားလေပြီ။

ကဏ္ဍကတ္ထလ အဖွင့်

ဤ၌ 'ကဏ္ဍကတ္ထလ' ဟူသည် မွေ့လျော်ဖွယ်ကောင်းသော မြေအဘို့တည်း။ ထိုမြေအရပ်ကိုပင် သားတို့ကို ဘေးမဲ့ပေးရာဖြစ်သောကြောင့် 'မိဂဒါယတော' ဟုလည်း ခေါ်သည်။ ထိုတော၌ ဗုဒ္ဓ သီတင်းသုံးတော်မူသည်ဟု ဆိုလိုသည်။ 'အစေလော' ဟူသည် အဝတ်မဆည်း အဝတ်မဝတ်ဘဲ ကိုယ်တုံးလုံးနေသည်ကို ဆိုလိုသည်။ 'ကဿပ' ဟူသည် အမည်နာမတည်း။ 'အစေလကဿပ' အဝတ်မဝတ်ဘဲ ကိုယ်တုံးလုံးနေသော ကဿပပရိဗိုဇ်ဟု ဆိုလိုပေသည်။ *(ဒီ ဋ္ဌ- ၁- ၂၈၇)*

အစေလကဿပ လျှောက်ထားပုံ

'အရှင်ဂေါတမ အရှင်ဂေါတမသည် **သဗ္ဗံ တပံ**- ခြိုးခြံသောအကျင့်အားလုံးကို၊ **ဂရဟတိ**- ကဲ့ရဲ့၏၊ **လူခဇီဝိံ**- ခေါင်းပါးစွာ အသက်မွေးသော၊ **သဗ္ဗံ တပဿိံ**- ခြိုးခြံစွာကျင့်သူအားလုံးကို၊ **ဧကံသေန**- တစ်ဘက်သတ်အားဖြင့်၊ **ဥပက္ကောသတိ**- ပြက်ရယ်ပြု၏၊ **ဥပဝဒတိ**- ရှုတ်ချ၏၊ **ဣတိ**- ဤသို့၊ **သုတံ**- ကြားဖူးပါ၏၊ **တေ**- ထိုစကားသည်၊ **ဘဝန္တံ ဂေါတမံ**- အရှင်ဂေါတမကို၊ **အဘူတေန**- မဟုတ်မမှန်သောအားဖြင့်၊ **နစအဗ္ဘာစိက္ခန္တိ**- စွပ်စွဲရာမရောက်ဘဲ ရှိပါ၏လော၊ **မယံ**- အကျွန်ုပ်တို့သည်၊ **ဘဝန္တံ ဂေါတမံ**- အရှင်ဂေါတမကို၊ **အနဗ္ဘက္ခာတုကာမာ**- စွပ်စွဲရန် အလိုမရှိကြပါကုန်၊ **ဣတိ**- ဤသို့ လျှောက်ထားလေပြီ။
(ဒီ- ၁- ၁၅၃)

ဗုဒ္ဓ ပြန်လည်မိန့်ကြားတော်မူခြင်း

'ကဿပ ရဟန်းဂေါတမသည် ခြိုးခြံသောအကျင့်အားလုံးကို ကဲ့ရဲ့၏။ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာကျင့်သူအားလုံးကို တစ်ဘက်သတ် ပြက်ရယ်ပြု၏။ ရှုတ်ချ၏ဟုဆိုသော ထိုသူတို့သည် ငါဆိုသည့်အတိုင်း ဆိုကြသည်မဟုတ်ကုန်။ ထိုသူတို့

သည် ငါ့ကို ထင်ရှားမရှိသော မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲရာလည်း ရောက်၏။

ကဿပ ဤလောက၌ ခေါင်းပါးစွာ အသက်မွေးသော မြိုးမြံစွာကျင့်သူအချို့သည် သေလွန်သောအခါ၌ အပါယ်ငရဲသို့ ကျရောက်သည်ကို ငါသည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်၏။' *(ဒီ- ၁- ၁၅၃)*

တပဿီ ခေါ် မြိုးမြံစွာကျင့်သူတို့သည် 'အပ္ပပုည- ဘုန်းကံမရှိသူ၊ ပုညဝန္တ- ဘုန်းကံရှိသူ' ဟူ၍ နှစ်မျိုးရှိရာ ဘုန်းကံမရှိသူသည် 'မြက်, နွားချေး' အစရှိသည်တို့ကို စားခြင်းဖြင့် မိမိကိုယ်ကို ပင်ပန်းစေ၏။ ဘုန်းကံမရှိသောကြောင့် ချမ်းသာသော အသက်မွေးမှုကို မရသည်ဖြစ်၍ ဒုစရိုက်တို့ကို ကျူးလွန်၏။ ထိုပုဂ္ဂိုလ် ကွယ်လွန်သောအခါ အပါယ်ငရဲသို့ ရောက်လေသည်။

ဘုန်းကြီးသော ပုဂ္ဂိုလ်သည် ထိုသို့ 'မြက်, နွားချေး' အစရှိသည်တို့ကို စား၍ကျင့်သော်လည်း ဘုန်းကံရှိသောကြောင့် ထူးသောလာဘ်တို့ကို ရလေသည်။ ထိုသို့ လာဘ်ပေါ်များသည်ကို အကြောင်းပြု၍ 'လောက၌ ငါနှင့်တူသူမရှိ' ဟူ၍ ကြွားဝါပြီးလျှင် မတရားရှာမှီးခြင်းဖြင့် ရှာမှီးလျက် ဒုစရိုက်တို့ကို ကျူးလွန်၏။ ထိုပုဂ္ဂိုလ် ကွယ်လွန်သောအခါ အပါယ်ငရဲသို့ ရောက်လေသည်။ ထို့ကြောင့် ဗုဒ္ဓက ငရဲသို့ရောက်သည်ကို မြင်၏ဟု မိန့်တော်မူခြင်း ဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၂၈၇)*

'ကဿပ ဤလောက၌ ခေါင်းပါးစွာ အသက်မွေးသော မြိုးမြံစွာကျင့်သူအချို့သည် သေလွန်သောအခါ၌ ကောင်းသော လားရာ နတ်ပြည်၌ဖြစ်သည်ကို ငါသည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်၏။' *(ဒီ- ၁- ၁၅၃)*

ဤစကား၌လည်း ရှေးနည်းအတူ 'ဘုန်းကံမရှိသူ, ဘုန်းကံရှိသူ' ဟူ၍ နှစ်မျိုးရှိရာတွင် ဘုန်းကံနည်းသူသည် ရှေးအခါက ကောင်းမှုမရှိ၍ ယခုကဲ့သို့ ဆင်းဆင်းရဲရဲ အသက်မွေးရသည်ဟု သံဝေဂရ၍ သုစရိုက်ကို ကျင့်သဖြင့် နတ်ပြည်သို့ ရောက်လေသည်။

ဘုန်းကံကြီးသူလည်း 'ငါသည် ရှေးကကောင်းမှုပြုခဲ့၍ ယခုလို လာဘ်ပေါ်များခြင်းကို ရ၏။ ထို့ကြောင့် ငါသည် မရှာမှီးသင့်သော ရှာမှီးခြင်းကိုစွန့်၍ ကုသိုလ်ကောင်းမှုတို့ကို ဖြည့်ကျင့်အံ့' ဟုကြံပြီးလျှင် သုစရိုက်တို့ကို ပြုလုပ်၏။ ထိုပုဂ္ဂိုလ် သေလွန်သောအခါ နတ်ပြည်သို့ ရောက်လေသည်။ ထို့ကြောင့် ဗုဒ္ဓက နတ်ပြည်သို့ ရောက်သည်ကို မြင်၏ဟု မိန့်တော်မူခြင်း ဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၂၈၇ / ၈)*

'ကဿပ ငါသည် ထိုသို့ မြိုးမြံစွာကျင့်သူတို့၏ လာခဲ့ရာအရပ်, သွားရောက်ရာအရပ်ကို သိမြင်သောကြောင့် ထိုအားလုံးကို တစ်ဘက်သတ်အားဖြင့် အဘယ်ကြောင့် ပြက်ရယ်ပြုအံ့နည်း။ ရှုတ်ချအံ့နည်း'*(ကဿပ ငါသည် ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့၏။ ချီးမွမ်းထိုက်သူကို ချီးမွမ်း၏ဟု ဆိုလိုသည်။)*

'ကဿပ ဤလောက၌ ပညာရှိကုန်သော သမဏ, ဗြာဟ္မဏတို့ ရှိကြကုန်၏။ ထိုသမဏ, ဗြာဟ္မဏပုဂ္ဂိုလ်တို့အယူနှင့် ငါ၏အယူဝါဒသည် တူညီသောအရာရှိသလို မတူညီသောအရာလည်းရှိ၏။ (ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းစသော ငါးပါးသီလကို မကောင်းဟု ဘယ်သူမျှ မပြောဆိုကြ။ သူ့အသက်ကိုသတ်ခြင်းစသော ပါဏာတိပါတ အစရှိသောရန်ကို ကောင်း၏ဟူ၍ ဘယ်သူမှ မပြောဆိုကြ။ ဤတရားမျိုး၌ ဗုဒ္ဓနှင့်တူ၏ဟု ဆိုလိုသည်။)

အချို့သော သမဏ, ဗြာဟ္မဏတို့သည် စက္ခုဒွါရစသော ငါးဒွါရတို့၌ ကောင်းသောအဆင်းအာရုံကို ကြည့်ခြင်းငှာ မတားမြစ်ထိုက်။ မျက်စိသည် ကောင်းသောအဆင်းအာရုံကို ကြည့်ထိုက်၏။ ဤသို့ အယူဝါဒ ရှိကြသည်။ ဗုဒ္ဓမူကား အကုသိုလ် ကိလေသာ တိုးပွါးမည့် အာရုံမျိုးကို မကြည့်ထိုက်။ ကိလေသာပယ်မှု ကုသိုလ်တိုးပွါးမှု အာရုံများကို ကြည့်ထိုက်၏ဟု အယူရှိတော်မူသည်။ ဤသို့ အသေဝရ, သေဝရ- မကြည့်ထိုက်သောအာရုံ, ကြည့်ထိုက်သောအာရုံတို့၌ ထိုပုဂ္ဂိုလ်တို့နှင့် ဗုဒ္ဓသည် အယူဝါဒ မတူညီကြဟု ဆိုလိုသည်။ *(ဒီ ဋ္ဌ- ၁- ၂၈၉)*

ဆရာ ဆရာချင်း တပည့် တပည့်ချင်း ယှဉ်၍ စုံစမ်းကြည့်ပါ

'ကဿပ ငါသည် ထိုသမဏ, ဗြာဟ္မဏတို့ထံသို့ ချဉ်းကပ်၍ ဤသို့ဆိုလေ့ရှိ၏။ 'ငါ့ရှင်တို့ ငါတို့၏ အယူဝါဒချင်း မတူညီသော နေရာတို့ကို ထားလိုက်ပါဦး။ ဆရာအချင်းချင်းကို ယှဉ်၍သော်လည်းကောင်း, တပည့်အချင်းချင်းကို ယှဉ်၍သော်လည်းကောင်း ပညာရှိတို့ စိစစ်မေးမြန်းနိုင်ကြပါစေ။

'ဆရာအပေါင်းတို့တွင် အဘယ်ဆရာသည် အကုသိုလ်ကိလေသာတို့ကို အကြွင်းမဲ့ပယ်ဖြတ်နိုင်သနည်း' ဟု ပညာရှိတို့က ဤသို့မေးလျှင် 'ရဟန်းဂေါတမသည် အကြွင်းမဲ့ ပယ်ဖြတ်၍ကျင့်၏။ အခြားဆရာတို့သည် အနည်းငယ်သာ ကျင့်နိုင်၏' ဟု '**အမှေဝ တတ္ထ ယေဘုယျေန ပသံသေယျုံ**- ကဿပ ထိုအရာ၌ ငါတို့ကိုသာလျှင် များသောအားဖြင့် ချီးမွမ်းကုန်ရာ၏။'
(ဒီ- ၁- ၁၅၄ / ၅)

ဗုဒ္ဓကို ချီးကျူးလျှင်လည်း တပည့်သံဃာတော်တွေကို ချီးကျူးရာရောက်လေသည်။ ရောက်ပုံကား ဗုဒ္ဓ၏ ရုပ်ဆင်းသဏ္ဌာန် ပြည့်စုံခြင်းကို ဖူးမြင်ရသောကြောင့်လည်းကောင်း, ဗုဒ္ဓ၏ တရားဒေသနာတော်ကို ကြားနာရခြင်းကြောင့်သော်လည်းကောင်း ဤသို့ သဘောရှိသော ဆရာ၏အထံ၌ တပည့်ဖြစ်ရသည့်အတွက်ကြောင့် '**သီလ, သမာဓိ, ပညာ**' ဟူသောလာဘ်တို့ကို ရရှိနိုင်ပါပေစွ တကားဟု တပည့်သံဃာတော်တွေကိုပါ ကြည်ညိုကြလေသည်။ *(ဒီ ဋ- ၁- ၂၉၀)*

'ကဿပ တပည့်အပေါင်းတို့တွင်လည်း အဘယ်ဆရာ၏ တပည့်သည် အကုသိုလ်ကိလေသာတို့ကို အကြွင်းမဲ့ပယ်ဖြတ်နိုင်သနည်းဟူ၍ ပညာရှိတို့က ဤသို့မေးလျှင် ရဟန်းဂေါတမ၏ တပည့်သံဃာသည်သာ အကြွင်းမဲ့ပယ်ဖြတ်၍ ကျင့်၏။ အခြားဆရာ၏ တပည့်တို့သည် အနည်းငယ်သာ ကျင့်နိုင်၏' ဟု ထိုအရာ၌ ငါတို့ကိုသာလျှင် များသောအားဖြင့် ချီးမွမ်းကုန်ရာ၏။ *(ဒီ- ၁- ၁၅၆)*

တပည့်သံဃာကို ချီးကျူးလျှင်လည်း ဆရာဗုဒ္ဓကို ချီးကျူးရာရောက်၏။ တပည့်သံဃာတော်တို့၏ သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါးနှင့် ပြည့်စုံပုံကို ကြည်ညိုမြင်ပြီး ဤတပည့်သံဃာတို့သော်မှလည်း ဤသို့သော ငြိမ်သက်ခြင်း အစရှိသောဂုဏ်သည် ရှိပါပေ၏။ ဆရာဖြစ်သော ဗုဒ္ဓသည်ကား ပြောဖွယ်ရာ မလိုတော့ပေ' ဟူ၍ ဗုဒ္ဓကိုလည်း ကြည်ညိုပြီး ဖြစ်လေသည်။
(ဒီ ဋ- ၁- ၂၉၀)

ထို့အတူ ကုသိုလ်ကောင်းမှုကို ပြည့်ရာ၌လည်း ဗုဒ္ဓနှင့် ဗုဒ္ဓ၏တပည့် သံဃာတော်တို့သည်သာ အပြည့်အစုံ ပြည့်ကျင့်နိုင်ကြပေ၏။ အခြားသော ဆရာနှင့်တပည့်တို့သည် အနည်းငယ်သာ ကျင့်နိုင်ကြပေသည်။

ကဿပ ဤသို့လျှင် ပညာရှိတို့သည် အယူကို မေးမြန်းစိစစ် စုံစမ်းကုန်လတ်သော် '**အမှေဝ တတ္ထ ယေဘုယျေန ပသံသေယျုံ**' ထိုအရာ၌ ငါတို့ကိုသာလျှင် များသောအားဖြင့် ချီးမွမ်းကုန်ရာ၏။ *(ဒီ- ၁- ၁၅၆)*

ကဿပ ငါဗုဒ္ဓနှင့်တူသော ဆရာသည် မရှိသလို ငါဗုဒ္ဓ၏ တပည့်သံဃာနှင့်တူသော အခြားတပည့်သံဃာတို့သည်လည်း မရှိပေ။' ဤသို့ ဗုဒ္ဓသည် **သီဟနာဒ်**- မြတ်သောအသံတော်ကို ဝါ မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက် အသံတော်ကို **နဒတိ**- မိန့်မြွက်တော်မူလေသည်။ *(ဒီ ဋ- ၁- ၂၉၁)*

အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်

ဗုဒ္ဓသည် ဆရာချင်း ယှဉ်ရာ၌လည်းကောင်း, တပည့်သံဃာချင်း ယှဉ်ရာ၌လည်းကောင်း ငါတို့ကိုသာ ပညာရှိတို့သည် ချီးမွမ်းကုန်ရာ၏ဟု သီဟနာဒ ခေါ် မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက် မိန့်တော်မူခြင်းသည် ဂိမိအယူဝါဒ၏ 'အဝိပရီတ- မမှားခြင်းကို ပြခြင်းအကျိုးငှာ ဗုဒ္ဓသည် အောက်ပါအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို မိန့်ကြားတော်မူလေသည်။ *(ဒီ ဋ- ၁- ၂၉၁)*

'ကဿပ လမ်းသည်ရှိ၏။ အကျင့်သည်ရှိ၏။ ထိုလမ်းအကျင့်ကို ကျင့်သည်ရှိသော် ရဟန်းဂေါတမသည်သာလျှင် **ကာလဝါဒီ**- သင့်သောအခါ၌သာ ဆိုလေ့ရှိ၏၊ **ဘူတဝါဒီ**- ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ **အတ္ထဝါဒီ**- အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ **ဓမ္မဝါဒီ**- တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ **ဝိနယဝါဒီ**- အဆုံးအမနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏' ဟု **သာမညော**- ကိုယ်တိုင်သာလျှင်၊ **ဉ ဿတိ**- သိလတ္တံ့၊ **သာမံ**- ကိုယ်တိုင်ပင်၊ **ဒက္ခတိ**- မြင်လတ္တံ့၊ ထိုလမ်းအကျင့်ဟူသည် သမ္မာဒိဋ္ဌိ အစရှိသော ဖြူစင်သော အင်္ဂါရှစ်ပါးရှိသော ဤလမ်းအကျင့်တို့ပင်တည်း။ *(ဒီ- ၁- ၁၅၆)*

တပေါပက္ကမအကျင့်

အစေလကဿပသည် ဗုဒ္ဓ၏ ထိုလမ်းအကျင့် မဂ္ဂင်ရှစ်ပါးကို ကြားနာရ၍ 'အရှင်ဂေါတမသည် ငါ့မှာသာ လမ်းအကျင့်သည် ရှိ၏။ အခြားသူတို့မှာ လမ်းအကျင့်မရှိဟု မှတ်ထင်ဘိ၏။ ယခု ရဟန်းဂေါတမအား ငါတို့မှာလည်း လမ်းအကျင့် ရှိပါသေးသည်' ဟူ၍ ပြလိုသောကြောင့် အောက်ပါစကားကို ဗုဒ္ဓအား လျှောက်ထားလေသည်။

'အရှင်ဂေါတမ အရှင်ဂေါတမ၏ သာသနာမှ တပါးကုန်သော အခြားသော သမဏ, ဗြာဟ္မဏတို့သည် 'ဩကမေပိ တပေါပက္ကမာ– ဤမြိုးမြံသောအကျင့်ကို အားထုတ်၍ ကျင့်မှုတို့သည်လည်း ရှိပါသေး၏။ ၎င်းတို့ကား–

(၁) အစေလကော – အဝတ်မဝတ်ဘဲ နေ၏။

(၂) မုတ္တာစာရော –*(အမျိုးကောင်းသားတို့၏ အကျင့်မှကင်းသော)* ရပ်လျက် ကျင်ကြီး, ကျင်ငယ်စွန့်၏။*(ကျင်ကြီးကို လည်း ခဲ၏။ စားလည်း စား၏။)*

(၃) ဟတ္ထာပလေခနော – လက်ခြေဖြင့် မစင်ကို သုတ်လေ့ရှိ၏။

(၄) န ဧဟိ ဘဒ္ဒန္တိကော – အရှင် ကြွလာပါလော့ဟုဆိုသူ၏ ဆွမ်းကို မခံ။

(၅) န တိဋ္ဌ ဘဒ္ဒန္တိကော – အရှင် ရပ်ပါဦးလော့ဟုဆိုသူ၏ ဆွမ်းကို မခံ။*(လူတို့၏စကားကို လိုက်နာရာရောက်သည်ဟု ယူဆပြီး မခံခြင်းဖြစ်သည်။)*

(၆) နာဘိဟဋံ – မိမိမကပ်ရောက်မီ ယူဆောင်လာသော ဆွမ်းကို မခံ။

(၇) န ဥဒ္ဒိဿကတံ – ရည်စူး၍ပြုသော ဆွမ်းကို မခံ။

(၈) န နိမန္တနံ သာဒိယတိ – ပင့်ဖိတ်သော ဆွမ်းကို မခံ။

(၉) သော န ကုမ္ဘိမုခါ ပဋိဂ္ဂဏှာတိ – အိုးဝမှ ကော်၍လောင်းသော ဆွမ်းကို မခံ။

(၁၀) န ကဠောပိမုခါ ပဋိဂ္ဂဏှာတိ – တောင်းဝမှ ကော်၍လောင်းသော ဆွမ်းကို မခံ။*(ဤသို့ ကော်ခြင်းဖြင့် ယောက်မတို့ကို, ဒွန်းတို့ကို ပုတ်ခတ်ရာရောက်သည်ဟု ယူဆပြီး မခံခြင်းဖြစ်သည်။)*

(၁၁) န ဧဠကမန္တရံ – တံခါးခုံခြား၍ လောင်းသောဆွမ်းကို မခံ။

(၁၂) န ဒဏ္ဍမန္တရံ – တုတ်ခြား၍ လောင်းသောဆွမ်းကို မခံ။

(၁၃) န မုသလမန္တရံ – ကျည်ပွေ့ခြား၍ လောင်းသောဆွမ်းကို မခံ။*(ဤတံခါးခုံ, တုတ်, ကျည်ပွေ့တို့သည် ငါ့ကို အကြောင်းပြု၍ အကြား၌ ထားရခြင်းကို ခံရရှာသည်ဟူ၍ ယူဆပြီး မခံခြင်းဖြစ်သည်။)*

(၁၄) န ဒွိန္နံ ဘုဉ္ဇမာနာနံ – နှစ်ယောက်စားနေစဉ်မှ လောင်းသောဆွမ်းကို မခံ။*(တစ်ယောက်၏ ထမင်းလုတ် အန္တရာယ်ဖြစ်သည်ဟူ၍ မခံခြင်းဖြစ်သည်။)*

(၁၅) န ဂဗ္ဘိနိယာ – ကိုယ်ဝန်ဆောင်မိန်းမ၏ ဆွမ်းကိုမခံ။*(အထဲကကလေး ပင်ပန်း၏ဟူ၍ မခံ။)*

(၁၆) န ပါယမာနာယ – နို့တိုက်ဆဲမိန်းမ၏ ဆွမ်းကိုမခံ။*(ကလေး၏ နို့ရည်အန္တရာယ် ဖြစ်၏ဟူ၍ မခံ။)*

(၁၇) န ပုရိသန္တရဂတာယ – ယောကျ်ားနှင့် နှီးနှောဆဲဖြစ်သော မိန်းမ၏ ဆွမ်းကိုမခံ။*(ကာမရတိ၏ အန္တရာယ်ဖြစ်၏ဟုမခံ)*

(၁၈) န သံကိတ္တိသု – ဆော်ဩစုဆောင်း၍ လောင်းသောဆွမ်းကို မခံ။

(၁၉) န ယတ္ထ သာ ဥပဋ္ဌိတော ဟောတိ– ခွေးမျှော်နေရာမှ ဆွမ်းကို မခံ။*(ခွေး၏ ထမင်းအန္တရာယ်ဖြစ်၏ဟု မခံ။)*

(၂၀) န ယတ္ထ မက္ခိကာ သဏ္ဍ သဏ္ဍ စာရိနီ– ယင်အုံရာမှ ဆွမ်းကို မခံ။*(ယင်တို့၏ စားကျက်အန္တရာယ် ဖြစ်သည်ဟု မခံ။)*

(၂၁) န မစ္ဆံ – ငါးကို မစား။

(၂၂) န မံသံ – အမဲသား မစား။

(၂၃) န သုရံ – သေရည်မသောက်။

(၂၄) န မေရယံ – အရက်မသောက်။

(၂၅) န ထုသောဒကံ ပိဝတိ – ဖွဲ၌မြုပ်သော ဆေးရည်ကို မသောက်။

(၂၆) သော ဧကာဂါရိကော ဝါ ဟောတိ– တစ်အိမ်၌သာ ဆွမ်းခံ၏။

(၂၇) ဧကာလောပိကော – တစ်လုတ်သာစား၏။

(၂၈) ဒွါဂါရိကော ဝါ ဟောတိ – နှစ်အိမ်၌သာ ဆွမ်းခံ၏။

(၂၉) ဒွါလောပိကော – နှစ်လုတ်သာစား၏။

(၃၀) သတ္တာဂါရိကော ဝါ ဟောတိ – ခုနစ်အိမ်၌သာ ဆွမ်းခံ၏။

(၃၁) သတ္တာလောပိကော – ခုနစ်လုတ်သာစား၏။

(၃၂) ဧကိဿာပိ ဒတ္တိယာ ယာပေတိ– ဆွမ်းလောင်းခွက်ငယ် တစ်ခုစာဖြင့်လည်း ရောင့်ရဲ၏။

(၃၃) ဒွိတိပိ ဒတ္တိယာ ယာပေတိ - ဆွမ်းလောင်းခွက်ငယ် နှစ်ခုစာဖြင့်လည်း ရောင့်ရဲ၏။
(၃၄) ဧကာဟိကမ္ပိ အာဟာရံ အာဟာရေတိ - တစ်ရက်ခြားလည်း အစာစား၏။
(၃၅) ဒွိဟိကမ္ပိ အာဟာရံ အာဟာရေတိ - နှစ်ရက်ခြားလည်း အစာစား၏။
(၃၆) သတ္တာဟိကမ္ပိ အာဟာရံ အာဟာရေတိ - ခုနစ်ရက်ခြားလည်း အစာစား၏။
(၃၇) ဣတိ ဧဝရူပံ- ဤသို့သဘောရှိသော၊ အဒ္ဓမာသိကမ္ပိ- လခွဲတစ်ကြိမ်တိုင်အောင်လည်း၊ ပရိယာယ ဘတ္တဘောဇနာ နုယောဂမနုယုတ္တော- အစားစားခြင်းအကျင့်ကို ကျင့်လျက်၊ ဝိဟရတိ- နေ၏။

အစာစားကြပုံများ

ထိုသမဏ, ဗြာဟ္မဏတို့သည်-

(၁) သာကဘက္ခောဝါ ဟောတိ - ဟင်းရွက်စိမ်းကိုသော်လည်း စားနေ၏။
(၂) သာမာကဘက္ခောဝါ ဟောတိ - ပြောင်းဆန်ကိုသော်လည်း စားနေ၏။
(၃) နီဝါရဘက္ခောဝါ ဟောတိ - ကျိတ်သီးဆန်ကိုသော်လည်း စားနေ၏။
(၄) ဒဒ္ဒုလဘက္ခောဝါ ဟောတိ - သားရေဖတ် အစအနကိုသော်လည်း စားနေ၏။
(၅) ဟဋဘက္ခောဝါ ဟောတိ - မှော်ကိုသော်လည်း စားနေ၏။
(၆) ကဏဘက္ခောဝါ ဟောတိ - ဖွဲနုကိုသော်လည်း စားနေ၏။
(၇) အာစာမဘက္ခောဝါ ဟောတိ - ထမင်းရည်ကိုသော်လည်း သောက်စားနေ၏။
(၈) ပိညာကဘက္ခောဝါ ဟောတိ - နှမ်းမှုန့်ညက်ကိုသော်လည်း စားနေ၏။
(၉) တိဏဘက္ခောဝါ ဟောတိ - မြက်ကိုသော်လည်း စားနေ၏။
(၁၀) ဂေါမယဘက္ခောဝါ ဟောတိ - နွားချေးကိုသော်လည်း စားနေ၏။
(၁၁) ဝနမူလ ဖလာဟာရော ယာပေတိ - တောသစ်မြစ်သစ်သီးကို စားလျက်မျှတ၏။
(၁၂) ပဝတ္တ ဖလဘောဇီ - ကြွေကျသောသစ်သီးကို စားလျက်မျှတ၏။

ဝတ်ပုံ, နေပုံ, စားပုံ

ထိုသမဏ, ဗြာဟ္မဏတို့သည်-

(၁) သာဏာနိပိ ဓာရေတိ - ပိုက်ဆံလျှော်အဝတ်တို့ကိုလည်း ဝတ်၏။
(၂) မသာဏာနိပိ ဓာရေတိ - ပိုက်ဆံလျှော်နှင့် ရောနှောရက်သော အဝတ်တို့ကိုလည်း ဝတ်၏။
(၃) ဆဝဒုဿာနိပိ ဓာရေတိ - သူသေကောင်မှ အဝတ်တို့ကိုလည်း ဝတ်၏။
(၄) ပံသုကူလာနိပိ ဓာရေတိ - ပံသုကူအဝတ်တို့ကိုလည်း ဝတ်၏။
(၅) တိရီဋာနိပိ ဓာရေတိ - သစ်ခေါက်အဝတ်တို့ကိုလည်း ဝတ်၏။
(၆) အဇိနမ္ပိ ဓာရေတိ - သစ်နက်ရေကိုလည်း ဝတ်၏။
(၇) အဇိနက္ခိပမ္ပိ ဓာရေတိ - သစ်နက်ရေမျှင်အဝတ်ကိုလည်း ဝတ်၏။
(၈) ကုသစီရမ္ပိ ဓာရေတိ - သမန်းမြက်အဝတ်ကိုလည်း ဝတ်၏။
(၉) ဝါကစီရမ္ပိ ဓာရေတိ - လျှော်တေအဝတ်ကိုလည်း ဝတ်၏။
(၁၀) ဖလကစီရမ္ပိ ဓာရေတိ - ပျဉ်ချပ်အဝတ်ကိုလည်း ဝတ်၏။
(၁၁) ကေသကမ္ဗလမ္ပိ ဓာရေတိ - ဆံခြည်ကမ္ဗလာကိုလည်း ဝတ်၏။
(၁၂) ဝါဠကမ္ဗလမ္ပိ ဓာရေတိ - သားမြီးကမ္ဗလာကိုလည်း ဝတ်၏။
(၁၃) ဥလူကပက္ခိကမ္ပိ ဓာရေတိ - ခင်ပုပ်ငှက်တောင်အဝတ်ကိုလည်း ဝတ်၏။

(၁၄) ကေသမဿု လောစကောပိ ဟောတိ – ဆံမုတ်ဆိတ်ကိုလည်း နုတ်၏။
(၁၅) ကေသမဿု လောစနာနုယောဂ မနုယုတ္တော – ဆံမုတ်ဆိတ်နုတ်ခြင်း အမှုကိုလည်း အားထုတ်၏။
(၁၆) ဥဗ္ဘဋ္ဌကောပိ ဟောတိ အာသနပဋိက္ခိတ္တော – ထိုင်ရန်နေရာကိုပယ်၍ ရပ်လျက်လည်းနေ၏။
(၁၇) ဥက္ကုဋိကောပိ ဟောတိ – ဆောင့်ကြောင့်လည်း ထိုင်နေ၏။
(၁၈) ဥက္ကုဋိကပ္ပဓာန မနုယုတ္တော – ဆောင့်ကြောင့်ထိုင်ခြင်းအမှုကို အားထုတ်၏။
(၁၉) ကဏ္ဋကာ ပဿယိကောပိ ဟောတိ –(ဆူး၌သားရေခင်း၍) ဆူးအခင်းပေါ်၌လည်း နေ၏။
(၂၀) ကဏ္ဋကာ ပဿယေ သေယျံ ကပ္ပေတိ – ဆူးအခင်းပေါ်၌ အိပ်၏။
(၂၁) ဖလက သေယျမ္ပိ ကပ္ပေတိ – ပျဉ်ပြားပေါ်၌လည်း အိပ်၏။
(၂၂) ထဏ္ဍိလ သေယျမ္ပိ ကပ္ပေတိ – ကြမ်းတမ်းသော မြေပြင်ပေါ်၌လည်း အိပ်၏။
(၂၃) ဧကပဿယိကောပိ ဟောတိ – နံပါးတစ်ဘက်တည်းဖြင့်လည်း အိပ်၏။
(၂၄) ရဇောဇလ္လဓရော –(ကိုယ်ပေါ်၌ ဆီလိမ်း၍ မြူထရာအရပ်၌) မြူအညစ်အကြေးကိုလည်း ဆောင်၏။
(၂၅) အဗ္ဘောကာသိကောပိ ဟောတိ – လွင်ပြင်၌လည်း နေ၏။
(၂၆) ယထာ သန္တတိကော – ရတိုင်းသော နေရာ၌လည်း နေ၏။
(၂၇) ဝေကဋိကောပိ ဟောတိ – မစင်ကိုလည်း စား၏။
(၂၈) ဝိကဋဘောဇနာနုယောဂ မနုယုတ္တော – မစင်စားခြင်းအမှုကို အားထုတ်၏။
(၂၉) အပါနကောပိ ဟောတိ – ရေအေးမသောက်မှု၍လည်း နေ၏။
(၃၀) အပါနက မနုယုတ္တော – ရေအေးမသောက်ခြင်းအမှုကို အားထုတ်၏။
(၃၁) သာယ တတိယကမ္ပိ ဥဒကော ရောတနာနုယောဂ မနုယုတ္တော ဟောတိ ဝိတရတိ– ညနေချမ်းလျှင် သုံးကြိမ်မြောက်ရေသို့ သက်ဆင်းခြင်းအမှုကိုလည်း အားထုတ်၍နေ၏။ *(ဒီ– ၁– ၁၅၇ / ၈)*

တပေါ် ပက္ကမ နိရတ္ထက ကထာ– ခြိုးခြံသောအကျင့် အားထုတ်မှု၌ အကျိုးမရှိပုံကို ပြဆိုခြင်း

ထိုသို့ အစေလကဿပက လျှောက်ထားရာ ထိုအခါ၌ ဗုဒ္ဓသည် အစေလကဿပအား 'သီလ, သမာဓိ, ပညာ' သိက္ခာသုံးရပ် အကျင့်မြတ်နှင့်ကင်း၍ ထိုခြိုးခြံသော အကျင့်တို့သည် အကျိုးမရှိသည်ကို ပြဆိုလိုသည်ဖြစ်၍ အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

'ကဿပ သင်ဖော်ပြအပ်ခဲ့ပြီးသော ခြိုးခြံသောအကျင့်တို့ကို ကျင့်၍နေစေကာမူ 'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ကို မပွါးရသေး၊ မျက်မှောက်မပြုရသေးသောကြောင့် စင်စစ်အားဖြင့် 'သော အာရကာဝ သာမညာ'– ထိုသမဏသည် သမဏအလုပ်မှ ဝေးသည်သာ။ 'သော အာရကာဝ ဗြာဟ္မညာ'– ထိုဗြာဟ္မဏသည် ဗြာဟ္မဏအလုပ်မှ ဝေးသည်သာ။

ယတော ခေါ် ကဿပ ဘိက္ခု အဝေရံ အဗျာပဇ္ဇံ မေတ္တစိတ္တံ ဘာဝေတိ၊ အာသဝါနဉ္စ ခယာ အနာသဝံ စေတော ဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အယံ ဝုစ္စတိ ကဿပ ဘိက္ခု သမဏော ဣတိပိ ဗြာဟ္မဏော ဣတိပိ။ *(ဒီ– ၁– ၁၅၈ / ၉)*

ကဿပ– ကဿပ၊ ယတော– အကြင်အခါ၌၊ ဘိက္ခု– ရဟန်းသည်၊ အဝေရံ– ဒေါသတည်းဟူသော ရန်မရှိသော၊ အဗျာပဇ္ဇံ– ဒေါမနဿတည်းဟူသော ဗျာပါဒမရှိသော၊ မေတ္တစိတ္တံ– မေတ္တာရှိသောစိတ်ကို၊ ဘာဝေတိ– ဖြစ်စေ၏၊ ပွါး၏၊ အာသဝါနံ– အာသဝတို့၏၊ ခယာ– ကုန်ခြင်းကြောင့်၊ အနာသဝံ– အာသဝမရှိသော၊ စေတောဝိမုတ္တိံ– ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ် သမာဓိကိုလည်းကောင်း၊ ပညာဝိမုတ္တိံ– ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကိုလည်းကောင်း၊ ဒိဋ္ဌေဝဓမ္မေ– ယခုမျက်မှောက်ဘဝ၌ပင်၊ သယံ– ကိုယ်တိုင်၊ အဘိညာ– ထူးသောဉာဏ်ဖြင့် သိ၍၊ သစ္ဆိကတွာ– မျက်မှောက်ပြု၍၊ ဥပသမ္ပဇ္ဇ– ပြီးစေ၍၊ ဝိဟရတိ– ရဟန္တာဖြစ်၍နေ၏၊ ကဿပ– ကဿပ၊ တတော– ထိုအခါ၌၊ အယံဘိက္ခု– ဤရဟန်းကို၊

သမဏော ဟောတိပိ– သမဏဟူ၍လည်းကောင်း ဝါ ကိလေသာတို့ကို ငြိမ်းစေပြီးသော ရဟန်းဟူ၍လည်းကောင်း၊ **ဗြာဟ္မဏော ဟောတိပိ–** ဗြာဟ္မဏဟူ၍လည်းကောင်း ဝါ မကောင်းမှုတို့ကို မျှောပြီးသော ရဟန်းဟူ၍လည်းကောင်း၊ ဝဒေတိ– ဆိုအပ်၏။

အစေလကဿပ ပြန်လျှောက်ပုံ

အစေလကဿပသည် ဗုဒ္ဓ၏ မေတ္တာစသော စကားကို ကြားရလျှင် 'အရှင်ဂေါတမ အကျွန်ုပ်တို့သည် ရှေးအခါ၌ '**နဂ္ဂါစရိယ–** အဝတ်မဆည်း အချီးနှီးနေခြင်း စသည်ကို သမဏအလုပ်, ဗြာဟ္မဏအလုပ်' ဟူ၍ မှတ်ယူလှည့်လည်ကြပါကုန်၏။ အရှင်ဂေါတမတို့သည်ကား 'မေတ္တာစသည်ကို သမဏအလုပ်, ဗြာဟ္မဏအလုပ်' ဟူ၍ ဟောကြားတော်မူပါ၏။ အရှင်ဂေါတမ '**ဒုက္ကရံ သာမညံ–** သမဏအလုပ်သည် ခဲယဉ်းလှချေ၏၊ **ဒုက္ကရံ ဗြာဟ္မညံ–** ဗြာဟ္မဏအလုပ်သည် ခဲယဉ်းလှချေ၏' ဟု လျှောက်လေ၏။ *(ဒီ– ၁– ၁၅၉၊ ဒီ ဋ္ဌ– ၁– ၂၉၄၊ ဋီသစ် ဒုအုပ်– ၃၅၈)*

ဗုဒ္ဓ ပြန်လည်မိန့်ကြားပုံ

'ကဿပ သမဏအလုပ်သည် ခဲယဉ်းလှချေ၏။ ဗြာဟ္မဏအလုပ်သည် ခဲယဉ်းလှချေ၏ဟူသော စကားသည် **ပကတိ ခေါ် လောကသမ္မုတိ–** လောက၌ ဆိုရိုးတံထွာ ဓမ္မတာပင်တည်း။ ကဿပ **နဂ္ဂါစရိယ–** အဝတ်မဝတ်ဘဲ နေခြင်းစသော ခြိုးခြံသောအကျင့်ကို အားထုတ်ကာမျှဖြင့် သမဏအလုပ်သည်လည်းကောင်း, ဗြာဟ္မဏအလုပ်သည်လည်းကောင်း ခဲယဉ်းသည်, အလွန်ခဲယဉ်းသည် ဖြစ်ခဲ့လျှင် သမဏအလုပ်သည် ခဲယဉ်းလှချေ၏။ ဗြာဟ္မဏအလုပ်သည် ခဲယဉ်းလှချေ၏' ဟူသောစကားကို ဆိုရန်မသင့်ပေ။

ကဿပ သင်တို့ပြောသော သမဏအလုပ်, ဗြာဟ္မဏအလုပ်ကို **ဂဟပတိနာဝါ–** သူကြွယ်သည်လည်းကောင်း၊ **ဂဟပတိ ပုတ္တေနဝါ–** သူကြွယ်၏သားသည်လည်းကောင်း၊ **အန္တမသော–** အယုတ်ဆုံးအားဖြင့်၊ **ကုမ္ဘဒါသိယာပိ–** အိုးရွက်ကျွန်မ၏သားသည် သော်လည်းကောင်း 'ထိုနဂ္ဂါစရိယ ခေါ် အဝတ်မဝတ်ခြင်းစသော ခြိုးခြံသောအကျင့်ကို ကျင့်အံ့' ဟူ၍ စွမ်းနိုင်ရာသေး၏။

ထို့ကြောင့် သင်တို့၏ ထိုအကျင့်မှတစ်ပါး အကြင်ရဟန်းသည် ဒေါသရန်ကင်းသော ဒေါမနဿတည်းဟူသော ဗျာပါဒမရှိသော မေတ္တာစိတ်ကို ပွါးများ၏။ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် သမာဓိကိုလည်းကောင်း, ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကိုလည်းကောင်း ယခုဘဝ၌ပင် ထူးခြားသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေ၏။ ဤရဟန်းကို သမဏဟူ၍လည်းကောင်း, ဗြာဟ္မဏဟူ၍လည်းကောင်း ဆိုအပ်၏။ *(ဒီ– ၁– ၁၆၁ / ၂)*

သီလ, သမာဓိ, ပညာနှင့် ပြည့်စုံခြင်းကို မေးခြင်း

ဤသို့ ဗုဒ္ဓ မိန့်ကြားတော်မူသည်ရှိသော် အဝတ်မဝတ်ဘဲကျင့်သော ကဿပတက္ကတွန်းသည် ဗုဒ္ဓအား ထို '**သီလ, သမာဓိ, ပညာ**' တို့၏ ပြည့်စုံခြင်းသည် အဘယ်ပါနည်း' ဟု မေးလျှောက်လေသည်။ *(ဒီ– ၁– ၁၆၂)*

အစေလကဿပသည် ထိုသို့ အဘယ့်ကြောင့် မေးသနည်းဟူမူ ပညာရှိသောကြောင့် မေးခြင်းဖြစ်သည်။ မှန်၏။ အစေလကဿပသည် ဗုဒ္ဓ၏ တရားစကားကို မှတ်ယူပြီး မိမိ၏ အဝတ်မဝတ်ဘဲကျင့်သော အစေလကအကျင့်၏ အကျိုးမရှိပုံကို သိမြင်ပြီး၍ ရဟန်းဂေါတမအား ထိုသီလ, သမာဓိ, ပညာတို့၏ ပြည့်စုံပုံကို သိလိုသည်ဖြစ်၍ မေးမြန်းခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ– ၁– ၂၉၅)*

ဗုဒ္ဓ ပြန်လည် ဖြေကြားတော်မူခြင်း

ထိုအခါ ဗုဒ္ဓသည် ဗုဒ္ဓပွင့်တော်မူလာပုံမှစ၍ 'တန္တိဓမ္မ' ပါဠိတော်ဟောစဉ်ကို ဟောတော်မူလေသည်။ သာမညဖလသုတ်တွင် လာသည့်အတိုင်း ရဟန်းပြုပုံ၊ ရဟန်းကျင့်ဝတ်နှင့်နေပုံ၊ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို စောင့်ထိန်းပုံ၊ အသက်မွေးဝမ်းကျောင်း စင်ကြယ်ပုံ၊ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံပုံ၊ သတိသမ္ပဇညနှင့် ပြည့်စုံပုံ၊ သန္တောသနှင့် ပြည့်စုံပုံ၊ ဈာန်လေးပါးရပုံ၊ ဝိပဿနာဉာဏ်မှ စ၍ အရဟတ္တမဂ်ဉာဏ်ဟူသော အာသဝက္ခယဉာဏ်အထိ ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံပုံကို အကျယ်ချဲ့၍ ဟောကြားတော်မူသည်။

ထိုသို့ ဟောတော်မူပြီး နိဂုံးအုပ်သောအားဖြင့်–

'ကဿပ ဤသီလ, သမာဓိ, ပညာတို့၏ ပြည့်စုံခြင်းတို့ထက် သာ၍လွန်ကဲသည်လည်းဖြစ်သော, သာ၍မွန်မြတ်သည်လည်း ဖြစ်သော အခြားတရားမျိုးသည် မရှိတော့ပြီ' ဟူ၍ မိန့်တော်မူလေသည်။ *(ဒီ– ၁– ၁၆၃)*

မဟာသီဟနာဒ – အတုမရှိ ရဲရင့်သောစကားကို မိန့်မြွက်တော်မူခြင်း

ဗုဒ္ဓသည် ထိုသို့ ဟောကြားတော်မူပြီးနောက် အစေလကဿပအား ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ–

'ကဿပ လွန်မြတ်သောသီလဖြစ်သော မင်္ဂဖိုလ်နှင့်ယှဉ်သော '**အဓိသီလ**' အရာ၌လည်းကောင်း၊ မင်္ဂဖိုလ်နှင့်ယှဉ်သော မွန်မြတ်သော လုံ့လဝီရိယဖြင့် မကောင်းမှုကိုပယ်ခြင်း '**အဓိဇေဂုစ္ဆ**' အရာ၌လည်းကောင်း၊ မင်္ဂဖိုလ်နှင့်ယှဉ်သော လွန်မြတ်သော '**အဓိပညာ**' အရာ၌လည်းကောင်း၊ လွန်မြတ်သော ကိလေသာတို့မှ လွန်မြောက်ခြင်း '**အဓိဝိမုတ္တ**' အရာ၌လည်းကောင်း–

(၁) **နာဟံ အတ္တနော သမသမံ သမနုပဿာမိ။ ကဿပ–** ကဿပ၊ **အဟံ–** ငါဗုဒ္ဓသည်၊ **အတ္တနော–** မိမိနှင့်၊ **သမသမံ–** တူသောပုဂ္ဂိုလ်ကို၊ **နသမနုပဿာမိ–** မြင်တော်မမူ။

(၂) **ကုတော ဘိယျော။ ဘိယျော–** သာလွန်သောပုဂ္ဂိုလ်ကိုကား၊ **ကုတော–** အဘယ်မှာ မြင်ပါတော့အံ့နည်း။

(၃) **အထခေါ် အဟမေဝ တတ္ထ ဘိယျော။ အထခေါ်–** စင်စစ်သော်ကား၊ **အဟမေဝ–** ငါဗုဒ္ဓသည်သာလျှင်၊ **တတ္ထ–** ထိုဆိုခဲ့ပြီးသော '**အဓိသီလ, အဓိဇေဂုစ္ဆ, အဓိပညာ, အဓိဝိမုတ္တ**' အရာတို့၌၊ **ဘိယျော–** အသာလွန်ဆုံး ဖြစ်ပေ၏။

(၄) ကဿပ ထိုသို့သော အဓိသီလ စသောအရာတို့၌ 'ငါ့ထက် သာလွန်သူမရှိ' ဟူသော ရဲရင့်သောစကားကို ဆိတ်ကွယ်ရာ၌သာ ပြောဆိုသည်မဟုတ်။ ပရိသတ်အလယ်၌လည်း ပြောဆိုပေ၏ ဟူ၍လည်းကောင်း၊ မကြောက်မရွံ့လည်း ပြောဆို၏ ဟူ၍ လည်းကောင်း၊

(၅) ပြဿနာလည်း မေးကြကုန်၏ ဟူ၍လည်းကောင်း၊ ပြဿနာမေးကြသူတို့အား ဖြေကြားပါ၏ ဟူ၍လည်းကောင်း၊ ပြဿနာကို ဖြေကြားခြင်း၌ ထိုမေးသူ၏စိတ်ကို နှစ်သက်စေနိုင်ပါ၏ ဟူ၍လည်းကောင်း၊

(၆) ထိုရဟန်းဂေါတမစကားကို နာကြားထိုက်သည်ဟု ထင်ပါကုန်၏ ဟူ၍လည်းကောင်း၊ နာကြား၍လည်း ကြည်ညိုကြကုန်၏ ဟူ၍လည်းကောင်း၊ ကြည်ညိုသူတို့၏ ပြုသင့်သော ပူဇော်ခြင်းကို ပြုလုပ်ကုန်၏ ဟူ၍လည်းကောင်း၊ ထိုသို့ ဟောကြားတိုင်း ပြုရန်လည်း ကျင့်ကုန်၏ ဟူ၍လည်းကောင်း၊ ကျင့်သူတို့သည် ရဟန်းဂေါတမ၏စိတ်ကို နှစ်သက်စေနိုင်ပါကုန်၏ ဟူ၍လည်းကောင်း ပြောကြားအပ်ကုန်၏။

(၇) ကဿပ အခါတစ်ပါး၌ ငါသည် ရာဇဂြိုဟ် ဂိဇ္ဈကုဋ်တောင်၌နေစဉ် နိဂြောဓပရိဗိုဇ်သည် လွန်မြတ်သော အားထုတ်မှု လုံ့လဝီရိယဖြင့် မကောင်းမှုကိုပယ်ခြင်း အဓိဇေဂုစ္ဆအရာ၌ ပြဿနာကို မေးဖူး၏။ ထိုပြဿနာကို ငါဖြေကြားရာတွင် ထိုနိဂြောဓသည် အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်' ဟူ၍ မိန့်ကြားတော်မူလေပြီ။ *(ဒီ– ၁– ၁၆၃ မှ ၁၆၅ အထိ)*

အစေလက ကဿပ ဝမ်းမြောက်ကြောင်း လျှောက်ထားခြင်း

'အရှင်ဘုရား ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏ တရားကို ကြားနာရသည်ရှိသော် အဘယ်သူသည် အတိုင်းထက် အလွန် ဝမ်းမမြောက်ဘဲ ရှိပါအံ့နည်း။ အရှင်ဘုရား တပည့်တော်သည်လည်း ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏ တရားတော်ကို ကြားနာရသည်ဖြစ်၍ အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါ၏' ဟု လျှောက်လေသည်။

ထို့နောက် အစေလကဿပသည် 'ငါသည် ကြာမြင့်စွာသော ကာလပတ်လုံး ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သောဘက်၌ ယှဉ်စေ၍ မိမိကိုယ်ကို ပင်ပန်းစေအပ်ပြီတကား။ ချောက်သောမြစ်ကမ်းနား၌ ရေချိုးအံ့ဟုကြံ၍ လှည့်ပတ်နေသူကဲ့သို့ လည်းကောင်း၊ တစ်စုံတစ်ခုသော အကျိုးကို မပြီးစေအပ်လေစွ။ ယခု ငါသည် မိမိကိုယ်ကို ယှဉ်သင့်သောနည်းလမ်း၌ ယှဉ်စေတော့အံ့' ဟုကြံ၍ ဗုဒ္ဓအား အဘိက္ကန္တေ ဘန္တေ စသည်ဖြင့် သရဏဂုံသုံးပါးကို ခံယူလျှောက်ထားပြီး ဗုဒ္ဓထံ၌ ရှင်ရဟန်းအဖြစ်ကို ရလိုကြောင်း လျှောက်ထားလေသည်။ *(ဒီ– ၁– ၁၆၅ / ဒီ ဋ္ဌ– ၁– ၂၉၇)*

အစေလကဿပ ရဟန်းပြုခွင့်ရပြီး ရဟန္တာအဖြစ်သို့ ရောက်ရှိခြင်း

ဗုဒ္ဓသည် အစေလကဿပအား 'ဤဗုဒ္ဓသာသနာတော်မှ တပါးသောအယူရှိသော တိတ္ထိဖြစ်ဖူးသူသည် ဤဗုဒ္ဓသာသနာတော်၌ ရှင်ရဟန်းအဖြစ်ကိုရလိုမူ လေးလပတ်လုံး ပရိဝါသ်နေရကြောင်း၊ သို့သော် ဤအရာ၌ ငါဗုဒ္ဓသည် ပရိဝါသ် နေထိုက်, မနေထိုက်သော ပုဂ္ဂိုလ်တို့၏ ခြားနားသည်၏အဖြစ်ကို သိသေး၏' ဟူ၍ မိန့်ကြားတော်မူရာတွင်–

အစေလကဿပ အကြံဖြစ်သည်မှာ 'ဤဗုဒ္ဓသာသနာတော်၌ ရွှေကို ပွတ်တိုက်သကဲ့သို့ ပွတ်တိုက်၍, ရွှေကိုထုရိုက်သကဲ့သို့ ထုရိုက်၍ သင့်သူကိုသာယူ၍ မသင့်သူကို မယူကြပေ။ 'အဟော အစ္ဆရိယံ ဗုဒ္ဓသာသနံ' ဤဗုဒ္ဓသာသနာတော်သည် ဩော် အံ့ဩဖွယ် ကောင်းပေစွ' ဟု ကြံပြီးလျှင်–

ရှင်ရဟန်းအဖြစ်၌ အားထုတ်ခြင်း ပြင်းပြသည်ဖြစ်၍ 'လေးလမဟုတ်၊ လေးနှစ်တို့ပတ်လုံး ပရိဝါသ်နေပါမည်' ဟူ၍ ဗုဒ္ဓအား အားတက်သရော လျှောက်ထားလေသည်။ *(ဒီ- ၁- ၁၆၅၊ ဒီ ဌ- ၁- ၂၉၈ / ၉၊ မဟာဋီ- ၃၅၉၊ ဋီသစ် ဒုအုပ်- ၃၆၆)*

ဗုဒ္ဓသည် ပရိဝါသ်နေခြင်းငှာ မထိုက်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် အဝတ်မဝတ်သော အစေလကဿပ တက္ကတွန်းအား ရဟန်းတို့အား ရေချိုးစေပြီးလျှင် ထိုနေ့၌ပင် ရှင်ရဟန်းအဖြစ်ကို ဝတ်စေလေသည်။

ဗုဒ္ဓထံ၌ ရှင်ရဟန်းအဖြစ်ကို ရပြီးနောက် မကြာမီမှာပင် အရှင်ကဿပသည် တစ်ပါးတည်း ဆိတ်ငြိမ်ရာသို့ကပ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စိတ်ကိုစေလွှတ်၍ နေသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်ရောက်သော '**အာစာရ ကုလပုတ္တ**' အကျင့်ကြောင့် အမျိုးကောင်းသားဖြစ်သော, အမျိုးကောင်းသားတို့ လိုလားအပ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ အရှင်ကဿပသည် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်နေ၏။

ပဋိသန္ဓေနေမှုကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ မဂ်ကိစ္စကို ပြုပြီးပြီ။ မဂ်ကိစ္စအလို့ငှာ တပါးသောပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏။ အရှင်ကဿပသည် ရဟန္တာတို့တွင် တစ်ပါးအပါအဝင် ဖြစ်လေသတည်း။ *(ဒီ- ၁- ၁၆၆၊ ဒီ ဌ- ၁- ၂၉၉)*

သတိပြုဖွယ် တရားတော်

အစေလကဿပသည် ဗုဒ္ဓနှင့် မတွေ့မီအချိန်က '**နဂ္ဂါစရိယ**' ခေါ် အဝတ်မဝတ်ခြင်းစသော ခြိုးခြံသော အကျင့်ကို ကျင့်ခြင်းဖြင့် နတ်ရွာနိဗ္ဗာန်ကို ရောက်နိုင်သည်ဟု ယူဆပြီး ထိုအကျင့်ကို ကြာမြင့်စွာ ကျင့်သုံးနေသူတစ်ဦး ဖြစ်သည်။ တကယ်စင်စစ် အစေလကဿပသည် သာမညပုဂ္ဂိုလ် မဟုတ်ပေ။ အထက်တန်းစား တိဟိတ်ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သာမညပုဂ္ဂိုလ်တို့ ကျင့်နိုင်ခဲသော ထိုအဝတ်မဝတ်ခြင်း စသော ခြိုးခြံသောအကျင့်ကို နှစ်ပေါင်းများစွာ ကျင့်နေနိုင်သူ တစ်ဦးဖြစ်သည်။

ထိုတွင်မက အစေလကဿပသည် ရဟန္တာအဆင့်အထိ ရောက်ရှိနိုင်သော ရှေးကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသူတစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓနှင့်တွေ့၍ ဗုဒ္ဓ၏တရားကို နာကြားရသောအခါ အဝတ်မဝတ်ခြင်းစသော ခြိုးခြံစွာကျင့်သော အကျင့်သည် စိတ်ပန်းကိုယ်ပန်း ဖြစ်ရုံကလွဲလို့ လမ်းမှားနေသည့်အတွက် တစ်စုံတစ်ရာ အကျိုးမရှိကြောင်း ကောင်းစွာသိမြင်သွားလေသည်။

သို့ဖြစ်၍ အစေလကဿပသည် မိမိကြာမြင့်စွာကျင့်လာခဲ့သော ထိုမှားယွင်းသောအကျင့်ကို စွန့်ခွါလိုက်ပြီး ဗုဒ္ဓထံ ရှင်ရဟန်းပြုကာ 'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ကို ယုံယုံကြည်ကြည် ပြင်းပြင်းထန်ထန် အားထုတ်ရာတွင် ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။ ဤဖြစ်ရပ်ကိုထောက်၍ ဗုဒ္ဓသာသနာတော်သည် ချမ်းသာအစစ်အမှန်ကို လိုလားသူတို့ အတွက် အဓိကပဓာနဖြစ်သည်မှာ ထင်ရှားနေပေသည်။ ထို့ကြောင့် လူသားအပေါင်းတို့သည် ချမ်းသာအစစ်အမှန်ကို ရရှိအောင် **အားထုတ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

မဟာသီဟနာဒသုတ် ပြီး၏။

၉။ ပေါဋ္ဌပါဒသုတ်

ဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ တေန ခေါ ပန သမယေန ပေါဋ္ဌပါဒေါ ပရိဗ္ဗာဇကော သမယပ္ပဝါဒကေ တိန္ဒုကာစီရေ ဧကသာလကေ မလ္လိကာယ အာရာမေ ပဋိဝသတိ မဟတိယာ ပရိဗ္ဗာဇက ပရိသာယ သဒ္ဓိံ တိံသမတ္တေဟိ ပရိဗ္ဗာဇကသတေဟိ။ အထခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ သာဝတ္ထိံ ပိဏ္ဍာယ ပါဝိသိ။ *(ဒီ- ၁- ၁၆၇)*

ဘန္တေကဿပ- အရှင်မဟာကဿပဘုရား၊ **ဣဒံသုတ္တံ**- ဤပေါဋ္ဌပါဒသုတ်တော်ကို၊ **မေ**- မယာ အာနန္ဒေန- တပည့်တော်အာနန္ဒာသည်၊ **ဘဂဝတော**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ **သမ္မုခါ**- မျက်မှောက်တော်မှ၊ **ဝံ**- ဤလျှောက်ဆိုအပ်လတ္တံ့အတိုင်း၊ **သုတံ**- နာခံမှတ်သား ကြားနာလိုက်ရပါ၏။

ဧကံသမယံ- အခါတစ်ပါး၌၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **သာဝတ္ထိယံ**- သာဝတ္ထိမြို့၏ အနီးဖြစ်သော၊ **အနာထပိဏ္ဍိကဿ**- အနာထပိဏ်သူဌေး၏၊ **အာရာမေ**- အာရာမ်ဖြစ်သော၊ **ဇေတဝနေ**- ဇေတဝန်ကျောင်းတိုက်၌၊ **ဝိဟရတိ**- မျှတရှင်ပြုံး သီတင်းသုံးနေတော်မူ၏။

တေန ခေါ ပန သမယေန- ရှင်တော်ဗုဒ္ဓ၏ သာဝတ္ထိမြို့အနီး ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးတော်မူရာ ထိုအခါ၌၊ **ပေါဋ္ဌပါဒေါ**- ပေါဋ္ဌပါဒမည်သော၊ **ပရိဗ္ဗာဇကော**- ပရိဗိုဇ်သည်၊ **သမယပ္ပဝါဒကေ**- အယူကို အပြားအားဖြင့် ပြောဆိုရာဖြစ်သော၊ **တိန္ဒုကာစီရေ**- တည်ပင်အစဉ်အတန်းရှိသော၊ **ဧကသာလကေ**- ဧကသာလကမည်သော၊ **မလ္လိကာယ**- မလ္လိကာမိဖုရား၏၊ **အာရာမေ**- အာရာမ်၌၊ **မဟတိယာ**- များစွာသော၊ **တိံသမတ္တေဟိ ပရိဗ္ဗာဇက သတေဟိ**- သုံးထောင်ရှိသော၊ **ပရိဗ္ဗာဇက ပရိသာယ**- ပရိဗိုဇ်ပရိသတ်နှင့်၊ **သဒ္ဓိံ**- အတူတကွ၊ **ပဋိဝသတိ**- နေလျက်ရှိ၏။

အထခေါ- ထိုအခါ၌၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **ပုဗ္ဗဏှသမယံ**- နံနက်အခါ၌၊ **နိဝါသေတွာ**- သင်းပိုင်ကို ပြင်ဝတ်၍၊ **ပတ္တစီဝရံ**- သပိတ်သင်္ကန်းကို၊ **အာဒါယ**- ယူတော်မူ၍၊ **သာဝတ္ထိယံ**- သာဝတ္ထိပြည်သို့၊ **ပိဏ္ဍာယ**- ဆွမ်းအလို့ငှာ၊ **ပါဝိသိ**- ဝင်တော်မူပြီ။

အာရာမ အဓိပ္ပါယ်

ဤ၌ ဥယျာဉ်ခြံကို 'အာရာမ်' ဟု ခေါ်သည်။ ထိုဥယျာဉ်ခြံတွင် သစ်ပင်တို့၌ အပွင့်, အသီး, အညွန့်တို့နှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ သတ္တဝါတို့၏ ချမ်းသာစွာနေရာ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ အထူးအားဖြင့် ရဟန်းတို့သည် ထိုထိုအရပ်မှလာ၍ မွေ့လျော်ရာ *(မပျင်းမရိဘဲ နေထိုင်ရာ)* ဖြစ်သောကြောင့်လည်းကောင်း ထိုဥယျာဉ်ခြံကို **အာရာမ**- အာရာမ်ဟု ခေါ်ဆိုရလေသည်။ *(မဟာဋီ- ၃၆၁၊ ဋီသစ် ဒုအုပ်- ၃၆၈)*

ပေါဋ္ဌပါဒပရိဗိုဇ် အကြောင်း

ပေါဋ္ဌပါဒပရိဗိုဇ်သည် လူဝတ်ကြောင်အခါ၌ များသောဥစ္စာရှိသော ပုဏ္ဏားဖြစ်၍ ကာမဂုဏ်တို့၌ အပြစ်မြင်၍ ကုဋေ (၄၀) ကုန်သော စည်းစိမ်အစုတို့ကို ပယ်စွန့်၍ ရသေ့ပရိဗိုဇ်ပြု၍ ရသေ့ပရိဗိုဇ်တို့၏ **'ဂဏာစရိယ'** ဂိုဏ်းဆရာကြီး ဖြစ်လေသည်။

ပေါဋ္ဌပါဒအမည်တွင်ခြင်းကား ခြေ၌ ပေါဋ္ဌခေါ် အပုရှိသောကြောင့် ပေါဋ္ဌပါဒခေါ်သည်။ ထိုပေါဋ္ဌပါဒပရိဗိုဇ်သည် **ဆန္နပရိဗိုဇ်**- အဝတ်ဝတ်သော ရသေ့ပရိဗိုဇ်တည်း။ အချို့အဝတ်မဝတ်သော ပရိဗိုဇ်၊ အချို့အထက်ပိုင်းသာ အဝတ်ရှိ၍ အောက်ပိုင်းအဝတ်မရှိသော ပရိဗိုဇ်ဟူ၍ ပရိဗိုဇ်သုံးမျိုး ရှိသည်။ *(ဒီ ဋ္ဌ- ၁- ၃၀၀၊ ဋီသစ် ဒုအုပ်- ၃၆၈)*

တိန္ဒုကာစီရ ခေါ်ပုံ

ထိုအာရာမ်၌ပင် တည်ပင်အမည်ရှိသော သစ်ပင်တို့၏ အစဉ်အတန်းဖြင့် ဝန်းရံအပ်သည်၏ အဖြစ်ကြောင့် တိန္ဒုကာစီရဟုခေါ်သည်။ *(ဒီ ဋ္ဌ- ၁- ၃၀၀)*

ကောသာလက ခေါ်ပုံ

ရှေးအခါက ဤအာရာမ်၌ ဇရပ်တစ်ဆောင် ရှိလေသည်။ ဘုန်းကံကြီးသော ပေါဋ္ဌပါဒသည် ပရိဗိုဇ် ဖြစ်လာချိန်မှစ၍ ပေါဋ္ဌပါဒပရိဗိုဇ်ကို အမှီပြု၍ ဇရပ်များစွာ ဖြစ်ပေါ်လာသည်။ သို့ရာတွင် ရှေးအမည်ကိုစွဲ၍ 'ကောသာလက' ဟူ၍ပင် ခေါ်ဆိုလေသည်။ ထို့နောက် ထိုဥယျာဉ်ခြံသည် ပသေနဒီကောသလမင်း၏ မိဖုရားဖြစ်သော မလ္လိကာ၏ အပွင့်, အသီး, အညွန့်နှင့် ပြည့်စုံသော အာရာမ်ဖြစ်သောကြောင့် မလ္လိကာ၏အာရာမ်ဟု ခေါ်ဝေါ်သုံးစွဲလေသည်။ *(ဒီ ဋ္ဌ- ၁- ၃၀၀)*

သမယပ္ပဝါဒက အခေါ်ပွါယ်

ထိုအာရာမ်၌ အယူဝါဒများကို အပြားအားဖြင့် ပြောဆိုရာ၏အဖြစ်ကြောင့် 'သမယပ္ပဝါဒက' ခေါ်သည်။*(သမယ- အယူကို၊ ပဝါဒက- အပြားအားဖြင့် ပြောဆိုကြောင်း။ အယူဝါဒအမျိုးမျိုးကို ပြောဆိုရာ ပြောဆိုကြောင်း အရာမ်ဟူ၍ ဆိုလိုသည်။)*

အဘယ်ပုဂ္ဂိုလ်တို့ ပြောဆိုကြသနည်းဟူမူ- ထိုအာရာမ်ဌာန၌ စင်္ကီပုဏ္ဏား, တာရုက္ခပုဏ္ဏား, ပေါက္ခရသာတိပုဏ္ဏား, နိဂဏ္ဌပရိဗိုဇ်, အစေလကပရိဗိုဇ် အစရှိကုန်သော ရသေ့ပရိဗိုဇ်တို့သည်, ပုဏ္ဏားတို့သည် မိမိ မိမိတို့၏ အယူဝါဒများကို ပြောဆိုကြကုန်၏။ ပြကြကုန်၏။ ထို့ကြောင့် ထိုသို့အယူဝါဒများကို ပြောပြရာအဖြစ်ကြောင့် ထိုအာရာမ်ကို 'သမယပ္ပဝါဒက' ဟူ၍ ခေါ်ဆိုကြလေသည်။ *(ဒီ ဋ္ဌ- ၁- ၃၀၀)*

ဗုဒ္ဓကြိုတင် သိမြင်ပုံ

ထိုနေ့၌ ဗုဒ္ဓသည် မိုးသောက်ယံအခါ၌ သတ္တလောကကို သဗ္ဗညုတဉာဏ်တော်ကို ဖြန့်တော်မူ၍ ကြည့်တော်မူသည်ရှိသော် ဉာဏ်တော်အတွင်းသို့ ပေါဋ္ဌပါဒပရိဗိုဇ် ဝင်လာသည်ဖြစ်၍ စူးစမ်းဆင်ခြင်တော်မူရာတွင် အောက်ပါအတိုင်း မြင်တော်မူလေသည်။

'ငါသည် ယနေ့ ထိုပေါဋ္ဌပါဒရှိရာအရပ်သို့ ကြွတော်မူအံ့။ ထိုအခါ၌ ငါ့ကို ပေါဋ္ဌပါဒသည် သညာ၏ချုပ်ခြင်းကိုလည်းကောင်း, သညာချုပ်ခြင်းမှ ထခြင်းကိုလည်းကောင်း မေးလတ္တံ့။ ထိုပေါဋ္ဌပါဒအား ငါသည် အလုံးစုံသော ရှေးဗုဒ္ဓတို့၏ ဉာဏ်တော်နှင့် နှီးနှော၍ သညာချုပ်ခြင်း, သညာချုပ်ခြင်းမှထခြင်း နှစ်ပါးစုံကို ပြောဆိုတော်မူအံ့။

ထို့နောက် နှစ်ရက်သုံးရက် လွန်သောအခါ၌ ပေါဋ္ဌပါဒသည် ဆင်ဆရာ၏သား စိတ္တကိုခေါ်၍ ငါ၏အထံသို့ လာလတ္တံ့။ ထိုနှစ်ယောက်အား ငါသည် တရားဟောသည်ရှိသော် တရားအဆုံး၌ ပေါဋ္ဌပါဒသည် သရဏဂုံတည်သူ ဖြစ်လတ္တံ့။ ဆင်ဆရာ၏သား စိတ္တသည် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့။' *(ဒီ ဋ္ဌ- ၁- ၃၀၀ / ၃၀၁)*

ထိုသို့ သိမြင်တော်မူသောကြောင့် ဗုဒ္ဓသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကိုယူလျက် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာ ဝင်တော်မူရာတွင် မြို့တံခါးအနီးသို့ ရောက်တော်မူသောအခါ၌ ပေါဋ္ဌပါဒပရိဗိုဇ်အား တရားဟောတော်မူလိုသည်ဖြစ်၍-

'ယခုအခါ သာဝတ္ထိပြည်သို့ ဆွမ်းခံလှည့်ရန် စောလွန်းသေး၏။ ငါသည် တည်ပင်စဉ်တန်းရှိသော ကောသာလကမည်သော မလ္လိကာ၏ အာရာမ်၌ရှိနေကြသော ပေါဋ္ဌပါဒပရိဗိုဇ်ထံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ' ဟု ကြံတော်မူပြီးလျှင် ဗုဒ္ဓသည် ထိုအရပ်သို့ ရှေးရှုကြွတော်မူလေသည်။

မင်ဖိုလ်မှ ဖီလာဖြစ်သော စကားများကို ပြောဆိုနေကြခြင်း

ထိုအခါ၌ ပေါဋ္ဌပါဒ၏တပည့် ပရိသတ်သုံးထောင်တို့သည် ပြင်းပြကျယ်လောင်စွာဖြင့် ပွဲတင်ထပ်မျှ မဂ်ဖိုလ်မှ ဖီလာဖြစ်သော စကားများကို အောက်ပါအတိုင်း ပြောဆိုနေကြလေသည်။ ၎င်းစကားတို့ကား-

(၁) ရာဇကထံ – မင်းနှင့်စပ်သောစကား၊

(၂) စောရကထံ – ခိုးသူနှင့်စပ်သောစကား၊

(၃) မဟာမတ္တကထံ – အမတ်ကြီးနှင့်စပ်သောစကား၊
(၄) သေနာကထံ – စစ်သည်နှင့်စပ်သောစကား၊
(၅) ဘယကထံ – ကြောက်ဖွယ်နှင့်စပ်သောစကား၊
(၆) ယုဒ္ဓကထံ – စစ်ထိုးခြင်းနှင့်စပ်သောစကား၊
(၇) အန္နကထံ – စားဖွယ်နှင့်စပ်သောစကား၊
(၈) ပါနကထံ – သောက်ဖွယ်နှင့်စပ်သောစကား၊
(၉) ဝတ္ထကထံ – အဝတ်နှင့်စပ်သောစကား၊
(၁၀) သယနကထံ – အိပ်ရာနှင့်စပ်သောစကား၊
(၁၁) မာလာကထံ – ပန်းနှင့်စပ်သောစကား၊
(၁၂) ဂန္ဓကထံ – နံ့သာနှင့်စပ်သောစကား၊
(၁၃) ဉာတိကထံ – ဆွေမျိုးနှင့်စပ်သောစကား၊
(၁၄) ယာနကထံ – ယာဉ်နှင့်စပ်သောစကား၊
(၁၅) ဂါမကထံ – ရွာနှင့်စပ်သောစကား၊
(၁၆) နိဂမကထံ – နိဂုံးနှင့်စပ်သောစကား၊
(၁၇) နဂရကထံ – မြို့နှင့်စပ်သောစကား၊
(၁၈) ဇနပဒကထံ – ဇနပုဒ်နှင့်စပ်သောစကား၊
(၁၉) ဣတ္ထိကထံ – မိန်းမနှင့်စပ်သောစကား၊
(၂၀) ပုရိသကထံ – ယောက်ျားနှင့်စပ်သောစကား၊
(၂၁) သူရကထံ – သူရဲကောင်းနှင့်စပ်သောစကား၊
(၂၂) ဝိသာခါကထံ – လမ်းနှင့်စပ်သောစကား၊
(၂၃) ကုမ္ဘဋ္ဌာနကထံ – ရေခပ်ဆိပ်နှင့်စပ်သောစကား၊
(၂၄) ပုဗ္ဗပေတကထံ – သေလွန်သူနှင့်စပ်သောစကား၊
(၂၅) နာနတ္တကထံ – အထွေထွေနှင့်စပ်သောစကား၊
(၂၆) လောကက္ခာယိကံ – လောကအကြောင်းနှင့်စပ်သောစကား၊
(၂၇) သမုဒ္ဒက္ခာယိကံ – သမုဒ္ဒရာနှင့်စပ်သောစကား၊
(၂၈) ဣတိ ဘဝါဘဝကထံ – ကြီးပွားခြင်း, ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကားတို့တည်း။

ပေါဋ္ဌပါဒပရိဗိုဇ် အကြံဖြစ်ပုံ

ပေါဋ္ဌပါဒပရိဗိုဇ်သည် မဂ်ဖိုလ်မှ ဖီလာဖြစ်သော စကားကို ပြင်းပြကျယ်လောင်စွာ ပြောဆိုနေကြသော မိမိ၏ ပရိသတ်ကို ကြည့်၍ ''ဤပရိဗိုဇ်တို့သည် 'အတိဝိယ အညမညံ အဂါရဝါ' အလွန်အကဲသာလျှင် အချင်းချင်း ရိုသေလေးစားခြင်း မရှိကြကုန်။ ငါတို့သည်လည်း ရဟန်းဂေါတမ ထင်ရှားဖြစ်ရာအခါမှစ၍ နေထွက်ရာအခါ၌ ပိုးစုန်းကြူးကဲ့သို့ ဖြစ်ရချေပြီ။ ငါတို့အား လာဘ်သပ်ပကာများ ယုတ်လျော့ခဲ့လေပြီ။ ဤအရပ်သို့ ရဟန်းဂေါတမသော်လည်းကောင်း, ရဟန်းဂေါတမ၏ တပည့်ရဟန်းသော်လည်းကောင်း, လူဝတ်ကြောင်ဒါယကာသော်လည်းကောင်း 'သစေအာဂစ္ဆေယျ'– အကယ်၍လာအံ့၊ 'အတိဝိယ လဇ္ဇနီယံ ဘဝိဿတိ' လွန်စွာရှက်ဖွယ် ဖြစ်ရချေတော့မည်။

'ပရိသဒေါသော ခေါပန ပရိသဇေဋ္ဌကဿေဝ ဥပရိ အာရောဟတိ'– ခေါပန– စင်စစ်သော်ကား၊ ပရိသဒေါသော– ပရိသတ်အပြစ်သည်၊ ပရိသဇေဋ္ဌကဿေဝ– ပရိသတ်အကြီးအကဲ၏သာလျှင်၊ ဥပရိ– အပေါ်၌၊ အာရောဟတိ– တက်ရောက်၏'' ဤသို့ကြံ၍ ဤအရပ် ထိုအရပ်သို့ လှည့်လည်ကြည့်လတ်သော် ဗုဒ္ဓကြွလာသည်ကို အဝေးမှပင် မြင်သောကြောင့်–
(ဒီ ၅– ၁– ၃၀၁ / ၂)

'အပ္ပသဒ္ဒေါ် ဘောန္တော ဟောန္တူ' ဘောန္တော- အရှင်တို့၊ အပ္ပသဒ္ဒေါ်- အသံတိုးသည်၊ ဟောန္တူ- ဖြစ်ကြပါကုန်လော့။ **'မာဘောန္တော သဒ္ဒမကတ္ထ'** ဘောန္တော- အရှင်တို့၊ သဒ္ဒံ- အသံကို၊ မာအကတ္ထ- မပြုကြပါကုန်လင့်။

အယံ သမဏော ဂေါတမော- ဤအရှင်ဂေါတမသည်၊ **အာဂစ္ဆတိ**- ကြွလာနေ၏၊ **သော အာယသ္မာ**- ထိုအရှင်ဂေါတမသည်၊ **အပ္ပသဒ္ဒကာမော**- အသံတိုးသည်ကို အလိုရှိ၏၊ **အပ္ပသဒ္ဒဿ**- အသံတိုးခြင်း၏၊ **ဝဏ္ဏဝါဒီ**- ဂုဏ်ကို ပြောဆိုလေ့ရှိ၏၊ **အပ္ပသဒ္ဒံ**- အသံတိုးသော၊ **ပရိသံ**- ပရိသတ်ကို၊ **ဝိဒိတွာ**- သိ၍၊ **ဥပသင်္ကမိတဗ္ဗံ**- ချဉ်းကပ်ထိုက်၏ဟူ၍၊ **အပ္ပေဝနာမ မညေယျ**- မှတ်ထင်တန်ရာ၏၊ **ဣတိ**- ဤသို့ပြော၍၊ **သကံ ပရိသံ**- မိမိပရိသတ်ကို၊ **သဏ္ဌာပေသိ**- ကောင်းစွာတည်စေပြီ။ *(တိတ်ဆိတ်စေပြီ။)*

ဝေ- ဤသို့၊ **ဝုတ္တေ**- ဆရာပေါ်ဋ္ဌပါဒပရိဗိုဇ်က ဆိုသည်ရှိသော်၊ **တေပရိဗ္ဗဇကာ**- ထိုတပည့်ပရိဗိုဇ်တို့သည်၊ **တုဏှီ**- ဆိတ်ဆိတ်သည်၊ **အဟေသုံ**- ဖြစ်ကြကုန်ပြီ။ *(ဒီ- ၁- ၁၆၇)*

ပေါဋ္ဌပါဒပရိဗိုဇ် ဗုဒ္ဓကြွလာခြင်းကို တောင့်တခြင်း အကြောင်း

ဤ၌ ပေါဋ္ဌပါဒပရိဗိုဇ်သည် ဗုဒ္ဓ၏ ကြွလာတော်မူခြင်းကို အဘယ့်ကြောင့် တောင့်တသနည်းဟူမူ- **'အတ္တနော ဝုဋ္ဌိ'** မိမိ၏ လာဘ်ဂုဏ်အားဖြင့် ကြီးပွားမှုကို အလိုရှိသောကြောင့် တောင့်တခြင်း ဖြစ်သည်။

ပရိဗိုဇ်တို့သည် ဗုဒ္ဓသည်လည်းကောင်း, ဗုဒ္ဓ၏တပည့်တို့သည်လည်းကောင်း မိမိအထံသို့ ကြွလာကုန်လတ်သော်- 'ရဟန်း ဂေါတမသည် ကြွလာပြီ။ အရှင်သာရိပုတြာသည် ကြွလာပြီ။ စင်စစ် ထိုဗုဒ္ဓနှင့် ဗုဒ္ဓတပည့်တို့သည် ဟုတ်ဟုတ်ငြားငြားသော ပုဂ္ဂိုလ်၏ *(သာမည ပုဂ္ဂိုလ်၏)* အထံသို့ မသွားကြကုန်။ ငါတို့၏ **'ဥတ္တမဘာဝံ'**- မြင့်မြတ်သည်၏ အဖြစ်ကို ကြည့်ကြကုန်လော့' ဤသို့ပြော၍ မိမိ၏ အလုပ်အကျွေး ဒါယကာတို့၏အထံ၌ မိမိကိုယ်ကို မြှောက်တင်ကြကုန်၏။ *(ကြွားကြကုန်၏။)*

ထိုမှတပါး ဗုဒ္ဓ၏ အလုပ်အကျွေးဒါယကာတို့ကိုလည်း မျှား၍ယူခြင်းငှာ အားထုတ်ကြကုန်၏။ ထိုပရိဗိုဇ်တို့သည် ဗုဒ္ဓ၏ အလုပ်အကျွေးဒါယကာတို့ကို မြင်၍ ပြောဆိုကြပုံမှာ-

'ဒါယကာတို့ သင်တို့၏ဆရာဖြစ်သော အရှင်ဂေါတမသော်မှ ငါတို့၏ထံသို့ လာကြကုန်သေး၏။ အရှင်ဂေါတမနှင့် ငါတို့သည် **'အညမညံ သမဂ္ဂါ'** အချင်းချင်း ညီညွတ်ကြကုန်၏။ အသင်ဒါယကာတို့သည်ကား ငါတို့ကို ကြည့်ရှုခြင်းငှာ အလိုမရှိကြ။ အရိုအသေ မပြုကြ။ သင်တို့အပေါ်မှာ အဘယ်သို့ ချွတ်ယွင်းအပ်ဖူးသနည်း' ဟူ၍ ပြောဆိုဖြားယောင်းကြလေသည်။

ထိုအခါ အချို့သောလူတို့သည် 'ဗုဒ္ဓကိုယ်တော်တိုင် ကြွတော်မူမှတော့ ငါတို့လည်း သွားသင့်တာပဲ' ဟူ၍ ကြံပြီးလျှင် ထို ပရိဗိုဇ်တို့အား ဂရုစိုက်ခြင်းကို ပြုကြလေကုန်၏။ *(ဒီ ဋ္ဌ- ၁- ၃၀၂)*

ပေါဋ္ဌပါဒ၏ လောကဝတ်စကား

ဗုဒ္ဓသည် ပေါဋ္ဌပါဒပရိဗိုဇ်ထံသို့ ချဉ်းကပ်တော်မူလျှင် ပေါဋ္ဌပါဒပရိဗိုဇ်သည် အောက်ပါလောကဝတ်စကားကို ပြောဆိုလျှောက်ထားလေသည်။

'ရှင်တော်ဗုဒ္ဓဘုရား ကြွလာတော်မူပါ။ ရှင်တော်ဗုဒ္ဓ၏ ကြွလာခြင်းသည် ကောင်းမြတ်သော ကြွလာတော်မူခြင်း ဖြစ်ပါသည်။ ရှင်တော်ဗုဒ္ဓသည် ဤအရပ်သို့ ကြွလာတော်မူရန်အလှည့်ကို ကြာမြင့်မှ ပေးတော်မူဘိ၏။ ရှင်တော်ဗုဒ္ဓသည် ထိုင်တော်မူပါ။ ဤနေရာကို ပြင်ထားပါသည်' ဟု လျှောက်ထားလေသည်။ *(ဒီ- ၁- ၁၆၈)*

ဗုဒ္ဓသည် ရှေးက ပေါဋ္ဌပါဒပရိဗိုဇ်ထံသို့ ကြွတော်မူဖူးခြင်း မရှိသော်လည်း လောကဝတ်စကားအရလည်းကောင်း, ဝမ်းမြောက်ဝမ်းသာဖြစ်၍လည်းကောင်း ထိုသို့ လျှောက်ခြင်းဖြစ်သည်။

ပေါဋ္ဌပါဒသည် ထိုသို့ လျှောက်ပြီး မာနဖြင့် တည်တည်ကြီး ထိုင်နေသည် မဟုတ်ဘဲ နေရာမှထ၍ ခရီးဦးကြိုဆိုခြင်းကို ပြုလေသည်။ မှန်၏။ ဗုဒ္ဓချဉ်းကပ်လာသည်ကို မြင်ရ၍ နေရာဖြင့် မဖိတ်မန်သူကိုလည်းကောင်း, အရိုအသေ မပြုသူကိုလည်းကောင်း ရနိုင်ခဲ၏။ အဘယ့်ကြောင့်နည်းဟူမူ ဗုဒ္ဓသည် မြင့်မြတ်သော ခတ္တိယဇာတ်အမျိုး ဖြစ်သောကြောင့်တည်း။ *(ဒီ ဋ္ဌ- ၁- ၃၀၃)*

ဤပေါဋ္ဌပါဒပရိဗိုဇ်သည်လည်း မိမိ၏ ထိုင်နေရာဖြစ်သော နေရာကို ခါ၍ ဗုဒ္ဓကို ထိုသို့ ဝမ်းမြောက်ဝမ်းသာ ဂါရဝဖြင့် ဖိတ်မန်ခြင်း ဖြစ်သည်။ ဖိတ်မန်ပြီး မိမိကိုယ်တိုင်ကမူ နိမ့်သောနေရာ၌ ထိုင်နေလေသည်။

ဗုဒ္ဓ မေးမြန်းတော်မူခြင်း

ဗုဒ္ဓသည် ခင်းထားသောနေရာ၌ ထိုင်တော်မူပြီး ပေါဋ္ဌပါဒအား အောက်ပါအတိုင်း မေးမြန်းတော်မူလေသည်။

'ပေါဋ္ဌပါဒ ယခုအခါ အဘယ်စကားဖြင့် စုဝေးထိုင်နေကုန်သနည်း။ အသင်တို့၏ မပြီးသေးသော အကြားစကားသည် အဘယ်နည်း။ ငါသည် အပြီးအဆုံးသို့ ရောက်အောင် ဖြေရှင်းပေအံ့။'

ပေါဋ္ဌပါဒ သညာချုပ်ခြင်းကို လျှောက်ခြင်း

'ရှင်တော်ဗုဒ္ဓဘုရား အကျွန်ုပ်တို့၏ စုဝေးနေထိုင်လျက် ပြောဆိုနေကြသော စကားကို ထားပါဦး။ *(ဤစကားသည် အနှစ်သာရ ရှိသည်မဟုတ်ပါ။)* ရှင်တော်ဗုဒ္ဓဘုရား ယခင့်ယခင်နေ့တို့၌ '**ကောတူဟလ သာလာယ**'- စကားအသစ်အဆန်း ထောက်လှမ်းနာကြားရာဇရပ်၌ အထူးထူးသော အယူရှိကုန်သော သမဏ ဗြာဟ္မဏတို့ စုဝေးနေထိုင်ကြရာတွင် အချင်းတို့ သညာချုပ်ခြင်းသည် အဘယ်သို့ ဖြစ်သနည်း' ဟု သညာချုပ်ခြင်းနှင့်စပ်သော စကားသည် ဖြစ်ပေါ်ပါ၏။ *(ဒီ- ၁- ၁၆၈)*

ကောတူဟလ သာလာယ အဓိပ္ပါယ်

ကောတူဟလဇရပ်မည်သည် အသီးအခြားဇရပ် မဟုတ်ပေ။ စင်စစ်သော်ကား အကြင်ဇရပ်၌ မတူကွဲပြား ထူးခြားသော အယူရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် အထူးထူးအပြားပြားရှိသော စကားကို ပြောဆိုကြကုန်၏။ ထိုဇရပ်ကို များစွာကုန်သော သမဏ ဗြာဟ္မဏတို့၏ '**အယံ ကိံ ဝဒတိ**' ဤသူသည် အဘယ်ကို ပြောသနည်း။ '**အယံ ကိံ ဝဒတိ**' ဤသူသည် အဘယ်ကို ပြောသနည်း။ ဤသို့ အသစ်အဆန်းကို နားထောင်လိုသော ဆန္ဒ၏ ဖြစ်ရာဌာန၏ အဖြစ်ကြောင့် '**ကောတူဟလ**' ဟူ၍ ခေါ်ဆိုလေသည်။ *(ဒီ ဋ- ၁- ၃၀၃)*

အဘိသညာ နိရောဓကထာ

အဘိသညာ နိရောဓကထာ ဟူသည် ခဏတ္တယရှိသော သညီရတို့၏ ချုပ်ခြင်း၌ စကားပြောခြင်း ဖြစ်လေသည်။ '**အဘိသညာ နိရောဓ**' ဟုသညာကိုခေါင်းတပ်၍ ပြောဆိုသော်လည်း အမှန်မှာ '**စိတ်, စေတသိက်**' ဟူသော နာမ်တရား အားလုံးတို့၏ '**နိရောဓ**' ချုပ်ခြင်းပင်တည်း။ ထိုတရားတို့တွင် စိတ်သည် ပဓာနဖြစ်သောကြောင့် '**စိတ္တနိရောဓ**' ဟု အဋ္ဌကထာဖွင့်သည်။
နိဗ္ဗာန်ဟု ဆိုအပ်သော **အစ္စန္တနိရောဓ**သည် ထိုအထူးထူးသော တိတ္ထိတို့၏ ဆိုလိုအပ်သော နိရောဓမဟုတ်။ သူတို့၏ အရာလည်း မဟုတ်ချေ။ ခဏတ္တယရှိသော ရုပ်နာမ်တို့၏ ချုပ်ခြင်းဟု ဆိုအပ်သော **ခဏိကနိရောဓ**သော်မှလည်း သူတို့၏ သိနိုင်သော အရာမဟုတ်ပါချေ။
သို့သော် နိရောဓဟုဆိုလျှင် ထိုခဏိကနိရောဓ၌ အနက်ရောက်နေသောကြောင့် ခဏိကနိရောဓဟု အဋ္ဌကထာ ဖွင့်ရလေသည်။ *(ဒီ ဋ- ၁- ၃၀၃၊ မဟာဋီ- ၃၆၃၊ ဋီသစ် ဒုအုပ်- ၃၇၃)*

သညာနိရောဓစကား ဖြစ်ပေါ်လာခြင်းအကြောင်း

ချဲ့ဦးအံ့။ အကြင်အခါ၌ ဗုဒ္ဓသည် ဇာတ်တော်ကိုသော်လည်း ဟောတော်မူ၏။ သိက္ခာပုဒ်ကိုသော်လည်း ပညတ်တော်မူ၏။ ထိုအခါ၌ အလုံးစုံသော ဇမ္ဗူဒိပ်၌ ဗုဒ္ဓအား ချီးမွမ်းပြောဆိုကြသော ကျော်စောသံသည် အလုံးစုံသော ဇမ္ဗူဒိပ်၌ ပြန့်နှံ့၏။
တိတ္ထိတို့သည် ထိုကျော်စောသံကို ကြားကြ၍ 'အရှင်ဂေါတမသည် ရှေး၌ကျင့်အပ်သော ဖြစ်ပုံကို ဟောသတတ်။ ငါတို့

သည် ထိုကဲ့သို့ရှုအပ်သော တစ်စုံတစ်ခုသော အကြောင်းကို ပြောဆိုခြင်းငှာ မစွမ်းနိုင်ကုန်သလော' ဟု ဗုဒ္ဓနှင့်ပြိုင်၍ အတုပြု၍ ပြောဆိုကြလေသည်။ *(မဟုတ်မမှန် လုပ်ကြံ၍ ဒဏ္ဍာရီဝတ္ထုများကို ပြောဆိုကြသည်။)*

ထိုမှတပါး 'အရှင်ဂေါတမသည် သိက္ခာပုဒ်ကို ပညတ်ပြီတဲ့။ ငါတို့သည် ပညတ်ခြင်းငှာ မစွမ်းနိုင်သလော' ဤသို့ကြံ၍ မိမိ၏တပည့်တို့အား တစ်ခုခုသော သိက္ခာပုဒ်ကို ပညတ်ကြကုန်၏။ ပညတ်ကြပုံကား–

'လူအ မဟုတ်သော်လည်း လူအလုပ်၍ နေရမည်။ ဤမျှလောက်အချိန်ကြာအောင် နေရာတစ်ခု၌ ထိုင်ရမည်' စသော သိက္ခာပုဒ်များကို ပညတ်ကြသည်။

ဆက်ဦးအံ့။ ထိုအခါ ဗုဒ္ဓသည် ရှစ်ပါးသော ပရိသတ်အလယ်၌ ထိုင်တော်မူ၍ သညာချုပ်ခြင်း နိရောဓကထာကို ဟောတော်မူပြီ။ ထိုအကြောင်းကိုကြား၍ တိတ္ထိတို့သည် 'အရှင်ဂေါတမသည် နိရောဓကထာမည်သည်ကို ဟောသတတ်။ ငါတို့သည်လည်း ထိုနိရောဓကထာကို ဟောကုန်အံ့' ဤသို့ တိုင်ပင်၍ စည်းဝေး၍ ပြောကြားကြခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ– ၁– ၃၀၃ / ၄)*

ပဌမပုဂ္ဂိုလ်က သညာနိရောဓ ချုပ်ပုံကို ပြောကြားပုံ

ထိုသူတို့တွင် အချို့သူတို့သည် ဤသို့ဆိုကုန်၏။ 'အဟေတု, အပစ္စယာ' အကြောင်းအထောက်အပံ့ မရှိကုန်ဘဲ သညာတို့သည် ဖြစ်လည်းဖြစ်ကုန်၏။ ချုပ်လည်းချုပ်ကုန်၏။ အကြင်အခါ ဖြစ်ကုန်၏။ ထိုအခါ သညာရှိ၏။ အကြင်အခါ ချုပ်ကုန်၏။ ထိုအခါ သညာမရှိ' ဟု ဆိုကြကုန်၏။ *(ဒီ– ၁– ၁၆၈)*

ပဌမပုဂ္ဂိုလ် အကြောင်းမရှိဘဲ သညာချုပ်ပုံ ယူဆခြင်းအကြောင်း

ဗုဒ္ဓသာသနာတော်မှ အပဖြစ်သော တိတ္ထိတို့၏ဘောင်၌ ရသေ့ပရိဗိုဇ်ရဟန်းအဖြစ်သို့ ကပ်ရောက်သောသူသည် စိတ်သညာဖြစ်ခြင်း၌ အပြစ်ကိုမြင်၍ စိတ်သညာမရှိသည်၏အဖြစ်ကို ဆောင်နိုင်သော စတုတ္ထဈာန်သမာပတ်ကို ဖြစ်စေပြီး၍ ဤလူ့ပြည်မှ စုတေသည်ရှိသော် မဟာကပ်ငါးရာတို့ပတ်လုံး စိတ်သညာမရှိသူ၏ အဖြစ်ဟုဆိုအပ်သော 'အသညသတ်ဘုံ'၌ ဖြစ်တည်ပြီး၍ တစ်ဖန် ဤလူ့ပြည်သို့ ပြန်လာပြန်ရာတွင် သညာ၏ ဖြစ်ခြင်း၌လည်းကောင်း၊ သညာ၏ ချုပ်ခြင်း၌လည်းကောင်း အကြောင်းကို မမြင်သည်ဖြစ်၍ ထိုပုဂ္ဂိုလ်သည် 'သညာတို့သည် အကြောင်းအထောက်အပံ့မရှိဘဲ ဖြစ်လည်းဖြစ်ကုန်၏။ ချုပ်လည်းချုပ်ကုန်၏' ဟု ဆိုခြင်းဖြစ်လေသည်။ *(ဒီ ဋ္ဌ– ၁– ၃၀၄)*

ဒုတိယပုဂ္ဂိုလ်က သညာချုပ်ပုံကို ပြောကြားပုံ

ပဌမပုဂ္ဂိုလ်ကို ဒုတိယပုဂ္ဂိုလ်က ဤသို့ဆို၏။ 'ဤသညာချုပ်ခြင်းသည် ဤသို့ဖြစ်မည်မဟုတ်ပါ။ အချင်း သညာသည် သတ္တဝါတို့၏ အတ္တတည်း။ ထိုသညာသည် ကပ်လည်းကပ်၏။ ခွါလည်းခွါ၏။ အကြင်အခါ ကပ်၏။ ထိုအခါ သညာရှိ၏။ အကြင်အခါ ခွါ၏။ ထိုအခါ သညာမရှိ' ဟု ဆို၏။ *(ဒီ– ၁– ၁၆၈)*

ဒုတိယပုဂ္ဂိုလ်က သညာချုပ်ပုံကို ယူဆခြင်းအကြောင်း

ဦးခေါင်း၌ ဦးချိုသဏ္ဍာန်ရှိသော ဦးစွန်းနှစ်ခုပေါက်သောကြောင့် 'မိဂသိင်္ဂ'မည်သော ရသေ့၏ *('ဣသိသိင်္ဂရသေ့' ဟုလည်း ခေါ်သည်။)* သညာမရှိသည်၏ အဖြစ်ကိုယူ၍ ထိုသို့ပြောဆိုခြင်း ဖြစ်သည်။

ချဲ့ဦးအံ့။ ထိုမိဂသိင်္ဂရသေ့သည် ပြင်းထန်သော အကျင့်ရှိသလို အလွန်တည်ကြည်သော ဂုဏ်ကျေးလည်းရှိလေသည်။ ထိုရသေ့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာနေရာသည် ပူသောအခြင်းအရာကို ပြလေရာ သိကြားမင်းသည် 'ဤရသေ့သည် ငါ၏ သိကြားနေရာကို တောင့်တသည် ဖြစ်လတ္တံ့' ဟု ဤသို့ မသင့်မတော် ကြံစည်၍ အလမ္ဗုသာမည်သော နတ်သမီးကို ထိုရသေ့၏ သီလကို ဖျက်ဆီးခိုင်းလေသည်။

ထိုမိဂသိင်္ဂရသေ့သည် ပဌမနေ့၌ ထိုအလမ္ဗုသာနတ်သမီးကိုမြင်လျှင် သစ်ရွက်ကျောင်းထဲသို့ ဝင်ပြေးလေသည်။ ဒုတိယနေ့၌

ကာမစ္ဆန္ဒနီဝရဏဓာတ် အလမ္ဗုသာနတ်သမီး၌ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ထိုအလမ္ဗုသာနတ်သမီးကို ကိုင်ဆွဲလေပြီ။

ထိုမိဂသိင်္ဂရသေ့သည် ထိုနတ်သမီး၏ အတွေ့ကြောင့် မိန်းမောတွေဝေ၍ စိတ်သညာကင်းသွားလေသည်။ သုံးနှစ်လွန်မှ ပြန်၍ စိတ်သညာ ဖြစ်ပေါ်လာလေသည်။

ထိုမိစ္ဆာဒိဋ္ဌိအယူရှိသော ဒုတိယပုဂ္ဂိုလ်သည် ယင်းသို့ ဖြစ်ခြင်းကို သညာချုပ်သည်ဟူ၍လည်းကောင်း, သညာချုပ်ခြင်းမှ ထသည်ဟူ၍လည်းကောင်း အယူရှိပြီး အထက်ပါစကားကို ပြောဆိုခြင်းဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၃၀၄)*

တတိယပုဂ္ဂိုလ်က သညာချုပ်ပုံကို ပြောကြားပုံ

ထိုဒုတိယပုဂ္ဂိုလ်ကို တတိယပုဂ္ဂိုလ်က ဤသို့ဆိုပြန်လေသည်။ 'ဤသညာချုပ်ခြင်းသည် ဤသို့ဖြစ်မည် မဟုတ်ပါ။တန်ခိုး အာနုဘော်ရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့သည် ဤသတ္တဝါ၏သညာကို ငင်၍လည်းသွင်း ကုန်၏။ ငင်၍လည်းထုတ်ကုန်၏။ အကြင်အခါ ငင်၍သွင်းကုန်၏။ ထိုအခါ သညာရှိ၏။ အကြင်အခါ ငင်၍ထုတ်ကုန်၏။ ထိုအခါ သညာမရှိ' ဟု ဆို၏။ *(ဒီ- ၁- ၁၆၀ / ၉)*

တတိယပုဂ္ဂိုလ် သညာချုပ်ပုံ ယူဆခြင်းအကြောင်း

ထိုတတိယပုဂ္ဂိုလ်သည် အာထဗ္ဗဏဝေဒကျမ်းကို တတ်ကျွမ်းကုန်သော ပုဂ္ဂိုလ်တို့၏ ပြုမူဆောင်ရွက်ချက်ကို သိမြင်သူ ဖြစ်သည်။ အာထဗ္ဗဏဝေဒကျမ်းကို တတ်ကျွမ်းကြသော ပုဂ္ဂိုလ်တို့သည် အာထဗ္ဗဏဝေဒကျမ်းကို မန်းမှုတ်၍ သတ္တဝါကို ဦးခေါင်းဖြတ် သကဲ့သို့လည်းကောင်း, လက်ပြတ်သူကဲ့သို့လည်းကောင်း, သေသူကဲ့သို့လည်းကောင်းပြု၍ တစ်ဖန် ပကတိအတိုင်းဖြစ်အောင် ပြုလုပ်ကြလေသည်။

ရှေးဦးစွာ မိးပူဇော်၍ မန္တန်ကို ရွတ်ဖတ်သောအခါ ဦးခေါင်းပြတ်နေပုံစသည် ပေါ်လာ၏။ ဦးခေါင်းပြတ်နေခိုက်၌ စိတ်သညာကို လူမှုခွဲထုတ်၏။ နောက်ထပ်မန္တန်ရွတ်သောအခါ နဂိုရှိအတိုင်း ဦးခေါင်းမပြတ်ဘဲ တွေ့ရ၏။ ထိုအခါ သညာသည် ပြန်၍ကပ်ရောက်၏။ ဟု ယူဆသည်။ ထို့ကြောင့် မိစ္ဆာအယူရှိသော တတိယပုဂ္ဂိုလ်သည် အထက်ပါအတိုင်း ပြောဆိုခြင်းဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၃၀၄)*

စတုတ္ထပုဂ္ဂိုလ်က သညာချုပ်ပုံကို ပြောကြားပုံ

ထိုတတိယပုဂ္ဂိုလ်ကို စတုတ္ထပုဂ္ဂိုလ်က ဤသို့ဆိုပြန်၏။ 'အချင်း သညာချုပ်ခြင်းသည် ဤသို့ဖြစ်မည် မဟုတ်ပါ။ အချင်း တန်ခိုးအာနုဘော်ကြီးကုန်သော နတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့သည် ဤသတ္တဝါ၏ သညာကို ငင်၍လည်း သွင်းကုန်၏။ ငင်၍ လည်း ထုတ်ကုန်၏။ အကြင်အခါ ငင်၍သွင်းကုန်၏။ ထိုအခါ သညာရှိ၏။ အကြင်အခါ ငင်၍ထုတ်ကုန်၏။ ထိုအခါ သညာမရှိ' ဟု ဆိုပြန်ပါ၏။ *(ဒီ- ၁- ၁၆၉)*

စတုတ္ထပုဂ္ဂိုလ် သညာချုပ်ပုံ ယူဆခြင်းအကြောင်း

ဤစတုတ္ထပုဂ္ဂိုလ်သည် နတ်ကျွန်မတို့၏ သေရည်မူးခြင်းကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။ ချဲ့ဦးအံ့။ နတ်ကျွန်မတို့သည် တစ်ညဉ့်လုံး နတ်တို့ကို ပူဇော်ပသသောအားဖြင့် ကခုန်၍ သီချင်းဆို၍ အရက်တက်ရာအခါ၌ သေရည်သောက်၍ လူးလိမ့်အိပ်ပျော်ခြင်း သို့ ရောက်လေသည်။ အိပ်ပြီး၍ နေမြင့်မှ အိပ်ရာမှ ထကြလေသည်။ ထိုသို့ အိပ်ပြီး၍ အိပ်ရာမှထခြင်းကို မိစ္ဆာအယူရှိသော စတုတ္ထပုဂ္ဂိုလ်သည် မြင်ရ၍-

'အိပ်ပျော်သောအခါ၌ သညာချုပ်သည်။ နိုးသောအခါ၌ သညာချုပ်ခြင်းမှထသည်' ဟု မှတ်ထင်ပြီး အထက်ကအတိုင်း ပြောဆိုခြင်းဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၃၀၅)*

ပေါဋ္ဌပါဒပရိဗိုဇ်၏ တွေးခေါ်မြော်မြင်ချက်

ဆက်ပါဦးမည်။ ပေါဋ္ဌပါဒပရိဗိုဇ်သည် 'ပဏ္ဍိတဇာတိကော'- ဉာဏ်ပညာရှိသူ ဖြစ်လေသည်။ ထိုသို့ ဉာဏ်ပညာရှိသော ကြောင့် အထက်ပါ ပုဂ္ဂိုလ်လေးဦးတို့ ယူဆပြောဆိုကြသော 'သညာနိရောဓ'- သညာချုပ်ပုံကို ကြားရသောအခါ၌ နှလုံးမသာမယာ စိတ်မကောင်း ဖြစ်မိလေသည်။

'ဤသမဏ ဗြာဟ္မဏတို့၏ စကားသည် ပါးစပ်က အရိယိုကျသူ လူအတို့၏ စကားနှင့်တူသည်။ မှန်၏။ ဤသမဏ ဗြာဟ္မဏ လေးဦးတို့သည် လေးမျိုးကုန်သော သညာချုပ်ပုံကို ပြောဆိုကြကုန်၏။ ဤသညာချုပ်ပုံသည် လေးမျိုးမဖြစ်နိုင်။ တစ်မျိုးသာ ဖြစ်နိုင်၏။ ထိုတစ်မျိုးသည်လည်း သူတို့ပြောသကဲ့သို့ ဖြစ်မည်မဟုတ်ပေ။ အခြားတစ်မျိုးသာ ဖြစ်နိုင်၏။ ဤမှန်ကန်သော 'သညာ နိရောဓ' သညာချုပ်ပုံကို သဗ္ဗညုဗုဒ္ဓမှလွဲ၍ အခြားသူတို့သိရန် မဖြစ်နိုင်ပေ။

အကယ်၍ ဂေါတမဗုဒ္ဓသည် ဤအစည်းအဝေး၌ ရှိအံ့၊ ဤသည်ကား သညာချုပ်ပုံတည်း၊ ဤသည်ကား သညာချုပ်ပုံတည်း ဟု ဆီမီးတစ်ထောင်ကို တောက်ပစေသည့်အလား ယနေ့ပင် ထင်ရှားအောင် ပြနိုင်လေရာ၏' ဟု ကြံအောက်မေ့လျက် ရှိနေလေသည်။ *(ဒီ ဋ- ၁- ၁၇၅)*

ဗုဒ္ဓအား မေးလျှောက်ပုံ

ပေါဋ္ဌပါဒပရိဗိုဇ်သည် ထိုသို့ ကြံအောက်မေ့ပြီး အောက်ပါအတိုင်း လျှောက်ထားလေသည်။

'ရှင်တော်ဗုဒ္ဓဘုရား ထိုစကားကို ကြားရသော အကျွန်ုပ်အား ဗုဒ္ဓကိုသာ အာရုံပြု၍ သြော် ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓရှိပါမူ ကောင်းလေစွ၊ သြော် ကောင်းသောစကားကို ဆိုတော်မူတတ်သော ဗုဒ္ဓရှိပါမူ ကောင်းလေစွ။ ထိုဗုဒ္ဓသည် ဤတရားတို့၌ ကောင်းစွာကျွမ်းကျင်တော်မူပါပေ၏ဟု အောက်မေ့တမ်းတခြင်း ဖြစ်ခဲ့ပါ၏။ ရှင်တော်ဗုဒ္ဓဘုရား ရှင်တော်ဗုဒ္ဓသည် 'သညာနိရောဓ'- သညာချုပ်ခြင်း၌ ကျွမ်းကျင်တော်မူပါပေ၏။ သဘောကို သိတော်မူပါပေ၏။ ရှင်တော်ဗုဒ္ဓဘုရား သညာချုပ်ခြင်းသည် အဘယ်သို့ ဖြစ်ပါသနည်း။' *(ဒီ- ၁- ၁၆၉)*

သညာချုပ်ပုံကို ဗုဒ္ဓ ဟောတော်မူခြင်း

ထိုသို့ ပေါဋ္ဌပါဒ လျှောက်သည်ရှိသော် ဗုဒ္ဓသည် သညာချုပ်ပုံသဘောကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ပေါဋ္ဌပါဒ ထိုသူတို့တွင် အကြောင်းအထောက်အပံ့ မရှိဘဲ သတ္တဝါတို့၏ သညာတို့သည် ဖြစ်လည်းဖြစ်ကုန်၏၊ ချုပ်လည်းချုပ် ကုန်၏ ဟူ၍ဆိုသော ထိုသူတို့၏ စကားသည် အိမ်မှ အပြင်သို့ ထွက်သွားလိုသော ယောက်ျားသည် လမ်းသို့မထွက်သေးခင် အိမ်ဝင်းအလယ်မှာပင် ချော်၍လဲသကဲ့သို့ 'အာဒိတောဝ အပရဒ္ဓံ' အစကပင် လွဲချော်ခဲ့လေပြီ။ အကြောင်းမူကား သတ္တဝါတို့၏ သညာတို့သည် အကြောင်းအထောက်အပံ့ ရှိကုန်၍သာလျှင် ဖြစ်လည်းဖြစ်ကုန်၏၊ ချုပ်လည်းချုပ်ကုန်၏။

အချို့သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်၏။ အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်၏။ ဆက်လက်၍ ဟောကြား ပုံမှာ 'လောက၌ ဗုဒ္ဓပွင့်ပေါ်လာပုံနှင့် သီလသုံးမျိုးနှင့် ပြည့်စုံပုံ, ပဌမဈာန်သို့ရောက်ပုံအထိ သာမညဖလသုတ်အတိုင်းတည်း။'

ပဌမဈာန်ကြောင့် သညာချုပ်ပုံ, ဖြစ်ပုံ

ထိုသို့ ကျင့်ကြံကြိုးကုတ် အားထုတ်၍-

(၁) ပဌမဈာန်သို့ ရောက်သောအခါ ကာမရာဂကို ပဌမဈာန်သမာဓိဖြင့် ပယ်ထားခြင်းကြောင့် ကာမသညာသည် ပဌမ ဈာန်ဟူသော အကျင့်သိက္ခာကြောင့် ချုပ်ငြိမ်းလေသည်။ နီဝရဏတို့၏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခရှိသော သိမ်မွေ့မှန်ကန် သော သညာသည် ဖြစ်၏။ ဤသို့လည်း အချို့သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်ပြီး အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်၏။ *(ဒီ- ၁- ၁၆၉၊ ဒီ ဋ- ၁- ၁၇၆)*

(၂) ဒုတိယဈာန်သို့ ရောက်သောအခါ၌ နိဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခရှိသော သိမ်မွေ့မှန်ကန်သော သညာသည် ချုပ်၏။ သမာဓိကြောင့်ဖြစ်သော ပီတိသုခရှိသော သိမ်မွေ့မှန်ကန်သော သညာသည် ဖြစ်၏။ ဤသို့လျှင် အချို့သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်ပြီး အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်လေသည်။ *(ဒီ- ၁- ၁၇၀၊ ဒီ ဌ- ၁- ၃၀၆)*

(၃) တတိယဈာန်သို့ ရောက်သောအခါ၌ သမာဓိကြောင့်ဖြစ်သော ပီတိသုခရှိသော သိမ်မွေ့မှန်ကန်သော သညာသည် ချုပ်၏။ ဥပေက္ခာသုခရှိသော သိမ်မွေ့မှန်ကန်သော သညာသည် ဖြစ်၏။ ဤသို့လျှင် အချို့သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်ပြီး အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်လေသည်။ *(ဒီ- ၁- ၁၇၀)*

(၄) စတုတ္ထဈာန်သို့ ရောက်သောအခါ၌ ဥပေက္ခာသုခရှိသော သိမ်မွေ့မှန်ကန်သော သညာသည် ချုပ်၏။ ဆင်းရဲချမ်းသာ မရှိသော သိမ်မွေ့မှန်ကန်သော သညာသည် ဖြစ်၏။ ဤသို့လျှင် အချို့သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်ပြီး အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်လေသည်။ *(ဒီ- ၁- ၁၇၀)*

(၅) ရူပသညာကို လွန်မြောက်သည်ဖြစ်၍ ဒွေပဥ္စဝိညာဏ်စိတ်၌ရှိသော ပဋိဃသညာ လုံးဝချုပ်သည့်အပြင် ကာမာဝစရစိတ်ဖြင့် အာရုံအမျိုးမျိုးကို အာရုံပြုသော နာနတ္တသညာကို လုံးဝနှလုံးမသွင်းမူ၍ ကောင်းကင်ပညတ်သည် အဆုံးမရှိဟု နှလုံးသွင်းခြင်းကြောင့် **အာကာသာနဉ္စာယတန**- ပဌမအရူပဈာန်သို့ ရောက်သောအခါ၌ ရူပဈာန်၌ဖြစ်သော သညာသည် ချုပ်၏။ အာကာသာနဉ္စာယတနဈာန်နှင့်ယှဉ်သော သိမ်မွေ့မှန်ကန်သော သညာသည် ဖြစ်၏။ ဤသို့လျှင် အချို့သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်ပြီး အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်လေသည်။ *(ဒီ- ၁- ၁၇၀)*

(၆) ဝိညာဏ်သည် အဆုံးမရှိဟု နှလုံးသွင်းခြင်းကြောင့် **ဝိညာဏဉ္စာယတန**- ဒုတိယအရူပဈာန်သို့ ရောက်သောအခါ၌ အာကာသာနဉ္စာယတနဈာန်နှင့်ယှဉ်သော သိမ်မွေ့မှန်ကန်သော သညာသည် ချုပ်၏။ ဝိညာဏဉ္စာယတနဈာန်နှင့်ယှဉ်သော သိမ်မွေ့မှန်ကန်သော သညာသည် ဖြစ်၏။ ဤသို့လျှင် အချို့သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်ပြီး အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်လေသည်။ *(ဒီ- ၁- ၁၇၁)*

(၇) 'နတ္ထိ ကိဉ္စိ' တစ်စုံတစ်ခုမျှမရှိဟု နှလုံးသွင်းခြင်းကြောင့် **အာကိဉ္စညာယတန**- တတိယအရူပဈာန်သို့ ရောက်သောအခါ၌ ဝိညာဏဉ္စာယတနဈာန်နှင့်ယှဉ်သော သိမ်မွေ့မှန်ကန်သော သညာသည် ချုပ်ပြီး အာကိဉ္စညာယတနဈာန်နှင့်ယှဉ်သော သိမ်မွေ့မှန်ကန်သော သညာသည် ဖြစ်၏။ ဤသို့လျှင် အချို့သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်ပြီး အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်လေသည်။ *(ဒီ- ၁- ၁၇၁)*

(၈) စတုတ္ထအရူပဈာန်ဟုဆိုအပ်သော **နေဝသညာနာသညာယတန**ဈာန်သို့ ရောက်သောအခါ၌ လောကီသညာတို့တွင် 'သညဂ္ဂ' ဟု ဆိုအပ်သော အမြတ်ဆုံးဖြစ်သော သိမ်မွေ့မှန်ကန်သော အာကိဉ္စညာယတနဈာန်သညာသည် ချုပ်လေ၏။ အခြားကြမ်းတမ်းထင်ရှားသော သညာတို့သည်လည်း မဖြစ်ပေါ်ကုန်။ 'သညာ, ဝေဒနာ' ချုပ်ခြင်းသို့ ရောက်လေတော့၏။ *(ဒီ- ၁- ၁၇၁ / ၂)*

ပေါဋ္ဌပါဒ မေးမြန်း၍ ဗုဒ္ဓ ဖြေကြားတော်မူပုံ

ပေါဋ္ဌပါဒသည် ဗုဒ္ဓ ဟောကြားတော်မူအပ်သော သညာချုပ်ပုံ, သညာဖြစ်ပုံတို့ကို နားလည်ကြောင်း လျှောက်ထားပြီးနောက် 'ရှင်တော်ဘုရား သညဂ္ဂ ခေါ် အမြတ်ဆုံးသညာ တစ်ပါးတည်းကိုသာ ပညတ်ပါသလော။ သို့မဟုတ် အမြတ်ဆုံးသညာ များစွာတို့ကို ပညတ်ပါသလော' ဟု လျှောက်ထားပြန်လေရာ အမြတ်ဆုံးသညာ တစ်ပါးကိုလည်း ပညတ်ကြောင်း၊ အမြတ်ဆုံးသညာ အများကိုလည်း ပညတ်ကြောင်း ဖြေကြားတော်မူသည်။

ထိုတွင် အကြင်အကြင် အခြင်းအရာဖြင့် ချုပ်ခြင်းသို့ ရောက်၏။ ထိုထို အခြင်းအရာဖြင့် အမြတ်ဆုံးသညာကို ပညတ်၏။

ထို့နောက် သညာနှင့် ဉာဏ်သည် မည်သူက အရင်ဖြစ်သနည်းဟု လျှောက်သောအခါ ဗုဒ္ဓသည် သညာက ရှေးဦးစွာဖြစ်ပြီး ဉာဏ်က နောက်မှဖြစ်ကြောင်း ဖြေကြားတော်မူသည်။ *(ဈာနသညာက ရှေးဦးစွာဖြစ်ပြီး ဝိပဿနာပညာက နောက်မှဖြစ်သည်ဟူလို။)* *(ဒီ- ၁- ၁၇၂)*

သညာသည် အတ္တဟုတ်, မဟုတ် မေးမြန်း၍ ဖြေကြားတော်မူခြင်း

ထို့နောက် ပေါဋ္ဌပါဒသည် 'သညာသည် သတ္တဝါ၏ အတ္တလော။ သညာသည် တခြား၊ အတ္တသည် တခြားလော' ဟု မေးမြန်းလျှောက်ထားပြန်လေသည်။ *(ဒီ- ၁- ၁၇၂)*

ဤသို့ မေးခြင်း၌ အဋ္ဌကထာတွင် အောက်ပါအတိုင်း ဥပမာပြထားလေသည်။

မစင်ကို စားလေ့ရှိသော ရွာဝက်ကို မစင်ကို မစားစေခြင်းငှာ နံ့သာရေဖြင့် ရေမိုးချိုးပေးပြီး၍ နံ့သာတို့ဖြင့် ပါးပါးလိမ်းကျံ၍ ပန်းကုံးကို ပန်ဆင်၍ အသရေရှိသော အိပ်ရာ၌ တင်ထားအပ်ပါသော်လည်း ချမ်းသာကို မရသည်ဖြစ်၍ မစင်ရှိရာအရပ်သို့သွားပြီး ချမ်းသာကို ရဘိသကဲ့သို့-

ဤအတူ ဗုဒ္ဓသည် ပေါဋ္ဌပါဒအား အတ္တမှကင်းသော လက္ခဏာရေးသုံးရပ်ဖြင့် တံဆိပ်ခတ်အပ်သော ဒေသနာတော်ဖြင့် ရေချိုးစေအပ်, လိမ်းကျံစေအပ်သည် ဖြစ်ပါသော်လည်း 'နိရောဓကထာ' တည်းဟူသော အသရေရှိသော အိပ်ရာထက်သို့ တင်ထားအပ်သည် ဖြစ်ပါသော်လည်း မစင်ရှိရာ အရပ်နှင့်တူသော မိမိ အတ္တဝါဒအရကိုယူ၍ အထက်ပါအတိုင်း မေးလျှောက်ခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၃၀၉ / ၃၁၀)*

(၁) ရှေးဦးစွာ ပေါဋ္ဌပါဒသည် မဟာဘုတ်လေးပါး ရုပ်အစုကို ဩဠာရိက ရူပီ အတ္တ ဟု လျှောက်ထားသည်။

ထိုအခါ ဗုဒ္ဓက အကယ်၍ အတ္တသည် ရူပီ- ဖောက်ပြန်ခြင်းရှိသောအရာ ဖြစ်အံ့။ သင်၏အတ္တသည် ရုပ်တရားဖြစ်ရာ၏။ သညာရှိသော သညာကား မဖြစ်နိုင်။ အကြောင်းကား သညာက ရူပီမဟုတ်သောကြောင့်လည်းကောင်း, အတ္တသည် ရူပီဖြစ်သော်လည်း သင်၏အလိုအားဖြင့် နိစ္စ ဖြစ်အံ့။ ဤသို့ဖြစ်လျှင် သညာကမူ အဆင့်ဆင့် ဖြစ်သောကြောင့် အဆက်ဆက် ပျက်ရကား အနိစ္စ ဖြစ်၏။ ဤသို့အားဖြင့် သညာနှင့် အတ္တသည် တစ်ခုတည်းမဟုတ်။ သညာတစ်ခြား၊ အတ္တတစ်ခြားသာ ဖြစ်လေသည်။

ထို့ပြင် အတ္တသည် သညာမဟုတ်သောကြောင့် သင်၏ ရူပီအတ္တသည် စေတနာမရှိ၊ စေတနာ မရှိလျှင် ကံကိုမပြုနိုင်၊ ကံကို မပြုနိုင်လျှင် အကျိုးကိုလည်း မခံစားနိုင်၊ ဤအမိပ္ပါယ်များ သက်ရောက်လျက်ရှိရကား သင်၏အတ္တသည် အတ္တဟုပင် မဆိုနိုင်' ဟု ဖြေရှင်းပြတော်မူလေသည်။ *(ဒီ- ၁- ၁၇၂ / ၃၊ ဒီ ဋ္ဌ- ၁- ၃၁၀၊ မဟာဋီ- ၃၇၃၊ ဋီသစ် ဒုအုပ်- ၃၈၆)*

(၂) ပေါဋ္ဌပါဒသည် ဗုဒ္ဓက ရူပီအတ္တကို အပြစ်ပြသောအခါ ထိုဝါဒကိုစွန့်၍ ရာနှစ်ဝိတ်ဖြင့်ပြီးသော မနောမယအတ္တကို ယူပြန်လေသည်။ (မနောမယအတ္တဟူသည် အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော ရာနှစ်ဝိတ်ဖြင့်ပြီးသော ဣန္ဒြေချို့ငဲ့ခြင်းမရှိသော အဟီနိန္ဒြိယ ရုပ်အတ္တကို ယူပြန်လေသည်။)

ထိုအခါ ဗုဒ္ဓက ပေါဋ္ဌပါဒ သင်၏အတ္တသည် မနောမယ အဟီနိန္ဒြိယ ရုပ်အတ္တသာ ဖြစ်၏။ သညီအတ္တ မဖြစ်နိုင်။ ထိုသို့မဖြစ်နိုင်လျှင် သညာမရှိသောကြောင့် စေတနာမရှိ စသည်ဖြင့် ရှေးကအတိုင်းပင် အတ္တမရှိပုံကို ဖြေရှင်းပြတော်မူလေသည်။ *(ဒီ-၁- ၁၇၃၊ မဟာဋီ- ၃၇၄၊ ဋီသစ် ဒုအုပ်- ၃၈၇)*

(၃) ပေါဋ္ဌပါဒသည် ဗုဒ္ဓက မနောမယအတ္တကို အပြစ်ပြသောအခါ ထိုအယူကိုစွန့်၍ ဖောက်ပြန်ခြင်းမရှိသော အရူပီအတ္တကို ယူပြန်လေသည်။ *(ဒီ- ၁- ၁၇၃)*

ဤသို့လျှင် ပေါဋ္ဌပါဒသည် အပြောင်းအလွဲလုပ်၍ အတ္တကို ယူနေသည်ကား အရူး၏စကားသည် တည်တန့်ခြင်းမရှိဘဲ စကားတစ်မျိုးပြီးတစ်မျိုး ပြောသကဲ့သို့ ဤ၌လည်း ပေါဋ္ဌပါဒသည် တစ်မျိုးပြီးတစ်မျိုး ပြောင်းလွဲယူနေသည်ဖြစ်၍ သူရူး၏ ယူခြင်းမျိုး ဖြစ်၍ အကြောင်းပြဖွယ်မလိုဟု အဋ္ဌကထာ ဖွင့်လေသည်။ *(ဒီ ဋ္ဌ- ၁- ၃၁၀)*

(၄) ထိုအရူပီအတ္တကိုလည်း ဗုဒ္ဓက အပြစ်ပြ၍ ဖြေကြားတော်မူသောအခါ ပေါဋ္ဌပါဒသည် မိစ္ဆာအယူသည် လွှမ်းမိုးသည်၏ အဖြစ်ကြောင့် ဗုဒ္ဓသည် အတ္တတစ်ခြား, သညာတစ်ခြား ဖြစ်ပုံကို ဟောကြားတော်မူပါသော်လည်း 'နာနတ္တံ အဇာနန္တော' အတ္တနှင့် သညာထူးသည်၏ အဖြစ်ကို မသိသည်၏ အဖြစ်ကြောင့်- *(ဒီ ဋ္ဌ- ၁- ၃၁၀)*

'ရှင်တော်ဗုဒ္ဓဘုရား သညာသည် သတ္တဝါ၏ အတ္တဟူ၍လည်းကောင်း၊ သညာတစ်ခြား, အတ္တတစ်ခြားဟူ၍လည်းကောင်း ဤအရာကို အကျွန်ုပ်တို့ သိနိုင်ပါမည်လော' ဟူ၍ မေးလျှောက်ပြန်လေသည်။ *(ဒီ- ၁- ၁၇၃၊ ဒီ ဋ္ဌ- ၁- ၃၁၀)*

နာဂနတ္တဲ့ အဓာနန္တော ဋီကာ အဖွင့်

ရုပ်အစဉ်သည်လည်းကောင်း, နာမ်အစဉ်သည်လည်းကောင်း တစ်စဉ်တည်း တစ်တန်းတည်း ဖြစ်ပျက်နေရကား တစ်ခဲနက် တစ်ခုတည်းကဲ့သို့ ဖြစ်နေသည်ကို '**သန္တတိဃန**' ဟု ခေါ်သည်။ တစ်ကြိမ်ဖြစ်လျှင် ရုပ်ကလာပ်ပေါင်းသည်လည်းကောင်း, စိတ် စေတသိက် နာမ်အပေါင်းသည်လည်းကောင်း စုပေါင်း၍ ဖြစ်ရကား တစ်ခဲနက် တစ်ခုတည်းကဲ့သို့ ဖြစ်နေသည်ကို '**သမူဟဃန**' ဟုခေါ်သည်။ ထိုဃနကို ခွဲခြမ်းဝေဖန်တတ်သော ဉာဏ်ကို '**ဃနဝိနိဗ္ဘောဂဉာဏ်**' ဟုခေါ်သည်။ ထိုဉာဏ်မျိုး ပေါဋ္ဌပါဒ၌ မရှိသော ကြောင့် သညာနှင့် အတ္တကို ခွဲခြား၍ ဟောအပ်ပါသော်လည်း ရုပ်နာမ်အစဉ်ကို အတ္တဟုလည်းကောင်း၊ နိစ္စဟုလည်းကောင်းယူပြီး ပေါဋ္ဌပါဒသည် သညာနှင့် အတ္တကို မသိမမြင်နိုင်သောကြောင့် အထက်ကအတိုင်း လျှောက်ထားမေးမြန်းခြင်း ဖြစ်လေသည်။ *(မဟာဋီ- ၃၇၄၊ ဋီသစ် ဒုအုပ်- ၃၀၀)*

ထိုအခါ ဗုဒ္ဓက 'ဗုဒ္ဓသာသနာတော်မှ အပဖြစ်သော ဆရာအဆက်ဆက်ဖြင့် စွဲယူလာသော တိတ္ထိဘောင်၌ ဆရာကြီးဖြစ်နေ သော သင်သည် သညာနှင့် အတ္တ ထူးခြားသည်၏အဖြစ်ကို မသိနိုင်, မမြင်နိုင်' ဟု မိန့်ကြားတော်မူသည်။ *(ဒီ- ၁- ၁၇၃)*

သဿတဒိဋ္ဌိအယူကို မေးခြင်း

ပေါဋ္ဌပါဒသည် ဗုဒ္ဓက ထိုသို့ပင် မိန့်ကြားပါသော်လည်း သဿတဒိဋ္ဌိအယူနှင့် စပ်သည်ကို မေးပြန်လေသည်။ မေးပုံကား-

'လောကသည် မြဲသလားဟူ၍လည်းကောင်း, မမြဲသလောဟူ၍လည်းကောင်း, အဆုံးရှိသလောဟူ၍လည်းကောင်း, အဆုံးမရှိသလောဟူ၍လည်းကောင်း' စသည်ဖြင့် မေးလျှောက်လေသည်။

ထိုသို့ မေးတိုင်းမေးတိုင်းကို ဗုဒ္ဓသည် 'ငါသည် ထိုအရာစုမျိုးကို မဖြေကြား' ဟူ၍ မိန့်တော်မူသည်။ *(ဒီ- ၁- ၁၇၄)*

မဖြေကြားခြင်း အကြောင်းကား 'ထိုအရာစုများသည် အကျိုးစီးပွားနှင့်မစပ်၊ လောကုတ္တရာတရားနှင့် မစပ်၊ '**နာဒိ ဗြဟ္မစရိယကံ**' အကျင့်မြတ်၏ အစမျှပင်မဟုတ်၊ ကိလေသာကို ပယ်ရန်, နိဗ္ဗာန်ရရန်မဖြစ်။ ထို့ကြောင့် မဖြေကြား' ဟု မိန့်တော်မူ သည်။ *(ဒီ- ၁- ၁၇၄၊ ဒီ ဋ္ဌ- ၁- ၃၁၁)*

ဗုဒ္ဓဟောကြားတော်မူအပ်သောတရား

သို့ဖြစ်လျှင် ဗုဒ္ဓသည် အဘယ်တရားများကို ဟောကြားတော်မူအပ်သနည်းဟူမူ အရိယာအဖြစ်သို့ ရောက်စေနိုင်သော သစ္စာလေးပါးတရားကို ဟောကြားတော်မူသည်။ အဘယ့်ကြောင့် ထိုသစ္စာလေးပါး တရားအစုကို ဟောကြားတော်မူအပ်သနည်းဟူမူ ကား ထိုသစ္စာလေးပါး တရားအစုသည်-

(၁) **အတ္ထသံဟိတ** - အကျိုးစီးပွားနှင့်စပ်၏။
(၂) **ဓမ္မသံဟိတ** - လောကုတ္တရာတရားနှင့် စပ်၏။
(၃) **အာဒိဗြဟ္မစရိယကံ** - အကျင့်မြတ်၏အစ ဖြစ်၏။
(၄) **နိဗ္ဗိဒါယ** - ငြီးငွေ့ရန် အလို့ငှာ ဖြစ်၏။
(၅) **ဝိရာဂါယ** - တပ်မက်ခြင်း ကင်းခြင်းငှာ ဖြစ်၏။
(၆) **နိရောဓာယ** - ဝဋ်ဆင်းရဲ ချုပ်ရန် ဖြစ်၏။
(၇) **ဥပသမာယ** - ကိလေသာ ငြိမ်းအေးရန် ဖြစ်၏။
(၈) **အဘိညာယ** - ထူးသောဉာဏ်ဖြင့် သိရန် ဖြစ်၏။
(၉) **သမ္ဗောဓာယ** - သစ္စာလေးပါးကို သိရန် ဖြစ်၏။
(၁၀) **နိဗ္ဗာနာယ သံဝတ္တတိ** - နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ ဖြစ်၏။

ထို့ကြောင့် ဤသစ္စာလေးပါး တရားအစုကို ငါဟောကြားတော်မူသည်၊ ဖြေကြားတော်မူသည်ဟု ဗုဒ္ဓ မိန့်ကြားတော်မူလေ သည်။ *(ဒီ- ၁- ၁၇၄)*

ပေါဋ္ဌပါဒပရိဗိုဇ် ထောက်ခံခြင်း

ဗုဒ္ဓ ထိုသို့မိန့်တော်မူသော် 'ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား ဤစကားသည် ဤအတိုင်း မှန်ပါပေ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော ရှင်တော်ဗုဒ္ဓဘုရား ဤစကားသည် ဤအတိုင်း မှန်ပါပေ၏' ဟူ၍ ထောက်ခံလျှောက်ကြားလေသည်။

ထို့နောက် ဗုဒ္ဓသည် ပေါဋ္ဌပါဒပရိဗိုဇ်၏ မဂ်ဖိုလ်ရရန်အကြောင်း မရှိသည်ဖြစ်၍ 'ဆွမ်းခံကြွရန် အချိန်တန်ပြီ' ဟု ကြံစည်၍ ဆိတ်ဆိတ်နေရာတွင် ပေါဋ္ဌပါဒပရိဗိုဇ်လည်း ပြန်ကြွလိုကြောင်း ရိပ်စားမိသောကြောင့် 'ပြန်ကြွနိုင်ပါကြောင်း' လျှောက်ထားလေသည်။ *(ဒီ- ၁- ၁၇၄၊ ဒီ ဋ- ၁- ၃၁၁)*

နှုတ်နှင်တံဖြင့် ဝိုင်းအုံထိုးကြခြင်း

ဗုဒ္ဓ ဖဲ၍ကြွသွားတော်မူ၍ မကြာမြင့်မီ ပေါဋ္ဌပါဒပရိဗိုဇ်ကို ပရိဗိုဇ်ပရိသတ်တို့သည် ထက်ဝန်းကျင်မှ နှုတ်နှင်တံဖြင့် ဝိုင်းအုံ၍ ထိုးဆွကုန်၏။ *(ပုတ်ခတ်ပြောဆိုကုန်၏။)*

'ဤအရှင်ပေါဋ္ဌပါဒသည် ထိုရဟန်းဂေါတမ ဆိုတိုင်းဆိုတိုင်းသော စကားကိုသာလျှင် ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား ဤစကားသည် ဤအတိုင်း မှန်ပါပေ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော ရှင်တော်ဗုဒ္ဓဘုရား ဤစကားသည် ဤအတိုင်း မှန်ပါပေ၏' ဟု ဤသို့ချည်း ကောင်းချီးပေးဘိ၏။

သို့ရာတွင် လောကသည် မြဲ၏ဟူ၍လည်းကောင်း, မမြဲဟူ၍လည်းကောင်း စသည်နှင့်စပ်၍ ရဟန်းဂေါတမ ဟောကြားသော ကေန်ဖြစ်သောတရား တစ်စုံတစ်ရာကိုမျှ အကျွန်ုပ်တို့ မသိရပါကုန်' ဟု ပုတ်ခတ်ပြောဆိုကြလေကုန်၏။

ပေါဋ္ဌပါဒ ပြန်ပြောခြင်း

ထိုအခါ ပေါဋ္ဌပါဒပရိဗိုဇ်သည် ထိုပရိဗိုဇ်တို့အား အောက်ပါအတိုင်း ပြန်လည်ချေပ ပြောဆိုလိုက်လေသည်။

'အရှင်တို့ လောကသည် မြဲ၏ဟူ၍လည်းကောင်း, မမြဲဟူ၍လည်းကောင်း စသည်နှင့်စပ်၍ ရဟန်းဂေါတမ ဟောကြားသော ကေန်ဖြစ်သော တစ်စုံတစ်ရာကို ငါသည်လည်း မသိရပါ။ သို့ရာတွင် ရဟန်းဂေါတမသည် ဟုတ်မှန်သော, မဖောက်ပြန်သော လောကုတ္တရာဓမ္မ၌ တည်သောသဘောရှိသော လောကုတ္တရာ ဓမ္မနိယာမအားဖြင့် မြဲသောအကျင့်ကို ဟောပြပေ၏။ ထိုစကားသည် ကောင်းသောစကားဖြစ်၏။ ထိုကောင်းသောစကားကို ကောင်းသောစကားအနေဖြင့် ငါသို့သော သိတတ်သူသည် အဘယ့်ကြောင့် ကောင်းချီးမပေးဘဲ ရှိအံ့နည်း။' *(ဒီ- ၁- ၁၇၅)*

ပေါဋ္ဌပါဒပရိဗိုဇ်နှင့် ဆင်ဆရာသား စိတ္တ

ထို့နောက် ပေါဋ္ဌပါဒပရိဗိုဇ်နှင့် ဆင်ဆရာသား စိတ္တတို့သည် ဗုဒ္ဓထံသို့ ရောက်လာလေသည်။ ထိုတွင် ဆင်ဆရာသား စိတ္တ၏ အကြောင်းကား ဤသို့ဖြစ်သည်။

ဆင်ဆရာသား စိတ္တသည် ဗုဒ္ဓထံ ရဟန်းပြုပြီး ပိဋကသုံးပုံကို ကျွမ်းကျင်စွာ တတ်မြောက်ပြီးကာမှ ရှေးမကောင်းမှုကံကြောင့် (၇)ကြိမ်တိုင်တိုင် လူထွက်လေသည်။

ချဲ့ဦးအံ့။ ကဿပ ဗုဒ္ဓသာသနာတော်၌ ချစ်ကျွမ်းဝင်သော ရဟန်းနှစ်ပါးရှိရာ ရဟန်းတစ်ပါးသည် လူထွက်လိုသောကြောင့် ကျန်ရဟန်းတစ်ပါးက လူဝတ်ကြောင်း၏ အပြစ်ကိုလည်းကောင်း, ရဟန်းအဖြစ်၏ အကျိုးကိုလည်းကောင်း ပြော၍ လူမထွက်ရန် တားမြစ်လေသည်။ ထို့ကြောင့် ထိုရဟန်းသည် ရဟန်းဝတ်နှင့် ပျော်ပိုက်စွာ ဆက်၍နေသည်။ ထိုရဟန်းသည် နောက်တစ်ကြိမ် လူထွက်ချင်စိတ် ဖြစ်လာသောအခါ၌ 'လူထွက်လျှင် သူ့မှာရှိသော သပိတ်, သင်္ကန်းကို အရှင်ဘုရားအား လှူခဲ့မည်' ဟု ပြောဆိုသည် ဖြစ်၍ သင်္ကန်း, သပိတ်ကို လိုချင်သော လောဘဇောကြောင့် လူထွက်လိုသော သူငယ်ချင်း ရဟန်းအား 'လူထွက်ခြင်း၏ အကျိုးကို

ပြောပြလေရာ' ထိုလူထွက်လိုသော ရဟန်းလည်း 'ဤရဟန်းသည် စိတ်ထားမမှန်ကြောင်း'ကို သိရှိ၍ သံဝေဂဖြစ်ကာ လူမထွက်ဖြစ်တော့ဘဲ ရဟန်းဝတ်နှင့် ဆက်၍မြဲနေလေသည်။

ဤသို့ သီလရှိသော ရဟန်းကို လူထွက်ရန် တိုက်တွန်းမိသော အကုသိုလ်ကံ ဝဇိကံကြောင့် (ဂ)ကြိမ်တိုင် လူထွက်ခြင်း ဖြစ်ရလေသည်။

ဆက်ပါဦးမည်။ ဤဆင်ဆရာသား စိတ္တသည် လူဝတ်ကြောင်တုန်းက ပေါဋ္ဌပါဒ၏ သူငယ်ချင်း ဖြစ်လေသည်။ (ဂ)ကြိမ် လူထွက်ပြီး ၂ ရက်၊ ၃ ရက်ကြာသောအခါ၌ ပေါဋ္ဌပါဒထံသို့ သွားရာဝယ် ပေါဋ္ဌပါဒက–

'မိတ်ဆွေ သင်သည် အဘယ်ကို ပြုသနည်း။ ဤသို့သဘောရှိသော ရှင်တော်ဗုဒ္ဓ သာသနာတော်မှ အဘယ့်ကြောင့် ထွက်ခဲ့ရသနည်း။ လာလော့။ ယခုအခါ၌ သင်သည် ရှင်တော်ဗုဒ္ဓထံ၌ ရဟန်းပြုခြင်းငှာ သင့်၏' ဟူ၍ ပြောဆိုကာ ဗုဒ္ဓထံသို့ ရောက်လာကြခြင်း ဖြစ်လေသည်။ *(ဒီ ဌ– ၁– ၃၁၂)*

ပေါဋ္ဌပါဒသည် ဗုဒ္ဓထံသို့ ရောက်သောအခါ 'သူ့အား ပရိဗိုဇ်များက ဝိုင်းအုံ၍ နှုတ်နှင်တံ ထိုးကြကြောင်း၊ သူကလည်း ပြန်လည်ချေပ ပြောဆိုကြောင်းများ'ကို ဗုဒ္ဓအား လျှောက်ထားလေသည်။ *(ဒီ– ၁– ၁၇၅ / ၆)*

ဗုဒ္ဓ အမိန့်ရှိပုံ

'ပေါဋ္ဌပါဒ ထိုပရိဗိုဇ်အားလုံးတို့သည် ကောင်းစွာ ပြောဆိုသောစကား၊ မကောင်းသဖြင့် ပြောဆိုသောစကားကို မြင်နိုင်စွမ်း မရှိကြသောကြောင့် ပညာမျက်စိ ကန်းကုန်၏။ ပညာမျက်စိ မရှိကုန်။ ထိုပရိဗိုဇ်တို့တွင် သင်တစ်ယောက်တည်းသာ ကောင်းစွာ ပြောဆိုအပ်သောစကား၊ မကောင်းသဖြင့် ပြောဆိုအပ်သောစကားကို သိမြင်နိုင်စွမ်းသော ပညာမျက်စိရှိပေ၏' ဟု မိန့်ကြားတော်မူလေသည်။ *(ဒီ– ၁– ၁၇၆၊ ဒီ ဌ– ၁– ၃၁၃)*

ထို့နောက် ဗုဒ္ဓသည် လောကသည် မြဲ၏ဟူ၍လည်းကောင်း၊ မမြဲဟူ၍လည်းကောင်း စသောအယူတို့သည် ကေန် နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ပုံနှင့် သစ္စာလေးပါးသည်သာ ကေန်နိဗ္ဗာန်ရောက်ကြောင်းတရား ဖြစ်ပုံကို အကျယ်တဝင့် ရှင်းလင်းဟောကြားပြတော်မူလေသည်။

ထို့ပြင်လည်း လောကသည် မြဲ၏ဟူ၍လည်းကောင်း၊ မမြဲဟူ၍လည်းကောင်း ပြောဆိုကြသူတို့ စကားသည် အခြေအမြစ် မရှိသော စကားဖြစ်ပုံကို ဥပမာပြု၍ အကျယ်တဝင့် ဟောကြားတော်မူသည်။

ထို့ပြင်လည်း ဗုဒ္ဓသည် ပေါဋ္ဌပါဒပရိဗိုဇ်နှင့် ဆင်ဆရာသား စိတ္တကို ကာမဘုံ၌ဖြစ်သော အတ္တဩဠာရိက အတ္တပဋိလာဘ (ကြမ်းသော အတ္တဘော ခန္ဓာကိုယ်ကို ရခြင်းကိုလည်းကောင်း)၊ ရူပဘုံ၌ဖြစ်သော ဈာန်စိတ်ကြောင့်ပြီးသော **မနောမယ အတ္တ ပဋိလာဘ** (ရူပဗြဟ္မ အတ္တပဋိလာဘ– ရူပဗြဟ္မာ ခန္ဓာကိုယ် အတ္တဘောကို ရခြင်းကိုလည်းကောင်း)၊ **အရူပ အတ္တပဋိလာဘ** (ရုပ်မရှိသော အရူပဘုံ၌ဖြစ်သော ခန္ဓာအတ္တဘောကို ရခြင်းကိုလည်းကောင်း) ပယ်ရန် ဥပမာနှင့်တကွ အကျယ်တဝင့် ဟောကြားတော် မူလေသည်။ *(၃၁ ဘုံသား သတ္တလောကကို ပိုင်းခြားဟောတော်မူခြင်း ဖြစ်သည်။)*

ထို့နောက် ဗုဒ္ဓသည် သမုတိသစ္စာကိုလည်း ဟောကြားတော်မူသည်။ ပရမတ္ထသစ္စာကိုလည်း ဟောကြားတော်မူသည်။ ထိုသို့ပင် ဟောကြားသော်လည်း ထိုပညတ်တရားတို့၌ ဗုဒ္ဓသည် 'တဏှာ၊ မာန၊ ဒိဋ္ဌိ' တို့ဖြင့် မှားယွင်းစွာ မသုံးသပ်ပုံကိုလည်း ဟောကြားတော်မူလေသည်။

ဤသို့လျှင် ဗုဒ္ဓသည် အရဟတ္တနိကူဋနေ နိဋ္ဌာပေသိ– အရဟတ္တဖိုလ်ကို အထွတ်တပ်လျက် တရားဟောမှုကို ပြီးဆုံးစေ လေသည်။ *(ဒီ– ၁– ၁၇၆ မှ ၁၈၆ အထိ၊ ဒီ ဌ– ၁– ၃၁၂ မှ ၃၁၆ အထိ)*

ပေါဋ္ဌပါဒ သရဏဂုံတည်၍ စိတ္တ ရဟန္တာဖြစ်ပုံ

ဗုဒ္ဓ၏ တရားအဆုံး၌ ပေါဋ္ဌပါဒနှင့် ဆင်ဆရာသား စိတ္တတို့သည် အဘိက္ကန္တံ ဘန္တေ စသည်ဖြင့် လျှောက်ထားကြပြီး ပေါဋ္ဌပါဒပရိဗိုဇ်သည် သရဏဂုံတည် ဥပါသကာအဖြစ်ကို ခံယူလေသည်။ ဆင်ဆရာသား စိတ္တမူကား ဗုဒ္ဓထံ၌ ရှင်ရဟန်းအဖြစ်ကိုရပြီး နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ဖြင့် တရားကို ကြိုးစားအားထုတ်လေရာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်ရောက်သော

အမျိုးကောင်းသားများ လိုလားကြသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာ ဖြစ်လေသည်။
(ဒီ- ၁- ၁၈၆ / ၇)

သတိပြုဖွယ် တရားတော်

(၁) ဤသုတ်၌ အချုပ်သိမှတ်ဖွယ်ကား ဘာသာခြားများသည်ပင် ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တပည့်သား သံဃာတော်များတို့သည် ဆူညံကျယ်လောင်စွာ စကားပြောဆိုသံကိုလည်းကောင်း, မဂ်ဖိုလ်မှ ဆန့်ကျင်ဘက်ဖြစ်သော လောကီစကားများကိုလည်းကောင်း ကြိုက်နှစ်သက်ခြင်း မရှိကြကြောင်း သိရှိကြသည်မှာ ပေါ်လွင်ထင်ရှားလျက် ရှိနေပေသည်။ ထို့ကြောင့် **အမျိုးကောင်းသားများ အမျိုးကောင်းသမီးများတို့သည် စကားကို တိုးတိုးပြောဆိုကြသူများ, စကားပြောဆိုရာ၌ အကျိုးရှိသော စကားကိုသာ ပြောဆိုတတ်ကြသူများ ဖြစ်ကြပါကုန်လော့။**

(၂) ပေါဋ္ဌပါဒသည် ကုဋေလေးဆယ်ကုန်သော စည်းစိမ်ဥစ္စာတို့ကို စွန့်၍ ရသေ့ပရိဗိုဇ်ရဟန်းအဖြစ်ကို ခံယူသူတစ်ဦးဖြစ်၍ အထက်တန်းကျသော အမျိုးမှ ရဟန်းပြုသည်မှာ ထင်ရှားသလို သညာချုပ်ပုံကို ပြောဆိုကြရာ၌ ပုဂ္ဂိုလ်လေးဦးတို့ ပြောဆိုကြသော သညာချုပ်ပုံကို သဘောမကျဖြစ်ပြီး ဗုဒ္ဓဟောကြားသော သညာချုပ်ပုံကိုမှ သဘောကျသူဖြစ်၍ 'ပဏ္ဍိတဇာတိက' ပညာရှိသူတစ်ဦး ဖြစ်ကြောင်းမှာလည်း ထင်ရှားပေသည်။ သို့ရာတွင် အတ္တဒိဋ္ဌိ၏ အစွဲအလမ်း ကြီးမားသောကြောင့် ထိုအတ္တဒိဋ္ဌိ၏ အစွဲအလမ်းပြုတ်အောင် ဗုဒ္ဓသည် အတော်ပင် ရှည်ရှည်ဝေးဝေး တရားကို ဟောတော်မူရလေသည်။ သို့ကလောက် ဟောတော်မူရသော်လည်း မဂ်ဖိုလ်ရရန် ရှေးကုသိုလ်ကောင်းမှုကံ မပါသည့်အတွက်ကြောင့် သရဏဂုံတည် ဥပသကာ အဖြစ်နှင့်သာ ကျေနပ်လိုက်ရလေသည်။ ဤသည်ကိုထောက်၍ ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံခိုက်တွင် မဂ်ဖိုလ်ရနိုင်သည်အထိ တရားအားထုတ်ရန် လိုအပ်ကြောင်းနှင့် မဂ်ဖိုလ်ရနိုင်သည်အထိ ပုညအစု ကုသိုလ်ကောင်းမှုများကို အထူးအားထုတ်ထားရန် လိုအပ်ကြောင်းမှာလည်း ထင်ရှားလှပေသည်။ ထို့ကြောင့် **မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်သော ဒါန, သီလ, ဘာဝနာတရားများကို အထူးရည်သန်လျက် ကြိုးစားအားထုတ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

(၃) စိတ္တရဟန်းသည် ရဟန္တာဖြစ်နိုင်လောက်အောင် ရှေးကုသိုလ်ကောင်းမှုကံပါသော်လည်း သပိတ်သက်နိုးကို လိုချင်သော လောဘဇောကြောင့် သူငယ်ချင်းရဟန်းကို လူထွက်ရန် တိုက်တွန်းမိရှာလေသည်။ ထိုဝစီကံ အကုသိုလ်ကံကြောင့် (၇)ကြိမ်တိတိ လူထွက်ရသော အခြေသို့ ဆိုက်ခဲ့ရလေသည်။ ဤဖြစ်ရပ်ကိုထောက်၍ ရဟန်း, ကိုရင်, သီလရှင်တို့အား မိမိ၏ ပယောဂကြောင့် လူထွက်ရန် မပြောဆိုမိအောင် အထူးသတိပြုသင့်လှပေသည်။ ထို့ကြောင့် **အထူးသတိပြု၍ ရဟန်း, ကိုရင်, သီလရှင်များတို့အား လူထွက်ရန်ကို မပြောဆို မတိုက်တွန်းသူများ 'ရဟန်း, ကိုရင်, သီလရှင် ဘဝတို့၌သာ ပျော်ပိုက်အောင်' ပြောဆို တိုက်တွန်းကြသူများ ဖြစ်ကြပါကုန်လော့။**

ပေါဋ္ဌပါဒသုတ် ပြီး၏။



၁၀။ သုဘသုတ်

ဝေံ မေ သုတံ ဧကံ သမယံ အာယသ္မာ အာနန္ဒော သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ အစိရ ပရိနိဗ္ဗုတေ ဘဂဝတိ။ တေနခေါ်ပန သမယေန သုဘော မာဏဝေါ တောဒေယျပုတ္တော သာဝတ္ထိယံ ပဋိဝသတိ ကေနစိဒေဝ ကရဏီယေန။ *(ဒီ- ၁- ၁၈၈)*

ဘန္တေ ကဿပ– အရှင်မဟာကဿပဘုရား၊ **မေ မယာ အာနန္ဒေန**– တပည့်တော်အာနန္ဒာသည်၊ **သုဘသုတ္တံ**– သုဘသုတ်ကို၊ **ဝေံ**– ဤဖော်ပြလတ္တံ့အတိုင်း၊ **သုတံ**– နာယူမှတ်သား ဆောင်ထားအပ်ပါပြီ။

ဧကံသမယံ– အခါတစ်ပါး၌၊ **အာယသ္မာ အာနန္ဒော**– အရှင်အာနန္ဒာသည်၊ **ဘဂဝတိ**– ရှင်တော်ဗုဒ္ဓသည်၊ **အစိရ ပရိနိဗ္ဗုတေ**– ပရိနိဗ္ဗာန် စံတော်မူပြီး၍ မကြာမြင့်မီ *(တစ်လခန့်၌)*၊ **သာဝတ္ထိယံ**– သာဝတ္ထိပြည်၏ အနီး၌၊ **ဇေတဝနေ**– ဇေတဝန် မည်သော၊ **အနာထပိဏ္ဍိကဿ**– အနာထပိဏ်သူဌေး၏၊ **အာရာမေ**– အာရာမ်၌ (ဝါ) ကျောင်းတိုက်၌၊ **ဝိဟရတိ**– နေ၏။

တေနခေါ်ပန သမယေန– ထိုအခါ၌၊ **တောဒေယျပုတ္တော**– တောဒေယျပုဏ္ဏား၏ သားဖြစ်သော၊ **သုဘော**– သုဘမည်သော၊ **မာဏဝေါ**– လုလင်သည်၊ **ကေနစိဒေဝ**– တစ်စုံတစ်ခုသောလျှင်ဖြစ်သော၊ **ကရဏီယေန**– ပြုဖွယ်ကိစ္စကြောင့်၊ **သာဝတ္ထိယံ**– သာဝတ္ထိပြည်၌၊ **ပဋိဝသတိ**– နေ၏။

တောဒေယျပုဏ္ဏားအကြောင်း

သာဝတ္ထိပြည်၏ အနီး၌ တုဒိမည်သောရွာသည် ရှိ၏။ ထိုရွာကို အုပ်စိုးနေသော ထိုရွာ၏ အကြီးအကဲဖြစ်သောကြောင့် '**တောဒေယျ**' ပုဏ္ဏားဟူ၍ အမည်တွင်လေသည်။ ထိုတောဒေယျပုဏ္ဏားသည် (၄၅)ကုဋေသော ဥစ္စာပိုင်ရှင်၏ အဖြစ်ဖြင့် ကြွယ်ဝချမ်းသာသော်လည်း '**ပရမ မစ္ဆရီ**' အလွန်ဝန်တို မစ္ဆရိယစိတ် အားကြီးသော သူဌေးတစ်ဦး ဖြစ်သည်။

'**ဒဒတော ဘောဂါနံ အပရိက္ခယောနာမ နတ္ထိ**– စွန့်ကြဲပေးကမ်းသော ပုဂ္ဂိုလ်၏ စည်းစိမ်မည်သည် မကုန်ခြင်းမည်သည် မရှိ။ တတိတိနှင့် ကုန်သည်သာလျှင် ဖြစ်၏' ဟု ကြံစည်၍ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသော ဥစ္စာကိုမျှလည်း မပေးပူးပေ။

မိမိသားဖြစ်သော သုဘလုလင်ကိုလည်း ဤသို့ ဆုံးမညွှန်ကြားထားလေသည်။

'အတုံးအခဲဖြစ်သော မျက်စဉ်းသည် အနည်းငယ်စီ သွေး၍လိမ်းသော်လည်း သွေးဖန်များလတ်သော် ကုန်သွားတတ်သကဲ့သို့ ပစ္စည်းဥစ္စာမည်သည်လည်း အနည်းငယ်မျှ ဖြစ်သော်လည်း သုံးဖန်များလတ်သော် ကုန်သွားတတ်၏။

ခြတောင်ပို့ကြီးသည် ခြကောင်ကလေးများ အနည်းငယ် အနည်းငယ် စုကြ၍ စုဖန်များလတ်သော် တောင်ပို့ကြီး ဖြစ်ရသကဲ့သို့လည်းကောင်း, ပျားကောင်ငယ်ကလေးများသည် ပန်းစသည်မှ အရည်များကို အနည်းငယ် အနည်းငယ်ယူ၍ ယူဖန်များလတ်သော် *(စုဖန်များလတ်သော်)* ပျားအုံကြီး ဖြစ်လာသကဲ့သို့လည်းကောင်း–

စည်းစိမ်ဥစ္စာ မည်သည်ကိုလည်း အနည်းငယ်မျှ မကုန်ခန်းစေမူ၍ များသည်ထက်များအောင် စုဆောင်းထားရာ၏' ဟူ၍ ဩဝါဒကို ပေးလေသည်။

ဤသို့လျှင် တောဒေယျပုဏ္ဏားသည် ကိုယ်တိုင်လည်း မပေးလှူ။ သားဖြစ်သူ သုဘလုလင်ကိုလည်း ပေးလှူမှုကို မပြုစေဘဲ သေလွန်သောအခါ၌ ထိုအိမ်၌ပင် ခွေးအဖြစ်သို့ ရောက်လေသည်။ *(ဒီ ဋ္ဌ- ၁- ၃၁၇၊ မဟာဋီ- ၃၈၄၊ ဋီသစ်- ဒုအုပ်- ၄၀၂)*

သုဘလုလင် ခွေးကလေးကို ချစ်ပုံ

လုပသော အင်္ဂါကြီးငယ်ရှိသောကြောင့် သုဘလုလင်ဟု အမည်တွင်သည်။ ထိုသုဘလုလင်သည် ဖခင်အဖြစ်နှင့် ရှေးကအတူနေဖူးသည်ကို အကြောင်းပြု၍ ထိုခွေးကလေးကို အလွန်ချစ်မြတ်နိုးလေသည်။ မိမိစားသော ထမင်းအာဟာရမျိုးကိုသာ ထိုခွေးကလေးအား စားစေပြီး ကောင်းမြတ်သော အိပ်ရာ၌သာ အိပ်စေလေသည်။

ဗုဒ္ဓ ကြွလာတော်မူခြင်း

တစ်နေ့သောအခါ၌ သုဘာလုလင် အိမ်အပြင်သို့ ထွက်သွားသောအခါ၌ ဗုဒ္ဓသည် ဆွမ်းအလို့ငှာ ထိုသုဘာလုလင်အိမ်သို့ ဝင်လေလျှင် ခွေးသည် ဗုဒ္ဓကို မြင်လျှင် 'ဘုတ်ဘုတ်' ဟု ခွေးဟောင်သံကိုပြု၍ ဗုဒ္ဓအနီးသို့ ချဉ်းကပ်လာသည်။ ထိုသို့ ဟောင်လျက် လာခြင်းကြောင့် ဗုဒ္ဓသည် ထိုခွေးအား–

'တောဒေယျ ရှေးအခါ၌လည်း ငါ့ကို 'ဘောဘော' ဟု လွှမ်းမိုးမှုကြောင့် ယခုခွေးဖြစ်ရပြီ။ ယခုအခါ၌လည်း 'ဘုတ်ဘုတ်, ဝုတ်ဝုတ်' ဟု ခွေးဟောင်သံ ပြုပြန်ပြီ။ ထို့ကြောင့် သင်သည် အဝိစိသို့ ရောက်လတ္တံ့' ဟူ၍ မိန့်တော်မူလေပြီ။

ခွေးသည် ဗုဒ္ဓ၏ ထိုစကားကိုကြား၍ နှလုံးမသာယာဖြစ်၍ ခုံလောက်အကြား ပြာပုံ၌ အိပ်နေလေတော့သည်။ အလုပ်အကျွေးလူတို့သည် မြှောက်ချီ၍ ကောင်းမြတ်သော အိပ်ရာပေါ် တင်သော်လည်း မရဘဲ ပြာပုံ၌သာ အိပ်လျက်နေလေသည်။

သုဘာလုလင် ဗုဒ္ဓအား စောဒကတက်ခြင်း

သုဘာလုလင် ပြန်လာသောအခါ၌ ထိုအကြောင်းအရာကို ကြားသိသောအခါ ငါ၏အဖသည် အဘယ်မှာ ခွေးဖြစ်ရမည်နည်း။ ဗြဟ္မာ့ပြည်၌ ဗြဟ္မာဖြစ်လျက်ရှိလေသည်။ 'ရဟန်းဂေါတမသည် ငါ၏အဖကို ခွေးဖြစ်သည်'ဟူ၍ မှခါရဋ္ဌ– နှုတ်တက်ရာကို ပြောလေသည်။ *(မိတ်ဆင်ဂုဏ်ကို ပျော်သည်။)* ဤသို့အမျက်ထွက်သည်ဖြစ်၍ ဗုဒ္ဓထံသို့ သွားရောက်၍ 'အကျွန်ုပ်၏ အဖကို ခွေးဖြစ်တယ် လို့ပြောတာ ဟုတ်ရဲ့လား' ဟူ၍ မေးလေသည်။

ခွေးဖြစ်ကြောင်းကို သိစေပြီ

ထိုအခါ ဗုဒ္ဓသည် သုဘာလုလင်အား တောဒေယျပုဏ္ဏား ခွေးဖြစ်သည့် အထောက်အထားကို အောက်ပါအတိုင်း မိန့်ကြား တော်မူလေသည်။

သုဘာလုလင်အား အဖဖြစ်သူ တောဒေယျပုဏ္ဏားက မပြောကြားခဲ့သော ပစ္စည်းလေးမျိုးရှိသည်။ ယင်းတို့မှာ–

(၁) အဖိုးတစ်သိန်းတန်သော ရွှေပန်း၊

(၂) အဖိုးတစ်သိန်းထိုက်သော ရွှေခြေနင်း၊

(၃) အဖိုးတစ်သိန်းထိုက်သော ရွှေခွက်၊

(၄) တစ်သိန်းသော အသပြာ။

ထိုပစ္စည်းလေးမျိုးကို သိလိုလျှင် ထိုခွေးအား များစွာရည်ဖြင့်ရေသော နို့ဃနာကိုကျွေး၍ အိပ်ရာပေါ်သို့တင်၍ အနည်းငယ် အိပ်ပျော်ခြင်းသို့ ရောက်သောအခါ မေးလေလော့။ သင့်အဖ ဖြစ်ခဲ့ဖူးသော ခွေးသည် ပြောလတ္တံ့' ဟူ၍ မိန့်ကြားတော်မူလိုက်လေသည်။

သုဘာလုလင် ဥပသကာ အဖြစ်သို့ ရောက်ရှိခြင်း

အိမ်သို့ ပြန်လာပြီး ဗုဒ္ဓမိန့်ကြားသည့်အတိုင်း ပြုလုပ်ရာ အလုံးစုံ မှန်သောကြောင့် သုဘာလုလင်သည် (၁၄)ရပ်သော ပြဿနာတို့ကို မေးလျှောက်၍ ဖြေတော်မူပြီးသည်၏ အဆုံး၌ သရဏဂုံတည် ဥပသကာ အဖြစ်သို့ ရောက်လေတော့သည်။
(ဒီ ၅– ၁– ၃၁၇ / ၈)

သုဘာလုလင် စဉ်းစားမိပုံ၊ ဆွမ်းစားပင့်ခိုင်းပုံ

ဗုဒ္ဓ ပရိနိဗ္ဗာန်ပြု၍ တစ်လမပြည့်မီအချိန်၌ သုဘာလုလင်သည် သာဝတ္ထိပြည်၌ ကိစ္စတစ်ခုဖြင့် ခေတ္တနေထိုင်ခိုက် ဖြစ်သည်။ ထိုအချိန်၌ အရှင်အာနန္ဒာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးလျက် ရှိနေသည်။ လူအများတို့လည်း အရှင်အာနန္ဒာ ထံသို့ တဖွဲဖွဲ အဖူးအမြော်သွားလျက် ရှိနေကြလေသည်။

ထိုအခါ၌ သုဘလုလင် စဉ်းစားမိသည်မှာ 'အရှင်အာနန္ဒာရှိရာသို့ သွားရောက်၍ ပဋိသန္ထာရစကားကိုလည်းကောင်း၊ မိမိစိတ်၌ ဖြစ်နေသော ယုံမှားသံသယကိုလည်းကောင်း ပြောဆိုလျှောက်ထားရန် အခွင့်ရမည် မဟုတ်ပေ။ ထို့ကြောင့် အိမ်သို့ ဆွမ်းစားပင့်၍ မေးမြန်းလျှောက်ထားအံ့' ဟု အကြံဖြစ်ကာ သူငယ်တစ်ယောက်ကိုခေါ်၍ အရှင်အာနန္ဒာကို အောက်ပါအတိုင်း ပင့်ခိုင်းလေသည်။ *(ဒီ ၄- ၁- ၁၁၈)*

'သူငယ် လာလော့။ သင်သည် အရှင်အာနန္ဒာ ရဟန်းတော်ထံသို့ ချဉ်းကပ်၍ ငါ၏စကားဖြင့် အရှင်အာနန္ဒာ ရဟန်းတော်ကို **'အပ္ပါဗာဓံ'**- အနာကင်းကြောင်းကိုလည်းကောင်း၊ **'အပ္ပါတင်္က'**- ရောဂါကင်းကြောင်းကိုလည်းကောင်း၊ **'လဟုဋ္ဌာနံ'**- လျင်မြန်ပေါ့ပါး ထသွားနိုင်ခြင်းကိုလည်းကောင်း၊ **'ဗလံ'**- ကိုယ်အားကိုလည်းကောင်း၊ **'ဖာသုဝိဟာရံ'**- ချမ်းသာစွာ နေရခြင်းကိုလည်း ကောင်း၊ **'ပုစ္ဆ'**- မေးလျှောက်ထားလော့။

'ထို့အပြင် အရှင်အာနန္ဒာသည် အစဉ်သနားသဖြင့် တောဒေယျပုဏ္ဏားရဲ့သား သုဘလုလင်အိမ်သို့ ချဉ်းကပ်တော်မူပါလော့' ဟု ဤသို့ လျှောက်ထားလော့ဟူ၍ ပြောဆိုလွှတ်လိုက်လေသည်။ *(ဒီ- ၁- ၁၈၈)*

အရှင်အာနန္ဒာ မိန့်ကြားပုံ

လုလင်ငယ်လည်း သုဘလုလင် မှာကြားသည့်အတိုင်း လျှောက်ထားရာတွင် အရှင်အာနန္ဒာက 'လုလင်ငယ် ယနေ့ ငါသည် ဝမ်းနှုတ်ဆေးသောက်ထား၍ ချဉ်းကပ်ရန် အခါမသင့်သေး။ နက်ဖြန် သင့်ရာအခါကိုလည်းကောင်း၊ အကြောင်းညီညွတ်လျှင်လည်း ကောင်း စဉ်းစားနှိုင်းယှဉ်၍ ချဉ်းကပ်နိုင်ကောင်းတန်ရာပါ၏' ဟု မိန့်တော်မူလိုက်လေသည်။ *(ဒီ- ၁- ၁၈၈)*

အရှင်အာနန္ဒာ၏ ထိုစကားကို လုလင်ငယ်ထံမှ ကြားရသဖြင့် နက်ဖြန် သေချာပေါက်ကြွမည်ဟူ၍ သုဘလုလင် သဘော ပေါက်လေသည်။ *(ဒီ ၄- ၁- ၁၁၉)*

အပ္ပါဗာဓံ၊ အပ္ပါတင်္က အဓိပ္ပါယ်

'အပ္ပ+အာဗာဓ' အပ္ပ- ကင်းခြင်း၊ **အာဗာဓ**- မခံမရပ်နိုင်အောင် လွန်စွာနှိပ်စက်တတ်သော ခေါင်းကိုက်ခြင်း စသောရောဂါ အကြီးစားတည်း။ ထိုရောဂါကြီးများ ကင်းခြင်းကို **'အပ္ပါဗာဓ'** ခေါ်သည်။ **'အပ္ပ+အာတင်္က'** အပ္ပ- ကင်းခြင်း၊ **အာတင်္က**- နေမကောင်း ထိုင်မသာ ယောင်းညာခြင်းစသော ရောဂါအငယ်စားတည်း။ ထိုရောဂါ အငယ်စားမျိုးကင်းခြင်းကို **'အပ္ပါတင်္က'** ခေါ်သည်။

အဋ္ဌကထာ၌ အာဗာဓကို **'ဝိသဘာဂ ဝေဒနာ'** ဟု ဖွင့်ဆိုသည်။ လူ၏ခန္ဓာကိုယ်သည် ကုသိုလ်ကံကြောင့်ဖြစ်၍ ရောဂါမဖြစ်လျှင် **ကာယိက သုခဝေဒနာသာ** ဖြစ်သည်။ အနာရောဂါကြောင့် ဖြစ်ပေါ်လာသော ဝေဒနာကား ထိုသုခဝေဒနာနှင့် သဘောမတူသော *(ဆန့်ကျင်ဘက်ဖြစ်သော)* ဒုက္ခဝေဒနာတည်း။ အနာဟူသော ထိုဒုက္ခဝေဒနာသည် ခန္ဓာကိုယ်တစ်နေရာ၌ဖြစ်လျှင် လွယ်ကူစွာ မလှည့်ပတ်နိုင် မသွားမလာနိုင်သောကြောင့် ဣရိယာပုတ်လေးပါးကို သံပြားဖြင့် ရစ်ပတ်ထားသကဲ့သို့ လေးတွဲ့တွဲ့ ဖြစ်နေသည်။
(ဒီ ၄- ၁- ၁၁၈၊ မဟာဋီ- ၁၈၅၊ ဋီသစ် ဒုအုပ်- ၄၀၄ / ၅)

သုဘလုလင် အရှင်အာနန္ဒာအား လျှောက်ထားခြင်း

နောက်တစ်နေ့ နံနက်စောစောတွင် အရှင်အာနန္ဒာမထေရ်သည် နောက်ပါ စေတကမည်သော ရဟန်းနှင့်အတူ ကြွရောက် တော်မူလာသောအခါ သုဘလုလင်သည် အရှင်အာနန္ဒာနှင့် **သမ္မောဒနီယံ ကထံ**- ဝမ်းမြောက်ဖွယ် စကားကို၊ **သာရဏီယံ ကထံ**- အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တစ်ခုသောနေရာ၌ ထိုင်နေလေသည်။

သမ္မောဒနီယံ ကထံ၊ သာရဏီယံ ကထံ အဓိပ္ပါယ်

ဤ၌ **သမ္မောဒနီယံ ကထံ**- ဝမ်းမြောက်ဖွယ်စကား၊ **သာရဏီယံ ကထံ**- အမှတ်ရဖွယ်စကား ဟူသည်-

'အရှင်ဘုရား အာနန္ဒာ ရှင်တော်ဗုဒ္ဓအား အဘယ်မည်သော အနာရောဂါသည် ဖြစ်ပါသနည်း။ ရှင်တော်ဗုဒ္ဓသည် အဘယ်ကို

ဘုန်းပေးသုံးဆောင်ပါသနည်း။ ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းကြောင့် အရှင်ဘုရားတို့မှာ စိုးရိမ်သောက မဖြစ်ဘဲ ရှိပါ၏လော။

ရှင်တော်ဗုဒ္ဓတို့မည်သည် အရှင်ဘုရားတို့အတွက်သာ ပရိနိဗ္ဗာန်စံဝင်တော်မူသည် မဟုတ်ပါ။ လူ, နတ်, ဗြဟ္မာ တစ်လောကလုံးအတွက် 'မဟာဇာနိ'- ကြီးစွာသော ဆုံးရှုံးမှုကြီး ဖြစ်ပါသည်။ 'အဂ္ဂပုဂ္ဂလော ပရိနိဗ္ဗုတော' အမြတ်ဆုံးဖြစ်သော ရှင်တော်ဗုဒ္ဓတောင်မှ ပရိနိဗ္ဗာန်စံဝင်တော်မူရချေသေး၏။ ရှင်တော်ဗုဒ္ဓမှ တစ်ပါးကုန်သော ကြွင်းကျန်သော ပုဂ္ဂိုလ်တို့အတွက် ပြောဖွယ်ရာမရှိတော့ပါ' စသောစကားမျိုးကို ပြောဆိုခြင်း ဖြစ်သည်။

ထို့နောက်မှ သုဘလုလင်သည် အရှင်အာနန္ဒာအား ယမန်နေ့က သောက်ထားအပ်သော ကျောက်ပတ်သော အာဟာရကို ဆက်ကပ်၍ ဆွမ်းကိစ္စပြီးဆုံးချိန်၌ သင့်တင့်လျောက်ပတ်သော တစ်ခုသောနေရာ၌ ထိုင်နေခြင်း ဖြစ်လေသည်။ *(ဒီ ဋ္ဌ- ၁- ၃၁၉)*

(ဤသည်ကိုထောက်၍ ဘကျူခံရဟန်းတို့၏ ကျန်းမာရေးနှင့် သင့်လျော်အောင် ဆွမ်းကပ်တတ်ရန် လိုအပ်ကြောင်း ထင်ရှားပေသည်။)

သုဘလုလင် ဆက်လက်လျှောက်ထားခြင်း

သုဘလုလင်သည် ထိုသို့ထိုင်နေပြီး အရှင်အာနန္ဒာအား အောက်ပါစကားကို မေးမြန်းလျှောက်ထားလေသည်။

'အရှင်အာနန္ဒာသည် ကာလရှည်မြင့်စွာ ထိုအရှင်ဂေါတမ၏ထံပါး၌နေ၍ အနီး၌ အမြဲရှိသော အလုပ်အကျွေး ဖြစ်ပါ၏။ ထိုအရှင်ဂေါတမသည် အကြင်တရားကို ချီးကျူးလေ့ရှိ၏။ အကြင်တရား၌လည်း လူအပေါင်းကို ဆောက်တည်စေ၏။ သက်ဝင်တည်စေ၏။ ထိုတရားတို့ကို အရှင်အာနန္ဒာသည် သိတော်မူရာပါ၏။ အရှင်အာနန္ဒာဘုရား ထိုအရှင်ဂေါတမသည် အဘယ်တရားကို ချီးကျူးလေ့ရှိပါသနည်း။ အဘယ်တရားတို့၌လည်း လူအပေါင်းကို ဆောက်တည်စေပါသနည်း။ သက်ဝင်စေပါသနည်း။ တည်စေပါသနည်း။' *(ဒီ- ၁- ၁၈၉)*

အဘယ့်ကြောင့် သုဘလုလင်သည် အထက်ပါမေးခွန်းကို မေးသနည်းဟူမူ 'ဗုဒ္ဓသည် သတ္တဝါအပေါင်းတို့အား ဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြောင်း တရားများကို ဟောကြားတော်မူခဲ့လေပြီ။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူသွားသောအခါ၌ ထိုတရားများသည် ထင်ရှားရှိသေးသလော။ သို့မဟုတ် ပျောက်ကွယ်သွားပြီလော။ အကယ်၍ ထင်ရှားရှိသည် ဖြစ်အံ့။ အရှင်အာနန္ဒာသည် သိလတ္တံ့' ဟု အကြံဖြစ်၍ အထက်ပါအတိုင်း မေးခြင်းဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၃၁၉)*

အရှင်အာနန္ဒာ ဖြေကြားတော်မူခြင်း

ထိုသို့ သုဘလုလင် အမေးကို အရှင်အာနန္ဒာမထေရ်သည် ပိဋကသုံးပုံတို့ကို သုံးပါးကုန်သော **'အရိယသီလက္ခန္ဓ-** မြတ်သောသီလအစု၊ **အရိယသမာဓိက္ခန္ဓ-** မြတ်သောသမာဓိအစု၊ အရိယပညာက္ခန္ဓ- မြတ်သောပညာအစု' ဟူသော ခန္ဓာတို့ဖြင့် သိမ်းယူ၍ ဖြေကြားတော်မူသည်။ *(ဒီ- ၁- ၁၈၉)*

ဆိုလိုသည်ကား ဗုဒ္ဓသည် နတ်, လူ, ဗြဟ္မာဟူသော သတ္တဝါအပေါင်းတို့ကို 'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးရပ်အကျင့်မြတ်၌ တည်စေသည်။ သက်ဝင်စေသည်။ ကျင့်သုံးစေသည်ဟူလို။

သီလက္ခန္ဓကို အကျယ်ဟောကြားခြင်း

အရှင်အာနန္ဒာသည် သုဘလုလင်အား သိက္ခာသုံးရပ် အကျဉ့်မြတ်ကို အကျဉ်းအားဖြင့် ဟောကြားပြီးနောက် ထပ်၍တစ်ဖန် အကျယ်အားဖြင့် ဟောကြားတော်မူရာတွင် **'သီလက္ခန္ဓ'** သီလအစုကို ရှေးဦးစွာ ဟောကြားတော်မူသည်။ ဟောကြားပုံကား- ရှေးဦးစွာ ဗုဒ္ဓပွင့်တော်မူလာပုံ, တရားဓမ္မ ဟောကြားတော်မူပုံ, တရားနာရ၍ ရဟန်းပြုပုံ, ရဟန်းအကျင့်နှင့် ပြည့်စုံပုံ, **'စူဠသီလ မဇ္ဈိမသီလ မဟာသီလ'** နှင့် ပြည့်စုံပုံတို့ကို သာမညဖလသုတ်၌ ဗုဒ္ဓ ဟောကြားတော်မူသည့်အတိုင်း အကျယ်တဝင့် ဟောကြားတော်မူလေသည်။ *(ဒီ- ၁- ၁၉၀ / ၁)*

(ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း ဟောကြားခြင်း ဖြစ်သောကြောင့် ဤသုဘသုတ်သည်လည်း ဗုဒ္ဓဟောကြားတော်မူအပ် သောသုတ် ဖြစ်တော့သည်။ မဟာဋီ- ၃၈၆၊ ဋီသစ် ဒုအုပ်- ၄၀၆)

အရှင်အာနန္ဒာသည် ထိုသို့ သုဘလုလင်အား **သီလက္ခန္ဓ** = သီလအစုကို အကျယ်အားဖြင့် ဟောကြားတော်မူပြီး 'ကျင့်သုံးခြင်းကိစ္စသည် ဤသီလအစုတွင်သာ ပြီးဆုံးသည်မဟုတ်။ ဤသီလအစုသည် တည်ရာမျှသာတည်း။ ဤအရိယသီလက္ခန္ဓ- ဤမြတ်သော သီလအစုထက် သာလွန်သော ပြုဖွယ်ကိစ္စသည် ရှိသေးသည်သာတည်း' ဟု အရှင်အာနန္ဒာ မိန့်ကြားတော်မူသည်။ *(ဒီ- ၁- ၁၉၁)*

သုဘလုလင် ဝမ်းမြောက်ဝမ်းသာ လျှောက်ထားခြင်း

ထိုသီလက္ခန္ဓ = သီလအစုကို ကြားနာရသည်ရှိသော် သုဘလုလင်သည် အရှင်အာနန္ဒာအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

'အံ့ဖွယ်ရှိပါပေစွ အရှင်အာနန္ဒာ၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ အရှင်အာနန္ဒာ။ ထိုမြတ်သော **သီလက္ခန္ဓ** = သီလအစုသည် ပြည့်စုံလှပေ၏။ ဤဗုဒ္ဓသာသနာတော်မှ အပဖြစ်သော သမဏ ဗြာဟ္မဏတို့၏ သာသနာ၌ ဤမျှပြည့်စုံသော သီလက္ခန္ဓမျိုးကို မတွေ့မြင်ရပါ။ ထိုသမဏ ဗြာဟ္မဏတို့သည် မိမိတို့သန္တာန်၌ ဤကဲ့သို့ သီလက္ခန္ဓမျိုးကို တွေ့မြင်ရသည်ဖြစ်အံ့။ ဤမျှလောက်ဖြင့် ပြည့်စုံပြီ။ ရဟန်းဖြစ်ကျိုးရပြီ။ ဤထက်သာလွန်သော ပြုဖွယ်ကိစ္စသည် ငါတို့အား မရှိတော့ပြီဟု ဝမ်းမြောက်ကျေနပ်ကြကုန်ရာ၏။ ထိုသို့ဖြစ်ပါလျက် အရှင်အာနန္ဒာသည် ဤဗုဒ္ဓသာသနာတော်၌ ဤသီလက္ခန္ဓထက် သာလွန်သော ပြုဖွယ်ကိစ္စကား ရှိသေးသည်သာတည်းဟု မိန့်တော်မူဘိ၏။ ဤသီလက္ခန္ဓထက် သာလွန်သော သမာဓိက္ခန္ဓကား အဘယ်ပါနည်း။' *(ဒီ- ၁- ၁၉၁ / ၂)*

အရှင်အာနန္ဒာ သမာဓိက္ခန္ဓကို ပြကြားတော်မူခြင်း

သုဘလုလင်သည် သမာဓိက္ခန္ဓကို မေးပါသော်လည်း အရှင်အာနန္ဒာသည် သမာဓိက္ခန္ဓကို တိုက်ရိုက်မပြကြားဘဲ 'ဣန္ဒြိယသံဝရကိုလည်းကောင်း, သတိသမ္ပဇဉ်ကိုလည်းကောင်း, သန္တောသတရားကိုလည်းကောင်း ပြကြားတော်မူသည်။ ထိုတရားသုံးမျိုးတို့သည် 'သီလ, သမာဓိ' တို့အား ကျေးဇူးများသောကြောင့် ရှေးဦးစွာ ဟောကြားတော်မူခြင်း ဖြစ်သည်။ ထို့နောက်မှ သာမညဖလသုတ်မှာ လာသည့်အတိုင်း တရားအားထုတ်ရန် နေရာကိုလည်းကောင်း, တရားအားထုတ်ပုံကိုလည်းကောင်း ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ရပုံတို့ကိုလည်းကောင်း အကျယ်ဟောကြားတော်မူသည်။ ထိုဈာန်လေးပါးတို့သည် **သမာဓိက္ခန္ဓ** = သမာဓိအစု ဖြစ်လေသည်။ *(ဒီ- ၁- ၁၉၂ မှ ၁၉၇ အထိ၊ ဒီ ဋ- ၁- ၃၂၀)*

စတုတ္ထဈာန်အတွင်း၌ အရူပဈာန်လည်းပါဝင်ပုံ

ထိုသမာဓိက္ခန္ဓ = သမာဓိအစုတို့တွင် ရူပဈာန်လေးပါးတို့သာ တိုက်ရိုက်လာသည်။ အရူပဈာန်တို့ တိုက်ရိုက်မလာပေ။ သို့ရာတွင် အရူပဈာန်လေးပါးတို့ကိုလည်း **သမာဓိက္ခန္ဓ** = သမာဓိအစုတွင် ပါဝင်သောကြောင့် ဆောင်၍သိရှိရမည် ဖြစ်သည်။

ရှင်းပါဦးမည်။ ပါဠိတော်ဝယ် ရူပဈာန်ကိုသာပြ၍ အရူပဈာန်ကို မပြသော်လည်း အဘိညာဉ်ကိုတက်ရာ၌ အရူပဈာန်ကို မရလျှင် မဖြစ်နိုင်သောကြောင့် အရူပဈာန်တို့ကိုလည်း ဆောင်၍ပြထိုက်ကုန်သည်။

ဆက်ဦးအံ့။ ရူပဈာန်ကို ဟောပြီးသောအခါ အဘိညာဉ်ကို ဟောရန်အလှည့် ရောက်လာသည်။ 'အယံပိ ကာယော ရူပီ' စသည်ဖြင့် ဝိပဿနာရှုသောအခါ ရူပကာယကို မှတည်ရ၏။ 'မနောမယ ဣဒ္ဓိဝိဓ' စသော အဘိညာဉ်များ၌လည်း ရုပ်တရားပါရှိရ၏။ ထို့ကြောင့် ရုပ်မရှိသော အရူပဈာန်ကို မဟောဘဲ ရူပဈာန်၏ အခြားမဲ့၌ အဘိညာဉ်ကိုဟောမှ ရှေးနောက်လိုက်လျော ရကား ရူပဈာန်၏ အခြားမဲ့၌ အဘိညာဉ်ကိုဟောရန် အလှည့်ရောက်သောကြောင့် အရူပဈာန်ကို တိုက်ရိုက်မဟောတော့ပါ။ သို့သော် အရူပဈာန်မပါလျှင် အဘိညာဉ်သို့ မတက်နိုင်သောကြောင့် အဘိညာဉ်ကို ဟောလျှင်ပင် 'နာနန္တရိက' နည်းအားဖြင့် အရူပဈာန်ကို ဟောပြီးဖြစ်လေတော့သည်။ *(ဒီ ဋ- ၁- ၃၂၀၊ မဟာဋီ- ၃၈၇၊ ဋီသစ် ဒုအုပ်- ၄၀၇)*

ထိုသို့ **သမာဓိက္ခန္ဓ** = သမာဓိအစုကို ဟောပြီးလျှင် အရှင်အာနန္ဒာသည် သုဘလုလင်အား 'ဤဗုဒ္ဓသာသနာတော်၌ ဤသမာဓိက္ခန္ဓထက် သာလွန်သော ပြုဖွယ်ကိစ္စ **ပညာက္ခန္ဓ** = ပညာအစု ရှိသေးကြောင်း' မိန့်တော်မူလေသည်။

သုဘာလုလင်သည် ရှေးကအတိုင်းပင် ဝမ်းမြောက်ဝမ်းသာ လျှောက်ထားပြီး ပညာက္ခန္ဓကိုဟောရန် လျှောက်ထားလေသည်။ *(ဒီ- ၁- ၁၉၇)*

အရှင်အာနန္ဒာ ပညာက္ခန္ဓကို ဟောကြားတော်မူခြင်း

အရှင်အာနန္ဒာသည် သုဘာလုလင်အား ပညာက္ခန္ဓကို ဟောကြားတော်မူရာ၌ သာမညဖလသုတ်၌ ဗုဒ္ဓဟောကြားတော်မူသည့်နည်းအတိုင်းပင် **ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, စုတူပပါတဉာဏ်, အာသဝက္ခယဉာဏ်** ဟူသော ဝိဇ္ဇာရှစ်ပါးတရားများကို အကျယ်တဝင့် ဟောကြားတော်မူလေသည်။ ထိုသို့ ဟောကြားတော်မူပြီး 'ပညာက္ခန္ဓ' ထက် သာလွန်သော ပြုဖွယ်ကိစ္စသည် မရှိတော့ပြီ' ဟူ၍ မိန့်ကြားတော်မူလေသည်။ *(ဒီ- ၁- ၁၉၈ မှ ၂၀၄ အထိ)*

ဗုဒ္ဓ၏ သာသနာတော်၌ အရဟတ္တဖိုလ် ပညာထက် သာလွန်သော ပြုဖွယ်ကိစ္စသည် မရှိတော့သည်သာ။ မှန်၏။ ဗုဒ္ဓသာသနာတော်သည် 'အရဟတ္တ ပရိယောသာနံ' အရဟတ္တဖိုလ်ဟူသော အဆုံးရှိလေသည်။ *(ဒီ ဋ- ၁- ၃၂၀)*

သုဘာလုလင် ဥပသကာအဖြစ် လျှောက်ထားခြင်း

ထိုသို့ အရှင်အာနန္ဒာ မိန့်ကြားတော်မူလျှင် သုဘာလုလင်သည်-

'အံ့ဖွယ်ရှိပါပေစွ အရှင်အာနန္ဒာ၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ အရှင်အာနန္ဒာ။ ထိုမြတ်သော ပညာက္ခန္ဓ = ပညာအစုသည် မပြည့်စုံသည်မဟုတ်၊ ပြည့်စုံပါပေ၏။ အရှင်အာနန္ဒာ အကျွန်ုပ်သည် ဤသို့ပြည့်စုံသော မြတ်သော ပညာက္ခန္ဓကို ဤဗုဒ္ဓသာသနာတော်မှ အပ တစ်ပါးသော သမဏ ဗြာဟ္မဏတို့၌ မတွေ့မမြင်ရပါ။ ဤအရာ၌ ဤပညာက္ခန္ဓထက် သာလွန်သော ပြုဖွယ်ကိစ္စသည် မရှိနိုင်တော့ပါ။

အရှင်အာနန္ဒာ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေ၏။ အရှင်အာနန္ဒာ တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေ၏။ အရှင်အာနန္ဒာ မှောက်ထားသောအိုးကို လှန်ဘိသကဲ့သို့လည်းကောင်း, ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့လည်းကောင်း, မျက်စိအမြင်ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်အမှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့လည်းကောင်း ဤအတူသာလျှင် အရှင်အာနန္ဒာသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။

အရှင်အာနန္ဒာ ထိုတပည့်တော်သည် ထိုအရှင်ဂေါတမကိုလည်းကောင်း, တရားသံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်အာနန္ဒာသည် တပည့်တော်ကို ယနေ့ကို အစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ' ဟု လျှောက်ထားလေသတည်း။ *(ဒီ- ၁- ၂၀၄)*

သတိပြုဖွယ် တရားတော်

(၁) သုဘာလုလင် အဖဖြစ်သော တောဒေယျပုဏ္ဏားသည် (၄၅) ကုဋေသော ရွှေ, ငွေပိုင်ရှင် သူဌေးကြီးတစ်ဦး ဖြစ်သော်လည်း ဒါနအစရှိသော ကုသိုလ်ကောင်းမှုကို မပြုလုပ်သောကြောင့် လူ့ဘဝ သူဌေးဘဝမှ သေသောအခါ ခွေးဘဝသို့ ရောက်ရလေသည်။ ဤသည်ကိုထောက်၍ ပစ္စည်းဥစ္စာကို ရှာဖွေစုဆောင်းတတ်ရန် လိုအပ်သလို ဒါနအစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်တတ်ရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် **ပစ္စည်းဥစ္စာတို့ကိုလည်း မှန်ကန်သောနည်းဖြင့် ရှာဖွေစုဆောင်းတတ်ကြပြီး ဒါနအစရှိသော ကုသိုလ်ကောင်းမှုများကိုလည်း ပြုလုပ်တတ်ကြသူများ ဖြစ်ကြပါကုန်လော့။**

(၂) သုဘာသုတ်သည် ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်တော်မူပြီး တစ်လခန့်အကြာ၌ သုဘာလုလင် တောင်းပန်လျှောက်ထားသောကြောင့် အရှင်အာနန္ဒာက ဗုဒ္ဓဟောကြားတော်မူသောနည်းအတိုင်း ဟောကြားတော်မူခြင်းဖြစ်၍ သုဘာသုတ်သည် ဗုဒ္ဓဟောကြားတော်မူအပ်သော သုတ် ဖြစ်ရလေသည်။ သို့ဖြစ်၍ ဟောကြားအပ်သော တရားတော်များသည် ခေတ်နှင့်အညီ ဟောကြားကြရသော်လည်း ဗုဒ္ဓ၏

အလိုဆန္ဒတော်အတိုင်း ဟောကြားရန် အထူးလိုအပ်ကြောင်းမှာလည်း ထင်ရှားလျက်ရှိပေသည်။ ထို့ကြောင့် **တရားကို ဟောကြားကြရာ၌ ဗုဒ္ဓ၏ အလိုဆန္ဒဘောင်အတွင်းက ဟောကြားတတ်သူများ ဖြစ်ကြပါကုန်လော့။**

(၃) သုဘလုလင်သည် အရှင်အာနန္ဒာ ဟောကြားတော်မူအပ်သော **'သီလ, သမာဓိ, ပညာ'** ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ကို နာကြားပြီးသောအခါ၌ ရတနာသုံးပါးကို ပို၍ယုံကြည်ဆည်းကပ် ကိုးကွယ်သူတစ်ဦး ဖြစ်လာလေသည်။ ဤသည်ကို ထောက်လျှင် သံဃာတော် အရှင်မြတ်များသည် ဗုဒ္ဓအလိုဆန္ဒတော်အတိုင်း ပြောတတ်, ဟောတတ်, နေတတ်, ထိုင်တတ်လျှင် ဗုဒ္ဓပင် ပရိနိဗ္ဗာန်ပြုသော်လည်း ဗုဒ္ဓရှိနေသကဲ့သို့ပင် ဖြစ်နေလေသည်။ **ထို့ကြောင့် ဗုဒ္ဓ၏ အလိုဆန္ဒတော်နှင့် ညီနိုင်သမျှညီအောင် ပြောတတ်, ဟောတတ်, နေတတ်, ထိုင်တတ်, ကျင့်သုံးတတ်ကြသူများ ဖြစ်ကြပါကုန်လော့။**

သုဘသုတ် ပြီး၏။

(၁၁) ကေဝဋ္ဋသုတ်

ဝေ မေ သုတံ ဧကံ သမယံ ဘဂဝါ နာဠန္ဒာယံ ဝိဟရတိ ပါဝါရိက ကမ္ဗဝနေ။ *(ဒီ- ၁- ၂၀၅)*

ဘန္တေကဿပ- အရှင်မဟာကဿပဘုရား၊ တ္တာဒံ သုတ္တံ- ဤကေဝဋ္ဋသုတ္တန် ဒေသနာတော်ကို၊ မေ မယာ အာနန္ဒေန- တပည့်တော်အာနန္ဒာသည်၊ ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ သမ္မုခါ- မျက်မှောက်တော်မှ၊ ဝေ- ဤဆို လတ္တံ့အတိုင်း၊ သုတံ- နာခံမှတ်သား ကြားနာဆောင်ထားအပ်ပါပြီ။

ဧကံ သမယံ- အခါတစ်ပါး၌၊ **ဘဂဝါ-** ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **နာဠန္ဒာယံ-** နာဠန္ဒမြို့၏ အနီးဖြစ်သော၊ **ပါဝါရိက ကမ္ဗဝနေ-** အဝတ်ကုန်သည် သူဌေး၏ သရက်ဥယျာဉ်၌၊ **ဝိဟရတိ-** ဣရိယာပထ မျှတစွာဖြင့်ပြုး သီတင်းသုံးနေတော်မူ၏။

ထိုအခါ ကေဝဋ္ဋမည်သော သူကြွယ်သည် ဗုဒ္ဓအား ရှိခိုးလျက် အောက်ပါအတိုင်း လျှောက်ထားလေသည်။

'ရှင်တော်ဗုဒ္ဓဘုရား ဤနာဠန္ဒမြို့သည် ပြည့်စုံကြွယ်ဝပါ၏။ စည်ပင်ဝပြောပါ၏။ လူဦးရေများပြားပါ၏။ လူအသွားအလာ ထူထပ်ပါ၏။ ရှင်တော်ဗုဒ္ဓဘုရား၌ အလွန်ကြည်ညိုပါ၏။ ရှင်တော်ဗုဒ္ဓဘုရား တောင်းပန်ပါ၏။ ရှင်တော်ဗုဒ္ဓသည် တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှာ ရဟန်းတစ်ပါးအား အမိန့်ပေးတော်မူပါ။ ဤနာဠန္ဒမြို့သည် ရှင်တော်ဗုဒ္ဓအပေါ်၌ အတိုင်းထက်အလွန် ကြည်ညိုပါလိမ့်မည်'

ကေဝဋ္ဋ အကြံဖြစ်ပုံ

တံငါသည်တို့ စောင့်ရှောက်အပ်သောကြောင့် ကေဝဋ္ဋ အမည်ရသည်။ *(မဟာဋီ- ၃၈၈၊ ဋီသစ် ဒုအုပ်- ၄၀၉)*

ထိုကေဝဋ္ဋသည် ကိုယ်တိုင်က သူကြွယ်ဖြစ်သော်လည်း သူ၏အဖမှာ မကြာမီကမှ ကွယ်လွန်သောကြောင့် ဂဟပတိပုတ္တ သူကြွယ်သားဟု ခေါ်ကြသည်။ ထိုကေဝဋ္ဋသည် ကုဋေလေးဆယ် ကြွယ်ဝသော ဓနရှင် ဖြစ်လေသည်။ လွန်ကဲသော သဒ္ဓါတရား ရှိသည်။ ရတနာသုံးပါး၌ အလွန်ကြည်ညိုသည်။ ထို့ကြောင့် ဗုဒ္ဓအပေါ်၌ ပို၍ကြည်ညိုရေးကို မျှော်တွေးကြံစည်၍လည်းကောင်း၊ ဗုဒ္ဓသာသနာတော် ကြီးပွားရေးကို ထောက်ရှု၍လည်းကောင်း၊ ဗုဒ္ဓနှင့်လည်း အကျွမ်းဝင်သူတစ်ဦး ဖြစ်သောကြောင့်လည်းကောင်း အထက်ပါအတိုင်း လျှောက်ထားခြင်း ဖြစ်လေသည်။ *(ဒီ ဌ- ၁- ၃၂၁)*

ဗုဒ္ဓ ပြန်လည်မိန့်ကြားပုံ

ထိုအခါ ဗုဒ္ဓသည် ကေဝဋ္ဋအား အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူလေသည်။

'ကေဝဋ္ဋ ငါသည် ရဟန်းတို့အား လာကြလော့။ သင်တို့သည် တန်ခိုးပြာဋိဟာကို အဝတ်ဖြူဝတ်ကုန်သော လူတို့အား ပြကြကုန်လော့။ ဤသို့ တရားကို ငါမဟော။' *(ဒီ- ၁- ၂၀၅)*

ထိုအခါ ကေဝဋ္ဋသည် နှစ်ကြိမ်မြောက် ထပ်၍လျှောက်ထားသောအခါ၌လည်း ဗုဒ္ဓသည် နှစ်ကြိမ်မြောက် အထက်ပါအတိုင်း မိန့်ကြားတော်မူသည်။ သုံးကြိမ်မြောက် လျှောက်ထားသောအခါ၌မူကား-

'ဤကေဝဋ္ဋသည် ငါတားမြစ်သော်လည်း ထပ်ခါထပ်ခါ လျှောက်နေဘိသည်။ ငါသည် တန်ခိုးပြခြင်း၏ အပြစ်ကို ပြတော်မူအံ့' ဟု ကြံစည်တော်မူ၍ ကေဝဋ္ဋအား ဗုဒ္ဓသည် အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။ *(ဒီ ဌ- ၁- ၃၂၁)*

တန်ခိုးပြာဋိဟာ (၃)ပါး

ကေဝဋ္ဋ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ငါဟောကြားထားသော တန်ခိုးပြာဋိဟာတို့သည် (၃) ပါး ရှိကုန်၏။ ထိုသုံးပါးကား-

(၁) **ဣဒ္ဓိပါဋိဟာရိယ တန်ခိုးပြာဋိဟာ**	- များပြားသောတန်ခိုးကို ဖန်ဆင်းခြင်း ပြာဋိဟာ၊
(၂) **အာဒေသနာ ပါဋိဟာရိယ**	- အတပ်ဟောခြင်း တန်ခိုးပြာဋိဟာ၊
(၃) **အနုသာသနီ ပါဋိဟာရိယ**	- ဆုံးမခြင်း တန်ခိုးပြာဋိဟာ တို့တည်း။

ဣဒ္ဓိပါဋိဟာရိယ တန်ခိုးပြာဋိဟာ

ကေဝဋ္ဋ ဣဒ္ဓိပါဋိဟာရိယ တန်ခိုးပြာဋိဟာ ဟူသည်ကား။ ။ဤသာသနာတော်၌ ရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏။ တစ်ယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏။ အများဖြစ်လျက်လည်း တစ်ယောက်တည်း ဖြစ်လာ၏။ ကိုယ်ထင်ရှား ဖြစ်စေ၏။ ကိုယ်ပျောက်စေ၏။ နံရံတစ်ဘက်, တံတိုင်းတစ်ဘက်, တောင်တစ်ဘက်သို့ မထိမငြိဘဲ ကောင်းကင်၌ကဲ့သို့ သွား၏။

မြေ၌လည်း ငုပ်ခြင်း, ပေါ်ခြင်းကို ရေ၌ကဲ့သို့ပြု၏။ ရေ၌လည်း မကွဲကျဘဲ မြေ၌ကဲ့သို့ သွား၏။ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွား၏။ တန်ခိုးအာနုဘော်ကြီးကုန်သော လ, နေတို့ကိုလည်း လက်ဖြင့် သုံးသပ်၏။ ဆုပ်ကိုင်၏။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏။

ထိုကဲ့သို့ တန်ခိုးပြာဋိဟာကို သဒ္ဓါတရားရှိသော, ကြည်ညိုသော ဒါယကာတစ်ယောက် တွေ့မြင်ရသောအခါ အခြားသော သဒ္ဓါတရားရှိသော, မကြည်ညိုသော ဒါယကာတစ်ယောက်ကို ပြောပြ၏။ ထိုအခါ သဒ္ဓါတရားမရှိသော, မကြည်ညိုသော ဒါယကာသည် အောက်ပါအတိုင်း ပြန်လည်ပြောကြားလေသည်။

'အချင်း ဂန္ဓာရီမည်သော အတတ်ပညာသည် ရှိ၏။ ထိုအတတ်ပညာဖြင့် ထိုဣဒ္ဓိဝိဓတန်ခိုး ပြာဋိဟာကိုပြခြင်း ဖြစ်လေသည်' ဟူ၍ ပြောဆိုရာ၏။

ထိုသို့ ပြောဆိုရသောကြောင့် ငါသည် ဣဒ္ဓိပါဋိဟာရိယ တန်ခိုးပြာဋိဟာ၌ ဤအပြစ်ကို မြင်သည်ဖြစ်၍ ဣဒ္ဓိပါဋိဟာရိယ တန်ခိုးပြာဋိဟာကိုပြရန် ဝန်လေး၏။ ရှက်၏။ စက်ဆုပ်၏။ *(ဒီ- ၁- ၂၀၆ / ၇)*

ဤ၌ ဂန္ဓာရီအတတ်ပညာသည် ရှိ၏။ တစ်နည်း ဂန္ဓာရတိုင်း၌ဖြစ်သော အတတ်ပညာသည် ရှိ၏။ ထိုဂန္ဓာရတိုင်း၌ ရသေ့များစွာတို့သည် စူဠဂန္ဓာရီ, မဟာဂန္ဓာရီဟူသော အတတ်ပညာနှစ်မျိုးကို တတ်မြောက်ကြလေသည်။ ထိုတွင် စူဠဂန္ဓာရီ, မဟာဂန္ဓာရီဟူ၍ နှစ်မျိုးရှိရာ၌ သုံးနှစ်အတွင်း သေခဲ့သော သတ္တဝါတို့၏ ဖြစ်ရာဌာနကိုသိသော အတတ်ပညာသည် စူဠဂန္ဓာရီမည်၏။ ထို့အပြင် မန္တန်စုပ်၍ ဣဒ္ဓိဝိဓအဘိညာဉ်၏ ဆိုင်ရာတန်ခိုးများကို မျက်လှည့်ပြသကဲ့သို့ ပြနိုင်သော အတတ်ပညာသည် မဟာဂန္ဓာရီ မည်၏။ *(ဒီ ဋ- ၁- ၃၂၂၊ မဟာဋီ- ၃၈၉၊ ဋီသစ် ဒုအုပ်- ၄၁၀)*

အာဒေသနာပြာဋိဟာ – အတပ်ဟောခြင်း ပြာဋိဟာ

'ကေဝဋ္ဋ အတပ်ဟောခြင်း **အာဒေသနာ** ပြာဋိဟာ ဟူသည် အဘယ်နည်းဟူမူကား ရဟန်းသည် သင်၏စိတ်သည် ဤသို့သဘောရှိ၏။ သင်၏စိတ်သည် ဤသို့အခြင်းအရာရှိ၏။ သင်၏အကြံအစည်သည် ဤသို့ဖြစ်၏ဟု တစ်ပါးသောသတ္တဝါ, တစ်ပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတပ်ဟောပေ၏။ စိတ်၌ဖြစ်သည်ကိုလည်း အတပ်ဟောပေ၏။ ကြံစည်သည်ကိုလည်း အတပ်ဟောပေ၏။ ဆင်ခြင်သည်ကိုလည်း အတပ်ဟောပေ၏။'

သဒ္ဓါတရားရှိသူက သဒ္ဓါတရားမရှိသူကို 'ထိုသို့ အတပ်ဟောခြင်း အာဒေသနာ ပြနိုင်သောရဟန်းကို တွေ့မြင်ရ၏' ဟု ပြောကြားသောအခါ သဒ္ဓါတရားမရှိသူက–

'အချင်း စိန္တာမဏိ အတတ်သည်ရှိ၏။ ထိုစိန္တာမဏိအတတ်ဖြင့် ထိုသို့ အတပ်ဟောခြင်း အာဒေသနာ ပြာဋိဟာဖြင့် အတပ်ဟောခြင်း ဖြစ်၏' ဟု ဆိုရာ၏။ 'ကေဝဋ္ဋ ငါသည် အတပ်ဟောခြင်း အာဒေသနာ ပြာဋိဟာ၌ ဤအပြစ်ကိုမြင်သောကြောင့် အတပ်ဟောခြင်း ပြာဋိဟာကို ပြရန်ဝန်လေး၏။ ရှက်၏။ စက်ဆုပ်၏။' *(ဒီ- ၁- ၂၀၇)*

စိန္တာမဏိမန္တန်ကို တတ်သောပုဂ္ဂိုလ်သည် သင့်လျော်သော အရပ်ဒေသ အချိန်ကာလ၌ မိမိသိလိုသော စိတ်၏တည်ရာ ပုဂ္ဂိုလ်ကို ဘာများအထူး မြင်, ကြားခဲ့သလဲ။ နမ်းခဲ့ရ, စားခဲ့ရ, တွေ့ခဲ့ရသလဲဟုမေး၍ ထိုသူသိအပ်မြင်အပ်သော အကြောင်းထူးကို အမှတ်ပြုကာ ယခုအချိန်မှာ သူသည် မည်သည့်စိတ်ဖြစ်စရာရှိ၏ဟု မှန်းဆ၍ ပြောဆိုနိုင်သည်ဟု ကေဆရာတို့ ဆိုကြသည်။

အပရေဆရာတို့ကား ထိုသူ့ကို စကားအပြောခိုင်းပြီးလျှင် သူပြောသောစကား၏ အက္ခရာကို မှတ်သား၍ သူ့အကြံကို ပြေဆိုနိုင်၏ဟု ဆိုကြလေသည်။ လိုရင်းကား 'စိန္တာမဏိ' ဟူသည် သူတစ်ပါး၏စိတ်ကို သိကြောင်းအတတ်ပညာတစ်မျိုး ဖြစ်လေသည်။ *(ဒီ ဋ- ၁- ၃၂၂၊ မဟာဋီ- ၃၈၉ / ၃၉၀၊ ဋီသစ် ဒုအုပ်- ၄၁၁)*

ဆုံးမခြင်း အနုသာသနီ တန်ခိုးပြာဋိဟာ

'ကေဝဋ္ဋ ဆုံးမခြင်း **အနုသာသနီ** ပြာဋိဟာဟူသည် အဘယ်နည်း ဟူမူကား- ကေဝဋ္ဋ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ဆုံးမ၏။ ဆုံးမပုံကား ဤသို့ ကာမဂုဏ်မှ ထွက်မြောက်ခြင်း နေက္ခမ္မဝိတက်ကို ကြံကုန်လော့။ ဤသို့ ကာမဂုဏ်ကို ကြံစည်ခြင်း ကာမဝိတက်စသည်ကို မကြံကုန်လင့်။ ဤသို့ အနိစ္စစသည်ကို နှလုံးသွင်းလော့။ ဤသို့ နိစ္စစသည်ကို နှလုံးမသွင်းလင့်။ ဤသို့ ကာမရာဂစသော တရားများကို ပယ်ကုန်လော့။ မဂ်ဖိုလ်ဟူသော လောကုတ္တရာတရားသို့ရောက်၍ နေကုန်လော့' ဟု ဆုံးမ၏။ ကေဝဋ္ဋ ဤသို့ဆုံးမခြင်းကို အနုသာသနီပြာဋိဟာဟု ဆိုအပ်၏။

ကေဝဋ္ဋ တစ်ဖန်ထို့ပြင်လည်း ဗုဒ္ဓပွင့်တော်မူလာပုံ, တရားနာပုံ, ရဟန်းပြုပုံ, ရဟန်းကျင့်ဝတ်နှင့် ပြည့်စုံပုံ, သီလသုံးမျိုးနှင့် ပြည့်စုံပုံ, ဣန္ဒြိယသံဝရ, သတိသမ္ပဇည, သန္တောသဖြစ်ပုံ, ဈာန်လေးပါးရပုံ, ဝိပဿနာဉာဏ် ဖြစ်ပုံမှစ၍ အာသဝက္ခယဉာဏ် ဖြစ်ပုံအထိ သာမညဖလသုတ်အတိုင်းတည်း။ *(ဒီ- ၁- ၂၀၇ / ၈)*

အနုသာသနီ ပါဋိဟာရိယ အဓိကကျပုံ

ထိုတန်ခိုးသုံးမျိုးတွင် ဗုဒ္ဓသာသနာတော်၌ ဗုဒ္ဓ၏ အဆုံးအမဖြစ်သော **အနုသာသနီ ပါဋိဟာရိယ**သည်သာ အဓိကပဓာန ဖြစ်သည်။ အကြောင်းကား **'ဣဒ္ဓိပါဋိဟာရိယ, အာဒေသနာ ပါဋိဟာရိယ'** နှစ်မျိုးသည် သူတစ်ပါးတို့က အပြစ်တင်နိုင်ဖွယ်ရှိသော ကြောင့်လည်းကောင်း, ဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်သောကြောင့်လည်းကောင်း ကြာရှည်စွာ မတည်တန့်နိုင်။ ထို့ကြောင့် ထိုတန်ခိုး နှစ်မျိုးသည် အဓိကပဓာန မဟုတ်ပေ။

အနုသာသနီ ပါဋိဟာရိယကား- ရှင်တော်ဗုဒ္ဓ၏ စင်ကြယ်သော အဆုံးအမများ ဖြစ်သောကြောင့် သူတစ်ပါးတို့က အပြစ်တင်နိုင်ဖွယ် အကြောင်းမရှိသောကြောင့်လည်းကောင်း *(မကောင်းတာကို မကြံနှင့်၊ မပြောနှင့်၊ မလုပ်နှင့်။ ကောင်းတာကို ကြံပါ၊ ပြောပါ၊ လုပ်ပါ ဟူသော အဆုံးအမမျိုးကို အဘယ်သို့လျှင် အပြစ်တင်နိုင်အံ့နည်း။)* ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် လည်းကောင်း ကြာရှည်စွာတည်တန့်နိုင်သည်။ ထို့ကြောင့် ဗုဒ္ဓ၏အဆုံးအမ အနုသာသနီ ပါဋိဟာရိယသည်သာ အဓိကပဓာန ဖြစ်လေသည်။ *(ဒီ ဌ- ၁- ၃၂၃)*

မဟာဘုတ်လေးပါးကို ရှာသော ရဟန်းဝတ္ထု

ဗုဒ္ဓသည် **ဣဒ္ဓိဝိဓ ပါဋိဟာရိယ, အာဒေသနာ ပါဋိဟာရိယ**တို့သည် အဓိကပဓာန မဟုတ်ဘဲ အဆုံးအမ သာသနာဟူသော **အနုသာသနီ ပါဋိဟာရိယ**သည်သာ အဓိကပဓာနဖြစ်ကြောင်းကို အောက်ပါရဟန်းတစ်ပါးဝတ္ထုကို သက်သေထူ၍ ဟောကြားတော်မူလေသည်။

'ကေဝဋ္ဋ ရှေး၌ဖြစ်ဖူးသည်ကား ဤရဟန်းသံဃာထဲ၌ ရဟန်းတစ်ပါးအား 'ဓာတ်ကြီးလေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်သနည်း' ဟူသော စိတ်အကြံ ဖြစ်ပေါ်လာလေသည်။ ထိုရဟန်းသည် **ဣဒ္ဓိဝိဓ ပါဋိဟာရိယ, အာဒေသနာ ပါဋိဟာရိယ** တန်ခိုးနှစ်မျိုးနှင့် ပြည့်စုံသူ ဖြစ်လေသည်။

'ဓာတ်ကြီးလေးပါး အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်သနည်း' ဟူသော ပြဿနာကား အနုသာသနီ ပါဋိဟာရိယ ဖြစ်လေသည်။ ထိုရဟန်းသည် 'ဓာတ်ကြီးလေးပါး အဘယ်အရပ်၌ အကြွင်းမဲ့ချုပ်သည်' ဟူသော **အနုသာသနီ ပါဋိဟာရိယ**ကို မသိမမြင်သည် ဖြစ်၍ 'တန်ခိုးကြီးသောနတ်တွေ သိမှာပဲ' ဟူသော စိတ်အထင်ဖြင့်-

(၁) ရှေးဦးစွာ စာတုမဟာရာဇ်နတ်တို့ထံ ချဉ်းကပ်၍ ထိုအကြောင်းကို မေးလေသည်။ အချို့စာတုမဟာရာဇ်နတ်တို့သည် အရိယာများ ဖြစ်ကြ၍ ဓာတ်ကြီးလေးပါး ချုပ်ကြောင်းကို အတော်အတန် ဖြေနိုင်စရာ အကြောင်းရှိသော်လည်း ထိုရဟန်းသိလိုသော အချက်မှာ ဗုဒ္ဓကိုယ်တော်တိုင် အပြည့်အစုံဖြေမှ ပြေမည့်ပြဿနာ ဖြစ်သောကြောင့် ကျယ်ကျယ်ဝန်းဝန်း မဖြေဆိုနိုင်သည်ဖြစ်၍ **'မယမ္ပိ ခေါ ဘိက္ခု နဇာနာမ** = ရဟန်း ငါတို့သည်လည်း မသိကြကုန်' ဟူ၍ ဝန်ခံပြောဆိုလေသည်။
(မဟာဋီ- ၃၉၂၊ ဋီသစ် ဒုအုပ်- ၄၁၅ / ၆)

ထိုရဟန်းသည် မဖြေမနေရအောင် ထပ်ခါထပ်ခါ မေးနေသောကြောင့် ကိုယ့်လက်မှလွှတ်ရင်ပြီးရော သဘောဖြင့် စာတုမဟာရာဇ်နတ်မင်းကြီးတို့ သိကြလိမ့်မည်ဟူ၍ တာဝန်လွှဲလိုက်လေသည်။ *(ဒီ- ၁- ၂၀၉၊ ဒီ ဋ္ဌ- ၁- ၃၂၄)*

(၂) ထိုရဟန်းသည် စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက်ထံ သွား၍မေးသောအခါလည်း **'မယမ္ပိ ခေါ် ဘိက္ခု နဇာနာမ** = ရဟန်း ငါတို့လည်း မသိကြကုန်' ဟူ၍ ပြောဆိုကြလေသည်။

(၃) ထိုနတ်မင်းကြီးတို့က တာဝတိံသာနတ်တို့ကို တာဝန်ပုံချသောအခါ တာဝတိံသာနတ်တို့လည်း **'မယမ္ပိ ခေါ် နဇာနာမ** = ရဟန်း ငါတို့လည်း မသိကြကုန်' ဟူ၍ ဖြေဆိုကြလေသည်။

(၄) ထို့နောက် တာဝတိံသာနတ်တို့၏ တာဝန်ပစ်ချချက်အရ ထိုပြဿနာ သိကြားမင်းထံ ရောက်လာပြန်ရာ သိကြားမင်းက ကြံစည်စဉ်းစားမိသည်မှာ ဤပြဿနာသည် သဗ္ဗညုဗုဒ္ဓတို့၏ အရာတည်း။ အခြားသူတို့၏ အရာမဟုတ်။

'မီးကို ပယ်စွန့်၍ ပိုးစုန်းကြူးကို မှတ်သူကဲ့သို့လည်းကောင်း, စည်ကြီးကို ပယ်စွန့်၍ ဝမ်းဗိုက်ကို တီးသူကဲ့သို့လည်းကောင်း လောက၌ အမြတ်ဆုံး ဗုဒ္ဓကို ပယ်စွန့်၍ ဤရဟန်းသည် နတ်တို့ကို လှည့်လည်၍ မေးတုံဘိ၏။ ထိုရဟန်းကို အနည်းငယ် ပင်ပန်းစေပြီးမှ ဗုဒ္ဓထံသို့ ပို့တော့အံ့' ဟု ကြံစည်၍ **'အယမ္ပိ ခေါ် နဇာနာမိ** = ရဟန်း အကျွန်ုပ်သည်လည်း မသိပါ' ဟူ၍ ပြောဆိုပြီးနောက် အထက်ယာမာနတ်တို့ထံ ပို့လိုက်ပြန်လေသည်။

(၅) ယာမာနတ်တို့ကလည်း ထိုနည်းလည်းကောင်းပင် **'မယမ္ပိခေါ် နဇာနာမ** = ငါတို့သည်လည်း မသိကြကုန်' ဟူ၍ ပြောဆိုကာ တုသိတာနတ်တို့ထံ ပို့လိုက်ပြန်လေသည်။ တုသိတာနတ်တို့ကတစ်ဆင့် နိမ္မာနရတိနတ်တို့ထံသို့လည်းကောင်း, နိမ္မာနရတိနတ်တို့ကတစ်ဆင့် အထက်ဆုံးနတ်ပြည်ဖြစ်သော ပရနိမ္မိတဝသဝတ္တိနတ်တို့ထံသို့လည်းကောင်း, ၎င်းမှတဆင့် ဗြဟ္မာ့ပြည် ဗြဟ္မာများ ထံသို့လည်းကောင်း အဆင့်ဆင့် ပို့လွှတ်လိုက်ကြလေသည်။ ထိုဗြဟ္မာများမှတဆင့် ထိုရဟန်းသည် မဟာဗြဟ္မာကြီးထံ ရောက်သွားပြန်လေသည်။ *(ဒီ- ၁- ၂၀၉ / ၂၁၀၊ ဒီ ဋ္ဌ- ၁- ၃၂၄)*

မဟာဗြဟ္မာကြီး ဖြေကြားပုံ

ထိုမဟာဗြဟ္မာကြီးကို ထိုရဟန်းသည် 'မဟာဗြဟ္မာကြီး ဓာတ်ကြီးလေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ငြိမ်းသနည်း' ဟူ၍ မေးပြန်လေသည်။

ထိုအခါ မဟာဗြဟ္မာကြီး စဉ်းစားသည်မှာ 'မသိဘူး' ဟူ၍ ပြောအံ့၊ အောက်လက်ငယ်သား ဗြဟ္မာတွေက အထင်သေးအံ့၊ သိသယောင် ဖြေဆိုအံ့၊ ဤရဟန်းကို နှစ်သက်စေလိမ့်မည်မဟုတ်။ ငါသည် ပြဿနာကို ရှောင်လွှဲပြီးကာမှ ဗုဒ္ဓထံသို့ ပို့ပေတော့အံ့' ဟူ၍ ကြံစည်ပြီးလျှင် အောက်ပါအတိုင်း ဖြေဆိုလေသည်။ *(ဒီ ဋ္ဌ- ၁- ၃၂၄)*

'ရဟန်း အကျွန်ုပ်သည် ဗြဟ္မာဖြစ်၏။ မဟာဗြဟ္မာ ဖြစ်၏။ လွှမ်းမိုးနိုင်သူ ဖြစ်၏။ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်၏။ စင်စစ် အလုံးစုံကိုမြင်သူ ဖြစ်၏။ အလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏။ ပြုသူ ဖြစ်၏။ ဖန်ဆင်းသူ ဖြစ်၏။ အမြတ်ဆုံး ဖြစ်၏။ စီမံသူ ဖြစ်၏။ ရှာန်၌လေ့လာပြီးသူ ဖြစ်၏။ ဖြစ်ပြီး, ဖြစ်ဆဲ သတ္တဝါတို့၏ အဖဖြစ်၏' ဟု ဆိုလေ၏။

ထိုအခါ ထိုရဟန်းသည် ထိုမဟာဗြဟ္မာကြီးကို 'မဟာဗြဟ္မာ ငါသည် သင့်ကို ဗြဟ္မာလော, မဟာဗြဟ္မာလော, အလုံးစုံကို သိသူ ဖြစ်သလော' စသည်ကို မေးသည်မဟုတ်။ 'ဓာတ်ကြီးလေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ချုပ်သနည်း' ဟု မေးခြင်း ဖြစ်၏ဟူ၍ ဆိုလေသည်။

ထိုမဟာဗြဟ္မာကြီးလည်း အထက်ပါအတိုင်းပင် ပြောဆိုနေပြန်သောကြောင့် ထိုရဟန်းသည်လည်း အထက်ပါအတိုင်းပင် ပြောဆို၍ သုံးကြိမ်မြောက်အထိ မေးရပြန်လေသည်။

မဟာဗြဟ္မာကြီး ဗုဒ္ဓထံသို့ ပို့လိုက်ခြင်း

ထိုအခါ မဟာဗြဟ္မာကြီးသည် ထိုရဟန်း၏ လက်မောင်းကိုကိုင်၍ အောက်လက်ဗြဟ္မာများ မမြင်နိုင်သော တစ်နေရာသို့ ခေါ်၍ 'ရဟန်း မဟာဗြဟ္မာသည် အလုံးစုံကို သိ၏' ဟူ၍ အခြားဗြဟ္မာတို့က ယုံကြည်နေကြသည့်အတွက် ၎င်းတို့ရှေ့မှာ မဖြေဆိုခြင်း ဖြစ်သည်။ **'အတမ္ပိ ခေါ် ဘိက္ခု နဇာနာမိ** = ရဟန်း ငါသည်လည်း မသိပါ' ဟူ၍ ဝန်ခံပြောဆိုလေသည်။

ထိုသို့ပြောဆိုပြီး မဟာဗြဟ္မာကြီးသည် ထိုရဟန်းအား 'ရဟန်း ဤလောက၌ ဗုဒ္ဓကို ကျော်လွန်၍ အပြင်ပ၌ ဤပြဿနာ၏ အဖြေကို ရှာမှီးခြင်းကပင် သင်ရဟန်း၏ ချွတ်ယွင်းချက် ဖြစ်လေသည်။ မလျော်သောအမှု ဖြစ်လေသည်။ ရဟန်း သွားပါလော့။ သင်သည် ဗုဒ္ဓကိုသာ မေးလျှောက်ပါလော့။ ဗုဒ္ဓ ဖြေကြားသည့်အတိုင်း ထိုပြဿနာ၏အဖြေကို မှတ်သားပါလော့' ဟု ပြောဆိုလွှတ်လိုက်လေသည်။ *(ဒီ- ၁- ၂၁၂)*

ဗုဒ္ဓကို ပြဿနာမေးခြင်း

ထိုရဟန်းသည် ထိုဗြဟ္မာ့ပြည်မှ ကွေးသောလက် ဆန့်သကဲ့သို့၊ ဆန့်သောလက် ကွေးသကဲ့သို့ ဗုဒ္ဓထံသို့ ရောက်လာပြီး ဗုဒ္ဓအား အောက်ပါအတိုင်း မေးမြန်းပြန်လေသည်။

''**ကတ္ထနုခေါ ဘန္တေ ဣမေ စတ္တာရော အပရိသေသာ နိရုဇ္ဈန္တိ**- ရှင်တော်ဘုရား 'မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်' ဟူသော ဓာတ်ကြီးလေးပါး ခေါ် ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်ပါသနည်း'' ဟု မေးလျှောက်လေသည်။ *(ဒီ- ၁- ၂၁၂)*

ကေဝဋ္ဋ ဤသို့မေးလျှောက်သော် ထိုရဟန်းကို ငါသည် ဤစကားကို ဆို၏။

'ရဟန်း ရှေး၌ ဖြစ်ဖူးသည်ကား သမုဒ္ဒရာ*(ပင်လယ်ကူး)* ကုန်သည်တို့သည် ကမ်းကြည့်ငှက်ကို ယူဆောင်၍ သင်္ဘောသည် ကမ်းကို မမြင်လတ်သော် ထိုသူတို့သည် ကမ်းကြည့်ငှက်ကို လွှတ်၏။ ကမ်းကြည့်ငှက်သည် အရပ်လေးမျက်နှာနှင့် အထက်မျက်နှာ အရပ်သို့ ပျံသန်းပြီး အကြင်အရပ်၌ ကမ်းကို မြင်အံ့၊ သင်္ဘောသို့ ပြန်မလာတော့ပြီ။ ထိုအရပ်သို့သာ ရှေးရှုပျံသွားလေသည်။ အကယ်၍ ကမ်းကို မမြင်အံ့၊ သင်္ဘောသို့သာလျှင် ပြန်၍လာလေသည်။

ဤအတူ ရဟန်း သင်သည် ဗြဟ္မာ့ပြည်တိုင်အောင် ဤပြဿနာ၏အဖြေကို ရှာမရသောကြောင့် ငါ့အထံသို့ ပြန်လှည့်လာ၏'

ဗုဒ္ဓ ပြဿနာကို ဖြေကြားပုံ

'ရဟန်း **ကတ္ထနုခေါ ဘန္တေ ဣမေ စတ္တာရော မဟာဘူတာ အပရိသေသာ နိရုဇ္ဈန္တိ**- ဓာတ်ကြီးလေးပါး ခေါ် မဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ ဝါ အဘယ်အကြောင်းကြောင့် အကြွင်းမဲ့ ချုပ်ကုန်သနည်း' ဟု ဤပြဿနာကို ဤသို့ မမေးသင့်။

ဧဝဉ္စ ခေါ ဧသော ဘိက္ခု ပဉှော ပုစ္ဆိတဗ္ဗော
ကတ္ထ အာပေါ စ ပထဝီ တေဇော ဝါယော န ဂါဓတိ။
ကတ္ထ ဒီဃဉ္စ ရဿဉ္စ အဏုံ ထူလံ သုဘာသုဘံ။
ကတ္ထ နာမဉ္စ ရူပဉ္စ အသေသံ ဥပရုဇ္ဈတိ။ *(ဒီ- ၁- ၂၁၃)*

ဘိက္ခု- ရဟန်း၊ **ဧဝဉ္စ**- ဤသို့သာ၊ **ဧသော ပဉှော**- ဤပြဿနာကို၊ **ပုစ္ဆိတဗ္ဗော**- မေးထိုက်၏၊ **ကိံ**- အဘယ်သို့ မေးထိုက်သနည်း၊ **ကတ္ထ**- အဘယ်အရပ်၌ ဝါ အဘယ်တရားကို သိရခြင်းကြောင့်၊ **အာပေါ စ**- အာပေါဓာတ်သည်လည်းကောင်း၊ **ပထဝီ စ**- ပထဝီဓာတ်သည်လည်းကောင်း၊ **တေဇော စ**- တေဇောဓာတ်သည်လည်းကောင်း၊ **ဝါယော စ**- ဝါယောဓာတ်သည်လည်းကောင်း၊ **န ဂါဓတိ**- မထောက်မမှီ မတည်နိုင်ပါသနည်း။

ကတ္ထ- အဘယ်တရားကို သိရခြင်းကြောင့်၊ **ဒီဃဉ္စ**- အရှည်ခေါ် ပုံသဏ္ဌာန်သည်လည်းကောင်း၊ **ရဿဉ္စ**- အတိုခေါ် ပုံသဏ္ဌာန်သည်လည်းကောင်း၊ **အဏုံ**- အဏုမြူသဖွယ် သေးငယ်သော ရုပ်ကလာပ်သည်လည်းကောင်း၊ **ထူလံ**- ကြီးကျယ်သော ရုပ်ကလာပ်အပေါင်းသည်လည်းကောင်း၊ **သုဘာသုဘံ**- တင့်တယ်၊ မတင့်တယ်သော ရုပ်အပေါင်းသည်လည်းကောင်း၊ **အသေသံ**- အကြွင်းမရှိအောင်၊ **ဥပရုဇ္ဈတိ**- ချုပ်ရပါသနည်း၊ **ဣတိ**- ဤသို့၊ **ပုစ္ဆိတဗ္ဗော**- မေးထိုက်၏။

ကတ္ထ- အဘယ်တရားကို သိရခြင်းကြောင့်၊ **နာမဉ္စ**- နာမ်တရားသည်လည်းကောင်း၊ **ရူပဉ္စ**- ရုပ်တရားသည်လည်းကောင်း၊ **အသေသံ**- အကြွင်းမရှိအောင်၊ **ဥပရုဇ္ဈတိ**- ချုပ်ရပါသနည်း၊ **ဣတိ**- ဤသို့၊ **ပုစ္ဆိတဗ္ဗော**- မေးထိုက်၏။

ဗုဒ္ဓသည် ရဟန်းဝတ္ထုကို သက်သေပြရခြင်း အကြောင်း

ထိုရဟန်း၏ တက်ကြီးလေးပါး အကြွင်းမဲ့ချုပ်ခြင်း အရပ်ကို ရှာဖွေပုံ အကြောင်းအရာကို ကေဝဋ္ဋအား ဗုဒ္ဓသည် အဘယ့်ကြောင့် သက်သေပြရသနည်းဟူမူ– ထိုမဟာဘုတ်၏ အကြွင်းမဲ့ချုပ်ရာကို ရှာဖွေသော ရဟန်းသည် **တ္တန္တိဝိဓ ပါဠိတာရိယဥ်**လည်းကောင်း, **ပရိတ္တဝိဇာနန အဘိညာဉ်** ဟူသော **အာဒေသနာ ပါဠိတာရိယဉ်**လည်းကောင်း ကျွမ်းကျင်နိုင်နင်းပြီးဖြစ်၏။ သို့ပါလျက် မဟာဘုတ်တို့၏ ချုပ်ကြောင်း နိဗ္ဗာန်ကို မသိနိုင်ခြင်းသည် ထိုရဟန်း ရထားသော တန်ခိုးနှစ်မျိုးသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းငှာ မစွမ်းဆောင်နိုင်သည်ကို ပြလို၍လည်းကောင်း၊

အနုသာသနီ ပါဠိတာရိယသည်ကား– ဗုဒ္ဓ သွန်သင်ဆုံးမသည့်အတိုင်း လိုက်နာ၍ ပြုကျင့်သော ပုဂ္ဂိုလ်အတွက် ကေန်မုချ ဝဋ်မှထွက်မြောက်ခြင်းကို ဆောင်နိုင်သည်၏ အဖြစ်ကိုလည်းကောင်း ပြလိုသည့်အတွက် ထိုရဟန်းဝတ္ထုကို ဗုဒ္ဓသည် သက်သေထုတ်ခြင်း ဖြစ်လေသည်။

ဗုဒ္ဓတစ်ဆူ၌ ဤကဲ့သို့ ရဟန်းတစ်ပါး ပေါ်လာခြင်းသည် ထုံးစံ

ထိုရဟန်းသည် အနီးရှိ ဗုဒ္ဓကိုထား၍ အဝေးရှိ နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ လှည့်လည်၍ မဟာဘုတ်တို့၏ အကြွင်းမဲ့ချုပ်ရာ အရပ်ကို ရှာဖွေခြင်းသည် ဗုဒ္ဓအလောင်း ဖွားမြင်တော်မူသောအခါ မြေကြီးတုန်လှုပ်ခြင်းသည် ဓမ္မတာ ဖြစ်သကဲ့သို့ ဗုဒ္ဓတစ်ဆူ တစ်ဆူ၌ ရဟန်းတစ်ပါးတစ်ပါး၏ ထိုသို့လှည့်လည်ရခြင်း ကိစ္စသည်လည်း ဓမ္မတာပင် ဖြစ်လေသည်။

မှန်၏။ တစ်လောကလုံးဝယ် မည်သူနှင့်မျှ မဆက်ဆံအောင် ထူးခြားသော, မည်သူမျှ မဖြေဆိုနိုင်သော ပြဿနာကို ဖြေတော်မူနိုင်သော သဗ္ဗညုတာဉာဏ်တော်၏ အစွမ်းအာနုဘော် ပြခြင်းငှာလည်း ထိုဝတ္ထုကို သက်သေထုတ်ခြင်း ဖြစ်လေသည်။

'ထိုသဗ္ဗညုတာဉာဏ်တော် အစွမ်းကို ပြရာရောက်သော ရဟန်းတစ်ပါးသည် ဗုဒ္ဓတို့၏ သာသနာတိုင်းမှာ ရှိမြဲဖြစ်၏' ဟူသော ဤအကြောင်းသည် ဖုံးကွယ်တိမ်မြုပ်နေ၏။ ဤအကြောင်းကို ထင်ရှားပြတော်မူလိုသော ဆန္ဒတော်ကြောင့်လည်း ဤဝတ္ထုကို ဟောရခြင်းကြောင်း ဖြစ်သည်။ *(ဒီ ဋ္ဌ– ၁– ၃၂၃၊ မဟာဋီ– ၃၉၁၊ ဋီသစ် ဒုအုပ်– ၄၁၅)*

ပဉ္ဟာမှားသည်ကို မှန်အောင် ပြင်ပေးခြင်းသည် ဗုဒ္ဓ၏ အလေ့အကျင့်

ထိုရဟန်း၏ အမေးသည် '**ပထဝီ, အာပေါ, တေဇော, ဝါယော**' ဟူသော တက်ကြီးလေးပါး ခေါ် မဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ ဝါ အဘယ်အကြောင်းကြောင့် အကြွင်းမဲ့ ချုပ်သနည်းဟူ၍ မေးလျှောက်ရာ၌ အမေးမှားလျက် ရှိနေသည်။ မှားပုံကား–

မဟာဘုတ်သည် သက်ရှိသတ္တဝါတို့၌တည်သော သက်ရှိမဟာဘုတ်ဟူသော **အနုပါဒိန္နကရုပ်**, တောတောင်ရေမြေစသည်၌တည်သော သက်မဲ့မဟာဘုတ်ဟူသော **အနုပါဒိန္နကရုပ်**အားဖြင့် နှစ်မျိုးရှိလေရာ ထိုနှစ်မျိုးလုံးသော မဟာဘုတ်ကို မေးသောကြောင့် အမေးမှားနေသည်။

အကြောင်းကား– ဤပြဿနာသည် သက်ရှိမဟာဘုတ်တို့၏ ချုပ်ကြောင်းကိုသာ မေးသင့်သော ပြဿနာတည်း။ မှန်၏။ နိဗ္ဗာန်သည် သက်ရှိမဟာဘုတ်တို့၏ ချုပ်ကြောင်းသာဖြစ်သည်။ တောတောင်စသည်၌တည်သော သက်မဲ့မဟာဘုတ်တို့၏ ချုပ်ကြောင်း မဟုတ်ပေ။

လမ်းမှန်မသိ မျက်စိလည်နေသူကို '**မဂ္ဂမူဠ္ဍ**' ခေါ်သကဲ့သို့ ပဉ္ဟာမေးနည်းကို မသိသူ, မမေးတတ်သူကို '**ပဉ္ဟာမူဠှ**' ခေါ်သည်။ ထိုသို့ မမေးတတ်ဘဲမေးလျှင် ထိုအမေးသည် လွဲနေသောကြောင့် ပဉ္ဟာအလွဲကို အမှန်ဖြေသော်လည်း မေးသူကား နားလည်နိုင်မည် မဟုတ်ပေ။

ထိုကြောင့် ဗုဒ္ဓတို့သည် ရှေးဦးစွာ ပဉ္ဟာကို မှန်အောင်မေးတတ်ရန် သင်ပေးတော်မူပြီးမှ ထိုမှန်သောပဉ္ဟာအတွက် မှန်သော အဖြေကို ပေးတော်မူလေ့ရှိသည်။ ဤကဲ့သို့ ပဉ္ဟာအမှားကို အမှန်ရအောင် သင်ပေးခြင်းသည် ဗုဒ္ဓတို့၏ အလေ့အကျင့် ဓမ္မတာ ဖြစ်လေသည်။ *(ဒီ ဋ္ဌ– ၁– ၃၂၅၊ မဟာဋီ– ၃၉၂၊ ဋီသစ် ဒုအုပ်– ၄၁၇)*

ထိုကြောင့် ဗုဒ္ဓသည် အဘယ်အရပ်၌ ဝါ အဘယ်အကြောင်းကြောင့် ဓာတ်ကြီးလေးပါး အကြွင်းမဲ့ ချုပ်သနည်း ဟူသော ထိုရဟန်း၏ ပုစ္ဆာအမေးကို-

'အဘယ်အရပ်၌ ဝါ အဘယ်တရားကို သိရခြင်းကြောင့် ဓာတ်ကြီးလေးပါးတို့သည် မထောက်မမို မတည်နိုင်ပါသနည်း' ဟူသည် အမှန်ရောက်အောင် သင်ပေးပြီးလျှင် ဗုဒ္ဓသည် ထိုအမေး၏ အဖြေကို အောက်ပါအတိုင်း ဖြေကြားတော်မူလေသည်။

(၁) ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ၊
ဧတ္ထ အာပေါ စ ပထဝီ တေဇော ဝါယော နဂါဓတိ။

(၂) ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ၊
ဧတ္ထ နာမဉ္စ ရူပဉ္စ အသေသံ ဥပရုဇ္ဈတိ၊
ဝိညာဏဿ နိရောဓေန ဧတ္ထေတံ ဥပရုဇ္ဈတိ။ *(ဒီ- ၁- ၂၁၃)*

(၁) **ဝိညာဏံ**- မဂ်ဉာဏ်ဖြင့် သိမြင်အပ်သော၊ **အနိဒဿနံ**- စက္ခုဝိညာဏ်ဖြင့် မသိမမြင်နိုင်သော၊ **အနန္တံ**- ဥပါဒ်၊ ဌီ၊ ဘင်ဟူသော အပိုင်းအခြားမရှိသော၊ **သဗ္ဗတော ပဘံ**- သမုဒြာဆိပ်ကမ်းသာသို့ ဝင်ရာဖုံဖုံ အာရုံကမ္မဋ္ဌာန်း ဆိပ်ကမ်းအဝင်ဝလည်း ရှိသော (တစ်နည်း) ကိလေသာဟူသော အမှောင်ဓာတ် မရှိသဖြင့် အပြဝင်းပြောင် အရောင်လည်းရှိသော၊ **နိဗ္ဗာန်**- အကြင်နိဗ္ဗာန်သည်၊ **အတ္ထိ**- ရှိ၏။

ဧတ္ထ- ဤနိဗ္ဗာန်၌ ဝါ ဤနိဗ္ဗာန်ကို သိရခြင်းကြောင့်၊ **အာပေါ**- အာပေါဓာတ်သည်လည်းကောင်း၊ **ပထဝီစ**- ပထဝီဓာတ်သည်လည်းကောင်း၊ **တေဇောစ**- တေဇောဓာတ်သည်လည်းကောင်း၊ **ဝါယောစ**- ဝါယောဓာတ်သည်လည်းကောင်း၊ **နဂါဓတိ**- မထောက်မမို မတည်နိုင်တော့ချေ။

(၂) **ဧတ္ထ**- ဤနိဗ္ဗာန်၌ ဝါ ဤနိဗ္ဗာန်ကို သိရခြင်းကြောင့်၊ **ဒီဃဉ္စ**- အရှည် ဒေါ် ပုံသဏ္ဌာန် ဥပါဒါရုပ်တရားသည်လည်းကောင်း၊ **ရဿဉ္စ**- အတို ဒေါ် ပုံသဏ္ဌာန် ဥပါဒါရုပ်တရားသည်လည်းကောင်း၊ **ထူလံ**- ကြီးကျယ်သော ဥပါဒါရုပ်တရားသည်လည်းကောင်း၊ **အဏုံစ**- အဏုမြူမျှ အနည်းငယ်သော ဥပါဒါရုပ်တရားသည်လည်းကောင်း၊ **သုဘာသုဘံ**- တင့်တယ်, မတင့်တယ်သော ရုပ်တရား သည်လည်းကောင်း၊ **ဥပရုဇ္ဈတိ**- အကြွင်းမဲ့ချုပ်၏။

ဧတ္ထ- ဤနိဗ္ဗာန်၌ ဝါ ဤနိဗ္ဗာန်ကို သိရခြင်းကြောင့်၊ **နာမဉ္စ**- နာမ်တရားသည်လည်းကောင်း၊ **ရူပဉ္စ**- ရုပ်တရားသည်လည်း ကောင်း၊ **အသေသံ**- အကြွင်းမရှိအောင်၊ **ဥပရုဇ္ဈတိ**- ချုပ်ရပေ၏။

ဝိညာဏဿ- ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ ဟုဆိုအပ်သော သုံးပါးသော အဘိသင်္ခါရဝိညာဏ်၏၊ **နိရောဓေန**- မဂ်လေးပါးဖြင့် ချုပ်ပျောက်ခြင်းကြောင့် (တစ်နည်း) **ဝိညာဏဿ**- ရဟန္တာ၏ စုတိစိတ်ဖြစ်သော နောက်ဆုံးဝိညာဏ်၏၊ **နိရောဓေန**- ချုပ်ခြင်းကြောင့်၊-

ဧတ္ထ- ဤနိဗ္ဗာန်၌ ဝါ ရဟန္တာအရှင်မြတ်သည် ဤနိဗ္ဗာန်ကို သိရခြင်းကြောင့်၊ **ဧတံ**- ဤရုပ်, နာမ်အပေါင်းသည်၊ **ဥပရုဇ္ဈတိ**- အကြွင်းမဲ့ ချုပ်ငြိမ်းရလေတော့၏။

ဗုဒ္ဓသည် ဤတရားတော်ကို ဟောတော်မူ၏။ ကေဝဋ္ဋမည်သော သူကြွယ်သားသည် ဗုဒ္ဓဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။ *(ဒီ- ၁- ၂၁၃၊ မဟာဋီ- ၃၉၂ မှ ၃၉၄ အထိ၊ ဋီသစ် ဒုအုပ်- ၄၁၇ မှ ၄၁၉ အထိ။)*

သတိပြုဖွယ် တရားတော်

ဤကေဝဋ္ဋသုတ်အရ 'ဣဒ္ဓိပါဋိဟာရိယ, အာဒေသနာ ပါဋိဟာရိယ, အနုသာသနီ ပါဋိဟာရိယ' ဟူ၍ တန်ခိုး သုံးမျိုးရှိရာတွင် 'ဣဒ္ဓိဝိဓ ပါဋိဟာရိယ, အာဒေသနာ ပါဋိဟာရိယ' ဟူသော တန်ခိုးနှစ်မျိုးသည် ဗုဒ္ဓသာသနာတော်မှတစ်ပါး အခြားသော သာသနာ၌လည်း ရှိနိုင်ကြောင်းမှာ ထင်ရှားလျက် ရှိနေသည်။

ဗုဒ္ဓကိုယ်တိုင် ဟောကြားတော်မူအပ်သော 'သီလ, သမာဓိ, ပညာ' သိက္ခာသုံးရပ် အကျင့်မြတ်ဟုဆိုအပ်သော အနုသာသနီ ပါဋိဟာရိယသည်ကား အရှင်းဆုံးဆိုရသော် **'သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ'** အဖြစ်သို့ရောက်ရေး ဟူသော အနုသာသနီ ပါဋိဟာရိယသည်ကား ဗုဒ္ဓသာသနာတော်၌သာ ရှိလေသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်၌ မြေလျှိုးမိုးပျံနိုင်ခြင်း, သူတစ်ပါးစိတ်ကို သိမြင်ခြင်း အစရှိသော လူအများ အံ့ဩဖွယ် အထူးအဆန်းကို ပြုလုပ်ပြသနိုင်ခြင်းသည် အဓိကပဓာန မဟုတ်ဘဲ **'သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ'** အဖြစ်သို့ ရောက်ရှိရေးသည်သာ အဓိကပဓာန ဖြစ်ကြောင်းမှာ အထူးပေါ်လွင် ထင်ရှားလျက် ရှိနေပေသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်၏ **အဓိကပဓာနဖြစ်သော 'သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ' အဖြစ်သို့ ရောက်ရှိအောင်သာ ရည်ရွယ်၍ 'ဒါန, သီလ, ဘာဝနာ' ဟူသော ကုသိုလ်ကောင်းမှုများကို ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

ကောဝဠသုတ် ပြီး၏။

လောဟိစ္စသုတ်

ဝေံ မေ သုတံ ဧကံ သမယံ ဘဂဝါ ကောသလေသု စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ ယေန သာလဝတိကာ တဒဝသရိ။ *(ဒီ- ၁- ၂၁၄)*

ဘန္တေ ကဿပ- အရှင်မဟာကဿပဘုရား၊ **မေ မယာ အာနန္ဒေန**- တပည့်တော် အာနန္ဒာသည်၊ **ဣဒံ သုတ္တံ**- ဤ လောဟိစ္စသုတ်ကို၊ ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ သမ္မုခါ- မျက်မှောက်တော်မှ၊ **ဝေံ**- ဤဆိုလတ္တံ့အတိုင်း၊ **သုတံ**- နာခံမှတ်သား ဆောင်ထားအပ်ပါပြီ။

ဧကံ သမယံ- အခါတစ်ပါး၌၊ ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **မဟတာ**- မြတ်လည်းမြတ်၊ အရေအတွက်အားဖြင့်လည်း များသော၊ **ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ**- ရဟန်းငါးရာကုန်သော၊ **ဘိက္ခုသံဃေန**- ရဟန်းအပေါင်းနှင့်၊ **သဒ္ဓိံ**- တကွ၊ **စာရိကံ**- ဒေသစာရီကို၊ **စရမာနော**- လှည့်လည်သည်ရှိသော်၊ **ယေန**- အကြင်အရပ်၌၊ **သာလဝတိကာ**- သာလဝတိကာ မည်သောရွာသည်၊ **အတ္ထိ**- ရှိ၏၊ **တံ**- ထိုသာလဝတိကာရွာသို့၊ **အဝသရိ**- ရောက်တော်မူပြီ။

သာလဝတိကာရွာ ခေါ်ပုံ

စည်းစောင်းရန်းနှင့်တူသော အင်ကြင်းပန်း အစဉ်အတန်းဖြင့် ပတ်ဝန်းကျင် ကာရံအပ်သည်၏ အဖြစ်ကြောင့် သာလဝတိကာရွာဟု ခေါ်သည်။ *(ဒီ ဋ္ဌ- ၁- ၃၂၇)*

ထိုအခါ၌ လောဟိစ္စပုဏ္ဏားသည် ထိုသာလဝတိကာရွာကို စိုးမိုးအုပ်ချုပ်လျက် နေလေသည်။

လောဟိစ္စပုဏ္ဏား၏ မိစ္ဆာဒိဋ္ဌိအယူ

ထိုအခါ၌ လောဟိစ္စပုဏ္ဏားသည် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ မဟုတ်သော အောက်ပါမိစ္ဆာဒိဋ္ဌိအယူကို ယူလေသည်။

'ဤလောက၌ သမဏဖြစ်စေ, ဗြာဟ္မဏဖြစ်စေ ကုသိုလ်တရားကို ရနိုင်ပါ၏။ သို့သော် ကုသိုလ်တရားကို ရပြီးလျှင် တစ်ပါးသောသူအား မဟောပြောသင့်။ တစ်ပါးသောသူသည် တစ်ပါးသောသူအား အဘယ်ပြုအံ့နည်း။ ဤဟောပြောခြင်းသည် အနှောင်အဖွဲ့ အဟောင်းကိုဖြတ်၍ အခြားအနှောင်အဖွဲ့အသစ်ကို ပြုသည်နှင့်တူ၏။ ထို့ကြောင့် ဤဟောပြောခြင်းကို ယုတ်မာသော လောဘတရားဟု ငါဆို၏။ '**ပရော ပရဿ ကရိဿတိ**- တစ်ပါးသောသူသည် တစ်ပါးသောသူအား အဘယ်ပြုအံ့နည်း' ဟု ဖြစ်ပေါ်လျက် ရှိလေသည်။ *(ဒီ- ၁- ၂၁၄)*

အထက်ပါ လောဟိစ္စပုဏ္ဏား၏အယူမှာ သမဏဖြစ်စေ, ဗြာဟ္မဏဖြစ်စေ အနဝဇ္ဇဖြစ်သော ကုသိုလ်တရား, ကိလေသာ ကင်းသောတရား, ကိလေသာမှ လွတ်မြောက်သော ဝိမောက္ခတရားများကို မိမိသိလျှင် ထိုတရားကို သူတစ်ပါးအား ဟောပြနေဖွယ် မလို။ မိမိသိအပ်သောတရားကို မိမိကိုယ်တိုင်သာ အလေးဂရုပြု၍ နေရမည်။ သူတစ်ပါးကို ဟောကြားခြင်းမှာ အခြေအရံ ပရိသတ်ကိုလည်းကောင်း, ထိုပရိသတ်ကို အကြောင်းပြု၍ ရအပ်သောလာဘ်ကိုလည်းကောင်း မြော်လင့်သော လောဘကြောင့်သာဖြစ်၏ဟု ယူဆလေသည်။ ဤသို့ သူတစ်ပါးကို တတ်သိလိမ္မာအောင် ကုသိုလ်တရား ပွါးများအောင် သနားစောင့်ရှောက်မှု မရှိသောကြောင့် လောဟိစ္စပုဏ္ဏား၏ အယူဝါဒကို '**လာမကဝါဒ**' ယုတ်မာသောအယူဝါဒဟု ဆိုရလေသည်။

လောဟိစ္စပုဏ္ဏားသည် ထိုအယူကို မိမိတွင် ယူရုံမက ပရိသတ်အလယ်၌လည်း ထိုသို့ပြောဆိုလေ့ရှိသည်။ *(ဒီ ဋ္ဌ- ၁- ၃၂၇၊ မဟာဋီ- ၃၉၅၊ ဋီသစ် ဒုအုပ်- ၄၂၀)*

လောဟိစ္စပုဏ္ဏား ဗုဒ္ဓအား ပင့်ခိုင်းခြင်း

လောဟိစ္စပုဏ္ဏားသည် ဗုဒ္ဓသည် အရဟံအစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံပုံကိုလည်းကောင်း၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အား တရားဟောတော်မူပုံကိုလည်းကောင်း ကြားသိသည်ဖြစ်၍ ဗုဒ္ဓကို ရဟန်းသံဃာငါးရာနှင့်အတူ နက်ဖြန်ဆွမ်းစားကြွရန် **ရောသိကာ**မည်သော ရေချိုးပေးတတ်သော ဆတ္တာသည်ကို ပင့်ခိုင်းလေသည်။ *(ဒီ- ၁- ၂၁၅ / ၆)*

လောဟိစ္စပုဏ္ဏားသည် ထိုသို့ပင့်ခိုင်းခြင်းသည် ဗုဒ္ဓမှာ ပရိသတ်များ၏ မိမိလျှောက်လိုချက်ကို လျှောက်ခွင့်ရမည်မဟုတ်သောကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင်လည်း ကိစ္စများသောကြောင့်လည်းကောင်း၊ အိမ်သို့ပင့်လျှင် မိမိလျှောက်လိုသောအရာကို လျှောက်ခွင့်ရမည် ဖြစ်သောကြောင့်လည်းကောင်း ဤသို့ကြံစည်မိ၍ ပင့်ခိုင်းခြင်း ဖြစ်လေသည်။
(ဒီ ဋ္ဌ- ၁- ၃၂၇၊ ဋီသစ် ဒုအုပ်- ၄၂၀)

ရောသိကာ ဗုဒ္ဓအား လျှောက်ပုံ

ရောသိကာသည် လောဟိစ္စပုဏ္ဏား၏ ချစ်ကျွမ်းဝင်သော သူငယ်ချင်း ဖြစ်သည်။ ဆွမ်းစားချိန်ရောက်၍ ဗုဒ္ဓကို ပင့်ဆောင်လာသောအခါ ဗုဒ္ဓ၏နောက်မှ ကပ်လိုက်၍ လောဟိစ္စပုဏ္ဏား၏ အကျိုးစီးပွားအလို့ငှာ အောက်ပါအတိုင်း လျှောက်ထားလေသည်။
(ဒီ ဋ္ဌ- ၁- ၃၂၇)

လောဟိစ္စပုဏ္ဏား၏ မိစ္ဆာအယူကို ဖော်ပြလျှောက်ထားပြီးလျှင် 'ရှင်တော်ဗုဒ္ဓဘုရား တောင်းပန်ပါ၏။ ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည် လောဟိစ္စပုဏ္ဏားကို ထိုယုတ်မာသော မိစ္ဆာအယူမှ လွတ်ပါစေလော့' ဟု လျှောက်ထားလေသည်။
(ဒီ- ၁- ၂၁၆)

ဗုဒ္ဓက ပြန်လည်မိန့်ကြားပုံ

'အပ္ပေဝနာမ သိယာ ရောသိကေ- ရောသိကာ ဖြစ်နိုင်လောက်စရာရှိ၏။ အပ္ပေဝနာမ သိယာ ရောသိကေ- ရောသိကာ ဖြစ်နိုင်လောက်စရာရှိ၏' ဟူ၍ မိန့်ကြားတော်မူလေသည်။ *(ဒီ- ၁- ၂၁၆)*

အပ္ပေဝနာမ သိယာ ရောသိကေ အဓိပ္ပါယ်

ဗုဒ္ဓသည် 'အပ္ပေဝနာမ သိယာ ရောသိကေ- ရောသိကာ ဖြစ်နိုင်လောက်စရာရှိ၏' ဟူ၍ နှစ်ကြိမ်တိတိ မိန့်ဆိုတော်မူခြင်းသည် ပီတိအစွမ်းကြောင့် မိန့်ဆိုတော်မူခြင်း ဖြစ်သည်။ ဤကဲ့သို့ စကားမျိုးကို မိုးချိုးသံကဲ့သို့ 'ဗုဒ္ဓဂဇ္ဇိတ- ဗုဒ္ဓတို့၏ ကြုံးဝါးသံ' ဟူ၍ ခေါ်ဆိုသည်။

ထိုတွင် **အပ္ပေဝနာမ သိယာ ရောသိကေ**- ရောသိကာ ဖြစ်နိုင်လောက်စရာရှိ၏ ဟူသော ပထမစကားဖြင့် 'ဤကဲ့သို့ အယူများတွေကို မှန်ကန်အောင် ပြုလုပ်နိုင်ရန်အတွက် ငါဗုဒ္ဓသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ အလွန်ပြုနိုင်ခဲစွာ ပြုကျင့်ရသော ပါရမီတို့ကို ဖြည့်ကျင့်၍ သဗ္ဗညုတဉာဏ်တော်ကို ရအောင်ယူခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် လောဟိစ္စပုဏ္ဏား၏ အယူများကို ပယ်ဖျက်ရန် ငါဗုဒ္ဓမှ ဝန်မလေး။ ဖြစ်နိုင်လောက်စရာရှိ၏' ဟု မိန့်တော်မူလိုရင်း ဖြစ်လေသည်။

အပ္ပေဝနာမ သိယာ ရောသိကေ- ရောသိကာ ဖြစ်နိုင်လောက်စရာရှိ၏ ဟူသော ဒုတိယစကားဖြင့် 'လောဟိစ္စပုဏ္ဏားကသာ ငါဗုဒ္ဓအနားလာထိုင်၍ အလ္လာပသလ္လာပပြုပါစေ။ လောဟိစ္စလို လူတစ်ယောက်ကိုထားဘိ၍ လောဟိစ္စလို လူအယောက်တစ်သိန်းကိုသော်မှလည်း ငါဗုဒ္ဓမှာ ဝန်မလေး။ ဖြစ်နိုင်လောက်စရာရှိ၏' ဟု မိန့်တော်မူလိုရင်း ဖြစ်သည်။
(ဒီ ဋ္ဌ- ၁- ၃၂၇ / ဂ၊ မဟာဋီ- ၃၉၅၊ ဋီသစ် ဒုအုပ်- ၄၂၁)

လောဟိစ္စပုဏ္ဏားအား ဗုဒ္ဓ တရားဟောခြင်း

ဗုဒ္ဓသည် ဆွမ်းစားပြီး၍ အနီးမှာ နိမ့်သောနေရာ၌ ထိုင်နေသော လောဟိစ္စပုဏ္ဏားအား သူ၏ယုတ်မာသော အယူဝါဒကို ဖော်ထုတ်၍ မေးသောအခါ ဟုတ်မှန်ပါကြောင်း လောဟိစ္စပုဏ္ဏားကလည်း ဝန်ခံသည့်အတွက် အောက်ပါအတိုင်း တရားဟောတော်မူသည်။

'လောဟိစ္စ အကြင်သူသည် သာလဝတိကရွာကို အုပ်ချုပ်၍နေသော လောဟိစ္စပုဏ္ဏား တစ်ယောက်တည်းကိုသာ ဤရွာမှ အခွန်အတုတ်အားလုံးကို ခံစားပါစေ။ အခြားသူတို့ မခံစားပါစေလင့်' ဟု ဆိုငြားအံ့။ ထိုဆိုသောသူသည် လောဟိစ္စပုဏ္ဏားကိုမှီ၍

အသက်မွေးနေသူတို့၏ လာဘ်အန္တရာယ်ကို ပိတ်ပင်ရာရောက်ကြောင်း, အစီးအပွားကို မလိုလားရာရောက်ကြောင်း, ရန်သူစိတ်ဖြစ်ပေါ်ကြောင်း, မိစ္ဆာအယူဖြစ်ကြောင်း မိန့်တော်မူသောအခါ လောဟိစ္စပုဏ္ဏားလည်း ဟုတ်မှန်ကြောင်း ဝန်ခံလျှောက်ထားလေသည်။ *(ဒီ- ၁- ၂၁၆ / ၇)*

(ဤအချက်မှင် လောဟိစ္စပုဏ္ဏားကို မိုဂ္ဂနေသူတို့သာ နစ်နာနေသေးသည်။ လောဟိစ္စပုဏ္ဏားအတွက်မူကား မနစ်နာသေးပေ။)

'လောဟိစ္စ အကြင်သူသည် ကာသိတိုင်း, ကောသလတိုင်းကို အုပ်ချုပ်နေသော ကောသလမင်းကြီးသည် ထိုတိုင်းတို့မှ ထွက်သော အခွန်အတုတ်များကို ကောသလမင်းကြီး တစ်ဦးတည်းသာ ခံစားပါစေ။ တစ်ပါးသူတို့အား မခံစားပါစေလင့်' ဟု ဆိုပြားအံ့-

ထိုသူသည် ပသေနဒီကောသလမင်းကိုမှီ၍ အသက်မွေးသော သင်တို့၏လည်းကောင်း, တစ်ပါးသောသူတို့၏လည်းကောင်း လာဘ်အန္တရာယ်ကို ပြုသည်မည်ကြောင်း, ထိုသူတို့၏ အစီးအပွားကို မလိုလားသူမည်ကြောင်း, မေတ္တာစိတ်မဖြစ်ဘဲ ရန်သူစိတ်ဖြစ်ပေါ်စေကြောင်း, မှားသောမိစ္ဆာအယူဖြစ်ကြောင်း' မိန့်တော်မူသောအခါ လောဟိစ္စပုဏ္ဏားလည်း ဟုတ်မှန်ကြောင်း ဝန်ခံလျှောက်ထားလေသည်။ *(ဒီ- ၁- ၂၁၇)*

(ဤအချက်မှင် လောဟိစ္စပုဏ္ဏားအတွက်ပါ အန္တရာယ်ဖြစ်နေသမှင် ထိတ်လန့်ခရာ ဖြစ်နေလေသည်။)

'လောဟိစ္စ ဤနည်းအတူပင် ဤလောက၌ သမဏဖြစ်စေ, ဗြာဟ္မဏဖြစ်စေ ကုသိုလ်တရားကို ရနိုင်၏။ ကုသိုလ်တရားရပြီးလျှင် တစ်ပါးသောသူအား မဟောပြောသင့်ပေ။ တစ်ပါးသောသူသည် တစ်ပါးသောသူအား အဘယ်ပြုအံ့နည်း။ ဤဟောပြောခြင်းသည် အနှောင်အဖွဲ့အဟောင်းကို ဖြတ်၍ အခြားအနှောင်အဖွဲ့အသစ်ကို ပြုသည်နှင့်တူ၏။ ထို့ကြောင့် ထိုဟောပြောခြင်းကို ယုတ်မာသော လောဘတရားဟု ငါဆို၏။ တစ်ပါးသောသူသည် တစ်ပါးသောသူအား အဘယ်ပြုအံ့နည်း' ဟု ဆိုသော ထိုသူသည်လည်း –

တထာဂတ ဟောကြားအပ်သော ဓမ္မ, ဝိနယကို သောတာပတ္တိဖိုလ်ကိုလည်းကောင်း, သကဒါဂါမိဖိုလ်ကိုလည်းကောင်း, အနာဂါမိဖိုလ်ကိုလည်းကောင်း, အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုကုန်လျက် ဤသို့သဘောရှိသော မြတ်သောတရားထူးကို ရကုန်အံ့သော အမျိုးကောင်းသားတို့၏လည်းကောင်း, နတ်အစ ဗြဟ္မာဘဝ ခန္ဓာတို့ဖြစ်ပေါ်စေရန် နတ်ပြည်, ဗြဟ္မာပြည် မျိုးစေ့ကောင်းမှုတို့ကို ရင့်ကျက်စေကုန်အပ်သော အမျိုးကောင်းသားတို့၏လည်းကောင်း, လာဘ်အန္တရာယ်ကို ပြုသူဖြစ်၏။ အန္တရာယ်ကိုပြုသောကြောင့် အစီးအပွားကို မလိုလားသူဖြစ်၏။ အစီးအပွားကို မလိုလားသူအား ရန်သူစိတ် ဖြစ်ပေါ်လာ၏။ ရန်သူစိတ်ဖြစ်လတ်သော် မှားသောအယူ ဖြစ်၏။ မှားသောအယူရှိသူအား 'ငရဲ, တိရစ္ဆာန်' နှစ်မျိုးသောလားရာတို့တွင် တစ်မျိုးမျိုးသော လားရာရှိပေ၏' ဟု ငါဟောပေ၏။ *(ဒီ- ၁- ၂၁၈)*

(ထိုမိစ္ဆာအယူကို အမှည်အစွဲ ခွဲမဲ့စွာယူလျှင် ငရဲ, မမှည်မစွဲ တစ်ပိုင်းတစ်စယူလျှင် တွေဝေသောကြောင့် တိရစ္ဆာန်ဖြစ်သည်ဟု ဆိုလိုသည်။ ဒီ ဋ္ဌ- ၁- ၃၂၈)

စောဒနာထိုက်သော ဆရာသုံးဦး

' လောဟိစ္စ ဤလောက၌ အပြစ်တင်ထိုက်သော ဆရာသုံးဦးရှိ၏။ ယင်းတို့ကား–

(၁) ပဌမဆရာသည် မိမိကိုယ်တိုင်က ရဟန်း၏အကျိုးကို မရသေးဘဲလျက် တပည့်တို့အား ရဟန်းအကျိုးကို ရစေခြင်းငှာ တရားဟော၏။ တပည့်တို့သည် ထိုဆရာ၏ စကားကို မနာယူဘဲ ဖဲခွာသွား၏။ ထိုဟောပြောခြင်းသည် မေထုန်အမှုအားဖြင့် ပေါင်းသင်းခြင်းကို အလိုမရှိဘဲ ယောကျ်ားမျက်နှာကိုကြည့်ပြီး ဖဲခွါသွားသော လုံမငယ်ကို လိုက်၍ကပ်သည်နှင့် တူ၏။

နောက်တစ်မျိုးကား မေထုန်အားဖြင့် ပေါင်းသင်းခြင်းကို အလိုမရှိရုံမျှမက ယောကျ်ားမျက်နှာကိုတောင် မကြည့်ဘဲ ဆုတ်ခွါသွားသော လုံမငယ်အား နောက်ကလိုက်၍ ပွေ့ဖက်သူနှင့်တူ၏။ ထို့ကြောင့် ဤဟောပြောခြင်းကို 'ပါပကံ လောဘဓမ္မံ– ယုတ်မာသော လောဘတရားဟု ငါဆို၏။'

ဤကဲ့သို့ ဆရာမျိုးကို 'ကိဉ္ဟိ ပရော ပရဿ ကရိဿတိ– တစ်ပါးသောသူသည် တစ်ပါးသောသူအား အဘယ်ပြုအံ့နည်း' ဟု အပြစ်တင်ထိုက်၏။ *(ဒီ- ၁- ၂၁၉)*

ဤ၌ ပဌမဥပမာဖြင့် မိန်းမ၏ မကြိုက်၍ နောက်ဆုတ်ခြင်းသည် တပည့်တို့၏ အဆုံးအမကို မလိုက်နာခြင်းနှင့်တူ၏။ ထိုမကြိုက်သော မိန်းမသို့ ယောကျ်ား၏ ကပ်ခြင်းသည် မလိုက်နာသော တပည့်တို့ကို ဆရာက ဆုံးမနေခြင်းနှင့်တူ၏။ ထို့ကြောင့်

တပည့်တို့နှင့် ထိုဆရာ၏ ပြုကျင့်ပုံသည် 'ဂေဟဿိတ လောဘ' အိမ်၌နေသူတို့၏ ချစ်ခင်ပုံ လောဘအားဖြင့် ငြိကွက်နေသော ကျင့်ပုံ ဖြစ်လေသည်။

ဒုတိယဥပမာအားဖြင့် ပဌမမိန်းမသည် မကြိုက်သော်လည်း ယောကျ်ားမျက်နှာကိုကြည့်၍ နောက်ဆုတ်သွား၏။ ဤဒုတိယ မိန်းမကား မျက်နှာကိုပင် မကြည့်ချင်တော့ဘဲ ကျောပေးလျက်သွား၏။ ထိုသို့သွားသောမိန်းမကို ယောကျ်ားသည် အမိုလိုက်၍ နောက်ကပွေ့ဖက်သကဲ့သို့ အဆုံးအမကို မနာယူဘဲ ထွက်ခွါသွားသော တပည့်ကို တပည့်လိုချင်သော လောဘဖြင့် လိုက်၍ခေါ်လေ သည်ဟု ဆိုလိုသည်။ *(ဒီ ဋ- ၁- ၃၂၉၊ မဟာဋီ- ၃၉၇၊ ဋီသစ် ဒုအုပ်- ၄၂၃)*

ယင်းကဲ့သို့ ဆရာမျိုးကို တစ်စုံတစ်ယောက်က အပြစ်တင်ချေသော် ထိုအပြစ်တင်ချက်သည် ဟုတ်မှန်၍ တရားနှင့်လျော်ပေ ၏။ အပြစ်လည်း မရှိပေ။ *(ဒီ- ၁- ၂၁၉)*

(၂) ဒုတိယဆရာသည် မိမိကိုယ်တိုင်က ရဟန်းအကျိုးကို မရသေးဘဲလျက် တပည့်တို့အား ရဟန်းအကျိုးကို ရစေခြင်းငှာ တရားဟော၏။ တပည့်တို့သည် ထိုဆရာ၏ တရားကို နာယူကုန်၏။

ဤဟောပြောချက်သည် မိမိလယ်ကိုစွန့်၍ သူတစ်ပါးလယ်ကို ပေါင်းသင်အပ်သည်နှင့် တူ၏။ ထို့ကြောင့် ဤဟောပြောခြင်းကို 'ပါပကံ လောဘဓမ္မံ' ယုတ်မာသော လောဘတရားဟု ငါဆို၏။ ဤကဲ့သို့ ဆရာမျိုးကို 'ကိဉှိ ပရော ပရဿ ကရိဿတိ- တစ်ပါးသောသူသည် တစ်ပါးသောသူအား အဘယ်ပြုအံ့နည်း' ဟု အပြစ်တင်ထိုက်၏။

ဤသို့ တစ်စုံတစ်ယောက်၏ အပြစ်တင်ချက်သည် ဟုတ်မှန်၍ တရားနှင့်လျော်ပေ၏။ အပြစ်မရှိပေ။ *(ဒီ- ၁- ၂၁၉ / ၂၂၀)*

(၃) ဤတတိယဆရာသည် မိမိကိုယ်တိုင်က ရဟန်းအကျိုးတရားကို ရပြီးဖြစ်၏။ သို့ရာတွင် တပည့်တို့သည် ထိုဆရာ၏ တရားကို မနာယူကုန်။ ဆရာ၏ အဆုံးအမမှ ဖဲခွါ၍ ကျင့်ကုန်၏။

ဤဟောပြောခြင်းသည် အနှောင်အဖွဲ့အဟောင်းကို ဖြတ်၍ အခြားအနှောင်အဖွဲ့အသစ်ကို ပြုသူနှင့်တူ၏။ ထို့ကြောင့် ထို ဟောပြောခြင်းကို 'ပါပကံ လောဘဓမ္မံ' ယုတ်မာသော လောဘတရားဟု ငါဆို၏။ 'ကိဉှိ ပရော ပရဿ ကရိဿတိ- တစ်ပါး သောသူသည် တစ်ပါးသောသူအား အဘယ်ပြုအံ့နည်း' ဟု အပြစ်တင်ထိုက်၏။

ဤတတိယဆရာကို 'ကိုယ်တိုင်က ရဟန်းတရားရပြီးဖြစ်၍ မိမိတရားကိုသာ မိမိမှတ်နိုင်၍ နေထိုက်သည်ဟူ၍သာ အပြစ်တင်ထိုက်သည်' ဟု အဋ္ဌကထာ ဖွင့်ဆိုသည်။ (ဒီ ဋ- ၁- ၃၂၉)

အပြစ်မတင်ထိုက်သော ဆရာသုံးဦး

လောဟိစ္စပုဏ္ဏားက မေးလျှောက်သဖြင့် ဗုဒ္ဓသည် အပြစ်မတင်ထိုက်သော ဆရာသုံးမျိုးကို အောက်ပါအတိုင်း ဟောကြား တော်မူသည်။

ဗုဒ္ဓဟောကြားတော်မူသည်မှာ လောက၌ ဗုဒ္ဓပွင့်တော်မူလာပုံ, တရားဟောတော်မူပုံ, ရဟန်းပြုပုံ စသည် ဟောတော်မူချက် တို့သည် သာမညဖလသုတ်က အတိုင်းပင်တည်း။

(၁) ပဌမဆရာသည် မိမိကိုယ်တိုင်ကလည်း သီလသုံးမျိုးနှင့် ပြည့်စုံခြင်း, ပဌမဈာန်သို့ ရောက်၍နေခြင်း, တပည့်တို့အား လည်း ထိုအတိုင်း ပြုကျင့်စေခြင်း၊

(၂) ဒုတိယဆရာသည် မိမိကိုယ်တိုင်ကလည်း ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်သို့ရောက်အောင် ကျင့်ပြီးဖြစ်ခြင်း, တပည့်တို့အားလည်း ထိုအတိုင်း ပြုကျင့်စေခြင်း၊

(၃) တတိယဆရာသည် မိမိကိုယ်တိုင်ကလည်း ဝိပဿနာဉာဏ်မှစ၍ အာသဝက္ခယဉာဏ်အထိ ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံ အောင်ကျင့်ခြင်း, တပည့်တို့အားလည်း ထိုအတိုင်း ပြုကျင့်စေခြင်း၊

၎င်းဆရာသုံးမျိုးကို အပြစ်တင်ခြင်းငှာ စောဒနာခြင်းငှာ မထိုက်ပေ။ အကယ်၍ တစ်စုံတစ်ဦးက အပြစ်တင် စောဒနာငြားအံ့၊ ထိုအပြစ်တင် စောဒနာခြင်းသည် မဟုတ်မမှန်၍ တရားနှင့် မလျော်ပေ။ အပြစ်လည်း ရှိချေ၏။

အထက်ပါ ဆရာသုံးမျိုး ဖေါ် ဝတ္တုဆရာကား *(ဓာဒနာ ကမ္မစာတင်ထိုက်သော ဆရာသုံးမျိုးကိုထောက်၍ ဤကမ္မဝါတင်ထိုက်သော ဆရာသုံးမျိုးကို တစ်ခုတည်းပေါင်း၍ စတုတ္ထဆရာဟု ဆိုရိုခြင်း မှန်သည်။)* မိမိရဟန်းကိုစွလည်း ပြီးပြိဖြစ်၏။ တပည့်တို့ကလည်း အဆုံးအမကို လိုက်နာကြ၏။ ထို့ကြောင့် ထိုစတုတ္ထဆရာကို အပြစ်တင်ခြင်းငှာ စောဒနာခြင်းငှာ မထိုက်တော့ပေ။
(ဒီ- ၁- ၂၂၀ / ၂၂၁)

လောဟိစ္စပုဏ္ဏား ဥပါသကာအဖြစ် ခံယူခြင်း

ထိုသို့ မိန့်တော်မူသော် လောဟိစ္စပုဏ္ဏားသည် ရှင်တော်ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

သေယျထာပိ ဘော ဂေါတမ ပုရိသော ပုရိသံ နရကပပါတံ ပတန္တံ ကေသေသု ဂဟေတွာ ဥဒ္ဓရိတွာ ထလေ ပတိဋ္ဌပေယျ။ ဝေမေဝါဟံ ဘောတော ဂေါတမေန နရကပပါတံ ပပတန္တော ဥဒ္ဓရိတွာ ထလေ ပတိဋ္ဌာပိတော။
(ဒီ- ၁- ၂၂၁)

ဘော ဂေါတမော– အရှင်ဂေါတမ၊ **ပုရိသော**– ယောကျ်ားတစ်ယောက်သည်၊ **နရကပပါတံ**– နရက်ချောက်သို့ **ပတန္တံ**– ကျရောက်နေသော၊ **ပုရိသံ**– ယောကျ်ားကို၊ **ကေသေသု**– ဆံပင်တို့၌၊ **ဂဟေတွာ**– ကိုင်၍၊ **ဥဒ္ဓရိတွာ**– ဆွဲတင်၍ **ထလေ**– ကုန်းပေါ်၌၊ **ပတိဋ္ဌပေယျ သေယျထာပိ**– တည်စေရာသကဲ့သို့၊ **ဝေမေဝ**– ဤအတိုင်းသာလျှင်၊ **ဘောတော ဂေါတမေန**– အရှင်ဂေါတမသည်၊ **နရကပပါတံ**– နရက်ချောက်သို့၊ **ပပတန္တော**– ကျရောက်နေသော၊ **အဟံ**– တပည့်တော်ကို၊ **ထလေ**– ကုန်းပေါ်၌၊ **ပတိဋ္ဌာပိတော**– တည်စေအပ်ပါပြီ။

အရှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အရှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ (ပ) အရှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ဟောပြတော်မူပါပေ၏။ အရှင်ဂေါတမ တပည့်တော်သည် အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုလည်းကောင်း, သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်ဂေါတမသည် တပည့်တော်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ' ဟု လျှောက်ထားလေသတည်း။

သတိပြုဖွယ် တရားတော်

(၁) ဤလောဟိစ္စသုတ် တရားတော်အရ ကိလေသာမှ လွတ်မြောက်သော ဝိမောက္ခတရားကို သိထားသူသည် သံယောဇဉ် အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးသူ ဖြစ်သည်။ သံယောဇဉ် အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးသူတစ်ဦးက သံယောဇဉ် အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးဖြစ်၍ နောက်ထပ် သံယောဇဉ် အနှောင်အဖွဲ့အသစ်တစ်ခုကို ပြုလုပ်ရန် မလိုတော့ပေ။ သူတစ်ပါးကို တရားဟောခြင်းသည် သံယောဇဉ် အနှောင်အဖွဲ့မှ လွတ်ပြီးကာမှ နောက်ထပ် သံယောဇဉ် အနှောင်အဖွဲ့အသစ်ကို ထပ်၍ပြုလုပ်သည်နှင့် တူ၏ဟူ၍ လောဟိစ္စပုဏ္ဏား အယူရှိခြင်း ဖြစ်လေသည်။

(၂) ထိုအယူအဆသည် အပေါ်ယံအားဖြင့် ဟုတ်သယောင် ရှိသော်လည်း အတွင်းနိုက်ကြည့်လျှင် တကယ်တမ်း မဟုတ်ပေ။ အကြောင်းကား– လောဟိစ္စပုဏ္ဏားသည် ထိုအရာ၌ ခွဲခြား၍ နားမလည်သောကြောင့် ဖြစ်သည်။ ခွဲခြား၍ နားမလည်ဘဲ ပြောသည့်အတွက်ကြောင့်ပင် လောဟိစ္စပုဏ္ဏား၏ အယူအဆသည် တစ်ဖက်စွန်းသို့ ရောက်နေသည် ဖြစ်၍ **'ဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိ'** မျိုး မဟုတ်သော်ငြားလည်း လွဲမှားသော မိစ္ဆာအယူဘက်သို့ ရောက်ရှိသွားလေသည်။ အကယ်၍သာ လောဟိစ္စပုဏ္ဏားသည် ထိုအယူကို စွဲစွဲမြဲမြဲယူပြီး သေလွန်က ငရဲသို့လည်းကောင်း, တစ်စိတ်တစ်ပိုင်းယူပြီး သေလွန်က တိရစ္ဆာန်အဖြစ်သို့လည်းကောင်း ရောက်နိုင်သည်ဟု ဗုဒ္ဓ မိန့်ကြားတော်မူလေသည်။ ထို့ကြောင့် **ဘယ်အရာမျိုးမဆို တစ်ဖက်စွန်းသို့ရောက်သော အယူမျိုးကို မယူမိအောင် ပြုကျင့်နိုင်သူများ ဖြစ်ကြပါကုန်လော့။**

(၃) ဗုဒ္ဓက လောဟိစ္စပုဏ္ဏားကို တရားဟောရာ၌ ထိုသို့ယူခြင်းဖြင့် သူတစ်ပါးတို့၏ နတ်ရွာနိဗ္ဗာန်ဟူသော လာဘ်အန္တရာယ်ကို ပိတ်ပင်ရာရောက်ကြောင်း, အစီးအပွားကို မလိုလားသူဖြစ်ကြောင်း, ရန်သူစိတ်ကို ဖြစ်ပေါ်စေကြောင်း ဥပမာနှင့် ထုတ်ဆောင်ပြ၍

လောဟိစ္စပုဏ္ဏားအား အယူမှန်သို့ရောက်အောင် ရှင်းလင်းစွာ ဟောကြားတော်မူနိုင်ပေသည်။ **ထို့ကြောင့် ထိုကဲ့သို့သော သူတစ်ပါး လာဘ် အစီးအပွားအန္တရာယ်ကို ဖြစ်စေသော, ရန်သူစိတ်ကို ဖြစ်စေသော မှားယွင်းသော အယူမျိုးကို ရှောင်ရှားနိုင်သူများ ဖြစ်ကြပါကုန်လော့။**

(၄) ဗုဒ္ဓက ဆက်၍ဟောကြားသည်မှာ မိမိကိုယ်တိုင်က တရားမရဘဲ သူတစ်ပါးတို့အား တရားဟောသော်လည်း တရားနာသူတို့က လက်မခံသော ဆရာတစ်မျိုး, မိမိကိုယ်တိုင်က တရားမရဘဲ သူတစ်ပါးတို့အား တရားဟောသဖြင့် တရားနာသူတို့က လက်ခံသော ဆရာတစ်မျိုး, မိမိကိုယ်တိုင်က တရားရ၍ သူတစ်ပါးတို့အား တရားဟောရာတွင် တရားနာသူတို့က လက်မခံသော ဆရာတစ်မျိုး ထိုသုံးမျိုးသော ဆရာတို့ကို အပြစ်တင်ထိုက်ကြောင်းကိုလည်းကောင်း၊ ဗုဒ္ဓကိုယ်တိုင်ကမူကား မိမိကိုယ်တိုင်လည်း တရားရပြီး သူတစ်ပါးတို့အားလည်း ရစေသဖြင့် ဤစတုတ္ထဆရာမျိုးကို သတ္တလောက၏ အကျိုးစီးပွား, သူတစ်ပါးတို့၏ အကျိုးစီးပွားကို အမှန်တကယ် ဆောင်ရွက်နိုင်သူ ဖြစ်သောကြောင့် အပြစ်မတင်ထိုက်ကြောင်းကိုလည်းကောင်း ဟောကြားသည်မှာ အလွန်ပင် သန့်ရှင်းစင်ကြယ်သော, အလွန်ပင် အပြစ်ကင်းစင်သော, အလွန်ပင် သဘာဝကျသော ဟောကြားတော်မူချက် ဖြစ်လေသည်။ **ထို့ကြောင့် ဗုဒ္ဓ၏ ထိုဟောကြားတော်မူချက်နှင့်အညီ အပြစ်တင်ခြင်းငှာ မထိုက်သော တရားများကို ဟောကြားနိုင်သူများ ဖြစ်ကြပါကုန်လော့။**

လောဟိစ္စသုတ် ပြီး၏။

(၁၃) တေဝိဇ္ဇသုတ်

ဝေံ မေ သုတံ ဧကံ သမယံ ဘဂဝါ ကောသလေသု စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ ယေန မနသာကဋံ နာမ ကောသလာနံ ဗြာဟ္မဏဂါမော တဒဝသရိ။ တတြ သုဒံ ဘဂဝါ မနသာကဋေ ဝိဟရတိ ဥတ္တရေန မနသာကဋဿ အစိရဝတိယာ နဒိယာ တီရေ အမ္ဗဝနေ။ *(ဒီ- ၁- ၂၂၂)*

ဘန္တေ ကဿပ- အရှင်မဟာကဿပဘုရား၊ မေ မယာ အာနန္ဒေန- တပည့်တော် အာနန္ဒာသည်၊ ဣဒံ သုတ္တံ- ဤ တေဝိဇ္ဇသုတ်ကို၊ ဘဂဝတော- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓ၏၊ သမ္မုခါ- မျက်မှောက်တော်မှ၊ ဧဝံ- ဤဖော်ပြအပ်လတ္တံ့ အတိုင်း၊ သုတံ- နာခံမှတ်သား ဆောင်ထားအပ်ပါပြီ။

ဧကံ သမယံ- အခါတစ်ပါး၌၊ **ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **မဟတာ**- မြတ်လည်းမြတ်, အရေအတွက်အားဖြင့်လည်းများသော၊ **ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ**- ရဟန်းငါးရာကုန်သော၊ **ဘိက္ခုသံဃေန**- ရဟန်းအပေါင်းနှင့် **သဒ္ဓိံ**- တကွ၊ **ကောသလေသု**- ကောသလတိုင်း၌၊ **စာရိကံ**- ဒေသစာရီကို၊ **စရမာနော**- လှည့်လည်တော်မူသည်ရှိသော်၊ **ယေန**- အကြင်အရပ်၌၊ **မနသာကဋံ နာမ**- မနသာကဋမည်သော၊ **ကောသလာနံ**- ကောသလတိုင်း ဇနပုဒ်၏၊ **ဗြာဟ္မဏဂါမော**- ပုဏ္ဏားရွာသည်၊ **အတ္ထိ**- ရှိ၏။ **တံ**- မနသာကဋ ပုဏ္ဏားရွာရှိရာ ထိုအရပ်သို့၊ **အဝသရိ**- ရောက်တော်မူပြီ။

ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည်၊ **တတြ မနသာကဋေ**- ထိုမနသာကဋ ပုဏ္ဏားရွာ၏ အနီးဖြစ်သော၊ **မနသာကဋဿ**- မနသာကဋရွာမှ၊ **ဥတ္တရေန**- အနီးဖြစ်သော မြောက်အရပ်၌၊ **အစိရဝတိယာ**- အစိရဝတီမည်သော၊ **နဒိယာ**- မြစ်၏၊ **တီရေ**- ကမ်းနား၌၊ **အမ္ဗဝနေ**- သရက်ဥယျာဉ်၌၊ **ဝိဟရတိ**- ဣရိယာပထ မျှတစွာ သီတင်းသုံးတော်မူနေ၏။

အမ္ဗဝန အဋ္ဌကထာအဖွင့်

အမ္ဗဝန ခေါ် သရက်ဥယျာဉ်တော်သည် နုပျိုသော သရက်ပင်တို့ဖြင့် မွေ့လျော်ဖွယ် ကောင်းလေသည်။ ချဉ်းအံ့၊ ထိုမြေအရပ်၌ ငွေပြားနှင့်တူသော အထူးထူးရောပြွမ်းသော သဲများကို ခင်းထားလေသည်။ အထက်၌ တစ်ခဲနက် အခက်အရွက်ရှိသော နုပျိုသော သရက်ပင်တို့၏ အခက်အရွက်တို့သည် ပတ္တမြားကို မျက်နှာကြက်ထားသကဲ့သို့ တင့်တယ်လျက် ရှိလေသည်။ ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓသည် ထိုသရက်ဥယျာဉ်တော်၌ ဆိတ်ငြိမ်မှုရှိသော လျောက်ပတ်သောအရပ်၌ သီတင်းသုံးတော်မူလေသည်။ *(ဒီ ဋ္ဌ- ၁- ၃၃၁)*

ထိုမနသာကဋရွာ၌ ထင်ရှားသော ပုဏ္ဏားများ နေထိုင်ကြခြင်း

တေန ခေါ ပန သမယေန သမ္ဗဟုလာ အဘိညာတာ အဘိညာတာ ဗြာဟ္မဏမဟာသာလာ မနသာကဋေ ပဋိဝသန္တိ။ *(ဒီ- ၁- ၂၂၂)*

တေန ခေါ ပန သမယေန- ထိုအခါ၌၊ **သမ္ဗဟုလာ**- များစွာကုန်သော၊ **အဘိညာတာ အဘိညာတာ**- အလွန်ထင်ရှားကုန်, အလွန်ထင်ရှားကုန်သော၊ **ဗြာဟ္မဏ မဟာသာလာ**- များသောဥစ္စာနှစ်ရှိကုန်သော ပုဏ္ဏားတို့သည်၊ **မနသာကဋေ**- မနသာကဋရွာ၌၊ **ပဋိဝသန္တိ**- နေကြကုန်၏။

ထိုပုဏ္ဏားတို့ကား စင်္ကီပုဏ္ဏား, တာရုက္ခပုဏ္ဏား, ပေါက္ခရသာတိပုဏ္ဏား, ဇာဏုသောဏိပုဏ္ဏား, တောဒေယျပုဏ္ဏားနှင့် အလွန်ထင်ရှားကျော်စောကုန်သော အခြားပုဏ္ဏားသူဌေးတို့ပေတည်း။

ထိုပုဏ္ဏားတို့တွင် စင်္ကီပုဏ္ဏားသည် ဩပါသာဒအရပ်၌လည်းကောင်း၊ တာရုက္ခပုဏ္ဏားသည် ဣစ္ဆာနင်္ဂလနိဂုံး၌လည်း ကောင်း၊ ပေါက္ခရသာတိပုဏ္ဏားသည် ဥက္ကဋ္ဌမြို့၌လည်းကောင်း၊ ဇာဏုသောဏိပုဏ္ဏားသည် သာဝတ္ထိမြို့၌လည်းကောင်း၊ တောဒေယျ ပုဏ္ဏားသည် တုဒိရွာ၌လည်းကောင်း အသီးသီးနေကြလေသည်။ *(ဒီ ဋ္ဌ- ၁- ၃၄၁)*

မနသာကဋရွာသို့ လာခြင်းအကြောင်း

ထိုပုဏ္ဏားတို့သည် မိမိတို့နေထိုင်ရာအရပ်မှ ထိုမနသာကဋအရပ်သို့ မန္တန်ရွတ်ဖတ်ခြင်းငှာ လာရောက်နေထိုင်ကြခြင်း ဖြစ်လေသည်။ ထို့အတူ အခြားထင်ရှားကျော်စောကုန်သော ပုဏ္ဏားတို့သည်လည်း မိမိတို့နေထိုင်ရာ အရပ်ဒေသအသီးသီးမှ လာရောက်နေထိုင်ကြလျက် ရှိကြလေသည်။

ချဲ့ဦးအံ့။ ထိုမနသာကဋရွာသည် မွေ့လျော်ဘွယ်ကောင်းသည်၏အဖြစ်ကြောင့် ထိုပုဏ္ဏားတို့သည် ထိုမနသာကဋရွာ၏အနီး အစိရဝတီ မြစ်ကမ်းနား၌ အိမ်တို့ကို ဆောက်လုပ်၍ အခြားလူတို့ မလာနိုင်အောင် ကာရံတားမြစ်၍ အကြားအကြား၌ မန္တန်ရွတ်ဆို၍ နေထိုင်ကြလေသည်။ *(ဒီ ဋ္ဌ- ၁- ၃၃၁)*

ဝါသေဋ္ဌနှင့် ဘာရဒွါဇ ပုဏ္ဏားလုလင်နှစ်ဦး

ဝါသေဋ္ဌနှင့် ဘာရဒွါဇ ပုဏ္ဏားလုလင်နှစ်ဦးတို့တွင် ဝါသေဋ္ဌသည် ပေါက္ခရသာတိပုဏ္ဏား၏ တပည့်ဖြစ်သည်။ ဘာရဒွါဇပုဏ္ဏားသည် တာရုက္ခပုဏ္ဏား၏ တပည့်လုလင်ဖြစ်သည်။ ထိုပုဏ္ဏားလုလင် နှစ်ဦးလုံးသည် ဗေဒင်သုံးပုံတို့၌ ပါရဂူရောက် တတ်မြောက်ကြလေသည်။

မန္တန်ကို ကြာမြင့်စွာ ရွတ်ဖတ်ရသည်ဖြစ်၍ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် အမောအပန်းဖြေခြင်းငှာ အစိရဝတီမြစ်၌ ရေချိုးသန့်စင်ပြီးနောက် ငွေပြားအဆင်းရှိသော ကမ်းနားသဲပြင်၌ အညောင်းပြေ လမ်းလျှောက်လာရင်း ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် *(မဂ္ဂါမဂ္ဂ်)* ဖြောင့်သောလမ်း ဟုတ်သည်, မဟုတ်သည်၌ အောက်ပါအတိုင်း စကားပြောဆိုမှု ဖြစ်ကြလေသည်။
(ဒီ ဋ္ဌ- ၁- ၃၃၁)

'ပေါက္ခရသာတိ ဟောကြားအပ်သော ဤလမ်းသည်သာ ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် ဖြောင့်တန်းသောလမ်း ဖြစ်သည်။ ထိုလမ်းသည် စင်စစ်အားဖြင့် ဗြဟ္မာ့ပြည်ကို ပို့ဆောင်နိုင်သည်' ဟူ၍ ဝါသေဋ္ဌလုလင်က ပြောဆိုလေလျှင်-

'တာရုက္ခပုဏ္ဏား ဟောကြားသော ဤလမ်းသည်သာ ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် ဖြောင့်တန်းသောလမ်း ဖြစ်သည်။ ထိုလမ်းသည် စင်စစ်အားဖြင့် ဗြဟ္မာ့ပြည်သို့ ပို့ဆောင်နိုင်သည်' ဟူ၍ ဘာရဒွါဇက ပြန်ပြောလေသည်။ *(ဒီ- ၁- ၂၂၂)*

ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် အသီးသီး မိမိတို့၏ ဆရာ့ဝါဒကို ချီးမြှောက်ပြောဆိုကြသော်လည်း ဘယ်ဆရာ၏လမ်းက မှန်သည်, မမှန်သည်ကို မဆုံးဖြတ်နိုင်ကြပေ။

ထိုပုဏ္ဏားလုလင်နှစ်ဦးတို့သည် ရှေးက ရှင်တော်ဗုဒ္ဓအား တစ်ကြိမ်ဖူးမြော်ဖူးကြသူများဖြစ်၍ ဗုဒ္ဓသည်သာ ဤကဲ့သို့သော လမ်းမျိုး၌ ကျွမ်းကျင်ပေသည်။ ငါတို့၏ ယုံမှားသံသယကို အရှင်ဂေါတမသည် ဖြေဖျောက်နိုင်သည်ဟူ၍ ဆုံးဖြတ်ကြပြီး မိမိတို့နေထိုင်ရာ၌ မနီးမဝေးမှာရှိသော ဗုဒ္ဓထံသို့ ချဉ်းကပ်ပြီး မိမိတို့၏ စကားများကို ဗုဒ္ဓအား လျှောက်ထားကြလေသည်။
(ဒီ- ၁- ၂၂၂ / ၃၊ ဒီ ဋ္ဌ- ၁- ၃၃၂)

ဗုဒ္ဓက မေးမြန်းစိစစ်၍ ပြဿနာကို ဖြေရှင်းတော်မူခြင်း

ဗုဒ္ဓက ဝါသေဋ္ဌအား 'အဘယ်အရာ၌ ငြင်းခုံမှု ဖြစ်သနည်း' ဟု မေးတော်မူရာတွင် ဝါသေဋ္ဌလုလင်က ဗြဟ္မာ့ပြည်သို့သွားရန် ဖြောင့်တန်းသောလမ်း ဟုတ်သည်, မဟုတ်သည်၌ ငြင်းခုံမှုဖြစ်ကြောင်း လျှောက်ထားလေသည်။ ထိုသို့လျှောက်ပြီး ဝါသေဋ္ဌလုလင်သည် အောက်ပါအတိုင်းလည်း ဆက်လက်လျှောက်ထားလေသည်။

'အရှင်ဂေါတမ အဒ္ဓရိယ ပုဏ္ဏားတို့သည်လည်းကောင်း, တိတ္တိရိယ ပုဏ္ဏားတို့သည်လည်းကောင်း, ဆန္ဒောက ပုဏ္ဏားတို့သည်လည်းကောင်း, ဗဝှါရိဇ္ဈ ပုဏ္ဏားတို့သည်လည်းကောင်း အထူးထူးသောလမ်းကို ပညတ်ကုန်သော်လည်း ထိုလမ်းအလုံးစုံတို့သည် ထိုလမ်းအတိုင်း သွားသောသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် စင်စစ် ပို့ဆောင်ပါကုန်၏။

အရှင်ဂေါတမ ရွာနိဂုံးတို့၏ မနီးမဝေး၌ များစွာကုန်သော အထူးထူးအပြားပြားသော လမ်းတို့သည် ရှိကုန်ငြားသော်လည်း ထိုလမ်းအလုံးစုံတို့သည် ထိုရွာနိဂုံး၌ ပေါင်းစုံဆိုက်ရောက်ကုန်သကဲ့သို့ အရှင်ဂေါတမ ဤအတူပင် အဒ္ဓရိယပုဏ္ဏားတို့သည်လည်း

ကောင်း, တိတ္တိရိယ ပုဏ္ဏားတို့သည်လည်းကောင်း, ဆန္ဒောက ပုဏ္ဏားတို့သည်လည်းကောင်း, ဗဝ္ဟရိစ္ဆ ပုဏ္ဏားတို့သည်လည်းကောင်း အထူးထူးအပြားပြားသော လမ်းတို့ကို ပညတ်ကုန်သော်လည်း ထိုလမ်းအလုံးစုံတို့သည် ထိုလမ်းကို သွားသောသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် စင်စစ်ပို့ဆောင်ပါကုန်၏။'

'ဝါသေဋ္ဌ ပို့ဆောင်ကုန်၏ဟု သင်ဆိုသလော။'

'အရှင်ဂေါတမ ပို့ဆောင်ကုန်၏ဟု အကျွန်ုပ်ဆိုပါ၏။'

အထက်ပါအတိုင်း ဗုဒ္ဓက သုံးကြိမ်မေးတော်မူ၍ ဝါသေဋ္ဌကလည်း သုံးကြိမ်ဖြေဆိုလေသည်။ *(ဒီ- ၁- ၂၂၄)*

ဤ၌ ဗုဒ္ဓသည် ဝါသေဋ္ဌအား အဘယ့်ကြောင့် သုံးကြိမ်မေးသနည်းဟူမူ ပုဏ္ဏားတို့သည် 'ရှေးဦးစွာ ပြောပါသည်' ဟု ဝန်ခံပြီးနောက် နှိပ်၍ပြောဆိုသည်ရှိသော် 'ဒီလို မပြောရပါ' ဟု ငြင်းပယ်တတ်သောကြောင့် ငြင်းပယ်ခြင်း မပြုနိုင်အောင် သုံးကြိမ်မေး၍ ဝန်ခံစေခြင်း ဖြစ်သည်။ *(ဒီ ဋ္ဌ- ၁- ၃၃၃)*

အခြေအမြစ်မရှိသော စကားဖြစ်ပုံကို ဗုဒ္ဓ မိန့်ကြားတော်မူခြင်း

'ဗြဟ္မာ့ပြည်သို့သွားရန် ဖြောင့်တန်းသောလမ်းတည်း' ဟူသော ပုဏ္ဏားတို့ပြောသောစကားနှင့်စပ်၍ ပါဠိတော်တွင် ဗုဒ္ဓက ဝါသေဋ္ဌအား မေးတော်မူ၍လည်းကောင်း, ဝါသေဋ္ဌက အမှန်အတိုင်း ဝန်ခံဖြေဆို၍လည်းကောင်း ပုဏ္ဏားတို့၏ ပြောဆိုကြသော စကားတို့သည် အခြေအမြစ်မရှိပုံကို အောက်ပါအတိုင်း ကောက်နုတ်၍ ဖော်ပြပါသည်။

'ဝါသေဋ္ဌ ဗြဟ္မာကို မျက်ဝါးထင်ထင် မြင်ဖူးသော ဆရာတစ်ဦးတစ်ယောက်သည်လည်းကောင်း, ဆရာ့ဆရာ တစ်ဦး တစ်ယောက်သည်လည်းကောင်း မရှိချေ။ ထို့အပြင် ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော 'အဋ္ဌကရသေ့, ဝါမကရသေ့, ဝါမဒေဝရသေ့, ဝေဿာမိတ္တရသေ့, ယမတဂ္ဂိရသေ့, အင်္ဂီရရသေ့, ဘာရဒွါဇရသေ့, ဝါသေဋ္ဌရသေ့, ကဿပရသေ့, ဘဂုရသေ့' တို့သည်လည်း ဗြဟ္မာတို့၏ လားရာလမ်း, သွားရာလမ်း အရပ်တို့ကို ငါတို့သိကုန်၏။ ငါတို့မြင်ကုန်၏' ဟု မပြောကြားခဲ့ကုန်။ ထိုသို့ဖြစ်လျက်-

'ဤသည်ပင် ဗြဟ္မာ့ပြည်သို့သွားရန် ဖြောင့်တန်းသောလမ်းတည်း။ ဖြောင့်စင်းသောလမ်းတည်း။ ထိုလမ်းကိုသွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် စင်စစ်ပို့ဆောင်၏' ဟု ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ပြောဟောကြကုန်၏။

ဗြဟ္မာကိုလည်း မမြင်ဖူး။ ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းလမ်းကိုလည်း မသိသော ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ပြောကြားချက်သည် အခြေအမြစ်မရှိသော စကားသာဖြစ်ကြောင်း ဗုဒ္ဓ မိန့်ကြားတော်မူလေသည်။ *(ဒီ- ၁- ၂၂၄ / ၅)*

သူကန်းဥပမာ

ထို့ပြင် ဗုဒ္ဓက ဆက်လက်ဟောကြားတော်မူသည်မှာ 'တစ်ဦးကိုတစ်ဦး ခါးတောင်းမြိတ်ကိုကိုင်၍ လမ်းသွားနေသော သူကန်းအစဉ်အတန်း ရှိလေသည်။ ထိုသူကန်းအစဉ်အတန်းကို အရက်သမား လူညစ်ပတ်သည် 'ဤမည်သောရွာ၌ စားဖွယ်သောက် ဖွယ် ပေါများရလွယ်၏' ဟူ၍ အားတက်သရေဖြစ်အောင် ပြောဆိုကာ ထိုသူကန်းတို့၏ထံမှ တံစိုးလက်ဆောင်ကိုယူ၍ ထိုသူကန်း အစဉ်အား ခေါ်ဆောင်လာပြီးနောက် ခြုံကြီးတစ်ခုကို လှည့်လည်စေပြီးလျှင် အရက်သမား လူညစ်ပတ်သည် ထွက်ပြေးလေသည်။

ထိုသူကန်းတို့သည် တစ်နေ့ပတ်လုံး ထိုခြုံပုတ်ကို ပတ်လျက်သာလျှင် 'ငါတို့၏ မျက်စိအမြင်ရှိသော ယောကျ်ားသည် အဘယ်မှာနည်း။ ရွာသို့သွားသော လမ်းခရီးသည် အဘယ်မှာနည်း' ဟူ၍ မြည်တမ်းငိုကြွေး၍သာလျှင် လမ်းခရီးကို မရောက်ကြကုန်ဘဲ သေကြရကုန်သကဲ့သို့-

ဗြဟ္မာကိုလည်းကောင်း, ဗြဟ္မာ့ပြည်သို့သွားရာ လမ်းခရီးကိုလည်းကောင်း လက်ဦးဆရာဖြစ်ကုန်သော ရသေ့ဆရာကြီးတို့ သည်လည်း မမြင်မသိကြကုန်။ အလယ်ဆရာဖြစ်ကုန်သော ပုဏ္ဏားဆရာတို့သည်လည်း မမြင်မသိကြကုန်။ ယခုလက်ရှိ နောက်ဆုံးဖြစ် ကုန်သော ပုဏ္ဏားတို့သည်လည်း မမြင်မသိကြကုန်။

ထို့ကြောင့် ထိုပုဏ္ဏားတို့သည် သူကန်းအစဉ်အတန်းနှင့် တူနေလေသည်။ 'ဤသည်ကား ဗြဟ္မာ့ပြည်သွားရန် ဖြောင့်တန်း

သောလမ်းတည်း’ ဟု ပြောဆိုကြသော ပုဏ္ဏားတို့၏ စကားသည် **တဿကညေဝ**– ရယ်ဖွယ်သာတည်း၊ **နာမကညေဝ**– အပြောမျှသာတည်း၊ **ရိတ္တကညေဝ**– အနက်မဲ့မျှသာတည်း၊ **တုစ္ဆကညေဝ**– အချိးနှီးမျှသာတည်း။ ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဗြဟ္မာ့ပြည်သို့ သွားရန်လမ်းကြောင်းကို ဟောကြားနိုင်အံ့သော အကြောင်းသည် မရှိချေ။ *(ဒီ- ၁- ၂၂၅)*

ဇနပဒကလျာဏီ ဥပမာ

ဝါသေဋ္ဌ ယောကျ်ားတစ်ဦးသည် ‘ငါသည် ဤနိုင်ငံ၌ အလှဆုံး ဇနပဒကလျာဏီ မိန်းမကို လိုချင်၏၊ ချစ်ကြိုက်၏’ ဟု ဆို၏။ သို့ရာတွင် ရုပ်ရည်ကိုလည်း တစ်ခါမျှ မမြင်ဖူး။ အမျိုး, ဇာတ်, အမည်မျှကိုလည်း မသိ။ ဘယ်မှာနေသည်ဟူ၍လည်း မသိ။ သို့ဖြစ်၍ ထိုယောကျ်ား၏ စကားသည် အနှစ်မရှိသော စကားသာ ဖြစ်သကဲ့သို့ ပုဏ္ဏားတို့၏ စကားသည်လည်း အနှစ်မရှိသော စကားသာ ဖြစ်လေသည်။ *(ဒီ- ၁- ၂၂၇ / ၈)*

လှေကားဥပမာ

ဝါသေဋ္ဌ ယောကျ်ားတစ်ယောက်သည် လမ်းမလေးခုဆုံရာ၌ ပြာသာဒ်သို့တက်ရန် လှေကားကို ထောင်နေ၏။ သို့ရာတွင် ထိုပြာသာဒ်သည် အဘယ်အရပ်၌ ရှိသည်ဟူ၍ မသိချေ။ သို့ဖြစ်၍ ထိုယောကျ်ား၏ လှေကားထောင်ခြင်းသည် အနှစ်မရှိသကဲ့သို့ ပုဏ္ဏားတို့၏ စကားသည်လည်း အနှစ်မရှိချေ။ *(ဒီ- ၁- ၂၂၈ / ၉)*

ပုဏ္ဏားတို့နှင့် ဗြဟ္မာ့ပြည် တစ်ခြားစီ

ဝါသေဋ္ဌ ဗြဟ္မာတို့သည် ကာမဂုဏ်ငါးပါးတို့ကို မခံစားချေ။ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ကာမဂုဏ်ငါးပါးတို့ကို သုံးဆောင်၏။ ထို့ကြောင့် ပုဏ္ဏားတို့သည် သေလွန်ပြီးသည်၏နောက်၌ ဗြဟ္မာ့ပြည်သို့ရောက်ရန် အကြောင်းမရှိချေ။ *(ဒီ- ၁- ၂၃၁)*

ဝါသေဋ္ဌ ဗြဟ္မာတို့သည် ကာမစ္ဆန္ဒ မရှိသောကြောင့် သားမယားကို သိမ်းဆည်းခြင်း မရှိကုန်။ ဗျာပါဒ ဒေါသ မရှိသောကြောင့် ရန်နှင့်ယှဉ်သောစိတ် မရှိကုန်။ ထိန, မိဒ္ဓ မရှိသောကြောင့် မခံ့ကျန်းသောစိတ် မရှိကုန်။ ဥဒ္ဓစ္စ, ကုက္ကုစ္စစသော ကိလေသာ မရှိသောကြောင့် ညစ်နွမ်းသောစိတ် မရှိကုန်။ ဝိစိကိစ္ဆာ မရှိသောကြောင့် စိတ်ကို အလိုအတိုင်း ဖြစ်စေနိုင်ကုန်၏။

ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည်ကား ကာမစ္ဆန္ဒ ရှိသောကြောင့် သားမယားကို သိမ်းဆည်းခြင်း ရှိကုန်၏။ ဗျာပါဒ ဒေါသ ရှိသောကြောင့် ရန်နှင့်ယှဉ်သောစိတ် ရှိကုန်၏။ ထိန, မိဒ္ဓ ရှိသောကြောင့် မခံ့ကျန်းသောစိတ် ရှိကုန်၏။ ဥဒ္ဓစ္စ, ကုက္ကုစ္စစသော ကိလေသာ ရှိသောကြောင့် ညစ်နွမ်းသောစိတ် ရှိကုန်၏။ ဝိစိကိစ္ဆာ ရှိသောကြောင့် စိတ်ကို အလိုအတိုင်း မဖြစ်စေနိုင်။ သို့ဖြစ်၍ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် သေလွန်ပြီးသည်၏နောက်၌ ဗြဟ္မာ့ပြည်သို့ရောက်ရန် အကြောင်းမရှိချေ။
(ဒီ- ၁- ၂၃၂ / ၃၊ ဒီ ဋ္ဌ- ၁- ၃၃၅)

အပါယ်လေးဘုံ၌ ပျက်စီးကြရမည်

ဗုဒ္ဓသည် ဝါသေဋ္ဌအား ထိုသို့ဟောကြားပြီးနောက် ဆက်၍ အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဗြဟ္မာ့ပြည်သို့သွားရန် လမ်းမှန်မဟုတ်သောအကျင့်ကို လမ်းမှန်ဟူ၍ ယူဆသောကြောင့် ရွံ့ညွန်ဗွက်ကို မြေအပြင်ဟူ၍ ထင်မှတ်သူသည် ရွံ့ညွန်၌ နစ်မြုပ်၍ ပျက်စီးရကုန်သကဲ့သို့ ဗေဒင်သုံးပုံကို စား၍ နစ်မြုပ်ပျက်စီးကြရကုန်၏။

တံလျှပ်ကို ရေထင်၍ ကျိုးတို့သည် အခြောက်တိုက်ကူး၍ လက်, ခြေတို့၏ ကျိုးပဲ့ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည်လည်း ဗြဟ္မာ့ပြည်သို့သွားရန် လမ်းမှန်မဟုတ်သည်ကို လမ်းမှန်ဟု ယူဆခြင်းကြောင့် အပါယ်ဘုံ၌ နစ်မြုပ်၍ ခြေ, လက်တို့ ကျိုးပဲ့ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏။

ဝါသေဋ္ဌ ထို့ကြောင့် ဤဗေဒင်သုံးပုံတို့ကို ရှာမနီးသော တောကြီးဟူ၍လည်းကောင်း, အစာရေစာမရှိသော တောနက်ကြီးဟူ၍လည်းကောင်း ဆိုအပ်ကုန်၏။ ပျက်စီးရာ ပျက်စီးကြောင်းဟူ၍လည်း ဆိုအပ်ကုန်၏။ *(ဒီ- ၁- ၂၃၃၊ ဒီဋ္ဌ- ၁- ၃၃၆)*

ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းအကျင့်ကို မေးခြင်း

ဝါသေဋ္ဌသည် ဗုဒ္ဓ၏စကားကို နာကြားပြီးနောက် အောက်ပါအတိုင်း လျှောက်လေသည်။

'အရှင်ဂေါတမ အကျွန်ုပ်သည် အရှင်ဂေါတမသည် ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန်လမ်းကို သိ၏ဟု အကျွန်ုပ် ကြားဖူးပါ၏'

ထိုအခါ ဗုဒ္ဓသည် အောက်ပါအတိုင်း မိန့်ကြားလေသည်။

'ဝါသေဋ္ဌ ဤမနသာကဋရွာ၌ မွေးဖွားပြီး ဤရွာ၌ပင် ကြီးပြင်းလာသောသူကို မနသာကဋရွာသို့ သွားသောလမ်းကို မေးလျှင် နှောင့်နှေးကြန့်ကြာခြင်းမရှိ ဖြေကြားနိုင်၏။ သို့ရာတွင် ဟာရ်နတ်လှည့်စား၍လည်းကောင်း, မိန်းမောတွေဝေသောကြောင့်လည်းကောင်း, ဉာဏ်ပျက်စီးသောကြောင့်လည်းကောင်း နှောင့်နှေးကြန့်ကြာခြင်းဖြစ်သော် ဖြစ်ရာ၏။

ငါဗုဒ္ဓသည်ကား ငါ၏ သဗ္ဗညုတဉာဏ်ကို မည်သူမျှ ပိတ်ပင်တားဆီးခြင်းငှာ မစွမ်းဆောင်နိုင်သောကြောင့် ဗြဟ္မာကိုလည်းကောင်း, ဗြဟ္မာ့ပြည်ကိုလည်းကောင်း, ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းအကျင့်ကိုလည်းကောင်း ငါသိ၏။ ယင်းနှင့်စပ်၍ မေးသည်ရှိသော် နှောင့်နှေးကြန့်ကြာခြင်း မရှိသည်သာတည်း။' *(ဒီ- ၁- ၂၃၃၊ ဒီဋ္ဌ- ၁- ၃၃၆ / ၇)*

ဗြဟ္မာ့ပြည်သို့ သွားရန်လမ်းကို ဗုဒ္ဓ ဟောကြားတော်မူခြင်း

ဝါသေဋ္ဌလုလင် လျှောက်ထားတောင်းပန်သည်ဖြစ်၍ ဗုဒ္ဓသည် ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းအကျင့်ကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ဤလောက၌ တထာဂတ ပွင့်လာပုံ, ရဟန်းပြုပုံ, သီလနှင့်ပြည့်စုံပုံ, နီဝရဏနှင့်ကင်းပုံတို့ကို ဟောကြားတော်မူပုံကား သာမညဖလသုတ်က အတိုင်းပင်တည်း။

'မေတ္တာ, ကရုဏာ, မုဒိတာ' ဟူသော ဗြဟ္မဝိဟာရတရားသုံးပါးကို ပွါးများ၍ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်ကို ရ၍လည်းကောင်း၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရကို ပွါးများ၍ စတုတ္ထဈာန်အထိ ရနိုင်သည်ကိုလည်းကောင်း' ဗုဒ္ဓသည် အကျယ်တဝင့် ဟောကြားတော်မူလေသည်။

'ထိုဈာန်ရပုဂ္ဂိုလ်သည် ကာမစ္ဆန္ဒ မရှိ၍ သားမယားကို သိမ်းဆည်းခြင်း မရှိသောကြောင့်လည်းကောင်း၊ ဗျာပါဒ မရှိ၍ ရန်နှင့်ယှဉ်သောစိတ် မရှိသောကြောင့်လည်းကောင်း၊ ထိန, မိဒ္ဓ မရှိ၍ မခံ့ကျန်းသောစိတ် မရှိသောကြောင့်လည်းကောင်း၊ ဥဒ္ဓစ္စ, ကုက္ကုစ္စစသော ကိလေသာများ မရှိ၍ ညစ်နွမ်းသောစိတ် မရှိသောကြောင့်လည်းကောင်း၊ ဝိစိကိစ္ဆာ မရှိ၍ စိတ်ကိုအလိုအတိုင်း ဖြစ်စေနိုင်သောကြောင့်လည်းကောင်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဗြဟ္မာ၏ အပေါင်းအဖော်၏ အဖြစ်သို့ ရောက်နိုင်လေတော့သည်' ဟူ၍ ဟောကြားတော်မူလေသည်။

ဒုတိယအကြိမ် ဥပါသကာအဖြစ်ကို ခံယူခြင်း၊ ရဟန္တာဖြစ်ကြခြင်း

ဝါသေဋ္ဌ, ဘာရဒွါဇတို့သည် 'အဘိက္ကန္တံ ဘော ဂေါတမ' အရှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစ္စ' စသည်ဖြင့် လျှောက်ကြားပြီး သရဏဂုံတည် ဥပါသကာအဖြစ်ကို လျှောက်ထားကြလေသည်။ *(ဒီ- ၁- ၂၃၅ / ၆)*

ဤသရဏဂုံ ခံယူခြင်းသည် ဒုတိယအကြိမ် ဖြစ်လေသည်။ မှန်၏။ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် မဇ္ဈိမပဏ္ဏာသပါဠိတော် ဝါသေဋ္ဌသုတ်ကို ကြားနာရစဉ်က ပဌမအကြိမ် သရဏဂုံတည်ခဲ့လေသည်။ ဤတေဝိဇ္ဇသုတ်ကို ကြားနာရသောအခါ၌ကား ဒုတိယအကြိမ် သရဏဂုံတည် ဥပါသကာများ ဖြစ်ကြပြီး နှစ်ရက်, သုံးရက် ကြာသောအခါ၌ ရှင်အဖြစ်သို့ရောက်၍ သုတ်ပါထေယျပါဠိတော် အဂ္ဂညသုတ်ကို ကြားနာပြီး ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင် အရဟတ္တဖိုလ်ကို ရရှိပြီး ရဟန္တာအဖြစ်သို့ ရောက်ရှိသွားကြလေသည်။ *(ဒီဋ္ဌ- ၁- ၃၃၇)*

သတိပြုဖွယ် တရားတော်

ဥပမာအားဖြင့် လူတစ်ဦးတစ်ယောက်သည် အခြားလူတစ်ယောက်အား ရန်ကုန်မြို့သို့ သွားရာလမ်းခရီးကို မေးပါလျက် မန္တလေးသို့ သွားသောလမ်းခရီးကို ညွှန်ပြမည်ဆိုပါက အဘယ်မျှ ရယ်မောဖွယ် ကောင်းသည်မှာ ထင်ရှားလှပေသည်။ ယခုလည်း ပုဏ္ဏားတို့သည် ဗြဟ္မာကိုလည်း မသိ၊ ဗြဟ္မာ့ပြည်ကိုလည်း မသိ၊ ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း လမ်းခရီးကိုလည်း မသိဘဲ 'ဤသည်ကား ဗြဟ္မာ့ပြည်သို့ သွားရာလမ်းခရီးတည်း' ဟူ၍ ပြောဆိုငြင်းခုံနေကြသည်မှာလည်း အလွန်ရယ်မောဖွယ် ကောင်းလှသလို၊ ရင်မောဖွယ်လည်း ကောင်းလှပေသည်။ ဗုဒ္ဓက ဥပမာပေါင်း မြောက်များစွာနှင့် ရှင်းလင်းဟောကြားပြမှ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် သဘောပေါက်နားလည်ပြီး လက်ခံသွားကြလေသည်။ ထို့ကြောင့် လူသားတစ်ဦးသည် ယခုပစ္စုပ္ပန်ဘဝ၌ မိမိသွားလာရာအရပ်ကို သိရှိအောင် စုံစမ်းမေးမြန်းလေ့လာပြီးမှ သွားကြသကဲ့သို့ ကွယ်လွန်ပြီးသည်၏နောက် လူ့ဘုံသို့ သွားလိုသလား၊ နတ်ဘုံသို့ သွားလိုသလား၊ ဗြဟ္မာ့ဘုံသို့ သွားလိုသလား၊ နိဗ္ဗာန်သို့ သွားလိုသလား၊ မိမိသွားလိုရာကို **ရောက်နိုင်သောလမ်းကို သိအောင်ပြုလုပ်ပြီးမှ သွားရောက်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

တေဝိဇ္ဇအရ ဝိဇ္ဇာသုံးပါးဟူသည် ပုဏ္ဏားတို့အလိုအရ ဗေဒင်သုံးပုံတည်း။ ဗုဒ္ဓအလိုအရ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တည်း။ ဗုဒ္ဓဝါဒ၌ အဓိကသည် အာသဝက္ခယဉာဏ်ကိုရရန် အဓိကတတည်း။ ထို့ကြောင့် **အာသဝက္ခယဉာဏ်ကို ဦးတည်ရေး၍ အားထုတ်နိုင်ကြသူများ ဖြစ်ကြပါကုန်လော့။**

တေဝိဇ္ဇသုတ် ပြီး၏။

ဤတွင် သုတ်သီလက္ခန် ပြီး၏။

သီလက္ခန္ဓဝဂ္ဂ ပါဠိတော် သုတ် (၁၃) သုတ်ကို ဒီဃနိကာယ် ခေါ်ပုံ၊ သီလက္ခန္ဓဝဂ် ခေါ်ပုံ

ဒီဃနိကာယ် ခေါ်ပုံကား

ဤသီလက္ခန္ဓဝဂ္ဂ ပါဠိတော်၌-

(၁) ဗြဟ္မဇာလသုတ်၊
(၂) သာမညဖလသုတ်၊
(၃) အမ္ဗဋ္ဌသုတ်၊
(၄) သောဏဒဏ္ဍသုတ်၊
(၅) ကူဋဒန္တသုတ်၊
(၆) မဟာလိသုတ်၊
(၇) ဇာလိယသုတ်၊
(၈) မဟာသီဟနာဒသုတ်၊
(၉) ပေါဋ္ဌပါဒသုတ်၊
(၁၀) သုဘသုတ်၊
(၁၁) ကေဝဋ္ဋသုတ်၊
(၁၂) လောဟိစ္စသုတ်၊
(၁၃) တေဝိဇ္ဇသုတ်။ ။ဤသို့အားဖြင့် (၁၃)သုတ် ရှိလေသည်။

ထိုသုတ် (၁၃)သုတ်ကို **ဒီဃနိကာယ်** ခေါ်သည်ကား **ဒီဃ**- ရှည်ခြင်း၊ **နိကာယ**- နိကာယ်- အပေါင်း။ သုတ်တိုင်းသုတ်တိုင်း ရှည်သောကြောင့်လည်းကောင်း, ရှည်သောသုတ် (၁၃)သုတ်ကို စုပေါင်းပြဆိုထားသောကြောင့်လည်းကောင်း **ဒီဃနိကာယ**- ဒီဃနိကာယ်ဟူ၍ ခေါ်ဆိုခြင်း ဖြစ်လေသည်။

သီလက္ခန္ဓဝဂ် ခေါ်ပုံကား

အထက်ပါ (၁၃)သုတ်လုံး၌ ဗုဒ္ဓသည် **သီလက္ခန္ဓ**- သီလအစု၊ **သမာဓိက္ခန္ဓ**- သမာဓိအစု၊ **ပညာက္ခန္ဓ**- ပညာအစု ဟူသော **'သီလ, သမာဓိ, ပညာ'** ဟူသော သိက္ခာသုံးရပ်လုံး ပါဝင်လျက် ရှိလေသည်။ ထိုတွင် **သီလက္ခန္ဓ**- သီလအစုကို ရှေးဦးစွာ ဟောသည်ဖြစ်သောကြောင့် အာဒိနာမဂ္ဂဟဏနည်းအားဖြင့်- အစကိုနာမည်ယူသောနည်းအားဖြင့် သီလက္ခန္ဓဝဂ္ဂပါဠိတော်ဟူ၍လည်းကောင်း, သီလက္ခန္ဓဝဂ်ပါဠိတော်ဟူ၍လည်းကောင်း, သုတ်သီလက္ခန်ပါဠိတော်ဟူ၍လည်းကောင်း, သီလက္ခန်ပါဠိတော်ဟူ၍လည်းကောင်း သင့်သလို ခေါ်ဆိုကြလေသည်။

သုတ်သုံးကျမ်းတွင် ပဌမဆုံးကျမ်း

သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျဟူ၍ သုတ်သုံးကျမ်းရှိရာတွင် ဤသုတ်သီလက္ခန်ပါဠိတော်သည် ပဌမဆုံးကျမ်း ဖြစ်လေသည်။ ဤပဌမဆုံးကျမ်းကို ပါဠိတော်, အဋ္ဌကထာ, ဋီကာများနှင့် အခြားသော ဆိုင်ရာ ဆိုင်ရာ ပါဠိတော်များပါ ထည့်လျက် **'ပိဋကသုံးပုံ ကျင့်စုံဋီကာ အမှတ် (၁)'** ကျမ်းစာအဖြစ် ဖော်ပြပြီးခဲ့လေပြီ။ ယခုတစ်ဖန် ပါဠိတော် အနှစ်ချုပ်တရားတော်နှင့် ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများနိုင်ရန် အောက်ပါအတိုင်း ဆက်လက်ဖော်ပြပါသည်။

(၁) ဗြဟ္မဇာလသုတ် အနှစ်ချုပ်တရားတော်နှင့် ဗုဒ္ဓါနုဿတိ ပွါးများရန်

(၁) ဗုဒ္ဓသည် တစ်နေ့သောနံနက် အရုဏ်မတက်မီ မိုးသောက်ယံအချိန်၌ သတ္တလောကကြီးကို ကယ်တင်စောင့်ရှောက်ရန် အတွက် သဗ္ဗညုတဉာဏ်တော်ကွန်ရက်ကို ဖြန့်ကြက်၍ ကြည့်တော်မူလိုက်သောအခါ သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့ကို တွေ့မြင်တော်မူလေသည်။

(၂) ဗုဒ္ဓသည် နောက်ပါရဟန်းသံဃာတော် ငါးရာနှင့်အတူ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့အကြား ခရီးရှည်ကြွတော်မူသောအခါ သုပ္ပိယပရိဗိုဇ်ဆရာကြီးသည် တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်နှင့်အတူ နောက်ပါပရိဗိုဇ်ပေါင်းများစွာနှင့် ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့ အကြား၌ပင် ခရီးရှည်သွားကြလေသည်။

(၃) ထိုနှစ်ဖွဲ့ တွေ့ဆုံမိကြသောအခါ ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်သည် 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါးတို့၏ အပြစ်ကို များစွာသောအကြောင်းဖြင့် ပြောလျက်လည်းကောင်း, တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည် 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါးတို့၏ ဂုဏ်ကို များစွာသောအကြောင်းဖြင့် ပြောဆိုလျက်လည်းကောင်း ထိုဆရာ, တပည့်နှစ်ဦးတို့သည် ဖြောင့်ဖြောင့်ဆန့်ကျင်လျက် ရှိကြလေသည်။

(၄) ရဟန်းတော်ငါးရာတို့သည် ထိုသို့ ဆရာက ရတနာသုံးပါး၏အပြစ်ကို ပြောခြင်း, တပည့်က ရတနာသုံးပါး၏ဂုဏ်ကို ပြောဆိုခြင်းကို အကြောင်းပြု၍ 'ဗုဒ္ဓသည် သတ္တဝါတို့၏ အထူးထူးသော အလိုဆန္ဒကို အတိုင်းမသိ ကောင်းစွာထိုးထွင်း၍ သိမြင်တော်မူနိုင်ပါပေသည်' ဟူ၍ ဗုဒ္ဓ၏ဂုဏ်ကို ပြောဆိုကြလေသည်။

(၅) ထိုသို့လျှင် ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်၏ ရတနာသုံးပါးတို့၏ အပြစ်ကို ပြောခြင်းကိုလည်းကောင်း, တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်က ရတနာသုံးပါး၏ ဂုဏ်ကို ပြောဆိုခြင်းကိုလည်းကောင်း, ရဟန်းတော်များ၏ ဗုဒ္ဓ၏ဂုဏ်တော်ကို ပြောဆိုခြင်းကို လည်းကောင်း ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ကြိုတင်သိမြင်ပြီး ဖြစ်လေသည်။ ဤသည်ပင်လျှင် ဗြဟ္မဇာလသုတ်တော် ဖြစ်ပေါ်လာရန်အကြောင်း ဖြစ်လေသည်။

(၆) ဗုဒ္ဓသည် ရဟန်းသံဃာတော်တို့အား ရတနာသုံးပါး၏ အပြစ်ကို ပြောဆိုရာ၌ အမျက်ထွက်ခြင်း, မကျေနပ်ခြင်း, စိတ်ဆင်းရဲခြင်းများ မဖြစ်ကြဘဲ ရတနာသုံးပါး၌ ဤအကြောင်း ဤအကြောင်းကြောင့် ထိုကဲ့သို့ အပြစ်များ မရှိကြောင်းကို ဖြေရှင်းကြရမည် ဖြစ်သည်။ *(မိမိပုဂ္ဂလိကအပြစ်ကိုပြောလျှင် သည်းခံခွင့်လွှတ်ကြရမည် ဖြစ်သည်။)*

(၇) ရတနာသုံးပါး၏ ဂုဏ်ကို ပြောဆိုရာ၌ အကုသိုလ်တွင် ပါဝင်သော လောဘ, ပီတိ, သောမနဿတို့ဖြင့် စိတ်တကြွကြွ မဖြစ်ကြဘဲနှင့် 'ဤအကြောင်း ဤအကြောင်းကြောင့် သင်တို့ပြောဆိုကြသော ရတနာသုံးပါး၏ ဂုဏ်သည် ထင်ရှားရှိပေသည်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ဝန်ခံပြောဆို ဖြေရှင်းကြရမည် ဖြစ်သည်။

ဤသို့လျှင် ရတနာသုံးပါး၏ အပြစ်နှင့် ဂုဏ်ကို ပြောဆိုရာ၌ ကျင့်သုံးရမည့် ကျင့်ဝတ်ကို ဗုဒ္ဓသည် ညွှန်ကြားဟောကြား တော်မူလေသည်။

ဗုဒ္ဓါနုဿတိ ပွါးများရန်

တစ်လောကလုံး အလေးဂရုပြုထိုက်တော်မူသော ဘုန်းတော်ကြီးတော်မူသော နတ်, လူ, ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်–

(၁) သုပ္ပိယပရိဗိုဇ်၏ 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါးတို့၏ အပြစ်ကို အကြောင်းပေါင်းများစွာဖြင့် ပြောဆိုမည်ကို ကြိုတင်သိမြင်တော်မူတတ်ပါပေ၏။

(၂) ဗြဟ္မဒတ်လုလင်၏ 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါးတို့၏ ဂုဏ်ကို အကြောင်းပေါင်းများစွာဖြင့် ပြောဆိုမည်ကို ကြိုတင်သိမြင်တော်မူတတ်ပါပေ၏။

(၃) ရဟန်းသံဃာတော် ငါးရာတို့၏ ဗုဒ္ဓဂုဏ်ကို ပြောဆိုကြမည်ကိုလည်း ကြိုတင်သိမြင်တော်မူနိုင်ပါပေ၏။

(၄) ရတနာသုံးပါး၏ အပြစ်ကို ပြောဆိုရာ၌ ကျင့်သုံးရမည့် ကျင့်ဝတ်ကိုလည်းကောင်း, ရတနာသုံးပါး၏ ဂုဏ်ကို

ပြောဆိုရာ၌ ကျင့်သုံးရမည့် ကျင့်ဝတ်ကိုလည်းကောင်း နည်းလမ်းမှန်ကန်စွာ ညွှန်ကြားဆုံးမတော်မူနိုင်ပါပေ၏။

(၅) 'တထာရူပံ ဗုဒ္ဓ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ် ဂုဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ပုထုဇဉ် ပြောဆိုသောဂုဏ်သည် အနည်းငယ်သာ

(၁) ဗုဒ္ဓ၏ဂုဏ်ကို ချီးကျူးပြောဆိုနေသော ဗြဟ္မဒတ်လုလင်သည် သောတာပန်စသော အရိယာမဟုတ်ပေ။ ပုထုဇဉ်သာ ဖြစ်လေသည်။ ပုထုဇဉ်ဖြစ်သည့်အားလျော်စွာ အလွန်ဆုံး ပြောနိုင်လျှင် အနည်းငယ်မျှဖြစ်သော သီလဂုဏ် အနေအားဖြင့်လောက်သာ ပြောဆိုနိုင်မည် ဖြစ်သည်။ သီလဂုဏ်ထက် အဆင့်မြင့်သော သမာဓိဂုဏ်, ပညာဂုဏ်, သဗ္ဗညုတဂုဏ်တို့ဖြင့် ပြောဆိုနိုင်မည် မဟုတ်ပေ။

(၂) သာမန်လူသား ပုထုဇဉ်များသည် အများအားဖြင့် ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလလောက်သာ သိကြမည် ဖြစ်သည်။ ထိုထက်အရာကျယ်သော စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို မသိမမြင်နိုင်ကြပေ။ ဤအခန်းမှစ၍ ဗုဒ္ဓသည် စူဠသီလကိုလည်း အပြည့်အစုံ ဟောတော်မူလေသည်။ မဇ္ဈိမသီလကိုလည်း အပြည့်အစုံ ဟောတော်မူလေသည်။ မဟာသီလကိုလည်း အပြည့်အစုံ ဖော်ထုတ်ဟောတော်မူနိုင်သည်။

(၃) ထိုသို့ဟောတော်မူနိုင်ခြင်းသည် သဗ္ဗညုတဉာဏ်ရ၍သာ ဟောတော်မူနိုင်ခြင်း ဖြစ်လေသည်။ သဗ္ဗညုတဉာဏ် မရသူတို့သည် ဤသည်ကား စူဠသီလ, ဤသည်ကား မဇ္ဈိမသီလ, ဤသည်ကား မဟာသီလဟူ၍ ခွဲခြားဝေဘန် ပိုင်းခြားစိတ်ဖြာ၍ အဘယ်မှာ ဟောကြားနိုင်ပါမည်နည်း။

(၄) ပုထုဇဉ်ပုဂ္ဂိုလ်သည် ဗုဒ္ဓ၏ဂုဏ်ကို အလွန်ဆုံး ပြောနိုင်ပါမှ အထက်ပါ သီလလောက်ဖြင့်သာ ပြောဆိုနိုင်မည် ဖြစ်သည်။ ထိုထက်ပို၍ မပြောဆိုနိုင်ပေ။ ဤသို့ ပိုင်းခြားထင်ထင် သိမြင်တော်မူခြင်းသည်ပင် သဗ္ဗညုတပိုင်ရှင် ဖြစ်ကြောင်းမှာ ထင်ရှားနေပေသည်။

ဗုဒ္ဓါနုဿတိ ပွါးများရန်

တစ်လောကလုံးက အလေးဂရုပြုတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်–

(၁) စူဠသီလ, မဇ္ဈိမသီလ, မဟာသီလဟူ၍ သီလက္ခန္ဓ– သီလအစုတို့ကိုလည်း ခွဲခြမ်းစိတ်ဖြာ၍ ဖော်ထုတ်ပြတော်မူနိုင်ပါပေ၏။

(၂) ပုထုဇဉ်သည် ဗုဒ္ဓဂုဏ်ကို ချီးကျူးလျှင် အလွန်ဆုံး ထိုသီလမျှဖြင့်လောက်သာ ချီးကျူးနိုင်ပုံကိုလည်း ပိုင်းခြားထင်ထင် သိမြင်တော်မူနိုင်ပါပေ၏။

(၃) 'တထာရူပံ ဗုဒ္ဓ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ် ဂုဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

မိစ္ဆာဒိဋ္ဌိကို သိမြင်ခြင်းနှင့် သဗ္ဗညုတဉာဏ်

(၁) သန်းပေါင်းများစွာသော ပုထုဇဉ်လူသားတို့သည် ရှေးအခါကလည်း ရှိခဲ့ပူးကြလေပြီ။ ယခုအခါလည်း ရှိဆဲ။ နောင်ကိုလည်း ရှိကြပေလတ္တံ့။ ထိုသန်းပေါင်းများစွာကုန်သော ပုထုဇဉ်လူသားတို့သည် မှားယွင်းဖောက်ပြန်သော မိစ္ဆာဒိဋ္ဌိအယူအမျိုးမျိုးတို့ကို ရှေးအခါကလည်း ယူခဲ့ပူးကြလေပြီ။ ယခုအခါမှာလည်း ယူကြဆဲ။ နောင်အခါမှာလည်း ယူကြပေကုန်လတ္တံ့။ ဤသည်ကား ပုထုဇဉ်လောက၏ သဘာဝဓမ္မတာ ဖြစ်ချေတော့သည်။

(၂) သန်းပေါင်းများစွာသော ပုထုဇဉ်လူသား အပေါင်းတို့သည် မိမိတို့၏ အထုံအားလျော်စွာ, ဇာတ်အနွယ်အားလျော်စွာ, မျိုးရိုးပတ်ဝန်းကျင်အားလျော်စွာ မည်မျှပင် မိစ္ဆာဒိဋ္ဌိအမျိုးမျိုးကို ယူဆစေကာမူ မိစ္ဆာဒိဋ္ဌိအယူဝါဒ (၆၂)မျိုးသာ ရှိနိုင်သည်။ (၆၂)မျိုးထက်

ကျော်လွန်၍ မိစ္ဆာဒိဋ္ဌိအယူ တစ်ခုခုကို ယူဆနိုင်ရိုး ထုံးစံမရှိတော့ပေ။ ဤသို့ ခွဲခြားပိုင်းခြား၍ ဗုဒ္ဓမှတစ်ပါး အခြား မည်သူတစ်ဦး တစ်ယောက်မျှ သိမြင်နိုင်စွမ်း မရှိတော့ပေ။

(၃) ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိ (၆၂)မျိုးကို သိမြင်နိုင်ခြင်းသည်ပင် သဗ္ဗညုတဉာဏ်စွမ်းပင် ဖြစ်လေသည်။ ထိုမိစ္ဆာဒိဋ္ဌိ (၆၂)မျိုးကား **ပုဗ္ဗန္တကပ္ပိက**– ရှေးအဖို့ကို ကြံဆ၍ဖြစ်ကုန်သော 'ပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ (၁၈)မျိုး၊ **အပရန္တကပ္ပိက**– နောက်အဖို့ အကြောင်းအရာ အစုကို ကြံဆ၍ဖြစ်ကုန်သော အပရန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ (၄၄)မျိုး၊ ပေါင်း မိစ္ဆာဒိဋ္ဌိဝါဒ (၆၂)မျိုး ရှိလေသည်။

(၄) ထိုတွင် ရှေးအဖို့ အကြောင်းအရာအစုကို ကြံဆ၍ဖြစ်ကုန်သော **ပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ (၁၈)မျိုး** ဟူသည်ကား–

(က) သဿတဝါဒ (၄)မျိုး၊

(ခ) ဧကစ္စသဿတဝါဒ (၄)မျိုး၊

(ဂ) အန္တာနန္တဝါဒ (၄)မျိုး၊

(ဃ) အမရာဝိက္ခေပဝါဒ (၄)မျိုး၊

(င) အဓိစ္စသမုပ္ပန္နဝါဒ (၂)မျိုးအားဖြင့် ပေါင်း (၁၈)မျိုး ရှိလေသည်။

နောက်အဖို့ အကြောင်းအရာအစုကို ကြံဆ၍ဖြစ်ကုန်သော **အပရန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ (၄၄)မျိုး** ဟူသည်ကား–

(က) ဥဒ္ဓမာဃာတနိက သညီဝါဒ (၁၆)မျိုး၊

(ခ) ဥဒ္ဓမာဃာတနိက အသညီဝါဒ (၈)မျိုး၊

(ဂ) ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ (၈)မျိုး၊

(ဃ) ဥစ္ဆေဒဝါဒ (၇)မျိုး၊

(င) ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ (၅)မျိုးအားဖြင့် ပေါင်း (၄၄)မျိုး ရှိလေသည်။

ဤသို့အားဖြင့် ပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိဝါဒ (၁၈)မျိုး၊ အပရန္တကပ္ပိက မိစ္ဆာဒိဋ္ဌိဝါဒ (၄၄)မျိုးဟူ၍ မိစ္ဆာဒိဋ္ဌိ (၆၂)မျိုး ရှိလေသည်။ ထို(၆၂)မျိုးသော မိစ္ဆာဒိဋ္ဌိတို့သည် 'တဏှာ, ဒိဋ္ဌိ' ကို အခြေခံ၍ အများများအယွင်းယွင်း ယူဆကြခြင်းသာ ဖြစ်လေသည်။

(၅) ထို(၆၂)မျိုးကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို ယူကြသူတို့သည် 'တဏှာ, ဒိဋ္ဌိ' အားဖြင့် ကြံဆ၍ အဘယ်ကြောင့် ထိုကဲ့သို့ အလွဲလွဲအများများ ယူကြသနည်းဟူမူ ဗုဒ္ဓ ဟောကြားတော်မူထားအပ်သော ရုပ်, နာမ်ပရမတ္ထတရားကို မသိမမြင်နိုင်ခြင်းကို အမှီပြု၍ လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ် သဘာဝတရားကို မှန်ကန်စွာ မယူနိုင်, မသိနိုင်ခြင်းကို အမှီပြု၍လည်းကောင်း ထိုမိစ္ဆာဒိဋ္ဌိအယူကို ယူမိကြခြင်း ဖြစ်လေသည်။ ထိုသို့ မိစ္ဆာဒိဋ္ဌိအယူကို ယူကြသူတို့တွင် ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်များလည်း ပါဝင်သလို ဈာန်အဘိညာဉ် မရဘဲ ကြံစည်ခြင်း ဝိတက်ဖြင့် ယူဆကြသူတို့လည်း ပါဝင်ကြလေသည်။ထိုတွင် ဉာဏ်ထက်မြက်သူလည်း ပါဝင်သလို, ဉာဏ်ထုံထိုင်း ဖျင်းအသူတို့လည်း ပါဝင်ကြလေသည်။

(၆) ဤသို့လျှင် (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိအယူတို့ကို ခွဲခြားဝေဘန် ချေဖျက်၍ ဝါးရုံအရှုပ်ကဲ့သို့ ရှုပ်ထွေးခြင်း မရှိအောင်, ချုပ်ပိတ်ပေါင်းကဲ့သို့ ပိတ်ဖုံးခြင်း မရှိအောင်ပြု၍ ဟောပြောခြင်းငှာ သူတစ်ပါးတို့မှာ ဉာဏ်အားသည်လည်းကောင်း, မတုန်မလှုပ် ဝီရိယအားသည်လည်းကောင်း, ကိုယ်အား, နှုတ်အားသည်လည်းကောင်း မရှိပေ။ သူတစ်ပါးတို့၏ အရာမဟုတ်ပေ။ ဗုဒ္ဓ၏သာလျှင် အရာတည်း။

(၇) ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိအယူဝါဒ (၆၂)မျိုးကို ခွဲခြား၍ ဟောတော်မူလိုက်လျှင်ပင် အလုံးစုံကို အကုန်သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်၏ အရှင်ဖြစ်သောကြောင့်သာ ဤကဲ့သို့ ခွဲခြားဝေဘန် ပိုင်းခြား၍ ဖော်ထုတ်ဟောတော်မူနိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓစင်စစ် ကေန်ဖြစ်ကြောင်းကို ထင်ရှားပြရာလည်း ရောက်လေသည်။ သဗ္ဗညုတဉာဏ်ပိုင်ရှင် ဖြစ်ကြောင်းကိုလည်း တရားနာသူတို့စိတ်မှာ သိမြင်လာနိုင်သည်လည်း ဖြစ်သည်။ သဗ္ဗညုတဉာဏ်အရှင် ဖြစ်ကြောင်းကို ထင်ရှားဖော်ပြရာလည်း ရောက်လေ တော့သည်။

ဗုဒ္ဓါနုဿတိ ပွါးများရန်

တစ်လောကလုံးက အလေးဂရုပြုတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်–

(၁) သန်းပေါင်းများစွာကုန်သော ပုထုဇဉ်တို့၏ မိစ္ဆာဒိဋ္ဌိ အယူအမျိုးမျိုးကို ယူကြပါပေသည်ဟူ၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) မည်မျှပင် မိစ္ဆာဒိဋ္ဌိ အယူအမျိုးမျိုး ယူဆကြစေကာမူ (၆၂)မျိုးအထိသော မိစ္ဆာဒိဋ္ဌိတို့ကိုသာ ယူဆနိုင်ကြောင်းကိုလည်း ကောင်းစွာသိမြင်တော်မူနိုင်ပါပေ၏။

(၃) ထို (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူမှတစ်ပါး နောက်ထပ်မိစ္ဆာဒိဋ္ဌိ အယူတစ်မျိုး မရှိတော့ပုံကိုလည်း ကောင်းစွာ သိမြင်တော်မူနိုင်ပါပေ၏။

(၄) 'တထာရူပံ ဗုဒ္ဓ ဂုဏံ အတံ ဝန္နာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ် ဂုဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

သိက္ခာသုံးရပ် အကျင့်မြတ်ဒေသနာ

(၁) ဗုဒ္ဓသည် ဤဗြဟ္မဇာလသုတ် ဒေသနာတော်ကို ဗုဒ္ဓသည် အဘယ်ပုဂ္ဂိုလ်တို့အား ဟောကြားသနည်းဟူမူ– ငါးရာမျှသော ရဟန်းသံဃာတော်တို့အား ဟောကြားတော်မူခြင်း ဖြစ်သည်။

(၂) အဘယ်အရပ် အဘယ်အချိန်၌ ဟောကြားသနည်းဟူမူ– ရာဇဂြိုဟ်မြို့နှင့် နာဠန္ဒာမြို့၏အကြား ခရီးရှည်ကြွတော်မူရင်း အမ္ဗလဋ္ဌိကာဥယျာဉ် မင်းကွန်း၌ တစ်ညဉ့်တာ တည်းခိုတော်မူရင်း ညဉ့်၏အဆုံး မိုးသောက်ချိန်၌ တန်ဆောင်းဝန်း၌ ဟောကြားတော်မူလေသည်။

(၃) အဘယ်ကို အကြောင်းပြု၍ ဟောကြားတော်မူသနည်းဟူမူ– 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါး၏ အပြစ်ကို ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်က ပြောဆိုခြင်း, ရတနာသုံးပါး၏ ဂုဏ်ကို တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်က ပြောဆိုခြင်း, ရဟန်းသံဃာတော် ငါးရာတို့က ဗုဒ္ဓ၏ဂုဏ်ကို ပြောဆိုခြင်းတို့ကို အကြောင်းပြု၍ ဟောတော်မူခြင်း ဖြစ်သည်။

(၄) သီလက္ခန္ဓပါဠိတော်ဟူသည် သီလက္ခန္ဓ– သီလအစု၊ သမာဓိက္ခန္ဓ– သမာဓိအစု၊ ပညာက္ခန္ဓ– ပညာအစု ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ကို ပဓာနထား၍ ဟောကြားတော်မူအပ်သည် ဖြစ်သောကြောင့် ဤဗြဟ္မဇာလသုတ္တန် တရားတော်၌ ထိုသိက္ခာသုံးရပ် အကျင့်မြတ် ပါဝင်ပုံကို အဘယ်သို့ သိအပ်သနည်းဟူမူ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ဖြင့် သီလသိက္ခာကိုလည်းကောင်း၊ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်တို့ဖြင့် သမာဓိသိက္ခာကိုလည်းကောင်း၊ 'ဖဿဖြစ်လျှင် ဝေဒနာဖြစ်ပုံ, ဖဿချုပ်လျှင် ဝေဒနာချုပ်ပုံ' ဟူသော ပဋိစ္စသမုပ္ပါဒ်လည်ပုံနှင့် ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံကို ပြခြင်းဖြင့်လည်းကောင်း၊ ဝေဒနာကမ္မဋ္ဌာန်းကို ပြခြင်းဖြင့်လည်းကောင်း၊ ဗုဒ္ဓ၏ အရဟတ္တမဂ်ဉာဏ်ဖြင့် ဘဝတဏှာကို အကြွင်းမဲ့ဖြတ်ပြီး ဖြစ်ပုံကို ပြခြင်းဖြင့်လည်းကောင်း၊ ပညာသိက္ခာကိုလည်းကောင်း ကောင်းစွာထင်ရှားစွာ သိမြင်နိုင်ကြပေသည်။ ထိုပညာသိက္ခာတွင်လည်း သဗ္ဗညုတဉာဏ်တော်သည် အတုမရှိသော ပညာသိက္ခာ ဖြစ်လေသည်။ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ရှင်းလင်းပြတ်သားတိကျစွာ ဖော်ထုတ်နိုင်ခြင်းဖြင့် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ပိုင်ရှင် ဖြစ်သည်၏အဖြစ်ကို သိစေလေသည်။

(၅) သုတ်တစ်သုတ်အဆုံး၌ သရဏဂုံတည် ဥပါသကာဖြစ်ခြင်း, သောတာပန်အစရှိသော အရိယာဖြစ်ခြင်း စသည့်အကျိုးများ ရရှိကြပေရာ ဤဗြဟ္မဇာလသုတ္တန်အဆုံး၌ အဘယ်သို့သော အကျိုးထူးများကို ရရှိကြသနည်းဟူမူ ဤဗြဟ္မဇာလသုတ်တော်ကို နာကြားကြကုန်သော ပုဂ္ဂိုလ်တို့သည် ရဟန်းငါးရာတို့ ဖြစ်ကြသည်။ ထိုရဟန်းငါးရာတို့တွင် အရှင်အာနန္ဒာသည် သောတာပန်ဖြစ်ပြီး ကျန်ရဟန်းတို့သည် ရဟန္တာများ ဖြစ်ကြလေသည်။ သို့ဖြစ်၍ ဟောတော်မူစဉ် ရည်ရွယ်ချက်ကိုက သရဏဂုံတည် ဥပါသကာအဖြစ်သို့ ရောက်ရန်, သောတာပန်အစရှိသော အရိယာအဖြစ်သို့ရောက်ရန် ရည်ရွယ်၍ ဟောတော်မူခြင်း မဟုတ်ပေ။ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်တော်ကြီးကို ပိုင်ဆိုင်တော်မူပုံကို ထင်ရှားစွာ သိစေလို၍ ဟောတော်မူခြင်း ဖြစ်သည်။ ထို့ကြောင့် နာကြားကြကုန်သော ရဟန်းငါးရာတို့သည် မိစ္ဆာဒိဋ္ဌိ (၆၂)မျိုးသာရှိကြောင်း သိရှိခွင့်ရရှိခြင်း၊ မိစ္ဆာဒိဋ္ဌိ (၆၂)မျိုးကို ဖော်ထုတ်နိုင်ခြင်းသည်ပင် ဗုဒ္ဓသည် ကေန်စင်စစ် သဗ္ဗညုတဉာဏ်ပိုင်ရှင် ဖြစ်သည်ဟူ၍ သိရှိသွားကြခြင်း စသောအကျိုးများကို ရရှိသွားကြလေသည်။

ဗုဒ္ဓါနုဿတိဘာဝနာ ပွါးရန်

တစ်လောကလုံး အလေးဂရုပြုထိုက်တော်မူသော, ဘုန်းတော်ကြီးတော်မူသော, နတ်လူဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်–

(၁) (၆၂)မျိုးသော မိစ္ဆာဒိဋ္ဌိတို့ကို ဖော်ထုတ်ဟောကြားတော်မူရင်းမှ သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ကိုလည်း ထင်ရှားပေါ်လွင်အောင် ဟောကြားတော်မူနိုင်ပါပေ၏။

(၂) (၆၂)မျိုးသော မိစ္ဆာအယူရှိသူတို့၏ သွားရောက်ရာဂတိတို့ကိုလည်း ထင်ရှားအောင် ဟောပြတော်မူနိုင်ပါပေ၏။

(၃) စတုသစ္စကမ္မဋ္ဌာန်းဖြစ်ပုံ, ဝေဒနာကမ္မဋ္ဌာန်းဖြစ်ပုံ, ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံ, ချုပ်ပုံ, 'အနိစ္စ, ဒုက္ခ, အနတ္တ' ဟူသော လက္ခဏာသုံးရပ် အမှတ်တံဆိပ်ခတ်၍ ဝိပဿနာဖြစ်ပုံ, အရဟတ္တဖိုလ် အထွတ်တပ်ပုံတို့ကိုလည်း ထင်ရှားအောင် ဟောကြားတော်မူနိုင်ပါပေ၏။

(၄) တထာရူပံ ဗုဒ္ဓဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ– ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ် ဂုဏ်တော်ကြီးကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဗြဟ္မဇာလသုတ်၏ အခြားအမည်များ

(၁) မြတ်သော သဗ္ဗညုတဉာဏ်တော်ကို အကျယ်ဝေဘန်တော်မူအပ်သောကြောင့် ဤတရားဒေသနာတော်ကို မြတ်သော သဗ္ဗညုတဉာဏ်ဟူသော ကွန်ယက်ရှိသော **'ဗြဟ္မဇာလသုတ်'** ဟူ၍လည်း ခေါ်ဆိုသည်။

(၂) ပစ္စုပ္ပန်ဘဝ၌ဖြစ်သော အစီးအပွါးကိုလည်းကောင်း, နောင်ဘဝ၌ဖြစ်သော အစီးအပွါးကိုလည်းကောင်း အကျယ်ဝေဘန်တော်မူအပ်သောကြောင့် ဤတရားဒေသနာတော်ကို အကျိုးစီးပွါးတည်းဟူသော ကွန်ယက်ရှိသော **'အတ္ထဇာလသုတ်'** ဟူ၍လည်း ခေါ်ဆိုသည်။

(၃) များစွာကုန်သော ပါဠိတော်တို့ကို ဟောတော်မူအပ်သောကြောင့် ဤတရားဒေသနာတော်ကို ပါဠိတော် တရားတည်းဟူသော ကွန်ယက်ရှိသော **'ဓမ္မဇာလသုတ်'** ဟူ၍လည်း ခေါ်ဆိုသည်။

(၄) (၆၂)မျိုးကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို အကျယ်ဝေဘန်တော်မူအပ်သောကြောင့် ဤတရားဒေသနာတော်ကို မိစ္ဆာအယူဟူသော ကွန်ယက်ရှိသော **'ဒိဋ္ဌိဇာလသုတ်'** ဟူ၍လည်း ခေါ်ဆိုလေသည်။

(၅) ဤတရားဒေသနာတော်ကို ကြားနာရသည်ရှိသော် 'ဒေဝပုတ္တမာရ်, ခန္ဓမာရ်, မစ္စုမာရ်, ကိလေသမာရ်, အဘိသင်္ခါရမာရ်' ဟူသော မာရ်ငါးပါးကို အောင်မြင်နိုင်သောကြောင့် ဤတရားဒေသနာတော်ကို အတုမရှိ မြတ်သော စစ်ပွဲကို အောင်မြင်နိုင်ကြောင်း **'အနုတ္တရသင်္ဂါမဝိဇယသုတ်'** ဟူ၍လည်း ခေါ်ဆိုလေသည်။

ဗြဟ္မဇာလသုတ် တန်ခိုးကြီးပုံနှင့် အကျိုးထူးပုံများ

(၁) ဤဗြဟ္မဇာလသုတ်တော် တရားတော်အဆုံး၌ စကြာဝဠာလောကဓာတ်တစ်သောင်းရှိ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသောအားဖြင့် တုန်လှုပ်လေပြီ။

(၂) ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်းနှစ်ရာကျော် တတိယသင်္ဂါယနာ တင်ပြီးသောအခါ၌ သီရိဓမ္မာသောကမင်းကြီး၏ သားတော်ဖြစ်သော အရှင်မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ သာသနာတော် ထွန်းပြောင်ရာ နန္ဒနဉယျာဉ်၌ ထိုင်တော်မူလျက် အနမတဂ္ဂသုတ် အစရှိသောတရားကို ဟောတော်မူရာ၌လည်း ဤမဟာပထဝီမြေကြီးသည် တုန်လှုပ်လေပြီ။

(၃) ထိုသီဟိုဠ်ကျွန်း၌ပင် ကလျာဏီကျောင်းတိုက်၌ ပိဏ္ဍပါတိယထေရ်သည် စေတီရင်ပြင်တော်ကို တံမြက်လှည်း၍ ထိုစေတီရင်ပြင်တော်၌ပင်ထိုင်၍ ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုသော ပီတိကိုယူ၍ ဤဗြဟ္မဇာလသုတ္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူလတ်သော် သုတ်၏အဆုံး၌ ရေဆုံးသည့်တိုင်အောင် ဤမဟာပထဝီမြေကြီးသည် တုန်လှုပ်လေပြီ။

(၄) ထိုမှတစ်ပါး သီဟိုဠ်ကျွန်း ကြေးပြာသာဒ်၏ အရှေ့အရပ် နပျိုသော သရက်ပင်ရှိရာအရပ်၌ ထိုင်၍ ဒီဃနိကာယ်ဆောင် ထေရ်တို့သည် ဤဗြဟ္မဇာလသုတ်ကို ရှတ်ဖတ်သရဇ္ဈာယ်တော်မူလတ်သော် သုတ်၏အဆုံး၌ မဟာပထဝီမြေကြီးသည် ရေဆုံးသည့်တိုင်အောင် တုန်လှုပ်လေပြီ။

(၅) သောဏထေရ်, ဥတ္တရထေရ် အမှူးပြုသော သံဃာတော်ငါးပါးတို့သည် *(ယခု သထုံဟု ထင်ရှားသော)* 'သုဝဏ္ဏဘူမိ အရပ်' သို့ ကြွတော်မူ၍ ဘီလူးမအပေါင်း, ဘီလူးအပေါင်းတို့ကို နှိပ်နင်းနှင်ထုတ်၍ ဗြဟ္မဇာလသုတ်တရားတော်ကို ဟောတော်မူရာ ခြောက်သောင်းသော သတ္တဝါတို့သည် မဂ်, ဖိုလ် ရကြလေသည်။ အမျိုးသား သုံးထောင်ငါးရာတို့ ရဟန်းပြုကြပြီး အမျိုးသမီး တစ်ထောင့်ငါးရာတို့ ရဟန်းမ ပြုကြလေသည်။

ဓမ္မာနုဿတိဘာဝနာ ပွါးများရန်

ဤဗြဟ္မဇာလသုတ္တန် တရားတော်သည်-

(၁) ဤမဟာပထဝီမြေကြီးကို တုန်လှုပ်စေနိုင်သော တန်ခိုးစွမ်းရည်ရှိသော သုတ္တန်ဒေသနာတော်ကြီးလည်း ဖြစ်ပါပေ၏။

(၂) များစွာသော ပါဠိတော်ဓမ္မများကို ဟောကြားထားအပ်သည်ဖြစ်၍ ပါဠိဘာသာကို တတ်ကျွမ်းသိမြင်နိုင်သော သုတ္တန်ဒေသနာတော်ကြီးလည်း ဖြစ်ပါပေ၏။

(၃) ပစ္စုပ္ပန်အကျိုးစီးပွါး, သံသရာအကျိုးစီးပွါးကို ပေးစွမ်းနိုင်သော သုတ္တန်ဒေသနာတော်ကြီးလည်း ဖြစ်ပါပေ၏။

(၄) သဗ္ဗညုတဉာဏ်တော်ကြီးကို ထင်ရှားစွာ ပြထားအပ်သည်ဖြစ်၍ စူးရှထက်မြက်သော ဉာဏ်ပညာကို ပေးနိုင်စွမ်းရှိသော သုတ္တန်ဒေသနာတော်ကြီးလည်း ဖြစ်ပါပေ၏။

(၅) (၆၂)မျိုး မိစ္ဆာအယူတို့ကို ထင်ရှားပြထားအပ်သည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိ အယူဝါဒတို့ကို အခါခပ်သိမ်း စွန့်လွှတ်နိုင်သော မိစ္ဆာဝါဒများ ဖယ်ရှားနှိမ်နင်းနိုင်သော သုတ္တန်ဒေသနာတော်ကြီးလည်း ဖြစ်ပါပေ၏။

(၆) 'ဒေဝပုတ္တမာရ်, ခန္ဓမာရ်, မစ္စုမာရ်, ကိလေသမာရ်, အဘိသင်္ခါရမာရ်' ဟူသော မာရ်ငါးပါးကို အောင်မြင်အပ်သည်ဖြစ်၍ အတွင်းရန်အမျိုးမျိုး, အပြင်ရန်အမျိုးမျိုး ယှဉ်ပြိုင်တိုက်ခိုက်ရသော စစ်ပွဲအမျိုးမျိုးကို အောင်မြင်နိုင်သော သုတ္တန်ဒေသနာတော်ကြီးလည်း ဖြစ်ပါပေ၏။

(၇) မြေကြီးကိုပင် တုန်လှုပ်စေအပ်သည်ဖြစ်၍ တရားနှင့်အညီ ဆောင်ရွက်လိုသော ကိစ္စများကို ပြီးမြောက်စေနိုင်သော သုတ္တန်ဒေသနာတော်ကြီးလည်း ဖြစ်ပါပေ၏။

(၈) ရဟန်းဘဝ, ရဟန်းမဘဝကို ပို့ဆောင်ပေးနိုင်သော သုတ္တန်ဒေသနာတော်ကြီးလည်း ဖြစ်ပါပေ၏။

(၉) မဂ်, ဖိုလ်, နိဗ္ဗာန်ကို ပေးစွမ်းနိုင်သော သုတ္တန်ဒေသနာတော်ကြီးလည်း ဖြစ်ပါပေ၏။

(၁၀) **'တထာဂတ ဓမ္မဂုဏ် အတိ ဝန္ဒာမိ သဗ္ဗဒါ'** ထိုသို့သဘောရှိသော ဓမ္မစွမ်းရည် ဂုဏ်အပုံပုံကို အာရုံပြု၍ တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဗြဟ္မဇာလသုတ် အရှည်တည်တန့် ခိုင်မြဲခြင်း

(၁) 'ပိဋကသုံးပုံ, နိကာယ်ငါးရပ်' ဟူသော ဗုဒ္ဓဟောကြားတော်မူထားအပ်သော 'ဓမ္မ, ဝိနယ' ဟူသော ဗုဒ္ဓသာသနာတော်သည် ဗုဒ္ဓ ခန္ဓပရိနိဗ္ဗာန် ပြုပြီးသောအခါ၌ ဗုဒ္ဓကိုယ်စား ရှိနေရစ်လိမ့်မည်ဟူ၍ ဗုဒ္ဓ မိန့်ကြားတော်မူခဲ့လေသည်။

(၂) ဗုဒ္ဓ ခန္ဓပရိနိဗ္ဗာန် စံဝင်သွားသည်မှာ ယနေ့အခါတွင် နှစ်ပေါင်း (၂၅၅၀)ပင် ရှိခဲ့လေပြီ။ ယနေ့တိုင်အောင်လည်း ဗုဒ္ဓ ဟောကြားတော်မူထားအပ်သော ဗြဟ္မဇာလသုတ် အစရှိသော ဓမ္မ, ဝိနယ သာသနာတော်သည် အပြည့်အစုံပင် တည်တန့်ခိုင်မြဲစွာ တည်ရှိနေနိုင်သည်မှာ သံဃာတော်တို့၏ သက်စွန့်ကြိုးပမ်း စွမ်းဆောင်နိုင်မှုကြောင့်ပင် ဖြစ်လေသည်။

(၃) ယနေ့အခါအထိ နှစ်ပေါင်း (၂၅၅၀) ကြာသည့်တိုင်အောင် ဗုဒ္ဓသာသနာတော် ဖြတ်သန်းလာခဲ့ရသော ခရီးသည်

လွယ်ကူစွာ ဖြတ်သန်းလာခဲ့ရခြင်း မဟုတ်ပေ။ အနှောင့်အယှက် အခက်အခဲပေါင်းများစွာကို တွန်းလှန်ပယ်ရှား၍ ဖြတ်သန်းလာခဲ့ရခြင်း ဖြစ်လေသည်။

(၄) ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုပြီးစမှာပင် ဗုဒ္ဓသာသနာတော် ကွယ်ပျောက်မည့် အန္တရာယ် ပေါ်လာသည့်အတွက် အရှင်မဟာကဿပ, အရှင်ဥပါလိ, အရှင်အာနန္ဒာ အမှူးပြုသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာသံဃာတော် ငါးရာတို့သည် ပဌမသံဂါယနာတင်ခြင်းဖြင့် ဗုဒ္ဓ၏ ဓမ္မဝိနယ သာသနာတော်ကို အရှည်တည်တန့်နိုင်မြဲအောင် ပြုလုပ်နိုင်ခဲ့လေသည်။

(၅) ပဌမသံဂါယနာ တင်နိုင်မှုကြောင့်ပင် ဒုတိယသံဂါယနာ တင်နိုင်ခြင်း, ဒုတိယသံဂါယနာ တင်နိုင်မှုကြောင့်ပင် တတိယ သံဂါယနာ တင်နိုင်ခြင်း, တတိယသံဂါယနာ တင်နိုင်မှုကြောင့်ပင် စတုတ္ထသံဂါယနာ တင်နိုင်ခြင်း, စတုတ္ထသံဂါယနာ တင်နိုင်မှုကြောင့်ပင် ပဥ္စမသံဂါယနာ တင်နိုင်ခြင်း, ပဥ္စသံဂါယနာ တင်နိုင်မှုကြောင့်ပင် ဆဋ္ဌသံဂါယနာ တင်နိုင်ခြင်းတို့ဖြင့် သံဃာတော် အရှင်မြတ်များတို့သည် ဗုဒ္ဓသာသနာတော် အရှည်တည်တန့်အောင် ကာကွယ်စောင့်ရှောက်တော်မူနိုင်ခဲ့လေသည်။

(၆) သံဂါယနာ တင်ရုံမျှမက သံဃာအဆက်ဆက်ဖြင့် ဗုဒ္ဓ၏ ဓမ္မဝိနယ သာသနာတော်ကို ဘက်စုံဒေါင့်စုံမှ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို ပို့ချပေးတော်မူခြင်းဖြင့်လည်းကောင်း၊ မြန်မာပြန်ကျမ်း, နိဿယကျမ်း, အဘိဓာန်ကျမ်းစသော ကျမ်းပေါင်း များစွာကို ရေးသားပြုစုနိုင်ခြင်းတို့ကြောင့်လည်းကောင်း ယနေ့အခါအထိ အပြည့်အစုံ ဗုဒ္ဓ၏ သာသနာတော်သည် အရှည်တည်တန့်နိုင်မြဲ စွာနှင့် ပြန့်ပွါးလျက် ရှိနေလေသည်။

သံဃာနုဿတိ ပွါးများရန်

အရှင်မဟာကဿပ, အရှင်ဥပါလိ, အရှင်အာနန္ဒာ အစရှိသော သံဃာတော် အရှင်မြတ်တို့သည်-

(၁) ပဌမသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော်ကို အရှည်တည်တန့်အောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၂) ဒုတိယသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော်ကို အရှည်တည်တန့်အောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၃) တတိယသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော်ကို အရှည်တည်တန့်အောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၄) စတုတ္ထသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော်ကို အရှည်တည်တန့်အောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၅) ပဥ္စမသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော်ကို အရှည်တည်တန့်အောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၆) ဆဋ္ဌသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော်ကို အရှည်တည်တန့်အောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၇) သံဃာအဆက်ဆက် စာပေပို့ချခြင်းဖြင့်လည်းကောင်း၊ ပါဠိတော်ကို မြန်မာပြန်ခြင်းဖြင့်လည်းကောင်း၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာများကို နိဿယကျမ်း ရေးသားပြုစုခြင်းဖြင့်လည်းကောင်း၊ ပါဠိပိဋကအဘိဓာန်ကျမ်းကြီး, ပိဋကလမ်းညွှန်ကျမ်း ကြီးများကို ရေးသားပြုစုခြင်းဖြင့်လည်းကောင်း ဗုဒ္ဓသာသနာတော်ကို အရှည်တည်တန့် ခိုင်မြဲအောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၈) ထို့မှတစ်ပါးသော ဗုဒ္ဓဟောကြားတော်မူထားအပ်သော ပိဋကသုံးပုံကို ထုတ်နုတ်၍ ထုတ်နုတ်၍ လူအများ နားလည်နိုင် လောက်သော အရေးအသားမျိုးကို စီမံ၍ ကျမ်းစာအမျိုးမျိုးကို ရေးသားပြုစု ထုတ်ဝေခြင်းအားဖြင့်လည်း ဗုဒ္ဓသာသနာတော် အရှည်တည်တန့် ခိုင်မြဲအောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၉) 'တထာရူပံ **သံဃဂုဏံ** အတံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော သံဃာတော် အရှင်မြတ်တို့၏ အမြော်အမြင်, လုံ့လဝီရိယ, ခန္တီ, မေတ္တာ, ကရုဏာ, သီလ, သမာဓိ, ပညာ အစရှိသော ဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုး ပူဇော်ပါ၏ဘုရား။

ဖြဟ္မဇာလသုတ် အနှစ်ချုပ် တရားတော်နှင့် အနုဿတိဘာဝနာ ပြီးပြီ။

(၂) သာမညဖလသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသတိဘာဝနာ

(၁) ဗုဒ္ဓသည် (၁၂၅၀)သော ရဟန်းသံဃာတော်များနှင့်အတူ ရာဇဂြိုဟ်ပြည် အဘယမင်းသား မွေးစားသော ဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူလျက် ရှိနေသည်။ အချိန်ကာလအားဖြင့် တန်ဆောင်မုန်းလပြည့်နေ့ည အချိန်ကာလ ဖြစ်လေသည်။ ကုမုဒြာကြာတို့သည် လပြည့်နေ့ည၏ လရောင်ဖြင့် တွေ့ထိအပ်သည်ဖြစ်၍ ငွါးငွါးစွင့်စွင့် တင့်တင့်တယ်တယ် ပွင့်လျက်ရှိသောကြောင့် အလွန်ကြည်နူးဖွယ်ကောင်းသော ညတစ်ညဖြစ်လျက် ရှိနေလေသည်။

(၂) ဗုဒ္ဓသည် အဘယ်ကြောင့် ထိုကဲ့သို့ (၁၂၅၀)ကုန်သော ရဟန်းသံဃာတော်များနှင့်အတူ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဇီဝက၏ သရက်ဥယျာဉ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူလျက် ရှိသနည်းဟူမူ အဇာတသတ်မင်းသည် ဆေးဆရာဇီဝက၏ အစီအမံဖြင့် ဗုဒ္ဓထံသို့ရောက်လာပြီး 'သာမညဖလ'- ယခုမျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်အပ်သော ရဟန်းပြုရခြင်းအကျိုးကို မေးပေလိမ့်မည်။ ဤသာမညဖလသုတ္တန် တရားတော်အဆုံး၌ အဇာတသတ်မင်းသည် သရဏဂုံတည် ဉပါသကာအဖြစ်သို့ ရောက်မည်ကို ကြိုတင်သိရှိတော်မူသည်ဖြစ်၍ သီတင်းသုံးတော်မူနေခြင်း ဖြစ်လေသည်။

(၃) အမှန်စင်စစ် အဇာတသတ်မင်းသည် ဗုဒ္ဓကို အလွန်အမင်း ဆန့်ကျင်ဘက် ပြုလုပ်ခဲ့သူ ဖြစ်လေသည်။ မှန်၏။ အဇာတသတ်မင်းသည် ဗုဒ္ဓ၏ ဒါယကာအရင်းဖြစ်သော ဘုရင်ဗိမ္ဗိသာရမင်းကြီးကိုလည်း သတ်ဖြတ်ခဲ့သူ ဖြစ်သလို ဗုဒ္ဓအား သတ်ဖြတ်နိုင်ရန်အတွက် ဒေဝဒတ်ကိုလည်း မြောက်များစွာ အကူအညီပေးခဲ့သူ မင်းတစ်ပါး ဖြစ်လေသည်။ သို့ဖြစ်ပါလျက် ဗုဒ္ဓသည် အဇာတသတ်မင်း၏ အကျိုးစီးပွါးကို လိုလားတော်မူသည်ဖြစ်၍ (၁၂၅၀)ကုန်သော ရဟန်းသံဃာတော်များနှင့်အတူ မျှော်လင့်စောင့်ဆိုင်းတော်မူလျက် ရှိသည်မှာကား ဗုဒ္ဓ၏ အတုမရှိသော မေတ္တာ, ကရုဏာ, ခန္တီ တရားတို့ပင် ဖြစ်လေသည်။

ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများရန်

(၁) ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အဇာတသတ်မင်း လာရောက်၍ 'သာမညဖလ' ရဟန်းပြုရခြင်းအကျိုး တရားတော်အဆုံး၌ သရဏဂုံတည် ဉပါသကာအဖြစ်သို့ ရောက်မည်ကို ကြိုတင်သိရှိတော်မူနိုင်ပါပေ၏။

(၂) ဗုဒ္ဓကို အလွန်အမင်း ဆန့်ကျင်ဘက် ပြုလုပ်ခဲ့သော်လည်း ဗုဒ္ဓသည် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာတို့ဖြင့် အဇာတသတ်မင်း၏ အကျိုးစီးပွါးကို လိုလားတော်မူနိုင်ပါပေ၏။

(၃) 'တထာရူပံ ဗုဒ္ဓဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတ ဂုဏ်တော်ကြီးနှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာဂုဏ်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

အဇာတသတ်မင်း ဗုဒ္ဓထံ ချဉ်းကပ်ခြင်း

(၁) အဇာတသတ်မင်း၏ ရင်ဝ၌ အပူမီးတို့သည် တဟုန်းဟုန်း တောက်လောင်လျက်ရှိသည်။ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိ၍ နောင်တရသည်ကတစ်ကြောင်း၊ ဒေဝဒတ်ကို ဆရာတင်မှားမိသည်ကို နောင်တရသည်ကတစ်ကြောင်း၊ ဗုဒ္ဓအား သတ်ဖြတ်ရန်အတွက် ဒေဝဒတ်အား အကြိမ်များစွာ အကူအညီပေးမှားမိသည်ကို နောင်တရမိသည်ကတစ်ကြောင်းတို့ကြောင့် အပူမီးတောက်လောင်နေခြင်း ဖြစ်လေသည်။

(၂) ထို့ပြင် ဒေဝဒတ်ကို မြေမျိုပြီတဲ့ဟူသော သတင်းကို ကြားရပြန်သောအခါ 'ငါ့ကိုလည်း မြေမျိုဦးမှာလား' ဟူ၍ စိုးရိမ်သောကမီးကလည်း လောင်လျက်ရှိလေသည်။ ညအိပ်စက်သောအခါ၌လည်း မျက်စိမှိတ်လျှင်ပင် တစ်ကိုယ်လုံးကို အပ်တွေ, လှံတွေနှင့် ထိုးဆွဘိသကဲ့သို့ အပြင်းအထန် ဒုက္ခတွေကို တွေ့ကြုံနေရ၍ အပူမီးတို့သည် တဟုန်းဟုန်း တောက်လောင်လျက် ရှိလေသည်။ ဤအပူမီးကို ဗုဒ္ဓမှတစ်ပါး အခြားသူတို့ ငြိမ်းအေးအောင် တတ်နိုင်လိမ့်မည်မဟုတ်ဟု အဇာတသတ်မင်း နားလည်သည်ဖြစ်၍ ဆေးဆရာဇီဝက၏ အကူအညီဖြင့် ထိုတန်ဆောင်မုန်းလပြည့်နေ့ညမှပင် ဗုဒ္ဓထံသို့ ချဉ်းကပ်လေသည်။

အဇာတသတ်မင်း၏ ပြဿနာကို ဗုဒ္ဓ ဖြေကြားပြီ

(၁) အဇာတသတ်မင်းသည် ဗုဒ္ဓကို ဖူးမြော်လိုသောစိတ်ဖြစ်ခြင်း၊ ဗုဒ္ဓထံ ချဉ်းကပ်ခြင်းတို့ကပင် အဇာတသတ်မင်း၌ သူတော်ကောင်းစိတ်ဓာတ် ဓာတ်ခံရှိနေသည်မှာ ထင်ရှားလှပေသည်။ မသိနားမလည်ခင်က ဒေဝဒတ်၏ လှည့်ပတ်ခြင်းကို ခံလိုက်ရပြီး ဒေဝဒတ်ကို အထင်တကြီးနှင့် ဆရာတင်မှားမိ၍ ဖအေကို သတ်မှားမိခြင်း ဖြစ်ခဲ့ရလေသည်။ အဇာတသတ်မင်း ဗုဒ္ဓကို ဖူးမြော်ရသော အခါ ဗုဒ္ဓနှင့် (၁၂၅၀)သော ရဟန်းသံဃာတော်တို့၏ တည်ကြည်ငြိမ်သက် အေးချမ်းသော အခြေအနေကို မျက်မြင်ဒိဋ္ဌ ဖူးမြင်ရသည်ဖြစ်၍ အဇာတသတ်၏ ပူလောင်နေမှုသည်ပင် အတော်အတန် အေးမြမှုရသွားလေသည်။ အဇာတသတ်မင်းသည် ဗုဒ္ဓအား 'မျက်မှောက်ဘဝ ၌ပင် ကိုယ်တိုင်သိမြင်ရသော 'သာမညဖလ' ရဟန်းပြုရခြင်းအကျိုးကို ပြခြင်းငှာ တတ်နိုင်ပါသလား' ဟူ၍ မေးလျှောက်လေပြီ။ လူ့လောက၌ လူသားတို့သည် အသက်မွေးဝမ်းကျောင်း အတတ်ပညာကို ပြုလုပ်ကြ၍ မိမိ၏ သားမယားကို ကျွေးမွေးပြုစုနိုင်ခြင်း အကျိုးကို လက်ငင်းဒိဋ္ဌ ရဘိသကဲ့သို့ ထို့အတူပင် ရဟန်းလောက၌ ရဟန်းပြုကြသူတို့သည် ရဟန်းပြုရသည့်အတွက် ရဟန်းပြုရခြင်း အကျိုးကို လက်ငင်းဒိဋ္ဌ ပြနိုင်ပါသလားဟူ၍ မေးလျှောက်ခြင်း ဖြစ်လေသည်။ ထိုအခါ ဗုဒ္ဓက ထိုပြဿနာကို အခြားသောပုဂ္ဂိုလ်တို့အား မေးဖူးပါသလား။ အခြားသောပုဂ္ဂိုလ်တို့က ဘယ်လိုဖြေကြားကြသနည်းဟု မိန့်တော်မူသောကြောင့် အဇာတသတ်မင်းသည် အောက်ပါ အတိုင်း ပြန်လည်လျှောက်ထားလေသည်။

(၂) အထက်ပါ သန္ဒိဋ္ဌိကသာမညဖလ ပြဿနာကို အဇာတသတ်မင်းသည် ဗုဒ္ဓမပွင့်မီကပင် ဘုရားအဖြစ်ကို ခံယူနေကြသော **(၁) ပူရဏကဿပ၊ (၂) မက္ခလိဂေါသာလ၊ (၃) အဇိတကေသကမ္ဗလ၊ (၄) ပကုဓကစ္စာယန၊ (၅) နိဂဏ္ဌနာဋပုတ္တ၊ (၆) သဉ္စယ ဗေလဋ္ဌပုတ္တ** ဟူသော ဂိုဏ်းဆရာကြီး ခြောက်ယောက်တို့ကို မေးမြန်းခဲ့ဖူးလေသည်။ သို့ရာတွင် ခုတ်ရာတစ်ခြား၊ ရှရာတစ်ခြား ဆိုသကဲ့သို့ 'သာမညဖလ' ရဟန်းပြုရခြင်းအကျိုးကို မေးသော်လည်း ၎င်းတို့၏ အယူဝါဒတို့ကိုသာ ပြောကြားကြလေ သည်။

ထို့ကြောင့် အဇာတသတ်မင်းက ဗုဒ္ဓအား လျှောက်ထားသည်မှာ-

'ရှင်တော်ဗုဒ္ဓဘုရား တပည့်တော်သည် 'သန္ဒိဋ္ဌိကသာမညဖလ' ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ထိုပုဂ္ဂိုလ်ခြောက်ဦးတို့သည် သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ ထိုပုဂ္ဂိုလ်ခြောက်ဦးတို့သည် မိမိတို့၏ အယူဝါဒတို့ကိုသာ ပြောကြားကြလေသည်။ ထိုအခါ တပည့်တော်သည် ဤသို့အကြံ ဖြစ်ပါသည်။

'ငါကဲ့သို့သောမင်းသည် နိုင်ငံတော်၌နေသော သမဏ ဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်သည်ဟု အဘယ့်ကြောင့် မှတ်ယူပါအံ့ နည်း' ဟု အကြံဖြစ်ပါသည်။

ရှင်တော်ဗုဒ္ဓဘုရား တပည့်တော်သည် ထိုပုဂ္ဂိုလ်ခြောက်ဦးတို့၏ ပြောသောစကားတို့ကို နှစ်လည်းမနှစ်သက်ခဲ့ပါ။ ပယ်လည်း မပယ်ခဲ့ပါ။ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသောစကားကို မမြွက်ဆိုမူ၍ ထိုပုဂ္ဂိုလ်တို့၏ စကားကို မနာယူ မမှတ်သားဘဲ နေရာမှထကာ ပြန်ခဲ့ပါသည်။'

အထက်ပါ အဇာတသတ်မင်း၏ လျှောက်ထားချက်ကို အလေးဂရု သတိပြု၍ ကြည့်ရှုမည်ဆိုပါက အဇာတသတ်မင်း၌ သူတော်ကောင်းစိတ်ဓာတ် ဓာတ်ခံရှိသည်မှာ ထင်ရှားနေဘိသကဲ့သို့ အုပ်ချုပ်သူ မင်းစိုးရာဇာတို့အတွက်လည်း နမူနာယူစရာတစ်ခု ဖြစ်နေသည်မှာ ပေါ်လွင်လှပေသည်။

ထိုသန္ဒိဋ္ဌိကသာမညဖလပြဿနာကို ဗုဒ္ဓကို မေးမြန်းလျှောက်ထားသောအခါ၌ ဗုဒ္ဓသည် အောက်ပါအတိုင်း ဖြေကြားတော်မူ လေသည်။

(၁) မိမိ၏ ကျွန်ပင်ဖြစ်လင့်ကစား၊ မိမိအား အခွန်အတုတ်ဆောင်နေရသော လယ်သမားပင်ဖြစ်လင့်ကစား ရဟန်းပြု၍ ရဟန်းကျင့်ဝတ် သိက္ခာပုဒ်နှင့် ပြည့်စုံစွာနေလျှင် ထိုရဟန်းကို အဇာတသတ်မင်းသည် ရှိခိုးရခြင်း၊ ခရီးဦးကြိုဆိုရခြင်း၊ နေရာဖြင့် ဖိတ်မန်ရခြင်း၊ ပစ္စည်းလေးပါး ဒါယကာ ပြုလုပ်ရခြင်းတို့သည် 'သန္ဒိဋ္ဌိကသာမညဖလ' မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ခံစား ရသော ရဟန်းပြုရကျိုး ဖြစ်ပုံကိုလည်းကောင်း၊

(၂) လူ့လောက၌ အရဟံအစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော ဗုဒ္ဓပွင့်တော်မူလာပုံ၊ ထိုဗုဒ္ဓသည် (၃၁)ဘုံ၌ရှိသော သတ္တလောကကို ကိုယ်တိုင်ပိုင်းခြားသိ၍ လူနတ်ဗြဟ္မာတို့အား အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသော

တရားကို ဟောကြားတော်မူပုံ၊ ထိုတရားကို နာရ၍ လူဝတ်ကြောင်ကို စွန့်ခွါ၍ ရဟန်းပြုပုံတို့ကိုလည်းကောင်း၊

(၃) ရဟန်းဘဝဖြင့် နေသောအခါ၌ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံပုံ၊ အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလနှင့် ပြည့်စုံပုံ၊ ထို့ပြင် စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့နှင့်လည်း ပြည့်စုံပုံ ဤကဲ့သို့ သီလနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ အပြစ်ကင်းသော ချမ်းသာကို ခံစားရသည့်အတွက် ကိုယ်တိုင်မျက်မှောက်သိမြင်ရသော 'သာမညဖလ' ရဟန်းပြုရကျိုးဖြစ်ပုံတို့ကို လည်းကောင်း၊

(၄) ထို့နောက် ထိုရဟန်းသည် ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံပုံ၊ သတိသမ္ပဇညနှင့် ပြည့်စုံပုံ၊ သန္တောသနှင့် ပြည့်စုံပုံတို့ကို လည်းကောင်း ဟောကြားတော်မူပြီး ထိုသို့ ပြည့်စုံသည့်အတွက် အပြစ်ကင်းသော ရောင့်ရဲလွယ်သော ချမ်းသာကို ခံစားရသည်ဖြစ်၍ ဤသည်လည်း ကိုယ်တိုင်မျက်မှောက်သိမြင်ရသော 'သာမညဖလ' ရဟန်းပြုရကျိုးဖြစ်ပုံတို့ကိုလည်းကောင်း၊

(၅) ထို့နောက် ပဌမဈာန်ကိုရ၍ ပဌမဈာန်ချမ်းသာကို ခံစားရခြင်းသည်လည်းကောင်း, ဒုတိယဈာန်ကိုရ၍ ဒုတိယဈာန် ချမ်းသာကို ခံစားရခြင်းသည်လည်းကောင်း, တတိယဈာန်ကိုရ၍ တတိယဈာန်ချမ်းသာကို ခံစားရခြင်းသည်လည်းကောင်း, စတုတ္ထ ဈာန်ကိုရ၍ စတုတ္ထဈာန်ချမ်းသာကို ခံစားရခြင်းသည်လည်းကောင်း သာ၍နှစ်သက်ဖွယ်လည်းဖြစ်သော, သာ၍မွန်မြတ်သည်လည်း ဖြစ်သော, ကိုယ်တိုင်မျက်မှောက်သိမြင်ရသော 'သာမညဖလ' ရဟန်းပြုရကျိုးဖြစ်ပုံတို့ကိုလည်းကောင်း၊

(၆) ထို့နောက် 'ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်, စုတူပပါတဉာဏ် (ဒိဗ္ဗစက္ခုဉာဏ်), အာသဝက္ခယဉာဏ်' ဟူသော ဝိဇ္ဇာရှစ်ပါးကိုရ၍ ထိုသို့ရခြင်းသည်လည်း ရှေး ကထက် သာ၍နှစ်သက်ဖွယ်လည်းဖြစ်သော, သာ၍မွန်မြတ်သည်လည်းဖြစ်သော, ကိုယ်တိုင်သိမြင်ရသော 'သာမညဖလ' ရဟန်းပြုရ ကျိုးဖြစ်ပုံတို့ကိုလည်းကောင်း အကျယ်တဝင့် ဟောကြားတော်မူလေသည်။

(၇) အထက်ပါ၌ ဝိပဿနာဉာဏ်မှစ၍ အာသဝက္ခယဉာဏ်အထိကို ဝိဇ္ဇာရှစ်ပါးဟူ၍ ခေါ်သည်။ ထိုဝိဇ္ဇာရှစ်ပါးတွင် အာသဝက္ခယဉာဏ်ဟူသော အရဟတ္တမဂ်ဉာဏ်ကိုရခြင်းသည် အသာလွန်ဆုံးသော, အမွန်မြတ်ဆုံးသော, ယခုမျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော 'သာမညဖလ' ရဟန်းပြုရကျိုးဖြစ်ပုံကိုလည်းကောင်း အရဟတ္တဖိုလ် အထွတ်တပ်၍ အပြီးသတ် ဟောကြား တော်မူလေသည်။

အဇာတသတ်မင်း သရဏဂုံတည် ဥပါသကာဖြစ်ခြင်း

ထိုသာမညဖလသုတ်အဆုံး၌ အဇာတသတ်မင်းသည် သရဏဂုံတည် ဥပါသကာအဖြစ်ကို ခံယူပြီး ခမည်းတော်ကို သတ်မိသည်ကိုလည်း ဝန်ချတောင်းပန်လေသည်။ မိမိအပြစ်ကိုသိ၍ နောင်ထပ်မကျူးလွန်ရန်အတွက် ဝန်ချတောင်းပန်ခြင်းသည် ကြီးပွါးကြောင်းဖြစ်သည်ဟု ဗုဒ္ဓက မိန့်ကြားတော်မူလေသည်။

အဇာတသတ်မင်း ပြန်သွားသောအခါ

အဇာတသတ်မင်းသည် ဗုဒ္ဓ၏တရားတော်ကို နာကြားရသည့်အတွက် အလွန်ကျေနပ် ကြည်နူးစွာဖြင့် ပြန်သွား၍ မကြာမီ ဗုဒ္ဓသည် ရဟန်းသံဃာတော် (၁၂၅၀)တို့အား ဤအဇာတသတ်မင်းသည် အကယ်၍သာ ဖအေကို မသတ်မိသည် ဖြစ်အံ့၊ ဤတရား အဆုံး၌ သောတာပတ္တိမဂ်ဉာဏ်ကို ရလေရာ၏ဟု မိန့်တော်မူလေသည်။ (၁၂၅၀)သော ရဟန်းတော်တို့သည်လည်း ဗုဒ္ဓဟောကြား တော်မူအပ်သော ဤသာမညဖလသုတ္တန် တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေသည်။

သိက္ခာသုံးရပ် အကျင့်မြတ် ဒေသနာတော်

ဤသာမညဖလသုတ္တန် တရားတော်သည်လည်း သိက္ခာသုံးရပ် အကျင့်မြတ် ဒေသနာတော် ဖြစ်လေသည်။ ထိုတွင် ပါတိမောက္ခသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ, စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ, ဣန္ဒြိယသံဝရသီလ, သန္တောသတို့သည် သီလသိက္ခာ၌ပါဝင်ပြီး ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်နှင့် မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်,

ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်တို့သည် သမာဓိသိက္ခာထဲ ပါဝင်လေသည်။ သတိသမ္ပဇည, ဝိပဿနာဉာဏ်, မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါးတို့သည် ပညာသိက္ခာထဲ ပါဝင်လေသည်။

အဇာတသတ်မင်း ရရှိသောအကျိုး

အဇာတသတ်မင်းသည် ဗုဒ္ဓ ဟောကြားတော်မူအပ်သော သာမညဖလသုတ္တန် ဒေသနာတော်အဆုံး၌ သောတာပတ္တိမဂ်ဉာဏ်ကို မရသော်လည်း အလွန်ကြီးကျယ်သော အကျိုးများကို ရရှိသွားလေသည်။

(၁) ဗုဒ္ဓထံ တရားမနာခင်က အဇာတသတ်မင်းသည် နေ့ရောညပါ အိပ်စက်မရသော ဒုက္ခမှ ကင်းလွတ်သွားပြီး ကောင်းစွာ အိပ်စက်၍ ရသွားလေသည်။

(၂) 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါးကို အလွန်ကြည်ညိုပြီး အလွန်ပူဇော်မှု ပြုလေသည်။ ရတနာသုံးပါးကို ပုထုဇဉ်အဖြစ်ဖြင့် ကြည်ညိုရာ၌ ထိုခေတ်ထိုအခါက အဇာတသတ်မင်းကို မီသူမရှိဟုပင် မှတ်တမ်းတင်ရလေသည်။

(၃) အဖကိုသတ်သူတို့၏ ထုံးစံအရ မဟာအဝီစိငရဲမှာ ကျခံရမည် ဖြစ်သော်လည်း ရတနာသုံးပါးကို အလွန်ကြည်ညိုသော ကုသိုလ်တို့ကြောင့် အဝီစိငရဲ၏ အခြံအရံဖြစ်သော လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်းမျှသာ ခံရမည်ဖြစ်သည်။

(၄) ငရဲမှ လွတ်လာ၍ နောင်အခါ၌ '**ဝိဇိတာဝီ**' မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန် ဝင်စံရမည် ဖြစ်လေသည်။

ဤသို့လျှင် အဇာတသတ်မင်းသည် အလွန်ကြီးကျယ်သော အကျိုးကို ရရှိသွားလေသည်။

ဗုဒ္ဓါနုဿတိ ပွါးများရန်

တစ်လောကလုံး၏ အလေးဂရုပြုမှုကို ခံယူတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်–

(၁) အဖသတ် အဇာတသတ်မင်းကို ကျွန်ဥပမာ, လယ်သမားဥပမာတို့ဖြင့် 'သာမညဖလ' ရဟန်းပြုရခြင်းအကျိုးကို ရှင်းလင်းစွာ နားလည်အောင် ဟောကြားတော်မူနိုင်ပါပေ၏။

(၂) ထိုထက် သာလွန်မွန်မြတ်သော ပါတိမောက္ခသံဝရသီလ စသော သီလသိက္ခာဖြင့်လည်း 'သာမညဖလ' ရဟန်းပြုရခြင်းအကျိုးကို ရှင်းလင်းနားလည်အောင် ဟောကြားတော်မူနိုင်ပါပေ၏။

(၃) ထိုထက် သာလွန်မွန်မြတ်သော ပဌမဈာန်အစရှိသော သမာဓိသိက္ခာဖြင့်လည်း 'သာမညဖလ' ရဟန်းပြုရခြင်းအကျိုးကို ရှင်းလင်းနားလည်အောင် ဟောကြားတော်မူနိုင်ပါပေ၏။

(၄) ထိုထက် သာလွန်မွန်မြတ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဟူသော ပညာသိက္ခာဖြင့်လည်း 'သာမညဖလ' ရဟန်းပြုရခြင်းအကျိုးကို ရှင်းလင်းနားလည်အောင် ဟောကြားတော်မူနိုင်ပါပေ၏။

(၅) အသာလွန်ဆုံး, အမွန်မြတ်ဆုံးဖြစ်သော ပညာသိက္ခာအရတွင်ပါဝင်သော အာသဝက္ခယဉာဏ်ဟု ဆိုအပ်သော အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်ဖြင့်လည်း 'သာမညဖလ' ကိုယ်တိုင်မျက်မှောက် သိမြင်အပ်သော ရဟန်းပြုရခြင်းအကျိုးကို ရှင်းလင်းနားလည်အောင် ဟောကြားတော်မူနိုင်ပါပေ၏။

(၆) '**တထာရူပံ ဗုဒ္ဓ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ**' ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးနှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာဂုဏ်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဓမ္မာနုဿတိ ပွါးများရန်

ဤသာမညဖလသုတ္တန် ဒေသနာတော်သည်–

(၁) ဖြူစင်သန့်ရှင်း အပြစ်ကင်းသော သီလသိက္ခာကို ပေးစွမ်းနိုင်တော်မူနိုင်ပါပေ၏။

(၂) ဖြူစင်သန့်ရှင်း အပြစ်ကင်း၍ အေးချမ်းတည်ငြိမ်သော သမာဓိသိက္ခာကိုလည်း ပေးစွမ်းတော်မူနိုင်ပါပေ၏။

(၃) ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဟူသော ပညာသိက္ခာကိုလည်း ပေးစွမ်းတော်မူနိုင်ပါပေ၏။

(၄) ရဟန်းပြုရခြင်းအကျိုးကိုလည်း ပေးစွမ်းတော်မူနိုင်ပါပေ၏။

(၅) ငယ်သောအပြစ်ကို ပပျောက်အောင် ကြီးသောအပြစ်ကို ငယ်အောင်လည်း ပေးစွမ်းနိုင်ပါပေ၏။

(၆) 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာမြတ်သုံးပါးကိုလည်း အလွန်ထက်သန်သော သဒ္ဓါတရားဖြင့် ကြည်ညိုမှု, ပူဇော်မှုကို ဖြစ်ပေါ်စေနိုင်ပါပေ၏။

(၇) 'တထာရူပံ ဓမ္မ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော တရားတော်မြတ် ဂုဏ်ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

(သံဃာနုဿတိ ဘာဝနာကား- ဗြဟ္မဇာလသုတ်က အတိုင်းပင်တည်း။)

သာမညဖလသုတ် အနှစ်ချုပ်တရားနှင့် အနုဿတိဘာဝနာ ပြီးပြီ။

(၃) အမ္ဗဋ္ဌသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသယတိဘာဝနာ

(၁) ဗုဒ္ဓသည် ပေါက္ခရသာတိပုဏ္ဏားဏ်၏ သောတာပန်အဖြစ်သို့ ရောက်မည်ကိုလည်းကောင်း, အမ္ဗဋ္ဌလုလင်၏ အလွန်ရိုင်းစိုင်း မာနထောင်ရာမှ ယဉ်ကျေး၍ မာနကျမည့် အဖြစ်ကိုလည်းကောင်း သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူသည်ဖြစ်၍ ငါးရာမျှသော ရဟန်းသံဃာတော်တို့နှင့်အတူ ကောသလလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူ၍ ဣစ္ဆာနင်္ဂလ အမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်ရာမှတဖန် ထိုရွာ၏အနီး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးတော်မူလျက် ရှိနေလေသည်။

(၂) ပေါက္ခရသာတိပုဏ္ဏားသည် ဗုဒ္ဓသည် အရဟံအစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူပုံကိုလည်းကောင်း, (၃၁)ဘုံ၌ ရှိကြကုန်သော သတ္တလောကကို ထူးသောဉာဏ်ဖြင့် သိတော်မူပုံကိုလည်းကောင်း, အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်ကို ဟောကြားတော်မူပုံကိုလည်းကောင်း ကြားသိသည်ဖြစ်၍ ကြားသိရသည့်အတိုင်း ဗုဒ္ဓ အစစ်အမှန် ဟုတ်, မဟုတ်ကို ဗုဒ္ဓ၌ (၃၂)ပါးသော လက္ခဏာတော်ကြီး ရှိ, မရှိ စုံစမ်းရန် လုလင်ပေါင်းများစွာနှင့်တကွ အမ္ဗဋ္ဌ လုလင်ကို လွှတ်လိုက်လေသည်။

(၃) ဗုဒ္ဓထံမှောက်သို့ ရောက်သောအခါ အခြားလုလင်တို့သည် ထိုင်လျက်နေကြသော်လည်း အမ္ဗဋ္ဌလုလင်မှုကား မာနကြီး သည်ကတစ်ကြောင်း, သာကီဝင်မင်းသားတို့အပေါ်၌ မကျေနပ်ချက် ရှိသည်ကတစ်ကြောင်း ထိုအကြောင်းတို့ကြောင့် ထိုင်လျက်နေ သော ဗုဒ္ဓကို အမ္ဗဋ္ဌကိုယ်တိုင်က ရပ်လျက်လည်းကောင်း, သွားလျက်လည်းကောင်း, အလွန်ရိုင်းစိုင်းသော အမူအရာတို့ဖြင့်လည်း ကောင်း, စကားတို့ဖြင့်လည်းကောင်း ပြောဆိုဆက်ဆံလေသည်။

(၄) ထိုအခါ ဗုဒ္ဓသည် အမ္ဗဋ္ဌသည် အဖဘက်က သာကီဝင်မင်းတို့၏ ကျွန်မသားဖြစ်ပုံကို ဝန်ခံစေလျက် အလွန်ထောင်လွှား တက်ကြွနေသော မာနကို ဖြိုချလေတော့သည်။ ထိုအခါ အမ္ဗဋ္ဌလုလင်သည် အလွန်အမင်း အရှက်တကွဲ အကျိုးအနဲ မသက်မသာ ဖြစ်နေရာမှ အမ္ဗဋ္ဌအပေါ် ကရုဏာရှေးရှု မေတ္တာပြု၍ အမ္ဗဋ္ဌ၏ အမိဘက်က သာကီဝင်မင်းမျိုး တစ်စိတ်ဝင်ပုံကို မိန့်ကြားတော်မူခြင်းဖြင့် အမ္ဗဋ္ဌအား သက်သာရာရစေလေသည်။ ထို့နောက် ဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်အား ပသေနဒီကောသလမင်းနှင့် ပေါက္ခရသာတိ ပုဏ္ဏား နှစ်ဦးတည်းသာသိသော အတွင်းရေးကို ဖော်ထုတ်ဟောကြားခြင်းဖြင့် မိမိ၏ သဗ္ဗညုတပိုင်ရှင် ဖြစ်ကြောင်းကို သိစေလေသည်။

(၅) ထို့နောက် ဗုဒ္ဓသည် လူ့လောက၌ အမျိုးအနွယ် အားကိုးသူတို့အဖို့ မင်းမျိုးသည်သာ အမြတ်ဆုံးဖြစ်ပုံကိုလည်းကောင်း, 'နတ်,လူ, ဗြဟ္မာ' ဟူသော သတ္တလောက၌ အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏနှင့် ပြည့်စုံသူသည် အမြတ်ဆုံးဖြစ်ပုံကိုလည်းကောင်း ဟောကြားတော်မူလေသည်။ ထိုအခါ အမ္ဗဋ္ဌသည် ပုဏ္ဏားတို့ တတ်သိသော ဗေဒင်သုံးပုံသည် ဝိဇ္ဇာ, ပုဏ္ဏားတို့ ကျင့်သုံးအပ်သော ငါးပါးသီလသည် စရဏဖြစ်သည်ဟု ထင်မှတ်နေပြန်၍ ဗုဒ္ဓသည် အမ္ဗဋ္ဌ၏ ထိုအယူအဆကို ပယ်မြစ်၍ အတုမရှိသော ဝိဇ္ဇာ, စရဏကို ဟောကြားတော်မူလေသည်။

(၆) အတုမရှိသော ဝိဇ္ဇာစရဏကား အခြားမဟုတ်ပေ။ သာမညဖလသုတ်က ဟောကြားတော်မူအပ်ခဲ့သည့်အတိုင်း သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်တရားပင် ဖြစ်လေသည်။ ထိုတွင် ပါတိမောက္ခသံဝရ သီလမှစ၍ စတုတ္ထဈာန်အထိသော တရားတို့သည် စရဏအရတွင် ပါဝင်ပုံကိုလည်းကောင်း, ဝိပဿနာဉာဏ်မှစ၍ အာသဝက္ခယ ဉာဏ်အထိ တရားရှစ်မျိုးတို့သည် အသိဉာဏ်ဝိဇ္ဇာအရထဲ ပါဝင်ပုံကိုလည်းကောင်း ဗုဒ္ဓသည် အကျယ်တဝင့် ဟောကြားတော်မူလေ သည်။ ဤသို့လျှင် ဗုဒ္ဓသည် အရဟတ္တဖိုလ်ကို အထွတ်တပ်၍ အာသဝက္ခယဉာဏ် ရောက်သည်အထိ အတုမရှိသော ဝိဇ္ဇာစရဏဖြစ်ပုံ ကို ဟောကြားတော်မူလေသည်။

(၇) ထိုသို့ ဗုဒ္ဓက အတုမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှုကို ဟောကြားတော်မူသောအခါ အမ္ဗဋ္ဌသည် မိမိရော ပေါက္ခရသာတိ ပုဏ္ဏားတို့ပါ အတုမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှုမှ အဝေးကြီးဖြစ်ပုံကို သိမြင်သွားလေသည်။ ထို့နောက် ဗုဒ္ဓက ဆက်လက်၍ အမ္ဗဋ္ဌနှင့် ပေါက္ခရသာတိပုဏ္ဏားတို့သည် အတုမရှိသော ဝိဇ္ဇာစရဏနှင့် ဝေးရုံမက အတုမရှိသော ဝိဇ္ဇာစရဏ၏ ပျက်စီးကြောင်း လေးမျိုးထဲတွင်တောင် မပါဝင်နိုင်ကြောင်းကိုလည်း သိစေပြန်လေသည်။

(၈) ထို့နောက် ဗုဒ္ဓသည် ပုဏ္ဏားတို့၏ ဆရာဖြစ်သော အဋ္ဌကစသောရသေ့တို့၏ အကျင့်တို့ကို ဖော်ထုတ်ဟောကြားပြီး အမ္ဗဋ္ဌနှင့် ပေါက္ခရသာတိပုဏ္ဏားတို့သည် သားမယားနှင့်တကွ အာရုံငါးပါး ကာမဂုဏ်များ ခံစားနေကြသည့်အတွက် ရသေ့လည်း မဟုတ်၊ ရသေ့ဖြစ်ရန် ကျင့်နေသူတို့လည်း မဟုတ်ပုံကို သိစေလေသည်။ ဗုဒ္ဓသာသနာတော်၌ကား ထိုရသေ့အကျင့်သည် သာသနာ

တော် ဆုတ်ယုတ်ကြောင်းတွင် ပါဝင်လေသည်။

(၉) ထို့နောက် အမ္ဗဋ္ဌသည် ဗုဒ္ဓ၏ (၃၂)ပါးသော လက္ခဏာတော်ကြီးနှင့် ပြည့်စုံပုံကို သိရှိပြီးနောက် ပြန်သွားပြီးလျှင် ဖြစ်ကြောင်းကုန်စင်ကို ဆရာပေါက္ခရသာတိပုဏ္ဏားအား ပြန်လည်ပြောပြရာ ပေါက္ခရသာတိပုဏ္ဏားသည် ဒေါသအမျက် ခြောင်းခြောင်း ထွက်၍ ဆဲဆိုကြိမ်းမောင်း ဖေါက်ငန်းလျက် အမ္ဗဋ္ဌလုလင်အား ခြေနှင့်ကန်ကျောက်လျက် မြေ၌လဲစေလေသည်။ ထိုတွင်မက အမ္ဗဋ္ဌလုလင်သည် ရာထူးချခြင်းကိုလည်း ခံရလေသည်။

(၁၀) ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ အမ္ဗဋ္ဌလုလင်၏ ရိုင်းစိုင်းမိုက်မဲမှုကို ခွင့်လွှတ်ပါမည့်အကြောင်း လျှောက်ထားတောင်းပန်ရာ ဗုဒ္ဓကလည်း အမ္ဗဋ္ဌအပေါ် ခွင့်လွှတ်သည်းခံကြောင်း မိန့်ကြားတော်မူလေသည်။ ထို့နောက် ပေါက္ခရသာတိ ပုဏ္ဏားသည် ဗုဒ္ဓ၌ (၃၂)ပါးသော လက္ခဏာတော်ကြီးနှင့် ပြည့်စုံပုံကို ကိုယ်တိုင်စုံစမ်း သိရှိပြီးကာမှ ရဟန်းသံဃာ ငါးရာနှင့်တကွ အိမ်သို့ ဆွမ်းစားပင့်၍ ဗုဒ္ဓ၏ သစ္စာလေးပါးတရားကို နာယူအပြီးတွင် သောတာပတ္တိမဂ်ဉာဏ်ကို ရရှိလေသည်။ ပေါက္ခရသာတိပုဏ္ဏား သည် သား သမီး သားမယား ပရိသတ် အမတ်တို့နှင့်တကွ သရဏဂုံတည် ဥပါသကာအဖြစ်ကို ခံယူကြောင်း လျှောက်ထားလေသည်။

ဗုဒ္ဓါနုဿတိ ပွါးများရန်

သတ္တလောက တစ်လောကလုံး၏ အလေးဂရုပြုမှုကို ခံယူတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, လူ, နတ်, ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်–

(၁) အမ္ဗဋ္ဌလုလင်၏ အလွန်ရိုင်းစိုင်း၍ အလွန်မာနထောင်လွှား၍ ပြုမူဆက်ဆံမည်ကို ကြိုတင်သိမြင်တော်မူနိုင်ပါပေ၏။

(၂) ပေါက္ခရသာတိ ပုဏ္ဏားကြီး၏ သောတာပတ္တိမဂ်ဉာဏ်ရမည်ကိုလည်း ကြိုတင်သိမြင်တော်မူပါပေ၏။

(၃) ကြိုတင်သိမြင်တော်မူသည့်အတိုင်း အမ္ဗဋ္ဌလုလင်အား ယဉ်ကျေးအောင် မာနကျသွားအောင် ဟောကြားတော်မူနိုင်ပါပေ၏။

(၄) ပေါက္ခရသာတိ ပုဏ္ဏားအား သစ္စာလေးပါးတရားကို ဟောကြားတော်မူ၍ သောတာပတ္တိမဂ်ဉာဏ်ရအောင် ဆောင်ရွက်တော်မူနိုင်ပါပေ၏။

(၅) 'တထာရူပံ ဗုဒ္ဓ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်တော်ကြီးနှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာဟူသော ဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဓမ္မာနုဿတိ ပွါးများရန်

ဤအမ္ဗဋ္ဌသုတ္တန် ဒေသနာတော်သည်–

(၁) ဗုဒ္ဓ၏ သဗ္ဗညုတပိုင်ရှင် ဗုဒ္ဓစင်စစ်ဖြစ်ကြောင်းကို ထင်ရှားစွာ သိစေနိုင်ပါပေ၏။

(၂) မာနကျစေသော တရားဒေသနာ, ယဉ်ကျေးစေသော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၃) သောတာပတ္တိမဂ်ဉာဏ်ကို ပေးစွမ်းနိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၄) သာသနာဆုတ်ယုတ်ကြောင်း, တိုးတက်ကြောင်းကိုလည်း သိစေသော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၅) အတုမရှိသော ဝိဇ္ဇာစရဏ သမ္ပန္နတရားကိုလည်း သိမြင်စေနိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၆) 'တထာရူပံ ဓမ္မ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဓမ္မဂုဏ်ရည် စွမ်းရည်အလီလီကို တပည့်တော် သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

(သံဃာနုဿတိ ဘာဝနာကား- ဗြဟ္မဇာလသုတ်က အတိုင်းပင်တည်း။)

အမ္ဗဋ္ဌသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာ ပြီးပြီ။

(၄) သောဏဒဏ္ဍသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသယတိဘာဝနာ

(၁) ဗုဒ္ဓသည် သောဏဒဏ္ဍပုဏ္ဏားသည် သရဏဂုံတည် ဥပါသကာအဖြစ်သို့ ရောက်မည်ကို သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ကြိုတင်သိမြင်တော်မူသည်ဖြစ်၍ ရဟန်း၀၀ါးရာနှင့်အတူ အင်္ဂတိုင်း စမ္ပါမြို့သို့ ကြွရောက်တော်မူ၍ ထိုစမ္ပါမြို့၏အနီး ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ သီတင်းသုံးလျက် ရှိတော်မူလေသည်။

(၂) စမ္ပါမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် ဗုဒ္ဓသည် သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည်ကိုလည်းကောင်း၊ ရဟန်းသံဃာတော် ၀ါးရာနှင့်အတူ စမ္ပါမြို့အနီး ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ သီတင်းသုံးလျက်ရှိသည်ကိုလည်းကောင်း၊ ထိုဗုဒ္ဓသည် အရဟံအစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသည်ကိုလည်းကောင်း၊ (၃၁)ဘုံ၌ရှိသော သတ္တလောကကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူသည်ကိုလည်းကောင်း၊ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသောတရားကို ဟောကြားတော်မူသည်ကိုလည်းကောင်း ကြားသိကြလေသည်။

(၃) ထိုသို့ ကြားသိကြသည်ဖြစ်၍ စမ္ပါမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် စမ္ပါမြို့မှ အစုလိုက် အအုပ်လိုက်ထွက်၍ တပေါင်းတည်း ဖြစ်ကုန်လျက် ဂဂ္ဂရာရေကန်အနီး၌ သီတင်းသုံးလျက် ရှိတော်မူသော ဗုဒ္ဓထံသို့ ချဉ်းကပ်ရန် သွားနေကြသည်ကို သောဏဒဏ္ဍပုဏ္ဏားသည် တွေ့မြင်၍ စုံစမ်းသိရှိသည်ဖြစ်၍ သူပါလိုက်ပါမည့်အကြောင်း ပြောကြားစေလေသည်။

(၄) ထိုအခါ အတိုင်းတိုင်း အပြည်ပြည်မှ ကိစ္စတစ်ခုဖြင့် စမ္ပါမြို့သို့ ရောက်နေကြကုန်သော ၀ါးရာမျှသော ပုဏ္ဏားတို့သည် သောဏဒဏ္ဍပုဏ္ဏားထံသို့ ချဉ်းကပ်၍ သောဏဒဏ္ဍပုဏ္ဏား၏ (၁၂)မျိုးသော ဂုဏ်တို့ကို ဖော်ထုတ်ပြောဆိုကြလျက် အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်ရန် မသွားသင့်ပါ။ ရဟန်းဂေါတမသည်သာ အရှင်သောဏဒဏ္ဍထံသို့ ချဉ်းကပ်သင့်ကြောင်း ဝိုင်းဝန်းပြောဆို၍ ကန့်ကွက်တားမြစ်ကြလေသည်။

(၅) ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် ဗုဒ္ဓ၏ (၂၉)မျိုးသော ဂုဏ်တို့ကို ဖော်ထုတ်လျက် 'အရှင်ဂေါတမသည် ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ။ အမှန်အားဖြင့်ဆိုလျှင် ငါတို့သည်သာ ထိုအရှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏' ဟူ၍ ပြန်လည်ချေပပြောဆိုသောအခါ ထိုပုဏ္ဏားတို့သည်လည်း သဘောပေါက် သိမြင်ကြသည်ဖြစ်၍ သောဏဒဏ္ဍပုဏ္ဏားသည် ထိုပုဏ္ဏား ၀ါးရာနှင့်အတူ ဗုဒ္ဓထံသို့ ချဉ်းကပ်ကြလေသည်။

(၆) ဗုဒ္ဓထံသို့ ချဉ်းကပ်မိကြသောအခါ၌ သောဏဒဏ္ဍပုဏ္ဏား အကြံဖြစ်သည်မှာ ငါသည် ရဟန်းဂေါတမအား ပြဿနာမေးအံ့။ ငါ၏ အမေးပြဿနာ၌ ချို့ယွင်းချက်ပါခဲ့သော် ရဟန်းဂေါတမက ငါ့အား ထောက်ပြလျှင်လည်းကောင်း၊ အကယ်၍ ရဟန်းဂေါတမက ပြဿနာမေးအံ့။ ငါသည် မဖြေကြားနိုင်ခဲ့သော်လည်းကောင်း ငါ့အားပြစ်တင်ကဲ့ရဲ့ကြကုန်အံ့။ ဗုဒ္ဓထံသို့ ရောက်ပြီးမှ လှည့်၍ပြန်သွားပြန်လျှင်လည်း ငါ့အား ပြစ်တင်ကဲ့ရဲ့ကြမည်ဖြစ်၏။ ကဲ့ရဲ့ပြစ်တင်ခံရသူအား ကျော်စောခြင်း ဆုတ်ယုတ်ရာ၏။ ကျော်စောခြင်း ဆုတ်ယုတ်သူအား စည်းစိမ်တို့သည်လည်း ဆုတ်ယုတ်ကုန်ရာ၏။ ငါတို့သည် စည်းစိမ်တို့ကို ကျော်စောခြင်းကြောင့် ရကုန်၏ဟု သောဏဒဏ္ဍပုဏ္ဏားသည် ထိုအကြံအစည်ကို အကြိမ်များစွာကြံလျက် မျက်နှာမသာမယာဖြင့် ထိုင်လျက်ရှိနေလေသည်။

(၇) ထို့နောက် သောဏဒဏ္ဍပုဏ္ဏားသည် 'အကယ်၍ ရဟန်းဂေါတမသည် ငါ့ဆရာ၏ အတတ်ဖြစ်သော ဗေဒင်သုံးပုံ၌ ပြဿနာမေးမူ ကောင်းလေစွ။ ထိုသို့မေးလျှင် ငါသည် ပြဿနာကို ကောင်းစွာဖြေဆိုနိုင်သောကြောင့် ရဟန်းဂေါတမအတွက်ရော ငါ့အတွက်ပါ ကောင်း၏' ဟူ၍ ကြံစည်လျက် စိုးရိမ်တကြီးဖြင့် ထိုင်နေလေသည်။

(၈) ထိုအခါ ဗုဒ္ဓသည် သောဏဒဏ္ဍပုဏ္ဏား၏ စိတ်အကြံကို ကောင်းစွာသိမြင်သည်ဖြစ်၍ သောဏဒဏ္ဍပုဏ္ဏား မေးစေလိုသော ပြဿနာကို မေးမြန်းသည်ဖြစ်၍ သောဏဒဏ္ဍပုဏ္ဏားသည် ဗုဒ္ဓ၏ အမေးပြဿနာကို မော်ကြွားကာ ဝံ့ကြွားစွာ ဝမ်းမြောက်ရွှင်လန်းစွာဖြင့် အားတက်သရော ဖြေဆိုလေသည်။

(၉) နောက်ဆုံးတွင် လူ့လောက၌ 'သီလနှင့် ပညာ' နှစ်ပါးသည်သာ အမြတ်ဆုံးဖြစ်ပုံကို သောဏဒဏ္ဍပုဏ္ဏား လျှောက်ထားသလို ဗုဒ္ဓလည်း ခွင့်ပြုလေ၏။ မှန်၏။ ဘယ်ဘက်လက်၌ အညစ်အကြေးပေလျှင် ညာဘက်လက်ဖြင့် ဆေးကြောရသကဲ့သို့ ညာဘက်လက်၌ အညစ်အကြေးပေလျှင် ဘယ်ဘက်လက်ဖြင့် ဆေးကြောရသကဲ့သို့ သီလကို ပညာဖြင့် ဆေးကြောရသလို ပညာကို သီလဖြင့် ဆေးကြောရလေသည်။

(၁၀) လောက၌ သီလနှင့် ပညာသည် အမြတ်ဆုံးဖြစ်သည်ဟူသော အချက်မှာ မှန်ငြားသော်လည်း သောဏဒဏ္ဍနားလည်သော သီလမှာ ၀ါးပါးသီလသာတည်း။ ပညာမှာ ဗေဒင်သုံးပုံကို တတ်သိသော ပညာသာတည်း။ ဗုဒ္ဓသည် ထို့ထက်မြင့်မြတ်

သော သီလ, ပညာရှိပုံကို သိစေလိုသည်ဖြစ်၍ 'ထိုသီလကား အဘယ်နည်း။ ထိုပညာကား အဘယ်နည်း' ဟူ၍ ထပ်မံ၍မေးသော အခါ ထိုပြဿနာကို သောဏဒဏ္ဍပုဏ္ဏားသည် ဗုဒ္ဓအားပင် ဖြေစေလေသည်။

(၁၁) ထိုအခါ ဗုဒ္ဓသည် သောဏဒဏ္ဍပုဏ္ဏားအား သာမညဖလသုတ်မှာကဲ့သို့ သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ တို့ကို ဟောကြားတော်မူ၍ အရဟတ္တဖိုလ် အထွတ်တပ်၍ တရားတော်ကို ပြီးဆုံးစေတော်မူလေသည်။ တရားအဆုံး၌ သောဏဒဏ္ဍ ပုဏ္ဏားသည် သရဏဂုံတည် ဥပါသကာအဖြစ်သို့ ရောက်လေသည်။

(၁၂) သောဏဒဏ္ဍပုဏ္ဏားသည် အိမ်သို့ပင့်ဖိတ်၍ ရဟန်းသံဃာတော်၊ ရောနှင့်အတူ ဗုဒ္ဓအား မွန်မြတ်သော ဆွမ်း, ခဲဖွယ်, ဘောဇဉ်တို့ကို လှူဒါန်းဆက်ကပ်ပြီး အကျော်အစောမဲ့မည်ကိုလည်းကောင်း၊ စည်းစိမ်ဆုတ်ယုတ်မည်ကိုလည်းကောင်း စိုးရိမ်သောကြောင့် အံ့ဖွယ်ကောင်းသော ရှိခိုးခြင်း, လက်အုပ်ချီခြင်း, ဦးခေါင်းဖြင့် ရှိခိုးခြင်း, ယာဉ်ပေါ်မှ ဆင်းသက်ခြင်း, ယာဉ်ပေါ်မှနေ၍ ဦးခေါင်းဖြင့် ရှိခိုးခြင်းကို လျှောက်ထားလေသည်။ *(ဤသို့ သောဏဒဏ္ဍပုဏ္ဏားနှင့်တွေ့သော အံ့ဖွယ်ကိုမြင်ရသောသူ မရှိဟူ၍ အဋ္ဌကထာမှတ်ချက်ချ လေသည်။)*

ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများရန်

သတ္တလောက တစ်လောကလုံး၏ အလေးဂရု ပြုတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, ကောင်းသောစကားကို ဆိုတော်မူတတ်သော, လူနတ်ပြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတာဉာဏ်တော်ဖြင့်–

(၁) သောဏဒဏ္ဍပုဏ္ဏား၏ သရဏဂုံတည် ဥပါသကာဖြစ်မည်ကိုလည်း ကြိုတင်သိမြင်တော်မူပါပေ၏။

(၂) သောဏဒဏ္ဍ၏ စိတ်အကြံကို သိ၍သိ၍လည်း သောဏဒဏ္ဍပုဏ္ဏားအား ပြဿနာကို ဖြေဆိုစေတော်မူပါပေ၏။

(၃) လောက၌ အတုမရှိသော သီလ, ပညာကို သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် ပေါ်လွင်အောင် ဟောကြားတော်မူနိုင်ပါပေ၏။

(၄) 'ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ' ထိုသို့သောဂုဏ်ရှိသော ဗုဒ္ဓ၏ သဗ္ဗညုတာဉာဏ်တော်ကြီးနှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာဂုဏ်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဓမ္မာနုဿတိဘာဝနာ

ဤသောဏဒဏ္ဍသုတ် တရားဒေသနာတော်သည်–

(၁) ဗုဒ္ဓ၏ ကောင်းစွာဟောကြားတော်မူထားအပ်သော တရားဒေသနာတော် ဖြစ်ပါပေ၏။

(၂) ဘာသာခြားဖြစ်သော သောဏဒဏ္ဍပုဏ္ဏား ကိုယ်တိုင်ပင် ဗုဒ္ဓ၏ ဂုဏ်တော်ကို (၂၉)မျိုးတိုင်တိုင် ဖော်ထုတ်နိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၃) ဗုဒ္ဓထံ မသွားရန် ကန့်ကွက်ကြသူတို့ပင် ထိုဂုဏ်တို့ကြောင့် ဗုဒ္ဓထံသို့ ချဉ်းကပ်ရသော တရားဒေသနာတော်ကြီးလည်း ဖြစ်ပါပေ၏။

(၄) သူတစ်ပါး စိတ်အကြံကို သိမြင်နိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၅) သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် အရဟတ္တဖိုလ် အထွတ်တပ်၍ ဟောကြားထားအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၆) 'ဣတိပိ သော ဓမ္မော ဂုဏော အတ္တ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သောဂုဏ်ရှိသော ဂုဏ်တော်အလီလီ စွမ်းရည်အဖုံဖုံနှင့် ပြည့်စုံ သော တရားဂုဏ်တော်ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

(သံဃာနုဿတိ ဘာဝနာကား- ဗြဟ္မဇာလသုတ်က အတိုင်းပင်တည်း။)

သောဏဒဏ္ဍသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာ ပြီးပြီ။

(၅) ကူဋဒန္တသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသယတိဘာဝနာ

(၁) ဗုဒ္ဓသည် ကူဋဒန္တပုဏ္ဏား၏ သောတာပတ္တိမဂ်ဉာဏ်ရမည့်၏ အဖြစ်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကြိုတင်သိမြင်တော်မူသည်ဖြစ်၍ ငါးရာမျှသော ရဟန်းသံဃာတော်များနှင့်အတူ မဂဓတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူ၍ ခါဏုမတအမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ထိုရွာ၏အနီး အမ္ဗလဋ္ဌိကဥယျာဉ်၌ သီတင်းသုံးတော်မူလျက် ရှိလေသည်။

(၂) ထိုစဉ်အခါ၌ ဗိမ္ဗိသာရမင်းကြီးသည် ဆုလာဘ်အဖြစ်ဖြင့် ပေးထားအပ်သော ခါဏုမတရွာကို အုပ်ချုပ်၍နေသော ကူဋဒန္တပုဏ္ဏားသည် ယဇ်ကြီးပူဇော်ရန်အတွက် နွားလား ခုနစ်ရာ, နွားထီးငယ် ခုနစ်ရာ, နွားမငယ် ခုနစ်ရာ, ဆိတ် ခုနစ်ရာ, သိုး ခုနစ်ရာတို့ကို ယဇ်တိုင်သို့ ပို့ဆောင်ထားလေသည်။

(ထိုသတ္တဝါတို့ကို သတ်ဖြတ်၍ ထိုသတ္တဝါတို့၏ လည်ချောင်းသွေးဖြင့် ယဇ်နတ်ကို ပူဇော်လျှင် အလွန်ကြီးကျယ်သော ကုသိုလ်ကိုရ၍ နတ်ပြည်သို့ရောက်သည်ဟု အယူရှိသောကြောင့် အထက်ပါအတိုင်း စီစဉ်ခြင်း ဖြစ်လေသည်။)

(၃) ဗုဒ္ဓသည် ထိုအခြေအနေအားလုံးကို သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူသည်ဖြစ်၍ ထိုသတ္တဝါတို့ကိုလည်း အသက်ဘေးမှ လွတ်စေတော့။ ကူဋဒန္တပုဏ္ဏားလည်း သောတာပတ္တိမဂ်ဉာဏ် ရစေတော့ဟူသော အတုမရှိသော 'မေတ္တာ, ကရုဏာ' ဖြင့် ခါဏုမတရွာအနီး အမ္ဗလဋ္ဌိကဥယျာဉ်သို့ ကြွရောက်၍ ရဟန်းငါးရာနှင့်အတူ သီတင်းသုံးတော်မူနေခြင်း ဖြစ်လေသည်။

(၄) ခါဏုမတရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် ဗုဒ္ဓသည် သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည်ကိုလည်းကောင်း၊ ခါဏုမတရွာအနီး အမ္ဗလဋ္ဌိကဥယျာဉ်၌ ရဟန်းငါးရာနှင့်အတူ သီတင်းသုံးတော်မူလျက် ရှိသည်ကိုလည်းကောင်း၊ ထိုဗုဒ္ဓသည် အရဟံအစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသည်ကိုလည်းကောင်း၊ (၃၁)ဘုံ၌ရှိ သတ္တလောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားသည်ကိုလည်းကောင်း၊ 'အစ, အလယ်, အဆုံး' သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်ကို ဟောကြားတော်မူသည်ကိုလည်းကောင်း ကြားသိကြသည်ဖြစ်၍ ဗုဒ္ဓကို ဖူးမြော်ရန် ပုဏ္ဏားနှင့် အမျိုးသားတို့သည် ခါဏုမတရွာမှ အစုလိုက် အအုပ်လိုက် တပေါင်းတည်း ထွက်ခွါလာကြလေသည်။

(၅) ကူဋဒန္တပုဏ္ဏားသည် အထက်ပါအခြေအနေကို စုံစမ်းသိရှိရသည်ဖြစ်၍ သူပါ ဗုဒ္ဓအား ဖူးမြော်ရန် လိုက်ပါမည်ဖြစ်ကြောင်း ပြောကြားသောအခါ ကူဋဒန္တပုဏ္ဏား၏ ယဇ်ကြီးကို ခံစားရန်အလို့ငှာ ခါဏုမတရွာ၌ ရောက်ရှိနေကြကုန်သော ရာပေါင်းများစွာသော ပုဏ္ဏားတို့သည် ကူဋဒန္တပုဏ္ဏား၏ ဂုဏ်ပုဒ် (၁၂)မျိုးကို ထုတ်ဖော်ပြောဆို၍ ဝိုင်းဝန်းကန့်ကွက် တားမြစ်ကြလေသည်။

(၆) ကူဋဒန္တပုဏ္ဏားက ဗုဒ္ဓ၏ဂုဏ်ပုဒ် (၂၉)မျိုးတို့ကို ထုတ်ဖော်ပြောဆို၍ ထိုပုဏ္ဏားတို့၏ ကန့်ကွက်ချက်ကို ပယ်ချပြီးလျှင် ထိုပုဏ္ဏားတို့နှင့်အတူပင် ဗုဒ္ဓထံသို့ ချဉ်းကပ်ကြလေသည်။ ကူဋဒန္တပုဏ္ဏားသည် တစ်ခုသောနေရာ၌ထိုင်လျက် ဗုဒ္ဓအား အောက်ပါစကားကို လျှောက်ထားလေသည်။

'အရှင်ဂေါတမ ရဟန်းဂေါတမသည် သုံးပါးသော စိတ်ထားနှင့် (၁၆)ပါးသော အရံအတားရှိသော ပြည့်စုံသောယဇ်ကို သိတော်မူ၏ဟု အကျွန်ုပ် ကြားဖူးပါ၏။ အကျွန်ုပ်ကား မသိပါ။ အကျွန်ုပ်သည် ယဇ်ကြီးပူဇော်ရန် အလိုရှိပါ၏။ တောင်းပန်ပါ၏။ အရှင်ဂေါတမသည် သုံးပါးသော စိတ်ထားနှင့် (၁၆)ပါးသော အရံအတားရှိသော ပြည့်စုံသောယဇ်ကို အကျွန်ုပ်အား ဟောကြားတော်မူပါ' ဟု လျှောက်ထားလေသည်။

(၇) ဗုဒ္ဓသည် ကူဋဒန္တပုဏ္ဏား သိလိုသော အထက်ပါအချက်အားလုံးကို သိအောင်ဟောကြားတော်မူပြီးနောက် ထိုယဇ်ပူဇော်ပွဲကြီးထက် သီလရှိသော ရဟန်းတစ်ပါးကို အမြဲဆွမ်းဝတ်ထား၍ လှူဒါန်းခြင်းက မြတ်ပုံကိုလည်းကောင်း, ထိုထက် သံဃိကကျောင်းအလှူက မြတ်ပုံကိုလည်းကောင်း, ထိုထက် အသက်ပေး၍ သရဏဂုံခံယူ ဆောက်တည်သူက မြတ်ပုံကိုလည်းကောင်း, ထိုထက် အသက်ပေး၍ ငါးပါးသီလကို ဆောက်တည်သူက မြတ်ပုံကိုလည်းကောင်း အကျယ်တဝင့် ဟောကြားတော်မူသည်။

(၈) ထို့နောက် ဗုဒ္ဓသည် သာမညဖလသုတ်က ဟောတော်မူသည့်အတိုင်း အရဟတ္တဖိုလ်ကို အထွတ်တပ်သော သိက္ခာသုံးရပ် အကျင့်မြတ်သည်သာ အမြတ်ဆုံးဖြစ်ပုံနှင့် အကောင်းဆုံး ယဇ်ပူဇော်မှုဖြစ်ပုံကို ပြောပြ၍ တရားတော်ကို အဆုံးသတ်တော်မူလေသည်။

(၉) တရားအဆုံး၌ ကူဋဒန္တပုဏ္ဏားသည် ဗုဒ္ဓအား သရဏဂုံတည် ဥပါသကာအဖြစ်ကို လျှောက်ထားပြီး သတ်ဖြတ်ပြီး

ယဇ်ပူဇော်ရန် ယဇ်တိုင်သို့ ပို့ဆောင်ထားသော သတ္တဝါပေါင်းများစွာတို့၏ အသက်ကိုလည်း ဘေးမဲ့ပေးကြောင်းကို လျှောက်ထားလေသည်။

(၁၀) ထို့နောက် ကူဋဒန္တပုဏ္ဏားသည် ဗုဒ္ဓ၏ သစ္စာလေးပါး တရားအဆုံး၌ သောတာပတ္တိမဂ်ဉာဏ်ကို ရရှိ၍ ရဟန်းသံဃာတော်များရာနှင့် ဗုဒ္ဓအား အိမ်သို့ပင့်ဖိတ်၍ မွန်မြတ်သော ဆွမ်းဘောဇဉ် အာဟာရကို ဆက်ကပ်လေသည်။ ဆွမ်းစားပြီး ဗုဒ္ဓသည် ကူဋဒန္တပုဏ္ဏားအား အနုမောဒနာတရား ဟောကြားပြီး ပြန်ကြွတော်မူလေသည်။

ဗုဒ္ဓါနုဿတိ ပွါးများရန်

သတ္တလောက တစ်လောကလုံး၏ အလေးဂရုကို ပြုတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, ကောင်းသောစကားကို ဆိုတော်မူတတ်သော, နတ်လူပြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်–

(၁) ကူဋဒန္တပုဏ္ဏား၏ သောတာပတ္တိမဂ်ဉာဏ်ကို ရရှိရန်ကို ကြိုတင်သိမြင်နိုင်စွမ်း ရှိတော်မူပါပေ၏။

(၂) အလွန်အပြစ်ကင်းသော ယဇ်ပူဇော်နည်းကိုလည်း ဟောကြားတော်မူနိုင်ပါပေ၏။

(၃) အပြစ်ကင်းသော ယဇ်ပူဇော်ခြင်းမှသည် အမြတ်ဆုံးသော သိက္ခာသုံးရပ် အကျင့်မြတ်အထိ တစ်ဆင့်ပြီးတစ်ဆင့် မြင့်မြတ်သွားပုံကို ထင်ရှားစွာ ဟောကြားတော်မူနိုင်ပါပေ၏။

(၄) သတ္တဝါပေါင်းများစွာတို့၏ အသက်ဘေးတို့ကိုလည်း လွတ်မြောက်အောင် ဟောနိုင်စွမ်း ရှိတော်မူပါပေ၏။

(၅) ကူဋဒန္တပုဏ္ဏားအား သောတာပတ္တိမဂ်ဉာဏ်ကို ရရှိအောင်လည်း ဟောစွမ်းတော်မူနိုင်ပါပေ၏။

(၆) 'တထာရူပံ ဗုဒ္ဓ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ် ဂုဏ်တော်ကြီးနှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာ, ဝီရိယ စသောဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဓမ္မာနုဿတိ ပွါးများရန်

ဤကူဋဒန္တသုတ္တန် တရားတော်သည်–

(၁) အမြတ်ဆုံးသော သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် ကောင်းစွာဟောကြားအပ်သော တရားတော် ဖြစ်ပါပေ၏။

(၂) အပြစ်ကင်းသော ယဇ်ပူဇော်ပုံကိုလည်း ထင်ရှားစွာ ပြထားအပ်သော တရားတော်လည်း ဖြစ်ပါပေ၏။

(၃) အပြစ်ကင်းသော ယဇ်ပူဇော်နည်းထက် အဆင့်ဆင့် မြင့်မြတ်ပုံတို့ကို ဟောကြားထားအပ်သော တရားတော်လည်း ဖြစ်ပါပေ၏။

(၄) သောတာပတ္တိမဂ်ဉာဏ်ကို ရရှိစေသော တရားတော်လည်း ဖြစ်ပါပေ၏။

(၅) များစွာသော သတ္တဝါတို့၏ အသက်ကို ချမ်းသာရာ ရစေအပ်သော တရားတော်လည်း ဖြစ်ပါပေ၏။

(၆) သတ္တဝါပေါင်းများစွာတို့၏ အသက်ကို ကယ်တင်နိုင်သော စွမ်းရည်ရှိသော တရားတော်လည်း ဖြစ်ပါပေ၏။

(၇) 'တထာရူပံ ဓမ္မ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဂုဏ်အလီလီ စွမ်းရည်အဖုံဖုံ တရားတော်မြတ်ရတနာဂုဏ်ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

(ဤမှနောက်ကို သံဃာနုဿတိဘာဝနာကို ဗြဟ္မဇာလသုတ်က အတိုင်းချည်းတည်းဟု မှတ်ပါလေ။)

ကူဋဒန္တသုတ် အနှစ်ချုပ်တရားနှင့် အနုဿတိဘာဝနာ ပြီးပြီ။

(၆) မဟာလိသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသယတိဘာဝနာ

(၁) ဗုဒ္ဓသည် မဟာလိမည်သော ဩဋ္ဌဒ္ဓလိစ္ဆဝီမင်း၏ သုနက္ခတ္တလိစ္ဆဝီမင်းသားနှင့်စပ်၍ ဖြစ်ပေါ်လာသော ပြဿနာကို ဖြေရှင်းတော်မူရမည့်အဖြစ်ကိုလည်းကောင်း၊ ဤဗုဒ္ဓသာသနာတော်၌ အရိယဖိုလ်လေးပါးကိုရရန် အမျိုးကောင်းသားတို့သည် ရဟန်းပြုကြသည်၏အဖြစ်ကို ဟောကြားရမည်ကိုလည်းကောင်း၊ တရားအဆုံး၌ ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသည် ဝမ်းမြောက်ဝမ်းသာဖြစ်၍ တရားအထုံရမည်၏အဖြစ်ကိုလည်းကောင်း သဗ္ဗညုတဉာဏ်တော်ဖြင့် ကြိုတင်သိမြင်တော်မူသည်ဖြစ်၍ ဝေသာလီပြည်အနီး မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးတော်မူလျက် ရှိလေသည်။

(၂) ထိုစဉ်အခါ၌ များစွာသော ကောသလတိုင်းသား ပုဏ္ဏားတမန်တို့နှင့် မဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် ပြုဖွယ်ကိစ္စတစ်ခုဖြင့် ဝေသာလီပြည်၌ တည်းခိုနေထိုင်ကြရင်း ဗုဒ္ဓ၏ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည်ကိုလည်းကောင်း၊ ဝေသာလီပြည်အနီး မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးလျက် ရှိတော်မူနေသည်ကိုလည်းကောင်း၊ ထိုဗုဒ္ဓသည် အရဟံအစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသည်ကိုလည်းကောင်း၊ (၃၁)ဘုံ၌ရှိကြကုန်သော သတ္တလောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူသည်ကိုလည်းကောင်း၊ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံတော်မူသော တရားတော်ကို ဟောကြားတော်မူသည်ကိုလည်းကောင်း ကြားသိကြ၍ ဗုဒ္ဓထံသို့ ချဉ်းကပ်ကြလေသည်။ ထို့အတူ မဟာလိမည်သော ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသည်လည်း များစွာသော လိစ္ဆဝိပရိသတ်နှင့်အတူ ဗုဒ္ဓထံသို့ ချဉ်းကပ်ကြလေသည်။

(၃) ထိုအခါ ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသည် ဗုဒ္ဓအား အောက်ပါစကားကို လျှောက်လေသည်။

''ရှင်တော်ဗုဒ္ဓဘုရား ယခင့်ယခင်နေ့တို့၌ လိစ္ဆဝီမင်းသား သုနက္ခတ္တသည် အကျွန်ုပ်ထံသို့ ချဉ်းကပ်၍ အကျွန်ုပ်အား ဤစကားကို ပြောပါ၏။

'မဟာလိ ငါသည် ဗုဒ္ဓကို အမှီပြု၍ နေခဲ့သည်မှာ မကြာမြင့်လှပါ။ အစ အဆုံး သုံးနှစ်သာဖြစ်၏။ ထိုကာလအတွင်း၌ ငါသည် ချစ်ဖွယ်သော သဘောရှိ၍ နှစ်သက်သာယာဖွယ်, တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အဆင်းရူပါရုံတို့ကို မြင်ရ၏။ သို့သော်လည်း အသံသဒ္ဒါရုံတို့ကို မကြားရပါ' ဟု ပြောပါ၏။

ရှင်တော်ဗုဒ္ဓဘုရား ထိုသို့ နတ်လောက၌ဖြစ်သော ရူပါရုံတို့ကိုသာမြင်၍ အသံသဒ္ဒါရုံတို့ကို မကြားရခြင်းသည် နတ်လောက၌ အသံသဒ္ဒါရုံတို့ကို ထင်ရှားရှိလျက်ပင် မကြားလေသလော။ ထင်ရှားမရှိ၍ မကြားလေသလော'' ဟု လျှောက်ထားလေသည်။

(၄) ထိုအခါ ဗုဒ္ဓက 'ထင်ရှားရှိလျက်ပင် နတ်၌ဖြစ်သော သဒ္ဒါရုံတို့ကို လိစ္ဆဝီမင်းသား သုနက္ခတ္တသည် မကြားရကြောင်းကို' ဖြေကြားတော်မူလေသည်။ 'အဘယ်ကြောင့် မကြားရသနည်း' ဟု ထပ်၍တဖန် ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းက လျှောက်ထားပြန်လေသောကြောင့် ဗုဒ္ဓသည် ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းအား မကြားရခြင်းအကြောင်းကို အကျယ်တဝင့် ဟောကြားတော်မူလေသည်။

(၅) ထိုသို့ အကျယ်ဟောကြားတော်မူခြင်း၌ လိုရင်းအချုပ်ကား- ရှေးဦးစွာ စတုတ္ထဈာန်သမာဓိအထိရအောင် ပွါးများရသည်။ ထိုစတုတ္ထဈာန်သမာဓိကမှတစ်ဆင့် မိမိမြင်လိုသော အဆင်းရူပါရုံတို့ကို မြင်ရန်အတွက် ဒိဗ္ဗစက္ခုအဘိညာဉ်သမာဓိကို ပွါးများရသည်။ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရသောအခါ မိမိသိမြင်လိုသော နတ်၌ဖြစ်သော အဆင်းရူပါရုံတို့ကို သိမြင်ရလေသည်။ နတ်၌ဖြစ်သော အသံသဒ္ဒါရုံကို ကြားလိုလျှင်လည်း စတုတ္ထဈာန်သမာဓိမှတစ်ဆင့် ဒိဗ္ဗသောတအဘိညာဉ်သမာဓိကို ပွါးများရသည်။ ဒိဗ္ဗသောတအဘိညာဉ်ကို ရသောအခါ မိမိကြားသိလိုသော နတ်၌ဖြစ်သော သဒ္ဒါရုံတို့ကို ကြားသိရလေသည်။

(၆) သုနက္ခတ္တလိစ္ဆဝီမင်းသားသည် ဗုဒ္ဓထံ၌ ရဟန်းပြုပြီး ဗုဒ္ဓ ပေးတော်မူအပ်သော ကမ္မဋ္ဌာန်းလမ်းစဉ်ဖြင့် တရားအားထုတ်လေရာ ဒိဗ္ဗစက္ခုအဘိညာဉ် ရရှိသည်ဖြစ်၍ အလွန်သာယာတပ်မက်ဖွယ်ကောင်းသော နတ်၌ဖြစ်သော အဆင်းရူပါရုံတို့ကို မြင်တွေ့ရသည်ဖြစ်၍ နတ်၌ဖြစ်သော အသံတို့ကို ကြားလိုပြန်သောကြောင့် ဒိဗ္ဗသောတအဘိညာဉ်ကို ရနိုင်သော ကမ္မဋ္ဌာန်းနည်းကို တောင်းရာ ဗုဒ္ဓက ထိုကမ္မဋ္ဌာန်းနည်းကို မပေးသည့်အတွက် ဗုဒ္ဓအပေါ်၌ မကျေမနပ်ဖြစ်ပြီး လူထွက်လာခဲ့လေသည်။ ဗုဒ္ဓက သုနက္ခတ္တအား ထိုကမ္မဋ္ဌာန်းကို မပေးခြင်းသည် သုနက္ခတ္တသည် အတိတ်ဘဝတစ်ခု၌ သီလရှိသော ရဟန်းတစ်ပါးကို နားပင်းအောင် ပြုလုပ်ခဲ့လေသည်။ ထိုအကုသိုလ်ကံကြောင့် ဒိဗ္ဗသောတအဘိညာဉ်ကို မရနိုင်သောကြောင့် ဗုဒ္ဓက မပေးခြင်း ဖြစ်လေသည်။

(၇) ဒိဗ္ဗသောတအဘိညာဉ်သမာဓိကို မရသည့်အတွက် သုနက္ခတ္တသည် နတ်၌ဖြစ်သော အသံသဒ္ဒါရုံတို့ကို မကြားရခြင်း

ဖြစ်ကြောင်း ကြားသိသောအခါ သြဋ္ဌဒွလိစ္ဆဝီမင်းသည် ဗုဒ္ဓအား 'ဒိဗ္ဗစက္ခုအဘိညာဉ်သမာဓိ, ဒိဗ္ဗသောတအဘိညာဉ်သမာဓိဟူသော တည်ကြည်မှု သမာဓိတရားတို့ကို မျက်မှောက်ပြုလိုသည့်အတွက် ရဟန်းတို့သည် ဗုဒ္ဓထံ၌ မြတ်သောအကျင့်ကို ကျင့်ကြပါသလော' ဟု မေးမြန်းလျှောက်ထားပြန်လေသည်။

(၈) ထိုအခါ ဗုဒ္ဓသည် သြဋ္ဌဒွလိစ္ဆဝီမင်းအား မဟုတ်ကြောင်းနှင့် ထိုသမာဓိတရားထက် သာ၍လွန်ကဲသည်လည်းဖြစ်သော, သာ၍မွန်မြတ်သည်လည်းဖြစ်သော 'သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်' ဟူသော ဖိုလ်လေးပါးကို မျက်မှောက်ပြုလိုသောကြောင့် ဗုဒ္ဓထံ၌ ရဟန်းတို့သည် မြတ်သောအကျင့်ကို ကျင့်ကြကြောင်း ပြောကြားတော်မူလေသည်။ ထိုအခါ သြဋ္ဌဒွလိစ္ဆဝီမင်းက 'ထိုအရိယာဖိုလ်လေးပါးသို့ ရောက်နိုင်သော အကျင့်လမ်းစဉ်ကား အဘယ်ပါနည်း' ဟု မေးပြန်၍ 'သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး ဖြစ်ကြောင်းကိုလည်း ရဟန်းနှစ်ပါးဝတ္ထုကို သက်သေထားလျက် သာမညဖလသုတ်ကကဲ့သို့ သိက္ခာသုံးရပ် အကျင့်မြတ် ဒေသနာတော်ကို အကျယ်တဝင့် ဟောကြားတော်မူလေသည်။

(၉) ဗုဒ္ဓသည် သိက္ခာသုံးပါး အကျင့်မြတ်ကို ဟောတော်မူရာ၌ ထိုရဟန်းနှစ်ပါးသည် 'ထိုကိုယ်သည်ပင် အသက်, ထို အသက်သည်ပင် ကိုယ်' ဟူ၍လည်းကောင်း၊ 'အသက်တစ်ခြား ကိုယ်တစ်ခြား' ဟူ၍လည်းကောင်း အတ္တဒိဋ္ဌိကို ယူဆသကဲ့သို့ သြဋ္ဌဒွလိစ္ဆဝီမင်းသည်လည်း ထိုကဲ့သို့ပင် ယူဆသောကြောင့် ရဟန်းနှစ်ပါးဝတ္ထုကို ထည့်သွင်း၍ ဟောတော်မူခြင်း ဖြစ်သည်။

(၁၀) ထိုသို့ဟောတော်မူရာ၌ ထိုရဟန်းနှစ်ပါးသည် သီလနှင့်ပြည့်စုံသည်မှ ဈာန်လေးပါးနှင့် ဝိပဿနာဉာဏ်ရသည်အထိပင် 'ထိုကိုယ်သည်ပင် အသက်, ထိုအသက်သည်ပင် ကိုယ်' ဟူ၍ ယူဆပြောဆိုနေသေးသည်။ ဗုဒ္ဓက ဤကဲ့သို့ မယူဆကြောင်းကို ပြန်လည်မိန့်ကြားတော်မူသည်။

(၁၁) မဂ်လေးပါးအစဉ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌ကား 'ထိုကိုယ်သည်ပင် အသက်, ထိုအသက်သည်ပင် ကိုယ်' ဟူ၍လည်းကောင်း၊ 'အသက်တစ်ခြား ကိုယ်တစ်ခြား' ဟူ၍လည်းကောင်း ထိုရဟန်းနှစ်ပါးတို့သည် မယူဆကြတော့ဘဲ ဗုဒ္ဓဟောတော်မူအပ်သော တရားတော်ကို ဝမ်းမြောက်ဝမ်းသာ ခံယူလေသည်။

(၁၂) ဤတရားအဆုံး၌ ထိုရဟန်းနှစ်ပါးနည်းတူ သြဋ္ဌဒွလိစ္ဆဝီမင်းသည်လည်း ဗုဒ္ဓဟောတော်မူအပ်သော ထိုတရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသည်။

ဗုဒ္ဓါနုဿတိဘာဝနာ

သတ္တလောက တစ်လောကလုံး၏ အလေးဂရုကို ပြုတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, ကောင်းသောစကားကို ဆိုတော်မူတတ်သော, လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့်-

(၁) မဟာလိသုတ်ကို ဟောရမည့်အကြောင်းကိုလည်း ကြိုတင်သိမြင်တော်မူနိုင်ပါပေ၏။

(၂) သြဋ္ဌဒွလိစ္ဆဝီမင်းသည် မဂ်, ဖိုလ်တရားကို မရသော်လည်း 'တန္တိဓမ္မ' ခေါ် ပါဠိတော်အစဉ်အားဖြင့် ကျန်ရစ်ရန် လုံ့လဝီရိယ, ဉာဏ်ပညာအမြော်အမြင်, မေတ္တာ, ကရုဏာတို့ဖြင့် ရှေးရှု၍ အရဟတ္တဖိုလ် အထွတ်တပ်၍ သိက္ခာသုံးရပ် အကျင့်မြတ် တရားကို ဟောကြားတော်မူနိုင်ပါပေ၏။

(၃) အတ္တဒိဋ္ဌိအယူကြီးမားသော သြဋ္ဌဒွလိစ္ဆဝီမင်းကို တရားအဆုံး၌ ကျေနပ်နှစ်သက် ဝမ်းမြောက်၍ တရားအထိုရအောင်လည်း ဟောစွမ်းတော်မူနိုင်ပါပေ၏။

(၄) ဗုဒ္ဓသာသနာတော်၌ ဈာန်အဘိညာဉ်ရရန် အဓိကမဟုတ်ဘဲ သောတာပတ္တိဖိုလ်စသော ဖိုလ်လေးပါးကိုရရန်သာ အဓိကဖြစ်ကြောင်းကို ပေါ်လွင်ထင်ရှားအောင်လည်း ဟောစွမ်းတော်မူနိုင်ပါပေ၏။

(၅) 'တထာရူပံ ဗုဒ္ဓ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဂုဏ်တော်ကြီးနှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာ, လုံ့လဝီရိယ, ဉာဏ်ပညာအမြော်အမြင်စသော ဂုဏ်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ ဘုရား။

ဓမ္မာနုဿတိ ပွါးများရန်

မဟာလိသုတ္တန် တရားဒေသနာတော်သည်–

(၁) ကောင်းစွာဟောကြားထားအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၂) အရဟတ္တဖိုလ် အထွတ်တပ်၍ ဟောကြားတော်မူအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၃) သိက္ခာသုံးရပ်အကျင့်မြတ်ကို ပေါ်လွင်ထင်ရှားအောင် ဟောကြားထားအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၄) တန္တိဓမ္မ ခေါ် ပါဠိတော်အစဉ်အားဖြင့် ကျန်ရစ်အောင် ဟောကြားထားအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၅) တရားအထုံကို ရစေနိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၆) အတ္တဒိဋ္ဌိစသော ဒိဋ္ဌိတို့မှ လွတ်ကင်းအောင် ဟောကြားထားအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၇) လိစ္ဆဝီမင်းသား သုနက္ခတ္တ၏ အကုသိုလ်ကံကြောင့် ဒိဗ္ဗသောတအဘိညာဉ်ကို မရနိုင်ပုံကို ထင်ရှားစေသော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၈) ခန္တီ, မေတ္တာ, ကရုဏာတရားများကို ဖြစ်ပေါ်စေတတ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၉) **'တထာရူပံ ဓမ္မ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ'** ထိုသို့သဘောရှိသော ဂုဏ်အလီလီ စွမ်းရည်အဖုံဖုံတို့နှင့် ပြည့်စုံတော်မူသော တရားတော်ဂုဏ်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

မဟာလိသုတ် အနှစ်ချုပ်တရားနှင့် အနုဿတိဘာဝနာ ပြီး၏။

(၇) ဇာလိယသုတ်သည်ကား မဟာလိသုတ်က ရဟန်းနှစ်ပါး ဝတ္ထုနှင့် တူပြီ။

(၈) မဟာသီဟနာဒသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသတိဘာဝနာ

ဗုဒ္ဓသည် အဝတ်မဝတ်ဘဲကျင့်သော အစေလကဿပတက္ကတွန်း၏ ရဟန္တာဖြစ်မည်ကို ကြိုတင်သိမြင်ပြီးဖြစ်၍ ဤမဟာသီဟနာဒသုတ်ကို ဟောကြားတော်မူခြင်း ဖြစ်လေသည်။

(၁) ဗုဒ္ဓသည် ဥရုညမြို့အနီး သားတို့ကို ဘေးမဲ့ပေးရာဖြစ်သော ကဏ္ဏကထလအရပ်၌ သီတင်းသုံးတော်မူနေစဉ် အဝတ်မဝတ်ဘဲကျင့်သော အစေလကဿပတက္ကတွန်းသည် ဗုဒ္ဓထံသို့ ရောက်လာပြီး အောက်ပါစကားကို ဗုဒ္ဓအား လျှောက်ထားလေသည်။

'အရှင်ဂေါတမ အရှင်ဂေါတမသည် ခြိုးခြံသော အကျင့်အားလုံးကို ကဲ့ရဲ့၏။ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာကျင့်သူအားလုံးကို တစ်ဘက်သတ် ပြက်ရယ်ပြု၏။ ရှုတ်ချ၏' ဟု ကြားဖူးပါ၏။ ထိုစကားသည် အရှင်ဂေါတမကို မဟုတ်မမှန်သောအားဖြင့် စွပ်စွဲရာ ရောက်ပါသလော။ အရှင်ဂေါတမ အကျွန်ုပ်တို့သည်ကား စွပ်စွဲရန် အလိုမရှိကြပါကုန်' ဟု လျှောက်ထားလေသည်။

(၂) ထိုအခါ ဗုဒ္ဓက ထိုစကားသည် ငါဗုဒ္ဓအား စွပ်စွဲရာရောက်ကြောင်း၊ အချို့ခြိုးခြံသောအကျင့်ကို ကျင့်သူတို့သည် ဒုစရိုက်ကို ကျူးလွန်သည့်အတွက် သေလွန်သောအခါ အပါယ်ငရဲသို့ ရောက်သည်ကိုလည်းကောင်း၊ အချို့ခြိုးခြံစွာ ကျင့်သူတို့သည် သုစရိုက်ကို ကျင့်သည့်အတွက် နတ်ပြည်သို့ ရောက်သည်ကိုလည်းကောင်း သိမြင်၏။ ဤသို့လျှင် ငါဗုဒ္ဓသည် ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့ပြီး ချီးမွမ်းထိုက်သူကို ချီးမွမ်းသည်ဖြစ်သောကြောင့် ခြိုးခြံစွာ ကျင့်သူအားလုံးကို တစ်ဖက်သတ်အားဖြင့် အဘယ်သို့လျှင် ပြက်ရယ်ပြုရအံ့နည်း။ ရှုတ်ချအံ့နည်း' ဟူ၍ မိန့်ကြားတော်မူလေသည်။

(၃) ထို့နောက် ဗုဒ္ဓက ဆက်၍မိန့်ကြားတော်မူသည်မှာ 'ဆရာအချင်းချင်းယှဉ်၍ အဘယ်ဆရာသည် အကုသိုလ် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်နိုင်သနည်း' ဟု ပညာရှိတို့ စိစစ်သောအခါ 'ရဟန်းဂေါတမသည် အကုသိုလ် ကိလေသာတို့ကို အကြွင်းမဲ့ပယ်ဖြတ်၍ ကျင့်၏။ အခြားသောဆရာတို့သည် အနည်းငယ်သာ ကျင့်နိုင်၏။' ထိုအရာ၌ ငါဗုဒ္ဓတို့ကိုသာလျှင် အများအားဖြင့် ချီးမွမ်းကြကြောင်း၊ တပည့်အချင်းချင်း ယှဉ်ပြန်လျှင်လည်း ရဟန်းဂေါတမ၏ တပည့်တို့သည်သာလျှင် အကြွင်းမဲ့ပယ်ဖြတ်၍ ကျင့်နိုင်၏။ အခြားသောဆရာတို့၏ တပည့်တို့သည် အနည်းငယ်သာ ကျင့်နိုင်၏ဟု ထိုအရာ၌ ငါဗုဒ္ဓ၏ တပည့်တို့ကိုသာလျှင် အများအားဖြင့် ချီးမွမ်းကြကြောင်း။

(၄) ကုသိုလ်ကောင်းမှုကို အပြည့်အစုံ ဖြည့်ကျင့်ရာ၌လည်း ရဟန်းဂေါတမနှင့် ရဟန်းဂေါတမ၏ တပည့်တို့သည်သာ အပြည့်အစုံ ကျင့်နိုင်ကြကြောင်း၊ အခြားသောဆရာနှင့် တပည့်တို့သည် အနည်းငယ်သာ ကျင့်နိုင်ကြောင်း၊ ထိုအရာ၌ ငါတို့ကိုသာလျှင် အများအားဖြင့် ချီးမွမ်းကြကြောင်း၊ ထို့ကြောင့် ဗုဒ္ဓနှင့်တူသော ဆရာမရှိသလို ဗုဒ္ဓ၏တပည့်နှင့်တူသော အခြားသောတပည့်တို့သည်လည်း မရှိကြောင်း ဤသို့လျှင် ဗုဒ္ဓသည် အစေလကဿပအား မဟာသီဟနာဒ ခေါ် မရွံ့မကြောက် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရဲတောက် အသံတော်ကို မိန့်ကြားတော်မူလေသည်။

(၅) ဗုဒ္ဓက အစေလကဿပအား သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးဟူသော လမ်းအကျင့်ကို ကျင့်ပါက မည်သူမဆို ထိုအကျင့်သည် ကောင်းသောအကျင့်ဖြစ်သည်ကို ကိုယ်တိုင်ပင် သိမြင်နိုင်ကြောင်း မိန့်တော်မူလျှင် အစေလကဿပ တက္ကတွန်းသည်လည်း သူတို့မှာလည်း ခေါင်းပါးစွာကျင့်သော အကျင့်လမ်းစဉ်ရှိကြောင်း၊ ခြိုးခြံစွာကျင့်သော အကျင့်လမ်းစဉ်ရှိကြောင်း ထိုအကျင့်တို့သည် အဝတ်မဝတ်ဘဲနေသော အကျင့်စသည်ဖြစ်ကြောင်း အကျယ်တဝင့် လျှောက်ထားလေသည်။

(၆) ထိုအခါ ဗုဒ္ဓက အစေလကဿပအား အဝတ်မဝတ်ခြင်းစသော ခြိုးခြံသောအကျင့်တို့ကို မည်မျှပင် ကျင့်စေကာမူ 'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ကို မပွါးရသေးလျှင် မျက်မှောက်မပြုရသေးလျှင် ထိုပုဂ္ဂိုလ်တို့သည် သမဏအလုပ်, ဗြာဟ္မဏအလုပ်မှ ဝေးသေးကြောင်း၊ ဒေါသရန်ကင်းသော ဒေါမနဿဟူသော ဗျာပါဒမရှိသော မေတ္တာစိတ် အခြေခံ၍ သိက္ခာသုံးရပ် အကျင့်မြတ်ကို ပွါးများလျက် အရဟတ္တဖိုလ်သမာဓိ, အရဟတ္တဖိုလ်ပညာကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက်နေသော ရဟန်းသည် ရှိ၏။ ထိုရဟန်းကို သမဏဟူ၍လည်းကောင်း, ဗြာဟ္မဏဟူ၍လည်းကောင်း ခေါ်ဆိုအပ်ကြောင်း မိန့်ကြားတော်မူလေသည်။

(၇) ထိုအခါ အစေလကဿပက 'သိက္ခာသုံးရပ် အကျင့်မြတ်ဟူသည် အဘယ်နည်း' ဟူ၍ မေးမြန်းသောကြောင့် ဗုဒ္ဓသည် အစေလကဿပအား သာမညဖလသုတ်မှာကဲ့သို့ သိက္ခာသုံးရပ် အကျင့်မြတ်ကို အကျယ်တဝင့် ဟောကြားတော်မူပြီး

ဤသီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်တို့ထက် သာလွန်၍ လွန်ကဲသည်လည်းဖြစ်သော, သာလွန်၍ မွန်မြတ်သည်လည်းဖြစ်သော အခြားတရားမျိုးသည် မရှိတော့ပြီဟူ၍ အရဟတ္တဖိုလ် အထွတ်တပ်၍ တရားတော်ကို နိဂုံးအုပ်တော်မူသည်။

(၈) ထို့နောက် ဗုဒ္ဓက ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ– လွန်မြတ်သော သီလဖြစ်သော မဂ်, ဖိုလ်နှင့်ယှဉ်သော **အဓိသီလ** အရာ၌လည်းကောင်း၊ မဂ်, ဖိုလ်နှင့်ယှဉ်သော မွန်မြတ်သော လုံ့လဝီရိယဖြင့် မကောင်းမှုကိုပယ်ခြင်း **အဓိဇေဂုစ္ဆ** အရာ၌လည်းကောင်း၊ မဂ်, ဖိုလ်နှင့်ယှဉ်သော လွန်မြတ်သော **အဓိပညာ** အရာ၌လည်းကောင်း၊ မွန်မြတ်သော ကိလေသာတို့မှ လွန်မြောက်ခြင်း **အဓိဝိမုတ္တိ** အရာ၌လည်းကောင်း ငါဗုဒ္ဓသည် မိမိနှင့်တူသော ပုဂ္ဂိုလ်ကို မြင်တော်မမူ။ သာလွန်သော ပုဂ္ဂိုလ်ကိုကား အဘယ်မှာ မြင်တော့အံ့နည်း။ စင်စစ်သော်ကား ငါဗုဒ္ဓသည်သာလျှင် ထိုဆိုခဲ့ပြီးသော '**အဓိသီလ, အဓိဇေဂုစ္ဆ, အဓိပညာ, အဓိဝိမုတ္တိ**' အရာတို့၌ အသာလွန်ဆုံး ဖြစ်ပေ၏။ ထိုသို့သော အဓိသီလ စသောအရာတို့၌ ငါဗုဒ္ဓသည် ငါဗုဒ္ဓထက် သာလွန်သူမရှိဟူသော ဤသို့ မရွံ့မကြောက် ရဲရဲတောက်စကားကို ခြင်္သေ့ဟောက်သကဲ့သို့ မိန့်ကြားခြင်းသည် ဆိတ်ကွယ်ရာ၌သာ ပြောဆိုသည်မဟုတ်။ ပရိသတ်အလယ်၌လည်း ပြောဆိုကြောင်း၊ ပြဿနာမေးသူတို့အား ဖြေကြားရာ၌လည်း မေးသူတို့၏စိတ်ကို နှစ်သက်စေကြောင်း၊ နာကြားသူတို့လည်း ကြည်ညိုကြကြောင်း၊ ပူဇော်ကြကြောင်း၊ ကျင့်သုံးမှုလည်း ပြုကြကြောင်း၊ ဗုဒ္ဓသည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ် နိဂြောဓပရိဗိုဇ်သည် လွန်မြတ်သော အားထုတ်မှု လုံ့လဝီရိယဖြင့် မကောင်းမှုကိုပယ်ခြင်း **အဓိဇေဂုစ္ဆ** အရာ၌ ဗုဒ္ဓအား ပြဿနာမေးဖူးကြောင်း၊ ထိုပြဿနာကို ဗုဒ္ဓဖြေကြားရာတွင် ထိုနိဂြောဓသည် အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း မိန့်ကြားတော်မူလေသည်။

(၉) ထိုအခါ အစေလကဿပသည် ဗုဒ္ဓ၏ တရားကို နာကြားရသော အဘယ်သူသည် အတိုင်းထက်အလွန် ဝမ်းမမြောက်ဘဲ ရှိပါအံ့နည်း။ တပည့်တော်သည်လည်း ဗုဒ္ဓ၏ တရားတော်ကို ကြားရ၍ အတိုင်းထက်အလွန် ဝမ်းမြောက်ပါ၏ဟု လျှောက်လေသည်။ ထို့နောက် အစေလကဿပသည် 'ငါသည် ရှည်မြင့်စွာသော ကာလပတ်လုံး 'နဂ္ဂါစရိယ' အဝတ်မဝတ်ဘဲ နေခြင်းစသော အကျင့်တို့ကို ကျင့်ခြင်းဖြင့် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော အကျင့်တွေကို ကျင့်ခဲ့ပြီ။ ယခု ဗုဒ္ဓထံ၌ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်လမ်းစဉ်တို့ကို ကျင့်တော့အံ့' ဟုကြံပြီးလျှင် ဗုဒ္ဓအထံ၌ ရဟန်းပြုခွင့်ကို တောင်းပန်၍ ရဟန်းပြုပြီးလျှင် တရားအားထုတ်လေရာ မကြာမီမှာပင် အမျိုးကောင်းသားတို့ လိုလားတောင့်တအပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ဗုဒ္ဓါနုဿတိဘာဝနာ

သတ္တလောက တစ်လောကလုံး၏ အလေးဂရုပြုထိုက်တော်မူသော, ဘုန်းတော်ကြီးတော်မူသော, ကောင်းသောစကားကို ဆိုတော်မူတတ်သော, နတ်လူပြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ဖြင့်–

(၁) အစေလကဿပ တက္ကတွန်း၏ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရမည့်၏အဖြစ်ကို ကြိုတင်သိမြင်တော်မူနိုင်စွမ်း ရှိတော်မူပါပေ၏။

(၂) အကုသိုလ် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်သော သိက္ခာသုံးရပ် အကျင့်မြတ်လမ်းစဉ်သည် ဗုဒ္ဓသာသနာတော်၌သာရှိကြောင်းကို မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက် မိန့်ကြားတော်မူနိုင်စွမ်း ရှိတော်မူပါပေ၏။

(၃) မြိုးမြံစွာကျင့်သော အကျင့်အားလုံးကို တစ်ဖက်သတ်အားဖြင့် ရှုတ်ချခြင်းမရှိဘဲ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့တော်မူ၍ ချီးမွမ်းထိုက်သူကို ချီးမွမ်းတော်မူတတ်ပါပေ၏။

(၄) အစေလကဿပ တက္ကတွန်းအား မှားသောလမ်းကို စွန့်စေ၍ မှန်သောလမ်းပေါ်သို့ တင်ပေးပြီးလျှင် အရဟတ္တဖိုလ် ရောက်အောင် ချီးမြှောက်တော်မူနိုင်ပါပေ၏။

(၅) '**တထာရူပံ ဗုဒ္ဓ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ**' ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်နှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာ, အမြော်အမြင်, လုံ့လဝီရိယ စသောဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဓမ္မာနုသာသတိ ပွါးများရန်

ဤမဟာသီဟနာဒသုတ္တန် တရားဒေသနာတော်သည်–

(၁) ကဲ့ရဲ့ထိုက်သော အကျင့်အား ကဲ့ရဲ့ရန်, ချီးမွမ်းထိုက်သော အကျင့်အား ချီးမွမ်းရန် ကောင်းစွာနည်းလမ်းပြထားသော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၂) ကောင်းစွာ ဟောကြားတော်မူထားအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၃) စိစစ်ရန် လိုလားကြကုန်သော ပညာရှိအပေါင်းတို့အား လာရောက်၍ စိစစ်လှည့်ကြဟု ရဲရဲတောက် ဖိတ်ခေါ်ထိုက်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၄) မဂ္ဂင်ရှစ်ပါး အကျင့်လမ်းဖြစ်သော ဤသိက္ခာသုံးရပ် အကျင့်မြတ်သည် ဗုဒ္ဓသာသနာတော်၌သာ ရှိသည်ဟူ၍ ရဲရဲတောက် ပြောဆိုအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၅) အရဟတ္တမဂ်, အရဟတ္တဖိုလ်အထိ ရရှိစေနိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၆) 'တထာရူပံ ဓမ္မ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဂုဏ်အလီလီ စွမ်းရည်အဖုံဖုံနှင့် ပြည့်စုံတော်မူသော တရားဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

မဟာသီဟနာဒသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာ ပြီး၏။

(၉) ပေါဋ္ဌပါဒသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသတိဘာဝနာ

(၁) ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပေါဋ္ဌပါဒပရိဗိုဇ်နှင့် ဆင်ဆရာသား စိတ္တတို့ ရောက်လာပြီး ဗုဒ္ဓ၏ တရားတော်အဆုံး၌ ပေါဋ္ဌပါဒပရိဗိုဇ်သည် သရဏဂုံတည် ဥပါသကာအဖြစ်သို့ ရောက်မည်ကိုလည်းကောင်း၊ ဆင်ဆရာသား စိတ္တသည် အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာဖြစ်မည်ကိုလည်းကောင်း သဗ္ဗညုတဉာဏ်တော်ဖြင့် ကြိုတင်သိမြင်ပြီး ဖြစ်သည်။

(၂) ပေါဋ္ဌပါဒပရိဗိုဇ်သည် ကုဋေလေးဆယ်သော စည်းစိမ်ဥစ္စာတို့ကိုစွန့်၍ ပရိဗိုဇ်ရဟန်းအဖြစ်သို့ ရောက်လာပြီး အတော်အတန် ဉာဏ်ပညာအမြော်အမြင် ရှိသူလည်း ဖြစ်သည်။ သို့ရာတွင် ရုပ်ကို အတ္တဟူ၍လည်းကောင်း, သညာကို အတ္တဟူ၍လည်းကောင်း, အတ္တသည် မြဲ၏ဟူ၍လည်းကောင်း 'အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိ' ကို စွဲမြဲစွာယူထားသူ တစ်ဦးလည်း ဖြစ်လေသည်။

(၃) ဗုဒ္ဓသည် ပေါဋ္ဌပါဒပရိဗိုဇ်အား အစဉ်သနားသောအားဖြင့် ပေါဋ္ဌပါဒပရိဗိုဇ် ရှိရာအရပ်သို့ ကြွတော်မူလာသော အချိန်တွင် ပေါဋ္ဌပါဒသည် သုံးထောင်မျှသော များစွာသော ပရိဗိုဇ်ပရိသတ်နှင့်အတူ တည်ပင်စည်းတန်းရှိသော ကေသာလာမည်သော အယူဟောပြောပွဲ ကျင်းပရာဖြစ်သော မလ္လိကာအာရာမ်၌ နေလျက်ရှိနေသည်။ ထိုစဉ်အခါ သုံးထောင်သော ပရိဗိုဇ်တို့သည် မဂ်, ဖိုလ်မှ ဗိလာဖြစ်သော လောကီစကားများကို ဆူညံကျယ်လောင်စွာ ပြောဆိုလျက် ရှိနေကြလေသည်။

(၄) ပေါဋ္ဌပါဒသည် ဗုဒ္ဓကြွတော်မူလာသည်ကို တွေ့မြင်သောအခါ၌ အသံဆူညံကျယ်လောင်စွာ စကားပြောဆိုခြင်းကို ဗုဒ္ဓ မကြိုက်မှန်းသိသောကြောင့် တိတ်ဆိတ်ငြိမ်သက်စွာ နေထိုင်စေပြီး ဗုဒ္ဓအား နေရာထိုင်ခင်းပေးပြီးလျှင် မိမိက နိမ့်သောနေရာ၌ ထိုင်ပြီး ပေါဋ္ဌပါဒသည် ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

'ရှင်တော်ဗုဒ္ဓဘုရား ယခင့်ယခင်နေ့တို့၌ 'ကောတူဟလ သာလာယ' စကားအသစ်အဆန်း ထောက်လှမ်းနာကြားရာဇရပ်၌ အထူးထူးသော အယူရှိကုန်သော သမဏ, ဗြာဟ္မဏတို့သည် စုဝေးနေထိုင်ကြရာတွင် 'အချင်းတို့ သညာချုပ်ခြင်းသည် အဘယ်သို့ ဖြစ်သနည်း' ဟု သညာချုပ်ခြင်းနှင့်စပ်သော စကားသည် ဖြစ်ပေါ်ပါ၏။ သညာချုပ်ခြင်းကို အမျိုးမျိုး ပြောဆိုနေကြသော ထိုသမဏ, ဗြာဟ္မဏတို့၏ စကားကို တပည့်တော် သဘောမကျပါ။ ဤအရာ၌ ဗုဒ္ဓသည်သာ ကောင်းစွာကျွမ်းကျင်တော်မူပါပေ၏ ဟု တမ်းတခြင်း ဖြစ်ခဲ့ပါ၏။ ရှင်တော်ဗုဒ္ဓဘုရား 'သညာ နိရောဓ' သညာချုပ်ခြင်းသည် အဘယ်သို့ ဖြစ်ပါသနည်း။'

(၅) ထိုအခါ ဗုဒ္ဓသည် ပေါဋ္ဌပါဒအား အချို့သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်၏။ အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်၏ဟု ဟောကြားတော်မူပြီး ဆက်၍ဟောကြားတော်မူသည်မှာ ဗုဒ္ဓပွင့်တော်မူလာပုံမှစ၍ ပဌမဈာန်ရပုံအထိ သာမညဖလသုတ်ကဲ့သို့ အကျယ်တဝင့် ဟောလေသည်။ ထို့နောက် ဈာန်ရှစ်ပါးကို ရရှိရာ၌ သညာချုပ်ပုံ, သညာဖြစ်ပုံတို့ကို အဆင့်ဆင့် ဟောကြားတော်မူလေသည်။

(၆) ပေါဋ္ဌပါဒသည် ဗုဒ္ဓဟောကြားတော်မူအပ်သော သညာချုပ်ပုံ, သညာဖြစ်ပုံတို့ကို နားလည်ကြောင်း လျှောက်ထားသော်လည်း အတ္တဒိဋ္ဌိကို ယူဆထားသည့်အားလျော်စွာ သညာသည် အတ္တ ဟုတ်, မဟုတ် မေးမြန်းရာတွင် ဗုဒ္ဓက အတ္တတစ်ခြား, သညာတစ်ခြားဖြစ်ပုံကို အမျိုးမျိုး ရှင်းပြသော်လည်း နားမလည်နိုင် ဖြစ်နေသည့်အတွက် ဗုဒ္ဓက ပေါဋ္ဌပါဒအား 'ဗုဒ္ဓသာသနာတော်မှ အပဖြစ်သော ဆရာအဆက်ဆက်ဖြင့် စွဲယူလာသော တိတ္ထိဘောင်၌ ဆရာကြီးဖြစ်နေသော သင်သည် သညာနှင့် အတ္တ မတူထူးခြားသည်၏အဖြစ်ကို မသိနိုင်, မမြင်နိုင်' ဟု မိန့်ကြားတော်မူလေသည်။

(၇) ထိုသို့ ဗုဒ္ဓက မိန့်ကြားတော်မူသောအခါ ပေါဋ္ဌပါဒသည် အတ္တဒိဋ္ဌိကို မမေးတော့ဘဲ သဿတဒိဋ္ဌိအယူနှင့် စပ်သည်ကို မေးပြန်လေသည်။ မေးပုံကား–

'လောကသည် မြဲသလောဟူ၍လည်းကောင်း, မမြဲသလောဟူ၍လည်းကောင်း, လောကသည် အဆုံးရှိသလောဟူ၍လည်းကောင်း, အဆုံးမရှိသလောဟူ၍လည်းကောင်း, သတ္တဝါသည် သေပြီးနောက် ရှိပါသလောဟူ၍လည်းကောင်း သို့မဟုတ် မရှိပါသလောဟူ၍လည်းကောင်း' စသည် မေးလျှောက်လေသည်။

(၈) ထိုသို့ မေးတိုင်း မေးတိုင်းကို ဗုဒ္ဓသည် ပေါဋ္ဌပါဒအား 'ငါသည် ထိုအရာစုမျိုးကို မဖြေကြားပေ။ မဖြေကြားခြင်းအကြောင်းကား ထိုအရာစုမျိုးသည် လောကုတ္တရာတရားနှင့်မစပ်၊ အကျိုးစီးပွါးနှင့်မစပ်၊ အကျင့်မြတ်၏ အစမျှပင်မဟုတ်၊ ကိလေသာကိုပယ်ရန်,

နိဗ္ဗာန်ရရန်မဖြစ်။ ထို့ကြောင့် မဖြေကြား' ဟူ၍ မိန့်တော်မူလေသည်။

(၉) သို့ဖြစ်လျှင် 'ဗုဒ္ဓသည် အဘယ်ကို ဖြေကြားပါသနည်း' ဟု ပေါဋ္ဌပါဒက မေးလျှောက်သောအခါ၌ ဗုဒ္ဓက ပေါဋ္ဌပါဒအား သစ္စာလေးပါး တရားအစုကို ဖြေကြားကြောင်း, ဟောကြားတော်မူကြောင်း၊ အဘယ်ကြောင့် ဖြေကြား, ဟောကြားသနည်းဟူမူ အကျိုးစီးပွါးနှင့်စပ်၏။ လောကုတ္တရာတရားနှင့်စပ်၏။ နိဗ္ဗာန်ရရန်ဖြစ်၏။ ထို့ကြောင့် ထိုသစ္စာလေးပါး တရားအစုကို ငါဖြေကြားတော်မူသည်, ဟောကြားတော်မူသည်' ဟု မိန့်ကြားတော်မူလေသည်။

(၁၀) ထိုအခါ ပေါဋ္ဌပါဒ ပရိဗိုဇ်က ဗုဒ္ဓအား-

'ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဗုဒ္ဓဘုရား ဤစကားသည် ဤအတိုင်း မှန်ပါပေ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော ရှင်တော်ဗုဒ္ဓဘုရား ဤစကားသည် ဤအတိုင်း မှန်ပါပေ၏' ဟူ၍ ထောက်ခံလျှောက်ကြားလေသည်။ ထို့နောက် ဗုဒ္ဓသည် ပေါဋ္ဌပါဒပရိဗိုဇ်၌ မင်္ဂ, ဖိုလ်ရရန် အကြောင်းမရှိသည်ဖြစ်၍ ပြန်ကြွတော်မူလေသည်။

(၁၁) ဗုဒ္ဓ ပြန်ကြွ၍ မကြာမြင့်မီမှာပင် ပေါဋ္ဌပါဒပရိဗိုဇ်ကို ကျန်ပရိဗိုဇ်ပရိသတ်တို့သည် ဗုဒ္ဓ၏ စကားကို ထောက်ခံပြောဆိုရပါ့မလားဟူ၍ ဝိုင်းဝန်း၍ ကဲ့ရဲ့ပြစ်တင် နှုတ်လှံ့ထိုးလေသည်။ ပေါဋ္ဌပါဒကလည်း 'ရဟန်းဂေါတမသည် ကောင်းသောစကားကို ပြောဆိုခြင်းဖြစ်၍ ကောင်းသောစကားကို ကောင်းသောစကားအနေဖြင့် ငါသို့သော သိတတ်သောသူသည် အဘယ်ကြောင့် ကောင်းချီး မပေးဘဲ ရှိအံ့နည်း' ဟု ပြန်လည်ချေပ ပြောဆိုလေသည်။

(၁၂) ထို့နောက် နှစ်ရက်, သုံးရက်အလွန်၌ ပေါဋ္ဌပါဒသည် သူငယ်ချင်းဖြစ်သော ဆင်ဆရာသား စိတ္တနှင့်အတူ ဗုဒ္ဓထံသို့ ရောက်လာပြီး ပေါဋ္ဌပါဒက ဗုဒ္ဓအား ဗုဒ္ဓပြန်ကြွသွား၍ မကြာမြင့်မီ ပရိဗိုဇ်ပရိသတ်တို့က ဝိုင်းဝန်း၍ သူ့အား နှုတ်လှံ့ထိုးကြပုံ, သူက ပြန်လည်ချေပပုံတို့ကို လျှောက်ကြားလေလျှင် ဗုဒ္ဓက ပေါဋ္ဌပါဒပရိဗိုဇ်အား 'ထိုပရိဗိုဇ်တို့သည် ကောင်းစွာပြောဆိုအပ်သော စကား, မကောင်းသဖြင့် ပြောဆိုအပ်သောစကားကို နားလည်နိုင်စွမ်း မရှိသောကြောင့် ပညာမျက်စိ ကန်းကုန်၏။ ပညာမျက်စိ မရှိကုန်။ ထိုပရိဗိုဇ်တို့တွင် သင်တစ်ယောက်တည်းသာ ကောင်းစွာပြောဆိုအပ်သော စကား, မကောင်းသဖြင့် ပြောဆိုအပ်သော စကားကို သိမြင်စွမ်းနိုင်သော ပညာမျက်စိ ရှိပေ၏' ဟု မိန့်ကြားတော်မူလေသည်။

(၁၃) ထို့နောက် ဗုဒ္ဓသည် လောကသည်မြဲ၏ ဟူ၍လည်းကောင်း, မမြဲဟူ၍လည်းကောင်း စသောအယူတို့သည် ကေန်နိဗ္ဗာန် ရောက်ကြောင်းမဟုတ်ပုံနှင့် သစ္စာလေးပါး တရားသည်သာ ကေန်နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်ပုံတို့ကို အကျယ်တဝင့် ရှင်းလင်း၍လည်းကောင်း၊ လောကသည် မြဲ၏ဟူ၍လည်းကောင်း, မမြဲဟူ၍လည်းကောင်း ပြောဆိုကြသူတို့၏ စကားသည် အခြေအမြစ်မရှိသော စကားဖြစ်ပုံကို ဥပမာများစွာဖြင့် အကျယ်တဝင့် ဟောကြား၍လည်းကောင်း၊ ကာမဘုံ၌ဖြစ်သော ခန္ဓာအတ္တဘော, ရူပဘုံ၌ဖြစ်သော ခန္ဓာအတ္တဘော, အရူပဘုံ၌ဖြစ်သော ခန္ဓာအတ္တဘောတို့ကိုပယ်ရန် ဥပမာများစွာဖြင့် အကျယ်တဝင့် ဟောကြား၍လည်းကောင်း၊ သမုတိသစ္စာ, ပရမတ္ထသစ္စာသဘောကိုလည်း ဟောကြားတော်မူ၍လည်းကောင်း၊ ထိုသမုတိသစ္စာ ပညတ်တို့၌ ဗုဒ္ဓသည် စကားအားဖြင့် ဟောပြောရသော်လည်း 'တဏှာ, မာန, ဒိဋ္ဌိ' တို့ဖြင့် မှားသောအားဖြင့် မသုံးသပ်ပုံကိုလည်းကောင်း ဟောကြားတော်မူလေသည်။ ဤသို့လျှင် ဗုဒ္ဓသည် အရဟတ္တဖိုလ် အထွတ်တပ်လျက် တရားတော်ကို ပြီးဆုံးစေလေသည်။

(၁၄) တရားအဆုံးတွင် ပေါဋ္ဌပါဒပရိဗိုဇ်သည် သရဏဂုံတည် ဥပါသကာအဖြစ်ကို ခံယူပြီး ဆင်ဆရာသား စိတ္တသည် ဗုဒ္ဓအထံ၌ ရဟန်းအဖြစ်ကို ခံယူကာ တရားကို ကြိုးစားအားထုတ်လေရာ မကြာမီမှာပင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်ရောက်သော အမျိုးကောင်းသားများ လိုလားကြသော အကျင့်မြတ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာ ဖြစ်လေသည်။

ဗုဒ္ဓါနုဿတိဘာဝနာ

သတ္တလောက တစ်လောကလုံး၏ အလေးဂရု ပြုတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, ကောင်းသောစကားကို ဆိုတော်မူတတ်သော, လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့်-

(၁) ပေါဋ္ဌပါဒပရိဗိုဇ်သည် သရဏဂုံတည် ဥပါသကာဖြစ်မည်ကိုလည်းကောင်း၊ ဆင်ဆရာသား စိတ္တသည် ရဟန္တာဖြစ်မည်ကို လည်းကောင်း ကြိုတင်၍ သိမြင်နိုင်စွမ်း ရှိတော်မူပါပေ၏။

(၂) ဗုဒ္ဓသာသနာတော်မှ အပဖြစ်သော ပရိဗိုဇ်တို့သည်ပင် တပည့်သံဃာ ပရိသတ်တို့ကို တိတ်ဆိတ်ငြိမ်သက်အောင် ဆုံးမထားသည်ကို သိကြခြင်းဖြင့် ဗုဒ္ဓသည် သတ္တဝါတို့ကို ငြိမ်သက်တည်ကြည် တိတ်ဆိတ်အောင် ဆုံးမရာ၌ အတုမရှိသော ဆရာတစ်ဆူလည်း ဖြစ်တော်မူပါပေ၏။

(၃) ဗုဒ္ဓသာသနာတော်မှ အပဖြစ်ကုန်သော တိတ္ထိ တက္ကတွန်း ပရိဗိုဇ်တို့သည် သညာနိရောဓ- သညာချုပ်ပုံကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်နိုင်ကြဘဲ ဗုဒ္ဓသည်သာ သညာနိရောဓ- သညာချုပ်ပုံကို ပေါဋ္ဌပါဒ နားလည်အောင် ဟောကြားတော်မူနိုင်စွမ်း ရှိတော်မူပါပေ၏။

(၄) မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော အကျိုးစီးပွါးနှင့် မစပ်သောတရား၊ မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော အကျိုးစီးပွါးနှင့် စပ်သောတရားများကိုလည်း ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိမြင်နိုင်စွမ်းလည်း ရှိတော်မူပါပေ၏။

(၅) လောကဝေါဟာရအားဖြင့် သမုဒယသစ္စာကို ပြောဆိုသုံးနှုန်းနေပါသော်လည်း 'တဏှာ, မာန, ဒိဋ္ဌိ' တို့ဖြင့် မသုံးသပ်မူ၍ ပြောဆိုနိုင်စွမ်း ရှိတော်မူပါပေ၏။

(၆) ပေါဋ္ဌပါဒပရိဗိုဇ်အား သရဏဂုံတည် ဉပါသကာဖြစ်အောင်, ဆင်ဆရာသား စိတ္တအား အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်အောင် ဟောကြားတော်မူနိုင်စွမ်းလည်း ရှိတော်မူပါပေ၏။

(၇) **'တထာရူပံ ဗုဒ္ဓ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ'** ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးနှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာ, အမြော်အမြင်, လုံ့လဝီရိယ စသော ဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဓမ္မာနုဿတိ ပွါးများရန်

ဤပေါဋ္ဌပါဒသုတ် တရားဒေသနာတော်သည်-

(၁) ကောင်းစွာဟောကြားထားအပ်သော တရားဒေသနာ ဖြစ်ပါပေ၏။

(၂) ငြိမ်သက်တည်ကြည် တိတ်ဆိတ်အေးချမ်းစွာ နေထိုင်ပြောဆိုတတ်မှုကို ပေးစွမ်းနိုင်သော တရားဒေသနာကော်လည်း ဖြစ်ပါပေ၏။

(၃) သညာချုပ်ပုံကို အဆင့်ဆင့် သိမြင်စေနိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၄) ကောင်းစွာ ပြောဆိုအပ်သောစကား, မကောင်းသဖြင့် ပြောဆိုအပ်သောစကားတို့ကို ခွဲခြားနားလည်စေနိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၅) မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော အကျိုးစီးပွါးနှင့် မစပ်သောတရား, စပ်သောတရားတို့ကိုလည်း ခွဲခြားနားလည်စေနိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၆) အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၇) **'တထာရူပံ ဓမ္မ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ'** ထိုသို့သဘောရှိသော ဂုဏ်အလီလီ စွမ်းရည်အဖုံဖုံနှင့် ပြည့်စုံတော်မူသော တရားတော်ဂုဏ်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ပေါဋ္ဌပါဒသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာ ပြီး၏။

(၁၀) သုဘသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသတိဘာဝနာ

(၁) ဤသုဘသုတ်တရားတော်ကား ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော သုတ်မဟုတ်ဘဲ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး တစ်လမပြည့်မီ အချိန်ကာလ၌ သုဘလုလင်အား အရှင်အာနန္ဒာ ဟောကြားတော်မူအပ်သော တရားဒေသနာတော်ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓ ဟောကြားတော်မူအပ်ပြီးသည်ကို ထပ်၍ဟောကြားတော်မူအပ်သောကြောင့် ဗုဒ္ဓ ဟောကြားအပ်သော တရားဒေသနာတော် ဖြစ်လေသည်။

(၂) သုဘလုလင်သည် တစ်စုံတစ်ခုသော ကိစ္စကြောင့် သာဝတ္ထိပြည်သို့ ရောက်နေခိုက် ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုသွားတော်မူပြီဖြစ်၍ ဗုဒ္ဓ ဟောကြားတော်မူထားအပ်သော တရားဒေသနာတော်များ 'ရှိသေးသလား, မရှိတော့ဘူးလား' ဟူ၍ စုံစမ်းလိုသည်ဖြစ်၍ အရှင်အာနန္ဒာအား အိမ်သို့ပင့်ဖိတ် ဆွမ်းကပ်ပြီးချိန်တွင် သင့်လျော်သောနေရာ၌ထိုင်ပြီး အရှင်အာနန္ဒာအား အောက်ပါအတိုင်း လျှောက်ထားလေသည်။

'အရှင်အာနန္ဒာသည် ကာလကြာမြင့်စွာ ထိုအရှင်ဂေါတမ၏ ထံပါး၌နေ၍ အနီး၌အမြဲရှိသော အလုပ်အကျွေး ဖြစ်ပါ၏။ ထိုအရှင်ဂေါတမသည် အကြင်တရားကို ချီးကျူးလေ့ရှိ၏။ အကြင်တရား၌လည်း လူအပေါင်းကို ဆောက်တည်စေ၏။ သက်ဝင်၍ တည်စေ၏။ ထိုတရားတို့ကို အရှင်အာနန္ဒာ သိတော်မူရာပါ၏။ အရှင်အာနန္ဒာဘုရား ထိုအရှင်ဂေါတမသည် အဘယ်တရားကို ချီးကျူးလေ့ရှိပါသနည်း။ အဘယ်တရားတို့၌လည်း လူအပေါင်းကို ဆောက်တည်စေပါသနည်း။ သက်ဝင်စေပါသနည်း။ တည်စေပါသနည်း' ဟု လျှောက်လေသည်။

(၃) ထိုသုဘလုလင်၏ အမေးကို အရှင်အာနန္ဒာသည် ပိဋကသုံးပုံတို့ကို **အရိယသီလက္ခန္ဓ**- မြတ်သောသီလအစု၊ **အရိယသမာဓိက္ခန္ဓ**- မြတ်သောသမာဓိအစု၊ **အရိယပညာက္ခန္ဓ**- မြတ်သောပညာအစုဟူသော သုံးမျိုးသော ခန္ဓာအစုတို့ဖြင့် သိမ်းယူ၍ ဖြေကြားတော်မူသည်။ ဆိုလိုသည်ကား 'ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓသည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို 'သီလ, သမာဓိ, ပညာ' ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်၌ တည်စေသည်။ သက်ဝင်စေသည်။ ကျင့်သုံးစေသည်ဟု ဆိုလိုပေသည်။

(၄) ထိုသို့ အရှင်အာနန္ဒာသည် သုဘလုလင်အား သိက္ခာသုံးရပ် အကျင့်မြတ်ကို ဟောကြားတော်မူရာ၌ သာမညဖလသုတ်မှာကဲ့သို့ ဗုဒ္ဓ ဟောကြားတော်မူသည့်နည်းအတိုင်း သီလက္ခန္ဓကိုလည်းကောင်း, သမာဓိက္ခန္ဓကိုလည်းကောင်း, ပညာက္ခန္ဓကိုလည်းကောင်း အကျယ်တဝင့် ဟောကြားတော်မူလေရာ သိက္ခာတစ်ရပ်ကို ဟောကြားတော်မူတိုင်း 'အံ့ဩဖွယ် ရှိပါပေစွ အရှင်အာနန္ဒာ၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ အရှင်အာနန္ဒာ၊ ထိုမြတ်သော သီလက္ခန္ဓသည် ပြည့်စုံလှပါပေ၏။ ဤဗုဒ္ဓသာသနာတော်မှတစ်ပါး အခြားသော သာသနာတို့၌ ဤမြတ်သောသီလက္ခန္ဓမျိုးကို မတွေ့မြင်ရပါ။ ရာန်ရှစ်ပါးဟူသော သမာဓိက္ခန္ဓကို ဟောကြားတော်မူရာ၌လည်း ထိုအတူပင် ချီးမွမ်းထောက်ခံလေသည်။ ဝိပဿနာဉာဏ်မှစ၍ အာသဝက္ခယဉာဏ်အထိ ပညာက္ခန္ဓကို ဟောကြားတော်မူရာ၌ ဤဗုဒ္ဓသာသနာတော်၌ ပညာက္ခန္ဓထက် သာလွန်သော ပြဖွယ်ကိစ္စသည် မရှိတော့ကြောင်း၊ အရဟတ္တဖိုလ်ပညာသည် အသာလွန်ဆုံး အမြတ်ဆုံးဖြစ်ကြောင်း၊ မှန်၏။ ဗုဒ္ဓသာသနာတော်၌ **'အရဟတ္တ ပရိယောသာန'** အရဟတ္တဖိုလ်ပညာ၌ အဆုံးသတ်ကြောင်း ဟောကြားတော်မူလေသည်။

(၅) ဤတရားအဆုံးတွင် 'အရှင်အာနန္ဒာ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏ စသည်လျှောက်ကြားပြီး သုဘလုလင်သည် အရှင်အာနန္ဒာအား ယနေ့ကို အစပြု၍ အသက်ထက်ဆုံး သရဏဂုံတည် ဥပါသကာအဖြစ်ကို လျှောက်ထားလေသည်။

ဗုဒ္ဓါနုဿတိဘာဝနာ

သတ္တလောက တစ်လောကလုံး၏ အလေးဂရုကို ပြုတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, ကောင်းသောစကားကို ဆိုတော်မူတတ်သော, လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့်-

(၁) အရှင်အာနန္ဒာသည် သုဘလုလင်အား ငါဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီး တစ်လခန့်၌ ငါဗုဒ္ဓ ဟောကြားတော်မူသော နည်းအတိုင်း

သိက္ခာသုံးရပ် အကျင့်မြတ်ကို ဟောကြား၍ ကျေနပ်မှု ဖြစ်စေလိမ့်မည်ဟု ကြိုတင်သိမြင်တော်မူနိုင်စွမ်း ရှိတော်မူပါပေ၏။

(၂) အရှင်အာနန္ဒာသည်လည်း ဆရာဗုဒ္ဓ ဟောကြားတော်မူသည့် နည်းအတိုင်း ဟောကြားတော်မူနိုင်သည်ဖြစ်၍ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို ထင်ရှားစေတော်မူပါပေ၏။

(၃) ဗုဒ္ဓသည် အချို့တရားနာကြားသူသည် မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်သည်ကို သိတော်မူသော်လည်း 'တန္တိဓမ္မ' ခေါ် ပါဠိတော်ဟောစဉ်အားဖြင့် ကျန်ရစ်ခဲ့အောင် အမြော်အမြင် လှုံ့လဝီရိယဖြင့် ဟောကြားတော်မူခဲ့၍ ယခုကဲ့သို့ အရှင်အာနန္ဒာတို့လည်း ဟောကြားနိုင်ခြင်း ဖြစ်ခြင်းကြောင့် ဗုဒ္ဓသည် အတုမရှိသော အမြော်အမြင် လှုံ့လဝီရိယနှင့် ပြည့်စုံတော်မူပါပေ၏။

(၄) **'တထာရူပံ ဗုဒ္ဓ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ'** ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်၊ အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာ, အမြော်အမြင်, လှုံ့လဝီရိယ စသော ဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဓမ္မာနုဿတိဘာဝနာ

ဤသုဘသုတ် တရားဒေသနာတော်သည်–

(၁) ကောင်းစွာ ဟောကြားတော်မူထားအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၂) ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီး ဖြစ်သော်လည်း သိက္ခာသုံးရပ် အကျင့်မြတ် တရားဒေသနာတော်သည် တန္တိဓမ္မနည်းအားဖြင့် ဗုဒ္ဓကိုယ်စားရှိနေသည်ကို ထင်ရှားသိစေသော တရားဒေသနာတော်လည်း ဖြစ်တော်မူပါပေ၏။

(၃) ဗုဒ္ဓရှိသကဲ့သို့ပင် နာကြားရသူတို့အား အားရနှစ်သက်စေသော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၄) ဤကဲ့သို့သော သိက္ခာသုံးရပ် အကျင့်မြတ် ဒေသနာတော်သည် ဗုဒ္ဓသာသနာတော်မှတစ်ပါး အခြားအပြင်အပ၌ ပြည့်စုံစွာ မရှိနိုင်ပုံကို ထင်ရှားသိစေသော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၅) **'တထာရူပံ ဓမ္မ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ'** ဤသို့သဘောရှိသော ဂုဏ်အလီလီ စွမ်းရည်အဖုံဖုံနှင့် ပြည့်စုံတော်မူသော တရားဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

သုဘသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာ ပြီး၏။

(၁၁) ကေဝဋ္ဋသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသာသနီပါဋိဟာရိယ

(၁) ဗုဒ္ဓသည် နာဠန္ဒမြို့၏ အနီးဖြစ်သော ပါဝါရိကမည်သော အဝတ်ကုန်သည်သူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးလျက်နေတော်မူစဉ် ကုဋေလေးဆယ် ကြွယ်ဝသော ကေဝဋ္ဋမည်သော ဒါယကာသည် 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ဟူသော ရတနာသုံးပါး၌ လွန်ကဲသော သဒ္ဓါတရားရှိသည် ဖြစ်၍လည်းကောင်း၊ အလွန်ကြည်ညိုသည် ဖြစ်၍လည်းကောင်း နာဠန္ဒမြို့သူမြို့သားတို့ ဗုဒ္ဓသာသနာတော်၌ ရတနာသုံးပါး၌ အတိုင်းထက်အလွန် ကြည်ညိုစေလိုသော စေတနာဆန္ဒဖြင့် ဗုဒ္ဓအား အောက်ပါစကားကို လျှောက်ထားလေသည်။

'ရှင်တော်ဗုဒ္ဓဘုရား ဤနာဠန္ဒမြို့သည် ပြည့်စုံကြွယ်ဝပါ၏။ စည်ပင်ဝပြောပါ၏။ လူဦးရေများပြားပါ၏။ လူအသွားအလာထူထပ်ပါ၏။ ရှင်တော်ဗုဒ္ဓဘုရား၌ အလွန်ကြည်ညိုပါ၏။ ရှင်တော်ဗုဒ္ဓဘုရား တောင်းပန်ပါ၏။ ရှင်တော်ဗုဒ္ဓသည် တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှာ ရဟန်းတစ်ပါးအား အမိန့်ပေးတော်မူပါ။ ဤသို့ဖြစ်လတ်သော် ဤနာဠန္ဒမြို့သည် ရှင်တော်ဗုဒ္ဓအပေါ်၌ အတိုင်းထက်အလွန် ကြည်ညိုကြပါလိမ့်မည်။'

(၂) ဗုဒ္ဓသည် ကေဝဋ္ဋ၏ အထက်ပါအတိုင်း သုံးကြိမ်တိုင်တိုင် လျှောက်ထားချက်ကို သုံးကြိမ်လုံး ပယ်မြစ်ပြီးလျှင် ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ တန်ခိုးတို့သည် (၁) များပြားသော တန်ခိုးဖန်ဆင်းခြင်းဟူသော ဣဒ္ဓိပါဋိဟာရိယ တန်ခိုးပြာဋိဟာ၊ (၂) အတပ်ဟောခြင်းဟူသော အာဒေသနာပါဋိဟာရိယ တန်ခိုးပြာဋိဟာ၊ (၃) အဆုံးအမဟူသော အနုသာသနီပါဋိဟာရိယ တန်ခိုးပြာဋိဟာဟူ၍ တန်ခိုးသုံးမျိုးရှိကြောင်း၊ ထိုသုံးမျိုးသော တန်ခိုးပြာဋိဟာတို့တွင် ဣဒ္ဓိပါဋိဟာရိယ တန်ခိုးပြာဋိဟာသည် ဗုဒ္ဓသာသနာတော်မှ အပဖြစ်သော ရသေ့တို့သည် ဂန္ဓာရီမည်သော အတတ်ပညာဖြင့် ပြသလျက်ရှိကြောင်း၊ အတပ်ဟောခြင်း အာဒေသနာပါဋိဟာရိယသည် စိန္တာမဏိဟူသော မန္တာန်ဖြင့် သူတစ်ပါး စိတ်အကြံကို သိရှိကြောင်း သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်နှင့် အခြားသော သာသနာသည် 'ဘာများထူးသလဲ' ဟူ၍ အပြစ်တင်ကဲ့ရဲ့စရာ ဖြစ်နေသည့်အတွက် ထိုတန်ခိုးနှစ်မျိုးကို အဝတ်ဖြူဝတ်ကုန်သော လူတို့အား ပြသရန် အားမပေးကြောင်း၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရောက်စေနိုင်သော သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ်သော ဗုဒ္ဓ၏ အဆုံးအမဟူသော အနုသာသနီပါဋိဟာရိယကိုသာ ခွင့်ပြုကြောင်း စသည် မိန့်ကြားတော်မူလေသည်။

(၃) ထို့နောက် ဗုဒ္ဓသည် ကေဝဋ္ဋအား သာမညဖလသုတ်မှာကဲ့သို့ သိက္ခာသုံးရပ် အကျင့်မြတ်ဟူသော တရားဒေသနာတော်ကို အကျယ်တဝင့် ဟောကြားတော်မူပြီး ဣဒ္ဓိဝိဓပါဋိဟာရိယ, အာဒေသနာပါဋိဟာရိယ တန်ခိုးနှစ်မျိုးတို့သည် သူတစ်ပါး အပြစ်တင်ဖွယ် ရှိသောကြောင့်လည်းကောင်း၊ ဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ကြောင်း မဟုတ်သောကြောင့်လည်းကောင်း၊ ဗုဒ္ဓသာသနာတော်၌ အဓိကမဟုတ်ကြောင်း၊ အနုသာသနီပါဋိဟာရိယသည်သာ သူတစ်ပါးတို့ အပြစ်တင်ဖွယ် မရှိသောကြောင့်လည်းကောင်း၊ ဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း အဓိကပဓာနဖြစ်ကြောင်းကို မိန့်ကြားတော်မူသည်။

(၄) ဗုဒ္ဓသည် ကေဝဋ္ဋအား အနုသာသနီပါဋိဟာရိယ တန်ခိုးသည်သာလျှင် အဓိကပဓာနဖြစ်ပုံကို 'ဓာတ်ကြီးလေးပါးသည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ငြိမ်းသနည်း' ဟူသော ပြဿနာ၏အဖြေကို သိလိုသည့်အတွက် နတ်ပြည်ခြောက်ထပ်ရှိ နတ်တွေကိုလည်းကောင်း, ဗြဟ္မာ့ပြည်က ဗြဟ္မာများနှင့် မဟာဗြဟ္မာကြီးအထိလည်းကောင်း တက်မေး၍ အဖြေမှန်ကို မသိသည့်အတွက် ဗုဒ္ဓထံသို့ပင် ပြန်၍လာမေးရသော ရဟန်းဝတ္ထုကို သက်သေထူ၍ အကျယ်တဝင့် ဟောကြားတော်မူလေသည်။ ထိုရဟန်းသည် ဣဒ္ဓိဝိဓပါဋိဟာရိယ, အာဒေသနာပါဋိဟာရိယ တန်ခိုးနှစ်မျိုးနှင့် ပြည့်စုံသော်လည်း ဓာတ်ကြီးလေးပါးသည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ငြိမ်းသနည်းဟူသော ပြဿနာ၏ အဖြေမှန်ဖြစ်သော အနုသာသနီပါဋိဟာရိယကိုကား မသိရှာပေ။ နတ်, ဗြဟ္မာတို့လည်း ထို့အတူ ဣဒ္ဓိဝိဓပါဋိဟာရိယ, အာဒေသနာပါဋိဟာရိယ တန်ခိုးတို့နှင့် ပြည့်စုံကြသော်လည်း ဓာတ်ကြီးလေးပါး ခေါ် မဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ငြိမ်းပုံကို မသိရှာကြပေ။ ထိုပုစ္ဆာပြဿနာသည် သဗ္ဗညုဗုဒ္ဓတို့သာ အကြွင်းမဲ့ သိမြင်၍ ရှင်းလင်းစွာ ဖြေဆိုနိုင်သောကြောင့် ဗုဒ္ဓထံရောက်မှသာ ထိုပြဿနာကို ဖြေဆိုခြင်းကိစ္စ အဆုံးသတ်လေတော့သည်။ နိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်ဖြင့် သိမြင်မှသာလျှင် ဓာတ်ကြီးလေးပါးနှင့် ရုပ်, နာမ်အားလုံး အကြွင်းမဲ့ ချုပ်ငြိမ်းကြောင်းကို ထိုရဟန်းသည် ကောင်းစွာနားလည်သွားလေသည်။

(၅) ကေဝဋ္ဋလည်း ထိုအခါမှ အနုသာသနီပါဋိဟာရိယ၏ အနှစ်သာရရှိရှိ တန်ခိုးကြီးမြင့်ပုံကို သဘောပေါက်နားလည်ပြီး ဗုဒ္ဓ ဟောကြားတော်မူအပ်သော တရားဒေသနာတော်ကို နှစ်လိုသည်ဖြစ်၍, ဝမ်းမြောက်သည်ဖြစ်၍ ကောင်းစွာခံယူလေသတည်း။

ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများရန်

သတ္တလောက တစ်လောကလုံး၏ အလေးဂရုပြုတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, ကောင်းသောစကားကို ဆိုတော်မူတတ်သော, လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့်–

(၁) တန်ခိုးသုံးမျိုးရှိရာတွင် ဣဒ္ဓိဝိဓပါဋိဟာရိယတန်ခိုး, အာဒေသနာပါဋိဟာရိယတန်ခိုး နှစ်မျိုးတို့သည် သံသရာဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်ပုံကိုလည်းကောင်း၊ အခြားသော သာသနာနှင့်လည်း ဆက်စပ်လျက်ရှိပုံကိုလည်းကောင်း၊ အနုသာသနီပါဋိဟာရိယ တန်ခိုးသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ပုံကိုလည်းကောင်း၊ အခြားသော သာသနာနှင့်လည်း ဆက်စပ်မှုမရှိပုံကိုလည်း ကောင်း ထင်ရှားအောင် ဟောကြားတော်မူနိုင်စွမ်း ရှိပါပေ၏။

(၂) ဗုဒ္ဓသာသနာတော်၌ လတ်တလော ခဏပန်း ကြည်ညိုမှု, အံ့သြမှုကို ဖြစ်စေသော တန်ခိုးပြခြင်းမျိုးကို အားပေးတော်မမူပုံ ကိုလည်းကောင်း၊ ကြာရှည်စွာ ခိုင်မြဲတည်တံ့နိုင်သော မဂ်, ဖိုလ်, နိဗ္ဗာန်သို့ရောက်ကြောင်း သိက္ခာသုံးရပ် အကျင့်မြတ်ဟူသော အနုသာသနီပါဋိဟာရိယတန်ခိုးမျိုးကိုသာ အားပေးတော်မူပုံကိုလည်းကောင်း ထင်ရှားအောင် ဟောကြားတော်မူနိုင်စွမ်း ရှိပါပေ၏။

(၃) **'တထာရူပံ ဗုဒ္ဓ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ'** ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးနှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာ, အမြော်အမြင်, လုံ့လဝီရိယ စသော ဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဓမ္မာနုဿတိဘာဝနာ ပွါးများရန်

ဤကေဝဋ္ဋသုတ္တန် တရားဒေသနာတော်သည်–

(၁) ကောင်းစွာဟောကြားထားအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၂) ဓာတ်ကြီးလေးပါးသည် အဘယ်အရပ်၌ အကြွင်းမဲ့ချုပ်ငြိမ်းသနည်းဟူသော ပြဿနာ၏ အဖြေကို လူ, နတ်, ဗြဟ္မာ ဟူသော သတ္တလောက၌ ဗုဒ္ဓသည်သာလျှင် အပြည့်အစုံ ဖြေကြားတော်မူနိုင်သည် ဖြစ်သောကြောင့် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကြီးကို ထင်ရှားစေသော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၃) တန်ခိုးသုံးမျိုး ရှိရာတွင် မဂ်, ဖိုလ်, နိဗ္ဗာန်သို့ရောက်ရန် ဗုဒ္ဓဆုံးမတော်မူထားအပ်သော သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ် သော အနုသာသနီပါဋိဟာရိယသည်သာ *(ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည်သာ)* အဓိကပဓာနဖြစ်ကြောင်းကို ထင်ရှားစွာ သိစေသော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၄) **'တထာရူပံ ဓမ္မ ဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ'** ထိုသို့သဘောရှိသော ဂုဏ်အလီလီ စွမ်းရည်အဖုံဖုံနှင့် ပြည့်စုံတော်မူသော တရားဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ကေဝဋ္ဋသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာ ပြီးပြီ။

(၁၂) လောဟိစ္စသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသယတိဘာဝနာ

(၁) ဗုဒ္ဓသည် လောဟိစ္စပုဏ္ဏား၏ မိစ္ဆာဒိဋ္ဌိအယူကို စွန့်၍ပြီး သရဏဂုံတည် ဥပါသကာအဖြစ်သို့ ရောက်မည်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကြိုတင်သိမြင်တော်မူသည်ဖြစ်၍ လောဟိစ္စပုဏ္ဏားအား အစဉ်သနားတော်မူသောကြောင့်လည်းကောင်း၊ လောဟိစ္စပုဏ္ဏား၏ အကျိုးစီးပွါးကို လိုလားတော်မူသောကြောင့်လည်းကောင်း ငါးရာမျှသော ရဟန်းသံဃာတော်များနှင့်အတူ လောဟိစ္စပုဏ္ဏား နေထိုင်ရာ သာလဝတိကရွာ၌ သီတင်းသုံးတော်မူလျက် ရှိနေလေသည်။

(၂) ထိုစဉ်အခါ လောဟိစ္စပုဏ္ဏားသည် ဗုဒ္ဓသည် အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူပုံကိုလည်းကောင်း၊ (၃၁)ဘုံ၌ရှိသော သတ္တလောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူပုံကိုလည်းကောင်း၊ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်ကို ဟောကြားတော်မူပုံကိုလည်းကောင်း၊ မိမိနေထိုင်သော သာလဝတိကရွာ၌ ရဟန်းသံဃာတော် ငါးရာနှင့်အတူ ကြွရောက်၍ သီတင်းသုံးလျက် ရှိတော်မူပုံကိုလည်းကောင်း ကြားသိသည် ဖြစ်၍ ထိုရဟန်းသံဃာ ငါးရာနှင့်အတူ နက်ဖြန်ဆွမ်းစားကြွရန် ဗုဒ္ဓအား ရင်းနှီးကျွမ်းဝင်သော ရောသိကမည်သော ဆတ္တာသည်ကို ပင့်ခိုင်းလေသည်။

(၃) လောဟိစ္စပုဏ္ဏားသည် ဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိ အယူမဟုတ်သော မိစ္ဆာဒိဋ္ဌိ အယူတစ်မျိုးကို ယူသူတစ်ဦး ဖြစ်လေသည်။ သူယူသော မိစ္ဆာဒိဋ္ဌိအယူကား 'ဤလောက၌ သမဏဖြစ်စေ, ဗြာဟ္မဏဖြစ်စေ ကိလေသာမှ လွတ်မြောက်သော ဝိမောက္ခတရားကို မိမိသိပြီးလျှင် တစ်ပါးသောသူအား မဟောပြောသင့်၊ တစ်ပါးသောသူသည် တစ်ပါးသောသူအား အဘယ်ပြုအံ့နည်း။ ဤဟောပြောခြင်းသည် အနှောင်အဖွဲ့အဟောင်းကိုဖြတ်၍ အခြားအနှောင်အဖွဲ့ကို ပြုသူနှင့်တူ၏။ ထို့ကြောင့် ဤဟောပြောခြင်းကို ယုတ်မာသော လောဘတရားဟု ငါဆို၏' ဟု ကြံစည်၍ ထိုမိစ္ဆာအယူကို မိမိကိုယ်တိုင်လည်း ယူသလို ပရိသတ်အလယ်၌လည်း ပြောဆိုလေ့ရှိ၏။

(၄) ဤ၌ လောဟိစ္စပုဏ္ဏား၏အယူမှာ သမဏဖြစ်စေ, ဗြာဟ္မဏဖြစ်စေ ကိလေသာမှ လွတ်မြောက်သော ဝိမောက္ခတရားကို မိမိသိလျှင် ထိုတရားကို သူတစ်ပါးအား ဟောပြောနေဖွယ်မလို။ မိမိသိအပ်သောတရားကို မိမိကိုယ်တိုင်သာ အလေးဂရုပြု၍ နေရမည်။ သူတစ်ပါးကို တစ်ဆင့်ဟောခြင်းမှာ အခြွေအရံ ပရိသတ်ကိုလည်းကောင်း၊ ထိုပရိသတ်ကို အကြောင်းပြု၍ ရအပ်သော လာဘ်ကိုလည်းကောင်း မျှော်လင့်သော လောဘကြောင့်သာ ဖြစ်၏ဟု ယူဆလေသည်။ ဤသို့ ယူဆခြင်းသည် သူတစ်ပါးတို့အား တတ်သိလိမ္မာအောင် သနားစောင့်ရှောက်ခြင်း မရှိသောကြောင့် လောဟိစ္စပုဏ္ဏား၏ အယူဝါဒကို ယုတ်မာသော အယူဝါဒဟု ဆိုရလေသည်။

(၅) ရောသိကသည် လောဟိစ္စပုဏ္ဏား၏ ချစ်ကျွမ်းဝင်သော သူငယ်ချင်း ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓအား ဆွမ်းစားပင့်လာရာတွင် လမ်းခရီးအကြား၌ လောဟိစ္စ၏ အကျိုးစီးပွါးကို လိုလားသည်ဖြစ်၍ လောဟိစ္စအား ထိုယုတ်မာသော မိစ္ဆာအယူမှ လွတ်မြောက်အောင် တရားဟောပါမည့်အကြောင်း လျှောက်ထားရာတွင် ဗုဒ္ဓက ငါသည် ယခုကဲ့သို့ အယူမှားတွေကို အယူမှန်အောင် ပြုလုပ်နိုင်ရန်အတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်တွေကို ဖြည့်ကျင့်ပြီး သဗ္ဗညုတဉာဏ်ကို ရတော်မူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လောဟိစ္စပုဏ္ဏားအား အယူမှားကို ပယ်ဖျက်၍ အယူမှန်သို့ ရောက်စေရန်အတွက် ငါဗုဒ္ဓမှာ ဝန်မလေးဟူ၍ ဗုဒ္ဓ မိန့်ကြားတော်မူလေသည်။

(၆) ဆွမ်းစားပြီးချိန်၌ ဗုဒ္ဓက လောဟိစ္စပုဏ္ဏားအား တရားဟောတော်မူရာတွင် ရသင့်ရထိုက်သော သူတစ်ပါး လာဘ်လာဘကို ပိတ်ပင်သောသူသည် အပိတ်ပင်ခံရသော ပုဂ္ဂိုလ်၏ အစီးအပွါးကို မလိုလားသူဖြစ်ကြောင်း၊ မေတ္တာစိတ် မဖြစ်ဘဲ ရန်သူစိတ်ကို ဖြစ်ပေါ်စေကြောင်း၊ မိစ္ဆာအယူဖြစ်ကြောင်း မိန့်တော်မူသောအခါ လောဟိစ္စပုဏ္ဏားကလည်း ဟုတ်မှန်ကြောင်း ထောက်ခံလျှောက်ထားလေသည်။

(၇) ထို့အတူပင် လောဟိစ္စပုဏ္ဏား၏ အယူသည် သူတစ်ပါးတို့ ရရှိမည့် ကုသိုလ်တရားများကို ပိတ်ပင်ရာရောက်ကြောင်း၊ ထိုကုသိုလ်တရားကြောင့် ရရှိမည့် နတ်ဘဝ, ဗြဟ္မာဘဝတို့ကိုလည်း ပိတ်ပင်ရာရောက်ကြောင်း၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တို့ကိုလည်း ပိတ်ပင်ရာရောက်ကြောင်း စသည်ဟောကြားတော်မူပြီးနောက် လောက၌ တထာဂတ ပွင့်လာပုံမှစ၍ အာသဝက္ခယဉာဏ် ရသည်အထိ သိက္ခာသုံးရပ်အကျင့်မြတ် ဒေသနာတော်ကို ဟောကြားတော်မူလေသည်။ ထို့နောက် ဆက်၍ဟောကြားသည်မှာ တထာဂတ ဟောကြားအပ်သော တရားတော်ကို အကြောင်းပြု၍ သောတာပတ္တိဖိုလ်ကိုလည်းကောင်း, သကဒါဂါမိဖိုလ်ကိုလည်း

ကောင်း, အနာဂါမိဖိုလ်ကိုလည်းကောင်း, အရဟတ္တဖိုလ်ကိုလည်းကောင်း ရထိုက်သော ပုဂ္ဂိုလ်တို့အား ထိုတရားများကို မရအောင် ပိတ်ပင်ရာရောက်ကြောင်း၊ အန္တရာယ်ပြုရာရောက်ကြောင်း၊ ထို့ကြောင့် ဤအယူသည် မှားယွင်းသော မိစ္ဆာအယူဖြစ်၍ ခန္ဓာကိုယ် ပျက်စီး၍ သေလွန်ပြီးရာ နောက်ကာလ၌ ထိုမိစ္ဆာအယူကို ပြည့်ပြည့်စုံစုံယူလျှင် ငရဲဘုံ၌ ကျခံရမည်ဖြစ်ကြောင်း၊ တစ်စိတ်တစ်ပိုင်း ယူလျှင် တိရစ္ဆာန်ဘဝသို့ ရောက်မည်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ဟောကြားတော်မူလေသည်။ ထိုနောက်၌ အပြစ်တင် ထိုက်သောဆရာနှင့် အပြစ်မတင်ထိုက်သောဆရာကို ခွဲခြားဟောကြားတော်မူပြီး တရားကို အဆုံးသတ်တော်မူလေသည်။

(၈) ဤသို့ မိန့်တော်မူသော် လောဟိစ္စပုဏ္ဏားသည် ဗုဒ္ဓအား 'အရှင်ဂေါတမ ယောကျ်ားတစ်ယောက်သည် နရက်ချောက်သို့ ကျသော ယောကျ်ားအား ဆံပင်တို့ကို ဆုပ်ကိုင်လျက် ဆွဲတင်ကာ ကုန်းပေါ်၌ တည်စေသကဲ့သို့ ဤနည်းတူပင် အရှင်ဂေါတမသည် နရက်ချောက်သို့ကျသော အကျွန်ုပ်ကို ဆွဲတင်ကာ ကုန်းပေါ်၌ တင်စေအပ်ပေသည်' ဟူ၍ လျှောက်ထားလေသည်။

(၉) ထို့နောက် လောဟိစ္စပုဏ္ဏားသည် ဗုဒ္ဓအား 'အရှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ' စသည်ဖြင့် လျှောက်ကြားပြီး ယနေ့ကို အစပြု၍ အသက်ထက်ဆုံး 'ဗုဒ္ဓ, ဓမ္မ, သံဃာ' ကို ကိုးကွယ်သော သရဏဂုံတည် ဥပါသကာအဖြစ်ကို ခံယူကြောင်း လျှောက်ထားလေသည်။

ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများရန်

သတ္တလောက တစ်လောကလုံး၏ အလေးဂရု ပြုတော်မူထိုက်သော, ဘုန်းတော်ကြီးတော်မူသော, ကောင်းသောစကားကို ဆိုတော်မူတတ်သော, လူနတ်ပြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့်–

(၁) လောဟိစ္စပုဏ္ဏားသည် မိစ္ဆာအယူကိုစွန့်၍ သရဏဂုံတည် ဥပါသကာဖြစ်မည်ကို ကြိုတင်၍ သိမြင်တော်မူနိုင်စွမ်း ရှိတော်မူပါပေ၏။

(၂) ဥပမာသာဓကပေါင်း မြောက်များစွာတို့ကိုပြလျက် ယုတ်မာမှားယွင်းသော မိစ္ဆာအယူကို စွန့်စေပြီး သရဏဂုံတည် ဥပါသကာအဖြစ်သို့ရောက်အောင် ဟောတော်မူနိုင်စွမ်းလည်း ရှိတော်မူပါပေ၏။

(၃) **'တထာရူပံ ဗုဒ္ဓ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ'** ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်နှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာ, အမြော်အမြင်, လုံ့လဝီရိယ အစရှိသော ဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ ဘုရား။

ဓမ္မာနုဿတိဘာဝနာ ပွါးများရန်

ဤလောဟိစ္စသုတ် တရားဒေသနာတော်သည်–

(၁) ကောင်းစွာဟောကြားအပ်သော တရားဒေသနာတော်လည်း ဖြစ်တော်မူပါပေ၏။

(၂) သူတစ်ပါးတို့ ရထိုက်သော လာဘ်အန္တရာယ်ပြုမှုကို ဖယ်ရှားပေးနိုင်သော တရားဒေသနာတော်လည်း ဖြစ်တော်မူပါပေ၏။

(၃) ယုတ်မာမှားယွင်းသော မိစ္ဆာအယူကို စွန့်စေလျက် မှန်သောအယူ၌ တည်စေပြီးလျှင် သရဏဂုံတည် ဥပါသကာအဖြစ် သို့ ရောက်စေနိုင်သော တရားဒေသနာတော်လည်း ဖြစ်တော်မူပါပေ၏။

(၄) **'တထာရူပံ ဓမ္မ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ'** ထိုသို့သဘောရှိသော ဂုဏ်အလီလီ စွမ်းရည်အဖုံဖုံနှင့် ပြည့်စုံတော်မူသော တရားဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

လောဟိစ္စသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာ ပြီး၏။

(၁၃) တေဝိဇ္ဇသုတ် အနှစ်ချုပ်တရားတော်နှင့် အနုသတိဘာဝနာ

(၁) ဗုဒ္ဓသည် ဝါသေဋ္ဌပုဏ္ဏားလုလင်နှင့် ဘာရဒွါဇပုဏ္ဏားလုလင် နှစ်ယောက်တို့၏ ဒုတိယအကြိမ်မြောက် သရဏဂုံတည် ဥပါသကာအဖြစ်သို့ ရောက်မည်ကိုလည်းကောင်း၊ (ထိုမှတဖန် အဋ္ဌကထာအဖွင့်အရ နှစ်ရက်, သုံးရက်ကြာသောအခါ၌ သုတ်ပါထေယျ ပါဠိတော်လာ အဂ္ဂညသုတ်ကို နာကြားပြီး အဆုံး၌ ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင် အရဟတ္တဖိုလ်ကို ရရှိမည်အဖြစ်ကိုလည်းကောင်း) သဗ္ဗညုတဉာဏ်တော်ဖြင့် ကြိုတင်သိမြင်တော်မူသည်ဖြစ်၍ ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူလတ်သော် မနသာကဋမည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ထိုရွာ၏မြောက်ဘက် အစိရဝတီမြစ် ကမ်းနား သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူလျက် ရှိနေသည်။

(၂) ထိုစဉ်အခါ၌ အလွန်ထင်ရှားကုန် အလွန်ထင်ရှားကုန်သော ပုဏ္ဏားသူဌေးများစွာတို့သည် မနသာကဋရွာ၌ မန္တန်ရွတ်ဖတ်ခြင်းငှာ တည်းခိုလျက် ရှိနေကြလေသည်။ ထိုပုဏ္ဏားသူဌေးတို့ကား စင်္ကီပုဏ္ဏား, တာရုက္ခပုဏ္ဏား, ပေါက္ခရသာတိပုဏ္ဏား, ဇာဏုသောဏိပုဏ္ဏား, တောဒေယျပုဏ္ဏားနှင့် အလွန်ထင်ရှားကုန်သော ပုဏ္ဏားတို့တည်း။

(၃) ထိုပုဏ္ဏားတို့တွင် ပေါက္ခရသာတိပုဏ္ဏား၏ တပည့်ဖြစ်သော ဝါသေဋ္ဌပုဏ္ဏားလုလင်နှင့် တာရုက္ခပုဏ္ဏား၏ တပည့်ဖြစ်သော ပုဏ္ဏားလုလင် နှစ်ဦးတို့သည် ဗေဒင်သုံးပုံကို ပါရဂူရောက် တတ်မြောက်ကြသော ပုဏ္ဏားလုလင်တို့ ဖြစ်ကြလေသည်။ ထိုပုဏ္ဏားလုလင် နှစ်ဦးတို့သည် မန္တန်ကို ကြာမြင့်စွာ ရွတ်ဖတ်ရသည်ဖြစ်၍ အမောအပန်း ဖြေခြင်းငှာ အစိရဝတီမြစ်၌ ရေချိုးသန့်စင်ပြီး နောက် ငွေပြားအဆင်းရှိသော ကမ်းနားသဲပြင်၌ အညောင်းပြေ လမ်းလျှောက်ရင်း ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် *(ဗြဟ္မာမှန်ဂျန်)* ဖြောင့်တန်းသောလမ်း ဟုတ်သည်, မဟုတ်သည်၌ အောက်ပါအတိုင်း စကားပြောဆိုမှု ဖြစ်ကြလေသည်။

'ပေါက္ခရသာတိပုဏ္ဏား ဟောကြားသော ဤလမ်းသည်သာ ဗြဟ္မာအပေါင်းအဖော်ဖြစ်ရန် ဖြောင့်တန်းသောလမ်း ဖြစ်သည်။ ထိုလမ်းသည် စင်စစ်အားဖြင့် ဗြဟ္မာ့ပြည်သို့ ပို့ဆောင်နိုင်သည်' ဟူ၍ ဝါသေဋ္ဌလုလင်က ပြောဆိုလေလျှင်–

'တာရုက္ခပုဏ္ဏား ဟောကြားသော ဤလမ်းသည်သာ ဗြဟ္မာအပေါင်းအဖော်ဖြစ်ရန် ဖြောင့်တန်းသောလမ်း ဖြစ်သည်။ ထိုလမ်းသည် စင်စစ်အားဖြင့် ဗြဟ္မာ့ပြည်သို့ ပို့ဆောင်နိုင်သည်' ဟူ၍ ဘာရဒွါဇလုလင်က ပြန်ပြောလေသည်။

ထိုပုဏ္ဏားလုလင် နှစ်ဦးတို့သည် အသီးသီး မိမိတို့၏ ဆရာဝါဒကို ချီးမြှောက်ပြောဆိုကြသော်လည်း ဘယ်ဆရာ၏လမ်းက မှန်သည်, မမှန်သည်ကို မဆုံးဖြတ်နိုင်ကြဘဲ ရှိနေလေသည်။

ထိုပုဏ္ဏားလုလင်နှစ်ဦးတို့သည် ရှေးကဗုဒ္ဓအား တစ်ကြိမ်ဖူးမြော်ဖူးကြသူများဖြစ်၍ 'ဗုဒ္ဓသည်သာ ဤကဲ့သို့သော လမ်းမျိုး၌ ကျွမ်းကျင်ပေသည်။ ငါတို့၏ ယုံမှားသံသယကို အရှင်ဂေါတမ ဖြေကြားနိုင်သည်' ဟူ၍ ဆုံးဖြတ်ကြပြီး ဗုဒ္ဓထံသို့ ချဉ်းကပ်ပြီးလျှင် မိမိတို့၏ စကားများကို ဗုဒ္ဓအား လျှောက်ထားကြလေသည်။

(၄) ဗုဒ္ဓသည် အငြင်းအခုံဖြစ်ကြသော ပုဏ္ဏားလုလင်နှစ်ဦးအား မေးမြန်းစိစစ်ပြီးလျှင်–

''ဗြဟ္မာကို မျက်ဝါးထင်ထင် မြင်ဖူးသော ဆရာတစ်ဦးတစ်ယောက်သည်လည်းကောင်း, ဆရာ့ဆရာ တစ်ဦးတစ်ယောက် သည်လည်းကောင်း မရှိချေ။ ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော အဋ္ဌကရသေ့ အစရှိသော ရသေ့တို့သည်လည်း 'ဗြဟ္မာတို့၏ နေရာဘုံကိုလည်းကောင်း, ဗြဟ္မာ့ဘုံသို့ ရောက်နိုင်သော သွားရာလမ်းတို့ကိုလည်းကောင်း ငါတို့သိကုန်၏။ ငါတို့မြင်ကုန်၏' ဟု မပြောကြားခဲ့ကုန်။ ထိုသို့ဖြစ်ပါလျက်–

'ဤသည်ပင် ဗြဟ္မာ့ပြည်သို့သွားရန် ဖြစ်ကုန်၏။ ဤသည်ပင် ဗြဟ္မာ့ပြည်သို့သွားရန် ဖြောင့်တန်းသောလမ်းတည်း။ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် စင်စစ်ပို့ဆောင်၏' ဟု ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ပြောဟောကြကုန်၏။ ဗြဟ္မာကိုလည်း မမြင်ဘူး။ ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းလမ်းကိုလည်း မသိသော ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ပြောကြားချက်သည် အခြေအမြစ်မရှိသော စကားသာဖြစ်ကြောင်း'' ဗုဒ္ဓ မိန့်ကြားတော်မူလေသည်။

(၅) ထိုသို့ အခြေအမြစ် မရှိကြောင်းကို မိန့်ကြားတော်မူရာ၌ သူကန်းဥပမာကိုလည်းကောင်း, ဇနပဒကလျာဏီဥပမာကို လည်းကောင်း, လှေကားဥပမာကိုလည်းကောင်း ထုတ်ဆောင်၍ ထင်ရှားရှင်းလင်းအောင် ဗုဒ္ဓသည် ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့အား မိန့်ကြားတော်မူလေသည်။

(၆) ထိုပုဏ္ဏားလုလင်နှစ်ဦးက ဗုဒ္ဓအား ဗြဟ္မာ့ပြည်သို့ ရောက်နိုင်သောလမ်းကို မေးမြန်းလျှောက်ထားသောအခါ ဤမနသာကဋရွာ၌ မွေးဖွားပြီး ဤရွာ၌ပင် ကြီးပြင်းလာသူကို မနသာကဋရွာသို့ သွားသောလမ်းကိုမေးလျှင် နှောင့်နှေးကြန့်ကြာသော် ကြန့်ကြာနိုင်ရာ၏။ ဗုဒ္ဓမူကား ဗြဟ္မာ့ပြည်သို့ သွားသောလမ်းကို ညွှန်ကြားရာ၌ နှောင့်နှေးကြန့်ကြာခြင်း မရှိကြောင်းကို ဗုဒ္ဓ မိန့်ကြားတော်မူလေသည်။

(၇) ဆက်လက်၍ ဗုဒ္ဓသည် ဗြဟ္မာ့ပြည်သို့ သွားရာလမ်းကို ဟောကြားတော်မူရာ၌ ဤလောက၌ တထာဂတ ပွင့်လာပုံ၊ ရဟန်းပြုပုံ၊ သီလနှင့် ပြည့်စုံပုံ၊ နီဝရဏကင်းပုံတို့ကို သာမညဖလသုတ်ကအတိုင်းပင် ဟောကြားတော်မူပြီးလျှင် ဆက်၍ဟောကြားတော်မူသည်မှာ 'မေတ္တာ၊ ကရုဏာ၊ မုဒိတာ' ဟူသော ဗြဟ္မဝိဟာရ တရားသုံးပါးကို ပွါးများ၍ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်တို့ကို ရပုံကိုလည်းကောင်း၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားကို ပွါးများ၍ စတုတ္ထဈာန်ကို ရပုံကိုလည်းကောင်း အကျယ်တဝင့် ဟောကြားတော်မူပြီး ထိုဈာန်လေးပါးကို ရသူတို့သည် နီဝရဏကိလေသာများ ကင်းစင်ကြသောကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်၏နောက်၌ ဗြဟ္မာ့ပြည်သို့ရောက်၍ ဗြဟ္မာ၏ အပေါင်းအဖော်သို့ရောက်ကြောင်း ဟောကြားတော်မူလေသည်။

(၈) တေဝိဇ္ဇအရ ပုဏ္ဏားတို့၏ အလိုအားဖြင့် ဗေဒင်သုံးပုံတို့ကို ဆိုလိုပြီး ဗုဒ္ဓအလိုအားဖြင့် 'ပု၊ ဒိ၊ အာ' ဝိဇ္ဇာသုံးပါး ခေါ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ကို ဆိုလိုပေသည်။ ထိုတွင် ဗုဒ္ဓဝါဒ၌ အာသဝက္ခယဉာဏ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်ကို ရရန်သာ အဓိကပဓာန ဖြစ်လေသည်။ ဥက္ကဋ္ဌနည်းအားဖြင့် **အရဟတ္တကူဋေန**– အရဟတ္တဖိုလ်ကို အထွတ်တပ် ဟောသော်လည်း အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်၏ ရှေးက သောတာပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ရရှိရန်လည်း အဓိကပဓာန ဖြစ်လေသည်။ အရဟတ္တမဂ်ဉာဏ်သို့ ရောက်လျှင်ကား ဗုဒ္ဓသာသနာတော်၌ ပယ်သင့်သော ကိလေသာတို့ကို အကြွင်းမဲ့ အကုန်ပယ်ပြီး ဖြစ်သောကြောင့် အကျင့်မြတ်ကို ကျင့်သုံးခြင်းကိစ္စသည် အပြီးသို့ ရောက်လေတော့သည်။

(၉) ဝါသေဋ္ဌနှင့် ဘာရဒွါဇ ပုဏ္ဏားလုလင် နှစ်ဦးတို့သည် ဗုဒ္ဓ၏ အထက်ပါ တရားအဆုံး၌ **အဘိက္ကန္တံ ဘော ဂေါတမ**– အရှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ စသည် လျှောက်ကြားပြီး သရဏဂုံတည် ဥပါသကာအဖြစ်ကို ဗုဒ္ဓအား လျှောက်ထားလေသည်။

(၁၀) အဋ္ဌကထာအဖွင့်အရ ဤသရဏဂုံကို ခံယူခြင်းသည် ဒုတိယအကြိမ် ဖြစ်လေသည်။ မှန်၏။ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ဝါသေဋ္ဌသုတ်ကို ကြားနာရစဉ်က ပဌမအကြိမ် သရဏဂုံတည်ခဲ့လေသည်။ ဤတေဝိဇ္ဇသုတ်ကို ကြားနာရသောအခါ၌ကား ဒုတိယအကြိမ် သရဏဂုံတည် ဥပါသကာများ ဖြစ်ကြပြီး နှစ်ရက်၊ သုံးရက်ကြာသောအခါ၌ ရှင်အဖြစ်သို့ ရောက်၍ သုတ်ပါထေယျ၊ အဂ္ဂညသုတ်ကို ကြားနာအပြီး၌ ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင် အရဟတ္တဖိုလ်ကိုရ၍ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားကြလေသည်။

ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများရန်

သတ္တလောက တစ်ခုလုံး၏ အလေးဂရုကို ပြုတော်မူထိုက်သော၊ ဘုန်းတော်ကြီးတော်မူသော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော၊ လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့်–

(၁) ဝါသေဋ္ဌနှင့် ဘာရဒွါဇ ပုဏ္ဏားလုလင် နှစ်ဦးတို့၏ ဒုတိယအကြိမ် သရဏဂုံတည်ပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်မည်၏အဖြစ်ကို ကြိုတင်၍ သိမြင်တော်မူနိုင်ပါပေ၏။

(၂) ဗြဟ္မာ့ပြည်သို့ သွားရန်လမ်းခရီးကို မသိဘဲနှင့် ဤသည်ကား ဗြဟ္မာ့ပြည်သို့ သွားရာလမ်းတည်းဟု ပြောဆိုနေကြသော ဝါသေဋ္ဌနှင့် ဘာရဒွါဇ ပုဏ္ဏားလုလင်နှစ်ဦးအား ထိုအပြောသည် အပြောမျှသာဖြစ်ပြီး ဗြဟ္မာ့ပြည်သို့ သွားရန်လမ်းမဟုတ်ပုံကို ဥပမာသာဓကပေါင်း မြောက်များစွာပြလျက် ထင်ရှားသိလွယ်အောင် ဟောတော်မူနိုင်စွမ်းလည်း ရှိတော်မူပါပေ၏။

(၃) ဗြဟ္မာ့ပြည်သို့ ရောက်နိုင်သော လမ်းခရီးအမှားကို ပယ်စွန့်စေ၍ လမ်းခရီးအမှန်ကို ထင်ရှားပေါ်လွင်အောင် ဟောကြားတော်မူနိုင်စွမ်းလည်း ရှိတော်မူပါပေ၏။

(၄) ဇါလသေဋ္ဌနှင့် ဘာရဒွါဇ ပုဏ္ဏားလုလင်နှစ်ဦးတို့အား ဒုတိယအကြိမ် သရဏဂုံတည်အောင်နှင့် အရဟတ္တဖိုလ်သို့ ရောက်အောင်လည်း ဟောကြားတော်မူနိုင်စွမ်းလည်း ရှိတော်မူပါပေ၏။

(၅) 'တထာဂတဿ ဗုဒ္ဓ ဂုဏံ အတိ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်နှင့် အတုမရှိသော ခန္တီ, မေတ္တာ, ကရုဏာ, အမြော်အမြင်, လုံ့လဝီရိယ, တရားဒေသနာ ဟောကြားမှု၌ ကျွမ်းကျင်မှု အစရှိသော ဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

ဓမ္မာနုဿတိဘာဝနာ ပွါးများရန်

ဤတေဝိဇ္ဇသုတ် တရားဒေသနာတော်သည်-

(၁) ဗုဒ္ဓ၏ ကောင်းစွာဟောကြားတော်မူအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၂) ဗြဟ္မာ့ပြည်သွားရန်လမ်း မဟုတ်သည်ကိုလည်း မဟုတ်သည့်အတိုင်း ထင်ရှားစွာ ဟောကြားအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၃) ဗြဟ္မာ့ပြည်သို့ သွားရောက်နိုင်သော လမ်းခရီးကိုလည်း ထင်ရှားစွာ သိမြင်စေအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၄) ဗြဟ္မာ့ပြည် လမ်းခရီးမှတစ်ဆင့် အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၅) ဗုဒ္ဓ သိမြင်ထားသော တရားတော်များနှင့် သဗ္ဗညုတဉာဏ်တော်ကြီးကို မည်သူမျှ ပိတ်ပင်တားဆီး၍ မရနိုင်ကြောင်း သိစေအပ်သော တရားဒေသနာတော်လည်း ဖြစ်ပါပေ၏။

(၆) 'တထာဂတဿ ဓမ္မ ဂုဏံ အတိ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော ဂုဏ်အလီလီ စွမ်းရည်အဖုံဖုံနှင့် ပြည့်စုံတော်မူသော တရားဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

သံဃာနုဿတိဘာဝနာ ပွါးများရန်

(၁) အရှင်သာရိပုတြာ, အရှင်မောဂ္ဂလာန် အစရှိသော အရိယာသံဃာတော် အရှင်မြတ်တို့သည် သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်များလည်း ဖြစ်ပါပေ၏။

(၂) အရှင်မဟာကဿပ, အရှင်ဥပါလိ, အရှင်အာနန္ဒာ အစရှိသော သံဃာတော် အရှင်မြတ်တို့သည် ပဌမသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော် အရှည်တည်တန့် ခိုင်မြဲအောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၃) သံဃာတော် အရှင်မြတ်တို့သည် ဒုတိယသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော် အရှည်တည်တန့် ခိုင်မြဲအောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၄) သံဃာတော် အရှင်မြတ်တို့သည် တတိယသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော် အရှည်တည်တန့် ခိုင်မြဲအောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၅) သံဃာတော် အရှင်မြတ်တို့သည် စတုတ္ထသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော် အရှည်တည်တန့် ခိုင်မြဲအောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၆) သံဃာတော် အရှင်မြတ်တို့သည် ပဉ္စမသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော် အရှည်တည်တန့် ခိုင်မြဲအောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၇) သံဃာတော် အရှင်မြတ်တို့သည် ဆဋ္ဌမသံဂါယနာ တင်ခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော် အရှည်တည်တန့်ခိုင်မြဲအောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၈) သံဃာတော်အရှင်မြတ်တို့သည် ဗုဒ္ဓ (၄၅)ဝါ ဟောကြားတော်မူထားအပ်သော ပိဋကသုံးပုံတို့ကို နှုတ်ငုံဆောင်ခြင်းဖြင့် လည်းကောင်း, ပေထက်အက္ခရာ တင်ခြင်းဖြင့်လည်းကောင်း, ကျောက်ထက်အက္ခရာ တင်ခြင်းဖြင့်လည်းကောင်း, ကျမ်းစာအက္ခရာ ရေးသားပြုစုခြင်းဖြင့်လည်းကောင်း, မြန်မာပြန်ခြင်းဖြင့်လည်းကောင်း, နိဿယရေးသားပြုစုခြင်းဖြင့်လည်းကောင်း, ကျမ်းဂန်ရေးသား

ပြုစုကြခြင်းဖြင့်လည်းကောင်း, ပါဠိ-မြန်မာအဘိဓာန် ပြုစုကြခြင်းဖြင့်လည်းကောင်း, ပိဋကလမ်းညွှန် ကျမ်းကြီးများကို ရေးသား ပြုစုကြခြင်းဖြင့်လည်းကောင်း, ခေတ်ကာလအားလျော်စွာ စာပေကျမ်းဂန် ရေးသားပြုစုကြခြင်းဖြင့်လည်းကောင်း, သံဃာအဆက်ဆက် ပို့ချ, သင်ကြားခြင်း, ဟောပြောနာကြားခြင်းဖြင့်လည်းကောင်း, ပရိယတ္တိသာသနာ ပြန့်ပွားအောင် အားထုတ်ကြခြင်းဖြင့်လည်းကောင်း, ပဋိပတ္တိသာသနာ ပြန့်ပွားအောင် အားထုတ်ကြခြင်းဖြင့်လည်းကောင်း ဤသို့အစရှိသည်အားဖြင့် ဗုဒ္ဓ၏သာသနာတော်ကို အရှည် တည်တန့်ခိုင်မြဲအောင် ပြုစွမ်းတော်မူနိုင်ပါပေ၏။

(၉) 'တထာရူပံ သံဃံ ဂုဏံ အတံ ဝန္ဒာမိ သဗ္ဗဒါ' ထိုသို့သဘောရှိသော သံဃာတော် အရှင်မြတ်တို့၏ သီလ, သမာဓိ, ပညာ, ခန္တီ, မေတ္တာ, ကရုဏာ, အမြော်အမြင်, လုံ့လဝီရိယ အစရှိသော ဂုဏ်တော်တို့ကို တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပူဇော်ပါ၏ဘုရား။

တေဝိဇ္ဇသုတ် အနှစ်ချုပ်တရားတော်နှင့် အနုဿတိဘာဝနာ ပြီးပြီ။

သီလက္ခန္ဓဝဂ္ဂ (၁၃)သုတ် ပြီးပြီ။

ပိဋကသုံးပုံ ကျင့်စုံဒီကာ အမှတ် (၁)ကျမ်းစာ ဤတွင် ရပ်နားပါပြီ။

ဤကျမ်းစာကို ၁၃၆၈ ခုနှစ်၊ နယုန်လဆန်းမှစ၍ ရေးသားပြုစုရာ နတ်တော်လဆန်း (၆)ရက်၊ စနေနေ့ ည (၁၀)နာရီခွဲ အချိန်တွင်၊ (၇)လခန့် အကြာ၌ အောင်မြင်စွာ ရေးသားပြုစုမှု ပြီးပါသည်။

ဟိတောသီနေလ အရှင်နိပုဏ



ပိဋကသုံးပုံ ကျင့်စဉ်ဋီကာ အမှတ် (၁) စာအုပ်အတွက် လှူဒါန်းကြသူများစာရင်း

၁။ ဒေါက်တာ ဒေါ်ခင်ခင်ရီ (ရှိုင်းဟုပ်ကုမ္ပဏီ) မိသားစု၊ ရန်ကုန်။ ၅၀၀,၀၀၈

၂။ ဦးထွန်းအေးအား ရည်စူး၍ ဒေါ်အုန်းသား ဗိုလ်ကြီးအောင်မိုး (လ/ထ ညွှန်မှူး၊ ပြည်တွင်းအခွန်ဦးစီးဌာန) ဒေါ်နွယ်နီလှ မိသားစု၊ မန္တလေး။ ၅၀၀,၀၀၈

၃။ ဦးတင်ဝင်း+ဒေါ်သီတာသိန်း၊ သမီး ချမ်းမြေ့ခိုင်၊ သား မောင်နေလင်း၊ နီလာဝင်းစတိုး၊ မိတ္ထီလာ။ ၃၀၀,၀၀၈

၄။ မစ္စတာ ဆင်းဆုဆိုင်+မစ္စစ် ပိယာဖ၊ ထိုင်ဝမ်နိုင်ငံ။ ၃၀၀,၀၀၈

၅။ (၁၃၆၈)ခုနှစ်၊ ယင်းတော်မင်းကျောင်း အဋ္ဌမအကြိမ်မြောက် ဘုံကထိန်မှ ပိုငွေ။ ၂၃၁,၀၀၈

၆။ ဗိုလ်ချုပ်ကျော်သန်း (ငြိမ်း)+ဒေါ်မိန်မိန် မိသားစု၊ သုဝဏ္ဏ၊ ရန်ကုန်။ ၂၁၅,၀၀၈

၇။ ဦးသန်းလွင်+ဒေါ်မြင့်မြင့်သန်း မိသားစု၊ ရန်ကုန်။ ၁၅၀,၀၀၈

၈။ ဦးဝင်းကြည် (ဒု ညွှန်ချုပ်၊ ရဲရှာရေအားလျှပ်စစ်)+ဒေါ်အေးချို၊ သား မောင်မင်းသန့်ကြည်၊ နေပြည်တော်။ ၁၅၀,၀၀၈

၉။ ဘဘကြီး ဦးမြမောင် အသက် (၉၉) နှစ်ပြည့် (၁၀၀) နှစ်အရောက် မွေးနေ့မင်္ဂလာအား ဦးထိပ်ထား၍ ဦးပါ+ဒေါ်အေးဆင့်၊ သမီး ဒေါ်အေးအေးကြူ (ကထိက-ဒဂုံတက္ကသိုလ်)၊ ၂၂၁၊ ပါရမီလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ၁၁၀,၀၀၈

၁၀။ ဦးဘငွေ+ဒေါ်အေးမြင်၊ သမီး ဆရာလေးမတိက္ခဉာဏီ (ပဌမကျော်၊ ဓမ္မာစရိယ) ယင်းတော်မင်းကျောင်း။ ၁၀၀,၀၀၈

၁၁။ ဦးအောင်ကြီး+ဒေါ်ကြည်ရှင်၊ သား ဗိုလ်အောင်ဟိန်း မိသားစု၊ အောင်သုခ ရပ်ကွက်၊ မိတ္ထီလာ။ ၁၀၀,၀၀၈

၁၂။ ဦးအောင်ကြီး+ဒေါ်ကြည်ရှင်၊ သမီး ဆရာလေးမသိက္ခဝတီ (၃၁)နှစ်ပြည့်မွေးနေ့အလှူ ယင်းတော်မင်းကျောင်း။၁၀၀,၀၀၈

၁၃။ ဦးဟန်တင်+ဒေါ်ယဉ်နွဲ့၊ သမီး ဆရာလေး မအာသာဝတီ၊ ယင်းတော်မင်းကျောင်း။ ၁၀၀,၀၀၈

၁၄။ ဦးငွေးခိုင်+ဒေါ်နန်းလောင်ခမ်း မိသားစု၊ မန္တလေး။ ၁၀၀,၀၀၈

၁၅။ ဦးအောင်သိန်း+ဒေါ်စန်းစန်းမြင့် မိသားစု၊ အခွန်ဦးစီးဌာန၊ မန္တလေး။ ၁၀၀,၀၀၈

၁၆။ ဦးလှအောင်+ဒေါ်ရင်မြ မိသားစု၊ ပျော်ဘွယ်။ ၁၀၀,၀၀၈

၁၇။ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်၊ အ.ထ.က (၁) ဒဂုံ၊ ရန်ကုန်။ ၁၀၀,၀၀၈

၁၈။ ဒေါ်ကြည်ကြည်သော် မိသားစု၊ ဇောတိရိပ်သာ၊ ရွှေတောင်ကြား၊ ရန်ကုန်။ ၁၀၀,၀၀၈

၁၉။ ဒေါ်တင် မိသားစု၊ သမိုင်း၊ ရန်ကုန်။ ၁၀၀,၀၀၈

၂၀။ ဦးမြင့်စိုး+ဒေါ်စန်းလေးညွန့် (7-VITAN) မိသားစု၊ ပျော်ဘွယ်။ ၁၀၀,၀၀၈

၂၁။ နှစ်ဘက်မိဘများကို အမျှထား၍ ကိုမောင်မောင်ဦး+မနန်းစမ်လောဝ် (မြသွေးရွှေရည်-ပရဆေးနှင့် ကွမ်းပစ္စည်းရောင်းဝယ်ရေး)၊ ဈေးချို၊ မန္တလေး။ ၁၀၀,၀၀၈

၂၂။ အဖွား ဒေါ်မိန်ကြည်ကြည် အားရည်စူး၍ ဗိုလ်ကြီးအောင်မိုး (လ/ ထညွှန်မှူး၊ ပြည်တွင်းအခွန်ဦးစီးဌာန) ဒေါ်နွယ်နီလှ မိသားစု၊ မန္တလေး။ ၁၀၀,၀၀၈

၂၃။ ဦးလှမျိုးအောင် (ဦးစီးမှူး၊ မန္တလေးတိုင်း ပြည်တွင်းအခွန်ဦးစီးဌာန)+ဒေါ်ခင်သန်းရီ မိသားစု၊ မန္တလေး။ ၁၀၀,၀၀၈

၂၄။ ဦးသန်းဝင်း (ဦးစီးမှူး၊ ပျော်ဘွယ် ဆည်မြောင်းဦးစီးဌာန)+ဒေါ်အေးအေးမွန် မိသားစု။ ၁၀၀,၀၀၈

၂၅။ ဦးဘညွန့်+ဒေါ်တင်အုန်း မိသားစု၊ ပျော်ဘွယ်။ ၅၀,၀၀၈

၂၆။ မသိတာခိုင်၊ သမိုင်း၊ ရန်ကုန်။ ၅၀,၀၀၈

၂၇။ ဦးတင်ဝင်း နှင့် ပြည်ကြီးတံခွန် အခွန်ရုံးအဖွဲ့။ ၅၀,၀၀၈

၂၈။ ဒေါ်ယဉ်ယဉ်နွဲ့၊ ရန်ကင်းလေ့ကျင့်ရေးကျောင်း၊ ရန်ကုန်။ ၅၀,၀၀၈

၂၉။ ဦးအောင်ကျော်မင်း+ဒေါက်တာအေးမြတ်ဦး မိသားစု၊ ရန်ကုန်။ ၅၀,၀၀၈

၃၀။	ဒေါ်စန်းတင့် မိသားစု၊ (၇၇) ဗဟိုလမ်း၊ စမ်းချောင်း၊ ရန်ကုန်။	၅၀,၀၀၀
၃၁။	ဦးစိုးနိုင်+ဒေါ်မြတ်သူ (ရတနာမိုး–အုတ်,ထုံး,သဲ,ကျောက်) မိသားစု၊ ပြည်သာယာရပ်၊ ပျော်ဘွယ်။	၅၀,၀၀၀
၃၂။	ဦးချိန်စံ+ဒေါ်တုတ်တုတ် (ဇာမဏီ–လှက်ရည်ဆိုင်)၊ ဝါတိုးအရှေ့ရပ်၊ ရမည်းသင်း။	၃၀,၀၀၀
၃၃။	ဦးဆန်းလွင်+ဒေါ်အေးအေးသန်း၊ သား မောင်မျိုးသက်လွင်၊ မောင်တိုးသက်လွင် မိသားစု၊ ရန်ကုန်။	၃၀,၀၀၀
၃၄။	ဦးဝါယမ၊ မင်းဘူး။	၃၀,၀၀၀
၃၅။	ကျောင်းအုပ်ဆရာမကြီး ဒေါ်စောယုခင်၊ အ.လ.က(၁) ဒဂုံ။	၃၀,၀၀၀
၃၆။	ဦးကျော်ထွန်းစိုး+ဒေါ်မြင့်မြင့်ရီ၊ မဂ်လာဒုံ ဝိုင်ယာလက်။	၃၀,၀၀၀
၃၇။	ဦးမွန်း+ဒေါ်ခင်သောင်း၊ ရန်ကုန်။	၃၀,၀၀၀
၃၈။	ဦးငွေးလွင်+ဒေါ်သူဇာထွန်း၊ ကားလုပ်ငန်း၊ ရန်ကုန်။	၃၀,၀၀၀
၃၉။	ဦးသန်းလွင်+ဒေါ်နီနီဝင်း မိသားစု၊ ဆင်မလိုက်၊ ရန်ကုန်။	၃၀,၀၀၀
၄၀။	ကိုအုန်းသန်း+မသီတာထွန်း မိသားစု၊ ၃၆×၃၇၊ ၅၆×၅၇ လမ်း၊ ရွှေဂဲပွားရပ်၊ မန္တလေး။	၃၀,၀၀၀
၄၁။	ဦးအောင်တိုး+ဒေါ်လှလှဝင်း၊ သမီး စုပိုပိုအောင်၊ သား အောင်ဖြိုးမင်းကို၊ အောင်မျိုးမင်းသန့် မိသားစု၊ (စိန်ခြယ်စတိုး)၊ ၇၇ လမ်း၊ ၃၀×၃၁ ကြား၊ မန္တလေး။	၃၀,၀၀၀
၄၂။	မစုပိုပိုအောင်၊ (စိန်ခြယ်စတိုး)၊ ၇၇ လမ်း၊ ၃၀×၃၁ ကြား၊ မန္တလေး။	၃၀,၀၀၀
၄၃။	ဦးဘလှိုင် (ဌာနခွဲမှူး-R.T.C)+ဒေါ်ညွန့်ညွန့်သိန်း (လ/ထ ကထိက၊ မိတ္ထီလာတက္ကသိုလ်)၊ မိတ္ထီလာ။	၃၀,၀၀၀
၄၄။	ဗိုလ်မှူးအောင်ကျော်ဦး+ဒေါ်ကြည်ကြည်အုန်း မိသားစု၊ အထူးလေယာဉ်တပ်ဆွယ်၊ ရှမ်းတဲ၊ မိတ္ထီလာ။	၃၀,၀၀၀
၄၅။	ဦးညွန့်ရွှေ+ဒေါ်နီလာရွှေ (ကြာဝါးခိုင်သက်နံး)၊ ရန်ကုန်။	၂၂,၅၀၀
၄၆။	ဦးမောင်မောင်စိန်ဝင်း+ဒေါ်အေးအေးမော်၊ လသာမြို့နယ်၊ ရန်ကုန်။	၂၂,၅၀၀
၄၇။	ဦးခင်မောင်လေး+ဒေါ်နန်းခင်ရွှေ မိသားစု၊ မန္တလေး။	၂၀,၀၀၀
၄၈။	စက်မှု (၁) ထွေထိန်းမိသားစု၊ နေပြည်တော်။	၂၀,၀၀၀
၄၉။	ဦးအေးလွင်+ဒေါ်ခင်ဝင်းကျော်၊ ရေကျော်၊ ရန်ကုန်။	၂၀,၀၀၀
၅၀။	ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း+ဒေါ်ခင်သန်းမြင့် မိသားစု၊ ရန်ကုန်။	၂၀,၀၀၀
၅၁။	ဒေါက်တာသိန်းထွန်း+ဒေါက်တာဒေါ်သန်းတိုး၊ အမှတ် (၁၁၁) ဘီ၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။	၂၀,၀၀၀
၅၂။	ကိုညွန့်ခင်+မမြင့်သန်း၊ ဆီစက်၊ ကျောင်းရွာအုပ်စု၊ ပျော်ဘွယ်။	၂၀,၀၀၀
၅၃။	ဦးလှ+ဒေါ်ရွှင်ကြည် မိသားစု၊ မိုးကုတ်။	၂၀,၀၀၀
၅၄။	ဦးမျိုးသိန်း+ဒေါ်စုစုလတ် မိသားစု၊ ကျောက်မြောင်း၊ ရန်ကုန်။	၁၅,၀၀၀
၅၅။	ဒေါ်ခင်ခင်ကြီး၊ (၁၃)၊ ဦးစံငြိမ်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်။	၁၅,၀၀၀
၅၆။	ဆရာမကြီး ဒေါ်ဝင်းမြင့်သူ၊ စမ်းချောင်း၊ ဝေဠုဝန်၊ ရန်ကုန်။	၁၅,၀၀၀
၅၇။	ရွှေဥ ရတနာရွှေဆိုင်၊ ရန်ကုန်။	၁၅,၀၀၀
၅၈။	ဦးမင်းထွဋ်၊ ကိုဆန်း၊ မြောက်ဒဂုံ၊ ရန်ကုန်။	၁၀,၅၀၀
၅၉။	ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ ဦးစည်သူမောင်၊ ရန်ကုန်။	၁၀,၀၀၀
၆၀။	မိခင် ဒေါ်မေဦးအား ရည်စူး၍ ဦးဝင်းမောင်၊ သား ထွန်းဝင်းမောင်၊ (ဈ/ ၇၂၄၅)၊ မိတ္ထီလာ။	၁၀,၀၀၀
၆၁။	မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ ဗိုလ်ကြီးကျော်ဝင်း နှင့် ရုံးသူရုံးသားများ။	၁၀,၀၀၀
၆၂။	ဗိုလ်ကြီးကျော်ဝင်း မိသားစု၊ နေပြည်တော်။	၁၀,၀၀၀
၆၃။	ဦးခင်မောင်မြင့်+ဒေါ်အေးအေးမြင့် မိသားစု၊ နေပြည်တော်။	၁၀,၀၀၀
၆၄။	ဦးမောင်မောင်ထွေး+ဒေါ်စိုးလတ်လတ်ခိုင်၊ ဦးအေးမင်း+ဒေါ်ခင်မိုးသူ မိသားစု၊ နေပြည်တော်။	၁၀,၀၀၀
၆၅။	အမှတ် (၂) ချည်မျှင်နှင့်အထည်စက်ရုံ။	၁၀,၀၀၀
၆၆။	ဦးမြင့်လှိုင်+ဒေါ်အေးသိန်း၊ ကျောက်မြောင်း၊ ရန်ကုန်။	၁၀,၀၀၀
၆၇။	ဦးစစ်ကျော်+ဒေါ်ခင်ခင် မိသားစု၊ မန္တလေး။	၁၀,၀၀၀

၆၈။ ကိုမောင်မောင်မြင့်+မအေးသီတာမြင့်၊ အခွန်ရုံး၊ မိတ္ထီလာ။ ၁၀,၀၀၀
၆၉။ ကိုဖြိုးဝင့်အောင်+မမာလာကျော်၊ အခွန်ရုံး၊ မိတ္ထီလာ။ ၁၀,၀၀၀
၇၀။ ကိုတင်မောင်ထွေး+မနုယဥ်ဝင်း၊ သား ဝေယံထွေး၊ ဆိတ်ခွန်ရွာ။ ၁၀,၀၀၀
၇၁။ ဒေါ်မြင့်မြင့်မူ၊ နေပြည်တော်။ ၁၀,၀၀၀
၇၂။ ဒေါ်ကြည်လေး မောင်နှမတစ်စု၊ ဟင်းခွက်အိုင်။ ၁၀,၀၀၀
၇၃။ ဆရာမကြီး ဒေါ်မေလှရီ၊ အ.ထ.က (၂) ရန်ကုန်။ ၁၀,၀၀၀
၇၄။ ဒေါ်ခင်စောလှ မိသားစု၊ စမ်းချောင်း၊ ဝေဠုဝန်၊ ရန်ကုန်။ ၁၀,၀၀၀
၇၅။ ဒေါ်စန္ဒာရွှေ (သုခနေကုမ္ပဏီ)၊ ရန်ကုန်။ ၁၀,၀၀၀
၇၆။ ဦးဇော်လင်းမောင်+ဒေါ်ထူးထူးငွေ၊ ပုဇွန်တောင်၊ ရန်ကုန်။ ၁၀,၀၀၀
၇၇။ ဒုဗိုလ်မှူးကြီးသိန်းလွင်+ဒေါ်ခင်မေအောင်၊ တောင်ငူမြို့။ ၁၀,၀၀၀
၇၈။ ဦးစံထွန်း+ဒေါ်ခင်စန်းဦး (ရှေ့နေ)၊ ပျော်ဘွယ်။ ၁၀,၀၀၀
၇၉။ ဦးကျော်ဝင်း+ဒေါ်သန်းသန်းနွဲ့၊ ရွှေပန်းတိမ်၊ ပျော်ဘွယ်။ ၁၀,၀၀၀
၈၀။ ဒေါ်ခင်အိ မိသားစု၊ သိရိမင်္ဂလာရပ်၊ မိတ္ထီလာ။ ၁၀,၀၀၀
၈၁။ ဒေါ်ညိုညိုဝင်း (ပါမောက္ခ၊ ဌာနမှူး၊ စာရင်းအင်းပညာဌာန၊ စီးပွားရေးတက္ကသိုလ်)၊ မိတ္ထီလာ။ ၁၀,၀၀၀
၈၂။ ဦးအေးမောင်+ဒေါ်သန်း၊ ဆီစက်၊ ကျောင်းရွာအုပ်စု၊ ပျော်ဘွယ်မြို့နယ်။ ၁၀,၀၀၀
၈၃။ ဦးမောင်လေး+ဒေါ်သိန်းညို၊ သမီး မဝါဝါလေး၊ သား ကိုမောင်မောင်ဝင်း မိသားစု၊ ၆၃ လမ်း၊ ၂၀×၂၁ ကြား၊
နန်းရှေ့၊ လှည်းတန်း၊ မန္တလေး။ ၁၀,၀၀၀
၈၄။ ဦးဘုန်းဝင်း+ဒေါ်အေးအေးမူ မိသားစု၊ စက်မှု (၁)၊ သမိုင်း၊ ရန်ကုန်။ ၁၀,၀၀၀
၈၅။ မောင်ပြည့်စုံဝင်း+မနန်းသီရိမင်း၊ ရှမ်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်။ ၁၀,၀၀၀
၈၆။ အောင်ကျော်ဖြိုး၊ မြေနီကုန်း၊ စမ်းချောင်း၊ ရန်ကုန်။ ၁၀,၀၀၀
၈၇။ ကိုဖြိုးမောင်မောင်+မဖြိုးသီရိဝင်း၊ သဃ်န်းကျွန်း၊ ရန်ကုန်။ ၁၀,၀၀၀
၈၈။ ကိုဇော်နိုင်ဦး+မဝေမွန် မိသားစု၊ မြောက်ဒဂုံ၊ ရန်ကုန်။ ၁၀,၀၀၀
၈၉။ ဒေါက်တာမောင်မောင်တိုး+ဒေါက်တာသက်ဖြိုးကြည်၊ မောင် မောင်ရဲအောင်ထူး၊ ရန်ကုန်။ ၁၀,၀၀၀
၉၀။ ဒေါက်တာပိုင်စိုး (ကျန်းမာရေး ဒုဝန်ကြီး)+ဒေါ်ခင်မာဆွေ မိသားစု၊ နေပြည်တော်။ ၁၀,၀၀၀
၉၁။ မောင်စိုးမိုးပိုင်၊ ရန်ကုန်။ ၁၀,၀၀၀
၉၂။ ဒေါက်တာရဲဝင်း+ဒေါက်တာခင်မျိုးချစ် မိသားစု၊ ရန်ကုန်။ ၁၀,၀၀၀
၉၃။ ကိုမျိုးမင်းလှိုင်+မသန္တာပြုံး မိသားစု၊ ရန်ကုန်။ ၁၀,၀၀၀
၉၄။ ဗိုလ်ကြီးကျော်စွာမြင့်+ဒေါ်သင်းသင်းနု၊ သား မောင်ဇင်ယော်၊ အထူးလေယာဉ်တပ်ဆွယ်၊ လ.က.သ။ ၁၀,၀၀၀
၉၅။ ဒေါက်တာတင့်လွင်+မမော်မော် မိသားစု၊ ရန်အောင်မြို့၊ ပျော်ဘွယ်မြို့နယ်။ ၁၀,၀၀၀
၉၆။ ဦးတင်အောင်+ဒေါ်အမာရီ မိသားစု၊ (တေးသံသွင်းဆိုင်)၊ ရမည်းသင်း။ ၁၀,၀၀၀
၉၇။ ဦးမြင့်သိန်း+ဒေါ်အမာကြည် (ဒုရုံပိုင်ချုပ်)၊ မန္တလေးဘုတာကြီး။ ၁၀,၀၀၀
၉၈။ ဦးမြင့်ဝင်း+ဒေါ်ငွေ မိသားစု၊ ရန်ကုန်။ ၁၀,၀၀၀
၉၉။ ဆရာလေးမသုမနာ၊ မဓမ္မဉာဏီ- ယင်းတော်မင်းကျောင်း။ ၁၀,၀၀၀
၁၀၀။ ဒေါ်တိက္ခသာရီ၊ မသုစိတ္တာထေရီ၊ ဒေါ်ခမ္မနန္ဒီ၊ ဒေါ်ဝရဉာဏီ၊ မသီတလစာရီ- ယင်းတော်မင်းကျောင်း။ ၁၀,၀၀၀
၁၀၁။ ဒေါ်သေုဝတီ၊ ဒေါ်ဝိမလာ၊ ဒေါ်ဗျာယီ၊ မကုလဝတီ၊ မအာလောကဝတီ- ယင်းတော်မင်းကျောင်း။ ၁၀,၀၀၀
၁၀၂။ ဒေါ်ဝါယမီ၊ မသေန္တာ၊ မဂုဏဝတီ၊ မယုဇနသိင်္ဂီ၊ မဝိမာလာ၊ မသုစိတ္တာ- ယင်းတော်မင်းကျောင်း။ ၁၀,၀၀၀
၁၀၃။ ဦးအုန်းဖေ+ဒေါ်စန်းနွဲ့၊ သမီး ဆရာလေးဒေါ်ပုညနန္ဒီ၊ ယင်းတော်မင်းကျောင်း။ ၁၀,၀၀၀
၁၀၄။ ကိုဖိုးထူး+မလဲ့လဲ့အေး မိသားစု၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်။ ၇,၅၀၀
၁၀၅။ ဒေါ်မျိုးမြင့် (သံတမန်ကျောင်းအုပ်)၊ ရန်ကုန်။ ၇,၅၀၀

၁၀၆။ ဦးတင်ရွှေ မိသားစု၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံ၊ ရန်ကုန်။ ၇,၅၀၀

၁၀၇။ ဦးစိုးသိမ်း မိသားစု၊ ခရမ်းမြို့။ ၇,၅၀၀

၁၀၈။ ဒေါ်ကင်ရင်၊ လသာမြို့နယ်၊ ရန်ကုန်။ ၇,၅၀၀

၁၀၉။ ကိုမောင်မောင်လတ်၊ ရန်ကုန်။ ၇,၅၀၀

၁၁၀။ ကိုဝင်းဆွေ၊ ခရမ်း။ ၇,၅၀၀

၁၁၁။ ဦးမျိုးသိန်း+ဒေါ်စုစု မိသားစု၊ မြဝတီ။ ၇,၅၀၀

၁၁၂။ ဦးလှမြင့်+ဒေါ်ခင်မေညွှန့်၊ (၄၃)လမ်း၊ ရန်ကုန်။ ၇,၅၀၀

၁၁၃။ မမင်းစန်းနှင့် ညီမများ၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်။ ၅,၀၀၀

၁၁၄။ ဒေါက်တာတင်မြင့် မိသားစု၊ ရန်ကုန်။ ၅,၀၀၀

၁၁၅။ အ.ထ.က (၂) လသာ မိသားစု၊ ရန်ကုန်။ ၅,၀၀၀

၁၁၆။ ကိုမောင်မောင်လေး+မနှင်းနှင်းလှိုင် မိသားစု၊ ရန်ကုန်။ ၅,၀၀၀

၁၁၇။ ဦးဖေသိန်း မိသားစု၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ၅,၀၀၀

၁၁၈။ ဦးဇော်ဝိတ်+ဒေါ်ညွှန့်ရီ၊ အင်းစိန်၊ ရန်ကုန်။ ၅,၀၀၀

၁၁၉။ ဦးအေးဖေ+ဒေါ်ဆွေဆွေရှိန်၊ အင်းစိန်၊ ရန်ကုန်။ ၅,၀၀၀

၁၂၀။ ဦးအောင်ထွန်းဟိဏ်း၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။ ၅,၀၀၀

၁၂၁။ ဦးမြင့်သောင်း+ဒေါ်စန်းစန်းထွေး၊ ရန်ကုန်။ ၅,၀၀၀

၁၂၂။ ဒေါက်တာစိုးဝင်း (ပါမောက္ခ)+ဒေါ်တင်တင်အေး (တွဲ-ပါမောက္ခ) မိတ္ထီလာစီးပွားရေးတက္ကသိုလ်။ ၅,၀၀၀

၁၂၃။ ဦးအုန်း+ဒေါ်လှမြင့် မိသားစု၊ လယ်ဝေးမြို့။ ၅,၀၀၀

၁၂၄။ မဣန္ဒညာဏီ၊ မဝိသုတာညာဏီ၊ မဆေကသာရီ၊ မတက္ကညာဏီ၊ မကုဏ္ဍလီ၊ ယင်းတော်မင်းကျောင်း။ ၅,၀၀၀

၁၂၅။ ဒေါ်မေ့မွှစာရီ၊ ယင်းတော်မင်းကျောင်း။ ၃,၀၀၀

၁၂၆။ မိခင် ဒေါ်ငွေး အမှူးထား၍ ဆရာလေးမကုလဝတီ၊ ယင်းတော်မင်းကျောင်း။ ၃,၀၀၀

၁၂၇။ ဆရာလေးဒေါ်စန္ဒာရီ၊ ယင်းတော်မင်းကျောင်း။ ၃,၀၀၀

၁၂၈။ ဆရာလေးဒေါ်အာသဘီ၊ ယင်းတော်မင်းကျောင်း။ ၃,၀၀၀

၁၂၉။ ဆရာလေးဒေါ်ဥက္ကာ၊ ယင်းတော်မင်းကျောင်း။ ၃,၀၀၀

၁၃၀။ ဦးတုတ်အောင်+ဒေါ်ရွှေ သမီး ဆရာလေးမစန္ဒဝတီ၊ ယင်းတော်မင်းကျောင်း။ ၃,၀၀၀

၁၃၁။ ဒေါ်ခင်စန်းအေး၊ ရန်ကုန်။ ၃,၀၀၀

၁၃၂။ ဒေါ်အမာကြည်၊ ရွှေဘုံသာ၊ ရန်ကုန်။ ၃,၀၀၀

၁၃၃။ ဦးကျင်+ဒေါ်လှ၊ တာမွေ။ ၃,၀၀၀

၁၃၄။ ဒေါ်ခင်မျိုးမြတ်၊ (FMI)၊ ရန်ကုန်။ ၃,၀၀၀

၁၃၅။ ကိုဝင်းသူရိန်+မမိုးစန္ဒာ၊ မိတ္ထီလာ။ ၃,၀၀၀

၁၃၆။ သစ္စာ နိဗ္ဗာန်ကုန်၊ ရန်ကုန်။ ၂,၀၀၀

၁၃၇။ ဦးအေးမောင်+ဒေါ်ခင်မိမိ၊ ဦးဇော်မြင့်မောင်+ဒေါ်မြင့်မမလွင် မိသားစု၊ ပြည်သာယာရပ်၊ ပျော်ဘွယ်မြို့။ ၂,၀၀၀

၁၃၈။ ဆရာလေးဒေါ်ဥတ္တရာညာဏီ၊ မဣန္ဒသရညာဏီ၊ ယင်းတော်မင်းကျောင်း။ ၂,၀၀၀

၁၃၉။ ဒေါ်ထိုက်ထိုက်လှိုင်၊ ဒေါ်သန္တာဆွေ၊ ယင်းတော် အ.ထ.က။ ၂,၀၀၀

၁၄၀။ ဒေါ်နိုင်နိုင်ဝင်း၊ ဒေါ်နိုင်နိုင်အေး၊ ယင်းတော် အ.ထ.က။ ၂,၀၀၀

၁၄၁။ ဦးညီညီ+ဒေါ်ကြည်ဝင်း၊ ယင်းတော်။ ၂,၀၀၀

၁၄၂။ ဆရာလေးမဝိစိတ္တညာဏီ၊ မကုသလညာဏီ၊ ယင်းတော်မင်းကျောင်း။ ၂,၀၀၀

၁၄၃။ ဒေါ်တင်အုန်း၊ သမီး ဆရာလေးမနိမ္မလစာရီ၊ ယင်းတော်မင်းကျောင်း။ ၂,၀၀၀

၁၄၄။ ဆရာလေးမဝီရညာဏီ၊ မကဥ္စနဝတီ၊ ယင်းတော်မင်းကျောင်း။ ၂,၀၀၀

၁၄၅။ ဦးဝင်းနိုင်၊ ကိုစိုးအောင် အဖွဲ့၊ ယင်းတော်။ ၂,၀၀၀

?

ယနေ့ကြီးပွားချမ်းသာရန်
ဘာလိုအပ်သနည်း။

ဤကျမ်းစာအုပ်တွင်ရှိပါ။